# JOURNAL OF THE MYANMAR ACADEMY OF ARTS AND SCIENCE

## Myanmar (Literature)

**Vol. XVII, No.6A, August 2019**

**Myanmar Academy of Arts and Science**

**Journal of the Myanmar Academy of Arts and Science**

**Vol. XVII, No.6 A**

## Contents

## Myanmar (Literature)


| Sr. No. | Title | Page |
|---|---|---|
| 1 | **သန်းဝင်း**၊ မောင်ဆုရှင်၏စာမွန် (ရသစာတမ်း)များမှ အတွေးနှင့်အရေး* | 1 |
| 2 | **ခင်စန်းဝင့်**၊ မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်မှ ဥပမာအလင်္ကာများ | 23 |
| 3 | **ကြင်သာမြင့်**၊ မန်လည်ဆရာတော်၏ ရွှေဂူကြီးဘုရားဘွဲ့သံချိုများ | 41 |
| 4 | **လှလှအောင်**၊ ဥပကဆာဝါ ဟောစာမှ လူ့သဘာဝအဖွဲ့ကောင်းများ လေ့လာချက် | 59 |
| 5 | **နွယ်နွယ်လတ်**၊ မဏိကက်ပြဇာတ်လာ ဇာတ်ချင်းများ၏အခန်းကဏ္ဍ | 79 |
| 6 | **စန္ဒာလှိုင်**၊ ညီပုလေး၏ဆောင်းပါးရေးဟန်လေ့လာချက် | 97 |
| 7 | **သူဇာအေး**၊ သိပ္ပံမောင်ဝနှင့် စာပေဝေဖန်ရေး | 131 |
| 8 | **ခင်ညိုအောင်**၊ နေမျိုးနာဋ္ဌကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးတွင် တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိ ဇာတ်ဆောင်စရိုက်အဖွဲ့များ ဖန်တီး တင်ပြထားပုံ | 151 |
| 9 | **မီမီဝင်းမြ**၊ ခင်ခင်ထူး၏ ဈေးခြင်းတောင်းဝတ္ထုတိုများ ဖန်တီးမှု | 171 |
| 10 | **ကြည်ကြည်မြင့်**၊ မြင့်ဆွေ၏လူပျိုဖြခင်ပေးစာများ လေ့လာချက် | 199 |
| 11 | **နီလာအေး**၊ ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများမှ သရော်ဟန် | 219 |
| 12 | **မင်းမင်းသန်း**၊ မင်းထိပ်ဦးနေဧချင်းမှ စာဆိုဝန်ကြီးပဒေသရာဇာ၏ ထွင်ဉာဏ် | 243 |
| 13 | **ပပဝင်း**၊ ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ဇာတ်ဆောင်စရိုက် ဖန်တီးမှု လေ့လာချက် | 263 |
| 14 | **ခိုင်နွယ်ဝင်း**၊ မောင်ခိုင်မာကဗျာများမှ သရော်စာအဖွဲ့များ လေ့လာချက် | 289 |
| 15 | **ခင်ဆွေမြင့်**၊ စစ်ကိုင်းမင်း(မင်းနန်းစည်)ဧချင်းများမှ ဇာတိမာန်အဖွဲ့များ | 311 |
| 16 | **မိမိလွင်**၊ ကဗျာစာဆိုနှင့် အလှတရား | 347 |
| 17 | **ရွှေစင်အောင်**၊ မြန်မာဝတ္ထုတိုခေါင်းစဉ်များ လေ့လာချက် | 371 |
| 18 | **မင်းမော်သန့်**၊ ဂျာနယ်ကျော်ဦးချစ်မောင်၏ အယ်ဒီတာ့အာဘော် | 389 |

| Sr. No. | Title | Page |
|---|---|---|
| 19 | **ချိုချို**၊ ဖိုးကျော့၏ဆင်လုပ်သားဝတ္ထုတိုများကို ဘာသာစာပေ ဆက်နွှယ်မှု အမြင်ဖြင့် လေ့လာခြင်း | 411 |
| 20 | **ခင်စန္ဒာတိုး**၊ မန္တလေးခေတ်ပုံရိပ်များ ထင်ဟပ်နေသော မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ် လေ့လာချက် | 437 |
| 21 | **တင်မမနိုင်**၊ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာမှ ဘုရင့်နောင်မင်းတရားကြီး၏ စွမ်းဆောင်ချက်မှတ်တမ်း | 469 |
| 22 | **မြင့်မြင့်ခိုင်**၊ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုမှ အားကောင်းသော စကားသုံးများ | 487 |
| 23 | **သီတာအောင်**၊ အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံး ခေါ် ကဝိသေတ္တု မဉ္ဇူသာကျမ်း လေ့လာချက် | 507 |
| 24 | **ဌေးဌေးရီ**၊ တပေါင်းအလှနှင့် စာဆိုတို့၏ ကဗျာ့ဂုဏ်ရည် လေ့လာချက် | 533 |
| 25 | **နန်းမြင့်မြင့်ကြည်**၊ သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော် ဝတ္ထုတိုများ လေ့လာချက် | 553 |
| 26 | **နန်းသူဇာဝင်း**၊ မင်းရှင်၏ စိတ်နှင့်ပတ်သက်သည့် ဝတ္ထုတိုများ ဖန်တီးမှု | 583 |
| 27 | **နွယ်နွယ်**၊ ရွှေဥဒေါင်း၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ | 603 |
| 28 | **အောင်ဆန်း**၊ ခေတ်ပေါ်ကဗျာများကို အဆက်အစပ်ပြု ဝေဖန်ရေးဖြင့် လေ့လာခြင်း | 623 |
| 29 | **ကျော့ကျော့ဟန်**၊ မဟာဥပရာဇာဧချင်းနှင့် မင်းရဲကျော်စွာစုန်ဧချင်းတို့ကို နှိုင်းယှဉ်လေ့လာခြင်း | 653 |
| 30 | **ကြည်ကြည်ခိုင်**၊ နှောင်းတွေ့မြန်မာကျောက်စာများကို ရှုထောင့် အထွေထွေမှ လေ့လာခြင်း | 671 |
| 31 | **သစ်သစ်လွင်**၊ မြန်မာအမျိုးသမီးတို့၏ စိတ်အလှနှင့် ရေးခေတ်စာဆို တို့၏ အရေးအဖွဲ့ | 693 |
| 32 | **ခင်ဝင့်နွယ်**၊ တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတို(၂)ပုဒ် လေ့လာချက် | 723 |
| 33 | **ခင်အေးသက်**၊ ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ် လေ့လာချက် | 749 |
| 34 | **စန်းမြင့်**၊ မင်းယုဝေ၏ အတွေးအမြင်ကဗျာများ လေ့လာချက် | 775 |
| 35 | **ဇင်မာခိုင်**၊ တွင်းသင်းရာဇဝင်သစ်မှ စကားအသုံးအနှုန်းများ | 799 |
| 36 | **အေးအေးစန်း**၊ ဦးသန့်၏လမ်းညွှန်မှုဆိုင်ရာ ဆောင်းပါးများ လေ့လာချက် | 825 |
| 37 | **အေးစုငြိမ်း**၊ သုံးကြောင်းကဗျာများမှ ကဗျာဝါကျ | 853 |
| 38 | **တင်မိမိနိုင်**၊ မလေးလုံ၏ ဖေမောင်တင် (သို့မဟုတ်) ဘာသက်ရှည် အတ္ထုပ္ပတ္တိမှ ဝတ္ထုဟန် အတ္ထုပ္ပတ္တိအရေးအသား | 871 |

| Sr. No. | Title | Page |
|---|---|---|
| 39 | **မာလာဦး**၊ ရွှေကိုးရွာဆရာသုတ၏ ဆဒ္ဒန်ပျို့လာ ရသမြောက်အဖွဲ့များကို လေ့လာစိစစ်ခြင်း | 889 |
| 40 | **ကြည်ပြာဦး**၊ တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင် | 915 |
| 41 | **သင်းသင်း**၊ အစိန္တေယျဝတ္ထုလေ့လာချက် | 941 |
| 42 | **မြင့်မြင့်နိုင်**၊ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှလေ့လာခြင်း | 965 |

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မောင်ဆုရှင်၏စာမွန် (ရသစာတမ်း)များမှ အတွေးနှင့်အရေး*

သန်းဝင်း

## စာတမ်းအကျဉ်း

မောင်ဆုရှင် (၁၉၃၂–၂၀၀၉) ဟုဆိုလျှင် မြန်မာစာပေနယ်တွင် သိပ္ပံနှင့် ဘာသာပြန်စာပေရေးသူအဖြစ်သာ အသိများကြသည်။ အက်ဆေးရေးသူအဖြစ် အသိနည်းကြသည်။ သူသည် ပင်ကိုရေး စာမွန် (ရသစာတမ်း)များလည်း ရေးသည်။ ဤစာတမ်းတွင် မောင်ဆုရှင်၏ စာမွန်များမှ ၃ ပုဒ်ကို အလေ့လာခံပြုကာ စာမွန်တစ်ပုဒ်ချင်းစီ၏ အတွေးချိတ်ဆက်တင်ပြပုံ၊ အတွေး ပေါ်လွင်စေသည့် အရေးကောင်းမွန်ပုံတို့ကို ဆန်းစစ်လေ့လာတင်ပြပါမည်။ စာမွန် ဆရာတစ်ဦး၏ အရေးအသားစွမ်းရည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရများ – *စာမွန်၊ အတွေး၊ စကားအသုံးအနှုန်း၊ ဝါကျ၊ အဆက်အစပ်၊ သရုပ်ဖော်အဖွဲ့။***

## နိဒါန်း

မောင်ဆုရှင် (၁၉၃၂–၂၀၀၉)သည် ပထမဆုံး ပုံနှိပ်စာမူ စတင်ဖော်ပြခံရသည့် ၁၉၄၉ မှ ကွယ်လွန်ချိန် ၂၀၀၉ အထိ စာရေးသက်နှစ် ၆၀ အတွင်း သုတစာပေ အရေးများသည်။ ဘာသာပြန်၊ သုတေသနစာတမ်း၊ ဘာသာစကား၊ ကျန်းမာရေး၊ သိပ္ပံပညာ၊ စာနယ်ဇင်း အတတ်ပညာဆိုင်ရာ စာများ ဖြစ်သည်။ သူသည် စာမွန် အရေးအသားဘက်သို့လည်း အာရုံတိမ်းညွတ်ခဲ့သည်။ လုံးချင်းအဖြစ် စုစည်းထုတ်ဝေခဲ့သော စာအုပ်သုံးအုပ် ရှိသည်။ မြို့ပြခံစားမှုစာမွန်များ (၁၉၉၅)တွင် စာမွန်အပုဒ် ၂၀၊ မိုးကောင်းကင်ကို မော်ကြည့်ခြင်းနှင့် ခံစားမှုစာမွန်များ (၂၀၀၁)တွင် စာမွန် ၁၃ ပုဒ်၊ လရောင်နှင့် ဆုံစည်းခွင့်နှင့် အခြားရသစာမွန်များ (၂၀၀၄)တွင် စာမွန် ၂၉ ပုဒ် စုစုပေါင်း ၆၂ ပုဒ် တွေ့ရသည်။ ထိုစာမွန်များအနက်မှ အာဒံနှင့် ဧဝ၊ ကန်စွန်းခင်း၏ လောကအမြင်၊ လရောင်နှင့်ဆုံစည်းခွင့် စာမွန် ၃ ပုဒ်ကို အလေ့လာခံပြုကာ အတွေး၊ အရေး ခွဲခြား၍ လေ့လာတင်ပြပါမည်။ စာမွန်(ရသစာတမ်း)ဆရာတစ်ဦး၏ အရေးအသား စွမ်းရည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

---

ဒေါက်တာ၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရေနံချောင်းဒီဂရီကောလိပ်

* Best Paper Award Winning Paper in Myanmar (Literature) (2018)

## ၁။ မောင်ဆုရှင်၏ အတ္ထုပ္ပတ္တိအကျဉ်း

မြောင်းမြမြို့ဇာတိ ဖြစ်သည်။ ၁၉၃၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ဖွားမြင်သည်။ အဖ ဦးချစ်ဖေ၊ အမိ ဒေါ်စိန်မြင့်တို့၏ သားဖြစ်သည်။ အမည်ရင်း ဦးမျိုးသန့် ဖြစ်သည်။ အထက်တန်းပညာကို ရန်ကုန်မြို့မ အထက်တန်းကျောင်းတွင် သင်သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရသည်။

၁၉၄၉ ခုနှစ်တွင် ရိုထရီကလပ်က ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲဆုရ နိုင်ငံ့သားကောင်းတာဝန် စာစီစာကုံးသည် ဟံသာဝတီ လွတ်လပ်ရေးနေ့ အထူးထုတ် သတင်းစာ၌ ပထမဆုံး ပုံနှိပ်ဖော်ပြခံရသည်။ ဟံသာဝတီမဂ္ဂဇင်း ကဗျာကဏ္ဍ၌ မောင်ဖြူနွဲ့ကလောင်မည်ဖြင့် ကဗျာများ ရေးသည်။ ၁၉၅၄ ခုနှစ်တွင် မောင်ဆုရှင် ကလောင်အမည်ဖြင့် ရှုမဝ၊ သင့်ဘဝ၊ စာပေဗိမာန် မဂ္ဂဇင်းများတွင် စာရေးသားသည်။ ကလောင်ခွဲများမှာ မျိုးသန့်၊ အောင်သူ၊ ဦးဘခန့်၊ ဝင်းသန့် တို့ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဆာရာကျူးစ်တက္ကသိုလ်နှင့် ဘော့စတွန် တက္ကသိုလ် တို့မှ သတင်းစာပညာနှင့် စာအုပ်ထုတ်ဝေရေးပညာ ဒီပလိုမာ ရရှိသည်။ ၁၉၅၃ ခုနှစ် မှစ၍ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန် မြန်မာ့စွယ်စုံကျမ်းဌာန စာပြုအရာရှိအဆင့်မှ ညွှန်ကြားရေးမှူး(စာပေ)အဆင့်အထိ တာဝန်ထမ်းဆောင်သည်။

၁၉၆၇ ခုနှစ် မှ ၁၉၉၄ ခုနှစ် အထိ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး၊ အတွင်းရေးမှူး၊ ၁၉၉၄ ခုနှစ် မှ ၁၉၉၈ ခုနှစ် အထိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်သည်။

၁၉၆၀ ပြည့်နှစ်မှစ၍ လူငယ်များအတွက် သုတပဟေဠိ အစီအစဉ်၊ သိပ္ပံပညာ သိကောင်းစရာ၊ ၂၀၀၆ ခုနှစ်မှ စတင်၍ ၂၁ ရာစု လူမှုဝေါဟာရများ မိတ်ဆက်တို့ကို မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။

ခရီးသွားစာပေ၊ ဂန္ထဝင်စာပေဟူသည်၊ ဘာသာပြန်စာပေ စာတမ်းများ အပါအဝင် အင်္ဂလိပ် မြန်မာ စာတမ်းပေါင်း ၂၀ ကျော်၊ စာအုပ်ပေါင်း ၁၀၀ ကျော် ရေးသားပြုစုသည်။

၁၉၆၇ တွင် တီထွင်မှုများ သမိုင်းစာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၁၉၆၈ တွင် ပင်လယ်ပြာနှင့် တံငါအို ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိသည်။ ၁၉၇၂ တွင် ရေးသားပြုစုသည့် ‘မြတ်ဘုရားရွှေတိဂုံ’ စာအုပ်မှာ ထင်ရှားသည်။

ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆု (၂၀၀၂)၊ ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယဆင့်) (၂၀၀၄)၊ သုတစွယ်စုံတစ်သက်တာစာပေဆု (၂၀၀၆)၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု (၂၀၀၉)တို့ ချီးမြှင့်ခံရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အကြံပေးအရာရှိ၊ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်သည်။ ၂၀၀၉ ခု ဇွန်လ ၂ ရက်တွင် ကွယ်လွန်သည်။[၁]

## ၂။ စာမွန်ဟူသည်

စာမွန်ဟူသည် အကြောင်းခြင်းရာတစ်ခုခုကို စိတ်ကူးဉာဏ်ကွန့်၍ စကားပြေဖြင့် စာပေမြောက်အောင် ရေးဖွဲ့သည့်စာ ဖြစ်သည်။ မြန်မာစာပေနယ်ပယ်တွင် စာမွန် ဟူသော အမည်ကို မြန်မာ့စွယ်စုံကျမ်းတွင် စတင်တွေ့ရသည်။ အက်ဆေးမှန်သမျှ စာပေအင်္ဂါမြောက်ရပေမည်။ စာကောင်းပေမွန် ဖြစ်ရပေမည် ဟူသော အကြောင်းပြချက်ဖြင့် စာမွန်ဟု အမည်ပေးခြင်း ဖြစ်သည်။[၂]

ဆရာကြီးမောင်ထင် (၁၉၀၉–၂၀၀၆)က စာမွန်ဖြစ်ပေါ်လာပုံမှာ belles-Letters ဟူသော စကားကို ဘာသာပြန်ရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ယင်းဘဲလက်(ထ်ရ်)မှာ ပြင်သစ်စကားဖြစ်၍ ကူးသန်းရောင်းဝယ်ရေးအတွက်ဖြစ်စေ၊ သိပ္ပံနှင့်ကျွမ်းကျင်မှုအတတ်နှင့် ဖြစ်စေ သက်ဆိုင်သော စကားပြေများမှအပ စာပေမြောက်အောင်၊ ရသပေါက်အောင် ဖွဲ့ဆိုသော အဖွဲ့မျိုး ဖြစ်သည်။

၎င်းဘဲလက်အဖွဲ့ထဲတွင် အက်ဆေးသည် အကျုံးဝင်ပါသည်။ ထို့ကြောင့် ယေဘုယျအားဖြင့် ပြောလျှင် 'စာမွန်သည် အက်ဆေး၊ အက်ဆေးသည် စာမွန်ဟု ပြောလျှင် ပြောနိုင်ပါသည်။ မမှားပါ။'[၃] ဟု ဆိုပါသည်။

ထို့အပြင် ဆရာကြီးမောင်ထင်ကပင် ကမ္ဘာ့စာပေအညွှန်း အင်္ဂလိပ်စာပေ သမိုင်း၌–

> "အက်ဆေး၏ ဂုဏ်အင်္ဂါများမှာ တွေးခေါ်စဉ်းစားခြင်း၊ ကျစ်လျစ် တိုတောင်းခြင်း၊ ဝတ္ထုမဟုတ်ခြင်း၊ ကိုယ်ပိုင်ထင်မြင်ချက်တို့ကို တင်ပြဆွေးနွေးခြင်း၊ ပုံစံစည်းမျဉ်း အသေမထားဘဲ ဖွဲ့ဆိုခြင်း

---

[၁] မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ၂၀၁၀၊ ၂၄၀။

[၂] မြန်မာ့စွယ်စုံကျမ်း၊ ၁၉၅၆၊ ၄၀၉။

[၃] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၁၀၃။

> စသည်တို့ ဖြစ်သည်။ နှောင်းခေတ်များတွင် အက်ဆေးအဖွဲ့ကို အနုပညာမြောက်သော ရသစာပေဗန္ဓတို့ဖြင့် မွမ်းမံကြ၏။ ထိုအခါ ယင်းတို့ကို ပြင်သစ်ဘာသာဖြင့် ဘဲလက်ဟု အမည်ပေးကြသည်။ စာကောင်းစာမွန်ဟု အဓိပ္ပာယ်ရသည်။ အက်ဆေးသည် ဘဲလက်ထဲ၌ အကျုံးဝင်သည်။ မြန်မာစာဖတ်ပရိသတ်တို့အတွက် အမှတ်ရလွယ်အောင် စာမွန်ဟူသော ဝေါဟာရကိုပင် ခြုံ၍ ယူလိုက်ပါသည်။”[၁]

ဟု ရှင်းလင်းဖော်ပြထားပါသည်။ ထို့ကြောင့် စာမွန်သည် အက်ဆေးဖြစ်၍ ရသစာတမ်းဟုလည်း ဆိုနိုင်ပါသည်။

## ၃။ မောင်ဆုရှင်၏ စာမွန်များမှ အတွေးနှင့်အရေး

### ၃၊ ၁။ စာမွန်များမှ အတွေး

#### ၃၊ ၁၊ ၁။ အာဒံနှင့် ဧဝ

ယောကျ်ားနှင့်မိန်းမ၊ တစ်ဦးနှင့်တစ်ဦး သူကသာသည်၊ ကိုယ်ကသာသည်ဟု အပြိုင်အဆိုင် စကားနိုင်လုကြသည်မှာ ကမ္ဘာဦးကတည်းက ဖြစ်ပုံ၊ ကမ္ဘာဦးကတည်းက ဆိုသည်မှာ အာဒံနှင့်ဧဝတို့၏ အချိန်ဖြစ်ပုံ၊ အာဒံနှင့်ဧဝဟု ပြောလျှင် ပုရိသနှင့်ဣတ္ထိယတို့၏ ဘာဝကို တင်စားထားသည်ဟု လူတိုင်းသိပုံတို့ဖြင့် စာမွန်ကို အစပြုပါသည်။ ထို့နောက်–

> “မသိခံနိုင်ပါရိုးလား၊ ယဉ်ကျေးမှုသဘောတို့သည် တိုင်းနိုင်ငံ နယ်နိမိတ်ကိုကျော်လျက် ပြည်ရွာအရပ်ရပ်ကို ဖြတ်သန်းရောယှက်လွယ်သော ခေတ်ကာလ၌ သမ္မာကျမ်းစာထဲမှ သူတို့နှစ်ဦးကို လူတိုင်းလိုပင် ကြားဖူးနားဝ ရှိနေကြလေပြီ။”[၂]

ဟု တွေးပြသည်။

ကမ္ဘာပေါ်တွင် အာဒံနှင့်ဧဝတို့၏ ကိုယ်ပွားများအဖြစ် ရောမ၌ ဆီဇာနှင့် ကလီယိုပါထရာ၊ အိန္ဒိယ၌ ရှာဂျဟန်ဘုရင်နှင့် နူးရ်ဂျဟန်၊ ဗြိတိသျှဝန်ကြီးချုပ်ချာချီနှင့် ကလီမင်တိုင်း၊ မြန်မာ့နောက်ခံဖြင့်ကြည့်လျှင် မဟော်သဓာနှင့် အမရာ၊

---

[၁] ထင်၊ မောင်၊ ၂၀၀၈၊ ၄၃၃။

[၂] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၁၉။

ဝေဿန္တရာနှင့် မဒ္ဒီ၊ သီပေါမင်းနှင့် စုဖုရားလတ်၊ ရိုးရာပုံပြင်ထဲမှ ကြည့်လျှင် မင်းနန္ဒာနှင့် ရှင်မွေ့နွန်း၊ ဥပကနှင့် ဆာဝါတို့ကို သတိရစရာဖြစ်ပုံကို ရေးသည်။ ထိုမှဆက်၍–

> "ဤဒွိယံ ဒွိယံတို့ အကြောင်းကို စဉ်းစားသောအခါ အိမ်ရာထောင်ကြခြင်းအကြောင်းကို သတိရသည်။ အိမ်ထောင်ဟူသော လူ့အဖွဲ့၏ အသေးဆုံး ယူနစ်ကလေးတစ်ခု၏ သဘာဝကို သတိရသည်။ အာဒံနှင့်ဧဝတို့မှစ၍ အိမ်ရာထောင်ခဲ့ကြခြင်းသည် လောကီမင်္ဂလာ တစ်မျိုးပင် ဖြစ်သည်။ လောကကြီးစည်ပင်ရာအကြောင်း ဖြစ်သည်"[၁]

ဟု သူ၏အမြင်ကို ဖော်ပြသည်။

လူမျိုးအသီးသီး၏ ဓလေ့စရိုက်၊ ယုံကြည်ရာ အဆုံးအမနှင့် ဆက်ခံရာ လူမှုထုံးတမ်းဓလေ့အရ မင်္ဂလာပွဲကျင်းပကြပုံ၊ အာဒံနှင့်ဧဝတို့၏ ပုံတူရုပ်ပွားတစ်ခုချင်းကို လူ့လောကနယ်ပယ်တွင် တွေ့နိုင်ပုံ ခေတ်သစ်ဧဝများဖြစ်သည့် အမေရိကန် ရုပ်ရှင်မင်းသမီး မယ်ရီလင်မွန်ရိုး၊ အာကာသယဉ်စီးနင်းသူ ဗလင်တီနာတီရက်ရှကိုဗာတို့ အစွမ်းပြကြပုံကို ရေးသည်။ အာဒံတို့အပိုင်းမှ ပြောင်မြောက်သော လုပ်ဆောင်မှုများ ရှိပုံကိုလည်း ဖော်ပြသည်။

စာမွန်၏အဆုံးတွင်–

> "အာဒံနှင့်ဧဝတို့ သင့်မြတ်ခြင်းကြောင့် သူတို့မျိုးဆက်သစ်များ ကမ္ဘာမြေတွင် စည်ပင်ပြန့်ပွားရချေသည်။ ထိုအခါ အဖအရာ အမိအရာ၌ တည်သော သူတို့နှစ်ဦးတွင် နောက်ထပ် တူညီသော စိတ်ထားတစ်ရပ် ထက်သန်ထုံသင်းရပြန်သည်။ ထိုစိတ်ထားမှာ မိဘမေတ္တာပင် ဖြစ်သည်"[၂]

ဟူ၍ အတွေးမျှင်တန်းပြပါသည်။

ဤစာမွန်တွင် အာဒံနှင့်ဧဝ ဖိုမချစ်ခြင်းမေတ္တာမှသည် မိဘမေတ္တာအထိ ကျယ်ပြန့်လေးနက်ပုံကို အချိတ်အဆက်မိမိ တွေးမြင်ယူဆတင်ပြထားပါသည်။ အများ လက်ခံချင်ဖွယ်ဖြစ်အောင် အကြောင်းသင့် အကျိုးသင့် ဆက်စပ်တင်ပြနိုင်ပါသည်။ အကြောင်းအရာထက် အတွေးအမြင်ကို အားပြုသော စာမွန် (ရသစာတမ်း)၏

---

[၁] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၀။
[၂] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၅။

သဘောနှင့် ကိုက်ညီပါသည်။ ၁၅၀၀ မေတ္တာမှသည် ၅၂၈ မေတ္တာသို့ ကူးပြောင်းသွားပုံကို သိမ်မွေ့စွာ တွေးခေါ်ဆင်ခြင်ပြပါသည်။

## ၃၊ ၁၊ ၂။ ကန့်စွန်းခင်း၏ လောကအမြင်

ဤစာမွန်တွင် စာရေးသူက သုနန္ဒာကမ်းခြေ၌ သူရရှိသော အိမ်နေရာသည် မူလက လယ်ကွက်ဟောင်း ဖြစ်သည်။ ချောင်းကို မျက်နှာပြု၍ အိုးအိမ်ကွက်ကလေး တစ်ခုရသည်။ မြေယာကလေးတစ်ကွက် ပိုင်ဆိုင်နိုင်ပြီ ဟူသော စိတ်ဖြင့် မြေပေါ်တွင် အိုးအိမ်တည်ဆောက်နိုင်တော့မည်ဟု အတွေးကို တင်ပြသည်။ ထို့နောက်–

> "ဤနေရာကို ဆက်ခံ၍ အရိပ်ခိုကာ နောင်အခါ စည်ပင်ဖွံ့ဖြိုးကြလိမ့်မည်ဟု တွေးမြင်မိသည်"[၁]

ဟု ဖော်ပြသည်။

မြို့ပြမှ ခွာ၍ ဆင်ခြေဖုံးရှိ လယ်ဟောင်းကို ဖို့ဆည်၍ အိမ်နေရာသိုက်မြို့ ဆောက်လုပ်နေထိုင်ရကြောင်း ဖော်ပြရင်း–

> "ကမ္ဘာနှင့်အဝန်း မြို့ပြကြီးတို့ ဖွံ့ဖြိုးနေသည်။ ဆင်ခြေဖုံးအရပ်တို့ ဘေးသို့ တွားသွားကားပြန့်ထွက်နေကြသည်။ Sprawling Cities ဟု သူတို့က ခေါ်သည်။ ဆင်ခြေဖုံးမှ မြို့သို့ နေ့စဉ် တက်သောသူများကို ခေါက်ပြန်သမားများ (Commuters)ဟု အမည်ဆန်းဆန်းဖြင့် မှည့်ခေါ်ထားကြ၏"[၂]

ဟု ခေတ်အမြင်နှင့် ဆက်စပ်တင်ပြပါသည်။

တစ်နေ့တာ၏ အစနှင့်အဆုံးတွင် ဆင်ခြေဖုံးသို့ ပြန်လည်ခိုဝင်ရသောအခါ ကွင်းလေကို ရှူရပုံ၊ သစ်ပင်စိမ်းစိမ်းတို့ကို ကြည့်ရပုံ၊ ညအခါ လရောင်ကို မြင်ရပုံတို့ကို ဖော်ပြသည်။ 'ဤမြင်ကွင်းကျယ်ကိုပင် ဘယ်မျှကြာသောအချိန်၌ မြို့ပြဝန်းကျင်က ဝါးမျိုပစ်လေဦးမည်မသိ' ဟု တွေးထင်ပြသည်။ ထို့နောက် အိုးအိမ်တည်ရန် အားထုတ်ပြင်ဆင်ပုံကို ဖော်ပြသည်။ ဆင်ခြေဖုံးနေရာများသည် နောင်အခါ မြို့ပြဖြစ်သွားတတ်ပုံကို ဆင်ခြင်ပြပါသည်။

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၆၉။

[၂] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၆၉။

ထို့နောက် အိမ်ရှေ့မြောင်း၏ နယ်စပ်နှုတ်ခမ်းတွင် အုန်းပင်ပေါက် ငါးပင် တူးဆွ မြှုပ်စိုက်သည်။ မြောင်းထဲမှမြေကိုဆယ်၍ အိမ်နေရာကွက်ကို ဖို့သည်။ မြောင်းထဲရှိရေတွင် ကန်စွန်း ချစိုက်သည်။ ကန်စွန်းပင်သည် ၁၅ ရက်ခန့်တွင် ရှင်သန်သော လက္ခဏာကို တွေ့ရသည်။ ကန်စွန်းရွက်ကို ဟင်းတစ်မယ်အဖြစ် ဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ဖော်ပြသည်။ စာမွန်၏ အဆုံးတွင် ကန်စွန်းရွက်၏ ဆေးဖက်ဝင်ပုံကို ဆေးသိပ္ပံပညာ၊ တိုင်းရင်းဆေးပညာတို့၏ ဖော်ပြချက်ဖြင့် နိဂုံးချုပ်ထားပါသည်။

ကန်စွန်းရွက်၏ အစိမ်းရောင် ကလိုရိုဖီးလ်ဓာတ်က ကျန်းမာစေပုံ၊ ဗီတာမင်စီဓာတ် ပေါပေါများများ ပါဝင်ပုံ ဟူသော ခေတ်အမြင်နှင့် တိုင်းရင်းဆေးပညာရှင်တို့က ကန်စွန်းရွက်သည် အဆိပ်ပြေသည်၊ ဝမ်းမီးကို အားပေးသည်၊ အနာရောဂါကို နိုင်သည် ဟူသော ရိုးရာအမြင်တို့ ပေါင်းစပ်တွေးပြပုံကို တွေ့ရပါသည်။

## ၃၊ ၁၊ ၃။ လရောင်နှင့်ဆုံစည်းခွင့်

သုနန္ဒာကမ်းခြေရပ်ကွက်သစ်သို့ ရောက်သောအခါ လရောင်လရိပ်နှင့် ဆုံစည်းခွင့်ရသည်။ လဆန်း၊ လပြည့်ညများ၌ လရောင်ကို မျှော်မိပုံ၊ လရောင်လရိပ်များ၌ ခံစားမိပုံကို ရေးပြသည်။ အင်္ဂလိပ်စကားတွင် Lunar (ကောင်းကင်ကလ)နှင့် Lunatic (သူရူး)တို့ ဆက်စပ်နေပုံကို ဖော်ပြသည်။ ထိုသို့ ဆက်စပ်နေသည်မှာ လရောင်ကို သူရူးတို့ နှစ်သက်ကြသောကြောင့် ထိုဝေါဟာရ ဖြစ်လာကြောင်း ရှင်းပြသည်။ ထို့နောက်–

> "မိမိက လရောင်ကို ကြိုက်သည်မှာ ဥမ္မတ္တကအခြေခံပေလော ဟု ဆင်ခြင်၍ ကြည့်သည်။ ဟုတ်သည်ဆိုဦး 'ပုထုဇ္ဇနော၊ ဥမ္မတ္တကော' ဟူသော ကျမ်းထွက်နှင့် ညီညွတ်နေပေသည်"[၁]

ဟု အတွေးဆက်စပ်ပြသည်။

ထို့ပြင် လနှင့်လရောင်တို့သည် စာပေရသ အဖွဲ့အနွဲ့တို့၌ တင်စားခြင်းခံရပုံ၊ လရောင်နှင့်လမင်းတို့တွင် အတွဲအဖက်များရှိပုံ၊ ကျေးလက်ရိုးရာ တေးချင်းများတွင် ဖွဲ့နွဲ့ပုံ၊ လပေါ်သို့ ပထမဆုံးခြေချမိသူ အမေရိကန်အာကာသသူရဲ နီးလ်အမ်းစထရောင်းန်၏ စကားဆိုပုံတို့ကို ဆက်စပ်ဖော်ပြပါသည်။

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၃။

လူတို့အတွက် လသည် လက်တွေ့မဆန်သော အရပ်ဟု ဆိုရမည်လားမသိ၊ လပေါ်သို့ နဖူးတွေ့ ဒူးတွေ့ရောက်ရသူတို့အတွက် ကဗျာဆန်ဟန်မရှိဟု ထင်ရသည်။ လပေါ်၌ လေတဟူးဟူးတိုက်နေသည်။ လူက ကိုယ်ကိုထိန်းပြီး လမ်းလျှောက်၍မရ၊ လပေါ်မှာ အသက်ရှုရန် အောက်ဆီဂျင်ပါသော လေမရှိ။ လ၏မျက်နှာပြင် မြေသားသည် ဖုန်အတိပြီးသော နေရာဖြစ်၏။ ထို့နောက်–

> "ထို့ကြောင့် ခမ်းလုမ်းလုမ်းမှနေ၍ နှစ်သက်ရသည်က ဆွတ်ပျံ့ဖွယ် ရှိလိမ့်မည်ထင်သည်။ ထိုသို့ အထင်အမြင်ရသော အခါ လနှင့် အနေဝေးရခြင်းကပင်လျှင် လ၏ အရောင်အဆင်း၌ ယစ်မူးပျော်ပိုက်ခွင့်ကို ရရှိခြင်းဖြစ်သည်ဟု သဘောပေါက်ရသည်။"[၁]

ဟု ဆင်ခြင်ပြထားပါသည်။

စာမွန်၏အဆုံးပိုင်းတွင် ကမ္ဘာနှင့် မိုင်ပေါင်း နှစ်သိန်းခွဲနီးပါးအရပ်တွင် ရှိသောလ၊ တစ်စက္ကန့်လျှင် အလင်းဖိုတွန်များ မိုင်ပေါင်း တစ်သိန်းရှစ်သောင်းကျော်ဖြင့် မြေကမ္ဘာဆီသို့ ပြေးလာပုံတို့ကို ဆက်စပ်တင်ပြထားပါသည်။ လထွက်သော လသာညများ၌ လရောင်ကို ဆုံစည်းခွင့်ရခြင်းသည် ငယ်စဉ်က ရင်းနှီးခဲ့သော မိတ်ဟောင်းငယ်ချစ်နှင့် ဆုံရသည်ကဲ့သို့ ခံစားရသည်ဟု နိဂုံးချုပ်ထားပါသည်။

သုနန္ဒာကမ်းခြေနေအိမ်၌ လရောင်နှင့်ဆုံစည်းခွင့်ရပုံဖြင့် အစပြုကာ လသာည များ၌ လရောင်နှင့် ဆုံစည်းခွင့်ရပုံနှင့်ပင် အဆုံးသတ်ထားသောကြောင့် ဝလုံးအတွေးမျှင် တင်ပြဟန် ဖြစ်ပါသည်။ အဖွင့်အပိတ် ညီပါသည်။ အတွေးစည်းလုံးမှု ရှိပါသည်။ လရောင်နှင့်စပ်လျဉ်း၍ စာပေအဖွဲ့အနွဲ့၊ သိပ္ပံအချက်အလက်၊ ကိုယ်တွေ့ခံစားမှု အတွေးများကို အချိတ်အဆက်မိမိ စည်းရုံးတွဲစပ်ထားပါသည်။

## ၃၊ ၂။ စာမွန်များမှအရေး

### ၃၊ ၂၊ ၁။ စကားအသုံးအနှုန်း

အာဒံနှင့်ဧဝစာမွန်တွင် ယောကျ်ားမိန်းမစုံတွဲများအဖြစ် အာဒံနှင့်ဧဝ၊ ရိုမီယိုနှင့် ဂျူးလိယက်မှစ၍ ကမ္ဘာနှင့် မြန်မာမှ စုံတွဲ ၂၀ ကို အမည်နှင့်တကွ ဖော်ပြသည်။ ကမ္ဘာ့သမိုင်းမှ စုံတွဲ ၉ တွဲ၊ မြန်မာ့သမိုင်းမှ ၇ တွဲ၊ ရိုးရာပုံပြင်မှ ၄ တွဲ ဖြစ်သည်။ နိုင်ငံနှင့်ယှဉ်၍ ရောမ၌ ဆီဇာနှင့် ကလီယိုပါထရာ၊ အိန္ဒိယ၌ ရှာဂျဟန်နှင့် နူးရ်ဂျဟန်၊ အာဂျင်တီးနား၌ ပီရွန်နှင့် အီဗာ၊ အသက်မွေးမှုတာဝန်နှင့်ယှဉ်၍ ဗြိတိသျှ

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၅။

ဝန်ကြီးချုပ်ဟောင်း ချာချီနှင့် ကလီမင်တိုင်း၊ အမေရိကန် ဒဿနိကပညာရှင် ဝီလ်ဒါရင် ဇနီးမောင်နှံ စသည်ဖြင့် ဖော်ပြသည်။ 'မြန်မာ့နောက်ခံဖြင့်ကြည့်လျှင်'၊ 'ရိုးရာပုံပြင်ထဲမှ ကြည့်လျှင်' ဟူ၍ ဝိသေသပြု ဖော်ပြခြင်းလည်း ရှိသည်။

ဇာတ်ကိုယ်ပွားများအဖြစ် မိုနာလီဇာ၊ ဗီးနပ်အလှမယ်တို့မှ အစပြု၍ ခေတ်သစ်ဇာတ်ပုံ ကင်ပွန်းတပ်ကာ အမေရိကန်ရုပ်ရှင်မင်းသမီး မယ်ရီလင်မွန်ရိုး အပါအဝင် အမျိုးသမီး ၁၃ ဦးကို ဖော်ပြသည်။ အာဒံတို့အပိုင်းမှ ထင်ရှားကျော်ကြားသည့် အမျိုးသားအနုပညာရှင် ၁၁ ဦးကို ဖော်ပြထားသည်။ အမည်နာမ အကောင်အထည်ပြ စကားလုံးများဖြစ်ပြီး ယောကျ်ား မိန်းမ၊ အမျိုးသား အမျိုးသမီးတို့၏ လောကအကျိုးပြုပုံ မောင်တစ်ထမ်း မယ်တစ်ရွက် တာဝန်ကိုယ်စီရှိကြပုံကို အတွေးဖြန့်ကျက် ဆက်စပ်သတိရမိစေပါသည်။

အမျိုးသားတို့၏ စွမ်းဆောင်မှုကို ဖော်ပြရာတွင် လူသားမျိုးဆက်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းသွားပုံကို သမိုင်းစဉ်အရ ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်း သဘောသက်ဝင်အောင် စကားလုံးဝေါဟာရ ရွေးချယ်သုံးနှုန်းထားပါသည်။

> "နိုင်ငံတကာ အနုပညာနယ်တွင် တသသဖြစ်နေရသူတို့မှာ ဗယ်လင်တီနို၊ ဂျွန်ဝိန်းမှသည် ဂျွန်ထရာဗိုလတာနှင့် မိုက်ကယ်ဂျက်ဆင်တို့အထိ၊ ကိုဘတင့်နှင့် ခင်မောင်ရင်မှသည် ဝင်းဦး၊ ကျော်ဟိန်းနှင့် နေအောင်၊ ရန်အောင်၊ ဒွေးတို့အထိ ဟု ဆိုရချိမ့်မည်"[၁]

ဟု ဖော်ပြခြင်းမျိုး ဖြစ်သည်။

လူသားအစ ယောကျ်ား မိန်းမတို့ ဖြစ်တည်လာကြပုံကို ဘာသာရေးကျမ်းဂန်၊ ရိုးရာအယူအဆတို့ဖြင့် ဖော်ပြသည်။ အာဒံနှင့်ဧဝကို 'သမ္မာကျမ်းထဲမှ သူတို့နှစ်ဦး'၊ ကုရ်အာန်ကျမ်းထဲမှ 'ဘာဘာအာဒင်နှင့် မာမာဟာဝါ' ဟူသော အသုံးဖြင့် ဖော်ပြသည်။ ရိုးရာအယူအဆအဖြစ် 'ဗြဟ္မာကြီးလေးဦး မြေသင်းခဲကို ဆင်း၍စားရာမှ ဇာတ်လမ်းစခဲ့သည်' ဟူ၍ ရေးသားသည်။ 'သမ္မာန်ကျမ်း' ဟူသော ခရစ်ယာန်ဘာသာကျမ်း၊ 'ကုရ်အာန်ကျမ်း' ဟူသော အစ္စလာမ်ဘာသာကျမ်း၊ 'ဗြဟ္မာကြီးလေးဦး' ဟူသော အသုံးအနှုန်းဖြင့် ဗုဒ္ဓဘာသာ အယူအဆတို့ကို ပေါ်လွင်စေပါသည်။ အတွေးကို ပံ့ပိုးပေးသည့် စကားအသုံးအနှုန်းများ ဖြစ်ပါသည်။

---

[၁] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၃။

အကြိမ်ကြိမ် အခါအခါ အများအပြား ဟူသော သဘောကိုဖော်ပြသည့်အခါ 'ဒွိယံ ဒွိယံ'၊ 'သူတို့ သူတို့' ဟူ၍ နှစ်ကြိမ်ထပ်သုံးပုံမျိုးကို တွေ့ရသည်။ ပြောဟန်ဘက်သို့ ရောက်သော စကားသုံးဖြစ်၍ စာဟန်ကို ပေါ့ပါးသွက်လက်စေပါသည်။

အများနားလည်လွယ်သည့် ပါဠိစကားလုံးများကိုလည်း ဆက်စပ်ယှဉ်တွဲ ရေးတတ်ပါသည်။

> "အာဒံနှင့်ဧဝဟု ပြောလိုက်လျှင် ပုရိသနှင့်ဣတ္ထိယတို့၏ ဘာဝကို တင်စားသည်။"[၁]
>
> "သူတို့နှစ်ဦးအား မာတာနှင့် ပိတာ ဟူသော အသုံးအနှုန်း ဝေါဟာရဖြင့် တွင်စေသည်။"[၂]

ဟူသော အဖွဲ့တို့တွင် တွေ့ရသည်။ 'ပုရိသ'၊ 'ဣတ္ထိယ'၊ 'ဘာဝ'၊ 'မာတာ'၊ 'ပိတာ' ဟူသော အသုံးအနှုန်းများနှင့် ဖော်ပြထားရာ အတွေးအမြင် အတင်အပြတွင် ပေါ်လွင်စေပါသည်။

အင်္ဂလိပ်စကားလုံးများ သုံးလျှင်လည်း မြန်မာအဓိပ္ပာယ်နှင့် ယှဉ်တွဲကာ စာဖတ်သူများ နားလည်လွယ်အောင် ရေးပါသည်။

> "ကမ္ဘာနှင့်အဝန်း မြို့ပြကြီးတို့ ဖွံ့ဖြိုးနေသည်။ ဆင်ခြေဖုံး အရပ်တို့ ဘေးသို့ တွားသွားကားပြန့် ထွက်နေကြသည်။ Sprawling Cities ဟု သူတို့က ခေါ်သည်။ ဆင်ခြေဖုံးမှ မြို့သို့ နေ့စဉ် ရုံးတက်သောသူများကို ခေါက်ပြန်သမားများ (Commuters) ဟု အမည်ဆန်းဆန်းဖြင့် မှည့်ခေါ်ထားသည်။"[၃]
>
> "လူနာ (Lunar) ဟူသော ဝေါဟာရသည် ကောင်းကင်ကလကို ဆိုလိုသည်။ ထိုစကားနှင့်နွယ်၍ သူရူးကို လူနားတစ် (Lunatic) ဟူ၍ သုံးနှုန်းသည်။"[၄]

ဟူသော အဖွဲ့တို့တွင် တွေ့ရသည်။ Sprawling Cities ဘေးသို့ ကားပြန့်ထွက်နေသော မြို့များ၊ Commuters ခေါက်ပြန်သမားများ၊ Lunar ကောင်းကင်ကလ၊ Lunatic သူရူး ဟူ၍ ယှဉ်တွဲရေးသားပုံမျိုး ဖြစ်ပါသည်။

---

[၁] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၁၉။
[၂] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၅။
[၃] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၆၉။
[၄] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၃။

ကန်စွန်းခင်း၏ လောကအမြင်ဟူသော စာမွန်တွင် 'ကလေး' ဟူသော ပစ္စည်းစကားအသုံးကို အများအပြား အသုံးပြုထားသည်ကို တွေ့ရပါသည်။ 'အိုးအိမ်ကွက်ကလေး'၊ 'ရပ်ကွက်ကလေး'၊ 'မြေနီလမ်းကလေး'၊ 'လမ်းဖုံဖုံကလေး'၊ 'မြေယာကလေး' ဟူသော အဖွဲ့တို့တွင် 'ကလေး' ဟူသော ပစ္စည်းစကားမှာ နှစ်သက်ဖွယ်ရောက်အောင် ထောက်ကူသော စကားလုံးအဖြစ် သုံးထားခြင်း ဖြစ်ပါသည်။

ထို့အပြင် ရေးသည့်အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သည့် စကားသုံးများကို ဂရုစိုက်ရွေးချယ်သုံးပုံကို တွေ့ရပါသည်။

> "ဤနေရာတွင် ကွင်းလေကို ရှူရမည်။
> သစ်ပင်စိမ်းစိမ်းတို့ကို မျက်စိအေးအောင်ကြည့်ရမည်။
> ညအခါလရောင်ကို အချိန်အခါလိုက်၍ မြင်ရမည်။"[၁]

ဟူသော အဖွဲ့တွင် 'ရှူ'၊ 'ကြည့်'၊ 'မြင်' ဟူသော ကြိယာစကားလုံးများကို ရေးသည့်အကြောင်းအရာနှင့် လိုက်ဖက်အောင် သုံးထားပါသည်။

> "နေ့အခါ၌ အုန်းလက်တို့က နေရိပ်ကို ပေးသည်။
> ညအခါ၌ အုန်းလက်တို့ကပင် လရိပ်ကို ပေးပြန်သည်။"[၂]

ဟူသော အဖွဲ့တွင် နာမ်ကိုလေးနက်အောင် ထောက်ပံ့သောပစ္စည်းစကားလုံး 'ပင်'၊ ထပ်မံပြုလုပ်ကြောင်း ဖော်ပြသည့် ပစ္စည်းစကား 'ပြန်' ဟူသော အသုံးတို့က အနက်အဓိပ္ပာယ်ကို ထိမိပေါ်လွင်စေပါသည်။ စကားရွေးချယ်သုံးတတ်ပုံ သာဓက ဖြစ်ပါသည်။

စာမွန်ရေးသား၌ အရေးစကားပြေတွင် ပြောစကားလုံး ညှပ်သုံးပုံကို အတွေ့ရများပါသည်။

> "စွပ်ကျယ်အင်္ကျီရှေ့မှ ပီတာနှင့်ဂျွန် အထိမ်းအမှတ် စာလုံးနှစ်လုံးကား ဟိုတလောက မမြင်ချင်အဆုံးပင် ဖြစ်သည်။"[၃]

> "အမိုးအကာထူထောင်ရန် မြေကို အရင်ဖို့ရသည်။"[၄]

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၆၉။
[၂] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၃။
[၃] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၀။
[၄] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၆၉။

"လပြည့်ညများ၌ လရောင်ကို တမင်မျှော်မိသော အလေ့အထ တစ်မျိုး ရှိလာပြန်သည်။"[၁]

ဟူသော အဖွဲ့တို့တွင် 'ဟိုတလောက'၊ 'မပြင်ချင်အဆုံး'၊ 'အရင်'၊ 'တမင်' ဟူသော ပြောစကားများက စာဖတ်သူကို တရင်းတနှီးပြောဆိုသော သဘောကို ပေါ်လွင်စေပါသည်။

စာဖတ်သူကို နှစ်သက်မှုပေးစွမ်းသည့် စကားအသုံးအနှုန်းဖြင့်လည်း ရေးသားပါသည်။ ကန်စွန်းခင်းနှင့် လောကအမြင် ဟူသော စာမွန်တွင်–

"ကန်စွန်းဟင်းလျာကို ရေလဲနှင့်သုံးဆောင်ရင်းက တို့ဆိတ်ပြင်ဆင်ရသောကြောင့် 'ဆိတ်သား' ဟူ၍ ရက်ပြုံးကလေးနှင့် ပြောရသော အောက်ကျမှုမျိုးလည်း စိတ်တွင် ပေါ်မလာ။ အချို့က ပြက်လုံးထုတ်သလို မနက်စာတုန်းက ကန်စွန်းရွက်ကြော်၊ ညနေစာကျတော့ ကစော်ရွက်ကျွန်း ဟူ၍ စကားလိမ်ဖြင့် ဖုံးဖိစရာလည်း မလိုဟု ထင်သည်။"[၂]

ဟူသော အဖွဲ့တွင် ကန်စွန်းရွက်ကို 'ဆိတ်သား' ဟူသော ဗန်းစကား၊ 'ကန်စွန်းရွက်ကြော် ကစော်ရွက်ကျွန်း' ဟူသော စကားလိမ်တို့ဖြင့် ရေးထားရာ ဖတ်ရင်းပြုံးရသည့် အသုံးအနှုန်းများ ဖြစ်ပါသည်။

မောင်ဆုရှင်သည် စာမွန်တွေးမြင်ရေးသားရာ၌ ရိုးရာအမြင်နှင့် ခေတ်အမြင်ကို ပေါင်းစပ်တင်ပြတတ်ရာ ခေတ်အမြင် ပေါ်လွင်စေသည့် အရေးအသား၊ အသုံးအနှုန်းမျိုးကိုလည်း ရွေးချယ်သုံးနှုန်း ဖော်ပြတတ်ပါသည်။

"ဗီတာမင်စီသည် ခေသောဓာတ် မဟုတ်။ အအေးမိခြင်းမှအစ ကင်ဆာရောဂါအထိ ကာကွယ်နိုင်သည်ဟု ဓာတုဗေဒ သိပ္ပံနိုဘယ်ဆုရ ဒေါက်တာလင်းနပ်ပေါလင်း (၁၉၀၁ – ၁၉၉၄)က ချီးမွမ်းခန်းဖွင့်ခဲ့သည်ကိုလည်း အမှတ်ရသည်။"[၃]

"လူတစ်ယောက်အတွက် ခြေလှမ်းကလေး တစ်လှမ်းသာ ဖြစ်သည်။ လူ့လောကအတွက်မှာ ခြေလှမ်းကြီး တစ်လှမ်း ဖြစ်ပေသည်"

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၁။
[၂] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၇၁။
[၃] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၇၂။

ဟူ၍ ဆင်ခြင်တုံတရားနှင့်ယှဉ်သော စကားကို ၁၉၆၉ ခုနှစ်၊ ဇူလိုင်လတုန်းက ပြောဆိုခဲ့သည်။ ထိုသို့ဆိုသူမှာ အမေရိကန် အာကာသသူရဲလည်းဖြစ်၊ လပေါ်သို့ ပထမဆုံး ခြေချမိသူလည်းဖြစ်သော နီးလ်အမ်းစထရောင်းန် ဖြစ်လေသည်။[၁]

> "သူ့ထံမှ မြေကမ္ဘာဆီသို့ ပြေးလာသော အလင်းဖိုတွန်များ တစ်စက္ကန့်လျှင် မိုင်ပေါင်း တစ်သိန်းရှစ်သောင်းကျော်နှုန်းဖြင့် အုန်းလက်တို့အကြားသို့ ဝင်ရောက်လာမြဲဖြစ်သည်။"[၂]

ဟူသော အဖွဲ့တို့တွင် တွေ့ရပါသည်။ သိပ္ပံစာပေနှင့် ထိတွေ့ကျွမ်းဝင်သူ ဟူသော ရေးသူ၏ ကိုယ်ရည်ကိုယ်သွေးကို ပေါ်လွင်စေပါသည်။

## ၃၊ ၂၊ ၂။ ဝါကျဖွဲ့ပုံ

ဝါကျဖွဲ့ရာတွင် အပြိုင်ဝါကျ၊ ဟန်ချက်ညီဝါကျ အသုံးများသည်ကို တွေ့ရသည်။

ဆရာကြီးပီမိုးနင်းက နေရီရီဝတ္ထုတွင် မောင်နေဝင်းနှင့် ရီရီကို တွဲပေးထားသည်။ ဒေါက်တာထွန်းရွှေက သက်ဝေမကျော့ဝတ္ထုတွင် မောင်သက်ဝေနှင့် မကျော့ကို တွဲပေးထားသည်။[၃]

> "သူတို့ချင်း အငြိုးကြီးကြသောအခါ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးဟု ဦးပုညက စကားသင်ပေးသည်။
>
> သူတို့ချင်း တွယ်တာလှချိန်၌ အဘယ်မဒ္ဒီဟု ဝေဿန္တရာက မြတ်မြတ်နိုးနိုး အာလုပ်ပြုသည်ကို ဦးဩဘာသက ရေးဖွဲ့သည်။
>
> သူတို့ချင်း သမုဒယသံယောဇဉ်ကို ရွေးလျက်ရှုရှုမဆင်ရတည့်ဟု နတ်ရှင်နောင်က ရတုဖြင့် စာဆိုသည်။"[၄]

ဟူသော အဖွဲ့တို့တွင် အာဒံနှင့်ဧဝ ကိုယ်စားပြုရာ အမျိုးသား အမျိုးသမီးတို့၏ လက်တွဲမဖြုတ်ကြပုံ ဆက်ဆံရေးကို စာထဲပေထဲက သာဓကများဖြင့် ဖော်ပြထားရာ အလေးအနက် သတိပြုဆင်ခြင်မိစေပါသည်။ နှစ်သက်ဖွယ် စာဟန်လည်း ဖြစ်ပါသည်။

ပုံစံတူစကားစုများပါဝင်သော ဟန်ချက်ညီဝါကျများကိုလည်း တွေ့ရသည်။

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၄။

[၂] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၅။

[၃] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၃။

[၄] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၄။

> "ရှိဆဲခဏ ဖြစ်ဆဲခဏတို့ကိုပင် အမိအရထား၍ ခံစားတတ်သလို ခံစားအပ်သည်ပင် မဟုတ်ပါလော။"[၁]
>
> "မျက်နှာငွေလ ရွှင်ပပ ဟူ၍လည်းကောင်း၊ မျက်နှာချင်းကို လမင်းမှာဆုံစို့ကွယ် ဟူ၍လည်းကောင်း၊ တက္ကသိုလ်ကျောင်းက ငွေလမင်း ဟူ၍လည်းကောင်း၊ မောင့်မေတ္တာ လရောင်ဆမ်းမှ ပွင့်လန်းလာမယ့် ပန်းအလှကုမုဒြာ ဟူ၍လည်းကောင်း၊ ချစ်သူကို လရောင်အောက်မှာရှာပါ ဟူ၍လည်းကောင်း ခေတ်ဟောင်း ခေတ်သစ် စာပေဂီတတို့၌ တင်စားနှိုင်းယှဉ်သော အပြောအဆိုများ အစဉ်အဆက် ရှိခဲ့ကြသည်။"[၂]

ဟူသော အဖွဲ့တို့တွင် တွေ့ရပါသည်။ ပုံစံတူစကားစုများပါသော ဟန်ချက်ညီ ဝါကျကြောင့် သဘောချင်းတူသည့် အချက်အလက်များသည် ထင်သာမြင်သာ ဖြစ်လာပါသည်။ ဆင်ခြေဖုံးအရပ်ရှိ ကွင်းလေရှူရခြင်း၊ သစ်ပင်စိမ်းမြင်ရခြင်း၊ မိုးရိပ်တိမ်တောင်တို့ကို အဆီးအတားမရှိ မြင်ရခြင်းကို မြို့ပြဝန်းကျင်က မဝါးမျိုမီ ဖြစ်ဆဲခဏကို ခံစားအပ်ပုံ၊ လရိပ်လရောင်နှင့်စပ်လျဉ်း၍ တင်စားမှု အမျိုးမျိုး ပြုပုံတို့ကို ပုံစံတူပုဒ်စုများ ဆင့်ကာဆင့်ကာ အပြိုင်ဖွဲ့ထားသောကြောင့် နားစွဲဖွယ်၊ နှစ်သက်ဖွယ် ဖြစ်ပါသည်။

### ၃၊ ၂၊ ၃။ အဆက်အစပ်

မောင်ဆုရှင်၏ စာမွန်တစ်ပုဒ်ချင်းစီတွင် ဝါကျချင်း၊ စာပိုဒ်ချင်း အဆက်အစပ် ပြေပြစ်ရှင်းလင်းစွာ ရေးဖွဲ့ထားပါသည်။ စာတစ်ပုဒ်လုံးအနေဖြင့်လည်း အစ၊ အလယ်၊ အဆုံး အချိတ်အဆက်မိအောင်၊ ဦးတည်ချက်ရောက်အောင် အဆင့်ဆင့် စည်းရုံး ရေးထားပါသည်။ ဝါကျချင်း အချိတ်အဆက်ပြုရေးပုံကို သာဓကပြပါမည်။

> "လရောင်လရိပ်တို့နှင့် အကြောင်းအားလျော်စွာ ဆုံစည်းခွင့်ရပြန်လေသည်။ ဆုံစည်းရသော အကြောင်းမှာ ဆင်ခြေဖုံးအရပ် ဖြစ်နေသောကြောင့် တစ်ကြောင်း"[၃]

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၆၉။

[၂] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၃။

[၃] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၁။

> "နှစ်နှင့်ချီ၍ အချိန်ကြာလာသောအခါ လရောင်ကို တိုက်ရိုက် ကြည့်မြင်ရခြင်း မဟုတ်ပြန်တော့။ ထိုသို့ မဟုတ်ခြင်းကပင်လျှင် ကဗျာဆန်၍နေသည်ဟု ဆိုရမလိုဖြစ်သည်"[၁]

ဟူ၍ ရေးပုံမျိုး ဖြစ်သည်။

စာတစ်ပုဒ်လုံး၏ အဆက်အစပ်သဘောကို လရောင်နှင့်ဆုံစည်းခွင့် စာမွန်ဖြင့် သာဓကဆောင်ပါမည်။ ထိုစာမွန်တွင် စာပိုဒ် ၁၁ ပိုဒ် ပါဝင်သည်။

စာမွန်နိဒါန်းတွင်–

> "ကျွန်တော်တို့မှာ ရွာရိပ်ဝန်းကျင်ကို ခွာ၍ မြို့သို့ရောက် ကတည်းက လရိပ်လရောင်တို့နှင့် ဝေးခဲ့သည်မှာ ကြာလေပြီ။ သို့သော် သုနန္ဒာကမ်းခြေရပ်ကွက်သစ်သို့ ရောက်လာသောအခါ လရောင်လရိပ်တို့နှင့် အကြောင်းအားလျော်စွာ ဆုံစည်းခွင့် ရပြန် လေသည်။ ဆုံစည်းရသောအကြောင်းမှာ ဆင်ခြေဖုံးအရပ် ဖြစ်နေ သောကြောင့် တစ်ကြောင်း အိမ်ရှေ့တွင် ကိုယ့်အားကိုယ်ကိုး လမ်းမီးများ ထွန်းကြသည်မှာ မစုံညီသဖြင့် လထွက်သော ညများ၌ လရောင်က ကူတတ်သောကြောင့် တစ်ကြောင်း ဖြစ်ပါသည်။"[၂]

ဟု လရိပ်လရောင်နှင့် ဝေးခဲ့ရာမှ ပြန်ဆုံစည်းရပုံကို အကြောင်းအကျိုး ဆက်စပ်ကာ နိဒါန်းချီထားပါသည်။ ရွာကိုခွာ၍ မြို့ရောက်ကတည်းက လရောင်နှင့်ဝေးရာမှ ဆင်ခြေဖုံးအရပ် ပြန်ရောက်သဖြင့် ပြန်ဆုံရပုံကို ဖော်ပြထားရာ စိတ်ဝင်စားဖွယ် နိဒါန်းချီပုံကို တွေ့ရပါသည်။

လရောင်နှင့်ဆုံခွင့်ရသောအခါ လဆန်း၊ လပြည့်ညများ၌ လရောင်ကို တမင် မျှော်မိပုံ၊ အိမ်ရှေ့တာရိုးနံဘေးတွင် အုန်းပင် သုံးလေးပင် တန်းစီ၍ စိုက်ခဲ့ပုံ၊ မူလက အုန်းပင်စိုက်သည်မှာ အရိပ်ရစေလိုသောကြောင့် ဖြစ်ပုံ၊ ညအခါတွင် အုန်းလက်တံက လရောင်ကို ပြောက်တိပြောက်ကျားပေး၍ နှစ်သက်ဖွယ်ဖြစ်ပုံတို့ကို ရေးသည်။ လရောင်၏အေးမြခြင်းကို မော်ကြည့်ကာ လရိပ်ဝန်းကျင်ကို ဖွေရှာခံစားရာမှ လရောင်ရိပ်နှင့် စိတ္တဇတို့ ဆက်သွယ်ပုံကို တွေးမိကြောင်း တင်ပြသည်။ အင်္ဂလိပ်စကားမှ Lunar လနှင့် Lunatic သူရူးတို့ ဆက်စပ်နေပုံ၊ လနှင့်လရောင်တို့ စာပေရသ အဖွဲ့အနွဲ့တို့၌

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၂။
[၂] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၁။

တင်စားခံရပုံ၊ လပေါ်သို့ ပထမဆုံးခြေချမိသော အမေရိကန်လေသူရဲ နီးလ်အမ်းစထရောင်းန်၏စကား၊ မိုင်ပေါင်း နှစ်သိန်းခွဲနီးပါးအရပ်တွင်ရှိသော လသည် စာဖွဲ့စရာ၊ တိုင်တည်စရာ ဖြစ်ပုံတို့ကို ရေးသည်။

နိဂုံးတွင်မူ–

> "လ၏ လပြည့်၊ လခြမ်းအချိန်များ၌ တင့်တယ်ခြင်းသည် မိုင် ၉၃ သန်းဝေးသော အရပ်မှ နေ၏ ကျေးဇူးပါလေသည်ကို စဉ်းစားမိကြခြင်း မရှိသည်မှာ အမှန်ဖြစ်သည်။ ကျွန်တော်တို့မှာ နေမင်းကို ၃၆၅ ရက်လျှင် တစ်ကြိမ်ပြည့်အောင် တစ်နာရီလျှင် မိုင် ၆၇၀၀၀ နှုန်းဖြင့် လှည့်ပတ်နေရင်းက နေ့တစ်လှည့်၊ ညတစ်လှည့်ဖြင့် လထွက်သော လသာညများ၌ လရောင်ကို ဆုံစည်းခွင့်ရခြင်းဖြစ်သည်။ ထိုအခါ ငယ်စဉ်ကပင် ရင်းနှီးခဲ့ရသော မိတ်ဟောင်း ငယ်ချစ်နှင့် ဆုံရသကဲ့သို့ ခံစားမိလေသည်။"[၁]

ဟု အဆုံးသတ်ထားပါသည်။ လရောင်နှင့် ဆုံစည်းခွင့်အကြောင်းကို အစပြု၍ ဆုံစည်းခွင့်အကြောင်းနှင့်ပင် အဆုံးသတ်ထားသောကြောင့် အဖွင့်အပိတ်ညီသည့် အဆက်အစပ်သဘောကို တွေ့ရပါသည်။ စာတစ်ပုဒ်လုံးတွင် အကြောင်းအရာ အတွေးအမြင်ချင်း ရှေ့နောက်ချိတ်ဆက်ဖော်ပြပုံကို တွေ့ရသည်။ ယုတ္တိစဉ်၊ စိတ်ဝင်စားမှု အစဉ်တို့ဖြင့် အဆက်အစပ်ပြု ဖော်ပြထားပါသည်။

## ၃၊ ၂၊ ၄။ သရုပ်ဖော်အဖွဲ့

စာမွန်ခေါ် ရသစာတမ်း၏ သဘောလက္ခဏာတွင် စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေအရေးအဖွဲ့မျိုးဖြစ်ခြင်း[၂] သည် တစ်ချက်အပါအဝင် ဖြစ်သည်။ အက်ဆေးမည်သည် ဖတ်ချင်စဖွယ် ရှိလေသည်။ 'တိုတိုကလေးနှင့် စာဖတ်သူ့ နှလုံးအိမ်တွင် စွဲငြိသွားအောင် စွမ်းဆောင်နိုင်လေသည်'[၃] ဟူသော အဆိုလည်း ရှိပါသည်။ ထို့ကြောင့် စာဖတ်သူ၏ စိတ်အာရုံ၌ ထင်ယောင်မြင်ယောင် ဖြစ်လာအောင် စာရေးသူ ခံစားရသလို စာဖတ်သူ ခံစားမိအောင် သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ အာဒံနှင့်ဧဝ စာမွန်တွင်–

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၆။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၈၇၊ ၃၉။
[၃] တိုက်စိုး၊ ၂၀၀၅၊ ၁၃၁။

"အညတြ စစ်သည်ဗိမာန်၏ မီးလျှံလဲ့လဲ့အနီးတွင် ပန်းခွေလာ၍ ချလေ့ရှိသော မင်္ဂလာဦး ဇနီးမောင်နှံတို့၏ အလေ့အထကို အမှတ်ရသည်။"[၁]

"ဇာဇာဂါဗိုး၊ ဘရစ်ဂျစ်ဘားဒေါ ဟူသော အမည်တို့ကိုကြားလျှင် သူတို့နိုင်ငံ၌ ရုတ်တရက် ခေါင်းထောင်၍ မျက်နှာလွှာပင့်၍ ကြည့်ကြဆဲ ဖြစ်သည်။"[၂]

ဟူသော အဖွဲ့တို့က အိမ်ရာထောင်ခြင်း၊ အမျိုးသမီးတို့၏အလှကို ရှုကြည့်ကြခြင်း ဟူသော အတွေးသရုပ်ကို ပေါ်လွင်စေပါသည်။

ကန်စွန်းခင်း၏လောကအမြင် စာမွန်တွင် ကန်စွန်းရွက်ကို ဟင်းမယ်အဖြစ် ပြင်ဆင်နိုင်ပုံကို–

"ရေနွေးဖျော၍ အတို့အမြှုပ် လုပ်ပြန်တော့ စိမ်းဆတ်ဆတ်ဖြင့် ဝါး၍ကောင်းသည်။ ကန်စွန်းညွန့်ကလေးများကို ကြက်သွန်ဖြူ ဓားပြားရိုက်၍ ဆီဝေ့အောင် ကြော်ပြန်တော့ နူတ်မြိန်လိုက်သည် ဖြစ်ခြင်း။ ရိုးသလောက်ရှိလျှင် သံပုရာရည်ညှစ်၍ ကြက်သွန်စိမ်း၊ ဆီချက်တို့နှင့် တစ်လှည့်တစ်ပြန် စခန်းသွားစေပါက ကန်စွမ်းရွက်သုပ် လုလုတစ်ပွဲ ရပြန်သည်။"[၃]

ဟူ၍ သရုပ်ဖော်ဖွဲ့သည်။ ကန်စွန်းရွက်ကို အမျိုးမျိုး အဖုံဖုံ ပြုလုပ်စားသုံးရာမှ လူ့ကျန်းမာရေး အကျိုးပြုပုံ အတွေးကို ထင်ရှားစေပါသည်။ စာရေးသူ၏ ခံစားမှု ကိုလည်း ပေါ်လွင်စေပါသည်။

'အိမ်ရှေ့ရေနီမြောင်းကို တံတားဖြတ်၍ ခင်းလိုက်သောအခါ အုန်းလက်ဖားဖားတို့က တံတားပေါ်မှ ထိုင်ခုံတန်းကို တပိတပိုင်း မိုး၍ ပေးလာနေတော့သည်။ မကြာမီ အုန်းလက်တွေ လက်ယှက်ထိုး ဖြစ်လာရ၏။"[၄]

---

[၁] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၂။

[၂] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၃။

[၃] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၇၁။

[၄] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၂။

ဟူသော အဖွဲ့တွင်လည်း 'အုန်းလက်ဖားဖား'၊ 'တပိတပိုင်းမိုး'၊ 'လက်ယှက်ထိုးဖြစ်' ဟူသော အသုံးတို့က စိတ်အာရုံတွင် သရုပ်ပေါ်လွင်စေပါသည်။ စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေအရေးအသားအဖြစ် တွေ့ရပါသည်။

## ၃၊ ၂၊ ၅။ လေသံ

စာမွန် ခေါ် ရသစာတမ်းတွင် ရေးသူတို့မှာ စာဖတ်သူတို့နှင့် တရင်းတနှီး ပြောသည့်သဘောရှိသည်။ ဘေးဘီက ဆိုခြင်းမျိုး သူစိမ်းတစ်ရံဆံက အကျိုးကိုလို၍ ထောက်ပြခြင်း သဘောမျိုး မဟုတ်။ ထွေးထွေးနွေးနွေး ပြောသည်။ ပညာရှင်ဆန်ဆန် လေးလေးပင်ပင် မပြော။ ပေါ့ပေါ့ပါးပါး ပြောလေ့ ရှိသည်။ ထိုသဘောကို သူ၏ အရေးအသားတွင် တွေ့ရသည်။

'ကျွန်တော်တို့' ဟူသော အပေါင်းအစု၊ အများ ပါဝင်သည့် အနက်သဘော ဆောင်သော နာမ်စားကို သုံး၍ရေးတတ်ပါသည်။

> "အာဒံနှင့်ဧဝကို မဆိုထားနှင့် ရိုမီယိုနှင့် ဂျူးလိယက်ကိုလည်း ကျွန်တော်တို့ သိကြပြီ။"[၁]
>
> 'ကျွန်တော်တို့မှာ ရွာရိပ်ဝန်းကျင်ကို ခွာ၍ မြို့သို့ရောက်ကတည်းက လရိပ်လရောင်တို့နှင့် ဝေးခဲ့သည်မှာ ကြာလေပြီ။"[၂]

ဟူသော အဖွဲ့တို့တွင် မိမိအတွေ့အကြုံ အတွေးအမြင်ကို စာဖတ်သူအား တရင်းတနှီး ပြောသည့်လေသံ ပေါ်လွင်ပါသည်။

> "အာဒံနှင့်ဧဝတို့မှ အိမ်ရာထောင်ခဲ့ကြခြင်းသည် လောကီမင်္ဂလာ တစ်မျိုးပင် ဖြစ်သည်။ လောကကြီး စည်ပင်ရာအကြောင်း ဖြစ်သည်ဟု ဆိုကြပါ၏။"[၃]
>
> "ရွက်နု ရွက်ဖက်ကလေးများ၏ နုပျိုလန်းဆတ်ခြင်း၊ ရိုးတံစိမ်း ကလေးများ၏ တင့်တယ်ကွေးဝိုက်ခြင်းနှင့် နေရောင်နှင့်အလင်း ရှိရာသို့ ထောင်မတ်ဝင့်ကြွားနေခြင်းက လူသားအားမာန်အလား တင်စားချင်စရာ ဖြစ်နေလေသည်။"[၄]

---

[၁] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၀။
[၂] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၁။
[၃] ဆုရှင်၊ မောင်၊ ၁၉၉၅၊ ၁၂၁။
[၄] ဆုရှင်၊ မောင်၊ ၂၀၀၁၊ ၇၁။

> "ကျွန်တော်တို့အဖို့ အုန်းပင် အုန်းလက်နှင့် လရောင်တို့သည် မျက်စိအမြင်တွင် ဘယ်နည်း ဘယ်ပုံ ပနံရမှန်းမသိ၊ အုန်းလက် ရွက်တံတို့အကြား လေအနှော့ ကစားသောကြောင့် ယိမ်းထိုးမှု တို့သည် လရောင်ကို ပြေးလွှားရွေ့လျားစေလျက် တောက်ပ ရွှန်းမြခြင်းကို အားပေးရာရောက်သည်ဟု ထင်မိသည်။"[၁]

ဟူသော အဖွဲ့တို့တွင် စာမွန်၏သဘာဝအတိုင်း စာဖတ်သူအပေါ် ရင်းရင်းနှီးနှီး ပြောသည့် မယုတ်မလွန်ပြောသည့် လေသံများ ပါဝင်ပါသည်။ အမြင်ချင်း ဖလှယ်သည့် သဘော ပေါ်လွင်ပါသည်။

## ၄။ ခြုံငုံသုံးသပ်ချက်

မောင်ဆုရှင်၏ စာမွန်များမှ အာဒံနှင့်ဧဝ၊ ကန်စွန်းခင်း၏လောကအမြင်၊ လရောင်နှင့်ဆုံစည်းခွင့် စာမွန် ၃ ပုဒ်၏ အတွေးနှင့်အရေးကို တတ်စွမ်းသမျှ တင်ပြခဲ့ပါပြီ။ အက်ဆေးစာပေသည် ရသ၊ သုတ၊ ဒဿန ဟူသော သုံးမျိုးလုံးကို လွှမ်းခြုံပေးသည်။ အရေးအသားဟန်သည် ရင်းနှီးသော သဘောထားဖြင့် စာဖတ်သူအား မိတ်ရင်းတစ်ယောက်အနေဖြင့် ပွင့်လင်း၊ ရိုးသား၊ သိမ်မွေ့စွာ ပြောပြဟန်ဖြစ်သည်[၂] ဟု ဆရာတက်တိုး (၁၉၁၃–၂၀၀၃)က ဆိုခဲ့ဖူးသည်။ ထိုအဆိုသည် အက်ဆေး၏ အတွေးနှင့် အရေးသဘောကို ညွှန်းဆိုခြင်း ဖြစ်သည်။ မောင်ဆုရှင်၏ စာမွန်များသည် အတွေးအားဖြင့် ရသ၊ သုတ၊ ဒဿနတို့ လွှမ်းခြုံပါဝင်သည်ကို တွေ့ရပြီး အရေးအားဖြင့်လည်း သိမ်မွေ့သော ပြောဟန်၊ ရေးဟန်ကို တွေ့ရပါသည်။

မောင်ဆုရှင်၏ စာမွန်တစ်ပုဒ်ချင်းစီတွင် အကြောင်းအရာတစ်ခုမှ အခြားတစ်ခုသို့ ဆက်စပ်ကူးပြောင်းကာ ဦးတည်ချက်ရောက်အောင် ပုံဖော်တင်ပြထားပါသည်။ ယုတ္တိစဉ်၊ စိတ်ဝင်စားမှုအစဉ်ဖြင့် အကြောင်းအချက်တို့ကို ချိတ်ဆက်တင်ပြဟန်[၃] တွေ့ရပါသည်။ အတွေးစဉ် မပြတ်စေဘဲ ဆီလျော်အံဝင်အောင် နှီးနွယ်ဆက်စပ်ကူးပြောင်းသွားပုံမှာ လိမ္မာပါးနပ်လှပါသည်။ ပတ်ဝန်းကျင်ကို သတိပြုမိစေသည့် အတွေးလမ်းစများလည်း ပေးစွမ်းနိုင်ပါသည်။

မောင်ဆုရှင်၏ စာမွန်များနှင့် စပ်လျဉ်း၍ မောင်ခင်မင်(ဓနုဖြူ)က 'အချက်များကို လှလှပပ တွဲစပ်ပေးနိုင်စွမ်းရှိသော ဆရာ့အတွေးထဲမှာ ရိုးရာအမြင်နှင့်

---

[၁] ဆုရှင်၊ မောင်၊ ၂၀၀၄၊ ၂။
[၂] တက်တိုး၊ ၁၉၉၄၊ ၁၅။
[၃] Clipped Style

ခေတ်သစ်အမြင်တို့ ပေါင်းဖွဲ့နေပုံကို သတိပြုမိပြီး အလွန်နှစ်သက်မိပါသည်။ တစ်မူထူးသော ရေးဟန်မျိုးပါကလား ဟူ၍ စိတ်ထဲမှာ စွဲမှတ်နေမိပါသည်။[၁] ဟု သုံးသပ်ဖူးပါသည်။ မောင်ဆုရှင်၏ စာမွန်တိုင်းတွင် ရိုးရာအမြင်၊ ခေတ်အမြင်တို့ ပေါင်းဖွဲ့နေပုံကို အတွေ့ရများပါသည်။

စာမွန်များ၏ စကားပြေအရေးအသားမှာ ပြေပြစ်ချောမွေ့ပါသည်။ စကားလုံးရွေးချယ်သုံးနှုန်းပုံ ထိမိသည်။ နေရာကျသည်။ ဝါကျဖွဲ့ပုံ ရှင်းလင်းသည်။ အဆက်အစပ် ပြေပြစ်သည်။ သရုပ် ပေါ်လွင်သည်။ ရင်းနှီးသောလေသံကို ဖော်ပြနိုင်သည်။ ဆရာကြီး ရွှေဥဒေါင်း (၁၈၈၉ – ၁၉၇၃) ညွှန်းဆိုသည့် စာအရေးအသားကောင်း၏ လက္ခဏာသုံးရပ်ဖြစ်သော ရိုးရိုးကလေးရေးခြင်း၊ အဓိပ္ပာယ်ရှင်းရှင်းရေးခြင်း၊ ဖတ်၍ချောခြင်း[၂] အင်္ဂါသုံးရပ်နှင့် ကိုက်ညီပါသည်။

မောင်ဆုရှင်၏စာမွန်များသည် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ပေါ်နေခြင်း၊ အကြောင်းအရာထက် အတွေးအမြင်ခံစားမှုတို့ကို အားပြုခြင်း၊ တိုတိုကျဉ်းကျဉ်းရေးဖွဲ့ထားသော အရေးအဖွဲ့မျိုး ဖြစ်ခြင်း၊ စာတတ်သူကို နှစ်သက်မှုရသပေးခြင်း[၃] ဟူသော လက္ခဏာများနှင့်လည်း ပြည့်စုံပါသည်။ မောင်ဆုရှင်၏ စာမွန်တိုင်းသည် အတွေးအမြင်၊ စကားပြေအရေးအသား၊ အစီအစဉ် အတင်အပြတို့၌ နမူနာယူစရာ ဖတ်ချင်စဖွယ် စာမွန်များ ဖြစ်ပါသည်။

## နိဂုံး

အက်ဆေးစာမွန်ကို စကားလက်ဆုံပြောသည့်စာပေ[၄] ဟု ဆိုကြပါသည်။ အက်ဆေးကို ဖတ်နေရသည့် နာရီဝက်အတွင်း၌ အဖော်တစ်ယောက်နှင့် အေးအေးလူလူထိုင်ကာ သူ့စကား နားထောင်နေရသည်နှင့် တူသည်[၅] ဟုလည်း ဆိုပါသည်။ ထို့ကြောင့် မောင်ဆုရှင်၏စာမွန်များကို ဖတ်ရခြင်းသည် သူပြောပြသည့် အတွေးအမြင်များကို နားထောင်ရသည်နှင့် တူပါသည်။ အက်ဆေးဟူသမျှတွင် စာဖတ်သူတို့တစ်ခါမှ ဆက်စပ်မတွေးဘူးသော အတွေးမျိုးကို တွေးပြတတ်ရာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မောင်ဆုရှင်၏စာမွန်များမှာ ရသစာတမ်းနယ်ပယ်တွင် စူးစမ်းလေ့လာဖွယ်အရေးအသားလက်ရာ ဖြစ်ပါသည်။ ရေးဟန်ရှုထောင့်၊ စကားပြေအရေးအသား

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၃၊ ၃၉၇။

[၂] ရွှေဥဒေါင်း၊ ၂၀၁၃၊ ၄၇၇။

[၃] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၈၇၊ ၃၉။

[၄] Conversational Literature

[၅] တိုက်စိုး၊ ၂၀၀၅၊ ၁၃၂။

ရှုထောင့်မှ ဆက်လက်၍ သုတေသနပြု လေ့လာနိုင်ပါသည်။ မောင်ဆုရှင်၏စာမွန်များမှ အတွေးနှင့်အရေးမှာ စိတ်ဝင်စားဖွယ် နှစ်သက်ဖွယ် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၁၉၈၇)။ စာတမ်းငယ်ဟူသည်။ ***စာတမ်းငယ်စာပေစာတမ်းများ*** (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၀၄)။ စာတမ်းငယ်၊ စာမွန်၊ ဆရာမောင်ထင်၏ပေးစာ။ ***နဝမနေဝန်း***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။ ၁၀၁–၁၀၄။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၃)။ သိပ္ပံမောင်ဝမှ မောင်ဆုရှင်အထိ။ ***ဘာသာစာပေ အသွေးအရောင် အဆင်အကွက်***။ ရန်ကုန်၊ ရာပြည့်စာပေ။ ၃၉၂–၃၉၈။

ဆုရှင်၊ **မောင်**။ (၁၉၉၅)။ အာဒံနှင့်ဧဝ။ ***မြို့ပြခံစားမှုစာမွန်များ***။ ရန်ကုန်။ ဝါမိုးအောင်စာပေ။ ၁၁၈–၁၂၅။

ဆုရှင်၊ **မောင်**။ (၂၀၀၁)။ ကန့်စွန်းခင်း၏လောကအမြင်။ ***မိုးကောင်းကင်ကိုမော်ကြည့်ခြင်းနှင့် ခံစားမှု စာမွန်များ***။ ရန်ကုန်။ အရုဏ်ကောင်းကင်စာအုပ်တိုက်။ ၆၈–၇၂။

ဆုရှင်၊ **မောင်**။ (၂၀၀၄)။ လရောင်နှင့်ဆုံစည်းခွင့်။ ***လရောင်နှင့်ဆုံစည်းခွင့် နှင့် အခြားရသ စာမွန်များ***။ ရန်ကုန်။ နှင်းဦးလွင်စာပေ။ ၁–၆။

တက်တိုး။ (၁၉၉၄)။ အက်ဆေးနှင့်ဆောင်းပါး။ ***သရဖူမဂ္ဂဇင်း***။ ၁၃–၁၅။

တိုက်စိုး။ (၂၀၀၅)။ အက်ဆေး။ ***စာရေးစားပွဲပေါ်မှ ပုံရိပ်များ***။ ရန်ကုန်။ စာအုပ်ဈေး။ ၁၃၀–၁၃၂။

ထင်၊ မောင်။ (၂၀၀၈)။ ***ကမ္ဘာ့စာပေအညွှန်း***။ ရန်ကုန်။ စိတ်ကူးချိုချိုစာပေ။

ဘသန်းတင်။ (၂၀၀၉ ဇူလိုင်)။ ရသစာတမ်းတစ်ပုဒ်၏ ခန္ဓာဗေဒ။ ***အတွေးအမြင်***။ အမှတ် ၂၀၈။ ၁၃၅–၁၃၉။

မိုးမြေ၊ မ။ (၂၀၀၈)။ ***ဆရာဇော်ဂျီနှင့် ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့်ရေးဟန်များ***။ ရန်ကုန်။ ရွှေကံ့ကော်စာပေ။

***မြန်မာ့စွယ်စုံကျမ်း***။ (၁၉၅၆)။ အတွဲ ၃။ ရန်ကုန်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။

***မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်***။ (၂၀၁၀)။ ရန်ကုန်။ စာပေဗိမာန်။ ၂၄၀–၂၄၂။

ရွှေဥဒေါင်း။ (၂၀၁၃)။ ***တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ***။ တ–အကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။ ၄၇၇။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်မှ ဥပမာအလင်္ကာများ

ခင်စန်းဝင့် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်မှ ဥပမာအလင်္ကာများကို ရွေးချယ် လေ့လာတင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်ကို အလေ့လာခံအဖြစ် သတ်မှတ်လေ့လာပါသည်။ ဤစာတမ်းတွင် မဃဒေဝလင်္ကာသစ်မှ ဥပမာအလင်္ကာများကို ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်၊ စာပေကျမ်းဂန်ကို အခြေခံသည့် ဥပမာအလင်္ကာများ၊ ဒိဋ္ဌဓမ္မလောကကို အခြေခံသည့် ဥပမာအလင်္ကာများဟူ၍ ခွဲခြမ်းလေ့လာထားပါသည်။ ဤသို့လေ့လာတင်ပြခြင်းဖြင့် မန်လည်ဆရာတော်ကြီး၏ စာပေကျမ်းဂန်နှံ့စပ်မှု၊ အလင်္ကာဖန်တီးမှု စွမ်းရည် ထက်မြက်မှုတို့ကို တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာစာပေ အမွေအနှစ်ထိန်းသိမ်းမှုတစ်ရပ်အဖြစ် အကျိုးပြုနိုင်သည်ဟု ယုံကြည်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***အလင်္ကာ၊ ဥပမာအလင်္ကာ၊ ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်၊ စာပေကျမ်းဂန်ဆိုင်ရာ ဥပမာအလင်္ကာ၊ ဒိဋ္ဌဓမ္မ လောကဆိုင်ရာ ဥပမာအလင်္ကာ။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာစာပေလောကတွင် လောက၊ ဓမ္မ၊ ရာဇရေးများ စုံလင်စွာ ပါဝင်သည့် မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်မှ ဥပမာအလင်္ကာများကို ကောင်းနိုးရာရာ ရွေးထုတ်၍ လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် မန်လည်ဆရာတော်၏ ထေရုပ္ပတ္တိနှင့်စာပေ၊ မန်လည်ဆရာတော်နှင့် မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်၊ အလင်္ကာဟူသည်၊ မဃဒေဝလင်္ကာသစ်မှ ဗုဒ္ဓဝင်၊ ဇာတ်နိပါတ် စာပေကျမ်းဂန်ကို အခြေခံသည့် ဥပမာအလင်္ကာများ၊ ဒိဋ္ဌဓမ္မ လောကကို အခြေခံသည့် ဥပမာအလင်္ကာများ ဟူ၍ လေ့လာတင်ပြထားပါသည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

## ၁။ မန်လည်ဆရာတော်၏ ထေရုပ္ပတ္တိနှင့်စာပေ

မန်လည်ဆရာတော်ကြီးကို သစ်ကုန်သည်ကြီး ဦးတင်ညို၊ ဒေါ်ဖြေတို့က မန်လည်ရွာ၊ မင်းကုန်းရပ်တွင် သက္ကရာဇ် ၁၂၀၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ ညဥ့် ၃ချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူခဲ့သည်။ ငယ်မည်မှာ မောင်မာ ဖြစ်သည်။ မောင်မာ အသက် ၃ နှစ် အရွယ်တွင် ဖခင် သစ်ကုန်သည်ကြီး ကွယ်လွန်ခဲ့သည်။ သို့နှင့် အမိ ဒေါ်ဖြေ၏ အုပ်ထိန်းစောင့်ရှောက်မှုဖြင့် သိတတ်သည့် အရွယ်မှစ၍ စာပေသင်ကြားဆည်းပူးလာခဲ့သည်။ ၁၂ နှစ်အရွယ်သို့ ရောက်လျှင် ဝန်းသိုမြို့ တောင်ပေါ်ကျောင်း ဝန်းသိုစော်ဘွား၏နောင်တော် ဘုန်းကြီး ဦးပန်းအောင် ထံ၌ အပ်နှံ၍ ဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့၏ ထုံးစံအတိုင်း 'နမောဗုဒ္ဓါယ' မှစ၍ သင်ကြားလေသည်။ အသက် ၁၅ နှစ်အရွယ်တွင် မိခင် ဒေါ်ဖြေ ကွယ်လွန် အနိစ္စ ရောက်ပြီး နောက်တစ်နှစ် သက္ကရာဇ် ၁၂၁၉ ခုနှစ်၊ အသက် ၁၆ နှစ်တွင် ဝန်းသို စော်ဘွား၏ နောင်တော် ဘုန်းကြီးထံတွင် သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့မှာ 'ရှင်ဇဝန' ဖြစ်သည်။ ဆရာတော် 'အရှင်နန္ဒမဥ္ဇူ' ထံတွင် ၆ ဝါတိုင်တိုင် ခိုလှုံ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်များကို သင်ကြားတော်မူသည်။ ရှင်သာမဏေ ၆ ဝါ ပြည့်သည့်နှစ် သက္ကရာဇ် ၁၂၂၅ ခုနှစ် နှစ်ဦးတွင် ဥပသမ္ပဒကံဖြင့် ပဉ္စင်းဖြစ်၍ ဘွဲ့မှာ 'အရှင်ဇဝန' ပင် ဖြစ်သည်။ ၁၆ နှစ် မတိုင်မီကပင် မြန်မာပျို့ ကဗျာ လင်္ကာများကို ကြည့်ရှုလေ့လာပြီး ဒွေးချိုး၊ တေးထပ် စသည်များကို ရေးသားခဲ့သည်။ ကဗျာ ဝါသနာ ပါသည့်အလျောက် ရဟန်းဝါ ၁၀ ဝါ မြောက်သောအခါ 'မဃဒေဝလင်္ကာသစ်'ကို ရေးသားပြီး ကဗျာအရာ၌ ပါရဂူမြောက်ဖြစ်ကြောင်း အောင်လံတံခွန် စိုက်ထူပြတော်မူသည်။

ဆရာတော်ကြီးသည် မိုးကုတ်၊ သီပေါတို့သို့ သာသနာပြုကြွတော်မူသည်။ ၁၉၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်္ဂလိပ်အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ကို ခံယူတော်မူသည်။ သက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် စစ်ကိုင်း၊ ပခုက္ကူ၊ ပြည်၊ ဇလွန်၊ ဟင်္သာတ၊ ပုသိမ်၊ ရန်ကုန်မြို့များသို့ ကြွရောက်၍ သာသနာပြုတော်မူပြန်သည်။ ထို့နောက် သက္ကရာဇ် ၁၂၈၁ ခုနှစ် တပေါင်းလတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ညောင်တုန်းကျောင်းတိုက်တွင် တရားဓမ္မ ဟောပြပြီး အထက်အညာ မန်လည်မြို့သို့ ပြန်လည်ရောက်ရှိတော်မူပြီးနောက် သက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ဝါဆိုလအတွင်း သက်တော် ၇၉ နှစ်၊ ဝါတော် ၅၉ ဝါ အရောက်တွင် မန်လည် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်။[၁]

---

[၁] သုတ၊ မောင်၊ ၂၀၀၂၊ ၂၈၁–၂၈၄။

မန်လည်ဆရာတော်ဘုရားကြီးသည် ဘင်္ဂလီ၊ နာဂရီ၊ သီဟိုဠ်၊ မာဂဓီစသော ဘာသန္တရကျမ်းများကိုလည်း တတ်မြောက်တော်မူသည်။ ဆရာတော်ကြီးသည် ငယ်စဉ်မှစ၍ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ ဘုန်းကြီးပျံ့ပို့ချင်းများ၊ ဒုံးချင်း၊ သံချိုကဗျာများ၊ သျှိုးလိုက်ရတုနှင့် စောင်းသီချင်း၊ မောင်းသီချင်း၊ အံတော်သီချင်းတို့ကိုလည်းကောင်း၊ ပြဇာတ်မျိုးစုံနှင့် ဇာတ်ချင်းများကိုလည်းကောင်း ပုဒ်ရေပေါင်းများစွာ ရေးဖွဲ့ သီကုံးခဲ့ပါသည်။ ထို့ပြင် မန်လည်အမေးအဖြေပေါင်းချုပ်၊ မန်လည်ကဗျာပေါင်းချုပ်၊ မင်္ဂလာရတုပေါင်းချုပ်၊ မန်လည်ဘုရားရှိခိုးပေါင်းချုပ် ကျမ်းပေါင်းများစွာကိုလည်း ပြုစုခဲ့သည်။[၁]

## ၂။ မန်လည်ဆရာတော်နှင့် မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်

မဃဒေဝလင်္ကာသစ်သည် ငါးရာငါးဆယ်ဇာတ်တော်၊ ဇကနိပါတ်၊ အပဏ္ဏက ဝဂ်လာ၊ ကိုးခုမြောက် ဘုရားအလောင်း မဃဒေဝမင်းကြီးအကြောင်း ကျောရိုးပြု၍ ရေးဖွဲ့ထားသော ပျို့လင်္ကာကျမ်း ဖြစ်သည်။

မန်လည်ဆရာတော်ဘုရားကြီး ရေးသားခဲ့သမျှ ကျမ်းဂန်စာပေများအနက် 'မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်' ကျမ်းမှာ အထူးခြားဆုံး၊ အပေါ်လွင်ဆုံး ဖြစ်သည်။ ဆရာတော်ကြီး၏ စာပေဘာဝ မီးရှူးရောင်ကို တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပစေခဲ့သည့် ကျမ်းတစ်စောင် ဖြစ်သည်။ ဆရာတော်ကြီးသည် မဃဒေဝလင်္ကာသစ်ကျမ်းကို ဉာဏ်မီးတောက်စအရွယ် ပဉ္စင်းဆယ်ဝါအရတွင် စတင်ရေးသားခဲ့ပါသည်။ သာမဏေဘဝက သင်ကြားဆည်းပူးခဲ့ရသော မဃဒေဝဇာတ်တော်ကို အမှတ်ရကြည်ညိုမြိခြင်း၊ ပညာရည်နို့သောက်စို့ကြသည့် နောင်လာနောက်သားတို့အဖို့ ဗဟုသုတပြည့်ဝစေလိုခြင်း၊ မိမိအား ဝိဇ္ဇာသိပ္ပနှစ်ဌာနတွင် ဆရာစားမချန်၊ အကြွင်းအကျန်မရှိ သင်ကြားပို့ချခဲ့သော ဆရာသခင်တို့အား စာပေဖြင့် ပူဇော်လိုခြင်း စသည့် ဆန္ဒများအရ ဤမဃဒေဝလင်္ကာသစ်ကြီးကို ဖွဲ့နွဲ့သီကုံးခဲ့ခြင်း ဖြစ်ကြောင်း ဆရာတော်၏ စာများအရ သိရပါသည်။

ဤမဃဒေဝလင်္ကာသစ်ကျမ်းကြီးကို ဆရာတော်သည် စိတ်ပါဝင်စားစွာ လေးကန်ဖင့်နွဲ့ခြင်း မရှိဘဲ စတင်ရေးသားခဲ့သော်လည်း များမြောင်လှသည့် သာသနာပြုကိစ္စရပ်များ ရှိနေခြင်းကြောင့် စာရေးသားမှု ကြန့်ကြာခဲ့ရသည်။ ထို့နောက် သက္ကရာဇ် ၁၂၆၆ ခုနှစ်တွင် တစ်ဖန် သတိရတော်မူပြန်သဖြင့် နေ့မနား ညမနား ရေးသားလာခဲ့ရာ၊ ၁၂၆၆ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့ ည ၈နာရီ အချိန်တွင် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ရှိခဲ့သည်။

---

[၁] နိုင်ငြိမ်း၊ ၂၀၀၆၊ ၅၆။

ဆရာတော်ကြီး ရေးသားခဲ့သည့် လက်ရေးစာမူကြမ်းကို ၁၂၆၉ ခုနှစ်တွင် မန္တလေးမြို့၊ ဆိုင်းတန်းရပ် 'ရတနာဒီပပုံနှိပ်တိုက်' တွင် ပထမအကြိမ် စက်တင်ပုံနှိပ်ပါသည်။ မူရင်းကျမ်းနှင့်တွဲလျက် လိနတ္ထဒီပနီ အဖွင့်ကျမ်းပါ ပူးတွဲပုံနှိပ်ခဲ့ရာ အခန်းကြီး ၆ ခန်း၊ အပိုဒ်ပေါင်း ၃၂၂ ပိုဒ်၊ စာမျက်နှာပေါင်း ၃၀၄ မျက်နှာ ရှည်လျားသည်။ ရိုက်နှိပ်ပြီးစီးသည့် စာအုပ်ကို ဆရာတော်ကြီးကို ပြသရာ ဆရာတော်ကြီးက ဖတ်ရှုဖြည့်စွက်ပြီး ၁၂၇၆ ခုနှစ်တွင် ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်တိုက်တွင် ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့သည်။ ဒုတိယအကြိမ်တွင် လိနတ္ထဒီပနီ မပါဘဲ စာမျက်နှာပေါင်း ၄၈၆ မျက်နှာ၊ လင်္ကာပိုဒ်ရေပေါင်း ၆၂၄ ပိုဒ်ထိ တိုးတက်များပြားလာခဲ့သည်။ ဒုတိယအကြိမ် စာအုပ်ကိုလည်း ဆရာတော်ကြီးဖတ်ရှုပြီး စိတ်ကြိုက် ထပ်မံပြုပြင်တော်မူပါသည်။ ပြုပြင်ဖြည့်စွက်ထားသည့် တတိယစာမူကို ဆရာတော်ကြီး၏ တပည့်ဖြစ်သူ 'ဦးစန္ဒိမာ' က ကြီးကြပ်လျက် ပေထက်အက္ခရာတင်ခဲ့ရာ ၁၂၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ပြီးစီးခဲ့၏။ ပေစာအားဖြင့် ၂၆ အင်္ဂါ ရှိသည်ဟု ဆိုသည်။ ဦးစန္ဒိမာဆိုသူမှာ မန္တလေးမြို့၊ ဘုရားကြီး အနောက်ဘက်မုခ် ရွှေရေးဆောင်ကျောင်းတိုက်အုပ်ဆရာတော် ဖြစ်သည်။

ထိုပေမူကိုလည်း စစ်ဆေးပြုပြင်ပြီး ပြင်ဆင်ရေးသားချက် ၅၅၅ ခု၊ ဖြည့်စွက်ချက် ၉၉၇ ခု ထွက်ရှိသည်။ အခန်းကြီး ၆ ခန်း၊ အခန်းငယ် ၅၀ ပါဝင်ကာ လင်္ကာပိုဒ်ရေပေါင်း ၆၂၅ ပိုဒ် ကျယ်ဝန်းလာခဲ့သည်။ နောက်ဆုံးစာမူကြီးကို ၁၂၈၉ ခုနှစ်၊ နတ်တော်လကွယ်တွင် ဆရာတော်ကြီး ပျံလွန်တော်မူပြီး (၇)နှစ် အကြာတွင် ပါဠိဆရာကြီး ဦးဖေနှင့် ဦးညွန့်တို့က ကြီးကြပ်ကာ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်တိုက်ကပင် တာဝန်ယူ၍ ပုံနှိပ်ခဲ့သည်။

မဃဒေဝလင်္ကာသစ်ကျမ်းတွင် ပါဝင်သော အခန်းကြီးများမှာ လောကဟိတစရိယခန်း၊ သံဝေဂခန်း၊ ပုတ္တောဝါဒခန်း၊ အမစ္စောဝါဒခန်း၊ ဗြဟ္မစရိယခန်း၊ နိဂမခန်းတို့ဖြစ်သည်။ ဆရာတော်ကြီးသည် ရာဇဝင်ဆိုင်ရာ၊ နက္ခတ်ဗေဒင်ဆိုင်ရာ၊ ဆေးပညာဆိုင်ရာတို့ကို ကျွမ်းကျင်နှံ့စပ်တော်မူသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ်ကျမ်းကြီးသည် ရာဇရေးနှင့်ပတ်သက်၍လည်းကောင်း၊ မင်းမှူးမတ်ရေးရာနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဗေဒင်ပညာနှင့်ပတ်သက်၍လည်းကောင်း၊ ယောကျ်ား၊ မိန်းမတို့နှင့်ပတ်သက်၍လည်းကောင်း၊ စစ်ရေးနှင့်ပတ်သက်၍လည်းကောင်း အဘက်ဘက်မှ စုံလင်လှသော 'သုတကြွယ်လှ မဃဒေဝကျမ်း' တစ်ဆူ ဖြစ်ပါသည်။ လူ့ဘဝအတွက် သုတအစုံအလင် ပေးနိုင်သော 'လူ့ဘဝ သုတကြေးမုံ' ဟု ဆိုကလည်း ဆိုနိုင်ပါသည်။

## ၃။ အလင်္ကာဟူသည်

အလင်္ကာ ဟူသည် ပါဠိစကား အလင်္ကာရမှ 'ရ' သရကျေ၍ အလင်္ကာ ဖြစ်လာသည်။ စာအဖွဲ့အနွဲ့ အဆင်တန်ဆာဟု အနက်ရသည်။ အလင်္ကာတန်ဆာ ဆင်ရာတွင် သဒ္ဒါလင်္ကာရ စကားတန်ဆာဆင်ခြင်းနှင့် အတ္ထာလင်္ကာရ အနက် တန်ဆာဆင်ခြင်းဟူ၍ နှစ်မျိုး တွေ့ရသည်။ စာဆိုတို့သည် မိမိတို့၏စာများတွင် ဆိုလိုချင်သော အကြောင်းအရာကို ပို၍ပေါ်လွင်ထင်ရှားအောင်၊ ပို၍နှစ်သက်ဖွယ် ကောင်းအောင် တန်ဆာဆင်တတ်ကြသည်။ မိန်းကလေးတစ်ဦးသည် သူ၏ပင်ကိုအလှ ပေါ်တွင် ပို၍လှပစေရန်အတွက် အဆင်တန်ဆာအမျိုးမျိုးဖြင့် အလှဆင်ကြသည်။ 'အပြစ်ဒေါသတို့ ကင်းစင်သော အစီအကုံး အဖွဲ့အဆိုသည် ပင်ကိုပကတိအားဖြင့် ရုပ်ရည်ချောမောလှပသော မိန်းမပျိုနှင့် တူ၏။ သဒ္ဒါလင်္ကာရနှင့် ပြည့်စုံခြင်းသည် ထိုမိန်းမ၌ လင့်ဝတ် စသည် ပြည့်စုံ၍ အရာရာလိမ္မာရေးခြားရှိခြင်း စသော ဂုဏ်တို့နှင့် တူကုန်၏။ ထို့ကြောင့် ပင်ကိုလှပချောမောသောမိန်းမ၌ သီလဗလ၊ ဘောဂဗလ စသော ဂုဏ်နှင့်ပြည့်စုံ၍ ပုတီး၊ နားဍောင်း စသော ဝတ်စားတန်ဆာတို့ကို ဆင်ယင်အပ်ပါမူ မြင်တွေ့ကြသူတိုင်း ချစ်ခင်နှစ်သက်ဖွယ် အလွန်တင့်တယ်သကဲ့သို့ ထို့အတူ အပြစ် ဒေါသ ကင်းစင်သော အဖွဲ့၌လည်း ဂုဏ်တည်းဟူသော သဒ္ဒါလင်္ကာ ရရှိစေပြီးလျှင် အနက်တန်ဆာဟူသော အတ္ထာလင်္ကာရနှင့်လည်း ပြည့်စုံပါမူ ပညာရှိကြီးများ အလွန်နှစ်သက်ဖွယ်ဖြစ်ကြောင်း'[၁] မြန်မာအလင်္ကာကျမ်း၌ ဖော်ပြ ထားသည်။ ထို့ကြောင့် အဆင်တန်ဆာများဖြင့် ခြယ်မှုန်းသောအခါ မိန်းမပျိုလေးသည် ပို၍လှပတင့်တယ်သကဲ့သို့ အလင်္ကာအဆင်တန်ဆာများဖြင့် စာပေတစ်ရပ်ကို တန်ဆာ ဆင်သောအခါ နှစ်သက်ဖွယ်ကောင်းသော စာပေအဖွဲ့အနွဲ့တစ်ခု ဖြစ်လာပေသည်။

## ၄။ မဃဒေဝလင်္ကာသစ်မှ ဥပမာအလင်္ကာများ

ဥပမာအလင်္ကာဆိုသည်မှာ 'ဂုဏ်တူအနက်ဖြင့် ခိုင်းနှိုင်း၍ ပြောဆိုရေးသားသော အလင်္ကာ တစ်မျိုး'[၂] ဖြစ်သည်။ ဥပမာအလင်္ကာသည် ဝက်ဝုတ္တိအလင်္ကာ (၃၅)မျိုးတွင် ပါဝင်သည်။ 'ဥပမာန၊ ဥပမေယျ နှစ်ခုတို့၏ အချင်းချင်း တူညီသောအဖြစ်သည် ဥပမာမည်၏'[၃]ဟု မြန်မာအလင်္ကာကျမ်းတွင် ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဥပမာ အလင်္ကာဆိုသည်မှာ အဓိကပြောလိုသောအကြောင်းအရာ အနှိုင်းခံ (ဥပမေယျ)ကို ပို၍

---

[၁] ပဏ္ဍိတထေရ်၊ အရှင်၊ ၁၉၇၅၊ ၁၁၇။

[၂] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၉၉။

[၃] ပဏ္ဍိတထေရ်၊ အရှင်၊ ၁၉၇၅၊ ၁၂၉။

သိသာထင်ရှားသော အနိုင်း (ဥပမာန)နှင့် ခိုင်းနှိုင်းခြင်း ဖြစ်သည်။ ထိုသို့ ခိုင်းနှိုင်းရာတွင် ပြောလိုသော အကြောင်းအရာသည် ပို၍ထင်ရှားပေါ်လွင်လာပါသည်။

မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်တွင် အတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရများဖြင့် တန်ဆာဆင်ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဥပမာအလင်္ကာများဖြင့် ရေးဖွဲ့ရာတွင် ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်၊ စာပေကျမ်းဂန်ကို အခြေခံသည့် ဥပမာအလင်္ကာများ၊ ဒိဋ္ဌဓမ္မလောကကို အခြေခံသည့် ဥပမာအလင်္ကာများကို တွေ့ရပါသည်။

## ၄၊ ၁။ ဗုဒ္ဓဝင်စာပေ၊ ဇာတ်နိပါတ်၊စာပေကျမ်းဂန်ကို အခြေခံသည့် ဥပမာအလင်္ကာများ

မန်လည်ဆရာတော်သည် စာပေကျမ်းဂန် နှံ့စပ်သိမြင်သူဖြစ်သောကြောင့် မဃဒေဝလင်္ကာသစ်တွင် ကျမ်းဂန်လာအကြောင်းအရာများကို ကိုင်စွဲ၍ ဥပမာအလင်္ကာများကို ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။

ဆရာတော်သည် သံဝဂခန်း၌ ကာမဂုဏ်အာရုံတို့ဖြင့် ပျော်မြူးနှစ်ခြိုက် စိတ်အလိုလိုက်နေကြသောသူတို့သည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့နေသဖြင့် သေသောအခါဝယ် ငရဲအိုး၌ ခြေလက်ဖောက်ထိုးကျ၍ တာရှည်လေးမြင့်စွာ ဦးခေါင်းမပေါ်အောင် ခံစားရပုံကို ဂင်္ဂါမြစ်ထဲသို့ မျှောပါလာသော ဆင်သေကောင်ကို လိုက်ပါစားသောက်နေသော ကျီးမိုက်သည် လောဘကြောင့် ပင်လယ်တွင်းကျဆင်း အသက်ပျောက်ရရှာပုံနှင့် ခိုင်းနှိုင်းထားသည်။ ဇာတ်တော်လာ ကျီးမိုက်၏ အဖြစ်အပျက်နှင့် ကာမဂုဏ်၌ပျော်ပါး၍ ကောင်းမှုကုသိုလ် မေ့လျော့နေသူတို့၏ အဖြစ်အပျက်ကို ခိုင်းနှိုင်းကာ–

"ဂင်္ဂါရေကြော၊ မျောသားပုပ်ရောင်၊ ဆင်သေကောင်ထက်၊
တောတောင်ကမ်းခြေ၊ တက်မနေဘဲ၊ စိတ်ပြေလက်သာ၊
စားသောက်ကာနှင့်၊ မကွာနှစ်ခြိုက်၊ လောဘတိုက်၍၊ စီးလိုက်အမြဲ၊
ပင်လယ်ထဲဝယ်၊ လှိုင်းဝဲပုတ်ရိုက်၊ သေဘေးဆိုက်သား၊
ကျီးမိုက်ကာက၊ ငှက်ဗာလသို့"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ကျီးမိုက်အဖြစ်အပျက်ကို ဥပမာနအဖြစ် အသုံးပြုခြင်းဖြင့် ကုသိုလ်ကောင်းမှုမေ့၍ ကာမဂုဏ်၌ ပျော်ပါးသူတို့၏ နောက်ဆုံးဖြစ်ရမည့်အဖြစ်ကို ပေါ်လွင်လာစေပါသည်။

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၆၉။

ထို့နောက် ပုတ္တောဝါဒခန်းတွင် ရုပ်အဆင်းသာရှိပြီး နှုတ်လျှာ မစောင့်ထိန်းသူ၊ အပေါ်ယံသာကောင်း၍ အတွင်းဆိုးသော လူ့ပေါက်ပန်း၊ လူ့သဖန်းမျိုးနှင့် ပေါင်းသင်း မိလျှင် အကျိုးမပွားတတ်ကြောင်းကို မဟော်သဓာဇာတ်တော်မှ ကေဝဋ္ဋပုဏ္ဏား၏ နဖူးရှိအမာရွတ်က ကေဝဋ္ဋအား အကျိုးမပွားပုံနှင့် ခိုင်းနှိုင်းကာ –

"အဆင်းမျှသာ၊ အပေါ်ဝါလျက်၊ နှုတ်လျှာပေါ့ဆန်း၊ လူ့ပေါက်ပန်းနှင့်၊
လူ့သဖန်းမျိုး၊ အတွင်းဆိုးကို၊ မြတ်နိုးမိငြား၊ ကျိုးမပွားဘူး၊
ပုဏ္ဏားကေဝဋ္ဋ၊ အမာရွတ်သို့"[၁]

ဟူ၍ ရေးဖွဲ့ထားပါသည်။ လူ့ပေါက်ပန်း၊ လူ့သဖန်းတို့ကို ဇာတ်တော်မှ ကေဝဋ္ဋပုဏ္ဏား၏ နဖူးမှအမာရွတ်နှင့် ဥပမာပြုကာ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ထင်ရှားသိသာပေါ်လွင်၍ ခွန်အားရှိသော အလင်္ကာ ဖြစ်ပါသည်။

တစ်ဖန် မင်းတို့အပေါ်တွင် မထေမဲ့မြင်၊ မလေးမစားမပြုသင့်၊ ပြုမိပါက အသက်အန္တရာယ်ကျရောက်နိုင်ကြောင်းကို ဇာတ်တော်မှ ခြင်္သေ့မင်းကို မထေမဲ့မြင် ပြုသော ဝက်၏ အသက်အန္တရာယ်ကျရောက်ပုံနှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ရှေးအခါက ခြင်္သေ့မင်းနှင့် တောဝက်တို့တွေ့ကြရာ ခြင်္သေ့မင်းက တောဝက်သား မစားလို၍ ရှောင်သွားသည်။ တောဝက်က ငါကဲ့သို့သော တောဝက်ကို ကြောက်ရွံ့၍ ရှောင်ခွာ သွားသည်ဟု မထေမဲ့မြင် ပြောဆိုလိုက်ရာ ခြင်္သေ့မင်းက ဒေါသထွက်၍ ခုန်အုပ် ကိုက်သတ်လိုက်သဖြင့် အသက်သေဆုံးရသည်။ ထိုသို့ မလေးမစားပြုသော ဝက်၏ အန္တရာယ်ကျရောက်ပုံနှင့် မင်းအပေါ် မထေမဲ့မြင်ပြုသူတို့၏ အန္တရာယ်ကျရောက်ပုံ တို့ကို ခိုင်းနှိုင်းကာ–

"ရှေးသောခါက၊ တေဇာပြင်းရှိန်၊ မိဂိန္ဒြေ၊ သားများဘုရင်၊ မစားချင်၍၊
လမ်းတွင်တွေ့ငြား၊ ရှောင်ကာသွားသော်၊ ငါ့အားမဘောက်၊
ခြင်္သေ့ကြောက်ဟု၊ မလောက်မလေး၊ မာန်ထောင်သွေးလျက်၊
သေဘေးမသိ၊ မိုက်မိမိုက်မဲ၊ အတင့်ရဲသည့်၊ ဝက်မွဲ၏နှယ်"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ ကျမ်းဂန်မှ အကြောင်းအရာ အဖြစ်အပျက်နှင့် နှိုင်းယှဉ်ရေးဖွဲ့ ထားသောကြောင့် လေးနက်ခံ့ညားမှု ဖြစ်စေရုံသာမက ပေါ်လွင်ထင်ရှားစေပါသည်။

အမစ္စောဝါဒခန်းတွင် မင်းခစားတို့ လိုက်နာကျင့်ကြံရမည့် စည်းကမ်းများ ကိုလည်း လမ်းညွှန်ပြထားသည်ကို တွေ့ရသည်။ တစ်ပါးရပ်မြေသို့ အရှင်က စေခိုင်း

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၁၄။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၂၁။

သောအခါ ကိစ္စအလုံးစုံကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်ဖြစ်ကြောင်းကို မဟော်သဓာဇာတ်တော်မှ လိမ္မာပါးနပ်၍ အရှင့်အကျိုးကို ပြီးပြည့်စုံအောင် ဆောင်ရွက်တတ်သော အမရာ မွေးထားသော ကျေးသားနှင့် ခိုင်းနှိုင်းကာ –

"တစ်ပါးရပ်မြေ၊ အရှင်စေသော်၊ မသွေဉာဏ်သုံ၊ ကိစ္စကုံအောင်၊
ဆောင်တုံရေးရာ၊ လွန်လိမ္မာသည့်၊ အမရာမွေး၊ မဟော်ကျေးသို့"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ မင်းခစား၊ မင်းမှုထမ်းတို့သည် မဟော်သဓာဇာတ်တော်မှ အမရာ၏ကျေးကဲ့သို့ လိမ္မာပါးနပ်စွာ ကိစ္စအလုံးစုံကို ပြီးပြည့်စုံအောင် ဆောင်ရွက်တတ်ရမည်ဖြစ်ကြောင်း ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ကျမ်းဂန်လာ ဥပမာအလင်္ကာ မြောက်သော အဖွဲ့ ဖြစ်သည်။

ထို့ပြင် အမစ္စောဝါဒခန်းတွင် အလှူဒါနပြုရာတွင် ပုဗ္ဗ၊ မုဥ္စ၊ ပရ ဟူသော စေတနာသုံးတန်ဖြင့် မလှူပါက နောင်ဘဝ၌ ချမ်းသာမှု နည်းပါးပြီး ရုပ်ဆိုးအကျည်းတန်ဖြစ်ပုံကို အတိတ်ဘဝတွင် အလှူဒါနပြုရာ၌ စေတနာသုံးတန် မပြတ်၍ ရုပ်ဆိုးအကျည်းတန်သော ဘုရားဟောဇာတ်နိပါတ်မှ ကုသမင်း၊ ပဥ္စပါပီ တို့နှင့် ခိုင်းနှိုင်းကာ–

"မဟာကုသ၊ ပဥ္စပါပီ၊ မဟေသီသို့"[၂]

ဟူ၍ ပမာပြုရေးဖွဲ့ထားပါသည်။ ဇာတ်တော်မှ လူတို့ရင်းနှီးပြီးသား ပုဂ္ဂိုလ်များနှင့် ခိုင်းနှိုင်းထားသောကြောင့် ဆိုလိုချင်သော အကြောင်းအရာမှာ ပို၍ထင်ရှားပေါ်လွင်လာပါသည်။

မန်လည်ဆရာတော်သည် ကျမ်းဂန်လာ ဥပမာများကို ရေးဖွဲ့ရာတွင် ဆိုလိုချင်သော အကြောင်းအရာ၊ အဖြစ်အပျက်၊ လူပုဂ္ဂိုလ်တို့နှင့် အံဝင်ခွင်ကျဖြစ်အောင် ရေးဖွဲ့နိုင်သည်ကို တွေ့ရသည်။ ထိုသို့ အံဝင်ခွင်ကျဖြစ်အောင် စာပေကျမ်းဂန်များမှ လိုက်ဖက်သည့် အကြောင်းအရာကို ရွေးချယ်တတ်ရန် လိုအပ်သည်။ ထိုသို့ ရွေးချယ်တတ်ရန်လည်း စာပေကျမ်းဂန် ဗဟုသုတပြည့်စုံရန် လိုအပ်ပေသည်။ အကြောင်းအရာနှင့်လိုက်ဖက်သော ဥပမာများကို စာပေကျမ်းဂန်များမှ ထုတ်နှုတ်ဖော်ပြနိုင်ခြင်းသည် ဆရာတော်၏ စာပေကျမ်းဂန်နှံ့စပ်မှု ဗဟုသုတကြွယ်ဝမှုကြောင့် ဖြစ်ပါသည်။

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၈၁။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၈၅။

## ၄၊ ၂။ ဒိဋ္ဌဓမ္မလောကကို အခြေခံသည့် ဥပမာအလင်္ကာများ

ဥပမာအလင်္ကာဆိုသည်မှာ အဓိကပြောလိုသော အကြောင်းအရာကို ထင်ရှားသော အရာနှင့် ခိုင်းနှိုင်း၍ နှစ်သက်ဖွယ်ကောင်းအောင် ရေးဖွဲ့သော အဖွဲ့မျိုး ဖြစ်သည်။ မန်လည်ဆရာတော်သည် အကောင်အထည် မမြင်ရသော သဘောတရားများကို ဒိဋ္ဌဓမ္မလောကမှ အကောင်အထည် မြင်ရသောအရာနှင့် ခိုင်းနှိုင်းရေးဖွဲ့သည်ကို တွေ့ရသည်။ ထိုသို့ ရေးဖွဲ့သောအခါ အနှိုင်းခံ၏သဘောသည် ထင်ရှားပေါ်လွင် လာပါသည်။

မဃဒေဝလင်္ကာသစ်တွင် သံဝေဂခန်း၌ တဏှာဟူသည် တပ်မက်ဖွယ်အရာကို တွေ့လျှင် ကိလေသာကို အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်စေပုံကို ဆင်မုန်ယိုသည့်အခါ ဒေါသအရှိန်အဟုန် ဖြစ်ပေါ်ပုံနှင့် ခိုင်းနှိုင်းကာ–

> “ဤတဏှာဟူ၊ မိုက်မည်းထူလည်း၊ တပ်သူတွေ့ခါ၊ လွှတ်မခွာရှင့်၊
> ကိလေသာဟုန်၊ ကျဆင်မုန်သို့”[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ မမြင်သာသော ကိလေသာအဟုန်၏သဘောကို သိသာ ထင်ရှားသော မုန်ယိုနေသော ဆင်၏ ဒေါသအရှိန်အဟုန်နှင့် ခိုင်းနှိုင်းရေးဖွဲ့ထား သောကြောင့် ဆိုလိုချင်သော သဘောမှာ ပေါ်လွင်လာပါသည်။ စိတ်မျက်စိတွင် မြင်ယောင်လာစေသော ခွန်အားရှိသော အလင်္ကာ ဖြစ်ပါသည်။

ထို့နောက် ခန္ဓာကိုယ်ကြီး၌ ကိလေသာ၊ တဏှာအာရုံတို့ဖြင့် ရှုပ်ထွေးနေ တတ်သည့် သဘောကို ပင့်ကူအိမ်၊ ချုံပုတ်တို့၏ ရှုပ်ထွေးနေသည့် သဘောနှင့် ခိုင်းနှိုင်းကာ –

> “ဤခန္ဓာကား၊ ကိလေသာမြူ၊ တဏှာဟူသည်၊ ပင့်ကူထွေးရစ်၊
> ချုံစေးပျစ်သို့”[၂]

ဟူ၍ မိမိပတ်ဝန်းကျင်တွင် မြင်တွေ့ရသော အရာနှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ထိုသို့ တဏှာ၏သဘောကို ရှုတ်ထွေးနေသော ပင့်ကူအိမ်၊ ချုံပုတ်တို့နှင့် ခိုင်းနှိုင်း ထားသောကြောင့် ပို၍ထင်ရှားပေါ်လွင်လာပါသည်။

တစ်ဖန် ပထဝီ၊ တေဇာ၊ အာဘော၊ ဝါယောတည်းဟူသော မဟာဘုတ် လေးပါးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဤခန္ဓာကိုယ်ကြီးသည် နေ့ညမပြတ် ကျွေးမွေးပြုစု၊

---

[၁] မန်လည်ဆရာတော် ၊ ၂၀၀၃၊ ၅၄။
[၂] မန်လည်ဆရာတော် ၊ ၂၀၀၃၊ ၅၄။

အဝတ်အစားများဖြင့် ဆင်ယင်သော်လည်း အိုနာသေခြင်းနောက်သို့သာ လိုက်တတ်ပုံကို ယောကျ်ားက မည်မျှပင် အလိုလိုက်သော်လည်း ဖောက်ပြန်မြဲ ဖောက်ပြန်တတ်သော မယားဆိုးနှင့် ခိုင်းနှိုင်းကာ–

"ဤကိုယ်ကိုလည်း၊ ထိုထိုဝတ်စား၊ ဟာရများနှင့်၊ မခြားနေ့ည၊
လုံ့လကြီးစွာ၊ လုပ်ကျွေးပါလျက်၊ အိုနာသေခြင်း၊ သူ့ဘက်တွင်းသို့၊
အတင်းပင်သာ၊ လိုက်တတ်စွာ၏၊ မဟာဘုတ်မျိုး၊ မယားဆိုးသို့"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဖောက်ပြန်မြဲ ဖောက်ပြန်တတ်သော သဘောခြင်းတူသည့် ခန္ဓာကိုယ်ကြီးနှင့် မယားဆိုးကို ခိုင်းနှိုင်းထားသောကြောင့် မြင်သာလွယ်သည်။ ဆိုလိုချင်သည့်သဘောကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေသော ဥပမာအလင်္ကာကောင်း ဖြစ်ပါသည်။

ထို့နောက် လောကီချမ်းသာ ဟူသည် အချိန်ကြာမြင့်စွာ မတည်မြဲသည့် သဘောကို ကောင်းကင်မှ သက်တန့်၏ မတည်မြဲပုံနှင့် ခိုင်းနှိုင်းကာ–

"ထက်ဖျားမိုးပေါ်၊ သက်တန့်ပေါ်သို့၊ ရှုမျှော်ပြက်ပြက်၊
ကြည်တွင်းပျက်ခဲ့"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ အချိန်ကြာမြင့်စွာ မတည်မြဲသည့် သဘောခြင်းတူသည့် လောကီချမ်းသာနှင့် သက်တန့်ကို ခိုင်းနှိုင်းထားသည်။ ထင်ရှားပေါ်လွင်သော ဒိဋ္ဌဓမ္မ လောကကို အခြေခံသည့် ဥပမာအလင်္ကာ ဖြစ်သည်။

မဃဒေဝမင်းကြီးသည် အသက်အရွယ်ရလာသော်လည်း ငါးဖြာအာရုံ ကာမဂုဏ်၌ ရက်ကြောက်ခြင်းကင်းစွာ ပျော်ပါးနေပုံမှာ အရက်သမားတစ်ဦး၏ ခွက်ကပ်အကျန်ဖြင့် မူးနေသည့် ဖြစ်အင်နှင့်တူကြောင်း ဆင်ခြင်မိပုံကို–

"မဆမမျှော်၊ အရွယ်ကျော်အောင်၊ တမော်မက်မက်၊ မကြောက်ရက်ဘဲ၊
အရက်ပြတ်ရူး၊ ခွက်ကပ်မူးသို့"[၃]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ မြင်သာလွယ်သော အကြောင်းအရာနှင့် ခိုင်းနှိုင်းထားသော ဥပမာအလင်္ကာ ဖြစ်သည်။

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၅၄။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၅၈။
[၃] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၆၆။

တစ်ဖန် ပုထုဇဉ်လူသားတို့သည် သေခြင်းတရားကို မေ့လျော့ကာ လက်ရှိဘဝကို စွဲလမ်းတပ်မက်နေပုံကို ငတ်နေသော ခွေးသည် အမဲရိုးကို ကိုက်ခဲ၍ မစွန့်ပစ်နိုင်၊ အာသာမပြေနိုင်ဘဲ တပ်မက်နေပုံနှင့် ခိုင်းနှိုင်းကာ–

> "အိမ်ရာဝတ်၌၊ ခွေးငတ်ရိုးခဲ၊ စွန့်နိုင်ဘဲလျှင်၊ ချင်ရဲမပြေ၊
> တပေပေတည့်၊ မသေကဲ့သို့"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာအလင်္ကာ ဖြစ်သည်။

ထို့ပြင် မဃဒေဝမင်းကြီးသည် ကိလေသာအာရုံ၊ ကာမဂုဏ်၌ ပျော်ပျော်ကြီး စံစားနေသော မိမိ၏အသွင်မှာ ရွှံ့စေးညွန်အိုင်တွင်းမှ မစင်ကြိုက်သော ဝက်မိုက်ကဲ့သို့ ဖြစ်ကြောင်း ဆင်ခြင်မိပုံကို–

> "မစင်ညစ်ကြေး၊ ရွှံ့စေးညွန်ကြိုက်၊ ဝက်နှယ်မိုက်၍"[၂]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ကိလေသာအာရုံ၌ မိုက်မဲစွာ ပျော်နေသူ၏အသွင်ကို ပေါ်လွင်စေသော အလင်္ကာဖြစ်ပါသည်။

ထို့နောက် ရုပ်၊ နာမ်တရားတို့၏ ဖောက်ပြန်သောသဘောကို မေ့လျော့၍ လောဘ၊ ဒေါသ၊ မောဟ နောက်သို့ လိုက်နေသော လူတို့၏ဖြစ်အင်ကို အသက်အန္တရာယ် ကျရောက်မည်ကို မဆင်ခြင်ဘဲ မီးပုံတွင်းသို့ ခုန်ဆင်းသော ပိုးဖလံနှင့်လည်းကောင်း၊ မြစ်ချောင်းတွင်းမှ ရေသာကြော၌ မျှောလိုက်ပါနေသော ငါးယစ်တို့နှင့်လည်းကောင်း ခိုင်းနှိုင်းကာ–

> "ညီးညီးပြောင်သား၊ အရောင်ဝင်းဝင်း၊ မီးပုံတွင်းသို့၊ ဝင်ဆင်းပိုးမိုက်၊
> ရေသာလိုက်၍၊ ရေဩမြူးတက်၊ ရှူးပွက်ပွက်ဖြင့်၊ မူးမတ်သောင်းပြောင်း၊
> အိုင်မြစ်ချောင်းဝယ်၊ တပေါင်းတပျစ်၊ ငါးရှူးယစ်တို့၊ ကျိုးပြစ်မသိ၊
> မရှိဆင်ခြင်၊ မမြင်မမြော်၊ သေအောင်ပျော်သို့"[၃]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ သိသာထင်ရှားလွယ်သော မျက်မြင်ဥပမာ ဖြစ်ပါသည်။

တစ်ဖန် အယူဝါဒအမှားကို လက်ကိုင်ထားသူတို့သည် သူတို့၏ အယူမှားကို တရားသေ ဆုပ်ကိုင်ထားပုံကို ဖားကို မြွေက မျိုကိုက်ခဲထားပုံနှင့် ခိုင်းနှိုင်းကာ–

---

[၁] မန်လည် ဆရာတော်၊ ၂၀၀၃၊ ၆၇။
[၂] မန်လည် ဆရာတော်၊ ၂၀၀၃၊ ၆၇။
[၃] မန်လည် ဆရာတော်၊ ၂၀၀၃၊ ၆၈။

"ဖားကို မြွေရဲ၊ မျိုကိုက်ခဲသို့"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ မမြင်သာသောသဘောကို မြင်သာသောသဘောနှင့် ခိုင်းနှိုင်းသောအခါ ထင်ရှားသိသာလာစေပါသည်။ အားကောင်းသော၊ ခွန်အားရှိသော မျက်မြင်ဥပမာအလင်္ကာ ဖြစ်ပါသည်။

တစ်ဖန် လူတို့တွင် ပညာရှိပြီး တော်ဖြောင့်သော သဘောရှိသူကို ရှာရန် ခက်ခဲပုံကို ကြီးမဲတစ်ထောင်တွင် ကြီးဖြူတစ်ကောင်ရရန် ခက်ခဲပုံနှင့် ခိုင်းနှိုင်းကာ–

"နက်ကျောမွေးတောင်၊ ကြီးရာထောင်တွင်၊ တစ်ကောင်အဖြူ၊
ရှာမူရဖို့၊ ခဲ၏သို့ရှင့်"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာဖြစ်ပါသည်။

ထို့ပြင် သူတော်ကောင်း၏ စကားတစ်ခွန်းသည် ဆန်စေ့ကျိုးမျှရှိသော ပြည်တန်ပတ္တမြားကဲ့သို့ အဖိုးထိုက်တန်ကြောင်းကို–

"ပတ္တမြား ဆန်ကျိုး၊ အဖိုးပြည်တန်၊ ဧကန်မုချ၊ တစ်လုံးရသို့"[၃]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ သူတော်ကောင်း၏ စကားတစ်ခွန်း၏ တန်ဖိုးရှိပုံကို ဆန်စေ့ကျိုးပမာဏမျှရှိသော ပြည်တန်ပတ္တမြား၏ တန်ဖိုးရှိပုံနှင့် ခိုင်းနှိုင်းထားသည်။

ထို့နောက် သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းသင်းမိပါက အန္တရာယ်ကျရောက်တတ်ပုံကို စိန်နှင့်သံပုရာ တွေ့သောအခါ အဆိပ်ဖြစ်၍ အန္တရာယ်ကျရောက်တတ်ပုံနှင့် ခိုင်းနှိုင်းကာ –

"သူတော်မဟုတ်၊ သူယုတ်တို့၌၊ တစ်ခိုက်မျှဖြင့်၊ ပေါင်းမိသင့်က၊
စိန်နှင့်သံပုရာ၊ အဆိပ်စာသို့"[၄]

ဟူ၍ ရေးဖွဲ့ထားသည်။ ထိမိပေါ်လွင်စေသော ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာဖြစ်ပါသည်။

တစ်ဖန် သက်ရှိသတ္တဝါမှန်သမျှတို့သည် သေမင်းလက်မှ လွတ်ရန်မလွယ်၊ သေမင်း၏ခေါ်ဆောင်ရာနောက်သို့ မလွဲမသွေလိုက်ပါကြရမည်ဖြစ်ပုံကို ရေနည်းသော

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၇၃။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၁၄။
[၃] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၃၂၀။
[၄] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၄၉။

အိုင်အတွင်း၌ ကျက်စားနေသော ငါးတို့သည် ရေခန်းခြောက်၍ သေရမည့်အသွင်နှင့် ခိုင်းနှိုင်းကာ–

"ရေငယ်နည်းပါး၊ အိုင်ပက္ကား၌၊ ကျက်စားနေကျင်၊ ငါးအသွင်သို့"[၁]

ဟူ၍ ခိုင်းနှိုင်းထားပါသည်။ ထိုသို့ခိုင်းနှိုင်းမှုကြောင့် သေမင်းခေါ်ဆောင်ရာ နောက်လိုက်ပါရမည့်သူတို့၏ အသွင်သည် ပို၍ပေါ်လွင်လာပါသည်။ ထင်ရှားသိသာသော မျက်မြင်ဥပမာတစ်ခု ဖြစ်ပါသည်။

ထို့နောက် နန်းတော်တွင်း၌ ဝိုင်းဝန်းဖျော်ဖြေနေသော ရံရွေတော်များနှင့် မဃဒေဝမင်းကြီးအသွင်မှာ တောဆင်ပြောင်ကို အောက်မားဆင်နှင့် ကျုံးသွင်းထားသကဲ့သို့ ကာမဂုဏ်အာရုံတွင်းမှ ရုန်းမထွက်နိုင်ကြောင်းကို–

"တောဆင်ပြောင်ကို၊ သွေးဆောင်အောက်မား၊ ကျုံးလှောင်ထားသို့"[၂]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားပါသည်။ ထိုသို့ ခိုင်းနှိုင်းဖွဲ့ဆိုထားသောကြောင့် ရံရွေများအလယ်မှ မဃဒေဝမင်းကြီး၏အသွင်မှာ မျက်စိတွင် ပို၍မြင်ယောင်လာစေပါသည်။ ထိမိသော ဥပမာ အခိုင်းအနှိုင်းတစ်ခု ဖြစ်ပါသည်။

တစ်ဖန် အာရုံခြောက်ပါးတွင် ကောင်းသောအာရုံ၊ မကောင်းသောအာရုံတို့၌ ပျော်မွေ့နေကြသော သတ္တဝါဟူသမျှတို့သည် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့နှင့် မလွတ်ကင်းနိုင်ဘဲ ယမမင်းနိုင်ငံမှ စာရင်းဖျက်သည်ဟူ၍ မရှိ။ လူ့ပြည်ရောက်လိုက်၊ အပယ်ရောက်လိုက်ဖြစ်ပုံကို ရက်ကန်းရက်ရာ၌ ယောက်လုံးမှ ချည်သည် တစ်ဖက်စွန်းမှ တစ်ဖက်စွန်း တို့ချည် ပြန်ချည် ဖြစ်နေပုံနှင့် ခိုင်းနှိုင်းကာ–

"အရှင်ယမမင်း၊ နိုင်ငံတွင်းက၊ စာရင်းမဖျက်၊ ဝမကွက်ဘဲ၊
တက်သက်တို့ပယ်၊ ရက်ကန်းရှယ်သို့"[၃]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ဆရာတော်သည် စာပေကျမ်းဂန်နှံ့စပ်ရုံသာမက လူမှုဝန်းကျင်တွင်လည်း ဗဟုသုတစုံလင်သဖြင့် ပတ်ဝန်းကျင်၌ မြင်တွေ့နေရသော အရာတို့နှင့် ထင်ရှားအောင် ဥပမာပေးထားသည်ကို တွေ့ရသည်။

ထို့နောက် ပုတ္တောဝါဒခန်း၌ မင်းကျင့်ဝတ်နှင့် ပတ်သက်၍ အုပ်ချုပ်သူမင်းသည် လက်အောက်ငယ်သားကို မြှောက်စားရာ၌ မတန်မရာ မမြှောက်စားသင့်ကြောင်းကို–

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၃၂။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၉၁။
[၃] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၇၉။

"မတန်အရာ၊ သဒ္ဒါလွန်မြောက်၊ ကျွန်ကိုမြှောက်က၊ မျောက်ကိုချစ်ငြား၊
ခြူဆွဲမှားသို့"[၁]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ မျောက်ကိုချစ်၍ ခြူဆွဲပေးမိပါက နားမချမ်းသာ ဖြစ်ရသကဲ့သို့ လက်အောက်ငယ်သားကို မတန်မရာ မြှောက်စားမိပါက စိတ်ဆင်းရဲ ရကြောင်း နှိုင်းယှဉ်ဖွဲ့ဆိုထားသည်။ သိသာ၊ မြင်သာ၊ ထင်ရှားသော ဥပမာဖြစ်သည်။ အနှိုင်း၏ ထင်ရှားသောဂုဏ်ကြောင့်၊ အနှိုင်းခံ၏ ဆိုလိုချင်သော အကြောင်းအရာသည် ပိုမိုပေါ်လွင်လာပါသည်။ ခွန်အားရှိသော အလင်္ကာ ဖြစ်ပါသည်။

တစ်ဖန် မိမိအပေါ် ကျေးဇူးရှိဖူးသူတို့အား မပြစ်မှားထိုက်ကြောင်း၊ သူတစ်ထူး၏ ကျေးဇူးကိုလည်း မမေ့သင့်ကြောင်း၊ ကျေးဇူးမေ့တတ်သူတို့၏ သဘောကို–

"ပျားစားလက်ဆေး၊ ရေရှုပ်ရေးသို့"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ ပျားရည်စားသုံးပြီးနောက် လက်ဆေးသည့်အခါ မည်သို့မျှ မကျန်ရစ်သကဲ့သို့ ရေတွင် အရုပ်ရေးသောအခါ မထင်သကဲ့သို့ ဖြစ်တတ်ပုံကို ကျေးဇူးမေ့တတ်သူတို့ ဖြစ်ပုံနှင့် ခိုင်းနှိုင်းထားသည်။ သိသာပေါ်လွင်သော မျက်မြင် ဥပမာကောင်း တစ်ခု ဖြစ်ပါသည်။

တစ်ဖန် ခန္ဓာငါးပါးရလာသော လူတို့သည် မဂ်ဖိုလ်နှင့်ယှဉ်သော ကုသိုလ်မျိုး မရှိလျှင် သံသရာ၌ တလည်ပတ်ပတ်ဖြင့် လည်ပတ်နေရဦးမည်ဖြစ်ကြောင်းကို–

"သံသာပြည်၌၊ တလည်ပတ်ပတ်၊ စက်ရဟတ်သို့"[၃]

ဟူ၍ ရေးဖွဲ့ထားသည်။ သံသရာ၏ လည်ပတ်နေသော သဘောကို စက်ရဟတ်၏ လည်ပတ်နေသော သဘောဖြင့် ခိုင်းနှိုင်းထားသော ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာတစ်ခု ဖြစ်ပါသည်။

ထို့ပြင် ဗြဟ္မစရိယခန်း၌ သတ္တဝါမှန်သမျှတို့သည် ကာမဂုဏ်အာရုံ၌ လိုက်စားပျော်ပါးရင်း သေကြရမည်ဖြစ်ပုံကို အချိုကြိုက်သော ပုရွက်ဆိတ်တို့သည် အချိုခွက်၌နစ်၍ သေဆုံးရပုံနှင့် ခိုင်းနှိုင်းကာ–

"ဇာတိဖျင်းမျိုး၊ ပိုးပရွက်မိုက်၊ အချိုကြိုက်တို့၊ စရိုက်သက်သက်၊
အချိုခွက်၌၊ နစ်လျက်မုချ၊ သေကုန်ကြသို့"[၄]

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၁၄။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၂၉။
[၃] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၁၀၃။
[၄] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၃၂၃။

ဟူ၍ ရေးဖွဲ့ထားသည်။ ဒိဋ္ဌဓမ္မလောကတွင် မြင်တွေ့ရသော အရာနှင့် ခိုင်းနှိုင်းထားသော ဥပမာဖြစ်သည်။ သိသာထင်ရှားသော ဥပမာ ဖြစ်သောကြောင့် ဆိုလိုချင်သော အကြောင်းအရာသည် ပို၍ ပေါ်လွင်လာပါသည်။

ထို့နောက် မိမိတတ်မြောက်ထားသည့် ပညာကို အချိန်အခါမသင့်ဘဲ ထုတ်ဖော်မပြသင့်ကြောင်းကို–

> "ကြောင်လက်သည်းဝှက်၊ ပြင်မထွက်ပဲ၊ ထဲနက်ထားသို၊
> ခါရောက်လိုမှ၊ ဗဟိုရ်ရွှေစည်၊ တီးတိုင်းမြည်သို့"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ကြောင်သည် အရေးကြုံလာပါမှ လက်သည်းကို ထုတ်သကဲ့သို့ လည်းကောင်း၊ ဗဟိုရ်စည်ကြီးသည်လည်း တီးမှမြည်သကဲ့သို့ လည်းကောင်း လူတို့သည်လည်း မိမိပညာကို အရေးကြုံပါမှ ထုတ်ပြသင့်ကြောင်း ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ထင်ရှားပေါ်လွင်သော ဒိဋ္ဌဓမ္မလောကကို အခြေခံသည့် ဥပမာအလင်္ကာ ဖြစ်သည်။

ထို့ပြင် ပုတ္တောဝါဒခန်း၌ အပြင်ပန်းအားဖြင့် အရောင်အသွေး တောက်ပြောင်နေသော်လည်း အတွင်းစိတ်ဓာတ် နိမ့်ကျသူတို့အား အပေါ်ယံတွင် ဝင်းဝါနေသော်လည်း အထဲ၌ ပိုးအတိပြည့်နေသော သဖန်းသီး၊ ကျီးအာသီးကဲ့သို့ ဖြစ်ကြောင်းကို–

> "မစစ်မျိုးနွယ်၊ လူဝယ်ဖြစ်ဆန်း၊ လူ့ပေါက်ပန်းနှင့်၊ သဖန်းကျီးအာ၊
> သီးပမာသို့"[၂]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ထင်ရှားပေါ်လွင်သော ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာ ဖြစ်သည်။

တစ်ဖန် ပညာမဲ့သူတို့သည် ရှေ့နောက်မဆင်မခြင်၊ မမြော်မတွေးဘဲ ပြုလုပ်တတ်ပုံကို ဆင်ကန်းတောတိုးသကဲ့သို့ ဖြစ်ကြောင်း–

> "ပညာမဲ့မျိုး၊ ဆင်ကန်းတိုးသို့"[၃]

ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာအလင်္ကာ ဖြစ်ပါသည်။ မြင်သာလွယ်ပြီး ဆိုလိုချင်သော အကြောင်းအရာကို ပို၍ပေါ်လွင်စေသော ဥပမာအလင်္ကာကောင်း ဖြစ်ပါသည်။

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၃၂၃။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၂၃။
[၃] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၁၁။

ထို့နောက် ဗဟုသုတပညာ နည်းပါးသော်လည်း စကားတတ် နှုတ်ကောင်း လုပ်ကာ ပြောနေခြင်းသည် ဒေါင်းမရှိသည့်နေရာတွင် ကြီးငှက်လှသည့်ပမာ ဖြစ်ကြောင်း–

"ဒေါင်းမရှိက၊ ကြီးငှက်လှသို့"[၁]

ဟူ၍ ခိုင်းနှိုင်းထားပါသည်။ ပညာရှိကို ဒေါင်းနှင့် ခိုင်းနှိုင်း၍ ပညာဗဟုသုတ နည်းပါးသူကို ကြီးနှင့် ခိုင်းနှိုင်းထားပါသည်။

ထို့ပြင် အသိပညာကင်းမဲ့သူတို့သည် အချိန်ကာလ၊ နေရာဒေသကို မကြည့်ဘဲ ထင်မိထင်ရာ ပြုမူတတ်ပုံကို မြို့ပြပြည်ရွာနှင့် ဝေးကွာသော တောကြက်တို့သည် နေ့ည အချိန်အခါမသိဘဲ မိမိတွန်လိုသည့်အချိန်တွင် အတောင်ပံရိုက်ခတ် တွန်တတ် ကြပုံနှင့် ခိုင်းနှိုင်းကာ–

"ပြည်ရွာမနီး၊ ကြီးသည့်ကြက်ကို၊ နေ့ညကိုလျှင်၊ ဗဟိုရ်မသိ၊
တွန်မိတွန်ရာ၊ တွန်တတ်စွာသို့"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ အသိပညာကင်းမဲ့သူနှင့် တောကြက်တို့၏ အချိန်ကာလ၊ နေရာဒေသမသိ ပြုမူတတ်ပုံတို့ကို ခိုင်းနှိုင်းထားသည်။

အချုပ်အားဖြင့်ဆိုသော် မန်လည်ဆရာတော်သည် မဃဒေဝလင်္ကာသစ်တွင် ဥပမာအလင်္ကာပေါင်း မြောက်များစွာ ထည့်သွင်းကာ တန်ဆာဆင် ရေးဖွဲ့ထားသည်။ ထိုသို့ ရေးဖွဲ့ရာတွင် ဥပမာအလင်္ကာ၌ ဒိဋ္ဌဓမ္မလောကကို အခြေခံ၍လည်းကောင်း၊ ကျမ်းဂန်ကို အခြေခံ၍လည်းကောင်း ရေးဖွဲ့သည်ကို တွေ့ရသည်။ ကျမ်းဂန်ကို အခြေခံသည့် ဥပမာများသည် ခံ့ညားမှုကို ဦးစားပေးပြီး ရေးဖွဲ့သည်ကို တွေ့ရသည်။ ဒိဋ္ဌဓမ္မလောကကို အခြေခံသည့် ဥပမာများသည် ခံ့ညားမှုထက် နားလည်လွယ်မှုကို ဦးစားပေးသည်ဟု ဆိုနိုင်ပါသည်။ ဆရာတော်ကြီးသည် စာပေကျမ်းဂန်နှံ့စပ်ရုံ သာမက ဗဟုသုတလည်း ပြည့်စုံကုံလုံသူ ဖြစ်သောကြောင့် ဥပမာအလင်္ကာ မြောက်သော အခိုင်းအနှိုင်းတို့တွင် ထိမိပေါ်လွင်သော အခိုင်းအနှိုင်းတို့ဖြင့် ရေးဖွဲ့ သည်ကို တွေ့ရသည်။ ထိုသို့ ရေးဖွဲ့မှုကြောင့် ဆိုလိုချင်သော အဓိပ္ပာယ်မှာ ပို၍ ပေါ်လွင်လာပါသည်။

---

[၁] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၁၇။
[၂] မန်လည်ဆရာတော်၊ ၂၀၀၃၊ ၂၁၇။

## ခြုံငုံသုံးသပ်ချက်

မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်သည် ရာဇရေး၊ ဓမ္မရေး၊ လောကရေး စုံလင်စွာ ပါဝင်သော ကျမ်းတစ်စောင် ဖြစ်သည်။ အခန်းကြီး (၆)ခန်းဖြင့် ရေးသားဖွဲ့ဆိုထားသည်။ ပထမအခန်းသည် လောက၏အစီးအပွားကို ဖြည့်ပွားကျင့်ဆောင်ရာ အခန်းဖြစ်သော လောကစရိယခန်း ဖြစ်သည်။ ဒုတိယအခန်းသည် သံဝေဂခန်း၊ တတိယအခန်းသည် သားတော်ကို ဆုံးမသော ပုတ္တောဝါဒခန်း ဖြစ်သည်။ စတုတ္ထခန်းသည် အမတ်တို့အား ဆုံးမသော အမစ္စောဝါဒခန်း ဖြစ်သည်။ ပဉ္စမ အခန်းသည် မြတ်သောတရားကျင့်ရာဖြစ်သော ဗြဟ္မစရိယခန်း ဖြစ်သည်။ ဆဋ္ဌမခန်းသည် ဇာတ်တော်ကြီး အပြီးအဆုံးသတ်ရာဖြစ်သော နိဂမခန်း ဖြစ်သည်။ ထိုသို့ရေးဖွဲ့ရာတွင် အလင်္ကာအဆင်တန်ဆာများကို ဝေဝေဆာဆာသုံး၍ ဇာတ်နိပါတ်၊ ဗုဒ္ဓဝင်၊ ရာဇဝင်၊ ဆေးကျမ်း၊ ဗေဒင်ကျမ်းစသော လောကီ လောကုတ္တရာဆိုင်ရာ ဗဟုသုတများစွာကို ထည့်သွင်းရေးဖွဲ့ထားသည်။ ဥပမာအလင်္ကာရေးဖွဲ့ရာတွင် ဆရာတော်သည် စာပေ ကျမ်းဂန် နှံ့စပ်သိမြင်သူ ဖြစ်သည့်အလျောက် စာပေကျမ်းဂန်၊ ဇာတ်နိပါတ်တို့ကို အခြေခံသော ဥပမာများကိုလည်း ရေးဖွဲ့ခဲ့သည်။ ထို့ပြင် ဒိဋ္ဌဓမ္မလောက၌ မြင်တွေ့ နေကျ ဥပမာများနှင့်လည်း ခိုင်းနှိုင်းရေးဖွဲ့ခဲ့သည်။ စာပေကျမ်းဂန်ကို အခြေခံသော ဥပမာများသည် ခံ့ညားလေးနက်သည်။ ဒိဋ္ဌဓမ္မလောကကို အခြေခံသော ဥပမာ များသည် ခံ့ညားလေးနက်မှုထက် နားလည်လွယ်မှုကို ဦးစားပေးသည်။ ဆရာတော်သည် ဥပမာအလင်္ကာများသုံးရာတွင် အကောင်အထည်မမြင်ရသော သဘောတရားတို့ကို အကောင်အထည်မြင်ရသော အဖြစ်နှင့် ခိုင်းနှိုင်းရေးဖွဲ့သောကြောင့် မြင်သာ လွယ်သည်။ ထင်ရှားပေါ်လွင်စေပါသည်။ ဆရာတော်ရေးဖွဲ့သော အလင်္ကာများကို ကြည့်လျှင် ဆရာတော်၏ အလင်္ကာဖန်တီးမှု စွမ်းရည်ထက်မြက်မှုကို တွေ့နိုင် ပါသည်။ ဆရာတော်၏ 'မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်'သည် ရာဇ၊ ဓမ္မ၊ လောကရေး စုံလင်ရုံသာမက ကဗျာအဖွဲ့အနွဲ့ကောင်းခြင်း၊ သဒ္ဒါလင်္ကာရ၊ အတ္ထာ လင်္ကာရ ပြည့်စုံခြင်းတို့ကြောင့် မြန်မာစာပေလောကတွင်သာမက ဂီတ၊ ရုပ်ရှင်စသော အနုပညာရှင်များပါ အားကိုးအားထားပြုရသော ကျမ်းကြီးတစ်စောင် ဖြစ်ပါသည်။

## နိဂုံး

မန်လည်ဆရာတော်ဘုရားကြီး၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်သည် တစ်ခေတ်၊ တစ်ခါ၊ တစ်သာသနာတွင် ဗဟုသုတ အစုံအလင် ပါဝင်သော လင်္ကာ ကျမ်းကြီးဖြစ်၍ ယခုဘဝတွင်ရော နောင်တမလွန်အတွက်ပါ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာကို ပေးစွမ်းနိုင်သော ကျမ်းတစ်ဆူ ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


နီငြိမ်း (အညာတက္ကသိုလ်)။ (၂၀၀၆)။ ***မန်လည်စာဆိုတော်***။ ရန်ကုန်၊ စာပေဗိမာန်။

ပဏ္ဍိတထေရ်၊ **အရှင်**။ (၁၉၇၅)။ ***မြန်မာအလင်္ကာကျမ်း***။ ရန်ကုန်၊ သင့်ဘဝပုံနှိပ်တိုက်။

မန်လည်ဆရာတော်။ (၂၀၀၃)။ ***မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်နှင့် လိနတ္ထဒီပနီ***။ ရန်ကုန်၊ ဇေယျသုခပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***၊ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သုတ၊ **မောင်**။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***။ (ပဥ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မန်လည်ဆရာတော်၏ ရွှေဂူကြီးဘုရားဘွဲ့သံချိုများ

ကြင်သာမြင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မန်လည်ဆရာတော်၏ ရွှေဂူကြီးဘုရားဘွဲ့ သံချိုများကို စာပေရှုထောင့်မှ တင်ပြထားသော စာတမ်းဖြစ်သည်။ ထိုသို့လေ့လာရာတွင် မန်လည်ဆရာတော်ကြီး ရေးသားခဲ့သော ကဗျာများအနက် ရွှေဂူကြီးဘုရားဘွဲ့ သံချိုများကို အလေ့လာခံဟု သတ်မှတ်ပါသည်။ လေ့လာရာတွင် (၁) မန်လည် ဆရာတော်၏ထေရုပ္ပတ္တိအကျဉ်း၊ (၂) သံချိုကဗျာ၏သဘောသဘာဝ၊ (၃) ရွှေဂူကြီး ဘုရားဘွဲ့သံချိုများလေ့လာချက်ဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ သုတေသနပြုထား ပါသည်။ 'သံချို' ကဗျာများ၏ စာပေတန်ဖိုးကို ဖော်ထုတ်လိုခြင်း ဖြစ်ပါသည်။ ဤသို့လေ့လာခြင်းဖြင့် ရှေးစာပေတွင် တွေ့ရသော သံချိုအဖွဲ့ပုံစံများကို သိရှိ ရံမက၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘာသာစကား အကျိုးဖြစ်ထွန်းမှု တို့ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

**သော့ချက်စကားလုံး – *သံချို၊ ကာရန်၊ နဘေ၊ ဝေါဟာရ၊ ပါဠိ၊ စကားလုံး။***

## နိဒါန်း

ဤစာတမ်းတွင် မန်လည်ဆရာတော်ကြီး၏ ရွှေဂူကြီးဘုရားဘွဲ့ သံချိုကဗျာများကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤသံချိုကဗျာ လေးပုဒ်လုံးသည် ကသာမြို့မြောက်ရပ် ရွှေဂူကြီးစေတီတော်နှင့် ပတ်သက်၍ ရေးဖွဲ့ထားသော ကဗျာများ ဖြစ်ပါသည်။ ဘိုးတော်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၅ ခုနှစ် နတ်တော်လဆန်းတွင် 'ရွှေဂူတော်' (၂၃၀)တို့ကို တစ်ပြိုင်နက် တည်ထားကိုးကွယ်ပါသည်။ ကသာမြို့ရှိ 'ရွှေဂူတော်'သည် တစ်ဆူအပါအဝင် ဖြစ်သည်။ 'ကသာရွှေဂူတော်' စေတီသည် ဟောင်းနွမ်း ပျက်စီးလာသဖြင့် ၁၂၆၅ တွင် အသစ်ထပ်မံပြုပြင်ခြင်း၊ ထီးတော်တင်ခြင်း၊ ထီးတော် မြေခြင်းတို့နှင့် စပ်လျဉ်း၍ မန်လည်ဆရာတော်ကြီးက ကသာသူ ကသာသားတို့ သဒ္ဓါတရား ပွားများသည်ထက်ပွားများလာအောင် ရေးဖွဲ့စပ်ဆိုထားသော သံချိုကဗျာများ ဖြစ်ပါသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

## ၁။ မန်လည်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

မန်လည်မြို့ ၁၂၀၃ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ခမည်းတော်မှာ သစ်ကုန်သည် ဦးထင်ညိုဖြစ်ပြီး မယ်တော်မှာ ဒေါ်ဖြေဖြစ်ပါသည်။ ငယ်အမည်မှာ 'မောင်မာ' ဖြစ်၍ မွေးချင်းအဖြစ် အစ်မအရင်း ဒေါ်သုတ်တစ်ဦးတည်းသာ ရှိပါသည်။

မိခင်ကြီးသည် ၁၂ နှစ်သား အရွယ်တွင် ဝန်းသိုမြို့ တောင်ပေါ်ကျောင်းဆရာတော် ဦးပန်းအောင် (ဝန်းသိုစော်ဘွားကြီး နောင်တော်အရင်း)ထံ အပ်နှံ၍ မြန်မာစာပေများကို သင်ကြားစေခဲ့ပါသည်။ ကဗျာဝါသနာအထုံပါပြီး ဒွေးချိုးနှင့် တြိချိုးများကို ၁၆ နှစ်သား မပြည့်မီကပင် နည်းနာနိသျည်း မှန်ကန်စွာ စပ်တတ်နေပြီဖြစ်သည်။ ကဗျာဝါသနာပါ၍ မဃာသုတကာရီ မဃဒေဝ လင်္ကာသစ်ကို ရေးသားခဲ့ရာ ကဗျာအရာ၌ အောင်လံတံခွန် စိုက်ထူနိုင်ခဲ့ပါသည်။

၁၆ နှစ် အရွယ်သို့ ရောက်သောအခါ ရှင်သာမဏေဖြစ်ပြီးသောအခါ ၆ ဝါတိုင်တိုင် အသျှင်နန္ဒမဥ္ဇူထံ ခိုလှုံ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်များကို သင်ကြားတော်မူခဲ့ပါသည်။ သက်တော် (၂၂)နှစ်တွင် ရဟန်းဖြစ်တော်မူသည်။ ၁၂၂၈ ခု (၃)ဝါမြောက်တွင် မန္တလေးအနောက်ပြင် ထီးလင်းတိုက်တွင် ဝါဆိုတော်မူသည်။ မန်လည်မြို့ဝန် 'မင်းထင်မင်းလှသမန္တရာဇာ' က ကိုးကွယ်လှူဒါန်းသော ပိဋကတ်တော်များကို ကြီးကြပ် ကူးယူ ရေးသားတော်မူသည်။ ထို့နောက် မန်လည်မြို့ နေရင်းလေးထပ်ကျောင်းသို့ ပြန်လည်ပြီး ခိုဝင်လာသော စာသင်သားများကို စာပေ သင်ကြားပို့ချပေးကာ အားလပ်သောအခါ ကျမ်းဂန်များကို ရေးသားတော်မူသည်။

ရဟန်းဆယ်ဝါ သာမဏေဘဝတွင် သင်ကြားခဲ့သော၊ မဃဒေဝဇာတ်တော်ကို ကြည်ညိုတော်မူရင်းရှိ၍ ထိုမဃဒေဝဇာတ်တော်ကို ပျို့၊ ကဗျာ၊ လင်္ကာတစ်စောင်အဖြစ် စီကုံးခဲ့သည်။ ၁၂၆၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ဆရာတော်ကြီးသည် ၁၂၆၈ မှစ၍ သာသနာပြုခရီးများကို စတင်ခဲ့သည်။ ပျံလွန်တော်မူသည့် အချိန်ထိပင်ဖြစ်သည်။ ၁၉၁၇ တွင် အင်္ဂလိပ်အစိုးရက 'အဂ္ဂမဟာပဏ္ဍိတဘွဲ့'ကို ဆက်ကပ်တော်မူခဲ့သည်။ ၁၂၈၁ တွင် ပျံလွန်တော်မူသည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကမှစ၍ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ ဘုန်းကြီးပျံ ငိုချင်းများ၊ ဒုံးချင်း၊ သံချိုကဗျာများ၊ သျှိုးလိုက်ရတုနှင့် စောင်းသီချင်း၊ မောင်းသီချင်း၊ အံတော်သီချင်းများကိုလည်းကောင်း ပြဇာတ်မျိုးစုံနှင့် ဇာတ်ချင်းများကို ရေးသားခဲ့သည်။ စာပေကျမ်းဂန်အသီးသီးကိုလည်း ရေးဖွဲ့ခဲ့သည်။

## ၂။ သံချို၏သဘောသဘာဝ

### ၂.၁။ သံချိုဟူသည်

သံချို/သန်ဂျို/န–လေးချိုးကဗျာမျိုးတွင် ပါဝင်သော အသံချိုသာစွာ ရွတ်ရသော ကဗျာတစ်မျိုး–

> "အသံကို ချိုအေးသာယာစွာ မင်္ဂလာရှိရှိဖြင့် ကဝိမြောက်အောင် သီဆို၍ ပြင်ပ ပဟိုရ်ရဝေပျော်တို့အား ဖြေဖျော်မှု ရွှေနားတော် သွင်းရသော တော်စာရင်းဝင် ကဗျာယဉ်များတွင် အပါအဝင် ဖြစ်သည်"[၁]

ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ကြသည်။

မြန်မာဘာသာတွင် ကဗျာအမျိုးပေါင်း (၆၇)မျိုး ရှိသည့်အနက် လေးချိုးကဗျာသည် အကျယ်ပြန့်ဆုံး ဖြစ်သည်။ မြန်မာစာပေနယ်ပယ်တွင် လည်းကောင်း၊ ဇာတ်သဘင်နယ်ပယ်တွင် လည်းကောင်း၊ လေးချိုးသည် အသုံးတွင်ကျယ်လှသော ကဗျာ ဖြစ်သည်။ သံချိုသည် စည်းဝါးနှင့် သီဆိုရသော သောတာလင်္ကာရ ဂီတသီချင်းမျိုး မဟုတ်၊ စည်းဝါး မပါဘဲ ဟန်နှင့်သီဆိုရသော ဝစနာလင်္ကာရ ဂီတသီချင်းမျိုး ဖြစ်သည်။ စည်းဝါး မပါစေကာမူ အသံပါသည်။ အသံစည်းကမ်းအရ သတ်မှတ်ထားသော အသံသို့ရောက်အောင် ဆိုရသည်။ အနိမ့်သဘင် (ခေါ်) ဇာတ်သဘင်၊ အမြင့်သဘင် (ခေါ်) ရုပ်သေးသဘင်တွင် လေးချိုးကဗျာများကို တွေ့ရသည်။ လူပြက် (ခေါ်) လူရွှင်တော်များက နှုတ်ခွန်းထောက် လှမ်းပြောဆိုသည့်အခါ၌ လေးချိုးကဗျာများကို အသုံးပြုကြရသည်။ အမြင့်သဘင် (ခေါ်) ရုပ်သေးသဘင်မှ နေ၍ လေးချိုးသံချိုကို သီဆိုကြသည်။

ထို့ကြောင့် 'သံချို' ဟူသည် မည်သည့်အကြောင်းအရာမျိုးကိုမဆို ချိုချိုသာသာနှင့် နားအရသာရှိအောင် ရတ်ချည်း ဖွဲ့နွဲ့သီကုံး၍ ဆွဲဆွဲငင်ငင် အဆင်ပြေပြေ ရွတ်ဆိုခြင်းကို သံချိုဟု ခေါ်သည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၃၉၂။

## ၃။ ရွှေဂူကြီးဘုရားဘွဲ့သံချိုများ လေ့လာချက်

### ၃၊ ၁။ သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ ကသာမြို့ ရွှေဂူကြီးစေတီတော်၌ အသစ်ပြုပြင်၍ ရွှေထီးတင်လှူကြောင်း သံချို (အကြောင်းအရာ လေ့လာချက်)

မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ရွှေဂူကြီးဘုရား အသစ် ထပ်မံပြုပြင်ရန် ပထမအကြိမ် ရွှေထီးတင်လှူသောအကြောင်းကို ရေးဖွဲ့ထားသော သံချို ဖြစ်ပါသည်။ ထီးတော်တင်ရာတွင် အကအခုန်များ၊ ဆိုင်းဝိုင်းများထည့်သွင်း၍ စည်စည်ကားကား ကျင်းပခဲ့ပါသည်။

သံချိုပထမအချိုးတွင် စိန်ဖူးတော်နှင့် ထီးတော်အကြောင်း ဖွဲ့ထားပါသည်။ ရွှေဂူကြီးဘုရား၏ ထီးတော်၊ စိန်ဖူးတော်တို့မှာ သာမန်မဟုတ်၊ ရွှေဂူကြီးဘုရား၏ ဘုန်းတန်ခိုးတော်ကြောင့် သိကြားမင်းက ဆက်ရသော ထီးတော်၊ စိန်ဖူးတော် ဖြစ်ကြောင်းကို–

> "နှုန်းမဖက်နိုင်ဘူး၊ ဘုန်းစက်ကယ် သမ္ဘာရှိန်ကြောင့်၊ တာဝတိန်
> အာလိန်မဆီက၊ ဝါသဝိန်၊ မာဃိန်သရ၊ ထီးပေါက်မစုံနှစ်ဆူ"[၁]

ဟု ရေးဖွဲ့ထားပါသည်။

ဒုတိယအချိုးတွင် အမရပူရရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသော ဘိုးတော်ဘုရားသည် ကုန်းဘောင်ခေတ်ဆက်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရား ဦးအောင်ဇေယျ၏ အနွယ်တော်ဖြစ်ကြောင်း ဖွဲ့ထားပါသည်။ ထိုသို့ဖွဲ့ရာတွင် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းတွင် မန္ဓာတုစကြာမင်းကဲ့သို့ ဘုန်းတန်ခိုးကြီးလှသော ကုန်းဘောင်မင်းဆက်အနွယ် ဖြစ်ကြောင်း၊ ရာဇာဓိရာဇ ဖြစ်ကြောင်း၊ မင်းတစ်ရာတို့က လက်ဆောင်ပဏ္ဏာများ ဆက်သရကြောင်း၊ ခြောက်ပြစ်ကင်းသော မင်းသမီးပျိုများကို ဆက်သခံရသူ ဖြစ်ကြောင်းကို–

> "ဇမ္ဗူရပ်မှာလ၊ မန္ဓာတ်လို တေဇာပြောင်လှ၊ နွယ်ကုန်းဘောင်
> သာကီယဟာမို့၊ ရာဇယ်ရာဇိန်ထက်၊ ရာနရိန် ထိုထိုမင်းငယ်တို့
> စက်ရင်းတွင် ပဏ္ဏာတင်လို့။"

> "ခြောက်ပြစ်စင် ချစ်မငြီးပါတဲ့၊ သမီးပါမျိုးခံဆက်ရ ဘုန်းစက်နေတူ"[၂]

ဟု ရေးဖွဲ့ထားရာ ဘိုးတော်ဘုရား၏ ဘုန်းကြီးမှုများ ထင်ရှားလာရပါသည်။

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၂။

[၂] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၂။

တတိယအချိုးတွင် ဘိုးတော်ဘုရားက ဤရွှေဂူကြီးဘုရားကို ဘုန်းတော်ဖွင့် အနေဖြင့် တည်ထောင်ခဲ့ကြောင်း ဖွဲ့ထားပါသည်။ ဘိုးတော်ဘုရားသည် အမရပူရ ရွှေနန်းတော်ကို တည်ထောင်စံမြန်းကြောင်း၊ အပြည်ပြည်ထောင်ကို စိုးမိုးအုပ်ချုပ်တော် မူကြောင်း၊ ဘိုးတော်ဘုရားက နံတော်သင့် ဘုန်းတော်ဖွင့်အဖြစ် တည်တော်မူခဲ့သည့် ရွှေဂူဘုရားကြီး ဖြစ်ကြောင်းကို–

"ပထမ၊ အမရ ရွှေဘုံတည်လို့၊ အပြည်ပြည်နတ်နွယ်စိုးပါတဲ့၊
မြတ်ဘိုးတော် သာကိန္ဒငယ်က၊ ရင်းစကာနံတော်သင့်ငယ်လို့၊
ဘုန်းတော်ဖွင့်တည်တော်မူ၊ မြတ်ရွှေဂူဘုရား"[၁]

ဟူ၍ ဖြစ်သည်။

စတုတ္ထအချိုးတွင် ဤကဲ့သို့ သမိုင်းတွင်ခဲ့သော ရွှေဂူကြီးဘုရားကို ကသာမြို့ပိုင် အကြီးချုပ်တို့က နှစ်ကြိမ်တိုင်တိုင် အသစ်ပြုပြင် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ယခုလည်း သက္ကရာဇ် ၁၂၆၅ ခုနှစ် အရောက်တွင်မူ ဖိနပ်တော် အတောင်လေးဆယ် အထိ အကျယ်ချဲ့ခဲ့ပါသည်။ ဉာဏ်တော်အမြင့် သံတောင်ငါးဆယ်ကျော်ထိ မြင့်ခဲ့ပါသည်။ စိန်ဖူးတော်နှင့် ရွှေထီးတော်တို့ကို တင်ပါသည်။ ဤအကြိမ်တွင် ကသာတစ်နယ်လုံး၏ အင်အား၊ အများကောင်းမှု ဖြစ်ပါသည်။ ထိုအကြောင်းကို–

"ရှေးယခေါင်၊ သမိုင်းငယ်အစဉ်ဆောင်လို့၊ ရာဇဝင်စောင်ပြောင် မပျက်သာဘဲ၊ ဆက်ဆက်ကယ်ရွှေသာပိုင်တို့၊ နှစ်ကြိမ်တိုင်ထပ်မံ သစ်သည့်ပြင်၊ သက္ကရာဇ်ကယ် တစ်ထောင်ပေါ်မှ၊ နှစ်ရာကျော် ခြောက်ဆယ်ငါးမှာတော့၊ အများငယ်နယ်ကုန်ဆော်လျက်၊ ဖိနပ်တော် လေးဆယ်ဖွင့်ပါလို့၊ မြင့်ငါးဆယ် သံတောင်ကျော်ဖြင့် တိမ်မိုးပေါ် ထိန်ထိန်ညီးအောင်ပ၊ နာရဏီစိန်ရွှေထီးကိုလ၊ မြှောက်ချီးကာ၊ ပူဇော်တင်ကြ"[၂]

ဟူ၍ ဆရာတော်က ခံ့ခံ့ထည်ထည် ကြည်ညိုဖွယ်ကောင်းအောင် မှတ်တမ်းတင်ခဲ့ ပါသည်။ သက္ကရာဇ်အတိအကျ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ဘုရားသမိုင်းကို မှတ်တမ်း ကဗျာ ပီသစေခဲ့သည်။

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၂။
[၂] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၂၊ ၂၇၃။

ထီးတော်တင်လှူရာတွင် ဆိုင်းဝိုင်းကြီးများဖြင့် စည်စည်ကားကား ကျင်းပကြပုံ၊ ကသာသူတို့မှာ ပီတိဂွမ်းဆီထိသို့ စိတ်ကြည်နူး ဝမ်းမြောက်လွန်း၍ ဆွေ့ဆွေ့ခုန်နေကြပုံများကို–

"ငါးပဥ္စင်နတ်စည်ဝိုင်းငယ်နှင့် ပတ်ဆိုင်းသံညံ မပြတ်ကယ်ကြောင့်၊
ရွှေသာသူ ပဒုံနတ်တို့မှာ၊ တည်ရပ်ပေါင် ရွှေရင်စုံက၊ ဆွေ့ဆွေ့ခုန်
ကြွေလို့၊ လွှတ်မည်နှယ်၊ သည်းဆွတ်ဆွတ်နူး"[၁]

ဟူ၍ သရုပ်ဖော်ထားရာ ထီးတော်တင်ပွဲသရုပ်မှာ ပေါ်လွင်လာရပါသည်။

## ၃၊ ၁၊ ၁။ အရေးအဖွဲ့လေ့လာချက်

ရွှေဂူကြီးဘုရား၏ ထီးတော်၊ စိန်ဖူးတော်တို့မှာ သာမန်မဟုတ်၊ ရွှေဂူကြီးဘုရား၏ ဘုန်းတန်ခိုးတော်ကြောင့် သိကြားမင်းက ဆက်သရပုံကို–

'သမ္ဘာရှိန်' 'တာဝတိန်' 'ဝါသဝိန်' 'မာဃိန်' ဟု နဘောထပ်ကာရန် အသံချိုသာရုံသာမက ပါဠိစကားလုံးများဖြင့် ခံ့ငြားထည်ဝါအောင် ရေးဖွဲ့ထားပါသည်။

ဘိုးတော်မင်းတရားကြီး၏ ဘုန်းတန်ခိုးကြီးပုံကို–

'ဇမ္ဗူရဋ္ဌ်' 'မန္တတ်' 'သာကီယ' 'ရာဇ' 'ရာဇိန်' 'ရာနရိန်' ဟူ၍ အကြောင်းအရာနှင့် လိုက်ဖက်အောင် စကားပရိယာယ် အမျိုးမျိုးဖြင့် ရေးဖွဲ့ထားပါသည်။

ရွှေထီးတော်သစ် တင်လှူရာတွင် ကသာသူ ကသာသားတို့ သဒ္ဓါဇော ပီတိ အဟုန်ကြွ၍ ရွှင်ပျနေပုံကို 'ဆွေ့ဆွေ့ခုန်' 'ဆွတ်ဆွတ်နူး' ဟူသော စကားအသုံးအနှုန်းများဖြင့် သရုပ်ဖော်ထားပုံမှာ ကသာသူ၊ ကသာသားများ ပျော်မြူးနေပုံ၊ အလှူဒါနအရေးတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပုံမှာ ထင်ရှားလာရပါသည်။

ထို့ပြင် 'ဘိုးတော်မင်း'၏ ဘုန်းကြီးပုံကို 'မန္တာလို၊ ဘုန်းစက်နေတူ' ဟူသော ဥပမာအလင်္ကာဖြင့် ဖွဲ့သကဲ့သို့၊ ကသာသူလေးများတို့၏ လှပပုံ၊ နူးညံ့သိမ်မွေ့ပုံကို 'ရွှေသာသူ ပဒုံနတ်' ဟု တန်ဆာဆင်ရေးဖွဲ့ထားပုံမှာ နှစ်သက်စဖွယ် ဖြစ်ပါသည်။

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၃။

## ၃၊၂။ ထီးတော်တင်ပြီး၍ ၁၃–ရက်မြောက်တွင် လေဘေးကြောင့် ထီးတော်ကြွဆင်းရာတွင် ဖွဲ့ဆိုတော်မူသော သံချို (အကြောင်းအရာလေ့လာချက်)

ရွှေဂူတော်ကြီးဘုရားကို ထီးတော်သစ်တင်ပြီး ကြည်နူး၍မှ မဆုံးမီ (၁၃) ရက်ကြာသောအခါ လေပြင်းမုန်တိုင်း တိုက်ခတ်သောကြောင့် ထီးတော်သစ်မှ မြေခတော်မူရသည်။ ထီးတော်မြေခ၍ ကသာနယ်သူနယ်သားတို့ စိတ်အားငယ်ကြမည် ဧကန်ဖြစ်သည်။ ထိုအချက်ကို သိတော်မူသော မန်လည်ဆရာတော်ဘုရားက ကသာနယ်သူနယ်သားတို့ စိတ်အားမငယ်ကြရအောင်၊ စေတနာ သဒ္ဓါတရား ပြန်လည်နိုးကြားတက်ကြွလာအောင် ဤသံချိုကို ရေးဖွဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ဆရာတော်သည် ရှေးရှေး ဘုရားလောင်းတော်တို့၏ ဒါနပါရမီ လှူဒါန်းလိုသည့် အာသီသကို သိကြားမင်းပင် မနေနိုင်ဘဲ ပါရမီဖြည့်ဆည်းပေးပုံများဖြင့် သာဓကဆောင်ကာ အားပေးတော်မူပါသည်။

ပထမသံချိုအချိုးတွင် ရှေးရှေး ဘုရားအလောင်းတော်တို့သည် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်ကို ဖြည့်ကျင့်တော်မူကြကြောင်း၊ ပါရမီဆယ်ပါးတွင် ဒါနပါရမီနှင့် ပတ်သက်၍ အလောင်းတော်တို့ လှူချင်သော အာသီသဖြစ်ပေါ်လာလျှင် ဖြည့်ဆည်းခဲ့သော ပါရမီတော်အဟုန် ဘုန်းတော်ဂုဏ်ကြောင့် သိကြားမင်းကိုယ်တိုင် ဆင်းသက်ပြီး အလောင်းတော်တို့၏ ဒါနအာသီသ အာသာဆန္ဒကို ဖြည့်ပေးရကြောင်း၊ အလောင်းတော်တို့၏ သဒ္ဓါဟုန် ထင်ရှားအောင် ပြုပေးရကြောင်း၊ ကျမ်းဂန်များတွင် အထင်အရှား တွေ့ရကြောင်းများကို–

> “မဖြစ်ဘူး၊ ခေတ်ကြုံးငယ် ရာကုဋေထက်၊ ကြာသချော် နှစ်ရှည်
> ညောင်းသော်မှ ပွင့်လောင်းတော် လျာဝသီနှင့် ပါရမီစာဂီကြုံးသူတို့၊
> သဒ္ဓါရည်အာသီထူးကိုလ၊ ကြည်နူးဖွယ် သမ္ဘာဂုဏ်ကြောင့်၊ သဒ္ဓါဟုန်
> လွန်ထင်ရှားစေဟု၊ သိကြားငယ် ကိုယ်တိုင်လာလို့၊ လိုအာသာ
> ပြည့်အောင်ဖြည့်ရသတဲ့၊ ကျမ်းစာတွေ့၊ ရှေးယခေါင်”[၁]

ဟူ၍ ဖွဲ့ပြထားပါသည်။

ဒုတိယအချိုးတွင် ဘုရားလောင်း ယုန်မင်းဇာတ် (၃၁၆)၊ သီဝိဇာတ် (၄၉၉) ဝေဿန္တရာဇာတ် (၅၄၉) ဟူသော အလောင်းတော် ဇာတ်သုံးခု ပါဝင်ပါသည်။ ဘုရားလောင်းယုန်မင်းသည် ဖျံ၊ မြေခွေး၊ မျောက် ဟူသော မိတ်ဆွေသုံးဦးကို ဥပုသ်နေ့တွင် သီလဆောက်တည်၍ မိမိတို့အစာကို အလှူခံပုဂ္ဂိုလ်အား လှူရန်

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၃။

ဆုံးမသည်။ မိမိမူကား စားသည်မှာ မြက်ဖြစ်၍ မိမိအသားလှူအံ့ဟု ဆုံးဖြတ်ပြီး သီလဆောက်တည်နေ၏။ သိကြားမင်းက ပုဏ္ဏားအသွင်ဖြင့် အလှူခံလာသည်။ ယုန်မင်းက မိမိအသားလှူရန် မီးကျီးတွင်း ခုန်ဆင်း၍ လှူသောအကြောင်း ဖြစ်သည်။ သိဝိဇာတ်မှာ အရိဋ္ဌပူရပြည်တွင် သိဝိမင်းဖြစ်သောအခါ နေ့စဉ် အလှူတင်းကုတ် ခြောက်ခုဆောက်၍ နေ့တိုင်း ဥစ္စာ ခြောက်သိန်းနှင့် လှူ၏။ တစ်နေ့တွင် စွန့်ခြင်း ငါးရပ်ဖြစ်သော ကိုယ်တွင်းအလှူအံ့ဟု ကြံမိသည်။ ဤတွင် သိကြားမင်းက မျက်စိကန်း ပုဏ္ဏားအသွင်ဖြင့် မျက်စိလာအလှူခံသည့်အကြောင်း ဖြစ်သည်။ ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီ၊ ဇာလီ၊ ကဏှာဇိန်တို့ ဝင်္ကပါတောင်တွင် စံနေစဉ် ဇူဇကာပုဏ္ဏားက ဇာလီနှင့် ကဏှာဇိန်တို့ကို ကျေးကျွန်အဖြစ်ခိုင်းရန် အလှူလာခံပါသည်။ သားနှင့် သမီးတို့ကို လှူပြီးသောအခါ သိကြားမင်းက မဒ္ဒီဒေဝီကို ဝေဿန္တရာမင်းကြီးက လှူဒါန်းတော့မည်ကို သိရန် ပုဏ္ဏားအသွင်ဖြင့် သွားရောက်အလှူခံသောအကြောင်းတို့ကို သံချိုတွင် ရေးဖွဲ့ ထားပါသည်။

> “ဗုဒ္ဓင်္ကုရယုန်ဖြူမင်းကိုလ၊ သက်အလှူခံယူခြင်းငယ်ဖြင့်၊ မီးတွင်းကို
> ခုန်စေရာနှင့် မင်းရာဇာသိဝရာဇ်ကိုလဲ၊ လိုအာသာသိသည်
> ဖြစ်ကယ်ကြောင့်၊ ကသစ်ပိုင် ဣန္ဒာဘုန်းငယ်က၊ မျက်လုံးကို
> အလှူခံသည့်အပြင်၊ မင်းဝေဿန် ပွင့်မှန်လောင်းမှာတော့၊
> ဆွေမဒ္ဒီဒေဝီကို ခံလာတောင်းပါလို့၊ ရင့်ကြောင်းရှာ လျာဝသီ
> တို့ကို၊ လှူစာဂီ မြတ်တရားဝယ်နှင့် ကူလာညီ ဆူပါရမီထပ်ထပ်
> ပွားစေဖို့၊ သိကြားပင် ဖန်လာပြုနေကျ၊ များလူစုဘောင်”[၁]

ဟူ၍ သိကြားမင်းက ဘုရားအလောင်းတော်များ၏ ဒါနပါရမီ အထပ်ထပ် အဖန်ဖန် ပွားများစေရန် လာကူညီနေကျဖြစ်ကြောင်း ရေးဖွဲ့ထားသည်။

တတိယအချိုးတွင် ယခုအခါ ကသာနယ်ရှိ နတ်တို့မှာလည်း ကောင်းမှု စေတနာ သဒ္ဓါတရား ထက်သန်လာအောင်၊ ရွှေဂူတော်ဘုရား ထီးတော်တင်ပွဲကြီးကို ပျော်မငြီးအောင် ဖန်တီးပေးကြကြောင်း၊ နတ်များက ကူညီသောကြောင့် ရွှေထီးတော် အထွတ်တင်ပွဲတော်မှာ မြေမိုးကုန်အောင် ကျော်ကြားကြကြောင်းကို–

> “ခုအခါ၊ ရွှေသာနတ်တို့မှာလဲ၊ ကုသလာ စေတနာမြတ်တွေနှင့်
> ထပ်ထပ်ကယ် သဒ္ဒါသန်လို့ ခါဖန်ဖန် ပျော်မငြီးအောင်ဘဲ၊

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၃။

ရွှေဂူတော်စေတီကြီးကိုလ၊ ထီးရွှေထွက်တင်ကြအောင်၊ မိုးတုန်အောင်
ကျော်ခြင်း"[၁]

ဟု ရေးဖွဲ့ထားပါသည်။

ဆက်လက်၍ စတုတ္ထအချိုးတွင် ရွှေဂူကြီးဘုရားကြီး၏ ပတ်ဝန်းကျင်၌ အငြိမ့်များ၊ အစုံအလင် ပါဝင်ကပြကြောင်း၊ တူရိယာငါးပါးတို့ တီးခတ်ကာ၊ ငလျင်တော်လဲသကဲ့သို့ တေးဂီတသံသာများဖြင့် ထက်ဝန်းကျင် သာယာငြိမ့်ညောင်းနေကြောင်း၊ ကသာပျိုသူအပေါင်းကလည်း ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသည့် ကုသိုလ်ကောင်းမှုကိုလည်း ကြည်ညိုသဒ္ဓါပွားနေကြကြောင်း၊ ကသာနယ်သူနယ်သားတို့၏ ကုသိုလ်ပြုလိုသော စိတ်အလိုလိုကို သိကြားမင်း ကြားသိသွား၍ နှစ်ကြိမ်နှစ်ခါ တင်လှူပူဇော်ကာ နှစ်ကြိမ်နှစ်ခါ ပွဲတော်တွင် ပျော်ကြစေရန်နှင့် ကြည်ညိုနိုင်စေဖို့ သိကြားမင်းက ရွှေထီးတော်တို့ချလိုက်သည် ထင်ပါကြောင်း၊ ထီးတော်တင်ပြီး ရက်သတ္တနှစ်ပတ်လည် ရောက်လုနီးတွင် လေနတ်သားက ရွှေဂူကြီးဘုရား ငှက်လျာဖူးရှိ ထီးတော်ကြီးကို လေပုန်စီး၍ ကြွဆင်းစေခဲ့ပါကြောင်းကို–

"ထက်ဝန်းကျင်၊ ငြိမ့်ပွဲစုံ ဆော်ပဋ္ဌင်နှင့်၊ တော်လျှင် ပွဲတင်
ညောင်းပါလို့၊ ပျိုပေါင်းစုံ ပျော်ကြည်ညိုတဲ့၊ သည်အလို
ကုသိုလ်များကိုလ၊ ဝတိန်မှာ၊ ဣန္ဒာကြားပြီမို့၊ ထင်ရှားအောင်
ဝတိန်ပေါ်က၊ နှစ်ကြိမ်နော် တင်ပူဇော် ကပျော်ကြအုန်းစေဖို့၊
နတ်ဘုန်းခေါင်၊ ပို့ဆောင်ချသာထင့်၊ ရင်စစ္စာတင်၍ပြီးကာမှ
ရက်သတ္တနှစ်လီနီးတော့၊ ရွှေဝရုဏ် လေပုန်စီးပါလို့၊ ရွှေဂူတော်
ဘုံခရသီးဆီမှာကွယ်၊ ထီးတော်ကြွဆင်း"[၂]

ဟု ရေးဖွဲ့ထားပါသည်။

ရှေးဘုရားလောင်းတို့ ဒါနပါရမီဖြည့်စေရန် သိကြားမင်းက သူတို့၏ အာသာဆန္ဒ ပြည့်ဝစေရန် ကူညီဖြည့်ဆည်းပေးသကဲ့သို့ ယခုလည်း နယ်သူနယ်သားတို့ ပွဲတော် နှစ်ကြိမ်ကျင်းပကာ ပျော်ရွှင်ကြစေရန်နှင့် နယ်သူနယ်သားတို့၏ လှူဒါန်းလိုသောစိတ်၊ ထက်သန်လှသော အာသာဆန္ဒကို ဖြည့်ဆည်းပေးသောအားဖြင့် သိကြားမင်းက ဖြည့်ဆည်းပေးခြင်းသာ ဖြစ်မည်ထင်ပါကြောင်း ရေးဖွဲ့ထားရာ၊ နယ်သူနယ်သားတို့ စိတ်ဖြေနိုင်မည် ထင်ပါသည်။ သဒ္ဓါတရား ထက်သန်လာကြမည် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မကြာမီမှာပင် ဒုတိယအကြိမ် ထီးတော်

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၄။

[၂] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၄။

တင်ကြမည်သော်ကြောင့် ဖြစ်ပါသည်။ ထီးတော်မြေခြင်းမှာ အတိတ်ဆိုး၊ နိမိတ်ဆိုး မဟုတ်၊ စိတ်ပူစရာ မဟုတ်။

'ထီးတော်ကြွဆင်း' ဟု ရေးဖွဲ့ထားပါသည်။

## ၃၊ ၂၊ ၁။ အရေးအဖွဲ့လေ့လာချက်

နဘေထပ်ကာရန်များကို နှစ်ဆင့်သာမက ဆင့်ကဲဆင့်ကဲ ထပ်ထားသည်ကို တွေ့ရပါသည်။ 'မဖြစ်ဘူး၊ ခေတ်ကြုံးကဲ့သို့' နှစ်ဆင့်နဘေယူထားသကဲ့သို့–

'လျာဝသီ' 'ပါရမီ' 'စာဂီ' 'သဒ္ဓါရည်' 'အာသီ' ဟူ၍ ဆင့်ကဲထပ် ရေးထားသည်မှာ အသံပြေပြစ်ရုံသာမက အနက်အဓိပ္ပာယ်ကိုလည်း ထိမိလှပါသည်။ သိကြားမင်းကိုယ်တိုင် ဆင်းသက်၍ ဒါနပါရမီ သဒ္ဓါဟုန် ထင်ရှားအောင် ပြုပေးပုံမှာ ပေါ်လွင်လှပါသည်။

ဘုရားလောင်းယုန်မင်း အသက်လှူပုံ၊ သိဝရာဇ်မင်း မျက်လုံးလှူပုံ၊ ဝေဿန္တရာမင်း မဒ္ဒီဒေဝီကို လှူလိုက်ပုံကို–

'လှူစာဂီ' 'ကူလာညီ' 'ဆူပါမီ' အသုံးများသည် အကြောင်းအရာနှင့် လိုက်ဖက် ဆီလျော်လှပေသည်။

'ဝသီ' 'ပါရမီ' 'စာဂီ' 'အာသီ' ' သမ္မာဂုဏ်' ' ဗုဒ္ဓကူ' 'ဣန္ဒာ' 'ကုသလာ' 'စေတနာ' 'သတ္တာနှစ်လီ' စသော ပါဠိဝေါဟာရများကို စာကို ခံ့ညားစေပါသည်။ 'စေတနာ သဒ္ဓါတရား ထက်သန်ပုံ' ကိုလည်း–

'သဒ္ဓါရည်' 'သဒ္ဓါဟုန်' 'သဒ္ဓါသန်' ဟူသော စကားပရိယာယ် ကြွယ်ဝစွာနှင့် ရေးဖွဲ့ထားပါသည်။

'ဘုရားလောင်း'ကို 'ပွင့်လောင်းတော်'၊ 'ပွင့်လောင်းမှန်' ဟု အသုံးအနှုန်း ကြွယ်ဝစွာ ရေးဖွဲ့ထားပုံ၊

သိကြားမင်းကို 'ကသစ်ပိုင်ဣန္ဒာဘုန်း'၊ 'ဝတိန်မှာဣန္ဒာ'၊ 'နတ်ဘုန်းခေါင်' ဟု စကားလှယ် သုံးထားပုံ၊

'၁၄ရက် ရောက်ခါနီးကို' 'ရက်သတ္တာ နှစ်လီနီးတော့'၊ 'လေတိုက်၍ ထီးတော် မြေခရသည်' ကို 'ရွှေဝဂုဏ် လေဟုန်စီးပါလို့၊ ရွှေဂူတော်၊ ဘုံခရသီးဆီကကွယ်၊ ထီးတော်ကြွေဆင်း' ဟူ၍ ယဉ်ကျေးဖွယ် သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

ဘုရားအလောင်းတို့၏ လှူသဒ္ဒါ၊ ဒါနပါရမီ ဖြည့်ဆည်းချင်သော အာသာဆန္ဒကို သိကြားမင်းက ဖြည့်ဆည်းပေးရရိုး ထုံးတမ်းအစဉ်အလာကို ဖော်ပြပြီး ဇာတ်နိပါတ်တော်လာ ဘုရားလောင်း ယုန်မင်း၊ သိဝရာဇ်မင်း၊ ဝေဿန္တရာမင်းကြီးတို့၏ လှူဒါန်းစွန့်ကြဲကြပုံနှင့် ကသာသူ ကသာသားတို့၏ သဒ္ဒါထက်သန်ပုံကို ခိုင်းနှိုင်းရေးဖွဲ့ထားသည်မှာ အလွန်အကွက်ကျသော အနှိုင်းများဖြစ်သည်ကို တွေ့ရပါသည်။

## ၃၊ ၃။ အားပေးစကား ရေးသားတော်မူသော သံချို (အကြောင်းအရာလေ့လာချက်)

ဤသံချိုသည် မန်လည်ဆရာတော်က ထီးတော်မြေခသည်ကို စိတ်ဓါတ်မကျစေရန် အားပေးသော ကဗျာတစ်ပုဒ် ဖြစ်သည်။ လောကတွင် ကုသိုလ်ကောင်းမှုပြုလုပ်လျှင် မလိုလားသော အဖျက်သမား မာန်နတ် မည်သို့ဝင်ဖျက်သော်လည်း မပျက်နိုင်ကြောင်း၊ ဇာတ်အမှတ်စဉ်(၄၀) ခဒိရင်္ဂါရဇာတ်ဖြင့် ပုံဆောင်ကာ ရေးဖွဲ့ထားသည်။

သံချိုပထမအချိုးတွင် ပရနိမ္မိတဝသဝတ္တီနတ်ပြည်က မာန်နတ်မင်းသည် လူ့ပြည်တွင် ကုသိုလ်ကောင်းမှုပြုလျှင်၊ ပြုတိုင်း ပြုတိုင်း ရန်ငြိုးဆိုတတ်ကြောင်း၊ အလိုဆိုးရှိကြောင်း၊ ရန်ပြုဖျက်စီးလေ့ရှိကြောင်း၊ မြတ်စွာဘုရားကိုပင် အကြိမ်ကြိမ်ရန်ပြုဆန့်ကျင်ကြောင်း၊ ဤသည်မှာ လောကဓမ္မတာပင်။ မြတ်စွာဘုရားကို အကြိမ်ကြိမ်ရန်ပြုဆန့်ကျင်ကြောင်း ကျမ်းဂန်ထွက်ဖြစ်သည်ဟု မှတ်သားရန်ပင်ဖြစ်ကြောင်းကို–

> "မှတ်တစ်ပါးပါပဲ၊ နတ်သားငယ်ဘုံဝတီက၊ ဂုဏ်ပါရမီမာရ်နတ်
> ရိုင်းဟာတဲ့၊ လူတိုင်းမှာ ကုသိုလ်မျိုးကိုလ၊ ပြုတိုင်းသာ
> သူ့လိုဆိုးငယ်နှင့် ရန်ငြိုးသို့ မလိုလားပေဘု၊ ဘုရားမှာ
> မာရ်တစ်ဖက်ကယ်လို့၊ ကျမ်းဂန်ထွက် ဓမ္မတာ"[၁]

ဟု ကသာသူ ကသာသားတို့ကို ဓမ္မတာသဘောဖြစ်၍ အားမပျော့ရန်နှင့် လောကဓံကို ကြံ့ကြံ့ခံနိုင်ရန် ရေးဖွဲ့ထားပါသည်။

ဒုတိယနှင့် တတိယအချိုးတွင် သူတော်ကောင်းနှင့် ဘုရားလောင်းအာဇာနည်တို့ ပါရမီဖြည့်ကျင့်သော အခိုက်အတန့်များတွင် မိုက်မဲလှသော မာန်နတ်သားသည် အလိုမတူ၊ ငြိုငြင်ငြူစူတတ်ကြောင်း၊ ခဒိရင်္ဂါဇာတ်တွင် ဘုရားလောင်းသူဌေးသည် နေ့စဉ် အလှူကြီးပေးရန် သီလဆောက်တည်ပါသည်။ တစ်နေ့တွင် ပစ္စေကဗုဒ္ဓ

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၄။

တစ်ပါးသည် နိရောခသမာပတ်မှထ၍ သူ့အိမ်ရှေ့တွင် ဆွမ်းရပ်ရာ ကျွန်တစ်ဦးကို သပိတ်သွားအယူခိုင်းသည်။ မာန်နတ်က အိမ်အပြင်၌ ရှားမီးကျီးတွင်းကြီး ဖန်ဆင်းထား၍ အလှူမဖြစ်မြောက်အောင် ဖျက်သည်။ ခိုင်းလိုက်သော ကျွန်မှာ မီးကျီးတွင်းကို မဖြတ်ကျော်ရဲသောကြောင့် အကြောင်းစုံကို သူဌေးအား ပြန်ပြောရာ မာန်နတ်၏အမှုမှန်းသိ၍ မာန်နတ် အဖျက်မခံ၊ မီးကျီးတွင်းပေါ်ဖြတ်ကျော်ရာ ပဒုမ္မာကြာပင်ပေါက်ပြီး ပွင့်ချပ်တစ်ရာရှိသော ကြာပွင့်ပေါ်ရပ်ပြီး ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့ကြောင်းကို အကျဉ်းချုံး၍ ရေးဖွဲ့စီကုံးထားပါသည်။

ဒုတိယအချိုးတွင် အလှူပြုမည်ကို မပြုဖြစ်အောင် ရှားမီးကျီးဖန်ဆင်း၍ ဖျက်ဆီးပုံကို–

> "ကျင့်သမ္မာ သူတော်ကောင်းငယ်နှင့်၊ မြတ်လောင်းတော်
> အာဇာနည်တို့၊ ပါရမီဖြည့်သည့်ခိုက်မှာလဲ၊ မာရ်မိုက်ဟာ လိုမဖြူလို့၊
> ငြိုငြူစူပြောင်ပြောင်ညီးပါတဲ့၊ ရှားမီးပုံ ဝိစိတွင်းကိုလ၊ ဖန်ဆင်းကာ
> သူစီရင်မှ၊ နင်လျှုလျှင်သည်တွင် ရောက်မည်ဟု၊ ခြိမ်းခြောက်
> ဖျက်လာ"[၁]

ဟူ၍ ခဒိရင်္ဂါရဇာတ်လာ မီးကျီးတွင်း ဖန်ဆင်း၍ထားကြောင်း ဖော်ပြထားပါသည်။ ဆက်လက်၍ တတိယအချိုးကို ရေးဖွဲ့ပါသည်။ မာန်နတ်က အကြိမ်မည်မျှ ဖျက်ဆီးသော်လည်း အရေးတယူ မပြုလောက်ကြောင်း၊ ဂရုစိုက်စရာ မလိုကြောင်းကို–

> "မကြည်ရန်သည် မာရ်ပျက်ကယ်က၊ သည်အဟန် ဆယ်ပြန်ဖျက်
> သော်လည်း၊ ဉာဏ်လက်ကိုင် ဝရဇိန်နှင့်၊ သမာဓိန် တောင်မရေရှုလိုမို့၊
> ရေးမပြုစောင်းမညှာ၊ လောင်းတကာစံထုံး"[၂]

ဟူ၍ ပညာဉာဏ်ကို လက်ကိုင်ထား၍ သမာဓိတရားကို မြင့်မိုရ်တောင်ကဲ့သို့ မယိမ်းမယိုင် တည်တံ့ခိုင်ကျည်ရန် ဖြစ်ကြောင်း၊ ဤသို့ တွေ့ကြုံကြသည်မှာ ဘုရားလောင်းတော်တကာတို့၏ ထုံးစံပင်ဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။ ဆရာတော်က ဘုရားအလောင်းတော်များပင် တွေ့ရသေးသည်။ သာမာန်လူသားများမှာ ပြောစရာ မရှိဟု ဆိုလိုခြင်း ဖြစ်သည်။ ထို့အပြင် အလောင်းတော်တို့ ထုံးစံကဲ့သို့ လောကခံ အပျက်တရားကို မတုန်လှုပ်စေလိုကြောင်း၊ သတိပေးလိုဟန်လည်း ရှိသည်။

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၄။
[၂] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၄။

စတုတ္ထအချိုးတွင် ရွှေဂူကြီးဘုရား၊ ရွှေထီးတော်ကို လေမုန်တိုင်း တိုက်ခတ်၍ မြေခသည့်တိုင်အောင် မာရ်နတ်က အလှူဝင်ဖျက်သော်လည်း ကသာသူ ကသာသား တို့မှာ ဘုရားလောင်းတို့၏ စိတ်ထားကဲ့သို့ စေတနာ သဒ္ဓါတရားရှိသူများဖြစ်ကြောင်း အလှူဒါနမှာ ပျက်မသွားကြောင်း၊ ဟိုယခင်က တင်လှူခဲ့သော ထီးတော်မှာ နာရဏီ ရွှေထီးဖြစ်သော်လည်း ယခုတင်လှူမည့် ထီးတော်မှာ သိင်္ဂီရွှေထီး ဖြစ်သည့်ပြင် စိန်စီ၍ ခြယ်ထားပါကြောင်း၊ ထီးတော်ကို တင်လှူပူဇော်ကြပြန်တော့မည် ဖြစ်ကြောင်းတို့ကို–

> "ထို့အတူ၊ ဗောဓိငယ် ဉာဏ်အယူနှင့် စေတနာမှု သဒ္ဓါနိုပ်ပါဘိ၊
> ရွှေသာသူ သမ္မာစိတ်မှာဖြင့်၊ တိဟိတ်ဉာဏ် မှန်သည့်ဓောပေပ၊
> ဝါယောငယ်၊ ကမ္ဘာချေသည့်နှယ်၊ လာပေစေလေ မုန်စက်ကယ်နှင့်၊
> ရွှေဂူတော်စေတီထက်ကယ်က ရွှေထီးတော်မြေပေါ် သက်သက်ပါလို့
> မရှင်အောင် မာရ်ဝင်ဖျက်သော်လည်း၊ မပျက်နိုင်သာလွန်းသေး
> သည့်ပြင်၊ ဟိုရှေးခါနာဏီထီးငယ်ထက်၊ သိင်္ဂီမှာစိန်စီလို့ဦးအောင်ပ၊
> ထပ်ပြီးလျှင်၊ သြကာသငယ်နှင့် ခင်တစ်ဖော် ရှင်ပျော်ပျော်၊
> ပြည်ကျော်အောင် ပူဇော်ကြပြန်တော့မယ်၊ ထီးမြစိန်ကုံး"[၁]

ဟူ၍ ကသာသူ ကသာသားတို့ စိတ်အားတက်ကြွအောင် ဇာတ်နိပါတ် အထောက် အထားများပြ၍ ရေးဖွဲ့သီကုံးတော်မူပါသည်။ နယ်သူနယ်သားတို့မှာလည်း အားရ ကျေနပ်ကြလိမ့်မည်ဟု ထင်ရပါသည်။ ပျက်ခဲ့သည်ကို အမှုမထားဘဲ သဒ္ဒါတရား ကိုသာ ရှေးရှုကြမည်ဟု မှန်းဆရပါသည်။

## ၃၊ ၃၊ ၁။ အရေးအဖွဲ့လေ့လာချက်

ပါဠိဝေါဟာရနှင့် ပါဠိသက်ဝေါဟာရများဖြစ်သော 'ဘုံဝတီ'၊ 'ဂုဏ်'၊ 'မာရ်နတ်'၊ 'ဓမ္မတာ'၊ 'သမ္မာ'၊ 'အာဇာနည်'၊ 'ဝိစိ'၊ 'ဉာဏ်'၊ 'ဝရဇိန်'၊ 'သမာဓိန်'၊ 'မေရု'၊ 'ဗောဓိ'၊ 'သဒ္ဓါ'၊ 'တိဟိတ်ဉာဏ်'၊ 'ဝါယော'၊ 'သိင်္ဂီ'၊ 'သြကာသ' တို့ကို ခံ့ညားအောင် ဖန်တီး ထားပါသည်။

'နဘောထပ်ကာရန်' အသုံးများဖြစ်သော 'ဘုံဝတီ'၊ 'ဂုဏ်ပါပီ'၊ 'အာဇာနည်'၊ 'ပါရမီ'၊ 'လိုမဖြူ'၊ 'ငြိုငြူစူ'၊ 'မကြည်ရန် သည်မာရ်ပျက်ကယ်က၊ သည်အဟန် ဆယ်ပြန်ဖျက်'၊ 'ဝရဇိန်'၊ 'သမာဓိန်'၊ 'စောင်းမညာ'၊ 'လောင်းတကာ'၊ 'စေနာမှု

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၄။

သဒ္ဓါနိပ်ပါဘိ၊ ရွှေသာသူသမ္မာစိတ်’ ဟူသော အသုံးများသည် အသံချိုသာပြေပြစ်စေပါသည်။

မာန်နတ်သားတို့သည် ကုသိုလ်ကောင်းမှုပြုသူတိုင်းကို မပြုဖြစ်အောင် မဖြစ်ဖြစ်သည့်နည်းဖြင့် ဖျက်ဆီးရိုးထုံးစံ ရှိပါသည်။ ကုသိုလ်ကောင်းမှုပြုသူတိုင်းကို အငြိုးထားတတ်သည်ဟု ဆိုပါသည်။ ‘မာန်နတ်သား’ ကို ‘မာန်နတ်ရိုင်း’၊ ‘မာရ်နတ်’၊ ‘မာရ်ပျက်’ စသည်ဖြင့် သူ၏ လုပ်ရပ်တိုင်း ပုံပေါ်လာအောင် ‘ရိုင်း၊ မိုက်၊ ပျက်’ ဟူသော ဝိသေသပုဒ်များ တွဲဖက်ရေးသားသည်မှာ ဆီလျော်လှပါသည်။ ထို့အတူ–

‘သူလိုဆိုး’၊ ‘ရန်ငြိုးသို’၊ ‘မလိုလား’၊ ‘လိုမဖြူ’၊ ‘ငြိုငြူစူ’ စသော မာရ်နတ်၏ စိတ်ထားသရုပ်ဖော် အသုံးအနှုန်းများကလည်း လိုက်ဖက်လှပါသည်။

ထိုသို့ စာဟန်ခန့်ညားအောင်၊ အသံချို၊ အသံသာအောင်၊ စာသားပြေပြစ်အောင် ရေးဖွဲ့ရုံသာမက အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သော အသုံးအနှုန်းများ စီကုံးထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ကသာသူ၊ ကသာသားတို့ တွေ့ကြုံရသော အဖြစ်အပျက်တို့ကို ငါးရာ့ငါးဆယ်ဇာတ်တော်တွင် ပါဝင်သော ခဒိရင်္ဂါရ ဇာတ်တော်လာ သူဌေးကြီးနှင့် မာန်နတ်တို့ အဖြစ်အပျက်နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသည်မှာ ဆီလျော်လှပါသည်။ သူဌေးကြီး၏ သဒ္ဓါတရားကို မာရ်နတ်မင်းက မဖျက်စီးနိုင်သကဲ့သို့ ကသာသူ၊ ကသာသားတို့၏ သဒ္ဓါတရားကိုလည်း မဖျက်စီးနိုင်ပုံကို တင်စားရေးဖွဲ့ထားသည်မှာ အကြောင်းအရာနှင့် အရေးအဖွဲ့ အံဝင်ခွင်ကျ ရှိလှပါသည်။

## ၃၊ ၄။ ရွှေဂူကြီးစေတီတော်၌ နောက်တဖန် ထီးတော်တင်ပြီး ရေးသားတော်မူသော သံချို (အကြောင်းအရာလေ့လာချက်)

ဤသံချိုကို ဒုတိယအကြိမ် ထီးတော်တင်ပြီးနောက် ရေးဖွဲ့သော သံချို ဖြစ်ပါသည်။ ကဿပဘုရားရှင်လက်ထက် ကျောင်းဒကာ သုမင်္ဂလာသူဌေးကြီး အကြောင်း ရေးဖွဲ့ထားပါသည်။ အနှစ် နှစ်သောင်းခန့်တွင် ကဿပဘုရား ပွင့်တော်မူသည်။ ဒုလ္လဘငါးပါးတွင် ဗုဒ္ဓုပ္ပါဒဒုလ္လဘနှင့် ကြုံသောခေတ် ဖြစ်ပါသည်။ ဘုရားဖြစ်တော်မူသော မြတ်သော အချိန်ကာလဖြစ်ကြောင်းကို–

> “နှစ်နှစ်သောင်း၊ ခေတ်ကောင်းငယ်စာဆိုညွှန်တဲ့၊ ဟိုမန္ဒန်အန္တရငယ်က၊ လူ့ဘုံမှာဒုလ္လဘတွင်ဖြင့်၊ ဗုဒ္ဓုပ္ပါမဟာသမယငယ်မို့၊ ထူးကာလ အခါတွင်”[၁]

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၅။

ဟူ၍ အစချီရေးဖွဲ့ထားပါသည်။

ကဿပဘုရားရှင်လက်ထက် ကျောင်းဒကာ သူဌေးကြီး ‘အပရာဇိ’ ဟူ၍ ရှိသည်။ ကျောင်းဒကာ သူဌေးသည် တစ်နေ့တွင် ကဿပဘုရားထံအသွား မြို့တံခါး ဇရပ်တစ်ဆောင်ပေါ်တွင် ဖန်ရည်စွန်းသော အဝတ်ကို ခေါင်းမြီးခြုံအိပ်နေသည့် လူတစ်ယောက်ကို တွေ့သည်။ ခြေထောက်ကပေါ်နေ၍ ထိုပေါ်နေသော ခြေထောက်တွင် ရွှံ့အလိမ်းလိမ်းတွေ့သဖြင့် ညလူဖြစ်လိမ့်မည်ဟု ပြောမိသည်။ ထိုစကားကြောင့် သူခိုးက ရန်ငြိုးဖွဲ့၍ သူဌေး၏လယ်ကို ခုနစ်ကြိမ် မီးရှို့ခဲ့သည်။ နွားခြံမှ နွားခြေရာ တို့ကို ခုနစ်ကြိမ် ခုတ်ဖြတ်ခဲ့သည်။ သူဌေးကြီး၏ အိမ်ကို ခုနစ်ကြိမ် မီးတိုက်ခဲ့သည်။ မကျေနပ်သေး၍ သူဌေးကြီး အမြတ်နိုးဆုံး ကျောင်းတော်ကြီးကို ဖျက်ဆီးမီးရှို့ လိုက်သည်။ ဤအကြောင်းကို–

> “ကဿပ၊ ဗုဒ္ဓငယ် ဘဝဂါ၏ ကျောင်းဒကာ အပရာဇိကိုလ၊ စိတ်ရှိက၊ ငြိုငြူစူတဲ့ မလိုသူ လူညစ်ဆိုးဟာက၊ ရန်ငြိုးကိုဖွဲ့ကာ ထားသော်ကြောင့်၊ ခုနစ်ကြိမ် အိမ်ရာငယ်များနှင့် ကျွဲနွားပါ သူဖျက်ဆီးသည့်ပြင် ကျောင်းကြီးကို မီးပုံတိုက်ပြန်လို့ ကျွမ်းမြိုက်မြိုက်စင်”[၁]

ဟူ၍ ဖွဲ့ပါသည်။

ဤကဲ့သို့ ကုဋေတန်ကျောင်းကြီးကို မီးလောင်ဖျက်ဆီးသော်လည်း သူဌေးကြီးမှာ စိတ်တုန်လှုပ်ချောက်ခြားသည်ဟု မရှိ။ ဖျက်ဆီးသူအပေါ် စိတ်မနာဘဲ နောက်တစ်ခါ ကုသိုလ်ပြုနိုင်အောင် လုပ်ပေး၍ ကျောင်းထပ်လှူရဦးတော့မည်ဟု အထူးပင် စိတ်အား တက်ကြွကာ ပျော်ရွှင်မြူးထူးနေသည်။ ကွေးနေအောင်ကပြီး မြူးပျော်နေသည်ကို သူခိုးတွေ့သွားလေသည်။ ဓမ္မပဒတွင် လက်ပန်းပေါက်ခတ်သည်ဟုသာ ပါပါသည်။ ထိုအကြောင်းကို–

> “သို့အမှန် သူဖျက်စီးပါလို့၊ ကုဋေတန် ကျောင်းတော်ကြီးကိုလ၊ ပြောင်ငြီးအောင် မီးလောင်ကျွမ်းသော်လည်း၊ စိတ်ဝမ်းတော် သူမနာသည့်ပြင်၊ နောက်တစ်ခါ ကုသိုလ်ပွားမည်ဟု၊ အားတက်ကြွ အထူးပင် မြူးပျော်ရွှင် ကကွေး”[၂]

ဟု အကျဉ်းချုပ်ကာ ရေးဖွဲ့ပါသည်။

---

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၅။

[၂] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၅။

ထို့နည်းတူပင် ကသာသူ၊ ကသာသားတို့မှာလည်း တိဟိတ်မုန်သူများ ဖြစ်ပါသည်။ တိဟိတ်ဉာဏ်ရှိသူများ ဖြစ်ပါသည်။ ကဿပဘုရားရှင်လက်ထက်က ကျောင်းဒကာ အပရာဇိကဲ့သို့ ရွှေဂူကြီးထီးတော် မြေခအောင် မာန်နတ်က အလှူ ဖျက်ခဲ့သော်လည်း ညည်းညူသူများ မဟုတ်၊ ကြောင့်ကြစိုးရိမ်သူများလည်း မဟုတ် ထီးတော်သစ်ကို သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် နှစ်ခါပြန် ကုသိုလ်ပွား ကြသူများ ဖြစ်ကြပါသည်။ နှစ်ခါပြန်ကုသိုလ်ပွားကြသူများ ဖြစ်၍ ဆရာတော်က အလွန်ပင် အားကျမိပါကြောင်းကို–

> "ထို့ပမာ တိဟိတ်မုန် ဉာဏ်သမ္ဘာနှင့် သည်ရွှေသာမောင်၊ မယ်၊
> မိငယ်တို့၊ သည်ကျောင်းဒကာ၊ အပရာဇိလိုပဲ၊ မြေထိအောင်၊
> ရွှေဂူထွတ်ကိုလ၊ ရွှေချွတ်ကာ၊ မာရ်ဖျက်ဆီးသော်လည်း၊ မညည်း
> မညူ ပူမစိုးသည့်ပြင်၊ ဆူတိုးအောင် သဒ္ဓါသန်လို့၊ နှစ်ခါပြန်၊
> ကုသိုလ်ပွားတတ်လို့ကွယ်၊ အားကျကြသေး"[၁]

ဟု ရေးဖွဲ့ထားရာ ဓမ္မပဒ၊ ဒဏ္ဍာဝဂ်လာ၊ အဓာရ ပေတဝတ္ထုလာ သူဌေး ကျောင်းဒကာကြီး နှင့်နှိုင်း၍ ရေးဖွဲ့ထားပါသည်။ အဖြစ်အပျက်ချင်း ဆင်တူသကဲ့သို့ သူဌေးကြီး၏ သဒ္ဓါတရားထက်သန်ပုံနှင့် ကသာသူ၊ ကသာသားတို့ စေတနာသဒ္ဓါတရား ထက်သန် ကြပုံမှာ တူညီနေကြောင်း ရေးဖွဲ့ထားပုံမှာ အလွန်အကွက်ကျ သင့်လျော်ပါသည်။

## ၃၊ ၄၊ ၁။ အရေးအဖွဲ့လေ့လာချက်

ပါဠိဝေါဟာရ၊ ပါဠိသက်ဝေါဟာရများဖြစ်သော 'အန္တရ'၊ 'ဒုလ္လဘ'၊ 'ဗုဒ္ဓပ္ပါ မဟာသမယ'၊ 'ဗုဒ္ဓ'၊ 'ကုသိုလ်'၊ 'တိဟိတ်'၊ 'ဉာဏ်သမ္ဘာ'၊ 'မာရ်' စသော အသုံးများသည် စာဟန်ခံ့ညားစေပါသည်။

'နဘောထပ်ကာရန်' များဖြစ်သော 'နှစ်နှစ်သောင်း'၊ 'ခေတ်ကောင်း'၊ 'အထူးပင် မြူးပျော်ရွှင်'၊ 'ငြိုငြူစူ'၊ 'မလိုသူ'၊ 'ပူမစိုး' 'ဆူတိုး'၊ 'သဒ္ဓါသန်' 'နှစ်ခါပြန်' အသုံး များသည် သံချိုအရေးအသားကို ပေါ်ပြစ်စေပါသည်။

ကျောင်းဒကာ အပရာဇိကို ရန်ငြိုးသိုဖွဲ့ထားသော ခိုးသူ၏ သဘောထားကို 'ငြိုငြူစူ' ဟု စကားကို ကျစ်လျစ်စွာ သုံးထားပုံ၊ ကျောင်းကြီးကို မီးတိုက်၍ ပြာကျ သွားပုံကို 'ကျွမ်းမြိုက်မြိုက်စင်' ဟု သိပ်သည်းစွာ သုံးထားပုံ၊ အပရာဇိကျောင်းဒကာမှာ ကုဋေတန်ကျောင်းကြီး မီးလောင်ပြာကျသွားသော်လည်း ဖျက်စီးသူကို စိတ်မနာနိုင်ဘဲ

[၁] မန်လည်ဆရာတော်၊ ၁၉၇၉၊ ၂၇၅။

ထပ်လှူရမည်ကို ဝမ်းသာနေပုံကို 'စိတ်ဝမ်းတောင် သူမနာသည့်ပြင်၊ နောင်တစ်ခါ ကုသိုလ်ပွားမည်ဟု၊ အားတက်ကြွအထူးပင် မြူးပျော်ရွှင် ကကွေး' ဟု ဖွဲ့ထားရာ 'မြူးပျော်ရွှင် ကကွေး' ဟူသော အသုံးမှာ အပရာဇိကျောင်းဒကာ၏ စိတ်အမူအရာ ကိုယ်အမူအရာကို အထူးထင်ပေါ်သော အသုံး ဖြစ်ပါသည်။

မာရ်နတ်က ဖျက်သော်လည်း၊ နှစ်ခါပြန် ကုသိုလ်ပွားရတတ်ဟု သဘောထား ကြပုံကို 'မညည်းမညူ ပူမစိုး'၊ 'ဆူတိုးအောင် သဒ္ဓါသန်လို့ နှစ်ခါပြန် ကုသိုလ်ပွား' စသည်ဖြင့် ရပ်ရွာသုံးစကားဖြင့် ဖော်ပြထားရာ ကသာသူ၊ ကသာသားတို့၏ စေတနာ သဒ္ဓါတရား မပျက်အောင်၊ ထက်သန်သည်ထက် ထက်သန်လာအောင် လှုံ့ဆော်ပေး နိုင်သော အဖွဲ့များပင် ဖြစ်ပါသည်။ ကသာသူ၊ ကသာသားတို့၏ သဒ္ဓါနှီးသံချို ဖြစ်သည်နှင့်အညီ ဓမ္မပရ ဒဏ္ဍဝဂ်လာ ကျောင်းဒကာနှင့် နှိုင်းယှဉ် ရေးဖွဲ့ထားသည်မှာ ဆရာတော်၏ ထူးခြားသော အရေးအဖွဲ့ပင် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

'ရွှေဂူတော်ကြီး' ဘုရားကို မြန်မာသက္ကရာဇ် ၁၂၆၅ တွင် အသစ်ထပ်မံပြုပြင် ရာတွင် (ပထမအကြိမ်) ထီးတော်တင်သည့်အခါ အကအခုန်များ၊ ဆိုင်းဝိုင်းများ ထည့်သွင်းကာ စည်စည်ကားကား ကျင်းပကြပါသည်။ ကသာသူ ကသာသားများ ဝမ်းမြောက်ပျော်ရွှင်ကြရပါသည်။ ထိုသို့ ထီးတော်တင်ပြီး (၁၃)ရက် အကြာတွင် မုန်တိုင်းတိုက်ခိုက်သောကြောင့် ထီးတော်သစ်မှာ မြေခတော်မူခဲ့ပါသည်။ ထီးတော် မြေခ၍ ကသာသူ ကသာသားတို့ စိတ်အားငယ်ကြပါသည်။ ထိုအချက်ကိုသိသော မန်လည်ဆရာတော်က အားမငယ်ကြစေရန်၊ စေတနာသဒ္ဓါတရား ပြန်လည်နိုးကြား လာအောင် ရေးဖွဲ့ထားပါသည်။ ရှေးရှေး ဘုရားလောင်းတို့၏ ဒါနပါရမီ လှူဒါန်း လိုသောစိတ်ကို သိကြားမင်းက မနေနိုင်ဘဲ ပါရမီဖြည့်ရပုံနှင့် သာဓကဆောင်ကာ အားပေးတော်မူပါသည်။ ထီးတော်မြေခခြင်းကို စိတ်ဓါတ်မကျရန်၊ လောကတွင် ကုသိုလ် ကောင်းမှုပြုလျှင် မလိုလားသော အဖျက်သမားများ ရှိတတ်ပါသည်။ မာန်နတ်သည် မည်သို့ပင် ဖျက်သော်လည်း မပျက်နိုင်ကြောင်းကို ဇာတ်တော်များနှင့် ပုံဆောင်ကာ ရေးဖွဲ့ခဲ့ပါသည်။ ဒုတိယအကြိမ် ထီးတော်တင်သောအခါ ကဿပဘုရားရှင်လက်ထက် ကျောင်းဒကာ သုမင်္ဂလာသူဌေးကြီးအကြောင်း ရေးဖွဲ့ကာ သူဌေးကြီး၏ သဒ္ဓါတရား နှင့် ကသာသူ၊ ကသာသားတို့၏စေတနာ တူညီနေကြောင်း ထပ်ဆင့်နှိုင်းပြထားသည်မှာ အလွန်အကွက်ကျ သင့်လျော်ပါသည်။

ရွှေသာသူ၊ ရွှေသာသားများ သဒ္ဓါတရားပွားများကာ ကုသိုလ်ရှင်များ ရွှင်ပြလာအောင် ဇာတ်နိပါတ်တို့အား ကိုးကား၍ ရေးဖွဲ့ထားပါသည်။ ရွှေသာသူ၊ ရွှေသာသားများအား စံနမူနာထားကာ ပြည်သူတို့အား သဒ္ဓါတရား ပွားများလာစေရန် ရည်ရွယ်၍ ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် ဆရာတော်၏ စာပေများသည် လောကီအတွက်သာမက လောကုတ္တရာအတွက်လည်းကောင်း အကျိုးရှိလှပါသည်။ မိမိရပ်ရွာချစ်စိတ်နှင့် လူမှုဘဝတွင် နေထိုင်တတ်စေရန် သြဝါဒပေးထားသော စာပေများဖြစ်ကြောင်း တွေ့ရပါသည်။

## နိဂုံး

မန်လည်ဆရာတော်၏ 'ရွှေဂူကြီးဘုရားဘွဲ့သံချိုများ' ကို လေ့လာတင်ပြခဲ့ပြီးဖြစ်ပါသည်။ မြန်မာစာပေလောကတွင် ထင်ရှားသော ရဟန်းစာဆိုတော် မန်လည်ဆရာတော်၏ သံချိုကဗျာများကို လေ့လာခြင်းဖြင့် ဆုံးမသြဝါဒများနှင့် မိမိရပ်ရွာအကျိုးတို့ကို ရည်ရွယ်၍ စပ်ဆိုထားကြောင်း တွေ့ရသဖြင့် ဆရာတော်၏ရပ်ရွာချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို တွေ့ရပါသည်။

## ကျမ်းကိုးစာရင်း

ကဝိန္ဒာဘိဝံသ (မဟာထေရ်)။ (၁၉၉၂)၊ ***ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု (ပထမတွဲ)၊ ဇာကနိပါတ်၊*** ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***ခရီးဆောင်မြန်မာအဘိဓာန်***။ ရန်ကုန်၊ ဥက္ကာကျော်ပုံနှိပ်တိုက်။

ဉာဏာဒိစ္စ၊ အရှင်၊ ဆရာတော်။ (၁၉၆၂)။ ***အဘိုးတန် မန်လည်ကဗျာများ***၊ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်။

နီငြိမ်း (အညာတက္ကသိုလ်)။ (၂၀၀၆)။ ***မန်လည်ဆရာတော်***၊ ရန်ကုန်၊ စာပေဗိမာန်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ဥပကဆာဝါ ဟောစာမှ လူ့သဘာဝအဖွဲ့ကောင်းများ လေ့လာချက်

လှလှအောင် *

## စာတမ်းအကျဉ်း

ဦးပုညသည် ကုန်းဘောင်ခေတ်တွင် အဋ္ဌကထာစာပေလာ ဥပကဆာဝါ ဇာတ်လမ်းကို ဟောစာပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ခဲ့ပါသည်။ ဤစာတမ်းတွင် ဦးပုည၏ဥပကဆာဝါဟောစာမှ လူ့သဘာဝအဖွဲ့ကောင်းများကို လေ့လာတင်ပြထားပါသည်။ ထို့သို့ လေ့လာတင်ပြရာတွင် အခန်း(၁) ဟောစာ၏သဘော၊ အခန်း(၂) စာဆိုဦးပုည၏အတ္ထုပ္ပတ္တိ၊ အခန်း(၃) ဥပကဆာဝါဟောစာမှ လူ့သဘာဝအဖွဲ့ကောင်းများ လေ့လာချက် ဟူ၍ အခန်း(၃)ခန်း ခွဲ၍ လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရ** – ***အဋ္ဌကထာစာပေ၊ ဟောစာ၊ ဟောစာသဘော၊ လူ့သဘာဝအဖွဲ့ကောင်း။***

## နိဒါန်း

မြန်မာစာပေသည် ဗုဒ္ဓစာပေကို အခြေခံပြီး ထွန်းကားလာခဲ့သည်။ ဗုဒ္ဓစာပေ ဇာတ်ဝတ္ထုများသည် မြန်မာစာဆိုတို့၏ စာပေဖန်တီးရေးဖွဲ့မှု စိတ်ကူးဉာဏ်ကို အမျိုးမျိုး ကွန့်မြူးရေးဖွဲ့စရာ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ အင်းဝခေတ်မှစ၍ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်အဂ္ဂသမာဓိ စသော ရဟန်းစာဆိုတို့သည် ဗုဒ္ဓစာပေများကို အမှီပြု၍ ဇာတ်လမ်းပါသော ပျို့အသွင်ဖြင့် ရေးဖွဲ့ခဲ့ကြသည်။ ပျို့စာပေကို ရေးဖွဲ့ကြရာတွင် တရားလည်းပါ၊ စကားလည်းသာအောင် ရေးဖွဲ့ကြသည်။ ဗုဒ္ဓဝင်ဇာတ်နိပါတ်ကို အခြေခံ၍ လောက၊ ဓမ္မ၊ ရာဇရေးဆိုင်ရာ မှတ်သားဖွယ်များကို ဇာတ်လမ်းထဲ၌ ထည့်သွင်းရေးဖွဲ့ကြသည်။ ထိုမှတစ်ဆင့် ကုန်းဘောင်ခေတ်တွင် ဗုဒ္ဓဝင်ဇာတ်နိပါတ်စာပေအဖွဲ့ ပုံစံသစ်များဖြစ်ကြသော ဟောစာနှင့် သာချင်းများ ထွန်းကားလာပြန်သည်။ ပျို့တွင် စာဆိုတို့သည် အတည်အခန့် ဖွဲ့ကြသော်လည်း ဟောစာနှင့် သာချင်းများတွင်မူ မူလဘုရားဟော ဇာတ်နိပါတ်ကို အခြေခံ၍ ဟာသရောစွက်ကာ လောကသဘာဝများကို ဖွဲ့ဆိုလာကြသည်။ ဟာသပါအောင် ဖွဲ့ရာ၌ ဘုရားဟောဇာတ်လမ်းပါ ဇာတ်ဆောင်တို့ကို လူ့သဘာဝကျပြီး မြူးမြူးကြွကြွဖြစ်အောင် ဖွဲ့ခြင်း ဖြစ်သည်။ ဟောစာ၏ ပုံစံကပင် ပရိတ်သတ် နာချင်စဖွယ်ဖြစ်အောင် စာဆို၏ အာဝဇ္ဇန်းဖြင့် သွက်သွက်မြူးမြူး

---

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်

ဖွဲ့ဆိုလေ့ ရှိသည်။ ထိုအထဲတွင် ဦးပုညလည်း အပါအဝင် ဖြစ်သည်။ စာဆို ဦးပုညသည် ပင်ကိုကပင် ဟာသဉာဏ်ရှိပြီး လူ့သဘာဝအဖွဲ့စွမ်းရည် ထက်မြက်သော စာဆိုဖြစ်သဖြင့် သူ့စာများကို ဖတ်ရသော ပရိသတ်အဖို့ ရယ်ရယ်မောမောနှင့် အဆုံးတွင် နှစ်သက်ခြင်းရသကို ခံစားကြရပါသည်။ ဦးပုညသည် လောကသဘာဝ၊ လူ့သဘာဝကို ရှုမြင်တတ်ပြီးလျှင် အရေးအဖွဲ့လည်း ကျွမ်းကျင်လှသည်။ ဤစာတမ်းတွင် စာဆို ဦးပုည၏ ဥပကဆာဝါဟောစာမှ စာဆို၏ လူ့သဘာဝအဖွဲ့စွမ်းရည်ကို လေ့လာတင်ပြထားပါသည်။

## ၁။ **ဟောစာသဘော**

မြန်မာစာပေတွင် အင်းဝခေတ်၌ ပို့လက်ာပေါ်ထွက်ပြီးနောက် သုတ္တန်ဒေသနာတို့ကို ဝတ္ထု ဇာတ်လမ်း ရည်ညွှန်းဖွင့်ဆို၍ ဟောပြောရန်အတွက် အလင်္ကာဖြင့် မွမ်းမံရေးဖွဲ့သော ဟောစာများ ပေါ်ထွက်လာပါသည်။

တောင်ငူခေတ်တွင် စာဆို မင်းဗေယျရန္တမိတ်သည် သာချင်း ဟူသော အဖွဲ့အနွဲ့သစ်တစ်မျိုးကို တီထွင်ဖွဲ့ဆိုသဖြင့် ဥတေနသာချင်း၊ ပဋ္ဌာစာရီ သာချင်း၊ စိဥ္စမာဏာသာချင်းများ ပေါ်ထွက်ခဲ့သည်။ မင်းဗေယျရန္တမိတ်၏သာချင်းတွင်–

> "အောင်ဆုဆင်မှ၊ မင်္ဂလာကြီး၊ ဟောစာကြိယာ၊ သြဘာ
> ကျူးဟိတ်၊ ဇမ္ဗူဒိပ်တွင်၊ နိမိတ်အရှည်၊ နိုင်ငံစည်သည်၊
> နတ်ပြည်ကြွေသွောင်း၊ ဘေးတော်လောင်းတို့၊ ဖောင်းစလွယ်အပ်၊
> စွဲရွှေယပ်နှင့်၊ ခဝပ်ကြည့်ရှင်၊ မင်းယင်ပြင်မှာ၊ လျှောက်တင်ခြီးရသည်"

ဟု သာချင်းနှင့် ဟောစာ အတူတူပင်ဖြစ်သကဲ့သို့ ဖွဲ့ဆိုထားပါသည်။ ဟောစာမှ သာချင်း၊ သာချင်းမှ ရကန် ဟူသော အဖွဲ့အနွဲ့ ပေါ်ပေါက်လာဟန် ရှိပါသည်။ ဟောစာအရေးအဖွဲ့သည် ဆင်ဖြူရှင်မင်းတရား ယိုးဒယားကို အောင်မြင်သော ခရစ်နှစ် ၁၇၆၇ ခုနှစ် အရောက်တွင် လူထုကြား၌ ရေပန်းစား၍ ထင်ပေါ်ကျော်ကြား နေသည်ဟု ဆိုပါသည်။[၁]

ကုန်းဘောင်ခေတ်နှောင်းတွင် ဦးပုည၏ ဥပက၊ဆာဝါဟောစာသည် ထင်ရှား လှသည်။ မန်လည်ဆရာတော်ကလည်း ဆာဝါရတု ဟူ၍ ရေးသားဖွဲ့ဆိုခဲ့ပေ သေးသည်။

---

[၁] Burmese Drama, 1935, 13.

နှောင်းခေတ်ဟောစာများအနက် ဆင်ဖြူကျွန်းဆရာသင်၏ ဗုဒ္ဓဝင်ဟောစာ သုံးတွဲ၊ ဓားပိန်ယိမ်းဆရာဦးမောင်ကြီး၏ ဝေဿန္တရာဟောစာနှစ်တွဲ၊ ဦးလူဖြူအောင်၏ နာရဒဖောင်မျှောဟောစာ၊ ဦးမောင်သိန်း၏ တေမိယဟောစာနှင့် ကိန္နရာဝတီဟောစာ၊ ပဋ္ဌာစာရီဟောစာတို့မှာ ထင်ရှားလှပါသည်။

မြန်မာနိုင်ငံတွင် ကွက်စိပ်စာပြောသဘင်ကို အထက်မြန်မာပြည် မန္တလေး မြို့တော်မှစပြီး အောက်နယ်တစ်ခွင်သို့ ပျံ့နှံ့လာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က မန္တလေးမြို့တွင် စာပြောသဘင်များ လွန်စွာခေတ်စားခဲ့သည်။ ဟောစာအရေးအသားနှင့် ပတ်သက်၍–

မြန်မာ အင်္ဂလိပ် အဘိဓာန်တွင်–

> "ဟောစာ / Script with embellishment for oral presentation of jataka stories ဇာတက ဖြစ်ရပ်များ၊ ဇာတကဇာတ်ကြောင်း များကို နှုတ်ဖြင့် ပြောဆိုတင်ပြနိုင်ရန်အတွက် စိတ်ကူးဉာဏ်ဖြင့် ရေးသားထားသည့်စာ"[၁]

ဟု ဖွင့်ဆိုပါသည်။ အလားတူ ငွေဥဒေါင်း၏ သီးခြားစာဝက်ပါတွင်–

> "ဟောစာမှာ ကွက်စိပ်သဘင်၊ ကွက်စိပ်ဆရာများအတွက် ဖြစ်၏ သို့မဟုတ် ကွက်စိပ်ဆရာများ၏စာ ဖြစ်သည်။ ကွက်စိပ်ဆရာ၏ အဓိက အရည်အသွေးမှာ စာ ဖြစ်၏။ ယင်းကွက်စိပ်များကို ရိုက်နှိပ်ထားသော စာအုပ်သည် ဟောစာ ဖြစ်၏"[၂]

ဟု ဖွင့်ဆိုပါသည်။

မောင်ခင်မင်(ဓနုဖြူ)၏ ဘာသာအမြင် စာပေအမြင်စာအုပ်တွင်–

> "ဟောရန် ပြောရန် ရည်ရွယ်ရေးဖွဲ့သော ဟောစာသည်လည်း ရှင်မြူးသွက်လက်သည့် စာပေပုံသဏ္ဌာန်မျိုး ဖြစ်ပါသည်။"[၃]

ဟု ဆိုပါသည်။

အထက်ပါ အဆိုအမိန့်အမျိုးမျိုးကို သုံးသပ်၍ ဟောစာဆိုသည်မှာ ဗုဒ္ဓစာပေ ဇာတက ဇာတ်ကြောင်းများမှ ဓမ္မဆိုင်ရာ အသိအမြင်များကို နားလည်လက်ခံနိုင်

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၃၊ ၅၂၉။
[၂] ကြီးမောင်၊ ၁၉၆၉၊ ၂၃၀–၂၃၂။
[၃] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၃၃၉။

စေရန် ရွှင်မြူးသွက်လက်စေရန် ရေးသားထားသည့် စာပေတစ်မျိုး ဖြစ်ကြောင်း သုံးသပ်မိပါသည်။

## ၂။ စာဆိုအတ္ထုပ္ပတ္တိ

စာဆိုဦးပုညသည် ၁၁၇၄ ခုနှစ် ဖွားမြင်၍ ၁၂၂၈ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည်။ ဖခင် ဦးမြတ်စံ၊ မိခင်မှာ ဒေါ်လှရင် ဖြစ်ပါသည်။

ငယ်စဉ်က စလေမြို့တွင် ပညာသင်ကြား၍ နောင်သော် အမရပူရမြို့တွင် ပညာဆည်းပူးသည်။ သာမဏေဝတ်ရာတွင် ရှင်ပုည ဟူသော ဘွဲ့ခံယူ၍ ပိဋကတ်၊ ဗေဒင်၊ ကဗျာ၊ လင်္ကာ တတ်ကျွမ်းသဖြင့် မင်းတုန်းမင်းကြီးထံတွင် လက်ဖက်ရည်တော် အရာဖြင့် အမှုထမ်းရာ မင်းလှသခ်ယာဘွဲ့နှင့် ရွာစည်ရွာကို စားရသည်။

သာယာဝတီမင်းလက်ထက်တွင် ကျောင်းဒါယကာမများ၊ ဗေဒင်မေးလာသော အမျိုးသမီးများနှင့် အဆက်အဆံများသောကြောင့် မြို့အုပ်မင်း သင်္ကာမကင်းဖြစ်ပြီး ၁၁၉၉ တွင် လူထွက်ရသည်။ ၁၂၀၆၊ ၁၂၁၄ တွင်လည်း လူထွက်ရသည်။ ထို့ကြောင့် ဦးပုညသည် ရဟန်းလောက၊ လူ့လောက သဘောသဘာဝကို နှံ့စပ်ကျွမ်းကျင်သူ ဖြစ်ပါသည်။

ဦးပုညရေးသားပြုစုသော စာပေမှာ မန္တလေးဘွဲ့မော်ကွန်း၊ ရတနာနဒီမော်ကွန်း၊ ဇင်းမယ်နိုင်မော်ကွန်း၊ ဥပကနှင့် ဆာဝါဟောစာ၊ ဝေဿန္တရာဟောစာ၊ ဝေဿန္တရာ ပြဇာတ်၊ ကောသလပြဇာတ်၊ ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်၊ ပဒုမပြဇာတ်၊ ကုသပြဇာတ်၊ မေတ္တာစာ၊ တေးထပ်၊ ဝတ္ထုတို့ ဖြစ်ပါသည်။

## ၂.၁။ ရည်ရွယ်ချက်

ဦးပုညသည် ဥပက၊ဆာဝါဟောစာကို သီတင်းသုံးဖော် ပညာဝံသ၏ တိုက်တွန်းချက်အရ ရေးသားကြောင်း ဥပက၊ ဆာဝါဟောစာ နိဒါန်းတွင်–

> "မြတ်နိုးစရာ၊ ရှင်ဆာဝါနှင့် ဆရာဥပက၊ ဝတ္ထုလမ်းကြောင်း
> ရှိနှင့်ဟောင်းကွင်၊ ပျောင်း၍ကြွအောင်၊ ချိုမြသာယာ၊ စီကုံးပါဟု၊
> ဦးပညာဝံသ၊ သမဂ္ဂချင်း၊ သီတင်းသုံးဖော် ရဟန်းတော်က၊
> မြွက်ဖော်ဖန်ဖန်၊ တိုက်တွန်းပြန်သောကြောင့်"[၁]

---

[၁] ပုည၊ ဦး၊ ၁၉၅၉၊ ၁။

ဟု ဖော်ပြထားပါသည်။

ဥပက၊ဆာဝါဟောစာ ရေးသားရသော ရည်ရွယ်ချက်မှာ ရဟန်းဘဝမှ လူဝတ်လဲမှုကို တားဆီးလိုခြင်း ဖြစ်ဟန်တူပါသည်။ လောကီလူသားဘဝသည် လိုချင်တပ်မက်မှုတဏှာ၏ ကျေးကျွန်ဖြစ်ရပုံကို သံဝေဂယူစေလိုသည့်အတွက် ဟောပြော သွန်သင်ဆုံးမနိုင်ရန် ရေးဖွဲ့ခြင်း ဖြစ်ဟန်တူသည်။

ကိုယ်တိုင်ကလည်း ရဟန်းဘဝ၊ ရဟန်းလူထွက်ဘဝ အတွေ့အကြုံရှိခဲ့သော ဦးပုညသည် လူဝတ်လဲလျှင် ဘုန်းကြီးလူထွက်တို့ လောကလူမှုရေးရာ မကျွမ်းကျင်၊ မလိမ္မာသော် အဘယ်မျှ ဒုက္ခတွေ့တတ်သည်ကို သတိပေးလိုခြင်း ဖြစ်ဟန်တူပါသည်။ မိမိ၏ကိုယ်တွေ့ခံစားမှုအချို့ကို ဆင်ခြင်မိသော စာဆိုသည် ဥပက၏ လူ့သဘာဝကို ထိထိမိမိ ရေးသားလျက် ရမ္မက်ကျွန်၏အဖြစ်ကို သရော်ထားသည့် ဟောစာ ဖြစ်ပေသည်။

## ၃။ လူ့သဘာဝအဖွဲ့

ဇာတ်လမ်းပါသော ရသစာပေများတွင် လူ့သဘာဝအဖွဲ့ကောင်းများ ပါဝင်တတ်ပါသည်။ ရသစာပေကောင်းတို့မည်သည် ပတ်ဝန်းကျင်ဘဝအကွက်ကို မြင်ယောင်လာစေနိုင်စွမ်း ရှိသည်။ လူ့သဘာဝအဖွဲ့ကောင်းများကို နှစ်သက်ရာမှ မိမိနှင့် မိမိပတ်ဝန်းကျင်ကို ဆင်ခြင်မိခြင်းဖြင့် ဘဝအမောပြေစေနိုင်သည်။

မြန်မာအဘိဓာန် အကျဉ်းချုပ်တွင်–

> “သဘော န / သွဘော /သဘာဝ ဖြစ်မြဲ ပြုမြဲ အကြံအစည်၊
> အပြုအမူ၊ အနေအထိုင်၊ အလေ့အထ စသည်”[၁]

ဖွင့်ဆိုသည့်အတိုင်း လူ့သဘာဝအဖွဲ့တွင် လောကရှိ လူသားတို့ ပြုမြဲ ဖြစ်မြဲရှိသည့် အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ အလေ့အထများပင် ဖြစ်ပါသည်။

စလေဦးပုညကို မြန်မာတို့၏ ရှိတ်စပီးယားဟု ဦးရွှေကြူးက ဆိုခဲ့ဖူးပါသည်။ ရှိတ်စပီးယားဟု ဆိုရာတွင် လောကသဘာဝ၊ လူ့သဘာဝတို့ကို ထိုးထွင်းသိမြင်တတ်သော ဉာဏ်ရှိရာတွင် တူသောကြောင့်ဖြစ်သည်ဟူသော အကြောင်းပင် ဖြစ်တန်ရာသည်ဟု ဆရာဇော်ဂျီက ဆိုခဲ့ပါသည်။[၂]

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၈၀၊ ၁၇၆။
[၂] ဇော်ဂျီ၊ ၁၉၆၃၊ ၁၃။

ဟောစာသည် ဖတ်ရုံသက်သက်မဟုတ်ဘဲ ပရိသတ် နာချင်စိတ်ပေါ်အောင် ဟောနိုင် ပြောနိုင်ရန် ရည်ရွယ်ဖွဲ့ထားသည့်အလျောက် ဟောစာတွင် စာဆို၏ အာဝဇ္ဇန်းသည် အရေးပါပါသည်။ ဥပကဆာဝါဟောစာသည် ဦးပုည၏လက်ရာ ဖြစ်သည့်အလျောက် လူ့သဘာဝကို ပိုင်နိုင်သည့် စာဆိုဖြစ်၍ မူရင်းဝတ္ထု အတည် အခံ့စာသည် အာဝဇ္ဇန်းကောင်းဖြင့် ဖန်တီးသော လူ့သဘာဝအဖွဲ့ကောင်းများကြောင့် ရွှင်မြူးသွက်လက် အသက်ဝင်လာပါသည်။

## ၃၊ ၁။ ဇာတ်လမ်းကဏ္ဍ

ဗုဒ္ဓဝင်အကြောင်းအရာ ဥပကဆာဝါအတ္ထုပ္ပတ္တိသည် မှတ်သားဖွယ် သံဝေဂ ယူဖွယ် ကောင်းလှသဖြင့် နောက်ပိုင်းတွင် ကျီးသဲလေးထပ်ဆရာတော်၊ မန်လည် ဆရာတော်တို့ကလည်း ရေးသားခဲ့ကြပါသည်။

ကျီးသဲလေးထပ်ဆရာတော်၏ ဖွားသက္ကရာဇ်မှာ ၁၁၇၉–၁၂၅၆ ဖြစ်ပြီး မန်လည်ဆရာတော်မှာ ၁၂၀၃ ခုနှစ်တွင် ဖွားပြီး ၁၂၈၁ တွင် ကွယ်လွန်သည်။ ဦးပုညမှာ ၁၁၇၄ တွင် မွေးဖွားပြီး ၁၂၂၉ ခုတွင် ကွယ်လွန်သဖြင့် ကျီးသဲလေးထပ် နှင့် မန်လည်ဆရာတော်တို့ထက် စောသည်မှာ သေချာလှပါသည်။ ထို့ကြောင့် ဦးပုညသည် ဥပကဆာဝါ ရေးသားရာ၌ တထာဂတဥဒါနဒီပနီစာပါ ထေရီဂါထာ၊ အဋ္ဌကထာ၊ ဓိနတ္ထပကာသနီ တို့ကိုမှီ၍ ရေးသားထားသည်ဟု ယူဆရပါသည်။[၁] ထို့ကြောင့် မူရင်းအဋ္ဌကထာထက် ပိုမိုစိတ်ဝင်စားအောင် ချဲ့ထွင်ကြောင်း တင်ပြ ပါမည်။

မူရင်းဇာတ်မှာ ဥပကတက္ကဒွန်းသည် မြတ်စွာဘုရားနှင့် ပဥ္စဝဂ္ဂီတို့ထက် ဆောလျင်စွာ တွေ့သော်လည်း အကျွတ်တရားမရဘဲ ဝင်္ဂရာစဏ္ဍာပိမုဆိုး၏ အိမ်ဝင်းတွင်း တဲဆောက်ကာ ကိုးကွယ်ခြင်းခံကာ နေရသည်။ မုဆိုးသည် ဆာဝါအား ဆွမ်းကွမ်း လုပ်ကျွေးရန် တာဝန်ပေးပါသည်။ ဥပကသည် ဆာဝါကို မြင်တွေ့သော် တမ်းတမ်းစွဲပြီး အရူးတပိုင်းဖြစ်မှုကြောင့် ပေးစားလိုက်ရသည်။ ဥပကသည် ယောက္ခမမုဆိုးနှင့် သားကောင် ထမ်းရောင်းရသည်။ ဆာဝါက တစ်နေ့မှ မကြည်ဖြူဘဲ သုဘဒ္ဒ ဆိုသော သားတစ်ယောက်ရလျှင် ဥပကကို စောင်းမြောင်းဆိုမြည်ရာ ဥပကကြီး မခံရပ်နိုင်ဖြစ်၍ ဘုရားထံ ထွက်ပြေးကာ ကျွတ်တမ်းဝင်လေသည့်အကြောင်း ဖြစ်ပါသည်။

မူရင်းဇာတ်တွင် တစ်နေ့သ၌ မုဆိုးကြီးသည် ဆာဝါအမည်ရှိသော သမီးကို ‘ငါဆရာအား ကောင်းမွန်စွာ လုပ်ကျွေးရစ်ဟု မှာ၍ သား၊ ညီတို့နှင့်တကွ တောအမှု

---

[၁] ကြူကြူသင်း၊ ၁၉၉၅၊ ၄၂။

လုပ်သွားလေ၏’ ဟု ပါရှိသည်။ ဦးပုညကမူ တောအမှုလုပ်ရန် မုဆိုးကြီးက တောထွက်ရန်အတွက် တောလိုက်ခွေးပြင်ပုံကို–

> “စစ်ခြေယွင်းချော်၊ မတော်၍သူ့တပ်၊ ဆုတ်ကပြီ မှတ်ကာမှ
> တစ်ခုလပ်ခွေးမသင်းကို၊ တပ်တွင်းကလွှတ်၍၊ ရှုပ်ရှုပ်ချုံချုံ၊
> လိုက်လံကိုက်ခဲစေရမည်။ ခွေးလူပျိုသိုး ကျားထက်ဆိုးများကို၊
> ပဲခူး၊ ဒလ၊ အောက်ပြေက ရခဲ့တဲ့၊ ဝဲသူမအရီး၊ အောင်နက်ကြီးကို၊
> အပြီးလက်မှတ်၊ စစ်ကဲပေးအပ်၍၊ တပ်မတော်လကျာ်က၊ ရန်လာလျှင်
> လှောင်မိအောင်၊ ဂဋ္ဌုန်တောင်စွဲရပ်စေ”[၁]

ဟု တပ်ခင်းသည့်နှယ် ကြီးကြီးကျယ်ကျယ် ဖွဲ့ဆိုထားသည်။ အလုပ်လုပ်လျှင် သေချာ စီမံတတ်သည့် အမှုအကျင့်ကို တင်ပြရာ၌ ခွေးပုံစံ ခွေးအမျိုးအစားဖြင့် တစ်ခုလပ်၊ လူပျိုသိုးများနှင့်တွဲဖက်၍ ခွေးအမှုအကျင့်များကိုပါ သရုပ်ဖော်တင်ပြထားသဖြင့် စာဟန် ရှင်မြူး သွက်လက်လာပါသည်။

မူရင်းဇာတ်တွင် ဥပကသည် နက်ဖြန်မိုးသောက်တွင် မုဆိုးကြီးအိမ်သို့ ဆွမ်းစားလာ၍ဟုသာ ပါရှိသော်လည်း ဥပက၊ဆာဝါပျိုစာတွင် ဥပကသည် ဆာဝါအိမ်သို့ လာသောအခါ ဖြစ်ပေါ်နေသော အတွေးစိတ်ကို စာဆို၏စိတ်ကူးဖြင့် ဖြည့်စွက်၍–

> “ငါကလည်းရဟန်း၊ သူကလည်း အပျိုဖျန်း၊ ယမ်းနှင့်မီးပွား
> ဆားနှင့်ချဉ်သီး၊ မနီးစေရာ၊ သည်တစ်ခါမှာ၊ ဓမ္မသောက၊
> ရန်ဖက်ကြီးကျချည်၊ ခက်စွတကား”[၂]

ဟု ဖွဲ့ဆိုထားရာ မရိုးသားသောစိတ်ဖြင့် အိန္ဒြေပျက်၊ နေမထိ ထိုင်မသာ ဖြစ်နေသည့် အတွင်းစိတ်သဘာဝကို ဖော်ကျူးထားပါသည်။

မူရင်းဇာတ်လမ်းတွင်–

> “အမဲထမ်းတတ်သည်ဆိုလျှင် သည်မျှပင်ကိုလည်း ငါကြိုက်၏
> ဟု မိမိတွင်ပါသော အပေါ်ရုံပုဆိုးကို ပေးဝတ်စေရာ အိမ်သို့
> ခေါ်ခဲ့၍ သမီးဆာဝါနှင့် ပေးစား၍”

---

[၁] ပုည၊ ဦး၊ ၁၉၅၉၊ ၈–၉။
[၂] ပုည၊ ဦး၊ ၁၉၅၉၊ ၁၀။

ဟုသာ ပါရှိပါသည်။ ဦးပုညက မူရင်းဇာတ်တွင် မပါဝင်သော မုဆိုးက သမီးကို ဥပကအားယူရန် နားချသော ဇာတ်ကွက်ကို ချဲ့ထွင်၍–

"အရိုးရင့်လေ၊ အဖိုးမြင့်လေ၊ ဟိုများ၊ ကာလသားကဲ့သို့၊ စိတ်ထားဖြင့် သွေ့ပေဘူး၊ သည်းခြေငြိမ်ဆေး၊ သွေးငြိမ်ဆေး၊ ရှောင်ဝေးချင်ယောင်၊ ဟန်မဆောင်နှင့်"[၁]

ဟု အိမ်ထောင်ပြုလျှင် သည်းခြေ၊ သွေးငြိမ်မည်ဖြစ်သောကြောင့် ဟန်မဆောင်ရန် ပြောသော မုဆိုး၏စကားသည် လူတစ်ယောက်ကို ကြည်ညိုလျှင် အဆုံးစွန်ထိ ပေးဆပ်တတ်သော လူ့သဘော၊ လူ့မနောကို ပြဆိုပါသည်။ မိမိလိုရာသို့ ဆွဲ၍ ပြောတတ်သော လူ့သဘာဝအဖွဲ့ကို သွက်သွက်မြူးမြူးစာဟန်ဖြင့် ရေးထားသည်။

ဥပကနှင့် ဆာဝါယူပြီးနောက် ဆာဝါက ဥပကကို မမြတ်နိုး၍ သီချင်းဖြင့် ပြက်ရယ်ပြုပုံကို တထာဂတဥဒါနဒီပနီတွင်–

"သားငယ်ကို ဖြားယောင်းသော သီချင်းဖြင့် ဥပကကို ပြက်ရယ်မှု ဆို၏၊ ဥပကလည်း ငါ့ကို မလေးမလောက် ဆာဝါဆိုသည် ဟူ၍ဆိုလျှင် ဤမျှသောစကားဖြင့်ပင် ဥပက ငြီးငွေ့၏ မှတ်၍ အထပ်ထပ် ဆာဝါက ပြက်ရယ်မှု ပြုတတ်၏၊ ဥပကလည်း ငြီးငွေ့၏"

ဟုလည်းကောင်း၊

ဇိနတ္ထပကာသနီ ပဋ္ဌမတွဲတွင် ထိုသူငယ် ငိုယိုသောအခါ–

"အမိစာဝါလည်း လွန်စွာငေါက်ငမ်းလျက် သားထမ်းသမား၏သား၊ မုဆိုးနောက်လိုက် လူထွက်မိုက်၏သား ငါ့အား အပူမရှာနှင့် စသည်ဖြင့် တိုက်ခိုက်ထိပါးကာ ဆို၏။"[၂]

ဟုသာ ပါရှိ၍ ရသမမြောက်၊ မပေါ်လွင်လှပေ။ ဟောစာတွင်မူ ဆာဝါက–

"ရဟန်းကျိုးပီပီ၊ ကျောင်းဆောင်ထဲမှာ၊ ပျော်လဲမပျော်လို့၊ လူလူလိုလိုရှိပါပဲနှင့်၊ လူထဲကိုလာပြန်ချင်တယ်၊ ဆိုးလူထွက်ကယ်"[၃]

---

[၁] တထာဂတဥဒါနဒီပနီ၊ ၁၉၅၀၊ ၁၄၆။

[၂] ကျီးသဲလေးထပ်ဆရာတော်၊ ခုနှစ်မပါ၊ ၆၄။

[၃] ပုည၊ ဦး၊ ၁၉၅၆၊ ၂၃။

ဟု ပြောဆိုသည်။ ရဟန်းလူထွက်တို့အနေနှင့် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျ မဖြစ်တတ်သည့် သဘာဝကိုပေါ်အောင် ဖွဲ့ဆိုထားသည်။ 'ရဟန်းကျိုး' ဆိုသော အသုံးက ဆိုလိုချက် ထိမိစေသည်။ ဆာဝါက ဥပကအပေါ် အထင်အမြင်သေးသော အမြင်ကို ဖော်ပြနိုင်သည်။

ထိုသို့ ဆဲဆိုသောအခါ ဥပကက–

> "သားသိင်္ဂီ ရွှေရင်သွေးငဲ့၊ မင်းဆိတ်စာငယ်ရှာသေးလို့ ဖေလေး
> ဆိုင်းလို့နေ၊ မင်းကြောင့်ပေါ့လေ"[၁]

ဟု သားကြောင့် အိမ်ကမထွက်ဘဲ ဆိုင်းငံ့နေရသည်ဟု ပြောသောအခါ ဆာဝါက ထမိန်နီကျင်ကျင်ကို ခါးတင်ထိုး၍ ဥပကကို ကိုက်စားမည့်ဟန်ပန်ဖြင့်–

> "ပြေးပါလေ မြန်စွာ၊ လင်မဆာပါဘူး၊ သွားရာ၌တွင်၊ ဆင်ထိုးထိုး၊
> ကျားဆွဲဆွဲ၊ မြွေခဲခဲ၊ ဝက်ပက်ပက်၊ မြေအက်၍မြိုမြို၊ သေလို့သေ
> ရှင်လို့ရှင်"[၂]

ဟု ကက်ကက်လန် ရန်တွေ့သည်။ ဥပကကဲ့သို့ မိမိထက် အသက်ကြီးသော ဘုန်းကြီးလူထွက်ကို အပျိုအရွယ်လေး ဆာဝါသည် မည်သို့မျှ မနှစ်သက်နိုင်ပေ။ ထိုသူမျိုးကို လင်လုပ်ရသည့်အတွက် ဒေါသထွက်နေမိမည်ပင်။ ထိုအချက်သည်လည်း လူ့သဘာဝပင် ဖြစ်သည်။ ထိုလူ့သဘာဝအဖွဲ့ကို ဆာဝါအပြောဖြင့် ပေါ်လွင်အောင် ချဲ့ထွင်ရေးဖွဲ့ထားသည်။ 'လင်မဆာပါ' ဆိုသည့်အသုံးက ဥပကအပေါ် ခါးသည်းမှု၊ မနှစ်မြို့မှုကို ဖော်ပြနေသည်။ 'ဆင်ထိုးထိုး၊ ကျားဆွဲဆွဲ၊ မြွေခဲခဲ၊ ဝက်ပက်ပက်' စသည့် အဖွဲ့များက ဥပကအပေါ် မေတ္တာမရှိသည့်အလျောက် ဥပေက္ခာပြုထားသည့် ဆာဝါ၏စိတ်ကို ဖော်ပြနေသည်။ ဥပကကို ယူရသည့်အတွက် နာကျင်ခံစားမှုကို ဖော်ပြနိုင်သည်။ ဒေါသစိတ်ပြင်းထန်မှုကို သွက်လက်သောစာဟန်က ဖော်ပြနေသည်။ သွက်လက်ပြီး ခံစားမှုအဖွဲ့ပါသော စာဟန် ဖြစ်သည်။ မတူညီသော နှစ်ကြိမ်ထပ်ကြိယာများကို ဆက်တိုက်သုံး၍ ရေးဖွဲ့ထားပါသည်။

---

[၁] ပုည၊ ဦး၊ ၁၉၅၆၊ ၃၇။
[၂] ပုည၊ ဦး၊ ၁၉၅၆၊ ၃၉။

## ၃၊ ၂။ ဇာတ်ဆောင်ကဏ္ဍ

ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုပေါ်မူတည်၍ ဇာတ်လမ်းကို သယ်ဆောင်သွားလေရာ ဇာတ်ဆောင်၏ လူ့သဘာဝအဖွဲ့ကောင်းများသည် လောကရှိ လူတစ်ချို့တွင် ရှိတတ်သော စရိုက်ကို ဖော်ပြနိုင်သည်ကို တွေ့ရှိရပါသည်။

### ၃၊ ၂၊ ၁။ ဥပက

ဥပကသည် မြတ်စွာဘုရားကို ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးတို့ထက်အလျင် ဂယာသီသရွာသို့ မရောက်ခင် လမ်းခရီးတွင် ဆောလျင်စွာ ဖူးမြော်ခဲ့ဖူးသူ ဖြစ်သည်။ သို့သော် တရားဦးမရှာထိုက်သူ ဖြစ်သဖြင့် ကျွတ်တမ်းမဝင်ခဲ့ရသူ ဖြစ်သည်။ စဏ္ဍာမိမုဆိုးက ဥပကအား ရဟန္တာအမှတ်ဖြင့် ကိုးကွယ်သဖြင့် မုဆိုး၏သမီး ဆာဝါက ဥပကကို ဆွမ်းကပ်လှူဒါန်းပါသည်။

ဥပကသည် ဆာဝါကိုတွေ့မြင်ပြီးနောက် ကျောင်းတွင် ဆွမ်းကိုမျှ မသုံးဆောင်နိုင်ဘဲ ငေးမှိုင်တွေဝေ၍ သူ့အနား ဆာဝါရှိနေသည့်ပမာ ကယောင်ကတမ်းဖြင့်–

> "တိုးပါနှင့်လူဆီ၊ သီပါနှင့်လူအနား၊ ကိုယ်တို့မှာ ကြောင်တောင်နှင့်
> အိုပြောင်ရန်များ"[၁]

အမူပိုပြီးပြော၍–

> "ရွှေပါးတော်မို့မို့ကို၊ ကိုက်လိုက်လို့နော်၊ တစ်သက်ပန် ပုန်းရှော့မည်၊
> ဘုန်းရွှေမော်"[၂]

ဟု ကြိမ်းသံဖြင့် ပြောဆိုခြင်းဖြင့် ဇာတ်ကောင်၏အတွေးစဉ်ကို အနုစိတ် ခြယ်မှုန်းပါသည်။ တဏှာ၏ဖမ်းစားခံရသော လူ၏စိတ်သည် ပုံမမှန်ဘဲ အရူးတစ်ယောက်ကဲ့သို့ ဖြစ်တတ်သည့် သဘာဝကို ပြဆိုပါသည်။

စဏ္ဍာမိမုဆိုးက ခက်ခဲတတ်သည့် လောကသဘာဝကို သိရှိသူပီပီ တစ်နှစ်ကျော်၊ နှစ်နှစ်ကြာ ဆိုင်းငံ့ရန် တောင်းဆိုသည်ကို ဥပက က–

> "အားပါးလည်းနာပါရဲ့၊ တဏှာအကောင် သည်ခေါင်းပြောင်ကို
> ချီးမြင့်မြတ်လေး၊ လှူဒါန်းပေးလို၊ ကုသိုလ်ဘယ်မှာ ပွားနိုင်ရာလိမ့်"[၃]

---

[၁] ပုညၨ ဦး၊ ၁၉၅၉၊ ၁၂–၁၃။
[၂] ပုည၊ ဦး၊ ၁၉၅၉၊ ၁၂–၁၃။
[၃] ပုည၊ ဦး၊ ၁၉၅၉၊ ၁၈။

ဟုဆိုကာ ငြင်းပယ်ခဲ့သည်။ လူတို့သည် မိမိလိုအင်ဆန္ဒပြင်းထန်လျှင် မည်သို့မည်မျှ ဆိုင်းငံ့မနေတတ်သည့် သဘောစရိုက်ကို ပေါ်လွင်စေပါသည်။ ရဟန်းပင် ဖြစ်လင့်ကစား တဏှာ၏ ဖမ်းစားခြင်းခံရသောအခါ မရှက်မကြောက်တတ်သည့် သဘာဝကို ဖော်ပြသည်။ အားပါးလည်းနာပါရဲ့ ဟူသောအသုံး၊ တဏှာအကောင် သည်ခေါင်းပြောင် ဆိုသော အသုံးများက တဏှာနှင့်ယစ်မူးနေသော ဥပက၏ ကြိုက်မရှက်စရိုက်ကို ပေါ်လွင်စေသည့်အပြင် သရော်သည့် သဘောလည်း ပါသည်။

တဏှာဒွန်းရသေ့ဖြစ်သည့်အလျောက် ဒါယကာမကို ချစ်ကြိုက်မိသည့်အတွက် မုဆိုးကြီးက မေးသည့်အခါ–

> "ငါဆရာမူ၊ ဟိုမှာမယွင်း၊ ဟိုသင်းကိုဝ၊ ဟိုအိမ်ဝဝယ်၊ ဟိုလုလုအား၊ ဟိုအနားတွင် ဘွားခနဲပင်၊ ဟိုဟာကို မြင်သောကြောင့်၊ ငါလျှင်ယခု၊ ဟိုဟာကို ပြချင်လို့ ဟိုသူကြောင့် ဟိုအနာကပ်ရောက်ပါသည်"[၁]

ဟု ဖြေဆိုရာ အပြစ်အနာအဆာရှိ၍ မရိုးသားသောစိတ်ကြောင့် တဟိုဟိုနှင့် ထစ်အတတ်သော လူ့သဘော၊ လူ့သဘာဝကို ဖော်ပြပါသည်။ လူကျင့်ဝတ်ကို ချိုးဖောက်မိလျှင် စိတ်ထဲ၌ ထစ်ငေါ့နေဟန်ကို စကားထစ်ငေါ့ဟန်နှင့် သွယ်ဝိုက်ဖွဲ့ဆိုထားသည်။

ဥပကသည် အမဲထမ်းရသည်ကို ရှက်သော်လည်း ရွာပြင်သို့သွားရာ တောသွား၊ ထင်းခွေ၊ ရေခပ်လာသော ရွာသူများနှင့် ပက်ပင်းတွေ့သောအခါ–

> "ကြောက်ငွေ့ပါပါ၊ စာအံသည့်နှုတ်ဖျား၊ တရားဟောသည့် နှုတ်လျှာနှင့် အသာယပ်ဆွဲ၍၊ အမဲများဝယ်လိုက်ကြ ဒကာမရို့"[၂]

ဟု ကြောက်ကြောက်ရှက်ရှက်ဖြင့် မဝံ့မရဲ အလွဲလွဲ အမှားမှား ဟစ်ရာသည်။ ရွာသူများက ဝိုင်း၍ ဩဘာပေးကြသည်။ ရသေ့အနေဖြင့် လောကီလူ့ဘောင်တွင် အံမဝင်၍ ရှက်ရွံ့နေသော ဥပက၏စရိုက် ပေါ်လွင်သည့်ပြင် ဘဝဟောင်းကအစွဲသည် ချွတ်၍ မကျွတ်တတ်သည့် သဘာဝကိုလည်း ပေါ်လွင်စေပါသည်။

## ၃၊ ၂၊ ၂။ ဆာဝါ

ဆာဝါသည် မုဆိုးစဏ္ဍာမိ၏သမီး ဖြစ်သည်။ မုဆိုးစဏ္ဍာမိက ဥပကအား ရဟန္တာအမှတ်ဖြင့် ကိုးကွယ်ရန် အိမ်သို့ခေါ်လာလေသည်။ လုလည်းလု၊ ယဉ်လည်းယဉ်

[၁] ပုည၊ ဦး၊ ၁၉၅၉၊ ၁၆။
[၂] ပုည၊ ဦး၊ ၁၉၅၉၊ ၃၃။

ကြန်အင်ငါးမျိုးဖြင့် ပြည့်စုံသော ဆာဝါသည် မုဆိုးအား ကြိုဆိုရန် ခြေတစ်သန်း ကုဋေတစ်သန်းတန်အောင် အကြိုထောက်ရာ ဥပကကိုမြင်သည်နှင့်–

> "မိရှင်ဆာဝါ၊ သူ့မျက်နှာကို၊ ရှုကာဆိုလေ၊ အိုမွေးဖေငဲ့၊
> တစ္ဆေရောင်ရောင်၊ သဘက်ကောင်လိုလို၊ ဘီလူးအိုဟန်ပန်
> သဏ္ဌာန်ရွတ်တွ၊ သည်လင်းတကို၊ ဘယ်ကိစ္စနော် ခေါ်ခဲ့လေခြင်း၊
> မြင်ပြင်းစရာ၊ ရွှေရင်ခုန်၍၊ တုန်လှုပါသည်။ မကြာခဏ၊
> သည်ရွတ်တွကို၊ မောင်းလိုက်ဖခင်၊ ယခုပင်"[၁]

ဟု ဆိုကာ ဥပကကို မောင်းချစေချင်သည်။ တစ္ဆေ၊ သဘက်၊ ဘီလူး၊ လင်းတ၊ ရွတ်တွ အသုံးအနှုန်းဖြင့် ဆိုးဝါးလှသည့် ဥပက၏ရုပ်ဆင်းသဏ္ဌာန်ကို ပေါ်လွင်စေပြီး ရုပ်ဆိုးသည်ကို မနှစ်သက်သည့် ငယ်ရွယ်သည့် မိန်းမသဘာဝကို ပေါ်လွင်စေပါသည်။ မိန်းမပျိုလေးတို့သဘာဝအတိုင်း အသက်ကြီးအရုပ်ဆိုးသူများကို မနှစ်သက်နိုင်သည့်စိတ်ကို အပြောဖြင့် သရုပ်ဖော်ထားသည်။

ဖခင်မုဆိုးက ဥပကကို ကြည်ညိုလွန်း၍ ဆာဝါနှင့် ပေးစားမည်ဟု ဖျောင်းဖြပြောသောအခါ ငယ်ရွယ်သူပီပီ အသက်ကြီးသူနှင့် ယူမည့်အစား စိန်စားသေချင်ပုံ၊ သီလရှင်သာ လုပ်လိုပုံကို–

> "လောကအရေး၊ လူထွက်စုတ်နှင့်၊ ကျွန်ုပ်ကိုပေးလျှင် ကြေးနှင့်
> ရွှေလျော် ဂဟေဆော်သည့်နှယ် တော်ပါဘူး နော်ဖေ၊ စိန်စား၍
> သေသော်မှ၊ တော်လေသေးစင်စစ်၊ လင်ဖြစ်လျှင်ရှုံး၊ လင်သစ်တုံးကို၊
> နှလုံးတိမ်းပါး၊ အိမ်ထောင်မှား၍၊ မယားကိုယ်ရည်၊ ယုတ်တတ်
> သည်တဲ့"[၂]

ဟု ဖွဲ့ဆိုပါသည်။ မည်သို့မျှ မအပ်စပ်ပုံကို ကြေးနှင့်ရွှေလျော် ဂဟေဆော်သည့်နှယ် ဥပမာအလင်္ကာဖြင့် ထင်ရှားအောင် ပြဆိုသည်။ မည်မျှအသုံးမဝင်၊ အရည်အချင်းမရှိကို 'လင်သစ်တုံး' အသုံးအနှုန်းဖြင့် ဥပကအပေါ် အထင်သေး၊ ရွံရှာသည့် ဆာဝါ၏စရိုက်နှင့် အသက်ကြီးကြီး၊ ရုပ်ဆိုးဆိုးကို မနှစ်သက်သည့် ငယ်ရွယ်သူတို့၏ သဘာဝကို ပေါ်လွင်စေပါသည်။

---

[၁] ပုညု၊ ဦး၊ ၁၉၅၈၊ ၅။
[၂] ပုညု၊ ဦး၊ ၁၉၅၈၊ ၂၂။

ဖခင်၏ ဆင်စီးမြင်းရံစေချင်သော မေတ္တာကို သဘောပေါက်သော်လည်း တိုက်တွန်းလွန်းသော ဖခင်ကို အားလည်းနာ၊ ဥပကကို ယူရမည့်အရေးကို ကြောက်ရွံ့လှသဖြင့် စိတ်ပေါက်ပေါက်ဖြင့် ဆိုပုံကို–

> "ဥပကမုဒ်စာ၊ မောင်လူထွက်ကို၊ သမက်ပင် လုပ်ပါတော့၊
> ကံသာစင်စစ်၊ ကိုးကွယ်ရာ ဖြစ်တော့သည်၊ မချစ်မကြိုက်၊
> ပါပဂြိုလ်တိုင်လို၊ ပြစ်တိုင်နှင့်ကိုက်ကမင့်၊ အလိုက်ကယ်ဘာသာ၊
> ဖြစ်ရပါတော့မည်၊ နောင်ခါလာ နောင်ခါဈေး၊ ဆွေးဆွေးမွမွ၊
> တွတွအိုအို၊ ယိုယိုစောင်းစောင်း၊ နှစ်လို့သာ ပေါင်းပါမည်"

ဟု ဖွဲ့ဆိုပါသည်။ ဖခင်ကို စိတ်ချမ်းသာစေချင်သော သမီးကောင်းစရိုက်နှင့် ကံကို ယုံကြည်သောစရိုက်ကို တွေ့ရပါသည်။ ပြဿနာကို ရင်ဆိုင်မဖြေရှင်းဘဲ နောင်ခါလာ၊ နောင်ခါဈေး သဘောထားတတ်သည့် လူ့သဘောကို ဌာန်တူဗျည်းများဖြင့် 'ဆွေးဆွေး မွမွ၊ တွတွအိုအို၊ ယိုယိုစောင်းစောင်း' ပေါ်လွင်အောင် သုံးနှုန်းခြင်းဖြင့် ဖော်ပြထား ပါသည်။ အထက်ပါ နှစ်ကြိမ်ထပ်စကားလုံးများက ဆာဝါ၏ စိတ်ပျက်စိတ်ကုန် နေသည့် စိတ်ခံစားမှုကို ဖော်ပြနေပါသည်။ ဒေါသစိတ်ဖြင့် ခပ်ဆတ်ဆတ်၊ ခပ်တင်းတင်း ပြောသည့်လေသံ ပေါ်သည်။

## ၃၊ ၂၊ ၃။ မုဆိုး

မုဆိုးစဏ္ဍာမိသည် ဝင်္ဂဇနပုဒ်ရှိ ရွာငယ်တစ်ခု၏ အကြီးအကဲ ဖြစ်သည်။ မုဆိုးစဏ္ဍာမိသည် ဥပကကိုတွေ့သော်–

> "ပုမ္ဗကမ္ဗ၊ ရေးကဆက်လက်၊ ချရေစက်ကယ်ကြောင့် အရ
> စေတနာ သွန်းဖြိုးကာ ပစ္စည်းဒါယကာခံမည် ဖြစ်၍"

စိတ်ပူပင်တောင့်တစရာ မရှိကြောင်း ရွာသို့လိုက်ခဲ့ရန်–

> "ရပ်ရွာဌာနီ၊ လွန်စည်ပင်သည်၊ ရွာဝင်္ဂသို့၊ ကြွပါ၊ လိုက်ပါ၊
> လေးဖြာပစ္စယ၊ ကျောင်းကန်ဆောက်၍၊ ချီးမြှောက်ပမည်၊
> တောင့်တစရာ မရှိပါဘူး၊ မံသာဘောဇန၊ ရသထူးခြား
> ဟင်းကောင်းနှင့် ဆွမ်းကောင်း စားရလိမ့်မည်"[၁]

ဟု ဖိတ်ခေါ်သည်။ ဥပကရပ်ဆင်းသည် ကြောက်မက်ဖွယ် ဖြစ်သော်လည်း ရေးရေစက်ကြောင့် သံယောဇဉ်ဖြစ်မိပုံနှင့် လူ့စိတ်၏ အကြိုက်ချင်း၊ အလေးထားပုံချင်း

---

[၁] ပုည၊ဦး၊ ၁၉၅၉၊ ၄–၅။

မတူညီပုံ၊ အံ့သြစရာကောင်းပုံကို စဏ္ဍာမိမုဆိုးတွင် တွေ့မြင်ရပါသည်။ မုဆိုးသည် မိမိသမီးအပေါ် အရှုးအမူးစွဲလမ်းသော ဥပကအား ကုသိုလ်လမ်းပွင့်ရန် သုံးလေးဝါ ဝတ်ရန် အချိန်ဆိုင်းသည်။ သို့သော် မရသဖြင့် သမီးကိုချစ်၍ စိတ်ပူပန်သည့် ဖခင် တစ်ယောက်အနေဖြင့် လောကုတ္တရာမှလောကီသို့ ကူးပြောင်းရာတွင် ခက်ခဲကျပ်တည်း တတ်သည့်သဘောကို သိရှိသဖြင့် သမီးကိုယူပြီးနောက် မည်သည့်အလုပ် လုပ်ကိုင် ကျွေးမွေးမည်နည်း ဟု မေးမြန်းဟန်ကို–

> "အသက်မွေးစရာ၊ ကိုယ်တော်မှာသတ္တိ၊ ဘယ်ပညာရှိသလဲ၊ ယောင်တိယောင်ကမ်း၊ စမ်းတဝါးဝါး တော်ရုံများနှင့်၊ လူသားတို့ ဘုံခွင်၊ ယောင်လို့များဝင်ခဲ့လျှင်၊ မိရှင်ဆာဝါ၊ ဆဲလွန်းလို့ ဖွာလတ္တံ့၊ ဆာဝါကလည်း နှုတ်ကောင်းကောင်း၊ ကိုယ်တော်ကလည်း ကုပ်ချောင်းချောင်းနှင့်၊ ခေါင်းမူး၍ဝေစရာ၊ အတိတ်မှာ"[၁]

ဟု မေးမြန်းစူးစမ်းပါသည်။ ယောင်တိယောင်ကမ်း၊ စမ်းတဝါးဝါး၊ တော်ရုံဆိုသည့် အရပ်သုံးစကား အသုံးအနှုန်းဖြင့် ရဟန်းလူထွက်တို့ လောကီလူ့ဘုံတွင် မကျွမ်းကျင်၍ အခက်အခဲတွေ့မည့် ဖြစ်ရပ်ကို ရှင်းပြသည်။

'ဆာဝါကလည်း နှုတ်ကောင်းကောင်း ကိုယ်တော်ကလည်း ကုပ်ချောင်းချောင်း' ဝဏ္ဏတူများဖြင့် နဘောထပ်ကာ အသံအဆင်အကွက်ဖော်သည့် အဖွဲ့မှာ ဥပက အိမ်ထောင်ပြုသော် အခက်တွေ့မည့်ဖြစ်ရပ်ကို ထင်ရှားစေပါသည်။ ဖခင်တစ်ယောက်၏ အိမ်ထောင်ပြုမည့် သမီးအပေါ် ထားရှိသော ပူပန်စိတ် သဘောသဘာဝကို ဖော်ပြနိုင် ပါသည်။

မုဆိုးအမဲလိုက်ပြီး ပြန်လာသောအခါ ဥပကကို မမြင်၍ သမီးဖြစ်သူ ဆာဝါကို ဗေဒင်မေးရန် စုန်းနတ်တင်ရန်ဆိုပြီး–

> "နင်အတတ်ကြောင့် နင့်လင်၊ ရိပ်ခြည်မှမြင်ပြီဘူး၊ ယဉ်ပါစ မဆာဝါ၊ လုပါစ မုဆိုးမ၊ ကောင်းပါစ အမွေး၊ ဘယ်နှစ်များ ရှိသေးသလဲ၊ သားကလေးတစ်ယောက်နှင့်၊ ယောင်ချောက်ချောက် ခုတလီ၊ နင်ရှိပြီး"[၂]

ဟု ကြိမ်းမောင်းသည်။ ဦးပုည၏ဉာဉ်အတိုင်း 'ယဉ်ပါစ မဆာဝါ၊ လုပါစ မုဆိုးမ၊ ကောင်းပါစ အမွေး' ဟု သရော်တော်တော် လှောင်ပြောင်သည့် အမေးစကားသည်

[၁] ပုည၊ ဦး၊ ၁၉၅၉၊ ၁၉။
[၂] ပုည၊ ဦး၊ ၁၉၅၉၊ ၄၄။

အလံမရှိသော ရထား၊ တံခွန်မရှိသော ဘုရား၊ လင်မရှိသော မိန်းမ မတင့်တယ်သော လောကသဘာဝကို သိရှိသော ဖခင်တစ်ဦး၏ မချိတင်ကဲဖြစ်နေသည့် ခံစားချက်နှင့် ကြီးမားသည့်မေတ္တာကို ပေါ်လွင်စေပါသည်။ စိတ်ထိခိုက်ပင်ပန်းနေသော ခံစားမှုကိုပင် ဦးပုညက အာဝဇ္ဇန်းရွှင်ရွှင်နှင့် မြူးမြူးသွက်သွက် ရေးဖွဲ့ထားရာ ဟာသရသ မြောက်သည်။

## ၃၊ ၂၊ ၄။ ခေတ်ပုံရိပ်

ကုန်းဘောင်ခေတ် ရဟန်းပညာတတ်များသည် လူဝတ်ကြောင်ဘဝကို ပြန်ဝင်ကာ ဃရာဝါသဒုက္ခ ဖွဲ့နှောင်တတ်ကြသည့် အဖြစ်မျိုး များစွာ ရှိခဲ့ပါလိမ့်မည်။ စာဆို ဦးပုညကိုယ်တိုင်ပင် ထိုကဲ့သို့ လောကုတ္တရာမှ လောကီနယ် ဝင်ခဲ့သော အဖြစ်ရှိခဲ့သည်။ မြင့်မြတ်သော သာသနာ့ဘောင်မှ နိမ့်ကျသော လောကလူ့ဘောင်သို့ ဆင်းရဲဝင်ရောက်ကြသော ရဟန်းပျိုများ၏အဖြစ်က နှမြောစရာ ဖြစ်ပါသည်။ ရဟန်းဘဝကို စွန့်၍ လူအဖြစ်ကို ခံယူကြသော ရဟန်းတို့တွင် ဒုက္ခမျိုးစုံ ရင်ဆိုင်ကြုံတွေ့ကြရသည်။ ဤအချက်ကို သံဝေဂယူနိုင်စေရန် ဥပကဆာဝါဟောစာ ရေးဖွဲ့ပုံရသည်။

မန္တလေးခေတ်ကို နောက်ခံထား၍ ရေးဖွဲ့သော မစ္စတာမောင်မှိုင်း၏ မှာပုံတော် ဝတ္ထုတွင်လည်း 'ဗာကရာလူထွက် ဦးကျော်ဒွေးကြီးမှာလည်း ဥပကဆာဝါထဲမှ ဥကပကဲ့သို့ပင် ဖြစ်လေသည်' ဟု ပါရှိသည်။

ဦးပုညသည် ဥပကဆာဝါဟောစာကို ခေတ်ကာလ၏ လိုအပ်ချက်အရ ရေးသားကြောင်း–

> "ကာလဉာဏ် ခပ်ပါပါ၊ လက်ဉာဏ် ခပ်ပွေပွေ၊ စကားပြေ
> ခပ်သွင်းသွင်း၊ ဋီကာဉာဏ်ခင်းတော့မည်"[၁]

ဟု နိဒါန်းတွင် ဖော်ပြခဲ့သည်။ လူထွက်လိုသော ရဟန်းသံဃာတို့အား ဆာဝါနှင့် ဥပကဖြစ်ရပ်ဖြင့် သတိပေးဆုံးမလိုရင်းဖြစ်ကြောင်းကို–

> "ယခုအခါ၊ သာသနာတွင်၊ သိက္ခာရှက်ထမ်း၊ ရဟန်းသူတော်၊
> မထေရ်ကျော်တို့၊ လျှပ်ပေါ်လော်လီ၊ လူဘောင်ကိုပြီကြမည်၊
> စိတ်ကူးသည်ကို၊ အတည်ကျကျ၊ ငြိမ်သက်လှအောင် ဆုံးမကာ"[၂]

ဟု ထိုခေတ်ကာလပုံရိပ်ကို မီးမောင်းထိုးပြခဲ့သည်။

---

[၁] ပုညု၊ ဦး၊ ၁၉၅၉၊ ၁–၂။
[၂] ပုညု၊ ဦး၊ ၁၉၅၉၊ ၄၀။

ဥပကက ဆာဝါကို စွဲလမ်းစိတ်ကြောင့် လောကုတ္တရာနယ်ပယ်သို့ ကူးပြောင်းလိုသော အတွေးစဉ်ကို အနုစိတ်ခြယ်မှုန်းရာ၌ ဝတ်နေကျသင်္ကန်းပင် ယားယံနေရသည့် ဖြစ်အင်၊ အသုဘတရားကို နှလုံးသွင်းပြီး အရိုးခေါခေါနှင့် အသုဘသဘောရှိပြီး ဒွာရကိုးပေါက် ယင်ကြီးကျ၍ စွဲမက်စရာ မရှိကြောင်း၊ မည်မျှပွားများစေကာမူ မအောင်မြင်ကြောင်း–

> “ကမ္မဋ္ဌာန်းအားလုံး၊ ဘရုံးစာရင်း၊ ရှောင်ကွင်းဝေးဝေး၊ ဘယ်များကို ပြေးလေဘိ၊ ဇောချွေးကြီးကွက်၊ ကြိုက်သွေးကြီးပွက်၍၊ စိတ်ဝိတက်ကာမ၊ တအံ့လုံးကြွလျက်၊ ဝတ်နေကျသင်္ကန်း၊ လွှမ်းနေကျ အဝတ်လွှာ ယားတဲ့လို့လာသည်”[၁]

ဟု ဖွဲ့ဆိုပါသည်။ ကာမဂုဏ်စိတ်ဖြစ်ပေါ်လာလျှင် မည်သို့မျှ တားဆီးမနိုင်သော လူ့သဘာဝကို ဖော်ပြပါသည်။

ဥပကသည် ဆာဝါနှင့်ယှဉ်လိုသော အလိုဆန္ဒပြည့်ဝ၍ ခေါင်းပေါင်းပေါင်း၍ ဝတ်သည့်ပုဆိုးမှာ ဒေါင်းသိုးဆွဲကာ ရွတ်ဖူးအံဖူးသည့် ပရိတ်ကြီး(၁၁)သုတ်၊ မန္တန်၊ မန္တရားများ ရွတ်ဆိုပုံကို–

> “အဟံ ဥပက ပိယံဟောတု၊ ဟုလုဟုလု၊ သွားဟ တက်ဖူးသည့် မန္တန်၊ အံဖူးသည့်မန္တရား၊ ကြားဖူးသည့်ဂါထာ၊ အဖြာဖြာကို၊ အာသံဟိန်းဟောက်၊ ကျောင်းသံများပေါက်အောင်၊ ရွတ်မြောက်ပြီးခါ၊ ထွက်ခဲ့လာ၍”[၂]

ဟု ဖွဲ့ဆိုပါသည်။ စိတ်ပျော်ရွှင်လျှင် စိတ်လွတ်ကိုယ်လွတ် ဖြစ်တတ်သည့် လူ့သဘာဝ၊ လူဝတ်လဲထားသော်လည်း ရဟန်းအကျင့်သဘာဝကို မပြောင်းလဲနိုင်သည့် လူ့သဘာဝကို သဘာဝကျကျ တင်ပြထားပါသည်။

သင်္ကန်းဝတ်ဖြင့် နေထိုင်သည့်ဓလေ့ကို ကျင့်သားရသော ဥပကသည် အိမ်ထောင်တာဝန် ဖိစီးလာသောအခါ ဆာဝါ၏တိုက်ရိုက်မြည်တွန်ဆဲဆိုမှုကို–

> “ကျိန်သာကျိန်ကြ၊ ကျိန်စာဝလျှင်၊ လူလှသတဲ့၊ ကျိန်လိုက်ကွဲ့နော်မိ၊ စိတ်လားလားရှိပါဘူး၊ ရယ်ခိခိသာ၊ သူ့မျက်နှာမှာ၊ ဘယ်ခါမပျက်၊ ကာမဂုဏ်ရမ္မက်တဲ့”[၃]

---

[၁] ပုည၊ ဦး၊ ၁၉၅၉၊ ၁၁။

[၂] ပုည၊ ဦး၊ ၁၉၅၉၊ ၅၁။

[၃] ပုည၊ ဦး၊ ၁၉၅၉၊ ၃၂။

ဟု ဥပကအတွေးဖြင့် တင်ပြထားသည်။ ကာမဂုဏ်စိတ်ဖြင့် တစ်ဖက်သတ်ချစ်နေရသူ ဥပကအနေနှင့် စိတ်လျှော့အရှုံးပေးရဟန်ကို လူ့သဘာဝကို ကျွမ်းကျင်ပြီး အရေးအဖွဲ့ ပိုင်နိုင်သော ဦးပုညက သဘာဝကျကျ ရေးဖွဲ့ထားသည်။

'ကျိန်စာဝလျှင် လူလှသတဲ့' အရပ်သုံးဆိုရိုးစကားဖြင့် ဆာဝါအပေါ် အပြစ်မမြင်သည့် ဥပက၏စိတ်ကို ဟာသမြောက်အောင် ဖော်ပြထားသည်။ 'စိတ်လားလား ရှိပါဘူး ရယ်ခိခိ' အဖွဲ့ဖြင့် ဥပက၏ ရွှင်ပျသောအမူအရာမှတစ်ဆင့် ဥပက၏ ဆာဝါအပေါ် မေတ္တာမပျက်သည့် စိတ်ထားကို ပေါ်လွင်စေပါသည်။ မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးလျှင်သဒ္ဒါ ဖြစ်တတ်သည့် လူ့သဘောသဘာဝကို ထင်ရှားစွာ တင်ပြနိုင်ပါသည်။

ဥပကသည် သူလာလျှင် ဆာဝါက ကွမ်း ဆေး လက်ဖက်နှင့် အကြိုထောက် လာမည်ဟု မျှော်လင့်သည်။ ကွမ်း ဆေး လက်ဖက်နှင့် အကြိုမထောက်ရကောင်း လားဟု ပြောလိုဟန်ကို–

> "ဟေ့ ဒကာမလေး၊ အတွေးဆာဝါ၊ ရတနာခဲ့၊ ကျုပ်လာပြီးခု၊ ဘယ်နှယ်ပြုမတုန်း၊ ကွမ်းတစ်ရာ၊ ဆေးတစ်ဖွာမှ၊ ဆီးကာ မတယ်၊ ကိုယ်နှယ်ထိုင်ရာမှ၊ အမယ်မင်းမျက်နှာထား၊ ကိုယ့်လင်သား ကိုပင်၊ တစ်ပါးကလူလိုပင်၊ မဆိုမဟ၊ ဣန္ဒြေလှသည်"[၁]

ဟု ဖွဲ့ဆိုပါသည်။ 'တစ်ပါးကလူ၊ မဆိုမဟ၊ ဣန္ဒြေလှ' အသုံးအနှုန်းဖြင့် ဆာဝါ၏ ဥပကအပေါ် မုန်းတီးသောဟန်ပန်ကို ပေါ်လွင်စေသည်။ အမုန်းခံစားမှု အမူအရာကို ဖွဲ့ရာ၌ 'ဣန္ဒြေလှ' ဟု ဆန့်ကျင်ဘက်စကားလုံးကို သုံး၍ သရော်ထားသည်။ ချစ်ကြိုက်၍ ယူထားသော အိမ်ထောင်မဟုတ်သဖြင့် ခပ်စိမ်းစိမ်း တုံ့ပြန်သော ငယ်ရွယ်သူ၏ သဘောသဘာဝနှင့် လူရေးလူရာကို နားမလည်၍ ဝွကျရသည့် ဥပက၏ဖြစ်ရပ်ကို ဩ့သည်ကို ကွမ်း ဆေး လက်ဖက် တည်ခြင်းဖြင့် ခရီးဦးကြို ပြုတတ်သည့် လူမှုကျင့်ဝတ်ထုံးစံကို ဖော်ပြပါသည်။ ထို့ပြင် လူရေးလူရာကို နားမလည်သော ရဟန်းလူထွက်တို့ လောကီတွင် ကြုံတွေ့တတ်သည့် သဘာဝကို ဥပကဖြစ်ရပ်မှတဆင့် သတိပေးတင်ပြထားပါသည်။

---

[၁] ပုည၊ ဦး၊ ၁၉၅၉၊ ၃၀။

## ခြုံငုံသုံးသပ်ချက်

ဦးပုညသည် ကုန်းဘောင်ခေတ်နှောင်းတွင် လူထွက်လိုသော ရဟန်းများကို ဥပကဆာဝါဇာတ်လမ်းဖြင့် သတိပေးလမ်းပြလိုသောကြောင့် ဟောစာပုံစံဖြင့် ရေးဖွဲ့ တင်ပြထားပါသည်။

မူရင်း တထာဂတဉဒါနဒီပနီတွင် အတည်အခံ့ ရေးသားထားသည်ကို မုဆိုးတောလိုက်ခါနီး ခွေးတပ်ဆင်ပုံ၊ ဆာဝါ၏အလှကြောင့် ဥပက မစားနိုင် မသောက်နိုင် အချစ်သောကဖိစီးနေပုံ၊ ဆာဝါနှင့်ရမှ အမဲလိုက်အလုပ်ကို မလုပ်တတ်မကိုင်တတ် လုပ်ရပုံ၊ ဆာဝါ၏နှိပ်စက်မှုဒဏ်၊ ပြက်ရယ်မှုဒဏ်ကို အလူးအလဲခံရပုံတို့ကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် စိတ်ကူးနှင့်ချဲ့ထွင်၍ လူ့သဘာဝအဖွဲ့ကောင်းများအဖြစ် ဖန်တီးထားပါသည်။

ဇာတ်ဆောင်ပြောစကားဖြင့် ဇာတ်လမ်းကို သယ်ဆောင်ရာတွင် ဥပက၏ လှုပ်ရှားမှုဟန်ပန်ကို ဇာတ်ကွက်အလိုက် အနုစိတ်သရုပ်ဖော်တင်ပြသည်။ ဥပက၏ အတွေးစဉ်၊ ခံစားမှုကို လူ့သဘာဝနှင့်အညီ အနုစိတ်ဖော်ကျူးတင်ပြပါသည်။ ကိလေသာကို စွဲလမ်း၍ လောကရေးမကြွယ်သော ရဟန်းလူထွက် အဖြစ်အပျက်ဖြင့် ကိလေသာအပြစ်ကို ပြသနိုင်ပါသည်။ ဖခင်၏စကားကို လိုက်နာ၍ ဥပကကို ယူရသော်လည်း မနှစ်သက်၍ ဆဲရေးနေသော ဆာဝါ၏စရိုက်မှ ငယ်ရွယ်သူတို့၏ သဘာဝကို ဖော်ကျူးနိုင်ပါသည်။ ဦးပုညသည် လူ့သဘောကို နှံ့စပ်သိမြင်ရုံသာမက အရေးအဖွဲ့ကျွမ်းကျင်ပြီး အာဝဇ္ဇန်းကောင်းသောကြောင့် သူ၏ဟောစာများသည် ရသမြောက်၍ ဖတ်ချင်နာချင်ဖွယ် ဟောစာများ ဖြစ်လာရပါသည်။

## နိဂုံး

ဥပကဆာဝါဟောစာသည် မူရင်း အတည်အခံ့ရေးဖွဲ့သည့် တထာဂတဉဒါနဒီပနီကို အခြေခံသော်လည်း ဦးပုည၏လက်ရာဖြစ်သည့်အလျောက် စာဟန်သွက်လက်ပြီးလျှင် ကိလေသာဆိုးကျိုးကို သိမြင်လာစေပါသည်။ ဦးပုည၏ အာဝဇ္ဇန်းကောင်းမှုကြောင့် လောကတွင် မြင်ဖူး၊ တွေ့ဖူးသော လူ့စရိုက်၊ လူ့သဘာဝများကို မြင်ယောင်လာအောင် ရေးသားနိုင်သည်ကို တွေ့ရပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကျီးသဲလေးထပ်ဆရာတော်၊ ရွှေတောင်။ (ခုနှစ်မပါ၊ ဇိနတ္ထပကာသနီ၊ ရန်ကုန်၊ ဟံသာဝတီ၊ ပိဋကတ်ပုံနှိပ်တိုက်။

ကြီးမောင်၊ ကြေးမုံ။ (၁၉၆၉)။ ***သီးခြားဝက်ပါ***၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ စပယ်ဖြူစာပေ။

ကြူကြူသင်း၊ **မ**။ မာ–၇၂ (၁၉၉၅)။ ***ဦးပုည၏ ဥပကဆာဝါပြောဇာလေ့လာချက်***၊ မဟာဝိဇ္ဇာ (မြန်မာစာ)ဘွဲ့အတွက် တင်သွင်းသောကျမ်း၊ ရန်ကုန်။

ခင်မင်၊ ဓနုဖြူ။ (၂၀၀၄)။ ***ဘာသာအမြင်၊ စာပေအမြင်*** ။ ရန်ကုန်၊ စိတ်ကူးချိုချို။

ဇော်ဂျီ၊ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဇော်ဂျီနှင့်အများ။ (၁၉၆၃)။ ***ဦးပုညစာပေနှင့် ရှုထောင့်အထွေထွေ***။ ပထမအကြိမ်၊ ရန်ကုန်၊ မျိုးညွန့်ပုံနှိပ်တိုက်။

ဒီပဲယင်းဆရာတော်။ (၁၉၅၀)။ ***တထာဂတဥဒါနဒီပနီ***။ ဒုတိယတွဲ၊ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။

ပုည၊ **ဦး**။(၁၉၅၉)။ ***ဥပကနှင့်ဆာဝါ ပြောဇာ*** ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မိုးမြေ၊ **မ**။ (၂၀၀၉)။ ***ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ*** ။ရန်ကုန်၊ ရွှေကုံကော်စာပေ။

မြန်မာစာအဖွဲ့။(၁၉၉၃)။ ***မြန်မာအင်္ဂလိပ်အဘိဓာန်***၊ ပထမအကြိမ်။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းပုံနှိပ်တိုက်။

သန္တာအောင်၊ **မ**။ မဟာသုမ–၆။ (၂၀၀၅)။ ***မြန်မာပြောဇာများ၏ ဖယောဂုယျလက္ခဏာလေ့လာချက်***၊ မဟာသုတေသန မြန်မာစာဘွဲ့အတွက် တင်သွင်းသောကျမ်း၊ ရန်ကုန်။

## အင်္ဂလိပ်ဘာသာ

Htin Aung, Mg. 1935. ***Burmese Drama***, London, Oxford University.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မဏိကက်ပြဇာတ်လာ ဇာတ်ချင်းများ၏အခန်းကဏ္ဍ

နွယ်နွယ်လတ်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်လာ ဇာတ်ချင်းများ၏ အခန်းကဏ္ဍကို လေ့လာတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ဇာတ်လမ်းကို အထောက်အကူပြုသော ဇာတ်ချင်းများ၊ ဇာတ်ဆောင်ကို အထောက်အကူ ပြုသော ဇာတ်ချင်းများ၊ ကာလဒေသနောက်ခံကို အထောက်အကူပြုသော ဇာတ်ချင်းများ ဟူ၍ ကဏ္ဍခွဲကာ တင်ပြထားပါသည်။ အစောဆုံးပြဇာတ်၏ စာပေအရည်အသွေးနှင့် ဇာတ်ချင်းများ၏ အရည်အသွေးကို ဖော်ထုတ်နိုင်မည်ဟု ယူဆပါသည်။ မြန်မာပြဇာတ်စာဆိုတို့၏ ပြဇာတ်ဖန်တီးမှု အတတ်ပညာတွင် ဇာတ်ချင်းများ၏ အရေးပါမှုကို ဖော်ထုတ်တင်ပြရန် ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရများ – *ဇာတ်ချင်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ။***

## နိဒါန်း

မဏိကက်ပြဇာတ်သည် တွေ့ရှိရသမျှတွင် အစောဆုံးပြဇာတ်အဖြစ် လက်ခံထားသော ပြဇာတ် ဖြစ်သည်။ အစောဆုံးဟုဆိုသော်လည်း အတော်အတန် ပြည့်စုံနေသော ပြဇာတ်တစ်ပုဒ်ဟု ပညာရှင်တို့ ဆိုကြသည်။ မဏိကက်ပြဇာတ်တွင် ဇာတ်ချင်းများကို အသားပေးရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ဇာတ်ချင်းများသည် သာမန်အဆိုအတီးမျှ မဟုတ်။ အရေးပါသော သီချင်းများ ဖြစ်သည်။ ဇာတ်ချင်းများသည် ပြဇာတ်၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို များစွာ ထောက်ပံ့ပေးနိုင်သဖြင့် ဇာတ်လမ်းကို ခိုင်မာစေသည်။ ဇာတ်ဆောင်ကို သက်ဝင်လှုပ်ရှားစေသည်။ ကာလဒေသနောက်ခံတို့ကို ပီပြင်ထင်ရှားစေသည်။ ပရိသတ်သည် ဇာတ်ချင်းများကို ချန်လှပ်၍ဖတ်မည်ဆိုလျှင် ပြီးပြည့်စုံသော ပြဇာတ်တစ်ပုဒ်ကို ရှုမြင်ခံစားရမည်မဟုတ်ပေ။ ဇာတ်ချင်းတို့သည် ဇာတ်လမ်းကိုလည်း လိုသလို ချိတ်ဆက်ပေးသည်။ ဇာတ်ဆောင်၏ စိတ်ခံစားချက် အကြံအစည်တို့ကို ပေါ်လွင်စေသည်။ နောက်ခံဝန်းကျင်ကို သာယာကြည်နူးဖွယ် ဖြစ်စေသည်။ စာဆို၏လက်စွမ်းကိုလည်း သိမြင်လာစေနိုင်ပေသည်။ ဂီတစာဆိုဖြစ်သော ဝန်ကြီးပဒေသရာဇာသည် မဏိကက် ပြဇာတ်တွင် ဇာတ်ချင်းများကို အလေးပေးရေးဖွဲ့ထားကြောင်း တွေ့ရသည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်

## ၁။ မဏိကက်ပြဇာတ်

ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာသည် ဇင်းမယ်ပဏ္ဏာသ၊ သုဓနုဝဂ် ၁၀ ပုဒ်မြောက် သတ္တဓနုဇာတ်ကို အခြေခံ၍ မဏိကက်ပြဇာတ်အဖြစ် ဖန်တီးရေးဖွဲ့ ခဲ့သည်။ တွေ့ရှိရသမျှတွင် အစောဆုံးပြဇာတ်အဖြစ် လက်ခံထားသော်လည်း ရေးဖွဲ့ပုံ အဆင့်မြင့်သည့်အတွက် မဏိကက်ပြဇာတ်ထက် ရှေးကျသော ပြဇာတ်များ ရှိနိုင် သည်ဟု ပညာရှင်များ ဆိုကြသည်။

ဇာတ်ဆောင်တို့၏ အချီအချပြောစကားများ၊ ဇာတ်ဆောင်တို့၏ အဝင်အထွက် လှုပ်ရှားမှုများကိုသာမက ဆိုင်းဝိုင်းကိုညွှန်းသည့် အညွှန်းစကားများဖြင့် ပြဇာတ်ကို စနစ်တကျ ဖန်တီးထားကြောင်း တွေ့ရသည်။ ထို့ပြင် ဇာတ်ကွက်အလိုက် တီးဆို ရသော ဇာတ်ချင်းများကိုပါ အံဝင်ခွင်ကျရေးဖွဲ့ထားကြောင်း တွေ့ရသည်။ မလိခက–

> "မဏိကက်ပြဇာတ် အရေးအသားပုံစံအရ မဏိကက်သည် နန်းတွင်း၌ ဇာတ်တစ်ခုအဖြစ် လှုပ်ရှားကပြခဲ့သော ပြဇာတ် ဟူ၍သာ ယူဆနိုင်သည်။"[၁]

ဟု ဆိုပါသည်။

ဆရာသောင်းရွှေညိုက–

> "မဏိကက်ပြဇာတ်သည် ကပြရန်အတွက် ပြဇာတ်အင်္ဂါရပ် များနှင့် ညီညွတ်သည်။ ဇာတ်အိမ်တည်ပုံ၊ ဇာတ်ကွက်ဆင်ပုံ၊ ဇာတ်သိမ်းပုံ အပြည့်အစုံ ပါသည်။ အာလုပ်စကား၊ ဆိုင်းတီးရန် ရည်ညွှန်းဖော်ပြသော ဆိုင်းညွှန်းစကား၊ ဇာတ်ချင်းများဖြင့် ဝေဝေဆာဆာ ရှိသည်။"[၂]

ဟု ဆိုသည်။

## ၂။ မဏိကက်ပြဇာတ်လာ ဇာတ်ချင်းများ

ဇာတ်ချင်း၏သဘောကို မြန်မာအဘိဓာန်တွင်–

---

[၁] မလိခ၊ ၂၀၀၈၊ ၁၇။

[၂] သောင်းရွှေညို၊ ၁၉၉၅၊ ၃၄–၃၅။

> "နန်းတွင်းပြဇာတ်၊ ဇာတ်တော်ကြီးများ၌ ဇာတ်ကွက်အလိုက် သီဆိုရန် သီချင်းတစ်မျိုး"[၁]

ဟူ၍ ဖွင့်ဆိုသည်။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က–

> "ဇာတ်ချင်းမှာ ကပြသူ၏ သီဆိုသောသီချင်းဟု မှတ်ယူ၍ မရချေ။ ဇာတ်သဘာဝ၊ ဇာတ်ဝတ္ထုကို ဖွဲ့ထားသော ကဗျာပင် ဖြစ်သည်။ ကပြသည့်အခန်းကို နိဒါန်းသဖွယ် ကဗျာနှင့်ပြောပြခြင်း ဖြစ်သည်။ အချို့အချို့ ဇာတ်ခန်းများတွင် ဇာတ်စကားများ ပြောဆိုကြ၍ အချို့အချို့သော အခန်းများ၌ ဟန်နှင့် သရုပ်ပြ လေသည်။ ထိုအခါ ဇာတ်ချင်းကို သီဆိုပေးရဟန် တူလေသည်။ ဇာတ်ချင်းများကိုချည်း စုစည်းလိုက်ပါလျှင်လည်း ကဗျာပုံပြင် ဖြစ်နိုင်ပေသည်။"[၂]

ဟူ၍ ဖွင့်ဆိုရှင်းပြသည်။ ထို့ပြင် မဏိကက်ပြဇာတ်လာ ဇာတ်ချင်းများ၏ရေးဟန်ကို–

> "ဇာတ်ချင်း၏ ဖွဲ့နွဲ့ရေးသားပုံစာဟန်မှာကား တျာချင်းနှင့် တူလှပေသည်။ တျာချင်းကဲ့သို့ အချအထပ်ကလေးများကိုလည်း တွေ့ရပေမည်။"[၃]

ဟူ၍ ဆန်းစစ်ပြသည်။

ဝန်ကြီးပဒေသရာဇာသည် ဂီတပညာရှင်ပီပီ မဏိကက်ပြဇာတ်တွင် ဆိုင်ရာ တီးလုံးတီးကွက်များကိုသာမက သီဆိုရမည့်ဇာတ်ချင်းများကိုပါ ဝေဝေဆာဆာ ထည့်သွင်း ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထိုဇာတ်ချင်းများသည် ပြဇာတ်တစ်ခုလုံးကို ကြွတက် လာစေသည်။ ဇာတ်လမ်းကိုလည်းကောင်း၊ ဇာတ်ဆောင်ကိုလည်းကောင်း၊ နောက်ခံ ဝန်းကျင်ကိုလည်းကောင်း များစွာထောက်ပံ့ပေးနိုင်ကြောင်း တွေ့ရသည်။

## ၂၊ ၁။ ဇာတ်လမ်းကို အထောက်အကူပြုသော ဇာတ်ချင်းများ

အခန်း(၁) 'ဗြဟ္မဒတ်မင်းမိဖုရား သားဆုပန်ခြင်း' အခန်းတွင် လူးတား လျှောက်ပြီးသည်နှင့်–

---

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၃၁။

[၂] မောင်မောင်တင်၊ (ဦး–) (မဟာဝိဇ္ဇာ)၊ ၂၀၀၀၊ ၇၄။

[၃] မောင်မောင်တင်၊ (ဦး–) (မဟာဝိဇ္ဇာ)၊ ၂၀၀၀၊ ၇၅။

"ဗိုလ်ရှုသဘင်၊ နန်းပြင်စံညာ၊ မင်းပွဲမင်္ဂလာ၊ ဓမ္မရာဇာ၊ ဗာရာတိုင်းသူ့၊ ကိုးရာဘုန်းနေရှ၊ နန်းလျာသားဆု၊ အတုလဒေဝီ၊ ရှစ်သောင်းမဟေသီ၊ စက်ပန်းဖြန့်ချီ၊ သီဂီဘုံဦး၊ သစ္စာပန်ခဲ့ဖူး၊ လျှောက်ကျူးဗြဟ္မာသံ– တောင်ယံခြိမ့်တော့သည်၊ တောက်ဖြူး သမ္မာလျှံ– အောင်သံငြိမ့်တော့သည်"[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ ဗာရာဏသီပြည်၊ မဟာဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီး အတုလဒေဝီ သားဆုပန်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပြဇာတ် စလျှင်စချင်း ဇာတ်လမ်းကို ကြိုတင်ပြလိုက်ခြင်းဖြင့် ပရိသတ်စိတ်ဝင်စားမှုကို ရရှိစေသည်ဟု ဆိုရမည်။

အခန်း(၈)တွင် သဘော်ပျက်၍ ဣန္ဒပထနဂိုရ်ပြည်ဆိပ်ကမ်းတွင် မျောတင် နေသော သီရိမြတ်စွာမင်းသမီးနှင့် ထိုပြည်မှ မဟာသေဌ္ဌီသူဌေးကြီးကတော် သူဌေးမကြီးတို့ တွေ့ဆုံပုံကို ဖော်ပြထားသည်။ အကြောင်းစုံမေးမြန်း သိရှိရ သောကြောင့် မင်းသမီးကို လွန်စွာသနား၍ မြေးအဖြစ် မွေးစားလိုကြောင်းဆိုကာ အိမ်သို့ခေါ်လာစဉ် တီးစေသည်မှာ–

"သမုဒ္ဒရာ သီတာယာဉ်ဘောင်၊ ရေကမ်းရိပ်သဲသောင်၊ နတ်တို့ ယူဆောင်၊ ရောက်အောင်ပို့သ၊ ပင်လယ်နားက၊ မွေးမြူမစ၊ ယုယသာယာ၊ သူဌေးကြီးအိမ်မှာ၊ သီရိမြတ်စွာ၊ စံကာမမွေ့၊ ကိုယ်တော်ကိုလွမ်းလှ၍၊ စုံစေ့ဖန်တစ်ရာ၊ မှိုင်ကာတွေးတော့သည်၊ ပေါင်းရအောင်ကိုသာ ကြံရှာသေးတော့သည်။"[၂]

ဟူသော ဇာတ်ချင်းဖြစ်သည်။ မင်းသမီးသည် နတ်တို့ကယူဆောင်၍ ရောက်အောင် ပို့သလိုက်သောကြောင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ခေါ်လာသော သူဌေးကြီးတို့ အိမ်တွင် စံနေရသော်လည်း မပျော်မွေ့နိုင်ကြောင်း၊ မင်းသားကိုသာ လွမ်းနေရကြောင်း၊ ထို့ကြောင့် မှိုင်တွေငေးကာ အကြိမ်ကြိမ်ကြံတွေးလျက် မင်းသားနှင့် ပေါင်းဆုံနိုင်ရန် ကြံစည်ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။ ရှေ့ဖြစ်လာမည့် ဇာတ်ကွက်ကို ဇာတ်ချင်းဖြင့် ကြိုတင်အသိပေးလိုက်သကဲ့သို့ ဖြစ်သည်။ မည်သို့ကြံဆောင်မည်၊ မည်သို့တွေ့ဆုံမည်ကို ပရိသတ်သိလိုစိတ် မြင့်လာစေရန် နှိုးဆွနိုင်သဖြင့် ဇာတ်လမ်းကို အထောက်အကူဖြစ်စေသည်ဟု ဆိုနိုင်ပါသည်။ ဇာတ်လမ်းကို ဇာတ်ချင်းဖြင့် ဖော်ပြပြီး ရှေ့ဇာတ်လမ်းနှင့် အချိတ်အဆက်မိစေသည်။

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၃။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၉၂။

အခန်း(၁၀)တွင် ဝေဘာနဂရဘီလူးပြည်သို့ ရောက်ရှိနေသော ကရေနဝတီ (ထိပ်ထားယာ)နှင့် မင်းသားတို့ပြန်တွေ့ပြီးနောက် အဥ္စနဝတီ၏ တစ်ပင်တိုင်နန်းသို့ လာစဉ်တွင် တီးစေသည်မှာ–

"ခဏမကြာ မြန်စွာရောက်လျှင်၊ ရွှေဖဝါးရှေ့မှောက်တွင်၊
နန်းကမှာပင်၊ ကုန်စင်သနား၊ ဖန်ဖန်လျှောက်တင်ကြား၊
မရှည်မလျား၊ နှစ်ပါးတူညီ၊ စက်ပန်းဖြန့်ကာချီ၊ ချစ်ကြိုးရစ်သီ၊
နွဲ့မှီညွတ်ခ၊ ကြံကာရည်ပြီးမှ၊ တူကွပျော်စံပယ်၊ ကျင့်လှယ်
လျှောက်တော့သည်၊ ပူရတော်တန်ရွယ်၊ ဆင့်ဖွယ်ရောက်တော့သည်"[၁]

ဟူ၍ ဖြစ်သည်။ ကရေနဝတီ၏ အကြိမ်ကြိမ် လျှောက်တင်မှုကြောင့် အဥ္စနဝတီနှင့် မင်းသားတို့ မေတ္တာနှောင်ဖွဲ့ကြကြောင်း ဇာတ်လမ်းကိုကြို၍ ဇာတ်ချင်းနှင့် ဖော်ပြထားသည်။

ထိုသို့ ရှေ့ဖြစ်မည့်ဇာတ်ကြောင်းကို ဇာတ်ချင်းတွင် ထည့်သွင်းဖော်ပြခြင်းကြောင့် ပရိသတ်သည် အချီအချပြောစကားများကိုသာမက ဇာတ်ချင်းကိုပါ စိတ်ဝင်တစား ဖြစ်လာရသည်။ ဇာတ်ချင်းများဖြင့် ဇာတ်လမ်းကို စည်းရုံးဖော်ဆောင်သွားနိုင်သည်ဟု ဆိုနိုင်ပါသည်။

အခန်း(၁၂) သတ္တဓနုမင်းသားနှင့် သီရိမြတ်စွာမင်းသမီးတို့ ပြန်တွေ့ခန်းတွင် အကျိုးအကြောင်း မေးမြန်းပြောဆိုကြပြီးနောက် မဟာသေဋ္ဌိသူဌေးလင်မယားက အိမ်သို့ ခေါ်လာစဉ် တီးစေသည်မှာ–

"မြတ်ကုသိုလ်တော်၊ သင့်လျော်ငယ်စုံရန်၊ သိကြားနတ်တို့ဖန်၊
မြို့လယ်ရပ်ထံ၊ လမ်းမှန်ညွှန်ပြ၊ စကြာမြန်းခဲ့မှ၊ နန်းရွှေဂူဝ၊
ဖူးရငယ်တွေ့မြင်၊ နှစ်ပါးနေလသွင်၊ ဖြစ်ကုန်ကြောင်းအင်၊
လျှောက်တင်ဖြေမေး၊ သံချိုသင်းပျံ့မွှေး၊ သူဌေးမောင်နှံမှာ
ပျော်ရှာလှတော့သည်၊ မနှေးဆောင်ရန်သာ၊ ခေါ်ကာကြွတော့သည်"[၂]

ဟူ၍ ဖြစ်သည်။ သဘော်ပျက်၍ တစ်ပြည်တစ်ရွာစီရောက်ကာ ကွဲကွာနေရသော အဓိကဇာတ်ဆောင် နှစ်ယောက် ပြန်လည်ဆုံတွေ့ရခြင်းသည် ကုသိုလ်ထူးစွာ နတ်သိကြားတို့ဖန်၍ တွေ့ရခြင်းဖြစ်ကြောင်း ဇာတ်လမ်းကို ပိုမိုခိုင်မာစေရန်

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၁၂၁။
[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၁၄၇။

ဇာတ်ချင်းဖြင့် ဖန်တီးနိုင်သည်ဟု ဆိုရပါသည်။ ဇာတ်လမ်းရွေ့လျားမှု ပြေပြစ်ချောမွေ့စေသည့် ဇာတ်ချင်း၏ အခန်းကဏ္ဍကို တွေ့နိုင်သည်။

## ၂။ ၂။ ဇာတ်ဆောင်ကို အထောက်အကူပြုသော ဇာတ်ချင်းများ

ဇာတ်ကွက်အလိုက် ဖန်တီးရေးဖွဲ့ထားသော ဇာတ်ချင်းများသည် ဇာတ်ဆောင်ကို ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ ထိုသို့ မိတ်ဆက်ဖော်ပြရာတွင် ဇာတ်ဆောင်၏ ဘုန်းတန်ခိုးစွမ်းအားများ၊ ကိုယ်ရည်ကိုယ်သွေးများ ပေါ်လွင်စေသည်။

ပြဇာတ်အစတွင် ဝိဇယုတ္တာရခရသင်းမှုတ်၍ သိကြားမင်းထွက်လာစဉ်–

> "ဇေရာဝဏ်ရှင်၊ သဘင်ထွက်စံ၊ နတ်ပေါင်းညီလာခံ၊ ကသစ်ဗိမာန်
> မြခံပံသု၊ နေရာတော်ကျောက်အထု၊ လေးပါးမျက်ရှု၊ နန်းသုဒသ်ပိုင်၊
> မြင်းမိုရ်တောင်ဦးကိုင်၊ ရိပ်ဖြူရှစ်ဆိုင်၊ မဏ္ဍိုင်ဘုံဦး၊ ဘုန်းတော်
> ထက်ကွန့်မြူး၊ ကြီးမှူးဇေကရာတေဇာ တင့်တော့သည်၊ မီးရှူး
> နေအဝါ ဇေယျာရင့်တော့သည်"[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ ဇာတ်ဆောင်သိကြားမင်းကို ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ သိကြားမင်းစံမြန်းရာနေရာ၊ ဘုန်းတန်ခိုးကြီးမားပုံတို့ကို ဇာတ်ဆောင်နှင့် လိုက်ဖက်စွာ ရေးဖွဲ့ထားရာ သိကြားမင်းလည်း ရုပ်လုံးကြွပေါ်လွင်လာစေသည်။

သိကြားမင်းထွက်ပြီးနောက် ဘူမာရိသနတ်ထွက်ကာ ဇာတ်ချင်းကို တီးစေသည်မှာ–

> "နတ်မာရိသ၊ ဗာရာ့သခင်၊ ပွင့်လောင်းစကြာရှင်၊ ဗျာဒိတ်တော်ဝင်၊
> လူ့ခွင်သက်ဖူး၊ နိဗ္ဗာန်ကမ်းဆိပ်ဦး၊ နောင်လာမြင့်ကြူး၊ စက်ဦး
> မြန်းမည်၊ သမ္ဘာညွန့်စည်စည်၊ ရဲအာဇာနည်၊ မလည်မလိပ်၊
> စကြာဖြူဝန်းရိပ်၊ ဘုန်းသိပ်ဝင်းဝင်းပြောင်၊ လူ့ဘောင်လှည့်တော့မည်၊
> သုံးကျိပ်မင်းမင်းအောင်၊ ဆုနှောင်ရှည့်တော့သည်"[၂]

ဟူ၍ ဖြစ်သည်။ ဗာရာဏသီမင်းသည် ဗျာဒိတ်တော်ဝင် ဘုရားလောင်းဖြစ်ကြောင်း၊ နိဗ္ဗာန်ကမ်းသို့ စက်မြန်းမည့် ဘုန်းရှင်သမ္ဘာရှင်ဖြစ်ကြောင်း၊ ဘုန်းတန်ခိုးကြီးသောမင်းဖြစ်ကြောင်း ဘုန်းတော်ကို ဖွဲ့ဆိုသည်။ ဇာတ်ဆောင်ထွက်မလာမီ ကြိုတင်၍ ဘုန်းတော်ကို ဖွဲ့ဆိုကာ ပရိသတ်နှင့် မိတ်ဆက်ပေးလိုက်ခြင်း ဖြစ်သည်။

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၃။
[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၃–၄။

အခန်း(၂)တွင် မဟာဗြဟ္မဒတ်မင်းကြီးက သားတော် သတ္တခနေမင်းသားကို အိမ်ရှေ့အရာနှင်းပြီး မင်းသား အိမ်တော်သို့ထွက်စဉ်–

“မဟာဥပရာဇ်၊ တက်သစ်နေသွင်၊ ရွှေနန်းစံမည့်ရှင်၊ ဇမ္ဗူတစ်ပြင်၊
သဘင်ဗိုလ်ရှူ၊ ညီလာနန်းရတု၊ ဗာရာတိုင်းသူ့၊ နေရုတောင်နှယ်၊
ကျွန်းလုံးလွှန်တင့်တယ်၊ မျက်မျိုးစီခြယ်၊ စလွယ်ရောင်ချက်၊
လျှပ်ခြည်ပြိုးပြိုးပြက်၊ နန်းထွက်စံနေရာ၊ စကြာဖြိုးတော့သည်၊
ဝန်းချက်ရန်ခြွေကာ၊ ချက်ချာစိုးတော့မည်”[၁]

ဟူသော ဓာတ်ချင်းကို တီးစေသည်။ ထီးနန်းလောင်းလျာဖြစ်ပုံ၊ ဇမ္ဗူဒီပါတစ်ကျွန်းလုံးတွင် တင့်တယ်စွာ စံမြန်းနေပုံ၊ ရောင်ခြည်များ ပြိုးပြိုးပြက်ပြက်နှင့် ရတနာစီခြယ်သော စလွယ်စသည့် အဆောင်အယောင်များနှင့်ရှိပုံ၊ ရန်မှန်သမျှကို နှိမ်နင်းအောင်မြင်ပုံ တို့ဖြင့် သုခနေမင်းသားကို ပုံဖော်ထားသည်။ ဘုန်းလက်ရုံးစွမ်းရည်နှင့် ပြည့်စုံသော မင်းသားအဖြစ် ထင်ရှားပေါ်လွင်စေသည်။

မင်းသားနှင့်ဖွားဖက်တော် မဏိကက်မြင်းကို ပရိသတ်နှင့် မိတ်ဆက်ပေး ရာတွင်–

“မဏိကက္ခ၊ အဿရာဇာ၊ တိမ်ဦးပျံလခါ၊ မြကြိုးတန်ဆာ၊
ရတနာနဂ္ဂိ၊ လျှပ်ခြည်ညိုးညိုးညိ၊ မြတ်မျိုးဇာတိ၊ ဘုန်းရှိ
သတို့သား၊ ရွှေစက်တင်လိုက်ရာ၊ အိမ်ရှေ့နန်းလျာ၊ သမ္ဘာငုံရင့်၊
ပွင့်ချိန်ခါကောင်းလင့်၊ သောင်းမြင့်မြေဇမ္ဗူ၊ ဆက်ယူနှင်းတော့မည်၊
မောင်းရင့်နေတစ်ဆူ၊ ထွက်ပြူလင်းတော့မည်”[၂]

ဟူသော ဓာတ်ချင်းကို တီးစေသည်။ ရတနာစီခြယ်ထားသော ကကြိုးတန်ဆာများနှင့် မဏိကက်မြင်း၏သွင်ပြင်နှင့် ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း တစ်ခုလုံးကို ဆက်သ နှင်းအပ်နိုင်သော မြင်း၏စွမ်းအားတို့ကို ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ဓာတ်ဆောင် အပေါ် ပရိသတ် အာရုံစူးစိုက်လာအောင် ဓာတ်ချင်းက ပို့ဆောင်ပေးသည်။

သေဋ္ဌနဂရပြည် မဟာဒီပရာဇ်မင်းကြီးက သက်တော်ပြည့်အလှူတွင် စီရင်ရန် ရှိသည်များကို မှာကြားရန် ဒီပါဂုရုပုဏ္ဏားကို အခေါ်လွှတ်သည်။ ပုဏ္ဏားလိုက်လာစဉ်တွင်–

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၂၀။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၁၉။

> "ဒီပါဂုရ မင်းမှူတွင်ခေါ်၊ ပုဏ္ဏားဆရာကျော်၊ ဘုရင်ဘုန်းမော်
> ခေါ်တော်ရောက်ငြား၊ လျှင်စွာကြွလိုက်သွား၊ မှန်ကူရေးထား၊
> ဝတ်စားတင့်တယ်၊ သင်းကျစ်စလွယ်၊ ဖွဲ့ဖြူမြိတ်သွယ်၊
> ကိုယ်ဝယ်သမိုင်း၊ ခြုံကာပတ်ရစ်သိုင်း၊ မြင်တိုင်းရှုဖွယ်သာ၊
> ရုပ်ဝါထူးတော့သည်၊ ရွှေနန်းမင်္ဂလာ ဝင်ကာဖူးတော့သည်။"[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ ဒီပါဂုရပုဏ္ဏား၏ ဝတ်စားဆင်ယင်ပုံ၊ သွင်ပြင်မူရာကို ဇာတ်ဆောင်၏ ဇာတ်ရုပ်နှင့်ညီအောင် ရေးသားထားသည်။ ဘုရင်ကြီးက ခေါ်တော်မူ၍ ချက်ချင်း လျှင်စွာလိုက်သွားပုံ၊ တင့်တယ်စွာ ဝတ်စားသွားပုံတို့ကို ဇာတ်ချင်းက အသေးစိတ် ဖော်ပြနေသည်။ စာနာသူပရိသတ် အာရုံတွင် ဇာတ်ကွက် တစ်ကွက်ပြီးတစ်ကွက်ကို မြင်ယောင်လာအောင် ဖန်တီးနိုင်သည့် ဇာတ်ချင်းပင် ဖြစ်ပါသည်။ ဇာတ်ဆောင်တို့၏ ဝတ်စားဆင်ယင်မှုများကို အသေးစိတ်ဖွဲ့ဆိုခြင်းဖြင့် ဇာတ်ဆောင်ရော ဇာတ်လမ်းပါ ခမ်းနားထည်ဝါလာသည်။

စာဆိုသည် ဇာတ်ချင်းဖြင့် ဇာတ်ဆောင်ကိုပံ့ပိုးရာတွင် အလှဘွဲ့များနှင့်လည်း ရေးဖွဲ့တတ်ကြောင်း တွေ့ရသည်။ မင်းသား၏တိုက်တွန်းချက်ကြောင့် ဗာရာဏသီပြည်သို့ သွားခွင့်ပြုရန် ခမည်းတော် မယ်တော်တို့ထံ ခွင့်တောင်းရန် သီရိမြတ်စွာမင်းသမီး လာရောက်စဉ်တွင်–

> "လှများကသိုဏ်း၊ ရှုတိုင်းငယ်ယဉ်ရာ၊ သီရိမင်းမြတ်စွာ၊
> ထက်နတ်သူဇာ၊ မူရာမပြား၊ ဆိုယောင်တမ်းမိမှား၊ မြင်သူအများ၊
> တန့်စားနိုင်အောင်၊ ရွှေသဲဝေလို့လောင်၊ မြယုဂန်တောင်၊
> တိမ်မှောင်ရစ်သန်း၊ ငွေလယုန်သို့ဆန်း၊ မြန်ခန်းတောင်သပြေ၊
> ဖက်ကွေကျွန်းတော့သည်၊ မှန်နန်းဆောင်ရဝေ၊ စက်ရွှေယွန်း
> တော့သည်"[၂]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ ရှုတိုင်းယဉ်သည့် လှများကသိုဏ်း သီရိမြတ်စွာသည် သိကြားမင်း၏မိဖုရား သူဇာနတ်သမီးအလား ထင်မှတ်မှားရကြောင်း၊ မြင်သူအများ ဆောက်တည်ရာမရ ဘဝင်ဆူအောင် လှကြောင်း၊ ယုဂန်တောင်ထိပ်တွင် ငွေလမင်း ထွန်းလင်းသကဲ့သို့ အလှထိပ်ခေါင်တင်ဖြစ်ကြောင်း အဓိကဇာတ်ဆောင် သီရိမြတ်စွာ မင်းသမီးအလှကို ဇာတ်ချင်းဖြင့် ပုံဖော်စေသည်။ မင်းသားက မင်းသမီးအပေါ် ထားသော သဘောထား ပါဝင်သည်။

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၅၉။
[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၆၇။

ပြဇာတ်ဆရာက တိုက်ရိုက်ပြောခွင့်မသာသော ဇာတ်ဆောင်၏ အလှကို ဇာတ်ချင်းက အသေးစိတ် ခြယ်မှုန်းနိုင်သည်။ ပရိသတ်အတွက် မြင်ယောင်ယောင် ဖြစ်အောင် ပုံဖော်နိုင်သော ဇာတ်ချင်း၏ အခန်းကဏ္ဍသည် အရေးပါကြောင်း တွေ့ရသည်။

ကရေနဝတီခေါ် ထိပ်ထားယာနှင့် သုခနေမင်းသားတို့ ဝေဘာနဂရပြည်တွင် တွေ့ဆုံသောအခါ အကျိုးအကြောင်း မေးမြန်းသိရှိပြီးနောက် မင်းသားကို အဋ္ဌနဝတီ၏ တစ်ပင်တိုင်နန်းသို့ ခေါ်ဆောင်သွားရာတွင်–

"သဇင်ကြက်ရုံး၊ မြကုံးကေသာ၊ ဆင်တိုင်းတင့်မြကလျာ၊ မထိပ်ထားယာ၊ ပြာပြာလျှချည်း၊ မျက်ရှင်ရွှေစုလည်း၊ ဗျာပါ ထပ်သည်း၊ မနည်းမျှစင်၊ မောင်ကြီးညှိုးတဲ့အင်၊ မကြွင်းကုန်စင် လျှောက်တင်ထွေဆန်း၊ ဝေဘာပြည်နန်း၊ ပြန်လမ်းကြုံခွင့်တာ– မကြာကူးတော့သည်၊ မြန်ခန်းဘုံမြင့်ညာ တစ်ခါကူးတော့သည်"[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ ထိပ်ထားယာ၏အလှကို သာမန်မျှသာ ဖွဲ့ထားသည်။ 'မထိပ်ထားယာ' ဟု သုံးထားပုံမှာ နှစ်သက်ဖွယ် ဖြစ်သည်။ အလှဖွဲ့နှင့် တွဲလျက် ဝေဘာနဂရပြည်မှ ဗာရာဏသီပြည်သို့ ပြန်ခွင့်ရတော့မည်ဖြစ်ကြောင်း ရှေ့ဖြစ်မည့်ဇာတ်ကို ကြို၍ ဇာတ်နိမိတ်ပြလိုက်သည်။ ပရိသတ်စိတ်ကျေနပ်မှုကို ရစေသည်ဟု ဆိုရပါမည်။

ဇာတ်ဆောင်တို့၏ သွင်ပြင်အမူအရာကိုသာမက စိတ်အမူအရာ စိတ်ခံစားချက် ကိုပါ ပေါ်လွင်ထင်ရှားစေရန် ဇာတ်ချင်းများက ဖော်ဆောင်နိုင်ကြောင်းလည်း တွေ့ရ သည်။ မဟာဒီပရာဇ်မင်းကြီး၏ သက်တော်ပြည့်မွေးနေ့တွင် ပုဏ္ဏားဒီပါဂုရက ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ငှက်များစွာကို ယဇ်ပူဇော်သင့်ကြောင်း လျှောက်ထားသည်။ မင်းသားက တားမြစ်သဖြင့် မင်းသားကိုအငြိုးထား၍ ပုဏ္ဏားထွက်သွားစဉ်–

"ပုဏ္ဏားယယ်ဆရာ စိတ်မှာမကြည်၊ ထွက်သွားပြန်လေသည်၊ ယဇ်ပူဇော်မည်၊ ကြံစည်မှန်းထား၊ မူယာပျက်သောအား၊ နန်းရန် ပျိုထွား၊ မင်းသားကိုပင်၊ ငြိုးခွင့်မှန်းမာန်ဝင်၊ အိမ်သို့ရောက်လျှင်၊ မရှင်စိတ်ဝမ်း၊ မျက်နှာသွေးညှိုးနွမ်း၊ ဆိုတမ်းဆိုမိယောင်၊ သည်းခေါင် ဆူးတော့သည်၊ ငိုမှန်းငိုချင့်အောင်၊ ပူလောင်ရှူးတော့သည်"[၂]

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၁၁၆။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၆၁။

ဟူသော ဇာတ်ချင်းကို တီးစေသည်။ မင်းသားကို စိတ်ဆိုးရန်ငြိုးထားသော ပုဏ္ဏားဓ၏ စိတ်အခြေအနေ မကြည်မလင်ရှိပုံ၊ စိတ်မရှင်လန်း၍ မျက်နှာညှိုးနွမ်းနေပုံ၊ ဒေါသစိတ်များကြောင့် ရင်တွင်းပူလောင်ခံစားနေရပုံကို ဇာတ်ချင်းက တစ်ကွက်စီ မီးမောင်းထိုး ပြနိုင်သည်။ ဇာတ်ဆောင်၏ စရိုက်လက္ခဏာကို ပေါ်လွင်စေသည်။ ထို့ကြောင့် ဇာတ်ချင်းများက ဇာတ်ဆောင်ကို သက်ဝင်လှုပ်ရှားလာစေသည်ထိ အထောက်အကူပြု နိုင်ကြောင်း တွေ့ရသည်။

ယဇ်ပူဇော်ခြင်းအယူမှားကို ပြောင်းလဲစေခဲ့သော မင်းသား၏ ဆောင်ရွက်ချက်သည် အမှောင်ကိုခွင်း၍ ဉာဏ်ရောင်ဖြင့် လင်းစေခြင်းပင်ဖြစ်ကြောင်း မင်းသားစံအိမ်တော် ကြွစဉ် တီးရသည့် ဇာတ်ချင်းတွင်–

"ပုဏ္ဏားအယူ၊ မှောင်မြူလှစ်ခွင်း၊ ဉာဏ်ရောင်ထွန်းခဲ့လင်း"[၁]

ဟူ၍ ဖော်ပြထားသည်။ အယူမှားကို အမှန်ရောက်အောင် ပြုခဲ့သော မင်းသား၏ ဆောင်ရွက်ချက်ကို ပိုထင်ရှားစေရန် အလေးပေးတင်ပြလိုသော ပြဇာတ်ဆရာ၏ စေတနာကို တွေ့ရသည်။ ပြဇာတ်ဆရာ ဝင်မပြောသာသည်ကို ဇာတ်ချင်းဖြင့် ပေါ်လွင် စေသည်။

ဇာတ်ဆောင်ကို အထောက်အကူပြုသော ဇာတ်ချင်းများသည် ဇာတ်ဆောင် များကို ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ ဇာတ်ဆောင်၏ ဇာတ်ရုပ်နှင့်လိုက်ဖက်သော အခင်းအကျင်း၊ ဝတ်စားဆင်ယင်ပုံ၊ ကိုယ်ရည်ကိုယ်သွေးတို့ကို ပေါ်လွင်စေသည်။ စိတ်ခံစားချက် အမူအရာတို့ဖြင့် ဇာတ်ဆောင်ကို ရုပ်လုံးကြွစေသည်။ ထို့ကြောင့် ဇာတ်ချင်းများသည် အရေးပါသည်ဟု ဆိုရပါမည်။

## ၂၊ ၃။ ကာလဒေသနောက်ခံဝန်းကျင်ကို အထောက်အကူပြုသော ဇာတ်ချင်းများ

မဏိကက်ပြဇာတ်တွင် ဇာတ်လမ်းဖြစ်ပျက်ရာ ကာလဒေသနောက်ခံဝန်းကျင်ကို ဇာတ်ချင်းများဖြင့် ဖော်ပြတတ်ကြောင်း တွေ့ရသည်။ ပြဇာတ်စာဆိုသည် ပြဇာတ် အစတွင် အဓိကဇာတ်ဆောင်များနှင့် တိုင်းပြည်များကို ဦးစွာ မိတ်ဆက်ပေးသည်။ ဗာရာဏသီပြည်၊ သေဋ္ဌနဂရပြည်၊ ဝေဘာနဂရပြည်တို့ကို မင်းညီလာခံ မြင်ကွင်းဖြင့် တစ်ခုပြီးတစ်ခုကို ဇာတ်ချင်းများနှင့် ဖော်ပြသည်။

ကာသိကရာဇ်တိုင်း၊ ဗာရာဏသီပြည်ကို အစိုးရသော မဟာဗြဟ္မဒတ်မင်း၊ မိဖုရားကြီး အတုလဒေဝီ၊ မောင်းမမိဿံမှူးမတ်များ ထွက်စေသည့် ဇာတ်ကွက်တွင်–

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၆၂။

"ဗြဟ္မဒတ်မည်၊ ရွှေပြည်ဗာရာ စိုးမူပိုင်ချုပ်ချာ၊ ဒေဝီရတနာ၊ သစ္စာပန်နက်၊ ဆုကြီးခံမည့်ရက်၊ သဘင်မင်းထွက်၊ ယှဉ်လျက်တူပြိုင်၊ ချစ်ဘုန်းပုံ့ပုံ့လှိုင်၊ ထီးဦးစိုးပိုင်၊ ကိုးခိုင်နဝရတ်၊ သီဟာဥကင်မြတ်၊ နေနတ်စကြာရောင်၊ ရွှန်းပြောင်ညီးတော့သည်၊ ခွေပတ်လက်ျာတောင်၊ ဝန်းမြှောင်စီးတော့သည်။"[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။

ထို့နောက် သေဋ္ဌနဂရပြည်ကို အစိုးရသော မဟာဒီပရာဇ်မင်း၊ မိဖုရား ဒေဝါတိဒေဝီနှင့် မှူးမတ်တို့ ထွက်စေသည့် ဇာတ်ကွက်တွင်–

"သေဋ္ဌနဂရ၊ ပြည်မဦးကိုင်၊ ဘုန်းနေထောင်ဆိုင်၊ နှစ်ပါးတူပြိုင်၊ ရွှေဆိုင်ပြိုးပြက်၊ စံညာနန်းမထက်၊ သဘင်အောင်ချက်၊ ရှိလက်ညွှတ်ကာ၊ မတ်ပေါင်းခြံရံကာ၊ ဘုန်းတန်းသမ္ဘာ၊ အာကာထုတ်ချင်း၊ တေဇာအောက်ထက်လင်း၊ ခပင်းလှိုင်ပုံ့ကြူ လိုက်ဆူမွှေးတော့သည်။ သတင်းကြိုင်နံ့လှူ၊ ကျိုက်ဆူကြွေးတော့သည်"[၂]

ဟူသော ဇာတ်ချင်းကို တီးစေသည်။

ဝေဘာနဂရပြည်ကိုအစိုးရသော တေဇယက္ခဘီလူးမင်း၊ မိဖုရား၊ မှူးမတ်တို့ ထွက်စေသည့် ဇာတ်ကွက်တွင် 'ယိုးဒယားတီး' ဟူ၍ တီးလုံးတီးကွက်ကိုသာ ညွှန်းဆိုထားသည်။ ဇာတ်လမ်းတွင်ပါဝင်သည့် ဇာတ်ဆောင်များကို တိုင်းပြည်နှင့်တကွ ယှဉ်တွဲလျက် ပရိသတ်ကို မိတ်ဆက်ပေးသည်။ ဇာတ်လမ်းဖြစ်ပျက်ရာ ဒေသနောက်ခံများကို တစ်ပြည်ပြီးတစ်ပြည် ဖြတ်ခနဲ ဖြတ်ခနဲ ပြနေသကဲ့သို့ မြင်ယောင်စေသည်။

သိကြားမင်း လူ့ပြည်သို့ဆင်း၍ အတုလဒေဝီမိဖုရားအား အိပ်မက်ပေးခန်းတွင်–

"ကသစ်သဘင်၊ ရှင်တော်မမူ၊ ရထားအလံထူ၊ ယမားပစ္စူ ဘွဲ့ဖြူမြိတ်တွန့်၊ လျှပ်ခြည်ကိုးကိုးကွန့်၊ မြင်းမိုရ်တောင်ညွှန့်၊ ပုဇွန့်လက်စည်၊ သံကြီးခြိမ့်ခြိမ့်လည်၊ ဗာရာရွှေပြည် ရေကြည်လှည့်ဝန်း၊ မြရည်ရိပ်တဲ့ကျွန်း၊ သံယွန်းပဟိုရ်နှော်၊ ကြက်ဆော်ဦးကလည်၊ စံကျွန်းတစ်ကိုယ်တော်၊ စက်ပျော်ကြူးလှသည်"[၃]

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၄။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၄–၅။

[၃] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၇–၈။

ဟူသော ဓာတ်ချင်းကို တီးစေသည်။ ကသစ်ပင်ပေါက်ရာ သိကြားပြည်မှ လူ့ပြည်သို့ ဆင်းလာပုံကို ဓာတ်ကွက်နှင့် လိုက်ဖက်စွာ တီးစေသည်။ သိကြားမင်းဆင်းလာချိန်သည် လင်းကြက်တွန်ချိန်ဖြစ်ကြောင်း ကာလဒေသနောက်ခံဝန်းကျင်ကို သိမြင်စေသည့် ဓာတ်ချင်း ဖြစ်သည်။

လူ့ပြည်မှ နတ်ပြည်သို့ ပြန်လည်ကြွမြန်းခန်းတွင်–

"ရေခုနစ်မြောင်၊ တောင်ခုနစ်စဉ်၊ စင်းစင်းဝပ်ကာ ယှဉ်ဆိုင်းဆိုင်း
ပင်စည်ဦး၊ ယဉ်သာဝှမ်း၊ သီတာမြမြချမ်း၊ ရထားစက်ရမ်း၊
ပြန်လမ်းလည်ကာ၊ မိုးကြောဖြတ်၍သာ၊ ဘုံဝေဇယန္တာ၊ မဟာသုဒဿ၊
ရူဝံကြယ်မတ်မတ်၊ ပြည်မြတ်ရွှေဝရိန်၊ တောက်ရှိန်ညီးတော့သည်"[၁]

ဟူသော ဓာတ်ချင်းကို တီးစေသည်။ သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်ကို ဖြတ်သန်းသွားချိန်သည် နေပူရှိန် အပြင်းဆုံးအချိန်ဖြစ်ကြောင်း ဖော်ပြထားသည်။ လမ်းတစ်လျှောက်မြင်ကွင်းကို ဒေသနောက်ခံအဖြစ် တွေ့ရသကဲ့သို့ အချိန်ကိုလည်း ကာလနောက်ခံ ဖော်ပြထားသည်။ ဓာတ်လမ်း ဓာတ်ဆောင်နှင့် လိုက်ဖက်သော ဓာတ်ချင်းပင် ဖြစ်ပါသည်။

သတ္တာခနေမင်းသား သဘော်ပျက်ပြီး သာဂရမြစ်ဆိပ်သို့ ရောက်ပြီးနောက် မဏိကက်မြင်းကို ရှာဖွေခန်းတွင်–

"သောင်ကျွန်းငွေလျှံ၊ ဖန်ဖန်ရူမျှော်၊ မြကုန်းမြင်းယာဉ်ကျော်၊
မြတ်နန်းဘုန်းပျော်၊ ကိုယ်တော်မြင်ဘဲ၊ လှိုက်ဆူဝေတဲ့သဲ၊ ကြိုင်စွာ
ပွင့်မြဲ၊ ခဝဲယှက်ရုံ၊ တနန်းရွှေဝတ်မှုန်၊ တောင်တောရဂုံ၊
ပင်စုံမြင့်သွန်း၊ ရှုဖွယ်ညိုရစ်ဝန်း၊ ပျံ့မွန်းမွှေးလှိုင်ကြူ၊ လေယူ
သွေးတော့သည်။ တောလုံးနှံ့မျှဖွေ၊ ရွှေမြေဝေးတော့သည်။"[၂]

ဟူသော ဓာတ်ချင်းကို တီးစေသည်။ မြင်းတော်ကို ရှာဖွေနေသော အချိန်သည် ခဝဲပန်းများပွင့်သော တန်ဆောင်မုန်းလဖြစ်ကြောင်း 'ကြိုင်စွာပွင့်မြဲ၊ ခဝဲယှက်ရုံ' ဟူသော အဖွဲ့နှင့် ကာလနောက်ခံကို ရာသီပန်းနှင့် ဖွဲ့ပြထားသည်။

ထိုသို့ ရှာဖွေသော်လည်း မြင်းတော်ကို မတွေ့သဖြင့် တောတောင်တို့ကို လှည့်လည်၍ ရှာဖွေလေသည်။ ထိုအခန်းတွင်–

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၈–၉။
[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၁၀၀။

> "ဝါရက်ကယ်ကူးရင်လ၊ ဆွတ်မှူးရစ်သီ၊ ပတ်ရံဝိုက်ဆိုင်း၊ တိမ်တိုင်းကလဲ့မှုန်ရီ၊ မြူခိုးငယ်ချီချီ၊ ပြာသိုခါမီ၊ ရာသီလတွင်း၊ စုံရိပ်မြိုင်မှာ ထုံလှိုင်ပင်ဆင့်ပွင့်လုလေး၊ မြောက်ပြန်ငယ်ဆော်သွင်း၊ လေညင်းဝိုက်လည်၊ ရှစ်မည်တင်ကာဝဲရွှေလိုရည်၊ သစ်ဖူးငယ်နေ့ဆည်၊ ကြိုက်သည်ဟန်နှင့်၊ မောင်ရင့်မြဲခွေ၊ ညာကြေရိုးတံသင်းလို့လေ၊ ပျံ့ရွှင်းသည်ရဂုံ၊ ပင်စုံထူးတော့သည်၊ ချစ်တင်းဖိုမခေါ်တွန်ကြော်မြူးတော့သည်"[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ မင်းသားရောက်ရှိနေသော နေရာမှာ တောစုံမြိုင်တွင်း ဖြစ်ကြောင်း၊ အချိန်မှာ ဝါလကုန်၍ ပြာသိုလပင် ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြရာတွင် ပြာသိုလရာသီ၏ ကောင်းကင်ယံအခြေအနေ မြူခိုးများနှင့် မှိုင်းရီနေသော ရာသီသဘာဝ၊ မြောက်ပြန်လေ တိုက်ခတ်ဆော်သွေးနေပုံ၊ သစ်ပင်ပန်းမာလ်တို့၏ ဖူးပွင့်နေကြဟန်၊ တောမြိုင်တစ်ခုလုံး ပန်းရနံ့များနှင့် မွှေးထုံကြိုင်လှိုင်လျက်ရှိပုံ၊ ကျေးငှက်များ၏ ဘာသာဘာဝတွန်မြူးနေကြပုံတို့ကို စုံလင်အောင် ရေးဖွဲ့ထားသည်။ 'စုံရိပ်မြိုင်မှာ၊ ထုံလှိုင်ပင်ဆင့်ပွင့်လုလေး' ဟူ၍ သဇင်ပန်း သစ်ခွပန်းတို့ပွင့်ပုံကိုပါ မြင်ယောင်လာအောင် ပြာသိုလ၏ ရာသီသဘာဝကို ရေးဖွဲ့ထားသည်။ ကာလဒေသနောက်ခံအဖွဲ့ကို အသေးစိတ်ရေးဖွဲ့ထားရာ ဇာတ်လမ်းဇာတ်ကွက်ကိုပါ သက်ဝင်လှုပ်ရှားစေသည်။ ပရိသတ်အား ကြည်နူးနှစ်သက်မှုကိုလည်း ပေးစွမ်းနိုင်သည်ဟု ဆိုရပါမည်။ နောက်ခံအဖွဲ့က မင်းသား၏သောကအလွမ်းကို ပရိသတ် ခံစားလာရအောင် ပံ့ပိုးပေးထားသည်။

ဣန္ဒပထနဂိုရ်ပြည်ရှိ မဟာသေဋ္ဌိသူဌေးကြီးကတော် သူဌေးမကြီးသည် မြစ်ကမ်းခြေ၌ ရေချိုးသွားမည်ဖြစ်ကြောင်း သူဌေးကြီးအားပြောရာ သူဌေးကြီးက နေမဝင်ခင် ပြန်လာခဲ့ရန် မှာကြားသည်။ သူဌေးမကြီးရေချိုးရန် မြစ်ကမ်းသို့သွားစဉ်–

> "ရှုတိုင်းညိုပြာ၊ သီတာယမုန်၊ လှိုင်းရွှေကြက်ခုန်၊ ကမ်းထိပ်ကယ်ရဂုံ၊ ပွင့်ရုံချပ်ကြွေ့၊ လေချိုဝန်းလို့ဝေ့၊ သိမ်သိမ်မွှေ့မွှေ့၊ သူဌေးသက်နှံ၊ ရေချိုးထွက်ပျော်စံ၊ ညဆည်းဆာယံ၊ ပန်းမာလ်ပင်တိုင်း၊ ရီမှောင်လဲ့လို့ဆိုင်း၊ ကသိုဏ်းရွှေပုံနှယ်၊ မြင်တယ်ဝေးကလေ၊ ရေဝဲမျှအလျှံ၊ မြည်သံကြွေးလို့လေ"[၂]

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၁၀၁–၁၀၂။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၉၁။

ဟူသော ဇာတ်ချင်းကို တီးစေသည်။ ဤဏ္ဍပထနဂိုရ်ဆိပ်ကမ်းတွင် လှိုင်းကြက်ခွပ်ကလေးများ တရွေ့ရွေ့ တခုန်ခုန်နှင့် မြစ်ပြင်တစ်ကြောလုံး ရှုလေရာရာ ညိုပြာပြာနှင့်လှနေပုံ၊ မြစ်ကမ်းထိပ်ရှိ သစ်တောသစ်ပင်တို့၌လည်း ပန်းမာလ်တို့ ပွင့်လန်းလျက်ရှိပုံ၊ လေပြည်လေညင်းက သိမ်သိမ်မွေ့မွေ့ တိုက်ခတ်လျက်ရှိပုံ၊ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်ရီလဲ့လဲ့ပျိုးသည့် ညနေဆည်းဆာချိန်ဖြစ်ပုံတို့ကို အသေးစိတ်မြင်ယောင်လာအောင် ထည့်သွင်း ဖွဲ့ဆိုထားသည်။ ကာလဒေသနောက်ခံကို ပန်းချီကားတစ်ချပ်သဖွယ် ခြယ်မှုန်းထားရာ ပရိသတ်အား မြင်ယောင်လာစေလျက် ကြည်နူးနှစ်သက်မှုရသကိုပါ ပေးစွမ်းနိုင်သည်။ သရုပ်ဖော်အဖွဲ့ကောင်းများက ရသခံစားမှုကို ဖြစ်ပေါ်စေသည်။

သတ္တာခနေမင်းသားသည် အဠ္ဌနဝတီနှင့် ကရေနဝတီတို့ကိုခေါ်၍ ဘီလူးပြည်မှ ပြန်ခန်းတွင်–

> “သိင်္ဂီလျှံလန်း၊ ဖန်နန်းစက်ရှင်၊ မြတ်ယာဉ်ညင်၊ နှစ်ပါးတူပင်၊
> ပျော်စံရွှင်တုန်း၊ သီဒါရွှေလက်သုံး၊ သဇင်ကြက်ရုံး၊ ဂမုန်းမြေလို၊
> ဖတ်ရှိန်းလဲ့လဲ့ညို၊ ငွေနှင်းစိုစို၊ လေချိုရစ်သွင်း၊ ရာသီမိလ္လာတွင်း၊
> စံခင်းရွှေပြည်သာ၊ ဗာရာမြန်းတော့သည်၊ ရန်လင်းနေခြည်ကြာ၊
> ဗျာပါမွမ်းတော့သည်။”[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ သဇင်ကြက်ရုံး၊ ဂမုန်းပန်းတို့ ပွင့်သောကာလ ငွေနှင်းစိုစိုကျသောချိန်၊ လေပြေလေညင်းတို့ ဆော်သွေးတိုက်ခတ်ချိန် ဆောင်းရာသီဖြစ်ကြောင်း ရာသီသဘာဝကို အသေးစိတ် ရေးဖွဲ့ထားသည်။ ပျော်ပျော်ရွှင်ရွှင် ဇာတ်သိမ်းခါနီးတွင် သီဆိုသောဇာတ်ချင်းမှာလည်း ပျော်ရွှင်ကြည်နူးဖွယ်ဖြစ်၍ ဇာတ်လမ်းနှင့် လိုက်ဖက်သည်။

သီရိမြတ်စွာမင်းသမီးသည် မောင်တော်နှင့် ဆုံဆည်းနိုင်ရန် ခရီးသွားတို့နားနေနိုင်သော ရွှေဂူဇရပ်ဆောက်လုပ်ကာ မိမိနှင့်မောင်တော်တို့၏ အဖြစ်အပျက်အစုံကို နံရံတွင်ပန်းချီများ ရေးစေသည်။ ရွှေဂူပြီးလျှင် ပွဲခံ၍ လှူလေသည်။ အလှူရေစက်ချပြီး အိမ်အပြန်တွင်–

> “မြိုင်တိုင်းသစ်ချိန်၊ ညိုတိမ်မှိုင်းရီ၊ လေညင်းတချီချီ၊ ရှစ်ရပ်ကူညီ၊
> ဘယ်ဆီကိုသိ၊ မျှော်ရောင်သာနှင့်ရှိ၊ မှိုင်ကာမှိုင်မိ၊ သီရိမြတ်စွာ၊
> မြနန်းကိုယ်တော်မှာ၊ သနားစရာ၊ သစ္စာဆင့်ပွား၊ ရွှေဂူဆောက်လို့ထား၊

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၂၀၈။

ကိုယ်ပွားဇာတ်ဟန်ပန်၊ သဏ္ဍာန်ရေးတော့သည်၊ ဆိုမျိုးဖန်တစ်ရာ၊
ငိုကာဆွေးတော့သည် ”[၁]

ဟူသော ဇာတ်ချင်းကို တီးစေသည်။ တောမြိုင်တိုင်း၌ ရွက်ဟောင်းများ ကြွေ၍ ရွက်သစ်လောင်းချိန်၊ ကောင်းကင်ထက်၌ တိမ်ညိုတိမ်မည်းတို့နှင့် မှိုင်းမှိုင်းမှုန်ရီ နေချိန်၊ လေပြည်လေညင်းတို့ မရပ်မနားတိုက်ခတ်နေချိန်တွင် အရပ်ရှစ်မျက်နှာ တစ်ခွင် ဘယ်ဆီသို့မျှော်ရမည်မသိဖြစ်နေ၍ ရွှေဂူဆောက်ကာ မိမိအဖြစ်အပျက်ကို ပန်းချီရေးခဲ့ကြောင်း အဖန်ဖန်အခါခါ ငိုကြွေးမြည်တမ်းလျက် ပူဆွေးသောက ရောက်နေရကြောင်း စပ်ဆိုထားသည်။ နောက်ခံဝန်းကျင်ကိုသာမက ဇာတ်ဆောင်၏ အလွမ်းကိုပါ ပံ့ပိုးပေးနိုင်သော ဇာတ်ချင်းဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် ကာလဒေသနောက်ခံကို ပံ့ပိုးပေးသော ဇာတ်ချင်းများသည် ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်များနှင့် တိုင်းပြည်များကို ဦးစွာမိတ်ဆက် ပေးသည်။ သီရိမြတ်စွာ သဘော်ပျက်၍ ရောက်ရှိသွားသော ဣန္ဒပထနဂိုရ်ပြည်ကိုမူ သီးခြားမဖော်ပြ။ ဇာတ်လမ်းတွင်းမှာသာ ပြသည်။ ထို့ပြင် ဇာတ်ဆောင်တို့ရောက်ရှိရာ နေရာဒေသ၊ ရောက်ရှိနေသောအချိန်တို့ကိုလည်း အသေးစိတ်ရေးဖွဲ့သည်။ ပတ်ဝန်းကျင် မြင်ကွင်းနှင့် ဆက်စပ်လျက် ဇာတ်ဆောင်၏ စိတ်ခံစားချက်တို့ကိုပါ အနုစိတ် သရုပ်ဖော်နိုင်သည်။ ထို့ကြောင့် စာနာပရိသတ်အတွက် စင်တင်ပြဇာတ်တစ်ပုဒ် ကြည့်နေရသည့်အလား ခံစားရအောင် ဇာတ်ချင်းများက ပံ့ပိုးပေးနိုင်သည်ဟု ဆိုရ ပါမည်။

## ခြုံငုံသုံးသပ်ချက်

မဏိကက်ပြဇာတ်လာ ဇာတ်ချင်းများသည် ဇာတ်လမ်း ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို ကောင်းစွာ ထောက်ပံ့ပေးနိုင်ကြောင်း တွေ့ရသည်။ ရှေ့ဖြစ်မည့် အကြောင်းအရာကို ဇာတ်ချင်းတွင် ထည့်သွင်းဖော်ပြခြင်းဖြင့် ပရိသတ် သိလိုစိတ်ကို နှိုးဆွပေးနိုင်သည်။ ပရိသတ် နှစ်သက်ကျေနပ်မှုကို ရရှိစေနိုင်သည်။ ပရိသတ် သိလိုစိတ်ကို အလျဉ်မပြတ် ဖြစ်ပေါ်စေသဖြင့် ဇာတ်လမ်းကို အထောက် အကူပြုနိုင်သည်ဟု ဆိုရပါမည်။ ဇာတ်လမ်းနှင့်ပတ်သက်၍ ပရိသတ်ကို အသိပေး လိုသည့်အခါ ပြဇာတ်ဆရာက ဇာတ်ချင်းတွင်ထည့်သွင်းကာ ဇာတ်လမ်းကို ပိုမိုခိုင်မာ စေသည်။

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၇၂၊ ၉၉–၁၀၀။

ဇာတ်ချင်းများသည် ဇာတ်ဆောင်များ၏ ရုပ်ဆင်းသွင်ပြင် ဟန်ပန်အမူအရာ၊ ကိုယ်ရည်ကိုယ်သွေးတို့ကို ဖော်ကျူးနိုင်သဖြင့် ဇာတ်ရုပ်ကို ပီပြင်ပေါ်လွင်စေသည်။ ဝတ်စားဆင်ယင်ပုံ၊ အဆောင်အယောင်တို့ကို ဇာတ်ဆောင်နှင့် လိုက်ဖက်စွာ ဖော်ညွှန်းရာတွင် ဇာတ်ချင်းများက ကောင်းစွာအထောက်အပံ့ ဖြစ်စေသည်။ ဇာတ်ခုံညွှန်းစကားဖြင့် မညွှန်းဘဲ ဇာတ်ချင်းများဖြင့် ဖော်ပြလေ့ရှိသည့် အစောဆုံးပြဇာတ်၏ လက္ခဏာတစ်ရပ်ကို တွေ့နိုင်သည်။

ထို့ပြင် ဇာတ်ဆောင်တို့၏ စိတ်ခံစားမှု အမူအရာတို့ကိုလည်း ဇာတ်ချင်းများက ပုံဖော်ထားသည်။ ဇာတ်ဆောင်၏ ရင်တွင်းခံစားချက်များကို ဇာတ်ချင်းများက ဖော်ပြသည်။ ပြဇာတ်ဆရာ ဝင်မပြောသာသည်တို့ကို ဇာတ်ချင်းများနှင့် ပုံဖော်ပေးခြင်းဖြင့် ဇာတ်ဆောင်တို့ကို သက်ဝင်လှုပ်ရှားလာစေသည်။ လူ့စရိုက် လူ့သဘာဝနှင့်အညီ ရုပ်လုံးကြွစေသည်။

ဇာတ်ချင်းများသည် ဇာတ်လမ်း၏ ကာလဒေသနောက်ခံတို့ကိုလည်း ပီပြင်ပေါ်လွင်အောင် ပံ့ပိုးပေးနိုင်သည်။ တောတောင်ရေမြေအခြေအနေတို့က ဇာတ်ကွက်နှင့်အညီဖြစ်၍ ပို၍သရုပ်ပေါ်စေသည်။ ဇာတ်ဆောင်နှင့်ကိုက်ညီသော နောက်ခံ၊ ဇာတ်လမ်းနှင့်လိုက်ဖက်သော ရာသီသဘာဝတို့ကို ဇာတ်ချင်းများတွင် အသေးစိတ် ရေးဖွဲ့ထားသည်။ ဇာတ်လမ်းကိုသာမက ဇာတ်ဆောင်တို့၏ စိတ်အမူအရာကိုပါ ပေါ်လွင်စေသည်။

ကာလဒေသနောက်ခံဝန်းကျင်ကို ဇာတ်ခုံညွှန်းစကားဖြင့် ဖော်ပြခြင်းထက် ဇာတ်ချင်းဖြင့်ဖော်ပြခြင်းက ပို၍သက်ဝင်ပီပြင်စေသည်။ ပရိသတ်ကို မြင်ယောင်ယောင်ကြားယောင်ယောင်ဖြစ်အောင် ဖန်တီးနိုင်သည်ဟု ဆိုနိုင်ပါသည်။

ဇာတ်ချင်းများသည် ပြဇာတ်စာဆို၏ လက်စွမ်းကို ကောင်းစွာပြနိုင်သောနေရာဖြစ်သည်။ ဘုန်းတော်ဘွဲ့၊ အလှဘွဲ့၊ ရာသီဘွဲ့များကို စိတ်တိုင်းကျ လက်စွမ်းပြရေးဖွဲ့နိုင်သည်။ အချီအချစကားများကသာ ဇာတ်လမ်းကို ပြီးပြည့်စုံသည်မဟုတ် ဇာတ်ချင်းများကပါ ပြဇာတ်ကို အဖက်ဖက်မှ ပြည့်စုံစေသည်။ ထို့ကြောင့် ဇာတ်ချင်းများ၏ အခန်းကဏ္ဍသည် အလေးဂရုပြုရမည့် ကဏ္ဍဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ပြဇာတ်စာပေသည် မြန်မာစာပေသမိုင်းတွင် တင့်တယ်ထည်ဝါစွာ ရပ်တည်ခဲ့သော စာပေမှတ်တိုင်တစ်ခု ဖြစ်သည်။ အစောဆုံးအဖြစ် လက်ခံထားသော ပြဇာတ်သည်ပင် ပြည့်စုံကောင်းမွန်လျက် ရှိသည်။ ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာသော ပြဇာတ်စာပေသည် ယခုအခါ တိမ်မြုပ်နေပြီ ဖြစ်သည်။ တိမ်မြုပ်နေရာမှ ပျောက်ကွယ်မသွားရန် ပြဇာတ်စာပေတို့၏ စာပေအရည်အသွေးကောင်းများကို ဖော်ထုတ်လျက် ထိန်းသိမ်းသင့်ပေသည်။

## ကျမ်းကိုးစာရင်း


ပဒေသရာဇာ (ဝန်ကြီး)။ ၁၉၇၂။ ***မဏိကက်ပြဇာတ်***။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

မလိခ။ ၂၀၀၈။ ***ပြဇာတ်အညွန်း***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

မောင်မောင်တင် (ဦး–) (မဟာဝိဇ္ဇာ)။ ၂၀၀၀။ ***မြန်မာပြဇာတ်စာပေသမိုင်း***။ ရန်ကုန်၊ မြတ်ဆုမွန်စာပေ။

***မြန်မာအဘိဓာန်***။ ၁၉၉၁။ ရန်ကုန်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

သောင်းရွှေညို။ ၁၉၉၅။ ***ဇာတ်ဆရာကြီး ဦးကြင်ဥနှင့် သူ၏ပြဇာတ်များ***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

# ညီပုလေး၏ဆောင်းပါးရေးဟန်လေ့လာချက်

စန္ဒာလှိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးဆရာညီပုလေး၏ 'ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင် ရှုမျှော်ခင်းများ' စာအုပ်မှ စာရေးသူ၏ ရေးဟန်ကို ဆန်းစစ်ဖော်ထုတ်ထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့ ဆန်းစစ်လေ့လာရာတွင် ရေးဟန်ပညာ နည်းနာများကို အသုံးပြု၍ လေ့လာတင်ပြသွားပါမည်။ ထိုစာအုပ်တွင် တွေ့ရသော စကားသံဖွဲ့စပ်ဟန်၊ စကားသုံးနှုန်းဟန်၊ ဝါကျဖွဲ့ဟန်၊ အလင်္ကာသုံးဟန်၊ အဆက်အစပ်ဟန်တို့ကို ရေးဟန်စိစစ်မှုပညာဖြင့် စိစစ်လေ့လာထားပါသည်။ ဤစာတမ်းပါလေ့လာချက်များမှ မျက်မှောက်ခေတ် စာရေးဆရာတစ်ဦးဖြစ်သော ညီပုလေး၏ရေးဟန်ကို တွေ့နိုင်မည်ဖြစ်ပြီး ရေးဟန် လေ့လာလိုသူတို့အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**သော့ချက်စကားလုံး** – ***စကားသံဖွဲ့စပ်ဟန်၊ စကားသုံးနှုန်းဟန်၊ ဝါကျဖွဲ့ဟန်၊ အလင်္ကာသုံးဟန်၊ အဆကအစပ်ဟန်။***

## နိဒါန်း

ဤစာတမ်းသည် စာရေးဆရာညီပုလေး၏ 'ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင် ရှုမျှော်ခင်းများ' စာအုပ်ပါ ခရီးသွားမှတ်တမ်းသဘောသက်ဝင်သော ဆောင်းပါး(၅)ပုဒ်ကို အဓိကထား လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာအုပ်တွင် 'အအေးလှိုင်းကို အဆွေခင်ပွန်းဖွဲ့သူများနှင့် နောက်ကျိုကျိုချပ်သင်းရေ'၊ 'ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး'၊ 'သာလွဝတီဆောင်းနဲ့ နွေးထွေးသောလက်ဖဝါးများ'၊ 'ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ'၊ 'ဆွေမျိုးများနှင့် ကမ္ဘောဇနွေရက်များ' စသော ဆောင်းပါးများကို တွေ့ရပါသည်။ စာရေးသူတို့အဖွဲ့၊ စာရေးသူနှင့်မိသားစုများ သွားရောက်ခဲ့သော ခရီးများကို မှတ်တမ်းတင်ရင်း ဆောင်းပါးဟန် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ယင်းဆောင်းပါးများမှ ညီပုလေး၏ရေးဟန်ကို ကဏ္ဍများ ပိုင်းခြားလေ့လာတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ညီပုလေး၏ စကားသုံးနှုန်းဟန်၊ ကိုယ်ပိုင်ဟန်ကို ပိုမိုပေါ်လွင်စေလိုသဖြင့် ညီပုလေး၏ 'ဝတ္ထုတိုပေါင်းချုပ်'နှင့် 'ထက်မြက်တဲ့ဓားသွားပေါ်က ချိုမြမြပျားရည်စက်' စာအုပ်များမှ သာဓကများကိုလည်း ထည့်သွင်းတင်ပြထားပါသည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်

## ၁။ ညီပုလေး၏ အတ္ထုပ္ပတ္တိအကျဉ်း

စာရေးဆရာညီပုလေးကို အဖ လူထုဦးလှ၊ အမိ လူထုဒေါ်အမာတို့မှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်၊ အင်္ဂါနေ့တွင် မန္တလေးမြို့၊ ၈၃လမ်း၊ ၃၂×၃၃ လမ်းကြား၊ လက်ဆည်ကန်ရပ်တွင် ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ငြိမ်းချမ်း (ခေါ်) ဘိုညို ဖြစ်သည်။ မွေးချင်း (၅)ယောက်တွင် အငယ်ဆုံး ဖြစ်သည်။ ငယ်စဉ်က မန္တလေးမြို့ စိန်ပီတာကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အထက်တန်းပညာ သင်ယူပြီးနောက် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ တက်ရောက်ကာ ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သည်။

၁၉၈၅ခုနှစ် ဇွန်လတွင် ဒေါ်ခင်ဆွေဦး ထုတ်ဝေသော စံပယ်ဖြူမဂ္ဂဇင်း၌ 'လျက်ဆားတစ်တို့' ဟူသော ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်လာသည်။ မဂ္ဂဇင်းဝတ္ထုရှည်များလည်း ရေးသားခဲ့သည်။ ဆရာညီပုလေးရေးသားခဲ့သော လုံးချင်းစာအုပ် အချို့မှာ 'သူ့ထက်ကဲ ရွှေပြည်စိုး ညီပုလေးဝတ္ထုတိုများ'၊ 'ကလေးလူကြီးကြိုက်ပြီး ချစ်ကြပါတဲ့ ညီပုလေးဝတ္ထုတိုများ'၊ 'လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံ'၊ 'လူအအိပ်မက် ဝတ္ထုတိုများ'၊ 'လီဒိုဟူးကောင်းမင်ခြစ်မှတ်စုများ'၊ 'မြေးသူကြီး'၊ 'ထက်မြက်တဲ့ခေါသွား ပေါ်က ချိုမြမြ ပျားရည်စက်'၊ 'ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင် ရှုမျှော်ခင်းများ' အစရှိသည်တို့ ဖြစ်ကြသည်။

ယခုအခါ ဇနီး ဒေါ်တင်တင်ဝင်းနှင့် သားသမီး (၃)ဦး ထွန်းကားလျက် ရှိသည်။

## ၂။ ရေးဟန်ဟူသည်

ရေးဟန်နှင့် ပတ်သက်၍ ပညာရှင်အသီးသီးက ယူဆချက်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။

ဟန်နှင့်ပတ်သက်၍ မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင်–

**"ဟန် / han / n- style; manner (as in ရေး–)"**[၁]

ဟူ၍လည်းကောင်း၊ NTC's Dictionary of Literary terms တွင်–

> "ရေးဟန်ဆိုသည်မှာ ဇာတ်ဆောင်စရိုက်ဖော်ရာတွင် စာရေးသူ၏ ပြောဟန်ကို ဆိုလိုသည်။ ရေးဟန်တွင် စိတ်ကူး၊ အစီအစဉ်၊ စကားလုံးရွေးချယ်မှု၊ နိမိတ်ပုံ၊ ဝါကျဖွဲ့ပုံ၊ နရီ၊ ထပ်တလဲလဲ

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၁၊ ၅၃၂။

ရေးခြင်း၊ အဆက်အစပ်၊ အသံအလေးအပေါ့၊ အလေးထား တင်ပြမှု၊ စည်းရုံးမှုနှင့် လေသံတို့ ပါဝင်သည်။"[၁]

ဟူ၍လည်းကောင်း၊ ဆရာတက်တိုးက–

"ဟန်မှာ စင်စစ်အားဖြင့် အမူအရာကို ဆိုလိုသည်။ ရေးဟန်သည် ဟန်လုပ်သော ရေးသားမှု မဟုတ်။ စာရေးရာတွင် သူ၏ နဂို အမူအရာပင် ဖြစ်၏"[၂]

ဟူ၍လည်းကောင်း၊ ဒဂုန်တာရာက–

"ဟန်ဟူသော စာပေဟန်ဆိုသည်မှာ စာပေအရေးအသားတွင် စာရေးဆရာတစ်ယောက်၏ ရေးသားပုံအမူအရာများကို စာပေဟန်ဟု ခေါ်ကြပေသည်။ စာပေဟန်သည် စာရေးဆရာ၏ ပုဂ္ဂလိက အမူအရာ ဖြစ်သည်"[၃]

ဟူ၍ လည်းကောင်း၊ မောင်ခင်မင်(ဓနုဖြူ)က–

"အတွေးနှင့် အရေးအဖွဲ့ပုံသဏ္ဌာန်တို့သည် တစ်ခုနှင့်တစ်ခု ခွဲမရအောင် တစ်သားတည်း ပေါင်းဖွဲ့နေသည်။ အတွေးတစ်ခုကို အရေးသဏ္ဌာန် တစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲပြီး ရေးဖွဲ့၍မရ။ အရေးအဖွဲ့ပြောင်းလိုက်သည်နှင့် မူလအတွေးသည် ပျက်ယွင်း သွားမြဲ ဖြစ်သည်။ ဤသို့ အတွေးနှင့် အရေးပုံသဏ္ဌာန်တို့သည် ပြောင်းလဲ၍မရအောင် တစ်သားတည်း ပေါင်းဖွဲ့နေခြင်းသည်ပင် ဟန်၏သွင်ပြင်လက္ခဏာဖြစ်သည်ဟု ဆိုပါသည်။"[၄]

ဟူ၍လည်းကောင်း ရှင်းလင်းဖော်ပြဆိုထားသည်။

စာရေးသူတစ်ဦး၏ ဟန်နှင့်ပတ်သက်၍ သူရိယကန္တိက–

---

[၁] Morner & Raush, 1998, 214.

[၂] တက်တိုး၊ ၁၉၆၃၊ ၁၄၂။

[၃] တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၇၅။

[၄] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၅၊ ၉၈။

> "မိမိတို့ရေးလိုသော အကြောင်းအရာတို့ကို မိမိတို့၏စိတ်ကူးဉာဏ်ထက်သန်သည့်အလျောက် ရေးသားကြသဖြင့် အလိုလို ဟန်(စတိုင်) ပေါ်လာရခြင်း ဖြစ်သည်။"[၁]

ဟူ၍ ရှင်းလင်းပြဆိုထားသည်။ ထိုသို့ ဟန်နှင့်ပတ်သက်၍ ပညာရှင်အသီးသီးက ဖွင့်ဆိုခဲ့ကြပေသည်။

ယင်းတို့အနက်မှ စကားသံဖွဲ့စပ်ဟန်၊ စကားသုံးနှုန်းဟန်၊ ဝါကျဖွဲ့ဟန်၊ အလင်္ကာသုံးဟန်၊ အဆက်အစပ်ဟန်တို့ကို လေ့လာရပေသည်။ ရေးဟန်ပညာသည် ဘာသာစကား အသုံးကွဲပြားပုံကို လေ့လာသော ပညာရပ်ဖြစ်၍ ညီပုလေး၏စာများမှ ဘာသာစကားအသုံးပြုပုံကို ဆန်းစစ်တင်ပြထားပါသည်။

## ၃။ ညီပုလေး၏ဆောင်းပါးများ

ညီပုလေး၏ ဆောင်းပါး(၅)ပုဒ်သည် ခရီးသွားမှတ်တမ်းစာပေ ဖြစ်သည့်အတိုင်း ခရီးသွားသည့်အချိန်ကာလကို ဖော်ပြခြင်း၊ ခရီးသွားရသည့်အကြောင်းရင်းကို ဖော်ပြခြင်း၊ ခရီးစဉ်ကို ပေါ်လွင်စွာ ရေးသားဖော်ပြခြင်း၊ ခရီးတစ်လျှောက် အတွေ့အကြုံကို တိတိကျကျ မှတ်တမ်းတင်ခြင်း၊ ခရီးမှတ်တမ်း၏ ဓာတ်ပုံများ၊ ဒေသန္တရဗဟုသုတပေးဓာတ်ပုံများ ပူးတွဲဖော်ပြခြင်း ဟူသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံပါသည်။

'အအေးလှိုင်းကို အဆွေခင်ပွန်းဖွဲ့သူများနဲ့ နောက်ကျိုကျို ချပ်သင်းရေ' ဆောင်းပါးမှာ စာရေးသူ၊ သိပ္ပံမှူးတင်၊ ကဗျာဆရာပိုင်စိုးဝေတို့ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၈ ရက်နေ့တွင် ချပ်သင်းနဲ့ကိုးတောင်ဘို့မှာ ကျင်းပမည့် အမေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်သည့်ခရီးစဉ်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

'ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး' ဆောင်းပါးမှာ စာရေးသူနှင့် ဘိုဘိုလန်းစင်၊ ဒေါက်တာမြမဋ္ဌူနှင့် သူ့ခင်ပွန်းတို့ ဘော်ကြိုဘုရားပွဲသို့ သွားရောက်သည့်ခရီးစဉ်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

'သလ္လာဝတီဆောင်းနဲ့ နွေးထွေးတဲ့ လက်ဖဝါးများ' ဆောင်းပါးမှာ မုံရွာမြို့ဆုတောင်းပြည့်ဘုရားကြီး ပိဋကတ်စာကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်သည့် ခရီးစဉ်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

---

[၁] သူရိယကန္တိ၊ ၁၉၆၇၊ ၄၈။

'ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင် မိုင်တိုင်များ' ဆောင်းပါးမှာ စာရေးသူနှင့်ဇနီး၊ မိချမ်းဝေ၊ ကိုဆူးငှက်၊ ကာတွန်းတွတ်တွတ်၊ မော်မင်းသန်း၊ ညီစေမင်း၊ ကုမုဒြာဂျာနယ် သတင်းထောက် သန်းနိုင်ဦး၊ ကျော်ရင်မြင့်တို့အဖွဲ့ စလင်းမြို့သို့ သွားရောက်ကထိန်ခင်းသည့် ခရီးစဉ်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

'ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ' ဆောင်းပါးမှာ စာရေးသူနှင့် ဇနီး၊ သမီးကြီး လင်းလင်းမွန်၊ သမီးငယ် ရွှေပြည်စိုး၊ သား အောင်ဘာလေတို့ မိသားစု တောင်ကြီးကို အလည်သွားသည့် ခရီးစဉ်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

## ၃၊ ၁။ စကားသံဖွဲ့စပ်ဟန်

စကားပြောရာ၊ စာရေးရာတွင် စကားသံများကို အမျိုးမျိုးတွဲစပ်ပြီး ပြောဆို ရေးသားရလေသည်။ စကားသံအတွဲအစပ်နှင့် ပတ်သက်၍ ရေးဟန်ပညာနိဒါန်းတွင်–

> "ဤသို့ အဆင်သင့်တွဲစပ်ပြီးသား စကားလုံးမျိုးထက် ပြောဆို ရေးသားသည့် အခြေအနေကိုလိုက်၍ တွဲစပ်သုံးနှုန်းသော စကားလုံးမျိုးကို ရေးဟန်ပညာက ပိုစိတ်ဝင်စားသည်"[၁]

ဟု ဆိုထားပေသည်။

ညီပုလေး၏စာများတွင် စကားသံအတွဲအစပ်များကို အများအပြား တွေ့ရ လေသည်။ စာရေးသူတို့အဖွဲ့သည် သီပေါဘော်ကြိုဘုရားပွဲကို မြင်းနဲ့သွားရန် စီစဉ်ရာ သွားမည့်ခရီးနှင့်ပတ်သက်၍ စာရေးသူ စိတ်လှုပ်ရှားနေပုံကို–

> "ငယ်ငယ်တုန်းက ခရီးသွားစရာရှိရင် ညတိုင်း အိပ်မပျော်ဘူး၊ နောက်နေ့မနက် သွားရမယ့်ခရီးအတွက် စိတ်စောနေမိတယ်။ ချောချောမောမော ရောက်ပါ့မလား၊ ဘယ်လိုခရီးမျိုး ဖြစ်မှာ ပါလိမ့်၊ လမ်းမှာ ဘာတွေတွေ့ရမှာပါလိမ့်၊ အိမ်က ဘယ်နှနာရီ ထွက်ကြပြီး ဟိုကို ဘယ်တော့မှ ရောက်မှာပါလိမ့်၊ လိမ့်တွေ တစ်လိမ့်ပြီးတစ်လိမ့် ဆက်နေရင်း ဟိုဘက်လှိမ့်၊ ဒီဘက်လှိမ့်နဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ ခဏခဏနိုးနေမိတယ်"[၂]
>
> (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၄၁။

[၂] ညီပုလေး၊ ၂၀၀၆၊ ၃၉။

ဟူ၍ ရေးသားဖော်ပြထားရာ 'လိမ့်' နှင့် 'လိမ့်' ဟူသော အသံတူများ ထပ်ကာဆင့်ကာ ဖွဲ့ထားသဖြင့် စာရေးသူ၏ခံစားမှုကို ထိုအသံများက ဖော်ညွှန်းနေသည်။ စာရေးသူ၏ အခြေအနေကို မြင်တွေ့နေရသည့် ခံစားမှုမျိုးကို ပေးနိုင်ပေသည်။ 'လိမ့်' ဟူသော ကြိယာနှင့် 'လိမ့်' ဟူသော ကြိယာဝိဘတ်အသံတူများကို ဆင့်ကာဆင့်ကာ ဖွဲ့ထားသည့်အတွက် စာဟန်ထူးခြားလာကာ စာဖတ်သူကို သတိပြုမိအောင် ဆွဲဆောင်နိုင်ခြင်း၊ အကြိမ်ကြိမ်ဖော်ပြထားသဖြင့် အလေးပေးလိုသည့် သဘောကို ပေါ်လွင်ခြင်း၊ ပို၍ အားကောင်းလာခြင်း ဟူသော ရေးဟန်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိလေသည်။

ထို့ပြင် စာရေးသူတို့အဖွဲ့သည် မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ပိဋကတ်စာကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်ရန်အတွက် စာရေးသူက ကဗျာဆရာ ပိုင်စိုးဝေအား သွားရောက်ခေါ်ယူရာ ကဗျာဆရာက မလိုက်လိုကြောင်း ငြင်းသဖြင့် ထပ်ခါထပ်ခါ ခေါ်ခဲ့ရကြောင်းကို–

> "ကဗျာဆရာက မျက်မှောင်ကုတ်ပြီး တွင်တွင်ငြင်းနေလို့ တွင်တွင်ခေါ်ခဲ့ရတယ်"[၁]
>
> (သလ္လာဝတီဆောင်းနဲ့ နွေးထွေးတဲ့လက်ဖဝါးများ)

ဟူ၍ 'တွင်တွင်' အသုံးကို ထပ်ခါထပ်ခါသုံး၍ နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်။

စာရေးသူတို့အဖွဲ့သည် တောင်ကြီးမြို့မှ မွေတော်ကက္ကူဘုရားသို့ ခရီးဆက်ခဲ့ရာ တောင်ကြီးမြို့ပြင်သို့အရောက် ကတ္တရာလမ်း၏ အခြေအနေကို–

> "လမ်းကတော့ ဖြောင့်တာနည်းနည်း၊ ကွေ့ကွေ့ကွေးကွေး တွေက များတယ်"[၂] (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ အသံတူစကားလုံးများကို ထပ်ဆင့်၍ သုံးထားသဖြင့် ပြောသူ၏ခံစားမှု ထင်ဟပ်သကဲ့သို့ အကြိမ်ကြိမ်ထပ်သုံးထားခြင်းဖြင့် အလေးအနက်ပြုလိုသည့် သဘောလည်း ပါဝင်ပါသည်။ 'ကွေ့' 'ကွေး' ဟူသော အနက်သဘောတူသော စကားလုံးကို ဆင့်ကာထပ်၍ သုံးထားလေသည်။ ဗျည်းတူ သရကွဲ အတွဲအစပ်ပင် ဖြစ်သည်။

အာမေဍိတ်နှင့် ပတ်သက်၍ ရေးဟန်ပညာနိဒါန်းတွင်–

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၈၃။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၈၀။

"ထိတ်လန့်ခြင်း၊ ဝမ်းသာခြင်း၊ အံ့သြခြင်း စသည့် အကြောင်း တစ်ခုခုကြောင့် စိတ်လှုပ်ရှားပြီး နှုတ်က ရုတ်တရက် ထွက်ပေါ် လာသော အသံကို အာမေဍိတ်ဟု ခေါ်ပါသည်။ စိတ်လှုပ်ရှားမှုကို ဖွင့်ထုတ်လိုက်သည့် စကားသံ ဖြစ်သည့်အတွက် အာနိသင် ထက်မြက်ပါသည်။ စကားပြောရာ၊ စာရေးရာတွင် အာမေဍိတ်များ ပါလာပါက အသံ၏အာနိသင်ကြောင့် အသက်ဝင်သောသဘော ရှိပါသည်။"[၁]

ဟူ၍ ရှင်းလင်းဖော်ပြထားရာ ထိုသဘောကို–

ချပ်သင်းမြို့ရှိ 'မျိုးဆက်သစ် စာကြည့်တိုက်' အတွင်း၌ စာဖတ်သူများ ရှိနေသည့် မြင်ကွင်းကို စာရေးသူက–

"အလို ... သက်တံ့တစ်စင်းလည်း လင်းလက်လို့"[၂]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူသော ဝမ်းသာခြင်း၊ အံ့သြခြင်း စသည့် အကြောင်းတစ်ခုခုကြောင့် 'အလို' ဟူသော အာမေဍိတ်ကို သုံးကာ စာဟန်ကို ပေါ့ပါးသွက်လက်စေသည်။

တံတားဦးလေယာဉ်ကွင်းမှ အင်းဝမြို့သို့အဝင်လမ်း ပျက်စီးနေပုံကို စာရေးသူက–

"ဒီနှစ်မြစ်ရေက နှစ်ကြိမ်တိုးလိုက်မှာ ညီညာဖြောင့်ဖြူးခဲ့တဲ့ ဒီလမ်းကလေးလည်း ဟိုက်ရှော့ နှစ်ထပ်ကြော့တဲ့ ပဒတ်ကော့ ဖြစ်သွားရှာတာပါပဲ"[၃]

(ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍ 'ဟိုက်ရှော့' ဟူသော အာမေဍိတ်အသုံးဖြင့် နှစ်သက်ဖွယ် ရေးသားထားသည်။

စာရေးသူတို့အဖွဲ့သည် မန္တလေးမှ စလင်းမြို့သို့အသွား ချောက်မြို့သို့ အရောက်တွင် စားသောက်ဆိုင်တစ်ခု၌ ဟာနေသော ဝမ်းဗိုက်များကို ဖြည့်နေကြစဉ် ဈေးဝယ်မှ ပြန်လာသော ဆိုင်ရှင်က စည်ကားနေသော မိမိဈေးဆိုင်ကို မြင်လိုက်ရ သောအခါ ရေရွတ်ပုံကို စာရေးသူက–

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၆၁။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၇။

[၃] ညီပုလေး၊ ၂၀၀၆၊ ၁၀၉။

> **"ဟာ...တယ်များပါလား** ဆိုတဲ့ စကားဆိုရင်း ပြုံးသွားတဲ့ မျက်နှာကို မြင်လိုက်ရတယ်"[၁]
>
> (ကြည်ပြာရောင်၊လိမ္မော်ရောင်၊ ပေါ်ဂနီရောင်မိုင်တိုင်များ)

ဟူ၍ အသံပါ ကြားယောင်လာအောင်၊ အမူအရာပါ မြင်တွေ့လာအောင် ရေးဖွဲ့ထားလေသည်။ 'အလို ...'၊ 'ဟိုက်ရှာ့ ...'၊ 'ဟာ ...' ဟူသော အာမေဋိတ် အသုံးများသည် စိတ်လှုပ်ရှားမှုကို ဖွင့်ထုတ်လိုက်သည့် စကားသံဖြစ်သည့်အတွက် အသက်ဝင်၍ စာဟန်ကို သွက်လက်စေပါသည်။

## ၃၊ ၂။ စကားသုံးနှုန်းဟန်

စကားသုံးနှုန်းဟန်နှင့် ပတ်သက်၍ ရေးဟန်ပညာနိဒါန်းတွင်–

> "အကြောင်းအရာတစ်ခုကို ဖော်ညွှန်းနိုင်သော စကားလုံးများထဲက အလိုက်ဖက်ဆုံး၊ အဆီလျော်ဆုံးအဖြစ် ရွေးချယ်သုံးနှုန်းထားသော စကားအသုံးအနှုန်းများကို ရေးဟန်ဟု ဆိုလိုကြောင်း"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ညီပုလေး၏ ဆောင်းပါးများကို လေ့လာရာတွင် စာရေးသူ၏ ဆန်းသစ်သော စကားသုံးနှုန်းဟန်ကို များစွာတွေ့ရလေသည်။

တောင်ကြီးမြို့ စည်ကားတိုးတက်နေခြင်းကို–

> "တောင်ကြီးမြို့ကတော့ ထိတ်လန့်တကြား ကြီးထွားနေတယ်။ ဒီမြို့ကိုမရောက်တာ ဆယ်စုနှစ်နှစ်လောက်အတွင်းမှာ ဘာဆေးတွေစားပြီး ဒီလောက်ကြီးထွားနေပါလိမ့်"[၃]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍လည်းကောင်း၊

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၂၂။
[၂] ခင်မင်၊ မောင်၊ (ဓနုဖြူ)၊ ၂၀၁၁၊ ၉။
[၃] ညီပုလေး၊ ၂၀၀၆၊ ၁၆။

"နဂိုက ရင်းနှီးခဲ့ပေမယ့် တစ်သွေးတစ်မွေး ဖြစ်နေတဲ့ တောင်ကြီးမြို့ကို မကျွမ်းဝင်တော့ ဘယ်နားဆီ ရှာရမယ် မသိဘူး"[၁]

(ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ လည်းကောင်း၊ အောင်ပန်းနဲ့ ပင်းတယကားလမ်း ဘယ်ညာတွင် တွေ့ရသည့် ရှုခင်းများကို–

"ပြီးတော့ ဟိုးအဝေးမှာတော့ တောင်စဉ်တောင်တန်းတွေကလည်း အထိန်းအကွပ်မရှိ လှနေကြတယ်"[၂]

(ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ အဆမတန် စည်ကားနေခြင်းကို 'ထိတ်လန့်တကြား ကြီးထွား'၊ စည်ကားတိုးတက်နေခြင်းကို 'ဘာဆေးတွေစားပြီး ဒီလောက်ကြီးထွားနေပါလိမ့်'၊ 'တသွေးတမွေးဖြစ်'၊ 'အထိန်းအကွပ်မရှိ' ဟူသော ဖြစ်ရပ်အခြေအနေပြ ဆန်းသစ်သော အသုံးများသုံးကာ ရေးဟန်ကို နှစ်သက်ဖွယ် ဖြစ်စေသည်။

တောင်ကြီးမြို့ ရာသီဥတု၏ အေးမြမှုကို စာရေးသူက–

"ကျွန်တော်တို့ရောက်တဲ့ ၁၉ ဧပြီ ၂၀၀၅ ညနေမှာတော့ တောင်ကြီးမှာ မိုးတွေရွာတယ်။ တောင်ကြီးမှာ နွေဥတု ရှာမတွေ့ခဲ့ဘူး။ ကဗျာဆရာတွေကတော့ နွေဥတု မိုးခေါင်နေတယ် လို့ ဆိုလေမလား။ နွေရာသီဟာ တောင်ကြီးပရီးမီးယားလိဂ်မှာ တန်းဆင်းဖို့ကို ဆင်းသွားပြီလို့ စာဖွဲ့ကြလေမှာလား"[၃]

(ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ နွေရာသီ၏သရုပ်ဖြစ်သော ပူပြင်းမှုသည် တောင်ကြီးမြို့တွင် ကင်းမဲ့နေသော အကြောင်းကို ဖော်ပြရာတွင် နွေရာသီနှင့် မိုးခေါင်ခြင်းကို တွဲစပ်ကာ 'နွေဥတုမိုးခေါင်' ဟူ၍ သုံးစွဲရေးသားပုံ၊ နွေရာသီသည် တောင်ကြီးမြို့တွင် မရှိခြင်းကို ကမ္ဘာကျော် ဘောလုံးပွဲဖြစ်သော အင်္ဂလန် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲမှ နုတ်ထွက်သွားရပုံနှင့် ထင်ဟပ်ကာ ရေးဖွဲ့ထားသည့် စာရေးသူ၏ စကားအသုံးနှုန်း ဆန်းသစ်မှုပင် ဖြစ်သည်။

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၆၂။
[၂] ညီပုလေး၊ ၂၀၀၆၊ ၂၂၈။
[၃] ညီပုလေး၊ ၂၀၀၆၊ ၁၇၇။

ထို့ပြင် ဈေးက တစ်နေရာနှင့် တစ်နေရာကို ဆက်သွယ်သွားလာရာတွင်လည်း၊ လှေတို့ကို အသုံးပြု၍ သွားလာခဲ့သော်လည်း ယခုအခါတွင် ထော်လာဂျီများ အသုံးများလာပုံ၊ ကက္ကူဘုရားပွဲ၌ လှည်းဝိုင်းကြီးများနေရာတွင် ထော်လာဂျီများ အစားထိုးဝင်ရောက်လာခြင်းကို–

> "ယဉ်ကျေးမှုတွေကတော့ လျင်လျင်မြန်မြန် စီးဆင်းနေတယ်။ ကက္ကူဘုရား ဝန်းကျင်ရွာမှ ပအိုဝ်ပျိုဖြူလေးတွေ ရွှေရောင်ဆံပင် ဆိုးသူ ဆိုးကုန်ကြပြီ၊ <u>ထော်လာဂျီယဉ်ကျေးမှု</u> ကလည်း လျင်လျင် မြန်မြန် ထွန်းကားကြတယ်"[၁]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍လည်းကောင်း၊

ကလေးလူငယ်များ သရေစာအဖြစ် စားသုံးကြသည့် Chewing-gum ခေါ် ပီကေကို စာရေးသူက–

> "သူတို့လှေဝမ်းထဲမှာ အချိုရည်ဘူးမျိုးစုံ၊ အချဉ်ပေါင်းမျိုးစုံ၊ သောက်ရေသန့်၊ နေကြာစေ့၊ <u>ပီကေလို့ခေါ်တဲ့ ဥရောပကပ်စေးနဲ့</u> ကလေးလူကြီးမရွေး ကြိုက်တတ်တဲ့ စားစရာသောက်စရာတွေ ပါလာကြတယ်။"[၂]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ သုံးနှုန်းထားသည်။

စာရေးသူတို့အဖွဲ့ စလင်းမြို့တွင် ကထိန်ခင်းရန် သွားရောက်သည့် ခရီးလမ်းတွင် မြင်တွေ့ရသည့် မြင်ကွင်းကို–

> "ကတ္တရာလမ်းမည်းမည်းပေါ်မှာ လမ်းနဘေးက ပေါက်နေတဲ့ သစ်ပင်တွေရဲ့ ပင်စည်အရိပ်အချောင်းချောင်းတွေ ကြည့်ရတာ ကုန်ပစ္စည်းတန်ဖိုး ရေထားတဲ့ <u>ကွန်ပျူတာဘားကုဒ်</u> တွေကို ကြည့်နေရသလိုပဲ၊ အစင်းစင်း အချောင်းချောင်းတွေ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်တယ်"[၃]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၈၆။
[၂] ညီပုလေး၊ ၂၀၀၆၊ ၂၁၃။
[၃] ညီပုလေး၊ ၂၀၀၆၊ ၁၁၂။

ဟူ၍ လည်းကောင်း၊

မြင်းခြံမှ ပုဂံသို့အသွား ဆင်တဲဝချောင်းပေါ်တွင် တည်ဆောက်ထားသော ဆင်တဲဝတံတားနှင့် ပတ်သက်၍ စာရေးသူက–

> "တချို့တံတားတွေကတော့ လူလမ်းလျှောက်ဖို့ ကျွဲနွားမောင်းဖို့ စက်ဘီးသွားလမ်း တည်ဆောက်တတ်ပေမယ့် ဒီတံတားမှာတော့ စက်ဘီးရော၊ ကားရော၊ မီးရထားရော တံတားတစ်စင်းထဲမှာစုပြီး အသုံးချရမှာ သရီးအင်ဝမ်း ဆင်တဲဝတံတား ပေါ့"[၁]

(ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍လည်းကောင်း၊ ရေးဖော်ရေးဖက် စာရေးဆရာများသည် ဝါသနာကို နောက်တန်းပို့၍ ဝမ်းရေးအတွက် ရုန်းကန်နေကြရသည်ကို–

> "အင်းဝရောက်တော့ အင်းဝက ကဗျာဆရာကြီးငယ်တွေကို သတိရမိတယ်။ သူတို့လည်း နေတာတော့ ဒုဋ္ဌဝတီမြစ်ဘေးမှာနေပြီး အူအင်္ဂါအတွက် အလုပ်တွေ သိမ်းကျုံးလုပ်နေကြဟန် တူတယ်။ မန္တလေးဘက်ကို သိပ်မလာဖြစ်ကြဘူး"[၂]

(ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍ 'ဝမ်းစာရေး' ကို 'အူအင်္ဂါ' ဟု သုံးနှုန်းထားသည်ကို တွေ့ရသည်။ ဦးပုည၏ 'ကာကဝလ္လိယ' ဝတ္ထုမှ 'အူဂင်္ဂါ' ဟူသော အသုံးနှင့် ဆင်တူလေသည်။

ထို့ပြင် စာရေးသူတို့အဖွဲ့သည် ဘော်ကြိုဘုရားပွဲသို့ သွားရန်အတွက် စိတ်စောနေမိပုံကို–

> "အခုလည်း အသက်အတော်ရခါမှ ခရီးသူငယ်ပြန် နေပြန်ပြီ။ အိပ်ရေးဝအောင် အိပ်ထားမှ ခရီးပန်းတဲ့ဒဏ်ကို ခံနိုင်မယ် ဆိုတာလည်း သိရဲ့သားနဲ့၊ မျက်လုံးကိုမှိတ်ထားပေမယ့် အိပ်လို့ မပျော်ဘူး၊ စိတ်က ခရီးဆန့်နေနှင့်ပြီ၊ မနက်ဖြန်ကို မြန်မြန် ရောက်ပါမှ"[၃]
>
> (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍ 'ခရီးသူငယ်ပြန်' အသုံးကို နှစ်သက်ဖွယ် သုံးစွဲထားလေသည်။

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၁၇။
[၂] ညီပုလေး၊ ၂၀၀၆၊ ၁၁၇ ။
[၃] ညီပုလေး၊ ၂၀၀၆၊ ၃၉။

ထို့ပြင် လမ်းပေါ်၌တွေ့ရသော ယာဉ်၏ အခြေအနေကို–

> “ဟောဒီလမ်းကို သူတစ်ယောက်တည်း ပိုင်တဲ့ သဘောမျိုး၊ လမ်းအလယ်ခေါင်က မောင်းနေရကာ လမ်းပေါ်မှာ ကျင်းမရှိ ချိုင့်မရှိပါနဲ့ ဘယ်ဘက်ဆွဲသွားလိုက် ညာဘက်ယွန်းယွန်း ဆွဲချ ပစ်လိုက်နဲ့၊ လမ်းလုံးပြည့် မောင့်သဘော ထော်လာဂျီ လေ”[၁]
>
> (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍လည်းကောင်း၊

စာရေးသူတို့အဖွဲ့သည် ဘော်ကြိုဘုရားပွဲသို့ သွားရောက်ရန်အတွက် ခရီးထွက်ခဲ့ရာ မန္တလေး–ပြင်ဦးလွင် ကားလမ်းတလျှောက်တွင် တွေ့ရသော နွေရာသီသရုပ်ကို–

> “ရွက်ဟောင်းတွေ ခြွေလို့ ကြည့်လေရာမှာ ခြောက်သယောင်း နေတဲ့ တောင်ကုန်း တောင်တန်းတွေကို မြင်နေရတယ်။ စိမ်းမြ စိုပြေခဲ့တဲ့ တောင်တန်းတောင်စွယ်တွေပေါ်က သစ်ပင်ဝါးပင်လည်း ကြွေချိန်တိုင်တော့ ကြွေကြရတာလေ။ ဝစ်လစ်စလစ် တောင်ကုန်း လို့ ကဗျာဆရာတွေ ဖွဲ့ကြလေမလား။ ဗလာဝတ်တောင်ကုန်း လို့ ရေးသီကြလေမလား မသိ”[၂] (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍ ဒဂုန်တာရာက လမ်းမကြီးကို ‘ဝတ်လစ်စလစ် လမ်းမကြီး’ ဟု သုံးနှုန်း သကဲ့သို့ပင် ညီပုလေးကလည်း တောင်ကုန်းကို ‘ဝစ်လစ်စလစ်တောင်ကုန်း’ ဟူ၍ သုံးနှုန်းကာ ထိုဝစ်လစ်စလစ်ကိုပင် မြန်မာမှုပြုကာ ‘ဗလာဝတ်တောင်ကုန်း’ ဟု ရေးဖွဲ့ ထားသည်ကို တွေ့ရသည်။

ထို့ကြောင့် စာရေးဆရာညီပုလေးသည် ပုံမှန်သုံးနေကြမဟုတ်သော စကားသံ၊ ဝေါဟာရ၊ အနက်အဓိပ္ပာယ်ဆိုင်ရာ အသုံးများကို နှစ်သက်စဖွယ် ရေးသားသုံးစွဲ ထားကြောင်း တွေ့ရသည်။

အသုံးကွဲပြားပုံနှင့် ပတ်သက်၍ ရေးဟန်ပညာနိဒါန်းတွင်–

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၄၃။

[၂] ညီပုလေး၊ ၂၀၀၆၊ ၄၄။

> "အသုံးကွဲပြားပုံ ဆိုရာ၌ အကြောင်းအရာတစ်ခုတည်းကိုပင် ပြောပုံအမျိုးမျိုး၊ ရေးပုံအမျိုးမျိုး ကွဲပြားလေ့ရှိပုံကို ဆိုလိုခြင်း ဖြစ်ပါသည်။"[၁]

ဟူ၍ ဆိုထားပါသည်။

ညီပုလေးသည် နိုင်ငံတော်၏ အုပ်ချုပ်မှုစနစ် အပြောင်းအလဲတွင် ၁၉၉၀ မှ ၁၉၉၉ ထိ (၉)နှစ်တိုင်တိုင် အထိန်းသိမ်းခံခဲ့ရသည်။ ထိုထိန်းသိမ်းခံကာလကို သရက်ထောင်တွင် ကုန်ဆုံးခဲ့ရလေသည်။ ထိုသရက်ထောင်နှင့် ပတ်သက်၍ စာရေးသူက သူ၏စာများတွင်–

> "အိမ်လွမ်းစိတ်တွေ ကိုးနှစ်နီးနီး ရင်မှာပွေ့၊ ကျောနဲ့ပိုးခဲ့သူ ဟုတ်လား"[၂]

> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိကျိချပ်သင်းရေ)

ဟူ၍လည်းကောင်း၊

> "ကျွန်တော်နဲ့ သရက်မြို့မှာ ဘိလပ်မြေမှုန့် သေးသေးလေးလေးတွေ ရှူဖော်ရှူဖက် အစ်ကိုကြီး ကိုခင်မောင်ကြီး (ဘိုင်ကြီး) လာကြို နေတယ်"[၃]

> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍လည်းကောင်း၊

> "ကျွန်တော်ရဲ့ မုန်ညင်း၊ မုန်လာ၊ ပန်းဂေါ်ဖီအခင်းတွေကို ရေလောင်းတုန်း ကိုကျော်လွင် ကူညီပြီး လောင်းပေးခဲ့ဖူးသူပေါ့"[၄]

> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍လည်းကောင်း၊

> "သူတို့ညီအစ်ကိုကို ခင်မောင်ကြီး(ဘိုင်ကြီး)နဲ့ ကျွန်တော်က သရက်တက္ကသိုလ်မှာ ရေစက်ဆုံကြတာလေ"[၅]

> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၇။

[၂] ညီပုလေး၊ ၂၀၀၆၊ ၈။

[၃] ညီပုလေး၊ ၂၀၀၆၊ ၁၂၈။

[၄] ညီပုလေး၊ ၂၀၀၆၊ ၁၃၁။

[၅] ညီပုလေး၊ ၂၀၀၆၊ ၁၄၉–၁၅၀။

ဟူ၍လည်းကောင်း၊

> "ခရီးဝေးကအပြန် အမေ့ကိုပါခေါ်ပြီး မိသားစုနဲ့အတူ ပုပ္ပါးကို ရောက်ခဲ့တယ်။ ၁၉၉၉ နှစ်ကုန်ခါနီးမှာပေါ့"[၁]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍လည်းကောင်း၊

> "ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ သစ်သီးတစ်မျိုးရဲ့ နာမည်နဲ့ မြို့တစ်မြို့ ရှိတယ်"[၂] (ဝတ္ထုတိုပေါင်းချုပ်)

ဟူ၍လည်းကောင်း၊

> "မြင်းခေါင်းတံဆိပ် ကပ်ထားတဲ့မြို့"[၃] (ဝတ္ထုတိုပေါင်းချုပ်)

ဟူ၍လည်းကောင်း၊

> "သရက်တော"[၄] (ဝတ္ထုတိုပေါင်းချုပ်)

ဟူ၍လည်းကောင်း သရက်ထောင်ကို အမျိုးမျိုး ခေါ်ဝေါ် သုံးနှုန်း ရေးသားထားသည်ကို တွေ့ရသည်။ စာရေးသူ၏ခံစားချက် အတွေ့အကြုံများကို ထိုစကားသုံးနှုန်းဟန်မှ တွေ့မြင်နေရသည်။

စာရေးသူတိုင်းတွင် ကိုယ်ပိုင်ဟန် ရှိစမြဲ ဖြစ်သည်။ ကိုယ်ပိုင်ဟန်နှင့် ပတ်သက်၍ ရေးဟန်ပညာနိဒါန်းတွင်–

> "စာရေးရာတွင် စာရေးသူတစ်ဦးချင်းမှာ အခြားစာရေးဆရာများနှင့် မတူသော ပင်ကိုလက္ခဏာများရှိစမြဲ ဖြစ်ပါသည်။ လက်ရေး လက်သားကစ၍ စကားသုံးပုံချင်း၊ ဝါကျဖွဲ့ပုံချင်း၊ လင်္ကာ၊ နိမိတ်ပုံ၊ သင်္ကေတများ ဖန်တီးပုံချင်း စသည်ဖြင့် ကွဲပြားမှုများ ရှိပါသည်"[၅]

ဟူ၍ ဆိုထားလေသည်။

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၅၆။
[၂] ညီပုလေး၊ ၂၀၁၅၊ ၁၅၂။
[၃] ညီပုလေး၊ ၂၀၁၅၊ ၁၈၇။
[၄] ညီပုလေး၊ ၂၀၁၅၊ ၂၄၀။
[၅] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၈။

ညီပုလေး၏ ကိုယ်ပိုင်ဟန်ကို ယခုလေ့လာသော ဆောင်းပါး (၅)ပုဒ်တွင် တွေ့ရှိရပါသည်။ ညီပုလေးသည် ပန်းချီပညာကိုလည်း နှံ့စပ်ကျွမ်းကျင်သည်ဖြစ်ရာ သူရေးသားသော ဆောင်းပါးများတွင် အရောင်နှင့်ပတ်သက်၍ အထူးတလည် သုံးနှုန်းထားသည်ကို တွေ့ရသည်။ စာရေးသူသည် ချပ်သင်းနဲ့ကိုးတောင်ဘို့တွင် ကျင်းပမည့် အမေနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲသို့အသွား ရထားပေါ်မှ မြင်ရသော လမင်းကို–

> "ရွှေဘိုက ရထားထွက်လာတော့ လပြည့်ကျော် ၁ရက်၊ လမင်းက ထန်းပင်ကြို ထန်းပင်ကြားကနေ နဘားလော်ကယ်ကို ချောင်းကြည့်ရင်း လိုက်လာတယ်။ တိမ်မျှင်တန်းတွေ ကာဆီးနေတာမို့ လမင်းခမျာ မြင်ကွင်းမသာရှာဘူး၊ ခရမ်းချဉ်သီး လှိုင်လှိုင်ပေါ်တဲ့ အချိန်အခါမို့ အနောက်ဘက်က သစ်ပင်တွေရဲ့ နောက်မှာ ကောင်းကင်ကြီးဟာ ခရမ်းချဉ်သီးပန်ထွေဖျော်ရောင် လွှမ်းနေတယ်။"[၁]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိကျိချပ်သင်းရေ)

ဟူ၍ ည၏အလှကို အရောင်ခြယ်ထားပေသည်။ နေ့စဉ် လူမှုဘဝတွင် ပုံမှန်သုံးစွဲနေသော 'အသဲကွဲရောင်'၊ 'ရွှေအိုရောင်'၊ 'စတော်ဘယ်ရီရောင်' စသဖြင့် တင်စားသုံးနှုန်းနေကြသော်လည်း ညီပုလေးက 'ခရမ်းချဉ်သီးပန်ထွေဖျော်ရောင်' ဟု ဆန်းသစ်စွာ သုံးစွဲထားလေသည်။ ဒဂုန်တာရာ၏ 'ဂိုဂင်နီရောင်'၊ 'ဝေ့ဒစ်စနီအပြာ' ဟု သုံးပုံမျိုးပင်ဖြစ်သည်။ သုံးအိမ်တန်းရွာအနီး သစ်သီးရောင်းချသောဆိုင်မှ သစ်သီးများ၏ အရောင်အသွေးနှင့် သဘာဝပတ်ဝန်းကျင်၏ အရောင်အသွေးကို စာရေးသူက–

> "ဖရဲသီးတွေ၊ သခွားမွှေးသီးတွေ ရှိသလို ပျားလိမ္မော်လို့ ခေါ်တဲ့ အနီရောင်ဘက်လုတဲ့ လိမ္မော်သီးတွေ ရောင်းနေကြသေးတယ်။ အစိမ်းရောင်လွှမ်းနေတဲ့ ဆီးသီးတွေက ပေါ်ဦးပေါ်ဖျား ထင်ပါရဲ့။ သစ်ပင်ရိပ် အုပ်ဆိုင်းဆိုင်းအောက်မှာ နီနီ၊ ဝါဝါ၊ စိမ်းစိမ်းနဲ့ လိမ္မော်ရောင်သစ်သီးတွေက ပန်းချီဓားကိုသုံးပြီး ဆီဆေး ပန်းချီကားချပ်တွေ ရေးချင်စရာပါ။ ကြွက်နဖားတောင်လို့ ခေါ်တဲ့ မြလိပ်တောင်က ခပ်မှိုင်းပျပျ၊ အဝေးမှာ နောက်ခံနဲ့ သစ်ပင်တွေက ခပ်အုပ်အုပ်၊ တဲကလေးက ခပ်ကုပ်ကုပ်၊ သစ်သီးတွေက စိမ်းကြပုံ၊ အနုအရင့်တွေက အမျိုးမျိုး၊ အဝါတွေ လိမ္မော်တွေကလည်း ဝါကြပုံ အထွေထွေ၊ တစ်ချို့က အစိမ်းဘက်ပါတဲ့

[၁] ညီပုလေး၊ ၂၀၀၆၊ ၉–၁၀။

> အဝါ၊ တစ်ချို့သစ်သီးက အနီဘက်ယိမ်းတဲ့ အဝါ၊ တစ်ချို့က မှည့်ရွှမ်းတဲ့အဝါ"[၁] (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍ ပန်းချီဆေးဖော်သကဲ့သို့ အရောင်တွေသုံးကာ ရေးဖွဲ့ထားသည်။

စာရေးသူနှင့်အဖွဲ့သည် စလင်းမြို့ကထိန် သွားရောက်ခင်းပြီးနောက် ပုဂံသို့ ဆက်ခဲ့ရာ ပုဂံ၏ ဆည်းဆာနေဝင်ချိန်အလှကို–

> ဘုရားတွေ လိမ္မော်ရောင်၊ မော်မင်းသန်းရဲ့ ဂစ်တာသံမှာလည်း လိမ္မော်ရောင်၊ ကျွန်တော်တို့အသားအရောင်တွေလည်း လိမ္မော်ရောင်၊ လိမ္မော်ရောင်ရားစောင်းတွေနဲ့ လိမ္မော်ရောင် ပုဂံညနေ ပါလား"[၂]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍ ပုဂံ၏ညနေခင်းအလှကို ခြယ်မှုန်းထားလေသည်။ထိုသို့ အရောင်နှင့်ပတ်သက်၍ စာရေးသူက ထည့်သွင်းရေးဖွဲ့လေ့ရှိသည်ကို သူ့စာများမှ တွေ့ရလေသည်။

ထို့ပြင် ညီပုလေးသည် သူ၏စာများတွင် လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ ဆက်ဆံရေးကောင်းမွန်မှု၊ နွေးထွေးမှု၊ ဆက်ဆံရေးအားနည်းမှု၊ အေးစက်မှုကို ဖော်ပြရာတွင် လက်ဖဝါး၏ ခံစားမှုကို ထင်ဟပ်၍ ရေးဖွဲ့တတ်လေသည်။

စာရေးသူတို့အဖွဲ့သည် စလင်းမြို့သို့ ကထိန်သွားရောက်ခင်းရာ စလင်းမြို့သူ၊ မြို့သားတို့၏ နွေးထွေးမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကို ရရှိခဲ့လေသည်။ စာရေးသူတို့ အဖွဲ့သည် အလှူပြီး၍ စလင်းမြို့မှ ထွက်ခွာရာ ကျန်ရစ်သူတို့နှင့် ပတ်သက်၍ ခံစားရမှုကို–

> "ကိုလင်းတို့ ကိုခင်မောင်ကြီးတို့ကတော့ ကားအနားထိလာပြီး နှုတ်ဆက်ကြတယ်။ အလို … သူတို့ရဲ့ လက်ဖဝါးတွေ ပူနွေး လို့ နေပါလား"[၃]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟု လက်ဖဝါးတွင် နွေးထွေးမှုဖြင့် ဆက်ဆံရေးကောင်းမွန်မှုကို ပြသခဲ့သည်။

ညီပုလေး၏ 'ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်' ဝတ္ထုတွင် ဒေါက်တာသိန်းလှိုင် တာဝန်ထမ်းရာ ခန္တီးဒေသသို့ တပ်ရင်းမှူးအသစ် ရောက်လာရာ

[၁] ညီပုလေး၊ ၂၀၀၆၊ ၄၂။
[၂] ညီပုလေး၊ ၂၀၀၆၊ ၁၅၂။
[၃] ညီပုလေး၊ ၂၀၀၆၊ ၁၄၉။

ဒေါက်တာသိန်းလှိုင်၏ အရေးပါမှုကို မနှစ်သက်သည့် ဒုဗိုလ်မှူးငွေစန်း၏ ခံစားမှုကို ပေါ်လွင်အောင် စာရေးသူက–

> **"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်** ဆိုပြီး သူလက်ကမ်း လိုက်လို့ လက်ဆွဲနှုတ်ဆက်တော့ ရုံးခန်းထဲ နွေးနွေးထွေးထွေး နေတဲ့ ပုဂ္ဂိုလ်ရဲ့ လက်က အေးစက်နေပြီး အပြင်ဘက်ကလာတဲ့ ကျွန်တော့် လက်ကနွေးနွေး ကိုတော့ သူခံစားမိသလား မသိ နိုင်ဘူး"[၁] (ဓားသွားထက်ပေါ်က ချိုမြမြ ပျားရည်စက်)

ဟူ၍လည်းကောင်း၊ ဒေါက်တာသိန်းလှိုင်သည် မှူခင်းဆရာဝန်အနေဖြင့် တရားရုံးတွင် ဆေးတွေ့ရှိချက်ထွက်ဆိုရာ–

> "တရားခွင်ပြီးတော့ စက်ရှင်တရားသူကြီးက ကျွန်တော်ကို ခဏ အစောင့်ခိုင်းပြီးတော့ အဝတ်အစားလဲပြီး လာနှုတ်ဆက်တယ်၊ လက်ဆွဲနှုတ်ဆက်တယ်၊ ကျွန်တော် ထွက်ဆိုချက်မျိုး ရှားတယ်။ သူနှစ်သက်ကြောင်း ပြောရင်း လက်ဆွဲနှုတ်ဆက်တယ်လေ။ လက်ကို ခပ်တင်းတင်းကြီး ညှစ်ထားပုံ ကြည့်ရတာကြောင့် စက်ရှင် တရားသူကြီး အတော်သဘောကျ ကျေနပ်တယ် ထင်ပါရဲ့"[၂]
>
> (ဓားသွားထက်ပေါ်က ချိုမြမြပျားရည်စက်)

ဟူ၍လည်းကောင်း၊ ဒေါက်တာသိန်းလှိုင်သည် ခန္တီးမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းလင်းနှင့် ပတ်သက်သော ပြဿနာကို ဖြေရှင်းရန် ကြိုးစားပုံကို–

> "ပညာဝန်ခများ အဆဲလေးငါးခွန်း ရေးချပြီးတဲ့နောက် ကျွန်တော်ကို ပြုံးဖြဲဖြဲ လုပ်ပြရင်း ကျေနပ်ပါတော့နော်လို့ ပြောတာနဲ့ သူ့ကို ကျေးဇူးတင်လို့ လက်ဆွဲ နှုတ်ဆက်တဲ့အခါ သူ့လက်တွေက အေးစက် နေတယ်"[၃]
>
> (ဓားသွားထက်ပေါ်က ချိုမြမြပျားရည်စက်)

ဟူ၍လည်းကောင်း၊ ဒေါက်တာသိန်းလှိုင်သည် ခန္တီးမြို့မှ ဖြူးမြို့ဆေးရုံသို့ ပြောင်းရွှေ့ ရသည့်အတွက် ပို့ဆောင်နှုတ်ဆက်သူတို့နှင့် ပတ်သက်၍–

---

[၁] ညီပုလေး၊ ၂၀၁၇၊ ၃၀၀။
[၂] ညီပုလေး၊ ၂၀၁၇၊ ၄၅၉။
[၃] ညီပုလေး၊ ၂၀၁၇၊ ၄၇၂။

"သူတို့လက်ကမ်းတော့လည်း လက်ဆွဲ နှုတ်ဆက်လိုက်တာပဲ၊ တစ်ချို့လက်တွေက အေးစက်လို့၊ တစ်ချို့လက်တွေက နွေးတေးတေး"[၁]

(ဓားသွားထက်ပေါ်က ချိုမြမြပျားရည်စက်)

ဟူ၍ လက်ဆွဲနှုတ်ဆက်ရာတွင် လက်ဖဝါး၏အေးစက်မှုသည် ဆက်ဆံရေး အားနည်းခြင်း၊ လက်ဖဝါး၏နွေးထွေးမှုသည် ဆက်ဆံရေးကောင်းမွန်ခြင်းဟု သင်္ကေတပြုကာ ရေးဖွဲ့လေ့ရှိကြောင်း တွေ့ရလေသည်။

စာရေးသူသည် 'စိတ်ကူး' ဟူသော စကားလုံးအသုံးအနှုန်းကို သူ၏စာများတွင် တွေ့ရလေသည်။ စာရေးသူနှင့်အဖွဲ့သည် ချပ်သင်းနှင့်ကိုးတောင်ဘို့တွင် အမေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်ရန်အတွက် ကဗျာဆရာ ပိုင်စိုးဝေ၏ လာရောက်ဖိတ်ခေါ်ချက်ကို–

"တကယ်တော့ နန်းတော်ရှေ့ကနေ မြို့ထဲကို စက်ဘီးနင်းလာရင်း ကဗျာဆရာက လမ်းတစ်လျှောက်မှာ ကျွန်တော်ကို စိတ်ကူးနဲ့ စကားတွေ ပြောခဲ့ပြီး ဖြစ်ပါလိမ့်။ ဒါကြောင့် ကျွန်တော်နဲ့ တွေ့ချိန်မှာ သူပြောချင်တာကို ပြောချလိုက်တာလေ"[၂]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍လည်းကောင်း၊ မန္တလေးမှ ချပ်သင်းသို့ ရထားဖြင့် ခရီးထွက်ခဲ့ရာ လမ်းခရီးတွင် တွေ့မြင်ရသော ရှုမျှော်ခင်းများနှင့် ပတ်သက်၍–

"ရထားထွက်ပြန်တော့ ရှုမငြီးတဲ့ လယ်ကွင်းပြင်ကျယ်ကြီးဝေးရင်း အိပ်တန်းပြန်ကြတဲ့ ကျီးကန်းတွေကို စိတ်ကူးနဲ့ နှုတ်ဆက်နေမိတယ်။"[၃]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍ ရေးသားသုံးနှုန်းထားလေသည်။

ခရီးသွားဆောင်းပါးများတွင် အချိန်ပြစကားလုံးများကြောင့် ကာလအခြေအနေများ ပိုမိုပီပြင်၍ မှတ်တမ်းပီသသော သဘောကို တွေ့ရသည်။ ညီပုလေးသည် အချိန်

---

[၁] ညီပုလေး၊ ၂၀၁၇၊ ၄၉၅။
[၂] ညီပုလေး၊ ၂၀၀၆၊ ၂။
[၃] ညီပုလေး၊ ၂၀၀၆၊ ၈။

နာရီနှင့် ပတ်သက်၍လည်း မတူညီအောင် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ မနက်ခင်းအချိန်နှင့် ပတ်သက်၍–

> "မနက်စောစော တစ်မနက်မှာပေါ့၊ ကျွန်တော်ပြောတဲ့ မနက်စောစောဆိုတာ ရှစ်နာရီကို တစ်မတ်သားလောက်ကျော်တဲ့ အချိန်ကို ဆိုလိုတာပါ။"[၁]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိကျိချပ်သင်းရေ)

ဟူ၍လည်းကောင်း၊

> "အခုလည်း မွန်းတိမ်းဖို့ နာရီတစ်မတ်ပဲ လိုတော့တယ်။ ဈေးဦးမပေါက်သေးလို့တဲ့"[၂]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍လည်းကောင်း တစ်ဆယ့်ငါးမိနစ်ကို တစ်မတ် ဟူ၍ သုံးစွဲထားပုံကို တွေ့ရပါသည်။

## ၃၊ ၃။ ဝါကျဖွဲ့ဟန်

ခရီးလမ်း၌ တွေ့ကြုံရသော အတွေ့အကြုံများကို တင်ပြရာတွင် စာရေးသူတို့အဖွဲ့ ချပ်သင်းကိုးတောင်ဘို့တွင် အမေနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်ရာ ကန့်ဘလူဘူတာသို့အရောက်တွင် ၅၅ အမြန်ရထားကို ရှောင်ပေးရန်အတွက် ခေတ္တလမ်းလွှဲထားရာမှ ခရီးဆက်ရန်အတွက် ရထားပြန်လည် ထွက်ခွာခြင်းကို–

> "ဒီပြင်ခရီးသည်တွေလည်း အိပ်သူအိပ်၊ ငိုက်သူငိုက်နဲ့ ရထားပြန်အထွက်မှာ အနားရထားလို့ ခွန်အားပြည့်နေတဲ့ မြင်းတစ်ကောင်လို ခွန်အားသစ်နဲ့ ဆောင့်ရုန်းလိုက်တာလား၊ မသွားချင် သွားချင်နဲ့ ဆောင့်ရုန်း ထွက်လိုက်လေသလား၊ အိပ်ပျော်မေ့ငိုက်နေသူတွေ အားလုံး ဆောင့်နှိုးလိုက်သလို လန့်ဖျတ်သွားကြတယ်"[၃]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိကျိချပ်သင်းရေ)

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁။
[၂] ညီပုလေး၊ ၂၀၀၆၊ ၂၁၃။
[၃] ညီပုလေး၊ ၂၀၀၆၊ ၁၃။

ဟူ၍ လုံးချင်းကြိယာဖြစ်သည့် 'အိပ်' 'ငိုက်' 'ထွက်' 'ရ' 'ပြည့်' 'သွား' 'နိုး' များဖြင့် ဝါကျကို တည်ဆောက်ထားသည်။ 'ဆောင့်ရုန်း' ဟူသော ကြိယာကို 'ခွန်အားသစ်နဲ့' 'မသွားချင် သွားချင်နဲ့' ဟူသော အထူးပြုပုဒ်များဖြင့် ဆန့်ကျင်ဘက်အနက်သဘော ပေါ်လွင်အောင် ရေးဖွဲ့ထားလေသည်။ ခရီးလမ်းတစ်လျှောက် သိပ္ပံစာရေးဆရာ သိပ္ပံမှူးတင်က ကဗျာဆရာ ပိုင်စိုးဝေအား ချပ်သင်းကိုးတောင်ဘို့တွင် ဟောပြောမည့် အကြောင်းအရာများကို ပြောပြနေခြင်းကို စာရေးသူက–

> "တစ်ခါတလေလည်း ချပ်သင်းနဲ့ကိုးတောင်ဘို့မှာ ဟောပြောမယ့် အကြောင်းအရာတချို့ကို နမူနာ အမြည်းပေးပြန်ရော၊ ကဗျာဆရာ မြည်းချင်နေတဲ့ အမြည်းမျိုးတော့ မဟုတ်ဘူးပေါ့"[၁]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိကျိချပ်သင်းရေ)

ဟူ၍ ဆန့်ကျင်ဘက်အနက်ကိုပြကာ နှစ်သက်ဖွယ် ရေးဖွဲ့ထားသည်။

ချပ်သင်းမြို့သို့ စာရေးသူတို့အဖွဲ့ ရောက်ရှိကာ မနက်ခင်း အိပ်ရာစောစော ထခြင်းနှင့် ပတ်သက်၍ စာရေးသူက–

> "၁၉ ရက်နေ့ မနက် အိပ်ရာက အရင်ဆုံးထသူကတော့ အသက် ၇၈ နှစ် ရှိပြီး တစ်နေ့ကို ၅မိုင် ခပ်ဖွဖွလေး နေ့တိုင်း ပြေးနေတယ် ဆိုတဲ့ ဆရာသိပ္ပံမှူးတင် မဟုတ်သလို လက်ဆည်ကန်ကနေ မင်္ဂလာတံတားအထိ မနက်တိုင်း လမ်းလျှောက်တဲ့ ကျွန်တော် မဟုတ်ဘူး၊ စိတ်လိုလက်ရနေ့တွေမှာ မန္တလေးတောင်ပေါ်ကို ခြေကျင်တက်လေ့ရှိတဲ့ ကဗျာဆရာပဲ ဖြစ်ပါတယ်။ ကဗျာဆရာထက် အရင်နိုးသူကတော့ ရေဝန်းကျောင်းဆရာတော် ဦးဇောတ ပဲပေါ့"[၂]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိကျိချပ်သင်းရေ)

ဟူ၍ အငြင်းဝါကျများဖြင့် ပြလာပြီးမှ နောက်ဆုံးတွင် အဆိုဝါကျဖြင့် စာဖတ်သူကို အသိပေးထားပါသည်။ စာဖတ်သူအား သိလိုစိတ် နိုးဆွကာ မချင့်မရဲ ဖြစ်စေသော အရေးအသား ဖြစ်သည်။

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၈။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၄–၁၅။

ထို့ပြင် စာရေးသူတို့အဖွဲ့သည် ဘော်ကြိုဘုရားပွဲသို့အသွား ခရီးလမ်းတွင် တွေ့ခဲ့ရသော ထော်လာဂျီနှင့် ပတ်သက်၍–

> "သူ့ထော်လာဂျီ နောက်တွဲမှာရော၊ ဒရိုင်ဘာနံဘေးမှာရော၊ မိန်းကလေးတွေချည်း အပြည့်၊ ထွေလာဘောင်ပေါ် ထိုင်လိုက်ကြတာမို့ ပြုတ်ကျမနေရစ်အောင် တစ်ယောက်ခါး တစ်ယောက်ဖက်၊ သူ့ပခုံး ငါဆုပ်၊ ငါ့ပုခုံး သူကိုင်နဲ့ သနပ်ခါးကို ပါးမှာ ထူထူ ကွက်သူကကွက်၊ တချို့က နဖူးရော နှာတံပါ လိမ်းသူကလိမ်း၊ အောက်ခံအင်္ကျီအပေါ်က ရှပ်အင်္ကျီလက်ရှည် နွမ်းနွမ်းတွေ ထပ်ဝတ်သူကဝတ်၊ ကြယ်သီးအလုံးစေ့ တပ်သူကတပ်၊ လျှိုတယ်ဆိုရုံ လျှိုသူကလျှို၊ အင်္ကျီစတွေ ဆံစတွေ လေမှာတလွင့်လွင့်နဲ့ လမ်းနံဘေးမှာ အလွယ်ခူးလို့ရတဲ့ မီလျှံဒေါ်လာခေါ်တဲ့ စက္ကူပန်းတွေကို တစ်ခေါင်းလုံး ပန်သူကပန်နဲ့ ကျောက်ခွဲစက်တစ်စက်ကို အလုပ်သွားကြမယ့် အလုပ်သမလေးတွေပဲ့"[၁]
>
> (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍ 'ကွက်သူကကွက်'၊ 'လိမ်းသူကလိမ်း'၊ 'ဝတ်သူကဝတ်'၊ 'လျှိုသူကလျှို'၊ 'ပန်သူကပန်' ကြိယာ+သူက+ကြိယာ ဟူသော ဟန်ချက်ညီဝါကျများကို သုံးကာ သရုပ်ဖော် ရေးဖွဲ့ထားသည်။

ထို့ပြင် ဘုရားပွဲဈေး၏ ရှုခင်းကို–

> "ပွဲပြင်ပြန်တွေကတော့ အဆီပြန်တဲ့ မျက်နှာတွေနဲ့၊ အိမ်အပြန် လက်ဆောင်တွေကို ကြွပ်ကြွပ်အိတ်ထဲ ထည့်သူထည့်၊ ဖက်နဲ့ထုပ် နီးကြိုးနဲ့ သိုင်းလျက် ဆွဲသူကဆွဲ၊ ခေါင်းပေါ်ရွက်သူကရွက်၊ တံဆိပ်ခွာပြီး ပွဲခင်းထဲတင် ဝတ်ခဲ့သူရှိသလို ကျကျနန ခေါက်သိမ်းပြီး စလွယ်သိုင်းထားတဲ့ အိတ်နီကြီးထဲ ထည့်သူကထည့်၊ မုန့်ခေါင်းအုံး ဝါးသူကဝါး၊ ဓါးလှီးရေခဲချောင်းကို စုံရေမက်ရေ စားသူစား၊ ကျွန်တော်လည်း ပွဲသွားတွေထဲက ပွဲသွားတစ်ယောက်ပဲ၊ ဘော်ကြိုပွဲဆိုတာ ဘယ်လို ပွဲခင်းကြီး

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၄၃–၄၄။

ပါလိမ့်၊ ဘာတွေရှိပါလိမ့်၊ ဘာတွေရောင်းလို့ ဘာတွေ ဝယ်ကြတာပါလိမ့်၊ စိတ်စောမိတယ်။"[၁]

(ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍ ဟန်ချက်ညီ အပြိုင်ဖွဲ့ကာ 'ဘယ်' 'ဘာ' ဟူသော အမေးစကားများနှင့် နှစ်သက်ဖွယ် ရေးဖွဲ့ထားသည်။

ထိုဝါကျများကြောင့် ပြေပြစ်မှု၊ လေးနက်မှု ဟူသော အာနိသင်များ ရရှိပေသည်။

ဝါကျအဖွဲ့နှင့်ပတ်သက်၍ အလေးပေးလိုသောအချက်ကို ထင်ရှားအောင် ဖွဲ့သောဝါကျကို အလေးပေးဝါကျဟု ဆိုသည်။ အလေးပေးဝါကျဟန်ကြောင့် စာရေးသူ အလေးပေးဖော်ညွှန်းလိုသော အချက်သည် ပို၍လေးနက်ထင်ရှားသွားလေသည်။

စာရေးသူတို့အဖွဲ့သည် မုံရွာမြို့ ပိဋကတ်စာကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်သည့်မြင်ကွင်းတွင် ကိုယ်စီကိုယ်ငှ သဘောကို အလေးပေးလိုသဖြင့်–

"ဇန်နဝါရီ ပထမပတ်ရဲ့ အညာဆောင်းရက်တွေဟာ အအေးဓာတ် မကုန်သေးဘူး၊ အနွေးထည်ကိုယ်စီ၊ လက်ဆွဲအိတ်ကိုယ်စီနဲ့ စာရေးသူတို့သုံးယောက် အတွေးကိုယ်စီပိုက်ပြီး အောင်ကမ္ဘာကား ခေါ်ဆောင်ရာကို လိုက်လာခဲ့တယ်"[၂]

(သလ္လာဝတီဆောင်းနဲ့ နွေးထွေးတဲ့လက်ဖဝါးများ)

ဟူ၍ ရေးဖွဲ့ထားသည်။ ရေးဟန်လေ့လာရာတွင် ဝါကျထဲ၌ စကားလုံးများကို နေရာတကျ ထားသိမှုသည်လည်း အရေးကြီးပါသည်။ ညီပုလေးသည် သူ၏ဝါကျများ၌ ကြိယာများကို အထူးအသုံးပြုကာ လှုပ်ရှားသက်ဝင်လာအောင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၅၈။
[၂] ညီပုလေး၊ ၂၀၀၆၊ ၈၄။

## ၃၊ ၄။ အလင်္ကာသုံးဟန်

ခိုင်းနှိုင်းသူသည် အနှိုင်းခံတစ်ခုကို စိတ်ကူးဉာဏ်ပေါ်သလို အနှိုင်းအမျိုးမျိုးနှင့် ဥပမာပေး ခိုင်းနှိုင်းလေသည်။ အနှိုင်းတစ်ခုတွင် ဂုဏ်အမျိုးမျိုး ရှိနိုင်သည်။ ခိုင်းနှိုင်းသူ၏ စိတ်ကူးသစ်များဖြင့် ဖန်တီးလိုက်သော အလင်္ကာများသည် သစ်လွင်လျက် ရှိသည်။

စာရေးသူနှင့်အဖွဲ့သည် မွေတော်ကက္ကူဘုရားသို့ရောက်ရာ ဘုရားပွဲ ကျင်းပ ပြီးစီး၍ ကျန်ရစ်သော ဈေးဆိုင်ခန်းများ၏မြင်ကွင်းကို–

> "ကက္ကူဘုရားပွဲ ကျင်းပထားတာ ကြာသေးပုံ မပေါ်ဘူး၊ ပွဲဈေးခင်းဟောင်းရဲ့ အမိုးတွေက ဂေါ်ရခါးသီးစင်ကျယ်ကြီးလိုပဲ တစ်မျှော်တခေါ် မြင်ခဲ့ရတယ်"[1]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇန္ဒေရက်များ)

ဟူ၍ ဥပမာပေးခိုင်းနှိုင်းကာ တင်ပြထားသည်။

မုံရွာကြေးစင်တောင်ကို အိုင်ဗင်ဟိုကုမ္ပဏီက သူ၏အကျိုးစီးပွားအတွက် အမြတ်ထုတ် အသုံးချနေပုံကို–

> "အိုင်ဗင်ဟိုကုမ္ပဏီက ကြေးစင်တောင်ကို ကိတ်မုန့်ကို ဓားနဲ့ တစ်လွှာချင်း လှီးသလို လှီးလှီးလာလိုက်တာ တောင်က တော်တော်နိမ့်နေပြီ"[2]
>
> (သလ္လာဝတီဆောင်းနဲ့ နွေးထွေးတဲ့လက်ဖဝါးများ)

ဟူသော မျက်မှောက်မြင်သာသော ဥပမာအသုံးနှင့် ခိုင်းနှိုင်းကာ ရေးဖွဲ့ထားသည်။

ထမင်းစားကောင်းသဖြင့် ဗိုက်ကားနေသည်ကို–

> "သူတို့သာ ဒီထမင်းဆိုင်မှာ ပါလာခဲ့ရင် ကျွန်တော်တို့လိုပဲ သူတို့နံရိုးတွေ ဖွင့်ထားတဲ့ဖဲထီးကိုင်းလို ဖြစ်ကုန်လိမ့်မယ်"[3]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍ ရေးဖွဲ့ထားလေသည်။

---

[1] ညီပုလေး၊ ၂၀၀၆၊ ၁၈၆။
[2] ညီပုလေး၊ ၂၀၀၆၊ ၉၆–၉၇။
[3] ညီပုလေး၊ ၂၀၀၆၊ ၃။

စာရေးသူတို့အဖွဲ့သည် ဘော်ကြိုဘုရားပွဲသို့အသွား မန္တလေး–ပြင်ဦးလွင်သွား ကားလမ်းတွင် တွေ့ရသော ထော်လာဂျီတစ်စီးပေါ်ရှိ လမ်းပြင်လုပ်သား အလုပ်သမလေး များနှင့် ထော်လာဂျီမောင်းသူတို့၏ အပြုအမူများကို တစေ့တစောင်း အကဲခတ်ကာ စာရေးသူက–

> "ထော်လာဂျီမောင်းသူက သူ့ညာဘက်ကထိုင်လာတဲ့ နှုတ်ခမ်း ထူထူ မျက်လုံးပြူးပြူး ကောင်မလေးကို ချစ်ပင်ပျိုးလာတယ် ထင်ပါရဲ့ ..................... ချစ်ပင်ကိုပျိုးလို့မှ မဝသေးခင် ချစ်ပင်တွေ ထုတ်လုပ်တဲ့ ကျောက်ခွဲစက်ကို ရောက်သွားမှာ စိုးတယ် ထင်ပါရဲ့"[၁] (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍ 'ချစ်ပင်ပျိုး' ဟူသော ရူပကအဖွဲ့ကိုသုံးကာ ရေးသားထားသည်။ အချစ် ဟူသော အနှိုင်းခံကို အပင် ဟူသော အနှိုင်းနှင့် ရှင်သန်ကြီးထွားလာသည့် ဂုဏ်ရည်ကို ထပ်တူပြု ရေးသားထားသည်။

လမ်းခရီးနှင့်ပတ်သက်၍ စာရေးသူက သာစည်မှကလောသို့ အသွားလမ်းခရီး၏ အခြေအနေကို–

> "ရေငတ်နေတဲ့ချောင်းနဲ့ ယှဉ်လျက်လမ်းက စလုံးစခုဖြစ်နေတဲ့ ကျောက်ခဲတွေလည်း ကတ္တရာစေးဆာလောင်နေတယ်"[၂]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ လည်းကောင်း၊ မြင်းခြံမှ ပုဂံသို့ အသွားလမ်းခရီးကို–

> "ကျွန်တော်ဖြတ်သန်းခဲ့သမျှ လမ်းတွေဟာ မြေလမ်း၊ သဲလမ်းက မိုင်ခပ်များများ၊ ကတ္တရာလမ်းက ပေနည်းနည်းဆိုတော့ အရယ်အသော ဝါသနာပါတဲ့ ဖိုးနောင်(ဘူးကိုင်း)က ကတ္တရာပုံးမှောက်ကျခဲ့ တာနဲ့ တူတယ်လို့ ပြက်လုံးထုတ်တယ်"[၃]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၄၄။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၆၆။

[၃] ညီပုလေး၊ ၂၀၀၆ ၊ ၁၁၈–၁၁၉။

ဟူ၍လည်းကောင်း ကားလမ်းပျက်စီးနေသည်ဟု တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ကာ ဟာသစွက်ကာ သရော်ထားလေသည်။ ချပ်သင်းနယ်တွင် တိုက်ခတ်သော အေးမြလွန်းသည့် လေကို–

"ရထားအသော့နှင်လေ တွဲက ခုန်ပေါက်ကြမ်းလေပါပဲ။ တိုးဝှေ့တိုက်ခိုက်ချင်နေတဲ့ ရေခဲလေတွေအတွက် အကွက်ကောင်းပေါ့"[၁]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍ တိုက်ခတ်သောလေသည် ရေခဲတမျှ အေးမြနေသည်ကို 'ရေခဲလေ' ဟု သုံးနှုန်းလိုက်သော စာရေးသူ၏ အလင်္ကာသုံးဟန်ကို တွေ့ရလေသည်။

စာရေးသူတို့အဖွဲ့ သီပေါမြို့ ဘော်ကြိုဘုရားပွဲသို့အသွား ဂုတ်ထိပ်တံတားကြီးပေါ်မှ ရထားဖြတ်သန်းခုတ်မောင်းစဉ် တံတားကြီးမှကြားရသော အသံနှင့်ပတ်သက်၍–

"တံတားကြီးဆီက တကျွီကျွီနဲ့ ညည်းသံကြားရတယ်ဆိုပဲ"[၂]

(ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍လည်းကောင်း၊ သီပေါစော်ဘွားကြီး ဆာစောချယ်၏ဟော်သို့ သွားရောက်ခဲ့ရာ ဟော်ဝင်းအတွင်းရှိ ဇောခိညောင်ပင်ကို လေတိုးသည့်အသံကို–

"ညောင်ရွက်ကို လေတိုးသံတွေက တရွှဲရွှဲ ကြားနေရတယ်"[၃]

(ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍လည်းကောင်း၊ ထိုခြံဝင်းအတွင်း ရှိခဲ့သော ခွေးများ၏အသံကို–

"တဝုန်းဝုန်းနဲ့ ဟောင်နေကြတယ်ဆိုတဲ့ အယ်လ်ဖေးရှင်းကြီးတွေလည်း မတွေ့ခဲ့ရဘူး"[၄] (ဒုဋ္ဌဝတီမြစ်ဆန် နွေဦးခရီး)

ဟူ၍လည်းကောင်း၊ စာရေးသူတို့အဖွဲ့သည် မုံရွာမြို့ရှိ ဖိုလ်ဝင်တောင်သို့ ဗင်ကားလေးဖြင့် သွားခဲ့ရာ ကား၏ အခြေအနေမကောင်းတော့ပုံကို–

---

[၁] ညီပုလေး၊ ၂၀၀၆ ၊ ၁၃။
[၂] ညီပုလေး၊ ၂၀၀၆ ၊ ၅၁။
[၃] ညီပုလေး၊ ၂၀၀၆ ၊ ၇၆။
[၄] ညီပုလေး၊ ၂၀၀၆၊ ၇၈။

> "လမ်းမှာကတည်းက တော်ရုံတန်ရုံ ကုန်းကမူလေးတွေကို ကောင်းကောင်း မတက်ချင်ဘူး၊ မီးသံ တောက်တောက် တောက်တောက် က ညံနေတယ်"[၁]

(သာလွှာဝတီဆောင်းနဲ့ နွေးထွေးတဲ့လက်ဖဝါးများ)

ဟူ၍ 'တကျွီကျွီ' 'တရွဲရွဲ' 'တဝုန်းဝုန်း' 'တောက်တောက်' ဟူသော သက်ရှိ၊ သက်မဲ့ အရာဝတ္ထုတို့၏ မြည်သံကို ထည့်သွင်းရေးဖွဲ့ထားသဖြင့် စာဖတ်သူအနေဖြင့် အသံများကို ကြားလာရကာ နှစ်သက်ဖွယ်ဖြစ်စေသော အလင်္ကာသုံးနှုန်းဟန်ပင် ဖြစ်သည်။

ထို့ပြင် စာရေးသူတို့အဖွဲ့သည် ဖိုဝင်တောင်မှအပြန် ကားဒုက္ခပေးသဖြင့် ခရီးဆက်မရတော့ဘဲ မုံရွာသို့ အခြားကားဖြင့်ပြန်ရန်အတွက် စောင့်ဆိုင်းစဉ်–

> "ကျွန်တော်တို့ လည်ပင်းတွေလည်း ညောင်ရေတကောင်း ဖြစ်လာတယ်၊"[၂]

(သာလွှာဝတီဆောင်းနဲ့ နွေးထွေးတဲ့လက်ဖဝါးများ)

ဟူ၍ မျှော်ရလွန်းလို့ 'လည်ပင်းရှည်နေပြီ' ဆိုသော သဘောမှလွန်ကာ 'ညောင်ရေတကောင်းပင် ဖြစ်လာသည်' ဟု အလွန်အကျူးဖွဲ့ဆိုထားသော အလင်္ကာ အသုံးဟန်ပင် ဖြစ်သည်။

စာရေးသူတို့အဖွဲ့ ပုပ္ပားမှအပြန် ချောင်းမ ဆိုသည့် ကားစခန်းတွင် ထမင်း စားကြရာ စာရေးသူတို့အဖွဲ့၏ ထမင်းဟင်းမှာသံနှင့်ပတ်သက်၍–

> "အရက်ကြော်ငြာပိုစတာတွေ အမျိုးစုံမှာရှိကြတဲ့ အရက်ကြော်ငြာ မော်ဒယ်လေးတွေတောင်မှ ကျွန်တော်တို့ ထမင်းမှာသံတွေ ကြားတော့ အံ့သြကြရတယ်၊"[၃]

(ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍ သက်မဲ့ဖြစ်သော ပိုစတာထဲမှ မိန်းကလေးများကပင် အံ့သြကြရတယ် ဟူ၍ နှစ်သက်ဖွယ်ဖြစ်အောင် အလွန်အကျူး ဖွဲ့ဆိုထားသည့် အလင်္ကာသုံးနှုန်းဟန်ကို တွေ့ရသည်။

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၀၀။
[၂] ညီပုလေး၊ ၂၀၀၆၊ ၁၀၁။
[၃] ညီပုလေး၊ ၂၀၀၆၊ ၁၆၀။

စာရေးသူ၏ တင်စားရေးဖွဲ့ဟန်ကို သူ၏စာများတွင် တွေ့ရသည်။ တင်စားရေးဖွဲ့ရာတွင် သက်မဲ့ကို သက်ရှိကဲ့သို့ ဒြပ်မဲ့ကို ဒြပ်ရှိကဲ့သို့ပြု၍ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

စာရေးသူတို့အဖွဲ့သည် မန္တလေးမှ ချပ်သင်းကိုးတောင်ဘိုသို့ အမေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲအတွက် သွားရောက်ရန် နဘားလော်ကယ်ရထားနှင့် ခရီးနှင်ခဲ့ရာ စာရေးသူတို့စီးလာသော ရထားသည် ကန့်ဘလူဘူတာမှအထွက် 'မဟာရွှေစည်ကြီးစေတီ' အကျော်တွင် အမြန်ရထားကျော်မည်ဖြစ်၍ ရထားရှောင်ပေးရသည်ကို စာရေးသူက–

> "ရထားက ဘူတာကထွက်ပြီး စေတီအလွန်မှာ ရပ်တယ်။ ပြီးတော့ နောက်ပြန်ဆုတ်ပြီး လမ်းလွှဲခံရတယ်။ မျက်နှာငယ်တဲ့ မှောင်မည်းမည်း သံလမ်းနံပါတ်တစ်ခုမှာ မျက်နှာငယ်ငယ်နဲ့ ရပ်နေရတယ်။ သူ့ကို ၅၅ အဆန်ဆိုတဲ့ မျက်နှာကြီး အမြန်ရထားက ကျော်မှာမို့ သူ့ခမျာ လမ်းဖယ်ပေးရတာတဲ့"[၁]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍ 'မျက်နှာကြီး'၊ 'မျက်နှာငယ်'၊ 'မျက်နှာငယ်နဲ့ ရပ်နေရတယ်' ဟူ၍ ရထားလမ်းရှောင်ပေးရခြင်းကိုပင် လူ့သဘာဝနှင့် ထင်ဟပ်ကာ တင်စားရေးဖွဲ့ထားသည်။

ထို့ပြင် စာရေးသူတို့အဖွဲ့သည် ချပ်သင်းမြို့ရှိ 'မျိုးဆက်သစ် စာကြည့်တိုက်' သို့ သွားရောက်ခဲ့ရာ တွေ့ရသည့် မြင်ကွင်းကို–

> "စာကြည့်တိုက်ဝင်း အဝင်ကနေ စာကြည့်တိုက်ထဲ လှမ်းကြည့်လိုက်တဲ့အခါ လူငယ်တစ်ချို့ စာဖတ်နေကြတယ်။ ပန်းရောင်စုံလေးတွေ ပွင့်နေတာပါလား။ အလို သက်တံ့တစ်စင်းလည်း လင်းလက်လို့၊ ချပ်သင်းနယ်မှာ ပျောက်ကွယ်သွားတဲ့ စိမ်းညို့ညို့သစ်တောလို သစ်တောပျိုတွေ စာကြည့်တိုက်ထဲ ရောက်နေပါလား။ အလွန်မြန်တဲ့ လျှပ်ပြေးသံလိုက်ရထားတစ်စင်းလည်း ရှိနေတယ်။"[၂]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၁။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၇။

ဟူ၍ အနာဂတ်လူငယ်များကို 'ပန်းရောင်စုံ'၊ 'သက်တံ့'၊ 'သစ်တောပျို'၊ 'လျှပ်ပြေး သံလိုက်ရထား' ဟု တင်စားရေးဖွဲ့ထားလေသည်။

စာရေးသူတို့အဖွဲ့သည် မန္တလေးမှ ချပ်သင်းကိုးတောင်ဘိုသို့ အမေနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအတွက် ခရီးထွက်ခဲ့ရာ ကန့်ဘလူဘူတာသို့ အရောက်တွင် ညချမ်းအခါ ကောင်းကင်၌တွေ့ရသော လမင်းကို–

> "ကောင်းကင်မှာ လမင်းက ထိန်ထိန်လင်းနေတယ်။ ရထားလမ်း နံဘေးက ရေအိုင်လေးတွေမှာ နောက်ထပ် လမင်းတစ်စင်းက လင်းလာလိုက်၊ ပျောက်သွားလိုက် 'လမင်းနှစ်စင်းသာတဲ့ ငါးမည့်ရ ညချမ်း' လို့များ ကဗျာ ဖွဲ့ဆိုလေမလား"[၁]
>
> (အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍ ရွှေဘို၏ ညချမ်းကို ဖော်ကျူးရေးဖွဲ့ထားလေသည်။

စာရေးသူနှင့်အဖွဲ့သည် မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ပိဋကတ် စာကြည့်တိုက် (၅)နှစ်ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲသို့ သွားရောက်ခဲ့ရာ မုံရွာမြို့ 'ရွှေမန်း' တည်းခိုခန်းတွင် တည်းခိုရသည်။ တည်းခိုရာအခန်း၏ အခင်း အကျင်းကို စာရေးသူက–

> "ကျွန်တော်တို့သုံးယောက် နှစ်ယောက်အိပ် ကုတင်တစ်လုံးနဲ့ တစ်ယောက်အိပ် ကုတင်တစ်လုံး ထည့်ထားပြီး မှန်တင်ခုံ စားပွဲ တစ်ခုရှိတဲ့ မိသားစုခန်းတစ်ခန်းထဲ ရောက်နေကြပါပေါ့လား။ ဖယောင်းတိုင်မီးရောင်အောက်မှာ ခေါင်းအုံးစွပ်တွေ အိပ်ယာခင်း တွေက သန့်ရှင်းပါတယ်ဗျ၊ ချင်းတွင်းမြစ်ရေနဲ့ လျှော်ထားတာပါဗျနဲ့ ပြောနေကြသလိုပဲ"[၂]
>
> (သလ္လာဝတီဆောင်းနဲ့ နွေးထွေးတဲ့လက်ဖဝါးများ)

ဟူ၍ သက်မဲ့ခေါင်းအုံးစွပ်၊ အိပ်ယာခင်းတွေက အသံထွက်၍ စကားပြောနေဟန် တင်စားရေးဖွဲ့ထားသည်။

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၁။
[၂] ညီပုလေး၊ ၂၀၀၆၊ ၈၇။

ထို့ပြင် စာရေးသူတို့မိသားစုသည် ပင်းတယမှ မန္တလေးသို့အပြန် ရွာငံလမ်းသို့ အရောက်တွင် အကွေ့အကောက်များသော အတက်အဆင်းလမ်းကို အသုံးပြုသွားလာ နေသော မော်တော်ကားများ၏ အခြေအနေကို–

> “အဆင်းလမ်း မသိမသာလေး ဆင်းနေတယ် ထင်ရပေမယ့် တစ်ဘက်က တက်လာတဲ့ ကားကတော့ <u>အမောတကော</u> တက်လာသံ ကြားရတဲ့အခါ အတက်လမ်းရှည်ရှည်ကို စက်ကုန် ဟဲပြီး တက်လာရမှန်း သိသာနေတယ်”[၁]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွှေရက်များ)

ဟူ၍ အတက်လမ်းမှ တက်လာသောကားသည် စက်ကုန်ဖွင့်၍ တက်လာရသည်ကို ‘အမောတကောတက်လာ’ ဟု တင်စားရေးဖွဲ့ထားသည်မှာ နှစ်သက်ဖွယ် ဖြစ်သည်။

မြန်မာနိုင်ငံ ရှမ်းပြည်မြောက်ပိုင်းတွင်ရှိသော ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးနှင့် ပတ်သက်၍ စာရေးသူက–

> “ဒီတံတားကြီးဟာ သက်တမ်းစေ့နေပြီတဲ့။ ဟုတ်တယ် မဟုတ်ဘူး မပြောနိုင်ပေမယ့် တံတားကြီးပေါ်ကို မီးရထားဖြတ်သွားတဲ့အခါ ဖြည်းဖြည်းချင်းလည်း ခုတ်မောင်းရသတဲ့။ အဲ့ဒီအခါမှာ တံတားကြီး ဆီက တကျွီကျွီနဲ့ <u>ညည်းသံကြား</u>ရတယ်ဆိုပဲ”[၂]
>
> (ဒုဋ္ဌဝတီမြစ်ဆန် နွှေဦးခရီး)

ဟူ၍ တံတားကြီးသက်တမ်း နှစ်ပေါင်း(၁၀၀)ကျော်နေသောကြောင့် ဟောင်းနွမ်း ယိုယွင်းလာသဖြင့် ကြံ့ခိုင်မှုအားနည်းနေသည်ကို ‘တကျွီကျွီ’ မြည်သံနှင့် သက်မဲ့ကို သက်ရှိအဖြစ် တင်စားသုံးနှုန်းထားလေသည်။

ထို့ပြင် ချောင်းကူးတံတားပေါ်သို့ ကားနှင့်ဖြတ်သန်းသည့်အခါ–

> “ချောင်းကူးတံတားက ကျဉ်းတော့ မျက်နှာချင်းဆိုင်က ကားလာရင် တစ်ဘက်ကားက ရပ်စောင့်ပေးရတယ်။ တံတားပေါ်မှာ ခင်းထားတဲ့ ပျဉ်တစ်ချို့က သံတွေ ပြုတ်ထွက်နေပြီး ပျဉ်တွေက <u>တဇတ်ဇတ်နဲ့ ခေါင်းညိတ်</u>နေကြတယ်”[၃]
>
> (ဒုဋ္ဌဝတီမြစ်ဆန် နွှေဦးခရီး)

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၈၇။

[၂] ညီပုလေး၊ ၂၀၀၆၊ ၅၁။

[၃] ညီပုလေး၊၂၀၀၆၊ ၅။

ဟူ၍ ပျဉ်ခင်းတွေလှုပ်နေခြင်းကိုပင် ခေါင်းညိတ်နေသည်ဟု နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်။

## ၃၊ ၅။ အဆက်အစပ်ဟန်

အဆက်အစပ်ဟန်သည် အတွင်းအဆက်အစပ်နှင့် ပြင်ပအဆက်အစပ် ဟူ၍ နှစ်ပိုင်းရှိရာ ဤစာတမ်းတွင် ပြင်ပအဆက်အစပ်ကိုသာ လေ့လာတင်ပြထားပါသည်။ ပြင်ပအဆက်အစပ်နှင့် ပတ်သက်၍ ရေးဟန်ပညာနိဒါန်းတွင်–

> "စာရေးသူ၊ အကြောင်းအရာ၊ ရည်ရွယ်ချက်၊ စာဖတ်သူ စသည်တို့သည် စာတစ်ပုဒ်၏ပြင်ပရှိ အဆက်အစပ် အခြေအနေများ ဖြစ်သည်။ ထိုအခြေအနေများကို စာနှင့်ဆက်စပ်လေ့လာခြင်းသည် ပြင်ပအဆက်အစပ်ကို လေ့လာခြင်း ဖြစ်သည်"[၁]

ဟူ၍ ဖွင့်ဆိုထားသည်။

ရေးဟန်ကို လေ့လာရာတွင် စာရေးသူ၏ ဟန်ပန်အမူအရာ၊ သဘောထား၊ ခံစားမှု၊ မှတ်ချက်တို့သည် သူ၏စာများတွင် အနည်းနှင့်အများ ထင်ဟပ်နေတတ်သည်။ ညီပုလေး၏ စာများတွင်လည်း ဤသဘောကို တွေ့မြင်ရသည်။

စာရေးသူတို့ မိသားစုသည် တောင်ကြီးမြို့သို့ သွားရောက်လည်ပတ်ရာ စာရေးသူသည် မြစိမ်းတောင်ပေါ်မှ မြင်တွေ့ရသည့် တောင်ကြီးမြို့၏ အခြေအနေကို–

> "တောင်အောက်က မြင်ကွင်းတွေထဲမှာ အဆောက်အဦးတွေ အများစုက သစ်ပင်စုစု သစ်ပင်အုပ်အုပ်က ကျဲပါးနေပြီ။ တောင်ကြီးသူ တောင်ကြီးသားတွေအတွက် ယတြာအဖြစ် ချယ်ရီပင်၊ ထင်းရှူးပင်၊ ယူကလစ်ပင်တွေ စိုက်ပျိုးဖို့ အခါပေးတဲ့ ဗေဒင်ဆရာတွေ လိုအပ်နေရော့လား"[၂]
>
> (ဆွေမျိုးများနဲ့ ကမ္ဘောဇနွေရက်များ)

ဟူ၍ ရေးဖွဲ့ထားရာ သစ်တောသစ်ပင်နှင့် ပတ်သက်သော စာရေးသူ၏ အတွေးစိတ်ကူးကို မှန်းဆနိုင်သည်။

စာရေးသူက ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ သဲချောင်းတွေနှင့် ပတ်သက်၍–

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၂၃၅။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၆၁။

> "နွေနဲ့ဆောင်းမှာ ရေတစ်စက်မှမရှိ၊ ချောင်းတစ်ခု မဟုတ်သလိုပဲ၊ သူ့မှာ ဘာအပြစ်မှမရှိသလို၊ သူဟာ ဇာတ်လိုက်တစ်ယောက် မဟုတ်သလိုပဲ။ သူဟာ ဇာတ်ဝင်ခန်းတစ်ခန်းရဲ့ နောက်ခံကားချပ် ယောင်ဆောင်နေတယ်။ သဲချောင်းထဲမှာ ကြက်သွန်စိုက်ခင်းတွေ တွေ့ရပြန်တော့လည်း ချောင်းဆိုးချောင်းမိုက် မဟုတ်ပြန်ဘူး။ သူ့ဝမ်းဗိုက်ပေါ်မှာ တောင်သူတွေ ထွန်ကြပါစေ။ ယက်ကြပါစေ။ သူ ကြည်ကြည်ဖြူဖြူ ခွင့်ပြုပြီး ရိက္ခာတွေ ထုတ်ပေးနေပြန် ပြီကော။ သူ့ချောင်းပြင်ထဲ မိုးရွာလို့ ရေတွေဒလဟော စီးကျ လာပြီး ကားတွေ၊ လှည်းတွေ၊ လူတွေ၊ နွားတွေ ရေစီးနောက် ပါကုန်တာ သူအဆိုး သူ့အလွန်လား။ ကျွန်တော်ကတော့ ချောင်းက ပြောမယ့် ဇာတ်လမ်းတွေကို နားစွင့်နေမိတယ်။"[၁]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

ဟူ၍ အထက်အညာဒေသတွင် တွေ့ကြုံရသော ချောင်းတို့၏ သရုပ်သဏ္ဌာန်ကို ဆန်းစစ်နေသော စာရေးသူ၏ ခံစားချက်အတွေးကို တွေ့မြင်ရသည်။

စာရေးသူတို့အဖွဲ့သည် စလင်းမြို့တွင် ကထိန်သွားရောက်ခင်းကျင်းပြီး အပြန်တွင် ပုဂံသို့ ခရီးဆက်ခဲ့ရာ ညောင်ဦးအနီးသို့အရောက် လမ်းခရီးနှင့်ပတ်သက်၍ စာရေးသူ၏ ခံစားရပုံကို–

> "လမ်းကတော့ ချောက်မြို့ဝန်းကျင်ကလို အနိမ့်အမြင့် အကွေ့ အကောက်တွေ များတယ်။ ဒီတော့ ဧရာဝတီမြစ်ကိုလည်း မြင်လိုက်ရ၊ ပျောက်သွားလိုက်နဲ့၊ မြစ်ဧရာနဲ့ ကျွန်တော်တို့နဲ့ တူပုန်းတမ်း ကစားနေကြသလိုပဲ။ မထင်မှတ်ဘဲ ဘွားကနဲ တွေ့လိုက်ရတဲ့ ဧရာဝတီကတော့ ဘယ်လိုခံစားရတယ်မသိ၊ ကျွန်တော်ကတော့ ပျော်မိ ကျေနပ်မိတယ်။ ခရီးသွားဖက် အဖော်ကောင်းတစ်ယောက်နဲ့တူတဲ့ ဧရာဝတီပါလား၊ ကျွန်တော်တို့ ခရီးမပန်းအောင် ကူညီနေတယ်လေ"[၂]
>
> (ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင်မိုင်တိုင်များ)

---

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၂၃။

[၂] ညီပုလေး၊ ၂၀၀၆၊ ၁၂၁။

ဟူ၍ ဧရာဝတီမြစ်နှင့်ပတ်သက်ပြီး ခံစားရသော စာရေးသူ၏ ခံစားချက်ကို တွေ့ရလေသည်။ ‘မထင်မှတ်ဘဲ ဘွားကနဲတွေ့လိုက်ရတဲ့ ဧရာဝတီ’ ဟူသော အသုံးကဲ့သို့ ဆရာဇော်ဂျီ၏ ပုဂံမြို့ဟောင်းနှင့်ကျွန်တော် စကားပြေတွင် ပုဂံသို့ခရီးထွက်ရာ မြစ်ကြောင်းမှသာ သွားလိုပုံ၊ ညောင်ဦး နတ်သမီးကမ်းပါးကို ကျော်မှသာ ဘွားကနဲတွေ့လိုက်ရသော ပုဂံမြင်ကွင်းကို ခံစားမိပုံ စသည့် ဆရာဇော်ဂျီ၏ အတွေးစိတ်ကူးမျိုးပင် ဖြစ်သည်။

စာရေးသူတို့အဖွဲ့သည် ချပ်သင်းကိုးတောင်ဘို့ အမေနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအတွက် သွားရောက်ရာ ရာသီဥတုအေးသဖြင့် မီးလှုံနေကြသည်ကို တွေ့ရာ–

> “ဆိုင်ရှေ့မှာ ပကာသားထင်းချောင်းရှည်တွေကို မီးဖိုပြီး မီးလှုံနေကြသူတွေ ရှိတယ်။ ကျွန်တော်တို့ ရောက်လာသည့်အခါ မီးလှုံချင်ရင် လှုံရအောင် မီးဖိုနားက သူတို့ ဖယ်ပေးကြတယ်။ အိမ်ရှင်တွေ ဖယ်ပေးပေမယ့် မီးဖိုနားမှာ ချမ်းနေရှာတဲ့ ဆီပုံး နှစ်ပုံးက ကျန်ရစ်တယ်။ ချပ်သင်းဆောင်းက ဆီပုံးတွေပါ မီးလှုံကြရတာပါလား”[၁]

(အအေးလှိုင်းကိုအဆွေခင်ပွန်းဖွဲ့သူများနဲ့နောက်ကျိုကျိုချပ်သင်းရေ)

ဟူ၍ မြန်မာလူမျိုးတို့သည် ရှေးအစဉ်အဆက် ပဲဆီ၊ နှမ်းဆီတို့ကို ကိုယ်တိုင်ကြိတ်ကာ သုံးစွဲခဲ့ကြသော်လည်း ယခုအခါ တိုင်းတပါးမှ ဝင်လာသော စားအုန်းဆီများကိုသာ သုံးစွဲနေကြရသည်။ ထိုစားအုန်းဆီများသည် လူတို့၏ကျန်းမာရေးနှင့် မကိုက်ညီဘဲ ရာသီဥတုအေးလွန်းပါက အဆီခဲအဖြစ်သို့ ရောက်သွားသဖြင့် အရည်ပျော်စေရန်အတွက် မီးနှင့်အပူပေးရသည်ကို သရော်ဟန်စွက်ကာ ရေးသားထားခြင်း ဖြစ်သည်။

[၁] ညီပုလေး၊ ၂၀၀၆၊ ၁၆။

## ခြုံငုံသုံးသပ်ချက်

ညီပုလေးသည် ဒိဋ္ဌလောကဝန်းကျင်ရှိ အဖြစ်အပျက်များနှင့်တကွ လူ့ကိစ္စ၊ လူ့အမှုအရာကို ပေါ်လွင်အောင် ဖွဲ့ဆိုနိုင်စွမ်းရှိသည့် စာရေးဆရာတစ်ဦး ဖြစ်သည်။ ညီပုလေးသည် သူခရီးထွက်ရာ လမ်းတစ်လျှောက်ရှိ ဒိဋ္ဌဓမ္မလောက အဖြစ်အပျက်များကို မြင်ခဲ့သည်။ တွေ့ခဲ့သည်။ ထိုသို့ မြင်ခဲ့၊ တွေ့ခဲ့သော လူတို့၏အမှုအရာ၊ လူတို့၏ကိစ္စကို ပန်းချီဆရာနှင့်တူသော စာရေးသူက စုတ်ချက်ကောင်းကောင်းဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ညီပုလေး၏ ရေးဟန်သည် သွက်လက်ပေါ့ပါးပြီး ခပ်ရှင်ရှင်ရေးဖွဲ့တတ်သော ရေးဟန် ဖြစ်သည်။ စာရေးသူသည် သွားရောက်ခဲ့သော ခရီးစဉ်များကို ဖြစ်စဉ်ပြအဖွဲ့ဖြင့် ရေးဖွဲ့ကာ သရုပ်ဖော်အဖွဲ့များ မွမ်းမံပြီး ရုပ်လုံးကြွအောင် တင်ပြထားသည်။ ထိုသို့ ပေါ်လွင်ထင်ရှားအောင် အကောင်အထည်ပြ စကားလုံးများ၊ ကြိယာစကားလုံးများကို အထူးအသုံးပြုကာ ရေးဖွဲ့ထားသည်။ ပြောသူနာမ်စား ကျွန်တော်ကို သုံးစွဲကာ ဝိသေသအသုံးများ၊ လှုပ်ရှားမှုပြအသုံးများ၊ အခြေအနေပြအသုံးများ၊ သုံးနေကြ မဟုတ်သော အသုံးများ၊ စာရေးသူ၏ ပင်ကိုယ်ဟန်ဟု ပြောနိုင်သော အသုံးများဖြင့် ဝေဝေဆာဆာ ရေးဖွဲ့ထားသည်။ စာရေးသူ ဆိုလိုချင်သောအဓိပ္ပာယ်ကို စကားလုံးများက ဖော်ပြနေသည်။ အကြောင်းအရာကို ရှင်ရှင်မြူးမြူးနှင့် သရော်ပြောဆိုထားသည်ကို တွေ့ရသည်။ စာရေးသူ၏ လေသံကို တွေ့ရသည်။ စာရေးသူ၏ဆိုလိုချက်ကို ထိုလေသံမှ သိရှိနိုင်သည်။

စာရေးသူ၏ရေးဟန်ဟု ဆိုရမည့် အရောင်နှင့်ပတ်သက်သော ခြယ်မှုန်း ရေးသားမှုကို အထူးပင် တွေ့ရသည်။ ဒဂုန်တာရာသည် အရောင်ကိုဖော်ပြသော စကားလုံးများကို သုံးခြင်းသည် ဒဂုန်တာရာ၏ ဟန်ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထိုကဲ့သို့ပင် ညီပုလေးသည်လည်း ဒဂုန်တာရာ၏ရေးဟန်ကို နှစ်သက်သော စာရေးဆရာ တစ်ဦးဖြစ်ကြောင်း သတိပြုမိပါသည်။

## နိဂုံး

ဤသို့ ညီပုလေး၏ ဝတ္ထုတိုများကို လေ့လာရခြင်းဖြင့် ညီပုလေး၏ အကြောင်းအရာတင်ပြဟန်၊ စကားသုံးနှုန်းဟန်၊ အရေးအဖွဲ့ဟန်တို့သည် ရသစာပေ ဖြစ်သော ဝတ္ထုအရေးအသား လေ့လာသူတို့အတွက် နည်းယူစရာဖြစ်ကြောင်း ထင်မြင်မိပါသည်။ သူ၏ရေးဟန်ထူးခြားမှုကြောင့် သူ၏စာကို နှစ်သက်ခံစားမိ၍ ဤစာတမ်းကို ရေးသားရခြင်း ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၅၅)။ ***ဟန်အမျိုးမျိုးအကြောင်း၊ သရဖူမဂ္ဂဇင်း၊ အမှတ် (၁၄)***။ ရန်ကုန်၊ အနော်မာစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ညီပုလေး။ (၂၀၀၆)။ ***ကြည်ပြာရောင်၊ လိမ္မော်ရောင်၊ မဟော်ဂနီရောင် ရှုမျှော်ခင်းများ***။ ရန်ကုန်၊ မိုးစက်စာပေ။

ညီပုလေး။ (၂၀၁၅)။ ***ဝတ္ထုတိုပေါင်းချုပ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ညီပုလေး။ (၂၀၁၇)။ ***ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက် (တ-ကြိမ်)***။ ရန်ကုန်၊ Media Ribbon Publishing House။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာစာပေ။

တက်တိုး။ (၁၉၆၃)။ ***..... နှင့်စာပေ*** ။ ရန်ကုန်၊ မိုးဦးပန်းစာပေ။

မြန်မာစာအဖွဲ့။ (၂၀၁၁)။ ***အင်္ဂလိပ်-မြန်မာအဘိဓာန်***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

သူရိယကန္တိ။ (၁၉၅၇)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်၊ သိဒ္ဓိပုံနှိပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Morner, Kathleen & Ralph, Raush, (1998), NTC's Dictionary of Literary terms, NTC Publishing Group Lincoln Wood, Illinois.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# သိပ္ပံမောင်ဝနှင့်စာပေဝေဖန်ရေး

သူဇာအေး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ စာပေဘဝနှင့် သူ၏မြန်မာစာပေ ဝေဖန်ရေးအမြင်များကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် သူ့ခေတ်သူ့အခါက မြန်မာစာပေကို ချစ်မြတ်နိုးသူ၊ တိုးတက်သော စာပေအမြင်ရှိသူ၊ မြန်မာစာပေ တိုးတက်ခိုင်မာရေးအတွက် စေတနာထား၍ ကြိုးပမ်းခဲ့သူ၊ စာပေတာဝန်ကျေခဲ့သူ တစ်ဦးဖြစ်ကြောင်း သူ့စာများက ဖော်ပြနေပါသည်။ ဤစာတမ်းတွင် ကလောင်အမည် အမျိုးမျိုးဖြင့် ရေးသားခဲ့သော စာပေရေးရာဆောင်းပါးများမှ သူ၏စာပေဝေဖန်ရေးအမြင်ကို သိပ္ပံမောင်ဝနှင့် စာပေဝေဖန်ရေး ဟူသော ခေါင်းစဉ်ဖြင့် လေ့လာတင်ပြထားပါသည်။ လေ့လာတင်ပြရာတွင် စာပေနှင့်စာပေဝေဖန်ရေး၊ သိပ္ပံမောင်ဝနှင့်မြန်မာစာပေ၊ သိပ္ပံမောင်ဝနှင့်စာပေဝေဖန်ရေး ဟူ၍ အခန်း(၃)ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းကို လေ့လာခြင်းအားဖြင့် မြန်မာစာပေ တိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်လိုသောစိတ်၊ မြန်မာစာပေ ခေတ်မီပြန့်ပွားစေရန်အတွက် အသစ်ထွင်လိုသောစိတ်၊ စာပေ့တာဝန် ကျေပွန်သောသူတစ်ယောက် ဖြစ်လိုသောစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

**သော့ချက်စကားလုံး** – ***စာပေ၊ စာပေဝေဖန်ရေး၊ ခေတ်စမ်းစာပေ။***

## နိဒါန်း

သိပ္ပံမောင်ဝသည် ကိုလိုနီခေတ်တွင် ပေါ်ထွန်းထင်ရှားခဲ့သော စာရေးဆရာ တစ်ဦးဖြစ်ပြီး စာပေရေးသားခဲ့သော အချိန်ကာလမှာ ၁၉၂၇ ခုနှစ်မှစပြီး သူကွယ်လွန်သော ၁၉၄၂ ခုနှစ်ထိ (၁၅)နှစ်တာမျှ ကြာမြင့်ခဲ့ပါသည်။ သူသည် စာရေးခြင်းသက်သက်ဖြင့် အသက်မွေးဝမ်းကျောင်းသူ မဟုတ်ဘဲ အစိုးရဝန်ထမ်း အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရင်း ကလောင်အမည်ခွဲအမျိုးမျိုးဖြင့် စာပေမျိုးစုံကို ရေးသားခဲ့သူ ဖြစ်သည်။ ထို့ပြင် ကိုလိုနီခေတ်က ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် သိပ္ပံမောင်ဝသည် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့ပြီး ထိုလှုပ်ရှားမှုနှင့် ဆက်နွှယ်ကာ စာဖတ်သူများ၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရသူ ဖြစ်ပါသည်။ ဤသို့ စိတ်ဝင်စားခြင်းခံခဲ့ရသော စာရေးဆရာ သိပ္ပံမောင်ဝ၏ မြန်မာစာပေတိုးတက်ရေးအတွက် ကြိုးပမ်းမှုများအနက်မှ

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်

စာပေဝေဖန်ရေးဆိုင်ရာ အယူအဆတို့ကို ဤစာတမ်းတွင် လေ့လာတင်ပြထားပါသည်။

စာရေးသူ၏စိတ်သည် သူဖန်တီးသောစာတွင် ထင်ဟပ်လေ့ ရှိသည်ဟု ပညာရှင်တို့ ဆိုမိန့်သည့်အတိုင်း စာရေးဆရာ သိပ္ပံမောင်ဝ ရေးသားခဲ့သော စာများကို ဖတ်ရှုလေ့လာခြင်းဖြင့် သူ၏ မြန်မာစာပေအပေါ်ထားသော စေတနာနှင့် သူ၏စာပေသဘောတရားကို တွေ့မြင်နိုင်ပြီး မြန်မာစာပေတိုးတက်ဖွံ့ဖြိုးရေးအတွက် စာပေတာဝန်ကျေခဲ့သူ တစ်ဦးဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

## စာဆို၏အတ္ထုပ္ပတ္တိအကျဉ်း

သိပ္ပံမောင်ဝ (၁၈၉၉–၁၉၄၂) မော်လမြိုင်မြို့၊ မုပွန် နတ်ကျွန်းရပ်၌ ဦးအုန်းရွှေ၊ ဒေါ်ဒေါ်သစ် တို့က ၁၈၉၉ ခု ဇွန်လ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ သားသုံးယောက်အနက် ဒုတိယမြောက်သားဖြစ်ပြီး ငယ်မည် မောင်စိန်တင့် ဖြစ်သည်။ ၁၉၀၅ ခန့်တွင် မော်လမြိုင် မုပွန်ရပ် ဆရာဦးချစ်လှကျောင်းတွင် ကျောင်းစ၍ နေသည်။ ထို့နောက် မောင်ငံရပ် စိန့်အောဂတ်စတင်း အက်စ်ဂျီပီ သာသနာပြုကျောင်းသို့ ပြောင်း၍ သတ္တမတန်းအောင်သည်အထိ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ပညာသင်ယူခဲ့သည်။ အဋ္ဌမတန်းတွင် ရှင်မဟာဗုဒ္ဓဃောသကျောင်းသို့ ပြောင်းရွှေ့ပညာဆည်းပူးရာ ၁၉၂၀ ပြည့်တွင် ဒသမတန်း စာမေးပွဲကို မြန်မာဘာသာ၊ ပါဠိဘာသာ ဂုဏ်ထူးဖြင့် အောင်သည်။ ရန်ကုန်ကောလိပ်သိပ္ပံကျောင်းတွင် ဆက်လက်ပညာသင်ယူရာ ၁၉၂၄ ခုတွင် အိုင်အေ အထက်တန်း (ဥပစာတန်း)စာမေးပွဲကို မြန်မာဘာသာ ပထမဆုအတွက် 'သာဒိုးအောင်ဆု'၊ ပါဠိဘာသာ ပထမဆုအတွက် 'ကောလိပ်ပါဠိဆုတံဆိပ်' တို့ဖြင့် အောင်မြင်ခဲ့သည်။ ထိုသို့ ထူးချွန်သောကြောင့် ကျောင်းအုပ်ကြီးက တစ်လ ၂၀ ကျပ်နှုန်းဖြင့် ၂ နှစ် ချီးမြှင့်ခြင်း၊ ၂ နှစ် စေ့လျှင် နောက်ထပ် တစ်လ ၂၅ ကျပ် နှုန်းဖြင့် အစိုးရက ထောက်ပံ့ချီးမြှင့်ခြင်းတို့ ရရှိခဲ့သည်။ ၁၉၂၇ ခုတွင် ဘီအေစာမေးပွဲကို ပထမတန်းဂုဏ်ထူးဖြင့် အောင်မြင်ရာ ဒယ်လီဂျမ်ရှယ်ဂီနယ်ဆု ရရှိခဲ့သည်။ ထို့နောက် မြန်မာစာဂုဏ်ထူးတန်းကို ပထမတန်း၊ ပထမအဆင့်ဖြင့် အောင်မြင်ခဲ့ပြန်သည်။ အမ်အေတန်း ဆက်လက်တက်နေစဉ် အိန္ဒိယနိုင်ငံ ဝန်ထမ်း(အိုင်စီအက်စ်)အဖြစ် ရွေးချယ်ခံရသောကြောင့် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ် ခရိုက်ချပ်ချ်ကောလိပ်တွင် ၁၉၂၇ မှ ၁၉၂၉ ခုထိ ပညာသင်ကြားခဲ့သည်။

၁၉၂၁–၂၃ တွင် ဗဟန်းကြားတောရနှင့် သရက်တောကျောင်းတို့၌ တည်ထောင်သည့် ဗဟိုနေရှင်နယ်အမျိုးသားကျောင်းများတွင် ကျောင်းဆရာ၊ ၁၉၂၇ တွင် ရန်ကုန်

ယူနီဘာစီတီ ကောလိပ်သိပ္ပံကျောင်းတွင် မြန်မာဘာသာဘာက်ဆိုင်ရာ နည်းပြဆရာ၊ ၁၉၂၉–၁၉၄၂ များတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် မြို့အုပ်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ ဒုတိယအတွင်းဝန် စသည့် ရာထူးအမျိုးမျိုးနှင့် နယ်အနှံ့ မြို့များတွင် အမှုထမ်းခဲ့သည်။

၁၉၁၉ ခု ဒသမတန်း ကျောင်းသားဘဝကပင် 'ဝဇီရာတင့်' ကလောင်အမည်ဖြင့် သတင်းစာများ၌ ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၂၅ ခု ကောလိပ်ကျောင်းသားဘဝတွင် အိပ်စ်(x) အမှတ်အသား ကလောင်အမည်ဖြင့် ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၌ အင်္ဂလိပ်ဆောင်းပါး စာများ ရေးသားသည်။ ကောလိပ်သိပ္ပံကျောင်းထုတ် လက်ရေးစာစောင်၊ ပုံနှိပ်စာစောင်များတွင် 'နေရပ်ချောင်က လူမည်မောင်ဝ' ကလောင်အမည်နှင့်လည်း ရေးသားခဲ့သည်။ ထို့နောက် 'သိပ္ပံမောင်ဝ' ကလောင်အမည်အပြင် အခြားကလောင်အမည်ပေါင်း ၆၀ ခန့် သုံးစွဲကာ မြန်မာစာပေတိုးတက်ရေးအတွက် ကွယ်လွန်သည်အထိ ကလောင်မချစတမ်း ခွဲဖြင့် စာနယ်ဇင်းများစွာတွင် စာမျိုးစုံကို ရေးသားခဲ့သည်။ ထင်ရှားသော လုံးချင်းစာအုပ်များမှာ လှအုံးမယ် (၁၉၃၃)၊ အခြားသူများနှင့်တွဲ၍ ခေတ်စမ်းပုံပြင် (ပထမတွဲ) (၁၉၃၅)၊ အောက်စဖို့ဒ်တက္ကသိုလ် (၁၉၃၅)၊ ခေတ်စမ်းပုံပြင် (ဒုတိယတွဲ) (၁၉၃၈)၊ သုံးပွင့်ဆိုင်ခေတ်စမ်းစာပေ (၁၉၅၅)၊ (ဇော်ဂျီ၊ မင်းသုဝဏ်နှင့်)၊ မှတ်တမ်းဝင်စာပေများ (၁၉၅၅)၊ ခေတ်စမ်းရာဇဝင်ရေးများ (၁၉၅၅)၊ ဝတ္ထုဆောင်းပါးများ (၁၉၆၆)၊ သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်း (၁၉၆၆) (သူ့စာတွေကပြောတဲ့ သိပ္ပံမောင်ဝ၊ (ဒု)ကြိမ်၊ ၁၉၇၀ (ဖြည့်စွက်))၊ စာပေယဉ်ကျေးမှု (၁၉၇၆)၊ မောင်လူအေးအပါအဝင် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများ (၂၀၀၄)တို့ ဖြစ်ကြသည်။ ၁၉၄၂ ခု၊ ဇွန်လ (၆)ရက်နေ့တွင် ကွယ်လွန်သည်။

## ၁။ စာပေနှင့် စာပေဝေဖန်ရေး

စာပေဝေဖန်ရေး ဟူသော စကားတွင် စာပေနှင့်ဝေဖန်ရေး ဟူသော စကားလုံးနှစ်ရပ် ပေါင်းစပ်ထားပါသည်။

> "စာပေဆိုသည်မှာ ရေးအခါကမူ စာနှင့်ရေးထားသော သုတ၊ ရသစာပေအားလုံးကို ဆိုလိုပြီး ယခုခေတ်တွင်မူ စာပေဆိုသည်မှာ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ အစမ်းစာ(စာတမ်းငယ်) အစရှိသည့်

ရသသဘောသက်ဝင်သော စာတို့ကိုသာ စာပေခေါ်ထိုက်ကြောင်း နားလည်ထားကြသည်။"[၁]

စာပေ၏အဓိပ္ပာယ်ကို ဆရာကြီးဒဂုန်တာရာက–

"စာပေဟူသော ဝေါဟာရတွင် မူလက ပေရွက်ပေါ်တွင် ရေးသား ထားသော အစုအဝေးကို စာပေဟူ၍ ခေါ်ဝေါ် သုံးနှုန်းလာခြင်း ဖြစ်ပေသည်။ စာပေပရိယတ္တိ ဟူသော အသုံးအနှုန်း ရှိသည်။ စာပေပရိယတ္တိ ဟူ၍ ဆိုလိုက်သည်နှင့် ဘုရားဟောကျမ်းကြီး၊ ကျမ်းဂန်တို့ပါ အကျုံးဝင်လာလေသည်။ ယနေ့ မြန်မာစာပေသည် တိုးတက်ကြီးပွားလာသောအခါ စာပေ၏အဓိပ္ပာယ်ကို ကောက်ယူ ရာတွင် ရွေ့လျားလာလေတော့သည်။ ယနေ့ ပညာရပ်များကို အကြမ်းအားဖြင့် အနုပညာနှင့် သိပ္ပံပညာ ဟူ၍ ခွဲခြားကြသည်။ အနုပညာသည် စိတ်ကူးမှုပညာ ဖြစ်၍ ဝတ္ထု၊ ကဗျာ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ သဘင် စသော ကိစ္စများတွင် ဆန်းသစ်သည့် ပညာရပ်များ ပါဝင်လာသည်။ သိပ္ပံပညာသည်ကား လက်တွေ့ စူးစမ်းတွေ့ရှိချက်များဖြင့် ဖွဲ့စည်း၍ဖြစ်လာသော ပညာရပ် ဖြစ်သည်။ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ၊ ဇီဝဗေဒ၊ စက်မှုအတတ် စသည်ဖြင့် များမြောင်လှပေသည်။ အနုပညာနှင့် သိပ္ပံပညာတို့သည် သဘာဝအားဖြင့် ခြားနားမှု ရှိကြသည်။ အနုပညာသည် စိတ်ကူးမှုကို အခြေခံ၍ သိပ္ပံပညာသည် လေ့လာ စူးစမ်းမှုကို အခြေခံသည်။ သို့သော် အနုပညာနှင့် သိပ္ပံပညာ ဆက်စပ်ခြင်းများလည်း ရှိသည်။"[၂]

ထိုဖွင့်ဆိုချက်အရ စာပေဆိုသည်မှာ သုတစာပေ၊ သိပ္ပံစာပေကို မဆိုလိုဘဲ ရသစာပေ ဖန်တီးဆန်းသစ်သော စာပေကို ဆိုလိုကြောင်း သိရှိနိုင်ပါသည်။

ဝေဖန်ရေးဟူသည် အကောင်းနှင့်အညံ့ကို ခွဲပြသော အမှန်နှင့်အမှား၊ သစ္စာနှင့် မုသား၊ တရားနှင့်မတရား၊ ဓမ္မနှင့်အဓမ္မတို့ကို ခွဲခြားပြသော လုပ်ငန်း ဖြစ်သည်။ ဝေဖန်၏အဓိပ္ပာယ်ကို မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာအဘိဓာန်၌–

---

[၁] စွမ်းရည်၊ မောင်၊ ၂၀၁၈၊ ၂၅။
[၂] တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၁၁–၁၅။

"(၁) အကောင်း အဆိုးကို သုံးသပ်စိစစ်သည် အကောင်းအဆိုးကို ခွဲခြား ညွှန်ပြ ပြောဆိုသည်။ (၂) စိတ်ဖြာ ခွဲဝေသည်။ ဝေဖန်ချက်၊ ဝေဖန်သုံးသပ်တင်ပြချက်"[၁]

ဟု ဖွင့်ဆိုပြထားသည်။

စာပေဝေဖန်ရေးတစ်ရပ်ကို လေ့လာရာတွင် အဝေဖန်ခံရသော စာပေအပြင် ယင်းစာပေကို ဝေဖန်သော စာပေဝေဖန်ရေး သဘောတရားများနှင့် သဘောတရားတို့၏ နောက်ခံကားဖြစ်သော လူမှုရေး၊ နိုင်ငံရေး အခြေအနေတို့ကိုလည်း ထည့်သွင်း လေ့လာရန်လည်း လိုအပ်ပါသည်။

ထို့ကြောင့် စာပေဝေဖန်ရေး ဟူသည်-

"စာပေတစ်ရပ်၏ အကောင်းအညံ့ကို ကြောင်းကျိုး ယုတ္တိသာဓက တို့ဖြင့် ခိုင်လုံစွာ ခွဲခြားပြသခြင်း"[၂]

ပင် ဖြစ်ပါသည်။

## ၂။ သိပ္ပံမောင်ဝနှင့်မြန်မာစာပေ

သိပ္ပံမောင်ဝ ဖြစ်လာမည့် မောင်စိန်တင်သည် ငယ်စဉ်ကာလ ကျောင်းတွင် ပညာဆည်းပူးရသည်ကို မကျေနပ်မူ၍ အဘိုးဖြစ်သူ စာတတ်ကြီး ဦးလူကလေးထံတွင် ဝတ္ထု၊ ပုံပြင်၊ ရာဇဝင်စသည်တို့ကို ကြားနာမှတ်သားသည်။ ဘကြီးဖြစ်သူ တောင်ပိုင်းကြီး ရွှေကျင်တိုက် ဘုန်းတော်ကြီး ဦးပညာဇောတထံတွင် ပါဠိ မြန်မာ နှစ်ဘာသာဆိုင်ရာ ပညာဗဟုသုတတို့ကို ကြားနာမှတ်သားသည်။ ထိုစဉ်ကပင် စကားပြေကို အထူးနှစ်သက် စွဲလမ်းခဲ့သည်။ ထို့ကြောင့်လည်း သူသည် မဟာဇနကဝတ္ထုတော်ကြီးမှ ကောင်းနိုးရာရာ စာပိုဒ်များကို နှုတ်တက်ဆောင်ကာ ရွတ်ပြလေ့ရှိကြောင်း၊ သန်းသန်းဝတ္ထု၊ ခင်မြင့်ကြီးဝတ္ထု၊ ဘီအေမောင်ဘလွင်ဝတ္ထု စသည်တို့ကို မြိန်ရည်ရှက်ရည် ပြောလေ့ရှိကြောင်းကို သူ၏ ကျောင်းနေဘက်များထံမှ သိမှတ်ရသည်။ ထိုသို့ ကြားနာမှတ်သားလေ့လာရင်း ဝါသနာ မျိုးစေ့ အညှောက်ပေါက်၍ 'ဝဇီရာတင့်' ဟူသော ကလောင်အမည်ဖြင့် ဆယ်တန်း ကျောင်းသားဘဝ ၁၉၁၉ ခုနှစ်ကပင် သတင်းစာများ၌ ဆောင်းပါးများ စတင်ရေးသား ခဲ့ပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၅၂။
[၂] ဇော်ဇော်အောင်၊ ၂၀၀၀၊ ၁၅၁။

မောင်စိန်တင်သည် ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်ယူနီဗာစီတီကောလိပ် သိပ္ပံကျောင်းသို့ ရောက်လာသည်။ ကောလိပ်ကျောင်းသားဘဝတွင် (x)အမှတ်အသားပါ ကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာ ဆောင်းပါးစာတို့ကို ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း၌ ရေးသားခဲ့ပါသည်။

သိပ္ပံမောင်ဝသည် ၁၉၂၀ ပြည့်နှစ်တွင် ဆယ်တန်းစာမေးပွဲကို မြန်မာဘာသာနှင့် ပါဠိဘာသာတို့၌ အထူးအမှတ်ရကာ အောင်မြင်ခဲ့ပြီး ကောလိပ်သိပ္ပံကျောင်း (ရန်ကုန်တက္ကသိုလ်)တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဥပစာတန်းစာမေးပွဲကို မြန်မာဘာသာအတွက် သာဒိုးအောင်ဆုနှင့် ပါဠိဘာသာအတွက် အဖိုးတန်ဆုများ ရယူကာ အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဝိဇ္ဇာ ဂုဏ်ထူးတန်းသည် ၁၉၂၅ ခုနှစ်မှ စတင်ကာ ဆရာကြီး ဦးဖေမောင်တင်၏ ကြိုးပမ်းမှုကြောင့် ပေါ်ပေါက်ခဲ့ပြီး၊ ထိုအတန်းကို ပထမဆုံး တစ်ဦးတည်း တက်ရောက်သင်ကြားသူမှာ သိပ္ပံမောင်ဝ ဖြစ်သည်။ ထိုအချိန်က အင်္ဂလိပ်စာ တန်ခိုးကြီး၍ မြန်မာစာ လေ့လာ လိုက်စားသူတို့ကို အထင်သေးသော အချိန်ဖြစ်ပြီး အလုပ်အကိုင်ကောင်းရရန်လည်း မလွယ်ကူပေ၊ သို့သော် သိပ္ပံမောင်ဝသည် ထိုအတန်းကို စွန့်စား၍ တက်ရောက်ခဲ့သူ ဖြစ်ပါသည်။ ထိုသို့ တက်ရောက်ရသည့်အကြောင်းကို သိပ္ပံမောင်ဝက–

> "ကျွန်တော် မြန်မာဘာသာဂုဏ်ထူး လိုချင်သည်ကား အခြားကြောင့် မဟုတ်၊ မြန်မာစာပေကို လေ့လာရန် ဆန္ဒရှိသည် တစ်ကြောင်း၊ မြန်မာစာပေကို အားပေးလိုသည် တစ်ကြောင်း၊ မြန်မာစာကို ဝါသနာပါသည် တစ်ကြောင်းတို့ကြောင့် ဖြစ်လေသည်"[၁]

ဟု သူ၏ မြန်မာစာဂုဏ်ထူးသမိုင်းစာတမ်းတွင် ဖော်ပြထားပါသည်။ ထို့နောက် သူသည် ၁၉၂၇ ခုနှစ် အသက် ၂၈နှစ် အရွယ်တွင် မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမတန်းက အောင်မြင်ခဲ့လေသည်။

မောင်စိန်တင်သည် ကောလိပ်သိပ္ပံကျောင်း၊ မြန်မာစာဂုဏ်ထူးတန်း၌ စာသင်စဉ် ပါမောက္ခ ဦးဖေမောင်တင်၊ ပုဂံဝန်ထောက် ဦးတင်၊ ဂုဏ်ထူးဆောင်ဆရာကြီး ဦးပွား၊ အဂ္ဂမဟာပဏ္ဍိတ ဦးလင်းတို့ထံ၌ ပုဂံကျောက်စာမှစ၍ ပျို့၊ လင်္ကာ၊ ရာဇဝင်သမိုင်းတို့ အပါအဝင် ကာလပေါ်ဝတ္ထုအထိဖြစ်သော စာပေအမျိုးမျိုးတို့ သင်ကြားသည်။ ဘားနဒ်ပိဋကတ်တိုက်သို့ မပြတ်မလပ် သွားရောက်၍ မြန်မာမှုဆိုင်ရာ ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာအမျိုးမျိုးတို့ကို ကြိုးကြိုးစားစား ဖတ်ရှုမှတ်သားသည်။ မြန်မာစာပေ ဂုဏ်ထူးစာမေးပွဲအတွက် မြန်မာပြဇာတ်အကြောင်း စာတမ်းကို ရေးသားဖြစ်၍

---

[၁] မင်းယုဝေ၊ ၂၀၁၄၊ ၁၆၃။

ရှေးဟောင်းနှောင်းဖြစ် မြန်မာပြဇာတ်တို့ကို အထူးလေ့လာနိုင်ခဲ့သည်။ နောင်သောအခါ ထိုစာတမ်းကို ပြုပြင်ချဲ့ထွင်၍ သူရိယသတင်းစာတွင် မြန်မာမှုဆောင်းပါးကြီး တစ်ခန်း အနေဖြင့် သိပ္ပံကျောင်းသား မောင်မြသွင် ကလောင်အမည် ခံယူကာ ရေးသား ထည့်သွင်းခဲ့သည်။

ဤသို့ မြန်မာစာ အခြေခံကောင်းများကို လေ့လာသည်။ မူရင်းကောလိပ် သိပ္ပံကျောင်းက ထုတ်ဝေသော လက်ရေးစာစောင် ပုံနှိပ်စာစောင်တို့တွင် ဆောင်းပါး များကို ရေးသားခဲ့သည်။ တကောင်းကျောင်းဆောင်တွင် နေသော်လည်း မိမိ၏ စာရေးသူအဖြစ်ကို ကွယ်ဝှက်လိုသောကြောင့် 'နေရပ်ချောင်က လူမည်မောင်ဝ' ဟု ကလောင်အမည်ခံ၍ ရေးသားခဲ့သည်။ ဤကလောင်အမည်သည် ဦးစိန်တင်ကို တစ်သက်ပတ်လုံး စွဲကပ်သွားပြီး 'သိပ္ပံမောင်ဝ' ဖြစ်လာခဲ့သည်ဟု ဆိုနိုင်သည်။

၁၉၂၆–၂၇ ခုနှစ်များတွင် သိပ္ပံမောင်ဝသည် ခေတ်စမ်းသမား မဖြစ်မီ 'မောင်စိန်တင်' ဟူသော အမည်ရင်းဖြင့်ပင် ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း၊ ကဝိမျက်မှန် မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။

ဦးစိန်တင်သည် နိုင်ငံတော်ဝန်ထမ်း ပညာတော်သင်အဖြစ် အရွေးခံရ၍ အင်္ဂလန်ပြည် အောက်စဖို့ဒ်တက္ကသိုလ် ခရိုက်ချပ်ချ်ကောလိပ်သို့ သွားကာ နှစ်နှစ် ပညာသင်ယူသည်။ ဤသို့ ပညာသင်ယူနေသည့်ကာလ ၁၉၂၇–၁၉၂၉ ခုနှစ်အတွင်း အင်္ဂလန်မှနေ၍ 'သိပ္ပံကျောင်းသား မောင်မြသွင်' ကလောင်အမည်ဖြင့် ရန်ကုန် သူရိယသတင်းစာသို့ မြန်မာစာပေအကြောင်း ဆောင်းပါးများ ပုဒ်ရေ (၇၀)ကျော် ရေးသားပေးပို့ခဲ့သည်။ ထို့ပြင် အောက်စဖို့ဒ်တက္ကသိုလ်တွင် နှစ်နှစ်တာကာလ ပညာ သင်ကြားစဉ်အတွင်း တွေ့ကြုံရသော ကိစ္စအမျိုးမျိုးတို့ကို နောင်သောအခါ စုပေါင်း ရေးသား၍ 'အောက်စဖို့ဒ်တက္ကသိုလ်' ဆိုသော နေ့စဉ်မှတ်တမ်းစာအုပ်ကို ထုတ်ဝေ ခဲ့သည်။

၁၉၃၀ ပြည့်နှစ်ထဲတွင် မြန်မာစာပေအကြောင်း ဆောင်းပါးရှည်ကြီး ပြီးဆုံး သွားသောအခါ 'သိပ္ပံကျောင်းသားမောင်မြသွင်' ကလောင်အမည်ဖြင့် မြန်မာမှုဆိုသော ဒုတိယဆောင်းပါးရှည်ကြီးကို သူရိယသတင်းစာတွင်ပင် ရေးသားခဲ့ပါသည်။ ယင်းဆောင်းပါးရှည်ကြီးတွင် (က)မြန်မာရာဇဝင် (ခ)မြန်မာစာဂုဏ်ထူး (ဂ)ဦးပုည (ဃ)မြန်မာပြဇာတ် (င)ကျောက်စာ (စ)မြန်မာပန်းချီ (ဆ)မြန်မာစာပေသင်ကြားရေး စသည်ဖြင့် အခန်းကြီးများခွဲကာ ၁၉၃၂ ခုနှစ်ထိ ရေးသားခဲ့သည်ကို တွေ့ရသည်။

ဦးစိန်တင်သည် မောင်မြသွင်ကလောင်အမည်ဖြင့် ထိုဆောင်းပါးရှည်ကြီး များကို ရေးခိုက် သိပ္ပံမောင်ဝ၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ တင့်တင့်၊

ကောလိပ်ခင်ခင် စသည့် ကလောင်အမည်အမျိုးမျိုးဖြင့် စာအမျိုးမျိုးကို စာနယ်ဇင်း၊ အသီးသီးတွင် အမြဲတစေ ရေးသားနေခဲ့သည်။ ဂန္ထလောက၊ ဒဂုန်၊ သူရိယမဂ္ဂဇင်း၊ သူရိယနေ့စဉ်၊ ကြီးပွားရေးမဂ္ဂဇင်း၊ မြန်မာ့နေ့စဉ်၊ ကောလိပ်မဂ္ဂဇင်းတို့မှာ ဦးစိန်တင် အထူးရေးသားရာ စာနယ်ဇင်းတို့ ဖြစ်ကြသည်။

၁၉၃၁ ခုနှစ်တွင် ခေတ်စမ်းစာပေကျမ်းစဉ် ၁ အဖြစ်ဖြင့် ဂန္ထလောကမဂ္ဂဇင်းတွင် အခန်းဆက်ရေးသားလာခဲ့သော 'လှအုံးမယ်' ဝတ္ထုကို လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ လှအုံးမယ်ဝတ္ထုသည် သိပ္ပံမောင်ဝ၏ တစ်အုပ်တည်းသော မြန်မာမှုပြုဝတ္ထု (Sketch) မဟုတ် (Novel) ဖြစ်သည်။

သိပ္ပံမောင်ဝသည် 'ပုဂံ' အမည်ရှိသော ခရီးသွားဆောင်းပါးကို ၁၉၃၃ ခုနှစ် ဇွန်လမှ စတင်ကာ သူရိယရုပ်စုံသတင်းနှင့် သူရိယသတင်းစာတို့တွင်လည်းကောင်း၊ မောင်သံချောင်း၏ ပေးစာများကို ၁၉၃၄ ခုနှစ် အောက်တိုဘာလထုတ် ကြီးပွားရေး မဂ္ဂဇင်းမှနေ၍လည်းကောင်း ရေးသားခဲ့သည်။ ၁၉၃၈ ခု နိုဝင်ဘာလမှစ၍ သောင်းပြောင်းထွေလာ ပေးစာများအဖြစ် ဂန္ထလောကမဂ္ဂဇင်းတွင်လည်း ပေးစာပုံစံ ဆောင်းပါးများ ရေးသားခဲ့သည်။

သိပ္ပံမောင်ဝသည် ဝိဇ္ဇာဂုဏ်ထူးတန်းစတက်ပြီးနောက် တက္ကသိုလ်၌ မြန်မာစာနည်းပြဆရာ လုပ်သည်၊ ထို့နောက် နိုင်ငံတော်ဝန်ထမ်း ပညာတော်သင်(အိုင်စီအက်စ်) အဖြစ် အရွေးခံရကာ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်သို့ ၂နှစ်ကြာ ပညာဆည်းပူးခဲ့သည်။ ထို့နောက် ၁၉၂၉ တွင် အင်္ဂလန်မှ ပြန်ရောက်ပြီး နိုင်ငံ့ဝန်ထမ်းအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်လျက် ဒေသအမျိုးမျိုးသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။

သိပ္ပံမောင်ဝသည် ခေတ်စမ်းပုံပြင် ပထမတွဲတွင် ပါဝင်သူ (၅)ဦးအနက် ပညာရေးအရ မြန်မာစာဂုဏ်ထူးတန်းကို အောင်မြင်ထားသူ ဖြစ်သည်။ ၁၉၂၉ ခု အင်္ဂလန်မှ ပြန်လာသောအခါ မောင်လူအေးကို ဇာတ်ဆောင်ထားပြီး ဝတ္ထုဆောင်းပါးများကို ရေးခဲ့သည်။ သိပ္ပံမောင်ဝသည် နိုင်ငံ့ဝန်ထမ်း အရာရှိကြီးတစ်ဦး ဖြစ်ပါလျက် ယခုကဲ့သို့ စာများ ဆက်၍ရေးနေသည်မှာ မြန်မာစာဂုဏ်ထူးတန်းကျောင်းသားပီသပါသည်ဟု ဆရာဇော်ဂျီ၊ မင်းသုဝဏ်နှင့် တက္ကသိုလ်ရှိလူငယ်များက အားကျချီးကျူးကြသည်။ ထို့ကြောင့် သိပ္ပံမောင်ဝသည် စာရေးသက်အားဖြင့်လည်း ခေတ်စမ်းပုံပြင်များတွင် ပါဝင်ရေးသားသော အခြားသူများထက် ပို၍ဝါကြီးသည်။ ဤသို့ အတန်းဝါ စာရေးသက်ဝါ ကြီးသော သိပ္ပံမောင်ဝသည် ထိုစာရေးသူတစ်စုတွင် ခေါင်းဆောင်ကဲ့သို့ ဖြစ်လာခဲ့ပါသည်။

သိပ္ပံမောင်ဝ၏ အကြီးမားဆုံးသော ဆန္ဒမှာ မြန်မာစာပေ တိုးတက်အောင် ဆောင်ရွက်လိုခြင်း ဖြစ်သည်။ ယင်းဆန္ဒအတိုင်း မမေ့မလျော့၊ ဇွဲလုံ့လဖြင့် ဆောင်ရွက်ခဲ့သည်။ သူတစ်ပါး ဆောင်ရွက်အောင်လည်း တိုက်တွန်းခဲ့သည်။ သူ၏ စာတစ်စောင်တွင်–

> "မြန်မာစာပေ တိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန် ဖြစ်သည်။ ကျွန်ုပ်တို့ ပြုမှုနေရမည့် မြန်မာစာ ဖြစ်သည်။ ကြိုးစားကြစို့"
> (၂၂၊ ၉၊ ၃၈)[၁]

ဟု ရေးသားခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် မြန်မာစာပေကို ခေတ်မီသော စာများဖြစ်အောင် ခေတ်စမ်းစာပေ အဖြစ် ဖန်တီးခဲ့ကြသော သိပ္ပံမောင်ဝအပါအဝင် တက္ကသိုလ်ကျောင်းသားလူငယ်တို့၏ ကြိုးပမ်းချက်နှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြုသည့် ဆောင်းပါးများကို ဂန္ထလောက မဂ္ဂဇင်းတွင်–

> "မကြာမီအတွင်းက မြန်မာစာကို လိုက်စားလေ့လာသော နောက်ပေါက် လူငယ်အချို့တို့က ငါတို့မြန်မာစာသည် ရှေးဆန် လွန်း၏၊ ရိုးလွန်း၏၊ ပေကုန်သာ များ၍ စာသားမထင် ဖြစ်ခဲ့၏။ ခေတ်မီသော စာပေ မဟုတ်သဖြင့် နည်းသစ် နည်းကောင်းတို့ကို ရှာ၍ တတ်နိုင်သမျှ ထွင်ကြဖို့ဟု အားခဲကာ မြန်မာစာသစ် ထွင်လာကြသည်မှာ ဝမ်းသာစရာတစ်ရပ် ဖြစ်ပေ၏ ... ခေတ်မြန်မာစာသည် ၎င်းပညာရှင် လူငယ်များ၏ လက်ထဲတွင် ရှိသည်ဟုဆိုလျှင် မှားနိုင်လိမ့်မည် မဟုတ်ပေ"[၂]

ဟု ဖော်ပြကာ ၎င်းတို့၏စာများကို အသိအမှတ်ပြု ချီးကျူးခဲ့ပါသည်။

## ၃။ သိပ္ပံမောင်ဝနှင့် စာပေဝေဖန်ရေး

သိပ္ပံမောင်ဝသည် မြန်မာစာပေကို ကြီးပွားတိုးတက်စေလိုသော အခြေခံ စေတနာဖြင့် စာပေများ ရေးသားပြုစုရာတွင် ဝေဖန်ရေးကိုအခြေခံသော စာပေဆောင်းပါး များကိုလည်း ရေးသားခဲ့ပါသည်။ ထိုသို့ရေးသားရာတွင် မြန်မာစာပေတွင် ပါဝင်သော ဝတ္ထု၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိ၊ ရာဇဝင်၊ ခရီးသွားစာပေ၊ ဆောင်းပါး၊ သတင်းစာ၊

---

[၁] မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၄၊ ၅၇–၆၂။
[၂] မြန်မာစာပေစစ်တမ်း၊ ၁၉၆၅၊ ၃၃။

ကဗျာအလင်္ကာ စသည်ဖြင့် ကဏ္ဍမျိုးစုံ၊ စာအုပ်မျိုးစုံကိုလည်းကောင်း၊ မြန်မာစာပေ အဆင့်အတန်း တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကိုလည်းကောင်း ဝေဖန်သုံးသပ်ခဲ့သည်။ ဤသို့ ဝေဖန်သုံးသပ်ရာတွင်လည်း မြန်မာ့ရှေးရိုးဆန်းကျမ်းလာ ဂုဏ်၊ ရသ၊ အလင်္ကာ စသည့် အစဉ်အလာ ဝေဖန်ရေးစံဖြင့်သာ ဝေဖန်ရေးသားခဲ့သည် မဟုတ်ပေ။ အင်္ဂလိပ်စာပေမှ တစ်ဆင့်ရသော ဥရောပတိုက်၏ ခေတ်သစ်ဝေဖန်ရေး နည်းစနစ်များဖြင့် ဝေဖန်ရေးသားခဲ့ကြောင်း တွေ့ရှိရပါသည်။

သိပ္ပံမောင်ဝသည် ဝေဖန်ရေးကလောင်အဖြစ် ခံယူထားသော မောင်မြသွင်–သိပ္ပံကျောင်းသား ကလောင်အမည်ဖြင့် မြန်မာစာပေအကြောင်း ဆောင်းပါးပေါင်း (၇၀)ကျော်ကို ဝေဖန်ရေး အခြေခံ၍ ရေးသားခဲ့ပါသည်။ ထိုကလောင်အမည်ဖြင့်သာမက အခြားသော ကလောင်အမည်အမျိုးမျိုးကို ခံယူ၍ စာပေဝေဖန်ရေး ဆောင်းပါးမျိုးစုံကို ရေးသားခဲ့ပါသည်။ စာပေဝေဖန်ရေးတွင် အသုံးပြုသော အခြားကလောင်အမည်များမှာ (၁)မဏိဦးကေတုကျောင်းသား၊ (၂)မောင်ကကြီး၊ (၃)မောင်ခကွေး၊ (၄)မောင်ဏကြီး၊ (၅)မောင်ယပက်လက်၊ (၆)သတင်းစာဖတ်သူတစ်ဦး၊ (၇)မောင်လှမောင်–စစ်ကိုင်း၊ (၈)မောင်မောင်–ဖျာပုံ၊ (၉)မောင်သိန်းဖေ၊ (၁၀)ဦးကုသလစစ်ကိုင်းတောင်ရိုး၊ (၁၁)ဦးသက္က–ရန်ကုန်၊ (၁၂)ဝတ္ထုဆရာတစ်ဦး၊ (၁၃)မောင်တောက်ထွန်း–အမျိုးသားကျောင်းဆရာတို့ ဖြစ်ပါသည်။

ထို့ပြင် မောင်သံချောင်း၏ပေးစာများ၊ မောင်ထိပ်ပြောင်၏မှတ်တမ်း၊ မိတ်ဆွေထံ ပေးစာများတွင်လည်း စာပေဝေဖန်ရေးများ ပါရှိကြောင်း တွေ့ရှိရပါသည်။

သိပ္ပံမောင်ဝသည် မြန်မာစာပေ ကြီးပွားတိုးတက်ရေးကို အားသွန်ကြိုးပမ်းရာတွင် အဓိက အကြောင်း(၃)ရပ်ကိုလိုက်၍ ကလောင်အမည် (၃)မျိုးခွဲကာ သူ့အကြောင်းနှင့်သူ ကြိုးပမ်းရေးသားခဲ့သည်။ အဓိကအကြောင်း(၃)ရပ်မှအပဖြစ်သော အခြားအကြောင်းများကို ရေးလိုသောအခါ အခြားသင့်လျော်ရာ ကလောင်အမည် အမျိုးမျိုးကို သုံးစွဲရေးသားခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ သူ့စာတစ်စောင်တွင်–

> "မောင်မြသွင်အား ဗုဒ္ဓဘာသာအသင်းအကြောင်း ရေးပါဟု တိုက်တွန်းလိုက်ပါ၏။ သို့သော် များစွာရေးချင်ပုံမပေါ်၊ သူက စာပေဝေဖန်သူသက်သက် ဖြစ်လေသည်။ (Critic) ဆိုပါတော့၊ မောင်ဝကလည်း Novelist ဝတ္ထုဆရာ၊ တင်မောင်မြင့်ကတော့ လမ်းညွှန်ဆရာ Essayist သူ့နေရာနှင့် သူ့နေရာကိုး" (၁၊ ၈၊ ၃၃)[၁]

---

[၁] မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၄၊ ၅၇–၆၂။

ဟု ရေးသားခဲ့ကြောင်း တွေ့ရှိရပါသည်။

သိပ္ပံမောင်ဝသည် မဏိ–ဦးကေတုကျောင်းသား ကလောင်အမည်ဖြင့် ကာလပေါ်ဝတ္ထုများ ထွန်းကားမှုဖြစ်စဉ်ကို ဝေဖန်သုံးသပ်ပြရာ၌–

> “ကာလပေါ်ဝတ္ထုများ ပေါ်ပေါက်စအခါက နှစ်မျိုးနှစ်စား ကွဲပြားနေလေသည်။ ပထမအမျိုးမှာ နန်းတွင်းဇာတ်တော်ကြီးများကို တုပြီး ဝတ္ထုအသွားမျိုးဖြင့် ရေးသားထားသော ဝတ္ထုမျိုး ဖြစ်၏။ ဒုတိယအမျိုးကား ဘာသာပြန်ဝတ္ထုမျိုး ဖြစ်လေသည်။ ဘာသာပြန်ဝတ္ထုတို့တွင် ဇာတ်လိုက်တို့မှာ သမီးရည်းစား များစွာ မထားပေ။ ဇာတ်လိုက်တစ်ယောက်တွင် ရည်းစားတစ်ယောက်သာ ရှိ၍ ထိုရည်းစားအား နှစ်နှစ်ကာကာ ချစ်ခင်ကြောင်းကို ဖော်ပြထားလေ့ရှိသည်။ နန်းတွင်းဇာတ်တော်ကြီးတို့ကိုနှယ်ကာ ရေးသားထားသော ဝတ္ထုတို့တွင်ကား ဇာတ်လိုက်တို့မှာ သမီးရည်းစား များစွာထား၏။ နန်းတွင်းဇာတ်တော်ကြီးများမှာကဲ့သို့ ဖြစ်လေသည်”[၁]

ဟု ဝေဖန်သုံးသပ်ပြထားသည်။

ထို့နောက် တက္ကသိုလ်အကြောင်း ရေးသော ဝတ္ထုများကို ဝေဖန်ရာတွင်လည်း တက္ကသိုလ်ကျောင်းအကြောင်းပါရင် ဇာတ်လိုက်လုပ်တဲ့သူသည် ခပ်နောက်နောက် ခပ်တည်တည်ဖြစ်ပြီး အခန်းထဲတွင် ဒုတိယခုံမှာထိုင်ကြောင်း မိတ်ဆွေများက သူ့ကို စနောက်ကြကြောင်း စသည်ဖြင့် စာရေးသူမတူသော်လည်း တက္ကသိုလ်အကြောင်း ရေးသော ဝတ္ထုတိုင်း တစ်ပုံစံတည်း ဖြစ်နေကြောင်း ဝေဖန်ထားသည်။ သို့သော် ဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထုကို ဖတ်ရသောအခါတွင်မူ သူ့အကြိုက်ဝတ္ထုဖြစ်သောကြောင့် နှစ်သက်သဘောကျခဲ့ကြောင်းကို–

> “ဝတ္ထုရေးဆရာဟာ တယ် အသော၊ အရွှမ်း ရေးကောင်းတာကိုးကျွန်တော်ဖြင့်ဖတ်ရင်း တဟားဟားနဲ့ နေတော့တာပဲ။ ဒီလိုစာရေးဆရာကို ပထမတန်းစား စာရေးဆရာလို့ ခေါ်ချင်တော့တာပဲ”[၂]

ဟု ဝေဖန်သုံးသပ်ပြထားသည်။

---

[၁] လှ၊ ဦး၊ လူထု၊ ၁၉၆၆၊ ၅၁၅။
[၂] လှ၊ ဦး၊ လူထု၊ ၁၉၆၆၊ ၄၃၇။

သိပ္ပံမောင်ဝသည် ကာလပေါ်ဝတ္ထုများအကြောင်းကို ဝေဖန်ပြီးနောက် ၁၉၃၅ ခုနှစ် စက်တင်ဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်းတွင် မြန်မာပြဇာတ်များအကြောင်းကို ဝေဖန်သုံးသပ်ပြထားသည်။

> "ကာလပေါ်ဝတ္ထုများ ထွန်းကားလာသည့်နေ့မှ အစပြု၍ ပြဇာတ်များ တစတစ ပျောက်လာလိုက်ကြသည်မှာ နောက်ဆုံးတွင် ပြဇာတ်များကို ဖတ်သူလည်း မရှိ၊ ရေးသူလည်း မရှိ ဖြစ်သွားလေသည်။ ပြဇာတ်များ လုံးလုံးပျောက်၍ သွားလေတော့သတည်း"[၁]

ဟု ကောက်ချက်ချ ဝေဖန်သုံးသပ်ပြထားသည်။

ထို့ပြင် သိပ္ပံမောင်ဝသည် ကဗျာနှင့်ပတ်သက်ပြီး ဝေဖန်သုံးသပ်ရာ၌ ခေတ်စမ်းသမားပီပီ ကဗျာကို ခေတ်အမြင်ဖြင့် သုံးသပ်လေ့လာဝေဖန်ခဲ့သည်။ သူ၏ကဗျာဝေဖန်ရေးအမြင်ကို သူရိယမဂ္ဂဇင်းတွင် ရေးသားခဲ့သော မြန်မာစာပေအကြောင်း ဆောင်းပါး နံပါတ်(၈)၌ အတိအလင်း ဖော်ပြထားသည်။

> "ကဗျာရေးရာတွင် ပုံတူထပ်မှုကို မကြိုက်၊ ရေးဟောင်းအတိုင်း ပုံတူကူးသည်ကို လုံးဝမကြိုက် သို့သော် ထိုခေတ်မဂ္ဂဇင်းများတွင် ရှေးခေတ်အတိုင်း မောင်ဘွဲ့၊ မယ်ဘွဲ့၊ နိဗ္ဗိန္ဒဘွဲ့များ ခေတ်စားနေလေ၏။ လစဉ်၊ အပတ်စဉ် ၎င်းတို့ကိုသာ ဖတ်ရဖန်များသဖြင့် စိတ်ငြီးငွေ့လာပြီးလျှင် ဖတ်ချင်စိတ်ပင် ပျောက်လာရပေသည်"[၂]

ဟု ညည်းတွားဖော်ပြခဲ့ပြီး သူဖြစ်စေလိုသော အရေးအသားမှာ –

> "ရှေးက မရေးသားခဲ့ဘူးသော အကြောင်းအရာများကို ရေးဖွဲ့ ရေးသားပါမှသာလျှင် မိမိတို့စာမှာ ကြာရှည်စွာ တည်ပေလိမ့်မည်။ မြန်မာစာပေမှာလည်း တိုးတက်ပေလိမ့်မည်"[၃]

ဟု သူ၏ဆန္ဒနှင့်စေတနာကို ဖော်ပြထားခဲ့သည်။

သိပ္ပံမောင်ဝသည် ခေတ်သစ်သမားဖြစ်သော်လည်း အဟောင်းကို လုံးဝပစ်ပယ်သူ မဟုတ်ပေ။ ကဗျာ၊ လင်္ကာ ပုံစံအဟောင်းအသစ်နှင့် ပတ်သက်၍ သူ၏ခံယူချက်မှာ အဟောင်းသမားတို့ကို မကဲ့ရဲ့၊ ခေတ်သစ်သမားတို့ကို အားပေးသည်။ ကဗျာ၏ ရှေးဟောင်းဝါဒနှင့် ခေတ်သစ်ဝါဒ နှစ်မျိုးစလုံး ရှိခြင်းသည် ကောင်းသည်ဟု အတိအလင်း

---

[၁] လှ၊ ဦး၊ လူထု၊ ၁၉၆၆၊ ၅၂၅။
[၂] လှမြင့်၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၇၇၊ ၁၃။
[၃] လှမြင့်၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၇၇၊ ၁၃။

ဖော်ထုတ်ခဲ့သည်။ ရှေးဟောင်းကဗျာ၊ လင်္ကာများ စာဆိုရှင်များထဲမှ ချီးကျူးလေးစားသင့်သူတို့ကို လေးလေးစားစား ချီးကျူးဝေဖန်ခဲ့သည်။ အထူးသဖြင့် ရှေးဟောင်းစာဆိုများအနက် မန်လည်ဆရာတော်ကို အလေးထား ချီးကျူးဝေဖန်ခဲ့သည်။

သိပ္ပံမောင်ဝသည် မောင်မြသွင်–သိပ္ပံကျောင်းသား၊ မောင်ခကွေး၊ မောင်ကကြီး၊ မောင်ယပက်လက်၊ ဦးသက္က–ရန်ကုန် စသည့် ကလောင်အမည်များကိုယူလျက် ခေတ်စမ်းကဗျာဘက်မှ ရပ်တည်ကာ ဝေဖန်ဆွေးနွေးမှုများကို တုံ့ပြန်ခဲ့ပါသည်။ ယင်းဆောင်းပါးများဖြင့် ခေတ်စမ်းကဗျာများကို ဝေဖန်သုံးသပ်ခဲ့ပါသည်။

သိပ္ပံမောင်ဝသည် ခေတ်စမ်းကဗျာများအကြောင်း ဝေဖန်ရေးသားသော ဆောင်းပါးများတွင် ခေတ်စမ်းကဗျာပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို ဖော်ထုတ်တင်ပြထားပါသည်။ ခေတ်စမ်းစာပေလှုပ်ရှားမှုနှင့် ပတ်သက်သော ခေတ်စမ်းဝါဒ၊ ခေတ်စမ်းကဗျာ၊ ခေတ်စမ်းပုံပြင်တို့နှင့် ပတ်သက်၍ ဖွင့်ဆိုခြင်း၊ ရှင်းလင်းခြင်း၊ ခုခံကာကွယ်ခြင်းတို့ကို ဆောင်းပါးများစွာတွင် ရေးသားခဲ့ပါသည်။ ခေတ်စမ်းပုံပြင် ဒုတိယတွဲနိဒါန်းတွင်လည်း–

> “ဤစာအုပ်အပေါ်တွင် မည်သည့်ဝေဖန်မှုမျိုးကိုမဆို ရေးသားနိုင်ကြလေသည်။ ကျွန်ုပ်တို့ကား ထိုဝေဖန်စာတို့အတွက် တုန်လှုပ်ခြင်းဖြစ်မည် မဟုတ်ပေ။ လိုက်နာသင့်သော အချက်များရှိက လိုက်နာပါမည်။ ပစ်ပယ်သင့်သော အချက်များပါရှိပါက ပစ်ပယ်ပါမည်။ လျစ်လျူရှုသင့်သော အချက်များပါရှိကလည်း လျစ်လျူရှုပါမည်။ မည်သူ၏ ကဲ့ရဲ့ခြင်း၊ မည်သူ၏ ချီးမွမ်းခြင်းကိုမျှ ဂရုမထားဘဲ မြန်မာစာပေတိုးတက်ရေးကိုသာလျှင် မျက်မှောက်ပြုကာ ခေတ်စမ်းစာပေများကို ဆက်လက်၍ ထုတ်ဝေသွားပါမည်။
>
> ခေတ်စမ်းစာပေသည် မြန်မာစာပေကို တိုးတက်စေသည်၊ ဆုတ်ယုတ်စေသည် ဟူသော ပြဿနာကိုကား ကျွန်ုပ်တို့ ဖြေကြားနိုင်မည် မဟုတ်။ ယခုခေတ်လူများလည်း ဖြေကြားနိုင်မည် မဟုတ်ပေ။ ဤပြဿနာကို ဖြေကြားရန်ကား နောင်လာနောက်သား သုတေသီများ၏ တာဝန်သာ ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ဤပြဿနာကို ဖြေကြားရန် နောင်လာနောက်သားတို့အား လွှဲအပ်ထားကြပါစို့”[၁]

---

၁ လှမြင့်၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၇၇၊ ၁၃။

အထက်ဖော်ပြထားသကဲ့သို့ သိပ္ပံမောင်ဝသည် ခေတ်စမ်းစာပေ၏ ၅ နှစ် ခရီးကို ဖြတ်သန်းပြီးနောက် ခေတ်စမ်းဝါဒကို မြဲမြဲစွာစွဲကိုင်၍ ရှေ့သို့ ဆက်လက် ချီတက်ခဲ့ပါသည်။ ထို့ကြောင့် ခေတ်စမ်းစာပေ၏ လှုပ်ရှားမှုများသည် သိပ္ပံမောင်ဝ၏စာပေများတွင် ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

သိပ္ပံမောင်ဝနှင့် ခေတ်ပြိုင်ကာလ သတင်းစာ မဂ္ဂဇင်းများတွင် တွေ့ရသော စာအုပ်ဝေဖန်ရေး အခြေအနေနှင့် ပတ်သက်၍ သိပ္ပံမောင်ဝသည် သူ၏အမြင်ကို ပွင့်လင်းစွာ ဖော်ထုတ်ထားပါသည်။ မောင်သံချောင်းပေးစာ အမှတ်(၁၀)တွင်–

> “စာအုပ်အချောင်ရတယ်ဆိုရင်ပဲ စာအုပ်ထုတ်တဲ့လူတွေ စာအုပ်ရေးတဲ့လူတွေကို အားနာနေရတော့တာပဲ၊ ကိုယ့်ထင်မြင်ချက်ကို လွတ်လွတ်လပ်လပ် မရေးဝံ့၊ မရေးချင်တော့ဘူး၊ အခုကာလ မဂ္ဂဇင်း သတင်းစာတွေထဲမှာ အားတုံ့အားနာနဲ့ စာအုပ်ကို ဝေဖန်ထားတာတွေ မဖတ်ရဘူးလားဗျ။ စာအုပ်ထုတ်ဝေတဲ့သူတွေကို အားနာတဲ့အတွက် စင်စစ်စာအုပ်ဟာ မကောင်းဘဲနဲ့ ကောင်းတယ်လို့ ဝေဖန်လိုက်ရင် စာဖတ်သူတွေကို လိမ်တာနဲ့ မတူပေဘူးလား”[၁]

ဟူ၍ ရေးသားဖော်ပြထားပါသည်။ ယင်းဖော်ပြချက်အရ ထိုစဉ်က စာအုပ်ဝေဖန်ရေးသည် အားတုံ့အားနာ ဝေဖန်ရေးများ ဖြစ်ကြောင်း၊ မကောင်းဘဲနှင့် ကောင်းသည်ဟု ဝေဖန်လျှင် စာဖတ်သူကို လိမ်ရာရောက်ကြောင်း သူ၏သဘောထားကို ဖော်ထုတ်ထားပါသည်။

မြန်မာစာပေ တိုးတက်ရေးအတွက် ဝေဖန်ဆုံးဖြတ်ရာတွင် မိမိတို့စာပေ သက်သက်သာလျှင် မကြည့်ဘဲ ဘာသာခြားစာပေတို့နှင့် နှိုင်းယှဉ်၍ အမှန်အခြေအနေအတိုင်း ဆုံးဖြတ်သင့်ကြောင်းကိုလည်း မြန်မာစာပေအကြောင်း ဆောင်းပါး အမှတ်(၃၇)တွင်–

> “စင်စစ်သော်ကား ဘာသာခြားစာပေ၊ ဘာသာခြားစကားတို့နှင့် မိမိတို့စာပေ၊ မိမိတို့စကားတို့ကို ချင့်ချိန်နှိုင်းယှဉ်ပြီးလျှင် ကောင်းနိုးရာရာ အဟုတ်အမှန်ကို ဆုံးဖြတ်မှသာ နည်းလမ်းကျပေမည်”[၂]

---

[၁] မောင်ဝ၊ သိပ္ပံ၊ ၁၉၃၅၊ ပေးစာအမှတ် ၁၀။

[၂] မောင်ဝ၊ သိပ္ပံ၊ ၁၉၂၉၊ ၈။

ဟု သူ၏ဝေဖန်ရေးဆိုင်ရာ သဘောထားတစ်ရပ်ကို ဖော်ပြရေးသားထားသောကြောင့် စာပေအဆင့်အတန်း၊ စာအုပ်အဆင့်အတန်းကို ဝေဖန်ဆုံးဖြတ်ရာတွင် အခြားဘာသာများနှင့် နှိုင်းယှဉ်ဝေဖန်နည်းကို ညွှန်ပြထားသည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် မြန်မာစာပေ၌ ဝေဖန်ရေးစာပေ မထွန်းကားဘဲ နည်းနေကြောင်း၊ အင်္ဂလိပ်ဝေဖန်ရေး နည်းနာများကိုလည်း လေ့လာရန်လိုကြောင်း ယူဆထားသည့် သူ၏သဘောထားကိုလည်း –

> "မြန်မာစာဂုဏ်ထူးယူသည်ဟု အင်္ဂလိပ်စာအုပ်များကို မဖတ်ဘဲ မနေပါနှင့်၊ မြန်မာစာပေ၌ ဝေဖန်ချက်စာမျိုး များစွာမထွန်းကားခဲ့၊ သို့ဖြစ်သောကြောင့် အင်္ဂလိပ်ဝေဖန်ချက်စာများကို ဖတ်ရန်လို လေသည်။ အတိုဝေဖန်ချက်စာမျိုးကိုမူ Haslitt's Eassays တို့ကို ဖတ်ရာ၏။ အရှည်ဝေဖန်ချက်မျိုးကိုမူ Macaulay's Essays များကို ဖတ်ရာသည်"[၁]

ဟူ၍ တိုင်းခြားဘာသာစကား ခေတ်မီဝေဖန်နည်းများကို အတုယူရန် လမ်းညွှန်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သိပ္ပံမောင်ဝသည် ဝေဖန်ချက်ရေးသားနည်းနှင့် ပတ်သက်၍လည်း သူ့ဆောင်းပါး တစ်စောင်တွင် –

> "ဝေဖန်ချက် ရေးသားသည်ဆိုရာ၌ မိမိစိတ်တွင် ပေါ်လာသော အချက်ကို ရေးသားခြင်းပင် ဖြစ်၏။ ကောင်းလျှင် ကောင်း၏။ မကောင်းလျှင် မကောင်း ဟူ၍ ရေးသားခြင်းပင် ဖြစ်၏။ ဤသို့ ရေးသားရာ၌ တိုက်ရိုက်မရေးမူ၍ အသိုင်းအဝိုင်းများစွာနှင့် ဖတ်၍ကောင်း၊ နားထောင်၍ကောင်းအောင် ရေးသားခြင်းပင် ဖြစ်လေသည်။ ဥပမာ သာဓကတို့ကို သုံးခြင်းအားဖြင့်လည်း ဖတ်ရသူတို့၏ စိတ်ကို ထိငြိစေနိုင်၏။ ထိုမှတစ်ပါးလည်း ဗဟုသုတ လိုလေသည်။ ဗဟုသုတမှာလည်း အမျိုးမျိုးအစားစား ရှိ၏။ ဗဟုသုတများလေလေ ဝေဖန်ချက် ကောင်းလေလေ။"[၂]

ဟူ၍ အသေးစိတ် လမ်းညွှန်ထားပါသည်။ ယင်းလမ်းညွှန်ချက်အရ ဝေဖန်စာကို အသိုင်းအဝိုင်းဖြင့် ဖတ်ကောင်းအောင် ရေးရမည်။ ဗဟုသုတများလေလေ ဝေဖန်စာ

[၁] မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၄၊ ၅၇–၆၂။
[၂] မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၄၊ ၅၇–၆၂။

ကောင်းလေလေဟူသော သဘောတရားကို ညွှန်ပြနေပါသည်။ ထို့ပြင် ဝေဖန်ချက် ရေးသားရာတွင် မည်သည့်စိတ်မျိုးထားရမည်ကိုလည်း သူ၏စာတစ်စောင်တွင်–

> "ဝေဖန်ချက်ရေးသူတို့မှာ မိတ်ဆွေမျက်နှာကို မထောက်ရ၊ စာပေ တိုးတက်ရေး၊ စာပေကြီးပွားရေးမျက်နှာကို ထောက်ရပေသည်။ ပုဂ္ဂိုလ်ခင်သောကြောင့် တရားမင်ခြင်းသည် သူတကာကို လမ်းမှား ညွှန်ပြသည်နှင့်တူ၏"[၁]

ဟူ၍ ဖြောင့်မတ်သော ဝေဖန်ရေးသဘောထား ရှိရမည်ဟူသော ဝေဖန်ရေးအမြင် တစ်ခုကို ဖော်ပြထားပါသည်။

သိပ္ပံမောင်ဝသည် စာပေဝေဖန်ရေးနှင့် ပတ်သက်၍ စာအုပ်တစ်အုပ်ကို မဝေဖန်မီ ဝေဖန်သူ လိုက်နာရမည့် အချက်လည်း လမ်းညွှန်ပြခဲ့ပါသည်။ ဦးဘသန်း၏ မြန်မာ ရာဇဝင်စာအုပ် ဝေဖန်ချက် ဆောင်းပါးတွင်–

> "စာတစ်အုပ်၏ အကြောင်းနှင့်ပတ်သက်၍ ထင်မြင်ချက် မပေးမီ ၎င်းစာအုပ်ကို အသေအချာဖတ်ပြီးလျှင် ကြိုက်သော အချက် မကြိုက်သော အချက်တို့ကို နက်နက်နဲနဲ ချိန်ဆရာသည်"[၂]

ဟူ၍ ရေးသားဖော်ပြလမ်းညွှန်ထားပြီး စာရေးဆရာ၏အကြောင်းကို သိခြင်းသည် ထိုသူရေးသောစာ ကောင်းမကောင်းကို ချင့်ချိန်ရာတွင် အထောက်အကူပြုနိုင်ကြောင်းကို မြန်မာရာဇဝင်ရေးသည့် 'ဦးဘသန်း' ဆောင်းပါးတွင်–

> "စာရေးဆရာ၏အကြောင်းကို သိခြင်းအားဖြင့် ထိုသူရေးသောစာ ကောင်းမည် မကောင်းမည်ကို အနည်းငယ် ချင့်ချိန်နိုင်ပေ လိမ့်မည်"[၃]

ဟု ဖော်ပြရေးသားထားပါသည်။

ထို့အပြင် 'ဝေဖန်ရေးဆရာသည် တရားသူကြီးကဲ့သို့ ကျင့်ရမည်' ဟူသော အယူအဆတစ်ရပ်ကိုလည်း သိပ္ပံမောင်ဝက ဦးဘသန်း၏ မြန်မာရာဇဝင်စာအုပ် ဝေဖန်ချက်ဆောင်းပါးတွင်–

---

[၁] မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၄၊ စ၊ ၅၇–၆၂။

[၂] မြန်မာ့စွယ်စုံကျမ်း၊ တွဲ–၄၊ စ၊ ၅၇–၆၂။

[၃] မြသွင်၊ မောင်၊ သိပ္ပံကျောင်းသား၊ ၁၉၃၀၊ ၁၉။

> "ထင်မြင်ချက် ရေးသားသူတို့မှာ တရားစီရင်သူ တရားသူကြီးတို့ ကဲ့သို့ ကျင့်ရပေမည်။ ရှေ့နေ ရှေ့ရပ်ကဲ့သို့ မကျင့်ကြံရာ၊ တရားသူကြီးသည် မိမိရှေ့တွင် အစစ်ခံသော တရားလိုသက်သေ ထွက်ချက်တို့ကို လည်းကောင်း၊ တရားခံသက်သေထွက်ချက် တို့ကို လည်းကောင်း၊ ချင့်ချိန်နှိုင်းဆပြီးလျှင် တရားလိုသက်သေ များက ခိုင်လုံလျှင် တရားလိုအား အနိုင်ပေး၏။ တရားခံသက်သေ တို့က ပိုမို၍ခိုင်လုံလျှင်လည်း တရားခံအား အနိုင်ပေးရလေသည်။
>
> တရားသူကြီး၏အလုပ်မှာ နှစ်ဦးနှစ်ဖက်စလုံး၏ ထွက်ချက် တို့ကို ချိန်ခွင်ပမာ ချိန်ဆရန် ဖြစ်လေသည်။ အချိန်အဆ မှန်ကန် လေလေ တရားသူကြီး၏ ဂုဏ်နှင့် ညီညွတ်လေလေ ဖြစ်၏"[၁]

ဟူ၍ ဖြောင့်မတ်မှန်ကန်သော ဝေဖန်ရေးဆရာ၏ ဂုဏ်အရည်အချင်းကို တရားသူကြီး တို့၏ ဂုဏ်အရည်အချင်းနှင့်နှိုင်းပြီး ဖော်ထုတ်တင်ပြထားပါသည်။

ထို့ပြင် မောင်မြသွင်-သိပ္ပံကျောင်းသား ကလောင်အမည်ဖြင့် ရေးသော 'ဦးပုညနှင့် ရှိတ်စပီးယား' ခေါင်းစဉ်ပါ ဆောင်းပါးတွင်လည်း-

> "စာတစ်စောင် ကောင်းမကောင်း ဝေဖန်၍ ထုတ်ဖော်ပြောဆို နိုင်ခြင်းသည် လွယ်ကူသော အရာမဟုတ်ပေ။ သေသေချာချာ လေ့လာပြီးလျှင် အခြားအခြားသော စာများနှင့် နှိုင်းယှဉ်ကာ မည်သည့်နေရာတွင် အဓိပ္ပာယ်ကောင်းသည်။ မည်သည့်နေရာတွင် အသုံးအနှုန်း ကောင်းသည်။ မည်သည့်နေရာ၌ မည်သည့်စာကို အတုယူသည်။ မည်သည့်နေရာ၌ ကိုယ်ပိုင်ဉာဏ် အသုံးပြုသည် စသည်ဖြင့် ဝေဖန်ပိုင်းခြားပြီးမှသာ ကောင်းမကောင်း ပြောဆို နိုင်ရန် အကြောင်းရှိလေသည်"[၂]

ဟူ၍ စာပေဝေဖန်နည်းကို အသေးစိတ် ညွှန်ပြထားပါသည်။

---

[၁] မြသွင်၊ မောင်၊ သိပ္ပံကျောင်းသား၊ ၁၉၃၀၊ ၈။
[၂] မြသွင်၊ မောင်၊ သိပ္ပံကျောင်းသား၊ ၁၉၃၀၊ ၁၇။

## ခြုံငုံသုံးသပ်ချက်

သိပ္ပံမောင်ဝ၏ စာပေဝေဖန်ရေးအမြင်တို့ လေ့လာသုံးသပ်ကြည့်သောအခါ သိပ္ပံမောင်ဝသည် စာပေဝေဖန်သူတို့ ထားရှိအပ်သော သဘောထားနှင့် ဝေဖန်ချက် ရေးသားရာတွင် လိုက်နာသင့်သည့် အချက်များကို မြန်မာစာပေ တိုးတက်ကြီးပွားရေး ဟူသော စေတနာရည်ရွယ်ချက်ကို အရင်းခံကာ လမ်းညွှန်ဖော်ပြထားသည်ကို တွေ့ရ ပါသည်။

မြန်မာစာပေအဆင့်အတန်း တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကို ဝေဖန်သုံးသပ်ရာ တွင်လည်း ဝတ္ထု၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိ၊ ရာဇဝင်၊ ခရီးသွားစာပေ၊ ဆောင်းပါး၊ သတင်းစာ၊ ကဗျာ၊ လင်္ကာ စသည်ဖြင့် ကဏ္ဍမျိုးစုံ၊ စာအုပ်မျိုးစုံကို လေ့လာပြီး ဝေဖန် သုံးသပ်ပြထားပါသည်။

ဝေဖန်သုံးသပ်ရာတွင်လည်း ရှေးအစဉ်အလာ ဝေဖန်နည်းကိုသာမဟုတ် ခေတ်သစ်စာပေ နည်းနာများကိုသုံး၍ ဝေဖန်ခဲ့ပြီး၊ မိမိစာပေ တိုးတက်ရေးအတွက် ဝေဖန်ဆုံးဖြတ်ရာတွင် ဘာသာခြားစာပေတို့နှင့် နှိုင်းယှဉ်ပြီး အခြေအနေမှန်တိုင်း ဆုံးဖြတ်သင့်ကြောင်း သူ၏သဘောထားကို ဖော်ပြထားသည်။

ဝေဖန်ချက် ရေးသားရာတွင်လည်း ဝေဖန်သူသည် ဗဟုသုတများရန် လိုအပ်ပြီး၊ ဝေဖန်စာကို အသိုင်းအဝိုင်းဖြင့် ဖတ်ကောင်းအောင် ရေးရမည်ဟုလည်း လမ်းညွှန်ထားပါသည်။

ထို့အပြင် ဝေဖန်ချက်ရေးသားရာတွင် ပုဂ္ဂိုလ်ခင်၍ တရားမင်သော သဘောမျိုး မရှိသင့်ကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းသည် တခြားသူတို့အား လမ်းမှားကိုညွှန်ပြ နေသည်နှင့်တူသောကြောင့် ဖြောင့်မတ်သော သဘောထားသာ ရှိသင့်ကြောင်းကိုလည်း သူ၏ဝေဖန်ရေးအမြင်တစ်ခုအဖြစ် တွေ့ရပါသည်။

ထို့အတူ ဝေဖန်ရေးဆရာသည် တရားသူကြီးကဲ့သို့ ကျင့်ရမည်ဖြစ်ပြီး၊ ရှေ့နေ ရှေ့ရပ်ကဲ့သို့ မကျင့်သင့်ကြောင်း၊ ဖြောင့်မတ်မှန်ကန်သော ဝေဖန်ရေးဆရာ၏ ဂုဏ်အရည်အချင်းကို တရားသူကြီး၏ ဂုဏ်အရည်အချင်းနှင့် ခိုင်းနှိုင်းကာ သိသာ မြင်သာအောင် ဖော်ပြထားသည်။

မြန်မာစာပေ ကြီးပွားတိုးတက်ရေးအတွက် ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိ စာပေ စသည့် စာပေအမျိုးမျိုးတို့ကို ဝေဖန်သုံးသပ်တင်ပြထားသော ဆောင်းပါးများ တွင်လည်း သူ၏ မြန်မာစာပေအပေါ်ထားသော စေတနာကို အထင်အရှား တွေ့မြင် ရပါသည်။

ထို့အပြင် သိပ္ပံမောင်ဝသည် အနောက်တိုင်းစာပေမှ နည်းယူကာ စကားပြေရော ကဗျာတွင်ပါ အရေးအသားသာမက အကြောင်းအရာသစ်ကိုပါ ရေးဖွဲ့ခဲ့သည်။ ခေတ်စမ်းစာပေကို စတင်ပျိုးထောင်သူတစ်ဦးဖြစ်သောကြောင့် မြန်မာစာပေ တိုးတက်ရေး အတွက် ဘက်စုံထောင့်စုံမှ ပါဝင်ခဲ့သူတစ်ဦးပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ကိုလိုနီခေတ် မြန်မာစာပေ အားလျော့နိမ့်ကျနေချိန်တွင် မြန်မာစာပေ ကြီးထွား တိုးတက်ရေးအတွက် များစွာအားထုတ် ကြိုးပမ်းခဲ့သူတစ်ဦး ဖြစ်ပြီး သူ၏မြန်မာစာပေ ကြီးပွားတိုးတက်ရေးအမြင်များ၊ သဘောထားများသည် ယခုတွင် ခေတ်မီနေရုံသာမက၊ အနာဂတ်ကာလတွင်ပါ ထားရှိရမည့် သဘောထားအချို့ကိုလည်း လေ့လာတွေ့ရှိရ ပါသည်။

ထို့ကြောင့် ဤစာတမ်းကို လေ့လာခြင်းဖြင့် မြန်မာစာပေ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် အသစ်ထွင်လိုသောစိတ်၊ မြန်မာစာပေ ပြန့်ပွားထွန်းကားရေး အတွက် ကြိုးပမ်းဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်လာနိုင်မည်ဟု လေ့လာသုံးသပ်မိ ပါသည်။

## နိဂုံး

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေကောင်းများ ပေါ်ထွန်းရေး အကြောင်းအရာသစ်များ၊ စာပေပုံသဏ္ဌာန်အသစ်များ ပေါ်ထွန်းရေးတို့အတွက် သိပ္ပံမောင်ဝ၏ စာပေကြိုးပမ်းမှု၊ စာပေတာဝန်ကျေပွန်မှုနှင့် တိုးတက်ခေတ်မီသော စာပေဝေဖန်ရေး အယူအဆတို့ကို လေ့လာရခြင်းဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် စာပေဝေဖန်ရေးသည် အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်ကြောင်း သိရှိနိုင်မည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်အေး(ဦး)နှင့် မောင်ထင်။ (၁၉၈၃)။ ***မြန်မာစကားပြေစာတမ်းများ၊ ပထမတွဲ***။ စာပေဗိမာန်။

စုစုနွယ်၊ ဒေါက်တာ။ (၂၀၁၃)။ ***မြန်မာစာပေဝေဖန်ရေး အနှစ်နှစ်ဆယ်ခရီး (၁၉၂၀–၁၉၄၀)***။ ရန်ကုန်၊ ရာပြည့်စာပေ။

စွမ်းရည်၊ မောင်။ (၂၀၁၈)။ ***မြန်မာစာပေဝေဖန်ရေးသမိုင်း*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ငါတို့စာပေ။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ ဝေဖန်ရေးစာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာတိုက်။

တက်တိုး၊ မြဇင်။ (၁၉၈၆)။ ***ဝေဖန်ရေးစာပေစာတမ်းများ (ပ)တွဲ***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

တိုက်စိုးနှင့်မင်းယုဝေ။ (၁၉၇၃)။ ***မြန်မာစာမိတ်ဖွဲ့***။ ရန်ကုန်၊ စာပေလောက။

မြန်မာစာပေစစ်တမ်း။ (၁၉၆၅)။ ***စာပေဆွေးနွေးပွဲစာတမ်းများ***။ မန္တလေး၊ ကမ္ဘာ့ခေတ်စာအုပ်တိုက်။

***မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၄)***။ စအက္ခရာ၊ စာပေဗိမာန်။

***မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၄)***။ (၁၉၉၁)။ မြန်မာစာအဖွဲ့၊ ရန်ကုန်။

လှ၊ ဦး၊ လူထု။ (၁၉၇၀)။ ***သူ့စာတွေကပြောတဲ့ သိပ္ပံမောင်ဝ***။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်။

လှထွန်း (မြန်မာစာ)။ (၂၀၀၄)။ ***သိပ္ပံမောင်ဝနှင့်မြန်မာစာပေ***။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

လှမြင့်၊ ရန်ကုန်တက္ကသိုလ်။ (၁၉၇၇)။ ***သိပ္ပံမောင်ဝ၏ကဗျာဝေဖန်ရေးအမြင်၊ မြန်မာစာဂျာနယ်***။ မြန်မာစာအသင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ရန်ကုန်။

ဝ၊ မောင်၊ သိပ္ပံ။ (၁၉၆၆)။ ***ခေတ်စမ်းစာပေအထွေထွေ***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

ဝ၊ မောင်၊ သိပ္ပံ။ (၁၉၇၆)။ ***စာပေယဉ်ကျေးမှု***။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# နေမျိုးနာဍှကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးတွင် တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိ ဇာတ်ဆောင်စရိုက်အဖွဲ့များ ဖန်တီးတင်ပြထားပုံ

ခင်ညိုအောင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာရာမစာပေ တစ်ပုဒ်ဖြစ်သော နေမျိုးနာဍှကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးကို အခြေခံ၍ ဇာတ်ဆောင်စရိုက်အဖွဲ့ ဖန်တီးတင်ပြထားပုံများကို လေ့လာမည့်စာတမ်း ဖြစ်ပါသည်။ ရာမပြဇာတ်တော်ကြီးတွင် စာဆို နေမျိုးနာဍှကကျော်ခေါင်က ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဇာတ်ဆောင် စရိုက်အဖွဲ့များကို မည်သို့ဖန်တီးတင်ပြထားပုံ၊ စိတ်ကူးဖြင့် မွမ်းမံထားပုံ၊ စကားအသုံးအနှုန်းတို့ဖြင့် ပေါ်လွင်အောင် ခြယ်မှုန်းထားပုံတို့ကို ဖော်ထုတ် တင်ပြမည် ဖြစ်ပါသည်။ ဇာတ်ဆောင်သုံးဦး၏ စရိုက်အဖုံဖုံကို စာဆို၏ ဖန်တီးတင်ပြပုံ မှတစ်ဆင့် လေ့လာသုံးသပ်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ကင်ပွန်းတပ်၊ ပုခက်လွှဲချင်း၊ ယေင်ကျူးချင်း၊ လက်ဘွဲ့စာ၊ လူးတားလျှောက်၊ ပတ်ကို အပြိုင်တီး။***

## နိဒါန်း

မြန်မာရာမစာပေဟု ဆိုရာတွင် ရှေးခေတ် အိန္ဒိယရာမာယဏကို မှီး၍ မြန်မာ့ဉာဏ်၊ မြန်မာ့အမြင်၊ မြန်မာ့အကြိုက်၊ မြန်မာ့စရိုက်အသွင်များ ဖွဲ့ယှက်ကာ ရေးသားထားသော မြန်မာစာဆိုတို့၏ မြန်မာရာမစာပေ အသီးသီးကို ဆိုလိုပေသည်။[၁] မြန်မာရာမစာပေတွင် မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မူဖြင့် အိန္ဒိယရာမာယဏမှ မြန်မာဆန်ဆန် လမ်းခွဲထွက်လာသော ရာမစကားပြေ၊ ရာမကဗျာ၊ ရာမဝတ္ထု၊ ရာမပြဇာတ်များ ပါဝင်ပေသည်။ ရာမာယဏနောက်တွင် မဟာဘာရတကျမ်း ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် ရာမာယဏကျမ်းသည် မဟာဘာရတကျမ်းထက် လူသိများ ကျော်ကြားခဲ့သည်။ ရာမာယဏကျမ်းသည် ဘီစီ ၃ ရာစု မှ ၆ ရာစုအတွင်း အရှေ့တောင် အာရှဒေသများသို့ ပျံ့နှံ့လာသည်။ စာပေယဉ်ကျေးမှုအနုပညာများတွင် ရာမာယဏကျမ်းသည် ဝင်ရောက်နေရာယူခဲ့သည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၃၊ ၉၈။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်

ဝါလမိကီ၏ ရာမယဏကျမ်း ပေါ်ထွန်းပြီးနောက် အိန္ဒိယနိုင်ငံအတွင်း၌ပင် ရာမာယဏ မူအမျိုးမျိုးကို အိန္ဒိယဘာသာစကား အမျိုးမျိုးဖြင့် ရေးသားခဲ့ကြသည်။ ၁၂ ရာစုတွင် တမီလ်စာဆို ကန်ဗန်၏ ဣရာမာဝတာရမ်ခေါ် တမီလ်ရာမာယဏ၊ ၁၅ ရာစုတွင် ဘင်္ဂါလီစာဆို ကရိတ္တဝါသ၏ ဘင်္ဂါလီရာမာယဏ၊ ၁၆ ရာစုတွင် ဟိန္ဒီစာဆို တုလသိဒါသ၏ ရာမဆရိတမနသ ခေါ် ဟိန္ဒီရာမာယဏများ ပေါ်ထွက်ခဲ့သည်။[၁]

အရှေ့တောင်အာရှနိုင်ငံများသို့ ရာမာယဏ ရောက်ရှိလာပုံကို ခြေရာခံကြည့်လျှင် ခရစ်နှစ်ဦးပိုင်းကာလက စတင်ရမည်ဖြစ်ကြောင်း ပညာရှင်များ ဆိုမိန့်ကြသည်။[၂]

အိန္ဒိယနိုင်ငံသားများသည် နယ်ပယ်သစ် ရှာရင်း၊ ကူးသန်းရောင်းဝယ်ရင်းနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ ခရစ်နှစ်ဦးပိုင်းမှစ၍ ရောက်ရှိလာကြသည်။ ထိုသူတို့နှင့်အတူ ပါလာသော စာပေများတွင် ရာမာယဏမဟာကဗျာလည်း တစ်ပါတည်း ပါလာသည်။ ထိုကာလမှစ၍ ထိုင်း၊ ကမ္ဘောဒီးယား၊ လော၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာစသော အရှေ့တောင်အာရှနိုင်ငံများတွင် ရာမာယဏသည် ဝင်ရောက်နေရာယူလာတော့သည်။[၃] မြန်မာရာမစာပေတို့တွင် ပြဇာတ်၊ ဝတ္ထု၊ ကဗျာ ပုံစံအမျိုးမျိုးဖြင့် ဖန်တီးရေးဖွဲ့လာကြသည်။ နေမျိုးနာဋ္ဌကကျော်ခေါင်၏ ရာမနန်းတွင်းပြဇာတ်ကြီးသည် 'အယုဒ္ဓယတိုင်း၊ ဂျွမ်းပြည်တို့မှလာသော အရပ်ရပ်ဒဏ္ဍာရီဇာတ်များကို ဂျွမ်းသံခံ၊ ယွန်းသံခံများနှင့် ညှိနှိုင်းကာ မြန်မာပြန်၍ ဇာတ်သဘင်ခင်းကျင်းစေကြောင်း'[၄] မြန်မာပြဇာတ်နှင့် ပြဇာတ်စာပေသမိုင်း၌ ဆိုထားသည်။ ထို့ကြောင့် နေမျိုးနာဋ္ဌကကျော်ခေါင်၏ ရာမနန်းတွင်းပြဇာတ်တော်ကြီးသည်လည်း ယိုးဒယားမှလာသော ရာမဇာတ်တော်ကို မြန်မာမှု ပြုထားခဲ့သော ရှစ်ဦးအဖွဲ့၏ ရာမဇာတ် ဖြစ်သည်။ ထိုရာမဇာတ်ကို နေမျိုးနာဋ္ဌကကျော်ခေါင်က ပြုပြင်ရေးသားခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ဆရာဇော်ဂျီက–

> "–––သညာသည် နေမျိုးနာဋ္ဌကကျော်ခေါင်က သာယာနာပျော်ဖွယ်
> ရှိအောင် ရွေနားတော်သင့် ရေးသားပြုပြင်ပေအံ့"[၅]

ဟု စကားဆိုထားသည်။

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၆၊ ၉၉။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၆၊ ၁၀၆။

[၃] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၆၊ ၁၀၇။

[၄] ဖေမောင်တင်၊ ၁၉၇၁၊ ၁၄–၁၅။

[၅] ဇော်ဂျီ၊ ၁၉၉၃၊ တွဲ–၁၊ ၁၃၂။

နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီး၌ ဒသဂီရိညီနောင် ဖွားမြင်ခန်းမှ ရာမမင်း သရဇုတ်မြစ်တွင်းဆင်း၍ သေခန်းအထိ အခန်းပေါင်း (၅၁)ခန်းဖြင့် ပြဆိုထားသည်။ ယခုတင်ပြမည့် စာတမ်းတွင် ဒသဂီရိ၊ သီတာ၊ ရာမ ဇာတ်ဆောင်များ၏ စရိုက်အဖုံဖုံကို စာရေးသူက မည်သို့ ဖန်တီးတင်ပြထားသည်ကို လေ့လာတင်ပြမည် ဖြစ်သည်။

မူလဇာတ်၏ ရည်ရွယ်ချက်သည် ဓမ္မနှင့်အဓမ္မ အားပြိုင်ရာ၌ ဓမ္မကသာ အနိုင်ရရှိပုံကို တင်ပြထားခြင်း ဖြစ်သည်။ ယခု ရာမပြဇာတ်တော်ကြီး အပါအဝင် ရာမစာပေ အသီးသီးကလည်း ဓမ္မနှင့်အဓမ္မ အားပြိုင်မှုသဘောကိုသာ တင်ပြထားသည်။ ဓမ္မကို လက်ခံကျင့်သုံးသော ရာမ၊ သီတာ၊ လက္ခဏတို့နှင့် အဓမ္မကို လက်ခံကျင့်သုံးသော ဒသဂီရိ၏ အနိုင်အရှုံး အားပြိုင်မှုများကိုပင် မြန်မာရာမစာပေတိုင်း၌ ဇာတ်ကွက်ဆင် တင်ပြကြပေသည်။ ဇာတ်ဆောင်များ ဖန်တီးရာ၌လည်း ရာမစာပေဖန်တီးရေးဖွဲ့သူတို့သည် ရည်ရွယ်ချက်ပေါ်လွင်စေရန် ဓမ္မဝါဒီသမား ဇာတ်ဆောင်ရာမနှင့် အဓမ္မဝါဒီသမား ဇာတ်ဆောင် ဒသဂီရိတို့ကို အားပြိုင်မှုဖြစ်စေရန် ဖန်တီးယူသည်။ ထိုအားပြိုင်မှုအတွက် သီတာဒေဝီကို အလယ်မှ ပင်တိုင်ထားကာ ရာမနှင့် ဒသဂီရိကို အားပြိုင်စေသည်။ ထိုအခါ ရာမဘက်မှ ဓမ္မဝါဒီဇာတ်ဆောင်များ၊ ဒသဂီရိဘက်မှ အဓမ္မဝါဒီဇာတ်ဆောင်များကို ပွားများဖန်တီးယူပြီးလျှင် အုပ်စုလိုက် အားပြိုင်မှုများဖြစ်အောင် ဖန်တီးသည်။ သို့ဖြစ်၍ နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးတွင်လည်း သီတာဒေဝီသည် ရာမအပေါ် သစ္စာရှိရှိ ချစ်ခင်သူ၊ ဒသဂီရိကို ဆန့်ကျင်သူအဖြစ် အခြားရာမစာပေများကဲ့သို့ပင် ဖန်တီးထားသည်။ ရည်ရွယ်ချက်သဘော၊ ဇာတ်လမ်းသဘောအရ ဓမ္မနှင့်အဓမ္မတွင် ဓမ္မကသာ နိုင်ရမည် ဟူသော အချက်ကိုပင် ဘောင်ဝင်အောင် နေမျိုးနာဋကကျော်ခေါင်က စိတ်ကူးဖြင့်ဖန်တီးကာ ပြဇာတ်တော်ကြီးအသွင် ဖန်တီးရေးဖွဲ့ထားသည်။ အဓိကဇာတ်ဆောင်သုံးဦး ဖြစ်သော ဒသဂီရိ၊ ရာမ၊ သီတာတို့၏ စရိုက်များကို နေမျိုးနာဋကကျော်ခေါင်၏ ဖန်တီးချက်များမှ လေ့လာသုံးသပ်တင်ပြမည် ဖြစ်သည်။

## ပြဇာတ်ဟူသော ဝေါဟာရနှင့် ပြဇာတ်စာပေ

> "ပြဇာတ်ဝေါဟာရသည် မြန်မာစကား ဖြစ်သည်။ နားလည်အောင်၊ တတ်သိအောင် ပြပေးခြင်း ဖြစ်သည်။ 'ဇာတ်'သည် ပါဠိ ဇာတကမှ လာသည်။ ပြဇာတ် ဟူသည် အဖြစ်ကိုပြချက်ဟု အဓိပ္ပါယ်ရသည်။ ၁၂၅၅ ခုနှစ်တွင် ရေးကူးသော ရာမဇာတ်

> ပုရပိုက်များအတွင်းမှ 'ရာမဇာတ်တော်ကြီး' ဟူ၍ တွေ့ရပြီး ပြဇာတ် ဟူသော အသုံးအနှုန်းကို ထင်ထင်ရှားရှား တွေ့ရသည်။"[1]

မြန်မာပြဇာတ်များ၏ အခြေခံပေါ်ပေါက်ခဲ့ပုံအား ကြည့်လျှင်–

> "ဘာသာ၊ သာသနာရေးဆိုင်ရာနှင့် ပျို့၊ လင်္ကာစာပေ မှတစ်ဆင့် တိုးတက်ရောက်ရှိလာသည်။ ထို့နောက် ပြဇာတ် ဖြစ်ပေါ်လာသည်"[2]

ဟု တွေ့ရသည်။ ထို့ကြောင့် ပြဇာတ်စာပေသည် ဘာသာရေး၊ သာသနာရေး၊ ကိုးကွယ်ယုံကြည်မှုများမှသာမက ပျို့စာပေမှလည်း ဖြစ်ထွန်းလာသည်ဟု ဆိုနိုင်ပေသည်။ မြန်မာစာပေတွင် အစောဆုံးတွေ့ရသော ပြဇာတ်သည် မဏိကက်ပြဇာတ် ဖြစ်သည်။ ဇာတ်ကရာ၌ ပဏာမလူးတားလျှောက်ခြင်း၊ သံချိုဆိုခြင်းများကို တွေ့ရသည်။ ဇာတ်စကားအဖြစ် သိကြားထွက်စေ၊ စံနေမြဲနန်းဗိမာန်တွင် နေစေ၊ ခေါ်စေ၊ ထူးစေဟု တွေ့ရသည်။ ယိုးဒယားတီး၊ သာကွင်းတီး စသည့် ဇာတ်ကွက်အလိုက် ဆိုင်းတီးရန် စကားများပါသည်။ ထို့ကြောင့် ယိုးဒယားအနုပညာဆိုင်ရာ ဆိုင်းအတီးများ မြန်မာပြဇာတ်၌ နေရာယူလာကြသည်။

> "မဏိကက်၏နောက်တွင် နန်းတွင်းဇာတ်တော်ကြီးများ ပေါ်ပေါက်ခဲ့သည်။ စကားပြောသာမက ကဗျာ၊ လင်္ကာ သီဆိုခြင်းများကို ထည့်သွင်းရေးသားလာသည်။ မဏိကက်ပြဇာတ်က ပေးလာသော ဂီတအထောက်အကူဖြင့် ဇာတ်လမ်းဖော်ခြင်းသည် နောင်တွင် ထွန်းကားလာသော ပြဇာတ်များအတွက် အစဉ်အလာ ဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။"[3]

ယိုးဒယားမှ မြန်မာမှုပြုသော ရာမဇာတ်တော်၊ အီနောင်ဇာတ်တို့တွင် ဇာတ်အိမ်ဖွဲ့ခြင်း အမည်ပေးခြင်း၌ မြန်မာဆန်သည်။ မြန်မာ့ထီးနန်းဟန်များကို တွေ့ရသည်။ မြန်မာ့နန်းတွင်းဓလေ့ဖြစ်သော ပုခတ်တင်ဟန်၊ ဧယင်ကျူးဟန်၊ ဧယင်လျှောက်ဆိုဟန်များ ပါဝင်သည်။ နန်းတွင်းဇာတ်တော်ကြီးများနောက် ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်စာပေများ၊ ပုစွန်တောင် ဆရာခ၊ ဆတိုင်မွတ် ဦးကူး၊ ဦးပုတ်နီ၊ ဦးဆုသာ စသော ပြဇာတ်ဆရာများ၏ ပြဇာတ်စာပေများ ပေါ်ပေါက်ခဲ့သည်။ စစ်ပြီးခေတ်တွင် မောင်ထင်၊ ဉာဏ၊ ဇော်ဂျီ၊ သိပ္ပံမောင်ဝတို့၏ ခေတ်သစ်ပြဇာတ်များ ပေါ်ထွက်ခဲ့သည်။

---

[1] မောင်မောင်တင်၊ ၁၉၇၁၊ ၁–၃။

[2] မောင်မောင်တင်၊ ၁၉၇၁၊ ၅။

[3] မောင်မောင်ကြီး၊ ၁၉၆၉၊ တွဲ–၄၊ ပိုင်း–၁၊ ၂၁၅–၂၁၆။

ရာမစာပေဆိုင်ရာ နေမျိုးနာဋ္ဌကကျော်ခေါင်ရေး ရာမပြဇာတ်တော်ကြီးတွင်လည်း ပြဇာတ်စာပေဆိုင်ရာ စာပေအရည်အသွေးများနှင့် ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို ဖန်တီးတင်ပြထားသည်။

## နေမျိုးနာဋ္ဌကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးလာ ရာမ၊ သီတာ၊ ဒသဂီရိတို့၏ စရိုက်အဖွဲ့များ လေ့လာချက်

နန်းတွင်းပြဇာတ်တော်ကြီးများ၏ သဘာဝအတိုင်း ဤပြဇာတ်တော်ကြီး တွင်လည်း ဇာတ်ဆောင်များကို များပြားစွာ တွေ့ရသည်။ ဇာတ်ဆောင်များတွင် အဓိကဇာတ်ဆောင်သည် တန်ခိုးရှင်လူမင်းသား (ရာမ)အဖြစ် ဖန်တီးထားသည်။ ဆန့်ကျင်ဇာတ်ဆောင်များကို ဘီလူး၊ နဂါးစသည့် တန်ခိုးရှင်ဇာတ်ဆောင်များအဖြစ် ဖန်တီးကာ အားပြိုင်ထားသည်။ အဓိကရန်သူဇာတ်ဆောင် ဒသဂီရိဘီလူးကို ဖန်တီးသည်။ နောက်ဆုံး၌ အဓိကဇာတ်ဆောင် ရာမမင်းသားကိုပင် အနိုင်ပေး၍ ဇာတ်လမ်း၏ ရည်ရွယ်ချက်ကို ဖော်ဆောင်သည်။ သိကြား၊ နတ် စသောတန်ခိုးရှင် အရံဇာတ်ဆောင်များကို ဇာတ်လမ်းအတွက် လိုအပ်လျှင် လိုအပ်သလိုသုံးကာ ဖန်တီးလေ့ ရှိသည်။ သီတာမင်းသမီးကို အလယ်တွင် ပင်တိုင်ထားကာ ရာမနှင့် ဒသဂီရိတို့၏ တစ်ဦးနှင့်တစ်ဦး အားပြိုင်မှုကို ဖန်တီး၍ ဇာတ်ဆောင်စရိုက်များကို ပုံဖော်ဖန်တီးထား ပေသည်။

## ရာမမင်းသားစရိုက်

ရာမစာပေတွင် ဓမ္မနှင့်အဓမ္မယှဉ်ပြိုင်ရာ၌ ဓမ္မသည်သာ အနိုင်ရမြဲ ဖြစ်သည်။ အဓမ္မဝါဒီသမားတို့ ကျဆုံးရမြဲဖြစ်သည် ဟူသော အချက်ကို တင်ပြလိုရင်း ဖြစ်သည်။ ရာမပြဇာတ်တော်ကြီးကို မြန်မာမှုပြု၍ ရေးသားကပြခဲ့ရာတွင် မြန်မာပရိသတ်တို့ အထူးစွဲလမ်းနှစ်သက်ခဲ့ရသည်။ ဓမ္မဝါဒီသမား ဇာတ်ဆောင်ရာမသည် အဓမ္မဝါဒီ သမား ဒသဂီရိကို အောင်မြင်နိုင်ပုံကို ဇာတ်ဆောင်သီတာဒေဝီကို အကြောင်းပြု၍ အားပြိုင်စေခဲ့သည်။ အားပြိုင်မှုတိုင်းတွင် ရာမမင်းသားကို အောင်မြင်မှု ရှိစေခဲ့သည်ချည်း ဖြစ်သည်။ ရာမမင်းသားကို စံပြဇာတ်ဆောင်၊ သားကောင်း၊ ခင်ပွန်းကောင်း၊ ခေါင်းဆောင်ကောင်းတို့၏ စရိုက်များကို ထုံမွှန်းကာ တင်ပြထားသည်။

ရာမပြဇာတ်တော်ကြီးတွင် ရာမမင်းသား ဖွားမြင်ပြီးနောက် စဏ္ဍာလမင်း နှင့်တကွ စစ်သည်များ ရောက်လာကြပုံအခန်းသည် မူရင်းမြန်မာပြန် ရာမာယဏတွင်

မပါဝင်သော စာရေးသူ၏ စိတ်ကူးဉာဏ်အသစ် ထည့်သွင်းထားသော အခန်း ဖြစ်သည်။

> "ရာမမင်းသားကို မြင်လျှင်၊ စဏ္ဍာလမင်းနှင့်တကွ စဏ္ဍာလ သားတို့ ပုဏ္ဏားမျိုး ဖြစ်မြဲဖြစ်ကြစေ"[၁]

ဟူ၍ ဖော်ပြချက်အရ ရာမမင်းသားကို မြင်ရုံဖြင့် ရသေ့ကျိန်စာ ပျက်ပြယ်ပြီး စဏ္ဍာလမျိုးမှ ပုဏ္ဏားမျိုး ပြန်ဖြစ်ပုံကို တွေ့ရသည်။ မဟာရာမဝတ္ထု၊ ရာမသာချင်း တို့၌လည်း စဏ္ဍာလမင်းအခန်း မပါဝင်ပေ။ ဤသို့ ဇာတ်ဆောင် ရာမမင်းသား၏ ဘုန်းတန်ခိုးမြင့်မားမှုကို ပေါ်လွင်စေသော ဇာတ်ဝင်ခန်းကို တင်ဆက်သည်။ ထို့ကြောင့် ဓမ္မကိုယ်စားပြု လူကောင်းစရိုက်ကို စတင်၍ဖော်ပြခြင်းဟု ဆိုနိုင်သည်။ ဤသို့ ရာမပြဇာတ်တော်ကြီးအစ၌ပင် ရာမမင်း၏ ဘုန်းတန်ခိုးမြင့်မားမှုဖြင့် စာဖတ် ပရိသတ်ကို စတင်ဆွဲဆောင်နိုင်ခဲ့သည်။

ရာမပြဇာတ်တော်ကြီးအစပိုင်း၌ပင် ဝိသွာမိတ္တရှင်ရသေ့က–

> "ရသေ့များ ယဇ်ပူဇော်ရာသို့ ဘီလူးတို့ လာရောက်ဖျက်ဆီးသဖြင့် ရာမမင်းကို လာရောက်တောင်းပုံ"[၂]

ပါရှိသည်။

မြန်မာရာမစာပေများဖြစ်သော မဟာရာမဝတ္ထု၊ ရာမသာချင်းတို့၌ ရသေ့ တို့အား နှောက်ယှက်သော ကာကဝဏ္ဏာကြီး ရန်ကို ရာမနှင့်လက္ခဏ သွား၍နှိမ်နင်းရပုံ ပါရှိသည်။ မြန်မာရာမစာပေအချင်းချင်းပင် မတူညီသော ဇာတ်ကွက် ဖြစ်သည်။ မူရင်း၌ ရသေ့တို့အား နှောင့်ယှက်သော ဘီလူးရန်ကို နှိမ်နင်းပေးရပုံ ပါရှိပြီး ရာမ ပြဇာတ်တော်ကြီး၌မူ မြန်မာဆန်သော တင်ပြချက်ဖြင့် မွမ်းမံဖြည့်စွက်ထားသည်။

မူရင်းမြန်မာပြန်ရာမာယဏ၌–

> "တာဋကာဘီလူးမနှင့် သားဖြစ်သူ မာရီစသည် ရသေ့ အဂဿျမုနိ ကျိန်ဆဲခြင်းကြောင့် နတ်ဘဝမှ ကြောက်မက်ဖွယ် ရုပ်ရည် ရရှိ ခဲ့ခြင်း၊ လူသားစားဘီလူးဘဝ ရောက်ခဲ့ခြင်း"[၃]

---

[၁] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၃။
[၂] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊၅။
[၃] ကိတ္တိမ၊ ၁၉၆၈၊ တွဲ–၁၊ ၂၅–၂၆။

တို့ကို ဖော်ပြထားသည်။ ရာမကမြားဖြင့်ပစ်ရာ ဘီလူးမသေဆုံးခဲ့ရပြီး တာဋကာဝနတော ငြိမ်းအေးခဲ့ရပုံကို တင်ပြထားသည်။ ရာမပြဇာတ်တော်ကြီး၌ တာရကာဘီလူးမနှင့် နာရိဒမည်သော သားဖြစ်သူအား ရာမမင်း နှိမ်နင်းရာ ဘီလူးမ မြားသင့်၍သေပုံအထိ မူရင်းမြန်မာပြန် ရာမာယဏနှင့်ဆင်သည်။ သို့သော် တာရကာဘီလူးမဘဝမှ နတ်သမီး အသွင် ချက်ခြင်းဖြစ်ပေါ်လာမှု မူရင်းမြန်မာပြန် ရာမာယဏ၌ မပါဝင်ပေ။ ရာမ ပြဇာတ်တော်ကြီး၌–

> "သူမသည် ရှေးက နတ်တို့အလယ်၌ စံပယ်မြူးရွှင်ကပြရသော အပ္ပသရီအမည်ရှိ နတ်ကချေသည်ဖြစ်ပုံ၊ အကကိုယ်နေဟန် ပျက်သည်ကို ဒေဝစ္စရာနတ်သမီးမြင်၍ အမျက်ထွက်ကာ ကျိန်ဆဲသဖြင့် တာရကာဘီလူးမဘဝသို့ ရောက်ပုံ၊ ရာမမင်း လာ၍သတ်မှ ကျွတ်စေဟု ဆိုခဲ့ပုံ"[၁]

တို့ကို ဖော်ပြထားသည်။ မူရင်း၌ အဂဿျရသေ့၏ ကျိန်ဆဲမှုကို ဒေဝစ္စရာနတ်သမီး၏ ကျိန်ဆဲမှုအဖြစ် မြန်မာဆန်ဆန် အစားထိုးမွမ်းမံသည်။ ဘီလူးမဘဝမှ နတ်သမီးဘဝ ပြန်ရောက်သော တာရကာ၏ရင်းပြချက် အပိုပါလာပုံသည် ရာမပြဇာတ်တော်ကြီးအား ပို၍စိတ်ဝင်စားလာစေသော ခြယ်မှုန်းချက်များ ဖြစ်သည်။ ရာမမင်း၏ ဘုန်းလက်ရုံးနှင့် ပြည့်စုံသောစရိုက်ကို တာရကာဘီလူး၊ နာရိဒဘီလူးတို့ကို နှိမ်နင်းခန်းဖြင့် တင်ပြထား သည်မှာ ဇာတ်ဆောင်နှင့် ဇာတ်လမ်းကို ပို၍စွဲငြိလာစေသော သရုပ်ဖော်ချက်ဟု ဆိုရ ပေမည်။ ဘီလူးရန်နှိမ်နင်းရန် ဒသရဋ္ဌမင်းထံ ဝိသ္သာမိတ္တာရသေ့ လာရောက်ပြီး ရာမမင်းအား တောင်းဆိုသောအခါ၌ ရာမမင်းသားက–

> "ရှင်ရသေ့များသည် ဘုန်းတော်ကြောင့် တရားအားထုတ် နိုင်ကြောင်း၊ ယဇ်ပူဇော်ရာ ဖျက်ဆီးမှုကို နှိမ်နင်းနိုင်ကြောင်း၊ ဘီလူးရန်မက ရန်အပေါင်းကို အောင်မြင်နိုင်စွမ်း ရှိကြောင်း"[၂]

ဟူ၍ လျှောက်ထားပုံကပင် ရာမမင်းသားသည် ကြောက်ရွံ့သောစိတ်ဓာတ် မရှိသူ၊ ဘုန်းတန်ခိုးလက်ရုံး အစွမ်းထက်မြက်ပုံ၊ ရသေ့များအပေါ် ကြည်ညိုလေးစားစိတ်ရှိပုံ၊ မိဘနှစ်ပါးအပေါ်လည်း သိတတ်သော သားလိမ္မာတစ်ဦးဖြစ်ပုံတို့ကို ပုံဖော်ထား နိုင်သည်။

ရာမမင်းသားသည် ရာမစာပေ၌ စရိုက်ကောင်းကို သရုပ်ဆောင်ရသော သူတော်ကောင်းဇာတ်ဆောင် ဖြစ်သည်။ ရာမဇာတ်တော်ကြီး၌လည်း ရသေ့တို့၏

---

[၁] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၈။

[၂] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၆။

ယဇ်ပူဇော်ပွဲကို နှောက်ယှက်သည့် ဘီလူးအပေါင်းကို နှိမ်နင်းပေးနိုင်ပုံကို ဖော်ပြထားသည်။ ဤသို့ ဘီလူးတို့၏ရန်ကို နှိမ်နင်းနိုင်ခြင်းသည်ပင် ရာမမင်း၏ ရဲစွမ်းသတ္တိ ပြည့်စုံပြီး လက်ရုံးရည် ထက်မြက်သော စရိုက်ကောင်းများ ရှိနေသည်ဟု ဆိုရပေမည်။ ရာမမင်းသား၏ စရိုက်ကောင်းများသည် တိုင်းပြည်အုပ်ချုပ်သည့်မင်းနှင့် မင်းညီမင်းသား တို့အတွက် လမ်းညွှန်သဖွယ် ဖြစ်စေသည်။ ရာမမင်းသားကဲ့သို့ ဘုန်းလက်ရုံးနှင့် ပြည့်စုံမှု၊ ရဲစွမ်းသတ္တိရှိမှု စသော အရည်အချင်းများ ရှိသင့်ကြောင်း ညွှန်ပြဖော်ဆောင်နေပေသည်။

ရာမမင်းသား လေးတင်ရာ၌-

"ဘုန်းခေါင်စကြာ ငါရာမမင်း၊ ဘယ့်နှယ်တင်းမလဲ၊ ရန်နင်းဘုရား ပါတကား"[၁]

ဟု လည်းကောင်း၊

"နင်မှျလေးဆိုး၊ ဖောင်ဖောင်ကျိုးရှေ့ဟဲ့"[၂]

ဟု လည်းကောင်း လေးကြိမ်းပုံ၊ လေးတင်ပုံများကို ရေးထားသည်။ ရာမမင်းသားကိုယ်တိုင်၏ ပြုမူလှုပ်ရှားဟန်ဖြင့် ရာမမင်း၏စွမ်းရည်၊ မာနနှင့် ယုံကြည်ချက်တို့ ပေါ်လွင်ထင်ရှားစေသည်။ ထိုသို့ ဇာတ်ဆောင်အား ဘုန်းတန်ခိုးရှင်အဖြစ် ဖန်တီးထားခြင်းဖြင့် စာဖတ်သူတို့ နှစ်သက်စွဲမက်စေသည်။

ရာမမင်းသားသည် ဖခင်၏ ထီးနန်းဆက်ခံရန် အခွင့်အရေး ရခဲ့သော်လည်း ခမည်းတော်၏ မယ်တော်ကေကရအပေါ် ထားခဲ့သော ကတိစကားကြောင့် (၁၄)နှစ်မျှ တော၌နေရန် ခမည်းတော်၏အမိန့်ကို ရိုသေစွာ ခံယူသူအဖြစ် ရပ်တည်ခဲ့သည်။ 'ခမည်းတော်၏ ကတိသစ္စာလည်း မပျက်စေရအောင် တောမှာ ဆယ့်လေးနှစ် နေပါဦးတော့မည်'[၃] ဟူသော ရာမမင်းသားကိုယ်တိုင် လျှောက်တင်စကားအရ ရာမမင်းသား၏ မိဘစကား မပယ်ရှားသော သားကောင်းစရိုက်ကို တွေ့ရသည်။ ရာမမင်းသားစရိုက်ဖြင့် မင်းညီမင်းသားတို့မည်သည် ခမည်းတော် မယ်တော်တို့၏ စကားကို ရိုသေလေးစားစွာ နာခံသင့်၊ ခံယူသင့်သည် ဟူသော အကျင့်ကောင်းကိုလည်း ပေါ်လွင်အောင် ဖန်တီးထားနိုင်ပေသည်။

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၃၁။
[၂] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၃၁။
[၃] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၅၀။

ရာမပြဇာတ်တော်ကြီးတွင် ရာမနှင့် သီတာဒေဝီတို့သည် တောတွင်း၌ အတူတကွ ရှိရာမှ ဒသဂီရိက သီတာအား လင်္ကာဒီပသို့ ခိုးယူခန်းသည် စာဖတ်ပရိသတ် စိတ်လှုပ်ရှားရဆုံး ဖြစ်သည်။ ဤအခန်းသို့ ရောက်ရန်အတွက် ဒသဂီရိ၏ ဦးရီးတော် မာရဇ္ဇအား သမင်ယောင်ဆောင်စေပြီး သီတာဒေဝီ လိုချင်စိတ် ဖြစ်ပေါ်အောင် ဟန်ရေးပြစေခဲ့သည်။ သီတာဒေဝီက ရွှေသမင်လိုချင်၍ ပူဆာခန်းတွင် ရာမမင်းသားက–

> "ရတနာမျက်ဖျော်၊ ဆင်းရွှေလျော်၊ အိုဇော်တစ်ခက်၊ ခုဘက် ဖမ်းမည် လိုက်ပမည်"[၁]

ဟု ပြောဆိုကာ ရွှေသမင်ဖမ်းရန် ထွက်ခွာပုံကို ဖန်တီးသည်။ ရာမမင်းသားသည် မိမိ၏ ဇနီးသည်အပေါ် အလိုလိုက်တတ်သော ယောကျ်ားကောင်းတို့၏ သဘောစရိုက် ပြည့်စုံသူဟု ဆိုရပေမည်။

ဒသဂီရိကို အနိုင်ယူ၍ သီတာဒေဝီကို ပြန်လည်ဆောင်ယူရန်အတွက် သုကြိတ်မျောက်မင်းနှင့် မဟာမိတ်ဖွဲ့ရပုံ၊ တန်ခိုးရှင် ဟနုမာန်မျောက်ကို လင်္ကာဒီပသို့ စေလွှတ်ပုံ စသည့် အခန်းများ၌ ရာမမင်း၏ ခေါင်းဆောင်ကောင်းတစ်ဦး၏ စိတ်ဓာတ်ကို တွေ့ရသည်။ မျောက်စစ်တပ်နှင့်အတူ လင်္ကာဒီပသို့ ချီတက်ပြီး ဒသဂီရိနှင့် ရင်ဆိုင် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ စစ်သည်ကောင်းတစ်ဦး၏ စိတ်ဓာတ်ကို တွေ့နိုင်သည်။

သို့သော် ရာမမင်းသားသည် ရာမပြဇာတ်တော်ကြီး တစ်ခုလုံးတွင် စရိုက်ကောင်းများဖြင့် ပါဝင်နေသော်လည်း သီတာဒေဝီနှင့် ပတ်သက်၍ တစ်ဖက်စွန်း ရောက်သည့် သံသယစိတ်လည်း ရှိနေပြန်သည်။ သီတာဒေဝီအား ဒသဂီရိထံမှရရှိပြီး ရာမမင်းက သူ၏သံသယကင်းရှင်းရန် မီးပုံတွင်းဆင်း၍ သီတာအား သစ္စာဆိုစေခန်း၊ ဒသဂီရိထံမှ ပြန်လည်ခေါ်ဆောင်လာပြီး ခဝါသည်လင်မယား၏ ပြောဆိုမှုကို ရာမမင်း ကြားရပြန်ကာ သီတာဒေဝီအား တောအရပ်သို့ နှင်ခန်း၊ ထို့နောက် တောအရပ်မှ ပြန်လည်ခေါ်ဆောင်လာပြီး ဒုတိယအကြိမ် မီးပုံအတွင်း သီတာအား ခုန်ဆင်းစေခြင်း၊ သီတာ၏ သစ္စာစကားဖြင့် ဝသုန္ဒြေနတ်သမီးက အပြီးတိုင် ခေါ်ဆောင်သွားခြင်း အခန်းတို့သည် စာဖတ်သူတို့အား ရင်နင့်ကြေကွဲဖွယ် ဖြစ်စေသော အခန်း ဖြစ်သည်။ ရာမမင်းသား၏ တိုင်းသူပြည်သားများ၏ သံသယကို ပယ်ဖျောက် ပေးစေလိုသော စိတ်ဓာတ်ဖြင့် သီတာကို သစ္စာဆိုစေခြင်း ဖြစ်သည်။ နိုင်ငံအုပ်ချုပ် မင်းလုပ်သူတို့သည် တိုင်းပြည်နှင့် ပြည်သူပြည်သားများ၏ ဆန္ဒကို အလေးထားကာ နိုင်ငံကို အုပ်ချုပ်နိုင်ရန်သင့်ကြောင်း ရာမမင်းသား၏စရိုက်မှ ဖော်ဆောင်နေပေသည်။

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၈၃။

မည်သို့ပင်ဆိုစေ ရာမပြဇာတ်တော်ကြီး၌ ရာမမင်းသားသည် သစ္စာကတိ တည်ကြည်သူ၊ မင်းကောင်းမင်းမြတ်တို့၏ ကျင့်ဝတ်များအတိုင်း ကျင့်ကြံသူ၊ သားကောင်း တစ်ဦး၊ ခင်ပွန်းကောင်းတစ်ဦး၊ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပြီး တည်ငြိမ် လေးနက်သော ဇာတ်ဆောင်စရိုက်တို့အပေါ် အားရကျေနပ်မှု ဖြစ်စေသည်ဟု ဆိုရ ပေမည်။

## သီတာမင်းသမီးစရိုက်

ရာမပြဇာတ်တော်ကြီးတွင် သီတာမင်းသမီးသည် တန်ခိုးရှင် ရာမမင်းသားနှင့် တန်ခိုးရှင် ဒသဂီရိတို့ အားပြိုင်ကြရာ၌ အဓိကပါဝင်ရသူ ဖြစ်သည်။ ရာမနှင့် ဒသဂီရိတို့သည် သီတာကို အကြောင်းပြု၍ အနိုင်မခံ၊ အရှုံးမပေး အားပြိုင်ရင်း ရာမဇာတ်လမ်း၏ ရည်ရွယ်ချက်ဖြစ်သော ဓမ္မဝါဒီသမား အနိုင်ရရေး၊ အဓမ္မဝါဒီ ကျဆုံးရေးကို ဖော်ဆောင်ထားသည်။ ထိုဇာတ်ကွက်ကို ဖန်တီးရင်း ပရိသတ်၏ သဘောကျ နှစ်ခြိုက်မိစေသည့် ဇာတ်ဆောင်စရိုက်တို့ကို ဖော်ကျူးထားသည်။ သီတာ ဒေဝီသည် ဓမ္မဝါဒီသမား ရာမမင်းသားကို လိုလားပြီး အဓမ္မဝါဒီသမား ဒသဂီရိကို မလိုလားသော၊ ဆန့်ကျင်သော ဇာတ်ရုပ်ကို ပီပီပြင်ပြင် စွမ်းဆောင်ရသော ဇာတ်ဆောင် အဖြစ် ပါဝင်သည်။

ရာမပြဇာတ်တော်ကြီးတွင် လေးတင်ပွဲ၌ သီတာမင်းသမီးသည် ရာမမင်းသား အပေါ် ချစ်ခင်သော အမူအရာဖြင့်–

> "ပန်းကုံးဆက်ချင် ဟန်ပြစေ၊ သည်မင်းသားသည် ငါ၏အရှင်
> မှန်ပြီဖြစ်သည် နှလုံးထားဟန်"[၁]

စသည့် အပြုအမူများကို ဖော်ပြထားသည်။ မူရင်းမြန်မာပြန် ရာမာယဏ၌ မပါဝင်ပေ။ ရာမပြဇာတ်တွင် အဆာထည့်ထားခြင်း ဖြစ်သည်။ သီတာ၏ အပျိုတော်များက ဒသဂီရိကို မြင်ရုံနှင့်–

> "ကြည့်စမ်းမမင့်၊ မမြင်စဖူး၊ အသွင်ထူးသနှင့် ဘီလူးလား၊
> သဘက်လား၊ သူ့ပုံက ဆိုးလိုက်တာ"[၂]

ဟုလည်းကောင်း၊

---

[၁] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၂၈။
[၂] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၂၆။

"သူ့ရူပကာ၊ မူအရာ၊ မျက်နှာမှာခလုတ်၊ ကျပ်သဘက်တွေ၊ အစိမ်းသေ၊ တစ္ဆေရုပ်လို"[၁]

ဟု လည်းကောင်း အခမ္မဝါဒီသမား ဒသဂီရိအပေါ် မလိုလားသော အပြောအဆိုများဖြင့် ဖြည့်စွက်ထည့်ထားသည်။ လူ့သဘာဝအဖွဲ့များနှင့် သဘာဝကျပြီး မြင်ယောင်လာအောင် ရေးဖွဲ့သည်။ ဤသို့ ဓမ္မဝါဒီဇာတ်ဆောင် ရာမကို လိုလားသော၊ အခမ္မဝါဒီဇာတ်ဆောင် ဒသဂီရိကို မလိုလားသော သီတာ၏စရိုက်ကို စတင်မိတ်ဆက်ပေးခြင်းဖြင့် ဇာတ်လမ်းကို ဆွဲဆောင်မှုရှိအောင် ဖန်တီးသည်။ ဒသဂီရိ၏ ကြမ်းတမ်းသော စရိုက်ကို မလိုလားသော၊ မနှစ်မြို့သော သွင်ပြင်ကို ရာမပြဇာတ်တော်ကြီး၌ ပုံဖော်ကာ သီတာဒေဝီအား ရာမဘက်မှ ရပ်တည်မည့် ဓမ္မဝါဒီဇာတ်ဆောင်အဖြစ် ဖန်တီးသည်။ မူရင်းမြန်မာပြန် ရာမာယဏ၌ ဒသဂီရိသည် လေးတင်ခန်း၌ မပါဝင်ပေ။ လေးတင်ပွဲ၌ ရာမမင်း လေးတင်နိုင်စေရန် သီတာ၏ ပြောဆိုမှုတွင်-

"---သဟာသကို၊ ခဏာယူငင်၊ သမ္ဘာတော်ထူး၊ သစ္စာတော် ဦးပေတဲ့၊ ဖူးစာရှင်"[၂]

ဟု ဖော်ပြသည်။ ရာမမင်းသားအပေါ် မြင်ရုံနှင့် ချစ်ခင်မြတ်နိုးစိတ်၊ ဖူးစာရှင်ဟု စုံမက်မိသောစိတ်ရှိသူအဖြစ် ပြဆိုသည်။ ရှေ့လာမည့် ဇာတ်လမ်းတွင် ရာမနှင့် သီတာ ဆုံစည်းတော့မည့်အရေးကို စာဖတ်သူ စိတ်ဝင်စားအောင် ဆွဲဆောင်မှုရှိစေသော ဇာတ်ဆောင်စရိုက်ကို ဖန်တီးထားသည်။ စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ဖြည့်စွက် ဖန်တီးထားသော ဇာတ်ဆောင်စရိုက်ဟု ဆိုနိုင်သည်။

မူရင်းမြန်မာပြန် ရာမာယဏ၌ သီတာမိဖုရားသည် တောသို့ မလိုက်ရလျှင် မဖြစ်ကြောင်း ရာမမင်းသားထံ တောင်းဆိုငိုကြွေးသည်။

"အရှင်နှင့် နေရလျှင် ဆူးနှင့် တွေ့ခြင်းသည် ဝါဂွမ်းနှင့် သမင် ရေတွေ့ထိဘိသကဲ့သို့၊ အရှင်နှင့်ကင်းရလျှင် ငရဲသဖွယ်ဖြစ်ကြောင်း၊ အသက်စွန့်ခြင်းသာ ကောင်းမြတ်ကြောင်း"[၃]

တင်ပြထားသည်။ ရာမပြဇာတ်တော်ကြီး၌ ရာမမင်းသားက သီတာမင်းသမီးအား တောအရပ်သို့ မလိုက်ရန် ပြောသောအခါ-

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၂၆။
[၂] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၃၀။
[၃] ကိတ္တိမ၊ ၁၉၆၉၊ တွဲ-၂၊ ၂၀၂-၂၀၃။

> "ဟာ ဟာ ထိပ်ချာ၊ ကြွသွားရာကို၊ တစ်နာရီဝက်၊ လျှပ်တပြက်မျှ၊ ခွာရက်ပါဘူး၊ ရှည်ကြူးတွက်စစ်၊ ဆယ့်လေးနှစ်စည်၊ တောခွင်စုံဖျား၊ သခင်သွား၍၊ ပစ်ထားမယ့်ကို၊ နေရစ်ဆိုသော်၊ သက်ကိုစွန့်အံ့ ---"[၁]

ဟူ၍ ပြောဆိုကာ တောအရပ်သို့ လိုက်ပါလိုကြောင်း လျှောက်၏။ စာရေးသူသည် နန်းတွင်းပြဇာတ်တော်များ ရေးဟန်အတိုင်း လင်္ကာ၊ စကားပြေ နှစ်ထွေရော ပုံစံဖြင့် မြန်မာဆန်ဆန် တင်ပြသည်။ သီတာ၏ ခင်ပွန်းနှင့်ခွဲခွာ၍ မနေလိုသော စရိုက်၊ ခင်ပွန်း၏တာဝန်ကို ကျေပွန်လိုသော ဇနီးကောင်းစရိုက်၊ ခင်ပွန်းနှင့် အတူတကွ လိုက်ပါလိုသော မိန်းမကောင်း မိန်းမမြတ် စရိုက်များကို ဇာတ်ဆောင်၏ အပြောနှင့် တင်ပြထားသည်။

သီတာမင်းသမီးသည် ထီးရိပ်နန်းဖွား မင်းသမီးပီပီ သာယာချိုသာစွာ ပြောတတ်သော၊ ယဉ်ကျေးသိမ်မွေ့သော၊ ခင်ပွန်းအပေါ် ရိုသေလေးမြတ်စွာ ဆက်ဆံတတ်သောသူအဖြစ် စာရေးသူက ရွှေသမင်ဖမ်းပေးရန် ပူဆာခန်းတွင် ပုံဖော်ထားသည်။

> "မွေးဖို့ငယ်ကြုံ၊ သည်မှော်ရုံဂန္ဓမှာမှ၊ အလှဆယ်လှော်စင်တဲ့ ရွှေသမင်ထူး"[၂]

ဟု လည်းကောင်း၊

> "ဘုန်းတော်ဖန်၊ ဉာဏ်စွမ်းနှင့် မြန်မြန်လိုက်ဖမ်းတော်မူသင့်ပါ"[၃]

ဟု လည်းကောင်း ပြောဆိုပုံများအရ သိနိုင်သည်။ မူရင်းမြန်မာပြန် ရာမာယဏတွင် ရွှေသမင်ပူဆာခန်း၌ 'ရာမအား ရွှေသမင်ဖမ်းယူလာရန် တိုက်တွန်းပုံ'[၄] ကိုသာ သာမန် တင်ပြထားသည်။ ရာမပြဇာတ်တော်ကြီးတွင်မူ သီတာ၏စရိုက်ကို နန်းဆန်ဆန်တင်ပြ ထားသည်မှာ ပို၍ထူးခြားပေသည်။ မူရင်းမြန်မာပြန် ရာမာယဏ၊ မဟာရာမဝတ္ထု၊ ရာမသာချင်းတို့တွင် ဖော်ပြထားသည့် သီတာ၏အမူအရာ ဟန်ပန်အသံများထက် ရာမပြဇာတ်တော်ကြီးလာ သီတာ၏ နုသံ နွဲ့သံများသည် ပို၍ယဉ်ကျေးသိမ်မွေ့သော ဇာတ်ဆောင်စရိုက် ပုံပေါ်လာစေသည်။

---

[၁] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၅၁။

[၂] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၈၂။

[၃] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ-၂၊ ၈၃။

[၄] ကိတ္တိမ၊ ၁၉၇၀၊ တွဲ-၃၊ ၄၃။

ရာမပြဇာတ်တော်ကြီး၌ ဒသဂီရိနှင့် သီတာမိဖုရားတို့ အပြန်အလှန်ပြောစကားများ၊ မန္ဒောဒရီမိဖုရား စသော ကိုယ်လုပ်မောင်းမတို့၏ ပြောစကားတို့ဖြင့်လည်း သီတာဒေဝီ၏ စရိုက်ကို တွေ့ရပေသည်။ သီတာမိဖုရားက ဒသဂီရိအား–

> "ငါ၏နှလုံးမူကား လောကသုံးပါးတွင် ကိုးကွယ်မရှိ၊ မှောင်အတိကို လင်းစေတတ်အောင် ဆောင်နိုင်သော ရာမမင်းမှတစ်ပါး ငါပူဇော် ထိုက်သူမရှိ"[၁]

ဟူ၍ ပြောဆိုသည်ကို ပုံဖော်ပြထားသည်။ ရာမမင်းမှတစ်ပါး မည်သူ့ကိုမျှ တပ်မက် ငြီစွန်းခြင်းမရှိဘဲ တရားစောင့်သော သီတာဒေဝီ၏စရိုက်သည် ပို၍ ပေါ်လွင်လာသည်။ မူရင်းမြန်မာပြန် ရာမာယဏတွင် သီတာအား ဘီလူးမသရမာက–

> "အားပေးပုံ၊ ရာဝဏ၏အကြောင်း လျှောက်ထားပုံ၊ ရာမ အောင်မြင်ပြီး အရှင်မထံ လာမည်ဖြစ်ပုံ"[၂]

တို့ကို တင်ပြထားသည်။ သီတာမင်းသမီး၏ ခင်ပွန်းအပေါ် စိုးရိမ်ပူပန်သော စိတ်ထား ရှိသူအား အားပေးကူညီသူများ ရှိနေပုံကို တွေ့ရသည်။ ရာမပြဇာတ်တော်ကြီး၌ ဘီလူးမအပေါင်းသည် သီတာအား–

> "ပထမတွင် ခြိမ်းခြောက်ကြပုံ၊ သီတာက ရာမမင်းအပြင် မည်သူ့ ကိုမျှ စိတ်မထားပုံ၊ ဘီလူးမများက နောက်ဆုံး တြိဇတာ၏ အိပ်မက်ကြောင့် သီတာဒေဝီဘက်သို့ ပြန်ပါကြပုံ"[၃]

တင်ဆက်သည်။ ထို့ကြောင့် မြန်မာရာမစာပေ ဖြစ်သော ရာမပြဇာတ်တော်ကြီးတွင် သီတာ၏သစ္စာသမာဓိရှိပုံစရိုက်၊ သည်းခံနိုင်သော စရိုက်တို့ကို ပို၍ပေါ်လွင်စေရန် ဖန်တီးထားနိုင်ပေသည်။

ရာဇရာဇ်ဘီလူးမက သီတာအား လှံဖြင့် ထိုးဟန်ဖြင့်–

> "အသားကို ငါတို့စားမည်ဟု ခြိမ်းခြောက်သောအခါ သီတာက နင်တို့သတ်လည်း အသေခံမည်။ အသက်ကို ငါစွန့်မည်ဟု ဆိုသည် ဘီလူးမတို့သည် လှံကိုရုပ်သွားကြပုံ"[၄]

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၁၄၃။
[၂] ကိတ္တိမ၊ ၁၉၇၂၊ တွဲ–၆၊ ၂၀၀–၂၀၆။
[၃] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၃၊ ၁၄၆။
[၄] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၃၊ ၁၄၅။

တို့ကို ဖော်ပြထားသည်။ ထိုအပြန်အလှန်ပြောစကားအရ သီတာဒေဝီ၏ ရာမအပေါ် အသက်ထက် မြတ်နိုးသောစိတ်ဓာတ်၊ သစ္စာတရားအတွက် မည်သို့မျှ ကြောက်ရွံ့ခြင်း မရှိသည့်စိတ်ဓာတ်၊ ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းခြင်းမရှိအောင် စောင့်ထိန်းသည့် သီတာ၏စရိုက်သည် ပို၍ထင်ရှားပေါ်လွင်လာရသည်။

ရာမပြဇာတ်တော်ကြီးတွင် သီတာဒေဝီက ရသေ့ယောင်ဆောင်သော ဒသဂီရိအား 'လောင်းကန်တော့ဆွမ်း' သုံးကြိမ် ဆိုသည်။ မူရင်းမြန်မာပြန် ရာမာယဏနှင့် မြန်မာ့ ရာမစာပေအသီးသီး၌ 'ကန်တော့ဆွမ်း' လုပ်ခြင်း မပါဝင်ပေ။ ရာမဇာတ်တော်ကြီး၌ အသစ်ဖြည့်စွက်ထားခြင်း ဖြစ်သည်။ ပို၍မြန်မာဆန်စေသော စရိုက်ကို ဖန်တီးထား နိုင်သည်။ လက္ခဏမင်းသား တားခဲ့သည့် ရေစည်းကိုကျော်၍ ဆွမ်းလောင်းသောအခါ ဒသဂီရိ၏ ဖမ်းဆီးခြင်း ခံလိုက်ရခြင်းသည် သီတာဒေဝီ၏ အန္တရာယ်ကိုမမြင်သော သူတစ်ပါးပြောသောစကားကို ယုံလွယ်တတ်သော မိန်းကလေးစရိုက်အဖြစ် ပုံဖော် ထားသည်။

ရာမမင်းသည် လင်္ကာဒီပတိုက်ပွဲအပြီး၌ သီတာဒေဝီအား သွားလိုရာ သွားခွင့် ပေးပြီး၊ မိဖုရားအဖြစ် မသိမ်းပိုက်လိုကြောင်း ပြောဆိုသောအခါ သီတာဒေဝီက –

> "တော်ဖြောင့်သည့်အရာကို သိတော်မူသာအောင် မီးပုံမှာ ဆင်း၍
> ကိုယ်ကို သန့်ရှင်းပါရစေဘုရား"[၁]

ဟု လျှောက်တင်ပုံကို ဖော်ပြသည်။ မီးပုံတွင်းမှ သီတာဒေဝီသည် မည်သို့မျှ မဖြစ်ဘဲ ထွက်လာပုံ၊ ရာမမင်း သံသယကင်းပုံတို့ကို ဖန်တီးတင်ပြထားသည်။ သီတာဒေဝီ၏ သစ္စာရှိသော ဇနီးကောင်း၊ သီလတရား မြဲမြံစင်ကြယ်မှုရှိပုံ၊ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပုံ၊ တစ်ပါးသောယောကျ်ားနှင့် မဖောက်ပြန်သော မိန်းမကောင်းဖြစ်ပုံ၊ ရိုးသား ဖြောင့်မတ်ပုံ၊ စံပြဇနီးကောင်းတစ်ဦး၏ အရည်အချင်းများကို ပေါ်လွင်စေသော ဇာတ်ဆောင်ဖန်တီးမှုဟု ဆိုရပေမည်။

ဤသို့ဖြင့် ရာမပြဇာတ်တော်ကြီးတွင် သီတာဒေဝီ၏စရိုက်ကို အဓမ္မဝါဒီကို ဆန့်ကျင်သော စရိုက်၊ ဓမ္မဝါဒီကို ထောက်ခံသော စရိုက်များကို ပုံဖော်မှုအမျိုးမျိုးဖြင့် ဖန်တီးထားနိုင်သည်။ စာရေးသူသည် သီတာ၏စရိုက်ကို ဇာတ်ဆောင် အချင်းချင်း ပြောဟန်၊ ဇာတ်ဆောင်ကိုယ်တိုင်၏ အမူအရာများဖြင့် ဖန်တီးသည်။ သီတာ၏ သစ္စာကတိ တည်ကြည်မှု၊ ခင်ပွန်းကို အလေးထားမှု မိန်းမကောင်းစရိုက်၊ စံပြ ဇနီးကောင်းစရိုက်များ ထုံမွှန်းထားနိုင်သည်ဟု ဆိုရပေမည်။

---

[၁] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၃၊ ၁၄၅။

## ဒသဂီရိစရိုက်

ဒသဂီရိသည် ရာမဇာတ်တော်ကြီးတွင် တန်ခိုးအရှိန်အဝါ ကြီးမားပြီး နိုင်ထက်စီးနင်း ပြုမူလိုသော စရိုက်ပိုင်ရှင်အဖြစ် ပါဝင်သည်။ ဒသဂီရိသည် ရာမဇာတ်လမ်းတစ်ခုလုံးတွင် အဓမ္မဝါဒီသမားစရိုက်ဖြင့် သရုပ်ဆောင်ကာ သီတာဒေဝီကို မဆင်မခြင် ချစ်ကြိုက်မှုကြောင့် နောက်ဆုံး အဓမ္မဝါဒီ၏ကျဆုံးမှုကို တင်ပြထားသည်။

ရာမပြဇာတ်တော်ကြီးတွင် ဒသဂီရိညီအစ်ကို ဥပုသ်စောင့်၍ ဗြဟ္မာက ဆုပေးသောအခါ ကုမ္ဘကဏ္ဏက တစ်သက်လုံး အိပ်ပျော်သောဆုကို တောင်းသည်။ ဗြဟ္မာက ထိုဆုကိုပေးသဖြင့် ဒသဂီရိက ဗြဟ္မာပေးသောဆုကို ပြင်ပေးရန် ပြောသော အချက် ရာမပြဇာတ်တော်ကြီး၌ ပါဝင်သည်။

"မိမိစိုက်ပျိုးသော သစ်ပင်ကို မရှင်မလန်း ညှိုးမြန်းသေအောင်"[၁]

ပြုလုပ်သည်နှင့်တူကြောင်း ပြောဆိုသဖြင့် ဗြဟ္မာက တစ်ခါအိပ်လျှင် ခြောက်လမနိုးဘဲ အိပ်နိုင်သောဆု ပြန်ပေးခဲ့သည်။ မဟာရာမဝတ္ထု ရာမသာချင်းတို့၌ တစ်နှစ်အိပ်ခွင့်ပေးခြင်းနှင့် ကွဲလွဲပေသည်။ ဤအချက်အရ ဒသဂီရိသည် နှောင်တော်ပီသသော စရိုက်၊ ခေါင်းဆောင်ကောင်းစရိုက်ရှိသူဟု ဆိုရပေမည်။ ဒသဂီရိကို ဗြဟ္မာက–

"မသေသောဆုကို တောင်းပါသော်လည်း ပယ်ထား"[၂]

ကြောင်း သိလို၍မေးဟန်သည် ဒသဂီရိ၏ စေ့စပ်သောစရိုက်ရှိသူဟု ဆိုရမည်။ ထိုအချက်သည် အခြားမြန်မာရာမစာပေများ၌ မပါဝင်ပေ။

ရာမပြဇာတ်တော်ကြီး အခန်း(၁) ဒသဂီရိညီနောင်တို့ ဖွားမြင်ခန်းတွင် ဒသဂီရိသည် စတုမဟာရာဇ်ဘုံ၊ သိကြားပြည်၊ နဂါးပြည်တို့ကို တိုက်သဖြင့် အားလုံးက ဒသဂီရိထံ သစ္စာခံကြရသည်၊ ပျပ်ဝပ်ကျိုးနွံကြရသည်။ သိကြားမင်းက–

"မာန်တင်းကြမ်းကြုတ်၊ အလွန်ယုတ်သား စက်ဆုပ်စရာ၊
သူတကာတို့၊ ချမ်းသာမရ၊ ခိုက်ရန်ခသား၊ ဒသဂီရိ၊ မိုက်ဒိဋ္ဌိ"[၃]

ဟူ၍ ပြောဆိုပုံတို့ကိုထောက်လျှင် ဒသဂီရိ၏စရိုက်ကို သိနိုင်သည်။ အခြားဇာတ်ဆောင် ပြောစကားဖြင့် ဒသဂီရိ စရိုက်ဆိုးပုံ၊ သူတစ်ပါးအပေါ် ခိုက်ရန်ပြုပုံ၊ ဒေါသကြီးပုံ၊ ရန်ငြိုးပြင်းပုံ စရိုက်အဖုံဖုံကို ပေါ်လွင်စေသည်။

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၃၊ ၁၄၅။
[၂] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၁၊ တွဲ–၁၊ ၂၅။
[၃] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၁၊ ၃၂။

ရာမပြဇာတ်တော်ကြီးတွင် ဒသဂီရိသည် ဘိုးဘွားတို့၏ နေရာဒေသဖြစ်သည့် လင်္ကာပူရပြည်ကို ကုဝေရနတ်မင်းထံမှ ပြန်လည်တိုက်ခိုက်ရယူရန် အချင်းများသည့် အခန်း၌–

> "ဟဲ့ ကုဝေရ၊ ဂုဏ်ချီးပ၍၊ ငါ့ကိုနှိမ်နင်း၊ ဟင်းလင်းသော
> ပါးစပ်နှင့် ဒလစပ်ပြောသည်။ လည်ကြောဖြတ်မည်တဲ့"[၁]

ဟူသော အပြောတွင် ဒသဂီရိ၏ ကြမ်းတမ်းရက်စက်ရိုင်းစိုင်းသော စရိုက်၊ မိမိကိုယ်ကို အထင်ကြီးဘဝင်မြင့်သော စရိုက်၊ မိမိတန်ခိုးအားကိုးပြီး နတ်များကို အနိုင်ယူသော စရိုက်၊ အပြောရိုင်းသည့် သရုပ် ပေါ်လွင်စေသည်။ ဒသဂီရိ၏ ကြမ်းတမ်းမှု၊ ဘဝင်မြင့်မှု တို့ကို အပြောသာမက အမူအရာနှင့်ပါ ပေါ်လွင်အောင် ထည့်သွင်းဖန်တီးထားသည်။

ဝိသွသရဝါရသေ့ပြောသော စကားတွင်–

> "မူနည်ညစ်ညမ်း၊ အကျင့်သွမ်း၍၊ ကြမ်းတမ်းပြုရာတွင်"[၂]

ဟူ၍ ဖော်ပြထားသည်။ အခြားဇာတ်ဆောင်၏ ပြောစကားဖြင့် စရိုက်ဖော်ထားသည်။ ဗြဟ္မာက မပေးသင့်သောဆုကို ပေးမိသဖြင့် ဒသဂီရိသည် လူတကာကို စော်ကားပြီး၊ အနိုင်ယူပုံ၊ တရားမသိပုံ၊ အမူအရာညစ်ညမ်းပုံ၊ အကျင့်ဆိုးသွမ်းပုံ ကြမ်းတမ်းပုံ စရိုက်ကို ပေါ်လွင်စေသည်။

ရာမမင်းသား လေးတင်ခန်းတွင် ဒသဂီရိကို မြင်၍ အပျိုတော်များက–

> "ကြည့်စမ်းမမင့်၊ မမြင်စဘူး၊ အသွင်ကထူးသနှင့် ဘီလူးလား
> သဘက်လား၊ သူ့ပုံက ဆိုးလိုက်တာ"[၃]

ဟု ပြောဆိုရယ်မောကြသည်။ ဒသဂီရိ၏ ရုပ်သွင်ကို အခြားဇာတ်ဆောင်များ၏ အပြောဖြင့် တင်ပြထားသည်။ ထိုအခါ ဒသဂီရိ ပြင်းစွာအမျက်ထွက်၍ လေးကိုင်း ကိုင်ပြီး ကြိမ်းပပြောဆိုသည်။ လေးကို ကြွချီရုံသာရပြီး မတင်နိုင်ပေ။ သို့သော်–

> "တစ်ရာတစ်ပါးမင်းတို့ မကြွချီနိုင်သော သဟဿထာမ လေးကို
> ကြွချီနိုင်သဖြင့်"[၄]

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၁၊ ၄၅။
[၂] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၁၊ ၅၁။
[၃] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၂၆။
[၄] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၂၆။

သီတာမင်းသမီးကို ရသင့်ကြောင်း၊ ပန်းကုံးဆက်သသင့်ကြောင်း ပြောဆိုပုံအရ ဒသဂီရိသည် သီတာဒေဝီကို ပိုင်ဆိုင်လိုသော ယောကျ်ားတို့ သဘောသဘာဝ၊ ရုပ်ဆိုးသည်ဟု ပြောခြင်းကို မခံလိုသော စရိုက်၊ အမျက်ဒေါသ ခက်ထန်သော စရိုက်တို့ကို ခြယ်မှုန်းထားသည်ဟု ဆိုရပေမည်။

ဒသဂီရိသည် သီတာဒေဝီအား ခိုးယူခန်းတွင်–

> "ငါ၏နှမတော်ကို ညှင်းဆဲလေသည်၊ ငါ့ကို နိုင်ဖူးသူမရှိ၊ ရာမကို ငါတိုက်မည်၊ သီတာဒေဝီကို ရအောင်ယူမည်"[၁]

စသည်ဖြင့် ကြိမ်းဝါးပြောဆိုမှုအရ ဒသဂီရိသည် ရှေ့နောက်စဉ်းစားဆင်ခြင်မှုမရှိသော စရိုက်၊ နှမတော်ပြောသမျှ ယုံလွယ်ပြီး အမှားအမှန် မစိစစ်ဘဲ ကလဲ့စားချေလိုသော စရိုက်၊ သူတစ်ပါးမယားကို ခိုးရန် ဝန်မလေးသော စရိုက်တို့ကို ခြယ်မှုန်းဖော်ပြထားသည်ဟု ဆိုရပေမည်။

မန္တေ္တာဒရီမိဖုရားကြီးက–

> "မင်းတို့မည်သည် သူတစ်ပါးသားမယား မပြစ်မှားသင့်ကြောင်း၊ သီတာဒေဝီသည် လောကသုံးပါး၌ ရာမမင်းကိုသာ ချစ်ခင်ကြောင်း၊ အသက်သာ အသေခံမည့်သူ ဖြစ်ကြောင်း၊ ထို့ကြောင့် သီတာဒေဝီကို မပြစ်မှားသင့်ကြောင်း"[၂]

ပြောဆိုလျှောက်ထားရာ၌လည်း ဒသဂီရိ နားမဝင်၊ တဇွတ်ထိုးနိုင်၍ မည်သို့မျှ ဖျောင်းဖျ နားချ၍မရနိုင်သော ဒသဂီရိစရိုက်ကို ပေါ်လွင်စေသည်။ နှမတော်သဗ္ဗနခကို မြင်သော အခါ ဒေါသဖြင့် သီတာဒေဝီကို အရယူမည်ဟု ပြောရာ သဗ္ဗနခက–

> "ပညာအကြံအစည်နှင့် လိမ်လည်လှည့်ဖြားယူတော်မူမှ ရပါမည်"[၃]

ဟု လျှောက်တင်ချက်ကိုမူ နားဝင်သည်။ နှမတော်အတွက် လက်စားချေလိုစိတ် ပြင်းပြနေသည်။ ဦးရီတော်မာရဇ္ဇ၏အကူအညီကိုယူကာ သီတာကိုခိုးယူရန် ကြံစည်သည်။ မယ်တော်နှင့်ညီတော်များကလည်း ဖျောင်းဖျသည်ကို ဒသဂီရိ လက်မခံဘဲ သူ့သဘော အတိုင်း ဆက်လက်လုပ်ဆောင်သည်။ ဤသို့သော ဒသဂီရိ၏ မှားယွင်းသော လုပ်ဆောင်ချက်ကို တားဆီးပုံသည် ရာမပြဇာတ်တော်ကြီး၌ အသစ်ထည့်ခြင်း ဖြစ်သည်။ အခြားရာမစာပေတို့၌ ဘိဘိသန တစ်ဦးတည်းသာ တားဆီးသည်။ ဒသဂီရိ၏ မှားတော့မည့်

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၇၈။
[၂] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၇၈။
[၃] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၇၈။

လုပ်ရပ်ကို မိသားစုဝင်များက စိုးရိမ်စွာ သတိပေးချက်သည်ပင် မြန်မာ့လူမှုရေးကို ပီပြင်ပေါ်လွင်စေသည်။ ဇာတ်ဆောင်၏သရုပ်ကို ထင်ရှားလည်း ထင်ရှားစေသည်။

ရာမမင်းနှင့် ဒသဂီရိစစ်ခင်းခန်း၌ ရာမမင်းမြှားချက်ဖြင့် ဒသဂီရိ ဦးခေါင်း တစ်လုံးကိုမှန်၍ ပြတ်သွားသည့်တိုင် မာန်မလျှော့သည့် ဒသဂီရိ၏ မိုက်ရူးရဲဆန်သော စရိုက်၊ တစ်ဖက်စွန်းရောက်သော စရိုက်ကို–

> "ဒသဆိုလျှင် မြင့်မိုရ်သိကြားမှ တုန်ဖျားဖျားရသည်။ ဦးခေါင်းသစ် ဖြစ်၍ မပစ်နိုင်က ရာမလေးညောင်းနေမည်ဟဲ့"[၁]

ဟု ဇာတ်ဆောင်စရိုက်ကို ဖန်တီးရေးဖွဲ့သည်။ ဇာတ်ဆောင်၏ ကိုယ်တိုင်ပြော စကားဖြင့် မိမိကိုယ်ကို အထင်ကြီးသော စရိုက်ကို တင်ပြသည်။ ဒသဂီရိ၏ နောက်မတွန့်၊ အပြောမလျှော့သော စရိုက်ကို ဖော်ကျူးထားသည်။

ဒသဂီရိ၏ ကိုယ်ချင်းစာစိတ် ကင်းမဲ့၍ ကိုယ်ကျင့်သိက္ခာ ပျက်ပြားသော စရိုက်ကို မန္ဒောဒရီနှင့် ကိုယ်လုပ်မောင်းမများ ပြောစကားတွင်–

> "မဖွယ်မရာ လင်ရှိမိန်းမကို သဘောရောက်ခြင်းကြောင့် မင်းဖြစ်ပါလျက်၊ ကဲ့ရဲ့ခံရသည်"[၂]

ဟု ဖော်ပြ၍ ဒသဂီရိ၏ အဓမ္မစရိုက်ကို ပေါ်လွင်စေသည်။ အခြားဇာတ်ဆောင်များ၏ ပြောစကားများဖြင့် သိုင်းဝိုင်းကာ ဒသဂီရိ၏ စရိုက်ကို ထင်ရှားစေသည်။

ဒသဂီရိကို ဇာတ်လမ်းအစမှအဆုံး အဆိုးဇာတ်ဆောင်အဖြစ် ဖန်တီးထားသည်။ မိမိ၏အတ္တကြောင့် အများဒုက္ခရောက်ကြရပုံကို တင်ဆက်ထားသည်။ ဒသဂီရိ၏ ဖြစ်ရပ်ကို သင်ခန်းစာယူ၍ ဆင်ခြင်နိုင်ကြရန် လမ်းညွှန်ထားသော ဇာတ်ဆောင် စရိုက် ဖန်တီးမှုများဟု ဆိုချင်သည်။

## ခြုံငုံသုံးသပ်ချက်

နေမျိုးနာဋ္ဌကကျော်ခေါင် ရေးသားသော ရာမပြဇာတ်တော်ကြီးတွင် ဇာတ်ဆောင် များစွာ ပါဝင်ခြင်းသည် ထူးခြားသည်။ တန်ခိုးရှင်ရာမမင်းကို အဓိကဇာတ်ဆောင် အဖြစ် ဖန်တီးထားသည်။ ရာမမင်းနှင့် အားပြိုင်ရန် ရန်သူဇာတ်ဆောင်အဖြစ် ဒသဂီရိကို ဖန်တီးသည်။ ရာမနှင့် ဒသဂီရိ တွေ့ဆုံရန်အတွက် သီတာဒေဝီကို ဖန်တီး

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၃၊ ၁၂၇။

[၂] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂၊ တွဲ–၂၊ ၁၄၃။

တင်ဆက်သည်။ ရာမမင်းသည် တရားနှင့်အညီ ကျင့်ကြံနေထိုင်သူ၊ ဘုန်းလက်ရုံး စွမ်းရည်ထက်မြက်သူ၊ အဓမ္မဝါဒီသမား ဒသဂီရိကို အနိုင်ယူသူ ဖြစ်သည်။ သီတာဒေဝီအား ဒသဂီရိက လှည့်ဖြားခိုးယူမှုအတွက် အခက်အခဲများ ကျော်လွှားရသူလည်း ဖြစ်သည်။ အနိုင်ရခြင်း၊ ပင်ပန်းဆင်းရဲရခြင်း တစ်လှည့်စီ ခံစားရပြီးနောက်မှ ဒသဂီရိကို အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ဒသဂီရိစရိုက်ကို တရားလက်လွတ်ပြုတတ်သူ၊ အဓမ္မ ဆန်သူ၊ အတ္တစရိုက်ကြီးသူအဖြစ် ပုံဖော်ဖန်တီးသည်။ သီတာကို အဓမ္မခိုးခြင်း၊ ရာမနှင့် စစ်ထိုးခြင်းတို့ဖြင့် အဓမ္မဆန်သော စရိုက်ကို ပုံဖော်ဖန်တီးသည်။ တန်ခိုး ဩဇာပေါ်မှီ၍ ကိုယ်ကျင့်တရား ပျက်ပြားသော စရိုက်အပေါ် အခြားဇာတ်ဆောင် တို့၏ မနှစ်မြို့သော အမြင်ဖြင့်လည်း တင်ပြသည်။ သီတာဒေဝီသည် ရာမမင်းမှ လွဲ၍ မည်သူ့ကိုမျှ တပ်မက်ခြင်းမရှိသော စရိုက်၊ သစ္စာတရားနှင့် ကိုယ်ကျင့်သိက္ခာ အတွက် အသက်ကိုသာ အသေခံမည့် စရိုက်များကို ဖန်တီးထားသည်။ အဓိက ဇာတ်ဆောင်သုံးဦး၏ စရိုက်များသည် စာဖတ်သူတို့အတွက် အတုယူဖွယ်၊ ဆင်ခြင်ဖွယ် ဖြစ်စေသည်။ တရားမှုနှင့်မတရားမှုတွင် နောက်ဆုံးတရားခြင်းသာ အောင်နိုင်ကြောင်း ကိုလည်း အသိပေးရာတွင် ဇာတ်ဆောင်စရိုက်ဖော်အဖွဲ့များက ကောင်းစွာ အထောက် အကူပြုထားသည်ကို တွေ့ရပါသည်။

## နိဂုံး

နေမျိုးနာဋ္ဌကကျော်ခေါင်သည် ရာမပြဇာတ်တော်ကြီးတွင် ခေတ်အဆက်ဆက် ပရိသတ်တို့၏ နှလုံးအိမ်၌ ရာမ၊ သီတာ၊ ဒသဂီရိ ဟူသော ဇာတ်ဆောင်တို့၏ စရိုက် များကို စွဲငြိနေအောင် ဖန်တီးထားနိုင်သည်။ တန်ခိုးရှင်ဇာတ်ဆောင်တို့၏ ကံသုံးပါး အမူအရာများဖြင့် စာဖတ်သူ၏စိတ်တွင် နှစ်သက်စွဲမက်စေအောင် ဖန်တီးနိုင်သည်။ တရားနှင့်အညီပြုမူခြင်းသည် ကောင်းသည်၊ မှန်ကန်သည်။ တရားလက်လွတ် နေထိုင် ပြုမူခြင်းသည် မှားယွင်းသည် ဟူသော အတွေးအသိကို ပေးစွမ်းနိုင်သည်။ ရာမဇာတ်တော်ကြီးလာ ဇာတ်ဆောင်စရိုက် ဖန်တီးမှုများသည် မြန်မာဆန်အောင် ပြောင်းလဲဖန်တီးတင်ဆက်နိုင်သဖြင့် ဇာတ်ဆောင်တို့အပေါ် ပရိသတ် စွဲမက်နှစ်သက် ရခြင်း ဖြစ်သည်။ ရာမကဲ့သို့ တရားနှင့်အညီ ပြုမူဆောင်ရွက်တတ်ရမည်။ ဒသဂီရိ ကဲ့သို့ အဓမ္မဆန်ပြီး တရားလက်လွတ် ကျင့်ကြံနေထိုင်ခြင်းသည် မကောင်းကြောင်း သိလာရသည်။ သီတာဒေဝီကဲ့သို့ သစ္စာကတိတည်ကြည်သော စိတ်ဓာတ်၊ ကိုယ်ကျင့် သိက္ခာ စောင့်စည်းနိုင်မှု စသည့် အကျင့်သီလများကို စံပြု၍ မြန်မာအမျိုးသမီးများ လိုက်နာကျင့်သုံးလိုစိတ် ဖြစ်ပေါ်လာအောင် ဇာတ်ဆောင်စရိုက် ဖန်တီးနိုင်ခဲ့သည်ဟု ဆိုရပေမည်။

## ကျမ်းကိုးစာရင်း


ကိတ္တိမ၊ အရှင်။ (၁၉၆၈)။ ***ရာမာယဏကျမ်း၊ ဗာလကဏ္ဍ***။ ရန်ကုန်။ပြဟ္မာစာပုံနှိပ်တိုက်။

ကိတ္တိမ၊ အရှင်။ (၁၉၆၈)။ ***ရာမာယဏကျမ်း၊ အယောဓယာကဏ္ဍ***။ ရန်ကုန်။ ပြဟ္မာစာပုံနှိပ်တိုက်။

ကိတ္တိမ၊ အရှင်။ (၁၉၇၀)။ ***ရာမာယဏကျမ်း၊ အရညကဏ္ဍ***။ ရန်ကုန်၊ ပြဟ္မာစာပုံနှိပ်တိုက်။

ကိတ္တိမ၊ အရှင်။ (၁၉၇၂)။ ***ရာမာယဏကျမ်း၊ ယုဒ္ဓကဏ္ဍ***။ ရန်ကုန်။ ပြဟ္မာစာပုံနှိပ်တိုက်။

ကျော်ခေါင်၊ နေမျိုးနာဋ္ဌက။ (၂၀၀၁)။ ***ရာမနန်းတွင်းပြဇာတ်တော်ကြီး၊ ပထမတွဲ***။ ရန်ကုန်၊ တူဒေးစာအုပ်တိုက်။

ကျော်ခေါင်၊ နေမျိုးနာဋ္ဌက။ (၂၀၀၂)။ ***ရာမနန်းတွင်းပြဇာတ်တော်ကြီး၊ ဒုတိယတွဲ***။ ရန်ကုန်။ တူဒေးစာအုပ်တိုက်။

ကျော်ခေါင်၊ နေမျိုးနာဋ္ဌက။ (၂၀၀၂)။ ***ရာမနန်းတွင်းပြဇာတ်တော်ကြီး၊ တတိယတွဲ***။ ရန်ကုန်၊ တူဒေးစာအုပ်တိုက်။

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၂၀၀၆)။ ***ဇာတကပင်လယ်နှင့် ရာမာယဏကို ခြေရာခံခြင်း***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ဇော်ဂျီ။ (၁၉၉၃)။ ***စာပေါင်းချုပ်၊ ပထမတွဲ***။ ရန်ကုန်၊ တင်ရွှေပုံနှိပ်တိုက်။

မောင်မောင်ကြီး။ (၁၉၆၃)။ ***မြန်မာပြဇာတ်ရေစီးကြောင်း***။ တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၄။ အပိုင်း–၁။

မောင်မောင်တင်၊ မဟာဝိဇ္ဇာ။ (၁၉၇၁)။ "မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေသမိုင်း"၊ ***ပြဇာတ်နှင့် ပြဇာတ်စာပေ***။ ရန်ကုန်။ စာပေဗိမာန်။

***မြန်မာအဘိဓာန်***။ (၁၉၉၁)။ ပထမအကြိမ်။ ရန်ကုန်၊ ပညာရေးဝန်ကြီးဌာန။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ခင်ခင်ထူး၏ ဈေးခြင်းတောင်းဝတ္ထုတိုများဖန်တီးမှု

မီမီဝင်းမြ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခင်ခင်ထူး၏ ဈေးခြင်းတောင်းဝတ္ထုတိုများမှ ဝတ္ထုတို(၃)ပုဒ်ကို ထုတ်ဖော်တင်ပြ၍ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ခင်ခင်ထူးသည် ဝတ္ထုတိုများကိုရေးဖွဲ့ရာ၌ ဘဝသရုပ်ဖော် ဝတ္ထုတိုများကို အများဆုံးရေးဖွဲ့ခဲ့ပါသည်။ ဤစာတမ်း၌ အခန်း(၁) ဝတ္ထုတို၏ သဘောနှင့်ဖန်တီးမှု၊ အခန်း(၂) ခင်ခင်ထူး၏ ဝတ္ထုတိုသုံးပုဒ် ဖန်တီးမှုကို လေ့လာတင်ပြခြင်းတို့ ဖြစ်ပါသည်။ ဝတ္ထုတိုသုံးပုဒ်ကို လေ့လာတင်ပြရာတွင် ဈေးခြင်းတောင်းဝတ္ထုထဲတွင် ပါဝင်သော 'ဈေးခြင်းတောင်း၊ တစ်ခွန်းဈေးနှင့် ဈေးသည်မ မပိုင်း' ဝတ္ထုတိုသုံးပုဒ်ကို အလေ့လာခံအဖြစ် ရွေးချယ် တင်ပြထား ပါသည်။

## နိဒါန်း

စာရေးဆရာမ ခင်ခင်ထူးသည် မျက်မှောက်ခေတ်၌ လုံးချင်းဝတ္ထုရှည် ဝတ္ထုတိုများဖြင့် ကျော်ကြားနေသူ တစ်ဦးဖြစ်ပါသည်။ သူ၏ဝတ္ထုတိုများသည် အညာဓလေ့ကို နောက်ခံပြု၍ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ဝတ္ထုတိုများထဲ၌လည်း ပါးကွက်ကျား ဝတ္ထုတိုများ၊ ဆံရစ်ဝိုင်းဝတ္ထုတိုများ၊ ပဲသင်းကောက်ဝတ္ထုတိုများ၊ ဈေးခြင်းတောင်း ဝတ္ထုတိုများဟု မြန်မာမှု မြန်မာဟန်ပါသော မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထင်ဟပ်နေသော ဝတ္ထုတိုများ ပါဝင်ပါသည်။

ဈေးခြင်းတောင်းဝတ္ထုတွင်မူ စာရေးသူသည် ဈေးနှင့်ပတ်သက်သော အကြောင်း အရာများကို စုစည်း၍ ရေးသားထားသည့် ဝတ္ထုတိုများကို စုပေါင်းထုတ်ဝေထား ပါသည်။ ဈေးခြင်းတောင်းဝတ္ထုတိုများတွင် မြန်မာအိမ်ရှင်မတို့၏ ဈေးခြင်းတောင်းကို ဆွဲကာ တစ်တောင်းလုံး ပြည့်လျှံအောင် ဝယ်လေ့ရှိသည့် ဓလေ့စရိုက်တို့ကို ဖော်ကျူး ထားသည့် တစ်ခွန်းဈေး၊ တောဈေး၊ တစ်မနက်ခင်းဈေး၊ ပွဲဈေးတန်း စသည့် ဝတ္ထုတိုများ ပါဝင်သည်။ ဈေးအမျိုးအစား မတူညီသည်နှင့်အမျှ အနေအထား ဓလေ့ စရိုက်များ ကွဲပြားပုံကို မရိုးရ မထပ်ရအောင် ဇာတ်ကွက်ဆင် တင်ပြထားပါသည်။

ထို့ပြင် ဈေးရောင်းသူနှင့်ဝယ်သူတို့၏ ဆက်ဆံရေးအခြေအနေကို ဖော်ပြသော အမေနှင့်ဈေးသည်များ၊ အမေနှင့်ဈေးဝယ်များ၊ ဈေးသည်မ မပိုင်း ဆိုသည့် ဝတ္ထု

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

များလည်း ပါဝင်ပါသည်။ ဤစာတမ်းတွင်မူ ဈေးခြင်းတောင်း၊ တစ်ခွန်းဈေးနှင့် ဈေးသည်မ မဝိုင်း ဆိုသည့် ဝတ္ထုတိုသုံးပုဒ်၏ ဖန်တီးမှုအတတ်ပညာကို လေ့လာ တင်ပြထားပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် ဝတ္ထုတစ်ပုဒ်ချင်း၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ရှုထောင့်၊ ဖန်တီးမှုများကို မရေးဘဲ ဝတ္ထု တစ်ပုဒ်ချင်းတွင် ဇာတ်ဆောင်စရိုက် အားသာမှုရှိလျှင် ဇာတ်ဆောင်စရိုက်ဖန်တီးပုံနှင့် ပတ်သက်သည့် ဖန်တီးမှုအတတ်ပညာကို အလေးပေးတင်ပြသွားပါမည်။ နောက်ခံ အဖွဲ့ကို အားပြုထားသော ဝတ္ထုတိုဖြစ်ခဲ့လျှင် နောက်ခံအဖွဲ့များကို အလေးပေး၍ လေ့လာတင်ပြပါမည်။ ရှုထောင့်ကြောင့် ဝတ္ထု၏အနေအထား ထူးခြားမှုရှိလျှင်လည်း ရှုထောင့်၏သဘောကိုပါ ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်ချင်းတွင် အားပြုထားသော ဝတ္ထုအင်္ဂါရပ်များကို အလေးပေး ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။ အခန်း(၁) ဝတ္ထုတို၏သဘော၌လည်း ဤစာတမ်းပါ ဝတ္ထုတိုများကို ဆွေးနွေးရာတွင် ပါဝင်မည့် ဝတ္ထု၏အင်္ဂါရပ်များကိုသာ တင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ ဝတ္ထုတို၏သဘောနှင့် ဖန်တီးမှု

ဝတ္ထုတိုသည် အချိန်တိုအတွင်း၌ ဖတ်ရှုနိုင်စေရန် စကားလုံးအရေအတွက် နည်းနည်းနှင့် ကျစ်ကျစ်လစ်လစ် ရေးသားတင်ပြရပါသည်။ ထိုသို့ တင်ပြနိုင်ရန် စာရေးသူသည် လောကဝန်းကျင်ကို စိတ်ဝင်စားမှု ရှိရပါမည်။ စိတ်ဝင်စားသည် ဆိုရာ၌လည်း အလှဘက် အကောင်းဘက်မှ ရှုမြင်၍ စာဖတ်သူအပိုင်းမှ ချစ်သော မျက်စိဖြင့် ခံစားကြည့်ရှုနိုင်အောင် ရေးဖွဲ့ရမည် ဖြစ်ပါသည်။ ဝတ္ထုတိုတစ်ပုဒ်ကို ရေးဖွဲ့ရန်အတွက် ဒိဋ္ဌလောကကို စိတ်ဝင်စားရန် လိုအပ်သည့်အပြင် စာဖတ်သူ၌ရသ ခံစားမှုဖြစ်ပေါ်စေရန်အတွက် စိတ်ကူးနှင့်ပေါင်းစပ်၍လည်း ရေးဖွဲ့ကြရပါသည်။ ဝတ္ထုတို ဖန်တီးမှုနည်းလမ်းကို 'ရိုစကီး' က အောက်ပါအတိုင်း ညွှန်ပြထားပါသည်။

> "စိတ်ကူးစာပေသည် စာရေးဆရာ၏ စိတ်ကူးပေါ်၌ အခြေခံသောကြောင့် ဖြစ်ရပ်မှန်နှင့် ဇာတ်ဆောင်များကို ပြုပြင်မွမ်းမံရသည်။ ထိုသို့ မွမ်းမံယူရသော်လည်း ယင်းတွင် ဒိဋ္ဌလောကကို မြဲခိုင်စွာ အမြစ်တွယ်ထားရသည်။"[၁]

ဟု ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ဝတ္ထုတိုတစ်ပုဒ်ကိုဖန်တီးရာ၌ စာရေးသူ၏ စိတ်ကူးကို အသုံးချရသည်။ ထိုစိတ်ကူးသည် ဒိဋ္ဌဓမ္မလောကကို အခြေတည်၍ ဖြစ်ပေါ်လာသော စိတ်ကူးသာ ဖြစ်ရမည်ဟု ဖြစ်ပါသည်။

---

[၁] Rozkis, 2004, 82.

ဝတ္ထုတိုသည် စိတ်ကူးနှင့်ဖန်တီးရေးသားရသော စာပေဖြစ်သည်။ စာရေးသူအနေနှင့် ဒိဋ္ဌလောကအပေါ်တွင် အာရုံခံစားမှု စူးရှထက်မြက်ပြီးလျှင် စိတ်ကူးအတတ်ပညာ၊ အရေးအဖွဲ့ အတတ်ပညာတို့ကို ကျွမ်းကျင်ရမည် ဖြစ်သည်။ ထိုကျွမ်းကျင်မှု (၂)မျိုးဖြင့် ဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်အောင် ဖန်တီးယူရပါသည်။ ဖန်တီးမှုသဘောနှင့်ပတ်သက်၍ ဇော်ဇော်အောင်က–

> "စာရေးခြင်း (ဝါ) ဝတ္ထု၊ ကဗျာ ရေးသားခြင်းကို ဖန်တီးသည်။ ဖန်တီးခြင်း (Creat, Creation) ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပါသည်။ ရေးသား ဖွဲ့နွဲ့ သီကုံး ပြုစု စသည့် ကြိယာအဓိပ္ပာယ်များကို ပေါင်း၍ ဖန်တီးမှုဟု ပြောလေ့ရှိပါသည်။ ဖန်တီးမှု၊ ဖန်တီးခြင်း ဆိုရာတွင် အသစ်လုပ်ခြင်း၊ အရင်က မရှိဖူးသော အရာကို လုပ်ခြင်း၊ ဖန်တီးသူကိုယ်တိုင်လုပ်ခြင်း ဟူသော သဘောများလည်း ပါဝင်ပါသည်။ ဖန်တီးမှု၏အလုပ်ကို ဖန်တီးခြင်း ဖြစ်၏။ အနုပညာသမားကို ဖန်တီးသူဟု ခေါ်ဆိုကြသည်။ အနုပညာပစ္စည်းတစ်ခုကို အနုပညာသမားက ဖန်တီးသည်ဆိုရာတွင်လည်း သူကိုယ်တိုင် ဖန်တီးသည်။ သူမှတစ်ပါး အခြား ဘယ်သူဘယ်ဝါမှ ဖန်တီး၍ မရနိုင်ဟု အဓိပ္ပာယ်ပေါက်သင့်သည်။ ထို့ပြင် အနုပညာပစ္စည်းတစ်ခုကို တစ်ကြိမ်သာ ဖန်တီး၍ရသည်။ နောက်တစ်ကြိမ် ထပ်ဖန်တီး၍ မရနိုင်ဟု နားလည်အပ်ပါသည်"[၁]

ဟု ဆိုထားပါသည်။

ဝတ္ထုတိုရေးသားခြင်း (Story Writing) စာအုပ်ကို ရေးသားသော 'ချားရေမွန်ဘားရက်' က–

> "ဝတ္ထုတိုသည် ယခုအချိန်တွင် ဖြစ်ရပ်တစ်ခု၊ သရုပ်ဖော်တစ်ခုထက် ပိုသည်။ ယင်းသည် သေချာသောအချက် ဖြစ်သည်။ ဝတ္ထုတိုသည် အဆက်မပြတ် တိုးတက်နေသည်။ ဝတ္ထုတိုသည် နေရာတစ်ခုသို့ ရောက်ရှိနေသည်။ ယင်းတွင် တွန်းအားပေးသော စိတ်ကူးတစ်ချို့ ရှိရမည်။ ဝတ္ထုတိုသည် အမှန်တရား တစ်ရပ်

---

[၁] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၄–၅။

ဖြစ်ရမည်။ ထိုနည်းဖြင့် ဝတ္ထုတိုက စာဖတ်သူကို အမှန်တရား၏ အမြင်သို့ အရောက်ခေါ်ဆောင်သွားနိုင်မည်။"[၁]

ဟု ဆိုထားပါသည်။

ဇာတ်ဆောင်ကိုဖန်တီးရာ၌လည်း စာရေးသူသည် မိမိ၏စိတ်ကို မိမိဖန်တီးမည့် ဇာတ်ဆောင်၏ စိတ်တွင်းသို့ဝင်ကာ ဈာန်ဝင်စားကြည့်ရပါမည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဆရာတက်တိုးက–

"ဇာတ်ကောင်တစ်ယောက်ကို ဖန်ဆင်းတော့မည်ဆိုလျှင် ဘဝတူ လူအများ၏ ဘဝကို လေ့လာရပါတယ်။ လေ့လာရာမှာလည်း မှတ်သားရုံနဲ့ မပြီးသေးပါဘူး။ စိတ်ဝင်စားမှုဆိုတာမျိုးနဲ့ လေ့လာရပါမယ်။ ဘယ်လိုလဲဆိုတော့ လယ်သမားတစ်ယောက်ကို ဇာတ်ဆောင်အဖြစ် ဖန်ဆင်းမယ်ဆိုရင် လယ်သမားရဲ့ဘဝကို စာရေးဆရာက စိတ်နဲ့ဝင်စားလိုက်ရပါတယ်။ စိတ်ဝင်စားဖို့ရာမှာလည်း မေတ္တာလိုပါတယ်၊ ကရုဏာလိုပါတယ်။ မေတ္တာနဲ့ ကရုဏာမရှိရင် စိတ်ဝင်စားဖို့ တစ်ကယ်တမ်း မဖြစ်နိုင်ပါဘူး။ စိတ်ဝင်စားတယ်ဆိုတာက ကိုယ့်စိတ်ကို သူ့ဘဝထဲ ထည့်လိုက်ရတာပါပဲ"[၂]

ဟု ဆိုခဲ့ပါသည်။

ဇာတ်ဆောင်ကို ဖန်တီးရာတွင် စာရေးသူသည် ဇာတ်ဆောင်၏ဘဝပေါ် မေတ္တာ၊ ကရုဏာထားပြီးလျှင် ကိုယ်နှင့်ထပ်တူ ခံစားရေးဖွဲ့ရမည် ဖြစ်ပါသည်။

ခင်ခင်ထူး၏ဝတ္ထုများကို လေ့လာကြည့်လျှင် မိမိဘဝနှင့် အလှမ်းဝေးကွာသော်လည်း မိမိဘဝပတ်ဝန်းကျင်တွင် ဖြစ်နေသော ဈေးသည်လူတန်းစားအများအပေါ်၌ စာနာစိတ်ဖြင့် ရှုမြင်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ဇာတ်လမ်းဖန်တီးမှုနှင့်ပတ်သက်၍ အောင်လင်းက–

"ဇာတ်ဆောင်တွေရဲ့ လူတန်းစားဘဝကို မေ့မပစ်ဖို့ပဲ။ ဒါကလည်း အရေးကြီးပါတယ်။ တစ်ခါတလေ ကျုပ်တို့ဇာတ်ဆောင်တွေဟာ ဘာလုပ်လို့ လုပ်လုပ်မှန်း မသိကြဘူး ဖြစ်နေတယ်"[၃]

---

[၁] Raymond Barrett , 1990, 4.

[၂] တက်တိုး၊ ၁၉၆၃၊ ၃၁၂။

[၃] အောင်လင်း၊ ၁၉၇၂၊ ၇၆ ။

ဟု ဆိုခဲ့ပါတယ်။

ဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်တို့၏ လူတန်းစားစရိုက် ပေါ်လွင်အောင် တင်ပြရာတွင် ပြောစကားဖန်တီးရာ၌လည်း သတိပြုရန် လိုအပ်ပါသည်။

ထိုအကြောင်းကို မာဂရက်လဒ်က–

> "ဝတ္ထုရေးသူ၏အလုပ်မှာ ဇာတ်ဆောင်အသီးသီး၏ ကွဲပြား ထင်ရှားသော ကိုယ်ပိုင်လေသံပေါ်အောင် ကူညီရမည်။ သို့မှသာ စာဖတ်သူတို့အနေနှင့် ဇာတ်ဆောင်တို့၏ စကားပြောဟန်ကို ခွဲခြားနိုင်မည် ဖြစ်သည်။ သင်သည် သင်၏ဇာတ်ဆောင်များကို သူတို့ပြောဟန်ဖြင့် ခွဲခြားပြနိုင်လေလေ၊ စာဖတ်သူတို့အနေနှင့် သူတို့၏ ပုဂ္ဂလိကစရိုက်အမှန်အဖြစ် ယုံကြည်မှု ရှိလာလေလေ ဖြစ်စေသည်။"[၁]

ဟု ဆိုခဲ့ပါသည်။ ပြောစကားသည် ဇာတ်ဆောင်စရိုက်ကို ပေါ်လွင်စေရမည်။

လူတန်းစားစရိုက်နှင့် လိုက်ဖက်ရမည်။ အတွေးအမြင်များ ပါဝင်ရမည်။ ထိုသို့အားဖြင့် ပြောစကား၏ အရေးပါပုံကို ကက်သရင်းမိုနာနှင့် ရက်ရပ်တို့က–

> "ဇာတ်ဆောင်၏ ပင်ကိုယ်စရိုက်သည် မှန်ခြင်း၊ ဇာတ်ဆောင် ရပ်တည်သည့် အဆင့်အတန်းနှင့် ဆီလျော်ခြင်း၊ ပြောသူ၏ အတွေးအမြင်များ ဖလှယ်ခြင်းများ၊ ပါဝင်ခြင်းများအပြင် အတွေးချင်း ဖလှယ်မှု ပါဝင်ရမည်။ ဘဝအတွက် အမှန်တရားဟု ထင်မြင်သော ပြောစကား ဖြစ်ရမည်။"[၂]

ဟု ဆိုထားပါသည်။

ဝတ္ထုတိုတွင် ရှုထောင့်ဆိုသည်မှာ ဇာတ်ကြောင်းပြောသူ၏ ရပ်တည်မှုနေရာကို ဆိုလိုသည်။ ရှုထောင့်နှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်က–

> "Fiction ရေးနည်း အတတ်ပညာမှ ရှုပ်ယှက်ခတ်နေသော နည်းနာဆိုင်ရာ ပြဿနာတစ်ခုလုံးကို ရှုထောင့်ရေးရာပြဿနာက လွှမ်းမိုးထားသည်ဟု ကျွန်ုပ်ယူဆသည် ရှုထောင့်ရေးရာပြဿနာ

---

[၁] Lucke, 1998, 43.

[၂] Moner and Raush , 1998, 155.

> ဆိုသည်မှာ ဇာတ်ကြောင်းပြောသူ ဘယ်အနေအထားက ရပ်တည်သည် ဟူသော ပြဿနာပင် ဖြစ်သည်”[၁]

ဟု ဆိုမိန့်ခဲ့ပါသည်။

ရှုထောင့် (၄)မျိုး ရှိပါသည်။

(၁) အားလုံးသိရှုထောင့် (omniscient point of view )

(၂) ကန့်သတ်သိရှုထောင့် (limited omniscient point of view )

(၃) ကိုယ်တိုင်ပြောရှုထောင့် (first person point of view )

(၄) ဓမ္မဓိဋ္ဌာန်ရှုထောင့် ( objective point of view)[၂]

တို့ဖြစ်သည်။

အားလုံးသိရှုထောင့်ကို တတိယလူရှုထောင့်ဟုလည်း ခေါ်ပါသည်။ အားလုံးသိရှုထောင့်တွင် ဇာတ်လမ်းအတွင်း၌ မပါဘဲ ဇာတ်လမ်းပြင်ပမှနေ၍ ဇာတ်ကြောင်းပြောသူမှာ စာရေးဆရာ ဖြစ်သည်။ စာရေးဆရာသည် ဇာတ်ဆောင်အားလုံး၏ ကိုယ် နှုတ် နှလုံး အမူအရာ သုံးပါးလုံးကို သိခွင့်ယူထားပြီး ဇာတ်ကြောင်းပြောခြင်း ဖြစ်သည်။ ထိုရှုထောင့်ကို သုံးခြင်းဖြင့် ရေးသူအနေဖြင့် ဇာတ်ဆောင်အားလုံး၏ အကြောင်းကို အတွင်းကျကျ ရေးသားနိုင်သည်။ ဇာတ်ဆောင်များ၏ ကိုယ် နှုတ် အမူအရာများသာမက စိတ်အမူအရာကိုပါ သိခွင့်ယူထားသောကြောင့် ဇာတ်ဆောင်အားလုံး၏ ခံစားမှုများ အတွေးများကို ဖော်ပြနိုင်သည်။

ကန့်သတ်သိရှုထောင့်ဆိုသည်မှာ ဇာတ်ကြောင်းပြောသူမှာ စာရေးသူပင် ဖြစ်သည်။ ဇာတ်ကြောင်းအပြောခံဇာတ်ဆောင်တို့ကို ရည်ညွှန်းရာ၌ ‘သူ’ နာမ်စားကို သုံးလေ့ရှိသည်။ အားလုံးသိရှုထောင့်ကဲ့သို့ပင် ရေးသူသည် ပြင်ပမှနေ၍ ဇာတ်ကြောင်းပြောသည်။ သို့ရာတွင် အားလုံးသိရှုထောင့်နှင့် မတူဘဲ ကွဲပြားခြားနားသည်။ ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်အားလုံး၏ ကိုယ် နှုတ် နှလုံး အမူအရာကို သိခွင့်ယူထားခြင်းမျိုး မဟုတ်ဘဲ အဓိကဇာတ်ဆောင် တစ်ဦး (သို့မဟုတ်) နှစ်ဦး၏ ကိုယ် နှုတ် နှလုံး အမူအရာကို သိခွင့်ယူ၍ ရေးသားခြင်း ဖြစ်သည်။ ထိုရှုထောင့်နှင့် ပတ်သက်၍ အောင်သင်းက–

[၁] ဘုန်းနိုင်(တက္ကသိုလ်)၊ ၁၉၈၁။

[၂] ဘုန်းနိုင်(တက္ကသိုလ်)၊ ၁၉၈၁။

> "ယနေ့ ဝတ္ထုဆရာများ အများဆုံးသုံးကြသော နည်းဖြစ်ပါသည်။ အပြောခံနာမ်စားဖြင့်ရေး၍ ဝတ္ထုဆရာက ဇာတ်ကောင်တစ်ယောက် (သို့မဟုတ်) နှစ်ယောက်လောက်၏ အကြံအစည်ကိုသာ သိခွင့်ယူထားသည်။ ကျန်ဇာတ်ဆောင်များကိုမူကား ကာယကံ၊ ဝစီကံကိုသာ သိခွင့်ယူသည်။ မနောကံကို သိခွင့်မယူ"[၁]

ဟု ဆိုထားပါသည်။

ကိုယ်တိုင်ပြောရှုထောင့် (သို့) ပထမလူရှုထောင့်ဆိုသည်မှာ ဇာတ်ကြောင်းပြောသူမှာ ကျွန်တော်၊ ကျွန်မ၊ ကျုပ်၊ ငါ ဆိုသည့် နာမ်စားကိုသုံး၍ ပြောရသည်။ ဇာတ်ကြောင်းပြောသူသည် ဝတ္ထုအတွင်းမှနေသည့် ဇာတ်ဆောင်တစ်ဦးလည်း ဖြစ်နိုင်သည်။ အဓိကဇာတ်ဆောင်လည်း ဖြစ်နိုင်သည်။ အရံဇာတ်ဆောင်လည်း ဖြစ်နိုင်သည်။ လေ့လာသူတစ်ဦးလည်း ဖြစ်နိုင်သည်။ ကိုယ်တိုင်ပြောရှုထောင့်ကို သုံးလျှင် ဇာတ်ကြောင်းပြောသူသည် မိမိ၏ ကိုယ် နှုတ် နှလုံး အမူအရာအားလုံးကို သိခွင့်ယူပြီးလျှင် တင်ပြနိုင်သည်။ သို့ရာတွင် အခြားဇာတ်ဆောင်တို့၏ စိတ်အမူအရာကိုမူ တင်ပြခွင့်မရပေ။ ထိုရှုထောင့်ကိုသုံးလျှင် ဇာတ်ဆောင်နှင့် ဖတ်သူသည် ပို၍ နီးကပ်မှု၊ ရင်းနှီးမှုရှိသည်ဟု ထင်ရသည်။ ဖြစ်ရပ်မှန်ဟုလည်း ထင်မြင်စေသည်။ ဆိုဖီကင်းက–

> "စာဖတ်သူသည် ကျွန်ုပ်ဆိုသည့် လေသံနှင့်အတူ စာရေးသူတင်ပြသည့် ဇာတ်လမ်းကို ထပ်တူ ခံစားဖတ်ရှုနိုင်သည်"[၂]

ဟု ဖော်ပြထားပါသည်။

ခင်ခင်ထူး၏ ဈေးခြင်းတောင်းဝတ္ထုတိုသုံးပုဒ်ကို လေ့လာတင်ပြရာ၌ အထက်ဖော်ပြပါ ဝတ္ထုတိုအင်္ဂါရပ်များထဲမှ ဖန်တီးမှုအတတ်ပညာများ သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

## ၂။ ခင်ခင်ထူး၏ ဈေးခြင်းတောင်းဝတ္ထုတိုများ ဖန်တီးမှု

ဤစာတမ်းတွင် ခင်ခင်ထူး၏ ဈေးခြင်းတောင်းဝတ္ထုတိုများ ဖန်တီးမှုကို လေ့လာတင်ပြရာ၌–

(၁) ဈေးခြင်းတောင်း၊

---

[၁] အောင်သင်း၊ ၁၉၉၄၊ ၁၇၉။

[၂] King , 2008, 101.

(၂) တစ်ခွန်းဈေး၊

(၃) ဈေးသည်မ မဝိုင်း၊

ဝတ္ထုတိုသုံးပုဒ်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

ခင်ခင်ထူးသည် မြန်မာ့ဓလေ့စရိုက်များကို အခြေခံ၍ ဝတ္ထုတိုပေါင်းချုပ် အမျိုးမျိုးကို ရေးသားထုတ်ဝေခဲ့ပါသည်။ ဈေးခြင်းတောင်းဝတ္ထုတွင် နံနက်လင်းလျှင် ဈေးခြင်းတောင်းကိုယ်စီဆွဲ၍ ဈေးဝယ်ထွက်လေ့ရှိသော မြန်မာအိမ်ရှင်မတို့၏ စိတ်စေတနာ အမူအရာများကို သရုပ်ဖော်ရေးဖွဲ့ထားသည်။ ဈေးတစ်မျိုးကို အခြေခံပြီးလျှင် (သို့) နေရာဒေသ နောက်ခံပြုပြီးလျှင် ဝယ်ယူရောင်းသူတို့ကို ဇာတ်ဆောင်များပြု၍ ထိုသူတို့၏ဆက်ဆံရေး၊ အတွေ့အကြုံဖြစ်ရပ်များ၊ ပဋိပက္ခများ၊ လိုက်လျောမှုများ စသည့် ဘဝပုံရိပ်အထွေထွေကို လူ့သဘာဝအဖွဲ့ကောင်းများနှင့် မွမ်းမံတင်ပြထားသည်ကို တွေ့ရပါသည်။

## ၂၊ ၁။ ဈေးခြင်းတောင်း

ဈေးခြင်းတောင်းဝတ္ထုတိုတွင် စာရေးသူတို့မိသားစုသည် မန္တလေးမြို့သစ်ရှိ ရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့လာရသည်။ ထိုနေရာသည် အလွန်စည်ကားသော ဈေးကြီးတစ်ဈေးနှင့် မဝေးလှပေ။ စာရေးသူသည် အိမ်နှင့်နီးသောဈေးသို့ ခင်ပွန်းသည်၊ သားငယ်တို့နှင့်အတူ ဈေးဝယ်ထွက်ခဲ့သည့် အတွေ့အကြုံများကို ဇာတ်လမ်းအဖြစ် တင်ပြထားခြင်း ဖြစ်ပါသည်။

ဈေးခြင်းတောင်းဝတ္ထုတွင် လက်ရှိအခြေအနေ၌ စာရေးသူသည် မိမိအိမ်နားရှိ ဈေးသစ်ကြီးသို့ ဈေးဝယ်လာသည့်အကြောင်းထက် နောက်ကြောင်းပြန် ဇာတ်ကွက်များကို သုံးကာ ငယ်စဉ်ကလေးဘဝက ဈေးဝယ်ထွက်တမ်းကစားကြပုံ၊ ဈေးဝယ်ကြပုံ၊ ဈေးဆစ်ကြပုံ၊ ပတ်ဝန်းကျင်တွင် တွေ့သမျှအပင်များကို ဆွတ်ခူးကြ၍ ဟင်းသီးဟင်းရွက်များ ပြုကြပုံ၊ ငွေစက္ကူများ ပြုကြပုံ၊ ဈေးဝယ်ပြီးသောအခါ ထမင်းဟင်းချက်ပြုတ်တမ်း ကစားကြပုံတို့ကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားသည်။ မျက်မှောက်အိမ်ရှင်မဘဝတွင် ဈေးဝယ်ခြင်းထက် ကလေးဘဝတွင် ဈေးဝယ်ခဲ့သည့် အတိတ်ဖြစ်ရပ်များကို အနုစိတ် သရုပ်ဖော်ထားသည်။ ထိုသို့ သရုပ်ဖော်ရာတွင် ကလေးတို့၏ အပြုအမူ၊ အပြောအဆို၊ လေသံများကို အရွယ်နှင့်လိုက်အောင် သရုပ်ဖော်ရေးဖွဲ့ထားသည့်အတွက် ဈေးခြင်းတောင်းဝတ္ထုသည် ငယ်ဘဝကို ဖြတ်သန်းခဲ့သူတို့အဖို့ စိတ်ဝင်စားဖွယ် ဖြစ်နေပါသည်။

စာရေးဆရာမ ခင်ခင်ထူးသည် ရပ်ခလေ့ ရွာခလေ့များ၊ ငယ်ခလေ့များကို ရေးဖွဲ့တင်ပြရာ၌ ကျွမ်းကျင်သူပီပီ ငယ်ငယ်က ဈေးဝယ်တမ်းကစားကြပုံများကို–

> “ရွာခရီးစပ်မှာ အလေ့ကျပေါက်နေတတ်သည့် အရွက်အသီး ကလေးတွေကိုဆွတ်ပြီး ဈေးခြင်းတောင်းထဲ ထည့်သည်။ ပါးစပ် ကလည်း လူကြီးလူကျယ်လုပ်ပြီး ဈေးစကားနာ စကားကြီး စကားကျယ်တွေ ပြောရတာကိုက အရသာတစ်မျိုးပင်။”[၁]

ဟု ရေးဖွဲ့ထားပါသည်။

ကိုယ်တိုင်ပြောရှုထောင့်ကိုသုံးကာ ဇာတ်လမ်းတွင် ပါဝင်သော စာရေးသူက မိမိ၏ကလေးဘဝက အတွေးများ၊ ဆန္ဒများကို စိတ်တွင်းပြောစကားများကိုသုံး၍–

> “အသက်တွေ မြန်မြန်ကြီးချင်လှပြီ။ ဈေးသွားချင်လှပြီ။ ဈေးခြင်းတောင်းဆွဲကာ စုံစီနဖာ ဝယ်ချင်လှပြီ။ ဈေးသွားတာများ ဘာညည်းစရာ ရှိလို့လဲ။ အမေတို့များ ညည်းလိုက်တာ။ ဈေးခြင်းတောင်း ဆွဲရတာကိုပဲ မနိုင်ဝန် ထမ်းလာရတာကျလို့။ ကျွန်မငယ်ငယ်က အမေဈေးပြန်ခံစားမှုကိုပင် အားမလိုအားမရ ဖြစ်ခဲ့ရသည်။”[၂]

ဟု ရေးဖွဲ့ထားပါသည်။ ကိုယ်တိုင်ပြောရှုထောင့်ကို သုံးထားသည့်အတွက် ဇာတ်ကြောင်း ပြောသူ အဓိကဇာတ်ဆောင်သည် မိမိစိတ်တွင်းခံစားမှုနှင့် အတွေးအမြင်များကို ထိထိမိမိ တင်ပြနိုင်စွမ်း ရှိခဲ့ပါသည်။ ငယ်ဘဝ၏အတွေးများသည် အရွယ်နှင့် လိုက်ဖက် သောကြောင့် လူ့သဘာဝအဖွဲ့ကောင်းများအဖြစ် ရပ်တည်နေပါသည်။

စာရေးသူသည် ဇာတ်ဆောင်တို့ကို စကားပြောစေရာ၌လည်း ကလေးအရွယ် နှင့် လိုက်ဖက်သည့် ပြောစကားများကို ဖန်တီးနိုင်ခဲ့သည်။ ကလေးပီပီ ဈေးဝယ်တမ်း ကစားသည်ကို အဟုတ်ထင်၍ လူကြီးများကိုတုပကာ လူကြီးများလေသံနှင့် တူအောင် ပြောဆိုကြပုံကို–

> “ဟောဒီမှာ ဘောက်သီးတွေဟေ့၊ ဘောက်သီးတွေက ခရမ်းချဉ်သီး တွေပေါ့ဟယ်။ ခရမ်းချဉ်သီးတွေ တစ်ပိဿာဝယ်မယ်နော်၊ များများချူးကြ”[၃]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၉။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၉။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀။

"ခရမ်းချဉ်သီး တစ်ပိဿာ ဘယ်လောက်တုန်းဟ"[၁]

"တစ်ရာ့နှစ်ဆယ်ပဲ ထားလိုက်ပါ ပိဿာလုံး ယူမှာနော်"[၂]

ဟု ရေးဖွဲ့ထားပါသည်။ ဈေးဝယ်ပြန်လာသော အမေများ၏ ပြောဟန်ဆိုဟန်ကို အတုယူ၍–

"ဈေးသွားရတာ မောလိုက်တာ အစ်မကြီးရယ်၊ ကျုပ်ကတော့ လက်ထဲပါတဲ့ပိုက်ဆံ ကုန်တာပါပဲတော်၊ ဆန်ဝယ်သွားတဲ့လူတွေ မလာကြသေးဘူးလား၊ သူတို့ကလဲ ကြာလိုက်တာ"[၃]

ဟု လည်းကောင်း၊ ဟင်းချက်တမ်းကစားရာတွင်လည်း လူကြီးများကဲ့သို့ ပြောဆိုကြပုံကို–

"မွှေးလိုက်တာနော် ထမင်းတောင်ဆာလာပြီ၊ ဒေါ်မိဆွဲတို့အိမ်က ဘာများ ချက်ကြတာတုန်းတော့"[၄]

"ဝက်သားနဲ့ သရက်သီးခြောက်နဲ့ ချက်တာလေ၊ အစ်မကြီးတို့ကော ဘာချက်တုန်း"[၅]

"ကျုပ်တို့က အမဲသားတစ်တွဲ ရလိုက်လို့ ဘူးသီးနဲ့ သားဖွမ်း ချက်မလို့၊ ငပိရည်လည်း ဖျော်ဦးမှာ၊ တို့စရာတွေလည်း အစုံပဲ၊ ဆွမ်းလောင်းဖို့တောင် နောက်ကျနေပြီလား မသိပါဘူး၊ မြန်မြန် ချက်မှ"[၆]

"ဟော့တော်…ဟင်းချက်မယ်လုပ်မှ ဆီကုန်နေပြီ၊ ဆီကလေး တစ်မှုတ်လောက် ချေးပါဦး အစ်မကြီးရဲ့"[၇]

"ဆီဈေးက ခေါင်ခိုက်နေတာ ဒေါ်မယ်ပုံရဲ့၊ ချေးတော့ မချေးနိုင်ဘူး။ သုံးဖို့လောက် ဝယ်ချင်ရင်တော့ နည်းနည်းပါးပါး ရောင်းမှာပေါ့"[၈]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။
[၄] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။
[၅] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။
[၆] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။
[၇] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။
[၈] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂။

"တစ်ပိဿာ ဘယ်လောက်တုန်းတော်"[၁]

"တစ်ထောင်ပေါ့ရှင် ဆီကြိတ်ရတာ လွယ်တာမဟုတ်ဘူး၊ ဒီမှာဖြင့် လက်မောင်းကို အောင့်လို့လေ"[၂]

ဟူ၍လည်းကောင်း၊ အပြန်အလှန်ပြောစကားများကို ရေးဖွဲ့ထားပါသည်။ ထိုအပြန်အလှန် ပြောစကားများသည် အိမ်ရှင်မအချင်းချင်း ပြောကြဆိုကြသည့် လေသံ ပေါ်လွင်သည်။ ထိုလေသံကိုပင် ကလေးများက တုပပြောဆိုပုံကို သရုပ်ဖော်ရေးသားထားသည်မှာ သဘာဝကျသောကြောင့် ဝတ္ထုသည် ဆွဲဆောင်မှုရှိလာရပါသည်။

ခင်ခင်ထူး၏ဈေးခြင်းတောင်းဝတ္ထုတွင် ပရိသတ်အား နှစ်သက်စွဲမက်စေသည့် အခန်းမှာ ငယ်ဘဝတွင် ဈေးဝယ်ဈေးရောင်းတမ်း ကစားကြသည့်အကြောင်းနှင့် ဟင်းချက်တမ်းကစားကြသည့် အကြောင်းများ ဖြစ်ပါသည်။ ပြောစကားတွင် လူကြီး လေသံကို တုပထားသော ကလေးတို့၏လေသံသည် အသက်ဝင်ပြီး သဘာဝကျ နေသောကြောင့် ဖြစ်ပါသည်။

စာရေးသူသည် ငယ်ဘဝနောက်ကြောင်းပြန်ကို တင်ပြရာ၌ အမှုအရာများ ဖြင့်လည်း အနုစိတ် သရုပ်ဖော်ထားသည်။ ထိုသဘောကို-

"သည်တုန်းက ကျွန်မမှတ်မိသလောက် ကျွန်မတို့ရွာမှာ ခရမ်းချဉ်သီး တစ်ပိဿာမှ ပေးရတစ်ကျပ်၊ လျှော့လျှင် ပြားရှစ်ဆယ်လောက်ပဲ ရှိမည် ထင်ပါသည်။ သို့သော် ဈေးဝယ်တမ်းကစားကြတာ ဆိုတော့ ကျွန်မတို့က ကိုယ့်ပါးစပ်ထဲရှိတာ ပြောချင်ရာပြောနေ ကြခြင်းသာ ဖြစ်၏။ ကျွန်မတို့ဈေးခြင်းတောင်းကလေးတွေထဲ ဘောက်သီးတွေ မောက်နေအောင် ရူးထည့်ကြသည်။ ပိုက်ဆံ အဖြစ် အိမ်ခေါင်းရင်းက အလှစိုက် ပုဏ္ဏရိတ်ပင်အရွက်တွေကို သုံးကြသည်။"[၃]

ဟု လည်းကောင်း၊

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀။

"ကျွန်မနှင့် မောင်နှမဝမ်းကွဲ ဖိုးထောင်တို့ ညွှန့်လွင်တို့ကို ရွာတောင်ပိုင်းက ဘကြီးမြ လွှစာမှုန့်တွေ သွားကျုံးခိုင်းပြီး ဆန်အဖြစ် ကျွန်မတို့ ထမင်းချက်တမ်း ကစားခဲ့ကြသည်။"[၁]

ဟု လည်းကောင်း အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

အနုစိတ် သရုပ်ဖော်အဖွဲ့များကြောင့် ငယ်ဘဝသရုပ်သည် ပေါ်လွင်လာပြီးလျှင် စာဖတ်သူ၏ စိတ်အာရုံကို ကြည်နူးချမ်းမြေ့စေခြင်း ဖြစ်စေပါသည်။

ကလေးဘဝတွင် TV ရောင်းတမ်း ကစားခဲ့ကြပုံကိုလည်း ဖော်ပြထားသည်။ ဈေးရောင်းတမ်းကစားနည်းသည် ခေတ်အဆက်ဆက် တိမ်ကောပပျောက်သွားခြင်း မရှိ။ အစဉ်အလာတစ်ခုအဖြစ် တည်ရှိနေမြဲဖြစ်သည်ဟု သုံးသပ်ပြထားသည်။ ထိုသို့ ငယ်ဘဝကို တင်ပြပြီးနောက် လက်ရှိဈေးသည် ပစ္စည်းမျိုးစုံလင်လှပုံကို ဖော်ပြထားသည်။ အိမ်ရှင်မတို့၏သဘောသည် ဈေးတောင်းကိုကိုင်၍ ဈေးဝယ်ရလျှင် မမောနိုင် မပန်းနိုင် တောင်းပြည့်သည်အထိ ဝယ်တတ်သည့်အကျင့်ကိုလည်း–

"ကျွန်မ မမောနိုင်မပန်းနိုင် လောဘတကြီး ဈေးဝယ်တာကို ကြည့်ပြီး ခင်ပွန်းသည်က ဘာတွေတွေးနေသည်မသိ။ ပြုံးရောင်သန်းနေသော သူ့မျက်နှာကို ကျွန်မ လှမ်းအကဲခတ်လိုက်မိပါသည်။ စုံလောက်အောင် ဝယ်ခြမ်းအပြီး ဈေးခြင်းတောင်းပြည့်လုပြည့်ဖြစ်သွားတော့မှ ဈေးဝယ်ရပ်ကာ ဈေးမုန့်တန်းမှာ မုန့်စားကြသည်"[၂]

ဟု ဖော်ပြခဲ့သည်။

ဈေးခြင်းတောင်းဝတ္ထုသည် နေရာသစ်၌ ဈေးအသစ်ကို သွားရောက်ဝယ်ခြမ်းပြီး ဈေးအတွေ့အကြုံလေးကို သဘာဝကျကျ အနုစိတ် ခြယ်မှုန်းထားခြင်းဖြင့် နှစ်သက်ဖွယ် ဝတ္ထုတိုတစ်ပုဒ်အဖြစ် ဖန်တီးလိုက်နိုင်သည်ကို တွေ့ရပါသည်။

## ၂.၂။ တစ်ခွန်းဈေး

ဈေးနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုတည်းကိုပင် ခင်ခင်ထူးသည် တစ်ပုဒ်နှင့်တစ်ပုဒ် အကြောင်းအရာမတူအောင် စိတ်ကူးအမျိုးမျိုးနှင့် ရေးဖွဲ့ထားပါသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄။

တစ်ခွန်းဈေးဝတ္ထုတိုမှ ရပ်ကွက်ထဲ၌ရှိသောသူများအပေါ်တွင် ကုန်စုံဆိုင်ကြီး ဖွင့်၍ ငွေရှာနေသော မိသားစုတစ်စုနှင့် ထိုကုန်စုံဆိုင်၌ ဝယ်ယူကြရသော ရပ်ကွက်သူ ရပ်ကွက်သားတို့အကြောင်းကို တင်ပြထားသည်။ ငွေရှင်ကြေးရှင်တို့သည် စီးပွားရေး အကွက်မြင်သည်။ ငွေကြေးမချောင်လည်သူများအား ကုန်စုံဆိုင်နှင့်တွဲ၍ အပေါင်ခံသည်။ အပေါင်ခံသောပစ္စည်း၏ ထက်ဝက်မျှသော တန်ဖိုးကိုသာ ပေးသည်။ ရက်သတ်မှတ် ထားသည်။ ထိုပစ္စည်းကို ပြန်ရောင်းလျှင် အမြတ်ရသည်။ ပစ္စည်းအပေါင်ခံပြီး ငွေချေး လိုက်သည့်အတွက် ရပ်ကွက်သူ ရပ်ကွက်သားများသည် ထိုကုန်စုံဆိုင်၌သာ လိုသမျှကို လာ၍ ဝယ်ကြသည်။ ကုန်စုံဆိုင်ပိုင်ရှင်နှင့် ဝယ်သူတို့၏ ပဋိပက္ခကို အကွက်မြင်မြင် နှင့် ဖြေရှင်းပုံတို့ကို ဇာတ်လမ်းဆင်ထားပါသည်။

ထိုဇာတ်လမ်းတွင် အပေါင်ခံပြီး ကုန်စုံဆိုင်ဖွင့်ထားသူအဖြစ် ဦးမှတ်တင် ဆိုသည့် ဇာတ်ဆောင်ကို ဖန်တီးထားသည်။ ဦးမှတ်တင်နှင့် ပဋိပက္ခဖြစ်သော ဇာတ်ဆောင်အဖြစ် ကိုအောင်ဌေးကို ဖန်တီးထားသည်။ ငွေလိုလျှင် ဦးမှတ်တင်ကိုသာ မှီခိုရသည့်အတွက် အလိုက်သင့် ပေါင်းရသူအဖြစ် ကိုအောင်ဌေး၏မိန်းမ မိပိုကို ဖန်တီးထားသည်။ တစ်ချိန်တွင် မိပိုသည် ကိုအောင်ဌေး၏မျက်မှန်ကို ဦးမှတ်တင်ဆိုင်၌ သွားထားသည်။ အားလပ်ရက်တွင် စာဖတ်လိုသော ကိုအောင်ဌေးသည် မျက်မှန်ကို မင်္ဂလာဦးက လက်ဖွဲ့ရသော သံသေတ္တာအဟောင်းနှင့် သွား၍လဲသည်။ ဦးမှတ်တင်နှင့် ပဋိပက္ခဖြစ်၏။ ထိုးကြိတ်သတ်ပုတ်သည့် အခြေအနေသို့ ရောက်သွားသည်။ ထိုအချိန်တွင် အခြားဈေးဝယ်သူများသည် အခွင့်ကောင်းယူ၍ ရောင်းကုန်ပစ္စည်းများကို အလစ်သုတ် ကြသည်။ ထိုအခြေနေကြောင့် ဦးမှတ်တင် အလျှော့ပေးပြီး မျက်မှန်နှင့် သံသေတ္တာကို လဲပေးလိုက်ရသည်။

ဝတ္ထုသည် ဇာတ်လမ်းဦးစားပေးသည်ဟု မဆိုနိုင်ပါ။ ငွေချေးသူနှင့်ကုန်စုံဆိုင် ပိုင်ရှင်တို့၏ ဖြစ်လေ့ဖြစ်ထရှိသော ပဋိပက္ခသာ ဖြစ်သည်။ ထိုပဋိပက္ခကိုပင် အခြေခံ လူတန်းစားနှင့် အရင်းရှင်လူတန်းစား၏ အားပြိုင်မှုအဖြစ် ဇာတ်ကွက်တစ်ကွက် ဖန်တီးထားသည်။ မိပို မျက်မှန်ပေါင်ထားခြင်းသည် စာဖတ်သူတို့အား လှုပ်ရှားနိုးကြား စေသည့် ဇာတ်ကွက် ဖြစ်သည်။

မျက်မှန်နှင့်သေတ္တာကိုသွားလဲပြီး ဦးမှတ်တင်နှင့် ကိုအောင်ဌေးတို့၏ ပဋိပက္ခကို ဖော်ပြသောအပိုင်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ ပရိသတ်၏သိလိုစိတ် ပြေလျော့ သွားစေရန်အတွက် စာရေးသူက အဖြေဖော်ထုတ်ပေးလိုက်သောအပိုင်းသည် သဘာဝ ကျသည်။ ပဋိပက္ခရန်ပွဲကို အကြောင်းပြု၍ ပစ္စည်းများကို အလစ်ယူလေ့ရှိသည့်နေရာ ဖြစ်သည်။ ထိုဇာတ်ကွက်အဆုံးတွင် ဦးမှတ်တင် အရှုံးပေးလိုက်ခြင်းဖြင့် သိလိုစိတ်

လျော့ပြေလျော့သွားသည်။ အခြေခံလူတန်းစားကို အနိုင်ပေးလိုက်ခြင်းဖြင့်လည်း နှစ်သက်စိတ် ဖြစ်ပေါ်လာရပါသည်။

ထိုဝတ္ထုတွင် စာရေးသူ အသုံးပြုထားသော အတတ်ပညာမှာ ကိုယ်တိုင်ပြော ရှုထောင့် (သို့) ပထမလူရှုထောင့်ကို သုံးထားခြင်း ဖြစ်သည်။ ကိုယ်တိုင်ပြော ရှုထောင့်ကို သုံးရာ၌လည်း ဇာတ်ဆောင်တစ်ဦးတည်းရှုထောင့်မှ ပြောခြင်း မဟုတ်ဘဲ ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်သုံးဦး၏ ရှုထောင့်မှ အခန်းလိုက်ခွဲ၍ တင်ပြ သွားခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းအဖွင့်တွင် နောက်ခံအဖွဲ့ဖြစ်သည့် ဦးမှတ်တင်၏ ကုန်စုံဆိုင် အကြောင်းကို ပြောသည်။ ပြောသူမှာ ကိုအောင်ငွေး ဖြစ်သည်။

> "ကျွန်တော်တို့လမ်းထဲကို ဝင်လိုက်တာနဲ့ ဦးမှတ်တင်ရဲ့ ကုန်စုံဆိုင်ကြီးကို တန်းမြင်ရတာပါပဲ"[၁]

ဟု စတင်၍ ပြောထားသည်။ ဦးမှတ်တင်နှင့်တကွ ထိုကုန်စုံဆိုင်ရှိ ရောင်းသူများ အကြောင်းကို ကိုအောင်ငွေး၏ ရှုထောင့်မှ–

> "သူ့အိမ်မှာရှိသမျှလူအားလုံး ဈေးသည်ကြီးပဲ။ ဈေးသည်ဆိုပေမယ့် အပေါက်အစပ်ကတော့ ဆိုးသလား မမေးနဲ့။ ဈေးဝယ်မျက်နှာကို ကြည့်တာ ရန်သူတစ်ယောက်ကို ကြည့်သလိုမျိုးဗျ။ မျက်ခုံး နှစ်ဖက်ကို တွန့်တဲပြီး ရှုးသိုးသိုးကြည့်တာ။ မျက်နှာတွေကလည်း လေးထောင့်ပုံတွေဆိုတော့ သူတို့ကိုမြင်လိုက်တာနဲ့ ဈေးဝယ်ချင် စိတ်ကို ကုန်ရော။ ဦးမှတ်တင်ကြီးကိုယ်တိုင်ကိုက ဆယ်ပြားစေ့လို မျက်နှာကြီးနဲ့။ သူ့ဆိုင်ရှေ့က ကုလားထိုင်ကြီးမှာ မိန့်မိန့်ကြီးထိုင်ပြီး လာသမျှ ဈေးဝယ်တွေကို ပုလိပ်ကြည့် ကြည့်နေတာ"[၂]

ဟု သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

စာရေးသူသည် လင်မယားနှစ်ယောက်ကို တစ်ခန်းစီ၌ ဇာတ်ကြောင်းပြော စေခြင်းဖြင့် ကိုအောင်ငွေးတို့ အခြေခံလူတန်းစား၏ ဘဝနှင့်စိတ်ထားသည် ပိုမို သရုပ်ပေါ်လွင်လာပါသည်။ ကရုဏာသက်စရာ ဖြစ်လာပါသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉။

ရန်သူတစ်ယောက်ကြည့်သလို ရှုသိုးသိုးကြည့်၊ ဆယ်ပြားစေ့လို မျက်နှာကြီး၊ မျက်နှာတွေကလည်း လေးထောင့်ပုံ၊ မိန့်မိန့်ကြီးထိုင်၊ ပုလိပ်ကြည့်ကြည့် ဆိုသည့် အသုံးအနှုန်း အရေးအဖွဲ့များက ဆိုင်ရှိလူကုန်တို့၏ မျက်နှာအမူအရာကို စာဖတ်သူတို့ ထင်မြင်လာစေသည်။ မျက်နှာမှတစ်ဆင့် စိတ်သရုပ်ကိုလည်း ထင်ဟပ်ခံစားလာ နိုင်သည့်အထိ သရုပ်ဖော်ထားသည်။ ထို့အပြင် ဦးမှတ်တင်တို့တစ်ဆိုင်လုံးကို အမြင်ကတ် နေသော ကိုအောင်ဒွေး၏ ခံစားမှုလေသံကို ဖော်ပြနိုင်သော သရုပ်ဖော်အဖွဲ့ဖြစ်သည်။

ဦးမှတ်တင်၏အပိုင်းကို ဖော်ပြရာ၌–

> "သူပေးတဲ့ငွေနဲ့ သူ့ကုန်ပစ္စည်းပြန်ဝယ်ရတာ။ အမလေး … အကြွေးစနစ်နဲ့ ငွေတိုးပေးတာမဟုတ်ဘူးခင်ဗျ။ ငွေမရှိဘူးလား ပစ္စည်းတစ်ခုခုပေါင်ထား၊ ငွေထုတ်ပေးမယ်။ ဘယ်နေ့ ဘယ်ကာလ အထိ ဆိုင်းမယ်။ သူဆိုင်းတဲ့ရက်လွန်ရင်တော့ အဆုံးပေါ့။ ကျွန်တော်တို့လည်း ဆုံးဖူးတယ်။"[၁]

ဟု ဖော်ပြခဲ့သည်။ တစ်ဖက်မှလည်း ကိုအောင်ဒွေးတို့အပိုင်းကို တင်ပြသည်။ ဦးမှတ်တင်၏ အကြွေးသံသရာတွင် အခါခါလည်နေကြရသည်။ ထိုအကြောင်းကို–

> "သံသရာထဲ ဆွဲနှစ်လိုက်မှာကြောက်လို့ လည်နေရ တော်သေး တာပေါ့လို အောက်မေ့ကြရတာ"[၂]

ဟု ဖော်ပြခဲ့သည်။ ဦးမှတ်တင်အပေါ်တွင် ကိုအောင်ဒွေး၏အမြင်ကို–

> "ကျွန်တော်ကတော့ ဦးမှတ်တင်ကို လုံးလုံးမှကြည့်မရဘူး။ လူတွေအပေါ် အညွန့်ချိုးလွန်းတယ်လို့ ထင်တယ်။ လူတွေက သူ့ကို အမြတ်ကြီးစားကြီး၊ ဘူဇွာကြီးလို့ ကွယ်ရာမှာခေါ်ကြတယ်။ ဒါပေမဲ့ ရှေ့ကျရင် ဘကြီးမှတ် ဘကြီးမှတ်နဲ့ မျက်နှာချိုသွေးကြ ရတာဗျ။"[၃]

ဟုလည်း ဖော်ပြထားသည်။ ဦးမှတ်တင်ကို မုန်းတီးနေသော ကိုအောင်ဒွေး၏ ရှုထောင့်မှ ကျွန်တော်ဆိုသည့် နာမ်စားကိုသုံး၍ တင်ပြထားသောကြောင့် မုန်းစရာ ကောင်းလှသော ဦးမှတ်တင်၏စရိုက်သည် ပီပီပြင်ပြင်ပေါ်လွင်လာသည်။ ဇာတ်ဆောင်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀။

စရိုက်ကြွအောင် ကိုအောင်ဌေး၏ ဇာတ်ကြောင်းပြောလေသံက အထောက်အကူပြု ထားသည်။

ကိုအောင်ဌေး၏ရှုထောင့်မှကြည့်လျှင် သူ့မိန်းမ မိပိုသည် ဦးမှတ်တင်ကို ဖားသည်ဟု ခံယူထားသည်။ ထိုမှတစ်ဆင့် စာရေးသူသည် ဦးမှတ်တင်နှင့် သူတို့ မိသားစု၏ ဆက်ဆံရေးကိုပင် ကိုအောင်ဌေး၏မိန်းမ မိပို၏ရှုထောင့်မှ တင်ပြထားပြန် ပါသည်။ မိပိုက ဇာတ်ကြောင်းပြောသူအဖြစ် ရပ်တည်သည်။ မိပိုက–

> "ကျွန်မမှာ ဖင်ကျပ်စွဲအောင် ဆေးလိပ်ကုန်းလိပ်လိုက်၊ ထမင်းဟင်း ပြေးချက်လိုက် သူတို့သားအဖတွေကို ထမင်းချိုင့်ပို့လိုက်နဲ့ ဂျင်ခြေကိုလည်လို့။ သူရတဲ့ငွေရယ်၊ ကျွန်မဆေးလိပ်လိပ်ခငွေရယ်၊ သားကြီးအလုပ်ဆင်းရင် ရတဲ့ငွေရယ်၊ သမီးမုန့်ဖက်ထုပ်ခရတဲ့ ငွေရယ် အားလုံးစုပေါင်းလိုက်မှ တစ်နေ့စာ အပြေးအလွှား လောက်ငှတယ် ဆိုရုံလေး။ အငယ်သုံးယောက် ကျောင်းစရိတ် ကလည်း နည်းမှမနည်းဘဲ။ အားလုံးကို ကျွန်မချည်း ဒိုင်ခံ ဖြေရှင်းရတာ။ သည်ကြားထဲ တစ်ယောက်ယောက် ဖျားကြည့်စမ်း။ ရှိတဲ့အထည်လေးနဲ့ ကိုယ်လိုချင်တဲ့ငွေရဖို့ ဘကြီးမှတ်ကို ဖျောင့်ဖျ ရတာတစ်မျိုး၊ ရွေးပြန်တော့လည်း အတိုးနှုန်းလေး ဘာလေး လျှော့ဖို့ ချော့ရတာတစ်မျိုး လုပ်ရတာပေါ့။"[၁]

ဟု ရေးဖွဲ့တင်ပြထားပါသည်။

မိပိုအနေနှင့်မူ ဘကြီးမှတ်သည် အပေါက်ဆိုးသော်လည်း ဆက်ဆံတတ်လျှင် မဆိုးပါဟု ခံယူထားသည်။ ကိုအောင်ဌေး၏ ရှုထောင့်မှကြည့်လျှင် မိပိုသည် ဖားသည်ဟု မြင်သည်။ မိပို၏ ရှုထောင့်မှကြည့်လျှင်–

> "ဖြစ်နိုင်ရင် ဘယ်သူ့မှလည်း မဖားချင်ဘူး၊ ဘယ်သူ့မှလည်း မျက်နှာချိုမသွေးချင်ဘူး။ ကိုယ်ဘာသာကိုယ် သီချင်းကလေး တအေးအေးနဲ့ နေချင်တာပေါ့။ အိမ်မှာ ဆန်အပြည့်၊ ဆီအပြည့် ရှိကြည့်ပါလား။ ကျွန်မမျက်နှာကို ဟောသလို၊ ဟောသလို ပင့်ထားလိုက်သေးရဲ့။"[၂]

ဟု သရုပ်ဖော်ရေးဖွဲ့ထားသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၁။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၂။

စာရေးသူသည် လင်မယားနှစ်ဦးတည်းကို တစ်ခန်းစီ၌ တစ်ယောက်ကို ဇာတ်ကြောင်းပြောစေခြင်းဖြင့် ကိုအောင်ဌေးတို့ကဲ့သို့သော အခြေခံလူတန်းစားတို့၏ ဘဝနှင့်စိတ်ထားသည် ပိုမို၍ သရုပ်ပေါ်လွင်လာပါသည်။ ကရုဏာသက်စရာ ဖြစ်လာပါသည်။

ထိုသို့ဖြစ်စေရန် စာရေးသူသည် ဇာတ်ကြောင်းပြောသူကို အပြောင်းအလဲပြုပေးခြင်းဖြင့် တစ်ဦးချင်းစီ၏ ခံစားမှုအမြင်များကို **ထိထိခိုက်ခိုက်** တင်ပြနိုင်သည်။ ဇာတ်ဆောင်အသီးသီး၏ ခံစားမှုဝေဒနာများကို စာဖတ်သူတို့ နီးနီးကပ်ကပ် ကြားသိခွင့်ရလာသည်။ ထို့ပြင် ခင်ခင်ထူးသည် ဇာတ်ကြောင်းပြောရာ၌ အပြောစကားပြေကို သုံးထားသည့်အတွက် ဇာတ်ဆောင်တို့၏ အတွေးသာမက လေသံကိုပါ ကြားရသည့်အတွက် စရိုက်သည်ပို၍ ကွဲနေသည်ဟု ထင်ရသည်။

ဘဝသရုပ်ဖော်ဝတ္ထုတိုဖြစ်သည့်အလျောက် အခြေခံလူတန်းစားတို့၏ ဘဝသရုပ်ကို ဖော်ထုတ်ပေးသည့် ဇာတ်ကွက်လည်း ဖြစ်သည်။ ဇာတ်ဆောင်တို့၏ဘဝနှင့် ခံစားမှုများကို ပုံဖော်ထားသည့် ဇာတ်ဆောင်အဖွဲ့လည်း ဖြစ်သည်။ စာရေးသူသည် ဇာတ်လမ်းနှင့်ဇာတ်ဆောင်ကို တစ်သားတည်းဖြစ်အောင် ဆက်စပ်ခြင်းဖြင့် သက်ဝင်နေသော ဇာတ်ကွက်များကို ဖန်တီးယူနိုင်ခဲ့သည်။ အသက်ဝင်နေသည့် ဇာတ်ဆောင်များကိုလည်း ဖန်တီးနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် စာရေးသူသည် ဇာတ်ကြောင်းပြောသူကို ပြောင်းလိုက်သည်။ အခန်း(၃)တွင်မူ ဇာတ်ကြောင်းပြောသူမှာ ကုန်စုံဆိုင်ပိုင်ရှင် ဦးမှတ်တင်ဖြစ်သည်။ ဦးမှတ်တင်က–

> "လူတွေဟာလေ အတော့်ကို မလွယ်ပါကလား။ ဝယ်သူ တအားကျလာလို့ကတော့ လစ်ရင်လစ်သလို တစ်ခုခုလုပ်သွားတတ်ကြတယ်။ ငွေမချေဘဲ လစ်ထွက်သွားသူ၊ ပစ္စည်းတစ်ခုခု တိုလျှိုသွားတဲ့သူ၊ ငွေမလောက်လို့ နောက်မှပေးမယ်ဆိုပြီး မေ့ဟန်ဆောင်တဲ့လူ၊ ပိုက်ဆံမအမ်းရသေးဘူးဆိုပြီး နောက်တစ်ခါ ထပ်တောင်းတဲ့သူ။ အို … စုံလို့ပါဗျာ၊ ဒီတော့ ကျုပ်မှာ ဟောဒီ ကုလားထိုင်ကြီးပေါ်ကနေ ပူပူအိုက်အိုက် ခြင်ကကိုက်နဲ့ ထိုင်စောင့်ကြည့်နေရတော့တာပေါ့။"[၁]

ဟု တင်ပြထားပါသည်။ ဦးမှတ်တင်၏ မိမိအတွက် အမြတ်ကျန်အောင် အပေါင်ခံပုံနှင့် ပတ်သက်၍–

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၃။

"ပစ္စည်းကို ကြည့်လိုက်၊ ပြန်ရောင်းရင် ဘယ်လောက်ရနိုင်မယ်၊ အဲ့ဒီရနိုင်မယ့်ဈေးနဲ့ တစ်ဝက်ကိုပဲပေး၊ ပြီးရင်အတိုးနှုန်းနဲ့ လကို သတ်မှတ်ပေးလိုက်။ ဒါဆို ကျုပ်အတွက် ကျန်တာပေါ့။ ရွေးလည်း အတိုးရ၊ မရွေးလို့ ပြန်ရောင်းလဲ အမြတ်ရတယ်"[၁]

ဟု ဖော်ပြထားသည်။ အရင်းရှင်တစ်ယောက်၏ စိတ်ကူးကိုပေါ်အောင် ဦးမှတ်တင်၏ ရှုထောင့်မှ ဇာတ်ကြောင်းပြောစေခြင်း ဖြစ်သည်။ ထိုသို့အားဖြင့် ဇာတ်ဆောင်သုံးဦး၏ ရှုထောင့်သုံးမျိုးမှ ဇာတ်လမ်းဖြစ်ရပ်ကို တင်ပြပြီးနောက် ကိုအောင်ဌေး၏ ရှုထောင့်ကို ပြောင်းတင်ပြသည်။ ကိုအောင်ဌေးသည် အလုပ်နားရက်တွင် စာဖတ်ချင်သောကြောင့် မျက်မှန် ရှာဖွေသည်။ မျက်မှန်ကိုပေါင်ထားမှန်းသိ၍ သံသေတ္တာကြီးနှင့် လဲရန် သွားသည်။ ထိုနေရာ၌ ဦးမှတ်တင်က အလဲမခံသည့်အတွက် စကားများကြသည်။ ထိုအပိုင်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် စာရေးသူက ပို၍ မြင်သာထင်သာအောင် ဇာတ်ကွက်နှင့် တင်ပြသည်။ သူ၏သေတ္တာကြီးနှင့် သူတို့ နှစ်ယောက်ကို လူတွေက ဝိုင်းကြည့်နေကြသည်။ ဦးမှတ်တင်၏သားက တုတ်တစ်ချောင်း ကိုင်ထားသည်။ မိန်းမ၊ သမီးနှင့် ချွေးမများ အနားရောက်လာသည်။ မိပိုလည်း ရောက်လာသည်။ မိပိုက ဦးမှတ်တင်ကို တောင်းပန်သည်။ ကိုအောင်ဌေးက ဆယ်ပြားစေ့ မျက်နှာကြီးကို လက်သီးနှင့်ထိုးမယ်ဟု ဆိုသည်။ အချင်းချင်းတစ်ဖက်နှင့်တစ်ဖက် ရိုက်တော့မည့် အခြေအနေသို့ ရောက်နေသည်။ ထိုအချိန်တွင် ဦးမှတ်တင်သည် အကွက်မြင်သူပီပီ အမြင်အာရုံမှတစ်ဆင့် အတွေးတစ်ခုပေါ်လာသည်။ သူ၏ ချိတ်ဆွဲ ထားသော ပစ္စည်းများကို လူများက ကောက်ထည့်နေကြသည်။ ဦးအောင်မှတ်က ထိုလူတို့အား ဆိုင်ထဲမှ မောင်းထုတ်လိုက်သည်။ ဆိုင်ပိတ်ခိုင်းလိုက်သည်။ မျက်မှန်နှင့် သေတ္တာကို အလဲခံလိုက်သည်။ ထိုဇာတ်သိမ်းခန်းကို ဦးမှတ်တင်၏ ရှုထောင့်မှ တင်ပြပြီး–

"ကျုပ်ဟာ ပါးစပ်ကနေ တရစပ်အော်ပြောရင်း ဆိုင်ထဲကို ပြေးဝင် သွားလိုက်တယ်။ အားလုံး ကျုပ်ကို ကြောင်ကြည့်နေကြပေမယ့် ကျုပ်မကြောင်ဘူး။"[၂]

ဟု အဆုံးသတ်ထားပါသည်။ အရင်းရှင်လူတန်းစားတို့၏ ဖြတ်ထိုးဉာဏ်ဖြင့် အရှုံးမပေး အနိုင်ယူလိုက်သော ဇာတ်ကွက်ဖြင့် အနားသတ်ထားပါသည်။ ဇာတ်သိမ်းပိုင်း ဇာတ်ကွက်သည် အရင်းရှင်တို့၏ပါးနပ်မှု၊ လူရည်လည်မှု စရိုက်ကို ဖော်ကျူးတင်ပြ

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၄။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၉။

နိုင်သော ဇာတ်ကွက် ဖြစ်ပါသည်။ ခင်ခင်ထူးသည် ကိုယ်တိုင်ပြောရှုထောင့်ကို အခန်းလိုက် ဇာတ်ဆောင်(၃)ဦးအား ဇာတ်ကြောင်း ပြောစေခြင်းဖြင့် ဖြစ်ရိုးဖြစ်စဉ် ဇာတ်လမ်းသည်ပင် စရိုက်ပေါ်လွင်ပြီး သက်ဝင်လှုပ်ရှားနေသည်ကို တွေ့ရပါသည်။

## ၂။ ၃။ ဈေးသည်မ မဝိုင်း

ဈေးသည်မ မဝိုင်းဝတ္ထုတွင်မူ ငါးရောင်းစားရသော ဈေးသည်မတို့၏ ဘဝဖြစ်ရပ်အထွေထွေနှင့် ခံစားမှုအထွေထွေကို တင်ပြထားပါသည်။ ထိုဇာတ်လမ်းတွင် စာရေးသူနေထိုင်သော တိုက်နံပါတ်(၁၂)၏ အပေါ်ထပ်သို့ လာရောင်းလေ့ရှိသော ငါးသည်မ မဝိုင်းကို အဓိကဇာတ်ဆောင်အဖြစ်ထားပြီး သူ၏ဘဝကို ထိတွေ့ဆက်ဆံရသူ၊ လေ့လာမိသူ စာရေးသူက ဇာတ်ကြောင်းပြောသူအဖြစ် ရပ်တည်သည်။ စာရေးသူက ကျွန်မဆိုသည့် နာမ်စားကိုသုံးပြီး ကိုယ်တိုင်ပြောရှုထောင့် (သို့) ပထမလူရှုထောင့်မှနေ၍ ဇာတ်ကြောင်းပြောသည်။

ရှေးဦးစွာ မန္တလေးအနောက် ဧရာဝတီမြစ်အနောက်ဘက်ပခုံးစွန်းက တာရိုးကြီးအတိုင်း တောင်ဘက်စွန်းက တာရိုးကြီးအတိုင်း တောင်ဘက်သို့ လျှောက်လာလျှင် တွေ့ရသည့် ကန်တော်ကြီးတိုက်တန်းကို တင်ပြသည်။ စာရေးသူသည် ၁၃လုံးတွဲ ၄ထပ် တိုက်ခန်းများထဲမှ တိုက်နံပါတ် ၁၂ တိုက်၏ အပေါ်ဆုံးထပ်တွင် နေသည်။ ထို့ကြောင့် အောက်ထပ်သို့ ဈေးဆင်းဝယ်ရန် မလွယ်သောကြောင့် တိုက်အပေါ်ထပ်သို့ တက်ရောင်းသော ဈေးသည်များထံမှ ဝယ်ယူရသည်။

ဈေးသည်မ မဝိုင်း၏ ယောက်ျားသည် ငါးများကို ဖမ်းဆီးပေးသည်။ မဝိုင်းသည် ယောက်ျားဖြစ်သူက ငါးများကို ရှာဖွေပေးသောအခါတွင် ကျေနပ်သည့် လေသံနှင့် ပြောလေ့ရှိသည်။ ငါးမဖမ်းပေးသော နေ့များတွင်မူ မကျေနပ်သော လေသံဖြင့် ပြောလေ့ရှိသည်။ ဈေးသည်မ မဝိုင်း ဝတ္ထုတွင် ဈေးသည်မ မဝိုင်းကို အဓိကဇာတ်ဆောင်အဖြစ်ထား၍ ဇာတ်လမ်းဆင်ထားသည်။ ဇာတ်လမ်းမှာ မထူးခြားပေ။ ဇာတ်ဆောင်၏ အပြောင်းအလဲမြန်သော စရိုက်၊ ယုံလွယ်ပြောလွယ်သော စရိုက်များကို ပေါ်လွင်အောင် အလေးပေးရေးဖွဲ့ထားသည်။ ဇာတ်ဆောင်ပဓာန ဇာတ်လမ်းဖြစ်သည်။ ယောက်ျားဖြစ်သူကို ကျေနပ်သောနေ့တွင် မဝိုင်းက–

"စုံဆို ဆရာမရေ ကျုပ်ယောက်ျားကလေ မနက်လင်းကတည်းက
ထမင်းကြမ်းတစ်ခဲနဲ့ မြစ်မထဲ ထွက်သွားလိုက်တာ ခုနကမှ

ပြန်ရောက်တာလေ၊ ပင်ပန်းရှာတယ် ဆရာမရေ၊ လုပ်ကိုင်ကျွေးတဲ့ ယောကျ်ားပါပဲတော်၊ သနားချက်တော့"[၁]

ဟု ရေးဖွဲ့ထားသည်။ ယောကျ်ား အဆင်မပြေသောအခါတွင် ငါးဗန်းကလေး ဆောင့်အောင့်ချပြီး တသီကြီး ပြောတော့တာပါ။

"အိမ်က မောင်ပျင်း ပြောပါတယ် ဆရာမရယ်၊ မကောင်းချက်တော် ငါးရှာမရတဲ့အထဲ သူ့ဌေးဦးဘောဂသားက လက်ဖက်ရည်ကို မနက်ပြန် ညပြန် ထွက်သောက်နေတော့တာ။ မနေ့တုန်းကလည်း နေသာ စစ်ကိုင်းတောင် ဒုတ်ဒုတ်ထိရော တစ်ကောင်မှ မရခဲ့ဘူး။ ပိုက်ကျဲသလေး ပိုက်စိပ်သလေးနဲ့ အကြောင်းရှာနေတော့တာ ယောကျ်ားများ စိတ်ကုန်ချက်လေး"[၂]

ဟု ပြောလေ့ရှိသည်။ ဇာတ်ဆောင်၏ဘဝနှင့် စိတ်တွင်းခံစားမှုများကို ပြောစကားဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုသဘောကို သူရိယကန္တိက–

"ဝတ္ထုဇာတ်လိုက်တို့ အချီအချ အပြန်အလှန် စကားပြောဟန်ကို နိုင်နိုင်နင်းနင်းရေးတတ်ပါမူ ဇာတ်လိုက်တို့၏သရုပ်ကို ပေါ်စေနိုင်၏။ ဇာတ်လမ်းကိုသယ်ယူ၍ သွားနိုင်၏။ ဇာတ်ကွက်ကို အဆင်ပြေစေ၏။ ဇာတ်လိုက်စကားပြောခြင်းအားဖြင့် ၎င်း၏ အဇ္ဈတ္တအတွင်းသဏ္ဍာန်ရှိ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ချစ်စိတ်၊ ခင်စိတ်၊ မုန်းစိတ်၊ သနားစိတ် ဝါသနာ အလေ့အကျင့်တို့ကို ကောင်းစွာဖော်ပြနိုင်၏။ ဇာတ်လမ်းဇာတ်ကွက် အဖြစ်အပျက်များအတွက် မည်သို့မည်ပုံ ခံစားရကြောင်း ဖော်ပြနိုင်၏။ ဇာတ်လိုက်တစ်ဦးအပေါ် တစ်ဦးက မည်သို့သဘောထားကြောင်း ဖော်ပြနိုင်၏။"[၃]

ဟု ဆိုထားပါသည်။ စာရေးဆရာမ ခင်ခင်ထူးသည် ဈေးသည်မ မဝိုင်း၏ ခံစားမှုများကို ပေါ်လွင်အောင် ပြောစကားဖြင့် ဖော်ကျူးတင်ပြနိုင်ခဲ့သည်။ ပြောစကားသည် သဘာဝကျသည်။ ဈေးသည်မတစ်ဦး၏ ဆင်ခြင်တုံတရားမရှိလှဘဲ လက်တလောဖြစ်ပျက်သမျှအပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်း ဖြစ်ပေါ်ပြောင်းလွဲနေသည့် စိတ်သရုပ်ကို ဖော်ထုတ်နိုင်သည့် ပြောစကား ဖြစ်သည်။ မဝိုင်း၏ ဘဝကိုမူ စာရေးသူ၏ ရှုထောင့်မှ

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂၈။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂၈။

[၃] သူရိယကန္တိ၊ ၁၉၆၇၊ ၂၆။

နေ၍ မဝိုင်းက အသက်သုံးဆယ်ကျော် လေးဆယ်တွင်း ရှိသည်။ ကလေးသုံးယောက်နဲ့ တံငါသည်မိသားစုကလေး ဖြစ်သည်။ စာရေးသူတို့၏တိုက်ခန်း ရှေ့တည့်တည့် ဧရာဝတီမြစ်ကို မေးတင်ထားသည့် သစ်ခင်းစိမ်းစိမ်းကြားရှိ တံငါတဲလေးငါးလုံးတွင် တစ်လုံး၌ နေထိုင်သည်။ မိဝိုင်းကို စလိုသောအခါတွင် စာရေးသူ၏ခင်ပွန်းက မဝိုင်း၏ယောကျ်ားကို မှန်ပြောင်းနှင့်ကြည့်ပြီး မဝိုင်း၏ယောကျ်ားသည် ကပြင်ပေါ်၌ ဆေးလိပ်သောက်နေသည်ဟု ဆိုသည်။ ရုပ်မဆိုးကြောင်းနှင့် ရာဇာနေဝင်းနှင့် တူသလို ရှိကြောင်း ပြောသည်။ မိဝိုင်း၏ နှစ်သက်ပျော်ရွှင်သွားသော စိတ်အခြေအနေကို–

> "ကျွန်မအိမ်သားက သည်လိုစလိုက်ရင် မဝိုင်းက ပြုံးပြုံးကြီး လုပ်နေတော့တာပါ။"[၁]

ဟု တင်ပြခဲ့သည်။

စာရေးသူ၏ယောကျ်ားက မိဝိုင်း၏တဲထဲသို့ မိန်းမတစ်ဦး ဝင်သွားသည်ဟု စနောက်လျှင်လည်း မိဝိုင်းက ယုံကြည်တတ်သည်။ မိန်းမက အရပ်ပုပု အသား မည်းမည်းနဲ့ ရုပ်ဆိုးသည်။ မဝိုင်းနှင့်တစ်ခြားစီပဲဟု ဆိုလိုက်လျှင် စိုးရိမ်သည့် ကြားမှပင် ကျေနပ်သွားပုံ ပေါ်လိုက်သေးသည်။ စနောက်ပြောသော်လည်း အဟုတ် ထင်ပြီးလျှင် မဝိုင်းက–

> "ဒီကောင်မ ထားရီ နေမှာပဲ၊ သင်းက ကျုပ်အလစ်ချောင်းနေတာ၊ ကျုပ်ယောကျ်ားကို အပျိုတုန်းက ကြိုက်ခဲ့တဲ့ ကောင်မပေါ့၊ ကျုပ်မှာလည်း ဆရာမရေ ဈေးရောင်းသာထွက်ရတာ အိမ်ကလူကို စိတ်မချတော့ အပြန်ကျမှ တွေ့ဦးမယ်။ သူကများ ဆေးလိပ်နဲ့ ဧည့်ခံနေရသေးတယ်၊ ဘာကောင်မမို့တုန်း"[၂]

ဟု ချက်ချင်းဒေါသထွက်လာသည်။ မည်သည့်မိန်းမမှ မလာပါ မဝိုင်းကို စချင်ခြင်းသာ ဖြစ်သည်ဟု ပြောလိုက်သောအခါတွင် ချက်ချင်းစိတ်ပြေပြီးလျှင် မဖုံးနိုင်မဖိနိုင် ဟီးကနဲ ရယ်လေသည်။ မဝိုင်း၏ယောကျ်ားသည် ဆန့်ဆန့်ကြီး အိပ်နေသည်ဟု ပြောသောအခါ 'ပန်းရှာလို့နေမှာ ကျုပ်ထွက်လာတော့ ထားရီတို့လင်မယား ရေထဲက တက်မလာသေးပါဘူးတော်' ဟု ဆိုသည်။ မဝိုင်း၏ပြောစကားများဖြင့် ယုံလွယ်သော၊ အပြောင်းအလဲမြန်သော မဝိုင်း၏စရိုက်ကို ပုံဖော်ထားသည်။ တစ်ချိန်တွင် မဝိုင်းသည် လေးငါးခြောက်ရက်လောက် ပျောက်နေခဲ့သည်။ ရောက်လာသောအခါတွင်လည်း ချောင်းဆိုးပြီး သွေးများပင်ပါသည်ဟု ဆိုသည်။ ထိုသို့ နေမကောင်းဖြစ်ခြင်းကို

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂၉။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂၉–၁၃၀။

မြင်းဖြူရှင်အဖေကြီးကိုင်တာ ဟု ယုံကြည်မှုဖြင့် ဆိုသည်။ မြင်းဖြူရှင် ခွာနဲ့ခုတ်တာ လိမ့်နေတာပဲ ဟု ဆိုသည်။ အအေးမိခြင်းဖြစ်၍ ဆေးခန်းသွားပါဟု ဆိုလျှင် မဝိုင်းက–

> "ဆရာမကလည်း မြင်းဖြူရှင်ခွာနဲ့ ခုတ်တာပါဆိုနေမှ၊ အမေ့ သွားခေါ်ပြီး မြင်းဖြူရှင် တင်လိုက်ရတာပေါ့၊ တင်လိုက်တာနဲ့ နင်နေငါသွားပဲ"[၁]

ဟု ဆိုသည်။

ဈေးသည်မ မဝိုင်းဝတ္ထုတွင် အဓိကဇာတ်ဆောင်၏ ဘဝဖြတ်သန်းမှုများတွင် အားပြိုင်မှုဖြင့် အခက်အခဲတစ်ခုပြီးတစ်ခု တင်ပြထားသည်။ မဝိုင်း လေ့ခိုးခံရပြန်သည်။ မိမိတို့လင်မယား စီးပွားဖြစ်သည်ကို မနာလိုသူတို့က ခိုးသည်ဟု စွပ်စွဲသည်။

စာရေးသူသည် ဇာတ်ဆောင်၏စရိုက်နှင့် လိုက်ဖက်သော စကားပြောများကို ဖန်တီးရေးသားနိုင်သည်။ ဇာတ်ဆောင်တို့ ပြောသမျှစကားများသည် သဘာဝကျသည့်အတွက် အသက်ဝင်လှုပ်ရှားနေသည်။ ရိုးစင်းလှသောဇာတ်လမ်းတွင် အဓိကဇာတ်ဆောင် မဝိုင်းသည် ကရုဏာသက်စရာလဲကောင်း၊ ရယ်စရာလည်းကောင်း၊ ပြုံးစရာလည်း ကောင်းသည့် ဇာတ်ဆောင် ဖြစ်လာရသည်။ ထို့ပြင် ဇာတ်ကြောင်းပြောသူဖြစ်သည့် စာရေးဆရာအမြင်ကိုလည်း–

> "သူ့ယောကျ်ားကို ကျွန်မ မမြင်ဘူးပေမယ့် မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ကိုင်စားသောက်ပုံ ရရဲ့"[၂]

ဟု တင်ပြခဲ့သည်။ မဝိုင်းသည် မိမိယောကျ်ားအပေါ် ဂုဏ်ယူဝင့်ကြွားပုံကလည်း–

> "ကျုပ်ယောကျ်ားကလေးက ရိုးရှာတယ်ရယ်၊ သူတကာလို အရက်သောက် ဖဲရိုက်၊ မယားရိုက်ဆိုတဲ့ လူစားမျိုး မဟုတ်ဘူး၊ ငါးဖမ်းတဲ့အလုပ်က လွဲလို့ အကုသိုလ် ကင်းလိုက်တာမှ လူတောတောင် မတိုးဘူး၊ ထားရီလင်နဲ့ တခြားစီ"[၃]

ဟု ရေးဖွဲ့တင်ပြခဲ့သည်။ ငါးဖမ်းတဲ့အလုပ်ကလွဲလို့ အကုသိုလ်ကင်းလိုက်တာ ဟူသော အရေးအသားက ထိမိပြောင်ပြီးလျှင် တံငါသည်တို့၏ဘဝကို ကရုဏာသက်ဖွယ် ဖြစ်စေသည်။ မဝိုင်း၏ ပြောစကားများက ရှုးကြောင်ကြောင် ပေါချာချာနိုင်သည့်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃၁။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃၅။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃၅။

စရိုက်လည်းပါ ဘဝကို ရုန်းကန်မှုလည်း ပါပြီးလျှင် အခက်အခဲကြားမှပင် ပျော်ပျော် ရွှင်ရွှင်နေတတ်သော ဘဝအားမာန်များကိုလည်း ဖော်ပြနေပါသည်။

ထို့နောက် မဝိုင်းသည် တစ်လလောက် ပျောက်သွားသည်။ မဝိုင်းကို ပေါ်လာလိုက် ပျောက်သွားလိုက် ရေးဖွဲ့ခြင်းဖြင့် စာဖတ်သူတို့၏ သိလိုဇောကို ထက်သန်စေသည်။ မဝိုင်းပေါ်လာတိုင်း အဖြစ်အပျက် ဇာတ်ကွက်တစ်ခု တိုးလာသောကြောင့် ဖြစ်သည်။ မဝိုင်းပျောက်ခြင်း၊ ပေါ်ခြင်းများသည် စိတ်ဝင်စားစရာ ဖြစ်အောင် ဇာတ်ကွက်ဆင်ထားသည်။ ဘဝအခြေအနေ အမျိုးအမျိုး ပြောင်းလဲနေသည့် အနေအထားကို စာရေးသူ၏အမြင်ဖြင့်–

> "သူ့ကိုစရ၊ နောက်ရတာ ပျော်စရာကောင်းပေမဲ့ သူ့အကြောင်း တွေက ပျော်စရာမကောင်း။ မဝိုင်း လည်ပင်းတွင် အပ်ချည် ကြိုးမျှင် သာသာလောက်ရှိတဲ့ ဆွဲကြိုးကလေး ပျောက်သွားလိုက်၊ ပေါ်လာလိုက်။ မျက်နှာချေတွေ ပြာတောက်တောက်မှာ နှုတ်ခမ်းနီ လိမ္မော်ရောင်ကြီး ထင်းထင်းကွင်းကွင်း ဆိုးလာလိုက်။ အဆီ တပြောင်ပြောင် ငါးညှီနံ့တထောင်းထောင်းနဲ့ ချွေးတွေ၊ ချေးတွေ ပေတူးလာလိုက် သုံးပန်လှဖြစ်နေတတ်တဲ့ မဝိုင်း။ ကျွန်မတို့ရဲ့ မဝိုင်း ဘယ်ဆီရောက်လို့ ဘယ်လိုဖြစ်နေပြီလဲ။"[၁]

ဟု ဖော်ပြခဲ့ပါသည်။ စာရေးသူသည် မဝိုင်း၏ဘဝစရိုက်တို့နှင့် လိုက်ဖက်စွာ သရုပ်ဖော် တင်ပြနိုင်ခဲ့သည့်အတွက် မဝိုင်း၏ရုပ်လုံးသည် ပိုမိုစိတ်ဝင်စားဖွယ် ဖြစ်လာပါသည်။ ကရုဏာသက်ဖွယ်လည်း ဖြစ်လာပါသည်။ မဝိုင်းသည် မြို့ပေါ် သူဌေးဈေးသို့ တက်ရောင်းသည်ဟု ကြားရသည်။ ရှူးအပြည့် ဝတ်စားပြီး ငါးရောင်း သွားသည်ဟုလည်း ပြောပြကြသည်။ မဝိုင်း ပြန်ရောက်လာသောအခါ မိမိရှူး ပေးရခြင်းအကြောင်းကို–

> "ရှူးထုတ်ရတာက မြို့ပေါ်သူဌေးဈေး တက်ရောင်းရတာမို့ပါတော်၊ ငါးသည်ဆိုပြီး စုတ်စုတ်ပြတ်ပြတ်သွားရင် ဈေးနှိမ်ကြလွန်းလို့ အဝတ်အစားနဲ့ ခြောက်ရတာ၊ ငါးကတော့ သုံးထောင်ဈေး လေးထောင်ဈေး ရပါရဲ့၊ ဟန်ပါဘူးတော်"[၂]

ဟု လည်းကောင်း၊

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃၆။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃၇။

> "ဆရာကြီးနှယ် ဈေးထဲမှာက လမ်းလျှောက်ရောင်းရသလို သပိတ်ဝင် အိတ်ဝင် မဟုတ်ဘူးတော့၊ ဖင်ထိုင်ကြေးလည်း ပေးရတယ်၊ ခုံခင်းကြေးလည်း ပေးရတယ်၊ ဈေးကောက် ပေးရတယ်။ ပြီးတော့ ယင်အုံကြေးလည်း ပေးရသေးတာ။ ပြီးတော့ ဈေးကထိန်ကြေးတဲ့၊ သာရေးနာရေးကြေးတဲ့၊ ဘာတွေ မှန်းလည်း မသိပေါင်တော်၊ ကျုပ်ဖြင့် အမည်တောင် မတပ်တတ် ပါဘူး၊ နောက်ပြီး အသွားအပြန် လိုင်းကားကိုက ငါးအစိတ်သား ဖိုးလောက် ချောတာ၊ ဒီကြားထဲကိုယ်က မနေနိုင်လို့ ဝယ်စားမိတဲ့ မုန့်ဖိုးက ပါသေး၊ စိတ်စက်များ ညစ်ချက်တော်"[၁]

ဟု လည်းကောင်း ရေးဖွဲ့ထားပါသည်။

စာရေးသူသည် မြို့ဈေးသို့တက်၍ စွန့်စားရောင်းဝယ်ခဲ့သော မဝိုင်း၏ ဘဝ အတွေ့အကြုံကို မရိုးရမထပ်ရအောင် ထပ်ဆင့်တင်ပြနိုင်ခဲ့သည်။ မဝိုင်းတစ်ဦးတည်း၏ ဖြစ်ရပ်များသည်ပင် စုံလင်လှသည်။ စာရေးသူ၏ ဘဝပတ်ဝန်းကျင် အတွေ့အကြုံ စုံလင်မှု၊ ဘဝပတ်ဝန်းကျင်အပေါ် စိတ်ဝင်စားမှုတို့ကြောင့် ငါးသည်မ တစ်ယောက်၏ ဘဝဖြစ်ရပ်များကို စာဖတ်သူတို့ အာရုံမညောင်းရအောင် အပြောင်းအလဲပြု၍ ဖန်တီး တင်ပြနိုင်ခြင်း ဖြစ်သည်။ မဝိုင်း၏ဖြစ်ရပ် တစ်ခုပြီးတစ်ခုသည် စိတ်ဝင်စားဖွယ်၊ အသစ်အဆန်းများ ဖြစ်သကဲ့သို့ ကရုဏာသက်ဖွယ်လည်း ဖြစ်သည်။ ရယ်မောဖွယ်လည်း ဖြစ်သည်။ မဝိုင်းသည် မြို့ဈေးသို့ မသွားတော့ပါ။ နေ့တိုင်း လာခဲ့ပါမည်ဟု ပြောဆို သွားသည်။ ရင်ဘတ်ကလေးကို လက်နှင့်ဖိရင်း ပြန်သွားသော မဝိုင်းကိုကြည့်၍ စာရေးသူက စိတ်မကောင်းဖြစ်သည့် ခံစားမှုဖြင့် အနားသတ်ထားပါသည်။

ဝတ္ထုရေးဆရာတို့သည် မည်သည့်ဘဝအကြောင်းကိုပင်ရေးရေး မေတ္တာစိတ်ကို အခြေခံ၍ ရေးဖွဲ့ရသည်ဆိုသော သဘောနှင့် ကိုက်ညီပါသည်။ ခင်ခင်ထူးက မဝိုင်းကို မြင်းဖြူရှင်က ခွာနဲ့ခုတ်ပြန်ပြီထင်ပါရဲ့ဟု တွေးတောဟန်ဖြင့် အနားသတ်ထားသည်။ ဆင်းရဲသားတို့၏ဘဝတွင် အယူသည်းမှုများက ကပ်ပါလျက်ရှိပုံကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃၈။

## ခြုံငုံသုံးသပ်ချက်

ခင်ခင်ထူးသည် မြန်မာ့ဓလေ့စရိုက်များကို အခြေခံ၍ ဝတ္ထုရှည်၊ ဝတ္ထုတိုများကို ရေးဖွဲ့ခဲ့သူ ဖြစ်ပါသည်။ ဈေးခြင်းတောင်းဝတ္ထုတိုများတွင်လည်း မြန်မာအိမ်ရှင်မတို့၏ ဈေးဝယ်မှုနှင့် ပတ်သက်သည့် အတွေ့အကြုံများကို မြန်မာ့ဓလေ့မြန်မာ့ပတ်ဝန်းကျင် အငွေ့အသက်များပါအောင် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ဈေးခြင်းတောင်းဝတ္ထုတွင် အိမ်ရှင်မတစ်ဦးအဖြစ် ဈေးဝယ်ထွက်ရာမှ ငယ်စဉ်ကလေးဘဝတွင် လူကြီးများကိုအတုယူ၍ ဈေးဝယ်တမ်း၊ ဈေးရောင်းတမ်း၊ ထမင်းဟင်းချက်ပြုတ်တမ်း ကစားကြပုံများကို ပြန်လည်သတိရအောက်မေ့ဟန် ဇာတ်လမ်းဆင်ရေးဖွဲ့ထားပါသည်။ ထိုဝတ္ထုသည် မြန်မာအိမ်ရှင်မများကို တုပပြီး မြန်မာ့ကလေးငယ်တို့၏ဘဝတွင် ဈေးရောင်းတမ်း၊ ဈေးဝယ်တမ်း၊ ဟင်းချက်တမ်းကစားကြပုံများကို အနုစိတ် ရေးဖွဲ့တင်ပြထားပုံမှာ သဘာဝကျသည်။ ပြုမူပြောဆိုဟန် အမူအရာနှင့် လေသံများမှာ လူကြီးဟန်တုထားသော ကလေးစရိုက်သဘာဝကို ပီပြင်အောင် ဖော်ကျူးနိုင်သည့်အတွက် ဈေးခြင်းတောင်းဝတ္ထုသည် နှစ်သက်ဖွယ် ဖြစ်နေသည်ဟု ထင်မြင်မိပါသည်။

တစ်ခွန်းဈေးဝတ္ထုတွင်မူ ငွေချေးသူနှင့် ကုန်စုံဆိုင်ပိုင်ရှင် ဦးမှတ်တင်၊ ငွေချေးပေါင်နှံရသူ၊ ကုန်စုံဆိုင်တွင် ပစ္စည်းဝယ်ယူရသူ ကိုအောင်ဌေးနှင့် မပိုတို့၏ ပဋိပက္ခများကို ဖော်ကျူးတင်ပြထားသည်။ ထိုဝတ္ထုတွင် စာရေးသူသည် ဇာတ်လမ်းတွင်ပါဝင်သူ သုံးဦးစလုံး၏ ရှုထောင့်မှနေ၍ ဇာတ်ကြောင်းပြောထားသောကြောင့် ဖြစ်ရပ်တစ်ခုထဲကိုပင် လူသုံးဦး၏ ခံစားမှုအမြင်များမှ တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနားအောင် တင်ပြနိုင်ခဲ့သည်။ ရှုထောင့်ရွေးချယ်မှု မှန်ကန်ခြင်းနှင့် စာဖတ်ရာတွင် အသုံးပြုသည့် မျက်မှန်ကိုပင် ပေါင်နှံရပုံ ဘဝသရုပ်ပီပြင်ခြင်းတို့ကြောင့် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်လာရပါသည်။ ခင်ခင်ထူးသည် ဈေးဆိုသည့် အကြောင်းအရာတစ်ခုတည်းကိုပင် တင်ပြပုံ တစ်ပုဒ်နှင့်တစ်ပုဒ် မတူအောင် ဖန်တီးနိုင်စွမ်းရှိသူ ဖြစ်သည်။

ဈေးသည်မ မပိုင်းတွင် မပိုင်း၏စရိုက်ကို အဓိကထား၍ ဇာတ်လမ်းဆင်ထားသည်။ မပိုင်း၏ မြုပ်ချည်ပေါ်ချည်၊ နိမ့်ချည်မြင့်ချည်ဖြစ်နေသော ဘဝသရုပ်၊ ထိုဘဝသရုပ်နှင့်အညီ ဝမ်းနည်းဝမ်းသာ၊ ယုံလွယ်ပြောလွယ်သော မပိုင်း၏စိတ်သရုပ်တို့ကို လိုက်ဖက်အောင် စရိုက်ဖော်ရေးဖွဲ့ထားသည်။ မပိုင်း၏စရိုက်အဖွဲ့ ထူးခြားမှုကြောင့် စာဖတ်သူတို့သည် မပိုင်း၏ဘဝထဲသို့ ထိုးဖောက်သိမြင်ခွင့်ရပြီးလျှင် ကရုဏာထားကာ နှစ်သက်ခြင်း ဖြစ်ကြရပါသည်။

ခင်ခင်ထူးသည် ဈေးခြင်းတောင်းနှင့် ပတ်သက်သည့် ဈေးအကြောင်းဝတ္ထု များကိုပင် တစ်ပုဒ်နှင့်တစ်ပုဒ် မထပ်ရအောင် မြန်မာ့ဓလေ့ ငယ်အမှုအရာများကို အားပြု၍လည်းကောင်း၊ အရင်းရှင်လူတန်းစားနှင့် အခြေခံလူတန်းစားတို့ ပဋိပက္ခ များကို ဗဟိုပြု၍လည်းကောင်း၊ ဘဝအနိမ့်အမြင့်၊ အတက်အကျ၊ အပြောင်းအလဲ မြန်ဆန်သော ဈေးသည်မတစ်ဦး၏ဘဝကို ဦးတည်၍လည်းကောင်း တစ်ပုဒ်နှင့် တစ်ပုဒ် မရိုးရ မထပ်ရအောင် ဝတ္ထုတို ဖန်တီးမှုအတတ်ပညာကို သုံး၍ ရေးဖွဲ့ တင်ပြထားသည်ကို တွေ့ရပါသည်။

ဈေးခြင်းတောင်းဝတ္ထုတိုများသည် ဘဝသရုပ်ဖော် ဝတ္ထုတိုကောင်းများဟု ဆိုနိုင်ပါသည်။

## နိဂုံး

စာရေးဆရာမ ခင်ခင်ထူးသည် ဝတ္ထုရှည်များကို ရေးဖွဲ့ရာ၌လည်း အညာ ဒေသရှိ မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကို အခြေခံပြီး ဖန်တီးလေ့ ရှိသည်။ ဝတ္ထုတိုများကို ဖန်တီးရာ၌လည်း ပါးကွက်ကြားဝတ္ထုတို၊ ဆံရစ်ဝိုင်းဝတ္ထုတို၊ ပဲသင်းကောက်ဝတ္ထုတို၊ ဈေးခြင်းတောင်းဝတ္ထုတို ဟူ၍ မြန်မာ့လူမှုဝန်းကျင်နှင့် မကင်းကွာသော ဝတ္ထုတိုများကို ရေးသားခဲ့ပါသည်။ အခြားသော ပါးကွက်ကြား ဝတ္ထုတို၊ ဆံရစ်ဝိုင်းဝတ္ထုတို၊ ပဲသင်းကောက်ဝတ္ထုတိုများ၏ ဖန်တီးမှု အတတ်ပညာ ကိုလည်း ဆက်လက်လေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်ခင်ထူး။ ၂၀၀၉။ ဈေးခြင်းတောင်းဝတ္ထုတိုများ (ဒုတိယအကြိမ်)။ ရန်ကုန်၊ ရူပံစာအုပ်တိုက်။

ဇော်ဇော်အောင်။ ၂၀၀၄။ ဇော်ဇော်အောင်ဖတ်စာ။ ရန်ကုန်။ အင်ကြင်းဦးပုံနှိပ်တိုက်။

တက်တိုး။ ၁၉၆၃။ ဘဝနှင့်စာပေ။ ရန်ကုန်၊ မိုးဦးပန်း။

ဘုန်းနိုင်၊ (တက္ကသိုလ်)။ ၁၉၈၁။ ဝတ္ထုရှည်စာတမ်း၊ ရန်ကုန်၊ စာပေဗိမာန်စာအုပ်တိုက်။

သူရိယကန္တိ။ ၁၉၆၇။ ဝတ္ထုရေးလိုသော် (ဒုတိယအကြိမ်)။ ရန်ကုန်၊ နေစိုးရှိန်စာပေ။

အောင်လင်း။ ၁၉၇၂။ မဟာစာနိဒါန်း။ ရန်ကုန်။ စာပေပေါင်းကူးစာအုပ်တိုက်။

အောင်သင်း။ ၁၉၉၄။ ဝတ္ထုရေးရာဆောင်းပါးများ။ ရန်ကုန်၊ ရေတမာစာပေ။

## အင်္ဂလိပ်ဘာသာ

Charles Raymond Barrett, 1990, A Parctical Treatise on the art of the story, New York, The Baker nd Taylor Go, 33-37 E, 17th Street, Union Square North.

Laurie E. Rozakis, Ph.D, 2004, the COMPLETEIDIOTS GUIDE TO CREATIVE WRITING. Alpha Books, 375 Hudsaon Street, New York, NY 10014.

Lucke, Margaret, 1998, Schaum's Quick Guide To Writing Grate Stories, New York Me Graw, Hill, 11, West 19th Street.

Morner, Kathleen and Raush, Ralph, 1998, NTC's Dictionary of Literary Terms, Chicago NTC Publishing Group Lineolnwood, Illinoise.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မြင့်ဆွေ၏လူပျိုဖခင်ပေးစာများ လေ့လာချက်

ကြည်ကြည်မြင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြင့်ဆွေ၏ လူပျိုဖခင်ပေးစာကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ထိုစာအုပ်တွင် ပေးစာပေါင်း ၁၀ စောင် ပါရှိပါသည်။ သားမရှိသေးသောသူက မိမိနိုင်ငံသား လူငယ်များအားလုံးကို သားကဲ့သို့ သဘောထားကာ နိုင်ငံရေးအသိ၊ နိုင်ငံ့သားကောင်းတို့၏ အသိမှန်၊ အတွေးမှန်များ ရရှိစေရန် ဖခင်တစ်ယောက်နေရာမှနေ၍ အသိပေးရေးသား ခဲ့ခြင်း ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက နိုင်ငံရေး အခြေအနေကို နောက်ခံပြု ရေးသားထားပါသည်။ လူငယ်များ အတွေးမမှားစေရန် ဆုံးမရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဤစာတမ်း၏ အခန်း(၁)တွင် ပေးစာသဘော၊ အခန်း(၂)တွင် မြင့်ဆွေ၏ လူပျိုဖခင်ပေးစာများထဲမှ (၂)စောင်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ** – ***လူ့ကျင့်ဝတ်၊ စာပေးပို့သူ၊ စာခံယူသူ၊ ဆုံးမ လမ်းညွှန်ချက်၊ လူ့တာဝန်၊ လူ့အခွင့်အရေး။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာစာပေရှိ ပေးစာများထဲမှ မြင့်ဆွေ၏ လူပျိုဖခင်ပေးစာကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ မြင့်ဆွေ၏ ပေးစာများဖြစ်သော တော်လှန်ရေးနေ့ကစာတစ်စောင်၊ ဖာသကြ်န်၊ အလုပ်သမားနေ့၊ ကဆုန်လပြည့် ဘုရားနေ့လော၊ နယ်ချဲ့အိမ်စောင့်ခွေးနှင့် ပစ္စက္ခဗမာစာပေသမိုင်း၊ ခေတ်တော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကိုရီးယားစစ်ပွဲနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဗုဒ္ဓဘာသာနှင့် မာ့က္ခဝါဒ၊ ဝါတွင်း အိမ်ထောင်ပြုသင့် မပြုသင့်၊ အိမ်ထောင်ရေးအဘိဓမ္မာသစ် တို့ထဲမှ နှစ်ပုဒ်ကို လေ့လာတင်ပြသွားပါမည်။ စာရေးသူအနေနှင့် မြန်မာပြည်သူပြည်သား လူငယ်များသည် ဤပေးစာများကို ဖတ်ရှုခြင်းဖြင့် ရာဇဝင်ပြောင်းလဲရေး လူ့တာဝန်ကြီးကို မဆုတ်မနစ် ထမ်းဆောင်ကြလိမ့်မည်ဟု ရည်ရွယ်ကြောင်းလည်း ဖော်ပြထားပါသည်။

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ ပေးစာဟူသည်

ပေးစာ ဟူသည် အသိပေးသော စာဖြစ်ပြီး သုတ၊ ရသသဘော ပါဝင်သည်။ တစ်ဦးတစ်ယောက်က တစ်ဦးတစ်ယောက်ကို ပေးပို့သောစာဖြစ်သော်လည်း အများ သိစေရန်နှင့် ဗဟုသုတဖြစ်စေရန်အထိ ရည်ရွယ်ချက်ကျယ်ပြန့်ပြီး ရင်းနှီးသည့်လေသံ ပါဝင်သည်။ ခံစားမှုသဘော ပါဝင်သည်။ ပေးစာဖြင့် ပရိသတ်ကို အသိပေးလိုသော စေတနာအရင်းခံပြီး ရေးသားတင်ပြသော စာများ ဖြစ်ပါသည်။ စာပေနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က–

> "စာပေရေးသားရာတွင် စာရေးသူတို့ ထားရှိသော ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် နှစ်မျိုး ရှိပါသည်။ ပထမတစ်မျိုးမှာ စာဖတ်သူကို အသိဉာဏ်ဗဟုသုတ ပေးလိုသော ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ စာရေးသူသည် အကြောင်းအရာ တစ်ရပ်ကို စာဖတ်သူ သိနားလည်အောင်၊ ဗဟုသုတဖြစ်အောင် ရည်ရွယ် ရေးတတ်သဖြင့် ထိုစာမျိုးသည် အသိပေးစာ၊ ပညာပေးစာ၊ သုတစာ ဖြစ်လာပါသည်။ နောက်တစ်မျိုးမှာ စာဖတ်သူ၏ စိတ်ထဲတွင် စေတနာတစ်ခုခု ပေါ်ပေါက်လာအောင် နှိုးဆော် ပေးလိုသော ရည်ရွယ်ချက် ဖြစ်သည်။ စေတနာရည်ရွယ်ချက်ဟု ခေါ်ဆိုနိုင်ပါသည်။ ထိုစာမျိုးသည် စေတနာနှိုးစာ၊ ရသစာ ဖြစ်လာပါသည်"[၁]

ဟု 'စကားပြေသဘောတရား စကားပြေအတတ်ပညာ' စာအုပ်တွင် ဖော်ပြထား ပါသည်။

မြန်မာစာပေတွင် တွေ့ရှိရသော ပေးစာများကို လေ့လာရာတွင် ပေးစာများသည် အကြောင်းအရာအမျိုးမျိုးကို စာရေးသူတို့၏ အတွေ့အကြုံနှင့် စေတနာအလျောက် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ပေးစာဟု ဆိုသည့်အတွက် စာရေးသူက သူရည်ရွယ်ဦးတည်သူ တစ်ဦးဦးထံသို့ ရည်ညွှန်းရေးသားသော စာပေမျိုးဟု နားလည် ရပါသည်။ လူတစ်ယောက်နှင့်တစ်ယောက် လူမှုရေး၊ အိမ်တွင်းရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည်ဖြင့် အသိပေး ပေးပို့သည့် စာမျိုးပင် ဖြစ်ပါသည်။ သို့ရာတွင် စာအုပ် စာတမ်းအဖြစ်သို့ ရိုက်နှိပ်ထုတ်ဝေသော ပေးစာများတွင်မူ အထက်ပါ ရည်ရွယ်ချက်မျိုး၊ ပုံသဏ္ဌာန်မျိုးနှင့်ပင် ရေးသားသော်လည်း အကြောင်းအရာများကို

---

[၁] ခင်မင်၊ မောင်( ဓနုဖြူ)၊ ၁၉၇၉၊ ၇။

ချဲ့ထွင်ကာ စာဖတ်ပရိသတ်များအား စာရေးသူက အသိပေးလိုသော ဇာတ်လမ်း ဗဟုသုတများကို ရေးသားလေ့ ရှိပါသည်။

**၁၊ ၂။ ပေးစာသဘော**

ပေးစာ၏သဘောမှာ စာပေးပို့သူနှင့် စာခံယူသူ(အညွှန်းခံပုဂ္ဂိုလ်) ဟူ၍ ပါရမည်။ ပေးစာနှင့်ပတ်သက်၍ မြန်မာ အင်္ဂလိပ် အဘိဓာန်၌ Letter ဟု ပြန်ဆိုထားပါသည်။ Letter ဝေါဟာရကို မြန်မာစာအဖွဲ့ဦးစီးမှ ထုတ်ဝေသည့် အင်္ဂလိပ် မြန်မာ အဘိဓာန်တွင် စာသဝဏ်ဟု အနက်ဖွင့်ထားပါသည်။ A Handbook To Literature စာအုပ်တွင် ပေးစာ(Epistle)သည် စာတစ်မျိုး ဖြစ်သည်။ သို့ရာတွင် ထိုဝေါဟာရသည် ပုဂ္ဂိုလ် အချင်းချင်း၊ အုပ်စုအချင်းချင်းကြားတွင် သမားရိုးကျ စီကုံးရေးသား ပေးပို့သော သဘောဖြစ်သည်ဟု ကန့်သတ်ချက် ရှိသည်။ ပေးစာ(Epistle)သည် စာ(Letter)နှင့် ခြားနားသည်။ ၎င်းသည် အလိုအလျောက်ပြောဆိုသော၊ ရင်းရင်းနှီးနှီးပြောဆိုသော သီးသန့်ရေးသားပေးပို့သော စာများထက် သိမှတ်ဖွယ်ရာများပါသော စာမျိုး ဖြစ်ပါသည်။ အစဉ်အလာအရ ပေးစာ(Epistle)သည် ဗုဒ္ဓဘာသာကျမ်းဂန်စာပေ၊ သမ္မာကျမ်းစာ တို့နှင့် ဆက်စပ်မှု ရှိသည်။ သို့ရာတွင် ယင်းသည် ထိုအကြောင်းများသာ ဖြစ်ရမည်ဟု ကန့်သတ်ရန် မလိုအပ်ပေ ဟု ဖွင့်ဆိုထားပါသည်။

ပေးစာ၏သဘောမှာ လက်တွေ့ဘဝတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေးသားပေးပို့သော ပေးစာသဘောထက် ပိုမိုကျယ်ဝန်းသည်။ အကြောင်းအရာမှာလည်း စုံသည်။ အဘယ်ကြောင့်ဆိုသော် မိခင်တစ်ဦးမှ သားတစ်ဦးသို့၊ ဖခင်တစ်ဦးမှ သမီးတစ်ဦးသို့ ပေးသော သဘောသက်သက်ထက် လောကတွင် ရှိသမျှသော သားများ၊ သမီးများအတွက် ရည်ညွှန်း၍ ရေးသောကြောင့် ဖြစ်ပါသည်။ စာအုပ်စာပေ များတွင် ပါဝင်သော ပေးစာများသည် ပုဂ္ဂလိကအချင်းချင်း ပေးသောစာထက် ရည်ညွှန်းခံ စာဖတ်ပရိသတ်မှာ များပြားသည်။ မည်၍မည်မျှဟု ကန့်သတ်မှုဘောင် မရှိပေ။ ထိုစာအုပ်ကို ဖတ်ရှုသူတိုင်းအတွက် ရည်ရွယ်သည်။ သားအရွယ်၊ သမီးအရွယ်၊ တပည့်အရွယ် လူငယ်များအားလုံးအတွက် အသုံးဝင်စေမည့် ဆုံးမလမ်းညွှန်ချက်များ အတွေးအခေါ်များ၊ လူ့ကျင့်ဝတ်များ ပါဝင်သည့်အတွက် ပေးစာတွင်ပါဝင်သော အကြောင်းအရာကို လက်ခံလိုက်နာသင့်သည့် လူငယ်လူရွယ်အားလုံးနှင့် ပတ်သက် နေသည်။ စာရေးသူသည် မူလက မိမိ၏သား၊ သမီး၊ တပည့် တစ်ဦးဦးကို ရည်ညွှန်း၍ ရေးရန်စိတ်ကူး ဖြစ်ပေါ်ခဲ့နိုင်သည်။

စာရေးဆရာတို့သည် မိမိ၏အတွေးအခေါ်ကို ဖြန့်ဝေရာတွင် လူအများစု သိမှုနယ်ပယ် ကျယ်ပြန့်လာအောင် တင်ပြလေ့ရှိသည့်အလျောက် လောကတွင်ရှိသော သားများ၊ သမီးများ၊ တပည့်များ စသည်တို့ ကြုံတွေ့ရမည်ဖြစ်သော အဖြစ်အပျက် များကို တင်ပြပြီး လိုက်နာကျင့်သုံးရမည်ဖြစ်သော အပြုအမူ အပြောအဆို အတွေး အမြင်များကို လမ်းညွှန်လေ့ ရှိပါသည်။ အများအားဖြင့် ပေးစာရေးသူသည် ချစ်သမီးသို့ဟု ရည်ညွှန်းလျှင် ဖခင်တစ်ဦးဘဝကို ပိုင်ဆိုင်ထားပြီး ဖခင်တစ်ဦး၏ အတွေ့အကြုံရှိသူ ဖြစ်ပေမည်။ ထိုအတွေ့အကြုံ ခံစားမှုဖြင့် ရေးဖွဲ့သောကြောင့် အများပရိသတ်အတွက် ရည်ညွှန်းရေးဖွဲ့သော ပေးစာပင် ဖြစ်လင့်ကစား တင်ပြ ရေးဖွဲ့ဟန်သည် မေတ္တာစိတ်ဖြင့် ပြည့်လျှမ်းနေသည့်အလျောက် နူးညံ့သိမ်မွေ့နေ တတ်သည်။ ယဉ်ကျေးဖွယ်ရာရှိပြီးလျှင် စာဖတ်သူ လူငယ် လူရွယ်တို့၏ စိတ်နှလုံးကို နူးညံ့စေသည်။ ယဉ်ကျေးလိမ္မာစေသည်။ ပေးစာဟန် စကားပြေကို သုံးခြင်းဖြင့် စာဖတ်သူတို့၌ ထိုအကျိုးတရားကို ရရှိနိုင်ပါသည်။ သာမန် အသိပေး တင်ပြသော ဆောင်းပါးရေးဟန်ထက်ပို၍ ပေးစာရေးဟန်က မေတ္တာသဘော ရသသဘောများ ပါဝင်ပြီး စာဖတ်သူ၏စိတ်အာရုံကို စည်းရုံးဆွဲဆောင်နိုင်စွမ်းရှိသည်ဟု ထင်မြင်မိ ပါသည်။

ပေးစာကို ရေးသားရာ၌ စာရေးသူသည် မိမိရည်ညွှန်းသူ အရည်ညွှန်းခံကို ဦးတည်ပြောဆိုရသည်ဖြစ်သောကြောင့် ပြောသူနှင့်အညွှန်းခံပုဂ္ဂိုလ်တို့၏ ပတ်သက်မှု တော်စပ်မှုကိုလိုက်၍ မိမိကိုယ်ကို ညွှန်းဆိုပြောလေ့ ရှိသည်။ ဖခင်ဖြစ်သူက သမီး ဖြစ်သူထံ ပေးစာပို့လျှင် သမီးရေ ဖေဖေက ဟု သုံးမည် ဖြစ်ပါသည်။ စာရေးသူသည် အဖေတစ်ယောက်၏ ရှုထောင့်မှနေ၍ ကံသုံးပါး အမူအရာများကို သိခွင့်ယူကာ ရေးသားနေခြင်း ဖြစ်သည်။ အဖေတစ်ဦးတည်း၏ ရှုထောင့်မှ တင်ပြသောကြောင့် အဖေတစ်ဦး၏ သမီးအပေါ်ထားရှိသော မေတ္တာ၊ ကရုဏာ၊ စိုးရိမ်ကြောင့်ကြမှု၊ ကြည်နူးအားရမှု စသည့် ခံစားမှု လေသံများအားလုံး ပါဝင်နေသည့်အတွက် ပေးစာသည် လူ့သဘော လူ့သဘာဝများနှင့် သက်ဝင်လှုပ်ရှားနေသည်။ ဖခင်တစ်ဦး၏ လေသံမှ တစ်ဆင့် ဆင်ခြင်တုံတရား၊ မေတ္တာတရားများကို စာဖတ်သူတို့ နားလည်ခံစားလာ ကြရပါသည်။

## ၂။ မြင့်ဆွေ၏ လူပျိုဖခင်ပေးစာများ

လူပျိုဖခင်ပေးစာစာအုပ်ကို ၁၉၅၀ ခုနှစ်တွင် စာရေးဆရာ မြင့်ဆွေ ရေးသားခဲ့ ပါသည်။ ထိုစာအုပ်တွင် ပေးစာပေါင်း ၁၀စောင် ပါရှိသည်။ ထိုခေတ် ထိုအခါက ဒီမိုကရေစီသစ်ကို ချီတက်နေသော တော်လှန်ရေးအင်အားစုနှင့် တော်လှန်ရေး

ဆန့်ကျင်သော အင်အားစုတို့ကြားတွင် မိမိသားပါသွားမည်ကို စိုးရိမ်သောကြောင့် ဆုံးမရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုပေးစာများတွင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသော လူမှုဆက်ဆံရေး အကြောင်းများကို ရေးသားဖော်ပြထားပါသည်။ ထိုစာအုပ်၏ နိဒါန်း၌ စာရေးသူက–

> "မနုဿလူသားတို့သည် လူယဉ်ခေတ်တံခါးဝကို ထိုးဖောက်ဝင်ရောက်လာသည့် အချိန်မှစ၍ လူ့တာဝန်၊ လူ့အခွင့်အရေး နှစ်ခုကို ခွဲခြား နားလည်လာခဲ့ကြပေသည်"[၁]

ဟု ဖော်ပြထားသည်။ ထို့ပြင် စာရေးသူက–

> "လူတိုင်း၌ လူ့အခွင့်အရေး ရှိသကဲ့သို့ လူတိုင်းလူတိုင်း၌ လူ့တာဝန်လည်း ရှိသည်။ လူ့အခွင့်အရေးကို တောင်းဆိုလျှင် ထိုအခွင့်အရေး ရရှိရန်အတွက် လူ့တာဝန်ကို တင်းပြည့်ကျပ်ပြည့် ထမ်းဆောင်ကျင့်သုံးရန် မမေ့အပ်ပေ။ လူ့အခွင့်အရေးဆိုသည်မှာ တောင်းဆိုရုံနှင့် အလိုအလျောက် မိုးပေါ်ကကျလာသည့်အရာလည်း မဟုတ်။ စင်စစ် လူ့တာဝန်ကို ထမ်းဆောင်ကျင့်သုံးသည့် အတိုင်းအတာ ပမာဏနှင့် အညီအမျှသာလျှင် လူ့အခွင့်အရေးကို ရရှိကြမည် ဖြစ်ပေသည်"[၂]

ဟု ဆိုထားပါသည်။

စာရေးသူက မြန်မာနိုင်ငံ၏ ထိုစဉ်က အခြေအနေကို သုံးသပ်တင်ပြထားပြန်သည်။ မြန်မာနိုင်ငံသည် ပဒေသရာဇ်တစ်ပိုင်း ကိုလိုနီတစ်ပိုင်းဘဝတွင် ရှိနေဆဲ ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ပြည်သူများအနေနှင့် ပြည်သူ့ဒီမိုကရေစီ အခွင့်အရေးကို တောင်းဆိုရမည်။ ပြည်သူ့ဒီမိုကရေစီအခွင့်အရေးသည် လူ့အခွင့်အရေးပင် ဖြစ်သည်။ ထိုလူ့အခွင့်အရေး ရရန်အတွက် တာဝန်ကြီးတစ်ရပ် ရှိသည်။ ထိုတာဝန်မှာ ရာဇဝင်ပြောင်းလဲရေးတာဝန်ပင် ဖြစ်သည်ဟု ဖော်ပြထားပါသည်။ စာရေးသူအနေနှင့် မြန်မာပြည်သူပြည်သား လူငယ်များသည် ဤပေးစာများကို ဖတ်ရှုခြင်းဖြင့် ရာဇဝင်ပြောင်းလဲရေး လူ့တာဝန်ကြီးကို မဆုတ်မနစ် ထမ်းဆောင်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ဖော်ပြထားပါသည်။

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ နိဒါန်း။
[၂] မြင့်ဆွေ၊ ၁၉၅၂၊ နိဒါန်း။

စာရေးသူ ဆရာမြင့်ဆွေက သားဖြစ်သူ မောင်အေးမြင့်ထံသို့ ပေးပို့သည့် ပေးစာအဖြစ် ရေးသားရခြင်းမှာ မောင်အေးမြင့်၏ အတွေးအခေါ်များကို ထိန်းသိမ်း ပဲ့ပြင် လမ်းညွှန်ရန် ဖြစ်သည်။ နိဒါန်းတွင် မောင်အေးမြင့်၏ပေးစာကို ဖော်ပြထားသည်။ မောင်အေးမြင့်စာအရ လူပျိုဖခင်ပေးစာစာအုပ် ပေါ်ထွန်းစဉ် ခေတ်ကာလ အခြေအနေ သိရပါသည်။ မြန်မာနိုင်ငံရေးနှင့် ကမ္ဘာ့နိုင်ငံရေးကို ဆက်စပ်တင်ပြထားပါသည်။ ဒုတိယစစ်ကြီးအပြီးတွင် ဖက်ဆစ်တို့၏ဝါဒ ကျဆုံးသွားသည်။ အမေရိကန်သည် ဒီမိုကရေစီဝါဒဟု ကမ္ဘာကို အသံကောင်းဟစ်ကာ ဖက်ဆစ်တို့၏နည်းကိုယူပြီး ကမ္ဘာ့ပြည်သူတို့ကို သူ၏အပေါင်းအဖော်များနှင့်အတူ စော်ကားနေသည်။ အမေရိကန်သည် ကမ္ဘာ့ကုလသမဂ္ဂကို လက်ဝါးကြီးအုပ်ပြီး အာရှတိုက်ကိုလည်း အုပ်စိုးရန် ကြိုးစားနေသည်။ တတိယကမ္ဘာစစ်ကြီးဖြစ်ရေးကို အပြင်းအထန်ကြိုးစားနေသည်ဟု စာတွင် ပါရှိပါသည်။

## ၂၊ ၁။ တော်လှန်ရေးနေ့က စာတစ်စောင်

စာရေးဆရာ မြင့်ဆွေသည် တော်လှန်ရေးနေ့က စာတစ်စောင်ပေးစာကို ၂၇–၃–၁၉၅၀ ရက်နေ့တွင် ရေးသားခဲ့ပါသည်။ ပေးစာ၏အစတွင် ‘သားဆီ သည်စာတွေကို ဖေဖေရေးနေတဲ့အချိန်မှာ ငါ့သား လူ့လောကကြီးထဲ လူမဖြစ်သေးဘူး မွေးလည်း မမွေးသေးဘူးဆိုတာ ငါ့သား ပထမဆုံး သိထားဖို့ လိုတယ်’ ဟု အစပျိုးထားသည်။ ပေးစာစာအုပ်အမည်သည် ဆန်းကြယ်သကဲ့သို့ အစပျိုးမှုမှာလည်း ဆန်းကြယ်သည်။ စာရေးဆရာ မြင့်ဆွေသည် လူပျိုဖခင်ပေးစာဟု အမည်တပ်ထားသော်လည်း မည်သူမည်ဝါနှင့် လက်ထပ်မည်ဟုပင် မဆုံးဖြတ်ရသေးသောအချိန် ဖြစ်ပါသည်။ လူပျိုဘဝတွင် သားကို ဆုံးမသည့်စာကို ရေးသားသောကြောင့် အချို့က ရူးသွတ်နေသည်ဟု သုံးသပ်ကြသည်။ သို့ရာတွင် ထိုစာကိုထောက်ခံပြီး ရေးသားရန် တိုက်တွန်းသူမှာ ဗန်းမော်တင်အောင် ဖြစ်သည်။ ဗန်းမော်တင်အောင်၏အမြင်ကို လူပျိုဖခင်ပေးစာ စာအုပ်၌ စာရေးသူက–

> “ငါ့သား ဦးလေးကြီးတင်အောင် (ဗန်းမော်တင်အောင်)က ဆိုရင် ကိုမြင့်ဆွေ ခင်ဗျားအကြံဟာ သိပ်ပိုင်တာပဲဗျာ .... ပြည်သူ့ ဒီမိုကရေစီသစ်ကို တည်ဆောက်ရာမှာ မြင့်ဆွေနီတိဟာ စူးကလေး တစ်ချောင်း ဖြစ်နေတာလို အခု သည်စာဟာလည်း အရေးကြီးတဲ့

အုတ်တစ်ချပ် ဖြစ်နေလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်
လို့တောင် ပြောသွားသေးတယ်”[13]

ဟု တင်ပြထားပါသည်။ စာရေးသူကိုယ်တိုင်ကလည်း နိဒါန်းတွင် ဤစာအုပ်၌ ပါရှိသော ပေးစာများမှာ လင်းယုန်ဂျာနယ် အုပ်တွဲ ၁ အမှတ် ၁ မှစ၍ အုပ်တွဲ ၃ အမှတ် ၈ ထိ ၁၅ ရက် တစ်ကြိမ် ထုတ်ဝေသော လင်းယုန်ဂျာနယ် ရပ်ဆိုင်းသွားသည် အထိ မရှိသေးသော သားထံသို့ လူပျိုဖခင်ပေးစာ ဟူသော ခေါင်းစဉ်ဖြင့် အပတ်စဉ် ရေးသားခဲ့သော ပေးစာများပင် ဖြစ်ပေသည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် လင်းယုန်ဂျာနယ် ခေါင်းကြီးပိုင်းများတွင် ဗန်းမော်တင်အောင်သည် လွတ်လပ်ရေးရပြီးကာစ အချိန်၌ အမေရိကန်တို့၏ ကုလသမဂ္ဂကိုအသုံးချကာ မြန်မာနိုင်ငံကို နယ်ချဲ့လိုသော အနေအထားများ၊ အရှေ့တောင်အာရှကို လွှမ်းမိုးလိုသော အစီအစဉ်များကို သတင်းစာ ခေါင်းကြီးများအဖြစ် မကြာခဏ ရေးသားတင်ပြထားသည်ကို တွေ့ရပါသည်။ စာရေးသူ မြင့်ဆွေနှင့် ဗန်းမော်တင်အောင်တို့သည် ထိုခေတ် နိုင်ငံရေးနှင့် စာပေအရေးကို ရှုမြင်သုံးသပ်ရာ၌ သဘောချင်း တူညီသည်ဟု ဆိုရပါမည်။

ထိုပေးစာသည် လွတ်လပ်ရေးရပြီး ၂ နှစ် ၂ လနှင့် ၂၃ ရက်တွင် ရေးသားကြောင်း အလေးအနက်ထား ပြောဆိုသည်။ မြန်မာနိုင်ငံသည် ယခုချိန်ထိ လွတ်လပ်ရေး နှစ်ကြိမ်ရပြီး ဖြစ်သည်။ သို့ရာတွင် ထိုလွတ်လပ်ရေးများသည် ဂုဏ်ယူဖွယ် မဟုတ်ပေ။ လွတ်လပ်ရေးရပြီးသည့်တိုင် ပဒေသရာဇ်နှင့် အရင်းရှင်တို့သည် ကြိုးကိုင်ချယ်လှယ်နေဆဲ ဖြစ်သည်။ အုံကြွနေသော ကိုလိုနီတော်လှန်ရေး အင်အားစုကြီးသည် ပြည်သူ့ဒီမိုကရေစီကို ရှေ့ရှု၍ ချီတက်နေသည်။ ဆန့်ကျင်ဘက် အင်အားစုများ ကလည်း အပြင်းအထန် အကာအကွယ်ယူ ခုခံနေကြသေးသည်။ ထို့ကြောင့် အာရှတိုက် တော်လှန်ရေးဟု နိုင်ငံရေးသုခမိန်များက ယခုအချိန်ကို သတ်မှတ်ဆဲ ဖြစ်သည်။ နယ်ချဲ့သမားသည် ထွက်ခွာသွားပြီဖြစ်သော်လည်း နယ်ချဲ့သမား၏ အပေါင်းအဖော်များ ကျန်ရှိနေသေးသည်။ ထိုသူတို့သည် ဟောင်းနွမ်းနေသော စနစ်ဟောင်းကြီးကို ဒီမိုကရေစီတံဆိပ်ကပ်ပြီး လူထုကြီးအား လိမ်ညာနေဆဲ ဖြစ်သည်။ ပညာရေးကို ကြည့်လျှင် ကျောင်းသားများသည် ပြည်သူ့ပညာရေးကို မသင်ကြားရသေးဘဲ ပဒေသရာဇ်ခေတ်၏ ပညာရေးထဲ၌သာ နစ်မြုပ်နေဆဲ ဖြစ်သည်။ စီးပွားရေးတွင်လည်း အရင်းရှင်၏ ကုန်ထုတ်ဆက်ဆံရေးအောက်မှ မလွတ်နိုင်သေးဘဲ အိမ်ထောင်ရေးစနစ် သည်ပင်လျှင် ပဒေသရာဇ်တစ်ပိုင်း ကိုလိုနီတစ်ပိုင်း ဖြစ်နေသည်။ ယဉ်ကျေးမှုအရ ကြည့်လျှင်လည်း ပဒေသရာဇ်လောင်းရိပ်အောက်မှ စာပေတို့၏ အရိပ်သည် လွှမ်းမိုး

---

[13] မြင့်ဆွေ၊ ၁၉၅၂၊ ၂၁။

နေဆဲဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် မွေးဖွားလာမည့် သားအတွက် ကြိုတင်၍စိုးရိမ်စိတ်နှင့် မှာကြားရခြင်းဖြစ်ကြောင်း ရေးသားထားပါသည်။ ထိုစာကို ၂၇ ရက် ၃ လ ၁၉၅၀ ခုနှစ်တွင် ရေးသားရခြင်းအကြောင်းမှာ ဖက်ဆစ်တော်လှန်ရေးနေ့ကို အထူးအလေးထားမိစေရန် ဖြစ်သည်။ မွေးဖွားလာမည့်သားအနေနှင့် ဆက်လက်၍ ပညာရေး စီးပွားရေး လူမှုရေး ယဉ်ကျေးမှုအရပ်ရပ်ကို တွန်းလှန်ရမည့် တာဝန်များ ရှိနေသေးသည်ဆိုသော အတွေးဝင်စေရန် ရေးသား တင်ပြထားခြင်း ဖြစ်ပါသည်။

ထိုအချက်များကို တင်ပြရာ၌ ဂျာနယ်ထဲတွင် ရေးသားသော ဆောင်းပါး ဖြစ်သည့်အလျောက် စာရေးသူ၏အမြင်ကို ဖွင့်လှစ်တင်ပြပြီး စာဖတ်သူတို့အား နားလည်လက်ခံလာသည့်အထိ စည်းရုံးလမ်းညွှန်ထားသော လေသံပေါ်လွင်သည်။ တက်ကြွသော၊ ပြတ်သားသော လေသံပါအောင် ရေးသားထားသည်။ လက်ရှိနိုင်ငံရေး အခြေအနေကို တင်ပြရာတွင် စာရေးသူက–

> “လွတ်လပ်တဲ့နိုင်ငံ ဖြစ်လာပေမဲ့ ပဒေသရာဇ်နှောင်ကြိုးတွေကို အကုန်မဖြတ်ရသေးဘူး အရင်းရှင် စက်ယန္တယားကြီးတွေဟာလဲ လည်မြဲပဲ လည်နေသေးတယ် အုံကြွနေတဲ့ ကိုလိုနီတော်လှန်ရေး အင်အားစုကြီးဟာ ပြည်သူ့ဒီမိုကရေစီကို ရှေ့ရှု ချီတက်နေမဲ့ ဆန့်ကျင်ဘက် အင်အားစုတွေကလည်း အပြင်းအထန် အကာ အကွယ် ယူပြီး ခုခံနေကြတုန်း ရှိသေးတယ်”[၁]

ဟု ရေးသားထားပါသည်။ စာဖတ်သူတို့အနေနှင့် ပိုထင်ရှားသိမြင်စေရန် ‘ပဒေသရာဇ် နှောင်ကြိုး၊ အရင်းရှင်စက်ယန္တယား’ စသည်ဖြင့် ရူပကအလင်္ကာမြောက်သော စကားသုံး များနှင့် တင်ပြထားပါသည်။ လွတ်လပ်သည့်နိုင်ငံ ဖြစ်လာသော်လည်း ပဒေသရာဇ် စနစ် ပျောက်ပျက်သွားခြင်း မရှိသေးကြောင်းကို တိုက်ရိုက်မပြောဘဲ ‘ပဒေသရာဇ် နှောင်ကြိုးတွေကို အကုန်မဖြတ်ရသေး’ ဟု သွယ်ဝိုက်၍ ဝင်္ကဝုတ္တိအလင်္ကာ မြောက်အောင် ရေးသားသည်။ အရင်းရှင်စီးပွားရေးစနစ်သည် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်ဆိုသော အချက်ကို တိုက်ရိုက်မရေးဘဲ ‘စက်ယန္တယားကြီးတွေဟာလဲ လည်မြဲပဲ လည်နေသေးတယ်’ ဟု သွယ်ဝိုက်၍ ဝင်္ကဝုတ္တိအလင်္ကာဖြင့် ထင်ရှား သိသာအောင် တင်ပြထားပါသည်။

ပြည်သူ့ဒီမိုကရေစီအဖွဲ့ကြီးကို တင်ပြရာ၌ ‘အုံကြွနေတဲ့ ကိုလိုနီတော်လှန်ရေး အင်အားစုကြီး’ ဟု နာမဝိသေသနပုဒ်များဖြင့် ပေါ်ပေါ်လွင်လွင် ရေးသားထား ပါသည်။ ထိုသူတို့အား ဆန့်ကျင်ဘက်အင်အားစုများက ချီတက်နေသည့် ပန်းတိုင်သို့

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၂၃။

မရောက်အောင် ခုခံနေကြပုံကို တင်ပြရာ၌ 'အပြင်းအထန် အကာအကွယ်ယူပြီး ခုခံနေကြတုန်း ရှိသေးတယ်' ဟု ရေးသားထားပါသည်။ အကြောင်းအရာ ပို၍ ထင်ရှားပေါ်လွင်စေမည့် အနက်ချင်းဆက်စပ်မှုရှိသော စကားလုံးကို ပေါင်းစုရေးသား ထားပါသည်။ ထိုစဉ်က သတင်းစာ ဂျာနယ်များသည် လက်ရှိအစိုးရ၏ အပြုအမူ များကို တော်လှန်လေ့ ရှိသည်။ ထိုခေတ် သတင်းစာတို့၏ မူဝါဒအတိုင်း နယ်ချဲ့ သမားများ အရင်းရှင်များကို ဆန့်ကျင်တော်လှန်ရေးသားလေ့ ရှိသည်။ လင်းယုန် ဂျာနယ် ထုတ်ဝေသူ ဗန်းမော်တင်အောင်သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အလွန် ပြင်းထန်သည်။ ထိုခေတ်က အုပ်စိုးနေသော ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်သည့် ဖဆပလအစိုးရအဖွဲ့ကိုလည်း အမေရိကန်နှင့်ပူးပေါင်းသော နယ်ချဲ့အားပေးအစိုးရ အဖြစ် မြင်သည်။ ထို့ကြောင့် လွတ်လပ်ရေးရသည့်တိုင် နယ်ချဲ့နှင့်အရင်းရှင်တို့၏ ဖိနှိပ်မှုများ ရှိနေသည့်အတွက် ပြည်သူလူထုမှာ လွတ်လပ်ရေး၏ အရသာ အစစ်အမှန်ကို မခံစားကြရပေဟု ခံယူထားသည်။ လင်းယုန်ကလောင်ရှင်ပီပီ စာရေးဆရာ မြင့်ဆွေ သည်လည်း နိုင်ငံရေးခံယူချက် ပြင်းထန်ဟန် ရှိသည်။ ထိုခံယူချက် ပြင်းထန်သော လေသံကို–

> "နယ်ချဲ့သမားဟာ ဗမာမြေပြင်က ထွက်ခွာသွားပြီလို့ ဆိုရပေမဲ့ နယ်ချဲ့သမားရဲ့ အိမ်စောင့်ခွေးတွေဟာ ဗမာမြေပြင်မှာ ရှိမြဲပဲ ရှိနေသေးတယ်၊ တိုင်းရင်းသားသစ္စာဖောက်တွေနဲ့ အရင်းရှင်တွေ ဟာလည်း ပူးပေါင်းပြီး သူတို့အခွင့်အရေးတွေ မကျဆုံးအောင် အင်မတန်ဟောင်းနွမ်းဆွေးမြေ့နေတဲ့ စနစ်ဟောင်းကြီးကို ဒီမိုကရေစီ တံဆိပ်ကပ်ပြီး အကြီးအကျယ် အလုပ်အကျွေးပြုနေကြတုန်းပဲ ရှိသေးတယ်၊ ပြည်သူလူထုကြီးရဲ့ မျက်စိထဲကို သဲပက်ပြီးတော့ ပြောင်ပြောင်ကြီး လိမ်နေကြတုန်းပဲ ရှိသေးတယ်"[၁]

ဟု ရေးသားတင်ပြထားပါသည်။ ခေတ်အခြေအနေပေါ် မူတည်၍ ပြည်သူတစ်ဦး ဖြစ်သော စာရေးသူ၏ ပြင်းထန်သော ခံစားမှုလေသံပါနေသည့် အရေးအသား ဖြစ်ပါသည်။ နယ်ချဲ့တို့၏ အလိုတော်ရိများကို 'နယ်ချဲ့သမား၏ အိမ်စောင့်ခွေး'၊ 'တိုင်းရင်းသား သစ္စာဖောက်' ဆိုသည့် စကားလုံးများက နယ်ချဲ့နှင့် သစ္စာဖောက် များကို မုန်းတီးသည့် ခံစားမှုကို ဖော်ပြနေသည်။ ထိုစကားလုံးများဖြင့် ပြည်သူ တစ်ရပ်လုံးအား ခံစားမှုပြင်းထန်လာအောင် သွေးထိုးလှုံ့ဆော်ထားသည်။ ထို့ပြင်

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၂၄။

ဒီမိုကရေစီတံဆိပ် တပ်ထားသော်လည်း ပင်ကိုယ်ရှိရင်းစွဲ စနစ်ဟောင်းကို သုံးစွဲနေကြောင်း တင်ပြရာ၌ သူတို့အခွင့်အရေးတွေ မကျဆုံးအောင်–

> "အင်မတန် ဟောင်းနွမ်းဆွေးမြေ့နေတဲ့ စနစ်ဟောင်းကြီးကို ဒီမိုကရေစီတံဆိပ်ကပ်ပြီး အကြီးအကျယ် အလုပ်အကျွေးပြု နေကြတုန်းဘဲ ရှိသေးတယ်"[၁]

ဟု ရေးသားထားပါသည်။ ရှိရင်းစွဲ စနစ်ဟောင်းကြီး၏သရုပ်ကို ပေါ်လွင်အောင် 'အင်မတန် ဟောင်းနွမ်းဆွေးမြေ့နေတဲ့' စကားလုံးများနှင့် ဝိသေသပြုကာ ပုံဖော်ထားပါသည်။ ထိုစနစ်ကို ဆက်၍သုံးစွဲဖြစ်သည်ဟု မသုံးဘဲ 'အကြီးအကျယ် အလုပ်အကျွေး ပြုနေကြ' ဟု သုံးထားပါသည်။ 'အင်မတန်'၊ 'အကြီးအကျယ်' ဆိုသည့် နာမဝိသေသနများက ပြင်းထန်မှုကို ပေါ်လွင်စေသည်။ 'အလုပ်အကျွေးပြု' ဆိုသည့် စကားလုံးကလည်း သုံးနေဆဲဆိုသည့် စကားလုံးထက်ပို၍ ထိုစနစ် အသက်ဝင်နေမှုကို ပုံပေါ်စေပါသည်။

ဒီမိုကရေစီတံဆိပ်တပ်၍ စနစ်ဟောင်းသုံးနေသည့်သူတို့၏ အပြုအမူကို 'ပြည်သူလူထုကြီးရဲ့ မျက်စိထဲကို သဲပက်ပြီးတော့ ပြောင်ပြောင်ကြီးလိမ်နေကြတုန်းပဲ ရှိသေးတယ်' ဟု ရေးသားတင်ပြခဲ့ပါသည်။ အမူအရာပြစကားလုံးများ၊ အပြုအမူပြ စကားလုံးများသုံး၍ ဆိုလိုချက် ထင်ရှား လေးနက်အောင် တင်ပြထားပါသည်။ လိမ်သည် ဟူသော စကားကိုပင် ဝိသေသပုဒ်အဖြစ်လည်းကောင်း ထင်ရှားမြင်သာသော စကားလုံးဖြင့်လည်းကောင်း ပြတ်ပြတ်သားသား တိုက်ခိုက်ရေးသားထားဟန်ကို တွေ့ရပါသည်။

စာရေးသူသည် ပညာရေးစနစ်၌ ခေတ်မီသော စာပေအရေးအသားများကို မသင်ကြားရဘဲ ပဒေသရာဇ်အရိပ်လွှမ်းသော စာပေများကို သင်ကြားနေရခြင်းအပေါ်၌လည်း တော်လှန်သင့်သည့် ဆိုသော သဘောကို–

> "ဒါကြောင့် အခုအချိန် ပညာရေးကို ကြည့်ရင်လည်း ပြည်သူ့ပညာရေးဟာ အပြတ်အသတ် အောင်ပွဲ မကျင်းပနိုင်သေးဘူး။ စာသင်ကျောင်းခန်းထဲက ကျောင်းသားတွေဆိုရင် ဖေဖေတို့ တည်ဆောက်နေတဲ့ ပြည်သူ့ပညာရေးကို မသင်ကြားရသေးဘူး၊ ရွှေဘဝါးတော်အောက် ကျွန်ုပ် လျှောက်အံ့၊ မလျှောက်ဝံ့ဝံ့၊

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၂၄။

> လျှောက်ဝံ့ဝံ့နှင့် ဆိုတဲ့ ပဒေသရာဇ်ခေတ်က အမွေပေးခဲ့တဲ့ ပညာရေးထဲမှာပဲ နစ်မြုပ်နေကြတုန်း ရှိသေးတယ်"[၁]

ဟု တင်ပြထားပါသည်။ အိမ်ထောင်ရေးနှင့် ပတ်သက်၍လည်း–

> "အိမ်ထောင်ရေးကို ကြည့်ရင်လည်း ပြည့်တန်ဆာစနစ်နဲ့ မထူးခြားတဲ့ ပဒေသရာဇ်တစ်ပိုင်း ကိုလိုနီတစ်ပိုင်း အိမ်ထောင်ရေး စနစ်ကြီးကို အပြတ်အသတ် မတွန်းလှန်နိုင်သေးဘူး"[၂]

ဟု ရေးသားတင်ပြထားပါသည်။ စာရေးသူသည် ခေတ်ပြောင်းတော်လှန်ရေးကို မျှော်လင့်သော်လည်း မရသေးသည့်အတွက် နာကျင်မှုများ၊ မကျေနပ်မှုများ ပြင်းထန်နေသည့်အလျောက် ရေးဟန်သည် ပြင်းထန်နေပါသည်။ 'ပြည့်တန်ဆာစနစ်'၊ 'ပဒေသရာဇ်တစ်ပိုင်း ကိုလိုနီတစ်ပိုင်း အိမ်ထောင်ရေး' ဆိုသော စကားအသုံးအနှုန်းများသည် ဆိုလိုချက်ကို ထင်းကနဲ မြင်သာစေနိုင်သောအသုံးအနှုန်းများ ဖြစ်သည်။ ထိုစနစ်အပေါ် မုန်းတီးစက်ဆုတ်သည့် ခံစားမှုကို 'အပြတ်အသတ် မတွန်းလှန်နိုင်သေးဘူး' ဆိုသည့် စကားလုံးများက ဖော်ပြနေပါသည်။ ပဒေသရာဇ်လောင်းရိပ်လွှမ်းနေသော စာပေများကို ပယ်ဖျက်လိုသော စိတ်ဆန္ဒပြင်းပြနေပုံကို–

> "ပဒေသရာဇ်စာပေတွေကို ဖေဖေတို့ဟာ အပိုင်းအပိုင်းကျိုးအောင် ရိုက်ချိုးမပစ်နိုင်ကြသေးဘူး"[၃]

ဟူသော အရေးအသားက ဖော်ပြနေပါသည်။ စာပေများကို ရိုက်ချိုး ဟူသည့် မလိုက်ဖက်သော စကားအသုံးအနှုန်းကို တွဲ၍သုံးပေးခြင်းဖြင့် နာကျင်စိတ်ကို ပေါ်လွင်စေသည်။ 'အပိုင်းအပိုင်း ကျိုးအောင်' ဆိုသည့် ဝိသေသပုဒ်ကလည်း ထိုအချက်များသည် တိုင်းပြည်အတွက် အလွန်အရေးပါသည် ဟူသော သဘောကို ထင်ရှားစေပါသည်။ စကားအသုံးအနှုန်းအရကြည့်လျှင် နယ်ချဲ့ကို အလုပ်အကျွေးပြုနေတဲ့ ပညာရေး၊ ပဒေသရာဇ်လောင်းရိပ်အောက်က စာပေဆိုသည့် စကားအသုံးအနှုန်းများကလည်း ဆိုလိုချက်ကို ထိမိပေါ်လွင်စေသည်။ စာရေးသူသည် ခေတ်၏ အခြေအနေကို ခံစားရင်း ခေတ်အပေါ် စိုးရိမ်သည်။ ထိုခေတ်တွင် မွေးဖွားလာမည့် လူငယ်များ ရင်ဆိုင်ရမည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ပညာရေး ပြဿနာအရပ်ရပ်အတွက် စိုးရိမ်သည်။ ထိုစိုးရိမ်စိတ်များ လွှမ်းမိုးပြီးလျှင် ပြည်သူလူထုတစ်ရပ်လုံးကပါ နားလည်လက်ခံလာအောင် စည်းရုံးပြောဆိုသည့် လေသံသည်

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၂၅။
[၂] မြင့်ဆွေ၊ ၁၉၅၂၊ ၂၅။
[၃] မြင့်ဆွေ၊ ၁၉၅၂၊ ၂၅။

တင်းမာပြတ်သားသည်။ နိုင်ငံရေးရပ်တည်မှုအမြင် ပြတ်သားသည့်အလျောက် စာပေရေးဟန်ကလည်း ပြတ်သားရဲရင့်သည်ကို တွေ့ရပါသည်။

## ၂။ ၂။ နယ်ချဲ့အိမ်စောင့်ခွေးများနှင့် ပစ္ဆက္ခဗမာစာပေသမိုင်း

ထိုပေးစာတွင် ထိုခေတ်က မြန်မာစာပေသမိုင်းနှင့် နယ်ချဲ့အလိုတော်ရိ စာပေသမားများ၏ အနေအထားများကို ဆွေးနွေးတင်ပြထားပါသည်။ စာပေသည် ဘဝ၏အရိပ် ဖြစ်သည်။ ဘဝက ထင်ဟပ်လာသော အရိပ်ဖြစ်၍ ဘဝလှုပ်ရှားမှု ရှိသကဲ့သို့ စာပေလှုပ်ရှားမှုလည်း ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးကတည်းက စာပေတွန်းကန်လှုပ်ရှားမှုများ ပိုပြင်းထန်လာသည်။ လက်ဝဲစာပေသမားများက လက်ယာဖောက်ပြန်ရေး စာပေသမားများကို ဝေဖန်ကြသည်။ လက်ယာဖောက်ပြန်ရေးစာပေသမားများကလည်း လက်ဝဲစာပေသမားများကို ရှုံ့ချကြသည်။ စာပေသမားအချင်းချင်းလည်း သရုပ်ပျက်စာပေ၊ သရုပ်မှန်စာပေ၊ ဖိမ်စာပေ၊ ပြည်သူ့စာပေ၊ စာပေသစ် ဆိုသည့် အမည်များနှင့် အပြန်အလှန် ဝေဖန်နေကြသည်။

ရာဇဝင်သဘောအရကြည့်လျှင် လူမှုဆက်ဆံရေး လှုပ်ရှားမှုများ ပြင်းထန်လာသောကြောင့် ကုန်ထုတ်ဆက်ဆံရေးများလည်း လှုပ်ရှားမှု ပြင်းထန်လာသည်။ ကုန်ထုတ်ဆက်ဆံရေး လှုပ်ရှားမှုများ ပြင်းထန်လာသည့်အတွက် လူမှုဆက်ဆံရေး လှုပ်ရှားမှုများ ပြင်းထန်လာသည်။ လူမှုဆက်ဆံရေး လှုပ်ရှားမှု ပြင်းထန်လာသောကြောင့် စာပေလှုပ်ရှားမှုများလည်း ပြင်းထန်လာသည်။ စာပေတွင် စည်းဝိုင်းတစ်ခု ရှိလာသည်။ တိုးတက်သော စည်းဝိုင်းထဲတွင် ပြည်သူ့ဒီမိုကရေစီစာရေးဆရာ၊ လက်ဝဲတော်လှန်ရေးစာရေးဆရာများက ခေါင်းဆောင်၍ ဖောက်ပြန်သော စည်းဝိုင်းထဲတွင်မူ လက်ယာစားဖားစာရေးဆရာများ၊ အရင်းရှင်မြေရှင်တွေ၊ ကြေးစားစာရေးဆရာများက ခေါင်းဆောင်၍ ပြည်သူ့ဒီမိုကရေစီအရေးကို ဆောင်ရွက်နေသောသူများကို အန္တရာယ်အပြုဆုံးမှာ နယ်ချဲ့သမား၏ အိမ်စောင့်ခွေးဖြစ်သော စာရေးဆရာများဖြစ်သည်။ လုပ်ငန်းစဉ်အရ ကြည့်လျှင်လည်း တိုးတက်သောအင်အားစုများက ပြည်သူကို အလုပ်အကျွေးပြုပြီး ဖောက်ပြန်သော အင်အားစုများက မြေရှင်ပဒေသရာဇ် အရင်းရှင်နယ်ချဲ့သမားကို အလုပ်အကျွေးပြုနေကြသည်။ ယုံကြည်မှုအရကြည့်လျှင် တိုးတက်သော အင်အားစုများက ပြည်သူ၏အာဏာသစ်ကို ယုံကြည်ကြသည်။ ဖောက်ပြန်သော အင်အားစုများက သူရဲကောင်းဆန်ဆန် ခေါးမိုးထားသော အာဏာကို ယုံကြည်နေကြသည်။ ကြွေးကြော်သံအရဆိုလျှင် တိုးတက်သော အင်အားစုများက ပြည်သူ့ဒီမိုကရေစီအရေးနှင့် ထာဝရငြိမ်းချမ်းရေးကို ကြွေးကြော်နေကြသည်။ ဖောက်ပြန်သော အင်အားစုများက စာပေတွင် နိုင်ငံရေးမစွက်ရ ဆိုသော ကြွေးကြော်သံကို ကြွေးကြော်

နေကြသည်။ နယ်ချဲ့အစိုးရ၏ အိမ်စောင့်ခွေးဖြစ်သော စာရေးဆရာများသည် အမေရိကန်ခေါင်းဆောင်သည့် နယ်ချဲ့စစ်ဝါဒီဂိုဏ်းကြီးကို အလုပ်အကျွေးပြုနေကြသည်။ တတိယကမ္ဘာစစ်ကြီး၏ စစ်တရားခံများထဲတွင် ထိုစာရေးဆရာအုပ်စု ပါဝင်သည်။

ထိုစာရေးဆရာများက မျက်မှောက်ခေတ် စာပေသမိုင်းတွင် တိုးတက်နေသော စာရေးဆရာများကို လက်မခံနိုင်ဘူး၊ နေရာမပေးနိုင်ဘူးဟု ပြောဆိုနေကြသည်။ နယ်ချဲ့အစိုးရ၏ အရိပ်မကင်းသော ထိုခေတ်ဖဆပလအစိုးရသည် သတင်းစာများ၏ လွတ်လပ်မှုအခွင့်အရေးကို ပိတ်ပင်နေသည်။ အမေရိကန်နှင့် အဆင်ပြေသော သတင်းစာများသည်သာ အခွင့်အရေးရနေကြသည်။ ထိုအချိန်က ရှိခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးမှာလည်း အိပ်ပျော်နေသကဲ့သို့ လှုပ်ရှားမှု မရှိပေ။ စာပေတွင် နိုင်ငံရေးမစွက်ရ ဟူသော အယူအဆကို လက်ကိုင်ထားကြသည်။ ထိုပေးစာဆောင်းပါးသည် လက်ရှိနိုင်ငံရေးအခြေအနေကို သုံးသပ်ပြီး ပြည်သူလူထုသိအောင် ဖွင့်လှစ်ပြသသည့် ဆောင်းပါးဖြစ်သည့်အလျောက် မိမိနိုင်ငံသား စာရေးဆရာများကို အားပေးရမှန်းမသိဘဲ ရိုတ်စပီးယားကို အားပေးဂုဏ်ပြုနေသည့် ဝန်ကြီးချုပ် ဦးနု၏ အပြုအမူကိုလည်း ဖော်ထုတ်ပြသထားပါသည်။

ထိုပေးစာဆောင်းပါးတွင် ဖခင်က သားဖြစ်သူကိုပေးသည့် စာရေးဟန်မျိုးဖြစ်ပါသည်။ ထိုကဲ့သို့သော ပေးစာဟန် ပေါ်စေရန်အတွက်–

> "သည်နေရာမှာ ငါ့သားသိထားဖို့ကတော့ … ဖေဖေဟာ အမြဲတမ်း သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ကို လက်မလွှတ်ဘူး၊ အခု ငါ့သားဆီ ရေးတဲ့စာတွေဟာလဲ ဖေဖေရဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်အရ ရေးနေတယ်ဆိုတာ ငါ့သားသိထားဖို့ အရေးကြီးတယ် … ငါ့သားကတော့ အမယ်လေး တို့ဖေဖေကလဲ ကိုယ့်သားဆီ စာရေးတာတောင်ပဲ သေနင်္ဂဗျူဟာတွေ၊ နည်းပရိယာယ်တွေနဲ့ တယ်ကြီးကျယ်ပါလားလို့ ထင်ချင်ထင်မယ်"[၁]

ဟူ၍ ရေးသားတင်ပြထားပါသည်။ သားဖြစ်သူအား ဖခင်ဖြစ်သူက ဆွေးနွေးပြောကြားဟန် သားက အပြန်အလှန် ပြန်၍ဆွေးနွေးဟန်များပါအောင် ရေးသားထားပါသည်။ ထို့ပြင် ဖခင်က လမ်းညွှန်ဟန်ဖြင့်–

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၈၃။

> "သေနင်္ဂဗျူဟာ နည်းပရိယာယ်နဲ့ ကင်းကွာတဲ့ လုပ်ငန်းစဉ် မှန်သမျှ ကြီးကြီးငယ်ငယ် အောင်မြင်ခြင်းဆိုတဲ့ နောက်ဆုံး ပန်းတိုင်ရောက်အောင် ဘယ်နည်းနဲ့မှ မချီတက်နိုင်ဘူးဆိုတာ ငါ့သား ပြတ်ပြတ်သားသား နားလည်မှု ယူထားရမယ်"[၁]

ဟူ၍ ဖြစ်ပါသည်။ ဖခင်ဖြစ်သူက သားအား မလွဲမသွေ ရင်ဆိုင်ရမည့် ဘဝတိုက်ပွဲတွင် သေနင်္ဂဗျူဟာ၏ အရေးပါပုံကို လမ်းညွှန်ဟန် ရေးသားတင်ပြထားပါသည်။ 'ပြတ်ပြတ်သားသား နားလည်မှု ယူထားရမယ်' ဟူ၍ ကြိယာဝိသေသနအသုံးဖြင့် တင်ပြထားရာ တင်းမာ၍ တိကျပြတ်သားသော လမ်းညွှန်ချက်ဖြစ်ကြောင်း ခိုင်မာစေသည်။

အချို့နေရာများတွင် ဗဟုသုတပေးသည့် ပေးစာဖြစ်သည့်အလျောက် ဖွင့်ဆိုရှင်းပြရေးဟန်ကို သုံးထားကြောင်းကို–

> "ဒီတော့ ငါ့သား ပထမဆုံးနားလည်ရမှာက စာပေဟာ ဘာလဲ ဆိုတဲ့ အဓိပ္ပာယ်ပဲ အကြမ်းပြေးစကားလုံးနဲ့ ပြောရရင်တော့ စာပေကို ဘဝကထင်လာတဲ့ အရိပ်လို့ဘဲ ပြောရလိမ့်မယ်။ ဆိုလိုတာက စာပေဟာ ဘဝကြားက ခွဲထွက်လာရမယ်၊ ဘဝက ပေါက်ဖွားပေးရမယ်လို့ ဆိုလိုတယ် ဒါမှလည်း စာပေဟာ ဘဝနဲ့ မကင်းမကွာ ရပ်တည်နိုင်လိမ့်မယ် မဟုတ်လား"[၂]

ဟု ရေးသားထားပါသည်။ စကားအသုံးအနှုန်းကို ကြည့်လျှင် စာပေသည် ဘဝမှ ခွဲထွက်လာသည်။ ဘဝ၏ပုံရိပ်ပင် ဖြစ်သည်ဆိုသောသဘောကို ထင်ရှားစေရန် 'ဘဝအရိပ်' ဟု သုံးထားသည်။ စာပေသည် ဘဝနှင့် မကင်းကွာသင့် ဟူသော သဘောကို ရှင်းလင်းတင်ပြရာတွင် ဝါကျတစ်ကြောင်းနှင့်တစ်ကြောင်း ရှေ့နောက် အဆက်အစပ်မိအောင် ရေးသားထားသည့်အတွက် ရှင်းလင်းသိသာလွယ်သည်။ စာရေးသူသည် ဖဆပလခေတ်၏ စာပေသမိုင်းကို တင်ပြရာ၌ ထိုခေတ်သုံး ဝေါဟာရများကိုသုံး၍ ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။ လက်ဝဲစာပေသမား လက်ယာဖောက်ပြန်ရေးစာပေသမား၊ သရုပ်ပျက်စာပေ၊ သရုပ်မှန်စာပေ၊ ဖိမ်စာပေ၊ ပြည်သူ့စာပေ၊ စာပေသစ်တို့ ဖြစ်ပါသည်။ ထိုစကားသုံးများက ထိုခေတ်၏အရိပ်ကို ထင်ဟပ်စေပါသည်။ ထိုအချိန် စာပေလောက၌ အယူအဆကွဲသောသူများအချင်းချင်း အတိုက်အခံပြုကာ ရန်ဖြစ်နေကြသည်။ ထိုသဘောကို တင်ပြရာ၌ စာရေးသူသည်

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၈၄။
[၂] မြင့်ဆွေ၊ ၁၉၅၂၊ ၈၅။

စာပေရေးရာအဖြစ်အပျက်ကိုပင် လူတို့၏ လှုပ်ရှားဖြစ်ပျက်ဟန် အကောင်အထည်ပြ စကားလုံးများသုံး၍–

> "ဒါဖြင့် ဖေဖေတို့ခေတ် စာပေလောကဟာ လူနှစ်ယောက် နပမ်းလုံးသလို မဟုတ်ဘဲ လူ လေး၊ ငါး၊ ခြောက်ယောက်စုပြီး နပမ်းလုံးနေသလို ဖြစ်မနေဘူးလားလို့ ငါ့သားက မေးချင်ကောင်း မေးချင်လိမ့်မယ်"[၁]

ဟု ဖော်ပြထားပါသည်။ 'နပမ်းလုံး' ဆိုသည့် အကောင်အထည်ပြ စကားလုံးကြောင့် စာပေတိုက်ပွဲသရုပ်၏ ပြင်းထန်မှုအခြေအနေကို နားလည်လာစေပါသည်။

စာရေးသူသည် ဂျာနယ်တွင် ရေးသားသော စာပေဆောင်းပါးဖြစ်သည့် အလျောက် အကြောင်းအရာအားဖြင့် ခိုင်မာပြီးလေးနက်အောင် ရေးသားထားပါသည်။ ရေးဟန်ကိုမူ တစ်ခုနှင့် တစ်ခု အဆက်အစပ်မိအောင် အချိတ်အဆက်မိသည့် ဝါကျများနှင့် စာပိုဒ်ဖွဲ့စည်းတင်ပြထားပါသည်။ ထိုသဘောကို–

> "ဒီတော့ ကုန်လုပ်ဆက်ဆံရေး လှုပ်ရှားမှုတွေ ပြင်းထန်လာသလောက် လူ့ဆက်ဆံရေးရဲ့ လှုပ်ရှားမှုတွေ ပြင်းထန်လာမယ်၊ လူ့ဆက်ဆံရေးလှုပ်ရှားမှုတွေ ပြင်းထန်လာတာနဲ့အမျှ စာပေလှုပ်ရှားမှုတွေဟာလဲ ပြင်းထန်လာတယ်ဆိုတဲ့ တကယ့် ရုပ်ဘဝရဲ့ တစ်ခုနဲ့တစ်ခု ဆက်စပ်နေမှု၊ ပြောင်းလဲတိုးတက်မှု ဆိုတဲ့ ရုပ်ရာဇဝင်ကို ငါ့သား ပြတ်ပြတ်သားသား မြင်ရမယ်၊ မြင်နိုင်ရမယ်"[၂]

ဟု ရေးသားတင်ပြထားပါသည်။ ရှုပ်ထွေးလှသော နိုင်ငံရေးအခြေအနေတွင် သားဖြစ်သူ ဝေဝါးနေမည်ကို စိုးရိမ်စိတ်ဖြင့် 'ပြတ်ပြတ်သားသား မြင်ရမယ်၊ မြင်နိုင်ရမယ်' ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

စာရေးသူသည် နိုင်ငံရေးယုံကြည်မှု၊ ခံစားမှုများအရ ဖြစ်ပေါ်လာသည့် အတွေးများကို ရေးသားရာတွင် ဆိုလိုချက်ထိရောက် ပေါ်လွင်စေရန် ခံစားမှုပါသော စကားအသုံးအနှုန်းများကို ရွေးချယ်သုံးနှုန်းထားပါသည်။ စာရေးသူသည် ပြည်သူ့ဘက်တော်သား စာရေးဆရာပီပီ ဆင်းရဲသား အလုပ်သမား၊ လယ်သမား လူတန်းစားအတွက် ရေးဖွဲ့သော စာပေကိုသာ နှစ်သက်သည်။ ပဒေသရာဇ်ခေတ်၏ စာပေများ

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၈၅။
[၂] မြင့်ဆွေ၊ ၁၉၅၂၊ ၈၆။

အပေါ်တွင် အထင်သေးရှုံ့ချသည်။ ထိုခံစားမှု၊ ထိုအမြင်ကို စာဖတ်သူတို့အား ဖြန့်ချိ စည်းရုံးရာတွင်လည်း–

> “ပဒေသရာဇ်ခေတ်က ပဒေသရာဇ်အလိုတော်ကျ ဖော်လံဖား ရေးထားတဲ့ ပဒေသရာဇ် မင်းစဉ်မင်းဆက်တွေရဲ့ ဖွားသေစာရင်းနဲ့ သူရဲကောင်းတွေရဲ့ ဖွားသေစာရင်းလောက်ပါတဲ့ ဖွားသေစာရင်း မှတ်ပုံတင်စာအုပ်ကြီးလို ရာဇဝင်မျိုး”[၁]

ဟု ရေးသားတင်ပြထားပါသည်။ စာရေးသူသည် ပဒေသရာဇ်ခေတ်၏ ရာဇဝင်စာပေများကို မနှစ်သက်သည့်အလျောက် ‘ပဒေသရာဇ်အလိုတော်ကျ ဖော်လံဖားရေးထားတဲ့ ပဒေသရာဇ် မင်းစဉ်မင်းဆက်တွေရဲ့ ဖွားသေစာရင်း မှတ်ပုံတင်စာအုပ်ကြီး’ ဟု နာမဝိသေသနပုဒ်များဖြင့် ထိထိမိမိ ပစ်ပစ်ခတ်ခတ် သုံးစွဲရေးသားထားသည်ကို တွေ့ရပါသည်။ လူဟူ၍ ဖြစ်လာလျှင် လူတိုင်းသည် နိုင်ငံရေးကို စိတ်ဝင်စားရမည် ဆိုသော သဘောကို–

> “ဒီတော့ ... လူရယ်ဖြစ်လာရင် လူတိုင်းလူတိုင်း အလိုလို နိုင်ငံရေးသတ္တဝါတွေ ဖြစ်နေကြတယ်ဆိုတာ ပြောဖို့တောင် မလိုတော့ပါဘူး”[၂]

ဟု တင်ပြခဲ့သည်။ ‘နိုင်ငံရေးသတ္တဝါ’ ဟူသောအသုံးက ထူးခြားဆန်းသစ်သည်။ ထိထိမိမိ ရှိသည်။ ထို့ပြင် နိုင်ငံရေး၌ ဓားဖြင့်အာဏာသိမ်းသော နိုင်ငံရေးကို တိရစ္ဆာန်နိုင်ငံရေးမျိုး အဆင့်သာရှိသည်။ ထိုနိုင်ငံရေးမျိုးသည် နိုင်ရာစား အာဏာသိမ်းသော နိုင်ငံရေးမျိုးသာ ဖြစ်သည်။ ထိုနိုင်ငံရေးမျိုးသည် ကမ္ဘာဦး တိရစ္ဆာန်ခေတ်ဟောင်းကပင် ရှိခဲ့သည်ဟု ဆိုထားသည်။ ဓားမိုး၍ အာဏာသိမ်းသော နိုင်ငံရေးသည် အလွန်ခေတ်နောက်ကျပြီး လက်မခံသင့်ကြောင်းကို ထင်ရှားပေါ်လွင်သော အရေးအဖွဲ့ စကားအသုံးအနှုန်းများဖြင့် တင်ပြထားပါသည်။ ထိုနေရာ၌ ‘ဓားနှင့် အာဏာသိမ်းသော နိုင်ငံရေး၊ တိရစ္ဆာန်နိုင်ငံရေး၊ နိုင်ရာစား အာဏာသိမ်းနိုင်ငံရေး၊ ကမ္ဘာဦး တိရစ္ဆာန်ခေတ်ဟောင်း’ ဆိုသည့် စကားလုံးများက စာရေးသူ၏ ခံစားချက်၊ ခံယူချက်များကို ပြတ်ပြတ်သားသား ထိထိခိုက်ခိုက် ပေါ်လွင်စေပါသည်။

ဦးနုနှင့် ဇနီးဖြစ်သူတို့သည် အင်္ဂလန်မြောက်ပိုင်းသို့ ရောက်သောအခါ ရှိတ်စပီးယား အထိမ်းအမှတ် ဇာတ်ရုံသို့သွား၍ ရှိတ်စပီးယား၏ ပြဇာတ်ကို ကြည့်သည်။ ရှိတ်စပီးယားမွေးနေ့၌ သခင်နုက အသင်းရန်ပုံငွေထဲက ငွေ ၅၀၀

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၉၁။

[၂] မြင့်ဆွေ၊ ၁၉၅၂၊ ၉၂။

ထုတ်ပြီး စာရေးဆရာအသင်းအနေနှင့် ရိုတ်စပီးယား မွေးနေ့အထိမ်းအမှတ် ကျင်းပရန် တိုက်တွန်းသည် ဆိုသည့် သတင်းကို ဖော်ပြပြီး စာရေးသူ၏အမြင်ကို တင်ပြထားပါသည်။ ရှိတ်စပီးယားသည် ကမ္ဘာကျော်စာရေးဆရာ ဖြစ်သော်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးရမှုအတွက် အားထုတ်မှု တစ်စက်မှမပါသောကြောင့် ရှိတ်စပီးယား မွေးနေ့ပွဲ ကျင်းပရန်မလိုဟု ခံယူသည်။ ဝန်ကြီးချုပ် ဦးနုအား သရော်သည့်အနေနှင့် ဖေဖေ့မွေးနေ့ အထိမ်းအမှတ်ပွဲကို ကျင်းပသင့်တယ် မဟုတ်လားဟု တင်ပြခဲ့သည်။ သတင်းစာတွင်ရေးသော ဆောင်းပါးတို့၏သဘောမှာ မိမိအမြင်တစ်ခုကို တင်ပြပြီး စာဖတ်ပရိသတ်အား ထိုအမြင်အပေါ် အာရုံစူးစိုက်ပြီး နိုးနိုးကြားကြားဖြစ်လာအောင် ရေးသားလေ့ရှိသည့်အလျောက် အဆုံးတွင်–

> "မြင့်ဆွေ မွေးနေ့အထိမ်းအမှတ်ပွဲကို မကျင်းပသေးဘဲနဲ့ ဘာကြောင့်
> ရှိတ်စပီးယား မွေးနေ့အထိမ်းအမှတ်ပွဲကို ကျင်းပချင်ရတာလဲလို့
> ဖေဖေတော့ သခင်နုကို ခပ်တိုတိုပဲ မေးလိုက်ချင်တယ်"[၁]

ဟု ရေးသားတင်ပြထားပါသည်။

လူပျိုဖခင်ပေးစာတွင် လွတ်လပ်ရေးခေတ်ဦးကာလ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအရပ်ရပ်ကို လူငယ်များအနေဖြင့် မှန်မှန်ကန်ကန် သိမြင်ဆင်ခြင်တတ်စေရန် သိုင်းဝိုင်းရေးဖွဲ့ထားပါသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရစ ဖြစ်၍ အရင်းရှင်ကိုလိုနီစနစ်နှင့် ပဒေသရာဇ်စနစ် အကြွင်းအကျန်များကို တွန်းလှန်၍ ပြည်သူ့ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုရမည်။ ထိုအခြေအနေတွင် လူ့အခွင့်အရေးအတွက် ရာဇဝင်ကိုပြောင်းလဲရမည့် တာဝန်ရှိကြောင်းနှင့် မဆုတ်မနစ် ထမ်းဆောင်သင့်ကြောင်း ထောက်ပြထားပါသည်။ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်တို့သည် ကုလသမဂ္ဂကို လက်ဝါးကြီးအုပ်ပြီး အာရှတိုက်ကိုလွှမ်းမိုးရန် ကြိုးစားနေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေကိုလည်း ထောက်ပြထားပါသည်။ လွတ်လပ်ရေးရသည်ဟု စိတ်အေးမနေဘဲ ပဒေသရာဇ်နှင့် အရင်းရှင်တို့ကို တော်လှန်ရမည့်တာဝန်သည် လူငယ်များ၌ ရှိသေးကြောင်းကိုလည်း ထောက်ပြသွားပါသည်။

လူငယ်များအနေနှင့် ပဒေသရာဇ်ခေတ်နှင့် အရင်းရှင်ခေတ်၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစနစ် အောက်၌သာ ရှိသေးကြောင်း ထောက်ပြထားပါသည်။ လက်ရှိအစိုးရအနေနှင့် ဒီမိုကရေစီတံဆိပ်တပ်ပြီး အရင်းရှင်နှင့် ပဒေသရာဇ်စနစ်ဟောင်းကိုသာ သုံးစွဲနေဆဲဖြစ်သည့် နိုင်ငံရေးအခြေအနေကို အသိပေးပြီး ရာဇဝင်ပြောင်းရမည့် တာဝန်ကို သိလာအောင် အကျယ်တဝင့် ရှင်းလင်းတင်ပြထားပါသည်။

---

[၁] မြင့်ဆွေ၊ ၁၉၅၂၊ ၁၀၃။

ဂျာနယ်တွင် ရေးသည့်စာဖြစ်၍ လက်ရှိအစိုးရ၏ နိုင်ငံရေးဆောင်ရွက်ချက်များကိုလည်း ပြတ်ပြတ်သားသား ဝေဖန်ပြထားသည်ကို တွေ့ရပါသည်။

အရေးအသားပိုင်းမှကြည့်လျှင် လွတ်လပ်ရေးခေတ်ဦး၏ ပြည်သူတစ်ယောက်အနေနှင့် နာကျင်ခံစား ရေးဖွဲ့သည့်အလျောက် နာကျင်မှုလွှမ်းသည့် စကားအသုံးအနှုန်းဖြစ်သော 'အရင်းရှင်စက်ယန္တရား၊ ပဒေသရာဇ်နှောင်ကြိုး၊ နယ်ချဲ့သမား၏ အိမ်စောင့်ခွေး၊ ပြည်သူလူထုကြီးရဲ့ မျက်စိထဲကို သဲနဲ့ပက်ပြီးတော့ ပြောင်ပြောင်ကြီး လိမ်နေကြတုန်းပဲ ရှိသေးတယ်' စသော အရေးအဖွဲ့များက ခံစားမှုကို လေသံဖြင့် ဖော်ပြထားသည်။ 'နယ်ချဲ့ကို အလုပ်အကျွေးပြုနေတဲ့ ပညာရေး၊ ပဒေသရာဇ် လောင်းရိပ်အောက်က စာပေ' ဆိုသည့် စကားသုံးများက နိုင်ငံရေးအခြေအနေကို ကွက်ကွက်ကွင်းကွင်း နားလည်လာစေပါသည်။ နိုင်ငံရေးအမြင် ပြတ်သားသည့် အလျောက် စာပေရေးဟန် ပြတ်သားရဲရင့်သည်။ လူငယ်တို့အတွက် အကျိုးပြုသည့် ပေးစာစကားပြေရေးဟန် ဖြစ်သည်။ လွတ်လပ်ရေးခေတ်ဦး၏ နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုမရှိ နယ်ချဲ့အငွေ့အသက်က မလွတ်သေးသောအချိန်တွင် လူငယ်ထု၏ အင်အားကိုယူ၍ စနစ်ဟောင်းကို တိုက်ဖျက်ပြီး ပြည်သူ့ဒီမိုကရေစီအခွင့်အရေးဆီသို့ အရောက်လှမ်းနိုင်ရန် လူငယ်တို့အား လမ်းပြထားသည့် ပေးစာ ဖြစ်ပါသည်။ အိမ်ထောင်မကျသေးသည့် လူပျိုဖခင်က မြန်မာနိုင်ငံတွင် မွေးဖွားလာမည့် အနာဂတ်၏ လူငယ်များအားလုံးကို သားသဖွယ်ခံယူကာ လူပျိုဖခင်ပေးစာဟု အမည်တပ်ထားခြင်းကလည်း ထူးခြားနေသည်ဟု ဆိုရမည် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

မြင့်ဆွေ၏ လူပျိုဖခင်ပေးစာတွင် လွတ်လပ်ရေးခေတ်ဦးကာလ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအရပ်ရပ်ကို လူငယ်များအနေဖြင့် မှန်မှန်ကန်ကန် သိမြင်ဆင်ခြင်တတ်စေရန် သိုင်းဝိုင်းရေးဖွဲ့ထားပါသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရစ ဖြစ်၍ အရင်းရှင်ကိုလိုနီစနစ်နှင့် ပဒေသရာဇ်စနစ် အကြွင်းအကျန်များကို တွန်းလှန်၍ ပြည်သူ့ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုရမည်။ ထိုအခြေအနေတွင် လူ့အခွင့်အရေးအတွက် ရာဇဝင်ကို ပြောင်းလဲရမည့်တာဝန်ရှိကြောင်းနှင့် မဆုတ်မနစ် ထမ်းဆောင်သင့်ကြောင်း ထောက်ပြထားပါသည်။ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန် တို့သည် ကုလသမဂ္ဂကို လက်ဝါးကြီးအုပ်ပြီး အာရှတိုက်ကိုလွှမ်းမိုးရန် ကြိုးစား နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေကိုလည်း ထောက်ပြထားပါသည်။ လွတ်လပ်ရေး ရသည်ဟု စိတ်အေးမနေဘဲ ပဒေသရာဇ်နှင့် အရင်းရှင်တို့ကို တော်လှန်ရမည့် တာဝန်သည် လူငယ်များ၌ ရှိသေးကြောင်းကိုလည်း ထောက်ပြသွားပါသည်။

## နိဂုံး

ပေးစာအဖွဲ့ပုံစံသည် လူတစ်ဦးမှတစ်ဦးသို့ ပေးပို့သည့် ကိုယ်ရေးကိုယ်တာ စာပေမျိုး ဖြစ်သော်လည်း စာရေးသူတို့က အများစာဖတ်ပရိသတ်အတွက် အကျိုးများ စေရန် အများအတွက် ပေးစာအဖွဲ့ပုံစံကို အသုံးပြုခဲ့ကြသည်။ ကုန်းဘောင်ခေတ်မှစ၍ ပေးစာအဖွဲ့ပုံစံ ပေါ်လွင်လာခဲ့ပြီးလျှင် မျက်မှောက်ခေတ်အထိ ဆက်လက် ဖွံ့ဖြိုး တိုးတက်နေဆဲ ဖြစ်ပါသည်။ လူငယ်များအား နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် လမ်းညွှန်ပေးသည့် စာပေများထဲတွင် ပါဝင်သော ပေးစာများကို ဆက်လက်လေ့လာသင့် ပါသည်။

## ကျမ်းကိုးစာရင်း

ကြည့်ကန်ရှင်ကြီး။ (၁၉၉၅)။ ***မေတ္တာစာ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၁၉၇၉)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ***။ ရန်ကုန်၊ မြန်နန္ဒာစာအုပ်တိုက်။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၇)။ ***၂၀ရာစု စကားပြေဆရာများ***။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။

စံကျောင်းဆရာတော်။ (၁၉၈၉)။ ***အလင်္ကာနိဿယသစ်***။ ရန်ကုန်၊ ဇောတိကပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း*** (ဒု–ကြိမ်)။ ရန်ကုန်၊ အင်ကြင်းဦးပုံနှိပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၇၀)။ ***အလှဗေဒ ၂*** ။

တင်ရွှေ၊ ဦး(ပါမောက္ခ)။ ***စာပေဟူသည်***

ပုည၊ **ဦး**။ (၁၉၉၆)။ ***မေတ္တာစာ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဖေမောင်တင်၊ **ဦး**။ (၁၉၈၇)။ ***မြန်မာစာပေသမိုင်း*** (စ–ကြိမ်)။ ရန်ကုန်၊ စံပယ်ဦးပုံနှိပ်တိုက်။

မြင့်ဆွေ။ (၁၉၅၂)။ ***လူပျိုဖခင်ပေးစာ***။ ရန်ကုန်၊ တိုင်းသစ်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***မြန်မာ အင်္ဂလိပ် အဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***အင်္ဂလိပ် မြန်မာ အဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှေအောင်၊ ဦး။ (၁၉၈၀)။ ***ရသစာပေ၏ရသ***၊ ရန်ကုန်၊ နေလင်းပိဋကတ်ပုံနှိပ်တိုက်။

သုတ၊ မောင်(**ဗိုလ်မှူးဘသောင်း**)။ (၁၉၆၁)။ ***မြန်မာစာမြင့်ချင်လွန်းလို့***။ မေမြို့။ နေရှင်နယ်ပုံနှိပ်တိုက်။

သက်လွင်၊ မောင်။ (၁၉၇၀)။ ***မြန်မာခရီးသွားစာပေ (၁၈၈၅–၁၉၇၀)***။ ရန်ကုန်တက္ကသိုလ်။

အေးကျော်၊ **ဦး**(ဘီအေ၊ ဘီအယ်)။ (၁၉၄၁)။ ***ဖေ့သားချစ်***။ ရန်ကုန်၊ နဂါးနီစာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Harmon, William & C.Hung Holmon (1996). ***A Handbook To Literature***. New Jersey, University of North Carolina.Chapel Hill.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ဆရာကျော်ရင်မြင့်၏ဝတ္ထုတိုများမှသရော်ဟန်

နီလာအေး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဆရာကျော်ရင်မြင့်၏ဝတ္ထုတိုများမှ သရော်ဟန်ကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ လူ့လောကကြီး၏ အမြီးအမောက်မတည့်သည့် ဖြစ်ရပ်များကို ပြုပြင်စေလိုသောသဘောဖြင့် ရေးသားထားသော သရော်စာ၏အစွမ်းကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ဤစာတမ်းတွင် ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများကို အလေ့လာခံအဖြစ် အသုံးပြုထားပါသည်။ သရော်စာလေ့လာမှုဆိုင်ရာ နည်းစနစ်များဖြင့် သုတေသနပြုထားပါသည်။ လောကသဘာဝ၊ လူ့သဘာဝ သရော်ဟန်များနှင့် ခေတ်ကို ထင်ဟပ်သော သရော်ဟန်များကို လေ့လာတင်ပြထားပါသည်။ မြန်မာစာပေနယ်ပယ်ရှိ သရော်စာအရေးအဖွဲ့ကို လေ့လာလိုသူများအတွက် အကျိုးကျေးဇူး ရရှိစေနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ** – *ဝတ္ထုတို၊ သရော်စာ၊ လောကသဘာဝ၊ လူ့သဘာဝ၊ ခေတ်ကာလ။*

## နိဒါန်း

ရသစာပေဖန်တီးသူတို့သည် မိမိပတ်ဝန်းကျင်၌ မြင်တွေ့ကြားသိရသော အကြောင်းအရာ အဖြစ်အပျက်များကို သိရှိခံစားပြီးနောက် ပြန်လည်မျှဝေခံစားစေလိုသော စေတနာကိုအရင်းခံ၍ စိတ်ကူးဉာဏ်နှင့် အတတ်ပညာ ပေါင်းစပ်ကာ ဖန်တီးဖော်ထုတ်တတ်ကြပါသည်။ ဟာသဉာဏ်ရှိသော စာရေးဆရာများက အမြင်မတော် အကြားမတော်သော ဖြစ်ရပ်များကို တွေ့ကြုံရသောအခါ တိုက်ရိုက်တင်ပြရန် အဆင်မပြေသောကြောင့် သွယ်ဝိုက်ကာ ဟာသနှော၍ သရော်တတ်ကြသည်။ ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများတွင် လောကရှိ လူအချို့၏ အမြီးအမောက်မတည့်သည့် ဖြစ်ရပ်များကို ထေ့ငေါ့သရော်လိုသောကြောင့် ဇာတ်လမ်းများဖန်တီး၍ ဇာတ်ဆောင်တို့၏ ကံသုံးပါးအမူအရာဖြင့် သွယ်ဝိုက်ဖော်ပြကာ သရော်ထားသည်။ ခေတ်ကာလ၏ အခြေအနေ၊ အဖြစ်အပျက်များနှင့်ပတ်သက်၍ မတော်မတည့် ကမောက်ကမ ပြုမူဆောင်ရွက်နေသည်ကို ထောက်ပြကာ ခေတ်ကိုပြုပြင်စေလိုသော စေတနာဖြင့် ဖန်တီးထားသည့် ဝတ္ထုတိုများကိုလည်း တွေ့ရသည်။ ဤစာတမ်းတွင် ဆရာကျော်ရင်မြင့်၏ သရော်ဟန်ကို 'ခြေထောက်တစ်ဖက်' (အမျိုးသားနေ့ စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း၊

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

မန္တလေး၊ ၁၉၉၆)၊ 'ပူဖောင်းများ' (အောင်ပင်လယ်လေပြည်ညင်းဝတ္ထုတိုများစာအုပ်) (ခုနှစ်မပါ)၊ 'အမွေစားအမွေခံ' (ရင်ခုန်ပွင့်၊ အမှတ် ၅၂၊ ဖေဖော်ဝါရီ၊ ၁၉၉၁)၊ အိပ်မက်ကြော်ငြာ (ခုနှစ်မပါ)၊ 'အသံတော့ စမ်းနေပြီ' (ရွှေအမြုတေ၊ ဇန်နဝါရီ၊ ၂၀၁၁) ဝတ္ထုတိုများကို အဓိကထား လေ့လာတင်ပြထားပါသည်။

## ၁။ ဆရာကျော်ရင်မြင့်၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာကျော်ရင်မြင့်ကို ကျောင်းဆရာ ဦးဘရှိန်၊ အမိ ဒေါ်သိန်းရင်တို့က (၁၉၅၁ ခု ဧပြီလ ၁၈ ရက်)တွင် မတ္တရာမြို့နယ် သုံးဆယ်ပေးရွာ၌ ဖွားမြင်ခဲ့ပါသည်။ (၁၉၆၈) ခု ဇန်နဝါလထုတ် တို့ကျောင်းသားစာစောင်တွင် မွေးမေမေကဗျာဖြင့် စတင်ပုံနှိပ်ဖော်ပြခံရသည်။ မန္တလေးမြို့၊ အမှတ်(၁)၊ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ (၁၉၇၂)ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ ရခဲ့သည်။ (၁၉၉၈)ခုနှစ်တွင် ဗြိတိန်နိုင်ငံ ကားဒစ်တက္ကသိုလ် Thompson Foundation က စီစဉ်သော သတင်းစာပညာသင်တန်း တက်ပြီး Advanced Diploma in Journalism ရရှိခဲ့သည်။ (၁၉၉၈)ခုနှစ်တွင် ဗြိတိသျှသတင်းစာဆရာ Don Rowland အထိမ်းအမှတ် ဂုဏ်ပြုဆု ချီးမြှင့်ခံရသည်။ (၂၀၀၈)ခုနှစ်တွင် ဘဝဇာတ်ခုံ စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု ရရှိခဲ့သည်။ (၂၀၁၀)ခုနှစ်တွင် သူငယ်ချင်းများနှင့်အတူ Myanmar Journalism School ကို တည်ထောင်ပြီး သတင်းစာပညာ သင်ကြားပေးခဲ့သည်။[၁]

ခနစီးပွားရေးမဂ္ဂဇင်း၊ မော်ဒန်ဂျာနယ်၊ ကုမုဒြာဂျာနယ်၊ မော်ဒန်သတင်းဂျာနယ်၊ စံတော်ချိန်နေ့စဉ်သတင်းစာ၊ မန္တလေးအလင်းသတင်းတို့တွင် သတင်းဆောင်းပါးများ ရေးသားခဲ့သည်။ 'ကျော်ရင်မြင့်' ဟူသော ကလောင်အမည်ဖြင့် သာမက 'ဖေလင်းသစ်' ကလောင်အမည်ဖြင့်လည်း စာပေများ ရေးသားလျက် ရှိသည်။ (၂၀၁၇) ခုနှစ်တွင် တိုင်းအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ မန္တလေးစည်ပင်သာယာရေးကော်မတီဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိသည်။ ထို့ပြင် YJS-Yangon Journalism School (ပုဇွန်တောင်)နှင့် MJS-Mandalay Journalism School (အောင်တော်မူ)တို့တွင် သတင်းစာပညာ အခမဲ့သင်ကြားရေး အုပ်ချုပ်မှုဒါရိုက်တာ အဖွဲ့ဝင် တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။ (၂၀)ရာစုဝင် ပညာရှင်များ၏

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၆။

အတွေးသစ် အမြင်သစ် အပါအဝင် စာအုပ်ပေါင်း (၂၆)အုပ် ရေးသားထုတ်ဝေပြီး ဖြစ်သည်။[၁]

## ၂။ ဇာတ်လမ်းအကျဉ်း

### ခြေထောက်တစ်ဖက်

မန္တလေးနန်းမြို့ရိုးမြောက်ဘက်၊ လေးသိန်းတံခါးအနီး ကျုံးရေစစ်ကန်ကြီးပေါ်တွင် အဘိုးကြီး လေးဦး ဆုံစည်းကာ စကားဝိုင်းဖွဲ့လေ့ ရှိသည်။ တစ်ခါတစ်ရံ စကား အခြေအတင် ငြင်းခုံပြောဆိုပြီး ထိပ်တိုက်တွေ့ဆုံသူများမှာ အမျိုးသားကျောင်း ပင်စင်စား ဆရာကြီးဦးမြနှင့် သံချိုင်းထောက် ဦးဘရှင်တို့ပင် ဖြစ်သည်။ သံချိုင်းထောက် ဦးဘရှင်က အမိနိုင်ငံကို ကာကွယ်ရင်း ခြေတစ်ဖက် ဖြတ်ထားရသူ ဖြစ်သည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်သူ ဖြစ်သည်။ ကျုံးဘေး ခြောက်လမ်းသွား ဖောက်လုပ်ရန် စီမံကိန်းတွင် ဦးဘရှင်၏အိမ်ကလေးသည် တစ်ခြမ်းပဲ့ ဖြစ်သွားရသည်။ သားဖြစ်သူ မင်းနိုင်မှာ အိုးဘိုတွင် ရောက်နေချိန် ချွေးမ၊ မြေးမနှစ်ယောက်နှင့် အတူနေသော ဦးဘရှင်၏အိမ်ကို မြို့ပြအဆင့်မီအောင် ဆောက်လုပ်ရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ နိုင်ငံကို ချစ်မြတ်နိုးသော တိုင်းပြည်အတွက် ခြေထောက်တစ်ဖက် စွန့်လွှတ်ထားရသော ဦးဘရှင်သည် မိမိပိုင်နေအိမ်မှ မြေတစ်ကွက်ကိုပင် မကာကွယ်နိုင် မစောင့်ရှောက်နိုင်ဘဲ နိုင်ငံခြားသား (တရုတ်) လက်ထဲသို့ ထိုးအပ်ကာ မြို့သစ်တွင် သွားရောက်နေထိုင် ရတော့မည်ဖြစ်ကြောင်း၊ မိမိခြေထောက်တစ်ဖက်ကို နှမြောလှကြောင်း ပြောဆိုပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

### အိပ်မက်ကြော်ငြာ

ဦးရွှေခင်သည် လုပ်ငန်းကြီးတစ်ခုအတွက် သဘောတူစာချုပ်လွှာ လက်မှတ် ထိုးပြီးအပြန် ကား Accident ဖြစ်ပြီး သေဆုံးခဲ့သည်။ ဦးရွှေခင်က တမလွန် စီမံခန့်ခွဲရေးနတ်မင်းကို လာဘ်ထိုးလိုက်ရာ နတ်ပြည်နှင့် ငရဲပြည်ကို တစ်ရက်စီ လေ့လာရေးခရီးအဖြစ် သွားခွင့်ရရှိခဲ့သည်။ ငရဲပြည်၌ Visitor Only နှင့် Public Only ဟူ၍ လမ်းနှစ်သွယ်ရှိရာ Visitor Only ဟူသော အပေါက်က ဝင်ရောက် လေ့လာခဲ့ရာ လူ့ပြည်နှင့်မခြား ခမ်းနားကြီးကျယ်လှသော စားသောက်ဆိုင်များ၊ အပန်းဖြေဥယျာဉ်များ၊ ရေကူးကန်များ တွေ့ရရုံမက ချောမောလှပသော မော်ဒယ်မလေး

[၁] ကိုယ်တိုင်တွေ့ဆုံမေးမြန်းချက်

များကိုလည်း တွေ့ခဲ့ရသည်။ ဦးရွှေခင်သည် ပျော်ရွှင်ကြည်နူးစရာကောင်းသော ငရဲပြည်ကို နှစ်သက်သဘောကျခဲ့သည်။ နတ်ပြည်၌ နတ်သား၊ နတ်သမီးတို့ တရားကျင့်နေကြသည်ကို မြင်တွေ့ကာ ပျင်းစရာဟု သတ်မှတ်ခဲ့သည်။ နောက်ဆုံးငရဲပြည်ကို ရွေးချယ်ခဲ့သည်။ ဧည့်သည်အနေအထားနှင့် ရောက်ရှိခဲ့သော ငရဲပြည်နှင့် သာမန်ငရဲသားဘဝရောက်ခဲ့ရသော ငရဲပြည် ကွာခြားလှသည်ကို မျက်မြင်ကိုယ်တွေ့ကြုံရပြီး ကြောက်လန့်တကြား အော်ဟစ်ရာ အိပ်မက်က လန့်နိုးခဲ့ပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

## ပူဖောင်းများ

မတ္တရာမှ ဆန်စက်အလုပ်သမား ကိုမောင်မောင်တင်သည် ဆန်စက်ပိုင်ရှင်ဆရာ၏ အိမ်တက်မင်္ဂလာပွဲအတွက် တိုက်ပေါ်နှင့် တိုက်အောက် အကြိမ်ပေါင်းများစွာ ဆင်းတက်နေရသူ ဖြစ်သည်။ ဆရာ၏ယောက်ဖဖြစ်သူ ကိုထွန်းဇော်လင်းသည် ဇာချဲ့တတ်သူဖြစ်ကြောင်း သိထားသူ ဖြစ်သည်။ ယခု တိုက်သစ်တက်ပွဲတွင် ဖဲကြိုးဖြတ်၍ မိုးပျံပူဖောင်းများ ချီပြီး လွှတ်မည်ဟု စီစဉ်သူလည်း ဖြစ်သည်။ ထို့ကြောင့် ကိုမောင်မောင်တင်သည် မန္တလေးမြို့သို့ မိုးပျံပူဖောင်းဝယ်ရန် ထွက်ခဲ့ရသည်။ မြို့အနှံ့ စက်ဘီးဖြင့် ရှာဖွေခဲ့သော်လည်း ဝယ်မရခဲ့ပေ။ နောက်ဆုံး ပူဖောင်းရောင်းသူ၏ လိပ်စာရ၍ နေအိမ်ကိုရှာကာ ပူဖောင်း(၅၀) မှာယူခဲ့သည်။ ပူဖောင်းများကို မတ္တရာအရောက် သယ်ယူရန် ခက်ခဲရုံမျှမက လမ်းတွင်တဒိုင်းဒိုင်းနှင့် ပေါက်ခဲ့သောကြောင့် အလုံး(၂၀)သာ ပါလာခဲ့သည်။ ကိုထွန်းဇော်လင်း၏ မယုံသင်္ကာ ပြောဆိုမှုကို သည်းခံခဲ့ရသည်။ ဆရာဖြစ်သူက ဖဲကြိုးဖြတ်၍ မိုးပျံပူဖောင်းများကို လွှတ်လိုက်ရာ အားလျော့နေသော ပူဖောင်းများက မတက်ချင်ဘဲနှင့် မိုးပေါ်သို့တက်သွားကြောင်း ဖော်ပြကာ ဝတ္ထုကို အဆုံးသတ်ထားသည်။

## အမွေစားအမွေခံ

ကိုသန်းဖေသည် ရုံးဝန်ထမ်းတစ်ဦး ဖြစ်သည်။ ရုံးတွင် အမွေဆက်ခံသူစာရင်းကောက်ခံရာတွင် အခြားဝန်ထမ်းများနည်းတူ မိန်းမကို စိတ်မချ၍ သမီးဖြစ်သူကို အမွေဆက်ခံသူအမည်စာရင်းတွင် ရေးခဲ့သည်။ ထိုအကြောင်းကိုသိသော မိန်းမဖြစ်သူက စိတ်ဆိုးကာ အိမ်မှဆင်းသွားခဲ့သည်။ ကိုသန်းဖေသည် ယောက္ခမအိမ်သို့ လိုက်၍ ခေါ်ရာ အမွေဆက်ခံသူစာရင်းပြင်ပေးမှ လိုက်မည်ဟုဆိုသောကြောင့် ပြင်ပေးမည်ဟု ပြောခဲ့သည်။ အမွေလွှဲပုံစံကိုင်သောစာရေးကို မျက်နှာချိုသွေးပြီးမေးရာ အထက်သို့ တင်လိုက်ပြီဖြစ်ကြောင်း ပြောသည်။ ထိုရုံးစာရေး တင်သောအထက်မှာ ဗီရိုအထက်သို့

တင်လိုက်ခြင်းဖြစ်ကြောင်း သိရပြီး အမွေဆက်ခံသူ၏အမည်ကို ဒေါ်ကြည်ကြည်အုံးဟု ပြင်ရေးပေးလိုက်သည်။ ပုံစံစာရွက်ပြန်ပေးသောအခါ ရုံးစာရေးက ကြိုးနှင့်စည်းပြီး ဗီရိုအပေါ်ထပ်သို့ တင်လိုက်ကြောင်း ဖော်ပြကာ ဝတ္ထုကို အဆုံးသတ်ထားသည်။

## အသံတော့ စမ်းနေပြီ

ကိုငွေတိုးသည် ရိုးအသော တောင်သူတစ်ဦး ဖြစ်သည်။ ချည်မျှင်ရှည်ဝါနှင့် နေကြာတို့ကို စိုက်ပျိုးရန် အထက်က ချမှတ်သော စီမံကိန်းကို မရှောင်ရှားဘဲ တာဝန်ကျေပွန်အောင် စိုက်ပျိုးသူ ဖြစ်သည်။ အချို့တောင်သူများက စီမံကိန်းချသည့် လုပ်ငန်းကို နည်းမျိုးစုံသုံးကာ မစိုက်ရအောင် ရှောင်ကြသည်။ မိုးမျှော်နေရသော တောင်သူဘဝ မိုးလေဝသသတင်းကို ရေဒီယိုမှ မပျက်နားထောင်သူ၊ မိုးလေဝသမမှန်သောကြောင့် အရှုံးနှင့်သာ ရင်ဆိုင်ရသူလည်း ဖြစ်သည်။

ရွာမြောက်ပိုင်းမှ ကိုဝင်းမောင်၏သမီး ဘွဲ့ရပြီး ဝန်ထမ်းလုပ်လိုသောကြောင့် ကိုငွေတိုးကကူညီကာ မြို့တွင်အရာရောက်နေသော တူမဖြစ်သူထံ ခေါ်သွားခဲ့သည်။ အလုပ်ရလိုသောကြောင့် သက်ဆိုင်ရာလူကြီးအတွက် ဒေသထွက်လက်ဆောင်များ ပေးခဲ့သော်လည်း တူမဖြစ်သူက စာအိတ်တစ်အိတ်နှင့် အဆင်ပြေကြောင်း ပြောခဲ့သည်။ အလုပ်ကိစ္စမပြီး၍ တူမ၏အသိအိမ်၌တည်းခိုစဉ် 'တောက်တဲ့' အော်သံကြား၍ မည်သည့်အကောင်ဖြစ်ကြောင်း စုံစမ်းရာ မိုးလေဝသဗေဒင်ဟောတတ်သော အကောင် ဖြစ်ကြောင်း သိရှိပြီး လိုချင်မိသည်။ မိမိကိုရောင်းပေးရန် တောင်းဆိုမိသည်။ အိမ်ရှင်က စဉ်းစားပြီးနောက် မိုးလေဝသအကောင်ပေါက်ကလေးကို မျှပေးမည်ဟု ပြော၍ ထမင်းမစားနိုင်အောင်ပင် ပျော်နေခဲ့သည်။ ဦးစံထွားက 'တောက်တဲ့' အစား အိမ်မြှောင်ပေါက်ကလေးကို ပေးကာ ပိုးကောင်များကျွေးရန် မှာလိုက်သည်။ ထို'အိမ်မြှောင်'လေး အနည်ငယ်ကြီးလာ၍ 'တစ်၊ တစ်၊ တစ်' ဟူသော အသံပြု သောအခါ ကိုငွေတိုးက အသံတော့စမ်းနေပြီမိန်းမရေ ဟု ဝမ်းသာအားရ ပြောဆိုပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

## ၃။ ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများမှ သရော်ဟန်

ရသစာပေတွင် **သရော်စာ**[၁] သည် အရေးပါသော စာပေကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက် ရှိသည်။ သရော်စာ ဟူသော ဝေါဟာရနှင့် ပတ်သက်၍ မြန်မာအဘိဓာန် စာအုပ်တွင်–

> "အဖြစ်အပျက်၊ အပြုအမူတစ်ခုခုကို သရော်ပြောင်လှောင်သည့် သဘောဖြင့် ရေးသားထားသောစာပေတစ်မျိုး။"[၂]

ဟူ၍လည်းကောင်း၊ Oxford Advanced Learner's Dictionary တွင်–

> "လူတစ်ယောက်၊ အတွေးအခေါ်တစ်ခု၊ အဖွဲ့အစည်းတစ်ရပ်၏ အမှား (သို့မဟုတ်) အားနည်းချက်များကို ဟာသသဘောဖြင့် ဝေဖန်ရေးသားထားသည့် နည်းတစ်မျိုး၊ ထိုဝေဖန်နည်းကို အသုံးပြုပြီး ရေးသားထားသောစာ"[၃]

ဟူ၍ လည်းကောင်း၊ ကမ္ဘာစာပေအညွှန်း (ပြင်သစ်စာပေသမိုင်း)တွင်–

> "သရော်စာ ဟူသည်မှာ ယေဘုယျအားဖြင့် လောကကြီး၏ အမြီးအမောက်မတည့်သော သဘာဝ၊ ကြီးနိုင်ငယ်ညှင်းဆဲသော သဘာဝ၊ ဖိနှိပ်ချုပ်ချယ်သော သဘာဝ၊ ဟန်ဆောင်ပလွှားသော သဘာဝ စသည်တို့ကို ဝေဖန်ရှုတ်ချသော အဖွဲ့"[၄]

ဟူ၍လည်းကောင်း၊ C. Carter Colwell က–

> "သရော်စာ ဟူသည် လူ့ဘဝနှင့် လူ့လောကကို တိုးတက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဟာသနှင့်ဝေဖန်ရေး သဘောတရားရောစွက်၍ ရေးထားသော စာပေအမျိုးအစားတစ်ခု ဖြစ်ပေသည်။"[၅]

ဟူ၍လည်းကောင်း ဖော်ပြထားသည်။

ထိုအချက်များအရ သရော်စာ ဟူသည်မှာ လောကကြီး၏ ဖြစ်ပျက်ပြောင်းလဲ တတ်သော သဘာဝ၊ အမြီးအမောက်မတည့်သော သဘာဝ၊ ခေတ်ကာလ အခြေအနေ

---

[၁] satire

[၂] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၃၆၇။

[၃] Hornby, AS. 2010, 1156.

[၄] ထင်၊ မောင်၊ ၂၀၀၈၊ ၇၁၃။

[၅] Colwell, 1968, 49.

အရ ဖောက်ပြန်ပျက်ဆီးတတ်သော သဘာဝ စသည်တို့ကို ပြုပြင်ပြောင်းလဲစေလိုသော စေတနာဖြင့် ဟာသနှောကာ ထောက်ပြဝေဖန်ပြထားသော စာပေတစ်ရပ်ဟု ဆိုရပေမည်။

## ၃၊ ၁။ လောကသဘာဝ၊ လူ့သဘာဝ သရော်ဟန်

ဆရာကျော်ရင်မြင့်၏ 'ပူဖောင်းများ' ဝတ္ထုတိုတွင် ဆီစက်အလုပ်သမား ကိုမောင်မောင်တင်သည် အလုပ်ရှင်မိသားစုအလိုကျ အိမ်သစ်တက်ပွဲ၌ မနားမနေ ပြေးလွှားလုပ်ကိုင်ပေးနေရသူ တစ်ဦးအဖြစ် တွေ့ရသည်။ ဆရာနှင့် ဆရာကတော် ခိုင်းသမျှ လုပ်ကိုင်ပေးရရုံမျှမက ဆရာ၏ယောက်ဖ ကိုထွန်းဇော်လင်းက အကျယ်ချဲ့ကာ စီစဉ်နေသည့် ကိစ္စများတွင်လည်း မငြင်းသာဘဲ လုပ်ကိုင်ပေးရသည်။ ဆီစက်ပိုင်ရှင်၏ အန္တရာယ်ကင်း ဆွမ်းကပ်အလှူပွဲ၏ အတွေ့အကြုံနှင့်ပတ်သက်၍-

> "အဲ့ဒီတုန်းက ဒီထွန်းဇော်လင်းဆိုတဲ့ လူဟာ သိပ်ရယ်ရတာ၊ လူတွေ ဘုရားကန်တော့ပြီး ဘုန်းကြီးသီလပေးတာကို ကက်ဆက်နဲ့ အသံဖမ်းတယ်တဲ့ "[၁]

ဟူ၍လည်းကောင်း၊

> "လူတွေသီလယူဖို့က ဩကာသ ဩကာသနဲ့ ကန်တော့ကြတော့ ကာယကံရှိသေး ကိုယ့်ဆရာက ဟိုး ... ဟိုးနဲ့ ကြုံးအော်တယ်။ သူ့ကက်ဆက်က အဆင်သင့် မဖြစ်သေးဘူး၊ နေကြပါဦးတဲ့ "[၂]

ဟူ၍လည်းကောင်း ကိုမောင်မောင်တင်၏ အပြောစကားဖြင့် တင်ပြထားသည်။ ထင်ပေါ်ချင်သောသဘောဖြင့် လူအများ သီလယူနေစဉ် ကက်ဆက်ဖြင့်အသံသွင်းရန် လုပ်ကိုင်နေသော ထွန်းဇော်လင်း၏သရုပ်ကို 'ဟိုး ဟိုးနဲ့ ကြုံးအော်တယ်။ အဆင်သင့် မဖြစ်သေးဘူး၊ နေကြပါဦးတဲ့' ဟု တရားနာရန် ဘုရားရှိခိုးနေစဉ် အချိန်ကာလနှင့် မအပ်စပ်သော ပြောဆိုပြုမူနေပုံဖြင့် ဖော်ပြထားသည်။ ဘုရားရှိခိုးသည့်ကိစ္စကို ရုပ်ရှင်ရိုက်သကဲ့သို့ ပြုမူနေသော နေရာတကာ လူတတ်ကြီးလုပ်ချင်သော လူအချို့၏ သဘာဝကို ထင်ရှားအောင် တင်ပြထားသည့် စာရေးသူ၏ မထိတထိနှင့် စောင်းပါးရိပ်ခြည် သရော်ဟန်ပင် ဖြစ်သည်။ ယခင်အချိန်က ကက်ဆက်ဖြင့် အသံဖမ်းသူ၊ ယခုခေတ်တွင် ဓါတ်ပုံရိုက်သူ၊ ဗီဒီယိုမှတ်တမ်းတင်သူတို့က အလှူပွဲ၊ တရားပွဲ

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၆။

[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၆။

စသည်တို့တွင် အများပြည်သူ စိတ်အနှောက်အယှက်ဖြစ်အောင် ပြုမူပုံများကို မြင်တွေ့ကာ သရော်လိုသဖြင့် ဇာတ်လမ်းဖန်တီးရေးသားခဲ့သည်ဟု ယူဆရပါသည်။

ကိုမောင်မောင်တင်သည် ကိုထွန်းဇော်လင်း၏ အကြံပေးချက်အရ တိုက်သစ်တက်ပွဲအတွက် မန္တလေးသို့ မိုးပျံပူဖောင်းဝယ်ရန် ရောက်လာခဲ့ရသည်။ ပူဖောင်းသည်ကို ဈေးချို နေရာအနှံ့ ရှာသော်လည်း မတွေ့ခဲ့ပေ။ ထို့ကြောင့် အသိပွဲရုံက စက်ဘီးငှားပြီး ညောင်ပင်ဈေးသို့ ထွက်ခဲ့ရာ–

> “ပူဖောင်းသည်လည်း ငါးသိန်းထီတော့ မပေါက်လောက်သေး ပါဘူး”[၁]

ဟု တွေးတောပုံကို စာရေးသူက ဟာသနှောကာ တင်ပြထားသည်။ ညနေစောင်းချိန် မင်္ဂလာဈေးရောက်ပြီး ဗိုက်ဆာ၍ စိတ်တိုနေသော ခံစားမှုကို–

> “ပူဖောင်းဝယ်မရလို့ အလုပ်ထုတ်ပစ်လည်း တောပြန်ပြီး လယ်လုပ် တော့မယ်လို့ စိတ်ကို လျှော့လိုက်တယ်”[၂]

ဟူ၍ ဖော်ပြထားပြီး ကလေးဆေးရုံကြီးရှေ့မှာ ပူဖောင်းရောင်းသူ နေထိုင်ကြောင်း သတင်းရ၍ ခေါက်ဆွဲစားပြီး ဟင်းရည်ပင် မသောက်နိုင်တော့ဘဲ အပြေးထွက်ခဲ့ရသည်။ လူ့စိတ်၏ ဆန်းကြယ်ပုံကို–

> “လူ့စိတ်များ တော်တော်ခက်တာပဲ။ ခုနက အလုပ်ပြုတ်ချင် ပြုတ်တော့လို့ စိတ်လျှော့ထားပေမယ့် နေရာသဲလွန်စရတော့လည်း မနေနိုင်ပြန်ဘူး”[၃]

ဟူသော ဇာတ်ဆောင် ကိုမောင်မောင်တင်၏ ကံသုံးပါးအမူအရာ၊ အာရုံခြောက်ပါး ခံစားမှုတို့ဖြင့် သရုပ်ဖော်ထားသည်။ လူ့ဘောင်လောကရှိ အပြောင်းအလဲမြန်တတ်သော လူအချို့၏ စိတ်သဘာဝကို ဖော်ထုတ်တင်ပြထားသည့် စာရေးသူ၏ မထိတထိ သရော်ဟန်ပင် ဖြစ်သည်။ တိုက်သစ်တက်ပွဲတွင် မလိုအပ်ဘဲ ဂုဏ်ပကာသနအတွက် ထင်ပေါ်ကျော်ကြားရန် ဖဲကြိုးဖြတ်၍ ပူဖောင်းလွှတ်ခြင်းသည် အချိန်ကုန် ငွေကုန် လူပင်ပန်းရုံသာ ဖြစ်ကြောင်းကို–

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၇။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၈။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၈။

"အလကား လေထဲလွင့်သွားမယ့် ပူဖောင်းတွေအတွက် ငွေကုန် လူပင်ပန်းခံနေရတယ်။ ဒီငွေနဲ့ လုံချည်တစ်ထည်လောက် ဝယ်ဝတ် ရရင် ဘယ်လောက်ကောင်းမလဲဟု စဉ်းစားမိတယ်။"[၁]

ဟူသော ဇာတ်ဆောင် ကိုမောင်မောင်တင်၏ အတွေးစိတ်ကူးဖြင့် ဖော်ပြထားသည်။ တလွဲဆံပင်ကောင်း၍ မယောင်ရာ ဆီလူးနေတတ်သော လူအချို့၏ သဘာဝကို သွယ်ဝိုက်သရော်ထားသည်။ မိုးပျံပူဖောင်းများကို ဈေးသည်ထံမှ မတ္တရာအရောက် သယ်ယူရာ လမ်းတစ်လျှောက် ဒုက္ခမျိုးစုံ ကြုံတွေ့ရသည်။ ပူဖောင်းများ တဖောင်းဖောင်း ကွဲနေသဖြင့် အကုန်ပေါက်လည်း အေးတာပဲဟု တွေးတောမိသော်လည်း မတ္တရာ အရောက် ပါပါ့မလား ဟူသော စိုးရိမ်စိတ်က ပိုလာခဲ့ပြန်သည်။ ကားစီးလာစဉ် အဖြစ်အပျက်ကို–

"အရေးထဲ ပူဖောင်းတစ်လုံးက ဖောင်းခနဲ ထအပေါက် ကျုပ်နဲ့ ကပ်လျက်ထိုင်တဲ့ မိန်းမကြီးက 'ဟဲ့ ... သောက်ပလုတ်တုတ်' ဆိုပြီး လန့်ခုန်ပါရော၊ ကားတစ်စင်းလုံးက ဝါးခနဲ ဝိုင်းရယ် ကြတယ်။ ကျုပ်မျက်နှာလည်း ရဲသွားထင်ပ။"[၂]

ဟူ၍လည်းကောင်း၊

"အဲဒီမိန်းမကြီးနဲ့ ကျုပ်ရဲ့ပူဖောင်းတွေက ကားစီးခရီးသည်တွေ အတွက် ပျော်တော်ဆက်တွေပေါ့ဗျာ။ တစ်လမ်းလုံး ပူဖောင်းတွေက တဖောင်းဖောင်း သူက ပလုတ်တုတ် တလှုပ်လှုပ်နဲ့။ လူတွေ ကလည်း ပြုံးစေ့စေ့ပေါ့။"[၃]

ဟူ၍လည်းကောင်း ဟာသနှောကာ ဖော်ပြထားသည်။ ပူဖောင်းပေါက်သံ 'ဖောင်း' 'ဖောင်း'၊ ယောင်တတ်သူ၏ 'ပလုတ်တုတ်'၊ ကားတစ်စီးလုံး ရယ်မောသံ 'ဝါး' ဟူသော မြည်သံစွဲအသုံးများဖြင့်လည်း ရွှင်ပြုံးဖွယ်ဖြစ်အောင် ဟာသနှောကာ တင်ပြထားသည်။ လူတို့၏အမူအရာကို 'ပြုံးစေ့စေ့'၊ ကားတစ်စီးလုံး ပျော်ရွှင်အောင် ဖန်တီးပေးပုံကို 'ပျော်တော်ဆက်' ဟူသော အသုံးများကလည်း စာဖတ်သူကို မြင်ယောင်ကြားယောင် လာစေသည်။ လမ်းတွင် မိုးပျံပူဖောင်းများ ပေါက်ကွဲခဲ့သဖြင့် အလုံး(၂၀)ခန့်သာ ပါခဲ့ သည်နှင့် ပတ်သက်၍–

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၇၈။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၈၀။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၈၀။

> "ဘောလုံးကလည်း နည်းလိုက်တာ၊ ငါးဆယ် ဝယ်တာမှ ဟုတ်ရဲ့လား"[၁]

ဟူသော ထွန်းဇော်လင်း၏သံသယကို ပြန်လည်ဖြေရှင်းခြင်းမရှိပုံကို–

> "ဘယ်လိုဝယ်ရတယ်၊ ဘယ်လိုသယ်ရတယ်ဆိုတာ ရှင်းပြ မနေချင်တော့ပါဘူး၊ မကြားယောင်ဘဲ ဆောင်နေလိုက်တယ်၊ အနှစ်မဲ့တဲ့ လူ့ဖူးတောင်းတွေကို ကျုပ်စိတ်ကုန်နေပြီ"[၂]

ဟူသော ဇာတ်ဆောင် ကိုမောင်မောင်တင်၏အပြောဖြင့် တင်ပြထားသည်။ အနှစ်မပါ အကာသက်သက်ဖြစ်သော ဟန်ဆောင်လောကသမားများကို 'လူ့ဖူးတောင်း' ဟူသော အသုံးဖြင့် သရော်ထားသည်။ မလိုအပ်ဘဲ အပိုသဘော ဇာချဲ့လုပ်ကိုင်တတ်သော၊ လက်အောက်ငယ်သားများအပေါ် အထင်သေးကာ ဗိုလ်ကျ အနိုင်ကျင့်တတ်သော လူအချို့၏သဘာဝကို ပေါ်လွင်လာပါသည်။

ပန်းခြံဖွင့်ပွဲ၊ ဈေးဖွင့်ပွဲ၊ ကုမ္ပဏီဖွင့်ပွဲ၊ Show Room ဖွင့်ပွဲ စသည့်ပွဲတို့တွင် တာဝန်ရှိလူကြီးများက မိုးပျံပူဖောင်းများလွှတ်ကာ ဖွင့်ပွဲကျင်းပကြသည်ကို တွေ့မြင်၍ စာရေးသူက ဘဝင်မကျဖြစ်ခဲ့ဟန် တူသည်။ ထို့ကြောင့် ငွေကုန်၍ အကျိုးမရှိသည့် လုပ်ရပ်ကို လုပ်ကိုင်တတ်သော၊ ဂုဏ်ပကာသန မက်မောသော လူအချို့၏သဘာဝကို သရော်ထားခြင်း ဖြစ်သည်။ စာရေးသူ၏ စောင်းပါးရိပ်ခြည် သရော်ဟန်ဟု ဆိုရပေမည်။ အနှစ်သာရမပါဘဲ အကာသက်သက်ဖြစ်သော ပကာသနများ နေရာယူလာသော ခေတ်၏ပုံရိပ်များလည်း ထင်ဟပ်နေသည်။ မလိုလားအပ်သော အဆင်တန်ဆာများကို ဦးစားပေးရင်း နေရာယူလာသောသဘောကို ထင်ရှားအောင် ဇာတ်လမ်းဆင်၍ တင်ပြထားသည်ဟု ဆိုရပေမည်။

'အိပ်မက်ကြော်ငြာ' ဝတ္ထုတိုတွင် ဦးရွှေခင်သည် အိပ်မက်ထဲ၌ ဘဝပြောင်းပြီး တမလွန် စီမံအုပ်ချုပ်ရေးနတ်မင်းနှင့် တွေ့ဆုံခဲ့သည်။ ဦးရွှေခင်၏ အပြုအမူကို စာရေးသူက–

> "တမလွန် အုပ်ချုပ်ရေးနတ်မင်းနဲ့ တွေ့ချိန်မှာ သူ့ကို သင်္ဂြိုဟ်တုန်းက သူ့မိသားစုက ထည့်ပေးလိုက်တဲ့ ရွှေစက္ကူတွေထဲက တစ်ထပ်ကို စားပွဲအောက်က လက်လျှိုပြီး ပေးလိုက်တယ်"[၃]

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၈၁။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၈၁။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၅၆။

ဟူ၍ ဖော်ပြထားသည်။ တမလွန်ဘဝသို့ ကူးပြောင်းလျှင် ရွှေစက္ကူများ ထည့်ပေးသည့် ဓလေ့သည် မြန်မာ့ရိုးရာဓလေ့ထုံးစံ မဟုတ်ပေ။ ထိုရွှေစက္ကူအချို့ကို စားပွဲအောက်က လက်လျှိုပြီး ပေးလိုက်ပုံကို စာရေးသူက ထည့်သွင်းဖော်ပြကာ လူ့လောကအတွင်းရှိ လူနပ်လူပါးတို့၏ သဘာဝကို ထိထိမိမိ သရော်ထားသည်။ ဦးရွှေခင်က ရွှေစက္ကူများ ပေးသောကြောင့် နတ်မင်းကြီး၏ဆုံးဖြတ်ချက် ဝေဝါးသွားရပုံကို စာရေးသူက–

> "နတ်မင်းကလည်း ဦးရွှေခင်ကို မြင်ကတည်းက ခင်မင်စိတ် ဖြစ်ခဲ့ပါသတဲ့။ ဒါနဲ့ ... နတ်ပြည်ပို့ရမလား၊ ငရဲပြည်ပို့ရမလား၊ ဝေခွဲမရသေးဘူးတဲ့"[၁]

ဟူ၍ ဖော်ပြထားသည်။ ငရဲပြည်တွင် လာဘ်ပေးလာဘ်ယူကိစ္စများ ရှိနေပုံ၊ နတ်မင်းကြီးပင် မလွန်ဆန်နိုင်ပုံတို့ကို ထည့်သွင်းဖော်ပြကာ လူ့ဘောင်လောက အတွင်း၌ အခွင့်အရေးကို လက်လွတ်မခံသော လူအချို့နှင့် မိမိလုပ်ပိုင်ခွင့်အတွင်းမှ ရရှိလာသော အခွင့်အရေးကို အမိအရယူတတ်သော လူအချို့၏ သဘာဝကို ဇာတ်ဆောင်တို့၏ ကံသုံးပါးအမူအရာတို့ဖြင့် ဖော်ပြကာ သရော်ထားသည်။

ဦးရွှေခင်သည် ငရဲပြည်သို့ Visitor Only ဟူသော ဝင်ပေါက်မှ ဝင်ရောက်ခဲ့စဉ် အဝင်ဝ၌ ငရဲသူမလေးများက ဂျပန်စတိုင် ခါးညွတ် အရိုအသေပေးပြီး 'ဝဲလ်ကမ်းတူဟဲလ်' ဟု နှုတ်ဆက်ခဲ့သည်။

> "ဦးရွှေခင်ကလည်း အကျင့်ပါနေတဲ့အတိုင်း ကောင်မလေး တစ်ယောက်ရဲ့ ပခုံးပေါ် လက်တင်ပြီး 'သိုင်းခရ ... သိုင်းခရ' လို့ ပြောရင်း စေ့စေ့စပ်စပ် ကြည့်လိုက်တော့ ကလေးမလေးတွေက စကပ်တိုတိုလေးတွေနဲ့ပါလား။ မျက်နှာလေးတွေကလည်း ပြုံးလို့ ချိုလို့။"[၂]

ဟူ၍ တမလွန်ရောက်သည့်တိုင်အောင် မပြောင်းလဲဘဲ လူ့ဘဝက မကောင်းသော အကျင့်ဆိုးများပါလာပုံကို စာရေးသူက ထင်ရှားအောင် တင်ပြထားသည်။ ထို့ပြင် ငရဲပြည်၌ တစ်နေ့တာ အချိန်ကုန်၍ ပြန်ရသောအခါ ငရဲပြည် ဧည့်မှတ်တမ်းတွင် စာရေးသားခဲ့ပုံကို–

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၅၆။

[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၅၈–၅၉။

> "ကာတွန်းစာအုပ်ထဲ ဆွဲထားတဲ့ ငရဲပြည်နဲ့ တကယ့်လက်တွေ့မြင်ရတဲ့ ငရဲပြည်က အထင်နဲ့အမြင် တခြားစီပါပဲ ကာတွန်းဆရာတွေအားလုံးကို ဖိတ်ခေါ်ပြီး ငရဲပြည်ကို ပို့ချင်ပါသေးတယ်။"[၁]

ဟူ၍ ဦးရွှေခင်၏အတွေ့အကြုံနှင့် ဆန္ဒသဘောထားများဖြင့် တင်ပြထားသည်။ ငရဲပြည်ကို ခေတ္တခဏ အလည်ရောက်ရှိသူများအတွက် ပျော်စရာကောင်းသော သုခဘုံအဖြစ် ဖန်တီးထားသည်ကို ဦးရွှေခင် မသိခဲ့ပေ။ ထို့ကြောင့် ကာတွန်းဆရာများကို ဖိတ်ခေါ်ထားကြောင်း စာရေးသူက ဟာသနှောကာ တင်ပြထားသည်။ ဦးရွှေခင်သည် သုခချမ်းသာပေးစွမ်းနိုင်သော နတ်ပြည်၏ တစ်နေ့တာခရီးကို သဘောမကျ ဖြစ်ခဲ့ရသည်။ ယင်းကို–

> "နတ်ပြည်ထဲလျှောက်ကြည့်တော့ အဝင်လမ်းကလေး တိတ်ဆိတ်လို့။ နတ်ဗိမာန်ကလေးတွေထဲမှာ နတ်သားတွေက ဝိပဿနာထိုင်ရှုနေကြတယ်။ ကြည့်ရတာ ပျင်းစရာကြီး။"[၂]

ဟူ၍ စာရေးသူက ဇာတ်ဆောင်၏အတွေးစကားများဖြင့် တင်ပြထားသည်။ နတ်ပြည်၏ ငြိမ်းချမ်းမှုကို သဘောမကျဘဲ အပျော်အပါးများဖြင့် မွေ့လျော်ပျော်ပါးတတ်သော လူတစ်ချို့၏သဘာဝကို လောကလူသားတစ်ဦးဖြစ်သော ဦးရွှေခင်နှင့် ဖော်ပြထားသည်။ အမိုက်မှောင်မှာ ပျော်မွေ့တတ်သော အကုသိုလ်မှာသာ ကျင်လည်နေတတ်သော လူအချို့၏သဘာဝကို ထိထိမိမိ သရော်ထားသည်။ လူ့ဘောင်လောကရှိ မိမိအကျိုးအတွက် အခွင့်အရေးလက်လွှတ်မခံတတ်သော အပျော်အပါးမက်သော လူအချို့၏သဘာဝကို စောင်းပါးရိပ်ခြည် သရော်ထားသော စာရေးသူ၏ သရော်ဟန်ဟု ဆိုရပေမည်။

'အသံတော့ စမ်းနေပြီ' ဝတ္ထုတိုတွင် ကိုငွေတိုးသည် မိမိတည်းသည့်အိမ်တွင် မိုးမရွာခင် 'တောက်တဲ့' လို့ အော်သံကြားကြောင်း၊ မည်သည့်အကောင်မှန်းမသိသော ကိုငွေတိုးက အိမ်ရှင် ဦးစံထွားကိုမေးရာ မိုးလေဝသဗေဒင်ဟောတဲ့ 'တောက်တဲ့' ဖြစ်ကြောင်းသိကာ ကိုငွေတိုး သဘောကျခဲ့သည်။ ထို 'တောက်တဲ့' ကို လိုချင်ကြောင်း ပြောရာ ဦးစံထွားက စဉ်းစားပေးမည်ဟု ပြောသည်။အလုပ်ကိစ္စများပြီး၍ ရွာကို ပြန်ကြတော့မည့်အချိန်၌ ဦးစံထွား၏ ပြုမူပြောဆိုပုံကို–

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၆၀။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၆၁။

> "အိမ်မြှောင်တစ်ကောင်ကို ဟောလစ်ပုလင်းခွံထဲထည့်၊ အပိတ် မပိတ်ဘဲ ပုလင်းဝကို ဇာပဝါပါးပါးလေးထပ်၊ ရော်ဘာကွင်းနဲ့ စည်းပေးလိုက်တယ်၊ ဒါ ဗေဒင်ဆရာပေါက်စလေးပဲ၊ မကြာခင် အရွယ်ရောက်လာပြီး တောက်တဲ့ အော်လိမ့်မယ် ဒီကောင် အရွယ်ရောက်လာအောင် ပိုးကောင်လေးတွေ ဖမ်းကျွေးပါလို့ ဦးစံထွားက မှာပါတယ်"[၁]

ဟု စာရေးသူကဖော်ပြကာ အိမ်မြှောင်ကို တောက်တဲ့အဖြစ် အသိဉာဏ်နည်းပါးသော ရိုးအသူကို လိမ်ညာပေးလိုက်ကြောင်း ပေါ်လွင်အောင် သရုပ်ဖော်တင်ပြကာ လူလိမ် လူညာတို့၏သဘာဝကို ထင်ဟပ်သရော်ထားသည်။ ရွာသို့ပြန်ရောက်ပြီးနောက်ပိုင်း **အိမ်မြှောင်လေး**၏ အခြေအနေကို–

> "အိမ်မြှောင်လေးကတော့ ပိုးကောင်တွေ တစ်ကောင်ပြီးတစ်ကောင် စားနေရပေမယ့် တောက်တဲ့ ဖြစ်မလာသေးဘူး။ လူရိုးကြီး ကိုငွေတိုးကတော့ တစ်နေ့ဖြစ်လာနိုးနိုးနဲ့ ထိုင်စောင့်ကြည့်နေ တော့တာပေါ့။ အိမ်မြှောင်လေးက 'တစ်၊ တစ်၊ တစ်၊ တစ်' နဲ့ အသံပြုတဲ့အခါ ကိုငွေတိုးက 'အသံတော့ စမ်းနေပြီဟေ့' လို့ သူ့မိန်းမကို အားရဝမ်းသာ ပြောပါတယ်။"[၂]

ဟူ၍ စာရေးသူက ဝတ္ထုခေါင်းစဉ်ကို ဇာတ်လမ်းအဆုံးတွင် ထည့်သွင်းဖော်ပြကာ ဆိုလိုချက်ကို ထိမိပေါ်လွင်အောင် တင်ပြထားသည်။ အမှားအမှန် ဝေဖန်ပိုင်းခြားမှု မရှိဘဲ ပေးထားသော မက်လုံးလေးနှင့် ကျေနပ်နေသော၊ အကျိုးထူးခံစားခွင့် မရ နိုင်သော ရိုးအသော တောသူတောင်သားတို့၏ဘဝကို ဖော်ပြကာ အသိဉာဏ် နည်းပါးသူတို့ကို မက်လုံးကြီးကြီးပေးပြီး လိမ်လည်လှည့်ဖျားတတ်သော လူအချို့၏ သဘာဝကို သရော်ထားသည်။ စာရေးသူ၏ မထိတထိနှင့် စောင်းပါးရိပ်ခြည် သရော်ဟန်ပင် ဖြစ်သည်။

## ၃၊ ၂။ ခေတ်ကိုထင်ဟပ်သော သရော်ဟန်

ဝတ္ထုတိုများတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့် အခြေအနေများကို ဖော်ပြရန် ဇာတ်လမ်း၊ ဇာတ်ကွက်ဆင်၍ ဇာတ်ဆောင်များ ဖန်တီးကာ ခေတ်အခြေ

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၆။

[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၆–၁၄၇။

အနေကို ပေါ်လွင်အောင် ဖန်တီးလေ့ ရှိကြသည်။ ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများတွင် ခေတ်ကာလအခြေအနေကို ပြုပြင်စေလိုသော စေတနာဖြင့် သရော်ထားသည်ကို တွေ့ရသည်။

'ခြေထောက်တစ်ဖက်' ဝတ္ထုတိုတွင် ကျုံးမြောက်ဘက် ရေစစ်ကန်ပေါ်က စကားဝိုင်းတွင် လူကြီးတစ်စု စကားအခြေအတင်ပြောဆိုစဉ် ဒေါသမထိန်းနိုင်သော သံချိုင်းထောက် ဦးဘရှင်က–

> "ကျုပ်တို့သာ ဟောဒီခြေ၊ ဟောဒီလက်တွေကို မစွန့်လွှတ်ခဲ့ဘူးဆိုရင် ခင်ဗျားတို့အားလုံးဟာ ဂျပန်ကျွန် ဖြစ်နေမလား၊ ကုလားကျွန်ဖြစ်နေမလား မစဉ်းစားရဲဘူး။ ကျုပ်က ခင်ဗျားတို့လို လူနမဟုတ်ဘူး။ လူကြမ်းပဲ၊ ခြေထောက်တစ်ဖက်မကဘူး နောက်ထပ်တစ်ဖက် ဆုံးရှုံးရင် ဆုံးရှုံးပါစေ၊ သေချင်လည်း သေပါစေ၊ အသေခံနိုင်တယ်"[၁]

ဟူ၍ ပြောခဲ့သည်။ တိုင်းပြည်အတွက် ပေးဆပ်ခဲ့ပုံ၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့ပုံတို့ကို ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့် တင်ပြထားသည်။ ဦးဘရှင်တို့ကဲ့သို့ နိုင်ငံကို အသက်နှင့်လဲ၍ ကာကွယ်မည့်သူများ မရှိပါက မြန်မာနိုင်ငံ လွတ်လပ်ရေးမရဘဲ အခြားနိုင်ငံသားတို့၏ လက်အောက်တွင် ကျရောက်နေမည့်အဖြစ်ကို 'ဂျပန်ကျွန်'၊ 'ကုလားကျွန်' ဟူသော ကြမ်းတမ်းသော စကားလုံးများသုံးကာ ရေးသားထားသည်။ မိမိသည် နုလုံးရည်သမား မဟုတ်၊ လက်ရုံးရည်သမားဖြစ်ကြောင်း တိုင်းပြည်အတွက် ခြေထောက်တစ်ဖက် စွန့်လွှတ်ထားရသည်ကို အားမရသေးဘဲ လိုအပ်ပါက ထပ်မံစွန့်လွှတ်ရန် ဝန်မလေးသူဖြစ်ကြောင်း၊ 'နောက်ထပ်တစ်ဖက် ဆုံးရှုံးရင်ဆုံးရှုံးပါစေ၊ သေချင်လည်းသေပါစေ၊ အသေခံနိုင်တယ်' ဟူသော အပြောစကားများဖြင့် နိုင်ငံနှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်လိုသော ချစ်မြတ်နိုးသော စိတ်ထားရှိသူအဖြစ် တင်ပြထားသည်။

ကျုံးမြောက်ဘက် လမ်းမကြီး၏ဘေး၌ နေထိုင်သော အမိမြေကို ချစ်မြတ်နိုးသော ဦးဘရှင်၏နေအိမ်သည် ခြောက်လမ်းသွားလမ်းမကြီး ဆောက်လုပ်ရန် စီမံကိန်းကြောင့် (၂၇)ပေခန့် နောက်ဆုတ်ပေးရသည်။ သက်ဆိုင်ရာက မြို့ပြအဆင့်မီပုံစံ ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးပစ္စည်းများ လိုအပ်ပါက ပါမစ်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ချွေးမဖြစ်သူနှင့် မြေးမများကို အားကိုးကာ စားသောက်နေထိုင်

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၃၂။

ရသော ဦးဘရှင်သည် နောက်ဆုံး မိမိပိုင်မြေကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း မရှိဘဲ လူမျိုးခြားလက်ထဲ ထိုးအပ်ခဲ့ရသည်။ အကျိုးခံစားခွင့်မရှိဘဲ ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရသော ဘဝအခြေအနေကို–

> "အိမ်မြေအရောင်းအဝယ်ဖြစ်ပြီး မြေစာရင်းဌာန ကျောက်စာတိုက်က မြေပုံမှာ ဦးဘရှင်က ဦးကျင်ဝမ်လို့ အမည်ပြောင်းဖို့ သဘောတူ လက်မှတ်ထိုးပေးခဲ့တဲ့ညကလည်း သံချိုင်းထောက်ကြီး ရေစစ်ကန်ကို အလာနောက်ကျတာပါပဲ။"[၁]

ဟူ၍ စာရေးသူ၏အပြောစကားဖြင့် ဖော်ပြထားသည်။ ဦးဘရှင်သည် မြို့သစ်သို့ ပြောင်းရွှေ့ရတော့မည်ဖြစ်၍ ရေစစ်ကန်၌ဆုံနေကျ အပေါင်းအဖော်များ စိတ်မကောင်းဖြစ်ကာ တိတ်ဆိတ်နေစဉ် ဦးဘရှင်က–

> "မြေစာရင်းမြေပုံထဲမှာ ကျုပ်မြေကို ဘရှင်က ကျင်ဝမ်လို့ ပြောင်းပေးလိုက်ပြီ၊ ကျုပ် .... ကျုပ်ခြေထောက်တစ်ဖက်ကိုပဲ နှမြောလှသဗျာ .... တဲ့။"[၂]

ဟူသော အဆက်အစပ်မရှိသော စကားကို ပြောခဲ့သည်။ အမိနိုင်ငံတော် ကာကွယ်စောင့်ရှောက်ရန် မိမိခန္ဓာကိုယ်အစိတ်အပိုင်းကို ပေးဆပ်ပြီး တိုင်းပြည်ကို ကာကွယ်ခဲ့သော စစ်မှုထမ်းဟောင်းကြီးဘဝမှ မိမိပိုင်မြေတစ်ကွက်ကို မထိန်းသိမ်း မကာကွယ် မစောင့်ရှောက်နိုင်သော ဘဝဖြစ်ရပ်ပြကွက်ကို ပြကာ သရော်ထားသည်။ ထို့ပြင် မြို့ပြ ခေတ်မီဖွံ့ဖြိုးသာယာလှပရေးစီမံကိန်းအတွက် မြို့ထဲရှိသည့် မြန်မာများ မြို့ပြင်ရောက်ရသည့်ဘဝကို ထင်ဟပ်ကာ ပြောင်းလဲလာသော ခေတ်ကာလ အခြေအနေတစ်ရပ်ကို သရော်ထားသည်။ မန္တလေးမြို့၏ အထင်ကရနေရာများတွင် လူမျိုးခြားတို့ ဝင်ရောက်နေရာယူလာသော မြန်မာလူမျိုးများ မြို့ပြင်ရောက်ရသော ကာလအခြေအနေကို ဖော်ပြထားသော စာရေးသူ၏ စောင်းပါးရိပ်ခြည် သရော်ဟန်ဟု ဆိုရပေမည်။

'အမွေစားအမွေခံ' ဝတ္ထုတိုတွင် ကိုသန်းဖေတို့ရုံးက အမွေစားအမွေခံစာရင်းအတွက် ပုံစံများ ဖြည့်ခိုင်းသည်။ ထိုကိစ္စနှင့်ပတ်သက်၍–

> "**ဘာဖြစ်လို့ဒီပုံစံတွေဖြည့်ခိုင်းတာလဲ** လို့ မကျေမနပ် မေးတော့ **အထက်ကဖြည့်ခိုင်းလို့** ဆိုပြီး မရေမရာပဲ ဖြေတယ်။"[၃]

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၃၆။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၃၇။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၀။

ဟု ဖော်ပြပြီး ဝန်ထမ်းတစ်ဦးက–

> **"ဝန်ထမ်းရပိုင်ခွင့်တွေ ထုတ်ပေးတဲ့အခါ အရှုပ်အရှင်း မဖြစ်အောင် နေမှာပေါ့ဗျာ** ဆိုတော့ **ရပိုင်ခွင့်တွေက များပေတာကိုး"**[၁]

ဟု တစ်ယောက်တစ်မျိုး ပြောဆိုနေကြပုံဖြင့် ဖော်ပြထားသည်။ ဝန်ထမ်းတစ်ဦး၏ 'ရပိုင်ခွင့်တွေက များပေတာကိုး' ဟူသော ဆန့်ကျင်ဘက်စကားဖြင့် လစာနည်း၍ ရပိုင်ခွင့်မရှိသော ဝန်ထမ်းဘဝကို ထင်ဟပ် သရော်ထားသည်။ အချို့ရုံးများတွင် အထက်ကခိုင်းလို့ ဟူသော မရေမရာသည့် လုပ်ငန်းများကို အချိန်ကုန်အောင် တာဝန်တစ်ရပ်အဖြစ် လုပ်ဆောင်နေရပုံကို ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် အပြောစကားများဖြင့် ထိုခေတ်ကာလဝန်ထမ်းများ၏ ဘဝအခြေအနေကို ဖော်ပြထားသည်။ ထိုသို့ အရေးမပါသည့်ကိစ္စများဖြင့် အချိန်ကုန်ရုံသာမက မိသားစု အေးချမ်းသာယာမှုကို ပျက်ဆီးအောင် ဖန်တီးတတ်ကြောင်းကိုလည်း ကိုသန်းဖေတို့ မိသားစု၏ ဖြစ်ရပ်ဖြင့် ဇာတ်လမ်းဆင် တင်ပြထားသည်။

ကိုသန်းဖေက အခြားဝန်ထမ်းများနည်းတူ မိန်းမကိုစိတ်မချ၍ သားသမီး များကို အမွေလွှဲပေးကြောင်း သိရသောအခါ အမွေစားအမွေခံစာရင်းတွင် သမီးကြီး ဖြစ်သူ 'ထားထားဝေ' အမည်ကို ထည့်သည်။ ထိုအကြောင်းကို မိန်းမဖြစ်သူ 'ကြည်ကြည်အုံး' သိပြီး မကျေနပ်၍ အိမ်ကဆင်းသွားသည်။ ကိုသန်းဖေသည် ယောက္ခမအိမ်ကို လိုက်၍ ဇနီးသည်ကိုခေါ်ရာ အမွေစားအမွေခံစာရင်း ပြင်ပေးမှ လိုက်မည်ဟု ဆိုသောကြောင့် ပြင်ပေးမည်ဟု ကတိပေးလိုက်သည်။ ကိုသန်းဖေ၏ စိတ်ထဲတွင်–

> "ဘုရား သိကြား မလို့ ဒီပုံစံတွေကို အထက်မပို့လိုက်ပါစေနဲ့လို့ ကိုသန်းဖေ ဆုတောင်းတယ်။"[၂]

ဟု ခံစားချက်ကို ဖော်ပြထားသည်။ ထို့နောက်–

> "အမွေလွှဲပုံစံတွေကိုင်တဲ့ စာရေးကို **အဲ့ဒီပုံစံတွေ အထက်တင် လိုက်ပြီလား** လို့ ကိုသန်းဖေ မေးတယ်။ **တင်လိုက်ပြီ** တဲ့"[၃]

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၀။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၆။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၆။

ဟု ပြောသောအခါ ကိုသန်းဖေ မျက်နှာပျက်သွားသည်။ ရုံးစာရေးက–

"ဗီရိုအထက်ကို တင်လိုက်တာလေဗျာ"[၁]

ဟု ရယ်ကာမောကာဖြင့် ဗီရိုအထက်တွင် တင်ထားသော စာရွက်တစ်ထပ်ကြီးကို လှမ်းယူပေးကြောင်း ဖော်ပြထားသည်။ ထိုပုံစံများ မည်သည့်အချိန်ပို့မှာလဲ ဟု ကိုသန်းဖေက မေးသောအခါ–

"လိုလိုမယ်မယ် တောင်းထားတာပါ ဘယ်မှမပို့ရပါဘူး"[၂]

ဟု ရုံးစာရေးအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုပုံဖြင့် စာရေးသူက တင်ပြထားသည်။ ထိုခေတ်ကာလ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အရေးမပါသည့်ကိစ္စများကို အရေးပါသယောင် ပြုလုပ်တတ်သော အခြေအနေကို မထိမထိသရော်ထားသည့် စာရေးသူ၏ သရော်ဟန်ပင် ဖြစ်သည်။ ထို့ပြင်–

"ကိုသန်းဖေက ပုံစံစာရွက်တွေကို ပြန်ပေးတော့ ဟိုစာရေးက ကြိုးနဲ့စည်းပြီး အထက်တင်ထားပေးလိုက်တယ်။"[၃]

ဟူသော စာရေးသူ၏အပြောစကားဖြင့် တင်ပြထားသည်။ အထက်ကခိုင်းလို့ ဟူသော စကားတစ်လုံးဖြင့် ရုံး၏လုပ်ထုံးလုပ်နည်းအရ လုပ်ကိုင်နေရသော ခေတ်ကာလကို ထင်ဟပ်ဖော်ပြထားသည်။ 'အထက်' ဟူသည် ဗီရို၏အပေါ်ဆုံးအထက် ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အလေးအနက် လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စ မဟုတ်ဘဲ အချိန်ကုန်ခံပြီး အလေးထားလုပ်ကိုင်နေရကြောင်း ခေတ်ကာလ အခြေအနေကို စောင်းပါးရိပ်ခြည် သရော်ထားသော စာရေးသူ၏ သရော်ဟန်ပင် ဖြစ်သည်။

'အသံတော့ စမ်းနေပြီ' ဝတ္ထုတိုတွင် တာဝန်ပေးသမျှ မငြင်းဆန်သော ရိုးအသော တောင်သူ ဦးငွေတိုးအပါအဝင် တောင်သူများ မိုးခေါင်သောကြောင့် စိုက်ပျိုးရေး ကိစ္စများ အဆင်မပြေ ဖြစ်ကြရသည်။ ချည်မျှင်ရှည်ဝါ စိုက်ပျိုးရန် စီမံကိန်းချသည့် ကာလအခြေအနေကို–

"မြို့ကလာတဲ့ တိုက်ပုံအင်္ကျီဝတ်တွေက ချည်မျှင်ရှည်ဝါစိုက်ရင် နေ့ချင်း ညချင်း သူဌေးဖြစ်မှာလောက် ဟောကြ၊ ပြောကြတာပေါ့။

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၆။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၆။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၁၇။

> ကိုငွေတိုးတို့ကိုလည်း ဘယ်တောင်သူ ဘယ်နှဇကေ စိုက်ရမယ်လို့ စီမံကိန်း ခွဲတမ်းချတာပေါ့။"[၁]

ဟူ၍ ဖော်ပြထားသည်။ 'စိုက်ပျိုးရေးအရာရှိများ'ကို စာရေးသူက 'မြို့ကလာတဲ့တိုက်ပုံအင်္ကျီဝတ်တွေ' ဟူသော အသုံးဖြင့် သွယ်ဝိုက်ဖော်ပြကာ သရော်ထားသည်။ မိုးခေါင်ရေရှားဖြစ်နေသောကာလ ခွဲတမ်းချသည့်အတိုင်း အရှုံးခံ၍ စိုက်ပျိုးသူမှာ ဦးငွေတိုးကဲ့သို့ ရိုးအသော တောင်သူများသာ ဖြစ်သည်။ လည်ပတ်ပါးနပ်သော တောင်သူအချို့သည် စီမံကိန်းချသော ဝါမျိုးစေ့ကို ရေနွေးပူစိမ်ကာ မျိုးစေ့အကောင်းနှင့် ရော၍စိုက်ရာ ကျိုးတိုးကျဲတဲသာ ပေါက်သည်။ ယင်းစိုက်ခင်းနှင့်ပတ်သက်၍–

> "စိုက်ပျိုးရေးတို့၊ မြေစာရင်းတို့ ဌာနပေါင်းစုံက ကွင်းဆင်းလာရင် အကျွေးအမွေးနဲ့ အခင်းထဲ ခေါ်ပြတယ်။ သမဝါယမဆိုင်က ရွှေဝါဆပ်ပြာချောင်း၊ မွှေးဆပ်ပြာခဲ၊ ဂလူးကိုစ်ထုပ်တွေ ကြက်ကြောက်အိတ် ခေါ်တဲ့ သူတို့လက်ဆွဲအိတ်ထဲ ထည့်ပေးလိုက်ရင် သူတို့ကလည်း ဝါစိုက်ဇကေတွေ အပျက်စာရင်း သွင်းပေးကြတယ်။"[၂]

ဟု စာရေးသူက ဖော်ပြထားသည်။ ကွင်းဆင်းစစ်ဆေးချိန်၌ ချည်မျှင်ရှည်ဝါ မစိုက်ရအောင် ဝါအစား အခြား ပဲစိမ်းငုံ၊ နှမ်း စသည်တို့ စိုက်ပျိုးနိုင်အောင် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုယူကာ လုပ်ကိုင်ကြသော ခေတ်ကာလ အခြေအနေတစ်ရပ်ကို လှစ်ဟပြကာ သရော်ထားသည်။ ဌာနဆိုင်ရာက ကိုင်လေ့ရှိသော 'လက်ဆွဲအိတ်' ကို 'ကြက်ကြောက်အိတ်' ဟု ဟာသနှောကာ သရော်ထားသည်။ ထိုအိတ်နှင့်လာသောသူများကို တွေ့ပါက ကြက်များပင် ကြောက်၍ ပြေးကြရကြောင်း ပို၍ထင်ရှားလာစေသည်။

ဌာနဆိုင်ရာကလူများနှင့် တောင်သူများ လုပ်ငန်းကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်ကြပုံကို–

> "သူတို့ခမျာများက တောသူတောင်သားတွေအပေါ် မဆိုးရှာကြပါဘူး ဟင်းကောင်းကောင်းနဲ့ ထမင်းကျွေးရရုံ၊ သောက်တတ်စားတတ်သူ ဆိုရင်တော့ အရက်လေး ထန်းရည်လေး ဧည့်ခံရရုံ

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၁။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၁–၁၄၂။

သူတို့အပြန်မှာ သမဆိုင်က ဆပ်ပြာလေး ဆေးဝါးလေးကို
အမွန်အမြတ် လက်ဆောင်ပေးရရုံပါ။"[၁]

ဟူ၍ ဖော်ပြထားသည်။ လာဘ်ပေးလာဘ်ယူသဘော မဟုတ်သော လက်ဆောင် သဘောလောက်သာ ဖြစ်ကြောင်း ဆန့်ကျင်ဘက်အနက်ကို ဖော်ပြကာ မထိတထိ သရော်ထားသည့် စာရေးသူ၏ သရော်ဟန်ဟု ဆိုနိုင်သည်။

ကိုငွေတိုးတို့ကဲ့သို့သော ရိုးအသော တောင်သူများသည် ကိုယ့်သားမယား မစားရစေကာမူ တာဝန်ကျေအောင် စိုက်ပျိုးသူများ ဖြစ်သည်။ ချည်မျှင်ရှည်ဝါ စီမံကိန်းနှင့် ပတ်သက်၍–

"ဝါပင်တွေ သံချေးတက်၊ အိမ်ကမိန်းမ ဆန်ချေးထွက်"[၂]

ဟူ၍လည်းကောင်း၊

"မွေးရှည်လုပ်တော့ ရှေးရွှေပြုတ်တယ်"[၃]

ဟူ၍လည်းကောင်း၊ နေကြာစိုက်ရန် စီမံကိန်းချသည့်အခါကလည်း–

**"ရေရာသေချာအောင် နေကြာစိုက်ပါ** ဆိုတဲ့ စကားနောက်တွင်
**သွားမလုပ်နဲ့ နွားပြုတ်သွားမယ်**"[၄]

ဟူ၍လည်းကောင်း အပြောင်အပျက်များဖြင့် နာတာကို ခံသာအောင် ဟာသနှောကာ ဖြေဖျောက်ရသော ခေတ်ကာလအခြေအနေကို ပေါ်လွင်အောင် ဖော်ပြထားသည်။ မိုးလေဝသ မမှန်သောကြောင့် စိုက်ပျိုးရေးမဖြစ်ထွန်းသည့်ကာလ တောင်သူများ၏ စီးပွားရေးအခြေအနေကို စာချိုးစာပြောင်များ၊ ကာရန်နဘေများ သုံးကာ သရော်ထားသည့် စာရေးသူ၏ စောင်းပါးရိပ်ခြည် သရော်ဟန်ဟု ဆိုရပေမည်။

မိုးလေဝသသတင်းကို ရေဒီယိုအမြဲနားထောင်တတ်သော ကိုငွေတိုးသည် ရွာမြောက်ပိုင်းက ကိုဝင်းမောင်သမီးလေးဘွဲ့ရပြီး ဝန်ထမ်းလုပ်လိုသောကြောင့် မြို့သို့ ရောက်ခဲ့သည်။ ကိုငွေတိုး၏တူမ အကူအညီယူ၍ လူကြီးကို ဂါရဝပြုရန် ဆီပုံးနှင့် အပွေးကောင်းကောင်း သနပ်ခါးတုံးသုံးတုံး သယ်လာခဲ့သည်။ ထိုသို့ သယ်လာခဲ့ခြင်း နှင့်ပတ်သက်၍–

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၂။
[၂] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၀။
[၃] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၂။
[၄] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၃။

> "ဒီလိုလေးလေးပင်ပင်တွေ သယ်လာတော့ ကိုငွေတိုးရဲ့တူမက အပြစ်တင်တယ်။ ဒီလိုပစ္စည်းတွေ ယူလာတာ လူမြင်တယ်။ စာအိတ်တစ်အိတ်ဆို ကိစ္စပြီးပါတယ်လို့ ပြောတယ်။"[၁]

ဟု ဖော်ပြကာ အပင်ပန်းခံ လူမြင်ခံ၍ သယ်လာစရာမလိုကြောင်း ပေါ့ပေါ့ပါးပါးနှင့် ကိစ္စပြီးနိုင်ကြောင်း စကားလမ်းခင်းကာ ပြောဆိုပုံကိုထောက်၍ ရုံးဝန်ထမ်းအရာရှိအချို့ ငွေကြေးနှင့်လာဘ်ပေးလာဘ်ယူနေသော ခေတ်ကာလအခြေအနေကို သရော်ထားသည်။ စာရေးသူ၏ စောင်းပါးရိပ်ခြည် သရော်ဟန်ပင် ဖြစ်သည်။ စာရေးသူသည် ခေတ်ကာလအခြေအနေတစ်ရပ်၏ အမြီးအမောက်မတည့်သည့် ဖြစ်ရပ်များကို ပြုပြင်စေလိုသော စေတနာဖြင့် ဇာတ်လမ်းဆင် တင်ပြထားသည်ဟု ဆိုရပေမည်။

## ခြုံငုံသုံးသပ်ချက်

ဆရာကျော်ရင်မြင့်သည် လောကသဘာဝ၊ လူ့သဘာဝဖြစ်ရပ်များနှင့်ပတ်သက်၍ အမြီးအမောက်မတည့်သည့် ကိစ္စရပ်များအပေါ်တွင် ထေ့ငေါ့သရော်လိုသော ရယ်မောလိုသော စိတ်ထားရှိသည့်အလျောက် ဇာတ်လမ်းများ ဖန်တီး၍ ဇာတ်ဆောင်များ ထည့်သွင်းကာ ရွှင်ပြုံးဖွယ် တင်ပြထားသည်။ စာရေးသူက လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို သရော်လို၍ ဇာတ်လမ်းဖန်တီးတင်ပြသကဲ့သို့ အဖွဲ့အစည်းတစ်ခုရှိ လူအချို့၏ ပြုမူဆောင်ရွက်ကြပုံတို့ကိုလည်း သရော်လို၍ ဇာတ်လမ်း ဖန်တီးတင်ပြထားသည်။

ဂုဏ်ပကာသနနောက်လိုက်သော ငွေရှင်ကြေးရှင်အဖြစ် ထင်ပေါ်ကျော်ကြားလိုသော လက်အောက်ငယ်သားအပေါ် အနိုင်ကျင့်ဗိုလ်ကျတတ်သော လူတစ်ချို့၏ သဘာဝကို 'ပူဖောင်းများ' ဝတ္ထုတိုမှ ဇာတ်ဆောင် ထွန်းဇော်လင်း၏ ပြုမူပြောဆိုဟန်ဖြင့် မထိတထိ သရော်ထားသည်။ အလုပ်ရှင်အလိုကျ မငြင်းသာဘဲ စိတ်မောလူမောပြေးလွှားနေရသော ကိုမောင်မောင်တင်၏ မိုးပျံပူဖောင်း သယ်ယူလာပုံမြင်ကွင်းကိုလည်း ဟာသနှောကာ အသေးစိတ် သရုပ်ဖော်တင်ပြထားသည်။ လူ့စိတ်သဘာဝအရ မိမိအကျိုးစီးပွား ပျက်စီးဆုံးရှုံးမှုကို မလိုလားပေ။ အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းရင်း မတတ်သာသည့်အဆုံး အဆိုးဆုံးကို ရင်ဆိုင်ရန် တွေးတောထားသော်လည်း အကောင်းဆုံးကို မျှော်လင့်တတ်သော လူ့စိတ်သဘာဝကို လှစ်ဟပြထားသည်။ စိတ်အပြောင်းအလဲမြန်တတ်သော လူ့သဘော လူ့သဘာဝကို မထိတထိ သရော်ထားသည့် စာရေးသူ၏သရော်ဟန်ကို တွေ့ရသည်။

---

[၁] ကျော်ရင်မြင့်၊ ၂၀၁၂၊ ၁၄၄–၁၄၅။

ကောင်းမှုကို မမြတ်နိုးဘဲ မကောင်းမှုကိုသာ မွေ့လျော်လိုသော အပျော်အပါးမက်သော အခွင့်အရေးကို လက်လွှတ်မခံတတ်သော လာဘ်ပေးလာဘ်ယူတတ်သော လူတစ်ချို့၏သဘာဝကို 'အိပ်မက်ကြော်ငြာ' ဝတ္ထုတိုမှ ဇာတ်ဆောင်တို့၏ ကံသုံးပါး အမူအရာဖြင့် ဖော်ပြကာ မထိတထိနှင့် စောင်းပါးရိပ်ခြည် သရော်ထားသည်။ ထိုခေတ် နိုင်ငံရပ်ခြားလေ့လာရေးအဖွဲ့များ လာရောက်သည့်အခါ ပကတိအခြေအနေနှင့် ကွာဟနေသော ပြည်တွင်းပြည်ပခရီးစဉ်များကို ဖန်တီးကာ အပေါ်ယံ ရွှေမှုန်ကြဲကာ ပြသတတ်သော ခေတ်ပုံရိပ်များလည်း ထင်ဟပ်နေသည်။ ဧည့်သည်များအတွက် ကြော်ငြာအဖြစ် အကောင်းဆုံးအရာများ ဖန်တီးပေးထားသော်လည်း လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရပုံနှင့် မတူကွာခြားကြောင်း ငရဲပြည်ရောက် ဦးရွှေခင်၏ အိပ်မက်မက်ပုံဖြင့် ဖော်ပြကာ သွယ်ဝိုက်သရော်ထားသည်။

ရိုးအသောသူများအပေါ် မျှော်လင့်ချက်ပေးကာ လှည့်စားတတ်သော လူအချို့၏ သဘာဝနှင့် အကောင်းအဆိုးဝေဖန်နိုင်စွမ်းမရှိသော အကျိုးထူးခံစားခွင့် မရနိုင်သော လူအချို့၏သဘာဝကို 'အသံတော့ စမ်းနေပြီ' ဝတ္ထုတိုမှ ဇာတ်ဆောင်တို့၏ ပြုမူပြောဆိုပုံဖြင့် သရုပ်ဖော်တင်ပြထားသည်။ အူတူတူ အတတနိုင်သော တောသူတောင်သားများအပေါ် တာဝန်ရှိပုဂ္ဂိုလ်များက တစ်မျိုး၊ စီးပွားရေးသမားများက တစ်သွယ်၊ မြို့သားအချို့က တစ်နည်း အမျိုးမျိုး လူလည်လုပ်၍ အနိုင်ကျင့်ကာ နှိမ်ချဆက်ဆံခံနေရသော နင်းပြားဘဝကို စာရေးသူက တွေ့မြင်ကာ ထောင့်ငေါ့လိုဟန်တူသည်။ ထို့ကြောင့် (၂၀၁၁)ခုနှစ် ဝန်းကျင်ကာလ အမြီးအမောက်မတည့်သော လောကအတွင်းရှိ လူအချို့၏သဘာဝနှင့် ခေတ်အရိပ်များထင်ဟပ်ကာ သရော်ထားခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ စာရေးသူ၏ မထိတထိနှင့် စောင်းပါးရိပ်ခြည် သရော်ဟန်ပင် ဖြစ်သည်။

နိုင်ငံနှင့်လူမျိုးအတွက် မိမိအသက်ကိုပဓာနမထားဘဲ ကာကွယ်စောင့်ရှောက်ခဲ့သူ တစ်ဦး မိမိပိုင်မြေတစ်ကွက်ကို မကာကွယ် မစောင့်ရှောက်နိုင်သော ဘဝကို 'ခြေထောက်တစ်ဖက်' ဝတ္ထုတိုဖြင့် ထင်ဟပ်ဖော်ပြထားသည်။ တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်ရင်း ခြေထောက်တစ်ဖက် စွန့်လွှတ်ထားရချိန် မြို့ပြစီမံကိန်းအတွက် မိမိပိုင်နေအိမ်ကို လူမျိုးခြားလက်ထဲသို့ ထိုးအပ်ကာ မြို့သစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသော ခေတ်ကာလအခြေအနေကို ဇာတ်လမ်းဆင် တင်ပြထားသည်။ မထိတထိဖြင့် စောင်းပါးရိပ်ခြည် သရော်ထားသည့် စာရေးသူ၏ သရော်ဟန်ဟု ဆိုရပေမည်။

'အမွေစား အမွေခံ' ဝတ္ထုတိုသည် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အချို့ကိစ္စရပ်များက အရေးပါအရာရောက်သော်လည်း အချို့အရေးမပါသည့်ကိစ္စရပ်များ လုပ်ကိုင်နေရသော ခေတ်ကာလအခြေအနေကို ဖော်ပြသရော်ထားသည်။ စာရေးသူ၏ စောင်းပါးရိပ်ခြည် သရော်ဟန်ပင် ဖြစ်သည်။

'အသံတော့ စမ်းနေပြီ' ဝတ္ထုတိုတွင် ရိုးအသော တောင်သူများ စီမံကိန်းအမျိုးမျိုးကြောင့် အခက်အခဲတွေ့နေရပုံကို ထိမိသော စကားသုံးများ၊ အပြောင်အပျက်စကားများ၊ ကာရန်နဘောများ၊ ထည့်သွင်းဖော်ပြကာ သရော်ထားသည်။ လူလည်တောင်သူအချို့က ဌာနဆိုင်ရာလူကြီးများနှင့် အပေးအယူလုပ်ကာ အဆင်ပြေအောင် ဆောင်ရွက်နေကြသော ခေတ်အခြေအနေကို ဖော်ပြထားသည်။ မိမိလုပ်ငန်းကိစ္စရပ်များ အောင်မြင်ရန် ဒေသထွက်လက်ဆောင်များ ပေးသော်လည်း စာအိတ်တစ်အိတ်ကိုသာ လက်ခံလိုသော လာဘ်ပေးလာဘ်ယူမှုများ ခေတ်စားနေသည့်ကာလ အခြေအနေတစ်ရပ်ကို ဖော်ပြသရော်ထားသည်။ စာရေးသူ၏ တိုက်ရိုက်ဖော်ပြသရော်ဟန်ဟု ဆိုရပေမည်။

ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများသည် အကြောင်းအရာပေါ် မူတည်၍ တည်တည်ခံ့ခံ့နှင့် အရွှန်းဖောက်ကာ သရော်ထားသည်။ စာရေးသူသည် မိမိပတ်ဝန်းကျင်ရှိ အမြင်မတော် အကြားမတော်သည့် ကိစ္စရပ်များကို တွေ့မြင်ပြီး ထေ့ငေါ့သရော်လိုဟန် ရှိသည်။ လောကကြီး၏ အမြီးအမောက်မတည့်သည့် ဖြစ်ရပ်၊ အကြောင်းအရာတို့ကို တိုက်ရိုက်တင်ပြပါက ဆဲစာ၊ ကလော်စာ၊ အဆင့်သို့ ရောက်ရှိသွားနိုင်သည်။ ထို့ကြောင့် ဟာသဉာဏ်ရှိသော စာရေးသူက ဝတ္ထုတိုများကို ဖန်တီးရာတွင် ဖြစ်ပျက်တတ်သော လောကသဘာဝ၊ လူ့သဘာဝကို နှလုံးသွင်းကာ ဟာသနှော၍ ရွှင်ပြုံးဖွယ်ဖြစ်အောင် ဆင်ခြင်စရာများကို သတိပြုဆင်ခြင်နိုင်အောင် သွယ်ကာဝိုက်ကာဖြင့် မထိတထိနှင့် စောင်းပါးရိပ်ခြည် သရော်ထားသည်ဟု ဆိုရပေမည်။ အလေ့လာခံဝတ္ထုတိုများတွင် လူ့သဘော လူ့သဘာဝနှင့် ခေတ်ကာလအခြေအနေကို မထိတထိနှင့် စောင်းပါးရိပ်ခြည် သရော်သော သရော်ဟန်ကို အများဆုံး တွေ့ရပြီး တိုက်ရိုက်ဖော်ပြသရော်ဟန်ကို အနည်းငယ်မျှသာ တွေ့ရသည်။

## နိဂုံး

ဤစာတမ်းသည် ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုကိုး(၅)ပုဒ်မှ သရော်ဟန်ကို လေ့လာတင်ပြထားပါသည်။ ဝတ္ထုတိုများသည် အများအားဖြင့် လူ့လောကရှိ လူအချို့၏ သဘာဝကို ဇာတ်လမ်းဆင် တင်ပြထားသည်။ လူ့ဘောင်လောကရှိ လူတစ်ချို့၏ အဖြစ်အပျက်များနှင့် ခေတ်ကာလအခြေအနေကို ရယ်မောရွှင်ပြုံးဖွယ်ဖြစ်အောင် သရော်သည့် လေသံနှင့် ရေးသားထားသည့် စာရေးသူ၏ရေးဟန်မှာ ထူးခြားမှု ရှိသည်ဟု ဆိုရပေမည်။ ဆက်လက်၍ ဆရာကျော်ရင်မြင့်၏ ဝတ္ထုတိုများ၊ ဆောင်းပါးများမှ အရေးအသားနှင့် ရေးဟန်များကို ဆက်လက်သုတေသနပြု နိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ရင်မြင့်။ (၂၀၁၂)။ ***ဝတ္ထုတိုများ။*** ရန်ကုန်မြို့။ ဆောင်းညပြာသိုစာပေ။

ခင်မျိုးချစ်နှင့် အများ။ (၁၉၇၃)။ ***အနောက်တိုင်းဟာသစာပေ။*** ရန်ကုန်မြို့။ စာပေဗိမာန် ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ။ (စ-ကြိမ်)။*** ယုံကြည်ချက်စာပေ။

ထင်၊ မောင်နှင့် အများ။ (၁၉၇၃)။ ***ကမ္ဘာ့စာပေအညွှန်း။*** ရန်ကုန်မြို့။ စိတ်ကူးချိုချိုစာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်မြို့။ ဖိုသိုလစ်သိုပုံနှိပ်တိုက်။

သန်းဆွေ၊ မောင်။ (၂၀၀၂)။ ***မောင်ထင်၏သရော်စာ။*** မန္တလေးတက္ကသိုလ် မြန်မာစာပါရဂူဘွဲ့ အတွက် တင်သွင်းသော ကျမ်း။


## အင်္ဂလိပ်ဘာသာ


Colwell, C. Carter.(1968). ***A Student's Guide to Literature.*** Newyork, Washington Press.

Hornby. AS. (2010). ***Oxford Advanced Learner's Dictionary.*** (Eighth edition). London: Oxford University Press.

# မင်းထိပ်ဦးနေချောင်းမှ စာဆိုဝန်ကြီးပဒေသရာဇာ၏ထွင်ဉာဏ်

မင်းမင်းသန်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိ ရှေးကဗျာကဏ္ဍတွင် ပါဝင်သော မင်းထိပ်ဦးနေချောင်းမှ စာဆို ဝန်ကြီးပဒေသရာဇာ၏ ထွင်ဉာဏ်ကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ အစဉ်အလာ ချောင်းအဖွဲ့များနှင့် ကွဲပြားစွာ ဖွဲ့စပ်ထားသည့် စာဆိုဝန်ကြီးပဒေသရာဇာ၏ မင်းထိပ်ဦးနေချောင်းကို အလေ့လာခံအဖြစ် သတ်မှတ်၍ စာဆို၏ထွင်ဉာဏ်ကို ဆန်းစစ်တင်ပြထားပါသည်။ ဤစာတမ်းကို အခန်း(၃)ခန်း ခွဲ၍ တင်ပြထားပြီး မင်းထိပ်ဦးနေ၏ ခမည်းတော်အဖွဲ့များ၊ မယ်တော်အဖွဲ့များတွင် လောကသဘာဝ၊ လူ့သဘာဝသရုပ်တို့ကို များစွာထင်ဟပ်ဖွဲ့ဆိုထားကြောင်း တွေ့ရှိရပါသည်။ စာဆို ဝန်ကြီးပဒေသရာဇာသည် ဘုရင်၏ ဘုန်းလက်ရုံးကို အလိုင်းတကြီး ချီးမြှောက်ဖွဲ့ဆိုလေ့ရှိသည့် ချောင်း ဟူသော ကဗျာပုံသဏ္ဌာန်တွင်ပင် လောကအမှုအရာ၊ လူ့အမှုအရာတို့ကို ဦးစားပေးဖွဲ့ဆိုထားကြောင်း တွေ့ရှိနိုင်ပြီး စာဆို၏ အရေးအဖွဲ့စွမ်းရည် ထူးခြားမှုကို လေ့လာလိုသူတို့အတွက် အထောက်အကူပြုနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ – *အလှဘွဲ့၊ လောကသဘာဝ၊ လသဘာဝ၊ ထွင်ဉာဏ်၊ ရှေ့ဆောင်လမ်းပြသဖွယ်။***

## နိဒါန်း

စာဆို ဝန်ကြီးပဒေသရာဇာသည် 'ရှေးကမြန်မာစာပေသစ်' ဟူသော ဆရာဇော်ဂျီ၏ ချီးကျူးဝေဖန်မှုအရ အထူးစိတ်ဝင်စားခဲ့ရသော စာဆိုတစ်ဦး ဖြစ်ပါသည်။ စာဆို၏ တျာချင်းကဗျာများတွင် ဒိဋ္ဌလောကမှ ဆင်းရဲသား လူတန်းစားတို့၏ ဘဝရုန်းကန်မှု၊ ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်မှု၊ လုပ်ငန်းအပေါ်တွင် အားစိုက်ကြိုးပမ်းမှုများဖြစ်သည့် ဘဝအားမာန်တို့ကို အသေးစိတ် ရှုမြင်သုံးသပ်၍ ပီပြင်အောင် သရုပ်ဖော်ထားသည့် စာဆို၏ အမြင်သစ်တို့ကို မြင်တွေ့ခံစားခွင့်ရခဲ့ပါသည်။ ထိုခေတ် ထိုအခါတွင် ထိုသို့ အမြင်သစ်ဖြင့် ရှုမြင်တင်ပြနိုင်စွမ်းရှိသည့် စာဆို၏ ဉာဏ်စွမ်းကို အထူးလေးစားမိရပါသည်။ 'သူဇာကိုလည်း မပစ်နှင့်၊ စာနုကိုလည်း မချစ်နှင့်' ဟု ဆိုရိုးပြုကြသော သူဇာပျို့တွင်မူ အနုအနွဲ့ လက်စွမ်းပြအဖွဲ့များကိုလည်းကောင်း၊ ရှေးရိုးအစဉ်အလာမှ ခွဲထွက်၍ လမ်းရိုးဟောင်းတွင် ဆင့်ကာ ထွင်ခဲ့ပုံကို

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

လည်းကောင်း ထူးခြားစွာ တွေ့ရှိရပါသည်။ ထို့ကြောင့် ချေင်းကဗျာများတွင်လည်း မည်သို့မည်ပုံ ထူးခြားမည်ကို လေ့လာလိုစိတ်တို့ ဖြစ်ခဲ့ရပါသည်။ မင်းထိပ်ပန် ချေင်းတွင် ခမည်းတော်အား အိမ်ရှေ့အပ်နှင်းသည့် အခမ်းအနားအကြောင်းကို ဖွဲ့ဆို ထားပြီး မင်းထိပ်ဦးတင်ချေင်းတွင်မူ ခမည်းတော် မဟာဓမ္မရာဇာ၏ ဘုန်းတော်များကို ဖွဲ့ဆိုထားသည်။ မင်းထိပ်ဦးနေချေင်းတွင် ခမည်းတော်အိမ်ရှေ့မင်း၏ အိမ်တော်တက် အခမ်းအနားကို ဖွဲ့ဆိုထားပါသည်။ မင်းထိပ်ဦးနေချေင်းသည် စာဆို၏ ချေင်း (၃)စောင်အနက် တစ်မူထူးခြားသည်ဟု ယူဆမိသော ချေင်း ဖြစ်ပါသည်။ စာဆို၏ ထွင်ဉာဏ်ကို ဖော်ပြနေသော ချေင်းဟုလည်း ယူဆမိပါသည်။ သို့ဖြစ်၍ ထိုချေင်းလာ ခမည်းတော်၊ မယ်တော်အဖွဲ့များ၌ စာဆို၏ထွင်ဉာဏ်ကို ထုတ်နုတ်ကာ လေ့လာ တင်ပြရခြင်း ဖြစ်ပါသည်။

## ၁။ စာဆို၏အတ္ထုပ္ပတ္တိအကျဉ်း

စာဆို ဝန်ကြီးပဒေသရာဇာကို (၁၀၄၅) ခုတွင် ဖွားမြင်ခဲ့သည်ဟု ခန့်မှန်းကြောင်း လေ့လာတွေ့ရှိရသည်။ မိဘမည်ရည်ကို မသိရပါ။ သက္ကရာဇ် (၁၀၆၀) ခု၊ စနေမင်း လက်ထက်တွင် စုရေးစုကိုင်အဖြစ် ထမ်းရွက်ခဲ့သည်။ ကဗျာလင်္ကာများစွာလည်း ရေးဖွဲ့ ခဲ့သည်။ သက္ကရာဇ် (၁၀၇၆) ခု၊ ဟံသာဝတီရောက် မင်းတရားကြီးလက်ထက်တွင် မင်းလှကျော်ထင်ဘွဲ့ ရရှိသည်။ အသည်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းလည်း ခံရသည်။ ထိုမှ့သာမက နတ်သျှင်နောင်ဘွဲ့၊ ပဒေသရာဇာဘွဲ့များကိုလည်း ပေးသနားခြင်း ခံခဲ့ ရသည်။

ဝန်ကြီးပဒေသရာဇာ၏ စာပေလက်ရာများအဖြစ် သူဇာပျို့၊ မဏိကက်ပျို့၊ ကျေးဇူးတော်ပျို့ စသည့် ပျို့များ၊ ထိပ်ဦးနေချေင်း၊ ထိပ်ဦးတင်ချေင်း၊ ထိပ်ပန်ချေင်း စသော ချေင်းများ၊ (၃၇)မင်း နတ်ချင်းများ၊ ဇာတ်ချင်းများ၊ ဘုန်းတော်ဘွဲ့ သီချင်းခံကြီးများ၊ မဏိကက်ပြဇာတ်၊ တျာချင်းများ စသည်တို့ကို တွေ့ရပါသည်။ စာဆို ဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် (၁၁၁၆) ခု၊ အသက်(၇၀)ကျော် အရွယ်တွင် သံလျင်မြို့၌ အနိစ္စရောက်ခဲ့ပါသည်။

## ၂။ ချေင်း ဝေါဟာရနှင့် သဘောသဘာဝ

ချေင်း ဟူသော ဝေါဟာရကို ကဗျာဗန္ဓသာရကျမ်းတွင် ပုဂံဝန်ထောက်မင်း ဦးတင်က–

> "ချောင်း ဆိုသည်မှာ မြန်မာဘာသာ ဖြစ်သည်။ ချေမ်းသာယာစွာ အကြောင်း ချင်းတတို့ကို ဖွဲ့ဆိုသော ကဗျာ"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာစာပေသမိုင်းတွင် ဦးဖေမောင်တင်က–

> "ချောင်း ဟူသည်မှာ မင်းသား မင်းသမီးငယ်များအား ယေဉ်တော် မင်္ဂလာ ဆင်ယင်ကျင်းပသည့်အခါများတွင် ပုခက်အတွင်း၌ သိပ်၍ ပုခက်ကိုလွှဲရင်း သီဆိုကျူးရင့်ချော့မော့ရသော ကဗျာ ဖြစ်၍ ဂီတသဘော သက်ဝင်သော သီချင်းပင် ဖြစ်သည်။"[၂]

ဟု ဖွင့်ဆိုထားပါသည်။

မြန်မာအဘိဓာန်တွင်–

> "ငယ်ရွယ်သော ဘုရင့်သားတော် သမီးတော်များ ဇာတိမာန် တက်ကြွစေရန် မျိုးရိုးစဉ်ဆက် ဘုန်းတန်ခိုး တောက်ပခဲ့ပုံကို ဖွဲ့ဆိုသော ရေးကဗျာတစ်မျိုး"[၃]

ဟု ဖွင့်ပြထားပါသည်။

အထက်ပါ ဖွင့်ဆိုချက်များအရ ချောင်းသည် ဘုရင့်သားတော် သမီးတော်တို့အား အိပ်ပျော်စေရန် မျိုးရိုးဂုဏ်အရည်အချင်းများကို ဖွဲ့နွဲ့ကာ ချေမ်းသာယာစွာ ရွတ်ဆိုရသော သီချင်းတစ်မျိုးဟု ဆိုရပါမည်။

ချောင်းများတွင် ချောင်းအဖွဲ့ခံ မင်းသား မင်းသမီးငယ်တို့ကို မည်သည့်အကြောင်းကို မည်သို့မည်ပုံ လျှောက်တင်မည်ဖြစ်ကြောင်း ဦးစွာ ပဋိညာဉ်စကား ဖွဲ့ဆိုလေ့ ရှိကြပါသည်။ ထို့နောက် ကမ္ဘာပျက်ပုံ၊ တည်ပုံ၊ ဗျာဒိတ်ပေးပုံတို့ကို ပါဝင်ဖွဲ့ဆိုလေ့ ရှိကြပါသည်။ ပုခက်ဘွဲ့များ၊ ပုခက်လွှဲဘွဲ့များ၊ မင်းဆက်ရာဇဝင်များလည်း ပါဝင်လေ့ ရှိပါသည်။ ဘုရင်၏ လက်ရုံးရည်၊ နှလုံးရည်ဆိုင်ရာများ၊ ပြည်ဘွဲ့ မြို့ဘွဲ့များလည်း ပါဝင်လေ့ ရှိပါသည်။ ချောင်းအဖွဲ့ခံ မင်းသား မင်းသမီးငယ်တို့၏ ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်၊ မယ်တော်တို့၏ အလှကိုလည်း ဖွဲ့ဆိုလေ့ ရှိပါသည်။ ချောင်းများတွင် အလှဘွဲ့များ ပါဝင်ခြင်းသည်လည်း သဘာဝတစ်ရပ်ပင်

---

[၁] တင်၊ ဦး၊ ၁၉၆၉၊ ၃၄၄။

[၂] ဖေမောင်တင်၊ ဦး၊ ၁၉၈၇၊ ၅၇။

[၃] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၄၃၅။

ဖြစ်ပါသည်။ ရေးဖွဲ့ရာတွင် အဖွဲ့ခံ သားတော် သမီးတော်တို့ နားဝင်ချိုစေရန် ဧသံဖြင့် အစချီကာ ဧသံဖြင့် အဆုံးချ၍ ဖွဲ့ဆိုလေ့ ရှိပါသည်။ ပို့ရတု၊ မော်ကွန်းတို့နည်းတူ လေးလုံးစပ်အဖွဲ့ ဖြစ်ပြီး အများအားဖြင့် ၄–၃–၂ ကာရန်ဖြင့် ဖွဲ့ဆိုလေ့ ရှိပါသည်။ ဧချင်းကဗျာများသည် မင်းဆက်ရာဇဝင်နှင့် သမိုင်းကြောင်းကို ဦးစားပေးဖွဲ့ဆိုထား သောကြောင့် ရာဇဝံသဉာဏ်နှင့် ဝီရရသတို့ကို ခံစားရစေကြောင်း တွေ့ရှိနိုင်ပါသည်။

## ၂၊ ၁။ ဧချင်းအဖွဲ့ခံမင်းသမီးနှင့် ဧချင်းစာဆို

ဧချင်းအဖွဲ့ခံမင်းသမီးဖြစ်သော မင်းထိပ်ဦးနေ၏ မျိုးရိုးစဉ်ဆက်နှင့်ပတ်သက်၍ မင်းထိပ်ဦးနေ ဧချင်းပိုဒ်ရေ (၄)တွင်–

> "သည့်နောက်သည်းချာ၊ မဟာဓမ္မရာဇာ၊ ဆက်ကာစံပျော်၊ ညီတော် ဘုန်းဝှန်၊ သာလွန်မင်းတရား၊ သည်းကြားဘုန်းလျှပ်၊ ငါးထပ်ဒါယကာ၊ နရာထိပ်ပေါ်၊ ညီတော်ပြည်မင်း၊ ရင်တွင်း သည်းချာ၊ ဆက်ကာဘုန်းတောက်၊ အထွတ်ရောက်၏၊ သည့်နောက်ကျော်သည်း၊ ခမည်းတော်ဘေး၊ ဘုန်းမွှေးပွင့်လျာ၊ ဇကရာလျှင်၊ စန္ဒာဒေဝီ၊ မဟေသီနှင့်၊ တူပြိုင်ရွှေနန်း၊ စံသိမ်းမြန်း၍၊ ကြင့်နန်းသည်းချာ၊ မဟာသြရသ ရှင်ဖဘိုးတော်၊ ဘုန်းကျော်သည်ရှင်၊ လူထွတ်တင်ကို၊ ရည်ထင်ကိုယ်စား၊ အိမ်ရှေ့ထားလျက်"[၁]

ဟု ခမည်းတော် မဟာဓမ္မရာဇာအကြောင်းကို ဖွဲ့ဆိုထားပါသည်။

မှန်နန်းရာဇဝင်တွင်လည်း ဟံသာဝတီရောက်မင်းကြီး (ကြာသပတေးမင်း)နှင့် စပ်လျဉ်း၍–

> "ခမည်းတော်လေးကျွန်းမာန်အောင်၊ ဘုရားဒါယကာ နတ်ရွာစံတော်မူလျှင် သားတော်အိမ်ရှေ့မင်းသည် မဟာဓမ္မရာဇာဓိပတိတံဆိပ် နာမံတော်ကိုခံ၍ ရွှေနန်းတက်တော်မူပြီးသော် မိဖုရားကြီးကို မဟာဇနိန္ဒာဓိပတိဒေဝီကို တောင်ဆောင်ကို မဟာရာဇဓိပတိဒေဝီ၊ အလယ်နန်းတော်ကို မဟာဓိပတိ ဒေဝီ"[၂]

ဟု ဖော်ပြထားပါသည်။

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၂–၃။

[၂] မှန်နန်းရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၃၆၆။

ဧချင်းအဖွဲ့ခံ မင်းထိပ်ဦးနေမင်းသမီးသည် ဟံသာဝတီရောက်မင်းတရားနှင့် မိဖုရား မဟာဓိပတိဒေဝီတို့မှ ဖွားသန့်စင်သော ဒုတိယသမီးတော် ဖြစ်သည်။ ယင်းကို ပိုဒ်ရေ (၁)၌–

"မဟာရာဇာဓိပတိ၊ မည်တော်ရှိသည်၊ သီရိထွန်းပ၊ နရသင်းကျစ် ဧကရာဇ်၏၊ ရင်နှစ်သွေးရည်၊ လှသည်ရောင်ဆင်း၊ လနှယ် ဝင်းသည့် မင်းထိပ်ဦးနေ"[၁]

ဟု ဖော်ပြထားပါသည်။

မင်းထိပ်ဦးနေဧချင်း ပိုဒ်ရေ(၁)တွင်–

"ဘုရားကျွန်တော်၊ ထင်ပေါ်မင်းပွဲ၊ မင်းရဲမင်းလှ၊ ကျော်ထင်၊ ဦးတင်ရှိမြောက်၊ စီကုံးလျှောက်မည်။"[၂]

ဟု လည်းကောင်း၊

ပိုဒ်ရေ (၃၂) နိဂုံးပိုဒ်တွင်–

မင်းထိပ်ဦးနေ၊ လှူထိပ်ဖွေ၏၊ ကျက်သရေမြင့်ရာ၊ ဧချင်းစာကို မှတ်ရာရေးလစ်၊ သက္ကရာဇ်မှာ၊ တစ်ထောင်သာ၍၊ တစ်ရာ လည်းကျော်၊ သုညပေါ်လျက်၊ ခြောက်ခုတက်၍၊ နတ်စက် လေလို၊ လဝါဆိုဟု နဂိုရ်ဆန်းစ၊ သုံးရက်မျှနှိုက်"[၃]

ဟု လည်းကောင်း ဖော်ပြထားချက်များအရ စာဆို ဝန်ကြီးပဒေသရာဇာသည် 'မင်းရဲမင်းလှကျော်ထင်' ဘွဲ့ဖြင့် ဤဧချင်းကို ဖွဲ့စပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သက္ကရာဇ် (၁၁၀၆) ခု ဝါဆိုလဆန်း (၃)ရက်နေ့တွင် ဖွဲ့ဆိုပြီးစီးခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။

## ၃။ မင်းထိပ်ဦးနေဧချင်းမှ ဝန်ကြီးပဒေသရာဇာ၏ထွင်ဉာဏ်

မင်းထိပ်ဦးနေဧချင်းသည် ပိုဒ်ရေ (၃၂)ပိုဒ်သာ ပါရှိသည့် ဧချင်းတစ်ပုဒ် ဖြစ်ပါသည်။ ဧချင်းတွင် မင်းဆက်ရာဇဝင်အဖွဲ့ကို ပိုဒ်ရေ (၆)ပိုဒ်ဖြင့် အကျဉ်းမျှ ဖွဲ့ဆိုထားပြီး ဧချင်းအဖွဲ့ခံ မင်းသမီးလေးနှင့် ခမည်းတော်အဖွဲ့၊ မယ်တော်အဖွဲ့တို့ကို ကျန်ဧချင်း ပိုဒ်ရေ (၂၆)ပိုဒ်တွင် ဖွဲ့ဆိုထားပါသည်။ ဧချင်းအများစုတွင် ပါဝင်ဖွဲ့ဆိုလေ့

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁။

[၃] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၂၂။

ရှိသည့် ပုခက်ဘွဲ့များ၊ ပြည်ဘွဲ့ မြို့ဘွဲ့များ၊ တိုက်ပွဲဘွဲ့များ ပါဝင်ခြင်း မရှိကြောင်း တွေ့ရပါသည်။ မင်းထိပ်ဦးနေဧချင်းတွင် မင်းထိပ်ဦးနေ၏ခမည်းတော် အိမ်ရှေ့စံဘဝ၊ အိမ်တော်ပြောင်းသည့်အခမ်းအနား မြင်ကွင်းသရုပ်ကို အသေးစိတ်ဖွဲ့ဆိုထားကြောင်း တွေ့ရှိရပါသည်။

## ခမည်းတော်အဖွဲ့များ

ဧချင်းစာဆိုအများစုသည် ဧချင်းအဖွဲ့ခံ မင်းသား မင်းသမီးတို့၏ ခမည်းတော်အကြောင်း ဖွဲ့ဆိုကြရာ၌ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော မင်းဖြစ်ပုံကို ဦးစားပေး ဖွဲ့ဆိုလေ့ရှိကြပါသည်။ မင်းထိပ်ဦးနေဧချင်းတွင်မူ စာဆို ဝန်ကြီးပဒေသရာဇာက ဧချင်းအဖွဲ့ခံ မင်းထိပ်ဦးနေမင်းသမီးလေး၏ ခမည်းတော်သည် မြင်ရသူအပေါင်းတို့၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်စွမ်းရှိပုံကို အထူးတလည် ဖွဲ့ဆိုထားပါသည်။ ထိုသို့ ဖွဲ့ဆိုထားခြင်းကပင် အခြားဧချင်းများတွင် တွေ့ရလေ့ရှိသည့် ခမည်းတော်အဖွဲ့များနှင့်မတူ ကွဲပြားစွာ ဖွဲ့ဆိုထားခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

မင်းထိပ်ဦးနေဧချင်း ပိုဒ်ရေ (၃၄)တွင် အိမ်ရှေ့မင်း အိမ်တော်ပြောင်းသည့် အခမ်းအနား၌ မင်းထိပ်ဦးနေ၏ ခမည်းတော်ကို ရှုမြင်ရသူ ပျိုပျိုအိုအိုတို့၏ သဘာဝကို ဖွဲ့ဆိုခဲ့သည်။ မင်းထိပ်ဦးနေ၏ ခမည်းတော်အား ရှုမြင်မိသူတို့သည် အယောင်ယောင်အမှားမှား ဆိုမိပြုမိကြပုံ၊ ဆောက်တည်ရာမရ သတိလက်လွတ်ပြုမိကြပုံတို့ကို–

> "မူးထူးမင်ထင်၊ တချို့လျှင်လည်း၊ ဟာရှင်မင်းပျို၊ ဘယ်ကိုလွန်ကျူး၊ သွားရဘူးဟု၊ ခေါ်ထူးသံချို၊ ပျောင်းပျလိုနှင့်၊ ဆို၍မှားချွတ်၊ သူ့အဝတ်ကို ရွတ်ရွတ်ငင်ထား၊ ဆွဲမိမှား၏"[၁]

ဟု လည်းကောင်း၊

> "မူးထားထူးလည်၊ တချို့သည်လည်း၊ လိုက်မည်ထခါ၊ ဖွယ်ရာမကောင်း၊ တစ်ယောက်ခေါင်းကို၊ နှိပ်ထောင်းနင်းသွား၊ ကျော်မိမှား၍"[၂]

ဟု လည်းကောင်း၊

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁၄။
[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁၄။

> "ချောက်ချားသည်းချာ၊ တချို့မှာလည်း၊ ပွင့်လျားထိပ်စ၊ ထိပ်ထားလှငယ်၊ ခဏာလာတည့်၊ ဖက်ပါလှည့်ဟု၊ တည့်တည့် သံချို၊ ဆို၍လက်ဝါး၊ ရမ်းမိမှား၏"[၁]

ဟု လည်းကောင်း၊

> "ဖြစ်လားကျူးကျော်၊ တချို့သော်လည်း၊ အပေါ်တခြား၊ တစ်ယောက် ပါးကို၊ သွား၍ပေးမှား၊ နမ်းမိငြား၏"[၂]

ဟု လည်းကောင်း ရေးဖွဲ့ဖော်ပြထားပါသည်။ 'မူးထူးမင်ထင်၊ တချို့လျှင်လည်း' 'မူးထားထူးလည်၊ တချို့သည်လည်း' 'ချောက်ချားသည်းချာ၊ တချို့မှာလည်း' 'ဖြစ်လားကျူးကျော်၊ တချို့သော်လည်း' ဟူ၍ ပုံစံတူပုဒ် အပြိုင်အဖွဲ့တို့အရ ဟံသာဝတီရောက် မင်းတရားကြီးအား ရှုမြင်ရသူအသီးသီး၏ ခံစားချက်အသီးသီး၊ အမူအရာအသီးသီးကို မြင်ယောင်ကာ ဟာသရသကို ခံစားရစေသည်။ 'ဆွဲမိမှား'၊ 'ကျော်မိမှား' 'ရမ်းမိမှား'၊ 'နမ်းမိငြား' စသည်ဖြင့် ပုံစံတူပုဒ်များတွင် စကားလုံးကွဲများဖြင့် ခွဲခြားဖွဲ့ဆိုထားသည်မှာလည်း ရပ်တည်နိုင်စွမ်း မရှိ၊ သတိလက်လွတ် အမူအရာပျက်ယွင်းကြပုံ အမျိုးမျိုးကို ရွှင်မြူးစိတ်နှင့်အတူ မြင်ယောင်လာစေသည်။ မင်းထိပ်ဦးနေ၏ ခမည်းတော်ကို ရှုမြင်မိသူအပေါင်းတို့၏ ဆောက်တည်ရာမရ အမူအရာအဖွဲ့များသည် ယောကျ်ားပီသချောမောသော သဘာဝကို သွယ်ဝိုက်ဖော်ပြရာ ရောက်နေပါသည်။

ထိုအဖွဲ့များသည် စာဆို ရွှေတောင်နန္ဒသူ၏ မွေ့နွှန်းရကန်လာ မွေ့နွှန်း မင်းသမီး၏အလှအား မြင်တွေ့ရသော သဘော်သားကုလားများ၏ အမူအရာကို ဖော်ပြသည့်–

> "နဖူးကိုမြင်သူ၊ ဘရာဘူဗြောင်းဆန်၊ လည်တံကိုမြင်သူ၊ မျက်ဖြူ ဆိုက်ငြား၊ သွားပါးကိုမြင်သူ၊ ပင့်သက်ရှူအော့အန်၊ ကျွမ်းပြန်၍ တစောင်း၊ လက်မောင်းနှင့် ရင်ဘတ်ကို တပ်တပ်မြင်သူ၊ ကုလားဖြူများ ဘားစီခုန်၍၊ ဘလုံထုံးသူထိုး၊ သိုးများကို ကိုက်သူကိုက်၊ ရိုက်မိသူရိုက်မိ"[၃]

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁၄–၁၅။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁၄–၁၅။

[၃] ရွှေတောင်နန္ဒသူ၊ ၁၉၆၄၊ ၁၁။

ဟူသော အဖွဲ့များ၊ ဦးတိုး၏ရာမရကန်တွင် ရာမမင်းသားအား ရှုမြင်ရသော မိတ္ထီလာ ပြည်သူတို့ အမူအရာကို ဖော်ပြသည့်–

> "မျက်စိပျက်၊ မျက်နှာပျက်၊ ပက်လက်ကြီးများလန်၊ နောက်ပြန် ကြီးများလဲ၊ အလွဲလွဲများပြု၊ ပုဇွန်ခရု၊ ဆံစုကို မြှောက်လိုက် ကွမ်းအစ်ကိုမှောက်လိုက်၊ တိုက်မှန်းမသိ၊ ခိုက်မှန်းမသိ၊ နထိနထင်၊ မှန်တင်စွန်းစူး၊ အဖူးအရောင်"[၁]

ဟူသော အဖွဲ့များ၊

> "ကြက်မောက်ညိုထဘီကို၊ စောက်တိစောက်တိုး၊ ဖီသိုးဖီသန်း၊ ထောင့်တန်းဖြတ်၊ ကြက်ခြေခတ်မပတ်မိ၊ ပတ်မိ၊ ခရိခရွတ်၊ ကြက်မဝတ်၊ ဖီလာဝတ် အမှားမှားဝတ်ကြလို့"[၂]

ဟူသော အဖွဲ့များ၊

> "ဘဲကရွတ်ခွေ၊ ရွက်ဝေမြိတ်သည်၊ တပြည်ပြည် အရည်ရည်၊ မတည်နိုင်ရာ၊ မျက်ကလဲဆန်ပြာ၊ မြင်လှဲ့ပါ၊ ကြင်လှဲ့ပါ၊ ငင်လှဲ့ပါ၊ တွဲလှဲ့ပါ၊ ကွမ်းယာကို ချေပစ်လို့"[၃]

ဟူသော အဖွဲ့များ၏ ရှေ့ပြေးသဖွယ်ဟုပင် ဆိုနိုင်မည် ထင်ပါသည်။ စာဆို ဝန်ကြီးပဒေသရာဇာသည် အရှင်သခင်၏ ယောကျ်ားပီသချောမောပုံကို ချီးမြှောက် ဖွဲ့ဆိုရင်း လူ့သဘော လူ့မနောတို့ကို ပီပြင်စွာ ထည့်သွင်းဖွဲ့ဆိုထားပါသည်။ လူ့သဘော လူ့သဘာဝကို မြင်အောင်ကြည့်တတ်ပြီး ထိမိအောင်ဖွဲ့ကာ ရွှင်ပြုံးစရာ ဖြစ်အောင် တွေးတတ်သော စာဆို၏စိတ်ကူးမှာ ထူးခြားလှသည်နှင့်အမျှ နှောင်းစာဆို တို့၏ နှစ်ခြိုက်ဖွယ်ရာ ဖြစ်လာခဲ့ဟန်လည်း တူပါသည်။ ထိုအဖွဲ့တို့သည် ယနေ့ ထက်တိုင် မရိုးနိုင်သော ဟာသရသကို ပေးစွမ်းနေဆဲ ဖြစ်သည်။ တပ်မက်မှု လွန်ကဲလျှင် မဆင်ခြင်နိုင်ဘဲ အလွဲလွဲအမှားမှား အမြီးအမောက်မတည့် ဣန္ဒြေပျက် လောက်အောင် ဖြစ်တတ်သည့် လူ့သဘာဝ၊ လောကသဘာဝကို ဖော်ထုတ်ပြရာ ရောက်သဖြင့်လည်း စာပေအရည်အသွေးကို ပြောင်မြောက်သော အဖွဲ့များဖြစ်နေ ခဲ့ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

---

[၁] တိုး၊ ဦး၊ ၁၉၆၃၊ ၆၉။
[၂] တိုး၊ ဦး၊ ၁၉၆၃၊ ၇၀။
[၃] တိုး၊ ဦး၊ ၁၉၆၃၊ ၆၉–၇၀။

စာဆို ဝန်ကြီးပဒေသရာဇာသည် ဝီရရသ၊ အဗ္ဘုတရသတို့ ခံစားရလေ့ရှိသော ချောင်းကဗျာတွင်ပင် ဟာသရသ ခံစားရစေသော အဖွဲ့များ ပေါင်းစပ်ဖွဲ့ဆိုထားခဲ့ပုံကို တွေ့နိုင်ပါသည်။ ထိုသို့ဖွဲ့ဆိုထားမှုကပင် သမားရိုးကျ ချောင်းအဖွဲ့ပုံစံနှင့် ကွဲပြားသွားစေသည်။ ဝီရရသ ခံစားရသော ကဗျာတွင် ဟာသရသ ခံစားရစေသဖြင့်လည်း ပညာရှင်များက ဒုတိယတန်းစား ချောင်းအဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ဟန်တူပါသည်။ သို့ရာတွင် အစဉ်အလာမှ ခွဲထွက်ဖွဲ့ဆိုဝံ့သော၊ လူ့သဘော လောကသဘောကို သတိပြုဆင်ခြင်ဖွဲ့လေ့ရှိသော စာဆို၏သဘောကို ထင်ရှားစေသော အဖွဲ့များ ဖြစ်နေပါသည်။ စာဆို၏ ရှေ့ဆောင်လမ်းပြသဖွယ် အဖွဲ့တို့သည် နောက်နှောင်းစာပေတို့၏ အရည်အသွေးကို ပိုမိုတောက်ပြောင်စေရန် လမ်းခင်းပေးသည့်နှယ် ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။ စာဆို၏ စိတ်အစဉ်တွင် မျက်မှောက်လောကကိုသာ ရှုမြင်ဆင်ခြင်ရေးဖွဲ့လိုသော သဘောထား အခိုင်အမာ ကိန်းအောင်းနေပုံကိုလည်း ဖော်ပြရာရောက်နေပါသည်။

စာဆို ဝန်ကြီးပဒေသရာဇာသည် မင်းထိပ်ဦးနေ၏ ခမည်းတော်အပေါ် စွဲလမ်းစိတ် အလွန်အကျူးဖြစ်ရသူတို့၏ ဆောက်တည်ရာမရ အရူးအမူးဖြစ်ကြပုံ၊ ကုရာနတ္ထိ ဆေးပင်မရှိလောက်အောင် စွဲလမ်းမိကြပုံ စသည်တို့ကိုလည်း ထပ်မံ၍ အသေးစိတ် ဖွဲ့ဆိုပြထားပါသည်။ ယင်းကို–

> "ပွင့်လျာရည်ထင်၊ ရှင့်ဖခင်ကို၊ ဆွတ်ကြင်ဝမ်းက၊ တပ်ရာဂကြောင့်၊
> ရူတရမ်းရမ်း၊ လွမ်းလည်းမပြေ၊ ဆူဝေသည်နောက်၊ ပတောက်ပရစ်၊
> ကြွေးဟစ်ဆိုမှား"[၁]

ဟူ၍ လည်းကောင်း၊

> "စွဲဥပါဒါန်၊ အလွန်ဖြစ်ငြား၊ တချို့များလည်း၊ ရှည်လျားနေ့ရက်၊
> သည်းခြေပျက်၍၊ ခဲခက်ဆေးဝါး၊ သမားလက်ချ၊ စိတ်လျော့
> ကြသော်၊ ကာလခုတိုင်၊ ဈေးဆိုင်စသည်၊ ရပ်တိုင်းလည်၍၊
> မတည်ကြည်ဘိ၊ ရူးလျက်ရှိ၏"[၂]

ဟူ၍ လည်းကောင်း ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့များသည် စာဆိုဦးရွှန်း၏ ဥမ္မာဒန္တီ ပျို့လာ ဥမ္မာဒန္တီ၏အလှကြောင့် သီဝိမင်းကြီး ရူးသွပ်ခဲ့ရပုံကို ဖွဲ့ဆိုထားသည့်–

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁၅။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၁၆။

"ပုဂ္ဂိုလ်ခန္ဓာ၊ နာမ်ရုပ်မှာ၌၊ ငါးရာထောင်မှီး၊ နှိပ်စက်ကြီးသော်၊ ခေါ်ယီးခေါ်ယောင်၊ ကတောင်ကချောက်၊ စိတ်နောက်မသာ၊ မြည်တမ်းကာမူ"[၁]

ဟူသောအဖွဲ့၏ရှေ့ပြေးသဖွယ်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

လူတို့၏သဘောသည် စွဲမိစွဲရာ စွဲတတ်မြဲ ဖြစ်သည်။ ထိုသဘောကြောင့်ပင် နောက်ဆက်တွဲ အကျိုးဆက်တို့ ကြုံလာတတ်မြဲ ဖြစ်သည်။ စာဆို ဝန်ကြီး ပဒေသရာဇာသည် မင်းထိပ်ဦးနေချင်းတွင် အကြောင်းအကျိုး ဆက်စပ်မှုကို အခြေခံ၍ ဖွဲ့ဆိုထားခဲ့သည်ဟု ဆိုနိုင်ပါသည်။ တပ်မက်ခြင်းပြင်းထန်မှု အကြောင်းခံလျှင် ဆိုးကျိုးဖြစ်ရပုံ လောကသဘာဝကို ပြုံးရင်း ရယ်ရင်း သတိပြုဆင်ခြင်မိစေသည်။ ထိုသို့ လောကသဘာဝကို ဆင်ခြင်တတ်သောဉာဏ်ဖြင့် ဖွဲ့ဆိုထားသော စာဆို၏ ဉာဏ်စွမ်းသည် ညောင်ရမ်းခေတ်ကို ကျော်၍ပင် နှစ်သက်ဖွယ် ဖြစ်စေခဲ့သည်။ ယင်းကို ယနေ့တိုင် စာဖတ်ပရိသတ်တို့ နှစ်သက်မှုဖြစ်စေသည့် ကုန်းဘောင်ခေတ် စာဆိုတို့၏ စာပေလက်ရာများက သက်သေခံလျက် ရှိနေပါသည်။

ထို့မျှသာမက စာဆို ဝန်ကြီးပဒေသရာဇာသည် မင်းထိပ်ဦးနေမင်းသမီးလေး၏ ခမည်းတော် ဟံသာဝတီရောက်မင်းကြီးအား ငေးမောနေမိ၍ ရာဇဒဏ်နှက်ခံရသဖြင့် နှုတ်ခမ်းပြတ်သွားရသော ကိုယ်လုပ်တော်တစ်ဦး၏အဖြစ်ကို–

"ထိပ်ဖျားထိပ်ချာ၊ ဖနန်းလျာကို၊ ကွယ်ရာဆီတည့်၊ ချောင်းနှောင်း ကြည့်လျက်၊ မလှည့်ဘယ်ညာ၊ တေးကွင်းစာကို၊ နှုတ်မှာငုံလှိုင်း၊ လေ့ကျက်တိုင်းဖြင့်၊ ရီမှိုင်းမျက်စိ၊ တမ်းယမ်းမိလျက်၊ မချိမူးဝေ၊ ကြာတောင်းနေသော်၊ ပရမေထွက်ထား၊ တို့မင်းဖျားက၊ လက်ဝါး မကွာ၊ စေပါခလေ့၊ ကြည့်၍မမြော်၊ ခေါ်တော်ခဏ၊ မရတည့်ပဲး၊ ဖင့်နွဲ့ရှည်ကြာ၊ နောက်မှလာသော်၊ ထွက်ချာဘုန်းဝှန်၊ မင်း၏ မာန်ဖြင့်၊ စွဲမှန်နေကျ၊ ဒုတ်အင်းချနှင့်၊ ပြင်းပြမျက်ထွက်၊ ရိုက်တည့်နှက်သော်၊ သွေးထွက်ယိုစွတ်၊ နှုတ်ခမ်းပြတ်လျက်၊ ဆွတ်ဆွတ်ကျင်နာ၊ သည်အမာလည်း၊ နှစ်တာရှည်လျား၊ တမ်းခွန် လွှားသို့၊ ထင်ရှားစွာဘိ၊ ခုပင်ရှိ၏။"[၂]

ဟု ဖွဲ့ဆိုခဲ့ပါသည်။ ထို့မျှသာမက–

---

[၁] ရွှန်း၊ ဦး၊ မဟာမင်းလှမင်းခေါင်ကျော်၊ ၁၉၆၅၊ ၁၃။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၂၁။

"မှတ်မိတစ်ခါ၊ နီတျာကိုယ်မွေး၊ သဘော်ကျေးကို၊ မြတ်လေး သာရှင်၊ လက်ညှိုးတင်၍၊ ရှုမြင်စကား၊ ကစားရာတွင်၊ နန်းလျာ တည်စ၊ ရွှန်းယဉ်လှသည်၊ ရှင်ဖဘုရား၊ ရှေ့ဆီပါးဖြင့်၊ ကြွသွားဆီတည့်၊ မျှော်ကြည့်လိုက်သော်၊ အပြည့်ကိုယ်လုံး၊ ပတ်ကုံးနှံ့မျှ၊ တပ်ရာဂကြောင့်၊ ယုယမြတ်လေး၊ လက်တွင်း ကျေးကို၊ မနေးရင်ခွင်၊ ချထားတင်လျက်၊ မထင်သတိ၊ ကြိတ်နှိပ်မိ၍၊ နမိနမြော၊ သဘော်ကပါ၊ ကျေးနီတျာသည်၊ ခန္ဓာပျက်ကြွေ၊ ဆုံးပလေ၏"[၁]

ဟု ခမည်းတော်၏အလှအား သတိလက်လွတ် ငေးမောနေမိသည့် နန်းတွင်းသူတစ်ဦး အကြောင်းကိုပါ ထည့်သွင်းဖွဲ့ဆိုထားပါသည်။

နှုတ်ခမ်းပြတ်ခဲ့ရသည့် ကိုယ်လုပ်တော်အကြောင်းနှင့် ကျေးသားလေး အသက် ဆုံးရသည်အထိ သတိလက်လွတ်ဖြစ်ရသူ နန်းတွင်းသူတစ်ယောက်အကြောင်းကို ပိုဒ်ရေ(၃)တွင် ရှည်လျားစွာ ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ အိမ်ရှေ့မင်းအား ငေးမောတပ်မက်မိသော နန်းတွင်းသူ၏အဖြစ်သည် လည်းကောင်း၊ လက်တွင်းမှ ကျေးသားကလေးကို သတိလက်လွတ် ဖိကြိတ်နှိပ်မိသဖြင့် အသက်ဆုံးခဲ့ရပုံသည် လည်းကောင်း ဟာသရသ၊ ကရုဏာရသတို့ကို ခံစားရစေပါသည်။ ခမည်းတော်၏ အချောအလှထူးပုံကို ခန့်မှန်းမိစေသည့် အလှဘွဲ့များလည်း ဖြစ်ပါသည်။ ထိုအဖွဲ့ တို့သည် ခမည်းတော်၏ အချောအလှကို ဖွဲ့ဆိုခြင်း ဟူသည့် မူလအကြောင်းအရာကို ထင်ရှားစေရန် သွယ်ဝိုက်ထည့်သွင်းဖွဲ့ဆိုထားသည့် အဖွဲ့များလည်း ဖြစ်ပါသည်။ ထူးခြားစွာ ချောမောလှပသည့် ရုပ်ဆင်းသွင်ပြင်ကို မြင်ရသောအခါ သတိလက်လွတ် ပြုမူတတ်ကြသော လူ့သဘာဝနှင့်ယှဉ်၍ ဖွဲ့ဆိုထားသော အဖွဲ့သည် ဇာတ်လက်တက် ဆန်သည့် အဖွဲ့မျိုးဟု ဆိုနိုင်ပါသည်။ ဤသည်မှာလည်း အခြားဧချင်း စာဆိုတို့နှင့် မတူသော စာဆို ဝန်ကြီးပဒေသရာဇာ၏ ထွင်ဉာဏ်တစ်ရပ်ပင် ဖြစ်ပါသည်။ အခြားဖွဲ့ရိုးဖွဲ့စဉ် ဧချင်းများနှင့်မတူ တမူထူးခြားစွာ ဖွဲ့ဆိုခဲ့သော အဖွဲ့မျိုးပင် ဖြစ်ပါသည်။

စာဆိုသည် မင်းထိပ်ဦးနေ ခမည်းတော်အဖွဲ့များတွင် ဘုန်းလက်ရုံးစွမ်းတို့ကို အလိုင်းတကြီး သရုပ်ဖော်ဖွဲ့ဆိုခြင်း မပြုခဲ့ရုံသာမက အချောအလှသဘာဝကို ပေါ်လွင် စေရန် အစွမ်းကုန်ချီးမြှောက်သော စကားလုံးတို့ဖြင့်လည်း ဖွဲ့ဆိုခြင်း မပြုခဲ့ပါပေ။ ထူးခြားသည့် အခမ်းအနားတွင် ထူးခြားသည့် တင့်တယ်လှပပုံကို မကြုံစဖူး ရှုမြင်ရသူ

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၂၁။

ပျိုပျိုအိုအိုတို့၏ ကဲတတ်သဲတတ်သည့် သဘာဝကိုသာ ဆင်ခြင်ဖွဲ့ဆိုခြင်းသည်ပင် စာဆို၏ ထူးခြားသော ထွင်ဉာဏ်တစ်ရပ်ဟု ဆိုရပါမည်။

## မယ်တော်အဖွဲ့များ

စာဆို ဝန်ကြီးပဒေသရာဇာသည် မင်းထိပ်ဦးနေ၏ မယ်တော်အလှကိုလည်း အနုစိတ် သရုပ်ဖော် ဖွဲ့ဆိုထားခဲ့ပါသည်။ ဦးခေါင်းမှတိုင် ခြေဖျားအဆုံး လှပသူဖြစ်ပုံကို ဖွဲ့ဆိုရာတွင်လည်း သဘာဝနှင့်ကင်းလွတ်ခြင်းမရှိသော အဖွဲ့မျိုးကိုသာ ဦးစားပေး၍ ဖွဲ့ဆိုထားခဲ့ပါသည်။ မယ်တော်၏ အသားအရောင်သည် ဖြူသည်၊ ဝင်းသည်၊ ညိုသည် စသည်ဖြင့် ခွဲခြားနိုင်ခြင်းမရှိဘဲ ထွန်းပသော အသရေဖြင့် တင့်တယ်လှပနေကြောင်းကို–

> “ဖြူအိဝင်းကို၊ မဆိုစသာ၊ ပြာအိပြတ်ပြတ်၊ မမှတ်သာလှည့်၊
> ညိုအိဆိုမည်၊ သည်လည်းမရ၊ ထွန်းပအသရေ၊ အထွေထွေသည်၊
> ထင်ခြေအနည်းနည်းတည့်လေ။”[၁]

ဟု ဖွဲ့ဆိုထားပါသည်။ အင်းဝခေတ်စာဆို ရှင်တေဇောသာရ၏ ရွှေရုပ်သွင်ရတုတွင် ‘ရွှေရည်ရုပ်တု ပုံသွင်းပြုသို့’ ဟု အသားအရေ၊ ဝင်းဝါစိုပြေလှပပုံကို ဖွဲ့ဆိုထားခဲ့ပါသည်။ ဇမ္ဗူရာဇ်ရွှေစင် အရောင်အသွေးသည် စာဆိုအများစု ဖွဲ့နွဲ့တင်စားလေ့ရှိသော အလှအဆင်းအရောင်ဟုပင် ဆိုရပါမည်။ စာဆို ဝန်ကြီးပဒေသရာဇာကမူ မင်းထိပ်ဦးနေ၏ မယ်တော်အသားအရောင်သည် ဖြူ၍လှခြင်း ညို၍လှခြင်း၊ ဝင်း၍လှခြင်းမျိုး မဟုတ်၊ ညိုသယောင်၊ ဖြူသယောင် ဝင်းသယောင် စသည်ဖြင့် ထင်ခြေအမျိုးမျိုးဖြစ်ပေါ်စေသည့် လှပခြင်းမျိုးဖြစ်ပုံကို ထူးခြားစွာ ဖွဲ့ဆိုထားပါသည်။

စာဆိုသည် ဖြူဝင်းသော အသားအရောင်အလှကို နှစ်သက်သူက ဖြူသည်ဟု ထင်မှတ်မိပုံ၊ အသားတော်ညိုပြာညက်ကို နှစ်သက်သူက ညိုပြာညက်ဟု ထင်မိပုံ စသည်ဖြင့် ရှုမြင်ခံစားသူတို့တွင် ထင်ခြေအမျိုးမျိုး ဖြစ်နိုင်ပုံကို ဖွဲ့ပြထားသည့် ဖြူ၍ ဝင်း၍ ညို၍ လှခြင်းမဟုတ်ဘဲ လှ၍ပင်လှခြင်း ဟူသော ပင်ကိုယ်အလှသဘောကို သိသာစေသည်။ ထိုအဖွဲ့သည် ခံစားသူရှုထောင့်မှနေ၍ သဘာဝကျကျ ဖွဲ့စပ်ထားဟန်ဟုလည်း ဆိုနိုင်သည်။ ‘ဖြူအိဝင်းကို မဆိုစသာ’၊ ‘ပြာအိပြတ်ပြတ် မမှတ်သာလှည့်’ ‘ညိုအိဆိုမည် သည်လည်းမရ’ စသည့် ပုံစံတူ အပြိုင်ပုဒ်စုတို့ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားသည်မှာ စာဆို၏ ထူးခြားသော အတွေးအရေးကို ထင်ရှားစေ

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၅။

ပါသည်။ စာဆို၏အဖွဲ့သည် အသားအရေလှပမှုကို စံတစ်ခုဖြင့် အမွှမ်းတင်ဖွဲ့ခြင်း မဟုတ်ဘဲ ရှုမြင်ရသူတို့ ခံစားရမည့် အခြေအနေနှင့် ထင်ဟပ်ဖွဲ့ဆိုထားမှုအရပင် အခြားသော အလှအဖွဲ့တို့နှင့်မတူ ကွဲပြားနေသော အဖွဲ့တစ်ရပ်ဟု ဆိုချင်ပါသည်။

တစ်ဖန် မယ်တော် မဟာဓိပတိဒေဝီ၏ အလှမျက်နှာကို ဖွဲ့ဆိုရာတွင်–

> "သွားလည်းနက်ရောင်၊ ပြောင်ပြောင်ဖိတ်လျှမ်း၊ နှုတ်ခမ်းယဉ်ကဲ
> မတွဲမထော်၊ အဆင်းသော်မူ၊ မှည့်ပျော်ကျီးအာ၊ ပမာမပြား၊
> ခြားနားလှဟန်၊ မလန်မကုပ်၊ အကြိုက်လုပ်သို့"[၁]

ဟု လည်းကောင်း၊

> "မျက်လုံးအသရေ၊ မြူတေထွန်းပြောင်၊ ကော့မျက်တောင်နှင့်
> မျက်မှောင်မျက်လုံး၊ မျက်ခုံးယဉ်ကျူး၊ နဖူးတန်ယဉ် ဆံလျှည်
> ကြပဟန်၊ လွန်လွန်ကြူးကြူး၊ ထူးထူးဆန်းဆန်း၊ နပန်းဆံကျ၊
> စီလျက်လှ၏"[၂]

ဟု လည်းကောင်း ဖွဲ့ဆိုထားပါသည်။ သွား၊ နှုတ်ခမ်း၊ နှာခေါင်း၊ မျက်လုံး၊ မျက်ခုံး စသည်ဖြင့် မျက်နှာအစိတ်အပိုင်းအသီးသီး၏ တင့်တယ်လှပပုံကို အနုစိတ် ဖွဲ့ဆိုထားပါသည်။ 'သွားလည်း နက်ရောင်' ဟူသော အသုံးသည် စာဆို၏ ထူးခြားစွာဖွဲ့ဆိုမှုဟု ဆိုရပါမည်။ မြန်မာ့ရိုးရာတစ်ရပ် ဖြစ်သော ကွမ်းစားသည့်ဓလေ့ကို အခြေခံ၍ ဖွဲ့ဆို ထားခြင်းဟုလည်း ဆိုနိုင်ပါသည်။ မင်းထိပ်ဦးနေ၏ မယ်တော်သည် အသက်အရွယ် အရလည်း ကွမ်းကို စွဲမြဲစွာ စားတတ်သူဖြစ်ပါက သွား၏ အရောင်အဆင်းတို့ နက်ပြောင်နေမည်ဖြစ်သည်။

အောင်မြင့်စိန်(ထားဝယ်) ဘာသာပြန်သော အင်းဝမြို့ရောက် သံတမန် တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း (The Account of an Embassy to the Kingdom of AVA in the year 1795 by Michael Symes) တွင်–

> "အမျိုးသမီးရော အမျိုးသားများပါ မျက်ရစ်ထောင့်အား အရောင်
> ဖျော့ဖျော့ဆိုး၍ သွားများအား အမည်းဆိုးကြပါသည်။ ဤသွားကို
> အမည်းဆိုးထားခြင်းမှာ ဥရောပသားတို့အတွက် အမြင်မသင့်တော်ပေ"[၃]

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၆။

[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၆။

[၃] အောင်မြင့်စိန်၊ ထားဝယ်၊ ၂၀၁၆၊ ၁၈၂။

ဟု ဖော်ပြထားပါသည်။ ထိုဖော်ပြချက်အရ ညောင်ရမ်းခေတ်နှောင်းပိုင်းကာလများ ကပင် သွားအနက်ဆိုးသော ဓလေ့ရှိခဲ့သည်ဟု မှန်းဆဖွယ် ဖြစ်ပါသည်။ ကွမ်းစား၍ အမည်းရောင် ဖြစ်နေသော သွားများကို ဖုံးကွယ်လိုသောသဘောဖြင့် သွားအနက် ဆိုးကြခြင်းလောဟုလည်း မှန်းဆနိုင်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ထိုခေတ် ထိုအခါတွင် ရှိခဲ့သည့် အသွင်အပြင်တစ်ရပ်ကို ရဲရဲဝံ့ဝံ့ ထည့်သွင်းဖွဲ့ဆိုထားခြင်း သည်ပင် စာဆို၏ ထူးခြားမှုတစ်ရပ် ဖြစ်ပါသည်။ အခြားသောစာဆိုတို့၏ အလှဘွဲ့ များတွင် သွား၏အရောင် အဆင်းလှပပုံကို ပုလဲရောင်၊ ငွေရောင်တို့ဖြင့်သာ အများ အားဖြင့် တင်စားရေးဖွဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ ဝန်ကြီးပဒေသရာဇာကမူ ကုမ္မာဘယပျို့တွင်လည်း သွားအနက်ရောင်အလှကို ဖွဲ့ပြထားသည်မှာ ခေတ်ကို ထင်ဟပ်ဖွဲ့ဆိုတတ်သော စာဆို၏ ထွင်ဉာဏ်တစ်ရပ်ပင် ဖြစ်ပါသည်။ ပကတိ မျက်မြင်အခြေအနေကို သဘာဝကျကျ ရှုမြင်၍ ထည့်သွင်းဖွဲ့စပ်လေ့ရှိသော စာဆို၏ သဘောကို သိသာစေသော အဖွဲ့တစ်ခုလည်း ဖြစ်ပါသည်။

'မှည့်ပျော်ကျီးအာ' ဟူသော အသုံးသည် နှုတ်ခမ်းအရောင်၏ ရဲရဲနီနေပုံကို သဘာဝကျစွာ မြင်သာထင်ရှားစေပါသည်။ 'မလန်မကုပ် အကြိုက်လုပ်သို့' ဟူ၍လည်း သဘာဝအလျောက် ဖြစ်တည်နေသော နှုတ်ခမ်းကိုပင် စိတ်ကြိုက်ပုံသွင်း ပြုလုပ်ထား သည့်နှယ် တင်စားရေးဖွဲ့ထားသဖြင့် သေသပ်သော နှုတ်ခမ်း၏အလှကို သဘာဝကျစွာ ပေါ်လွင်စေပါသည်။ 'မြတေထွန်းပြောင်၊ ကော့မျက်တောင်'နှင့် ဟူ၍လည်း အရောင် တောက်ပနေသော မျက်လုံး၏အလှကို မျက်တောင်ကော့ကလေးများဖြင့် လိုက်ဖက်စွာ ယှဉ်တွဲဖွဲ့စပ်ထားသည်မှာ မျက်လုံး၏အလှကို မြင်သာထင်ရှားစေပါသည်။ ထိုမျှ သာမက 'မျက်' ဟူသော စကားလုံးကို အထပ်ထပ်သုံး၍ ဖွဲ့ဆိုထားသည်မှာ အသံချိုသာပြေပြစ်မှုရှိနေသဖြင့် မဓုရတာဂုဏ်မြောက်နေပါသည်။ 'လွှန်လွှန်ကြူးကြူး' 'ထူးထူးဆန်းဆန်း' ဟူသော ဝိစ္ဆာလုံးထပ် အသုံးများကြောင့် အသံသာမှု ရှိစေသည် သာမက အထူးတဆန်း အံ့သြဘနန်း လှပပုံကို သိသာစေပါသည်။ မယ်တော်၏ သွား၊ နှုတ်ခမ်း၊ မျက်လုံး၊ မျက်တောင်၊ မျက်ခုံး စသည့် အသေးစိတ်အလှများကို ဖွဲ့ဆိုထားသည့် အလှသရုပ်ဖော်အဖွဲ့များသည် သဘာဝကို အခြေတည်၍သာ ဖွဲ့ရန် စိတ်အားထက်သန်သည့် စာဆို၏ ထွင်ဉာဏ်ကို အထင်အရှား ဖော်ပြနေကြပါသည်။

စာဆိုအများစုသည် မိန်းမပျိုတစ်ဦး၏အလှကို ဖွဲ့ဆိုရာတွင် ပင်ကိုယ် အလှတွင် အပြင်အဆင်အလှ၏ ထူးခြားမှုကိုပါ ပေါင်းစပ်၍ ဖွဲ့ဆိုလေ့ ရှိတတ် ပါသည်။ ပင်ကိုယ်လှသူတွင် အဖိုးထိုက်တန်သော အရောင်အသွေးလှပသည့် အဝတ် အစား တန်ဆာဆင်မှုတို့ ပေါင်းစပ်ကာ ဖွဲ့ဆိုလေ့ ရှိကြပါသည်။ သို့သော် စာဆို ဝန်ကြီးပဒေသရာဇာကမူ မင်းထိပ်ဦးနေ၏ မယ်တော်အလှကို ဖွဲ့ဆိုရာတွင် အဆင်

အပြင်တတ်မှ လှသောသူတို့နှင့် နှိုင်းယှဉ်၍ဖွဲ့ဆိုထားသည်။ ဆင်ရန်ပြင်ရန်ပင် မလိုသော ပင်ကိုယ်အလှသရုပ်ကို-

> "သူများမိန်းမ လှပကြသည်၊ ပြုသဆင်ယင်၊ ခြင်လွင်ထပ်ဆင့်၊ ထုံးမြိတ်သင့်မှ၊ ယဉ်နုကြ၏။ မင်းလှမယ်တော်၊ လှသည် သော်ကား၊ တွေးခေါ်မမူ၊ အဖြူသက်သက်၊ ခြယ်ဖက်မဲ့ပါ၊ ဆင်ဝတ်ကာမျှ၊ ရှုသာမျက်ပွင့်၊ တော်လှသင့်၏၊ နုရင့်ခြယ်ဆင်၊ ပျော်ရွှင်မှိုင်းမှိုင်း၊ ယဉ်ရိုင်းမရွေး၊ နီတွေးညိုပြာ၊ ရွှေဝါငွေသား၊ ဝတ်စားသမျှ၊ ဆင်တိုင်းလှ၏"[၁]

ဟု ဖွဲ့ဆိုခဲ့ပါသည်။ မင်းထိပ်ဦးနေ၏ မယ်တော်သည် အပြင်အဆင်အလှ မလိုအပ်လောက်အောင် ပင်ကိုယ်ချော ပင်ကိုယ်လှသူ ဖြစ်ကြောင်း ထင်ရှားစေသည့် အဖွဲ့ ဖြစ်ပါသည်။ ဤအဖွဲ့တွင် စာဆိုသည် အပြင်အဆင်ကြောင့် အလှတန်ဖိုး ပိုမိုလာပုံကို ဖွဲ့ဆိုခြင်းမပြုပဲ ပင်ကိုယ်အလှ တန်ဖိုးမြင့်ပြီးဖြစ်၍ ပြင်သမျှ ဆင်သမျှ လှပပုံကို အထူးပြုဖွဲ့ဆိုထားပါသည်။ ပြုပြင်ခြယ်သခြင်း မရှိဘဲနှင့် လှပသူဖြစ်ပုံကို သဘာဝကျကျ ရိုးရိုးရှင်းရှင်း ဖွဲ့ဆိုထားခြင်းသည်ပင် စာဆို၏အလှဘွဲ့ထွင်ဉာဏ် ဟုပင် ဆိုနိုင်ပါသည်။

ထိုမျှသာမက မယ်တော်အလှနှင့် တုနှိုင်းယှဉ်လာသူမှန်သမျှသည် အရိုင်းအစိုင်း ပမာ ရယ်ဖွယ်သာ ဖြစ်ရကြောင်း ဖော်ပြ၍လည်း-

> "သခင့်မယ်တော်၊ လှကျော်စံတည့်၊ ယဉ်သည်ကဲမြင့်၊ နုသည် နှင့်ကို၊ နှိုင်းချင့်စရာ၊ အောက်မေ့ရှာသော်၊ အရာမဟုတ်၊ ပယုတ်နှင့်ဆား၊ ငွေသားမှုတ်ပဲ၊ ဘွယ်ကြဲမင်းစံ၊ ဝေးလံနှိုင်းချိန်၊ စိန်နှင့်သလင်း၊ ပယင်းအင်တွဲ၊ ပုလဲခရု၊ ပမာပြုသို့၊ ပုံတုဝေးဘိ၊ ရယ်ဖွယ်ရှိ၏"[၂]

ဟု ဖွဲ့ဆိုထားသည်။ ဂုဏ်မြင့်နှင့် ဂုဏ်နိမ့် မနှိုင်းသာအောင် ကွာခြားပုံဖြင့် ပမာပြု၍ ဖွဲ့ဆိုထားပုံသည် စာဆို ရွှေတောင်နန္ဒသူ၏ မွေ့နွှန်းရကန်မှ-

> "ပိုးဝါနှင့်ချည်ဝါ၊ နံ့သာနှင့်ဒဟပ်သား၊ ဆားနှင့်ဖုံးမသိန်၊ စိန်စစ်နှင့်ဖန်ကွဲ၊ ပုလဲနှင့်ယောက်သွား၊ သကြားနှင့်သကာ၊

---

[၁] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၈။
[၂] ပဒေသရာဇာ၊ ဝန်ကြီး၊ ၁၉၆၀၊ ၇။

နဂထာနှင့်ရွှေရွက်ပြား၊ ငါးရိုးနှင့်ဆင်စွယ်၊ တယ်လူးနှင့်ပေါက်လှ၊
စသာနှင့်ငချိပ်၊ ရိုးရိပ်ယောင်မှား အဖိုးထားမှာ ခြားနားဝေးလံ"[၁]

စသော အဖွဲ့၏ ရေ့ဆောင်လမ်းပြသဖွယ် အဖွဲ့ဟုပင် ဆိုရပါမည်။ ထိုကဲ့သို့ ဂုဏ်မြင့်၊ ဂုဏ်နိမ့် ယှဉ်တွဲကာ ကိုယ်ရည်သွေး၊ ကန်ကျောက်ဖွဲ့ဆိုထားသည့် အဖွဲ့များသည် ခေတ်အဆက်ဆက် စာဖတ်ပရိသတ်အဖို့ နှစ်သက်စေသော အဖွဲ့များ ဖြစ်ခဲ့ရကြောင်းကို တွေ့နိုင်ပါသည်။ မည်သို့သော အပြင်အဆင်အလှမျိုးကမျှ မယှဉ်နိုင်သော ပင်ကိုယ်အလှ၏ ထူးခြားသော ဂုဏ်ရည်ကို ပေါ်လွင်စေရန် နှိုင်းယှဉ်ပြ၍ ဖွဲ့ဆိုဟန်သည် စာဆို၏ ဆန်းသစ်သောထွင်ဉာဏ်ကို ဖော်ပြနေပြန်ပါသည်။

စာဆိုဝန်ကြီးပဒေသရာဇာသည် မင်းထိပ်ဦးနေ၏ မယ်တော်အလှကို ဖွဲ့ဆိုရာတွင် အပြစ်ကင်းသော အလှသဘောကို ထပ်ကာထပ်ကာ ဖွဲ့ပြထားသည်ကိုလည်း တွေ့ရပါသည်။ ပိုဒ်ရေ(၉)တွင် 'တင်မည့်ပြစ်ဝင်၊ မထင်မြူမျှ' ဟု ပထမအကြိမ် ဖွဲ့ဆိုပြီး ပိုဒ်ရေ(၉)၏ အဆုံးချတွင် 'ပြစ်ဆာတည့်မြူသေး ရှင်းရှင်းဝေး' ဟု ဒုတိယအကြိမ် ထပ်မံဖွဲ့ဆိုပါသည်။ ပိုဒ်ရေ(၁၂) အဆုံးချတွင် 'ပြစ်ဆာတည့်မြူသေး ရှင်းရှင်းဝေး' ဟု တတိယအကြိမ် ထပ်မံ၍ဖွဲ့ဆိုပြန်ပါသည်။ ယင်းကဲ့သို့ အပြစ်ကင်းခြင်းသည်ပင် အလှဂုဏ်တစ်ရပ်ဖြစ်ပုံကို အထပ်ထပ်ဖွဲ့ဆိုပြထားရာ သဘာဝကျကျ အလှကို ရှုမြင်ခံစားတတ်သော စာဆို၏ ထွင်ဉာဏ်ကိုလည်း ထင်ရှားစေသည်။ ခြောက်ပစ်ကင်းသောအလှဟု သာမန်မျှ ဖွဲ့ဆိုခြင်းမျိုး မဟုတ်ဘဲ အပြစ်ဟူ၍ မြူမှုန်မျှပင် မတင်လောက်အောင် လှသူဖြစ်ပုံကို (၃)ကြိမ်မျှ ဖွဲ့ဆိုထားခြင်းသည်ပင် အရိုးရှင်းဆုံး အလှဂုဏ်ကို ဖော်ထုတ်ဖွဲ့ဆိုပြရာ ရောက်နေသည့် စာဆို၏ထူးခြားမှုဟု ဆိုချင်ပါသည်။

စာဆို ဝန်ကြီးပဒေသရာဇာသည် မင်းထိပ်ဦးနေမင်းသမီးလေး၏ မယ်တော် မဟာဓိပတိဒေဝီ၏ အလှသရုပ်ကို ဖော်ထုတ်ဖွဲ့ဆိုရာတွင်လည်း မည်သည့်ရှုထောင့်မှ ဖွဲ့သည်ဖြစ်စေ သဘာဝကျကျ လှပမှုကိုသာ ဦးစားပေးဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ အရှိကို အရှိအတိုင်း ရိုးရိုးရှင်းရှင်းပင် ဖော်ထုတ်ဖွဲ့ဆိုခဲ့ခြင်းသည်ပင် အခြားသော အလှဘွဲ့များနှင့်မတူ ကွဲပြားနေသည်ကို တွေ့နိုင်မည်ဖြစ်ပါသည်။ မယ်တော်၊ ခမည်းတော်တို့၏ ချောပုံ၊ လှပုံကို ဖွဲ့ဆို၍ 'ဘမျိုးဘိုးတူ၊ မိရိုးမျိုးတူ' ချောမောလှပမည်ဖြစ်ကြောင်း သိသာစေရန် ဖွဲ့ဆိုသည်ဟုလည်း ဆိုရပါမည်။

[၁] ရွှေတောင်နန္ဒသူ၊ ၁၉၆၄၊ ၅။

## ခြုံငုံသုံးသပ်ချက်

စာဆို ဝန်ကြီးပဒေသရာဇာသည် တျာချင်း ဟူသော အဖွဲ့ဖြင့် မြန်မာကဗျာ အဖွဲ့ပုံစံအသစ် တီထွင်ဖွဲ့စပ်ခဲ့သကဲ့သို့ပင် ဧချင်း ဟူသော ဂန္ထဝင်စာပေ အဖွဲ့ ပုံသဏ္ဌာန်တွင် စိတ်ကူးဆန်းသစ်မှုဖြင့် ပေါင်းစပ်ဖန်တီး ဖွဲ့စပ်ထားကြောင်း တွေ့နိုင်ပါသည်။ မူလဧချင်းအဖွဲ့ခံ အကြောင်းအရာကို အခြေတည်၍ စိတ်ကူးသစ်များ ထည့်သွင်းပေါင်းစပ်ဖန်တီးခဲ့ခြင်းဟု ဆိုရပါမည်။ ဧချင်းပါ ခမည်းတော်အဖွဲ့များ၊ မယ်တော်အဖွဲ့များသည် လောကသဘာဝ၊ လူ့သဘာဝကို ဦးစားပေးဖွဲ့ဆိုမှုများ ဖြစ်နေခြင်းသည်ပင် စာဆို၏ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်မှုဟု ဆိုနိုင်ပါသည်။ စာဆို၏ထွင်ဉာဏ်ကို ဖော်ပြနေသော ထိုအဖွဲ့တို့သည် ကုန်းဘောင်ခေတ်တွင် အထူး ထင်ရှားခဲ့သော စာဆိုကျော်တို့၏ စာပေလက်ရာများ၏ ရှေ့ဆောင်လမ်းပြသဖွယ် အဖွဲ့များ ဖြစ်ခဲ့ပေလိမ့်မည်ဟုလည်း ထင်မှတ်ရပါသည်။

စာဆိုသည် မင်းထိပ်ဦးနေဧချင်းတွင် မင်း၏လက်ရုံးရည်၊ နှလုံးရည်ဆိုင်ရာ အဖွဲ့များ၊ ပြည်ဘွဲ့၊ မြို့ဘွဲ့များ၊ ပုခက်ဘွဲ့များ စသည်တို့ ထည့်သွင်းခြင်းမပြုဘဲ အလှဘွဲ့များကိုသာ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ဖွဲ့စပ်ထားပါသည်။ ထိုသို့ သမရိုးကျ ဧချင်းဖွဲ့ဆိုပုံ၊ အစဉ်အလာမှ ခွဲထွက်ဖွဲ့စပ်ထားသည့်အတွက် ဒုတိယ တန်းစားဧချင်းအဖြစ်သာ ပညာရှင်တို့က သတ်မှတ်ခဲ့ကြခြင်း ဖြစ်ဟန်တူပါသည်။ စာဆို ဝန်ကြီးပဒေသရာဇာသည် အခြားဧချင်းစာဆိုများကဲ့သို့ပင် ဘုရင်နှင့် မိဖုရား ဆိုင်ရာ အဖွဲ့များကို ဝီရရသ ခံစားရစေရန် ရည်သန်၍ အလှိုင်းတကြီးဖွဲ့ဆိုလိုက ဖွဲ့နိုင်မည် ဖြစ်ပါသည်။ ရာဇဝံသဉာဏ်ပေးရန် ရည်ရွယ်၍ ရာဇဝင်ကြောင်းများကို အကျယ်တဝင့် ဖွဲ့ဆိုလိုပါကလည်း ဖွဲ့နိုင်မည် ဖြစ်ပါသည်။ ဧချင်းဟောင်း (၁၂)စောင်တွင် အကောင်းဆုံးဟု ပညာရှင်များက သတ်မှတ်ခဲ့ကြသည့် မင်းရဲဒိဗ္ဗဧချင်း ပေါ်ထွက်ပြီး ဖြစ်သည့်အတွက် ဧချင်းကောင်းတို့၏ သဘာဝကို နည်းယူလိုပါကလည်း နည်းယူ နိုင်မည့် ရှေ့သွားရှိပြီး ဖြစ်ပါသည်။

တစ်ဖန် မင်းနှင့်မိဖုရားတို့၏အကြိုက် သဘာဝကိုမူတည်၍ အလှသရုပ်ကိုသာ ဖော်ထုတ်ဖွဲ့ဆိုခြင်းဟု ဆိုလျှင်လည်း လူ့သဘာဝ၊ လောကသဘာဝကို ဤမျှ ထည့်သွင်းခြင်းမပြုဘဲ စာဆို ဆန္ဒရှိသလောက် မြှောက်ပင့်ဖွဲ့ဆိုနိုင်စွမ်းမည်သာ ဖြစ်ပါသည်။ မင်းထိပ်ဦးနေဧချင်းတွင် စာဆို ဝန်ကြီးပဒေသရာဇာသည် လောက သဘာဝ၊ လူ့သဘာဝကို ရှုမြင်ဆင်ခြင်တတ်သော ဉာဏ်ဖြင့်သာ ရေးဖွဲ့ခဲ့ကြောင်း တွေ့နိုင်ပါသည်။ စာဆို၏ အခြားဧချင်း (၂)စောင်ဖြစ်သော မင်းထိပ်ဦးတင်ဧချင်းနှင့် မင်းထိပ်ပန်ဧချင်းတို့တွင် ထိုသို့သောအဖွဲ့မျိုး ပါဝင်မှု မရှိပါချေ။ ဤဧချင်း၌ စာဆိုသည်

ရာဇဝံသဉာဏ်ပေးရန် ရည်ရွယ်ရင်းမရှိဘဲ စာဆို့အကြိုက် လောကသဘော၊ လူ့သဘော များကိုသာ အလေးပေး၍ ထင်ရှားအောင် ဖွဲ့စပ်ခဲ့သည်ဟု ဆိုချင်ပါသည်။

မင်းထိပ်ဦးနေဇချင်းပါ စာဆို၏ ထွင်ဉာဏ်သည် နောက်နှောင်းခေတ်များ၌ စာပေပညာရှင်တို့ အလေးတယူပြုခဲ့ကြသည့် လောကသဘာဝ လူ့သဘာဝ အဖွဲ့ကောင်း တို့၏ ရှေ့ဆောင်လမ်းပြအဖွဲ့များ ဖြစ်နေကြောင်းကိုလည်း တွေ့ရှိနိုင်ပါသည်။ အကြဲတူသည့် နောက်နှောင်း စာဆိုတို့၏ စာပေလက်ရာများ ပိုမို တောက်ပြောင်စေရန် လမ်းခင်းပေးသည့်နှယ်ဖြစ်ခဲ့သော စာဆို၏ထွင်ဉာဏ်မှာ ချီးကျူးလေးစားဖွယ်ပင် ဖြစ်ပါသည်။ စာဖတ်သူတို့အား လောကသဘာဝ၊ လူ့သဘာဝတို့ကို သတိပြုခံစား တတ်စေရန် ပဒေသရာဇာဧကရာဇ်တို့ အကြိုက်အလိုက် ဖွဲ့ဆိုရသည့် စာပေပုံသဏ္ဌာန် တွင်ပင် လူ့သဘာဝ၊ လောကသဘာဝတို့ကို ရှုမြင်ဆင်ခြင်ဖွဲ့စပ်ခဲ့ခြင်းသည် စာဆို၏ လေးစားဖွယ် ကောင်းလှသော၊ ရဲဝံ့လှသော ထွင်ဉာဏ်ကို ပေါ်လွင်နေစေခဲ့ပါ တော့သည်။ စာဆို၏ မင်းထိပ်ဦးနေဇချင်းသည် ဧချင်းကဗျာတွင် ဒုတိယတန်းစား ကဗျာတစ်ပုဒ်အဖြစ် သတ်မှတ်သော်လည်း လူ့သဘာဝအဖွဲ့တွင်မူ ပထမတန်းစား ကဗျာတစ်ပုဒ်အဖြစ် သတ်မှတ်နိုင်မည် ဖြစ်ပါသည်။

## နိဂုံး

ဤစာတမ်းတွင် မင်းထိပ်ဦးနေဇချင်းမှ စာဆို ဝန်ကြီးပဒေသရာဇာ၏ ထွင်ဉာဏ်ကို ထုတ်နုတ်တင်ပြထားပါသည်။ ရှေးကမြန်မာစာပေသစ် ဟူသော ဆရာဇော်ဂျီက ဝိသေသပြုထားသည့်အတိုင်း စာဆို ဝန်ကြီးပဒေသရာဇာသည် အတွေးသစ်ပုံ၊ အရေးသစ်ပုံတို့ကို အခြားစာပေလက်ရာများမှလည်း သုတေသနပြု နိုင်ဦးမည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

တိုး၊ ဦး။ (၁၉၁၅)။ ***ရာမရကန်ပထမအုပ်(တတိယအကြိမ်)***။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်။

တင်၊ ဦး၊ ပုဂံဝန်ထောက်မင်း။ (၁၉၆၉)။ ***ကဗျာဗန္ဓသာရကျမ်း***။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

နန္ဒသူ၊ ရွှေတောင်။ (၁၉၆၄)။ ***မွေ့နွှန်းရကန်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ပဒေသရာဇာ၊ ဝန်ကြီး။ (၁၉၆၀)။ ***မင်းထိပ်ဦးနေဇချင်း***။ မန္တလေး၊ တက်နေလင်းပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၈၇)။ ***မြန်မာစာပေသမိုင်း(စတုတ္ထအကြိမ်)***။ ရန်ကုန်၊ စပယ်ဦးစာပေတိုက်။

ဘသောင်း၊ မိုလ်မှူး။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ(ပဉ္စမအကြိမ်)***။ ရန်ကုန်၊ ရာပြည့်စာပေ။

မြင့်သန်း၊ ဒေါ်၊ ကထိက။ (၂၀၀၃)။ ***မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ (ပဉ္စမအကြိမ်)***။ ရန်ကုန်မြို့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်(ပထမအကြိမ်)***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှန်း၊ ဦး၊ မဟာမင်းလှမင်းခေါင်ကျော်။ (၁၉၆၅)။ ***ဥမ္မာဒန္တီပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

အောင်မြင့်စိန်(ထားဝယ်)။ (၂၀၁၆)။ ***အင်းဝမြို့ရောက် သံတမန်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း***။ ရန်ကုန်၊ ဇင်ရတနာစာပေ။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ဇာတ်ဆောင်စရိုက်ဖန်တီးမှု လေ့လာချက်

ပပဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ဝတ္ထု (၃)ပုဒ် ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ဇာတ်ဆောင်စရိုက်များကို ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာများနှင့် ချိန်ထိုးကာ လေ့လာတင်ပြသွားပါမည်။ စာရေးသူသည် သူ၏ဝတ္ထုတိုများတွင် ဇာတ်လမ်းနှင့် အံဝင်အောင် ဇာတ်ဆောင်စရိုက်များ ဖန်တီးရေးသားနိုင်မှုများကို ခံစား သိမြင်နိုင်ရန် ဖော်ထုတ် တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဇာတ်ဆောင်စရိုက်၊ စရိုက်ပီပြင်မှု၊ စရိုက်သေ၊ စရိုက်ရှင်၊ အသင့်ယုတ္တိရှိမှု။***

## နိဒါန်း

ဝတ္ထုတို၏ အင်္ဂါရပ်များတွင် ဇာတ်ဆောင်စရိုက်များသည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။ ဇာတ်ဆောင်သည် ဝတ္ထုပါအကြောင်းအရာများကို ဇာတ်လမ်းနှင့် အံဝင်အောင် သရုပ်ဆောင်ရသူ ဖြစ်သည်။ ဇာတ်ဆောင်စရိုက် သဘာဝကျပါက ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်လာနိုင်သကဲ့သို့ အချို့ဝတ္ထုများ၌ ဇာတ်လမ်းထက် ဇာတ်ဆောင်စရိုက်ကို ပို၍အသားပေးဖော်ပြတတ်ကြသည်။ ထို့ကြောင့် ဝတ္ထုတိုတွင် ဇာတ်ဆောင်စရိုက်ဖန်တီးမှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်ဟု ဆိုချင်ပါသည်။ စာရေးသူသည် သူ၏ဝတ္ထုတိုများတွင် ဇာတ်ဆောင်စရိုက်များကို ပုံဖော်ရာ၌ လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော လူနေမှုဘဝအဖုံဖုံကို ဒိဋ္ဌဓမ္မ လူ့လောကနှင့် နီးစပ်အောင် လက်တွေ့လူသားများ၏စရိုက်နှင့် အံဝင်အောင် ဇာတ်ဆောင်စရိုက် ဖန်တီးမှုအတတ်ပညာနှင့် ပေါင်းစပ်ကာ ဖန်တီးထားသည်။ ဤစာတမ်းတွင် ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ချည်ထွေးဝတ္ထုတို၊ ဂွဲသတ်ချိန်ဝတ္ထုတို ပိုလိုကားချပ်များ ဝတ္ထုတို (၃)ပုဒ်မှ ဇာတ်ဆောင်များ၏ စရိုက်ဖန်တီးပုံကို ဝတ္ထုတိုအတတ်ပညာများနှင့် ချိန်ထိုး၍ လေ့လာတင်ပြသွားပါမည်။

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ ဝတ္ထုတိုသဘောတရား

ရသစာပေတွင် ဝတ္ထု ပြဇာတ် ကဗျာများ ပါဝင်သည့်အနက် ဝတ္ထု ဟူသော စာပေပုံသဏ္ဌာန်သည် စာဖတ်သူတို့၏စိတ်ကို အဆွဲဆောင်နိုင်ဆုံးသော စာပေ ဖြစ်သည်။ ဝတ္ထုစာပေတွင် ဝတ္ထုတို ဝတ္ထုရှည် နှစ်မျိုးအနက် ဝတ္ထုတိုသည် စာဖတ်သူ၏ စိတ်ကို အချိန်တိုအတွင်း စာရေးသူ တင်ပြလိုသော အာဘော် (သို့) ရည်ရွယ်ချက်ကို ထင်းကနဲမြင်သာအောင် တင်ပြထားခြင်း ဖြစ်သည်။ အဓိကအားဖြင့် ဝတ္ထုတိုသည် စာဖတ်သူအား အသိပေးလိုသည့် အကြောင်းအရာများကို ဇာတ်လမ်းအဖြစ်ဖန်တီး၍ စာရေးသူ၏အတွေးစိတ်ကူးဖြင့် ပေါင်းစပ်ကာ တင်ပြရသည့် သဘော ဖြစ်သည်။ ဝတ္ထုတိုနှင့် ပတ်သက်၍ ပညာရှင်အသီးသီး၏ ယူဆချက်ကို လေ့လာကြည့်လျှင် ဆရာတက်တိုးက–

> "ဝတ္ထုတို၌ ဇာတ်လမ်း ဇာတ်ကွက်သည် ပဓာနမဟုတ် ဇာတ်ကောင်၏ ချက်ပိုင်သောဘဝကို တစ်ချက်မျှ ဖော်ပြနိုင်ပါလျှင် ဝတ္ထုတို၏ ကိစ္စသည် ပြီးမြောက်ပြီဟု ဆိုနိုင်ပါ၏။"[၁]

ဟု ဖော်ပြထားပါသည်။ ဆရာမောင်ထင်ကလည်း–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု ဖြစ်ရပ်တစ်ခု လုပ်ရပ်တစ်ခု စိတ်ကူးတစ်ခု ဆင်ခြေပုံတစ်ခု အတွေးအခေါ်တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဗဟိုမဏ္ဍိုင် ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်"[၂]

ဟု ဖော်ပြထားပါသည်။ တစ်ဖန် ဆရာမင်းကျော်ကလည်း–

> "ဝတ္ထုတိုသည် တဒင်္ဂအာရုံခံစားမှု ထိုအာရုံခံစားမှုနှင့် ဆက်နွယ်သော အဖြစ်အပျက် (သို့မဟုတ်) လှုပ်ရှားမှု (သို့မဟုတ်) စိတ်၏ သဘောထားကို ဖော်ပြသော စာမျိုး ဖြစ်သင့်သည်ဟု သဘော ရသည်"[၃]

ဟူ၍လည်းကောင်း ဆိုထားပါသည်။

---

[၁] တက်တိုး၊ ၂၀၀၂၊ ၁၀။

[၂] ထင်၊ မောင်၊ ၁၉၇၉၊ ၂၁၇။

[၃] မင်းကျော်၊ ၁၉၇၉၊ ၁၅၇။

သို့ဖြစ်၍ ပညာရှင်အသီးသီး၏ အဆိုအမိန့်များကို လေ့လာကြည့်လျှင် ဝတ္ထုတို ဟူသော ရသစာပေအဖွဲ့နှင့်ပတ်သက်၍ ဝတ္ထုတိုသည် ဒိဋ္ဌလူ့လောကတွင် ဖြစ်ပျက်နေသော အဖြစ်အပျက် တစ်စုံတစ်ရာကို အချိန်တိုအတွင်း ထင်းကနဲ မြင်သာအောင် ဖော်ပြနိုင်ရမည်။ ထို့ပြင် စာရေးသူတို့သည် လူ့လောကတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို အတွေးစိတ်ကူးနှင့်ပေါင်းစပ်ကာ လူ့စရိုက် လူ့သဘာဝကို ပီပီပြင်ပြင် သရုပ်ပေါ်အောင် ရေးဖွဲ့ထားသော ရသစာပေလည်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၂။ ဇာတ်လမ်းအကျဉ်း

ချည်ထွေးဝတ္ထုတို၏ ဦးတည်ချက်မှာ ရပ်ကွက်ထဲတွင် စကားရှုပ်တတ်၍ အများက နောက်ကွယ်တွင် ပေးထားသော ချည်ထွေးဟူသော အမည်နှင့်လိုက်ဖက်စွာ ရှုပ်ထွေးတတ်သော လူ့စရိုက်သဘာဝသည် အခြေခံလူတန်းစားတို့၏ ပတ်ဝန်းကျင်တွင် ပို၍တွေ့မြင်ရကြောင်း သိရှိစေလိုခြင်း ဖြစ်သည်။ ဇာတ်လမ်းမှာ စာရေးသူတို့မိသားစု မြို့သစ်ရပ်ကွက် လမ်းတိုလေးသို့ ပြောင်းလာသောအခါ နေရာသစ်တွင် အိမ်နီးချင်း ရီထွေးတို့မိသားစုနှင့် ရင်းနှီးခဲ့ရသည်။ ရပ်ကွက်ထဲမှ လူအများက ရီထွေးကို ပြဿနာ အစရှာတတ်၍ ရီထွေးဟု မခေါ်ဘဲ နောက်ကွယ်တွင် ချည်ထွေးဟု ခေါ်ကြောင်း ယောကျာ်းဖြစ်သူကလည်းတစ်မျိုး သမီးများကလည်း ရပ်ကွက်ထဲက ကြားသမျှ စကားကို ချဲ့ထွင်ကာ မိခင်အားပြန်ပြော၍ ရီထွေးက သမီးများ၏စကားကိုယုံကာ ပြန်၍ရန်တွေ့တတ်သည်။ တစ်ရက်တွင် ရီထွေးတို့အိမ်ဝိုင်းကို ပိုင်ရှင်ကရောင်း၍ ရီထွေးတို့မိသားစု ရပ်ကွက်ထဲက ပြောင်းပေးရသောအခါ လူအများက ကျိတ်၍ ဝမ်းသာခဲ့သည်။ သို့သော်လည်း ထိုဝမ်းသာမှုက မကြာပါ။ မကြာခင် ရီထွေးတို့မိသားစု ရပ်ကွက်ထဲသို့ ပြန်လည်ရောက်ရှိလာမည့်သတင်းကို ကြားရ၍ ရပ်ကွက်ထဲရှိ လူအများက စိုးရိမ်စိတ် ဖြစ်နေကြပုံနှင့် ဇာတ်သိမ်းထားသည်။

ဂွဲသတ်ချိန် ဝတ္ထုတို၏ဦးတည်ချက်မှာ ဖောင်သမား ဘိုးမူကဲ့သို့ ဆင်းရဲသော်လည်း ရိုးသားသော၊ ကြိုးစားသော၊ ဖြူစင်သော၊ ကတိသစ္စာ တည်ကြည်သော၊ စိတ်နေသဘောထားရှိသည့်သူများလည်း ရှိကြောင်း ဖော်ပြလိုခြင်း ဖြစ်သည်။ ဇာတ်လမ်းမှာ စာရေးသူသည် အိမ်သန့်ရှင်းရေးလုပ်ရာမှ ဘီရိုထဲတွင် ဖုန်တက်နေသော ရေဒီယိုကိုမြင်၍ ထိုရေဒီယို၏ မူလပိုင်ရှင် ဖောင်သမား ဘိုးမူနှင့် ဒုတိယပိုင်ရှင် ဖခင်တို့၏ပုံရိပ်များကို ပြန်လည်တွေးတော မြင်ယောင်လာမိလေသည်။ ဖောင်သမား ဘိုးမူနှင့် ဖောင်ဆွဲမော်တော်သမား စာရေးသူ၏ဖခင်တို့ အလုပ်ချင်း ဆက်စပ်ရာက မိသားစုနှင့်ပါ ခင်မင်ရင်းနှီးခဲ့သည်။ တစ်နေ့တွင် မြေးဖြစ်သူ ငထွန်းကို ရှင်ပြုရန်

ကုသိုလ်ပါဝင်ချင်၍ ဖခင်ထံမှ ငွေသုံးရာ ချေးယူခဲ့သည်။ ထိုငွေချေးပြီးနောက်ပိုင်းတွင် ဘိုးမူသည် တော်တော်နှင့် ပေါ်မလာခဲ့ချေ။ တစ်ရက်တွင် ဘိုးမူရောက်လာပြီး ငွေသုံးရာနှင့် သူ၏ရေဒီယိုကို ချေး၍ယူရန် ပေးခဲ့ကြောင်း၊ ဖခင်က မယူရက်၍ ရေဒီယိုကို လက်ဆောင် ပြန်ပေးသော်လည်း လက်မခံ၍ ထားခဲ့ကြောင်း၊ စာရေးသူကျောင်းမှအပြန် ဖခင်က အကျိုးအကြောင်း ပြောပြခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် ရေဒီယို၏မူလပိုင်ရှင် ဘိုးမူရော ဒုတိယပိုင်ရှင် ဖခင်ရော လူ့လောကတွင် မရှိတော့ကြောင်း ပြောပြကာ ဇာတ်သိမ်းထားသည်။

ပိုလိုကားချပ်များ ဝတ္ထုတို၏ဦးတည်ချက်မှာ ကလေးငယ်ပင် ဖြစ်သော်လည်း ကြုံတွေ့နေရသော ဘဝပြဿနာများကို ရင်ဆိုင်ပြီး ဖြတ်သန်းနေရသော အခြေခံလူတန်းစားတို့၏ဘဝကို မီးမောင်းထိုး တင်ပြထားသည်။ ဇာတ်လမ်းအကျဉ်းမှာ အသက် ဆယ့်နှစ်နှစ်အရွယ် မကျေးတို့မိသားစုသည် မန္တလေးမြို့၏ မြို့သစ်တစ်ခု ဖြစ်သော ကန်တော်ကြီးအနောက်ဘက်ခြမ်းက အသစ်ဆောက်ထားသော တိုက်တန်းများ၏ ကျောဘက်တွင် ကိုယ်ပိုင်တဲကလေးများနှင့် နေကြသူများ ဖြစ်သည်။ မကျေးသည် မိသားစု၏အခက်အခဲကို ကူညီပေးနေရသူ တစ်ဦးဖြစ်ပြီး ပဲပြုတ်ရောင်းရင်း ကြုံတွေ့နေရသော ပြဿနာများကိုလည်း စာရေးသူအား ပြောပြခဲ့သည်။ အဓိကပြဿနာမှာ အကြွေးရောင်းရခြင်း ဖြစ်သည်။ တစ်ရက်တွင် မကျေးသည် ထွက်ပေါက်ရှာကာ ရပ်ကွက်ထဲမှကလေးများနှင့် ပိုလိုကားချပ်ထပ်တိုင်း ကစား၍ ငွေတစ်ရာ ရှုံးခဲ့သည်။ မိခင်က နှမြော၍ မကျေးအား ရိုက်နှက်ဆုံးမခဲ့သလို စာရေးသူကလည်း ထပ်၍မကစားရန် တားမြစ်ခဲ့သည်။ သို့သော်လည်း မကျေးသည် ထပ်ကစားခဲ့ပြန်၍ စာရေးသူက ဘာလို့ထပ်ကစားတာလဲဟု မေးသောအခါ နိုင်လျှင် အမေ့ကို ပေးချင်သော ဆန္ဒရှိကြောင်းနှင့် နိုင်လျှင်လည်းလက်ငင်း ရှုံးလျှင်လည်းလက်ငင်း အကြွေးမရှိကြောင်း ပြောရင်းနှင့် ဝတ္ထုဇာတ်လမ်းကို အဆုံးသတ်ထားသည်။

## ၃။ ဇာတ်ဆောင်စရိုက်ဖန်တီးမှု

### ၃၊ ၁။ ဇာတ်ဆောင်

ဝတ္ထု ဟူသော စာပေအဖွဲ့တွင် ဝတ္ထု၌ပါဝင်သော သရုပ်ဆောင်များကို ဇာတ်ဆောင်ဟု သတ်မှတ်ကြပါသည်။ ဇာတ်ဆောင်ကိုပင် ဇာတ်ကောင်ဟု သုံးနှုန်းပြီး ယင်းဇာတ်ကောင်ကိုပင် ဇာတ်လိုက်ဟုလည်း အမျိုးမျိုး ခေါ်ဝေါ်သုံးနှုန်းကြသည် ကိုလည်း တွေ့ရှိရပါသည်။ ဇာတ်ဆောင်နှင့်ပတ်သက်၍ အမျိုးမျိုးအဓိပ္ပာယ်ဖွဲ့ဆိုပုံကို ကြည့်ပါက မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ဇာတ်ဆောင်၏အဓိပ္ပာယ်ကို–

> "ဇာတ် ရုပ်ရှင် ဝတ္ထု စသည်တို့တွင် ပါဝင်သူ မျက်နှာဖုံး ခေါင်းဆောင်များနှင့် ဟန်အမူအရာဖြင့် ဇာတ်ဆောင်များ၏ စိတ်အစဉ်ကို ဖော်ပြရခြင်း"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ဆရာမြသန်းတင့်ကလည်း ဇာတ်ဆောင်၏သဘောကို–

> "ဝတ္ထုထဲက ဇာတ်ဆောင်များဟာ ပုံတူဆွဲထားတဲ့ ရုပ်ပုံလွှာ မဟုတ်ဘူး တကယ်သက်ရှိလူတွေကို နေရာပြောင်းထားပေးခြင်း ဖြစ်တယ်"[၂]

ဟူ၍ လည်းကောင်း မြန်မာဝတ္ထုတို အညွှန်းတွင် မလိခကလည်း–

> "မည်သို့ပင်ဖြစ်စေ ဇာတ်ဆောင် ဟူသည် လူတန်းစားစရိုက်ကို ကိုယ်စားပြုရပေမည် လူတန်းစားအခြေခံ လူသားဝါဒကို ဖော်ပြ ရမည်"[၃]

ဟူ၍ ဆိုထားပါသည်။

ထို့ကြောင့် ဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်များသည် အဖြစ်အပျက် တစ်စုံတစ်ရာကို ကိုယ်စားပြုတင်ပြရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖန်တီးရေးသားကြသည်။ စာရေးသူတို့သည် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော လူ့သဘာဝကို စာဖတ်သူများ သိရှိစေရန် ဝတ္ထုထဲတွင်ရှိသော ဇာတ်ဆောင်များဖြင့် ကိုယ်စားပြု၍ သရုပ်ဖော်ကြသည်။ လူ့သဘာဝစရိုက် သရုပ်ဖော်မှုအားကောင်းလျှင် ဇာတ်ဆောင်အားကောင်းသော ဝတ္ထုအဖြစ် သတ်မှတ်ကြပါသည်။

## ၃၊၂။ ဇာတ်ဆောင်စရိုက်

ဝတ္ထုတစ်ပုဒ်တွင် အဖြစ်အပျက်တို့သည် ရပ်တန့်မနေဘဲ တစ်ခုပြီးတစ်ခု ရွေ့လျားနေကြသော သဘောသည် ဇာတ်လမ်းသဘော ဖြစ်သည်။ ထိုရွေ့လျား နေကြသော အဖြစ်အပျက်တို့တွင် ပါဝင်လှုပ်ရှားနေကြသူများသည် ဇာတ်ဆောင်များ ဖြစ်ကြသည်။ ဇာတ်ဆောင်စရိုက်များကို လေ့လာကြည့်ရာတွင် ဇာတ်ဆောင်၏ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်များမှ ဇာတ်ဆောင်စရိုက်ကို သိနိုင်ပါသည်။ အချို့ဝတ္ထုများတွင် ဇာတ်လမ်းထက် ဇာတ်ဆောင်စရိုက်ကို အသားပေးသော ဝတ္ထု

---

[၁] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ ၁၉၇၉၊ ၅၁။
[၂] မြသန်းတင့်၊ ၂၀၀၁၊ ၃၄။
[၃] မလိခ၊ ၁၉၇၄၊ ၃၁။

များကို တွေ့ရသည်။ ထို့ပြင် စာရေးသူတို့သည် ဇာတ်ဆောင်စရိုက်ကို အလေးပေး ဖန်တီးကာ စာဖတ်သူတို့၏နှစ်သက်မှုကို ရယူတတ်ကြသည်။ ဝတ္ထုတိုတွင် ဇာတ်ဆောင် စရိုက်၏ အရေးပါပုံကို ဆရာတက်တိုးက–

> "အရေးအသားမည်မျှပင် ကောင်းစေကာမူလည်း လူ့သဘာဝ လူ့စရိုက်တို့ကို သရုပ်မဆောင်လျှင် (သရုပ်ဆောင်ရာ၌ မအောင်မြင်လျှင်) ထိုဝတ္ထုတိုမှာ စာပေအရာမြောက်သည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှချေသည်"[၁]

ဟု ဖွင့်ဆိုထားသည်။ ဆရာဝင်းငြိမ်းကလည်း–

> "ဇာတ်ကောင်တစ်ကောင်၏ လှုပ်ရှားမှုဟာ အဓိပ္ပာယ်ရှိတဲ့ လှုပ်ရှားမှုမျိုး ဖြစ်ရမယ် လှုပ်ရှားမှုတိုင်းဟာ ခံစားချက် ဦးတည်ချက် ဖော်ပြချက်ဆိုတာတွေ ပေါင်းစပ်ပါဝင်ရမယ်"[၂]

ဟူ၍လည်းကောင်း၊ ဆရာအောင်သင်းကလည်း ဇာတ်ဆောင်စရိုက်ကို–

> "ဇာတ်ဆောင်တစ်ဦး၏ စကားပြောမြန်ခြင်း၊ လေးခြင်း၊ စိတ်ဆတ်ခြင်း စိတ်ရှည်ခြင်း၊ သတ္တိကောင်းခြင်း၊ အသည်းငယ်ခြင်း စသည် တို့ထက် ရိုးသားခြင်း၊ ကောက်ကျစ်ခြင်း၊ မြင့်မြတ်ခြင်း ယုတ်မာခြင်း စသည်တို့နှင့် ပို၍သက်ဆိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်"[၃]

ဟူ၍ ဆိုထားပါသည်။

ထို့ကြောင့် ဇာတ်ဆောင်စရိုက်၏ အရေးပါမှုသည်လည်း ဝတ္ထုကောင်းတို့၏ လက္ခဏာတစ်ရပ် ဖြစ်သည်။ ဝတ္ထုတစ်ပုဒ်တွင် ဇာတ်ဆောင်သည် မရှိမဖြစ် လိုအပ် သကဲ့သို့ ဇာတ်လမ်းအချိုးအကွေ့ အတက်အကျပေါ်တွင် ဇာတ်ဆောင်တို့၏အပြုအမူ အပြောအဆို အတွေးအကြံများကို လိုအပ်သလို ပုံဖော်ပေးရသည်။ ဇာတ်ဆောင်၏ ကိုယ်ကျင့်တရားမှ သူ၏စရိုက်ကို သိနိုင်ပါသည်။ ကိုယ်ကျင့်တရားဆိုသည်မှာ လူပုဂ္ဂိုလ်များတွင်ရှိသော အမူအကျင့်ပင် ဖြစ်သည်။ စာရေးသူတို့က ဇာတ်ဆောင် စရိုက်ကို စရိုက်သေဇာတ်ဆောင်နှင့် စရိုက်ရှင်ဇာတ်ဆောင် ဟူ၍ ဖန်တီးကြသည်။ စရိုက်သေဇာတ်ဆောင်မှာ ဝတ္ထုထဲတွင် စလယ်ဆုံး ကောင်းသည်။ စရိုက်ရှင်ဇာတ်ဆောင်မှာ

---

[၁] တက်တိုး၊ ၂၀၀၂၊ ၁၀

[၂] ဝင်းငြိမ်း၊ ၂၀၀၂၊ ၅၆။

[၃] အောင်သင်း၊ ၁၉၉၄၊ ၄၃။

ဝတ္ထုထဲတွင် အဆိုးမှအကောင်းသို့လည်းကောင်း၊ အကောင်းမှအဆိုးသို့ လည်းကောင်း ပြောင်းလဲတတ်သည့် သဘောရှိသည်။ အဆိုးအကောင်း မည်သို့ပင်ရှိစေကာမူ သဘာဝ ကျသော ဇာတ်ဆောင်စရိုက်ကို ဖော်ပြနိုင်မှသာ ဇာတ်ဆောင်စရိုက် ပီပြင်မည် ဖြစ်သည်။

## ၃၊ ၃။ ဇာတ်ဆောင်စရိုက်ဖန်တီးမှု

ဝတ္ထုတိုများသည် ဒိဋ္ဌဓမ္မလောကမှ အဖြစ်အပျက်များကို စာဖတ်သူများအနေနှင့် ယုံကြည်လက်ခံလာအောင် စာရေးသူတို့က သူတို့၏ဇာတ်ဆောင်များကို ဖန်တီးယူ ရသည်။ စာရေးသူသည် မိမိကျင်လည်ရာဘဝ မိမိပတ်ဝန်းကျင် အတွေ့အကြုံများပေါ် မူတည်၍ ဘဝထဲမှဇာတ်လမ်းကို တည်ဆောက်ကြသည်။ ထိုသို့ဇာတ်အိမ်တည် ရေးဖွဲ့ရာတွင် ဒိဋ္ဌဓမ္မလောကနှင့် နီးစပ်ရန်လိုအပ်သကဲ့သို့ စိတ်ကူးဉာဏ် ဆန်းသစ်မှု တို့ဖြင့် အနုပညာရသမြောက်အောင် ရေးသားကြသည်။ အထူးသဖြင့် ဝတ္ထုထဲမှ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော်ရာတွင် တကယ့်လူနှင့်တူအောင် သရုပ်ဖော်ကြသည်။ ဇာတ်ဆောင်ဖန်တီးမှုနှင့်ပတ်သက်၍ မြန်မာစာပါမောက္ခ ဦးဝန်(မင်းသုဝဏ်)က–

> "ဇာတ်လမ်းတွင် အရေးကိစ္စတစ်ခု၌ လူကောင်းသည် အရေးကိစ္စ တစ်ခု၌ မည်သို့ပြုမူတတ်ပုံ လူဆိုးသည် မည်သို့ပြုမူတတ်ပုံကို လည်းကောင်း၊ လူကောင်းကြောင့် မည်သို့ဖြစ်တတ်ပုံကို လူဆိုးကြောင့် မည်သို့ဖြစ်တတ်ပုံတို့ကိုသော် လည်းကောင်း ဝမ်းမြောက်ဖွယ် ဝမ်းနည်းဖွယ် ပျော်ရွှင်ဖွယ် ထိတ်လန့်ဖွယ် ကြည်ညိုဖွယ် စက်ဆုတ်ဖွယ်ဖြစ်အောင် သင့်ရာရာရေးဖွဲ့တတ် ပေသည်။

ဖွဲ့ရာတွင် နည်းသုံးနည်း ရှိသည်။

(၁) ဇာတ်လိုက်သဘာဝကို ဝတ္ထုဆရာက တိုက်ရိုက်ပြောပြသော နည်း ဖြစ်သည်။ ဥပမာ မောင်ဖြူသည် လူရိုးလူဖြောင့် ဖြစ်သည် ဟုလည်းကောင်း၊ လူလိမ်လူကောက်ဖြစ်သည် ဟုလည်းကောင်း ဖွင့်ဆိုပြသော နည်း ဖြစ်သည်။

(၂) နောက်တစ်နည်းမှာ ဇာတ်လိုက်တစ်ဦး၏ သဘာဝကို အခြားသော ဇာတ်လိုက်တို့၏ အပြောအဆို အယူအဆဖြင့် လည်းကောင်း၊ ထိုဇာတ်လိုက်တို့၏ ပြုမူဆက်ဆံမှုများဖြင့် လည်းကောင်း ဖော်ပြသောနည်း ဖြစ်သည်။

(၃) နောက်တစ်မျိုးမှာ ဇာတ်လိုက်၏ ကိုယ် နှုတ် နှလုံး အမူအရာများကို စာဖတ်သူတို့ကိုယ်တိုင် မိမိတို့၏ စိတ်မျက်စိ စိတ်နားတို့၌ အလိုအလျောက် ထင်လာ မြင်လာအောင် ဖွဲ့သော နည်း ဖြစ်သည်။"[၁]

ဟု မိန့်ဆိုထားပါသည်။

ထို့ကြောင့် ဇာတ်ဆောင်စရိုက် ဖန်တီးရာတွင် ဝတ္ထုရေးဆရာက ဇာတ်လမ်း အချိုးအကွေ့ အတက်အကျပေါ်မူတည်၍လည်းကောင်း၊ ဇာတ်ဆောင်အချင်းချင်း အားပြိုင်၍လည်းကောင်း၊ ဇာတ်ဆောင်၏ အတွင်းစိတ်နှင့် အပြင်စိတ် အားပြိုင်၍ လည်းကောင်း ဇာတ်ဆောင်စရိုက်ကို ဖန်တီးယူရပါသည်။ ဝတ္ထုတိုသည် ဒိဋ္ဌဓမ္မ လောကမှ အဖြစ်အပျက်များကို စာဖတ်သူများ လက်ခံယုံကြည်လာအောင် စာရေးသူ တို့က မိမိတို့၏ဇာတ်ဆောင်များကို ဖန်တီးယူရခြင်း ဖြစ်ပါသည်။

## ၄။ ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ဇာတ်ဆောင်စရိုက် ဖန်တီးမှု

ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများတွင် ချည်ထွေးဝတ္ထုတို၊ ဂွဲသတ်ချိန် ဝတ္ထုတိုနှင့် ပိုလိုကားချပ်များဝတ္ထုတိုများမှ ဇာတ်ဆောင်စရိုက် ဖန်တီးမှုများကို လေ့လာတင်ပြသွားပါမည်။

## ၄၊ ၁။ ဝတ္ထုရေးသူက တိုက်ရိုက်ပြော၍ ဇာတ်ဆောင်စရိုက် ဖန်တီးမှု

ဝတ္ထုရေးသူက တိုက်ရိုက်ပြော၍ ဇာတ်ဆောင်စရိုက် ဖန်တီးခြင်းဆိုသည်မှာ ဝတ္ထုရေးသူက ဇာတ်ဆောင်၏ ရုပ်လက္ခဏာများကို အသေးစိတ်ပြောပြ၍ သရုပ်ဖော်ခြင်း ဖြစ်သည်။ သူကား ချောမောလှပသည် ရိုးသားဖြောင့်မတ်သည် စသည်ဖြင့် ကိုယ်နှုတ်အမူအရာကို ဝတ္ထုရေးသူက တိုက်ရိုက်ပြော၍ သရုပ်ဖော်ခြင်း ဖြစ်သည်။

ခင်ခင်ထူး၏ ချည်ထွေးဝတ္ထုတိုတွင် ဝတ္ထုရေးသူက ဇာတ်ဆောင်စရိုက်ကို တိုက်ရိုက်ပြော၍ ဖန်တီးထားသည်ကို လေ့လာတင်ပြသွားပါမည်။ ဤဝတ္ထုတွင် ရီထွေး၏အမူအရာကို–

---

[၁] ဝန်၊ ဦး၊ ၁၉၆၄၊ အမှာစာ။

> “ရီထွေးက ကလေးငါးယောက် မအေဆိုပေမယ့် ကြီးလှသေးတာတော့ မဟုတ်ဘူး သုံးဆယ်ကျော် သုံးဆယ့်ငါး အတွင်းလောက်ရှိမှာပါ အသား မရော်မရဲ နဖူးမောက်မောက် မျက်နှာဖောင်းဖောင်းကြီးနဲ့ မသိရင် ပျားတုပ်ခံထားရတဲ့ပုံ”[၁]

ဟူ၍ ဇာတ်ဆောင်တစ်ဦး၏အကြောင်းကို အသေးစိတ် သရုပ်ဖော်ထားသည်။ အသက်အရွယ် ငယ်သော်လည်း သပ်သပ်ရပ်ရပ်မနေဘဲ ပြင်ဆင်ဝတ်စားပုံမှာ အသက်ကြီးသူပုံပေါ်နေသည့် ရီထွေး၏ ပုံသဏ္ဌာန်၊ အမူအကျင့် ဆင်ယင်ထုံးဖွဲ့မှုများကို ဝတ္ထုရေးသူက တိုက်ရိုက်ပြော၍ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော်ထားသည်။ ကိုယ်တိုင်ပြောရှုထောင့်ကိုသုံးပြီး အပြောနည်းဖြင့် ဇာတ်ဆောင်စရိုက်ကို ပေါ်လွင်စေသည်။ ရီထွေး၏ယောကျ်ားသည်လည်း ကုန်ထမ်းပြီး ညနေပြန်လာလျှင် အရက်သောက်ပြီး ပြန်လာလေ့ရှိသည်။ ပြန်လာတိုင်းလည်း မယားကို ပြဿနာရှာတတ်သည်။ တစ်ခါတစ်ရံ အနီးပတ်ဝန်းကျင်မှ လူအများက ဝင်ရောက်ဟန့်တားသော်လည်း နေ့တိုင်းကျတော့ မဟန့်နိုင်တော့ပေ။ ထိုအခြေအနေတွင်–

> “ရီထွေးက နည်းစနစ်နှစ်ခုနဲ့ထိန်းတယ် တစ်ခုကတော့ လင်မူးပြန်လာလျှင် လင်ကို မဟုတ်တာရော ဟုတ်တာရော ဆီးပြီး မျက်ရည်ခံထိုးတဲ့နည်း၊ နောက်တစ်နည်းကတော့ သမီးလေးတွေကို ပြိုင်တူအော်ခိုင်းတဲ့နည်း၊ ဆီးပြီး မျက်ရည်ခံထိုးတဲ့နည်းက လင်ကို ရပ်ကွက်နဲ့ လှည့်တိုက်တာပါ”[၂]

ဟူသော ပြောစကားများက လက်တွေ့ဘဝတွင် မြင်တွေ့ရသော သဘာဝနှင့် အံဝင်အောင် ကိုယ့်အပြစ်ကိုမမြင်အောင် တဖက်လှည့်နှင့် သူတစ်ပါးအပေါ် ထိုးချတတ်သော လူ့သဘာဝစရိုက်များ ဖြစ်သည်။ လင်နှင့်မယား အပေးအယူမျှကာ မယားက မြှောက်ပေးလျှင်လည်း ရှေ့နောက် စဉ်းစားဆင်ခြင်ဉာဏ်မရှိဘဲ တဇွတ်ထိုးလုပ်တတ်သော ယောကျ်ား၏စရိုက်ကိုလည်း ပေါ်လွင်အောင် ဖန်တီးထားသည်ကို တွေ့ရသည်။ ထို့အပြင် ရီထွေး၏စရိုက်ကိုတင်ပြရာတွင် ရီထွေးသည် ရပ်ကွက်ထဲတွင် အချေးအငှားကလည်း မလွတ်–

> “ကြည်ကြည်သာသာ ချေးလို့ငှားလို့ တောင်းလို့ရမ်းလို့ ရရင်ရ၊ မရလို့ကတော့ ရန်လုပ်ပါလေရော၊ ရန်ဖြစ်တဲ့အိမ်ရှေ့ ထဘီမပြီး ရန်စောင်နေတာ လေးငါးခါက်၊ ရှောင်နိုင်သူတွေက ရှောင်ကြ

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၇။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၇။

ပေမယ့် မရှောင်နိုင်သူတွေကြတော့ ချိတ်ကရော၊ အော်ကြ ဆဲကြ လုံးကြ သတ်ကြ ခဲကိုင် တုတ်ကိုင်တွေ ဖြစ်ကြရော"[၁]

ဟူ၍ ရီထွေး၏အချေးအငှား လက်ရဲဇက်ရဲနိုင်သောစရိုက်၊ ကိုယ့်အလိုမပါရင် နူတ်ကြမ်း အာကြမ်း စရိုက်ကြမ်းဖြင့် လူတန်းစားအဆင့်နှင့် ပြုမူတတ်သော စရိုက်ကို တွေ့ရသည်။ ရန်ဖြစ်ရမှာကိုလည်း မရှက်မကြောက်တတ်သော စရိုက်ကို တွေ့ရသည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင်လည်း–

"စာအုပ်ဆိုင်နှင့် စကားများတာကလည်း ခဏခဏ၊ တစ်ညတစ်ရာ ပေးရတဲ့ ပုဂ္ဂလိက လျှပ်စစ်မီးသမားနဲ့ ငြင်းခုံကြတာလည်း ခဏခဏ၊ သူများခြံစည်းရိုးပင် သွားခုတ်ပြီး ထင်းစိုက်လို့ ရုံးရောက်တာလည်း ခဏခဏ"[၂]

ဟူ၍ ပြဿနာမျိုးစုံနှင့် ရုပ်ထွေးတတ်သော အရှုပ်အရှင်းမကင်းသော စရိုက်တို့မှာ ဝတ္ထုခေါင်းစဉ်နှင့် လိုက်ဖက်စွာ စာဖတ်သူကို ပို၍စိတ်ဝင်စားစေပါသည်။ လူတိုင်းက ပြဿနာဖြစ်မည်ကို မလိုလားကြသော်လည်း–

"ရီထွေးက ဈေးဝယ်လွတ်ရင် ရောင်းရတဲ့ အိမ်ဆိုင်တွေက နောက်ဆက်တွဲပြဿနာတွေကို ကြောက်ကြတယ်၊ ဖယောင်းတိုင်တစ်တိုင် လက်ဖက်ခြောက်တစ်ထုပ် အခေါက်ခေါက် အခါခါ လဲခိုင်းတာမျိုး၊ အအမ်းအတောမှားလို့၊ ပိုက်ဆံကစုတ်နေလို့၊ အကြွေးချန်လို့၊ ကလေးတွေက မုန့်ပါ ရောနှိုက်သွားလို့ ဆိုတာမျိုးတွေကလည်း ထပ်လို့"[၃]

စသည်ဖြင့် ပြဿနာကို အစရှာတတ်သည်။ ရီထွေးသည် ပြဿနာဖြစ်၍ စိတ်ညစ်ရတာလည်းမရှိ ခံစားမှုလည်းမရှိ ရှက်ကြောက်မှုလည်းမရှိသော ရီထွေး၏စရိုက်မှာ ဒိဋ္ဌဓမ္မလောကတွင် ကြုံတွေ့ရသော စရိုက်မျိုး ဖြစ်သည်။ စာရေးသူသည် ဝတ္ထုဇာတ်လမ်းနှင့်လျော်ညီစွာ ဇာတ်ဆောင်စရိုက်ကို ပြဿနာရှာဖွေတတ်သူ တစ်ဦးအဖြစ် ဖန်တီးထားသည်။

ဝတ္ထုဇာတ်လမ်း နောက်ဆုံးတွင် ရီထွေးကို ရပ်ကွက်ထဲမှ လူအများက ပြဿနာဖြစ်မှာစိုး၍ ရှောင်ကြသည်။ တစ်နေ့တွင် ရီထွေးတို့နေသောအိမ်ဝိုင်းကို

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၅။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉။

ပွဲစားတစ်ယောက်ကဝယ်၍ ဖယ်ပေးခဲ့ရသည်။ ရီထွေးတို့မိသားစု ပြောင်းသွားသည်ကို ပတ်ဝန်းကျင်က လူအများက စိတ်ထဲက ကျိတ်၍ဝမ်းသာနေကြသော်လည်း ပြောင်းသွားပြီး သိပ်မကြာခင် ရပ်ကွက်ထဲသို့ ပြန်ပြောင်းလာမည့်သတင်းကို ကြားရသောအခါ–

> "ရပ်ကွက်ထဲက လူတွေကတော့ ရီထွေးပြန်ရောက်လာမှာ စိတ်ညစ်ကြတယ်၊ ရီထွေးပြန်ရောက်လာရင် ချည်ထွေးလို ရှုပ်ဦးမှာပဲ"[၁]

ဟူ၍ ဆိုလိုချင်သောအချက်ကို နိဂုံးတွင် ဖွင့်ပြထားသည်။ ဝတ္ထုဇာတ်လမ်း အစမှအဆုံး ရီထွေး၏ ရှုပ်ထွေးတတ်သော ပြဿနာရှာတတ်သော ကြမ်းတမ်းသော စရိုက်ကို လက်တွေ့လူ့လောကရှိ စရိုက်များနှင့် အံဝင်အောင်ရေးသားကာ စရိုက်ကြွ ဇာတ်ဆောင်အဖြစ် ဖန်တီးထားသည်။

ဂွဲသတ်ချိန်ဝတ္ထုတိုသည် ရေဒီယိုတစ်လုံးနှင့် ဘဝကို ရေပေါ်တွင် မြှုပ်နှံကာ ဖောင်သမား ဘိုးမူ၏ ရိုးသားသောဘဝကို ဖော်ပြလိုခြင်းသည် ဤဝတ္ထု၏ ဦးတည်ချက် ဖြစ်သည်။ ဤဝတ္ထုတွင် စာရေးသူတို့မိသားစုနှင့် တွေ့ခဲ့သော ဘိုးမူ၏ အကြောင်းကို–

> "ဘိုးမူ၏ အမည်အရင်းကို ကျွန်မတို့တစ်တွေ မသိကြပါ လူတကာက ဘိုးမူဆိုလို့ ဘိုးမူခေါ်ကြရခြင်းပင် ဘိုးမူက ဖောင်သမား အဖေက ဖောင်ဆွဲမော်တော်သမားဆိုတော့ အလုပ်ချင်း ဆက်စပ်ရာက ဘိုးမူနှင့်ခင်မင်ကြရတာကလွဲလို့ ဘိုးမူအကြောင်း ဘယ်သူမှ ဂဃနဏ မပြောနိုင်ဘူး"[၂]

ဟူ၍ ဘိုးမူနှင့်စပြီး သိကျွမ်းခင်မင်ခဲ့ရသော်လည်း ဘိုးမူကလွဲ၍ ကျန်သည့် အကြောင်းအရာများကို မသိခဲ့ကြောင်း တင်ပြထားသည်။ ဖခင်နှင့် အလုပ်ချင်း ဆက်စပ်ရာက သိကျွမ်း၍ နောင်တွင် ဘိုးမူက ဖခင်ထံမှ ငွေပေးငွေယူကိစ္စများ လုပ်ငန်းဆက်စပ်မှုများနှင့် အဝင်အထွက်များပြီး စာရေးသူတို့မိသားစုနှင့် ခင်မင်ရင်နှီး ခဲ့ရသည်။ ဘိုးမူ၏ ပုံပန်းသွင်ပြင်ကို–

> "နေပူရေပူလေပူထဲ သစ်ဖောင်မျှောသလို မျှောရသူဆိုတော့ အသားက သစ်ဆေးရောင် ညစ်နက်နက်ဖြစ်သည်။ မွဲခြောက်ခြောက် မျက်လုံးတွေမှာ အမြဲတမ်း မျက်ဝတ်တွေ ထွက်နေတတ်သည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၀။

အင်္ကျီကျောပြောင်ကြီးနှင့် နေတတ်သူဆိုသော်လည်း စွပ်ကျယ်ဟောင်း တစ်ထည်တော့ ပခုံးပေါ် ပါလာတတ်သည်"[၁]

ဟူ၍ အလုပ်လုပ်ပုံ၊ အသားအရောင်၊ ပုံပန်းသဏ္ဌာန် ဝတ်စားဆင်ယင်ပုံတို့ဖြင့် ဇာတ်ဆောင်ကို မိတ်ဆက်ပေးထားသည်။ ထို့ပြင်-

"ဘယ်တုန်းကမှ ဖွတ်ခြင်းလျှော်ခြင်း မရှိဘဲ ခေါင်းပေါင်းထား တတ်သော တဘက်ကြီးမှာ ချေးညှော်များ ချွေးစေးများ သဲမှုန့် ဖုန်မှုန့်များဖြင့် စေးကပ်ကာ ပျစ်တွဲကြီး ရှိနေသည်"[၂]

ဟူ၍ ဘိုးမူ၏ အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊

"ခေါင်းပေါင်းကြီးအောက်မှ ဘိုးမူမျက်နှာ မည်းညစ်ညစ်ကြီး ကလည်း မျက်လုံးအရောင်ကိုပင် မမြင်ရ ဘိုးမူရယ်လိုက်လျှင် ပါးကြီးခွက်သွားတတ်တာကလွဲ၍ သွားရယ်လို့လည်း မတွေ့ရပါ"[၃]

ဟူ၍လည်းကောင်း စာဖတ်သူ၏မျက်စိထဲတွင် မြင်ယောင်လာအောင် ဘိုးမူ၏ ရိုးသားသော စရိုက်ကို သူ၏ပုံပန်းသွင်ပြင် အမူအရာက ဖော်ပြထားပါသည်။ တစ်ခါတစ်ရံ စာရေးသူတို့မိသားစု ဖခင် မော်တော်ဆိုက်ကပ်ထားရာ သစ်ဆိပ်သို့ လိုက်သွားသည့်အခါမျိုးတွင် ဘိုးမူသည်-

"ဖောင်ပေါ်က ဖောင်တဲကလေးထဲတွင် ချက်ပြုတ်နေတတ်တာ ရှိသလို ဖောင်ကြိုးများကို လိုက်တုပ်နေတာမျိုး သစ်လုံးတွေ တွဲတာ လိုက်ကြည့်နေတာမျိုးလည်း တွေ့ရတတ်ပါသည်"[၄]

ဟူ၍ ဘိုးမူ၏ ကျင်လည်ရာနေရာပတ်ဝန်းကျင် မိမိအလုပ်ကို အာရုံစိုက်ကာ စနစ်တကျ ဆောင်ရွက်တတ်သော စရိုက်ကို တွေ့ရသည်။ စာရေးသူ၏ဖခင်သည် အသက်ကြီး၍ ဖောင်ဆွဲမော်တော် အလုပ်က အနားယူလိုက်သော်လည်း ဘိုးမူကမူ-

"လူငယ်များလို ကျားစီးဖားစီး မရှိတော့ပေမယ့် ဖောင်ဘိုးတော် ဆိုသော ဘွဲ့ဖြင့် ဘေးကင်းရန်ကင်း ဖောင်စောင့် တဲစောင့်အဖြစ် ဘိုးမူကို ခေါ်ကြရသည်"[၅]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၀။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၁။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၁။
[၄] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၁။
[၅] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၆။

ဟူ၍ အသက်အရွယ်ကြီးရင့်လာသောအခါ ဖောင်ဘိုးတော်အမည်ရ၍ နားခွင့်ရယ် မရှိသောဘဝနှင့် ဖောင်ပေါ်တွင်ပင် အသက်ရှင်သန်နေရသောဘဝမှာ သနားစရာ ကောင်းလှသည်။ ဘိုးမူသည် ဖခင်ထံမှ သူ၏မြေးဖြစ်သူရှင်ပြုရန် ငွေချေးပြီး တော်တော်နှင့် ပေါ်မလာခဲ့ပေ။ သို့သော်လည်း စာရေးသူမရှိသော တစ်ရက်တွင် ဘိုးမူ ရောက်လာ၍ ချေးငွေကို ပြန်မဆပ်နိုင်သော်လည်း သူစွဲလမ်းခဲ့ရသော သူ၏အဖော် ဖြစ်သော ရေဒီယိုကို တန်ဖိုးဖြတ်ကာ ထားခဲ့သည်။ ကတိသစ္စာမပျက်သော ရိုးသားသော ဘိုးမူ၏စရိုက်ကို တွေ့ရသည်။

ပိုလိုကားချပ်များ ဝတ္ထုတိုတွင် မကျေးကို အဓိကဇာတ်ဆောင်အဖြစ် ဖန်တီးကာ အခြေခံလူတန်းစားတို့၏ဘဝကို ဖော်ပြထားသည်။ ဤဝတ္ထုတွင် စာရေးသူက မကျေး၏ ပုံသဏ္ဌာန်ကို–

> "ဒီကလေးမလေးကို မကျေးလို့ခေါ်ကြတယ်၊ လူပုံက ခပ်ညှက်ညှက် သေးသေးကလေး၊ ပိန်လိုက်တာကလည်း အရိုးစုကလေး ထောင်ထားသလား ထင်မှတ်ရတယ်၊ မြင်လိုက်ရရင် လေဘေး အင်္ကျီ ဖိုးရိုးဖားရားကြီးနဲ့ မလိုက်အောင် ဘဲမြီးကလေးလို ထွက်နေတဲ့ ဆံပင်စုစည်းကလေးက မကျေးရဲ့ ကိုယ်ပိုင်ရုပ်ပုံလွှာပဲ"[၁]

ဟူ၍ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ ဆီမလိမ်း၍ ခြောက်သွေ့နေသောဆံပင် ဟန်ပန် အမူအရာတို့ကို စာရေးသူက တိုက်ရိုက်ပြော၍ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော် ထားသည်။ ထို့အပြင်–

> "မကျေးကတော့ သူ့ခေါင်းပေါ်က ပဲပြုတ်တောင်းကြီးကို ဟန်ချက် ကောင်းကောင်းနဲ့ ထိန်းတတ်နေပါပြီ၊ တစ်ခါတလေ ပဲပြုတ် တောင်းကြီးကို လက်လွှတ်ပြီး ပိုက်ဆံများတောင် ရေနေတတ်သေး၊ ချိန်ခွင်ကိုကိုင်တွယ်ပုံကအစ ပဲကလေး နှစ်စေ့သုံးစေ့ကို ဇရာမ ရက်ရောမှုကြီးလို အဆစ်သဘောမျိုး ထည့်ပေးပုံအဆုံး တကယ့် ဝါရင့်ပဲသည် မိန်းမကြီးတစ်ယောက်လို လုပ်တတ်ကိုင်တတ် ရှိလိုက်တာမှ"[၂]

ဟူ၍ မကျေး၏ဟန်ပန်အမူအရာမှာ အသက်နှင့်မမျှအောင် လုပ်ငန်းကျွမ်းကျင်ပုံ လုပ်ရည်ကိုင်ရည်ရှိပုံ ဈေးရောင်းဈေးဝယ် လည်လည်ဝယ်ဝယ်ရှိပုံ စသောစရိုက်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉၈။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉၈။

များကို တွေ့ရသည်။ ဝတ္ထုရေးသူက တိုက်ရိုက်ပြော၍ မကျေး၏ပုံပန်းသဏ္ဌာန်၊ အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံ၊ အသက်မွေးဝမ်းကျောင်းရသောအလုပ်တို့ကို သိရှိရသည်။

ထို့ကြောင့် ပိုလိုကားချပ်များဝတ္ထုတိုတွင် ကလေးတစ်ဦးဖြစ်သော်လည်း မိသားစု စားအိုးကို ကူညီဖြေရှင်းပေးနေရသော ကျောင်းနေအရွယ် ကလေးတစ်ဦး ဖြစ်သော်လည်း ကျောင်းနေခွင့်မရသော အခြေခံလူတန်းစားတို့၏ လူနေမှုစရိုက်သဘာဝကို စာရေးသူကိုယ်တိုင်ပြောရှုထောင့်ဖြင့် ဖန်တီးထားကြောင်း တွေ့ရသည်။ အခြေခံ လူတန်းစားတို့၏ လူနေမှုဘဝကိုနောက်ခံပြုကာ ထိုပတ်ဝန်းကျင်တွင် တွေ့ကြုံနေရသော ဘဝပြဿနာကို စာဖတ်သူများ သိရှိအောင် မီးမောင်းထိုး တင်ပြထားသည်။

## ၄၊ ၂။ အခြားဇာတ်ဆောင်များ၏ အကူအညီဖြင့် ဇာတ်ဆောင်စရိုက်ဖန်တီးမှု

အခြားဇာတ်ဆောင်များ၏အကူအညီဖြင့် ဇာတ်ဆောင်စရိုက် ဖန်တီးရာတွင် မိမိစရိုက်ဖော်လိုသော ဇာတ်ဆောင်နှင့်တွဲဖက်ရန် အရံဇာတ်ဆောင်များကို ဖန်တီးပေးရသည်။ စရိုက်ဖော်လိုသော ဇာတ်ဆောင်နှင့် အရံဇာတ်ဆောင်တို့၏ဆက်ဆံရေးမှ ထွက်ပေါ်လာသော တုံ့ပြန်မှုများမှာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်နှစ်သက်လျှင် ချစ်ခင်နှစ်သက်သည့်အလျောက် မနှစ်သက်လျှင် မနှစ်သက်သည့်အလျောက် အမူအရာ အပြောအဆို အတွေးအကြံတို့ဖြင့် တုံ့ပြန်မည်ဖြစ်သည်။ ဤသို့ဖြင့် ဝတ္ထုတွင် အရံဇာတ်ဆောင်များ၏ အကူအညီဖြင့် ဇာတ်ဆောင်စရိုက်ဖန်တီးမှု ဖြစ်ပေါ်လာကာ စာဖတ်သူတို့၏ စိတ်အာရုံခံစားမှုကိုလည်း ရရှိစေပါသည်။

ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများကို လေ့လာရာတွင် အရံဇာတ်ဆောင်များ၏အကူအညီဖြင့် ဇာတ်ဆောင်စရိုက် ဖန်တီးထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ချည်ထွေးဝတ္ထုတိုတွင် ရပ်ကွက်ထဲ၌ ပြဿနာပေါင်းစုံဖြင့် ရှုပ်ထွေးနေတတ်သော ရီထွေး၏စရိုက်ကို–

> "ဆရာမနှယ် ရီထွေးက ဇယားရှုပ်တယ်နော် ကျွန်မတို့က ရီထွေး
> မခေါ်ဘူး ချည်ထွေးခေါ်တာ ရှင်းမရအောင် ရှုပ်လွန်းလို့လေ"[၁]

ဟူသော လမ်းထိပ်က မုန့်ပျားသလက်ရောင်းသော မသောင်းမေ၏ပြောစကားအရ သိရှိရသည်။ ရီထွေးတစ်ယောက်ထဲ ရှုပ်ထွေးပွေလီသည် မဟုတ်ဘဲ သမီးများကလည်း မိခင်၏မကောင်းသောစရိုက်များ အနည်းငယ် ပါလာကြသည်။ ရပ်ကွက်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂။

ထဲတွင် သတင်းပေးသတင်းယူ ပုံကြီးချဲ့ ရန်တိုက် မဟုတ်ကဟုတ်ကပြော အထူးကျွမ်းကျင်ကြသည်။ ကြားရသမျှသတင်းကို မိခင်ထံပြန်ပို့ကာ ရီထွေးက ထိုသတင်းများကို ခွဲခြမ်းစိတ်ဖြာ၍ အချိန်အခါစောင့်ပြီး ရန်တွေ့တတ်သည်။ ထို့ပြင်–

> "မအေးက အဝတ်တွေ မလျှော်ကြီးကို ပေါင်ခိုင်းမလို့တဲ့ အမေ့ မယုံလို့နေမှာပေါ့"[၁]

ဟူ၍ ရပ်ကွက်၏ယုံကြည်မှုကိုလည်းမရ သမီးတို့၏မြှောက်ထိုးပင့်ကော် ပြောစကားများကို ယုံကြည်ပြီး အခြားသူများအား ရန်လုပ်တတ်သော ကြမ်းတမ်းသော စရိုက်ကို တွေ့ရသည်။ တစ်နေ့တွင် ရီထွေးတို့မိသားစုနေသော အိမ်ဝိုင်းကို ဦးလေးက ရောင်းလိုက်သောအခါ ရီထွေးတို့မိသားစုလည်း ပြောင်းပေးရသည်။ မပြောင်းခင် တစ်အိမ်တက်ဆင်း လိုက်ငိုကာ ဟိုအိမ်ဝိုင်းထဲ တဲကုပ်ဆောက်ပရစေ အိမ်အဖီလေး ဆွဲနေပရစေ ပြောသော်လည်း မည်သူမျှ လက်မခံကြပေ။ ဒုက္ခရောက်နေ၍ ကူညီချင်သော်လည်း သူ၏ရုပ်ထွေးတတ်သော စရိုက်များကြောင့် ပတ်ဝန်းကျင်က လက်မခံချင်ကြပေ။ ရပ်ကွက်ထဲက လူအများစုကလည်း–

> "အခုမှ ချည်ထွေး ရှင်းတော့တယ် ဆရာမရေ ဒါတောင် လေဝေ့ သလို ဝေ့နေတာ"[၂]

ဟူ၍ သူများဒုက္ခရောက်၍ စိတ်မကောင်းသော်လည်း မသိစိတ်က ဝမ်းသာအားရဖြစ်နေသော လူ့သဘာဝကို တွေ့ရသည်။ သို့သော် ကြာကြာဝမ်းမသာရဘဲ မကြာခင် ဒီရပ်ကွက်ထဲ ပြန်ပြောင်းလာတော့မည့် သတင်းကိုကြားရ၍ ရပ်ကွက်ထဲရှိသူတို့မှာ–

> "ရီထွေးပြန်ရောက်လာရင် ချည်ထွေးလို ရှုပ်ဦးမယ် ထင်ပါရဲ့"[၃]

ဟူ၍ စိုးရိမ်သောက ဖြစ်နေကြသည်။

ချည်ထွေးဝတ္ထုတိုတွင် ရီထွေး၏ ရှုပ်ထွေးတတ်သောစရိုက် ကြမ်းတမ်းသော စရိုက်များကြောင့် ပတ်ဝန်းကျင်သည် ရီထွေးနှင့်ဆက်ဆံရမှာကြောက်ပုံ ရပ်ကွက်ထဲမှ ပြောင်းရသောအခါတွင်လည်း လူအများကကျိတ်၍ ဝမ်းသာကြပုံ ပြန်ရောက်လာမည်ဟု သတင်းကြားယုံဖြင့် လူအများကမနှစ်သက်ပုံ စသည့်အပြုအမူများကို တွေ့ရသည်။ သူ၏မကောင်းသောစရိုက်များကြောင့် အခြားဇာတ်ဆောင်များ၏ တုံ့ပြန်မှုမှာ အဆိုးဘက်သို့ ဦးတည်နေခြင်းဖြင့် ဇာတ်ဆောင်စရိုက်ကို ဖန်တီးထားသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၇။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၁။

ဂွဲသတ်ချိန် ဝတ္ထုတိုသည် ဖောင်သမားဘဝနှင့် ရေထဲတွင်ကျင်လည်ကာ ဘဝကိုရုန်းကန်နေရသော ဘိုးမူ၏အကြောင်းကို ဖော်ပြထားသည်။ ဇာတ်လမ်းမှာ ဘိုးမူသည် စာရေးသူတို့မိသားစု၏ မိတ်ဆွေဖြစ်သည်။ ဘိုးမူသည် ဆင်းရဲသော်လည်း ရိုးသားသည်။ ကြိုးစားသည်။ ဖြောင့်မတ်မှန်ကန်သော စိတ်ဓာတ် ရှိသည်။ စာရေးသူ၏ ဖခင်နှင့်လည်း ငွေပေးငွေယူရှိခဲ့သည်။ ငွေယူတာများ၍ ပြန်မဆပ်နိုင်သောအခါ သူနှစ်သက်ခဲ့သော ရေဒီယိုကို အကြွေးထိုးဆပ်ခဲ့သည်။ ထိုအကြောင်းကို ပြန်လည် သတိရကာ ဇာတ်လမ်းဆင်၍ ရေးသားထားခြင်း ဖြစ်သည်။ ဘိုးမူ၏စရိုက်ကို–

> "ခင်ဗျားအကြွေးနဲ့ သံသရာမပတ်ချင်ဘူးဟု ပြောကြားကာ ရေဒီယိုကို ထိုးပေးခဲ့၍ ယူလာခဲ့ရကြောင်း"[၁]

ဖခင်၏ ပြောစကားကိုကြည့်၍ တင်နေသောအကြွေးကို မိမိမြတ်နိုးတန်ဖိုးထားရသော ရေဒီယိုနှင့်တန်ဖိုးဖြတ်ကာ ဘိုးမူ၏ ရိုးသားဖြောင့်မတ်သောစိတ်ထားကို တွေ့ရသည်။ ရေပေါ်တွင် သွားလာလှုပ်ရှား၍ ရေဒီယိုကိုအဖော်ပြုကာ ဘဝကိုဖြတ်သန်းနေရ သော်လည်း အခက်အခဲနှင့် ကြုံတွေ့ရသောအခါ မိမိအဖော် ရေဒီယိုကို စွန့်လွှတ်၍ အကြွေးထိုးဆပ်ခဲ့သော ဆင်းရဲသော်လည်း ကတိ၊ သစ္စာ တည်ကြည်သော ဘိုးမူ၏ စိတ်ထားကို တွေ့ရသည်။ ထို့ပြင် ဘိုးမူသည် မိမိလုပ်ငန်းတွင် ကျွမ်းကျင်ကြောင်း–

> "ဘိုးမူက သူ့လောကပတ်ဝန်းကျင်မှာ အားကိုးရတဲ့ ဖောင်သမား ကြီးကွယ့် မိုးလေများ အကဲခတ်ရပြီဆိုရင် သူ့ကို ဘယ်သူမှ မမှီဘူး နေသာ မိုးသာ တိမ်သာ လသာ မျှောနေရာက ဘယ်စခန်းရောက်ရင် ဖောင်ကပ်ကြတော့ ထမင်းအိုးတစ်လုံးချက် အတွင်း လေကျနိုင်တယ်ဆိုရင် တကယ့်ကို လေကျတော့မှာ သေချာပြီ"[၂]

ဟူ၍လည်းကောင်း၊

> "မိုးပေါ်ကို ကြည့်လိုက်ရင် တိမ်အရောင်မြင်တာနဲ့ ကျုပ်က သိနေတာလို့ အဖေ့ကို ပြောဖူးတယ် ဟုတ်မှာပဲ ဘိုးမူ ဖောင်သက်က အနှစ်လေးငါးဆယ် ရှိနေတာ ဖောင်သမားတွေက သူ့ကို ဖောင်ဘိုးတော်လို့ ခေါ်ကြတယ်"[၃]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၈၈။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၃။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၃။

ဟူ၍ ဖခင်၏ပြောစကားအရ သိရသည်။ သစ်ဖောင်နှင့်ပတ်သက်လျှင် လုပ်ငန်း အတွေ့အကြုံ လမ်းခရီးအတွေ့အကြုံ ရာသီဥတုအခြေအနေ မိုးလေဝသခန့်မှန်းချက် စသည်တို့ကို ရင်းနှီးကျွမ်းဝင်သည်။ လုပ်ငန်းကျွမ်းကျင်မှု မိမိလုပ်ငန်းတွင် အာရုံ စူးစိုက်မှုရှိသော ဘိုးမူ၏စရိုက်ကို အခြားဇာတ်ဆောင်များ၏ ပြောစကားဖြင့် ဖန်တီး ထားသည်။

ဂွဲသတ်ချိန်ဝတ္ထုတွင် အရံဇာတ်ဆောင်များ၏ ပြောစကားများကို ကြည့်၍ ဘိုးမူ၏ ရိုးသားဖြောင့်မတ်မှု လုပ်ငန်းကျွမ်းကျင်သည့်အပြင် မိမိအလုပ်ပေါ်တွင် စေတနာထားကာ အာရုံစူးစိုက်မှုရှိသော စရိုက်များကို တွေ့ရသည်။

ပိုလိုကားချပ်များဝတ္ထုတိုတွင် အဓိကဇာတ်ဆောင် မကျေး၏စရိုက်ကို ပေါ်လွင်အောင် အရံဇာတ်ဆောင်များ၏ အပြောစကားများဖြင့်လည်း ပံ့ပိုးပေးထား သည်ကို တွေ့ရသည်။ ကလေးငယ်ပင်ဖြစ်သော်လည်း မိသားစုအတွက် ပဲပြုတ် ရောင်းရင်း ဘဝကိုရုန်းကန်နေရသော မကျေးသည် ပဲပြုတ်ရောင်းရသည်မှာ အကြွေး ကျ၍ တစ်ခါတစ်ရံ ညည်းညူမိလေသည်။ သို့သော်လည်း ဆက်၍ရောင်းရင်း အရင်းပြုတ်လိုက် ပြန်ထွက်လိုက်နှင့် လုံးလည်ချာလည် ဖြစ်နေခဲ့သည်။ တစ်ရက်တွင် မကျေးသည် သူငယ်ချင်းများနှင့် ပိုလိုကားချပ်ထပ်တိုင်း ကစားခဲ့၍ ငွေတစ်ရာ ရှုံးခဲ့ကြောင်း အမေဖြစ်သူက–

> "ဆရာမရယ် ပြောမပြောချင်ပါဘူး မကျေးက မိုက်လုံးကြီးလွန်း
> လို့ပါ နေ့လယ်က ဟိုဘက်တဲတွေသွားပြီး ပိုလိုကားထပ်တာလေ
> ငွေတစ်ရာရှုံးသတဲ့ ဖြစ်ရပုံများ ဆရာမရယ် ကျွန်မတို့မှာ ငွေတစ်ရာ
> မပြောနဲ့ ကလေးမုန့်ဖိုးတောင် မနည်းကြီး"[၁]

ဟူ၍ ပြောလည်းပြော ငိုလည်းငိုကာ ငွေတစ်ရာမှာ သူတို့အတွက် အလွန်တန်ဖိုး ကြီးကြောင်း ပြောပြလေသည်။ မကျေးသည် ကလေးဖြစ်၍ ကလေးချင်း ရိုးရိုး ကစားသည် ခွင့်လွှတ်နိုင်သော်လည်း လောင်းကစားကဲ့သို့ ငွေကြေးပါလာသောအခါ မကျေး၏ မိုက်ရူးရဲဆန်သော စရိုက်ကို တွေ့ရသည်။ ကိုယ်တိုင်ပဲပြုတ်ရောင်း၍ ပိုက်ဆံရှာနေသော်လည်း ပိုက်ဆံ၏တန်ဖိုးကို နားမလည်သော မကျေး၏စရိုက်မှာ မိုက်မဲသောစရိုက် ဖြစ်သည်။ သို့သော်လည်း ပိုလိုကားချပ်ထပ်တိုင်းကို ထပ်မံကစား ခဲ့ပြန်၍–

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၁၆။

"လမ်းဘေး ပဲတောင်းချပြီး ပိုလိုကစားတာဟာ မိန်းကလေး
လုပ်ရမယ့် အလုပ် မဟုတ်ဘူးလေ ဆင်ခြင်မှပေါ့"[၁]

ဟူ၍ မိန်းကလေးနှင့် မသင့်တော်ကြောင်း ဆရာမက ပြောဆိုဆုံးမသော်လည်း နာခံမှု မရှိသော မကျေး၏စရိုက်ကို တွေ့ရသည်။ မိဘအခြေအနေကိုလည်းသိ မိဘမကြိုက်မှန်းလည်း သိသော်လည်း ပိုလိုကားချပ်ထပ်တိုင်း ကစားရသည်ကို စိတ်ဝင်စားနေသော ဖြတ်လမ်းနည်းနှင့်ငွေရသည်ကို ပျော်ရွှင်နေသော မကျေး၏ မကောင်းသော စရိုက်ကို တွေ့ရသည်။

ပိုလိုကားချပ်များ ဝတ္ထုတိုတွင် မကျေးသည် ကျေးရွာဘဝတွင် လုပ်ကိုင်စားသောက်သော်လည်း အခက်အခဲနှင့်ရင်ဆိုင်ရသောအခါ စိတ်ညစ်၍ သူငယ်ချင်းများနှင့် ကစားခဲ့သည်။ ကစား၍ နိုင်သောအခါ ပျော်ရွှင်ခဲ့သည်။ မိမိအလုပ်ထက်ပို၍ အမြတ်အစွန်းကို လက်ငင်းရသောအခါ တပ်မက်စွဲလမ်းခဲ့သော မကျေး၏စရိုက်မှာ သတိပြုဆင်ခြင်စရာ ဖြစ်သည်။

## ၄၊ ၃။ ဇာတ်ဆောင်၏ ကိုယ်နှုတ်နှလုံး အမူအရာဖြင့် ဇာတ်ဆောင်စရိုက်ဖန်တီးမှု

ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ဇာတ်ဆောင်စရိုက်ဖန်တီးမှုသဘောကို လေ့လာရာတွင် ဇာတ်ဆောင်၏ကိုယ် နှုတ် နှလုံး အမူအရာဖြင့် ဇာတ်ဆောင်စရိုက် ဖန်တီးထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဝတ္ထုတိုတွင် ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားများဖြင့် ဇာတ်ဆောင်၏ တုံ့ပြန်သော အမူအရာ အပြောအဆို အတွေးအကြံတို့ကို ဖော်ပြ၍ ဇာတ်ဆောင်စရိုက်ကို စာဖတ်သူ သိစေလိုသောနည်း ဖြစ်ပါသည်။ စာရေးသူကပြော၍ သိရသော အပြောနည်းမဟုတ် ဇာတ်ဆောင်ကိုယ်တိုင် ပြုမူရသော အပြနည်း ဖြစ်ပါသည်။ ထိုနည်းကို ချည်ထွေးဝတ္ထုတို ဂွဲသတ်ချိန်ဝတ္ထုတိုနှင့် ပိုလိုကားချပ်များဝတ္ထုတိုတွင် တွေ့ရပါသည်။

စာရေးသူတို့မိသားစုသည် မြို့သစ်ရပ်ကွက်သို့ ပြောင်းလာပြီး မကြာမီ ရီထွေးနှင့် သိကျွမ်းလာခဲ့သည်။ မသိကျွမ်း၍လည်းမရ သူ့အိမ်ကို ကိုယ်က မသွားသော်လည်း ကိုယ့်အိမ်ကို အကြောင်းတစ်ခုခုရှာကာ ရီထွေးက ရောက်လာတတ်သည်။ တစ်နေ့တွင်–

"ဆရာမရယ် ပါတိတ်ကောင်းလေး ပေါင်ထားတာကို နှစ်လနှင့်
အဆုံးဆိုတော့ မလွန်ဘူးလား အတိုးလည်း ပေးနေတဲ့ကြားက

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၁၆။

> မနက်အစောကြီး သွားရွေးတော့ ဆုံးပြီတဲ့ မတရားသက်သက် လုပ်တာ သွေးအန်မယ့်ဟာတွေ စားကြပါစေ”[၁]

ဟူ၍ မနက်စောစောစီးစီး မဖိတ်ခေါ်ဘဲနှင့်ရောက်လာကာ ပြဿနာကိုပြောလည်းပြော ကျိန်လည်းကျိန်ကာ ငိုလိုက်သေးသည်။ နံနက်စောစော ပြောသင့် မပြောသင့် မချင့်ချိန်ဘဲ အပူတိုက်ကာ ကြမ်းတမ်းသောစရိုက်ရှိသူဖြစ်ကြောင်း သူ၏အပြောစကားများက ဖော်ပြနေသည်။ တစ်ခါတစ်ရံတွင်လည်း–

> “ဒါ ကျွန်မတို့ဦးလေး တစ်ခေတ်ကောင်းစားတုန်းက နောင်ချို ဘက်မှာ မြေနှစ်ကွက်ပေးခဲ့တာလေ ဆရာမရဲ့ တစ်ကွက်က ကျွန်မအဒေါ် စာရွက် အခု အဒေါ်တို့က ရောင်းတော့မယ် ဆိုတော့ ကျွန်မတို့ကလည်း ရောင်းရတော့မှာ နှစ်ကွက်တွဲကြီး ဆရာမ ယူလိုက်ပါလား”[၂]

ဟူ၍ ဟုတ်မဟုတ်ကို ယုံရခက်ခက်နှင့် သူပြောသမျှကို နားထောင်နေရသော်လည်း စိတ်ထဲမှာမယုံချင် ရပ်ကွက်ထဲတွင် ပေးထားသော ချည်ထွေး ဟူသော အမည်နှင့် လိုက်ဖက်စွာ အမှုကိစ္စမျိုးစုံကို ယူဆောင်လာတတ်သည်။ ထို့ပြင်–

> “ကျွန်မတို့ကို အပ်သွားတာပါ ဆရာမရဲ့ သူတို့က ကြာအုံးမှာ သရက်သီးမှည့်ချိန်မှ ပြန်မရောက်ရင် ခူးရောင်းကြလို့ မှာသွား တာလေ ရဲရဲသာစားပါ”[၃]

ဟူ၍ ပိုင်ရှင်မရှိဘဲ ပိုင်စိုးပိုင်နင်းနှင့် သရက်သီးများကိုခူးကာ အရပ်ထဲတွင် မျက်နှာလို မျက်နှာရ လိုက်ဝေလေသည်။ ပိုင်ရှင်ပြန်ရောက်သောအခါ ကြွေတာရယ် ပုပ်တာရယ် လှွင့်ပစ်တာရယ် အကြောင်းပြကာ စကားကိုရှေ့တစ်မျိုး နောက်တစ်မျိုး လိမ်လည်ပြောဆိုတတ်သော စရိုက်ကို တွေ့ရသည်။ သားသမီးများနှင့် ဆက်ဆံရာ တွင်လည်း နူးညံ့သိမ်မွေ့မှုမရှိ–

> “အကြီးမရေ ဟေ့ အကြီးမ ဘယ်သွားနေတုန်း ကြောင်အိမ်ထဲက မအေ့ဖို့ ချန်ထားခဲ့တဲ့ ဟင်းနှစ်တုံး မစားပါနဲ့ဆိုတဲ့ကြားက စားသွားသေးသနော် အာပုပ်မ ခါးပိုက်နှိုက်မ လာခဲ့”[၄]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၁။
[၄] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၂။

ဟူ၍ ဇာတ်ဆောင်၏ ကိုယ်နှုတ်အမူအရာဖြင့် သူ၏ကြမ်းတမ်းသော စရိုက်ကို တွေ့ရသည်။ သားသမီးကို ဆုံးမရာတွင် ချိုသာမှုမရှိ၊ အပြောအဆိုကြမ်းတမ်းသော စရိုက်ကို တွေ့ရသည်။ ထို့ပြင် မီးဖိုချောင်အချေးအငှားနှင့် ပတ်သက်လာလျှင်လည်း–

> "မစမ်းနဲ့ရယ် ကြက်သွန်တစ်တက်လောက် ပေးစမ်းပါ ချေးက မေ့လာလို့"[၁]

ဟူ၍ လက်ရဲဇက်ရဲနိုင်ကာ တစ်အိမ်ဝင်တစ်အိမ်ထွက် ချေးငှားတတ်သည်။ ကြည်ကြည်သာသာ ချေးလျှင်ချေး မချေးလျှင် စောင်းမြောင်းကာ အော်ဟစ်ဆဲဆို တတ်သော ရီထွေး၏စရိုက်ကို တွေ့ရှိရသည်။ ထို့ကြောင့် ရီထွေးအား ပတ်ဝန်းကျင်မှ လူအများက ကြောက်၍မဟုတ်သော်လည်း မိမိတို့နှင့်ပတ်သက်မည်ကို စိုးရိမ် သောကြောင့် မဆက်ဆံချင်သော်လည်း ဆက်ဆံနေရသည်။

ထိုဝတ္ထုတွင် ရီထွေး၏စရိုက်မှာ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင်လည်းကောင်း သားသမီးနှင့် ဆက်ဆံရာတွင်လည်းကောင်း ကြမ်းတမ်းသောစရိုက် လိမ်ညာပြောဆို တတ်သောစရိုက်ကို နူးညံ့သိမ်မွေ့မှုမရှိ အပြောအဆို ရိုင်းစိုင်းသောစရိုက်တို့မှာ သူ၏ပြောစကားများက ဖော်ပြနေသည်။ ရီထွေး၏စရိုက်က ကြမ်းတမ်းသော်လည်း တစ်ဖက်တွင် ဆရာမ၏ နူးညံ့သိမ်မွေ့သောစရိုက် အမြင်မတော်တာရှိလျှင် ဆိုဆုံးမ တတ်သော စရိုက်များကိုလည်း ဖော်ပြထားသည်။

ဤဝတ္ထုတွင် တစ်ရပ်ကွက်ထဲနေ မိသားစုများဖြစ်သော်လည်း စရိုက်သဘာဝ မတူညီမှုများကို ဖော်ပြထားသည်။ ရပ်ကွက်ထဲမှ လူအများစုသည် ရီထွေးကို ကြောက်ရွံ့၍ မဟုတ်သော်လည်း ပြဿနာဖြစ်မည်ကို စိုးရိမ်သောကြောင့် ရှောင်ဖယ် ကြသော်လည်း ရီထွေးကမတွေ့တွေ့အောင် ဖန်တီးလေ့ရှိကြောင်း တွေ့ရသည်။ ရီထွေး၏ ဆိုးသောစရိုက်ကို တွေ့ရသည်။

ဂွဲသတ်ချိန်ဝတ္ထုတိုတွင်လည်း ဇာတ်ဆောင်၏ ကိုယ် နှုတ် နှလုံး အမူအရာဖြင့် ဇာတ်ဆောင်စရိုက် ဖန်တီးမှုကို တွေ့ရသည်။ ဤဝတ္ထုတိုတွင် အဓိကဇာတ်ဆောင်မှာ ဘိုးမူ ဖြစ်သည်။ ဘိုးမူ၏ စရိုက် ဟန်ပန်အမူအရာကို–

> "ကျုပ်က အင်္ကျီဝတ်ကြီးနဲ့ မနေတတ်ဘူးဗျ ကိုညို၊ရ ဝတ်ရင် ယားနေတော့သာ ဖောင်စစ်စာရေးတွေ သစ်စစ်စာရေးတွေ

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄။

လာရင် အသင့်ဝတ်နိုင်အောင်လို့သာ ပခုံးပေါ် တင်ထားတာ
လူကြီးတွေ လာရင် ရိုသေသမှု ပြုရတာကိုး"[၁]

ဟူ၍ မည်သူကမှ မမေးသော်လည်း အင်္ကျီမဝတ်ရခြင်း၏ အကြောင်းပြချက်ကို ရှင်းပြနေသော ဘိုးမူ၏ရိုးသားသောစရိုက်ကို တွေ့ရသည်။ သို့သော်လည်း စစ်ဆေးရေးများ လာပါက အဆင်သင့်ဝတ်နိုင်အောင် ဆောင်ထားတတ်ကြောင်း သူ၏ပြောစကားများ အရ ဘိုးမူ၏ရိုးသားသော ပွင့်လင်းသော စရိုက်ကို တွေ့ရသည်။ ဘိုးမူသည် အတန်းပညာ မတတ်သော်လည်း ဗဟုသုတကို ရှာမှီးသည်။ ရေဒီယိုကို မပြတ် နားထောင်ကာ ရေဒီယိုမှလာသော အကြောင်းအရာများကိုလည်း စာရေးသူအား ဆရာတင်ကာ–

"နေစမ်းပါဦး ငါ့တူမက အတန်းတွေရလှပြီဆိုတော့ ဘကြီး
မေးစမ်းပါဦးမယ် ရေဒီယိုထဲကလာတဲ့ စစ်ပွဲ ငါ့တူမလည်း
ကြားဖူးမှာပေါ့ ဖော့ကန်ကျွန်းဆိုတာ ဘကြီးတို့နဲ့များ နီးသလား"[၂]

ဟူ၍မေးမြန်းကာ အဖြေသိလျှင် ကျေနပ်အားရနေတတ်သည်။ ထို့ပြင် စာရေးသူ၏ အဖေအား

"ကိုရင်ညိုရာ ကျုပ် ခင်ဗျားဖောင်နဲ့ ကျပါစေ ဆုတောင်းတာဗျ
ခင်ဗျားနဲ့ဆိုတော့ ဖောင်သတ်ချိန် စကားစမြည် ပြောရတယ်
ကျုပ်က ရေထဲက သစ်လုံးတွေပေါ် ဘဝကုန်နေရတာဆိုတော့
ဥပုသ်ရက်ဝင်တောင် မသိတော့ပါဘူးဗျာ"[၃]

ဟူ၍လည်းကောင်း၊

"ဖောင်တဲထဲ တစ်သက်လုံးနေလာတော့ ကုန်းပေါ်ကို မနေတတ်
ပေါင်ဗျာ"[၄]

ဟူ၍လည်းကောင်း၊ အရှိကို အရှိအတိုင်းပြောကာ ဟန်မဆောင်တတ်သောစရိုက် ရိုးသားဖြူစင်သော စရိုက်ကို တွေ့ရသည်။

ဤဝတ္ထုတွင် ဘိုးမူ၏ ဟန်ပန်အမူအရာ ဝတ်စားဆင်ယင်ပုံကို ကြည့်၍လည်းကောင်း၊ လူငယ်နှင့်ဆက်ဆံလျှင်တစ်မျိုး၊ လူကြီးနှင့်ဆက်ဆံလျှင်တစ်မျိုး

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၀။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၂။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၃
[၄] ခင်ခင်ထူး၊ ၂၀၀၉၊ ၉၅။

ယဉ်ကျေးသော အပြောအဆိုတို့ဖြင့်လည်းကောင်း ရိုးသားသောစရိုက်ကို တွေ့ရသည်။ စိတ်သဘောထားကို ကြည့်လျှင်လည်း မိမိကျင်လည်ရာနေရာတွင် နေတတ်ထိုင်တတ် တင်းတိမ်ရောင့်ရဲတတ်သော စိတ်နေသဘောထားများကို တွေ့ရသည်။

ပိုလိုကားချပ်များ ဝတ္ထုတိုတွင် အသက်ဆယ့်နှစ်နှစ်အရွယ် မကျေးကို အဓိက ဇာတ်ဆောင်အဖြစ်ထားကာ ပဲပြုတ်ရောင်းရင်း ဘဝကိုဖြတ်သန်းနေရသော အခြေခံ လူတန်းစားတို့၏ အခြေအနေကို မီးမောင်းထိုးတင်ပြထားသည်။ ထိုဝတ္ထုတိုတွင် မကျေးသည် ဘဝကို ခက်ခက်ခဲခဲ ရင်ဆိုင်ကာ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ပဲပြုတ်ရောင်းရင်း ဝင်ငွေရှာသည်။ သို့သော်လည်း အခက်အခဲများရှိကြောင်း–

> “ဈေးရောင်းရတာ မလွယ်ပါဘူး ဆရာမရယ် စားတော်ပဲဈေးက တစ်ပြည်ကို ခြောက်ရာကျော်သွားပြီ ကောက်ညှင်းငချိတ်က ဈေးထဲမှာ တစ်ပြည်နှစ်ရာ့ငါးဆယ် ဝယ်ဈေးကသာ တက်တာပါ ဆရာမရယ် ရောင်းဈေးကြတော့ သိပ်တက်လို့ဖြစ်တာ မဟုတ်ပါဘူး”[၁]

ဟူ၍လည်းကောင်း၊

> “လူတွေက မနက်တော့ ဟုတ်တိပတ်တိ ယူစားလိုက်ကြတာ ဆရာမရဲ့ ညနေအလုပ်ပြန် ပိုက်ဆံပါလာမှ ကျွန်မကို ပဲဖိုး ပေးတာလေ ရရင်ပြီးတာပဲ ကျွန်မကတော့ သွားတောင်းရတာ ပေါ့လေ”[၂]

ဟူ၍လည်းကောင်း မိမိရင်ဆိုင်နေရသော လုပ်ငန်းအခြေအနေကို စာရေးသူအား ရွယ်တူတန်းတူ သဘောထားကာ စိတ်ရှည်လက်ရှည် ပြောပြနေသည်။ မကျေးသည် အခြေအနေကို သုံးသပ်တင်ပြကာ ကလေးငယ်ပင်ဖြစ်သော်လည်း အတွေးအခေါ် ရင့်ကျက်သော စရိုက်ရှိသူဖြစ်ကြောင်း သူ၏ပြောစကားများအရ တွေ့ရသည်။

မကျေးသည် အသက်အရွယ်နှင့်မမျှ အတွေးအခေါ် ရင့်ကျက်ရုံသာမက သွက်လက်ဖျတ်လက်သည်။ ပါးရေနပ်ရေ ရှိသည်။ ခိုင်းလျှင် ခိုင်းသည့်အလုပ်ထက် ပိုမြင်ကာ–

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀၂။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀၃။

"ဆရာမက ငါးခူမှာလိုက်တာနော် အစိတ်သား နှစ်ရာတဲ့ အကောင်က သေးသေးလေးတွေ ဒါနဲ့ ကျွန်မ ဇလားဗီးယားငါး ဝယ်လာခဲ့တယ်"[၁]

ဟူ၍ သူ၏ပြောစကားများကိုကြည့်လျှင် လည်လည်ဝယ်ဝယ်ရှိသော စရိုက်ကို တွေ့ရသည်။ အခြေအနေကို နားလည်ကာ လိုအပ်လျှင် လိုအပ်သလို ဖန်တီးခဲ့သည်။ အကျိုးအကြောင်း ပြောပြကာ မိမိကိုခိုင်းသည့်လူ ကျေနပ်နားလည်အောင် ရှင်းပြသည်။

အရင်းပြုတ်လျှင် ပဲပြုတ်ရောင်းနားလိုက် အရင်းရှိလျှင် ပဲပြုတ်ရောင်း ပြန်ထွက် လိုက်နှင့် လုံးလည်ချာလည်လိုက်နေသော မကျေးတို့၏ဘဝမှာ သနားစရာလည်း ကောင်းသည်။ ပဲပြုတ်ရောင်းပြန်ထွက်၍ အရင်းဘယ်ကရလဲ မေးလျှင်–

"အဲ့သည့်အိမ်က ငွေထုတ်ပေးတယ် ဆရာမရဲ့ ပဲပြုတ်ဖောက်သည် အိမ်ပါ"[၂]

ဟူ၍ အရင်းထုတ်ပေးသူကို ထုတ်ဖော်ပြောကြားကာ ရင့်ကျက်တည်ငြိမ်သော လေသံနှင့်ရှင်းပြနေသည်မှာ တကယ့်မိန်းမကြီးတစ်ယောက်၏လေသံကဲ့သို့ ဖြစ်သည်။ ခက်ခဲသောဘဝကို ရင့်ကျက်တည်ငြိမ်စွာနှင့် ဖြတ်သန်းနေသော မကျေး၏ဘဝမှာ အရွယ်နှင့်မလိုက်ဖက် သနားစရာကောင်းသော စရိုက်ကို တွေ့ရသည်။ အတိုးများ အဆမတန်ပေးရ၍ ပဲပြုတ်ကိုအကြွေးမရောင်းရန် ပြောသောအခါ–

"အကြွေးမပေးပြန်ရင်လည်း ဖောက်သည်မမြဲမှာ စိုးရသေးတယ်လေ မနက်တိုင်း လမ်းတကာမှာ ကျွန်မတို့လို ပဲပြုတ်သည်တွေ အများကြီးရယ် ဒီလိုအဟောင်းပေး အသစ်ယူ လုပ်ကြရတာပါပဲ"[၃]

ဟူ၍ ကိုယ်ကျင်လည်နေရသော ပတ်ဝန်းကျင်တွင် အခြေအနေပေါ်မူတည်ပြီး လှုပ်ရှား နေရသော မကျေး၏ဘဝကို သနားစရာဇာတ်ဆောင်အဖြစ် တွေ့ရသည်။ အကြွေး မရောင်းပြန်လျှင်လည်း ဈေးမရောင်းရကြောင်း သူ၏ဈေးကွက်ကို ဖော်ပြကာ မကျေး၏ အမြော်အမြင်ကြီးမားသောစရိုက်ကို တွေ့ရသည်။ သို့သော်လည်း မကျေးသည် ကလေးအရွယ်သာဖြစ်၍ ကလေးစိတ်မကုန်သေးသော စရိုက်ကိုလည်း ပိုလိုကားချပ် ထပ်တိုင်း ကစားသည်ကိုကြည့်၍ သိရသည်။ တစ်နေ့တွင် ပိုလိုကားချပ်ထပ်တိုင်း

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀၄။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၀၇။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၁၄။

ကစား၍ ငွေတစ်ရာ ရှုံးခဲ့သည်။ မိခင်က နောက်ထပ်မကစားရန် ရိုက်နှက်ဆုံးမခဲ့သည်။ စာရေးသူကလည်း နောက်ထပ်မကစားရန် ဆုံးမသောအခါ မကျေးက–

> "ပိုလိုကားထပ်ရတာ ပဲပြုတ်ရောင်းရတာနဲ့မတူဘူး ဆရာမရဲ့
> အကြွေးမကျဘူး နိုင်ရင်လည်းလက်ငင်း ရှုံးရင်လည်းလက်ငင်းပဲ
> ပိုလိုကားချပ်ထပ်တာမှာတော့ အကြွေးမရှိဘူးရယ်"[၁]

ဟူ၍ ဖြေကြားခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ကစားရသည့် အကြောင်းရင်းကို သုံးသပ်တင်ပြကာ နိုင်လျှင်လည်း မိဘကိုပေးချင်သည့် မကျေး၏စိတ်ဓာတ် အတန်းပညာ မတတ်သော်လည်း မိဘကျေးဇူးသိတတ်သောစရိုက်ကို တွေ့ရသည်။

ထို့ကြောင့် ပိုလိုကားချပ်များဝတ္ထုတိုတွင် အသက်နှစ်ဆယ်ကျော် ကလေးငယ်တစ်ဦးကို အဓိကဇာတ်ဆောင်အဖြစ်ထားကာ ဇာတ်လမ်းကို ဖန်တီးထားသည်။ မကျေးသည် ငယ်ရွယ်သော်လည်း အမြော်အမြင်ကြီးသောစရိုက် သွက်လက်ချက်ချာသောစရိုက် ဈေးရောင်းဈေးဝယ်ဖြစ်သော မိမိလုပ်ငန်းတွင် လည်လည်ဝယ်ဝယ်ရှိသောစရိုက် ကျရာဘဝတွင် ဖြစ်ပေါ်လာသော ပြဿနာများကို ရင်ဆိုင်ကာ ရင့်ကျက်တည်ငြိမ်သော စရိုက်ကို တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများတွင် ဝတ္ထုတိုပေါင်း (၁၅)ပုဒ် ပါဝင်ပါသည်။ ထိုဝတ္ထုတိုများထဲမှ ဇာတ်ဆောင်စရိုက် အားကောင်းသော ဝတ္ထုတိုများကို ရွေးချယ်၍ ဇာတ်ဆောင်စရိုက် ဖန်တီးမှု အတတ်ပညာများနှင့် ချိန်ထိုးကာ လေ့လာတင်ပြထားပါသည်။ ချည်ထွေးဝတ္ထုတိုတွင် ရီထွေး၏ရုပ်ထွေးတတ်သော မကောင်းသောစရိုက် ဆိုးသောစရိုက်ကို စရိုက်သေအဖြစ် ဖန်တီးပြီး သူ၏မကောင်းသော အကျင့်စရိုက်များ ပေါ်လွင်လာအောင် ပတ်ဝန်းကျင်မှ ကောင်းသောစရိုက်ကို ဖန်တီးပေးထားသည်။ လူ့လောကဝန်းကျင်တွင် အကောင်းနှင့်အဆိုး ဒွန်တွဲနေသော စရိုက်သဘာဝကို ဖော်ပြထားသည်။

ဂွဲသတ်ချိန်ဝတ္ထုတိုတွင် ဖောင်သမား ဘိုးမှုသည် ဆင်းရဲသော်လည်း ရိုးသားသည်၊ ဖြောင့်မတ်သည်၊ လုပ်ငန်းကျွမ်းကျင်သည် မိမိအလုပ်ကို တန်ဖိုးထားသည်။ သူ၏ရိုးသားသော စရိုက်ကြောင့် မိတ်ဆွေများ၏ ချစ်မြတ်နိုးခြင်းကို ခံရသည်။ ပိုလိုကားချပ်များဝတ္ထုတိုတွင် မကျေးသည် ငယ်ရွယ်သော်လည်း အတွေး

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂၁၅။

အခေါ် ရင့်ကျက်ကာ ဘဝကို ရိုးရိုးသားသား ဖြတ်သန်းသည်။ မိမိကျင်လည်ရာ ပတ်ဝန်းကျင်တွင် အခြေအနေပေါ်မူတည်၍ လှုပ်ရှားရုန်းကန်သည်။ ဤဝတ္ထုတို (၃)ပုဒ်လုံးတွင် စာရေးသူက တိုက်ရိုက်ပြော၍လည်းကောင်း၊ အခြားဇာတ်ဆောင်များ၏ အကူအညီဖြင့်လည်းကောင်း၊ ဇာတ်ဆောင်၏ ကိုယ် နှုတ် နှလုံး အမူအရာဖြင့်လည်းကောင်း ဇာတ်ဆောင်စရိုက် ဖန်တီးထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် ခင်ခင်ထူး၏ ရက်ကန်းလွန်းဝတ္ထုတိုများမှ ချည်ထွေးဝတ္ထုတို၊ ဝွဲသတ်ချိန်ဝတ္ထုတိုနှင့် ပိုလိုကားချပ်များဝတ္ထုတိုတို့မှ ဇာတ်ဆောင်စရိုက်များကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုဝတ္ထုတိုများသည် စာဖတ်သူအား ရသပေးစွမ်းနိုင်သည့်အပြင် အတုယူ အားကျစရာ သတိပြု ဆင်ခြင်စရာများကိုလည်း ဇာတ်ဆောင်စရိုက် ဖန်တီးမှုမှတစ်ဆင့် ဘဝသင်ခန်းစာများကိုလည်း ရရှိစေပါသည်။ ခင်ခင်ထူးသည် ဇာတ်ဆောင်စရိုက် ဖန်တီးမှု အားကောင်းသော ဝတ္ထုတိုများကို ပီပီပြင်ပြင် ရေးဖွဲ့နိုင်သောကြောင့် ယနေ့စာပေလောကတွင် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်သူဟုလည်း ဆိုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်ခင်ထူး။ (၂၀၀၉)။ ***"ရက်ကန်းလွန်း ဝတ္ထုတိုများ"***။ ရန်ကုန်။ ရှုဝံပုံနှိပ်တိုက်။

တက်တိုး။ (၂၀၀၂)။ ***"ကမ္ဘာကျော်ဝတ္ထုတိုများနှင့်တက်တိုး၏ရှင်းပြချက်"***။ ရန်ကုန်။ အင်ကြင်းဦးပုံနှိပ်တိုက်။

ထင်၊ မောင်။(၁၉၇၉)။ ***"ဝတ္ထုတိုစာတမ်းများ"***။ (ပထမတွဲ)။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

မလိခ။ (၁၉၇၄)။ ***"မြန်မာဝတ္ထုအညွန့်း"***။ အတွဲ ၁-၂၊ ရန်ကုန်။ စာပေလောကပုံနှိပ်တိုက်။

မင်းကျော်။ (၁၉၇၉)။ ***"ဝတ္ထုတိုစာတမ်းများ"***။ (ပထမတွဲ)။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

မြသန်းတင့်။ (၂၀၀၁)။ ***"စာရေးခြင်း အတတ်ပညာ"***။ ရန်ကုန်။ စစ်သည်တော်စာပေ။

***"မြန်မာအဘိဓာန် အကျဉ်းချုပ်"***။ (၁၉၇၉)။ အတွဲ-၂။ မြန်မာစာအဖွဲ့။

ဝင်းငြိမ်း။ (၂၀၀၂)။ ***"နှစ်ကြောင်းရေးတစ်ကြောင်းခြစ်"***။ ရန်ကုန်။ အရဏ်ကောင်းကင်စာအုပ်တိုက်။

ဝန်၊ ဦး။ (မြန်မာစာပါမောက္ခ) (၁၉၆၄)။ ***"ဦးပုည၏ ဝတ္ထုလေးပုဒ်"***။ ပဌမအကြိမ်။ ရန်ကုန်။
ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

အောင်သင်း။ (၁၉၉၄)။ ***"ဝတ္ထုရေးရာ ဆောင်းပါးများ"***။ ရန်ကုန်။ ဇွန်ပွင့်စာအုပ်တိုက်။

# မောင်ခိုင်မာကဗျာများမှ သရော်စာအဖွဲ့များလေ့လာချက်

ခိုင်နွယ်ဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကဗျာဆရာ မောင်ခိုင်မာ ရေးဖွဲ့ထားသော ကဗျာများမှ သရော်စာအဖွဲ့များ ဖန်တီးထားမှုကို ကဗျာအရေးအဖွဲ့ပိုင်းဆိုင်ရာရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ကဗျာဆရာရွေးဖွဲ့ထားသည့် လူ့သဘာဝ သရော်စာအဖွဲ့၊ လူမှုဝန်းကျင်သရော်စာအဖွဲ့၊ ခေတ်ကာလသရော်စာအဖွဲ့များကို လေ့လာလျက် စာဖတ်သူ၏ စိတ်တွင် ရွှင်ပြုံးနှစ်သက်မှုဖြစ်ပေါ်စေသော ကဗျာဆရာ၏ ဖန်တီးတင်ပြပုံကို သုတေသနပြုလေ့လာထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ကဗျာအရေးအဖွဲ့ပိုင်းဆိုင်ရာရှုထောင့်၊ လူ့သဘာဝ သရော်စာအဖွဲ့၊ လူမှုဝန်းကျင်သရော်စာအဖွဲ့၊ ခေတ်ကာလသရော်စာအဖွဲ့။***

## နိဒါန်း

ကဗျာဆရာသည် ဒိဋ္ဌဓမ္မလောကမှ လူသားတစ်ဦးဖြစ်သည်နှင့်အညီ သိရှိရမှု၊ မြင်တွေ့ရမှု၊ ကြားနာရမှုတို့အပေါ်မူတည်လျက် ကဗျာများကို ရေးဖွဲ့ကြပါသည်။ ကဗျာဆရာ၏စိတ်တွင် ဖြစ်ပေါ်လာသော ခံစားမှုအလျောက် ရေးဖွဲ့ခဲ့သော ကဗျာများသည် စာဖတ်သူများအတွက် သက်ဆိုင်ရာရသအသီးသီးကို ရရှိခံစားစေပါသည်။ ကဗျာဆရာသည် လူ့လောက၏ မတော်မတည့်မှုအမျိုးမျိုး၊ အမြီးအမောက်မတည့်မှု အမျိုးမျိုး စသည့် အခြေအနေတို့အပေါ် အရွှန်းဖောက်လျက် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ကဗျာများ ရေးဖွဲ့တတ်ပါသည်။ ဤသို့ဖြင့် ကဗျာများတွင် နှစ်သက်ဖွယ် သရော်စာ အဖွဲ့များကို တွေ့မြင်ရပါသည်။

## ၁။ သရော်စာ[၁] ဟူသည်

'သရော်' ဟူသော ဝေါဟာရတွင် လှောင်ပြောင်သည့်သဘော၊ ပြက်ရယ်ပြုသည့် သဘော၊ စောင်းထေ့သည့်သဘောများ ပါဝင်နေပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'သရော်' ဟူသော ဝေါဟာရနှင့်ပတ်သက်ပြီး–

---

[၁] stire

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

‘ကျီစယ်သည်။ ပြက်ချော်ပြုသည်။ လှောင်ပြောင်သည်။’’[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ‘သရော်စာ’ ဟူသော ဝေါဟာရနှင့်ပတ်သက်ပြီး–

> “အဖြစ်အပျက်၊ အပြုအမူတစ်ခုခုကို သရော်ပြောင်လှောင်သည့် သဘောဖြင့် ရေးထားသော စာပေတစ်မျိုး”[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ဆရာကြီးမောင်ထင်က–

> “သရော်စာ ဟူသည်မှာ လူ၊ လူတန်းစား၊ ဓလေ့ အမူအရာ၊ အမှုအခင်း စသည်တို့နှင့် သက်ဆိုင်သည့် ပြက်ရယ်ပြုခြင်း အဖွဲ့ပင် ဖြစ်သည်။”[၃]

ဟူ၍ ဖွင့်ဆိုထားပါသည်။

Dictionary of World Literature တွင်–

> “satire ဟူသည် လက်တင်ဘာသာစကား satura မှ satira၊ satira မှ satire သို့ ပြောင်းလဲလာသော စကား ဖြစ်သည်။”[၄]

ဟူ၍ ဖွင့်ဆိုထားပါသည်။

C Carter Colwell က–

> “satire ဟူသည် လူ့ဘဝနှင့် လူ့လောကကို တိုးတက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဟာသနှင့် ဝေဖန်ရေးသဘောတရား ရော၍ ရေးထားသော စာပေအဖွဲ့ အမျိုးအစား ဖြစ်သည်။”[၅]

ဟူ၍ ဖွင့်ဆိုထားပါသည်။

---

[၁] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ ၁၉၈၀၊ ၁၈၁။
[၂] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ ၁၉၈၀၊ ၁၈၁။
[၃] ညိုမြနှင့်အများ၊ ၁၉၇၃၊ ၈။
[၄] Dictionary of World Literature, 1968, 359.
[၅] Colwell, 1968, 49

## ၂။ သရော်စာ၏ သဘောသဘာဝ

သရော်စာနှင့်ပတ်သက်၍ Literature Criticism a glossary of major terms တွင်–

> "မည်သည့်ရည်ရွယ်ချက်ပင် ဖြစ်စေကာမူ သရော်စာ၏ ဂန္ထဝင်မြောက်သော ပစ်မှတ်များမှာ မိုက်မဲမှုနှင့် ဆိုးသွမ်းမှုများဖြစ်သည်။ သရော်စာ ကျင်လည်သော စားကျက်မှာ လူ့အဖွဲ့အစည်းဖြစ်သည်။"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် သရော်စာပါ အကြောင်းအရာများသည် လူ့လောကသဘာဝကိုသာ အဓိကအခြေခံလျက် ရေးဖွဲ့ခြင်းဖြစ်ကြောင်း သိရှိနိုင်ပါသည်။

သရော်စာ ဟူသည် လူ့လောကတွင် ဖြစ်ပျက်လျက်ရှိသော အဖြစ်အပျက်များ၊ လူ့သဘာဝအခြေအနေများနှင့် ပတ်သက်ပြီး ပြက်ရယ်ပြုလှောင်ပြောင်သည့် စာပေအမျိုးအစားဖြစ်ကြောင်း ဆရာကြီးမောင်ထင်က–

> "သရော်စာ ဟူသည်မှာ ယေဘုယျအားဖြင့် လောကကြီး အမြီးအမောက် မတည့်သည့် သဘာဝ၊ ကြီးနိုင်ငယ်ညှဉ်း သဘာဝ၊ ဖိစီးချုပ်ချယ်စိုးမိုးသော သဘာဝ၊ ဟန်ဆောင်ပလွှားသော သဘာဝစသည်တို့ကို ဝေဖန်ရှုတ်ချသောအဖွဲ့ ဖြစ်သည်။ ယင်းသို့ ဝေဖန်ရှုတ်ချရာ၌ ကလိရုံမျှသာ ကလိသော နည်းနိဿယမှသည် ငယ်ထိပ်ကို တင်းပုတ်ဖြင့်နှက်၍ သတိပေးသော နည်းနိဿယအထိ စေတနာသည်သာလျှင် အရင်းခံဖြစ်လေရာ ပြုပြင်လိုသော စေတနာကောင်းဖြင့် ရေးသားဖွဲ့နွဲ့ကြသော စာများမှာ နှောင်းလူတို့ သတိသံဝေဂရဖို့ရာ ကျန်ရစ်ခဲ့သည်က များပေသည်။"[၂]

ဟူ၍ ရှင်းလင်းထားပါသည်။ သရော်စာကို ရေးသားသည့်အခါတွင် လူ့လောကသဘာဝကို ဝေဖန်ရှုတ်ချသောသဘောဖြင့် ရေးသားဖော်ထုတ်ခြင်းထက် စေတနာအရင်းခံပြီး ပြင်ဆင်ပြောင်းလဲစေလိုသောသဘောက ပိုမို အဓိကကျကြောင်း တွေ့ရပါသည်။

Dictionary of Literature Terms တွင်–

---

[၁] Murry, 1978, 49.

[၂] ထင်၊ ၁၉၈၇၊ ၇၅။

> "သရော်စာသည် လူတို့၏ ရူးသွပ်မိုက်မဲမှုများကို ခနိုးခနဲ့ပြုမှု၊ စောင်းချိတ်ပြောဆိုမှု (သို့မဟုတ်) သရော်ပြောင်လှောင်မှုတို့ကို အသုံးပြုကာ ထုတ်ဖော်ခြင်း၊ လူ့လောက၏အမှားအယွင်းများကို ထုတ်ဖော်ခြင်း ဖြစ်သည်။ သရော်စာသည် လူ့အပြုအမူနှင့် လူ့အဖွဲ့အစည်းကို အပြုသဘောဝေဖန်ရာတွင် ဟာသနှင့်အာဝဇ္ဇန်းတို့ ပေါင်းစပ်ပါဝင်သော အဖွဲ့ပုံစံတစ်ခု ဖြစ်သည်။"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ လူ့လောကသဘာဝကို အပြုသဘောဖြင့် သရော်စာအဖွဲ့များ ရေးသားဝေဖန်ရာတွင် ဟာသနှင့် အာဝဇ္ဇန်းတို့ ပေါင်းစပ်ဖန်တီးလေ့ရှိကြောင်း တွေ့ရပါသည်။

ဆရာကြီးမောင်ထင် ဘာသာပြန်ထားသည့် 'ဘာကြောင့် ရယ်ကြသလဲ' ဆောင်းပါးတွင်–

> "satire ဟုခေါ်သော သရော်ခြင်းအဖွဲ့မှာ လူ့သဘာဝအလျောက် ထုံးစံအတိုင်း ဖြစ်ပေါ်နေသော လူကိုသော်လည်းကောင်း၊ လူ့အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လူ့စနစ်ကိုသော်လည်းကောင်း တမင်တကာ ချဲ့ထွင်လုပ်ကြံ၍ ဖွဲ့ခြင်းပင် ဖြစ်သည်။"[၂]

ဟူ၍ ရေးသားထားပါသည်။ သရော်စာရေးသားရာတွင် အမှန်တကယ် အခြေအနေထက် ပိုမိုချဲ့ထွင် ဖန်တီးရေးသားတတ်သော သဘောသဘာဝရှိကြောင်း တွေ့ရပါသည်။

## ၃။ သရော်စာရေးသူ

သရော်စာသည် ဝေဖန်စောင်းထေ့သော အဖွဲ့တစ်မျိုးဖြစ်သဖြင့် စာရေးသူ၏ အခန်းကဏ္ဍမှာလည်း အရေးပါလာသည်။ သရော်စာရေးသားရာတွင် ရိုင်းစိုင်းသောစိတ်၊ မနာလိုဝန်တိုသောစိတ်၊ ရန်ငြိုးထားသောစိတ် စသည့် ဒေါသများမရှိရန် လိုအပ်ပါသည်။

သရော်စာရေးသူများ ထားရှိသင့်သောစိတ်နှင့် ပတ်သက်ပြီး ဆရာမကြီး ဒေါ်ခင်မျိုးချစ်က–

> "လူ့လောကထဲမှာ လူတွေဟာ နွံအညစ် ဒိုက်သရော၊ မှော်တွေထဲမှာ၊ နစ်မွန်းနေကြတာတွေ ဖြစ်ပါတယ်။ အဲဒီလူတွေကို

---

[၁] Harry, 1955, 332.

[၂] ထင်၊ ၁၉၇၈၊ ၇၉။

> သရော်ချင်၊ ရယ်သွမ်းသွေးချင်တဲ့ စာရေးဆရာဟာ သူကိုယ်တိုင် အဲဒီနွံအညစ်၊ ဒိုက်သရော၊ မှော်တွေထဲက ရုန်းထွက်ပြီး သူတို့အထက်က ပဒုမ္မာကြာပန်းလို မိုးပြီး ပွင့်နေနိုင်ရပါလိမ့်မယ်။ ဒါမှသာ သရော်စာ ပီပီပြင်ပြင် ထွက်လာပါလိမ့်မယ်။ အဲသလို နွံအညစ်၊ ဒိုက်သရော၊ မှော်တွေထဲက ရုန်းကန်ထွက်နိုင်အောင် ခွင့်လွှတ်တဲ့စိတ်နှင့် ရယ်ချင်တဲ့စိတ်ကသာ တွန်းဆောင်ပို့ပေးနိုင်ပါတယ်။ သလိုမဟုတ်ရင်တော့ ဆဲစာနှင့် မဲ့ရွဲ့ကဲ့ရဲ့စာသာ ဖြစ်ပါလိမ့်မယ်။ သရော်စာအဖြစ် မရောက်နိုင်ပါဘူး။ ပုဂ္ဂိုလ်တစ်ဦးဦးကို ဦးတည်ပြီးရေးတဲ့ သရော်စာမျိုးဆိုရင် အဲသလို ခွင့်လွှတ်တဲ့စိတ်နှင့် ရယ်ချင်ရယ်တတ်တဲ့စိတ်ရှိဖို့ ပိုပြီးအရေးကြီးပါတယ်။"[၁]

ဟူ၍ ရေးသားထားပါသည်။ သရော်စာ ရေးဖွဲ့မည့် စာရေးသူအနေဖြင့် ခွင့်လွှတ်တတ်သည့်စိတ်နှင့် ရယ်သွမ်းသွေးတတ်သည့်စိတ်တို့ ထားရှိတတ်ရန် အထူးလိုအပ်ကြောင်း တွေ့ရပါသည်။

သရော်စာရေးသူတွင်ရှိရမည့် အရည်အသွေးများနှင့်ပတ်သက်ပြီး ဆရာမကြီး လူထုဒေါ်အမာက–

> "သရုပ်မှန်ကို ဟာသနှောပြီး ပြောရတဲ့ သရော်စာဆိုတာ စာရေးဆရာ (၁၀)ယောက် ပေါ်ထွက်လို့ တစ်ယောက်ရေးတဲ့လူ မထွက်တတ်ပါဘူး။ သရော်စာဟာ စေတနာလည်းမှန်မှ၊ ပါရမီလည်း ရှိမှ၊ အကြားအမြင်ဗဟုသုတကလည်း အလွန်စုံလင်မှ လူ့ဘဝကို ချေးခါးအူမ သိမှတတ်မှ ကောင်းပါတယ်။"[၂]

ဟူ၍ ရေးသားထားပါသည်။ သရော်စာအဖွဲ့ကို ဖန်တီးရေးသူအနေဖြင့် သရော်စာ ရေးနည်းပညာကို သိရှိတတ်ကျွမ်းရမည်သာမက စေတနာ၊ ပါရမီနှင့်အတူ ကျယ်ပြန့်သော ဗဟုသုတနှင့် ဘဝအတွေ့အကြုံတို့ရှိရန်လည်း လိုအပ်ကြောင်း တွေ့ရပါသည်။

## ၄။ သရော်စာနှင့် ဟာသရသ

ရသစာပေတွင် တွေ့ရှိရသော ဟာသရသနှင့်ပတ်သက်ပြီး ဆရာကြီးဇော်ဂျီက–

---

[၁] ခင်မျိုးချစ်၊ ၁၉၉၉၊ ၇၅–၇၆။
[၂] အမာ၊ ၁၉၇၆၊ ၃၄၃။

> "ရသစာပေမှ ရအပ်သော အသောသည် (ဝါ) ဟဿရသသည် ယေဘုယျအားဖြင့် ဟာသဉာဏ်ရှိသူ၏ အသိအမြင်၌ အမြီးအမောက် မတည့်သော သဘောဖြစ်၍ ထိုသဘောကို ဖွဲ့ပြလိုက်သောအခါ အဖွဲ့၏အစွမ်းသတ္တိကြောင့် ပရိသတ် လွယ်လင့်တကူ ရယ်မော ပျော်ရွှင်၍ နှစ်သက်သာယာခြင်း ဖြစ်လိုက်သောစိတ် ဟူ၍ ဆိုချင်သည်။"[၁]

ဟူ၍ ရေးသားထားပါသည်။ ထို့ကြောင့် ရသစာပေအဖွဲ့များတွင် ဟဿရသ ပါဝင် ဖန်တီးထားသော အမျိုးအစားကို ပရိသတ်က နှစ်သက်သဘောကျတတ်ကြောင်း သိရှိရပါသည်။

အဆိုပါ ဟဿရသပေးစွမ်းနိုင်သော ဟာသစာပေတွင်လည်း အမျိုးအစား ခွဲခြားနိုင်ကြောင်း ပညာရှင်များက ဖွင့်ဆိုခဲ့ကြပါသည်။ ဆရာကြီးဇော်ဂျီက–

> "အမြီးအမောက်မတည့်သော သဘော၏ အခြေအမြစ်ကိုလိုက်၍ ပျော်ရွှင်မှုသက်သက်ကိုသာ ဖြစ်စေတတ်သော အသောသက်သက် (ဝါ) ဟဿရသသက်သက် ဟူ၍လည်းကောင်း၊ ပျော်ရွှင်မှုကို သာမက ဘဝအသိကိုပါ ဖြစ်စေတတ်သော ဘဝအသော (ဝါ) ဘဝဟဿရသ ဟူ၍လည်းကောင်း ရှိတတ်သည် ဟူသော အချက် ဖြစ်သည်။"[၂]

ဟူ၍ ရေးသားထားပါသည်။ ထို့အတူ ဟာသဖြစ်တည်လာမှုနှင့် ပတ်သက်ပြီး–

> "အသောသက်သက်သည် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ အခြေ အမြစ်မှ ဖြစ်ပေါ်တတ်၍ ဘဝအသိအသောသည် ဟာသဉာဏ် ရှိသူ၏ ဘဝအသိအခြေအမြစ်မှ ဖြစ်ပေါ်တတ်သည်ဟု ဆိုချင် သည်။"[၃]

ဟူ၍ ရေးသားထားပါသည်။ ဆရာကြီးတိုက်စိုးက–

> "ဟာသ၏သဘောသည် နှစ်မျိုးနှစ်စားရှိမည်ဟု ကျွန်တော် ထင်မိ လေသည်။ တစ်မျိုးသည် ငှက်ပျောခွံကိုနင်းမိသူ၏ မတော်မတည့် အဖြစ်ကို မြင်ရာမှ ပေါ်လာသော ဟာသသက်သက် ဖြစ်သည်။

---

[၁] ဇော်ဂျီ၊ ၁၉၇၆၊ ၄၂၃။
[၂] ဇော်ဂျီ၊ ၁၉၇၆၊ ၄၂၃။
[၃] ဇော်ဂျီ၊ ၁၉၇၆၊ ၄၂၃။

> တစ်မျိုးသည် သံသရာမခင်တွယ်ပါဘူးဟု တဖွဖွပြောသော်လည်း မြေးကလေး၏နဖူးကို မနမ်းဘဲ မနေနိုင်သူ၏ မတော်မတည့် အဖြစ်ကို မြင်ရာမှ ဘ၀အသိနှင့်ယှဉ်၍ ပေါ်လာသော ဟာသ ဖြစ်သည်။”[၁]

ဟူ၍ ရေးသားထားပါသည်။ ဟာသစာပေအမျိုးအစားနှင့် ပတ်သက်သည့် အဆိုအမိန့်များအရ ဟာသစာပေတွင် ဟာသသက်သက်နှင့် ဘ၀အသိပါသော ဟာသဟူ၍ (၂)မျိုး တွေ့ရှိရပြီး သရော်စာအဖွဲ့သည် ဘ၀အသိပါသော ဟာသအမျိုးအစားမျိုးဖြစ်ကြောင်း ယူဆနိုင်ပါသည်။

ထို့ကြောင့် သရော်စာအဖွဲ့များနှင့် ပတ်သက်သည့် အဆိုအမိန့်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ‘သရော်စာ’ ဟူသည် လူ့လောကအတွင်း ဖြစ်ပျက်လျက်ရှိသော မှန်ကန်ခြင်းနှင့် မမှန်ကန်ခြင်း၊ ရှင်းလင်းခြင်းနှင့် ရှုပ်ထွေးခြင်း၊ ချစ်ခြင်းနှင့် မုန်းခြင်း၊ ဓမ္မနှင့် အဓမ္မတို့အနက်မှ အမှန်ကိုမြင်တတ်ပြီး တင်ပြဖော်ထုတ်လိုသူ အချို့က ဝေဖန်သရော်သော စာအဖွဲ့မျိုးဖြစ်ကြောင်း တွေ့ရှိရပါသည်။ လောကကြီး၏ ချို့ယွင်းချက်များကို သရော်ပြောင်လှောင်လိုသောအခါ သရော်စာများကို ရေးဖွဲ့ကြသည်။ ရေးဖွဲ့သူများအနေဖြင့် စေတနာ၊ ပါရမီနှင့် ဘ၀အတွေ့အကြုံများ ရှိရန်လိုအပ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ‘သရော်စာ’ ဟူသည် လူများ၊ လူ့အဖွဲ့အစည်းနှင့် လူ့လောကစနစ်တို့၏ အပြုအမူ၊ အခြေအနေများကို စာရေးသူ၏စေတနာမေတ္တာ ပေါင်းစပ်လျက် ဟာသဉာဏ် ကွန့်မြူးစွာဖြင့် ရေးဖွဲ့ထားသော သရော်ပြောင်လှောင် ဝေဖန်ရှုတ်ချသောအဖွဲ့ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၅။ မောင်ခိုင်မာကဗျာများမှ သရော်စာအဖွဲ့များ

သရော်စာအဖွဲ့ အမျိုးအစားခွဲခြားရာတွင် ဆရာမကြီး ဒေါ်ခင်မျိုးချစ် [၂] က အကြောင်းအရာအလိုက် အောက်ဖော်ပြပါအတိုင်း–

(က) လူဂိုလ်တစ်ဦးတစ်ယောက်ကို သရော်ခြင်း။

( ခ) လူတန်းစားတစ်ရပ်ရပ်ကို သရော်ခြင်း။

( ဂ) လူတို့၏ဓလေ့ထုံးစံအပြုအမူကို သရော်ခြင်း။

---

[၁] တိုက်စိုး၊ ၁၉၈၀၊ ၃၅၁။

[၂] ညိုမြနှင့် အများ၊ ၁၉၇၃၊ ၃၈။

ဟူ၍ ခွဲခြားထားပါသည်။ ထို့ပြင် လူတို့၏ဓလေ့ထုံးစံအပြုအမူများကို သရော်ရာတွင် အောက်ဖော်ပြပါအတိုင်း–

(က) နိုင်ငံရေးသရော်စာ။

( ခ) လူမှုရေးသရော်စာ။

ဟူ၍ ခွဲခြားထားပါသည်။ သို့ဖြစ်၍ မောင်ခိုင်မာကဗျာများကိုလည်း အထက်ဖော်ပြပါ သရော်စာအဖွဲ့ အမျိုးအစားများအတိုင်း လေ့လာသွားမည် ဖြစ်ပါသည်။

## ၅၊ ၁။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သရော်ခြင်း

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရေးဖွဲ့ထားသော သရော်စာအမျိုးအစား ဖြစ်သည်။ ထိုလူပုဂ္ဂိုလ်၏ ပျော့ကွက်၊ ညံ့ကွက်များကို ရေးဖွဲ့ပြလေ့ ရှိသည်။ 'လျှပ်တစ်ပြက် မန္တလာ' ကဗျာတွင် ကုန်းဘောင်မင်းဆက်၏ နဝမမြောက်ဘုရင်ဖြစ်သူ ပုဂံမင်း (၁၈၄၇ မှ ၁၈၅၂ အထိ) အကြောင်းနှင့် ပတ်သက်ပြီး–

"နန်းမြေကနက်ကို
ထန်းရေတစ်ခွက်လောက်မျှ
ကြောင့်ကြမှုဘေး ဝေးခဲ့သူ
တိုင်းရေးပြည်မှု လျစ်လျူရှု
ပျော်မှုရွှင်မှု အားပြုသူ
မိဖုရားတွေနဲ့ အတူပျော်
ရက်လေးဆယ်ကျော် သင်္ကြန်ပွဲတဲ့
ဝှဲချီးကျင်းပ ပျော်လို့မဝသူ
နဝမမြောက် ကုန်းဘောင်ဆက်
ပုဂံမင်းလက်ထက် အခါပေါ့"[၁]

ဟူ၍ ရေးသားထားပါသည်။ ပုဂံမင်းသည် ၁၈၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထီးနန်း တက်ခဲ့ပါသည်။ ပုဂံမင်းသည် နိုင်ငံ့အရေးထက် ပျော်ရွှင်မှုကိုသာ အလေးထား ဆောင်ရွက်လျက်ရှိသည်။ အတာသဘင် မင်းပွဲတော်ကိုလည်း လစဉ်မပြတ် ကျင်းပ

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၃၉။

ဆောင်ရွက်လေ့ ရှိသည်။[၁] ပုဂံမင်းလက်ထက်တွင်ပင် ဒုတိယအကြိမ် အင်္ဂလိပ်–မြန်မာ စစ်ပွဲ ဖြစ်ပွားခဲ့ပြန်သည်။ အရည်အချင်းမရှိသော ဘုရင်တစ်ပါးကြောင့် မြန်မာနိုင်ငံသည် ဆိုးရွားသောအခြေအနေကို တွေ့ကြုံခဲ့ရသည့်အတွက် ပုဂံမင်းကို သရော်လှောင်ပြောင် ရေးဖွဲ့ထားသည်။ ကဗျာရေးသူသည် တိုက်ရိုက်သရော်နည်းကို အသုံးပြုထားကြောင်း တွေ့ရပါသည်။ ပုဂံမင်းသည် တိုင်းပြည်ကိုတန်ဖိုးမထား၊ ပြည်သူကိုအလေးမထားသည့် ပုဂံမင်း၏ပေါ့လျော့သည့်အဖြစ်ကို ထင်ရှားလာစေသည်။ ‘နန်းမြေကနက်ကို ထန်းရေ တစ်ခွက်လောက်မျှ ကြောင့်ကြမှုဘေးဝေးခဲ့သူ’ ဟူသော အဖွဲ့အရ ပုဂံမင်း၏ ပေါ့လျော့သော၊ အသောက်အစားမက်သော အကျင့်စရိုက်တို့မှာလည်း ပို၍ထင်ရှား လာစေသည်။ ‘ကြောင့်ကြမှုဘေး ဝေးခဲ့သူ’၊ ‘ပျော်မှုရွှင်မှု အားပြုသူ’၊ ‘ဗိုလ်ချီးကျင်းပ ပျော်လို့မဝသူ’ ဟူ၍ **အလွန်ပုံကြီးချဲ့၍သရော်ဟန်** အသုံးပြုရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ပုဂံမင်း၏ အုပ်ချုပ်မှုညံ့ဖျင်းသော အရည်အချင်း နှင့် အပျော်အပါးမက်တတ်ခြင်း စသည့် လူဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်၊ ပျော့ကွက် များမှာ ပေါ်လွင်ထင်ရှားခဲ့ပါသည်။

‘ရှင်မွေ့နွန်းကို ပြောလိုက်ပါ’ ကဗျာတွင် ပေါ်တူဂီလူမျိုး ဒီဗရစ်တို (ခေါ်) ငဇင်ကာ အကြောင်းနှင့် ပတ်သက်ပြီး–

“ရခိုင်ဘုရင် မင်းရာဇာကြီးက

၁၅၉၅ ခုနှစ်မှာ

ကြေးစားစစ်သည် အဖြစ်ခေါ်ယူ

ပေါ်တူဂီလူမျိုး

ဒီဗရစ်တို ဆိုသူဟာ

စစ်မှန်ယိုထောင်လွှားလို့

နယ်စားပယ်စား

သန်လျင်ရဲ့ မင်းတစ်ပါးပေါ့”[၂]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ၁၆၀၄ ခုနှစ် ဝန်းကျင်ခန့်တွင် ရခိုင်ဘုရင်သည် ဒီဗရစ်တိုကို သဘော်သုံးစင်း လွန်းကြင်တစ်ရာကျော်နှင့် လူနှစ်ထောင်ခန့်ဖြင့် သန်လျင်တွင် အခိုင်အမာ နေစေသည်။ ဒီဗရစ်တိုသည် သန်လျင်သို့ရောက်သောအခါ မြို့ပြ၊ ကျုံး၊

---

[၁] မောင်မောင်တင်၊ ၂၀၀၄၊ ၆၅၊ ၇၀။ ၇၄။

[၂] ခိုင်မာ၊ ၁၉၉၇၊ ၁၇၀။

မြောင်းတို့ကို အခိုင်အမာပြုလျက် သဘော်သား၊ ကုန်သည်များကို ဖြားယောင်းခေါ်ယူ ရောင်းဝယ်ဖောက်ကားမှု ပြုနေသည်။ တောင်ငူဘုရင်သို့ လက်ဆောင်ပဏ္ဏာ ဆက်သခြင်း မပြုခဲ့ပေ။[၁] ဒီဗရစ်တိုသည် ၁၆၁၂ ခုနှစ်တွင် တောင်ငူသို့ ရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီတက်တိုက်ခိုက်ခဲ့ပြီး တောင်ငူမြို့ကို ဖျက်ဆီးသိမ်းပိုက်လျက် တောင်ငူဘုရင်ကို ကိုယ်လုပ်တော်များနှင့်အတူ သန်လျင်သို့ ဖမ်းယူခဲ့လေသည်။[၂] ဒီဗရစ်တို (ခေါ်) ငဇင်ကာသည် ရခိုင်ဘုရင်၏သစ္စာခံအဖြစ် သန်လျင်မြို့တွင်အခြေပြုလျက် အနီးအနား ဒေသများကို စစ်ပြုကျူးကျော်လျက် ရှိခဲ့သည်။ ရခိုင်သားတို့၏ရိုးသားမှုအပေါ် အမြတ်ထုတ်၍ ကြေးစားစစ်သားတို့မင်း ဖြစ်သည့်အဖြစ်ကို သရော်၍ရေးဖွဲ့ထား သည်ကို တွေ့ရသည်။ ထိုသို့ စစ်မက်ပြုရန်ကိုသာ လိုလားတောင့်တနေသော ဒီဗရစ်တိုကို ကဗျာရေးသူသည် တိုက်ရိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ ဒီဗရစ်တို၏အပြုအမူကို 'စစ်မုန်ယိုထောင်လွှားလို့' ဟူ၍ စစ်ပွဲများကိုသာ လိုလား တောင့်တနေသည့် တိုက်ဆင်တစ်ကောင်၏ မုန်ယိုပုံနှင့် **တင်စား၍ သရော်ဟန်** အသုံးပြု ရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဒီဗရစ်တို၏ စစ်ပြုရန်လိုတတ်သော လူ့ဂုဏ်ဆိုင်ရာ အစွန်းရောက်မှုမှာ ပေါ်လွင်ထင်ရှားခဲ့ပါသည်။

## ၅၊ ၂။ လူတန်းစားတစ်ရပ်ရပ်ကိုသရော်ခြင်း

လူတစ်စု (သို့မဟုတ်) လူတန်းစားတစ်ရပ်အကြောင်းကို ရေးဖွဲ့ထားသော သရော်စာအမျိုးအစား ဖြစ်သည်။ 'လက်ဖက်ရည်ငှက်များရဲ့ညနေ' ကဗျာတွင် ကိုယ်ပိုင် မော်တော်ယာဉ်မစီးနိုင်သည့် လူတစ်စု (သို့) လူတန်းစား တစ်ရပ်၏အဖြစ်ကို–

"ကော်ရိုနာ – ဗင်

ပတ်ဗလစ်ကာ ဆန်နီ

မစ်ဆူဘီရှီ ကာနီယာ

လိုချင်တာ အမြန်ဆုံးဖြတ်

အရှေ့မြောက် နယ်စပ်ဂယက်ကြောင့်

ဒီမှာ ကားဈေးတွေ တက်နေတယ်

အိပ်မက်က လန့်နိုးရင်တော့

[၁] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၈၊ ၆၂၅။

[၂] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၈၊ ၆၅၈။

ရှင်မရယ် . . .

တစ်ကျပ်ကားတိုးပြီး ပြန်ကြမယ်"[၁]

ဟူ၍ ရေးသားထားပါသည်။ အဆိုပါကဗျာသည် ၁၉၉၂ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာတစ်ပုဒ် ဖြစ်သည်။

ကဗျာတွင် ငွေကြေးချမ်းသာမှုမရှိသည့် လူတစ်စု၏ အဖြစ်အပျက်များကို သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ မိမိမှာ ငွေကြေးတတ်နိုင်မှုမရှိသဖြင့် ကိုယ်ပိုင်ကား စီးနိုင်ဖို့ အိပ်မက်တွင်သာ စိတ်ကူးယဉ်နေရပြီး တကယ့်လက်တွေ့တွင်မူ အခပေး လိုင်းကားကိုသာ စီးနင်းအသုံးပြုနေရသည့် အဖြစ်ကို 'ကော်ရိုနာ–ဗင်၊ ပတ်ဗလစ်ကာ၊ ဆန်နီ၊ မစ်ဆူဘီရှိ ကာနီယာ၊ လိုချင်တာ အမြန်ဆုံးဖြတ်' ဟူသည့် လှည့်ကွက်ကလေးများ အသုံးပြု ရေးဖွဲ့သွားသည်။ ဤသို့သော လူတစ်စု၏ဖြစ်ရပ်ကို ကဗျာရေးသူသည် တိုက်ရိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ စိတ်ကူးယဉ်ခွင့်သာရှိနေသော အဖြစ်ကို 'အိပ်မက်က လန့်နိုးရင်တော့' ဟူ၍ **အလွန်သေးသိမ်အောင်ပြု၍သရော်ဟန်** အသုံးပြုရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် လူတစ်စု (သို့မဟုတ်) လူတန်းစားတစ်ရပ်၏ လိုအပ်ဆန္ဒ မပြည့်ဝသည့် အခြေအနေတစ်ခုကို ပေါ်လွင်ထင်ရှား စေပါသည်။

'အိမ်' ကဗျာတွင် ကိုယ်ပိုင်အိမ်မရှိသောလူတစ်စု (သို့) လူတန်းစားတစ်ရပ်၏ အဖြစ်ကို–

"အိမ်ရှင် အိမ်ငှား ပြဿနာ

စဘော်ငွေ ပြဿနာ

အိမ်လခ ပြဿနာ

ရေပြဿနာ မီးပြဿနာ

ဓာတ်ကြိုးလေးပါး ဈေးစကားပြော

ကြေးများသော ပြဿနာ

နွေကမ္ဘာမှာ မြေတစ်ဖျာလောက်

နေစရာပျောက်တဲ့ ပြဿနာ

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၇၀။

မတတ်သာလို့ လူလာဖြစ်

ဟို … ကျောက်ခေတ်လူသားကို

သူ အားကျနေတာ ကြာပြီလေ”[၁]

ဟူ၍ ရေးသားထားပါသည်။ အဆိုပါကဗျာသည် ၁၉၉၂ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။ ကဗျာတွင် အိမ်နှင့်ပတ်သက်သည့် အခြေအနေ၊ အဖြစ်အပျက်တို့ကို ခေတ်နှင့်လျော်ညီစွာ အသေးစိတ်ရေးဖွဲ့ထားပါသည်။ ဘဝအတွက် ပင်ပန်းလှုပ်ရှားရုန်းကန်နေရသော၊ နေရေးအတွက် ပူပင်သောကများနေရသည့် အခြေခံလူတန်းစားတို့၏ ဘဝအမောများကို ‘အိပ်မက်ထဲမှာ အိမ်များစွာ’ ဟူ၍ အိပ်မက်ထဲမှ ဗိသုကာပုံစံစုံလင်သောအိမ်များစွာကို ရေးဖွဲ့ထားပါသည်။ နန်းတော်များ၊ အိမ်များ များပြားစွာရှိသော်လည်း ကိုယ်ပိုင်အိမ်တစ်လုံးမျှပင် မရှိသူအတွက် ကြုံတွေ့ရမည့်ဒုက္ခများကို တိုက်ရိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ ဘဝအတွက် ရုန်းကန်ရင်း မစွမ်းဆောင်နိုင်တော့သည့်အဆုံး ခြေကုန်လက်ပန်းကျခဲ့ရသည့် လူသားတို့၏သဘော၊ အခြေခံလူတန်းစားတို့၏ဘဝသရုပ်ကို ‘ဟို … ကျောက်ခေတ်လူသားကို သူ အားကျနေတာ ကြာပြီလေ” ဟူ၍ **စောင်းပါးရိပ်ခြည်သရော်ဟန်** အသုံးပြုရေးသားထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လူတစ်စု (သို့မဟုတ်) လူတန်းစားတစ်ရပ်၏ ကြုံတွေ့နေရသော ဒုက္ခအခြေအနေများကို ပေါ်လွင်ထင်ရှားစေပါသည်။

## ၅၊ ၃။ လူတို့၏ဓလေ့ထုံးစံအပြုအမူကို သရော်ခြင်း

လူတို့၏အပြုအမူ၊ ဓလေ့ထုံးစံများအကြောင်းကို ရေးဖွဲ့ထားသော သရော်စာ အမျိုးအစား ဖြစ်သည်။ ‘ရွှေစည်းခုံ ခြေတော်ရင်းဆီက’ ကဗျာတွင် ပုဂံရှေးဟောင်းဘုရားများရှိရာ နယ်မြေနှင့်ပတ်သက်ပြီး–

“ပုဂံဘုရင် နော်ရထာကြောင့်

ဒေါ်လာနဲ့ ဘော်ဒါ

အဖျော်ယမကာနဲ့ ဗွီဒီယို

စိုပြေ အိုကေနေတဲ့ ပုဂံ

အနိရုဒ္ဓ ဒေဝဘွဲ့ခံ

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၂၃။

ပုဂံပြည့်ရှင် နော်ရထာသာ

မတော်တဆ ပြန်ရှင်လို့

သူ့ပုဂံကို

အခုတစ်ဖန် ပြန်မြင်မိလျှင်”[၁]

ဟူ၍ ရေးသားထားပါသည်။ အဆိုပါကဗျာသည် ၁၉၉၂ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။ ပုဂံမြို့ဟောင်းသည် ကြည်နူးစရာ၊ ကြည်ညိုစရာတို့ဖြင့် ပြည့်စုံနေသော ရှေးဟောင်းမြို့တော် ဖြစ်ပါသည်။ သပ္ပာယ်လှသော ဘုရားပုထိုး များစွာဖြင့် လှပတင့်တယ်နေသော ပုဂံမြို့ကို တည်ဆောက်ခဲ့သော ရှေးပုဂံသူ၊ ပုဂံသား တို့၏စိတ်ဓာတ်သည်ကား ချီးကျူးမဆုံးနိုင် ဖြစ်ရသည်။ သို့သော် နိုင်ငံခြားသား ခရီးသွားများကြောင့် ရှေးဟောင်းပုဂံမြို့တော်၏အခြေအနေမှာ စိုးရိမ်ဖွယ် ဖြစ်လာ ပါသည်။ ထိုသို့သော အခြေအနေများကို ကဗျာဆရာက အကျယ်တဝင့် ရေးဖွဲ့ ထားပါသည်။ နိုင်ငံခြားသားခရီးသွားများကို ပုဂံမြို့၏အလှအပများနှင့် ဆွဲဆောင်ပြီး ငွေရှာနေပုံကို သွယ်ဝိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ ရှေးဟောင်း ပုဂံမြို့ဖြင့် စီးပွားရှာနေသည့် မျက်မှောက်ခေတ်လူတို့၏ အပြုအမူကို ‘ပုဂံပြည့်ရှင် နော်ရထာသာ၊ မတော်တဆ ပြန်ရှင်လို့၊ သူ့ပုဂံကို၊ အခုတစ်ဖန် ပြန်မြင်မိလျှင်” ဟူ၍ **အလွန်ပုံကြီးချဲ့၍သရော်ဟန်** အသုံးပြုရေးသားထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မျက်မှောက်ခေတ်လူတို့၏ မိမိလူမျိုး ယဉ်ကျေးမှုထက် ငွေရှာရန်အတွက်သာ အလေးထားနေသော အမြီးအမောက်မတည့်သည့် အပြုအမူတို့ကို ပေါ်လွင်ထင်ရှားစေ ပါသည်။

“ရွှေဘုံသာနိဒါန်း” ကဗျာတွင် အတ္တနှင့် လောဘသားတို့၏ အပြုအမူကို–

“ရွှေပေါက်ဈေးကို နားစွင့်

ဘာကြောင့် ဈေးမြင့်သွားတာလဲလို့

ရေခဲရေသည်လေးကို စုံစမ်းတော့

ရွှေဘုံသာလမ်းမှာ …

မီးပျက်သွားလို့ပါ … တဲ့

သူနေတဲ့ ရပ်ကွက်မှာလည်း

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၀။

မနေ့မနက်တုန်းက

ဘဲဥတစ်လုံး ငါးကျပ်

သည်နေ့မနက်တော့ ငါးကျပ်ခွဲ

ဩော် ဒါလည်း မီးပျက်သွားလို့ ဖြစ်မှာပါ

ခေတ်သစ်စီးပွားရေးအမြင်ကို

ရေသည်လေးက သင်ပြလို့

အခုမှ ဘဝင်ကျသွားတယ် ရှင်မရေ ...

မီးမပျက်စေနဲ့ ကြားလား ...”[၁]

ဟူ၍ ရေးသားထားပါသည်။ အဆိုပါကဗျာသည် ၁၉၉၃ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။ လောကတွင် အတ္တနှင့် လောဘသားတို့၏ အတောမသတ်နိုင်တဲ့ စိတ်သည် ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် အနှောင့်အယှက် ဖြစ်နေသည်။ ကြီးပွားချမ်းသာရေးကို လက်ဝါးကြီးအုပ်လိုသော စိတ်ဓာတ်များကြောင့် မေတ္တာတရား ပျက်ပြားနေရသည်။ လောဘသားတို့သည် ခေတ်ကာလအလျောက် ဖြစ်ပျက်တတ်သော အခြင်းအရာတစ်ခုကို အကြောင်းပြုပြီး ကိုယ်ကျိုးစီးပွားရှာတတ်ကြသည်။ မတော် လောဘထားတတ်ကြသည်။ ထိုသို့သော လူ့သဘာဝအပြုအမူကို ကဗျာဆရာက အသေးစိတ် ရေးဖွဲ့ထားပါသည်။ အတ္တကြီးမားသည့် လောဘသားတို့၏ ခေတ်ကာလနှင့် အညီ ကိုယ်ကျိုးစီးပွားရှာတတ်ပုံကို တိုက်ရိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထား ပါသည်။ ခေတ်အခြေအနေနှင့်အညီ ကိုယ်ကျိုးစီးပွားရှာတတ်သည့် လောဘသားတို့၏ အပြုအမူကို ‘ဩော် ဒါလည်း မီးပျက်သွားလို့ ဖြစ်မှာပါ’ ဟူ၍ **စောင်းပါးရိပ်ခြည် သရော်ဟန်** အသုံးပြုရေးသားထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လောကတွင်းရှိ အတ္တကြီးမားသည့် လောဘသားတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ကြည့်တတ်သည့် အပြုအမူကို ပေါ်လွင်ထင်ရှားစေပါသည်။

‘မိုးခိုတဲ့ ကုလားအုတ် ပုံပြင်’ ကဗျာတွင် အိမ်ရှင်နှင့် မိုးခိုသူ ကုလားအုတ်တို့၏ ပုံပြင်ကို–

“**မိုးခိုသူ** ... ဟိုဘက်ဖယ်ပါ

မိုးပက်လာလို့၊ ညင်သာနွေးထွေး

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၁၀။

ခြေထောက်လေး ဝင်ပါရစေ။

**အိမ်ရှင်** ... လာပါမိတ်ဆွေ

ခြေတစ်ထွာလောက်၊ မနှင်ငေါက်ပါ

သင့်ခြေထောက်သာ ဝင်ခဲ့ပါ။

**မိုးခိုသူ** ... သွားလော့ အိမ်ရှင်

အိမ်အပြင် ...

အသင် အခုထွက်၊ သင့်ပိုင်နက်မှာ

သင့်တွက်နေရာ၊ မရှိပါပြီ

ငါသာစင်စစ်

အိမ်ရှင်ဖြစ်ပြီ ... တဲ့။”[၁]

ဟူ၍ ရေးသားထားပါသည်။ လူ့လောကသဘာဝတွင် အားနာတတ်သူနှင့် အားမနာတတ်သူ၊ အခွင့်အရေးပေးတတ်သူနှင့် ရရှိသောအခွင့်အရေးထက် ပိုပြီးယူတတ်သူ စသည့် အပြုအမူများ ရှိနေသည်။ အချို့သောလူတို့သည် မိမိတွင်ရှိနေသော အခြေအနေတစ်ရပ်ကို တစ်ပါးသူအတွက်လည်း အသုံးချပေးတတ်သည်။ အချို့သော လူတို့မှာမူ သူတစ်ပါး၏ပိုင်ဆိုင်မှုအခြေအနေကို မိမိကိုယ်ပိုင်အခြေအနေ ဖြစ်စေရေး အတွက် တစ်စတစ်စမှသည် အလုံးစုံပိုင်ဆိုင်ရရှိနိုင်ရေး ကြိုးပမ်းတတ်သည်။ ထိုသို့သော လူ့လောကအခြေအနေကို ဖော်ညွှန်းပြသသော မိုးခိုသောကုလားအုတ်ပုံပြင်ကို ကဗျာဆရာက ရေးဖွဲ့ထားပါသည်။ မိမိအတွက်သာ ကြည့်တတ်ပြီး သူတစ်ပါးအတွက် ထည့်သွင်းမစဉ်းစားတတ်သော လူ့လောကအပြုအမူကို သွယ်ဝိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ သူတစ်ပါးပိုင်ဆိုင်မှုကို မိမိ၏ပိုင်ဆိုင်မှုအဖြစ် မတရား ကြိုးပမ်းတတ်သည့် လူ့လောကအပြုအမူကို ‘အသင် အခုထွက်၊ သင့် ပိုင်နက်မှာ သင့်တွက်နေရာ၊ မရှိပါပြီ’ ဟူ၍ **စောင်းပါးရိပ်ခြည်သရော်ဟန်** အသုံးပြု ရေးသား ထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လူ့လောကရှိ သူတစ်ပါးအပေါ် အခွင့်အရေးယူတတ်သည့် အပြုအမူကို ပေါ်လွင်ထင်ရှားစေပါသည်။

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၇၁။

## ၅၊ ၄။ နိုင်ငံရေးသရော်စာ

လူတို့၏အပြုအမူ၊ ဓလေ့ထုံးစံများအကြောင်းကို ရေးဖွဲ့ထားသော သရော်စာ အမျိုးအစားအနက်မှ တစ်မျိုး ဖြစ်သည်။ ခေတ်ကာလတစ်ခုအတွင်းရှိ နိုင်ငံရေး အခြေအနေကို သရော်သည့်အမျိုးအစား ဖြစ်ပါသည်။ 'ဩဂုတ်လ မိုးကောင်းကင် အောက်မှ' ကဗျာတွင် နိုင်ငံရေးသမားများကို–

"ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ
ပဒိုင်းသီးစားထားတဲ့ လူ
မြေခွေးနှလုံးသားနဲ့ လူ
လူ့သွေးနဲ့ ယဇ်နတ်ကိုးသူ
မျိုးဆက်သစ်ကို ခြွေသူ
မျက်ကန်းတစ္ဆေမကြောက်သူ
သေမင်းခံတွင်းကို ဖန်တီးသူဟာ"[၁]

ဟူ၍ ရေးသားထားပါသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် နိုင်ငံရေးနှင့်ပတ်သက်သည့် အခြေအနေများမှာ တစ်ဖက်နှင့်တစ်ဖက် အလျှော့မပေးစတမ်း တင်းမာလျက် ရှိကြပါသည်။ နိုင်ငံရေးပြဿနာများ တစ်စထက်တစ်စ ကြီးထွားလာသည်မှာ လူများ ကြောင့်ပင် ဖြစ်ပါသည်။ ထိုသို့သောလူများကို ကဗျာဆရာက သွယ်ဝိုက်သရော်နည်းဖြင့် **အနက်ခွစကားသုံး၍သရော်ဟန်** အသုံးပြုရေးဖွဲ့ထားပါသည်။

ထိုကဗျာတွင်ပင် စစ်မက်ဖြစ်ပွားရေးကိုသာ ကြိုးပမ်းနေပုံကို–

"စစ်လိုလားသူ လူတစ်စုဘက်က
သူ့ထက်ငါ လုယက်ပြီး
အဏုမြူလက်နက် ပြပွဲကြီးကို
ဈေးကွက်စီးပွားရေးတစ်ရပ်လို
စူပါမတ်ကက်ထဲမှာ ခင်းကျင်းပြသဖို့
အတင်းအဓမ္မ ကြိုးစားနေကြတယ်

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၂၄၉။

ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးတစ်ခု

ဘယ်သူ့ဆီက လက်ဆောင်ရခဲ့သလဲ”[၁]

ဟူ၍ ရေးသားသရော်သည်ကို တွေ့ရှိရပါသည်။ နိုင်ငံအချင်းချင်း ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းထက် စစ်မက်ဖြစ်ပွားရေးကိုသာ ဦးတည်နေတတ်ကြသည်။ မိမိနိုင်ငံ၏ စစ်အင်အားတောင့်တင်းမှုနှင့် စစ်လက်နက်များ ဆန်းသစ်မှုတို့ကို ခြိမ်းခြောက်ပြသလိုကြသည်။ စစ်မက်ကို ရှောင်ရှားခြင်းထက် စစ်မက်ကိုလိုလားသူတို့၏ ကြိုးပမ်းမှုကသာ အောင်မြင်နေတတ်သည်။ ထိုသို့သော နိုင်ငံရေးအခြေအနေများကို ကဗျာဆရာက တိုက်ရိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ စစ်မက်ဖြစ်ပွားရေးကိုသာ ကြိုးပမ်းနေပုံကို ‘အဏုမြူလက်နက်ပြပွဲကြီးကို’၊ ‘ဈေးကွက်စီးပွားရေးတစ်ရပ်လို’၊ ‘စူပါမတ်ကက်ထဲမှာ ခင်းကျင်းပြသဖို့’ စသည်ဖြင့် ‘ပြပွဲကြီး၊ ဈေးကွက်စီးပွားရေး၊ စူပါမတ်ကတ်’ဟူ၍ အခြေအနေနှင့် မလျော်ညီသော မတော်မတည့်စကားလုံးများကို **မအပ်စပ်သောအတွဲအဖက်များတွဲဖက်၍သရော်ဟန်** အသုံးပြုရေးသားထားသည်ကို တွေ့ရှိရပါသည်။

ထိုကဗျာတွင်ပင် စစ်မက်ဖြစ်ပွားခြင်း၏အကျိုးရလဒ်ကို–

“ပါပဂြိုဟ်သားတွေရဲ့ သနင်း

ယမမင်းကြီးအတွက်တော့

အမှတ်တရလက်ဆောင်ပေါ့ကွယ်”[၂]

ဟူ၍ ရေးသားထားပါသည်။ နိုင်ငံအချင်းချင်းဖြစ်ပေါ်လာသော ပြဿနာများကို စစ်မကဖြစ်ပွားလျက် ဖြေရှင်းမည်ဆိုပါက ရရှိမည့်အကျိုးရလဒ်မှာ သေကြေပျက်စီးခြင်းသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် စစ်မက်ဖြစ်ပွားခြင်း၏ အကျိုးရလဒ်ကို ‘ယမမင်းအတွက် အမှတ်တရလက်ဆောင်’ ဟူ၍ သွယ်ဝိုက်သရော်နည်းဖြင့် **တင်စား၍သရော်ဟန်** အသုံးပြုရေးဖွဲ့ထားပါသည်။

## ၅.၅။ လူမှုရေးသရော်စာ

လူတို့၏အပြုအမူ၊ ဓလေ့ထုံးစံများအကြောင်းကို ရေးဖွဲ့ထားသော သရော်စာ အမျိုးအစားအနက်မှ တစ်မျိုး ဖြစ်သည်။ ခေတ်ကာလတစ်ခုအတွင်းရှိ လူမှုရေးဆိုင်ရာ

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၂၆၁။

[၂] ခိုင်မာ၊ ၁၉၉၇၊ ၂၆၂။

အခြေအနေကို သရော်သည့်အမျိုးအစား ဖြစ်ပါသည်။ 'ရှင်မွေ့နွန်းကို ပြောလိုက်ပါ' ကဗျာတွင် ခေတ်ကာလအလျောက် စီးပွားရေးအခြေအနေတစ်ခုကို–

"သန်လျင် ကျောက်တန်း

ခရမ်း သုံးခွ မြို့အနှံ့

ဒေသဖွံ့ဖြိုးရေး အသံဗလံ

တံတားသစ်ကြီးပေါ်မှာ ညံသွားတော့

ဆန်ဈေး သံဈေးတွေလှုပ်

ကြက်ဈေး ဝက်ဈေးတွေလှုပ်

နွားဈေး စပါးဈေးတွေလှုပ်

အိမ်ဈေး မြေဈေးတွေ လှုပ်ခဲ့"[၁]

ဟူ၍ ရေးသားထားပါသည်။ တရုတ်–မြန်မာ ချစ်ကြည်ရေးအစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ရန်ကုန်သန်လျင်တံတားကြီးနှင့်ပတ်သက်ပြီး ရေးသားထားသော ကဗျာဖြစ်ပါသည်။ ကဗျာတွင် သန်လျင်မြို့အကြောင်းကို ရေးသမိုင်းမှ အစပြုရေးသားထားပါသည်။ တံတားသစ်ကြီးတည်ဆောက်ပြီးသည်နှင့် ဖြစ်ပေါ်လာသော ဒေသဆိုင်ရာလူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသည့် စီးပွားရေးအခြေအနေကို ရေးသားသရော်ထားပါသည်။ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကုန်ဈေးနှုန်းထားများ မြင့်တက်လာသည်ကို ကဗျာဆရာက **တိုက်ရိုက်သရော်နည်း** ဖြင့် သရော်ရေးဖွဲ့ထားပါသည်။ လောဘသား စီးပွားရေးသမားတို့၏ ဈေးကစားနေပုံကို 'ဆန်ဈေး သံဈေးတွေလှုပ်'၊ 'ကြက်ဈေး ဝက်ဈေးတွေလှုပ်'၊ 'နွားဈေး စပါးဈေးတွေလှုပ်' စသည်ဖြင့် တိုက်ရိုက်သရော်ဟန် အသုံးပြုရေးသားထားသည်ကို တွေ့ရှိရပါသည်။

'က ကာ ကား' ကဗျာတွင် မော်တော်ယာဉ်များ၏ မရှိမဖြစ်လိုအပ်မှုကို–

"***အသားပါသလား***

***ငါးပါသလား*** ဆိုတဲ့

ဟိုတစ်ချိန်တုန်းက

ပထမတန်းမှာ

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၇၃။

ပြဋ္ဌာန်းခဲ့တဲ့ဖတ်စာကို

အရပ်တကာမှ တကြော်ကြော်

ကလေးတွေရဲ့အော်သံများ

***ဒေါ်လာပါသလား***

***ကားပါသလား*** တဲ့"[၁]

ဟူ၍ ရေးသားထားပါသည်။ အဆိုပါကဗျာကို ၁၉၉၄ ခုနှစ်တွင် ရေးသားခဲ့ပါသည်။ ကဗျာရေးသားစဉ်ကာလတွင် လူ့ဘောင်လောကအတွင်း မော်တော်ယာဉ်၏အခန်းကဏ္ဍမှာ အလွန်ပင်အရေးပါနေသည့် အခြေအနေ ဖြစ်နေပါသည်။ ကဗျာတွင် မော်တော်ယာဉ်မပေါ်ပေါက်မီအချိန်က အစပြုလျက် ပေါ်ပေါက်လာပုံအဆင့်ဆင့်တို့မှသည် မျက်မှောက်ခေတ်ကာလ မော်တော်ယာဉ်၏အရေးပါပုံတို့အထိ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားပါသည်။ ထိုသို့ မော်တော်ယာဉ်၏ မရှိမဖြစ်လိုအပ်လာသော ခေတ်အခြေအနေကို ကဗျာဆရာသည် တိုက်ရိုက်သရော်နည်းဖြင့် သရော်ရေးဖွဲ့ထားပါသည်။ မော်တော်ယာဉ်လိုအပ်ပုံကို 'ကလေးတွေရဲ့ အော်သံများ၊ ဒေါ်လာပါသလား၊ ကားပါသလားတဲ့' ဟူ၍ တိုက်ရိုက်သရော်ဟန် အသုံးပြု ရေးသားထားသည်ကို တွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

ကဗျာဆရာ မောင်ခိုင်မာသည် ကိုယ်တွေ့အတွေ့အကြုံများ၊ စာတွေ့အတွေ့အကြုံများကို အခြေခံလျက် ကဗျာများကို ရေးဖွဲ့ခဲ့ပါသည်။ အဆိုပါကဗျာများသည် ခေတ်ကာလအလျောက် ပေါ်ပေါက်နေသော အခြေအနေအရပ်ရပ်ကို ဖော်ညွှန်းပြသနေပါသည်။ ထိုသို့သော အခြေအနေအရပ်ရပ်တို့ကို သရော်စာအဖွဲ့ဟန်ဖြင့် ရေးသားထားသည်များကိုလည်း တွေ့ရပါသည်။ ကဗျာပါ အကြောင်းအရာများမှာ ဆန်းသစ်လှသည်မဟုတ်ဘဲ လူ့လောကသဘာဝတွင် တွေ့မြင်ကြားသိနေရသည့် အဖြစ်အပျက်များသာဖြစ်သော်လည်း စာဖတ်သူများ၏နှလုံးသားတွင် ထိရှမိစေသည်။ ထိုသို့ဖြစ်ရသည်မှာ ကဗျာဆရာ မောင်ခိုင်မာ၏ အရေးအဖွဲ့ပိုင်းစွမ်းရည်ကြောင့်ဟု ဆိုနိုင်ပါသည်။ ထိုစွမ်းရည်တွင် သရော်စာအဖွဲ့များလည်း ပါဝင်နေပါသည်။

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၉၇။

ကဗျာဆရာ မောင်ခိုင်မာ၏ သရော်စာအဖွဲ့များကို လေ့လာသောအခါတွင် ကဗျာဆရာ တွေ့မြင်ကြားသိရသည့် အမြီးအမောက်မတည့်သော အခြေအနေများကို စာဖတ်သူတို့ သိမြင်လာစေရန် ရေးဖွဲ့ထားနိုင်ကြောင်း တွေ့ရပါသည်။ ကဗျာဆရာသည် အမှန်တရားကိုပြသကဲ့သို့ စာဖတ်သူကိုလည်း အမှန်တရားကို သိမြင်လျက် ခံစားမိစေရန် ဖန်တီးထားနိုင်ကြောင်း တွေ့ရပါသည်။ ထိုသို့ဖြစ်ရသည်မှာလည်း ကဗျာဆရာ၏ စေတနာမှန်ခြင်းနှင့် မေတ္တာတရားရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ကဗျာဆရာ မောင်ခိုင်မာ၏ သရော်စာအဖွဲ့များ ဖန်တီးမှုအတတ်ပညာကို လေ့လာသောအခါတွင် တင်ပြလိုသော အခြေအနေတစ်ရပ်ကို ပေါ့ပေါ့ပါးပါး ရေးဟန်များဖြင့်သာ အများဆုံး အသုံးပြုသွားကြောင်း တွေ့ရပါသည်။ စာဖတ်သူအတွက် နှစ်သက်မှုရသ ရရှိစေရေး တင်ပြရာတွင်လည်း ဘဝအာနိသင်ရှိသော နှစ်သက်မှုရသ ပေးစွမ်းနိုင်ရန် အားထုတ်ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ ဖန်တီးထားသော အထေ့အသော့များသည် အကြောင်းအရာနှင့်လိုက်ဖက်ညီသကဲ့သို့ အလေးအပေါ့လည်း မျှတကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ကဗျာဆရာ မောင်ခိုင်မာ၏ကဗျာများတွင် တွေ့ရသော သရော်စာအဖွဲ့များသည် စာဖတ်သူတို့အနေဖြင့် ဘဝ၏အကောင်းအဆိုး၊ လောကခံတရား၏ အတက်အကျတို့ကို သည်းခံနိုင်စွမ်း၊ ဆင်ခြင်သတိပြုနိုင်စွမ်းရှိအောင် စွမ်းဆောင်နိုင်သည်ဟု ထင်မြင်ယူဆမိပါသည်။ ထို့အတူ ကဗျာဆရာ မောင်ခိုင်မာ တင်ပြလိုသော အကြောင်းအရာများကို စာဖတ်သူ၏စိတ်တွင် ရွှင်ပြုံးနှစ်သက်မှုနှင့်အတူ ပေါ်လွင်ထင်ရှားလာစေနိုင်သည်ဟုလည်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် ကဗျာဆရာ မောင်ခိုင်မာ၏ ကဗျာအချို့တွင်ပါဝင်သော သရော်စာအဖွဲ့များကို ရွေးချယ်ကောက်နုတ်ပြီး လေ့လာသုတေသနပြုထားခြင်းဖြစ်ရာ သရော်စာဖွဲ့နည်း အမျိုးအစားစုံလင်စွာ လေ့လာနိုင်ခြင်း မရှိသေးကြောင်းနှင့် သုတေသန ထပ်မံပြုလုပ်နိုင်ပါကလည်း ကဗျာဆရာ မောင်ခိုင်မာ၏ သရော်စာဖွဲ့နည်းဖွဲ့ဟန် အမျိုးမျိုးတို့ကို ထပ်မံတွေ့ရှိနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ခင်မျိုးချစ်။ (၁၉၉၉)။ ***ကိုင်းပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ***။ ရန်ကုန်မြို့၊ ဗွီအိုအေပုံနှိပ်တိုက်။

ခိုင်မာ၊ မောင်။ (၁၉၉၇)။ ***ရှင်မရေ ...***။ ရန်ကုန်မြို့၊ တောက်တောက်ဝင်းပုံနှိပ်တိုက်။

ခိုင်မာ၊ မောင်။ (၂၀၁၅)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ဇော်ဂျီ။ (၁၉၇၆)။ ***ရသစာပေအဖွင့်နှင့် နိဒါန်း***။ ရန်ကုန်မြို့၊ ဝေလွင်လွင်အော့ဖ်ဆက်ပုံနှိပ်တိုက်။

ညိုမြ နှင့် အများ။ (၁၉၇၃)။ **'ဟာသစာပေနိဒါန်း'**၊ ***ဟာသစာပေ***။ ရန်ကုန်မြို့၊ စာပေဗိမာန်။

မောင်မောင်တင်၊ ဦး။ (၂၀၀၄)။ ***ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။ စတုတ္ထအကြိမ်***။ ရန်ကုန်မြို့၊ ရာပြည့်အော့ဖ်ဆက်။

***မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၄)***။ (၁၉၈၀)။ ရန်ကုန်မြို့၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်။

***မှန်နန်းမဟာရာဇဝင်တော်ကြီး***။ (၂၀၀၈)။ ရန်ကုန်မြို့၊ မုံရွေးပုံနှိပ်တိုက်။

တိုက်စိုး၊ မင်းယုဝေ။ (၁၉၈၀)။ ***မြန်မာစာမိတ်ဖွဲ့၊ တတိယအကြိမ်***။ ရန်ကုန်မြို့၊ စပယ်ဦးစာပေ။

ထင်၊ မောင်။ (၁၉၇၈)။ **'ဘာကြောင့်ရယ်ကြသလဲ'**၊ ***သုတပဒေသာစာစောင်၊ အတွဲ – ၅၊ အမှတ်–၁***။

ထင်၊ မောင်။ (၁၉၈၇)။ ***ကမ္ဘာ့စာပေအညွှန်း၊ ပြင်သစ်စာပေသမိုင်း***။ ရန်ကုန်မြို့၊ စာပေဗိမာန်။

အမာ၊ ဒေါ်၊ လူထု။ (၁၉၇၆)။ ***ဆရာကြီးသခင်ကိုယ်တော်မှိုင်း***။ မန္တလေးမြို့၊ ကြီးပွားရေးပုံနှိပ်တိုက်။


## အင်္ဂလိပ်ဘာသာ


Colwell, C. Cater. (1968) **A *Student Guide to Literature***. New York, Washington Press.

***Dictionary of World Literature***. (1968). Totwa, Published by littlefield, Adams & Co.

Harry, Shaw. (1955). ***Dictionary of Literary Terms***. New York, Mc Graw - Hill Book Co.

Murry, Patrict. (1978). ***Literature Criticism a glossary of major terms.*** Duplin, Cahill Printers Limited.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# စစ်ကိုင်းမင်း(မင်းနန်းစည်)ချေင်းများမှ ဇာတိမာန်အဖွဲ့များ

ခင်ဆွေမြင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကုန်းဘောင်ခေတ်တွင် မင်းနန်းစည်(စစ်ကိုင်းမင်း)အတွက် တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးဖွဲ့ခဲ့သော ကျက်သရေညွန့်ဖူးချီချေင်းနှင့် ရွှေတိုက်စိုး ဦးတိုး ရေးဖွဲ့ခဲ့သော မင်္ဂလာ မှောင်ခြွေချီချေင်းတို့မှ ဇာတိမာန်ဖြစ်စေသော တိုက်ပွဲအဖွဲ့များကို လေ့လာတင်ပြထားခြင်း ဖြစ်သည်။ ဤစာတမ်းတွင် ဇာတိမာန်ဖြစ်စေသော တိုက်ပွဲအောင်ပွဲများကို ဖော်ထုတ်တင်ပြပြီး၊ ထိုအဖွဲ့များက မင်းသားလေးနှင့် ချေင်းဖတ်ရှုကြားနာရသူများအား ဇာတိမာန်ဖြစ်ပေါ်စေပုံကို လေ့လာတင်ပြထားသည်။ ချေင်းအဖွဲ့ခံ မင်းသားလေးအား မင်းကောင်းမင်းမြတ် ဖြစ်အောင် ကြိုးစားစေချင်သော စေတနာကို အခြေခံကာ ရေးဖွဲ့ကြသော စာဆို (၂)ဦး၏ တင်ပြပုံကို လေ့လာပါမည်။

**သော့ချက်စကားလုံး – *ဇာတိမာန်၊ ချေင်း၊ တိုက်ပွဲ***

## နိဒါန်း

မြန်မာစာပေသမိုင်းတွင် ပျို့၊ မော်ကွန်း၊ ချေင်း ဟူသော စာပေအဖွဲ့များသည် ဂန္ထဝင်စာပေများ ဖြစ်ကြသည်။ ဂန္ထဝင်စာပေအဖွဲ့များအနက် ချေင်းကဗျာသည် မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သည်။ ဇာတိသွေးဇာတိမာန်ကို ဖော်ညွှန်းသည့် ရသမြောက်စာပေအဖွဲ့ ဖြစ်သည်။ ရှင်ဘုရင်တို့၏ သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်များ ပုခက်တင်မင်္ဂလာအခမ်းအနားတွင် သီဆိုရသော နန်းတွင်း ဧယင်ချင်း၊ နန်းတွင်းပုခက်လွှဲသီချင်း ဖြစ်သည်။ ချေင်းကဗျာသည် ဇာတိမာန်ကို တက်ကြွစေသော အမျိုးသားရေးဆိုင်ရာ တေးကဗျာမျိုး ဖြစ်သည်။ ချေင်းကဗျာများကို နန်းတွင်း စာဆိုကျော်များ၊ နန်းခလေ့နှင့် ရင်နှီးကျွမ်းဝင်စေသော စာဆိုကျော်များ ရေးဖွဲ့ခဲ့ကြသည်။ ချေင်းကဗျာသည် ဧကောရန္တနှင့် အစချီပြီး ဧကောရန္တနှင့် အဆုံးသတ်၍ သာယာနာပျော်ဖွယ် ဖြစ်သည်။ ဖျော်ဖြေခံရသူနှင့် ပတ်ဝန်းကျင်ရှိ ကြားနာရသူတို့ကို ဇာတိမာန် နိုးကြားစေပါသည်။ ချေင်းကဗျာသည် ထီးနန်းဝန်းကျင် အခြေခံပြီး ပေါ်ပေါက်သော စာပေဖြစ်၍ ပဒေသရာဇ်ခေတ် ကုန်ဆုံးသွားသောအခါ တိမ်မြုပ်ခဲ့ပါသည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ဤစာတမ်းတွင် စစ်ကိုင်းမင်း(မင်းနန်းစည်) ခေါင်း(၂)စောင်ဖြစ်သော တွင်းသင်း တိုက်ဝန် မဟာစည်သူ၏ ကျက်သရေညွန့်ဖူးချီခေါင်းနှင့် ဦးတိုး၏ မင်္ဂလာမောင်ခြွေချီ ခေါင်းတို့မှ ဇာတိမာန်ဖြစ်စေသော တိုက်ပွဲအဖွဲ့များကို လေ့လာတင်ပြပါမည်။

## စစ်ကိုင်းမင်း(မင်းနန်းစည်)၏ အတ္ထုပ္ပတ္တိ

ခေါင်းအဖွဲ့ခံ စစ်ကိုင်းမင်း(မင်းနန်းစည်)သည် သက္ကရာဇ် ၁၁၄၃ (အေဒီ ၁၇၈၂)တွင် နန်းတက်သော ဘိုးတော်ဘုရား(ဗဒုံမင်း)၏ မြေးတော် ဖြစ်သည်။ ဗဒုံမင်း၏ မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဒေဝီတွင် ဖွားမြင်သည့် သားကြီး ရွှေတောင်မင်းသတိုးမင်းစမ္မရာဇာ(အိမ်ရှေ့မင်း)နှင့် ဗဒုံမင်း၏ တောင်နန်းမိဖုရား သီရိပဝရမဟာမင်္ဂလာရတနာဒေဝီမှ ဖွားမြင်သော သမီးတော် တောင်တွင်းကြီးမြို့စား သီရိမဟာတိလောကရတနာဒေဝီမင်းသမီးတို့မှ ဖွားမြင်သော သားကြီး ဖြစ်သည်။ သက္ကရာဇ် ၁၁၄၆ ခု၊ ဝါခေါင်လဆန်း (၇) ရက်၊ သောကြာနေ့ (၂၃၊ ဇူလိုင်၊ ၁၇၈၄)တွင် ဖွားမြင်သည်။ သက္ကရာဇ် ၁၁၄၆ ခု၊ ဝါခေါင်လဆန်း (၁၄) ရက်၊ သောကြာနေ့တွင် မြပုခက်တင်သည်။ ဗဒုံမင်းက မဟာဇေယျပူရ အမည်ရှိသော စစ်ကိုင်းမြို့ကို မုန့်ဖိုး ပေးသည်။ ထို့ကြောင့် စစ်ကိုင်းမင်းဟု ခေါ်သည်။ ငယ်မည်မှာ မောင်နန်းစည် ဖြစ်သည်။

သက္ကရာဇ် ၁၁၇၀ ခု၊ တန်ခူးလဆန်း (၁၄) ရက်၊ သောကြာနေ့ (၂၉၊ မတ်၊ ၁၈၀၉)တွင် ခမည်းတော် အိမ်ရှေ့မင်းနတ်ရွာစံ၍ ဗဒုံမင်းက မြေးတော် စစ်ကိုင်းမင်းသားကို သက္ကရာဇ် ၁၁၇၀ ခု၊ တန်ခူးလပြည့်ကျော် (၇)ရက် (၆၊ ဧပြီ၊ ၁၈၀၉)တွင် အိမ်ရှေ့မင်း ပေးခဲ့သည်။ သက္ကရာဇ် ၁၁၈၁ (၅၊ ဇွန်၊ ၁၈၁၉)တွင် ဗဒုံမင်းနတ်ရွာစံသောအခါ စစ်ကိုင်းမင်းသား ထီးနန်းဆက်ခံသည်။

စစ်ကိုင်းမင်းအုပ်ချုပ်စဉ် သက္ကရာဇ် ၁၁၈၅ (အေဒီ ၁၈၂၄)တွင် အင်္ဂလိပ်နှင့် မြန်မာ ပထမစစ်ဖြစ်ပွားရာ မြန်မာတို့ စစ်ရှုံးသဖြင့် အာသံ၊ ရခိုင်၊ တနင်္သာရီကို စစ်လျော်ကြေးနှင့်တကွ အင်္ဂလိပ်သို့ ပေးအပ်ရသည်။ စစ်ကိုင်းမင်းလက်ထက် ပြည်ထဲ ရေးရာတို့ကို မိဖုရားခေါင်ကြီးဖြစ်သူ မယ်နုနှင့် မောင်တော် စလင်းမင်းသားမောင်အို တို့သာ ကြီးစိုးကွပ်ကဲနေလေသည်နှင့် တိုင်းပြည်မငြိမ်မသက်ဖြစ်၍ သက္ကရာဇ် ၁၁၉၈ (အေဒီ ၁၈၃၇)တွင် ညီတော် သာယာဝတီမင်း ရွှေဘိုသို့ ထွက်ခွာပြီးနောက် နောင်တော်တို့ ပုန်ကန်သည်။ စစ်ကိုင်းမင်း အရေးနိမ့်ကာ နန်းချခြင်း ခံရသည်။ ညီတော်က ကောင်းစွာစောင့်ရှောက်ကြည့်ရှုထားစဉ် သက္ကရာဇ် ၁၂၀၈ ခု၊ (အေဒီ

၁၈၄၆)တွင် စစ်ကိုင်းမင်း နတ်ရွာစံသည်။ ထိုစစ်ကိုင်းမင်းသည် နောင်အခါ ဘကြီးတော်မင်းဟု အမည်တွင်သည်။

စစ်ကိုင်းမင်းလက်ထက်တွင် နိုင်ငံတော်အတွင်း ဆယ်ဖို့တစ်ဖို့ကောက်ခံသော အခွန်တော်ကို (၃)နှစ်တိုင်အောင် လွှတ်တော်မူသည်။ နိုင်ငံတော်အတွင်းရှိ ဆရာတော်များကို ဘွဲ့တံဆိပ် လှူဒါန်းတော်မူသည်။ နိုင်ငံတော်အုပ်ချုပ်ရေးကိုလည်း အသစ်စည်းကြပ်စီမံတော်မူသည်။ တိုင်းသူပြည်သားတို့အား အေးချမ်းအောင်အုပ်ချုပ်ပြီး ဘာသာသာသနာကိုလည်း ချီးပင့်တော်မူသည်။ ဘကြီးတော်လက်ထက်တွင် ရဟန်းပညာရှိ၊ လူပညာရှိတို့ ညှိနှိုင်းတိုင်ပင်၍ မှန်နန်းရာဇဝင်ကို ရေးသားစေသည်။ စစ်ကိုင်းမင်း(ဘကြီးတော်မင်း)သည် အမျိုး၊ ဘာသာ၊ သာသနာ၊ စာပေအကျိုးကို သယ်ပိုးထမ်းရွက်သော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်သည်။

## ၁။ စာဆိုများ၏ ဘဝနှင့် စာပေ

ကုန်းဘောင်ခေတ်တွင် စစ်ကိုင်းမင်း(မင်းနန်းစည်)အတွက် တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့် ဦးတိုးတို့က ဧချင်း(၂)စောင် ရေးစပ်ပါသည်။

### ၁၊ ၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူ

မြန်မာစာပေသမိုင်းတွင် တွင်းသင်းတိုက်ဝန် မဟာစည်သူဘွဲ့ခံ တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် ထင်ရှားသည့် စာဆိုတော်ကြီးတစ်ဦး ဖြစ်သည်။ တွင်းသင်းမင်းကြီးကို ၁၀၈၈ ခုနှစ်တွင် အလုံမြို့၊ စီရင်စု၊ မောင်းထောင်ရွာမ၊ မီးလောင်ကုန်းအရပ်တွင် ဖွားမြင်သည်။[၁] မိဘ(၂)ပါးအမည်များကို မတွေ့ရပါ။ ငယ်စဉ်ကပင် သာသနာဘောင်သို့ ဝင်ရောက်၍ စာပေပရိယတ္တိများကို သင်အံဆည်းပူးခဲ့သည်။ ရဟန်းဘွဲ့မှာ ရှင်လင်္ကာသာရ ဖြစ်သည်။

ရှင်လင်္ကာသာရသည် ဟံသာဝတီရောက် မင်းတရားကြီးလက်ထက်တွင် ရွှေကန်ကျောင်း (ညောင်ကန်ရွာ)၌ ပညာဆည်းပူးခဲ့သည်။ ရဟန်းဝါ အတော်အသင့် ရသောအခါ မောင်းထောင်ရွာ၌ ကျောင်းထိုင်ကာ စာပေများကို တပည့်များအား ပို့ချပေးခဲ့သည်။ ရဟန်းဘဝနှင့်ပင် ဓနုဓမ္မသတ်၊ ရွှေမျဉ်းလင်္ကာ၊ ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးစေခန်းနှင့် ဝိသဇ္ဇဥ္စဝီတခွဲအား သတ်ပုံတို့ကို စီရင်ဖွဲ့နွဲ့ခဲ့သည်။

---

[၁] ဘသောင်း၊ ဗိုလ်မှူး၊ ၁၉၇၁၊ ၂၃၅။

အလောင်းမင်းတရား ရတနာသိင်္ဃကုန်းဘောင်မြို့တွင် ထီးနန်းစိုက်ထူသောအခါ လူထွက်ပြီး ဘုန်းတော်ရိပ်ကို ခိုလှုံသည်။ အလောင်းမင်းတရားသည် သားတော် ဗဒုံမြို့စားထံတွင် ဆရာအဖြစ် ထမ်းရွက်စေခဲ့သည်။ ထိုအခါ ဆရာကြီးဦးထွန်းညိုဟု တွင်ခဲ့သည်။ ဗဒုံမင်း အထွတ်အမြတ်သို့ ရောက်သောအခါ ဦးထွန်းညိုအား ရှေးဦးစွာ မဟာသင်္ချာဘွဲ့ပေးအပ်၍ ကျီဝန်ခန့်ထား သူကောင်းပြုတော်မူသည်။ များမကြာမီ မဟာစည်သူဘွဲ့ဖြင့် တွင်းသင်းတိုက်ဝန်ရာထူးကို ရရှိခဲ့သည်။ ထိုစဉ်က ဗဒုံမင်း လေ့ကျက်တော်မူရန် မနုရင်းဓမ္မသတ်လင်္ကာကို ရေးသားခဲ့သည်။ ပျို့များ၊ မော်ကွန်းများ၊ လူးတားများနှင့် ရတုများကိုလည်း ရေးသားခဲ့သည်။ ထို့ပြင် နန်းတွင်း၌ ခံစားရသော အမှုထမ်း အရာထမ်းများကို အုပ်ချုပ်ရသည်။ ဘိုးတော်ဘုရား(ဗဒုံမင်း)၏ မင်းဆရာ ပညာရှိ မင်းတိုင်ပင်အမတ်ကြီး ဖြစ်သည်။ ရဟန်းသံဃာလောကတွင် အတင်ဂိုဏ်း၊ အရုံဂိုဏ်းဟု ကွဲပြားနေသော ပြဿနာကို ပြေလည်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် သံဃာတိုင်းက ဦးထွန်းညိုအား လေးစားကာ ကျမ်းတတ်ပုဂ္ဂိုလ်ဟု ယုံကြည်ကြသည်။

ဘိုးတော်ဘုရား(ဗဒုံမင်း)က ဦးထွန်းညိုအား ယိုယွင်းပျက်စီးသော ကျောက်စာများကို အသစ်ပြင်ဆင်ထုလုပ်စိုက်ထူရာတွင် ဦးစီးရန် တာဝန်ပေးခဲ့သည်။ ထိုအလုပ် ကပင် ဦးထွန်းညိုအား ကျောက်စာများကို လေ့လာဖတ်ရှုစေနိုင်ခွင့် ရရှိစေခဲ့သည်။ ဦးထွန်းညိုသည် ကျောက်စာပေါင်းများစွာကို ဖတ်မိသောအခါ ရှေးကရှိခဲ့သော ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသော အချက်အလက် အကြောင်းအရာအချို့မှာ မပြည့်စုံမမှန်ကန်ကြောင်း တွေ့မြင်ခဲ့ရာ ပြည့်စုံမှန်ကန်သည့် ရာဇဝင်သစ်တစ်စောင်ကို ရေးသားရန် ဆန္ဒပေါ်ပေါက်ခဲ့သည်။ ထိုအခါ တွင်းသင်းမဟာရာဇဝင်သစ်ကို ရေးသား ခဲ့သည်။

တွင်းသင်းမင်းကြီးအား ပုခန်းမင်းကြီး သတိုးသီရိမဟာဉစ္စနာ မရှိလျှင် ပုခန်းဝန်ကြီးနေရာ ခန့်အပ်ခံရကာ ယွန်းသုံးဆက်အိမ်၊ ပတ္တမြားသုံးရစ်စီးတောင်ဗေး များကို သနားတော်မူခြင်း ခံရသည်။ အိုမင်းမစွမ်းရှိသည့်ကာလ တံခါးနီအထိ ပေါင်းယာဉ်စီး၍ ဝင်ရသည်။ တွင်းသင်းမင်းကြီးသည် ဘိုးတော်ဘုရား(ဗဒုံမင်း) မင်းကွန်းနန်းတော် စံတော်မူခိုက် အမှုတော်ကို နောက်တော်ပါ ထမ်းရွက်လျက် မင်းကွန်းအရပ်တွင် အိုမင်းသောရောဂါဖြင့် အနိစ္စရောက်သည်။ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ဇနကပျို့နိဂုံးကို ကိုးကားသော သက္ကရာဇ် ၁၁၆၈ ခု၊ တော်သလင်းလ၊ မင်းကြီးအသက်(၈၀)ပြည့်ပြီး ထိုနှစ် (သို့မဟုတ်) နောက်နှစ် နှစ်ဦးခန့်လောက်တွင် အနိစ္စရောက်သည်ဟု ထင်မြင်ကြောင်း ပြဆိုထားသည်။ အမိန့်တော်အရ အလောင်းကို ထီးဖြူမိုးကာ သန်လျင်းနှင့် တင်ဆောင်ကာ သင်္ဂြိုဟ်ရသည်။

တွင်းသင်းမင်းကြီးသည် ငယ်စဉ်ကပင် လောကီစာပေ၊ လောကုတ္တရာစာပေများကို ဆည်းပူးခဲ့သည်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်အမျိုးမျိုးတို့တွင်လည်း ကျွမ်းကျင်နှံ့စပ်သူ ဖြစ်သည်။ တွင်းသင်းမင်းကြီးသည် ဓမ္မသတ်လင်္ကာများ၊ ခွဲထားသတ်ပုံများ၊ ပျို့များ၊ မော်ကွန်းများ၊ လူးတားများ၊ မဟာရာဇဝင်သစ်ကြီး၊ ပေါရာဏကထာကျမ်းနှင့် စစ်ကိုင်းရှိ အောင်မြေလောကစေတီကျောက်စာ စသည်တို့ကို ရေးသားခဲ့သည်။

တွင်းသင်းမင်းကြီး ရေးသားခဲ့သောစာများမှာ–

(၁) မုဒုလက္ခဏာပျို့

(၂) ငါးရံ့မင်းပျို့

(၃) ဇယဒိသပျို့

(၄) ဝေဿန္တရာပျို့

(၅) ဘလ္လာတိယပျို့

(၆) ဝိဓုရပျို့

(၇) မဟာဇနကပျို့

(၈) အာနန္ဒာငိုချင်းပျို့

(၉) မဟော်ကျေးစေခန်းပျို့

(၁၀) မဟော်ဥမင်ခန်းပျို့

(၁၁) ပုဏ္ဏရိကဆင်တော်မော်ကွန်း

(၁၂) ဝရသေတဂီရိဆင်တော်မော်ကွန်း

(၁၃) အရေးတော်မော်ကွန်း

(၁၄) မင်္ဂလာအောင်ပွဲရဲရည်တက်မော်ကွန်း

(၁၅) အမရပူရမြို့တည်မော်ကွန်း

(၁၆) မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း

(၁၇) မျိုးတော်စဉ်ဧချင်း

(၁၈) ဆင်ဖြူရှင်မယ်ဧချင်း

(၁၉) ကျက်သရေညွန့်ဖူးချီမင်းနန်းစည်ဧချင်း

(၂၀) ဘဒ္ဒကမ္ဘာချီမင်းနန်းစည်ဧချင်း

(၂၁) ရတုအမျိုးမျိုး

(၂၂) တက္ကသိုလ်ဆရာထူးတေးထပ်

။(၂၃) ကြောက်ကြီးကိုးလုံးဆုံးမစာသံပေါက်

(၂၄) တွင်းသင်းလူးတား

(၂၅) တက်ရေး ၃၇ ချင်းလူးတား

(၂၆) ဆားရေး ၃၇ ချင်းလူးတား

(၂၇) တွင်းသင်းပေါရာဏကထာ

(၂၈) ဝဘဇ္ဇဠပီတခွဲထား

(၂၉) တွင်းသင်းသတ်ညွှန်းသစ်

(၃၀) အသတ် ၆ပါး၊ အစပ် ၆ပါး၊ ပယ်ပုံစာတမ်း

(၃၁) အသံကာရန် ၆၄ပါး၊ စပ်နည်း ၆၄ပါး

(၃၂) မဟာပရမချီ မနုရင်းလင်္ကာ

(၃၃) မဟာအစိန္တေယျချီမနုဓမ္မသတ် ရွှေမျဉ်းလင်္ကာ

(၃၄) မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ

(၃၅) အာယုစိန္တာကျမ်း

(၃၆) ပြဟစိန္တာကျမ်း

(၃၇) ကျောက်စာများ

(၃၈) တွင်းသင်းမြန်မာရာဇဝင်သစ်

(၃၉) ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ

(၄၀) အလောင်းဘုရားအရေးတော်ပုံ (အတို)

(၄၁) အလောင်းဘုရားအရေးတော်ပုံ (အရှည်) တို့ဖြစ်သည်။

တွင်းသင်းမင်းကြီးသည် မြန်မာစာပေအတွက် အကျိုးများစေမည့် စာပေမျိုးစုံကို ပြုစုရေးသားခဲ့သောကြောင့် မြန်မာစာပေလောကတွင် လေးစားတန်ဖိုးထားထိုက်သော စာဆိုအဖြစ် ထင်ရှားခဲ့သည်။

## ၁၊ ၂။ ဦးတိုး

'ရာမရကန်ဆရာကြီးဦးတိုး' ဟူ၍လည်းကောင်း၊ 'ဆောင်းပါးဆရာကြီးဦးတိုး' ဟူ၍လည်းကောင်း၊ 'ရွှေတိုက်စိုးဦးတိုး' ဟူ၍လည်းကောင်း၊ မြန်မာ့စာပေနယ်ပယ်အတွင်းတွင် ယခုတိုင် ထင်ရှားကျော်စောလျက်ရှိသူမှာ သက္ကရာဇ် ၁၁၁၃ ခုနှစ်ဖွားရွှေဘိုမြို့အနောက် ခရီးတစ်တိုင်ကွာ ဆီးတောရွာဇာတိ ဖြစ်လေသည်။

စာပေကျမ်းဂန်တတ်မြောက်အောင် သင်ကြား၍ ရဟန်းပြုသည်။ သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နန်းတက်တော်မူသော ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တော်နှင့် သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် နန်းတက်တော်မူသော စဉ့်ကူးမင်းလက်ထက်တို့၌ ရတု၊ ကဗျာ၊ သီချင်းများအပြင် ဆောင်းပါးစာအများကိုလည်း ရေးသားသည်။ ထိုအခါ 'ဆောင်းပါးမောင်တိုး' ဟူ၍ပင် တွင်၏။

သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နန်းတက်မူသော ဘိုးတော်မင်းတရားကြီးလက်ထက်တော်တွင် သားတော်အိမ်ရှေ့မင်း၏ လက်သုံးကျွန်ယုံအဖြစ်နှင့် ထမ်းရွက်ရသည်။ ထိုစဉ်အခါ 'မင်္ဂလာမှောင်ခြွေ' ချီ မြေးတော်စစ်ကိုင်းမင်းဧချင်းကိုလည်း ဆိုသည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ် အိမ်ရှေ့မိဖုရားက ရခိုင်သို့ စစ်ချီတော်မူသော အိမ်ရှေ့မင်းသားအားပေးရန် ကျေးစေရတုပိုဒ်စုံကိုလည်း ရေးသား ဆက်သရသည်။ အခြားသော ရတုကဗျာများနှင့် ရာမရကန်ကြီးကိုလည်း ထိုသက္ကရာဇ် ၁၁၄၆ ခုနှစ်အတွင်းမှာပင် အိမ်ရှေ့အရှင်နှစ်ပါးတို့၏ အမိန့်တော်နှင့် ရေးသည်။ ဤတွင်မှအထူးနှစ်ခြိုက်အားရတော်မူသောကြောင့် 'ဇေယျကျော်သူ' ဘွဲ့နှင့် သံတော်ဆင့်အရာ၊ ရွှေတိုက်စိုးအရာ ခန့်တော်မူခြင်း ခံရသည်။ ဤသို့အားဖြင့် သက္ကရာဇ် ၁၁၄၆ ခုနှစ်သည် မိမိ၏အရှင်သခင်ဖြစ်တော်မူသော အိမ်ရှေ့ဘုရား ဓညဝတီရခိုင်ပြည်ကို တိုက်ခိုက်အောင်နိုင်သောနှစ်၊ မိမိကိုယ်တိုင်လည်း 'ရာမရကန်'ကြီးကို ရေးသားအောင်မြင်သောနှစ်၊ အိမ်ရှေ့အရှင်နှစ်ပါးက အားရတော်မူသောကြောင့် 'ဇေယျကျော်သူ' ဘွဲ့နှင့်ရှေးဦးစွာ အိမ်ရှေ့သံတော်ဆင့်အရာ၊ နောက် အိမ်ရှေ့ရွှေတိုက်စိုးအရာ ခန့်တော်မူအပ်ခြင်းခံရသောနှစ် ဖြစ်ခြင်းကြောင့် အသက်(၃၃)နှစ်မျှသာ ရှိသေးသော ဦးတိုးအတွက် နှစ်ထူးနှစ်မြတ်ဟု ဆိုထိုက်သည်။

ဤတွင် ဦးတိုး ရေးသားသော 'ရာမရကန်' လာ 'သဇင်ပန်း' အချိုးကို ကန့်လန့်တိုက်၍ လိုက်ဖျက်သောအနေနှင့် ဦးတိုးတို့နှင့် တစ်ခေတ်တည်း အပြိုင် ပေါ်ပေါက်သည့် စာဆိုတော်ဦးလန်းက 'လက်ခုပ်ပွင့်' အချိုးဖြင့် ရကန်ဖျက်ရာ ရာမရကန်တစ်မျိုးကို ရေးသေးသည်။ သို့ရာတွင် ရကန်ဖျက်စီကုံးနေကြောင်း ဦးတိုး၏ အရှင်သခင်ဖြစ်တော်မူသော အိမ်ရှေ့ဘုရား ကြားသိတော်မူလေလျှင် ဦးလန်းကို ခေါ်တော်မူ၍ 'မောင်မင်း၊ ငါ့ရွှေတိုက်စိုးရေးသော ရာမရကန်ကို ဖျက်၍ရေးသည်ဟု ကြားရသည်။ နောက်ကို ထပ်မံကြားရလျှင် မောင်မင်း ဟောသည့်ဓားကိုကြည့်' ဟု မိန့်တော်မူသောကြောင့် တစ်ဝက်တစ်ပျက်နှင့်ပင် ရပ်၍ထားရသည်။

စာဆိုဦးတိုးသည် မိမိ၏ကျေးဇူးရှင် အိမ်ရှေ့မင်းသား(ရွှေတောင်မင်းသား)၏ သားကို မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်စေလိုမှု၊ အိမ်ရှေ့မင်းကို ကျေးဇူးသိတတ်လိုမှု စေတနာအရင်းခံဖြင့် ရှေးမင်းများ၏ ဆောင်ရွက်ချက်များကို ထည့်သွင်းဖွဲ့ဆိုထားသည်။ သို့သော် စာဆိုသည် ဤဧချင်း၌ ရှေးမင်းများထဲမှ ဧချင်းအဖွဲ့ခံမင်းသားနှင့် အလှမ်းမဝေး လှသော မင်းသားလေး၏ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော် စသော ကုန်းဘောင် မင်းဆက်များ၏ စွမ်းဆောင်ချက်များကို အလေးပေးရေးဖွဲ့ထားသည်။ ဤစာတမ်းတွင် ရှေးမြန်မာမင်းများ၏ စစ်ရေး၊ နိုင်ငံရေး၊ ဆောင်ရွက်ပုံ အဖွဲ့များကို ဖော်ထုတ် လေ့လာတင်ပြပါမည်။

## ၂။ စစ်ကိုင်းမင်း(မင်းနန်းစည်)ဧချင်းများမှ ပေးသော ဇာတိမာန်

စစ်ကိုင်းမင်း(မင်းနန်းစည်)အတွက် ရေးဖွဲ့သော ဧချင်း (၅)စောင် တွေ့ရသည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးဖွဲ့သော ကျက်သရေညွန့်ဖူးချီဧချင်းနှင့် ဘဒ္ဒကမ္ဘာချီဧချင်း၊ ဦးတိုး၏ မင်္ဂလာမှော်ခြွေချီဧချင်း၊ မိဖုရားဝန်ဖေယသင်္ချာ သီရိနန္ဒကျော်ထင်ရေးသော ညွန့်လန်းမင်္ဂလာချီဧချင်း၊ အနောက်ဝန်သီရိစည်သူသင်္ချာ ရေးသားသော မင်္ဂလာအောင်မြေချီဧချင်းတို့ ဖြစ်သည်။ ထိုဧချင်း (၅)စောင်မှ တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးဖွဲ့သော ကျက်သရေညွန့်ဖူးချီဧချင်းနှင့် ဦးတိုး ရေးဖွဲ့သော မင်္ဂလာမှော်ခြွေချီဧချင်းတို့မှ ဇာတိမာန်ကို ဖြစ်ပေါ်စေသော တိုက်ပွဲ အောင်ပွဲအဖွဲ့များကို တွေ့ရသည်။ စာဆို(၂)ဦး၏ မတူသော အတွေးများဖြင့် ရေးဖွဲ့ ကြသော ဧချင်းများမှ တိုက်ပွဲအောင်ပွဲအဖွဲ့များက ဧချင်းအဖွဲ့ခံမင်းသားနှင့် ဧချင်း ဖတ်ရှုသူအပေါင်းကို ဇာတိမာန် ဖြစ်ပေါ်စေသည်။ မင်းသားလေး၏ ဘေးတော် ဘိုးတော်တို့၏ တိုက်ပွဲအောင်ပွဲအဖွဲ့များသည် ဇာတိမာန်စိတ် နိုးကြားတက်ကြွ စေသော အဖွဲ့များ ဖြစ်သည်။

'ဇာတိမာန်' ဟူသည် ဇာတိနှင့်မာန ဟူသော ပါဠိစကားလုံး(၂)ခုကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ပါဠိ-မြန်မာ အဘိဓာန်၌ 'ဇာတိ'ကို-

"မွေးဖွားခြင်း၊ ဖြစ်ခြင်း၊ ပဋိသန္ဓေနေခြင်း၊ အမျိုး၊ ခန္ဓာအစဉ်"[၁]

ဟူ၍ ဖွင့်သည်။ မာနကို-

"ထောင်လွှားခြင်း၊ တက်ကြွခြင်း၊ မိမိကိုယ်သာမြတ်သည်ဟု မှတ်တမ်းတင်ခြင်း၊ မာန်မူခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း"[၂]

ဟု ဖွင့်သည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၂)၌-

"အမျိုးအနွယ်ကိုစွဲ၍ စိတ်နေမြင့်မားခြင်း၊ အမျိုးသားစိတ်"[၃]

ဟုဖွင့်သည်။ ဇာတိမာန် ဟူသည် မိမိလူမျိုး၊ မိမိနိုင်ငံအပေါ် မြတ်နိုးဂုဏ်ယူခြင်း ဖြစ်သည်။ ချေါင်းကဗျာများတွင် ချေါင်းအဖွဲ့ခံမင်းသားလေး မိမိ၏အမျိုးနွယ် ဘေးဘိုးတို့အပေါ် အားကျဂုဏ်ယူပြီး ကြိုးစားလိုစိတ်ပေါ်လာအောင် ရေးဖွဲ့ရသောကြောင့် ဇာတိမာန်စိတ်ကို ချေါင်း၊ စာပေအဖွဲ့က အများဆုံး ပေးနိုင်ပါသည်။ ဤချေါင်း(၂)စောင်လုံးတွင် ဇာတိမာန်စိတ်ကို ဖြစ်ပေါ်စေသော ဘေးတော် ဘိုးတော်တို့၏ ဂုဏ်ယူဖွယ် တိုက်ပွဲ အောင်ပွဲအဖွဲ့များကို တွေ့ရသည်။

## ၂၊ ၁။ ကျက်သရေညွှန့်ဖူးချီချေါင်းမှ တိုက်ပွဲအဖွဲ့များ

တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ ကျက်သရေညွှန့်ဖူးချီချေါင်းတွင် သံတိုင်(၃၃)ပိုဒ်၊ သံပေါက် အပိုဒ်(၂၀) ပါဝင်သည်။ ပိုဒ်ရေ(၁၃)မှ ပိုဒ်ရေ(၁၇)အထိသည် မင်းသားလေး၏ ဘေးတော် အလောင်းမင်းတရား၏ တိုင်းပြည်ထူထောင်ပုံ၊ မြန်မာပြည်ကို စုစည်းသိမ်းသွင်းပုံ တိုက်ပွဲအဖွဲ့များကို တွေ့ရသည်။

ချေါင်း၂စောင်လုံးတွင် မင်းသားလေး၏ ဘေးတော် အလောင်းမင်းတရား၏ မြန်မာနိုင်ငံကို စုစည်းသိမ်းသွင်းပုံ တိုက်ပွဲအဖွဲ့များကို တွေ့ရသည်။

မင်းသားလေး၏ ဘေးတော် အလောင်းမင်းတရားသည် စစ်ရေးစွမ်းရည်ထက်မြက်သော မင်းဖြစ်သည်။ မြန်မာနိုင်ငံကို စုစည်းနိုင်ပြီး ကုန်းဘောင်မင်းဆက်ကို ထူထောင်နိုင်ခဲ့သည်။ (၁၁၁၃)နှစ် ဟံသာဝတီမွန်မင်းက အင်းဝကို တိုက်ခိုက်

---

[၁] ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၄၁၁။
[၂] ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၇၇၁။
[၃] မြန်မာအဘိဓာန်(၂)၊ ၁၉၇၉၊ ၄၆။

သိမ်းယူပြီး ညောင်ရမ်းမင်း (၁၁)ဆက်မြောက် မဟာဓမ္မရာဇာဓိပတိကို ဟံသာဝတီသို့ ခေါ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံနေရာအနှံ့၌ မွန်မင်း၏ လက်နက်နိုင်ငံ ဖြစ်ခဲ့သည်။ အလောင်းမင်းတရားသည် မုဆိုးဖိုရွာကို ထန်းလုံးတပ်တည်ကာ လက်နက်လူသူ စုဆောင်းခဲ့သည်။ ထို့နောက် မင်းအဖြစ်ခံယူကာ မုဆိုးဖိုကို ခံတပ်ပြု၍ စစ်ဆင်ခဲ့သည်။ မွန်တို့က အငြိုးမပြေဘဲ အလောင်းမင်းတရား၏ခံတပ်ကို ဝန်းရံပိတ်ဆို့ တိုက်ခိုက်ခဲ့သည်။ အလောင်းမင်းတရားက မြို့ပတ်လည်၌ လက်နက်လေးမြားတို့ဖြင့် ခုခံတိုက်ခိုက်ရာ၊ ရန်သူတပ် ပျက်စီးပြီး၊ လေးမြား၊ ဓား၊ လှံလက်နက်များကို စွန့်၍ ပြေးကြသည်။ ရန်သူတို့မြေပေါ်တွင် အတုံးအရုံး သေကြေပျက်စီးခဲ့ကာ သွေးချောင်း စီးခဲ့ပြီး ရန်သူကို အောင်မြင်ခဲ့သည်။ ဤသည်ကို–

> "သခင်ဘေးတော် မင်းမြတ်ကျော်လျှင်၊ မမြော်ဘူးအောင် ပြည်ကြီး ထောင်၍၊ ကုန်းဘောင်ရတနာ၊ သိဃ်ာသမိုက်၊ ရွှေဘိုတိုက်က၊ သိမ်းပိုက်မကြွင်း၊ လက်နက်သွင်းလျက်၊ ကျွန်းတွင်းမွေချောက်၊ ထီးဆောက်နန်းတည်၊ ရာတစ်ပြည်ကို၊ လွှံ့သည်ဖြတ်ပိုင်း၊ ယူမည်သိုင်းသော်၊ တလိုင်းငြိုးစုံ၊ မျက်မုံမပြေ၊ မြို့ရွှေမြေဝယ်၊ စစ်ခြေခံနက်၊ မြေကွဲအက်မျှ၊ ပက်ရှက်ဆီးဆို့၊ အစို့စို့လျှင်၊ ရွှေမြို့ပတ်လည်၊ ရန်သတ်သည်ကို၊ စက်ခြည်ရွှန်း–ရွှန်း ကျောက်သံမွှန်း၍၊ ဖြန်းဖြန်းရက်ရက်၊ တိုက်လွှင့်ဖျက်က၊ လက်နက် လေးမြား၊ လှံဓားပစ်စွန့်၊ အဝှန့်များမြောင်၊ သူကောင်းခပင်း၊ တုံးလုံးခင်းလျက် မနင်းကျော်ကောင်း၊ တာသောင်းလောက်စင် သွေးချောင်းမြင်သည်"[၁] ပိုဒ်(၁၃)

ဟူ၍ ဖွဲ့ပြခဲ့သည်။ တိုက်ခိုက်မှုစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားသော အလောင်းမင်းတရား၏ တိုက်ပွဲအောင်မြင်မှုမှတဆင့် အားကျဂုဏ်ယူစိတ် ဖြစ်ပေါ် စေသည်။

အလောင်းမင်းတရားသည် ရေလမ်းမှနေ၍ ပဲခူးအထိ ရေကြောင်းတိုက်ပွဲဝင်ပုံ၊ တိုက်ပွဲမြင်ကွင်းကို–

> "မြစ်ဝကျယ်ထက်၊ သုံးဆယ်လှေသင်း၊ လောင်းတက်စင်းနှင့်၊ သူ့ချင်းတို့ချင်း၊ သိမ်းကာနင်းလျက်၊ အပြင်းတိုးဆုတ်၊ ထိုးခုတ် ရိုက်နှက်၊ ကြည်းထက်အချို့၊ ရေသို့ပြေးဆင်း၊ ခြင်းခြင်းသွေးညှီ၊

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၂၁။

> မြစ်လုံးနီမှျ၊ ယဉ်သီတာအောင်၊ သူကောင်ပေါ်လော၊ ကျွန်းထင်း
> မျောသို့၊ သောသောထပ်ရှိ၊ လိုက်ကာဖိလျက်၊ လွတ်မိလွတ်ရာ၊
> သူ့ထက်ငါလျှင်၊ လိပ်ပြာအသက်၊ စဉ်ထွက်မျောစုန်၊ လှေဦးသုန်သည်၊
> ကြောက်တုန်တည်းဇေးဇေး ပြန်ဇောချွေး" [၁] ပိုဒ်(၁၄)

ဟု ရေးဖွဲ့ပြခဲ့သည်။ အလောင်းဘုရား ဦးဆောင်သောတပ်ကြီးသည် ရေလမ်းမှ လှေဖောင်များဖြင့် မွန်တို့ကို တိုက်ခိုက်ရာ၊ ရန်သူတပ်နှင့် တပ်အချင်းချင်း ပူးကပ်မိသောအခါ အတင်းဝင်၍ ဓား လှံ မီးပေါက်သေနတ်တို့ဖြင့် တိုက်ခိုက်ကြပုံ၊ ရန်သူများ အကျအဆုံးများပုံ၊ မြစ်အတွင်း၌ သွေးခြင်းခြင်းနီရဲနေပုံ၊ ရန်သူအလောင်းများ မြစ်ထဲတွင် ကျွန်းထင်းတုံးမျောသကဲ့သို့ ဖြစ်နေပုံကို မျက်စိတွင်မြင်လာအောင် ရေးဖွဲ့ထားသည်။ ဤအဖွဲ့၌ သင်း၊ စင်း၊ ချင်း၊ နင်း ဟူသော အင်း–ကာရန်ကို ၎င်းအထိ နင်းထပ်၍ယူသွားသောကြောင့် မဆုတ်မနစ် တိုက်ပွဲဝင်နေပုံ ထင်ရှားလာသည်။ သံပြင်းသံကြောင့် အကြောင်းအရာ ပိုမိုလေးနက်လာသည်။ ထိုးခုတ် ရိုက်နှက် ဟူသော ကြိယာလေးခုတွဲတွင် ပထမကြိယာထက် ဒုတိယကြိယာက တတိယကြိယာထက် စတုတ္ထကြိယာက ပိုမိုပြင်းထန်ပြီး ခုတ်၊ ရိုက်၊ နှက် ဟူသော သံပြတ်သံ(၃)ခုကြောင့် ပြတ်ပြတ်သားသား အနိုင်ရလိုက်ပုံ ပီပြင်လာသည်။ 'ကြည်း' 'ရေ' ဟူသော နေရာပြသော အသုံးများကြောင့် မရှုမလှ ပြေးလွှားရပုံ ပေါ်လွင်စေသည်။ 'ခြင်းခြင်း'၊ 'မြစ်လုံးနီ' ဟူသော ပမာဏပြသော၊ 'ညှီ' ဟူသော အနံ့ပြသော အသုံးများကြောင့် ရန်သူများ အကျအဆုံးများပုံမှာ ထင်ရှားလာသည်။ ထို့ကြောင့် အလောင်းမင်းတရားတပ်များ ရှုပ်ရှုပ်ချွံချွံတိုက်ပြီး အနိုင်ယူနိုင်သည့် တိုက်ပွဲမြင်ကွင်းသရုပ်သည် ပေါ်လွင်ပြီး ရဲရင့်ခြင်းဝီရရသကို ဖြစ်ပေါ်ခံစားရသည်။ မင်းသားလေးမှာလည်း ဘေးတော် အလောင်းမင်းတရား၏ စစ်ရေးစွမ်းဆောင် အောင်မြင်မှုကို သိမြင်ကာ အားကျဂုဏ်ယူစိတ် ဇာတိမာန်စိတ်ကို ဖြစ်ပေါ်စေသည်။ စာဆိုသည် အလောင်းမင်းတရား၏အောင်ပွဲကို ဖော်ထုတ်ပြရာ၌ အလောင်းမင်းတရား၏ အားထုတ်မှုနှင့် ရန်သူ့ဘက်မှ ဆုံးရှုံးမှုတို့ကို ယှဉ်တွဲဖွဲ့ဆိုခဲ့သည်။

အလောင်းမင်းတရားသည် မြန်မာပြည်အစွန်အဖျားဒေသ ပင်လယ်ကမ်းနားဒေသ သာမက၊ ရှမ်းပြည်၊ ယွန်းပြည်အထိ ဩဇာအာဏာ ဖြန့်ကျက်နိုင်ပြီး စုစည်းနိုင်ခဲ့သည်။ ဤသည်ကို–

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၂၁။

> "မြန်ချဲ့အစွန်း၊ ပင်လယ်ဝန်းနှင့်၊ ရှမ်းယွန်းတလွှား၊ စော်ဘွားစော်ကန်၊
> မကျန်လွှယ်ကူ၊ သိမ်းကျုံးယူ၍"[၁] ပိုဒ်(၁၅)

ဟူ၍ ရေကြောင်း၊ ကြည်းကြောင်း လက်နက်နိုင်ငံတော်ပမာဏအား ဖော်ပြခဲ့သည်။ အလောင်းမင်းတရားသည် ရဲစွမ်းသတ္တိရှိခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ တိုက်ရည်ခိုက်ရည်ရှိခြင်းကြောင့်သာ ပြည်ပအထိ ဘုန်းတန်ခိုးဖြန့်ကျက်နိုင်ခြင်း ဖြစ်သည်။

အလောင်းမင်းတရားသည် ဟံသာဝတီပဲခူးကို အောင်မြင်ပြီးနောက် ကသည်းဒေသသို့ သွားရောက်တိုက်ခိုက်ခဲ့သည်။ ဘေးတော် အလောင်းမင်းတရားသည် နတ်တော်လတွင် လှေတပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းတပ် အလုံးအရင်းဖြင့် ကသည်းဒေသသို့ ချီတက်ခဲ့သည်။ စစ်ချီရာလမ်းခရီးတွင် မိုးထိမြင့်မားသော တိမ်နှင့်ထိစပ်မတတ်ရှိနေသော တောင်များ ရှိသည်။ ဝါးပင်နွယ်ပင်၊ ခြုံပင်များ စည်းယှက်ထားသကဲ့သို့ ထူထပ်များပြားနေသည်။ ထို့ပြင် ရေနက်သောချောင်းများ ချောက်ကမ်းပါးများကို ဖြတ်သန်းခဲ့ရသည်။ ကသည်းဒေသသို့ ရောက်သောအခါ သေနတ်စိန်ပြောင်းများဖြင့် တထောင်းထောင်းပစ်ခတ်ကြပုံ၊ လုံ့များကို ထိုးပစ်လွှတ်နေပုံမှာ မိုးထစ်ချုန်းသည့်အလားဖြစ်၍ ကသည်းစော်ဘွားကြီး ကြောက်လန့်ပြီး ထွက်ပြေးရပုံကို–

> "မိုးထက်တိမ်စပ်၊ ထိလုခပ်မျှ၊ တောင်ထပ်ဝါးရုံ၊ နွယ်ချုံကြိမ်ညွန့်၊
> ဆူးချွန့်ခက်သား၊ စည်းယှက်ထား၍၊ ဖဝါးချခက်၊ ချောင်းနက်
> မြောင်ဆီး၊ ခရီးတိုးကျပ်၊ ခံနှင့်ရပ်သား၊ တပ်အထောက်ထောက်၊
> လမ်းတစ်လျှောက်ကို၊ တိုက်ဖောက်ရွတ်ရွတ်၊ သေနတ်စိန်ပြောင်း၊
> ထောင်းထောင်းဖြိုနှင်၊ လုံ့ရှင်ထိုးပစ်၊ မိုးထစ်သောလား၊
> စော်ဘွားခွာရှောင်၊ ချင်းတောင်ပြေးတက်၊ ကိုယ်လွတ်ထွက်၍၊
> ချစ်သက်စုထား၊ သားမယားနှင့် ဆေးဝါးကုန်အောင်၊ ကြွင်းမဲ့
> ဆောင်သည်။"[၂] ပိုဒ်(၁၆ )

ဟူ၍ မြန်မာစစ်သည်တို့၏ စစ်ချီခရီးကြမ်း၊ ရန်သူတို့၏အရှုံးကို တွဲစပ်ဖော်ပြ ရေးဖွဲ့ခဲ့သည်။ ထောင်းထောင်း ဟူသော ကြိယာဝိသေသနအသုံးကြောင့် လည်းကောင်း၊ မိုးထစ်သောလား ဟူသော ဥပမာပေးအဖွဲ့ကြောင့် လည်းကောင်း၊ တိုက်ပွဲပြင်းထန်ပုံမှာ ထင်ရှားလာသည်။ တိုက်ပွဲမြင်ကွင်းကို မြင်ယောင်စေသော သရုပ်ဖော်အဖွဲ့ကောင်း ဖြစ်သည်။ အလောင်းမင်းတရား ကသည်းဒေသသို့ စစ်ချီရာအချိန်အခါသည် နတ်တော်လဖြစ်ကြောင်း ကာလဒေသနောက်ခံအဖွဲ့ဖြင့် ပြဆိုထားသည်။

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၂၂။
[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၆ ။

ရာသီဥတုချမ်းအေးသော ဆောင်းတွင်းကာလ၌ ဝေးလံပြီး သွားလာရခက်ခဲသော ကသည်းဒေသသို့ စစ်ချီတိုက်ခိုက်အောင်မြင်ပုံသည် မင်းသားလေးအတွက် ဘေးတော် အလောင်းမင်းတရားအပေါ် အားကျစိတ်၊ ဂုဏ်ယူစိတ်ကိုဖြစ်ပေါ်စေသော ဇာတိမာန်အဖွဲ့ ဖြစ်သည်။

ဘေးတော်အလောင်းမင်းတရားသည် ယိုးဒယားဒေသအထိ စစ်မျက်နှာဖြန့်ကျက်နိုင်ခဲ့သည်။ အလောင်းမင်းတရား ယိုးဒယားမြေပေါ်သို့ ခြေတော်ချလိုက်သည်နှင့်တစ်ပြိုင်နက် ရန်သူများသည် ကြောက်ရွံ့ထိတ်လန့်စိုးရိမ်မှုများဖြင့် လက်လွတ်ထွက်ပြေးကြရသည်။ ဤသည်ကို–

> "တန်ခိုးဖြန့်ကျက်၊ အာဏာစက်ဖြင့်၊ လမ်းဆက်ဖြည်းညင်း၊
> တရှင်းရှင်းတည့်၊ ဖြည့်တင်းချီသား၊ ယိုးဒယားသို့၊ ဖဝါးချနင်း၊
> ရွှေစက်ချင်း၍၊ ရန်တင်းလွှင့်ချောက်၊ ထုတ်ချင်းပေါက်က၊
> ရွံ့ကြောက်ထိတ်လန့်၊ စိုးရိမ်ဝှန့်လျက်"[၁] ပိုဒ်(၁၇)

ဟူ၍ ဖော်ပြခဲ့သည်။

စာဆိုသည် အလောင်းမင်းတရား၏ တိုက်ပွဲများကို ဖွဲ့ဆိုရာ ရေတပ်၊ ကြည်းတပ်စစ်ချီပုံ၊ စစ်ချီသောအချိန်ကာလ နေရာဒေသများကို ထည့်သွင်းရေးဖွဲ့ထားသည်။ အလောင်းမင်းတရား၏ ပြည်တွင်းပြည်ပ အောင်မြင်မှုတိုက်ပွဲများကို ဖွဲ့ဆိုပြပြီး ဧချင်းအဖွဲ့ခံမင်းသားလေး အတုယူအားကျလာအောင် ရေးဖွဲ့ပြခြင်းဖြစ်သည်။ ဘေးတော် အလောင်းမင်းတရားသည် ရဲစွမ်းသတ္တိပြည့်ဝပြီး ဘုန်းတန်ခိုးကြီးမားသော မင်းအဖြစ် မင်းသားလေးသိမြင်ပြီး ဇာတိမာန်စိတ် ဖြစ်ပေါ်စေသည်။

## ၃၊ ၂။ မင်္ဂလာမှောင်ခြွေချီချင်းမှ တိုက်ပွဲအဖွဲ့များ

ဦးတိုးရေးဖွဲ့သော မင်္ဂလာမှောင်ခြွေချဧချင်းတွင် သံတိုင် (၈၇)ပိုဒ်နှင့် သံပေါက် (၁၇)ပိုဒ် ပါဝင်သည်။ ဧချင်းအဖွဲ့ခံမင်းသားလေး၏ ဘေးတော် အလောင်းမင်းတရား၏ တိုက်ပွဲအောင်ပွဲများကို ပိုဒ်ရေ ၁၇ မှ ၄၃ ထိ လည်းကောင်း၊ အလောင်းဘုရား၏ သားတော်ကြီး နောင်တော်ကြီးမင်း၏ တိုက်ပွဲအောင်ပွဲများကို ပိုဒ်ရေ ၄၄ မှ ၄၆ ထိ လည်းကောင်း၊ အလောင်းတရား၏ သားတော်လတ် ဆင်ဖြူရှင်မင်း၏အောင်ပွဲများကို ပိုဒ်ရေ ၄၇ မှ ၅၁ ထိ လည်းကောင်း၊ သားတော်ငယ် ဘိုးတော်ဘုရား၏ တိုက်ပွဲအောင်ပွဲများကို ပိုဒ်ရေ ၅၂ မှ ၇၀ ထိ လည်းကောင်း ပြဆိုခဲ့သည်။ ဤဧချင်း၌

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၆။

တိုက်ပွဲအောင်ပွဲများကို အဓိကအသားပေး ရေးဖွဲ့ထားသည်။ ဦးတိုးသည် ဧချင်းအဖွဲ့ခံမင်းသား၏ခမည်းတော် အိမ်ရှေ့မင်းသားနှင့်အတူ တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ရသူဖြစ်ခြင်း၊ ဧချင်းအဖွဲ့ခံမင်းသားမှာ မိမိကို ချီးမြှင့်မြှောက်စားသောသူ၏ သား ဖြစ်နေခြင်း၊ စာဆိုကိုယ်တိုင်သည်လည်း မင်းသားလေးကို လက်ရုံးစွမ်းရည် ထက်မြက်သူတစ်ဦးဖြစ်စေလိုခြင်း စေတနာ ဆန္ဒတို့ကြောင့် တိုက်ပွဲအောင်ပွဲအဖွဲ့များမှတစ်ဆင့် မင်းသားလေးသည် မိမိ၏ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့၏ အောင်ပွဲများကို သိမြင်အားကျ အတုယူ ဂုဏ်ယလာအောင် ရေးဖွဲ့ထားသည်။

သက္ကရာဇ် ၁၁၁၃ ခုနှစ် ဟံသာဝတီမွန်မင်းက အင်းဝကို တိုက်ခိုက်သိမ်းယူခဲ့ပြီး၊ ညောင်ရမ်း (၁၁)ဆက်မြောက် မဟာဓမ္မရာဇာဓိပတိကို ဟံသာဝတီသို့ ခေါ်ဆောင်ခဲ့သည်။ နေရာအနှံ့၌ မွန်မင်း လက်နက်နိုင်ငံ ဖြစ်ခဲ့သည်။ အလောင်းမင်းတရားသည် မုဆိုးဖိုရွာကို ထန်းလုံးတပ်တည်ကာ လက်နက် လူသူ စု၍ စစ်ဆင်ခဲ့သည်။ အလောင်းမင်းတရားသည် ပဒေသရာဇ်မြန်မာနိုင်ငံ အကွဲကွဲအပြားပြားဖြစ်နေချိန်တွင် မုဆိုးဖိုရွာမှ ထန်းလုံးတပ်တည်ကာ အခိုင်အမာနေသော အလောင်းမင်းတရား သစ္စာမခံသဖြင့် မွန်တပ်များ အကြိမ်ကြိမ် လာရောက်တိုက်သည်။ အလောင်းမင်းတရား၏ခံစစ်ကို မခံနိုင်၍ ဆုတ်ခွာကြသည်။

အလောင်းမင်းတရားသည် အကွဲကွဲအပြားပြားဖြစ်နေသော မြန်မာဒေသများကို စုစည်းရန်အတွက် မွန်များကို တိုက်ခိုက်ရသည်။ မွန်တို့သည် အင်အားကြီးသည့်အတွက် မွန်တို့အင်အားလျော့ပါးစေရန် မွန်တို့ကိုသစ္စာခံပြီး အင်အားပံ့ပိုးပေးနေသော ခင်ဦးစား လက်ျာပျံချီငချစ်ညိုကို သစ္စာခံရန် စေလွှတ်သည်။ ခင်ဦးစားသည် သစ္စာမခံဘဲ ရွှေဘိုသို့ ကျူးကျော်တိုက်ခိုက်သောအခါ အလောင်းမင်းတရား တိုက်ခိုက်နှိမ်နင်းပုံကို–

> “ခင်ဦးတစ်ယောက်၊ မင်းမာန်ပေါက်၍၊ တစ်ယောက်ငါ့ပြင်၊
> ဘယ်မှာမြင်အံ့၊ စစ်အင်္ဂါလေး၊ စုံလင်ရေးနှင့်၊ ထက်သွေး
> စွယ်မြိုက်၊ ရက္ခိုက်ကုမ္ဘဏ်၊ နှစ်တန်စိုးရှင်၊ မြောက်ခွင်ရပ်နေ၊
> ကုဝေရသား၊ ငါကိုကားဟု၊ ပလွှားမောက်မာ၊ ရဲရုပ်ဝါဖြင့်၊
> လက်ယာပျံချီ၊ ရွှေဘိုဆီကို၊ မထီလေးစား ရှည်ထိပါးက၊ ဘုရား
> ဘေးတော်၊ လောင်းမဟော်သို့၊ ကျူးကျော်ရွှေဉာဏ်၊ လွှင့်လိုက်
> လှန်သည်၊ မြန်မြန်တည့်ဆုတ်ပြေး၊ တုန်ကြောက်ဧ”[၁] ပိုဒ်(၂၀)

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၅။

ဟု ဖွဲ့ပြခဲ့သည်။ ခင်ဦးစားသည် လက်ရုံးစွမ်းရည် ထက်မြက်သောကြောင့် မိမိကိုယ် မိမိ မင်းစိတ်မင်းမာန် ဝင်နေပုံ၊ စစ်အင်္ဂါလေးပါး ပြည့်စုံပုံ၊ နတ်ဘီလူးများကဲ့သို့ ရဲစိတ်ရဲမာန်အပြည့်ဖြင့် ချီလာပုံကိုပြပြီးမှ အလောင်းမင်းတရား၏ တပ်များက လိုက်လံ နှိမ်နင်းခဲ့ပုံကို ပြသည်။ ရန်သူ၏အင်အားကြီးမားပုံကို ပြပြီးမှ အလောင်းမင်းတရား နိုင်ခဲ့ပုံကိုပြရာ အလောင်းမင်းတရား၏ စစ်ရေးစွမ်းရည်ထက်မြက်မှုနှင့် စီမံခန့်ခွဲမှု ကောင်းမွန်ပုံကို ပိုမိုပေါ်လွင်စေသည်။ ရန်သူများ၏ စိတ်ခံစားမှုနှင့် ကြောက်ရွံ့ ဆုတ်ပြေးပုံ မြင်ကွင်းကို–

"မြန်မြန်တည့်ဆုတ်ပြေး၊ တုန်ကြောက်ဇ"

ဟူသော အဖွဲ့များဖြင့် မြင်သာအောင် ပြခဲ့သည်။

ရာမညတိုင်းမှ တလိုင်း၊ မွန်များသည် အင်းဝကို သိမ်းပိုက်ပြီးနောက် အင်အား အလုံးအရင်းဖြင့် ရွှေဘိုသို့လာရောက်တိုက်ရာ အလောင်းမင်းတရားသည် သူရဲကောင်း ကျွန်တော်ရင်း (၆၈)ယောက်နှင့်အတူ မြင်းရည်တပ်ဖွဲ့(၆၈)ဖွဲ့နှင့် ပြန်လည်နှိမ်နင်း အောင်မြင်ပုံကို–

> "လက်ယုံလက်မြန်၊ စွမ်းသန်ကြီးအင်၊ ခြေလျင်ခြေကောင်း သောင်းတပ်သိန်းတပ်၊ ဆင်ကြပ်ဆင်လိုက်၊ ဆောင်ရိုက်အပ်စည်၊ မြင်းလည်းမြင်းရုံ၊ အောင်လံရွှတ်ချွန်၊ တံခွန်စိုက်ဝင်၊ လေးနှင့် လုံဓား၊ ဆေးဝါးလုံလောက်၊ ပြောင်းမီးပေါက်တိ၊ အမြောက် ထောင်ရာ၊ ဗိုလ်ပါပည်းသီ၊ ခေါဘဏီသေနင်၊ လုံးရင်းအင်ဖြင့်၊ ကောင်းကင်အုန့်အုန့်၊ မြူမှုန့်ထောင်းထောင်း၊ ပဲ့တင်ခြောင်းလျက်၊ မြေစောင်းလုမျှ၊ နိုင်နေကျဟု၊ ကြိမ်းပဟစ်ဆို၊ မြို့ရွှေဘိုကို၊ ဗိုလ်သချော်တပ်၊ ရာထောင်ထပ်၍၊ မလပ်ဝန်းခြံ၊ ပျားနှယ် အုံသော်"[၁] ပိုဒ်(၂၂)
>
> "ကိုယ်ယုံရဲဘော်၊ မျိုးတော်ကျွန်စစ်၊ ခြောက်ကျိပ်ရှစ်နှင့်၊ ဘိုးချစ် ရှင်ဘ၊ တခဏတိ၊ သူရာတပ်ကို၊ သိကြားမြို့သို့၊ ခဲငြိမြင့်ငြင်၊ တိုက်လိုက်နင်က၊ မရှင်ကောင်သေ၊ အသချေ်တိ"[၂] ပိုဒ်(၂၂)

ဟူ၍ ဖွဲ့ပြခဲ့သည်။

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၆။

[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၆။

ရန်သူအင်အားကြီးမားပုံ၊ မြို့ကိုဝိုင်းပုံကို 'ပျားအုံ' ကဲ့သို့ မြင်သာသော ဥပမာဖြင့် နှိုင်းပြခဲ့သည်။ အလောင်းမင်းတရားက မွန်တို့ကိုနိုင်ခဲ့ပုံကို သိကြားမင်းက အသူရာတပ်ကို နိုင်ပုံဖြင့် သိမြင်လွယ်သော ဥပမာဖြင့် ခိုင်းနှိုင်းခဲ့သည်။ အင်အားကြီးမားသောရန်သူကို ရဲရဲဝံ့ဝံ့ ပြန်လှန်တိုက်ခိုက်နိုင်သော အလောင်းမင်းတရား၏ စစ်ရေးစွမ်းရည်ထက်မြက်မှုကို တွေ့မြင်နိုင်သည်။

အလောင်းမင်းတရားသည် ရွှေဘိုသို့ ဝန်းရံတိုက်ခိုက်လာသော မွန်တပ်မှ အဲကံကောင်းနှင့် ဒေါဗညားတပ်ကို နိုင်ပုံ၊ ခင်ဦးစား၊ ကျွန်းတောစားနှင့် ဒေါစွယ်ရတို့ ချီတက်တိုက်ခိုက်မှုကိုလည်း အောင်မြင်ခဲ့ပုံကို–

> "ဒေါဗညားနှင့်၊ သေပါးနီးတောင်၊ အဲကန်ကောင်းတို့ ရွာမြောင်
> ဝန်းခွင်၊ ရောက်ပြန်တင်က၊ ခုံမင်စစ်ထိုး၊ ရဲစွမ်းကိုးသည်၊
> ရှင့်ဘိုးဘုန်းခေါင်၊ နောင်တော်နောင်တို့ ထိန့်အောင်အဲခံ၊ သိန္ဓော
> ပျံနှင့်၊ မြဲမြံသုတပ်၊ လွန်စည်းကြပ်လည်း၊ ရှုပ်ရှုပ်ချင်းနင်း၊ ခဏ
> ချင်းတိ၊ ဘော်သင်းညီနောင်၊ ပွဲဦးအောင်၏"[၁] ပိုဒ်(၂၃)

> "စိန်တောင်စိတ်တင်၊ သေသူရှင်သို့၊ မြောက်ခင်ဦးစား၊ ကျွန်းတော်
> သားနှင့်၊ သုံးပါးပေါင်းကြ၊ ဒေါစွယ်ရတို့၊ များလှတပ်ရန်၊ ချီလှာ
> ပြန်လည်း၊ လျင်မြန်ဘေးတော်၊ ကျွန်ရဲဘော်နှင့်၊ လူပေါ်မသား၊
> နင်ဘက်လားဟု၊ လုံ့သွားချီဝင့်၊ မိန့်ကာလွှင့်၍"[၂] ပိုဒ်(၂၃)

ဟု ရေးဖွဲ့ခဲ့ပါသည်။ ရှုပ်ရှုပ်ချုံချုံတိုက်နိုင်သော အလောင်းမင်းတရား၏ စစ်ရေးစွမ်းရည်ထက်မြက်မှုကို တွေ့နိုင်သည်။

အင်အားအလုံးအရင်းနှင့် တည်တောအရပ်၌ တပ်တည်ပြီး မုဆိုးဖိုကိုရအောင် တိုက်မည်ဟု ချီတက်လာသော ဗညားလဂွန်းအိန်တို့အား နှိမ်နင်းခဲ့ပုံကို–

> "ဗိုလ်လေးသိန်းစင်၊ များထောင်အင်နှင့်၊ နောက်ခွင်တကြော၊
> ရပ်တည်တောတွင်၊ ကျော်စောပြင်းရှိန်၊ လဂွန်းအိန်လည်း၊
> ထိန်ထိန်လျှံလူ၊ ငတွင်ပူစိမ့်၊ အယူမယည်၊ ဗညားကျည်နှင့်၊
> တွဲရှည်ကြံစည်၊ တပ်ကြီးတည်လျက်၊ လေပြည်မကွန့်၊ လင်းယည်
> တန့်သို့၊ အလန့်မာန်နှင့်၊ ရပ်ခံလင့်သော်၊ အရှင့်ဘိုးတော်၊
> ပြောင်ဥပေါ်ထက်၊ ဇေယျော်မင်္ဂလာ၊ စကြာလန်းပွင့်၊ ရွှေချမ်း

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၆။

[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၆။

ဖွင့်က၊ လွတ်ခွင့်မဆိုင်း၊ မိမွေးတိုင်းတည့်၊ မြင်ရိုင်းကိုယ်နှင့်၊
သေကျေလွင့်၍"[၁] ပိုဒ်(၂၄)

ဟု ရေးဖွဲ့ပြခဲ့သည်။ ရန်သူများသည် အလောင်းမင်းတရားတပ်၏ တိုက်ခိုက်မှုကို မခံနိုင်ဘဲ အသက်လုပြေးရပုံကို ထင်ရှားမြင်သာအောင် ရေးဖွဲ့ပြခဲ့သည်။ တိုက်ခိုက်မှုစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားသော အလောင်းမင်းတရား၏ စစ်ရေးဆောင်ရွက်ချက်ဖြစ်သည်။

အလောင်းမင်းတရားသည် ပြည်တွင်းမှ အင်အားစုစည်းချိန်တွင် ပြည်ပမှ ပေါ်ပေါက်လာသော ရန်သူများကိုလည်း အလွယ်တကူ ဖယ်ရှားနိုင်ခဲ့သည်။ တရုတ်ပြည်မှ ဦးတည်မင်း၏စစ်တပ်ကြီးကို အလောင်းမင်းတရား၏ ရဲစွမ်းသတ္တိဖြင့် ဖြိုဖျက်နိုင်ခဲ့သည်။ ရေမြေတောတောင်အနှံ့ ကျော်ဇောပြီး ဦးတည်မင်းဟု ကြားလိုက်သည်နှင့် တစ်ရာသောမင်းတို့ ကြောက်ရွံ့ကြသည့် စစ်တပ်ကြီးသည် အလောင်းမင်းတရား၏ ရဲစွမ်းသတ္တိနှင့်ဘုန်းတော်ကို ရင်မဆိုင်ရဲဘဲ ပြန်သွားရပုံကို–

"ပဲ့တင်ထစ်ချုန်း၊ မိုးသို့မှုန်းသည်၊ တောင်ကုန်းရေကြည်း၊
ယိုင်ညွတ်လည်မျှ၊ ကျော်သည်းဘုန်းတင်၊ ဦးတည်မင်းဟု၊
နားတွင်ကြားက၊ မင်းတစ်ရာတို့၊ လိပ်ပြာတုန်ယင်၊ ကြောက်ရည်
ဝင်သည်၊ စိန်ခွင်စိုးယူ၊ သို့သည်သူက၊ လက်ဝဲလက်ယာ၊ ယူဇနာ
သုံးတွေ၊ ရှေ့နေနောက်ထပ်၊ လူချင်းကျပ်နှင့်၊ ရှစ်ရပ်မျက်နှာ၊
လုပ်ကြံလှာလည်း၊ ဘာသာပြန်နစ်၊ ရယ်ဘွယ်ဖြစ်၏"[၂] ပိုဒ်(၂၆)

ဟု ရေးဖွဲ့ပြခဲ့သည်။ ပြည်ပကျူးကျော်စစ်ကို ဖြိုဖျက်နိုင်သော အလောင်းမင်းတရား၏ ရဲစွမ်းသတ္တိနှင့်ဘုန်းတော်ကို မင်းသားလေးသိရှိပြီး ဇာတိမာန်စိတ် ဖြစ်ပေါ်စေသည်။

ကွေ့ဂုဏ္ဏအိန်သည် ဇေဋ္ဌကူးမြို့ကျေးရွာပတ်လည်ရှိ မြန်မာမြို့ရွာများကို ဖျက်ဆီးကာ တောင်သုံးလုံးအရပ်၌ တစ်ထီးတစ်နန်း နေသည်။ အလောင်းမင်းတရားသည် သားကြီး နောင်တော်ကြီး၊ သားလတ် ဆင်ဖြူရှင်၊ သားငယ် ဘိုးတော်ဘုရားတို့ကို သွားရောက်နှိမ်နင်းစေသည်။ ကွေ့ဂုဏ္ဏအိန်လည်း မြန်မာတပ်ကို မခုခံနိုင်ဘဲ လက်နက်လူသူအများ မြန်မာတို့ ရခဲ့သည်။ ဤသည်ကို–

"နှုတ်နန်းဝရဇိန်၊ ဂုဏ္ဏအိန်လည်း၊ စိန်တစ်လုံးယောင်၊ အုတ်ဖို
တောင်ဆက်၊ နန်းဆောင်ရာနင်း၊ ကွေ့တသင်းနှင့် မင်းတသီးမူ၊

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၇။
[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၇။

> ပြသည့်ပုက၊ ကျိုက်ဆူရေကြည်း၊ တော်ရိုက်လည်းအောင်၊
> ခမည်းတော်က၊ လောကဥက္ကဌ်၊ နောင်လတ်နောင်ကြီး၊ ဘုန်းမီး
> လျှံပြောင်၊ တောက်လောင်တေဇော်၊ မင်းသုံးဘော်ကို၊ ဘေးတော်
> ရန်လှန့်၊ ချီလေခန့်သော်၊ မတန့်စခန်း၊ ချီသိမ်းမြန်း၍၊ သုံ့ပန်း
> မြားမြောင်၊ လက်ဆောင်လက်နက်၊ ရှေ့တော်ဆက်၏"[၁] ပိုဒ်(၂၇)

ဟု ဧချင်း၌ ရေးဖွဲ့ပြခဲ့သည်။ အလောင်းမင်းတရားသည် ကိုယ်တိုင်လက်ရုံးစွမ်းအား ပြည့်စုံရုံမက သားတော်၊ ရဲမက်တော်များ၏ လက်ရုံးအားကိုပါ ပိုင်ဆိုင်ထားသူ ဖြစ်သည်။ စည်ရုံးရေးစွမ်းရည် ထက်မြက်ပြီး စီမံခန့်ခွဲမှုကောင်းမွန်သူ ဖြစ်သည်။ အလောင်းမင်းတရားသည် အင်းဝမှာခြေကုပ်ယူကာ မွန်စစ်သူကြီး ငွေခွန်ဝန်နှင့် ဒေါဗညားတပ်များကို နှိမ်နင်းပြီး အင်းဝကို ပြန်လည်သိမ်းယူနိုင်ရန် သားတော် ဆင်ဖြူရှင်(သတိုးမင်းစော)ကို စေလွှတ်ခဲ့သည်။ ဆင်ဖြူရှင်မင်းသည် နှိမ်နင်းနိုင်ခဲ့သည်။ ဤသည်ကို–

> "နှောင့်ယှက်ဆိုးဂြိုလ်၊ ကိုယ်ရှင့်ကိုယ်ကို၊ မလိုပူဆာ၊ ပျက်ကြောင်း
> ရှာသည်၊ တိုင်းရာမည၊ မင်းကခန့်ရန်၊ ငွေခွန်ဝန်နှင့်
> မွန်တစ်မြို့စား၊ ဒေါဗညားတို့၊ တောင်ငါးမြစ်ယံ၊ မြို့မင်းခံဝယ်၊
> ရပ်ခံကြားသော်၊ ဘေးစောကျော်လည်း၊ ဘိုးတော်ဘုန်းမောက်၊
> နောင်ကြီးအောက်ကို၊ တန့်ထောက်မတင်း၊ စေလိုက်လျှင်းက၊
> နတ်မြင်းဝေလာ၊ အဿဇာနှင့်၊ ကြေညာတုန်ရိုက်၊ ယောက်ချင်း
> တိုက်သည်၊ နိုင်လိုက်တည့် ထွက်ပြေး၊ မြန်မနေး"[၂] ပိုဒ်(၂၇)

ဟု ရေးဖွဲ့ပြခဲ့သည်။ အလောင်းမင်းတရား၏ ဘုန်းကံကြီးမားမှု၊ တိုက်ရည်ခိုက်ရည် မြင့်မားမှုကြောင့် အင်အားကြီးသော မွန်တို့သည် အင်းဝ၌ မခုခံနိုင်ဘဲ ဆုတ်ခွာထွက်ပြေးခဲ့ရသည်။ ဤဧချင်း၌ အလောင်းမင်းတရားသည် ကွေ့ဂုဏ္ဏာအိန်ကို နှိမ်နင်းပုံ၊ အင်းဝကို အောင်မြင်ပုံများကို ထည့်သွင်းပြဆိုထားသော်လည်း တွင်းသင်းမင်းကြီး ရေးဖွဲ့သော ကျက်သရေညွန့်ဖူးချီဧချင်းတွင် ရေးဖွဲ့မှု မရှိပေ။ အလောင်းမင်းတရား၏ ထင်ရှားသော တိုက်ပွဲများကို စာဆိုဦးတိုး ဖော်ပြရာ၌ အရင်ရေးသည်ဟု ယူဆရသော တွင်းသင်းမင်းကြီး၏ ဧချင်း၌ မပါသော တိုက်ပွဲများကို ဖြည့်စွက်ပြီး၊ မင်းသားလေး၏ ဘေးတော် အလောင်းမင်းတရား၏ စစ်ရေးစွမ်းဆောင်ချက်များ၊ စည်းရုံးရေး ဆောင်ရွက်ချက်များ၊ ဘုန်းတော်များ ပိုမိုပေါ်လွင်စေရန် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၈။

[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၈။

ဤသို့ ရေးဖွဲ့ရခြင်းမှာ ဘေးတော်၏ အောင်မြင်မှုများကို မင်းသားလေး သိမြင်အားကျ အတုယူပြီး၊ ဂုဏ်ယူတတ်စေရန် ဖြစ်သည်။ အလောင်းမင်းတရား ရတနာသိင်္ခ ကုန်းဘောင်ပြည်သို့ ရောက်သောအခါ ပိုနိမ့်ပိုမြင့်အရပ်မှ မင်းကြီးရဲထင်၊ မွန်အမှုထမ်းကောင်း ရဲခေါင်စံကျော် ဘားရားကြီးတို့ ဝင်ရောက်ခိုဝင်လာသည်။ ရာဇမိရာဇ်လည်း အသက်ဘေးမှ လွတ်မြောက်ရန်အတွက် ခိုလှုံလာကြောင်းကို–

"ပိုနိမ့်ပိုမြင့်၊ မြစ်နှင့်တောင်စပ်၊ ပုန်းကွယ်ရပ်က တုပ်ပျက်ထံနီး၊
ဖားရားကြီးနှင့်၊ တစ်သီးတစ်ခြား၊ ကိုယ်လွတ်ယားသည်၊
ဗညားဓမ္မရာဇ၊ ခိုဝင်လာသော်၊ ရာဇမိရာဇ်၊ စိတ်လက်ညစ်၍၊
မချစ်ကိုယ်သက်၊ ဆင်မြင်းဆက်ပြီး၊ ကွပ်မျက်လွတ်ကြောင်း၊
သနားတောင်း၏"[၁] (ပိုဒ်–၃၀)

ဟု ရေးဖွဲ့ပြခဲ့သည်။

ထို့ပြင် ယော၊ ထီးလင်း၊ တောင်တွင်းစားတို့ သစ္စာခံပုံ၊ ပင်မဲ့ထီးမြို့မှ လက်ဝဲသီဟကျော်ထင်နှင့် မြို့ရွာသူကြီး အမှုထမ်းတို့ သစ္စာခံပုံကို–

"သူကောင်းရဲယောင်၊ ကြက်နယ်စောင်လည်း၊ မြောင်ချောင်တသင်း၊
ယောထီးလင်းနှင့်၊ တောင်တွင်းချောင်းစား၊ ငါပင်ကားဟု၊
ထောင်ထားဖောက်ပြန်၊ ကျင့်ယုတ်တန်သည်၊ ငကျန်ဟူပြီ၊
စော်ဘွားညီလည်း၊ သစ်နီစေ့လျက်၊ သိန်းတန်မျက်ကို၊ ဖက်လက်
မညွတ်၊ စိတ်မာဆတ်၍၊ သေနတ်ဝန်မင်း၊ ချိုးဖဲ့နင်းက၊
ချက်ခြင်းအောင်မြင်၊ သို့ပန်းဖျင်၏၊ သည်ပြင်တသီး၊ ပင်မဲထီးနှင့်
စိုးကြီးထောင်သင်း၊ မင်းရွာမင်းတို့၊ ချင်းချင်းတိုက်လံ၊ မင်းဖြစ်
ကြံလည်း၊ ဘုန်းတော်ကံအား၊ မင်းရွာစားလျှင်၊ ထံပါးခိုမှီ"[၂] ပိုဒ်(၃၃)

ဟုရေးဖွဲ့ပြခဲ့သည်။ အလောင်းမင်းတရားသည် ပြည်တွင်းဒေသအသီးသီးကို မိမိ လက်အောက် ရောက်ရှိပြီး၊ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန် ဆောင်ရွက်ခဲ့သည်။

အလောင်းမင်းတရား၏ စည်းရုံးရေးစွမ်းအင် ထက်မြက်ပုံကို တွေ့ရသည်။ အလောင်းမင်းတရားသည် နိုင်ငံတော် စည်းလုံးညီညွတ်ရေးအတွက် အကွဲကွဲ အပြားပြားဖြစ်နေသော မြန်မာနိုင်ငံကို စုစည်းရာ၌ မွန်များကို သိမ်းသွင်းခဲ့သည်။ အင်းဝကို ချီတက်လာသော မွန်တပ်ကြီးကို နှိမ်နှင်းရာ၌ အလောင်းမင်းတရား၏

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၉။
[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၉။

ရဲစွမ်းသတ္တိရှိမှု၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်းတို့ကြောင့် ဂဠုန်မင်း၏ တောင်ပံခတ်သံကို ကြားရရုံဖြင့် နဂါးမင်းထွက်ပြေးရသကဲ့သို့ မွန်တို့သည် ဓား၊ လှံ၊ သေနတ်ကိုပင် မယူနိုင်ဘဲ အသက်လုကာ ထွက်ပြေးရပုံကို–

> "တလိုင်းသူပုန်၊ ကြည်းရေကုန်တိ၊ ဂဠုန်တောင်ဟုန်း၊ နဂါးပုန်းသို့၊
> ပျက်ပြုန်းကြောက်အေး၊ သက်လွတ်ပြေးသော်"[၁] ပိုဒ်(၃၃)

ဟု ရေးဖွဲ့ပြခဲ့သည်။ ဂဠုန်သည် နဂါးကို အမြဲနိုင်ပြီး နဂါးက ဂဠုန်ကို ကြောက်ရွံ့ရသော ဥပမာဖြင့် မွန်တို့ အလောင်းဘုရားကို ကြောက်ရွံ့ပြီး၊ အသက်လုကာ ထွက်ပြေးရပုံကို ထင်ရှားအောင် ပြဆိုထားသည်။ လက်ရုံးစွမ်းအားဖြင့် နိုင်ငံတော် ငြိမ်းချမ်းအောင် စည်းရုံးဆောင်ရွက်နိုင်သော အလောင်းမင်းတရား၏ ဘုန်းတော်ကို တွေ့မြင်ပြီး အားကျဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။

စစ်ရေးစွမ်းရည်ထက်မြက်သော အလောင်းမင်းတရား၏ ဘုန်းတော်ကို မခံနိုင်၍ ရှမ်းမင်းစော်ဘွားများ လက်ဆောင်ပစ္စည်းဆက်သကာ ခိုဝင်လာပုံကို–

> "ပဒေသရာဇ်၊ ဖြစ်သည်သီးခြား၊ ရှမ်းမင်းများလည်း၊ ရင်သား
> သမီး၊ ဆင်ကြီးမြင်းကောင်း၊ လုံးလျောင်းလက်နက်၊ လျင်ကြောင်း
> ဆက်၍၊ ရွှေစက်ကျိုးနွံ၊ ကျွန်တော်ခံ၍"[၂] ပိုဒ်(၃၄)

ဟူ၍ ရေးဖွဲ့ပြခဲ့သည်။ 'ရင်သားသမီး'၊ 'ဆင်ကြီးမြင်းခေါင်း'၊ 'လုံးလျောင်းလက်နက်' ဆိုသော အသုံးများက တန်ဖိုးထားရသောအရာများကို ဆက်သကြရကြောင်း ထင်ရှားစေသည်။ ထိုနည်းဖြင့် အလောင်းမင်းတရားအပေါ် ရှမ်းစော်ဘွားတို့ ရွံ့ကြောက်ရပုံ ထင်ရှားစေသည်။ 'ရွှေစက်ကျိုးနွံ' 'ကျွန်တော်ခံ၍' ဟူသော စကားသုံးများကလည်း အလောင်းဘုရားအပေါ် ကြောက်ရွံ့ရိုသေကြရပုံကို ဖော်ပြနိုင်သည်။ အလောင်းမင်းတရားကို ကသည်းစော်ဘွားတို့က သမီးတော်များ ဆက်သသည်။ မိုးညှင်း၊ မိုးကောင်း၊ ကလေး၊ ခန္တီးဒေသရှိ စော်ဘွားများကလည်း သစ္စာခံသည်ကို–

> "ဇန်းမော်စော်ဘွား၊ ဘုန်းတော်အားကြောင့်၊ ပြာထွားမွတ်ညက်၊
> သမီးဆက်သော်၊ ရွှေစကြာရင်၊ မိုးညှင်းမိုးကောင်း၊ မိုင်းညောင့်
> ကလေး၊ ကချင်ဇပိန်း၊ မှန်းရက်ချိန်းသို့၊ စောင့်ထိန်းကျွန်ဆက်၊
> သစ္စာရွက်"[၃] ပိုဒ်(၂၉)

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၆၀။
[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၆၁။
[၃] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၉။

"ကသည်းကလည်း၊ စော်ဘွားသိပ်ပြာ၊ လန့်ရင်းပါ၊ သစ္စာခံရွက်၊
ရင်သွေးဆက်သည်"[၁] ပိုဒ် (၃၀)

ဟု ရေးဖွဲ့ထားသည်။ အလောင်းမင်းတရား၏ဘုန်းတော်ကို ကြောက်ရွံ့ပြီး သစ္စာခံကြသောသူများ၏ စိတ်ခံစားမှုပြင်းထန်ပုံ၊ ကိုယ်ရောစိတ်ပါ ကြောက်ရွံ့တုန်လှုပ်နေကြပုံကို 'လန့်ဖျပ်ရောင်စင်' ဟူသော အဖွဲ့ဖြင့် ပြခဲ့သည်။

ထို့ပြင် အလောင်းမင်းတရား၏ သစ္စာခံကြသည်ကို 'သစ္စာရွက်' ဟူသော အဖွဲ့ဖြင့်ပြကာ စိတ်ထဲနှလုံးသားထဲမှ လိုလိုလားလား သစ္စာခံကြပုံကို မြင်ယောင်လာအောင် ဖွဲ့ပြထားသည်။ ကသည်းစော်ဘွားက မြန်မာမင်း အလောင်းမင်းတရားအား ကြောက်ရွံ့ပုံကို 'စော်ဘွားလိပ်ပြာ၊ လန့်ရင်းပါ' ဟု ဖွဲ့ပြခဲ့သည်။

စော်ဘွားများ၏ အလောင်းမင်းတရားအပေါ် ကြောက်ရွံ့မှု ပြင်းထန်ပုံကို ဖော်ပြရင်း၊ အလောင်းမင်းတရား၏ ဘုန်းတန်ခိုးကြီးပုံကို ပိုမိုပေါ်လွင်စေသည်။ လက်အောက်ခံဒေသများကို စည်းရုံးသိမ်းသွင်းနိုင်ပြီး၊ ပြည်တွင်းပြည်ပ သြဇာအာဏာဖြန့်ကျက်နိုင်သော အလောင်းမင်းတရား၏ ဘုန်းတန်ခိုးကြီးမားပုံကို သိမြင်ပြီး မင်းသားလေးနှင့် ဧချင်းကြားနာဖတ်ရှုခံရသူအပေါင်း အားကျဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။

အလောင်းမင်းတရားသည် မွန်တို့ အခိုင်အမာပြုနန်းစိုက်ရာ ဒဂုံကိုသိမ်းယူပြီး ရန်ကုန်ဟု သမုတ်ခဲ့ပုံကို စာဆိုက ဧချင်းတွင်–

"တပ်ကြီးတည်၍၊ ပတ်လည်ရွာကျေး၊ ဗိုလ်လှေးခပင်း၊ သိမ်းယူ
သွင်းပြီး၊ မတင်းရန်မှုန်၊ ရန်စကုန်ဟု၊ ရန်ကုန်အောင်ခန်း၊
သမုတ်မှန်းရှင့်"[၂] ပိုဒ်(၃၇)

ဟု ရေးဖွဲ့ပြသည့် အင်အားတောင့်တင်းပြီး အချက်အချာကျသော မွန်တို့ဒေသ ဒဂုံထိ သိမ်းယူနိုင်သော အလောင်းမင်းတရား၏ စွမ်းဆောင်မှုကို သိမြင်ပြီး အားကျဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။

ဟံသာဝတီမှ မွန်မင်း လက်နက်ချသော်လည်း မွန်အမတ်များ၏ ပုန်ကန်မှုကြောင့် လက်ရုံးစွမ်းရည်အပြည့်ဖြင့် တိုက်ခိုက်ခဲ့ရပုံကို တွင်းသင်းမင်းကြီး၏ ကျက်သရေညွန့်ဖူးချီဧချင်းတွင်–

---

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၅၉။

[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၆၂။

> “ကြည်းပြင်ရေစစ်၊ အဆစ်ဆစ်ကို၊ ချင်းလှစ်ဘောက်ကာ၊ လက်ရောက်ပါဖြင့်၊ စကြာတော်ဟုန်၊ ရိုက်ရိုက်တုန်မှ၊ ဒဂုန်သန်လျင်၊ အောင်မြင်ရေးချက်၊ ဗိုလ်ရဲမက်တို့၊ ရဲခက်မာန်ရှူး၊ နတ်ဘီလူးသို့၊ စစ်ဦးစီးဝါး၊ ပကိုးဓားနှင့်၊ မယားသားမြေး၊ မင်းသွေးမင်းမြစ်၊ စိစစ်မကြွင်း၊ ဆင်မြင်းကုန်စင်၊ သိမ်းယူငင်သည်”[၁] ပိုဒ်(၁၅)

ဟု အသေးစိတ် ရေးဖွဲ့ပြသည်။ စာဆိုဦးတိုးကမူ ဤအပိုင်းကို ထည့်သွင်းစပ်ဆိုခြင်း မပြုခဲ့ပေ။ တွင်းသင်းမင်းကြီး၏ ကျက်သရေညွန့်ဖူးချီဧချင်းမှာ စပ်ဆိုထားပြီးဖြစ်၍ တစ်ကြောင်း၊ ပဲခူးမင်း အညံ့ခံပြီးမှ မွန်အမတ် ပုန်ကန်မှုဖြစ်ခြင်းကြောင့်တစ်ကြောင်း စာဆို မထည့်ခဲ့ဟန်တူသည်။

အလောင်းမင်းတရားသည် ဧချင်းအဖွဲ့ခံမင်းသား၏ ဘေးတော်ဖြစ်ခြင်း၊ မင်းသား၏ မျိုးနွယ်ဖြစ်သော ကုန်းဘောင်ဆက် ထူထောင်သူဖြစ်ခြင်းတို့ကြောင့် ဧချင်း၌ အလောင်းမင်းတရား၏ ပြည်တွင်းပြည်ပ စစ်ရေးအောင်မြင်မှုများကို အသေးစိတ် ပြဆိုထားသည်။ စာဆိုသည် မိမိအရှင်သခင်၏ သားတော်ဖြစ်သော ဧချင်းအဖွဲ့ခံမင်းသားကို အားကျအတုယူစေလိုသော၊ မင်းကောင်းမင်းမြတ် ဖြစ်စေလိုသော စေတနာဖြင့် ရေးဖွဲ့ဟန်တူသည်။ စာဆိုသည် အိမ်ရှေ့မင်း၏ ကျေးဇူးကို သိပြီး၊ အိမ်ရှေ့မင်းသားကို ထူးချွန်ထက်မြက်သော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်စေရန် ဧချင်းဖြင့် သိမ်းသွင်းစည်းရုံးထားခြင်း ဖြစ်သည်။

အလောင်းမင်းတရား၏ ဘုန်းတော်ကို ကြောက်ရွံ့၍ ထားဝယ်၊ လင်းဇင်း၊ တနင်္သာရီနှင့် မာလာယုကျွန်းရှိ မင်းအပေါင်းတို့ သမီးကညာ၊ မြင်း၊ ဆင်၊ ရွှေ၊ ငွေ၊ အထည် ဆက်သကာ အသက်ပေး၍ သစ္စာခံကြသည်ကို–

> “ဠာနပြောကျယ်၊ ထားဝယ် လင်းဇင်း၊ တနင်္သာရီ၊ ရေသီတာလည်း၊
> အစည်မာလကာ၊ မလ္လာယုကျွန်း၊ ဖြူဝန်းရိပ်ကျင်း၊ ထီးဆောင်းမင်းတို့၊
> သည်းတွင်းတုန်နန့်၊ ကြားကလန့်၍၊ စင်သန့်ပြစ်ကွာ၊ ကညာ
> မြင်းဆင်၊ ရွှေဖျင်မှိုင်းလုံး၊ ဘိုးကျုံးပြောက်ထိုး၊ ထည်မျိုး
> အုပ်ပေါင်း၊ ရွှေချောင်းငွေလျက်၊ ကိုယ်စီဆက်၍၊ အသက်အပ်နှံ၊
> ကျွန်ချည်းခံမှ”[၂] ပိုဒ်(၄၁)

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၂၆။

[၂] တင်ဦး၊ ဦး။ ၁၉၆၁။ ၆၄။

ဟု ရေးဖွဲ့ပြခဲ့သည်။ အလောင်းမင်းတရား၏ ပြည်တွင်းပြည်ပ ဩဇာဖြန့်ကျက်နိုင်ပုံကို တွေ့မြင်ပြီး အားကျဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။

အလောင်းမင်းတရားသည် မတည်ငြိမ်သော ကသည်းဒေသကို သိမ်းသွင်းစည်းရုံးရန် စစ်ချီခဲ့သည်။ စစ်လမ်းခရီးကြမ်းတမ်းသော ကသည်းဒေသကို တိုက်ခိုက်သိမ်းယူနိုင်ပြီး ကသည်းစော်ဘွား ထွက်ပြေးသည်။ ကသည်းစော်ဘွား ထွက်ပြေးရာသို့ လိုက်တိုက်ရာ ကသည်းစော်ဘွားမောင်နှမနှင့်ဆွေမျိုးများ ရရှိခဲ့ပြီး ကသည်းဒေသသည် အလောင်းမင်းတရားလက်အောက်သို့ ရောက်ရှိခဲ့သည်။ ဤသည်ကို–

> “တလျှောက်တိုင်းစည်၊ ကသည်းပြည်ကို၊ ရန်နှည်ရာသီ၊ ဘေးတော်
> ချီရှင့်၊ မထီခန့်ညား၊ ဟုံးစော်ဘွားလည်း၊ ညက်ထွားပြာဝင်း၊
> အောင်မောင်းအောင်စည်၊ သံရှည်ရင့်ကြွေး၊ သက်လှူပေးပြီး”[၁] ပိုဒ်(၄၂)

ဟူ၍ ရေးဖွဲ့ပြခဲ့သည်။ စာဆိုသည် စစ်ချီတက်ပုံ၊ စစ်လမ်းခရီး၊ တိုက်ခိုက်ပုံကို အသေးစိတ် မဖွဲ့ပါ။ တွင်းသင်းမင်းကြီး၏ ကျက်သရေညွှန့်ဖူးချီချောင်း၌ အသေးစိတ်ဖွဲ့ပြပြီးဖြစ်၍ မဖွဲ့ဖြစ်ပြီး အလောင်းမင်းတရားကိုယ်တိုင် ချီတက်တိုက်ခိုက်၍ သစ္စာခံစေပြီး၊ သတ်မိန့်မှ လွှတ်ပေးသည်ကိုသာ ရေးဖွဲ့သည်။ ခန္တီပါရမီနှင့် ပြည့်စုံသော အလောင်းမင်းတရား၏စိတ်ဓာတ်နှင့် နှလုံးရည်စွမ်းအားဖြင့် ပြည်တွင်းပြည်ပ စုစည်းနိုင်သော စွမ်းဆောင်ချက်များကို တွေ့မြင်ပြီး ချစ်ခင်အားကျဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။ ကသည်းဒေသ စစ်ချီပုံကို အလောင်းမင်းတရားအရေးတော်ပုံတွင်–

> “ကွန်တော်အလွန်ပင်သာရွာမြောက်တွင် ကသည်းစော်ဘွား သားအလံ စိန်ပန်မြင်းသုံးရာ၊ လေးကိုင်သုံးထောင်ကျော်တို့နှင့် ခံနေသည်ကို ညနေသုံးချက်တီးအချိန်တွင်တွေ့၍ တိုက်ကြလျှင် ကသည်းတို့ မြင်းငါးဆယ်၊ လူငါးရာခန့် သေလေသည်နှင့် နေမဝင်မီ တပ်ပျက်၍ ပြေးလေ၏။ မင်းကြီးနော်ရထာတို့လည်း သောင်သွပ်ကြောင်း ချီလာသည့် မင်းခေါင်နော်ရထာတပ်သို့ ပေါင်းကြလေ၏။ မင်းခေါင်နော်ရထာလည်း သောင်သွပ်ကသည်းဆင်ပျံတောင်သို့ ချီခဲ့ရ၏။ ‘တက်စိန်ကြောင်းချီလေသည့် မင်းကျော်နော်ရထာတို့ တပ်မှာ လူခုနစ်ရာကျော်မျှသာ ဖြစ်၍ အင်အားနည်းသေးသည်။ သူ့မြို့သူ့ရွာသို့လည်း ရောက်ချေပြီး၊ စစ်ဦးကျိုးစရှိမှလည်း စစ်သည် ရဲမက်တို့ ထမ်းအားတက်မည်။’ အမိန့်တော်ရှိ၍ ရွှေတောင်လက်ဝဲကျော်နှင့်

[၁] တင်ဦး၊ ဦး။ ၁၉၆၁။ ၆၄။

> မြင်းတစ်ရာ့နှစ်ဆယ့်ရှစ်၊ သေနတ်ခုနစ်ရာ ထပ်ဖြည့်ချီပြန်ရစေ၏။ တက်စိန်အရပ်တွင် မြင်းတစ်ထောင်ကျော် လူငါးထောင်ကျော်နှင့် ကသည်းမဏ္ဍာလီခံနှင့်သည်ကိုတွေ့၍ တိုက်ကြလျှင် ကသည်းတို့ မခံနိုင်၍ သုံးကြောင်းသုံးသွယ်ကွဲ၍ ပြေးလေသည်ကို ထပ်လိုက်သည်။ မြင်းနှစ်ရာကျော် လူငါးရာခန့် သတ်လိုက်ရ၏။"[၁]
>
> "ကသည်းစော်ဘွားလည်း စစ်ပြိုင်လိုသောစိတ် ရှိသည်ဖြစ်၏။ မင်းကျော်အာကာဗလနော်ရထာကို ကုလားရွာမြောက်လယ်ပြင်တွင် တပ်ချ၍နေခိုက် ကသည်းစော်ဘွားညီ ဒူပရာဇာ မြင်းတစ်ထောင်ကျော် လက်နက်ကိုင် လေးသောင်းခန့်နှင့် ဝန်းရံတိုက်ခိုက်လာသည်ကို ကသည်းတို့က အားကြီးလှသောကြောင့် ထွက်၍မတိုက်ဝံ့၊ တပ်တွင်းကသာ ထိုးပစ်၍ရပ်ခံကြရ၏။ ယင်းသို့စဉ်တွင် ဘဝရှင်မင်းတရားကြီး တပ်တော်ဆိုက်လာ၍ သက္ကလပ်နီလွှမ်း၊ ရဲကတင်သော ရတနာ ထွင့်ခေါင် ဆင်တော်နှင့် ချွန်းဖွင့်၍ လွှတ်တော်မူသည်ကို မြင်လျှင် ဆင်စီး၊ မြင်းစီး၊ ခြေသည်သူရဲတို့ တစ်ယောက်မျှမနေခဲ့ ဆင်တော့် ရှေ့ချည်း တက်ကြကုန်၏။ မင်းကျော်အာကာတို့လည်း တပ်တွင်းက တစ်ယောက်မကျန် ထွက်ကုန်ကြ၏။ ထိုသို့ မင်းဧကရာဇ်ကိုယ်တိုင် တိုက်သည်ဖြစ်၍ ဒူပရာဇာလည်း မြင်းကသည့်ထမ်းစင်နှင့် အနောက်တောင်သို့ တက်ပြေးလေ၍ အဆီးအတားမရှိ ပျက်လေ၏။ သေသည်များ၏။ ကသည်းစော်ဘွားလည်း ကုလားရွာ တပ်ပျက်သည် ကြားလျှင် မြို့နှင့်ခံသော်လည်း မခံနိုင်ရာ အမှတ်ရှိ၍ သားမယား တို့ကိုယူ၍ အနောက်ချင်းတောင်သို့ တက်ပြေးလေ၏"[၂]

ဟု ပြဆိုထားသည်။ ကျက်သရေညွန့်ဖူးချီချောင်းတွင် တွင်းသင်းမင်းကြီးက ခက်ခဲသော ဒေသများကို တိုက်နိုင်သော အလောင်းမင်းတရား၏ လက်ရုံးရည်ကို အသားပေး ဖွဲ့သည်။ ဦးတိုးကမူ အလောင်းမင်းတရား၏ နှလုံးရည်ကို အဓိကထား၍ ဖွဲ့သည်။

အလောင်းမင်းတရားသည် ယိုးဒယားဒေသအထိ စစ်မျက်နှာ ဖြန့်ကျက်နိုင်ခဲ့သည်။ အလောင်းမင်းတရားသည် အိမ်ရှေ့မင်းသား(နောင်တော်ကြီးမင်း)အား ကုန်းဘောင်ပြည်၌ မြို့စောင့်ထားကာ ယိုးဒယားသို့ ဆင်မြင်းအလုံးအရင်း၊ လက်နက်

---

[၁] လက်ဝဲနော်ရထာ၊ ၂၀၀၉၊ ၂၁၀။
[၂] လက်ဝဲနော်ရထာ၊ ၂၀၀၉၊ ၂၁၁–၂၁၂။

ကိရိယာ အပြည့်အစုံဖြင့် စစ်ချီတက်ခဲ့သည်။ ယိုးဒယားမင်းလည်း စစ်နည်းဗျူဟာ အစုံဖြင့် တိုက်ခိုက်သော်လည်း ရှုံးနိမ့်ခဲ့သည်။ ဤသည်ကို–

> "ယိုးဒယားသို့၊ များသားလုံးရင်း၊ ဆင်မြင်းရဲမက်၊ လက်နက်
> ကိရိယာ၊ ဘယ်ညာဝန်းကျင်၊ အုတ်အင်သိမ့်သိမ့်၊ မြေနိမ့်ဘနန်း၊
> ဘေးတော်မြန်းသော်၊ ရဲပန်းဆွတ်ခူး၊ နတ်စစ်မှူးသို့၊ ထူးထူး
> ကြိမ်းပ၊ သကဌေဗျူဟာ၊ အဖြာဖြာနှင့်၊ ဒွါရာပြည့်ရှင်၊ ဘမ်းငင်
> စားနီး၊ ကြိုလင့်ဆီးလည်း၊ ခရီးစင်တိုက်၊ ဖြုန်းဖြုန်းတိုက်သည်။
> တုန်ရိုက်တည့်ဆုတ်ပြေး အသည်းဆွေး"[၁] ပိုဒ်(၄၃)

ဟု ပြဆိုခဲ့သည်။ ယိုးဒယားမင်းလည်း ကြောက်ရွံ့ကာ ဆင်ကောင်း၊ မြင်းကောင်း၊ သမီးကညာ ဆက်သကာ သစ္စာခံသည်။ ဤသည်ကို–

> "ဒွါရာဝတီ၊ သင်္ဂီနန်းရှင်၊ ကြောက်ငြင်တုန်ဗ၊ ဆုတ်ပြေးသည်နောက်၊
> သာလျှောက်ပြေကြောင်း၊ မှူးမတ်ပေါင်းနှင့် ဖွေကောင်းကြန်မြတ်၊
> ပတ်ယတ်စုံလင်၊ မြင်းဆင်ပဏ္ဏာ၊ ကညာဖြူညီး၊ ဆက်သပြီး၍"[၂] ပိုဒ်(၄၄)

ဟု ရေးဖွဲ့ပြသည်။ မင်းသားလေးနှင့် ဧချင်းဖတ်ရှုကြားနာသူတို့သည် ပြည်ပ ယိုးဒယားထိ စစ်ပွဲဆင်နွှဲကာ လက်ရုံးစွမ်းအားပြနိုင်သော အလောင်းမင်းတရား၏ စွမ်းဆောင်နိုင်မှုကို တွေ့မြင်ပြီး အားကျဂုဏ်ယူစိတ်ဖြစ်ပေါ်စေသည်။

အလောင်းမင်းတရား၏ မြန်မာပြည်စည်းရုံးသိမ်းသွင်းသော တိုက်ပွဲများမှ တစ်ဆင့် အလောင်းမင်းတရားသည် ဝေဖန်ထောက်ဆနိုင်မှု၊ စီမံခန့်ခွဲနိုင်မှု ကောင်းမွန်ပြီး၊ ဉာဏ်ပညာပြည့်စုံကာ လုပ်ရည်ကိုင်ရည်ရှိသူအဖြစ် တွေ့မြင်နိုင်သည်။

ခေါင်းဆောင်ကောင်း၏နောက်မှာ လိုက်ပါရသော ထိုခေတ်ပြည်သူများ မှာလည်း အလောင်းမင်းတရားအပေါ် ယုံကြည်မှု၊ အားကိုးမှု၊ ချစ်ခင်မှုများ ပြည့်နှက် နေမည်ဖြစ်သည်။ အလောင်းမင်းတရား၏ ပြည်တွင်းပြည်ပ တိုက်ပွဲအောင်မြင်မှု၊ လက်ရုံးစွမ်းရည်နှင့် စစ်ရေးဆောင်ရွက်ချက်များကို ပြဆိုခဲ့သဖြင့် ဧချင်းအဖွဲ့ခံ မင်းသားလေးက ဘေးတော် အလောင်းမင်းတရားအား ရဲစွမ်းသတ္တိပြည့်ဝပြီး ဘုန်းတန်ခိုး ကြီးမားသော မင်းအဖြစ် သိမြင်ကာ အတုယူအားကျဂုဏ်ယူနိုင်သည်။

စာဆိုနှစ်ဦးလုံးတွင် အလောင်းမင်းတရား၏ နိုင်ငံစည်းရုံးရေးတွင် အဓိက ကျသော စစ်ရေးဆောင်ရွက်ချက်များကို အဓိက ရေးဖွဲ့ကြသည်။

---

[၁] လက်ဝဲနော်ရထာ၊ ၂၀၀၉၊ ၆၅။
[၂] တင်ဦး၊ ဦး၊ ၁၉၆၁၊ ၆၅။

စာဆိုဦးတိုးက အကွဲကွဲအပြားပြားဖြစ်နေသော မြန်မာပြည်ကို စည်းရုံးသိမ်းသွင်းသော အလောင်းမင်းတရား၏ တိုက်ပွဲများကို ပြည့်ပြည့်စုံစုံ ရေးဖွဲ့သည်။ စာဆိုကိုယ်တိုင် အလောင်းမင်းတရားအပေါ် လေးစားကြည်ညိုပြီး မင်းသားလေးနှင့် ချေင်းဖတ်ရှုကြားနာသူတို့ ဇာတိမာန်စိတ် ထက်သန်စေရန် ချေင်းစာပေ၏ သဘောသဘာဝနှင့်အညီ ရေးဖွဲ့ခြင်း ဖြစ်နိုင်သည်။

ဦးတိုးသည် မင်းသားလေး၏ ဘိုးတော် နောင်တော်ကြီးမင်း၏ နိုင်ငံတော် စည်းရုံးသာယာရေးအတွက် ဆောင်ရွက်ခဲ့ပုံကို ချေင်း၌ပြဆိုထားသည်။ နောင်တော်ကြီးမင်း နန်းတက်စအချိန် သက္ကရာဇ် ၁၁၂၂ တွင် အလောင်းမင်းတရား၏ ပြည်ထောင်ဖက် ကျေးကျွန်ကြီး၊ မင်းခေါင်နော်ရထာသည် အင်းဝကို အခိုင်အမာပြုကာ ပုန်ကန်သည်။ နောင်တော်ကြီးမင်းသည် မင်းခေါင်နော်ရထာကို နှိမ်နင်းကာ ဖခင်စုစည်းခဲ့သော မြန်မာနိုင်ငံကို ဆက်လက်စုစည်းနိုင်ခဲ့သည်။ ဤသည်ကို–

> "မင်းလုခေါင်၊ ဘွဲ့လျှံပြောင်တွင်၊ မင်းခေါင်နော်ရထာ၊ ထပ်ဆင့်ကာတိ၊ ရန်ညှာချိုးဓာတ်၊ ပြည်ချဲ့မတ်ဟု၊ လျောက်ပတ်ရည်ရွေး၊ မြို့ရွာပေးလျက်၊ မြတ်လေးကြည်ဖြူ၊ ချီးမြှောက်သူသည်၊ မင်းမူကျင့်ပြန်၊ မှောင့်ပုန်ကန်က၊ လျင်မြန်မလင့်၊ ဖျောက်ဖျက်သင့်ဟု၊ ဘိုးရှင့်နောင်ဦး၊ ကျွန်းလုံးမှူးလျှင်၊ ရွှင်မြူးချီသိမ်း၊ စစ်ပွဲငြိမ်း၏" [၁] ပိုဒ်(၄၅)

ဟုရေးဖွဲ့ခဲ့သည်။ နောင်တော်ကြီးမင်း၏ လက်ရုံးစွမ်းအားပြည့်စုံမှု၊ စစ်ရေးထက်မြက်မှု၊ ဖခင်စုစည်းထူထောင်ခဲ့သော မြန်မာနိုင်ငံကို ဆက်လက်စည်းရုံးအောင်ဆောင်ရွက်နိုင်မှု စသော စည်းရုံးရေးဆောင်ရွက်ချက်များကို တွေ့ရပြီး မင်းသားလေးသိမြင် အားကျဂုဏ်ယူနိုင်စေရန် ဖြစ်သည်။

မင်းသားလေး၏ ဘိုးတော် ဆင်ဖြူရှင်မင်းသည် နိုင်ငံတော်စည်းရုံးရေးကို ဆောင်ရွက်နိုင်ခဲ့သော မင်းကောင်းမင်းမြတ်ဖြစ်ကြောင်း ဤချေင်း၌ ပြဆိုထားသည်။ ဆင်ဖြူရှင်မင်းသည် ဇင်းမယ်၊ လင်းဇင်း၊ ယိုးဒယားဒေသများကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။ ဤသည်ကို–

---

[၁] တင်ဦး၊ ဦး၊ ၁၉၆၁၊ ၆၅။

> "မဖြောင့်သစ္စာ၊ ဒွါရာတိုင်းကား၊ ယိုးဒယားမင်း၊ ကျင့်ယွင်း
> လျှင်လည်း၊ ရန်စည်းဖြေဖြတ်၊ နှစ်ယောက်မတ်ကို၊ လျှောက်ပတ်
> သိမ်းယူ၊ စေတော်မူက၊ ရှေးတူကျိုးနွံ၊ သစ္စာခံရှင့်"[၁] ပိုဒ်(၄၉)

ဟူ၍ ရေးဖွဲ့ပြခဲ့သည်။ ဘုရင့်နောင်လက်ထက်ကတည်းက မြန်မာသစ္စာခံဖြစ်ခဲ့သော ယိုးဒယားဒေသသည် ဆင်ဖြူရှင်မင်းလက်ထက်မှာလည်း မြန်မာသစ္စာခံအဖြစ် သိမ်းပိုက်နိုင်ခဲ့ပုံကို ပြဆိုခဲ့သည်။ မင်းသားလေးသည် ဘိုးတော် ဆင်ဖြူရှင်မင်း၏ အောင်မြင်မှုကို သိရှိပြီး အားကျဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။

စာဆိုသည် မင်းသားလေး၏ ဘိုးတော် ဘိုးတော်ဘုရား(ဗဒုံမင်း)နှင့် ခမည်းတော် ရွှေတောင်မင်းသား(အိမ်ရှေ့မင်းသား)တို့၏ တိုက်ပွဲအောင်ပွဲများကိုလည်း ဇာတိမာန်တက်ကြွဖွယ် ထည့်သွင်းစပ်ဆိုထားသည်။ ဤသည်ကို–

> "ကမ်းယံသံတွဲ၊ စိုးကဲပိုင်သ၊ ဓညဝတီ၊ ဌာနီရခိုင်၊ ဦးကိုင်သနင်း၊
> မင်းလည်းရွံ့ကြောက်၊ ရွှေလက်ရောက်၍၊ တလျှောက်ပတ်ကုံး၊
> ပြည်လုံးမကျန်၊ မှောက်လှန်သိမ်းယူ"[၂] ပိုဒ်(၇၁)

ဟု ရေးဖွဲ့ပြသည်။ ဘိုးတော်ဘုရားနှင့် သားတော် အိမ်ရှေ့မင်းသားတို့သည် တောင်တန်းများကို ကျော်ဖြတ်ပြီး သံတွဲမြို့များအထိ တန်ခိုးအာဏာပျံ့နှံ့ကာ၊ တိုင်းပြည် စည်းရုံးရေး ဆောင်ရွက်နိုင်ခဲ့သည်။ မင်းသားလေးကလည်း ဘိုးတော်နှင့် ခမည်းတော် တို့၏ စွမ်းဆောင်ရည်အောင်မြင်မှုကို သိမြင်ကာ ဂုဏ်ယူစိတ် ဖြစ်ပေါ်စေသည်။

စာဆို(၂)ဦးသည် မင်းသားလေး၏ အမျိုးအနွယ်ဖြစ်သော အလောင်းမင်းတရား၊ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရား၊ ရွှေတောင်မင်းသားတို့၏ တိုက်ပွဲ အောင်မြင်မှုများကို ရေးဖွဲ့ကြသည်။ ဦးတိုးသည် တိုက်ပွဲအောင်မြင်မှုကို ရေးဖွဲ့ရာ၌ တွင်းသင်းမင်းကြီးထက် ပိုစုံသည်။ ဧချင်းအဖွဲ့ခံမင်းသားသည် မိမိကို ချီးမြှင့် မြှောက်စားသူ၏ သားတော်ဖြစ်နေ၍ မိမိအမျိုးအနွယ်အပေါ် ဂုဏ်ယူတတ်စေရန် မင်းကောင်းမင်းမြတ်ဖြစ်စေရန် စေတနာအရင်းခံ၍ ဦးတိုးက ကျေးဇူးသိတတ်စွာ ရေးဖွဲ့ခြင်း ဖြစ်နိုင်သည်။

စာဆို(၂)ဦးလုံး ရေးဖွဲ့သော တိုက်ပွဲအောင်ပွဲအဖွဲ့များသည် ဧချင်းအဖွဲ့ခံ မင်းသားလေးနှင့် ဧချင်းဖတ်ရှုကြားနာရသူအပေါင်းကို မိမိအရှင်သခင်၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်ခင်မြတ်နိုးစိတ် ဇာတိမာန်စိတ် ဖြစ်ပေါ်စေသည်။

---

[၁] တင်ဦး၊ ဦး၊ ၁၉၆၁၊ ၆၈။

[၂] တင်ဦး၊ ဦး၊ ၁၉၆၁၊ ၇၇။

## ခြုံငုံသုံးသပ်ချက်

တွင်းသင်းတိုက်ဝန်မဟာစည်သူ၏ ကျက်သရေညွန့်ဖူးချီချင်းတွင် မင်းသားလေး၏ ဘေးတော် အလောင်းမင်းတရား၏ တိုက်ပွဲအောင်ပွဲများကို အများဆုံးဖွဲ့ဆိုထားသည်။ အလောင်းမင်းတရား၏ တိုက်ပွဲအောင်မြင်မှုများအနက် မွန်တို့နှင့်တိုက်သော တိုက်ပွဲကို ဦးစားပေးဖော်ပြသည်။ ထိုအချိန်က မွန်(၃)ရပ်သည် မြန်မာပြည်အားလုံးကို လွှမ်းမိုးနိုင်ချိန်၊ ဘုန်းတန်ခိုးအကြီးမားဆုံးအချိန် ဖြစ်သည်။ ထိုအချိန်၌ မြန်မာမင်း အလောင်းမင်းတရားသည် အင်အားနည်းနည်းဖြင့် မွန်တို့ကို တိုက်ခိုက်နိုင်မှုသည် အလောင်းမင်းတရား၏ လက်ရုံးရည်စွမ်းအား၊ နှလုံးရည်စွမ်းအား၊ စီမံခန့်ခွဲနိုင်မှုများနှင့် စစ်ရေးကျွမ်းကျင်မှုတို့ကြောင့် ဖြစ်သည်။ ဤအချက်ကိုပြလို၍ မွန်တို့နှင့်တိုက်သော တိုက်ပွဲများကို အသားပေးဖော်ပြခြင်း ဖြစ်သည်။ ထို့အပြင် ကသည်းဒေသ၊ ယိုဒယားဒေသသို့ သွားရောက်တိုက်ခိုက်ပြီး အောင်မြင်ပုံ၊ ပြည်တွင်းပြည်ပ ဩဇာအာဏာဖြန့်ကျက်နိုင်ပုံများကို ဖော်ပြခဲ့ပါသည်။ အလောင်းမင်းတရား၏ ဘုန်းတော်နှင့် အောင်ပွဲများမှတစ်ဆင့် အလောင်းမင်းတရားမှ ဆင်းသက်လာသူများသည် ရဲစွမ်းသတ္တိရှိသူများဟု ဧချင်းကြားနာသူများ သိမြင်ကာ ကြောက်ရွံ့ယုံကြည်အားကိုးလာစေရန် ဖြစ်သည်။ ဧချင်းအဖွဲ့ခံမင်းသားကို အကြောင်းပြုကာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးက မင်းသားလေး၏ အမျိုးအနွယ်ကို အားကျချစ်ခင်လာမည် ဖြစ်သည်။ စိတ်ဓာတ်ရဲရင့်ကာ ဇာတိမာန်ချစ်စိတ်များ ဖြစ်ပေါ်လာမည်။ ထိုစိတ်ဓာတ်များဖြင့် တိုင်းပြည်ကို အေးချမ်းသာယာအောင် လုပ်ဆောင်နိုင်မည် ဖြစ်သည်။ စာဆိုသည် အနာဂတ် မြန်မာပြည်သားများ အေးချမ်းသာယာရေး၊ စည်လုံးညီညွတ်ရေးကို ရည်ရွယ်ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

ဘိုးတော်ဘုရားလက်ထက် တိုက်ပွဲအောင်ပွဲများတွင် ရခိုင်သိမ်းနိုင်ပုံကို ဖွဲ့သည်။ ဘိုးတော်ဘုရားလက်ထက် ရခိုင်ကို မင်းသားလေး၏ဖခင် အိမ်ရှေ့မင်းသား သိမ်းပိုက်နိုင်မှုသည် အကြီးမားဆုံးအောင်မြင်မှု ဖြစ်သည်။ အနော်ရထာနှင့် ဘုရင့်နောင်လက်ထက်မှစ၍ မြန်မာနိုင်ငံတော် မည်မျှကျယ်ဝန်းစေကာမူ ရခိုင်ပြည်ကား သီးခြားရှိခဲ့သည်။ ကုန်းဘောင်ဆင်ဖြူရှင်မင်း လက်ထက်မှာလည်း ထိုအတိုင်းပင် ဖြစ်သည်။ ဘိုးတော်ဘုရား၏အမိန့်ဖြင့် မင်းသားလေး၏ခမည်းတော် အိမ်ရှေ့မင်းသား သွားရောက်သိမ်းပိုက်နိုင်ခဲ့၍သာ မြန်မာပြည်သည် ယနေ့မြေပုံအတိုင်း တစ်လုံးတစ်စည်းတည်း ရှိလာခဲ့ခြင်း ဖြစ်သည်။ ဘိုးတော်ဘုရား၏ တန်ခိုးတော်နှင့် စီမံခန့်ခွဲမှုစွမ်းရည်ကို စာဆိုက ရခိုင်အောင်မြင်ပုံဖြင့် ပြခြင်း ဖြစ်သည်။ မင်းသားလေးသည် ဘေးတော် ဘိုးတော်များအပေါ် ကြည်ညိုလေးစားပြီး အားကျအတုယူနိုင်ရန် ဖြစ်သည်။

ဦးတိုး၏ မင်္ဂလာမှောင်ခြွေချီချောင်းတွင် မင်းသားလေး၏ဘေးတော် အလောင်းမင်းတရား၏ စစ်ရေးဖြင့် တိုင်းပြည်စည်းရုံးရေးဆောင်ရွက်ချက်များ တိုက်ပွဲအောင်ပွဲများကို အဓိကထားဖွဲ့သည်။ ဤသည်မှာ အလောင်းမင်းတရားသည် အကွဲကွဲအပြားပြား ဖြစ်နေသော မြန်မာပြည်အားလုံးကို သိမ်းရုံးစုစည်းနိုင်ခြင်း၊ မင်းသားလေး၏ဘေးတော်ဖြစ်ခြင်း၊ ကုန်းဘောင်မင်းဆက်ကို ထူထောင်သူဖြစ်ခြင်း၊ ချောင်းရေးဖွဲ့ချိန်နန်းစံနေသော ဘိုးတော်ဘုရား၏ဖခင်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် အလောင်းမင်းတရား၏ တိုက်ပွဲအောင်ပွဲများ ပြည်တွင်းပြည်ပစည်းရုံးနိုင်မှုများကို ချောင်းကြားနာဖတ်ရှုသူများ သိမြင်နိုင်သည်။ ထိုမှတဆင့် အလောင်းမင်းတရားမှ ဆင်းသက်လာသူများသည် ရဲစွမ်းသတ္တိရှိသူများဟု သိမြင်ကာကြောက်ရွံ့ ယုံကြည်အားကိုးလာစေရန်ဖြစ်သည်။ မင်းသားလေး အပါအဝင် ချောင်းကြားနာသူများမှာ အတုယူနိုင်ရန်ဖြစ်သည်။

ချောင်းအဖွဲ့ခံ မင်းနန်းစည်မင်းသားလေး၏ ဘေးတော် အလောင်းမင်းတရားသည် အကွဲကွဲအပြားပြား ဖြစ်နေသော မြန်မာနိုင်ငံကို စုစည်းရာ၌ ပြည်တွင်း၌ မွန်များကို စုစည်းခဲ့သည်။ ပြည်ပဒေသဖြစ်သော ကသည်း၊ မဏိပူရ၊ ဇင်းမယ်ဒေသများကိုလည်း စည်းရုံးခဲ့သည်။ ပြည်တွင်းပြည်ပဒေသများကို တစ်စုတည်း စည်းလုံးအောင် ဆောင်ရွက်နိုင်သော အလောင်းမင်းတရား၏ ခေါင်းဆောင်ကောင်းပီသမှု၊ ဉာဏ်အမြော်အမြင်ကြီးမားမှု၊ စီမံခန့်ခွဲနိုင်မှု၊ စစ်ရေးစွမ်းရည်ထက်မြက်မှု အရည်အသွေးများမှတဆင့် မင်းသားလေးအပါအဝင် ချောင်းကြားနာဖတ်ရှုရသူများမှာ အားကျဂုဏ်ယူစိတ် ဇာတိမာန်စိတ်များဖြင့် မိမိလူမျိုး မိမိတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်မည့် မျိုးချစ်စိတ်၊ ဇာတိမာန်စိတ်များ ဖြစ်ပေါ်စေသည်။

## နိဂုံး

ချောင်း(၂)စောင်လုံးရှိ ချောင်းအဖွဲ့ခံမင်းသားနှင့် ချောင်းဖတ်ရှုကြားနာရသူအပေါင်းကို မျိုးချစ်စိတ် ဇာတိမာန်စိတ်များ ဖြစ်ပေါ်စေသည်။ မျိုးချစ်စိတ်၊ ဇာတိမာန်စိတ်ဓာတ် ပြည့်ဝသူများရှိသောတိုင်းပြည်၊ မင်းကောင်းမင်းမြတ်အုပ်ချုပ်သောတိုင်းပြည်သည် ချမ်းသာယာမည် ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး ချမ်းသာယာဝပြောစေရန် ချောင်းစာပေက စွမ်းဆောင်ပေးနိုင်သည်ကို တွေ့ရသည်။

# ကျမ်းကိုးစာရင်း


ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး***၊ ပထမတွဲ၊ ပဉ္စမအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး***၊ ဒုတိယတွဲ၊ စတုတ္ထအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး***၊ တတိယတွဲ၊ တတိယအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

တင်ဦး၊ ဦး။ (တည်းဖြတ်)။ (၁၉၆၁)။ ***မင်းနန်းစည်ချောင်းသုံးစောင်တွဲ။*** ရန်ကုန်၊ မြန်မာပြည် သုတေသနအသင်း။

ဖိုးလတ်၊ ဦး။ (၁၉၆၃)။ ***မြန်မာစကားအဖွင့်ကျမ်း*** (ဒု-တွဲ)။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

မဟာဓေယသင်္ဟာ။ (၁၉၆၃)။ ***ဝေါဟာရလိနတ္ထဒီပနီ၊*** ဒုတိယအကြိမ်။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး။ (၂၀၀၄)။ ***ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊*** ပထမတွဲ၊ စတုတ္ထအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန။

မောင်မောင်တင်၊ ဦး။ (၂၀၀၄)။ ***ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊*** ဒုတိယတွဲ၊ စတုတ္ထအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန။

မောင်မောင်တင်၊ ဦး။ (၂၀၀၄)။ ***ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊*** တတိယတွဲ၊ စတုတ္ထအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန။




အလောင်းမင်းတရားစစ်ရေး
(၁၇၅၇-၆၀)
ပြည်
တောင်ငူ
ထားဝယ်
မြိတ်
အယုဒ္ဓယ
ဘန်ကောက်


အလောင်းမင်းတရား၏စစ်ရေး
(၁၇၅၄-၅၇)
ဗမာတပ်စစ်လမ်း
တလိုင်းတပ်စစ်လမ်း
တပ်စွဲနေရာ


အလောင်းမင်းတရားစစ်ရေး
(၁၇၅၂-၅၉)

ကုန်းဘောင်ခေတ် မြန်မာပြည်မြေပုံ




(စွယ်စုံကျမ်း အတွဲ ၁၊ စာမျက်နှာ ၃၇၄)

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ကဗျာစာဆိုနှင့် အလှတရား

မိမိလွင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကဗျာကောင်း၊ ကဗျာလှကို ရေးဖွဲ့ရာ၌ စာဆို၏စိတ်အလှ၏ အရေးပါမှုကို တင်ပြထားသော စာတမ်းဖြစ်ပါသည်။ ကဗျာစာဆိုနှင့် အလှတရား စာတမ်းတွင် လူတို့၏စိတ်ကို ပြုပြင်အလှဆင်နိုင်သော ကဗျာကို ရေးဖွဲ့သူ စာဆိုတို့သည် စိတ်ကောင်းကို အခြေခံရပါသည်။ စိတ်ကောင်းကိုအခြေခံ၍ စိတ်ကူးဉာဏ်ဖြင့် မွမ်းမံပြီးလျှင် ဘဝသတိ ဘဝအသိ ရလာအောင် ရေးဖွဲ့ရသည့် အကြောင်းများကို ရှင်းလင်းတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၁)၌ ကဗျာစာဆိုနှင့် အလှတရား၊ အခန်း(၂)တွင် မင်းသုဝဏ်၏ ကဗျာ(၃)ပုဒ်မှ စိတ်အလှ၊ စာအလှအကြောင်းကို ရေးဖွဲ့တင်ပြထားပါသည်။ စိတ်အလှ၊ စာအလှသဘောကို မင်းသုဝဏ်၏ ကဗျာ(၃)ပုဒ်နှင့် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***စာတ်လမ်းကဗျာ၊ ကဗျာပုံသဏ္ဌာန်၊ ပရိယာယ်၊ အတွေးနှင့်အရေး၊ ကာရန်၊ စကားအသုံးအနှုန်း။***

## နိဒါန်း

ကဗျာသည် လူတို့၏စိတ်ကို ထိန်းကျောင်းပြုပြင်ပေးနိုင်သည်။ ရိုင်းပျသော စိတ်ကို ယဉ်ကျေးအောင် ပြုပြင်နိုင်သည်။ ညစ်နွမ်းသောစိတ်ကို ယဉ်ကျေးအောင်နှင့် ကြည်လင်လာအောင် ဖန်တီးပေးနိုင်သည်။ နိမ့်ကျသောစိတ်ကို မြင့်တတ်လာအောင် မြှင့်တင်ပေးနိုင်သည်။ မကြံ့ခိုင်သောစိတ်ကို ကြံ့ခိုင်အောင် အားပေးနိုင်သည်။ ကဗျာသည် လူ့စိတ်ကို လိမ္မာယဉ်ကျေး၍ မှန်ကန်တည့်မတ်ခိုင်မာအောင် ပြုပြင်ပေးနိုင်ပါသည်။ ကဗျာစာဆိုသည် ရသခံစားမှုမှတစ်ဆင့် စာဖတ်သူတို့၏စိတ်တွင် လိမ္မာယဉ်ကျေးသော ကောင်းမြတ်သည့် စိတ်စေတနာများ ကိန်းအောင်းလာစေရန် အစွမ်းသတ္တိရှိသည့် ကဗျာကို ဖန်တီးရေးဖွဲ့ကြရပါသည်။

လူတွင် စရိုက်သဘာဝ အကောင်းအဆိုး ရှိပါသည်။ ထိုစရိုက်သဘာဝတို့သည် ကျင်လည်ရာပတ်ဝန်းကျင်ကို မူတည်၍ အပြောင်းအလဲ ဖြစ်တတ်ပါသည်။ ကဗျာတွင်လည်း စရိုက် ရှိပါသည်။ ကဗျာကောင်းတို့တွင် ရှိနေသောစရိုက်သည် ကဗျာ

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်

ဖွဲ့သူတို့၏ နှလုံးသားကို ယဉ်ကျေးလိမ္မာလာအောင်နှင့် တည့်မတ်ခိုင်မာအောင် ပြုပြင်ပေးနိုင်စွမ်း ရှိပါသည်။

လူသားတစ်ယောက် လိမ္မာယဉ်ကျေးလာစေရန် မိဘဆရာ ဆိုသည့် ပတ်ဝန်းကျင်ကောင်း လိုအပ်ပါသည်။ ထိုသူတို့သည် လူသားကို ရှင်သန်လာအောင် မွေးမြူပြုစုပျိုးထောင်ကြသူများ ဖြစ်ပါသည်။ ကဗျာစာဆိုသည်လည်း ကဗျာကောင်း ကဗျာလှ ဖြစ်လာစေရန် ကဗျာ့စရိုက်ကို ဖန်တီးပုံသွင်းရပါသည်။ ကဗျာစာဆိုသည် ခံစားမှုကိုသုံး၍ ကဗျာ့ရည်ရွယ်ချက်နှင့် ကဗျာ့ပုံသဏ္ဌာန် ပေါ်လာအောင် ဖန်တီးယူ ပါသည်။ လောက၏ဖြစ်ရပ်အမျိုးမျိုးကို ထိတွေ့ရင်ဆိုင်ရသောအခါ ကဗျာဆရာ၏ ခံစားမှုအမြင်သည် အဓိကကျပါသည်။ ကဗျာစာဆိုသည် မိမိ၏ပတ်ဝန်းကျင်အပေါ်နှင့် မိမိ၏အတွေ့အကြုံပေါ်တွင် ချစ်တတ်၊ ခင်တတ်၊ ကြင်နာတတ်သော ခံစားမှုကို မွေးပြီးမှ ကဗျာဖတ်သူတို့စိတ်သို့ အလှတရားတို့ ကူးစက်ရောက်ရှိလာစေနိုင်သည့် ကဗျာမျိုးကို ရေးဖွဲ့နိုင်မည် ဖြစ်ပါသည်။

ကဗျာတို့တွင် ကဗျာစာဆို၏စရိုက်သည် ထင်ဟပ်နေနိုင်ပါသည်။ ကဗျာတွင် အလှတရားများ ပါဝင်ပါသည်။ ထိုအလှတရားများက စာဖတ်သူ၏စိတ်ကို ကူးစက် ရောက်ရှိပြီး စိတ်အလှကို ပြုပြင်ဖန်တီးပေးပါသည်။ ထို့ကြောင့် လောကကို အလှဆင် နိုင်သည့် ကဗျာကောင်း၊ ကဗျာလှ ဖြစ်ပေါ်လာစေရန်အတွက် ကဗျာဆရာတွင် စိတ်အလှရှိရန် လိုအပ်ပါသည်။ ကဗျာတွင်ပါဝင်နေသော အလှတရားနှင့် ကဗျာစာဆို၏ စိတ်ဆက်စပ်နေပုံတို့ကို ဤစာတမ်း၌ လေ့လာတင်ပြသွားပါမည်။ ထိုသို့ လေ့လာ တင်ပြရာတွင် ကဗျာစာဆို မင်းသုဝဏ်၏ကဗျာများကို အလေ့လာခံအဖြစ် အသုံးပြု၍ တင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ ကဗျာစာဆိုနှင့် အလှတရား

လောကရှိလူသားတိုင်းတွင် ဘဝအတွေ့အကြုံကိုယ်စီ ရှိကြသည်။ ခံစားမှုလည်း ရှိကြသည်။ သို့ရာတွင် လူတိုင်း ကဗျာစာဆိုများ မဖြစ်နိုင်ကြပေ။ လောကအကြောင်းကို နားလည်ခံစားပြီးလျှင် ဘဝအတွေးအမြင်ကို ရှာဖွေနိုင်သူဖြစ်ကာ မိမိရရှိသော ဘဝအသိကို အများသူငါတို့အား ထပ်ဆင့်ဖြန့်ချိလိုသော စေတနာရှိသူလည်း ဖြစ်ရ ပါမည်။ ထိုစေတနာကို ပုံဖော်ပေးနိုင်သည့် စိတ်ကူးဉာဏ်နှင့် အရေးအဖွဲ့စွမ်းရည်လည်း ရှိရပါမည်။ ထိုသဘောကို ဦးရွှေအောင်က–

> "ကဗျာ့သစ္စာအရ လောကသည် တကယ်ရှိသော အရှိတရားဖြစ်သည်။
> ရှိရုံသာမက သိလည်းသိသည်။ သိတတ်သောကြောင့် လောက

> သည် ထာဝစဉ်စကားဆိုနေခြင်း ဖြစ်သည်။ လောကဆိုသော စကားကား ကျယ်လောင်သော်လည်း မကြားရ။ ကဗျာစာဆို မှသာ ကြားရသည်။ လောကအသုံးပြုသော ဘာသာစကားကို လွယ်ကူသော်လည်း နားမလည် ကဗျာစာဆိုမှသာ နားလည်သည်။ လောကသည် မိမိ၏လျှို့ဝှက်ချက်များကို ထာဝစဉ်ပြောပြပါ၏။ ထိုသို့ပြောပြသော်လည်း လောကမှ ပြောပြသော လျှို့ဝှက်ချက်များကို လူတိုင်း မကြား နားမလည်။ ကဗျာစာဆိုမှသာ ကြား၏။ ကဗျာ စာဆိုမှသာ နားလည်၏။"[၁]

ဟု ဆိုခဲ့ပါသည်။ အထက်ပါအဆိုအရကြည့်လျှင် ကဗျာစာဆိုသည် သက်ရှိပတ်ဝန်းကျင်၌ အာရုံခံစားမှု စူးရှထက်မြက်ရန် လိုအပ်သည်။ အာရုံခံစားနိုင်ရာ၌လည်း လောက၏ အလှကို ရှာဖွေတွေ့ရှိအောင် အကောင်းဘက်အလှဘက်မှနေ၍ ခံစားရှုမြင်တတ်ရန် လိုအပ်သည်။ ထိုသို့ဖြစ်စေရန် ကဗျာစာဆိုသည် စိတ်ကောင်း စေတနာကောင်း မွေးရပါမည်။ လောကကိုအလှဆင်လိုသော စေတနာကို ဦးတည်၍ လူ့စိတ် လူ့နှလုံးသား လှလာအောင် ရေးဖွဲ့ရမည် ဖြစ်သည်။ ထိုသဘောကို မောင်ခင်မင်(ဓနုဖြူ)က 'ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ' စာအုပ်တွင်–

> "ကဗျာက ကဗျာဖတ်သူ၏ တွေးခေါ်မှုများကို နိုးကြားလာအောင် နှိုးဆွပေးသည်။ အလှအပရှုမြင်ခံစားမှု ပို၍ ထက်မြက်လာသည်။ ပို၍ အရသာခံစားတတ်လာအောင် ပြုလုပ်ပေးသည်။ ပို၍ စူးစူး နစ်နစ်၊ နက်နက်ရှိုင်းရှိုင်း ခံစားတတ်အောင် ပြုလုပ်ပေးသည်။ စိတ်ကူးဉာဏ် တိုးပွားအောင် ပြုလုပ်ပေးသည်။"[၂]

ဟု ဆိုခဲ့ပါသည်။

ကဗျာမှရရှိသော အလှတရားကြောင့် ကဗျာဖတ်ရှုသူတို့တွင် ဖြစ်ပေါ်ပြောင်းလဲလာနိုင်မည့် အကျိုးဆက်ကို ဦးရွှေအောင်က–

> "ကဗျာစာဆိုသည် လောက၏အလှကို ဖော်ထုတ်ပြခြင်းအားဖြင့် လူသားတို့၏ မေတ္တာ၊ ကရုဏာ၊ စေတနာများကို လောက အပေါ်၌ ခိုင်မာစွာ စိုက်ထူနိုင်အောင် အားထုတ်သည်။ ကဗျာစာဆို ဖော်ထုတ်ပြသော လောက၏အလှကို လူသားတို့ မြင်သောအခါ

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၁။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၃၊ ၈၉။

> ငိုစရာ၌လည်း မေတ္တာထား၍ ငိုကြမည်။ စေတနာထားကြမည်။ နာကြည်းစရာ၌လည်း မေတ္တာထား၍ နာကြည်းကြမည်။ အရာရာတိုင်း၌ မေတ္တာထားကြမည်။ စေတနာထားကြမည်။ ကဗျာ့သစ္စာအရ လောကသည် အရှိ၊ အသိ၊ အလှ ဤသုံးမျိုးတို့၏ အစုသာ ဖြစ်သဖြင့် ကဗျာစာဆိုက လောက၏အလှကို လောကပြောပြသည့် အတိုင်း တင်ပြနိုင်ခြင်း ဖြစ်သည်။”[၁]

ဟု ဆိုထားပါသည်။ ကဗျာစာဆိုသည် လောကကို ချစ်တတ်ခင်တတ်အောင် အလှရှာဖွေရေးဖွဲ့သောကြောင့် လူသားတို့သည် နေရာတိုင်း၌ မေတ္တာထားတတ်သည့် အလေ့အကျင့် ကူးစက်ရရှိလာမည် ဖြစ်ပါသည်။

ဆရာဇော်ဂျီ၏ အပ်နဖါးကဗျာတွင်–

“ထိုးသော်လဲ့ထိုးသော်၊ ကြိုးချော်လို့သွား။

အမယ်အို အမြင်ကတတ်တယ်၊ အပ်ရွှေနဖါး”[၂]

ဟု ရေးဖွဲ့ထားပါသည်။ ဇရာထောင်းနေပြီဖြစ်သော် အမယ်အိုသည် အပ်ပေါက်ထိုးရာ၌ မျက်စိအမြင်မကြည်လင်၍ အကြိမ်ကြိမ် ကြိုးချော်နေရသည့် မြင်ကွင်းကို ကဗျာဖွဲ့ထားသည်။ ထိုမြင်ကွင်းမျိုးကို မြင်ဖူးကြသူ များလှပါသည်။ သို့ရာတွင် ကဗျာမဖွဲ့ဖြစ်ပါ။ ဆရာဇော်ဂျီကမူ လောကကို သာမန်မျှမကြည့်ဘဲ ထိုးဖေါက်မြင်တတ်သည့်အတွက် အသေးအဖွဲ့မြင်ကွင်းသည်ပင် လောကသဘာဝ လူ့သဘာဝကို ဆင်ခြင်စရာဖြစ်စေသည့် ကဗျာတစ်ပုဒ် ဖြစ်လာရပါသည်။ ဇရာထောင်းသော်လည်း အအားမနေတတ်သော အမယ်အိုတစ်ဦး၏ အဖြစ်အပျက် အမူအရာများကို ကရုဏာသက်ဖွယ် ရှုမြင်ခံစားလာရပါသည်။ ဇရာကို မွေ့လျော်စွာ ခံယူတတ်သည့် အမေအိုသည် သနားစရာ ချစ်စရာ ကောင်းလာပါသည်။ လောကသဘာဝ၊ လူ့သဘာဝကို ဖျတ်ခနဲ လှစ်ပြလိုက်သော ကဗျာတိုလေးတစ်ပုဒ် ဖြစ်လာပါသည်။ ကဗျာဖတ်သူများအနေနှင့် သက်ကြီးရွယ်အို၊ အမယ်အိုများ၏အမူအရာကို မြင်မိနိုင် ဆင်ခြင်မိနိုင်လာစေပါသည်။ ကရုဏာထားတတ်လာစေနိုင်ပါသည်။

ကဗျာဆရာကြည်အောင်၏ ‘ဝါလေကောက်’ ကဗျာသည် နေပူထဲ၌ ဝါကောက်၍ ချစ်သူမောင်အတွက် တဘက်တစ်ထည် လက်ဆောင်ပေးရန် ရည်ရွယ်ပုံကို ရေးဖွဲ့ထားသည်။ ဝါကောက်နေသော မိန်းမပျိုလေး၏အနေအထားကို–

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၁။

[၂] ဇော်ဂျီ၊ ၁၉၉၈၊ ၁၁၃။

"နွေဦးကွင်းခေါင်နေရောင်အောက်၊ ဝါးရိုးလက်ထဲ၊ ကျန်သလောက်
ပျိုလေးဝါပွင့်ကောက်၊ ကောက်တယ်တော့ ကောက်တယ်တော့၊
ဗိုင်းငင်ချည်ရက် တဘက်တစ်ထည် ခတ်ပါမယ်၊
လက်ဆောင်ပေးဖို့၊ ရှန်သွေးခြယ်၊ မောင်နွားကျောင်းတော့
ခေါင်းပေါင်းကွယ်၊ ကွင်းလယ်ဝါလေ၊ ကောက်သင်းကောက်
ကောက်တယ်တော့၊ ကောက်တယ်တော့။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ကျေးလက်မိန်းမပျိုလေးများတွင်လည်း ချစ်သူများ ရှိကြမည်သာ ဖြစ်ပါသည်။ ချစ်သူအတွက် စေတနာထား၍ တဘက်ကလေးတစ်ထည် ကိုယ်တိုင်ယက်လိုသော စေတနာများလည်း ရှိကြမည်သာ ဖြစ်ပါသည်။ နေပူထဲတွင် ဝါပွင့်ကြွေများ ကုန်သလောက်ရှိနေသည့် အနေအထား၌ အကြွင်းအကျန်များကို နေပူဒဏ်ကိုခံ၍ ကောက်နေရှာသော မိန်းမပျိုလေးများလည်း ရှိကြပါလိမ့်မည်။ ကျေးလက်တောရွာများတွင် မြင်တွေ့ရလေ့ရှိသော ရှုခင်းနှင့် ကျေးလက်မိန်းမပျိုလေးတို့၏ ချစ်ခြင်းမေတ္တာ၊ စေတနာကို ပေါင်းဖွဲ့ကာ ကဗျာစာဆိုသည် ကရုဏာထား၍ ရှုမြင်ခဲ့သည်။ ရှုမြင်သည့်အလျောက်လည်း ကရုဏာသက်ဖွယ်၊ ချစ်ခင်နှစ်သက်ဖွယ် အလှကဗျာကလေးတစ်ပုဒ်ကို ရေးဖွဲ့ခဲ့သည်။ နေပူကြဲကြဲတွင် ကောက်သင်းကောက်နေသော မိန်းမပျိုလေးတို့၏ ရင်တွင်းခံစားမှုကို စာရေးသူတို့က ကရုဏာစိတ်ဖြင့် ရှုမြင်ခံစားကာ လောက၏အလှတရားနှင့် စိတ်ကူးပေါင်းစပ်၍ အလှကဗျာလေး တစ်ပုဒ်ကို ရေးသားခဲ့သည်ဟု ဆိုရပါမည်။ 'လက်ဆောင်ပေးဖို့ ရှန်သွေးခြယ်၊ မောင်နွားကျောင်းတော့ ခေါင်းပေါင်းကွယ်' ဟူသော အဖွဲ့သည် ကျေးလက်မိန်းမပျို၏ ဘဝနှင့်အချစ်ကို လှစ်ပြထား၍ သိင်္ဂါရရသနှင့် ကရုဏာရသမြောက်သောအဖွဲ့ ဖြစ်ပါသည်။

လယ်စောင့်တဲကဗျာ၌ ဆရာကြီးမင်းသုဝဏ်က–

"မိုးရေ တက်ရေ တဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး
လယ်စောင့်တဲလေး ခြေတံရှည်၊ မိုးကုပ်အောက်မှာတည်
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်၊ တဲနှင့် ပန်းတင့်"[၂]

[၁] ကြည်အောင်၊ ၁၉၈၅၊ ၆။
[၂] မင်းသုဝဏ်၊ ၂၀၁၄၊ ၃၄။

ဟူ၍ ဖွဲ့နွဲ့ခဲ့ပါသည်။ မြန်မာ့လယ်တောများတွင် ရှိနေကြသည့် လယ်စောင့်တဲလေးများကိုပင် ကဗျာစာဆိုက အမှုမဲ့ အမှတ်မဲ့ မထားပါ။ ကရုဏာထားပါသည်။ အလွန်ကျယ်ပြန့်သော မိုးကောင်းကင်အောက်တွင် လယ်စောင့်တဲကလေး၏ သေးနုပ်မှုကို မဖော်ပြသော်လည်း 'တဲကလေး' ဟူသော အသုံး၊ 'မိုးကုပ်အောက်မှာနေ' ဆိုသော အဖွဲ့ 'မိုးရေ တက်ရေ တဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး' ဟူသော စကားအသုံးအနှုန်း အရေးအဖွဲ့များက လယ်စောင့်တဲကလေးကိုပင် အားငယ်စရာကောင်းသည့် လူသား၏ ခံစားမှုမျိုး ဝင်လာအောင် သက်ရှိအဖြစ် ကရုဏာထား၍ ရေးဖွဲ့ခဲ့သည်။ လယ်စောင့်တဲကလေးကို ဖွဲ့ပြုခြင်းဖြင့် တဲနေလူတန်းစားတို့၏ အားငယ်စရာဘဝကို ဂယက်အနက်အဖြစ် တင်ပြခဲ့သည်။

စာဆိုသည် လယ်စောင့်တဲကို ကရုဏာထားသည့်အလျောက် နှစ်သိမ့်အားပေးလိုသည်။ ထိုစိတ်စေတနာဖြင့် 'ကြာနီတစ်ပွင့်၊ ဖြူတစ်ပွင့်၊ တဲနဲ့ပနံတင့်' ဟု ရေးဖွဲ့ပြခဲ့သည်။ လယ်စောင့်တဲနှင့်အတူ လယ်စောင့်တဲတွင် နေထိုင်သူတို့ကို အားပေးနှစ်သိမ့်လိုဟန် ရှိသည်။ အထီးကျန် လယ်စောင့်တဲလေး၏ ပတ်ဝန်းကျင်တွင် ကြာနီတစ်ပွင့် ဖြူတစ်ပွင့်တို့သည် လိုက်ဖက်စွာ ပွင့်နေပါသည်ဟု ဖွဲ့ဆိုခြင်းဖြင့် အားပေးလိုက်သည်။ စာဆိုတို့၏မေတ္တာစိတ်သည် ထူးခြားလှသည့်အလျောက် စိတ်ကူးသည်လည်း လှပပြီး စာဖတ်သူတို့အား လောက၏အလှတရားကို ခံစားစေနိုင်စွမ်း ရှိပါသည်။ လယ်စောင့်တဲနှင့် ကြာနီ၊ ကြာဖြူတို့မှတစ်ဆင့် လောကတွင် မိဘဆွေမျိုးများနှင့် ဝေးကွာနေသည့်တိုင် အိမ်နီးချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ စသည့် မိတ်ဆွေများနှင့် အားငယ်စရာ မရှိသည့် လူမှုအဖွဲ့အစည်း၏သဘောကို ဆက်စပ်ပြထားသည်ဟု ဆိုနိုင်ပါသည်။ ထိုကဗျာလေးသည် တောသူတောင်သားတို့နေကြသော တဲကလေးများအပေါ် ကရုဏာထားတတ်သော စာရေးသူ၏ နှလုံးသားအလှမှ ပေါက်ဖွားလာသော အလှကဗျာတစ်ပုဒ်ဟု ထင်မြင်မိပါသည်။

ထို့ကြောင့် ဦးရွှေအောင်က 'လောကကို စကားဆိုခြင်းကို အခြားသူများသည် နားမလည်နိုင်၊ ကဗျာစာဆိုကသာ နားလည်နိုင်သည်'[၁] ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ကဗျာစာဆိုက ကဗျာဖတ်သူတို့အား ပေးအပ်သည့် အလှတရားဆိုသည်မှာလည်း လောက၏အမှန်တရားပင် ဖြစ်ပါသည်။ ကဗျာစာဆိုညွှန်ပြသော အမှန်တရားတို့တွင် အချိန်၊ နေရာ ကန့်သတ်မှုမရှိ၊ ပုဂံခေတ်က အနန္တသူရိယအမတ်ကြီး ရေးဖွဲ့ခဲ့သော 'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၁။

ခမ္မတာတည်း'။ မျက်ဖြေလင်္ကာတွင် ပါဝင်သော အမှန်တရားသည် ယနေ့အချိန်အထိ တည်ရှိနေဆဲ ဖြစ်ပါသည်။ ထိုအကြောင်းကို တက္ကသိုလ်ဘုန်းနိုင်က–

> "အနုပညာလက်ရာ ကဗျာက အချိန်၏အကန့်အသတ်၊ နေရာ၏ အကန့်အသတ်ကိုလွန်သော (ဝါ) အချိန်တိုင်း နေရာတိုင်းတွင် ဆက်ဆံ၍ရသော ကန့်သတ်မဲ့ ယေဘုယျ အမှန်တရားတို့ အကြောင်းကို ဖန်တီးပြသည်။ ထိုအမှန်တရားမှာပင် မူလက ဟိုးမား ခံစားသိမြင်သော အမှန်တရားသာ ဖြစ်သည်"[၁]

ဟု ဆိုထားပါသည်။

ကဗျာတစ်ပုဒ်သည် အလှတရားပါသော ကဗျာကောင်း ဖြစ်စေရန်အတွက် စာဆို၌ စိတ်ကောင်းမွေးသင့်ပုံကို ဆရာဇော်ဂျီက 'ပန်းနှင့်စာဆို' ကဗျာတွင်–

"ပန်းမျိုးရယ်စုံ
ငုံရာမှ ဖူး။
အချိန်တန်အရန်သင့်
လန်းပွင့်ဖို့ဖူး။
ဖြစ်နိုင်သည်မှာ
စာပေနှင့်ဘဝ။
စိတ်ကောင်းအခြေခံ၍
အတွေ့အခြေခံ၍
သတိအခြေခံ၍
အသိအခြေခံ၍
စိတ်ကူးဉာဏ် မွမ်းမံတတ်ပါမှ
ဟပ်မိမည်ပ"[၂]

ဟု ရေးဖွဲ့တင်ပြထားပါသည်။

---

[၁] ဘုန်းနိုင်၊ (တက္ကသိုလ်)၊ ၁၉၉၄၊ ၁၁၁။
[၂] ဇော်ဂျီ၊ ၁၉၉၇၊ ၄၂၅။

## ၂။ မင်းသုဝဏ်၏ ကဗျာ (၃)ပုဒ် မှ စိတ်အလှ စာအလှ

ဆရာကြီးမင်းသုဝဏ်သည် မြန်မာစာပေလောကတွင် ခေတ်စမ်းခေတ်မှအစပြု၍ ထင်ရှားခဲ့သော ကဗျာစာဆိုတစ်ဦး ဖြစ်သည်။ သူ၏ကဗျာများသည် လူသားများ ပေါ်တွင် ချစ်မြတ်နိုးသော သူ၏နှလုံးသားမှ ပေါက်ဖွားလာခဲ့ပါသည်။ ဆရာကြီးသည် ကိုယ့်တိုင်းပြည်ကို ချစ်သည့် ကိုယ်တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အသက်ပေးစွန့်လွှတ်၍ တိုက်ပွဲဝင်ခဲ့သော သူရဲကောင်းစစ်သည်များကို ချစ်သည်။ စိတ်ထားမွန်မြတ်လေးစားအပ်သည့် ပုဂ္ဂိုလ်များကို ချစ်ခင်လေးစားသည်။ ထို့မျှသာမက ချစ်သူတို့၏ ချစ်ခြင်းမေတ္တာတရားကိုလည်း တန်ဖိုးထားဖွဲ့ဆိုသည်။ သူ့ပတ်ဝန်းကျင်ရှိ သက်ရှိများတွင် လူသားများကိုသာမက ငှက်ကလေးများကိုလည်း ချစ်သည်။ သူသည် အဆုံးမဲ့သော မေတ္တာနှလုံးသားဖြင့် ဘဝတစ်လျှောက်လုံး ကဗျာများကို ရေးဖွဲ့ခဲ့သည်။ အကျိုးပြုစာပေများကို ရေးသားသည်။ သူသည် လောကတစ်ခွင်လုံးကို ချစ်သည့် အလျောက် သူ၏ကဗျာများတွင် ချစ်ခြင်းမေတ္တာတို့ ပြည့်လျှမ်းနေသည်။

ဆရာကြီးမင်းသုဝဏ်သည် မြန်မာရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ကိန်းအောင်းရာ ဖြစ်သော ကျေးလက်ကိုလည်း ချစ်မြတ်နိုးသည်။ ကျေးလက်နေပြည်သူတို့၏ ဘဝ အမျိုးမျိုး၊ ဓလေ့အမျိုးမျိုး ကဗျာဖွဲ့ဆိုခဲ့သည်။ ထို့သို့ဖွဲ့ဆိုရာတွင် အနောက်တိုင်းတွင် ပေါ်ထွန်းခဲ့သော ဘဲလက်ဒ်ကဗျာပုံသဏ္ဌာန်မျိုးဖြင့် ဖွဲ့ဆိုထားသည်။ ဘဲလက်ဒ်ကဗျာ များတွင် 'စာပေဘဲလက်ဒ်'[၁] နှင့် 'အစဉ်အလာဘဲလက်ဒ်၊ ကျေးလက်ဘဲလက်ဒ်'[၂] ဟူ၍ နှစ်မျိုး ရှိသည်။

ဘဲလက်ဒ်ကဗျာ၏အကြောင်းကို Dictionary of Literary Terms and Literary Theory စာအုပ်တွင် –

> "ဘဲလက်ဒ် ဟူသော ဝေါဟာရမှာ ရှေးကျသော လက်တင်စကား Ballade နှင့် Balleti အီတာလျံစကား Baliarice ကိုမှ ဆင်းသက်လာသော 'to dance' ကပြန်ရန် ဟူသော အနက်ရှိသည့် ဘဲလက်ဒ်တစ်ပုဒ်သည် ပုံပြင်တစ်ပုဒ်အား ပြောပြသည့် သီချင်းတစ်ပုဒ် ဖြစ်သည်။ မူလအနေအထားမှာ 'အကတစ်ခုတွင် တွဲဖက်သည့် ဂီတအတွဲအဖက်'[၃]

[၁] Literary ballad (or) Art ballad

[၂] Folk ballad

[၃] Ralph Rausch, 1998, 10-11.

တစ်ခုဖြစ်သည်။ ဘဲလက်ဒ်ကဗျာတို့တွင်–

(၁) ကဗျာအစတွင် အများအားဖြင့် သည်းလှိုက်ရင်ဖို အကြောင်းအရာများနှင့် ရေးဖွဲ့ထားခြင်း။

(၂) ဘာသာစကား ရိုးရှင်းခြင်း။

(၃) ပုံပြင်အားဖြင့် 'အချီအချစကားများနှင့် လှုပ်ရှားမှု'[၁] အမျိုးမျိုးနှင့်ပြောခြင်း။

(၄) အများစုမှာ အလွမ်းများ ဖြစ်ခြင်း။

(၅) အများအားဖြင့် ထပ်ကျော့ပိုဒ်များ 'သံပြိုင်လိုက်ခြင်း' [၂] ပါဝင်ခြင်းတို့ ရှိသည်။[၃] ဟူ၍ ဖော်ပြထားပါသည်။

အနောက်တိုင်းတွင် ပေါ်ထွန်းခဲ့သော ကျေးလက်ဇာတ်လမ်းပြော ကဗျာများကို တွေ့ရှိလေ့လာမိရာမှ ဆရာကြီးမင်းသုဝဏ်သည် မြန်မာကျေးလက်နေသူတို့၏ အကြောင်းကို ဇာတ်ကြောင်းပြောပုံသဏ္ဍာန်ဖြင့် ဖွဲ့ဆိုတင်ပြထားသည်။

ကဗျာသဘောနှင့် ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်က–

> "ကဗျာ့သစ္စာသည် အကျိုးသက်ရောက်မှု ရှိသည်။ နှစ်သက်ခြင်းကို ဖြစ်စေသည့် အကျိုးသက်ရောက်မှု ဖြစ်သည်။ ယင်းနှစ်သက်မှုသည် ဘဝကို ဖြည့်စွမ်းပေးသည်။ ကဗျာသည် ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုများကို မျှတအောင် ပြန်လည်ထိန်းကွပ်ပေးသည်။ ကဗျာသည် ကျွန်ုပ်တို့ အားပျော်ရွှင်စေသည့် အနုပညာပစ္စည်းဖြစ်သည်"[၄]

ဟုဆိုခဲ့ပါသည်။

ကဗျာ၏ တာဝန်ပိုင်းနှင့် ပတ်သက်၍ မြဇင်က –

> "ကဗျာတွင် အမှန်တရားကို တင်ပြရာ၌ ဤအခြင်းအရာသည် မှန်၏ဟု တစ်ချက်လွှတ်၊ ဧကဝုဒ်အမိန့်မသုံးပေ။ ထို့သို့ တစ်ချက်လွှတ်မိန့်ဆိုခြင်းကိစ္စသည် စကားပြေ၏ အလုပ် ဖြစ်သည်။ ကဗျာ၏ အလုပ်မှာ အမှန်တရားကိုယူ၍ ကျွန်ုပ်တို့၏ခံစားမှုတွင် ယုတ္တိရှိအောင်

---

[၁] Dialogue and Action

[၂] Refrain

[၃] Cuddon, 1997, 71.

[၄] ဘုန်းနိုင်၊ (တက္ကသိုလ်)၊ ၂၀၁၂၊ ၂၇။

ဖန်တီးဖို့ရာ ဖြစ်သည်။ အမှန်တရားကို မှန်ကြောင်း စဉ်းစား ဉာဏ်ထွင် အထင်အလင်း သိသာအောင် ပြုလုပ်ရန်အရေးထက် ကျွန်ုပ်တို့၏ခံစားမှုတွင် လေးနက်အောင် ဖန်တီးဖို့အရေးသည် ကဗျာ၏တာဝန် ဖြစ်သည်"[၁]

ဟု ဖော်ပြထားပါသည်။

ကဗျာစာဆိုတို့သည် ခံစားမှုကိုအခြေခံ၍ စာဖတ်သူ၌ ရသမြောက်အောင် ဖန်တီးမှု အတတ်ပညာကို သုံးကြသည်။ ထိုဖန်တီးမှုအတတ်ပညာကို အနုပညာ ဟု ခေါ်သည်။ ဆရာဇေယျကမူ ကဗျာဖတ်ခြင်း၏ အကျိုးတရားကို–

'ကဗျာသည် လူတို့၏အထိန်းအကျောင်းကြီး တစ်ရပ်ပင် ဖြစ်ပေသည်။ ရိုင်းပြသောစိတ်ကို ယဉ်ကျေးအောင် ပြုပြင်ခြင်း၊ ညစ်နွမ်းသောစိတ်ကို ယဉ်ကျေးအောင်၊ ကြည်လင်လာအောင် ဖန်တီးပေးခြင်း၊ နိမ့်ကျနေသောစိတ်ကို မြင့်တက်လာအောင် မြှင့်တင်ပေးခြင်း၊ ဖရိုဖရဲဖြစ်နေသောစိတ်ကို ကြံ့ခိုင်လာအောင် အားပေးခြင်း စသည့် လူတို့အတွက် အရေးကြီးဆုံးဖြစ်သော လုပ်ငန်းကို ဆောင်ရွက်ရသည်။"[၂]

ဟု ဆိုခဲ့ပါသည်။

ဆရာကြီးမင်းသုဝဏ်သည် သူ၏ကျေးလက်နေပြည်သူတို့ အပေါ်ထားရှိသည့် မေတ္တာ၊ စေတနာနှင့် ကရုဏာတရားတို့ကို စာဖတ်သူတို့အား ကူးစက်ဖြန့်ဝေလိုသော စေတနာဖြင့် ကျေးလက်ဘဲလက်ဒ်ကဗျာများကို ရေးဖွဲ့ထားပါသည်။

## ၂ ၊ ၁။ **အဘိုးမာဃ**

'အဘိုးမာဃ' ကဗျာတွင် ကျေးလက်နေ သက်ကြီးရွယ်အို အဖိုးအိုတစ်ဦး၏ ကုသိုလ်စိတ်နှင့်ယှဉ်၍ ရပ်ကျိုးရွာကျိုးကို တတ်အားသမျှ ဆောင်ရွက်ပုံတို့ကို ဖွဲ့ဆိုထားသည်။ ထိုသို့ ရပ်ကျိုးရွာကျိုးကို ဆောင်ရွက်သောကြောင့် အဘိုးအိုသည် ရွာဆော်များ၊ လူငယ်များနှင့်အတူ စည်းစည်းလုံးလုံး ရှိနေသည်။ အဘိုးအို အိပ်ယာမှ နိုးထချိန်တွင် ရွာဆော်များနှင့် လူငယ်များသည် အဘိုးအိုထံသို့ သွားကြသည်။ အဘိုးအို၏မွေးနေ့တွင် သက်စေ့တင်ရန် စံပယ်ပန်းများ၊ ဇွန်ပန်းများ၊ မြတ်လေးပန်း

---

[၁] မြဇင်၊ ၁၉၇၃၊ ၄၃။

[၂] ဇေယျ၊ ၂၀၀၀၊ ၂၃။

တို့ကို ခူး၍ လာရောက်ပေးပို့ကြသည်။ ထိုကဲ့သို့ လူငယ်များ၏ သက်ကြီးရွယ်အိုများ အပေါ် ဂရုစိုက်သော ရှာခလေ့အမူအရာကို–

"အဘိုးသည်နေ့၊ ဘိုးမွေးနေ့မို့
သက်စေ့တင်ဖို့၊ ကျွန်တော်တို့သည်
လာပို့ပါသည်၊ မွေးကြူလန်း
စံပယ် ဇွန်ဖြူ၊ မြတ်လေးပန်း"[၁]

ဟု ရေးသားခဲ့ပါသည်။ ရွာရှိလူငယ်များက အဘိုးအိုကို လျစ်လျူမရှု၊ နွေးနွေး ထွေးထွေး ဆက်ဆံကြပုံသရုပ်ကို ရိုးရိုးလေးနှင့် နှစ်သက်စဖွယ်ဖြစ်အောင် တင်ပြ ခဲ့သည်။

အဘိုးအိုက ရွာလူငယ်များကို ချစ်ခင်စွာဖြင့် 'သာခုပါဗျား၊ ငါ့မြေးများ' ဟု ချစ်ခင်စွာဖြင့် သာခုခေါ်သည်။ လူငယ်များ၏စေတနာကို အလေးထား၍ ဘုရားရှင် ထံသို့ ပန်းများကို သက်စေ့လှူဒါန်းပူဇော်သည်။ ထို့နောက် မေတ္တာပို့ အမျှဝေသည်။ အဘိုးအို၏အပြုအမူနှင့် ဘာသာတရား၌ ယုံကြည်ကိုးကွယ်သော အမူအရာနှင့် စိတ်ထားကို ဆရာကြီးက–

"သာခုပါဗျား၊ ငါ့မြေးများဟု
သွားကြားလေထွက်၊ သူမိန့်မြွက်၍
သက်စေ့ပူဇော်၊ မြတ်တော်ရှင်ကို
ကော်ရော်ရိုကျိုး၊ သူရှိခိုးသည်
မိုးမြေအနှံ့ မေတ္တာပို့
အမျှဝေသည် အများဖို့"[၂]

ဟု ဖွဲ့ဆိုခဲ့ပြန်သည်။

အဘိုးအိုတစ်ယောက်၏ ဇရာအချိန်တွင် လူငယ်များအလယ်၌ မေတ္တာတရားဖြင့် နွေးထွေးမှု၊ ဗုဒ္ဓဘုရား၌ ပူဇော်ရှိခိုးမှု၊ မေတ္တာပို့၊ အမျှဝေမှု ဆိုသည့် မြန်မာ့စိတ်ဓာတ်၊ မြန်မာ့အမူအရာများ၊ မြန်မာယဉ်ကျေးမှုများကို စာဖတ်သူ၏စိတ်၌ မြင်အောင်

---

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၃။
[၂] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၃။

ကြားယောင်လာအောင် ဖွဲ့ဆိုထားသည်။ 'သာခုပါဗျား၊ ငါ့မြေးများ' ဆိုသော အဖွဲ့တွင် ဝမ်းသာအားရသော အသံများ ပါဝင်သည်။ 'ငါ့မြေးများ' ဟူသော အသုံးက ရွာရှိလူငယ်များအပေါ် သား၊ မြေးများသဖွယ် ချစ်ခင်ကြသော မြန်မာ့သက်ကြီးရွယ်အို များ၏ အပြောအဆိုနှင့် စိတ်ဓာတ်ကို ပေါ်လွင်စေသည်။

စာဆိုမင်းသုဝဏ်သည် အဘိုးအို၏ ဝမ်းသာအားရစကားသံကို 'သွားကြား လေထွက်၊ သူမိန့်မြွက်၍' ဟူ၍ ဇွဲ့ဇွဲ့စပ်စပ်ဖွဲ့ဆိုထားပုံမှာ ကြည်နူးဖွယ်ကောင်းသည့် အပြင် ရွှင်ပြုံးဖွယ် ဖြစ်စေသည်။ မေတ္တာပို့ အမျှဝေပုံကိုလည်း 'မိုးမြေအနှံ့ မေတ္တာပို့၊ အမျှဝေသည် အများဖို့' ဟု ရိုးရှင်းကျစ်လျစ်စွာ ဖွဲ့ဆိုခြင်းဖြင့် မြန်မာ့သက်ကြီးရွယ်အို များ၏ မေတ္တာအရင်းခံသည့် စိတ်ဓာတ်ကို ထင်မြင်စေပါသည်။

ထိုမှတစ်ဆင့် အသက်အရွယ်ကိုမမှုဘဲ တက်နိုင်သမျှစွမ်းအားဖြင့် ရွာကို အကျိုးပြုသော အဘိုးအို၏စေတနာနှင့် အမူအရာကို စာဆိုက–

"ရကြပါစေ၊ အမျှဝေပြီး
တံမြက်ကိုင်ကာ၊ သူလှဲပါသည်
ရွာအလယ်က၊ ရွာလမ်းမ။
နိစ္စရူဝ လုပ်နေကျ၊
စကားမဟ နှုတ်ငြိမ်စွ။
အဘိုးမာဃ၊ ဘိုးမာဃ"[၁]

ဟုရေးဖွဲ့ထားပါသည်။ အဘိုးအိုသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ရွာလမ်းကို နေ့စဉ် တံမြက်လှဲသည်။ တံမြက်လှဲရင်း မေတ္တာပို့ အမျှဝေသည်။

ကဗျာရေးဖွဲ့ရာ၌ ကဗျာစာဆို၏ စိတ်လှမှ စာလှပါသည်။ စာလှနေသည်ကို ကြည့်၍ ဆရာကြီးမင်းသုဝဏ်၏ အမိမြေနှင့် မြန်မာလူမျိုးတို့ကို ချစ်မြတ်နိုးသော မေတ္တာစိတ် အတိုင်းအတာကို ခန့်မှန်းနိုင်ပါသည်။ ကဗျာပါ အကြောင်းအရာများသည် အလွန်ရိုးစင်းသည်။ ရိုးစင်းသော်လည်း စေတနာအလှတရားတို့နှင့် ပြည့်စုံနေသည်။ မြန်မာလူမှုပတ်ဝန်းကျင်တွင် တွေ့နေမြင်နေကျဖြစ်သော ကြီးသူကိုငယ်သူတို့ ရိုသေမှု၊ ကြီးသူကငယ်သူကို မေတ္တာထားမှု၊ သတ္တဝါတိုင်းအပေါ် မေတ္တာထားရှိမှု စသည့် စိတ်စေတနာအလှများကို ပုံဖော်ရေးဖွဲ့ထားသည်မှာ ပုံကောင်းပုံလှဟုလည်း ဆိုနိုင်

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၃။

ပါသည်။ 'မေတ္တာပို့'၊ 'အမျှဝေ'၊ 'သာဓုခေါ်သည်'၊ 'သက်စေ့တင်သည်'၊ 'ကော်ရော်ရိုကျိုး ရှိခိုးသည်' ဆိုသော ဝေါဟာရအသုံးသည် မြန်မာ့အလှ၊ မြန်မာ့သဒ္ဓါစိတ်တို့ကို ဖော်ပြနိုင်စွမ်း ရှိပါသည်။ ဆရာကြီးမင်းသုဝဏ်သည် ကျေးလက်ဇာတ်ကြောင်းပြောကဗျာဖြင့် မြန်မာ့ကျေးလက်သဘာဝကို မှတ်တမ်းတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

## ၂။ ၂။ ရွက်ကြမ်းရေကျို ငမောင်ညို

ဆရာကြီးမင်းသုဝဏ်သည် 'ရွက်ကြမ်းရေကျို ငမောင်ညို' ကဗျာတွင်လည်း 'မောင်ညို' ဆိုသည့် ကျေးလက်နေသူတစ်ဦး၏ ကျေးလက်အပေါ် စေတနာထားသော မေတ္တာအမူအရာများကို သရုပ်ဖော်ထားသည်။ မောင်ညို၏ရုပ်အဆင်းနှင့် ပတ်သက်၍ ဆရာကြီးမင်းသုဝဏ်က ရွက်ကြမ်းရေကျိုဟု သတ်မှတ်သည်။ သူ၏ဇာတ်လမ်း ကဗျာပါ ဇာတ်ဆောင်သည် စိတ်ဝင်စားဖွယ်မကောင်းဟု ထင်ရသည်။ တစ်ရပ်လုံး တစ်ရွာလုံးက မောင်ညို၏ မလှသော သာမန်ရုပ်ကို ရွက်ကြမ်းရေကျိုငမောင်ညို ဟု ခေါ်ကြသည်။ သို့သော် မောင်ညိုသည် သည်းခံသည်၊ ရပ်ရေးရွာရေးကို သိမ်းကျုံးလုပ်သည်။ မောင်ညို၏ မေတ္တာ စေတနာ အမူအရာကို စာဆိုက–

"ရွက်ကြမ်းရေကျို သူတို့ဆိုလည်း
မောင်ညိုမမှု
ရပ်မှုရွာတာ၊ ရှိသောအခါ၌
ဖျာခင်း ရေခပ်
ဖိနပ်ကိုသိမ်း၊ ထီးကိုထိန်းနှင့်
သူစိမ်းသူကျက်၊ သူနှုတ်ဆက်သည်
မျက်နှာကြီးငယ် သူမရွေး"[၁]

ဟု ဖွဲ့ဆိုသည်။

ဆရာကြီးမင်းသုဝဏ်သည် ကျေးလက်ရှိ မောင်ညိုကဲ့သို့သောသူကို ဥပေက္ခာ မပြုပဲ အလေးထားဂရုပြုမိရာမှ မောင်ညို၏စေတနာကို သိမြင်လာသည့်အလျောက် မှတ်တမ်းတင် ဖွဲ့ဆိုခဲ့သည်။ ထိုသို့ဖွဲ့ဆိုရာ၌လည်း 'ထိန်း၊ သိမ်း၊ နှုတ်ဆက်' စသည့် အမူအရာပြကြိယာများကို ပေါ်ပေါ်လွင်လွင်နှင့် ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် သုံးနှုန်း ဖွဲ့ဆိုထားသည်။ ထီးကို မပျောက်အောင် ထိန်းသိမ်းထားသည်ကိုပင် ဖိနပ်ကိုသိမ်းနှင့်

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၃။

ကာရန်ခြင်း လိုက်ဖက်မှုလည်းရှိ အနက်သဘောလည်း ထိမိအောင် 'ဖိနပ်ကိုသိမ်း၊ ထီးကိုထိန်း' ဟု ဖွဲ့ဆိုထားသည်။

ရုပ်ရည်မချောမောသော မောင်ညိုသည် စိတ်ဓာတ်ချောမောသည်။ မျက်နှာကြီးငယ်မရွေး ခေါ်ပြောနှုတ်ဆက်သည်။ ထိုသို့သော စိတ်အလှကို စာဆိုက–

"သူစိမ်းသူကျက်၊ သူနှုတ်ဆက်သည်

မျက်နှာကြီးငယ် သူမရွေး"[၁]

ဟု ရေးဖွဲ့ထားသည်။ ထိုအဖွဲ့တွင် သံလေးများ၊ သံလတ်များ၊ အသတ်သံများကို အပြောင်းအလဲပြုလုပ်၍ ကာရန်ယူထားရာတွင် ဆိုရ ရွတ်ရ လျင်မြန်သွက်လက်သည်။ လျင်မြန်သော လှုပ်ရှားဟန်အရုပ်ရုပ်ကို ကာရန်နှင့် အသံကလည်း ပိုမိုပေါ်လွင်လာအောင် အထောက်အကူပြုထားသည်။ မောင်ညိုအစား 'သူ' ဟူသော စကားလုံးကို ကြိယာစကားလုံးများနှင့် ချိတ်ဆက်၍ ထပ်ကာထပ်ကာ၊ နီးနီးကပ်ကပ် ဖွဲ့ဆိုထားသောကြောင့် အသံသာယာချိုပြေသည်။ မောင်ညိုကို ကိုယ်စားပြုသော 'သူ' ဆိုသည့် အညွန်းခံလူတစ်ယောက်၏ ပြုမူလှုပ်ရှားပုံများသည် လေးနက်လာရသည်။ မောင်ညိုသည် ရုပ်မချောသော်လည်း စိတ်ချောသည်။ ထိုအပြင် မိမိ၏ကိုယ့်ကျင့်တရားကိုလည်း ထိန်းသိမ်းစောင့်ရှောက်သည်။

အချို့သောသူများသည် ရုပ်ရည်အားဖြင့်လည်းကောင်း၊ ဘဝအနေအထားအားဖြင့်လည်းကောင်း၊ ကျေနပ်ဖွယ်မရှိသော်လည်း မိမိတို့၏ ကိုယ့်ကျင့်တရား မပျက်စီးအောင် ထိန်းသိမ်းသည်ကို စာဆိုက အညတရတို့၏အလှတရားအဖြစ် စေ့စေ့စပ်စပ် ခံစား၍ ပေါ်လွင်အောင်ဖွဲ့ဆိုသည်။ မောင်ညို၏ ကိုယ့်ကျင့်တရားထိန်းသိမ်းပုံကို–

"မတီး ဗျပ်စောင်း

မလောင်းကြက်ပွဲ

မဆွဲကပ်ချပ်

ပူဇော်ရှောင်ကြဉ်

သူ၏ ဉာဉ်မှာ

လူစဉ်မီဖို့ တစ်ခုတည်း"[၂]

---

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၃။

[၂] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၄။

ဟု ဖွဲ့ဆိုခဲ့ပါသည်။ ထိုနည်းဖြင့် စာဆိုသည် အညတရများအား မိမိကိုယ်ကို ထိန်းသိမ်းတတ်ရန် အားပေးလမ်းညွှန်ခဲ့ပါသည်။

ကျေးလက်နေ အမျိုးသားများအဖို့ ပျက်စီးစေတတ်သော အကြောင်းတရားများကို စာဆိုက ထောက်ပြထားသည်။ ထိုအဖွဲ့၌ နှစ်ချက်ညီကာရန်ကို ဆက်တိုက်သုံးစွဲခြင်းဖြင့် အသံသည် လျင်မြန်ဖြတ်လတ်စွာ တစ်သံပြီးတစ်သံသို့ ပြောင်းလဲသွားသည်။ အကြောင်းအရာပြောင်းလဲခြင်းနှင့်အတူ အသံပါ ပြောင်းလဲခြင်း ဖြစ်သည်။ မောင်ညို၏ ပျက်စီးကြောင်းအမျိုးမျိုးကို ရှောင်ကြဉ်နိုင်စွမ်းရှိသည့် ကိုယ်ရည်သွေးအဖွဲ့သည် ထင်ရှားလာပါသည်။

မောင်ညိုသည် မိမိ၏သာမန်ဘဝကို လှပအောင်နှင့် တည်ကြည်ခံ့ညားအောင် ကြိုးစားတည့်မတ်ပုံကို တင်ပြရာ၌ စာဆိုက–

> "ထွန်သည်၊ ထယ်သည်၊ ကောက်ရိတ်သည်နှင့်
> တိုက်သည်၊ နယ်သည်၊ ကောက်လှေ့သည်နှင့်
> သိမ်းသည် မောင်ညို တလင်းထဲ"[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။

စာဆိုသည် ကျေးလက်နှင့် လယ်တောလုပ်ငန်းသဘာဝကို အလေးထားသူဖြစ်သည့်အလျောက် နှစ်နှစ်ခြိုက်ခြိုက် မြတ်မြတ်နိုးနိုး ထည့်သွင်းသရုပ်ဖော်ထားသည်။

'ထွန်၊ ထယ်၊ ရိပ်၊ တိုက်၊ နယ်၊ လှေ့' စသည့် လုံးချင်းကြိယာများကို စေ့စေ့စပ်စပ် သုံးစွဲခြင်းဖြင့် ဘဝအားမာန်ရှိသော လယ်သမားတစ်ဦး၏ လုပ်အားအလှပေါ်လွင်လာသည်။ ဘဝသရုပ်လည်း ပေါ်လွင်လာသည်။ 'သည်' ဟူသော စကားလုံးကို အထပ်ထပ် သုံးစွဲခြင်းဖြင့်လည်းကောင်း၊ 'ကောက်ရိပ်၊ ကောက်လှေ့' စသည့် 'ကောက်' ဆိုသည့် စကားလုံးကို ထပ်ကာထပ်ကာ ကြားရအောင် ရေးဖွဲ့ခြင်းဖြင့်လည်းကောင်း၊ လယ်တောသားပီပီ လယ်ယာလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်နေသော မောင်ညို၏သရုပ်သည် ထင်ရှားပေါ်လွင်လာရသည်။ အပြိုင်အဖွဲ့များကလည်း အကြောင်းအရာ၏သရုပ်ကို အားတက်ဖွယ်ဖြစ်အောင် ပံ့ပိုးပေးနိုင်သည်။ ထိုသို့ မိမိဘဝကို ထိန်းသိမ်းစောင့်ရှောက်၍ ဘဝအားမာန်ဖြင့် ကြိုးစားခဲ့သော မောင်ညို၏အားမာန်ကို စာရေးသူက–

---

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၄။

"ယနေ့မှာဆို ဦးမောင်ညိုသည်

လိုသည်မရှိ၊ သမာဓိနှင့်

ရွာ၏ခေါင်းဆောင်၊ နယ်ခေါင်းဆောင်တည်း"[၁]

ဟု ရေးဖွဲ့ခဲ့သည်။

မောင်ညို၏အသက်အရွယ်နှင့် ပြောင်းလဲမှုသဘောကို စာဆိုက 'ဦးမောင်ညို' ဟူသော အသုံးဖြင့် တင်ပြခဲ့ပါသည်။ 'သမာဓိ' ဟူသော အသုံးကလည်း ကျစ်ကျစ်လျစ်လျစ်နှင့် အကြောင်းအရာကို ဖော်ပြနိုင်သည်။ မောင်ညို၏တည်ကြည်မှုကို 'သမာဓိ' ဟု သုံးခြင်းဖြင့် ပို၍ခိုင်ညားလာပါသည်။

သမာဓိကြောင့် တစ်ဖြေးဖြေး တိုးတက်ပြောင်းလဲလာပုံကို စာရေးသူက 'ရွာ၏ခေါင်းဆောင်၊ နယ်ခေါင်းဆောင်' ဟူသော အသုံးကို နှစ်ကြိမ်ထပ်ကာ သုံး၍ ရေးဖွဲ့ခဲ့သည်။ ရွာနှင့်နယ်ကို ပြောင်းပေးလိုက်သည်။ သမာဓိရှိသောကြောင့် တိုးတက်ပြောင်းလဲလာပုံကို ကျစ်ကျစ်လျစ်လျစ်နှင့် ပေါ်လွင်လာစေသည်။ ကိုယ့်ကျင့်တရားနှင့် လုံ့လဝီရိယရှိသူသည် ဘဝတွင် အရာရာတိုးတက်အောင်မြင်ပုံကို စာဆိုက–

"အိမ်ထောင်ရေးလည်း၊ သားမြေးစုံလျက်

မေတ္တာဖက်သည်

ရွက်ကြမ်းရေကျို ဟုတ်သေးလား

ဆိုခဲ့သူတို့ လွန်စဉ်းစား

လောကသဘော အခက်သား"[၂]

ဟု ရေးဖွဲ့ခဲ့ပါသည်။

စာဆိုသည် ရွက်ကြမ်းရေကျိုဟု စခဲ့ပြီး ဘဝအပြောင်းအလဲ အမျိုးမျိုးပြကာ သူ၏ဇာတ်ဆောင်ကို ရွက်ကြမ်းရေကျို ဟုတ်သေးရဲ့လားဟု ရဲရဲဝံ့ဝံ့ မေးခွန်းထုတ်ထားသည်။ ထိုမှတစ်ဆင့် မောင်ညိုကို ရွက်ကြမ်းရေကျိုဟု ပြောခဲ့သူများကို စဉ်းစားကြပါအုံးဟု ဆိုထားသည်။

---

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၄။

[၂] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၄။

စာရေးသူက အရိုးသားဆုံး အကြောင်းအရာတစ်ခုကို ဇာတ်လမ်းဖြင့်ဖွဲ့ဆိုရာတွင် အဆုံး၌ နှစ်သက်ခြင်းနှင့်အတူ စာဖတ်သူ၌ လုံ့လဝီရိယရှိလျှင် မည့်သည့်ဘဝမျိုး ဖြစ်ပါစေ အောင်မြင်နိုင်သည်ဆိုသော အတွေးအသိ ပေးနိုင်ခဲ့သည်ကို တွေ့ရပါသည်။ စာရေးသူက စာဖတ်သူတို့အား လူတစ်ယောက်ကို အလွယ်တကူ မဆုံးဖြတ်ရန်၊ အထင်မသေးရန်ကို 'လောကသဘောအခက်သား' ဟု ပြဆိုထားပါသည်။ ကျေးလက်တောရွာနေ အညတရဆိုသူတို့၏ အရိုးခံစေတနာ၊ မေတ္တာကို တန်ဖိုးထားလျက် ထိုသူတို့အား ကြီးပွားတိုးတက်စေလိုသော မေတ္တာ၊ စေတနာကို စာရေးသူက 'ရွက်ကြမ်းရေကျို ငမောင်ညို' ဟူသော ခေါင်းစဉ်ဖြင့် အားပေးနှစ်သိမ့် ရေးသား တင်ပြခဲ့ပါသည်။

ဆရာကြီးမင်းသုဝဏ်သည် ဇာတ်ကြောင်းပြောကဗျာများဖြင့် သူချစ်သော မြန်မာကျေးလက်နေပြည်သူတို့၏ ဘဝနှင့်အလှကို အမွှန်းတင် ရေးဖွဲ့မှတ်တမ်းတင် ထားသည်ကို တွေ့ရသည်။ သူ၏ကဗျာများသည် စာဆို၏စိတ်အလှနှင့် စာအလှ တို့ကြောင့် စာဖတ်သူ၏ နှလုံးအိမ်အတွင်းသို့ အလှတရားများကို ဆောင်ကြဉ်း ပို့ဆောင်ပေးနိုင်သည်ဟု ထင်မြင်မိပါသည်။

## ၂၊ ၃။ ကိုတင်လူလားမြောက်

ဆရာကြီးမင်းသုဝဏ်သည် ကျေးလက်တောရွာနေသူတို့၏ ဘဝအထွေထွေကို ဇာတ်လမ်းကဗျာများဖြင့် နာကျင်ဖွယ်ဖြစ်အောင်နှင့် ကရုဏာသက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခဲ့ပါသည်။ 'ကိုတင်လူလားမြောက်' ကဗျာတွင် ကဗျာအဖွဲ့ခံအဓိကဇာတ်ဆောင်မှာ ကိုတင် ဖြစ်သည်။ မိဘမဲ့လူငယ်တစ်ဦး၏ ကိုယ့်ထူးကိုယ်ချွန်ကာ နေထိုင်ခဲ့ရပုံ တို့ကို ကဗျာဖွဲ့ဆိုထားသည်။ ကိုတင်အကြောင်းကို–

"ကျုပ်တို့ငယ်ငယ်၊ ကစားရွယ်က
ရွာလယ်ပိုင်းတွင်၊ ကိုတင်ဟု
လူကျင်လူကောင်း တစ်ယောက်ရှိ။
အမိတဆိုး၊ ဖတဆိုးမို့
ဆွေမျိုးသားချင်း၊ စောင်မခြင်းဖြင့်
ကြီးပြင်းခဲ့ရ သူ့ခမျာ။
အုန်းပင်ကိုတက်၊ ကွမ်းသီးတက်နှင့်

ကွမ်းသီးဖက်ဆုတ်၊ ခနိခုတ်သည်

အလုပ်မရွေး၊ သူကျွမ်းကျင်

ကျုပ်တို့ရွာက ကိုငတင်”[၁]

ဟု ရေးဖွဲ့ခဲ့ပါသည်။ ဆရာကြီးမင်းသုဝဏ်သည် အညတရလူတန်းစားများကို ချစ်သောမျက်စိဖြင့် ရှုကြည့်လေ့ ရှိသည်။ ထိုသူများကို ချစ်စရာကောင်းသောသူများ၊ ကဗျာအဖွဲ့ခံလူများအဖြစ် ခံယူသည်။ လုပ်ငန်း၌ ကျွမ်းကျင်သော လူကောင်း တစ်ယောက်အဖြစ် သတ်မှတ်သည်။ ကိုငတင်၏ ငယ်ဘဝနှင့် အသက်မွေးဝမ်းကျောင်း လုပ်ရှားမှုများကို ရေးဖွဲ့ပြသည်။

ကိုငတင်သည် မိဘမဲ့ဖြစ်သော်လည်း ဘဝကိုတန်ဖိုးထားသည်။ လုပ်ငန်းတိုင်း၌ ကျွမ်းကျင်အောင် ကြိုးစားခဲ့သည်ဟု ချီးမွမ်းခဲ့သည်။ ‘ကြီးပြင်းခဲ့ရသူ့ခမျာ’ ဆိုသည့် အဖွဲ့က ဆရာကြီး၏ကရုဏာကို ဖော်ပြသည်။ ‘ကျုပ်တို့ရွာကကိုငတင်’ ဆိုသည့် အဖွဲ့က ကိုငတင်လို လူတစ်ယောက်ကို ဂုဏ်ယူအားပေးသည့် ခံစားမှုကို ဖော်ပြသည်။ ကိုငတင်၏ အများသူငါကို ကူညီတတ်မှု၊ ရပ်ရေး၊ ရွာရေးတို့ကို ဆောင်ရွက်တတ်မှုကို–

“သာရေးနာရေး၊ လှူဒါန်းရေးနှင့်

ရပ်ရေးရွာမှု၊ အစုစုလည်း

တစ်ခုမငြင်း၊ အကုန်ရှင်းသည်

ထင်းခွေရေခပ်၊ သူကျွမ်းကျင်

ကျုပ်တို့ရွာက ကိုငတင်”[၂]

ဟု ဖွဲ့ဆိုတင်ပြသည်။ အညတရတစ်ဦး၏ ကောင်းကွက် လှကွက်များကို ရှာဖွေပြသည်။ ထို့ကြောင့် ကဗျာဆရာသည် လောက၏အလှကို ရှာဖွေတွေ့ရှိသူဟု ပညာရှင်တို့က ဆိုကြခြင်း ဖြစ်သည်။ ထို့မှတစ်ဆင့်–

“ဆေးလိပ်ရုံက၊ လုပ်သမနှင့်

ခနိရုံက၊ လုပ်သမတို့

တိုလီမုတ်စ၊ ခိုင်းသမျှလည်း

---

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၉။

[၂] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၈၉။

လုပ်ရမအား၊ သူကျွမ်းကျင်

ကျုပ်တို့ရွာက ကိုငတင်"[၁]

ဟု ထပ်ဆင့်ရေးဖွဲ့ပြသည်။ ရွာသူရွာသားများက ခိုင်းစေသမျှကို ဆောင်ရွက်ပေးတတ်သော ကိုငတင်၏ အရည်အချင်းကို နှစ်သက်သည်။ ထိုမျှသာမက ခိုင်းသမျှကို လုပ်တတ်သည့် ကျွမ်းကျင်မှုကိုလည်း ချီးကျူးထားပါသည်။ 'သူကျွမ်းကျင်' 'ကျုပ်တို့ရွာက ကိုငတင်' ဆိုသည့် စာသားများကို စာပိုဒ်များ၌ ထပ်ကာထပ်ကာ ရေးဖွဲ့ပြခြင်းဖြင့် အများသူငါက အညတရတစ်ဦးဟု သဘောထားသူတစ်ဦး၏ အရည်အသွေး အလုတရားများကို ဆရာကြီးက မေတ္တာဖြင့်ကဗျာဖတ်သူတို့သိမြင်လာအောင်နှင့် အညတရများကို ချစ်တတ်လာအောင်ဖွဲ့ဆိုသည်။

မြန်မာမှုတွင် အရွယ်ရောက်စ ယောကျ်ားလေးများကို ရှင်ပြုပေးကြသည်။ မိဘမဲ့ ကိုငတင်ကို ရှင်ပြုပေးမည့်သူ မရှိ။ သို့ရာတွင် လူမှုဆက်ဆံရေးကောင်းမွန်သော ကိုငတင်ကို ပတ်ဝန်းကျင်က တုံ့ပြန်အသိအမှတ်ပြုကာ အရွယ်လွန်မှ ရှင်ပြုပေးခဲ့ကြသည်။ ထိုအကြောင်းများကို–

"အရွယ်လွန်မှ သတိရ၍

ရွာကလူများ၊ စုပေါင်းအားနှင့်

ရွာများကျောင်းတွင်၊ ကိုငတင်ကို

ရှင်ပြုကြပါလေရာ"[၂]

ဟု ဖွဲ့ဆိုခဲ့ပါသည်။ ကိုငတင်သည် အရွယ်လွန်မှ ရှင်ပြုပြီး အမည်သစ်ရလာသည်။ လူလားမြောက်လာသည်။ ထိုသို့သောအခြေအနေကို ရောက်ရှိလာအောင် ကဗျာစာဆိုက–

"ဝါတွင်း လေးလ၊ ရှင်ဘဝ၌

ခေါ်ကြကိုရင်၊ မည်သစ်တွင်၍

ငတင်မည်ဟောင်း၊ ပျောက်လေ၏။

ကိုရင်မည်သစ်ရောက်လေ၏။

ခုမှ လူလားမြောက်ပေ၏။

ခင်မင်လေးစားလောက်ပေ၏။"[၃]

---

[၁] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၉၀။

[၂] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၉၀။

[၃] မင်းသုဝဏ်၊ ၂၀၁၆၊ ၃၉၀။

ဟု ဖွဲ့ဆိုခဲ့ပါသည်။ ဆရာကြီးသည် ကိုငတင်၏ကိုရင်ဘဝတွင် အမည်သစ်ရလာသည့်အတွက် အားရသည်။ အခုမှလူလားမြောက်ရသည်ဟု တွေးကာ ဝမ်းမြောက်ခဲ့သည်။ အဆုံးတွင်မူ မိဘမဲ့သော်လည်း စေတနာမမဲ့ဘဲ ရပ်ရေး၊ ရွာရေးကို အလုံးစုံဆောင်ရွက်ပေးသော၊ ဘဝအားမာန်ရှိသော ကိုငတင်အား ဆရာကြီးက တန်ဖိုးဖြတ်ပေးပါသည်။ 'ခင်မင်လေးစားလောက်ပေ၏' ဟု တန်ဖိုးဖြတ်ပေးကာ စာဖတ်သူတို့အနေနှင့်လည်း ကိုငတင်ကဲ့သို့ ဘဝဆင်းရဲသော်လည်း စေတနာမဆင်းရဲသော ဘဝအားမာန်ပြည့်စုံသော လူတစ်ယောက်သည် ခင်မင်လေးစားလောက်ပါသည်ဟု အတွေးမှန်အသိမှန်ကို လမ်းညွှန်ပြသခဲ့ပါသည်။ ထိုကဗျာသည် မိတဆိုးလူငယ်တစ်ဦး၏ ဘဝကိုကရုဏာစိတ်၊ စာနာစိတ်၊ အားပေးလိုစိတ်တို့မှ ပေါက်ဖွားလာသည်ကို တွေ့ရသည်။

စကားအသုံးအနှုန်းများကို အထူးရွေးချယ်သုံးနှုန်းထားခြင်း မရှိသော်လည်း 'ကိုငတင်' ဆိုသော အသုံးကပင် ဆရာကြီး၏ ဆင်းရဲသားများအပေါ် အထင်မသေးသော၊ လေးစားတတ်သော စိတ်ကို ဖော်ပြသည်။ 'ကျုပ်တို့ရွာကကိုငတင်' ဆိုသည့် အရိုးဆုံးအဖွဲ့အနွဲ့က အညတရများကို ချစ်ခင်သောစိတ်အလှများကို ဖော်ပြနေသည်။ 'ခုမှလူလားမြောက်ပေ၏။ ခင်မင်လေးစားလောက်ပေ၏' ဆိုသော စကားအသုံးအနှုန်းများသည် ကဗျာအဖွဲ့ခံ ကိုငတင်နှင့် ကဗျာအကြောင်းအရာတို့နှင့် လိုက်ဖက်ပါသည်။ အညတရများအပေါ် "ချစ်ခင်သနားသော ခံစားမှုမှ ပေါက်ဖွားလာ၍ ရိုးရိုးနှင့် အလှတရားပါသော ကဗျာကောင်းတစ်ပုဒ် ဖြစ်သည်ကို တွေ့ရပါသည်။

ဆရာကြီးမင်းသုဝဏ်သည် နိုင်ငံကြီးများ၌ လူသတ်လက်နက်ဖြစ်သော အနုမြူဗုံးကို တီထွင်နေချိန်တွင် ရွာထိပ်ရှိရေအိုးစင်ကို ရေမပြတ်ခတ်၍ ဖြည့်ဆည်းပေးနေသော 'ရေချမ်းဒကာ ဖိုးသောကြာ' ၏ စေတနာနှင့် ဆောင်ရွက်မှုကို ဂုဏ်ပြုဖွဲ့ဆိုသည်။ ထိုသို့ဖွဲ့ဆိုပြီး လောက၏အလှတရား၊ အမှန်ကို ဖွင့်လှစ်ပြခဲ့သည်။ လူသတ်ရန် အစွမ်းထက်သည့် အနုမြူဗုံးကို ကမ္ဘာ့နိုင်ငံကြီးများက အာရုံဝင်စားနေချိန် ရေချမ်းတကာ ဖိုးသောကြာက မိမိကွယ်လွန်ချိန်တွင် ရေချမ်းအိုးများကို မည်သူဖြည့်ဆည်းပေးပါမည်နည်းဟု တွေး၍ ပူပန်နေပုံကိုလည်း ရေးဖွဲ့ပြခဲ့သည်။ ကဗျာစာဆိုသည် ဖြူစင်သော နှလုံးသားနှင့် မိမိအာရုံ၌ ထင်ဟပ်လာသော အတွေ့အကြုံ၊ အကြားအမြင်၊ အဖြစ်အပျက်များကို မေတ္တာ ကရုဏာ ရှေ့ထား၍ အကောင်းဘက်၊ အလှဘက်မှ ရှုကြည့်ကာ လောက၏အညစ်အကြေးများကို သန့်စင်ပေးရန် သန့်စင်လှပသော ခံစားမှု၊ အတွေးအမြင်များ ကိန်းအောင်းလာအောင် ရေးဖွဲ့တင်ပြထားသည်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ကဗျာစာဆိုနှင့် အလှတရားစာတမ်းကို ဆရာဇော်ဂျီ၏ စာရေးဆရာ၌ စိတ်ကောင်းကိုအခြေခံမှသာ စာကောင်း၊ ပေကောင်း ဖြစ်ပေါ်နိုင်သည်ဆိုသော 'ပန်းနှင့်စာပေ' ကဗျာ၏ အတွေးအမြင်ကို အခြေခံ၍ ရေးသားပြုစုခဲ့ပါသည်။ ကဗျာ အပါအဝင် ရသစာပေ၏သဘောသဘာဝမှာ အလှတရားသည် အဓိက ဖြစ်ပါသည်။ ရသစာပေ၏သဘောကို အလှဟုလည်း ဆိုကြသည်။ ပညာဟုလည်း ဆိုကြသည်။ အမှန်တရားဟုလည်း ဆိုကြသည်။ ထို့သို့ဖြစ်၍ ရသကဗျာများကို ဖွဲ့ဆိုသော ကဗျာစာဆိုတို့သည် လောက၏ အာရုံအမျိုးမျိုးကို တွေ့ကြုံရုံနှင့် မပြီးပါ။ တွေ့ကြုံ ပြီးလျှင် ခံစားရပါသည်။ ခံစားရုံနှင့် မပြီးပါ။ ခံစားပြီးလျှင် ဘဝသတိ၊ ဘဝအသိ ရလာအောင် တွေးတောဆင်ခြင်ရပါမည်။ ထိုမှတစ်ဆင့် ရရှိလာသော ဘဝအသိကို စာဖတ်သူတို့အား ဖြန့်ချိဝေငှလိုသောစေတနာ ကိန်းအောင်းလာရပါသည်။ ထိုစေတနာ၏ တိုက်တွန်းလှုံ့ဆော်မှု၊ ပဲ့ကိုင်မှုဖြင့် ကဗျာစာဆိုသည် စိတ်ကူးဖြင့်ဖန်တီးကာ ကဗျာ ဖွဲ့ဆိုခြင်းလုပ်ငန်းကို စတင်ကြရပါသည်။ ထိုသို့ ကဗျာဖွဲ့ရာတွင် ကဗျာစာဆိုသည် စကားလုံးများကို အသုံးပြုရပါသည်။ ခံစားမှုကို ထိုစကားလုံးများနှင့် ဖွဲ့ဆိုသီကျူး ရပါမည်။ ထို့ကြောင့် ကဗျာစာဆို အသုံးပြုသော စကားလုံးများ၊ အဖွဲ့အနွဲ့များသည် ခံစားမှုမှ ပေါက်ဖွားလာရမည် ဖြစ်ပါသည်။

ကဗျာကိုရေးဖွဲ့ရာတွင် စာရေးသူတို့၏ လောကအတွေ့အကြုံ၊ ဘဝအတွေ့အကြုံ များကို စိတ်ကူးဖြင့် မွမ်းမံ၍ အသွင်အပြင်ပြောင်းလဲကာ ဖန်တီးတင်ပြရခြင်း ဖြစ်သည်။ ထိုသို့ တင်ပြရာတွင် ကဗျာစာဆို၏ ပင်ကိုစိတ်သည် အဓိကကျပါသည်။ ကဗျာစာဆိုသည် လောကကို အကောင်းမြင်ရှုထောင့်မှ ကြည့်တတ်ရပါမည်။ ချစ်သော မျက်စိဖြင့် ရှုကြည့်၍ ရေးဖွဲ့ရမည် ဖြစ်ပါသည်။ ကဗျာဆရာ၏စိတ်ဓာတ်တွင် အလှဘက်၊ အကောင်းဘက်ကို မြင်တတ်သော သဘောရှိမှသာ သူ၏စကားလုံး များသည် အကောင်းဘက် အလှဘက်သို့ ဖော်ညွှန်းနိုင်ပါမည်။ သူ၏စိတ်ကူး များသည် ကောင်းကွက် လှကွက်များ ဖြစ်လာပါလိမ့်မည်။ အမှန်တရားကို ရဲရဲဝံ့ဝံ့ ဖော်ကျူးတင်ပြသော ကဗျာများဖြင့် စာဖတ်သူတို့အားလည်း အမှန်တရားကို ချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာအောင် ဆွဲဆောင်သွားနိုင်မည်။ လမ်းပြသွား နိုင်မည်ဖြစ်ပါသည်။

## နိဂုံး

ကဗျာသည် ကဗျာစာဆို၏အနုပညာဖြင့် ဖန်တီးတင်ပြသော လောက၏ အမှန်တရား ဖြစ်ပါသည်။ ကဗျာရေးဖွဲ့ခြင်း၌ ပရိယာယ်ကို သုံးရသည်ဆိုသော်လည်း ကဗျာစာဆိုသည် ပရိယာယ်ကိုသာ အားကိုးရန် မဟုတ်ပါ။ လောက၏အမှန်တရား ကိုသာ စာဖတ်သူတို့ ချစ်ခင်လာအောင် လူသားအချင်းချင်းအပေါ် မေတ္တာ၊ ကရုဏာ တရားများ ပွားများလာအောင် အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်များ တိုးပွားလာအောင် လမ်းညွှန်ရေးဖွဲ့ရခြင်း ဖြစ်ပါသည်။ ကဗျာစာဆို၏ စိတ်နှင့် ကဗျာဆရာ ရေးဖွဲ့သော ကဗျာတို့သည် ဆက်စပ်နေသည့်အတွက် ထိုသဘောကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကြည်အောင်။ (၁၉၈၅)။ ***မိခင်မာရသွန်ကဗျာများ***၊ မန္တလေး။ ကြီးပွားရေးပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)၊ (၂၀၁၃)။ ***ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ဇေယျ။ (၂၀၀၀)။ ကဗျာလင်္ကာ၊ ဇေယျစာပေါင်းချုပ်၊ ဒုတိယတွဲ၊ ရန်ကုန်၊ ပန်းရွှေပြည်စာအုပ်တိုက်။

ဇော်ဂျီ။ (၁၉၉၈)။ ***ဇော်ဂျီကဗျာပေါင်းချုပ်***၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၁၄)။ ***မင်းသုဝဏ်၏လက်ရာစုံ***၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဘုန်းနိုင်(တက္ကသိုလ်)၊ (၁၉၉၄)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

မင်းသုဝဏ်၊ (၂၀၁၆)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

မြဇင်။ (၁၉၆၉)။ ***ကဗျာအကြောင်းစာအကြောင်း***။ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း။

မြဇင်။ (၁၉၇၃)။ ***ကဗျာနရီနှင့်နမိတ်ပုံ***။ ရန်ကုန်၊ မိုးကိုကိုစာပေ။

ရွှေအောင်၊ **ဦး**။ (၂၀၁၃)။ ***(ဒု-ကြိမ်)၊ ရသစာပေရသ***၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Cuddon, J.A (1997), ***Literary Term and Literary Theory***, 4th ed Penguin Books.

Morner, Kathleen & Ralph Raush, (1998), NTI's Dictionary. Terms-NTC Publishing Group, Lincoln-wood, Illinois USA.

Peck, John & Martin Coyle. (1985) ***Literary Terms and Criticism***, London: MACIMILLAN Education Ltd.

# မြန်မာဝတ္ထုတိုခေါင်းစဉ်များလေ့လာချက်

ရွှေစင်အောင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာဝတ္ထုတိုခေါင်းစဉ်များလေ့လာချက် စာတမ်း ဖြစ်ပါသည်။ မြန်မာဝတ္ထုရေးဆရာများ၏ ဝတ္ထုခေါင်းစဉ် အမည်ပေးပုံများကို ယင်းတို့ ဖန်တီးထားသည့် ဝတ္ထုစာသားများနှင့် ဆက်စပ်ကာ အမျိုးအစား ခွဲခြား လေ့လာ တင်ပြထားပါသည်။ ထိုသို့ ခွဲခြားရာတွင် ဇာတ်ဆောင်အမည်များဖြင့် ခေါင်းစဉ်ပေးပုံ၊ ဇာတ်လမ်းကိုအခြေခံ၍ ခေါင်းစဉ်ပေးပုံ၊ ကာလဒေသ နောက်ခံကိုအခြေခံ၍ ခေါင်းစဉ်ပေးပုံ၊ အာဘော်ကိုအခြေခံ၍ ခေါင်းစဉ်ပေးပုံ၊ အလင်္ကာတင်စားမှု စကားသုံး၍ ခေါင်းစဉ်ပေးပုံ၊ သင်္ကေတနိမိတ်ပုံများ အသုံးပြုပြီး ခေါင်းစဉ်ပေးပုံ ဟူ၍ အမျိုးအစားများ သတ်မှတ် လေ့လာ တင်ပြ ထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဝတ္ထုတို၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံ၊ အာဘော်၊ သင်္ကေတ၊ နိမိတ်ပုံ။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာဝတ္ထုတိုခေါင်းစဉ်များလေ့လာချက် စာတမ်း ဖြစ်ပါသည်။ ပုံပြောခြင်းမှ စတင်ခဲ့သော ဝတ္ထုစာပေသည် ယခုအခါ ရသစာပေပုံသဏ္ဌာန် တစ်ခု အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေပြီ ဖြစ်သည်။ မြန်မာစာပေနယ်ပယ်တွင်လည်း ဝတ္ထုအဖွဲ့ပုံသဏ္ဌာန်များသည် (၂၀)ရာစု အစပိုင်းမှ စတင်ပြီး ပိုမိုထွန်းကားတိုးတက် လာသည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် အနောက်တိုင်းဝတ္ထုပုံသဏ္ဌာန်များ မှီ၍ တိုးတက်ပေါ်ထွန်းလာခဲ့ပေသည်။

ထိုအထဲတွင် ဝတ္ထုတိုအဖွဲ့ပုံသဏ္ဌာန်များလည်း ပါဝင်ပါသည်။ ကိုလိုနီခေတ်မှ စတင်ပြီး ခေတ်သစ်ဝတ္ထုတိုအဖွဲ့များကို ဖန်တီးခဲ့ရာ ဝတ္ထုတိုအင်္ဂါရပ်များ ပြည့်စုံ ကောင်းမွန်လာသကဲ့သို့ အကြောင်းအရာပိုင်း ဆန်းသစ်မှု အမျိုးမျိုးကို တွေ့မြင်လာ ရပါသည်။ ဝတ္ထုတိုသည် စာရေးဆရာ၏ ဘဝအသိအမြင်တစ်ခု၊ ဖြစ်ရပ်တစ်ခု၊ ရည်ရွယ်ချက်အာဘော်တစ်ခုကို ကျစ်ကျစ်လျစ်လျစ် ပေါ်လွင်လာအောင် ဖန်တီးရသည့် စာပေအနုပညာတစ်ရပ်လည်း ဖြစ်သည်။ ထို့ကြောင့် စာရေးသူ၏ အာဘော်နှင့် ကိုက်သည့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို ထိထိမိမိ

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်

ရွေးချယ်တင်ပြတတ်ရန် လိုပါသည်။ ထို့ပြင် ဝတ္ထုတို ခေါင်းစဉ်ရွေးချယ်မှုသည်လည်း ဝတ္ထုတို ဖန်တီးမှု အတတ်ပညာတစ်ခုဟု ဆိုနိုင်ပါသည်။

ဤစာတမ်းတွင် မြန်မာဝတ္ထုတိုခေါင်းစဉ်၏ သဘောသဘာဝနှင့် ဝတ္ထုတို ခေါင်းစဉ်အမျိုးအစားများကို လေ့လာတင်ပြသွားရန် ရည်ရွယ်ပါသည်။

## ၁။ ဝတ္ထုတို၏ သဘောသဘာဝ

ဝတ္ထုတိုသည် ရသစာပေထဲတွင် ပါဝင်နေသည့် **စာပေအမျိုးအစား**[၁] တစ်ရပ်ပင် ဖြစ်သည်။ ဝတ္ထုတိုနှင့်ပတ်သက်၍ ဒဂုန်တာရာက–

> "ဝတ္ထုတို ဆိုသည်ကား ဝတ္ထုစာသားအတိုင်းအတာ တိုခြင်း၏ အနက်ကို ယူခြင်း မဟုတ်သည်ကို သိလာရ၏။ အတွေးအခေါ် တစ်ခု၊ အဖြစ်အပျက်တစ်ခု၊ အကြောင်းအရာတစ်ခု၏ ကြီးကျယ် လေးနက်ခြင်းကို ဖော်ပြခြင်းပင် ဖြစ်၏။ အနည်းဆုံးသော အချိန်ကာလအတွင်း ဥပမာ တစ်ရက်၊ တစ်ည၊ တစ်နေ့ စသည့် ကာလအပိုင်းအခြားတွင် ဖြစ်ပျက်သည့် အဖြစ်အပျက်တစ်ရပ်ကို ဖော်ပြခြင်း ဖြစ်၏"[၂]

ဟူ၍ ဝတ္ထုတို၏ပမာဏနှင့် ပါဝင်သော အကြောင်းအရာသဘောကို ဖော်ပြထားသည်။ ထို့ကြောင့် ဝတ္ထုတိုသည် သတ်မှတ်ထားသော အချိန်ကာလ တစ်ခုအတွင်းရှိ အကြောင်းအရာနှင့် အတွေးအခေါ်တစ်ရပ်ကို ကျစ်ကျစ်လျစ်လျစ် စည်းစည်းရုံးရုံး ဖော်ပြသည့် စာပေပုံသဏ္ဌာန်တစ်ခုဟု ယူဆနိုင်ပါသည်။

ဆရာကျော်အောင်က ဝတ္ထုတိုတွင် ပါဝင်သည့် ဇာတ်ဆောင်နှင့် ကာလဒေသ နောက်ခံသဘောကို–

> "ဝတ္ထုရှည်၏ ဇာတ်ဆောင်စရိုက်တို့သည် တဖြည်းဖြည်း ဖွံ့ဖြိုး လာသည်။ ငယ်ရာမှ ကြီးလာ၊ နုရာမှ ရင့်လာသည်။ အချိန် ကလည်း ရွေ့လိုက်လာသည်။ ဇာတ်လမ်းကလည်း ရွေ့နေသည်။ နေရာဒေသတို့သည်လည်း ပြောင်းနေသည်။ ဝတ္ထုတိုတွင် အချိန်သည် မရွေ့၊ တန့်နေသည်။ ရွေ့လျှင်ပင် တစ်စက္ကန့်၏ အပုံတစ်ရာတွင် တစ်ပုံလောက်သာ ရွေ့သည်။ ဇာတ်ဆောင်တို့သည်လည်း

---

[၁] genre

[၂] တာရာ၊ (ဒဂုန်.....)၊ ၁၉၇၀၊ ၂၃၃–၂၃၄။

> မရှေ့လျား၊ မပြောင်းလဲ။ ကြီးလာစရာလည်း မလို။ တစ်ခါတစ်ရံ ဝတ္ထုတိုတွင် ဇာတ်ဆောင် ပါချင်မှပါမည်။"[၁]

ဟူ၍ ဝတ္ထုရှည်နှင့် နှိုင်းယှဉ်တင်ပြခဲ့ပါသည်။ ထို့ကြောင့် ဝတ္ထုတိုတွင် စာရေးသူ ရွေးချယ်ထားသည့် ဇာတ်ဆောင်တစ်ဦး၏ ပကတိအခြေအနေနှင့် ထိုဇာတ်ဆောင်နှင့် ဆက်နွယ်ရာ ကာလဒေသနောက်ခံ တစ်စိတ်တစ်ပိုင်းကိုသာ တွေ့မြင်ရမည် ဖြစ်သည်။

ဆရာတက်တိုးကလည်း ဝတ္ထုတို၏ အရေးအဖွဲ့ပုံသဏ္ဌာန်ပိုင်းကို–

> "ဝတ္ထုတိုရေးရာ၌ စကားကျစ်လျစ်သိပ်သည်းရမည်။ နော်ဗဲလ်လို ရောက်တတ်ရာရာ ရေးပိုင်ခွင့် မရှိပေ။ လိုရင်းကို တိုတိုတုတ်တုတ် ရေးတတ်မှ ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်ဟု အရေးအသား ဘက်ကနေကြည့်၍ ပြောနိုင်သည်။ ဝတ္ထုတိုသည် ဖတ်သူအား အကြောင်းအခြင်းအရာ အလုံးစုံကို ထုတ်၍မပေး။ အရင်းခံ အဓိပ္ပာယ်ကို စာဖတ်သူက တစိမ့်စိမ့် တွေးယူရသည်။"[၂]

ဟူ၍ ဝတ္ထုတို၏ ကျစ်လျစ်သိပ်သည်းသော၊ အဓိပ္ပာယ်နက်ရှိုင်းသော အရေးအဖွဲ့ ပုံသဏ္ဌာန်ပိုင်းကို ဖော်ပြထားပါသည်။

ထို့ကြောင့် ဝတ္ထုတိုဇာတ်လမ်းတစ်ခုသည် ရှည်လျားထွေပြားမှု မရှိရပေ။ တိတိကျကျ ဖော်ပြရပေမည်။ တစ်နည်းအားဖြင့် ဝတ္ထုတိုဇာတ်လမ်းသည် ဖြစ်ရပ် အစီအစဉ်နှင့် ကြောင်းကျိုးချိတ်ဆက်ဖော်ပြမှုတို့ကို အကွက်ကျကျ နေရာချထားမှုပင် ဖြစ်သည်။ ဝတ္ထုတို၏သဘောလက္ခဏာများအဖြစ် ဇာတ်လမ်းတစ်ခုလုံး ကြောင်းကျိုး ညီညွတ်မှုရှိခြင်း၊ ဇာတ်လမ်းတစ်ခုထက် မပိုခြင်း၊ ဦးတည်ချက်အာဘော်ကို ဖော်ညွှန်း နိုင်ခြင်း၊ အားပြိုင်မှုများ ပါဝင်ခြင်း၊ ဦးတည်ချက် ထွေပြားမှုမရှိသော အားပြိုင်မှုနှင့် ဇာတ်လမ်းအဆုံးသတ် ကောက်ချက်ကို ဖော်ပြနိုင်ခြင်း[၃] တို့ကို တွေ့ရပါမည်။

## ၂။ ဝတ္ထုတိုခေါင်းစဉ်သဘော

ဝတ္ထုတိုတစ်ပုဒ်တွင် ဇာတ်လမ်းရွေးချယ်တင်ပြမှုနှင့် အရေးအဖွဲ့ပုံသဏ္ဌာန်ပိုင်း အရေးပါသကဲ့သို့ ဝတ္ထုတို **ခေါင်းစဉ်**[၄] များသည်လည်း အရေးကြီးပါသည်။ ဝတ္ထုတို

---

[၁] ကျော်အောင်၊ ၁၉၇၉၊ ၄၃–၄၄။

[၂] တက်တိုး၊ ၁၉၆၅၊ ၃၀၆–၃၀၇။

[၃] Myers, (Walter ......), 1913, 4.

[၄] title

ဖန်တီးမှု အတတ်ပညာတွင် ဝတ္ထုတိုခေါင်းစဉ်ရွေးချယ်မှုသည်လည်း အတတ်ပညာပိုင်းကို အထောက်အပံ့ပေးနိုင်ပါသည်။ စာဖတ်ပရိသတ်တို့သည်လည်း ဝတ္ထုတိုခေါင်းစဉ်များမှတစ်ဆင့် ဝတ္ထုတိုဇာတ်လမ်းအပေါ်၌ စိတ်ဝင်စားမှု ဖြစ်ကြရပါသည်။ တစ်နည်းအားဖြင့် ဝတ္ထုတိုခေါင်းစဉ်များသည် စာဖတ်ပရိသတ်နှင့် ပထမဦးဆုံးထိတွေ့ခွင့်ရသည့် ဝတ္ထု **စာသား**[၁] တစ်ခုဟု ဆိုနိုင်ပါသည်။

ရှင်းလင်းမှုမရှိသော ဆွဲဆောင်မှုမရှိသော ဝတ္ထုတိုခေါင်းစဉ်သည် ဝတ္ထုဇာတ်လမ်းကို ထိရောက်မှုရှိအောင် ပြုလုပ်နိုင်မည် မဟုတ်ပေ။ **ဇာတ်လမ်းနှင့်ခေါင်းစဉ်** [၂] တို့သည် ဝတ္ထုအာဘော်နှင့် တစ်သားတည်း ပေါင်းစည်းနေရမည်ဖြစ်သည်။[၃]

## ၂၊ ၁။ မြန်မာဝတ္ထုတိုခေါင်းစဉ်များ လေ့လာချက်

(၂၀)ရာစု ခေတ်ဦးမှစတင်ပြီး ယနေ့တိုင် ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့သည့် မြန်မာဝတ္ထုတိုများ၏ ဝတ္ထုတိုခေါင်းစဉ် အမျိုးမျိုးသည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ မြန်မာဝတ္ထုတိုများတွင် ဝတ္ထုခေါင်းစဉ်သည် ပရိသတ်ကို စိတ်ဝင်စားမှုဖြစ်စေသကဲ့သို့ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာအတွက်လည်း အထောက်အပံ့ပေးနေသည်ကို တွေ့ရသည်။ ဤအခန်းတွင် ဝတ္ထုတိုခေါင်းစဉ်များကို အမျိုးအစားခွဲခြားပြီး သာဓကဝတ္ထုတိုတစ်ပုဒ်စီဖြင့် လေ့လာတင်ပြပါမည်။

## ၂၊ ၁၊ ၁။ ဇာတ်ဆောင်နှင့် ဆက်စပ်ပြီး ဝတ္ထုတိုခေါင်းစဉ်ပေးပုံ

ဇာတ်ဆောင်နှင့်ဆက်စပ်ပြီး ဝတ္ထုတိုခေါင်းစဉ်ပေးပုံကို မြန်မာဝတ္ထုတို စတင်ထွန်းကားသည့် (၂၀)ရာစု ခေတ်ဦးကပင် တွေ့ရပြီဖြစ်သည်။ မြန်မာဝတ္ထုတို၏အစဟု ပြောသည့် ၁၉၁၇ ခု မတ်လ ထုတ် သူရိယမဂ္ဂဇင်းတွင် ပါဝင်သော ဝတ္ထုတိုခေါင်းစဉ်ကို 'မောင်သိန်းတင်၊ မသိန်းရှင်' [၄] ဟူ၍ ဇာတ်ဆောင်အမည်နှင့် တိုက်ရိုက်ဖော်ပြထားပေသည်။ ၁၉၁၈ ခု မတ်လတွင် ဖော်ပြသည့် 'ခင်မောင်ဒွေး' ဝတ္ထု၊ ဇူလိုင်လတွင် ဖော်ပြသည့် 'မောင်ကျော်မြနှင့်မယ်မြင့်' ဝတ္ထု၊ ဩဂုတ်လတွင် ဖော်ပြသော

---

[၁] text

[၂] story and title

[၃] Grabo, (Carl. H.....), 2012, 214/

[၄] မင်းကျော်၊ ၂၀၁၇၊ ၈၉။

'ခင်အေးကြည်' ဝတ္ထု[၁] များကို ကြည့်လျှင်လည်း ဇာတ်ဆောင်အမည်ကို တိုက်ရိုက်ဖော်ပြပြီး ဝတ္ထုတိုခေါင်းစဉ် ပေးထားပေသည်။ ထိုခေတ်က ရေပန်းစားခဲ့သည့် ဝတ္ထုတိုခေါင်းစဉ်ပေးပုံပင် ဖြစ်သည်။ နောက်ပိုင်းတွင်လည်း ဝတ္ထုတိုရေးဖွဲ့သူတို့သည် ဇာတ်လမ်းတွင် အလေးပေးဖော်ပြမှုကိုလိုက်၍ ဇာတ်ဆောင်တို့၏ အမည်နာမဖြင့်လည်းကောင်း၊ အပြုအမူ စရိုက် သဘာဝတစ်ခုခုဖြင့် လည်းကောင်း ထင်ဟပ်ပြီး ဝတ္ထုတိုခေါင်းစဉ်အဖြစ် ဖော်ပြတတ်ပေသည်။

ဦးဖိုးကျား၏ 'မင်းကတော်'၊ ဇော်ဂျီ၏ 'ဖိုးမာဒင်'၊ သိန်းဖေမြင့်၏ 'မင်းတိုင်ပင်'၊ ဇဝန၏ 'အရုပ်ဆိုးမ'၊ လင်းယုန်နီ၏ 'အဘ ဦးသာ'၊ သော်တာဆွေ၏ 'ထန်းသမားထေကြီး' စသော ဝတ္ထုတိုများသည် ဇာတ်ဆောင်နှင့် ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်တပ်ထားပင် ဖြစ်သည်။

ဇာတ်ဆောင်နှင့် ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်တပ်ထားသည့် ဝတ္ထုတိုများတွင် ဝတ္ထုပါဇာတ်ဆောင်တစ်ဦးဦး၏ စရိုက်သဘာဝများသည် ဇာတ်လမ်းကိုလည်းကောင်း၊ ကာလဒေသနောက်ခံကိုလည်းကောင်း၊ စာရေးဆရာ၏ အာဘော်နှင့် ဘဝအသိအမြင်များကိုလည်းကောင်း၊ အဓိက ဖော်ဆောင်နေကြောင်း တွေ့ရပေသည်။

သာဓကအားဖြင့် လင်းယုန်နီ၏ 'အဘ ဦးသာ' ဝတ္ထုတိုသည် ဖက်ဆစ်တော်လှန်ရေးခေတ် မြန်မာလယ်သမားတို့၏ ဆင်းရဲမွဲတေဖိနှိပ်ခံနေရပုံ၊ ဆင်းရဲနုံချာသော်လည်း ဖက်ဆစ်တော်လှန်ရေး စိတ်ဓာတ်ပြင်းထန်ပုံတို့ကို ဖော်ကျူးထားခြင်းဖြစ်သည်။ ထိုသို့ ဖော်ကျူးရာတွင် အဓိကဇာတ်ဆောင် လယ်သမားကြီး ဦးသာ၏ စရိုက်သဘာဝများနှင့် ထင်ဟပ်တင်ပြထားပါသည်။

ဇာတ်လမ်းအရ လယ်သမားကြီး ဦးသာသည် ဒေးဒရဲပိုင် တမွတ်ရွာမှ တမော့ရွာသွားသော ကားလမ်းဘေးရှိ တဲစုတွင် နေထိုင်ရသူ ဖြစ်သည်။ လယ်သမားဆိုသော်လည်း ကိုယ်ပိုင်လယ်မရှိ။ သူများလယ်တွင် လယ်ကူလီလုပ်ရသူ ဖြစ်သည်။ ထိုအကြောင်းကို–

> "အစကတည်းက ဘောက်ကူလီလုပ်ခဲ့ရသော အဘဦးသာအဖို့မှာ ပြောဖွယ်ရာ မရှိတော့ပါဘူး။ သူကိုယ်တိုင် ရှင်ပြုပဥ္စင်းခံ မပြုခဲ့ဘူးရုံမျှမက ဘယ်သမီး၊ ဘယ်သားကိုမှလည်း ဘာမင်္ဂလာကိုမှ

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ .....)၊ ၂၀၁၇၊ ၁၃၅။

> မပြုခဲ့ဘူးပါ။ သူတို့ မိသားစုအတွက် သချိုင်းမြေမှာ အိမ်ဘေး တွင်ပင် ဖြစ်သည်။"[၁]

ဟူ၍ လယ်သမားကြီး ဦးသာ၏ ဆင်းရဲသော ဘဝအခြေအနေကို ပေါ်လွင်စွာ တင်ပြထားသည်။ ထို့နောက် စာရေးသူတို့ တော်လှန်ရေးသမားများ အဘ ဦးသာ နေထိုင်ရာ တဲစုတန်းသို့သွားကြပုံ၊ စာရေးသူတို့လာနေသည်ကို မြင်သဖြင့် တဲစုတန်းတွင် နေထိုင်သူအားလုံး ကြောက်လန့်တကြားဖြင့် နီးစပ်ရာတောထဲသို့ ထွက်ပြေးသွားကြပုံ၊ တဲထဲတွင် အဘ ဦးသာ တစ်ဦးတည်းကိုသာ တွေ့ရပုံ စသော ဇာတ်လမ်းဖြစ်စဉ်ကို ဖော်ပြသည်။ ထိုဖြစ်စဉ်များနှင့် ဆက်စပ်ပြီး–

> "သူတို့မိသားစုတွင် လူ (၁၅)ယောက်တိတိ ရှိသည့်အနက် အဝတ်အထည်ဆို၍ တစ်ထည်ဆို တစ်ထည်မျှ မရှိပါ။ အဝတ်စ အဝတ်နကလေးမျှ မရှိပါ။ လူ (၁၅)ယောက်အတွက် အားလုံး ပေါင်းမှ အဘ ဦးသာခါးတွင် ဆီးထားသော ဂုံနီပိုင်းတစ်ပိုင်းသာ ရှိပါသည်။ ကျန်လူများမှာ ကလေး လူကြီး အားလုံးပင် ကိုယ်လုံးတီးသာ နေကြရပါသည်။"[၂]

ဟူ၍ ဇာတ်ဆောင် အဘ ဦးသာ၏မိသားစု ဆင်းရဲကျပ်တည်းပုံကို ဖော်ပြသည်။ စာရေးသူတို့အဖွဲ့ကို တော်လှန်ရေးရဲဘော် လူကောင်းများအဖြစ် သိသွားကြသော်လည်း တောထဲသို့ ထွက်ပြေးသွားသူများအနက် ကလေးငယ်အချို့သာ ပြန်လာပြီး လူကြီးများ ပြန်မလာကြခြင်းမှာ ခန္ဓာကိုယ်တွင် အဝတ်အစားမပါသဖြင့် လူစိမ်းကို ရှက်ပြီး မလာခြင်းဖြစ်ကြောင်း ဖော်ပြထားမှုကလည်း လယ်သမားကြီး ဦးသာ မိသားစု ဆင်းရဲပုံကို ထင်ရှားစေပါသည်။

နောက်ဆုံးတွင် မိမိတဲစုအတွင်း ဝင်ရောက်ရမ်းကားလာသည့် ဂျပန်စစ်သား နှစ်ဦးကို အဘ ဦးသာက ဓားမတိုဖြင့် ပြန်လည်ခုခံရင်း ကျဆုံးသွားခဲ့သည်။ ဂျပန်စစ်သားတစ်ဦးမှာ ဦးသာ၏ ဓားချက်အောက်တွင် သေဆုံးခဲ့သည်။ ထိုသို့သော အဓိကဇာတ်ဆောင် ဦးသာ၏ မျိုးချစ်စိတ်နှင့် အဖိနှိပ်ခံလူတန်းစားတို့၏ တော်လှန် စိတ်ထားကို–

---

[၁] လင်းယုန်နီ၊ ပုံနှိပ်နှစ်မပါ၊ ၉၄–၈၅။

[၂] လင်းယုန်နီ၊ ပုံနှိပ်နှစ်မပါ၊ ၉၆–၉၇။

> "အဘဦးသာကား သူ့ရန်သူကိုပင် ရိုးသားစွာ တုံ့ပြန်ခဲ့၏။ သေနတ်ကိုင် ဖက်ဆစ်ကို ဓားမတိုနှင့် ခုတ်ကာ သူ့အသက်ကို ပေးလှူ၍ အဖိနှိပ်ခံ လူတန်းစား၏ ဇာတိရုပ်ကို ပြခဲ့၏။"[၁]

ဟူ၍ ဖော်ပြထားပါသည်။

ဤဝတ္ထုတိုတွင် လယ်သမားကြီး ဦးသာကို ဝတ္ထုအာဘော် ဖော်ဆောင်နိုင်သည့် ဇာတ်ဆောင်တစ်ဦးအဖြစ်သာမက ဝတ္ထုခေါင်းစဉ်အဖြစ်ပါ အလေးပေးဖော်ပြထားပေသည်။

## ၂၊ ၁၊ ၂။ ဇာတ်လမ်းနှင့် ဆက်စပ်ပြီး ဝတ္ထုတိုခေါင်းစဉ်ပေးပုံ

မြန်မာဝတ္ထုတိုခေါင်းစဉ်များကို လေ့လာရာတွင် **ဇာတ်လမ်း**[၂] နှင့် ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်ပေးပုံများကို တွေ့ရပေသည်။ ဆင်ဖြူကျွန်းအောင်သိန်း၏ 'ထမင်းတစ်လုတ်'၊ အောင်သင်း၏ 'သရက်ထောင်ဖောက်ခဲ့စဉ်က'၊ ခင်မြဇင်၏ 'တစ်နပ်စာ'၊ ငွေဥဒေါင်း၏ 'သိပါပြီအမေရယ်'၊ ခင်ခင်ထူး၏ 'ဆန်' စသော ဝတ္ထုတိုခေါင်းစဉ်များသည် ဇာတ်လမ်းနှင့် ဆက်စပ်ပေးထားခြင်း ဖြစ်သည်။

ဝတ္ထုတိုဆရာတို့သည် ဇာတ်လမ်း၏ ထင်ရှားပေါ်လွင်သော အကြောင်းအရာတစ်ရပ်ကိုသော် လည်းကောင်း၊ **ဇာတ်ဆောင်**[၃] စရိုက်ကို ထင်ဟပ်ထားသည့် အကြောင်းကိစ္စတစ်ခုခုကိုသော် လည်းကောင်း၊ ဝတ္ထု**အာဘော်**[၄] ကို အထောက်ကူဖြစ်စေမည့် အခြေအနေတစ်ရပ်ရပ်ကိုသော် လည်းကောင်း ဝတ္ထုခေါင်းစဉ်အဖြစ် ဖော်ပြတတ်ကြသည်။

သာဓကအားဖြင့် ခင်ခင်ထူး၏ 'ဆန်' ဝတ္ထုတိုသည် ငါ့သား၊ ငါ့သမီး၊ ငါ့မြေး၊ ငါ့ဆွေငါ့မျိုး ဟူ၍ အစွဲထားတတ်ကြသည့် လူ့သဘာဝတစ်ရပ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ဇာတ်လမ်းအရ ဧရာဝတီမြစ်ကမ်းခြေတွင် တဲထိုးနေသော အဒေါ်ပေါက်စ ဆန်နို့ဆီဗူး လေးလုံး ပျောက်သွားပုံဖြစ်ရပ်ကို တွေ့ရသည်။ သူ့တဲ ကိုယ့်တဲ အကာအရံ လုံလုံခြုံခြုံမရှိ၊ ဖြစ်သလိုနေရသည့်ဘဝတွင် သံသေတ္တာထဲ သော့ခတ်သိမ်းထားသည့် ဆန်နို့ဆီဗူး လေးလုံး ပျောက်သွားခဲ့သည်။ ခိုးသူကလည်း သေတ္တာသော့ကို ဖျက်ပြီး

---

[၁] လင်းယုန်နီ၊ ပုံနှိပ်နှစ်မပါ၊ ၉၈။

[၂] plot

[၃] character

[၄] theme

ယူသွားခြင်းဖြစ်သည်။ ပဲချောင်းလောက် ပိန်ပိန်သေးသေး ဒေါ်ပေါက်စသည် ဆန်ခိုး ခံရသဖြင့် မကျေမနပ် ဆဲဆိုကြိမ်းမောင်းနေသည်မှာ ဧရာဝတီမြစ် တစ်ဖက်ကမ်း ကပင် ကြားရလောက်သည်။ ဆဲဆိုကြိမ်းမောင်းနေရုံတင်မက–

"အဖေ မြင်းဖြူရှင်တို့များ တဲထဲလူဝင်တာ မသိရဘူးရယ်လို့။
ခွာနဲ့ခုတ်လိုက်စမ်းပါတော့၊ သွားနဲ့ ကိုက်လိုက်စမ်းပါတော့"[၁]

ဟူ၍ မြင်းဖြူရှင်နတ်ကိုတိုင်တည်ပြီး ကျိန်စာတိုက်နေသည်။ ထို့ပြင် တဲနီးပတ်ဝန်းကျင်မှ လူများကိုလည်း အမျိုးမျိုး သံသယဝင်နေသည်။ နောက်ဆုံးတွင် ဒေါ်ပေါက်စသည် သမီးတဲသို့ အလည်သွားရာမှ မြေးမလေး ကစားရင်း လွှင့်ပစ်လိုက်သောအရာမှာ မိမိ၏သံသေတ္တာတွင် ခတ်ထားသည့် တရုတ်သော့ပျက်လေး ဖြစ်နေသည်။ ထိုအခါ ဒေါ်ပေါက်စသည်–

"သမီးခမျာ ကလေးတွေ ကျွေးချင်ရှာလို့ မအေ့တဲထဲဝင်ပြီး
လုပ်မိလုပ်ရာ လုပ်ရှာထင်ပါရဲ့။ ငါ့မြေးတွေ စားကြလို့တော့
ယူကြစမ်းပါအေ။ အမေ သဒ္ဓါပါ့"[၂]

ဟူ၍ပြောဆိုကာ စိတ်ပြောင်းသွားခဲ့သည်။ ထို့ပြင် နှုတ်မှလည်း–

"အဖေ မြင်းဖြူရှင် ... ခွာကိုလည်း ရုပ်တော်မူပါ။ သွားကိုလည်း
သိမ်းတော်မူပါ။ ဆန်သူခိုးကိုလည်း စောင့်ရှောက်တော်မူပါ"[၃]

ဟူ၍ ပြောင်းလဲ ဆုတောင်းလိုက်တော့သည်။

ဤဝတ္ထုတိုတွင် စာရေးသူသည် ဇာတ်ဆောင်စရိုက်သဘာဝ၊ ဇာတ်လမ်း ဖြစ်ရပ်များမှ အာဘော်ကို ဖော်ထုတ်တင်ပြနိုင်သကဲ့သို့ ဇာတ်လမ်း၏ အဓိကအချက် ဖြစ်သော ဆန်ပျောက်ပုံဖြစ်ရပ်ကို အလေးအနက်ပြုပြီး 'ဆန်' ဟူ၍ ဝတ္ထုတိုခေါင်းစဉ် ပေးထားခြင်း ဖြစ်သည်။

## ၂၊ ၁၊ ၃။ ကာလဒေသနောက်ခံနှင့် ဆက်စပ်ပြီး ဝတ္ထုတိုခေါင်းစဉ်ပေးပုံ

မြန်မာဝတ္ထုတိုများတွင် ကာလဒေသနောက်ခံ [၄] နှင့်ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ် ပေးပုံများကို တွေ့ရသည်။ ဇန်းမော်တင်မောင်၏ 'ရန်ကုန်ကွက်သစ်'၊ ဗိုလ်မှူးသမိန်၏

[၁] ခင်ခင်ထူး၊ ၂၀၁၂၊ ၂။
[၂] ခင်ခင်ထူး၊ ၂၀၁၂၊ ၈။
[၃] ခင်ခင်ထူး၊ ၂၀၁၂၊ ၈။
[၄] setting

'ဗိုလ်ကျောက်လုံးသိတဲ့ ကမ္ဘောဇ'၊ မင်းရှင်၏ 'ဓာတ်တိုင်အောက်ဝယ်'၊ နိုင်ဝင်းဆွေ၏ 'မသိန်းရှင်ဆီ ပို့ပေးပါ' စသော ဝတ္ထုတိုခေါင်းစဉ်များသည် ကာလဒေသနောက်ခံနှင့် ဆက်စပ်ပြီး ဖော်ပြထားခြင်း ဖြစ်သည်။

ကာလဒေသနောက်ခံ ကိုယ်စားပြုခေါင်းစဉ်တပ်ထားသော ဝတ္ထုတိုများတွင် ကာလဒေသနောက်ခံကို ဗဟိုပြုထားသည့် ဇာတ်လမ်းဖြစ်စဉ်များကို လည်းကောင်း၊ ကာလဒေသကို အားပြုထားသည့် ဇာတ်ဆောင်စရိုက်သဘာဝကို လည်းကောင်း တွေ့မြင်ရမည် ဖြစ်သည်။

သာဓကအားဖြင့် မင်းရှင်၏ လမ်းပေါ်မှာဝတ္ထုတိုများတွင် ပါဝင်သည့် 'ဓာတ်တိုင်အောက်ဝယ်' ဝတ္ထုတိုသည် ဒုတိယကမ္ဘာစစ်ပြီးစ ရန်ကုန်မြို့၊ ကမာရွတ်ရပ်ကွက်အတွင်းရှိ လူမှုဘဝပုံရိပ်အချို့ကို ဖော်ကျူးထားခြင်း ဖြစ်ပေသည်။ ဇာတ်လမ်းတွင် တိုးတက်ရေးသတင်းစာ အယ်ဒီတာတစ်ဦးဖြစ်သည့် စာရေးသူသည် ည(၈)နာရီအချိန်၌ ကမာရွတ်နေအိမ်သို့ ပြန်လာပုံ၊ ရပ်ကွက်အတွင်းရှိ လမ်းမီးတိုင်အောက် တစ်နေရာတွင် အသက်(၁၃)နှစ်အရွယ် ကလေးငယ်တစ်ဦးသည် ဓာတ်မီးရောင်ဖြင့် စာဖတ်နေပုံ၊ ထိုကလေးသည် တစ်ရပ်ကွက်ထဲအတူနေသူ ကိုမြိုင်နှင့် မညွန့်တင်တို့၏ သားအလတ် အတူးဖြစ်ပုံတို့ကို ဖော်ပြထားသည်။

ထို့နောက် ကိုမြိုင်သည် အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ကပြားတစ်ဦးအိမ်တွင် ဒရိုင်ဘာ လုပ်သဖြင့် မိသားစု ချောင်လည်ခဲ့ပုံ၊ ဂျပန်ခေတ်တွင် အလုပ်လက်မဲ့ဖြစ် အရက်သမားဘဝ ရောက်ခဲ့ပုံ၊ ယခုအခါ ချောင်းဆိုးသွေးပါရောဂါဖြင့် အိပ်ယာထဲ လဲနေပုံ၊ သားကြီး သံချောင်းမှာ ပညာကောင်းကောင်းမသင်ဘဲ ဆိုးသွမ်းနေပုံကို ချိတ်ဆက် တင်ပြထားသည်။

အချိန်ကာလများ ပြောင်းလဲပြီးနောက် စာရေးသူသည် မြန်မာ့အသံအစီအစဉ် အသံထွက်မဂ္ဂဇင်းခန်းကို အသံလွှင့်ပြီးအပြန် မယ်စီကုန်းလမ်း ကိုမြိုင်၊ မညွန့်တင်တို့၏ တဲလေးနားအရောက်တွင် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကို–

> "သည်တစ်ကြိမ် မီးရောင်အောက်တွင် စာထိုင်ဖတ်နေသော အတူးကိုကား မတွေ့ရတော့ ကိုမြိုင်တို့တဲကလေးအရှေ့ မိုးကာ ပတ္တူနှင့် ကနားဖျင်းထိုးထားသည့် အောက်၌ လူတစ်စု ဝိုင်းဖွဲ့၍ ထိုင်နေကြသည်ကို မြင်လိုက်ရခြင်း ဖြစ်ပါသည်"[၁]

ဟူ၍ ဖော်ပြကာ ကိုမြိုင်၏ နာရေးဖြစ်ရပ်ကို အသိပေးပြန်သည်။

---

[၁] မင်းရှင်၊ ၂၀၁၂၊ ၈၂။

တစ်ဖန် မှောင်မိုက်သော ညတစ်ညတွင် သူခိုးလိုက်သံ ကြားသဖြင့် စာရေးသူလည်း တုတ်ဆွဲပြီး လိုက်ခဲ့ပုံ၊ သူခိုးသည် ကိုမြင့်၊ မညွန့်တင်တို့ တဲနား၌ ပျောက်သွားပုံ၊ အမေရေ ကယ်ပါဦး ဟူသော အသံနှင့်အတူ ဖြောင်းခနဲ ရိုက်သံ ကြားလိုက်ရပုံ၊ မညွန့်တင်က သူ၏သားကို မသတ်ရန် တောင်းပန်နေပုံ စသော ဓာတ်လမ်းဖြစ်ရပ် အပြောင်းအလဲများကို ဆက်လက်တင်ပြသည်။ နောက်ဆုံးတွင်–

> "သံချောင်းကား သူတို့အိမ်ရှေ့လမ်းနံဘေး ဓာတ်တိုင်အောက် မလင်းတလင်း မီးရောင်အောက်မှာပင် ခေါင်းတွင် နီရဲသော သွေးများ ဖြာစီးလျက် ခွေခွေကလေး လဲနေခြင်း ဖြစ်၏"[၁]

ဟူ၍ သူခိုးဘဝရောက်နေသော ပညာမဲ့ ဆိုးသွမ်းလူငယ် သံချောင်း၏အဖြစ်ကို ဆက်စပ်တင်ပြထားသည်။ တစ်ဖန် စာရေးသူက–

> "ထိုဓာတ်တိုင်အောက်တွင်ပင် သံချောင်း၏ညီ အတူးကလေး စာဖတ်နေသည်ကို တွေ့ခဲ့ဖူးသည့် အဖြစ်ကိုလည်းကောင်း၊ ထိုဓာတ်တိုင်အောက်မှာပင် သူ့ဖခင် အရက်သမားကြီး ဇာတ်သိမ်းပွဲကို မြင်ခဲ့ဖူးသည့် အဖြစ်ကိုလည်းကောင်း၊ ပြန်လည်မြင်ယောင်သတိရ မိသောအခါ၌ကား ထိုမိသားစုတို့၏ တိုက်ဆိုင်တတ်လှသည့် အဖြစ်ကို အံ့ဩခြင်းမက အံ့ဩမိပါသည်။"[၂]

ဟူ၍ ဓာတ်တိုင်အောက်တွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်သုံးခုကို ဆက်စပ်တင်ပြ ထားပါသည်။ ထို့ကြောင့် ဇာတ်လမ်းဖြစ်ရပ်ကို အဓိကဖော်ဆောင်နေသည့် ကာလ ဒေသနောက်ခံကို ကိုယ်စားပြုကာ 'ဓာတ်တိုင်အောက်ဝယ်' ဟု ဝတ္ထုခေါင်းစဉ် ပေးထား သည်မှာ လိုက်ဖက်လှပါသည်။

## ၂၊ ၁၊ ၄။ အာဘော်နှင့် ဆက်စပ်ပြီး ဝတ္ထုတိုခေါင်းစဉ်ပေးပုံ

မြန်မာဝတ္ထုတိုများတွင် အာဘော်နှင့်ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်ပေးပုံကိုလည်း တွေ့ရပေသည်။ သိပ္ပံမောင်ဝ၏ 'ခေတ်စမ်းပုတ္တောဝါဒ'၊ လူထုဒေါ်အမာ၏ 'ဥပုသ်သည်'၊ မဝင့်(မြစ်ငယ်)၏ 'ခေတ်မုန့်'၊ သော်တာဆွေ၏ 'လူ့မနော' စသော ဝတ္ထုတိုများသည် စာရေးသူ၏အာဘော်နှင့် ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ် ပေးထားခြင်း ဖြစ်သည်။

---

[၁] မင်းရှင်၊ ၂၀၁၂၊ ၈၆။

[၂] မင်းရှင်၊ ၂၀၁၂၊ ၈၆။

ထိုသို့သော ဝတ္ထုတိုများတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့နှင့် ဆက်စပ်ပြီး ထင်ဟပ်နေသော စာရေးသူ၏ အာဘော်တစ်ရပ်ရပ်ကို ဝတ္ထုခေါင်းစဉ်အဖြစ် တိုက်ရိုက်ဖော်ပြထားခြင်း ဖြစ်သည်။

သာဓကအားဖြင့် သော်တာဆွေ၏ 'လူ့မနော' ဝတ္ထုတိုတွင် လူ့အလိုနတ်မလိုက်နိုင် ဆိုသကဲ့သို့ အလိုက်မသိတတ်၊ လိုဘမပြည့်တတ်ကြသော လူ့သဘာဝတစ်ရပ်ကို ဟာသစွက်ပြီး တင်ပြထားသည်။ ဇာတ်လမ်းအရ စာရေးသူသည် လက်ဆောင်ရထားသည့် ဒန့်သလွန်သီးများ ပိုလျှံနေသဖြင့် ဈေးသို့သွားရောင်းသည်။ လမ်းတွင် တစ်အိမ်တက်ဆင်း ဝယ်ကြသည်။ ပထမဆုံးအိမ်ကို တစ်မတ်ဖိုး သုံးတောင့်နှင့် ရောင်းသည်။ ဒုတိယအိမ်က လေးတောင့်တောင်းသဖြင့် ပေးရပြန်သည်။ နောက်ဆုံးတွင်–

> "ယင်းသို့လျှင် ကျွန်တော်သည် တစ်အိမ်တစ်တောင့်တိုးနှင့် ဆစ်တိုင်းပေးခဲ့ရာ နောက်ဆုံး ခင်ငြိမ်းကြည်အိမ်တွင် (၁၃)တောင့်နှင့် ကိစ္စပြတ်၍ လက်ဆွဲခြင်းခေါင်းစွတ်ကာ အိမ်သို့ ပြန်လာခဲ့ပါတော့သည်။"[၁]

သို့သော်လည်း ပြဿနာသည် ဤမျှနှင့် မပြီးခဲ့ချေ။ တစ်မတ်ဖိုး လေးတောင့်ရသောသူက ငါးတောင့်မရသဖြင့် မကျေနပ်။ ငါးတောင့်သမားကလည်း ခြောက်တောင့်မရသဖြင့် ငြူစူပြန်သည်။ အညီအမျှ ပြန်ခွဲမည်ဆိုသော်လည်း အများစုရသူက သဘောမတူ။ ထိုအခါ အနည်းစုရသူက ပိုက်ဆံပြန်တောင်းသည်။ တစ်ယောက်ကို ပိုက်ဆံပြန်ပေးတော့ အခြားတစ်ယောက်ကလည်း ပိုက်ဆံပြန်တောင်းသည်။ နောက်ဆုံးတွင် ဒန့်သလွန်သီးများ အလကားပေးလိုက်ရသည့် အဖြစ်သို့ ရောက်သွားသည်။ ဤသို့ဖြင့် စာရေးသူသည် မိမိဘဝအသိအမြင်ဖြင့် ရလာသော လူ့သဘောကို 'လူ့မနော' ဟူ၍ ဝတ္ထုခေါင်းစဉ် ပေးခဲ့ခြင်း ဖြစ်သည်။

## ၂၊ ၁၊ ၅။ အလင်္ကာတင်စားမှု စကားသုံး၍ ဝတ္ထုတိုခေါင်းစဉ်ပေးပုံ

မြန်မာဝတ္ထုတိုခေါင်းစဉ်များကို လေ့လာရာတွင် အလင်္ကာတင်စားမှုစကားများ သုံးပြီး ဝတ္ထုတိုခေါင်းစဉ်ပေးတတ်ပုံကို တွေ့ရသည်။ တက်တိုး၏ 'ဇိကုပ်လို့ နတ်ပြည်ပို့'၊ သိန်းဖေမြင့်၏ 'ငွေစိန်လှေလှော်ရင်း တက်ကျိုးခြင်း'၊ ဇန်းမော်တင်အောင်၏ 'မိုးမမြင် လေမမြင်'၊ ညီစေမင်း၏ 'ငရဲတစ်ပိဿာခွဲ' စသော ဝတ္ထုတိုများသည် အလင်္ကာတင်စားမှု စကားများသုံးပြီး ဝတ္ထုတိုခေါင်းစဉ် ပေးထားခြင်း ဖြစ်သည်။

---

[၁] သော်တာဆွေ၊ ၂၀၁၁၊ ၁၉၄–၁၉၅။

ဝတ္ထုရေးဆရာများသည် မိမိတို့တင်ပြလိုသည့် ဘဝအသိအမြင်များ၊ ဇာတ်ဆောင် စရိုက်သဘာဝများ၊ ဇာတ်လမ်းနှင့်ဆက်စပ်နေသည့် အတွေးအမြင်များကို အလင်္ကာ တင်စားမှု စကားများသုံးပြီး ဝတ္ထုခေါင်းစဉ်အဖြစ် ဖော်ပြတတ်သည်။

သာဓကအားဖြင့် ဗန်းမော်တင်အောင်၏ 'မိုးမမြင် လေမမြင်' ဝတ္ထုတိုသည် အိမ်ထောင်ရေးမေတ္တာဘွဲ့ ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။ ခင်နှင့်မောင်သည် သမီးရည်းစား ဘဝက အလွန်ချစ်ခဲ့ကြသည်။ မောင်သည် ခင်လိုသမျှကို ဖြည့်ဆည်းပေးခဲ့သည်။ ခင်ကလည်း မောင့်ကိုယုံပြီး လက်ထပ်ခဲ့သည်။ အိမ်ထောင်သက် နှစ်နှစ်ကြာသော အခါ မောင်သည် အရင်လို မဟုတ်တော့။ ခင်ဝတ်ချင်သည့် အဝတ်အစားကိုလည်း မဝယ်ပေး။ ခင်ကြည့်ချင်သည့် ရုပ်ရှင်ကိုလည်း လိုက်မပြတော့။ မောင်က အနာဂတ် အတွက်ဟု အကြောင်းပြသည်။ ထိုအခါ ခင်သည် မောင့်အပေါ် အထင်လွဲလာသည့် အပြင် တစ်ခါတစ်ရံ တစ်ဦးနှင့်တစ်ဦး စိတ်အခန့်မသင့်သည့်အခါ "ခင်တော့ မောင်နဲ့ လက်ထပ်မိတာ မှားတာပါပဲလေ"[၁] ဟု ပြောဆိုတတ်လာသည်။

ထိုစကားကြောင့် မောင်သည် တုန်လှုပ်ခဲ့သည်။ တစ်နေ့ ခင်သည် အူအတက်ယောင်ရောဂါဖြစ်ပြီး ခွဲစိတ်ခန်းဝင်ရသည်။ ထိုအခါ မောင်က မိမိမေတ္တာကို ခင် အထင်လွဲရင်း အသက်ဆုံးပါးသွားမည်ကို စိုးရိမ်နေမိသည်။ ကံကောင်းစွာပင် ခင်၏ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့သည်။ ထိုအခါ မောင်သည် ခင်မေ့ဆေးမပြယ်မီ အချိန်တွင် ခင်စားချင်သော အစားအစာများ၊ ခင်ဝတ်ချင်သော အဝတ်အစားများကို ဝယ်လာသည်။ ခင်ကလည်း ထိုအဝတ်အစားများကို မလိုချင်တော့ကြောင်းနှင့် ဘဝရှေ့ရေးအတွက် အရေးကြီးကြောင်း ပြန်လည်ပြောဆိုသည်။ ထိုဇာတ်ကွက်ကို စာရေးသူက–

> "မောင်သည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေသည်။ ရုတ်တရက် ဘဝပြောင်းသွားသော သူ့မယားကို မယုံကြည်နိုင်သော မျက်လုံး များဖြင့် ငေးစိုက်ကြည့်နေ၏။ ထို့အတူ ရုတ်တရက် ဘဝပြောင်း သွားသော လင်လုပ်သူကိုလည်း ခင်သည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးစိုက်ကြည့်ရင်း 'ခင့်ရောဂါအတွက် မောင် ပိုက်ဆံတွေ သိပ်ကုန်နေရတဲ့အထဲ ဒါတွေလည်း ထပ်ဝယ်လာ တာကို ခင်ဖြင့် ဘယ်လိုမှနားမလည်ဘူး။ မောင်ဝယ်တဲ့ ပစ္စည်းတွေ ပြန်ရောင်းလိုက်ကြတာပေါ့နော်။ ခင်တို့အတွက် ရှေ့ရေးကလည်း

---

[၁] တင်အောင်၊ (ဗန်းမော် .....)၊ ၂၀၁၇၊ ၄၀။

ရှိသေးတယ် မဟုတ်လားကွယ်’ ဟု လင်ယောကျ်ား နားဝင်အောင် ဖျောင်းဖျပြောဆိုလိုက်လေသည်”[၁]

ဟူ၍ နိဂုံးချုပ် ဖော်ပြခဲ့ပါသည်။ အိမ်ထောင်သည်လင်မယား တစ်ဦးနှင့်တစ်ဦး နားလည်မှုပေးနိုင်ခြင်းသည် အလွန်ပျော်ရွှင်ကြည်နူးဖွယ်ကောင်းကြောင်းကို ‘မိုးမမြင် လေမမြင်’ ဟူသော အလင်္ကာတင်စားမှုစကားဖြင့် ဝတ္ထုတိုခေါင်းစဉ် ပေးထားခြင်းပင် ဖြစ်သည်။

## ၂၊ ၁၊ ၆။ နိမိတ်ပုံသင်္ကေတသုံးပြီး ဝတ္ထုတိုခေါင်းစဉ်ပေးပုံ

မြန်မာဝတ္ထုတိုများတွင် ‘နိမိတ်ပုံ သင်္ကေတ’[၂] သုံးပြီး ဝတ္ထုခေါင်းစဉ် ပေးပုံမျိုး ကိုလည်း တွေ့ရသည်။ ထိုသို့ခေါင်းစဉ်ပေးပုံကို ခေတ်ပေါ် ဝတ္ထုတို အများအပြားတွင် တွေ့ရတတ်ပေသည်။ ညီပုလေး၏ ‘ခေတ်သစ်နံ့ရံ့’၊ မောင်သင်းထုံ(ကျောက်မဲ)၏ ‘ပန်းဝါ ခုနစ်ပွင့် ပွင့်ခဲ့တယ်’၊ မင်းခိုက်စိုးစံ၏ ‘သတိမေ့ရွာ’၊ ဝေ(စီးပွားရေးတက္ကသိုလ်)၏ ‘သက်တံ့ရောင်တံလျှပ်’ စသော ဝတ္ထုတိုများသည် နိမိတ်ပုံသင်္ကေတဖြင့် ဝတ္ထုခေါင်းစဉ် ပေးထားခြင်း ဖြစ်သည်။

နိမိတ်ပုံသင်္ကေတများမှ ပေါ်ထွက်လာသည့် ဂယက်အနက် အမျိုးမျိုးသည် ဝတ္ထုအာဘော်ကိုလည်းကောင်း၊ ဇာတ်ဆောင်စရိုက်သဘာဝကိုလည်းကောင်း၊ ကာလဒေသ နောက်ခံ ပုံရိပ်တစ်ခုခုကိုလည်းကောင်း ကိုယ်စားပြုလေ့ ရှိပါသည်။

သာဓကအားဖြင့် ညီပုလေး၏ ‘ခေတ်သစ်နံ့ရံ့’ ဝတ္ထုတိုသည် ခေတ်ပေါ် ပန်းချီဆရာတစ်ဦးဖြစ်သူ ခင်မောင်ရင်၏ ဘဝကောက်ကြောင်းတစ်ခုကို ပုံဖော်ရေးသား ထားခြင်း ဖြစ်သည်။ ဝတ္ထုဇာတ်လမ်းတွင် စာရေးသူက ပန်းချီခင်မောင်ရင် နေထိုင် မကောင်း ဖြစ်ပြီး ပန်းလှိုင်ဆေးရုံတက်နေရသည်ကို သတင်းသွားမေးသည်။ စာရေးသူ နှင့်အတူ ကဗျာဆရာစောဝေနှင့် နေမျိုးဆေးတို့လည်း ပါသည်။ ဆေးရုံဝန်ထမ်း များသည် ပန်းချီခင်မောင်ရင်မှန်း မသိကြ။ စာရေးသူတို့ ရောက်သွားသည့်အခါ ပန်းချီခင်မောင်ရင်သည် ယဲ့ယဲ့အနေအထားဖြင့် ဩဇာခံစကား သဲ့သဲ့လေးသာ ပြောနိုင်ပုံ၊ စကားပြောရင်း ဆေးရုံနံ့ရံ့ကို လက်ညှိုးထိုးပြတတ်ပုံ၊ အဓိပ္ပာယ် နားမလည်သော စာရေးသူတို့ကို ပန်းချီခင်မောင်ရင်၏တူလေးက ရှင်းပြမှ ပန်းချီဆရာသည် ပန်းချီ ဆွဲရန် စိတ်ဆန္ဒပေါ်နေကြောင်း သိရပုံ၊ စာရေးသူတို့သည် စုတ်တံနှင့်ဆေးများ အလျင်အမြန် သွားဝယ်ရပုံ၊ ထို့နောက် ပန်းချီခင်မောင်ရင်သည် အနာရောဂါဝေဒနာများကို

---

[၁] တင်အောင်၊ (ဗန်းမော် .....)၊ ၂၀၁၇၊ ၅၆–၅၇။

[၂] image and symbol

မေ့ပျောက်သွားကာ ဆေးရုံနံရံကြီး၌ ပန်းချီကားတစ်ချပ်ကို စိတ်အားထက်သန်စွာ ရေးဆွဲနေပုံ စသော ဖြစ်ရပ်များကို အစီအစဉ်တကျ တင်ပြထားခဲ့သည်။ သာဓက အားဖြင့်–

> "ဆရာက အသံမပီမသနဲ့ စကားတွေပြောရင်း သူ့ကုတင် ခြေရင်းက အစိမ်းရောင်နုနု သုတ်ထားတဲ့ (၁၁)ပေလောက် ကျယ်ပြီး (၁၅)ပေလောက်မြင့်တဲ့ နံရံကြီးကို လက်ညှိုးထိုးပြီး ပြနေတာ သုံးလေးကြိမ် ရှိနေပြီ။"[၁]

> "ဦးလေးက ပန်းချီရေးချင်တယ်လို့ ပြောနေတာ"[၂]

> "ဘယ်ပန်းချီဆရာမှ တုပမရေးနိုင်တဲ့ ဂရပ်ဖစ် အနုပညာဟန် ပန်းချီကားချပ်ကြီး တစ်ချပ်ကတော့ စက္ကန့်နဲ့အမျှ ရုပ်လုံးကြွ လာနေပြီ"[၃]

ဟူ၍ ဇာတ်လမ်း၏ အဓိကဖြစ်ရပ်ဖြစ်သော ဆေးရုံနံရံ၌ ပန်းချီဆွဲပုံကို ဇာတ်ကြောင်းပြော စကားဖြင့် တင်ပြထားခဲ့သည်။

ထို့ပြင် ဝတ္ထုတို၏အဆုံးတွင် ပန်းချီကားကြီးကို ဆေးများဖြင့် အထပ်ထပ် သုတ်ပြီး ဖုံးအုပ်လိုက်ရသဖြင့် စာရေးသူ၏ငွေ အများအပြား ကုန်ကျသွားပုံ၊ ဆေးရုံ ဒါရိုက်တာအဖွဲ့က ပန်းချီကားကြီးကို မဖျက်ဆီးပဲ ဂုဏ်ထူးဆောင် ပန်းချီကားအဖြစ် သိမ်းထားပုံ၊ ဆရာဦးခင်မောင်ရင်၏ ပန်းချီကားရှိသော အခန်းတွင် ဆေးကုသ ခံလိုပါက အခန်းခပိုမိုပေးရပုံ စသော ဇာတ်သိမ်းအမျိုးမျိုးကို ဖော်ပြကာ စာဖတ်သူ နှစ်သက်သည့် ဇာတ်လမ်းအဆုံးသတ်ကို ရွေးချယ်နိုင်ကြောင်း တင်ပြထားသည်။

ဤသို့ဖြင့် 'ခေတ်သစ်နံရံ' ဝတ္ထုတိုသည် ခေတ်သစ် ပန်းချီဆရာတစ်ဦးဖြစ်သူ ဦးခင်မောင်ရင်ကို ဂုဏ်ပြုလိုသည့် အာဘော်ဖြင့် ဖန်တီးထားခြင်း ဖြစ်သည်။ ထိုသို့ ဖန်တီးရာတွင် ဇာတ်လမ်း၏ အဓိကအသက်ဖြစ်သော ဆေးရုံနံရံမှ ပန်းချီကားချပ်ကို 'ခေတ်သစ်နံရံ' ဟူ၍ နိမိတ်ပုံပြုကာ ဝတ္ထုခေါင်းစဉ်အဖြစ် ဖော်ပြထားခြင်းပင် ဖြစ်သည်။ ယင်းနိမိတ်ပုံသည်ပင် ပန်းချီဆရာ ဦးခင်မောင်ရင်ကို ကိုယ်စားပြုနိုင်သည့် သင်္ကေတတစ်ခု ဖြစ်လာပါသည်။

---

[၁] ညီပုလေး၊ ၂၀၁၅၊ ၁၈၆။
[၂] ညီပုလေး၊ ၂၀၁၅၊ ၁၈၆။
[၃] ညီပုလေး၊ ၂၀၁၅၊ ၁၈၇။

## ခြုံငုံသုံးသပ်ချက်

ဝတ္ထုတိုသည် သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်းရှိ အကြောင်းအရာနှင့် အတွေးအခေါ်တစ်ရပ်ကို ကျစ်ကျစ်လစ်လစ် စည်းစည်းရုံးရုံး ဖော်ပြရသည့် စာပေပုံသဏ္ဌာန် တစ်ခုပင် ဖြစ်သည်။ ဝတ္ထုတိုတွင် စာရေးသူ ရွေးချယ်ထားသည့် ဇာတ်ဆောင်တစ်ဦးဦး၏ စရိုက်သဘာဝကိုသော်လည်းကောင်း၊ ကာလဒေသနောက်ခံပုံရိပ်တစ်ခုခုကိုသော်လည်းကောင်း၊ လူ့သဘာဝ အမြင်တစ်ရပ်ရပ်ကိုသော်လည်းကောင်း တွေ့မြင်ရမည် ဖြစ်သည်။

ဝတ္ထုတိုသည် ဝတ္ထုရှည်ထက် တိုတောင်းသော်လည်း ဖန်တီးမှု အတတ်ပညာ အင်အားကောင်းရန် လိုအပ်ပါသည်။ ဝတ္ထုတိုအဖွဲ့ထဲတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလနောက်ခံ၊ အာဘော်တို့သည် သီးသီးသန့်သန့် ကွဲပြားမနေဘဲ တစ်လုံးတစ်စည်းတည်း ပေါင်းဖွဲ့နေတတ်ပေသည်။ ထို့ကြောင့် ဝတ္ထုတိုဖန်တီးသူတို့သည် မိမိတို့ အလေးပေးဖော်ပြလိုသည့် ဝတ္ထုတိုအင်္ဂါရပ်တစ်ခုခုကို အခြားအင်္ဂါရပ် အစိတ်အပိုင်းများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ပေါင်းစပ်ပြီး ရသမြောက်သည့် ဝတ္ထုတိုတစ်ပုဒ် ဖြစ်လာအောင် ရေးသားရပါသည်။

ထိုသို့ ဝတ္ထုတိုအင်္ဂါရပ်များ တစ်စုတစ်ပေါင်းတည်း ပါဝင်နေမှုတွင် ဝတ္ထုတိုခေါင်းစဉ်သည်လည်း အရေးကြီးပေသည်။ ကျွမ်းကျင်သော ဝတ္ထုတိုဆရာများသည် ဝတ္ထုခေါင်းစဉ်ကို ဝတ္ထုအင်္ဂါရပ်တစ်ခုအဖြစ် ထိထိမိမိ အသုံးချတတ်ပါသည်။ ထိုသို့ ဝတ္ထုတိုနှင့် တစ်သားတည်း ဆက်စပ်နေသည့် မြန်မာဝတ္ထုတိုခေါင်းစဉ်များကို လေ့လာရာတွင် ဇာတ်ဆောင်တို့၏စရိုက်သဘာဝကို အလေးပေးထားသည့် ဝတ္ထုများ၌ ဇာတ်ဆောင်နှင့်ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်ပေးပုံကိုလည်းကောင်း၊ ဇာတ်လမ်းဖြစ်ရပ်ကို အလေးပေးထားသည့် ဝတ္ထုတိုများ၌ ဇာတ်လမ်းနှင့်ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်ပေးပုံကိုလည်းကောင်း၊ ကာလဒေသနောက်ခံကို အလေးပေးထားသည့် ဝတ္ထုတိုများ၌ ကာလဒေသနောက်ခံနှင့် ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်ပေးပုံကို လည်းကောင်း၊ အာဘော်ကို အလေးပေးထားသည့် ဝတ္ထုတိုများ၌ အာဘော်နှင့်ဆက်စပ်ပြီး ဝတ္ထုခေါင်းစဉ်ပေးပုံကို လည်းကောင်း တွေ့ရှိရပါသည်။

ထို့ပြင် ဝတ္ထုရေးဆရာများသည် မိမိတို့၏ဘဝအသိအမြင်များ၊ လူ့သဘာဝများ၊ ဝတ္ထုဇာတ်လမ်းအပေါ်ထားသည့် အတွေးအမြင်များကို အလင်္ကာတင်စားမှုများ သုံးပြီး ဝတ္ထုခေါင်းစဉ်အဖြစ် ဖော်ပြတတ်ပေသည်။ အလားတူ အာဘော်ကိုလည်းကောင်း၊ ဇာတ်ဆောင်စရိုက်သဘာဝကိုလည်းကောင်း၊ ကာလဒေသနောက်ခံကိုလည်းကောင်း

ဂယက်အနက်သဖွယ် ကိုယ်စားပြုထင်ဟပ်နိုင်သည့် နိမိတ်ပုံ၊ သင်္ကေတစကားများကိုလည်း ဝတ္ထုခေါင်းစဉ်အဖြစ် ဖော်ပြတတ်ပေသည်။

**နိဂုံး**

မြန်မာဝတ္ထုတိုများ၏ ခေါင်းစဉ်ပေးပုံအမျိုးမျိုးကို မြန်မာဝတ္ထုတိုအချို့နှင့် ဆက်စပ်ကာ တင်ပြခဲ့ပါသည်။ ထိုသို့တင်ပြရာတွင် အမျိုးအစားများခွဲခြားကာ ဖော်ပြခဲ့ပါသည်။ ဝတ္ထုတိုအင်္ဂါရပ်များတွင် ဝတ္ထုတိုခေါင်းစဉ်များသည်လည်း အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသိမြင်နိုင်ပေသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကျော်အောင် (၁၉၇၉)။ ***"နိုင်ငံခြားဝတ္ထုတို"*** ၊ ဝတ္ထုတိုစာတမ်းများ၊ ရန်ကုန်၊ စာပေဗိမာန်။

စိတ်ကူးချိုချို၊ စီစဉ်သူ။ (၂၀၀၉) ။ ***မြန်မာဝတ္ထုတို (၁၉၁၂–၁၉၆၄)***၊ ရန်ကုန်၊ စိတ်ကူးချိုချို စာအုပ်တိုက်။

စိတ်ကူးချိုချို၊ စီစဉ်သူ။ (၂၀၁၂)။ ***မြန်မာဝတ္ထုတို (၂၀၁၁)*** ၊ ရန်ကုန်၊ စိတ်ကူးချိုချို စာအုပ်တိုက်။

စိတ်ကူးချိုချို၊ စီစဉ်သူ။ (၂၀၁၃)။ ***မြန်မာဝတ္ထုတို (၂၀၁၂)*** ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

စိတ်ကူးချိုချို၊ စီစဉ်သူ။ (၂၀၁၄)။ ***မြန်မာဝတ္ထုတို (၂၀၁၃)*** ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

စိတ်ကူးချိုချို၊ စီစဉ်သူ။ (၂၀၁၅)။ ***မြန်မာဝတ္ထုတို (၂၀၁၄)*** ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

စိတ်ကူးချိုချို၊ (၂၁၀၇)။ ***မြန်မာဝတ္ထုတိုနှင့် ရာပြည့်ခရီး***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဇော်ဂျီ၊ (၂၀၁၄)။ ***ပြည်ကြီးဘာသာနှင့် ပင်ကိုရေးဝတ္ထုတိုများ*** ၊ ဒု–ကြိမ်၊ ရန်ကုန်၊ Wisdom house

တာရာ၊ ဒဂုန်။ (၁၉၇၀)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု*** ၊ ဒုကြိမ်၊ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။

တက်တိုး၊ (၁၉၆၅)။ ***ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ရှင်းပြချက်***၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

တင်အောင်၊ ဇန်းမော်။ (၂၁၀၇)၊ ***ဝတ္ထုတိုပေါင်းချုပ်–၂***၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

နေဝင်း၊ မောင်၊ စီစဉ်သူ။ (ပုံနှိပ်နှစ်မပါ)။ ***မြန်မာဝတ္ထုတိုများ***။ ရန်ကုန်၊ ဒဂုံစာပုံနှိပ်တိုက်။

မင်းရှင်၊ (၂၀၁၂)။ **လမ်းပေါ်မှာ**၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သော်တာဆွေ၊ (၂၀၁၁)။ ***ဤလောကမြေမဟီဝယ်*** ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Grabo, Card.H. (2012). ***Art of the short story***, Chicago, Forgoten Books.

Myers, Walter, (1913). ***Effect and method in the short story***, Univesity of Iowa.

# ဂျာနယ်ကျော်ဦးချစ်မောင်၏ အယ်ဒီတာ့အာဘော်

မင်းမော်သန့် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စစ်ကြိုခေတ် ဂျာနယ်ကျော်ဂျာနယ်မှ အယ်ဒီတာ့အာဘော်များကို လေ့လာထားသည့် စာတမ်း ဖြစ်ပါသည်။ ကိုလိုနီခေတ်တွင် ဂျာနယ်ကျော်သည် ထင်ရှားသော ဂျာနယ်တစ်စောင် ဖြစ်ပါသည်။ ဂျာနယ်ကျော်သည် ကိုလိုနီခေတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို အယ်ဒီတာ့အာဘော်အခန်းမှ နေ၍ ထောက်ပြဝေဖန်လေ့ ရှိပါသည်။ ဤစာတမ်းတွင် ဂျာနယ်ကျော်၏အယ်ဒီတာ ဖြစ်သော ဂျာနယ်ကျော်ဦးချစ်မောင်၏ အယ်ဒီတာ့အာဘော်များကို အဓိကထား၍ လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရ** – ***အယ်ဒီတာ့အာဘော်၊ ကိုလိုနီ၊ ရှင်းပြခြင်း၊ ထောက်ခံခြင်း၊ ဝေဖန်ခြင်း၊ စည်းရုံးခြင်း။***

## နိဒါန်း

ဤစာတမ်းသည် ကိုလိုနီခေတ်တွင် ထွက်ပေါ်ခဲ့သည့်ဂျာနယ်များမှ ဂျာနယ်ကျော်၏ အယ်ဒီတာ့အာဘော်များကို လေ့လာဆန်းစစ်တင်ပြထားသည့် စာတမ်း ဖြစ်ပါသည်။ ဤသို့ လေ့လာတင်ပြရာတွင် ကိုလိုနီခေတ်နှောင်းတွင် ဖြစ်ပျက်နေသော မြန်မာ့နိုင်ငံရေးအခြေအနေများကို ဂျာနယ်ကျော်အယ်ဒီတာချုပ် ဦးချစ်မောင်က အယ်ဒီတာ့အာဘော်အခန်းမှ ထောက်ပြဝေဖန်ထားသည်များကို လေ့လာတင်ပြထားပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်၏ မြန်မာနိုင်ငံအပေါ် ထားရှိသော စေတနာကို ဤစာတမ်းတွင် ဦးစားပေးလေ့လာထားပါသည်။ လေ့လာတင်ပြရာတွင် မြန်မာစကားပြေအရေးအသား ရှုထောင့်မှ တင်ပြပါမည်။ ထို့ကြောင့် ကျွန်တော်၏စာတမ်းသည် မြန်မာစာပေလေ့လာမှုကို ဖြည့်ဆည်းပေးနိုင်မည်ဟု ထင်မြင်မိပါသည်။

## ၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိ

ဦးချစ်မောင်ကို သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၌ အဖဦးမြ၊ အမိဒေါ်စောယုတို့မှ မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ် ပြာသိုလဆန်း (၁၃)ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ ငယ်စဉ်က လက်ပန်တန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် စာသင်သည်။ ဆယ်တန်းစာမေးပွဲကိုအောင်မြင်ပြီး မြန်မာ့အလင်းသတင်းစာတွင် ဝင်ရောက်လုပ်ကိုင်သည်။

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

ဦးချစ်မောင်၏ ကြိုးစားမှုကြောင့် အယ်ဒီတာချုပ် ဖြစ်လာခဲ့သည်။ ၁၉၃၉ တွင် မြန်မာ့အလင်းအယ်ဒီတာချုပ်အဖြစ်မှ နှုတ်ထွက်ပြီး ဂျာနယ်ကျော်ကို ထုတ်ဝေသည်။ ဂျာနယ်ကျော်ကိုထုတ်ဝေရင်း ရွှေလင်းယုန် ဟူသော ကလောင်အမည်ဖြင့် နိုင်ငံရေး ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများ ရေးသားသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဦးချစ်မောင်သည် ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းများ၌ ပါဝင်သည်။

ဂျပန်များလက်နက်ချပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလ ဗဟိုဦးစီးအဖွဲ့တွင် ပါဝင်ကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံစာရေးဆရာများအသင်း 'ဥက္ကဋ္ဌ' အဖြစ်လည်း ဆောင်ရွက်သည်။ သက္ကရာဇ် ၁၃၀၇ ခုနှစ်တွင် ဆီးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သည်။ ဦးချစ်မောင်၏ဇနီးမှာ ဂျာနယ်ကျော်မမလေး ဖြစ်သည်။

## ၂။ သတင်းစာဂျာနယ်ဟူသည်

သတင်းစာဟူသည်မှာ 'ပြည်တွင်းပြည်ပသတင်းများကို အများအားဖြင့် နေ့စဉ် ပုံနှိပ်ထုတ်ဝေသော စာစောင်'[၁] ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် နေ့စဉ်ဖြစ်ပျက်နေသည့် အကြောင်းအရာများကို နိုင်ငံသားများ သိရှိစေရန် ထုတ်ဝေသည့် စာစောင် ဖြစ်သည်။ ဂျာနယ်ဟူသည် အင်္ဂလိပ်ဘာသာစကား 'journal' ကို အသံဖလှယ်ကာ မွေးစားထားသော စကားလုံး ဖြစ်သည်။ တစ်ပတ် တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် စသည်ဖြင့် ထုတ်ဝေသော စာစောင် ဖြစ်သည်။ ဆရာဦးဝန်၏ တက္ကသိုလ်မြန်မာအဘိဓာန်တွင် 'များသောအားဖြင့် ခုနစ်ရက်တစ်ပတ်တွင် တစ်ကြိမ်ကျ ထုတ်ဝေသော စာစောင်' ဟု ဖွင့်ဆိုထားပါသည်။

စာနယ်ဇင်းသမိုင်းတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဟူသော ဝေါဟာရကို အရောရောအထွေးထွေး သုံးစွဲကြပါသည်။ ဦးခင်မောင်ထွန်း၏ မြန်မာဂျာနယ်သမိုင်းတွင်–

> "၁၉၁၇ ခုနှစ် မတ်လ၌ သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ
> မဟာဗောဓိသတင်းစာက သူရိယမဂ္ဂဇင်းသတင်းစာဟု ရေးသည်။
> ၁၉၁၉ ခုနှစ်၌ စတင်ထုတ်ဝေသော မြန်မာ့ဗျူဟာဂျာနယ်သည်
> အတွင်းစာမျက်နှာခေါင်းစီးတိုင်း၌ ဂျာနယ်ဟူ၍ ဖော်ပြသော်လည်း
> အယ်ဒီတာ့မှတ်ချက်များတွင် မဂ္ဂဇင်းဟူ၍ ရံဖန်ရံခါ ရေးသည်။
> ၁၉၂၁ ခုနှစ် ဧပြီလထုတ် ဓမ္မဒေသနာတော်တရားသတင်းစာကို

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၃၆၁။

> အင်္ဂလိပ်ဘာသာဖြင့် The Monthly Journal လစဉ် သတင်းစာဂျာနယ်ဟု ဖော်ပြထားသည်။ ၁၉၂၂ ခုနှစ် ဇန်နဝါရီလထုတ် ဒဂုန်မဂ္ဂဇင်း၌ မြန်မာ့အာဇာနည်ဂျာနယ်က ဂျာနယ်ဈေးနှုန်း ပြင်ဆင်ချက် ကြော်ငြာရာတွင် သတင်းစာဂျာနယ် ဟူ၍ ရေးသည်။ ထိုနှစ်ထဲမှာပင် မန္တလေးမှ မြန်မာ့မဏ္ဍိုင်ဂျာနယ် ထုတ်ဝေမည့်အကြောင်း နေပြည်တော်ဂျာနယ်တွင် ကြော်ငြာရာ၌ 'မြန်မာ့မဏ္ဍိုင် (၇)ရက်တစ်ကြိမ် ဂျာနယ်သတင်းစာ' ဟူ၍ ဖော်ပြသည်။ နာမည်ကြီး ဒီးဒုတ်ဂျာနယ်ပင်လျှင် ၁၉၂၉ ခု၊ မတ်လ (၃၀)ရက်နေ့ အထိ အတွင်းမျက်နှာများ၏ခေါင်းစဉ်တွင် ဒီးဒုတ်သတင်းစာဟု ရေးထိုးထားလေသည်။"[၁]

ဤသို့ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာဝေါဟာရများ ရောထွေးနေကြခြင်းမှာ လုပ်ငန်းသဘောချင်းလည်းတူ၊ တင်ပြပုံချင်းလည်းတူ၍ ဖြစ်နိုင်သည်။ နှစ်ပေါင်း (၇၀)ခန့် စောသည့် သတင်းစာဟူသော ဝေါဟာရကို မဂ္ဂဇင်းနှင့်ဂျာနယ် ဟူသော ဝေါဟာရများ အသစ်များက မလွှမ်းမိုးနိုင်၍လည်း ဖြစ်နိုင်သည်။ စီးပွားရေးအခြေအနေအရ ဂျာနယ်မှမဂ္ဂဇင်း၊ မဂ္ဂဇင်းမှဂျာနယ် အပြောင်းအလဲလုပ် ထုတ်ဝေရသောကြောင့်လည်း ဖြစ်နိုင်သည်။ ယခုအချိန်ကဲ့သို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဟူ၍ ထုတ်ဝေပုံ တိတိပပ ကွဲပြားခြားနားမှု မရှိသောကြောင့်လည်း ဖြစ်နိုင်သည်။

ယနေ့ခေတ်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဟူသော ဝေါဟာရသည် အသုံးတွင်ကျယ်နေသော ဝေါဟာရ ဖြစ်သည်။ နေ့စဉ်ထုတ်ဝေလျှင် သတင်းစာ၊ အပတ်စဉ်ထုတ်ဝေလျှင် ဂျာနယ်၊ လစဉ်ထုတ်ဝေလျှင် မဂ္ဂဇင်းဟု သတ်မှတ်ထားကြပါသည်။ ဤစာတမ်းတွင် ဂျာနယ် ဟူသည်မှာ တစ်ပတ်တစ်ကြိမ်ထုတ်နှင့် နှစ်ပတ်တစ်ကြိမ်ထုတ် ဂျာနယ်များကို ရည်ညွှန်းပါသည်။

## ၃။ မြန်မာ့ဂျာနယ်သမိုင်း

မြန်မာနိုင်ငံ၏ ပထမဦးဆုံးဂျာနယ်ဖြစ်သော 'မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်' ကို ၁၉၁၁ ခုနှစ် ဇွန်လတွင် စတင်ထွက်ပေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်သည် အင်္ဂလိပ်ဘာသာဖြင့် စတင်ထုတ်ဝေသော ဂျာနယ်ဖြစ်သော်လည်း မြန်မာဘာသာဆောင်းပါးများကို စတင်ဖော်ပြသော ဂျာနယ်ဖြစ်ပါသည်။

---

[၁] ဝန်၊ ဦး၊ ၁၉၆၁၊ ၃၈၀။

မြန်မာဘာသာဖြင့် ပထမဆုံးထုတ်ဝေသည့် ဂျာနယ်မှာ မြန်မာ့ဗျူဟာဂျာနယ် ဖြစ်သည်။ မြန်မာ့ဗျူဟာဂျာနယ်ကို ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက် (၁၂၈၁ ခုနှစ်၊ နတ်တော်လဆုတ် (၇)ရက်) စနေနေ့တွင် စတင်ထုတ်ဝေသည်။ ထိုအချိန်က မြန်မာ မဂ္ဂဇိန်၊ မြန်မာ့အလင်း၊ သူရိယ၊ ပညာ့အလင်း စသော တစ်လတစ်ကြိမ်ထုတ် မဂ္ဂဇင်းများနှင့် နေ့စဉ်ရက်ခြားထုတ် သူရိယ၊ မြန်မာ့အလင်း စသော သတင်းစာများ ထွက်ပေါ်နေကြပြီဖြစ်၏။ သို့သော် တစ်ကြိမ်ထုတ်စာစောင်အနေဖြင့် မြန်မာ့ဗျူဟာမှာ ပထမစာစောင်ဖြစ်သည်ဟု အဆိုရှိသည်။

၁၉၂၀ ခုနှစ် အစောပိုင်းတွင် ပြည်မြို့ အမှတ် ၅၆၊ ကမ်းနားလမ်း၊ ကြည်တော်မှုတိုက်မှ 'ကြည်တော်မှု' စာစောင်ကို ထုတ်သည်။ ထို့နောက် 'မြန်မာ့အာဇာနည်' ဂျာနယ် ထွက်ပေါ်လာပါသည်။ ဆက်လက်ပြီး ဗဟိုရ်စည်ဂျာနယ် ထွက်ပေါ်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် နှစ်ပါးကြည်ဂျာနယ်၊ ဗန္ဓုလဂျာနယ်၊ မြန်မာနိုင်ငံ သမဝါယမဟိတဂျာနယ်၊ ဝရဇိန်ဂျာနယ်၊ လွတ်ငြိမ်းဘွယ်ဂျာနယ်၊ နေပြည်တော် ဂျာနယ်၊ ဟုမ္မရူးဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။

၁၉၂၂ တွင် ရန်ကုန်ဂျာနယ်၊ အောင်ဖေယျဂျာနယ်၊ ရန်ကြီးအောင်ဂျာနယ်၊ မြန်မာ့မဏ္ဍိုင်ဂျာနယ်၊ ဥက္ကပဂျာနယ်၊ မြန်မာ့ရီဗျူးဂျာနယ်များ ထွက်ပေါ်ခဲ့ပါသည်။ ၁၉၂၃ တွင် မြန်မာ့စီးပွားရေး ကြီးပွားရေးဂျာနယ် ထွက်ပေါ်ခဲ့ပါသည်။ ထို့နောက် မြန်မာ့ကြေးမုံဂျာနယ်၊ ဖေယျဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။ ၁၉၂၅ တွင် ဝံသာနုဂေဇတ်ဂျာနယ်၊ ၁၉၂၇ ခုနှစ်တွင် ဖီးကွက်ဂျာနယ်၊ ၁၉၂၈ ခုနှစ်တွင် ရူပံ ဂျာနယ်၊ အလင်းရောင်ဂျာနယ်၊ ဝိဇယဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။ ၁၉၂၉ တွင် တက္ကသိုလ်ဂျာနယ်၊ ၁၉၃၀ တွင် သူရိယရုပ်စုံဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။

၁၉၃၁ တွင် ဘာဏုရာဇာဂျာနယ်ကို ပျဉ်းမနားမြို့တွင် စတင်ထုတ်ဝေ ပါသည်။ ထို့နောက် ခေတ်သစ်ရုပ်စုံဂျာနယ် ထွက်ပေါ်ခဲ့ပါသည်။ ၁၉၃၂ တွင် ဂျိုကာဂျာနယ်၊ ရွှေလမင်းဂျာနယ်၊ ရတနာသီဟဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။ ၁၉၃၃ တွင် ဒေါင်းအပတ်စဉ်ဂျာနယ်၊ လုယဉ်ယဉ်ဂျာနယ်၊ တိုးတက်ရေးဂျာနယ်၊ ခေတ်သစ်ဂျာနယ်၊ ၁၉၃၄ တွင် ပြည်သူ့မျက်လုံးရယ်ရွှင်ဘွယ်ဂျာနယ်၊ ၁၉၃၆ တွင် ဆယ်သန်းဂျာနယ်၊ ဘားမားဂျာနယ်၊ ၁၉၃၉ တွင် ဂျာနယ်ကျော်နှင့် စနေနဂါးနီ ဂျာနယ်၊ ၁၉၄၁ တွင် ရုပ်ပြောင်ဂျာနယ်တို့ ထွက်ပေါ်ခဲ့သည်။

၁၉၄၅၊ ၁၉၄၆ ခုနှစ်တွင် စစ်ကြီးပြီးခါစဖြစ်သောကြောင့် မြန်မာတစ်ပြည်လုံးတွင် ဂျာနယ်များ အလုအယက် ပေါ်ထွက်လာသည်။ ဦးကြီးမောင် ဦးစီးသည့် ခေတ်လူငယ် ဂျာနယ်၊ ဦးချစ်မောင် ဦးစီးသည့် ဂျာနယ်ကျော်၊ သခင်သန်းထွန်း ဦးစီးသည့် လက်ရုံး

ဂျာနယ်၊ ဦးညွန့်ဟန် ဦးစီးသည့် စာမျိုးစုံဂျာနယ်၊ ဆရာယော ဦးစီးသည့် ဧယျ ဂျာနယ်၊ အောင်ဂျာနယ်၊ ဒဂုန်ခင်ခင်လေး ဦးစီးသည့် ယုဝတီဂျာနယ်၊ သတင်းစုံ ဂျာနယ်၊ ရုပ်စုံဂျာနယ်၊ အမျိုးသမီးများ ဦးစီးသည့် ဝိသာခါဂျာနယ်တို့ ထွက်ပေါ်ခဲ့ ပါသည်။

၁၉၄၀ မှ ၁၉၇၀ အတွင်း ထွက်ပေါ်လာသော ဂျာနယ်များမှာ တပ်နီဂျာနယ်၊ ပြည်သူ့သတင်းဂျာနယ်၊ ဦးဘချိုဂျာနယ်၊ တိုင်းရင်းမေဂျာနယ်၊ လူထုဂျာနယ်၊ ချိုတေးသံဂျာနယ်၊ တိုင်းချစ်ဂျာနယ်၊ ဂျိုးဖြူဂျာနယ်၊ ခွပ်ဒေါင်းဂျာနယ်၊ ဂျာနယ်သစ်၊ စသုံးလုံးဂျာနယ်၊ ကလေးဂျာနယ်၊ စစ်ပညာဂျာနယ်၊ ချင်းတွင်းဂျာနယ်၊ တေဇဂျာနယ်၊ ရှုထောင့်ဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။

၁၉၇၂ တွင် လူငယ်ဂျာနယ် ထွက်ပေါ်လာခဲ့ပါသည်။ ထို့နောက် လမ်းစဉ် သတင်းဂျာနယ်၊ ရှေ့သို့ဂျာနယ်၊ လုပ်သားဂျာနယ်၊ တောင်သူလယ်သမားဂျာနယ်၊ ပြည်သူ့ဂျာနယ်၊ အိုးဝေဂျာနယ်၊ ရွှေထူးဂျာနယ်၊ သတင်းဂျာနယ်၊ ယုဝတီဂျာနယ်၊ ရွှေမောင်ဂျာနယ်၊ မှန်နန်းဂျာနယ်၊ တံခွန်နှင့် သက်လုံဂျာနယ်တို့ ထွက်ပေါ်ခဲ့ပါသည်။ မြန်မာဂျာနယ်များသည် ၁၉၉၆ ခုနှစ်ဝန်းကျင်မှစတင်ကာ ပြန်လည်ဖွံ့ဖြိုးလာခဲ့သည်။ နိုင်ငံတကာသတင်းဂျာနယ်၊ ပြည်မြန်မာသတင်းဂျာနယ်တို့ အပါအဝင် ဂျာနယ် ဆယ်စောင်ခန့် ထုတ်ဝေခွင့် ရရှိခဲ့ပါသည်။ ၁၉၉၉ တွင် တရားဝင်မှတ်ပုံတင်ထားသည့် ဂျာနယ် ၅၀ ကျော်အထိ ရှိလာသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဂျာနယ် ၈၁ စောင် ထွက်သည်။ ၂၀၀၂ တွင် ဂျာနယ် ၈၅ စောင်အထိ တိုးတက်လာသည်။ ၂၀၀၃ တွင် ၉၂ စောင်၊ ၂၀၀၄ တွင် ၁၀၇ စောင်၊ ၂၀၀၅ တွင် ၁၂၄ စောင်၊ ၂၀၀၆ တွင် အစောင် ၁၂၀၊ ၂၀၀၇ တွင် ၁၇၆ စောင်၊ ၂၀၀၈ တွင် ၁၉၂ စောင်၊ ၂၀၀၉ တွင် ၁၅၃ စောင် ထုတ်ဝေလျက်ရှိသည်ဟု စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနမှ သိရှိရသည်။[၁]

ယနေ့အချိန်တွင် ၁၃၇ စောင်ခန့် ဆက်လက်ထုတ်ဝေလျက် ရှိပါသည်။ ဂျာနယ်အမျိုးအစားများလည်း စုံလင်လှပါသည်။ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ စီးပွားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတွေးအမြင်၊ ခရီးသွားကဏ္ဍ၊ အားကစား စသည်ဖြင့် အမြောက်အများ ထွက်ရှိနေပါသည်။ အချို့ဂျာနယ်များသည် ဆက်လက်ထုတ်ဝေခြင်း မရှိဘဲ ရပ်ဆိုင်းသွားခဲ့ကြသည်ကိုလည်း တွေ့မြင်ရပေသည်။

---

[၁] သန်းတင်၊ မောင်၊ ၂၀၀၉၊ ၇။

## ၄။ ဂျာနယ်ကျော်သမိုင်း

ဂျာနယ်ကျော်ကို ၁၉၃၉ ခုနှစ်၊ မေလ (၂၇)ရက် (၁၃၀၁ ခုနှစ် နယုန်လဆန်း (၁၀)ရက်) စနေနေ့တွင် ရန်ကုန်မြို့၌ ထုတ်ဝေသည်။ အတွဲ(၁) အမှတ်(၁)တွင် ပိုင်ရှင်မတင်လှိုင်အတွက် မောင်အုန်းမြင့်က ထုတ်ဝေသည်ဟု ဖော်ပြထားပါသည်။ အတွဲ(၁)၊ အမှတ်(၄)မှစ၍ ပိုင်ရှင်ဒေါ်တင်လှိုင်က တည်းဖြတ်ထုတ်ဝေသည်။ အတွဲ(၂)၊ အမှတ်(၅)မှစ၍ အယ်ဒီတာမှာ ဦးချစ်မောင် ဖြစ်လာသည်။ ဦးချစ်မောင်ကိုယ်တိုင် ဤဂျာနယ်ကို လုံးဝဦးစီးလုပ်ပြီဖြစ်ကြောင်း စာမျက်နှာ(၂)တွင် ဖော်ပြထားပါသည်။[၁]

ဂျာနယ်ကျော်၏ အတွဲ(၁)၊ အမှတ်(၁)တွင် ဂျာနယ်ထွက်ပေါ်လာရသည့် အကြောင်းရင်းကို–

> "ယခုအခါ အနောက်နိုင်ငံသားတို့ မဆိုထားဘိ၊ အိန္ဒိယပြည် တွင်ပင် အလွန်လှပသော ဆေးရောင်စုံမျက်နှာဖုံးဖြင့် ရက်သတ္တ တစ်ပတ်လျှင်တစ်ကြိမ်ကျ ထုတ်ဝေသည့် ဂျာနယ်များ ထွက်ပေါ်လျက် များစွာ ခေတ်စားတွင်ကျယ်နေကြပြီဖြစ်ရာ၊ ကျွန်ုပ်တို့မြန်မာပြည် တွင်ကား ဤသည်ဘက်၌ များစွာ ထွန်းကားသည်ဟူ၍ မရှိ သဖြင့် အနောက်နိုင်ငံများမှ ထုတ်ဝေသော ဂျာနယ်များ၏ အဆင့်အတန်းကို မီအောင် ဤဂျာနယ်ကို စီစဉ်ထုတ်ဝေလိုက် ရခြင်း ဖြစ်သည်။
>
> ယင်းသို့ စီစဉ်ထုတ်ဝေရာတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မြန်မာပြည်အရပ်ရပ်၌ ဖြစ်ပွားလျက်ရှိသော အရေးကိစ္စဟူသမျှကို ပြည်ပိုင်အစိုးရတို့ အရေးမယူလျှင် မဖြစ်သော အခြေအနေသို့ ရောက်အောင် ပြင်းပြင်းထန်ထန် ရေးသားဖော်ညွှန်းတိုက်တွန်း နှိုးဆော်ခြင်း၊ နယ်သူနယ်သားများအား အရေးတစ်စုံတစ်ရာ ပေါ်ပေါက်လာသော် မည်သို့အကြံဉာဏ်ထုတ် အလုပ်လုပ်ရမည်ကို ထိရောက်သော အကြံဉာဏ်များပေး၍ ရေးသားလမ်းညွှန်ခြင်း၊ အခြားရေးရန်ရှိသမျှကို မျက်နှာမထောက်၊ မကြောက်မညှာ၊ ချမ်းသာမပေး အမှန်အတိုင်းရေးခြင်းတို့ကို ပြုလုပ်ရန်ပင် ဖြစ်ပေ သည်။

---

[၁] ခင်မောင်ထွန်း၊ ဦး၊ ၁၉၇၄၊ ၂၁၁။

> ဤသို့ပြုလုပ်ရာ၌ ကျွန်ုပ်တို့သည် ချောက်သော်လည်း မကြောက်၊ လှန့်သော်လည်း မလန့်၊ သွေးဆောင်ဖြားယောင်းသော်လည်း မယောင်မှားဘဲ တိုင်းပြည်အပေါ်၌ သတင်းစာ၊ ဂျာနယ်တို့က ထားရှိအပ်သော တာဝန်ဝတ္တရားများကို အမြဲမသွေ စောင့်ထိန်း သွားရမည် ဖြစ်ပေသည်။"[၁]

ဟု ဖော်ပြထားပါသည်။ ဂျာနယ်ကျော်သည် သူ၏မူဝါဒအတိုင်း အဖက်ဖက်မှ ပြည့်စုံကောင်းမွန်အောင် ကြိုးပမ်းထားပါသည်။

ဂျာနယ်ကျော်တွင် ကာတွန်းဆရာဦးဘဂျမ်း၏ 'ဒါတွေဟာ အမျိုးသားရေးလား' ဟူသော ကာတွန်းများဖြင့် သရော်ကွက်များ၊ နယ်သတင်းများအဖြစ် 'နယ်များ၌ မည်သို့သော ပြည်သူ့အသံအခန်းကို 'ဤအချက်များကို မကျေနပ်နိုင်' ဟု ရဲရဲဝံ့ဝံ့ တင်ပြသည်။ ထို့အပြင် 'မေးစမ်းပါရစေ'၊ 'အချေအတင်' အခန်းတွင် တစ်ဦးနှင့် တစ်ဦး အမြင်မတူသည်ကို အပြန်အလှန် ရေးသားကြသည့် အခန်းတို့ ပါဝင်ပါသည်။ ကမ္ဘာ့သတင်းများနှင့် ဆရာဇဝန၏ ဦးလေးပြောမယ်အခန်းတို့ကိုလည်း လူအများက ကြိုက်နှစ်သက်ကြပါသည်။

ဂျာနယ်ကျော်သည် ၁၉၃၉ တွင် ပေါ်ပေါက်လာပြီး ၁၉၄၂ တွင် ပိတ်ထားခဲ့ရသည်။ ဂျပန်ခေတ်ဖြစ်သောကြောင့် ဂျပန်များက ချုပ်ချယ်သဖြင့်လည်းကောင်း၊ လွတ်လပ်စွာ ရေးသားခွင့်မရသည်က တစ်ကြောင်းတို့ကြောင့် သုံးနှစ်ခန့် ပိတ်ထားခဲ့ရပါသည်။ ထို့နောက် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့တွင် ပြန်လည်ထွက်လာနိုင်ပါသည်။

## ၅။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အယ်ဒီတာ့အာဘော် အကြောင်းအရာပိုင်း

အယ်ဒီတာ့အာဘော်များကို လေ့လာကြည့်လျှင် ပုံစံအမျိုးမျိုးဖြင့် ရေးသားကြသော်လည်း ခြုံငုံ၍ဖော်ပြရလျှင် အစိတ်အပိုင်းလေးခု ပါဝင်သည်ကို တွေ့ရှိရပါသည်။

၁။ ရှင်းပြခြင်း

၂။ ထောက်ခံခြင်း

၃။ ဝေဖန်ခြင်း

၄။ စည်းရုံးခြင်း

တို့ ဖြစ်ပါသည်။

---

[၁] ဂျာနယ်ကျော်၊ ၁၉၃၉၊ မေ(၂၇)၊ ၃။

## ၅၊ ၁။ ရှင်းပြခြင်း

ကိုလိုနီလက်အောက်သို့ ကျရောက်နေသော မြန်မာပြည်သူပြည်သားများအတွက် ခေတ်အခြေအနေကို သိရှိစေရန်အတွက်လည်းကောင်း၊ ရင်ဆိုင်လာရမည့် အခြေအနေတို့ သိရှိစေရန်အတွက်လည်းကောင်း ဂျာနယ်၏ အယ်ဒီတာ့အာဘော်ခန်းမှ ရှင်းလင်း တင်ပြလေ့ ရှိပါသည်။

မြန်မာလူမျိုးတို့သည် မိမိတို့၏အဝတ်အစားများကို ရက်ကန်းစင်များမှ ထုတ်လုပ်ကြသည်။ ထိုသို့ ထုတ်လုပ်ကြသော်လည်း ရက်ကန်းခတ်ရန်အတွက် လိုအပ်သော ချည်ခင်များကို ထုတ်လုပ်နိုင်ခြင်း မရှိပေ။ ထိုဝါဂွမ်းများကို မြန်မာနိုင်ငံတွင်း၌ စိုက်ပျိုးကြသည်။ မြန်မာလယ်ယာမှ စိုက်ပျိုးပြီးသောဝါဂွမ်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ကြသည်။ ထိုဝါဂွမ်းများသည် ချည်ခင်များအဖြစ် မြန်မာနိုင်ငံသို့ ပြန်လည် တင်သွင်းလာသည်။ ထို့ကြောင့် မြန်မာ့ဝါဂွမ်းများကို ချည်ခင်များဖြစ်အောင် ပြည်တွင်း၌သာ ကြိုးစားသင့်ကြောင်း ရှင်းပြထားသည်မှာ–

> "မြန်မာပြည်မှ ဝါဂွမ်းများကို နိုင်ငံခြားများသို့ ဤမျှလောက် တင်ပို့နေနိုင်ပါလျက် မြန်မာပြည်တွင် လုံလောက်အောင် ချည်ခင် မဖြစ်နိုင်ခြင်းသည် နစ်နာဖွယ်ဖြစ်နေသောကြောင့် မြန်မာပြည်၏ စီးပွားရေးအတွက် တိုင်းရင်းသားဖြစ် ချည်ထည်လုပ်ငန်းကို အားပေး၍နေကြကုန်သော ဝံသာနုအပေါင်းတို့သည် မြန်မာပြည် ချည်ခင်ဖြစ်မြောက်စေရန် ကြိုးစားအားထုတ်သင့်ကြပေကြောင်း ကျွန်ုပ်တို့က အကြံဉာဏ်ပေးလိုက်ရအပ်သတည်း"[၁]

ဟူ၍ ဂျာနယ်ကျော်ဦးချစ်မောင်က အယ်ဒီတာ့အာဘော်အခန်းမှ မြန်မာပြည်တွင် 'ချည်ခင် လုံလောက်အောင် ကြိုးစားသင့်ခြင်း' ဟူသော ခေါင်းစဉ်ဖြင့် ရှင်းပြထား ပါသည်။

မြန်မာနိုင်ငံသည် ၁၈၈၅–၈၆ ခုနှစ်တွင် ကိုလိုနီဘဝသို့ သက်ဆင်းခဲ့ရသည်။ ထိုအချိန်က မြန်မာနိုင်ငံသည် အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် အုပ်ချုပ်ခြင်းကို ခံရသည်။ ၁၉၃၇ တွင် အိန္ဒိယနှင့် မြန်မာကို သီးခြားအုပ်ချုပ်ခဲ့ကြပါသည်။ ထိုအခါ အခက်အခဲများစွာ တွေ့ရှိရပါသည်။ ပို့ကုန်သွင်းကုန်ကိစ္စ၊ လူဝင်လူထွက်ကိစ္စတို့တွင် မြန်မာနှင့် အိန္ဒိယတို့ သဘောထားကွဲပြားကြပါသည်။ ထိုသို့ ကွဲပြားကြသည်မှာ အကျိုးမရှိကြောင်းကို–

---

[၁] ဂျာနယ်ကျော်၊ ၁–၇–၁၉၃၉၊ စာ ၃။

"ဥပမာအားဖြင့် ဖော်ပြရမည်ဆိုလျှင် မြန်မာပြည်လူဝင်လူထွက်ကို ကန့်သတ်လျှင် မြန်မာဆန်ကို အိန္ဒိယက မဝယ်ယူဘဲနေရမည်ဟု အိန္ဒိယပြည်၌ ရေးသားပြောဆိုနေကြ၏။ ထိုကဲ့သို့ မြန်မာဆန်ကို အိန္ဒိယပြည်က မဝယ်လျှင် အိန္ဒိယပြည်က ချည်ထည်တို့ကို သပိတ်မှောက်ရလိမ့်မည်ဟု မြန်မာပြည်၌လည်း တုံ့ပြန်ရေးသား ပြောဆိုနေကြ၏။

စစ်စင်အားဖြင့် အိန္ဒိယပြည်သည်လည်းကောင်း၊ မြန်မာပြည်သည် လည်းကောင်း ကျွန်ဘဝ၌နေရသော လက်အောက်ခံတိုင်းပြည်များ ဖြစ်ရာ ထိုကဲ့သို့ မသင့်တင့်သော ရန်စကားမျိုးကို ပြောဆို ရေးသားနေကြခြင်းအားဖြင့်လည်းကောင်း နှစ်ဦးနှစ်ဖက်စလုံး၏ ကျွန်သက်ရှည်စေရန်မှတစ်ပါး အခြားအကျိုးခံစားခွင့် မရှိသော စကားများဖြစ်ကြောင်းကို အထူးသတိပြုကြရန် သင့်လေသည်။"[၁]

ဟု အကျိုးသင့်အကြောင်းသင့် ရှင်းပြထားပါသည်။ အိန္ဒိယမှ ခွဲထွက်ခဲ့ရသဖြင့် ကျွန်နိုင်ငံ အချင်းချင်း စိတ်ဝမ်းကွဲပြားပါက အကျိုးမရှိကြောင်းကို 'မြန်မာပြည်နှင့် အိန္ဒိယဆက်ဆံရေး သဘောထားကြီးစွာထားလျက် စဉ်းစားရန်' ခေါင်းစဉ်ဖြင့် ဂျာနယ်ကျော်ဦးချစ်မောင်က ရေးသားခဲ့ခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ မှ ၁၉၄၅ အထိ ဖြစ်ပွားခဲ့ပါသည်။ ကမ္ဘာ့ နိုင်ငံအသီးသီးသည် အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်ဆီးခဲ့ရသည်။ စစ်ပွဲ အနိုင်ရရှိသော နိုင်ငံများ၊ စစ်ဒဏ်ခံစားခဲ့ရသော နိုင်ငံများတွင် စားနပ်ရိက္ခာ ရှားပါးခြင်းနှင့် ကြုံတွေ့ရသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း ထိုအခက်အခဲနှင့် ရင်ဆိုင်ရပေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သောကြောင့် ဖြစ်ပေါ် နေသည့် အခက်အခဲကို ဖြေရှင်းနိုင်ရန်–

"စပါးကို စွန့်စွန့်စားစား ဆင်းဆင်းရဲရဲ စိုက်ပျိုးသူများအား လယ်ရှင်တို့ထံမှ ကာကွယ်၍မပေးချေ။ လယ်ရှင်တို့မှာလည်း လယ်ခွန် ပေးရမည်အကြောင်း မကင်းလွတ်ချေ။ သို့သော် ဖေဖော်ဝါရီလ (၁၅)ရက်နေ့က ကျင်းပသော ဘုရင်ခံစက္ကူဖြူအစည်းအဝေးက လယ်ခွန်များ ချမ်းသာပေးရန်နှင့် လယ်ခွန်များ လျှော့ပေါ့ရန် အတွက် အခွန်တော်အရာရှိများအား အခွင့်အာဏာများကို

---

[၁] ဂျာနယ်ကျော်၊ ၈–၇–၁၉၃၉၊ ၃။

> ရက်ရက်ရောရောသုံးဖို့ ညွှန်ကြားရန် ဆုံးဖြတ်သည်ဟု သိရလေသည်။ ထိုသို့ဆုံးဖြတ်ချက်သည် မလုံလောက်ချေ။ သီးစားခမပေးရေး၊ လယ်ခွန်မကောက်ရေး အောက်ကျယုတ်လျော့သောအစီအမံက မည်သည့်အစီအမံမျှ ဟန်ကျလုံလောက်မည်မဟုတ်ပေ။ လယ်သမားတို့အား စွမ်းအားရှိသမျှ စိုက်ပျိုးလုပ်ကိုင်စေခြင်း၊ ထိုသို့ စိုက်ပျိုးလုပ်ကိုင်စေရန် တတ်နိုင်သမျှ အဖက်ဖက်ကကူပံ့ခြင်း၊ ကျွဲနွားများကို နိုင်ငံခြားမှတင်သွင်းခြင်း၊ ဓာတ်ဖြင့်မြန်မာပြည်တွင်ပင် ဖောက်ခြင်း၊ ထွန်ယက်ကိရိယာများ အမြန်တင်သွင်းခြင်းတို့ကို ပြုလုပ်ပေးမှသာ သက်သာချောင်ချိခွင့်ရကြမည်ဖြစ်ရာ အမေရိကန်၊ အင်္ဂလန် စသော နိုင်ငံကြီးများကလည်း လိုသလောက် စက်မှုကရိယာ အကူအညီကိုပေးပါတော့မည်”[၁]

ဟု ဂျာနယ်ကျော်ဦးချစ်မောင်က ‘ငတ်မွတ်ခေါင်းပါးမည့် ဘေးကြီးကို သက်သာစေနိုင်သော နည်း” ဟူသော ခေါင်းစဉ်ဖြင့် ရှင်းပြထားပါသည်။

## ၅၊ ၂။ ထောက်ခံခြင်း

သတင်းစာဂျာနယ်များသည် မိမိတို့မှန်သည်ထင်သော အယူအဆများကိုထောက်ခံရေးသားလေ့ ရှိသည်။ အစိုးရ၏ လုပ်ဆောင်ချက်ဖြစ်စေ၊ အစိုးရနှင့်မသက်ဆိုင်သည့် အဖွဲ့အစည်းဖြစ်စေ၊ လူမှုအကျိုးပြုလုပ်ငန်းတစ်ခုခုဖြစ်စေ မှန်ကန်သောလုပ်ရပ်ဖြစ်ပါက အယ်ဒီတာ့အာဘော်မှ ထောက်ခံရေးသားကြပါသည်။ ဆရာကြီးဦးချစ်မောင်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို အမြဲတမ်းထောက်ခံရေးသားလေ့ရှိပါသည်။

၁၉၃၉ တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာပါသည်။ ထိုအခါ မြန်မာ့လွတ်လပ်ရေးအတွက် လူတန်းစားအသီးသီးက လှုပ်ရှားလာကြသည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများ ညီညွတ်လာကြသည်။ အထူးသဖြင့် မြန်မာကျောင်းသားတို့သည် ပို၍နိုးကြားလာကြသည်။ ကျောင်းသားများလည်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို လုပ်ဆောင်သည်ကို–

[၁] ဂျာနယ်ကျော်၊ ၂၃–၂–၁၉၄၆၊ ၂။

> "ဥက္ကဋ္ဌက ကျောင်းသားတစ်စုမှာ စာသင်ခန်း၏ လေးဖက်သော နံရံအတွင်း၌ အေးဆေးစွာနေထိုင်နိုင်ခွင့် မရတော့ကြောင်း၊ သခင် ဘဝသို့ရောက်ရန်မှာ မိမိတို့၏တာဝန်ဖြစ်ကြောင်း၊ ကျောင်းသား များကသာ လွတ်လပ်ရေးရရန် ရှေ့ဆောင်၍ လုပ်ကိုင်ကြရပေမည် ဖြစ်ကြောင်း၊ မြန်မာကျောင်းသားတို့သည် မြန်မာ့လွတ်လပ်ရေး အတွက် မြန်မာပြည်၏ရာဇဝင်အသစ်တွင် စာတင်နိုင်ရန် ကြိုးစား ရမည်ဖြစ်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးလုပ်ငန်းတွင် ကျောင်းသား ချည်းနှင့်လည်း မပြီး၊ မြန်မာတိုင်း မြန်မာတိုင်း ပုခက်တွင်း ကလေးသူငယ်မှစ၍ အဘိုးအိုကြီးများအထိ လူတိုင်းစေ့ လူတိုင်းစေ့ ပါဝင်ဆင်နွှဲကြမှသာလျှင် ဖြစ်နိုင်ကြောင်း၊ ရှေ့ဆောင်ပြုအပ်သော မိမိတို့ကျောင်းသားသည် ယခုအချိန်မှစ၍ တောနယ်များသို့ အခါအခွင့်သင့်တိုင်း လှည့်လည်ပြီးလျှင် မိမိတို့ မြန်မာသွေးချင်း သားချင်းတို့အား လွတ်လပ်ရေး လိုချင်အောင် နည်းလမ်းများ ပြောကြား၍"[၁]

ဟု ထောက်ခံရေးသားခဲ့ပါသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကျောင်းသားများ ပါဝင်လှုပ်ရှားရန် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ၏ ဟောပြောချက်ကို ထောက်ခံရင်း မြန်မာ့လွတ်လပ်ရေးအတွက် နိုးကြားမှုရှိစေရန် 'အထူးကျင်းပသည့် ကျောင်းသား လွှတ်တော်' ခေါင်းစဉ်ဖြင့် ထောက်ခံရေးသားထားပါသည်။

၁၉၄၅ ခု၊ မတ်လ(၁၃၀၆ ခု၊ တပေါင်းလ)တွင် မြန်မာတစ်မျိုးသားလုံးသည် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ခဲ့ပါသည်။ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရာတွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူတစ်ရပ်လုံး ပါဝင်ခဲ့ပါသည်။ တိုင်းသူပြည်သားတို့၏ စည်းလုံးညီညွတ်မှုကြောင့် ဖက်ဆစ်ဂျပန်တို့ကို အနိုင်ယူခဲ့ပါသည်။ ထိုသို့ အနိုင်ရရှိသည့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ထောက်ခံသည့်အနေဖြင့်–

> "မြန်မာများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရမှသာလျှင် ကိုယ့်တိုင်းခွင် စည်ပင်ရေး၊ ကိုယ့်အိုးကိုယ့်အိမ် သာယာရေး၊ ကိုယ့်လူမျိုး ဝပြောရေးကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်ကြမည် ဖြစ်လေ သည်။ တစ်ဆင့်ခံအာဏာများကို နို့သက်ခံစို့၍ လုပ်ကိုင်နေ ရသမျှ မြန်မာများ ရသင့်ရအပ်သော တရားသဖြင့် ရထိုက်ရခွင့် များကို ရကြလိမ့်မည် မဟုတ်ပေ။ ဖ–ဆ–ပ–လ သည် တကယ့်

---

[၁] ဂျာနယ်ကျော်၊ ၂၈–၁၂–၁၉၄၁။

> ကိုယ်ပိုင်အုပ်ချုပ်ရေးရဖို့ လုံးပန်းနေသော အဖွဲ့ဖြစ်၍ ကျန်အဖွဲ့များမှာ နို့သက်ခံစို့နေသော ဝါဒသမားများဖြစ်ရာ မြန်မာပြည်ကြီးတစ်ပြည်လုံး အတောင်အလက် ပြည့်ပြည့်စုံစုံနှင့် ပြန်လည်ထူထောင်ရန် တပေါင်းစိတ်ဓာတ် လိုအပ်နေရာ၌ မည်သူ့ကိုသာလျှင် အားပေးသင့်သည့်အကြောင်း တိုင်းပြည်က ကောင်းကောင်းကြီး စိတ်ပိုင်းဖြတ်ပြီးပြီဟု ယုံကြည်မျှော်လင့်ပေတော့သတည်း"[၁]

ဟု ထောက်ခံရေးသားခဲ့ပါသည်။ မြန်မာပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်ကြရန် အတွက် 'မြန်မာများ၏ တပေါင်းစိတ်ဓာတ်' ဟူသော ခေါင်းစဉ်ဖြင့် ထောက်ခံရေးသားခဲ့ပါသည်။

၁၉၄၅ တွင် ဒုတိယကမ္ဘာစစ်ပြီးနောက် အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံကို ပြန်လည်အုပ်ချုပ်ပါသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလိုသဖြင့် စက္ကူဖြူစီမံကိန်းဖြင့် ဆက်လက်အုပ်ချုပ်လိုကြပါသည်။ ထို့ကြောင့် အင်္ဂလိပ်ဘုရင်ခံက စက္ကူဖြူစီမံကိန်းအကြောင်းကို အကျယ်မိန့်ခွန်းပြောကြားပါသည်။ ထိုမိန့်ခွန်းကို မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မဖတ်ဘဲ ဆန့်ကျင်ပါသည်။ ထိုအချက်ကို–

> "ထိုမိန့်ခွန်းမှာ နေ့စဉ်သတင်းစာတစ်စောင်က ရေးသားဖော်ပြလိုက်သကဲ့သို့ ထွေထွေထူးထူး မဟုတ်ဘဲ၊ စက္ကူဖြူစာတမ်း၏ အဖွင့်ဋီကာမျှသာ ဖြစ်နေချေတော့သည်။ သို့ဖြစ်ရာ ယခင်အပတ်က ကျွန်ုပ်တို့ ဝေဖန်ချမှတ်ခဲ့ပြီးဖြစ်သည့် သဘောအရနှင့်အညီသော်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ဘုရင်ခံ၏ မိန့်ခွန်းကို ကောင်းစွာဖတ်၍ပင်မကြည့်၊ ကြက်ဥပြုတ်အပုပ်ကို အခွံခွာသော်လည်း အပုပ်မှန်းသိပြီးဖြစ်၍ စားဖို့မလိုသကဲ့သို့ ဖတ်ဖို့လည်း မလိုကြောင်း ပြောသော သဘောနှင့်အညီသော်လည်းကောင်း၊ ကျွန်ုပ်တို့သည် ထူးထူးထွေထွေ ဝေဖန်နေဖွယ်ရာပင် မလိုတော့ဟု ထင်မြင်ယူဆမိသည့်အလျောက် ဤခေါင်းကြီးပိုင်းမှနေ၍ ဝေဖန်ခြင်း မပြုလိုတော့ပေ။"[၂]

ဟု ထောက်ခံရေးသားခဲ့ပါသည်။ ဘုရင်ခံ၏မိန့်ခွန်းကို ဆန့်ကျင်သော ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ရပ်ကို ဂျာနယ်ကျော်ဦးချစ်မောင်က ထောက်ခံခဲ့ပါသည်။

---

[၁] ဂျာနယ်ကျော်၊ ၁၆–၃–၁၉၄၆၊ ၂။

[၂] ဂျာနယ်ကျော်၊ ၁၆–၃–၁၉၄၆၊ ၂။

## ၅၊ ၃။ ဝေဖန်ခြင်း

ကိုလိုနီခေတ် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်ပတ်သက်သည့် ဖြစ်ရပ်များတွင် အစိုးရ၏ လုပ်ဆောင်မှုများကိုလည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်က သော်လည်းကောင်း၊ ပြည်သူ့အဖွဲ့အစည်းများကသော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်မှု များကို ဝေဖန်ရေးသားခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ပြည်သူလူထုနှင့် နယ်ချဲ့ အစိုးရတို့ ထိပ်တိုက်တွေ့ဆုံသည့်အခါတွင် ပြင်းပြင်းထန်ထန် ဝေဖန်လေ့ ရှိပါသည်။

ကိုလိုနီခေတ်တွင် ဗြိတိသျှအစိုးရသည် နိုင်ငံခြားသားအလုပ်သမားများကို ဈေးပေါပေါဖြင့် တင်သွင်းလာခဲ့သည်။ မြန်မာအလုပ်သမားတို့နေရာတွင် နိုင်ငံခြားသား အလုပ်သမားများကို စေခိုင်းခဲ့သည်။ အလုပ်ရှင်ကလည်း နိုင်ငံခြားသား ဖြစ်သည်။ အလုပ်သမားကလည်း နိုင်ငံခြားသားများ ဖြစ်ကြသည်။ ထိုအခါ တိုင်းရင်းသား မြန်မာအလုပ်သမားများအတွက် အခက်တွေ့ရသည်။ တိုင်းရင်းသားအလုပ်သမား များနှင့် နိုင်ငံခြားသားအလုပ်သမားများကို တန်းတူဆက်ဆံခြင်း ခံရသောအခါ တိုင်းရင်းသားများက မကျေနပ်ပေ။ ထိုသို့ မကျေနပ်သည်ကို ဂျာနယ်ကျော်က–

> "မြန်မာပြည်၏ မျက်မြင်ဒိဋ္ဌ အဖြစ်အပျက်တို့ကို အမှန်သဘော အတိုင်း စဉ်းစားကြည့်သောအခါ နိုင်ငံခြားနေရှင်တို့၏ဘေးအန္တရာယ် အတွက် အလွန်စိုးရိမ်နေရသကဲ့သို့ နိုင်ငံခြားအလုပ်သမားများ ဘေးအန္တရာယ်အတွက်လည်း စိုးရိမ်နေရသော အခြင်းအရာများကို ထင်ရှားစွာ သိမြင်ရလိမ့်မည် ဖြစ်ပေသည်။
>
> မြန်မာပြည်၌ နိုင်ငံခြားသားအလုပ်သမားများ၏ ဘေးအန္တရာယ်သည် အချို့သောနေရာများ၌ နိုင်ငံခြားသားနေရှင်တို့၏ ဘေးအန္တရာယ် ထက်ပင် ပိုမို၍ ကြောက်မက်ဖွယ်ကောင်းလှသည်ဟု ဆိုသင့် လေသည်။
>
> အထူးသဖြင့် မြန်မာပြည်တွင် အလုပ်သမားပြဿနာသည် လူဝင် လူထွက် ပြဿနာနှင့် တိုက်ရိုက်ဆက်သွယ်လျက် ရှိသဖြင့် တိုင်းရင်းသား အလုပ်သမားနှင့် တိုင်းတစ်ပါးအလုပ်သမား ဟူ၍ မခွဲခြားဘဲ မနေနိုင်ပေကြောင်း"[၁]

ဟူ၍ အိန္ဒိယပြည်မှ အလုပ်သမားခေါင်းဆောင် ရမ်းဂါးကို ဝေဖန်သည်။ ရမ်းဂါးက အလုပ်သမားများ တန်းတူအခွင့်အရေးရန် တောင်းဆိုခြင်းဖြစ်သည်ကို ဂျာနယ်ကျော်

[၁] ဂျာနယ်ကျော်၊ ၂၈–၇–၁၉၃၈၊ ၃။

ဦးချစ်မောင်က 'တိုင်းရင်းသားနှင့် တိုင်းတစ်ပါးသား ခွဲခြားရန်' ဟု ထောက်ပြဝေဖန်ထားပါသည်။ မြန်မာတိုင်းရင်းသား အလုပ်သမားများအပေါ် ထားရှိသော ဦးချစ်မောင်၏ စေတနာမှာ လေးစားစရာကောင်းပါသည်။

မြန်မာနိုင်ငံတွင် အချို့သောဒေသများ၌ နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိပါသည်။ ရေဘေးအန္တရာယ်ကြောင့် အသွားအလာခက်ခဲကာ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာသဖြင့် ကုန်ဈေးနှုန်းကြီးမားလျက် ရှိသည်။ ရေဘေးအန္တရာယ်ကျရောက်သဖြင့် အခက်အခဲဖြစ်ရပုံကို–

> "မြန်မာပြည်၌ နှစ်စဉ် ရေကြီးလျက်ရှိနေသော ပြဿနာနှင့်ပတ်သက်၍ စဉ်းစားရန် အချက်တစ်ခုမှာကား မြန်မာပြည်မီးရထားလမ်းနှင့်အလားတူ တောင်နှင့်မြောက်သို့ ဖောက်လုပ်ထားသော ရန်ကုန်–မန္တလေး မော်တော်ကားလမ်းမကြီး ဖောက်လုပ်ထားခြင်းကြောင့် မြေနိမ့်ရာ အရပ်ဒေသများ၌ ရေဘေးအန္တရာယ်ဖြစ်ရသည် ဟူ၍လည်း ထင်မြင်ဖွယ် ရှိပေ၏။
>
> ၎င်းမော်တော်ကားလမ်းကြီးနှင့်တကွ မြန်မာပြည်မီးရထားလမ်းများ၌ ဖောက်လုပ်ထားလျက်ရှိသော ချောင်းကူးတံတားများသည် အများအားဖြင့် သေးငယ်ကျဉ်းမြောင်းလျက်၊ မိုးတွင်းအခါ၌ ၎င်းနေရာများ၌ ရေသွားမမှန်ဘဲ အနီးအနားပတ်ဝန်းကျင်၌ ရေလျှံနေသည်ကို မကြာခဏ တွေ့မြင်ကြရပေ၏။
>
> သို့သော် မည်ကဲ့သို့သော အကြောင်းကြောင့်ပင် ဖြစ်စေကာမူ မြန်မာပြည်၌ ရေကြီးရခြင်းသည် နှစ်စဉ်နှစ်တိုင်းဖြစ်နေခြင်းမှာ မငြင်းနိုင်သဖြင့် အစိုးရတို့က ၎င်းအန္တရာယ်ကို နိုင်နင်းအောင် ထိရောက်စွာ လုပ်ကိုင်စီမံရန် သင့်တော်ပြီဟု ကျွန်ုပ်တို့ ထင်မြင်သဘောရရှိသည့်အတိုင်း ရေးသားဖော်ပြလိုက်ရပေသတည်း။"[၁]

ဟု ထောက်ပြဝေဖန်ထားသည်။ နှစ်စဉ်ရေကြီးခြင်းသည် အစိုးရတို့၏ အလုပ်တာဝန်ဖြစ်ပြီး အစိုးရတို့က နိုင်နိုင်နင်းနင်း လုပ်ဆောင်ရမည်ကို 'နှစ်စဉ်ကြုံတွေ့နေရသောအန္တရာယ်' ခေါင်းစဉ်ဖြင့် အယ်ဒီတာ့အာဘော်မှ ဝေဖန်ထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်လွတ်လပ်ရေးရရန် ဦးဆောင်ကြိုးပမ်းလျက်ရှိပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးလျှင် တောင်တန်းဒေသ

---

[၁] ဂျာနယ်ကျော်၊ ၁၂–၈–၁၉၃၉၊ ၃။

များကို ချန်ထားပြီး ပြည်မကိုသာ ပေးလိုသည်။ ထိုအခါ တိုင်းရင်းသားအချင်းချင်းကို သွေးခွဲရန် ကြိုးစားလာပါသည်။ တိုင်းရင်းသားတို့ကလည်း ဗြိတိသျှတို့၏သဘောကို သိထားပြီးဖြစ်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်မှုကို လိုက်နာလျက် ရှိပါသည်။ ကချင်မနောပွဲကို တက်ရောက်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းထံသို့ ဖိတ်စာသည် အချိန်မီ ရောက်ရှိလာခြင်း မရှိပေ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းက သဘောထားကြီးစွာဖြင့် မလာနိုင်ခြင်းကို အကြောင်းကြားစာ ပြန်ပို့ပေးသည်။ ထိုအကြောင်းကြားစာကို သတင်းစာတွင် ထည့်သွင်းဖော်ပြထားသည်ကို–

> "သို့သော် ဖိတ်သည်ဖြစ်စေ၊ မဖိတ်သည်ပင်ဖြစ်စေ ဗိုလ်ချုပ်အောင်ဆန်းက မလာရောက်နိုင်သဖြင့် ဝမ်းနည်းကြောင်း ပြန်ကြားစာပို့ခြင်းသည် အချင်းချင်း ချစ်ကြည်မှုကိုပြသည့် အခြင်းအရာတစ်ခုဖြစ်ရကား ဤကိစ္စကို ထည့်သွင်းဖော်ပြထားခြင်းသည် မရှိသောပြစ်မှုကို ရှာကြံ၍ပြခြင်းသာ ဖြစ်သဖြင့် ဝမ်းနည်းဖွယ်ပင် ဖြစ်ချေသည်။
>
> ကြေညာစာတမ်းကို အားလုံးခြုံကြည့်လျှင် သွေးမကွဲသေးသော တိုင်းရင်းသားအချင်းချင်းကို သွေးကွဲအောင် အတင်းခွဲသည့် သဘောများကိုသာ တွေ့ရှိရရာ ဗိုလ်ချုပ်အောင်ဆန်း ကြေညာချက်ပေါ်လာအောင် ဖန်တီးပေးခဲ့သည့် ကလိန်ခြံများအကြောင်းကိုလည်း ဖွင့်မချလိုဟု မည်သို့ပင်နေသော်လည်း ကျွန်ုပ်တို့ကမူ တိုင်းပြည်အား ဖွင့်မချဘဲ မနေနိုင်ပေ။ ထိုကလိန်ခြံများမှာ အခြားမဟုတ်၊ တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုကို မရှုနိုင်သော 'နယ်ချဲ့စက္ကူဖြူနတ်ကြီးများ' သာဖြစ်ကြောင်း တိုင်းပြည်အား အတိအလင်းပင် ဖွင့်လှစ်ထုတ်ဖော်၍ ပြလိုက်ရပေသတည်း။"

ဟု ဝေဖန်ထားပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲနေသော ဗြိတိသျှတို့ကို 'သွေးမကွဲသေးသဖြင့် သွေးကွဲအောင် လုပ်ပေးနေပြီ' ဟူသော ခေါင်းစဉ်ဖြင့် ဝေဖန်ထားသည်မှာ ပေါ်လွင်လှပါသည်။

## ၅၊ ၄။ စည်းရုံးခြင်း

ပြဿနာတစ်ရပ် အဖြစ်အပျက်တစ်ခုသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည်ဟု ထင်လျှင် ထိုကိစ္စကို မိမိမှန်သည်ဟူသော ရှုထောင့်မှနေ၍ တင်ပြကာ စည်းရုံးရေးသားခြင်း ဖြစ်သည်။ သမိုင်းယဉ်ကျေးမှုတန်ဖိုး ဆုံးရှုံးမည်ဟု ထင်သောအခါတွင်

စာရေးသူသည် မိမိ၏အယူအဆတစ်ရပ်၊ ထင်မြင်ချက်တစ်ရပ်ကို တစ်ဖက်သူအား စည်းရုံးရေးသားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံကို အိန္ဒိယပြည်နယ်အဖြစ်မှ ခွဲထုတ်ပြီးသောအခါတွင် ပြဿနာများ ပေါ်ပေါက်ခဲ့ပါသည်။ လူဝင်လူထွက်ပြဿနာနှင့် ခွဲထွက်ရေးပြဿနာတို့ ဖြစ်ပွားလျက် ရှိသည်။ ထိုသို့ဖြစ်ပွားသည်ကို ပြေလည်စေရန်အတွက် လွှတ်တော်အမတ်များကို စည်းရုံးထားသည်မှာ–

> "သို့ဖြစ်ရကား ဩဂုတ်လတွင် စတင်စည်းဝေးမည့် မြန်မာပြည် လွှတ်တော်တွင် အိန္ဒိယပြည်လွှတ်တော်က ဆုံးဖြတ်ချက်ချသကဲ့သို့ လူဝင်လူထွက်ကိစ္စနှင့်တကွ ကူးသန်းရောင်းဝယ်ရေးစနစ်ကိုပါ ပြုပြင်နိုင်ရန် အိန္ဒိယပြည် ဘုရင်ခံချုပ်ထံသို့ မြန်မာပြည် ဘုရင်ခံက ကြိုတင်အကြောင်းကြားသင့်သည် ဟူသော အဆို တစ်ရပ်ကို ဆုံးဖြတ်ရန် သင့်လှပေသည်။
>
> ဤသို့ လွှတ်တော်က အရေးယူလျက် လှုံ့ဆော်ပေးမှသာလျှင် လူဝင်လူထွက်ကိစ္စနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စ စနစ်ပြင်ဆင်ရေး တို့သည် လျင်မြန်စွာ ထမြောက်အောင်မြင်လိမ့်မည်ဟု ကျွန်ုပ်တို့ ထင်မြင်သဘော ရရှိသည့်အတိုင်း ရေးသားဖော်ပြလိုက်ရပေ သတည်း"[၁]

ဟူ၍ လွှတ်တော်ကို စည်းရုံးထားပါသည်။ လွှတ်တော်အမတ်များအနေဖြင့် လူဝင် လူထွက်ကိစ္စနှင့် ရောင်းဝယ်ရေးကိစ္စကို လွှတ်တော်တွင် ဆုံးဖြတ်ကြရန်အတွက် 'ဩဂုတ်လ အစည်းအဝေးအတွက် အကြံပေးချက်' ဟူသော ခေါင်းစဉ်ဖြင့် စည်းရုံး ထားပါသည်။

ကိုလိုနီခေတ် (၉၁)ဌာနအုပ်ချုပ်ရေးတွင် ယစ်မျိုးဌာနသည် အရေးကြီးသော ဌာန ဖြစ်သည်။ ယစ်မျိုးဌာနသည် အစိုးရအတွက် အခွန်ငွေများစွာ ရရှိသောဌာန ဖြစ်သည်။ ယစ်မျိုးဌာနသည် ငွေရှာသောဌာနတစ်ခု မဖြစ်စေလိုသော သဘောကို–

> "မြန်မာပြည်အုပ်ချုပ်ရေးစနစ်တွင် ယစ်မျိုးဌာနသည် ဝန်ကြီးချုပ်များ သဘောအရ စီမံနိုင်သော ဌာနဖြစ်သောကြောင့် အစိုးရ ဝင်ငွေ ထွက်ငွေ မျှတအောင် အခြားတစ်နည်းတစ်လမ်းဖြင့် စီမံပြီးလျှင် ယစ်မျိုးဌာနကို ငွေရှာသောဌာနအဖြစ်ဖြင့် မထားဘဲ ယစ်မျိုး

---

[၁] ဂျာနယ်ကျော်၊ ၂၂-၇-၁၉၃၉၊ ၃။

> ပိတ်ပင်တားမြစ်သော ဌာနအဖြစ်သို့ရောက်အောင် ပြုလုပ်စီမံနိုင်သော အခွင့်အရေး ရှိပေ၏။”[၁]

ဟု ဝန်ကြီးချုပ်ကို စည်းရုံးထားပါသည်။ ယစ်မျိုးဌာနကို မူးယစ်ဖောက်ပြားစေတတ်သော အရက်များ သောက်စားမှုမှ နည်းပါးစေရန် လုပ်ဆောင်သော ဌာနဖြစ်စေရန် ‘မြန်မာပြည်တွင် ပြုပြင်ရန်အကြံ’ ဟူသော ခေါင်းစဉ်ဖြင့် စည်းရုံးထားပါသည်။

အစားအသောက်များ ရောင်းချရာတွင် ဖြုတ်၊ ယင် စသည်တို့ အုံနေသော အစားအစာများကို စားမိလျှင် ရောဂါများ ဖြစ်တတ်ကြပါသည်။ ထိုသို့ အစားအသောက်ဘေးအန္တရာယ်များ မဖြစ်စေရန်အတွက် လုံခြုံအောင် လုပ်သင့်ကြောင်းကို–

> “ကုန်သည်တို့သည် ရောင်းချရန်အလို့ငှာ ကုန်စည်များကို မဝယ်ချမ်းမီ ဤမည်ဤမည်သော ကုန်သည် ဘေးရန်ကို ကာကွယ်နိုင်သလော၊ ကာကွယ်လျှင် မည်သို့ကာကွယ်သနည်း၊ ၎င်းကုန်သည် လူတို့၏ကြောက်စိတ်ကို ဖြိုဖျက်နိုင်မည့် ကုန်လောစသည်ဖြင့် စူးစမ်းသင့်သည်။ ဘေးကိုကာကွယ်မည့် ကုန်မှန်လျှင် စစ်စစ်ဆေးဆေး မေးမေးစမ်းစမ်း ဝယ်ယူပြီးနောက် တစ်ဆင့် ဖောက်ကား ရောင်းချသင့်လေသည်။”[၂]

ဟု ကုန်သည်များကို စည်းရုံးထားသည်။ ကုန်သည်များသည် အစားအသောက်များကို ဘေးရန်ကင်းစေရန် လုပ်ဆောင်သင့်ကြောင်း ‘ဆိုင်ရှင်များ ဟောကြားသင့်သော တရား’ ဟူသော ခေါင်းစဉ်ဖြင့် စည်းရုံးထားခြင်း ဖြစ်သည်။

## ၆။ ဂျာနယ်ကျော်ဦးချစ်မောင်၏အယ်ဒီတာ့အာဘော်အရေးအသားပိုင်း

အယ်ဒီတာ့အာဘော်အရေးအသားသည် စာစီစာကုံးရေးနည်း ပုံစံအတိုင်း ဖြစ်သည်။ နိဒါန်း၊ စာကိုယ်၊ နိဂုံး သုံးပိုင်းလုံး ညီညွတ်အောင် ရေးသားရမည်။ နိဒါန်းတွင် ရေးသားသည့် အချက်အလက်များသည် ခေါင်းစဉ်နှင့် လိုက်လျောမှု ရှိရမည်။ စာကိုယ်တွင် မိမိပြောဆိုလိုသည်တို့ကို အစီအစဉ်တကျ ရေးသားနိုင်ရမည်။ နိဂုံးတွင် မိမိ၏ဦးတည်ချက်ကို တိတိကျကျ အခန်းဆက် ပေးနိုင်ရပါမည်။

ဂျာနယ်ကျော်ဦးချစ်မောင်သည် အယ်ဒီတာ့အာဘော်ကို ရေးသားရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံးတို့ကို အချိတ်အဆက်မိမိ ရေးသားထားနိုင်သည်ကို တွေ့ရပါသည်။

---

[၁] ဂျာနယ်ကျော်၊ ၅–၈–၁၉၃၉၊ ၃။
[၂] ဂျာနယ်ကျော်၊ ၇–၁၀–၁၉၃၉၊ ၃။

၃–၆–၁၉၃၉ ထုတ် ဂျာနယ်ကျော်တွင် 'နိုင်ငံရေးနှင့် စီးပွားရေး' ဟူသော ခေါင်းစဉ်ဖြင့် အယ်ဒီတာ့အာဘော် ရေးသားခဲ့ပါသည်။ နိဒါန်းတွင်–

> "ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ဝံသာနုစိတ်ဓာတ် လှုံ့ဆော် အားပေးခြင်းကြောင့် အမျိုးသားကြီးပွားရာ ကြီးပွားကြောင်း ဖြစ်သော လုပ်ငန်းပြဿနာ အဖြာဖြာများကို မနေမနား ကြိုးစား အားထုတ်နေကြသော အခြင်းအရာသည် ရှေးအခါကနှင့် နှိုင်းယှဉ် ကြည့်ရလျှင် အလွန်ပင် အားတက်ဖွယ်ကောင်းသည်မှာကား ယုံမှားဖွယ် မရှိနိုင်ချေ။"[၁]

ဟု ခေါင်းစဉ်နှင့် လိုက်ဖက်ညီစွာ ရေးသားထားပါသည်။

စာကိုယ်တွင် နိုင်ငံရေး၊ စီးပွားရေးတို့ကို အကျယ်ရှင်းလင်းသည်။ စီးပွားရေးဆိုသည်မှာ အမျိုးသားအကျိုးစီးပွားဖြစ်ကြောင်းကို–

> "ထိုကဲ့သို့ အမျိုးသားဆိုင်များ တည်ထောင်ဖွင့်လှစ်ခြင်း၊ အမျိုးသားဆိုင်များ၌ ဝယ်ယူခြင်း အစရှိသော လုပ်ငန်းများသည် ဝံသာနု လုပ်ငန်းများ အစစ်အမှန်ပင် ဖြစ်သော်လည်း ထိုလုပ်ငန်းများသည် ကျွန်ုပ်တို့ ဆိုလိုရင်းဖြစ်သော နိုင်ငံ၏ စီးပွားရေးနယ်ပယ်သို့ မရောက်ရှိသေးကြောင်းကို ကျွန်ုပ်တို့က ဖော်ပြရေးသားလိုသော ဆန္ဒ ရှိပေ၏။"[၂]

ဟု မိမိ၏အယူအဆကို ဖွင့်ဆိုရှင်းပြရေးသားထားသည်။ ခေါင်းစဉ်၏ဆိုလိုချက်ကို အသေးစိတ် ရှင်းပြပြီး မြန်မာတစ်မျိုးသားလုံး ဝံသာနုစိတ်ဓာတ်ဖြင့် စီးပွားရေးလုပ်ရန် တိုက်တွန်း ထားပါသည်။

နိုင်ငံရေးတွင်လည်း အောင်မြင်သော နိုင်ငံရေးကို လုပ်ဆောင်ကြရန်–

> "မြန်မာပြည်တွင် ယခုအခါ နိုင်ငံရေးကြိုးဝါးသံ အမျိုးမျိုးတို့ မြည်ဟီးထစ်ချုန်းလျက် ရှိသဖြင့် ဇာတိမာန်တက်ကြွဖွယ် အမှန်ကောင်းပေ၏။ သို့သော် ဇာတိမာန်တက်ကြွနေရုံမျှဖြင့် မြန်မာလူမျိုးတို့မှာ လိုရာခရီးသို့ ဆိုက်မြိုက်လျင်မြန်စွာ ဆိုက်ရောက်နိုင်မည် မဟုတ်ချေ။ အခြေခံခိုင်မာသော လုပ်ငန်းပါ ဒွန်တွဲလျက် ပေါ်ထွက်လာမှသာလျှင် ထမြောက်အောင်မြင်နိုင်လိမ့်မည် ဖြစ်ပေသည်။"

[၁] ဂျာနယ်ကျော်၊ ၃–၆–၁၉၃၉၊ ၃။

[၂] ဂျာနယ်ကျော်၊ ၃–၆–၁၉၃၉၊ ၃။

ဟု ကြောင်းကျိုးပြရေးနည်းကို သုံး၍ တိုက်တွန်းနှိုးဆော်ထားပါသည်။ စာရေးသူဖြစ်လိုသော စီးပွားရေးနှင့် နိုင်ငံရေးကို စာကိုယ်တွင် အကျယ်ရှင်းပြထားသောကြောင့် စာဖတ်သူများ နားလည်လက်ခံလာနိုင်စေပါသည်။

နိဂုံးပိုင်းတွင် နိုင်ငံရေးနှင့် စီးပွားရေးအကြောင်းကို အကြောင်းတိုက်ဆိုင်တိုင်း ရေးသားမည်ဖြစ်ကြောင်း–

> "ကျွန်ုပ်တို့၏ အဓိကရည်ရွယ်ချက်သည် အခြေခံခိုင်မာသော လုပ်ငန်းများကို အခါအခွင့် အားလျော်စွာ ဖော်ပြသွားရန်ပင် ဖြစ်သည့်အတိုင်း မြန်မာပြည်၏ စီးပွားရေးပြဿနာတို့နှင့် သက်ဆိုင်သမျှ အကြောင်းအရာ အဖြာဖြာတို့ကို အကြောင်းအားလျော်စွာ သက်ဆိုင်ရာအခါ၌ ရေးသားဖော်ပြမည် ဖြစ်ပေသည်။"[၁]

ဟု နိဂုံးချုပ်ရေးသားပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်သည် အယ်ဒီတာ့အာဘော်များကို ရေးသားရာ၌ နိဒါန်း၊ စာကိုယ်၊ နိဂုံး သုံးခုစလုံးကို ချိတ်ဆက်ရေးသားနိုင်ပါသည်။ ထို့ကြောင့် စာရေးသူပြောချင်သော ဆိုလိုချက်မှာ ပေါ်လွင်လာပါသည်။

စာပိုဒ်များကို အကြောင်းအချက်တစ်ခုလျှင် စာတစ်ပိုဒ်နှုန်းဖြင့် ရေးသားပါသည်။ ဝါကျများသုံးစွဲရာတွင် ဝါကျတိုများထက် ဝါကျရှည်များကို သုံးနှုန်းထားသည်ကို တွေ့ရှိရပါသည်။ အယ်ဒီတာ့အာဘော် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းရသောကြောင့် ဝါကျရှည်များ သုံးထားခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။ ဝါကျရှည်များသုံးသော်လည်း စာရေးသူ၏ စကားပြေအရေးအသား ကျွမ်းကျင်မှုကြောင့် စာဖတ်သူမှာ ရှင်းရှင်းလင်းလင်း နားလည်နိုင်ပေသည်။

## ခြုံငုံသုံးသပ်ချက်

အယ်ဒီတာ့အာဘော်သည် သတင်းစာဂျာနယ်များတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါသည်။ ကိုလိုနီခေတ်တွင် ဂျာနယ်များ အမျိုးအစားစုံလင်စွာ ထွက်ပေါ်ခဲ့ပါသည်။ ထိုသို့ ဂျာနယ်အများအပြားထဲတွင် ဂျာနယ်ကျော်သည် ထင်ရှားသော ဂျာနယ်တစ်စောင် ဖြစ်ခဲ့သည်။ လူအများစိတ်ဝင်စားသော ဂျာနယ်အဖြစ်လည်း ရပ်တည်ခဲ့ပါသည်။ ထိုသို့ ရပ်တည်နိုင်ခဲ့ခြင်းမှာ ဂျာနယ်ကျော်ဦးချစ်မောင်၏ အစွမ်းကြောင့် ဖြစ်သည်။

---

[၁] ဂျာနယ်ကျော်၊ ၃–၆–၁၉၃၉၊ ၃။

ဂျာနယ်ကျော်ဦးချစ်မောင်သည် မျိုးချစ်စိတ်ရှိသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားသည်။ ကိုလိုနီခေတ် မြန်မာပြည်သူတို့ ခံစားနေရသော ဒုက္ခမျိုးစုံကို သိရှိနားလည်သူလည်း ဖြစ်သည်။ ထို့ကြောင့် အယ်ဒီတာ့အာဘော် အခန်းမှနေ၍ မြန်မာပြည်သူတို့၏ ပြဿနာကို ထောက်ပြရေးသားလေ့ ရှိပါသည်။ သူ၏အရေးအသားများကြောင့် မြန်မာပြည်သူတို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အမြင်ကျယ်လာခဲ့ပေသည်။

## နိဂုံး

ဂျာနယ်ကျော်ဦးချစ်မောင်၏ အယ်ဒီတာ့အာဘော်များသည် ပြည်သူတို့၏ အသိဉာဏ်ကို ဖွင့်ပေးခဲ့ပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်သည် အယ်ဒီတာ့အာဘော် မှတစ်ဆင့် ကိုလိုနီခေတ် မြန်မာပြည်သူတို့၏ အတွေးအခေါ်နှင့် အသိအမြင်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်၏ မြန်မာပြည်သူတို့အပေါ်တွင် ထားရှိသော စေတနာကို ဤစာတမ်းတွင် လေ့လာတင်ပြထားပါသည်။

# ကျမ်းကိုးစာရင်း

ခင်မောင်ထွန်း၊ ဦး။ (၁၉၇၄)။ မြန်မာဂျာနယ်သမိုင်း (၁၉၁၉–၁၉၄၁)၊ နလုံးလှစာပေ။

ဘသန်း၊ ဦး(ယူပီအိုင်)။ (၁၉၇၅)။ မြန်မာသတင်းစာသမိုင်း။ စာနယ်ဇင်းသမိုင်းစာတမ်းများ (ပတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

မြကေတု။ (၁၉၉၄)။ ဘက်စုံသတင်းစာပညာ၊ တောက်တောက်ဝင်းပုံနှိပ်တိုက်။ ရန်ကုန်။

မြန်မာအဘိဓာန်။ (၁၉၉၁)၊ မြန်မာစာအဖွဲ့။ ရန်ကုန်။

ဝန်၊ ဦး။ (၁၉၆၁)။ တက္ကသိုလ်မြန်မာအဘိဓာန်။ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။ ရန်ကုန်။

သန်းဝင်း၊ မောင်။ (၂၀၀၉)။ မြန်မာဂျာနယ်နှစ်(၉၀)ပြည့်ခရီး (၁၉၁၉–၂၀၀၉)၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

## ဂျာနယ်များ

၁။ ၁၇၊ ၅၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၁))

၂။ ၃၊ ၆၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၂))

၃။ ၁၊ ၇၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၆))

၄။ ၈၊ ၇၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၇))

၅။ ၁၅၊ ၇၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၈))

၆။ ၂၉၊ ၇၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၁၀))

၇။ ၁၂၊ ၈၊ ၁၉၃၉ (အုပ်တွဲ (၁) စာစောင် (၁၂))

၈။ ၂၈၊ ၁၂၊ ၁၉၄၀ (အုပ်တွဲ (၇) စာစောင် (၁၁))

၉။ ၁၆၊ ၂၊ ၁၉၄၆ (အုပ်တွဲသစ် (၃) အမှတ် (၃))

၁၀။ ၂၃၊ ၂၊ ၁၉၄၆ (အုပ်တွဲသစ် (၃) အမှတ် (၄))

၁၁။ ၂၊ ၃၊ ၁၉၄၆ (အုပ်တွဲသစ် (၃) အမှတ် (၅))

၁၂။ ၉၊ ၃၊ ၁၉၄၆ (အုပ်တွဲသစ် (၃) အမှတ် (၆))

၁၃။ ၁၆၊ ၃၊ ၁၉၄၆ (အုပ်တွဲသစ် (၃) အမှတ် (၇))

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ဖိုးကျော့၏ဆင်လုပ်သားဝတ္ထုတိုများကို ဘာသာစာပေဆက်နွှယ်မှုအမြင်ဖြင့် လေ့လာခြင်း

ချိုချို*

## စာတမ်းအကျဉ်း

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ရသစာပေတစ်ရပ်ကို လေ့လာရာတွင် ဘာသာစကားနှင့်စာပေတို့ အပြန်အလှန် အကျိုးပြုဆက်စပ်သည့်သဘော၊ ရသစာပေကောင်းတစ်ရပ်တွင် ဘာသာစကားအသုံးချမှု အရေးပါမှုသဘောတို့ကို တင်ပြလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၁)၌ ဘာသာစာပေဆက်နွှယ်မှုသဘောနှင့် ဝတ္ထုတိုသဘောများကို အကျဉ်းတင်ပြပါမည်။ အခန်း(၂)၌ ဖိုးကျော့၏ ဆင်လုပ်သားဝတ္ထုတိုများထဲတွင် ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို နေရာတကျ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်များ၊ ဇာတ်ဆောင်များနှင့် ကာလဒေသနောက်ခံအဖွဲ့တို့ ပိုမိုပီပြင်၍ သဘာဝကျလာပုံ၊ ရသမြောက်လာပုံတို့ကို ဆက်စပ်လေ့လာတင်ပြမည် ဖြစ်ပါသည်။ စာပေကို လေ့လာရာတွင် ဘာသာစကားအမြင်နှင့် စာပေအမြင်တို့ကို ဆက်စပ်လေ့လာရန် လိုအပ်သည် ဟူသော အတွေးအသိကို ပေးနိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဘာသာစကား၊ စာပေ၊ ဘဝသရုပ်ဖော်ဝတ္ထုတို၊ ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရ၊ ရသခံစားမှု၊ ဇာတ်ကွက်၊ ဇာတ်ထွတ်။***

## နိဒါန်း

ဤစာတမ်းသည် စာရေးဆရာ ဖိုးကျော့၏ ဆင်လုပ်သားဝတ္ထုတိုများကို ဘာသာအမြင်နှင့် စာပေအမြင်တို့ နှီးနွှယ်ဆက်သွယ်၍ လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ကျွန်မသည် စာရေးဆရာ ‘ဖိုးကျော့၏ ဘဝသရုပ်ဖော်ဝတ္ထုတိုများ လေ့လာချက်’ ကျမ်းကို ပါရဂူဘွဲ့အတွက် တင်သွင်းရန် ပြုစုနေသူ ဖြစ်ပါသည်။ ပါရဂူဘွဲ့အတွက် ဖိုးကျော့၏ မုဆိုးဘဝသရုပ်ဖော်ဝတ္ထုတိုများ၊ ရေလုပ်သားဘဝသရုပ်ဖော်ဝတ္ထုတိုများ၊ ဆင်လုပ်သားဘဝ သရုပ်ဖော်ဝတ္ထုတိုများကို စာတမ်းပြုစုတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ထိုဝတ္ထုတိုများကို ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ရေးဟန်ရှုထောင့်များမှ လေ့လာတင်ပြထားပါသည်။ အဆိုပါဝတ္ထုတိုများကို လေ့လာရာတွင် စာရေးသူသည် မည်သည့်ဘဝ လုပ်ငန်းကိုမဆို ဝတ္ထုတိုများအဖြစ် ဇာတ်လမ်းဆင် တင်ပြရာ၌ လုပ်ငန်းသုံးဝေါဟာရများကို သေချာစွာ လေ့လာပြီးလျှင်

---

* ဒေါ်၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

ဇာတ်လမ်းဇာတ်ကွက်ထဲတွင် နေရာတကျ ထည့်သွင်းရေးဖွဲ့လေ့ရှိပါသည်။ ထို့ကြောင့် စာဖတ်သူတို့အနေနှင့် အမှုမဲ့အမှတ်မဲ့ရှိနေခဲ့သော အလှမ်းဝေးသော ဝေါဟာရများကို ဝတ္ထုတိုမှတစ်ဆင့် ဖတ်ရှုခံစားခွင့်ရလိုက်ပါသည်။ ရသစာပေဖြစ်သော ဝတ္ထုတိုများတွင် သက်ဆိုင်ရာဝေါဟာရများကို စနစ်တကျ ရှာဖွေစုဆောင်း၍ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ပို၍သရုပ်ပေါ်လွင်ပီသပြီးလျှင် အသင့်ယုတ္တိရှိလာသည်ဟု ထင်မြင်ခံစားမိပါသည်။ ထိုနည်းဖြင့် စာရေးဆရာ ဖိုးကျော့၏ ဝတ္ထုတိုများကို လေ့လာရာတွင် စာပေရှုထောင့် သက်သက်သာမကဘဲ ဘာသာစကားရှုထောင့်မှလည်း လေ့လာရန် လိုအပ်ပုံကို သိလာစေပါသည်။ ရသမြောက် ဘဝသရုပ်ဖော် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်လာစေရန် သက်ဆိုင်ရာ လုပ်ငန်းသုံးဝေါဟာရများက များစွာအထောက်အကူပြုနေသည့် သဘော ကိုလည်း ဆင်ခြင်မိပါသည်။ ဤစာတမ်းတွင် ဘာသာစကားနှင့် စာပေတို့သည် ဟန်ချက်ညီညီ အပြန်အလှန် အကျိုးပြုမှုရှိနေသည့်သဘောကို လေ့လာတင်ပြထားပါ သည်။

အလေ့လာခံအဖြစ် စာရေးဆရာ ဖိုးကျော့၏ ဆင်လုပ်သားဝတ္ထုတိုများထဲမှ 'ဆင်ပုံကျွံတော့ လူနွံနစ်၊ ဆင်ကြောက်ချောင်း' ဟူသည့် ဝတ္ထုတို(၂)ပုဒ်ကို လေ့လာ တင်ပြထားပါသည်။ ထိုဝတ္ထုတိုများ၏ ဇာတ်လမ်းအကျဉ်းကို ဖော်ပြပြီး ဇာတ်လမ်း၊ ဇာတ်ကွက်အရ ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို နေရာတကျ ထည့်သွင်းသုံးနှုန်း ထားပုံကို လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ထိုဝေါဟာရ အသီးသီး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပြပြီး ထိုဝေါဟာရများကြောင့် ဆင်လုပ်သား ဝတ္ထုတိုများသည် အသင့်ယုတ္တိအားကောင်းလာပုံနှင့် ရသခံစားမှု ပေးစွမ်းနိုင်ပုံတို့ကို လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာတင်ပြခြင်းဖြင့် ဘာသာစကားသည် စာပေကို အထောက်အပံ့ပြုနေပုံနှင့် စာပေ၌ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ဘာသာစကား ဆိုင်ရာဝေါဟာရများသည် စာဖတ်သူများနှင့် ရင်းနှီးလာစေပုံ၊ ဝေါဟာရဆိုင်ရာ ဗဟုသုတများ ကြွယ်ဝလာစေပုံတို့ကို အပြန်အလှန် လေ့လာတင်ပြထားပါသည်။

## ၁။ စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

စာရေးဆရာ ဖိုးကျော့သည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ချောင်းဝ ကျေးရွာတွင် အဖ တိုင်းရင်းဆေးဆရာကြီး(စာတော်ဖတ်) ဦးဘောက်ဖြူနှင့် အမိ ဒေါ်ချက်တောင်းမတို့မှ မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့၊ တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့သည်။

၁၉၆၅ ခုနှစ်၊ ဩဂုတ်လထုတ် မြဝတီမဂ္ဂဇင်း၊ အမှတ် ၁၁၊ အတွဲ ၁၄ပါ ‘ဆင်မာန်နှင့်ငှက်ဉာဏ်’ အခန်းဆက်မဂ္ဂဇင်းဝတ္ထုရှည်ဖြင့် စာပေနယ်ထဲသို့ စတင်ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းပါ ‘ဆင်လိုက်ခြင်း’ ဝတ္ထုတိုမှာ အလယ်တန်းစကားပြေလက်ရွေးစင်တွင် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်း ခံရပါသည်။ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းပါ ‘နတ်မလိုက်သောနေ့’ ဝတ္ထုတိုကို ဂျပန်နိုင်ငံ၊ အိုဆာကာနိုင်ငံခြားဘာသာသင်တက္ကသိုလ်မှ ပါမောက္ခ တိုရုအိုနိုက ဂျပန်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ပါသည်။ အချို့ဝတ္ထုတိုများကို ဗီယက်နမ်နိုင်ငံ၌လည်း ဗီယက်နမ်ဘာသာဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ‘အောင်ပွဲသို့ချီရာဝယ်’ လုံးချင်းဝတ္ထုရှည်စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၁၉၉၀ ပြည့်နှစ်တွင် ‘အင်တွဲပွဲ့လျက် အရှာထွက်’ စာမူဖြင့် စာပေဗိမာန်စာမူဝတ္ထုရှည်ဆု၊ ၁၉၉၁ ခုနှစ်တွင် ‘သေရွာပြန်တို့၏ အဏ္ဏဝါခရီး’ ဖြင့် စာပေဗိမာန်စာမူဝတ္ထုရှည်ဆု၊ ၁၉၉၂ ခုနှစ်တွင် ‘ကမ္ဘဇိဒ္ဓိ’ ဖြင့် စာပေဗိမာန်စာမူ ဝတ္ထုတိုဆု၊ ၁၉၉၃ ခုနှစ်တွင် ‘မြန်မာ့မုဆိုး’ ဖြင့် စာပေဗိမာန်စာမူဝတ္ထုရှည်ဆု၊ ၁၉၉၉ ခုနှစ်တွင် ‘ရာဇဌာဏီ’ ဖြင့် စာပေဗိမာန်ဝတ္ထုရှည် ဒုတိယဆုများနှင့် ၂၀၁၇ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆုတို့ကို ချီးမြှင့်ခြင်းခံခဲ့ရသူ ဖြစ်ပါသည်။ စာရေးဆရာဖိုးကျော့သည် ယနေ့ထိ ဝတ္ထုတိုပုဒ်ရေပေါင်း (၄၀၀)ကျော်ခန့်နှင့် ဝတ္ထုတို၊ ဝတ္ထုရှည် လုံးချင်းစာအုပ် (၆၅)အုပ်ခန့် ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယခုအချိန်ထိ စာပေတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

## ၂။ ဘာသာစကားနှင့် စာပေဆက်နွှယ်မှု

မြန်မာစာပေကို လေ့လာရာတွင် ဘာသာစကားနှင့် စာပေကို ဟန်ချက်ညီညီ ဆည်းပူးလေ့လာရန် လိုအပ်သည်ဟု ပညာရှင်တို့က မိန့်ဆိုထားပါသည်။ ‘ဘာသာစကား’ ဆိုသည်မှာ ‘ပြောဆိုသောစကား’[၁] ဖြစ်ပြီး ‘စာပေ’ ဆိုသည်မှာ ‘အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသည့်စာ’[၂] ဖြစ်ကြောင်း မြန်မာအဘိဓာန်တွင် အနက်ဖွင့်ဆိုထားသည်။ စာပေတစ်ရပ်ကို ဖန်တီးရာ၌ ဘာသာစကားသက်သက်ကို တတ်ကျွမ်းရုံမျှဖြင့် စာကောင်းပေမွန်များကို ရေးသားနိုင်မည်မဟုတ်ပေ။ စာရေးသူ၌ ခံစားမှု၊ အတွေး၊ အသိ၊ စိတ်ကူးများနှင့် စေတနာ လှုံ့ဆော်တိုက်တွန်းမှုများ ရှိရပါမည်။ ထို့အတူ

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၉၆။

[၂] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၉၆။

မိမိ၏ခံစားမှု အတွေးအသိပါသော စိတ်ကူးများကို စာပေဖြင့် ရေးသားတင်ပြရာ၌ ဘာသာစကားကို အသုံးပြုရမည် ဖြစ်သောကြောင့် ဘာသာစကားကိုလည်း ကျွမ်းကျင်ရန် လိုအပ်ပါသည်။ ဘာသာစကားကို နေရာတကျ ရွေးချယ်သုံးစွဲတတ်မှသာလျှင် စာရေးသူ၏ ခံစားမှု၊ စေတနာ၊ စိတ်ကူးစိတ်သန်းတို့သည် ထင်ရှားပေါ်လွင်လာပြီးလျှင် စာရေးသူ ရည်ရွယ်သည့်အတိုင်း စာဖတ်သူထံသို့ အရောက်ပို့ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာစကားနှင့်စာပေကို ဆက်စပ်လေ့လာရန် လိုအပ်ပုံကို မောင်ခင်မင် (ဓနုဖြူ) က 'ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ' စာအုပ်တွင်-

> "ပညာရှင်တစ်ယောက်သည် ဘာသာစကားနှင့်စာပေကို ဟန်ချက်ညီညီ လေ့လာဆည်းပူးရန် လိုအပ်ကြောင်း 'သုဗောဓာလင်္ကာရ' ကဲ့သို့ ရှေးဟောင်းကျမ်းများမှာကတည်းက ရှေးပညာရှိကြီးများက ရှင်းလင်းစွာ လမ်းညွှန်ခဲ့ပြီး ဖြစ်ပါသည်။ အားသန်မှုအရ ဘာသာစကားကို အားပြုသော ပညာရှင်၊ စာပေကို အားပြုသော ပညာရှင်ဟူ၍ ကွဲပြားနိုင်ပါသည်။ သို့သော် ဘာသာစကား ပညာရှင်သည် စာပေဘက်ကို အာရုံပြုကာ ဘာသာစကားနှင့် စာပေကို ဆက်စပ်လေ့လာခြင်းဖြင့် အသိအမြင် ကျယ်ပြန့်လာမည် ဖြစ်ပါသည်။ ထို့အတူ စာပေပညာရှင်ကလည်း ဘာသာစကား ဘက်ကို အာရုံပြုကာ စာပေနှင့် ဘာသာစကားကို ဆက်စပ် လေ့လာခြင်းဖြင့် အသိအမြင် ကျယ်ပြန့်လာမည် ဖြစ်ပါသည်။"[၁]

ဟု ဖော်ပြထားပါသည်။

စာရေးဆရာတို့သည် မိမိတို့၏ခံစားမှု၊ စိတ်ကူးစိတ်သန်း၊ စေတနာများကို အခြေခံကာ ရသစာပေတစ်ရပ်ကို ဖန်တီးရာ၌ ဘာသာစကားကို အသုံးပြု၍ ရေးဖွဲ့ရသည်။ ထိုသို့ စိတ်ကူးဖြင့် ဖန်တီးရေးဖွဲ့သော ဝတ္ထု၊ ကဗျာ၊ ပြဇာတ်များတွင် သုံးနှုန်းရေးဖွဲ့ထားသည့် စကားလုံးများသည် ဘာသာစကားထဲ၌ နေသားတကျ ဖြစ်လာပြီး ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ပြုလာနိုင်ပါသည်။ ထိုအကြောင်းများကို မောင်ခင်မင်(ဓနုဖြူ)က-

> "စာဆိုတို့၏ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးဖွဲ့သော အသုံးအနှုန်း အရေးအဖွဲ့များကို အများက လိုက်သုံးခြင်းဖြင့် အသုံးတွင်ကျယ်ကာ ဘာသာစကားထဲတွင် အသားကျသော အသုံးအနှုန်းများ ဖြစ်လာ

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)။ ၂၀၁၃၊ ၁၄။

> ခြင်းဖြင့် ဘာသာစကား ဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုသည်ကိုလည်း တွေ့နိုင်ပါသည်။"[၁]

ဟု လည်းကောင်း၊

> "မြန်မာဘာသာစကား၏ အဓိကအပိုင်းများဖြစ်သော စကားသံများ၊ စကားလုံးများ၊ ဝါကျများ၏ အစွမ်းအာနိသင်ဖြင့် စာပေအဖွဲ့ကောင်းများ ဖန်တီးရေးဖွဲ့ကာ စာပေဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုနိုင်ပါသည်။"[၂]

ဟု လည်းကောင်း ဖော်ပြထားရာ မြန်မာဘာသာစကားနှင့် မြန်မာစာပေတို့သည် အပြန်အလှန် အထောက်အပံ့ပြုနေသော နယ်ပယ်များဖြစ်ကြောင်း သိရပါသည်။ ယင်းတို့ကို ဆက်စပ်လေ့လာခြင်းဖြင့် လေ့လာမှုနယ်ပယ်များလည်း ကျယ်ပြန့်လာနိုင်ပါသည်။ ထိုသို့လေ့လာရာတွင် ဘာသာစကားထဲမှ စာပေကို လေ့လာနိုင်သကဲ့သို့ စာပေထဲမှ ဘာသာစကားကိုလည်း လေ့လာနိုင်ပါသည်။

စာရေးဆရာ ဖိုးကျော့သည် ဆင်လုပ်သားဝတ္ထုများကို မရေးသားမီ ဆင်တို့၏ ဓလေ့စရိုက်များ၊ ဆင်နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများ၊ ဆင်ဖမ်းလုပ်သားများနှင့် ဆင်ဖမ်းနည်းများအကြောင်းကို ကိုယ်တိုင်သွားရောက် လေ့လာခဲ့ပါသည်။ စာရေးသူသည် ထိုအကြောင်းအရာ အချက်အလက်များကို အခြေခံ၍ ဘာသာစကားဆိုင်ရာဝေါဟာရများကို နေရာတကျ အသုံးချကာ ရသမြောက်ဝတ္ထုတိုများအဖြစ် ဇာတ်လမ်းဆင် ဖန်တီးရေးဖွဲ့ထားပါသည်။ ဤသို့ဖြင့် ဘာသာစကားဆိုင်ရာ ဗဟုသုတများ၊ ဆင်လုပ်ငန်းဆိုင်ရာ ဗဟုသုတများဆိုသည့် အကြောင်းအရာများသည် ရသစာပေဝတ္ထုတိုအသွင်သို့ ပြောင်းလဲလာပါသည်။ ဤစာတမ်းတွင် စာရေးဆရာ ဖိုးကျော့၏ ဝတ္ထုတိုများထဲမှ ဘာသာစကားကို နေရာတကျသုံးစွဲခြင်းဖြင့် ဆင်လုပ်သားဘဝသရုပ် ပိုမိုပေါ်လွင်ပြီးလျှင် စာဖတ်သူတို့၌ ရသနှစ်သက်ခြင်းကို ပေးစွမ်းလာနိုင်ပုံနှင့် ဘာသာစကားဆိုင်ရာ ဗဟုသုတများ တိုးပွားလာနိုင်ပုံတို့ကို လေ့လာတင်ပြထားပါသည်။ မောင်ခင်မင် (ဓနုဖြူ)က–

> "ဘာသာစကားနှင့်စာပေကို ပေါင်းကူးလေ့လာရာတွင် ဘာသာစကားအသုံးပြုပုံကို ဘာသာစကားရှုထောင့်က သရုပ်ဖော်ပြီး ထိုသို့

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၃၊ ၃၃၄။
[၂] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၃၊ ၃၃၅။

> အသုံးပြုသည့်အတွက် မည့်သည့်စာပေအရာမြောက်ပုံ၊ မည်သို့အာနိသင်ရှိပုံကို စာပေရှုထောင့်က အကဲဖြတ်လေ့လာရပါမည်။"[၁]

ဟု လည်းကောင်း

> "မြန်မာဘာသာစကားနှင့် မြန်မာစာပေကို ပေါင်းကူးဆက်စပ်လေ့လာခြင်းဖြင့် ဘာသာစကား၏အာနိသင်ကို ထိုးထိုးထွင်းထွင်းဖော်ထုတ်နိုင်သည့်အပြင် စာပေအရည်အသွေးကို နက်နက်ရှိုင်းရှိုင်းကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်မည် ဖြစ်ပါသည်။"[၂]

ဟု ဆိုထားပါသည်။ ထိုသို့ ဘာသာစကားနှင့်စာပေကို လေ့လာခြင်းဖြင့် စာဖတ်သူတို့အနေနှင့် ရသခံစားမှုကို ရရှိရုံသာမက ဘာသာစကားဆိုင်ရာ ဗဟုသုတများလည်း တိုးပွားစေနိုင်သည်ဟု ထင်မြင်မိပါသည်။ ဖိုးကျော့၏ ဆင်လုပ်သားဝတ္ထုတိုများတွင်လည်း လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို နေရာတကျ သုံးစွဲထားခြင်းဖြင့် ဝတ္ထုတိုများသည် သရုပ်ပီပြင်ပြီးလျှင် ရသခံစားမှုကို ပေးစွမ်းနိုင်မည်ဟု ယူဆမိပါသည်။

## ၂။ ၁။ ဝတ္ထုတိုဟူသည်

ဝတ္ထုတိုဟူသည် ဘာသာစကားကို အခြေတည်ကာ ဒိဋ္ဌလောက၏ ဖြစ်ရပ်များပေါ်တွင် စာရေးသူ၏ စိတ်ကူးစိတ်သန်း စေတနာများ ပေါင်းစပ်၍ ရသမြောက်အောင် ဇာတ်လမ်းဆင် ဖန်တီးလေ့ရှိသော စကားပြေအဖွဲ့ ဖြစ်သည်။ ဝတ္ထုတိုနှင့်ပတ်သက်၍ ပညာရှင်တို့က အမျိုးမျိုးမိန့်ဆိုခဲ့ကြသည်။ ဝတ္ထုတိုအတတ်ပညာစာအုပ်တွင် 'မင်းကျော်' က–

> "အတိုတောင်းဆုံး အချိန်ပိုင်းအတွင်း အနည်းဆုံး ဇာတ်ဆောင်တို့၏လှုပ်ရှားမှု (သို့မဟုတ်) အဖြစ်အပျက် (သို့မဟုတ်) အာရုံခံစားမှုကို စာလုံးအရေအတွက် အနည်းနိုင်ဆုံးဖြင့် ကျစ်ကျစ်လျစ်လျစ် ရေးဖွဲ့တင်ပြသော လူ့အကြောင်းစာ"[၃]

ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့အတူ ဝတ္ထုတို၏ ဇာတ်လမ်းဖန်တီးပုံနှင့်ပတ်သက်၍ 'မင်းယုဝေ'က–

---

[၁] ခင်မင်၊မောင်၊(ဓနုဖြူ)၊ ၂၀၁၃၊ ၃၃၇။

[၂] ခင်မင်၊မောင်၊(ဓနုဖြူ)၊ ၂၀၁၃၊ ၃၄၀။

[၃] မင်းကျော်၊ ၁၉၇၉၊ ၁၁၇။

> "ဇာတ်လမ်းပြည့်စုံခိုင်ခံ့မှု ရှိလျှင်လည်း ဖြစ်ပါသည်။ အချိတ်အဆက်မိလျှင်လည်း ဖြစ်ပါသည်။ မိမိတင်ပြလိုသော လူ့သဘာဝအဖွဲ့၊ ဘဝပြဿနာတို့၏ သဘောရပ်ပေါ်လွင်ရုံမျှ ဇာတ်လမ်းဆင်လျှင်လည်း ဖြစ်ပါသည်။ ဇာတ်လမ်းပါသည်ဆိုရုံမျှ ထည့်သွင်းရေးသားလျှင်လည်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထုတိုတွင် လူ့သဘာဝအဖွဲ့၊ ဘဝပြဿနာအဖွဲ့တို့သည် ဇာတ်လမ်းထက်ပို၍ ပဓာနကျသောကြောင့် ဖြစ်သည်။"[၁]

ဟု မိန့်ဆိုထားပါသည်။ ထို့အပြင် ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့သည် ခွဲ၍မရအောင် နှောင်ဖွဲ့နေတတ်သည့်သဘောကို 'မာဂရက်လပ်ခ်' က–

> "ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် ရှုပ်ထွေးစွာ အတူဖွဲ့နှောင်၍ ခွဲထုတ်၍မရနိုင်ပါ"[၂]

ဟု ဆိုထားပါသည်။ 'တက်တိုး'ကလည်း–

> "ဇာတ်ဆောင်၏ ပြုမူချက်များ၊ အခြားသော ဇာတ်ဆောင်များနှင့် ဘဝအခြေအနေများ၏ ပဋိပက္ခ တွန်းလှန်ချက်များ၊ ယင်းအချက်များသည်ပင်လျှင် ဇာတ်လမ်း ဖြစ်သည်။ ဝတ္ထုတို ဖြစ်သည်"[၃]

ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ဝတ္ထုတိုတွင် 'ဇာတ်လမ်း'သည် အရေးပါသကဲ့သို့ ဇာတ်လမ်းဖြစ်ပေါ်လာစေရန်အတွက် ပါဝင်လှုပ်ရှားရသော ဇာတ်ဆောင်များသည်လည်း အရေးပါကြောင်းကို NTC's Dictionary Of Literary Terms တွင်–

> "ဇာတ်ဆောင်ဆိုသည်မှာ ရသစာပေတွင် ပါဝင်သူ ဖြစ်သည်။ ထိုဇာတ်ဆောင်သည် ဒိဋ္ဌလောကမှ လူသားနှင့်မတူပေ။ ရသစာပေတွင် ပါဝင်သည့် ဇာတ်ဆောင်၏ပင်ကိုယ်အရည်အသွေးနှင့် ပြုမူလှုပ်ရှားမှုများသည် ဇာတ်ကြောင်းတွင် ပါဝင်မှုအပေါ် မူတည်၍ ကန့်သတ်ထားသည်။ ဇာတ်ဆောင်ကို ဇာတ်လမ်းနှင့် အံဝင်ခွင်ကျ ဖြစ်အောင် ပုံစံချထားသည်။"[၄]

---

[၁] မင်းယုဝေ၊ ၁၉၇၉၊ ၁၆၉–၁၇၀။

[၂] Lucke, 1998, 73.

[၃] တက်တိုး၊ ၂၀၀၁၊ ၉၈။

[၄] Morner & Raush, 1998, 31.

ဟု ဖော်ပြထားပါသည်။ ထို့အတူ ဝတ္ထုတိုတွင် ကာလဒေသနောက်ခံအရေးပါပုံနှင့်ပတ်သက်၍ 'သူရိယကန္တိ' က–

> "ကာလနှင့်ဒေသသည် ဝတ္ထုတစ်ပုဒ်လုံး၏ နောက်ခံကား ဖြစ်၍ မပါလျှင် မပြီးချေ"[၁]

ဟု လည်းကောင်း၊ 'မမိုးမြေ' ကလည်း ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် ကာလဒေသနောက်ခံတို့ ဆက်စပ်နေပုံကို–

> "နောက်ခံအဖွဲ့သည် ဇာတ်လမ်း တည်ဆောက်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ အချိန်ကာလနောက်ခံကို မူတည်၍ ဇာတ်အိမ်ကို ဖွဲ့နိုင်သကဲ့သို့ နေရာဒေသနောက်ခံကို မူတည်၍ ဇာတ်အိမ် ဖွဲ့နိုင်သည်။"[၂]

ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ကာလဒေသနောက်ခံဝန်းကျင်အဖွဲ့များပေါ် မူတည်၍ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို သဘာဝကျပီပြင်အောင် ဖန်တီးရသည့်အတွက် ကာလဒေသ နောက်ခံအဖွဲ့သည်လည်း ဝတ္ထုတိုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ထို့ကြောင့် ဝတ္ထုတိုဆိုသည်မှာ စာရေးသူ တင်ပြလိုသော အကြောင်းအရာတစ်ရပ်ကို ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ စသည့်အဖွဲ့တို့ဖြင့် ဘာသာစကားကို အသုံးပြုကာ ရသမြောက်အောင် ဖန်တီးထားသော စကားပြေအဖွဲ့တစ်မျိုးဟု ဆိုနိုင်ပါသည်။

## ၃။ ဖိုးကျော့၏ဆင်လုပ်သားဝတ္ထုတိုများကို ဘာသာစာပေဆက်နွှယ်မှု အမြင်ဖြင့် လေ့လာခြင်း

စာရေးဆရာဖိုးကျော့၏ ဝတ္ထုတိုများကို လေ့လာရာတွင် စာရေးသူသည် ဆင်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ ဆင်တို့၏ဓလေ့စရိုက်များ၊ ဆင်ဖမ်းနည်းများနှင့် ဆင်လုပ်သားတို့၏အကြောင်းများ၊ ဆင်လုပ်ငန်းနှင့်ပတ်သက်သော ဝေါဟာရများကို စာရေးသူတင်ပြလိုသော အကြောင်းအရာများနှင့် အံဝင်ခွင်ကျဖြစ်အောင် ထည့်သွင်းဖော်ပြရေးသားထားသည်ကို တွေ့ရပါသည်။ ထိုသိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ဘာသာစကားဆိုင်ရာ ဝေါဟာရများကို စာရေးသူက နေရာတကျ

---

[၁] သူရိယကန္တိ၊ ၁၉၆၇၊ ၃၁။

[၂] မိုးမြေ၊ မ၊ ၂၀၀၉၊ ၂၀၃။

အသုံးချ၍ ရသမြောက်ဝတ္ထုတိုများအဖြစ် ပြန်လည်၍ ဇာတ်လမ်းဆင် ဖန်တီးရေးဖွဲ့ထားပါသည်။ ဤသို့ဖြင့် ဘာသာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ဆင်လုပ်ငန်းဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်သည့် သုတစာပေဆိုင်ရာ အကြောင်းအရာများကို ရသစာပေ ဝတ္ထုတိုအသွင်သို့ ပြောင်းလဲလာပါသည်။ စာရေးဆရာ ဖိုးကျော့၏ ဆင်လုပ်သားဝတ္ထုတိုများတွင် ဘာသာစကားဆိုင်ရာ ဝေါဟာရများက ရသမြောက် ဝတ္ထုတိုတစ်ပုဒ်ဖြစ်လာစေရန် မည်သို့မည်ပုံ အထောက်အပံ့ပြုပုံကို လေ့လာတင်ပြပါမည်။

## ၃၊ ၁။ ဆင်ပုံကျွံတော့လူနွံနစ်

ဤဝတ္ထု၏ ဇာတ်လမ်းအကျဉ်းမှာ ပုဂ္ဂလိကနေ့စား ဆင်ဦးစီးတစ်ဦးနှင့် အစိုးရ သစ်ထုတ်လုပ်ရေးမှ လခစားဆင်ဦးစီးတစ်ဦးတို့ မိန်းမချောတစ်ဦးကို အပြိုင်ပိုးပန်းကြသည်။ ထိုမိန်းမချော၏မိခင်ဖြစ်သူက ငွေသုံးသောင်း တင်တောင်းနိုင်သူနှင့် သမီးဖြစ်သူကို ပေးစားမည်ဟုပြောဆိုခဲ့သည်။ ပုဂ္ဂလိကနေ့စား ဆင်ဦးစီးတင်မောင်သည် မိန်းမချောကို ပိုင်ဆိုင်လိုစိတ်နှင့် သစ်မှောင်ခိုသမားများနှင့် ပူးပေါင်းပြီး သစ်ဆွဲ၍ ငွေရှာရာမှ ဆင်ပုံကျွံကာ ဘဝပျက်ခဲ့ရပုံကို ဇာတ်လမ်းဆင်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

'ဆင်ပုံကျွံတော့ လူနွံနစ်' ဝတ္ထုတို၏ ဇာတ်လမ်းအဖွင့်တွင် အားပြိုင်ဖက်ဖြစ်သော 'တင်မောင်'နှင့် 'လှကွန့်'တို့ ဆုံဆည်းရာ အလှူပွဲကို နောက်ခံအဖြစ် တင်ပြထားပါသည်။ အလှူပွဲသို့ လာရောက်ကြသူများကို ဖော်ပြရာတွင်−

> "အိမ်ခြေသုံးလေးဆယ်သာရှိသော ရွာအလှူဟု ဆိုသော်လည်း သစ်ထုတ်လုပ်ရေးနှင့်နီးသဖြင့် အတော်စည်သည်။ အလှူရှင်မှာလည်း ဆင်ပိုင်ရှင် အိုက်လောလူ။ ထို့ကြောင့် မကင်းရာမကင်းကြောင်း အစိုးရသစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာကစ၍ တောအုပ်၊ တောခေါင်း၊ ချောင်းခေါင်း၊ ချောင်းအုပ်၊ ဆင်အုပ်၊ ဆင်ခေါင်း၊ ဆင်စီးလုံကိုင် နောက်လိုက်ပါမကျန် အစုံလာကြသည်။ ရွာခံရပ်ခံ ဆင်ဦးစီးလုံကိုင်များကိုလည်း အစုံတွေ့ရ၏။"[၁]

ဟု နောက်ခံဝန်းကျင် အငွေ့အသက်ပါအောင် ရေးဖွဲ့တင်ပြထားသည်။ စာရေးဆရာ ဖိုးကျော့သည် ဝတ္ထုဇာတ်လမ်းကို ဖန်တီးတင်ပြရာ၌ သစ်တောနှင့်ဆက်စပ်နေသော အမှုထမ်း၊ အရာထမ်းတို့ကို ခေါ်ဝေါ်သည့် ဝေါဟာရအသုံးအနှုန်းများ၊ ဆင်နှင့် ပတ်သက်သော အရာထမ်း၊ အမှုထမ်းတို့ကို ခေါ်ဝေါ်သည့် ဝေါဟာရအသုံးအနှုန်းများကို

[၁] ဖိုးကျော့၊ ၂၀၁၇၊ ၇၀။

ရွေးချယ်၍ နေရာတကျ ထည့်သွင်းရေးဖွဲ့ထားပါသည်။ ထိုသို့သုံးနှုန်းထားသောကြောင့် ဝတ္ထုနောက်ခံ အငွေ့အသက်ကို ခံစားရပြီးလျှင် ဇာတ်လမ်းသည် အသင့်ယုတ္တိရှိပြီး ပိုမိုခိုင်မာလာပါသည်။ ထိုအဖွဲ့တွင် သုံးစွဲထားသော 'တောအုပ်၊ တောခေါင်း၊ ချောင်းခေါင်း၊ ချောင်းအုပ်၊ ဆင်အုပ်၊ ဆင်ခေါင်း၊ ဆင်စီးလုံကိုင်နောက်လိုက်' စသည့် ဝေါဟာရများကို စေ့စေ့စပ်စပ် ရွေးချယ် သုံးနှုန်းထားသည့်အတွက် ဇာတ်ဆောင် နှစ်ဦးအားပြိုင်လှုပ်ရှားရမည့် ပတ်ဝန်းကျင်အဝန်းအဝိုင်းကို စာဖတ်သူတို့အနေဖြင့် နားလည်ခံစားလာနိုင်စေပါသည်။

'တောအုပ်' မှာ "သစ်ပင်အစုအဝေး။ သစ်တောဌာန အရာရှိငယ်တစ်မျိုး"[၁] ဖြစ်သည်။

'တောခေါင်း' မှာ "သစ်တောဌာန အမှုထမ်းတစ်မျိုး"[၂] ဖြစ်သည်။

'ချောင်းအုပ်' မှာ "သစ်တောကြိုးဝိုင်းရှိ သစ်ကွက်များနှင့် သစ်မျှောလုပ်ငန်းတို့ကို ကြီးကြပ်ရသော အမှုထမ်း"[၃] ဖြစ်သည်။

'ချောင်းခေါင်း' မှာ 'ချောင်းအုပ်၏လက်ထောက်အမှုထမ်း"[၄] ဖြစ်သည်။

'ဆင်အုပ်' နှင့်ပတ်သက်၍ 'ဆင်လုပ်သား' စာအုပ်တွင်–

> "နိုင်ငံပိုင်သစ်ထုတ်လုပ်ရေး၌ ဆင်အကောင် ၅၀ တွင် ဆင်အုပ် တစ်ယောက် ထားပေးသည်။ ဆင်အုပ်၏တာဝန်မှာ သာမန်အားဖြင့် တစ်လနှစ်ကြိမ် ဆင်ဝိုင်းစခန်းများကို လှည့်လည်စစ်ဆေးရသည်။ ဆင်ကျန်းမာရေးအတွက် ဆင်ခေါင်း၊ ဆင်ဦးစီးများအား ဆင်ကျွေးရန် ဆေးနှင့်အစားအစာများ ညွှန်ကြားရသည်"[၅]

ဟု ရေးသားဖော်ပြထားရာ 'ဆင်အုပ်' မှာ 'ဆင်ခေါင်း၊ ဆင်ဦးစီး'တို့ထက် ရာထူးကြီးပြီး ဆင်ဝိုင်းစခန်းများကို လစဉ်လှည့်လည်စစ်ဆေးရသော ဆင်လုပ်ငန်းဆိုင်ရာ အရာရှိတစ်မျိုးဖြစ်ကြောင်း သိရှိရပါသည်။

'ဆင်ခေါင်း' နှင့်ပတ်သက်၍လည်း 'ဆင်လုပ်သား' စာအုပ်တွင်ပင်–

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၄၈။
[၂] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၄၇။
[၃] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၆၃။
[၄] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၆၃။
[၅] ဖိုးကျော့၊ ၂၀၁၆၊ ၂၀၁၅။

> "ဆင်ခေါင်းမှာ ဆင်ငါးကောင်၊ ခြောက်ကောင်မှ ကိုးကောင် ဆယ်ကောင်ထိရှိသော ဆင်ဝိုင်း၊ ဆင်စခန်းများကို ကွပ်ကဲ အုပ်ချုပ်ရသူ ဖြစ်သည်။ သူသည်လည်း ပဲ့စီး၊ ဦးစီးဘဝမှ အဆင့်ဆင့် တက်လာရ၍ ၉၇ ကျပ်မှ ၁၈၀ ကျော်ထိ လခရသူ ဖြစ်သည်။"[၁]

ဟူ၍ ဖော်ပြရေးသားထားရာ 'ဆင်ဦးစီး၊ ပဲ့စီး'တို့ထက်ရာထူးကြီးပြီး 'ဆင်အုပ်'ထက် ရာထူးငယ်သော ဆင်ဝိုင်း၊ ဆင်စခန်းတစ်ခုကို ကွပ်ကဲအုပ်ချုပ်ရသူကို 'ဆင်ခေါင်း' ဟု ခေါ်ကြောင်း သိရှိရပါသည်။

ထို့အပြင် ဤဝတ္ထုထဲတွင် 'ဆင်စီးလုံ့ကိုင်နောက်လိုက်' ဟူသည့် ဆင်လုပ်ငန်း ဆိုင်ရာ ဝေါဟာရကို ထည့်သွင်းရေးဖွဲ့ထားရာ 'ဆင်စီး' ဆိုသည်မှာ ဤနေရာတွင် 'ဆင်ဦးစီး'ကို ဆိုလိုဟန်ရှိသည်။ 'ဆင်ဦးစီး' ဟူသော ဝေါဟာရကို 'မြန်မာအဘိဓာန်'တွင်–

> "ဆင်ဦးပိုင်းတွင် ထိုင်၍ ချွန်းဖြင့် ဆင်ကို မိမိလိုရာ စေခိုင်းသူ။"[၂]

ဖော်ပြထားသည်။ ထို့အတူ 'ဆင်ဦးစီး' သည် 'ပဲ့စီး' ဘဝမှ ရာထူးတိုးမြှင့်ခြင်းခံရသူ၊ ဆင်တစ်ကောင်ကို တာဝန်ယူထိန်းကွပ်ပေးရသူဖြစ်ကြောင်းကိုလည်း 'ဆင်လုပ်သား' စာအုပ်တွင်–

> "ဦးစီးသည် မိမိ၏ဆင်အတွက် လုံးဝဥဿုံ တာဝန်ယူရသည်။ သူ့အား ပဲ့စီးက ကူညီသည်။"[၃]

ဟု လည်းကောင်း၊

> "ဆင်ထိန်း၊ ဆင်ဦးစီးတို့မှာ လခ ၉၇ ကျပ်သာ ရကြသည်။ သူတို့သည်လည်း ပဲ့စီးဘဝက တစ်ဆင့်တက်လာသော လုပ်သားများ ဖြစ်၏။"[၄]

ဟူ၍ ဖော်ပြရေးသားထားရာ 'ဆင်ဦးစီး' ကို 'ဆင်ထိန်း' ဟုလည်း ခေါ်ကြောင်း၊ 'ပဲ့စီး'နှင့် တွဲဖက်၍ တာဝန်ထမ်းဆောင်ရသူဖြစ်ကြောင်း သိရှိရပါသည်။ 'ပဲ့စီး' ဟူသော ဝေါဟာရအနက်ကို 'မြန်မာအဘိဓာန်' တွင်–

---

[၁] ဖိုးကျော့၊ ၂၀၁၆၊ ၂၁၅–၂၁၆။
[၂] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၂၃။
[၃] ဖိုးကျော့၊ ၂၀၁၆၊ ၂၂၄။
[၄] ဖိုးကျော့၊ ၂၀၁၆၊ ၂၂၄။

"လေ့တွင် တက်မကိုင်ရသူ။ ဆင်၏နောက်ပိုင်းတွင် ထိုင်လိုက်ရသော ဆင်မှုထမ်း"[၁]

ဟု ဖော်ပြရေးသားထားပါသည်။ ထို့အတူ 'ဆင်လုပ်သား' စာအုပ်တွင်လည်း–

"အသက် ၁၄ နှစ်တွင် သူသည် ဆင်စခန်း၌ အလုပ်သင်လုပ်ရ၏။ ထိုစဉ်က ပဲ့ချိတ်ခေါ် သံကြိုးနှင့် သစ်လုံးကို ချိတ်ပေးရသူ အဖြစ်ဖြင့် ဆင်ဦးစီးကို ကူညီရ၏။"[၂]

ဟု လည်းကောင်း၊

"ပဲ့စီးများမှာ ဆင်ဦးစီးများကဲ့သို့ ငယ်စဉ်ကပင် ဆင်နှင့်လက်ပွန်းတတီးနေကာ ဦးစီးကို ကူညီရသူ ဖြစ်သည်။ ပဲ့စီး၊ ပဲ့ချိတ်၊ လုံကိုင်ဟု အမျိုးမျိုးခေါ်ကြသည်။ လစာမှာ ၈ ကျပ် သာရ၍ ဦးစီးခိုင်းသမျှ ကူညီလုပ်ကိုင်ပေးရသည်။"[၃]

ဟုဖော်ပြရေးသားထားရာ 'ပဲ့စီး' သည် ဦးစီး၏လက်ထောက်အဖြစ် လုပ်ကိုင်ဆောင်ရွက်ပေးရသူဖြစ်ပြီး 'ပဲ့ချိတ်၊ လုံကိုင်၊ လုံကိုင်နောက်လိုက်' စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်လေ့ရှိကြောင်း သိရှိရပါသည်။

စာရေးသူသည် ဆင်လုပ်သားတို့ ဘဝပတ်ဝန်းကျင်တွင် ရှိနေကြသော ရာထူးအဆင့်ဆင့်ကို ပြည့်ပြည့်စုံစုံတင်ပြလိုက်ခြင်းဖြင့် စာဖတ်သူတို့ မသိသေးသော ဝေါဟာရများကို သိခွင့်ရလိုက်ပါသည်။ ဘာသာစကားဆိုင်ရာ ဗဟုသုတကို ရရှိစေပါသည်။ စာပေဘက်မှ ကြည့်လျှင်လည်း ဇာတ်လမ်းပါနောက်ခံဝန်းကျင် လူမှုအဖွဲ့အစည်းကို ပို၍သရုပ်ပေါ်လာစေပါသည်။

ဇာတ်ဆောင်များနှင့် မိတ်ဆက်ပေးရာ၌ စာရေးသူက–

"တင်မောင်က အိုက်ထွန်းပဆင်ကို အငှားစီးနေသော နေ့စားဆင်ဦးစီး။ လှကွန့်က အစိုးရသစ်ထုတ်လုပ်ရေးမှ လခစားဆင်ဦးစီး။"[၄]

ဟု ဖော်ပြထားသည်။ ဇာတ်ဆောင်နှစ်ဦး၏ ဘဝအနေအထား မတူညီမှုကို 'နေ့စားဆင်ဦးစီး၊ လခစား ဆင်ဦးစီး' ဆိုသော ကွဲပြားသည့် ဝေါဟာရများဖြင့် တင်ပြထား

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၁၇။
[၂] ဖိုးကျော့၊ ၂၀၁၆၊ ၂၁၆။
[၃] ဖိုးကျော့၊ ၂၀၁၆၊ ၂၂၁–၂၂၂။
[၄] ဖိုးကျော့၊ ၂၀၁၇၊ ၇၁။

သည်။ ဆင်ဦးစီးလောကဌ်ပင် 'နေ့စား'နှင့် 'လခစား' ဟူ၍ ကွဲပြားနေကြောင်း သိမှတ်ရသည်။ စာပေအမြင်ရှုထောင့်မှကြည့်လျှင် 'တင်မောင်' သည် မိန်းမချောကို အပြိုင်ပိုးရာ၌ 'လှကွန့်' ကို မနိုင်နိုင်သည့် အနေအထားဖြင့် ဇာတ်အိမ်တည်ပေးလိုက်ခြင်းဖြစ်သည်။ ထိုအနေအထားကြောင့် တင်မောင်သည် ဇာတ်တက်ပိုင်းတွင် သစ်မှောင်ခိုသမားများနှင့် ပူးပေါင်းပြီး သစ်ဆွဲ၍ အပိုဝင်ငွေရှာရသော ဇာတ်လမ်းအဖြစ်အပျက်ကို အကျိုးသင့် အကြောင်းသင့် ဖြစ်စေပါသည်။ ဇာတ်ထွတ်ပိုင်းဖြစ်သည့် ဆင်ပုံကျွံကာဘဝပျက်ခဲ့ရသည့် ဖြစ်ရပ်မှာလည်း ဇာတ်လမ်းဖန်တီးမှုသဘောအရကြည့်လျှင် အကျိုးသင့် အကြောင်းသင့် ဖြစ်လာစေပါသည်။ ထိုမှတစ်ဆင့် စာရေးသူက တဖြည်းဖြည်း ဇာတ်ရှိန်ကို မြှင့်တင်ပေးရာတွင်–

> "အကယ်၍ သူ့လိုပုဂ္ဂလိကဆင်စီးသမား မဟုတ်ဘဲ အစိုးရ သစ်ထုတ်လုပ်ရေးမှ ဆင်သမားများသာဆိုလျှင် ဤလိုရာသီမှာ သစ်ဆွဲအလုပ်ကိုနားပြီး ဆင်ကျောင်းစခန်းများသို့ပင် ရောက်သွားကြလေပြီ။ တင်မောင်တို့လို ပုဂ္ဂလိကဆင်သမားများအနေနှင့်ကား ယခုထိ မနားနိုင်ကြသေး။ ချောင်းကျန်၊ ရေကျန်သစ်တွေကို လယ်သမား၊ ယာသမားများ ကောက်သင်းကောက်သလို လုံးရေကောက် တိုက်ကြ၊ ဆွဲကြတုန်း။"[၁]

ဟူ၍ ရေးသားထားသည်။ ထိုအရေးအသားတွင် 'ဆင်ကျောင်းစခန်း၊ ချောင်းကျန်၊ ရေကျန်သစ်၊ ကောက်သင်းကောက်သလို လုံးရေကောက် တိုက်ကြ၊ ဆွဲကြ' ဟူသည့် ဆင်နှင့်သစ်လုပ်ငန်းဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများကို နေရာတကျ ထည့်သွင်းရေးဖွဲ့ထားသည်။ 'ဆင်ကျောင်းစခန်း'ဆိုသည်မှာ 'နွေရာသီ အလုပ်ရပ်နားချိန်တွင် ဆင်များ နားနေရန် လွှတ်ထားသည့်စခန်း ဖြစ်ပါသည်။ ထို့အတူ 'ချောင်းကျန် ရေကျန်သစ်' ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ဖိုးကျော့၏ 'ဆင်လုပ်သားစာအုပ်'တွင်–

> "သစ်တင်သောလုပ်ငန်းကို သစ်ခေါင်းတစ်ယောက်က ကြည့်ရှုကြပ်မတ်ရ၏။ သစ်လုံးရေ သုံးဆယ်ကျော် ရှိသည်။ ထိုသစ်များမှာ မိုးတွင်းက ရေမျှောချသော်လည်း မကျဘဲ တင်ကျန်ခဲ့သော သစ်လုံးများ ဖြစ်၏။ ထိုကဲ့သို့သော သစ်များကို သစ်ထုတ်လုပ်ရေးက ရေကျန်သစ် ဟုခေါ်သည်။"[၂]

---

[၁] ဖိုးကျော့၊ ၂၀၁၇၊ ၇၃။
[၂] ဖိုးကျော့၊ ၂၀၁၆၊ ၃၄။

ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် 'ချောင်းကျန်၊ ရေကျန်သစ်' ဆိုသည်မှာ 'မိုးရာသီတွင် ရေစီးဖြင့် မျှောချသည့် သစ်များအနက် ချောင်းနံဘေးတွင် မကျဘဲ တင်ကျန်ရစ်သည့် သစ်များကို 'ချောင်းကျန် ရေကျန်သစ်' ဟု ခေါ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ 'ကောက်သင်းကောက်' ဟူသော ဝေါဟာရ၏အနက်မှာ 'ရိတ်သိမ်းပြီး ကြွင်းကျန်နေသော စပါးစသည့် သီးနှံကို ရှာဖွေကောက်ယူသည်။ အကြွင်းအကျန် ကလေးများကို စုဆောင်းသိမ်းယူသည်။' ဟူ၍ ဖြစ်ပါသည်။

'ဆင်ပုံကျွံလူနွံနစ်' ဝတ္ထုတွင် 'ကောက်သင်းကောက်သလို' ဟု ဥပမာ အလင်္ကာဖြင့် မိုးရာသီ ရေစီးပြင်းသည့်အချိန်တွင် ချောင်းငယ်မြောင်းငယ်များထဲ၌ တင်ကျန်နေခဲ့သည့် သစ်များကို တစ်လုံးချင်း လိုက်ကောက်ရာတွင် သုံးစွဲသော 'လုံးရေကောက်' ဟူသော ဝေါဟာရနှင့် ဆက်စပ်သုံးစွဲထားသည်။ 'လုံးရေကောက်' ဆိုသည့် ဝေါဟာရက ဇာတ်ဆောင် တင်မောင်၏ ပုဂ္ဂလိဆင်ဦးစီးတစ်ယောက်၏ ပင်ပန်းသောဘဝကို ပုံဖော်ပေးနိုင်ခဲ့သည်။ 'ကောက်သင်းကောက်သလို' ဆိုသည့် ဥပမာအလင်္ကာနှင့် ဆက်စပ်ပေးလိုက်ခြင်းဖြင့် စာဖတ်သူ တင်ပြလိုသော တင်မောင်၏ ဘဝသည် ကရုဏာသက်ဖွယ် ဖြစ်စေသည်။ လုကွန့်ကို အနိုင်ရရန်၊ မိန်းမချောကို ပိုင်ဆိုင်ခွင့်ရရန်အတွက် သစ်မှောင်ခိုသမားများနှင့် ပူးပေါင်းမိသည့် ဖြစ်ရပ်မှာလည်း စာဖတ်သူတို့အနေနှင့် ဖြစ်သင့်သည်ဟု လက်ခံလာနိုင်စရာအကြောင်း ဖြစ်လာရပါသည်။ ဝေါဟာရများကို နေရာတကျသုံးစွဲခြင်းဖြင့် စာဖတ်သူ ပုံဖော်တင်ပြလိုသော ပုဂ္ဂလိက နေ့စားဆင်ဦးစီးတစ်ဦး၏ဘဝသည် ရုပ်လုံးပေါ်လာပါသည်။ ဘာသာစကားကို စနစ်တကျသုံးစွဲမှုကြောင့် စာပေအမြင်နှင့်ကြည့်လျှင် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို သရုပ်ပီပြင်လာစေရန်၊ ရသမြောက်လာစေရန် အထောက်အကူပြုနေသည်ကို တွေ့ရပါသည်။

ဤဝတ္ထုတွင် တင်မောင်သည် သစ်မှောင်ခိုလုပ်ရင်း ဆင်ပုံကျွံ၍ လူနွံနစ်ရ တော့မည့်ဖြစ်ရပ်ကို ဇာတ်ဆောင် အိုက်ထွန်းပ၏ နိမိတ်ပြစကားဖြင့် တင်ပြထား သည်။ ထိုပြောစကားကို–

> "မိန်းမတစ်ယောက်အတွက်နဲ့ ပုံကျွံတော့ မခံနဲ့နော်။ မင်းလည်း ဆင်သမားပဲ။ ကြားဖူးမှာပေါ့။ ဆင်ပုံကျွံတော့ လူနွံနစ်တတ် တယ်တဲ့။"[၁]

ဟု ဖော်ပြထားပါသည်။ 'ပုံကျွံ' ဟူသော ဝေါဟာရအနက်နှင့်ပတ်သက်၍ 'ဆင်လုပ်သား' စာအုပ်တွင်–

[၁] ဖိုးကျော့၊ ၂၀၁၇၊ ၇၅။

> "တစ်ခါတစ်ရံ တောင်ကြားလွင်ပြင်များပေါ်တွင် မိုးရွာ၍ဖြစ်စေ၊ ချောင်းကော၊ အင်းကောများပေါ်၍ဖြစ်စေ အပေါ်ယံမှာ ရေပြင်ဖြစ်ပြီး အောက်တွင် ရွှံ့ညွန်များ ရှိတတ်လေရာ ရေကြိုက်သော ဆင်သတ္တဝါသည် ထိုနေရာမျိုး၌ ရေဆင်းစိမ်မိသဖြင့် ညွန်နစ်ကာ သေဆုံးတတ်သည်။ ဤသို့သေဆုံးခြင်းကို ဆင်သမားများက 'ပုံကျွံသေသည်' ဟု ခေါ်သည်။"[၁]

ဟု ဖော်ပြထားသည်။ ထိုဝေါဟာရကိုပင် 'ဆင်ပုံကျွံတော့လူနွံနစ်' ဝတ္ထုတွင်–

> "အမှန်က ဤနှမ်းဖြည်းချောင်းဖျားလွင်ပြင်သည် အပေါ်ယံကသာ မြေသားတွေ ခြောက်သယောင်းလိုက်ပြီး ဂူတလိုင်းပင်နှင့် ဆင်အော်မြက်တွေ ပေါက်နေသော်လည်း အောက်အတွင်း မြေစေးများမှာမူ ရွှံ့နွံအပျစ်အပျော့သာ ရှိသေး၏။ ထို့ကြောင့်လည်း ရှေ့ကသွားနှင့်သော အောင်ဘ၏လူတစ်လေးကိုတော့ အပေါ်ယံ မြေသားတွေက ခံနိုင်အား ရှိနေသည်။ သို့သော် သစ်ဆွဲလာသော ဆင်အလေးနှင့် တအားနင်းလိုက်သောအခါ နွံပုံထဲ ချက်ချင်း ကျွံကျသွားခြင်း ဖြစ်၏။"[၂]

ဟူ၍ စာရေးဆရာဖိုးကျော့သည် ဒိဋ္ဌလောကတွင် ဆင်လုပ်သားတို့ အမှန်တကယ် ကြုံတွေ့ရတတ်သည့် ဆင်ပုံကျွံခြင်းဟူသည့် ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရတစ်လုံးကို မူတည်၍ ဇာတ်လမ်းတစ်ပုဒ်လုံး ဖြစ်ပေါ်လာအောင်၊ ရသမြောက်လာအောင် စိတ်ကူးဖြင့် ပေါင်းစပ်ကာ ဖန်တီးခဲ့သည်ဟု ထင်မြင်မိပါသည်။ ဆင်ပုံကျွံတော့ လူနွံနစ်ဟု တွဲစပ်သုံးစွဲခြင်းဖြင့် ဆင်လုပ်သားတို့၏ဘဝတွင် ဆင်နှင့်ထပ်တူ ဆုံးရှုံးခြင်းဒဏ်၊ ပျက်စီးခြင်းဒဏ်ကို ခံစားကြရသည့် ဘဝသရုပ်ကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ဖော်ထုတ်တင်ပြနိုင်စွမ်း ရှိပါသည်။

ဇာတ်ထွတ်ပိုင်းတွင် မိန်းမချောတစ်ယောက်ပိုင်ဆိုင်ခွင့်ရရန် သစ်မှောင်ခိုဆွဲကာ ကြိုးစားရင်း ဆင်ပုံကျွံခဲ့ရသည့် ဇာတ်ကွက်ကို–

> "ငွေတိုးခေါင်းစိုက်ကျသွားသည်။ တင်မောင်လည်း ငွေတိုးဦးကင်ပေါ်မှ ဆင်အော်မြက်တောထဲ လွင့်စဉ်ကျသွား၏။ 'ပုံကျွံပြီ' ဟူသော အသိကြောင့် ရတ်တရက် ခေါင်းနပန်းကြီးသွားသည်။ ငွေတိုးသည် တကျိုကျိုအော်ကာ ပုံထဲရုန်းကန်နေ၏။ ရုန်းလေနစ်လေ

---

[၁] ဖိုးကျော့၊ ၂၀၁၆၊ ၂၁၁။

[၂] ဖိုးကျော့၊ ၂၀၁၇၊ ၈၂။

> ဖြစ်နေသော ငွေတိုးအနားသို့ တင်မောင် ကပ်သွားသည်။ ရင်သိုင်းကြိုးသည် အလိုလို ချိတ်ပြုတ်ထွက်သွားသည်။ တင်မောင်လည်း ငွေတိုးနား ကပ်၍မရတော့။ မြေပြင်မှာ ငလျှင်လှုပ်သလို ငွေတိုးနား တစ်ဝိုက်တွင် တုန်ခါပြီး နစ်ဝင်နေ၏။ ဆင်အော်မြက်ပင်တွေ၊ ဂူတလိုင်းချုံတွေပါ ငွေတိုးနှင့်အတူ နစ်ဝင်ပါသွားနေ၏။ တင်မောင် ကြောင်ကြည့်နေစဉ် တစ်ခဏာ၌ပင် ငွေတိုးက အတင်းရုန်းလေရာ ဆင်တစ်ကောင်၏ အလေးချိန်ဒဏ်ကို မခံနိုင်သဖြင့် ပုံက ပို၍ ကျွံသွားသည်။ ငွေတိုး၏ ကျောကုန်းပင် နစ်မြုပ်တော့မည်။”[၁]

ဟုလည်းကောင်း၊

> “ယခု ဤသည်ကိုမသိ၊ အရောက်ဖူး၊ မကြားဖူးသော တင်မောင်မှာ ကြည့်နေရင်း၌ပင် ရုန်းရင်းကန်ရင်းနှင့် ငွေတိုး အသံတိတ် သွား၏။ ဆင်တစ်ကောင်လုံးသာ ပုံကျွံ၍ သေသွားခဲ့လျှင် အမှု ပေါင်းစုံပတ်လာမည့် တင်မောင်၏ဘဝမှာလည်း ပုံကျွံ၍ သေသွား သည်နှင့် ဘာမှမထူးတော့ပါချေ”[၂]

ဟု ရေးဖွဲ့တင်ပြထားပါသည်။ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးမှ ဆင်များသည် ပုံကျွံ၍ နွံနစ်သေဖူးသည်။ ထို့ကြောင့် အတွေ့အကြုံရင့်ကျက်သော ဆင်ဦးစီးများသည် နွံပုံ လွင်ကြောကိုဖြတ်၍ မည်သည့်အခါမျှ သစ်မဆွဲခဲ့ကြပေ။ လောဘဇောကပ်၍ အတွေ့အကြုံနည်းသော တင်မောင်သည် ထိုအကြောင်းကို မသိ၍ ဆင်လည်းဆုံး လူလည်းဘဝနွံနစ်ခဲ့ရခြင်း ဖြစ်ပါသည်။

စာရေးဆရာ ဖိုးကျော့သည် ဆင်လုပ်ငန်းဆိုင်ရာဝေါဟာရများကို ပိုင်နိုင် ကျွမ်းကျင်သည့်အလျောက် ‘ပုံကျွံ’ဆိုသည့် ဝေါဟာရအနက်ကို ခံစားတွေးတောရာမှ ဤဇာတ်လမ်းကို ဖန်တီးနိုင်ခဲ့သည်ဟု ထင်မြင်မိပါသည်။ ဝေါဟာရများကို နေရာ တကျ အသုံးချတတ်မှုကြောင့် ဆင်ခြင်စရာ၊ ဘဝသင်ခန်းစာယူစရာ ရသမြောက် ဘဝသရုပ်ဖော် ဝတ္ထုတိုကောင်းတစ်ပုဒ်ကို ဖြစ်လာရသည်ဟု ထင်မြင်မိပါသည်။

---

[၁] ဖိုးကျော့၊ ၂၀၁၇၊ ၈၁–၈၂။

[၂] ဖိုးကျော့၊ ၂၀၁၇၊ ၈၂။

## ၃၊ ၂။ ဆင်ကြောက်ချောင်း

ဤဝတ္ထုသည် ဇာတ်လမ်းအသားပေး ဝတ္ထုတိုတစ်ပုဒ် မဟုတ်ပါ။ ဆင်များကို ဖမ်းဆီးခြင်း၊ ကျူးသွင်းခြင်း၊ ဆင်ရိုင်းများနှင့် ဆင်ဖမ်းလုပ်သားများ ရင်ဆိုင်အားပြိုင်ရခြင်း စသည့် ဖြစ်ရပ်အခြေအနေများကိုသာ ရေးသားထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် စာရေးဆရာ ဖိုးကျော့သည် ဆင်ဖမ်းလုပ်သားများနှင့် ပတ်သက်သည့် အခေါ်အဝေါ် ဝေါဟာရများ၊ ဆင်ဖမ်းဆီးမှုဖြစ်စဉ်တွင် ပါဝင်သော လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်ရာဝေါဟာရများကို ပြည့်ပြည့်စုံစုံ နေရာတကျ ထည့်သွင်းအသုံးချခြင်းဖြင့် စာဖတ်သူတို့၌ ဘာသာစကားအတွေ့အကြုံ အသိအမြင်များ တိုးပွားလာစေပါသည်။ ထို့အပြင် ထိုဝေါဟာရများ၏ မှန်ကန်တိကျမှု၊ နေရာတကျဖြစ်မှုတို့ကြောင့် စာရေးသူ တင်ပြလိုသော ဆင်ဖမ်းလုပ်ငန်း အတွေ့အကြုံများသည် သရုပ်ပီပြင်လာပြီး ဘယာနကရသ၊ ဝီရရသ၊ ကရုဏာရသစသည့် ရသခံစားမှုများကို ဖြစ်ပေါ်လာစေရန်အတွက် အထောက်အကူပြုနေသည်ကို တွေ့ရပါသည်။

ဇာတ်လမ်းအဖွင့်တွင်–

> "လူအယောက်နှစ်ဆယ်ကျော် ခုနစ်ရက်ခန့် လိုက်လာခဲ့ကြသော ရှစ်ကောင်ပါ တောဆင်ရိုင်းအုပ်ကို ရေပြာချောင်းဘေးနားရှိ ကျူကြားတောထဲတွင် ဝိုင်းစုသိမ်းသွင်းထားနိုင်ကြပြီဖြစ်ကြောင်းကို ဆင်လိုက်အဖွဲ့ခေါင်းဆောင် သောင်ဆရာကျုံးပိုင်ကြီး ဦးတင်အောင်အား ငထီးသံက နောက်ဆုံးသတင်း လာပို့သည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် 'ဆင်လိုက်အဖွဲ့၊ သောင်ဆရာကျုံးပိုင်ကြီး' ဆိုသော ဝေါဟာရများ ပါဝင်နေပါသည်။ ဆင်လိုက်အဖွဲ့ဆိုသည့် သဘောကို လူအယောက်နှစ်ဆယ်ကျော်က တောဆင်ရိုင်း ရှစ်ကောင်နောက်သို့ လိုက်လာခဲ့ပုံဖြင့် အနက်ပေါ်လွင်စေသည်ကို တွေ့ရသည်။ ဆင်ဖမ်းရာတွင် 'ဆင်ကင်းထောက်အဖွဲ့' ဟူ၍ ရှိသည်။ ထိုအဖွဲ့က တောဆင်ရိုင်းများရှိမည့်နေရာကို စုံစမ်းထောက်လှမ်းပြီး ဆင်လိုက်အဖွဲ့သို့ သတင်းပေးရသည်။ ဆင်လိုက်အဖွဲ့က တောဆင်ရိုင်းများနောက်သို့ လိုက်ပြီး ကျုံးသွင်းသည်အထိ တာဝန်ယူရသည်။ ထိုဆင်ဖမ်းအဖွဲ့သားများအားလုံး၏ အကြီးဆုံးခေါင်းဆောင်ကို 'သောင်ဆရာကျုံးပိုင်ကြီး' ဟု ခေါ်သည်။ ဇာတ်လမ်းအဖွင့်၌ပင် ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကြောင့် ရှေ့ဆက်မည့် ဇာတ်လမ်းအလားအလာကို မှန်းဆမိစေပါသည်။ သောင်ဆရာကျုံးပိုင်ကြီး ဦးတင်အောင်က–

---

[၁] ဖိုးကျော့၊ ၁၉၉၆၊ ၃၂။

> "ကောင်းပြီ မင်းတို့ခါတ်ထုပ်၊ ပေထုပ်တွေနဲ့ ဖြောက်အိုးမီးကွင်းတွေလည်း အလုံအလောက်ပါကြပြီဆိုရင် ဒီညသွင်းကြတော့။ ကျုံးတံခါးနဲ့ မီးတား ရဲလောင်းတွေလည်း ငါထပ်စစ်ထားလိုက်ဦးမယ်။"[၁]

ဟု ပြောဆိုသည်။ ထိုနေရာ၌ 'ခါတ်ထုပ်၊ ပေထုပ်၊ ဖြောက်အိုး၊ မီးကွင်း၊ ကျုံးတံခါး၊ မီးတား၊ ရဲလောင်း' ဟူသည့် ဝေါဟာရများကို ထည့်သွင်းရေးဖွဲ့ထားပါသည်။ 'ပေထုပ်' ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်တွင်–

> "ယမ်းစသည်နှင့် ကျောက်စရစ်ခဲတို့ကို ထုပ်၍ လုပ်ထားသော ပစ်ဖောက်စရာ အလုံး"[၂]

ဟု ဖွင့်ထားသည်။ ထို့အတူ 'ဆင်လုပ်သား' စာအုပ်တွင်လည်း–

> "ပေထုပ်မှာ ဆေးဒန်းနှင့်ပိုတက်မှုန့်ကို ဆတူညီမျှစွာ သမပြီးလျှင် ကျောက်စရစ်ခဲယ်များ အနည်းငယ် ရောစပ်လျက် စက္ကူထူထူနှင့် ကျစ်လျစ်သိပ်သည်းစွာ အထုပ်ငယ်ကလေးများ ထုပ်ရသည်။ ပေထုပ်များ ရေမစိုစွတ်စေရန် ပလပ်စတစ်အပါးစားဖြင့် အပေါ်မှ ထုပ်ထားရသေးသည်။ အချို့ဒေသများတွင် ပေထုပ်များအစား ဖြောက်အိုးကို အသုံးချတတ်ကြသည်။ ဤသည်မှာ တောဆင်ရိုင်းများ မောင်းလာရာ၌ ဆင်များ ကျုံးရှိရာဘက်သို့ ပြေးသွားအောင် ခြောက်လှန့်အသံပေးပြီး ပစ်ဖောက်ရခြင်း ဖြစ်သည်။ ဖြောက်အိုးမှာ မီးရှို့ဖောက်ရပြီး ပေထုပ်မှာ မာကြောသော သစ်ပင် (သို့မဟုတ်) ကျောက်တုံး တစ်ခုခုပေါ်သို့ တအားပစ်ပေါက်လိုက်လျှင် ဒိုင်းခနဲ ပေါက်မြည်တတ်သည်။"[၃]

ဟု ပေထုပ်ပြုလုပ်ပုံနှင့် အသုံးဝင်ပုံတို့ကိုပါ ရှင်းလင်းဖော်ပြထားပါသည်။ ထို့အတူ 'ဖြောက်အိုး' ဟူသော ဝေါဟာရကို 'မြန်မာအဘိဓာန်'တွင်–

> "မီးရှို့လျှင် ပေါက်ကွဲအသံမြည်စေရန် စီမံထားသောယမ်းထုပ်"[၄]

---

[၁] ဖိုးကျော့၊ ၁၉၉၆၊ ၃၂။
[၂] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၁၆။
[၃] ဖိုးကျော့၊ ၂၀၁၇၊ ၁၁၁။
[၄] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၅၄။

ဟူ၍ ဖွင့်ထားရာ 'ပေထုပ်၊ ခာတ်ထုပ်၊ ဖြောက်အိုး' တို့မှာ ဆင်ကိုအသံဖြင့် ခြောက်လှန့်ရာတွင် အသုံးပြုသည့် ဆင်လုပ်ငန်းသုံးပစ္စည်းများဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတူ 'မီးကွင်း' ဟူသော ဝေါဟာရကို 'မြန်မာအဘိဓာန်'ထဲတွင်–

"လောင်စာပတ်ထားသော ကွင်း"[၁]

ဟူ၍ အနက်ဖွင့်ထားရာ ဆင်ရိုင်းများကို ကျုံးရှိရာသို့မောင်းလာရာတွင် လောင်စာပတ်ထားသော မီးကွင်းဖြင့် ခြောက်လှန့်ရာတွင် အသုံးပြုသော ဆင်လုပ်ငန်းသုံးပစ္စည်း တစ်မျိုးဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် 'ကျုံးတံခါး' ဟူသည့် ဝေါဟာရကို 'မြန်မာ့ဆင်' စာအုပ်တွင်–

> "ကျုံးတံခါးဝအရှေ့ဘက်တွင် တံခါးတိုင် ၄ လုံးကို ရှေ့ ၂ လုံး၊ နောက် ၂ လုံး စိုက်ထူပြီး အလယ်တွင် အထက်မှအောက်သို့ လျှောကျနိုင်သော ကျုံးတံခါးကို ထားရသည်။ တံခါးကို မျောတိုင်များဖြင့် တည်ဆောက်၍ အောက်ခြေအဖျားပိုင်းများ ချွန်ထားရသည်။ တံခါးထိန်းကြိုးကို ဓါးဖြင့် ဖြတ်ချလိုက်သည်နှင့် တစ်ပြိုင်နက် အောက်သို့အရှိန်ဖြင့် လျှောကျလာပြီး မြေကြီးတွင် စိုက်ဝင်သွားစေရန် ဖြစ်သည်။ ကျုံးတံခါးကို အထက်သို့ ပေ ၂၅–၃၀ခန့် မတင်ပြီး ကြိုးများဖြင့် ဆိုင်းချည်ထားရသည်။"[၂]

ဟုလည်းကောင်း 'ဆင်လုပ်သား' စာအုပ်တွင်

> "ကျုံးတံခါးဝအရှေ့ဘက်တွင် ကျုံးတံခါးတိုင် ၄ လုံးကို ရှေ့ ၂ လုံး၊ နောက် ၂ လုံး စိုက်ထူပြီး အလယ်တွင် ကျုံးတံခါးကို ထားရသည်။ ကျုံးတံခါးမှာ လူကြီးခြေသလုံးလောက်ရှိသော မျောတိုင်များကို တစ်လုံးချင်းစီကွပ်၍ နံရံသဖွယ် ခိုင်ခံ့စွာ ပြုလုပ်ထားရသည်။ မတ်တပ်ထောင်ထားသော ကျုံးတံခါး၏ အောက်တိုင်ထိပ်ဖျားများကို မြနေအောင်ချွန်ထား၏။ ဤသို့ ချွန်ထားခြင်းမှာ ကျုံးထဲသို့ဆင်များဝင်မိသောအခါ အပေါ်က တံခါးကို ဖြုတ်ချလိုက်ပါက တံခါးရင်းသည် မြေပြင်သို့ စူးဝင်သွားစေရန် ဖြစ်သည်။ ကျုံးတံခါးမှာ အရှင်ဖြစ်ပြီး ရှေ့နှစ်လုံး၊

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၆၈။

[၂] တင်အောင်လှ၊ ဦး၊ ၂၀၁၂၊ ၆၄။

နောက်နှစ်လုံးစီ စိုက်ထူထားသော တံခါးတိုင်လေးလုံးကြားမှ အထက်သို့ ပေသုံးဆယ်ခန့် အမြင့်ဆွဲတင်ထားရသည်။”[၁]

ဟူ၍ အသေးစိတ် ရှင်းလင်းတင်ပြထားရာ ‘ကျုံးတံခါး’ မှာ ခိုင်ခန့်သည့်မျှောတိုင်များဖြင့် ပြုလုပ်ထားပြီး ကျုံးအထက် အမြင့်ပေ ၃၀ ခန့်တွင် ချိတ်ဆွဲထားကာ ကျုံးအတွင်းသို့ ဆင်ရိုင်းများကို မောင်းသွင်းလာပြီး နောက်ပြန်မထွက်နိုင်အောင် ပိတ်ဆို့ထားသည့် အဆီးအကာပင်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတူ ဤဝတ္ထုထဲတွင် ထည့်သွင်းရေးသားထားသည့် ‘မီးတား၊ ရဲလောင်း’ ဟူသည့် ဝေါဟာရများနှင့် ပတ်သက်၍လည်း ‘ဆင်လုပ်သားစာအုပ်’တွင်ပင်–

“ကျုံးတံခါးဝနှစ်ဖက်နှင့်ဆက်လျက် တစ်ဖက်လျှင် အရှည်ပေ ၁၂၀၀ မှ ၁၈၀၀ ထိ မျှောတန်း၊ မျှောတိုင်များနှင့် ရဲလောင်း လက်တံနှစ်ဖက် သွယ်ပေးထားရသည်။ ထိုရဲလောင်းလက်တံများမှာ ဒီဂရီ ၆၀ အပြင်သို့ ကတော့ပုံ ကားသွားလေသည်။ ”[၂]

ဟုလည်းကောင်း၊

“ဆင်ရိုင်းများကို ကျုံးရှိရာသို့ မောင်းသွင်းလာကြရာတွင် ကျုံးနှင့် တစ်ဆက်တည်းသွယ်ထားသော ရဲလောင်းထဲသို့ တောဆင်ရိုင်းများ ဝင်လာသည်နှင့်တစ်ပြိုင်နက် အပေါ်လင့်မှ လင့်စောင့်လုပ်သားများသည် လင့်ပေါ်မှ ချက်ချင်းဆင်း၍ အသင့်စုပုံထားသော အမှိုက်ပုံများကို ရေနံလောင်း မီးရှို့ကာ တောဆင်ရိုင်းများ ပြန်ထွက်မပြေးအောင် မီးပုံဖြင့်ပိတ်ရသည်။ ဤသည်ကို ‘မီးပိတ်’ သည်ဟု ခေါ်၏။ ”[၃]

ဟုလည်းကောင်း၊ ရှင်းလင်းဖော်ပြရေးသားထားရာ ‘ရဲလောင်း’ ဆိုသည်မှာ ‘ဆင်ကျုံးအရှေ့ဖက် တစ်ဖက်တစ်ချက်တွင် ကတော့ပုံသဏ္ဍာန် ကာရံထားသည့် လမ်းမြောင်’ ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတူပင် ‘မီးပိတ်’ ဆိုသည်မှာလည်း ဆင်ရိုင်းများ ရဲလောင်းအတွင်း ဘက်သို့ဝင်လာသည့်အချိန်တွင် ပြန်လှည့်၍ ထွက်မပြေးဝံ့အောင် အမှိုက်ပုံကလေးများကို မီးရှို့၍ ခြောက်လှန့်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထို့သို့ မီးပိတ်ခြင်းကို ‘မီးတားခြင်း’ ဟုလည်း ခေါ်ကြောင်း သိရှိရပါသည်။

---

[၁] ဖိုးကျော့၊ ၂၀၁၆၊ ၁၀၈။
[၂] ဖိုးကျော့၊ ၂၀၁၆၊ ၁၀၉။
[၃] ဖိုးကျော့၊ ၂၀၁၆၊ ၁၁၀။

အဆိုပါဝေါဟာရများကို ဇာတ်လမ်းထဲတွင် နေရာတကျ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ဆင်ဖမ်းခြင်း ဇာတ်ကွက်သည် ပိုမိုပီပြင်သရုပ်ပေါ်လာရပါသည်။ ဆင်ဖမ်းလုပ်ငန်းစဉ်များနှင့် ဆင်လုပ်သားတို့၏ ဘဝလှုပ်ရှားမှုများသည်လည်း ပေါ်ပေါ်လွင်လွင် ရှိလာစေပါသည်။ ဤဝတ္ထုတွင် စာရေးဆရာ ဖိုးကျော့သည် ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို စာဖတ်သူတို့အနေနှင့် သတိပြုမိစေလိုဟန် ရှိသည်။ ဝေါဟာရတို့၏ အနက်သဘောကို ပေါ်လွင်စေသည့် ဇာတ်ကွက်များ၊ ရှင်းလင်းတင်ပြချက်များကို ထည့်သွင်းရေးဖွဲ့ထားပါသည်။ ဆင်ဖမ်းရာတွင် ပါဝင်ရသည့် 'ရှေ့ပြေးလိုက်တိုက်စစ်မှူး' ဆိုသည့် ဝေါဟာရ၏အနက်ကို စာရေးသူ၏ အတင်အပြနှင့် ရှင်းပြထားသည်။ ထိုအကြောင်းကို

> "ဆင်အုပ်ကြီးကို ကျုံးသွင်း ကျုံးဝင်အောင် မောင်းကြရာတွင် ရှေ့ပြေးလိုက် တိုက်စစ်မှူးတွေမှာ အလွန်အရေးကြီး၏။ သက်စွန့်ဆံဖျားလည်း စွန့်စားရဲကြရ၏။ အကယ်၍ ဆင်အုပ်က ကျုံးဝင်ခါနီး လံတာရဲလောင်းထဲ ရောက်ခါမှ ပြန်လှည့်လာလျှင် ရှေ့ကဆီးပြီး ပေထုပ်၊ ဖြောက်အိုး၊ မီးကွင်းတို့နှင့် ဆီးခံပစ်ပေါက်ကြရသည်။ မီးတားထဲဝင်အောင် ခြောက်လှန့်လွှတ်ရသည်။ ပထမ၊ ဒုတိယ၊ တတိယ မီးသုံးတန်ကျော်သွားသော်လည်း လံတာရဲလောင်းအဆုံး ကျုံးဝရောက်ခါမှ ပေကပ်ကပ်လုပ်နေပြန်လျှင်လည်း ဓာတ်ထုပ်ကို လေးဂွထဲထည့်၍ ဆင်တင်ပါးကို အနီးကပ် ပစ်ရသည်။ ဆင်တင်ပါးနှင့်ထိ၍ ဓာတ်ထုပ် ပေထုပ် 'ဒိုင်းကနဲ' ပေါက်တော့မှ ဆင်ကလန့်ပြီး ကျုံးထဲဝင်ပြေးသည်။ ရှေ့ဆင်ဦးစီးခေါင်းက ဝင်ပြေးသွားပြီဆိုလျှင်တော့ နောက်လိုက်ဆင်အားလုံးမှာ အလိုလို ရှေ့ဆင်နောက် ပြေးလိုက်ဝင်သွားတတ်ကြသည်။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် 'ကျုံး၊ လံတားရဲလောင်း၊ မီးတား၊ ရှေ့ပြေးလိုက်တိုက်စစ်မှူး' စသည့် ဝေါဟာရအားလုံးကို စုပေါင်းထည့်သွင်း၍ ဆင်ကျုံးသွင်းပုံကို မြင်ယောင်ကြားယောင်ဖြစ်လာအောင် သရုပ်ဖော် ရေးဖွဲ့တင်ပြထားပါသည်။ ထို့သို့ ရေးဖွဲ့ရာတွင် အတင်အပြ ရှင်းလင်းသွက်လက်သည့်အတွက် ဝေါဟာရများ၏ အနက်ကို ထင်ထင်ရှားရှား သိမြင်လာစေသည်။ 'ရှေ့ပြေးလိုက်တိုက်စစ်မှူး' တို့၏ အရေးပါမှု၊ သက်စွန့်ဆံဖျား ဆောင်ရွက်မှုများကိုလည်း သရုပ်ပေါ်လွင်စေသည်။

---

[၁] ဖိုးကျော့၊ ၁၉၉၆၊ ၃၃။

ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို တီထွင်သုံးစွဲရာ၌ အကြောင်းအရာနှင့် လိုက်ဖက်အောင် 'ရှေ့ပြေးလိုက်တိုက်စစ်မှူး' ဟု တီထွင်နိုင်ပုံကိုလည်း သိရှိရပါသည်။ 'ဆင်ကျုံးသွင်းပုံ' ကို သာမန်မျှမရေးဘဲ ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို နေရာတကျ ထည့်သွင်းရေးဖွဲ့ခြင်းကြောင့် ဇာတ်လမ်းသည် ပိုမိုခိုင်မာကာ အသင့်ယုတ္တိရှိလာစေပါသည်။ ထို့အပြင် ဆင်ကျုံးသွင်းသည့်အခန်းကိုပင် သည်းထိတ်ရင်ဖိုခံစားမှုရသ ဖြစ်ပေါ်လာစေရန် စာရေးသူက–

> "တစ်ခါတစ်ခါ ကျုံးကိုရိပ်မိသွား၍ လံတားရဲလောင်း ထုတ်ထားသော သစ်လုံးကြီးတွေကို ထိုးအောင်းပြေးထွက်ရန် ဆင်များက ကြိုးစားတတ်သည်။ ထိုအခါ ရှေ့ပြေးလိုက် တိုက်စစ်မှူးတွေက လံတားရဲလောင်း ကျိုးပေါက်မသွားအောင် လှံရှည်နှင့် အနီးကပ်ကျားထိုး၍ အတင်းအဓမ္မ မောင်းသွင်းကြရ၏။ ဆင်ဖမ်း၊ ဆင်လိုက်ကာလ တစ်လျှောက်လုံးတွင် ထိုအချိန်သည် အရေးအကြီးဆုံးအချိန် ဖြစ်သလို အသက်အန္တရာယ်နှင့်လည်း အနီးဆုံးအချိန် ဖြစ်သည်။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့များသည် သည်းထိတ်ရင်ဖိုဇာတ်ကွက်များ ဖြစ်သည်။ ထိုဇာတ်ကွက်များကို တင်ပြပေးခြင်းဖြင့် 'လံတာရဲလောင်း'ဆိုသော ဝေါဟာရ၏ အနက်သည် ပို၍ထင်ရှားလာရသည်။ တစ်ဖက်မှလည်း 'ရှေ့ပြေးလိုက်တိုက်စစ်မှူး' တို့၏ ပါဝင်လှုပ်ရှားမှု၊ ရဲဝံ့စွန့်စားမှုတို့ကို မြင်ယောင်လာစေပြီးလျှင် သည်းထိတ်ရင်ဖိုခံစားမှုကို ဖြစ်ပေါ်စေသည်။ ဇာတ်ဆောင်တို့၏ ဘဝသရုပ် ပေါ်လွင်စေပြီးလျှင် ရသခံစားမှုကိုလည်း ဖြစ်ပေါ်စေရန်အတွက် ဝေါဟာရများက အထောက်အကူပြုထားသည်။

ထို့အပြင် 'ရှေ့တန်းတိုက်စစ်မှူး' ရှိသကဲ့သို့ 'နောက်တန်းတိုက်စစ်မှူး' များလည်း ရှိသည်။ ရှေ့ဆင်လိုက် အဖွဲ့ခေါင်းဆောင်ကို 'ရှေ့ခေါင်း' ခေါ်သကဲ့သို့ နောက်ဆင်လိုက် အဖွဲ့ခေါင်းဆောင်ကို 'နောက်ခေါင်း'ဟု ခေါ်ကြောင်းလည်း သိရှိရသည်။ ထိုဝေါဟာရများနှင့် ထိုသူတို့ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများကို စာဖတ်သူတို့ သိမြင်လာစေရန် သည်းထိတ်ရင်ဖိုဇာတ်ကွက်၌ ထိုဝေါဟာရများကို ထည့်သွင်းသုံးစွဲပြထားသည်။ ထိုအကြောင်းများကို–

> "ဆင်လိုက်အဖွဲ့၏ ရှေ့ခေါင်း နောက်ခေါင်း ဖြစ်ကြသော ခေါင်းဆောင်နှစ်ယောက်က သစ်ပင်ပေါ် တက်ကြည့်ကြသည်။

[၁] ဖိုးကျော့၊ ၁၉၉၆၊ ၃၃။

ချက်ချင်းပင် လူကြီးတစ်ရပ်ကျော်ကျော်သာ မြင့်သော ကျူတော ကြား၌ ကျောက်တုံးကြီးများကို ပစ်ချထားသလို ပကတိ ငြိမ်သက်နေကြသော ဆင်ကြီးသုံးလေးကောင်၏ ကျောကုန်း မည်းမည်းကြီးကို အတိုင်းသား မြင်နေရ၏။ ဆင်များသည် နားရွက်ပင် မခတ်ကြဘဲ ပကတိကျိန်းပုန်းနေကြသည်။”[၁]

ဟု ရေးသားထားပါသည်။ ထိုဇာတ်ကွက်၌ ‘ရှေ့ခေါင်း၊ နောက်ခေါင်း’ ဟူသည့် ဝေါဟာရအနက်နှင့် တာဝန်ဝတ္တရားများကို ထည့်သွင်းရေးဖွဲ့ထားသည့်အပြင် ‘ကျိန်းပုန်း’ဟူသည့် ဝေါဟာရကိုလည်း ထည့်သွင်းရေးသားထားပါသည်။ လှုပ်ရှားမှု မရှိဘဲ ငြိမ်သက်စွာ ပုန်းအောင်းနေသည်ကို ‘ကျိန်းပုန်း’ဟု ခေါ်သည်။ ထိုအနေအထား ကိုပင် စာရေးသူက–

“ဆင်ကြုံကြုံ ကျိန်းပုန်းနေကြတုန်း”[၂]

ဟု ထပ်မံဖော်ပြထားပါသည်။ ‘ဆင်ကြုံကြုံ’၏အနက်ကို ‘မြန်မာအဘိဓာန်’တွင်–

“သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်းကို တိတ်တိတ် ကျိတ်ကြံသည်။”[၃]

ဟု ဖွင့်ထားပါသည်။ ဆင်တို့သည် ကြောက်ရွံ့ဖွယ်ရာ တစ်စုံတစ်ခုနှင့် တွေ့သည့်အခါ (သို့မဟုတ်) လူတို့အား တုံ့ပြန်ရန်မူလိုသည့်အခါ မလှုပ်မယှက် ပုန်းအောင်းကြံစည်နေခြင်း ကိုပင် ‘ကျိန်းပုန်း’သည်ဟု သုံးဟန်တူပါသည်။ ဖိုးကျော့သည် ဆင်နှင့်ပတ်သက်သော ဝေါဟာရများထဲမှ ဝေါဟာရတစ်လုံးလုံးကို အာရုံပြုမိပြီးလျှင် ထိုဝေါဟာရကို ဦးတည်၍ ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင် ဖန်တီးတင်ပြလေ့ ရှိပါသည်။ ‘ဆင်ကြောက်ချောင်း’ ဝတ္ထုတိုတွင် ဆင်ရိုင်းများကို ကျုံးသွင်းရန် မောင်းနှင်လာရာ၌ ကျုံးသွင်းခါနီးမှ ဆင်များသည် ချောင်းကို ဖြတ်မကူးဘဲ ပြန်လှည့်ပြေးရန် ပုန်းနေကြသည်။ ဆင်များ ထိုသို့ ပုန်းနေရသည့်အကြောင်းကိုမသိဘဲ အတင်းအဓမ္မ ကျုံးသွင်းနိုင်ရန် ကြိုးပမ်း ခဲ့ကြသဖြင့် ဆင်လိုက်အဖွဲ့သားများသည် ဒဏ်ရာများ ရခဲ့ကြရသည်။ ဆင်ရိုင်းများ ထိုချောင်းကို ဖြတ်မကူးရသည့် အကြောင်းအရင်းမှာ ‘ရေဆင်’ ရှိသောကြောင့် ဖြစ်သည် ဟူသော အဖြေကို ဇာတ်ထွတ်ပိုင်းသို့ရောက်မှ ဖော်ထုတ်တင်ပြခဲ့ပါသည်။ ထိုဝတ္ထုအရ ‘ရေဆင်’ ဟူသော ဝေါဟာရကို သိခွင့်ရလိုက်သည်။ ရေဆင်နှင့် ပတ်သက်၍ ‘ဆင်လုပ်သား’ စာအုပ်တွင်–

---

[၁] ဖိုးကျော့၊ ၁၉၉၆၊ ၃၅။

[၂] ဖိုးကျော့၊ ၁၉၉၆၊ ၃၆။

[၃] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၂၂။

> "ရေဆင်သည် အမည်နှင့်လိုက်အောင် ကုန်းပေါ်ရှိ ဆင်နှင့် အစစ ဆင်တူပြီး အရွယ်အားဖြင့် အလျားလေးလက်မမှ ငါးလက်မခန့် ရှိပြီး အမြင့် သုံးလက်မမှ လေးလက်မခန့်ရှိသည်ဟု ဆိုကြသည်။"[၁]

ဟုလည်းကောင်း၊

> "ရေဆင်၏ ထူးခြားချက်တစ်ရပ်မှာ ဤမျှ ငယ်နှောင်းသော ရေဆင်အား ကုန်းနေဆင်ကြီးများက ကြောက်ရွံ့ကြသည်။ ရေဆင်ကိုက်လျှင် ဆင်ကြီးများ သေဆုံးသည်ဆိုသည့် အချက်ဖြစ်၏။ ရေဆင်ကို ဆင်ကြီးများ ကြောက်ရွံ့ကြရာတွင် သက်ရှိ ရေဆင်ကိုသာမက သေဆုံးပြီးသော ရေဆင်၏ အလောင်းကောင် အခြောက်ကိုပင် ကြောက်ရွံ့ကြသည်။ အထူးသဖြင့် ရေဆင် အသေကောင်၏ အစွယ်ကို အထူးကြောက်ရွံ့ကြသည်။ သို့ကြောင့် ရေဆင်ရှိသည်ဆိုသော ရေအိုင်များ၊ ချောင်းများတွင် ဆင်များကို ရေချ၍ မရပေ။"[၂]

ဟူ၍ စာဖတ်သူများနှင့် အလှမ်းကွာဝေးသည့် 'ရေဆင်' ဟူသော ဝေါဟာရနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဖော်ပြရေးသားထားပါသည်။ ဤအဖွဲ့များကြောင့် ရေထဲတွင် ကျက်စားကာ ဆင်နှင့်အသွင်သဏ္ဌာန် အားလုံးတူညီပြီး ကုန်းဆင်များ အလွန်ကြောက်ကြသည့် အလွန်အဆိပ်ပြင်းသည့် 'ရေဆင်' အကြောင်းကို သိရှိလာရပါသည်။

စာရေးဆရာ ဖိုးကျော့သည် ဆင်ဝတ္ထုများကို ရေးဖွဲ့ရာ၌ သာမန်မျှစိတ်ကူးဖြင့် မှန်းဆ ရေးသားခြင်းမဟုတ်ဘဲ ဆင်စခန်းများရှိရာသို့ ကိုယ်တိုင်သွားရောက် လေ့လာကာ ဆင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများကို သေချာကျနစွာ လေ့လာဆည်းပူးပြီးမှ ဆင်ဝတ္ထုတိုများကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဝေါဟာရများ၏ တိကျမှု၊ ပြည့်စုံမှုတို့ကြောင့် စာဖတ်သူတို့စိတ်အာရုံ၌ ဓာတ်လမ်း၊ ဓာတ်ကွက်များသည် ပို၍သရုပ်ပေါ်လွင်ပီပြင်ပြီးလျှင် ရသခံစားမှုအမျိုးမျိုးကို ဖြစ်ပေါ်စေပါသည်။ ဘာသာစကားရှုထောင့်မှ ကြည့်လျှင်လည်း ဝတ္ထုဆိုသည့်ရသစာပေကို ဖတ်ရှုခံစားရင်း ဘာသာစကားဆိုင်ရာ အသိအမြင်များ ပိုမို၍ ပြည့်စုံကြွယ်ဝလာစေမည်ဟု ထင်မြင်မိပါသည်။

---

[၁] ဖိုးကျော့၊ ၂၀၁၆၊ ၂၄၂။

[၂] ဖိုးကျော့၊ ၂၀၁၆၊ ၂၄၃။

## ခြုံငုံသုံးသပ်ချက်

စာရေးဆရာ ဖိုးကျော့၏ ဆင်လုပ်သားဝတ္ထုတိုများသည် ဆင်လုပ်သားတို့၏ ဘဝနှင့် ဆင်တို့၏ ခလေ့စရိုက်များကို အကြောင်းအရာ တစ်ချက်ချင်းအပေါ်၌ ထုတ်နုတ်ရွေးချယ်ပြီး ဝတ္ထု ဇာတ်လမ်းတစ်ပုဒ်စီ ဖန်တီးရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ စာရေးသူသည် ခက်ထန်ကြမ်းတမ်းသော ဘဝကြမ်းထဲမှ ဆင်လုပ်သားတို့၏ ဘဝရုန်းကန်မှု၊ ရဲဝံ့စွန့်စားမှု၊ ဆင်များနှင့် ဆက်စပ်ပတ်သက်မှုများကို သဘာဝကျပြီးလျှင် ခလေ့စရိုက်ပေါ်အောင် အနုစိတ် ခြယ်မှုန်းရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ဝတ္ထုဇာတ်လမ်းဖြစ်သည့်အလျောက် ဇာတ်လမ်းဇာတ်ကွက်များ၊ ပြောစကားများ၊ ကာလဒေသနောက်ခံအဖွဲ့များနှင့် ဆက်စပ်ဖန်တီးထားပါသည်။ ဇာတ်လမ်းဖြစ်စဉ်ကို တင်ပြရာတွင်လည်းကောင်း၊ နောက်ခံအဖွဲ့များကို တင်ပြရာတွင် လည်းကောင်း လိုအပ်သည့်နေရာများ၌ ဆင်လုပ်ငန်းနှင့်ပတ်သက်သည့် ဝေါဟာရ အသုံးအနှုန်းများကို နေရာတကျ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ဘဝခလေ့ ပိုမိုသရုပ် ပေါ်လွင်သည်နှင့်အမျှ စာဖတ်သူတို့၌ ဆင်နှင့် ဆင်လုပ်သားတို့အပေါ်တွင် ကရုဏာစိတ်၊ စာနာစိတ်၊ အံ့ဩစိတ်များ ဖြစ်ပေါ်လာရပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက် အတိုင်း စာပေကိုလေ့လာရာတွင် ဘာသာစကား၏ အသုံးဝင်မှု၊ အထောက်အပံ့ပြုမှု များကို လေ့လာတင်ပြထားပါသည်။ ဘာသာစကားကို နေရာတကျ စေ့စေ့စပ်စပ် သုံးစွဲခြင်းဖြင့် ဘဝသရုပ်ပေါ်မှု၊ ရသခံစားမှုနှင့်အတူ ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်လာရပုံများကို ဆန်းစစ်တင်ပြထားပါသည်။ ထို့အပြင် ရသစာပေဖြစ်သော ဝတ္ထု ဇာတ်လမ်းကို ခံစားဖတ်ရှုရင်း ဘာသာစကားဆိုင်ရာ ဆင်လုပ်ငန်းသုံး ဝေါဟာရ ဗဟုသုတများတိုးပွားလာနိုင်ပုံတို့ကို ဆက်စပ်လေ့လာတင်ပြထားပါသည်။

## နိဂုံး

စာပေသည် ဘာသာစကားနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါသည်။ စာရေးသူ ဘာသာစကားအသုံးအနှုန်း ကျွမ်းကျင်မှုအပေါ် မူတည်၍ စာပေဂုဏ် မြောက်ခြင်း၊ မမြောက်ခြင်း ဆိုသည့် အဆုံးအဖြတ်များ ဖြစ်ပေါ်လာရပါသည်။ ဝတ္ထုထဲတွင် အသုံးပြုထားသော တွေ့ရခဲသည့် စကားအသုံးအနှုန်းများသည် စာပေမှတစ်ဆင့် စာဖတ်သူထံသို့ တိုးပွားရောက်ရှိနိုင်စေပါသည်။ စာပေကို လေ့လာသူ၊ စာပေရေးသားသူတို့သည် စာကောင်းပေကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ဘာသာ စကားကို အလေးထားလိုက်စားရန် လိုအပ်သည်ဟု ယူဆမိပါသည်။ စာပေများမှတစ်ဆင့် ဘာသာစကားနှင့်စာပေ အပြန်အလှန် ပေါင်းကူးဆက်စပ်မှုသဘောကို လေ့လာခြင်းဖြင့် စာပေလေ့လာမှုတွင် များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၃ က)။ *ဘာသာနှင့်စာပေ စာပေနှင့်ဘာသာ*။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၃ ခ)။ *ဘာသာစာပေ အသွေးအရောင်အဆင်အကွက်*။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

တက်တိုး။ (၂၀၀၁)။ ***ဘဝနှင့်စာပေ။*** (ဒုကြိမ်)၊ ရန်ကုန်၊ ရတနာပုံစာအုပ်တိုက်။

တင်အောင်လှ၊ ဦး။ (၂၀၁၂)။ *မြန်မာ့ဆင်။* ရန်ကုန်၊ သင်းစာပေ။

ဖိုးကျော့။ (၁၉၆၈)။ "ဆင်ကြောက်ချောင်း'၊ *GEC ရသစုံမဂ္ဂဇင်း*၊ ၊ ဧပြီလ၊ ၃၂-၃၇။

ဖိုးကျော့။ (၂၀၁၆)။ ဆင်လုပ်သား။ ရန်ကုန်၊ စိတ်ကူးချိုချိုအနုပညာ။

ဖိုးကျော့။ (၂၀၁၇)။ ဆင်သေကုန်းနှင့်အခြားဝတ္ထုတိုများ။ ရန်ကုန်၊ စိတ်ကူးချိုချိုအနုပညာ။

မိုးမြေ၊ မ။ (၂၀၀၉)။ *ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ။* ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

မင်းယုဝေ။ (၁၉၇၉)။ "ဝတ္ထုတို၏အင်္ဂါရပ်များ"၊ ***ဝတ္ထုတိုစာတမ်းများ***။ ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ *မြန်မာအဘိဓာန်* (ဒုကြိမ်)*။* ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သူရိယကန္တိ။ (၁၉၆၇)။ ***ဝတ္ထုရေးလိုသော်။*** (ဒုကြိမ်)၊ ရန်ကုန်၊ လင်းယုန်စာပေ။

အိအိမျိုးကျော်၊ **မ**။ (၂၀၁၄)။ ***ဖိုးကျော့စာစုစာရင်း(၁၉၆၀-၂၀၁၄)***။ ရန်ကုန်၊ စာကြည့်တိုက်နှင့်သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်။


## အင်္ဂလိပ်ဘာသာ


Lucke, Margaret.(1998). ***Schaum's Quick Guide To Writing Great Short Stories***: New York: Graw-Hill, 11 west 19th Shreet.

Morner,Kathleen &Raush Ralph. (1998). ***NTC's Dictionary of Literary Terms.*** Chicago :

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မန္တလေးခေတ်ပုံရိပ်များ ထင်ဟပ်နေသော မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ် လေ့လာချက်

ခင်စန္ဒာတိုး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မန္တလေးမြို့ဘွဲ့လွမ်းချင်းကဗျာနှင့် မန္တလေးမြို့ ကုသိုလ်တော် လွမ်းချင်းကဗျာမှ မန္တလေးခေတ်ပုံရိပ်အဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ မြန်မာသီချင်းကဗျာများမှ မန္တလေးခေတ် လွမ်းချင်းကဗျာ များကို လေ့လာတင်ပြထားပါသည်။ စာတမ်းလေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာများမှ ဘုရားစေတီဆိုင်ရာ ပုံရိပ်များ၊ သာသနိက အဆောက်အဦးဆိုင်ရာ ပုံရိပ်များ၊ ကန်ချောင်းနှင့် ခရီးသွားလာရေးဆိုင်ရာ ပုံရိပ်များ၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ပုံရိပ်များ၊ မောင်မယ်တို့၏ ချစ်ခြင်းမေတ္တာ ဆိုင်ရာ ပုံရိပ်များကို ခံစားစေလိုခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် မန္တလေးခေတ်၏ သာသနာထွန်းလင်းတောက်ပပုံ၊ သွားလာပြုမူနေထိုင်ကြပုံတို့ကို တွေ့ရှိစေနိုင် ပါသည်။ မန္တလေးခေတ် ကဗျာလေ့လာသူနှင့် အတိတ်မန္တလေးအကြောင်း လေ့လာသူတို့အတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဘုရားစေတီဆိုင်ရာ ပုံရိပ်များ၊ သာသနိက အဆောက်အဦးဆိုင်ရာ ပုံရိပ်များ၊ ကန်ချောင်းနှင့် ခရီးသွားလာရေးဆိုင်ရာ ပုံရိပ်များ၊ ယဉ်ကျေးမှု ဓလေ့ဆိုင်ရာ ပုံရိပ်များ၊ မောင်မယ်တို့၏ ချစ်ခြင်း မေတ္တာဆိုင်ရာ ပုံရိပ်များ။***

## နိဒါန်း

ဤစာတမ်းသည် မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ်မှ မန္တလေးခေတ် မန္တလေးပုံရိပ်များအကြောင်း လေ့လာတင်ပြထားသည့် စာတမ်း ဖြစ်ပါသည်။ မန္တလေး ရတနာပုံ (ရွှေ)မြို့တော်သည် မြန်မာမင်းတို့ နောက်ဆုံးတည်ထောင်ခဲ့သော မြို့တော်၊ မြန်မာမင်းများ နောက်ဆုံးထီးနန်းစိုးစံခဲ့သော မြို့တော် ဖြစ်ပါသည်။ မင်းတုန်းမင်း တရားကြီးသည် (၁၂၁၄)ခု တပေါင်းလဆန်း (၁၁)ရက်နေ့တွင် အမရပူရရွှေနန်းကို သိမ်းမြန်းပြီး (၁၂၁၉) ခုနှစ်တွင် မန္တလေးမြို့ကို ပြောင်းရွှေ့ စံတော်မူခဲ့သည်။

သက္ကရာဇ် (၁၂၂၁)ခုနှစ် ကဆုန်လဆန်း (၁၃)ရက်၊ ညဥ့်(၂)ချက်တီးကျော်တွင် (၁)နန်းမြို့ကြီး၊ (၂)ကျုံး၊ (၃)မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၊ (၄)သိမ်တော်၊

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ဇန်းမော်တက္ကသိုလ်

(၅)မဟာအတုလဝေယာန်ကျောင်း(ခ)အတုမရှိကျောင်းတော်ကြီး၊ (၆)ပိဋကတ်တိုက်တော်၊ (၇)သုဓမ္မာဇရပ်တော်တို့ကို တစ်ပြိုင်နက် အုတ်မြစ်ချ တည်ဆောက်ခဲ့ပါသည်။

မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ်တွင် မင်းတုန်းမင်း လက်ထက်တော် အခါက တည်ဆောက်ခဲ့သည့် ပြုပြင်ခဲ့သည့် သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများနှင့် ထင်ရှားသည့် ဆည်မြောင်းကန်ချောင်းများအကြောင်း သာယာတင့်မောဖွယ် ဖွဲ့ဆိုထားပါသည်။

မန္တလေးမြို့သည် သမိုင်းမှတ်တမ်း ထင်ရှားပြီး လူသိများသော ထင်ရှားသည့် ရှေးဟောင်းမြို့တစ်မြို့ ဖြစ်ပါသည်။ ထို့ကြောင့် မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ်တွင် ပါဝင်သော နေရာများ၊ အဖြစ်အပျက်များသည် မန္တလေးနှင့် ပတ်သက်ဆက်နွယ်နေသူများအတွက် ပုံရိပ်အဖြစ် တည်ရှိနေပါသည်။ မန္တလေးနှင့် ပတ်သက်ဆက်နွယ်နေသည့် မန္တလေးဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ်မှ မန္တလေးပုံရိပ်အဖွဲ့များကို လေ့လာထားပါသည်။

## ၁။ မန္တလေးမြို့ သမိုင်းအကျဉ်း

မန္တလေးမြို့သည် မြန်မာမင်းတို့ နောက်ဆုံးထီးနန်းစိုက်ခဲ့သော မြို့တော် ဖြစ်ပါသည်။ ကုန်းဘောင်ဆက် (၁၂၁၄–၁၂၄၇)၏ နောက်ဆုံးမင်းဆက်များ ဖြစ်ပါသည်။ မင်းတုန်းမင်းနှင့်သီပေါမင်း နောက်ဆုံးထီးနန်းစိုးစံတော်မူခဲ့သည့် မြို့တော် ဖြစ်ပါသည်။ မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာများတွင် မန္တလေးမြို့နှင့် ဆက်စပ်နေသည့် နေရာများ၊ မန္တလေးနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကို မှတ်တမ်းတင် ရေးဖွဲ့ခဲ့ကြသည်။

မင်းတုန်းမင်းတရားကြီးသည် (၁၂၁၄)ခုနှစ်တွင် အမရပူရထီးနန်းကို သိမ်းပိုက်ပြီး (၄)နှစ် နန်းစံတော်မူခဲ့သည်။ မန္တလေးမြို့တည်ရာတွင် မန္တလေးတောင်ကို အဦးထား၍ မန္တလေးမြို့ကို တည်ခဲ့ပါသည်။ မင်းတုန်းမင်းတရားကြီးသည် မြို့တည်စဉ်က ရတနာပုံ ရွှေမြို့တော်ကြီးဟု သမုတ်ခဲ့ပါသည်။ မန္တလေးတောင်၏တောင်ခြေတွင် ရှိသောကြောင့် မန္တလေးဟု ခေါ်ဆိုခဲ့ကြပါသည်။ မန္တလေးတောင်ကို မူလက ဘီလူးမတောင်၊ ပုဂံမင်း ရှင်စောကို အစွဲပြု၍ မင်းရှင်စောတောင်ဟု ခေါ်ဆိုခဲ့ပါသည်။ ထို့နောက်မှ–

> "မတ္တရာမြို့တည် 'ဥဂ္ဂါသေနရာဇာ' ခေါ် မင်းကလေး နေထိုင်ခဲ့
> ဖူးရာဖြစ်၍ 'မင်းကလေးတောင်' ထို့နောက် စကားရွေ့လျောပြီး
> 'မန္တလေးတောင် ဖြစ်လာကြောင်း'"[၁]

---

[၁] ရွှေကိုင်းသား၊ ၂၀၀၇၊ ၂။

မန္တလေး နှစ်၁၀၀ပြည့်တွင် ရေးသားဖော်ပြထားပါသည်။

သက္ကရာဇ် (၁၂၁၈)ခုနှစ်တွင် မြို့သစ်တည်ထောင်ရန် မန္တလေးတောင်ကို အဦး ထားလျက် နယ်မြေသတ်မှတ်ပိုင်းခြားခဲ့ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တွင်–

"တောင်ကိုအလား ဒုဋ္ဌာဝတီမြစ်၊ မြောက်ကိုအလား မတ္တရာမြစ်၊ အနောက်ကိုအလား ဧရာဝတီမြစ်၊ အရှေ့ကိုအလား နတ်ထိပ် တောင်ရိုးအထိ ရတနာရွှေမြို့တော် နယ်လေးရပ် နိမိတ် ရွှေကြိုး ပိုင်းခြား သတ်မှတ်ရသည်"[၁]

ဟု ရေးသားဖော်ပြထားပါသည်။

မန္တလေး ရတနာပုံနန်းမြို့တော် အကျယ်မှာ–

"နန်းမြို့တော်အကျယ်မှာ မြန်မာတို့ အတိုင်းအတာအားဖြင့် တာ ၂၄၀၀၊ အင်္ဂလိပ်အတိုင်းအတာဖြင့် စတုရန်း ဖမိုင်မျှ ရှိလေသည်"[၂]

ဟု ဖော်ပြထားပါသည်။

သက္ကရာဇ် (၁၂၁၈) ခုနှစ် တပို့တွဲလဆန်း (၈)ရက်နေ့တွင် ရွှေမြို့တော် ဆောက်လုပ်ရန် ခုတ်ထွင်ရှင်းလင်းခဲ့ပါသည်။ သက္ကရာဇ် ၁၂၂၀ ခုနှစ် ဒုတိယ ဝါဆိုလဆန်း (၆)ရက် နံနက် လေးချက်တီးကျော်အချိန်တွင် မြို့သိမ်း၍ စံပယ် ခဲ့ပါသည်။

သက္ကရာဇ် (၁၂၂၁) ခုနှစ် ကဆုန်လဆန်း (၄)ရက် အခါတော်ကျရောက်ချိန်တွင် ပြည်သူများ အန္တရာယ်မကျရောက်စေရန် မြို့ထောင့်အရပ်တို့၌ ဆီအိုးကြီး လေးအိုး မြှုပ်နှံခဲ့ပါသည်။ ကဆုန်လဆန်း (၁၄)ရက် တနင်္ဂနွေနေ့တွင် သတ္တဌာန (၇)ဌာနကို စတင်အုတ်မြစ်ချခဲ့ပါသည်။ ထိုအကြောင်းကို–

အမြောက်သံကြားချိန် အခါတော်နှင့် ရွှေမြို့တော်ကြီး ကျုံးတော်၊ မဟာလောကမာရဇိန် စေတီတော်၊ သိမ်တော်ကြီး၊ မဟာအတုလ ဝေယန်ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော် ခုနှစ် ဌာနကို တစ်ပြိုင်နက် ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီး မတ်ကြီးတို့ အသီးသီးကြပ်မတ်၍ စနေသား ကြိုးရင်း၊

---

[၁] မောင်မောင်တင်၊ ဦး၊ ၂၀၀၄၊ ၁၇၄။

[၂] ရွှေကိုင်းသား၊ ၂၀၀၇၊ ၅။

> တနင်္ဂနွေသား ကြိုးဖျား ကိုင်စေလျက် တနင်္လာသားကို ရွှေပန္နက်
> ငွေပန္နက် စိုက်မှတ်စေ"[၁]

ဟု ရေးသားဖော်ပြထားပါသည်။

မန္တလေးမြို့၏ တံခါး (၁၂)ရပ်ကိုလည်း အမရပူရတံခါးဟောင်း အမည်များ အတိုင်း မခေါ်စေဘဲ ကမွည်းအသစ် သမုတ်တော်မူသည်။

သက္ကရာဇ် (၁၂၂၄) ခု တပေါင်းလပြည့်ကျော် (၄)ရက်နေ့တွင် တိုင်းသူ ပြည်သားများ အတွက် မြေနေရာ သတ်မှတ်ပေးတော်မူသည်။

မင်းတုန်းမင်းတရားကြီးသည် ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်၍ မဟာ လောကမာရဇိန် ပရဝုဏ်တွင် ထားရှိခြင်း၊ ဒေါင်းဒင်္ဂါးများ သွန်းလုပ်ခြင်း၊ ပဉ္စမသင်္ဂါယနာတင်တော်မူခြင်းများ ပြုလုပ်ခဲ့ပါသည်။ သက္ကရာဇ် (၁၂၄၀) ခုနှစ် သီတင်းကျွတ်လဆန်း (၆)ရက် အင်္ဂါနေ့တွင် နတ်ရွာစံတော်မူခဲ့ပါသည်။

မန္တလေးရတနာပုံထီးနန်းကို သားတော် သီပေါမင်း နန်းတက်တော်မူခဲ့သည်။ သီပေါမင်းလက်ထက်တွင် ရတနာပုံနန်းတော်၌ ဆက်လက် ထီးနန်းစိုးစံတော်မူ ခဲ့သဖြင့် နန်းတွင်းရေးနှင့် သက်ဆိုင်သည့် အပိုင်းတို့သာ များပြားလာသည်ကို တွေ့ရပါသည်။

သက္ကရာဇ် (၁၂၄၇)ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တွင် မန္တလေး ရတနာပုံနန်းတော်ကြီးကို အင်္ဂလိပ်တို့ တိုက်ခိုက်သိမ်းယူခဲ့ပြီး သီပေါမင်း တရားကို အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်သွားပါသည်။

(၂၈)နှစ်ကြာ ထီးနန်းစိုက်ခဲ့သည့် မန္တလေးရတနာပုံနေပြည်တော် ဗြိတိသျှ လက်အောက်ကျရောက်၍ နန်းဆောင်အချို့ ဖျက်ဆီးခဲ့ကြသည်။ ၁၉၄၂ ဂျပန် လက်အောက် ကျရောက်ပြီး (၃)နှစ်အကြာ ဂျပန်–အင်္ဂလိပ် စစ်ပွဲအတွင်း နန်းတော်မှာ မီးလောင်ပြာကျသွားခဲ့ပါသည်။ ယခုနန်းတော်ကြီးမှာ ပြန်လည်တည်ဆောက်ထားသည့် နန်းတော်ကြီး ဖြစ်ပါသည်။

## ၂။ လွမ်းချင်းကဗျာသဘောသဘာဝ

လွမ်းချင်းကဗျာနှင့် ပတ်သက်၍ ပညာရှင်တို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆို ထားပါသည်။ ကဝိဘာရတီကျမ်းတွင်–

---

[၁] မောင်မောင်တင်၊ ဦး၊ ၂၀၀၄၊ ၁၉၃။

"ဆုံးပါးဖျက်ဆီး ကွယ်လွန်ပြီးသော တစ်စုံတစ်ခုသော ဝတ္ထု တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်တို့ကို လွမ်းဆွတ်တမ်းတ မျက်ရမ်းဆ၍ ရေးသားအပ်သောကြောင့် လွမ်းချင်းဟု ခေါ်သည်"[၁]

ဟု ဖွင့်ဆိုထားပါသည်။

ကဗျာစွယ်စုံကျမ်းကြီးတွင်–

"လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းသော ထင်ရှားသော အကြောင်းအရာတို့ကို ဖွဲ့နွဲ့စီကုံးသော သီချင်း"[၂]

ဟု ဖွင့်ဆိုထားပါသည်။

မြန်မာအဘိဓာန်တွင်–

"ကြည်နူးလွမ်းဆွတ်ဖွယ်ရာများကို ပေါ်လွင်အောင် ဖွဲ့ဆိုသော အချိုး၏အဆုံးတွင် 'လေး' နှင့်ဆုံးသော ကဗျာအဖွဲ့အနွဲ့တစ်မျိုး"[၃]

ဟု ဖွင့်ဆိုထားပါသည်။

လွမ်းချင်းဆိုသည်မှာ မျက်မှောက်ခေတ်၌ ထင်ရှားသော အကြောင်းအရာတို့ကို ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းအောင် ရေးဖွဲ့ထားသော ကဗျာမျိုး ဖြစ်ပါသည်။ လွမ်းချင်းကဗျာများတွင် အပိုဒ်နှစ်ပိုဒ် ရှိပြီး နှစ်ပိုဒ်လုံး 'လေး' ဟူသော စကားဖြင့် အဆုံးသတ်လေ့ ရှိပါသည်။ ဒုတိယပိုဒ်သည် ပထမပိုဒ်ထက် ပဒအရေအတွက် ပိုများပါသည်။

## ၃။ မန္တလေးခေတ် လွမ်းချင်းကဗျာ(၂)ပုဒ်မှ မန္တလေးခေတ်ပုံရိပ်များလေ့လာချက်

မန္တလေးခေတ်သည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတရားကြီးတို့ ထီးနန်းစိုးစံခဲ့သည့်ကာလ ဖြစ်ပါသည်။ မန္တလေးခေတ် ကဗျာစာဆိုတို့သည် မင်းတုန်းမင်းလက်ထက် တည်ထားခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ ဆည်မြောင်း၊ ကန်ချောင်းတို့ကို နောက်ခံပြု၍ ကဗျာများ ဖွဲ့စပ်ခဲ့ကြပါသည်။ ယခုလေ့လာတင်ပြမည့် မန္တလေးဘွဲ့လွမ်းချင်းကဗျာ (၂)ပုဒ်တွင် မန္တလေးခေတ် မောင်မယ်တို့၏ ချစ်ခြင်းမေတ္တာမှတစ်ဆင့် မင်းတုန်းမင်းကြီး၏

---

[၁] ကျော်ရင်၊ ဦး၊ ပုပ္ပား၊ ၂၀၁၆၊ ၃၁၄။

[၂] ထွန်းရွှေ၊ ဦး၊ ၁၉၇၈၊ ၃၀၃။

[၃] မြန်မာစာအဖွဲ့၊ ၁၉၈၀၊ ၁၃၃။

သတ္တဌာနတွင် ပါဝင်သည့် မဟာလောကမာရဇိန် (ကုသိုလ်တော်)ဘုရား၊ မြတ်စွာဘုရား ဗျာဒိတ်စကား ထားခဲ့သည့် မန္တလေးတောင် ဗျာဒိတ်ပေးဘုရား၊ ကျောက်တော်ကြီး ဘုရား၊ တောပုဘုရား၊ သုဓမ္မာဇရပ်၊ မဟာနန္ဒာကန်၊ ရွှေတချောင်းမြောင်းတို့ကို နောက်ခံပြု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့များမှ မန္တလေးခေတ်ပုံရိပ်တို့ ထင်ဟပ်မြင်ယောင် လာစေပါသည်။

## ၃၊ ၁။ ဘုရားစေတီဆိုင်ရာ ပုံရိပ်များ

မန္တလေးမြို့သည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး တည်ထား ခဲ့သည့် မြို့တော် ဖြစ်ပါသည်။ မန္တလေး ရတနာပုံနေပြည်တော်ကြီးသည် သာသနာ ထွန်းလင်းတောက်ပသည့် အချိန်လည်း ဖြစ်ပါသည်။ ထို့ကြောင့် မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာနှင့် မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာများတွင် မန္တလေးမြို့ရှိ ထင်ရှားသော ဘုရားစေတီများအကြောင်း ဖွဲ့ဆိုထားပါသည်။

မြတ်စွာဘုရားရှင်သည် မန္တလေးတောင်တော်သို့ ဒေသစာရီကြွချီတော်မူစဉ် စန္ဒာမုခိဘီလူးမ၏ သက်ဝင်ကြည်ညိုမှုကြောင့် နောင်အခါ သာသနာအနှစ် ၂၅၀၀ သို့ ရောက်သောအခါ မန္တလေးတောင်၌ မင်းနေပြည်ဖြစ်လတ္တံ့။ သာသနာထွန်းကားလတ္တံ့ဟု ဗျာဒိတ်စကား ထားတော်မူခဲ့သည်။ သက္ကရာဇ် (၁၂၂၁)ခုနှစ်တွင် မြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူပုံကို တည်ထားတော်မူစေသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တွင်–

> “အာနန္ဒာ လျှောက်ထားတောင်းပန်ဟန်၊ မြတ်စွာဘုရား ဗျာဒိတ် ညွှန်ကြားတော်မူဟန်၊ ရွှေမြို့တော်သို့ ရှေ့ရှုမျက်နှာရည်တော် မူလျက် မတ်ရပ်ဗျာဒိတ်ညွှန်း ဘုရားရုပ်ထုတော်သဏ္ဍာန်၊ ညီတော်အာနန္ဒာ လျှောက်ထားတောင်းပန်သည့် ရုပ်ထုသဏ္ဍာန်တို့ ထုလုပ်တော်မူစေ၍”[၁]

ဟု ဖော်ပြထားပါသည်။

မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာတွင် ချစ်သူမောင်က ချစ်သူ မိန်းကလေးကို မန္တလေးမြို့ရှိ ထူးခြားသော မန္တလေးတောင်သို့ ဘုရားဖူးသွားပါမည်။ ပုဂံခေတ်ကတည်းက ဘုန်းတန်ခိုးကြီးသည့် တောင်ထိပ်ဦးရှိ စေတီထူးကိုလည်း ဖူးမြော်ကြရန် ဖိတ်ခေါ်ထားပါသည်။ ထိုအကြောင်းကို မန္တလေးမြို့ဘွဲ့ လွမ်းချင်း ကဗျာတွင်–

---

[၁] မောင်မောင်တင်၊ ဦး၊ ၂၀၀၄၊ ၂၀၁။

"လာမေလှမ်းကြစို့၊ ညာမန်းမြို့ပြည်ဘောင်၊ ထူးမြတ်တဲ့ရွှေတောင်မှာ၊ မြတ်ဘုန်းခေါင် စေတီယနှင့်၊ စက်ပါဒနက်သန်ကို၊ သကစ္စံ ပဏာမိ ရယ်နှင့်၊ သဒ္ဓါရှိ အတူပေါ်အောင် အပူဇော်သွားစို့ မိငယ်လေး"[၁]

ဟု ရေးဖွဲ့ထားပါသည်။

မန္တလေးတောင်တော်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဒေသစာရီ ကြွချီတော်မူခဲ့ခြင်း၊ ဗျာဒိတ်စကားမြွက်ကြားခဲ့သော တောင်တော်ဖြစ်ခြင်း၊ မင်းတုန်းမင်း ကိုယ်တိုင် တည်ထားသည့် ဗျာဒိတ်ပေးဘုရား ရှိတော်မူခြင်း၊ မန္တလေးတောင်တော်၏ အရှေ့ဘက်တွင် ရွှေလောင်းမြစ် ရစ်ခွေစီးဆင်းခြင်း၊ မန္တလေးတောင်ထိပ်တွင် ဆုတောင်းပြည့်စေတီတော်ရှိခြင်းတို့ကြောင့် ထူးမြတ်သာယာသည့် တောင်တော်ထူး ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မန္တလေးခေတ်အခါက ဗုဒ္ဓဘာသာ ထွန်းကားခဲ့သည့် ပုံရိပ်တို့ အထင်အရှား မြင်ယောင်လာစေပါသည်။ မန္တလေးခေတ်အခါ ဘုရားဖူးတို့ သွားရောက်လည်ပတ် အပန်းဖြေနေရာတစ်ခုဟု ဆိုနိုင်ပါသည်။

ကျောက်တော်ကြီးဘုရားသည် မန္တလေးခေတ် မှစ၍ ယနေ့ခေတ်အထိ မန္တလေးမြို့၏ ထူးခြားထင်ရှားသည့် ဘုရားတစ်ဆူ ဖြစ်ပါသည်။ သက္ကရာဇ် (၁၂၂၆)ခု ဝါခေါင်လတွင် စကျင်တောင်မှ သလင်းကျောက်ဖြင့် ထုလုပ်ထားသည့် ထူးခြားသည့် ရုပ်ပွားတော်မြတ် ဖြစ်ပါသည်။ မန္တလေးတောင်၏တောင်ဘက် မန္တလေး တောင်ခြေတွင် တည်ထားတော်မူပါသည်။ သက္ကရာဇ် (၁၂၂၇)ခုနှစ် ကဆုန်လတွင် အလုံးစုံ ထုလုပ်ပြီးစီးခဲ့ပါသည်။ မင်းတရားကြီးကိုယ်တော်တိုင် ရွှေစုတ်တော်ဖြင့် မျက်ခုံးတော်၊ မျက်ရေးတော် စသော လက္ခဏာတော်များကို ရွှေမင်ဖြင့် ရေးဖွင့်တော် မူခဲ့ပါသည်။

မန္တလေးရတနာပုံ မဟာရာဇဝင်တော်တွင်–

"အခါရောက်သည့်ကာလ အမြောက်သံဆယ်ချက်ကြား၍ ပွဲသဘင် တီးမှုတ်စေလျက် မျက်နှာဖွင့်တော်မူသည်။ မျက်နှာတော် ဖွင့်ရာ ၌လည်း ကိုယ်တော်တိုင် ကြည့်ရှုပြသတော်မူပြီးမှ စံနန်းတော်သို့ ဝင်တော်မူသည်"[၂]

ဟု ဖော်ပြထားပါသည်။

---

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။
[၂] မောင်မောင်တင်၊ ဦး(မဟာဝိဇ္ဇာ)၊ ၁၉၆၉၊ ၁၂၈။

မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာတွင် ထူးခြားထင်ရှားသည့် ကျောက်တော်ကြီးဘုရားသို့ ချစ်သူမိန်းကလေးနှင့် သွားရောက်စေလိုကြောင်းကို–

> "စရပ်တန်းနှင့် လမ်းမတော်သာ သုဓမ္မာ ရောင်ဝါကညီး ကျောက်တော်ကြီး"[၁]

ဟု ရေးဖွဲ့ထားပါသည်။

ကျောက်တော်ကြီးဘုရားသည် ဘုရင်ကိုယ်တော်တိုင် ရွှေမင်ဖြင့် ရေးခြယ်ထားခြင်း၊ သလင်းကျောက်ဖြင့် ထုဆစ်ထားခြင်း စသည့် မြန်မာ့အံ့ဖွယ် ထူးခြားသည့် ဂုဏ်အရောင်အဝါတို့ကြောင့် ချစ်သူ မယ်ကလေးကို အရောက်လှမ်းပို့စေချင်ပါသည်။ ထူးခြားသည့် ကျောက်တော်ကြီးဘုရား၏ ဂုဏ်ရှိန်တို့သည် မန္တလေးခေတ်၏ ပုံရိပ်ကို ထင်ရှားမြင်ယောင်လာစေပါသည်။

မဟာလောကမာရဇိန်ဘုရားသည် မင်းတုန်းမင်း နန်းတော်တည်စက တည်ထားတော်မူခဲ့သည့် သတ္တဌာန ရွှေမြို့တော်၊ သုဓမ္မာဇရပ်တော်၊ ဓမ္မမဥ္ဇူသိမ်တော်၊ မဟာလောကမာရဇိန်စေတီတော်၊ မဟာအတုလဝေယန်ကျောင်းတော်၊ ကျုံးတော်၊ ပိဋကတ်တိုက်တော် ဟူသော သတ္တဌာန ခုနစ်ဌာနမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။ မဟာလောကမာရဇိန်စေတီတော်သည် မန္တလေးတောင်ခြေ၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ မန္တလေးတောင်တော်ပေါ်မှကြည့်လျှင် ပိဋကတ်တိုက်တော်များ ခြံရံထားသည့် မဟာလောကမာရဇိန်ဘုရား၏ ကြည်နူးဖွယ်ပရဂုဏ်ကို ဖူးမြင်နိုင်ပါသည်။ သက္ကရာဇ် (၁၂၂၁)ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ ဆက်သသည့် မြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်ကို ဒုတိယဌာပနာတိုက်တွင် ထည့်၍ တည်ထားကိုးကွယ်တော်မူပါသည်။

(၁၂၂၄) ခုနှစ် ဝါဆိုလပြည့်ကျော် ကိုးရက်နေ့တွင်–

> "လပြည့်ကျော် ကိုးရက်နေ့ နေ့တစ်ချက်တီးကျော် ငါးမောင်း အချိန် ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော် မတ်တော်၊ စုရှင်ငန်းရှင်၊ ဝန်စု ဗိုလ်စုတို့ အခါတော်အတိုင်း အမြောက်သံကြား၍ ပွဲသဘင် အစုံနှင့် ရွှေထီးအတွက် တင်လှူတော်မူပြီးလျှင် မဟာလောကမာရဇိန် ကမ္ဗည်းတပ်တော်မူသည်"[၂]

ဟု ဖော်ပြထားပါသည်။

---

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

[၂] မောင်မောင်တင်၊ ဦး၊ ၂၀၀၄၊ ၂၁၆။

မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာတွင် ချစ်သူမောင်က ချစ်သူမိန်းကလေးအား ကုသိုလ်တော်ဘုရားတွင် မြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားတော်များကို ကျောက်ထက်အက္ခရာတင်ထားသည့် ပိဋကတ်တိုက်တော်များ ရှိပါသည်။ ဖန်၊ အုတ်တို့ စီချယ်ထားသည့် ကုသိုလ်တော်ဘုရား တလင်းပြင်သို့ သွားရောက်၍ နှစ်ကိုယ်တူ ဆုချွေတောင်းမည်ဖြစ်ကြောင်းကို–

> "ရွှေဂူအတွင်းပိဋကတ်ကို၊ ရေးမှတ်သွင်းလို့၊ တလင်းငယ်မှညီညီ၊
> ဖလ်အုတ်ကယ်စီပါတဲ့ စေတီတော်ပြင်"[၁]

ဟု ရေးဖွဲ့ထားပါသည်။

စာဆို ရေးဖွဲ့ခဲ့သည့် 'ရွှေဂူအတွင်းပိဋကတ် ရေးမှတ်သွင်းပါလို့' ဟူသောအဖွဲ့သည် မဟာလောကမာရဇိန်ဘုရားအတွင်းရှိ မြတ်စွာဘုရားရှင်၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို အုတ် ပြသာဒ် ဂူတစ်လုံးစီနှင့် ကျောက်စာရေးထိုးမှတ်တမ်းတင်ပူဇော်ထားသည်ကို ပေါ်လွင်လာစေပါသည်။ ခေတ်ပတ်ဝန်းကျင် ရှုခင်းကိုလည်း မြင်ယောင်စေသည်။ မဟာလောကမာရဇိန်ဘုရားသည် သာသနာပြုမင်း ဖြစ်သည့် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် တည်ထားတော်မူခြင်း၊ မြတ်စွာဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာထားခြင်း၊ သတ္တဌာန ခုနစ်ဌာနတွင် ပါဝင်ခြင်းတို့ကြောင့် မန္တလေးခေတ်အခါက အများပြည်သူ ဖူးရောက်ဆုတောင်းခဲ့သည့် ဘုရားတစ်ဆူ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်စေပါသည်။ မဟာလောကမာရဇိန်ဘုရားကို မင်းတုန်းမင်း၏ ကုသိုလ်ဖြစ်သောကြောင့် ကုသိုလ်တော်ဘုရားဟု ခေါ်တွင်ခဲ့ရာ ယနေ့ခေတ်အထိ အမည်တွင်ဆဲ ဖြစ်ပါသည်။

တောပုဘုရားသည် မတ္တရာမြို့၏ အနောက်မြောက်ဘက်တွင်ရှိပြီး မတ္တရာမြို့နှင့် (၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ တောပုဘုရား၏ ဘွဲ့အမည်မှာ ရွှေဘုံသာ မြတ်စွာဘုရား ဖြစ်ပြီး ရွာအမည်ကို အစွဲပြု၍ တောပုဘုရားဟု အမည်တွင်ခဲ့သည်။ သက္ကရာဇ် (၁၁၁၄)ခု ဘိုးတော် ဗဒုံမင်းသည် မင်းကွန်းပုထိုး တည်တော်မူစဉ် နန်းတော်ကျွန်း၌ ယာယီစံနေတော်မူချိန် အလယ်နန်းမိဖုရား ရှင်စောပုသည် အရှေ့မြောက်အရပ်မှ ရောင်ခြည်တော်များ ဖူးမြင်လိုက်ရသည်။ ထိုရောင်ခြည်တော်များသည် ရွှေဘုံသာဘုရားမှ ကွန့်မြူးနေကြောင်း စုံစမ်းသိရှိသောအခါ ဘိုးတော် ဗဒုံမင်းထံ ခွင့်ပန်ပြီး စေတီတော်ကြီးကို ပြုပြင်မွမ်းမံခဲ့ပါသည်။ မိဖုရားရှင်စောပု၏ အမည်ကို အစွဲပြု၍ ရှင်စောပုဘုရား၊ ရွာအမည်ကို ရှင်စောပုရွာဟု ခေါ်ဆိုခဲ့ကြသည်။

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

ခေတ်ကာလ ရွေ့လျောလာသောအခါ စောပုဘုရားကို တောပုဘုရားဟု ခေါ်ဝေါ်ကြပြီး စောပုရွာကို တောပုရွာဟု ခေါ်ဝေါ်လာကြပါသည်။ တောပုဘုရားနှင့် ပတ်သက်၍–

> "မန္တလေးခေတ် မတိုင်ခင် အမရပူရမြို့တည် နန်းတည် ဘိုးတော် ဗဒုံမင်း လက်ထက်ကတည်းက အုတ်အော်သောင်းနင်း စည်ကား သိုက်မြိုက်ခဲ့တဲ့ ပွဲတော်ကြီး ဖြစ်ပါတယ်။ ဗြိတိသျှ ကိုလိုနီခေတ် မှာလည်း သမိုင်းဝင်ဂေဇက်ရ ဘုရားပွဲတော်ကြီးအဖြစ် ထင်ရှား စည်ကားခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း ကုန်းပွဲ ရေပွဲ၊ လှေပွဲ၊ လှည်းပွဲ၊ မြင်းပွဲတွေ ဇာတ်ပွဲတွေ ထည့်ပြီး ပွဲဈေးတန်းကြီး တစ်မျှော်တစ်ခေါ်နဲ့ ကြိတ်ကြိတ်တိုး စည်ကား ခဲ့တဲ့ ပွဲတော်ကြီးပေါ့"[၁]

ဟု ရေးသားထားပါသည်။

ခေတ်သစ်ကဗျာအဖွင့်တွင် တောပုဘုရားနှင့်ပတ်သက်၍–

> "မန္တလေးခေတ်က တောပုဘုရားပွဲမှာ စည်ကားလှ၍ လှေ၊ လှည်း၊ ဆင်၊ မြင်းတို့ဖြင့် ပွဲတော်သို့ တပျော်တပါး သွားရောက် တတ်ကြပါသည်"[၂]

ဟု ရှင်းလင်းဖော်ပြထားပါသည်။

မန္တလေးဘွဲ့ လွမ်းချင်းကဗျာတွင် ဘုရားပွဲတော်ချိန်တွင် အလွန်စည်ကား လှသော တောပုဘုရားသို့ ချစ်သူမိန်းကလေးနှင့်အတူ ဖူးမြော်စေလိုပါသည်။ တောပု ဘုရား ပတ်ဝန်းကျင်ရှိ သာယာသော သဲသောင်ပြင်များကို ခံစားကြည့်ရှုစေ လိုပါသည်။ ထိုအကြောင်းကို မန္တလေးဘွဲ့ လွမ်းချင်းကဗျာတွင်–

> "မဟာနွယ် သမုသိရ်ရယ်၊ ရေမြစ်တိမ် ဟိုသောင်စဆီသို့၊
> စခန်းတော် မောင်မယ်ချပါလို့၊ တောပုရှင်စိန္တေယျကို ဖူးရမယ်လေး"[၃]

ဟု ရေးဖွဲ့ထားပါသည်။ ချစ်သူ မိန်းကလေးအား ချော့ချော့မော့မော့ ပြောဟန် ဆိုဟန်ပါအောင် ဖွဲ့ဆိုထားသည်။ နာမဝိသေသနပုဒ်များဖြင့် တန်ဆာဆင် ဖွဲ့ဆို ထားသည်။

---

[၁] စူးထက်၊ ၂၀၁၆၊ ၉၂။
[၂] ဝန်၊ ဦး၊ မင်းသုဝဏ်၊ ၁၉၆၂၊ ၂။
[၃] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

စာဆိုက ချစ်သူမိန်းကလေးအား 'တချောင်းရွှေငယ် လောင်းလှေငယ်မှ ကူးတို့၊ ဗုံတည်းသံ စုန်ကာဆန်' ဖြင့် ပို့ဆောင်ပေးစေလိုပါသည်။

တောပုဘုရားသို့ မန္တလေးမှ သွားရောက်ဖူးမြော်လိုပါက ရွှေတချောင်းမြောင်း အတိုင်း လောင်းလှေဖြင့် မတ္တရာမြို့သို့ စုန်ဆင်းသွားလာရပါသည်။ မတ္တရာမြို့မှ တစ်ဆင့် မြို့၏အနောက်ဖက်ရှိ နတ်ပေါက်ချောင်းအတိုင်း စုန်ဆင်း၍ တောပု ဘုရားသို့ သွားရောက်ဖူးမြော်ရပါသည်။

'ရေမြစ်တိမ် ဟိုသောင်စဆီက' ဟူသော အဖွဲ့အရ တောပုရွာနှင့် ပတ်ဝန်းကျင်ရှိ ရွာများသည် ဧရာဝတီမြစ်ရေ လွှမ်းမိုးခံရသော နေရာဖြစ်ပါသည်။ ရေကြီးသည့်အခါ ရေတိုက်စားခံရနိုင်သဖြင့် တောပုဘုရားကို တိမ်း၍ မြစ်ကြောင်း ဖောက်လုပ်ထား ပါသည်။ မြစ်ကိုတိမ်း၍ ဖောက်လုပ်ထားသဖြင့် မြစ်တိမ်းဟု ခေါ်ဆိုခဲ့ကြပြီး အချိန်ကာလ ရွေ့လျောလာသောအခါ မြစ်တိမ်းမှ ဝစ္စပေါက်သံပျောက်ပြီး မြစ်တိမ်ဟု ခေါ်ဆိုကြပါသည်။ တောပုရွာတောင်ဘက်မှစ၍ မြစ်တိမ်းခဲ့သဖြင့် မြစ်စတိမ်းသည့် ရွာကို မြစ်တိမ်းရွာ(ယခု မြစ်တိမ်ရွာ) ဟု ခေါ်ဝေါ်ကြပါသည်။ တောပုဘုရား ပတ်ဝန်းကျင်တွင် သဲသောင်ခုံများ ရှိခြင်း၊ ဧရာဝတီရေလွှမ်းခံရသည့် ဒေသဖြစ်ခြင်း၊ ဘုရား၏အရှေ့ဘက်တွင် ချောင်းရှိခြင်း၊ ဘုန်းတန်ခိုးကြီးသည့် ဘုရားဖြစ်ခြင်း စသည့် ပုံရိပ်တို့ ထင်ဟပ်စေပါသည်။ တန်ခိုးအာနုဘော်နှင့်ပြည့်စုံသည့် တောပုဘုရားနှင့် သာယာကြည်နူးဖွယ်ကောင်းသည့် မြင်ကွင်းတို့ မြင်ယောင်လာစေပါသည်။

## ၃၊ ၂။ သာသနိက အဆောက်အအုံဆိုင်ရာ ပုံရိပ်များ

သာသနိကဆိုင်ရာ အဆောက်အအုံအဖြစ် မန္တလေးခေတ် လွမ်းချင်းကဗျာ (၂)ပုဒ်တွင် မန္တလေးသုဓမ္မာဇရပ်တန်းနှင့် ပိဋကတ်တော်များ ဖွဲ့ဆိုထားသည့် အဖွဲ့ တို့ကို တွေ့ရပါသည်။ မန္တလေးရတနာပုံခေတ်က သုဓမ္မာဇရပ်တော် (၂)မျိုး ရှိသည်။ မင်းတုန်းမင်းတရားကြီး မန္တလေးမြို့တည်စဉ်အချိန်က သတ္တဋ္ဌာနတွင် ပါဝင်သည့် သုဓမ္မာရွှေဇရပ်တော်နှင့် ပရိယတ္တိစာပြန်ပွဲ ကျင်းပသည့် သုဓမ္မာဇရပ်တော်တို့ ဖြစ်ပါသည်။

သုဓမ္မာရွှေဇရပ်တော်သည် မင်းတုန်းမင်းကြီး၏ မြောက်နန်းမိဖုရား ငွေ ၃၂၇၀၀ ကျပ် အကုန်အကျခံ ဆောက်လုပ်ခဲ့သည့် ဇရပ်တော် ဖြစ်ပါသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း မီးလောင်ပြာကျသွားသည့် ဇရပ်တော် ဖြစ်ပါသည်။

သုဓမ္မာဇရပ်တန်းကို (၁၂၂၆)ခုနှစ် တော်သလင်းလတွင် တည်ဆောက်ပြီးစီး ခဲ့ပါသည်။ ဇရပ်ပေါင်း (၃၃)ဆောင်ကို မှူးကြီးမတ်ကြီး (၁၀)ဦးကို တာဝန်ယူ တည်ဆောက်စေခဲ့ပါသည်။ ကျောက်တော်ကြီးဘုရား၏ တောင်ဘက်နှင့် အနောက်ဘက်၊

သီပေါမင်းသား ရဟန်းဝတ်ခဲ့သည့် စံကျောင်းတော်၏ တောင်ဘက်နှင့် အရှေ့ဘက်တွင် ဆောက်လုပ်ထားပါသည်။ မန္တလေးကျုံးနံဘေးရှိ သုဓမ္မာဇရပ်တော်ကို မင်းတုန်းမင်း တရားကြီး ဆောက်လုပ်စေခိုင်းပုံကို–

"မှူးတော်မတ်တော်များကို တစ်ယောက်တစ်ဆောင် ကြီးကျပ် ဆောက်လုပ်လို့ ငွေတော်များထုပ်ပေးပြီး ခိုင်းစေခဲ့တဲ့ ဇရပ် ဖြစ်ပါတယ်"[၁]

ဟု ရေးသားထားပါသည်။

သုဓမ္မာဇရပ်တော်ထဲတွင် မင်းတုန်းမင်းလက်ထက်တွင် နယုန်လဆန်း (၈)ရက်နေ့ ကစပြီး ဝါဆိုလဆန်း (၈)ရက်နေ့အထိ ပရိယတ္တိစာပြန်ပွဲ ကျင်းပသောအခါ စာပြန် ဌာန စာဖြေဌာနအဖြစ် အသုံးပြုခဲ့ပါသည်။ စာပြန်ပွဲ မရှိသည့်အခါ မန္တလေးတောင်နှင့် ပတ်ဝန်းကျင်ဒေသများသို့ ဘုရားဖူးလာသည့် ခရီးသွားပြည်သူများ နားနေသည့် ဇရပ်အဖြစ် အသုံးပြုခဲ့ပါသည်။ ဥပုသ်နေ့တိုင်း မင်းတုန်းမင်းတရားကြီးက နေ့လယ်စာ ကျွေးမွေးလှူဒါန်းလေ့ ရှိပါသည်။

မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာတွင် ကုသိုလ်တော်ဘုရား ဖူးရန် အတွက် သာယာသည့် လမ်းမကြီးနံဘေးရှိ သုဓမ္မာဇရပ်တန်းကိုလည်း ဖြတ်သန်းသွား ရမည်။ ထိုအကြောင်းကို–

"စရပ်တန်းနှင့် လမ်းမတော်သာ၊ သုဓမ္မာ"[၂]

ဟု ဖွဲ့ဆိုထားပါသည်။

မန္တလေးခေတ် အချိန်အခါကာလနှင့် နှိုင်းဆကြည့်လျှင် သုဓမ္မာဇရပ်တော်သည် သာယာသည့် ကျုံးလမ်းနံဘေးတွင် ရှိခြင်း၊ 'အသက်ကလေးရယ် ရှည်စေလို မန်းတောင်ရိပ်ခို' ဟု ဆိုသည့်အတိုင်း မန္တလေးတောင်၏ အနီးနားတွင် ရှိခြင်း၊ မင်းတုန်းမင်း တည်ဆောက်ခဲ့သည့် ဇရပ်တော်ဖြစ်ခြင်း စည်ကားသိုက်မြိုက်ခြင်း စသည့် မန္တလေးခေတ် ပုံရိပ်တို့ကို မြင်ယောင်လာစေပါသည်။ မန္တလေးခေတ်အခါက တည်ဆောက်ခဲ့သော သုဓမ္မာဇရပ်တော်များသည် ယနေ့ခေတ်တွင် ဇရပ်ပေါင်း (၁၉)ဆောင်ထိ ထင်ထင်ရှားရှား ကျန်ရှိနေပါသည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၂၀၁၇၊ ၄၄။

[၂] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

မန္တလေးခေတ်က မင်းတုန်းမင်းတရားကြီးသည် မြတ်စွာဘုရားရှင်၏ ပိဋကတ်သုံးပုံကို ရေရှည်တည်တံ့စေလို၍ မဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရားအတွင်း ကျောက်ထက်အက္ခရာ တင်ထားတော်မူပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင်–

> "ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား ပထမမဟာရံအတွင်း တံတားနားပတ်လည် အုတ်ပြသာဒ်ဂူတည်လုပ်၍ ကျောက်ချပ်ရေ လေးဆယ့်နှစ်၊ ဒုတိယမဟာရံအတွင်း အုတ်ပြသာဒ်ဂူတည်လုပ်၍ ကျောက်ချပ်ရေ တစ်ရာ့ခြောက်ဆယ့်ရှစ်၊ တတိယမဟာရံအတွင်း အုတ်ပြသာဒ်ဂူတည်လုပ်၍ ကျောက်ချပ်ရေ ငါးရာ့တစ်ဆယ့်ကိုး များကို အုတ်ပြသာဒ်ဂူတစ်ဂူလျှင် ကျောက်ချပ်ရေ တစ်ချပ်စီ စိုက်ဆောက်သွင်းကာ ကိုးကွယ်တော်မူသည်"[၁]

ဟု ရေးသားဖော်ပြထားပါသည်။

မင်းတုန်းမင်းလက်ထက်တော်အခါကတည်းက ကျောက်ထပ်အက္ခရာ တင်ထားသည့် ပိဋကတ်တော် ကျောက်ချပ်ရေ ၇၂၉ ချပ် တည်ထားတော်မူခဲ့သည်။ မန္တလေးကုသိုလ်တော်ဘုရားတွင်လည်း ကျောက်ချပ်ရေ နံပါတ် ၁ မှ ၁၁၁ ထိ (၁၁၁)ချပ် ဝိနည်းတော်၊ နံပါတ် ၁၁၂ မှ ၃၁၉ ထိ (၂၀၈)ချပ် အဘိဓမ္မာ (၇)ကျမ်း၊ နံပါတ် ၃၂၀ မှ ၃၅၅ ထိ (၃၆)ချပ် သုတ် (၃)ကျမ်း၊ နံပါတ် ၃၅၆ မှ ၄၁၇ ထိ (၆၂)ချပ် ပဏ္ဏာသ၊ နံပါတ် ၄၁၈ မှ ၄၈၂ ထိ (၆၅)ချပ် သံယုတ် (၅)ကျမ်း၊ နံပါတ် ၄၈၃ မှ ၅၆၀ ထိ (၇၈)ချပ် အင်္ဂုတ္တိုရ (၁၀)ကျမ်း၊ နံပါတ် ၅၆၁ မှ ၇၂၉ ထိ (၁၆၉)ချပ် ခုဒ္ဒကနိကာယ်တို့ ယခုတိုင် တည်ရှိဆဲ ဖြစ်ပါသည်။ မော်ကွန်းကျောက်ချပ် အပါအဝင် စုစုပေါင်း ကျောက်ချပ်ရေ (၇၃၀)ချပ် ရှိပါသည်။

မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာတွင် မြတ်စွာဘုရားရှင်၏ အဘိဓမ္မာ တရားတော်များကို ကျောက်ထက်အက္ခရာတင်ထားသည့် ကုသိုလ်တော်ဘုရား ရင်ပြင်သို့ သွားရောက်၍ တူနှစ်ကိုယ် ဆုချွေတောင်းကြပါမည်။ ထိုအကြောင်းကို–

> "ရွှေဂူအတွင်း ပိဋကတ်ကို၊ ရေးမှတ်သွင်းပါလို့၊ တလင်းငယ်မှ
> ညီညီ၊ ဖလ်အုတ်ကယ်စီပါတဲ့ စေတီတော်ပြင်"[၂]

ဟု ရေးဖွဲ့ထားပါသည်။

---

[၁] မောင်မောင်တင်၊ ဦး၊ ၂၀၀၄၊ ၂၅၃။
[၂] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

မြတ်စွာဘုရားရှင်၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ကျောက်ထက်အက္ခရာတင်၍ ကျောက်ချပ်ရေတစ်ချပ်စီကို ဂူအထွတ်တင် တည်ဆောက်ထားသည်မှာ မန္တလေးခေတ် အချိန်အခါကတည်းကပင် ထူးခြားသည့် မှတ်တမ်းတစ်ခု ဖြစ်ခဲ့သဖြင့် လူငယ်တို့ ပိုမိုစိတ်ဝင်တစား ကြည့်ညိုကြဟန် ရှိပါသည်။ ယနေ့ခေတ်တွင်လည်း ကုသိုလ်တော်ဘုရား၏ ပိဋကတ်တိုက်တော်သည် လူငယ်အများစု၊ လူကြီးများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှု အများဆုံး နေရာ ဖြစ်ပါသည်။ ကုသိုလ်တော်ဘုရားသည် မန္တလေးခေတ်မှ ယနေ့ခေတ်အထိ အများစု စိတ်ဝင်စားသည့် ဘုရားစေတီဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၃၊ ၃။ ကန်ချောင်းနှင့် ခရီးသွားလာရေးဆိုင်ရာ ပုံရိပ်များ

မန္တလေးခေတ်အခါက မန္တလေးမြို့ ပတ်ဝန်းကျင်ရှိ မဟာနန္ဒာကန်၊ ဇောင်းကလောကန်၊ အောင်ပင်လယ်ကန်တို့သည် မန္တလေးမြို့နှင့် ပတ်ဝန်းကျင်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အသုံးဝင်သည့် ကန်တော်များ ဖြစ်ပါသည်။ မဟာနန္ဒာကန်တော်သည် မန္တလေးမြို့ကို တင့်တယ်စေသော ကန်တစ်ခု ဖြစ်ပါသည်။ မန္တလေးရတနာပုံမြို့တော်၏ အရှေ့မြောက်ဘက်တွင် တည်ရှိပါသည်။ ဘိုးတော်ဘုရား ဆည်ဖို့ခဲ့သည့် ကန်တော် ဖြစ်ပါသည်။ မူလအမည်မှာ မောင်းမကန် ဖြစ်ပါသည်။ မဟာနန္ဒာကန်နှင့် ပတ်သက်၍ မန္တလေးတောင်သမိုင်းတွင်–

> "မောင်းမကန်မှာ မန္တလေးတောင် မြောက်ဘက် ဆက်၍ ကုလားမတောင်သို့ ရောက်အောင် တည်ထားရလျှင် ရွှေလောင်းမြစ်ရေသွင်း၊ အရှေ့ရေတံခွန်ကျ၊ ကြူတန်းဆည်ရေတားများနှင့် ဖြစ်၍ ကန်ကြီးနှစ်ကန် ရေပြင်ချင်း စပ်မိသည့်ကာ အလွန်တင့်တယ်မည်။ တစ်ကြောင်းလည်း မြို့တော်၏ အရှေ့မျက်နှာတွင် တစ်ပြင်တည်းဖြစ်၍ ရန်သူအပေါင်းတို့ မလှုပ်ရှားနိုင် ဖြစ်ပေမည်။ သို့ဖြစ်၍ နောက်တော်တွင် ပါဝင်သည့် ရဲမက်တော်အပေါင်းနှင့် ဆည်ဖို့တော်မူသည်။ ထိုကန်တော်ကို နန္ဒာကန်ဟု ကမ္ပည်းစိုက်တော်မူသည်။"[၁]

ဟု ဖော်ပြထားပါသည်။

ရတနာပုံခေတ် မန္တလေးကဗျာများ လေ့လာချက်တွင် မဟာကန်တော် အတွင်း၌–

---

[၁] မောင်မောင်၊ ယင်းခဲ၊ ၁၂၉၅၊ ၂၅။

> "ဇီဝဇိုးငှက်၊ ကြိုးကြာငှက်၊ စက္ကဝက်ငှက်တို့ အသံမြည်ကြွေး နေကြသည်။ ရေကြက်များကလည်း ပျော်မြူးနေကြသည်။ လွန်းကြင်ငှက်တို့ကလည်း ကမ်းခြေဘောင်ပေါ်တွင် ပုန်းအောင်း နေကြသည်။ မဟုယုငှက်တို့ကလည်း တစ်ကောင်နှင့်တစ်ကောင် ချစ်ခင်ဖွယ်ရာ ပရိယာယ်အမူအရာနှင့် သွေးဆောင်နေကြသည်။ ကျေးနှင့် သာလိကာငှက်တို့လည်း ကောင်းကင်ယံတွင် မဖိုယှဉ်တွဲ၍ ပျံသန်း တေးသီနေကြသည်"[၁]

ဟု သုံးသပ်ဖော်ပြထားပါသည်။

မန္တလေးဘွဲ့လွမ်းချင်းကဗျာတွင် ငယ်စဉ်အခါကတည်းက ချစ်ခင်ကြင်နာခဲ့ရသော ချစ်သူ မိန်းကလေးအား အထက်အညာအရပ်ရှိ မန္တလေးမြို့သို့ အလည်လိုက်ခဲ့စေလိုပါသည်။ မန္တလေးမြို့သည် သာယာထူးခြားသော မြို့လေး ဖြစ်ပါသည်။ မန္တလေးမြို့မှ ကန်တော်ရေချိုးချို သောက်သုံးပါက ဘေးအန္တရာယ်ကင်းရှင်းစေနိုင်ပါသည်။ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက်လည်း ကန်တော်ရေချိုချို သောက်သုံးစေလိုကြောင်း ဖိတ်ခေါ်ထားပါသည်။ မန္တလေးဘွဲ့လွမ်းချင်းကဗျာတွင်–

> "လာမေလိုက်ခဲ့တော့ ငယ်ကြိုက်ကယ်ကြင်ဆွေ တို့မန်းမြေမှာ
> ကန်တော်ရေချိုချို သောက်ပါလို့ ဘေးပျောက်လို့ရန်ကွာ"[၂]

ဟု ရေးဖွဲ့ထားပါသည်။

မဟာကန်တော်ကြီးသည် ကန်တော်ရေချိုခြင်း၊ သမိုင်းစဉ်ဆက် ထင်ရှားခဲ့ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးဝင်ခြင်း၊ ကျေးငှက်သာရကတို့ဖြင့် သာယာပျော်ရွှင်ဖွယ်ကောင်းခြင်းတို့သည် မဟာကန်တော်၏ ထူးခြားချက် ဖြစ်သည်။ ထိုသို့ ထူးခြားသော ကန်တော်ဖြစ်ခြင်းကြောင့် ချစ်သူမိန်းကလေးကို ကန်တော်ရေချိုသည့် မဟာနန္ဒာကန်တော်ကြီးသို့ ပို့ဆောင်ပေးစေလိုခြင်း ဖြစ်ပါသည်။

မန္တလေးရတနာပုံခေတ်က မန္တလေးမြို့သည် ရေလမ်းခရီးကို အဓိကထား အသုံးပြုခဲ့ကြသည်။ ဧရာဝတီမြစ်၊ ရွှေတချောင်းမြောင်း၊ ရတနာနဒီမြစ် (ရွှေလောင်းမြောင်း) စသည်တို့ဖြင့် စုန်ဆန်သွားလာကြပါသည်။ မန္တလေးမြို့၏အလယ်မှဖြတ်၍ စီးဆင်းသော ရွှေတချောင်းမြောင်းသည် မန္တလေးမြို့၏ အချက်အချာကျသော ရေလမ်းခရီးတစ်ခု

---

[၁] သင်းသင်းရီ၊ မ၊ ၁၉၉၂၊ ၁၅၀။
[၂] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

ဖြစ်ပါသည်။ ရွှေတချောင်းမြောင်းသည် ဘိုးတော်ဘုရားလက်ထက်က ဆည်ဖို့ခဲ့သော ချောင်း ဖြစ်ပါသည်။ ရွှေတချောင်းမြောင်းနှင့်ပတ်သက်၍ အနှစ်(၁၀၀)ပြည့် မန္တလေးတွင်–

> "မြို့တော်၏ မြောက်မျက်နှာမှ မတ္တရာမြစ်ကို ဆည်ထားသော ရွှေလောင်းမြောင်းတော်နှင့် မြို့တွင်းအနောက်မျက်နှာမှ တာပေါင်း (၂၇၀၀)ကျော် ရှည်လျားသော ရွှေတချောင်းမြောင်းတော်"[၁]

ဟု ရေးသားဖော်ပြထားပါသည်။

မန္တလေးမဟာရာဇဝင်တော်တွင်–

> "ရွှေတချောင်းမြောင်းတော်သည် ရေသောက် လယ်ပယ်နှင့်တကွ ပြည်သူသတ္တဝါတို့ အကျိုးစီးပွားဖြစ်ထွန်းစေခြင်းငှာ အမရပူရ ဒုတိယမြို့တည်နန်းတည် ခမည်းတော် မင်းတရားကြီးဘုရား လက်ထက်တော်နှိုက် ရှေ့ဝင်းတော်မှူး ဦးရောက်ကြီးကို ကြီးကြပ်စေ၍ အမှုထမ်းဆင်းရဲသား ကျွန်တော်မျိုးတို့ ဆည်ဖို့ တူးဖော်စေရာ ရေဖျားတက်သေးအင်းသို့ ရောက်သည်။"[၂]

ဟု ရေးသားထားပါသည်။

တာပေါင်း (၂၇၀၀) အရှည်ရှိသော ရွှေတချောင်းမြောင်းသည် မတ္တရာမြို့အထိ စုန်ဆန်သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ရန် အထောက်အကူပြုသည့် ရွှေတချောင်းမြောင်း ဖြစ်ပါသည်။

မန္တလေးဘွဲ့ လွမ်းချင်းကဗျာတွင် ရွှေတချောင်းမြောင်းကို အသုံးပြု၍ မတ္တရာမြို့ ပတ်ဝန်းကျင်သို့ လောင်းလှေများဖြင့် စုန်ဆန်သွားလာနေကြသည်။ မတ္တရာမြို့ အနောက်ဘက်ရှိ တောပုဘုရားသို့ ဘုရားဖူးသွားကြမည့်အကြောင်း ရေးဖွဲ့ထားပါသည်။ ထိုအကြောင်းကို မန္တလေးဘွဲ့လွမ်းချင်းကဗျာတွင်–

> "တချောင်းရွှေငယ် လောင်းလှေငယ်မှ ကူးတို့
>
> ဗုံတည်းည်း စုန်ကာဆန် ပြန်ကာပို့လို့"[၃]

ဟု လည်းကောင်း၊ မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာတွင်–

---

[၁] ရွှေကိုင်းသား၊ ၂၀၀၇၊ ၄၉။
[၂] စစ်ကဲမင်းထင်ရာဇာ၊ (ကန္နီမြို့)၊ ၁၉၆၉၊ ၇၃။
[၃] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

"တချောင်းရွှေငယ်၊ မြောင်းရေငယ်မှ ပတ်သန်"[၁]

ဟု လည်းကောင်း၊

"မယ်နှင့်မောင် လက်စုံတွဲလို့ လှည်းမပါ ခြေကျင်လှမ်းကြစို့"[၂]

ဆိုသော အဖွဲ့က မန္တလေးခေတ်၏ယဉ်ကျေးမှုဓလေ့နှင့် ဆက်စပ်ဖွဲ့ထားရာ ကြည်နူးပျော်ရွှင်စရာကောင်းသည်။ ချစ်သူတို့၏သဘာဝနှင့် ရွာဓလေ့ရပ်ဓလေ့ကို ပေါင်းစပ်ဖွဲ့ဆိုထားသည်။ မန္တလေးခေတ်ပြည်သူတို့သည် မိမိတို့ဒေသပတ်ဝန်းကျင် သဘာဝရှုခင်းများကို ချစ်ခင်နှစ်သက်ခဲ့သည့်အလျောက် ရွှေတချောင်းမြောင်းကိုပင် 'တချောင်းရွှေငယ်' ဟု သုံးနှုန်းသည်။ စကားလုံးကို ရှေ့နောက်နေရာပြောင်း၍ စကားသွေဖည်ရေးဖွဲ့ထားသည်။ 'ဗိုတည်းညံ့ စုန်ကာဆန် ပြန်ကာပို့' ဆိုသည့် အဖွဲ့က အမြင်အာရုံသာမက အကြားအာရုံ၌ပါ ထင်ဟပ်စေသလို မြည်သံစွဲအလင်္ကာမြောက်သည်။ ကြည်နူးပျော်ရွှင်ဖွယ် မြင်ကွင်းကို ကဗျာဖတ်သူထံသို့ အရောက်ပို့ဆောင်ပေးနိုင်သည်။

မန္တလေးခေတ်အခါက ရပ်ဝေးဒေသသို့ သွားရောက်လိုလျှင် ရေလမ်းကို အသုံးပြုပြီး မြို့တွင်းသွားလာရေးအတွက် ခြေကျင်နှင့် လှည်းကို အသုံးပြုကြသည်။ ရွှေတချောင်းမြောင်းသည် တစ်နေရာနှင့် တစ်နေရာ သွားလာနိုင်သည့် မြောင်းတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် မန္တလေးမြို့မှ မတ္တရာမြို့အထိ ရေလမ်းဖြင့် ကူးသန်းသွားလာနိုင်ပါသည်။ မန္တလေးမြို့၏ အနောက်ဘက်ပိုင်းမှ စီးဆင်း၍ မန္တလေးမှ တောင်ပြုံးကျေးရွာ၊ လွန်တောင်ကျေးရွာတို့၏ အနောက်ဘက်မှဖြတ်၍ မတ္တရာမြို့အထိ ဆက်သွယ်သွားလာနိုင်သည့် မြောင်း ဖြစ်ပါသည်။ မန္တလေးမြို့နှင့် မတ္တရာမြို့ ကူးသန်းသွားလာရေးအတွက် အဓိကကျသည့် ရေမြောင်း ဖြစ်ပါသည်။ ကူးတို့အဖြစ် လောင်းလှေကို အသုံးပြုကာ ကူးသန်းသွားလာကြခြင်း၊ လှည်းတစ်ဖုံ၊ ခြေကျင်တစ်မျိုးဖြင့် သွားလာကြသည့် ပုံရိပ်တို့ကို မြင်ယောင်စေပါသည်။

## ၃၊ ၄။ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ပုံရိပ်များ

ယဉ်ကျေးမှုဓလေ့နှင့် ပတ်သက်၍ ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ စာအုပ်တွင်–

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

[၂] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

> "ဘိုးဘွားဘီဘင်တို့၏ အမွေအနှစ်ဟူရာ၌ မျက်စိဖြင့် မြင်ရသော အရာဝတ္ထုများသာမက မျက်စိဖြင့် မမြင်နိုင်သော စိတ်နေစိတ်ထား အမူအကျင့်များနှင့် ဓလေ့ထုံးတမ်းများ ပါဝင်ပါသည်"[၁]

ဟု လည်းကောင်း၊ ယုဒသန်မြန်မာအဘိဓာန်တွင်–

> "အခြေစိုက် ခိုင်မြဲမြဲနေသော နည်းနာ နည်းလမ်း အလေ့အထ"[၂]

ဟု လည်းကောင်း ဖွင့်ဆိုထားပါသည်။

မြန်မာယဉ်ကျေးမှုဓလေ့ဆိုသည်မှာ မြန်မာလူမျိုးတို့ မျိုးရိုးစဉ်ဆက် ကျင့်သုံးခဲ့သော အလေ့အထများ ဖြစ်ပါသည်။

မန္တလေးမြို့ ကုသိုလ်တော်လွမ်းချင်းကဗျာတွင် ချစ်သူမောင်က ချစ်သူမိန်းကလေးအား စိန်ဖြင့် ခြယ်မှုန်းထားသော ဆွမ်းအုပ်တော်ဖြင့် နေမမြင့်ခင် သင်ပုတ်ဆွမ်း ပြင်ဆင်လှူဒါန်းရန် ဖိတ်ခေါ်ပုံကို–

> "စိန်မှုန်အုပ်ကယ်နှင့် သင်ပုတ်တော်ပြင်ဆင် ဆွမ်းတော်တင်
> နေမလွဲစေနှင့်"[၃]

ဟု ရေးဖွဲ့ထားပါသည်။ ဘာသာရေးကို အလေးထားပုံကို ထီးနန်းဆန်သည့် 'စိန်မှုန်အုပ်' 'သင်ပုတ်တော်' ဆိုသည့် အသုံးများနှင့် သုံးနှုန်းဖွဲ့ဆိုထားသည်။

မန္တလေးရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တော်အချိန်က မဟာလောကမာရဇိန်(ကုသိုလ်တော်ဘုရား)အား သင်ပုတ်ဆွမ်းကပ်လှူသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဓလေ့အဖြစ် မြင်တွေ့ရပါသည်။ သင်ပုတ်ဆွမ်း ကပ်လှူသည့် သပိတ်တော်မှာ မဟာလောကမာရဇိန်(ကုသိုလ်တော်ဘုရား)၏ အရှေ့ဘက်တွင် ယနေ့တိုင် မပျက်မဆီး ရှိနေပါသည်။

မန္တလေးရတနာပုံခေတ်က လက်ဆောင်ပေးမှု အလေ့ရှိခဲ့ပါသည်။ မန္တလေးဘွဲ့ လွမ်းချင်းကဗျာတွင် ချစ်သူမောင်က ချစ်သူမိန်းကလေးအား မတ္တရာဒေသထွက် ဖြစ်သည့် ကွမ်းသီးပန်းနှင့် ဝက်မြေဇာဥကို လက်ဆောင်အဖြစ် ပေးလိုကြောင်း ဖွဲ့ဆိုထားပါသည်။ ထိုအကြောင်းကို–

---

[၁] အောင်သိန်း၊ ဆင်ဖြူကျွန်း၊ ၁၉၉၀၊ ၃၀။
[၂] ယုဒသန်၊ ၁၉၅၄၊ ၅၅၂။
[၃] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

> "လှလှရှန်းရှန်း ကွမ်းသီးပန်းကို ကမ်းစေသမှု ဝက်မြေဥနှင့် နန်းသူ့သက်လှယ် လက်ဆောင်ပေးရန်မို့"[၁]

ဟု ရေးဖွဲ့ထားသည်။ မန္တလေးခေတ်၏ ဘာသာယဉ်ကျေးမှုဓလေ့များကို ထည့်သွင်းဖွဲ့ဆို၍ ခေတ်ဓလေ့ ခေတ်အမူအရာကို ပြန်ပြောင်းလွမ်းတစရာ လွမ်းချင်းကဗျာအဖြစ် ရေးဖွဲ့ထားသည်။ 'လှလှရှန်းရှန်း၊ ကွမ်းသီးပန်း' ဆိုသော အဖွဲ့က အတိတ်ခေတ်ယဉ်ကျေးမှုဖြစ်သော ကွမ်းသီးပန်း၏သရုပ်ကို ပေါ်လွင်စေသည်။ ဒေသထွက်ပစ္စည်းလေးများနှင့် လက်ဆောင်ပေးပုံ ဓလေ့မှာ နှစ်သက်ဖွယ် ဖြစ်ပါသည်။

လက်ဆောင်ပေးမှုနှင့် ပတ်သက်၍ ခေတ်သစ်ကဗျာအဖွင့်တွင်–

> "စာဆိုသည် အဖိုးတန် တော်ဝင်ပန်းများကို မပေးကမ်းနိုင်လောက်အောင် အဖိုးထိုက် စားဖွယ်များကို မပေးကမ်းနိုင်လောက်အောင် ဆင်းရဲနွမ်းပါးရှာ၍ ဤသို့သော စကားကို ဆိုပါသလော"[၂]

ဟု သုံးသပ်တင်ပြထားပါသည်။

မတ္တရာမြို့နှင့်နီးသဖြင့် ကွမ်း၊ ကွမ်းသီးထွက်ခြင်း၊ ရေကျချိန်တွင် အနီးပတ်ဝန်းကျင်မှ ဝက်မြေဥများ ထွက်ခြင်းတို့ကြောင့် ဒေသထွက် ကွမ်းသီးပန်းနှင့် ဝက်မြေဥကို မိမိချစ်သူအား တန်ဖိုးထားပေးစေလိုခြင်း ဖြစ်ဟန်တူပါသည်။

မြန်မာလူမျိုးတို့သည် တန်ဖိုးများခြင်း၊ နည်းခြင်းတို့ထက် စေတနာရှေ့ထား၍ ပေးကမ်းတတ်သည့် မြန်မာလူမျိုးတို့၏ ချစ်စဖွယ်ဓလေ့စရိုက်ကို ပေါ်လွင်စေပါသည်။ ဒေသထွက်ပစ္စည်းများကို တန်ဖိုးထားတတ်သည့် မြန်မာတို့၏ ချစ်ဖွယ်ဓလေ့များ ဖြစ်ပါသည်။

## ၃၊ ၅။ မောင်မယ်တို့၏ ချစ်ခြင်းမေတ္တာဆိုင်ရာ ပုံရိပ်များ

မန္တလေးခေတ် လွမ်းချင်းကဗျာများတွင် ချစ်သူမောင်က ချစ်သူမိန်းကလေးနှင့် အတူ ဘုရားသွား ကျောင်းတက် အတူသွားလိုကြပါသည်။ မန္တလေးခေတ် မောင်မယ်တို့၏ ချစ်မေတ္တာပုံရိပ်တို့ကို မန္တလေးဘွဲ့လွမ်းချင်းကဗျာတွင်–

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။
[၂] ဝန်၊ ဦး၊ မင်းသုဝဏ်၊ ၁၉၆၂၊ ၇။

ရေမြစ်တိမ် ဟိုသောင်စဆီက စခန်းတော် မောင်မယ်ချပါလို့
တောပုရှင် စိန္တေယျကိုတဲ့ ဖူးရမယ်လေး"[၁]

ဟု လည်းကောင်း၊ မန္တလေး ကုသိုလ်တော်လွမ်းချင်းကဗျာတွင်–

"ဖလ်အုတ်ကယ်စီပါတဲ့ စေတီတော်ပြင် ဆုထူးတော်ဆင်ရအောင်
မောင်ကြင်တဲ့ခိုင်စမွယ်ရယ်"[၂]

ဟု လည်းကောင်း၊

"တို့မခင်စိန်မှုန်အုတ်ကယ်နှင့် သင်ပုတ်တော်ပြင်ဆင် ဆွမ်းတော်တင်
နေမလွဲစေနှင့် မောင်နှင့်မယ် လက်စုံတွဲလို့"[၃]

ဟု လည်းကောင်း ရေးဖွဲ့ထားပါသည်။

ချစ်သူမောင်က ချစ်သူမိန်းကလေးနှင့် ကြည်နူးသာယာဖွယ် မြင်ကွင်းများကို အတူတကွကြည့်၍ ကြည်နူးစေလိုခြင်း၊ ဘုရားစေတီများကို မောင်မယ်တူစုံ ဖူးမြော်စေလိုခြင်း၊ သင်ပုတ်ဆွမ်းများ တူစုံကပ်စေလိုသည့် မောင်မယ်တို့၏ ချစ်မေတ္တာ ပုံရိပ်တို့ မြင်ယောင်လာစေပါသည်။

လွမ်းချင်းကဗျာ (၂)ပုဒ်၏ အစတွင်–

"လာမေလိုက်ခဲ့တော့
လာမေလှမ်းကြစို့"[၄]

ဟု ဖိတ်ခေါ်ထားပါသည်။ ချစ်သူမောင်က ချစ်သူမိန်းကလေးကို ခေါ်ဆိုဟန် ရေးဖွဲ့ထားရာ ချစ်သူမောင်၏ ချစ်သူမိန်းကလေးအပေါ်ထားသည့် နူးညံ့သိမ်မွေ့သော လေသံတို့ ပေါ်လွင်ထင်ရှားနေပါသည်။ ညင်သာနူးညံ့သည့် လေသံ၊ ကူညီဖေးမ တတ်သည့် လေသံတို့ ပေါ်လွင်နေပါသည်။

မန္တလေးဘွဲ့ လွမ်းချင်းကဗျာအဆုံးတွင်–

"စခန်းတော် မောင်မယ်ချပါလို့ တောပုရှင် စိန္တေယျကိုတဲ့
ဖူးရမယ်လေး"[၅]

---

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။
[၂] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။
[၃] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။
[၄] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။
[၅] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

ဟု လည်းကောင်း၊ မန္တလေးကုသိုလ်တော်ဘွဲ့ လွမ်းချင်းကဗျာအဆုံးတွင်–

> “မယ်နှင့်မောင် လက်စုံတွဲလို့ လှည်းမပါ ခြေကျင်လှမ်းကြစို့
> ပန်းနှင့်ကွယ်လေး”[၁]

ဟု လည်းကောင်း ရေးဖွဲ့ထားပါသည်။

မမောနိုင် မပန်းနိုင် ဘုရားတူစုံ ဖူးမြော်ချင်သည့် မောင်မယ်တို့၏ ချစ်မေတ္တာ သိမ်မွေ့မှုတို့ ထင်ဟပ်ပေါ်လွင်စေပါသည်။ တူစုံမောင်မယ် လက်တွဲ၍ ဆုတောင်း ဆုယူ ပြုစေလိုခြင်း၊ လှပသည့် ရှုခင်းတို့ကို မောင်မယ်တူစုံ ကြည်နူးခံစားလိုသည့် လူငယ်တို့၏ နူးညံ့သည့် မေတ္တာပုံရိပ်တို့ ထင်ဟပ်စေပါသည်။

## ခြုံငုံသုံးသပ်ချက်

မန္တလေးမြို့ဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ်မှ မန္တလေးခေတ် ဘုရား၊ စေတီဆိုင်ရာ ပုံရိပ်များ၊ သာသနိက အဆောက်အဦးဆိုင်ရာ ပုံရိပ်များ၊ ကန်ချောင်းနှင့် ခရီးသွားလာရေးဆိုင်ရာ ပုံရိပ်များ၊ ယဉ်ကျေးမှု ဓလေ့ဆိုင်ရာ ပုံရိပ်များ၊ မောင်မယ်တို့၏ ချစ်ခြင်းမေတ္တာဆိုင်ရာ ပုံရိပ်များကို လေ့လာတင်ပြထားပါသည်။

သာသနာရေးဆိုင်ရာ ပုံရိပ်များတွင် မန္တလေးတောင်တော်ပေါ်မှ ဘုရား စေတီများ၊ ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန်(ကုသိုလ်တော်ဘုရား)နှင့် တောပုဘုရား ပုံရိပ်တို့ကို ဖူးတွေ့ရပါသည်။

မန္တလေးတောင်တော်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဒေသစာရီ ကြွချီတော်မူခဲ့ခြင်း၊ ဗျာဒိတ်စကား မြွက်ကြားခဲ့သော တောင်တော် ဖြစ်ခြင်း၊ မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် တည်ထားတော်မူသည့် ဗျာဒိတ်ပေးဘုရား ရှိတော်မူခြင်း၊ မန္တလေးတောင်၏ အရှေ့ဘက်တွင် ရွှေလောင်းမြစ် ရစ်ခွေစီးဆင်းခြင်း၊ မန္တလေးတောင်ထိပ်တွင် ဆုတောင်းပြည့်စေတီတော်ရှိခြင်း စသည့် ထူးခြားသည့် ပုံရိပ်တို့ကို မြင်ယောင်လာစေပါသည်။

မန္တလေးခေတ်အခါက ကျောက်တော်ကြီးဘုရားသည် မင်းတုန်းမင်းလက်ထက်တွင် တည်ထားတော်မူ၍ ကိုယ်တော်တိုင် ရွှေမင်ဖြင့် မျက်ခုံးတော် ရေးခြယ်ပေးထား ပါသည်။ သလင်းကျောက်ဖြင့် ထုဆစ်ထားသည့် အံ့ဖွယ်ထူးခြားသည့် ဂုဏ်အရောင်အဝါ နှင့် ပြည့်စုံသည့် ပုံရိပ်တို့ ထင်ဟပ်မြင်ယောင်လာစေပါသည်။

---

[၁] ပြုံးချို၊ ဦး၊ ၁၉၇၇၊ ၂၂၁။

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသည် မန္တလေးခေတ်အခါက မင်းတုန်းမင်း ထီးနန်းတည်ခါစက ဆောက်လုပ်သည့် သတ္တဌာနတွင် ပါဝင်ခြင်း၊ မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် ဓာတ်တော်များ ဌာပနာခြင်း၊ စေတီတော် ရင်ပြင်တွင် ကျောက်မြေဖန်အုတ်များဖြင့် စီချယ်ထားခြင်း၊ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ကာ မဟာလောကမာရဇိန်(ကုသိုလ်တော်ဘုရား)တွင် ပူဇော် ထားခြင်း စသည့် ပုံရိပ်တို့ မြင်ယောင်လာစေပါသည်။ ထို့ကြောင့် ကျောက်တော်ကြီး ဘုရား၏ ကြည်ညိုဖွယ်ရာများနှင့် သာယာဖွယ်မြင်ကွင်းများကြောင့် မန္တလေးခေတ် အချိန်ကတည်းက လူအများ လာရောက်ဖူးမြော်ကြဟန် ရှိပါသည်။ ယနေ့ခေတ် တွင်လည်း ဘုရားဖူးပြည်သူများနှင့် နိုင်ငံခြားသားများ လာရောက်ဖူးမြော်ကြသည့် ဘုရားတစ်ဆူ ဖြစ်ပါသည်။

တောပုဘုရားသည် ခေတ်အဆက်ဆက် ဘုရားပွဲတော်များ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ တောပုဘုရား တည်ရှိရာနေရာသည် ဧရာဝတီမြစ်ရေ ဝင်သည့် အရပ်ဖြစ်သဖြင့် ရေကျချိန်တွင် သဲသောင်ခုံများဖြင့် လှပသည့် ပုံရိပ်များ၊ တောပုဘုရားအား ရေတိုက်စားမှု ကာကွယ်နိုင်ရန် မြစ်တိမ်းထားသည့် ပုံရိပ်တို့ ထင်ဟပ်စေပါသည်။

သာသနိက အဆောက်အအုံများအဖြစ် မန္တလေးခေတ် လွမ်းချင်းကဗျာ (၂)ပုဒ်တွင် သုဓမ္မာဇရပ်တန်းနှင့် ပိဋကတ်တိုက်တော်များကို တွေ့ရပါသည်။ သုဓမ္မာ ဇရပ်တော်သည် မန္တလေးနန်းတော်၏မြောက်ဘက် သာယာသည့် ကျုံးနံဘေးတွင် ရှိခြင်း၊ မန္တလေးတောင်၏အနီးတွင် ရှိခြင်း၊ မင်းတုန်းမင်း တည်ဆောက်တော်မူခဲ့သည့် ဇရပ်တော်ဖြစ်ခြင်း၊ စာပြန်ပွဲတော် ကျင်းပခြင်း၊ အများပြည်သူတို့ နားနေခြင်း စသည့် ပုံရိပ်တို့ကို ထင်ဟပ်စေပါသည်။

မဟာလောကမာရဇိန် (ကုသိုလ်တော်ဘုရား)အတွင်းရှိ ပိဋကတ်တိုက်တော် များသည် မြတ်စွာဘုရားရှင်၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ကျောက်ထက် အက္ခရာတင်ကာ ဂူဘုရားအသွင် တည်ဆောက်ထားပါသည်။ မန္တလေးခေတ်၏ ထူးခြားသည့် ပုံရိပ်တစ်ခု ဖြစ်ပါသည်။

ဆည်မြောင်းကန်ချောင်းဆိုင်ရာ ပုံရိပ်များအဖြစ် မဟာနန္ဒာကန်၊ ရွှေတချောင်း မြောင်းတို့၏ အသုံးဝင်ပုံကို မြင်သာစေပါသည်။ မဟာနန္ဒာကန်တော်ရေသည် အရသာချိုခြင်း၊ သမိုင်းအစဉ်အဆက် ထင်ရှားခဲ့ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးဝင်သည့် ကန်တော်ဖြစ်ခြင်း၊ ကျေးငှက်သာရကာတို့ဖြင့် သာယာပျော်ရွှင်ဖွယ် ကောင်းခြင်း စသည့် ထူးခြားသည့် ကန်တော်၏အသွင်ကို မြင်ယောင်လာစေပါသည်။

ရွှေတချောင်းမြောင်းသည် မန္တလေးခေတ်အခါက လမ်းပန်းဆက်သွယ်ရေး အတွက် အဓိကကျသည့် ရေမြောင်း ဖြစ်ပါသည်။ မန္တလေးမြို့ အနောက်ဘက်မှ စီးဆင်း၍ မတ္တရာမြို့အထိ စုန်ဆန်သွားလာနိုင်ပါသည်။ အလွယ်ကူဆုံးနှင့် ဆက်သွယ်ရေး အချောမွေ့ဆုံးမှာ ရေလမ်းခရီး ဖြစ်ပြီး လှည်း၊ ခြေလျင်တို့ဖြင့်လည်း သွားလာနေကြသည်ကိုလည်း တွေ့ရပါသည်။

ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ပုံရိပ်အဖြစ် မဟာလောကမာရဇိန်(ကုသိုလ်တော် ဘုရား)အား ဆွမ်းကပ်သည့်အလေ့နှင့် လက်ဆောင်ပေးသည့် အလေ့တို့ကို တွေ့ရ ပါသည်။ မဟာလောကမာရဇိန်(ကုသိုလ်တော်ဘုရား)တွင် ဆွမ်းသပိတ်တော်နှင့် ဆွမ်းကပ်လှူသည့် ဓလေ့ကို မြင်ယောင်စေပါသည်။ ထိုဆွမ်းသပိတ်သည် ယနေ့ အချိန်ထိ ကုသိုလ်တော်ဘုရား၏အရှေ့ဘက် စေတီတော်ရှေ့တွင် တည်ထားလျက် ရှိပါသည်။ မန္တလေးခေတ်အချိန်က ဒေသထွက်ပစ္စည်းဖြစ်သည့် ကွမ်းသီးပန်းနှင့် ဝက်မြေဥများကို မိန်းကလေးအား လက်ဆောင်ပေးသည့် မေတ္တာပုံရိပ်တို့ကို တွေ့မြင် ရပါသည်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ကြလျှင် လက်ဆောင်ပေးတတ်ကြသည့် ချစ်စရာ ဓလေ့စရိုက်ပင် ဖြစ်ပါသည်။

မောင်မယ်တို့၏ ချစ်မေတ္တာပုံရိပ်များအဖြစ် ဘုရားစေတီတော်များ အတူတကွ သွားရောက်ဖူးမြော်၍ ဆုတောင်းဆုယူပြုကြခြင်း၊ သင်ပုတ်ဆွမ်း ကပ်လှူလိုခြင်း၊ ရင်းနှီးချစ်ခင်စွာ လက်ဆောင်ပစ္စည်းများ ပေးကမ်းကြခြင်း စသည့် မေတ္တာပုံရိပ်တို့ကို မြင်ယောင်စေပါသည်။

မန္တလေးဘွဲ့လွမ်းချင်းကဗျာ (၂)ပုဒ်သည် မန္တလေးခေတ် မင်းတုန်းမင်း လက်ထက်တော်အခါက ထင်ရှားသည့် အဆောက်အဦးနှင့် နေရာများကို ဖွဲ့စပ်ထား သဖြင့် မင်းတုန်းမင်းလက်ထက် ရေးဖွဲ့ခဲ့သည့်ကဗျာဟု ခန့်မှန်းနိုင်ပါသည်။ ရေးဖွဲ့ ထားရာတွင်လည်း ဆန်းပြား၊ ခမ်းနားခြင်း မရှိပါ။ စာဆို၏အမည်မသိရသော်လည်း သာမန်အညတြစာဆိုသာ ဖြစ်နိုင်သည်ဟု ယူဆရပါသည်။ မန္တလေးခေတ်ကဗျာများမှ ဘုရားစေတီများ၊ ဆည်မြောင်းကန်ချောင်းများသည် မန္တလေးခေတ်က ထင်ရှားခဲ့သည့် အဆောက်အဦးများ ဖြစ်သည်။ ယနေ့ခေတ်ထိ မန္တလေးမြို့တွင် အထင်အရှား ရှိနေသည့် အဆောက်အဦးများလည်း ဖြစ်ပါသည်။ ဘုရားသွား ကုသိုလ်ပြုတတ်သည့် အလေ့၊ လက်ဆောင်ပေးတတ်သည့် အလေ့တို့သည် မျက်မှောက်ခေတ်အထိ လက်ဆင့်ကမ်း ထိန်းသိမ်းဆဲ ဖြစ်ပါသည်။ မန္တလေးခေတ် နူးညံ့သိမ်မွေ့သည့် မောင်မယ်တို့၏ မေတ္တာတရားသည် ကြည်နူးဖွယ်ပုံရိပ်များ ဖြစ်ပါသည်။ မန္တလေးဘွဲ့ လွမ်းချင်းကဗျာ (၂)ပုဒ်သည် ယဉ်ကျေးမှုတန်ဖိုး၊ သမိုင်းတန်ဖိုး မြင့်မားသည့် ကဗျာများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

မန္တလေးဘွဲ့လွမ်းချင်းနှင့် မန္တလေးမြို့ကုသိုလ်တော်လွမ်းချင်း ကဗျာ(၂)ပုဒ်သည် လွမ်းချင်းကဗျာ ဖြစ်သော်လည်း မောင်မယ်တို့၏ ချစ်ခြင်းမေတ္တာမှတစ်ဆင့် မန္တလေးခေတ်ပုံရိပ် တစ်စိတ်တစ်ဒေသကို လှစ်ပြသကဲ့သို့ ရှိပါသည်။ မန္တလေးမြို့၏ ထင်ရှားသည့် ဘုရားစေတီ၊ သာသနိက အဆောက်အဦး၊ ဆည်မြောင်းကန်ချောင်း၊ မန္တလေးပတ်ဝန်းကျင် သာယာဖွယ်အလှနှင့် ကျေးလက်တောရွာသို့ ဘုရားဖူးသွားတတ်ကြသည့် လူငယ်မောင်မယ်တို့၏ပုံရိပ်တို့ကို လေ့လာတင်ပြထားပါသည်။ မန္တလေးခေတ်၏ ယဉ်ကျေးမှုဓလေ့ မှတ်တမ်းကဗျာအဖြစ် လွမ်းချင်းပီပီ လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းအောင် ရေးဖွဲ့ထားပါသည်။

# ကျမ်းကိုးစာရင်း


ကျော်ရင်၊ ဦး၊ ပုပ္ပါး။ (၂၀၁၆)။ ***ကဝိဘာရတီကျမ်း (ဒု-ကြိမ်)***။ ရန်ကုန်၊ စိတ်ကူးချိုချို စာပုံနှိပ်တိုက်။

စူးထက်။ (၂၀၁၆)။ ***တောင်ပြိုးပွဲနှင့် မတ္တရာဝန်းကျင် သမိုင်းဝင်နေရာများ***။ ရန်ကုန်၊ ဆုလာဘ်ပြည့်ပုံနှိပ်တိုက်။

စစ်ကဲမင်းထင်ရာဇာ၊ ကန်နီမြို့။ (၁၉၆၉)။ ***မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး***။ မန္တလေး၊ တက်နေလင်းပုံနှိပ်တိုက်။

ထွန်းရွှေ၊ ဦး၊ ဓမ္မာစရိယ။ (၁၉၇၈)။ ***ကဗျာစွယ်စုံကျမ်းကြီး (ပဉ္စ-ကြိမ်)***။ ရန်ကုန်၊ ပညာအလင်း ပုံနှိပ်တိုက်။

ပြုံးချို၊ ဦး။ (၁၉၇၇)။ ***မဟာဂီတပေါင်းချုပ်ကြီး***။ ရန်ကုန်၊ ရတနာဂုဏ်ရည်စာပုံနှိပ်တိုက်။

မောင်မောင်၊ ယင်းခဲ။ (၁၂၉၅)။ မန္တလေးတောင်သမိုင်း။ မန္တလေး၊ ပိဋကတ်တော်စာပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး။ (၂၀၀၄)။ ***ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တ-တွဲ)***။ ရန်ကုန်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၈၀)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ယုဒသန်။ (၁၉၅၄)။ ***ယုဒသန်-မြန်မာအင်္ဂလိပ်အဘိဓာန်***။ ရန်ကုန်၊ အေဘီအမ်ပုံနှိပ်တိုက်။

ရွှေကိုင်းသား။ (၂၀၀၇)။ ***၁၂၂၁ ခု-၁၃၂၁ ခု အနှစ် ၁၀၀ပြည့် မန္တလေးမြို့***။ မန္တလေး၊ လူထုကြီးပွားရေးပုံနှိပ်တိုက်။

ဝန်၊ ဦးနှင့် မင်းသုဝဏ်။ (၁၉၆၂)။ ***ခေတ်သစ်ကဗျာများ***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

သင်းသင်းရီ၊ မ။ (၁၉၉၂)။ ***ရတနာပုံခေတ် မန္တလေးမြို့ဘွဲ့ကဗျာများ လေ့လာချက်***။ မဟာဝိဇ္ဇာ (မြန်မာစာ)ဘွဲ့အတွက် တင်သွင်းသောကျမ်း၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

အမာ၊ ဒေါ်၊ လူထု။ (၂၀၁၇)။ ***ကျွန်မတို့ မန္တလေး***။ မန္တလေး၊ လူထုကြီးပွားရေးစာအုပ်တိုက်။

အောင်သိန်း၊ ဆင်ဖြူကျွန်း။ (၁၉၉၀)။ ***ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

## နောက်ဆက်တွဲ

### ၁။ မန္တလေးဘွဲ့ လွမ်းချင်း

လာမေလိုက်ခဲ့တော့၊ ငယ်ကြိုက်ကယ် ကြင်ဆွေ၊ တို့မန်းမြေမှာ၊ ကန်တော်ရေ ချိုချို သောက်ရင်လ၊ ဘေးပျောက်လို့ရန်ကွာ၊ သာယာထူးတဲ့ မြို့ပေလေး။

တချောင်းရွှေငယ်၊ လောင်းလှေငယ်မှ ကူးတို့၊ ဗုံတညံ့ညံ့ စုန်ကာဆန် ပြန့်ကာပို့လို့၊ တို့တခင်မေ၊ ယဉ်တဆွေရယ်၊ မြင်စေပြီးမှ၊ လှလှရွှန်းရွှန်း၊ ကွမ်းသီးပန်းကို၊ ကမ်းစေသမှု၊ ဝက်မြေဥနှင့်၊ နန်းသူ့သက်လှယ်၊ လက်ဆောင်တော် ပေးရန်ဘို့၊ ခင်လေးမောင်ဝယ်ခဲ့၊ မဟာနွယ်သမုသိရ်ရယ်၊ ရေမြစ်တိမ် ဟိုသောင်စဆီသို့၊ စခန်းတော် မောင်မယ်ချပါလို့၊ တောပုရှင် စိန္တေယျကိုတဲ့၊ ဖူးရမယ်လေး။ ။

### ၂။ မန္တလေး ကုသိုလ်တော် လွမ်းချင်း

လာမေလှမ်းကြစို့၊ ညာမန်းမြေ ပြည်ဘောင်၊ ထူးမြတ်တဲ့ ရွှေတောင်မှာ၊ မြတ်ဘုန်းခေါင် စေတီယငယ်နှင့်၊ စက်ပါဒနက်သန်ကို၊ သက္ကစ္စံ ပဏာမိရယ်နှင့်၊ သဒ္ဓါရှိ အတူပေါ်အောင်၊ အပူဇော်သွားစို့ မိငယ်လေး။ ။

တချောင်းရွှေငယ်၊ မြောင်းရေငယ်မှပတ်သန်း၊ တောင်စဉ်ငယ်ထပ် စရပ်တန်းနှင့်၊ လမ်းမတော်သာ၊ သုဓမ္မာ၊ ရောင်ဝါကညီး၊ ကျောက်တော်ကြီး၊ မီးရေစုံခ ဗျာဒိတ်တော် သပါတဲ့၊ မြသေလာဂူ၊ ရပ်တော်မူနှင့်၊ ရွှေဂူအတွင်း ပိဋကတ်ကို ရေးမှတ်သွင်းလို့၊ တလင်းငယ်မှညီညီ၊ ဖလ်အုတ်ကယ်စီပါတဲ့၊ စေတီတော်ပြင်၊ ဆုထူးတော် ဆင်ရအောင်၊ မောင်ကြင်တဲ့ ခိုင်စမ္ပာယ်ရယ်၊ တသက်လှယ် မယ်မဆုတ်ပါနဲ့၊ တို့မခင် စိန်မှုန်အုပ် ကယ်နှင့်၊ သင်ပုတ်တော်ပြင်ဆင်၊ ဆွမ်းတော်တင် နေမလွဲစေနှင့်၊ မယ်နှင့်မောင် လက်စုံတွဲလို့၊ လှည်းမပါ ခြေကျင်လှမ်းကြစို့၊ (အိုခင်ရဲ့)ပန်းနှင့်ကွယ့်လေး။ ။

## နောက်ဆက်တွဲ (က)



ယခင်မန္တလေးတောင်တော်



ယခုမန္တလေးတောင်တော်



ဗျာဒိတ်ပေးဘုရား



မဟာနန္ဒာကန်တော်တည်ရှိသည့်အရပ်



ယခင် ကျောက်တော်ကြီးဘုရား



ယခု ကျောက်တော်ကြီးဘုရား

## နောက်ဆက်တွဲ (ခ)



မဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရား



မဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရားရင်ပြင်ရှိ
တလင်းပြင်



ယခင်မဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရား
ပိဋကတ်သုံးပုံကျောက်စာတိုက်များ



ယခုမဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရား
ပိဋကတ်သုံးပုံကျောက်စာတိုက်များ



ယခင်မဟာလောကမာရဇိန်(ကုသိုလ်တော်)
ဘုရားရှိ သင်ပုတ်ဆွမ်းကပ်လှူသည့်
သပိတ်တော်



ယခုမဟာလောကမာရဇိန်(ကုသိုလ်တော်)
ဘုရားရှိ သင်ပုတ်ဆွမ်းကပ်လှူသည့်
သပိတ်တော်

## နောက်ဆက်တွဲ (ဂ)



မတ္တရာမြို့အနောက်မြောက်ဘက်ရှိတောပုဘုရား



တောပုဘုရားအတွင်းရှိ ဂူဘုရား



တောပုဘုရားဘေးရှိ အရံစေတီ



တောပုဘုရားရှိ ရုပ်စုံကျောင်း



တောပုဘုရားအရှေ့ဘက်ရှိ
မြစ်တိမ်(ခ)မြစ်တိမ်း ယခု နတ်ပေါက်ချောင်း



တောပုဘုရားပတ်ဝန်းကျင်ရှိ ရှုခင်းများ

# နောက်ဆက်တွဲ (ယ)



တောပုရွာ မြင်ကွင်း



တောပုရွာ မြင်ကွင်း



မတ္တရာမြို့ရှိ ယခု ရွှေတချောင်းမြောင်း



မန္တလေးမြို့ရှိ ယခု ရွှေတချောင်းမြောင်း



ကုန်းဘောင်ခေတ်ကအသုံးပြုခဲ့သည့်
လောင်းလှေ



ကုန်းဘောင်ခေတ်ကအသုံးပြုခဲ့သည့်
လောင်းလှေ

# နောက်ဆက်တွဲ (င)



လက်ဆောင်ပေးသည့် ကွမ်းသီးပင်



တောပုဘုရား(သို့)ရွှေဘုံသာ
မြတ်စွာဘုရားကြီး




ယခင်သုဓမ္မာဇရပ်တန်း



ယခုသုဓမ္မာဇရပ်တန်း





သုဓမ္မာဇရပ်ရှိ နံရံဆေးရေးပန်းချီများ

# နောက်ဆက်တွဲ (စ)

## စာတမ်းရှင်သွားရောက်လေ့လာမှတ်တမ်းယူခဲ့ပုံများ











# ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာမှ ဘုရင့်နောင်မင်းတရားကြီး၏ စွမ်းဆောင်ချက်မှတ်တမ်း

တင်မမနိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် စကားပြေကဏ္ဍတွင် ပါဝင်သော ရှေးဟောင်းခေါင်းလောင်းစာကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်း၏ရည်ရွယ်ချက်မှာ တိမ်မြုပ်လျက်ရှိသော ရှေးဟောင်းခေါင်းလောင်းစာများကို ဖော်ထုတ်တင်ပြလိုခြင်း ဖြစ်ပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာကို အလေ့လာခံအဖြစ် သတ်မှတ်၍ ခေါင်းလောင်းစာပါ အကြောင်းအရာကိုအခြေခံ၍ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်း၌ ဘုရင့်နောင်မင်းတရားကြီး၏ နိုင်ငံရေး၊ စစ်ရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ စွမ်းဆောင်ချက်များကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် ဘုရင့်နောင်မင်းတရားကြီး၏ စွမ်းဆောင်ချက်များကို တိကျခိုင်လုံသော အထောက်အထားများနှင့် လေ့လာဖော်ထုတ် တင်ပြထားသဖြင့် ရှေးဟောင်းခေါင်းလောင်းစာများကို လေ့လာလိုသူများအတွက် အထောက်အကူရနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရ** – ***ရေစည်းခုံခေါင်းလောင်းစာ၊ နိုင်ငံရေး၊ စစ်ရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု။***

## နိဒါန်း

ရှေးဟောင်းကမ္ပည်းစာများတွင် ရှေးဟောင်းခေါင်းလောင်းစာသည် တစ်ခု အပါအဝင် ဖြစ်ပါသည်။ ရှေးဟောင်းခေါင်းလောင်းစာများသည် မြန်မာစာပေဆိုင်ရာ မှတ်တမ်းများ၊ သမိုင်းဆိုင်ရာမှတ်တမ်းများ စသည်တို့အတွက် အထောက်အပံ့ကောင်းများ ဖြစ်ပါသည်။ ထိုရှေးဟောင်းခေါင်းလောင်းစာများမှ ပုဂံရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာသည် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ဖြစ်ပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာတွင် မြန်မာဘာသာ၊ မွန်ဘာသာ၊ ပါဠိဘာသာသုံးဘာသာနှင့် ကမ္ပည်းတင် ရေးထိုးထားပါသည်။ ဤစာတမ်းတွင် မြန်မာဘာသာနှင့် ရေးထိုးထားသော ခေါင်းလောင်းစာမှ မြန်မာ့ရာဇဝင်သမိုင်း၌ ထင်ရှားသော ဘုရင့်နောင်မင်းတရားကြီး (ဟံသာဝတီဆင်ဖြူရှင်)၏ စွမ်းဆောင်ချက်များကို မှတ်တမ်းတင်ရေးသားထားပုံကို လေ့လာတင်ပြထားပါသည်။ ဤသို့တင်ပြရာ၌ ခေါင်းလောင်းစာတွင် ပါရှိသည့် သက္ကရာဇ်

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

(၉၁၂)ခု တပို့တွဲလဆန်း(၅)ရက် တနင်္ဂနွေနေ့ (ခရစ်နှစ် ၁၅၅၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်)[၁] မှ သက္ကရာဇ် (၉၁၉)ခု နယုန် လပြည့်ကျော် (၁၁)ရက် တနင်္ဂနွေနေ့ (ခရစ်နှစ် ၁၅၅၇ ခုနှစ် မေလ ၂၃ ရက် တနင်္ဂနွေ) [၂] အထိကိုသာ ဖော်ပြသွားပါမည်။ ခေါင်းလောင်းစာပါ ခုနှစ်၊ လ၊ ရက် နေ့ များနှင့် မဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ မဟာရာဇဝင်သစ်တို့ပါ ခုနှစ်၊ လ၊ ရက်၊ နေ့များကို တိုက်ဆိုင်စိစစ်၍ လေ့လာဖော်ထုတ်တင်ပြသွားပါမည်။

## ၁။ ပုဂံညောင်ဦးမှ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်း

ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း (The International Register for the UNESCO's Memory of the World) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။[၃] ယင်းခေါင်းလောင်းကြီးသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (ဒြပ်ပစ္စည်း) ဖြစ်ပါသည်။

ထို့အတူ မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့မှတ်တမ်းအမွေအနှစ် (ဒြပ်ပစ္စည်း)မှာ မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန်ဘုရားဝင်းအတွင်း၌ စိုက်ထူထားသော ပိဋကတ်သုံးပုံ ကျောက်စာ ၇၂၉ ချပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (ဒြပ်ပစ္စည်း)သည် ဂျာမနီနိုင်ငံတွင် ရှိနေသည့် အလောင်းမင်းတရား ရွှေပေလွှာဟု ထင်ရှားသော သမိုင်းဝင်မှတ်တမ်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (ဒြပ်ပစ္စည်း)မှာ ပုဂံရှိ ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာနှင့် ရေးထိုးထားသော ရာဇကုမာရ်ကျောက်စာ ဖြစ်ပါသည်။[၄]

ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းသည် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအရှေ့ဘက် စောင်းတန်းအဆုံး အုတ်တိုက်အတွင်းတွင် မြင်တွေ့ နိုင်ပါသည်။ ထိုခေါင်းလောင်းသည် အမြင့် ၃ပေ ၈လက်မ၊ လုံးပတ် ၃ပေ ၆လက်မ၊ အောက်ခြေလုံးပတ် ၁၀ပေ ၃လက်မ၊ အထူ ၆လက်မ၊ အချင်း ၁ပေ ၇လက်မ၊ ပေါင်းကိုင်းအမြင့် ၁ပေ ၇လက်မ၊ ပေါင်းကိုင်းလုံးပတ် ၁ပေ ၄လက်မ၊ လည်ပင်းလုံးပတ် ၄ပေ ၁လက်မနှင့် ခေါင်းလောင်း၏ပေါင်းကိုင်း တစ်ဖက်တစ်ချက်တွင် ဟင်္သာရုပ်

---

[၁] Than Tun, Dr., 2002, 52.

[၂] Than Tun, Dr., 2002, 59.

[၃] သန်းထွန်း၊ ဒေါက်တာ၊ ၂၀၁၇၊ ၁၇၄။

[၄] သာ၊ မောင်(ရှေးဟောင်းသုတေသန)၊ ၂၀၁၇၊ ၁၇။

တစ်ရုပ်စီ ပါရှိပါသည်။[၁] ဘုရင့်နောင်မင်းတရားကြီးခေါင်းလောင်း မျက်နှာပြင်ပေါ်တွင် မွန်ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုး ရေးသားထားပါသည်။ ခေါင်းလောင်း၏ လည်ပင်းအထက် ပေါင်းကိုင်းအောက် ဖောင်းရစ်မျက်နှာပြင်တွင် ပါဠိဘာသာနှင့် ရေးသားထားပါသည်။ ခေါင်းလောင်းတွင် မွန်ဘာသာ ၃၅ကြောင်း၊ မြန်မာဘာသာ ၄၂ကြောင်း၊ ပါဠိဘာသာ ၅ကြောင်း ရေးသားထားပါသည်။ ခေါင်းလောင်းအလေးချိန်ကို ခေါင်းလောင်းစာတွင် ကြေးခွက် ၂၁၀၀ ဟု ရေးထိုးထား၍ ခေါင်းလောင်း၏ဘေး သစ်သားပြားပေါ်တွင် WEIGHT = 7560 lbs ဟူ၍ ရေးသားထားပါသည်။

ထိုခေါင်းလောင်းကို 'ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်း'၊ 'ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်း'၊ 'ကုသိုလ်တော်ခေါင်းလောင်း'၊ 'ဘုရင့်နောင်ခေါင်းလောင်း' ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုကြပါသည်။ ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၁၉ ခု၊ နယုန်လပြည့်ကျော် (၁၁)ရက် တနင်္ဂနွေနေ့ (ခရစ်နှစ် ၁၅၅၇ မေ ၂၃ တနင်္ဂနွေ)[၂] တွင် ရွှေစည်းခုံဘုရားသို့ ခေါင်းလောင်းကြီးကို လှူဒါန်းခဲ့ပါသည်။

## ၂။ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာ (မြန်မာ) အကျဉ်းချုပ်

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည့်နှစ်မှစ၍ (၂၀၉၄) နှစ် လွန်သောအခါ 'သီရိပဝရမ မဟာဓမ္မရာဇဓိရာဇ အမည်ရှိသော မြတ်သောမင်းထက်မင်းမြတ်လည်းဖြစ်သော အရပ်ဆယ်မျက်နှာ၌ ထင်ရှားသော မင်းကြီးသည် သက္ကရာဇ် (၉၁၂)ခု တပို့တွဲလဆန်းတွင် ကေတုမတီပြည်ကြီးကို အလိုတော်ပြည့်တော်မူပါသည်။ ကုသိုလ်အဟောင်းများကိုပြင်၍ ကုသိုလ်အသစ်များကို တိုးပွားစေပါသည်။ ဘုရားရှင်သာသနာကို ချီးပင့်တော်မူပါသည်။ သက္ကရာဇ် (၉၁၃)ခု တော်သလင်းလကွယ်တွင် 'သရေခေတ္တရာပြည်ကြီး'ကို အောင်တော်မူပါသည်။ ကုသိုလ်များကို ပြုတော်မူခဲ့သည်။ သက္ကရာဇ် (၉၁၃)ခု တန်ခူးလဆုတ်တွင် ကြည်းတပ်ရေတပ်များနှင့် 'ဟံသာဝတီပြည်ကြီး'ကို ချီတော်မူပါသည်။ မင်းတရားကြီးကိုယ်တိုင် 'ဥပေါသထာ' ဆင်တော်ကို စီး၍ မွန်မင်းနှင့် ဆင်စီးချင်းထိုးတော်မူခဲ့သည်။ အောင်မြင်ပြီးနောက် ကုသိုလ်ဟောင်းများကိုပြင်၍ ကုသိုလ်အသစ်များကို တိုးပွားစေခဲ့ပါသည်။ တရားနှင့်အညီ ဖြစ်စေလို၍ ခေါင်းလောင်းသွန်းလုပ်ကာ နန်းတော်တွင်းဝယ် ဆွဲထားခဲ့သည်။ ထိုသို့အားဖြင့်

---

[၁] မြမြချို၊ ၂၀၁၀၊ ၆။

[၂] Than Tun, Dr., 2002, 59.

ဘုရင့်နောင်မင်းတရားကြီး၏ အောင်ပွဲများနှင့် ကုသိုလ်တော်များကို မှတ်တမ်းတင်ထားပါသည်။

သက္ကရာဇ် (၉၁၅)ခု တပို့တွဲလဆန်းတွင် အရှင်ဘဝရှင်သီရိပရမမဟာဓမ္မရာဇာဓိရာဇနှင့် သီရိအဂ္ဂမဟာရာဇဒေဝီမိဖုရားကြီးတို့သည် ရတနာပြာသဒ်ထက် ဘိသိက်မင်္ဂလာပြုတော်မူပါသည်။ ကမ္ဘောဇသာဒီနန်းတော်သစ်တွင် နေတော်မူသည်။ သာသနာတော်တည်တံ့စေရန် ပိဋကတ်အစုံများကို လှူဒါန်းခဲ့သည်။ မိစ္ဆာဒိဋ္ဌိအယူဝါဒရှိသူများနေထိုင်သော အရပ်ဒေသကို သာသနာပြန့်ပွားစေရန် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သက္ကရာဇ် (၉၁၆)ခု တပေါင်းလဆန်းတွင် 'အဝ'ကို သိမ်းပိုက်ခဲ့သည်။ အဝမင်း၊ မှူးမတ် ဆင် မြင်း လက်နက်တို့ကို သိမ်းယူ၍ ကုသိုလ်ဟောင်းများကို ပြင်ပြီး ကုသိုလ်သစ်များ တိုးပွားစေခဲ့ပြန်ပါသည်။ ရှေးလွန်လေသော မင်းဇကရာဇ်၊ အမှူးအမတ်တို့သည် ဘုရားပစ္စည်း၊ တရားပစ္စည်း၊ သံဃာပစ္စည်းတို့ စားသည်ကိုလည်း မစားရန် ဆုံးမတားမြစ်ခဲ့သည်။ မွန်၊ မြန်မာတိုင်းနိုင်ငံတို့၌ ရွှေဘုရား၊ ရွှေစေတီ၊ ရွှေဂူ၊ ရွှေဆင်းတု၊ ရွှေကျောင်း၊ ရွှေဇရပ်၊ ရွှေတန်ဆောင်းများ ဆောက်လုပ်၍ အရိယာသံဃာများဖြင့် သာသနာတော် ထွန်းပစေခဲ့သည်။

သီဟိုဠ်ကျွန်းတွင် သာသနာတော် ပျက်စီးနေ၍ ရှုရနှစ်ပါးနှင့် ပြည့်စုံသော အရိယာသင်္ဃာတို့သည် ပိဋကတ်တော်အစုံကို ပင့်ဆောင်၍ ထိုဒေသတွင် သာသနာပွင့်လင်းစေခဲ့သည်။ သီဟိုဠ်ကျွန်းမှ သရီရဓာတ်တော်ကို မင်းကြီးကိုယ်တိုင်ပင့်ဆောင်၍ ဟံသာဝတီသို့ပြန်လာသည်။

ရှမ်းမိစ္ဆာဒိဋ္ဌိနှစ်ပြည်ထောင်သည် သာသနာတော်ကို ဖျက်ဆီးနေ၍ တိုက်ခိုက်ရန် ကြံဆောင်ခဲ့သည်။ သက္ကရာဇ် (၉၁၈)ခု နတ်တော်လဆန်းတွင် မင်းတရားကြီးနှင့် အဂ္ဂမဟေသီ မိဖုရားကြီးတို့သည် စစ်အင်္ဂါလေးပါးနှင့် ချီတော်မူသည်။ သက္ကရာဇ် (၉၁၈)ခု ပြာသိုလဆုတ်တွင် 'အဝ' ရွှေနန်းတော်သို့ ရောက်ရှိခဲ့သည်။ သက္ကရာဇ် (၉၁၈)ခု တပို့တွဲလဆန်းတွင် အခေါပဏီ ကြည်းတပ်၊ ရေတပ်နှင့် ချီတော်မူသည်။ သက္ကရာဇ် (၉၁၈)ခု တပို့တွဲလဆန်းတွင် ဘဝရှင်မင်းတရားကြီးသည် မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်းကို အောင်တော်မူသည်။ ယခင် မိစ္ဆာဒိဋ္ဌိအရပ်ကို မင်းတရားကြီး သိမ်းပိုက်ပြီး၍ အနာဂတ်တွင် သာသနာပွင့်လင်းရန် ကြံစည်ခဲ့သည်။

သက္ကရာဇ် (၉၁၈)ခု တပေါင်းလဆန်းတွင် သီရိဓာတ်တော် ဌာပနာ၍ စေတီတည်တော်မူသည်။ သံဃိကအလှူဖြစ်စေရန် သင်ပုတ်မြေ လှူဒါန်းခဲ့သည်။ ကျောင်းဆောက်၍ သံဃာတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ လှူတော်မူခဲ့သည်။ သီပေါတွင် စေတီတည်သည်။ မိုးမိတ်တွင် စော်ဘွားမြေးကို စော်ဘွားအရာ အပ်နှင်း

သည်။ မိုးမိတ်၊ သီပေါတွင် မိစ္ဆာဒိဋ္ဌိအကျင့်ကို မကျင့်ရန် သစ္စာရေတိုက်၍ ဆုံးမတော်မူခဲ့သည်။

သက္ကရာဇ် (၉၁၈)ခု တပေါင်းလဆုတ်တွင် မိုးမိတ်ကို စစ်ချီတော်မူသည်။ ထီးချိုင့်မြစ်ကို တံတားထိုး၍ စစ်သည်များကို ကူးစေသည်။ သက္ကရာဇ် (၉၁၉)ခု တန်ခူးလဆန်း (၁)ရက်တွင် ဘ၀ရှင်မင်းတရားကြီး ချီတော်မူပြီး သက္ကရာဇ် (၉၁၉)ခု တန်ခူးလဆန်း (၇)ရက်တွင် မိုးညှင်းကို အောင်တော်မူပါသည်။ သက္ကရာဇ် (၉၁၉)ခု တန်ခူးလပြည့်ကျော်တွင် 'မိုးကောင်း'ကို အောင်တော်မူပါသည်။ သက္ကရာဇ် (၉၁၉)ခု ကဆုန်လဆန်းတွင် မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား မှူးမတ် ဆင် မြင်း ဗိုလ်ပါ လက်နက်အားလုံး သိမ်းယူခဲ့သည်။

မိုးကောင်းစော်ဘွားကို အသက်ချမ်းသာပေးပြီး စော်ဘွားအရာ ပြန်လည် အပ်နှင်းခဲ့သည်။ မိုးကောင်း၊ မိုးညှင်း၊ သီပေါ၊ မိုးမိတ်တို့တွင် ရှမ်းသူကောင်း တစ်ယောက်သေလျှင် ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို သတ်၍ထည့်သော မိစ္ဆာဒိဋ္ဌိကို မကျင့်ရန် သစ္စာရေတိုက် ဆုံးမခဲ့သည်။ သက္ကရာဇ် (၉၁၉)ခု ကဆုန်လဆန်းတွင် မိုးကောင်းမှ ဘ၀ရှင်မင်းတရားကြီး ပြန်ကြွတော်မူခဲ့သည်။ ကေတုမတီ၊ ဟံသာဝတီ၊ သရေခေတ္တရာ၊ အဝ၊ မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်း၊ မိုးကောင်း၊ မိုးညှင်း၊ ကလေး မင်းဧကရာဇ် ထီးဖြူဆောင်းမင်းအပေါင်းကို အုပ်စိုးသော မင်းကြီးဖြစ်သည်။ ရွှေစည်းခုံ ဒါယိကာဖြစ်သော ဘ၀ရှင်မင်းတရားကြီးသည် ထုပိကာမှသည် မြေတိုင်အောင် ရွှေအပြည့် ထည့်တော်မူခဲ့သည်။ ကြေးခွက် ၂၁၀၀ အလေးချိန်ရှိသော ခေါင်းလောင်းကို သွန်းလောင်း၍ ရွှေစည်းခုံဘုရားကို ပူဇော်ခဲ့ပါသည်။ ဘုရားဆုကို တောင်းခဲ့သည်။ နောင်လာမည့် မင်းဧကရာဇ်တို့သည် သာသနာတော်ကို ချီးပင့်၍ မိမိ၏ကုသိုလ်များ ပျက်စီးသော် ပြုပြင်ပါစေဟု ဆုတောင်းခဲ့ပါသည်။ သက္ကရာဇ် (၉၁၉)ခု နယုန် လပြည့်ကျော်တွင် ဘ၀ရှင်မင်းတရားကြီးသည် ခေါင်းလောင်းကို လှူဒါန်းတော်မူခဲ့ ပါသည်။

## ၃။ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာမှ ဘုရင့်နောင်မင်းတရားကြီး၏ စွမ်းဆောင်ချက်မှတ်တမ်းများ

ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာတွင် ပါရှိသည့် မင်းတရားကြီး၏ နိုင်ငံရေး၊ စစ်ရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စွမ်းဆောင်ချက်များကို ကဏ္ဍခွဲ၍ လေ့လာတင်ပြထားပါသည်။

## ၃၊ ၁။ နိုင်ငံရေး၊ စစ်ရေး စွမ်းဆောင်ချက်မှတ်တမ်း

ဘုရင့်နောင်မင်းတရားကြီးသည် တပင်ရွှေထီး နတ်ရွာစံချိန်မှစ၍ နိုင်ငံတွင်း၌ မြို့စား၊ ရွာစားအသီးသီးတို့၏ ပုန်ကန်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ထိုပုန်ကန်မှုများကို မင်းတရားကြီးသည် နိုင်ငံရေး၊ စစ်ရေး စွမ်းဆောင်ချက် ပြည့်ဝမှုများဖြင့် အနိုင်ယူနိုင်ခဲ့သည်။

မင်းတရားကြီးသည် မညီမညွတ် ပြိုကွဲနေသော မြို့ရွာများကို ညီတော်များ၊ မှူးမတ်များနှင့် တိုင်ပင်ကာ ဒလမြို့မှ အစပြု၍ တိုက်ခိုက်သိမ်းယူခဲ့ရသည်။ တပင်ရွှေထီး နတ်ရွာစံပြီး (၉)လအကြာတွင် ဘုရင့်နောင်မင်းတရားကြီးသည် ကေတုမတီ (တောင်ငူ)ကို တိုက်ခိုက်အောင်မြင်ခဲ့သည်။ ယင်းကို ခေါင်းလောင်းစာကြောင်းရေ(၅)တွင်–

> "သက္ကရာဇ် ၉၁၂ခု၊ တပိုဝ်တွဲလဆန်ငါရက် တနင်္ဂနွေနေ၊
> ကေတုမတီပြည်ကြီကိုဝ် အလိုဝ်တောပြည်တော်မူ၏"

ဟု ရေးထိုးထားပါသည်။ ခေါင်းလောင်းစာတွင် ရေးထိုးထားသော ကေတုမတီ (တောင်ငူ)ကို တိုက်ခိုက်အောင်မြင်သည့် 'ခုနှစ်၊ လ၊ နေ့'နှင့် ရာဇဝင်ကြီးများတွင် ရေးသားထားသော 'ခုနှစ်၊ လ၊ နေ့'များ တူညီပါသည်။ သို့သော် ခေါင်းလောင်းစာနှင့် ရာဇဝင်ကြီးများပါ ရက်စွဲအချို့ ကွဲလွဲနေပါသည်။ မဟာရာဇဝင်ကြီး (ဒု၊တွဲ)[၁]တွင် (၃)ရက်၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)[၂] နှင့် မဟာရာဇဝင်သစ် (ဒု၊တွဲ)[၃]တွင် (၇)ရက်ဟု ရေးသားထားပါသည်။ ခေါင်းလောင်းစာတွင် (၅)ရက်ဟု ရေးထိုးထား၍ ရာဇဝင်ကြီးများနှင့် ရက်စွဲကွဲလွဲနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆက်လက်၍ မင်းတရားကြီးသည် နိုင်ငံရေးအခြေအနေအရ မငြိမ်မသက်ဖြစ်နေသည့် ဟံသာဝတီ(ပဲခူး)သို့ ရေကြောင်း၊ ကြည်းကြောင်းမှ အင်အားအလုံးအရင်းနှင့် ချီတက်ခဲ့သည်။ ဟံသာဝတီ(ပဲခူး) တိုက်ပွဲတွင် ဘုရင့်နောင်မင်းတရားကြီးကိုယ်တိုင် ဥပေါသထာဆင်စီး၍ မွန်ဘုရင် သမိန်ထောရာမနှင့် ဆင်စီးချင်းထိုးခဲ့သည်။ မင်းတရားကြီး၏ ဆင် ဥပေါသထာသည် သမိန်ထောရာမဆင်ကို ထိုးမိသည်။ သမိန်ထောရာမစီးသော ဆင်ချစ်ချင်းလည်း ယင်းတွင်ပင် လဲလေ၏။ ဆင်တော် ဥပေါသထာလည်း လက်ယာအစွယ် တစ်ထောင်လေးသစ် ကျိုးချေ၏။[၄] မွန်ဘုရင် သမိန်ထောရာမ ထွက်ပြေးခဲ့၍

---

[၁] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၄၉။

[၂] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၂၆၃။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၇၅။

[၄] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၂၇၂။

ဟံသာဝတီ(ပဲခူး)ကို မင်းတရားကြီး အောင်တော်မူခဲ့ပါသည်။ ယင်းကို ခေါင်းလောင်းစာကြောင်းရေ (၆–၇–၈)တွင်–

> "သက္ကရာဇ် ၉၁၃ခု လှိုကောင်တန်ခုလဆုတ် သုံရက် စနေနေ ကြည်အာရေအာနှင့်အကွ၊ ဟင်သာဝတီပြည်ကြီသိုဝ်ခီတော် မူလေ၏။ အသျှင်ဘဝရှင်မင်တရာကြီ ဥပေါသထှာဟူသော ဆင်တော်စီ၍ တလိုင်မင်ဇကေရဇ်ကိုဝ် ဆင်အစွဲကျိုဝ်အောင် တိုက်၍ အောင်မြင်တော်မူ၏"

ဟူ၍ လက်ရုံးစွမ်းရည်ပြည့်ဝသော မင်းတရားကြီး၏ စစ်ရေးစွမ်းရည်တစ်ရပ်ကို တွေ့မြင်ရပါသည်။ မင်းတရားကြီး၏ စစ်ရေးစွမ်းအင်ကိုပေါ်အောင် မှတ်တမ်းတင်ထားသည်။ ခေါင်းလောင်းစာတွင် ရေးထိုးထားသည့် ခုနှစ်၊ လနှင့် ရာဇဝင်ကြီးများတွင် ရေးသားထားသော ခုနှစ်၊ လ တူပါသည်။ မဟာရာဇဝင်ကြီး(ဒု၊တွဲ)[1]၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)[2] နှင့် မဟာရာဇဝင်သစ် (ဒု၊တွဲ)[3] တို့တွင် '(၆)ရက်၊ တနင်္ဂနွေနေ့'ဟု ရေးသားထားပြီး ခေါင်းလောင်းစာတွင် '(၃)ရက်၊ စနေနေ့'ဟု ရေးထိုးထား၍ 'ရက်စွဲ၊ နေ့' ကွဲလွဲမှု ရှိနေသည်ကို သိရှိရပါသည်။

မင်းတရားကြီးသည် အဝ(အင်းဝ)ကို အလိုတော်ပြည့်ပြီး မင်း၊ မှူးမတ်၊ ဆင်၊ မြင်းတို့ကို သိမ်းယူခဲ့သည်။ ယင်းကို ခေါင်းလောင်းစာကြောင်းရေ (၁၂–၁၃)တွင်–

> "သက္ကရာဇ် ၉၁၆ခုတွင် တပေါင်လဆန်နှစ်ရက် အင်္ဂါနေ အသျှင်ဘဝရှင်မင်တရာကြီ အဝကိုဝ်အလိုဝ်တော်ပြည်၏။ အဝမင်အမှူအမတ်ဆ်မြင်နှင်တကွ လက်နက်တော်ဖြစ်"

ဟူ၍ မင်းတရားကြီးသည် စစ်ရေးစွမ်းပကား ပြည့်ဝမှုဖြင့် တိုက်ပွဲတိုင်း အောင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ 'အလိုတော်ပြည့်'၊ 'လက်နက်တော်ဖြစ်' စသည့် အသုံးများသည် သမိုင်းမှတ်တမ်းတင်စကားပြေရေးဟန် ပီသသည်။ စာဟန် ခံ့ညားသည်။

အဝ(အင်းဝ)ကို အောင်တော်မူပြီး မင်းတရားကြီးသည် မိစ္ဆာဒိဋ္ဌိအယူဝါဒ ကျင့်သုံးနေသည့် မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်းများသို့ အခေါပဏ်ကြည်းတပ်ရေတပ်နှင့် ချီတော်မူခဲ့သည်။ မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်းများကို တိုက်ခိုက်သိမ်းပိုက်နိုင်သည့် မင်းတရားကြီး၏ တိုက်ခိုက်မှုစွမ်းရည် စစ်ရေးစွမ်းရည်များကို

---

[1] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၅၅။

[2] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၂၇၀။

[3] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၇၉။

သိရှိနိုင်ပါသည်။ ထိုဒေသများကို တိုက်ခိုက်အောင်မြင်သည့် ခုနှစ်၊ လ၊ ရက်၊ နေ့များကို ရာဇဝင်ကြီးများတွင် ဖော်ပြထားခြင်း မရှိပေ။

မင်းတရားကြီးသည် သက္ကရာဇ် (၉၁၈)ခု တန်ခူးလဆန်း (၇)ရက် စနေနေ့တွင် မိုးညှင်းကို အောင်တော်မူသည်။ သက္ကရာဇ် (၉၁၈)ခု တန်ခူးလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့တွင် မင်းတရားကြီး မိုးကောင်းကို အလိုတော်ပြည့်ကြောင်း ခေါင်းလောင်းစာ ကြောင်းရေ (၃၃-၃၄)တွင် ရေးထိုးထားပါသည်။ ဘုရင့်နောင်မင်းတရားကြီး မိုးညှင်း၊ မိုးကောင်းသို့ ချီတက်တိုက်ခိုက် အောင်မြင်မှုများသည် မင်းတရားကြီး၏ နိုင်ငံရေးစွမ်းရည် စစ်ရေးစွမ်းရည် ထက်မြက်မှုများကို တွေ့မြင်နိုင်ပါသည်။ မိုးညှင်း မိုးကောင်းကို မင်းတရားကြီး အလိုတော်ပြည့်သည့် ခုနှစ် ၊ လ၊ ရက်၊ နေ့တို့ ရာဇဝင်ကြီးများတွင် ရေးသားထားခြင်း မရှိသည်ကို လေ့လာသိရှိရပါသည်။

ဘုရင့်နောင်မင်းတရားကြီးသည် နိုင်ငံတော် ပြိုကွဲနေခြင်းကို ဒလမှ စတင်၍ ပြန်လည်စည်းရုံးခဲ့ရပါသည်။ ဒေသအသီးသီးမှ မြို့စားရွာစားတို့၏ ပုန်ကန်မှုများကို စစ်ရေးစွမ်းအားဖြင့် တိုက်ခိုက်အောင်မြင်ခဲ့ပါသည်။ စစ်ရှုံးဒေသမှ မြို့စား၊ နယ်စား၊ စော်ဘွားတို့ကို အသက်ချမ်းသာပေး၍ သစ္စာခံစေခဲ့သည်။ ထိုဒေသများတွင် စစ်ရှုံးသူတို့ကို ပြန်လည်အုပ်ချုပ်စေခဲ့ခြင်းသည် မင်းတရားကြီး၏ စည်းရုံးရေးစွမ်းရည် ထက်မြက်မှု၊ နိုင်ငံရေးအမြင်ကျယ်မှု၊ စစ်ဘုရင် မင်းတစ်ပါးပီသမှုတို့ ပါဝင်အောင် မှတ်တမ်းတင်ထားပါသည်။ စစ်တိုက်ရင်း သာသနာပြုသွားပုံကို စုစည်းတင်ပြနိုင်ခဲ့သည်။

## **၃၊ ၂။ သာသနာရေးစွမ်းဆောင်ချက်မှတ်တမ်း**

ဘုရင့်နောင်မင်းတရားကြီးသည် နိုင်ငံကို ပြန်လည်စုစည်းရန် စစ်ပွဲများဆင်နွှဲရင်း တစ်ဖက်မှ ကုသိုလ်ကောင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။ မင်းတရားကြီးသည် စစ်ပွဲအောင်မြင်ခဲ့သည့် ဒေသများ၊ စစ်ချီရာဒေသများတွင် သာသနာရေးဆိုင်ရာ လုပ်ငန်းများ၊ မှားယွင်းနေသော အယူဝါဒကို ပြုပြင်ပြောင်းလဲခြင်းများ စသည်တို့ကို လုပ်ဆောင်ခဲ့ပါသည်။

မင်းတရားကြီးသည် ဒလမှအခြေပြုကာ ဝါးစည်းပြေသကဲ့သို့ ပြိုကွဲနေသော နိုင်ငံကို စုစည်းရင်း ကေတုမတီ(တောင်ငူ)ကို တိုက်ခိုက်သိမ်းယူခဲ့သည်။ ကေတုမတီကို မင်းတရားကြီး အလိုတော်ပြည့်ပြီး ဆောင်ရွက်ခဲ့သည့် သာသနာရေးဆိုင်ရာ လုပ်ငန်းများကို ခေါင်းလောင်းစာ ကြောင်းရေ (၅-၆)တွင်-

“ကေတုမတီပြည်ကြီးကိုဝ် အလိုဝ်တောပြည်တော်မူ၏။ အလိုဝ်တော ပြည်သည်ကစ၍ ကုသိုလ်အဟောင်ကိုဝ်လှ် ပြုပြန်၏။ ကုသိုလ် အသစ်ကိုဝ်လှ် များစွာပွါစေ၏။ ဖုရာသျှင်သာသနာတော်ကိုဝ် ချီပင်တော်မူ၍,”

ဟူ၍ ရေးထိုးထားပါသည်။ သိမ်းပိုက်နိုင်သည်ကို အလိုတော်ပြည့်သည်ဟု သွယ်ဝိုက် ရေးဖွဲ့ထားရာ ဝက်ဝုတ္တိအလင်္ကာမြောက်သည်။ ဝါကျများ ချိတ်ဆက်ပုံ အဆက်အစပ် မိသည်။ ကုသိုလ်အဟောင်း၊ ကုသိုလ်အသစ် ဆိုသော အသုံးများသည် ဆိုလိုချက် ပေါ်လွင်ပြီး ယဉ်ကျေးသိမ်မွေ့ပြီး ခံ့ညားသည်။ ခေါင်းလောင်းစာတွင် ဘုရင့်နောင် မင်းတရားကြီးသည် ကေတုမတီ(တောင်ငူ)ကို အောင်တော်မူပြီး သရေခေတ္တရာ (ပြည်)ကို တိုက်ခိုက်သိမ်းပိုက်ပြီး ကုသိုလ်ကောင်းမှုများ လုပ်ဆောင်ခဲ့ပါသည်။ ယင်းကို ခေါင်းလောင်းစာ ကြောင်းရေ (၆)တွင်–

“သရေခေတ္တရာပြည်ကြီးကိုဝ် အောင်တော်မူ၍။ များစွာသော ကုသိုလ် အပုံမ်ကို ပြုတော်မူပြီ”

ဟု ရေးထိုးထားပါသည်။ ထိုကုသိုလ် ကောင်းမှုများကို မဟာရာဇဝင်ကြီး (ဒု၊တွဲ)[၁]၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ) [၂] နှင့် မဟာရာဇဝင်သစ်(ဒု၊တွဲ) [၃] တို့တွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။ ခေါင်းလောင်းစာတွင် မင်းတရားကြီး၏ သာသနာရေး ဆောင်ရွက်ချက်များကို တိုတိုကျဉ်းကျဉ်းနှင့် ဖော်ပြထားပါသည်။

ကေတုမတီ(တောင်ငူ)နှင့် သရေခေတ္တရာ(ပြည်)တို့ကို တိုက်ခိုက်အောင်မြင်ပြီး ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီ(ပဲခူး)ကို အလိုတော်ပြည့်ခဲ့သည်။ ပဲခူးကို သိမ်းပိုက်ပြီး ကုသိုလ်အဟောင်းအပျက်များကို ပြင်စေ၍ ကုသိုလ်အသစ်တို့ကိုလည်း များစွာပွားများစေကြောင်း ခေါင်းလောင်းစာ ကြောင်းရေ(၈)တွင်–

“ဟင်သာဝတီပြည်ကြီးကိုဝ် အုပ်စိုဝ်တော်မူပြီမှ၊ ကုသိုလ်အဟောင် ပျက်သှ် ကိုလှ် ပြုပြင်တော်မူ၍။ ကုသိုလ်အသစ်ကိုဝ်လှ် များစွာပွါပြန်စေ၍,”

ဟူ၍ မင်းတရားကြီး၏ သာသနာရေးစွမ်းဆောင်ချက်များကို တိုတိုရှင်းရှင်း ရေးထိုး ထားပါသည်။ မဟာရာဇဝင်ကြီး (ဒု၊တွဲ)၊ မှန်နန်းမဟာရာဇဝင်တော်ကြီး(ဒု၊တွဲ)နှင့်

---

[၁] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၅၅။

[၂] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၂၆၉။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၇၉။

မဟာရာဇဝင်သစ်(ဒု၊တွဲ) တို့တွင် ထိုသာသနာရေး စွမ်းဆောင်ချက်ကို အကျယ်တဝင့် ရေးသားထားကြောင်း လေ့လာသိရှိရပါသည်။ စာဟန်ရိုးရှင်းပြီး ဆိုလိုချက် ပေါ်လွင်သည်။ အပိုအလိုမပါသော မှတ်တမ်းစကားပြေရေးဟန် ဖြစ်သည်။

ထို့နောက် မင်းတရားကြီးသည် အဝ(အင်းဝ)ကို တိုက်ခိုက်သိမ်းပိုက်ရန် ရေကြောင်း၊ ကြည်း(ကုန်း)ကြောင်းနှင့် ချီတက်ခဲ့သည်။ အင်းဝကို အောင်မြင်ပြီးနောက် မင်းတရားကြီးသည် ကုသိုလ်အဟောင်းများကို ပြန်လည်ပြုပြင်၍ ကုသိုလ်အသစ်များကို ပြုတော်မူခဲ့ပါသည်။ ထို့ပြင် ရှေးက မင်းဇကရာဇ် မှူးမတ်တို့သည် ရတနာသုံးပါးအား ထောက်ပံ့သော ပစ္စည်းများ စားသုံးကြခြင်းကို မင်းတရားကြီး တားမြစ်နိုင်ခဲ့သည်။ ယင်းကို ခေါင်းလောင်းစာ ကြောင်းရေ (၁၃–၁၄)တွင်–

"လွန်လေသော မင်ဇကရဇ်အမှုအမတ်တိုဝ်သ့် ဖုရာပစ္စည်း တရာပစ္စည်၊ သဃ်ပစ္စတိုကိုဝ် စာသ့်ကိုလ့် မစာနှင်ဟူ၍ လွှတ်တော်မူသ့်။"

ဟု ရေးထိုးထားခြင်းသည် မင်းတရားကြီး၏ ဘာသာသာသနာအကျိုးအတွက် ဆောင်ရွက်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။ ထိုဆောင်ရွက်ချက်ကို ရာဇဝင်ကြီးများတွင် ဖော်ပြထားခြင်း မရှိကြောင်း လေ့လာသိရှိရပါသည်။ ဘုရားပစ္စည်း၊ တရားပစ္စည်း၊ သံဃာပစ္စည်း ဆိုသော အသုံးများသည် ဆိုလိုချက်ကို တိကျပေါ်လွင်စေသည်။ ဘာသာရေးစာပေဟန် ပီသစေသည်။

မင်းတရားကြီးသည် မြန်မာပြည် တိုင်းနိုင်ငံအတွင်း သာသနာပွင့်လင်းစေရန် ဆောင်ရွက်ပြီးနောက် သိန်းဃိုကျွန်း (သီဟိုဠ်ကျွန်း)တွင် ဗုဒ္ဓသာသနာပြန့်ပွားအောင် ကြံဆောင်ခဲ့ပါသည်။ မင်းတရားကြီးသည် ရူရနှစ်ပါးနှင့် ပြည့်စုံသော အရိယာသံဃာတော်များကို ပိဋကတ်တစ်စုံနှင့် သီဟိုဠ်ကျွန်းသို့ သွားရောက်၍ သာသနာပြုစေခဲ့ပါသည်။ သံဃာတော်များနှင့်အတူ သီဟိုဠ်ကျွန်းရှိ ပျက်စီးနေသော ကုသိုလ်အဟောင်းများကို ပြုပြင်ရန် သစ်စေးသမား၊ ပျက်ပါးသမား၊ ပန်းရန်၊ ပန်းချီ စသည်တို့ကို သင်္ဘောနှင့်အတူ ခေါ်ဆောင်သွားစေခဲ့ပါသည်။ ယင်းကို ခေါင်းလောင်းစာ ကြောင်းရေ (၁၆–၁၇)တွင်

"သိန်ဃိုကျွန်မှာတုံသ့်လ့် သာသနာတော် ပျက်စီလေသ့်ကိုဝ် ငါပွင်လင်အောင် ကြံတော်မူ၍ ထူရနှစ်ပါပြည်စုံမ်သော အရိယာ သဃာနှင့်အကွ ပိဋကတ်တစုံမ်"

ဟု လည်းကောင်း၊ ခေါင်းလောင်းစာ ကြောင်းရေ(၁၈)တွင် မင်းတရားကြီး၏ သာသနာပြန့်ပွားရေး လုပ်ဆောင်ချက်များကို မြင်တွေ့နိုင်ပါသည်။ ခေါင်းလောင်းစာတွင် ရေးထိုးထားသော ထိုအကြောင်းအရာများနှင့် မဟာရာဇဝင်ကြီး (ဒု၊တွဲ)[၁]၊ မှန်နန်း မဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)[၂]နှင့် မဟာရာဇဝင်သစ်( ဒု၊တွဲ)[၃]တို့တွင် ရေးသား ထားသော အကြောင်းအရာများကို နှိုင်းယှဉ်ကြည့်လျှင် ခေါင်းလောင်းစာပါ အကြောင်းအရာတို့က ပို၍ပြည့်စုံကြောင်း သိရှိရပါသည်။ ထိုသို့ ပြည့်စုံမှုကြောင့် ခေါင်းလောင်းစာတန်ဖိုးကို မြင့်မားလာစေပါသည်။

တစ်ဖန် မင်းတရားကြီးသည် မိုးမိတ်၊ သီပေါကို သိမ်းယူပြီး မိုးညှင်း၊ မိုးကောင်းကို အောင်တော်မူခဲ့ပြန်သည်။ မိုးမိတ်၊ သီပေါ၊ မိုးညှင်း၊ မိုးကောင်းတို့တွင် ရှမ်းသူကောင်းတစ်ယောက် သေလျှင် ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို သတ်၍ ထည့်သည့် မိစ္ဆာဒိဋ္ဌိအယူဝါဒကို ကျင့်သုံးခဲ့ကြသည်။ ထိုအယူဝါဒကို မကျင့်သုံးရန် မင်းတရားကြီးက သစ္စာရေတိုက်၍ ဆုံးမတော်မူခဲ့ကြောင်း ခေါင်းလောင်းစာ ကြောင်းရေ (၃၁–၃၂)တွင်–

> "မိုဝ်မိတ်သီပေါတွင်လှ်၊ သျှံသူကောင်တယောက် သေလျှင်၊
> ကျွန်ယောကျ်ာ ကျွန်မိန်းမကိုဝ်သတ်၍ ထည်သ့်ကိုဝ် မိစ္ဆာဒိဋ္ဌိ
> အကျင်ကို မကျင်နှင်ဟူ၍ ရေသစ္စာတိုက်၍ (ဆုမ္မ)တောမူသည်"

ဟု လည်းကောင်း၊ မင်းတရားကြီးသည် မိစ္ဆာဒိဋ္ဌိအယူဝါဒကို တိုက်ဖျက် ပြုပြင် ပေးခဲ့ကာ ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့သည့် မင်းကောင်း မင်းမြတ် တစ်ပါးလည်း ဖြစ်ပါသည်။ ခေါင်းလောင်းစာပါ အကြောင်းအရာများနှင့် မဟာရာဇဝင်ကြီး (ဒု၊တွဲ)[၄]၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)[၅]နှင့် မဟာ ရာဇဝင်သစ် (ဒု၊တွဲ)[၆]တို့တွင် ရေးသားထားသော အကြောင်းအရာများ တူညီမှု ရှိသည်ကို တွေ့ရပါသည်။ ခေါင်းလောင်းစာ၌ အပြည့်အစုံရေးသားထားသောကြောင့် ရာဇဝင်ပါအကြောင်းအရာများကို အတည်ပြုပေးနိုင်သည်။

ဘုရင့်နောင်မင်းတရားကြီးသည် မိုးကောင်းမှအင်းဝသို့ ပြန်ကြွတော်မူခဲ့သည်။ ထို့နောက် မင်းတရားကြီးသည် အရိမဒ္ဒနပူရပြည်(ပုဂံ)ရှိ ရွှေစည်းခုံဘုရားအား

---

[၁] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၈၅။

[၂] သတင်းနှင့်စာနယ်ဇင်း၊ ၂၀၀၃၊ ၁၉၅–၁၉၆။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၉၅။

[၄] ကုလား၊ ဦး၊ ၁၉၆၀၊ ၃၀၄။

[၅] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၃၀၈။

[၆] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၁၀၁။

ချရားသီးမှ အောက်ခြေအထိ ရွှေအပြည့်ချစေ၍ ရွှေရောင်များ ထွန်းလင်းတောက်ပခဲ့ပါသည်။ မင်းတရားကြီးသည် ကြေးခွက် (၂၁၀၀) အလေးချိန်ရှိသော ခေါင်းလောင်းတော်ကြီးကို ပုဂံရွှေစည်းခုံတွင် လှူဒါန်းပူဇော်ခဲ့ပါသည်။ ယင်းကို ခေါင်းလောင်းစာကြောင်းရေ(၃၉–၄၀)တွင် ရေးထိုးထားခြင်းသည် မင်းတရားကြီး၏ သာသနာရေးစွမ်းဆောင်ချက်ကို တွေ့မြင်ရပါသည်။ ရာဇဝင်ကြီးများတွင် ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် (၉၁၉)ခု နယုန်လပြည့်ကျော် (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် ရွှေစည်းခုံဘုရားအား ခေါင်းလောင်းတော်ကြီး လှူဒါန်းခဲ့ခြင်းအကြောင်း ရေးသားထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်၍ နိုင်ငံတော်တွင်း ဗုဒ္ဓသာသနာ ပွင့်လင်းစည်ပင်ရန်ကို စွမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ပြင် သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓသာသနာ ထွန်းလင်းစေရန်လည်း ကြိုးစားခဲ့သည့် မင်းတရားကြီး ဖြစ်ပါသည်။

## ၃၊ ၃။ လူမှုရေး၊ ယဉ်ကျေးမှု စွမ်းဆောင်ချက်မှတ်တမ်း

ဘုရင့်နောင်မင်းတရားကြီးသည် နိုင်ငံတွင်း ပြိုကွဲမှုများကို စစ်ရေးအရ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မင်းတရားကြီးသည် မိမိသိမ်းယူနိုင်ခဲ့သော အရပ်ဒေသများတွင် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် မင်းတရားကြီး၏ ဘိသိက်ခံ မင်္ဂလာအခမ်းအနားမှ နန်းဓလေ့ယဉ်ကျေးမှုနှင့် မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ ရေကြောင်းခရီးစဉ်မှ လှေတော်များ၏ အပြင်အဆင် အဆောင်အယောင်တို့သည် အနုပညာလက်ရာဆိုင်ရာ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို တွေ့မြင်နိုင်ပါသည်။

မင်းတရားကြီးသည် ကေတုမတီ(တောင်ငူ)နှင့် သရေခေတ္တရာ(ပြည်)တို့ကို အောင်မြင်ပြီးနောက် ဟံသာဝတီ(ပဲခူး)ကို အောင်တော်မူခဲ့ပါသည်။ ဟံသာဝတီ (ပဲခူး)တွင် ပြည်သူများအကျိုးအတွက် မတရားမှုများဖြစ်ပါက မင်းထံသို့ ခေါင်းလောင်းထိုးတိုင်ကြားနိုင်ရန် နန်းတော်တွင်း၌ ခေါင်းလောင်းသွန်းလုပ် ချိတ်ဆွဲစေခဲ့ကြောင်းကို ခေါင်းလောင်းစာ ကြောင်းရေ(၉)တွင်–

> "သတ္တဝါတိုင်ကိုင် တရာနှင့်ညီစွာ ဖြစ်စေလိုဝ်၍ ခေါင်လောင် သွန်၍ နန်တော်တွင် ဝဲဆွဲ၍ထာ၏"

ဟူ၍ ရေးထိုးထားပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏ မျှတသော နှလုံးသားကို ခေါင်းလောင်းစာဖြင့် မှတ်တမ်းတင်ခဲ့သည်။ ထိုခေါင်းလောင်းစာအရ မင်းတရားကြီး၏

ပြည်သူ့အကျိုးပြု လူမှုရေးလုပ်ဆောင်ချက်ကိုလည်း အထင်အရှား သိမြင်စေပါသည်။ ဤသို့ ခေါင်းလောင်းစာပါ မင်းတရားကြီး၏ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်မှုများသည် မဟာရာဇဝင်ကြီး (ဒု၊တွဲ)[၁]၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)[၂]နှင့် မဟာ ရာဇဝင်သစ်( ဒု၊တွဲ)[၃]တို့တွင် ပါဝင်သော အကြောင်းအရာများနှင့် ကွဲလွဲမှု မရှိကြောင်း သိရှိရပါသည်။

မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်းတို့ကို မင်းတရားကြီး တိုက်ခိုက်အောင်မြင်တော်မူခဲ့သည်။ ထိုအရပ်ဒေသရှိ အုန်းပေါင်စော်ဘွားကြီးမြေးကို မိုးမိတ်တွင် စော်ဘွားအရာ အပ်နှင်းခဲ့သည်။ သီပေါတွင်လည်း သုံးဆယ်မင်းကို စော်ဘွားအရာ ပြန်လည်အပ်နှင်းခဲ့ကြောင်းကို ခေါင်းလောင်းစာ ကြောင်းရေ (၃၁)တွင်–

> "မိုဝ်မိတ်တွင်လှ် စောဖွါကြီမြေကိုဝ် စခံစနာနှင့်တကွ စောဖွါအရာကိုဝ် နှင်၏။ သီပေါတွင်တုံမ်သှ်လှ် သုံမ်ဆဲမင်ကိုဝ်စခံစနာနှင့်အကွ စော်ဖွါအရာကို နှင်၏"

ဟု မင်းတရားကြီးသည် မိမိအောင်နိုင်ခဲ့သော အရပ်ဒေသမှ စော်ဘွားတို့ကို အသက်ချမ်းသာပေးခဲ့သည်။ ထို့ပြင် စော်ဘွားတို့၏ သား၊ မြေးတို့ကို စော်ဘွားအရာ အပ်နှင်းခဲ့သည်။ ထိုအချက်များသည် ဘုရင့်နောင်မင်းတရားကြီး၏ လူသားအချင်းချင်း စာနာထောက်ထားတတ်သည့် လူမှုရေးဆောင်ရွက်ချက် တစ်ရပ်ပင် ဖြစ်ပါသည်။ မဟာရာဇဝင်ကြီး (ဒု၊တွဲ)[၄]၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)[၅]နှင့် မဟာရာဇဝင်သစ်(ဒု၊တွဲ) [၆] တို့တွင် ရေးသားထားသည့် အကြောင်းအရာများနှင့် ခေါင်းလောင်းစာပါ အကြောင်းအရာများ တူညီမှု ရှိပါသည်။

ဘုရင့်နောင်မင်းတရားကြီးသည် မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်းတို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းဒေသတွင် ရှမ်းသူကောင်းတစ်ယောက် သေလျှင် ထိုသူ ပိုင်သည့် ကျွန်ယောက်ျား ကျွန်မိန်းမတို့ကို သတ်၍ ထည့်ရသည်။ ထိုသို့ပြုလုပ်သော မိစ္ဆာဒိဋ္ဌိအယူဝါဒကို သမ္မာဒိဋ္ဌိဖြစ်အောင် မင်းတရားကြီးက သစ္စာရေတိုက်၍ ဆုံးမတော်မူခဲ့သည်။ ရှမ်းပြည်ရှိ ကျွန်လူတန်းစားတို့၏ အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ခဲ့ခြင်းသည် မင်းတရားကြီး လူမှုရေး ဆောင်ရွက်ချက်ကို သိမြင်နိုင်ပါသည်။

---

[၁] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၆၆။
[၂] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ၂၀၀၃၊ ၂၇၉။
[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၈၄။
[၄] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၉၈။
[၅] သတင်းနှင့်စာနယ်ဇင်း၊ ၂၀၀၃၊ ၃၀၇–၃၀၈။
[၆] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)၊ ၂၀၁၂၊ ၁၀၀–၁၀၁။

ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီ(ပဲခူး)ကို အောင်မြင်ပြီးနောက် သက္ကရာဇ် (၉၁၅)ခုနှစ်တွင် ဘိသိက်ခံယူတော်မူပါသည်။ မင်းတရားကြီးသည် သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဘွဲ့ ခံယူခဲ့ပါသည်။ ထို့အတူ မိဖုရားကြီးသည် သီရိအဂ္ဂမဟာရာဇဒေဝီဘွဲ့ ရရှိပြီး မင်းတရားကြီးနှင့်အတူ ဘိသိက်ခံယူခဲ့ပါသည်။ ရတနာပြသဒ်ထက်၌ ဘိသိက်ခံယူတော်မူခဲ့သော မင်းတရားကြီးနှင့် မိဖုရားကြီးတို့သည် အခြွေအရံ မှူးမတ်ကြီးငယ်များနှင့် တင့်တယ်လှပသော မင်္ဂလာသဘင်ပွဲတော်ကြီး ဆင်ယင်တော်မူခဲ့ပါသည်။ ထို့နောက် ကမ္ဘောဇသာဒီနန်းတော်ထက် စံမြန်းတော်မူခဲ့ကြောင်းကို ခေါင်းလောင်းစာ ကြောင်းရေ (၉–၁၁)တွင်–

> "အသျှင်ဘဝရှင် သီရိပဝရမဟာဓမ္မရာဇာဓိရာဇ။ သီရိအဂ္ဂမဟာရာဇဒေဝီ မိဖုရာနှင့်အကွ၊ အလွန်တရာ ပွင်လင်တင်တဲစွာသော အခြွေအရွေ အမှူအမတ် အကြီအငဲမျာထက် ပွဲသဘင်မင်္ဂလာကြီစွာဖြစ်စေ၍ ရတနာပြတ် သတ်ခတ်ဘိသိက်မင်္ဂလာ ခံတော်မူပြီမှ ရတနာဖြင်ပြီသော ရွှေအိမ်နှိုက်ကံ ပေါစသာတီမည်သော ကံပလာထက် နေတော်မူလျက်"

ဟု ရေးထိုးထားပါသည်။ မဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် မဟာရာဇဝင်သစ်တို့တွင်

> " . . .ခေမာဒ္ဒါရတံခါးဝကဝင်တော်မူ၍ နန်းတက်တော်မူသည်။ 'သီရိသုဓမ္မရာဇာ' ဟူသော အမည်ကိုလည်း ခံတော်မူသည်။ မိဖုရားခေါင်မှာ 'အဂ္ဂမဟေသီ' ဟူသော အမည်ကို ခံတော်မူသည်"[၁]

ဟု ရေးသားထားပါသည်။ ထိုအရေးအသားများအရ ရာဇဝင်ကြီးများတွင် 'ခေမာဒ္ဒါရ' တံခါးမှဝင်၍ နန်းတက်သည်ဟု သိရှိရပါသည်။ ခေါင်းလောင်းစာတွင် ရတနာပြသဒ်ထက်၌ ဘိသိက်ခံသည်ဟု ရေးထိုးထားပါသည်။ ထို့ကြောင့် ခေါင်းလောင်းစာနှင့် ရာဇဝင်ကြီးများ၏ ဖော်ပြချက်အရ ခေမာဒ္ဒါရတံခါးမှဝင်၍ ရတနာပြသဒ်ထက်၌ ဘိသိက်ခံယူသည်ဟု ဆက်စပ်ကြည့်လျှင် ပို၍ပြည့်စုံနိုင်သည်ဟု ဆိုရပါမည်။ မင်းတရားကြီး၏ ဘိသိက်ခံမင်္ဂလာအခမ်းအနားသည် နန်းဓလေ့ယဉ်ကျေးမှု အစဉ်အလာ တစ်ရပ်ပင် ဖြစ်ပါသည်။

[၁] ကုလား၊ ဦး၊ ၁၉၆၀၊ ၂၆၉။

ဘုရင့်နောင်မင်းတရားကြီးသည် မိုးမိတ်၊ သီပေါသို့ တိုက်ခိုက်သိမ်းပိုက်ရန် ဟံသာဝတီ(ပဲခူး)မှ ကြီးမားတင့်တယ်သည့် လှေတပ်ကြီးနှင့် ရေကြောင်းခရီး ချီတော်မူကြောင်းကို ခေါင်းလောင်းစာ ကြောင်းရေ (၂၁–၂၅)တွင် ရေးထိုးထားပါသည်။ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ဦးပြဿဒ်၊ ပဲ့ပြဿဒ်၊ အလယ်ပြဿဒ် အဆောင်အယောင်များ ပါရှိသော အရောင်အဝါ ထွန်းလင်းတောက်ပသည့် အလျား ၃၃လံ ၂တောင် ရှိသော အတုမရှိ စုဋ္ဌာမဏိ ရွှေလှေကြီးကို စီးတော်မူခဲ့သည်။ ရေကြောင်းခရီးတွင် မင်းတရားကြီး ရွှေဖောင်တော်ကို ရွှေလောင်းပဋိဗိမာန်လှေ၊ ရွှေစဏတပင်၊ ရွှေရဲလှေ၊ ရွှေလှော်ကား ရွှေသံလှေတို့ ခြံရံ၍ မှူးမတ် စစ်သည်ပေါင်းနှင့် ချီတော်မူခဲ့ပါသည်။

မင်းတရားကြီး၏ ရေကြောင်းခရီးမှ ချီတော်မူသည့် ဖောင်တော်၊ လှေတော်များ၏ အပြင်အဆင် အဆောင်အယောင်တို့သည် မြန်မာ့နန်းတွင်းယဉ်ကျေးမှု အစဉ်အလာ တစ်ရပ်အဖြစ် ခေါင်းလောင်းစာတွင် မှတ်တမ်းတင်ခဲ့ပါသည်။

ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကြီး တည်ထောင်နိုင်ရန် စစ်ရေးအရ လက်ရုံးရည်စွမ်းအားနှင့် နိုင်ငံတစ်ဝန်း တိုက်ခိုက်သိမ်းယူနိုင်ခဲ့ပါသည်။ ထို့ပြင် မင်းတရားကြီးသည် နှလုံးရည်ပြည့်ဝမှုဖြင့် လူမှုရေး၊ ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်နိုင်ခဲ့ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာသည် ခေတ်တစ်ခေတ်ကို အခိုင်အမာ တည်ထောင်နိုင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ ဘုန်းလက်ရုံးစွမ်းရည်များကို သိရှိနိုင်ပါသည်။ မင်းတရားကြီးသည် ကေတုမတီ(တောင်ငူ)၊ သရေခေတ္တရာ (ပြည်)၊ ဟံသာဝတီ(ပဲခူး)၊ အဝ(အင်းဝ)တို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မြန်မာပြည် အလယ်ပိုင်းတစ်လျှောက် သိမ်းပိုက်ပြီးနောက် မြန်မာပြည်မြောက်ပိုင်း မိဋ္ဌာဒိဋ္ဌိ အယူဝါဒ ကျင့်သုံးနေသော ရှမ်းစော်ဘွားတို့ပိုင် နယ်မြေများကို ဆက်လက်တိုက်ခိုက် အောင်နိုင်ခဲ့သည်။ ဘုန်းတန်ခိုး လက်ရုံးစွမ်းရည်များနှင့် ပြည့်ဝလျက်ရှိသော မင်းတရားကြီး၏ နိုင်ငံရေး စစ်ရေးစွမ်းရည်များကို သိရှိရပါသည်။

တိုက်ပွဲတိုင်း အောင်နိုင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီးသည် စစ်အောင်ရာ ဒေသများတွင် ဗုဒ္ဓသာသနာစည်ပင် ပွင့်လန်းအောင် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ပါသည်။ ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီ(ပဲခူး)ကို အလိုတော်ပြည့်ပြီးနောက် ပြည်သူ့အကျိုးအတွက် မတရားမှုများဖြစ်ပါက ခေါင်းလောင်းထိုး၍ မင်းထံတိုင်ကြားနိုင်ရန်

နန်းတွင်း၌ ခေါင်းလောင်း ချိတ်ဆွဲစေပါသည်။ စစ်အောင်ရာဒေသများမှ မြို့စား ရွာစားများ၏ အသက်ကို ချမ်းသာပေးခဲ့သည်။ ထို့နောက် သစ္စာခံစေ၍ အခွင့်အာဏာ များအား ပြန်လည်အပ်နှင်းပေးခဲ့ခြင်းသည် မင်းတရားကြီး၏ စည်းရုံးရေးအသွင်ဖြင့် လုပ်ဆောင်ခဲ့သော လူမှုရေးစွမ်းဆောင်ချက်များပင် ဖြစ်ပါသည်။ ဘုရင့်နောင် မင်းတရားကြီးသည် ဟံသာဝတီ(ပဲခူး)ကို တိုက်ခိုက်သိမ်းပိုက်ပြီး ကမ္ဘောဇသာဒီ နန်းတော်သစ်ကြီးတွင် မိဖုရားခေါင်ကြီးနှင့်အတူ ဘိသိက်ခံယူခဲ့သည့် နန်းဓလေ့ ယဉ်ကျေးမှုတစ်ရပ်ကို သိမြင်ရပါသည်။ မိုးမိတ်၊ သီပေါတို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတော်မူသည့် ခရီးစဉ်တွင် မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် တင့်တယ် လှပသည့် ဖောင်တော်ကြီးကို စီးနင်း၍ မှူးမတ်ဗိုလ်ပါအပေါင်းက ရှေ့နောက်ဝဲယာ လှေတော်များနှင့် ခြံရံ၍ လိုက်ပါခဲ့ကြသည်။ ထိုခရီးစဉ်မှ ဖောင်တော်လှေတော်တို့၏ အပြင်အဆင် အမွမ်းအမံ အဆောင်အယောင်များသည် အနုပညာလက်ရာဆိုင်ရာ တန်ဖိုးမြင့်မားသည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ကို ဖော်ညွှန်းနေပါသည်။

ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာပါ မင်းတရားကြီး၏ နိုင်ငံရေး၊ စစ်ရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စွမ်းဆောင်ချက်မှတ်တမ်း များကို မဟာရာဇဝင်ကြီး (ဒု၊တွဲ)၊ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု၊တွဲ)နှင့် မဟာ ရာဇဝင်သစ် (ဒု၊တွဲ)တို့နှင့် နှိုင်းယှဉ်လေ့လာ ကြည့်ခဲ့ပါသည်။ ရာဇဝင်ကြီးများတွင် ရေးသားထားသော ခုနှစ်၊ လ၊ နေ့၊ ရက်စွဲနှင့် အကြောင်းအရာတို့ကို ရှေးဟောင်း ခေါင်းလောင်းစာနှင့် ယှဉ်တွဲကြည့်လျှင် ပို၍ပြည့်စုံတိကျခိုင်လုံသော အကြောင်းအရာ အချက်အလက်များကို ရရှိနိုင်မည်ဟု ထင်မြင်မိပါသည်။ ပုဂံရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာသည် သမိုင်းတန်ဖိုး ကြီးမား လှသော စံပြုရမည့် ရှေးဟောင်းခေါင်းလောင်းစာအဖြစ် မြန်မာစာပေလောကတွင် အခိုင်အမာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

## နိဂုံး

ဘုရင့်နောင်မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာတွင် မြန်မာ့ရာဇဝင် သမိုင်းကို ထွန်းပြောင်စေခဲ့သည့် ဘုရင့်နောင်မင်းတရားကြီး၏ နိုင်ငံရေး၊ စစ်ရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စွမ်းဆောင်ချက်များကို တိကျခိုင်လုံသော အချက်အလက်များနှင့် ရေးသားတင်ပြထားပါသည်။ ထိုခေါင်းလောင်းစာမှ မင်းတရားကြီး၏ လက်ရုံးရည်၊ နှလုံးရည် စွမ်းရည်များကို မြန်မာလူမျိုးတို့ ဂုဏ်ယူအားကျအတုယူဖွယ် မြင်တွေ့နိုင်ပါသည်။ ဘုရင့်နောင် မင်းတရားကြီး၏ ရွှေစည်းခုံခေါင်းလောင်းစာသည် သုတရသမြောက်အောင် ရေးဖွဲ့ထားသည့် စာပေဖြစ်ရုံသာမက မြန်မာစာပေအတွက်

တိကျသေချာသည့် စာပေအထောက်အထားများကို ဖော်ထုတ်တင်ပြနိုင်သည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း


ကုလား၊ ဦး။ (၁၉၆၀)။ ***မဟာရာဇဝင်ကြီး(ဒုတိယအုပ်)***။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

စိန်မောင်ဦး၊ ဦး။ (၂၀၁၃)။ ***မြန်မာနိုင်ငံလက်ရွေးစင်ရှေးဟောင်းခေါင်းလောင်းစာများ***။ ရန်ကုန်၊ သန်းထိုက်ရတနာပုံနှိပ်တိုက်။

တိုးလှ၊ ဦး(တည်းဖြတ်)။ (၂၀၀၆)။ ***ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံမော်ကွန်းဥဒါန်း***။ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်။

ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ)။ (၂၀၁၂)။ ***မဟာရာဇဝင်သစ်(တောင်ငူဆက်) ဒုတိယတွဲ (တ–ကြိမ်)***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မြမြချို။ (၂၀၁၀)။ ***ရှေးဟောင်းမွန်ခေါင်းလောင်းစာမှ လေးနက်ခိုင်မာသည့် စံပြုဖွယ်စာပေအထောက်အထားများ***။ ရန်ကုန်၊ သီတာပုံနှိပ်တိုက်။

***မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ (သတ္တမ–ကြိမ်)***။ (၂၀၁၃)။ ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

သာ၊ မောင်(ရှေးဟောင်းသုတေသန)။ (၂၀၁၇၊ နိုဝင်ဘာလ–၇)။ "မြန်မာနိုင်ငံ၏စတုတ္ထမြောက်ကမ္ဘာ့မှတ်တမ်းအမွေအနှစ်"။ ***မြန်မာ့အလင်းသတင်းစာ***။ ၁၇။

သန်းထွန်း (ဒေါက်တာ–)။ (၂၀၁၇)။ ***တောင်ငူဆက် ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်နှင့်ကမ္ဘောဇသာဒီနန်းတော်***။ ရန်ကုန်၊ Bagan Princess Publication။

Than Tun, Dr. (2002). ***The English-Myanmar Calendar of The Second Millennium A.D. Sixteenth Century.*** *Yangon: University of Yangon, Department of History.*

# ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုမှ အားကောင်းသော စကားသုံးများ

မြင့်မြင့်ခိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဂန္ထဝင်မြောက်စာပေဖြစ်သည့် ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုမှ အားကောင်းသော စကားသုံးများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ အားကောင်းသော စကားသုံးတို့၏ အစွမ်းကြောင့် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ ပေါ်လွင်လာရပုံကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။ ဤစာတမ်းကို လေ့လာရာတွင် ဆရာတော် မင်းပူး ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုကို အလေ့လာခံအဖြစ် သတ်မှတ်၍ ရေးဟန်ပညာမှ စကားအသုံးအနှုန်း လေ့လာနည်းဖြင့် ချဉ်းကပ် လေ့လာမည် ဖြစ်ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် ရှေးဇာတ်ဝတ္ထု စကားပြေတို့တွင် စကားအသုံးအနှုန်း ကျစ်လျစ်ခိုင်မာမှု၊ ဇာတ်လမ်း ဇာတ်ဆောင်တို့ကို သရုပ်ပေါ်အောင် ကူညီပံ့ပိုးပေးနိုင်မှုတို့ကို သိရှိလေ့လာစေပြီး ရှေးဝတ္ထု စကားပြေကို လေ့လာသူတို့အတွက်လည်း အထောက်အကူပြုနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ – *ဝေဿန္တရာဇာတ်တော်ကြီး၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ လုံးချင်း၊ လုံးတွဲ၊ အားကောင်းသော စကားအသုံးအနှုန်း။***

## နိဒါန်း

မြန်မာ့ဂန္ထဝင်စာပေတွင် မြတ်စွာဘုရားအလောင်းတော်၏ ရင့်မာ တစ်ဆယ်ဘဝကို မင်စာ၊ပျို့၊ ဝတ္ထု စသည့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပညာရှင်တို့က ရေးဖွဲ့ထားသော စာပေသည်လည်း အပါအဝင်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော မင်းပူးဆရာတော် ဦးဩဘာသသည် ဇာတ်ကြီးဆယ်ဘွဲ့မှ ရှစ်ဇာတ်ကို ဝတ္ထုစကားပြေဖြင့် ရေးသားခဲ့ရာ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုကို ဆရာတော်၏ အကောင်းဆုံးလက်ရာဟု ပညာရှင်တို့က သတ်မှတ်ခဲ့ကြသည်။ ထိုသို့ သတ်မှတ်ခြင်းခံရသည်မှာ ဆရာတော်၏ ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်တို့ ပီပြင်အောင် သရုပ်ဖော်နိုင်မှုတို့ကြောင့် ဖြစ်ပေသည်။ ထိုသို့ ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်တို့ သရုပ်ပေါ်စေရန် ဆရာတော်၏ စကားအသုံးအနှုန်း ကျွမ်းကျင်မှုက ကူညီပံ့ပိုးလျက်ရှိပေသည်။ စကားအသုံးအနှုန်းပိုင်းတွင် တစ်လုံးချင်း အဓိပ္ပာယ်ရှိသော လုံးချင်းအသုံးထက် အဓိပ္ပာယ်ချင်း ဆက်စပ်နေသော လုံးတွဲအသုံး

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

များဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြု ရေးသားထားသည်။ ထိုလုံးတွဲအသုံးများသည် အနက်အဓိပ္ပာယ် ထိရောက်မှု၊ ဆိုလိုရင်း ထင်ရှားလာစေမှုတို့ အားကောင်းသည့် အတွက် စာဟန်ခံ့ခံ့ညားညား ဖြစ်လာစေသည်။ ထို့ကြောင့် ထိုသို့အားကောင်းသည့် လုံးတွဲစကားသုံးများကို လေ့လာတင်ပြထားခြင်း ဖြစ်သည်။

## ၁။ မင်းပူးဦးသြဘာသ၏ ထေရုပ္ပတ္တိအကျဉ်း[၁]

ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော ဆရာတော် ဦးသြဘာသ၏ ဇာတိမှာ နေမိဇာတ်တော်ကြီး နိဂုံး၌ 'သာကေတဇာတိ ဥတေနရပ်သာမြို့ အသည်ကြီးသားလည်း ဖြစ်ထသော'ဟု ဆရာတော်ကိုယ်တိုင် ရေးသားထားချက်အရ မင်းပူးမြို့အနီး ရပ်သာရွာ ဖြစ်သည်။ မွေးသက္ကရာဇ်ကို အတိအကျ မသိရသော်လည်း သက္ကရာဇ် ၁၁၁၇ ခုနှစ် ဖွားသည့် ကျည့်ကန်ရှင်ကြီး အရှင်နန္ဒဓဇတို့နှင့် မရှေးမနှောင်း ဖွားမြင်သူဟု ယူဆကြ၍ ၁၀၂၀ ပြည့်နှစ်ခန့်ဟု ခန့်မှန်းကြသည်။

ဦးသြဘာသ၏ မယ်တော် ခမည်းတော်တို့က ငယ်ရွယ်စဉ်ကတည်းက မင်းပူးမြို့အနောက်ဘက် လေသာကျောင်းဆရာတော်ထံတွင် သာမဏေဘောင်သို့ သွင်း၍ စာပေသင်ကြားစေခဲ့သည်။ 'နည်းနာစေ့စုံ တတ်မျိုးကုံလျက်၊ အာဂုံလေ့လာ၊ စွမ်းပညာဖြင့်၊ ရောင်ဝါရွှင်ပျ၊ သြဘာသဟု' အထူးကျော်ကြား၍ လေသာဆရာတော်၏ လက်ရင်းတပည့်ဟု အလွန်ထင်ရှားသည်။

အသက် ၂၀ အရွယ်တွင် ပဉ္စင်းတက်၍ သက္ကရာဇ် ၁၁၄၄–ခု ပြာသိုလတွင် လေသာကျောင်း ဒါယကာ ဦးဝ၏သား မောင်ထောက်၏ တောင်းပန်ချက်အရ စန္ဒကုမာရဇာတ်တော်ကြီးဝတ္ထုကို ရှေးဦးစွာ ပြုစုစီရင်ခဲ့သည်။ ထိုနှစ် တပေါင်းလတွင် နရဒဇာတ်တော်ကြီး၊ သက္ကရာဇ် ၁၁၄၅ခု ဝါခေါင်လတွင် ဝိဓူရဇာတ်တော်ကြီး၊ တပေါင်းလတွင် အခြားဇာတ်တော်တို့ထက် ထူးခြားကောင်းမွန်သော ဆရာတော်၏ လက်စွမ်းပြဝတ္ထုဟု ဆိုထိုက်သော ဝေဿန္တရာဇာတ်တော်ကြီး၊ သက္ကရာဇ် ၁၁၄၆–ခု တန်ဆောင်မုန်းလတွင် အရှည်လျားဆုံး ဝတ္ထုဖြစ်သော မဟောသဓဇာတ်တော်ကြီး၊ နယုန်လတွင် မောင်ထောက်၏ တောင်းပန်ချက်အရ မဟာဇနကဇာတ်တော်ကြီး၊ သက္ကရာဇ် ၁၁၄၈ ခုနှစ် ဝါဆိုလတွင် နေမိဇာတ်တော်ကြီး တို့ကို ရေးသားပြုစု ပြီးစီးခဲ့သည်။ ဆရာတော်သည် ၄နှစ်အတွင်း ဇာတ်တော်ကြီးဝတ္ထု (၇)စောင်ကို ရေးသားပြီးစီးခဲ့ခြင်း ဖြစ်သည်။ လေသာကျောင်း ဒါယကာ ဦးဝကိုယ်တိုင် တောင်းပန်ချက် အရ တေမိယဇာတ်တော်ကြီးဝတ္ထုကို ရေးသားပြုစုခဲ့သည်။

---

[၁] သုတ၊ မောင်၊ ၁၉၆၆၊ ၃၄၃

ဦးသြဘာသ ပျံလွန်တော်မူသော သက္ကရာဇ်ကို အတိအကျ မသိရပေ။ ဦးဖိုးစိန် ဖော်ပြထားသည့် အတ္ထုပ္ပတ္တိတွင် ဝါတော် ၂၀ ပြည့်တွင် ပျံလွန်တော်မူသည်ဟု ဆိုသောကြောင့် သက်တော် ၄၀ခန့်တွင် ပျံလွန်တော်မူသည်ဟု ယူဆထားကြသည်။

## ၂။ ဝတ္ထုဝေါဟာရနှင့် သဘောသဘာဝ

စာပေပုံသဏ္ဌာန်အမျိုးမျိုးတို့တွင် ဝတ္ထုစာပေသည် လူတို့နှင့် အနီးစပ်ဆုံးဟု ဆိုနိုင်သည်။ မျက်မှောက်ခေတ်စာပေတို့တွင် ဝတ္ထုစာပေသည် အင်အားကြီးမား၍ စာဖတ်သူအပေါ် ဩဇာသက်ရောက်ဆုံးလည်း ဖြစ်သည်။ ဝတ္ထုဝေါဟာရနှင့် ပတ်သက်၍

ဦးဟုတ်စိန်က–

> “ပဒတ္ထမဉ္ဇူသာ ဟူသော ပါဠိ–မြန်မာ အဘိဓာန်တွင် ဝတ္ထု အရာ၊ ဒြပ်၊ ဥစ္စာ ပစ္စည်း၊ အမှုအခင်း၊ အကြောင်း”[၁]

ဟူ၍လည်းကောင်း၊ မြန်မာအဘိဓာန်တွင်–

> “ဝတ္ထု –န လူ့သဘာဝအဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးထားသောစာ”[၂]

ဟူ၍လည်းကောင်း၊ ဝတ္ထုရှည်စာတမ်း ပထမတွဲတွင် တက္ကသိုလ်ဘုန်းနိုင်က–

> “ဝတ္ထုရှည် ဟူသည်မှာ လူတစ်ယောက်က လူအများ ဖတ်ရန် လူ့အကြောင်းကို စကားပြေနည်း သုံးလျက် ဖြစ်စဉ်ပြောပြဟန် ပုံစံဖြင့် ပြုလုပ်ထားသော စာပေအနုပညာ လက်ရာ တစ်ခု ဖြစ်ပါသည်။”[၃]

ဟူ၍လည်းကောင်း စသည်ဖြင့် ပညာရှင်အသီးသီးက ဖွင့်ဆိုထားကြသည်။

ပညာရှင်အသီးသီး၏ ကြံဆချက်များအရ ဝတ္ထုဆိုသည်မှာ ဒိဋ္ဌဓမ္မလောကမှ လူတို့အကြောင်းကို စာရေးသူက သူ၏စိတ်ကူးအနုပညာနှင့် ပေါင်းစပ်၍ စာဖတ်သူ တို့အား ဘဝအသိကို ပေးနိုင်သော ခံစားနှစ်သက်မှုကို ပေးစွမ်းနိုင်သော ရသစာပေ အဖွဲ့ ဖြစ်ပါသည်။

---

[၁] ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၈၄၉။
[၂] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၃၆၀။
[၃] ဘုန်းနိုင်၊ တက္ကသိုလ်၊ ၁၉၈၁၊ ၂၃။

ဝတ္ထုသဘောသဘာဝနှင့် ပတ်သက်၍ ဆရာဇော်ဂျီက ရသစာပေအဖွင့်နှင့် နိဒါန်းတွင်–

> “နော်ဗယ်ဟု ခေါ်သော ဝတ္ထုအဖွဲ့မျိုး၏ သဘောဆိုသည်မှာ ဒိဋ္ဌလောကထဲ၌ မြင်ရ၊ ကြားရ၊ ကြုံတွေ့ရသော လူ့စိတ် လူ့သဘောထားနှင့် လူ၏ကိုယ်နှုတ်နှလုံး အမူအရာတို့ကို သဘာဝကျသည် ထင်ရအောင် (ဝါ) အသင့်ယုတ္တိ ရှိအောင် ဇာတ်လမ်းဆင်၍ သရုပ်ဖော်သော စကားပြေအဖွဲ့မျိုး”[၁]

ဟူ၍ တင်ပြထားသည်။ ဆရာ သူရိယကန္တိက ဝတ္ထုရေးလိုသော် စာအုပ်တွင်–

> “ဝတ္ထုဆိုသည်မှာ လောကကြီးအတွင်း အကယ့် အကယ်စင်စစ် ဖြစ်ပျက်နေသည်ကို ကရွတ်ကင်းလျှောက် အတိအလင်း အသေအချာ၊ ခရေစေ့တွင်းကျ ဖော်ပြရသော အတ္ထုပ္ပတ္တိ မဟုတ်ချေ၊ ချဲ့ထွင်အပ်သည့်နေရာတွင် ချဲ့ထွင်၊ ထိန်ချန်အပ်သည့် နေရာတွင် ထိန်ချိန်၍ ရေးသားထားသည့် လောကဇာတ်၏ တစိတ်တဒေသသာ ဖြစ်သည်”[၂]

ဟူ၍ တင်ပြထားပါသည်။ ထိုသို့ လောကီထုပ္ပတ် လူတို့ဇာတ်ကို စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ပေါင်းစပ်တင်ပြသောအခါ စာရေးသူ ဖော်ပြလိုသော ဦးတည်ချက်၊ ဦးတည်ချက်ကို ထောက်ပံ့ပေးသော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ ပါဝင်သည်ကို တွေ့နိုင်ပေသည်။ ထိုသို့သော အချက်များကို ပီပြင်လာစေရန် စာရေးသူ၏ ရေးဖွဲ့တင်ပြပုံကလည်း ချောမွေ့ပြေပြစ်ရန် လိုအပ်ပေသည်။

ထို့ကြောင့် ဝတ္ထုရှည်၏ သဘောသဘာဝတွင် စာရေးသူ၏ စိတ်ကူးဉာဏ်၊ ဦးတည်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့နှင့် စာရေးသူ၏ အရေးအသား အတင်အပြတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်း တွေ့ရသည်။

---

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၁၅၅။

[၂] သူရိယကန္တိ၊ ၁၉၆၇၊ ၃၇။

## ၃။ ဝေဿန္တရာဇာတ်တော်ကြီးမှ အားကောင်းသော စကားသုံးများ လေ့လာချက်

### ၃၊ ၁။ ဝေဿန္တရာ ဇာတ်တော်ကြီး ဇာတ်လမ်းအကျဉ်း

ဂေါတမမြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ကြာတော၌ ပေါက္ခရဝဿမိုးရွာခြင်းကို အကြောင်းပြု၍ ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့သည်။

သီဝိတိုင်း စေတုတ္တရာပြည်၌ အုပ်စိုးသော သိဝိရာဇ်မင်းကြီး၏ သားတော် သိဥ္စည်းမင်းကြီးနှင့် မဒ္ဒရာဇ်မင်း၏ သမီးတော် ဖုဿတီဒေဝီမင်းသမီးတို့ လက်ထပ်ခဲ့ကြသည်။ ဖုဿတီဒေဝီမိဖုရားသည် ရှေးဘဝ ဗန္ဓုမတီမင်း၏ သမီးတော်ဖြစ်ခဲ့စဉ်က ဝိပဿီမြတ်စွာဘုရားကို စန္ဒကူးနံ့သာလှူ၍ မြတ်စွာဘုရား၏ မယ်တော် ဖြစ်လိုကြောင်း ဆုပန်ခဲ့ပါသည်။ ထို့ပြင် ဘဒ္ဒကမ္ဘာ၌ သိကြားမင်း၏ မိဖုရားဖြစ်ခဲ့ပြီး သိကြားမင်း ပေးသောဆု ၁၀ပါး ရရှိပြီးမှ နတ်သက်ကုန်ခဲ့ပါသည်။ ထိုသို့ ရှေးကပြုခဲ့သော ကုသိုလ်ကံ တောင်းခဲ့သော ဆုများကြောင့် သိဥ္စည်းမင်း၏ မိဖုရား ဖုဿတီဒေဝီသည် ဘုရားလောင်းကို ပဋိသန္ဓေတည်၍ ဖွားမြင်ခဲ့ပါသည်။

ဘုရားလောင်းသည် ကုန်သည်တို့ သွားရာလမ်း၌ ဖွားမြင်ခဲ့၍ ဝေဿန္တရာဟု အမည်တွင်ခဲ့သည်။ ဘုရားလောင်း ဖွားသည့်နေ့၌ပင် ပစ္စယဆင်ဖြူတော် ရောက်ရှိလာသည်။ ဘုရားလောင်း မယ်တော်ဝမ်း၌ ပဋိသန္ဓေနေစဉ်ကပင် မယ်တော်က နေ့စဉ်ခြောက်သိန်းကုန် လှူဒါန်းခဲ့သည်။ ဘုရားလောင်း ငယ်စဉ်ကလေးဘဝကတည်းကပင် အဖိုးသိန်းထိုက်သော လည်ရွဲကို အထိန်းတော်များအား ကိုးကြိမ် ပေးလှူခဲ့သည်။ ရှစ်နှစ်အရွယ် အလှူလုပ်လိုသော ဆန္ဒဖြစ်ပေါ်လာသည့်အတွက် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် ပထမအကြိမ် တုန်လှုပ်ခဲ့ပါသည်။

တစ်ဆယ်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဝေဿန္တရာမင်းသည် မဒ္ဒရာဇ်မင်း၏ သမီး မဒ္ဒီဒေဝီကို မိဖုရားမြှောက်၍ ထီးနန်းစိုးစံခဲ့သည်။ နေ့စဉ်ခြောက်သိန်း အလှူကို ပေးသည်။ ဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီတို့တွင် သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်ဟူ၍ သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ဝေဿန္တရာမင်းသည် တစ်လလျှင် ခြောက်ကြိမ် ဆင်ဖြူတော်စီး၍ အလှူမဏ္ဍပ် ခြောက်ဆောင်ကို လှည့်လည်ကြည့်ရှုသည်။

ကလိင်္ဂရာဇ်ပြည်၌ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေ၍ ထိုကပ်ကြီးမှ လွတ်မြောက်နိုင်ရန် ပုဏ္ဏား (၈)ဦးတို့သည် ဘုရားလောင်း ဝေဿန္တရာမင်းကြီးထံမှ ဆင်ဖြူတော် ပစ္စယကို အလှူခံရာ လှူလိုက်လေသည်။ ထိုအခါ ဒုတိယအကြိမ်မြောက် မြေငလျင်ကြီး

လှူပ်ခဲ့လေသည်။ ထိုအလှူကြောင့် စေတုတ္ထရာ ပြည်သူ ပြည်သားတို့ အမျက်ထွက်ကာ ဝေဿန္တရာမင်းကြီးကို ဝင်္ကပါတောင်သို့ နှင်ထုတ်စေခဲ့သည်။ ဝေဿန္တရာမင်းကြီးသည် ဝင်္ကပါတောင်သို့ မသွားမီ ဆင်မြင်းရထား၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ အစရှိသော ခုနစ်ရာအပေါင်းဖြစ်သော အလှူကြီးကို လှူ၍ ရေစက်ချကာ ဘုရားဆုပန်တော်မူခဲ့သည်။ ထိုအခါ တတိယအကြိမ် မြေငလျင် တုန်လှုပ်ခဲ့သည်။

ဖုဿတီဒေဝီမိဖုရားသည် သားတော် ဝေဿန္တရာမင်းကြီး ဝင်္ကပါတောင်သို့ သွားရာလမ်းတွင် အလှူပြုနိုင်ရန်အတွက် ရတနာအပြည့်ပါသော လှည်းတို့ကို ဝေဿန္တရာမင်းကြီးတို့စီးသော ရထားဘေးမှ လိုက်စေသည်။ ဝေဿန္တရာမင်းကြီး အလှူခံလာသော ဖုန်းတောင်ယာစကာတို့ကို လှူကာ၊ မြို့မှ ထွက်လေသော် နေပြည်တော်သို့ ပြန်၍ ကြည့်ရှုတော်မူရာ စတုတ္ထအကြိမ် မြေတုန်လှုပ်ခြင်း ဖြစ်ခဲ့ပါသည်။

ဝင်္ကပါတောင်သို့ သွားရာလမ်းတွင် အလှူခံ ပုဏ္ဏားလေးယောက်က မြင်းလေးကောင်ကို အလှူခံရာ ဝေဿန္တရာမင်းကြီးက လှူလိုက်လေသည်။ မြင်းမရှိသောအခါ ဝေဿန္တရာမင်းကြီးက သားကြီး ဇာလီ၊ မဒ္ဒီဒေဝီက သမီးငယ် ကဏှာဇိန်ကို ချီလျက် ခြေလျင်ခရီးဆက်ခဲ့ပါသည်။

ဝင်္ကပါတောင်သို့ ရောက်သောအခါ သိကြားမင်း ဖန်ဆင်းထားသော ကျောင်းသင်္ခမ်းတွင် ရသေ့ အသီးသီးပြု၍ နေထိုင်ကြသည်။ မဒ္ဒီဒေဝီသည် တောမှ သစ်သီးများ ရှာဖွေ၍ အလုပ်အကျွေးပြုပါသည်။ ဝေဿန္တရာမင်းကြီးသည် ဝင်္ကပါတောင်၌ နေစဉ်အတွင်း သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို အလှူခံလာသော ဇူဇကာပုဏ္ဏားထံ လှူလိုက်ပြန်သည်။ ဤတွင် ပဥ္စမအကြိမ် မြေငလျင် လှုပ်ခဲ့သည်။

တစ်ဖန် သိကြားမင်းက ပုဏ္ဏားယောင်ဆောင်၍ မဒ္ဒီဒေဝီကို လာ၍ အလှူခံပြန်သည်။ ထိုအခါ ဆဋ္ဌမအကြိမ်မြောက် ငလျင်လှုပ်ခဲ့ပြန်သည်။ သိကြားမင်းသည် သိကြားမင်းဖြစ်ကြောင်းပြော၍ မဒ္ဒီဒေဝီကို ပြန်ပေးပြီး ဝေဿန္တရာမင်း တောင်းသောဆု (၈)ချက်ကို ပြည့်ဖို့ ဆုပေးခဲ့သည်။ ဇူဇကာပုဏ္ဏားသည် သားတော်နှင့် သမီးတော်တို့ကို အမိတ္တာပုံ၏ ကျွန်အတွက် အလှူခံသွားခြင်း ဖြစ်သော်လည်း နတ်တို့၏ တန်ခိုးဖြင့် လှည့်စားမှုကြောင့် သိဋ္ဌည်းမင်းကြီး၏ စေတုတ္တရာပြည်သို့ ရောက်ရှိသွားခဲ့သည်။ ဘိုးတော်နှင့် မြေးတော်တို့ ပြန်တွေ့ပြီး သားတော်တို့၏ အခြေအနေကို သိခဲ့ရသည်။ ထိုအချိန်တွင် ကလိင်္ဂရာဇ်ပြည်တွင် မိုးရွာသဖြင့် ဆင်ဖြူတော်ကို ပြန်လည်ပေးအပ်ကြသည့်အတွက် ဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီကို ခမည်းတော်နှင့် မယ်တော်တို့ ကိုယ်တိုင် ဝင်္ကဘာတောင်သို့ လိုက်၍ ပြန်ခေါ်ခဲ့ပေသည်။

## ၃၊ ၂။ ဝေဿန္တရာ ဇာတ်တော်ကြီးမှ အားကောင်းသော စကားအသုံးအနှုန်း

### ၃၊ ၂၊ ၁။ အားကောင်းသော စကားအသုံးအနှုန်း

ဝတ္ထုစကားပြေ လေ့လာလျှင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ပီပြင်စွာ သရုပ်ပေါ်လာစေသည်မှာ အရေးအသား အတင်အပြတို့က ထောက်ပံ့ပေးထားသည်ဖြစ်၍ လေ့လာရန် လိုအပ်ပေသည်။ အရေးအသား လေ့လာမှုတွင် စကားအသုံးအနှုန်း လေ့လာမှုသည် အရေးကြီးသည်။

စကားအသုံးအနှုန်းကို လေ့လာခြင်းသည် စကားလုံးများကို မည်သည့်နေရာတွင် မည်သို့ မည်ပုံ သုံးနှုန်းကြောင်း လေ့လာခြင်းပင် ဖြစ်သည်။ စာပေတို့တွင် သုံးနှုန်းသော စကားလုံးနှင့် ပတ်သက်၍ မောင်ခင်မင် ဓနုဖြူက–

> "စကားလုံးဆိုသည်မှာ လူမှုကိစ္စ တစ်ခုစီအတွက် ရည်ညွှန်းသော သင်္ကေတ တစ်ခုစီကို အကြမ်းအားဖြင့် ဆိုလိုခြင်း ဖြစ်ပါသည်။ မြန်မာဘာသာတွင် အပြောအဆင့်၌ လူဟူသော စကားသံသည် စကားလုံးတစ်လုံးဖြစ်၍ အရေးအဆင့်၌ 'လူ' ဟူသော စာလုံးသည် စကားလုံးတစ်လုံး ဖြစ်သည်။ အလားတူပင် ရေ၊ မြေ၊ နွား၊ ကျွဲ၊ ချစ်၊ မုန်း၊ နီ၊ ဖြူ၊ ကစား စသည်ဖြင့် လူမှုကိစ္စ တစ်ခုစီကို ရည်ညွှန်းသော စကားသံများနှင့် ထိုစကားသံအသီးသီးကို ထပ်ဆင့် ရည်ညွှန်းသောစာလုံးများကို စကားလုံးဟု ဆိုလိုခြင်းပင် ဖြစ်သည်"[၁]

ဟူ၍ ဖော်ပြထားပါသည်။ စကားလုံးတို့သည် လူမှုကိစ္စတစ်ခုစီတွက် ရည်ညွှန်းကြောင်း အများသဘောတူလက်ခံရန် လိုအပ်ပေသည်။ အများသဘောတူလက်ခံမှု အရေးကြီးကြောင်းကို ဆရာ ဦးတင်ဇေက–

> "အရာဝတ္ထုတစ်ခုတည်းကို တစ်ယောက်က အမည် တစ်မျိုးဖြင့် ခေါ်ဝေါ်၍ အခြားတစ်ယောက်က အခြားအမည်တစ်မျိုးဖြင့် ခေါ်ဝေါ်နေလျှင် ဆိုလိုသည်မှာ ထိုအရာဝတ္ထုတွင် တူညီသော အမည်တစ်ခု မရှိလျှင် ထိုအရာဝတ္ထုကို မည်ကဲ့သို့ အသုံးပြုမည်နည်း 'သာဓက အားဖြင့် အရာဝတ္ထုတစ်ခုကို တစ်ဦးက စူးဟု ခေါ်၍ အခြားတစ်ဦးက ဆောက်'ဟု ခေါ်လျှင် ထိုအရာဝတ္ထုကို မည်ကဲ့သို့ အသုံးချနိုင်တော့ မည်နည်း၊ အလွဲလွဲ အချော်ချော် ဖြစ်ကုန်ပါမည်"[၂]

---

[၁] ခင်မင်၊ မောင် ဓနုဖြူ၊ ၂၀၁၇၊ ၈၈။

[၂] တင်ဇေ၊ ဦး၊ ၁၉၆၇၊ ၃၀။

ဟူ၍ ဆိုထားသည့်အပြင်–

> ‘လူအများက လက်ခံသုံးစွဲခြင်းသည် ဝေါဟာရ၏ အသက်ပင် မဟုတ်လော’[၁]

ဟူ၍ မှတ်ချက်ချတင်ပြထားသည်ကို တွေ့နိုင်ပါသည်။ ထိုမှတ်ချက်အရ စကားအသုံးတွင် စကားလုံးတို့သည် အများသဘောတူ လက်ခံနိုင်ရမည်ဟူသော အချက်သည် အရေးကြီးသည့်အပြင် စကားလုံးတို့ကို လိုအပ်သလို တွဲစပ်သုံးတတ်ရန် လိုအပ်သည်။ လူမှုကိစ္စတစ်ခုအတွက် စကားလုံးတစ်လုံး သုံးသော်လည်း လူမှုကိစ္စ အသစ်ပေါ်တိုင်း စကားလုံးအသစ် သုံးခြင်းမဟုတ် လိုအပ်သလို တွဲစပ်၍လည်းကောင်း၊ စကားလုံးတစ်လုံးကို အနက်အဓိပ္ပာယ် အသစ်တို့ဖြင့်လည်းကောင်း အသုံးပြုလေ့ ရှိကြသည်။ ထိုသို့ စကားလုံးတို့ကို တွဲစပ်အသုံးပြုမှုနှင့် မောင်ခင်မင်(ဓနုဖြူ)က–

> “မြန်မာပညာရှိ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်က မြန်မာဘာသာစကားကို လုံးစပ်ဘာသာစကား ဟု အမည်ပေးဖူးပါသည်။ ဘာသာဗေဒပညာရှင်များကမူ စကားလုံး တစ်လုံးနှင့်တစ်လုံး ကော်နှင့်ကပ်ထားသလို ပူးတွဲသုံးနိုင်သော ပူးတွဲဘာသာစကားဟု အမည်ပေးပါသည်။ စကားလုံး တစ်လုံးနှင့်တစ်လုံး တွဲစပ်နိုင်သည့်သဘောကို ဖော်ညွှန်းသည်ချည်းပင် ဖြစ်ပါသည်။”[၂]

ဟူ၍ တင်ပြထားသည့်အပြင်–

> “လိုသော အဓိပ္ပာယ်ရအောင် အမျိုးမျိုး တွဲစပ်သုံးနိုင်ခြင်းသည် မြန်မာစကား၏ လက္ခဏာ တစ်ရပ် ဖြစ်ပါသည်။”[၃]

ဟူ၍ မှတ်ချက်ချတင်ပြထားပါသည်။ ထို့အပြင် စကားလုံးတို့ တွဲသုံးသည့် တွဲလုံးစကားနှင့်ပတ်သက်၍ ဆရာကြီး မောင်ခင်မင်ကပင်–

> “တွဲလုံးဟူသည် အဓိပ္ပာယ်တူ စကားလုံးများ၊ အဓိပ္ပာယ်ချင်း ဆက်စပ်နေသော စကားလုံးများကို အတွဲလိုက်သုံးခြင်းပင် ဖြစ်သည်။”[၄]

ဟူ၍ လည်းကောင်း၊

---

[၁] တင်ဇေ၊ ဦး၊ ၁၉၆၇၊ ၃၀။

[၂] ခင်မင်(မောင်)ဓနုဖြူ၊ ၂၀၁၇၊ ၈၈။

[၃] ခင်မင်(မောင်)ဓနုဖြူ၊ ၂၀၁၇၊ ၈၈။

[၄] ခင်မင်(မောင်)ဓနုဖြူ၊ ၂၀၁၇၊ ၁၀၉။

> "လုံးချင်းအသုံးများကို ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် ပုံစံအမျိုးမျိုး ပူးတွဲအသုံးပြုနိုင်သည်။ နည်းလမ်း၊ မိဘ၊ ရပ်ရွာ၊ လူငယ်၊ နေထိုင်၊ စားသောက်၊ ရေကူး စသည်ဖြင့် နှစ်လုံးတွဲ သုံးပြီး သုံးပုံမျိုးက အစ နိုင်ငံတော် အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်ရေး၊ ပြုမူပြောဆို၊ လုပ်ကိုင်ကြံစည်၊ အမျိုးမျိုး အဖုံဖုံ အကြိမ်ကြိမ် အထပ်ထပ် စသည်ဖြင့် စကားလုံးတွေ အများကြီး ပူးတွဲကာ ပုဒ်အရှည်ကြီးဖြစ်လာအောင် သုံးပုံမျိုးအထိ ပူးတွဲပုံ အမျိုးမျိုး ရှိပါသည်။ ဤသို့စကားလုံးများပူးတွဲပြီး အသုံးပြုသည်ကို လုံးတွဲအသုံးဟု ဆိုလိုခြင်း ဖြစ်သည်။"[၁]

ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါသည်။ တစ်ဖန် ဆရာကြီးကပင် လုံးတွဲအသုံးနှင့် ပတ်သက်၍–

> "မည်သို့ပင်ဆိုစေ သူ့နေရာနှင့်သူ ဆီလျော်လိုက်ဖက်စွာ သုံးနှုန်းသော အတွဲလေးများ၏ အာနိသင်ကား ထိရောက်ထက်မြက်နေမည်သာ ဖြစ်သည်"[၂]

ဟု သုံးသပ်ပြထားသည်။

ထို့ကြောင့် စကားပြေကဗျာတို့ကို ရေးဖွဲ့တင်ပြရာတွင် ဦးတည်ချက်သို့ ရောက်စေရန် အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်အောင် သုံးထားသည့် အနက် အဓိပ္ပာယ် အားကောင်းသော လုံးတွဲစကားသုံးများ၏ ပံ့ပိုးပေးနိုင်မှုသည် အရေးကြီးကြောင်း လေ့လာတင်ပြလိုခြင်း ဖြစ်ပါသည်။

## ၃၊ ၂၊ ၂။ လုံးတွဲနာမ်များကြောင့် ဇာတ်လမ်း ဇာတ်ဆောင်တို့ ပီပြင်လာပုံ

ဆရာတော်သည် ဝေဿန္တရာဇာတ်တော်ကြီးကို ရေးသားရာတွင် အသုံးထူးခြားပြောင်မြောက်သည့်အတွက် အကောင်းဆုံး ဇာတ်တော်ကြီးဝတ္ထုဟု ပညာရှင်တို့က သတ်မှတ်ခဲ့ကြသည်။ ထိုသို့ အကောင်းဆုံးဝတ္ထုဟု ထင်ရှားလာစေသည်မှာ ဆရာတော်၏ စကားအသုံးအနှုန်း ကျွမ်းကျင်ပိုင်နိုင်မှု စီစဉ်တင်ပြပုံ ကောင်းမွန်မှုတို့ကြောင့် ဖြစ်နိုင်ပေသည်။ စကားအသုံးပိုင်းတွင် လုံးတွဲနာမ် အသုံးတို့လည်း ပါဝင်ပေသည်။

---

[၁] ခင်မင်(မောင်)နေဖြူ၊ ၂၀၁၇၊ ၈၈။

[၂] ခင်မင်(မောင်)နေဖြူ၊ ၂၀၁၇၊ ၁၀၇။

မယ်တော်ဖုသတီမိဖုရားသည် ဘုရားလောင်းကိုယ်ဝန်ရှိစဉ်တွင် လက်ဆောင်ပဏ္ဏာ များစွာ ဆက်သခြင်းခံရပုံကို ဖော်ပြရာ၌–

"အခွန်အတုတ် ပဏ္ဏာကာရ[၁] လက်ဆောင်"[၂]

ဟူသော အသုံးဖြင့် ဖော်ပြထားသည်။ ထိုအသုံးတွင် 'အခွန်အတုတ်' 'ပဏ္ဏာကာရ လက်ဆောင်' ဟူ၍ လုံးတွဲနာမ် ၂ခုဖြင့် ဆက်တိုက်ဖော်ပြထားသည်၊ 'အခွန်အတုတ်' ဟူသော လုံးတွဲနာမ်၊ ပါဠိနှင့်မြန်မာ အနက်အဓိပ္ပာယ်တူသော 'ပဏ္ဏာကာရ'နှင့် 'လက်ဆောင်' တို့သည် အခြေအနေခြင်း ဆက်စပ်သော အဆင့်တူအသုံးများ ဖြစ်ကြသည်။ ထိုအသုံးသည် သိဉ္စည်းမင်း၏ ဘုန်းတန်ခိုး မမွေးသေးသေးသော ဘုရားအလောင်း၏ ဘုန်းတန်ခိုးကြီးပုံကိုပြသော နိမိတ်ပြသည့် အနက်အဓိပ္ပာယ် အားကောင်းသော လုံးတွဲနာမ် အသုံးဖြစ်ပြီး ရှေ့ဆက်ဖြစ်လာမည့် ဇာတ်လမ်းကိုလည်း နိမိတ်ပြထားခြင်း ဖြစ်သည်။

ပြည်သူတို့၏ လျှောက်တင်သော စကား၊ သိဉ္စည်းမင်းကြီး မိန့်ကြားသည့် စကားတို့တွင် ဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီတို့သည် မင်းမျိုးမင်းနွယ်ဖြစ်ကြောင်းကို–

"မပျက်နန်းရိုး၊ မင်းမျိုးမင်းနွယ်"[၃] "မင်းရိုးနန်းနွယ်"[၄]

"မင်းနွယ်နန်းရိုး"[၅]

ဟူသော အသုံးတို့ဖြင့် ရေးသားထားသည်၊ 'မင်း' 'နန်း'၊ 'အရိုး' 'အနွယ်' 'အမျိုး' ဟူသော နာမ်အသုံး တို့ကို လိုအပ်သလို တွဲစပ်ကာ လုံးတွဲနာမ်ဖြင့် ရေးသားထား၍ ဆိုလိုချက် အနက်အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားလာစေသည်။

တစ်ဖန် မဒ္ဒီဒေဝီ၏ အလှကို ဖော်ညွှန်းရာ၌–

"ကြည်ညိုနှစ်သက်ဘွယ်သော လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာ အရွယ်အဆင်း"[၆]

"နန်းမတောင်ညာ ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြီးသခင်"[၇]

---

[၁] ပဏ္ဏာကာရ–ပါ– လက်ဆောင် (ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၅၉၃။)
[၂] ဩဘာသ၊ ဦး၊ စာ–၂၀။
[၃] ဩဘာသ၊ ဦး၊ စာ ၃၃။
[၄] ဩဘာသ၊ ဦး၊ စာ ၄၃။
[၅] ဩဘာသ၊ ဦး၊ စာ ၄၆။
[၆] ဩဘာသ၊ ဦး၊ စာ ၁၃၈။
[၇] ဩဘာသ၊ ဦး၊ စာ ၅၂။

ဟူသော လုံးတွဲနာမ်တို့ဖြင့် ရေးသားထားသည်။ 'ကြည်ညိုနှစ်သက်ဖွယ်ရှိသော' နာမဝိသေသနနောက်၌ 'လုံး' 'ရပ်' 'သဏ္ဌာန်' 'ကြန်အင်' 'လက္ခဏာ' 'အရွယ်' 'အဆင်း' ဟူသော နာမ်(၇)လုံးကို လုံးတွဲနာမ်အဖြစ် ဖွဲ့စပ်ကာ မဒ္ဒီဒေဝီ၏ အလှကို တစ်ချက်ချင်း ဖော်ညွှန်းထားသည်။ အဓိပ္ပာယ် တစ်ခုချင်းရှိသော 'နန်းမတောင်ညာ' 'ချမ်းသာရိပ်ငြိမ်' 'စည်းစိမ်ကြီးသခင်' လုံးတွဲနာမ် ၃လုံးဖြင့် မဒ္ဒီ၏ စံမြန်းရသော နန်းတော်၏အေးချမ်းမှု စည်းစိမ်ပြည့်စုံမှုကို ဖော်ညွှန်းထားသည်။ ထိုလုံးတွဲနာမ်တို့၏ အနက်အဓိပ္ပာယ် အားကောင်းမှုကြောင့် နန်းစည်းစိမ်၊ မဒ္ဒီ၏အလှ ပေါ်လွင်သကဲ့သို့ စာရေးသူ၏ စကားသုံးပိုင်နိုင်မှုကိုလည်း သုံးသပ်နိုင်သည်။

ဝေဿန္တရာမင်းကြီးတို့မိသားစု ဝင်္ကပါတောင်သို့သွားစဉ် လမ်း၌ စေတမင်းသားတို့က စေတတိုင်း အုပ်ချုပ်ရန် အပ်နှင်းသောအခါ မင်းကြီးက ထိုအပ်နှင်းမှုကို လက်ခံလိုက်လျှင် သိဝိတိုင်းနှင့် စေတတိုင်းတို့ မသင့်မတင့် ဖြစ်သွားနိုင်ကြောင်း တွေးကြံမိခဲ့သည်။ ထိုအကြောင်းကို–

"ချစ်ထုံးပြတ်၍၊ တရပ်တသီး၊ စစ်ကြီးမက်ကြီး၊ ရန်မီးအစဉ်"[၁]

ဟူ၍ လုံးတွဲနာမ်တို့ဖြင့် ရေးသားထားသည်။ ထိုလုံးတွဲနာမ်အသုံးတွင် ချစ်ထုံးနှင့် ရန်မီးတို့သည် ဒြပ်မဲ့ကို ဒြပ်ရှိ၍ တင်စားထားသည့်အတွက် သမာဓိဂုဏ်မြောက်ပြီး ဆန့်ကျင်ဘက် ၂ခုကို နှိုင်းယှဉ်သုံးထားသည့်အတွက် အနက်အားကောင်းပြီး ဝေဿန္တရာမင်းကြီး၏ တိုင်းပြည် ၂ ပြည် အပေါ်ထားသော စေတနာပို၍ ပေါ်လွင်လာသည်။

ကလိင်္ဂရာဇ်ပြည်၌ မိုးခေါင်၍ အစာရေစာ ရှားပါးပြီး ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်နေချိန်တွင် ဥပုသ်သီလ ဆောက်တည်ကြသော်လည်း မိုးမရွာပေ၊ ထိုအချိန်တွင် ဝေဿန္တရာမင်း၏ ဆင်ဖြူတော်ကိုအလှူခံရန် လူမှုရေးရာ ကျွမ်းကျင်သော ပုဏ္ဏားတို့အား စေလွှတ်ပုံကို–

"အမှုအခွင့်အရေးအရာ၌ လိမ္မာရဲရင့်သော ပုဏ္ဏားရှစ်ယောက်ကို"[၂]

ဟု သုံးထားသည်။ ထိုအသုံးတွင် 'အမှု' 'အခွင့်အရေး' 'အရာ' ဟူသော လုံးတွဲနာမ်၏ နောက် '၌' ဝိဘတ်ဆက်ပြီး ထို့နောက် 'လိမ္မာရဲရင့်' ဟူသော လုံးတွဲကြိယာကို ဆက်တိုက်သုံး၍ ပုဏ္ဏားတို့၏ဂုဏ်ရည်ကို ဖော်ကျူးထားသည်။ အဓိပ္ပာယ်ဆက်စပ်မှု ရှိသော အနက်အားကောင်းသော အသုံးများသုံး၍ ရေးသားထားသောကြောင့် စာဟန်

---

[၁] သြဘာသ၊ ဦး၊ စာ ၇၇။
[၂] သြဘာသ၊ ဦး၊ စာ ၄၇။

ခံ့ညားလာစေသည်။ ဓာတ်ဆောင်တို့၏ ဂုဏ်ပုဒ်သည်လည်း ထင်ရှားလာသည်။ ထို့ပြင် အလှူခံပုဏ္ဏားမျှ၏ ပုံသဏ္ဍာန်ကို ဖော်ညွှန်းရာ၌–

"သွားချေးထူထူ ဖြူနီကြောင်ကြား နှုတ်သီးဖျားမိုမို"[၁]

ဟူသော လုံးတွဲနာမ်တို့ဖြင့် ရေးသားထားရာ အလှူခံပုဏ္ဏားမျှ၏ ပုံသဏ္ဍာန်မှာ ပေါ်လွင်လာရပေသည်။

ဝေဿန္တရာမင်းမွေးဖွားသည့်အချိန်တွင် ရောက်ရှိလာသောဆင်ဖြူတော်ကို မင်းကြီးက ပုဏ္ဏားတို့အား လှူလိုက်သည့်အခါ ပြည်သူပြည်သားတို့ မကျေမနပ်ဖြင့် ဝေဿန္တရာမင်းအကြောင်း ဖခမည်းတော် သိဥ္စည်းမင်းထံ တိုင်ကြားသော ပြောစကားများတွင် ဆင်ဖြူတော်ကို–

"အကျွန်ုပ်တို့၏ မျက်ရစ်တန်ဆာ ရတနာဆင်ဖြူတော်"[၂]

"ဆင်ဖြူ ဆင်မြတ် ဆင်များထွတ်"[၃]

ဟု သုံးနှုန်းရေးသားထားသည်။ ထိုအသုံးတွင် 'မျက်ရစ်တန်ဆာ' 'ရတနာ' ဟူသော လုံးတွဲနာမ်အသုံးတို့သည် ဆင်ဖြူတော်ကို ညွှန်းဆိုသော နာမဝိသေသနများဖြစ်၍ 'ဆင်မြတ်'နှင့် 'ဆင်များထွတ်'သည် ဆင်ဖြူကို ညွှန်းသော နာမဝိသေသနအသုံးများ ဖြစ်ကြသည်။ ထိုအသုံးတွင် တိုင်းသူပြည်သားတို့က ဆင်ဖြူတော်အပေါ် အားကိုးအားထား ပြုသော မြတ်နိုးသော စိတ်ထားများ ပေါ်လွင်နေပေသည်။

ဝေဿန္တရာမင်းက ဆင်ဖြူကို လှူလိုက်၍ တိုင်းပြည်မှ နှင်ထုတ်ခံရသည့်အခါ၊ မဒ္ဒီဒေဝီအား နေရစ်ရန် ပြောသော်လည်း မဒ္ဒီဒေဝီက မနေရစ်ဘဲ ခင်ပွန်းသည် မင်းကြီးနှင့်လိုက်မည့်အကြောင်းနှင့် သူတို့သွားရမည့် ဟိမဝန္တာတောအကြောင်းကို ချီးမွမ်းပြောဆိုပါသည်။ ထိုသို့ ပြောဆိုရာတွင် နန်းတော်နှင့် ဟိမဝန္တာတော မတူသော အခြေအနေ ၂ခုကို တူညီသယောင် တင်ပြရာ၌ နန်းတော်ကို–

"ပြည်မရတနာ နန်းအောင်ချာ"[၄] "အောင်ချာကြငှန်းရွှေပြည်နန်း"[၅]

"ရာဇဌာနီမင်းနေပြည်"[၆] "ကနက်ဥကင် နန်းသဘင်"[၇]

---

[၁] သြဘာသ၊ ဦး၊ စာ ၂၈။
[၂] သြဘာသ၊ ဦး၊ စာ ၃၂။
[၃] သြဘာသ၊ ဦး၊ စာ ၃၂။
[၄] သြဘာသ၊ ဦး၊ စာ ၄၅။
[၅] သြဘာသ၊ ဦး၊ စာ ၄၅။
[၆] သြဘာသ၊ ဦး၊ စာ ၄၆။
[၇] သြဘာသ၊ ဦး၊ စာ ၄၇။

ဟူသော လုံးတွဲနာမ်များဖြင့် ရေးဖွဲ့ထားပြီး ဟိမဝန္တာတောကို–

"တောရိပ်မြိုင်ချောင်"[၁] "ရဂုံမြိုင်ခွင်"[၂] "စုံမြိုင်ခွင်"[၃]

"ဟိမဝန္တာ သာယာစုံလင် မြိုင်တောခွင်"[၄]

ဟူသော လုံးတွဲနာမ်များဖြင့် ရေးဖွဲ့ထားသည်။ ထိုသို့ လုံးတွဲနာမ်များဖြင့် သမာသ်ပုဒ်ဖွဲ့ကာ နန်းတော်နှင့် လိုက်ဖက်သည့်အသုံး တောနှင့်လိုက်ဖက်သည့် စကားသုံးတို့ဖြင့် ဆီလျော်မှုရှိအောင်လည်း တင်ပြထားသည် စကားသုံးမထပ်အောင် တင်ပြထားသဖြင့် ဒေသ ၂ခု၏ ကွာခြားပုံပေါ်လွင်လာသည်။ ထိုတင်ပြမှုတွင် ဆရာတော်၏ စကားသုံးကျွမ်းကျင်မှု၊ အနက်အဓိပ္ပာယ် အားကောင်းသောမှုတို့ကြောင့် ဒေသနောက်ခံ ပီပြင်ပေါ်လွင်လာပေသည်။

ဆရာတော်၏ လုံးတွဲနာမ်၏အသုံးများကို လေ့လာကြည့်လျှင် အဓိပ္ပာယ်ဆက်စပ်သော အဆင့်တူ နာမ်စကားလုံးများ၊ အဓိပ္ပာယ်တစ်ခုချင်းရှိသော နာမ်စကားလုံးများကို လိုအပ်သလို တွဲစပ်ကာ လုံးတွဲနာမ်အဖြစ် သုံးနှုန်းထားသည်။ အချို့သော လုံးတွဲနာမ်တို့ကို ဆက်တိုက်ရေးပြီး လုံးတွဲနာမ်တစ်ခုက တစ်ခုကို ညွှန်းသော နာမဝိသေသနအနေဖြင့် တွဲစပ်ထားလေ့ရှိကြောင်း တွေ့ရသည်။ တွဲစပ်သုံးနှုန်းထားသော လုံးတွဲနာမ်တို့၏ အနက်အဓိပ္ပာယ် အားကောင်းမှုကြောင့် ဝတ္ထုတွင်ပါသော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့၏ ပုံသဏ္ဍာန်မှာ ပို၍ပီပြင်လာသည်။

## ၃၊ ၂၊ ၃။ လုံးတွဲကြိယာအသုံးတို့ကြောင့် ဇာတ်လမ်း ဇာတ်ဆောင်တို့ ပီပြင်လာပုံ။

ဝေဿန္တရာဇာတ်တော်ကြီးသည် ဆရာတော် မင်းပူးဦးသြဘာ၏ လက်ရာကောင်းမွန်မှုကြောင့် အကောင်းဆုံး ဇာတ်တော်ကြီးဝတ္ထုဟု ပညာရှင်တို့၏ ချီးကျူးဂုဏ်ပြုခဲ့ရသော ဝတ္ထုဖြစ်ပါသည်။ ဆရာတော်၏ လက်ရာကောင်းမွန်မှုတွင် စကားအသုံးအနှုန်း ပိုင်နိုင်ကျွမ်းကျင်မှုသည်လည်း ပါဝင်ပေသည်။ ဆရာတော်၏ စကားအသုံးအနှုန်းပိုင်းတွင် လုံးချင်းကြိယာအသုံးထက် လုံးတွဲကြိယာအသုံးများကို ပို၍အသုံးပြု ရေးသားထားသည်ကို တွေ့နိုင်သည်။

ဝေဿန္တရာမင်း၏ မယ်တော် ဖုဿတီမိဖုရားသည် အတိတ်ဘဝ တစ်ခုက ဗန္ဓုမတီမင်း၏ သမီးတော်ဖြစ်ခဲ့သည်။ ဗန္ဓုမတီမင်း၏ သမီးတော်(၂)ပါးသည် ဝိပဿီ

[၁] သြဘာသ၊ ဦး၊ စာ ၄၇။

[၂] သြဘာသ၊ ဦး၊ စာ ၄၇။

[၃] သြဘာသ၊ ဦး၊ စာ ၄၅။

[၄] သြဘာသ၊ ဦး၊ စာ ၄၆။

မြတ်စွာဘုရားအား စန္ဒကူးနံ့သာအမှုန့်၊ ရွှေပန်းကုံးရင်လွှမ်းတန်ဆာတို့ကို ရွှေပန်းကလပ်ပေါ်တင်၍ လှူဒါန်းကြပြီး ဆုတောင်းခဲ့ကြသည်။ သမီးတော်အကြီးက 'လူသုံးပါးတို့၏ ဆရာဖြစ်သော မယ်တော်ဖြစ်ရပါလို၏'ဟု ဆုတောင်းခဲ့ပါသည်။ ထိုမင်းသမီး (၂)ပါးသည် ထိုဘဝမှစ၍ အပါယ်လေးပါးသို့ မလားဘဲ နတ်ပြည် လူ့ပြည်တို့၌ ဖြစ်တည်နေကြပုံကို–

"စုန်ဆန် လူးလာကျင်လည်"[၁]

ဟူ၍ သုံးထားသည်။ ထိုအသုံးတွင် 'စုန်ဆန်' သည် ဆန့်ကျင်ဘက် ကြိယာ ၂လုံး၊ 'လူးလာ' 'ကျင်လည်' ဟူသော ကြိယာ ၂လုံးတို့ဖြင့် 'ပေါင်းစပ်ထားသည်။ ထိုစကားလုံးတွင် 'စုန်ဆန်' 'လူးလာ' ဟူသော လုံးတွဲကြိယာသည် ကြိယာဝိသေသန အဖြစ်သုံးထားပြီး 'ကျင်လည်' ဟူသော ကြိယာကို ထောက်ပံ့ပေးထားခြင်း ဖြစ်သည်။ ထိုလုံးတွဲကြိယာအသုံးစုကြောင့် မင်းသမီး(၂)ပါး၏ စိတ်ထားနှင့် ထိုစိတ်ထားကြောင့် သူတို့၏ ဘဝဖြစ်တည်မှုကို ပေါ်လွင်စေသော အသုံးပင် ဖြစ်သည်။

ဝေဿန္တရာမင်း၏ မယ်တော် ဖုဿတီမိဖုရား မဖြစ်ခင် သိကြားမင်း၏မိဖုရား ဖုဿတီနတ်သမီး ဘဝ စုတေခါနီးတွင် သိကြားမင်းက ခေါ်သောအာလုပ်တွင်–

"ပျောင်းပျော့ ကျစ်လျစ် ပြေပြစ်ညံ့နု" ဥရ လဏ္ခဏာ[၂] ဖြင့်[၃]

ဟု လုံးတွဲကြိယာအသုံးတို့ဖြင့် သုံးထားသည်။ ထိုအသုံးတွင် 'ပျောင်းပျော့' 'ကျစ်လျစ်' 'ပြေပြစ်' 'ညံ့နု' ဟူသော လုံးတွဲကြိယာ ၄လုံး ဆက်တိုက်သုံး၍ ရေးသားထားသည်။ အဓိပ္ပာယ်မတူညီသော်လည်း ဆက်စပ်မှုရှိသော အဓိပ္ပာယ်တို့ဖြင့် ကပ်၍ သုံးထားခြင်း ဖြစ်သည်။ ထိုအသုံးတို့တွင် မြန်မာ ကြိယာတို့ဖြင့် ဆက်တိုက် တွဲစပ်သုံးထားပြီး အဆုံးတွင် ပါဠိဘာသာ ကြိယာနှင့်နာမ်တို့ကို တွဲစပ်သုံးနှုန်းထားသည်။ ထိုအသုံးတွင် လုံးတွဲကြိယာအသုံးများ တွဲစပ်ပြီး နာမဝိသေသနအဖြစ် အသုံးပြုထားခြင်း ဖြစ်ပေသည်။ ထိုသို့ အားကောင်းသော လုံးတွဲအသုံးတို့ကြောင့် ဖုဿတီနတ်သမီး၏ ကောင်းခြင်းနှင့် ပြည့်စုံသော ခန္ဓာကိုယ်အလှမှာ ပေါ်လွင်ထင်ရှားလာလေသည်။ ထို့ပြင် သိကြားမင်းက ခေါ်ဝေါ်သည့် အာလုပ်ပုဒ်တွင် ထည့်သွင်းသုံးနှုန်းထားခြင်းဖြစ်၍ သိကြားမင်းမှ မိဖုရားအပေါ် ချစ်ခင်မြတ်နိုးမှုလည်း ပေါ်လွင်စေသည်။

ဖုဿတီမိဖုရားတောင်းသော သားဆုတွင်–

---

[၁] ဩဘာသ၊ ဦး၊ စာ ၃၂။

[၂] ဥရ–ပါ– ကြီးမားသည်။ (ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၂၄၅။)
လဏ္ခဏာ–ပါ– အမှတ်အသား (ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၈၂၃။)

[၃] ဩဘာသ၊ ဦး၊ စာ ၄၅။

"အလိုရှိတိုင်း ပေးလှူစွန့်ကြဲတတ်သည်ဖြစ်၍ ဝန်တို ပိတ်ပင်
စဥ်းလဲခြင်း မရှိ၊ မင်းတစ်ပါးတို့ ပူဇော်ထိုက်သော"[၁]

ဟူသော လုံးတွဲကြိယာများ ဆက်၍ထားသည်။ ထိုသားဆုတွင် ရရှိလာမည့် သား၏ စိတ်နေစိတ်ထားကို ညွှန်းဆိုနေသော အသုံးများဖြင့် သုံးထားခြင်း ဖြစ်သည်။ 'ပေး' 'လှူ' 'စွန့်ကြဲ' ဟု တစ်လုံးချင်း အဓိပ္ပာယ်ခြင်း ဆက်စပ်မှုရှိသော လုံးတွဲအသုံး၊ 'ဝန်တို' 'ပိတ်ပင်' 'စဥ်းလဲ' ဟူသော လုံးတွဲအသုံး ၃ ခုဖြင့် ဆက်၍သုံးသော အသုံးတို့ဖြင့် ဆက်၍သုံးထားသည်။ ထို့အပြင် 'ပေးလှူစွန့်ကြဲ'နှင့် ဆန့်ကျင်ဘက် အနက်ရှိသော 'ဝန်တို ပိတ်ပင်စဥ်းလဲ' တို့ကို တွဲသုံးထား၍ အနက်အဓိပ္ပာယ်ပို၍ အားကောင်းလာစေသည်။ ထိုအသုံးတို့ကြောင့် ရှေ့ဆက်ဖြစ်လာမည့် ဇာတ်ဆောင်၏ အကျင့်စာရိတ္တ စိတ်နေစိတ်ထားကို နိမိတ်သဖွယ် ဖြစ်တည်လာသည်။ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို ပံ့ပိုးပေးထားသည့် လုံးတွဲအသုံးတို့ပင် ဖြစ်ပေသည်။

ဖုဿတီ၏ ဆုတောင်းတစ်ခုတွင်–

"အကျွန်ုပ်၏ အစွမ်းဖြင့် နုတ်ယူကယ်ဆောင်လို၏"[၂]

ဟု ဖော်ပြထားသည်။ ထိုအသုံးတွင် 'နုတ်' 'ယူ' ခြင်း လုံးချင်းကြိယာ ၂ လုံး၊ 'ကယ်' 'ဆောင်' ခြင်း ဟူသော လုံးချင်းကြိယာ ၂လုံးသုံးထားပြီး 'နုတ်ယူ' ပြီးမှ 'ကယ်ဆောင်' ပြုလုပ်ရမည်ဖြစ်၍ တစ်ခုပြီးမှ တစ်ခု လုပ်ဆောင်ခြင်းသဘော၊ သက်ရောက်စေပြီး ဖုဿတီနတ်သမီး၏ စိတ်ထားကိုလည်း ပေါ်လွင်စေသော အနက်အားကောင်းသော အသုံးပင် ဖြစ်ပါသည်။

ဘုရားအလောင်း ဝေဿန္တရာမင်းသား ဖွားမြင်လာပုံကို–

"မယ်တော်ဝမ်းမှ မွေးသန်ခြင်းမရှိ မငြိမတင် စင်ကြယ်သန့်ရှင်းစွာ
မျက်စိတော်ဖွင့်လျက် ဖွားတော်မူ၏"[၃]

ဟူ၍ ရေးသားထားသည်။ ထိုဝါကျတွင် 'မွေးသန်း' 'မငြိမတင်' ဟူသော လုံးတွဲအသုံးတို့ဖြင့် အညစ်အကြေးမရှိပုံကို တင်ပြထား၍ 'စင်ကြယ်' 'သန့်ရှင်း' ဟူသော လုံးတွဲကြိယာအသုံးကို အထူးပြု ရေးသားထားသည်။ မဒ္ဒီဒေဝီအလှကို–

[၁] ဩဘာသ၊ ဦး၊ စာ ၁၆။
[၂] ဩဘာသ၊ ဦး၊ စာ ၁၆။
[၃] ဩဘာသ၊ ဦး၊ စာ ၂၁။

> "မင်းယောကျ်ားတို့ စိတ်ကို ယိုဖိတ်ညွတ်နူး မူးယစ်အောင် လှသောကြောင့်"[၁]

ဟူ၍ လုံးတွဲကြိယာ အသုံးတိုဖြင့် တင်ပြထားသည်။ ထိုအသုံးတွင် 'ယို' 'ဖိတ်' 'ညွတ်' 'နူး' 'မူး' 'ယစ်' ဟူသော လုံးချင်းအသုံး ၆ လုံးတို့ကို ဆက်စပ်၍ 'ယိုဖိတ်' 'ညွတ်နူး' 'မူးယစ်'ဟု အဓိပ္ပာယ်ဆက်စပ်မှုရှိသော လုံးတွဲ (၃)လုံးဖြင့် ဆက်စပ်သုံးထားပြီး ထိုမှ တစ်ဆင့် 'ယိုဖိတ်ညွတ်နူး'သည် စိတ်ခံစားမှုဖြစ်စဉ်တွင် ပထမခံစားပြီးမှ 'မူးယစ်' ဟူသော အသုံးသည် နောက်တစ်ဆင့် ခံစားခြင်း ဖြစ်သည်။ ခံစားမှုဖြစ်စဉ်တို့ကို ဆင့်၍သုံးနှုန်းထားသည့်အတွက် မဒ္ဒီဒေဝီ၏အလှ ပို၍ပေါ်လွင်လာသကဲ့သို့ ဆရာတော်၏ စကားသုံး ကျွမ်းကျင်ပိုင်နိုင်မှုကိုလည်း တွေ့နိုင်သည်။

ဖုသတီဒေဝီသည် သားတော်တိုင်းပြည်မှ နှင်ထုတ်ခံရသည်ကို သိသည့်အခါ ဝမ်းနည်းစွာ ငိုကြွေးပုံကို–

> "မြည်တမ်းမဆည်၊ မျက်ရည်ဖြိုးဖျ၊ တွေ့နိုး မြင်နိုး ညှိုးချုံး ငိုကြွေးလျက်၊ ပြေးယောင် ရှာယောင် တောင်မြောက်လူးလည် အူသည်းဆွေးကြေ၍"[၂]

ဟူ၍ လုံးတွဲကြိယာများ သုံး၍ အမူအရာကို ပေါ်လွင်အောင် ဖွဲ့ဆိုရေးသားထားသည်။ သားသမီးအတွက် အိမ်ခြွေမရ ငိုကြွေးနေပုံ၊ နှုတ်မှလည်း မြည်တမ်းပုံတို့ ပေါ်လွင်အောင် တင်ပြပြီးမှ အဆုံးစွန်တိုင် ခံစားနေရမှုကို ပေါ်လွင်စေသော 'အူသည်းဆွေးကြေ' ဟူသော အသုံးဖြင့် တင်ပြထားသည် ဆရာတော်၏ အသုံးအနှုန်း ပိုင်နိုင်မှုကြောင့် ဖုသတီမိဖုရားပေါ် သနားကရုဏာသက်ဖွယ် ခံစားလာရစေပါသည်။

ဆရာတော်၏ လုံးတွဲကြိယာအသုံးများကို လေ့လာကြည့်လျှင် အဓိပ္ပာယ်ဆက်စပ်သော အဆင့်တူ ကြိယာစကားလုံးများ၊ အဓိပ္ပာယ်တစ်ခုချင်းရှိသော ကြိယာစကားလုံးတို့ကို လိုအပ်သလို တွဲစပ်ကာ လုံးတွဲကြိယာအဖြစ် သုံးနှုန်းထားသည်။ အချို့သော လုံးတွဲကြိယာတို့ကို ဆက်တိုက်ရေးပြီး လုံးတွဲကြိယာတစ်ခုက တစ်ခုကို ညွှန်းသော ကြိယာဝိသေသနအနေဖြင့် တွဲစပ်ထားလေ့ရှိကြောင်း တွေ့ရသည်။ တွဲစပ်သုံးနှုန်းထားသော လုံးတွဲကြိယာတို့၏ အနက်အဓိပ္ပာယ် အားကောင်းမှုကြောင့် ဝတ္ထုတွင်ပါသော ဇာတ်လမ်း၊ ဇာတ်ဆောင်တို့သည် ရုပ်လုံးကြွ ပီပြင်လာကြပြီး စာဟန်လေးနက် ခံ့ညားအောင်လည်း ထောက်ပံ့ပေးနေပါသည်။

---

[၁] သြဘာသ၊ ဦး၊ စာ ၂၅။

[၂] သြဘာသ၊ ဦး၊ စာ–၅၄။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ဂန္ထဝင်မြောက်စာပေဖြစ်သည့် ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုမှ အနက်အဓိပ္ပာယ် အားကောင်းသော (လုံးတွဲ)စကားသုံးများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ (လုံးတွဲ)စကားသုံးများ သုံးစွဲခြင်းသည် ရှေးစာပေတို့၏ ယေဘုယျ လက္ခဏာတစ်ရပ် ဖြစ်သည်။ ဝေဿန္တရာဇာတ်တော်ကြီး၏ အားကောင်းသောအသုံး (လုံးတွဲ)တို့ကို လေ့လာကြည့်လျှင် လုံးတွဲနာမ်အသုံးများ အဓိပ္ပာယ်ဆက်စပ်မှုရှိသော နာမ်စကားလုံးများ၊ အဓိပ္ပာယ်တစ်ခုချင်းရှိသော နာမ်စကားလုံးများကို လိုအပ်သလို တွဲစပ်ကာ လုံးတွဲနာမ်အဖြစ်ကို သုံးနှုန်းထားသည်ကို တွေ့နိုင်သည်။ အချို့သော လုံးတွဲနာမ်တို့ကို နာမဝိသေသနသဘောဖြင့် သုံးနှုန်းထားသည်။ လုံးတွဲနာမ်များကို ရုပ်ပုံသဏ္ဌာန်၊ စိတ်သဏ္ဌာန်တို့ကို သရုပ်ဖော်ရာ၌ အများဆုံး အသုံးပြုထားသည်။

လုံးတွဲကြိယာအသုံး၌ ကြိယာ တစ်လုံးချင်း ဆက်စပ်၍ လုံးတွဲအဖြစ်သုံးထားသည်။ လုံးတွဲကြိယာအသုံးများကို ဆက်တိုက်သုံးသည့်အခါ တစ်ခုပြီးမှတစ်ခု ဆောင်ရွက်ရခြင်း အဓိပ္ပာယ်သက်ရောက်သည့် စကားသုံးများကို တွဲစပ်သကဲ့သို့ အဓိပ္ပာယ်ချင်း နီးစပ်သည့် အသုံးများကို ယှဉ်တွဲသုံးစွဲထားသည်ကို တွေ့ရသည်။ ဆက်စပ်သည့် သဘောဖြင့်သုံးသော လုံးတွဲများတွင် ရှေ့လုံးတွဲကြိယာက ကြိယာဝိသေသန သဘောသက်ရောက်နေတတ်သည်ကို တွေ့နိုင်သည်။ လုံးတွဲကြိယာများကို ခံစားမှု၊ အဖြစ်အပျက် အခြေအနေတို့ကို သရုပ်ဖော်ရာ၌ အများဆုံး အသုံးပြုထားသည်။

စကားလုံးများကို လိုအပ်သလို တွဲစပ်ကာ လုံးတွဲနာမ်၊ လုံးတွဲကြိယာအဖြစ်သုံးနှုန်းလိုက်သည့်အတွက် အနက်အဓိပ္ပာယ် ပိုမိုအားကောင်းလာပြီး ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့သည် ပေါ်လွင်ပီပြင် ရုပ်လုံးကြွလာစေသည် သာမက အဖွဲ့ခံ အကြောင်းအရာဖြစ်သော ရှေးဇာတ်တော်ကြီးဝတ္ထုနှင့် လိုက်ဖက်စေသည်။ စာဟန် ခံ့ညားစေသည်။ ထို့ကြောင့် ဝေဿန္တရာဇာတ်တော်ကြီးသည် ဆရာတော် မင်းပူး ဦးဩဘာသ၏ အကောင်းဆုံး ဇာတ်တော်ကြီးဝတ္ထုဟု ပညာရှင်တို့က ချီးကျူးဂုဏ်ပြုခဲ့ကြခြင်း ဖြစ်ပေမည်ဟု လေ့လာသုံးသပ်မိပါသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာ့ဂန္ထဝင်စာပေတွင် ထင်ရှားသော မင်းပူးဆရာတော် ဦးသြဘာသ၏ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုမှ အားကောင်းသော စကားသုံးတို့ကို တစ်ထောင့်တစ်နေရာမှ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ တွေ့ရှိသမျှ စကားလုံးများထဲမှ စကားလုံးအချို့ကိုသာ လေ့လာတင်ပြထားခြင်း ဖြစ်သည်။ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုတည်း ဟူသော စာသမုဒ္ဒရာ၌ လုံးတွဲစကားလုံးများသည် လေ့လာလျှင် တွေ့ရှိနိုင်ဦးမည် ဖြစ်သည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်၊ ဓနုဖြူ၊ ၂၀၁၁။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ခင်မင်၊ မောင်၊ ဓနုဖြူ၊ ၂၀၁၇။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ၊*** ရန်ကုန်။ ပန်းရွှေပြည်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်၊ ဓနုဖြူ၊ ၂၀၁၇။ ***တစ်သံ နှစ်သံ သုံး လေးသံ၊*** ရန်ကုန်။ ပန်းရွှေပြည်ပုံနှိပ်တိုက်။

ဇော်ဂျီ၊ ၂၀၀၄။ ***ရသစာပေအဖွင့်နှင့်နိဒါန်း၊*** ရန်ကုန်။ စိတ်ကူးချိုချိုစာအုပ်တိုက်။

တင်ဇ၊ ဦး။ ၁၉၆၇။ ***လူထုအတွက် သိပ္ပံစာပေ၊*** ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

ဘုန်းနိုင်၊ တက္ကသိုလ်၊ ၁၉၈၁။ ***ဝတ္ထုရှည်စာတမ်း ပထမတွဲ၊ ပထမအကြိမ်၊*** ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့၊ ၁၉၉၁။ ***မြန်မာအဘိဓာန်။*** ရန်ကုန်။ ဖိုတိုလစ်သိုပုံနှိပ်တိုက်။

သုတ။ မောင်။ ၁၉၆၆။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ၊*** ရန်ကုန်။ ဟံသာဝတီပုံနှိပ်တိုက်။

သူရိယကန္တိ၊ ၁၉၆၇။ ***ဝတ္ထုရေးလိုသော်၊ ဒုတိယအကြိမ်၊*** ရန်ကုန်။ ချိုးဖြူပုံနှိပ်တိုက်။

ဟုတ်စိန်၊ ဦး။ ၁၉၉၉။ ***ပါဠိမြန်မာအဘိဓာန်။*** ရန်ကုန်။ ချမ်းသာရောင်စုံပုံနှိပ်တိုက်။

သြဘာသ၊ ဦး။ ။ ***ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထု။***

## နောက်ဆက်တွဲ

### လုံးတွဲနာမ်များ


| | |
|---|---|
| တိမ်ပုပ်တိမ်ထပ် | စာ–၂၄ |
| အမှုအခွင့် အရေးအရာ | စာ–၂၇ |
| နံ့သာ အမွှေးအထုံ ကာမဂုဏ်စည်းစိမ် | စာ–၅၂ |
| နေပူတံလျှပ် | စာ–၁၉၅ |
| ဝင်္ကပါဝရာ | စာ–၁၇၀ |


### လုံးတွဲကြိယာများ


| | |
|---|---|
| မြတ်နိုး ချစ်ခင် ကြင်နာစုံမက် | စာ–၁၅ |
| နှစ်လို့ရှုဖွယ် | စာ–၁၇ |
| မြတ်လေး ကြည်ဖြူ | စာ–၁၇ |
| အလွန်နှစ်လို့ မြတ်နိုးကြင်နာ | စာ–၁၉ |
| နုနယ် ကျစ်လျစ် အပြစ်ကင်းလွတ် | စာ–၂၂ |
| ပျောင်းညွတ် ခွေပျော့ | စာ–၂၄ |
| သိမ်းမြန်း စိုးစံ | စာ–၂၅ |
| ထုတ်စွန့် | စာ–၂၅ |
| အနိုင်အထက် လုယက်ဖျက်ဆီး | စာ–၂၆ |
| ပြင်းစွာမြည်တမ်းကြွေးကြော် | စာ–၂၆ |
| တွန်းဖယ်ပုတ်ခတ် | စာ–၃၁ |
| ကျိုးနွံပျပ်ဝပ် | စာ–၃၅ |
| ချမ်းငြိမ်းစံပယ် | စာ–၅၂ |
| ထွက်ဝင်ပျော်ပါးစံစား | စာ–၅၃ |
| မျက်ပွားရန်လိုဝန်တိုပိတ်ပင် | စာ–၅၇ |
| ထိတ်လန့်ရှိသေ | စာ–၇၂ |
| မွေးကျွေးသုတ်သင် | စာ–၁၄၆ |

| | |
|---|---|
| ချဲ့ဖွင့် | စာ–၁၄၇ |
| ရက်ကြောက်ရှိသေချစ်ခင်မြတ်နိုး | စာ–၁၄၈ |
| ရိုက်ပုတ်ဆဲရေး | စာ–၁၆၄ |
| ငြိုငြင်ဆင်းရဲ | စာ–၁၆၅ |
| သုတ်သင်ညှိညွှတ်ရှင်းလင်းခင်းကျင်း | စာ–၁၆၆ |
| ဖုတ်ကြည်းသင်္ဂြိုဟ် | စာ–၁၆၉ |
| ကျူးရင့်တွန်မြည်လည်ချင်းယှက်တင် | စာ–၁၇၀ |
| ယုတ်မာညစ်နွမ်းဆင်းရဲငြိုငြင် | စာ–၁၇၅ |
| ကြုံလှီဖျော့တော့လျော့ပါး | စာ–၁၇၆ |
| စိုးရိမ်ပူဆွေးနှိပ်စက် | စာ–၁၇၆ |
| သနားစုံမက် | စာ–၁၇၈ |
| ပျောင်းညွတ် | စာ–၁၇၉ |

# အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံးခေါ် ကဝိသေဋ္ဌမဉ္ဇူသာကျမ်း လေ့လာချက်

သီတာအောင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဦးအောင် စီရင်ရေးသားသည့် အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံး ခေါ် ကဝိသေဋ္ဌမဉ္ဇူသာကျမ်းကို လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ရှေးပညာရှင်ကြီးများ၏ အဆိုအမိန့်များကို ကိုးကား၍ ဘိုးတော်ဘုရား မေးတော်မူသမျှကို စကားပုံ၊ စကားစဉ်တို့ဖြင့် တင်လျှောက်သော ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော အမတ်ကြီး ဦးပေါ်ဦး၏ လျှောက်ထုံးများကို အလေ့လာခံအဖြစ် သတ်မှတ်လေ့လာပါသည်။ ဦးပေါ်ဦး၏ လျှောက်ထုံးများထဲမှ မြင်းစုဝန် ဦးမြတ်ထင်ကို ငယ်စဉ်ကပင် ထမ်းရွက်ဖူးသူဖြစ်၍ ကျေးဇူးရှိသည့်အတွက် ချီးမြှောက်ထိုက်ကြောင်းနှင့် အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်ကြောင်း လျှောက်ထုံး၊ ယိုးဒယားက ပြန်လာရသော အရေးအကြောင်းတွင် ခွေးလောင်းဖြစ်၍မကြံနိုင်ဟု သံတော်ဦး တင်ကြောင်း လျှောက်ထုံးနှင့် အမတ်ကြီးဦးပေါ်ဦးကို ရာဇဝတ်တော်နှင့် သိန္နီသို့ ပို့သည်ကို ပြဆိုခြင်းအကြောင်း လျှောက်ထုံး ၃-ခုကို အကြောင်း အရာပိုင်းနှင့် အရေးအသားပိုင်း ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***လျှောက်ထုံး၊ စကားသံ၊ စကားလုံး၊ စကား အသုံးအနှုန်း။***

## နိဒါန်း

ဤစာတမ်းပါ လျှောက်ထုံးကျမ်းများသည် မြန်မာစာပေလောကတွင် တန်ဖိုး ရှိသော၊ အလေးထားသင့်သော စာပေများဟု ထင်မြင်မိပါသည်။ လျှောက်ထုံးကျမ်း များသည် မြန်မာမင်းတို့က ပညာရှိအမတ်ကြီးများအား တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးအဖြာဖြာကို မေးမြန်းသည်တို့ကို အမတ်ကြီးများက ကျမ်းဂန် စာပေအကိုးအကားများဖြင့် လျှောက်တင်ချက်များကို မှတ်တမ်းတင်ထားသောကျမ်းများ ဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် ရှေးမြန်မာမင်းတို့၏ အုပ်ချုပ်ပုံနည်းနာများကို သိခွင့်ရပါသည်။ တိုင်းရေးပြည်မှု၌ မိမိတို့သဘောတစ်ခုတည်းနှင့် မဆုံးဖြတ်ဘဲ ပညာရှိမှူးမတ်များနှင့် တိုင်ပင်လေ့ရှိပုံကို သိရပါသည်။ ပညာရှိမှူးမတ်များအနေနှင့် အုပ်ချုပ်ရေးတွင် ဘုရင်ကို တည့်မတ်ထိန်းကွပ်ပေးရသည့်နေရာမှ ပါဝင်ရသူများ ဖြစ်သည့်အလျောက် ပင်ကိုဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု၊ စာပေကျမ်းဂန် လေ့လာ

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ကလေးတက္ကသိုလ်

တတ်ကျွမ်းမှု၊ တည့်မတ်မှန်ကန်သော စိတ်ထားရှိမှု ဆိုသည့် အရည်အသွေးများ ရှိရကြောင်း သိရပါသည်။ ပညာရှိအမတ်များအနေနှင့် မည်သည့်ဘက်မျှ မျက်နှာမလိုက်၊ အဂတိမလိုက်စားဘဲ တိုင်းပြည်မျက်နှာကိုကြည့်၍ အကြံပြုပေးပုံတို့မှာ လေးစားဖွယ် ဖြစ်ပါသည်။ ရှေးမြန်မာပညာရှိအမတ်များ၏ အရည်အချင်းနှင့် စိတ်ကူးစေတနာတို့ကို ခံစားရရှိနိုင်ပါသည်။ ပညာရှိကို နေရာပေးသော မြန်မာမင်းတို့၏ သဘောထားမှာလည်း နှစ်သက်ဖွယ် ဖြစ်ပါသည်။ မင်းနှင့်ပညာရှိမှူးမတ်တို့ ချစ်ခင်ရင်းနှီးစွာဖြင့် အပြန်အလှန် နားလည်ခွင့်လွှတ်ကြသည့် ဆက်ဆံရေးကို ဖတ်ရသည်မှာ ပရိသတ်အား ကြည်နူးစိတ်၊ နှစ်သက်စိတ် ဖြစ်ပေါ်စေပါသည်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအခေါ်၊ မြန်မာ့စိတ်ဓာတ်တို့ကို ခံစားရရှိနိုင်သည့် အဖိုးတန်စာပေများ ဖြစ်ပါသည်။ ထိုလျှောက်ထုံးစကားပြေများထဲမှ ဦးပေါ်ဦး၏ လျှောက်ထုံးကျမ်း ၃–ပုဒ်ကို အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းမှ လေ့လာတင်ပြထားပါသည်။

## ၁။ လျှောက်ထုံးစကားပြေ ဟူသည်

မြန်မာစာပေသမိုင်း၌ လျှောက်ထုံးစကားပြေကျမ်းများသည် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ ကိုးကွယ်ယုံကြည်မှုများနှင့် ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် စကားပြေများပင် ဖြစ်သည်။

မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီးကလည်း–

> "ရှေးမြန်မာမင်းတို့လက်ထက်က ဘုရင်များသည် ပညာရှိအမတ်ကြီးများနှင့် တိုင်ပင်လိုသောကိစ္စများ၌ တိုင်ပင်လေ့ရှိသည်။ ဘုရင်ကတိုင်ပင်၍ အမတ်ကြီးများက လျှောက်ထားသောအခါ ထုံးပုံသာဓကများနှင့် လျှောက်ထားလေ့ ရှိသည်။ ထိုလျှောက်ထုံးများကို ဝန်ထောက်များ၊ စာရေးတော်ကြီးများက မှတ်သား၍ ရွှေတိုက်တော်တွင် မှတ်တမ်းတင်ထားလေ့ ရှိသည်။ ညီလာခံတွင် ထိုလျှောက်ထုံးများကို ကြားနာကြသော ပညာရှိမှူးမတ်တို့ကလည်း မှတ်သား၍ အဆင့်ဆင့် ပြောကြားလေ့ရှိသည်။"[၁]

ဟူ၍ လျှောက်ထုံးသဘာဝကို ဖော်ပြခဲ့ပေသည်။

---

[၁] မောင်မောင်ကြီး၊ ဦး၊ ၁၉၈၃၊ ၁၅၄။

ရှေးဦးစွာ လျှောက်ထုံးနှင့်ပတ်သက်ပြီး မြန်မာအဘိဓာန်နှင့် မြန်မာအင်္ဂလိပ် အဘိဓာန်တို့တွင်–

> “လျှောက်ထုံး– ရှေးခေတ် မှူးမတ်ပညာရှိတို့၏ မှတ်သားဖွယ် လျှောက်ထားချက်”[၁]
>
> “လျှောက်ထုံး– //6 au? thò*ũ* thcompilation of learned discourses or memorable sayings presented to the king by scholars or ministers”[၂]

ဟု ပြည့်ရှင်မင်းအား လျှောက်ထားသည့် ပညာရှိမှူးမတ်တို့၏ လမ်းညွှန်စကားများ သို့မဟုတ် မှတ်သားဖွယ် အဆိုအမိန့်များ ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။

အလားတူ မြန်မာစာသုတေသနဂျာနယ် အတွဲ–၂ တွင်–

> “လျှောက်ထုံး ဟူသည်ကား ရှေးမြန်မာမင်းများအား မှူးမတ် ပညာရှိတို့က အကြောင်းအရာ မှုခင်းတစ်ရပ်နှင့် ပတ်သက်၍ မှတ်သားဖွယ် အကျိုးအကြောင်း အစဉ်အလာ လျှောက်ထားချက် များဖြစ်သည်။ မည်သို့ဆောင်ရွက်သင့်ကြောင်း အကျိုးအကြောင်း အဆိုးအကောင်းကို အကိုးအကား အထောက်အထားများဖြင့် ဆင်ခြင်ချင့်တွက် လျှောက်ထားချက်များ ဖြစ်သည်။”

ဟူ၍ လျှောက်ထုံး၏သဘောကို ဖွင့်ဆိုပြထားပါသည်။

ထို့ကြောင့် လျှောက်ထုံးစကားပြေဆိုသည်မှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး အသိအမြင် ဗဟုသုတတိုးပွားရေးတို့နှင့် ပတ်သက်ပြီး ရှင်ဘုရင် သို့မဟုတ် တိုင်းပြည်အကြီးအကဲတို့၏ မေးမြန်းချက်များကို မှူးမတ်ပညာရှိ၊ ရဟန်းပညာရှိတို့က အကြောင်းသင့်၊ အကျိုးသင့် ပြန်လည်ဖြေရှင်း လျှောက်ထားပုံများကို စကားပြေ အရေးအသားဖြင့် မှတ်တမ်းတင်ထားချက်များပင် ဖြစ်သည်။

## ၂။ ဘိုးတော်ဘုရားနှင့် အမတ်ကြီးဦးပေါ်ဦး

အမတ်ကြီးဦးပေါ်ဦးနှင့် ဘိုးတော်ဘုရားတို့၏ ဆက်စပ်ပတ်သက်မှုကို ရာဇဝင် များ၌ မတွေ့ရသော်လည်း မော်ဘီဆရာသိန်းကြီး ရေးသားသော ပါးစပ်ရာဇဝင် စာအုပ်တွင်လည်း စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပါသည်။ မော်ဘီဆရာသိန်းကြီး၏

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၃၅၂။

[၂] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၄၆၉။

စာစုများကို လေ့လာကြည့်သောအခါ အကြမ်းအားဖြင့် သုံးမျိုး သုံးစား တွေ့ရပါသည်။

မော်ဘီဆရာသိန်းသည် အထက်အညာတစ်ခွင်သို့ လှည့်လည်ရင်း ရှေးမှီ ပုဂ္ဂိုလ်များ၏ အမှတ်အသားများကို ကြားနာစုဆောင်းရာမှ ပါးစပ်ရာဇဝင်စာအုပ် ပေါ်လာခဲ့သည်။ ထိုပါးစပ်ရာဇဝင်စာအုပ်တွင် ဘိုးတော်ဘုရားနှင့် ငယ်ကျွန်များ အကြောင်းကို တွေ့နိုင်ပါသည်။ ပါးစပ်ရာဇဝင်တွင် ဘိုးတော်ဘုရားနှင့် မင်းမှုထမ်း၊ ငယ်ကျွန်များ ဆက်ဆံရေးများကို တွေ့ရသည်။ ဘိုးတော်ဘုရားက မိမိလက်ထက်၌ အဖြစ်အပျက်များကို ရာဇဝင်၌ မဖော်ပြရာဟု ဆိုထားသည်။ ရာဇဝင်တွင်မပါသော အကြောင်းအရာများကို ပါးစပ်ရာဇဝင်၌ တင်ပြထားပါသည်။ ပါးစပ်ရာဇဝင်တွင် ဘိုးတော်ဘုရားကို မင်းတစ်ပါးအဖြစ်မမြင်ဘဲ လူထဲက လူသားတစ်ဦးအဖြစ် မြင်ထားပါသည်။

ခရစ်သက္ကရာဇ် ၁၇၅၂ ခုနှစ် မှစ၍ ခရစ်နှစ် ၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူသည်အထိ နှစ်ပေါင်း ၁၃၀–ကျော်ကာလကို ကုန်းဘောင်ခေတ်ဟု ခေါ်လေသည်။ ကုန်းဘောင်ခေတ်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် မိဖုရားခေါင်ကြီးတို့တွင် သားတော် ၆ ပါး ရှိသည်။ အလောင်းမင်းတရားကြီးသည် သားတော်များကို အလွန်ချစ်ခင်၍ ထီးနန်းရေးရာ ရှုပ်ထွေးမည်ကို စိုးရိမ်သောကြောင့် ငါမရှိသည့်နောက် ငါ့သားတော်များသည် ထီးနန်းကို ကြီးစဉ်ငယ်လိုက် ဆက်ခံရန် မိန့်မှာတော်မူခဲ့သည်။ အလောင်းမင်းတရားကြီး နတ်ရွာစံပြီးနောက် သားတော်ကြီး နောင်တော်ကြီး ထီးနန်းဆက်ခံသည်။ ခမည်းတော်၏ ဆန္ဒအတိုင်း ညီတော် မြေဒူးမင်းသားကို အိမ်ရှေ့စံ ထားတော်မူသည်။ ညီတော် မြေဒူးမင်းသား ထီးနန်းဆက်ခံပြီးလျှင် ဆင်ဖြူရှင်ဘွဲ့ကို ခံယူတော်မူသည်။ ထိုမင်းနှစ်ပါးအပြင် အမြင့်မင်း၊ ဗဒုံမင်း (ခေါ်) ဘိုးတော်ဘုရား၊ ပုခန်းမင်း၊ ပင်းတလဲမင်း ဟူ၍ လေးပါး ကျန်ရှိသည်။ ဆင်ဖြူရှင်မင်းသည် ခမည်းတော်၏ဆန္ဒကို မလိုက်နာဘဲ သားတော် စဉ့်ကူးမင်းကို အိမ်ရှေ့စံ ပေးတော်မူသည်။ စဉ့်ကူးမင်းနန်းတက်သော အခါတွင် ဘထွေးတော် အမြင့်မင်းကို မသင့်သောအကြံကို ကြံစည်သည်ဟု ဆိုကာ ကွပ်မျက်စီရင်တော်မူသည်။ အခြားဘထွေးတော်များကိုလည်း အဝေးသို့ နှင်ခဲ့သည်။ ထိုသို့ဖြစ်သောကြောင့် ဗဒုံမင်း ခေါ် ဘိုးတော်ဘုရားသည် မင်းသားဘဝတွင် ဆင်းဆင်းရဲရဲ နေခဲ့ရသည်။ မောင်ပေါ်ဦးက မန်းကျည်းရွက်နု ရောင်းရသည်။ မောင်မြတ်ထင်က ဝန်းဖော်ကောင်းတုံရောက် လေ့ထိုးလိုက်၍ ကျွေးမွေးရသည်။ မိဖုရားကြီး မလွန်းမယ်က ဝါကြိတ်၊ ဝါဖန်၊ ဗိုင်းငင်၊ ချည်ချ၊ ယက်ဖောက်ယောက်၊ ရက်ကန်းယက်၊ ချည်စာဖီး၊ ချည်စာနယ်အလုပ်များကို လုပ်ကိုင်ခဲ့ကြရသည်။

ထိုသို့အားဖြင့် ဘိုးတော်ဘုရားသည် ၉–နှစ်တိုင်တိုင် ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရသည်။ သူ၏ငယ်ကျွန်တော်များသည် ဘိုးတော်ဘုရား အထွတ်အထိပ်သို့ ရောက်သောအခါ ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရသည်။ ကျော်ရွေးသည် မြေထဲမြို့စား ရန်ကုန်ဝန်ကြီး ဖြစ်ပါသည်။ မောင်ပေါ်ဦးသည် မင်းတိုင်ပင် အတွင်းဝန် လွှတ်တော်ဝန်ကြီး ဖြစ်လာသည်။ မောင်မြတ်ထင်သည် သက္ကပတ်မြင်းဝန်၊ လွှတ်တော်ဝန်၊ လွှတ်တော်အတွင်းဝန်ရာထူးဖြင့် သူကောင်းပြုခြင်း ခံရသည်။

အမတ်ကြီးဦးပေါ်ဦးသည် ဘိုးတော်ဘုရား လက်ထက်သာမက ဘကြီးတော်ဘုရား လက်ထက်တိုင်အောင် ပညာရှိအမတ်ကြီးအဖြစ် ခစားထမ်းရွက်ပြီး အခါအားလျော်စွာ လိုအပ်သလို အကြံပြု လျှောက်တင်ရသည်။ ဦးပေါ်ဦးသည် ဉာဏ်ပညာကြီးရုံသာမက အချိန်အခါ၊ အခြေအနေနှင့် ကိုက်ညီအောင် ဖန်တီးလျှောက်တင်တတ်သောကြောင့် ဒုက္ခနှင့်တွေ့သူများကိုလည်း ကယ်တင်နိုင်ခဲ့သည်။ ဘိုးတော်ဘုရား ဒေါသဖြစ်ချိန်တွင်လည်း ဒေါသပြေပြီးလျှင် စိတ်ကြည်လင်လာအောင် လျှောက်တင်နိုင်သည်။ မိမိပတ်ဝန်းကျင်ရှိ မှူးမတ်များကိုလည်း ဘုရင်မင်းမြတ်က အမျက်တော်ရှိသောအခါ အမျက်ပြေအောင် လျှောက်တင်နိုင်စွမ်း ရှိသည်။ ဘိုးတော်ဘုရားသည် ဦးပေါ်ဦးပြောသမျှကို ဗွေမယူဘဲ ပြုံးတော်မူကာ ခွင့်လွှတ်ထားလေ့ရှိသည်။ တစ်ခါတစ်ရံလည်း စိတ်အငြိးတော်ပြေစေရန် ဦးပေါ်ဦးအား မေးခွန်းများထုတ်၍ ဖြေကြားလျှောက်တင်စေသည်။ ဦးပေါ်ဦးလျှောက်ထုံးကို လေ့လာခြင်းဖြင့် အရှင်သခင်နှင့် ငယ်ကျွန်တို့သည် ဆင်းရဲချိန်တွင်လည်း အတူတူ မျှဝေခံစားခဲ့ကြသည်။ အရှင်သခင် အထွတ်အထိပ်သို့ ရောက်သောအချိန်တွင်လည်း ငယ်ကျွန်များကို မမေ့ဘဲ မိမိအပါးတွင် မြှောက်စားချီးမြှင့်ထားသည်။ ငယ်ကျွန်တို့ကလည်း ဆင်းရဲစဉ်က နစ်နာခံ၍ ခစားသကဲ့သို့ အထွတ်အထိပ်သို့ ရောက်သောအခါတွင်လည်း မိမိတို့၏စွမ်းအားရှိသလောက် ဘိုးတော်ဘုရားအား လုံခြုံအောင် ကာကွယ်ပေးကြသည်။ အကြံကောင်း ဉာဏ်ကောင်းများ ပေးကြသည်။ အခက်အခဲပြဿနာများနှင့် ကြုံတွေ့သောအခါတွင်လည်း ဖြေရှင်းပေးလေ့ရှိကြသည်ကို ကြည်နူးဖွယ် ခံစားသိရှိရပါသည်။ ဘိုးတော်ဘုရားက မိမိလက်ထက်တွင် အမတ်ကြီးဦးပေါ်ဦးအား အလွန်အမင်း မြှောက်သွားမည်စိုး၍ လွန်လွန်ကျူးကျူး မချီးမြှင့်ခဲ့သော်လည်း သားတော်များလက်ထက်တွင် သူ့ထက်ပို၍ မြှောက်စားချီးမြှင့်ရန် မှာကြားခဲ့သည်ဟု သိရှိရပါသည်။

အမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထုံး ခေါ် ကဝိသေတ္တာမဉ္ဇူသာကျမ်းကို စာတော်ပြန်ဆရာသိန်း စီမံရေးသားခဲ့သည်။ ပထမတွဲ၊ ဒုတိယတွဲ ဟူ၍ နှစ်တွဲ ပြန်လည်ထုတ်ဝေခဲ့သည်။

## ၃။ အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံးခေါ် ကဝိသေတ္တာမဥ္ဇူသာကျမ်းလေ့လာချက်

ပညာရှိအမတ်ကြီးဦးပေါ်ဦး လျှောက်ထုံး ဟူ၍ ရေးသူမဖော်ပြဘဲ ထုတ်ဝေသည့် ခုနှစ်လည်း မပါသော စာအုပ်တွင်မူ စာတစ်အုပ်တည်း၌ပင် ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲဟု ၃–ပိုင်း ခွဲခြားတင်ပြထားသည်။ ပထမတွဲတွင် ဘိုးတော်ဘုရား လက်ထက်၌ လျှောက်တင်သော လျှောက်ထုံးများကို ဖော်ပြထားသည်။ ဒုတိယတွဲတွင် ဖန်နန်းရှင် ခေါ် ဘကြီးတော်ဘုရားလက်ထက်၌ လျှောက်တင်သော လျှောက်ထုံး များကို ဖော်ပြထားသည်။ တတိယတွဲတွင် ဘကြီးတော်ဘုရား၏ညီတော် ကုန်းဘောင်မင်း လက်ထက်တွင် လျှောက်ထားသော လျှောက်ထုံးနှင့် မင်းကြီးအား အမတ်ကြီးက ဆက်သွင်းသော ဘုန်းတော်ဘွဲ့၊ ရာသီဘွဲ့ ကဗျာများနှင့်အတူ ဘိုးသူတော်ဦးမင်း၏ ကဗျာများကို ပေါင်းစည်းတင်ပြထားပါသည်။ ဤစာတမ်းတွင်မူ ဘိုးတော်ဘုရား လက်ထက်တွင် လျှောက်တင်သော လျှောက်ထုံးများအနက်မှ လျှောက်ထုံး ၃–ပုဒ်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

### ၃၊ ၁။ မြင်းစုဝန်ဦးမြတ်ထင်ကို ငယ်စဉ်ကပင် ထမ်းရွက်ဖူးသူဖြစ်၍ ကျေးဇူးရှိသည့် အလိုက် ချီးမြှောက်ထိုက်ကြောင်းနှင့် အမတ်ကြီးဦးပေါ်ဦးက သံတော်ဦး တင်သော အကြောင်း

#### ၃၊ ၁၊ ၁။ အကြောင်းအရာပိုင်း လေ့လာချက်

အဆိုပါလျှောက်ထုံးသည် ဘိုးတော်ဘုရား၏ ငယ်ကျွန်များနှင့် ပတ်သက် နေသည်။ ဘိုးတော်ဘုရား ဆင်းရဲစဉ်က အတူနေခစားထမ်းရွက်၍ လုပ်ကျွေးပြုစု ခဲ့သော ကျွန်တော်များသည် ဘိုးတော်ဘုရား အထွတ်အထိပ်သို့ ရောက်သောအခါ ရာထူးဘွဲ့ထူးများ ချီးမြှင့်ခံခဲ့ရသည်။ ဦးကျော်ရွှေသည် ရန်ကုန်မင်းကြီးရာထူးကို ခန့်ထားခံရသည်။ ဦးပေါ်ဦးသည် ရဲတိုက်အတွင်းဝန်မင်းကြီး ရာထူးကို ရရှိသည်။ ငမြတ်ထင်မှာမူ ဘိုးတော်ဘုရား အထွတ်အထိပ်သို့ရောက်စဉ်တွင် အဝေးသို့ ရောက်နေ ရာမှ အကျိုးအကြောင်းသိရှိပြီး မိမိယာခင်းမှ ဖရုံ၊ ဖရဲ စသော အသီးများကို တောင်းကြီးများနှင့်ထည့်၍ ရောက်ရှိလာခဲ့သည်။ ဘိုးတော်မင်းတရားနှင့် မိဖုရားကြီး ထံသို့ ငမြတ်ထင်ဝင်ရောက်ခစားသောအခါ ဘိုးတော်ဘုရားက–

> "မြတ်ထင်သည် အိမ်တော်မှာစံစဉ်ကတည်းက ပြန်သွားသည် ကြာအားကြီးလှပေတကား။ လူများ သို့လောက်မိုက်တော့ အလိုက် မသိအောင် ဖြစ်တော့သည်။ အကယ်ဆိုလျှင် ကိုယ်၏သခင် မင်းအဖြစ်သို့ ရောက်သည်ကိုကြားက အပါးတော်သို့ လာရောက်

> သင့်သည်။ မောင်မင်း ပြန်သွား၍ အပါးတော်မှာ ကျန်ရစ်သူ ကျော်ရွှေးနှင့် ပေါ်ဦးတို့မှာ ရာထူးဌာနန္တရအသီးသီး ရကြကုန်ပြီ။ မောင်မင်းလည်း ထိုသူများကဲ့သို့ အပါးတော်တွင် ယခင်ကတည်းက ရှိခဲ့လျှင် သေနာပတိဝန်ကြီး မခန့်ရပါလား"[၁]

ဟု အပြစ်တင် ပြောဆိုတော်မူသည်။ ရွှေချိန် အခွက် ၁၀–ဆု ပေးသနားတော်မူပြီးလျှင် နေရပ်သို့ပြန်ရန် ခွင့်ပေးတော်မူသည်။ ငမြတ်ထင်လည်း ဘဝရှင်မင်းတရားကြီးက 'သင့်အား ဝန်ကြီးမခန့်ရလေသလား' ဟု မိန့်ကြားတော်မူသည်ကို စွဲမှတ်ထားပြီးလျှင် ရွှေချိန်ခွက်(၁၀)ကို စလွယ်၊ နားဒွောင်း၊ ဖောင်း၊ ထီးတို့ လုပ်ဆောင်ပြီးလျှင် ဝန်ကြီး အဆောင်အယောင်များကို ဝတ်ဆင်၍ လွှတ်တော်သို့တက်၍ နေလေသည်။ ရဲတိုက် အတွင်းဝန် ဦးပေါ်ဦးသည် ငမြတ်ထင်ကို မြင်လျှင် သူငယ်ချင်းမှန်း သိသော်လည်း ပရိယာယ်ဖြင့် မသိဟန်ဆောင်နေသည်။ ဘိုးတော်ဘုရားလည်း ငမြတ်ထင်ကိုမြင်လျှင် 'ငါနှင့်နီးက ဝန်ကြီးမခန့်ရလေသလား' ဟု ပြောသည်ကို အဟုတ်ထင်မှတ်နေဟန် တူသည်ဟု ဆိုကာ ငမြတ်ထင်အား ခေါ်ယူမေးမြန်းသည်။ ငမြတ်ထင်လည်း ဟုတ်မှန်သည့်အတိုင်း လျှောက်တင်တော်မူသည်။ ထိုအခါ ဘိုးတော်ဘုရားက အတွင်းဝန် အမတ်ကြီး ဦးပေါ်ဦးအား–

> "ပေါ်ဦး မြတ်ထင်သည် အိမ်တော်တွင် စံဆဲအခါကတည်းကပင် ငါအရှင်၏အကျိုးကို သယ်ပိုးရွက်ဆောင်ဖူးသည်။ ရာထူးကို အလိုရှိက ပေးထိုက်လှတော့သည်ပင်။ သို့ဖြစ်၍ မြတ်ထင် အရှုးနှင့် အဘယ်ရာထူးမှ သင့်လျော်မည်နည်း"[၂]

ဟု မေးတော်မူသည်။ ထိုအခါ ဦးပေါ်ဦးက 'သခင်မြင့်က ကျွန်တင့်ပြန်သည်' အလျောက် ချီးမြှင့်မြှောက်စားထိုက်ပါသည်။ 'မြင်းစုဝန် ခန့်သင့်ပါကြောင်း' ဟု ပြန်လည် လျှောက်တင်သည်။ အထက်ပါ လျှောက်ထုံး၏ အကြောင်းအရာပိုင်းကို ကြည့်လျှင် ငယ်ကျွန်တစ်ဦးဖြစ်သော ငမြတ်ထင်၏ ဖြူစင်ရိုးသားမှု၊ အရှင်သခင်ကို လုပ်ကျွေးမှု၊ အရှင်သခင်ကို ယုံကြည်အားထားမှု၊ အားကိုးမှု ဆိုသည့် စရိုက်သဘာဝများကို တွေ့ရပါသည်။ ငမြတ်ထင်သည် ကောင်းတုံတိုင်အောင် လေ့ထိုးလိုက်၍ လုပ်ကျွေးခဲ့သူ ဖြစ်သော်လည်း မင်းဖြစ်စဉ်၌ အဝေးသို့ရောက်နေသည်။ သိလိုက်သည်နှင့် တွန့်ဆုတ်ကြောက်ရွံ့မနေဘဲ ချက်ချင်း လိုက်လာခဲ့သည်။ အရှင်သခင်အပေါ်တွင် ယုံကြည်အားကိုးစိတ်ကို တွေ့ရသည်။ အရှင်သခင်က ပြောလိုက်သည့် စကားတစ်ခွန်းကို

---

၁ အောင်၊ ဦး၊ ၂၀၀၉၊ ၂၃။
၂ အောင်၊ ဦး၊ ၂၀၀၉၊ ၂၄။

အရိုးသားဆုံးအမြင်နှင့် စွဲမြဲစွာ ခံယူပြီးလျှင် ဝန်ကြီးဝတ်စုံများကို ချုပ်လုပ်ဝတ်ဆင်၍ လွှတ်တော်သို့ တက်ရဲသည်အထိ ယုံကြည်စိတ်နှင့် ရဲဝံ့စိတ် ရှိခဲ့သည်။ တစ်ဖက်မှာလည်း အရှင်သခင်ဖြစ်သော ဘိုးတော်ဘုရား၏ အထွတ်အမြတ်ရောက်သည့်တိုင် ငယ်ကျွန်များကို မမေ့မလျော့၊ လိုက်လှဲဝမ်းသာစွာ ပြောဆိုဆက်ဆံပြီးလျှင် ချီးမြှင့်မြှောက်စားတတ်ပုံတို့ကို တွေ့ရသည်။ ငယ်ကျွန် ငမြတ်ထင်၏ အပြုအမူသည် ရှင်ဘုရင်တစ်ဦးအနေဖြင့်ကြည့်လျှင် ရဲလွန်းသည်ဟု ဆိုသော်လည်း အပြစ်မယူဘဲ ခွင့်လွှတ်ပေးခဲ့သည်။ ငမြတ်ထင်၌ အဆောင်အယောင် အခမ်းအနား မရှိသော်လည်း ရာထူးကိုအလိုရှိက ပေးထိုက်သူဟု ယူဆကာ ပေးအပ်ခဲ့သည်။ သို့ရာတွင် မင်းတို့ထိန်းသိမ်းအပ်သော ကိုယ်ကျင့်တရားကိုလည်း ထိန်းသိမ်းခဲ့သည်။ မိမိ၏အပေးဖြင့် မပေးဘဲ အမတ်ကြီးဦးပေါ်ဦးထံမှ ထင်မြင်ချက် တောင်းခံခဲ့သည်။

ဘိုးတော်ဘုရား၏ ရိုးသားမှု ငယ်ကျွန်များကို ချစ်ခင်ကြင်နာမှု၊ ခွင့်လွှတ်မှု၊ ချီးမြှင့်မြှောက်စားလိုစိတ်ရှိမှုတို့ကို ထိုလျှောက်ထုံးက ဖော်ပြနေပါသည်။ တစ်ဖက်မှကြည့်လျှင်လည်း အမတ်ကြီးဦးပေါ်ဦး၏ သူငယ်ချင်းကို ချစ်ခင်သော၊ မိမိနှင့်ထပ်တူကောင်းစားစေလိုသော စေတနာအရင်းခံကို တွေ့ရပါသည်။ ထို့အပြင် ဘိုးတော်ဘုရားကဲ့သို့ပင် သူငယ်ချင်းဖြစ်၍ ဘက်လိုက်သည့် သဘောမသက်ရောက်စေရန် ပရိယာယ်ဖြင့် မသိဟန်ဆောင်၍ ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်ခဲ့သည်။ ဦးပေါ်ဦးသည် ပညာရှိပီပီ အခါအခွင့်ကို စောင့်သိတတ်သည်။ မင်း၏အလိုကိုလည်း သိတတ်သည်။ ကျွန်ရင်း၊ သခင်ရင်းတို့၏ မေတ္တာနှင့် ကျေးဇူးသစ္စာကိုလည်း ခံစားသိရှိတတ်သူဖြစ်သည်။ ထိုကဲ့သို့သော ပညာရှိအမတ်ကြီး၏ မွန်မြတ်သော စိတ်ဓာတ်နှင့် ထက်မြက်သော ပညာဉာဏ်တို့ကြောင့် ငမြတ်ထင်သည် ဆန္ဒပြည့်ဝပြီးလျှင် ဘဝမြင့်ခဲ့ရသည်။ ဘိုးတော်ဘုရားအနေနှင့်လည်း မျူးမတ်အလယ်၌ မျက်နှာလိုက်သူအဖြစ် အထင်မခံရဘဲ မိမိ၏ငယ်ကျွန်ကိုပင် ချီးမြှင့်မြှောက်စားနိုင်ခဲ့ပါသည်။ အဖြစ်အပျက်တဒင်္ဂအတွင်း၌ပင် ဦးပေါ်ဦးသည် အမှန်တရားကို အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် လျှောက်တင်တတ်သော ဉာဏ်စွမ်းကို တွေ့ရပါသည်။

### ၃၊ ၁၊ ၂။ အရေးအသားပိုင်းလေ့လာချက်

အရေးအသားရှုထောင့်မှကြည့်လျှင် ငယ်ကျွန်နှစ်ဦးနှင့် အရှင်သခင်ဘုရင်မင်းမြတ်တို့၏ ဆက်ဆံရေးကို စာဖတ်သူ၏ရင်ထဲ၌ နွေးနွေးထွေးထွေး ကြည်ကြည်နူးနူး ခံစားနိုင်အောင် တင်ပြရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ လျှောက်ထုံးပင်ဖြစ်သော်လည်း အဖြစ်အပျက်များကို တင်ပြရာတွင် ဝတ္ထုတိုတစ်ပုဒ်ပမာ ဇာတ်လမ်း၊ ဇာတ်ကွက် ပါသည်။ ထိုဖြစ်ရပ်အတွင်းပါဝင်သော **ဘိုးတော်ဘုရား၊ ငမြတ်ထင်၊**

**ပေါ်ဦး၊ ကျော်ရွှေး** တို့၏ စရိုက်များကို ထင်သာမြင်သာအောင် ရေးဖွဲ့ထားသည်။ ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေးသည် တောမှမြို့သို့တက်လာသော ငမြတ်ထင်ကို မြင်သည်။ သို့ရာတွင် မမြင်ဟန်ဆောင်ရပုံကို–

> "ထိုသို့ပင် သတိရသော်လည်း ငယ်စဉ်ကပင် ငမြတ်ထင်သည်
> ချစ်ခင်သည့်အလျောက် ေါက်ငမ်းပြောဆိုတတ်သည်ကို သိ၏။
> မိမိဂုဏ်သရေကို ငဲ့ကွက်သဖြင့် နှုတ်မဆက်ဘဲ သွားလေ၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ အပြောသန်၊ အဆဲသန်သော ငမြတ်ထင်က မိမိကို ဝန်ကြီးဘဝ၌လည်း မဆင်မခြင် ဆဲရေးေါက်ငမ်းမည်ကို စိုးရွံ့၍ ရှောင်သွားသည့် လူ့သဘော လူ့သဘာဝကို သရုပ်ဖော်ထားပါသည်။ လူ့သဘာဝ ပေါ်လွင်ပြီးလျှင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝမျိုးလည်း ဖြစ်သည်။ ထိုလျှောက်ထုံးဖြစ်ပေါ်ရခြင်း အကြောင်းတွင် ဘိုးတော်ဘုရား၏ 'ယခင်ကတည်းကရှိခဲ့လျှင် သေနာပတိဝန်ကြီး မခန့်ရပါလား' ဟူသော စကားသည် အရေးပါသည်။ သခင်ဖြစ်သူကလည်း တပည့် အတွက် မချင့်မရဲခံစားမှုဖြင့် ပြောသည်။ တပည့်ကလည်း သခင်၏စိတ်ထားအမှန်ဟု ယူဆကာ စွဲမြဲကျင့်ကြံခဲ့သည်။ လျှောက်ထုံးစကားပြေတွင် တိုက်ရိုက်ပြောစကား များကို ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် ရာဇဝင်ပါလူတို့၏ စရိုက်သဘာဝများသည် ထင်ဟပ်လာသည်။ ဘိုးတော်ဘုရား၏အသံကို ကြားရသည်။ ငမြတ်ထင်၏ခံစားမှုကို နားလည်ကြရသည်။ ရာဇဝင်စကားပြေသည် ဝတ္ထုတစ်ပုဒ်ကဲ့သို့ အသက်ဝင်ပြီး ဖတ်ချင်စဖွယ် ဖြစ်နေပါသည်။ ငမြတ်ထင်ကိုတွေ့သောအခါ ဘိုးတော်ဘုရားက မိန့်တော်မူရာ၌–

> "သင်လည်း ပေါ်ဦးတို့ကဲ့သို့ ငါနှင့်နီးက ဝန်ကြီးမခန့်ရလေ
> သလား ဟု ပြောလိုက်သည်ကို အမိုက်ကောင် အဟုတ်မှတ်ဟန်
> ရှိသည်"[၂]

ဟူသော အတွေးကို ဖော်ပြထားသည်။ ထိုအတွေးကိုတင်ပြရာ၌ 'အမိုက်ကောင်' ဟူသော အသုံးအနှုန်းက မိမိငယ်ကျွန်နှင့်ပတ်သက်၍ ရင်းနှီးမှု၊ ယုကြုံးမရမှု သဘောများကို ဖော်ပြနိုင်သည်။

ငမြတ်ထင်က ပြန်လည်လျှောက်တင်ရာ၌လည်း–

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၂၃။
[၂] အောင်၊ ဦး၊ ၂၀၀၉၊ ၂၄။

> "ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားကြီးဘုရားက ဝန်ကြီး မခန့်ရလေသလားဟု မိန့်ကြားတော်မူသည်ကို နှလုံးပိုက်လျက် ဖြစ်ထိုက်သည်အထင်နှင့် ဝန်ရှင်တော်မင်းကြီး အဆောင်အရွက်နှင့် လွတ်တော်တက်မိပါသည်ဘုရား"[၁]

ဟု လျှောက်တင်သည်။ ထိုတိုက်ရိုက်ပြောစကားကလည်း ငမြတ်ထင်၏ဘဝအနေအထား ရောက်ရှိနေသော အခြေအနေ၊ အရှင်သခင်ကို အားကိုးယုံကြည်မှု စသည့်ခံစားမှုနှင့် အခြေအနေများအားလုံးကို ဖော်ပြနိုင်စွမ်း ရှိပါသည်။ ငမြတ်ထင်၏စကားကိုကြားလျှင် မိန့်ကြားသော ဘိုးတော်ဘုရား၏စကားတွင်–

> "ပေါ်ဦး မြတ်ထင်သည် အိမ်တော်တွင် စံဆဲအခါကတည်းကပင် ငါအရှင်၏အကျိုးကို သည်ပိုးဆောင်ရွက်ဖူးသည်။ ရာထူးကို အလိုရှိက ပေးထိုက်လှတော့သည်ပင်။ သို့ဖြစ်၍ မြတ်ထင်အရှူးနှင့် အဘယ်ရာထူးမှ သင့်လျော်မည်နည်း"[၂]

ဟု မေးတော်မူသည်။ ထိုပြောစကား၌လည်း အပိုအလို မရှိသည်ကို တွေ့ရပါသည်။ အများအားဖြင့် လျှောက်ထုံးစကားပြေတွင် ဝါကျရှည်များကို သုံးလေ့ရှိသော်လည်း ပြောစကားများတွင်မူ ဝါကျတိုကို သုံးလေ့ရှိသည်။ ထိုပြောစကားတွင် ပြောသူ၏ခံစားမှုလေသံပေါ်လွင်သည်။ မိမိငယ်ကျွန်အပေါ်၌ မှန်မှန်ကန်ကန် သုံးသပ်နိုင်သည်။ ရာထူးပေးလိုသော စေတနာလည်း ရှိသည်။ ထို့အပြင် 'အမိုက်ကောင်'၊ 'မြတ်ထင်အရူး' ဆိုသည့် ခေါ်ဝေါ်အသုံးအနှုန်းများက ငယ်ကျွန်အပေါ် ရင်းနှီးမှု၊ ချစ်ခင်မှု၊ ကျီစယ်လိုမှု သဘောထားများ ပါဝင်နေသည်။ ပြောစကားများသည်ပင်လျှင် ခံစားမှုလေသံများ ပါဝင်အောင် ရေးသားနိုင်သောကြောင့် လျှောက်ထုံးစကားပြေသည် အသက်ဝင်ပြီး နှစ်သက်ဖွယ် ဖြစ်နေသည်။

အတွင်းဝန်ဦးပေါ်ဦးက သံတော်ဦးတင်ရာ၌လည်း–

> "ဘုန်းတော်ကြောင့် တိုင်းရှင်ပြည်ရှင် ဘုရင်မင်းမြတ်တို့သည် မျိုးမတ်ကျေးကျွန်တို့၌ သင့်တင့်ရာရွေးကောက်၍ ချီးမြှောက်ထိုက်ကြောင်းကို ကျမ်းဟောင်းတို့၌လည်း လာရှိပါသည်။ 'သခင်မြင့်က ကျွန်တင့်ပြန်သည်' ဟူသကဲ့သို့ မောင်မြတ်ထင်သည်လည်း အရှင် အထွတ်အထိပ်သို့ မရောက်မီကပင် ဝင်ရောက်ခစားဖူးသူဖြစ်သည့် အားလျော်စွာ အရှင်မှာလည်း

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၂၄။

[၂] အောင်၊ ဦး၊ ၂၀၀၉၊ ၂၄။

> မဟာဇေကရာဇ်မင်းအဖြစ်သို့ ရောက်သဖြင့် ချီးမြှောက်သင့် ချီးမြှောက်ထိုက်ပါသည်။ သို့အတွက် ချမ်းသာဖော်၊ ဆင်းရဲဘက် ဖြစ်သော မောင်မြတ်ထင်ကို မြင်းစုဝန် ခန့်သင့်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်ဘုရား”[၁]

ဟု ဖြစ်ပါသည်။ လျှောက်ထုံးကို ပြုစုရေးသားသူသည် ပြောဆိုသူတို့၏ ရပ်တည်မှု အနေအထားကိုလိုက်၍ လေသံအပြောင်းအလဲနှင့် ရေးသားထားပါသည်။ ဘိုးတော်ဘုရား၏ မိန့်ကြားဟန်သည် ရိုးရှင်းသည်။ မေတ္တာစာတ်၊ ကရုဏာစာတ်ပါသည့် လေသံဖြစ်သည်။ ဦးပေါ်ဦး၏ လျှောက်ထားဟန်သည် ဘုရင်မင်းမြတ်နားဝင်အောင် လျှောက်တင်ရသည့် ပညာရှိအမတ်တို့၏ လေသံဖြစ်သည်။ ထိုလေသံဖြစ်စေရန် ‘ဘုန်းတော်ကြောင့် တိုင်းရှင်ပြည်ရှင် ဘုရင်မင်းမြတ်’၊ ‘မှူးမတ်ကျေးကျွန်’၊ ‘အထွတ်အထိပ်’ စသည့် စကားလုံးများနှင့် ဝါကျရှည်ကိုသုံးကာ ခံ့ခံ့ညားညား ဖွယ်ဖွယ်ရာရာ ရေးသားထားသည့် အပြောစကားပြေရေးဟန် ဖြစ်သည်။ ‘သခင်မြင့်က ကျွန်တင့်’ ဆိုသည့် ဆိုရိုးစကားကိုလည်း နေရာတကျ သုံးထားသည်။ ငမြတ်ထင်မှာ အရှင်အထွတ်အထိပ်မရောက်မီကပင် ခစားခဲ့သော ကျွန်ရင်း ဖြစ်သည်။ အရှင်မှာလည်း ငယ်ကျွန်များကို ချီးမြှင့်မြှောက်စားနိုင်သော အနေအထားသို့ရောက်နေပြီ ဆိုသည့် သဘောနှစ်ခုကို ဆက်စပ်ကာ အကျိုးသင့် အကြောင်းသင့်ပြောဟန်ကို တွေ့ရသည်။ ‘ချီးမြှင့်သင့်ပါသည်’ ဟု သာမန်မျှ မပြောဘဲ ‘ချီးမြှင့်သင့် ချီးမြှောက်ထိုက်’ ဟု သုံးလိုက်ခြင်းဖြင့် စာဟန်သည် ပို၍ခံ့ညားပြီး လျှောက်ထားသူနှင့် နာယူသူ ဘုရင်မင်းမြတ်တို့နှင့် လိုက်လိုက်ဖက်ဖက် ဖြစ်သွားပါသည်။ စကားအသုံးအနှုန်းအရ ကြည့်လျှင် ‘ယူဆသည်ကို’၊ ‘နှလုံးပိုက်သည်’ ဟု ရာဇဝင်သုံးစကားလုံးဖြင့် အခံ့အညား ရေးထားသည်။ ‘ချမ်းသာဖော် ဆင်းရဲဘက်’ ဟူသော ဆန့်ကျင်ဘက်စကားလုံးနှစ်ခုကို တွဲသုံးပြီး ‘ချမ်းသာရာတွင်လည်း အတူဖြစ်သည်။ ဆင်းရဲရာတွင်လည်း အတူခံစားသည်’ ဟူသော သဘောကို အလေးအနက်ထား ရေးဖွဲ့ထားသည်။ စကားလုံးအတွဲအဖက်များကြောင့် စာဟန်သည် ခံ့ညားထည်ဝါသည်။ နားဆင်သူ ဘုရင်မင်းမြတ်နှင့် လိုက်ဖက်သွားပါသည်။ ဘိုးတော်ဘုရားက ငမြတ်ထင်အား မြင်းစုဝန်ခန့်ရာ၌လည်း–

> “ကြည်ဖြူစွာ အမှုတော်ကိုထမ်း၍ ချမ်းသာစွာနေစေ”[၂]

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၂၄–၂၅။

[၂] အောင်၊ ဦး၊ ၂၀၀၉၊ ၂၅။

ဟု ပါရှိသည်။ ရာထူးရသူ၏အပိုင်းမှ ထားရှိရမည့် တာဝန်ဝတ္တရားအပေါ် ကြည်ဖြူမှု၊ နှစ်လိုမှုကို ညွှန်ပြသကဲ့သို့ တာဝန်ကျေသည့်အလျောက် ချမ်းချမ်းသာသာနေထိုင်ခွင့် ရပါစေ ဟူသော မေတ္တာတရားကိုလည်း ဖြန့်ဝေထားသော အရေးအသား ဖြစ်ပါသည်။

ထိုလျှောက်ထုံးတွင် ဘိုးတော်ဘုရား၏ဘဝတွင် အရေးပါသော ငယ်ကျွန်များနှင့် ဆက်စပ်၍ ထင်ဟပ်ပြနိုင်သည်ကို တွေ့ရသည်။ တိုက်ရိုက်ပြောစကားများကို သုံးစွဲ၍ ပါဝင်လှုပ်ရှားသူအသီးသီး၏ ရင်တွင်းခံစားချက်ကိုပေါ်အောင် ရေးဖွဲ့ထားသည့်အတွက် ကြည်နူးဖွယ်၊ အတုယူဖွယ်ကောင်းသည့် လျှောက်ထုံးတစ်ပုဒ် ဖြစ်လာသည်ဟု ဆိုရပါမည်။

## ၃၊၂။ ယိုးဒယားက ပြန်လာရသော အရေးအကြောင်းတွင် ခွေးလောင်းဖြစ်၍ မကြွံနိုင်ဟု သံတော်ဦးတင်သောအကြောင်း

### ၃၊ ၂၊ ၁။ အကြောင်းအရာပိုင်းလေ့လာချက်

အမတ်ကြီးဦးပေါ်ဦးနှင့် ဘိုးတော်မင်းတရားတို့သည် သခင်နှင့်ကျွန် ဖြစ်ကြသည်။ သခင်ဖြစ်သော မင်း၌ အာဏာအပြည့် ရှိသည်။ သက်ဦးဆံပိုင်စနစ်အောက်တွင် မင်းတို့ အလိုမကျပါက ပြင်းထန်သော ပြစ်ဒဏ်ကို ခံကြရသည်။ သို့ရာတွင် အမတ်ကြီးဦးပေါ်ဦးသည် ဘိုးတော်ဘုရားအား သာသာနှင့်နာနာ ပြန်လည်ထိုးနှက်၍ တုံ့ပြန်တတ်သည့် အနေအထားကို တွေ့ရပါသည်။ အမတ်ကြီးဦးပေါ်ဦးသည် အမှန်တရားကို မြတ်နိုးသူပီပီ ရဲရဲဝံ့ဝံ့ မရွံ့မကြောက် လျှောက်တင်တတ်သည်။ ထိုသို့လျှောက်တင်ရာတွင် တစ်ခါတစ်ရံတွင် အမျက်ဒေါသထွက်၍ ပြစ်ဒဏ်ပေးတတ်သော်လည်း အများအားဖြင့်မူ အမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထားချက်အပေါ်၌ စိတ်အမောပြေကာ ကြည်ကြည်နူးနူး ရယ်ရယ်မောမောနှင့် ခွင့်လွှတ်ပေးတတ်သည်ကို တွေ့ရပါသည်။ ထိုအချက်များက မင်းနှင့်ငယ်ကျွန်တို့၏ မေတ္တာ၊ ကရုဏာနှင့် နားလည်ခံစားတတ်မှုတို့ကို ခံစားတွေ့ရှိရပြီးလျှင် လျှောက်ထုံးဖတ်သူတို့အား ဘဝအမောပြေစေပါသည်။

ယိုးဒယားကပြန်လာသော အရေးအကြောင်းတွင် ခွေးလောင်းဖြစ်၍မကျန်နိုင်ဟူသော ဦးပေါ်ဦး၏လျှောက်ထုံးမှာလည်း ရယ်မောပျော်ရွှင်ဖွယ်၊ နှစ်သက်ဖွယ် ဖြစ်ပါသည်။ ဘိုးတော်မင်းတရားကြီးသည် စစ်သည်ဗိုလ်ပါအများအပြားနှင့် ယိုးဒယားသို့ စစ်ချီတော်မူသည်။ အခါအခွင့်မသင့်၍ အရေးတော်မအောင်ဘဲ အမရပူရနေပြည်တော်သို့ ပြန်တော်မူခဲ့ရသည်။ တစ်နေ့တွင် ညီလာခံ၌ မင်းတရားကြီးက ရှေးတည်ထောင်မင်းကောင်းမင်းမြတ်တို့လက်ထက်၌ ပညာရှိသုခမိန်တို့သည် ရှိကြသောကြောင့်

ခက်ခဲသည့်အရာဟူ၍ မရှိဘဲ အလိုလို ကိစ္စများပြီးမြောက်ကြရသည်။ မဟောသဓာဇာတ်၌ အလောင်းတော် မင်းမဟော်သည် ဝိဒေဟရာဇ်မင်းကြီး၏အကျိုးကို သယ်ပိုးရာ၌ ကိစ္စဟူသမျှ အောင်မြင်သည်။ ရန်သူများကိုလည်း လက်ရဖမ်းဆီးနိုင်သည့် ဉာဏ်စွမ်း ရှိသည်။ ဘုရားလောင်း ဝိဓူရအမတ်သည်လည်း ကောရဗျမင်းကြီး၏ အလိုဆန္ဒ အားလုံးကို ပြီးစီးစေနိုင်သည်။ မိမိ၏မှူးမတ်များမှ ထိုသို့ တတ်ကျွမ်းနားလည်သော ဉာဏ်ရည် မရှိကြပေ။ သူရသတ္တိလည်း မရှိကြပေ။ သို့ဖြစ်၍ မိမိကိုလည်း အကျိုး မပြုနိုင်ကြောင်း မိန့်တော်မူသည်။

ထိုအခါတွင် အမတ်ကြီးဦးပေါ်ဦးက ဝိဒေဟရာဇ်မင်းကြီး၊ ကောရဗျမင်းကြီး၏ အမတ်ကြီးများ ဖြစ်သည့် မဟောသဓာနှင့် ဝိဓူရတို့မှာ ဘုရားလောင်းများဖြစ်ကြ၍ စွမ်းဆောင်နိုင်ခြင်း ဖြစ်ပါသည်။ မိမိတို့မှာမူ သံသရာဘဝများက ခွေးလောင်းများသာ ဖြစ်ခဲ့၍ ဘုရင်မင်းမြတ်၏အကျိုးကို သယ်ပိုးရာတွင် တစ်ခါတစ်ရံ၌ အကြံမအောင်မြင် သည်များလည်း ရှိပါသည်။ မှူးမတ်ချင်းသာ မနှိုင်းယှဉ်ဘဲ ဘုရင်ချင်းလည်း နှိုင်းယှဉ် သင့်ကြောင်း သံတော်ဦးတင်သည်။ မိမိကိုယ်ကို နှိမ့်ချပြီး ခွေးလောင်းအဖြစ်နှင့် လျှောက်တင်သကဲ့သို့ ဘုရင်မင်းမြတ်ကိုလည်း မည်သည့်အလောင်းမှ မဟုတ်သည့် အကြောင်းနှင့် ဝိဒေဟရာဇ်မင်းကြီး၊ ကောရဗျမင်းကြီးတို့နှင့် ဂုဏ်ရည်ချင်းမတူသည် ကိုလည်း တွေးသင့်ပါသည်ဟု ရဲရဲဝံ့ဝံ့ ပြန်လည်လျှောက်တင်လိုက်ခြင်း ဖြစ်သည်။ ထိုလျှောက်တင်ချက်ကို ကြည့်လျှင် ဦးပေါ်ဦးသည် မဟုတ်မမှန်သည်ကို ဘုရင် မင်းမြတ်ပင် ဖြစ်လင့်ကစား ငုံ့ခံတတ်သူ မဟုတ်ကြောင်းနှင့် အမှန်အတိုင်း ရဲရဲဝံ့ဝံ့ လျှောက်တင်ရဲသူဖြစ်ကြောင်း နားလည်ရပါသည်။

စာဖတ်သူတို့၌လည်း ဦးပေါ်ဦး၏ ယုံကြည်မှုနှင့်သတ္တိကို အံ့ဩစိတ်၊ ချီးကျူးစိတ်၊ အားကျစိတ်များ ဖြစ်ပေါ်ရပါသည်။ ဘိုးတော်ဘုရား၏အပိုင်းမှ ကြည့်လျှင် အမတ်များ၏အရည်အသွေးကိုသာ မနှိုင်းယှဉ်ပါနှင့်၊ ဘုရင်အချင်းချင်း၏ အရည်အသွေးလည်း နှိုင်းယှဉ်ကြည့်ပါဟု ပြန်ပြောသည်မှာ အမျက်ဒေါသဖြစ်ဖွယ် ဖြစ်ပါသည်။ သို့ရာတွင် မင်းကြီးက 'မောင်မင်းလည်း ဆင်ခြေသာများသည်' ဟုသာ မိန့်တော်မူပါသည်။ ထိုအချက်ကိုကြည့်လျှင် ဘိုးတော်ဘုရားအနေဖြင့် ငယ်ကျွန်များ အပေါ် ချစ်ခင်မှု၊ ခွင့်လွှတ်တတ်မှု၊ အမှန်တရားဖြစ်လျှင် မင်းအာဏာကိုမသုံးဘဲ လက်ခံတတ်မှု၊ အမှန်တရားကိုလိုလားမှု စသည့် စိတ်နေသဘောထားများကိုလည်း လေးစားဖွယ် တွေ့ရှိခံစားရပါသည်။ လျှောက်ထုံးများသည် အတိတ်ခေတ်၏ သမိုင်းဖြစ်စဉ်ကိုသာ ထိတွေ့ရသည်မဟုတ်ပါ။ သမိုင်းဖြစ်စဉ်အတွင်း၌ ပါဝင်လှုပ်ရှား ခဲ့ကြသော လူ့သဘော၊ လူ့သဘာဝအမြင်နှင့် လေးစားထိုက်သော စိတ်နေသဘာဝ အမျိုးမျိုးတို့ကို နားလည်ဆင်ခြင်နိုင်ခွင့် ရှိလာစေပါသည်။

## ၃၊ ၂၊ ၂။ အရေးအသားပိုင်း လေ့လာချက်

ဘိုးတော်မင်းတရားကြီးသည် ယိုးဒယားသို့ချီတက်ပုံ၊ ကိစ္စမပြီးပြေ၍ မကျေမနပ်နှင့် ညီလာခံ၌ပြောဆိုပုံ စသည်တို့ကို စာရေးသူက ဝါကျရှည်ကြီးတစ်ကြောင်းတည်းနှင့် တင်ပြထားသည်ကို တွေ့ရပါသည်။ ထိုဝါကျရှည်ထဲ၌လည်း တိုက်ရိုက်ပြောစကားများကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ပုံစံအားဖြင့်–

> "အမရပူရ ပထမနန်းစံ ကြငှန်းဖန်သော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် အသီးသီးသော စစ်သည်ဗိုလ်ခြေကြည်း၊ ရေများဖြင့် မြင်း၊ ဆင်အဆုံး စိန်၊ ဖုံး၊ အမြှောက် ခန့်လောက် ရေတွက်ခြင်းငှာ မစွမ်းရာသော အခြံအရံများနှင့် ယိုးဒယားသို့ ချီတော်မူရာ အခါအခွင့်မသင့်မလျော်သည်နှင့် အရေးတော်မကုန် မပြည့်စုံဘဲ ရွှေဘုံဌာန အမရပူရ နေပြည်တော်သို့ ပြန်လည်တော်မူခဲ့ရာ"[၁]

စသည်ဖြင့် ဖြစ်ပါသည်။ ထိုဝါကျရှည်ထဲတွင် ထီးနန်းရေးရာအကြောင်းအရာများကို တင်ပြခြင်းဖြစ်၍ စာဟန်မှာ ခံ့ညားထည်ဝါသည်။ 'အမရပူရ ပထမနန်းစံ ကြငှန်းဖန်သော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး' ဟု မင်းတရားကြီးကိုပင် အထူးပြုပုဒ် အဆင့်ဆင့်ဖြင့် စာဟန်ခံ့ညားအောင် ရေးသားထားသည်။ စကားပြေတွင် ကာရန်အချိတ်အဆက်များကို သုံးထား၍ အသံသွား အသံလာသည် ပြေပြစ်ပြီး စာဟန်သည် အသံကြောင့် ထည်ထည်ဝါဝါ ရှိလာသည်။ 'ရေတွက်ခြင်းငှာ မစွမ်းရာသော၊ အခြံအရံ' စသည်ဖြင့် နာမဝိသေနပုဒ်များကိုလည်း အတိတ်ခေတ်၏ အနေအထားများ ပေါ်လွင်အောင် ထည့်သွင်းရေးဖွဲ့ထားသည်။ 'အရေးတော်မကုန် မပြည့်စုံဘဲ ရွှေဘုံဌာန အမရနေပြည်တော်'၊ 'ညီလာခံအစုံ ဗိုလ်ပုံပရိသတ် မှူးမတ်' စသည်ဖြင့် အသံချင်းတူသော ဝေါဟာရများကို အသံနှင့်ချိတ်ဆက်ပြီး ရေးဖွဲ့ထားသည်။ စကားအသုံးအနှုန်း စုံလင်မှုကြောင့် ရေးဟန်သည် ခန့်ညားရုံသာမက အသံကြောင့်လည်း ရေးဟန်သည် ထည်ဝါနေသည်။ ထိုဝါကျအတွင်း၌ အပြောစကားပြေကို ထည့်သွင်းရာ၌–

> "ရှေးရှေးသော တိုင်းရှင်ပြည့်ရှင် ဘုရင်းထီးဆောင်း မင်းကောင်းမင်းမြတ်တို့ လက်ထက်အခါမှာ လောကဓမ္မရာဇအကြောင်း ထုံးဟောင်းတန္တီ ပဝေဏီကျမ်းဂန်အတန်တန်ကို မကျန်ကုန်စင် သိမြင်လိမ္မာသော ဉာဏ်အကြံ လုံ့လဝီရိယ ဥဿဟ အဟုန်နှင့်

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၈၆။

> ပြည့်စုံသော မှူးမတ် ပညာတတ်သုခမိန်တို့ ရှိကြသည့်အတွက် ခဲခက်သော အရာဌာန ဟူ၍မရှိ။ မိမိတို့အလိုရှိသော ကိစ္စ အလျောက် ပြီးမြောက်အောင်မြင်ကြသည်ချည်း ဖြစ်သည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ဘုရင်မင်းမြတ်က ပြောဆိုမိန့်ကြားသည့် စကားဖြစ်သည့် အလျောက် ဆိုလိုချက်ကို ပြည့်စုံပေါ်လွင်စေသည့် စကားလုံးဖွဲ့စည်းမှုများ၊ အကြောင်း အရာကို ခံ့ညားထည်ဝါစေသည့် စကားလုံးဖွဲ့စည်းမှုများ၊ အသံသဘောအရလည်း နဘေထပ် ကာရန်သဘောဆောင်သည့် အသံသွား အသံလာများကြောင့် ဘိုးတော် ဘုရား၏ မိန့်ကြားသောလေသံသည် ထီးသံ၊ နန်းသံ ပေါက်သည်။ ထီးသံ၊ နန်းသံ ပေါ်လွင်သည်။ ဆိုလိုချက်များ ပြီးပြည့်စုံသည်။ စာဟန် ခံ့ညားထည်ဝါသည်။

ဘုရင်မင်းမြတ်ကိုပင် 'တိုင်းရှင်ပြည့်ရှင် ဘုရင်ထီးဆောင်း မင်းကောင်း မင်းမြတ်' ဟု အကျယ်တဝ့် ဖွဲ့ဆိုသည်။ ပညာရှိမှူးမတ်များကိုပင်–

> "ဉာဏ်အကြံလုံ့လဝီရိယ ဥဿဟာအဟုန်နှင့် ပြည့်စုံသော မှူးမတ် ပညာတတ်သုခမိန်"[၂]

ဟူ၍ နာမဝိသေသနအစုံအလင်နှင့် ပြည့်ပြည့်စုံစုံ ခံ့ခံ့ညားညား ရေးဖွဲ့သည်။ ကြိယာ စကားလုံးများကိုသုံးရာ၌လည်း 'အရေးတော်မကုန် မပြည့်စုံ'၊ 'မြွက်ကြားအမိန့်ရှိတော် မူသည်'၊ 'ပြီးမြောက်အောင်မြင်' စသည်ဖြင့် ကြိယာတွဲလုံးများဖြင့် လေးနက် ပြည့်စုံအောင် ရေးသားသည်။ ထို့ပြင် မဟောသဓာဇာတ်၌ မဟောသဓာသည် ဝိဒေဟရာဇ်မင်းကြီး၏အကျိုးကို သယ်ပိုးပုံကိုတင်ပြရာ၌–

> "တစ်ရာ့တစ်ယောက်သော ဘုရင်တို့ကို အရှင်လက်ရောက် ရင်ဝယ်သောက်မျှ သွေးတစ်ပေါက်မထွက်မကျစေဘဲ လက်ရ ဖမ်းလျက် ဉာဏ်စွမ်းနှင့်ပြီးကြောင်းကို လာရှိသည်"[၃]

ဟု ရေးသားထားသည်။ ထိုအဖွဲ့၌လည်း မြင်သာထင်သာအောင်လည်း ရေးဖွဲ့သည်။ အသံသဘောအရ အချိတ်အဆက်မိအောင်လည်း ရေးဖွဲ့ထားသည့်အတွက် အသံတွင် ဟန်ပါနေသည်။ ထို့အပြင် မိမိ၌မှု ထိုကဲ့သို့သော အမတ်များမရှိကြောင်းကို မိန့်တော် မူရာ၌–

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၈၆။

[၂] အောင်၊ ဦး၊ ၂၀၀၉၊ ၈၆။

[၃] အောင်၊ ဦး၊ ၂၀၀၉၊ ၈၆။

> "ယခု ငါ၏လက်ထက်တော်များ၌ တရားဓမ္မလောကကြောင်း၊ ဓမ္မကြောင်း၊ ထုံးဟောင်းဥပဒေပဝေဏီကျမ်း စာတမ်းအစဉ် ရာဇဝင် နည်းလမ်း၊ တတ်စွမ်းလိမ္မာ နည်းနာကျွမ်းကျင် သိမြင်ထောက်ထား နိုင်သောဉာဏ် ကြံဖန်ဆောင်စွမ်းနိုင်သောသူရသတ္တိ မရှိကြသော မှူးမတ်တွေချည်းဖြစ်၍ စင်စစ်အကျိုးမပြီး အချည်းနှီးသာ ဖြစ်ရသည်"[၁]

ဟု ရေးသားထားပါသည်။ ထိုနေရာ၌ 'တရားဓမ္မ'၊ 'လောကဓမ္မ'၊ 'ထုံးဟောင်းဥပဒေ'၊ 'ရာဇဝင်နည်းလမ်း' စသည့် ဝေါဟာရအသုံးများကို အပြည့်အစုံထည့်သွင်းပေးခြင်းဖြင့် ဘုရင်မင်းမြတ်တစ်ပါး၏ ရာဇဂုဏ်မောက်သော လေသံကို ပေါ်လွင်စေသည့်အပြင် ထိုခေတ်က ပညာရှိမှူးမတ်တို့အနေနှင့် တတ်သိနားလည်သင့်သော အရည်အသွေး များကိုလည်း ဖော်ပြရာရောက်သည်။ ထိုသို့အသေးစိတ် ရေးဖွဲ့ခြင်းဖြင့် ဘိုးတော် ဘုရား၏ မကျေနပ်သော ခံစားမှုသရုပ်ကို ပေါ်လွင်လာပါသည်။ ထိုစကား၏နောက်တွင် ဘိုးတော်ဘုရားက–

> "လစာရိက္ခာ များစွာငါပေးသော်လည်း ကုန်ကျေးဇူးမနပ်"[၂]

ဟု ပရိသတ်အားလုံးကို ဖြန်း၍ မြည်တမ်းညည်းညူတော်မူသည်ဟု ရေးဖွဲ့ထားသည်။ ထိုနေရာ၌ 'ကုန်ရကျိုးမနပ်' ဟု သုံးလေ့ရှိသော်လည်း ပို၍လေးနက်အောင် 'ကုန်ကျေးဇူး မနပ်' ဟု သုံးထားသည်။ မင်းကြီးအနေနှင့် တစ်ဦးတစ်ယောက်ကို ရည်စူး၍ အတင်း ဆိုခြင်း မဟုတ်ကြောင်းကို 'ဖြန့်၍ မြည်တမ်းညည်းညူတော်မူသည်' ဟူသော စကားက ဖော်ပြနေသည်။ ထိုနေရာ၌ 'ကြိမ်းမောင်းတော်မူသည်' ဟု မသုံးဘဲ 'မြည်တမ်း ညည်းညူတော်မူသည်'ဟု သုံးခြင်းဖြင့် ဘိုးတော်ဘုရားသည် မှူးမတ်များအား အပြစ်တင်လိုသောသဘောထက် အားမလို အားမရဖြစ်နေသည့် သဘောဘက်သို့ အလေးကဲကြောင်း ထင်ရှားစေသည်။ လျှောက်ထုံးစကားပြေရေးသားသူသည် စကား အသုံးအနှုန်းများကို ပြောသူ၏ခံစားချက်၊ ထင်မြင်ချက်များပေါ်အောင် အထူးအလေးထား၍ စကားလုံး ရွေးချယ်သုံးနှုန်းလေ့ ရှိသည်။ သူ၏အသုံးများသည် ဘိုးတော်ဘုရား၏ စိတ်နေသဘောထားများနှင့် လိုက်ဖက်သည်။

ဦးပေါ်ဦးမှ ပြန်လည်လျှောက်တင်သည့်အပိုင်း၌လည်း တိုက်ရိုက်ပြောစကားကို သုံးထားသည်။

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၈၇။

[၂] အောင်၊ ဦး၊ ၂၀၀၉၊ ၈၇။

> "ဘုန်းတော်ကြောင့် မဟောသဓာဇာတ်၌ အလောင်းတော် မဟောသဓာအမတ်၊ ဝိဓူရဇာတ်၌ ဝိဓူရအမတ် ပညာတတ်တို့မှာ ဗောဓိသတ် အာဇာနည် ပါရမီရင့်ညောင်း ပွင့်ဆုတောင်းသော ဘုရားလောင်းတော်ချည်းဖြစ်ကြ၍ ဝိဒေဟရာဇ်မင်း၊ ကောရဗျမင်း တို့၏ အမှုတော်ကို ဆောင်ရာ၌ အောင်မြင်ပြီးစီးကြပါသည်။ ဘုရားငယ်ကျွန် ဝန်ပေါ်ဦးတို့မှာ သံသရာရှည်ကြောင်း မိုက်ဆု တောင်းသော ခွေးလောင်းတွေ ဖြစ်၍ ဧကရာဇ်မင်းမြတ်၏ အကျိုးကို သည်ပိုးဆောင်ရွက်ရာ၌ ရံဖန်ရံခါ အကြံမပြီးသည် များလည်း ရှိပါကြောင်း၊ သည်သာမက မှူးမတ်ချင်းသာ မယှဉ် လျှင်းမူ၍ ဘုရင်ချင်းလည်း စာသင့်ပါကြောင်း ရွှေဖဝါးတော် မြတ်အောက် ရှိခိုးသံတော်ဦး တင်ဝံ့ပါသည်ဘုရား"[၁]

ဟူ၍ လျှောက်ထားတော်မူသည်။ လျှောက်ထုံးစကားပြေရေးဖွဲ့သူ စာရေးသူသည် မင်းတို့၏သဘော၊ မှူးမတ်ပညာရှိတို့၏သဘောကို ကောင်းစွာနားလည်သူဖြစ်သည့် အလျောက် မင်းတို့၏လေသံ မှူးမတ်ပညာရှိတို့၏လေသံ ပေါ်လွင်အောင် စကားလုံး များကို ရွေးချယ်ဖွဲ့စည်း၍ ခန့်ညားသော ဝါကျရှည်များဖြင့် ရေးသားထားပါသည်။ ထိုစာပိုဒ်၌ 'ဝိဓူရအမတ် ပညာတတ်'၊ 'ဗောဓိသတ် အာဇာနည် ပါရမီရင့်ညောင်း ပွင့်ဆုတောင်းသော ဘုရားလောင်း' ဆိုသည့်စကားလုံးများတွင် ကာရန်အချိတ်အဆက်များ ပါသည့်အတွက် စာဟန်သည် ပို၍ခန့်ညားသည် အသံချိုသာပြေပြစ်သည်။ ပညာရှိ မှူးမတ်တို့၏လေသံကို ပေါ်လွင်စေသည်။ ထို့ပြင် စာရေးသူသည် ဘိုးတော်ဘုရား၏ စရိုက်နှင့်လိုက်အောင် စကားလုံးများကို ရွေးချယ်သုံးနှုန်းရေးသားသကဲ့သို့ ဦးပေါ်ဦး၏ စရိုက်နှင့်လိုက်အောင်လည်း စကားများကို ရွေးချယ်သုံးနှုန်းထားသည်။ ဦးပေါ်ဦးသည် ပေါ့ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင်၊ ထိထိမိမိ၊ ပြောတတ်၊ ဆိုတတ်သူတစ်ဦး ဖြစ်သည်။ သနားအောင်လည်း ပြောတတ်သည်။ ထင်သာမြင်သာအောင်လည်း ပြောတတ်သည်။ ထိုသဘောကို 'ဘုရားငယ်ကျွန် ဝန်ပေါ်' ဟု 'သံသရာရှည်ကြောင်း မိုက်ဆု တောင်းသော ခွေးလောင်း' စသည့် စကားလုံးများက ဖော်ပြနေပါသည်။

လျှောက်ထုံးများသည် အကြောင်းအရာကို သိရှိနားလည်စေရုံသာမက လျှောက်ထုံးပါ ဘိုးတော်ဘုရားနှင့် အမတ်ကြီးဦးပေါ်ဦးတို့ နှစ်သက်စရာ စရိုက်များ ကိုလည်း ခံစားသိမြင်လာအောင် ရေးဟန်ဖြင့် ပုံဖော်ထားပါသည်။ 'မှူးမတ်ချင်းသာ မယှဉ်လျှင်းမူ၍ ဘုရင်ချင်းလည်း စာသင့်ပါကြောင်း' ဟူသောအဖွဲ့သည် ရိုးရှင်း

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၈၇။

ညင်သာသော်လည်း ဘုရင်မင်းမြတ်အား ဆတ်ဆတ်ထိမခံသာအောင် နာကျင်စေနိုင်သော အရေးအသားမျိုး ဖြစ်သည်။ ထိုကဲ့သို့သော မထိခလုတ်၊ ထိခလုတ် အရေးအဖွဲ့များက ဦးပေါ်ဦး၏စရိုက်ကို ပေါ်လွင်စေသည်။ လျှောက်ထုံး၏အဆုံးသည် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်အနေနှင့် ကြည့်လျှင် ဇာတ်ထွတ်ပိုင်းအထိ ဘိုးတော်ဘုရားနှင့် အမတ်ကြီးဦးပေါ်ဦး နှစ်ယောက် အားပြိုင်မှုကို အနိုင်အရှုံးပေးရမည့် ဘိုးတော်ဘုရားသည် ဆုံးဖြတ်နိုင်သည်။ လျှောက်ထုံးအဆုံး၌ ဘဝရှင်မင်းတရားကြီးက 'မောင်မင်းလည်း ဆင်ခြေသာများသည်' ဟူ၍သာ မိန့်တော်မူသည်။ မင်းနှင့်အမတ်တို့၏ အခြေအတင် အားပြိုင်ပြောဆိုသောအခန်းတွင် အမတ်က စွန့်စွန့်စားစား လျှောက်တင်သည်။ ဘုရင်ကလည်း စွန့်စွန့်စားစား ခွင့်လွှတ်ခဲ့ပါသည်။ ဘိုးတော်ဘုရား၏ စကားသည် စာဖတ်သူတို့၏ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။ ငြိမ်းအေးစေပါသည်။ အတုယူဖွယ် စိတ်ထားတစ်ရပ်အဖြစ် နှစ်သက်မိမည်သာ ဖြစ်ပါသည်။ စာရေးသူသည် ထိုလျှောက်ထုံးကိုတင်ပြရာ၌ စကားပြောဆိုခန်းများတွင် အကျယ်ပြောရန် လိုအပ်လျှင် အကျယ်ပြောသည်။ အကျဉ်းမျှပြောရန် လိုအပ်သည့် အခါ၌ အကျဉ်းမျှ ပြောသည်ကို တွေ့ရသည်။ ထိရောက်ပေါ်လွင်အောင်နှင့် စရိုက်ပေါ်အောင် ခံစားမှုပေါ်အောင် ရေးသားထားသည်ကို တွေ့ရပါသည်။

## ၃၊ ၃။ အမတ်ကြီးဦးပေါ်ဦးကို ရာဇဝတ်တော်နှင့် သိန္နီသို့ပို့သည်ကို ပြဆိုခြင်း အကြောင်း

### ၃၊ ၃၊ ၁။ အကြောင်းအရာပိုင်းလေ့လာချက်

အထက်ဖော်ပြပါ လျှောက်ထုံးမှာ အမတ်ကြီးဦးပေါ်ဦး၏ တိုင်းကျိုးပြည်ကျိုးကို လိုလားမှု ဘုရင်မင်းမြတ်၏အကြိုက်ကိုလိုက်၍ မိမိရာထူးဌာနန္တရ တည်မြဲရေးကို မကြိုးစားဘဲ အမှန်တရားကို ရဲရဲဝံ့ဝံ့ လျှောက်တင်ခြင်းဖြင့် ဘုရင်မင်းမြတ်အား တည့်မတ်မှန်ကန်အောင် ပြုပြင်ပေးရဲသော သတ္တိတို့ကို ဖော်ပြနေသည့် လျှောက်ထုံး ဖြစ်ပါသည်။

တစ်ချိန်တွင် ဘိုးတော်မင်းတရားကြီးသည် မြေးတော်ဖြစ်သော ညောင်ရမ်းမင်းကို မြပုခက်တင် ဧယဉ်တော်ကျူးရန် မြဧယဉ်ပြုလုပ်၍ ခမဲပေးဖွဲ့တော်မူလိုသည်။ ထို့ကြောင့် ဝန်ကြီး တွင်းဝန်တို့ အစုံအညီရှိခိုက်တွင် ရွှေတိုက်ဝန်ကြီး ဘဏ္ဍာတော်ဆိုင်ရာ သဿမေဓ ခွန်သီးတော်ထိန်း အဂ္ဂမဟာသေနာပတိ ဖြစ်သော ဝန်ရှင်တော်ကြီးတို့ကို မိန့်တော်မူသည်။ မြေးတော်လေးအတွက် မြဧယဉ် ခမည်းပေးလိုတော်မူသောကြောင့် ဘဏ္ဍာတော်ဝန်ကြီး၊ ရွှေတိုက်တော်ဆိုင်ရာဝန်ကြီး၊ အတွင်းဝန်တို့က

ငွေတော်ရှစ်သိန်းလောက်ကို တိုက်တော်မှထုတ်၍ ရာဖြတ်အဝယ်တော်တို့နှင့် အတွင်းဝန် ဦးပေါ်ဦးကို ကြီးကဲစေပြီးလျှင် ယိုးဒယားသို့သွား၍ အလွန်တန်ဖိုးကြီးသော မြကောင်း၊ မြမြတ်ကို ဝယ်ယူရန် စေလွှတ်ရမည်ဟု ဖြစ်ပါသည်။ ထိုအကြောင်းကို ဦးပေါ်ဦး သိလျှင်–

"ရှင်ဘုရင်သည် ရှင်ဘုရင်ပါး မဝသေးပါဘူး"[၁]

ဟု ပြောဆိုသည်။ ဘိုးတော်မင်းတရားကြားလျှင် အလွန်ရိုင်းပျသည်ဟုဆိုကာ ရာထူး ဌာနန္တရ အဆောင်အယောင်များကိုသိမ်း၍ သိန္နီသို့ ပို့တော်မူသည်။ အမတ်ကြီး ဦးပေါ်ဦးသည် သိန္နီသို့ရောက်လျှင် နေပြည်တော်သို့ လွမ်းဆွတ်သည့်အကြောင်း များကို ရတုကဗျာများ၊ ရေးဖွဲ့ဆက်သွင်းတော်မူသည်။ ဦးပေါ်ဦးစပ်သွင်းသော ရတုတွင်–

"သံကျူး သံသာ၊ သံချိုဝါနှင့် သာယာသမှု၊ နန်းရတုကို၊ နန်းမှု
ကုန်အောင်၊ နန်းဘုံဆောင်၌၊ နန်းယောင်မတ်များ၊ သိနိုးနားနှင့်၊
စကားပြေစွာ၊ မရေရာပင်"[၂]

ဟူ၍ ပါရှိသည်။ ဘုရင်မင်းမြတ်၏ အပါးတော်တွင်ရှိနေသော အမတ်တို့သည် 'သံကျူး သံသာ သံချိုဝါ' အမျိုးမျိုးနှင့် လျှောက်တင်၍မဆုံးနိုင်အောင် ရှိကြသည်။ ထိုလျှောက်တင်မှုများသည် အကြောင်းအရာကို ရေရေရာရာ သိနားလည်ခြင်း မရှိဟု ဆိုလိုပါသည်။ ထို့အပြင်–

"ကမ္ဘာဦးနတ်၊ လူ့ဥက္ကဋ္ဌတို့၊ ပညတ်တော်မှန်၊ ဝေဖန်ဟန်ကား၊
လေးတန်ခမ္မ၊ သင်္ဂဟတွင်၊ သဿမေဓော်၊ ခွန်သီးတော်မူ၊
စစ်သူရိက္ခာ၊ ဖြစ်စေရာ၏"

ဟု ပါရှိပါသည်။

ကမ္ဘာဦး မဟာသမ္မတမင်းတို့မှစ၍ သတ်မှတ်ထားသည်မှာ ခွန်တော် လေးရပ်တွင် သဿမေဓခေါ် အခွန်တော်သည် တိုင်းရေးပြည်ရေး စစ်မှုစစ်ခင်း ပေါ်သောအခါ စစ်ရိက္ခာအတွက်သာ သုံးရမည်ဖြစ်သည်။ ဘိုးတော်မင်းတရားကြီး အနေနှင့် ထိုသဘောကိုမသိမြင်ခဲ့ဘဲ မြေးတော်အတွက် မြဧယဉ်ပြုလုပ်ရန် ထိုအခွန် တော်ငွေမှ ငွေတော်ရှစ်သိန်းကို သုံးစွဲရသည်မှာ မသင့်တော်ကြောင်း ထောက်ပြခြင်း ဖြစ်ပါသည်။ ထိုရတုများကို ဖတ်ရှုရသောအခါ ဘိုးတော်ဘုရား၏စိတ်တွင် ဆင်ခြင်မိ

---

[၁] အောင်၊ ဦး၊ ၂၀၁၂၊ ၆၈။
[၂] အောင်၊ ဦး၊ ၂၀၁၂၊ ၇၀။

လာသည်။ မိမိ၏အပါးတွင်ရှိသော မှူးမတ်တို့သည် မိမိစိတ်ကြိုက်ကိုလိုက်၍ လျှောက်တင်ကြသည်။ မိမိအကျိုးပျက်ဖွယ်ရာကိုပင် ထောက်၍မပြကြပေ။ ဦးပေါ်ဦး မှာမူ မိမိကျိုးကိုလိုလားသူဖြစ်၍ ငါ့အား ရှင်ဘုရင်ပါးမဝဘူးဟု ဆိုခြင်းဖြစ်သည်ဟု နားလည်လာသည်။ ဘိုတော်ဘုရားက ဦးပေါ်ဦးအား လွှမ်းဆွတ်လှသည်ဟုဆိုကာ သိန္နီမှ ပြန်၍ခေါ်ပြီး ရာထူးအဆောင်အယောင်များကို ပြန်လည်ပေးသနားတော် မူသည်။

## ၃၊ ၃၊ ၂။ အရေးအသားပိုင်း လေ့လာချက်

ဘိုးတော်မင်းတရားကြီးသည် မြေးတော်စကြာမင်းခေါ် ညောင်ရမ်းမင်းသား ကလေးကိုဖွားမြင်ပြီး ရက်ပိုင်းအတွင်း၌ပင် အနိစ္စရောက်သွားသည့် မြေးတော် ဆင်ဖြူရှင်မယ်ကို အလွန်ကရုဏာသက်ပြီးလျှင် မြေးတော်ညောင်ရမ်းမင်းသားကလေး ကိုလည်း ချစ်ခင်လှသောကြောင့် မဆင်မခြင် ငွေရှစ်သိန်းကို ထုတ်ယူသုံးစွဲရန် အမိန့်ပေးခြင်း ဖြစ်သည်။ ထိုသို့အချစ်လွန်ကဲရာမှ ဖြစ်ပေါ်လာသောစိတ်ကို ပေါ်လွင် စေရန် စာရေးသူက 'မြစ်တော်ချစ်'၊ 'ညောင်ရမ်းမင်း'၊ 'မြပုခက်တင်'၊ 'မြဇယဉ်'၊ 'ခမည်းပေး' စသည့် စကားလုံးများဖြင့် တင်ပြခဲ့လေသည်။ မြကို ရေးဖွဲ့ရာ၌လည်း–

> "လုံးဝန်းပတ်လည်၊ ကြည်ဆွတ်လွတ်၊ နူးနူးညွတ်လျက်၊
> နုတွယ်အခိုး၊ ပိုးမည်းတောင်စာ၊ လည်ကုပ်ညှာကဲ့သို့၊ ခြင်းရာ
> ဒရပ်၊ တလျှပ်လျှပ်နှင့် ကိတ္တာပတ်ရောင်၊ စိမ်းမှောင်ထွန်းပ၊
> ဆင်တိုင်းလှသော မြကောင်းမြမြတ်"[၁]

ဟု အနုစိတ် ရေးဖွဲ့တင်ပြထားသည်။ ဘိုးတော်မင်းတရားကြီး၏ မြစ်တော်လေး အပေါ် အလွန်ချစ်ခင်သော စိတ်စေတနာကို 'မြ'အဖွဲ့ဖြင့် ပေါ်လွင်အောင် တင်ပြ ခဲ့ပါသည်။ ထိုအခန်း၌ ဦးပေါ်ဦးသည် 'ရှင်ဘုရင်သည် ရှင်ဘုရင်ပါးမဝသေးပါဘူး' ဟု ဆိုသောစကားမှာလည်း ဦးပေါ်ဦး၏ အမှန်တရားကို ရဲရဲပြောတတ်သော စရိုက်ကို ထိထိမိမိ ဖော်ကျူးနိုင်စွမ်းရှိသည်။ ခွင့်လွှတ်တတ်သော ဘုရင်မင်းမြတ်အနေနှင့် ဒေါသထွက်လောက်သည့် စကားအသုံးအနှုန်းမျိုးကို ရွေးချယ်သုံးနှုန်းထားသည်။ ဘိုးတော်ဘုရားဘက်မှ ခံစားမှုကိုတင်ပြရာ၌–

> "အဆူဆူသော ထီးဆောင်းမင်းအပေါင်းတို့မှ ကြား၍မလျော်အောင်
> ကျော်နင်းလွန်ကျူး၍ ကိုယ်တော်မြတ် ဘုန်းဂုဏ်တော်ကိုလည်း
> မငဲ့ကွက်၊ မြှောက်စားတော်မူသော ကျေးဇူးတော်သစ္စာကိုလည်း

---

[၁] အောင်၊ ဦး၊ ၂၀၀၉၊ ၈၆။

> မထောက်ထား။ တရားထိမ်ကျန်သူတစ်ယောက် ဖြစ်သည်။ သူကောင်းပြုတော်မူသော ဌာနန္တရနှင့်တကွ အဆောင်အယောင်စား ကျေးမြို့ရွာတို့ကို သိမ်းနုတ်ပြီးလျှင် ရွှေပြည်၏အဆွယ် သိန္နီမြို့နယ်သို့ အကျဉ်းနှင့် ပို့နှင်စေ"[၁]

ဟု အမိန့်တော်ချမှတ်သည်။ ဒေါသထွက်နေသော လူတစ်ယောက်၏ ခံစားမှုနှင့် လိုက်ဖက်အောင် ဝါကျရှည်ကိုမသုံးဘဲ အဆုံးသတ်နောက်ဆက်မပါသော ဝါကျတိုများကို ဆက်တိုက်သုံးထားသည်။ ဝါကျတိုတွင် 'မငဲ့ကွက်'၊ 'မထောက်ထား'၊ 'မြှောက်စား' စသည်ဖြင့် ကာရန်ချင်း အချိတ်အဆက်မိပြီးလျှင် နရီသဘောပါသော ဝါကျများကို တွေ့ရသည်။ ထိုဝါကျများက ဘိုးတော်ဘုရား၏ ပြင်းထန်သော ခံစားမှုကို ထင်ဟပ်စေသည်။ အမတ်ကြီးဦးပေါ်ဦး၏ ရတုကဗျာကို ဖတ်ပြီးသောအခါ ပြန်လည်ဆင်ခြင်မိသော ဘိုးတော်ဘုရား၏အတွေးကို–

> "ငါ၏အပါးတော်၌ရှိသော မှူးကြီးမတ်ငယ်တို့သည် ငါမိန့်တော်မူသမျှကိုပင် ပြီးစီးကြသည်။ ဤသို့ပြီးစီးကြခြင်းသည် ငါ၏အကျိုးကျေးဇူးတော် ပျက်ဖွယ်ရာသာတည်း။ ပေါ်ဦးသည်သာလျှင် ငါ၏အကျိုးတော်မြတ်ကို လိုလားချေသည်"[၂]

ဟု ဝါကျတိုများကိုသုံး၍ ရေးသားထားသည်။ ထိုဝါကျတိုများက တွေးတောဆင်ခြင်မိလာသော စိတ်အနေအထားကို ဖော်ပြနိုင်သည်။ 'ပျက်ဖွယ်ရာသာတည်း'၊ 'လိုလားချေသည်' ဆိုသည့် ကြိယာထောက်ပါသော ဝါကျများက အမျက်ပြေပြီးလျှင် ဆင်ခြင်တုံတရား ရှိလာသော လေသံကို ပြောင်းလဲဖော်ပြနိုင်သည်။ ဦးပေါ်ဦးအား ပြန်၍ခေါ်မည့်အကြောင်း မိန့်ကြားရာ၌–

> "ယခုနွံနာသဖြင့် ရှောင်ကြဉ်ဖွယ် ရှိလောက်ပြီ"[၃]

ဟု ရေးသားထားသည်။ ကျစ်လျစ်သော စကားလုံးဖြစ်သည်။ ဦးပေါ်ဦးသည် အပြစ်ဒဏ်ခံရ၍ ကျိုးနွံစိတ် ရှိလာလောက်ပြီ။ ဘုရင်မင်းမြတ်၏စကားကို ရိုရိုသေသေ နာခံမည့် အခြေအနေသို့ ရောက်လောက်ပြီ ဆိုသည့်စကားကို 'အနွံအနာ' ဆိုသည့် စကားနှစ်လုံးတည်းနှင့် ကျစ်လျစ်သိပ်သည်းစွာ သုံးထားသည်။ ဘိုးတော်မင်းတရားကြီး၏ ဆင်ခြင်ဟန်ကို–

---

[၁] အောင်၊ ဦး၊ ၂၀၁၂၊ ၆၈–၆၉။

[၂] အောင်၊ ဦး၊ ၂၀၁၂၊ ၇၁။

[၃] အောင်၊ ဦး၊ ၂၀၁၂၊ ၇၂။

> “တိုင်းပြည်ဆိုသည်မှာ သဘင်သည်နှင့်အရှူးရှိမှ ပြည်၏ကျက်သရေ စည်ကားချေသည်။ အိမ်ရှင်တို့မည်သည်ကား ကလေးသူငယ်ရှိမှ စည်ပင်ချေသည်။ နန်းတော်အိမ်တော် ဆိုသည်မှာလည်း လူရွှင်လူပျော် အရူးတော်ရှိမှ အပျင်းပြေရာသည်။ သို့ဖြစ်၍ ပေါ်ဦးလည်း တစ်မြို့တစ်နိုင်ငံသို့ ပို့နှင်တော်မူထားသည်မှာ သင်းပျင်းလှရှာတော့မည်။ မောင်မင်းများ အရူးကိုပြန်ခေါ်၍ သနားတော်မူရင်း စားကျေးမြို့ရွာ အဆောင်အယောင်နှင့်တကွ ထားမြဲထားလိုက်ကြရမည်”[၁]

ဟု မိန့်တော်မူသည်။

ဝါကျတိုများကို ဆက်တိုက် သုံးစွဲထားရာတွင် ‘စည်ကားလေသည်’၊ ‘စည်ပင်ချေသည်’၊ ‘အပျင်းပြေရာသည်’၊ ‘ပျင်းလှရှာတော့သည်’ ဟူသည့် ကြိယာထောက်များဖြင့် ဝါကျကိုရေးဖွဲ့ထားသည်။ ထိုကြိယာထောက်များကြောင့် အမျက်ပြေပြီးလျှင် ဦးပေါ်ဦးအပေါ် ခွင့်လွှတ်သည့် စိတ်အခြေအနေသည် လေသံ၌ ပါဝင်လာပါသည်။ ဦးပေါ်ဦးနှင့်ပတ်သက်လျှင် ‘အရူး’၊ ‘အရူးတော်’ စသည်ဖြင့် သုံးနှုန်းပုံက ချစ်ခင်ရင်းနှီးမှုသဘောကို ဖော်ပြနေပါသည်။ ထိုသို့အားဖြင့် ‘ကဝိသေတ္တာမဥ္ဇူသာကျမ်း’ ခေါ် ဦးပေါ်ဦးလျှောက်ထုံးတွင် အမတ်ကြီးဦးပေါ်ဦး၏ အရှင်သခင်နှင့် တိုင်းပြည်အပေါ်ထားရှိသော စေတနာကို အတုယူဖွယ်၊ မြတ်နိုးဖွယ် ရေးသားတင်ပြထားပါသည်။ မှူးကောင်း မတ်ကောင်း အရာရှိကောင်းတို့ ကျင့်သုံးသင့်သော ကိုယ်ကျင့်တရားကို လမ်းညွှန်ထားသည့် ကျမ်း ဖြစ်ပါသည်။ ဘိုးတော်ဘုရားအနေနှင့်လည်း မိမိငယ်ကျွန်များနှင့် ဆက်ဆံရာတွင် မင်းဟူသော ရာဇမာန်ကိုမသုံးဘဲ မေတ္တာတရားကို အခြေခံ၍ ကြင်ကြင်နာနာ ခွင့်လွှတ်တတ်ပုံ၊ အမှားကိုထောက်ပြလျှင်လည်း ဆင်ခြင်တုံတရားနှင့် လက်ခံပုံတို့မှာ နှစ်သက်လေးစားဖွယ် ဖြစ်ပါသည်။ လျှောက်ထုံးကျမ်းများသည် အုပ်ချုပ်သူ လူတန်းစားတို့၏ ထားရှိသင့်သော သဘောထားကို ရှေ့ဆောင်လမ်းပြဖြစ်နေသော စာပေများဖြစ်ပါသည်။

---

[၁] အောင်၊ ဦး၊ ၂၀၁၂၊ ၇၂။

## ခြုံငုံသုံးသပ်ချက်

မြန်မာစာပေသမိုင်း၌ တွေ့ရသော လျှောက်ထုံးစကားပြေကျမ်းများကို လေ့လာကြည့်သောအခါ မင်းဧရာဇ်တို့ သိလိုသော၊ သိသင့်သော အချက်အလက်များကို မှူးမတ်ပညာရှိတို့က ပြန်လည်လျှောက်ထားပုံများကို မှတ်တမ်းတင်ထားကြောင်း တွေ့ရပါသည်။

ဦးအောင် စီရင်ရေးသားသည့် ကဝိသေတ္တာမဉ္ဇူသာ ခေါ် ဦးပေါ်ဦး လျှောက်ထုံးကျမ်းတွင် ရာဇဝင်များ၌ ရေးခွင့်မရခဲ့သော ဘိုးတော်ဘုရားနှင့် ငယ်ကျွန်များ၏ ဆက်ဆံရေးကို ဗဟုသုတလည်းရ၊ ရသလည်းမြောက်အောင် ရေးသားထားသည်ကို တွေ့ရပါသည်။

ဦးပေါ်ဦးလျှောက်ထုံးလာ မြင်းစုဝန်ဦးမြတ်ထင်ကို ငယ်စဉ်ကပင် ထမ်းရွက်ဖူးသူဖြစ်၍ ကျေးဇူးရှိသည့်အတွက် ချီးမြှောက်ထိုက်ကြောင်းနှင့် အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သောအကြောင်း လျှောက်ထုံးတွင် ရောင်းရင်းဖော်ချင်းအပေါ် ဝန်တိုစိတ်ကင်းကင်းနှင့် ရာထူးရရှိအောင် စေတနာထား လျှောက်ထားပေးပုံကို နှစ်သက်ကြည်နူးဖွယ် တွေ့ရသည်။ တစ်ဖက်မှလည်း ငမြတ်ထင်၏ အရှင့်အပေါ် သစ္စာရှိရှိ လုပ်ကျွေးခဲ့သည့်အလျောက် မိမိယုံကြည်ရာကို ရဲရဲဝံ့ဝံ့ ပြုရဲလုပ်ရဲသော သတ္တိမှာလည်း ကရုဏာသက်စရာ၊ ချီးကျူးစရာ ဖြစ်သည်။ ဘိုးတော်ဘုရား၏ တရားမျှတမှုလည်းရှိ၊ ငယ်ကျွန်များကိုလည်း မြှောက်စားချင်သော စိတ်စေတနာကိုလည်း လေးစားဖွယ် တွေ့ရသည်။ ပရိသတ်တို့ကို နှစ်သက်ကြည်နူးမှု ဖြစ်စေသည့် စာပေကောင်း ဖြစ်သည်။

ယိုးဒယားကပြန်လာရသော အရေးအကြောင်းတွင် ခွေးလောင်းဖြစ်၍ မကြဲနိုင်ဟု သံတော်ဦးတင်ကြောင်း လျှောက်တင်သည့်လျှောက်ထုံးတွင် အမတ်ကြီးဦးပေါ်ဦး၏ အမှန်တရားလည်းဖြစ်၊ ဘိုးတော်ဘုရားအနေနှင့်လည်း အပြစ်မယူသာ၊ ရယ်မောပျော်ရွှင်ဖွယ်လည်းဖြစ်အောင် လျှောက်တင်ပုံမှာ ဟာသရသလည်း မြောက်ပါသည်။

အမတ်ကြီးဦးပေါ်ဦးကို ရာဇဝတ်တော်နှင့် သိန္နီမြို့သို့ပို့သည်ကို ပြဆိုသည့် အကြောင်းတွင် ဦးပေါ်ဦး၏ မိမိအရှင်သခင်အပေါ် သစ္စာရှိရှိ၊ ရဲရဲဝံ့ဝံ့နှင့် အကျိုးရှိအောင် လျှောက်တင်ပုံကို တွေ့ရသည်။ မိမိကျေးကျွန်ရင်း၏ စေတနာရင်းတို့ကို ခံစားနားလည်ပေးနိုင်သော ဘိုးတော်ဘုရား၏စိတ်ဓာတ်တို့ကို ပေါ်လွင်အောင် ဖော်ကျူးတင်ပြထားသည်။ မင်းနှင့်မင်းမှုထမ်းကောင်းတို့ကြားတွင် ရှိသင့်ရှိထိုက်သော သဘောထားကို တင်ပြထားပုံ ကောင်းမွန်သည်။ ကြည်နူးဖွယ်၊ နှစ်သက်ဖွယ် ဖြစ်သည်။

လျှောက်ထုံးပါအကြောင်းအရာများသည် တန်ဖိုးရှိရုံသာမက အရေးအသား ကလည်း အကြောင်းအရာနှင့် လိုက်ဖက်သည်။ သိမ်မွေ့ညင်သာယဉ်ကျေးသည်။ လျှောက်ထုံးပါ မင်းမှူးမတ်တို့၏ ပြောစကားများတွင် ခံစားမှုလေသံပေါ်အောင် ရေးနိုင်သည့်အတွက် လေးစားဖွယ်စိတ်ဓာတ်များ ပေါ်လွင်နေ၍ ရသမြောက်သည်။ ဦးပေါ်ဦးလျှောက်ထုံးသည် အကြောင်းအရာနှင့် အရေးအသား ဆီလျော်လိုက်ဖက် သည့်အတွက် ပရိသတ်အား အတွေးအမြင်တိုးတက်စေရုံသာမက နှစ်သက်ခြင်းရသ ကိုလည်း ခံစားစေနိုင်ပါသည်။

## နိဂုံး

မြန်မာစာပေသမိုင်းတွင် ပေါ်ထွန်းခဲ့သော မဟာပညာကျော်လျှောက်ထုံး၊ မဏိရတနာပုံကျမ်း ခေါ် ဝန်ဇင်းမင်းရာဇာလျှောက်ထုံးနှင့် အယူတော်မင်္ဂလာ လျှောက်ထုံးများသည်လည်း အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံးကဲ့သို့ပင် အကြောင်း အရာ တန်ဖိုးရှိကြပါသည်။ မြန်မာမင်းတို့လက်ထက် ပညာရှိမတ်ကြီးများ၏ အတွေး အမြင်နှင့် စာပေကျမ်းဂန် ဗဟုသုတများစွာ ပါဝင်ပါသည်။ အထက်ဖော်ပြပါ လျှောက်ထုံးကျမ်းများကိုလည်း လေ့လာ၍ သုတေသနစာတမ်း ပြုစုသင့်သည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၈၃)။ ***ရှေးခေတ်မြန်မာစကားပြေ၊ မြန်မာစကားပြေစာတမ်းများ (ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်။

ဉာဏ၊ ရှင်။ (၁၉၉၀)။ ***အမေးတော်ပုံကျမ်း***။ ရန်ကုန်၊ ကဝိန္ဒာသီရိစာပုံနှိပ်တိုက်။

မောင်မောင်ကြီး၊ ဦး။ (၁၉၈၃)။ ***မြန်မာစကားပြေသမိုင်း***။ ရန်ကုန်၊ သိန္ဓုမြိုင်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

လှသမိန်။ (၁၉၆၁)။ ***ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သိန်း၊ ဆရာ(မှော်ဘီ-)။ (၁၉၆၇)။ ***ပါးစပ်ရာဇဝင်(ပထမတွဲ)***။ ရန်ကုန်၊ အေးအေးစာပေတိုက်။

သိန်း၊ ဆရာ(မှော်ဘီ-)။ (၁၉၆၇)။ ***ပါးစပ်ရာဇဝင်(ဒုတိယတွဲ)***။ ရန်ကုန်၊ အေးအေးစာပေတိုက်။

အောင်၊ ဦး။ (၂၀၀၉)။ ***ဦးပေါ်ဦးလျှောက်ထုံး ကဝိသေတ္တုမဉ္ဇူသာကျမ်း (ပထမတွဲ)***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

အောင်၊ ဦး။ (၂၀၁၂)။ ***ဦးပေါ်ဦးလျှောက်ထုံး ကဝိသေတ္တုမဉ္ဇူသာကျမ်း(ဒုတိယတွဲ)***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

### ဂျာနယ်

စန်းစန်းရီ၊ ဒေါ်။ (၁၉၉၇)။ ***ဖြတ်ထုံးလျှောက်ထုံးကျမ်းများမှ မြန်မာ့ယဉ်ကျေးမှု***၊ မြန်မာစာသုတေသနဂျာနယ်၊ အတွဲ-၂။ ရန်ကုန်၊ မြန်မာစာဌာန။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# တပေါင်းအလှနှင့် စာဆိုတို့၏ ကဗျာ့ဂုဏ်ရည် လေ့လာချက်

ဌေးဌေးရီ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တပေါင်းအလှနှင့် စာဆိုတို့၏ ကဗျာ့ဉာဏ်ရည်အကြောင်း လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ပျို့၊ အဲချင်း၊ လေးချိုး၊ ပတ်ပျိုး အစရှိသည်တို့မှ တပေါင်းလရာသီဘွဲ့များကို ထုတ်နုတ်၍ ဆန်းစစ်တင်ပြထားပါသည်။ တပေါင်းလ၏အလှနှင့် ရာသီသဘာဝအဖွဲ့များ စာဆိုစွမ်းရည်များကို လေးစားဖွယ်သိရှိရမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***တပေါင်း၊ ပုရစ်ဖူး၊ ရာသီပန်း၊ နေဦးရာသီ၊ ရာသီပွဲတော်။***

## နိဒါန်း

တပေါင်းလသည် ဆောင်းအကုန်နွေအကူး စပ်ကူးမတ်ကူး ကာလဖြစ်သည့်အတွက် ဆောင်း၏အငွေ့အသက်များ ကျန်ရှိနေသကဲ့သို့ နွေ၏ရာသီသဘာဝကိုလည်း ခံစားရသည့်ရာသီ ဖြစ်သည်။ ရာသီအကူးအပြောင်းကြောင့် သဘာဝပတ်ဝန်းကျင် အပြောင်းအလဲများကို စာဆိုတို့က အမိအရ မှတ်တမ်းတင်ရေးဖွဲ့ခဲ့ကြပါသည်။ ပတ်ဝန်းကျင်သဘာဝကို မြတ်နိုးစိတ်၊ တွယ်တာစိတ်၊ မိမိတိုင်းပြည်ရေမြေသဘာဝကို မြတ်နိုးချစ်ခင်စိတ်များဖြင့် ရေးဖွဲ့ခဲ့သော ရာသီသဘာဝများတွင် နှစ်သက်ကြည်နူးစရာများ တွေ့မြင်ရပါသည်။ တောတောင်၊ မိုးတိမ်၊ ရာသီသဘာဝ၊ ရာသီပန်း၊ ကျေးငှက်တိရစ္ဆာန်၊ ကျေးလက်တွင်နေထိုင်၍ ဘာသာဘာဝ လုပ်ကိုင်စားသောက်ကြသည့် တောင်သူများအကြောင်းတို့ကို ဖွဲ့နွဲ့သီကုံးလေ့ ရှိကြပါသည်။

## ၁။ တပေါင်းဟူသည်

မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် တပေါင်းလသည် နောက်ဆုံးလ ဖြစ်ပါသည်။ တပေါင်းလသည် မိန်ရာသီဖြစ်ပြီး ဥတုအားဖြင့် ဝသန္တဥတုတွင် ပါဝင်ပါသည်။ ရာသီရုပ်မှာ ငါးကြင်းရုပ် ဖြစ်သည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဟင်္သာတတက္ကသိုလ်

တပေါင်းလကို မြန်မာအဘိဓာန်တွင်– 'မြန်မာ့ဆယ့်နှစ်လတွင် နောက်ဆုံးလ'[၁] ဟု ဖွင့်ဆိုထားပါသည်။

ဝေါဟာရလိနတ္ထဒီပနီတွင်–

> "ထိုရာသီကား ငါးကြင်းပွတ်အဆင်းသဏ္ဍာန်နှင့် တူသောရာသီ၊ ငါးတို့ ရွှင်မြူးကြိုက်နှစ်သက်သော ရာသီဟု ဆိုလိုသည်။ ထိုရာသီတွင် ဘရဂုဏီနက္ခတ်နှင့်ယှဉ်၍ လပြည့်သောကြောင့် ဖဂ္ဂုဏမာသဟူ၍ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့တွင် ဆိုသည်။ ထိုရာသီကိုစွဲ၍ တပေါင်းလ မြန်မာဘာသာ ခေါ်ဝေါ်သည်မှာ အမရကောသ အဘိဓာန်ကျမ်း သွဂ္ဂဝဂ်တွင် တပသျား၊ ပူပန်ခြင်းကောင်းသော တပေါင်းလ၊ ဖလ္လုဏိတ၊ ဖဂ္ဂုဏပုဏ္ဏမီနှင့် ယှဉ်သော တပေါင်းလ ဟူ၍ ပရိယာယ်ရှိသည်။ ကာလရှည်လျားဝေးကွာသောကြောင့် တပသျားမှ ပျက်ယွင်း၍ မြန်မာဘာသာ တပေါင်းလဖြစ်သည် ယူရမည်"[၂]

ဟု ဆိုထားသည်။

ဦးဖိုးလတ်က–

> "ထန်းချက်သည်။ ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သည်။ ထန်းချက်လ။ ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သော လ။ မြန်မာတစ်ဆယ့်နှစ်လတို့တွင် တစ်ဆယ့်နှစ်လမြောက်လ၊ မိန်ရာသီ"[၃]

ဟု ဖော်ပြထားပါသည်။

ဥတုဘောဇနေသင်္ဂဟကျမ်းတွင်–

> "တပေါင်း၊ တန်ခူး နှစ်လသည် ဝသန္တဥတုမည်၏။ လောကသည် စဉ်းငယ်ပူ၏။ ကောင်းကင်ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချယား၊ သော်က၊ သရဖီ အစရှိသော ပန်းမန်တို့သည် ပွင့်ကုန်၏။ ဥဩငှက်များသည် ပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။ တောင်လေလာ၏"[၄]

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၄၂။

[၂] လှေသင်းအတွင်းဝန်မင်းကြီး၊ ၂၀၁၄၊ ၆၈။

[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၉၇။

[၄] ယောမြို့အမတ်ကြီး၊ ၁၉၆၅၊ ၁၀။

ဟူ၍ ဖော်ပြထားပါသည်။

တပေါင်းလသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသော ရာသီဖြစ်သည်။ ရာသီသဘာဝအားဖြင့် မြန်မာတို့သည် တပေါင်းလကို လများ၏သခင်ဟု အထွတ်တင်သကဲ့သို့ စာဆိုတို့ကလည်း ဝသန္တရတုတို့၏ ဘုရင်ဟု ဆိုကြပါသည်။[၁]

တပေါင်းလကို ခုဒ္ဒကနိကာယ်အဝင်၊ သုတ္တနိပါတ်ပါဠိတော် ရတနသုတ်ဝနပ္ပဂုမ္ဗေဂါထာတွင် ဂိမှာနမာသေ၊ နွေလေးလတို့တွင်၊ ပဌမသ္မိဂိမှေ – အစဦးစွာဖြစ်သော နွေလ၌၊ ဖုသိတဂ္ဂေ ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ–တောအုပ်သည်၊ သသိရိ ကောယထာ– ကျက်သရေရှိသကဲ့သို့ ဟူ၍ တပေါင်းလ သာယာဟန်ကို နိဗ္ဗာန်သို့ ရောက်စေတတ်သော ပရိယတ္တိတရားတော်နှင့် ပမာနှိုင်းဆ၍ လောကသုံးပါးအတွက် မြတ်စွာဘုရား ဟောကြားတော်မူသည်။[၂]

တပေါင်းလ၏ ရာသီပန်းမှာ အင်ကြင်းပန်း ဖြစ်သည်။ တပေါင်းလ၏ ထင်ရှားသောပွဲတော်မှာ သဲပုံစေတီပူဇော်ပွဲ ဆင်နွှဲကြသည်။

## ၂။ တပေါင်းလကဗျာများမှ စာဆိုတို့၏ အလှဘွဲ့များ

ရာသီဘွဲ့ကဗျာများကို ဖန်တီးခဲ့ရာတွင် စာဆိုတို့၏ အတွေးမျိုးစုံ စိတ်ကူးမျိုးစုံတို့ဖြင့် စာတင်ခဲ့ကြသည်။ ရာသီဘွဲ့ကဗျာများတွင် ရာသီနက္ခတ်၊ ရာသီပန်း၊ ရာသီပွဲတော်၊ ရာသီသဘာဝအခြေအနေ၊ ရာသီရုပ်တို့ကို မိမိစိတ်ကူးအာရုံ ကျက်စားမိသည့်အလျောက် ထည့်သွင်းရေးဖွဲ့ခဲ့ကြသည်ကို တွေ့ရပါသည်။

## ၂။ ၁။ ကဗျာမှ တပေါင်းလဘွဲ့များ

ရှင်အုံးညို၏ ဂါထာ(၆၀)ပျို့တွင် မြတ်စွာဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်၊ မျိုးတော်အပေါင်းက မြတ်စွာဘုရားရှင်ကို လွမ်းဆွတ်တသ ဖူးမြင်လိုကြောင်းနှင့် ဆန်းသစ်လှပသည့် နွေဦးရာသီ၏ တောလမ်းခရီးသာယာကောင်းမွန်ကြောင်း ဖွဲ့ဆိုထားသည့် အင်းဝခေတ်၏ ပန်းချီကားချပ်တစ်ခုပင် ဖြစ်သည်။

နွေဦးကာလ တပေါင်းလတွင် ရော်ရွက်ဝါတို့ကြွေကျပြီး ရွက်သစ်တို့ဝေနေပုံ၊ အပင်ခြေများတွင် ရော်ရွက်ဝါများ စုပုံများပြားလျက်ရှိပုံ၊ ရွက်ဝါမြေလူးသည့် ရာသီ

---
[၁] သော်ဇင်၊ ဦး၊ ၁၉၈၀၊ ၁၄၈။
[၂] လှေသင်းအတွင်းဝန်မင်းကြီး၊ ၂၀၁၄၊ ၆၉–၇၀။

ဖြစ်ပုံ၊ အညွန့်များ၊ အဖူးများ ဝင်းဝါတောက်ပလျက်ရှိပြီး အသီးများလည်း ထိယှက်ကာ အရောင်များထွက်ပေါ်လျက်ရှိပုံ၊ နရွဲပင်၊ ရင်ကမ်းပင်၊ စင်ပြွမ်းပင်၊ သစ်ရာပင်၊ ကြောင်လျှာပင်၊ သပြေပင်၊ တိန်ညင်ပင်၊ ချေပင်၊ အင်ပင်၊ ပြည့်စင်ပင်၊ ခဲပင်၊ ရင်ခတ်ပင်၊ ကတွတ်ပင်၊ ခယောင်းပင်၊ သင်ပေါင်းပင်၊ ဖက်အုပ်ပင်၊ လက်ခုပ်ပင်၊ မအူပင်၊ မှန်ကူပင်၊ ပိတ်ချင်းပင်၊ အင်ကြင်းပင်၊ မာလကာပင်၊ ကွမ်းပင်၊ ကြံဖြူပင်၊ သစ်ဆိမ့်ပင်များသည် စိမ်းမြမြအရောင်အဆင်းဖြင့် များပြားစွာပေါက်ရောက်လျက် ရှိကြပုံ၊ မြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်ရရန် မျှော်လင့်နေကြသကဲ့သို့ ရှိနေပုံတို့ကို–

> "ဝသန္တဟု၊ ကာလသရစ်၊ ရောက်သည်ဖြစ်၍၊ ညွန့်သစ်ရွှေရွှေ၊
> ရွက်လည်းကြွေမူ၊ ပင်ခြေမွမ်းမျှ၊ ရော်ရွက်ကျလျက်၊ မြမြလန်းစင်၊
> ပန်းသစ်ပင်တိ၊ သီးချင်းရဲရဲ၊ ပွင့်မစဲသား၊ နရွဲရင်ကမ်း၊ စင်ပြွမ်း
> သစ်ရာ၊ ကြောင်လျှာသပြက်၊ တိန်ညှင်ချေအင်၊ ပြည့်စင်ခံသီး၊
> လုံးကြီးရင်ခတ်၊ သခွတ်ဖအောင်း၊ သင်ပေါင်းဖက်အုပ်၊ လက်ခုပ်
> မအူ၊ မှန်ကူပိတ်ချင်း၊ အင်ကြင်းဆင်းဝါ"[၁]

ဟူ၍ အသေးစိတ် ရေးဖွဲ့ထားသဖြင့် အရောင်အဆင်း၏ လှပတင့်တယ်ခြင်းကို ထင်ရှားပေါ်လွင်စေပါသည်။

ထို့အပြင် အရွက်၊ အညွန့်၊ အဖူး၊ အညှောင့်သရစ်ဖူးလေးများ စတင်ဖူးထွက် သည့်အချိန် ကာလကို 'ကာလသရစ်'၊ အညွန့်အဖူးများ ဝင်းဝါတောက်ပပုံကို 'ညွန့်သစ်ရွှေရွှေ' အပင်ခြေရင်း၌ ရော်ရွက်ဝါများ စုပုံများပြား ကြွေကျနေပုံကို 'ပင်ခြေမွမ်းမှာ'၊ အသီးချင်းထိကာ တောက်ပနီရဲသည့် အရောင်များ ထွက်ပေါ်နေပုံကို 'သီးချင်းရဲရဲ'၊ အပင်ချင်း၊ အရွက်ချင်း၊ အပွင့်ချင်း၊ အသီးချင်း ထိယှက်ကာ သီးပွင့်နေကြပုံကို 'ခိုင်ချင်းဖြီးကာဖြီးကာတည်း' ဟူ၍ အဆင်းလှပပုံများကို ထူးခြားသည့် စကားသုံးများဖြင့် ရေးဖွဲ့ထားသည်။

မြတ်စွာဘုရားရှင်အား တပေါင်းလ၏ရာသီပန်းများသည် သဒ္ဓါကြည်ညိုစိတ်ဖြင့် ဖူးပွင့်ကာ ပူဇော်နေကြပုံကို–

> "တောထက်ဝန်းတုံ၊ ငုံသွန်းရွှေသား၊ စံကားထင်းရှူး၊ ဆိတ်ဖလူးနှင့်၊
> ကွမ်းဖူးကံ့ကော်၊ စွယ်တော်ပရဝါ၊ ရင်းမာဖက်ဆွတ်၊ ရင်ခတ်သရဖီ၊

---

[၁] အုန်းညို၊ ရှင်၊ ၁၉၆၅၊ ၂၈။

ကတ္တရီမြစ်ကိုင်း၊ ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊
တောက်သည့် မီးရောင်၊ ပြောင်ပြောင်ငြီးငြီး ပန်းတောင်ကြီးသို့"[၁]

ဟူ၍ မြတ်စွာဘုရားကြွချီရာ လမ်းတလျှောက်လုံး ပန်းပေါင်းစုံတို့သည် ရွှေရောင်၊ ရွှေသားတို့ဖြင့် ဝင်းဝါတောက်ပနေပြီး ပန်းတောင်ကြီးကဲ့သို့ ပသာဒရှိလှပုံ၊ ပန်းပေါင်းစုံတို့သည် ပွင့်သည့်အချိန်အခါမရောက်ပါဘဲ မြတ်ဘုရားရှင်အား ကြည်ညိုစိတ်နှင့် သက်ရိုကဲ့သို့ ပူဇော်ဦးခိုက်နေကြပုံတို့ကို ရေးဖွဲ့ထားသည်မှာ လောကုတ္တရာနှင့်ယှဉ်သော စာဆို၏ အတွေးစိတ်ကူးကို တွေ့ရပါသည်။

ထို့ပြင် တောတွင်းသတ္တဝါအပေါင်းတို့သည်လည်း မြတ်ဘုရားရှင်အား ကြိုဆိုရန် အသင့်ရှိနေကြကြောင်းကို–

"ဟသ်ာဝမ်းဘဲ၊ တွန်သဲတောကြက်၊ စက္ကဝက်တို့၊ ကျီးနက်ခိုပြာ၊
ငုံးခါမြစ်တွေး၊ ပဲထွေးဘီလုံး၊ ပျံတုန်းသာမြူး၊ သံကျူးရင့်ချီ၊
ငှက်နီဝရပ၊ သုဝကျေးသား၊ ကုလားတမာ၊ လူ့ပျူငှာသို့၊ ရွှေဝါ
ကြက်တော ဖော်နှောဒီးဒုတ်၊ ဥပုသ်ငဟစ်၊ ရစ်နှင့်ပိန်ညင်း"[၂]

ဟူ၍ တွန်သံပေးကာ ကြိုဆိုနေရှာသည့် တောကြက်စက္ကဝက်ငှက်များ၊ ကျီးနက်၊ ခိုပြာ၊ ငုံး၊ ခါ၊ မြစ်တွေး၊ ဘီလုံးငှက်၊ ပျံသန်းမြူးရွှင်စွာ အသံသာယာသည့် ငှက်နီ၊ ဝရပငှက်၊ ကျေးသား အပါအဝင်ဖြစ်သော ကျေးကုလား၊ လူကဲ့သို့ ပျူပျူငှာငှာ ညှော့ဝတ်ပြုတတ်သော ရွှေဝါရောင် ကျေးတောငှက်များ၊ အဖော်တို့နှင့် ပျော်မြူးနေကြသည့် ဒီးဒုတ်၊ ဥပုသ်၊ ငဟစ်၊ ငရစ်၊ ပိန်ညင်း၊ ဆွတ်ဆွတ်ဖြူသည့် ဥဗျိုင်းတို့ကလည်း မကြုံစဖူး ထူးကဲစွာ တောလမ်းဝန်းကျင်၌ ရှိကြပုံ၊ လူတို့ကဲ့သို့ ပျူပျူငှာငှာ ညှော့ဝတ်ကျေပွန်နေကြပုံ၊ ပန်းများကို နှုတ်သီးနှင့်ချီကာ ဘုရားရှင်အား ဖူးမျှော်နေကြပုံ အမူအရာကိုပါသရုပ်ပေါ်အောင် ဖွဲ့ဆိုထားပါသည်။

ထို့ပြင် ကျေးငှက်များ များပြားစွာရှိနေကြပုံကို 'မွှမ်းမွှမ်းမြင်မျှ' ပန်းပွင့်များ ကိုက်ချီပြီး၊ ပျံလိုက်နားလိုက်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်နေသည့် ကျေးငှက်များ၏အမူအရာကို 'သစ်ပင်နားတုံ၊ မြေနားတုံတည့်၊ ပျံတုံပျံနား' ဟူ၍ ကျေးငှက်များ၏ လှုပ်ရှားနေသည့် အမူအရာကို သရုပ်ပေါ်စေပါသည်။ 'တုံ' ဟူသည့် ကြိယာထောက်က အကြိမ်ကြိမ်ပြုလုပ်သည့်သဘောကို ပေါ်လွင်စေသည်။ ဘုရားရှင်ကို ဖူးမြော်ရန် တူညီသောဆန္ဒဖြင့် အတူတကွ ပေါင်းစည်းမိကြပုံကို 'တူပြိုတပေါင်း' ဟူ၍ လှပသောအသုံးကို တွေ့ရသည်။

---

[၁] အုန်းညို၊ ရှင်၊ ၁၉၆၅၊ ၂၈။

[၂] အုန်းညို၊ ရှင်၊ ၁၉၆၅၊ ၄၉။

ကျေးငှက်များအားလုံး တပေါင်းတစည်းတည်း ဖြစ်ကြပုံ၊ ကျေးငှက်သတ္တဝါလေးများ အားလုံး၏ တူညီသောစိတ်မှာ ဘုရားရှင်အား ဖူးမြော်ကြည်ညိုရန် ဖြစ်ပုံကို ထင်ရှားစေပါသည်။ ကျေးငှက်လေးများ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပုံကို လူတို့ကဲ့သို့ပင် တင်စားထားပြီး စိတ်ခံစားမှုကို ပေါ်လွင်စေပါသည်။ ကျေးငှက်တို့၏ စိတ်ခံစားမှု အမူအရာမြင်ကွင်းကိုပါ ပုံဖော်ထားသဖြင့် ထင်သာမြင်သာဖြစ်စေကာ ရုပ်လုံးကြွလာစေပါသည်။

ရှင်မဟာသီလဝံသတည်း ဟူသော ဆရာကောင်းတပြည့်မှန်စွာ စပ်ဟပ်ရာ၌ ဆရာနည်းတူ အပိုအလိုမရှိအောင် စပ်ဆိုနိုင်သောကြောင့် ဂါထာခြောက်ဆယ်ပျို့ တစ်ခုလုံးသည် ဆေးရောင်စုံဖြင့် ခြယ်လှယ်အပ်သော စိမ်းလန်းသာယာစိုပြေသည့် တောတောင်ပန်းချီကားကြီးသဖွယ် စိတ်မျက်စိအာရုံတွင် ထိခိုက်စွဲငြိဖွယ် ဖြစ်ပါသည်။[၁]

## ၂။ ၂။ လေးချိုးကဗျာများမှ တပေါင်းလရာသီဘွဲ့များ

ကုန်းဘောင်ခေတ်စာဆို စာဆိုတော်ဦးမင်း၏ တပေါင်းလရာသီဘွဲ့လေးချိုးကဗျာတွင် တပေါင်းလရာသီသဘာဝအခြေအနေ၊ ရာသီရုပ်၊ ရာသီပန်း၊ ပတ်ဝန်းကျင်သဘာဝ၊ သဲသောင်ကမ်း၊ ကျေးငှက်တို့၏ သဘာဝတို့ကို ဖော်ပြပြီး ပျော်ရွှင်စရာရာသီ ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

နွေရာသီ၏အစဖြစ်သော တပေါင်းလရာသီတွင် တောတောင်တစ်ခွင်လုံး ရွှေရောင်လွှမ်းပြီး လေအနေ့မှာ ရွက်ကျင်များကြွေကျသည့် နွေရက်ဖြစ်ကြောင်းကို–

"ရဂုံမှာရွှေဖက်လို့၊ လေရွက်ကျင်၊ ခွေလျက်ပေတဲ့ နွေရက်ဝယ်"[၂]

ဟူ၍ နွေဦးရာသီသဘာဝကို ဖွဲ့ဆိုခဲ့ပါသည်။ လေအနေ့မှာ ရွက်ဝါ၊ ရွက်ကျင်များ ကြွေကျပုံကို 'လေရွက်ကျင်' ဟု သုံးနှုန်းထားပါသည်။

ထို့ပြင် နွေဦးရာသီသည် ရာသီပွင့်လင်းပြီး အေးချမ်းသည့်အတွက် ကျေးငှက်သာရကာ လေးများအသိုက်ထဲဝင်လိုက်၊ ထွက်လိုက်ဖြင့် ပျော်ရွှင်မြူးထူးနေသည့် လှုပ်ရှားမှုအမူအရာကို–

"ငှက်ကျေးငယ်သိုက်ဝင်၊ စရိုက်ကယ်ရွှင်သည်"[၃]

ဟူ၍ ငှက်တို့ပျော်ရွှင်ကြသည့် ရာသီအဖြစ် ပုံဖော်ခဲ့ပါသည်။

---

[၁] ဖေမောင်တင်၊ ဦး၊ ၂၀၁၃၊ ၆၉။
[၂] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၂၀။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၂၀။

လောကနိယာမသဘောအရ သစ်ပင်ကြီးငယ်အသွယ်သွယ်မှ ရော်ရွက်ဝါတို့သည် တဖြုတ်ဖြုတ်ကြွေကျရပုံ၊ နုပျိုစင်ကြယ်သည့် ပုရစ်ဖူးလေးများက အသစ်တဖန် ထွက်ပြူလာကြပုံ၊ ငွေသဲသောင်ပြင်တွင် ရေးယခင်ကတည်းက တည်ထားကိုးကွယ် ကြသည့် သဲပုံစေတီကို ဖူးမြင်ရပုံ၊ တပေါင်းလ၏ရာသီပန်းဖြစ်သော သရဖီပန်းများက ရွှေရောင်ဝင်း၍ ဖူးပွင့်ဝေဆာနေကြပုံ၊ အနီရောင်အင်ကြင်းပန်းတို့၏ အဖူးအညွန့် တို့ကလည်း လောကတစ်ခွင်အလှဆင်နေပုံတို့ကို–

> "ကျူငွေသောင်မှာ၊ ယခေါင်စဉ်ရှည်၊ သဲစာတီတည်မြဲမို့၊ ရစ်မည်က
> မြချီလျှင်၊ သရဖီရွှေလိုဝင်းလို့၊ အင်ကြင်းသန္တာညွန့်တို့ ဖူးကွန့်
> ကိုက်လှယ်"[၁]

ဟူ၍ တပေါင်းလ၏ သာယာမှုပေါင်းများစွာဖြင့် လှပနေပုံကို ဖွဲ့ဆိုထားပါသည်။

ထို့ပြင် တောမြိုင်အတွင်းဝယ် ကျောက်စက်စိမ့်စမ်းရေများ တသွင်သွင် စီးဆင်း နေပုံ သဘာဝအလှနှင့်အပြိုင် ပလောင်တောင်သူတို့၏ လုပ်အားအလှကိုပါ အာရုံ ဝင်စားခဲ့ပါသည်။ တောင်ပေါ်ဒေသတွင် တောင်ယာစိုက်ပျိုးရေးအတွက် ယာမီးရှို့ပြီး ဝမ်းစာရှာဖွေကြသည့် ပလောင်တောင်သူတို့၏ လုပ်ငန်းခွင်ကို–

> "ကျောက်စက်ကယ်တံခွန်၊ စိမ့်စမ်းသွန်လို့၊ အဝှန်ရောင်ညီး
> ပလောင်မီးလည်း၊ တောင်ကြီးငယ်သုတ်သင်၊ လုပ်ငန်းရာ
> ပြင်ကြတယ်"[၂]

ဟူ၍ ထည့်သွင်းရေးဖွဲ့ခဲ့ပါသည်။

ချိုသာသောအသံဖြင့် ရင်မောပူပန်နေရသော ဥသြငှက်လေးများ၏ အသံလေး များက လေထဲတွင်မျောလွင့်နေပုံ၊ အဖော်မဲ့နေသော ဖိုးခေါင်ငှက်လေး၏ သံရှည် ကျူးရင့် တွန်ကျူးနေပုံကို ကြားရသည့်အခါ ကြားရသူအဖို့ သောကဗျာပါရများ ပွားစည်စေကာ အလွမ်းဓာတ်ခံရှိသူတို့အဖို့ အလွမ်းပိုအောင် ဖန်တီးနိုင်ခဲ့ပုံကို–

> "သံချိုငယ်မြည်ပြော၊ ကျော်ဥသြနှင့်၊ ဖော်နှောငယ်မဲ့မောင်
> ငှက်ဖိုးခေါင်လည်း၊ နှောင်တခြည်ခြည်၊ ဗျာတော်စည်အောင်"[၃]

ဟူ၍ ဖွဲ့နွဲ့ခဲ့ပါသည်။

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၂၀။
[၂] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၂၀။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၂၁။

နွေဦးရာသီတပေါင်းလ၏ အလှအပများကို မြတ်စွာဘုရားရှင်တော်မှ လွန်စွာ စိတ်ကြည်နူးချမ်းမြေ့သဖြင့် အသာယာဆုံးလဟု ဟောကြားခဲ့ကြောင်းကို–

"နွေအာဒိ ဂိမှာန်ကို၊ နိဗ္ဗာန်ပိုင်ရှင်တော်စောသော်မှ ဟောငဲ့ သာဆုံး"[၁]

ဟူ၍ တပေါင်းလသည် လတကာထက် သာယာမြင့်မြတ်သည်ဟု ယူဆထားကြောင်း ဖော်ကျူးခဲ့ပါသည်။

ထို့ကြောင့် စာဆိုတော်ဦးမင်း၏ တပေါင်းလရာသီသည် ရာသီသဘာဝ မြင်ကွင်းကို လွမ်းစေလိုသော စိတ်ကူးဖြင့် ရေးဖွဲ့သည့် အလွမ်းပန်းချီကားချပ်အဖြစ် တွေ့ရပါသည်။

ဖိုးသူတော်ဦးမင်း၏ တပေါင်းလဘွဲ့ကဗျာတွင် ကောင်းကင်ယံတွင် အနိမ့်အမြင့် ဖြစ်နေသည့် တိမ်လိုင်းများ၊ မြူခိုးမြူငွေ့များ ဆောင်းနှင်းကျန်နှင်းများ ဖြူပြေပြေ ရှိနေပုံတို့မှာ တမင်ဖန်ဆင်းထားသကဲ့သို့ပင် ရှိနေသဖြင့် စာဆိုများ စာဖွဲ့ရန် လှပသည့် ရာသီဖြစ်ကြောင်း–

"မိန်အပိုင်းပေမို့၊ တိမ်မှိုင်းမြူငွေ့မှာ၊ ဖြူပြေပြေကျန်နှင်းနှင့် ဖန်ဆင်းဟန်တွေ ဆင့်ပါဘိ၊ ရေးခွင့်မြိုင်"[၂]

ဟူ၍ ကောင်းကင်သဘာဝအလှကို ကြည်နူးဖွယ်ရာ ဖွဲ့ပါသည်။

ရေတံခွန်မှ ရေများသွန်ချသကဲ့သို့ ဖက်ဆွတ်မိုးရွာပုံ၊ ဖြူဖွေးနေသည့် ငွေရောင်သဲသောင်ပြင်ထက်တွင် ငှက်မောင်နှံတို့ တေးသီချင်းများ စီစီကျာကျာဖြင့် သီကျူးနေကြပုံတို့မှာ လွမ်းမောဖွယ်ကောင်းပုံ၊ အဖော်မဲ့နေသော ဖိုးခေါင်ငှက်၏ အသံရှည်ရှည် အော်မြည်နေပုံ၊ မဲနက်နေသည့် ဥဩဖိုငှက်လေး၏ ချစ်သူကို ရှာဖွေနေဟန်နှင့် တွန်ကျူးနေပုံ၊ ချစ်သူကိုအသံပေးနေပုံတို့မှာ အသည်းအိမ်ထဲတွင် လွမ်းမောချည့်နဲ့ဖွယ်ရာ ကောင်းလှပုံ နွေဦးရာသီ၏သဘာဝအလှကို လွမ်းမောဖွယ်ရာ ခံစားရပုံတို့ကို–

"သံရှည်ငယ်ကြော်နွဲ့၊ သံငေါ်ဖွဲ့လို့၊ ဖော်မဲ့ဖိုးခေါင် ခေါ်တဲ့ ယောင်လို၊ အမှောင်ညိုကြောျ၊ ဖိုဥဩလည်း"[၃]

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၂၁။
[၂] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၁၉။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၁၉။

ဟူ၍ လုပတင့်တယ်နေသည့် သဘာဝအလှများကို မြင်ယောင်လာအောင် ငှက်မောင်နှံ သီကျူးနေသည့် တေးသီချင်းသံလေးများကို ကြားယောင်လာအောင်၊ ခံစားရေးရေးဖွဲ့ ထားသည်မှာ လောကသဘာဝအလှ စုံလင်လှသည့် အသွေးအရောင်စုံသည့် သဘာဝ ဆေးရောင်စုံ ပန်းချီကားချပ်နှယ် တင့်တယ်စေပါသည်။

စာဆိုတော်ဦးမင်းနှင့် ဖိုးသူတော်ဦးမင်းတို့၏ တပေါင်းဘွဲ့တို့တွင် အလွမ်းစိတ်ကူး များကို ခံစားရေးဖွဲ့ပုံကို ဦးဖေမောင်တင်က–

> "ဤကဲ့သို့ ရာသီအခြေအနေ လွမ်းစရာကောင်းအောင် ဖွဲ့နွဲ့ တတ်မှ စာဆိုကောင်းတစ်ယောက်မူ၍ ချီးမွမ်းသင့်ပေသည်။"[၁]

ဟူ၍ ဖော်ပြခဲ့ပါသည်။

စာဆိုဦးမင်း၏ တပေါင်းလသဘာဝတွင် ရာသီအင်္ဂါရပ် စုံလင်စွာ ဖွဲ့ဆို ထားကြောင်း တွေ့ရသည်။ ကျေးငှက်မောင်နှံ၏အသိုက် ဝင်လိုက်ထွက်လိုက်ဖြင့် ပျော်ရွှင်နေကြသည့် အမူအရာ၊ သဲပုံစေတီတည်ကြပုံ၊ အဖော်မဲ့နေသည့် ဥသြငှက်ဖို၏ အသံချိုချိုဖြင့် အော်မြည်နေသံ၊ တောင်မြိုင်ငူထက်တွင် အသံရှည်ဆွဲကာ လွမ်းသံ ပေးနေသည့် ဖိုးခေါင်ငှက်၏အသံမှာ အလွမ်းဓာတ်ခံရှိသူတို့အဖို့ လွမ်းမောဖွယ်ရာ ကောင်းပုံတို့ကို ခံစားရေးဖွဲ့ခဲ့ပါသည်။

ဖိုးသူတော်ဦးမင်း၏ တပေါင်းလဘွဲ့တွင် ကောင်းကင်ယံအခြေအနေ၊ တပေါင်းလ၏ စန်းယှဉ်နက္ခတ်၊ ရာသီရပ်၊ ကျေးငှက်လေးများ၏ စီစီကျာကျာ တေးသီချင်း သီဆို ကြသည့် အမူအရာ၊ အဖော်မဲ့နေသည့် ဖိုးခေါင်ငှက်၏ အသံရှည်ရှည် အော်မြည် နေသည့် လွမ်းသံကို ကြားရသည်မှာ လွမ်းစရာကောင်းပုံ စသည့် အလွမ်းစိတ်ကူးကို ခံစားရေးဖွဲ့ခဲ့သည်။

စာဆိုဦးမင်းသည် ရာသီအခြေအနေကို ရိုးရိုးမဖော်ပြဘဲ လွမ်းစရာကောင်းအောင် ဖန်တီးရေးဖွဲ့ခဲ့သည်။ ဆေးရောင်စုံခြယ်သထားသည့် ပန်းချီကားနှင့်တူပြီး စာဖတ်သူ၏ စိတ်အာရုံ၌ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေသည်။

ဖိုးသူတော်ဦးမင်း၏ တပေါင်းလဘွဲ့ကား စာဖတ်သူ၏ စိတ်အာရုံတွင် ထင်ထင်ရှားရှား မြင်စေနိုင်ပြီး အလွမ်းစိတ်ကို ဖန်တီးပေးနိုင်ပါသည်။ ၎င်းတို့ နှစ်ဦး၏ တပေါင်းလဘွဲ့ကဗျာများသည် လောကီရေးရာနွယ်သည့် ရာသီဘွဲ့များ အဖြစ် စိတ်ကူးပုံဖော်ခဲ့ကြပါသည်။

---

[၁] ဖေမောင်တင်၊ ဦး၊၂၀၁၃ ၊ ၂၈၅။

## ၂။ ၃။ အဲချင်းကဗျာများမှ တပေါင်းလရာသီဘွဲ့များ

မယ်ခွေ၏ တပေါင်းလဘွဲ့အဲချင်းတွင် သဘာဝမြေ ဖြစ်ပေါ်နေသော တောတောင်ရေမြေနှင့် ရာသီဥတုအခြေအနေ လိုက်ဖက်ပုံတို့ကို ပေါ်အောင် ဖွဲ့ဆိုထားသည်။

> "ကသိုဏ်းငယ်မှ ညိုညိုလေး ကြယ်ရေဝတီ၊ နယ်သီဂိ
> နာရီငါးရပ်၊ သုညပါဒ်နှင့်၊ ရဟတ်ကယ်စက်ချင်း၊ ချမ်းရေးငယ်
> ပြင်းကြသည်"[၁]

ဟူ၍ ဗေဒင်လာစကားများနှင့် ဖွဲ့နွဲ့ပုံ တွေ့ရသည်။

ထို့နောက် တပေါင်းလ၏ ရာသီပွဲတော်ဖြစ်သည့် သဲပုံစေတီကျင်းပကြပုံ၊ သဲပုံကို အောက်ခြေငါးဆင့် ရစ်ပတ်ကြပုံ၊ ထို့နောက် သဲစေတီကို လက်ျာရစ်လှည့်ကာ အနေကဇာတင်ကြပုံ၊ နတ်စည်ကဲ့သို့ တီးမှုတ်ကျူးရင့်ကြပုံကို–

> "ရွှေလိုမှုရစ်ဆင့်၊ သဲပုံပြီးပြီ၊ သာမျိုးညီအောင်၊ စေတီရတနာ၊
> လှည့်လက်ျာကို၊ နေဇာမြှင့်လို့ ကျူးရင့်ငယ်မှနတ်စည်"[၂]

ဟူ၍ ရာသီပွဲတော်ကျင်းပပုံကို အသေးစိတ် ဖန်တီးပြသည်။

ထို့နောက် စာဆိုမယ်ခွေသည် တပေါင်းလရာသီ၏ အခြေအနေကို များစွာ အမွှန်းတင် ရေးဖွဲ့ခဲ့သည်။ နွေဦးဂိမှာန်တပေါင်းလတွင် တောတောင်တစ်ခွင်လုံး ရွက်ဟောင်းများ ကြွေကျပြီး ရွက်သစ်များ ဝေဝေဆာဆာနှင့် ထွက်ပြူလာကြပုံ၊ ရွှေရောင်အဆင်းရှိသော သရဖီပန်းများ ဖူးတံမှ ဝေဝေဆာဆာ ထွက်ပြူလာကြသည့် အင်ကြင်းပန်း စသည့် ပန်းမျိုးစုံတို့ မွှေးပျံ့ကြိုင်လှိုင်စွာ ဖူးပွင့်နေကြပုံကို–

> "ရွက်သစ်ကယ်လောင်း ရွက်ဟောင်းငယ်ပျံလို့၊ ဖူးတံမှဝေဝေ
> အင်ကြင်းသရဖီ၊ ပန်းစုံစီနှင့်၊ သီဂိရောင်သွေး၊ ကြိုင်ကြိုင်ငယ်
> မွှေးလို့"[၃]

ဟူ၍ တပေါင်းလ၏ တောအရေးသာယာပုံကို ဖွဲ့ဆိုသည်။

ရွက်ဟောင်းများကြွေပြီး ရွက်သစ်ဝေသည့် တပေါင်းလကို ရွက်သစ်လောင်း၊ ရွက်ဟောင်းငယ်ပျံ ဟူ၍ 'လောင်း၊ ပျံ' ဟု ထူးထူးခြားခြားဖွဲ့ပါသည်။ 'ဖူးတံမှ

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၇၉။
[၂] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၇၉။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၈၀။

ဝေဝေဆာဆာပွင့်သော အင်ကြင်ပန်းကို 'ဖူးတံမှဝေဝေ'၊ ရွှေဝါရောင်အဆင်းဖြင့် မွှေးကြိုင်လှပသော သရဖီပန်းကို 'သင်္ဂီရောင်သွေး ကြိုင်ကြိုင်ငယ်မွှေး'၊ ပန်းရနံ့များ အလွန်ပင် မွှေးပျံ့ပုံကို 'ကြိုင်ကြိုင်' ဟူ၍ သုံးနှုန်းထားသဖြင့် ပတ်ဝန်းကျင်တစ်ခွင် မွှေးပျံ့သော ပန်းရနံ့များ ထုံသင်းနေပုံကို ခံစားစေနိုင်ပါသည်။ မွှေးရနံ့လေးများ ကြိုင်လှိုင်နေသည့် ပန်းငုံ၊ ပန်းဖူး၊ ပန်းပွင့်များကို ကျေးငှက်ကလေးများက ခြွေချသဖြင့် လေထဲတွင် ပန်းရနံ့များ မွှေးရနံများ တသင်းသင်းနှင့်ကြိုင်လှိုင်နေပုံကို–

> "ငှက်ကျေးငယ်ခြွေသည်၊ တောင်လေပြေမှန်တိုင်းနှင့် ရေလှိုင်းသံတိုး"[၁]

ဟူ၍ တောင်ဘက်အရပ်မှ လေပြေလေညင်းကလေးများ တိုက်ခတ်ပြီး ဒီလှိုင်းကလေးများ ပုတ်ခတ်သည့် လှိုင်းပုတ်သံလေးများပင် ကြားနေရပုံ အသံကိုပါ ထည့်သွင်းရေးဖွဲ့ထားသဖြင့် ပို၍ အသက်ဝင်ပီပြင်စေပါသည်။

ပန်းဝတ်ဆံလေးများကို ကျေးငှက်ကလေးများက ပျော်ရွှင်မြူးထူးစွာ ခြွေချသည့် အမူအရာကို "ငှက်ကျေးငယ်ခြွေသည်" ၊ တောင်ဘက်အရပ်မှလေများ တိုက်ခတ်၍ ရေလှိုင်းကလေးများ ပုတ်ခတ်သည့် အသံကိုပင် ကြားနေရပုံကို 'ရေလှိုင်းသံတိုး' ဟူ၍ အကြားအာရုံ၌ ထပ်ဟပ်လာအောင် ရေးဖွဲ့သည်။

သာယာဖွယ် တပေါင်းလရာသီတွင် နှစ်သက်ကြည်နူးဖွယ်ရာများ ပြည့်နေသော်လည်း စာဆိုမှာ တစ်ကိုယ်တည်းဖြစ်၍ မပျော်နိုင်ပုံ၊ တောတောင်တစ်ခွင်လုံး လွမ်းမောစရာကောင်းပုံများကို အလွန်ယဉ်ကျေးနွဲ့နှောင်း၊ ဆန်းသစ်သော စကားလုံးလေးများဖြင့် သုံးနှုန်းထားသည်မှာ ကြည်နူးဖွယ်ရာကောင်းရုံသာမက အလွမ်းဓာတ်ခံရှိသူများ၏စိတ်ကို လွမ်းအောင် ဆွေးအောင် ဖန်တီးပေးနိုင်လေသည်။

ဤတပေါင်းလရာသီဘွဲ့ တစ်ခုတည်းပင် မဟုတ်။ ၁၂ရာသီလုံးတွင်ပင် အဖွဲ့အနွဲ့များမှ လွမ်းစရာ ဆွေးစရာ စကားလေးများဖြင့် တန်ဆာဆင်ထားသောကြောင့် မယ်ခွေ၏ရာသီဘွဲ့သည် အခြားရာသီဘွဲ့များထက် ထူးခြားကောင်းမွန်သည်ဟု ဆိုရပေမည်။ ဤနေရာ၌ မယ်ခွေသည် ဩကာသလောကကြီးတွင် စိတ်ဝင်စားတတ်သူဖြစ်၍ မိမိကိုယ်ကလည်း နုနယ်ပျော့ပျောင်းသော မိန်းမသားဖြစ်သောကြောင့် ဖွဲ့နွဲ့သော စကားများတွင် မိန်းမသားဇာတိ ပြလျက်ရှိကြောင်း ထင်ရှားနေပါသည်။[၂]

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၄၊ ၈၀။

[၂] ဖေမောင်တင်၊ ဦး၊ ၂၀၁၃၊ ၂၄၁။

ဦးယာ၏ အဲချင်းကဗျာတွင် တပေါင်းလ၏ သာယာကြည်နူးဖွယ်ကောင်းပုံများကို အသေးစိတ် ရေးဖွဲ့ထားပါသည်။ ဆောင်းအကုန်၊ နွေအကူးကာလဖြစ်သည့် တပေါင်းလတွင် ရာသီပန်းဖြစ်သည့် သရဖီ၊ အင်ကြင်း၊ ပိတောက်ပန်းတို့သည် အပြိုင်အဆိုင် အလှချင်းပြိုင်နေကြပုံ၊ လေပြေလေညင်းလေးများကလည်း တသုန်သုန် တိုက်ခတ်ပြီး မွှေးရနံ့များ သယ်ဆောင်လာသည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံး သင်းပျံ့ကြိုင်လှိုင်လျက်ရှိပုံ–

> "နွေဦးငယ်မှ ရာသီလေ၊ သရဖီအင်ကြင်း၊ ရနံ့သင်းလို့
> လေပြင်းငယ်သုန်သုန်နှင့်၊ မြူမှုန်တွေဆိုင်းလာသည်၊ မှိုင်းရီရီ
> ငယ်နှင့်လေး"[၁]

ဟူ၍ ပတ်ဝန်းကျင်သဘာဝ အခြေအနေကို ဖွဲ့ပြသည်။

မြစ်ပြင်ရှုခင်းကိုဖော်ပြရာတွင်လည်း လှိုင်းလုံးများ တလိမ့်လိမ့်တက်ကာ ရှုချင်စဖွယ်ဖြစ်ပုံ၊ ငါးကြင်းများ ငါးတန်များက ပျော်ရွှင်မြူးထူးလျက်ရှိပုံကို–

> "နဒီငယ်မှ မြစ်ဦး၊ လှိုင်းလိပ်ကယ်တက်ပြန်၊ ငါးကြင်းဆန်သည်၊
> ငါးတန်မြူးလို့၊ ပြန့်ပြူးငယ်မှသဲသောင်"[၂]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ညင်းညင်းပြေပြေ တိုက်ခတ်သည့်လေကို 'သုန်သုန်'၊ ပတ်ဝန်းကျင်တစ်ခုလုံး မှုံမှိုင်းနေပုံကို 'ရီရီ' ဟု လုံးထပ်ကြိယာများ ရေးဖွဲ့ထားသောကြောင့် လေနုအေးလေးများ တိုက်ခတ်ပြီး တောတောင်ဝန်းကျင်တစ်ခုလုံး မှိုင်းမှိုင်းဝေဝေနှင့် အုံ့ဆိုင်းနေသည့်သဘာဝအလှကို ခံစားမိစေနိုင်ပါသည်။

လှိုင်းလုံးများ တလိမ့်လိမ့်တက်လာသည့် မြင်ကွင်းကို 'လှိုင်းလိပ်ကယ်တက်ပြန်'၊ ငါးကြင်းငါးတန်တို့ လှုပ်ရှားသွားလာသည့်အမူအရာကို 'ငါးကြင်းငယ်ဆန်၊ ငါးတန်ငယ်မြူး' ဟူ၍ 'ဆန်၊ မြူး' ဟူသည့် အမူအရာပြစကားလုံးများကို သုံးထားသည်။ နွေရာသီ သဘာဝမြစ်များ၊ ချောင်းများတွင် ရေနည်းသွားပြီး ညီညာပြန့်ပြူးသော သဲသောင်ပြင်များ ပေါ်ထွန်းလာပုံကို 'ပြန့်ပြူးငယ်မှ သဲသောင်' ဟူ၍ သောင်ပြင်အလှကို ပေါ်လွင်အောင် ဖွဲ့သည်။

ထို့ပြင် တပေါင်းလ၏ရာသီပန်းဖြစ်သော ကံ့ကော်ပန်းတို့သည် မြစ်ရေတွင် ရေစီးအတိုင်း မျောပါနေပုံ၊ မြစ်ကမ်းရိုးတလျှောက် ရေစီးတွင် တင်းကျမ်း ပြည့်နှက်လျက်

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၁၁၁။
[၂] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၁၁၁။

ရှိပုံ၊ သဘာဝရေမြေ တောတောင် အင်းအိုင် မြင်မြင်သမျှအရာအားလုံးသည် မြစိမ်းရောင် တောက်ပပြီး စိမ်းလန်းစိုပြေနေပုံကို–

"ကံ့ကော်ရေပန်း၊ မျောနစ်ကယ်မွန်းလို့၊ တင်းကျမ်းငယ်
ဆောင်သည်"[၁]

ဟူ၍ သရုပ်ဖော်ပြသည်။

ထူးခြားသည့် အသုံးအဖြစ် ရေထဲမျောနေသည့် ကံ့ကော်ပန်းကို 'ကံ့ကော် ရေပန်း' ဟု ဆန်းသစ်လုပစွာ သုံးနှုန်းထားသည်။ ရေထဲတွင် နစ်မွန်းနေသည့် ကံ့ကော်ပန်းများကို သက်ရှိပမာပြုပြီး 'မျောနစ်ကယ်မွန်းလို့' ဟူ၍ 'မွန်း' ဟူသော ခံစားမှုပြစကားလုံးကို သုံးထားသည်။ ရေပြင်ဝယ် ကံ့ကော်ပန်းများ၊ များပြားပြည့်နှက်လျက် ရှိပုံကို 'တင်းကျမ်း' ဟု သုံးထားပါသည်။ 'တင်ကျမ်း' သည် အပြောသုံးစကားလုံး ဖြစ်ပြီး ပေါ့ပါးသွက်လက်စေပါသည်။ အပြောစကားများ ထည့်သွင်းသုံးထား၍ အသက်ဝင်နေပါသည်။ ကံ့ကော်ပွင့်ကြွေများ ဖုံးလွှမ်းနေပြီး ပြည့်နှက်နေပုံကို ပေါ်လွင်စေပြီး မြင်ကွင်းကိုပို၍ ထင်ရှားပေါ်လွင်စေပါသည်။

စာဆိုသည် တောတောင်သဘာဝအလှများကို ရှုမြင်တင်ပြပြန်ပါသည်။ တပေါင်းလ အချိန်အခါ ဖြစ်သောကြောင့် သစ်ရွက်အနုအသစ်များဖြင့် စိမ်းလန်း စိုပြေနေကြပုံ၊ အင်းအိုင်ရေပြင်များသည်လည်း တောတောင်သစ်ပင်တို့၏အရိပ်ကြောင့် စိမ်းလန်းတောက်ပကာ အရောင်ဟပ်လျက်ရှိပုံကို–

"တောတောင်နှယ် အင်းအိုင်က မြစိုင်လိုမောင်း"[၂]

ဟူ၍ ဖွဲ့ပါသည်။ တောတောင်တစ်ခုလုံး စိမ်းမှောင်နေပုံကို 'မြစိုင်လိုမောင်း' ဟူ၍ အင်အားရှိသည့် အသုံးဖြင့် ပြသည်။

တပေါင်းလတွင် ရွက်ဟောင်းရွက်ကျင်များ ကြွေကျပုံကို 'တပေါင်းငယ်မှ ညှာကျင်' ဟူ၍ တပေါင်းလသဘာဝ အရွက်များအညှာမှ ကြွေကျပုံကို 'ညှာကျင်' ဟု သုံးနှုန်းသည်။ ထို့ပြင် တိမ်တောင်တိမ်လိပ်များ အရပ်ရှစ်မျက်နှာတွင် ရွေ့လျားလျက် ရှိပုံကို–

"တိမ်တောင်ပြန့်လွှား၊ ရပ်ရှစ်ပါးက"[၃]

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၁၁၁။
[၂] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၁၁၁။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၁၁၁။

ဟူ၍ ရေးသည်။ တိမ်များသည် အဝတ်များဖြန့်ပြီး လွှားထားသကဲ့သို့ဖြစ်နေပုံကို ဖွဲ့ဆိုထားသဖြင့် တိမ်များ၏ပုံသဏ္ဌာန်သည် ရုပ်လုံးကြွကာ ထင်မြင်လာစေသည်။

စာဆိုသည် ကျေးငှက်ကလေးများ၏ အမူအရာကို သတိပြုမိပြန်ပါသည်။ ကျေးငှက်မောင်နှံသည် တစ်ကောင်ကခေါ်၊ တစ်ကောင်ကထူး သစ်ပင်ပေါ်တက်လိုက်၊ ဆင်းလိုက်ဖြင့် နွဲ့ပျော်နေကြသည့် လှုပ်ရှားမှုမြင်ကွင်းကို 'ခေါ်ငင်ကာတက်သက်လို့၊ ကျေးငှက်ကနွဲ့' [၁] ဟူ၍ ကျေးငှက်တို့၏ ဘာသာဘာဝဖြင့် ပျော်မြူးနေကြသည့် အမူအရာကို သရုပ်ဖော်သည်။

လေယူရာတိမ်းနေကြသည့် တိမ်တို့၏သွင်ပြင်ကိုလည်း 'တိမ်မြူကိုလေနူးတဲ့၊ နွေဦးပွဲလေ' ဟူ၍ ရေးဖွဲ့ခဲ့သည်။ 'လေနူး' တွင် 'နူး' ဟူသည့် အသုံးသည် ထူးခြားဆန်းသစ်လှပါသည်။ 'နွေဦးပွဲလေ' ဟူသည် ပျော်ရွှင်၊ ကြည်နူးစရာများ ပေါင်းစုံနေသည့် နွေဦးကာလ တပေါင်းလကို 'ပွဲ' ဟု သုံးနှုန်းခြင်းသည် စာဖတ်သူ၏ စိတ်ကို ကြည်နူးစိတ်များ၊ ပျော်ရွှင်မှုများ ကူးစက်သွားစေနိုင်ပါသည်။

## ၂။ ၄။ ပတ်ပျိုးသီချင်းမှ တပေါင်းလရာသီဘွဲ့များ

သာဆန်းရဂုံဗွေပတ်ပျိုးသည် မြဝတီမင်းကြီးဦးစ၏ နွေဦးရာသီအစ တပေါင်းလ အကြောင်း ဖွဲ့ဆိုထားသည့် ပတ်ပျိုးသီချင်းတစ်ပုဒ် ဖြစ်သည်။ ကဗျာဆရာတို့သည် နွေဘွဲ့၊ တပေါင်းလဘွဲ့များကို ဖွဲ့ဆိုရန် လိုလားကြဘိသကဲ့သို့ ဦးစသည်လည်း မိမိ၏ပတ်ပျိုးသီချင်းအဖွဲ့ဖြင့် နွေဘွဲ့များကို ဖွဲ့ဆိုလေသည်။ နွေဘွဲ့ပတ်ပျိုးများတွင် သာဆန်းရဂုံဗွေပတ်ပျိုးကို အကောင်းဆုံးပတ်ပျိုး ဟူ၍ ဆိုထိုက်ပေသည်။[၂]

ဤပတ်ပျိုးတွင် နွေဦးရာသီ၏ သဘာဝအလှကို စိတ်မျက်စိထဲတွင် ထင်ပေါ် လာအောင် ဆေးရောင်စုံနှင့်တူသော စကားလုံးများနှင့် ဖွဲ့ဆိုထားပါသည်။ သာယာ ဆန်းကြယ်လှသည့် တောမြိုင်ရဂုံကြီးအတွင်းတွင် လေပြေလေညှင်းများ တိုက်ခတ် သွန်းလောင်းနေပါသည်။ ရွက်ညှာတို့သည် စိမ်းရာမှရင့်ကာ ညိုမောင်းသော အရောင်သို့ ပြောင်းလဲသွားပုံကို–

"ညှင်းပြေပြေ၊ လေပြေလောင်း၊ ညှာခြေစိမ်းရင့်မောင်း"[၃]

ဟူ၍ ဖော်ပြပါသည်။

---

[၁] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၁၁၁။

[၂] ဖေမောင်တင်၊ ဦး၊၂၀၁၃၊ ၂၇၅။

[၃] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၄။

ညင်ညင်သာသာ တိုက်ခတ်သည့် လေပြေကို 'ညင်းပြေပြေ'၊ လေပြေများ ညင်သာစွာတိုက်ခတ်ပုံကို 'လေပြေလောင်း' ဟူ၍ လှလှပပသုံးနှုန်းထားပါသည်။ သစ်ရွက်များစိမ်းရာမှ အစိမ်းရင့်ရောင်သို့ တဖြည်းဖြည်း ပြောင်းလဲသွားပုံကို သိသာထင်ရှားစေအောင် 'ညှာခြေစိမ်းရင့်မောင်း' ဟူ၍ သစ်ရွက်အညှာ၏အခြေများတွင် အစိမ်းရောင်များ မှိုင်းရင့်သွားကာ မှိုင်းခြင်း၊ မှုန်ခြင်းသဘောကို ထင်ရှားစေရန် သုံးသော အသုံးဖြစ်သည်။

ထို့နောက် အစိမ်းရင့်ရောင်မှ မြစိမ်းရောင်ညှာတံတို့မှနေ၍ ရင့်ညောင်း၍ ကြွေကျချိန်ရောက်သည့်အခါ ရွှေရည်များ လိမ်းကျံထားသကဲ့သို့ ဝင်းဝါသော အရောင်များဖြင့် လှပနေပုံကို–

"ညောင်းရွက်ကယ်တည့် ကြွေလေဟန်၊ မြညှာရွှေရည်စံ၊
သင်းကျံကျံလေတည့်၊ ဝင်းတဲ့ဝင်းလျှံလျှံ"[၁]

ဟူ၍ သရုပ်ဖော်ပြပါသည်။

ရင့်ရော်နေသည့် သစ်ရွက်တို့ကို 'ညောင်းရွက်'၊ ရော်ရွက်ဝါများသည် ရွှေရည်များ လိမ်းကျံထားသကဲ့သို့ ဖြစ်နေပုံကို 'ရွှေရည်စံ'၊ ဝင်းဝါသော အရောင်အဆင်းဖြင့် တင့်တယ်လှပနေပုံကို 'ဝင်းတဲ့ဝင်းလျှံလျှံ' ဟူ၍ အရောင်ပြစကားလုံးများနှင့် ရေးဖွဲ့ထားသည်။ 'လျှံလျှံ' ဟု နှစ်ကြိမ်ထပ်၍ သုံးထားခြင်းကလည်း ဝင်းဝါသောအရောင်များ ပြည့်လျှံနေသော သဘောကို ပို၍ပေါ်လွင်ထင်ရှားစေသည်။

ထို့ပြင် စာဆိုသည် ကျေးငှက်သာရကာလေးများကို အာရုံပြုမိပြန်ပါသည်။ ကျေးငှက်ကလေးများသည် မြူးထူးပျော်ရွှင်ကြကာ၊ ကျူးရင့်ကြွေးကြော်ကြသည့် အသံကလေးများ ညံညံစာစာနှင့်ရှိပုံကို–

"ကျူးကျော်ညံသည်နှင့်သာ၊ မြူးတဲ့မြူးပျော်စံ"[၂]

ဟူ၍ ဖွဲ့သည်။ ငှက်ကလေးများ ပျော်ရွှင်မြူးထူးသည့် အမူအရာကို သရုပ်ဖော်သည့် 'ညံ'၊ 'မြူး'၊ 'ပျော်' ဟူသည့် အမူအရာပြကြိယာများက လှုပ်ရှားမှုကို ပေါ်လွင်စေသည်။ ရွှေလည်တွဲ၍ ပျော်မြူးနေကြပုံကို 'ဖော်ချင်းငယ်နွဲ့' ဟူ၍ ကျစ်လျစ်လှပစွာ သုံးနှုန်းခဲ့သည်။

---

[၁] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၄။
[၂] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၄။

မြစိမ်းရောင်တောက်ပနေသည့် မိုးတိမ်များကို မြူခိုးမြူမှုန်များက တမင် ဖန်လာပြီး ဖြိုးဖြိုးဝေဝေနှင့် မှုန်ရီအုံ့ဆိုင်းလိုက်သည့်အတွက် ထွေထွေထူးထူးဖြင့် ဆန်းကြယ်သာယာလျက်ရှိပုံကို–

> "မြရွှန်းဘုံတိမ်ယံက၊ ဖန်လာမြူခိုး၊ ဖြိုးဖြိုးမှုန်ရီ အုံ့ညီတည့်၊
> ထွေထူးဆန်း"[၁]

ဟူ၍ အမြင်အာရုံကို ထင်ဟပ်ဖော်ပြခဲ့ပါသည်။ 'မှုန်' 'ရီ' 'အုံ' ဟူသည့် လုံးချင်း ကြိယာများက ပတ်ဝန်းကျင်သဘာဝအရောင် ပြောင်းလဲသွားပုံကို ထင်သာမြင်သာ စေပါသည်။

ဤပတ်ဝန်းကျင်သဘာဝအလှအပများကြောင့် စာဆိုမှာ လွမ်းဆွေးနေရပုံကို–

> "ပန်းလေအောင်လို့ သာကမ်းရေယဉ်ဘောင်"[၂]

ဟူ၍ ကမ်းနှင့် ရေယဉ်ဘောင်ကြီးကလည်း ပို၍ လွမ်းဖွယ်၊ ဆွေးဖွယ် ဖော်ဆောင် နေကြောင်း ခံစားရေးဖွဲ့ခဲ့သည်။

ရောင်စုံပွင့်နေသည့် ကြာမျိုးငါးပါးတို့မှာလည်း မြသားစိန်ကြောင်၊ ညိုမှောင် ဝါရွှေသောအရောင်ဖြင့် မျိုးစုံနေပုံ၊ ရွှေမိုးကြီးကလည်း အလွန်ပင် ရွာစွေလှပုံ၊ အခါမိုးမဟုတ်ဘဲလျက် မိုးမင်းကြီးပြိုလဲဟန်က ကဲလှပုံ၊ ငွေသဲခုံသောင်ပြင်ကြီး အတွင်းမှာ တောင်ပြန်လေကလေးက ကွန့်မြူးရွှင်လန်းလျက် ရှိနေပုံတို့ကို–

> "ရွာစွေလိုလို၊ ပြိုဟန်ကကဲ၊ ခါမိုးဟုတ်ပါပဲ၊ သဲငွေခုံသောင်
> တောင်ပြန်လေ ဝေမြူးလန်း"[၃]

ဟူ၍ ရာသီသဘာဝအခြေအနေကို ခံစားရေးဖွဲ့ထားသည်။

တောင်ဘက်အရပ်မှ တိုက်ခတ်လာသည့်လေကို 'တောင်ပြန်လေ' ဟု လှလှပပ သုံးသည်။ တောင်ပြန်လေလေးက ရွှင်လန်းလျက်ရှိပုံကို 'ဝေ၊ မြူး၊ လန်း' ဟူ၍ ကြိယာများကို ဆင့်ကာထပ်ကာ သုံးနှုန်းထားသည့် စာဆို၏စိတ်ခံစားချက်ကို ထင်ဟပ် ပေါ်လွင်စေပါသည်။

မဟာမြိုင်တောကြီးအတွင်း စခန်းချရပ်နားရာဖြစ်သည့် ဟေမာဝနတွင် ပန်းမျိုးစုံ တို့က အစီအရီပွင့်ဖူးကြ၍ လှပသာယာတင့်တယ်လျက်ရှိပုံ၊ မြစိမ်းရောင်ရှိသည့်

---

[၁] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၄။
[၂] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၅
[၃] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၅။

သီတာရေယဉ်ကြောကြီးတွင် ရေငှက်အပေါင်းတို့မှာ သံချို၊ သံညင်းကလေးများဖြင့် မြည်ကြွေးကာ မြူးထူးကြပုံကို–

"မြိုင်ဟေဝန်သာစခန်း၊ ပန်းပန်းကစုံစီ၊ မြစ်နဒီရေသီတာက၊
စိမ်းတယ်ကို၊ ချိုချိုသံညင်း၊ မြူးလာဘိရင်း"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ သာယာဖွယ်ကောင်းသည့် တောမြိုင်ကြီးတွင် ပန်းမျိုးစုံတို့ ရနံ့များ ကြိုင်လှိုင်နေပုံ၊ အေးမြသော ရေများက ကြည်လင်စိမ်းမြနေပြီး ကျေးငှက်ကလေးများ၏ ချိုသာသောအသံလေးများကိုပင် မြင်ယောင် ကြားယောင်လာစေပါသည်။

ရွှေသဇင်ပန်းမင်းတို့၏ ရနံ့များသည် တလှိုင်လှိုင်မွှေးပျံ့လှသည့်ပြင် ပွင့်ချပ်ပွင့်လွှာတို့မှာ လေလာတိုင်း ကိုင်းညွတ်နေကြပုံကို–

"ဇင်မင်းကလှိုင်လှိုင်ထွေ၊ စိန်ချပ်ရုံမှုံရွှေဝတ်ကယ် လေညွတ်
လာလို့ယိုင်"[၂]

ဟူ၍ မွှေးပျံ့သင်းကြိုင်သော ပန်းရနံ့များ၊ လေယူရာယိမ်းယိုင်တတ်သည့် သွင်ပြင်မူရာများကို ထည့်သွင်းဖွဲ့ဆိုထားသဖြင့် ပို၍ပီပြင်စေပါသည်။

ကျေးငှက်သာရကာ မောင်မယ် ဖိုမတို့မှာ တည်ညံတစာစာ၊ မြည်ကြွေးကျူးရင့်ကြကာ၊ ချစ်ဆွေအချင်းချင်း ရွှေလည်တွဲ၍နွဲ့ပျော်နေကြပုံ၊ ကျေးငှက်သာရကာအပေါင်းတို့၏ သာယာညှင်းပျောင်းလှသည့် အသံသာလေးများကို ကြားလိုက်ရသည့်အခါ အသည်းလောင်ကြွမ်းမတတ် ဆွေးစရာကောင်းလှပုံကို–

"အို မောင်မယ်ညံစာစာ၊ လူးလာငယ်ချင်းဖော်နွဲ့၊ လောင်သည်း
ကြွေရန်၊ ငှက်သံစာညင်း"[၃]

ဟူ၍ ရွှေလည်တွဲနေကြသည် ငှက်မောင်နှံတို့၏ ညံညံစာစာနှင့်ပျော်မြူးနေကြပုံ၊ တေးသံသာလေး ကျူးရင့်နေပုံ၊ ပျော်ရွှင်ဆင်နွဲ့ကြပုံကို 'ကျူး' 'နွဲ့' ဟူသည့် အမူအရာဖြင့် ပြသည်။ အသည်းများ ပူဆွေးလောင်ကျွမ်းရပုံကို 'လောင်သည်းကြွေ' ဟူ၍ ရေးဖွဲ့ထားသည်။

[၁] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၆။
[၂] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၆။
[၃] ဣန္ဒာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၆။

တိမ်ခိုးတိမ်ငွေ့များ စီစီရီရီနှင့် အုံ့မှိုင်းရီဝေကာ ခါနွေဆန်း၏ ပန်းရနံ့မျိုးစုံတို့ ကြိုင်လှိုင်သင်းထုံနေကြောင်းကို–

"တိမ်ခိုးစီစီနှင့် မှိုင်းဝေရီခါနွေဆန်းငယ်ကို ထုံပန်းကသင်း"[၁]

ဟု ခါနွေဦးတပေါင်းလ၏ ရာသီသဘာဝအခြေအနေ၊ ပတ်ဝန်းကျင်အလှအပများကို ခံစားရေးဖွဲ့ထားပါသည်။

စာဆို မြဝတီမင်းကြီးဦးစသည် တပေါင်းလ၏ တောတောင်တခွင် သာယာလျက်ရှိပုံ၊ လေပြေလေညင်းလေးများ အေးမြသာယာစွာ တိုက်ခတ်လျက်ရှိပုံ၊ သစ်ပင်ကြီးငယ် အသွယ်သွယ်မှ ရွက်ဟောင်းရွက်ကျင်များသည် အဝါရောင်ပြောင်းပြီး တလိမ့်လိမ့်ကြွေကျပုံတို့ကို ဆေးရောင်စုံခြယ်ထားသကဲ့သို့ ထင်ရှားပေါ်လွင်စေသည်။ အမူအရာပြစကားလုံးများ၊ ခံစားမှုပြစကားလုံးများနှင့် ဖွဲ့ဆိုထားသဖြင့် တပေါင်းလ ရာသီဥတုအခြေအနေနှင့် စာဆို၏ စိတ်ခံစားမှုကို ပေါ်လွင်လာစေပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာ့ ၁၂လရာသီများတွင် တပေါင်းလသည် အသာယာဆုံးလ ဖြစ်သည့်အတွက် စာဆိုများက တပေါင်းလရာသီဘွဲ့များကို ခံစားရေးဖွဲ့ခဲ့ကြသည်။ တပေါင်းလ၏ ပတ်ဝန်းကျင်သွင်ပြင်၊ တောတောင်ရေမြေ သဘာဝအခြေအနေ၊ ရာသီနက္ခတ်၊ ရာသီပန်း စသည်ဖြင့် အကြောင်းအရာတူညီသော်လည်း စာဆိုတို့၏ စိတ်ခံစားချက်အရ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် စာပန်းချီချယ်ခဲ့ကြပါသည်။ ရာသီသဘာဝအလှများအပြင် မြန်မာတို့၏ ဘာသာရေးခံယူချက်များ၊ ဓလေ့ထုံးစံများ ကိုလည်း ထည့်သွင်းရေးဖွဲ့ကြပါသည်။ လောကုတ္တရာနှင့်ယှဉ်သည့် ရာသီဘွဲ့များ၊ လောကီနှင့်ယှဉ်သည့် ရာသီဘွဲ့များ၊ လွမ်းဆွေးမှုများကိုဖော်ဆောင်သည့် ရာသီဘွဲ့များ၊ ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်သည့် ရာသီဘွဲ့များ စသည်ဖြင့် ဖန်တီးခဲ့ကြပါသည်။

စာဆို ရှင်အုံးညို၏ ဂါထာ(၆၀)ပျို့သည် မြတ်စွာဘုရားရှင်အား ကြည်ညိုသဒ္ဓါစိတ်၏ ဦးဆောင်မှုဖြင့် ရေးဖွဲ့ထားပါသည်။ ရာသီလက္ခဏာများကို အလေးပေးဖော်ပြခြင်းမရှိသော်လည်း မြတ်စွာဘုရားကြွမြန်းရာ လမ်းခရီးတွင် သဒ္ဓါကြည်ညိုစိတ်ဖြင့် သစ်ပင်၊ ပန်းမန် တောတွင်းတိရစ္ဆာန်များပါ ဦးခိုက်ပူဇော်ကြပုံကို ခံစားရေးဖွဲ့ထားပါသည်။ သာယာကြည်နူးဖွယ် သဒ္ဓါစိတ်ယိုဖိတ်စေနိုင်သည့် စိတ်ကူးခံစားချက်များပင် ဖြစ်ပါသည်။

---

[၁] ကုန္တာဝဇီရ၊ ဆရာ၊ ၁၉၆၈၊ ၉၇။

စာဆို ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့၏ တပေါင်းလဘွဲ့များသည် ပျော်ရွှင်ကြည်နူးမှု၊ လွမ်းဆွတ်မှု၊ သာယာမှုများနှင့် ယှဉ်သောရာသီဘွဲ့များ ဖြစ်ပါသည်။ ရာသီဘွဲ့ဟု ခေါ်ဆိုနိုင်လောက်အောင် ရာသီလက္ခဏာများ ထည့်သွင်းရေးဖွဲ့ခဲ့ကြပါသည်။ ပတ်ဝန်းကျင်သဘာဝ အလှအပများကို ထည့်သွင်းရေးဖွဲ့ထားသဖြင့် ကြည်နူးဖွယ်ရာ ခံစားမိကြသည်။ ထိုသို့ ရေးဖွဲ့ရာတွင် ခါနွေဦးအစ တပေါင်းလ၏ ဆောင်းကြွင်းပန်းဖြစ်သည့် သဇင်ပန်းနှင့်အတူ အင်ကြင်းပန်းတို့ကို အလှချင်းပြိုင်ကာ ယိမ်းနွဲ့လှုပ်ရှားကြပုံ၊ ဘာသာရေးခံယူချက်ဖြင့် သဲပုံစေတီ တည်ထားကိုးကွယ်ကြပုံ၊ လောကနိယာမသဘောအရ သစ်ပင်ကြီးငယ် အသွယ်သွယ်မှ ရော်ရွက်ဝါတို့သည် တဖြုတ်ဖြုတ်ကြွေကာ မြေမှာကျရပုံ၊ ဥသြသံလေးများကလည်း နွေတကြောတွင် တမျောမျော တလွင့်လွင့်နှင့် လွမ်းမောဖွယ်ရာကောင်းပုံတို့ကို စာဖတ်သူ စိတ်မျက်စိမှာ မြင်ယောင်လာအောင် စာပန်းချီခြယ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

စာဆိုမယ်ခွေ၏ တပေါင်းလအဲချင်းတွင် ရေမြေတောတောင်အလှ၊ ကောင်းကင်အလှ၊ ကျေးငှက်သရက်ကာတို့၏ သာယာပျော်ရွှင်ဖွယ် ကောင်းပုံတို့ကို စာဖတ်သူများ စိတ်ကြည်နူးဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်။ မယ်ခွေကား အမျိုးသမီးစာဆိုဖြစ်သည့်အတွက် စိတ်ကူးနုနယ်သိမ်မွေ့သည်ကို တွေ့နိုင်ပါသည်။ ဦးယာ၏တပေါင်းလဘွဲ့တွင် ပတ်ဝန်းကျင်သဘာဝ အလှဘွဲ့များကို ထည့်သွင်းဖွဲ့ဆိုထားပါသည်။

မြဝတီမင်းကြီးဦးစ၏ သာဆန်းရဂုံဖွဲ့ပတ်ပျိုးတွင် နွေဦးရာသီ၏ အလှအပများကို သဘာဝအမြင်အတွေ့များနှင့် စာဆို၏စိတ်ကူးဉာဏ်တို့ ပေါင်းစပ်ဖန်တီးထားပါသည်။ ယဉ်ကျေးသိမ်မွေ့သော၊ နုနယ်လှပသော အသုံးများဖြင့် ဖန်တီးထားသဖြင့် ခါနွေဦး၏ သာယာကြည်နူးဖွယ် မြင်ကွင်းသည် ပို၍အသက်ဝင် ပီပြင်လာစေသည်။

တပေါင်းလရာသီဘွဲ့ကို ဖန်တီးရေးဖွဲ့သည့် စာဆိုများသည် စာဖတ်သူများကို နှစ်သက်ကြည်နူးမှုများ ဖြစ်ပေါ်လာအောင် ဖန်တီးရေးဖွဲ့နိုင်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

တပေါင်းလရာသီဘွဲ့ ရေးဖွဲ့သည့် စာဆိုများသည် တပေါင်းလအပေါ် ရှုမြင်သည့် အကြောင်းအရာ တူညီသော်လည်း စိတ်ကူးစိတ်သန်း အတွေးအကြံများ၊ ဖန်တီးပုံများ ကွဲပြားသည်ကို တွေ့ရပါသည်။ တပေါင်းလ၏သာယာမှုများ၊ ကြည်နူးမှုများ၊ ပျော်ရွှင်မှုများ၊ လွမ်းဆွတ်မှုများကို နှစ်သက်သာယာဖွယ် ဆေးရောင်စုံပန်းချီကားချပ်ကဲ့သို့ ဖန်တီးရေးဖွဲ့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကျမ်းကိုးစာရင်း


ဖေမောင်တင်၊ ဦး(ပါမောက္ခ–)။ (၂၀၁၃)။ ***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

ဖိုးလတ်။ ဦး။ (၁၉၅၄)။ ***ကျောင်းသုံးသီချင်းပဒေသာ***။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

ဖိုးလတ်။ ဦး။ (၁၉၅၆)။ ***ကျောင်းသုံးသီချင်းပဒေသာဖြည့်စွက်အုပ်***။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***။ ဒုကြိမ်။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ယောမြို့စားအမတ်ကြီး။ (၁၉၆၅)။ ***ဥတုဘောဇနသင်္ဂဟကျမ်း***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

လေှသင်းအတွင်းဝန်မင်းကြီး။ (၂၀၁၄)။ ***ဝေါဟာရလိနတ္ထဒီပနီ***။ ဒုကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

သော်ဇင်၊ ဦး။ (၁၉၈၀)။ ***ရာသီသဘင်***။ ရန်ကုန်၊ မြဝတီပုံနှိပ်တိုက်။

ဣန္ဒဝဇီရ။ ဆရာ။ (၁၉၆၈)။ ***မဟာဂီတအဖွင့်ခက်ဆစ်အဖြေများဒုတိယတွဲ***။ ရန်ကုန်၊ အမျိုးသားစာအုပ်တိုက်။

အုန်းညို၊ ရှင်။ (၁၉၆၅)။ ***ဂါထာခြောက်ဆယ်ပျို့***။ ဒုကြိမ်။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။


## ဖတ်ရှုကိုးကားသောစာအုပ်


ခင်မင်၊ မောင်၊ (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများ လေ့လာချက်

နန်းမြင့်မြင့်ကြည် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆုရ စာရေးဆရာသော်တာဆွေ၏ ဘဝထိုထို ဝတ္ထုတိုများထဲမှ မြင်းလှည်းသမား ဘဝသရုပ်ဖော် ဝတ္ထုတိုများ လေ့လာချက် ဖြစ်ပါသည်။ သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်များထဲမှ ၁။ကြုံခဲ့ရသည်၊ ၂။ကျီးလန့်စာစားနှင့် ၃။တစ်ခါကဘဝဖော် ဝတ္ထုတို သုံးပုဒ်ကို လေ့လာတင်ပြထားပါသည်။ အခန်း(၁)တွင် ဝတ္ထုတို၏သဘောသဘာဝ၊ အခန်း(၂)တွင် သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများ လေ့လာချက်တို့ ပါဝင်ပါသည်။ ဝတ္ထုများကိုလေ့လာရာ၌ စာရေးသူ၏ ဘဝ အတွေ့အကြုံ ဖြစ်ရပ်မှန်များကို အခြေခံပြီး လူသားနှင့်တိရစ္ဆာန်တို့ကြားရှိ သံယောဇဉ်သဘောကို ပေါ်လွင်အောင် ဖန်တီးတင်ပြထားသည့် စာရေးသူ၏ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာကို သုံးသပ်တင်ပြထားပါသည်။

**သော့ချက်စေါဟာရ** – ***ဝတ္ထုတို၊ ဘဝသရုပ်ဖော်၊ မြင်းလှည်း၊ ဇာတ်ကောင်၊ ရှုထောင့်။***

## နိဒါန်း

ဤစာတမ်းသည် သော်တာဆွေ၏ ဘဝထိုထိုဝတ္ထုတိုများထဲမှ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုများကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ထိုဝတ္ထုများသည် မြင်းလှည်းသမားတို့၏ဘဝကို နောက်ခံပြုရေးဖွဲ့ထားသော သရုပ်မှန်ဝတ္ထုများ ဖြစ်ကြပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုတိုများ ဖြစ်သည့်အလျောက် လူ့စရိုက် လူ့သဘာဝအဖွဲ့များ ပီပီပြင်ပြင် ထည့်သွင်းတင်ပြနိုင်သည်ကို တွေ့မြင်ရပါသည်။ စာရေးသူသည် မိမိ၏ ဘဝဖြစ်ရပ်မှန်များကို အခြေခံပြီး လူသားနှင့် တိရစ္ဆာန်တို့အကြားရှိ သံယောဇဉ်သဘောကို ပေါ်လွင်အောင် ဖန်တီးတင်ပြထားပုံတို့ကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

## ၁။ ဝတ္ထုတို၏ သဘောသဘာဝ

အောင်မြင်ကျော်ကြားသော စာရေးဆရာအများစုသည် လူ့ဘဝ အတွေ့အကြုံ စုံလင်သူများ ဖြစ်ကြသည်။ ဘဝအတွေ့အကြုံအမျိုးမျိုးက စာရေးသူကို ခံစားမှုများ

---

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်

ဖြစ်ပေါ်စေသည်။ ထိုခံစားမှုမှတစ်ဆင့် ဆင်ခြင်မှုများ တိုးပွားလာစေသည်။ ဆင်ခြင်မှုမှတစ်ဆင့် ဘဝအတွေးအမြင်များကို ရရှိလာစေသည်။

စာရေးသူတို့မည်သည်မှာ အခြားသူများထက် အာရုံခံစားမှု စူးရှထက်မြက်ရန် လိုအပ်သည်။ ထိုအာရုံခံစားမှုက စာဖတ်သူများသို့ တစ်ဆင့်ပြန့်ပွားလိုသော စေတနာ ဖြစ်ပေါ်စေပါသည်။ ထိုအခါ အာရုံခံစားမှုထက်သန်သော စာရေးသူသည် စိတ်ကူးများကို ဖန်တီးယူပြီး ဘာသာစကားနှင့် ပေါင်းစည်းဆက်စပ်ကာ ရသစာပေများကို ရေးသားပြုစုလာကြပါသည်။

ဝတ္ထုတိုများကို လေ့လာကြည့်သောအခါ စာရေးသူကိုယ်တိုင် ပါဝင်လှုပ်ရှားခဲ့ဖူးသော အတွေ့အကြုံကို ပြန်လည်ရေးဖွဲ့သည့် ဝတ္ထုတိုများသည် ဘဝသရုပ်ဖော်ရာတွင် ပီပြင်သော ဝတ္ထုတိုကောင်းများဖြစ်ကြသည်ကို တွေ့ရပါသည်။ စာရေးသူသည် မိမိ၏အတွေ့အကြုံကို ရသစာပေအသွင်ဖြင့် ဖန်တီးရေးဖွဲ့သောအခါ ဝတ္ထုတိုဖြစ်သည့် အလျောက် တင်ပြလိုသော ရည်ရွယ်ချက်သည် တစ်ခုတည်းသာ ဖြစ်ရမည်။ အဖြစ်အပျက် အကြောင်းအရာတစ်ခုတည်းကိုသာ ထင်းခနဲ လင်းခနဲ သိလာမြင်လာအောင် အလေးပေးရေးဖွဲ့ရမည်။ ဇာတ်ဆောင်များသည်လည်း အများအပြား မပါဝင်ဘဲ ဇာတ်ကွက်နည်းနည်းနှင့် ဇာတ်ဆောင်နည်းနည်းသုံးကာ ဆိုလိုချက်ရောက်အောင် ရေးသားတင်ပြနိုင်စွမ်း ရှိရပါမည်။

ဝတ္ထုတို၏သဘောကို စာရေးဆရာမင်းကျော်က–

> "တိုတောင်းသော အချိန်ပိုင်းအတွင်း အနည်းဆုံး ဇာတ်ဆောင်တို့၏ လှုပ်ရှားမှု (သို့) အဖြစ်အပျက် (သို့) အာရုံခံစားမှုကို စာလုံးအရေအတွက် အနည်းနိုင်ဆုံးဖြင့် ရေးဖွဲ့တင်ပြထားသော လူ့အကြောင်းစာတို့ကို ဝတ္ထုဟုဆိုလျှင် မှားလိမ့်မည်မထင်"[၁]

ဟု ဆိုခဲ့ပါသည်။

စာရေးဆရာမောင်ထင်ကလည်း–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်

[၁] မင်းကျော်၊ ၁၉၇၉၊ ၁၄၃။

> တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ ဖြစ်ပါသည်”[၁]

ဟု ဆိုခဲ့ပါသည်။

ဝတ္ထုတိုကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူအပိုင်းမှ ရရှိသောခံစားမှု အတိုင်းအတာ အနုအရင့် ကွာခြားတတ်သည်။ ထို့အတူပင် စာရေးသူ၏အပိုင်းမှာလည်း ဘဝ အတွေ့အကြုံ အနုအရင့်နှင့် ဘာသာစကားကို အသုံးချမှုအရာ၌ ကျွမ်းကျင်ပိုင်နိုင်မှု ပေါ်တွင် မူတည်၍ စာ၏ရသတန်ဖိုးသည် အနုအရင့် ကွာခြားမှုများ ရှိနိုင်ပါသည်။

ထိုအကြောင်းကို မောင်ခင်မင်(ဓနုဖြူ)က–

> “ဖန်တီးရေးဖွဲ့သူ၏ စေတနာအတိုင်းအဆ ပတ်ဝန်းကျင် ဘဝ အတွေ့အကြုံ အနုအရင့် ဘာသာစကားဖြင့် ဖန်တီးရေးသားမှု စွမ်းရည် အတိုင်းအဆတို့ကို အကြောင်းပြု၍ စာဖတ်သူ ခံစားရသော ရသတိုင်းသည်လည်း အနုအရင့် ကွာခြားတတ် ပါသည်။ ရသစာပေအဖွဲ့တစ်ခု ဖြစ်လာပြီဆိုလျှင် စာဖတ်သူကို ရသခံစားမှု ပေးနိုင်စွမ်း အနည်းနှင့် အများရှိရသည်ချည်း ဖြစ်သည်”[၂]

ဟု ဆိုမိန့်ခဲ့သည်။

စာရေးသူသည် မိမိ၏ဘဝအတွေ့အကြုံမှ ပေါက်ပွားလာသော စေတနာ ရည်ရွယ်ချက် (သို့မဟုတ်) အာဘော်ကို စာဖတ်သူတို့ နားလည်ခံစားလာစေရန် ဝတ္ထုတိုဆိုသည့် ရသစာပေအသွင်သို့ ကူးပြောင်းဖန်တီးရာတွင် စိတ်ကူးစိတ်သန်း ပါလာသည်။ စာရေးသူအပိုင်းက စာပေဖန်တီးရာတွင် ခံစားမှု စိတ်ကူးဆင်ခြင်ဉာဏ် တို့ကို သုံးရသည်။ ခံစားသူ၊ စာဖတ်ပရိသတ်ပိုင်းမှလည်း စာရေးသူ၏ စိတ်ကူး ဆင်ခြင်ဉာဏ်တို့ကို အမိအရဖမ်းယူ၍ ခံစားနိုင်စွမ်းရှိရမည် ဖြစ်သည်။ စာရေးသူရော စာဖတ်သူတွင် စာပေဖန်တီးမှုနှင့် ခံစားမှုစွမ်းရည်ရှိမှသာ ဝတ္ထုတို ဆိုသည့် ရသ စာပေက ပေးသော အကျိုးတရားကို ရရှိကြမည် ဖြစ်သည်။

သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများကို လေ့လာ ကြည့်သောအခါ စာရေးသူသည် မိမိဘဝအတွေ့အကြုံကို ကောင်းစွာဆင်ခြင်၍ ထက်မြက်သော စိတ်ကူးဉာဏ်ဖြင့် ဘာသာစကားကို ကျွမ်းကျင်စွာ အသုံးချပြီး

---

[၁] ထင်၊ မောင်၊ ၁၉၇၉၊ ၂၁၇။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၇၊ ၁၀။

စာဖတ်သူ၏ စိတ်အာရုံ၌ ကြာရှည်စွဲမြဲ နှစ်သက်နေစေမည့် ဝတ္ထုတိုကောင်းများကို ဖန်တီးထားသည်ကို တွေ့ရပါသည်။

ဝတ္ထုတို၏ဇာတ်လမ်းနှင့်ပတ်သက်၍ အောင်သင်းက–

> "ကျွန်တော်တို့ ယနေ့ ယေဘုယျ ပြောဆိုနေကြသည့် ဇာတ်လမ်း ဆိုသည်မှာ ဇာတ်ဆောင်တို့၏ဘဝ အသိအမြင်ကို မမျှော်လင့်ဘဲ အကျိုးအကြောင်း ဆက်စပ်ဖော်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်ပါသည်"[၁]

ဟု ဆိုထားပါသည်။

မောင်ခင်မင်(ဓနုဖြူ)ကလည်း–

> "ဇာတ်လမ်းဆိုသည်မှာ ဖြစ်ရပ်များကို အကြောင်းအကျိုး ဆက်စပ်ကာ ဝတ္ထုဇာတ်လမ်းပုံစံဖြင့် ရေးဖွဲ့သော အဖွဲ့မျိုးသည် ဇာတ်လမ်း အဖွဲ့ပုံစံ ဖြစ်သည်"[၂]

ဟုဆိုထားပါသည်။ အထက်ဖော်ပြပါ ဝတ္ထုတိုနှင့်ပတ်သက်သည့်အဆိုအမိန့်များကို ကြည့်လျှင် ဝတ္ထုတိုသည် ဇာတ်လမ်းကို ဦးစားပေးရေးဖွဲ့သည့် သဘောထက် ဇာတ်ဆောင်တို့၏ ဘဝအတွေ့အကြုံများ၊ ဘဝအတွေ့အကြုံအရ ဇာတ်ဆောင်တို့၏ အတွေးအမြင် ပြောင်းလဲမှုဖြစ်ရပ်များကိုသာ အကျိုးသင့်အကြောင်းသင့် ချိတ်ဆက်၍ ထားရှိသာဖြစ်သည်ဟု နားလည်ရပါသည်။ စာရေးသူက စိတ်ကူးအဆန်းတကျယ် သုံး၍ ဇာတ်လမ်းကို ဖန်တီးခြင်းမပြုဘဲ ဘဝဖြစ်ရပ်များကို ကြောင်းကျိုးဆက်စပ် တင်ပြပြီး ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားထားသော စာပေ ဖြစ်သည်ဟု သုံးသပ်မိပါသည်။

သော်တာဆွေ၏ ဝတ္ထုများကိုကြည့်လျှင် စာရေးသူ၏ ဘဝအတွေ့အကြုံကို ဆက်စပ်တင်ပြထားခြင်းသာ ဖြစ်သည်။ စာရေးသူ၏ စိတ်ကူးကောင်းမွန်မှုနှင့် ရေးသား တင်ပြပုံ ကောင်းမွန်မှုတို့ကြောင့်သာ ပရိသတ် စွဲမက်နှစ်သက်နေခြင်း ဖြစ်သည်ကို တွေ့ရပါသည်။

သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများထဲမှ ဇာတ်ဆောင် များသည် လူနှင့်မြင်းများသာ ဖြစ်သည်။ အချို့ဝတ္ထုများတွင် လူအများနှင့်မြင်းတစ်ကောင်

---

[၁] အောင်သင်း၊ ၁၉၉၄၊ ၂၈။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၄၊ ၃၂၄။

တို့ပါဝင်သည်။ အချို့ဝတ္ထုများတွင်မူ လူတစ်ယောက်နှင့် မြင်းတစ်ကောင် (သို့) နှစ်ကောင်တို့ ပါဝင်လေ့ရှိသည်။ စာရေးသူ၏ဘဝဖြစ်ရပ်မှန်ကို ပြန်လည်ရေးဖွဲ့ထားသောကြောင့် စိတ်ကူးနှင့်ဖန်တီးထားသော ဇာတ်ဆောင်များထက် ပို၍လူပီသသည်။ လူ့သဘာဝအဖွဲ့ကောင်းများ ပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ဒိဋ္ဌလောကဘက်သို့ အလေးကဲရေးဖွဲ့ထားသော်လည်း လောက၏အမှန်တရားများကို ကျွမ်းကျင်ပိုင်နိုင်သော စကားလုံးအရေးအဖွဲ့များနှင့် တင်ပြနိုင်သောကြောင့် ဇာတ်ဆောင်များဖြစ်ကြသည့် လူနှင့်မြင်းများသည် သဘာဝကျနေပါသည်။ ဝတ္ထုတိုထဲမှ ဇာတ်ဆောင်နှင့်ပတ်သက်၍ တက်တိုးက–

> "ဝတ္ထုတစ်ပုဒ်သည် လူ့သဘာဝဆိုတဲ့ နိယာမတရားကြီးကို အခြေခံပြီး ထိုတရားကြီးတွေရဲ့ အရိပ်အယောင်ဟု ဆိုအပ်တဲ့ လူ့စရိုက် (သို့) လူ့အပြုအမူ အပြောအဆိုတွေကို ပေါ်လွင်လာအောင် စိတ်ကူးဉာဏ်နဲ့ ဖန်ဆင်းထားတဲ့ တစ်ကယ့်လူစစ်တဲ့ လူတွေကို ဇာတ်ကောင်ပြုပြီး သရုပ်ဖော်ထားပါလျှင်လည်း အဲ့ဒီ ဝတ္ထုသည် စာပေအရာမြောက်သည်ဟု ဆိုနိုင်ပါလိမ့်မည်"[၁]

ဟု ဖော်ပြထားပါသည်။

ကာလဒေသနောက်ခံဆိုသည်မှာ ဝတ္ထုဖြစ်တည်ရာ နေရာဒေသနှင့် အချိန်ကာလကို ဆိုလိုခြင်းဖြစ်ပါသည်။ မြသန်းတင့် ဘာသာပြန်ဆိုပြီး အန်ဒရေးမောရစ် ရေးသားသော စာရေးခြင်း အတတ်ပညာစာအုပ်၌ ကာလဒေသနောက်ခံအဖွဲ့၏ အရေးပါမှုကို–

> "စိတ်ကူးယဉ်မှုဟာ အမှန်ဘဝရဲ့ ထောက်ပံ့မှု ရှိရတယ်။ တကယ်တည်ရှိနေတဲ့ လူ့အဖွဲ့အစည်းရဲ့နောက်ခံရှိမယ်။ မရှိရင် ဝတ္ထုဟာ ခိုင်ခိုင်မာမာ မရပ်တည်နိုင်ဘူး"[၂]

ဟု ဖော်ပြထားပါသည်။

သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများသည် ၁၉၄၂ ခန့်မှ ၁၉၄၆ ခန့်အထိ မြင်းလှည်းသမားတို့၏ဘဝကို နောက်ခံပြုရေးဖွဲ့ထားသော သရုပ်မှန် ဝတ္ထုများ ဖြစ်ကြပါသည်။ အမှန်တည်ရှိသော လူ့အဖွဲ့အစည်းနောက်ခံ ပါဝင်နေသောကြောင့် သော်တာဆွေ၏ဝတ္ထုတိုများသည် ကြာရှည်စွာတည်တံ့နေခြင်း ဖြစ်ပါသည်။

---

[၁] တက်တိုး၊ ၁၉၆၃၊ ၃၀၇၊ ၃၀၈။

[၂] မြသန်းတင့်၊ ၂၀၀၁၊ ၃၅။

ရှုထောင့် ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'မြင်ကွင်း၊ ကြည့်ရာဘက်၊ သုံးသပ်သည့်ဘက်မှ မြင်သောအမြင်' ဟု ဖွင့်ဆိုထားပါသည်။ ထို့အနက် ဖွင့်ဆိုချက်နှင့် ဆက်စပ်ကြည့်လျှင် ရှုထောင့်ဆိုသည်မှာ ဝတ္ထုဇာတ်ကြောင်းကို မည်သည့်သူ၏ ရှုထောင့်မှနေ၍ ရှုမြင်သုံးသပ်ပြထားသည်ဆိုသော သဘောဖြစ်သည်။ အားလုံးသိရှုထောင့်၊ ကန့်သတ်သိရှုထောင့်၊ ကိုယ်တိုင်ပြောရှုထောင့်၊ ဓမ္မဓိဋ္ဌာန် ရှုထောင့်ဟု ရှုထောင့်(၄)မျိုးရှိရာ သော်တာဆွေသည် မိမိ၏ဘဝအတွေ့အကြုံကို ပြန်လည်ရေးဖွဲ့သော ဝတ္ထုများဖြစ်သည့်အလျောက် ကိုယ်တိုင်ပြောရှုထောင့် (သို့) ပထမလူရှုထောင့်ကို သုံးထားပါသည်။ ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်၊ ငါစသည့် ပြောသူ နာမ်စားကိုသုံး၍ ကိုယ်တိုင်ပြောရှုထောင့်မှ တင်ပြထားသောကြောင့် ဇာတ်လမ်းသည် ပို၍အသက်ဝင်နေသည်။ စာဖတ်သူနှင့် ဇာတ်ဆောင်သည် ရင်းနှီးနေသည်ဟု ထင်ရ ပါသည်။ စာဖတ်သူတို့အနေနှင့် ဖြစ်ရပ်မှန်ဖြစ်သည်ဟု ယုံကြည်မှုရှိလာစေသည်ကို တွေ့ရပါသည်။ ဤစာတမ်းတွင် ဝတ္ထုတို၏ အင်္ဂါရပ်များနှင့်အညီ သော်တာဆွေ၏ ဝတ္ထုတိုများကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၂။ သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများ လေ့လာချက်

သော်တာဆွေသည် ဘဝအတွေ့အကြုံ စုံလင်သူဖြစ်သည့်အလျောက် သူရေးဖွဲ့ ခဲ့သော ဝတ္ထုတိုများသည်လည်း ဘဝအမျိုးမျိုးကို သရုပ်ဖော်ထားသော ဝတ္ထုတိုများ ဖြစ်ပါသည်။ ဤစာတမ်းတွင် လေ့လာတင်ပြမည့် 'ကြုံခဲ့ရသည်'၊ 'ကျီးလန့်စာစား'၊ 'တစ်ခါကဘဝဖော်' ဝတ္ထုတိုများသည် ဘဝထိုထို ဝတ္ထုတိုများထဲမှ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတိုများ ဖြစ်ပါသည်။ သော်တာဆွေသည် ထိုဘဝသရုပ်ဖော်ဝတ္ထုများ အပါအဝင် ဘဝထိုထိုဝတ္ထုတိုပေါင်းချုပ်ဖြင့် ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်ဆု ရခဲ့ ပါသည်။ စာပေရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ထိုဝတ္ထုတိုများသည် သော်တာဆွေ၏ ဘဝခရီးတစ်လျှောက်တွင် ကြုံတွေ့ ခဲ့ရသော အနိမ့်အမြင့်၊ အတက်အဆင်း စသည့် ဘဝ၏အလွှာများကို ရဲဝံ့စွာ ထုတ်ဖော်ခြင်းပင် ဖြစ်သည်။ စာရေးဟန်သွက်၍ လေးနက်သော လူ့သဘာဝအဖွဲ့များ ပါရှိလေသည်' ဟု ဖြစ်ပါသည်။ အဆိုပါမှတ်ချက်အတိုင်းပင် မြင်းလှည်းသမား ဘဝ သရုပ်ဖော်များတွင် လူ့သဘောသဘာဝ အဖွဲ့ကောင်းပါဝင်မှုနှင့် ရေးဟန် ထူးခြား ကောင်းမွန်ခြင်းတို့ကြောင့် ပရိသတ်အကြိုက် ဝတ္ထုတိုကောင်းများ ဖြစ်ရခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။

## ၂၊ ၁။ ကြုံခဲ့ရသည်

'ကြုံခဲ့ရသည်' ဝတ္ထုတိုသည် သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော် ဝတ္ထုတိုများအနက် အကြောင်းအရာပြည့်စုံပေါ်လွင်ပြီး လူ့သဘော၊ လူ့သဘာဝများကို ထင်ဟပ်ပြနိုင်သည့် အကောင်းဆုံးဝတ္ထုတိုတစ်ပုဒ်ဟု ထင်မြင်မိပါသည်။ ဝတ္ထု၏ ရည်ရွယ်ချက်မှာ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ ဟူသော မေတ္တာပို့ အတိုင်း ဖြစ်ပါသည်။ လောကဇာတ်ခုံပေါ်မှ လူသားတို့သည် မိမိတို့ရပ်တည် ရှင်သန်ရန် တစ်ဦးကိုတစ်ဦး လှည့်ပတ်အနိုင်ယူကာ မြင့်တစ်ချီနိမ့်တလှည့်ဖြင့် ကျင်လည်နေကြရပုံများကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။ ထိုဝတ္ထု၌ စာရေးသူသည် ကျောင်းသားဘဝမှ မိန်းမရပြီး ယောက္ခမ၏အလိုကျ မြင်းလှည်းသမားဘဝနှင့် ကျင်လည်ရပုံကို ဇာတ်လမ်းဆင် တင်ပြထားပါသည်။

ဇာတ်လမ်းအစ၌ ကားအရောင်းအဝယ်ပြုသူများ၊ ကားပွဲစားများသည် မိမိတို့ ကားအရောင်းအဝယ်ဖြစ်စေရန် အပြစ်အနာအဆာရှိသော ကားကိုပင် အလွန်အမင်း အမွှန်းတင်၍ ပြောဆိုပြုမူပုံဖြင့် အစပျိုးထားသည်။ ကားအရောင်းအဝယ်လောက၏ အချင်းချင်း လှည့်ပတ်တတ်ပုံဖြင့် အစပျိုးပြီး နောက်ကြောင်းပြန်ဇာတ်ကွက်ကိုသုံးကာ ဇာတ်ကြောင်းပြောသူလည်းဖြစ်၊ ဇာတ်လမ်းတွင်ပါဝင်သော အဓိကဇာတ်ဆောင်လည်း ဖြစ်သည့် သော်တာဆွေက ကိုယ်တိုင်ပြောရှုထောင့်သုံး၍ ကျွန်တော် ဟူသော နာမ်စား သုံးကာ ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ဇာတ်ကြောင်းပြောရှုထောင့် မှန်ကန်မှုကြောင့် မြင်းလှည်းသမားဘဝသည် အမှန်တကယ် ဖြစ်ခဲ့သည်ဟု စာဖတ်သူတို့ ယုံကြည်လာကြသည်။ စာရေးသူနှင့်တကွ မြင်းကလေးကိုလည်း သနားလာကြသည်။ ပေကပ်လွန်းသော မြင်းကြီးကိုလည်း ရယ်မောလိုကြသည်။ ကြောက်ရွံ့လာကြသည်။ ဝတ္ထုဖတ်စဉ်၌ပင် ရသခံစားမှု အမျိုးမျိုးဖြစ်ပေါ်အောင် တင်ပြနိုင်စွမ်း ရှိပါသည်။ ကျွန်တော်ဆိုသည့် ဇာတ်ကြောင်း ပြောဟန်ကြောင့် စာဖတ်သူတို့ ဇာတ်ဆောင်နှင့် ရင်းရင်းနှီးနှီးရှိသည်ဟု ခံစားမိ ပါသည်။

ပထမလူရှုထောင့်၏သဘောကို မဂ္ဂဇင်းဝတ္ထုရေးနည်းစာအုပ်ကို ရေးသားသူ ဆိုဖီကင်းက–

> "ပထမလူရှုထောင့်၏အကျိုးကို ပထမလူရှုထောင့်ကိုသုံးခြင်းဖြင့် ဇာတ်ဆောင်၏ စိတ်လှုပ်ရှားခံစားမှုများကို တင်ပြရန် လွယ်ကူ စေသည်။ ပြောစကားကိုရေးလျှင်ပင် ကိုယ့်စိတ်ကူးကို ကိုယ်တိုင် ရေးသားတင်ပြနိုင်သည်။ အကျိုးဆက်အဖြစ် ဇာတ်ဆောင်သည်

> ဖြစ်နိုင်ချေ ပို၍ရှိလာသည်။ စွဲလန်းကပ်ငြိဖွယ် ရှိလာစေသည်။ စာဖတ်သူသည် ကျွန်ုပ်ဆိုသော လေသံနှင့်အတူ ဇာတ်ဆောင်နှင့် ထပ်တူခံစားဖတ်ရှုနိုင်သည်"[၁]

ဟု ဖော်ပြထားပါသည်။

သော်တာဆွေ၏ မြင်းလှည်းသမားဘဝအစတွင် နက်ကြုတ်ဆိုသော မြင်းကလေး ရှိသည်။ ထိုမြင်းကလေးသည် မဲမဲပုပုဝဝနှင့် ဂင်တိုတို အသိုးကလေး ဖြစ်သည်။ နတ်ကြုတ်၏အကြောင်းကို–

> "မောင်သွားထားနေ၊ အတပ်အဖြုတ်လည်း လွယ်ကူလှသည်။ မာလည်းမာကျောလှသည်။ အကောင်နှင့်စာလျှင်လည်း သူ့ခြေမခေ၊ လေးဖက်ကွဲသည်။ ကျဲသည်။ သို့သော် ဒီကောင် ဘယ်လောက်ပဲ မာမာ၊ ဘယ်မျှဘဲ ခြေကောင်းကောင်း ကျွန်တော့်ယောက္ခမ မျက်နှာသာရအောင် မိန်းမကို ချစ်တဲ့စိတ်နှင့် ဖွတ်ဖိကြိတ် လိုက်တော့ ငနဲမျိုး ကျွန်တော့်လက်ထဲ လေးလပဲ ကြာပါလိမ့်မယ်၊ အမောရောဂါ ရတော့တာပေါ့"[၂]

ဟု ရေးဖွဲ့ထားပါသည်။

စာပေဗိမာန်ရွေးချယ်ရေးအဖွဲ့က သုံးသပ်သည့်အတိုင်းပင် မြင်းအကြောင်း ရေးသော်လည်း မြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ပြည့်စုံပေါ်လွင်ပြီး ရေးဟန် သွက်လက်သည့်အတွက် ငြီးငွေ့ဖွယ်မဖြစ်။ သဘောကောင်းသော မြင်းလေး နှင့် လူတို့၏အတ္တစရိုက်ကို ယှဉ်တွဲပြလိုက်သောအခါ ကရုဏာသက်ဖွယ် ဖြစ်လာ ပါသည်။ စာရေးသူသည် ယောက္ခမအလိုကျ နေ့တွက်(၅)ကျပ်မှ (၆)ကျပ်အထိ ရအောင် ရှာရသည်။ မနက်(၅)နာရီ၊ (၆)နာရီမှထွက်ပြီး နေ့တွက်မကိုက်သေးလျှင် နာရီပြန် တစ်ချက်၊ နှစ်ချက်အထိ မောင်းသည်။ မြင်းလေး ပင်ပန်းနေသော်လည်း ရခါစမိန်းမနှင့် ယောက္ခမပျော်ရွှင်ရေးကိုသာ ဦးစားပေးသည်။ ထိုဖြစ်ရပ်များကို တင်ပြရာ၌ စာရေးသူက မြင်းတစ်ကောင်ကို အလွန်ဆုံး(၆)နာရီထက်ပို၍ ရထားထဲမှာ တပ်မထားရ ဆိုသည့်သဘော နားမလည်ကြောင်းကို–

> "ဤစဉ်၌ ကျွန်တော်က ဒါကို ဘာနားလည်ဦးမလဲခင်ဗျာ့။ မြင်းကို နွားလို အောက်မေ့ခဲ့သည်။ ကျွန်တော့်အဖေက လယ်သမား၊

---

[၁] King, 2008, 100.

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၅၊ ၆။

ကျွန်တော်နွားနှင့် ကြီးခဲ့ရသည့်ဖြစ်၍ နွားတို့မည်သည် လှည်းကို တစ်နေ့လုံး မောင်းနိုင်သည်။"[၁]

ဟု ရေးဖွဲ့ထားသည်။

မြင်းကလေးမှာ ဖတ်ဖတ်မောသော်လည်း စာရေးသူက ပျော်ရွှင်ရပုံကို–

"မြင်းကား ဖတ်ဖတ်မောလေပြီ။ လူကတော့ နေ့တွက်ကိုက်၍ ပျော်လို့ ရွှင်လို့၊ ယောက္ခမကို ငွေအပ်ပြီး မယားကို ဖက်နမ်းလေသည်"[၂]

ဟု ရေးဖွဲ့ထားသည်။

စာရေးသူသည် စိတ်ကူးနှင့် စိတ်ကူးကိုပုံဖော်နိုင်အောင် အရေးအဖွဲ့ကောင်းမွန်သောကြောင့် နက်ကြုတ်နှင့်အတူ ယှဉ်တွဲလုပ်ကိုင်ခဲ့ရသော အချိန်ကာလများသည် နာကြဉ်းဖွယ်လဲ ကောင်း၊ ရယ်မောဖွယ်လဲ ကောင်းလာသည်။

စာရေးသူ ယောက္ခမကြီးအား အတွင်းစိတ်၌ မကျေနပ်သည့်အလျောက် မယားကို ဖက်နမ်းနေရခြင်းမှာ ကပြားယောက္ခမ အလိုကျဖြစ်သည်ဟု တင်ပြပြီး အနောက်နိုင်ငံ သောက်ကျင့်အတိုင်းဟု ဖော်ပြခဲ့သည်။ ထိုသို့–

"ယောက်ဖရှေ့မရှောင် ဖက်နမ်းရသည်မှာ အင်မတန်လျော်ကန်သင့်မြတ်သော အလုပ်ကြီး ဖြစ်နေပါသည်"[၃]

ဟု ရင်တွင်းခံစားချက်ကို ထုတ်ဖော်သရော်ထားသည်။ လူသား၏အတ္တနှင့် မြင်းကလေး၏ဘဝကို အားပြိုင်ပြထားပုံမှာ စိတ်ကူးကောင်းသည်။ ထိုအားပြိုင်မှုသဘောကို–

"ကျွန်တော့်မိန်းမကို ဖက်နမ်းပြီး မြင်းဇောင်းထဲ ပြန်ဆင်းခဲ့သောအခါ မြင်းကလေးမှာ မောလွန်းလှ၍ မြေပြင်တွင် ခြေကားယား လက်ကားယား လဲလျောင်းကာ ဖုတ်လိုက်ဖုတ်လိုက် နေရှာသည်။ ဤအရာကို ကျွန်တော့် အိမ်သားများက အေးပေါ့ကွယ် အလုပ်ကပြန်လာတော့ ခဏတုံးလုံးပက်လက်လှဲတာပေါ့"[၄]

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၆။
[၂] သော်တာဆွေ၊ ၁၉၆၁၊ ၆။
[၃] သော်တာဆွေ၊ ၁၉၆၁၊ ၆။
[၄] သော်တာဆွေ၊ ၁၉၆၁၊ ၇။

ဟူသော အဖွဲ့ဖြင့် ရေးဖွဲ့ထားပါသည်။ မြင်းကလေးမောပန်းနေပုံကို အနုစိတ် သရုပ်ဖော်ထားသည့်အတွက် ကရုဏာသက်စေသည်။ တစ်ဖက်မှ ကိုယ်ချင်းစာစိတ် ကင်းမဲ့သော ယောက္ခမ၏ ကိုယ်ချင်းစာစိတ်ကင်းပုံကို လက်တွေ့ကျကျ သရုပ်ဖော် ထားသည်။

ကြုံခဲ့ရသည့်ဝတ္ထုတိုတွင် ထူးခြားသောအချစ်၊ အလွမ်းဇာတ်ကွက်များ မပါဝင်ပေ။ မြင်းလှည်းသမားတစ်ယောက်နှင့် မြင်းများသာ ပါသည်။ လူသားတို့၏ အတ္တအောက်၌ မငြင်းဆန်ဘဲ ရုန်းသည့် သဘောကောင်းလှသော မြင်းကလေးကို စာဖတ်သူတို့၏ရင်၌ နာကျင်ခံစားလာရစေရန်–

> "ဤစဉ်က ကျွန်တော့်နက်ကြုတ်လေးမှာမူ နံနက်(၄)နာရီ သူ့ကို အစာဖျော်ကျွေးသောအခါ၌ လက်နှင့်ရိုက်၍ပင် နှိုးရပါသည်။ ဤမှ သူ ငါအလုပ်သွားရဦးမှာပါလားဟု သိလေရကား သူထ စား၏။ (၅)နာရီခွဲ၊ (၆)နာရီ၌ အစာကုန်သည်။ ဤအခါ၌ သူနှင့် ကျွန်တော်သည် ကျွန်တော့်မိန်းမ တစ်၊ ယောက္ခမ တစ်၊ ယောက္ခမ၏အမေကြီး တစ်၊ ယောက်ဖ သုံး၊ ပေါင်းခြောက်ဦးသော လူသတ္တဝါတို့ကို လုပ်ကျွေးရန် လှည်းတပ်၍ ထွက်ခဲ့ရပြန် တော့၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။

မြင်းကလေးနှင့် စာရေးသူ၏လှုပ်ရှားမှုကို အနုစိတ် သရုပ်ဖော်ရေးဖွဲ့ ထားသည်။ စာရေးသူသည် မြင်းကို အတိုင်းအဆမရှိ ခိုင်းစေသည့်အတွက် မြင်းလှည်းသမား အသိုင်းအဝိုင်း၌–

> "ကျောင်းသားဟေ့ ... ဂွိ ....... မြင်းသတ်ထွက်လာပြီ"

ဟု ပြောလေ့ရှိသည်။

> "မြင်းမျက်နှာထက် ယောက္ခမမျက်နှာ ကြည့်ရတာကွာ၊ ဘယ် ... တစ်ဆယ်ထက်အောက်မလဲ"[၂]

ဟု ပြောကြသည်။

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၇။

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၈။

စာရေးသူသည် ကျောင်းသားဘဝမှ မြင်းလှည်းသမားဘဝသို့ ကူးပြောင်းကာစ ဖြစ်၍ အဝတ်အစားများကို လှလှပပဝတ်ကာ–

> "မျက်နှာကိုပင် ပေါင်ဒါသလိုက်သေးသည်။ ထို့ကြောင့် အခြား မြင်းလှည်းသမားတို့က မျက်စိဆံပင်မွေး စူးကြသည်။ လှောင်ကြ ပြောင်ကြသည်။"[၁]

ထိုဇာတ်ကွက်များတွင်လည်း လူ့သဘာဝအဖွဲ့များ ပါဝင်နေသည်။ စာရေးသူသည် ခရီးလမ်းကို မကျွမ်းကျင်သည့်အတွက်လည်း မြင်းကလေးမှာပို၍ ပင်ပန်းရသည်။ ထို့ကြောင့် မြင်းသတ်နေခြင်း ဆိုသည့် စကားမှာမမှားပါဟု ဆင်ခြင်ပြထားသည်။

ယောက္ခမ၊ မိသားစုဒဏ်ကြောင့် မြင်းလေး မကျန်းမမာဖြစ်လာရပုံကို–

> "ယခု ကျွန်တော့်မြင်း နက်ကြုတ်လေးမှာ ကျွန်တော့်လက်ထဲ ရောက်တာ လေးလကြာမှစ၍ မနက်အိမ်က ထွက်လာစဉ်သာ လေးဖက်ပြေးနိုင်၍ ပြန်ဖြုတ်ချိန်ကား နွားသွား တစ်လှမ်းချင်း မျှသာ ဖြစ်တော့သည်"[၂]

ဟုလည်းကောင်း၊

> "ကျွန်တော့်မြင်းသိုးလေးသည် ဖိုထိုးလျက် ရှိလေသည်"[၃]

ဟုလည်းကောင်း ရေးဖွဲ့ထားပါသည်။ မိမိဆိုလိုချက်ကို ထိထိမိမိဖော်ပြနိုင်သော စကားအသုံးအနှုန်းများကြောင့် ဇာတ်ကွက်များသည် သရုပ်ပေါ်လာသည်နှင့်အမျှ ကရုဏာရသပါ မြောက်လာသည်။

လောဘစိတ်ဖြင့် ခရီးသည်အများအပြားကို တင်လာပြီး ခရီးသည်များက နေးလွန်းသည့်အခါစိတ်ပျက်ကြသည်။ ထိုအခါ မြင်းကလေးဝမ်းဗိုက်ကို ကြာပွတ်နှင့် ရိုက်ရပြန်သည်။ ခရီးသည်များထဲတွင်လည်း သနားတတ်သူက မရိုက်ရန်ပြောသည်။ စာရေးသူမှာ ခရီးသည်ဆန္ဒကို မလွန်ဆန်နိုင်၍ ရိုက်ရပြန်သည်။ ထိုသို့ဖြင့် လူသား၏ အတ္တနှင့် ကရုဏာစိတ်တို့ကို တစ်ပြိုင်တည်း တင်ပြထားသည်။ ဇာတ်ကွက်တိုင်းတွင် အားပြိုင်မှုများ၊ နှိုင်းယှဉ်ချက်များ ထည့်သွင်းထားသည်။

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၇။

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၈။

[၃] သော်တာဆွေ၊ ၁၉၆၁၊ ၉။

ဝတ္ထု၏ပထမပိုင်းတွင် စာရေးသူနှင့် သဘောကောင်းသော နက်ကြုတ်ကလေးတို့ အခန်းဖြစ်သည်။ ထိုအခန်းတွင် စာဖတ်သူကို ကရုဏာရသနှင့် စည်းရုံးဆွဲဆောင်ထားသည်။ ဒုတိယပိုင်းမှာ စာရေးသူနှင့် အလွန်ကတတ်သည့် မြင်းကြီးအကြောင်း ဖြစ်သည်။ နက်ကြုတ်အပိုင်း၌ မြင်းကလေး၏ မတရားအနိုင်ကျင့်ခံရပုံ ဇာတ်ကွက်များကို ရင်နာဖွယ်ဖြစ်အောင် ရေးဖွဲ့တင်ပြထားသည်။ မြင်းသိုးကြီးရလာသော အပိုင်းကို ကရုဏာရသလည်းမြောက်၊ ဟာသလည်းမြောက်အောင် ရေးဖွဲ့ထားသည်။

ဝတ္ထုတွင်ဇာတ်လမ်း အပြောင်းအလဲပါရသည်။ စာရေးသူနှင့် နက်ကြုတ်ကလေး အခန်းမှ စာဖတ်သူ၏အာရုံကို ပြောင်းပေးရာတွင် မြင်းသမားဘဝမှ လူလိမ်လူညာ အကြောင်းကို သဘာဝကျကျ ဖန်တီးရေးဖွဲ့ထားသည်။ စာရေးသူအား လိမ်ညာသော မြင်းလှည်းသမားမှာ ထွန်းရှုန် ဖြစ်သည်။ ထွန်းရှုန်မှာ စာရေးသူအား ကရုဏာ သက်ကာ အခြားမြင်းတစ်ကောင်ကို ဝယ်ရန်ပြောသည်။ ငွေတစ်ရာအလိုက်ပေးရန် ပြောဆိုသည်။ လက်ရှိထိုမြင်းကို မောင်းနေသူသည် သူဌေးသားဖြစ်သည်။ ဖခင်ထံမှ ငွေတစ်ရာရလို၍ မြင်းကိုရောင်းခြင်း ဖြစ်သည်။ မိမိကလည်း ထိုအဖိုးကြီးကို မုန်းတီးသည်။ အဖိုးကြီးသမီးနှင့်ကြိုက်နေသည်ကို ခွဲပစ်သောကြောင့်ဖြစ်သည်ဟု လှည့်ပတ်ပြောဆိုသည်။ ထွန်းရှုန်က ထိုမြင်းအကြောင်းကို–

> "မြင်းဆိုတာ အဲဒီလိုဟာမှ မြင်းကွ ... မင်းဇက်ကြိုး ကိုင်လိုက်ရုံပဲ၊ ဘာမှ တက်ခေါက်စရာ၊ ကြာပွတ်ရိုက်စရာ မလိုတော့ဘူး။ မင်းဇက်ပြား တစ်ချက်လောက် ခတ်ကြည့်လိုက်စမ်း၊ ဟရူး ... ဟရူးနဲ့ ယူသွားလိမ့်မယ်၊ ထိန်းသာထားပေရော့"[၁]

ဟု ပြောသည်။ ထိုပြောသံသည် မြင်းလှည်းသမား၏လေသံ ပေါ်လွင်သည်။ လူလိမ်လူညာတို့၏ စရိုက်သဘာဝလည်း ပေါ်လွင်သည်။

သော်တာဆွေသည် စကားပြောကိုရေးဖွဲ့ရာ၌ ဇာတ်ဆောင်၏ ဘဝအနေအထားနှင့် လိုက်ဖက်အောင် ပုံဖော်နိုင်စွမ်းရှိသည်။ ပြောစကားရေးသားမှုနှင့် ပတ်သက်၍ မဂ္ဂဇင်းဝတ္ထုတိုရေးနည်းစာအုပ်ကို ရေးသားသူ ဆိုဖီကင်းက–

> "သင်ပြောစကားသည် သင်ဖော်ပြနေသည့် လူ့စရိုက် ထင်ဟပ်နေသည် ဟူသော မျှော်လင့်ချက် ဖြစ်ပေါ်အောင် ရေးသားရမည်။ ပုံစံအားဖြင့် ပူပန်တတ်သူသည် သူ၏ပြောစကား၌ ပူပန်နေမှုများ အဆက်မပြတ် ပါနေလိမ့်မည်။ အမြဲအကောင်းမြင်တတ်သူ (သို့)

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၇။

> အကောင်းမမြင်တတ်သူတို့သည်လည်း သူတို့၏ ပြောစကားလေသံ၌
> စရိုက်ပေါ်လွင်နေမည်"[၁]

ဟု ဆိုပါသည်။

ကိုဘလှဆိုသော မြင်းလှည်းသမားတစ်ဦး၏ ပြောစကားကြောင့် ထိုမြင်းသည် မြင်းကျိုးမလေးတစ်ဦးဖြစ်ကြောင်း သိရသည်။ မည်သူမျှဝယ်မည့်သူ မရှိ၍ ပစ်ထားရသော မြင်းဖြစ်ကြောင်းသိပြီး မဝယ်ဖြစ်တော့ပေ။ နက်ကြုတ်လေးနှင့် မတတ်သာ၍ ခွဲခွာရပြီးနောက် အခြားမြင်းကြီးတစ်ကောင်နှင့် ကြုံတွေ့ရပြန်သည်။ ထိုမြင်းကြီးကိုလည်း မြင်းလှည်းသမားပတ်ဝန်းကျင်မှ မြင်းပွဲစားတစ်ဦးက လာ၍စပ်ပေးခြင်းဖြစ်သည်။ ထိုမြင်းပွဲစားက–

> "အဲတာ မင်းလိုချင်တဲ့ အစားပဲကွ။ အသွားအလာ မှန်တယ်။ လေးဖက်ကျတယ်။ စိတ်သဘောကောင်းတယ်။ ကိုယ်ကာယကြီးကတော့ မင်းမြင်တဲ့အတိုင်းပဲ ဆိုရင်း ပွဲစားသည် မြင်း၏သွားကို ဖြဲကာကြည့် '..... အသက်က ငါးနှစ်လောက်ပဲ ရှိသေးတယ်။ နုထွားကြီးတွေကွ။ နောက်တက်လမ်း အများကြီး ရှိသေးတယ်။ မြင်းနည်းနည်း ညောင်းနေတာကတော့ .... ' ပွဲစားအသံတိုးသွားကာ ကျွန်တော့်နားကပ်လျက် ဟောဒီမြင်းပိုင်ရှင် အဖိုးကြီးနှင့် သူ့သားနှစ်ယောက်စလုံး အာဖျန်ချည်းပဲကွ ရသမျှကို ရှူပစ်နေတာပဲ မြင်းကို အစာကောင်းကောင်း ကျွေးတာမဟုတ်ဘူး၊ မင်းလို ဂရုစိုက်တဲ့လူ လက်ထဲရောက်ရင်တော့ကွာ ၄–၅–၁၀ ရက်အတွင်း တသွေးတမွေး ဖြစ်လာမှာပဲ"[၂]

ဟု ရေးဖွဲ့တင်ပြထားရာ ပွဲစား၏လေသံ ပေါ်လွင်အောင် ရေးသားနိုင်သည်။ မြင်းကိုသွားကြည့်လေသောအခါ မြင်းပိုင်ရှင်အဖိုးကြီးက မြင်းပါးကို လက်ဝါးဖောင်းရိုက်ကာ–

> "ဂမြင်းမသားကြီး၊ သောက်စားပုပ်လိုက်တာ၊ ကျွေးလို့ကိုလောက်တယ်မရှိဘူး။ နင်စားတိုင်းကျွေးရင် လူတွေငတ်ရချည်ရဲ့။ မှန်း ...

---

[၁] king , 2008, 92.

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၁၇။

ဖယ်စမ်း အရင်တစ်ခါလည်း နင်ဒီလိုအစားတောင်းတာနဲ့ပဲ
စည်ပိုင်းတစ်လုံး ကွဲပြီ"[၁]

ဟု ဆိုပြီး စားခွက်ကို ယူသွားသည်။ သားဖြစ်သူကို ခေါ်၍လည်းပဲ မြင်းသေးကွက်များကို ပြာဖြင့်ဖို့ပစ်စမ်းဟု ဆိုသည်။ ဆိုလိုသည်မှာ မြင်းသည် အစာကောင်းကောင်း စားသည့်အတွက် ကျန်းမာရေးကောင်းသည်။ မြင်းသေးကွက်များကလည်း မြင်း၏ ကျန်းမာရေးကောင်းကြောင်း ဖော်ပြနေသည်။ မြင်းဝယ်မည့်သူ မြင်စေရန် မြင်းဇောင်းထဲ ရေလောင်းထားသော ရေကွက်ကို မြင်းသေးဟုဆိုကာ လိမ်ညာပြောဆိုခြင်းဖြစ်သည်။ ပွဲစားက အဖိုးကြီးအိမ်နားကပ်၍ နားထောင်ကြည့်ပါဦးဟု ဆိုကာ နားထောင်စေသည်။ ထိုအခါ အဖိုးကြီး၏ဇနီး အမယ်ကြီးက–

"တော်ဟာ တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေတဲ့ငန်းကို တစ်ရက်ထဲ သတ်စားတဲ့လူနဲ့ အတူတူပဲ။ ဒီမြင်းဟာ ကျုပ်တို့ကို ဘယ်လောက် အကျိုးပေးသလဲ။ နေ့စဉ် ကိုယ်လိုချင်သမျှ ငွေရနေတာပဲ။ ဒီမြင်းဝင်မှ ကိုယ့်စီးပွားလည်း ဖြစ်တယ် မဟုတ်လား။ မြေးကလေးကို နားတောင်း လုပ်ပေးနိုင်တယ်။ လက်ကောက် လုပ်ပေးနိုင်တယ်။ ဒီလို ကိုယ့်အကျိုးပေးတဲ့မြင်းကို လက်လွှတ် ပစ်ရင် မှားလိမ့်မယ် ကိုတိုး ရှင်စဉ်းစားပါဦး"[၂]

ဟု ပြောဆိုနေသည်။

အဘိုးကြီးက–

"ငါစကားလွန်နေပြီကွ၊ ငါလူကြီးစကားတစ်လုံး မပျက်ချင်ဘူး"[၃]

ဟု ပြန်ပြောသည်။

အဖွားကြီးက–

"စကားတစ်လုံး ဖျက်ရတာထက် ကိုယ့်နောင်ရေးအတွက်က ပိုအရေးကြီး ပါတယ် ကိုတိုးရယ်၊ ရှင်ဒီမြင်းမျိုး ဒီအဖိုးနဲ့ ရဦးမလား" [၄]

ဟူ၍လည်းကောင်း၊

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၁၈။

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၂၁။

[၃] သော်တာဆွေ၊ ၁၉၆၁၊ ၂၁။

[၄] သော်တာဆွေ၊ ၁၉၆၁၊ ၂၁။

"ကျုပ်တော့ ဟောဒီကျုပ်သားကြီး မခွဲနိုင်ဘူးတော့"[၁]

ဟူ၍လည်းကောင်း ပြောဆိုကာ ငိုယိုသည်။

စာရေးသူသည် အဖိုးကြီးနှင့်အမယ်ကြီးတို့၏ ပြောစကားများကို အမှန်တကယ် ထင်မှတ်ပြီး မြင်းကြီးကို ဝယ်ယူခဲ့သည်။ စာရေးသူသည် မြင်းလှည်းသမားတို့၏ တစ်ဦးကိုတစ်ဦး လိမ်ညာစားသောက်တတ်သော လူ့သဘာဝကိုမြင်အောင် တင်ပြထားသည်။ လူ့စရိုက်သဘာဝအဖွဲ့ကောင်းကြောင့် ထိုအခန်းကိုလည်း နှစ်သက်ကြရပြန်သည်။

ထိုမှတဆင့်စာရေးသူသည် ဝတ္ထုတို၏ဇာတ်တက်ပိုင်းကို ဇာတ်ရှိန်မြင့်တင်ပေးလိုက်သည်။ မြင်းဆိုးမြင်းသစ်ကြီးနှင့် စာရေးသူတို့ အားပြိုင်မှုအပိုင်း ဖြစ်သည်။ မြင်းအသစ်ကြီးသည် အစာမစားနိုင်သည်ကို အစာစားလွန်းသည့်ဟန်မျိုး ပေါ်အောင် ပိုင်ရှင်များက ဖန်တီးထားသည်။ အစာထည့်သည့် စည်ပိုင်းကို ရေဆေးထားသည်။ ကျန်းမာရေးကောင်းသည်ဟု ထင်အောင် ရေစိုနေသောအကွက်ကို သေးကွက်ဟု ပြောခဲ့သည်။ ထို့ထက်ပို၍ ဆိုးသည်မှာ မြင်းကြီးသည် စမ်းချောင်းဂိတ်သို့ ပြန်ရောက်ပြီဆိုလျှင် ရှေ့ဆက်၍မသွားတော့ခြင်း ဖြစ်သည်။ ထိုမြင်းကြီးနှင့် စာရေးသူ၏ ဘဝဖြစ်ရပ်များကို ဇာတ်ကွက်များနှင့် တင်ပြသည်။ ဇာတ်ကွက်တင်ပြပုံ စိတ်ကူးကောင်းလှသည်။ မြင်းကြီးသည် အပြင်ပန်းတွင် ကြီးမားခန့်ထည်သောကြောင့် ဂျပန်စစ်ဗိုလ်တို့က ငှားသွားသည်။ စမ်းချောင်းထိပ်သို့ ရောက်၍ မာစတာလက်ညှိုးညွှန်သည့်အတိုင်း ရှမ်းလမ်းလက်ယာဘက်သို့ ဇက်ကြိုးဆွဲကွေ့လိုက်သောအခါ၌ ငနဲကြီး ဖြန်းခနဲ ထိုးရပ်ပါတော့သည်။ စမ်းချောင်းထိပ်သို့ ရောက်လျှင် တစ်ခေါက်မောင်းပြီးဖြစ်၍ သူ့တာဝန်ကျေပြီ အိမ်ပြန်ဖြုတ်ရတော့မည် ဖြစ်သည်။ မည်သို့မျှ ဆက်၍ မသွားတော့ပေ။ ထိုအခါ အခြားမြင်းလှည်းသမားတို့က ဝိုင်းလာပြီးလျှင် ကြာပွတ် သုံးလေးစင်းနှင့် အပြင်းအထန် နှစ်ဖက်ညှပ်ရိုက်မှ တအားခုန်၍ထွက်သည်။ ထိုကဲ့သို့ မြင်းကြီး၏ပြုမူပုံကို–

> "ကျွန်တော်က စိတ်ညစ်ညစ်နှင့် မြင်းကြီး၏ဝမ်းဗိုက်ကို ကြာပွတ်နှင့် ပတ်၍ပတ်၍ ရိုက်သည်။ သို့သော် တစ်ချက်ရိုက်လျှင် နှစ်လှမ်း နောက်သို့ ပြန်ဆုတ်သည်။ နှစ်ချက်ရိုက်လျှင် လေးလှမ်း ပြန်ဆုတ်သည်။ အနီးသို့လျှင် ဘိုးဘိုးအောင် ဝလုံး အပေါက်မျိုးချည်း လုပ်တော့ ကျွန်တော်စိတ်ဆိုးပြီး လှည်းအောက် ဆင်းကာ သူ့ဇာက်သွားကွင်းကိုဆွဲပြီး ကြာပွတ်ရိုးကြိမ်လုံးဘုနှင့်

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၂၁။

> နားအုံကိုချည်း တီးမိတော့သည်။ အချက်ပေါင်းများသည်၌ ကျွန်တော့်ဆန္ဒကို မလိုက်ရုံသာမက ပတပ်ရပ်ခုန်ပေါက်ပြီး လမ်းမပေါ် လှဲအိပ်လိုက်တော့၏။ ရိုက်သော်လည်း မထ၊ ကန်ကျောက်၍သာ နေသဖြင့် လှည်းကျိုးမည်စိုး၍ သူ့ကို လှည်းမှဖြုတ်လိုက်ရတော့၏”[၁]

ဟု စာရေးသူသည် မြင်းကြီး၏တုန့်ပြန်ဆန့်ကျင်မှုများကို စာဖတ်သူ၏ စိတ်အာရုံ၌ မြင်လာရန် အနုစိတ် သရုပ်ဖော်ထားပါသည်။

မြင်းဆိုးမြင်းကပ်၏သဘာဝနှင့် လူသားကို အားပြိုင်ထားသည်။ စာရေးသူသည် ဂျပန်ခေတ်ကို နောက်ခံဖွဲ့ထား၍ ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုနှင့်ယှဉ်ကာ ဇာတ်ကွက်ဆင်ထားသည်။ ဂျပန်က မြင်းမသွားလျှင် နင်ဆွဲဟု ပြောသည့်အခါ စာရေးသူက မျက်လုံးပြူးကာ ခေါင်းခါလက်ခါ ငြင်းသည်။ ဂျပန်က ဓားကိုဖြုတ်၍ ဓားအိမ်ရိုးကြီးနှင့် ရွယ်ပါတော့သည်။ နောက်ဆုံးတွင် မြင်းနေရာကဝင်၍ စာရေးသူ ဆွဲရသည်။ လူစင်စစ်က မြင်းဖြစ်ရသည်။ ထိုဇာတ်ကွက်သည် ရယ်မောရွှင်မြူးစေသော ကရုဏာသက်စေသော ခံစားမှုကို ပေးသည်။ ထိုမြင်းကြီးနှင့်စာရေးသူ၏ စိတ်ဝင်စားဖွယ် ဇာတ်ကွက်မှာ ဆေးရုံကြီးမှ စစ်သုံ့ပန်းအလောင်းများ မြှုပ်ရန် မြင်းလှည်းငှားသည့် အခန်း ဖြစ်သည်။ စာရေးသူ၏မြင်းလှည်းတွင်ပါသော အလောင်းမှာ အင်္ဂလိပ် အလောင်းနှင့် ဟိန္ဒူအလောင်း ဖြစ်သည်။ အင်္ဂလိပ်အလောင်းချပြီးသော်လည်း ဟိန္ဒူ အလောင်း ကျန်ခဲ့သည်။ မြင်းကြီးသည် ထုံးစံအတိုင်း ကြံတောသုသာန်သို့မောင်းရာ ဟံသာဝတီအဝိုင်းသို့ ရောက်လျှင် ရှေ့ဆက်မသွားတော့ပေ။ နောက်ဆုံး မြင်းကို ဖြုတ်ပြီး မသာအလောင်းကို ဟိန္ဒူသင်္ချိုင်းရောက်အောင် တွန်းပို့ရတော့သည်။ လှည်းမှ ဖြုတ်လိုက်သော မြင်းဆိုးကြီးသည် အိမ်သို့ပြန်သွားပြီး အစာစားနေသည်။ ထိုအကြောင်းကို ရေးဖွဲ့ရာတွင်–

> “မသာကို လှည်းပေါ်မှချပြီး ကိုယ့်လှည်းကိုယ် တွန်းခဲ့ရ၍ အိမ်ပြန်ရောက်သောခါ ကိုယ်တော်ကြီးအား အစာရေစာများ စားနေသည်ကို တွေ့ရပါတော့သည်”[၂]

ဟု ရေးဖွဲ့ထားပါသည်။

ထို့အပြင်–

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၂၉။

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၃၄။

> "ချစ်ယောက္ခမကြီးရေ ... အဲဒါ ခင်ဗျားသမီးယူတဲ့ ကျေးဇူးပေါ့
> ခင်ဗျ"[၁]

ဟုလည်း သရော်၍ ရေးဖွဲ့ထားသည်။ အလွန်မုန်းတီးရသော မြင်းကြီး မိမိလက်မှ လွတ်အောင် ပြန်ထုတ်ရာ၌ စာရေးသူလင်မယား ရန်ဖြစ်ဟန်ဆောင်သည်။ မိန်းမဖြစ်သူက သမီးကို စိန်နားကပ်ဆင်နိုင်သည့် ကျေးဇူးရှင်မြင်းကြီးဟု ဆိုသည်။ စာရေးသူက ဝင်မပါနဲ့ဟုဆိုကာ ရိုက်တော့မည့်ဟန်ပြုသည်။ ဝတ္ထုဇာတ်သိမ်းပိုင်းတွင် မိမိတို့အား လိမ်လည်၍ ဇာတ်တိုက်ရောင်းချလိုက်သော အဖိုးကြီးနှင့် အဖွားကြီး လင်မယားအား ခွင့်လွှတ်စိတ်တို့ဖြစ်လာကာ ဤလောက၌ လူသားတို့သည် မိမိတို့ ဝမ်းရေးအတွက် လူအချင်းချင်းလှည့်ပတ်နေရခြင်း ဖြစ်သည်။ ခွင့်လွှတ်စိတ် မွေးကြပါဟု လမ်းညွှန်ထားပါသည်။

စာရေးသူက–

> "သြော် ဘဝတာဝမ်းရေးကြောင့် သူတို့ အသက်အရွယ်ကြီး
> တွေနှင့် ဤသို့ပြုမူရပါကလား။ ဘဝသည် ကြောက်ဖွယ်လိလိ"[၂]

ဟု အနားသတ်ထားပါသည်။

သော်တာဆွေသည် လူ့သဘာဝအဖွဲ့ကောင်းများ ပါဝင်အောင် ဖွဲ့နိုင်သည်။ လူသားတို့နှင့်ယှဉ်၍ ရပ်တည်နေရသော သတ္တဝါတို့၏ဘဝကို စာနာစွမ်းရှိလာအောင်လည်း တင်ပြနိုင်စွမ်းရှိပါသည်။ ထို့အပြင် အကြောင်းအရာနှင့် လိုက်ဖက်သော စာလုံးများကို ရွေးချယ်နိုင်သည်။ အနုပညာစိတ်ကူးကောင်းမွန်မှု၊ ဘာသာစကား ကျွမ်းကျင်မှုတို့ကြောင့် လူ့သဘာဝအဖွဲ့ အားကောင်းသည့် ဝတ္ထုတိုများ ဖန်တီးနိုင်ခြင်းပင် ဖြစ်သည်ဟု ထင်မြင်မိပါသည်။

## ၂။ ၂။ ကျီးလန့်စာစား

'ကျီးလန့်စာစား' ဝတ္ထုတိုမှာ ဂျပန်ခေတ်၌ ဂျပန်တို့သည် အခြေအနေမကောင်း၍ တပ်ဆုတ်ရမည့် အနေအထားသို့ရောက်နေသောအခါ စစ်တပ်အတွက် အသုံးပြုရန် မြင်းလှည်းသမားများထံမှ မြင်းကောင်းများကို ဈေးနည်းနည်းနှင့် ဝယ်ယူနေချိန် ဖြစ်သည်။ မြင်းလှည်းသမားများသည် မိမိတို့မြင်းများကိုယူလာပြီး

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၃၄။
[၂] သော်တာဆွေ၊ ၁၉၆၁၊ ၃၆။

အစစ်ဆေးခံကြရသည်။ ပေမီဒေါက်မီမြင်းများကို ဂျပန်က ဝယ်ယူသိမ်းပိုက်ကြသည်။ မဝယ်သောမြင်းများကို စစ်ဆေးပြီးကြောင်း တံဆိပ်ပြား ခတ်နှိပ်ပေးလိုက်သည်။

စာရေးသူတွင် တက်တိုးနှင့်အောင်ဘု ဆိုသည့် မြင်းနှစ်ကောင် ရှိသည်။ အောင်ဘုမှာ ဂျပန်ကြိုက်လောက်သည့် အနေအထားမရှိသော်လည်း တက်တိုးမှာ ဂျပန်သိမ်းပိုက်မည့် အနေအထား ဖြစ်နေသည်။ မိမိ၏မြင်းလေးကို မစွန့်လွှတ်ရစေရန် မြင်းဆရာကိုကျင်စိန်နှင့်ပေါင်း၍ မြင်းခြေထောက်မကောင်းပုံဖြင့် ဇာတ်လမ်းဆင်တင်ပြထားပါသည်။ ဇာတ်လမ်းအစတွင် တက်တိုး၏ခြေကို နာနေသယောင်ထင်ရအောင် မြင်းဆရာကိုကျင်စိန်က ဖန်တီးပေးပုံနှင့် အစပျိုးထားသည်။ ထိုဖြစ်ရပ်ကို–

> "တက်တိုး၏ရှေ့ခြေတောက်ကို ခွာဆစ်မှစ၍ အုန်းဆံကြိုးနှင့် တစ်ရစ်စီ တစ်ရစ်စီ တင်းကျပ်စွာ စည်းပတ်ခဲ့ရာ နှစ်ဖက်စလုံး ပြီးသောအခါ လူများက ချုပ်ကိုင်ထားသော ပါးစပ်ကြိုး လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် တက်တိုးခမျာ တုံးခနဲ လဲသွားရှာလေသည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။ မနက်ဖြန်တွင် မြင်းကိုသွားပြရမည် ဖြစ်သည်။ ကြိုးများကို ဖြည်ပေးလိုက်လျှင် မြင်းလက်ကောက်ပြီး ထော့နဲ့ထော့နဲ့ နေစေရန် ဖြစ်ပါသည်။

ထိုဝတ္ထု၌ မြင်းနှင့် မြင်းပိုင်ရှင်ကြားတွင်ရှိသော သံယောဇဉ်ကို ဖော်ပြထားသည်။ တိရစ္ဆာန်အချင်းချင်း၏ မေတ္တာတရားကိုလည်း ဖော်ပြထားသည်။ စာရေးသူမှာ မချိမဆန့် ခံစားနေရသော တက်တိုးကိုကြည့်၍ စိတ်မချမ်းသာ။ တက်တိုးမှာလည်း တအင်အင် ညည်းညူလျက် ရှိသည်။ အောင်ဘုသည် လည်ကြိုးစဉ်း၍ သူ့အဖော်ကို စိုက်ကြည့်နေရာမှ လျှာနှင့် လျက်ပေးနေသည်။ ဤဝတ္ထုတွင်မူ စာရေးသူသည် သတ္တဝါအချင်းချင်း၏ မေတ္တာတရားကို အလှအပဇာတ်ကွက်များအဖြစ် ထည့်သွင်းရေးဖွဲ့ထားသည်။ အောင်ဘုနှင့်တက်တိုးတို့၏ တစ်ကောင်နှင့်တစ်ကောင် ချစ်ခင်ကြပုံကို–

> "အစာစားတာမှာလည်း တစ်ကောင်တစ်ခွက် ကျွေးသည်ကို တစ်ခွက်တည်း နှစ်ကောင်ပြူးစားကြပြီး၊ တစ်ခွက်အစာကုန်မှ အခြားတစ်ခွက်သို့ နှစ်ကောင်ပြူး အတူပြောင်းကြ၏။ ထို့ပြင် သူတို့ချင်း ကစားနေကြရာမှာလည်း အင်မတန် ချစ်စရာကောင်း၏။ ခွေးချင်း ကစားတာနှင့် တူသည်။ တစ်ကောင်နှင့်တစ်ကောင် ပတပ်ရပ်၍ မတ်တပ်ရပ်ကြပြီး ညင်သာစွာ နပန်းသတ်၏။

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၄၀။

ပါးစပ်နှင့် မနာမကျင်ကိုက်ကြ၏။ တစ်ခါတစ်ရံ ကျောချင်း ခိုင်း၍ ပြေးလိုက်ကြသေးသည်။ နို့ပြီး မျက်နှာချင်းဆိုင် ပြန်ကာ ထွေးလုံးကြပြန်၏"[၁]

ဟူ၍ အနုစိပ် သရုပ်ဖော်ရေးဖွဲ့ထားသည်။ ထိုဇာတ်ကွက်ကလေးများသည် သဘာဝကျပြီး စာဖတ်သူတို့အား ကြည်နူးသာယာစိတ်ကို ဖြစ်ပေါ်စေသည်။ မြင်းကလေး နှစ်ကောင်၏ အနေအထားကိုလည်း–

"တက်တိုးသည် ခြေလှမ်းကျဲ၍ ရှေ့လက်ခုတ်ပုံ အင်မတန် ကောင်းသည်။ ခွာသံတဖျောင်းဖျောင်း မြည်ဟိန်းသည်။ ရှေ့လူများကို ဘဲလ်ပေးစရာ မလိုချေ။ ကြာပွတ်မကိုင်ရ၊ ဆွဲဇက်နှင့် မောင်းရ၍ အနေးအမြန်သည် မော်တော်ကားလီဗာ အဖိအဖွ ကဲ့သို့ ဇက်ကြိုးအလျော့အတင်းသာ ဖြစ်ချေသည်။ ထိုမျှနှင့် အားမရ၍ ဇက်ဖျားတစ်ချက် ခတ်လိုက်ပါမူ (ဇက်ကြိုးနှင့် ကျောကို ပုတ်လိုက်ခြင်း) တက်တိုးအား တစ်နေ့လုံး စုပ်သပ်၍ ချော့နေရတော့မည်။ တက်တိုးသည် စိတ်ဆပ်၍ အမှတ်ကြီး၏။ သူ့အသားနာတတ်၏။ ဆတ်ဆတ်ထိ မခံချေ"[၂]

ဟု အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားသည်။ မြင်းနှင့်ပတ်သက်သည့် ဗဟုသုတများကို ရေးဖွဲ့ခြင်း ဖြစ်သော်လည်း စကားအသုံးအနှုန်းများမှာ ကျစ်ကျစ်လျစ်လျစ်နှင့် ပေါ်လွင်သည်။ မြင်းလေးတစ်ကောင်၏ စရိုက်အပေါ် စာဖတ်သူတို့ စိတ်ဝင်စားချင်စရာ ဖြစ်လာသည်။ အောင်ဘုနှင့်ပတ်သက်၍မူ–

"အောင်ဘုကတော့ တက်တိုးကဲ့သို့ ဆွဲဇက်တော့ မဟုတ်၊ ဇက်အေး၊ ခြေလှမ်းလည်း မကျဲ၊ သို့သော် ခြေစိပ်နှင့် အင်မတန် သွက်သည်။ မိတ်ဆွေ၏ လက်ညှိုးနှင့်လက်ခလယ်ကို ဆန့်၍ မြင်းပြေးသကဲ့သို့ အမြန်ဆုံး လှုပ်ယမ်းကြည့်လိုက်ပါ။ အောင်ဘု၏ ခြေတို့သည် ဤသို့ တရိပ်ရိပ်နေ၏"[၃]

ဟု ရေးဖွဲ့ထားပါသည်။

မြင်းလေးနှစ်ကောင်နှင့် ပတ်သက်သည့် စာရေးသူ၏ခံစားမှုကို–

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၄၀။

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၄၁။

[၃] သော်တာဆွေ၊ ၁၉၆၁၊ ၄၁။

"သူတို့နှစ်ကောင် မောင်းရသည်မှာ ကျွန်တော့်တွင် တစ်မျိုးစီ အရသာရှိ၏။ ပင်ပန်းခြင်းကား လုံးဝမရှိချေ။ ငေါက်ငန်းရသော ရန့်ရင်းကြမ်းတမ်းမှုလည်း မဖြစ်၊ အင်မတန် စိတ်နှလုံး သာယာ၏။ မိမိခရီးသည်တို့၏ ငြိုငြင်မှုလည်း တစ်ခါမျှ မခံခဲ့ရ။ ကျေနပ် နှစ်သိမ့်စွာ ပိုက်ဆံပေးသွားကြသည်သာ"[၁]

ဟု ရေးဖွဲ့ထားပါသည်။

ကျီးလန့်စာစားဝတ္ထုတွင် ဂျပန်တို့၏လက်အောက်၌ ကြောက်ရွံ့ထိတ်လန့်ကာ ကျီးလန့်စာ စားနေရစဉ် မြင်းပိုင်ရှင်နှင့်မြင်းကလေးတို့၏ သံယောဇဉ်တွယ်ကြပုံကို ခေတ်အခြေအနေအရ ဖြစ်ပေါ်နေသောဖြစ်ရပ်များနှင့် ဆက်စပ်ယှက်ကာ မေတ္တာတရား၏ အရသာကို ခံစားနိုင်အောင် တင်ပြထားသည်ကို တွေ့ရပါသည်။ တက်တိုးသည် အသိမ်းခံရနိုင်သော မြင်းတွင်ပါဝင်သည့်အတွက် စာရေးသူသည် ကြေကွဲခံစားရသည်။ မြင်းဆရာကိုကျင်စိန်က မြင်းကိုမပြရန် ပြောသော်လည်း အစစ်ဆေးခံနေရာသို့ ခေါ်လာမိသည်။ ထိုသို့ခေါ်လာပြီးမှ စိတ်တွင်းကြေကွဲခံစားနေရပုံကို–

"ဟုတ်တယ် .... ဟုတ်တယ်၊ ငါတကယ်ကို မှားတာပါ။ တက်တိုးဟာ တစ်ညတာလေး ခြေထောက်ကြိုးစည်းတဲ့ ဝေဒနာ ကလေး ခံရမှာကို အခုစစ်မြေပြင် ကျည်ဆံတွေထဲမှာ အစာ ကောင်းခြင်း မစားရဘဲနဲ့ မတန်တဆဝန်တွေ ထမ်းဆောင် ရတော့မယ်။ တယ် ... ငါ့ဖို့လည်း မကောင်း၊ တက်တိုးဖို့လည်း မကောင်းပါလားဟု တွေးတောကာ မျက်ရည်လည်လာတော့သည်"[၂]

ဟု မြင်းလေးတစ်ကောင်ပေါ်တွင် ပိုင်ရှင်၏စိုးရိမ်စိတ်၊ မေတ္တာထားသည့်စိတ်တို့ကို ဖွဲ့ပြထားသည်။ ကိုကျင်စိန်က မြင်းကလေးကို တင်းကျပ်စွာ ချည်နှောင်ထားသည်ကို မကြည့်ရက်သောကြောင့် ကြိုးများကို ဖြေပေးလိုက်သည်။ ထို့ကြောင့် တက်တိုးသည် စစ်ဆေးသည့်နေရာသို့ ပါလာရတော့သည်။ စာရေးသူသည် တက်တိုးအား ဂျပန်တို့ ရှေ့သို့ ခေါ်၍ပြမပြဆိုသည့် စိတ်အတွေးများကို အားပြိုင်တင်ပြထားသည်။ နောက်ဆုံးတွင်မူ တက်တိုးကို တတ်နိုင်သလောက် အချိန်ဆွဲထားပြီး တက်တိုး၏ လည်ပင်းကို မျက်နှာနှင့်အပ်ကာ မင်းကိုငါထားပြီး သွားရတော့မည် သိရဲ့လား ဟု ပြောမိသည်။ သော်တာဆွေ၏ဇာတ်ကွက်များသည် သိမ်မွေ့လှပြီး လူသားတို့၏

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၄၁။
[၂] သော်တာဆွေ၊ ၁၉၆၁၊ ၄၆။

သတ္တဝါတို့အပေါ် ထားသော မေတ္တာစိတ်ကိုဖော်ပြနိုင်သည်။ အောင်ဘုကိုမူအစစ်ခံပြီး ပေမမီသည့်အတွက် ပြန်လွှတ်လိုက်သည်။

စာရေးသူသည် နောက်ဆုံးတွင် တက်တိုးအားသွား၍ ပြတော့မည်ဟု ဆုံးဖြတ်လိုက်ချိန်၌ ကိုကျင်စိန်ရောက်လာပြီး တီးတိုးပြောဆိုသောစကားကြောင့် အံ့သြခြင်း၊ စိုးရိမ်ခြင်း၊ မယုံကြည်ခြင်းများ ဖြစ်လာရသည်။ စာရေးသူသည် တက်တိုး၏ ပါးချပ်ကို လက်နှင့်ချုပ်၍ မြင်းအုပ်ထဲမှ ခပ်ကုတ်ကုတ်ထွက်ခဲ့သည်။ အိမ်သို့ရောက်လျှင် တက်တိုးအား မော်တော်ကားဂိုထောင်ထဲသွင်း၍ အစာရေစာနှင့် အလုံပိတ်ထားလိုက်သည်။ ညအချိန်သို့ရောက်သောခါ ကိုကျင်စိန်၏ပန်းပဲဖိုသို့ ဆွဲသွားသည်။ ကိုကျင်စိန်သည် အသင့်လုပ်ထားသော လခြမ်းတံဆိပ်ကို မီးဖိုထဲမှဆွဲထုတ်၍ တက်တိုး၏ လက်ဝဲဘက်တင်ပါးကို (ဂျပန်နည်းတူ) ထိုးနှိပ်ပေးလိုက်လေသည်။ မြင်းများအား စစ်ဆေးပြီးလျှင် ပေမမီသောမြင်းကို နှိပ်ပေးလိုက်သည့် လခြမ်းတံဆိပ် ဖြစ်သည်။ ထိုနည်းဖြင့် တက်တိုးသည် ဂျပန်လက်မှ လွတ်မြောက်ခွင့် ရခဲ့သည်။

'ကျီးလန့်စာစား' ဝတ္ထုသည် 'ကြုံခဲ့ရသည်' ဝတ္ထုကဲ့သို့ စိတ်ခံစားမှုမျိုးစုံကို မပေးနိုင်သော်လည်း လူသားနှင့်တိရစ္ဆာန်တို့ကြား မေတ္တာတရား၊ သံယောဇဉ်တို့ကို သိမ်မွေ့ညင်သာစွာ ဇာတ်ကွက်များဖော်၍ တင်ပြထားသည်ကို တွေ့ရပါသည်။

## ၂၊ ၃။ တစ်ခါကဘဝဖော်

'တစ်ခါကဘဝဖော်'ဝတ္ထုတွင်မူ မြင်းလှည်းသမားဘဝတွင် ကြုံတွေ့ခဲ့ရသော မြင်းများ အနက်သံယောဇဉ် တွယ်တာခဲ့ရသည့် မြင်းကြီးတစ်ကောင်အကြောင်းကို ဇာတ်လမ်းဆင် တင်ပြထားပါသည်။ ဇာတ်လမ်းအဖွင့်တွင် အိမ်မက်ထဲ၌ မြင်းကြီးတစ်ကောင်ကို မြင်မက်ပုံဖြင့် အစပျိုးထားသည်။ စာရေးသူသည် ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ မြင်းလှည်းသမားဘဝနှင့် ရပ်တည်ခဲ့သည်။ ၁၂နှစ်ကျော်ကြာခဲ့ပြီး သော်လည်း အိမ်မက်ထဲတွင် ထိုမြင်းကြီးကို မကြာခဏတွေ့နေရသည်။ သူကြုံတွေ့ခဲ့ရသော မြင်း(၁၅)ကောင်အနက် ထိုမြင်းကြီးတစ်ကောင်ကိုသာ အိမ်မက်မက်နေခြင်း ဖြစ်သည်။ အိမ်မက်ကို အကြောင်းပြု၍ ထိုမြင်းကြီးနှင့် ဆုံတွေ့ခဲ့ရပုံကို နောက်ကြောင်းပြန် ဇာတ်ကွက်ဖြင့် တင်ပြထားပါသည်။

ထိုမြင်းကြီးမတိုင်မီက မြင်းပေါက်လေးတစ်ကောင် ရှိသည်။ ထိုမြင်းပေါက်လေးမှာ မြင်းကပ်လေး ဖြစ်သည်။ ထိုမြင်းသည် ကိုကျင်စိန် မောင်းသောအခါ၌သာ ရသည်။ စာရေးသူ မောင်းသောအခါ မရပေ။ ထိုအချိန်တွင် စိတ်ရိုးသဘောကောင်းမြင်းကြီးနှင့် လဲရန် အောင်သွယ်လာသည်။ မြင်းသိုးကြီးတွင် မျက်လုံးတစ်ဖက်က တိမ်သလာ

များဖြင့် ပြာကန်းနေ၏။ နောက်ခြေနှစ်ဖက် (ဘဲပါ၍) တစ်လှမ်းချင်းသွားလျှင် ကွတကွတနှင့် ကားနေ၏။ သို့သော် လှည်းထဲ၌ပြေးသောအခါ ခြေလှမ်းကျဲကြီးနှင့် လေးဖက်ကွဲ၍ ခရီးတွင်သည်။ ငွေတစ်ရာ့ငါးဆယ် အလိုက်ပေးပြီး လဲလှယ်လိုက်သည်။ အခြားမြင်းလှည်းဆရာများကမူ ထိုမြင်းသိုးကြီးသည် အလွန်ကတ်သည်ဟု ဆိုသော်လည်း စာရေးသူတွင်မူ မြင်းကတ်ခြင်း မရှိပေ။ ကြို့ပင်ကောက်တွင်နေစဉ်က ခရီးရှည်ကို ဝန်တင်ပစ္စည်းများစွာဖြင့် ဆွဲရသောကြောင့် မြင်းကတ်ခြင်း ဖြစ်သည်။ စာရေးသူ၏လက်တွင်မူ စမ်းချောင်းမှ ဗဟန်း (သို့) ရန်ကုန်ကို ကတ္တရာစေးလမ်းမှ ရန်ကုန်လုပ် လှည်းပေါ့ကလေးဖြင့် လူလေးငါးယောက်မျှကိုသာ ဆွဲရသည်။ မြင်းကြီးမှာလည်း တစ်နေ့တစ်ခြား ဝဖြိုး၍လာသည်။ စာရေးသူသည် မျက်စိတစ်ဖက် တိမ်ဖုံးနေသော မြင်းကြီးကိုချစ်ခင်သည်။ ကြည့်၍မဝအောင် ဖြစ်လာသည်။ မိမိအပေါ် ရိုးရိုးသားသားနှင့် မခိုမကတ်ဘဲ မြင်းလှည်းကိုဆွဲပေးသော မြင်းကြီးအပေါ် ချစ်ခင်ကျေနပ်နေပုံကို–

> "ကိုယ့်မြင်းကိုကြည့်ရ၊ လွန်စွာအားရ၏။ ကျက်သရေရှိ၏။ တစ်နေ့လျှင် ကုလားပဲတစ်ပြည်၊ ဖွဲနုတစ်ပြည်၊ ကောက်ရိုးစဉ်း တစ်ခွဲကို ရေနှင့်ဖျော်၍ မနက်တစ်စည်၊ ညတစ်စည် ထား၏။ မြင်းလှည်းသမားတို့ မည်သည်မှာ မြင်းအစာစားလေ ဝမ်းသာလေ ဖြစ်၏။ ကျွေးရတာ မနှမြောပေ၊ မစားမှာကိုသာ စိုးရိမ်ရ၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ မြင်းလှည်းသမားတို့၏ မြင်းအပေါ်ထားရှိသော ခံစားမှုကို တင်ပြထားခြင်း ဖြစ်သည်။ ဝါကျတိုများဖြင့် သွက်လက်သောရေးဟန်မှာ စာဖတ်သူတို့အား ညည်းငွေ့ဖွယ် မဖြစ်အောင် အထိန်းအကွပ် ပြုထားသည်။

'တစ်ခါကဘဝဖော်' ဝတ္ထုတွင်မူ စာရေးသူက မိမိမြင်းကြီးကို တွယ်တာနှစ်သက်သော ကျေနပ်အားရသောစိတ်ကို ထပ်တလဲလဲဖွဲ့၍ လူသားနှင့်တိရစ္ဆာန်ကြားရှိ မေတ္တာကို တင်ပြထားသည်။ သူ၏မြင်းကြီးကို–

> "လွန်စွာ ချစ်စရာကောင်းသည်၊ သဘောသဟာရ လွန်စွာကောင်း၏။ မြင်းသိုးပေမဲ့ မြင်းမများကို ငမ်းခြင်း၊ ရမ်းခြင်း၊ သခင်ကို ကြမ်းခြင်းများ မပြုတတ်ချေ၊ သတ္တိလည်း လွန်စွာကောင်း၏။ ဖုံးတွေ တဝုန်းဝုန်း ချနေလည်း အခြားမြင်းများလို

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၁၀၁။

> တုန်လှုပ်ချောက်ခြားခြင်း မရှိပေ။ သခင်ထားရာမှာ စိတ်ငြိမ်စွာ နေရဲ၏”[၁]

ဟု ရေးဖွဲ့တင်ပြထားသည်။ တိရစ္ဆာန်၌ပင် စရိုက်အဆိုး၊ အကောင်း ရှိတတ်သည့်သဘောကို စရိုက်ဖော်အဖွဲ့ဖြင့် တင်ပြခဲ့သည်။ စာရေးသူချစ်သော မြင်းကြီး၏ ထူးခြားသည့်စရိုက်ကို စာဖတ်သူတို့ စိတ်ဝင်စားရန် ပုံဖော်ရေးဖွဲ့ရာ၌ ခေတ်ကာလနောက်ခံကို နေရာတကျသုံးထားသောကြောင့် ပို၍ပေါ်လွင်မှုရှိသည်။ အချိန်ကာလမှာ ဂျပန်တို့ဆုတ်ကာနီး မဟာမိတ်များ ထိုးစစ်ဆင်နေချိန် ဖြစ်သည်။ ရန်ကုန်တွင် ဗုံးများ တဝုန်းဝုန်း ကြဲနေသည့်ကြားမှ စာရေးသူသည် မြင်းကြီးနှင့်တွဲ၍ ရဲဝံ့စွာ အသက်မွေးခဲ့ရသည်။ ထိုအချိန် အတူယှဉ်၍ ရင်ဆိုင်ကြပုံများကို–

> “မြင်းလှည်းထွက်နေတုန်း လေကြောင်းရန် ဥသြဆွဲပြီး ဗုံးတွေချနေချိန်တွင် ကျွန်တော်ကနီးရာ ဗုံးခိုကျင်းထဲ ဝင်နေ၊ သူ့ကိုအပြင်မှာ ထားခဲ့၊ တစ်ချို့မြင်းတွေဆို လန့်ပြေးလို့ ကျိုးပဲ့ကုန်တာပေါ့။ ဟော .... သူကတော့ အေးငြိမ်းကြောင်း ဥသြဆွဲလို့ ကျွန်တော်ပြန်ထွက်လာတဲ့အခါ ထားရာမှာ နကမွတိ။ အဲသည်တော့ ကျွန်တော်တို့ဟာ ဗုံးကျတဲ့ဆီကို အမြန်သွားတော့တာပေါ့ခင်ဗျာ။ ဒီအခါမျိုးမှာ တစ်ခေါက်ကောင်း ကိုယ်တောင်းသမျှနင့်နေအောင် ရတာကိုးဗျ။ တစ်ခါတစ်လေလည်း တစ်ပြားမှ မရှိတော့တဲ့ လူနဲ့များ ညားတော့ သနားလို့ အလကားဗျို့”[၂]

ဟု ရေးဖွဲ့ထားပါသည်။ ဗုံးကြဲသံများကြား၌ မြင်းနှင့်လူသားတို့၏ လှုပ်ရှားရုန်းကန်ကြပုံကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပုံဖော်ရေးဖွဲ့ထားသည်။ မြင်းကြီး၏ တည်ငြိမ်သောစရိုက်သည် နှစ်သက်ဖွယ်ကောင်းလှသည်။ ထိုအကြောင်းကို တင်ပြရာတွင် စာရေးသူက အပြောစကားပြေဟန်မျိုး ရော၍တင်ပြထားသည့်အတွက် သည်းထိတ်ရင်ဖိုသည့်လေသံ၊ မြင်းကြီး၏ ရဲဝံ့သည့်အပေါ် အံ့သြသည့်လေသံ၊ ကျေနပ်အားရသည့်လေသံ အမျိုးမျိုး ပါဝင်နေသည်။

ဗမာ့တပ်မတော်က တော်လှန်ရေးကြေညာပြီးနောက် ဂျပန်တို့အပြေးတွင် ရန်ကုန်၌ မင်းမဲ့နေသည့် အချိန်ကာလတွင်မှီ၍ စာရေးသူနှင့်မြင်းကြီးတို့ လှုပ်ရှားရုန်းကန်ရပုံကိုလည်း နောက်ခံနှင့် ဆက်စပ်ရေးဖွဲ့ထားသောကြောင့် အသင့်ယုတ္တိရှိပြီးလျှင် စိတ်ဝင်စားဖွယ် ဇာတ်ကွက်များ ဖြစ်လာရပါသည်။ စာရေးသူက–

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၁၀၂။

[၂] သော်တာဆွေ၊ ၁၉၆၁၊ ၁၀၂။

> "ဗမာ့တပ်မတော်က တော်လှန်ရေး ကြေငြာပြီးတဲ့နောက် ဂျပန်တွေ အပြေး ရန်ကုန်မြို့မှာ ခေတ္တမင်းမဲ့ဖြစ်နေချိန် ကျွန်တော်တို့ဟာ မြင်းလှည်းတွေနဲ့ ကုန်တိုက်တွေ လိုက်ဖောက်ကြတာ လမ်း(၄၀) ကမ်းနားလမ်းက ရခဲ့တဲ့ ကလေးဝတ်စွပ်ကျယ်၊ ဆွယ်တာ၊ ဂျာကင်တွေဖြင့် ကျွန်တော် ကလေး(၃)ယောက်ရတောင် ဝတ်လို့ မကုန်သေးဘူး၊ ဒါတောင် တစ်ချို့ရောင်းပစ်တာ ဘယ်နည်းမလဲ၊ လှည်းတစ်စီးအပြည့် (၃)ဦးတည်း ခွဲယူရတာ။"[၁]

ဟု ရေးဖွဲ့တင်ပြထားပါသည်။ မြင်းကြီးနှင့်စာရေးသူ၏ ဇာတ်လမ်းကို ဇာတ်ကွက်ဖော် တင်ပြရာ၌ ခေတ်နောက်ခံနှင့် တစ်သားတည်းဖြစ်အောင် တင်ပြထားသောကြောင့် သရုပ်မှန်ဝတ္ထုတစ်ပုဒ် ဖြစ်လာပါသည်။

မင်းမဲ့ကာလတွင် စာရေးသူသည် အိမ်တစ်လုံးဆောက်နိုင်ခဲ့သည်။ ဂျပန်တွေ အပြေး၌ ဟမ်းလမ်းက ဂျပန်တွေသိမ်းထားသော သစ်များကို မြင်းလှည်းနဲ့သွားယူပြီး ဒရိုင်ဘာ ကိုမြတ်သာ၏ တဲပုတ်ဖျက်ပြီး တစ်ယောက်တစ်ဝက်ပိုင်မှု သဘောတူညီကာ အိမ်ဆောက်ခဲ့ကြသည်။ မြင်းလှည်းမောင်းခ တစ်နေ့ (၅၀၀)ကျပ်ရ၍ လက်သမားခ (၃၀၀၀)ကျပ်ကိုလည်း ပေးနိုင်ခဲ့သည်။ ယောက္ခမနှင့်အိမ်ခွဲပြီး ကိုယ်ပိုင်အိမ်သို့ ပြောင်းလာခဲ့သည်။ စာရေးသူသည် ဟာသရသသဘောလည်း ပါအောင် သူ၏ အတွေးကို–

> "ယင်းအချိန်၌ ကျွန်တော့မှာ မြင်းပိုင်၊ လှည်းပိုင်၊ အိမ်ပိုင်နှင့် ဟင် .. အိမ်ဂုဏ်မောက်လှတဲ့ ယောက္ခမခင်ဗျာ့၊ သောက်ဂရုစိုက်လို့ လာခဲ့ ဇနီးနဲ့သမီး ..."[၂]

ဟု ရေးဖွဲ့ထားပါသည်။

မြင်းလှည်း ဝင်ငွေကောင်းလာသည်နှင့်အမျှ ကျောင်းနေဘက်သူငယ်ချင်း အပေါ (ခေါ်) မြသွင်တို့လင်မယား ရောက်လာသည်။ ကိုအုန်းမောင်ဆိုသူ ကျောင်းဆရာ တစ်ယောက်လည်း မှီခိုလာသည်။ ထို့နောက်တွင်မူ အခြေအနေလျော့ပါးလာ၍ သူငယ်ချင်းများကို ပြန်စေရသည်။ ဇနီးနှင့်သမီးအားလည်း သူ့အမေဆီ ပြန်ပို့ရသည်။ မြင်းလှည်းနှင့်အိမ်ကို ရောင်းချထုခွဲ၍ အလုပ်ပြောင်းရန် စိတ်ကူးသည်။ မြင်းကြီး မှာလည်း လှည်းတပ်မောင်း၍မရ အစာလည်း မစားနိုင်တော့ပေ။ သခင်၏အမှုကို

---

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၁၀၂။
[၂] သော်တာဆွေ၊ ၁၉၆၁၊ ၁၀၄။

အစွမ်းကုန် ထမ်းဆောင်ခဲ့ပြီဖြစ်သော မြင်းကြီး၏ နောက်ဆုံး ဘဝနေဝင်ချိန်ကို စာရေးသူက–

> "သူသည် လမ်းမမှာ တွေတွေတွေတွေ လျှောက်၍ နေတတ်သည်။ ပြီးတော့ တစ်နေရာမှာ အကြာကြီးငူပြီး ရပ်နေတတ်သည်။ တစ်ခါတစ်ရံ တစ်ညလုံးပင် ... မလာ၍ နောက်တစ်နေ့မှာ လိုက်ရှာခေါ်ရသည်။ အစာဟောင်းကို သွန်ပစ်၍ အစာသစ်ဖျော်ပေးရသည်။ သို့သော် ဖွဲနုကလေးများ စုပ်၏။ ဆေးကျွေးလို့လဲ မျိုမချတော့ပြီ။ စားလိုက်သလိုနှင့် အာစောင်မှာ ငုံထားပြီး လူလက်လွှတ်လိုက်သည်နှင့် ထွေးပစ်တော့၏။ သူသေမည့်ရက်ကိုသာ ကျွန်တော်မျှော်ရပါတော့သည်။"[၁]

ဟု ရေးဖွဲ့ထားသည်။

သို့ရာတွင် မြင်းကြီးသည် မသေဘဲ ကိုမြတ်သာ၏စပ်ဟပ်ချက်အရ အခြားမြင်းနှင့် လဲယူနိုင်ခဲ့သည်။ ထိုမြင်းမှာမူ ငါးရူကဲ့သို့ လည်ပင်းတောင့်တင်းကာ ကျောကုန်းမှာ ငါးဖယ်ကဲ့သို့ ကုံးနေသည်။ ပုံပန်းမကျသော မြင်းဖြစ်၍ ကိုမြတ်သာကိုသာ မောင်းစေသည်။ မြင်းနှစ်ကောင်ကို လဲလှယ်စေပြီးနောက် မကြာမီတွင် သူ၏မြင်းဟောင်းကြီးသည် နေရာသစ်၌ သေဆုံးသွားကြောင်း သိရသည်။ ထိုဒုက္ခိတမြင်းမကလေးသည်လည်း သူ့လက်မှတစ်ဆင့် ကူးပြောင်းကာ ဒုက္ခိတအဖြစ်နှင့်ပင် ဘဝဝဋ်ကြွေးကို ဆပ်နေရသေးသည်။

ဇာတ်သိမ်းပိုင်း၌ သူ၏မြင်းဟောင်းကြီးရှိရာသို့ သွား၍ကြည့်ပုံကို တင်ပြထားသည်။ မြင်းကြီး၏ အပြုအမူမှာ ရင်နင့်ကြေကွဲဖွယ် ကောင်းလှသည်။

> "မြင်းကြီးသည် အနီးကပ်လာသော ကျွန်တော့်ကို အနံ့ဖြင့် မှတ်မိ၍ သူမမြင်သော မျက်လုံးဘက်၊ လက်ဝဲမှ လာခဲ့သော ကျွန်တော့်အား ညာမျက်လုံးနှင့် လှည့်ကြည့်လိုက်သဖြင့် သူနှင့် ကျွန်တော်သည် မျက်နှာချင်း တည့်တည့်ဆိုင်လိုက်ရပါသည်။ နို့ပြီး ခဏချင်းပဲ ပြန်လှည့်သွားသည်။ ကျွန်တော့်စိတ်တွင် သူ ကျွန်တော့်ကို 'မင်းဘာကြောင့် လိုက်လာသလဲ' ဟု မေးလိုက်သလို ထင်စားသွားပါသည်။ ကျွန်တော်သည် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားမှုတစ်ရပ်ဖြင့် သူ့မေးကိုကိုင်၍ သူ့နှာရိုးကို ပါးဖြင့်

---

[၁] သော်တာဆွေ၊ ၁၉၆၀၊ ၁၀၉။

> ကပ်လိုက်မိပါသည်။ နောက်တစ်ပတ် ကြာသောအခါ၌ သေဆုံးပြီ
> ဟူသော သတင်းကို ကြားရပါသည်။"[၁]

ဟု တင်ပြထားသည်။

ဇာတ်သိမ်းပိုင်း ဇာတ်ကွက်သည် လူသားနှင့်တိရစ္ဆာန်တို့၏ သံယောဇဉ်ကို စာဖတ်သူတို့၏ ရင်ထဲသို့အရောက် ပို့ဆောင်ပြီး နာကျင်ခံစားစေနိုင်စွမ်း ရှိသည်။ ကရုဏာရသများ ရရှိစေသည်။ တစ်ခါကဘဝဖော်ဝတ္ထုသည် သံယောဇဉ် တွယ်တာမှုများသည် ကြာရှည်ဆက်ဆံမိကြခြင်း၊ တစ်ဦးအပေါ်တစ်ဦး နားလည်ပေးခြင်းတို့ဖြင့် လူသားနှင့်တိရစ္ဆာန်ကြား၌ပင် ဖြစ်ထွန်းလာတတ်ကြောင်းကို သိမ်မွေ့ညင်သာစွာ တင်ပြထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ထင်မြင်မိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် သော်တာဆွေ၏ မြင်းလှည်းသမား ဘဝသရုပ်ဖော်ဝတ္ထုတို (၃)ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ဝတ္ထုတိုအားလုံးမှာ ဇာတ်လမ်းကိုဦးစားပေး ဖန်တီးထားသော ဝတ္ထုများ မဟုတ်ပေ။ မြင်းလှည်းသမား တစ်ယောက်၏ တစ်ကယ့်ဘဝအတွေ့အကြုံနှင့် လူ့စရိုက်သဘာဝများကို အခြေခံပြီး မြင်းကဲ့သို့သော သတ္တဝါတို့၏ စရိုက်သဘာဝများကို ပေါင်းစပ်ဖွဲ့စည်းကာ တင်ပြထားသော ဝတ္ထုတိုများသာ ဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း စာရေးဆရာ သော်တာဆွေသည် ဘဝအတွေ့အကြုံ စုံလင်သည်။ မြင်းလှည်းသမားဘဝကိုလည်း ငယ်ငယ်ရွယ်ရွယ်နှင့် ကြုံတွေ့ခဲ့ရသည်။ မြင်းလှည်းသမား ပတ်ဝန်းကျင်ရှိ လူလည်ပွဲစားများ၊ လိုအပ်လျှင် အကျိုးပြုသော လူကောင်းများနှင့်လည်း ဆုံတွေ့ခဲ့ရသူ ဖြစ်သည်။ ဘဝသရုပ်ဖော်ဝတ္ထုတိုများ ဖြစ်သည့်အလျောက် လူ့စရိုက်၊ လူ့သဘာဝအမျိုးမျိုးကို နေရာတကျ ထည့်သွင်းတင်ပြထားသည်။

'ကြုံခဲ့ရသည်' ဝတ္ထုသည် စာရေးသူ၏မြင်းလှည်းသမား ဘဝအတွေ့အကြုံ အစုံလင်ဆုံး ဖြစ်ပြီးလျှင် ပါဝင်သော ဖြစ်ရပ်များမှာလည်း ထူးခြားသည်။ ရသခံစားမှု အမျိုးမျိုးကိုလည်း ဇာတ်လမ်းတစ်လျှောက်တွင် တွေ့ကြုံခံစားစေသည်။ အလွန်သဘောကောင်းသော မြင်းမလေးကို မိမိ၏အတ္တကြောင့် ညှာတာရကောင်းမှန်းမသိဘဲ အမောရောဂါရ၍ သေဆုံးသည်အထိ အသုံးချမိသော လူသားတစ်ယောက်၏ ခံစားမှုကို ဖော်ပြထားသည်။ တစ်ဖက်မှာလည်း ဝဋ်ကြွေးတစ်ရပ်အနေဖြင့် မိမိကို တုန့်ပြန်

[၁] သော်တာဆွေ၊ ၁၉၆၁၊ ၁၀၂။

အနိုင်ယူသည့် အလွန်ကပ်သော မြင်းကြီး၏ နှိပ်စက်ခြင်းခံရသည့် အကြောင်းများကို တင်ပြထားသည်။

စာဖတ်သူတို့အား မတူညီသော အမြင်စရိုက်နှစ်မျိုးကို ထင်မြင်စေပြီး အပြောင်းအလဲများ ဖြစ်စေသည်။ မြင်းနှစ်ကောင်နှင့် လူသား၏ဘဝ အားပြိုင်မှုများကိုလည်း တွေ့ရသည်။ ထို့အပြင် ယောက္ခမကြီး၏ လူ့သဘာဝအဖွဲ့များမှာ သဘာဝကျ၍ ပေါ်လွင်သည်။ မြင်းများသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်သော်လည်း လူအချင်းချင်း လှည့်ပတ်လိမ်ညာနေသော လူမှုအဖွဲ့အစည်း၊ ပရိယာယ်မာယာများကို တင်ပြလိုသော သဘောဘက်သို့လည်း အလေးကဲသည်ဟု ဆိုနိုင်ပါသည်။

'ကျီးလန့်စာစား' ဝတ္ထုမှာမူ ဂျပန်တို့ဆုတ်ခွာခါနီးအချိန်ကို နောက်ခံပြု၍ မြင်းလှည်းသမားတို့၏ ဘဝရုန်းကန်မှု၊ မြင်းများအပေါ် ထားရှိသည့် သံယောဇဉ်တို့ကို စာဖတ်သူတို့ ခံစားနိုင်ရန် သိမ်သိမ်မွေ့မွေ့ တင်ပြထားသည်ကို တွေ့ရပါသည်။

'တစ်ခါကဘဝဖော်' ဝတ္ထုတွင်မူ လူတစ်ယောက်နှင့် မြင်းတစ်ကောင်ကြားတွင် အတူယှဉ်တွဲရုန်းကန်၍ ဖြစ်တည်တတ်သော သံယောဇဉ်သဘောကို ရေးဖွဲ့တင်ပြထားသည်ကို တွေ့ရပါသည်။ ဗုံးသံကြားမှာပင် သခင်ထားသည့်နေရာတွင်နေ၍ သခင်ကို စောင့်တတ်သည့် မြင်းကြီး၏ တည်ငြိမ်မှုသဘောမှာ နှစ်သက်စွဲငြိဖွယ် ဖြစ်ပါသည်။ ကရုဏာသက်ဖွယ် ဖြစ်ပါသည်။ စွန့်လွှတ်ပြီးကာမှ မိမိမြင်းကြီးရှိရာသို့သွား၍ ကြည့်ရှုခဲ့သည့် စာရေးသူ၏ မြင်းကြီး၏တုန့်ပြန်သော ခံစားရမှုမှာ စကားပြောမပါဘဲ နာကြည်းဖွယ်၊ ကရုဏာသက်ဖွယ် ရသကို ပေးစွမ်းသော ဇာတ်ကွက်ဖြစ်ပါသည်။

စာရေးဆရာ သော်တာဆွေသည် ဘဝသရုပ်ဖော်ဝတ္ထုများကို ဖန်တီးရာတွင် အောင်မြင်ကျော်ကြားသူ ဖြစ်ပါသည်။ ဘဝထိုထိုဝတ္ထုတိုများတွင် လူမှုအဖွဲ့အစည်းတွင် ရှိသော ဘဝအမျိုးမျိုး လူအမျိုးမျိုးထဲမှ ယနေ့ခေတ်တွင် တွေ့ကြုံရန် ခက်ခဲသည့် မြင်းလှည်းသမားတို့၏ဘဝကို သရုပ်ဖော် ရေးဖွဲ့ထားပါသည်။ ဘဝထိုထိုဝတ္ထုတို ပေါင်းချုပ်တွင် 'ကြုံခဲ့ရသည်'၊ 'ကျီးလန့်စာစား'၊ 'ချစ်သူချစ်တဲ့သူ'၊ 'မိရွှေနီ'၊ 'တစ်ခါကဘဝဖော်'၊ 'ပြည်ဝင်ပြည်ထွက်'၊ 'ကျွန်တော်ဘယ်က လာသနည်း' ဆိုသည့် ဝတ္ထုတို ခုနှစ်ပုဒ် ပါဝင်သည်။ ထိုဝတ္ထုတိုများထဲမှ 'ကြုံခဲ့ရသည်'၊ 'ကျီးလန့်စာစား'၊ 'တစ်ခါကဘဝဖော်' ဟူသည့် ဘဝသရုပ်ဖော်ဝတ္ထု သုံးပုဒ်ကို တင်ပြထားပါ သည်။

ထိုသို့ လေ့လာတင်ပြရာတွင် ဝတ္ထုတိုသဘောတရားဆိုင်ရာ စာပေအယူအဆများကို ရေးသားပြုစုထားပါသည်။ အောက်ဖော်ပြပါ စာအုပ်များကိုလေ့လာဖတ်ရှု တင်ပြထားပါသည်။ ထိုစာအုပ်များထဲမှ သော်တာဆွေ၏ ဝတ္ထုတိုသုံးပုဒ်ကို လေ့လာရာတွင် အကျုံးဝင်သည့် ဝတ္ထုတိုသဘော၊ ဇာတ်လမ်း ဇာတ်ဆောင်နှင့် ရှုထောင့်၏

သဘောတရားများကို ထုတ်နုတ်တင်ပြထားပါသည်။ လူသားနှင့်တိရစ္ဆာန်တို့အကြား ထားရှိသည့် သံယောဇဉ်ကို ပေါ်လွင်အောင် ဖွဲ့ဆိုထားသော အဖွဲ့များကိုလည်း အလေးပေး၍ လေ့လာတင်ပြထားပါသည်။ စာရေးသူ၏ အကြောင်းအရာနှင့် လိုက်ဖက်ပြီးလျှင် အကြောင်းအရာကို ပေါ်လွင်စေသော အရေးအသားကိုလည်း တင်ပြထားပါသည်။ ယခုတင်ပြခဲ့သော ဝတ္ထုတိုသုံးပုဒ်အနက် 'တစ်ခါကဘဝဖော်' ဝတ္ထုတိုသည် လူသားနှင့် တိရစ္ဆာန်တို့အကြား နာကျည်းဖွယ်၊ သနားကရုဏာသက်ဖွယ်တို့ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ထားသည့်အတွက် အနှစ်သက်ဆုံး ဝတ္ထုတိုတစ်ပုဒ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## **နိဂုံး**

သော်တာဆွေသည် ဘဝသရုပ်ဖော်ဝတ္ထုများကို အရေးအဖွဲ့ကောင်းမွန်သကဲ့သို့ ဟာသဝတ္ထုတိုများကိုလည်း ရေးဖွဲ့ရာတွင် ဘဝသဘော၊ ဟာသသဘောပါအောင် ရေးဖွဲ့နိုင်သူ ဖြစ်သည်။ သူ၏ဘဝသရုပ်ဖော်ဝတ္ထုများတွင် သတ္တဝါတို့၏ သံသရာ၌လည်း လူသားနှင့်သတ္တဝါ အသက်ရှင်မှုအတွက် အားထုတ်ကြရပုံကို သရုပ်ဖော်ထားပါသည်။ သော်တာဆွေ၏ အခြားသော သရုပ်ဖော်ဝတ္ထုများကိုလည်း ဆက်လက်လေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၇)။ ***စာပေသမုဒ္ဒရာ၌လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ အားမာန်သစ်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)။ ***စကားပြေသဘောတရား***၊ စကားပြေအတတ်ပညာ (စတုတ္ထအကြိမ်)။ ရန်ကုန်၊ မြနန္ဒာစာအုပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ အင်ကြင်းဦးပုံနှိပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၆၉)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာတိုက်။

တက်တိုး။ (၁၉၆၃)။ ***ဘဝနှင့်စာပေ***။ ရန်ကုန်၊ မိုးဦးပန်း။

ထင်၊ မောင်။ (၁၉၇၉)။ ***သိပ္ပံဝတ္ထုတိုစာတမ်းများ၊ ဝတ္ထုတိုစာတမ်း( ဒုတိယတွဲ)(ပထမအကြိမ်)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မင်းကျော်။ (၁၉၇၉)။ ***ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုစာတမ်း ပထမတွဲ***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြသန်းတင့်။ (၂၀၁၀)။ ***စာရေးခြင်းအတတ်ပညာ***။ ရန်ကုန်၊ စစ်သည်တော်စာပေ။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာဦးစီးဌာန။

ဝန်၊ ဦး။ (၁၉၉၄)။ ***ဦးပုည၏ဝတ္ထုလေးပုဒ်(အမှာစာ)***။ ရန်ကုန်၊ တက္ကသိုလ်စာပုံနှိပ်တိုက်။

သော်တာဆွေ။ (၂၀၁၇)။ ***ဘဝထိုထို (စတုတ္ထအကြိမ်)***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

အောင်သင်း။ (၁၉၉၄)။ ***ဝတ္ထုရေးရာဆောင်းပါးများ***။ ရန်ကုန်၊ ရေတမာစာပေ။

## အင်္ဂလိပ်ဘာသာ

King, Sophie, 2008, How to Write Short Story In Particular. Basion; Houghton Mifflin Company.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မင်းရှင်၏ စိတ်နှင့်ပတ်သက်သည့် ဝတ္ထုတိုများ ဖန်တီးမှု

နန်းသူဇာဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် မင်းရှင်၏ စိတ်နှင့်ပတ်သက်သည့်ဝတ္ထုတိုများ၏ ဖန်တီးပုံကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ မင်းရှင်၏ဝတ္ထုတိုများသည် စိတ်၏နက်ရှိုင်းသိမ်မွေ့သောသဘောများကို ရိုးရိုးရှင်းရှင်းနှင့် သိမ်သိမ်မွေ့မွေ့ တင်ပြထားသည်ကို တွေ့ရပါသည်။ မင်းရှင်၏ ဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြရာ၌ အခန်း(၁) ဝတ္ထုတိုသဘော၊ အခန်း(၂)မင်းရှင်၏ စိတ်နှင့် ပတ်သက်သည့် ဝတ္ထုတိုများဖန်တီးမှု ဖြစ်ပါသည်။ မင်းရှင်၏ စိတ်နှင့် ပတ်သက်သည့် ဝတ္ထုတိုဖန်တီးမှုကို လေ့လာတင်ပြရာတွင် ပီတိ၊ သိမ်ကြီးဈေး အောက်က သစ်သီးဆိုင်၊ ထိန်းချုပ်ရခက်သည့် စိတ်ဝတ္ထုတိုများကို ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***စိတ်၊ ဝတ္ထုတို၊ ကိုယ်တိုင်ပြောရှုထောင့်၊ ပီတိ။***

## နိဒါန်း

ဝတ္ထုတိုအပါအဝင် ရသစာပေ၏သဘောမှာ လူ့စိတ်နှလုံးသားကို ပြုပြင်ပြောင်းလဲပေးနိုင်သော အစွမ်းသတ္တိ ရှိရပါသည်။ ဒိဋ္ဌလောက၌ရှိနေသော လူတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန စသည့် စိတ်ဆိုးစိတ်ညစ်များ၏ လွှမ်းမိုးချယ်လှယ်မှုများကို ခံနေကြရသည်။ ထိုစိတ်ဆိုးစိတ်ညစ်များ၏ စေစားရာနောက်သို့ လိုက်ပါနေကြရသည်။ ရသစာပေကောင်း၏တာဝန်မှာ လူတို့၏ နှလုံးသားတွင် ကိန်းအောင်းနေသော စိတ်ဆိုးစိတ်ညစ်များကို ရှင်းလင်းသန့်စင်ပေးရမည့် တာဝန်ရှိပါသည်။ ဝတ္ထုတို အပါအဝင် ရသစာပေကောင်းတစ်ပုဒ်ကို ဖတ်ပြီးလျှင် လောဘ၊ ဒေါသ၊ မောဟစိတ်များ လျော့ပါးသွားရပါသည်။ ထိုသဘောကို ဆရာဇော်ဂျီက ဘဝအမောပြေသွားသည်ဟု ဆိုခဲ့ပါသည်။ ဝတ္ထုတိုကဲ့သို့ ရသစာပေများသည် စိတ်အကြောင်းကို အနုစိတ် မရေးသားသော်လည်း လူတို့၏ဖြစ်ရပ်များကို ဇာတ်လမ်းစဉ် တင်ပြခြင်းဖြင့် လူ့စိတ်နှလုံးသားကို ပြုပြင်နိုင်စွမ်း ရှိပါသည်။ အချို့စာရေးဆရာများမှာမူ လူ့စိတ်ကို အသေးစိတ် လေ့လာခံစားပြီးလျှင် စိတ်ကောင်းနှင့်စိတ်ယုတ်တို့၏ အရည်အသွေးအားပြိုင်မှု၊ ရုန်းကန်မှုများကို ဇာတ်လမ်းဖြင့် အထူးအလေးပေး ရေးဖွဲ့လေ့ရှိပါသည်။ ထိုစာရေးဆရာများထဲတွင် စာရေးဆရာမင်းရှင်လည်း ပါဝင်ပါသည်။ မင်းရှင်၏ဝတ္ထုတိုများသည် သူ့ပတ်ဝန်းကျင်တွင် တွေ့ရသော လူ့စရိုက်

---

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဟင်္သာတတက္ကသိုလ်

သဘာဝများကို လူ့စိတ်၏အားပြိုင်မှုများ မွန်မြတ်သောစိတ်ဓာတ်တစ်ခုသို့ ရောက်ရှိစေရန် ရုန်းကန်လှုပ်ရှားရမှုများ စသည့် စိတ်ခံစားမှု အနိမ့်အမြင့်ကိုလိုက်၍ လောကအကျိုးပြုမှု၊ မပြုမှုကို သိမ်မွေ့နက်ရှိုင်းစွာ တင်ပြရေးဖွဲ့လေ့ရှိသည်ကို တွေ့ရပါသည်။ မင်းရှင်၏ ဝတ္ထုအများစုသည် စိတ်ကောင်းစိတ်မြတ်ဆီသို့ရောက်အောင် ဦးတည်လမ်းညွှန်ထားတတ်ပါသည်။ ထိုသို့သော ဝတ္ထုများထဲတွင်မှ ပီတိ၊ သိမ်ကြီးဈေးအောက်က သစ်သီးဆိုင်၊ ထိန်းချုပ်ရခက်သည့်စိတ် ဝတ္ထုတို(၃)ပုဒ်၏ ဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြထားပါသည်။ နိဒါန်း၊ အခန်း(၁) ဝတ္ထုတိုသဘော၊ အခန်း(၂) မင်းရှင်၏စိတ်နှင့်ပတ်သက်သည့် ဝတ္ထုတိုများဖန်တီးမှုကို တင်ပြရာတွင် ဤစာတမ်း၌ အလေ့လာခံအဖြစ် ရွေးချယ်ခံဝတ္ထုတို (၃)ပုဒ်နှင့် ဆက်စပ်မှုရှိသော ဝတ္ထုတိုသဘောတရားများကို ဖော်ပြသွားမည် ဖြစ်ပါသည်။

## ၁။ ဝတ္ထုတိုသဘော

မင်းရှင်သည် သူ၏ဝတ္ထုတိုများကိုရေးဖွဲ့ရာ၌ ဝတ္ထုတိုသဘောသဘာဝနှင့်အညီ ဖန်တီးလေ့ရှိသည်။ သူ၏ဝတ္ထုတိုများတွင် ဇာတ်လမ်းကို အလေးပေးလေ့ မရှိပါ။ စာရေးသူက စာဖတ်သူတို့အား သုံးသပ်တင်ပြလိုသော သဘောတစ်ရပ်ကိုသာ အလေးပေး၍ ဖန်တီးယူလေ့ ရှိပါသည်။ ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့ကို အကျယ်ချဲ့၍ သရုပ်ဖော်ခြင်း မပြုဘဲ စာရေးသူက စာဖတ်သူတို့အား အာရုံကျက်စားစေလိုသော သဘောတစ်ရပ်ဆီသို့ရောက်ရုံသာ တင်ပြလေ့ ရှိပါသည်။ ထိုသဘောသည် ဝတ္ထုတို၏သဘောသဘာဝနှင့် ကိုက်ညီသည်။ အဘယ်ကြောင့်ဆိုသော်–

ပါမောက္ခဦးမျိုးမင်းက–

> "ဝတ္ထုတိုတွင် အဖြစ်အပျက်များသည် အဓိကမဟုတ်။ စာရေးဆရာ၏ ဆိုလိုချက်၊ တင်ပြချက်သည်သာ အဓိကဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူ အာရုံကျက်စားစေလိုသော သဘောတစ်ရပ်၊ အချက်တစ်ရပ်၊ သုံးသပ်ချက်တစ်ရပ်ကို မူတည်ပြီးလျှင် ယင်းလိုရာ အချက်သို့ရောက်အောင် သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရသည်။"[၁]

စာရေးဆရာမင်းရှင်သည် ဝတ္ထုတိုများကို ဖန်တီးရာ၌ စာရေးဆရာ တင်ပြလိုသော အတွေးအခေါ်တစ်ရပ်ကိုအခြေခံ၍ စာဖတ်သူတို့၏ စိတ်အာရုံကို ခေါ်ဆောင်

[၁] မျိုးမင်း(ပါမောက္ခ)၊ ဦး၊ ၁၉၆၀၊ နိဒါန်း။

သွားလေ့ရှိသည်။ ထိုသဘောတို့သည် မောင်ထင်၏ ဝတ္ထုတိုဆိုင်ရာအဆိုအမိန့်နှင့် ညီညွတ်ပါသည်။ မောင်ထင်က–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ် တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ ဖြစ်ပါသည်။"[၁]

ဟု ဆိုထားပါသည်။

တစ်ခါတစ်ရံတွင် မင်းရှင်၏ ဝတ္ထုတိုများ၌ အတွေးအခေါ်တစ်ခုကိုသာ အလေးထားသောကြောင့် အဓိကဇာတ်ဆောင်ပင် မပါဝင်ပေ။ အရန်ဇာတ်ဆောင်များကို နောက်ခံနှင့်ရော၍ တင်ပြတတ်သည်။ ဇာတ်ကြောင်းပြောသူ ဇာတ်ဆောင်သည် အဓိကဇာတ်ဆောင် မဟုတ်ဘဲ လေ့လာသုံးသပ်သူတစ်ဦး အမှတ်မထင်ကြုံတွေ့ပြီး ခံစားတွေးခေါ်သူတစ်ဦးသာ ဖြစ်နေတတ်သည်။

ဝတ္ထုတို၏သဘောကို မင်းကျော်က–

> "အတိုတောင်းဆုံး အချိန်ပိုင်းအတွင်း အနည်းဆုံးဇာတ်ဆောင်တို့၏ လှုပ်ရှားမှု (သို့) အဖြစ်အပျက် (သို့) အာရုံခံစားမှုကို စာလုံးအရေအတွက် အနည်းနိုင်ဆုံးဖြင့် ကျစ်ကျစ်လျစ်လျစ် ရေးဖွဲ့တင်ပြထားသော လူ့အကြောင်းစာတို့ကို ဝတ္ထုတိုဟု ဆိုလျှင် မှားလိမ့်မည် မထင်"[၂]

ဟု ဆိုခဲ့ပါသည်။

ထိုအဆိုနှင့်လည်း မင်းရှင်၏ဝတ္ထုတိုများသည် ကိုက်ညီသည်ကို တွေ့ရပါသည်။ မင်းရှင်၏ဝတ္ထုတိုများသည် ရိုးရှင်းသည်။ သို့ရာတွင် ဝတ္ထု၏အဆုံး၌ စာရေးသူ၏ဆိုလိုချက်ကို စာဖတ်သူတို့ ထင်ထင်လင်းလင်း သိမြင်လာစေသည်။ အကြောင်းအရာတင်ပြပုံ၊ ရေးသားပုံ ရိုးရှင်းလှသော်လည်း စာဖတ်သူတို့အာရုံကို ဝတ္ထုအဆုံးအထိ ဖမ်းစားထားနိုင်ခြင်း အစွမ်းရှိသည်။ ထိုသဘောများကို သိမ်ကြီးဈေးအောက်က သစ်သီးဆိုင်၊ ထိန်းချုပ်ရခက်သည့် စိတ်ဝတ္ထုတိုများတွင် တွေ့နိုင်သည်။ မင်းရှင်သည် မိမိတင်ပြလိုသော သဘောတစ်ချက်ကို စာဖတ်သူတို့ နားလည်ခံစား

---

[၁] ထင်၊ မောင်၊ ၁၉၇၉၊ ၂၁၇။
[၂] မင်းကျော်၊ ၁၉၇၉၊ ၁၄၃။

နိုင်သည့် အဆင့်သို့ရောက်သည်နှင့် အချိန်မဆွဲတော့ဘဲ ဝတ္ထုကို အဆုံးသတ်လေ့ရှိသည်။

အိပ်ဂျီဝဲလ်၏ အဆိုကို ထင်လင်းက ဘာသာပြန်ဆိုရာတွင်–

"ဝတ္ထုတိုသည် ရိုးရိုးရှင်းရှင်းအဖွဲ့မျိုး ဖြစ်သည် (သို့) ဖြစ်သင့်သည်။ ဝတ္ထုတို၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသော အခြင်းအရာကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာအောင် ဖော်ပြဖို့ပင် ဖြစ်သည်။ ဝတ္ထုတိုသည် စထွက်ကတည်းက စာဖတ်သူ၏ အာရုံကို ဖမ်းစားကာ တစ်ချက်ကလေးမျှ မလျော့စေဘဲ အထွတ်အထိပ်သို့ ရောက်သည့်တိုင် တဖြည်းဖြည်းချင်း ဆွဲငင်စုစည်းမြှင့်တင်၍ ယူသွားရမည်။ ဝတ္ထုတို၏ အတိုင်းအရှည်သည် စာဖတ်သူ၏ အာရုံစူးစိုက်မှု ကြာသင့်သလောက်သာ ရှိသင့်သည်။ စာဖတ်သူ၏ အာရုံဝယ် အခြားသော အခြင်းအရာများ ထပ်ဝင်မလာခင် စာဖတ်သူ စိတ်မညောင်းခင် ဒိုင်းကနဲ ပြီးဆုံးလိုက်ရပေသည်။"[၁]

ဟုဆိုထားပါသည်။

မင်းရှင်သည် ဝတ္ထုတိုများကို ဖန်တီးရာတွင် အားပြိုင်မှုကို သုံးလေ့ရှိသည်။ အားပြိုင်မှုမှာ အများအားဖြင့် စိတ်တွင်းအားပြိုင်မှုများ ဖြစ်တတ်သည်။ အားပြိုင်မှုနှင့် ပတ်သက်၍ ဆရာဇော်ဂျီက–

"ဝတ္ထုကောင်းတို့တွင် အားပြိုင်မှု ဖန်တီးတတ်ခြင်းသည် နှစ်သက်စရာ၊ စိတ်ဝင်စားစရာ ဂုဏ်တစ်ခု ဖြစ်သည်။"[၂]

ဟု ဆိုထားပါသည်။

အားပြိုင်မှုနှင့်ပတ်သက်၍ ကက်သရင်းမိုနာနှင့် ရက်ရော့စ်တို့က–

"အားပြိုင်မှုဆိုသည်မှာ ဇာတ်လမ်းတစ်ပုဒ်အတွင်း ရန်းကန်တိုက်ခိုက်မှု"[၃]

ဟု ဖွင့်ဆိုထားသည်။

---

[၁] ထင်လင်း၊ ၁၉၇၉ ၊ ၂၇၁–၂၇၂။
[၂] ဇော်ဂျီ၊ ၂၀၀၉၊ ၁၆၉။
[၃] Moner and Rousch, 1998, 43.

စိတ်နှင့်ပတ်သက်သည့် ဝတ္ထုတိုရေးသားရာ၌ မင်းရှင်သည် စိတ်တွင်းအားပြိုင်မှုကို အများဆုံး သုံးလေ့ရှိသည်။ စိတ်တွင်းအားပြိုင်မှုဆိုသည်မှာ ဇာတ်ဆောင်တစ်ဦး၏ စိတ်တွင်း၌ ဖြစ်ပျက်နေသည့် စိတ်နှစ်မျိုး အားပြိုင်တင်ပြခြင်း ဖြစ်ပါသည်။ ထိုအားပြိုင်မှုကို လူ့သဘောသဘာဝ လူ့စိတ်ကို အဓိကထား ရေးဖွဲ့သော ဝတ္ထုတိုများတွင် အသုံးပြုလေ့ရှိပါသည်။ တစ်ခါတစ်ရံ ဝတ္ထု၏ဇာတ်ထွတ်ပိုင်းတွင် အဆုံးအဖြတ်တစ်ခုကိုပေးရန် အတွင်းစိတ်ချင်း အားပြိုင်မှုကို သုံးလေ့ရှိသည်။ ထိုအားပြိုင်မှုကို သုံးခြင်းဖြင့် အမျိုးမျိုး လှုပ်ရှားပြောင်းလဲနေတတ်သော စိတ်သရုပ်ကို ပိုမိုပေါ်လွင်စေနိုင်ပါသည်။ ဇာတ်ဆောင်အနေနှင့် အခြေအနေတစ်ရပ်ပေါ်တွင် အကောင်းအဆိုး၊ အနိုင်အရှုံး၊ အချစ်အမုန်း စသည့် အခြေအနေတို့ကို ဆုံးဖြတ်ရာ၌ စိတ်တွင်းအားပြိုင်မှုကို သုံးခြင်းဖြင့် ဇာတ်ဆောင်သည် ဆင်ခြင်တုံတရားရှိသူဟု ယူဆလာစေသည်။ ဇာတ်လမ်းကို အပြောင်းအလဲပြုရာ၌လည်းကောင်း၊ ဇာတ်ထွတ်ပိုင်းတွင် အနိုင်အရှုံးကို ဆုံးဖြတ်ရာ၌လည်းကောင်း ပရိတ်သတ်အနေနှင့် ဖြစ်နိုင်ချေရှိသည်ဟု ယူဆလာနိုင်ပါသည်။ မင်းရှင်၏ စိတ်နှင့်ပတ်သက်သည့် ဝတ္ထုများတွင် စိတ်တွင်းအားပြိုင်မှုကို သိမ်သိမ်မွေ့မွေ့သုံးထားသည်ကို တွေ့ရသည်။

## ၂။ မင်းရှင်၏ စိတ်နှင့်ပတ်သက်သည့် ဝတ္ထုတိုများဖန်တီးမှု

စာရေးဆရာမင်းရှင်သည် မိမိဘဝပတ်ဝန်းကျင်ကို စိတ်ဝင်စားသူ ဖြစ်သည်။ သွားလာလှုပ်ရှားရင်း ကြုံတွေ့ရသောသူများကို ကရုဏာထား၍ ကူညီတတ်သည်။ ပတ်ဝန်းကျင်တွင် အမှတ်မထင် မြင်တွေ့ရသော ကရုဏာသက်ဖွယ် ဆင်းရဲသားလူတန်းစားများကို ဖေးမကူညီလိုသည်။ စာဖတ်သူတို့၌လည်း ထိုကဲ့သို့သော ကောင်းမြတ်သော စိတ်ထားများ ကိန်းအောင်းလာစေလိုသော စေတနာရည်ရွယ်ချက်ဖြင့် ဝတ္ထုများကို ရေးသားရာတွင် သဘာဝကျကျ ရေးဖွဲ့သည်။ လူတိုင်းတွင် မိမိဘဝနှင့်မိမိ ရန်းကန်လှုပ်ရှားနေကြသူများ ဖြစ်ကြသည်။ ဘဝတာဝန်များ ရှိသည်။ အများအကျိုးတစ်ခုကို ဆောင်ရွက်ရာ၌ မိမိအကျိုးနှင့်နှိုင်းယှဉ်၍ အများအကျိုး သယ်ပိုးဖြစ်အောင် အတွင်းစိတ်ချင်း ရုန်းကန်ရမှုများလည်း ရှိသည်။ ထို့ပြင် တစ်ခါတစ်ရံ၌ လူ့စိတ်သည် အချိန်ရှိသရွေ့ လှုပ်ရှားပြောင်းလဲနေသည်။ အဆိုးမှအကောင်းသို့ ယိမ်းယိုင်နေတတ်သည်။ မင်းရှင်သည် မိမိ၏စိတ်ကိုလည်း အမှန်အတိုင်း ဆင်ခြင်ပြီးလျှင် ပရိတ်သတ်တို့အနေနှင့် ထပ်ဆင့်ဆင်ခြင်ခြင်းဖြင့် အတွေးမှန်အသိမှန်သို့ရောက်အောင် တင်ပြပေးတတ်သော ဝတ္ထုများကိုလည်း တွေ့ရသည်။

## ၂၊ ၁။ ပီတိ

ပီတိဝတ္ထုတိုသည် မင်းရှင်၏လမ်းပေါ်မှာ ဝတ္ထုတိုပေါင်းချုပ်ထဲမှ ကောက်နုတ်ချက်ဖြစ်သည်။ စာရေးသူသည် မိတ်ဆွေတစ်ဦးနှင့် ရုပ်ရှင်ကြည့်ရန် ချိန်းဆိုထားသဖြင့် ကားဂိတ်သို့ လျှောက်လာခဲ့သည်။ တုတ်ကောက်တစ်ချောင်းကိုအားပြု၍ တုန်တုန်ချိချိ လျှောက်လှမ်းနေရသော အဖွားအိုကို သတိပြုမိသည်။ အမှတ်မထင် မိုးရွာချသောအခါ ထီးထုတ်ဆောင်း၍ ဆက်လျှောက်ခဲ့သည်။ အဖွားအိုကိုသတိရ၍ လှည့်ကြည့်လိုက်သောအခါ မိုးရွာထဲတွင် ထီးမပါဘဲ လျှောက်လှမ်းနေရသော အဖွားအိုကို တွေ့လိုက်ရသည်။ အဖွားအိုကို ထီးမိုးပေးလိုသည် တစ်ဖက်မှာလည်း လက်မှတ်နှစ်စောင်နှင့် စောင့်ဆိုင်းနေသည့် မိတ်ဆွေ၏မျက်နှာကို မြင်ယောင်လာကာ ဆက်၍လျှောက်လာသည်။ သို့သော် မိုးရေတို့ရွှဲစိုနေသော အဖွားအိုကို တွေးမိပြန်သဖြင့် နောက်သို့တစ်ဖန် လှည့်ကြည့်မိသည်။ မိုးရေထဲတွင် နေးကွေးတုန်ချိစွာ လျှောက်လှမ်းနေသော အဖွားအိုကို တွေ့ရပြန်သည်။ ထိုအခါတွင်မူ မိတ်ဆွေနှင့်ချိန်းဆိုထားသောကိစ္စကို အလေးမထားနိုင်ဘဲ အဖွားအိုကို ထီးမိုးပေးသည်။ အဖွားအိုက တုန်ရီလှိုက်လှဲသော အသံဖြင့် ဆုပေးသည်။ ရုပ်ရှင်မကြည့်ရသော်လည်း သူ၏စိတ်တွင် ဖော်မပြနိုင်သော ကြည်နူးမှုကို ခံစားရသည်။

ထိုဇာတ်လမ်းကိုတင်ပြရာ၌ အဖွားအို၏ တုန်ချိနေသော အနေအထားကို စာရေးသူက–

> "လမ်းပေါ်တွင် တုတ်ကလေးတစ်ချောင်း ထောက်ကာထောက်ကာ ဖြည်းဖြည်းကလေး လျှောက်လျက်ရှိသော အဖွားအိုတစ်ယောက်ကို အမှတ်မထင် ဖြတ်ကျော်လာခဲ့မိပါသည်။ ကျွန်တော်က ရေးကြီးသုတ်ပျာ လျှောက်နေသလောက် အဖွားအိုမှာကား ခြေနှစ်ချောင်းကို အနိုင်နိုင်လှမ်း၍ လုပ်လီလုပ်လဲ့ ခနော်နီခနောနဲ့ လျှောက်နေရှာသည်။"[၁]

ဟု အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားသည်။ ပတ်ဝန်းကျင်ကို စိတ်ဝင်စားပြီး သတိမူတတ်သော ဇာတ်ဆောင်သည် အဖွားအိုကိုတွေ့သည်။ ကရုဏာသက်သည်။ သို့ရာတွင် ရုပ်ရှင်ကြည့်ရန် မိတ်ဆွေနှင့် ချိန်းဆိုထားသောကြောင့် လျစ်လျူရှုခဲ့သည်။ ပထမအကြိမ်တွင် လျစ်လျူရှုခဲ့သော စာရေးသူသည် အတ္တစိတ်ကို အနိုင်ပေးထားသည့် အဆင့်ဖြစ်သည်။ လျစ်လျူရှုထားသောစိတ်နှင့်အတူ ကရုဏာစိတ်ကြောင့် အားပြိုင်မှုကို

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၃၄။

ဖြစ်ပေါ်လာသည်။ အဖွားအိုကို ဒုတိယအကြိမ် ကြည့်မိပြန်သည်။ အဖွားအို၏ အမူအရာကို–

> "တစ်ခါတစ်ခါတွင် တုတ်ကလေးထောက်၍ ခဏနားကာ သူ့နဖူး ရှုံ့ရှုံ့တွတွကြီးပေါ်မှ မိုးရေစက်များကို အရိုးပြိုင်းပြိုင်းထနေသော လက်ချောင်းကလေးများဖြင့် သတ်၍သတ်၍ ချတတ်သည်။ မကြာမကြာလည်း မိုးကောင်းကင်ကို မော့ကြည့်တတ်ကာ … 'မိုးမင်းကြီးရယ်…တိတ်တော်မူပါတော့' ဟု တောင်းပန်တိုးလျှိုး နေဘိသကဲ့သို့ တတွတ်တွတ် ရေရွတ်နေသည်ကို တွေ့ရ ပါသည်။"[၁]

ဟု ကရုဏာသက်ဖွယ် သရုပ်ဖော်ရေးသားထားသည်။

ထိုမြင်ကွင်းများက စာရေးသူ၏စိတ်ကို အတ္တစိတ်နှင့်ပရစိတ်တို့ကြားတွင် လူးလားတုံ့ခေါက်နေစေသည်။ ဝတ္ထုတိုသဘောအရဆိုလျှင် စိတ်တွင်းအားပြိုင်မှုများ ဖြစ်ပေါ်နေသည်။ စာရေးသူသည် မိမိကိုယ်ရေးကိုယ်တာကို ဦးတည်နေသော အတ္တစိတ်မှ ပရစိတ်သို့ ပြောင်းလဲသွားအောင် ဇာတ်ဆောင်ကို ဖန်တီးယူရမည် ဖြစ်သည်။ သာမန်အဖွားအိုတစ်ယောက်ကို မြင်ရုံနှင့် စိတ်ပြောင်းလဲမည် မဟုတ်ပေ။ ဇာတ်ဆောင်၏အာရုံတွင် မြင်နေရသောအဖွားအို၏ သွင်ပြင်ပုံပန်း၊ မိုးရွာသွန်း နေသည့် အခြေအနေ၊ မိုးရေအောက်မှ အဖွားအို၏ အကွယ်အကာမဲ့နေမှုကို စာရေးသူက အနုစိတ် သရုပ်ဖော်ခြယ်မှုန်းပေးခြင်းဖြင့် ပရစိတ်သို့ ပြောင်းလဲလာမှုမှာ အကျိုးသင့်အကြောင်းသင့် ဖြစ်လာပါသည်။ ဇာတ်လမ်းကိုမှိန်ထားသော ဝတ္ထုတိုတွင် ပါသော ဇာတ်ကွက်တစ်ကွက်၌ပင် ဇာတ်ဆောင်၏ စိတ်အပြောင်းအလဲကို ဖန်တီးရာ၌ အကျိုးသင့်အကြောင်းသင့်ဖြစ်အောင် သရုပ်ဖော်အဖွဲ့က စွမ်းဆောင်ပေးနိုင်ခဲ့ပါသည်။ အဖွားအိုကို ပထမအကြိမ်တွေ့စဉ်က မိမိအတ္တစိတ်ကို ရှေ့တန်းတင်ခဲ့သည်။ ဒုတိယ အကြိမ်တွင်မူ စိတ်တွင်း၌ အတ္တစိတ်နှင့်ပရစိတ်တို့ လွန်ဆွဲနေခဲ့သည်။ တတိယ အကြိမ်တွင်မူ ပရဟိတစိတ်ကို ဦးစားပေးသောစရိုက်သို့ ပြတ်ပြတ်သားသား ကူးပြောင်း သွားသည်။ ပရစိတ်ကို သရုပ်ဖော်ရာ၌–

> "အဖွား … အဖွား … ။ မိုးတွေသည်းလာပြီ။ ကျွန်တော့် နားတိုး …။ ကျွန်တော်ထီးမိုးပေးပါ့မယ်"[၂]

[၁] မင်းရှင်၊ ၁၉၆၂၊ ၃၆။

[၂] မင်းရှင်၊ ၁၉၆၂၊ ၃၇။

ဟူသော အပြော၊ အမြန်ပြေးသွားပြီး မိုးပေးပုံအမူအရာတို့ဖြင့် တင်ပြခဲ့သည်။ စာရေးသူ၏ ကူညီဖေးမမှုတို့ကြောင့် အဖွားအို၏ ရင်တွင်း၌လည်း ပီတိများဖြစ်၍ ဆုပေးလိုက်ပုံကို–

> "အမယ်လေး ...။ ငါ့မြေးရယ် ...။ ဘုန်းကြီးလို့ သက်ရှည်ပါစေကွယ် ...။ ဘုန်းကြီးလို့ သက်ရှည်ပါစေ။"[၁]

ဟု ဖော်ပြခဲ့သည်။

ဇာတ်ဆောင်တစ်ဦး၏ ကရုဏာစိတ်ဖြင့် ပီတိစိတ်တို့ အားပြိုင်မှုကို ဖော်ပြထားသည်။ ထိုမှတစ်ဆင့် အဖွားအို၏ ပီတိစိတ်ဖြင့်ဆုပေးစကားကြောင့် စာရေးသူ၌ ပီတိဖြစ်ရပုံ–

> "ထိုအခိုက်တန့်လေးဝယ် ကျွန်တော်သည် ဘာကိုမျှ သတိမရတော့ဘဲ အဖွားအို၏ ဆုတောင်းသံတွင်သာ နစ်မွန်းကြည်နူးလျက်ရှိတော့သည်။ ကျွန်တော်သည် မိမိဆုံးဖြတ် ပြုမူလိုက်သောဆောင်ရွက်ချက်အတွက် ကျေနပ်နှစ်သိမ့် ပီတိတစိမ့်စိမ့် ဖြာဝေနေမိပါတော့သတည်း။"[၂]

ဟူ၍ စိတ်ကြည်နူးခံစားမှုသရုပ်ကို ဖော်ထုတ်တင်ပြပြီး ဇာတ်သိမ်းထားပါသည်။

မင်းရှင်၏ ပီတိဝတ္ထုတိုလေးသည် ဇာတ်ဆောင်နှစ်ဦးထဲ ပါဝင်သည်။ ဇာတ်လမ်းအပြောင်းအလဲ အကွေ့အကောက် မပါပေ။ အဖွားအိုကြီးကိုတွေ့မြင်ပြီး ကူညီရန်သင့်မသင့် ဖြစ်နေသော အတ္တနှင့်ပရစိတ်တွင် အားပြိုင်မှုဖြစ်နေသည့် အပိုင်းသည် ဇာတ်တက်ပိုင်း ဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် အဖွားအိုကြီး၏သွင်ပြင်ကို ကရုဏာစိတ်ယိုဖိတ်အောင် သရုပ်ဖော်ခြယ်မှုန်းခြင်းဖြင့် ဇာတ်ဆောင်၏ပရဟိတစိတ်သို့ ကူးပြောင်းသွားသော သဘောသည် အသင့်ယုတ္တိ ရှိသွားသည်။ ပရိသတ်တို့၏ စိတ်နှလုံးကိုလည်း အမောပြေစေပါသည်။ ဇာတ်သိမ်းပိုင်းတွင် အဖွားအိုကြီးသည် မည်သို့မျှမျှော်လင့်မထားသော အပင်ပန်းဆုံးအချိန်တွင် ပီတိဖြစ်ရသကဲ့သို့ ထိုအဖွားအိုကြီးကိုကူညီလိုက်ရ၍ ဆုတောင်းကို ခံယူရသော စာရေးသူမှာလည်း ပီတိဝေဖြာရပါသည်။ စာရေးသူသည် လူတိုင်း၌ သိသိသာသာသော် လည်းကောင်း၊ မသိမသာသော် လည်းကောင်း ရှိနေတတ်သော အတ္တစိတ်ပါးပါးလေးကိုပင် ပရစိတ်လှလှလေး

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၃၇။

[၂] မင်းရှင်၊ ၁၉၆၂၊ ၃၇။

အသွင်ဖြင့် အရိုးဆုံးဇာတ်လမ်း၊ အနည်းဆုံးဇာတ်ဆောင်ဖြင့် ကျစ်လစ်သိပ်သည်းစွာ ဖန်တီးတင်ပြထားသည်ကို တွေ့ရသည်။

## ၂။ ၂။ သိမ်ကြီးဈေးအောက်က သစ်သီးဆိုင်

သိမ်ကြီးဈေးအောက်က သစ်သီးဆိုင်ဝတ္ထုသည် မင်းရှင်၏ လမ်းပေါ်မှာ ဝတ္ထုတိုပေါင်းချုပ်မှ ကောက်နုတ်ချက် ဖြစ်ပါသည်။ ဆရာဇော်ဂျီက စာကောင်းပေမွန်များ ရေးဖွဲ့နိုင်ရန်အတွက် စာရေးသူတို့သည် စိတ်ကောင်းကို အခြေခံရမည်။ ပတ်ဝန်းကျင်ကို သတိမူရမည်။ ဘဝသတိ၊ ဘဝအသိရှိရမည်ဟု ဆိုခဲ့သည်။ ထိုသို့ စိတ်ကောင်းအခြေခံမှုနှင့် ပတ်ဝန်းကျင်ကို သတိဖြင့်ဆင်ခြင်နိုင်ပြီးလျှင် စိတ်ကူးဉာဏ်ဖြင့် မွမ်းမံတတ်မှသာ စာကောင်းစာလှဖြစ်မည်ဟု ဆိုခဲ့သည်။

မင်းရှင်က အရိုးဆုံးနှင့်အလှဆုံးဝတ္ထုတိုများသည် စိတ်အလှကို စာဖတ်သူတို့အတွက် ရှာဖွေဖော်ထုတ်တင်ပြသော ဝတ္ထုတိုများသာ ဖြစ်ပါသည်။ ထိုဝတ္ထုတိုများသည် မိမိဘဝပတ်ဝန်းကျင်ကို သတိနှင့် အာရုံပြုမိရာမှ ပေါက်ဖွားလာသော ဝတ္ထုတိုများ ဖြစ်ပါသည်။ ထိုဝတ္ထုတိုသည်လည်း မင်းရှင်၏ဝတ္ထုများကဲ့သို့ပင် ဇာတ်လမ်းမယ်မယ်ရရ မပါပါ။ သိမ်ကြီးဈေးအောက်တွင် လိမ္မော်သီး(၁၀)လုံး အညှံစား ရောင်းချနေသော မိန်းမကြီးတစ်ဦး ရှိသည်။ ယောက်ျားကြီးတစ်ဦးက လိမ္မော်သီးတစ်လုံး ငါးပြားထားရန် ဈေးဆစ်သည်။ လိမ္မော်သီးများမှာ အနာများ ပါသည်။ ပုတ်လုဆဲဆဲ အခြေအနေ ဖြစ်သည်။ ရောင်းသူက ၁၅ ပြားရမှ ရောင်းမည်ဟု ဆိုသည်။ ဝယ်သူယောက်ျားကြီးက လူမမာနာလန်ထစဖြစ်၍ စားချင်သောကြောင့် ဈေးဆစ်ခြင်းဖြစ်ကြောင်း ပြောသည်။ ဈေးသည်မိန်းမကြီးက လျှော့ပေးသော်လည်း ဝယ်မစားနိုင်သောကြောင့် ထွက်ခွာသွားခဲ့သည်။

ထိုအဖြစ်မျိုးသည် ဈေးများ၌ မကြာခဏတွေ့မြင်သည့် အရိုးခံ မြင်ကွင်း ဖြစ်သည်။ အရိုးခံ အဖြစ်အပျက် ဖြစ်သည်။ သတိမူမိသူ ရှိချင်မှရှိမည်။ ပတ်ဝန်းကျင်ကို စိတ်ဝင်စားသော စာရေးသူကမူ ထိုမြင်ကွင်းအပေါ်၌ အာရုံခံစားပြီးလျှင် ကရုဏာစိတ်ပွားကာ စာဖတ်သူတို့အားလည်း ကရုဏာစိတ်ထားကို ဝတ္ထုတိုတစ်ပုဒ်ဖြင့် ဖြန့်ချီပေးခဲ့သည်ဟု ဆိုရပါမည်။ စာရေးသူသည် ဆင်းရဲသားလူတန်းစားဘဝနှင့် အရင်းရှင်လူတန်းစားဘဝ နှစ်မျိုးကို သိမ်ကြီးဈေးအောက် တစ်နေရာထဲ၌ ယှဉ်တွဲဖော်ပြခဲ့သည်။ မင်းကတော်ဟန်ရှိသော မိန်းမဝဝဖိုင့်ဖိုင့်တစ်ယောက်သည် ပဲမြစ်ပုံထဲမှ အကောင်းဆုံးပဲမြစ်များကို ရွေးခိုင်းလေသည်။ ထိုမြင်ကွင်းနှင့် ယှဉ်တွဲလျက် သိမ်ကြီးဈေးအောက်မှ လိမ္မော်သီးရောင်းချသူနှင့် ဝယ်သူအနေအထားကို–

> "လူသွားစင်္ကြန် အုတ်သံမံတလင်းပေါ်၌ လိမ္မော်သီးကလေး ဆယ်လုံးခန့်ကို သတင်းစာစက္ကူရွက် တစ်ရွက်ပေါ်တွင် ဖြန့်ခင်း ရောင်းချသူ အသက်(၅၀)နီးပါးခန့်ရှိ မိန်းမကြီးတစ်ယောက်နှင့် သူ့ရှေ့တွင် ဆောင့်ကြောင့်ထိုင်ရင်း လိမ္မော်သီးများကို တစ်လုံးချင်း ကိုင်ကြည့်နေသည့် အသက်(၄၀)ကျော်ခန့် ယောကျ်ားကြီး တစ်ယောက်တို့အား မြင်လိုက်ရခြင်းပင် ဖြစ်၏။"[၁]

ဟု အနုစိတ် သရုပ်ဖော်ထားသည်။

မင်းရှင်သည် နောက်ခံအဖွဲ့များဖြင့် သိုင်းသိုင်းဝိုင်းဝိုင်း ရေးလေ့ရှိသည့် တစ်လုံးဆယ့်ငါးပြားဟု သတ်မှတ်ထားသော လိမ္မော်သီးများအသွင်ကို–

> "အများအားဖြင့် အသီးတိုင်းလိုလိုပင် လက်သီးထိုးခံထားရသူ၏ မျက်နှာကဲ့သို့ အနီကွက်၊ အညိုကွက် ဒဏ်ရာဒဏ်ချက် အနာ အဆာများဖြင့် ပြည့်နှက်လျက်ရှိကာ အချို့အလုံးများမှာ လက်ဖြင့် ကိုင်လိုက်လျှင် မြုပ်ဝင်သွားမတတ် တစ်ပိုင်းစ တစ်ခြမ်းစ ပုပ်ရိစပြုနေကြောင်း တွေ့ရှိနိုင်ပေသည်။ သစ်သီးဆိုင်ကြီး တစ်ခုခုမှ ရောင်းပန်းမလှသောကြောင့် ဈေးခပ်ပေါပေါနှင့် တဆင့်ပြန်ရောင်း ထုတ်လိုက်သည့် လိမ္မော်သီးအနာအဆာများ ဖြစ်ဟန် တူပါသည်။ သို့တည်းမဟုတ် လွှင့်ပစ်ထားသော သစ်သီးပုံတစ်ခုခုထဲမှ ရွေးချယ် ကောက်ယူလာခြင်းပင်လား မပြောတတ်ပါ။"[၂]

ဟု အနုစိတ် သရုပ်ဖော်ထားသည်။

ထိုအဖွဲ့သည် နောက်ခံအဖွဲ့ဟု ဆိုနိုင်သည်။ ထိုအဖွဲ့ကြောင့်ပင် ဤမျှပုတ်လု နီးပါး ဖြစ်နေသော အညံ့စားလိမ္မော်သီးကို ဝယ်မစားနိုင်သော ဝယ်သူယောကျ်ားကြီး၏ ဘဝအနေအထားသည် စာဖတ်သူတို့၏ ရင်ထဲသို့ ရောက်ရှိလာစေပါသည်။ ရောင်းသူ အပိုင်းမှလည်း ရောင်းသူပီပီ မိမိ၏၁၅ပြားတန် လိမ္မော်သီးအပေါ်၌ပင် မာန်တက်သည်။ ဝယ်သူအပိုင်းမှလည်း လိမ္မော်သီးအပုတ်ကလေးကို စားချင်လွန်းသော ဆန္ဒကြောင့် အောက်ကျို့ခံပြီး ဈေးဆစ်ရသည်။ ဝယ်သူနှင့်ရောင်းသူတို့၏ အားပြိုင်မှုဟု ဆိုရမည်။ သို့ရာတွင် အားပြိုင်မှုခြင်း မတူပါ။ ရောင်းသူမှာ မာနနှင့် ဝယ်သူ၏ကျိုးနွံမှု၊ အားငယ်မှုတို့ကို အားပြိုင်ထားခြင်း ဖြစ်သည်။ မတူညီသောအားပြိုင်မှုကို စာရေးသူက အပြောဖြင့် သရုပ်ဖော်ထားသည်။ ထိုအားပြိုင်မှုကို ဖော်ပြနေသော ပြောစကားများကြောင့်

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၆၃။

[၂] မင်းရှင်၊ ၁၉၆၂၊ ၁၆၄။

ဝယ်သူ ယောက်ျားကြီး၏ ဆင်းရဲမှုသည် ပေါ်လွင်လာပြီး ကရုဏာရသမြောက်သော အဖွဲ့ကောင်းများ ဖြစ်လာသည်။ ရောင်းသူက–

> "အို မရဘူး။ မရဘူး။ ...... ဆယ့်ငါးပြား တစ်ခွန်းထဲဘဲ၊ မင့်ကို ဘယ်သူက ပြောသလဲ၊ လိမ္မော်သီးတစ်လုံး ငါးပြားနဲ့ရတယ်လို့၊ တရုပ်တန်းကသစ်သီးဆိုင်တွေ သွားမေးကြည့်စမ်း၊ တစ်ကျပ်မှ သုံးလုံးလောက်ရမယ်၊ အခုလိုလိမ္မော်သီးပေါ်ခါစ ...... ဘယ်လောက်ဈေးကြီးတယ် မှတ်သလဲ"[၁]

ဟု ပြောဆိုဟန် တင်ပြထားသည်။ မိမိ၏လိမ္မော်သီးအညွှံ့စားများနှင့် မာန်တက်နေသော ဈေးသည်နှင့် အားပြိုင်ဖော်ပြထားသည်။ ဈေးဝယ်သူယောက်ျား၏ပြောစကားကိုမူ–

> "ကျွန်တော် နေမကောင်းပြီးခါစ လူမမာနလံထမို့ လိမ္မော်သီး တစ်လုံးလောက် စားချင်လွန်းလို့ပါဗျာ၊ နော်အမကြီး .... ငါးပြားနဲ့ ပေးလိုက်ပါနော်"[၂]

ဟူ၍ ရေးဖွဲ့တင်ပြခဲ့ပါသည်။ ဈေးသည်မိန်းမကြီးက ဆယ်ပြားနှင့်ယူဟု ဆိုသည်။ ထိုသို့ အားပြိုင်ပြီးနောက် ဆင်းရဲခြင်းက အနိုင်ရ၍ လက်လျှော့လိုက်ရသော ဈေးဝယ်ယောက်ျားကြီး၏ သွင်ပြင်လှုပ်ရှားဟန်ကို–

> "ဤကဲ့သို့ ရောင်းသူက အတတ်နိုင်ဆုံးနှင့် အလျှော့နိုင်ဆုံး ဈေးနှုန်းကို ပြောလိုက်ခါမှပင် ဈေးဝယ်သူ လူကြီးသည် လိမ္မော်သီးသည် မိန်းမကြီးနှင့်တကွ လိမ္မော်သီးကလေးတွေကို တချက်မျှ ငဲ့ကြည့်လိုက်ပြီးနောက် ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ သူ့ဒူးများသူ ဖြေးညှင်းလှစွာ ဆုပ်ကိုင်ရင်း မနဲကြီး အားယူ၍ ထရပ်လိုက်၏။ ထို့နောက် ချည့်နဲ့အားပျော့သော ခြေလှမ်းများဖြင့် လေးကန်ဖင့်နွဲ့စွာ ထွက်ခွာသွားပါတော့သည်။"[၃]

ဟု သရုပ်ဖော်ရေးဖွဲ့ခဲ့ပါသည်။

ဝတ္ထု၏အားပြိုင်မှုတွင် မတတ်နိုင်သူက အရှုံးပေးလိုက်ရသည်။ စာဖတ်သူတို့ထံ ဆင်းရဲသားလူတန်းစားတို့၏ဘဝကို နားလည်စာနာစိတ် ဖြစ်ပေါ်လာစေသည်။

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၆၁။
[၂] မင်းရှင်၊ ၁၉၆၂၊ ၁၆၅။
[၃] မင်းရှင်၊ ၁၉၆၂၊ ၁၆၆။

စာရေးဆရာမင်းရှင်ကမူ ထိုမျှမက ထိုဖြစ်ရပ်အပေါ်မှ အကူအညီပေးလိုသော်လည်း လူတစ်ယောက်၏ဂုဏ်သိက္ခာကို ထိခိုက်မည်စိုး၍ ထိန်းသိမ်းစောင့်ရှောက်ထားလိုက်မိသော စိတ်အလှတစ်ကွက်ကို ဖော်ထုတ်ပြသလိုက်ပါသည်။ ဝတ္ထု၏ ဇာတ်သိမ်း၌ စာရေးသူ၏ စိတ်ခံစားမှုနှင့် အတွေးအမြင်ကို–

> "အမှန်အားဖြင့်သူ ကျွန်တော်ရှေ့မှောက်တွင် ရှိနေစဉ်ကထဲကပင် သူ့အာသာငမ်းငမ်း စားချင်ပါလျက်နှင့် ခက်ခက်ခဲခဲ မရမက ဈေးဆစ်နေသော လိမ္မော်သီးတလုံး၏တန်ဘိုး ငွေဆယ်ပြားကို ကျွန်တော်အနေနှင့် ထုတ်ပေးလိုစိတ် တဖွားဖွား ဖြစ်ပေးမိခဲ့၏။ သို့ရာတွင် ဤကဲ့သို့ စေတနာကရုဏာဖြင့် ထုတ်ပေးလိုက်ခြင်း မှန်သော်လည်း သူ့အပေါ် စော်ကားရာရောက်သဖြင့် စိတ်ဆိုးခြင်း ခံရလေမည်လား စသော မဝေခွဲနိုင်သည့် ဒွိဟစိတ်တို့ဖြင့် နောက်ဆုံး ထိုလူကြီးထွက်ခွာသွားသည့်အချိန်အထိ ဘာတစ်ခုမှ စိတ်မပိုင်းဖြတ်နိုင်ဘဲ ကျန်ရစ်ခဲ့ခြင်း ဖြစ်ပါတော့သည်။"[၁]

ဟု တင်ပြခဲ့ပါသည်။ လူ့စိတ်၏အားပြိုင်မှုသဘောကို ဝတ္ထုအဆုံး၌ စာဖတ်သူတို့ တစ်မျိုးတစ်ဖုံ ခံစားကြရပြန်သည်။ စာရေးသူသည် ထိုလူကြီးအား လိမ္မော်သီး ဝယ်ပေးလိုသည်။ သို့ရာတွင် လူမှုရေးအရ မသိသူတစ်ယောက်ကို ငွေဆယ်ပြား ဝင်ပေးခြင်းဖြင့် ဂုဏ်သိက္ခာကို ချိုးနှိမ်ရာရောက်မည်ဟူသော အတွေးဖြင့် မပေး ဖြစ်ခဲ့ပေ။ စေတနာသဒ္ဓါတရားနှင့် လူ့ယဉ်ကျေးမှုစည်းကမ်းများအကြားတွင် စိတ်တွင်း အားပြိုင်မှု ဖြစ်ခဲ့ရသည်။ စိတ်၏သဘောသည် စာရေးသူ၏အဆုံးသတ် သုံးသပ် တင်ပြချက်အပေါ်၌ အဓိကကျနေသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ ထိုကဲ့သို့ ဖြစ်ရပ်မျိုးသည် မိမိကိုယ်တိုင်ကြုံရတတ်သည့် လူမှုရေးအရ အားနာမှုများကြောင့် တစ်ဖက်လူ၌ ဆုံးရှုံးကြရသည်။ စာဖတ်သူတို့အနေနှင့် ဝတ္ထုအဆုံးတွင် မိမိသဒ္ဓါ တရားရှိတိုင်း ပေးကမ်းကူညီသင့်မသင့် လူမှုရေးအရ တစ်ဖက်သား၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် ဟူသော အတွေးစိတ်များဖြင့် တွေးတောဆင်ခြင်ရန် ပေးထားရစ်ခဲ့သည်ဟု ထင်မြင်မိပါသည်။

## ၂။ ၃။ ထိန်းချုပ်ရခက်သည့်စိတ်

စိတ်တွင်းအားပြိုင်မှုကိုသုံး၍ ရေးဖွဲ့ထားသော ဝတ္ထုများတွင် စိတ်သည် အပေါ်လွင်ဆုံး ဖြစ်သည်။ အချိန်တိုင်းတွင် အမျိုးမျိုး ဖြစ်ပျက်ပြောင်းလဲနေသော

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၆၇။

စိတ်သရုပ်ကို ဖော်ထုတ်တင်ပြထားပါသည်။ စာရေးသူသည် ဇာတ်ကြောင်းပြောသူ ဇာတ်ဆောင်လည်း ဖြစ်သည်။ ကျွန်တော်ဆိုသည့် နာမ်စားကိုသုံး၍ ကိုယ်တိုင်ပြော ရှုထောင့်မှ ဇာတ်ကြောင်းပြောခြင်းဖြင့် စိတ်ကောင်း၊ စိတ်ယုတ် တစ်လှည့်စီ ပြောင်းလဲလှုပ်ရှားမှုကို အတွင်းကျကျ တင်ပြနိုင်စွမ်း ရှိလာသည်။ ရှုထောင့်နှင့် ပတ်သက်၍ မဂ္ဂဇင်းဝတ္ထုတိုရေးနည်းစာအုပ်တွင် ဆိုဖီကင်းက–

> "ဝတ္ထုရေးဆရာ အများစုသည် ပထမလူရှုထောင့် (သို့မဟုတ်) ကိုယ်တိုင်ပြောရှုထောင့်ကို နှစ်သက်ကြပေလိမ့်မည်။ ထိုရှုထောင့်သည် ဇာတ်ဆောင်၏စိတ်အတွင်းသို့ စာရေးသူက ဝင်ပြီး အလွယ်တကူ လျှောက်လှမ်းသွားနိုင်သောကြောင့် ဖြစ်သည်။"[၁]

ဟု ဆိုထားပါသည်။

ထို့ပြင် ဆိုဖီကင်းက–

> "ပထမလူရှုထောင့်၏အကျိုးကို ပထမလူရှုထောင့်ကို သုံးစွဲခြင်းဖြင့် ဇာတ်ဆောင်၏ စိတ်လှုပ်ရှားခံစားမှုများကို တင်ပြရန် လွယ်ကူစေသည်။ ပြောစကားကိုရေးလျှင်ပင် ကိုယ့်စိတ်ကူးကို ကိုယ်တိုင်ရေးသားတင်ပြနိုင်သည်။ အကျိုးဆက်အဖြစ် သင့်ဇာတ်ဆောင်သည် ဖြစ်နိုင်ခြေ ပို၍ရှိလာစေသည်။ စွဲလမ်းတွယ်ငြိဖွယ် ရှိလာစေသည်။"[၂]

ဟု ဆိုထားပါသည်။

ကျွန်တော်၊ ကျွန်ုပ်ဆိုသည့် နာမ်စားကိုသုံး၍ ဇာတ်ကြောင်းပြောခြင်းဖြင့် စာဖတ်သူသည် ကျွန်တော်၊ ကျွန်ုပ် ဆိုသည့် လေသံကြောင့် ဇာတ်ဆောင်နှင့်အတူ စာဖတ်သူ ခံစားဖတ်ရှုနိုင်သည်ဟုလည်း သိရသည်။ ဇာတ်ဆောင်မှာ ကျွန်တော် ဆိုသည့် နာမ်စားနှင့် ဇာတ်ကြောင်းပြောသည်။ ကျွန်တော်တို့ လင်မယားနှစ်ယောက်သည် စနေနေ့တွင် ရုပ်ရှင် ၃ နာရီခွဲပွဲ ကြည့်ရန်အတွက် ပြည်တော်သာကားဂိတ်ကို ထွက်ခဲ့သည်။ ကားဂိတ်နားတွင် လမ်းဘေးရေအိုးစင်ကလေး ရှိသည်။ ကျွန်တော်ဇာတ်ဆောင်၏ လက်ထဲတွင် ဖဲထီးအသစ်စက်စက်လေးပါလာရာ ကားဂိတ်ရှိ သွပ်ခေါင်မိုးဆင်ခြေလျှောတွင် ချိတ်ထားလိုက်သည်။ ရေအိုးစင်ဘေးတွင် ပြောင်းဖူးသည်မကလေးသည် ပြောင်းဖူးများ ဖုတ်ရောင်းနေသည်။ ဇနီးသည်က ပြောင်းဖူးဝယ်စားရင်း ဈေးဆစ်သည်။ ကျွန်တော်

---

[၁] King, 2008, 199.

[၂] King, 2008, 101.

ဇာတ်ဆောင်က ဈေးမဆစ်ရန်ပြောပြီး လင်မယားနှစ်ယောက် ကားပေါ်သို့ ကမန်းကတန်း တက်သွားခဲ့ရာ ဖဲထီးကလေးကို မေ့ကျန်ခဲ့သည်။ ဖဲထီးကလေး မေ့ကျန်ခဲ့ခြင်းအတွက် ဆင်းရဲသူများ ရပါစေ။ တရုတ်၊ ကုလားတို့ မရပါစေနှင့်ဟု ဆုတောင်းသည်။ နောက်ဆုံး ဆင်းရဲချမ်းသာမရွေး ရပါစေဟု ဆုတောင်းသည်။ အပြန်တွင်မူ ကားဂိတ် ရေအိုးစင်သို့ မျက်စေ့ရောက်သွားသည်။ ဇနီးသည်ကလမ်းကူး၍ သွားကြည့်သော်လည်း မတွေ့ခဲ့ပေ။ နောက်တစ်နေ့ (၁၀)နာရီခန့်တွင် ရန်ကုန်ဘက်သို့သွားရန် ကားဂိတ်သို့ ထွက်ခဲ့သည်။ ကားဂိတ်တွင် ပြောင်းဖူးသည်မကလေးကိုမေးမည်ဟု စဉ်းစားမိသည်။ မည်သူမဆိုရပါစေဟု သဘောထားခဲ့ပြီးမှ မိမိစိတ်ကို မထိန်းနိုင်သည့်အတွက် ရှက်ခဲ့ရသည်။ ထိုအချိန်၌ ပြောင်းဖူးသည်မကလေးက အသေအချာ လိုက်ကြည့်နေသည်။ ပြောင်းဖူးသည်မကလေးသည် ထီးကိုယူထားသောကြောင့် မလုံမလဲစိတ် ဖြစ်နေသည်ဟု ထင်ခဲ့သည်။ ပြောင်းဖူးသည်မကလေးက ကျွန်တော်ဇာတ်ဆောင်ကိုခေါ်၍ ထီးကလေးကို တရုတ်ဆိုင်၌သိမ်းထားကြောင်း ပြောပြီး သွားယူပေးခဲ့သည်။ မူလက မည်သူရရ လှူမည်ဟု စိတ်ကူးထားသော်လည်း ထီးပြန်ရသောအခါတွင်မူ ဆင်းရဲသူကိုပင် မလှူနိုင်ဘဲ ပြန်ယူခဲ့လေသည်။

ထိုဝတ္ထု၏ဇာတ်လမ်းကိုဖန်တီးရာတွင် အားပြိုင်မှုကို အများဆုံးသုံးထားသည်။ အားပြိုင်မှုမှာ စိတ်တွင်းအားပြိုင်မှု ဖြစ်သည်။ ဝတ္ထု၏ဇာတ်ပျိုးပိုင်းတွင် ဇာတ်ဆောင်သည် ဖဲထီးသစ်ကလေးကို ရေအိုးစင်နောက်တွင် ထားခဲ့သည်။ ဇာတ်တက်ပိုင်းတွင် ထိုဖဲထီး ကလေးသည် ဇာတ်လမ်းဖြစ်ပေါ်မှုအတွက် ဗဟိုချက်ကြလာသည်။ ထိုဖဲထီးကလေးပေါ် မူတည်၍ ဇာတ်ဆောင်၏ပြောစကား၌ အတွေးများ၊ အပြန်တွင် ရေအိုးစင်ကိုကြည့်၍ ဖြစ်ပေါ်နေသော အတွေးများ၊ ပြောင်းဖူးသည်မကလေးက ဖဲထီးကို တရုတ်ဆိုင်တွင် အပ်ထားကြောင်းပြောချိန်တွင် ဖြစ်ပေါ်နေသည့်အတွေးများကို ချိတ်ဆက်ထားခြင်းသည် ဇာတ်လမ်းဖြစ်သည်။ စာရေးသူ မေ့ကျန်ရစ်သော ထီးကလေးနှင့်ပတ်သက်၍ ကားပေါ်၌ အတွင်းစိတ်အမျိုးမျိုး ဖြစ်နေပုံကို–

> "အကယ်လို့များ ထီးတလက်ဆောင်းနိုင်လောက်အောင် မပြည့်စုံ ရှာသည့် အမယ်အိုကြီးတစ်ဦးဦးဖြစ်စေ၊ အဖိုးအိုကြီးတစ်ဦးဦး ဖြစ်စေ၊ ကျွန်တော်ထီးကလေးကို တွေ့ရှိသွားမည်ဆိုလျှင် ကျွန်တော်အဖို့ မည်မျှ ကုသိုလ်ကြီးမားလိမ့်မည်နည်း။ သို့တည်း မဟုတ် ရေအိုးစင်ကလေးရှေ့မှ ပြောင်းဖူးသည်သားအမိတို့ တွေ့ရှိ သွားလျှင်လည်း သူတို့ တစ်နေကုန် တစ်နေခန်း ပြောင်းဖူး တစ်ခြင်းလုံး မီးဖုတ်ရောင်းပါမှ ရနိုင်မည့် အမြတ်အစွန်းငွေ၏

> လေးငါးဆထက်မနည်း တန်ဖိုးရှိသော ပစ္စည်းတစ်ခုကို ရရှိခြင်း ဖြစ်၍ မည်မျှ ဝမ်းမြောက်ရာကြလိမ့်မည်နည်း။"[၁]

ဟု ဖော်ပြထားသည်။ စာရေးသူ၏ ဆင်းရဲသားလူတန်းစားပေါ်တွင် ကရုဏာထားသည့်စိတ်နှင့် မိမိပစ္စည်းကို လှူဒါန်းရန် ဆုံးဖြတ်ထားသည့် စိတ်ကောင်း၊ စိတ်မြတ်များကို တင်ပြထားပါသည်။ ထိုသို့တွေးရာ၌လည်း အတွေးအမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်နေပုံကို–

> "ကိုယ့်ထီးကလေးကို ကုန်စုံဆိုင်က တရုတ်တွေနှင့် ဒိုဘီဆိုင်က ကုလားတွေလက်တော့ မရောက်စေချင်ဘူးကွာ ...... သူတို့က ပိုက်ဆံရှိတဲ့သူတွေ။ တခြားဆင်းရဲတဲ့လူဆိုရင်တော့ ဘယ်သူဘဲ ရရ လှူပြီးသားလို့ အောက်မေ့ထားလိုက်မှာဘဲ"[၂]

ဟု တင်ပြထားသည်။ တစ်ဖက်မှလည်း စိတ်တွင်းအားပြိုင်မှုကို–

> "ဒီလိုဆင်းရဲမှ ချမ်းသာမှုရယ်လို့ ခွဲခြားနေလို့ ဘယ်မှာ စေတနာ စစ်ပါမလဲဟု မိမိကိုယ်ကိုမိမိ ကမန်းကတမ်း သတိပေးလိုက်ရသေးသည်။"[၃]

ဟု တင်ပြထားသည်။

စာရေးသူသည် ပုထုဇဉ်လူသားတို့၏ မိမိပစ္စည်းကို မည်သို့ပင် စွန့်လွှတ်သော်လည်း တွယ်တာစိတ်ကပ်သည့် လူ့သဘာဝအဖွဲ့များနှင့် နှိုင်းယှဉ်၍ စိတ်တွင်းအားပြိုင်မှုကို ဖန်တီးထားသည်။ ကားပေါ်၌ ယတိပြတ်ဆုံးဖြတ်ထားပြီးဖြစ်သော်လည်း ကားမှတ်တိုင်အနီး ရောက်လာသောအခါ အတွေးတစ်မျိုး ဖြစ်ပေါ်လာပုံကို–

> " 'ငါ့ထီးကလေး' ဟူသော အသိနှင့်အတူ အင်းစိန်လမ်းမကြီး တစ်ဖက် အမှောင်ထုအောက်တွင်ရှိ တရုတ်ကုန်စုံဆိုင်၊ ဒိုဘီ ကုလားဆိုင်နှင့်တကွ ထိုဆိုင်တို့၏ရှေ့မှ ရေအိုးစင်ကလေးဆီသို့ မျက်စိရောက်ရှိသွားပါတော့သည်။ ကျွန်တော့်ဦးနှောက်များ၌လည်း တစ်စုံတစ်ရာသိလိုမှု ဆန္ဒများ ဖြစ်ပေါ်လှုပ်ရှားလာတော့၏။"[၄]

ဟု ရေးဖွဲ့တင်ပြခဲ့သည်။

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၈၉။

[၂] မင်းရှင်၊ ၁၉၆၂၊ ၁၉၁။

[၃] မင်းရှင်၊ ၁၉၆၂၊ ၁၉၀။

[၄] မင်းရှင်၊ ၁၉၆၂၊ ၁၉၀။

ဇနီးသည်က လမ်းတစ်ဖက်ကူးပြီး ထီးကလေးကို ပြေးရှာသည်။ စွန့်လွှတ်ပြီးဟု ဆုံးဖြတ်ထားသော်လည်း ပစ္စည်းအပေါ်တွင် တွယ်တာစိတ်နှင့် မိမိကိုယ်ကို ပြန်၍ဆင်ခြင်မိသောစိတ်တို့ကို စိတ်တွင်းအားပြိုင်မှုဖြင့် တင်ပြထားသည်။

> "ပြောင်းဖူးသည်မိန်းမထံသွားပြီး သူ့နောက်မှ ရေအိုးစင်ပေါ်တွင် မနေ့က ထီးကလေးတစ်လက်ကို တွေ့များတွေ့မိသလားဟု မေးရလျှင် ထိုအတွေးနှင့်အတူပင် 'ဟယ် ... ငါ ဒီလို ဘာကြောင့် တွေးလိုက်မိရတာလဲ၊ နောက်ထပ် ငါဒီလိုမတွေးရဘူး။ မတွေးရဘူးဟု ကျွန်တော့်ဦးနှောက်က သတိရှိစွာ တွန်းလှန်ပစ်နိုင်သည်နှင့်အမျှ တိုက်ခိုက်ဝင်ရောက်သွားပြီဖြစ်သည့် အတွေးစိတ်ရိုင်းနှင့် ဒဏ်ချက်များကိုမူ ရင်ခွဲခံစားနာကျဉ်၍ ကျန်ရစ်ခဲ့တော့သည်။"[၁]

ဟု တင်ပြခဲ့သည်။ စွန့်လွှတ်စိတ်နှင့် တွန့်တိုစိတ်တို့၏ အားပြိုင်မှုကို စိတ်အတွေးများဖြင့် ဖော်ပြထားသည်။ စိတ်အတွင်းမှ အကြိမ်ကြိမ် စွန့်လွှတ်ပြီးဖြစ်သော်လည်း ထီးကလေးကိုပြန်ရသောအခါ မစွန့်လွှတ်နိုင်သည့် စိတ်အစဉ်ကို–

> "ကျွန်တော့်ရင်ဘတ်တစ်လုံး လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေပါသည်။ နောက်ဆုံး ဤနေရာမှ ထွက်ပြေးချင်သောစိတ်များသာ ပြင်းပြနေမိရာက အဆင်သင့် ဝင်ဆိုက်လာသော ဘတ်စ်ကားတစ်စီးပေါ်သို့ ပြေးတက်လိုက်မိတော့၏။ ကားပေါ်တွင် ထိုင်လိုက်မိသည့်အချိန်ထိ ရှက်စိတ်၊ ကြောက်စိတ်တို့ဖြင့် ရင်တွေခုန်၍ မောနေမိသေးသည်။"[၂]

ဟု ရေးဖွဲ့တင်ပြထားပါသည်။

စာရေးဆရာမင်းရှင်သည် ဇာတ်လမ်းတစ်လျှောက်လုံးတွင် ထီးကလေးကို ဗဟိုပြု၍ ပေးလှူစွန့်လွှတ်လိုစိတ်၊ တွယ်တာစိတ်တို့ အပြန်အလှန်ဖြစ်နေပုံကို စိတ်တွင်းအားပြိုင်မှုများဖြင့် ဖန်တီးတင်ပြထားသည်။ စာဖတ်သူအာရုံကိုလည်း ထီးကလေးနှင့် ပိုင်ရှင်တို့အပေါ်တွင် စုပြုံရောက်ရှိပြီး သိလိုစိတ် မြင့်မားလာစေသည်။ ဇာတ်ထွက်ပိုင်းတွင် အားပြိုင်မှုများ ပြီးဆုံးရမည်ဖြစ်သည့်အလျောက် ပြောင်းဖူးသည်မကလေး ယူလာပေးသော ထီးကလေးကို ဒါနမပြုနိုင်ဘဲ ပြန်ယူခဲ့ပုံဖြင့် ပြဿနာကို ဖြေရှင်းခဲ့ပါသည်။ စာဖတ်သူတို့အနေနှင့် ဆင်းရဲ၍ ရိုးသားသော ပြောင်းဖူးသည်လေးအား ထီးကလေးကို ရစေလိုသည် ဖြစ်သော်လည်း မိမိပစ္စည်းအပေါ် စွန့်လွှတ်ရန် ခက်ခဲမှုသည်လည်း

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၉၃။

[၂] မင်းရှင်၊ ၁၉၆၂၊ ၁၉၆။

လူ့သဘာဝပင် ဖြစ်သောကြောင့် ကျေနပ်လက်ခံရမည် ဖြစ်ပါသည်။ မင်းရှင်၏ စိတ်နှင့်ပတ်သက်သော ဝတ္ထုတိုများကို ဖန်တီးရေးသားရာတွင် ဇာတ်လမ်းအဆုံး၌ စာဖတ်သူ၏ ခံစားမှုအတွေးအမြင်ဖြင့် အမှန်တရားကို တင်ပြထားခြင်း ဖြစ်ပါသည်။ ထိန်းချုပ်ရခက်သည့် စိတ်ဝတ္ထု၌လည်း ကားပေါ်သို့ရောက်ပြီး မိမိစိတ်ကို ထိန်းချုပ်မရသော်လည်း အမှန်တရားသိနေသည့်အဖြစ်ကို–

> "သူတစ်ပါးပစ္စည်းကို တပ်မက်သောစိတ် အလျဉ်းမရှိ။ သစ္စာရှိရှိနှင့် ပြန်ပေးဖော်ရသော ပြောင်းဖူးသည် မိန်းမနှင့် နှိုင်းယှဉ်လိုက်သည့်အခါ ကျွန်တော်၏ အတွေးအခေါ်၊ အပြုအမူ အားလုံးတို့မှာ ရက်ဖွယ်ကောင်းလောက်အောင်ပင် သေးနုပ်သိမ်ငယ်လျက်ရှိကြောင်း စဉ်းစားမိရင်း မိမိကိုယ်မိမိ အရှက်ကြီးရှက်လာမိပါတော့သည်။"[၁]

ဟု သုံးသပ်တင်ပြထားသည်။ စာရေးသူက စာဖတ်သူတို့အား တင်ပြလိုသော စိတ်အလှမှာ ပြောင်းဖူးသည်မိန်းကလေး၏ စိတ်အလှ ဖြစ်သည်။ ဇာတ်လမ်းတစ်လျှောက်လုံးတွင် ထီးကလေးကို စွန့်လွှတ်တော့မည့်ဟန်နှင့် ချီတုံချတုံဖြစ်နေသော ဇာတ်ဆောင်၏ စိတ်မှာ လောကရှိလူအများစုတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ဖြစ်သည်။ ပြောင်းဖူးသည်မကလေး၏စိတ်မှာ လောကတွင် ရှိသင့်ရှိထိုက်သော လူကောင်းလူမွန်တို့၏ စိတ်ကောင်းစိတ်မြတ် ဖြစ်ပါသည်။ ပြောင်းဖူးသည်မကလေးသည် ဆင်းရဲသော်လည်း ကိုယ်ကျင့်တရား ဖြောင့်မတ်မှုကို အတုယူအားကျဖွယ်ဖြစ်အောင် စာရေးသူက ပြောင်းဖူးသည်မကလေး အပြောဖြင့်–

> "မနေ့က … တစ်နေလုံး … ဆရာလေးတို့ကို မျှော်နေမိတာ၊ ဆရာလေးတို့လဲ မိုးချုပ်တဲ့အထိ မပေါ်လာကြဘူး။ ရေအိုးစင်မှာ ထီးကလေးချိတ်ရက်သား တွေ့လိုက်ကထဲက ဒီထီးကလေးဟာ ဆရာလေးလက်ထဲမှာကိုင်ထားတဲ့ ထီးကလေးဘဲဆိုတာ ကျွန်မ သိလိုက်တာပေါ့။ ဆရာကတော်ထင်ပါရဲ့၊ ဟို … ကိုယ်ဝန်နဲ့၊ အဲ … သူ့ကိုလဲ ကျွန်မမျှော်မိတာပဲ။ တစ်ယောက်မလာ တစ်ယောက်တော့ လာမှာဘဲဆိုပြီး ကျွန်မ ထီးကလေးကို တရုတ်ကုန်စုံဆိုင်မှာ သေသေချာချာ အပ်ထားတယ်' ဟု အလောတကြီး ဝမ်းသာအားရ ပြောလိုက်တော့သည်။ ထို့နောက် 'ကဲ … ကဲ … ခဏနော် … ကျွန်မ သွားယူလိုက်မယ်' ဟု ပြောပြောဆိုဆို

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၉၇။

> တရုတ်ကုန်စုံဆိုင်ထဲသို့ ဝင်သွားပြန်သဖြင့် ကျွန်တော်မှာ ကြောင်အမ်း၍သာ ကျန်ခဲ့ပါသည်။"[၁]

ဟုလည်းကောင်း၊

> "ပြောင်းဖူးသည် မိန်းမက ထီးကလေးကို ကျွန်တော်လက်ထဲ ထည့်ပေး၍ 'ကဲ ... ဆရာလေး မိုးတွေအုံလာတာနဲ့ ထီးပြန်ရတာနဲ့ အတော်ဘဲ။"[၂]

ဟူသော အပြောဖြင့် တင်ပြရေးဖွဲ့ထားပါသည်။

စာရေးသူသည် ပြောင်းဖူးသည်မကလေးနှင့် နှိုင်းယှဉ်၍ မိမိကိုယ်ကို ရှက်မိသော ဇာတ်ဆောင်၏အတွေးများဖြင့် အကျည်းတန်ဘဝများမှ ပြောင်းဖူးသည်မကလေး၏ စိတ်အလှကို အနုပညာဂုဏ်မြောက်စွာ တင်ပြထားသည်ကို တွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

မင်းရှင်သည် မိမိပတ်ဝန်းကျင်လောကကို စိတ်ဝင်စားသည့် စာနာစိတ်၊ ကရုဏာစိတ်တို့ဖြင့် ရှုမြင်တတ်သည်။ သူ၏ဝတ္ထုတိုကလေးများမှ ဇာတ်ဆောင်များကို လမ်းပေါ်၌ပင် ရှာဖွေတွေ့ရှိခဲ့သည်။ ဆင်းရဲသားလူတန်းစားတို့၏ ဘဝအထွေထွေကို အာရုံစိုက်ခံစားရာမှ ပြည့်စုံသော လူတန်းစားထံမှ ဆင်းရဲသား လူတန်းစားအပေါ် ထားရှိသည့် ကရုဏာသဘောတရားကို တွေ့ရှိခဲ့သည်။ ဆင်းရဲသား လူတန်းစားတို့၏ သစ္စာတရားကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ လောကတွင် အဆိုပါ ကရုဏာတရား၊ သစ္စာတရား၊ မေတ္တာတရားတို့သည် သာယာပျော်ရွှင်ချမ်းမြေ့ဖွယ် ကြည်နူးဖွယ် ဖြစ်သည်။ လောကကို အလှဆင်နိုင်သည် ဟူသော အတွေးအမြင်များကို ဝတ္ထုတိုများမှတဆင့် စာဖတ်သူအား ဖြန့်ချီဝေငှခဲ့သည်။

မင်းရှင်သည် အညတရလူတန်းစားတို့၏ဘဝကို အာရုံဝင်စားသည်။ ဆင်းရဲသား လူတန်းစားအပေါ်တွင် ပို၍ကရုဏာစိတ်ထားသည်။ လောက၌ အမှတ်မထင်ကြုံတွေ့ရသော အမယ်အိုတစ်ဦးပေါ်တွင် မိမိကိုယ်ကျိုးကို စွန့်လွှတ်၍ ကူညီခြင်းဖြင့် နှစ်ဦးနှစ်ဖက်ခံစားရသော ကြည်နူးမှု ပီတိကိုလည်း အရိုးဆုံးဝတ္ထုဇာတ်လမ်းဖြင့် အကျစ်လစ်ဆုံး တင်ပြနိုင်ခဲ့သည်။

---

[၁] မင်းရှင်၊ ၁၉၆၂၊ ၁၉၆။
[၂] မင်းရှင်၊ ၁၉၆၂၊ ၁၉၆။

သိမ်ကြီးဈေးအောက်က သစ်သီးဆိုင်ဝတ္ထုတိုကလေးတွင် အမြဲလိုလို တွေ့မြင်နိုင်သော မြင်ကွင်းနှင့် ရောင်းသူနှင့်ဝယ်သူကြား ဖြစ်ပေါ်လျက်ရှိသော ဖြစ်ရပ်ပေါ်အခြေတည်၍ မိမိပတ်ဝန်းကျင်အပေါ်တွင် မေတ္တာ၊ စေတနာ ပွားများနိုင်စေနိုင်ရန်နှင့် လူတို့၏ဂုဏ်သိက္ခာကို မစော်ကားမိအောင် ကိုယ်ကျင့်တရားတို့ကိုပါ သိမ်သိမ်မွေ့မွေ့နှင့် ဇာတ်လမ်းဆင် တင်ပြထားသည်။

ထိန်းချုပ်ရခက်သည့် စိတ်ဝတ္ထုတိုသည် စိတ်၏သဘောကို နက်နက်ရှိုင်းရှိုင်း တင်ပြထားသည့် ထီးကလေးတစ်ချောင်းကို ဗဟိုပြု၍ လူသားတို့၏ ပေးလှူစွန့်လွှတ်လိုစိတ်နှင့် တွယ်တာတပ်မက်စိတ်တို့ကို အားပြိုင်တင်ပြထားသည်။ ထိုမှတစ်ဆင့် စိတ်ကောင်းစိတ်မြတ်ဖြစ်သည့် ဆင်းရဲချမ်းသာမရွေး လူတိုင်း၌ ရှိနိုင်သည် ဟူသော အတွေးကိုပေး၍လည်း စိတ်ကောင်းမွေးတတ်ရန် ညင်ညင်သာသာ စည်းရုံးတင်ပြထားသည်။

မင်းရှင်သည် လောကတွင် အဓိကကျသော စိတ်၏ပြောင်းလဲလှုပ်ရှားမှု အမျိုးမျိုး၊ စိတ်ကောင်းနှင့်စိတ်ယုတ်တို့၏ အားပြိုင်မှု၊ စိတ်ကောင်းတစ်ခုဖြစ်မြောက်ရန် ရုန်းကန်လှုပ်ရှားရမှု၊ တန်ဖိုးထားအပ်သော စိတ်ကောင်းစိတ်မြတ်တို့၏ သဘောသရုပ်များကို အရိုးရှင်းဆုံးဇာတ်လမ်း၊ အနည်းဆုံးဇာတ်ဆောင်၊ ရိုးရိုးနှင့် ခံစားနားလည်လွယ်သော စကားပြေအရေးအသားကိုသုံး၍ အများပြည်သူတို့ ခံစားနားလည်နိုင်အောင် ဖန်တီးတင်ပြထားသည်ကို တွေ့ရပါသည်။

## နိဂုံး

မင်းရှင်သည် ဝတ္ထုတိုဖန်တီးမှုအတတ်ပညာသည် အလွန်ရိုးရှင်းသော်လည်း ဝတ္ထုတိုပီသသည်။ ဝတ္ထုတိုအခြေခံသဘောလက္ခဏာများ ညီညွတ်သည်။ သူ၏ ဝတ္ထုတိုများသည် ဝတ္ထုတိုဟု ဆိုသော်လည်း လောကရှိ လူသားတိုင်း မကင်းနိုင်သည့် အကြောင်းအရာ အတွေးအခေါ်များ စိတ်သရုပ်များကို တင်ပြနိုင်စွမ်း ရှိသည်။ မင်းရှင်၏ဝတ္ထုများကို ဖတ်စဉ်၌ သိလိုစိတ်မပြင်းပြလှသော်လည်း အဆုံးတွင်မူ နှစ်သက်ကြည်နူးရသည်။ တန်ဖိုးရှိသောဘဝအသိတစ်ခုကို ရတတ်ကြသည်။ မင်းရှင်၏ အခြားသောဝတ္ထုတိုများကို ဆက်လက်လေ့လာခြင်းဖြင့် အရိုးဆုံးနှင့်အထက်မြက်ဆုံး ဖန်တီးမှု အတတ်ပညာကို ရှာဖွေဖော်ထုတ်သင့်သည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ဇော်ဂျီ၊ ၂၀၀၉။ ***ရသစာပေသဘော***၊ရန်ကုန်၊ ရူပစာပေတိုက်။

ထင်၊ မောင်၊ ၁၉၇၉။ ***သိပ္ပံဝတ္ထုတိုစာတမ်းများ၊ ဝတ္ထုတိုစာတမ်း (ဒုတိယတွဲ)*** (ပထမအကြိမ်)၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ထင်လင်း၊ ၁၉၇၉။ ***ဘာသာပြန်ဝတ္ထုတို၊ ဝတ္ထုတိုစာတမ်းများ (ဒုတိယတွဲ)***၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

မင်းကျော်၊ ၁၉၇၉။ ***ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုစာတမ်းများ(ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မင်းရှင်၊ ၁၉၆၂၊ ***လမ်းပေါ်မှာ***၊ ရန်ကုန်။ မြစာပေတိုက်။

မျိုးမင်း၊ ဦး၊ (ပါမောက္ခ)၊ ၁၉၆၀။ ***ခင်နှင်းယု၏ကြေးမုံရိပ်သွင်***၊ ရန်ကုန်၊ စစ်သည်တော်စာပေ။

## အင်္ဂလိပ်ဘာသာ

King, Sophie, 2008, ***How to Write Short Story In Particular Basion***; Houghton Mifflin Company.

Mornor, Kathleen and Raush, Ralph, 1998, ***NTC's Dictionary of Literary Terms***, Chicago NTC Publishint Group Uncolnwood, Illinois.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ရွှေဥဒေါင်း၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ

နွယ်နွယ်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရွှေဥဒေါင်း၏ဝတ္ထုတိုများမှ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာကို လေ့လာသော စာတမ်း ဖြစ်ပါသည်။ ရွှေဥဒေါင်း၏ဝတ္ထုတိုများထဲမှ ဓားမြှောင်နှင့်မောင်းချေား၊ သံပရာတစ်ခြမ်း၊ မျိုးရိုးဗီဇဝတ္ထုတိုများ၏ ဇာတ်လမ်းဖန်တီးမှုကို တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် စာဖတ်သူကို စိတ်ဝင်စားဖွယ် ဖြစ်စေရန် ဇာတ်ပျိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းပိုင်း တို့တွင် ဇာတ်လမ်းဖန်တီးမှု နည်းစနစ်များဖြစ်သည့် ဇာတ်ပျိုးပိုင်းမှစ၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးတင်ပြခြင်း၊ ဇာတ်တက်ပိုင်း၌ ဇာတ်ဆောင် အချင်းချင်း အားပြိုင်မှုများသုံး၍ ဖန်တီးခြင်း၊ မြှုပ်ကွက်များကိုသုံး၍ ပရိသတ်၏ သိလိုစိတ်ကို နှိုးဆွပေးခြင်း၊ ဇာတ်ထွတ်ပိုင်းတွင်လည်း ပရိသတ်၏စိတ်ကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်ခြင်း စသည့် နည်းပရိယာယ်သုံး၍ စိတ်ဝင်စားဖွယ် ဖန်တီးထားပုံကို လေ့လာတင်ပြထားပါသည်။

**သော့ချက်စကားလုံးများ – *အားပြိုင်မှု၊ မြှုပ်ကွက်၊ ရှုထောင့်၊ စရိုက်၊ လူ့သဘာဝ။***

## နိဒါန်း

ဆရာကြီးရွှေဥဒေါင်းသည် မြန်မာ့ကာလပေါ်ဝတ္ထုတိုများကို အစပျိုး ရေးသား ခဲ့သူ ဖြစ်ပါသည်။ ၁၉၀၇ တွင် မောင်သိန်းတင်၊ မသိန်းရှင် ဝတ္ထုကို စတင်ရေးသား ခဲ့သည်။ အနောက်တိုင်းတွင် ပေါ်ထွန်းနေပြီဖြစ်သည့် ဝတ္ထုတိုလမ်းကြောင်းကို မြန်မာ နိုင်ငံ၌ စတင်ထွန်းကားလာအောင် မျိုးစေ့ချခဲ့သူ ပီမိုးနင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ ဇဝန စသည့် ပုဂ္ဂိုလ်ကြီးများထဲတွင် ပါဝင်သူ ဖြစ်သည်။ ဆာအာသာကိုနင်နွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများကို စုံထောက်မောင်စံရှားဝတ္ထုတိုများအဖြစ် အမှီးပြု၍ ပြုပြင် ဖန်တီးခဲ့သူ ဖြစ်ပါသည်။ ရွှေဥဒေါင်း၏ဝတ္ထုတိုများ ၂၀၀နီးပါးခန့် ရှိသည့်အနက် လေ့လာကြည့်ရာတွင် စုံထောက်မောင်စံရှားဝတ္ထုကဲ့သို့ လျှို့ဝှက်သည်းဖိုဝတ္ထုတိုများ ပါဝင်သကဲ့သို့ ဖော်ဟိတ်ကဲ့သို့ လူတို့၏ ကိုယ်ကျင့်တရားကို အလေးပေးရေးဖွဲ့သော ဝတ္ထုတိုများလည်း ပါရှိသည်ကို တွေ့ရှိရပါသည်။ ဤစာတမ်း၌ ရွှေဥဒေါင်း ရေးသား ခဲ့သော လျှို့ဝှက်သည်းဖိုဆန်သည့် ဓားမြှောင်နှင့်မောင်းချေား၊ လူ့သဘာဝအဖွဲ့ကောင်း များဖြင့် စိတ်အလှ၏တန်ဖိုးကို ဇာတ်လမ်းဆင်ရေးသားထားသော သံပရာတစ်ခြမ်း ဝတ္ထု၊ မျိုးရိုးဗီဇ၏သဘောကို မြှုပ်ကွက်၊ လှည့်ကွက်များသုံး၍ ဇာတ်လမ်းဆင် တင်ပြ

---

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်

ထားသော မျိုးရိုးဗီဇဝတ္ထုများ၏ ဇာတ်လမ်းဖန်တီးပုံကို လေ့လာတင်ပြပါသည်။ ရွှေဥဒေါင်းဝတ္ထုတိုများ၏ ဇာတ်လမ်းဖန်တီးပုံကို လေ့လာတင်ပြသော စာတမ်းဖြစ်သောကြောင့် အခန်း(၁)တွင် ဝတ္ထုတိုမှဇာတ်လမ်းသဘော၊ ဖန်တီးမှုသဘောကို တင်ပြပြီး အခန်း(၂)တွင် အထက်ပါဝတ္ထုများ၏ ဇာတ်လမ်းဖန်တီးပုံကို လေ့လာတင်ပြပါမည်။

## ၁။ ဝတ္ထုတိုမှဇာတ်လမ်းသဘော

ဝတ္ထုဆိုသည် အနောက်နိုင်ငံများတွင် ၁၈ ရာစုခန့်မှစတင်၍ ထွန်းကားလာခဲ့သည်။ ဝတ္ထုတိုကို အစပျိုးခဲ့သူမှာ အက်ဂါအယ်လင်ပိုး ဖြစ်သည်။

ဝတ္ထုတိုနှင့်ပတ်သက်၍တက်တိုးက–

> "ဝတ္ထုတိုတွင် ဇာတ်လမ်း ဇာတ်ကွက်သည် ပဓာနမဟုတ်၊ ဇာတ်ဆောင်၏ ချက်ပိုင်သောဘဝကို တစ်ချက်မျှ ဖော်ပြနိုင်လျှင် ဝတ္ထုတို၏ကိစ္စသည် ပြီးမြောက်သည်ဟု ဆိုနိုင်ကြောင်း"[၁]

ဆိုမိန့်ခဲ့ပါသည်။

ထို့ပြင် မောင်ထင်ကလည်း ဝတ္ထုတို၏သဘောကို–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခု စသည်ဖြင့် တစ်ခုသော အချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်"[၂]

ဟု ဆိုခဲ့ပါသည်။

ပါမောက္ခဦးတင်ရွှေကလည်း–

> "ဝတ္ထုတိုသည် ဆိုလိုချင်သော အဖြစ်အပျက် ကိစ္စတစ်ရပ်၊ အကွက်လေးတစ်ကွက်ကို ထင်းကနဲ၊ ဝင်းကနဲ ထင်သာမြင်သာအောင် ကျစ်ကျစ်လျစ်လျစ် တိုတိုတုတ်တုတ် သရုပ်ဖော်ပြရသော ရသစာပေအဖွဲ့တစ်ခု ဖြစ်သည်"[၃]

---

[၁] တက်တိုး၊ ၁၉၆၅–ခ၊ ၁၀–၁၁။

[၂] ထင်၊ မောင်၊ ၁၉၇၉၊ ၂၁၇။

[၃] တင်ရွှေ(ပါမောက္ခ)၊ ဦး၊ ၂၀၀၂၊ ၃၃။

ဟုဖော်ပြထားပါသည်။ ထို့ကြောင့် ဝတ္ထုတိုသည် အချိန်တိုတောင်းပြီး စာလုံးရေနည်းပါသည်။ အကြောင်းအရာလည်း အကွက်တစ်ကွက်ကိုသာ တင်ပြရမည်။ ရေးဖွဲ့သမျှ စာကြောင်း၊ စကားလုံး၊ စာပိုဒ်တိုင်းသည် ထိထိမိမိ လိုရင်းရောက်ရမည်ဆိုသောသဘောများကို တွေ့ရပါသည်။

ဝတ္ထုတိုတွင်ပါဝင်သော ဇာတ်လမ်းသဘောနှင့်ပတ်သက်၍ လော်ရေးအီးရိုစကီးစ်က–

> "ဇာတ်လမ်းဆိုသည်မှာ ရသစာပေလုပ်ငန်းတွင် ဖြစ်ရပ်များ၏ အစီအစဉ် ဖြစ်သည်"[၁]

ဟု ဆိုထားပါသည်။ ၎င်းတွင် ဇာတ်လမ်းပုံစံအရ ဇာတ်ပျိုးပိုင်း၊ ဇာတ်တက်ပိုင်း၊ ဇာတ်ထွတ်ပိုင်း၊ ဇာတ်ဖြေပိုင်းများ ပါဝင်သည်ဟု ဆိုထားပါသည်။ ရိုစကီးစ်၏ အဆိုအရ ဇာတ်လမ်းတွင် အစ၊ အလယ်၊ အဆုံး ဟူ၍ သုံးပိုင်းရှိသည်။ ဇာတ်ပျိုးသည် ဇာတ်လမ်းနှင့် စတင်မိတ်ဆက်ပေးသော အခန်းဖြစ်သည်။ ထိုအခန်းတွင် စာရေးသူသည် ဇာတ်ဆောင်များ၏ နောက်ခံအကြောင်းအရာများ ဝတ္ထုနောက်ခံနှင့် ဇာတ်လမ်းအခြေခံ အကြောင်းအရာများကို တင်ပြတတ်သည်။ ဇာတ်တက်ပိုင်းသည် ဇာတ်လမ်း၏ အဓိကအစိတ်အပိုင်း ဖြစ်သည်။ ထိုအပိုင်း၌ အဓိကဇာတ်ဆောင်သည် မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရန် အတားအဆီးများကို ရန်းကန်ကျော်ဖြတ်ရသည်။ ဇာတ်ထွတ်ပိုင်းသည် ဝတ္ထု၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးနှင့် သည်းထိတ်ရင်ဖိုအဖြစ်ဆုံး အပိုင်း ဖြစ်သည်။ ဇာတ်ဖြေပိုင်းသည် ဇာတ်လမ်း၏ ဗဟိုအားပြိုင်မှုပြီးဆုံးသော နေရာဖြစ်သည်။ ဝတ္ထုအများစုတွင် ဇာတ်ထွတ်နှင့်ဇာတ်ဖြေ အတူတူပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဇာတ်ထွတ်ပိုင်း၌ ဇာတ်လမ်းဖြစ်ရပ်တိုင်း ဖြေရှင်းပြီးသောကြောင့် ဖြစ်ပါသည်။

ဇာတ်ထွတ်ပိုင်းတွင် အနိုင်အရှုံးအဖြေတစ်ခုကို ဖော်ပြပေးရပါသည်။ ထိုအဖြေသည် စာဖတ်သူအနေနှင့် ဖြစ်နိုင်ချေရှိသည်ဟု ယူဆနိုင်ရမည်။ ဇာတ်လမ်း၌ အနိုင်အရှုံး ဖော်ပြပြီးသောအခါ စာဖတ်သူ၏ သိလိုစိတ်သည်လည်း ပြေလျော့သွားရပါသည်။ အချို့ဝတ္ထုတိုများတွင် ဇာတ်ရှိန်ကျသွားသော ဇာတ်ဆင်းပိုင်း (Falling action) ပါဝင်လေ့ ရှိပါသည်။ ဇာတ်သိမ်းပိုင်းတွင်လည်း စာဖတ်သူ၏စိတ်ကို ကျေနပ်နှစ်သိမ့်မှုဖြစ်အောင် တင်ပြသင့်ပါသည်။

ဇာတ်တက်၊ ဇာတ်ထွတ်နှင့်ပတ်သက်၍ ဆရာဇော်ဂျီက–

---

[၁] Rozakis, 2004, 90.

> "ဇာတ်တက်သည် ဝတ္ထုရှည်တွင် ရှည်လျားသော်လည်း ဝတ္ထုတိုတွင် တိုတောင်းပါသည်။ ဝတ္ထုရှည်ကဲ့သို့ ဇာတ်ရှိန်အတက်အကျ မပါဝင်ဘဲ ဇာတ်ရှိန်သည် တသမတ်တည်း ဇာတ်ထွတ်ပိုင်းသို့ တက်လှမ်းသွားရသည်။ ဇာတ်ထွတ်ပိုင်းတွင် အဖြေပေါ်လာသောအခါ စာဖတ်သူ၏စိတ်တွင် ဘဝင်ကျသွားပြီး နှစ်သက်ခြင်း ခံစားမှုကို ခံစားရပါသည်"[၁]

ဟု ဖော်ပြခဲ့ပါသည်။

ဇာတ်တက်ပိုင်းတွင် စာဖတ်သူ၏သိလိုစိတ် အရှိန်မြင့်တက်လာရန် အားပြိုင်မှုများကို ဖန်တီးရသည်။ အားပြိုင်မှုနည်းတွင် ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှု၊ ဇာတ်ဆောင်နှင့်ပတ်ဝန်းကျင်လူ့အဖွဲ့ အားပြိုင်မှု၊ ဇာတ်ဆောင်နှင့်သဘာဝတရား အားပြိုင်မှု၊ ဇာတ်ဆောင်နှင့်ကံကြမ္မာ အားပြိုင်မှု၊ ဇာတ်ဆောင်တစ်ဦးတည်း၏ အတွင်းစိတ် အားပြိုင်မှုတို့ ဖြစ်ပါသည်။

ဇာတ်လမ်းဖန်တီးမှုတွင် ဖြစ်ရပ်များကို ချိတ်ဆက်ယူရာ၌ အကျိုးသင့် အကြောင်းသင့် ချိတ်ဆက်ရသည်။ ယင်းကို အကြောင်းဆက်နည်းဟု ခေါ်ပါသည်။ ဝတ္ထုတိုတွင် ရသမြောက်ရန် အဖြစ်အပျက်၊ အမူအရာ၊ ခံစားမှုကို စာဖတ်သူတို့ မြင်ယောင်၊ ကြားယောင်လာအောင်ပြပြီးလျှင် ဇာတ်ဆောင်နှင့် ထပ်တူထပ်မျှခံစားရန် အနုစိတ် ခြယ်မှုန်းရေးဖွဲ့နည်းကို သုံးရသည်။ ထို့ပြင် နိမိတ်ပြကွက်၊ မြှုပ်ကွက်၊ လှည့်ကွက်များ သုံး၍ စာဖတ်သူ၏သိလိုစိတ်ကို မြှင့်တင်ပေးရသည်။ ဇာတ်ထွတ်ပိုင်းရောက်လျှင် ဇာတ်တက်ပိုင်းတွင် မြှုပ်ထားခဲ့သော ဖြစ်ရပ်များကို ပြန်၍ရှင်းလင်းဖော်ထုတ်ပေးရမည် ဖြစ်ပါသည်။

## ၂။ ခေးမြှောင်နှင့် မောင်းချထား

ခေးမြှောင်နှင့် မောင်းချခားဝတ္ထုတိုကို ၁၉၃၄ ဒီဇင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထု၏ရည်ရွယ်ချက်မှာ အယူသည်းမှုများ၏ ဆိုးကျိုးကို ဖော်ပြပြီးလျှင် မိတ်ဆွေအချင်းချင်းပေါ်၌ လောဘစိတ်ဖြင့် သစ္စာမဲ့သူတို့၏ဆိုးကျိုးကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။ ဇာတ်လမ်းမှာ စာရေးသူသည် ကျောင်းနေဘက်သူငယ်ချင်း ဖြစ်သူ မြတောင်ရွာ၌ တာဝန်ကျနေသော သစ်တောဝန်ထောက်ဦးဝင်းမောင်၏ ဖိတ်မှုကြောင့် ထိုရွာသို့ရောက်ရှိခဲ့ရာ တရုတ်အကြော်ဆိုင်ရှင်တစ်ဦး၏ ပြောပြချက်များကို ဇာတ်လမ်းဆင်ရေးသားထားခြင်း ဖြစ်ပါသည်။

---

[၁] ဇော်ဂျီ၊ ၂၀၀၉၊ ၁၉၇။

## ၂၊ ၁။ ဇာတ်လမ်းအကျဉ်း

ထီးချိုင့်ရွာနေ ဦးထွန်းလှိုင်သည် မြေပိုင်ရှင် ဦးကြာညွန့်၏သား ဖြစ်သည်။ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပစ္စည်းဂုဏ်နှင့် ပြည့်စုံသည်။ ဦးထွန်းလှိုင်သည် ရုပ်ရည်ချောမောသည်သာမက ယောကျ်ားတို့ တတ်အပ်သော အတတ်ပညာကို စွယ်စုံရသူ တစ်ဦးဖြစ်သည်။ မိန်းကလေးများက ချစ်ခင်နှစ်သက်ကြသော်လည်း ဦးထွန်းလှိုင်သည် သစ်ကုန်သည်ကြီးသမီး မကြီးရွှေနှင့် ချစ်ခင်စုံမက်ပြီး လက်ထပ်ခဲ့ကြသည်။ သို့သော် ဦးထွန်းလှိုင်နှင့် မကြီးရွှေတို့တွင် ကြမ္မာဆိုးဝင်လာသည်။ ဦးကြာညွန့်မိသားစု၌ ဥပါဒါန်အစွဲအလမ်း ဖြစ်သည်။ မိသားစုတွင် သားဦးသည် ယောကျ်ားလေး ဖြစ်ရမည်။ မိန်းကလေးဖြစ်လျှင် ပြင်းထန်သော ဘေးအန္တရာယ် တွေ့ကြုံနိုင်သည်ဟူသော အစွဲအလမ်း ဖြစ်သည်။ ဤစွဲလမ်းမှုကြောင့်ပင် မကြီးရွှေမှာ မီးဖွားပြီးတစ်လမပြည့်မီ သေဆုံးသွား၍ ကိုထွန်းလှိုင်မှာ လူမှန်းမသိ မူးရူးကာ နောက်ဆုံး၌ လူပါပျောက်ဆုံးသွားရသည်။ ဦးကြာညွန့်လင်မယားလည်း စိတ်ထိခိုက်ပြီး မရှေးမနှောင်းပင် ကွယ်လွန်ခဲ့ရသည်။ သမီးဖြစ်သူ ခင်မြကြီးသည် ရုပ်ရည်ချောမောလှပ၍ မိဘများ ထားရစ်ခဲ့သော အမွေကြောင့် (၁၆)နှစ်အရွယ်တွင် မြေပိုင်ရှင်သစ်ကုန်သည်ကြီး ဖြစ်လာသည်။ သစ်ကုန်သည် ဦးဖိုးမှန်၏သား ရန်ကုန်ကောလိပ်တွင် ကျောင်းတက်နေသည့် မောင်ချစ်မောင်နှင့် ချစ်ကြိုက်ပြီး လက်ထပ်တော့မည် ဖြစ်သည်။ ထိုအချိန်တွင် ဦးတိုင်းကျော်ဆိုသည့် အကျည်းတန်ပြီး ထင်ရှားသောအမာရွတ်နှင့်လူ ရောက်လာပြီး ခင်မြကြီးကို စုံစမ်းသည်။ ဖခင် ဦးထွန်းလှိုင်မှာ မက်ဆီပိုတေးနီးယား စစ်မြေပြင်တွင် သေဆုံးပြီဟု ဆိုသည်။ မကြာမီ ခင်မြကြီးနှင့် အသက် ၄၀ အရွယ်ရှိ ဦးတိုင်းကျော်တို့ လက်ထပ်တော့မည့်သတင်း ဖြစ်ပေါ်လာသည်။ ထိုအတွင်း ဦးထွန်းလှိုင် ပြန်လည်ရောက်ရှိလာသည်။ ဤသည်ကိုမသိသော ဦးတိုင်းကျော်သည် မောင်ချစ်မောင်ကို ပြဿနာရှာနေစဉ် ဦးထွန်းလှိုင်က ဓားမြှောင်ဖြင့် ချိန်ထားသည်။ ဦးတိုင်းကျော်က ပြန်လည်ခုခံရန် ခါးမှမောင်းချဓားကို ဖြုတ်သည်နှင့် ဦးထွန်းလှိုင်၏ ဓားမြှောင်သည် ဦးတိုင်းကျော်၏လည်ပင်းကို ထိုးမိပြီး ဦးတိုင်းကျော် သေဆုံးသွားသည်။ ဦးထွန်းလှိုင်မှာမူ လွတ်မြောက်သွားပြီး မောင်ချစ်မောင်နှင့်ခင်မြကြီးတို့လည်း မင်္ဂလာဆောင်ကြလေသည်။

## ၂၊ ၂။ ဇာတ်လမ်းဖန်တီးပုံ

ဓားမြှောင်နှင့် မောင်းချဓားဝတ္ထုကို ဖန်တီးရာ၌ စာရေးသူသည် ကာလဒေသ နောက်ခံဖြင့် အစပျိုးထားသည်။ မြတောင်ရွာ၏သဘာယာပုံ၊ ထီးချိုင့်မြို့၏ သဘာယာပုံများကို စတင်ရေးသားထားသည်။ ထိုနောက်ခံအဖွဲ့နှင့်အတူ ထီးချိုင့်ရှိ တရုတ်

အကြော်ဆိုင်တွင် စာရေးသူနှင့် ဆိုင်ရှင်တရုတ်တို့ ပြောစကားဖြင့် အစပျိုးကာ ဆိုင်ရှင်က–

> "ခင်ဗျား ခုထိုင်နေတဲ့ကုလားထိုင်မှာ လူတစ်ယောက်လည်ပင်းကို ဓားနဲ့ထိုးခံရပြီး သေဖူးတယ်။ သတ်တဲ့လူက ဟောဟိုက အဖိုးကြီးပဲ"[၁]

ဟု ရေးဖွဲ့တင်ပြထားသည်။

ဓာတ်ဖွင့် (သို့မဟုတ်) ဓာတ်ပျိုးနှင့်ပတ်သက်၍ ဆရာထင်လင်းက–

> "ဝတ္ထုတိုသည် စထွက်ကတည်းက စာဖတ်သူ၏ စိတ်အာရုံကို ဖမ်းစားကာ တစ်ချက်ကလေးမျှ မလျှော့စေဘဲ အထွတ်အထိပ် ရောက်သည်တိုင် တဖြည်းဖြည်းဆွဲငင်၍ စုစည်းယူသွားရမည်"[၂]

ဟု ဆိုထားပါသည်။

ရွှေဥဒေါင်း၏ ဓားမြှောင်နှင့်မောင်းချဓားဝတ္ထုတို၏ ဓာတ်ပျိုးပိုင်းတွင် ထိုသဘော လက္ခဏာနှင့် ညီညွတ်သည်ကို တွေ့ရှိရပါသည်။ ဝတ္ထု၏အစတွင်ပင် စာဖတ်သူ၏ သိလိုစိတ်ကို နှိုးဆွပေးပြီး ဓာတ်လမ်းကို ရှေ့ဆက်ခေါ်ဆောင်သွားပါသည်။

ရွှေဥဒေါင်း၏ဝတ္ထုတိုအဖွင့်သည် စာဖတ်သူကို ရုတ်တရက်နိုးကြားသွားစေပြီး စာဖတ်သူ၏စိတ်ကို လှုပ်နှိုးသွားစေပါသည်။ ဓာတ်ပျိုးပိုင်းတွင် ထိတ်လန့်ဖွယ်ရာ စကားဖြင့် ပရိသတ်စိတ်ကို နှိုးဆွပြီး ဓာတ်တက်ပိုင်းတွင် ရုတ်တရက် ခုန်တက် မသွားဘဲ ဓာတ်တက်၏ ရှုပ်ထွေးသောဓာတ်လမ်းတွင် ပါဝင်ပတ်သက်သူတို့နှင့် ကြိုတင်မိတ်ဆက်ပေးထားသည်။

ဦးထွန်းလှိုင်သည် ပြိုင်စံရှားသည့် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်သည်။ အရည်အချင်း ရှိသည်။ စသည့်အချက်များကို ကြိုတင်ခင်းကျင်းတင်ပြထားသည်။ ထိုအဖွဲ့များကြောင့် ဦးထွန်းလှိုင်အပေါ်တွင် သိလိုစိတ် ထက်သန်လာကြသည်။

> "မောင်ထွန်းလှိုင်တွင် မနာလိုသူ ယောကျ်ားများ ပေါများသည်။ ထိုသူများကိုလည်း နှိမ်နင်းနိုင်ခဲ့သည်။ ထီးချိုင့်သူအပျိုများသည် မောင်ထွန်းလှိုင်ကို လိုချင်ကြသည်။ သို့ရာတွင် မောင်ထွန်းလှိုင်က မည်သည့်မိန်းမမျှ လှည့်မကြည့်။ သစ်ကုန်သည် ဦးဘဟိန်း၏

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၉၇။
[၂] ထင်လင်း၊ ၁၉၇၉၊ ၂၀၁–၂၀၂။

> တစ်ယောက်တည်းသော သမီး မကြီးရွှေနှင့် စုံမက်ချစ်ခင်နေသည်"[၁]

ဟု တင်ပြထားသည်။ မောင်ထွန်းလှိုင်နှင့်မကြီးရွှေတို့ ချစ်ကြိုက်ပြီး အဆင်ပြေစွာ လက်ထပ်ခဲ့ကြသည်။ ဇာတ်လမ်းဆိုသည်မှာ တစ်နေရာတည်း၌ ရပ်တန့်၍ မရချေ။ ကန့်သတ်ထားသည့် အချိန်ကာလဘောင်အတွင်း၌ ရွေ့လျားပြောင်းလဲနေရသည်။ ရွှေဥဒေါင်းသည် ဇာတ်လမ်းအပြောင်းအလဲပြုရန် ကံကြမ္မာဆိုး ဝင်ရောက်ခြင်းကို ထည့်သွင်းခဲ့ပါသည်။

မြေပိုင်ရှင် ဦးကြာညွန့်မိသားစုတွင် သားဦးသည်ယောကျ်ားလေး ဖြစ်ရမည်။ မိန်းကလေးဖြစ်လျှင် မိဘနှစ်ပါးမှာ ဘေးအန္တရာယ်တွေ့ရသည်ဟု စွဲလမ်းယုံကြည်မှု ဖြစ်သည်။ မကြီးရွှေသည် မိန်းကလေးမွေးသည့်အတွက် ဒုက္ခဖြစ်ရသည်။ လင်ယောကျ်ားဖြစ်သူမှာလည်း လူမှန်းမသိ ပျက်စီးရသည်။ မကြီးရွှေ အကြောက်လွန်ပြီး သွေးနုသားနုတွင် သေဆုံးရသည်။ မောင်ထွန်းလှိုင်မှာမူ မြေမျိုသွားသည့်အလား ပျောက်ကွယ်သွားရသည်။ မောင်ထွန်းလှိုင် မည်သည့်နေရာသို့ ရောက်သွားသည်ဆိုသောအကြောင်းအား စာဖတ်သူအား မြှုပ်ကွက်အဖြစ် ဖန်တီးခဲ့သည်။ မောင်ထွန်းလှိုင် သေပြီဟုလည်း မရေမရာ အသိပေးထားသည်။

ဇာတ်တက်ပိုင်းတွင် မောင်ထွန်းလှိုင်၏သမီးလေး ခင်မြကြီးအကြောင်းကို ဖော်ပြထားသည်။ စာရေးသူသည် ဝတ္ထုကို လျှို့ဝှက်သည်းဖိုဇာတ်လမ်းအဖြစ် ဖန်တီးတင်ပြလိုသောကြောင့် စာဖတ်သူအား ဇာတ်လမ်းအလှည့်အပြောင်းပြုကာ သည်းထိတ်ရင်ဖိုဖြစ်အောင် ဖန်တီးယူခဲ့သည်။ မောင်ချစ်မောင်နှင့်ခင်မြကြီးတို့ လက်ထပ်အံ့ဆဲဆဲတွင် ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်စေသော ဝတ္ထုကို ဖန်တီးခဲ့သည်။ ဓားမြှောင်နှင့်မောင်းချခားဝတ္ထုတွင် အားပြိုင်မှုကို ဇာတ်လမ်း၏ သုံးချိုးနှစ်ချိုးမှသာ အသုံးပြုခဲ့သည်ဟု ဆိုရပါမည်။

အားပြိုင်မှုနှင့်ပတ်သက်၍ လော်ရေးအဲဘတ်က–

> "အားပြိုင်မှုသည် ကျွန်ုပ်တို့၏ ဇာတ်ကွက်များ၌ ကျွန်ုပ်တို့၏ လိုအင်ဆန္ဒ လိုချင်သောအရာ ဖြစ်သည်။ အားပြိုင်မှုသည် စာဖတ်သူ၏စိတ်ဝင်စားမှုကို ဖန်တီးနိုင်သည်။ ဇာတ်လမ်းကိုရှေ့သို့ ရွေ့ရန် မောင်းနှင်ပေးသည်"[၂]

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၉၈။

[၂] Alberts, 2010, 14.။

ဟု ဖော်ပြထားပါသည်။

ထိုဝတ္ထုတိုတွင် အဓိကဇာတ်ဆောင်ဖြစ်သော ဦးထွန်းလှိုင်နှင့် ဇာတ်ဆောင်သစ်ဖြစ်သော ဦးတိုင်းကျော်တို့၏ အားပြိုင်မှုဇာတ်ကွက်များ ထည့်သွင်းလိုက်ခြင်းဖြင့် စာဖတ်သူ၏သိလိုစိတ်မှ ပိုကဲ၍ စိတ်လှုပ်ရှားမှု ဖြစ်ပေါ်စေသည်။ ထိုအားပြိုင်မှုကို မဖော်ပြမီ အားပြိုင်မှုအတွက် ကြိုတင်ခင်းကျင်းထားသော မြုပ်ကွက်ပါသည့် ဇာတ်ကွက်များ ထည့်သွင်းခဲ့သည်။ ထိုဇာတ်ကွက်များက ဇာတ်လမ်းကို တဟုန်ထိုးသက်ဝင်လှုပ်ရှားသွားစေသည်။ မြုပ်ထားသောဇာတ်ကွက်မှာ တိုင်းကျော်ဆိုသူ မျက်နှာအမာရွတ်ရှိ၍ ရုပ်ဆိုးသောလူတစ်ဦး ထိုမြို့သို့ ရောက်လာခြင်း ဖြစ်သည်။ ထို့နောက် ခင်မြကြီးသည် မောင်ချစ်မောင်နှင့်လက်မထပ်ဘဲ ဦးတိုင်းကျော်နှင့် ယူတော့မည်ဟူသော သတင်းဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထိုနေရာ၌ ခင်မြကြီးသည် ဦးတိုင်းကျော်ကို မည်သည့်အတွက် လက်ထပ်ရမည်ဟူသော အကြောင်းကို မြုပ်ကွက်အဖြစ် လုပ်ထားခဲ့သည်။

ဇာတ်ထွတ်ပိုင်းတွင် ဦးထွန်းလှိုင်နှင့် ဦးတိုင်းကျော်တို့ကို ထိပ်တိုက်တွေ့ဆုံစေသည်။ ဦးထွန်းလှိုင်နှင့် ဦးတိုင်းကျော်တို့၏ အားပြိုင်မှုကို သည်းထိတ်ရင်ဖိဇာတ်ကွက်ဖြင့် သရုပ်ဖော်ပြခဲ့သည်။

> "ဦးတိုင်းကျော်သည် ခါးတွင်ထိုးထားသော မောင်းချဓားကို တဖြည်းဖြည်း ထုတ်၍ ဖွင့်ပြီးသည်နှင့်တပြိုင်နက် ထိုင်ရာမှ ရုတ်တရက်ထ၍ တွတ်လိုက်လေ၏။ ထိုခဏ၌ ဦးထွန်းလှိုင်၏ ဓားသည် ဦးတိုင်းကျော်၏လည်ပင်းကို စူးဝင်၍ လည်ပင်းနှစ်ခြမ်း တည့်တည့်ခွဲလိုက်သည်"[၁]

ဟု သရုပ်ဖော်ရေးသားထားသည်။ လူဆိုးလူကောင်းအားပြိုင်မှုတွင် ဦးထွန်းလှိုင်မှာ ခြေဆာရုံမျှဖြစ်၍ ဦးတိုင်းကျော်မှာ ပွဲချင်းပြီး သေဆုံးသွားသည်။ ထိုအခန်း၌ပင် ဦးတိုင်းကျော်သည် ဦးထွန်းလှိုင်အား သတ်ပြီး သမီးဖြစ်သူ ခင်မြကြီးနှင့်တကွ ပစ္စည်းများကို အပိုင်ရယူရန် ကြိုးစားခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ထိုဝတ္ထုကိုကြည့်လျှင် ဆရာကြီးရွှေဥဒေါင်းသည် ဇာတ်လမ်းအစမှစ၍ စိတ်ဝင်စားအောင် ဖန်တီးနိုင်ခဲ့သည်။ မိသားစု ပျော်ရွှင်ချမ်းမြေ့သောဘဝကို ရည်ရွယ်ချက် ပြောင်းပြန် ဖြစ်စေခဲ့ရသည်။ ကြမ္မာဆိုးဝင်နည်းကို သုံးခဲ့သည်။ ဦးထွန်းလှိုင် ပျောက်ဆုံးနေခြင်း ဟူသည့် မြုပ်ကွက်ကိုလည်း သုံးခဲ့သည်။ ထိုမှတဆင့် ဦးတိုင်းကျော်

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၉၉။

ရုတ်တရက်ပေါ်လာပြီး ဇာတ်လမ်းကို အလှည့်အပြောင်းပြုခဲ့သည်။ ဦးထွန်းလှိုင်နှင့် ဦးတိုင်းကျော်တို့၏အားပြိုင်မှုကို ဇာတ်ထွတ်ပိုင်းရောက်မှ ဖော်ပြခဲ့သည်။ ဇာတ်သိမ်းပိုင်း၌ လူဆိုးနှင့်လူကောင်းတွင် လူကောင်းကို အနိုင်ပေးခြင်းဖြင့် ယုတ်မာသူတို့၏အကျိုးကို သိသာစေခဲ့သည်။ ရွှေဥဒေါင်း၏ဇာတ်လမ်းဖန်တီးမှုသည် သည်းထိတ်ရင်ဖိုဖြစ်ရုံမက ရင်နာဖွယ်၊ ဇာတ်နာဖွယ်ဖြစ်အောင်လည်း ဖန်တီးထားသည်။ လျှို့ဝှက်သည်းဖို သက်သက် မဟုတ်ဘဲ လူ့သဘောလူ့သဘာဝနှင့် ခံစားမှုများ ကြမ္မာဆိုးများ ရင်ဆိုင်တိုက်မှုများ ဖြစ်ပေါ်အောင် ခြယ်မှုန်းရေးသားထားသော ရသမြောက် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ပါသည်။

ဝတ္ထုမှ အဓိကဇာတ်ဆောင် နှစ်ဦးဖြစ်သော ဦးထွန်းလှိုင်နှင့် ဦးတိုင်းကျော် တို့၏ အားပြိုင်မှုအခန်းကိုယူ၍ ဝတ္ထုကိုအမည်ပေးထားပုံကလည်း ဝတ္ထုအပေါ် စိတ်ဝင်စားမှု ဖြစ်စေသည်။ ဦးထွန်းလှိုင်နှင့် ဦးတိုင်းကျော် ကိုင်ဆောင်သည့် လက်နက်အမည်များဖြင့် 'ဓားမြှောင်နှင့်မောင်းချဓား' ဟုအမည်ပေးထားပုံမှာ ဝတ္ထုမှ ဇာတ်ဆောင်နှစ်ဦး၏ အားပြိုင်မှုကိုသာမက လက်နက်နှစ်ခု၏ အားပြိုင်မှုသဘောလည်း သက်ဝင်စေပါသည်။

## ၃။ မျိုးရိုးဗီဇ

မျိုးရိုးဗီဇဝတ္ထုကို ရွှေဥဒေါင်းသည် ၁၉၆၂ အောက်တိုဘာလထုတ် လျှို့ဝှက်သည်းဖိုမဂ္ဂဇင်း၌ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ မျိုးရိုးဗီဇ၏ သဘောကို အလေးထားစဉ်းစားစေလိုခြင်း ဖြစ်ပါသည်။ ဖခင်မှာ လည်လည်ပတ်ပတ် ရှိသည်ဆိုလျှင် သားဖြစ်သူမှာ လည်လည်ပတ်ပတ် ရှိတတ်သည်။ တချို့မှာ ဖခင်က လည်ပတ်သော်လည်း သားဖြစ်သူမှာ နုံချာသည်။ အချို့မှာ ဖခင်က ရိုးအေးသော်လည်း သားဖြစ်သူမှာ လည်လည်ပတ်ပတ် ရှိတတ်သည်။ ဤဝတ္ထုတွင် မျိုးရိုးဗီဇ သဘောကို စဉ်းစားဖွယ် တင်ပြထားသည်။

### ၃၊ ၁။ ဇာတ်လမ်းအကျဉ်း

မောင်မင်းမောင်သည် ပုဇွန်တောင်မှ ပွဲစားကြီး ဦးအောင်ကျော်၏ သား ဖြစ်သည်။ ပွဲစားကြီး ဦးအောင်ကျော်သည် ပွဲစားလောက၌ အလွန်ပါးနပ်ကျွမ်းကျင်သူ ဖြစ်သည်။ ကွယ်လွန်ချိန်၌ သားဖြစ်သူအား တိုက်လေးလုံးနှင့် ဘဏ်၌ ငွေသိန်းပေါင်းများစွာ ထားခဲ့သည်။ ဦးအောင်ကျော်၏သူငယ်ချင်း ဦးဖိုးသာမှာ ဦးအောင်ကျော်ကဲ့သို့ ပါးနပ်မှုမရှိသည့်အတွက် အခြေမလှဖြစ်ကာ ကွယ်လွန်ချိန်၌ သားဖြစ်သူ မောင်ညွန့်တင်

အတွက် တိုက်တစ်လုံးနှင့် စပါးစက်တစ်လုံးသာ ထားနိုင်ခဲ့သည်။ မောင်ညွန့်တင်နှင့် မောင်မင်းမောင်တို့သည် ရုံးအုပ်စာရေးကြီး ဦးကျင်ပေါ်၏သမီး ခင်လှကြည်ကို အပြိုင်ပိုးကြသည်။ ခင်လှကြည်သည် ရိုးအေးသော မောင်မင်းမောင်ကို ရွေးချယ်လိုက်သည်။ သို့သော် နောက်ပိုင်းတွင် မောင်ညွန့်တင်နှင့် တတွဲတွဲနေသည်။ မိတ်ဆွေသူငယ်ချင်းများက သတိပေးသော်လည်း မောင်မင်းမောင်က သံသယမရှိသကဲ့သို့ပင် နေထိုင်ခဲ့သည်။ တစ်နေ့သ၌ မောင်မင်းမောင်၏အိမ်တွင် ဂါးဒင်းပါတီပွဲ ကျင်းပသည်။ ပါတီပွဲ၌ သေနတ်ပစ်ပွဲလည်း ပါသည်။ သေနတ်ပစ်ပွဲတွင် မောင်မင်းမောင်သည် မောင်ညွန့်တင်အား နောက်ပြောင်ကျီစယ်၍ သေနတ်ဖြင့်ချိန်ရာ ကျည်ဆံထွက်၍ မောင်ညွန့်တင် သေဆုံးခဲ့ရသည်။ မောင်မင်းမောင်မှာ မိတ်ဆွေများ၏သက်သေခံမှုကြောင့် တရားသေလွတ်သွားပုံဖြင့် ဇာတ်သိမ်းထားပါသည်။

## ၃၊ ၂။ ဇာတ်လမ်းဖန်တီးပုံ

ဝတ္ထု၏အစတွင်ပင် ဇာတ်ဆောင်နှင့် စတင်မိတ်ဆက်ပေးသည်။ မောင်မင်းမောင်သည် ဖခင်က ပါးနပ်လိမ္မာသော်လည်း မောင်မင်းမောင်က အလွန်ထူအသူအဖြစ် စရိုက်ဖော်သည်။ ဖခင်ထားခဲ့သော စက်နှစ်လုံးကို မအုပ်ချုပ်နိုင်၍ မောင်ညွန့်တင်ထံ ရောင်းလိုက်ရသည်။ ပွဲစားခကိုလည်း မောင်ညွန့်တင်က မကျခံဘဲ မောင်မင်းမောင်ကသာ ကျခံခဲ့ရသည်။ စက်ဖိုးငွေမှာလည်း ငါးကြင်းဆီနှင့် ငါးကြင်းကြော်သကဲ့သို့ ရလိုက်သည်ဟု ပွဲစားလောက၌ ပြောကျန်ခဲ့ရသည်။ မောင်ညွန့်တင်မှာ ဖခင်က ပါးနပ်ကျွမ်းကျင်မှု မရှိသော်လည်း သားဖြစ်သူက လည်လည်ပတ်ပတ်ရှိသူအဖြစ် စရိုက်ဖော်ထားသည်။

ခင်လှကြည်သည် ရုံးအုပ်စာရေးကြီး ဦးထင်ပေါ်၏သမီး ဖြစ်သည်။ ရုပ်ရည်ချောမောလှပပြီး အလွန်ခေတ်ဆန်သူ ဖြစ်သည်။ ဘိုဆန်သူလည်း ဖြစ်သည်။ မောင်မင်းမောင်နှင့် မောင်ညွန့်တင် နှစ်ဦးလုံး ခင်လှကြည်ကို ချစ်ကြိုက်ကြသည်။ ခင်လှကြည်သည် အလွန်ရိုးအသော မောင်မင်းမောင်ကို ရွေးချယ်လိုက်သည်။ လက်ထပ်ပြီးနောက်ပိုင်းတွင် မောင်ညွန့်တင်နှင့် ခင်လှကြည်တို့ ငြိတွယ်နေကြသည်။ ပတ်ဝန်းကျင်က သိသော်လည်း မောင်မင်းမောင်မသိပေ။ မောင်မင်းမောင်သိသောအခါ၌လည်း မောင်ညွန့်တင်ကို အားနာ၍ သည်းခံနေခဲ့သည်။ မောင်ညွန့်တင် သီဟိုဠ်သို့ ဘုရားဖူးသွားမည်ဟု သတင်းလွှင့်ကာ အမည်ပြောင်း၍ လက်မှတ်နှစ်စောင် ဖြတ်ထားသည်။ ထိုအကြောင်းကို နှစ်ဦးစလုံးနှင့်ရင်းနှီးသော စာရေးသူက သတိပေးသော်လည်း မောင်မင်းမောင်က အရေးမထားပေ။ မောင်ညွန့်တင် သီဟိုဠ်သို့ မသွားမီညတွင် မောင်မင်းမောင်အိမ်၌ နိုက်ပါတီ ကျင်းပသည်။

မြို့မျက်နှာဖုံး နိုင်ငံခြားသား၊ တရုတ်၊ ကုလား မျက်နှာဖြူများနှင့်တကွ စာရေးသူ ဝတ်လုံတော်ရဦးဘစီတို့ သွားရောက်ကြသည်။ မောင်ညွန့်တင်လည်း ထိုပွဲသို့လာသည်။ ထိုပွဲတွင် သေနတ်ပစ်ပြိုင်ပွဲပါသည်။ အမျိုးသမီးများက ခြောက်လုံးပြူးနှင့် ပစ်ရသည်။ အမျိုးသားများက မေဂျာသော်မဆင်၏ သေနတ်ရှည်နှင့် ပစ်ရသည်။ မောင်မင်းမောင် အလှည့်တွင် ရှေ့၌ ခြောက်ဦးပစ်ပြီး ဖြစ်သည်။ သေနတ်တစ်လက်တွင် ကျည်ဆံ ခြောက်တောင့်သာရှိ၍ အခြားသူများက ကျည်ဆံထည့်ရန် ပြောကြသည်။ မောင်မင်းမောင်က မထည့်ဘဲ မောင်ညွန့်တင်အား နောက်ပြောင်ကျီစယ်ဟန်ပြုရာမှ ကျည်ဆံထွက်၍ မောင်ညွန့်တင် သေဆုံးခဲ့ရသည်။ မေဂျာသော်မဆင်၏သေနတ်သည် ရိုးရိုးသေနတ် မဟုတ် ယမ်းတောင့် ၇ တောင့် ထိုးရသော ရေးသေနတ်ကြီးဖြစ်ကြောင်း ခရီးမထွက်မီ မေဂျာသော်မဆင်က မောင်မင်းမောင်အား ပြောပြထားခဲ့သည်။

ထိုဖြစ်ရပ်မတိုင်မီ မိမိဇနီးနှင့်မောင်ညွန့်တင်၏ ဖောက်ပြန်မှုကို သိနေသော မောင်မင်းမောင်သည် အမူအရာပြောင်းလဲလျက် ရှိသည်။ တရားရေးဝန်ကြီးများ၏ တင်းနစ်ပြိုင်ပွဲတွင် အမြဲတမ်းဗိုလ်စွဲခဲ့သော်လည်း ယခု တောင်ရိုက်မြောက်ရိုက် ဖြစ်နေသည်ဟုလည်းကောင်း၊ ပထမတန်းစား ကျားကစားသူဖြစ်လျက် ကျားကို တောင်ရွှေ့မြောက်ရွှေ့ ရွှေ့နေသည်ဟု လည်းကောင်း မောင်မင်းမောင် အမူအရာ ပြောင်းနေပုံကို ဖော်ပြထားသည်။

ဇာတ်လမ်း၏ဇာတ်ထွတ်ပိုင်းတွင် မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့ အတွင်းစိတ်ချင်း အားပြိုင်နေရာမှ မြိုသိပ်သည်းခံခဲ့သော မောင်မင်းမောင် ပေါက်ကွဲခဲ့သော အခန်းဖြစ်သည်။ ထိုအခန်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ မောင်မင်းမောင်ကြောင့် မောင်ညွန့်တင် သေဆုံးခဲ့ရသည်။ ပုံမှန်အားဖြင့် မောင်မင်းမောင် သေဒဏ်ပေးခံရမည် ဖြစ်သည်။ ဇာတ်လမ်းဖန်တီးရာ၌ ဇာတ်ထွတ်ပိုင်းတွင် အဖြေပေါ်သောအခါ စာဖတ်သူ၏ စိတ်တွင် ဖြစ်နိုင်ချေရှိသည် ဟူသော ယုံကြည်မှုရှိရသည်။ ထိုသို့ရှိစေရန် စာရေးသူသည် မိမိ၏ဇာတ်ထွတ်ပိုင်း အဆုံးအဖြတ်အတွက် အကျိုးသင့်အကြောင်းသင့် တင်ပြနိုင် ရမည်။ ထိုသို့ ကြောင်းကျိုးသင့်ရန် ရွှေဥဒေါင်းက မောင်မင်းမောင် စိတ်ကယောက် ကယက်ဖြစ်ပုံကို မိတ်ဆွေများသိရန် ကြိုတင်ခင်းကျင်းခဲ့သည်။ မိတ်ဆွေများက သက်သေခံရန်ရှိကြသည့်အတွက် မောင်မင်းမောင်လွတ်မြောက်ခဲ့သည်။

ဇာတ်တက်ပိုင်း တစ်လျှောက်လုံး စရိုက်မတူသော မောင်မင်းမောင်နှင့် မောင်ညွန့်တင်ကို အားပြိုင်စေခဲ့သည်။ ဇာတ်ထွတ်ပိုင်းတွင် မောင်မင်းမောင်သည် ဖခင်ကဲ့သို့ ပါးနပ်သူဖြစ်ကြောင်း အဖြေပေါ်ခဲ့သည်။ ရွှေဥဒေါင်းသည် ဇာတ်လမ်း ဖန်တီးရာ၌ မောင်မင်းမောင်၏စရိုက်ကို ပိပိရိရိဖြင့် မြုပ်ကွက် ပြုလုပ်ထားခဲ့သည်။ မောင်ညွန့်တင်၏စရိုက်ကိုမူ မောင်မင်းမောင်နှင့်ဆန့်ကျင်၍ သွက်သွက်လက်လက်

လည်လည်ပတ်ပတ် စရိုက်ပေါ်အောင် ပုံဖော်ထားခဲ့သည်။ ထို့ကြောင့် စာရေးသူ၏ ဇာတ်လမ်းအလှည့်အပြောင်း ပြုပေးမည့် မြှုပ်ကွက်ကို ပိပိရိရိ ထားနိုင်ခဲ့သည်။ ဇာတ်ထွတ်ပိုင်းသည် ပိပိရိရိဖြင့် ပရိသတ်ကျေနပ်စေသော အဖြေကို ပေးနိုင်ခဲ့သည်။

> "ခင်လှကြည်က ပျော်တတ်တယ်ခင်ဗျ၊ ရယ်စရာ ပုံတိုပတ်စ ပြောတတ်တဲ့ ကိုညွန့်တင်နဲ့ ဟန်ကျနေတာပေါ့"[၁]

ဟုလည်းကောင်း၊

> "တတ်နိုင်ဘူးဦးရယ် ကျွန်တော်က နက်နက်နဲနဲကြီး စဉ်းစား တတ်တဲ့ကောင် မဟုတ်ဘူးဗျ"[၂]

ဟူသော ပြောစကားများဖြင့် မောင်မင်းမောင်၏စရိုက်ကို တင်ပြခဲ့သည်။

မောင်ညွန့်တင်၏စရိုက်ကို ပုံဖော်ရာ၌–

> "ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွှေ့ဘူးတဲ့၊ ဘယ်သူမေးငေါ့ ရုံမက လည်ပင်းပါစောင်းစောင်း"[၃]

ဟု ပိပိရိရိလိမ်ညာတတ်သော စိတ်ကိုရေးသားခဲ့သည်။

မျိုးရိုးဗီဇဝတ္ထုတွင် စာရေးသူသည် ဇာတ်ဆောင်ချင်းအားပြိုင်မှုကို အသုံးပြု ခဲ့သည်။ မတူညီသော ဇာတ်ဆောင်များ၏စရိုက်ကို ဖော်ပြ၍ စာဖတ်သူ အားမလို အားမရဖြင့် သိလိုစိတ်ဖြစ်လာအောင် စည်းရုံးခေါ်ဆောင်သွားနိုင်ခဲ့သည်။ ဇာတ်ထွတ်ပိုင်းတွင် လူကောင်းကိုအနိုင်ပေးခြင်းဖြင့် ရိုးသားမှုရှိခြင်း၏တန်ဖိုးကို သိရှိစေပါသည်။

မျိုးရိုးဗီဇဝတ္ထုတွင် စာရေးသူ အများအားဖြင့် သုံးလေ့ရှိသော ကိုယ်တိုင်ပြော ရှုထောင့်ကို သုံးထားသည်။ ဇာတ်ကြောင်းပြောသူကို ကျွန်ုပ်ဖြင့် သုံးထားသည်။ ပြောသူက အဓိကမဟုတ်ဘဲ ဇာတ်ဆောင်များနှင့် ရင်းနှီးကျွမ်းဝင်သော စာရေးဆရာ ဖြစ်သည်။ ဇာတ်ကြောင်းပြောသူသည် ဇာတ်ဆောင် မဟုတ်သည့်အတွက် တွေ့မြင် ကြားသိသမျှကိုသာ ပြောသွားသည်။ ဇာတ်ကြောင်းပြောသူ၏ ခံစားမှုနှင့်အတွေး များကို မဖော်ပြနိုင်ပေ။ ဇာတ်ဆောင်ဖြစ်သည့် မောင်မင်းမောင်ကို ဇာတ်ကြောင်း ပြောသူ အဖြစ်ထားလျှင်လည်း လျှို့ဝှက်သောအခန်းများကို မြှုပ်ထားသည်ဖြစ်၍ သဘာဝမကျ။ မောင်မင်းမောင်၏အတွေးကို ဖော်ပြလိုက်လျှင် မြှုပ်ကွက် ပေါ်သွားမည်။

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၁၀၂။

[၂] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၁၀၂။

[၃] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၁၀၂။

မောင်မင်းမောင်၏ စိတ်ရင်းမှန်နှင့်ပါးနပ်မှု ပေါ်လျှင်လည်း ဇာတ်လမ်းသည် ဆွဲဆောင်မှု ရှိမည်မဟုတ်။ ဇာတ်ကြောင်းပြောသူမှာ စာရေးသူဖြစ်နေ၍ လျှို့ဝှက်သည်းဖိုဝတ္ထုမှာ အဆင်ပြေချောမွေ့သွားရခြင်း ဖြစ်ပေသည်။

မျိုးရိုးဗီဇဝတ္ထု၏ အဓိကအကြောင်းအရာကို ထင်ရှားပေါ်လွင်စေသည့် ဝတ္ထုတို အမည်ပေးပုံကြောင့် သိလိုစိတ်ကို မြင့်တက်လာစေသည်။ ဇာတ်လမ်းနှင့် လိုက်ဖက်စွာ အမည်ပေးထားကြောင်း တွေ့ရသည်။

## ၄။ သံပုရာတစ်ခြမ်း

သံပုရာတစ်ခြမ်းဝတ္ထုတိုသည် ၁၉၃၇ ဖေဖော်ဝါရီလထုတ် သူရိယမဂ္ဂဇင်းတွင် ရေးဖွဲ့ခဲ့သော ဝတ္ထုဖြစ်သည်။ ဝတ္ထုရည်ရွယ်ချက်မှာ တောသူတောင်သားတို့၏သဘာဝ ရိုးသားဖြောင့်မှန်သော မေတ္တာကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။

### ၄၊ ၁။ ဇာတ်လမ်းအကျဉ်း

ဝတ္ထုတွင် မသန်းမြင့်သည် မြို့အုပ်ဦးသောင်းတင်၏သမီး အင်္ဂလိပ်ကျောင်းသူ ဖြစ်သည်။ မန္တလေး နေရှင်နယ်မိန်းကလေးကျောင်းမှ ဖခင်ထံသို့ လာရောက် လည်ပတ်စဉ် မြေပိုင်ရှင်သား ထွန်းဦးနှင့် ချစ်ကြိုက်၍ အကြောင်းပါခဲ့သည်၊ ခင်ပွန်း ဖြစ်သူ ထွန်းဦးနှင့် ယောက္ခမဖြစ်သူ ဒေါ်သိန်းခင်တို့သည် မသန်းမြင့်ကို ဂရုစိုက်၍ မသန်းမြင့်ကလည်း ရိုသေစွာ တုံ့ပြန်ခဲ့သည်။ မသန်းမြင့်ထံတွင် အဆုတ်ရောဂါ ဖြစ်၍ ရန်ကုန်ဆေးရုံတွင် ကုသရသည်။ ရောဂါမှာ တစ်လကျော်သော်လည်း မပျောက်ဘဲ တရှောင်ရှောင် ဖြစ်နေသည်။ ထွန်းဦးနှင့်မိခင်ကလည်း လယ်မြေများကို ရောင်းချပြီး တစ်လ ၆၀၀ မှန်မှန် ပို့ပေးသည်။ အထက်တန်းစား မင်းကတော်များနှင့် ပေါင်းကာ အသုံးအဖြုန်း ကြီးလာသော မသန်းမြင့်ကလည်း လင်ထံ ပရိယာယ် အမျိုးမျိုးဖြင့် ငွေမှာလေ့ ရှိသည်။ မကျည်းတုံရွာသို့ ပြန်ရောက်သောအခါ လယ်မြေ များကို ရောင်းချပေါင်နှံရသောကြောင့် ဆင်းရဲသွားသော ထွန်းဦးတို့ သားအမိအပေါ် မကျေနပ်ခဲ့ပေ။ အဆုံးတွင် မိထွေးဖြစ်သူက ဖခင်ပေးသော လယ်တစ်တောသည် အပေါင်လယ်များဖြစ်၍ ဆုံးရှုံးရကြောင်း ပြောသောအခါမှ မာနတက်နေသော မသန်းမြင့်၏ စိတ်သည် ပြောင်းလဲသွားပြီး ထွန်းဦးအား ကြင်ကြင်နာနာ ဆက်ဆံပုံဖြင့် ဇာတ်သိမ်း ထားသည်။

## ၄၊ ၂။ ဇာတ်လမ်းဖန်တီးမှု

သံပရာတစ်ခြမ်းဝတ္ထု၏ ဇာတ်လမ်းအစတွင် နောက်ခံဝန်းကျင်ဖြင့် အစပျိုးထားသည်။ နောက်ခံနှင့်အတူ မသန်းမြင့်နှင့် စာဖတ်သူအား မိတ်ဆက်ပေးထားသည်။ ဝတ္ထုအစ၌–

> "ဝက်လက်ဘူတာနှင့် ပေါက်ကံဘူတာတို့မှာ စစ်ကိုင်း၊ မြစ်ကြီးနား မီးရထားလမ်းတွင် ခရီးအဝေးကွာဆုံးသော ဘူတာနှစ်ခုဖြစ်လေရကား မီးရထားသည် ရန်ကုန်–မန္တလေး စာပို့ရထားကြီးခန့်မျှ လျင်မြန်လှစွာသော အဟုန်ဖြင့် ခုတ်နှင်လျက် ရှိနေ၏။ ၎င်းမီးရထားတွင် တစ်တွဲတည်းသော ဒုတိယတန်းတွဲ၌ အသက် ၂၅နှစ်ခန့်ရှိ မိန်းမတစ်ယောက်သည် ပေါက်ကံဘူတာမှ မီးရထားထွက်လာကတည်းက မီးရထားလက်ဝဲဘက်၌ မျက်စိတစ်ဆုံး ပေါက်ရောက်လျက်ရှိသော ထန်းတောကြီးကို ငေးမျှော်ရင်း သက်ပြင်းချကာ လိုက်ပါလျက် ရှိသည်။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ နောက်ခံနေရာဒေသအဖွဲ့နှင့်အတူ ဇာတ်ဆောင်ကို ပူးတွဲသရုပ်ဖော်ထားရာ ခေတ်၏အငွေ့အသက်နှင့်အတူ ဇာတ်ဆောင်၏လူပ်ရှားမှုသည်လည်း ပီပြင်ထင်ရှားလာပါသည်။

ကိုလိုနီခေတ်တွင် မြို့အုပ်လူတန်းစားများသည် အလွန်လူအထင်ကြီးခံရသော လူတန်းစားဖြစ်ကြောင်း တွေ့ရသည်။ ထိုအဖြစ်ကို နောက်ခံထား၍ မသန်းမြင့်စရိုက်ကို အပြောင်းအလဲပြုကာ ဇာတ်လမ်းကို အပြောင်းအလဲပြုခဲ့သည်။ မသန်းမြင့်၏ အမှားအသိမှ အမှန်အသိရောက်အောင် တင်ပြရာ၌ တောခလေ့စရိုက်ဖြင့် ရိုးသားကြင်နာတတ်သော စရိုက်ကို အသုံးပြုထားသည်။ လျှို့ဝှက်သည်းဖို ဇာတ်လမ်းမဆင်ဘဲ ခေတ်အခြေအနေ၌ မျှော်ပါတတ်သော လူ့သဘာဝ၊ မေတ္တာစစ်မှန်သူတို့၏ အောင်မြင်ပုံကို အလေးပေးတင်ပြထားသည်။

ဇာတ်တက်ပိုင်းတွင် ထွန်းဦးနှင့်ဒေါ်သိန်းခင်သားအမိသည် မြို့အုပ်သမီးအား အထူးပင် ဂရုစိုက်ကြပုံကို တခမ်းတနား တင်ပြခဲ့သည်။ ထိုသို့တင်ပြခြင်းဖြင့် မသန်းမြင့် စိတ်ထားပြောင်းလဲသွားသောအခါတွင် ဇာတ်နာလာမည် ဖြစ်ပါသည်။ ထိုအခြေအနေမှ ဇာတ်လမ်းကို ရှေ့သို့ရွှေ့လျားရန် အပြောင်းအလဲပြုသည့်အနေဖြင့် မသန်းမြင့်အား အဆုတ်နာရောဂါ ဖြစ်စေသည်။ အဆုတ်နာကို ကြောက်လန့်စရာ

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၃၈၈။

ကောင်းသောရောဂါ၊ ငွေကုန်များသောရောဂါ စသည့် ခေတ်အခြေအနေကို နောက်ခံပြု၍ ဇာတ်လမ်းကို အပြောင်းအလဲပြုထားသည်။ မသန်းမြင့်အတွက် သားအမိနှစ်ဦး စိုးရိမ်ပူပန်ရပုံကို–

> "ဒေါ်သိန်းခင်၏ ဦးခေါင်းသည် တင်းတောင်းလောက် ကြီးသွားသည်ဟု မှတ်ထင်လိုက်မိ၏။ မောင်ထွန်းဦးမှာမူ အိမ်မြှောင်အမြီးပြတ်သကဲ့သို့ ဆတ်ဆတ်တုန်ဖြစ်သွားပြီးလျှင် မည်မျှပင်ကုန်ကျရသည်ဖြစ်စေ ဤရောဂါကို ကုသပေးပါရန် အကြောင်းနှင့်ဆရာဝန်ကြီးအား ရှိခိုးမတတ် တောင်းပန်လေ၏။"[၁]

ဟု ရေးဖွဲ့တင်ပြထားသည်။ မသန်းမြင့်သည် ဆေးရုံတွင် နာတာရှည်ဖြင့် တာရှည်တက်နေသောအခါ အထက်တန်းစားလူတန်းစား၊ မင်းကတော် အင်္ဂလိပ်များနှင့် အပေါင်းအသင်းဖြစ်ကာ အသုံးအဖြုန်း ကြီးလာသည်။ စိတ်ထားပြောင်းလဲလာသည်။ မိမိရောဂါအတွက် လယ်မြေများ ပေါင်နှံရောင်းချကာ ကိုယ်တိုင်ရုန်းကန်နေရသော ထွန်းဦးကိုပင် အထင်သေးလာသည်။ သို့သော် ထွန်းဦးမှာမူ တောသားပီပီ ရိုးသားစွာနှင့် အချစ်ကြီးချစ်လျက် ရှိသည်။ တစ်ဖက်မှလည်း မသန်းမြင့်သည် ထွန်းဦးကိုမြင်ပြီး ရှက်ရွံ့သိမ်ငယ်စိတ် ဖြစ်ရပုံဖြင့် တင်ပြထားသည်။ ထိုနည်းဖြင့် စာဖတ်သူ၏ ကရုဏာစိတ်သည် ထွန်းဦးပေါ်သို့ သက်ရောက်၍ ဇာတ်ဆောင်နှင့် စာဖတ်သူ တသားတည်းဖြစ်ကာ ခံစားမှုတိုးမြင့်လာစေပါသည်။

ဇာတ်လမ်းဖန်တီးမှုတွင် ဇာတ်လမ်းဖြစ်ရန် ပါဝင်လှုပ်ရှားရသော ဇာတ်ဆောင်သည် အရေးပါသည်။ စရိုက်ပေါ်အောင် သရုပ်ဖော်နိုင်ခြင်းဖြင့် ဇာတ်လမ်းကိုသဘာဝကျပြီး သက်ဝင်လှုပ်ရှားစေသည်။ ရသမြောက်စေပါသည်။ ဇာတ်ဆောင်သဘာဝကျလျှင် ကျသလို ဇာတ်လမ်းအသင့်ယုတ္တိ ရှိလာမည် ဖြစ်သည်။

ဇာတ်လမ်းတွင် အားပြိုင်မှုများ အရှိန်ကောင်းလာခြင်းနှင့် ဇာတ်ဆောင်စရိုက် ဖွံ့ဖြိုးမှုသည် အတူလက်တွဲသွားကြသည်။ သံပရာတစ်ခြမ်းဝတ္ထုတွင် အားပြိုင်မှုမှာ မထင်ရှားချေ။ ခေတ်နောက်ခံဝန်းကျင်ကြောင့် စိတ်ကြီးဝင်သွားသော မသန်းမြင့်၏ မာနစိတ်နှင့် ထွန်းဦး၊ ဒေါ်သိန်းခင်တို့၏ မေတ္တာစိတ်တို့ကိုသာ မသိမသာ အားပြိုင်ထားသည်။ ထွန်းဦးနှင့်ဒေါ်သိန်းခင်၏စရိုက်ကို တဖြည်းဖြည်း မြှင့်တင်၍ ဇာတ်ရှိန်မြင့်လာစေသည်။ မသန်းမြင့်၏ စိတ်နေမြင့်သည့်ဟန်နှင့် အရာရာကို မကောင်းမြင်တတ်မှုအပေါ် ဒေါ်သိန်းခင်၏ သည်းခံမှုကို–

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆ ၊ ၃၉၀။

> "မသန်းမြင့်မို့ ဤမျှလောက် သည်းခံအောင့်အည်း၍ နေရှာပေးသေးသည်။ အခြားသူဖြစ်ခဲ့လျှင် နှစ်နှစ် သုံးနှစ် မဆိုထားဘိ နှစ်လ သုံးလမျှပင် နေထိုင်ဖို့ ခဲယဉ်းပေလိမ့်မည် စသည်ဖြင့် မိမိတို့စိတ်ထဲက အောက်မေ့သည်ဖြစ်စေ၊ သားအမိချင်း နည်းလမ်းညွှန်ပြသည်ဖြစ်စေ ပြုလုပ်ပြောဆိုလေ့ ရှိကြလေ၏"[၁]

ဟု တွေးပုံဖြင့် တင်ပြထားသည့် မကောင်းမြင်စိတ်နှင့် အကောင်းမြင်စိတ်ကို အားပြိုင်ထားသည်။

ဇာတ်ထွတ်ပိုင်းကို ဖြေရှင်းရာတွင် မိမိဖခင် လက်ဖွဲ့ခဲ့သော လယ်ယာမြေများဖြင့် မာန်တက်နေသော မသန်းမြင့် စိတ်ပြောင်းသွားရန် မိထွေးဒေါ်လှကြီးကို ဖန်တီးထားသည်။ ဒေါ်လှကြီးက–

> "ညည်းမရှိတုန်း လယ်အရောင်းအဝယ်နဲ့ ပတ်သက်လို့ အရှုပ်အရှင်းဖြစ်ပြီး ရုံးပြင်ကနား ရောက်ရတာက ဘယ်လောက်ကုန်သွားသလဲ ညည်းသိလား"[၂]

ဟု ပြောဆိုခဲ့သည်။ ဇာတ်တက်ပိုင်းတွင် မသန်းမြင့် မသိသေးသော စာဖတ်သူကို အရိပ်အယောင်သာ ဖော်ပြထားသော မြှုပ်ကွက်ကို ဇာတ်ဆောင်တစ်ဦး ဖန်တီးကာ ရှင်းလင်းတင်ပြထားသည်။

သံပရာတစ်ခြမ်းဝတ္ထုတွင် မသန်းမြင့်၏ အမှားအသိမှ အမှန်အသိသို့ ရောက်ပြီး ထွန်းဦးအပေါ် သဘောထားပြောင်းလဲသွားပုံကိုပြရာ၌ သံပရာရာလဘတ်ရည်သည် အဓိကနေရာ၌ ပါဝင်နေသည်။ ထို့ပြင် ထွန်းဦး၏ပြောစကားဖြစ်သည့် 'သံပရာတစ်ခြမ်းနဲ့ ကျေရဆိုတာ ဒီဟာထင်ပါရဲ့ အမေ' ဟူသော ပြောစကားကလည်း ဇာတ်လမ်းတစ်ခုလုံး၏ အဓိကအချက်ကို ပေါ်လွင်စေသည့် စကားဖြစ်သည်။ ထို့ကြောင့် 'သံပရာတစ်ခြမ်း' ဟူသော ဝတ္ထုအမည်ကလည်း စာဖတ်သူ၏ သိလိုစိတ်ကို နှိုးဆွပေးနိုင်ကြောင်း တွေ့ရပါသည်။

ဆရာကြီးရွှေဥဒေါင်းသည် လျှို့ဝှက်သည်းဖိုဝတ္ထု၊ စုံထောက်ဝတ္ထုများကို ဖန်တီးရာ၌သာ ကျွမ်းကျင်သည်မဟုတ်၊ လူ့စိတ်သဘောကို ဇာတ်လမ်းဆင်ရာ၌ ကွဲပြားအောင် ဖန်တီး၍ စာဖတ်သူ၏စိတ်ကို လှုပ်ရှားလာအောင် ဖန်တီးနိုင်ကြောင်း တွေ့ရှိရပါသည်။

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၃၉၅။
[၂] ရွှေဥဒေါင်း၊ ၂၀၀၆၊ ၃၉၇။

## ခြုံငုံသုံးသပ်ချက်

ရွှေဥဒေါင်းသည် ဝတ္ထုတိုအဖွဲ့ပုံစံကို အစပျိုးခဲ့သူပီပီ သူ၏ဝတ္ထုများမှ ဇာတ်လမ်းဖန်တီးပုံကို လေ့လာကြည့်လျှင်လည်း ကျွမ်းကျင်ကြောင်း တွေ့ရသည်။ ရွှေဥဒေါင်းသည် ဇာတ်လမ်းတင်ပြရာ၌ ဇာတ်ကြောင်းပြောသူကို ရွေးချယ်သည့် ရှုထောင့်ကို ဇာတ်လမ်းနှင့်လိုက်ဖက်အောင် စီစဉ်နိုင်ခဲ့သည်။ ဓားမြှောင်နှင့်မောင်းချခြား ဝတ္ထုတွင် ဇာတ်ကြောင်းပြောသူသည် စာရေးသူဖြစ်သည်။ စာရေးသူသည် ထီးချိုင့်သို့ ရောက်ရာတွင် အကြော်ဆိုင်ပိုင်ရှင် တရုတ် ပြောပြသောဖြစ်ရပ်ကို ပြန်လည် ဇာတ်လမ်းဆင် ပြောပြဟန် ရေးသားထားသည်။ ဇာတ်ကြောင်းပြောသူသည် ဇာတ်လမ်း၌ မပါဘဲ ကြားသိရသူအနေနှင့်သာ ရပ်တည်ပြထားသည်။ စာဖတ်သူအနေနှင့် တစ်ဆင့်ပြော သဘောကို မခံစားရဘဲ တိုက်ရိုက်ပြောသကဲ့သို့ ခံစားရသည်။ ဇာတ်လမ်းအစတွင် ကျွန်ုပ်ဟူသော နာမ်စားကို သုံး၍ အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်ဟု စာဖတ်သူကို ထင်မြင်လာစေသည်။ ဒုတိယပိုင်းတွင် မြှုပ်ထားသော မြှုပ်ကွက်ကို ဇာတ်ထွတ်ပိုင်း ရောက်မှ ဖော်ထုတ်ရာတွင် ပြက်ပြက်ထင်ထင် သိမြင်နိုင်ရန် ဇာတ်ကွက်ဆင် ဖော်ပြထားသည်။

မျိုးရိုးဗီဇဝတ္ထုတွင် ကိုယ်တိုင်ပြောရှုထောင့်ကို သုံးထားသည်။ ထိုဝတ္ထုတွင် အဓိကဇာတ်ဆောင် မောင်မင်းမောင်၏ရှုထောင့်မှ မပြောသည့်အတွက် ဇာတ်လမ်းတွင် မြှုပ်ကွက်ပြုထားသော မင်းမောင်၏ ဖခင်ကဲ့သို့ပါးနပ်လိမ္မာသော စရိုက်ကို ဖုံးကွယ် နိုင်ခဲ့သည်။ ဇာတ်ထွတ်တွင် မောင်ညွန့်တင်အား အနိုင်ယူခဲ့သော ဇာတ်ကွက်တွင် မောင်မင်းမောင်၏အတွေးကို မြုပ်ထားသည့်အတွက် ဇာတ်လမ်းသည် ပို၍စိတ်ဝင်စားဖွယ် ဖြစ်စေသည်။ ဆန့်ကျင်ဘက်စရိုက်နှစ်ခုကို အားပြိုင်ဖော်ပြထားသည်။ အားပြိုင်မှုတွင် အဆုံးသတ်ဇာတ်ကွက်သည် ပရိသတ် မျှော်လင့်မထားသော ဇာတ်ကွက်ဖြစ်၍ အံ့ဩ စေသည်။ ဇာတ်သိမ်းတွင် အမှန်တရားကို အနိုင်ပေးထား၍ ကျေနပ်နှစ်သက်မှုကို ဖြစ်စေပါသည်။

သံပရာတစ်ခြမ်းဝတ္ထုတွင် စာရေးသူသည် ကန့်သတ်သိရှုထောင့်မှ ဇာတ်ကြောင်း ပြောထားသည်။ ကန့်သတ်သိရှုထောင့် ရွေးချယ်ရာ၌ မသန်းမြင့်၏ ကိုယ်၊ နှုတ်၊ နှလုံးကို သရုပ်ဖော်ထားသည်။ မသန်းမြင့်၏ အတွေးနှင့်ခံစားမှုကို သိရသော်လည်း ထွန်းဦး၊ ဒေါ်သန်းမြင့်တို့၏ အတွေးကို မပြချေ။ အမူအရာခံစားမှုဖြင့်သာ အနုစိတ် ခြယ်မှုန်းရေးဖွဲ့ထားသည်။ တစ်ဖက်ဇာတ်ဆောင်ကို အမူအရာဖြင့် ပုံဖော်ပြီး တစ်ဖက် ဇာတ်ဆောင်ကို ခံစားမှုအတွေးဖြင့် ပြထားသည့်အတွက် အားပြိုင်မှုသည် သိမ်မွေ့ လှပပြီး ဇာတ်သိမ်းကို ပရိသတ် ကျေနပ်လက်ခံစေသည်။

ရွှေဥဒေါင်းသည် မည်သည့်ဝတ္ထုမျိုးမဆို ပရိသတ်စိတ်အာရုံကို ဆွဲဆောင်နိုင်အောင် ဇာတ်လမ်းဆင် ဖန်တီးနိုင်စွမ်းရှိသူဖြစ်ကြောင်း တွေ့ရှိရပါသည်။

## နိဂုံး

ရွှေဥဒေါင်းသည် ဝတ္ထုတိုအများအပြား ရေးသားခဲ့သူ ဖြစ်သည်။ သူ၏ဘဝကျင်လည်မှု အတွေ့အကြုံ စုံသကဲ့သို့ ဝတ္ထုများ၏ဇာတ်ဆောင်များလည်း စုံသည်။ သူ၏ဇာတ်ဆောင်များသည် တစ်မျိုးတစ်ဖုံ ထူးခြားသည်။ ဇာတ်ဆောင်ထူးခြားမှုဖြင့် ဇာတ်လမ်းကို စိတ်ဝင်စားလာအောင် စည်းရုံးနိုင်သည်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် ရွှေဥဒေါင်း၏ ဇာတ်ဆောင်စရိုက် ဖန်တီးမှုများကိုလည်း ဆက်လက်လေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ဇော်ဂျီ၊ ၁၉၉၉။ ***ဝတ္ထုတိုပေါင်းချုပ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်

တက်တိုး၊ ၁၉၆၅–ခ။ ***ကမ္ဘာကျော်ဝတ္ထုများနှင့်တက်တိုး၏ရှင်းပြချက်***။ ရန်ကုန်၊ ပုဂံပုံနှိပ်တိုက်။

တင်ရွှေ၊ ဦး။ (ပါမောက္ခ)။ ***၁၉၂၀ ဝန်းကျင် မြန်မာဝတ္ထုတိုများ***၊ တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ ၁၃၊ အပိုင်း ၆၊ ရန်ကုန်၊ အထက်တန်းပညာဦးစီးဌာန

ထင်၊ မောင်။ ၁၉၇၉။ ***သိပ္ပံဝတ္ထုတိုစာတမ်းများ၊ ဝတ္ထုတိုစာတမ်း(ဒုတိယတွဲ)***၊ ပထမအကြိမ်။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မင်းကျော်။ ၁၉၇၅။ ***ဓာတ်လမ်း***၊ ရန်ကုန်၊ စံပယ်ဦးစာပေ။

ရွှေဥဒေါင်း။ (၂၀၀၆–ဂ)။ ***ဝတ္ထုတိုပေါင်းချုပ်၊ (တတိယတွဲ)***၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ရွှေဥဒေါင်း။ (၂၀၀၆–င)။ ***ဝတ္ထုတိုပေါင်းချုပ်၊ (ပဥ္စမတွဲ)***၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ရွှေဥဒေါင်း။ (၂၀၀၆–စ)။ ***ဝတ္ထုတိုပေါင်းချုပ်၊ (ဆဋ္ဌမတွဲ)***၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

အောင်သင်း။ ၁၉၇၈။ စာပေရေးရာဆောင်းပါးများ။ ရန်ကုန်၊ အမေ့အိမ်စာစဉ်

## အင်္ဂလိပ်ဘာသာ

Laurie E. Rozakis, Ph.D, 2004, THE COMPLETE IDIOT'S GUIDE TO CREATIVE WRITING, Alpha Books, 375 Hudson Street, New York.

Laurie Alberts, 2010, Showing & Telling, Writers Digest. Com Cincinnati, Ohio.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ခေတ်ပေါ်ကဗျာများကို အဆက်အစပ်ပြု ဝေဖန်ရေးဖြင့် လေ့လာခြင်း

အောင်ဆန်း*

## စာတမ်းအကျဉ်း

စာပေနယ်ပယ်တွင် ဝေဖန်ရေးသည် မရှိမဖြစ်လိုအပ်သော ပညာရပ်တစ်ခု ဖြစ်သည်။ စာပေဝေဖန်ရေးသမိုင်းတစ်လျှောက်တွင် ဝေဖန်ရေးအမျိုးမျိုး ပေါ်ပေါက်ခဲ့သည်။ ထိုထဲတွင် အဆက်အစပ်ပြုဝေဖန်ရေးလည်း တစ်ခုအပါအဝင် ဖြစ်သည်။ ထိုဝေဖန်ရေးကို သတိပြုမှုနည်းသွားကြပြီ ဖြစ်သည်။ ဤစာတမ်းတွင် အဆက်အစပ်ပြု ဝေဖန်ရေးသဘောကို ဖော်ထုတ်တင်ပြပါမည်။ ထိုသဘော လက္ခဏာများဖြင့် ခေတ်ပေါ်ကဗျာများကို အလေ့လာခံပြုကာ ခေတ်ပေါ်ကဗျာများ၏ အဆက်အစပ်ပြုမှုသဘောကို ဖော်ထုတ်ဆန်းစစ်တင်ပြသွားပါမည်။ ခေတ်ပေါ်ကဗျာများ၏ အရေးအဖွဲ့စွမ်းရည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဝေဖန်ရေး၊ အဆက်အစပ်ပြု၊ စီးပွားရေးအခြေခံအမြင်၊ သမိုင်းဆိုင်ရာ အခြေခံအမြင်၊ စိတ်ပိုင်းဆိုင်ရာ အခြေခံအမြင်၊ ခေတ်ပေါ်ကဗျာ။***

## နိဒါန်း

စာပေဝေဖန်ရေးသည် စာပေလက်ရာကောင်းများ ပေါ်ထွန်းလာရန်အတွက် အရေးပါသော ပညာရပ်ဖြစ်သည်။ မြန်မာစာပေသမိုင်းတစ်လျှောက်တွင် ဝေဖန်ရေးနည်းနာများ အားနည်းခဲ့သည်ကို တွေ့နိုင်ပါသည်။ ဤစာတမ်းတွင် ထိုအားနည်းချက်ကို တတ်စွမ်းသမျှ ဖြည့်ဆည်းရန် ရည်ရွယ်ပါသည်။ ကမ္ဘာ့စာပေဝေဖန်ရေးနယ်ပယ်ကိုလည်း လက်လှမ်းမီသမျှ လေ့လာရန်လည်း ရည်ရွယ်ပါသည်။ ကမ္ဘာ့စာပေဝေဖန်ရေးတစ်ခုဖြစ်သော အဆက်အစပ်ပြုဝေဖန်ရေးသဘောကို ဦးစွာတင်ပြပါမည်။ ထို့ပြင် အဆက်အစပ်ပြုဝေဖန်ရေး၏ လက္ခဏာများဖြစ်သော စီးပွားရေးဆိုင်ရာအခြေခံအမြင်၊ သမိုင်းဆိုင်ရာအခြေခံအမြင်၊ စိတ်ပိုင်းဆိုင်ရာအခြေခံအမြင်တို့၏ သဘောကိုလည်း တင်ပြပါမည်။ ထို့နောက်တွင် ထိုအခြေခံအမြင်တို့ဖြင့် ခေတ်ပေါ်ကဗျာများ၏ အဆက်အစပ်ပြုမှုသဘောကို ဖော်ထုတ်တင်ပြပါမည်။ အဆက်အစပ်ပြုဝေဖန်ရေးသဘောနှင့် ခေတ်ပေါ်ကဗျာများ၏ အဆက်အစပ်ပြုမှုစွမ်းရည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

---

* ဒေါက်တာ၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ ဝေဖန်ရေးဟူသည်

ဝေဖန်ရေး[၁] ဟူသည် အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားပြသော ပညာရပ်တစ်ခု ဖြစ်သည်။ အကောင်းအဆိုးကိုခွဲခြားခြင်း ဟူသည် ဝေဖန်ရေးသော့ချက်ဖြစ်သည်။ တန်ဖိုးဖြတ်ခြင်း[၂] ဟုလည်း ခေါ်နိုင်သည်။ တန်ဖိုးဖြတ်ချက်များပေးခြင်း[၃] ဟုလည်း ခေါ်နိုင်သည်။[၄] အနုပညာလက်ရာတစ်ခု၏ အကောင်းအဆိုးအကျိုးအပြစ်ကို ထောက်ပြဝေဖန်ခြင်းသည် ဝေဖန်ရေး၏အလုပ်ဖြစ်သည်ဟု ပညာရှင်များက ဆိုခဲ့ကြသည်။

စာပေဝေဖန်ရေးဆိုသည့်အတွက် စာပေကရှေ့၊ ဝေဖန်ရေးက နောက်ကလိုက်ရသည့် သဘောရှိပါသည်။ ထိုသဘောကို တက္ကသိုလ်ဘုန်းနိုင်က–

> "စာပေ၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး ဟူသော လုပ်ငန်းခွင် သုံးရပ်တွင် စာပေက အရင်ပေါ်ရမည်။ စာပေဟူသော ရှုစရာ၊ ရှုကွက်၊ ရှုအပ်သောအရာ ရှိနှင့်ပါမှ စာပေသဘောတရားတို့၊ စာပေဝေဖန်ရေးတို့ ဆိုသည့် ရှုတတ်သော အရာက နောက်မှလိုက်လာသည်။"[၅]

ဟု ဆိုခဲ့ပါသည်။ စာပေကိုအခြေပြု၍ စာပေသဘောတရား၊ စာပေဝေဖန်ရေး ပေါ်ပေါက်လာပုံကို ဆိုလိုခြင်း ဖြစ်ပါသည်။

ဒဂုန်တာရာက စာပေဝေဖန်ရေး၏တန်ဖိုးကို–

> "စာရေးသူ စာဖတ်သူသည် များစွာ ဆက်စပ်လျက် ရှိသည်။ စာဖတ်သူ၏ စာပေအနုပညာ အဆင့်အတန်း မမြင့်လျှင် စာရေးသူသည် အဆင့်အတန်းမြင့်သော စာပေများ ရေးသားရန် ခက်ခဲပေမည်။ စာပေဝေဖန်ရေးဖြင့် ယင်းအခက်အခဲကို ဖြေရှင်းနိုင်သလောက် ဖြေရှင်းနိုင်ပေမည်။"[၆]

ဟု ဆိုပါသည်။ စာပေဝေဖန်ရေးသည် အဆင့်အတန်းမြင့်သော စာပေပေါ်ထွန်းလာရေးကို များစွာ အထောက်အကူပြုကြောင်း ဆိုထားခြင်း ဖြစ်သည်။

---

[၁] Citicism

[၂] evaluation

[၃] value-judgement

[၄] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၃၁။

[၅] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၁၉၉၄၊ ၁၀။

[၆] တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၁၂၅။

ဒေါင်းနွယ်ဆွေက စာပေဝေဖန်ရေး၏ နက်နဲမှုကို–

> "စာပေဝေဖန်ရေးတွင် စာပေဆိုင်ရာ အတွေ့အကြုံကြီးမားမှု၊ စေ့စပ်ပိုင်နိုင်မှု၊ စာပေခေတ်အစဉ်ကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်မှု၊ စာပေလှုပ်ရှားမှုနှင့် တိုးတက်မှုများ၏ အရင်းအမြစ်များကို ဖောက်ထွင်းသိမြင်နိုင်သော အမြင်ရှိမှုနှင့် ဘက်စုံသော အပြန်ပြန်အလှန်လှန်၊ ညှိနှိုင်းမှုများကို ခေါ်ပေသည်။"[၁]

ဟု ဆိုခဲ့ပါသည်။ စာပေနှင့်ပတ်သက်သော အတွေ့အကြုံ၊ ဝမ်းစာဖြည့်မှသာ အရာရောက်သော စာပေဝေဖန်ရေးဖြစ်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဆရာဦးအောင်သင်းကလည်း စာပေဝေဖန်ရေးသမားတစ်ယောက် ထားရှိအပ်သည့် စိတ်ထားကို–

> "ဝေဖန်ရေးသမားတစ်ယောက်ဟာ သက်ဆိုင်ရာ စာပေ၊ ဂီတ စသည်တို့ကို ပိုမို တိုးတက်မြင့်မားလာအောင် အစွမ်းကုန်အကြံပြု တိုက်တွန်းပေးမယ်ဆိုတဲ့ ခံယူချက်မျိုး ရှိသင့်တယ်"[၂]

ဟု ဆိုခဲ့ပါသည်။ ဝေဖန်ရေးဆရာတစ်ဦး ထားရှိအပ်သော ခံယူချက်သဘောကို ဆိုခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် စာရေးသူ စာဖတ်သူတို့ကို အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော ဝေဖန်ရေးဟူသည့် ပညာရပ် ရှိသင့်ပါသည်။ ဝေဖန်ရေးဟူရာ၌လည်း အတွေ့အကြုံရင့်ကျက်သော ဝေဖန်သူများက စေတနာမှန်မှန်ဖြင့် ဝေဖန်ရန် လိုအပ်လှပါသည်။ သို့မှသာ အနှစ်သာရရှိသော စာပေအနုပညာ ပေါ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။

## ၂။ အဆက်အစပ်ပြုဝေဖန်ရေး[၃]သဘော

၁၉ ရာစုတွင် စာပေအနုပညာ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ စာပေဝေဖန်အမြင်များလည်း ဖွံ့ဖြိုးလာခဲ့ပါသည်။ ၁၉ ရာစုတစ်ဝိုက်တွင် ပေါ်ထွန်းလာသော ဝေဖန်ရေးအမြင်မှာ အဆက်အစပ်ပြုဝေဖန်ရေးပင် ဖြစ်သည်။ '၁၉ ရာစုတွင် ထွန်းကားသည်ဆိုသော်လည်း ရှေးဂရိ လူ့အဖွဲ့အစည်းမှာကတည်းကပင် ရှိခဲ့ပါသည်။ အနုပညာနှင့်အတ္ထုပ္ပတ္တိ ယှဉ်တွဲလေ့လာမှုသည် (၁၉)ရာစုကပင် ရှိသည်။ သမိုင်းနှင့်ယှဉ်တွဲ

[၁] ဒေါင်းနွယ်ဆွေ၊ ၁၉၆၉၊ ၁။
[၂] အောင်သင်း၊ ၂၀၀၃၊ ၁၂၅။
[၃] contextual eriticism

လေ့လာမှုမှာမူ (၁၈)ရာစုကပင် ရှိသည်။'[၁] ၁၉ ရာစု သိပ္ပံပညာဖွံ့ဖြိုးမှုနှင့်အတူ ပေါ်ပေါက်လာသော ဝေဖန်ရေးဖြစ်သည်။

'အနုပညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး'[၂] ကျမ်းပြုဆရာ စတိုးနစ်ကမူ အဆက်အစပ်ပြုဝေဖန်ရေး အခြေတည်ရာ အကြောင်း(၂)ရပ်ကို ဖော်ထုတ်တင်ပြခဲ့သည်။ ယင်းတို့မှာ–

(၁) တစ်စုံတစ်ခုကို သီးခြားခွဲထုတ်၍ လေ့လာပါက ထိုတစ်စုံတစ်ခုကို နားမလည်နိုင်ပါ။ အခြားသော အကြောင်းအရာများနှင့် ဆက်စပ်ယှဉ်တွဲလေ့လာမှသာ ထိုတစ်စုံတစ်ရာကို နားလည်နိုင်သည်။[၃]

(၂) ၁၉ ရာစု အတွေးအခေါ်ရှင်များသည် အနုပညာဝေဖန်ရေးကို သိပ္ပံပညာကဲ့သို့ တိကျစေလိုသည်။[၄]

တို့ဖြစ်ကြသည်။ အဆက်အစပ်ပြုဝေဖန်ရေးသည် အနုပညာ၏ ပြင်ပအဆက်အစပ်များကို တိကျနိုင်သမျှ တိကျအောင်ဆက်စပ်ကာ အနုပညာ၏အရည်အသွေးကို ဖော်ထုတ်သော ဝေဖန်ရေးဟု ဆိုရပေမည်။

အဆက်အစပ်ပြုဝေဖန်ရေး၏ သဘောကို ပါမောက္ခဦးတင်ရွှေက–

"အဆက်အစပ်ပြုဝေဖန်ရေးသည် စာပေအနုပညာလက်ရာများကို ဝေဖန်သုံးသပ်ရာတွင် အကြောင်းနှင့်အကျိုး ဆက်စပ်ဝေဖန်သော ဝေဖန်ရေး ဖြစ်သည်။ စာပေအနုပညာလက်ရာများ၏ အဆက်အစပ်တွင် အခြေအနေအရပ်ရပ်များ ပါဝင်သည်။ ထိုအခြေအနေများတွင် စာပေအနုပညာလက်ရာ ပေါ်ပေါက်လာပုံ ပါဝင်သည်။ လူမှုအဖွဲ့အစည်းကို ထိုစာပေလက်ရာ၏ အကျိုးသက်ရောက်မှု ပါနိုင်သည်။ စာပေအနုပညာလက်ရာများနှင့် အခြားပြင်ပ အကြောင်းအရာများ အပြန်အလှန်ဆက်နွယ်ပုံများ၊ အပြန်အလှန်ပြုမှု သက်ရောက်စေခြင်းများလည်း ပါဝင်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။"[၅]

---

[၁] Stolnitz, Jerome, 1960, 450.

[၂] Aesthetics Philosophy of Art Criticism

[၃] မြဝင်း၊ (ဒသဃန)၊ ၂၀၀၃၊ ၄၃–၄၄။

[၄] မြဝင်း၊ (ဒသဃန)၊ ၂၀၀၃၊ ၄၄။

[၅] တင်ရွှေ၊ ဦး(ပါမောက္ခ–)၊ ၂၀၀၄၊ ၄၉။

ဟု ဆိုခဲ့ပါသည်။ စာပေအနုပညာလက်ရာနှင့် ပြင်ပအကြောင်းအရာများ ဆက်နွယ်ပုံကို အကြောင်းအကျိုးဆက်စပ်ကာ လေ့လာဖော်ထုတ်သော ဝေဖန်ရေးဟု ဆိုနိုင်ပါသည်။

အဆက်အစပ်ပြုဝေဖန်ရေး၏နေရာကို ဆရာဇော်ဇော်အောင်က–

"အဆက်အစပ်ပြုလေ့လာမှုကို လုံးဝပစ်ပယ်၍မရပါ။ သူ့ဂုဏ်နှင့်သူ၊ သူ့တန်ဖိုးနှင့်သူ ရှိပါသည်။ စာပေလေ့လာမှုသမိုင်းမှာလည်း အချိန်ကြာမြင့်စွာ ရှေ့တန်းက နေရာယူထားပါသည်။"[၁]

ဟု ဆိုခဲ့ပါသည်။ အဆက်အစပ်ပြုဝေဖန်ရေးသည် ယနေ့တိုင် အရေးပါလျက်ရှိပုံကို ဆိုခဲ့ခြင်း ဖြစ်သည်။

အဆက်အစပ်ပြု ဝေဖန်ရေးအမြင်ကို လေ့လာပါက–

(၁) စီးပွားရေးအခြေခံအမြင်[၂]

(၂) သမိုင်းဆိုင်ရာအခြေခံအမြင်[၃]

(၃) စိတ်ပိုင်းဆိုင်ရာအခြေခံအမြင်[၄]

ဟူ၍ သုံးမျိုးခွဲခြားကာ လေ့လာသည်ကို တွေ့နိုင်ပါသည်။

## ၂၊ ၁။ စီးပွားရေးအခြေခံအမြင်

စီးပွားရေးအခြေခံအမြင်ဖြင့် ဝေဖန်ခြင်းကို ကားလ်မတ်[၅] (၁၈၁၈–၁၈၈၃)၏ အတွေးအခေါ်ကို အခြေပြုထားခြင်း ဖြစ်သည်။ ကားလ်မတ်သည် ၁၈၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဂျာမန်နယ်ပယ်ကြီးတစ်ခုဖြစ်သော ပရပ်ရှားပြည်၊ ရိုင်းလန်းဒေသရှိ ထရိယာ(ထရီ)မြို့၌ မွေးဖွားခဲ့သည်။ကားလ်မတ်သည် အိန်ဂျယ်နှင့်အတူ နာမည်ကျော် 'ကွန်မြူနစ်ကြေညာစာတမ်း'ကို ရေးသားပြီး ၁၈၄၈ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစာအုပ်သည် နောင်တွင် ကွန်မြူနစ်ဝါဒ၏ အခြေခံလက်စွဲစာအုပ် ဖြစ်ခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်က မတ်၏ စာပေအယူအဆနှင့်ပတ်သက်၍–

[၁] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၅၈–၅၉။
[၂] social point of view
[၃] historical point of view
[၄] psychological point of view
[၅] Karl Marx

> "လူ၏အသိစိတ် ဟူသည်မှာ လူတန်းစားအသိစိတ်သာ ဖြစ်သည် ဟူသော သဘောတရား။ ကုန်ထုတ်ဆက်ဆံရေးဘဝ[၁] ။ တွေးခေါ် မြော်မြင်ခြင်းစာပေ။ အနုပညာတို့၏ သဘာဝအသီးသီးကို ပဲ့ပြင် ကြိုးကိုင်သည် ဟူသော တရား။ ရှေးဟောင်းစာပေများမှသည် ယနေ့စာပေများ အားလုံးတို့သည် မိမိပေါ်ထွန်းရာခေတ်ရှိ လူ့ဘောင်အဖွဲ့အစည်းမှ လူမှုဆက်ဆံရေးဘဝကို ရောင်ပြန်ဟပ်သည် ဟူသော သဘောတရား"[၂]

ဟု ဆိုခဲ့ပါသည်။ စာပေအနုပညာတို့သည် သက်ဆိုင်ရာ လူမှုဆက်ဆံရေးဘဝများ၏ ရောင်ပြန်ဟပ်၍ ပေါ်လာသောအရာများဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်သည်။

ပါမောက္ခဦးတင်ရွှေက မတ်၏အမြင်ကို–

> "လူမှုအဖွဲ့အစည်းတွင် အဓိကနှင့် အခြေခံအကျဆုံးမှာ စီးပွားရေး ဖြစ်သည်။ စီးပွားရေးသည် အစစအရာရာ၏ ပင်မဖြစ်သည်။ ထိုစီးပွားရေးအဆောက်အဦအပေါ် အခြေပြုပြီး နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ စသည့် အတွေးအခေါ်များလည်း ပေါ်ပေါက်လာရသည်။"[၃]

ဟု ဆိုခဲ့ပါသည်။ စာပေအနုပညာတို့သည် သက်ဆိုင်ရာ လူမှုဆက်ဆံရေးဘဝများ၏ ရောင်ပြန်ဟပ်၍ ပေါ်ပေါက်လာကြခြင်းဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်သည်။

စတိုးနစ်က မတ်ဝါဒ၏သဘောကို–

> "မတ်၏ အခြေခံဒဿနအမြင်ကို လေ့လာသောအခါ စီးပွားရေး မောင်းနှင်အားသည် အရာရာကို အဆုံးအဖြတ်ပေးနေသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မတ်၏အခြေခံဒဿနအမြင်ကို စီးပွားရေး ပြဋ္ဌာန်းခံဝါဒ[၄] ဟု ခေါ်ဆိုနိုင်သည်။"[၅]

ဟု ဆိုခဲ့ပါသည်။ စီးပွားရေးသာလျှင် အရာရာ၏ အခြေခံဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

---

[၁] Life of Production Relations

[၂] ဘုန်းနိုင် (တက္ကသိုလ်–)၊ ၂၀၀၄၊ ၆၅။

[၃] တင်ရွှေ၊ ဦး(ပါမောက္ခ–)၊ ၂၀၀၄၊ ၅၃။

[၄] economic determinism

[၅] မြဝင်း၊(ဒဿန)၊ ၂၀၀၃၊ ၅၉။

စီးပွားရေးအခြေခံအမြင်ဖြင့် လေ့လာခြင်းသည် စီးပွားရေးကို အခြေခံသော အနုပညာလက်ရာများ၏ လမ်းကြောင်းကို ဖော်ထုတ်၍ အကဲဖြတ်ခြင်း ဖြစ်သည်။ စာရေးသူသည် စီးပွားရေးကြောင့် လူမှုအခွင့်အရေးများ ခြားနားရခြင်း၊ လူတန်းစား ပဋိပက္ခဖြစ်ရခြင်းတို့ကို ကြည့်မြင်၍ ဖိနှိပ်သူကို ဆန့်ကျင်၊ အဖိနှိပ်ခံတို့၏ဘဝကို စာနာမှုဖြင့် ရေးဖွဲ့ရမည်။ အထူးသဖြင့် အဖိနှိပ်ခံတို့ဘက်မှ ရပ်တည်ရမည် ဖြစ်သည်။ စာဆိုဖန်တီးလိုက်သော အနုပညာရပ်သည် စာဆို့ဝန်းကျင်ရှိ စီးပွားရေးဂယက်မှ ပေါ်ထွက်လာပြီး ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက အကျိုးပြုရမည် ဖြစ်သည်။

## ၂၊ ၁၊ ၁။ ခေတ်ပေါ်ကဗျာဟူသည်

'ခေတ်ပေါ်ကဗျာဆိုသော စကားလုံး မြန်မာစာပေလောကတွင် ခေတ်စားလာသည်မှာ ၁၉၇၀ ခုနှစ်တစ်ဝိုက်က ဖြစ်သည်။'[၁] '၁၉၆၈ ခုနှစ် ဆရာမြဇင်က 'ခေတ်ပေါ်ကဗျာကြေညာစာတမ်း' ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့ပါသည်။ Modern Poetry ဆိုသော အင်္ဂလိပ်စကားလုံးကို မြန်မာမှုပြုထားခြင်း ဖြစ်သည်။'[၂]

ထို့နောက်တွင် 'မောင်သာနိုး၏ ထင်းရှူးပင်ရိပ် ထွက်ပေါ်လာသည်။ အနောက်တိုင်း ကဗျာများကို ဘာသာပြန်ကာ စုစည်းထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ခေတ်ပေါ်ကဗျာကို စိတ်ဝင်စားသော လူငယ်များကို ဩဇာလွှမ်းမိုးခဲ့ပါသည်။'[၃]

ဆရာမြဇင်က ခေတ်ပေါ်ကဗျာသဘောကို–

> "ကျွန်ုပ်တို့၏ခေတ်၌ ရေးသားဖွဲ့ဆိုအပ်သော ကဗျာသည် ကျွန်ုပ်တို့၏ ခေတ်ပေါ်ခံစားပုံကို အခြေပြု၍ ခေတ်ပေါ်ခံစားပုံကို ဖော်ကျူးမှုသာလျှင် ခေတ်ကိုကိုယ်စားပြုသော ခေတ်ပေါ်ကဗျာ ဖြစ်သည်။"[၄]

ဟုလည်းကောင်း၊ ခေတ်ပေါ်ကဗျာ၏လက္ခဏာများကို–

"(က) ခေတ်ပေါ်ကဗျာသည် ထွေပြားသည်။ ရိုးရိုးစင်းစင်း မဟုတ်ပေ။

(ခ) ခေတ်ပေါ်ကဗျာသည် သိပ်သည်း၏။ ကျဲတဲတဲမဟုတ်ပေ။

(ဂ) ခေတ်ပေါ်ကဗျာသည် ကျယ်ဝန်းစွာ လွှမ်းခြုံ၏။ မကျဉ်းမြောင်းပေ။

---

[၁] သစ္စာနီ၊ ၂၀၀၇၊ ၁၆၊ ၁၇။
[၂] သစ္စာနီ၊ ၂၀၀၇၊ ၁၆၊ ၁၇။
[၃] သစ္စာနီ၊ ၂၀၀၇၊ ၁၈။
[၄] မြဇင်၊ ၂၀၁၇၊ ၁။

(ဃ) ခေတ်ပေါ်ကဗျာသည် ရိပ်ကာဝဲကာ ပြောသည်။ တိုက်ရိုက် မပြောပေ။

(င) ခေတ်ပေါ်ကဗျာသည် ဇေကန် တရားသဘောကို ဆောင်၏။ တမင် ပြုလုပ်အပ်သော တရားသဘောကို မဆောင်ပေ။

(စ) ခေတ်ပေါ်ကဗျာသည် အကွက်သဘောဆောင်သည်။ မျဉ်းသဘော မဆောင်ပေ။ ”[၁]

ဟုလည်းကောင်း ဆိုခဲ့ပါသည်။ ခေတ်ပေါ်ကဗျာ၏သဘောနှင့် လက္ခဏာကို ခြုံငုံမိစေသော ဖွင့်ဆိုချက်များ ဖြစ်ပါသည်။

မျိုးသန့်က ခေတ်ပေါ်ကဗျာ၏ အကြောင်းအရာသဘောကို–

“ခေတ်ပေါ်ကဗျာတွင် အကြောင်းအရာအားဖြင့် ကျေးလက်ခံစားမှုနှင့် မြို့ပြခံစားမှုသာမက စက်မှုသိပ္ပံ သီဝရီခံစားမှုလည်း ပါဝင်နိုင် ပါသည်။”[၂]

ဟု ဆိုသည်။ ခေတ်ပေါ်ကဗျာများ၏ အကြောင်းအရာသည် ခေတ်နှင့် ရင်ပေါင် တန်းနေခြင်း သဘောကို ဆိုလိုခြင်း ဖြစ်ပါသည်။

ဇေယျာလင်းက ခေတ်ပေါ်ကဗျာ၏လမ်းကြောင်းကို–

“ခေတ်ပေါ်ကဗျာကို တောင်းဆိုရာတွင် ခေတ်၏လိုအပ်ချက်၊ အတတ်ပညာ လိုအပ်ချက်၊ ကမ္ဘာ့အနုပညာ စာပေလောကနှင့် ယှဉ်သော လိုအပ်ချက်တို့အပြင် ထိုခေတ်က လူငယ်ကဗျာဆရာ အချို့၏ ကဗျာအသစ်ကို အပြင်းအထန် လိုလားချက်များ ရှိခဲ့သည်။”[၃]

ဟု ဆိုခဲ့သည်။ ခေတ်ပေါ်ကဗျာသည် ခေတ်၏လိုအပ်ချက်၊ တောင်းဆိုချက်အရ ပေါ်ပေါက်လာပုံကို ဆိုထားခြင်း ဖြစ်သည်။

ထို့ကြောင့် ခေတ်ပေါ်ကဗျာသည် ၁၉၇၀ ကာလမှ ယနေ့အထိ ခေတ်ပေါ် ခံစားမှုများကို ဖမ်းဆုပ်မရသော ကဗျာပုံသဏ္ဌာန်နှင့် ကဗျာ့အတတ်ပညာများ အသုံးပြုကာ ဆက်လက်ရေးဖွဲ့နေဆဲ ဖြစ်ပါသည်။

---

[၁] မြဇင်၊ ၂၀၁၇၊ ၈။

[၂] မျိုးသန့်၊ ၂၀၁၇၊ ၁၃။

[၃] ဇေယျာလင်း၊ ၂၀၁၇၊ ၂။

## ၂။ ၁။ ၂။ ခေတ်ပေါ်ကဗျာများနှင့် စီးပွားရေးအခြေခံအမြင်

မောင်ချောနွယ်၏ ‘လူကြိုက်နည်းတဲ့ကောင်’[၁] ကဗျာတွင် ကဗျာဆရာသည် ကိုယ့်ကိုယ်ကို ပြန်လည်သုံးသပ်ရင်း မပြည့်စုံသော ဘဝအခြေအနေကို ဖွင့်ဟထားသည်ကို တွေ့နိုင်ပါသည်။ ‘ကဗျာဆရာ ဈေးသို့သွားရာတွင် မထင်မှတ်ဘဲ မြင်ကွင်းတစ်ကွက်မြင်လိုက်ရာမှ ကဗျာအတွေးစ ရရှိခဲ့သည်။’[၂]

ထိုမြင်ကွင်းကို မြင်ကာ သူ၏ဘဝနှင့်ယှဉ်ကပ်၍–

“ဈေးထဲမှာ ကိုယ်ထည်ပြည့်ပြည့် အရသာရှိရှိ
ရေချိုငါးသလောက်ကြီးက ၁၀ ကျပ်တဲ့။
နာမည်လည်းဖျင်း၊ အဆီအသားလည်းဖျင်းတဲ့
ငဖျင်းက ၂၈ ကျပ်ဈေးတဲ့။
ဒါနဲ့ ဆိုင်ရှင်ကို မေးကြည့်မိတယ်။
ဘာဖြစ်လို့များ အရသာလည်းရှိ ကိုယ်ထည်လည်းပြည့်တဲ့
ရေချိုငါးသလောက်က ဈေးနည်းရတာလဲလို့။
လူကြိုက်နည်းလို့တဲ့။
ငါးဖျင်းကတော့ လူကြိုက်များလို့ ဈေးကြီးတယ်တဲ့။
ဟုတ်ကဲ့ မောင်ချောနွယ်ဟာ
လူကြိုက်နည်းတဲ့ကောင်။
မိုက်ရိုင်းထွားကျိုင်းလှချည်ရဲ့။
မတ်တတ်စာတောင် မဖူမလုံတဲ့ကောင်
တုံးလုံးစာ ဝေလာဝေးလို့ ခန္ဓာကိုယ်နဲ့ကောင်လေ”[၃]

ဟု ဖွဲ့သည်။ သူ၏ ဆင်းရဲမှုကြောင့် လူအထင်ကြီးလေးစားမှုမရှိပုံကို ဒိဋ္ဌလောကရှိ ငါးများ၏ တန်ဖိုးသတ်မှတ်ချက်နှင့် ဆက်စပ်ဖွဲ့ဆို ဖော်ကျူးထားခြင်း ဖြစ်သည်။

---

[၁] ချောနွယ်၊ မောင်၊ ၂၀၀၄၊ ၁၅။
[၂] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၃၅။
[၃] ချောနွယ်၊ မောင်၊ ၂၀၀၄၊ ၁၅။

တစ်ခါတစ်ရံ ကဗျာဆရာသည် သူ့ဘဝကိုသူ မရှိမာန်ဖြင့် တည်ဆောက်ချင်ပုံကို–

“အပေါ်စား ရက်စတောရင့်တွေက

အလင်္ကာရတဲ့ ဆာဒင်းဟင်းချိုတွေနဲ့

သူ့ဘဝကို မတည်ဆောက်လိုဘူးတဲ့။

ဒါပေမယ့် ခက်နေပုံများ

စားပွဲပေါ်မှာ သည်ဟင်းချိုရည်တစ်ခွက်ပဲ

ပူပူနွေးနွေး ရှိလေတာ”[၁]

ဟု ဖွဲ့သည်။ ဘဝ၏မပြေလည်မှုများကြောင့် စိတ်နောက် ကိုယ်မပါနိုင်သော အခြေအနေမျိုးကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။ ပြင်ပလောကတွင် ရှိနေဖြစ်နေသည့် အခြေအနေ၊ အလင်္ကာရသော ဆာဒင်းဟင်းချိုတို့နှင့် ဆက်စပ်တင်ပြထားသည်။

တစ်ခါတစ်ရံ သူ၏ဒုက္ခကို သူတစ်ပါးမသိအောင် မြိုသိပ်ရပုံကို–

“နာကျင်တဲ့အခါ မအော်ဘဲ

ပျော်ရွှင်တဲ့အခါ ရယ်မောဖို့ နောက်မကျခဲ့ဘူး။

သူ့အတိဒုက္ခကို တစ်ဖက်လူက

သိရှိလက်ခံပေမဲ့

သူက သူ့ဒုက္ခအပေါ်

ကိုယ်ဖော့ဖော့ နေတတ်လွန်းလို့

တစ်ဝက်ကူညီစာနာမှုသာ ရရှိခဲ့သူပေါ့”[၂]

ဟု ဖွဲ့သည်။ မိမိဒုက္ခကို သူတစ်ပါးအား မဝေမျှလိုသောသဘောကို တွေ့နိုင်ပါသည်။

သူ့ဘဝအပေါ် ပစ်ပစ်ခါခါ နေတတ်သောကြောင့် ချမ်းသာသူများက ကဲ့ရဲ့ကြပုံကို–

---

[၁] ချောနွယ်၊ မောင်၊ ၂၀၀၄၊ ၁၆။

[၂] ချောနွယ်၊ မောင်၊ ၂၀၀၄၊ ၁၅။

"နှစ်ပေါင်းလေးဆယ်လုံးလုံး
သူ့ဘဝသူ့အပေါ်ကျ မကောင်းခဲ့တဲ့သူလေ
မလည်မဝယ်နဲ့ အနေအထိုင်မတတ်ဘူးလို့
ရင်ဘက်ဆွဲကြိုးနဲ့ ကောင်တွေရဲ့ ဝေဖန်ခံရလှပေါ့"[၁]

ဟု ဖွဲ့သည်။ လူဆင်းရဲလျှင် ကဲ့ရဲ့ခြင်း မလွတ်တတ်ပုံကို တွေ့နိုင်သည်။

မောင်ချောနွယ်၏ လူကြိုက်နည်းတဲ့ကောင်ကဗျာသည် ဆင်းရဲလျှင် လူကြိုက်နည်းတတ်ပုံကို ဖော်ကျူးထားခြင်း ဖြစ်သည်။ ဆင်းရဲခြင်းကြောင့် ခံစားရသော ခံစားမှုများကို ကဗျာအနုပညာအဖြစ် ပုံသဏ္ဌာန်ပြောင်းကာ တင်ပြထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကဗျာဆရာက သူ၏ပတ်ဝန်းကျင်ရှိ ဆင်းရဲသောဘဝများကို ဖွင့်လှစ်ပြခဲ့ခြင်းကြောင့် ကဗျာဆရာ ဖြတ်သန်းနေရသောခေတ်၏ ဆင်းရဲသား အခြေခံလူတန်းစားများအပေါ် ပတ်ဝန်းကျင်က မြင်ပုံရှုပုံကိုလည်း မြင်တွေ့စေနိုင်ခဲ့ပါသည်။ စီးပွားရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်ဟူသော သဘောကို ဆင်ခြင်နိုင်သည့် ကဗျာတစ်ပုဒ် ဖြစ်ပါသည်။ သူ့ခေတ်တွင် အမှန်တကယ် တွေ့မြင်နေရသော ခေတ်သရုပ်နှင့် ဆက်စပ်ရေးဖွဲ့ခြင်းဖြင့် ဘဝသရုပ်ဖော်ကဗျာ ပီသစေသည်။

မောင်အောင်ပွင့်၏ 'ပုရွက်ဆိတ်များရဲ့ သာရေးနာရေး ပဏာမအစီရင်ခံစာ'[၂] ကဗျာတွင်လည်း လူတန်းစားမတူညီမှုမှ ပေါက်ဖွားလာပုံကို တွေ့နိုင်ပါသည်။ ဤကဗျာသည် 'ကဗျာဆရာ အကျဉ်းထောင်ထဲ ရောက်ရှိနေစဉ် ၁၉၇၈ ခုနှစ်က စတင်၍ စိတ်လှုံ့ဆော်မှုရခဲ့သည်။'[၃] 'ကဗျာဆရာ အဖော်ရရှိသွားသည်။ သူ့အဖော်မှာ အကျဉ်းခန်းထဲရှိ ပုရွက်ဆိတ်များပင် ဖြစ်သည်။ ပုရွက်ဆိတ်တို့သည် ရပ်နားသည် မရှိ။ တစ်သွားတည်း သွားနေသူများ ဖြစ်သည်။ ဝီရိယအမြဲစိုက်နေသူများ ဖြစ်သည်။ အရာရာကို ကျော်လွှားနိုင်သူများ ဖြစ်သည်။ ထို့ကြောင့် အခြေခံလူတန်းစားကို ပုရွက်ဆိတ်ဖြင့် ထပ်တူပြုရေးဖွဲ့ထားသည်။'[၄]

ကဗျာတွင် ပုရွက်ဆိတ်တို့သည် တောင်တန်းကျော်နိုင်ကြောင်း၊ မိုးရွာရေကြီးမည်ကို ကြိုသိနိုင်ကြောင်း၊ တွင်းမည်မျှနက်နက် ဆင်းနိုင်ကြောင်း၊ ရေကြီးပါက အိမ်ခေါင်မိုးကပ်၍လည်း နေနိုင်ကြောင်း၊ လူများက မည်သို့နှိပ်စက်နှိက်စက်

---

[၁] ချောနွယ်၊ မောင်၊ ၂၀၀၅၊ ၂၀။
[၂] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၄၀။
[၃] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၄၁။
[၄] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၄၁။

မျိုးမပြုန်းနိုင်ကြောင်း၊ ဒိုင်နိုဆောတို့နှင့် ခေတ်ပြိုင်ဖြစ်ခဲ့ကြောင်း၊ ရေထဲဖောင်ဖွဲ့ ကူးကူး၊ ထမင်းလုံးကို ဝိုင်းဖွဲ့သယ်သယ် အလွန်စည်းလုံးကြကြောင်းများကို ဖွဲ့ပါသည်။ ကိုယ်ပိုင်လုပ်အားကိုသုံး၊ စည်းစည်းလုံးလုံးဖြင့် နေကြပုံကို အားရဖွယ် တွေ့နိုင်ပါသည်။

ထိုသို့ လှုပ်ရှားနေသောကြောင့် ကျန်းမာရေးကောင်းမွန်နေပုံကို–

> "ပုရွက်ဆိတ်များ ကျန်းမာရေး သွေးတိုးဖြစ်ခဲတယ်။ ပုရွက်ဆိတ် တွေမှာ ဗိုက်ရွှဲတာမရှိ။ မေးစေ့နှစ်ထပ်နဲ့ အသားလတ်တဲ့သူ မရှိ"[၁]

ဟု ဖွဲ့သည်။ ပုရွက်ဆိတ်များသည် ဆင်းရဲပင်ပန်းစွာ ရုန်းကန်ရသော်လည်း ဖိမ်ခံမှု မပြုနိုင်ပုံကို–

> "ပုရွက်ဆိတ်များ ဖွားသေစာရင်းမှန် ထုတ်ပြန်ဖို့မလို
>
> ပုရွက်ဆိတ်အပေါင်းဟာ
>
> ဝတ်ကောင်းစားလှမဝတ်ရလို့ ဘာမှမဖြစ်ဘူး
>
> နိုင်ငံခြားဖိနပ်မဝတ်ရလည်း ဘာမှမဖြစ်ဘူး
>
> ပုရွတ်ဆိတ်အပေါင်းဟာ
>
> အိမ်သာကောင်းကောင်းမလို
>
> ဆေးရုံကောင်းကောင်းမလို
>
> ကျောင်းကောင်းကောင်းမလို
>
> ပုရွက်ဆိတ်တွေဟာ လေဘာထပ်စရာမလို
>
> ပုရွက်ဆိတ်တွေဟာ ဒေါက်တာဇီးဗားဂိုးကိုမသိ"[၂]

ဟု ဖွဲ့သည်။ ပင်ပန်းသော်လည်း ဖိမ်မခံနိုင်သော အခြေခံလူတန်းစားများ၏ဘဝကို တွေ့မြင်စေခဲ့ရသည်။ ပုရွက်ဆိတ်လောကတွင် လိုအပ်ချက်နည်းပါးသည့်အလျောက် ပကာသနမလိုအပ်ပုံကို တင်ပြရာ၌ ဒိဋ္ဌလောကရှိ လူမှုအဖွဲ့အစည်း၏ ဂုဏ်ပကာသန လွှမ်းသည့် လိုအပ်ချက်များနှင့် တင်ပြရေးဖွဲ့ထားသည်။ ပုရွက်ဆိတ်လောကကို

---

[၁] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၄၀။

[၂] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၄၀။

လူ့လောကနှင့် တင်စားရေးဖွဲ့ထားသည်။ အဆက်အစပ်ဝေဖန်ရေးအမြင်နှင့်ကြည့်လျှင် ဒိဋ္ဌဓမ္မလူ့လောကနှင့် ဆက်စပ်ရေးဖွဲ့၍ ပုရွက်ဆိတ်လောကသည် စိတ်ဝင်စားဖွယ် ဖြစ်လာသည်။ ပုရွက်ဆိတ်လောကကို ပြ၍ လူသားတို့ကို အသိပေးထားသည်။

နောက်ဆုံးတွင် အနှိမ်ခံ ပုရွက်ဆိတ်များ၏ဘဝကို–

"ပုရွက်ဆိတ်တွေရဲ့ခြေရာ မြေမှာမထင်ပေါင်

ပုရွက်ဆိတ်များကိုပုံချ သုညပုံအလယ်ကောင်မှာ

ဘယ်အကောင် ဖွတ်အတင်းသွတ်သွင်းသွားခဲ့သလဲ

အလို… ပုရွက်ဆိတ်တစ်ကောင် ပိန်ညှောင်ညှောင်နဲ့

တံခါးပေါင်ပေါ်မှာ

အတော်စတိုင်ပဲ့တဲ့ ယိုင်နဲ့နဲ့နေ့ပေပဲ"[၁]

ဟု ဖွဲ့ခဲ့သည်။ ပုရွက်ဆိတ်များ၏ မတောက်ပြောင်ပုံကို တွေ့မြင်နိုင်ပါသည်။

ကဗျာဆရာသည် ပုရွက်ဆိတ်ဘဝကို အခြေခံလူတန်းစားဘဝနှင့် ထပ်တူပြုကာ တင်စားရေးဖွဲ့ခဲ့ပါသည်။ ပုရွက်ဆိတ်တို့၏ဘဝမှတစ်ဆင့် အခြေခံလူတန်းစားတို့သည် ဆင်းရဲပင်ပန်းစွာ ရုန်းကန်၊ ဆင်းရဲစွာ အသက်မွေးရသော်လည်း ဖိမ်လည်း မခံနိုင်၊ အထောက်အပံ့လည်း ကင်းဝေးကာ အနှိမ်ခံ မလှမပဘဝကို မြင်တွေ့စေခဲ့ရသည်။ ကဗျာဆရာသည် ပတ်ဝန်းကျင်ရှိ အခြေခံလူတန်းစားများ၏ဘဝကို တွေ့မြင်ကာ အခြေခံလူတန်းစားများ၏ မပြည့်စုံသောဘဝကို ဖော်ထုတ်ခဲ့သည်။ ဘာမှမရှိသောကြောင့် ဘာမှမလိုသော အခြေအနေကိုလည်း ဖော်ပြခဲ့သည်။ ကဗျာဆရာ ဖြတ်သန်းနေရသော ခေတ်ကို ထင်ဟပ်မြင်ယောင်စေခဲ့ရသည်။ အခြေခံလူတန်းစားတို့၏ လူမွေးလူတောင်မပြောင်နိုင်သည့် ဘဝအခြေအနေများကို ပေါ်လွင်စေသည့် ကဗျာတစ်ပုဒ် ဖြစ်ပါသည်။ ခေတ်ကိုခံစားရေးဖွဲ့ထားရာတွင် ခေတ်၏ စီးပွားရေးနှင့် ထိုစီးပွားရေးအောက်မှ ဆင်းရဲသားလူတန်းစား၏ ဘဝများကို ဖွဲ့ဆိုထားသည်။

## ၂၊ ၂။ သမိုင်းဆိုင်ရာအခြေခံအမြင်

သမိုင်းဆိုင်ရာအခြေခံအမြင်သည် ပြင်သစ်ဝေဖန်ရေးနှင့် သမိုင်းပညာရှင် ဟစ်ပိုလိုက်တေနီ[၂] (၁၈၂၈)–၁၈၉၃)၏ အတွေးအခေါ်ကို အခြေပြုထားခြင်း ဖြစ်သည်။

---

[၁] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၄၀။

[၂] Hippolyte-Taine

ဟစ်ပိုလိုက်တေနီသည် ကားလ်မတ်နှင့် ခေတ်ပြိုင် ထင်ရှားခဲ့သူ ဖြစ်သည်။ 'ဟစ်ပိုလိုက်တေနီကို ပြင်သစ်နိုင်ငံ၊ ဘောဇီးယားမြို့၊ အာဒန်းနက်တွင် ၁၈၂၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့၌ ဖွားမြင်ခဲ့သည်။'[၁] တေနီသည် ပလေတို၏ စရိုက်သဘာဝ ကျမ်းဖြင့် ဒေါက်တာဘွဲ့ ရရှိခဲ့သူဖြစ်သည်။

ဟစ်ပိုလိုက်တေနီက အနုပညာသည် လျှို့ဝှက်ဆန်းကျယ်သော အရာတစ်ခု မဟုတ်ဘဲ အနုပညာရှင်၏ စိတ်ကူးစိတ်သန်းက ပေါ်ထွက်လာသောအရာဟု ယူဆသည်။ ထိုစိတ်ကူးစိတ်သန်းမှာ အလိုအလျောက် ပေါ်လာသည်မဟုတ်ဘဲ သမိုင်းဆိုင်ရာ အထောက်အထားများ၏ ပံ့ပိုးမှုကြောင့်ဖြစ်ကြောင်းကို ဤသို့ဆိုခဲ့သည်။

> "အနုပညာသည် အနုပညာရှင်၏ ပင်ကိုဉာဏ်မှ အလိုအလျောက် ထွက်ပေါ်လာသော ပစ္စည်းတစ်ခုမဟုတ်ဘဲ လူမျိုး[၂]၊ ပတ်ဝန်းကျင်[၃]၊ ခေတ်[၄] တို့၏ ထင်ဟပ်ချက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုအကြောင်းသုံးမျိုးသည် အနုပညာတစ်ခုအတွက် လုံလောက်သော အခြေခံဖြစ်သည်။"[၅]

စာပေအနုပညာဟူသည် လျှို့ဝှက်ဆန်းကြယ်သောအရာ မဟုတ်ဘဲ လူမျိုး၏ ပတ်ဝန်းကျင်၊ ခေတ်တို့၏ တိုက်ခတ်လှုံ့ဆော်မှုမှ ထွက်ပေါ်လာသော အရာသာ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ 'လူမျိုးဆိုသည်မှာ ဝါသနာထုံ၊ မျိုးရိုးဗီဇ၊ စိတ်နေစိတ်ထားအစဉ် ဖြစ်သည်။'[၆] ပတ်ဝန်းကျင်ဆိုရာ၌ မိမိပတ်ဝန်းကျင်သာမက 'တခြား လူ့အဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှုများ၊ လူမှုဖိအားပေးမှုများ၊ စစ်စသည်'[၇] ပါဝင်သည်။ 'ခေတ်ဆိုသည်မှာ သီးခြားသမိုင်းကာလကို ပြောဆိုသော သတ်မှတ်ချက် ဖြစ်သည်။'[၈]

ဆရာမြသန်းတင့်က သမိုင်းနှင့် စာပေဆက်စပ်မှုသဘောကို–

---

[၁] The New Encyclopedia Britanmica Volume, 7, 1975, 992-993.

[၂] race

[၃] surrounding

[၄] epoch

[၅] တင်ရွှေ၊ ဦး(ပါမောက္ခ–)၊ ၂၀၀၄၊ ၇၁။

[၆] တင်ရွှေ၊ ဦး(ပါမောက္ခ–)၊ ၂၀၀၄၊ ၇၂။

[၇] တင်ရွှေ၊ ဦး(ပါမောက္ခ–)၊ ၂၀၀၄၊ ၇၂။

[၈] တင်ရွှေ၊ ဦး(ပါမောက္ခ–)၊ ၂၀၀၄၊ ၇၂။

"အကြောင်းကိစ္စတစ်ခုခုကို ခြေခြေမြစ်မြစ် သိချင်ရင် သမိုင်းနဲ့ ကင်းကွာပြီး ကြည့်လို့မရပါဘူး။ သမိုင်းနောက်ခံနဲ့ အမြဲ ဆက်စပ် ကြည့်မှသာ အမှန်ကို သိနိုင်ပါတယ်"[၁]

ဟု ဆိုခဲ့ပါသည်။ စာပေကိုလေ့လာပါက သမိုင်းကို လျစ်လျူပြု၍ မရစကောင်းသော သဘောကို ဆိုလိုခြင်း ဖြစ်သည်။

တေနီ၏ သမိုင်းဆိုင်ရာ အခြေခံအမြင်သည် စာပေအနုပညာကို လူမျိုး၊ ပတ်ဝန်းကျင်၊ ခေတ် ဟူသော သမိုင်းဆိုင်ရာ ဆက်စပ်မှုဖြင့် ကြောင်းကျိုးဆက်နွယ်ကာ ချဉ်းကပ်လေ့လာသော နည်းဖြစ်သည်ဟု ဆိုရပါမည်။ အနုပညာရှင် ဖန်တီးသော အနုပညာရပ်တွင် လူမျိုး၊ ပတ်ဝန်းကျင်၊ ခေတ်တို့ ဆက်စပ်ပါဝင်ပြီး ထိုအရာတို့ကို ဖော်ထုတ်လေ့လာခြင်းဖြင့် အနုပညာရပ်၏တန်ဖိုး မြင့်တက်လာလိမ့်မည်ဟု ဆိုပါသည်။

## ၂။ ၂။ ၁။ ခေတ်ပေါ်ကဗျာများနှင့် သမိုင်းဆိုင်ရာအခြေခံအမြင်

သုခမိန်လှိုင်၏ 'ငှက်ပျောသီးစားသူများသို့' [၂] ကဗျာတွင် ပြဿနာမဟုတ် ပြဿနာရှာတတ်သော လူတို့ကို သတိပေးဟန်ဖြင့် ရေးဖွဲ့ထားသည်။

"လမ်းမအနက်ရောင်ပေါ်မှာ
ငှက်ပျော်ခွံ မပစ်ပါနဲ့။
ဆူကာနို၊ နစ်ဆင်
ဂျွန်ဆင်၊ ဒေါက်တာနိုး
ဘားဒိုး၊ ဂိုးလ်ဖင်းဂါးတို့
နင်းမိသွားလျှင် အရေးမကြီးပါ။
ဆီးသီးရောင်းသူလေး
ဆေးလိပ်သမလေး၊ ကျေးရွာသူလေး
မြို့ကျောင်းသူလေးများ
နင်းမိသွားလျှင်၊ သနားစရာ။"[၃]

---

[၁] မြသန်းတင့်နှင့်အများ၊ ၂၂၃၊ ၆၈။
[၂] သုခမိန်လှိုင်၊ ၂၀၁၄၊ ၂၅။
[၃] သုခမိန်လှိုင်၊ ၂၀၁၄၊ ၂၅။

ကဗျာဆရာသည် လမ်းမကိုထင်ရှားစေရန် 'လမ်းမအနက်ရောင်' ဟု သုံးခဲ့သည်။ လမ်းမအနက်ရောင် ဆိုသည့်အတွက် သန့်ရှင်းသောလမ်းမဟု ဆိုလိုရာရောက်သည်။ ထိုလမ်းပေါ်တွင် စားပြီးသားငှက်ပျောခွံကို မပစ်ပါနှင့် ဆိုသည့်အတွက် မိမိကြောင့် သူတစ်ပါး ဒုက္ခမရောက်စေရန် သတိပေးတားမြစ်နေသည့်ကြားကပင် အပြစ်ရှာ တတ်ကြသည်။

မိမိပေးမိသောဒုက္ခသည် ကမ္ဘာပေါ်တွင် နာမည်ဆိုးနှင့် ကမ္ဘာကျော်သည့် အင်ဒိုနီးရှားသမ္မတ ဆူကာနို၊ အမေရိကန်သမ္မတများဖြစ်သည့် နစ်ဆင်နှင့် ဂျွန်ဆင်၊ ရုပ်ရှင်လောကမှ နာမည်ကျော်လူဆိုးများဖြစ်သည့် ဒေါက်တာနိုး၊ ဘားဒိုး၊ ဂိုးလ်ဖင်းဂါး တို့ကဲ့သို့သောလူများ ဒုက္ခရောက်ကြလျှင် နစ်နာမည်မဟုတ်ပေ။ အပြစ်ကင်းသော ဆီးသီးသည်လေး၊ ဆေးလိပ်သမားလေး၊ ကျေးရွာသူလေး၊ မြို့ကျောင်းသူလေးတို့ နင်းမိလျှင် သနားစရာ ဖြစ်သွားပေလိမ့်မည်။ ကဗျာဆရာသည် ယနေ့ခေတ် ဖြတ်သန်း နေကြသော လူတို့၏ ဘယ်သူသေသေ ငတေမာရင်ပြီးရော တစ်ကိုယ်ကောင်း စိတ်ကြောင့် မနစ်နာသင့်သူများ နစ်နာနေကြသည်ကို မြင်တွေ့ပြီး ရေးဖွဲ့ခဲ့ဟန် ရှိပါသည်။ မြန်မာ့လူ့အဖွဲ့အစည်း၏ အားနည်းယိုယွင်းပုံကို ဖော်ကျူးရာတွင် ကမ္ဘာ့ အဖြစ်အပျက်နှင့် ဆက်စပ်ကြည့်မှသာ အဓိပ္ပာယ်ပေါ်လွင် ခံစားမှုပြုနိုင်မည် ဖြစ်သည်။ အခြားလူ့အဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှုနှင့် ဆက်စပ်ကာ ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ပင် ဖြစ်သည်။ အရင်းရှင်လူတန်းစား၊ အထက်တန်းလွှာ လူတန်းစား တို့အတွက် ဒုက္ခမဖြစ်နိုင်သော်လည်း ဆင်းရဲသားလူတန်းစားအတွက်မူ ကြီးစွာသော ဒုက္ခ ဖြစ်နိုင်ကြောင်းကို ထင်ရှားသော ပုဂ္ဂိုလ်များနှင့် ဆက်စပ်ဖွဲ့ပြခြင်းကြောင့် ပို၍ထင်ရှားစေသည်။

အောင်ဘညို၏ 'သိကြားသာသနာ ၂'[၁] တွင် ခေတ်ကိုထင်ဟပ်ကာ ရေးဖွဲ့ ထားသည်ကို တွေ့နိုင်ပါသည်။ သိကြားသာသနာသည် မကောင်းသူပယ်၊ ကောင်းသူ ကယ်သော သဘောရှိသည်။ ကဗျာဆရာကမူ ပြောင်းပြန်ဖြစ်နေသော သဘော တွေ့မြင်နေရပုံဖြင့် ဖွဲ့သည်။

> "ငါတို့ရဲ့ သိကြားသာသနာမှာ
>
> ကြမ်းပိုးက လိပ်ဖြစ်လို့
>
> ဖွတ်က မိကျောင်းဖြစ်လို့။
>
> မှသားစကားတွေက

---

[၁] အောင်ဘညို၊ ၂၀၁၆၊ ၃၆။

ရွှေရောင်ထလို့

မုသားစကားတွေက

လူရာဝင်လို့။

ပွဲနေပွဲထိုင် အပြုံးတွေက

ရောင်းကောင်းလို့

လူလိမ်က

ပညာရှိယောင်ဆောင်လို့

မြေခွေးက

ဥပုသ်ရက်ရှည်စောင့်လို့။

ဓားပြက

လမ်းဆုံလမ်းခွမှာ

စေတီသာကျွေးလို့

သားသတ်သမားက

ဘုရားတည်လို့

သြော် ...

ငါတို့ရဲ့ သိကြားသာသနာမှာ ...။”[၁]

ကဗျာဆရာက သိကြားသာသနာဆိုသော်လည်း ကြမ်းပိုးကိုလိပ်ဖြစ်အောင် ပြောသူများ ပေါ်နေကြောင်း၊ ဖွတ်တွေ မိကျောင်းဖြစ်ကာ မြစ်ထဲဆင်းကြသောကြောင့် မြစ်မချမ်းသာတော့ကြောင်း၊ မုသားစကား တွင်တွင်ပြောနေသူများ ကြီးပွားကာ လူရာဝင်နေကြကြောင်း၊ ဟန်လုပ်ပြုံးပြတတ်သူများ မျက်နှာပွင့်နေကြကြောင်း၊ လိမ်တတ်သူများက ပညာရှိယောင်ဆောင်နေကြကြောင်း၊ ကောက်ကျစ်တတ်သူများက သာသနာရေး အလုပ်လုပ်နေကြကြောင်း၊ အနိုင်အထက်ပြုတတ်သူများက အလှူကြီး ပေးနေကြကြောင်း၊ သတ်ဖြတ်တတ်သူများက ဘုရားတည်နေကြကြောင်း ဆိုပါသည်။ ယနေ့ခေတ် နိုင်ငံရေး အခြေအနေ၊ လူမှုရေးအခြေအနေကို မြင်တွေ့ကာ သွယ်ဝိုက်ပြောတတ်သော ခေတ်ပေါ်

---

[၁] အောင်ဘညို၊ ၂၀၁၆၊ ၃၆။

ကဗျာ့အတတ်ပညာဖြင့် ဖန်တီးရေးဖွဲ့ထားခြင်း ဖြစ်သည်။ မြန်မာ့ဆိုရိုးစကား၊ စကားပုံ၊ ဆုံးမစာများကို အခြေခံ၍ ခေတ်ပေါ်ခံစားမှုဖြင့်ဖွဲ့ကာ ခေတ်ကို ထင်ဟပ်နိုင်သော ကဗျာတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။ ဒိဋ္ဌလောကဖြစ်ရပ်များကို ပုံကြီးချဲ့ဖွဲ့ဆိုပြခြင်းဖြင့် ခေတ်ပုံရိပ်ပေါ်လွင်လာသည်။

ကိုရွှေး၏ 'ရန်ကုန်ကို အလစ်မပေးနဲ့'[၁] ကဗျာတွင် ယနေ့ခေတ် ရန်ကုန်၏ အခြေအနေကို ဖော်ကျူးထားသည်။ ရန်ကုန်ကိုစောင့်ကြည့်ရင်း မြင်နေရပုံများကို ဤသို့ဖွဲ့သည်–

"ရန်ကုန်မှာမင်း
အရိပ်ခိုခဲ့ဖူးတဲ့ သစ်ပင်ကြီးမရှိတော့ဘူး
အထင်ကရဖြစ်ခဲ့တဲ့ အဆောက်အဦကြီး မရှိတော့ဘူး
ငါတို့ဆော့ကစားခဲ့တဲ့ ဘောလုံးကွင်းကြီးထဲမှာ
ကွန်ဒိုမှိုပွင့်ကြီးတွေ ထိုးထွက်လာပြီ
လမ်းပေါ်မှာ ကားတွေကျပ်နေရုံမျှမက
ဘုရားပေါ်မှာလည်း ဘုရားတွေကျပ်နေတာပဲ သူငယ်ချင်း
ရန်ကုန်ကို အလစ်ပေးလို့မရတော့ဘူး
ဘယ်သူတွေပေးလို့ ဘယ်သူတွေယူမှန်းမသိတဲ့ နေရာတွေမှာ
တံတိုင်းအမြင့်ကြီးတွေခတ်လို့ ပွဲတော်ကြီးတွေကျင်းပလို့
လင်းတဆွဲတဲ့ အသားတွဲလို ရန်ကုန်ဟာ အပိုင်းပိုင်းအတစ်တစ်ပဲ
အသားသည်ရဲ့ စဉ်းတီတုံးပေါ်မှာ ရန်ကုန်ဟာ ထခုန်နေတယ်
လူလူချင်း အမဲလိုက်တာလည်း ရန်ကုန်ပဲ
လူလူချင်း အစာခွဲ့တာလည်း ရန်ကုန်ပဲ။
ရန်ကုန်ကို အလစ်မပေးနဲ့
မျက်တောင်တစ်ချက်ခတ်လိုက်ရင် မင်းရပ်ကွက်ကို
ခြံစည်းရိုးခတ်သွားမယ်၊ တံတိုင်းပတ်သွားမယ်

---

[၁] ရွှေး၊ ကို၊ ၂၀၁၆၊ ၂။

ရန်ကုန်ကို အလစ်မပေးနဲ့။
ရန်ကုန်ဟာ ခဏခဏ ဆန္ဒပြတယ်
ရန်ကုန်ဟာ ခဏခဏ မီးပြတ်တယ်
ရန်ကုန်ကို ဟက်တက်ကွဲနေတဲ့မျက်နှာနဲ့
လက်ပံတောင်းတောင်ရောက်လာတယ်
ရန်ကုန်ကို အသက်ငင်နေတဲ့ ဧရာဝတီရောက်လာတယ်
ရန်ကုန်ကို အဓမ္မအသိမ်းခံရတဲ့ လယ်ယာမြေတွေရောက်လာတယ်
ရန်ကုန်ကို မငြိမ်းချမ်းသေးတဲ့ ငြိမ်းချမ်းရေးတွေ ရောက်လာတယ်
လူတွေရဲ့အပူတွေဟာ ဆူးလေဘုရားဆီ စီးဆင်းသွားတယ်
ရန်ကုန်က မှော်ဆရာရဲ့ပဝါလို
တစ်ချက်ခါလိုက်ရင် ချိုးဖြူငှက်တွေ ထပျံသွားတယ်
တစ်ချက်ခါလိုက်ရင် သွေးစိမ်းရှင်ရှင် ဖြာဆင်းသွားတယ်
ရန်ကုန်ဟာ ခေတ်မီတယ်ဆိုပဲ
ရန်ကုန်ဟာ ခေတ်ကျော်တယ်ဆိုပဲ
ရန်ကုန်ဟာ ခေတ်လွန်တယ်ဆိုပဲ
ကြည့်
ရန်ကုန်ဟာ စကတ်အတိုကို ထပ်ဖြတ်ပြီး ခွဲဝတ်တော့
ရင်လေးပေမယ့် ငေးမိတယ်"[၁]

ယနေ့ခေတ် ရန်ကုန်သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝ အရင်းအမြစ်တို့ကို တန်ဖိုးမထားနိုင်တော့ဘဲ စီးပွားရေးကိုသာ အလေးပေးလုပ်ဆောင်နေကြသည်။ လည်သူနိုင်သူများ စားစတမ်းဖြင့် ရန်ကုန်ကို အကျည်းတန်အောင် လုပ်နေကြကြောင်း ဆိုသည်။ တစ်ဖက်ကလည်း ရန်ကုန်သည် အကြီးဆုံး၊ အဖွံ့ဖြိုးဆုံးမြို့ ဖြစ်သည်နှင့်အညီ အရေးကိစ္စမှန်သမျှတို့ ဆောင်ရွက်ရန်အတွက် စုရပ်မြို့လည်း ဖြစ်သည်။ ထို့ကြောင့်လည်း အရေးဆိုစရာမှန်သမျှ ရန်ကုန် ဆူးလေတစ်ဝိုက်တွင် စုရုံး၍ အရေးဆို

---

[၁] ရွှေး၊ ကို၊ ၂၀၁၆၊ ၂–၃။

တတ်ကြသည်။ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံး၏ ပူပင်သောကမုန်သမျှ လိုရာမှန်သမျှ ဆူးလေဘုရားဆီ စီးဆင်းသွားသည်ဟု ဆိုရပေမည်။ ရန်ကုန်သည် ငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်နိုင်သကဲ့သို့ ဆူပူမှုအဓိကရုဏ်းကိုလည်း ဖန်တီးနိုင်သည်။ ရန်ကုန်သည် ခေတ်မီရုံမက၊ ခေတ်ကို ကျော်လွန်နေသည်ဟုလည်း ဆိုပါသည်။ ရန်ကုန်သည် မြန်မာ့အရေးကိစ္စမှန်သမျှအတွက် အချက်အချာကျသော မြို့ဖြစ်သည်။ ရန်ကုန်သည် လည်သူစားစတမ်းဖြင့် ကြီးပွားနေသူများ ပြည့်တင်းနေသော မြို့လည်းဖြစ်သည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအရေး၊ လယ်ယာမြေများ အဓမ္မသိမ်းခံရသည့်အရေး၊ ဧရာဝတီမြစ်ဆုံစီမံကိန်းအရေး စသည်တို့အတွက် စုဝေးဆောင်ရွက်ရာ မြို့လည်း ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့ကို လည်သူစားစတမ်းတို့၏ လက်ထဲမပါရန် ကာကွယ်ရမည်။ ရန်ကုန်ကို အလစ်မပေးဘဲ စောင့်ရှောက်ကာကွယ်ရမည်ဆိုထားပုံ ခေတ်နှင့်ဆီလျော်လှသည်ဟု ဆိုရပါမည်။ ကဗျာဆရာသည် ယနေ့ခေတ် ရန်ကုန်ကိုခံစားရင်း ကဗျာစုတ်ချက်ဖြင့် ပုံဖော်လိုက်သောအခါ ရန်ကုန်၏ပုံရိပ်သည် အထင်းသား ပေါ်လွင်လာခဲ့သည်ဟု ဆိုနိုင်ပါသည်။

## ၂။ ၃။ စိတ်ပိုင်းဆိုင်ရာအခြေခံအမြင်

စိတ်ပိုင်းဆိုင်ရာအခြေခံအမြင်သည် စိတ်ပညာရှင် ဆန်ဂမန်ဖရိုက်[၁] (၁၈၅၆–၁၉၃၉)၏ စိတ်ပညာသဘောကို အခြေပြု၍ စာပေအနုပညာကို လေ့လာသော ဝေဖန်ရေးအမြင်တစ်ခု ဖြစ်သည်။ 'ဆစ်ဂမန်ဖရိုက်သည် ၁၈၅၆ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် မွေးဖွား၍ ရဟူဒီမျိုးရိုးမှ ဆင်းသက်သော ဩစတြီးယားနိုင်ငံသားဖြစ်သည်'[၂] ဖရိုက်၏ အရေးပါဆုံးသော တွေ့ရှိချက်မှာ စိတ်တို့တွင် မသိစိတ်ဟူ၍လည်း ရှိသည်ဟူသော အချက်ပင် ဖြစ်သည်။[၃]

ဒေါက်တာကျော်စိန်က ဖရိုက်၏ စိတ်ပညာသဘောကို–

> "အိပ်မက်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဘဝအတွေ့အကြုံတို့နှင့် ဆက်စပ်အဓိပ္ပာယ်ဖွင့်ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် အကြောင်းမဲ့သင်္ကေတ[၄] ဟူ၍ မရှိသောကြောင့် ဖြစ်သည်။"[၅]

---

[၁] Sigmad Freud

[၂] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၇)၊ ၁၉၆၃၊ ၂၁၂။

[၃] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၇)၊ ၁၉၆၃၊ ၂၁၂။

[၄] univversal symbolism

[၅] ကျော်စိန်၊ ဒေါက်တာ၊ ၂၀၀၀၊ ၁၇။

ဟု ဆိုခဲ့ပါသည်။ အိပ်မက်သည် အိပ်မက်မက်သူ၏ဘဝနှင့် ဆက်စပ်သကဲ့သို့ စာပေ အနုပညာကို စာရေးသူ၏ဘဝနှင့် ဆက်စပ်လေ့လာသင့်ပုံကို ဆိုခဲ့ခြင်း ဖြစ်သည်။

စတိုးနစ်က–

> "စိတ်ပညာသည် လူသား၏ ကိုယ်ရည်ကိုယ်သွေးနှင့် စေ့ဆော်မှုများကို လေ့လာသည်။ ဤနည်းအားဖြင့် ပြဇာတ်၊ ဝတ္ထု၊ စာပေ၊ ပန်းချီ စသည်တို့တွင် စိတ်တို့၏ စရိုက်အပြုအမူကို ပို၍ မြင်သာ ထင်ရှားလာစေနိုင်သည်။"[၁]

ဟု ဆိုခဲ့သည်။ အနုပညာရှင်နှင့် အနုပညာ အပြန်အလှန် ဆက်စပ်မှုသဘောကို ဆိုလိုခြင်း ဖြစ်သည်။

ပါမောက္ခဦးတင်ရွှေက–

> "စာပေအနုပညာလက်ရာများသည် အနုပညာရှင်၏ ထုတ်လုပ်မှုတစ်ရပ်ဖြစ်သည် ဟူသော ခံယူချက်အရ လက်ရာများကို အတ္ထုပ္ပတ္တိနှင့်လည်းကောင်း၊ အနုပညာရှင်၏ စိတ်ပိုင်းအခြေအနေများနှင့်လည်းကောင်း ဆက်စပ်လေ့လာကြခြင်း ဖြစ်သည်။"[၂]

ဟု ဆိုသည်။ အနုပညာလက်ရာနှင့် စာပေအနုပညာရှင်၏ ဘဝအခြေအနေ၊ စိတ်အခြေအနေကို ဆက်စပ်လေ့လာခြင်းဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ဆရာဇော်ဇော်အောင်ကလည်း စိတ်ပိုင်းဆိုင်ရာ အခြေခံလေ့လာပုံသဘောကို–

> "စာရေးဆရာတစ်ယောက်၏ စာထဲတွင် သူ့ဘဝလိုအင်ဆန္ဒ၊ သူဖြစ်ချင်တာတွေကို အနုပညာဖြင့် မွမ်းမံပြောင်းလဲဖန်တီးထည့်သွင်းထားကြောင်း တွေ့ရသည်။ ဖရိုက်၏ စိတ်ပညာသီဝရီများဖြင့် ထိုသို့သော လေ့လာမှုများကို လုပ်နိုင်သည်။"[၃]

ဟု ဆိုခဲ့ပါသည်။ ဖရိုက်၏အမြင်ဖြင့် အနုပညာထဲတွင် အနုပညာရှင်၏ စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်ကို ရှာဖွေဖော်ထုတ်နိုင်သည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ 'လက်ရာရှင်၏ စိတ်စေတနာပိုင်း၊ စိတ်နေသဘောထားများအပေါ်၌ အခြေခံ၍ ဝေဖန်ခြင်းဖြစ်သည်။'[၄]

---

[၁] Stonitz, 1960, 467.

[၂] တင်ရွှေ၊ ဦး (ပါမောက္ခ–)၊ ၂၀၁၂၊ ၁၂၃။

[၃] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၅၁။

[၄] နန္ဒာသိန်းဇံနှင့်အများ၊ ၂၀၀၄၊ ၁၁၁။

အနုပညာရှင်သည် သူ၏စိတ်ပညာခံစားမှုကို အနုပညာဖန်တီးမှု အတတ်ပညာကို အသုံးပြုပြီး အနုပညာရုပ်အသွင်သို့ ပြောင်းလဲခဲ့သည်။ အနုပညာရုပ်အသွင်သို့ ပြောင်းလဲရာတွင် သင်္ကေတ၊ နိမိတ်ပုံများကိုလည်း အသုံးပြုနိုင်သည်။ သူ၏အနုပညာတွင် သူ၏စိတ်ဖြစ်စဉ်ကို မြင်တွေ့နိုင်သည်။ အနုပညာထဲတွင် ပါဝင်သော အနုပညာရှင်၏ စိတ်ဖြစ်စဉ်ကို လေ့လာပြီး အနုပညာအရည်အသွေးကို ဖော်ထုတ်သော ဝေဖန်ရေးဟု ဆိုရပါမည်။

## ၂၊ ၃၊ ၁။ ခေတ်ပေါ်ကဗျာများနှင့် စိတ်ပိုင်းဆိုင်ရာအခြေခံအမြင်

မောင်ချောနွယ်၏ 'ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က'[၁] ကဗျာတွင် ကဗျာဆရာ၏ စိတ်ဖြစ်စဉ်ကို ဖော်ကျူးထားသည်ကို တွေ့နိုင်ပါသည်။ ကဗျာဆရာနှင့် သူ၏သူငယ်ချင်းဖြစ်သူတို့သည် အလွန်ခင်မင်ဟန် ရှိပါသည်။ ကဗျာဆရာကိုလည်း အနွံတာခံခဲ့ဟန် ရှိပါသည်။ ကျားတံဆိပ်ဘီယာလည်း အမြဲလိုလို တိုက်ခဲ့ဟန် ရှိပါသည်။ သို့သော်လည်း ဘီယာတိုက်ရန် ထုံးစံပျက်သောအခါ ကဗျာဆရာက ဤသို့ ဖွဲ့တော့သည်-

"ပြောရရင် တစ်ဘဝလုံးကုန်မယ်
သူ့တစ်ကိုယ်လုံးမှာ
သူဝတ်ဝတ်လာတဲ့ အင်္ကျီပဲကောင်းတယ်
ရှုမျှော်ခင်းတွေပါလို့မို့
သူ့ခြေ၊ သူ့လက်၊ သူ့ခန္ဓာ၊ သူ့စိတ်ဓာတ်တွေတော့
ထားလိုက်ပါတော့
အားလုံးအပျက်အစီးချည်းပဲ
ဝပ်ရှော့ပို့ထား ကားလိုပေါ့
ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က။
ဒီဘဝမှာ
ဘယ်တုန်းကမှ ကောင်းခဲ့တာလည်းမရှိ

[၁] ချောနွယ်၊ မောင်၊ ၂၀၁၂၊ ၉၉။

ဘယ်သူ့အပေါ်မှလည်း ကောင်းခဲ့တာမရှိ

လပေါက် နှစ်ပေါက် တင်ကျွေးခဲ့သူကိုရော

အိမ်တစ်လုံးလုံး ပေးနေပေးသူကိုရော

ကောင်းခဲ့တာမရှိ

သူ့စိတ်နဲ့ ငါ့မျက်နှာကို ငှားငှားပြီးပြောသေး

သူမကောင်းတာကို ဖြည့်ဖြည့်ပြီးပေါင်းနေရသူလို့မသိ

ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့ကပေါ့။

သူမောက်မာလိုက်ပုံက

သူ့အပေါ်ကောင်းခဲ့သူ အပေါင်းအသင်းတွေသေရင်

သူက အလောင်းဖက်မငိုဘူးတဲ့

ဒီအလောင်းက ပြန်ရှင်လာမတဲ့လား

ပြီး

အဲ့ဒီအလောင်းကကော သူ့အလောင်းကိုဖက်ငိုရမတဲ့လား

ငါ့ကို ကျားတံဆိပ်ဘီယာမတိုက်တဲ့နေ့က။

လူ့ဘဝဆိုတာ ခြကုန်းမှာနေရသလို

ခဏခဏရွှေ့ရွှေ့နေရမယ်

မရွှေ့ရင် ခြစားခံရမယ်

ဒါကို ဒင်းမသိဘူး

ဒါကို မသိခြင်းကြီးတဲ့ ဒင်းကို

ခြကုန်းသာ ပို့ထားလိုက်

ငါ့ကို ကျားတံဆိပ်ဘီယာမတိုက်တဲ့နေ့က။

အဲဒီနေ့က

အဲဒီနေ့ကပေါ့

ငါ့ကို ကျားတံဆိပ်ဘီယာမတိုက်တဲ့နေ့ကပေါ့
တရားရုံးမှာ
အမှုမကြီးကြီးအောင် ဆွဲချလိုက်မျက်နှာမျိုးနဲ့
လမ်းထဲကို ဝင်လာတယ်။
အဲဒီနေ့က
အဲဒီနေ့ကပေါ့
ငါ့ကို ကျားတံဆိပ်ဘီယာမတိုက်တဲ့နေ့ကပေါ့
အဲဒီကနဲက
ခုပဲ ဂြိုလ်တစ်ခုခုက ပြုတ်ကျလာသူလိုလို
အခုပဲ လေယာဉ်ပျံတက်တော့မလိုလို
အခုပဲ လက်ထပ်တော့မယ့် သတို့သားလိုလို
အခုပဲ အစည်းအဝေးမှာ အဆုံးအဖြတ်ပေးတော့မယ့် လူလိုလို
စတိုင်တွေ ဂိုက်တွေဖမ်းပြီး
လမ်းထဲက ထွက်သွားလေရဲ့
သူဘယ်လမ်းမှာ နေတယ်ဆိုတာ
သူကိုယ်တိုင်မသိတဲ့ကောင်လေ။"[၁]

'ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က' ကဗျာကို မကြာမကြာ ပြန်ဖတ်မိခဲ့ပြီး ပြန်ဖတ်မိတိုင်း အလှဓာတ်တစ်ခုခု ကိန်းဝပ်နေတယ်လို့ ခံစားနေမိတယ်။ အဲဒီအလှဓာတ်ဆိုတာ ကဗျာရေးနေတဲ့အချိန် ကဗျာဆရာရဲ့ရင်ထဲမှာ ဖြစ်ပေါ်နေလောက်တဲ့ 'ဆိုးနွဲ့စိတ်လေလား'[၂] ဟု မောင်ရင့်မာ(ကျောင်းကုန်း)က ဆိုပါသည်။ ကဗျာဆရာက သူနှင့်လည်ပင်းဖက်ပေါင်းခဲ့သော သူငယ်ချင်းဖြစ်သူသည် ကောင်းတာက တစ်ခုမှမရှိကြောင်း၊ ကောင်းခဲ့တာလည်း မရှိကြောင်း၊ မောက်မာမာန်တက်နေသူ ဖြစ်ကြောင်း အပြစ်ဆိုခဲ့ပါသည်။ ထိုသို့ပြောသည့်နေ့မှာ ကဗျာဆရာကို ကျားတံဆိပ် ဘီယာ မတိုက်သောနေ့ ဖြစ်ကြောင်း ဆိုပါသည်။ သူငယ်ချင်းအချင်းချင်း နွဲ့ဆိုး

[၁] ချောနွယ်၊ မောင်၊ ၂၀၁၂၊ ၁၀၁။
[၂] ရင့်မာ၊ မောင်(ကျောင်းကုန်း–)၊ ၂၀၃၊ ၃၆။

ဆိုးတတ်သော အမူအရာ၊ စိတ်သဘောကို ပေါ်လွင်အောင် ဖော်ကျူးခဲ့သည်။ ဤကဗျာရေးစဉ် ကဗျာဆရာ၏ စိတ်အစဉ်တွင် အပြင်လောကတွင် ပြောမထွက်နိုင်သော စကားတို့ကို ဖောက်ထွက်ခွင့်ပေးနိုင်လိုက်သည်ဟု ဆိုရပေမည်။ ကဗျာဆရာ၏ မြို့သိပ်နေရမှုစိတ်အစဉ်ကို မြင်တွေ့နိုင်သည့် ကဗျာတစ်ပုဒ်ပင် ဖြစ်ပါသည်။

မောင်သိန်းဇော်၏ 'မိမိကိုယ်မိမိ ခိုးယူပေါင်းသင်းခြင်း'[၁] ကဗျာတွင်လည်း ကဗျာဆရာ၏ အလိုဆန္ဒမပြည့်ဝမှုများကို ကဗျာအဖြစ် ပုံဖော်နိုင်ခဲ့သည်။

သံစုံးထားတဲ့
၂၅ နှစ်သားလေး
ကောင်းကင်နှစ်ထပ်နဲ့နေတယ်။
သမံတလင်းတွေကွဲအက်
တစ်ချက်ချင်း၊ အသက်ရှုသံတွေ
သွန်ပစ်နေတာ
အမေရေ ...
ကျွန်တော်နဲ့ကျွန်တော်
မိုင်ပေါင်းများစွာဝေးကွာရ
ကျွန်တော်နဲ့ကျွန်တော်
နှစ်ပေါင်းများစွာခွဲခွာရ
အိပ်မက်တွေ
တချို့မွေးကင်းစမှာသေဆုံး
အားလုံးအတွက်
ကျွန်တော် ကိုယ်လွတ်ရုန်းသွားတာလား။

[၁] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၉၃။

တစ်ခါမှ

မရောက်ဖူးတဲ့ မနက်ဖြန်

မျက်လုံးထဲက တောင်တွေဆီ

သွားဖို့

အခေါက်ခေါက် အခါခါ အမှောင်များ

ဘယ်လိုခုတ်ထွင်လင်းကျင်းပ

(ရိပ်ခနဲ)

မြေကြီးပေါ်မှာ

ငှက်တစ်အုပ်

ကျပ်ကျပ်တည်းတည်း

ပျံသန်းသွား"[၁]

ထိုကဗျာရေးစဉ်ကာလတွင် ကဗျာဆရာသည် ရွှေတိဂုံဘုရားပွဲတော်တွင် 'မန္တလေးသိန်းဇော်' ဇာတ်သဘင်ကပြနေချိန်ဖြစ်ပြီး ခြေထောက်တွင်လည်း သံစူးသောဒဏ်ရာရထားချိန်လည်း ဖြစ်သည်။'[၂] ၂၅ နှစ်သားအရွယ် သံစူးခံထားရသော ကဗျာဆရာသည် ဖြစ်ချင်သောဘဝက ကောင်းကင်နှစ်ထပ်၊ ဖြစ်နေရသောဘဝက ကောင်းကင်တစ်ထပ် ဖြစ်နေခဲ့သည်။ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းမကျမှုကြောင့် ညည်းညူ သက်ပြင်းချသံတို့မှာ သမံတလင်းပင် ကွဲအပ်လောက်သည်ဟု ဆိုသည်။ ဖြစ်ချင်သော ဆန္ဒနှင့် ဖြစ်နေရသည့်ဘဝကလည်း ခြားလွန်းလှသည်။ စိတ်ကူးများမှာလည်း အကောင်အထည် မဖော်ရသေးမီ ပျောက်ကွယ်သွားကြသည်။ စိတ်ကူးကို တစ်ကိုယ်ကောင်းဆန်စွာ အကောင်အထည်လည်း မဖော်ရက်ပေ။ ထိုအထဲမှ စိတ်ကူးကို အကောင်အထည်ဖော်ရန် ကြိုးစားကြည့်ပါသေးသည်။ သို့သော်လည်း မြေကြီးပေါ်တွင် ငှက်တစ်အုပ် ကျပ်ကျပ်တည်းတည်း ပျံသွားသကဲ့သို့ သူ၏စိတ်ကူးတို့သည် မွန်းကြပ်စွာ ထွက်ခွာသွားကြသည်ဟု ဆိုပါသည်။ ကဗျာဆရာ မျိုသိပ်ထားသော ဖြစ်ချင်စိတ်တို့သည် ကဗျာအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ကဗျာဆရာ၏စိတ်ကူးကို အကောင်အထည် ဖော်ပေးသော စိတ်ထွက်ပေါက်ကဗျာတစ်ပုဒ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

---

[၁] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၉၄။

[၂] ပြည့်မင်း၊ မောင်၊ ၂၀၁၆၊ ၉၅။

## ခြုံငုံသုံးသပ်ချက်

ဝေဖန်ရေးသည် အနုပညာ၏ ကောင်းကွက်၊ ညံ့ကွက်ကို ထောက်ပြကာ အနုပညာ၏တန်ဖိုးကို ဖော်ထုတ်ပေးသော ပညာရပ်တစ်ခု ဖြစ်ပါသည်။ ကမ္ဘာတွင်ရော၊ မြန်မာမှာပါ ဝေဖန်ရေးအမျိုးမျိုး ပေါ်ထွန်းခဲ့သည်။ ထိုအထဲတွင် အဆက်အစပ်ပြု ဝေဖန်ရေးလည်း ပါဝင်သည်။ အဆက်အစပ်ပြု ဝေဖန်ရေးသည် အနုပညာရပ်တစ်ခု၏ အတွင်းပိုင်းသဏ္ဌာန်မှအပဖြစ်သော အခြေအနေအရပ်ရပ်ကို ဆက်စပ်ဝေဖန်သော ဝေဖန်ရေး ဖြစ်သည်။ အပြင်ဝေဖန်ရေးဟုလည်း တွင်ခဲ့ပါသည်။ အဆက်အစပ်ပြု ဝေဖန်ရေးထဲတွင် စီးပွားရေးဆိုင်ရာ အခြေခံအမြင်၊ သမိုင်းဆိုင်ရာ အခြေခံအမြင်၊ စိတ်ပိုင်းဆိုင်ရာ အခြေခံအမြင် ဟူ၍ သုံးမျိုး ခွဲခြားလေ့လာကြသည်။ ထိုအမြင်များဖြင့် ခေတ်ပေါ်ကဗျာများကို ချဉ်းကပ်ကာ ခေတ်ပေါ်ကဗျာများ၏ စွမ်းရည်ကို အကဲခတ်နိုင်ပါသည်။ ခေတ်ပေါ်ကဗျာများသည် ခေတ်ပေါ်အာရုံခံစားမှုများကို အခြေခံကာ ခေတ်ကတောင်းဆိုလာသော လွတ်လပ်သော ပုံသဏ္ဌာန်များဖြင့် ဖွဲ့စပ်ခဲ့ကြသော ကဗျာများ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ ခေတ်ပေါ်ကဗျာဆရာတို့ မိမိတို့၏ ခေတ်ပေါ်အာရုံခံစားမှုများကို နေ့စဉ်သုံး စကားလုံးအတွဲအစပ်၊ လတ်ဆတ်သော သင်္ကေတ၊ နိမိတ်ပုံတို့နှင့် ဆက်စပ်ကာ ကဗျာရေးဖွဲ့ကြသည်ကို တွေ့နိုင်ပါသည်။ ခေတ်ပေါ်ကဗျာများသည် ခေတ်၏စီးပွားရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ သမိုင်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ကဗျာဆရာတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း လေ့လာစေ့ငုကြည့်နိုင်သည့် ကဗျာများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

အနုပညာနယ်ပယ်တွင် ဝေဖန်ရေးသည် မရှိမဖြစ်လိုအပ်သော ပညာရပ်ဖြစ်ပါသည်။ ဝေဖန်ရေးသည် ကောင်းမွန်အပ်စပ်သော အနုပညာများ ပေါ်ထွန်းလာစေရန် အထောက်အကူပြုသည်။ အဆက်အစပ်ပြုဝေဖန်ရေးသည်လည်း ထိုတာဝန်ကို ထမ်းဆောင်ခဲ့သည်ဟု ဆိုရပေမည်။ အဆက်အစပ်ပြုဝေဖန်ရေးသည် အနုပညာလက်ရာများနှင့် စီးပွားရေး၊ သမိုင်း၊ စိတ်ပညာသဘောတို့ ဆက်စပ်မှုပြုကာ အနုပညာလက်ရာ၏ တန်ဖိုးကို ဖော်ထုတ်ပေးခဲ့ပါသည်။ ဤစာတမ်းတွင်လည်း အဆက်အစပ်ပြု ဝေဖန်ရေးဖြင့် ခေတ်ပေါ်ကဗျာများ၏စွမ်းရည်ကို တတ်စွမ်းသမျှ ဖော်ထုတ်တင်ပြခဲ့ပါသည်။ ယခုထက် နက်နက်နဲနဲ စေ့စေ့စပ်စပ် ရှာဖွေဖော်ထုတ် လေ့လာတင်ပြနိုင်ပါက ပြီးပြည့်စုံသောစာတမ်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ကျော်စိန်၊ ဒေါက်တာ။ (၂၀၀၀)။ ***စိတ်ပညာသမိုင်းကျမ်း***၊ ပထမတွဲ။ ရန်ကုန်၊ စာပေဗိမာန်။

ကျော်စိန်၊ ဒေါက်တာ။ (၂၀၀၀)။ ***စိတ်ပညာသမိုင်းကျမ်း***၊ ဒုတိယတွဲ။ ရန်ကုန်၊ စာပေဗိမာန်။

ချောနွယ်၊ မောင်။ (၂၀၀၄)။ ***ရထားကဗျာရှည်ငါးပုဒ်စုစည်းမှု***၊ ရန်ကုန်၊ စိတ်ကူးချိုချို။

ချောနွယ်၊ မောင်။ (၂၀၁၂)။ ***ကဖေး***။ ရန်ကုန်၊ စိတ်ကူးချိုချို။

စိုးဦး (ဒဿန)။ (၂၀၁၀)။ ***အနုပညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး***။ ရန်ကုန်၊ Text River Publishing House.

ဇေယျာလင်း။ (၂၀၁၇)။ ***မြန်မာမော်ဒန်ကဗျာခေတ်ဦး(၁၉၇၀–၁၉၉၀)လေ့လာချက်စာတမ်း***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

ဇော်ဇော်အောင်။ (၂၀၀၄)။ ***ဖတ်စာ***။ ရန်ကုန်၊ စိတ်ကူးချိုချို။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာတိုက်။

တင်ရွှေ၊ ဦး (ပါမောက္ခ–)။ (၂၀၀၂)။ ***စာပေနှင့် စာပေသဘောတရားအဖွင့်***။ ရန်ကုန်၊ ရူပံစာပေ။

တင်ရွှေ၊ ဦး (ပါမောက္ခ–)။ (၂၀၁၂)။ ***အစိုပ်ပန်းစာပေသဘောတရားဆိုင်ရာစာတမ်းများ***။ ရန်ကုန်၊ အိပ်မက်ဦးစာပေ။

***၂၀ ရာစု အကြီးကျယ်ဆုံးပုဂ္ဂိုလ်များ***။ (၂၀၀၅)။ ရန်ကုန်၊ ရာပြည့်။

နန္ဒာသိန်းဇံနှင့်အများ။ (၂၀၀၄)။ ***အနုပညာဆိုင်ရာ ရသစာတမ်းများ***။ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည့်မင်း၊ မောင်။ (၂၀၁၆)။ ***မြန်မာခေတ်ပေါ်ကဗျာလက်ရွေးစင်***။ ရန်ကုန်၊ ရွက်စိမ်းစာပေ။

ဘုန်းနိုင်၊ (တက္ကသိုလ်)။ (၁၉၉၄)။ ***ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း***၊ (ပထမတွဲ)။ ရန်ကုန်၊ ရေတမာစာပေ။

ဘုန်းနိုင်၊ (တက္ကသိုလ်)။ (၂၀၀၄)။ ***ဘုန်းနိုင့်အတွေး၊ ဘုန်းနိုင့်အမြင်***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မျိုးသန့်။ (၂၀၁၇)။ ***ခေတ်ပေါ်ကဗျာနှင့် စိမ်းစိုသောလမ်းကလေး***။ ရန်ကုန်၊ နှစ်ကာလာများ။

မြဇင်။ (၂၀၁၇)။ ***ကဗျာ့နရီနှင့်နိမိတ်ပုံ***။ ရန်ကုန်၊ စိတ်ကူးချိုချို။

မြဝင်း၊(ဒဿန)။ (၂၀၀၃)။ ***ဒဿနစာတမ်းများ***။ ရန်ကုန်၊ မုံရွေးစာစဉ်။

မြသန်းတင့်နှင့်အများ။ (၂၀၀၃)။ ***နှလုံးသားထဲက ဆရာ၊ ဆရာမများ***။ ရန်ကုန်၊ မြရတနာစာပေ။

***မြန်မာ့စွယ်စုံကျမ်း***၊ အတွဲ(၇)။ (ပဉ်–ဗီး)။ (၁၉၆၃)။ ရန်ကုန်၊ စာပေဗိမာန်။

ရင့်မာ၊ မောင်(ကျောင်းကုန်း–)။ (၂၀၁၃)။ ***လွတ်လပ်စွာလွမ်းဆွတ်ခွင့်***။ ရန်ကုန်၊ အလင်္ကာစာအုပ်တိုက်။

ရွှေး၊ ကို။ (၂၀၁၆)။ ***ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာကဗျာများ***၊ ရန်ကုန်၊စိတ်ကူးချိုချို။

သုခမိန်လှိုင်။ (၂၀၁၄)။ ***ရာဇဝင်***။ ရန်ကုန်၊ စိတ်ကူးချိုချို။

သစ္စာနီ။ (၂၀၀၇)။ ***မော်ဒန်ရှင်းတမ်းနှင့် မြန်မာကဗျာဖြစ်ပေါ်တိုးတက်မှု***။ ရန်ကုန်၊ နေမျိုးစာပဒေသာ။

အောင်ဘညို။ (၂၀၁၆)။ ***တောမီး။ ရန်ကုန်၊*** *နှစ်ကာကဗျာများ*။

အောင်သင်း။ (၂၀၀၂)။ ***စဉ်းစားစရာလေးတွေ***။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Stolnitz, Jerome. (1960). ***Aesthetics and Philosophy of Art Criticism***. Cambridge: The Rierside Press.

***The New Encyclopedia Britannica,*** Volume-17 (15th Edition).(1975). U.S.A Encyclopedia Britannica, Inc.

Tillman, Frank A. and Steven M. Chau (1969). ***Philosophy of Art Aesthetics***, New York, Harper and Row Publisher.

**နောက်ဆက်တွဲ**

| | |
|---|---|
| Since the Greeks, such works have been studied their relation to society. The biography of the artists, at least in the visual arts and literature, is a subject of interest as far back as the sixteenth century. The historical analysis of literature is to be found at the beginning of the eighteenth century.<br>The rise and growth of eontexual criticism is probably the most striking development in the history of criticism since the middle of the nineteenth century<br>Stonitz, Jerome,<br>1960, 450 | |
| Born on April 11, 1828, at Vouziers, in the Ardennes.<br>He devoted himself to preparing his two dissertations for the doctorate in literature:<br>De Personis Platonics (concerning Plato's Characters). The New Encyclopedia Britanannica<br>1975, 992-993. | |
| The psychological approach to art, then, draws upon the life of the artist. But it can done more then this. It can bring to bear upon the work what psychology has learened motivation and personality. In this way, too, it can clarity the behavior of characters in drama and the novel, symbols in literature and paintings, etc.<br>Stonitz, Jerome, 1960, 467 | |

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်းတို့ကို နှိုင်းယှဉ်လေ့လာခြင်း

ကျော့ကျော့ဟန်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် တောင်ငူခေတ် ချင်းများဖြစ်သော မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်းတို့ကို နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ဝတ်လုံတော်ရ ဦးမေအောင်၏ ချင်းဟောင်း (၁၂)စောင်တွဲမှ မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်းတို့ကို အလေ့လာခံအဖြစ် သတ်မှတ်တင်ပြပါမည်။ ဤသို့ လေ့လာတင်ပြခြင်းဖြင့် ချင်း(၂)စောင်တွင် ပါဝင်သော တူညီမှုများကြောင့် စာဆိုတစ်ဦးတည်းက ရေးဖွဲ့ထားခြင်းဖြစ်ကြောင်းကို သိရှိနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ချင်း၊ သင်္ကေတသချာနည်း၊ မင်းခမ်းမင်းနား၊ ပါဠိဝေါဟာရ၊ စိတ်ကူးစိတ်သန်း။***

## နိဒါန်း

တောင်ငူခေတ် မဟာဥပရာဇာမင်းသားနှင့် မင်းရဲကျော်စွာတို့သည် နန္ဒဘုရင် (၉၄၃–၉၆၂)နှင့် ပဲခူးမိဖုရားတို့မှ ဖွားမြင်သော သားတော်ကြီး မင်းကြီးစွာနှင့် သားတော်လတ် မင်းရဲကျော်စွာတို့ ဖြစ်ပါသည်။ ထိုမင်းညီနောင် ၂ ပါးသည် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်များဖြစ်ပြီး ထီးရံနန်းရံ အိမ်ရှေ့ ဥပရာဇာအဖြစ် ရည်မှန်းထားခြင်းခံရသော မင်းသားနှစ်ပါး ဖြစ်သည်။ ထိုမင်းသား တို့အတွက် စပ်ဆိုသော ချင်းများမှာ သားတော်ကြီး မင်းကြီးစွာအတွက် စပ်ဆိုသော မဟာဥပရာဇာချင်းနှင့် သားတော်လတ် မင်းရဲကျော်စွာအတွက် စပ်ဆိုသော မင်းရဲကျော်စွာစုန်ချင်းတို့ ဖြစ်သည်။

မင်းရဲကျော်စွာစုန်ချင်း ဖြစ်ပေါ်လာပုံမှာလည်း အစ်ကိုဖြစ်သူ မဟာဥပရာဇာသည် ယိုးဒယားတိုက်ပွဲတွင် စိန်ပြောင်းသင့်၍ ကွယ်လွန်ခဲ့သည်။ ထိုအခါ ဖခင်နန္ဒဘုရင်က သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့မင်းသားအဖြစ်ပေးရန် ဟံသာဝတီသို့ ခေါ်ယူခဲ့သည်။ ထိုအချိန်တွင် အင်းဝစားဖြစ်သူ မင်းရဲကျော်စွာသည် ဖခင်ဆန္ဒအတိုင်း အင်းဝမှ ဟံသာဝတီသို့ စုန်ဆင်းခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် မင်းရဲကျော်စွာ အတွက် စပ်ဆိုသော ချင်းကို မင်းရဲကျော်စွာစုန်ချင်းဟု ခေါ်ဆိုဟန်တူသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်

မဟာဥပရာဇာချောင်းကို စပ်ဆိုသူမှာ စာဆို တလုတ်စားသခ်ယာ ဖြစ်သည်ဟု ပါရှိပြီး မင်းရဲကျော်စွာစုန်ချောင်းကို ရေးစပ်သော ချောင်းစာဆို၏အမည်မှာ အမျိုးမျိုး ဝိဝါဒကွဲပြားလျက် ရှိသည်။ ပိဋကတ်တော်အုပ်ဦးယံ၏ ပိဋကတ်တော်သမိုင်းတွင်လည်းကောင်း၊ ဦးမေအောင်၏ ချောင်းဟောင်း (၁၂)စောင်တွဲတွင်လည်းကောင်း ရာဇဗာဟု ရေးသည်ဟု ဖော်ပြထားသော်လည်း မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း ပထမတွဲတွင်လည်းကောင်း၊ ဦးကျော်ဒွန်း၏ မြန်မာစာညွှန့်ပေါင်းကျမ်းတွင်လည်းကောင်း၊ ရန်ကုန်အမျိုးသားစာကြည့်တိုက် တိုက်ပိုင်အမှတ် (၉၈၃၂) ဒေါ်လှတင် ကွမ်းခြံကုန်းမှ ရရှိသော ကြံဆစ်ပေတွင်လည်းကောင်း စာဆို၏အမည်ကို တလုတ်စားသခ်ယာ ရေးသည်ဟု ဆိုသည်။

ဤချောင်း (၂)စောင်ကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ−

(၁) ချောင်းပိုဒ်ရေ အတိုအရှည်၊ မွေးဖွားသည့် ခုနှစ်သက္ကရာဇ် ရေးဖွဲ့ပုံ ရေးဖွဲ့နည်း တူညီနေခြင်း

(၂) ဥပမာပေးပုံ ခမ်းခမ်းနားနား ရှိခြင်း

(၃) စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီနေခြင်း

(၄) ချောင်းချီပုံ၊ ချပုံ တူညီနေခြင်း

(၅) ပါဠိဝေါဟာရများနှင့် စာဆို၏စိတ်ကူးစိတ်သန်း ထည့်သွင်းစပ်ဆိုပုံ တူညီနေခြင်း

စသည့် အချက်များကို တွေ့ရသည်။

## ၁။ တလုတ်စားသခ်ယာ၏ အတ္ထုပ္ပတ္တိအကျဉ်း

တလုတ်စားသခ်ယာသည် မိုးညင်းစော်ဘွား စလုံကြီး၏ မြေး ဖြစ်သည်။ စလုံကြီး၏သားမှာ စလုံငယ်ဖြစ်ပြီး စလုံငယ်၏သားသည် စမော်ခန်း ဖြစ်သည်။ ဟံသာဝတီဆင်ဖြူများရှင်မင်းတရားကြီးသည် မိုးညင်းကို အလိုပြည့်သောအခါတွင် မင်းတရားကြီး၏အပါးတော်တွင် စမော်ခန်းကို ခစားစေသည်။ မြန်မာသက္ကရာဇ် (၉၂၅)ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီးသည် ယိုးဒယားသို့ စစ်ချီတက်ရာ အနိုင်ရသောကြောင့် စမော်ခန်းအား ရမ္မသူရဲ ဟူသော အမည်ဖြင့် ဝါဂရုမြို့ကို စားစေသည်။ ထို့အပြင် မဟာဥပရာဇာ(နန္ဒဘုရင်)နှင့်အတူ ဇင်းမယ်သို့ချီရာ အနိုင်ရသောကြောင့် နန္ဒမိတ်ဘွဲ့ကို ပေးခဲ့သည်။

မြန်မာသက္ကရာဇ် (၉၄၃)ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာစံ၍ သားတော် မဟာဥပရာဇာ(နန္ဒဘုရင်) ထီးနန်းတက်သောအခါတွင် ယိုးဒယားသို့ နောက်တစ်ကြိမ်တိုက်ခိုက်ရာ ဆင်နှင့်နွဲရသောကြောင့် သင်္ချာ ဟူသော အမည်နှင့် အတူ တလုတ်မြို့ကို ပေးသနားခဲ့သည်။ တလုတ်မြို့စားသင်္ချာသည် မိမိအရှင်သခင် နန္ဒဘုရင်၏ သားတော်နှစ်ပါးအတွက် ချေင်းနှစ်စောင်ကို စပ်ဆိုခဲ့သည်။ သက္ကရာဇ် (၉၂၂)ခုနှစ်တွင် သားတော် မင်းကြီးစွာအတွက် မဟာဥပရာဇာချေင်းနှင့် သက္ကရာဇ် (၉၃၁)ခုနှစ်တွင် သားတော် မင်းရဲကျော်စွာအတွက် မင်းရဲကျော်စွာစုန်ချေင်းတို့ကို စပ်ဆိုခဲ့သည်။ တလုတ်မြို့စားသင်္ချာ၏ မွေးသည့်ခုနှစ်နှင့် ကွယ်လွန်သည့်ခုနှစ်ကို မသိရပေ။ ဤချေင်းနှစ်စောင်မှအပ တလုတ်မြို့စားသင်္ချာ ရေးသားသော အခြားစာပေ လက်ရာများကို မတွေ့ရချေ။

## ၂။ ချေင်းသဘောသဘာဝ

ချေင်းဟူသည်မှာ 'ဧ' ကာရန္တဖြင့်စကာ 'ဧ' ကာရန်ဖြင့် အဆုံးသတ်၍ လေးလုံး တစ်ပါဒ ဖွဲ့စပ်သော ရှေးခေတ်နန်းတွင်း သားချော့တေးကဗျာ ဖြစ်သည်။

ချေင်းတွင် ချေင်းစပ်ဆိုခံရသူ မင်းသား၊ မင်းသမီးကလေးများ၏ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့ အစဉ်အဆက် ဘုန်းတန်ခိုးကြီးခဲ့ကြပုံများကို ရေးဖွဲ့သည်။ မိမိတို့ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့ကဲ့သို့ ဘုန်းတန်ခိုးကြီးမားလိုစိတ်၊ ထူးချွန် ထက်မြက်သော မင်းကောင်းမင်းမြတ်များ ဖြစ်လိုစိတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ရေးဖွဲ့သော တေးကဗျာများပင် ဖြစ်ကြသည်။

ချေင်း ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပညာရှင်တို့က အနက်အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ ဆရာလွန်း၏ 'ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း' တွင်–

> "ချေင်းသည်ကား 'ဧ' ကာရန္တနှင့် အဆုံးသတ်ထားသော ရာဇဝင် သီချင်းများကိုပင် ဆိုလိုသည်။"[၁]

ဟု ဖွင့်ဆိုထားပါသည်။

ပုဂံဝန်ထောက်မင်း ဦးတင် ရေးသားသည့် 'ကဗျာဗန္ဓသာရကျမ်း' တွင်–

> "ချေင်းဆိုသည်မှာ မြန်မာဘာသာ ဖြစ်သည်။ အေးချမ်းသာယာစွာ အကြောင်းခြင်းတကို ဖွဲ့ဆိုသော ကဗျာကို ဆိုလိုသည်။ ချေင်း စပ်ဆိုလေ့ရှိသည့် ရင်းမြစ်မှာ ဧကရာဇ် ပဒေသရာဇ် စသော

[၁] လွန်း၊ ဦး၊ ၁၉၀၉၊ ၆၁။

> ဘုရင်မင်းမြတ်တို့၏ သားတော်၊ သမီးတော်၊ မြေးတော်များကို ဖြေဖျော်ရာဖြေဖျော်ကြောင်း ဖြစ်စေရန်၊ နွယ်တော်စဉ် ရင်းမြစ်ကြောင်းရာ စဉ်လာထွန်းတောက်ပခဲ့သော ဂုဏ်များကိုသော်လည်းကောင်း၊ ဖြေဖျော်ခံသူနှင့် ရသင့်ရထိုက်သော ဂုဏ်များကိုလည်းကောင်း တင့်တယ်မြင့်မြတ်သည့်အကြောင်း ကောင်းစွာချီးမြှောက် စပ်ဆိုစီကုံးလေ့ရှိသည်။ အထူးမှတ်သားရန်မှာ ဧယာဉ်စီးအရွယ်ထက် လွန်မြောက်ကြီးပြင်းလျှင် 'နားတော်သွင်း' ဟူ၍ခေါ်ဝေါ်ရေးသားကြသတည်း။"[1]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့အတူ ဆရာကြီးဦးဖေမောင်တင်၏ 'မြန်မာစာပေသမိုင်း'တွင်လည်း−

> "ဧချင်းဆိုသည်မှာ မင်းသမီး၊ မင်းသားငယ်များအား ဧယာဉ်တော်မင်္ဂလာ ဆင်ယင်ကျင်းပသည့်အခါများတွင် ပုခက်တွင်း၌သိပ်၍ ပုခက်ကိုလွှဲရင်း သီဆိုကျူးရင့်ချော့မော့ရသော ကဗျာဖြစ်၍ ဂီတသဘောမျိုးတွင် သက်ဝင်သော သီချင်းပင် ဖြစ်သည်။ 'ဧ' ကာရန္တနှင့် အစချီ၍ 'ဧ' ကာရန္တနှင့် အဆုံးသတ်ကာ ကြားရသူတို့အလွန်သာယာနာပျော်ဖွယ်ဖြစ်အောင် ဇာတိသွေး၊ ဇာတိမာန်ကိုတစ်မျိုးတစ်နည်းအားဖြင့် မြှင့်တင်ပေးပေသည်။ ဧချင်းအဖွဲ့၏အကျိုးထူးတစ်ရပ်ကား ဧချင်းသည် ရာဇဝံသဉာဏ်ကို ပေးသည်။ ရာဇဝင်အကြောင်းကို ရေးသားဖော်ပြသဖြင့် ရာဇဝင်မပေါ်ပေါက်သေးသော ခေတ်တွင် ဧချင်းကို အကိုးအကားပြုကြရသည်။ နောက်နောင်တွင် ရာဇဝင်ဆရာတို့သည် ဧချင်း စာကိုယ်များမှရာဇဝင်အထောက်အထားများ ရကြသည်။ ထို့ကြောင့် ဧချင်းကားအဖိုးတန်လှပေသည်။"[2]

ဟု ဧချင်း၏သဘောသဘာဝကို ရှင်းလင်းဖွင့်ဆိုထားပါသည်။ ထို့နည်းတူ မြန်မာအဘိဓာန်တွင်လည်း−

---

[1] တင်၊ ဦး၊ ၁၉၀၉၊ ၆၁။

[2] ဖေမောင်တင်၊ ဦး၊ ၁၉၈၇၊ ၄၃။

"ဧချင်း/အေးဂျင်း/န–ငယ်ရွယ်သော ဘုရင့်သားတော်၊ သမီးတော်များ ဇာတိမာန်တက်ကြွစေရန် မျိုးရိုးစဉ်ဆက် ဘုန်းတန်ခိုးတောက်ပ ခဲ့ပုံကို ဖွဲ့ဆိုသော ရေးကဗျာတစ်မျိုး"[၁]

ဟု ဖွင့်ဆိုထားပေသည်။

ဧချင်းကဗျာ၏ သဘောသဘာဝသည် သာယာချိုအေးသော အသံဖြင့် ဇာတိမာန်ကို မြှင့်တင်လှုံ့ဆော်ပေးသော ကဗျာ ဖြစ်သည်။

နန်းတွင်း ပုခက်လွှဲတေးလည်း ဖြစ်သည်။ နန်းတော်တွင်းရှိ ဘုရင့်သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်၊ တူတော်၊ တူမတော် အစရှိသည့် မင်းမျိုး၊ မင်းနွယ် ကလေးသူငယ်များအတွက် သီးသန့်ရေးဖွဲ့ထားသော ကဗျာအမျိုးအစား ဖြစ်သည်။

ဧချင်းသည် မင်းသား မင်းသမီးတို့၏ ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ပုခက်လွှဲရင်း ချော့မော့သီဆိုရသော တေး ဖြစ်သည်။ ထိုအခမ်းအနားတွင် ဧချင်း အဖွဲ့ခံ မင်းသား မင်းသမီး၏ ဘွားတော်နှင့် မယ်တော်၊ အထိန်းတော်၊ အချီတော်နှင့် အယတော်များက ပုခက်လွှဲရင်း သီဆိုကြသည်။

ဧချင်းစာဆိုများသည် ဧချင်းဖွဲ့ခံ မင်းသား မင်းသမီးများ ဇာတိမာန်စိတ်ဓာတ် ထက်သန်စေလိုသော၊ မျိုးရိုးဂုဏ်ကို စောင့်ထိန်းစေလိုသော ရည်ရွယ်ချက်၊ ဘိုးတော်၊ ဘေးတော်၊ ခမည်းတော်တို့၏ လက်ရုံးရည် နှလုံးရည်ကို အတုယူစေလိုသော စေတနာတို့ဖြင့် ရေးဖွဲ့သည်။ ထို့ကြောင့် တိုင်းပြည်ချစ်စိတ်၊ ဇာတိမာန်စိတ်နှင့် စာပေယဉ်ကျေးမှုကို ချစ်စိတ်ဖြင့် ရေးဖွဲ့သော စာဆို၏စေတနာကို တွေ့ရသည်။

ထို့ကြောင့် ဧချင်းကဗျာ ဟူသည်မှာ သာယာချိုအေးသည့် 'ဧကာရန္တ' သံဖြင့် အစချီကာ 'ဧကာရန္တ'သံဖြင့် အဆုံးချပြီး သာယာချိုအေးစွာ ရွတ်ဆိုရသော သားချော့ တေးကဗျာ၊ ဇာတိမာန်စိတ်ရှိသော၊ စာဆိုက ဇာတိမာန်စိတ် ထက်သန်တက်ကြွစေ လိုသော အကြောင်းအရာကို ဇာတိမာန်စိတ် ထက်မြက်တက်ကြွအောင် ရည်ရွယ်ရေးဖွဲ့ ထားသော တေးကဗျာ ဖြစ်သည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၃၈၄။

## ၃။ မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်း

### ၃၊ ၁။ မင်းကြီးစွာ (မဟာဥပရာဇာ)နှင့် မင်းရဲကျော်စွာ (မင်းရဲကျော်စွာစုန်)တို့၏ မျိုးရိုးဆက်နွယ်

ဟံသာဝတီဆင်ဖြူများရှင်
ဘုရင့်နောင်မင်းတရားကြီး + ခင်ကြီး
(၉၁၂–၉၄၃)

တပင်ရွှေထီး + ခင်ဘုန်းစိုး
(၈၉၂ – ၉၁၂)

နန္ဒဘုရင် (၉၄၃ – ၉၆၂)

ပဲခူးမိဖုရား

၁။ မင်းအကြီး (ရွှေနန်းတည်မင်း၏ညီတော် ကောလိယမင်းရဲကျော်ထင်နှင့်သင့်)

၂။ မင်းအထွေး

၃။ **သားတော်မင်းကြီးစွာ (၉၂၂–၉၅၄)**

၄။ ခင်မနှောင်း (ရခိုင်ဘုရင်သို့ ဆင်ဖြူတော်နှင့်အတူ ပေးဆက်ခံရသူ)

၅။ ခင်ပု (အသက် ၁၉ နှစ်တွင် ကွယ်လွန်သည်။)

၆။ **မင်းရဲကျော်စွာ (၉၃၁–၉၆၀)**

၇။ မင်းကြီးနှောင်း (ပြည်– သတိုးဓမ္မရာဇာ)

## ၃၊ ၂။ ချောင်းပိုဒ်ရေ အတိုအရှည်၊ မွေးဖွားသည့် ခုနှစ်သက္ကရာဇ်နှင့် ရေးဖွဲ့ပုံ ရေးဖွဲ့နည်း တူညီခြင်း

မဟာဥပရာဇာချောင်းနှင့် မင်းရဲကျော်စွာစုန်ချောင်းတို့သည် ချောင်းဟောင်း (၁၂)စောင်တွင် သံတိုင်သံပေါက် ပိုဒ်ရေအများဆုံးနှင့် ရေးစပ်ထားသော အရှည်ဆုံး ချောင်းများ ဖြစ်ကြသည်။ မဟာဥပရာဇာချောင်းသည် ချောင်းပိုဒ်ရေပေါင်း (၁၁၉)ပိုဒ် ပါရှိပြီး မင်းရဲကျော်စွာစုန်ချောင်းသည် ချောင်းပိုဒ်ရေပေါင်း (၁၁၄)ပိုဒ် ရှိသည်ကို တွေ့ရသည်။

မဟာဥပရာဇာကို သက္ကရာဇ် (၉၂၂)ခု နတ်တော်လပြည့်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ကြောင်းကို မဟာဥပရာဇာချောင်း ပိုဒ်ရေ (၆၉)တွင်–

"ရှင့်ကိုမြင်သော်၊ ခေါ်တွင်မည်စစ်၊ ကြတိုက်နှစ်ဖြင့်၊ သက္ကရာဇ်
သင်္ချာ၊ မှန်စွာအစ၊ ကိုးရာ့နှစ်ဆယ်၊ စွန်းဝယ်နှစ်ခု၊ ရတုဟေမ၊
နတ်တော်လတွင်၊ ပြည့်ထက်တနင်္ဂနွေ၊ ခေါင်ဖွေသူရိယာ၊ ပဋ္ဌိမာသို့"[၁]

ဟူ၍ ပါရှိသည်။ မဟာဥပရာဇာချောင်းကို မင်းသားလေးမွေးဖွားသော သက္ကရာဇ် (၉၂၂)ခုနှစ်တွင် ပင်စပ်ဆိုခဲ့ခြင်း ဖြစ်ဟန်တူသည်။ ဆရာကြီး ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်–မြန်မာ ပြက္ခဒိန်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်သောအခါတွင် မဟာဥပရာဇာ မွေးသောခုနှစ်သည် ခရစ်နှစ် (၁၅၆၀)ခု၊ ဒီဇင်ဘာလ(၂)ရက်၊ တနင်္လာနေ့[၂] ဖြစ်ကြောင်း တွေ့ရသည်။

မင်းရဲကျော်စွာမင်းသားလေးအား သက္ကရာဇ် (၉၃၁)ခု၊ သီတင်းကျွတ်လဆန်း (၁) ရက်နေ့တွင် မွေးဖွားကြောင်းကို မင်းရဲကျော်စွာစုန်ချောင်း ပိုဒ်ရေ(၈၀)တွင်–

"ရတနာမဥ္ဇူ၊ တောင်ထိပ်ငူ၍၊ ကြေးပွင့်ဝန်း၊ မဥ္ဇူပန်းသို့၊
ပျံ့မွှမ်းထုံနှစ်၊ သက္ကရာဇ်မူ၊ စင်စစ်ကိုးရာ၊ ဇကာ်တိံသာနှင့်၊
မှန်စွာလက်မှ၊ ကသစ်ရလျက်၊ မိဿရာသီ၊ ကြိမ်ညီစီမှတ်၊
နက္ခတ်ခေါင်ဖွေ၊ တိုင်ဦးနေသော်"[၃]

ဟူ၍ ပါရှိသည်။ မင်းရဲကျော်စွာ ဖွားမြင်သောခုနှစ်ကို ဆရာကြီး ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်–မြန်မာ ပြက္ခဒိန်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်သောအခါ ခရစ် ၁၅၆၉ ခု၊

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၉။
[၂] Than Tun. 2002, 61.
[၃] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၂၀၁။

စက်တင်ဘာလ (၁)ရက်၊ စနေနေ့[၁] ဖြစ်ကြောင်း တွေ့ရသည်။ ဧချင်းနှစ်စောင်စလုံးကို နှိုင်းယှဉ်ကြည့်လျှင် ဧချင်းအဖွဲ့ခံ မင်းသားလေးဖွားမြင်သော ခုနှစ်ကို သင်္ကေတ သင်္ချာနည်းဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

## ၃၊ ၃။ ဥပမာပေးပုံ ခမ်းခမ်းနားနားရှိခြင်း

မဟာဥပရာဇာဧချင်းနှင့် မင်းရဲကျော်စွာစုန်ဧချင်းတို့ကို လေ့လာကြည့်လျှင် အပိုဒ်တိုင်းလိုလိုတွင် ဆီလျော်သော ဥပမာများကို ထည့်သွင်းသုံးစွဲကာ စပ်ဆိုထား သည်ကို တွေ့ရသည်။ ဟံသာဝတီဆင်ဖြူများရှင်သည် ဇင်းမယ်မင်းအား သွားရောက် တိုက်ခိုက်ခဲ့ပုံအကြောင်းကို ဖွဲ့ဆိုရာတွင် ဇင်းမယ်ဘုရင်အား လက်ရဖမ်းဆီးမိခဲ့ သော်လည်း အမျက်ဒေါသမထားဘဲ ဇင်းမယ်ဘုရင်နှင့်ဗညားတို့ကို ရှေ့တော်သို့ခေါ်၍ သစ္စာရည်တိုက်ကာ ဇင်းမယ်ထီးနန်းကို ပြန်လည်ပေးအပ်ခဲ့ကြောင်း စသည်ဖြင့် ဖွဲ့ဆို ထားသည်။ ထိုသို့ ဟံသာဝတီဆင်ဖြူများရှင်၏ ဇင်းမယ်ဘုရင်အပေါ် လုပ်ဆောင်ချက်သည် ဘုရားရှင်လက်ထက်က ကဿပညီနောင်ကို တန်ခိုးပြာဋိဟာပြ၍ ချေချွတ်ခဲ့ပုံနှင့် တူကြောင်း ခမ်းခမ်းနားနား ဥပမာပုံဆောင်ကာ ရေးဖွဲ့ထားသည်။ သာဓကအားဖြင့် မဟာဥပရာဇာဧချင်းတွင် စာဆိုက–

> "ကဿပဟု၊ စသည်ကုန်အောင်၊ မာရ်မိုက်မှောင်ကို၊ မြတ်ခေါင်
> သကျ၊ မုနိန္ဒလျှင်၊ တေဇဝှန်ဝါ၊ ပြာဋိဟာကို၊ ဆန့်စွာလွတ်လွတ်၊
> ထိန့်ထိန့်ညွတ်မျှ၊ ပြတ်ပြတ်ကျိုးနှံ့၊ ဆုံးမခံမှ၊ အရဟံဖလ၊
> ချမ်းသာဝသို့၊ လောကမှန်ကင်း၊ ရှင့်ဘမင်းလည်း၊ ထန်ပြင်း
> အာဏာ၊ သမ္ဘာတက်တုန်း၊ ရွှေဘုန်းပြောင်ပ၊ ရဲမာန်ပြ၍၊ လက်ရ
> ဖြစ်လျှင်၊ ယွန်းဘုရင်နှင့်၊ ယင်းတွင်မြတ်ဖွား၊ ဗညားသေဉ်လုံ၊
> အလုံးစုံကို၊ မင်းပုံပေါ်ဖျင်၊ ရှေ့တော်တွင်၌၊ သစ္စာတိုက်လျက်၊
> စိုက်စိုက်ကြည်လင်၊ အရှင်မှတ်ပြီး၊ ရွှေထီးမကြွင်း၊ ပြည်နန်း
> နှင်း၏"[၂]

ဟူ၍ ဘုရားရှင်နှင့်ပတ်သက်သော ဥပမာကို ခမ်းနားထည်ဝါစေရန် ထည့်သွင်းရေးစပ် ထားပါသည်။

မင်းရဲကျော်စွာစုန်ဧချင်းတွင် ဇင်းမယ်စား အကြောင်းကို ရေးဖွဲ့ရာတွင် မင်းရဲကျော်စွာစုန်ဧချင်း ပိုဒ်ရေ(၆)တွင် စာဆိုက–

---

[၁] Than Tun. 2002, 70.

[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၁။

"ဇင်းမယ်စားလျှင်၊ အမှားစတော၊ မျက်တုံလေသော်၊ ရွှေမြေအပ၊
မြတ်ဌာနဌ်၊ သုံးလဝါတွင်း၊ တင်းခဲ့ကာသာ၊ မျက်တော်ပါ၍၊
လျင်စွာခန့်ထောက်၊ ချီလေရောက်က၊ ရှံ့ကြောက်တုန်လှုပ်၊
ပုဆစ်တုပ်၍၊ ကျွန်ုပ်ကျွန်ဘုရား၊ ပြစ်မှားဝံ့ပါ၊ မှူးမတ်ရာနှင့်၊
ချိုသာလျှောက်ကြား၊ ဇင်းမယ်စားလျှင်၊ ကြောက်အားကြီးစွာ၊
ဖူးထွက်လာသော်၊ ပမာပုံဆောင်၊ တောသုံးထောင်၌၊ ရန်အောင်
သနင်း၊ ခြင်္သေ့မင်းဝယ်၊ အပြင်းအားကျိုး၊ သာမျိုးတကာ၊
မလွတ်သာသို့၊ နိုင်းရာထိုထွင်၊ ဘိုးနတ်ရှင်မူ၊ ဘုန်းအင်လျှံညီး၊
တန်ခိုးကြီးလျက်၊ အတိရှေးခါ၊ ထွန်းတေဇာဖြင့်၊ ဗာရာဏသီ၊
တွင်ညီမည်ရင်း၊ အလောင်းမင်းလျှင်၊ သွေယွင်းမှားယူ၊ မကောင်း
သူကို၊ မှတ်ယူအသင့်၊ ကောင်းကျင့်ကုန်ထွေ၊ အောင်စနေသို့"[၁]

ဟူ၍ စပ်ဆိုခဲ့သည်။ ဟံသာဝတီဆင်ဖြူများရှင်သည် ဇင်းမယ်စားနှင့် တိုက်ခိုက်ရာတွင် အနိုင်ရသော်လည်း ဇင်းမယ်စားအား သနားညှာတာ၍ သစ္စာပေးကာ ဇင်းမယ်မြို့ကိုပင် ပြန်ပေးခဲ့သည်။ နောက်ထပ်တစ်ဖန် ဇင်းမယ်စားက အမှားအယွင်းလုပ်သောအခါတွင် ဟံသာဝတီဆင်ဖြူများရှင်သည် ဇင်းမယ်သို့ နောက်တစ်ကြိမ် ချီခဲ့ရပြန်သည်။ ဇင်းမယ်စားသည် ကြောက်အားပိုကာ ပုဆစ်ဒူးတုပ်ပြီး မိမိအမှားကို ဝန်ခံလျှောက်တင်ခဲ့ပြန်သည်။ ထိုသို့သော အဖြစ်အပျက်ကို ကေသရာဇာခြင်္သေ့မင်းနှင့် ပုံဥပမာဆောင်ကာ တင်ပြခဲ့သည်။ ကေသရာဇာခြင်္သေ့မင်းနှင့် တွေ့လျှင် မည်သည့်သားကောင်မျှ မလွတ်နိုင်ပုံဖြင့် ဥပမာဆောင်ကာ ပြခဲ့သည်။ ဘိုးတော်ဘုရင့်နောင်သည် မည်မျှတန်ခိုးကြီးသနည်းဆိုသော် ရှေးယခင်က ဗာရာဏသီပြည်မှ ဘုရားလောင်းကဲ့သို့ မကောင်းသူကိုမှတ်ယူကာ ကောင်းသောအကျင့်ကို ကျင့်ခဲ့သည်ဟု ဘုရားလောင်းနှင့်တင်စားကာ ဥပမာပေးခဲ့သည်။ ဥပရာဇာမင်းသားလေး၏ ဘိုးတော် ဘေးတော်တို့အကြောင်းနှင့်ပတ်သက်၍ တင်လျှောက်မည်ဟု ပဋိညာဉ်စကား ပြောကြားရာတွင် ယသော်ရောသည် သားတော်ရာဟုလာကို ဖခမည်းတော်ဘုရားရှင်၏ အံ့ဩဖွယ်ရာလက္ခဏာကြီးငယ်တို့အကြောင်းကို ချီးမွမ်းပြောဆိုပုံနှင့် ပုံဥပမာဆောင်ကာ စပ်ဆိုခဲ့သည်။ ၎င်းကို ဥပရာဇာချေင်း ပိုဒ်ရေ(၂)တွင်–

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၁။

> "ယသော်ဓရော၊ ရာဟုလာကို၊ ထွေသားမြမြ၊ သီလိတ္ထဟု၊
> အစပုံညွှန်၊ မြတ်မွန်သကျာ၊ သုံးလုချာ၌၊ လက္ခဏာကြီးငယ်၊
> အံ့စဖွယ်သား၊ ချီးမြှောက်ကြားရှင့်"[၁]

ဟူ၍ စပ်ဆိုခဲ့သည်ကို တွေ့ရသည်။ ဧချင်းစာဆိုသည် ဧချင်းအဖွဲ့ခံမင်းသားလေး၏ ဘေးဘိုးတို့အကြောင်းကို ဘုရားရှင်နှင့်နှိုင်းကာ ခမ်းခမ်းနားနား စပ်ဆိုခဲ့သည်ကို တွေ့ရသည်။ ဤသို့ ပုံဥပမာဆောင်ကာ ခမ်းခမ်းနားနား ရေးဖွဲ့ခဲ့ပုံချင်းလည်း ဧချင်းနှစ်စောင်စလုံး တူညီကြသည်ကို လေ့လာတွေ့ရှိရပါသည်။

မင်းရဲကျော်စွာစုန်ဧချင်းတွင် ဟံသာဝတီအကြောင်းကို ဖွဲ့နွဲ့စပ်ဆိုရာ၌ အထူးထူးသော ဥပမာများကိုဆောင်လျက် စပ်ဆိုသီကုံးထားသည်ကို တွေ့ရသည်။ ပိုဒ်ရေ (  )တွင်–

> "ယုဂန္ဓိုရ်တောင်၊ ဖြူးခေါင်မြင့်ကျယ်၊ သွားစံပယ်သား၊ ငါးဆယ်
> ယူဇနာ၊ ပြန်တာချက်မ၊ နေဝန်းပသို့၊ လောကဝိဒူ၊ သုံးလူဒေသစာ၊
> သွားသော့အခါဝယ်"[၂]

> "ပွင့်လင်းသာသနာ၊ တည်ရာငါးထောင်၊ မှန်းခဲ့ဆောင်က၊
> ပြောင်ပြောင်ဝင်းဝါ၊ ရတနာရောင်တင်၊ ပလ္လင်လည်းပေါက်၊
> မာရ်စစ်ရောက်သော်၊ တထောက်ပွဲချင်း၊ တျင်းတျင်းကြေပျက်၊
> သစ္စာခက်ရှင့်၊ မဘက်ရန်ငြိုး၊ သတိုးပြည်စား၊ အယူမှားလည်း။"[၃]

စသည်ဖြင့် ဥပမာများကို ရေလဲသုံးကာ ရေးဖွဲ့ခဲ့သည်။ တခါတရံတွင် မင်းရဲကျော်စွာစုန်ဧချင်းသည် မဟာဥပရာဇာဧချင်းကဲ့သို့ ခမ်းခမ်းနားနား စပ်ဆိုသီကုံးနိုင်သည်ကို တွေ့ရသည်။ မင်းရဲကျော်စွာဧချင်း ပိုဒ်ရေ(၆၁)တွင်–

> "နာဂတ်ငါးထောင်၊ တည်ကြားအောင်လျှင်၊ ရံဆောင်တံတိုင်း၊
> ဆိုင်းဆိုင်းမီးတား၊ မုတ်နန်းထားလျက်၊ နတ်သားဝရဏ်၊ ပြောဟုန်
> ရန်ဘီ၊ ဇော်ဂီရသေ့၊ ကျိန်းမွေ့သောဟန်၊ အတန်တန်တိ၊ ဂုမ္ဘဏ်
> ရက္ခ၊ တာနေ့ာစသည်၊ ဝေငှစောင့်ဖန်၊ သဏ္ဍာန်ဝန်းကျင်၊
> မွှမ်းမွှမ်းဖျင်မျှ၊ တွင်းပြင်ရံမြဲ၊ လက်နက်စွဲလျက်၊ အံ့အဲဘွယ်တိ၊
> မရှိနှိုင်းရာ၊ သုခမ္မာတုံ၊ နတ်ရွာသဘင်၊ မွှမ်းဖျင်ပျော်ဟန်၊

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၇၂၊ ၁၂၀။
[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၇၂၊ ၁၇၈။
[၃] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၇၂၊ ၁၇၈။

> ထိုဗိမာန်နှင့် သဏ္ဍာန်မခြား၊ ပုံမပြားတည့်၊ တရားရှင့်ဘိုး၊ နေမျိုးစကြာ၊ စောနရာလျှင်"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဤအပိုဒ်တွင် ဂုမ္ဘာဏ် ရက္ခ တာနော စသော နတ်ဘီလူးများသည် နတ်ပြည်၌ ပြုလုပ်စည်းဝေးသော သုဓမ္မာနတ်သဘင်၌ စောင့်ရှောက်ဆောင်ရွက်ရသကဲ့သို့ ဟံသာဝတီဆင်ဖြူများရှင်မင်းတရား၏ ညီလာခံသဘင်၌ မည်သို့ဆောင်ရွက်ကြပုံကို အလင်္ကာ၊ အဆင်တန်ဆာနှင့် ရေးဖွဲ့ထားသည်မှာ ပြောင်မြောက်၍ သိပ်သည်းကျစ်လျစ်မှုရှိသည်ကို တွေ့ရသည်။ မင်းရဲကျော်စွာစုန်ဧချင်းထက် (၉)နှစ်ခန့် ကြာမှ ရေးဖွဲ့ခဲ့သော မဟာဥပရာဇာဧချင်းသည် လက်ရာမညံ့ကြောင်းကို ကောင်းစွာ တွေ့ရှိရသည်။

စာဆို တလုတ်စားသခ်ယာသည် ဥပမာပေး အလွန်ကောင်းသော စာဆိုတစ်ဦးဖြစ်ရုံသာမက ပညာဗဟုသုတအရာ၌လည်း ပြည့်စုံကြွယ်ဝသူတစ်ဦး ဖြစ်သည်။ ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီးသည် မြို့သစ်တည်ရာတွင် မည်သို့မည်ပုံ ဆောက်လုပ် လုပ်ကိုင်ခဲ့ကြောင်း ခရေစေ့တွင်းကျ ထည့်သွင်းစပ်ဆိုပြနိုင်သောကြောင့် ယခုခေတ် သုတေသီများ ဗဟုသုတရရုံသာမက ထိုခေတ်အခါက မင်းနေပြည်တော်သည် မည်သို့မည်ပုံရှိကြောင်း ရော်ရမ်းမှန်းဆကြည့်နိုင်သည်။ မင်းရဲကျော်စွာဧချင်း ပိုဒ်ရေ (၇၁)တွင်–

> "အထူးအထူး၊ မော်ကွန်းဦး၌၊ သွယ်ဖြူးဆိုင်းဆိုင်း၊ ပျော်ဘွယ်နှိုင်းတိ၊ ရံတိုင်းလူလို၊ သူရဲခိုနှင့်၊ ထားသိုသိပ်သည်း၊ ပေါင်းစည်းရင်လျောက်၊ ခိုနန်းဘောက်လျက်၊ ဖြိုးမောက်ရှုသာ၊ လေးမျက်နှာလုံး၊ ရေးရေးကုံးသို့၊ ပေါင်းရုံးနှစ်ဆယ်၊ တံခါးဝယ်တုံ၊ ရွှေကြယ်ထွန်းမြူး၊ မှန်ကင်းဘူးနှင့်၊ ရွှေခြူးကြာပြန်၊ ပိတာန်ရွှေရေး၊ လျှပ်ရောင်ပြေးမျှ၊ ထောင့်ကွေးချင်တား၊ ဆတ်သွားရိုင်းစိုင်း၊ ပြိုင်းရရိုင်းတိ၊ ဆိုင်းဆိုင်းဝန်းကျင်၊ တုရင်ကမောင်း၊ ဆောင်းဆောင်းသွယ်ဖြူး၊ ငှက်လျာဘူးတည်၊ သောက်ရှုးသဏ္ဍာန်၊ တသွန်နီးဝေး၊ ရွှေရောင်ပြေးလျက်၊ ပြောင်းလေးရံကာ၊ လက်ရုံးမှာတုံ၊ ရှုသာနိမ့်မြင့်၊ သုံးဆင့်ရေးရေး၊ သူရဲပြေးနှင့်၊ ရန်ဘေးပျောက်ဖုံး၊ ရွှေမြို့လုံး၌၊ ပတ်ကုံးရှောင်မောင်း၊ ရွှေတန်ဆောင်းတိ၊ ရဲလောင်းမြင့်ကာ၊

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၁။

ရှေးစဉ်လာမူ၊ ကမ္ဘာကျင့်ထုံး၊ ဂြိုလ်ရှစ်လုံးနှင့်၊ ရင့်ဆုံးကြီးတူ၊ တည်တော်မူသည်"[၁]

ဟူ၍ ရေးဖွဲ့ခဲ့သည်။ စာဆိုသည် မဟာဥပရာဇာချောင်းကို ရေးစပ်စဉ်၌ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးသည် မင်းတရားရွှေထီး နတ်ရွာစံပြီးနောက် အစိတ်စိတ် အမွှာမွှာဖြစ်နေသော တိုင်းပြည်ကို ပြန်လည်စည်းရုံးချိန်ဖြစ်၍ စာဆိုသည် ဟံသာဝတီ ဆင်ဖြူများရှင်၏ ဘုန်းလက်ရုံး၊ တန်ခိုးအာဏာကို ပြည့်ပြည့်စုံစုံ စပ်ဆိုရေးဖွဲ့ရန် အခါအခွင့် မရခဲ့ဟန် တူသည်။ မင်းရဲကျော်စွာစုန်ဧချင်းကို ရေးသားချိန်၌မူ မင်းတရားကြီးသည် ဟံသာဝတီထီးနန်း၌ ထီးကနက်စိုက်ထူနိုင်ရုံသာမက မြန်မာပြည် အလုံးကို တစ်စုတစ်ရုံးတည်း စုပေါင်းနိုင်ခဲ့သည့်အပြင် ယိုးဒယား၊ လင်းဇင်း၊ ဇင်းမယ် တို့ကိုပင် တိုက်ခိုက်၊ နှိမ်နင်း အောင်မြင်ပြီးသော အချိန်အခါ ဖြစ်သည်။ ထို့ကြောင့် စာဆိုသည် မင်းရဲကျော်စွာဧချင်းကို မဟာဥပရာဇာဧချင်းထက် ပိုမိုပြည့်စုံသော ဘုန်းတော်ဘွဲ့များ ထည့်သွင်းစပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုအချက်သည်သာ ဧချင်း နှစ်စောင်တွင် ကွာခြားခြင်းရှိသည်ကို တွေ့ရသည်။

## ၃၊ ၄။ စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီခြင်း

စာဆို တလုတ်စားသခ်ယာသည် မဟာဥပရာဇာဧချင်းတွင် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ ဘိသိက်ခံသော မင်းခမ်းမင်းနားများကို ဖွဲ့ဆိုရာတွင် မင်းခမ်းမင်းနား အသုံးအဆောင်ပစ္စည်းများကို အသေးစိတ် ဖွဲ့ဆိုခဲ့သည်။ သာဓကအားဖြင့် မဟာဥပရာဇာဧချင်း ပိုဒ်ရေ(၃၈)တွင် စာဆိုက–

"မုနောလင်ပန်း၊ ရှစ်ခန်းထောင့်ကွေး၊ နားရေးတစ်ရာ၊ ကျမ်းလာ လိုက်ဘက်၊ ကွမ်းခွက်ကွမ်းလျောင်၊ ကွမ်းလောင်းကွမ်းချပ်၊ ကွမ်းကပ် ကွမ်းအိုး၊ ကွမ်းဖိုးကွမ်းလိပ်၊ ချိပ်ချိပ်ရှင်ရှင်၊ လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ၊ ရွှေကြာပန်းတောင်း၊ ရောင်မောင်းဖလား၊ ကရားထွေးခံ၊ ဝင်းလျံစံငွေ့၊ ကြွေ့ကြွေ့စည်ကား၊ ဖလားသောက်တင်၊ ချဉ်းအင် မြူတေ၊ သိင်္ဂါအိုးပျစ်၊ မျက်နှစ်စီမြှုပ်၊ ခွက်အုပ်ပန်းလျောင်၊ သတောင်းသလပ်၊ ပန်းကပ်ပန်းခံ"[၂]

ဟူ၍ စာဆိုသည် မင်းခမ်းတော်ဝင် အသုံးအဆောင်ပစ္စည်းများကို စေ့စပ်သေချာစွာ ထည့်သွင်း စပ်ဆိုထားပါသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၇။

[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၃၅။

ထိုမင်းခမ်းမင်းနားနှင့် ပတ်သက်၍ မင်းရဲကျော်စွာစုန်ဧချင်းတွင်–

> "နည်းမှီစဥ်လာ၊ မင်းခမ်းမှာတုံ၊ ရွှေကြာပန်းတောင်း၊ ကွမ်းလောင်း ကွမ်းချပ်၊ ပန်းဇလပ်နှင့်၊ ကွမ်းချပ်ကွမ်းထိုး၊ ကွမ်းအိုးကွမ်းလိပ်၊ ရောင်ဖိတ်ကွမ်းခွက်၊ ညီးညီးလက်မျှ၊ ရှစ်ဖက်ထောင့်ချော၊ မုနော လင်ပန်း၊ ရောင်ရွှန်းဖလား၊ ကရားထွေးခံ၊ မင်းစံသိင်္ဂါ၊ တစ်ရာ နာရေး၊ ထွန်းလျှံပြေးလျက်၊ ရေးရေးရှုသာ၊ မြူတာအိုးသစ်၊ ထွန်းလှစ် စံငွေ့၊ ကြွေ့ကြွေ့ဖြိုးအင်၊ သောက်တင်ဖလား၊ မင်းခမ်းနားတိ၊ ရိုးဖျားညွတ်သွယ်၊ ထားဝယ်သံလျင်း၊ ပြောင်လင်းရောင်လျှပ်၊ သားမြီးယပ်နှင့်၊ ပန်းကပ်သစ်တောင်း၊ ပန်းလျောင်းခွက်အုပ်၊ ခြယ်မြုပ်မျက်ရှင်၊ လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ"[၁]

ဟူ၍ စာဆိုက ဘုရင့်နောင်မင်းတရားကြီး၏ ဘိသိက်မင်္ဂလာ မင်းခမ်းမင်းနားတို့ကို စပ်ဆိုထားပါသည်။ ဘိသိက်မင်္ဂလာ မင်းခမ်းမင်းနားတို့ကို စပ်ဆိုရာတွင် မဟာဥပရာဇာ ဧချင်းတွင် စာဆိုသည် ထောင့်ရှစ်ဖက်ရှိပြီး မျက်နှာပြင်ချောမွတ်နေသော ရွှေလင်ပန်းကို စပ်ဆိုရာတွင် 'မုနောလင်ပန်း၊ ရှစ်ခန်းထောင့်ကွေး' ဟူ၍လည်းကောင်း၊ မင်းရဲကျော်စွာစုန် ဧချင်းတွင် စာဆိုက 'ရှစ်ဖက်ထောင့်ချော၊ မုနောလင်ပန်း' ဟူ၍လည်းကောင်း ထည့်သွင်း စပ်ဆိုထားပါသည်။

အရောင်တဖိတ်ဖိတ်တောက်နေသော ကွမ်းလောင်း၊ ကွမ်းချပ် ကွမ်းအိုးတို့ အကြောင်းကို စပ်ဆိုရာ၌ မဟာဥပရာဇာဧချင်းတွင် 'ကွမ်းလောင်း၊ ကွမ်းချပ်၊ ကွမ်းကပ်၊ ကွမ်းအိုး' ဟူ၍လည်းကောင်း၊ ၎င်းကို မင်းရဲကျော်စွာစုန်ဧချင်းကို စပ်ဆိုသော စာဆို 'ကွမ်းချပ်ကွမ်းထိုး၊ ကွမ်းအိုးကွမ်းလိပ်၊ ရောင်ဖိတ်ကွမ်းခွက်' ဟူ၍လည်းကောင်း ဖွဲ့ဆို ထားပါသည်။ လက်တင်အနိမ့်အမြင့်နှင့် ရွှေရောင် တလက်လက်တောက်နေသော စလင့်ကြာအကြောင်းကို ဖွဲ့ဆိုရာတွင် မဟာဥပရာဇာဧချင်းကို စပ်ဆိုသော စာဆိုက 'လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ' ဟူ၍ စပ်ဆိုခဲ့သည်။ မင်းရဲကျော်စွာစုန်ဧချင်းကို စပ်ဆိုသော စာဆိုကလည်း ဥပရာဇာဧချင်းစပ်ဆိုသကဲ့သို့ပင် 'လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ' ဟူ၍ပင် စပ်ဆိုသည်ကို တွေ့ရပါသည်။ ဤသည်ကိုကြည့်လျှင် မဟာဥပရာဇာ ဧချင်းကို စပ်ဆိုသော စာဆိုနှင့် မင်းရဲကျော်စွာစုန်ဧချင်းကို စပ်ဆိုသော စာဆိုတို့သည် စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီနေသည်ကို လေ့လာတွေ့ရပါသည်။

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၇။

## ၃၊ ၅။ ချောင်းချီပုံချပုံ တူညီခြင်း

ချောင်းနှစ်စောင်စလုံးကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် အချီအချ ချင်းလည်း တူညီကြနေသည်ကို တွေ့ရပါသည်။

မဟာဥပရာဇာချောင်း–

ပိုဒ်ရေ(၁၂) ချောင်းအစတွင် 'အထွေအထွေ'[၁] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၆၆) ချောင်းအစတွင် 'အခြားအခြား'[၂] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၆၈) ချောင်းအစတွင် 'တစ်ဦးတစ်ဦး'[၃] ဟူ၍လည်းကောင်း၊

အစချီထားပြီး ချောင်း၏အချပိုဒ်များတွင် 'ဧပြုံ့ပျူး၊ သံညင်းကျူးသည်၊ ရန်ငူးစက်တော် ခေါ်ဘိသေး'[၄] ဟူ၍ ချထားသည်ကို တွေ့ရသည်။

မင်းရဲကျော်စွာစုန်ချင်း၏ အချီပိုဒ်များကို လေ့လာကြည့်လျှင်–

ပိုဒ်ရေ(၄၈) အစတွင် 'အဆက်အဆက်'[၅] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၄၉) အစတွင် 'အခြားအခြား'[၆] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၇၁) အစတွင် 'အထူး အထူး'"[၇] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၇၂) အစတွင် 'အထည် အထည်'"[၈] ဟူ၍လည်းကောင်း၊

ဟူ၍ အစချီထားပြီး ချောင်း၏အချပိုဒ်များတွင် 'ဧပြုံ့ပျူး၊ ရွှယ်လူးနတ်ပေး၊ မင်းလောင်းသွေးကို၊ ကျူးဧမစဲ၊ သာညှင်းလွှဲသည်၊ ရန်ကဲစက်တော်ခေါ်ဘိသေး၊ ဧလည်းယင်ယင်ဧ' ဟူ၍လည်းကောင်း ချောင်းကို ချခဲ့သည်။ ချောင်း (၂)စောင်လုံး၏ အချီပိုဒ် အချပိုဒ်များကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် တူညီနေသည်ကို လေ့လာတွေ့ရပါသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၂၄။
[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၈။
[၃] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၉။
[၄] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၉။
[၅] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၈၄။
[၆] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၈၄။
[၇] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၆။
[၈] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၈။

## ၃၊ ၆။ ပါဠိဝေါဟာရများနှင့် စာဆို၏ စိတ်ကူးစိတ်သန်း ထည့်သွင်းစပ်ဆိုပုံ တူညီနေခြင်း

စာဆိုသည် မိမိ၏စာပေကို ပိုမိုခံ့ညားစေချင်သောကြောင့် ပါဠိဘာသာ ဝေါဟာရများကို အများအပြား ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရသည်။ အင်းဝခေတ် ပျို့၊ ကဗျာလင်္ကာများတွင်သာ အများအပြား တွေ့ရတတ်သော ပါဠိဝေါဟာရများကို ဤချင်းနှစ်စောင်လုံးတွင် တွေ့ရသည်။ ဂီတသဘောသက်ဝင်သော ကဗျာများကို ရွက်ဆိုရလွယ်ကူစေရန် ရှေးစာဆိုတို့သည် ပါဠိဝေါဟာရတို့ကို ရှောင်၍ ဖွဲ့ဆိုတတ်ကြသည်။ ယခု ချင်းစာဆိုသည် သူ၏ချင်းတွင် ရာဇဝင်သမိုင်းကို ဦးစားပေး၍ စပ်ဆိုထားရုံသာမက ဘုရားရှင်၏ ဖြစ်တော်စဉ်များကိုပါ ထည့်သွင်း စပ်ဆိုချင်သောကြောင့် အကြောင်းအရာနှင့် လိုက်ဖက်သည့် ခံ့ညားထည်ဝါသော ပါဠိအသုံးများကို ထည့်သွင်းစပ်ဆိုဟန် တူသည်။ မဟာဥပရာဇာချင်းတွင် စာဆိုက–

> "ဓမ္မတာထင်ရှား၊ သုံးဆယ်ပြားတွင်၊ ဘုရားတကာ၊ သတ္တဌာဉ်၊
> သတ္တာရက်စီ၊ မဟေသီသို့၊ ယှဉ်မှီနှစ်ထောင်း၊ အပေါင်းသင်္ချာ၊
> စတ္တာသီလ၊ နဝပြည့်မြောက်၊ ဗြဟ္မာလျှောက်က၊ ကျွတ်ထောက်
> ပဋ္ဌနာ၊ ဝေနေယျာကို"[၁]

ဟူ၍လည်းကောင်း၊

မင်းရဲကျော်စွာစုန်ချင်းတွင် စာဆိုက–

> "တစ်နေ့တစ်လုပ်၊ မယုတ်အာဟာ၊ သတ္တာသတ္တ၊ နဝစာလီ၊
> ပြည့်ညီရက်ရ၊ သတ်ဌာနဍ္ဍ၊ သတ္တရက်ဖြင့်၊ ချိန်ရွယ်လင့်သို့"[၂]

ဟူ၍လည်းကောင်း ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ ဘုရားရှင်သည် ဘုရားဖြစ်ပြီး (၇)နေရာတွင် (၇)ရက် စံနေသည်ကို မဟာဥပရာဇာချင်းတွင် 'သတ္တဌာဉ်၊ သတ္တာရက်စီ' ဟူ၍လည်းကောင်း၊ မင်းရဲကျော်စွာစုန်ချင်းတွင် 'သတ္တာသတ္တ၊ နဝစာလီ၊ ပြည့်ညီရက်ရ၊ သတ်ဌာနဍ္ဍ၊ သတ္တရက်ဖြင့်' ဟူ၍လည်းကောင်း၊ မဟာဥပရာဇာချင်းတွင် (၉)ကြိမ် ပြည့်မြောက်သည်ကို 'စတ္တာသီလ၊ နဝပြည့်မြောက်' ဟူ၍လည်းကောင်း၊ မင်းရဲကျော်စွာစုန်ချင်းတွင် 'နဝစာလီ၊ ပြည့်ညီရက်ရ' ဟူ၍လည်းကောင်း ဖွဲ့ဆိုထားပါသည်။ ချင်းနှစ်စောင်စလုံးတွင် ပါဠိဝေါဟာရများကို ထည့်သွင်းစပ်ဆိုပုံ စိတ်ကူးစိတ်သန်းချင်း တူညီနေကြသည်ကို လေ့လာတွေ့ရသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)။ ၁၉၁၂၊ ၁၃၂။

[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၇၅။

## ခြုံငုံသုံးသပ်ချက်

မဟာဥပရာဇာချောင်းနှင့် မင်းရဲကျော်စွာစုန်ချောင်းတို့သည် တောင်ငူခေတ်ပေါ် ချောင်းများ ဖြစ်ကြသည်။ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်ရင်းများလည်း ဖြစ်ကြပြီး တစ်မိဝမ်းထဲမှဖွားသော ညီနောင်နှစ်ပါးလည်း ဖြစ်ကြသည်။ ထိုညီနောင်နှစ်ပါးထဲမှ အစ်ကိုတော်ဖြစ်သော မဟာဥပရာဇာအတွက် စပ်ဆိုသော မဟာဥပရာဇာချောင်းကို စာဆို တလုတ်စားသခ်ယာသည် သက္ကရာဇ် (၉၂၂)ခုနှစ် မင်းသားလေး မွေးဖွားပြီးချိန်တွင် စပ်ဆိုခဲ့ဟန် တူသည်။ မဟာဥပရာဇာ ချောင်းကို စပ်ဆိုခဲ့သော စာဆိုသည် ထိုချောင်းကို စပ်ဆိုပြီး (၉)နှစ်အကြာ သက္ကရာဇ် (၉၃၁)ခုနှစ်တွင် ညီတော်မင်းရဲကျော်စွာအတွက် မင်းရဲကျော်စွာစုန်ချောင်းကို စပ်ဆိုသည် ဆိုသည်မှာ ဖြစ်နိုင်ခြေများပြားလှသည်။ ထိုချောင်း နှစ်စောင်လုံးကို လေ့လာကြည့်ရာတွင်–

(၁) ချောင်းပိုဒ်ရေရှည်လျားပုံ တူညီနေခြင်း၊ ချောင်းတွင်ပါဝင်သော ပါဒ များပြားပုံ တူညီနေခြင်း၊ မွေးဖွားသည့် ခုနှစ်၊ သက္ကရာဇ်တို့ကို စပ်ဆိုရာတွင်လည်း ချောင်းနှစ်စောင်စလုံး ရေးဖွဲ့ပုံတူညီနေခြင်း

(၂) ဥပမာပေးပုံ ခမ်းခမ်းနားနား ရှိခြင်း

(၃) စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီနေခြင်း

(၄) ချောင်း ချီပုံ၊ ချပုံတူညီနေခြင်း

(၅) ပါဠိဝေါဟာရများနှင့် စာဆို၏စိတ်ကူးစိတ်သန်း ထည့်သွင်းစပ်ဆိုပုံ တူညီနေခြင်း

စသည့် အချက်(၅)ချက်စလုံး ယေဘုယျအားဖြင့် တူညီနေသည်ကို တွေ့ရသောကြောင့် ချောင်းနှစ်စောင်စလုံးကို စာဆို တလုတ်စားသခ်ယာ တစ်ဦးတည်း ရေးသည်ခဲ့ဟန် တူပါသည်။ ချောင်း နှစ်စောင်စလုံးတွင် တူညီချက်များ များစွာတွေ့ရပြီး ဘုရင့်နောင် မင်းတရားကြီး မြို့သစ်တည်ရာတွင် မင်းရဲကျော်စွာစုန်ချောင်းသည် ပိုမိုပြည့်စုံစွာ စပ်ဆိုထားသည်ကို တွေ့ရသည်။ မင်းရဲကျော်စွာစုန်ချောင်းသည် မဟာဥပရာဇာ ချောင်း၏ ပွဲတင်သံမျှသာ ဖြစ်ပါသည်။ မင်းရဲကျော်စွာစုန်ချောင်းကို ရာဇဗာဟု ရေးသည်ဟု အမှတ်အသား တွေ့ရသည်မှာလည်း ရာဇဗာဟုသည် စာဆို တလုတ်စားသခ်ယာ၏ ဘွဲ့အမည်တစ်ခု ဖြစ်နိုင်သည်။ မြန်မာစာပေသမိုင်းတွင် စာဆိုတလုတ်စား သခ်ယာ၏ စာပေလက်ရာ ချောင်းနှစ်စောင်ကိုသာ တွေ့ရသည်။ စာဆို၏ အခြားစာပေလက်ရာ များကို အခုအချိန်အထိ မတွေ့ရသေးပေ။ ဤသို့ဖြစ်ခြင်းမှာလည်း စစ်မက်ထူပြော လှသော ထိုခေတ်အခါတွင် စာဆိုသည် မိမိအရှင်နှင့်အတူ စစ်တိုက်ထွက်နေရ၍

များပြားလှသော တိုင်းပြည်တာဝန်များကြားတွင် စာမရေးဖွဲ့အားသောကြောင့် ဖြစ်နိုင်ပါသည်။ စာဆို တလုတ်စားသခ်ယာ၏ လက်ရာစာပေ ဧချင်းနှစ်စောင်မှာ မြန်မာစာပေသမိုင်းတွင် အထင်အရှား တည်ရှိနေမည်သာ ဖြစ်သည်။

## နိဂုံး

စာဆို တလုတ်စားသခ်ယာသည် တောင်ငူခေတ်တွင် သမိုင်းတန်ဖိုး ကြီးမားလှသော ဧချင်းနှစ်စောင်ကို ရေးဖွဲ့နိုင်သည်မှာ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။ စာဆိုနဝဒေးသည် တပင်ရွှေထီး ဧချင်းသုံးစောင်ကို လက်စွမ်းပြရေးဖွဲ့ကာ အရှင်သခင်ကို ဆက်သွင်းနိုင်သကဲ့သို့ စာဆို တလုတ်စားသခ်ယာသည်လည်း ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်ရင်းများဖြစ်ကြသော ညီအစ်ကိုနှစ်ဦး၏ ဧချင်းနှစ်စောင်ကို (၄)နှစ်သာခြားကာ မိမိအရှင်သခင်အတွက် စပ်ဆိုနိုင်ခဲ့ကြောင်းကို သိရသည်မှာ တန်ဖိုးမဖြတ်နိုင်သော စာပေတန်ဖိုးတစ်ရပ်ပင် ဖြစ်ပါသည်။ ဧချင်းနှစ်စောင်စလုံးတွင် တူညီချက်များကို များစွာတွေ့ရသည်။ အချို့နေရာတွင် မင်းရဲကျော်စွာစုန်ဧချင်းက ပို၍စုံလင်စွာစပ်ဆိုနိုင်သည်ကို တွေ့ရသည်။ ဧချင်းများ ရေးဖွဲ့ထားသောအချိန်ကို ကြည့်လျှင် တိုင်းပြည်တွင် စစ်မက်ရေးရာများဖြင့် ထူပြောလှသော ထိုအချိန်အခါမျိုး၌ ဧချင်းစာဆို တလုတ်စားသခ်ယာသည် ဂုဏ်အလင်္ကာ ရသမြောက်သော အဆင့်အတန်းမြင့်သော ဧချင်းနှစ်စောင်ကို စပ်ဆိုနိုင်သည်မှာ များစွာ ချီးကျူးစရာကောင်းပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကုလား၊ ဦး။ (၁၉၆၀)။ ***မဟာရာဇဝင်ကြီး***။ ပထမတွဲ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ကုလား၊ ဦး။ (၁၉၆၀)။ ***မဟာရာဇဝင်ကြီး***။ ဒုတိယတွဲ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ကုလား၊ ဦး။ (၁၉၆၀)။ မဟာရာဇဝင်ကြီး။ တတိယတွဲ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

တင်၊ ဦး။ (၁၉၂၁)။ ***ကဗျာဗန္ဓသာရကျမ်း***။ မန္တလေးမြို့၊ မြန်မာတာရာသတင်းစာ ပုံနှိပ်တိုက်။

ထွန်းညို၊ ဦး၊ တွင်းသင်းတိုက်ဝန်မဟာစည်သူ။ (၁၉၉၈)။ ***မဟာရာဇဝင်သစ် (တောင်ငူဆက်)***။ ဒုတိယတွဲ။ ခိုင်ညွန့်မွန်အော့ဖ်ဆက်။

ထွန်းရွှေ၊ ဦး။ (၁၉၉၅)။ ***နန္ဒမာလိနီ ခေါ် ကဗျာ့စွယ်စုံကျမ်းကြီး***။ ရန်ကုန်၊ ပညာအလင်းပြ စာပုံနှိပ်တိုက်။

ပညာရှိများ။ (၁၉၉၂)။ ***မှန်နန်းရာဇဝင်ကြီး***။ ပထမတွဲ။ ကြေးမုံဂါးဒီးယန်းသတင်းစာတိုက်။

ပညာရှိများ။ (၂၀၀၃)။ ***မှန်နန်းရာဇဝင်ကြီး***။ ဒုတိယတွဲ။ မြန်မာ့အလင်း သတင်းစာတိုက်နှင့် ကြေးမုံဂါးဒီးယန်း သတင်းစာတိုက်။

မေအောင်၊ ဦး(ဝတ်လုံတော်ရ)။ (၁၉၁၂)။ ***ချေင်းပောင်း ၁၂ စောင်တွဲ***။ မော်လမြိုင်မြို့၊ ရမ္မာပုရပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး။ (၁၉၇၅)။ ***ရွှေနန်းသုံးဝေါဟာရအဘိဓာန်***။ ရန်ကုန်၊ ဗုဒ္ဓဘာသာအဖွဲ့ ပုံနှိပ်တိုက်။

လွန်း၊ ဦး။ (၁၉၅၉)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်***။ ရန်ကုန်၊ သူရိယသတင်းစာတိုက်။

## အင်္ဂလိပ်ဘာသာ

Than Tun, Dr. (2002).***English The -Myanmar Calendar of the Second Millennium A.D (Sixteen Century).***History Department, University of Yangon.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# နှောင်းတွေ့မြန်မာကျောက်စာများကို ရှုထောင့်အထွေထွေမှ လေ့လာခြင်း

ကြည်ကြည်ခိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ပုဂံခေတ်က စတင်အသုံးပြုခဲ့ကြသော မြန်မာစကားပြေ အရေးအသားများကို ခြေခြေမြစ်မြစ် သိရှိစေရန် ရည်ရွယ်၍တင်ပြထားသော စာတမ်း ဖြစ်ပါသည်။ နှောင်းတွေ့မြန်မာကျောက်စာများကို လေ့လာရာတွင် ကျောက်စာတို့၏ သဘောသဘာဝကိုအခြေခံ၍ နှောင်းတွေ့မြန်မာကျောက်စာ (၃)ချပ်ကို အလေ့လာခံအဖြစ် သတ်မှတ်လေ့လာထားပါသည်။ ဤစာတမ်းတွင် အကြောင်းအရာပိုင်းလေ့လာခြင်း၊ အရေးအသားပိုင်းလေ့လာခြင်းနှင့် ဝေါဟာရ အသုံးအနှုန်းများကိုလေ့လာတင်ခြင်း ဟူ၍ အပိုင်း(၃)ပိုင်း ခွဲ၍ တင်ပြထား ပါသည်။ အကြောင်းအရာပိုင်းတွင် ပုဂံခေတ်သာသနာရေး၊ လူမှုရေး၊ စီးပွားရေး တို့ကို လေ့လာတင်ပြထားပါသည်။ အရေးအသားပိုင်းတွင် စကားသုံးနှုန်း၊ ရေးဟန်၊ ဝါကျအသုံးတို့ကို ဖော်ထုတ်ပြီး ဝေါဟာရအသုံးအနှုန်းများတွင် ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်တို့ကို တင်ပြထားပါသည်။ ဤစာတမ်းပါ လေ့လာချက်များသည် မြန်မာစာပေကို စတင်အသုံးပြုခဲ့ကြသော ရှေးမြန်မာ တို့၏ စာပေစွမ်းရည်ကို ခြေခြေမြစ်မြစ် သိရှိစေရန်နှင့် မြန်မာစာပေကို လေ့လာလိုသူများအတွက် အထောက်အကူပြုနိုင်စေရန် ရှာဖွေဖော်ထုတ်ထား ပါသည်။

**သော့ချက်ဝေါဟာရ** – ***သာသနာရေး၊ လူမှုရေး၊ စီးပွားရေး၊ အရေး အသား၊ ဝေါဟာရအသုံး။***

## နိဒါန်း

ဤစာတမ်းသည် ဘာသာစကား၏ကဏ္ဍတစ်ရပ်ဖြစ်သော မြန်မာကျောက်စာ များမှ ကျောက်စာစကားပြေ၏ သဘောသဘာဝများကို လေ့လာထားသည့် ဘာသာ စကားဆိုင်ရာ လေ့လာမှုတစ်ရပ် ဖြစ်ပါသည်။ နှောင်းတွေ့ကျောက်စာ ဟူသည် မြန်မာတိုင်းရင်းကျောက်စာများ၊ ပုဂံကျောက်စာညွန့်ပေါင်းစသည့် ကျောက်စာများတွင် မပါရှိသေးသော အသစ်တွေ့ကျောက်စာများ ဖြစ်သည်။ နှောင်းတွေ့မြန်မာကျောက်စာ များမှ အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းနှင့် ဝေါဟာရ အသုံးအနှုန်းများကို ဖော်ထုတ်ထားပါသည်။ အလေ့လာခံကျောက်စာများသည်လည်း အလှူမှတ်တမ်းများ ဖြစ်၍ ပုဂံခေတ်သာသနာရေး၊ လူမှုရေး၊ စီးပွားရေး စသည်တို့ကို တွေ့မြင်နိုင်ပြီး ပုဂံခေတ် အရေးအသားစနစ်ကိုလည်း တွေ့မြင်နိုင်ပါသည်။ ဝေါဟာရအသုံးများသည်

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ စစ်ကိုင်းတက္ကသိုလ်

ထေရဝါဒဗုဒ္ဓဘာသာကိုအခြေခံ၍ ပေါ်ပေါက်လာသောကြောင့် ဘာသာခြားမွေးစား စကားလုံးများကိုလည်း တွေ့ရပါသည်။ ပုဂံခေတ်က ကျောက်စာစကားပြေများ ပေါ်ပေါက်လာခြင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ မူလအစပင် ဖြစ်ပေသည်။ ထို့ကြောင့် ပုဂံခေတ်ကအခြေတည်ခဲ့သော မြန်မာကျောက်စာတို့၏ ဝိသေသများကို ဖော်ထုတ်သောအားဖြင့် ဤစာတမ်းကို တင်သွင်းခြင်း ဖြစ်ပါသည်။

## ၁။ နှောင်းတွေ့မြန်မာကျောက်စာများလာ ရှုထောင့်အထွေထွေ

နှောင်းတွေ့ကျောက်စာများတွင် စည်သူမင်းကျောက်စာ၊ သရပိုလ်သို့ခ်ကျောင်း ကျောက်စာ၊ သခင်ခင်အုန်နှင့်သင်ကြီးကုံကယ်ကျောက်စာတို့ကို အလေ့လာခံအဖြစ် သတ်မှတ်၍ လေ့လာတင်ပြမှာ ဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင်–

(၁) အကြောင်းအရာပိုင်းလေ့လာခြင်း

(၂) အရေးအသားပိုင်းလေ့လာခြင်းနှင့်

(၃) ဝေါဟာရအသုံးအနှုန်းများလေ့လာခြင်း တို့ဖြင့် တင်ပြမည် ဖြစ်ပါသည်။

## ၁။ အကြောင်းအရာပိုင်းလေ့လာခြင်း

အကြောင်းအရာပိုင်းတွင် စည်သူမင်းကျောက်စာ၊ သရပိုလ်သို့ခ်ကျောင်းကျောက်စာ၊ သခင်ခင်ဥန်နှင့်သင်ကြီးကုံကယ်ကျောက်စာတို့၏ သာသနာရေး ဆောင်ရွက်ချက်များ၊ လူမှုရေးနှင့်စီးပွားရေးအခြေအနေတို့ကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

### ၁၊ ၁။ စည်သူမင်းကျောက်စာလာ သာသနာရေး

စည်သူမင်းကျောက်စာသည် စစ်ကိုင်းတိုင်း ရွှေဘိုမြို့အနောက် ငါးဆူးကုန်း ကျေးရွာ အတုလမာန်အောင်ဘုရားတွင်ရှိသော ကျောက်စာ ဖြစ်သည်။ စည်သူမင်းကြီး (၄၇၅–၅၅၂)၏ အလှူကို မှတ်တမ်းတင်ထားသော ပုဂံခေတ်ကျောက်စာ ဖြစ်သည်။ ကျောက်စာမှာ တစ်မျက်နှာတည်းသာဖြစ်သော်လည်း ကြောင်းရေ (၃၅)ကြောင်း ပါရှိပါသည်။ အလှူရှင်သည် စည်သူမင်းကြီး ဖြစ်သည်။ မင်းကြီးသည် စည်းခံစေတီကြီးကို တည်ထားကိုးကွယ်ပြီး ဘုရား၊ ကျောင်း၊ သိမ်နှင့် သံဃာတော်များ ပစ္စည်းလေးပါး အထောက်အပံ့ဖြစ်စေရန်အတွက် လယ်ယာမြေများကို လှူဒါန်းခဲ့သည်။ နိဗ္ဗာန်ကို ရလိုသောကြောင့် စေတီ၊ ကျောင်း၊ သိမ်နှင့် လယ်ယာမြေများကို လှူဒါန်းခဲ့ကြောင်း

ရည်ရွယ်ချက်ကိုဖော်ပြပြီး ဆုတောင်းအမျှဝေကာ မိမိအလှူကို မဖျက်ဆီးဝံ့အောင် ကျိန်စာများလည်း ရေးထိုးခဲ့သည်။

စည်သူမင်းကြီးသည် ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းသော သဒ္ဓါတရား ထက်သန်သောသူ ဖြစ်သည်။ ဗုဒ္ဓသာသနာ အရှည်တည်တံ့စေရန်အတွက် သက္ကရာဇ် (၅၀၀) မြိုက်ကသိုလ်နှစ် တန်ဆောင်းမုန်းလပြည့် (၁၅)ရက်၊ သောကြာနေ့တွင် ပြောင်ချောလုံးဝန်းသော စေတီတစ်ဆူကို ထွင်းထုပြီး စည်းခုံဟူသော ဘွဲ့တံဆိပ်တော်ဖြင့် စည်းခုံစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုစည်းခုံစေတီတော်ကြီး အစဉ် တည်တံ့စေရန်အတွက် လယ်ယာမြေ(၁၀၀)ကို လှူဒါန်းခဲ့သည်။ ယင်းကို ကျောက်စာတွင်–

"စည်ခုံတေ ရည်ရုယ်ပ္လုသသော လယ်လေ၁၀၀ လှူခသတေ"[၁]

ဟူ၍ စည်းခုံစေတီတော်ကြီးအတွက် ရည်မှတ်၍လှူသော လယ်ပယ် (၁၀၀)ဖြစ်ကြောင်း အတိအကျ မှတ်တမ်းတင်ထားပါသည်။ ပုဂံခေတ်တွင် ဂူဘုရားများ လှူဒါန်းပူဇော် နေကြသော်လည်း စည်းခုံစေတီကြီးကဲ့သို့ စေတီပုထိုးများလည်း လှူဒါန်းပူဇော်လေ့ ရှိသည်ကို တွေ့ရပါသည်။

ထို့ပြင် ကျောင်းနေသံဃာတော်တို့အတွက် ပစ္စည်းလေးပါး အထောက်အပံ့ ဖြစ်စေရန်အလို့ငှာ လယ်ပယ်(၂၀၀)ကို လှူဒါန်းပြီး မြေသင်ဘုရားအတွက် လယ်ပယ် (၆၀)နှင့် သန်လယ်(၅၀)တို့ကို လှူဒါန်းခဲ့ကြောင်းကို–

"ကျွောင်လယ်လေ ၂၀၀ နှင် မ္ဟိယ်သင်ဖုရှာလယ်လေ ၆၀ ပါယ်၊
သမ်လယ်လေ ၅၀ လှူခသတေ"[၂]

ဟူ၍ ရေးထိုးမှတ်တမ်းတင်ထားသည်။ ဗုဒ္ဓသာသနာအစွန့်ရှည်ရေးကို ရည်မြော်၍ ဘုရားစေတီပုထိုးများအတွက် လယ်ယာမြေများကို လှူဒါန်းခဲ့သည်သာမက ကျောင်းနေ သံဃာတော်များ ဆွမ်းကွမ်းမပြတ်စေသောငှာ လယ်ယာမြေများကို လှူဒါန်းခဲ့သည်။ ထိုသို့ လယ်ယာမြေများ လှူဒါန်းခဲ့သည်တို့ကို ကြည့်ခြင်းအားဖြင့် ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းသော သာသနာကို အလွန်ချီးပင့်အားပေးသော မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။

ထို့နောက် မိမိအလှူ အရှည်တည်တန့်စေရန်အတွက် ဆုတောင်း၊ ကျိန်စာ များကိုလည်း ရေးထိုးခဲ့ပါသည်။ မိမိလှူသောအလှူကို ချီးပင့်သော အရေးအရာ ယူကုန်သော နောင်အစဉ်အလာသော မင်း၊ မှူးမတ်တို့သည် ညောင်ဦးစသော စေတီ

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။

အကြား မြေပုံလုံးအတိုင်း ရည်တွက်၍မရကောင်းသော ကောင်းမှုအကျိုးကို ရကြပါစေသတည်း။ ဆွမ်းလှူသော အကျိုးငါးပါးတွင် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပရိဘာန ဟူသော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း[၁] စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။ ယင်းကို အလှူရှင်မင်းကြီးသည်–

> "ညောင်ဦးစသော စေတီအကြာ မွှိယ်ပုံလုံအတိုင်ရစပါစိသတေ
> အသက်လေရှည်စိသတေ၊ ဖုန်လေယ်ကြီစိသတေ၊ စည်စိလေယ်
> ကြိယ်စိယ်သတေ"[၂]

ဟု အမျှဝေထားပါသည်။ ထို့ပြင် ချီးပင့်သောသူတို့သည် တိရစ္ဆာန်မည်သော မဖြစ်၊ လူကောင်းဖြစ်၍ အကမ္ဘာဘာ လူကောင်းဖြစ်စေသတည်း။ ဘုရားဒါယိကာ၊ ပညာဒါယိကာ ဖြစ်စေသတည်း။ တိရစ္ဆာန်ဖြစ်ငြားမူလည်း ဆင်လျှင်ဖြစ်မူကား ဆင်ကောင်း၊ မြင်းလျှင်ဖြစ်မူကား မြင်းကောင်းဖြစ်စေကြောင်းကို–

> "တတ်ရိတ်ဆန်လ္ဖွစ်မူလေ ဆင်လျှင်လ္ဖွစ်သောလေ ဆင်ကောင်
> လ္ဖွစ်စိယ်သတေ မြင်လျှင်လ္ဖွစ်သောလေယ် မြင်ကောင်လ္ဖွစ်စိယ်
> သတေ"[၃]

ဟု အမျှဝေထားပါသည်။ ထို့ပြင် 'နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို ဟောကြားတော်မူသော ငါတို့ဘုရားလောင်းကဲ့သို့ အပြစ်ငါးရာခံသောကြား အဖြစ်ကောင်းဖြစ်၍ အရောင်အဆင်းရှိသောသူ ဖြစ်စေသတည်း' ဟု ရေးထိုးမှတ်တမ်းတင်ထားသည်ကို ကြည့်ခြင်းအားဖြင့် ဘာသာရေးအသိအမြင်ကျယ်သော မင်းတစ်ပါးဖြစ်ကြောင်း သိမြင်နိုင်ပါသည်။ ထို့နောက် မိမိ၏အလှူကို မသိမမီသောသူတို့ သိရှိစေရန်အလို့ငှာ–

> "ငါလ္ဖူသောစေတီကိုဝ် ပုရှာလယ် သိမ်လယ် ကျေ္ဂာင်လယ်ကိုဝ်
> ဖျက်လိုဝ်ရယ် အကြင်သူတိုဝ် ဉာ်ပြည်ဉာ်ရွာနှိုက် ကလန်သံပျင်တိုဝ်
> ဉာ် မွှိယ်ကာ စည်သူမင်လှူခသတေ ဖုရှာကျောင်လ္ဖိယ်
> သိမ်လ္ဖိယ်တေ"[၄]

ဟု ရေးထိုးမှတ်တမ်းတင်ထားပါသည်။ ဤဘုရားစေတီနှင့် လယ်တို့သည် လူတကာတို့ထက် မြတ်သော ဘုန်းတန်ခိုးအာနုဘော်တို့ဖြင့် ပြည့်စုံသော မင်းတစ်ပါး၏

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။

အလှူဖြစ်ကြောင်း အသိပေးကာ မိမိ၏အလှူကို မည်သူမျှ မဖျက်ဆီးဝံ့အောင် ဟန့်တားလိုက်သည့် သဘောသက်ဝင်နေပါသည်။ မိမိ၏အလှူကို အရှည်တည်တန့်စေလိုသော မင်းကြီး၏ မွန်မြတ်သောစိတ်ဆန္ဒသည်လည်း ပေါ်လွင်ထင်ရှားလာစေပါသည်။

မိမိအလှူကို အရေးအရာယူသော နောင်ဖြစ်လာမည့် မင်းမှူးမတ်အပေါင်းနှင့် ယခုချီးပင့်သော အမတ်တို့အား အမျှဝေပြီးနောက် မိမိရလိုသောဆုကို တောင်းထားပြန်ပါသည်။ ဤမြေကိုလှူသောအကျိုးကြောင့် နိဗ္ဗာန်ကိုရလွယ်ရောက်လွယ်ကြောင်း ဆုတောင်းထားပါသည်။ ထို့နောက်–

> "နိယ်ရပန်ရပြီသော ငါ၏အသက္ကာ အနှစ်တသိန် နိယ်ရလိုဝ်သတေ၊ ငါ၏ .... နှစ်တသိန်လေည်ကောင်တည်ရစ်စေသတေ"[၁]

ဟု ဆုတောင်းထားပြန်ပါသည်။ နိဗ္ဗာန်ဆုရရှိပြီးသော်လည်း အနှစ်တစ်သိန်းနေရပြီး မိမိလှူဒါန်းခဲ့သော ဘုရားကျောင်းကန် စေတီပုထိုးတို့သည်လည်း မိမိနေရသည့် အသက်အတိုင်း အစွန့်ရှည်တည်တန့်စေလိုသော ဆန္ဒကိုလည်း ဖော်ထုတ်ပြထားပါသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ လိုချင်တောင့်တသော အမြတ်ဆုံးသော နိဗ္ဗာန်ဆုကိုတောင်းခဲ့သည်ကို တွေ့နိုင်ပါသည်။

မင်းကြီးသည် သာသနာအရှည်တည်တန့်စေရန် ဆောင်ရွက်ရာတွင် ကျိန်စာများကိုလည်း ရေးထိုးမှတ်တမ်းတင်ထားခဲ့ပါသည်။ မိမိအလှူကို အရေးမယူ မချီးပင့်သောသူတို့သည် မြေကြီးကအထက် အကြင်သူကား အောက်အဝီစိကျစေလိုကြောင်း ကျိန်စာရေးထိုးထားပါသည်။ ငရဲကျရာတွင်လည်း ငရဲကြီး (၈)ထပ်၊ ငရဲငယ် (၈၀) ကျစေကြောင်း ကျိန်ဆိုထားပြန်ပါသည်။ ငရဲကြီး (၈)ထပ်၏အမည်ကိုလည်း–

> "ပညာနန်တရိတ်ငြယ် ဂ္ဂလစိယ်သတေ အဝိစိ ငြယ်ခံစိယ်သတေ
> ဂ္ဂာလသုတ်ငြယ်လဲခမ်စိယ်တေ သည်စိုဝ်ငြယ်ခမ်စိယ်သတေ
> ပတာပနငြယ် ခမ်စိယ်သတေ မဟာပတာပနငြယ် ခမ်စိယ်သတေ
> ရရောဝ်ငြယ်ခမ်စိယ်သတေ မဟာရောဝ်ငြယ်ခမ်စိယ်သတေ"[၂]

ဟု ရေးထိုးထားပါသည်။ ငရဲကြီး(၈)ထပ်၏ အမည်များကို အသေးစိတ် မှတ်တမ်းတင်ထားသည်မှာ နောင်လာနောင်သားတို့အတွက် မှတ်သားဖွယ်ကောင်းသော ကျောက်စာတစ်ချပ်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် အကမ္ဘာဘာ ဘုရားမဖူးရစေ၊ လူဖြစ်သော်လည်း

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

လူကောင်းမဖြစ် အမိဝမ်း၌ပဋိသန္ဓေစွဲသော်လည်း မစွဲဘဲကြေစေသတည်။ (၉၆)ပါးသော အနာတို့ဖြစ်ပြီး ကုစ၍မရသော အနာဖြစ်စေ၊ တိရစ္ဆာန်ဝမ်း၌ဖြစ်ပြီး တိရစ္ဆာန်ကောင်း မဖြစ်စေဘဲ–

"ကိုယ်လျက် ကန်လျက် ဖယ်လျက် နှာခေါင်တိုလျက်
နှာပယ်လျက် အမြီတိုလျက် ဖြစ်စိယ်သတေ"[၁]

ဟူ၍ ကျိန်စာရေးထိုးထားပါသည်။ ဖျက်ဆီးသောသူတို့သည် လူဖြစ်လျှင် လူကောင်း မဖြစ်၊ တိရစ္ဆာန်ဖြစ်မူက ကျိုးသော၊ ကန်းသော၊ လိမ်ဖယ်သော၊ နှာခေါင်တိုသော၊ နားပင်းသော၊ အမြီးတိုသောသူများ ဖြစ်ကြပါစေဟု ကျိန်ဆိုထားပါသည်။ ခံရမည့် အပြစ်များဖြင့် ဖျက်ဆီးမည့်သူများ ကြောက်ရွံ့ထိတ်လန့်၍ မဖျက်ဆီးဝံ့အောင် ထည့်သွင်း ကျိန်ဆိုထားပါသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် မိမိအလှူကို အရှည် တည်တံ့စေလိုသော မင်းကြီး၏ သာသနာရေးဆောင်ရွက်ချက်များကို သိမြင်နိုင်သည့် အပြင် ပုဂံသူ၊ ပုဂံသားတို့၏ သာသနာရေးဆိုင်ရာ စာပေကျမ်းဂန်နှံ့စပ်မှုရှိပုံကို သိမြင်နိုင်ပါသည်။

## ၁၊ ၁၊ ၂။ သရပိုလ်သခင်ကျောင်းကျောက်စာလာ သာသနာရေး

သရပိုလ်သခင်ကျောင်းကျောက်စာသည် မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် မင်းနန်သူရွာ၏ အနောက်မြောက်ဘက် ဆင်ဖြူရှင်ကျောင်းတွင် တွေ့ရှိသော ကျောက်စာ ဖြစ်သည်။ ဤကျောက်စာတွင်လည်း ပုဂံခေတ် သာသနာရေးဆောင်ရွက်ချက်များကို တွေ့နိုင်ပါသည်။ ကျောက်စာတွင် နှစ်မျက်နှာပါသော်လည်း ကြောင်းရေ (၃၀)သာ ပါရှိပါသည်။ မင်းယဉ်နရသိခ်မင်းလက်ထက် (၅၃၂–၅၃၅) အလှူရှင် မဟာသိမန်သာ ဇနီးမောင်နှံသည် သက္ကရာဇ်(၅၃၅)ခု သရဝန်နှစ် ကဆုန်လဆန်း (၇)ရက် ကြာသပတေးနေ့တွင် ကျောင်းဆောက်လုပ် လှူဒါန်းခဲ့သည်။ သာသနာအဆုံးတိုင် မိမိအလှူ အရှည်တည်တန့် စေရန် လယ်ပယ်ပေါင်း (၄၈၀)ကို လှူဒါန်းခဲ့ပါသည်။ ထို့ပြင် သံဃာတော်များ ဆွမ်း ခဲဘွယ်ဘောဇဉ်တို့ ပြည့်စုံစေရန်အလို့ငှာ ကျွန်မိန်းမ (၃)ယောက်တို့ကို လှူဒါန်းခဲ့ ပါသည်။

ဤကျောင်း၊ လယ်၊ ကျွန်တို့ကို လှူသောအကျိုးကို ရေမြေသခင်ဖြစ်သော ငါတို့သခင်မင်းကြီး၊ အမတ်ခပ်သိမ်း၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီးလည်း ရကြပါစေ သတည်း။ သိကြားနတ်မင်း၊ စတုလောကပါလနတ်၊ ယမမင်းလည်း ရကြပါစေ။ အထက်ဘဝဂ်တိုင် ရကြပါစေသတည်းဟု အမျှဝေထားပါသည်။ ထို့ပြင် မိမိအလှူအား

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

ဖျက်ဆီးမည့်သူများသည် ဘုရားသာသနာကို ဖျက်ဆီးမည့်သူ မည်ပေ၏။ ထိုသူတို့သည် အဝီစိငရဲ ကျက်စေသတည်း။ ဘုရားအဖြစ်ဖြစ်လည်း မဖူးရစေ၊ လူဖြစ်လျှင်လည်း–

> "ထမင်မစာရတတ် ရိယ်လေ မသောက်ရတတ်သော လူပြိတ္တာနှင်
> ႕၂လျှင်ဖွစ်စိယ်တေ"[1]

ဟု မိမိအလှူကို မဖျက်ဆီးဝံ့အောင် မြင်သာမြင်ရ မစားရမသောက်ရသော လူပြိတ္တာဖြစ်စေကြောင်း ကျိန်စာရေးထိုးထားပါသည်။ ထို့နောက် သာသနာကိုထောက်ပံ့၍ မိမိအလှူကို အရေးအရာယူသောသူတို့သည် မိမိလိုသောဆု၊ မြတ်သောဆုများ ရကြပါစေ၊ ငရဲမကျရောက်စေဘဲ သူတကာတို့ထက် မြတ်သော သာလွန်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်များ ဖြစ်ကြပါစေဟု ဆုတောင်းပေးထားပါသည်။ အလှူရှင် ဇနီးမောင်နှံကမူ လူဖြစ်ပါက–

> "သာသနာတွင် အဖန်တလယ် ၂ လူ့ဖွစ်ရုယ် သာသနာကို
> ထောက်ပင်ရတတ်သောယောက်ကျာ့မွတ်သည့်ဖွစ်ရလိုဝ်သတေ"[2]

ဟုလည်းကောင်း၊ ယောကျာ်းမြတ်ဖြစ်မှုကား ပညာအရာတွင် သူမတူသည့် ပညာဓိက ဘုရားဖြစ်လိုကြောင်းကို–

> "သဗ္ဗညုတည(ဏ်)ရသော ပွည်ညာတိ ပွင်သော ငါရလျှင်
> ဖွစ်ရစိယ်သတေ"[3]

ဟုလည်းကောင်း ဘုရားဆုကို တောင်းထားပါသည်။ ဤကျောက်စာကိုကြည့်ခြင်းဖြင့် ပုဂံသူ၊ ပုဂံသားတို့၏သာသနာရေး ဆောင်ရွက်ချက်များနှင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘာသာရေးခံယူချက် မြင့်မားပုံကိုလည်း တွေ့ရပါသည်။

## **၁၊ ၁၊ ၃။ သခင်ခင်အုန်နှင့် သင်ကြီးကုံကယ်ကျောက်စာလာ သာသနာရေး**

သခင်ခင်အုန်နှင့်သင်ကြီးကုံကယ်ကျောက်စာသည် ပုဂံမြို့ရွှေနန်းရင်ကုန်းတွင် တွေ့ရသော ကျောက်စာ ဖြစ်သည်။ ကြောင်းရေ (၂၈)ကြောင်း ပါရှိသည်။ နရပတိစည်သူမင်းကြီးလက်ထက် (၅၃၆–၅၇၃) အလှူရှင်များဖြစ်ကြသော သခင်ခင်ဉန်နှင့် သင်ကြီးကုံကယ်တို့သည် သက္ကရာဇ် (၅၆၀)ခု၊ ဘဒြနှစ်၊ သီတင်းကျွတ်လဆန်း

[1] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[2] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[3] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။

(၂)ရက်၊ ကြာသပတေးနေ့တွင် ဘုရားကျောင်းဟောင်း၊ လယ်နှင့် နွားတို့ကို လှူဒါန်းခဲ့သည်။ ဤကျောက်စာ၏ထူးခြားချက်မှာ ဘုရားကျောင်းကန် အသစ်လှူဒါန်းခြင်း မဟုတ်ပေ။

> “ရှိယ်ဉီသွိင်ခင်ဥန်နှင် သင်ကြိစ်တ္တုလင်ကပိုလ် လှုူခသော ပုရှာကျောန်အဟောင်ဇဖ”[၁]

စသော ဘုရားကျောင်းဟောင်းတို့ကို မွမ်းမံ၍လှူထားကြောင်းကို မှတ်တမ်းတင်ထားပါသည်။ ယခင် အလှူရှင်များဖြစ်ကြသော သခင်ခင်အုန်နှင့် သင်ကြီးစတ္တုလင်ကပိုလ်တို့ လှူဒါန်းခဲ့သော ကျောင်းအဟောင်းကို ပြုပြင်မွမ်းမံ၍လှူခဲ့သော အလှူဖြစ်သည်။ ယခုအလှူရှင်တို့လက်ထက်၌ တစ်ခါဖူးမျှ မပျက်ကွက်ဘဲ ပြုပြင်လှူဒါန်းခဲ့ကြကြောင်းကိုလည်း–

> “ဤယ်မျှသော အဟောင်လှုူသောကိုဝ်လေ အတိုဝ်လက်ထက် မပျက်ခဖူ”[၂]

ဟူ၍ မှတ်တမ်းတင်ထားပြန်ပါသည်။ အသစ်ပြန်လည်မွမ်းမံ၍ လှူခဲ့ပြီး ကျောင်းနေသံဃာတော်တို့ ဆွမ်းအလို့ငှာလည်းကောင်း၊ အရပ်လေးမျက်နှာမှ လာကြကုန်သော လူအပေါင်းတို့ စားစေရန်အလို့ငှာလည်းကောင်း လယ်မြေများနှင့်ကျွန်တို့ကိုလည်း လှူဒါန်းခဲ့ပါသည်။ လယ်ယာမြေများကို လှူဒါန်းရာတွင်လည်း မြေနေရာအပိုင်းအခြားကိုလည်း အသေးစိတ် မှတ်တမ်းတင်ခဲ့သည်။ နောင်အချိန်တွင် မြေယာနှင့်ပတ်သက်သော အရှုပ်အရှင်း မဖြစ်အောင်ဆောင်ရွက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ ဤကျောက်စာကို ကြည့်ခြင်းအားဖြင့် အလှူရှင်၏ စေတနာ၊ သဒ္ဓါတရား ထက်သန်မှုရှိသည်ကိုသာမက စေ့စပ်သေချာသောသူဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။ မြန်မာလူမျိုးတို့သည် မိမိတို့ ဘိုးဘွားစဉ်ဆက် တည်ထားကိုးကွယ်ခဲ့ကြသော ဘုရားကျောင်းကန်စေတီပုထိုးများကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်း ပြုပြင်မွမ်းမံခဲ့ကြကြောင်း မှတ်သားဖွယ် သိရပါသည်။ ဘုရားသခင်နှင့်တကွ ကျောင်းနေသံဃာတော်တို့ကို လှူဒါန်းခဲ့သော အလှူကို ဖျက်ဆီးသောသူတို့သည် **‘အပယ်လေးပါးငရဲကျပါစေ’** ဟု လိုရင်းကို တိုတိုရှင်းရှင်းဖြင့် ကျိန်စာရေးထိုးထားပါသည်။ ဤကျောက်စာ၏ ထူးခြားချက်ကား ဆုတောင်းပင် ဖြစ်သည်။ ကျောက်စာများသည် များသောအားဖြင့် ဘုရားဆုနှင့် နိဗ္ဗာန်ဆုတို့ကို တောင်းကြလေ့ ရှိသော်လည်း ဤကျောက်စာတွင်–

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။

"လိုဝ်သောဆု မှတ်သောတရျာကိုဝ် မလွယ်လျှင်ရလိုဝ်သောတေ"[၁]

ဟု ဆုတောင်းထားပါသည်။ တရားဘာဝနာပွားများမှတ်သားမှုသည် ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ် ဖြစ်သည်။ ထိုအခြေခံအုတ်မြစ်ကို အဓိကထား ဆုတောင်းထားသည်မှာ အတုယူဖွယ်ကောင်းလှပါသည်။

## ၁၊ ၁၊ ၄။ အလေ့လာခံကျောက်စာများလာ စီးပွားရေး၊ လူမှုရေး

အလေ့လာခံ နှောင်းတွေ့ကျောက်စာများတွင် အလှူရှင်တို့သည် များသောအားဖြင့် မင်း၊ မှူးမတ်၊ သူဋ္ဌေးသူကြွယ်များ ဖြစ်ကြသည်။ အမျိုးလေးပါးတွင် မင်းမှူးမတ်၊ သူဋ္ဌေးသူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားအပြင် ကျွန်လူတန်းစားများလည်း ရှိကြောင်း သိနိုင်ပါသည်။ ကျွန်လူတန်းစားများတွင် အိမ်ကျွန်များ ရှိသကဲ့သို့ ဘုရားကျွန်များလည်း ရှိကြောင်း ပုဂံခေတ် လူမှုရေးအခြေအနေကို သိနိုင်ပါသည်။ ဘုရားစေတီများ၊ လယ်မြေများသာမက ကျွန်များကိုပါ လှူဒါန်းကြသည်ကိုကြည့်ခြင်းဖြင့် ပုဂံခေတ် စီးပွားရေးအခြေအနေ တောင့်တင်းခိုင်မာကြောင်း သိနိုင်ပါသည်။ ပန်းချီ၊ ပန်းပု စသည့် အတတ်ပညာများဖြင့် အသက်မွေးကြသကဲ့သို့ စိုက်ပျိုးရေးဖြင့်လည်း အသက်မွေးခဲ့ကြကြောင်းကိုလည်း တွေ့နိုင်ပါသည်။ စီးပွားရေးဖြစ်ထွန်းသောကြောင့် သာသနာရေး ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ သာသနာရေး တိုးတက်ထွန်းကားသည်ကို ကြည့်ခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်သောခေတ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၁၊ ၂။ အလေ့လာခံကျောက်စာများ၏ အရေးအသား

အရေးအသားပိုင်းလေ့လာရာတွင် နှောင်းတွေ့ကျောက်စာ (၃)ချပ်လာ ပုဂံခေတ်သုံး စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံးများ၊ ရေးဟန်များနှင့် ဂုဏ်၊ လင်္ကာ၊ ရသများကို လေ့လာတင်ပြထားပါသည်။

စည်သူမင်းကျောက်စာသည် ပုဂံခေတ် သက္ကရာဇ်(၅၀၀)ခုနှစ် အလောင်းစည်သူမင်းကြီး(၄၇၅-၅၅၂) လှူဒါန်းခဲ့သော ကျောက်စာ ဖြစ်သည်။ မင်းကြီးသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ယုံကြည်သောကြောင့်လည်းကောင်း၊ လောဘ၊ ဒေါသ၊ မောဟတို့ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို လိုချင်သောကြောင့်လည်းကောင်း ပြောင်ချောလုံးဝန်းသော စည်းခုံစေတီတော်ကြီးနှင့် ဝတ္တကမြေ(၁၀၀)ကို လှူဒါန်းခဲ့ပါသည်။ ထို့ပြင် ကျောင်းနေသံဃာတော်များအား ဆွမ်းခဲဘွယ်၊ ဘောဇဉ်တို့ ပြည့်စုံစေရန် အလို့ငှာ လယ်ပယ်(၂၀၀)ကို လှူဒါန်းခဲ့သည်။ ထို့နောက် မြေသင်ဘုရားအတွက်

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။

ဝတ္တကမြေ(၁၁၀)ကိုလည်း လှူဒါန်းခဲ့သည်။ ထို့ပြင် သိမ်နှင့်တံတိုင်းတို့ကိုလည်း လှူဒါန်း ခဲ့ပါသည်။ ကျောက်စာတွင် ကြောင်းရေ(၃၅)ကြောင်း ပါဝင်ပြီး အလှူရှင်အမည်၊ အလှူပြုချိန်၊ အလှူပစ္စည်း၊ ဆုတောင်း၊ ကျိန်စာတို့ဖြင့် အစီအစဉ်တကျ မှတ်တမ်းတင်ကာ ဖြစ်စဉ်ပြရေးနည်းဖြင့် ရေးထိုးထားသည်ကို တွေ့ရပါသည်။

အရေးအသားအစီအစဉ် တင်ပြပုံကို လေ့လာကြည့်လျှင် ပုဂံခေတ်ဦးကျောက်စာများ ကဲ့သို့ 'ဂြိ' ဟူသော အာသီသပတ္တနာများ မပါ၊ 'နမောတဿ' ဟူသော ပါဠိဘာသာ ဘုရားရှိခိုးစာများဖြင့် အစချီရေးထိုးထားသည်ကိုလည်း မတွေ့ရပေ။ ကျောက်စာ စကားပြေတို့သည် များသောအားဖြင့် ဗုဒ္ဓသာသနာကိုအခြေခံ၍ ပေါ်ပေါက်လာသော စာပေများ ဖြစ်သောကြောင့် ပါဠိ၊သက္ကတအသုံးများကို တွေ့ရပါသည်။

"ငြယ်[၁]၊ နိယ်ရပန်[၂]၊ သကရစ်[၃]၊ သိမ်[၄]"

စသည့် အသုံးများကို တွေ့ရပါသည်။ ထို့ပြင် ပါဠိအသုံးများဖြစ်သော အာယု၊ သုခ၊ ပရိဘာဂ ဟူသော အသုံးကို အသက်ရှည်ခြင်း၊ ချမ်းသာကြီးခြင်း၊ ဘုန်းတန်ခိုး ကြီးခြင်း ဟူသော မြန်မာစကားသုံးများဖြင့် ရေးထိုးထားသည်ကို ကြည့်ခြင်းဖြင့် မြန်မာစာပေအဆင့်အတန်း မြင့်မားလာသည်ကို တွေ့နိုင်ပါသည်။

ဤကျောက်စာတွင် ကျစ်လျစ်လှပသော အသုံးများကိုလည်း တွေ့ရပါသည်။ ပုဂံခေတ်တွင် ဂူဘုရားများ လှူဒါန်းပူဇော်နေကြသော်လည်း စည်းခံစေတီကြီးကဲ့သို့ စေတီပုထိုးများလည်း လှူဒါန်းပူဇော်လေ့ရှိသည်ကို တွေ့ရပါသည်။ စေတီကိုပင် 'ပြောင်လုံထွင်' ဟူ၍ ရေးထိုးထားသည်ကိုကြည့်ခြင်းဖြင့် ပြောင်ချောလုံးဝန်းသော သဏ္ဌာန်ရှိကြောင်း သိသာထင်ရှားစေပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာတွင် စေတီများ တည်ထားကိုးကွယ်ကြရာ၌ သပိတ်မှောက်ပုံစေတီနှင့် ခေါင်းလောင်းပုံစေတီ ဟူ၍ နှစ်မျိုးရှိရာ စည်းခံစေတီတော်ကြီးသည် သပိတ်မှောက်ပုံသဏ္ဌာန် တည်ထားကိုးကွယ် ထားသော စေတီကြီး ဖြစ်သည်။ စည်သူမင်းကြီးသည်လည်း မိမိကောင်းမှုဖြစ်သော ဘုရားစေတီသည် ဂူဘုရားမဟုတ် စေတီဖြစ်ကြောင်းကို သိရှိစေရန်–

"ပြောင်လုံထွင်သောစေတီပ္လုရုယ် စည်ခံတေ"[၅]

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

[၅] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

ဟူ၍လည်း မှတ်တမ်းတင်ခဲ့ဟန်တူသည်။ ချောမွတ်ပြောင်လက် လုံးဝန်းသောပုံဖြင့် ထွင်းထုထားသော သပိတ်မှောက်သဏ္ဌာန် စေတီတစ်ဆူဖြစ်ကြောင်းကို 'ပြောင်လုံးထွင်း' ဟူသော ကျစ်လျစ်သည့်အသုံးဖြင့် သုံးနှုန်းထားပုံမှာ ထိမိလှပေသည်။ ပုဂံရွှေစည်းခုံ စေတီကြီးကဲ့သို့ လှူဒါန်းခဲ့ဟန် တူပါသည်။ ထို့ကြောင့် သပိတ်မှောက်ပုံသဏ္ဌာန် တည်ထားကိုးကွယ်သော စည်းခုံစေတီကြီး၏ ကြည်ညိုဖွယ် အသွင်သဏ္ဌာန်သည် ပေါ်လွင်ထင်ရှားလာစေပါသည်။

ဤကျောက်စာ၏ သဒ္ဒါအသုံးအနှုန်းကို လေ့လာကြည့်လျှင် နာမဝိသေသန အသုံးများကို တွေ့ရပါသည်။ မိမိအလှူကို ချီပင့်ထောက်ပံ့သူတို့အား အမျှဝေရာတွင်–

"နောင်အစင်အလာသ မင်အမတ်ခပ်သိမ်တိုင် ခိပင်ပါသ<br>
အရိယ်အရံယူသော ခိပင်သောညောင်ဦစသော စေတီအကြာ<br>
မွိယ်ပုံလုံအတိ ရစပါစိသတေ"[၁]

ဟူ၍လည်းကောင်း၊ ဂုဏ်ရည်ပြနာမဝိသေသနအသုံးများ ဖြစ်သော–

"ပြောင်လုံထွင်သော စေတီ[၂]<br>
ရည်ရှယ်ပ္လုသော လယ်[၃]"

ဟူသော အသုံးများကိုလည်း တွေ့ရပါသည်။

ပုဂံခေတ် ကျောက်စာစကားပြေအရေးအသားတွင် လုံးချင်းကြိယာများ သုံးလေ့ရှိရာ စည်သူမင်းကျောက်စာတွင်လည်း လုံးချင်းကြိယာများ သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ လှူဒါန်းသည်ကို **လှူ**[၄]ဟူ၍လည်းကောင်း၊ အလှူကို မချီးပင့်သူများ အဝီစိငရဲ ကျခံစေပြီး ဆင်းရဲဒုက္ခကျရောက်စေကြောင်းကို **ခံ ၊ကျ**[၅] ဟူ၍လည်းကောင်း၊ တံတိုင်း တံတိုင်း ကာရံသည်ကို **တည်** [၆] ဟူ၍လည်းကောင်း လုံးချင်းကြိယာအသုံးများကို တွေ့ရပါသည်။

မိမိအလှူကို မချီးပင့်သူတို့ တိရစ္ဆာန်ဝမ်း၌ဖြစ်ပြီး တိရစ္ဆာန်ကောင်း မဖြစ်စေဘဲ ဒုက္ခိတဘဝဖြင့် ဆင်းရဲဒုက္ခခံစားရစေကြောင်းကို–

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။<br>
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။<br>
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။<br>
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။<br>
[၅] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။<br>
[၆] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၂။

"ကိုယ်လျက် ကန်လျက် ဖယ်လျက် နှာခေါင်တိုလျက်
နှာပယ်လျက် အမြီတိုလျက် ဖ္လွစ်စိယ်သတေ"[၁]

ကျိန်စာရေးထိုးရာတွင်လည်း 'လျက်' ဟူသော နောက်ဆက်ကို ထည့်သွင်းထားသဖြင့် တစ်ခုပြီးတစ်ခုဖြစ်စေကြောင်း စာဖတ်သူတို့၏စိတ်မျက်စိတွင် မြင်ယောင်လာအောင် ရေးသားထားသည်ကို တွေ့ရပါသည်။ ကျောက်စာအရေးအသားဖြစ်သော်လည်း နှစ်သက်ဖွယ်ကောင်းအောင် ရေးထိုးထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဥပမာအသုံးကောင်းများဖြင့်လည်း မိမိအလှူကို မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။ မိမိအလှူကို ချီးပင့်ထောက်ပံ့သူများသည် တိရစ္ဆာန်မဖြစ်။ တိရစ္ဆာန်ဖြစ်မူက ဘုရားလောင်းဖြစ်ခဲ့ဖူးသော အဖြစ်ကောင်းသောဘဝ ဖြစ်သကဲ့သို့ ဖြစ်ကြစေရန် ဆုတောင်းထားပုံမှာ–

"ငတိုဝ် ပုရှာလောင် အယောင်ကယ်သိုဝ် အပ္လွစ်ငါရှာသုန္နိက်
အဖ္လွစ်ကောင်သေဝ် အယောင်ကယ်သိုဝ် ဖ္လွစ်စိယ်သတေ"[၂]

ဟူသောအသုံးတွင် ဘုရားလောင်း၏အသွင်သဏ္ဌာန် ပေါ်လွင်ထင်ရှားအောင် ဥပမာအသုံးများ နှစ်ကြိမ်ထပ် သုံးထားသောကြောင့် အလှူရှင်ဖော်ပြလိုသော အကြောင်းအရာမှာ လေးနက်ခန့်ညားလာစေပါသည်။ ထိုအသုံးကောင်းများဖြင့် မှတ်တမ်းတင်ထားသကဲ့သို့ ဝါကျဖွဲ့စည်းပုံတွင်လည်း ဝါကျတို၊ ဝါကျလတ်တို့ကို သူ့နေရာနှင့်သူ လိုက်ဖက်အောင် ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။ မိမိအလှူကို ချီးပင့်ထောက်ပံ့သူတို့ကို–

"အသက်ရှည်စိသတေ ဖုန်လေယ်ကြီစိသတေ စည်စိလေယ်
ကြိယ်စိယ်သတေ"[၃]

ဟူ၍လည်းကောင်း၊ မိမိအလှူကို မဖျက်ဆီးဝံ့အောင် ကျိန်စာရေးထိုးရာတွင်–

"အဝိစိ ငြယ်ခံစိယ်သတေ ကပ္လာလသုတ်ငြယ်လဲခမ်စိယ်တေ
သည်စိုဝ်ငြယ်ခမ်စိယ်သတေ"[၄]

ဟူ၍လည်းကောင်း ဝါကျတိုများဖြင့် တိုတိုရှင်းရှင်း လိုရင်းရောက်အောင် ရေးသားထားသည်ကို တွေ့ရပါသည်။

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၁။

ဤကျောက်စာ၏ထူးခြားချက်မှာ အလှူပြုချိန်၊ အလှူပစ္စည်း၊ ဆုတောင်း၊ ကျိန်စာတို့ ရေးထိုးပြီးနောက် သက္ကရာဇ်(၅၀၈)ခု ပြာသိုလဆန်း (၅)ရက် ကြာသပတေးနေ့ လထွက်သည့်တိုင် ဂူဘုရားတည်ပြီး ဘလကုန်နှစ် ကဆုန်လဆန်း(၁၅)ရက်နေ့တွင် သိမ်ဆောက်လုပ်ခဲ့သည်။ သက္ကရာဇ်(၅၀၉)ခု စယ်နှစ် တန်ခူးလဆန်း (၆)ရက် သောကြာနေ့တွင် တံတိုင်းတည်ခဲ့သည်။ သက္ကရာဇ်(၅၀၀)ခုတွင် စည်းခုံစေတီကြီးကို တည်ထားပြီးနောက် (၈)နှစ် (၉)နှစ် ကြာသောအခါမှ သိမ်ကျောင်း၊ ဂူဘုရားနှင့် တံတိုင်း တည်ခဲ့ဟန်တူသည်။

အလှူမှတ်တမ်းကျောက်စာ ဖြစ်သောကြောင့် စိတ်ကြည်နူးဖွယ် သန္တရသ ခံစားရပါသည်။ ကျိန်စာရေးထိုးရာတွင် ကြောက်မက်ဖွယ်ကောင်းအောင် ရေးသား ထားသောကြောင့် ဘယာနကရသ မြောက်လှသည်။ ထို့ပြင် ကျိန်စာတွင် ငရဲကြီး (၈)ထပ်တို့၏အမည်များနှင့် ငရဲငယ် (၈၀)ရှိကြောင်းကို ရေးထိုးမှတ်တမ်းတင်ထား သောကြောင့် မှတ်သားဖွယ် ဗဟုသုတတို့လည်း ပေးစွမ်းသော ကျောက်စာ ဖြစ်ပါသည်။ ထို့ကြောင့် ရသကို ပေးစွမ်းနိုင်ရုံသာမက သုတပါပေးသော ကျောက်စာဖြစ်ကြောင်း သိရပါသည်။

သရပိုလ်သခင်ကျောင်း ကျောက်စာတွင်လည်း သိမန်သာဇနီးမောင်နှံသည် သံဃာတော်များအတွက် ကျောင်းဆောက်လုပ်ပြီး လယ်ပယ်များနှင့် ကျွန်မိန်းမ (၃)ယောက် တို့ကို လှူဒါန်းခဲ့ပါသည်။ သာသနာအဆုံးတိုင် မိမိအလှူ အရှည်တည်တန့်စေရန် ဆုတောင်း၊ ကျိန်စာများ ရေးထိုးထားရာ ဖြစ်စဉ်ပြရေးနည်းဖြင့် မှတ်တမ်းတင် ထားသည်ကို တွေ့ရပါသည်။

ဤကျောက်စာတွင်လည်း ပါဠိအသုံးများကို တွေ့ရပါသည်။

"ပြိတ္တာ[၁]၊ သတ္တာ[၂]၊ ပြညာ[၃]၊ ငြယ်[၄]၊ သဗ္ဗညုတည(ဏ်)[၅]"

ဟူသော အသုံးတို့သည် ယနေ့တိုင် သုံးစွဲနေကြသော အသုံးများ ဖြစ်ပါသည်။ ပြိတ္တာ ကိုပင် မြင်သာမြင်၍ မစားရတတ် မသောက်ရတတ်သော လူပြိတ္တာဖြစ်စေကြောင်း ပါဠိမြန်မာ အနက်ပြန်ပြီး ရေးသားထားပုံမှာ ထိမိပေါ်လွင်လာစေပါသည်။ လုံးချင်း

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၅] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။

ကြိယာအဖြစ် ကျောင်းဆောက်လုပ်သည်ကို **ပွ**[၁] ငရဲကျသည်ကို **ကျက်**[၂] မိမိအလှူကိုချီးပင့်သူတို့ ငရဲမကျရောက်စေချင်ကြောင်းကို မထိ[၃] စသည့်အသုံးများကို တွေ့ရပါသည်။

ထို့ပြင် နှစ်ကြိမ်ထပ်အသုံးများကိုလည်း တွေ့ရပါသည်။

"ပုရှာအလ္ဖစ်လ္ဖစ်[၄]
လူပြီတ္တာ နှင်၂[၅]
အဖန်တလယ်၂[၆]"

ဟူသော အသုံးများဖြင့် ပြောလိုသော အကြောင်းအရာ လေးနက်လာအောင် ရေးသားထားသည်ကို တွေ့ရပါသည်။ ထို့ပြင် အဓိပ္ပာယ်တူစကားသုံးများဖြစ်သော–

"ဤ ငါလှူသောအလှူကိုဝ် ထိပါဖျက်ဆီသောသူကာ သာသနာကို ဖျက်သောမည်၏။ ထိုဝ်ကြောင်"[၇]

ဟူသော ဝါကျတွင် **'ထိပါးနှင့်ဖျက်ဆီး'** အဓိပ္ပာယ်တူအသုံးကို တွဲသုံးထားသည်ကို တွေ့ရပါသည်။ 'ထို့ပြင်' 'ထို့ကြောင့်' ဟူသော အဓိပ္ပာယ်ဆက်သမ္ဗန္ဓ အသုံးများလည်း အသုံးပြုနေပြီဖြစ်ကြောင်း တွေ့ရပါသည်။

အလှူရှင်တို့သည် မိမိအလှူကို လေးနက်ထင်ရှားလာအောင် နာမဝိသေသန အသုံးများကိုလည်း ရေးသားလေ့ရှိသည်ကို တွေ့ရပါသည်။ ဘုရားဆုကိုတောင်းရာတွင် သာမန်မျှမတောင်းဘဲ–

"သဗ္ဗညုတည(ဏ်)ရသော ပ္လည်ညာတိ ပွင်သော ငါရလျှင် ဖ္လစ်ရစိယ်သတေ"[၈]

ဟု အလုံးစုံသောတရားကို သိစပ်မြင်နိုင်သော ဉာဏ်တော်ကိုရသော ဘုရားဖြစ်လိုသည်။ သဗ္ဗညုတရွှေဉာဏ်ရှင် ဘုရားဖြစ်မှုလည်း ပညာအတိပြည့်ဝသော ပညာဓိကဘုရားအဖြစ် ဖြစ်လိုကြောင်း ဆုတောင်းထားပုံမှာ နှစ်သက်ဖွယ်ကောင်းလှသည်။ အလှူရှင်၏

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[၅] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[၆] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။
[၇] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၈] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇။

စာပေကျမ်းဂန်နှံ့စပ်မှုကို သိမြင်နိုင်ရုံသာမက စေ့စပ်သေချာသော ဉာဏ်အမြော်အမြင်ကြီးသောသူဖြစ်ကြောင်းလည်း ခန့်မှန်းနိုင်ပါသည်။

ဤကျောက်စာတွင် ဝါကျအသုံးကိုကြည့်လျှင် ဝါကျတို၊ ဝါကျလတ်၊ ဝါကျရှည်များကို သူ့နေရာနှင့်သူ သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ဝါကျတိုတွင်လည်း–

"အမတ်ခပ်သိမ်လေ ရစပါစိယ်သတေ ငါမယာ ငါသာ သါသ္မီလေ
ရစပါစိယ်သတေ အထက်ဖဝက်တိုင်ညြင် ရစပါစိယ်သတေ"[၁]

ဟူ၍ ပုံစံတူဝါကျများဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

အလှူရှင်ဇနီးမောင်နှံသည် ကျောင်းဆောက်၍ လှူဒါန်းရာတွင် သာသနာအဆုံးတိုင် ပစ္စည်းလေးပါး အထောက်အပံ့ဖြစ်စေခြင်းငှာ ရတနာသုံးပါးကိုရည်၍ လှူသော လယ်မြေအပိုင်းအခြားနှင့် ကျွန်များ လှူဒါန်းခဲ့ကြောင်းကို ဝါကျရှည်ဖြင့် ရေးထိုးမှတ်တမ်းတင်ထားပါသည်။ ဝါကျအဆုံးသတ်များတွင် **တေ**[၂] ဟူသော အသုံးများဖြင့် အဆုံးသတ်လေ့ရှိသော်လည်း ယနေ့ခေတ်သုံး **၏**[၃] ဖြင့်လည်း အဆုံးသတ်ထားသည်ကို တွေ့ရပါသည်။

သခင်ခင်အုန်နှင့် သင်ကြီးကုံကယ်ကျောက်စာ၏ ထူးခြားချက်သည် ဘုရားကျောင်းကန်အဟောင်းတို့ကို အသစ်ပြန်လည်ပြုပြင်မွမ်းမံခြင်း ဖြစ်သည်။ ပထမဦးစွာ လှူဒါန်းခဲ့သော အလှူရှင်များဖြစ်သော သခင်ခင်အုန်နှင့် သင်ကြီးစတ္တုလင်ကပိုလ်တို့၏အလှူကို သားမြေးတို့ဖြစ်ဟန်တူသော သခင်ခင်ဥန်နှင့် သင်ကြီးကုံကယ်တို့က ဆက်လက်ပြုပြင်မွမ်းမံသော အလှူဖြစ်သည်။ ဤကျောက်စာသည်လည်း ယခင်ကျောက်စာများနည်းတူ ဖြစ်စဉ်ပြရေးနည်းဖြင့် ရေးထိုးမှတ်တမ်းတင်ထားပါသည်။ ဆုတောင်းတွင်လည်း ကျစ်လျစ်သော အသုံးများဖြစ်သည့်–

"လိုသောဆု မှတ်သောတရာကို မလွယ်လျင်ရလိုသောတေ"[၄]

ဟူ၍ ရေးသားထားပါသည်။ လောကီလူသားပီပီ တောင်းသောဆုကို ပြည့်စေချင်သည်။ မိမိတို့ ကျင့်ကြံပွားများသော တရားတို့ကို အလွယ်တကူရလိုကြောင်း ဆုတောင်းထားပုံမှာ နှစ်သက်ဖွယ်ကောင်းလှပါသည်။ ပုဂံခေတ်သုံး စကားလုံးများ

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၆။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။

အဖြစ် မြေလွတ်မြေရိုင်းများကို တောစိန်[၁] ၊ ကွင်းပြင်မှန်သမျှကို ကွင့်လွှစ်လွှစ်သမျှ[၂] ဟူသော အသုံးတို့ကို တွေ့ရပါသည်။ ပါဠိအသုံးများအဖြစ်–

"တရျာ[၃] ၊ သံပုတ်[၄] ၊ ငြယ်[၅] ၊ သဃ်ာ[၆] ၊ ပုစဝ်[၇]"

စသည်တို့ကို တွေ့ရပါသည်။ လုံးချင်းကြိယာများမှာ အပါယ်ငရဲကျသည်ကိုပင် **လား**[၈] **လား**[၈] ဆွမ်းကွမ်းအဖြစ် စားစေရန်ကို **စား**[၉] ဟူသော အသုံးများသာ တွေ့ရပါသည်။ ထို့ပြင် သဒ္ဒါဖွဲ့ထုံးကိုလေ့လာကြည့်လျှင် အဟောင်းကိုအသစ်တဖန် ပြန်လည်ပြုပြင်ခဲ့သည်ကို အသစ်လှူခတုံ[၁၀] ဟူသော အသုံးကို တွေ့ရပါသည်။ ဝါကျဖွဲ့ထုံးတွင်လည်း ပုဂံခေတ်ဦးကျောက်စာများကဲ့သို့ ဝါကျတိုအသုံးများထက် ဝါကျလတ်၊ ဝါကျရှည်များ အသုံးပြုလာပြီဖြစ်ကြောင်း သိနိုင်ပါသည်။ ဤကျောက်စာတွင် ဝါကျအဆုံးသတ်ကို **တဉ်** ဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။ ကျောက်စာစကားပြေတို့တွင် 'သတေ ၊ တေ ၊ ဧအ် ၊ ၏' တို့ဖြင့် ရေးထိုးလေ့ရှိသော်လည်း ယနေ့ခေတ်သုံး **တဉ်**[၁၁] (တည်း) အသုံး ပြောင်းလဲသုံးနှုန်းလာသည်ဟု ဆိုနိုင်ပါသည်။

နှောင်းတွေ့ကျောက်စာများ၏ အရေးအသားကိုကြည့်လျှင် ကျစ်လျစ်သော အသုံးများ၊ လုံးချင်းကြိယာများ၊ နှစ်ကြိမ်ထပ်အသုံးများဖြင့် ရိုးရိုးရှင်းရှင်း သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ဝါကျတွင်လည်း ဝါကျတို၊ ဝါကျလတ်၊ ဝါကျရှည်တို့ကို သူ့နေရာနှင့်သူ သုံးထားပါသည်။ ပုဂံခေတ်ဦးစကားပြေများ ဖြစ်သောကြောင့် အသုံးမတည်ငြိမ်သေးသည်ကို တွေ့ရပါသည်။ ကျောက်စာတွင် **သော** ဟု သုံးသကဲ့သို့ ***သ၊ သေဝ်*** စသည်ဖြင့်လည်း သုံးထားပါသည်။ ထို့ပြင် **ခံ** ဟု သုံးသကဲ့သို့ **ခမ်** ဟုလည်း သုံးထားသည်ကို တွေ့ရပါသည်။ အလှူမှတ်တမ်းတင်ကျောက်စာဖြစ်သောကြောင့် စိတ်ကြည်လင်အေးချမ်းဖွယ် သန္တရသ ပေးစွမ်းနိုင်သော ကျောက်စာများဟု ဆိုနိုင်ပါသည်။

---

[၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၅။
[၂] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၅။
[၃] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၄] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၅] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၆] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၇] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၈] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၉] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၄။
[၁၀] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၅။
[၁၁] သန်းထွန်း(တည်း)နှင့်အများ၊ ၂၀၀၅၊ ၇၅။

## ၁၊ ၃။ ဝေါဟာရအသုံးများ

ဝေါဟာရအသုံးအနှုန်းများကို လေ့လာတင်ပြရာတွင် အလေ့လာခံကျောက်စာ (၃)ချပ်မှ စကားလုံးများကို စုစည်း၍ တင်ပြထားပါသည်။

သက္ကရစ် = သက္ကရာဇ (ပါ)=ခုနှစ်၊ သကရာဇ်။ မြန်မာတို့ မှတ်သား သုံးစွဲသော ခုနှစ်အရေအတွက်။[၁]

မြိုက္ကသိုဝ်နှစ် = မြိဂဂိရ၊ မာဂ်ဂိရ မိဂသီ

= မိဂသိရ (ပါ) = နတ်တော်လနှင့် စန်းယှဉ်သော နက္ခတ်။ (နက္ခတ် ၂၇လုံးတွင် ငါးလုံးမြောက် ဖြစ်သည်)။ သက္ကရာဇ်ကိုတည် နှစ်ခုနှုတ် ဆဲ့နှစ်ခုနှင့်စား၍ အကြွင်းအတိုင်း အမည်ပေးရသောနှစ်တွင် ၉ ကြွင်းသော နှစ်အမည်။[၂]

သရဝန်နှစ် = ဂြာဝဏ သရဝဏ်၊ သရဝန်

သက္ကရာဇ်ကိုတည် နှစ်ခုနှုတ် ဆဲ့နှစ်ခုနှင့်စား၍ အကြွင်းအတိုင်း အမည်ပေးရသောနှစ်တွင် ၅ ကြွင်းသော နှစ်အမည်။[၃]

နှစ်အမည်။[၃]

ဘလကုန်နှစ် = ဘဂ္ဂုဏီ (ပါ) = တပေါင်းလနှင့် စန်းယှဉ်သော နက္ခတ်။ သက္ကရာဇ်ကိုတည် နှစ်ခုနှုတ် ဆဲ့နှစ်ခုနှင့်စား၍ အကြွင်းအတိုင်း အမည်ပေးရသောနှစ်တွင် ဝ ကြွင်းသော နှစ်အမည်။[၄]

နှစ်အမည်။[၄]

ဖတ်နှစ် = ဘာဒြ၊ အာရ်ဒြ အဒြ၊ ဘဒြ၊ ဖဿ

ဖဿနှစ်။ သက္ကရာဇ်ကိုတည် နှစ်ခုနှုတ် ဆဲ့နှစ်ခုနှင့်စား၍ အကြွင်းအတိုင်း အမည်ပေးရသောနှစ်တွင် ၆ ကြွင်းသော နှစ်အမည်။[၅]

သန်တူလ = သီတင်းကျွတ်လ = မြန်မာ့ဆယ့်နှစ်လတွင်သတ္တမလ။[၆]

တန်ခူလ = တန်ခူးလ (မြန်) = မြန်မာ့ဆယ့်နှစ်လတွင် ရှေ့ဆုံးလ။[၇]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၇၉။
[၂] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၂၄၂။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၄၉။
[၄] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၁၉၅။
[၅] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၄၉။
[၆] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၇၃။
[၇] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၆၀။

ကုဆုန်လ = ကဆုန်လ (မြန်) = မြန်မာ့ဆယ့်နှစ်လတွင် ဒုတိယလ။[၁]

မ္ဗယ်တာလ = တန်ဆောင်မုန်းလ။ မြန်မာ့ဆယ့်နှစ်လတွင် အဋ္ဌမလ။[၂]

ကြာသပတိယ် = ဗြိဟသ္ပတိ ကြာသပတိယ်
ဝါကျသ္ပတိ (ပါ) = စကား၏အရှင်။ စကားကို အစိုးရသူ။[၃]
အစိုးရသူ။[၃]

သုက္ကြာနိယ် = ဂုကြ သုက္ကြာ၊ သုကြာ
ဂြုကြ (သ)၊ သုက္က (ပါ) = ဖြူစင်ထွန်းတောက်သော အလင်းရောင်ရှိသည့်ဂြိုဟ်။[၄]

သဗ္ဗညုတညာဏ် = သဗ္ဗညုတညာဏ (ပါ) = အလုံးစုံကိုသိသောဉာဏ်။[၅]

ပ္ပညာတိ = ပညာဓိကဘုရား။ ပညာလွန်ကဲသောဘုရား။[၆] (ဘုရားကြီးမျိုး ၃ ပါး ရှိသည်)

ပညာဓိကဘုရား = ပညာကိုရှေ့ထား၍ ဘုရားဖြစ်ကြောင်း တရားတော်များကို ဖြည့်ကျင့်ဆည်းပူးသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

သဒ္ဓါဓိကဘုရား = သဒ္ဓါရှေ့ရှု၍ ဘုရားပြုလမ်းစဉ်ကို ကျင့်သုံးလေ့လာတော်မူသော ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

ဝိရိယဓိကဘုရား = ဝီရိယလုံ့လရှေ့ထား၍ ပါရမီတော်များကို ကြိုးစားအားထုတ်တော်မူသည်။ ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။[၇]

သဃ်ာ = သံဃ (ပါ) = အနည်းဆုံး လေးပါးအပေါင်းရှိသော ရဟန်းအပေါင်း။[၈]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၆၀။
[၃] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၂၉။
[၄] ဖိုးလတ်၊ ဦး၊ ၁၉၅၆၊ ၃၁။
[၅] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၃၆၆။
[၆] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၁၈၀။
[၇] ဩဘာသာဘိဝံသ၊ အသျှင်၊ ၁၉၅၅၊ ၃၇၆။
[၈] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၃၇၄။

ပုစဝ် = ပူဇာ (ပါ) = ပစ္စည်းကို ကောင်းစွာစီရင်၍ ရိုသေလေးမြတ်စွာ ပေးလှူခြင်း။[၁]

သင်ပုပ်/သံပုတ် = သံပူဇ (ပါ) = ကောင်းသောပူဇော်ခြင်း။ ကောင်းစွာပူဇော်အပ်သော အလှူဝတ္ထု။[၂]

သတ္ဓာ = သဒ္ဓါ (ပါ) = ယုံကြည်ခြင်း။ ကြည်ညိုခြင်း။ ကြည်ဖြူစွာ ကျွေးမွေးပေးကမ်းသည်။[၃]

ပွည်ညာ = ပြဇာ (ပါ)၊ ပညာ (ပါ) = အသိဉာဏ်၊ အပြားအားဖြင့် သိတတ်သောဉာဏ်။[၄]

အမတ် = အမစ္စ (ပါ) = မင်းနှင့် အတူတကွတိုင်ပင်၍ အုပ်ချုပ်ရေးဆောင်ရွက်ရသူ။ မင်းတိုင်ပင်။[၅]

ဒါယကာ = ဒါယက (ပါ) = ပေးလှူသူ၊ အလှူရှင်ယောက်ျား။[၆]

ငြယ် = နိရယ (ပါ) = မကောင်းမှုပြုလုပ်သူများ နောင်တမလွန်ဘဝ၌ ဆင်းရဲစွာခံရသော အရပ်။[၇]

ငရဲကြီး(၈)ထပ်ကား သိဉ္ဇီးငရဲ=ဘယ်လိုပင် သတ်ဖြတ်ညှဉ်းဆဲသော်လည်း ကံမကုန်သမျှ အဖန်ဖန်အသက်ရှည်၍ ခံနေရသော ငရဲ။ ကာလသုတ်ငရဲ = မည်းနက်သော တမျဉ်းကြိုးဖြင့် ချတိုင်၍ သစ်ခွေသလို တစ်ကိုယ်လုံးခုတ်ခွေလှီးဖြတ်ခံရသော ငရဲ။ သံဃာတငရဲ = သံတောင်သံခဲကြီးတို့ဖြင့် အဖန်ဖန် လှိမ့်မွှေကြိတ်ခြေညှဉ်းဆဲခံရသော ငရဲ။ ဇာလရောရုဝငရဲ = မီးလျှံ မီးတောက်တို့ဖြင့် အဖန်ဖန် နှိပ်စက်ခံရ၍ ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးသော အသံရှိသည့် ငရဲ။ ဓူမရောရုဝငရဲ = မီးခိုးမီးလျှံတို့ဖြင့် ပိတ်ဖုံးနှိပ်စက်ခံရ၍ ကယ်ပါ ယူပါ ပြင်းစွာ အော်မြည်နေ

[၁] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၁၇၂။
[၂] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၃၄၇။
[၃] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၃၅၄။
[၄] ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၅၇၂။
[၅] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၄၀၅။
[၆] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၁၀၀။
[၇] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၈၁။

ရသော ငရဲ။ တာပနငရဲ = သံတံကျင်ကြီးတို့ဖြင့် ထိုးဖောက်ပြီး တစ်ကိုယ်လုံး မီးလျှံစွဲအောင် သံထွေခဲထဲ၌ အမြဲ ကင်ဖုတ်ခံရသော ငရဲ။ ပတာပနငရဲ = အလျှံရဲပြောင်သော သံတောင်ကြီးပေါ်သို့ ရိုက်နှက်မောင်းတင် စေလျက် မြေ၌စိုက်ထောက်ထားသော လှံသွားများပေါ်သို့ ဦးခေါင်းပြောင်းပြန် ကျစေသော ငရဲ။ အဝီစိငရဲ = ဤမီးလျှံ၌ မီးလျှံနှင့်ငရဲသားရော ဆင်းရဲဒုက္ခတို့ကိုပါ အကြားမရှိ ပြည့်နှက်လျက်သာနေသော ငရဲ။[၁]

ပြိတ္တာ = ပေတ (ပါ) = အပယ်လေးဘုံသား အပါအဝင်ဖြစ်သော မကောင်းကျိုးခံ သတ္တဝါတစ်မျိုး။[၂]

တရိတ်ဆန် = တိရစ္ဆာန (ပါ) = ကျွဲ နွား ခွေး ဝက် ကြက် ငှက် ငါး လိပ် စသော အဟိတ်သတ္တဝါ။[၃]

အပယ် = အပါယ (ပါ) = ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော မကောင်းမှုအတွက် ခံရာဌာန။[၄]

ကလန် = ကလန် (မွန်) = ရှေးခေတ်က ရွာကို အုပ်ချုပ်ရသော အကြီးအကဲ အမတ်။[၅]

သံပျင် = သမ္ဘင် (မွန်) = (ရှေး) ရွာအများကို အုပ်ချုပ်သူ။[၆]

## ခြုံငုံသုံးသပ်ချက်

နှောင်းတွေ့ကျောက်စာများကို လေ့လာရာတွင် အပိုင်းသုံးပိုင်းခွဲ၍ လေ့လာတင်ပြထားပါသည်။ အကြောင်းအရာပိုင်းကို လေ့လာရာတွင် ပုဂံခေတ်အလှူရှင်တို့၏ သာသနာရေးဆောင်ရွက်ချက်များနှင့် အလှူရှင်တို့၏ စိတ်နေသဘောထားများကို တွေ့ရပါသည်။ ခမ်းနားကြီးကျယ်သော အလှူပစ္စည်းများဖြစ်သည့် ဂူဘုရား၊ စေတီပုထိုးများ၊ လယ်မြေများနှင့် ကျွန်များကို လှူဒါန်းခဲ့သည်ကို ကြည့်ခြင်းအားဖြင့် စီးပွားရေးကောင်းမွန်ကြောင်းကို သိနိုင်ပါသည်။ ထိုသို့ စီးပွားရေး အဆင်ပြေ

---

[၁] ဩဘာသာဘိဝံသ၊ ၁၉၅၅၊ ၁၇၄။
[၂] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၁၉၃။
[၃] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၈၉။
[၄] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၄၀၂။
[၅] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၆။
[၆] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၇၈။

သောကြောင့် သာသနာရေး ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်သည်။ သာသနာရေး ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် နိုင်ငံရေးတည်ငြိမ်အေးချမ်းသောခေတ် ဟုဆိုနိုင်ပါသည်။

အရေးအသားပိုင်းကိုကြည့်လျှင် ပုဂံခေတ်ကျောက်စာစကားပြေ ဖြစ်သောကြောင့် စကားလုံး မတည်ငြိမ်သေးသည်ကို တွေ့ရပါသည်။ ကျောက်ထက်အက္ခရာ တင်ထားသော စကားပြေအရေးအသား ဖြစ်သောကြောင့်လည်း တိုတိုရှင်းရှင်းနှင့် လိုရင်းရောက်အောင် လုံချင်းကြိယာအသုံးများဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။ ထို့ပြင် ဝါကျဖွဲ့ထုံးတွင်လည်း ပုဂံခေတ်ဦးကျောက်စာများတွင် ဝါကျတိုများကို များသောအားဖြင့် ရေးသားထားသော်လည်း ဝါကျလတ်၊ ဝါကျရှည်များကိုလည်း အလျင်းသင့်သလို ရေးသားထားပါသည်။ နှောင်းပိုင်း ကျောက်စာများသည်ကား ဝါကျတိုများထက် ဝါကျလတ်၊ ဝါကျရှည်များဖြင့် ရေးသားလာကြသည်ကို တွေ့ရပါသည်။ ဝေါဟာရအသုံးများတွင် ဘာသာခြားဝေါဟာရများဖြစ်သော ပါဠိအသုံးများ၊ သက္ကတအသုံးများကို အဓိကထား ဖွင့်ဆိုထားပါသည်။

## နိဂုံး

နှောင်းတွေ့မြန်မာကျောက်စာများလေ့လာချက် စာတမ်းသည် သင်ရိုးအဖြစ် အသစ်ပြဋ္ဌာန်းထားခဲ့သော ကျောက်စာများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ပုဂံခေတ်က စတင်ပေါ်ပေါက်ခဲ့သော ကျောက်စာစကားပြေတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို အခြေခံ၍ ပေါ်ပေါက်ခဲ့သော စကားပြေများ ဖြစ်သောကြောင့် အလှူမှတ်တမ်း ကျောက်စာစကားပြေများအဖြစ် အများဆုံး တွေ့ရပါသည်။ မြန်မာဘာသာစကား၏ အဦးအစဖြစ်သော ကျောက်စာစကားပြေများကို လေ့လာတင်ပြရာတွင် စာပေရှုထောင့်ကသာမက ဘာသာစကားအမြင်ဖြင့်လည်း ထုတ်နှုတ်တင်ပြထားပါသည်။ လွယ်ကူမြန်ဆန်၍ နားလည်သိရှိနိုင်စေရန် စိစစ်ဖော်ထုတ်ခဲ့ပါသည်။ ဤစာတမ်းသည် ပညာရှင်များသာမက ပညာသင်များအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မည်ဆိုပါလျှင် စာတမ်းရှင်အတွက် စာတမ်းပြုစုရကျိုးနပ်မည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


ထွန်းမြင့်၊ ဦး(ဒဂုန်)။ (၁၉၉၁) ။ ***သုခမှတ်စု(စတုတ္ထ)***။ ရန်ကုန်၊ သုခဝတီစာပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၀၄)။ ***ပါဠိသက်ဝေါဟာရအဘိဓာန်(ဒုတိယအကြိမ်)***။ ရန်ကုန်၊ စာပေလောက စာအုပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၅၆)။ ***မြန်မာနေ့အမည်များနှင့်မြန်မာနှစ်အမည်များ***။ ရန်ကုန်၊ ပညာနန္ဒ စာပုံနှိပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၆၄)။ ***မြန်မာလအမည်များ***။ ရန်ကုန်၊ ပညာနန္ဒစာပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်(ဒုတိယအကြိမ်)***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

သန်းထွန်းနှင့်အများ (တည်း)။ (၂၀၀၅)။ ***နှောင်းတွေ့မြန်မာကျောက်စာများ***။ ရန်ကုန်၊ မြန်မာသမိုင်းအဖွဲ့စာအုပ်တိုက်။

ဩဘာသာဘိဝံသ၊ အသျှင်။ (၁၉၅၅)။ ***သုတေသနသရုပ်ပြအဘိဓာန်***။ ရန်ကုန်၊ ပညာနန္ဒ ပုံနှိပ်တိုက်။

# မြန်မာအမျိုးသမီးတို့၏ စိတ်အလှနှင့် ရှေးခေတ်စာဆိုတို့၏အရေးအဖွဲ့

သစ်သစ်လွင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ဖော်ပြသော ရှေးစာဆိုတို့၏ အရေးအဖွဲ့များကို စာပေရှုထောင့်မှ လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ရှေးခေတ်မြန်မာစာဆိုတို့၏ အရေးအဖွဲ့ကို ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ထိ ပေါ်ပေါက်ခဲ့သည့် စာပေတို့ကို အလေ့လာခံအဖြစ် တင်ပြထားပါသည်။ မြန်မာမျိုးသမီးတို့၏ စိတ်အလှကို ပေါ်လွင်အောင် တင်ပြနိုင်သည့် စာဆိုတို့၏ စေတနာနှင့် အရေးအဖွဲ့စွမ်းရည်ကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ – *စိတ်အလှ၊ စေတနာ၊ အရေးအဖွဲ့၊ ရှေးစာဆို၊ ခေတ်။***

## နိဒါန်း

ဤသုတေသနစာတမ်းသည် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ဖော်ပြနေသော စာရေးသူတို့၏ စေတနာနှင့် အရေးအဖွဲ့တို့ကို စိစစ်ပြထားသော စာတမ်းဖြစ်သည်။ ပုဂံခေတ် ကျောက်စာ၊ အင်းဝခေတ် ပျို့၊ တောင်ငူခေတ် ရတု၊ ညောင်ရမ်းခေတ် အိုင်ချင်း၊ ကုန်းဘောင်ခေတ် ဇာတ်တော်ကြီးဝတ္ထုများတွင် မြန်မာအမျိုးသမီးတို့၏ စိတ်အလှမျိုးစုံကို တွေ့ရှိရသည်။ ခေတ်အဆက်ဆက် မြန်မာစာဆိုတို့သည် ဗုဒ္ဓ၏အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်ခဲ့ကြသော မြန်မာအမျိုးသမီးတို့၏ စိတ်အလှများကို စကားပြေ၊ ကဗျာများနှင့် တမင်မရည်ရွယ်သည့်တိုင် မိမိတို့ရေးဖွဲ့သော ဇာတ်လမ်း၊ ဇာတ်ကွက်၊ အကြောင်းအရာတို့၏ လိုအပ်ချက်အရ ထည့်သွင်းရေးဖွဲ့ခဲ့ကြသည်။ ပုဂံခေတ်တွင် ဗုဒ္ဓသာသနာ ထွန်းကားလာသည်နှင့်အမျှ တရားအသိဖြင့် လိမ္မာယဉ်ကျေးပြီး စိတ်ကောင်း စေတနာကောင်း၊ သဒ္ဓါတရားကောင်းများနှင့် ပြည့်စုံကြသော အမျိုးသမီးတို့၏ စိတ်အလှကို အလှူရှင်ကိုယ်တိုင်ရေးကျောက်စာများ၌ တွေ့ကြရသည်။ ကိုယ်တိုင်ရေးကဗျာများ၌လည်း ကိုယ့်ပညာ၊ ကိုယ့်သိက္ခာနှင့် မေတ္တာတို့ကို စာဆိုတို့က ကိုယ်တိုင်ဖွဲ့ခဲ့ကြသည်။ မြန်မာအမျိုးသမီးများကိုယ်စား ခံစား၍လည်း အမျိုးသမီးစာဆိုတို့က ကိုယ်စားပြုဖွဲ့ဆိုခဲ့ကြသည်။ ရဟန်းစာဆိုများကလည်း အင်းဝခေတ် လူမှုအဖွဲ့အစည်းရှိ အမျိုးသမီးတို့၏ အိမ်ရှင်မကောင်းပီသသော ဂုဏ်ရည်များကို ဖွဲ့ခဲ့ကြသည်။ ဆင်းရဲချမ်းသာမရွေး စိတ်အလှ မွေးခဲ့ကြသူ

---

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ စစ်ကိုင်းတက္ကသိုလ်

တို့၏ပုံရိပ်ကို ဖမ်းယူဆုပ်ကိုင်၍ ရေးဖွဲ့ခဲ့ကြသည်။ ဤစာတမ်းတွင် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို စာပေ ရေးဖွဲ့ခြယ်မှုန်းခဲ့ကြသည်တို့ကို လေ့လာ တင်ပြထားပါသည်။

## ၁။ ရှေးခေတ်မြန်မာအမျိုးသမီးတို့၏ စိတ်အလှအဖွဲ့များအပေါ် စာပေပညာရှင်တို့၏ အမြင်

ရှေးမြန်မာစာဆိုများသည် သူတို့၏စာပေများတွင် မြန်မာအမျိုးသမီးတို့ကို ချန်လှပ်ထားခြင်း မရှိဘဲ မြန်မာအမျိုးသမီးတို့၏ ကိုယ်ကျင့်တရား၊ စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာ အစရှိသည်တို့ကို ခေတ်အဆက်ဆက် စာပေများတွင် ထည့်သွင်း ရေးဖွဲ့လေ့ရှိကြသည်။ ဘုရားဟောဇာတ်တော်များလာ မိန်းမပြတ်များအကြောင်းကို ရေးဖွဲ့ရာ၌ စာဆိုတို့ ရေးဖွဲ့သည့်ခေတ်မှ အမျိုးသမီးတို့အား စိတ်နေစိတ်ထား၊ ကိုယ်ကျင့်တရားတို့ကို လမ်းပြရာရောက်အောင် ဖွဲ့ဆိုတတ်ကြသည်။ ထို့အပြင် စာဖတ်သူတို့ တွေ့ကြုံဖူးသော ဘုရားဟောဇာတ်တော်လာ အမျိုးသမီးတို့ကို စာဆို၏ ခေတ်ရှိ မြန်မာအမျိုးသမီးတို့က စိတ်ကူးနှင့်သော်လည်းကောင်း၊ ကိုယ်တွေ့သော် လည်းကောင်း အကြောင်းအရာများကို စာဖွဲ့ရာ၌ မိန်းမသားတို့၏ဘဝ၊ မိန်းမသား တို့၏ ခံစားချက်များနှင့်အညီ သဘာဝကျပြီးလျှင် ရသမြောက်အောင် ရေးဖွဲ့ခဲ့ကြ သည်ကို တွေ့ရပါသည်။

ခေတ်အဆက်ဆက် မြန်မာစာဆိုတို့သည် မြန်မာအမျိုးသမီးတို့၏ဘဝကို ထင်ဟပ်ရေးဖွဲ့ရာမှ ကဗျာကောင်းများ ပေါ်ထွန်းလာခဲ့ကြပါသည်။ ထိုသို့ ဒိဋ္ဌလောကကို အခြေခံ၍ ရေးဖွဲ့သောကြောင့် မြန်မာတို့ ခံစား၍ မဆုံးနိုင်၊ မရောင့်ရဲနိုင်သော မြန်မာဆန်သည့် ကဗျာများအဖြစ် တည်တံ့နေခြင်း ဖြစ်ပါသည်။ ထိုသဘောကို–

ဇော်ဂျီက–

> “အိုင်ချင်းများသည် အိုင်ချင်းပါ ဇာတ်လိုက်များ၏ စိတ်ထား သဘောထားအရာ၌သာမက ပတ်ဝန်းကျင် အသွင်အပြင်အရာ၌လည်း မြန်မာအဆန်ဆုံး ကဗျာများ ဖြစ်သည်ဟု ဆိုအပ် လှသည်။”[၁]

ဟု မိန့်ဆိုခဲ့ပါသည်။ ညောင်ရမ်းခေတ် အိုင်ချင်းများတွင် ရှေးမြန်မာအမျိုးသမီးတို့၏ စိတ်ထား သဘောထားများမှတစ်ဆင့် ချစ်သူအတွက် စိုးရိမ်ပူပန်တတ်ပြီးလျှင် ချစ်သူ၏

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၃၂။

ရဲစွမ်းသတ္တိကို မြတ်နိုးဂုဏ်ယူတတ်သည့် စိတ်အလှနှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် စိတ်အလှများကို ရေးဖွဲ့ခဲ့ကြောင်း တင်ပြခဲ့ပါသည်။

စာဆို ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် ဟတ္ထိပါလတို့၏မိခင် ပုဏ္ဏေးမကြီးသည် မယားကောင်းဝတ္တရား ကျေပွန်ပုံကို–

> "လင်ကို မခိုင်း၊ နေ့တိုင်းညဉ့်က၊ နိုးလုံ့လလျက်၊ စိမ်ထပဲမျိုး၊
> ထွန်ကြဲတကြိုက်၊ ကောက်စိုက်ပျိုးနုတ်၊ ခြံထုတ်ကျွဲနွား၊ လယ်အား
> ရေလောင်း၊ သွန်းခူမောင်းနှင့်၊ ဖွပ်ထောင်းချက်ပြုတ်၊ နှုတ်မည်းလျှင်း၊
> ဆော်ဖန်ပြင်းသည်၊ မြော်တင်းစီရင် ရန်၏တည်း"[၁]

ဟူ၍ မင်းသုဝဏ်က သုံးသပ်ပြခဲ့သည်။ ပုဏ္ဏေးမကြီး၏ နိုးကြားထကြွ လုံ့လရှိမှု၊ လင်ယောကျ်ားကို ညှာတာမှု၊ လေးစားရိုသေမှု၊ လယ်ယာမြေကို ချစ်ခင်မှု၊ အိမ်မှုကိစ္စ နိုင်နင်းမှုတို့ကို စာဆို ရှင်မဟာရဋ္ဌသာရက အင်းဝခေတ် မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်အဖြစ် ရေးဖွဲ့ခဲ့ပုံကို ထောက်ပြခဲ့သည်။ ဗိုင်းငင် ချည်ချ စသည့် လုပ်ငန်းများကို ကြိုးကြပ်၍ မအားရအောင် စွမ်းဆောင်ပုံကို–

> "ဗိုင်းမှုဝါမှု၊ ညီစေတုသို့၊ ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊
> မဆိတ်မည်၊ ချည်ဝင့်သံလည်း၊ တရံမပြတ်၊ ချားရဟတ်နှင့်၊
> ချည်သွတ်မချာ၊ ချည်စာယူထ၊ မအားကြတည့်"[၂]

ဟူ၍လည်း စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆို၍ အင်းဝခေတ် မြန်မာအမျိုးသမီးတို့၏ ခေတ်ပုံရိပ်ကို ထင်ဟပ်ပြခဲ့သည်။ မြန်မာအမျိုးသမီးတို့သည် ကိုယ်ကျင့်တရား၊ သစ္စာတရားတို့နှင့် ပြည့်စုံသည့်သူများ ဖြစ်သည့်အပြင် မိန်းမပီသမှု၊ လင်ကို ချစ်ခင်မြတ်နိုး အလေးထား ဂရုစိုက်မှု စသည့် မြတ်နိုးဖွယ် စိတ်အလှတို့ကို ကိုးခန်းပျို့မှတစ်ဆင့် တွေ့ရကြောင်း ဆရာကြီးမင်းသုဝဏ်က သုံးသပ်ပြထားသည်။

အင်းဝခေတ် မြန်မာအမျိုးသမီးတို့၏ အိမ်ထောင်မှုဘဝတွင် အိမ်ရှင်မကောင်းများ ပီသစွာ ပြုမူနေထိုင်ပုံတို့ကို ဖွဲ့ထားသော အဖွဲ့များကို မင်းယုဝေက–

> "ရှင်မဟာရဋ္ဌသာရက ပုဏ္ဏေးမကြီးသည် မျိုးတို့ကို ရေစိမ်ရန်၊
> ထွန်ရန်၊ ကြဲရန်၊ ကောက်စိုက်ပျိုးနုတ်ရန်၊ ကျွဲနွားတို့ကို ခြံမှ
> ထုတ်ရန်၊ လယ်တွင် ခူများ မောင်းများဖြင့် ရေသွင်းရန်၊
> ဆန်စပါးတို့ကို ဖွပ်ထောင်းရန် အစရှိသော တောင်သူလယ်သမား

---

[၁] ဇော်ဂျီနှင့်မင်းသုဝဏ်၊ ၂၀၁၅၊ ၂၅။
[၂] ဇော်ဂျီနှင့်မင်းသုဝဏ်၊ ၂၀၁၅၊ ၂၅။

> ကိစ္စအဝဝတို့ကို ခင်ပွန်းလင်အား မခိုင်း။ မယားကောင်း ပီပီ မိမိကိုယ်တိုင် ငယ်သားတို့ ဆောင်ရွက်အောင် ကောင်းစွာကြည့်ရှု စီစဉ်ဆော်ဩတတ်ကြောင်း ဖွဲ့ဆိုထားသည်မှာ လွန်စွာ နှစ်သက်ဖွယ်ရာ ဖြစ်လေသည်။"[၁]

ဟူ၍ သုံးသပ်တင်ပြခဲ့သည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရသည် မြန်မာအမျိုးသမီးတို့၏ လူမှုဆက်ဆံရေး ကျွမ်းကျင်ပုံ၊ ခင်ပွန်းသည်အပေါ် ဆက်ဆံပုံတို့ကိုလည်း ဖွဲ့ဆိုခဲ့သည်။ မြန်မာအမျိုးသမီးတို့၏ ဇနီးကောင်းပီသမှု၊ ဇနီးကောင်းဝတ္တရား ကျေပွန်မှု၊ မိန်းမပီသမှု၊ အိမ်ထောင်မှုနိုင်နင်းမှုတို့ကို ပျို့ကဗျာဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

မြန်မာအမျိုးသမီးများသည် ပုဂံခေတ်ကပင် အမျိုးသားများနှင့် တန်းတူရပ်တည်နိုင်ခဲ့သည်ကို မောင်ခင်မင်(ဓနုဖြူ)က–

> "ရာဇကုမာရ်ကျောက်စာ (မြစေတီကျောက်စာ၊ ခရစ်နှစ် ၁၁၁၂ခန့်)တွင် အရိမဒ္ဒနပူရ ပုဂံပြည့်ရှင် ဂြိတြိဘုဝနာဒိတျဓမ္မရာဇာဘွဲ့ခံ ကျန်စစ်သားမင်းကြီးနှင့်အတူ မင်းကြီး၏ မိဖုရားဖြစ်သော တြိလောကဝဋံသကာဒေဝီ (သုံးလောက ဦးဆောက်ပန်း)၏ အမည်ကို တန်းတူယှဉ်တွဲ ဖော်ပြထားသည်ကို တွေ့ရသည်။ လောကသုံးပါးတွင် ဦးခေါင်း၌ စိုက်ထိုးပန်ဆင်ရသော ပန်းဟူ၍ အဓိပ္ပာယ်ရသော ထိုဘွဲ့အမည်သည် မိဖုရားကြီး၏ မြတ်နိုးဖွယ် ဂုဏ်ရည်ကို ဖော်ပြလျက် ရှိသည်။ ကျန်စစ်သားမင်းကြီးသည် ဦးဆောက်ပန်း မိဖုရားကို ချစ်မြတ်နိုးသည့်အလျောက် ရတနာအဆင်တန်ဆာများနှင့်တကွ ကျွန်သုံးရွာကို အပိုင်စားပေးသနားခဲ့ကြောင်း ကျောက်စာတွင် မှတ်တမ်းတင်ထားသည်။ ခင်ပွန်းသည် မြတ်နိုးသော ဇနီးသည် တစ်ဦး၏ အခန်းကဏ္ဍကို ဤကျောက်စာက ဖော်ပြလျက် ရှိသည်။"[၂]

ဟု ဆိုခဲ့ပါသည်။ မြန်မာအမျိုးသမီးတို့သည် ခင်ပွန်းသည်တို့၏ ချင်ခင်မြတ်နိုးမှု၊ အရေးပေးမှုများ ခံစားခွင့်ရှိသည်။ မြန်မာအမျိုးသားတို့ကလည်း သူတို့၏ အရေးကြီးသည့်ကိစ္စအဝဝတို့ကို ဆွေးနွေးတိုင်ပင်လေ့ရှိခြင်းနှင့် မြန်မာအမျိုးသမီးတို့ကလည်း မိမိတို့၏ ခင်ပွန်းကို အကြံဉာဏ်ကောင်းများ ပေးခြင်းတို့ ရှိခဲ့သည်။ ဘုရင်၏ မိဖုရားကြီးများကို

[၁] တိုက်စိုးနှင့် မင်းယုဝေ၊ ၂၀၀၅၊ ၁၂။

[၂] ခင်မင်၊ မောင်၊ ၂၀၁၄၊ ၆၀၄။

ပြည်ထောင်ဖက်ဟု သုံးနှုန်းခေါ်ဝေါ်ခဲ့ကြသည်။ ပုဂံခေတ်တွင် မိဖုရားဖွားစောသည် နရသီဟပတေ့မင်းအား အကြံပေးလမ်းပြခြင်း ပြုနိုင်ခဲ့ကြောင်းကို ရာဇဝင်ကျမ်းများအရ သိရသည်။ အမျိုးသမီးများကလည်း မိခင်ကောင်းများ ဖြစ်ခဲ့ကြသည်။ သမ္ဘူလသည် သားတော် ရာဇကုမာရ်ကိုလည်း လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်ခဲ့ဟန် ရှိသည်။ ရာဇကုမာရ်သည် သာသနာ၌ ကြည်ညိုသည်။ မိခင်မှတစ်ဆင့်ရသော ကျွန်သုံးရွာနှင့် လက်ဝတ်တန်ဆာတို့ကို ဘုရားအား လှူဒါန်းခဲ့သည်။ ဖခင်ကျေးဇူးကိုလည်း တုံ့ပြန်ခဲ့သည်။ မိခင်ကောင်းတစ်ယောက်၏ ဆုံးမသွန်သင်မှုအောက်တွင် ကြီးပြင်းခဲ့သည့် အတွက်ကြောင့်ဟု သုံးသပ်မိသည်။

အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နေထိုင်ခဲ့ကြသကဲ့သို့ ဘုရားတရားတော်နှင့်အညီလည်း သီလလုံခြုံကြသည်။ စိတ်နေသဘောထားပါ လှခဲ့ကြသည့်အတွက် မြန်မာအမျိုးသမီးတို့၏ဂုဏ် ခေတ်အဆက်ဆက် ထည်ဝါခဲ့ပေသည်။ ထိုဂုဏ်ရည်ကို ခေတ်အဆက်ဆက် မြန်မာစာဆိုတို့ကလည်း မခွင်းမချန် အရောင်တင် ခြယ်မှုန်းပေးခဲ့ကြပါသည်။

## ၂။ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှနှင့် ရှေးခေတ်စာဆိုတို့၏ အရေးအဖွဲ့

### ၂၊ ၁။ ပုဂံခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ပေါ်လွင်စေသော အရေးအဖွဲ့

ပုဂံခေတ်တွင် ရသစာပေများ မထွန်းကားသေးပါ။ မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ပုဂံခေတ် စာပေများတွင် တွေ့ရှိရသည်။ သိဃ်သူ့သမီးကျောက်စာတွင်–

> "မထိလိုမြေး၊ မင်းမယား၊ သိဃ်သူ့သမီး"[၁]

ဟုလည်းကောင်း၊

> "ဤငါတို့ပြုသော ကောင်းမှုအကျိုး အတို့ခပ်သိမ်းသော အစိုးရသော ရေမြေသခင်ဖြစ်သော မင်းကြီးလည်း ရစေ၏ ဤကောင်းမှု အာနုဘော်ဖြင့် ပြည်တိုင်းကား ခပ်သိမ်းသော နိုက်နေသော လူခပ်သိမ်းသော၏ အစီးအပွား ချမ်းသာကို ရှာပေလျက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပင့်စေသတည်း"[၂]

ဟုလည်းကောင်း၊

---

[၁] ငြိမ်းမောင်၊ ၁၉၈၂၊ ၂၈။

[၂] ငြိမ်းမောင်၊ ၁၉၈၂၊ ၂၈။

"အချင်းချင်း အမျက်အဤ် တစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြ ရစေ၏"[၁]

ဟုလည်းကောင်း ရေးထိုးထားသည်။ ပုဂံခေတ်အမျိုးသမီးတစ်ဦး၏ အဘိုး၊ ဖခင်နှင့် ခင်ပွန်းတို့ကို ဦးထိပ်ထားသည့်၊ မြတ်နိုးချစ်ခင်လေးစားသည့် စိတ်အလှကို တွေ့ရသည်။ သိင်္ဃသူ့သမီးသည် မိမိကိုယ်ကို နှိမ့်ချတတ်သည်။ ပြည်သူပြည်သားတို့ကို ချစ်ခင် အလေးထားသည်။ အချင်းချင်းအပေါ် မနာလို အမုန်းထားစိတ် မရှိပေ။ မိမိစိတ်နှလုံး ငြိမ်းအေးသကဲ့သို့ မိမိပတ်ဝန်းကျင်ကိုလည်း ငြိမ်းအေးစေလိုသည်။ ဘုရင့်မိဖုရားပီပီ ပြည်သူတို့ ကောင်းကျိုးကိုလည်း လိုလားသည့်သူဖြစ်ကြောင်း သိင်္ဃသူ့သမီးကျောက်စာကို ဖတ်ရှုသူတို့ နားလည်ခံစားကြရသည်။ အလှူရှင်သည် မိမိ၏နှလုံးသား ခံစားမှု၊ ခံယူမှုတို့ကို မှတ်တမ်းတင်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ ထိုမှတ်တမ်းသည် ပုဂံခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ဖော်ကျူးတင်ပြနေပါသည်။

ထို့ပြင်–

"ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊ သူတစ်ထူးကို ညှဉ်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသ ကင်းသော မဖြစ်မူ၍"[၂]

ဟူ၍ မဖြစ်လိုကြောင်း ဆုတောင်းသည်။ လိုချင်သော ဆုများကို–

"ရမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနား တတ်သော၊ ပညာရှိသော၊ အကြောင်းကိုသိတတ်သော၊ ဝန်မတိုသော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပျက်တတ်သော၊ မမေ့လျော့သော၊ အောက်မေ့တသရှိသော ဤသို့သော အကျိုးကျေးဇူးတို့နှင့် ပြည့်စုံလျှက် သံသရာ၌ကျင်လည်၍ မေတ္တေယျဘုရား မျက်မှောက်ကင်္ကာလျှင် မြတ်သော အကျွတ်တရား ရလိုသတည်း"[၃]

ဟူ၍ ဖြစ်လိုသောဆုများကို တောင်းခဲ့သည်။ ဗုဒ္ဓ၏တရားတော်တို့နှင့် ပြည့်လျှမ်းပြီး စိတ်ယုတ် စိတ်ညံ့တို့ ကင်းစင်နေသော ပုဂံခေတ် မြန်မာအမျိုးသမီးတစ်ဦး ဗုဒ္ဓ၏ တရားနှလုံးသွင်း၍ ကျင့်ကြံနေထိုင်သော အမြင့်မြတ်ဆုံးနှင့် အစင်ကြယ်ဆုံး စိတ်အလှကို

---

[၁] ငြိမ်းမောင်၊ ၁၉၈၂၊ ၂၈။
[၂] ငြိမ်းမောင်၊ ၁၉၈၂၊ ၂၉။
[၃] ငြိမ်းမောင်၊ ၁၉၈၂၊ ၂၉။

တွေ့ရှိရသည်။ ခေတ်အဆက်ဆက် ပုဂံခေတ်အမျိုးသမီးတို့၏ စိတ်အလှကို ပုဂံခေတ် အလှူမှတ်တမ်းမှတစ်ဆင့် ခံစားသိရှိရပါသည်။ နှလုံးသားအလှကို ပါဠိစကားလုံး တို့ကို မြန်မာမှုပြန်ဆိုပြီး ရေးသားခဲ့ခြင်းမှာ လေးစားလောက်ပါသည်။

ကျစွာမင်းမိထွေးတော်ကျောက်စာတွင်လည်း–

> "အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏။ အိမ်ငါနေသောထက်ကား သီတင်းပညာရှိသော သံဃာနေသော မြတ်၏ ဟူ၍ ငါကြံမိရကား ဂူလည်းပြု၏။ ဂူပြီးရကား ဘုရားလောင်းကို ငါကြား၏။ မြတ်စွာသော ငါ့သခင် အတို့ကျွန်ကို ပြုပေးသော အိမ်တည်း၊ သာလည်းသာနိုးစွာ၏။ အတို့ကျွန်တို့ နေသောထက်ကား သံဃာနေသော မြတ်၏ ဟူ၍ ဂူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးသောမူသော အိမ်ထောင် ကျွန် လယ်လည်း အတို့ကျွန်လှူ၏။"[၁]

ဟူ၍ မှတ်တမ်းတင်ထားသည်။ မိထွေးတော်သည် တူတော်ကို သနားကြင်နာစွာ ပြုစု ကျွေးမွေးခဲ့သည့် မိခင်စိတ်ရှိသော စိတ်ထားအလှရှိသူ ဖြစ်သည်။ တူတော်မင်းတရား၏ ကျေးဇူးတုံ့ပြန်မှုတို့ကို မက်မောတွယ်တာစိတ် မရှိသူ၊ တရားသဘောကိုသိသူ စသည့် စိတ်ထားအလှတို့ကို မြတ်နိုးဖွယ် တွေ့ရှိရသည်။ လောကီတွင် အကြင်နာစိတ်နှင့် ရှင်သန်ပြီး လောကုတ္တရာအတွက် အကျိုးရှိအောင် သဒ္ဓါစိတ်မွေး၍ ကောင်းမှုပြုသည့် မိထွေးတော်၏ စိတ်အလှကို အလှူမှတ်တမ်းက ကြည်ညိုလေးစား စံထားရသည့် စိတ်အလှတရားပေါ်အောင် ရေးသားထားသည်။

ပုဂံခေတ် အမျိုးသမီးများသည် ဗုဒ္ဓဘာသာကို ယုံကြည်ကြသူ၊ ဗုဒ္ဓအဆုံးအမကို နာခံကြသူများပီပီ သဒ္ဓါစိတ် ထက်သန်သည်။ စိတ်နှလုံး အေးချမ်းကြသည်။ ထိုသို့သော စိတ်စေတနာတို့ကို ပေါ်လွင်အောင် မှတ်တမ်းတင်နိုင်သည့် ပုဂံခေတ် အမျိုးသမီးတို့၏ ဂုဏ်ရည်မှာလည်း လေးစားဂုဏ်ယူဖွယ်ပင် ဖြစ်သည်။

အလှူမှတ်တမ်းကျောက်စာ စကားပြေများတွင်သာ မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို မှတ်တမ်းတင်ခဲ့သည် မဟုတ်ပါ။ ပုဂံခေတ်၏ ရွှေနှင့်ယိုးမှားပန်းစကား ကဗျာတွင်လည်း ပုဂံခေတ် မိန်းမပျို၏ စိတ်အလှကို–

---

[၁] ငြိမ်းမောင်၊ ၁၉၈၂၊ ၁၆၉။

"စကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး၊ မောင်ကြီးနှမ၊ ညက်လှပြာစင်"[၁]

ဟုလည်းကောင်း၊

"မြိတ်လွတ်စုလည်း၊ ငယ်ကတည်းက၊ ကျွမ်းဝင်ကြသည်၊ မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်၊ ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်၊ နှလုံးမခြား၊ စောင့်တရား"[၂]

ဟုလည်းကောင်း ရေးဖွဲ့ထားသည်။ ရှေးခေတ် မြန်မာအမျိုးသမီးတစ်ဦး၏ အဆင်းရော အချင်းပါပြည့်စုံသော၊ မေတ္တာ သစ္စာ ကိုယ်ကျင့်တရားတို့နှင့် ပြည့်ဝသော၊ အချစ်ကို တန်ဖိုးထားသော မြတ်နိုးနှစ်သက် ဂုဏ်ယူဖွယ် စိတ်အလှကို နှောင်းခေတ်သူတို့ မြင်ယောင်လာ၊ အတုယူ လက်ခံ ကျင့်သုံးတတ်လာနိုင်အောင် လမ်းညွှန် ရေးဖွဲ့ထားနိုင်သည့် ကဗျာတစ်ပုဒ် ဖြစ်သည်။

ပုဂံခေတ်စာပေများတွင် ရှေးခေတ်မြန်မာအမျိုးသမီးတို့၏ ခံစားမှု၊ ဆင်ခြင်နိုင်မှု၊ အကြင်နာတရားရှိမှု၊ လောကီ၊ လောကုတ္တရာအတွက် အကျိုးရှိရှိ ဆောင်ရွက်နိုင်မှု၊ ကိုယ်ကျင့်သီလ လုံခြုံမှုတို့နှင့် ပြည့်စုံသော မြတ်နိုးဖွယ်ရာ စိတ်အလှတို့ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရသည်။

## ၂။ ၂။ အင်းဝခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ပေါ်လွင်စေသော အရေးအဖွဲ့

အင်းဝခေတ် စကားပြေနှင့် ကဗျာများတွင်လည်း အမျိုးသမီးတို့၏ စိတ်အလှကို တွေ့ရသည်။ ပါရာယနဝတ္ထုတွင် ဗုဒ္ဓလက်ထက်တော်က ဧတဒဂ်ရ အမျိုးသမီး တစ်ဦး၏ တရားအသိဖြစ်ပေါ်ပုံကို–

"မြတ်စွာဘုရား အပါးတော်၌နေ၍ အရှုအသာ ပျော်ပါးဖွယ်ဖြစ်သော ဘုရားမြတ်စွာကို မဖူးမြင်မိဘဲ ကြာတင်လှလေ၏တကား။ ယပ်တော်ခံသော သတို့သမီး၏ နောက်လိုက် အလုပ်အကျွေးမျှ ငါ မဖြစ်ကောင်းပလေတကား၊ ငါ့အမှတ်ကား ချွတ်လေ

---

[၁] မြန်မာစာညွှန့်ပေါင်းကျမ်း(ပတွဲ)၊ ၁၉၂၁၊ ၁၆။
[၂] မြန်မာစာညွှန့်ပေါင်းကျမ်း(ပတွဲ)၊ ၁၉၂၁၊ ၁၆။

စွတကားဟု အလဲလဲ အလို့လို့ရှိလျက် ယပ်တော်ခံသော သတို့သမီးကို
ကြည့်၍ ချီးမွမ်းတုံတုံ ချီးမွမ်းသော ခေမာမိဖုရား"[၁]

ဟူ၍ ရေးသားထားသည်။ ခေမာမိဖုရားသည် ဉာဏ်အမြော်အမြင်ကြီးသူ၊ သံဝေဂ သတိရှိသူ ဖြစ်သည်။ ဤဖောက်ပြန်ပြောင်းလဲသွားသော ယပ်တော်ခံ သတို့သမီး၏ ကိုယ်နှင့် ငါ၏ခန္ဓာကိုယ်ကား အတူတူသာတည်း။ တစ်နေ့တွင် ဤသို့ဖြစ်လတ္တံ့ဟု သံဝေဂယူသည်။ ရုပ်ခန္ဓာသည် နှစ်လိုတပ်မက်ဖွယ် မရှိဟု တွေးတောဆင်ခြင်ဉာဏ် ရှိသူ ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ တရားအဆုံးတွင် အကျွတ်တရားရ၍ ရဟန္တာမ ဖြစ်သည်။ ဘုရားရှင်၏ သာသနာ၀ယ် ထင်ရှားခဲ့သူ၊ ကောသလမင်းကြီး မေးသော သိမ်မွေ့နက်နဲသော ပြဿနာများကို ဖြေကြားနိုင်မှုတို့ကြောင့် မြတ်စွာဘုရားက ပညာ အရာ၌ ဧတဒဂ်အရာ ပေးခဲ့ရသူ ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမ တရားတော်ကို ခွဲခြားဝေဖန်၍ နက်နဲစွာ တွေးမြင်ပြီး အကျင့်မြတ်တို့နှင့် ပြည့်စုံအောင် ဆက်လက်နည်းခံကျင့်သုံးသော ခေမာထေရီ၏ စိတ်အလှဂုဏ်ရည်မှာ လေးစား မြတ်နိုး အတုယူစရာ ဖြစ်ပါသည်။ ယပ်တော်ခံသတို့သမီးကိုကြည့်ရင်း ဆင်ခြင်ဉာဏ် နှင့် ဆင်ခြင်မိသည့် လေသံပါအောင် ဆရာတော် ရှင်မဟာသီလဝံသက ဗုဒ္ဓလက်ထက်က ဉာဏ်ရည်ထက်မြက်ပြီး တရားအသိရှိသော ခေမာထေရီကဲ့သို့ အမျိုးသမီးများကို စံပြု အတုယူဖွယ်ဖြစ်အောင် ရေးဖွဲ့ခဲ့သည်။ အင်းဝခေတ် အမျိုးသမီးတို့အား စံပြုစေ ခဲ့သည်။

ပြည်စုန် မော်ကွန်းတွင်–

"နှမရင်းကို၊ သနင်းပြည့်ရှင်၊ မျက်နှာမြင်သော်၊ အကြင်မျှလောက်၊
ကျူစိတ်နှောက်လည်း၊ မနှောက်စတော၊ သီဒါရေလျှင်၊ ကြည်ထွေ
သန့်လွင်၊ မြူရိပ်စင်သို့၊ ရောက်ဝင်ထံပါး၊ ရှစ်သောင်းဖျားလျှင်၊
တရားပြည့်လျှမ်း၊ မေတ္တာမွမ်း၍၊ မင်းခမ်းအလျောက်၊ လေးဆူ
မြောက်သား၊ လက်ကောက်သံလေး၊ ရည်ရှင်ပေးမှ၊ မင်းရေးချောင်၊
ဖျည်တားကျုံသော်၊ အရွှလည်းပါ၊ သခ်ယာနှင့်၊ ကျော်စွာစုံပေါင်း၊
လုပ်ကြံကောင်းသည်၊ အကြောင်းပြန်လှာ လော်လဲတည်း"[၂]

ဟု ဖွဲ့ဆိုထားသည်။ တိုင်းရေးပြည်ရေးတွင်လည်း တစ်ဖက်တစ်လမ်းမှနေ၍ ရှင်ဘုရင်၏ အကျိုးကို ကူညီပါဝင်ဆောင်ရွက်ပေးသည့်၊ ချစ်ကြည်စည်းလုံးမှု ညီညွတ်မှုရှိစေရန် ပူးပေါင်းစွမ်းဆောင်ပေးသည့် ရေးခေတ် မိဖုရားတို့၏ စိတ်ထားအလှကို မှတ်တမ်းတင်

---

[၁] သီလဝံသ၊ မဟာ၊ ရှင်၊ ၁၉၆၆၊ ၁၁၅။

[၂] ရှင်ထွေးညို၊ ၁၉၆၅၊ ၂၆။

ဖွဲ့ဆိုထားသည်။ ပြည်စုန်မင်း မဟာသီဟသူရ၏ မိဖုရားကြီးသည် လက်ကောက်ကို ချွတ်၍ မေတ္တာခေတ် ကူးစက်လာအောင် ဆောင်ရွက်ပုံကို စာဆိုက မိမိရရ မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

အင်းဝခေတ်သည် ပျို့ခေတ် ဖြစ်သည့်အလျောက် ပျို့စာပေများတွင်လည်း အင်းဝခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ရေးဖွဲ့ခဲ့သည်။ ဇာတ်လမ်းတွင် ပါဝင်သော ဘုရားလောင်း ဟတ္ထိပါလ၏မိခင် ပုဏ္ဏေးမကြီး၏ စွမ်းဆောင်ရည်နှင့် လင်ယောကျ်ားကို ငဲ့ညှာပုံ၊ အိမ်မှုကိစ္စကို တက်ကြွနိုးကြားစွာ စီစဉ်ဆောင်ရွက်ပုံ တို့ကို ကိုးခန်းပျို့တွင်–

“လင်ကိုမခိုင်း၊ နေ့တိုင်းညဥ့်က၊ နိုးလို့လလျက်၊ စိမ်ထမျိုးပဲ၊
ထွန်ကြဲတကြိုက်၊ ကောက်စိုက်ပျိုးနုတ်၊ ခြံထုတ်ကျွဲနွား၊ လယ်အား
ရေလောင်း၊ သွန်းခူမောင်းနှင့်၊ ဖွပ်ထောင်းချက်ပြုတ်၊ နှုတ်မည့်လျှင်း၊
ဆော်ဖန်ပြင်းသည်၊ မြော်တင်းစီရင်ရန်၏တည်း။”[၁]

ဟုလည်းကောင်း၊

“ဗိုင်းမှုဝါမှု၊ ညီစေတုသို့၊ ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊
မဆိတ်မည်၊ ချည်ငင်သံလည်း၊ တစ်ရံမပြတ်၊ ချားရဟတ်နှင့်၊
ချည်သွပ်မချာ၊ ချည်စာယူထ၊ မအားကြသည့်၊ ချည်ချ ချည်ရှယ်၊
လုပ်ဖွယ်မပျက်၊ လက်ယက်ယဉ်ခုံ၊ သုံးပါးစုံလျက်။”[၂]

ဟုလည်းကောင်း ဖွဲ့ဆိုထားသည်။ ဟတ္ထိပါလတို့၏မိခင် ပုဏ္ဏေးမကြီးသည် ဇနီး ဝတ္တရား ကျေပွန်သူ၊ ဇနီးကောင်းပီသသူ၊ အိမ်မှုကိစ္စတို့ကို ကျွမ်းကျင်ပိုင်နိုင်သူ ဖြစ်ကြောင်း၊ ကောင်းစွာ စီစဉ်တတ်သူဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။ စာဆိုအရှင်သည် ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီက ဇာတ်ကြောင်းပါ ပုဏ္ဏေးမကြီး၏ပုံရိပ်ကို ဖွဲ့ဆိုရာတွင် စာဆို တွေ့မြင်နေရသော အင်းဝခေတ် မြန်မာအမျိုးသမီးတို့၏ ပုံရိပ်ကိုကြည့်၍ ဖွဲ့ဆိုခဲ့ဟန် ရှိသည်။ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့တွင် ဗီရဏီနတ်သမီးသည် အတိတ်ဘဝက သူတစ်ပါးအိမ်တွင် ကျွန်အဖြစ် ခိုင်းစေခံရသူ ဖြစ်သည်။ အတိတ် ဘဝတွင် ရှာဖွေရသမျှကို လှူဒါန်းမှုပြုခဲ့သည်ကို–

“နွံ့နှောင်းပြာကြည်း၊ ဆွေမယ်နည်းလျှင်၊ ရှာဆည်းကိုယ်ကျိုး၊
ပြုစုပျိုးက၊ ကောက်မျိုးနေမြန်း၊ သွေ့မာလှန်းသို့၊ ရဟန်းပုဏ္ဏား၊

---

[၁] ရဋ္ဌသာရ၊ မဟာ၊ ရှင်၊ ၁၉၅၆၊ ၇၈။
[၂] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၇၊ ၇၀။

> လျှုခံအားလည်း၊ မယ်ဘွားနှစ်လို့၊ စားရာဘို့တွင်၊ တချို့ခွဲဝေ၊ ပေးလှူထွေနှင့်၊ ရပ်မြေဝေးစွာ၊ ဧည့်သည်လာလည်း၊ ကြင်နာစုံမက်၊ ခေါ်စိုက်စက်သား၊ ရင်ထက်ပိုက်ဖြား၊ မွေးသည့်သားသို့"[၁]

ဟုလည်းကောင်း အလှူအတန်းသာမက ဥပုသ်သီတင်းဆောက်တည်ခြင်း၊ နေ့စဉ်ပုတီးစိပ်၊ ရှိခိုးခြင်း ကောင်းမှုကိစ္စတို့ ပြုခဲ့သူဖြစ်ကြောင်းကို–

> "မုန့်ကြွပ်တစ်လွှာ၊ သကာတစ်ခဲ၊ တင်လဲတစ်မှုတ်၊ လက်သုတ်တစ်ထည်၊ ဆီရည်တစ်စက်၊ ထွန်းလက်ဆီမီး၊ သစ်သီးတစ်လုံး၊ ပန်းကုံးတစ်သွယ်၊ ကိုယ်ဝယ်ရစ်ပတ်၊ တထည်ဝတ်က၊ အမြွတ်ခေါင်းထက်၊ တစ်ပိုင်းဝက်၍၊ ရက်ရက်စွန့်လေ၊ အဝှန့်နေသား၊ သဗ္ဗေသတ္တာ၊ သတဝါလည်း၊ ဝမ်းသာလူလူ၊ သာခုမွက်ဟ၊ အမျှမျှလျှင်၊ မယ်လျကုသိုလ်၊ ရစေဆိုလျက်၊ ဟင်းချိုယောက်မ၊ တစ်စမကျန်၊ လှူဝေဖန်၍၊ သူ့ကျွန်ဖြစ်လျက်၊ သူ့အိမ်ထက်ဝယ်၊ သူ့လက်မကင်း၊ သူ့အချင်းလည်း၊ ဝါတွင်းဝါပ၊ စောင့်သီလနှင့်၊ ညဟူသရွေ့၊ ဩဇာငွေ့လည်း၊ မတွေ့မွတ်သိပ်၊ သူ့အိမ်ရိပ်တွင်၊ အိပ်လည်းရှိခိုး၊ ဆောက်တည်နိုးက၊ ပုတီးစာတီ၊ လက်အုပ်ချီ၍"[၂]

ဟုလည်းကောင်း အတိတ်ဘဝတွင် ကောင်းမှုကုသိုလ်တို့ ပြုလုပ်ခဲ့သည့် စိတ်စေတနာအလှတို့ကြောင့် ပစ္စုပ္ပန်ဘဝတွင် အရောင်အဝါတို့ဖြင့် တင့်တယ်သည့် ဗီရဏီနတ်သမီး ဖြစ်ရပုံကို–

> "နူတ်လျှင်မွန်တောင်း၊ ကျင့်ရည်ကောင်းသည်၊ လမ်းကြောင်းနတ်ပြည်ခရီးတည်း"[၃]

ဟု ဖွဲ့ဆိုခဲ့ပါသည်။ ဆင်းရဲသော်လည်း ဗုဒ္ဓ၏အရိပ်မှ မြန်မာအမျိုးသမီးပီပီ သဒ္ဓါစိတ်၊ မေတ္တာစိတ်၊ ကျေးဇူးသိစိတ်တို့ဖြင့် စိတ်အလှဆင်၍ ရှင်သန်သွားပုံကို စာဖတ်သူတို့ကူးစက်ခံစားနိုင်အောင် ရေးဖွဲ့ခဲ့သည်။ ရှင်အဂ္ဂသမာဓိသည် ဘုရားလောင်း နေမိမင်းဘဝဖြင့် နတ်ပြည်တွင် ဆုံခဲ့ရသော ဗီရဏီနတ်သမီး၏ အတိတ်ဘဝ စိတ်ထားကိုဖွဲ့ရာ၌ အင်းဝခေတ် အမျိုးသမီးတို့၏ လူမှုအဖွဲ့အစည်းကို ထင်ဟပ်၍ ပုံဖော်ထားခြင်းဖြစ်ပါလိမ့်မည်။

---

[၁] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၇၊ ၇၅။
[၂] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၇၊ ၇၇။
[၃] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၇၊ ၇၈။

အင်းဝခေတ်စာဆို မိဖြူ၏ နန်းတွင်မိဖြူရတုတွင် မိဖြူသည် မိမိကိုယ်ကို နိဗ္ဗာန်ကူးသူတို့ ဖြောင့်တန်းစွာ ကူးကြရသော ကူးတို့ဆိပ်ဖြစ်သည့်၊ တုနှိုင်းဖွယ်ရာ မရှိသည့် ဇမ္ဗူဒီပါကျွန်း၊ ရနံ့မွှေးပြီး မြင်သူတိုင်း မရူးဘဲမနေနိုင်သော ပန်းတကာ့ ပန်းတို့က ဦးညွတ်ရသည့် မဥ္ဇူသကနတ်ပန်းတို့နှင့် နှိုင်းယှဉ်ဖော်ပြခဲ့သည်။ ရတု အဆုံးတွင်–

> "နန်းတွင်မိဖြူ၊ ကျွန်ုပ်ဟူသား၊ ကြီးထူပညာ၊ ဥစ္စာရည်သွား၊ မျိုးမည်အားနှင့်၊ သားလည်စုံအင်၊ ကြယ်သို့ထင်လျက်၊ မြင်မြင်သမျှ၊ သိပ္ပခေါင်ထွတ်၊ တတ်ပါသည်ချည်း၊ ဖွဲ့နည်းကဗျာ၊ လင်္ကာရတု၊ ဆိုမှုရှုရှု၊ ကြားကပြေပြစ်၊ ကညစ်ငုံချွန်း၊ ရေးသူပန်းလိမ့်၊ ရွှေနန်းစံတင်၊ ဘက်မမြင်သည်။ ။ နန်းတွင်မိဖြူသာ တကား။"[၁]

ဟူ၍ ဖွဲ့ဆိုထားသည်။ ရွှေနန်းတော်ထက်တွင် စံတင်ထားထိုက်သူ၊ မည်သူကမျှ မယှဉ်ပြိုင်နိုင်သူဖြစ်သည့် သူ့ဂုဏ်ကို ရေးဖွဲ့ထားသည်။ နန်းတွင်မိဖြူ၏ ကိုယ်ရည်သွေး အဖွဲ့တွင် အင်းဝခေတ် အမျိုးသမီးတို့သည် အသိပညာ၊ အတတ်ပညာများကို တတ်မြောက်သူ၊ စာပေများကိုပင် ရေးဖွဲ့နိုင်သူများအဖြစ် ထိထိမိမိ ဂုဏ်တင်ဖွဲ့ဆို ထားသည်ကို တွေ့ရပါသည်။ ပညာဂုဏ်အတွက် မာနရှိသကဲ့သို့ စိတ်အလှတရား အတွက်လည်း မိမိကိုယ်ကို ကျေနပ်သူဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။

နန်းတွင်မိညိုရတုတွင်လည်း မိညိုသည် သူ၏အရည်အချင်းကို ဘုရားရှင် အဘိဓမ္မာတရား ဟောကြားခဲ့သော မြင့်မိုရ်တောင်၊ အထူးခြားဆုံးဖြစ်သည့် ဗဟိုရ်စည် တို့နှင့် ခိုင်းနှိုင်း၍ ဖွဲ့ဆိုထားသည်။

> "နန်းတွင်မိညို၊ ကျွန်ုပ်ဆိုသား၊ မှောင်ကိုပယ်ခွင်း၊ ဆီမီးဝင်းသို့၊ သတင်းငါးမည်(အဆင်းငါးမည်)၊ သီလတည်လျက်၊ ညက်ကြည်ခြောက်ထွေ (လှရည်ညက်သေး)၊ သရေသုံးထပ်၊ စောင့်ကြပ်မကွာ၊ ရှိသေစွာသား၊ ဆရာရေးက၊ ဆုံးမစကား၊ ခွန်းဆယ်ပါးကို၊ မှတ်သားခလေ့၊ ပြောဲ၍မဆို (ပြေး၍မဆို)၊ သူ့ကိုနှိပ်စက်၊ မာန်မထွက်တည့်၊ ဝှန်တက်ပညာ၊ လင်္ကာရတု၊ ဆိုမှုရှုရှု၊ ကြားကစိတ်ဝမ်း၊ သူနားချမ်းလိမ့်၊ စွဲလမ်းကိုယ်တွင်၊ တောင်နှယ်ထင်သည်။ ။ နန်းတွင်မိညိုသာတကား။"[၂]

---

[၁] မြန်မာစာညွှန့်ပေါင်းကျမ်း(ပတွဲ)၊ ၁၉၂၁၊ ၈၂။
[၂] မြန်မာစာညွှန့်ပေါင်းကျမ်း(ပတွဲ)၊ ၁၉၂၁၊ ၈၂။

ဟူ၍ ဖွဲ့ထားသည်။

အထက်ပါရတုများတွင် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အပြိုင် စာစပ်ဆို ကြသော်လည်း ဂုဏ်သိက္ခာကို မထိခိုက်ဘဲ၊ ရန်လိုဒေါသမဖြစ်ဘဲ ငြိမ်းချမ်းစွာဖြင့် မိမိတို့၏ဂုဏ်ကို ပညာတတ်စာဆိုများပီပီ ယှဉ်ပြိုင်တတ်ကြသည့် မိဖြူ၊ မိညိုတို့၏ စိတ်ထားအလှကို ၎င်းတို့၏ စာပေများက ပြောပြနေသည်ကို တွေ့ရသည်။ စိတ်ထား လိမ္မာယဉ်ကျေး၍ ပညာရှိရုံသာမက စာကဗျာများကိုပင် ဖွဲ့ဆိုနိုင်ကြသည့် အင်းဝခေတ် အမျိုးသမီးဂုဏ်ရည်ပြ အဖွဲ့များ ဖြစ်သည်။

အင်းဝခေတ် စာပေများတွင် ဗုဒ္ဓလက်ထက် ပညာအရာ၌ ဧတဒဂ်အရာ ပေးအပ်ခြင်းခံခဲ့ရသူ မိဖုရားတစ်ပါး၊ တိုင်းပြည်အရေးအတွက် ခင်ပွန်းသည် ရှင်ဘုရင်၏ ပါရမီဖြည့်ဖက် ပီသစွာ တတ်စွမ်းသည့်ဖက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည့် အင်းဝခေတ် မိဖုရားတစ်ပါး၊ ဇနီးဝတ္တရား တာဝန်ကျေပွန်သူ ပညာရှိပုဏ္ဏားကြီး၏ ဇနီး ပုဏ္ဏေးမကြီး၊ အတိတ်ဘဝက သဒ္ဓါစိတ်၊ မေတ္တာစိတ်၊ ကျေးဇူးသိစိတ်တို့ ရှိခဲ့သည့် ဗီရဏီနတ်သမီး၊ အင်းဝခေတ် အမျိုးသမီးနန်းတွင်းစာဆို ဖြစ်သော မိဖြူ၊ မိညိုတို့၏ စိတ်ထားအလှတို့ကို ကြည်ညိုဖွယ်၊ လေးစားနှစ်သက်ဖွယ် တွေ့ရှိရသည်။

## ၂၊ ၃။ တောင်ငူခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ပေါ်လွင်စေသော အရေးအဖွဲ့

တောင်ငူခေတ်ရတုများတွင် မြန်မာအမျိုးသမီးတို့၏ စိတ်အလှထင်ဟပ်နေ သည်ကို တွေ့ရသည်။ ပြည်မိဖုရား၏ 'ဘဝဂ်ဆူလှိုက်' ရတုတွင် တောင်ငူခေတ် မိဖုရားတစ်ပါး၏ လက်ရုံးရည်ပြည့်စုံသူ မောင်တော်အတွက် ဂုဏ်ယူတတ်သည့် စိတ်အလှကို အကဲခတ်နိုင်ပေသည်။ ရန်မှန်သမျှကို ဖြိုခွင်းနိုင်သူ၊ ဘုန်းလက်ရုံးနှင့် ပြည့်စုံသူဖြစ်ကြောင်းကို–

> "မိုးဆုံးအောက်ဝယ်၊ နှစ်ယောက်မတူ၊ မယ့်ကြင်သူကို၊ ဇမ္ဗူပတ်ကုံး၊
> ပြိုင်တိုင်းရှုံးသည်၊ လက်ရုံးရွှေတိုင် စိုက်လှည့်သော။"[၁]

ဟူ၍ ဖွဲ့ဆိုထားသည်။ မောင်တော်၏ ဂုဏ်သတင်းကိုလည်း–

> "ရဲစွမ်းသတ္တိ၊ မိုးထိဘုန်းခေါင်၊ ရန်လုံးအောင်ဟု၊ သည်မောင်
> သတင်း၊ လျှင်ပြင်းမကြာ၊ ဆက်စာတမန်၊ ယုံကျွန်ဘန်များ၊
> လျှောက်လာကြားက၊ ရွှင်အားကဲစ၊ ဝမ်းကကြင်နာ၊ သက်တစ်ရာလည်း၊

---

[၁] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၆၇။

> မေတ္တာမပြောင်း၊ ကြင်ပေကောင်းသည်၊ ဘုန်းဟောင်းမယ်နှင့်၊ ကြိုက်လှည့်သော။"[၁]

ဟူ၍ ဖွဲ့ဆိုထားသည်။ မောင်တော်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူ၊ ရန်အပေါင်းကို အောင်မြင်စွာ တိုက်ခိုက်နိုင်သူဖြစ်သည်။ ရေးရေစက်ကြောင့် တွေ့ဆုံရသည့် မောင်တော်ကို အသက်တိုင်အောင် ချစ်မေတ္တာတို့ဖြင့် ချစ်ခင်ကြင်နာနေမည့် မိဖုရားကြီး၏မေတ္တာစိတ် အလှကို ခံစားရရှိစေပါသည်။ စစ်နှင့်မကင်းသည့် မင်း၏မိဖုရားပီပီ အားပေးနှစ်သိမ့်တတ်၊ ဂုဏ်ယူတတ်၊ မှတ်တမ်းတင်တတ်သော အရည်အသွေးများကို ကိုယ်တိုင်ရေး ရတုများတွင် တွေ့ရသည်။

ပဲခူးမိဖုရားသည် ဟံသာဝတီငါးဆူဒါယကာမင်း၏ မိဖုရားဖြစ်သည်။ သူ၏ 'ကျော်သွေး ကြေညာ ဥပရာ' ရတုတွင် စစ်ချီထွက်သွားသည့် အိမ်ရှေ့မင်း သားတော်ကို မိခင်ဖြစ်သည့် ပဲခူးမိဖုရား၏ သားအပေါ်ထားရှိသော မိခင်မေတ္တာကို–

> "လွမ်းဟောင်းကဲဆ၊ ချီလေကြွသော်၊ ရှုတခေါ်စိုက်၊ မျှော်လိုက် လျှင်ပင်"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ မိခင်တစ်ဦး၏ မေတ္တာ၊ အချစ်၊ အလွမ်းတို့ကို ရတုကဗျာ မှတစ်ဆင့် ခံစားရပေသည်။ သားတော်မောင် စစ်မြေပြင်မှ အလျှင်အမြန် ပြန်ရောက်စေလိုကြောင်း၊ ဘေးအန္တရာယ်ကင်းစေလိုကြောင်း သီတင်းသီလဆောက်တည်ကာ ဘုရင်းရှင်ထံ ကြည်ညိုစွာ ရှိခိုးဦးတင် ဆုတောင်းနေသည့် မိခင်တစ်ဦး၏ သွင်ပြင်နှင့် မေတ္တာ စေတနာတို့ကို–

> "သားမောင်ပင်ကို၊ ပြန်လျှင်စေသော၊ မြတ်မော်ဓာဝယ်၊ သဘော ကြည်နူး၊ တင်ရှိဦးမည်"[၃]

ဟူ၍ ဖွဲ့ဆိုထားသည်။ စစ်ချီထွက်နေသော သားတော်မောင်၏ ခေါသံကိုပင် နားထဲ၌ ကြားယောင်မိနေသည့် မိခင်တစ်ဦး၏ သောကကို–

> "ဖက်လဲတကင်း၊ ခေါသံညှင်းနှင့်၊ မယွင်းနားမှ ကြားလ ကလျှင်"[၄]

ဟူ၍ ရေးဖွဲ့ထားသည်။

---

[၁] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၆၈။
[၂] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၁၁၄။
[၃] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၁၁၅။
[၄] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၁၁၅။

ပဲခူးမိဖုရား၏ ရတုမှတစ်ဆင့် မိခင်တစ်ဦး၏အချစ်နှင့် မေတ္တာ စေတနာ အလှတို့ကို နှစ်သက်ကြည်နူးဖွယ် တွေ့ရပါသည်။

ရဝေရှင်ထွေး၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ အန်ချင်းများတွင် မိမိသည် လှပသူ၊ ကျက်သရေရှိသူအဖြစ် သတင်းမွှေးကြောင်းကို–

"ဆယ်နှစ်အဝင်၊ လူကိုယ်ပြင်နှင့် ရုပ်သွင်နတ်လျော၊ မြေ့ချော
အသရေ၊ ရဝေရှင်ထွေး၊ ကြေညာမွှေးသည်"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဆယ်နှစ်အရွယ်ကပင် ကဗျာများ ဖွဲ့ဆိုခဲ့ကြောင်းကိုလည်း–

"လေသာဖြေးညှင်း၊ ခန်းသာတွင်းဝယ်၊ အန်ချင်းဆိုစ၊ ဆယ်နှစ်
ကလျှင်"[၂]

ဟူ၍ ဖွဲ့ဆိုထားသည်။ တောင်ငူခေတ် အမျိုးသမီးစာဆို ရဝေရှင်ထွေးသည် ငယ်ရွယ်လှပသူ၊ ဉာဏ်ရည်ထက်မြက်သူ၊ စာပေများစွာ ဖွဲ့ဆိုနိုင်ခဲ့သူဖြစ်ကြောင်း ဂုဏ်ယူဖွယ် သိရှိရသည်။ 'မပန်ရလည်းမပန်ချင်' ကဗျာတွင် စာဆိုက သူမြတ်နိုး ရသူကို ချစ်ခွင့်မရကြောင်းတွင်–

"မပန်ရလည်း၊ မပန်ချင်"[၃]

"မကြင်ရလည်း၊ မကြင်ချင်"[၄]

"မချစ်ရလည်း၊ မချစ်ချင်"[၅]

ဟူ၍ ချစ်ခဲ့ရသူအပေါ် မြတ်နိုးတွယ်တာခဲ့မိသောစိတ်ကို ကြိုးစားဖြေသိမ့်ခဲ့ပုံမှာ ချီးကျူးစရာပင် ဖြစ်သည်။ ချစ်သူမှာ မြင့်မြတ်သည့်သူ ဖြစ်ကြောင်းကိုလည်း–

"နန်းပွင့်လောင်းသည်၊ ရှင်နှောင်းစံရာ၊ ဖူးအံ့လာသော်"[၆]

"သန်လျက်ရပြီး၊ မြင်းယာဉ်စီး၍ စောထီးမင်းလျာ၊ ကျွန်ုပ်မှာသို့၊
ဆိုက်လှာသောလေ"[၇]

---

[၁] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၁၀၀။
[၂] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၁၀၀။
[၃] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၉၃။
[၄] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၉၃။
[၅] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၉၃။
[၆] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၉၇။
[၇] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၉၉။

ဟူ၍ ချစ်သူ၏သွင်ပြင်ကို ဖော်ပြကာ ရေးဖွဲ့ထားသည်။ ချစ်သူသည် နန်းလောင်း နန်းလျာဖြစ်ပုံ၊ သန်လျက်ကိုင်ခွင့်ရသူဖြစ်ပုံတို့ကို သူ၏ကဗျာတွင် ဖော်ပြထားသည်။ ထိုသို့သော ချစ်သူကို အကြောင်းကြောင်းကြောင့် ခွဲခွာခဲ့ရပုံကို–

"အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ မှန်၏လေဟု"[၁]

ဟူ၍ ရဝေရှင်ထွေး၏ အချစ်အတွက် စွန့်လွှတ်ခဲ့သည့် စိတ်ထားအလှ၊ နိမ့်ချ တတ်သည့် စိတ်ထားအလှတို့ကို တွေ့ရသည်။ အချစ်အတွက် ဘဝကို မရင်းခဲ့ဘဲ မှန်ကန်စွာ သုံးသပ်ဆင်ခြင်နိုင်စွမ်းရှိသူဖြစ်ကြောင်း သူ့စာများက ဖော်ပြခဲ့သည်။

တောင်ငူခေတ်သည် အချစ်နှင့် စစ်ခေတ်ဟု တင်စားရလောက်အောင် စစ်မက် ထူပြောသောခေတ်၊ ဒုတိယမြန်မာနိုင်ငံထူထောင်ချိန်ခေတ်၊ အချစ်စာဆို၊ အလွမ်းစာဆိုတို့ များစွာ ပေါ်ထွန်းသည့် ခေတ်လည်း ဖြစ်ပေသည်။ တောင်ငူခေတ်စာပေများမှ မြန်မာ အမျိုးသမီးတို့၏ တိုင်းပြည်ချစ်စိတ်၊ မိမိတို့၏ ခင်ပွန်းသည်ကို မြတ်နိုးဂုဏ်ယူ လေးစားသည့်စိတ်၊ မိခင်မေတ္တာစိတ်၊ စွန့်လွှတ်တတ်သည့် စိတ်အလှများဖြင့် ပြည့်လျှမ်းနေသည်ကို တောင်ငူခေတ်စာဆိုတို့၏ ကဗျာများက ဖော်ပြနေပေသည်။

## ၃။ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှနှင့် ရှေးခေတ်စာဆိုတို့၏ အရေးအဖွဲ့

### ၃၊ ၁။ ညောင်ရမ်းခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ပေါ်လွင်စေသော အရေးအဖွဲ့

ညောင်ရမ်းခေတ် အိုင်ချင်းစာဆိုတို့သည် ကျေးလက်နေ အမျိုးသမီးတို့၏ ရိုးသားပွင့်လင်းသော စိတ်ထားနှင့် မိဘမောင်နှမတို့ အုပ်ထိန်းမှုအောက်တွင် ထိန်းထိန်း သိမ်းသိမ်း နေထိုင်ကြရသည့် ကိုယ်ကျင့်တရားတို့ကို ရေးဖွဲ့ခဲ့သည်။ မြန်မာအမျိုးသမီး တို့၏ စိတ်ထားအလှကို တွေ့ရသည်။

ညောင်ရမ်းခေတ် အိုင်ချင်းများမှ ချစ်သူအား ခြင်မကိုက်အောင် ယပ်တောင် တဖျတ်ဖျတ် ခတ်ပေးချင်သည့် မိန်းမပျို၏ ချစ်သူအပေါ်ထားရှိသည့် စေတနာ အလှကို 'အောက်ပြည်သို့စုန်' အိုင်ချင်းတွင်–

[၁] ရဝေရှင်ထွေး၊ ၁၉၅၈၊ ၉၉။

"ပဲခူးသို့အဝင်၊ သံလျင်သို့အဆိုက် ပျို့မောင်ရင် ခြင်ပုန်းကိုက်လို့၊
ခြင်ထောင် မပါလေမလာ၊ မယ်သာဆတ်ဆတ်၊ တရုတ်ယပ်နှင့်
ဖျတ်ဖျတ်လူးအောင် မရိုက်ပါရ"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ချစ်သူအနေနှင့် စွန့်စားသွားလာရမည့်ခရီးမှာ ဝေးလွန်းလှသည်ဟု ခံစားကာ ကရုဏာထားကြသည်။

'မှာပါ့မယ်မောင်' အိုင်ချင်းတွင်–

"မိတ်သလင်နှင့်၊ ချင်းကိုလိုလျှင်၊ ဝါဆိုငယ်မှ ဝါဦး၊ မြေနူးနူးကို၊
တူးပါလဲ့ရှင်၊ မိတ်သလင်နှင့် ချင်းကိုမလို၊ နှမထွေးမယ့်ကိုလိုလျှင်
တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကို ခူးပါလဲ့ရှင်"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ ချစ်သူကို ချစ်ခင်နှစ်သက်ပါသော်လည်း ဣန္ဒြေသိက္ခာကို စောင့်ထိန်း၍ ချစ်သူကို မိမိအိမ်သို့ ပရိယာယ်ဖြင့်ဖိတ်ခေါ်သည့် မြန်မာအမျိုးသမီးတို့၏ စိတ်အလှပင် ဖြစ်သည်။

ညောင်ရမ်းခေတ် ကျေးလက်မိန်းမငယ်များအတွက် မိဘမောင်ဘွားများအပြင် မိကြီး မိထွေးများ ပါဝင်သည့် မိသားစု အဖွဲ့အစည်း၏ အုပ်ထိန်းမှုအောက်တွင် စည်းကမ်းတကျ နေထိုင်ကြရသည်။ ချစ်သူနှင့် တွေ့ခွင့်၊ ချစ်ခွင့်ရရန် မလွယ်ကူပါ။ ထိုသို့ ထိန်းသိမ်းမှုရှိသော ဘဝနှင့်စိတ်ခံစားမှုကို ရေးကကြမ္မာငွေ့ကြောင့်နှင့် သမက်လောင်း အိုင်ချင်းတို့တွင် တွေ့ရသည်။ လူကြီးမိဘတို့အကြိုက်နှင့် မိန်းမပျို၏ အကြိုက်မတူ၍ ကြေကွဲခံစားရသော်လည်း မိဘအလိုကျ အရှုံးပေးရရှာသည့် ဘဝနှင့် ခံစားမှုကို သမက်လောင်းအိုင်ချင်း၌ တွေ့ရပါသည်။

'စစ်မှာတမူ' အိုင်ချင်းတွင်–

"နှမလေး မယ်တို့မောင်မှာ၊ စစ်သံကြားလျှင် ရွှေဓားပိုက်ကာ၊
အိုးစားဘက်ကို၊ လိုက်လို့ရှာသည်"[၃]

ဟူ၍ ရေးဖွဲ့ထားသည်။ စာဆိုသည် ညောင်ရမ်းခေတ် အမျိုးသမီးများအနေနှင့် စစ်ကို ကြုံရသည်။ မိမိ၏ချစ်သူအတွက် စိုးရိမ်စိတ်ဖြစ်နေခြင်းထက် ဂုဏ်ယူအားပေးနေသော ကြံ့ခိုင်သည့် စိတ်ဓာတ်ကို ရေးဖွဲ့ပုံဖော်ထားသည်။

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၁၂၈။
[၂] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၁၃၂။
[၃] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၁၃၆။

'ဆီမလူးသည့်ပေဖူးလွှာ' အိုင်ချင်းတွင်–

"မြင်းမနီသား၊ မြင်းကျားခွာမဲ၊ တလုံးထဲနှင့်၊ အုန်းလွဲပစ်တင်၊
တိမ်မိုးမဲနှင့် ကသဲစစ်ကို နှစ်မည်ဝင်"[၁]

ဟုလည်းကောင်း၊

"ယိုးဒယားတလိုက်၊ ကမန်ပိုက်ကို တိုက်သောခါ၊ ခါးကိုသို့ကိုင်၊
လုံကိုသို့နုတ်၊ ဝင့်ကာငယ်ခုတ်သည်"[၂]

ဟုလည်းကောင်း တွေ့ရသည်။ ထိုအဖွဲ့တို့တွင် တိုင်းပြည်ကိုချစ်သည့်၊ ချစ်သူအတွက် ဂုဏ်ယူတတ်သည့် စိတ်ထားတို့ကို တွေ့ရသည်။ တစ်ခါတစ်ရံ အချစ်နှင့် သံသယတို့ ယှဉ်တွဲဖြစ်ပေါ်ပုံများကိုလည်း တွေ့ရပါသည်။

ညောင်ရမ်းခေတ်စာပေများတွင် ကျေးလက်နေအမျိုးသမီးတို့၏ ဘဝနှင့်ခံစားမှုတို့အပြင် ရိုးသားပွင့်လင်းမှု၊ ကြင်နာစိတ်ရှိမှု၊ ဣန္ဒြေသိက္ခာစောင့်ထိန်းမှု၊ မိဘမောင်နှမတို့၏ ဆုံးမလမ်းညွှန်မှုတို့ကို နာခံတတ်မှုနှင့် တိုင်းပြည်ချစ်စိတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အသက်ပဓာနမထားသည့် ချစ်သူအတွက် ဂုဏ်ယူတတ်သည့် စိတ်ထားအလှတို့ကို တွေ့ရသည်။

## ၃၊ ၂။ ကုန်းဘောင်ခေတ် မြန်မာအမျိုးသမီးတို့၏ စိတ်အလှကို ပေါ်လွင်စေသော အရေးအဖွဲ့

ကုန်းဘောင်ခေတ်စာပေများတွင် မြန်မာအမျိုးသမီးတို့၏ စိတ်အလှထင်ဟပ်နေသည်ကို စာပေများမှတစ်ဆင့် ခံစားသိရှိရသည်။

ပစ္စယဆင်ဖြူအလျှုကြောင့် ဝေဿန္တရာမင်းကြီး ဝင်္ကဘာတောသို့ နယ်နှင်ခြင်းခံရသောအခါ ဝေဿန္တရာမင်းကြီးသည် ဝင်္ကဘာတောင်သို့ သွားရာခရီးလမ်းကားကြမ်းတမ်းလှ၍ မဒ္ဒီဒေဝီအား မလိုက်စေလိုကြောင်း မိန့်တော်မူရာ မင်းကြီး၏စကားကိုကြားလျှင် မဒ္ဒီမိဖုရားသည် မင်းကြီးသွားရာနောက်သို့ ဖဝါးခြေထပ် လိုက်ပါလိုကြောင်း နေပြည်တော်၌ နေရစ်ရန် တားမြစ်သော ခင်ပွန်းသည်အား လျှောက်ထားပုံကို ဝတ္ထုတွင်–

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၁၃၃။
[၂] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၁၃၃။

> "စင်စစ် ပြည်သူတို့နှင်၍ အရှင်မင်းကြီး ထွက်သွားရသော်လည်း အရှင်မင်းကြီးသွားရာ ဖဝါးခြေထပ် အကျွန်ုပ်လိုက်ပါအံ့။ အရှင်မင်းကြီးနှင့် အတူနေ၍ ယခုပင် သေရမည်ဖြစ်စေ အရှင်မင်းကြီးနှင့် ကွေကွင်းလျက် အသက်ထက်ဆုံး နေရမည်ဖြစ်စေ၊ အသက်ထက်ဆုံး အိုအောင်ပင် စည်းစိမ်ချမ်းသာနှင့် နေရငြားသော်လည်း အရှင်နှင့်ကွေကွင်း၍ မနေလိုပါ။ ယခုပင် သေရမည်ဆိုသော်လည်း အရှင်မင်းကြီးနှင့် အတူနေရလျှင် သေလိုပါ၏။ အသက်ရှင်လျှင်လည်း မင်းကြီးလက်တွင် ရှင်စေ။ သေလျှင်လည်း မင်းကြီးလက်တွင် သေစေ။ အရှင်မင်းကြီးနှင့် ကွေကွင်းရသဖြင့် အသက်ရှင်၍ အဘယ်အကျိုး ရှိတော့အံ့နည်း။ အလျှံပြောင်ပြောင် တောက်လောင်သော ရှားမီးကြီးထဲ၌ ဆင်း၍သေရသော်မှ ကောင်း၏။"[၁]

ဟု ဇာတ်ဆောင်မဒ္ဒီဒေဝီ၏ ပြောစကားဖြင့် ဖွဲ့ဆိုထားသည်။ ပြောစကားကို အရေးစကားပြေဖြင့် ရေးဖွဲ့ထားရာတွင် မဒ္ဒီဒေဝီ၏ သေအတူ၊ ရှင်မကွာ မျှဝေခံစားနေထိုင်သွားလိုသော ဇနီးကောင်း၏မေတ္တာတရားသည် ပေါ်လွင်လွန်းလှပါသည်။ ချောမွေ့သော စကားပြေအရေးအဖွဲ့က မဒ္ဒီဒေဝီ၏ မေတ္တာစိတ်ဖြင့် နူးညံ့နေသော စိတ်အလှကို ဖော်ပြနိုင်သည်။ ခံစားမှုပါသော စကားပြေအရေးအသား ဖြစ်သည်။

ထို့ပြင်–

> "အရှင်မင်းကြီး အကျိုးအပြစ်ကို ဆင်ခြင်နိုင်သောလူကိုထား၍ တိရစ္ဆာန်မှသော်လည်း မိမိတို့လင်သွားရာနောက်၌ အစဉ်တစိုက်လိုက်လျက် ဆင်းရဲမကွာ၊ ချမ်းသာမကွဲ အတူတကွ ပျော်ပါးကြကုန်သေး၏။ ကိုယ့်အသက်နှင့်အတူချစ်၍ အကျိုးအပြစ်ကို မြင်မြော်နိုင်သော အကျွန်ုပ်သည် သွားတော်မူရာ နောက်တော်သို့ အဘယ်ကြောင့် မလိုက်နေပါအံ့နည်း။"[၂]

ဟူသော အဖွဲ့တွင် မဒ္ဒီဒေဝီ၏ပြောစကား၌ မိန်းမမြတ်တစ်ယောက်၏ တွေးခေါ်ဆင်ခြင်တုံတရား ပါသည်။ ဆင်ခြင်တုံတရားကို ပေါ်အောင် ရေးသားနိုင်သည်။ အကျိုးသင့်အကြောင်းသင့် လျှောက်ထားဟန်ပေါ်သည်။ မေးခွန်းဝါကျများ ထည့်သွင်း၍

---

[၁] သြဘာသ၊ ဦး၊ ၁၉၆၃၊ ၅၇။

[၂] သြဘာသ၊ ဦး၊ ၁၉၆၃၊ ၅၇။

ရေးဖွဲ့ပုံ နှစ်သက်ဖွယ် ဖြစ်သည်။ မဒ္ဒီဒေဝီအပေါ် ကရုဏာသက်စေသည့် ရသမြောက် အဖွဲ့ဟု ဆိုနိုင်သည်။

ထို့ပြင်–

> "တောင်၊ မြောင်၊ ချောက်ကြား သွားသော ဆင်ပြောင်ကြီး၏ နောက်သို့ ဆင်မသည် အစဉ်လိုက်သကဲ့သို့ အရှင်မင်းကြီး ကြွတော်မူရာနောက်သို့ အကျွန်ုပ် သားငယ်နှစ်ယောက်နှင့် အတူတကွလိုက်၍ အရှင်မင်းကြီးအား စိတ်တော် ချမ်းမြေ့အောင် ရှိသေစွာ လုပ်ကျွေးပါအံ့ဟု ဆို၏။"[၁]

ဟူသော အဖွဲ့တွင် အသိဉာဏ်မဲ့သော တိရစ္ဆာန်များပင် လင်ယောကျ်ားသွားရာ နောက်သို့ မည်မျှပင် ခရီးကြမ်းစေကာမူ လိုက်ပါသေးသည်ဟု စကားခံပြီးမှ မိမိ သည်လည်း အရှင်မင်းကြီး သွားရာနောက်သို့ လိုက်ပါလုပ်ကျွေးမည်ဖြစ်ကြောင်း တင်လျှောက်ပုံ နှစ်သက်ဖွယ် ဖြစ်သည်။

ထို့ပြင်–

> "အရှင်မင်းကြီး ဟိမဝန္တာ သာယာစုံလင် မြိုင်တောခွင်ဝယ် မာတင်္ဂအမျိုးဖြစ်၍ အနှစ်ခြောက်ဆယ်မှ အားယုတ်သဖြင့် တင့်တယ်လှသော ဆင်ပြောင်ကြီးတို့ အနီးပါး၌ သွားဟန် နေဟန် မြည်သံများကို ညနံနက်တိုင်း ကြားရမြင်ရသဖြင့်လည်း စိတ်ပျော်မွေ့ခြင်းဖြစ်၍ ပြည်စည်းစိမ်ကို မအောက်မေ့ဘဲ ပျောက်ပြေ ရလိမ့်အံ့။"[၂]

ဟုလည်းကောင်း၊

> "သားရဲဖြင့်ပြည့်သော ထိုတောစုံမြိုင်ခန်း၌ လမ်းနှစ်ဘက်မှ ခက်ရွက်ညွန့်ဖူး၊ ယှက်ကူးသိုင်းမို့၊ စိမ်းညို့မှိုင်းဝေ၊ ပင်ခြေ ရှင်းရှင်း၊ သင်းသင်းပျံ့မွှေးသော၊ တောအရေး၏ တင့်တယ်ခြင်းကို မျှော်ကာရှုကာ၊ ရိပ်ခိုကာနှင့်၊ မကွာတူကွ၊ သွားကြရလျှင်၊ ပြည်မ ရတနာ၊ နန်းအောင်ချာကို၊ ဘယ်မှာသခင်၊ အောက်မေ့ချင် တော့အံ့။"[၃]

---

[၁] ဩဘာသ၊ ဦး၊ ၁၉၆၃၊ ၅၈။
[၂] ဩဘာသ၊ ဦး၊ ၁၉၆၃၊ ၅၉။
[၃] ဩဘာသ၊ ဦး၊ ၁၉၆၃၊ ၅၉။

ဟုလည်းကောင်း အမျိုးမျိုးအဖုံဖုံ လျှောက်ထားဟန်ကို ရေးသားထားသည်။ မဒ္ဒီဒေဝီ၏ ပြောစကားများကို ဆရာတော်ဦးဩဘာသက ရတုကဗျာဆန်သော ရေးဟန်ဖြင့် ရေးဖွဲ့ တင်ပြထားသည်။ မဒ္ဒီဒေဝီ၏ ခင်ပွန်းသည်ကို အရိပ်တကြည့်ကြည့်နှင့် စိတ်ကြည်လင်အောင် ပြောဆိုလျှောက်ထားပေးတတ်သည့် စိတ်အလှသည် သရုပ်ပေါ်လွင်လာပါသည်။

ဝေဿန္တရာပျို့တွင် ပါရမီဖြည့်ဘက်ပီသသည့် အေးအတူပူအမျှ နေတတ်သည့် မဒ္ဒီဒေဝီ၏နှိုးဆော်ပုံမှာ ကြည်နူးဖွယ် ဖြစ်သည်။ အဆိုးရွားဆုံးအချိန် ဖြစ်သည့် အခါတွင် မိန်းမသားပီပီ ဝမ်းနည်းအားငယ်ခြင်း မရှိဘဲ သားသမီးတို့၏ရှေ့မှပင် ဦးဆောင်ဦးရွက်ပြုတတ်သည့် မြင့်မြတ်သည့် မိန်းမသားတစ်ဦး၏အသွင်ကို ပေါ်လွင်အောင် စာဆိုက–

> "အလျင်ထပြီး၊ သမီးနှင့်သား၊ နှစ်ယောက်အားကို၊ ယူထားချီလျက်၊ ရထားထက်သို့၊ ရွှေလက်သန္တာ၊ ဆွဲကာပွေ့ညက်၊ လျင်ဆောတက်မှ၊ ကြွတော့ဘုရား၊ သွားတော့ခုပင်၊ ပြင်တော့တန်ဆာ၊ လာတော့သခင်၊ လျင်စွာခုသား၊ ခြေတော်ဆန့်လျက်၊ ရထားထက်သို့၊ မွေ့ညက်လွယ်ကူ၊ တက်တော်မူ"[၁]

ဟု ရေးဖွဲ့ခဲ့သည်။

ကုန်းဘောင်ခေတ် ပြဇာတ်တစ်ပုဒ်ဖြစ်သော စလေဦးပုည၏ ဝေဿန္တရာပြဇာတ်တွင် မဒ္ဒီဒေဝီ၏ စိတ်အလှဂုဏ်ကို အားကျအတုယူဖွယ်ဖြစ်အောင် ဖော်ပြထားသည်။

အန္တရာယ်နှင့် ရင်ဆိုင်ရသောအခြေအနေတွင် မဒ္ဒီဒေဝီ၏ ခံစားမှုကို–

> "မွန်းရိမ်းကကျော်၊ ချိန်မတော်အောင်၊ ညှိုးရော်ပင်ပန်း၊ လာတဲ့လမ်းကို၊ စခန်းမသိ၊ မမှန်းမိလို့၊ နွမ်းရိမ်မရွှင်၊ သားနှင့်လင်ကို၊ မမြင်ပါရ၊ သည်ဒုက္ခကြောင့်၊ ကျွန်မပူတာ၊ ပွေတုံးပါကို၊ ကြမ္မာဖိစီး၊ မယ်မယ်ရှေ့မှာ၊ ခြသေ့ဆီးလို့၊ ကျားကြီးအလယ်၊ ကြောက်စဖွယ်ငယ်၊ နှောက်ဆွယ်သစ်မင်း၊ မဲ့ကိုဝိုင်းရံ၊ စားမဲ့ကြံသည်၊ ဟန်ပန်ခင်းလို့၊ လဲ့ဝင်းညက်ပြာ၊ မပြေးသာ၊ သည်ခါသေပန်း ပွင့်တော့တယ်။"[၂]

[၁] မြတ်နိုး၊ မောင်၊ ခုနစ်မပါ၊ ၄၁။

[၂] ပုည၊ ဦး၊ ၁၉၁၃၊ ၁၂။

ဟု ဖွဲ့ဆိုထားသည်။ ဟိမဝန္တာတောတွင် နေထိုင်စဉ် မိသားစုအတွက် သားရဲတိရစ္ဆာန်ဘေးကိုပင် မတွေးတောနိုင်ဘဲ သစ်သီးရှာရသည့် မဒ္ဒီဒေဝီ၏ ဇနီးကောင်း၊ မိခင်ကောင်းပီသမှု၊ သားရဲတိရစ္ဆာန်ဘေးထက် လင်နှင့်သားကို မမြင်ရ၍ ဆင်းရဲပင်ပန်းရမှုကြီးမားပုံများဖြင့် မဒ္ဒီဒေဝီ၏ ဇနီးမယားမေတ္တာ၊ မိခင်မေတ္တာများကို ကရုဏာသက်ဖွယ် တင်ပြထားပါသည်။

ကျောင်းသင်္ခမ်းသို့ ရောက်သောအခါတွင်လည်း သားသမီးများကို မတွေ့ရပေ။ သောကဆင့်ကဲ ဖြစ်ရပါသော်လည်း အားတင်း၍ စိတ်ကိုထိန်းနိုင်ခဲ့ပုံကို–

"အို မေလေးကြေးမုံ၊ သားနှစ်စုံတို့၊ ပဒုံရွှေကြာ၊ လှမျက်နှာကို၊ မြင်ပါနေကြ၊ မမြင်ရလို့၊ မမည့်ိုးငယ်၊ ပူရတယ်၊ ဘယ့်နှယ်မှန်းမသိ၊ သူ့အဖေလည်းရှိလျက်ကို၊ မဒီအခင်း၊ မယ့်ဝန်လည်းကင်းရှော့ပါ့၊ ဖြည်းညှင်းဆေးလေး၊ အမောပြေကာမှဘဲ၊ သူ့အဖေကိုမေးတော့မယ်"[၁]

ဟု ဖွဲ့ဆိုခဲ့ပါသည်။

ဝေဿန္တရာမင်းကြီးက သားတော်၊ သမီးတော်တို့ကို လှူလိုက်ကြောင်းပြောသောအခါတွင် မိခင်သောကကို ပြင်းထန်စွာ ခံစားရသော်လည်း ကြင်ရာတော်၏ပါရမီဖြည့်ဖက်ပီပီ အလှူကို ကြည်ဖြူပါကြောင်း လျှောက်တင်ခဲ့သည်။ မဒ္ဒီဒေဝီ၏ပါရမီအခံ ရင့်သန်သူပီပီ ခံနိုင်ရည်ရှိမှုနှင့် အလှူအတွက် သာဓုခေါ်နိုင်အောင်ကြိုးစား၍ မင်းကြီးစိတ်နှလုံး ကြည်လင်အောင် နှစ်သိမ့်လျှောက်တင်ပေးပုံကို–

"သည်းစပ်ကိုရှာဖွေ၊ လုံ့သွားနှင့်မွေသည်နှယ်၊ အမေသည်လောက်၊ ဆွေးရပါတယ်၊ ရင်သွေးနှစ်ကိုယ်၊ သင်းတို့လိုကို၊ မဆိုနှင့်အုံး၊ မယ့်နှလုံးကို၊ အဆုံးထုတ်ယူ၊ နှုတ်လို့ပင်လှူကာတဲ၊ မယ်ကြည်ဖြူနိုင်သေးငဲ့၊ ရွှေညာပိုင်နှမထွေး၊ စိတ်ချလို့ ခုမှအေးတော့တယ်၊ မောင်ပေးတဲ့အလှူ၊ မောင်ယူတဲ့ဆု၊ ကုသိုလ်မှုကို၊ သာဓုနမော်၊ ကျမခေါ်ပါ့မယ်၊ စိတ်ချတော်မူပါရှော့၊ မယ့်သခင်ငယ်။"[၂]

ဟု ရေးသားခဲ့သည်။ စာဆိုသည် ကျမ်းဂန်လာ မဒ္ဒီဒေဝီမိန်းမမြတ်၏ စိတ်အလှကိုစံပြဖွဲ့နွဲ့၍ ကုန်းဘောင်ခေတ် အမျိုးသမီးတို့ စိတ်အလှ မွေးနိုင်ကြရန် လမ်းညွှန်ဖွဲ့ဆိုထားပါသည်။

---

[၁] ပုညာ၊ ဦး၊ ၁၉၁၃၊ ၁၄။
[၂] ပုညာ၊ ဦး၊ ၁၉၁၃၊ ၁၇။

နန်းတွင်းစာဆိုများဖြစ်ကြသော အနောက်နန်းမတော်မမြလေး၊ လှိုင်ထိပ်ခေါင်တင်တို့သည်လည်း ဘဝဒုက္ခ၊ အချစ်ဒုက္ခများကို ခံစားကြရသော်လည်း ဘဝကို အရှုံးမပေး၊ ပဒေသရာဇ်ခေတ်၏ သားကောင်အဖြစ် စတေးခံကြရသော်လည်း အနုပညာအားမာန်ရှိသူများ ဖြစ်ပါသည်။ ဘဝဆုံးသွားသည့်တိုင် သူတို့၏ ခံစားမှုများကို ရင်တွင်းဖြစ် အနုပညာပစ္စည်းများအဖြစ်နှင့် ခေတ်အဆက်ဆက် မပျောက်မပျက်အောင် ထားရစ်ခဲ့နိုင်သည်။ စာဆိုနှစ်ဦး၏ လက်ရာ အနုပညာပစ္စည်း အစုစုသည် ဘဝနှင့် ခံစားမှုမှ ပေါက်ပွားလာခဲ့ခြင်း ဖြစ်သည်။ ပဒေသရာဇ်လောင်းရိပ်အောက်တွင် အာဏာအငွေ့ပါသော အချစ်ကို ခံစားခဲ့ကြရသည်။ အာဏာအငွေ့အဆိပ် လွှမ်းသော အမုန်းကို ခံစားခဲ့ကြရသည်။ အချစ်အမုန်းတို့အပေါ် သတ္တိရှိရှိ အနုပညာစွမ်းရည်ကို သုံး၍ တုံ့ပြန်ခဲ့သည့် ထူးခြားသော အချစ်၊ အမုန်းနှင့် တုံ့ပြန်ခံစားနိုင်မှု စွမ်းရည်များကို စာဆိုတို့၏ ကဗျာများတွင် တွေ့ရပါသည်။

အနောက်နန်းမတော်မမြလေးသည် သာယာဝတီမင်း၏ အချစ်ကို ခံစားခဲ့ရသည်။ ထောင်သွင်းအကျဉ်းချခံရသည့်အထိ အမုန်းကိုလည်း ခံခဲ့ရသည်။ အမုန်းအမျက်ကို အနောက်နန်းမတော်မမြလေးသည် အမုန်းဖြင့် မတုံ့ပြန်၊ ချစ်ရင်းစွဲ အချစ်များဖြင့် တုံ့ပြန်သည်။ သာယာဝတီမင်းကိုလည်း အချစ်များကို ပြန်၍တမ်းတလာစေသည်။ အမုန်းအမျက်ဒဏ် ခံရသော်လည်း အချစ်ဖြင့်သာ တုံ့ပြန်တတ်သည့် ခံစားမှုကို ကဗျာဖွဲ့ပြနိုင်သောကြောင့် အကျဉ်းမှ လွတ်မြောက်ခဲ့ရသည်။ မမြလေး၏ ချစ်သမျှကို ပတ်ပျိုးတွင်–

> "ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပလေ၊ လေးဆူဒီပါ၊
> သီတာရေမြေ ဆုံးစေတော့။ အို ... ဘယ် မုန်းပါတော့နိုင်၊
> ကပ်လုံးဆုံး တိုင်တိုင် ... "[၁]

ဟုလည်းကောင်း၊

> "သံသာလေကမ်းတိုင်၊ တူပြိုင်လေကူးမယ်၊ ဆုထူးပန်ရှယ်သွန်း၊
> ချစ်လို့ရယ်မကုန်၊ ဝသုန်ဤမြေ၊ သိကြားစေသက်သေညွှန်း"[၂]

ဟုလည်းကောင်း ရေးဖွဲ့ထားသည်။

ထိုအချစ်ဘွဲ့များသည် ကြီးကျယ်ခမ်းနားလှပါသည်။ ထိုအချစ်ဘွဲ့များ ကြီးကျယ်ခမ်းနားအောင် ကျမ်းဂန်လာ အတိသယဝုတ္တိအလင်္ကာများကို ကဗျာတစ်ပုဒ်လုံးတွင်

---

[၁] မြင့်ကြည်၊ ဦး၊ ၂၀၀၁၊ ၂၇၇။

[၂] မြင့်ကြည်၊ ဦး၊ ၂၀၀၁၊ ၂၇၇။

ဆက်ကာ ဆက်ကာ သုံးထားပါသည်။ စာဆိုမမြလေး၏ မင်း၏အမျက်ကို တုံ့ပြန်ရာ၌ အမုန်းကိုအချစ်ဖြင့် တုံ့ပြန်မှု ဆိုသည့် မေတ္တာစိတ် စွမ်းရည်အလှသည် ချစ်သမျှကို ပတ်ပျိုး၍ ပေါ်လွင်နေပါသည်။ မေတ္တာစွမ်းရည်ကို အနုပညာစွမ်းရည်က ဖြည့်ဆည်း ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။ နောက်တစ်ကြိမ်တွင်မူ မမြလေးသည် ကွပ်မျက်ခြင်း ခံခဲ့ရသော်လည်း သူ၏ဘဝသတ္တိ၊ အမုန်းအမျက်ကို ချစ်ခြင်းမေတ္တာ၊ အနုပညာတို့ဖြင့် ရင်ဆိုင်ခုခံမှု အလှစွမ်းရည်များကိုမူ မပျောက်မပျက် ထားရစ်နိုင်ခဲ့ပါသည်။

အင်းဝခေတ်တွင် မိဖုရား ရှင်ဘို့မယ်သည် ဆင်ဖြူရှင်သီဟသူက ရှင်စောပု အပေါ်၌ အချစ်ပိုသည်ဟုထင်ရုံနှင့် သီဟသူကို လုပ်ကြံရန် ကြံစည်ခဲ့သည်။ မိမိဘဝ အလိုမကျ၍ လုပ်ကြံခဲ့သည်။ လှိုင်ထိပ်ခေါင်တင်သည် အိမ်ရှေ့ ကနောင်မင်းသားကြီး၏ ဥပေက္ခာကို ခံခဲ့ရသော်လည်း မုန်းစိတ်မဝင်ခဲ့ပါ။ နာကျင်ခံစားမှုများကို ခံစားမှု အနုပညာနှင့် ဖြေသိမ့်ခဲ့ပါသည်။ စိန်ခြူးကြာညောင် ဘောလယ်တွင်–

"စိန်ခြူးကြာညောင်၊ လရောင်လင်းပါတဲ့၊ မှန်ရွှေပြတင်းရယ်က
မယ်ခုမျှော်၊ သုံးချက်စည်တော်၊ ရိုက်ဆော်ညင်းတယ်လေး၊
လင်းပြန်လုနော်"[၁]

ဟု ဖွဲ့ဆိုခဲ့သည်။

မောင်တော်မရောက်လာ၍ မျှော်နေရပုံကို သဘာဝပတ်ဝန်းကျင်အလှ၊ နန်းတော် စက်ရာဆောင်၏ အလှတို့နှင့်မွမ်းမံ၍ လှပသော အချစ်အလွမ်းကို စာဖွဲ့ပြခဲ့သည်။ လျစ်လျူရှုမှုကို မပြယ်သော မေတ္တာ၊ မပြယ်သော အလွမ်းတို့ဖြင့် တုံ့ပြန်ခံစားခဲ့ပုံကို ကိုယ်တိုင်မှတ်တမ်းတင် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

မောင်တော်အလာကို နေရာအမျိုးမျိုးမှ မျှော်ပြီးရင်း မျှော်နေရပုံကို–

"ခြသေ့်ခံ ရွှေမုခ်တွင်း၊ မယ်ဆင်းလို့ ရှုမျှော်၊ နေမင်းမင့်
ပြဒုပျော်ရယ်၊ ကြွလာတော်မူဘဲ"[၂]

ဟုလည်းကောင်း၊

---

[၁] ခင်အေး၊ ဦး(တည်းဖြတ်)၊ ၁၉၉၃၊ ၁၂၁။
[၂] ခင်အေး၊ ဦး(တည်းဖြတ်)၊ ၁၉၉၃၊ ၁၂၁။

> "ဘယ်ဆောင်ဦးဘုံပေါ်မှာ ပျော်တော်မူလေဆဲ၊ ကိုယ်ကာယေ စိတ်ထဲ၊ စွဲစောင့်တဲ့ နတ်တွေ၊ လာစေရန် စိတ်တော်နှိုးလိုက်ပ၊ ရှိခိုး၍ တောင်းပန်ရဲ့လေ"[၁]

ဟုလည်းကောင်း တေးထပ်ဖွဲ့ဆိုခဲ့ပါသည်။ အခြားသောဘုံဆောင်များတွင် ပျော်နေသော မောင်တော်အား ကိုယ်စောင့်နတ်က မယ့်ထံပြန်လာစေရန် နှိုးဆော်ပေးပါဟု တောင်းပန်နေပုံကို ဖွဲ့ဆိုထားသည်။

ထို့ပြင်–

> "ကြာခြည်မြတ်ဇာခြေကို၊ သာလေပြေ ဝင်ခတ်တော့၊ မောင်တော်မြတ်လာပြီထင်၊ စမ်းမိသည့်ခင်၊ ရိပ်ကြာကြွဗွေခွင်မှာ၊ သေချင်အောင် လွမ်းပါဘိလေး"[၂]

ဟူ၍ ကြာခြည်တော်ကို လေတိုးခတ်လာသည်ကိုပင် မောင်တော်ရောက်လာပြီဟု ထင်မိပုံမှာ ကရုဏာသက်ဖွယ် ဖြစ်ပါသည်။ မိမိ၏ခံစားမှုအမှန်ကို ချစ်စရာ၊ သနားစရာ အလုကဗျာ ရေးဖွဲ့၍ တုံ့ပြန်သနားခံသည့် မာနမဲ့ စိတ်အလှမှာ နှစ်သက်စရာ ဖြစ်ပါသည်။

စာဆို လှိုင်ထိပ်ခေါင်တင်သည် မိဘမဲ့ဘဝဖြင့် ရှင်သန်ကြီးပြင်းခဲ့ရသည်။ သူ့တွင် ပင်ကိုကပင် အားငယ်စိတ် ရှိနေမည်ပင်။ အားကိုးချစ်ခဲ့ရသော အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အခြားသော ကိုယ်လုပ်တော်များကြောင့် မိမိအား ဥပေက္ခာပြုမှုကို ခံရသောအခါ အားငယ်စိတ်ဖြင့် မောင်တော့်စိတ်ကြိုက် ဖြစ်လိုရာ ဖြစ်ပါစေဟု အလျှော့ပေးထားသည့် ခွင့်လွှတ်စိတ်ကို–

> "သူဖြူလျှင် အယူဖြောင့်နိုင်ငဲ့၊ သူမှောင့်မှာ စိုးမိတယ်၊ ခွင့်သနားလျှင်ဖြင့်၊ မြင့်ဖျားဟေမာနှင့် ချောင်သေလာ ရွှေဝါအကွေ့မှာ တောမွေ့တော့မယ်"[၃]

ဟု ရေးဖွဲ့ခဲ့ပါသည်။ မောင်တော် တစ်မျက်နှာ တစ်ရွာထင်၍ အားကိုးတွယ်တာနေရသော ဘဝနှင့် ခံစားမှုကို အမျက်ဒေါသမပါ။ အားငယ်ချစ်ဖြင့် ဖွင့်ဟ ရေးဖွဲ့ထားပါသည်။ လှိုင်ထိပ်ခေါင်တင်၏ နှလုံးသားသည် နာကျင်ရသော်လည်း အမုန်း

---

[၁] ခင်အေး၊ ဦး(တည်းဖြတ်)၊ ၁၉၉၃၊ ၁၂၁။
[၂] ခင်အေး၊ ဦး(တည်းဖြတ်)၊ ၁၉၉၃၊ ၁၂၁။
[၃] ခင်အေး၊ ဦး(တည်းဖြတ်)၊ ၁၉၉၃၊ ၁၂၇။

မဖက် ချစ်စိတ်သက်သက်ဖြင့် ခံစားရေးဖွဲ့ခဲ့သော ကဗျာများအရကြည့်လျှင် တေးကဗျာများ လှပပြီး ရသမြောက်ရခြင်းမှာ စာဆို၏ စိတ်အလှကြောင့်ဟု ဆိုရပါမည်။

ကုန်းဘောင်ခေတ် ကောက်စိုက်မတေးသံများတွင် 'ပျိုလေးတို့ ကောက်စိုက်ရာ၊ လိုက်လာနဲ့လေး၊ လိုက်လာရင် ရွှံ့စင်ရော့မယ်၊ ဖောင်းကြော့ရင်သွေး' [၁] ဆိုသည့် ကောက်စိုက်မတေးသံတွင် ကောက်စိုက်သူတို့သည် မိမိတို့ဆင်းရဲသောဘဝကို နားလည်ကြသည်။ ဖောင်း၊ နားတောင်းတို့ကို ကြော့ကြော့မော့မော့ ဝတ်ဆင်ထားသော မှူးကြီးမတ်ကြီးတို့၏ သားအနေနှင့် မိမိတို့ကို မကြိုက်သင့်ပါ။ ကြိုက်မိလျှင် ဆင်းရဲဒုက္ခရောက်မည်ဟု ဆိုခြင်းဖြစ်သည်။ မိမိတို့နှင့် ဘဝချင်းမနီးသူကို မမှန်း၊ မိမိတို့ဘဝနှင့် မိမိတို့ ကျေနပ်နေသူများအဖြစ် အရိုးခံစိတ်ကို ဖွဲ့ဆိုထားသည်။

ရွှေဘိုမြို့အနီး တူးမြောင်းကြီးပေါ်တွင် ရွှေမြောင်းရွာငယ်က ကောက်စိုက်သမများသည် မိမိတို့ရွာသည် ခြောက်သွေ့သော ဒေသတွင် တည်ရှိသည့်အတွက် တူးမြောင်းက ဆယ်နှစ်ရာသီ စီးဆင်းသော ရေတို့၏ကျေးဇူးကြောင့် စိမ်းစိုသာယာကြောင်းကို–

> "ရွှေမြောင်းရွာ သာပါသေးလား။ ရွှေမြို့နေမေး။ သာပါရဲ့
> ရွာနံဘေးမှာ ရိုးရေကဖွေး။" [၂]

ဟူ၍ အမေးအဖြေပြုပုံဖြင့် မိမိတို့ဇာတိမြေ သာယာသည်ကို ဂုဏ်ယူသည့်စိတ်ကို ကောက်စိုက်သမတေးသံများမှတစ်ဆင့် တွေ့ရှိရသည်။

'အကျွန်တို့လယ် ကောက်စိုက်တုန်းက' ကဗျာတွင် ဘုရင်မင်းမြတ်၏ လမိုင်းလယ်တော်၌ ကောက်စိုက်သည့် အောင်ပင်လယ်ရွာသူ ကောက်စိုက်သမများသည် အရွယ်ကောင်းများ ဖြစ်သည့်အတွက် အပျိုငယ်များပီပီ ဆင်းရဲသော်လည်း လှချင်ကြသည့်၊ ဆင်းရဲလှသောဘဝတွင် အားငယ်စိတ်မထားဘဲ ရှိသမျှနှင့် အလှဆင်၍ ရောင့်ရဲတင်းတိမ်တတ်သည့်၊ ယဉ်ကျေးသိမ်မွေ့သည့်သူများ ဖြစ်ကြပုံကို လှစ်ပြထားသည်။

သံချိုဦးကျော်လှကလည်း ဆင်းရဲသော်လည်း ကုသိုလ်စိတ်ထက်သန်သည့် ကောက်စိုက်သမ သုံးယောက်၏ ကြေးစည်အလှူကို 'ပေါင်းရစ်ယောက် ကောက်စိုက်သူ' ကဗျာဖြင့် ဖွဲ့ဆိုခဲ့သည်။ မောင်းထောင်ရွာ ဧသန်ရပ်သူ ကောက်စိုက်သမရှစ်ဦးသည် လှည့်လည်တေးဆို၍ ရသောငွေဖြင့် ကြေးစည်လှူကြပုံကို–

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၈၈။

[၂] သော်ဇင်၊ ဦး၊ ၁၉၆၆၊ ၁၁၅။

> "မြေပဝရံ သေန်ရပ်တွင်မှ၊ ကံစပ်ကာ ဂဟေဆော်ကြ၊ သူငယ်ဖော် အရွယ်ကောင်းတွေ့ပေ့၊ ဆယ်ချောင်းစီ ဆလံမြှောက် ပေါင်းရှစ်ယောက် ကောက်စိုက်သူ"[၁]

ဟု ဖွဲ့ဆိုဂုဏ်ပြုခဲ့သည်။

ကုန်းဘောင်ခေတ်စာပေများတွင် မိုးရွာမရှောင် နေပူမရှောင် နေထွက်မှနေဝင် အလုပ်လုပ်ကြသော ကောက်စိုက်သမများ၏ ရိုးသားပွင့်လင်းသည့်စိတ်၊ ရောင့်ရဲစိတ်၊ ဘဝအားမာန်ရှိသည့်စိတ်၊ ပျော်ရွှင်တက်ကြွစွာ မိမိတို့အလုပ်ကို လုပ်ဆောင်တတ်သည့်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်တို့ကို ကောက်စိုက်သူများက ပြောဆိုဟန်ဖြင့် သရုပ်ဖော်ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။

## ခြုံငုံသုံးသပ်ချက်

စိတ်ထားအလှသည် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်တစ်ခုပင် ဖြစ်သည်။ ဗုဒ္ဓ၏အဆုံးအမနှင့်အညီ မြန်မာအမျိုးသမီးများသည် မေတ္တာတရား၊ သစ္စာတရားကို တန်ဖိုးထားသည်။ အိမ်ထောင်ရှင်ဖြစ်လာသော မြန်မာအမျိုးသမီးများသည် ခင်ပွန်းသည်၏ စောင့်ရှောက်အုပ်ထိန်းမှုအောက်တွင် အိမ်ရှင်မကောင်းပီသစွာ ကိုယ်ကျင့်တရားကို ထိန်းသိမ်းသည်။ ခင်ပွန်းသည်၏သွန်သင်မှုကို ခံယူသည်။ မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်ကပင် အရှက်အကြောက်ကို ထိန်းသိမ်းခဲ့ကြသည်။ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ လင်ဝတ်၊ မယားဝတ်၊ မိတ်ဆွေဝတ်၊ အရှင်ဝတ်၊ ကျွန်ဝတ်၊ ရဟန်းဝတ်၊ ဒကာဝတ် ဟူ၍ ကျင့်ဝတ်အသီးသီးရှိရာ မြန်မာအမျိုးသမီးတို့သည်လည်း မိမိတို့ ဆိုင်ရာကျင့်ဝတ်များကို လေးစားစွာ လိုက်နာကျင့်သုံးကြပါသည်။ မြန်မာအမျိုးသမီးများသည် မိဘကို ဦးထိပ်ထားသည်။ ခင်ပွန်းသည်ကို တန်ဖိုးထားမြတ်နိုးသည်။ သားသမီးကို မေတ္တာထားသည်။ ထိုသို့သော လေးစားမြတ်နိုးဖွယ်ရာ စိတ်အလှပိုင်ရှင်များ ဖြစ်ပေတော့သည်။ ခေတ်အဆက်ဆက်တွင် ရှေးခေတ်စာဆိုတို့သည် မြန်မာအမျိုးသမီးတို့အပေါ် ထားရှိသည့် စာဆိုတို့၏ သဘောထားအမြင်များ၊ စေတနာများမှတစ်ဆင့် မြန်မာအမျိုးသမီးတို့၏ စိတ်အလှတို့ကို စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မော်ကွန်းတင်ခဲ့ပေသည်။ တစ်နည်းအားဖြင့် ဆိုလျှင်လည်း မြန်မာအမျိုးသမီးတို့အနေနှင့် ထားရှိသင့်သော ကိုယ်ကျင့်တရားနှင့် စိတ်အလှတရားတို့ကို စာဆိုတို့က စံပြုဖွဲ့ဆို၍ နည်းလမ်းကောင်းများ ပြပေးခဲ့သည် ဟုလည်း ဆိုနိုင်ပါသည်။ စာဆိုတို့သည် ကျမ်းဂန်လာ မဒ္ဒီဒေဝီကဲ့သို့သော မိန်းမမြတ်

---

[၁] ဝန် နှင့် သိန်းဟန်၊ ဦး၊ ၁၉၆၂၊ ၁၆။

များ၏ စိတ်အလှ၊ စိတ်စွမ်းရည်တို့ကို ဖတ်ချင်ဖွယ်ဖြစ်အောင်နှင့် အတုယူချင်ဖွယ် ဖြစ်အောင် ရေးဖွဲ့ခဲ့ကြပါသည်။ မြန်မာအမျိုးသမီးစာဆိုများ၌လည်း ဘဝရှိသည်။ အချစ်ရှိသည်။ စာဆိုတို့သည် ဘဝ၊ အချစ်နှင့် လောကခံတရားတို့ကို တုံ့ပြန် ရင်ဆိုင်ခံစားရင်း ကဗျာဖွဲ့ခဲ့ကြပြန်သည်။ မြန်မာအမျိုးသမီးတို့၏ လောကခံကို ကြံ့ကြံ့ခံနိုင်သော၊ မေတ္တာစိတ် မွေးနိုင်သော၊ ခွင့်လွှတ်နိုင်သော စိတ်အလှတရားများသည် ခေတ်အဆက်ဆက် မြန်မာစာပေလောက၌ မှတ်တမ်းတင် ကျန်ရစ်ခဲ့ပြန်ပါသည်။

## နိဂုံး

မြန်မာအမျိုးသမီးများသည် ဘုရားဟောတရားတော်များ၊ ကျမ်းဂန်များနှင့်အညီ ခေတ်အဆက်ဆက် နေထိုင်ခဲ့ကြသည်။ ထိုသို့သော မြန်မာအမျိုးသမီးတို့၏ စိတ်ထားအလှတို့ကို ဖော်ကျူးသော စာပေများလည်း ခေတ်အဆက်ဆက် ရှိခဲ့ပါသည်။ စာဆိုတို့၏ စိတ်ကူးများ ကွဲပြားသကဲ့သို့ အမျိုးသမီးတို့၏ စိတ်အလှကို ရှုမြင်ခံစားပုံ၊ ပြန်လည်ရေးဖွဲ့ပုံတို့ မတူညီကြပါ။ ကျောက်စာစကားပြေ၊ ဝတ္ထုစကားပြေ ဟူ၍ ကွဲသကဲ့သို့ စာပေအရသာလည်း ကွဲပြားခြားနားပါသည်။ အဲချင်း၊ အိုင်ချင်း၊ ရတု၊ ဟန်ချင်း စသည်ဖြင့် ကဗျာအဖွဲ့ပုံစံ မတူညီသကဲ့သို့ ရွေးချယ်တင်ပြသည့် အကြောင်းအရာ၊ ရေးဖွဲ့ဟန်တို့မှာလည်း ကွဲပြားခြားနားကြပါသည်။ ထိုကဲ့သို့သော စကားပြေ၊ ကဗျာအဖွဲ့ပုံစံ အမျိုးမျိုးကို လေ့လာခြင်းဖြင့် မြန်မာအမျိုးသမီးတို့၏ စိတ်အလှတန်ဖိုးကို အနှစ်သာရချင်းမတူ ကွဲပြားစွာခံစားနိုင်ကြမည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ကုလား၊ ဦး။ ၂၀၀၆။ ***မဟာရာဇဝင်ကြီး***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ခင်အေး၊ ဦး။ (စတုတ္ထတွဲ)။ ၁၉၃၁။ ***မြန်မာစာညွန့်ပေါင်းကျမ်း***(စတုတ္ထတွဲ)။ ရန်ကုန်။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၄။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ငြိမ်းမောင်၊ ဦး။ ၁၉၈၂။ ***ရှေးဟောင်းမြန်မာကျောက်စာများ***(ဒုတိယတွဲ)။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းပုံနှိပ်တိုက်။

ငြိမ်းမောင်၊ ဦး။ ၁၉၈၃။ ***ရှေးဟောင်းမြန်မာကျောက်စာများ***(တတိယတွဲ)။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းပုံနှိပ်တိုက်။

ဇော်ဂျီ။ ၂၀၀၄။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ အင်ကြင်းဦးပုံနှိပ်တိုက်။

ဇော်ဂျီနှင့် မင်းသုဝဏ်။ ၂၀၁၅။ ***စာပေလောက***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

တိုက်စိုးနှင့် မင်းယုဝေ။ ၂၀၀၅။ ***မြန်မာစာမိတ်ဖွဲ့***။ ရန်ကုန်၊ အင်းကြင်းဦးပုံနှိပ်တိုက်။

တင်မောင်ဌေး၊ ဦး။ ၂၀၁၇။ ***အင်းဝခေတ်ကဗျာများ***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ပုည၊ ဦး။ ၁၉၁၃။ ***ဝေဿန္တရာပြဇာတ်***။ S.P.B. Press, Mandalay။

မိမိလေး၊ ဒေါ်။ ၂၀၀၃။ ***အမျိုးသမီးစာဆိုလောကနှင့်ဘဝကြေးမုံ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မောင်မောင်၊ ဦး။ ၂၀၀၆။ ***ဝေဿန္တရာပျို့***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မြတ်နိုး၊ မောင်။ ခုနှစ်မပါ။ ***ဝေဿန္တရာလင်္ကာမှုပေါင်း***။ ရန်ကုန်၊ ပုံနှိပ်တိုက်မပါ။

မြန်မာစာညွှန့်ပေါင်းကျမ်း (ပထမတွဲ)။ ၁၉၃၁။ ရန်ကုန်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ ၂၀၀၉။ ***စာကိုးအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာနမှ ထုတ်ဝေ။

မြင့်ကြည်၊ ဦး။ ၂၀၀၁။ ***မြန်မာ့တေးဂီတအနုစာပေသမိုင်း***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ရဝေရှင်ထွေး။ ၁၉၅၈။ ***အန်ချင်း***။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း တက္ကသိုလ်စာတိုက်။

ရှင်ထွေးညို။ ၁၉၆၅။ ***ပါရာယနဝတ္ထု***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ ရှင်၊ မဟာ။ ၁၈၉၇။ ***ကိုးခန်းပျို့***။ ရန်ကုန်၊ သမာဓိပုံနှိပ်တိုက်။

ဝန်နှင့် သိန်းဟန်၊ ဦး။ ၁၉၆၂။ ***ခေတ်သစ်ကဗျာများ***။ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်စာအုပ်ထုတ်ဝေထုတ်ဝေဖြန့်ချိရေးကော်မတီ။

သီလဝံသ၊ ရှင်၊ မဟာ ။ ၁၉၆၆။ ***ပါရာယနဝတ္ထု***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သော်ဇင်၊ ဦး။ ၁၉၆၆။ ***ကျေးလက်တောရွာ တေးကဗျာ***။ မန္တလေးမြို့၊ ရဲရင့်စာပေတိုက်။

အဂ္ဂသမာဓိ၊ ရှင်။ ၁၈၉၇။ ***နေမိဘုံခန်းပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဩဘာသ၊ ဦး။ ၁၉၅၄။ ***ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထု။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

# တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတို(၂)ပုဒ် လေ့လာချက်

ခင်ဝင့်နွယ်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် တက္ကသိုလ်မြစိမ်း၏ အမျိုးသားစာပေဆုရ မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများစာအုပ်မှ ဝတ္ထုတိုနှစ်ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ထိုစာအုပ်တွင် ဝတ္ထုတို (၁၂)ပုဒ် ပါဝင်ပြီး မိုးရွာသောညများဝတ္ထုနှင့် မြေကြီးအိမ်ဝတ္ထုတို့ကို ဝတ္ထုတို၏အင်္ဂါရပ်များနှင့် လေ့လာတင်ပြမည် ဖြစ်ပါသည်။ မိုးရွာသောညများနှင့် အခြားဝတ္ထုတို့ကို ရေးသားသော ခေတ်ကာလသည် ၁၉၆၀–၁၉၆၅ ခုနှစ်ဝန်းကျင် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ဖြစ်ပြီး ထိုခေတ်ကာလဝန်းကျင်အခြေအနေကို ဇာတ်ဆောင်တို့၏ ဟန်ပန်အသွင်အပြင်ဖြင့် ပုံဖော်ထားပါသည်။ ဝတ္ထုတို၏အင်္ဂါရပ်ဖြစ်သော ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင် အရေးအဖွဲ့တို့ဖြင့် လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရ** – ***ဝတ္ထုတို၊ အင်္ဂါရပ်၊ ခေတ်ကာလ၊ ဟန်ပန်အသွင်အပြင်၊ ရသစကားပြေ။***

## နိဒါန်း

ရသစကားပြေဖြစ်သော ဝတ္ထုတိုသည် စာရေးသူတင်ပြလိုသော အတွေးတစ်ချက်ကို စာဖတ်သူတို့အား ခံစားသိရှိစေပါသည်။ ဝတ္ထုသည် ခေတ်၏ ပြယုဂ်တစ်ခု ဖြစ်သည်။ ခေတ်၏ကောင်းမွေ၊ ဆိုးမွေကို ခံစားရသော ပြည်သူတို့၏ဘဝသရုပ်ကို မီးမောင်းထိုးပြနိုင်သော ဘဝသရုပ်ဖော်စာပေသည် ခေတ်စဉ်မပြတ် အလေးထားရမည့် စာပေတစ်ရပ် ဖြစ်ပါသည်။ မိုးရွာသောညများနှင့် မြေကြီးအိမ် ဝတ္ထုတိုနှစ်ပုဒ်သည် ထိုခေတ်ပြည်သူတို့၏ဘဝကို အလင်းပေး တင်ပြထားပါသည်။

## ၁။ တက္ကသိုလ်မြစိမ်း၏အတ္ထုပ္ပတ္တိအကျဉ်း

တက္ကသိုလ်မြစိမ်းသည် အထက်တန်းကျောင်းသူဘဝမှစ၍ ကျောင်းနှစ်လည်မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ စတင်ရေးသားခဲ့သည်။ ၁၉၅၄–၁၉၅၅ ခုနှစ် နှင့် ၁၉၅၅–၁၉၅၆ ခုနှစ် ရန်ကုန်စံပြ အမျိုးသမီးအထက်တန်းကျောင်း နှစ်ပတ်လည်ထုတ်မဂ္ဂဇင်းများတွင် မြင့်ကြည်အေး–ကလောင်အမည်ဖြင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ တက္ကသိုလ် ရခိုင်တန်ဆောင်၊ ပုလဲပန်း၊ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းများတွင်

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့တက္ကသိုလ်

တက္ကသိုလ်မြစိမ်း ကလောင်အမည်ဖြင့် ဝတ္ထု၊ ပြဇာတ်များ ရေးသားခဲ့ပါသည်။ ပြင်ပစာပေမဂ္ဂဇင်းတွင် ပထမဆုံးရေးသားခဲ့သောဝတ္ထုမှာ ၁၉၅၆ ခုနှစ် ဗမာ့ခေတ် သတင်းစာ ယုဝတီဂျာနယ်ကဏ္ဍတွင် ပါရှိသော 'သွေး၏ပုံပြင်' ဝတ္ထုတို ဖြစ်ပါသည်။ ထို့နောက် ယုဝတီ၊ တိုင်းရင်းမေ၊ သင့်ဘဝမဂ္ဂဇင်းများတွင် ဆောင်းပါးဝတ္ထုများ ရေးသားခဲ့ပြီး ၁၉၅၈ ခုနှစ် အောက်တိုဘာလတွင် ယုဝတီကလောင်ရှင်ဘွဲ့နှင့် ၁၉၅၉ ခုနှစ် ဩဂုတ်လတွင် တိုင်းရင်းမေ ကလောင်ရှင်ဘွဲ့များ ချီးမြှင့်ခြင်း ခံရပါသည်။

အသက် ၂၃ နှစ် အရွယ်တွင် ရေးသားသော 'မိုးရွာသောညများ' ဝတ္ထုတိုကို ငွေတာရီမဂ္ဂဇင်း၏ ပထမဆုံးစာအုပ် အမှတ်(၁)တွင် ရွေးချယ်ထည့်သွင်းခံရသည်။ တက္ကသိုလ်မြစိမ်းသည် ငွေတာရီ၊ ရှုမဝ၊ မြဝတီ၊ မိုးဝေ၊ စန္ဒာ၊ သပြေ၊ သင့်ဘဝ၊ ရုပ်ရှင်မဂ္ဂဇင်းနှင့် မြို့နယ်ထုတ်မဂ္ဂဇင်း စသော စာနယ်ဇင်းမျိုးစုံ၌ ဝတ္ထုများ ရေးသားခဲ့သည်။ ရွှေဘိုဂျာနယ်တွင် မြင့်မြင့်သန်း အမည်ဖြင့် မြန်မာပြည်သူနာပြုအသင်းကြီး၊ သူနာပြုညီလာခံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး စသည့် ခါတ်ပုံဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၆၀ – ၆၅ ခုနှစ်အတွင်း ငွေတာရီမဂ္ဂဇင်းတွင် ရေးသားခဲ့သော ဝတ္ထုတို (၉)ပုဒ်နှင့် လက်ရေးမူ ဝတ္ထု(၃)ပုဒ်ကို လက်ရေးစာမူအဖြစ် အမျိုးသားစာပေဆုတွင် တင်သွင်းယှဉ်ပြိုင်ခဲ့ရာ ၁၉၆၅ခုနှစ် အမျိုးသားစာပေဝတ္ထုတိုပေါင်းချုပ် ပထမဆုကို ရရှိခဲ့သည်။ ၎င်းဝတ္ထုတိုပေါင်းချုပ်ကို ၁၉၆၇ ခုနှစ်တွင် ပထမအကြိမ် စာအုပ်အဖြစ် ထုတ်ဝေခဲ့ပြီး၊ ၁၉၇၂ ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုတိုများမှ 'မြေကြီးအိမ်' ဝတ္ထုတိုကို စာရေးဆရာ k (ဦးခင်ဇော်)က "A Hole in the Ground" ဟူ၍ အင်္ဂလိပ်ဘာသာပြန်ဆိုပြီး ၁၉၆၈ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ထုတ် လုပ်သား ပြည်သူ့နေ့စဉ်(အင်္ဂလိပ်)သတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့သည်။

၁၉၇၀ ခုနှစ်တွင် 'ချစ်အကြောင်း' လုံးချင်းဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၆၇–၇၀ ခုနှစ်အတွင်း ငွေတာရီ၊ မြဝတီ၊ မိုးဝေ၊ ရှေ့သို့၊ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့်စာစောင်တို့တွင် ရေးသားခဲ့သော ဝတ္ထုတို (၅)ပုဒ်ကို စုစည်း၍ 'နေသာသောနေ့နှင့် အခြားဝတ္ထုတိုများ' ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုတိုများမှာ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ထည့်သွင်း ဖော်ပြခဲ့သော 'သနားချစ်တော့မချစ်တဲ့မောင်ရယ်' ဝတ္ထုတိုကို ဆိုဗီယက်ရုရှားစာရေးဆရာမ အဲလီယာနာဇဗာဒိဗာ (မြန်မာအမည်– မလှကျော့)က ၁၉၇၄ ခုနှစ်တွင် ရုရှားဘာသာ ပြန်ဆိုရေးသားထုတ်ဝေခဲ့ပါသည်။ ထိုဝတ္ထုတိုပေါင်းချုပ်ပါ ရှေ့သို့ဂျာနယ်တွင် ပါဝင် ရေးသားပြီးသော 'သူ့ကိုချစ်မိသည်' ဝတ္ထုတိုကို 'လူချွန်လူကောင်း' အမည်ဖြင့် ဇာတ်လမ်း ပမာအဖြစ် မြန်မာ့အသံက အသံလွှင့်ခဲ့သည်။

ထို့ပြင် ၁၉၇၃ ခုနှစ် လုပ်သားပြည်သူ့နေ့စဉ်(မြန်မာ)သတင်းစာတွင် တက္ကသိုလ်မြစိမ်းအမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးထားခဲ့သည်။ ၁၉၆၇ ခုနှစ် စက်တင်ဘာလမှစ၍ စာပေလုပ်သားအဖွဲ့ဝင်ခဲ့ပြီး 'ချစ်အကြောင်း' (၁၉၇၀)၊ 'ချစ်သူနဲ့ဝေးရာသို့ပြေးပါရစေ' (၁၉၇၂)၊ 'မောင်ယုံကြည်အောင်ပြောစမ်းပါခင်ရယ်' (၁၉၇၃)၊ 'မိုးနှင့်မြေကြီး' (၁၉၇၃)၊ 'အပြောကြွယ်တဲ့မယား' (၁၉၇၃)၊ 'မနိုးသင့်သောလွမ်းအိပ်မက်' (၁၉၇၄)၊ 'ကြိုးဖြူကြိုးမဲ တစ်ကောင်ထဲ' (၁၉၇၅)၊ 'စုံကန္တာမြိုင်ကြီးဘယ်ထီးမှမပါ' (၁၉၇၅)၊ 'တိုင်းမင်းကြီးသမီး' (၁၉၇၅)၊ 'အမှီတော့ဖြင့်မလိုက်နိုင်ဘူးကွယ်' (၁၉၇၆)၊ 'ညွန်ကြားရေးမှူးချုပ်ကတော်' (၁၉၇၆)၊ 'နောက်တိုး' (၁၉၇၈)၊ 'မချစ်ကယ်ပါပြီလား၊ ရွှေအားတော်ငယ်' (၁၉၇၉)၊ 'မငယ်ရယ် မင်းဘယ်မှာလဲကွယ်' (၁၉၈၁)၊ 'အမုန်းဝတ္ထု' (၁၉၈၂) စသော လုံးချင်းဝတ္ထုရှည်(၁၅)အုပ်နှင့် ဝတ္ထုတိုပေါင်းချုပ် (၂)အုပ် ရေးသားထုတ်ဝေခဲ့သည်။

'နောက်တိုး' ဝတ္ထုသည် အကောင်းဆုံးမှတ်ချက်ဖြင့် ၁၉၇၈ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆု ရရှိခဲ့ပါသည်။

၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် ပထမဆုံး စတင်ထုတ်ဝေလိုက်သော ပန်ရုပ်စုံမဂ္ဂဇင်း အတွဲ(၁) အမှတ်-၁တွင် တက္ကသိုလ်မြစိမ်း၏ 'အားငယ်မိတယ် အချစ်ရယ်' ဝတ္ထုတိုကို ရွေးချယ်ထည့်သွင်းထားပါသည်။

၁၉၆၅ ခုနှစ်တွင် စာရေးဆရာတိုက်စိုး (ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် လက်ထပ်ခဲ့သည်။ အသက် ၇၃ နှစ် မတ်လ (၄) ရက်၊ ၂၀၁၀ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

## ၂။ ဝတ္ထုတိုသဘောသဘာဝ

ဝတ္ထုတိုဟူသော စာပေအဖွဲ့ပုံစံသည် ၁၉ ရာစုတွင် အနောက်တိုင်း၌ စတင်ပေါ်ပေါက်ခဲ့သည်။ အစပျိုးရေးသားသူတို့မှာ နသန်းနီယံဟော်သွန်း [၁] နှင့် အက်ဂါ အယ်လန်ပိုး [၂] တို့ဖြစ်ကြသည်။ ဝတ္ထုတိုနှင့်ပတ်သက်၍ ပညာရှင်များက အဓိပ္ပါယ် အမျိုးမျိုးဖွင့်ဆိုကြသည်။

ပါမောက္ခဦးမျိုးမင်းက-

---

[၁] Nathaniel Havw thorne

[၂] Edgar Allan Poe

> "ဝတ္ထုတိုဟူသည် တိုရမည်။ အာရုံပြန့်ကျဲမှုမရှိဘဲ အချက်တစ်ချက်ပေါ်တွင် စူးစိုက်နိုင်လောက်အောင် ဝတ္ထုဇာတ်အိမ် တည်ထားနိုင်ရမည်။"[၁]

ဟုလည်းကောင်း အက်ဂါအယ်လန်ပိုး၏အဆိုကို မင်းယုဝေက–

> "ဝတ္ထုတို ဟူသည်မှာ အာရုံကျက်စားမှုတစ်ခုတည်း ထီးထီးသာရှိရမည်။ တစ်ထိုင်တည်း ဖတ်နိုင်လောက်အောင် တိုရမည်။"[၂]

ဟူ၍ ဖွင့်ဆိုထားရာ ဝတ္ထုတိုသည် ဇာတ်လမ်းပမာဏတိုပြီး စာဖတ်သူ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်စွမ်းရှိရသော ရသစာပေ ဖြစ်ကြောင်း နားလည်ရပါသည်။

တစ်ဖန်ဝတ္ထုတိုနှင့်ပတ်သက်၍ အိပ်ဂျီဝဲ (H.G: Wells)က နာရီဝက်အတွင်း ဖတ်နိုင်သည့်စာမျိုးဟု ဆိုသည်။ အက်ဂါအယ်လန်ပိုး (Edger Allan Pole)က ကြိုတင်သိထားသည့် အရိပ်အမြွက်စကား တစ်ခုတစ်လေမျှ မပါစေရဟု ဆိုသည်။ ဝါလ်ပို (Walpole)က ဝတ္ထုတိုဆိုသည်မှာ အဖြစ်အပျက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်ဟု အသီးသီး ဖွင့်ဆိုကြပါသည်။

ဝတ္ထုတိုသည် အကြောင်းအရာတစ်ခု၊ အတွေးတစ်ရပ်၊ လူ့သဘာဝတစ်ရပ်ကို စာဖတ်သူထံ ပေးပို့နိုင်သည့်အပြင် အကြောင်းအရာ နယ်နိမိတ်လည်း စုံလင်လှသည်ကို တွေ့ရသည်။ စာရေးသူ၏အတွေးတစ်ရပ်ကို စာဖတ်သူတို့ သိရှိစေရန် စာလုံးရေနည်းနည်း ဇာတ်လမ်းဇာတ်ကွက် တိုတိုကျဉ်းကျဉ်းဖြင့် ရေးဖွဲ့ထားသော ရသစကားပြေတစ်ရပ် ဖြစ်သည်။

## ၂၊ ၁။ ရည်ရွယ်ချက်

ဝတ္ထုရေးသူတို့သည် မိမိတို့ခံစားသိရှိရသော အကြောင်းအရာတို့ကို စာဖတ်သူတို့အား သိရှိစေလိုသည်။ ထိုသို့ စာဖတ်သူ သိရှိစေလိုသောအကြောင်းသည် စာရေးသူ၏ ရည်ရွယ်ချက်ပင် ဖြစ်သည်။ ရည်ရွယ်ချက်နှင့်ပတ်သက်၍ 'စကားပြေအရေးအသားလေ့လာချက်များ' ကျမ်းကိုးပြုစုသူ ကရုဇာ (Kreuzer)နှင့် ကိုဂင် (Cogan) တို့၏ အဆိုအမိန့်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

> "လမ်းညွှန်ရည်ရွယ်ချက် ဟူသည် စာရေးသူအနေနှင့် သူ့စာပေ၏ အရှည်ပမာဏ၊ လေသံ၊ ပါဝင်ရမည့် အကြောင်းအရာနှင့် မပါဝင်

---

[၁] မျိုးမင်း (ပါမောက္ခ)၊ ဦး၊ ၁၉၆၀၊ နိဒါန်း။

[၂] မင်းယုဝေ၊ ၁၉၇၉၊ ၁၆၆။

ရမည့် အကြောင်းအရာ အချက်အလက် အစီအစဉ်၊ သာဓက ဆောင်သော အချက်အလက်များ ဖောဖောသီသီ ပါဝင်မှု၊ စကား အသုံးအနှုန်း စသည်ဖြင့် 'ထိုစာ' ကို 'ထိုစာ' အဖြစ် ပုံပေါ်လာ စေရန်အတွက် အဆုံးအဖြတ်ပေးရာတွင် အသုံးပြုရသော အရာ ဖြစ်သည်။"[၁]

ဟုလည်းကောင်း၊

မောင်ခင်မင်(ဓနုဖြူ)က စကားပြေသဘောတရား စကားပြေအတတ်ပညာ စာအုပ်တွင်–

"ယေဘုယျရည်ရွယ်ချက်နှင့် ဝိသေသရည်ရွယ်ချက် ဟူ၍ ခွဲခြား ထားပြီး စေတနာရည်ရွယ်ချက်သည် ယေဘုယျရည်ရွယ်ချက်တွင် ပါဝင်သည်။ စေတနာရည်ရွယ်ချက်တွင်လည်း နှိုးဆွခြင်း၊ လှုံ့ဆော်ခြင်း၊ ဖျော်ဖြေခြင်းတို့ ပါဝင်ပြီး ဝိသေသရည်ရွယ်ချက်တွင် စာနှင့်တိုက်ရိုက်ဆက်စပ်ခြင်း သဘောတရားနှင့်ဆက်စပ်ခြင်းတို့ ပါဝင်သည်"[၂]

ဟူ၍ ဖော်ပြထားပါသည်။

လူသားတို့သည် မည်သည့်အမှုကိုမဆို လုပ်ဆောင်ရာတွင် ရည်ရွယ်ချက် တစ်ခု ရှိစမြဲပင် ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုရေးသူတို့တွင်လည်း ရည်ရွယ်ချက် တစ်ခု ပါရှိစမြဲ ဖြစ်သည်။ စာဖတ်သူ၏စိတ်နှလုံးထဲတွင် စွဲလမ်းနှစ်သက်၍ ရသ ခံစားမှုကို အဓိကထားရေးဖွဲ့သည်။

ထို့ကြောင့် ဝတ္ထု၏ 'ရည်ရွယ်ချက်' ဆိုသည်မှာ စိတ်ကူးဉာဏ်ဖြင့် စီစဉ် ထားသော အချက်အလက်များဖြင့် လူ့ဘဝအမှန်တရားများ ထင်ရှားပေါ်လွင်စေရန် ဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် လူ့ဘဝတွင် တွေ့ကြုံဖြစ်ပျက်ရသော အကြောင်းအရာ အဖြစ်အပျက်၊ ဘဝအသိ၊ ဘဝသတိတို့ကို မိမိခံစားရသည့်အတိုင်း စာဖတ်သူအား ခံစားစေလိုသော စေတနာရည်ရွယ်ချက်သည် ဝတ္ထုတိုင်း၌ ပါရှိစမြဲ ဖြစ်သည်။

[၁] J.R kreuzer & L.cogan studies in Prose writing P.10

[၂] ခင်မင်(မောင်)၊ ဓနုဖြူ၊ ၁၉၈၅၊ ၈၇–၈၈။

## ၂။ ၂။ ဇာတ်လမ်း

ဇာတ်လမ်းသည် ဖြစ်စဉ်ပင်ဖြစ်သည်။ ဇာတ်ဆောင်တို့၏ဘဝတွင် အားပြိုင်မှုများ ပေါ်ပေါက်လာစေရန် ဆီလျော်သည့် အဖြစ်အပျက်များကို ဖန်တီး၍ ကြောင်းကျိုး ဆက်စပ်ထားမှု ဖြစ်သည်။ ဇာတ်ဆောင်မပါရှိဘဲ ဇာတ်လမ်းမဖြစ်နိုင်ချေ။ ဝတ္ထုတိုတွင် ဇာတ်ဆောင်တို့၏လှုပ်ရှားမှုဖြင့် ဇာတ်လမ်းကို ဖော်ပြသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသတို့သည် ညီညွတ်မှုရှိရမည်။ သို့မှသာ ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်နိုင်ပါသည်။ ဇာတ်လမ်းသဘောကို ပညာရှင်တို့ အမျိုးမျိုးဖွင့်ဆိုကြပါသည်။ 'အီးအမ် ဖော်စတာ'[၁]၏ အဆိုကို အောင်သင်းက–

> "ဇာတ်လမ်းဆိုသည်မှာ အဖြစ်အပျက်များကို ကျိုးကြောင်းဆက်စပ် ပြထားသော ဖြစ်စဉ်၊ မြှုပ်ကွက်ကလေးများ ထည့်သွင်းခြင်း အားဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ပြုလုပ်နိုင်သည်"[၂]

ဟု ဖွင့်ဆိုထားရာ ဇာတ်လမ်းဆိုသည်မှာ အဖြစ်အပျက်တို့ကို ကြောင်းကျိုးဆက်စပ် ပြထားခြင်းပင် ဖြစ်ပါသည်။

အောင်သင်းကပင် ဝတ္ထုရေးရာဆောင်းပါးများတွင်–

> "ဇာတ်လမ်းဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း အသိအမြင်ကို (မမျှော်လင့်ဘဲ) ပြောင်းလဲသွားစေသည့် အဖြစ် အပျက်များကို ကျိုးကြောင်းဆက်စပ်ပြထားသော ဖြစ်စဉ် တစ်ခုဟု ဆိုချင်မိပါသည်။"[၃]

ဟု ထပ်ဆင့်မိန့်ဆိုထားပါသည်။ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာတွင် အားပြိုင်မှု သည်လည်း အဓိကကျသော အတတ်ပညာတစ်ရပ် ဖြစ်သည်။ အကောင်းနှင့်အဆိုး၊ အလင်းနှင့်အမှောင် အားပြိုင်ခြင်းနှင့် စာဖတ်သူ၏ သိချင်စိတ်ကို မြှင့်တင် ပေးနိုင်သည်။

ဇာတ်လမ်းသဘော ပို၍ထင်ရှားလာစေရန် ဇာတ်လမ်းဆင်ခြင်းသည်လည်း အရေးကြီးလှပေသည်။ ထို့ကြောင့် ဇာတ်လမ်းဆင်ခြင်းနှင့် ပတ်သက်၍ မင်းယုဝေက–

> "ဇာတ်လမ်းဆင်ခြင်းကို အိုင်ကျင်းဖွဲ့ခြင်း ဟူ၍လည်း ခေါ်ကြ ပါသည်။ ဇာတ်လမ်းဆင်ရာ၌ စာဖတ်သူ၏သိလိုဇောကို ဝတ္ထု

---
[၁] G.M. Forster

[၂] အောင်သင်း၊ ၁၉၉၉၊ ၁၁။

[၃] အောင်သင်း၊ ၁၉၉၄၊ ၉။

> အဆုံးထိ ရှင်သန်အောင် အဖြစ်အပျက်တို့ကိုလည်းကောင်း၊ ဇာတ်ဆောင်၏အမူအရာတို့ကို လည်းကောင်း၊ ဇာတ်လမ်းနည်းစနစ်ငါးခုဖြင့် စည်းရုံးတည်ဆောက်ရပါသည်။"[၁]

ဟူ၍ ဝတ္ထုတိုစာတမ်းများစာအုပ်တွင် တင်ပြထားသည်။

ဝတ္ထုတိုတွင် ဇာတ်လမ်းသည် ပြည့်စုံခိုင်ခန့်မှု ရှိရုံမျှရှိလျှင်လည်း ဖြစ်ပါသည်။ မိမိဖော်ပြလိုသော လူ့သဘာဝအဖွဲ့၊ ဘဝပြဿနာတို့၏ သဘောရပ်ပေါ်လွင်ရုံမျှ ဇာတ်လမ်းအဆင်လျှင်လည်း ဖြစ်ပါသည်။ ဇာတ်လမ်းပါသည်ဆိုရုံမျှ ထည့်သွင်းရေးသားလျှင်လည်း ရပါသည်။ အဘယ့်ကြောင့်ဆိုသော ဝတ္ထုတိုတွင် လူ့သဘာဝအဖွဲ့၊ ဘဝပြဿနာအဖွဲ့တို့သည် ဇာတ်လမ်းထက်ပို၍ ပဓာနကျခြင်းကြောင့် ဖြစ်သည်။ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာတွင် အားပြိုင်မှုသည်လည်း အဓိကကျသော အတတ်ပညာ တစ်ရပ်ဖြစ်သည်။ အကောင်းနှင့်အဆိုး၊ အလင်းနှင့်အမှောင် အားပြိုင်ခြင်းဖြင့် စာဖတ်သူ၏ သိချင်စိတ်ကို မြှင့်တင်ပေးနိုင်သည်။ ဤသည်ကို ရက်စ်ဟဲ(စ်)က–

> "အားပြိုင်မှုသည် စိတ်ကူးနှင့်ဖန်တီးထားသော အခြေခံအချက်ဟု အများက တွေးပြသည်"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ဇာတ်လမ်းဖန်တီးရာတွင် အားပြိုင်မှုနည်း (CONFLICT)၊ အကြောင်းဆက်နည်း (COUSALITY)၊ အသေးစိတ်မှုန်းနည်း (DETAIL)တို့ဖြင့် ရေးသားလေ့ ရှိပါသည်။

ထို့ကြောင့် ဇာတ်လမ်းဟူသည် စာဖတ်သူအား အမြဲမပြတ် ရှင်သန်စေပြီး ဇာတ်ဆောင်တို့၏ အားပြိုင်မှုများကိုပါ ထည့်သွင်းကာ အဖြစ်အပျက်များကို ကျိုးကြောင်းဆက်စပ်ဖော်ပြထားမှုပင် ဖြစ်ပါသည်။

## ၂၊ ၃။ ဇာတ်ဆောင်

ဝတ္ထုတွင် ပါဝင်သရုပ်ဆောင်ရသောသူများမှာ ဇာတ်ဆောင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဝတ္ထုထဲမှ ဝတ္ထုရေးဆရာ ဖန်တီးထားသူ ဖြစ်သည်။ ဇာတ်ဆောင်တို့၏ ကံသုံးပါးအမူအရာများ ပြုမူလှုပ်ရှားမှုများကြောင့် ဇာတ်လမ်း ဖြစ်ပေါ်လာရသည်။ ဇာတ်ဆောင်မရှိဘဲ ဇာတ်လမ်းကို ဖန်တီး၍မရသကဲ့သို့ ဇာတ်လမ်းမရှိဘဲ ဇာတ်ဆောင်စရိုက် မဖွံ့ဖြိုးနိုင်ပေ။

---

[၁] မင်းယုဝေ၊ ၁၉၇၉၊ ၁၆၈–၁၆၉။

[၂] Hills, 1927, 38.

အောင်သင်းက–

> "ဇာတ်ဆောင်ဆိုသည်မှာ အဘယ်နည်းဟုမေးလျှင် ဇာတ်လမ်းကို ဖြစ်ပေါ်စေသူများဟု ဆိုရပါမည်။တစ်ဖန် ဇာတ်လမ်းဆိုသည်မှာ အဘယ်နည်းဆိုလျှင်လည်း ဇာတ်ဆောင်များ၏ အပြုအမူဖြစ်စဉ် ပေတည်းဟု ဆိုရပေမည် ဖြစ်သည်။"[၁]

ဟု ဖွင့်ဆိုထားပါသည်။ ဝတ္ထုဆိုသည်မှာ ဒိဋ္ဌဓမ္မလောကကို အခြေခံ၍ ဖန်တီးရသောကြောင့် ဝတ္ထုအတွင်းမှ ဇာတ်ဆောင်တို့သည်လည်း ဒိဋ္ဌဓမ္မလောကမှ လူသားစစ်စစ်များနှင့်တူရန် လိုအပ်ပေသည်။ ဇာတ်ဆောင်အဖွဲ့နှင့်ပတ်သက်၍ ဝတ္ထုတို လေ့လာချက်တွင် မောင်စွမ်းရည်က–

> "ဇာတ်ဆောင်အဖွဲ့၌လည်း သုံးမျိုးရှိပါသည်။ ဇာတ်ဆောင်၏ သဘောသဘာဝကို စာရေးဆရာက စာထဲတွင် တိုက်ရိုက် ရေးထားခြင်း ဥပမာ– မနှင်းသည် အဆင်းရောအချင်းပါ တင့်တယ် ကောင်းမွန်သူ ဖြစ်သည်။ သို့မဟုတ် မယ်နှင်းကား မိန်းမယုတ်တည်း၊ နောက်တစ်နည်းမှာ– ဇာတ်ဆောင်တစ်ဦး၏ သဘောသဘာဝကို သူနှင့်ဆက်ဆံရတဲ့ အခြားဇာတ်ဆောင်တစ်ဦးရဲ့ ထင်မြင်ပုံ၊ ပြုမူ ဆက်ဆံပုံတို့ကတစ်ဆင့် ဖော်ပြသောနည်း ဖြစ်ပါသည်။"[၂]

ဟူ၍ အဖွဲ့သုံးမျိုးအနက် တတိယနည်းသည် ထက်မြက်ပြောင်မြောက်သော နည်းဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်သည် ဒိဋ္ဌဓမ္မလောကထဲမှ လူနှင့်တူအောင် ဖန်တီးနိုင်လေလေ ဇာတ်ဆောင်သရုပ် ပေါ်လေလေ ဖြစ်သည်။ ဝတ္ထုတိုတွင် ဇာတ်ဆောင်၏သရုပ်ကို ဝတ္ထုရှည်ကဲ့သို့ အကျယ်တဝင့် ဖော်ပြနိုင်ခြင်း မရှိပေ။ စာရေးသူ ဖော်ပြလိုသော အချက်အနည်းငယ်လောက်ကိုသာ ဖော်ပြနိုင်သည်။

ဇာတ်ဆောင်များကို ဖန်တီးရာတွင် သဘာဝကျရန် လူပီသရန် လိုအပ်သည်။ သို့သော်လည်း ဝတ္ထုတိုတွင်မူ လူ့စရိုက်အကြောင်းကို တိတိပပရေးသားထည့်သွင်း၍ မဖြစ်နိုင်ပေ။ ဝတ္ထုဟူသည် စိတ်ကူးနှင့်ဖန်တီးထားသော အနုပညာတစ်ရပ်သာ ဖြစ်သည်။ အတ္ထုပ္ပတ္တိစာပေ မဟုတ်ချေ။

---

[၁] အောင်သင်း၊ ၁၉၉၉၊ ၇၄။

[၂] စွမ်းရည်၊ မောင်၊ ၁၉၅၈၊ ၁၃၄။

ထို့ကြောင့် ဇာတ်ဆောင်ဆိုသည်မှာ ဇာတ်လမ်း၏ဖြစ်စဉ်ကို ရွေ့လျားအောင် ပြုမူဆောင်ရွက်သူများ ဖြစ်သည်။ ဇာတ်ဆောင်ဖန်တီးရာတွင် စရိုက်ပီပြင်မှု ရှိရမည်။ သဘာဝကျရမည်။ သက်ဝင်လှုပ်ရှားမှု ရှိရမည်။ ဒိဋ္ဌဓမ္မလူ့လောကရှိ လူတို့၏စရိုက်နှင့်လည်း နီးစပ်ပတ်သက်မှု ရှိရမည်။

## ၂။ ၄။ ကာလဒေသနောက်ခံ

ဝတ္ထုတစ်ပုဒ်တွင် ကာလဒေသနောက်ခံအဖွဲ့သည် အရေးပါသော အဖွဲ့တစ်ရပ် ဖြစ်သည်။ ဝတ္ထုထဲတွင် ကာလဒေသနောက်ခံထည့်သွင်းရခြင်းမှာ ဝတ္ထုကို ဒိဋ္ဌဓမ္မလောကနှင့် တူစေချင်၍ ဖြစ်သည်။ 'ကာလ' ဆိုသည်မှာ ဇာတ်လမ်းဖြစ်တည်ရာ ခေတ် အချိန်ဖြစ်၍ 'ဒေသ' ဆိုသည်မှာ ဇာတ်လမ်းဖြစ်တည်ရာ နေရာဖြစ်ပြီး 'နောက်ခံဝန်းကျင်' ဆိုသည်မှာ ဇာတ်လမ်းအတွင်းမှ ဇာတ်ဆောင်တို့ကျင်လည်ရာ လူမှုပတ်ဝန်းကျင်၊ စီးပွားရေးပတ်ဝန်းကျင်၊ နိုင်ငံရေးပတ်ဝန်းကျင် စသည်တို့ကို ဆိုလိုပါသည်။ လူသားတို့တွင် ရှင်သန်ဖြစ်တည်ရာခေတ်ကာလ အရပ်ဒေသ လူမှုပတ်ဝန်းကျင်တို့ ဆက်စပ်နေသကဲ့သို့ ဝတ္ထုဖန်တီးရာတွင်လည်း ဇာတ်ဆောင်တို့ ဖြစ်တည်ရာ ကာလဒေသ လူမှုပတ်ဝန်းကျင်တို့ပါဝင်မှသာ သဘာဝကျသော ဇာတ်ဆောင်အဖြစ် ရပ်တည်နိုင်ပေမည်။ ဝတ္ထုတစ်ပုဒ်တွင် ကာလဒေသနောက်ခံ၏ အရေးပါပုံကို အန်ဒရေး မောရစ်၏ The Art of Writing စာအုပ်ကို မြသန်းတင့် ဘာသာပြန်ဆိုထားသော စာရေးခြင်းအတတ်ပညာစာအုပ်၌–

> "ဝတ္ထုတစ်ပုဒ် အသက်ဝင်လှုပ်ရှားစေချင်ရင် ဘဝနဲ့နီးကပ်စေချင်ရင် လူ့အဖွဲ့အစည်းနဲ့ တကယ့်အဖြစ်အပျက်များနဲ့ ဆက်စပ်ရလိမ့်မယ်။ လှုပ်ရှားနေတဲ့ ပတ်ဝန်းကျင်နဲ့ ဆက်စပ်ရလိမ့်မယ်။ တကယ်ရှိနေတဲ့ လောကကြီးနဲ့ ဆက်စပ်ရလိမ့်မယ်"[၁]

ဟု ဖွင့်ဆိုထားပါသည်။

တစ်ဖန် ကာလဒေသသည် ဇာတ်လိုက်၏လှုပ်ရှားမှုကို အထောက်အကူပြုနိုင်သည်ကို ဦးဝန်က ဦးပုည၏ ဝတ္ထုတိုသုံးပုဒ်အမှာစာတွင်–

> "ကာလဒေသသည် ဇာတ်လိုက်နှင့် အဖြစ်အပျက်တို့အတွက် နောက်ခံကားသဖွယ် အသုံးကျလေသည်။ တစ်ခါတစ်ရံ ကာလဒေသသည် နောက်ခံကားအဖြစ်ဖြင့် အသုံးခံရင်း ဇာတ်လိုက်၏

---

[၁] မြသန်းတင့် ၊ ၂၀၀၁၊ ၃၅။

> အမူအရာကိုသော်လည်းကောင်း၊ အဖြစ်အပျက်အမူအရာကိုသော် လည်းကောင်း၊ အမွှန်းတင်ပေတတ်လေသည်။”[၁]

ဟူ၍ ဖွင့်ဆိုထားပေရာ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို ကာလဒေသနောက်ခံက အထောက်အပံ့ပေးသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ဝတ္ထုတိုများတွင် ဝတ္ထုရှည်ကိုရေးဖွဲ့သလောက် ကာလဒေသ နောက်ခံဝန်းကျင်ကို အထင်အရှားပြစရာမလိုသော်လည်း ဇာတ်လမ်းဖြစ်စဉ် ဇာတ်ဆောင် စရိုက်တို့နှင့် ကိုက်ညီသော ကာလဒေသနောက်ခံဝန်းကျင်ကိုမူ ထည့်သွင်းရပေမည်။ ဇာတ်လမ်းကို ဆက်လက်ဖြစ်တည်စေရန် ရွေ့လျားနိုင်စေရန် ဇာတ်ဆောင်စရိုက် ခိုင်မာစေရန်အတွက် နောက်ခံဝန်းကျင်အဖွဲ့သည် များစွာအရေးပါပါသည်။ ကာလဒေသ နောက်ခံကို ဇာတ်လမ်း ဇာတ်ဆောင်နှင့် တစ်သားတည်းဖြစ်အောင် ဖွဲ့စည်း တည်ဆောက်ရပါသည်။

## ၂၊ ၅။ အရေးအဖွဲ့

ဝတ္ထုသည် ‘စကားပြေ’ နှင့်ရေးဖွဲ့ထားသော စကားပြေအဖွဲ့ ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုတစ်ပုဒ်ကို ဖန်တီးရေးသားထားသော စကားပြေအရေးအသားကို လေ့လာရမည်။ ထိုသို့ လေ့လာရာ၌ စကားအသုံးအနှုန်း ဝါကျ၊ စာပိုဒ်၊ စာတစ်ပုဒ် အဆင့်ထိ တစ်ဆင့်စီ လေ့လာရမည်။

ဝတ္ထုတိုသည် ကွက်တိဖြစ်ရပ်ဖြစ်၏။ ဝတ္ထုတိုကို ပွယောင်းယောင်းရေး၍ မဖြစ်ပေ။ သိပ်သည်းမှုသည် ဝတ္ထုတို၏ဂုဏ်ရည် ဖြစ်သည်။ ရေးသမျှစကားသည် ထိမိသောအဓိပ္ပါယ်ကိုဆောင်ပြီး စကားပိုတစ်လုံး မပါရပေ။ ကျစ်လျစ်သိပ်သည်းသော စကားလုံးများကို သုံးနှုန်းရေးသားရမည်။ ဝတ္ထုတိုသည် ဘဝ၏အစိတ်အပိုင်းငယ် ဖြစ်သည်။ သို့သော် ဘဝကို ကိုယ်စားပြုနိုင်ရမည်။ ဘဝအခြေအနေကို ညွှန်ပြနိုင် ရမည်။

မောင်သိန်းဆိုင်က–

> “အချို့သော အကြောင်းအရာတို့မှာ စင်စစ် ပြောပလောက်အောင် ထူးထူးခြားခြား မရှိပါပဲလျှင် အရေးအသားကောင်းသော ရေးတတ် သူများ ရေးသားလိုက်သည့်အခါ စုံမက်ဖွယ်၊ စွဲလမ်းဖွယ်၊

---

[၁] ဝန်၊ ဦး၊ ၁၉၆၄၊ ။

> နှစ်ခြိုက်ဖွယ် ကောင်းသော အနုပညာပစ္စည်းတစ်ရပ်အဖြစ်သို့ ရောက်ရှိလာသည်ကို မြင်တွေ့ရတတ်ပါသည်။”[၁]

ဟူ၍ အရေးအသားကောင်းမွန်ပါက စာသည် နှစ်သက်မြတ်နိုးဖွယ်ကောင်းကြောင်း ဖော်ပြထားပါသည်။

ဝတ္ထုရေးသူသည် စေတနာတစ်ရပ်ကိုသော်လည်းကောင်း၊ ဝေဒနာတစ်ရပ်ကိုသော်လည်းကောင်း၊ ဇာတ်ဆောင်တစ်ဦးကိုသော်လည်းကောင်း၊ စာဖတ်ပရိသတ်ထံ တင်ပြလိုသည် ဖြစ်အံ့။ အရေးအသားဖြင့် သရုပ်ဖော်တင်ပြရမည် ဖြစ်သည်။ ဝတ္ထုရေးသားရာတွင် စကားသုံး နေသားတကျသုံးစွဲပြီး ရေးသားနိုင်ပါက အရေးအသား ရှင်းလင်းပြေပြစ်မည်။ ဝါကျတိုများဆက်၍ အသုံးပြုပြီး ရေးသားပါက စာဟန် သွက်လက်ပြီး စာဖတ်သူ နားလည်ရှင်းလင်းလွယ်ကူမည်။

ဝတ္ထုဇာတ်လမ်းဖန်တီးရာတွင် စာရေးသူတို့သည် ဇာတ်ဆောင်တစ်ဦးဦးက အဖြစ်အပျက်ကို ပြန်ပြောင်းပြောဆိုဟန်ဖြင့်သော်လည်းကောင်း၊ အဓိကဇာတ်ဆောင် မဟုတ်သော်လည်း ဝတ္ထုတွင် ပါဝင်သူတစ်ဦးဦးက ပြန်ပြောင်းပြောဆိုဟန်ဖြင့် လည်းကောင်း၊ စာရေးဆရာက နောက်မှနေ၍ဇာတ်ဆောင်အားလုံးတို့ကိုယ်စား သရုပ်ဖော်ကာ ရေးသားပုံဖြင့်လည်းကောင်း၊ စာရေးသူသည် ဇာတ်ဆောင်တစ်ဦးဦး၏ စိတ်တွင်းသဏ္ဌာန်၌ ခိုဝင်၍ ရေးသားပုံဖြင့်လည်းကောင်း၊ နည်းမျိုးစုံဖြင့် ရေးသား တင်ပြလေ့ ရှိကြသည်။

## ၃။ ‘မိုးရွာသောညများ”

## ၃၊ ၁။ ရည်ရွယ်ချက်

၁၉၆၀ ခုနှစ် ဇူလိုင်လထုတ်၊ ငွေတာရီမဂ္ဂဇင်းတွင် ပါဝင်သော ‘မိုးရွာသော ညများ’ ဝတ္ထုတိုတွင် ‘ခေတ်ဆိုး၊ ခေတ်ပျက်တွင် တိုင်းသူပြည်သားများ ဆင်းရဲဒုက္ခ ရောက်ရပုံ’ တို့ကို ရည်ညွှန်းထားသည်။ ရောင်စုံသူပုန်တို့၏ရန်ကြောင့် တောရွာနေ ပြည်သူတို့ အခြေအနေပျက်ပြားရပုံကို–

> “ကိုဘမောင်တို့သည် လက်ထပ်ပြီး သုံးလေးနှစ်သာ ပျော်ရွှင်စွာ နေရသည်။ မကြာမီ သောင်းကျန်းဆူပူမှုဖြစ်သဖြင့် ဒုက္ခအဖုံဖုံကို တွေ့ဆုံရ၍ ရန်ကုန်ကို ခိုကပ်ရလေသည်။ ရန်ကုန်တွင် ဖြစ်သလိုစား၊

[၁] သိန်းဆိုင်၊ မောင်၊ ၁၉၇၃၊ ၅၆။

ဖြစ်သလိုနေနှင့် သမီးအငယ်လေး တစ်ယောက် ဆုံးပြီး မအေးကြိုင်
သည်လည်း ရောဂါရ၊ ဒုက္ခစပေတော့သည်”[၁]

ဟူ၍ တင်ပြထားသည်။ ထို့အပြင် ပြည်သူများ၏ အကျင့်စာရိတ္တပျက်ပြားခဲ့ပုံကိုလည်း ဇာတ်ဆောင်ကိုဘမောင်၏ အတွေးဖြင့်–

“ကိုဘမောင်၏ စိတ်တို့သည် အစဉ်ရပ်တည်မနေ၊ အရက် ကောင်းကောင်းသောက်တတ်လာသည်။ အပျော်မိန်းမ လိုက်တတ် လာသည်။ စပါးစိုက်မည့်အစား၊ ခါးပိုက်နှိုက်ရသည်မှာ ဘေးရှိ သော်လည်း ပိုချောင်သည်ဟု ထင်လာသည်”[၂]

ဟူသော ဇာတ်ဆောင်၏အတွေးများဖြင့် စာရေးသူ၏ တိုင်းပြည်ကို တိုးတက်စေ လိုသော၊ အေးချမ်းသာယာစေလိုသော၊ ပြည်သူတို့ကို အမှောင်တွင်းမှ ကင်းလွတ်စေ လိုသည့် စေတနာ ရည်ရွယ်ချက်ကို တွေ့ရှိရပါသည်။

## ၃၊ ၂။ ဇာတ်လမ်းလေ့လာချက်

‘မိုးရွာသောညများ’ ဝတ္ထုတိုတွင် ကုန်တင်ကုန်ချအလုပ်သမား (ကူလီ) ကိုဘမောင် အလုပ်သိမ်း၍ ပြန်လာပုံမှစတင်၍ ဇာတ်လမ်းကို ‘အစပျိုး’ ထားသည်။ ထမင်းဆိုင်တွင် ညစာစားပုံ၊ ဤတွင် တောသားတစ်ဦးပီသစွာ (နွားအသား)အမဲသားကို မစားရက်ပုံနှင့် တစိမ့်စိမ့်ရွာနေသော မိုးကိုကြည့်ရင်း သူကျင်လည်နေထိုင်ခဲ့ရာ တောရွာကို သတိရပုံကို ဖော်ပြထားခြင်းဖြင့် စာဖတ်သူတို့၏ သိချင်စိတ်ကို ‘နှိုးဆွ’ ထားသည်။ ကိုဘမောင်သည် မိုးရွာသည်ကိုကြောက်ပုံကို ‘မြုပ်ကွက်’ တစ်ခုအနေဖြင့် တင်ပြထား သည်။ မိုးရွာသည်ကို ကိုဘမောင် မမြင်ချင်၊ မတွေ့ချင်ပေ။ မအေးကြိုင်ကို သတိရမိ ပါသည်။ ဘဝ၏ အဆင်မပြေခါးသည်းမှုများသည် ‘ဇာတ်တက်ပိုင်း’ ဖြစ်သည်။ ဘဝ၏ အဆင်မပြေပုံများကို မိုးရွာသောညများဖြင့် ‘နိမိတ်ပုံ’ ပြု ဖော်ပြထားသည်။ ‘လူရိုးကြီး ကိုဘမောင်၏ဘဝသည် အေးချမ်းသာယာမှု ရှိပါဦးမည်လား’ ဟူသော ပရိသတ်၏ သိချင်စိတ်ကို ပြင်းပြစေသည်။ ဇာတ်လမ်း၏အရှိန် အမြင့်ဆုံး အပိုင်း ဖြစ်သည်။ သို့သော် လူရိုးကြီးကိုဘမောင်သည် ဆန်းပြားသွားသည်။ မိန်းမလိုက်စား တတ်သွားသည်။ ခါးပိုက်နှိုက်တတ်သွားသည်၊ ဘဝကို ရေစုန်မျောလိုက်ခြင်းဖြင့် ဇာတ်ကို ဆင်းထားသည်။ ခေတ်စနစ်၏သားကောင် ကိုဘမောင်သည် အမှောင်တွင်း၌ ဘဝကို အရှုံးပေးသွားရပုံတို့ဖြင့် ‘ဇာတ်သိမ်း’ ထားသည်။ ခေတ်စနစ်၏သားကောင်

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၅၂။
[၂] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၁၃။

ဖြစ်သွားရပုံကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသည်။ ဇာတ်လမ်းသည် စ,လယ်,ဆုံး ညီညွတ်မှု ရှိသည်။

## ၃၊ ၃။ ဇာတ်ဆောင်

### ကိုဘမောင်

မိုးရွာသောညများဝတ္ထုတိုတွင် အဓိကဇာတ်ဆောင်မှာကိုဘမောင် ဖြစ်သည်။

စရိုက်ရှင်ဖြစ်၍ စရိုက်နှစ်မျိုးကို တွေ့ရသည်။ တောရွာ၌ ရိုးသားကြိုးစား၍ ဇနီးမယားကိုမြတ်နိုးသော လူကောင်းစရိုက်ကို တွေ့ရသည်။ သို့သော် ဇနီးမယား သေဆုံးသွား၍ ဆင်းရဲဒုက္ခရောက်ရပုံမှ အစပြုကာ–

> "ကိုဘမောင်၏စိတ်တို့သည် မအေးကြိုင်ဆုံးပြီးသည်မှ အစဉ် ရပ်တည်မနေ၊ အစဉ် ညစ်ညူးနောက်ကျိနေသဖြင့် အရက် ကောင်းကောင်းသောက်တတ်လာသည်။"[၁]

ဟူ၍ လေလွင့်ပျက်စီးသွားပုံကို တွေ့ရသည်။ တွယ်ရာမဲ့ဘဝ၌ ပျော်သလိုနေ လိုက်သော စရိုက်ကို တွေ့ရသည်။

ခြေသလုံးအိမ်တိုင်ဘဝတွင် ဘဝကို နာကျည်းငြီးငွေ့နေသော၊ အမှောင်မှန်း သိသော်လည်း ဇွတ်တိုးဝင်နေသော ပျော့ညံ့သော လူတစ်ယောက် ဖြစ်သည်။ လူ့သဘာဝပီသသော စရိုက်ပိုင်ရှင်တစ်ဦးလည်း ဖြစ်သည်။ မကောင်းတာလုပ်လျှင် ရှက်ရကြောက်ရမည်ဖြစ်သော လူ့သဘောသဘာဝကို–

> "ကိုဘမောင်သည် ရှက်စိတ်၊ အံ့ဩစိတ်တို့ဖြင့် ကောင်မလေး သားအဖ မိုးရေထဲတွင် လျှောက်သွားသည်ကို ငေးကြည့်နေမိ လေသည်။"[၂]

ဟူ၍ ရေးဖွဲ့ထားရာ အမီနာနှင့်နေထိုင်သည်ကို ပတ်ဝန်းကျင်က သိသွားမည်ကို စိုးရိမ်သော၊ လူ့သဘာဝပီသသော စရိုက်ပိုင်ရှင်တစ်ဦး ဖြစ်သည်။ သို့သော် အမှောင်မှန်း သိသော်လည်း ရုန်းမထွက်ဘဲ ဘဝကို ရေစုန်မျှောနေသော ခပ်ညံ့ညံ့စရိုက်ပိုင်ရှင် တစ်ဦး ဖြစ်သည်။

---

[၁] မြစိမ်း၊ (တက္ကသိုလ်)၊ ၁၉၆၀၊ ၅၃။

[၂] မြစိမ်း၊ (တက္ကသိုလ်)၊ ၁၉၆၀၊ ၄၃။

**အမီနာ**

အဓိကဇာတ်ဆောင် ကိုဘမောင်ကို အားဖြည့်ပေးသော အရံဇာတ်ဆောင် တစ်ဦးဖြစ်သည်။ ခန္ဓာကိုယ်ကို ရောင်းချ၍ အလွယ်လမ်းမှ စီးပွားရှာဖွေနေသော ပေါ့ပျက်သည့် စရိုက်ပိုင်ရှင် ဖြစ်သည်။ သို့သော် ငွေကြေးအခြေအနေအရ အလွယ်လမ်းမှ စီးပွားရှာဖွေနေသော်လည်း ခိုးခြင်း၊ ဝှက်ခြင်း၊လိမ်ညာခြင်း ကင်းသည်ကိုလည်း–

> "အမီနာသည် တခြားမိန်းမများကဲ့သို့ ပိုက်ဆံခိုးခြင်း၊ လိမ်ခြင်း၊ ညာခြင်း မပြုလုပ်သောကြောင့် ဖြစ်သည်။ အမီနာသည် ပိုက်ဆံ မှန်မှန်ပေးလျှင် တည်တံ့မည့်သူပင်တည်း"[၁]

ဟူသော အရေးအဖွဲ့မှတွေ့ရှိရာ ဘဝဆိုးထဲမှ ကောင်းသည့်စိတ်ထားရှိသူအဖြစ် တွေ့ရသည်။

**၃၊ ၄။ ကာလဒေသနောက်ခံ**

ကာလဒေသနောက်ခံဝန်းကျင် မပါရှိဘဲနှင့် ဇာတ်လမ်းတစ်ပုဒ် မဖြစ်ပေါ်နိုင်ချေ။ 'မိုးရွာသောညများ' ဝတ္ထုတိုအဖွဲ့တွင် ကာလဒေသနောက်ခံအခြေအနေကို ဒေသ ဝန်းကျင်၊ ကာလဝန်းကျင်၊ လုပ်ငန်းဝန်းကျင်၊ လူမှုရေးဝန်းကျင်၊ လူတန်းစားဝန်းကျင် တို့ဖြင့် ရေးဖွဲ့တင်ပြထားသည်။

> "ကမ်းနားလမ်းမှ ကုန်တင်ကုန်ချအလုပ်သမားများကို တင်ဆောင်၍ မောင်းနှင်လာသော ကားကြီးတစ်စီးသည် မအူကုန်းထိပ် တစ်နေရာတွင် ထိုးရပ်လိုက်လေသည်။"[၂]

ဟူ၍ ဇာတ်ဆောင်ကိုဘမောင် ကူလီခေါင်းအဖြစ် အလုပ်လုပ်၍ အလုပ်သိမ်းပြန်လာပုံ နှင့် ဇာတ်လမ်းကို ဒေသဝန်းကျင် လုပ်ငန်းဝန်းကျင်ဖြင့် အစပြု၍ ဖော်ပြထားပါသည်။

> "မိုးတဖွဲဖွဲကျနေရာမှ တစိမ့်စိမ့်မိုးရွာလာသဖြင့် ကိုဘမောင်သည် လည်ပင်းနဲ့ ချိတ်ထားသော ထီးကို ဖွင့်၍ဆောင်းကာ ကုလား ထမင်းဆိုင်သို့ ဝင်ခဲ့ပေသည်။"[၃]

ဟူ၍ မိုးရွာသော အခါကာလမိုးရာသီကို အခြေပြု၍ ရေးဖွဲ့ထားသည်။

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၉။
[၂] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၅။
[၃] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၆။

"ကုလားထမင်းဆိုင်၊ ကုလားလဘက်ရည်ဆိုင်"[၁]

"ကပတ်ပလာတာရောင်းသော ကုလားအဖိုးကြီး၊ တရုတ်အဖိုးကြီး စားသောက်ဆိုင်"[၂]

ဟု ဖော်ပြထားခြင်းဖြင့် ထိုခေတ်စီးပွားရေးလောက၌ လူမျိုးခြားတို့ တွင်ကျယ်နေပုံကိုလည်း တွေ့ရပါသည်။ ရာသီကာလ မိုးတဖွဲဖွဲစွေနေတာကြောင့် ပတ်ဝန်းကျင်ဈေးဆိုင်တွင်လည်း လူသွားလူလာနည်းပါးနေပုံကိုလည်း ကာလဒေသနောက်ခံအဖြစ် ရေးဖွဲ့တင်ပြထားသည်။

ကိုဘမောင်၏ ဝတ်စားဆင်ယင်ပုံ၊ ကျင်လည်နေရသော အသိုင်းအဝိုင်း လူတန်းစားဝန်းကျင်ကိုလည်း–

"ကားပေါ်မှ အင်္ကျီကာကီရောင် တပတ်နွမ်း၊ ပုဆိုးအကွက်ခပ်ဟောင်းဟောင်း ဝတ်ထားသော ကုလီခေါင်းကိုဘမောင်သည် ခပ်ကိုင်းကိုင်းဟန်ဖြင့် ဆင်းလိုက်သည်။"[၃]

ဟူ၍ ဖော်ပြထားသည်။ ထို့အပြင် အရပ်ပျက်မလေး အမိနာနှင့်အတူ နေစရာကျောတစ်နေရာစာမျှမရှိပုံ တရုတ်သင်္ချိုင်းထဲ၌ သွားအိပ်ရပုံတို့ဖြင့်လည်း နောက်ခံဝန်းကျင်နှင့် ဆက်စပ်တင်ပြထားသည်။

တရုတ်လူမျိုးများ၏ ရိုးရာဓလေ့ထုံးစံကိုလည်း လူတန်းစားဝန်းကျင်အဖြစ် ထည့်သွင်းဖော်ပြထားသည်။ 'တစ္ဆေကြီးပူဇော်ပွဲ' ဟူ၍ ကွယ်လွန်ခဲ့ပြီးသော မိဘ၊ ဘိုးဘွားများကို နှစ်စဉ်ကန်တော့လေ့ရှိကြောင်း ထိုအချိန်များတွင်သာ တရုတ်သင်္ချိုင်းသည် သန့်ရှင်းသပ်ရပ်နေသည်ကိုလည်း ကာလဒေသနောက်ခံအဖြစ် ထည့်သွင်းဖော်ပြထားသည်။ ခေတ်ကာလနိုင်ငံရေး အခြေအနေတည်ငြိမ်မှုမရှိပုံ၊ တောရွာဒေသများတွင် သောင်းကျန်းသူများရှိနေပုံကို ကိုဘမောင် ရန်ကုန်သို့တက်လာရပုံဖြင့် အဓိကနောက်ခံတစ်ခုအဖြစ် တင်ပြထားသည်။ ရန်ကုန်ရောက်၍ ကိုဘမောင် အကျင့်စာရိတ္တ ယိမ်းယိုင်လာပုံ၊ ကိုဘမောင် မိန်းမ မအေးကြိုင် အငတ်ငတ်အပြတ်ပြတ်ဖြင့် သေခဲ့ရရှာပုံတို့ကို ကာလဒေသနောက်ခံကြီးတစ်ခုအဖြစ် ဖန်တီးပြီး 'မိုးရွာသောညများဝတ္ထုတို' တွင် ပရိသတ်၏စိတ်၌ ကရုဏာရသဖြစ်ပေါ်အောင် ဖန်တီးရေးဖွဲ့နိုင်စွမ်း ရှိသည်။

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၇။
[၂] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၄၀။
[၃] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၅။

## ၃၊ ၅။ အရေးအဖွဲ့

'မိုးရွာသောညများ' ဝတ္ထုတိုတွင် ခြေသလုံးအိမ်တိုင်သမား ကူညီခေါင်း ကိုဘမောင်သည် သောင်းကျန်းရန်ကြောင့် လယ်ကိုစွန့်၍ ရန်ကုန်ကိုတက်လာသည်။ စီးပွားရေးအဆင်မပြေ၍ မိန်းမ သေဆုံးခဲ့ရသည်မှစကာ သူ၏စိတ်တို့သည် အစဉ် ရပ်တည်မနေ၊ ညစ်ညူးနောက်ကျိနေသဖြင့် အရက်ကောင်းကောင်း သောက်တတ် လာသည်။ ထိုမှတဆင့် မိန်းမကို စိတ်ဝင်စားမိ၍ အပျော်မိန်းမ လိုက်တတ်လာသည်။ စပါးစိုက်ရမည့်အစား ခါးပိုက်နှိုက်ရသည်မှာ ဘေးရှိသော်လည်း ပိုချောင်သည်ဟု ထင်လာသည်။ ဤသည်ကို–

> "စပါးစိုက်မည့်အစား ခါးပိုက်နှိုက်ရသည်မှာ ဘေးရှိသော်လည်း ပိုချောင်သည်ဟု ထင်လာပေသည်။ လူရိုးကြီးကိုဘမောင်သည် လူဆိုး ဖြစ်ချင်လာသည်။"[၁]

ဟူ၍ တင်ပြထားသည်။ ကိုဘမောင်သည် ပညာမဲ့အလုပ်ကြမ်းသမားပီပီ၊ လေးနက်သော အတွေးကို အချိန်ကုန်ခံ၍ မတွေးနိုင်ပုံ၊ ရန်ကုန်မြို့ကြီးအတွင်းတွင် ထွက်ရပ်လမ်း မမြင်နိုင်ဘဲ နစ်မွန်းနေခဲ့ရသည့် အောက်တန်းလွှာတစ်ဦး၏သရုပ်ကို ပီပြင်စွာ ရေးဖွဲ့ နိုင်သည်။ ခြေသလုံးအိမ်တိုင်သမားဘဝတွင် နေရသောနေရာသည် သင်္ချိုင်းဇရပ်၊ စားရသောနေရာသည် ထမင်းဆိုင် ဖြစ်ခဲ့သည်။ ဤတွင်–

> "ဟေ့ကောင်၊ ငရုံ့ခေါင်းဟင်းမရဘူးလား"
>
> "ရတယ်– ဘရားဆပ်၊ ယူခဲ့ရမလား"
>
> "မေးနေရသေးလားကွ၊ မင်းအမဲသားပြန်ယူသွား၊ ငရုံ့ခေါင်းယူခဲ့"

ဟူ၍ မမူးရူးသောနေ့များတွင် လယ်သမားတစ်ဦးဖြစ်ခဲ့ဖူးသူ ပီသစွာ အမဲသား မစားရက်ပုံကို တွေ့ရသည်။ တောကို ပြန်၍သတိမရချင်ပုံကိုလည်း–

> "ဒီနေ့တစ်နေ့လုံးထီးတကိုင်ကိုင်နဲ့ ငါဖြင့်စိတ်ညစ်ရော၊ တောက်– မိုးကလည်းရွာလိုက်တာဟာ"
>
> "မိုးရွာမှ စပါးစိုက်နိုင်မှာပေါ့ ကိုဘမောင်ရဲ့"
>
> "ဟေ့ ... အမီနာ စပါးစိုက်တာတွေ ဘာတွေ ငါ့ကိုမပြောစမ်းပါနဲ့၊ ငါ့ကို တောပြန်သတိရအောင် မဆွစမ်းပါနဲ့၊ ငါက လယ်တော

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၅၃။

ထဲမှာ ကြီးပြီး မွေးကတည်းက စပါးစိုက်လာတဲ့အကောင်ပါဟ– နင်တို့လို နောက်ဖေးလမ်း၊ လမ်းကြိုလမ်းကြား၊ တိုက်ပြိုတိုက်ပျက် ကြားမှာ ဗရာကြော်နဲ့ နံပြားစားပြီး ကြီးလာတာမဟုတ်ပါဘူး"[၁]

ဟူ၍ ဇာတ်ဆောင်အချင်းချင်း အချီအချစကားပြောပုံများဖြင့် ရေးသားထားသည်ကို တွေ့ရှိရပါသည်။

ဘဝကို နာကြည်းငြီးငွေ့နေသော အလုပ်သမားခေါင်းတစ်ယောက်၏ စရိုက်သဘာဝ၊ စိတ်နေသဘောထားကိုရေးဖွဲ့ရာ၌ ပီပြင်စွာ ရေးဖွဲ့နိုင်သည်ကို–

"ဟိုအကြောင်း၊ သည်အကြောင်း စဉ်းစားကာ စိတ်ပင်ပန်းရခြင်းထက် အရက်သောက်၊ စီးကရက်ခဲ၍ ကိုယ့်နှောင်ရေး၊ ကိုယ့်အကြောင်းကို တွေးချင်သည်မှာ ကိုဘမောင်လည်း လူတစ်ယောက်ဖြစ်၍ လူ့သဘာဝ အတိုင်းပင် ဖြစ်ချေ၏။"[၂]

ဟု ရေးသားထားသည်မှာ ကိုဘမောင်ကဲ့သို့ အလေးအနက် မတွေးခေါ်နိုင်သော ခမ်းကြီး၊ နားကြီး မမျှော်မှန်းတတ်သော၊ လောက၌ ပျော်သလိုနေတတ်သော အောက်တန်းလွှာ လူတစ်ယောက်၏ စရိုက်သဘာဝကို ပီပြင်အောင် ဖော်ပြနိုင်ခဲ့ပါသည်။

'မိုးရွာသောညများ' ဝတ္ထုတိုသည် ဇာတ်လမ်းကို ပဓာနမထားဘဲ ဇာတ်ဆောင် ပဓာန ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဇာတ်လမ်းကို ပဓာနမထားသဖြင့် ဇာတ်လမ်းကို ပဓာနထားသော ဝတ္ထုများကဲ့သို့ မြုပ်ကွက်များသုံးခြင်း အရိပ်နိမိတ်ပြကွက်များ သုံးခြင်း မရှိ။ အရေးအသားရိုးရိုးသာ ဖြစ်သည်။ သို့သော် ရေးဖွဲ့တင်ပြပုံမှာ စိတ်ဝင်စားဖွယ် ကောင်းသည်။ ပရိသတ်ကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။ ရသမြောက်သည်။ ရသ မြောက်သည် ဆိုရာ၌ ရွှင်လန်းအားတက်ဖွယ် မပါ။ ဇာတ်ဆောင်၏ လေနေသော စိတ်နှင့်အတူ ဘဝကိုအရှုံးပေးသည့်သဘောအား သနားဖွယ် ရေးဖွဲ့ထားသည်။

မိန်းမပျက်လေး အမီနာ၏ စရိုက်သဘာဝကိုလည်း–

"အမီနာသည် မုန့်ပြစ်စလက် တစ်ဖက်ကရောင်း၍ တစ်ဖက်က တစ်မျိုး စီးပွားရှာသူ ဖြစ်သည်။ စုမိသည်မရှိ တစ်ခါတစ်ရံ ကိုဘမောင်ကဲ့သို့ ဝယ်သူမလာသောအခါတွင် ညဈေးတန်းမှ

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၄၀။

[၂] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၇–၃၈။

ဝယ်ခဲ့သော ပစ္စည်းများသာမက ထီးစုတ်ကအစ အပေါင်ဆိုင်ကို သွားသိမ်းခိုင်းရသည့်အဖြစ်နှင့် ကြုံလေသည်။”[၁]

ဟူ၍ အမီနာ၏ ပေါ့ပေါ့နေပေါ့ပေါ့စားသော စရိုက်နှင့်ဘဝကို ပီပြင်စွာရေးဖွဲ့နိုင်သည်။

ဝက်ဝုတ္တိအလင်္ကာမြောက်သောအဖွဲ့ကို–

“အမဲသားအရသာကို လျှာတွင်တင်၍ ရသာရုံတွင် နှစ်မြှုးချင်ကြသည်။”[၂]

ဟူ၍ အမဲသားဟင်းစားခြင်းကို သွယ်ဝိုက်၍ ရေးဖွဲ့ထားသည်။ ‘မျက်ရည်တသွင်သွင်’ ဟူသော ဝိဇ္ဇာလုံးထပ်စကားဖြင့် မျက်ရည်နှင့်မိုးရေကို တင်စားရေးဖွဲ့ထားသည်။

‘မိုးရွာသောညများ’ ဝတ္ထုတိုတွင် ဇာတ်ဆောင်ကိုဘမောင်အား သနားကရုဏာ ဖြစ်မိသော ‘ကရုဏာ’ ရသနှင့်အတူ ကိုဘမောင်၏လောကကို အရှုံးပေးသော သဘောကို ပေါ်လွင်အောင် ရေးသားထားသည်။

## **၄။ “မြေကြီးအိမ်”**

### **၄၊ ၁။ ရည်ရွယ်ချက်**

၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပါဝင်သော ‘မြေကြီးအိမ်’ ဝတ္ထုတိုသည် အရင်းရှင်စနစ်ကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ မြေပိုင်ရှင်တစ်ဦး၏ လူမဆန်စွာပြုမူပုံကြောင့် လူ့ဘဝထဲသို့ အဖေခေါ်စရာ မရှိဘဲ ရောက်လာရသော တိုးမောင်အကြောင်းကို–

“တိုးမောင်ရေ၊ မင့်ခွေးက သူဌေးသားနဲ့ရလာလို့ သူဌေးသား ကလေး ကျနေတာဘဲ အေးလေ – သူဌေးခွေးကျနေတာဘဲ၊ ဒို့ဘုန်းကြီးကျောင်းနဲ့တောင် မတန်ဘူး”

“တန်ပါတယ်ဗျာ၊ သူဌေးအိမ်က အဖေကျော်ကီလို အမွေး မချောပါဘူး ငဖြူအမွေးက ကြမ်းတယ်၊ ငဖြူက မြေကြီးပေါ်မှာ ကြီးတော့ အိမ်ထဲမှာကြီးတဲ့ ခွေးတွေနဲ့ ဘယ်တူပါ့မလဲ၊ ဘုန်းကြီးကျောင်းခွေးပါဗျာ”

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၃၇–၃၈။
[၂] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၀၊ ၄၆။

"အေးပါ၊ ဘုန်းကြီးကျောင်းခွေးပါကွာ၊ မင်းလိုပေါ့"

"ကျွန်တော့်လို.."

"မင်းလို ဘုန်းကြီးကျောင်းသားပေါ့ကွာ၊ ငဖြူက ဘုန်းကြီးကျောင်းခွေးပေါ့ အင်း ... အင်း"[၁]

ဇာတ်ဆောင်ဦးဘသာ ပြောစကားဖြင့် တင်ပြထားသည်။ မြေပိုင်ရှင်လူတန်းစား၏ လူမဆန်စွာပြုမူပုံကို သိရှိစေလိုသော စေတနာရည်ရွယ်ချက် ဖြစ်သည်။

## ၄၊ ၂။ ဇာတ်လမ်းလေ့လာချက်

တိုးမောင်သည် ခွေးကလေးမိညိုအား လိုက်ရှာပုံဖြင့် 'ဇာတ်လမ်းအစပျိုး' ထားသည်။ တွယ်ရာမဲ့လေးဖြစ်သော တိုးမောင်သည် ခွေးလေးများအား သံယောဇဉ်ရှိပုံဖြင့် 'ဇာတ်နှိုး' ထားသည်။ လူနှင့်ခွေး ဘဝချင်းမတူသော်လည်း အဖြစ်ချင်းတူစွာဖြင့် ဇာတ်လမ်းကို အားပြိုင်ထားသည်။ လူစိတ်မရှိသော လူမဆန်သော လူတို့ကြောင့် တိုးမောင် လူ့ဘဝသို့ရောက်ရပုံသည် ဇာတ်လမ်းအရှိန် အမြင့်ဆုံးအပိုင်းဖြစ်သည်။ အကြင်နာတရားခေါင်းပါးသော ဦးမောင်ကြီးတို့မိသားစုနှင့် လူသားဆန်သော ဦးကိတ္တိ၊ ဦးသူရိယ၊ ဦးဘသာတို့ဖြင့် ဇာတ်လမ်းကို အားပြိုင်ထားသည်။ ဇာတ်လမ်းကို အားပြိုင်မှုများဖြင့် ဖန်တီးထားပြီး စာဖတ်သူတို့၏ သိလိုစိတ်ကို လှုံ့ဆော်ပေးထားသည်။ တိုးမောင်ကို ဘုန်းကြီးဦးကိတ္တိ ကြည့်ရှုထားပုံ၊ ကျောင်းထားပေးပုံဖြင့် 'ဇာတ်ဆင်း' ထားပြီး ခွေးလေးငဖြူသေဆုံးပုံဖြင့် 'ဇာတ်သိမ်း' ထားသည်။ ဇာတ်ရှိန်သည် တရှိန်ထိုးမြင့် တက်သွားသည်ကို မတွေ့ရပေ။ စာရေးသူသည် ဦးဘသာနေရာမှနေ၍ ဇာတ်ကြောင်းပြောသူအဖြစ်ဖြင့် ဇာတ်လမ်းဆင်ထားသည်။ စာဖတ်သူတို့၏ သိလိုစိတ်ကို သိမ်မွေ့စွာ စည်းရုံးရေးဖွဲ့ထားသည်။ ဇာတ်လမ်းသည် အရှိန်မြင့်တက်မှန်းမသိ တက်လာပြီး ဇာတ်ဆင်းပိုင်းသည်လည်း တဖြည်းဖြည်းချင်း ဆင်းလာသည်ကို တွေ့ရသည်။ 'မြေကြီးအိမ်' ဝတ္ထုတိုသည် စဖတ်သည်မှ ဆုံးသည့်တိုင် တဆက်တည်း ဖတ်ချင်စိတ် ပေါ်လာစေသည်။

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၅၊ ၂၅၈။

## ၄၊ ၃။ ဇာတ်ဆောင်

### တိုးမောင်

မြေရှင်အရင်းရှင်တို့၏ လူမဆန်သည့် လုပ်ရပ်ကြောင့် လူ့ပြည် ရောက်လာခဲ့ရသူ ဖြစ်သည်။

> "တိုးမောင် အမေကျောင်ညွန့်ကို သူဌေးဦးမောင်ကြီးအိမ်မှ လူရှာခိုင်းသဖြင့် ပို့ပေးခဲ့ခြင်း ဖြစ်သည်။ ကျောင်ညွန့် ၁၉ နှစ်သမီးအရွယ်တွင် ပိတောက်ကုန်းသို့ အပြီးပြန်သွားသည်။ ဦးဘသာ ပိတောက်ကုန်းရွာသို့ ရောက်သွားသောအခါတွင် ကျောင်ညွန့်မှာ သားသည်အမေ ဖြစ်နေလေပြီ။"[၁]

ဟူသော အရေးအဖွဲ့အရ သိရသည်။ တိုးမောင်သည် တာဝန်သိတတ်သူ ဦးဘသာကြောင့် ပညာသင်ကြားနိုင်ခြင်း ဖြစ်သည်။ တွယ်ရာမဲ့ဘဝတွင် ခွေးမလေးမိညိုနှင့် သူ၏ သားကို လွန်စွာချစ်လေသည်။ သူရသောမုန့်ဖိုးကိုပင် မစားရက်ဘဲ ခွေးကလေးငဖြူကို မုန့်ဝယ်ကျွေးသူ ဖြစ်သည်။

### ဦးဘသာ

တာဝန်သိတတ်သူတစ်ဦး ဖြစ်သည်။ သူ့ကြောင့် လူ့လောကသို့ ရောက်လာရသော တိုးမောင်၏ဘဝကို တာဝန်ယူခဲ့သည်။ သနားကြင်နာတတ်သူတစ်ဦး ဖြစ်သည်။ တိုးမောင်၏ဘဝကို တာဝန်ယူနိုင်တော့မှပင် သူ့အမှားအတွက် အသက်ဝဝ ရှုရဲတော့သည်။

'မြေကြီးအိမ်' ဝတ္ထုတိုတွင် မြေရှင်လူတန်းစား၏ လူမဆန်မှုကြောင့် လူ့လောကသို့ ရောက်ရှိလာရသော တိုးမောင်အကြောင်းကို တွေ့ရသည်။ အဖေခေါ်စရာ မရှိသော ဘဝ၊ မိခင်နှင့်လည်း အတူတူမနေရ၊ အထီးကျန်ဆန်လှသောဘဝ၌ ခွေးမလေးမိညိုနှင့် ခွေးကလေးငဖြူကို တွယ်တာမိသည်။ ခွေးကလေးများကို မိမိစားမည့် အစားထမင်းကို ခွဲကျွေးသည်အထိ ဖြစ်သည်။ အသက်အရွယ်ငယ်သော်လည်း လူသားဆန်သော စရိုက်ကို တိုးမောင်တွင် တွေ့ရသည်။ ဇာတ်ဆောင်ဦးဘသာသည်လည်း တာဝန်သိတတ်သူ တစ်ဦးဖြစ်သည်။ တစ်ဖန် တိုးမောင်၏ဘဝကို ကယ်တင်ထားသော ဘုရားသားတော် ရဟန်း၏ ကံသုံးပါးအမူအရာကိုလည်း တွေ့ရသည်။ ဤသို့ လူသားဆန်သော လူသားများကတစ်ဖက်၊ လူမဆန်သော မြေပိုင်ရှင်သူဌေး ဦးမောင်ကြီးတို့

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၅၊ ၂၅၅။

မိသားစုကတစ်ဖက် ဇာတ်ဆောင်စရိုက် အကောင်းနှင့်အဆိုး ကွာခြားပုံကို ပေါ်လွင်စွာ တွေ့ရသည်။

## ၄၊ ၄။ ကာလဒေသနောက်ခံ

မြေရှင်ပဒေသရာဇ်ခေတ်၊ ပိတောက်ကုန်းရွာကို ကာလဒေသနောက်ခံအဖြစ် ဖော်ပြထားသည်။ ဘုန်းကြီးကျောင်းသားလေး တိုးမောင် လူ့ဘဝသို့ အဖေခေါ်စရာ မရှိ။ အမေတစ်ဦးတည်းနှင့် ရောက်လာရပုံကိုဖော်ပြ၍ ပဒေသရာဇ်လူတန်းစား ဝန်းကျင်ကို အောက်ပါအတိုင်း နောက်ခံပြုကာ ဖော်ပြထားပါသည်။

> "တိုးမောင်အမေ ကျင်ညွန့်ကို သူဌေးဦးမောင်ကြီးအိမ်က လူရှာခိုင်းသဖြင့် ပို့ပေးခဲ့ခြင်း ဖြစ်သည်။ ကျင်ညွန့် ၁၅ နှစ်သမီးခန့်တွင် သူ့အမေ မျက်စိကွယ်သွားပြီး စားရမဲ့သောက်ရမဲ့ဖြစ်နေသဖြင့် ဦးဘသာက လူလိုနေသော သူဌေးအိမ်သို့ ကျင်ညွန့်ကို ပို့ပေးခဲ့သည်။"[၁]

ထိုမှ ဦးမောင်ကြီးအိမ်တွင် ကျင်ညွန့် ထမင်းစားကျွန်ခံဘဝနှင့် လေးနှစ်ကြာပုံ၊ တစ်နှစ်လျှင် တစ်ရာခန့်သာ လုပ်အားခရပုံ၊ ကျင်ညွန့် ၁၉ နှစ်သမီးအရွယ်တွင် ပိတောက်ကုန်းသို့ အပြီးပြန်သွားရပုံ စသည်ဖြင့် ကျင်ညွန့်ဘဝ နောက်ခံဝန်းကျင်ကို ဖော်ပြထားသည်။ ပဒေသရာဇ်ခေတ် မြေရှင်အရင်းရှင်လူတန်းစား၏ ခြေတော်တင်ခြင်းကို ခံခဲ့ရသော တောသူမလေးကျင်ညွန့်မှတစ်ဆင့် အရင်းရှင်လူတန်းစား၏ နောက်ခံဝန်းကျင်ကို တင်ပြထားသည်။ တိုးမောင်နှင့်ဘဝတူ ခွေးမလေးမိညို၊ သားကလေး ငဖြူတို့ဖြင့် ဩကာသဝန်းကျင်ကို နောက်ခံပြုထားသည်။

## ၄၊ ၅။ အရေးအဖွဲ့

မြေကြီးအိမ်ဝတ္ထုတိုကို စာရေးဆရာကြီး ကေ(k)က အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့သည်။ အိမ်ရှင်သူဌေး၏ ခြေတော်တင်ခံရပြီး စွန့်ပစ်ခြင်းခံရသည့် အိမ်စေမလေး၏ဘဝကို တင်ပြထားသည်။ အရင်းရှင်စနစ်သည် ဆင်းရဲသားတို့၏ နစ်နာမှု၊ ခံစားမှုတို့ကို ဂရုမပြု၊ နိုင်ထက်စီးနင်းလုပ်တတ်သည့်သဘောကို ပီပြင်စွာ ရေးဖွဲ့နိုင်ခဲ့သည်။

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၅၊ ၂၅၄။

ဘုန်းကြီးကျောင်းသားလေး တိုးမောင်သည် အဖေမရှိ၊ အမေနှင့်လည်း အတူမနေရဘဲ တွယ်တာစရာ ဦးဘသာနှင့် ဘုန်းကြီးဦးကိတ္တိ၊ ဘုန်ကြီးဦးသူရိယတို့သာ ရှိသည်။ ထို့ကြောင့် ခွေးမလေးမိညိုတို့သားအမိကို အလွန်သံယောဇဉ် ဖြစ်ရသည်။ တွယ်ရာမဲ့ဘဝ သံယောဇဉ်တွယ်မိပုံကို –

> "တိုးမောင်သည် ခွေးဖြူကလေးကို မြင်လျှင်မြင်ချင်း အလွန်ချစ်လေသည် ဖြေူဟု မှည့်၏။ မိညို ခွေးမွေးသောအချိန်အတွင်း ဦးကိတ္တိက ကျောင်းဝင်းအတွင်း၌ ခွေးများသည်ဆို၍ လိုက်မောင်းပစ်နေပြန်သဖြင့် တိုးမောင်မှာ ဖြေူတို့သားအမိအတွက် ပူပင်သောက အလွန်ဖြစ်ရသည်။ မိညိုတို့သားအမိကို ဘုန်းကြီးမောင်းပစ်ပါက သူပါလိုက်သွားရန် အသင့်ဖြစ်နေသည်။"[၁]

ဟူ၍ ရေးဖွဲ့ထားရာ 'ခွေးနှင့်လူ' မျိုးမတူသော်လည်း သံယောဇဉ်တွယ်ငြိရပုံကို ရေးဖွဲ့ထားခြင်းဖြစ်ရာ 'ကရုဏာရသ' မြောက်စေပါသည်။ သံယောဇဉ်ဟူသည် မမြင်ရသော်လည်း အလွန်ပင်ခိုင်ခံ့လှသည်။

ခွေးကလေးများ အစာရေစာဖူလုံရေးအတွက် ကိုယ်တိုင်အငတ်ခံရပုံကို ရေးဖွဲ့တင်ပြထားသည်။ ကရုဏာရသမြောက်စေသော အဖွဲ့ဖြစ်သည်။

အရင်းရှင်စနစ်ဆိုးကြောင့် တိုးမောင် လူ့ဘဝသို့ရောက်လာရပုံသည် ရင်နာစဖွယ်ဖြစ်သည်။ အဖေခေါ်စရာမရှိသောဘဝနှင့် လူ့ပြည်သို့ ရောက်လာရသည်။ ထိုသို့သော အရင်းရှင်စနစ်၌ လူမဆန်သော လူချမ်းသာများ၏ လူလူချင်း အနိုင်ကျင့်ဖိနှိပ်ချုပ်ချယ်ပုံကို–

> "ကျင်ညွန့်ကို လခလည်း တိုးမပေး၊ တောကိုလည်း ပြန်ပို့မပေးပေ။ ကျင်ညွန့် ၁၉ နှစ်သမီးအရွယ်တွင် ပိတောက်ကုန်းသို့ အပြီးပြန်သွားကြောင်း ဦးဘသာ သိရသည်။ ဘာကြောင့် ပြန်သွားကြောင်းကိုကား သူမသိလိုက်ပေ။ ကျင်ညွန့်ပြန်သွားပြီး တစ်နှစ်ခန့်ကြာ၍ ဦးဘသာ ပိတောက်ကုန်းသို့ သွားသောအခါ ကျင်ညွန့်မှာ သားသည်အမေ ဖြစ်နေလေပြီ။"[၂]

ဟူ၍ ပီပြင်စွာ ရေးဖွဲ့ထားသည်။

ကျင်ညွန့်ကိုအားရအောင် ခြေတော်တင်ပြီးမှ ရွာသို့ ပြန်ပို့လိုက်ပုံသည် လူမဆန်လှသော လုပ်ရပ်တစ်ခု ဖြစ်သည်။ လူလူချင်း၊ လူ့အခွင့်အရေးများ ဆုံးရှုံးပုံကို

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၅၊ ၂၅၃။

[၂] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၅၊ ၂၅၅။

တွေ့မြင်ရကာ အရင်းရှင်စနစ်၏ သားကောင်ဖြစ်ရသောဘဝကို စက်ဆုပ်မိသဖြင့် 'ဝိဘစ္ဆရသ' ကို ခံစားရစေသည်။ ဘုန်းကြီးကျောင်းအောက်၌ ဘဝတစ်ခု စတင်ခဲ့ရသော မိညိုနှင့်သားကလေးငဖြူတို့၏ ဘဝနှင့် ဘုန်းကြီးကျောင်း၌ လူဖြစ်အောင်လုပ်ရရှာသော တိုးမောင်ကလေးတို့၏ဘဝ ကွာခြားမှု မရှိလှပုံကိုလည်း–

> "တိုးမောင်ရေ၊ မင့်ခွေးက သူဌေးသားနဲ့ရလာလို့ သူဌေးသား ကလေး ကျနေတာဘဲ အေးလေ – သူဌေးခွေးကျနေတာဘဲ၊ ဒို့ဘုန်းကြီးကျောင်းနဲ့တောင် မတန်ဘူး"
>
> "တန်ပါတယ်ဗျာ၊ သူဌေးအိမ်က အဖေကျော်ကီလို အမွေး မချော ပါဘူး ငဖြူအမွေးက ကြမ်းတယ်၊ ငဖြူကမြေကြီးပေါ်မှာ ကြီးတော့ အိမ်ထဲမှာကြီးတဲ့ ခွေးတွေနဲ့ ဘယ်တူပါ့မလဲ၊ ဘုန်းကြီးကျောင်း ခွေးပါဗျာ"
>
> "အေးပါ၊ ဘုန်းကြီးကျောင်းခွေးပါကွာ၊ မင်းလိုပေါ့"

ဟူ၍ ကရုဏာရသမြောက်စွာ ရေးဖွဲ့ထားသည်။

တိုးမောင်ဘဝကို အစအဆုံး သိနေသော ဦးဘသာသည် တိုးမောင်ကိုမြင်မိတိုင်း စိတ်မလုံဖြစ်မိရသည်။ တိုးမောင်အား မိမိကြောင့် ဆက်၍ အမဲစက် မထင်လိုပေ။ ထို့ကြောင့် တိုးမောင်ဘဝအကြောင်းကို ဦးဘသာ အစမဖော်ခဲ့ပေ။ တိုးမောင် ယခုလို စာသင်ကြားနေရခြင်း၊ အနေအထိုင်အဆင်ပြေနေသောကြောင့်သာ သူ့အမှားအတွက် နောင်တရမှုသက်သာနေရခြင်း ဖြစ်သည်။

လူပီပီ မိမိ၏ပယောဂမကင်းဟု ယူဆရသောကိစ္စအတွက် တာဝန်ယူနိုင်ခြင်းသည် မိမိတာဝန်ကို မိမိသိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လူ့သဘာဝစရိုက်အဖွဲ့အနေဖြင့် ဦးဘသာ၏ လူပီသသောစိတ်ဓာတ်သည် နှစ်သက်ဖွယ် ဖြစ်သည်။

တိုးမောင်သည် ခွေးကလေးများနှင့်သာ အချိန်ကုန်နေသဖြင့် စာဘက်၌ လျော့နည်းလာသည်။ ထို့ကြောင့် ဘုန်းကြီးဦးကိတ္တိ၏ အရိုက်ခံရသည်။ ခွေးကလေး များကို သူများပေးမည်စိုးသဖြင့် စာကြိုးစားလာသည်။

တိုးမောင်သည် မိမိတာဝန်ကို မိမိကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ ကျောင်းသားဖြစ်သည်နှင့်အညီ စာမေးပွဲကို အောင်, အောင် ဖြေရမည်ကို သိသည်။ ထို့ကြောင့် စာကြိုးစားခဲ့သည်။ ထိုသို့ ကြိုးစားခြင်းသည်လည်း မိညိုနှင့်ငဖြူကို ချစ်၍ ဖြစ်သည်။

ခေတ်စနစ်၏သားကောင် တိုးမောင်ကဲ့သို့ပင် ဂျပန်ခေတ်နယ်ချဲ့တို့၏ ဆိုးမွေကို ဘဝတစ်လျှောက်လုံး ခါးစည်းခံခဲ့ရသော မောင်ထင်၏ဘဝတ္ထုတိုကို တင်ပြလိုပါသည်။ ဘသည် ခေတ်စနစ်၏သားကောင် ဖြစ်ရရှာသည်။ ဂျပန်ကင်ပေတိုင်တို့၏ လက်ချက်ဖြင့် တစ်မျိုး၊ အမျိုးသားသစ္စာဖောက် ဂျပန်အလိုတော်ရိစကားပြန်တို့၏ ရန်ကိုတစ်ဖုံ မျိုးစုံအောင် ဒုက္ခခံစားခဲ့ရရှာသည်။ ချွေးတပ်ဆွဲခံရ၍ လွတ်လာသော အခါ၌လည်း 'ဘ' ၏ဒုက္ခ မပြီးသေးချေ။ မိမိ၏ဆင်းရဲသောဘဝမှ လွတ်မြောက်ရေးကိုလည်း ကြိုးစားရသည်။ ထိုသို့ကြိုးစားရင်း သမီးဖြစ်သူ 'မိနီ' မှာ ဂျပန်တို့၏ အစော်ကားကို ခံရပြန်သည်။ 'ဘ' ဝတ္ထုသည် ဖက်ဆစ်ဂျပန် နယ်ချဲ့စနစ်၏ ဆိုးကျိုးကို ပေါ်လွင်စွာ တင်ပြထားသည်။

သူဌေးဦးမောင်ကြီး၏ ကားမောင်းသူ၏လက်ချက်ကြောင့် ခွေးကလေးငဖြူ သေဆုံးသွားရပုံကိုလည်း 'မြေကြီးကို အိမ်ပြုခဲ့ရသော ငဖြူကို မြေကြီးအိမ်၌ ပြန်သိပ်ရပေမည်။'[၁] ဟူ၍ သံဝေဂရဖွယ် ရေးသားထားသည်။ မြေကြီး၌ ဘဝကို စခဲ့ရပြီး မြေကြီး၌ပင် ဘဝကို အဆုံးသတ်ရပုံကို ကရုဏာရသ၊ ဝိဘစ္ဆရသများဖြင့် ရေးဖွဲ့ထားပြီး ခေတ်စနစ်၏ ဆိုးကျိုးများကို ရင်နာဖွယ်ရာ ခံစားနေရသော သားကောင်တို့၏ဘဝကို ပေါ်လွင်စွာ ရေးသားထားသည်။

## ခြုံငုံသုံးသပ်ချက်

ဝတ္ထုစာပေအဖွဲ့သည် ရသစာပေအဖွဲ့ ဖြစ်သည်နှင့်အညီ စာဖတ်သူတို့အား တစ်စုံတစ်ခုသော အတိုင်းအတာဖြင့် အသိတရားကို မီးမောင်းထိုးပြထားပေသည်။ 'မိုးရွာသောညများ' နှင့် 'မြေကြီးအိမ်' ဝတ္ထုတိုနှစ်ပုဒ်သည် ခေတ်၊ စနစ်ကို တင်ပြရင်း ခေတ်၏သားကောင် ပြည်သူတို့၏ ဘဝအစ အပြောင်းအလဲကို သနားဖွယ် ရွံရှာဖွယ်၊ အတုယူဖွယ် ရေးသားထားသည်။ ဘဝကို အောင်မြင်စွာ ပြန်လည်ရှင်သန်စေလိုသော ဆရာမကြီး တက္ကသိုလ်မြစိမ်း၏စေတနာကို အထင်အရှား တွေ့ရသည်။ ပြည်သူတို့၏ ဘဝကို အားသစ်လောင်းပေးသော ဘဝသရုပ်ဖော်စာပေတို့ ခေတ်စဉ်မပြတ် ရှင်သန်ဖွံ့ဖြိုးစေခြင်းဖြင့် မြန်မာစာပေအဆင့်အတန်းကို တစ်ခန်းတစ်ကဏ္ဍမှ မြှင့်တင်ပေးလျက် ရှိသည်ဟု ယုံကြည်မိပါသည်။

---

[၁] မြစိမ်း၊ တက္ကသိုလ်၊ ၁၉၆၅၊ ၂၅၈။

## နိဂုံး

စာပေသည် ပြည်သူ့အသက်၊ စာပေသည် ပြည်သူ့ဘဝ၊ စာပေသည် ပြည်သူ့အားမာန် ဖြစ်သည်နှင့်အညီ ခေတ်စနစ်အလျောက် ပြည်သူတို့၏ခံစားတွေ့ရှိရသော သုခ၊ ဒုက္ခ အဖြာဖြာကို စာပေများမှ ဖော်ထုတ်လျက် ရှိပါသည်။ စာပေအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ ပြည်သူတို့၏ ဘဝအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာမည်မှာ ဧကန်ဖြစ်ပါသည်။ ပြည်သူတို့၏ ဘဝကို သရုပ်ဖော်သော စာပေများသည် ပြည်သူကို အင်အားပေးသော၊ အလင်းပေးသော စာပေများ ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၈၅)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***၊ ဒုတိယအကြိမ်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာအသင်း။

စွမ်းရည်၊ မောင်။ (၁၉၈၅)။ ***ဝတ္ထုတိုလေ့လာချက်***၊ စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း။

မင်းယုဝေ။ (၁၉၇၉)။ ***ဝတ္ထုတိုစာတမ်း၊ ဝတ္ထုတို၏အင်္ဂါရပ်များ*** (ပထမတွဲ)၊ (ပထမအကြိမ်)၊ ရန်ကုန်၊ စာပေဗိမာန်။

မျိုးမင်း(ပါမောက္ခ)၊ ဦး၊ (၁၉၆၀)။ ***ခင်နှင်းယု၏ကြေးမုံရိပ်သွင်***။ ရန်ကုန်၊ စစ်သည်တော်စာပေ။

မြစိမ်း(တက္ကသိုလ်)။ (၁၉၆၇)။ ***မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများ***၊ ရန်ကုန်၊ စာပေဗိမာန်။

မြသန်းတင့်။ (၂၀၀၁)။ ***စာရေးခြင်းအတတ်ပညာ***၊ ရန်ကုန်၊ စစ်သည်တော်စာပေ။

ဝန်(ဦး)။ (၁၉၆၄)။ ***ဦးပုည၏ ဝတ္ထုတိုလေးပုဒ်အမှာစာ***၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်။

သိန်းဆိုင်၊ မောင်။ (၁၉၇၃)။ ***မြန်မာဝတ္ထုတိုရေးဟန်ရှုပ်းယှဉ်ချက်(ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်။

အောင်သင်း၊ (၁၉၉၉)။ ***အောင်သင်း၏အကြိုက်ဆုံးဝတ္ထုတိုများနှင့် သုံးသပ်ချက်များ***။ ရန်ကုန်၊ မျိုးမြန်မာစာပေတိုက်။


## အင်္ဂလိပ်ဘာသာ


J.R Kreuzer & L.Cogan studies in Prose writing.

Laurie E. Rozakis, Ph.D, 2004, THE COMPLETE IDIOT'S GUIDE TO CREATIVE WRITING. Alpha Books, 375 Hudson street, New York, NY 10014.

Lucke, Margaret, 1998, Schaum's Quick Guide To Writing Great Short Stories, New York. Me Graw, Hill, 11, West 19th street..

# ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်လေ့လာချက်

ခင်အေးသက်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် 'ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ် လေ့လာချက်' စာတမ်း ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းကြောင်းနှင့် ရွှေတိဂုံစေတီတော်ကြီးကို ဖွဲ့ဆိုထားသည့် စာပေအဖွဲ့အနွဲ့များထဲမှ ရွှေတိဂုံသမိုင်းပြဇာတ်ကို စိစစ်တင်ပြထားခြင်း ဖြစ်သည်။ ကိုလိုနီခေတ်ဦးပိုင်း ၁၈၈၄ တွင် ပေါ်ပေါက်ခဲ့သော ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံနှင့် ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာတင်ပြထားသည်။

**သော့ချက်ဝေါဟာရများ – *ရွှေတိဂုံစေတီတော်သမိုင်း၊ ကိုလိုနီခေတ်ဦး၊ ပြဇာတ်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ အရေးအဖွဲ့။***

## နိဒါန်း

'ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ် လေ့လာချက်' စာတမ်းကို စာပေနှင့်ယဉ်ကျေးမှု ရှုထောင့်မှ လေ့လာတင်ပြပါမည်။ ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ် (၁၈၈၄)သည် သမိုင်းကြောင်းကို အခြေခံကာ ထိုးဇာတ်သဘော သက်ဝင်ပြီးလျှင် ထိုခေတ် ပွဲကြည့်ပရိသတ်တို့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးထားသည့် စာပေဆိုင်ရာ ပြဇာတ်တစ်ပုဒ် ဖြစ်သည်။ အခန်း(၁)တွင် ပြဇာတ်စာပေဟူသည်၊ အခန်း(၂)တွင် ဆင်ဖြူကျွန်းဆရာသင်၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း(၃)တွင် ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်လေ့လာချက်တို့ကို လေ့လာတင်ပြထားသည်။

## ၁။ ပြဇာတ်စာပေဟူသည်

ပြဇာတ်စာပေနှင့်ပတ်သက်၍ ဖွင့်ဆိုချက်နှင့်ယူဆချက် အမျိုးမျိုးတို့ကို ပညာရှင်အသီးသီးက မိန့်ဆိုခဲ့ကြလေသည်။

မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၇)တွင်–

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်

> “ပြဇာတ်ဟူသည် အဖြစ်အပျက် တစ်စုံတစ်ရာကို ပွဲကြည့်သူတို့ စိတ်အတွင်း ထင်ရှားပေါ်လွင်လာစေရန် လူကိုယ်တိုင်ထွက်၍ သရုပ်ဖော်ပြရသော အနုပညာတစ်ရပ် ဖြစ်သည်။”[၁]

ဟု ဆိုပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၃)တွင်–

ပြဇာတ်ဟူသည်–

(က) ဇာတ်လမ်း၊ ဇာတ်ကွက် တစ်စုံတစ်ရာကို လင်္ကာစပ် စကားပြေဖြင့်ဖြစ်စေ၊ အပြန်အလှန်ပြောစကားများဖြင့်ဖြစ်စေ ရေးဖွဲ့သော အဖွဲ့အနွဲ့။

(ခ) ယင်းအဖွဲ့အနွဲ့ တစ်မျိုးမျိုးကို သရုပ်ဆောင်ပြရသော ဇာတ်လမ်း တစ်မျိုး[၂]

ဟု ဖွင့်ဆိုထားပါသည်။

ပြဇာတ်ဝေါဟာရနှင့်ပတ်သက်၍ ဦးမောင်မောင်တင်က–

> “ပြဆိုသောစကားမှာ မြန်မာစကားဖြစ်၍ ဇာတ်ဆိုသောစကားမှာ ပါဠိဇာတကဆိုသော စကားမှ ပျက်လာသော စကား ဖြစ်သည်။ ဤစကားနှစ်လုံးပေါင်း၍ ပြဇာတ်ဟု ခေါ်သည်။ မြန်မာစကား ‘ပြ’ ဟူသောအဓိပ္ပာယ်မှာ မျက်စိနှင့် မြင်ရအောင် ပြုမူပြသခြင်း ဖြစ်သည်။ တစ်ဖန် ‘ဇာတ်’ ဟူသောစကားသည် မြန်မာတို့အခေါ် ဖြစ်၍ ပါဠိဇာတကမှ ဖြစ်လာသည်။ ဆင့်ပွားအနက် ဇာတ်တော်ဟု အနက်ရသည်။ ရှေးဘဝများက ဘုရားအလောင်း၏အဖြစ်နှင့် သက်ဆိုင်သည့် ဝတ္ထုများဟုလည်း အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ပြဇာတ်ဟူသော စကားသည် ‘အဖြစ်ကိုပြချက်’ ဟု အဓိပ္ပာယ် ကောက်နိုင်သည်။”[၃]

ဟု ဆိုသည်။

---

[၁] မြန်မာ့စွယ်စုံကျမ်း၊ ၁၉၇၆၊ ၁၀၆။
[၂] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ ၁၉၇၉၊ ၅၄။
[၃] မောင်မောင်တင်၊ ဦး၊ ၁၉၇၁၊ ၁–၂။

ဦးသော်ဇင်၏ မြန်မာပြဇာတ်သမိုင်းစာအုပ်တွင်–

> "ပြဇာတ်သည် ပါဠိနှင့်မြန်မာ တွဲဖက်ထားသော စကား ဖြစ်သည်။ အနက်အဓိပ္ပာယ်အနေနှင့်လည်း လေးနက်ကြွယ်ဝသည်။ ပြမှာ ပြသခြင်း၊ ပြသသော၊ ညွှန်ပြခြင်း၊ ညွှန်ပြသော စသည့် အဓိပ္ပာယ်ကိုဆောင်သော မြန်မာစကား ဖြစ်သည်။ ပါဠိလို ဇာတ (သို့) ဇာတကကိုပေါင်းပြီး ပြဇာတ်ဟူသော ဝေါဟာရ ဖြစ်ပေါ် လာခြင်း ဖြစ်သည်။"[၁]

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ပြဇာတ်စာပေ ဟူသည် ကပြဖျော်ဖြေပညာပေးရန် ရည်ရွယ် ရေးဖွဲ့သော ရသသဘောသက်ဝင်သည့် စာပေအဖွဲ့ပုံစံ ဖြစ်ပေသည်။ ထိုရေးဖွဲ့သော စာပေကို အခြေပြု၍ သရုပ်ဆောင်ကပြခြင်းကို ဆိုလိုသည်။ ပြဇာတ်တွင် ဇာတ်လမ်း ဇာတ်ကွက်ကို တင်ပြရာ၌လည်းကောင်း၊ ဇာတ်ဆောင်တို့၏စရိုက်ကို တင်ပြရာ၌ လည်းကောင်း ဇာတ်ဆောင်တို့၏ ပြောစကားများဖြင့်သာ ရေးဖွဲ့တင်ပြရသည်။ အပြောစကားကို အားပြု၍ ရေးသားရသော၊ တင်ဆက်ကပြရသော ရသစာပေအဖွဲ့ ပုံစံတစ်မျိုး ဖြစ်ပေသည်။ နောက်ပိုင်းတွင် ဘုရားလောင်းတို့၏ ဇာတ်ကြောင်းများ သာမက ရာဇဝင်သမိုင်း၊ သိုက်သမိုင်း၊ ဘုရားသမိုင်း၊ ထိုးဇာတ်၊ ဒဏ္ဍာရီ စသော လောကီအဖြစ်အပျက်တို့ကို ခင်းကျင်းပြသရေးသားလာကြသဖြင့် ပြဇာတ်၏ အဓိပ္ပာယ်မှာ ပိုမိုကျယ်ပြန့်လာရပေသည်။

## ၂။ ဆင်ဖြူကျွန်းဆရာသင်၏အတ္ထုပ္ပတ္တိအကျဉ်း

အောက်မြန်မာနိုင်ငံတွင် ဆတိုင်မွတ်ဦးကူး၊ ပုဇွန်တောင်ဆရာခ၊ ဓားပိန်ယိမ်း ဆရာဦးမောင်ကြီးနှင့် တစ်ခေတ်တည်း ပေါ်ပေါက်လာ၍ ပြဇာတ်များ၊ ဟောစာများကို အနှစ်(၃၀)ခန့်တိုင်တိုင် ရေးသားခဲ့သူ ဆင်ဖြူကျွန်းဆရာသင်သည် ဆင်ဖြူကျွန်းမြို့ ဇာတိဖြစ်ပြီး အဖ ပဲ့နင်းဦးစု၊ အမိ မိဖုရား ဆံတော်ရှင်းမယ်ခွေ ဖြစ်သည်။ သက္ကရာဇ် ၁၂၂၀ ခန့်တွင် မွေးဖွားပါသည်။[၂]

ဆရာသင်သည် ငယ်ရွယ်စဉ်ကပင် အမိအဖများနှင့်အတူ အထက်မန္တလေး နေပြည်တော်သို့ တက်ရောက်လိုက်ပါသွားကာ လောကီလောကုတ္တရာ စာပေကျမ်းဂန်

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၅၊ ၆။

[၂] ခင်မင်၊ မောင်(ဓနုဖြူ–)၊ ၂၀၀၂၊ ၂၉၅။

များကို သင်ကြားခဲ့သည်။ မိမိ၏ဆရာရင်းဖြစ်သော ယောအတွင်းဝန်ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းကို လင်္ကာအဖြစ် ဥတုရသာခာတ်ဆေးကျမ်း ဟူ၍ ရေးသား ပြုစုခဲ့ပါသည်။ ထို့ပြင် မိမိ၏ဆရာရင်းဖြစ်သော စလင်းဦးမြတ်သာဒွန်း၏ ဂုဏ်ကျေးဇူးကို တချွေလေး မောင်ဖေဘပြဇာတ်နှင့် ဗုဒ္ဓဝင်တောထွက်ခန်းဟောစာကြီးတို့တွင် အထူး တလည်ပင် အောက်မေ့ဦးခိုက်ခဲ့သူ ဖြစ်ပါသည်။

ထိုသို့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှောက်၌ စာပေဗဟုသုတများ လေ့လာသင်ကြားပြီးသည့်နောက် အတန်ငယ်ကြီးပြင်းလာသောအခါ ဆရာသင်သည် လွှတ်စာရေးအဖြစ် ထမ်းရွက်ခဲ့သေးသည်။ ဆရာသင်၏ အရေးအသားမှာလည်း တဖြည်းဖြည်း ကျော်ကြားလာခဲ့၏။ သို့နှင့် မင်းညီမင်းသားတို့နှင့်ပတ်သက်၍ စာပေ ရေးသားမှုကြောင့် သီပေါမင်းအရေးတော်ပုံအတွင်း ဆရာသင်၏မျက်လုံး ကွယ်ခဲ့ရ ပါသည်။

သို့နှင့် အသက်အန္တရာယ် စိုးရိမ်ရပြန်သောကြောင့် ဆရာသင်သည် မြေလတ်သို့ ပြေးခဲ့၏။ ခနဲဖြူမြို့သို့ရောက်ကာ ကျုံယုဆရာတော်ထံတွင် နက္ခတ်၊ ဗေဒင်၊ ဆေးကျမ်း များကို သင်ယူပြီး ယိမ်း၊ ဇာတ်၊ ရုပ်သေးသဘင်ပညာနှင့် ကွက်စိပ်နိပါတ်များကို ရေး၍ ကိုယ်တိုင်လည်း ပြောဟောလေသည်။ ၁၂၉၆ ခန့်တွင် သံလျင်မြို့ ဗိုလ်ချုပ် ရွာကြီး၌ အနိစ္စရောက်ခဲ့သည်။

ဆရာသင်သည် သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်လောက်မှ အစပြု၍ သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်လောက်အထိ နှစ်ပေါင်း ၃၀ မျှ ပြဇာတ်၊ ဟောစာများကို ရေးသား ခဲ့၏။ ပြဇာတ်ပုဒ်ရေ ၁၀၀ ကျော်အထိ ရေးသားခဲ့သည်။ ဇာတ်စကားမျိုးပါသည့် စကားပဒေသာစာအုပ်တွင် ဇာတ်သမား၊ ရုပ်သေးသမားနှင့် သဘင်ပညာသည်တို့ လိုရာ ကောက်ယူပြောဆိုနိုင်ရန် ရေးသားစီရင်ထားသည့် စာအုပ် ဖြစ်သည်။

## ၃။ ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ် လေ့လာချက်

ဆရာသင်သည် ရွှေတိဂုံသမိုင်းပြဇာတ်ကို ရွှေတိဂုံဘုရားသမိုင်းဖြစ်ပေါ်လာပုံထက် ဇာတ်လမ်း၏နောက်ခံဖြစ်သော ဥက္ကလာပမြို့နှင့် ဥက္ကလာပမင်းကြီးတို့၏အကြောင်းကို အလေးပေး ရေးဖွဲ့ခဲ့ပါသည်။ ဘုရားသမိုင်းကို အနည်းငယ် အကျဉ်းချုံး၍ ထိုခေတ် ပရိသတ်အကြိုက်ဖြစ်သည့် လွမ်းခန်းကို ဦးစားပေး၍ အကျယ်တဝင့် ချဲ့ထွင်ရေးဖွဲ့ ထားသည်။ ပြဇာတ်၏ သုံးပုံနှစ်ပုံခန့်အထိ သိကြားမင်းနှင့် မယ်လမုတို့၏ အဖြစ် အပျက်ကို ချစ်ကြိုက် ညားကွဲ ဇာတ်လမ်းပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းတင်ပြထားသည်။

## ၃၊ ၁။ ပြဇာတ်ရည်ရွယ်ချက်

စာတစ်ပုဒ်တွင် ရည်ရွယ်ချက်တစ်ခုအပြင် တစ်ခုထက်ပိုသော ရည်ရွယ်ချက်များလည်း ပါဝင်နေတတ်ပါသည်။ ရည်ရွယ်ချက်ကို လေ့လာကြည့်သော်–

> "ယေဘုယျအားဖြင့် အသိပေးရည်ရွယ်ချက်နှင့် စေတနာရည်ရွယ်ချက် ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း တွေ့ရပါသည်။ အသိပေးရည်ရွယ်ချက်ဖြင့် ရေးသားစာကို အသိပေးစာ၊ သုတစာ ဟုခေါ်၍ စေတနာရည်ရွယ်ချက်ဖြင့် ရေးသားသော စာကို စေတနာရှုံးဆော်စာ၊ ရသစာဟု ခေါ်သည်။ ကဗျာ၊ ဝတ္ထု၊ ပြဇာတ် စသော စာများသည် ရသစာမျိုးတွင် အကျုံးဝင်သည်။"[၁]

ဟူ၍ ဆိုပါသည်။ ထို့ကြောင့် စာတစ်ပုဒ်တွင် ရည်ရွယ်ချက်တစ်ခုမက ပါဝင်နေသည်ကို တွေ့ရပါသည်။

ဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်တွင် ကိုလိုနီခေတ်ဦး ပြဇာတ်များ၏ အစဉ်အလာအတိုင်း ဖျော်ဖြေမှုကို အဓိကထားသော်လည်း ဂေါတမဘုရားပွင့်ပြီးစ နောက်ခံကို အခြေခံကာ ရွှေတိဂုံဘုရား၏ဒါယကာ ဥက္ကလာပမင်းကြီး၏ ဖြစ်လာပုံကို အသိပေးသည့် သုတပေးရည်ရွယ်ချက်အပြင် ထိုခေတ်၏ အောက်မြန်မာနိုင်ငံ အခြေအနေကိုပါ အသိပေးထားသည့် စေတနာရည်ရွယ်ချက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## ၃၊ ၂။ ဇာတ်လမ်းအဖွဲ့

ဇာတ်လမ်း၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်၌–

> "ဇာတ်လမ်း–န–ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာ အစအဆုံး၊ ဇာတ်ကြောင်း"[၂]

ဟူ၍ လည်းကောင်း၊ မြန်မာအဘိဓာန်အကျဉ်းချုပ်၌–

> "ဇာတ်လမ်းဆိုသည်မှာ ရုပ်သေး၊ ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့ ပါဝင်သော အဖြစ်အပျက်၊ အကြောင်း ဖြစ်သည်။"[၃]

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၁၉၇၉၊ ၂၅။
[၂] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၃၅။
[၃] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ ၁၉၇၉၊ ၅၂။

ဟု ဖွင့်ဆိုထားပါသည်။

ဦးကျော်လွင်(နှစ်ဖက်လှ)ကမူ–

> "ဇာတ်လမ်းဆိုသည်မှာ လူသားတစ်ဦးနှင့်တစ်ဦး ဆက်ဆံပြုမူပုံ၊ လူနှင့်လူ့ပတ်ဝန်းကျင် အပြန်အလှန် ဆက်သွယ်ထိတွေ့လှုပ်ရှား ပြုမူပုံတို့ကို ဖော်ပြသော အဖြစ်အပျက်အစဉ်ပင် ဖြစ်သည်။"[၁]

ဟု ဖွင့်ဆိုခဲ့သည်။

ထို့ကြောင့် ဇာတ်လမ်းသည် ဝတ္ထု၊ ကဗျာ၊ ပြဇာတ် လက်ရာရှည်ကြီးများတွင် ပါဝင်သည်။ လူနှင့်လူ့ပတ်ဝန်းကျင်၌ရှိသော သက်ရှိသက်မဲ့အရာတို့၏ ကြောင်းကျိုး ဆက်စပ်ကာ ဖြစ်ပျက်ခြင်းသဘောပင် ဖြစ်သည်ဟု ယူဆရပါသည်။

ဆင်ဖြူကျွန်းဆရာသင်သည် ရွှေတိဂုံသမိုင်းပြဇာတ်ကို ခရစ်သက္ကရာဇ် ၁၈၈၄ ခု၊ မြန်မာသက္ကရာဇ် ၁၂၄၆ ခု၊ တန်ဆောင်မုန်းလတွင် ရေးသားခဲ့ပါသည်။ ကိုလိုနီ ခေတ်ဦး ပြဇာတ်တစ်ပုဒ်ဖြစ်၍ ထိုပြဇာတ်သည် ဘုရားသမိုင်းကို ရေးဖွဲ့ခဲ့ပြီး ရာဇဝင်နှင့် ထိုးဇာတ်သဘော သက်ဝင်စေရန် အခြေခံ၍ ရေးဖွဲ့ထားသည်။ ဆရာသင်သည် ရွှေတိဂုံသမိုင်းပြဇာတ်ဇာတ်လမ်းကို တင်ပြရာ၌ အခန်း(၁၀)ခန်းဖြင့် ဖွဲ့စည်းထားပါသည်။ သို့သော် ဇာတ်လမ်းပြီးပြည့်စုံမှု မရှိဘဲ စာမျက်နှာ ၁၅၀ တွင် ရပ်လိုက်ပါသည်။ ဆရာသင်ကိုယ်တိုင်ကပင်–

> "နံပါတ်လာကျယ်မည်ထင်၍ တော်ရုံတွင်ရပ်ကာ ငြိမ်းတယ်ဗျာ ခင်ခင်မတို့ရေ သိမ်းပြန်ရသေး"[၂]

ဟူ၍ စာမျက်နှာများမည်ဖြစ်၍ ရပ်လိုက်ကြောင်း ဆိုထားသည်။ တစ်ခန်းနှင့်တစ်ခန်း အချိတ်အဆက်မိအောင် ရေးဖွဲ့ထားပါသည်။ အခန်းကို ခေါင်းစဉ်တပ်၍ ဖော်ပြခြင်း မရှိပါ။ တစ်ခန်းပြီးလျှင် 'တစ်ခန်းရပ်' ဟု ဖော်ပြထားခြင်းဖြင့် ဇာတ်ကို ခွဲခြား သိနိုင်သည်။

အခန်း(၁)သည် သိကြားမင်းသည် ဥက္ကလာပတိုင်း၌ ရွှေတိဂုံစေတီတော်မြတ် တည်ထားမည့် ဒါယကာအဖြစ် မယ်လမုမှ မွေးဖွားသောသားက ဦးဆောင်မည်ကို သိရှိပြီးလျှင် လူ့ပြည်သို့ဆင်း၍ မယ်လမုနှင့် ချစ်ရေးဖွဲ့သီသည့် အကြောင်းအရာများကို ရေးဖွဲ့ထားသည့် ဇာတ်ပန္နက်ခန်း ဖြစ်သည်။

---

[၁] ကျော်လွင်၊ ၁၉၇၈၊ ၂၃၉။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၁၅၀။

အခန်း(၂)တွင် သိကြားမင်းနေရပ်သို့ ပြန်သွားသဖြင့် မယ်လမု လွမ်းဆွတ်နေသည်။ ထို့ကြောင့် မိမိ၏ကျေးသားကလေးကို သိကြားမင်းထံ စေလွှတ်လိုက်သည်။ မယ်လမု၏ သိကြားမင်းအပေါ် ချစ်ခင်တွယ်တာစိတ်နှင့် မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လိုသောစိတ် အတွင်းအားပြိုင်မှုတို့ကို တွေ့ရသည်။

အခန်း(၃)တွင် သိကြားမင်းပေးလိုက်သော တံစက်ရေကို မိမိ၏အရှင်သခင် မယ်လမုထံ ရအောင်သယ်ဆောင်လာနိုင်ခြင်းဖြင့် ကျေးသားကလေး၏ အောင်မြင်မှုကို တွေ့နိုင်ပါသည်။ ကျေးကလေးသည် မယ်လမုထံ အရောက်ပြန်ကာ တံစက်ရေကို မယ်လမုအားတိုက်သည့် ဇာတ်နှိုးပိုင်း ဖြစ်သည်။ ဤအခန်းသည် ဇာတ်လမ်း၏ ဇာတ်နှိုးပိုင်းဖြစ်ပြီး ရှေ့မည်သို့ဖြစ်မည်ဆိုသည်ကို ပရိသတ် စိတ်ဝင်စားလာအောင် အရိပ်နိမိတ်ပြ၍ ဖွဲ့သောအခန်း ဖြစ်သည်။

အခန်း(၄)သည် အဇ္ဈုတ္တပြည်မှ အဇ္ဈုတ္တမင်းကြီးနှင့် အကောက်ဝန်မင်း ချိတ်ပန်းတို့လေ့ သင်္ဘောများအား အခွန်ကောက်ရန် ပြောဆိုကြပုံ ဖြစ်သည်။ ဤအခန်းသည် ဇာတ်လက်တက်ဖြစ်ပြီး ရှေ့အခန်းအတွက် ကြိုတင်ခင်းထားခြင်း ဖြစ်သည်။ ဇာတ်လက်တက်သည် ပင်မဇာတ်လမ်း ခွန်အားကောင်းလာအောင် ဇာတ်လမ်း၏ စီးဆင်းမှုကို အရှိန်ရအောင် အထောက်အကူပြုရသည်။ ပင်မဇာတ်လမ်းနှင့် ဟန်ချက်ညီကာ အာဘော်သို့ ပံ့ပိုးပေးနိုင်ရသည်။

ပြဇာတ်၌ တဖုဿနှင့် ဘလ္လိကညီနောင်တို့သည် ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော်ရှစ်ဆူကို ရွှေကြုတ်ဖြင့် ပင့်ဆောင်ရာ အဇ္ဈုတ္တပြည်သို့ရောက်လျှင် ဆံတော်နှစ်ဆူကို ယူထားလိုက်ကြသည်။ ဆရာသင်က သူ၏ပြဇာတ်တွင် လူ့စရိုက် လူ့သဘာဝ အမျိုးမျိုး ပေါ်လွင်စေရန် ခေတ်၏သရုပ်ကိုဖော်၍ သရော်လိုသည့်အလျောက် အဇ္ဈုတ္တမင်းကြီးသည် ထိုဆံတော်များကို အခွန်အဖြစ်ကောက်ယူသည်ဟု တင်ပြထားသည်။ အခွန်ဝန်ကိုလည်း ကြိုတင်ခန့်ထားသည့် ဇာတ်ဝင်ခန်း ဖြစ်သည်။

အခန်း(၅)သည် မယ်လမုသားဖွားခန်း ဖြစ်သည်။ မယ်လမုသည် ပဋိသန္ဓေရှိပြီး သားတော်ဖွားမြင်သည်။ သားတော်မွေးဖွားပြီးနောက် ၁၆ နှစ်အရွယ် ရောက်လျှင် နူနာစွဲ၍ သိကြားမင်းက ဗိန္ဒောဆရာ ယောင်ဆောင်ကာ လာရောက်ဆင်းသက်ပြီး နူနာကို ကုသပေးရ၏။ ထို့နောက် ဥက္ကလာပတိုင်းပြည်ကို တည်ထောင်၍ ထီးနန်းများ ပြုပြင်စီရင်ကာ သားတော်ကို ဥက္ကလာပမင်းအဖြစ် တင်မြှောက်သည့် ဇာတ်တက်ပိုင်း ဖြစ်သည်။

ဤအခန်းသည် ရွှေတိဂုံဘုရား၏ သာသနာ့ဒါယကာ ဥက္ကလာပမင်းကြီး၏ ဘဝဖြစ်စဉ်ကို အဓိကထားဖွဲ့ဆိုထားသည်။ ဆရာသင်သည် ရှေ့ပိုင်းအခန်းများကို

အကျယ်ချဲ့ဖွဲ့ဆိုထားသော်လည်း ဤအခန်းတွင် ဥက္ကလာပမင်းသား မွေးဖွားပြီးသည့်နောက် အရွယ်ရောက်ကာ တိုင်းပြည်ကိုတည်ထောင်၍ ဥက္ကလာပမင်းကြီးအဖြစ်တင်မြှောက်ပုံကို ချုံ့၍ ဇာတ်လမ်းကို ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဇာတ်တက်ပိုင်းတို့၏ အာနိသင်အတိုင်း စာဖတ်သူတို့ သိလိုဇောအရှိန်ကို မြင့်တက်လာအောင် ပြုတတ်သည့်သဘောကို တွေ့ရသည်။

အခန်း(၆)သည် တဖုဿနှင့်ဘလ္လိကညီနောင်တို့ ဗုဒ္ဓဘုရားရှင်၏ ဆံတော်ရှစ်ဆူတို့ကို ရွှေကြုတ်နှင့်ထည့်၍ သင်္ဘောနှင့်လာသော် နဂါးရစ်မှော်အရပ်သို့ ရောက်ခန်း ဖြစ်သည်။ ဤအခန်းသည် အခန်း(၄)မှ ဇာတ်လက်တက်နှင့် အဆက်အစပ် ဖြစ်သည်။ အဇ္ဈတ္တမြို့ဆိပ်ကမ်းတွင် ဆံတော်နှစ်ဆူကို အခွန်အဖြစ် ကောက်ခံလိုက်သော အပိုင်းသည်လည်း ဇာတ်ရှိန်မြင့်တက်စေကာ စာဖတ်သူအား ဆွဲဆောင်နိုင်သည့် ဇာတ်တက်ပိုင်း ဖြစ်သည်။ မူရင်းရွှေတိဂုံသမိုင်းတွင် အဇ္ဈတ္တမြို့၌ ပသန္နသကုမ္မမင်းက ဆံတော်နှစ်ဆူ ဖွတ်ပင့်၍ယူထားသည်။ ပြဇာတ်၌မူ အဇ္ဈတ္တမင်း၏ အကောက်ဝန်မင်း ချိတ်ပန်းက ဆံတော်နှစ်ဆူကို ပင့်ထားလိုက်သည်ဟု ရေးဖွဲ့ထားသည်။ ဤသည်မှာ မူရင်းနှင့် ကွဲလွဲချက် ဖြစ်သည်။

အခန်း(၇)သည် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ခရီးဆက်လက်ထွက်ခွာလာကြရာ နဂါးရစ်မှော်(ယခုမော်တင်စွန်း) အရပ်သို့ရောက်သော် နဂါးကလူယောင်ဆောင်ကာ ဆံတော်နှစ်ဆူကို ခိုးယူထားလိုက်သည်။ ဤအခန်းသည် ပရိသတ်သိလိုဇောနှင့်အတူ မချင့်မရဲဖြစ်စေသည့် ဇာတ်တက်ပိုင်း ဖြစ်သည်။

အခန်း(၈)သည် ကုန်သည်ညီနောင်တို့ ခရီးဆက်ခဲ့၍ ဥက္ကလာပတိုင်းသို့ရောက်သည့်အခန်း ဖြစ်သည်။ ဥက္ကလာပတိုင်းသို့ရောက်သော် နန်းတော်သို့ဝင်ကာဝန်ကြီးများမှတစ်ဆင့် ဥက္ကလာပမင်းကြီးအား ဆံတော်လေးဆူကိုသာ ကြုတ်တော်ထဲထည့်၍ ဆက်သသည်။ ဤအပိုင်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ မင်းကြီးကကျန်လေးဆူကို အမိဋ္ဌာန်သော် ဆံတော်(၈)ဆူ ပြည့်သွားသည်။

အခန်း(၉)သည် ဝိသကြုံနတ်သားထွက်၍ ရွှေတိဂုံစေတီတော် တည်ရန်အတွက် သိင်္ဂုတ္တရကုန်းတော်ကို ရှင်းလင်းခန်း ဖြစ်သည်။ ရွှေတိဂုံစေတီတော်တည်မည့်နေရာသို့ နတ်သားကြွမည့်အကြောင်းကို ဇာတ်သွားဇာတ်ဟန် ပါရုံမျှသာရေးဖွဲ့ထားသည့် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။

အခန်း(၁၀)သည် ဇာတ်ဆင်းပိုင်းဖြစ်ပြီး တဖုဿနှင့် ဘလ္လိကတို့ သိင်္ဂုတ္တရကုန်းတော်နှင့် ဓာတ်တော်များ အရှာထွက်ခန်း ဖြစ်သည်။ ဆရာသင်သည် ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့ လှည့်လည်ရှာဖွေသည့် တောတောင် သဘာဝရှုခင်း

များကို ဆက်လက်ဖွဲ့ဆိုထားသော်လည်း ထိုနေရာ၌ပင် ပြဇာတ်ကို ရပ်နားလိုက်ပါသည်။

ဆရာသင်သည် ဤရွှေတိဂုံသမိုင်းပြဇာတ်ကို ရေးဖွဲ့ရာတွင် ဘုရားဒါယကာ ဥက္ကလာပမင်း ပဋိသန္ဓေတည်ပုံမှ စတင်ကာ ထိုဒါယကာသည် သိကြားမင်းနှင့် မယ်လမုတို့၏ သားဖြစ်သည်။ ထိုမင်းသည် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့နှင့်အတူ ရောက်လာသော ဆံတော်များ ဌာပနာကာ ဘုရားတည်မည့်သူ ဖြစ်သည်။ ဘုရားတည်ရန်နေရာများကို နတ်များကဖန်ဆင်း၍ ကူညီရှာပေးသည်။ ဆရာသင်၏ ပြဇာတ်သည် မူရင်းဘုရားသမိုင်းနှင့် ကွဲပြားမှု နည်းပါးသည်။ ဇာတ်လမ်းအဆုံးထိ ရေးဖွဲ့နိုင်ခြင်း မရှိဘဲ စာမျက်နှာ ၁၅၀ တွင် ရပ်နားခဲ့ကြောင်း တွေ့ရှိရသည်။

## ၃၊ ၃။ ဇာတ်ဆောင်စရိုက်အဖွဲ့

ရသစာပေဖြစ်သည့် ပြဇာတ်တွင် အဖြစ်အပျက်များသည် တစ်ခုနှင့်တစ်ခု အားပြိုင်မှုဖြင့် ရွေ့နေသောသဘောသည် ဇာတ်လမ်း၏သဘောဖြစ်သည်။ ဇာတ်ဆောင်ဆိုသည်မှာ ထိုရွေ့နေသော အဖြစ်အပျက်တို့တွင် ပါဝင်လှုပ်ရှားနေကြသောသူများဖြစ်သည်။ ထို့ကြောင့် ဇာတ်ဆောင်သည် ပြဇာတ်တွင် အရေးပါလှကြောင်းမှာ ထင်ရှားသည်။

ဇာတ်ဆောင်စရိုက်နှင့် ပတ်သက်၍ စာရေးဆရာအောင်သင်းက–

> "ဇာတ်ဆောင်တစ်ဦး၏ စရိုက်ဟုဆိုလျှင် သာမန်အားဖြင့် သူ၏ ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးအမူအရာ အလေ့အထတို့ကို ဆိုလိုသည်ဟု ပြောနိုင်သည်။"[၁]

ဟု ဆိုထားသည်။ ထို့ကြောင့် ဇာတ်ဆောင်စရိုက် ဆိုသည်မှာ ဇာတ်ဆောင်တို့၏ ပြုမူပြောဆိုကျင့်ကြံလေ့ရှိသော ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးအမူအရာများ ပေါ်လွင်ထင်ရှားအောင် သရုပ်ဖော်ထားခြင်းကို ဆိုလိုသည်။

ရွှေတိဂုံသမိုင်းပြဇာတ်တွင် အဓိကဇာတ်ဆောင်မှာ မယ်လမု ဖြစ်သည်။ ဆရာသင်သည် အလွမ်းကိုဦးစားပေး၍ ရေးဖွဲ့လိုသည့်အလျောက် မယ်လမု၏ စရိုက်ကို လွမ်းစရာကောင်းအောင် ပြောစကားများ၊ တေးကဗျာများဖြင့် တင်ပြရေးဖွဲ့ထားသည်။ မူရင်းဇာတ်တွင် မယ်လမုသည် လမုပင်မှရသော သန္ဓေဇဓမိန်းကလေးဖြစ်ပုံ၊ ရသေ့ကြီးကမွေးစားပုံတို့ကို ထည့်သွင်းရေးဖွဲ့ထားသော်လည်း ဆရာသင်၏

[၁] အောင်သင်း၊ ၁၉၇၈၊ ၂၀၁။

ပြဇာတ်တွင်မူ ဤအပိုင်းများကို ချန်လှပ်ကာ မယ်လမု အရွယ်ရောက်သည့် မိန်းမပျို ကလေးအပိုင်းကိုသာ စတင်ထားသည်ကို တွေ့ရသည်။

မယ်လမု၏စရိုက်ကို နုနယ်ယဉ်ကျေး သိမ်မွေ့လှပသူကလေးအဖြစ် ပုံဖော် ထားသည်။ ထိုသို့ ပုံဖော်ရာ၌ သိကြားမင်း၏အပြောဖြင့်လည်း စရိုက်ဖော်ခဲ့သည်။

> "နတ်မင်းသိကြား၊ အရွယ်နုနု၊ မယ်လမုကို ညုရအောင် သွားတော့မည်"[၁]

ဟူသော အဖွဲ့အရ မယ်လမု၏ ငယ်ရွယ်နုနယ်ပုံ၊ ချစ်စရာကောင်းပုံတို့ကို ဖော်ကျူး ခဲ့ပါသည်။

မယ်လမု၏ ချိုသာသောအသံ၊ ငိုတော့မည့်ဟန်၊ ညှိုးနွမ်းသောသွင်ပြင်ပုံပန်း နှင့် ကရုဏာသက်စရာကောင်းသော ရေးဖွဲ့တင်ပြဟန်ကို–

> "ငြိမ်းလွယ်အောင် ထုတ်ညွှန်းပွား၍ နှုတ်ခွန်းများ ဆက်လေ
> အုန်းမှုကိုး၊ ငိုဟန်ပပ၊ ချိုသံမြနှင့်၊ လှယဉ်မျိုးကြွယ်၊ ညှိုးအထပ်ထပ်၊
> တန်ခိုးလျှပ်တဲ့၊ အိုကွဲ့၊ မိုးနတ်နွယ်မိမိ"[၂]

ဟူသည့် သိကြားမင်းအခေါ်စကားအရ မယ်လမု၏ ချစ်ဖွယ်အသံနှင့် ပြောတတ် ဆိုတတ်ပုံ၊ အားငယ်တတ်ပုံ၊ မိမိ၏မိဘမဲ့ဘဝကို တွေးကာ ညှိုးငယ်နေတတ်ပုံ၊ နတ်သမီးကလေးကဲ့သို့ လှပပုံ စသည့် သွင်ပြင်ပုံပန်းနှင့် ကိုယ်စိတ်အမူအရာများကို သိကြားမင်း၏ အာလုပ်စကားနှင့် သရုပ်ဖော်ထားသည်။

ဆရာသင်သည် အလွမ်းကို ဦးစားပေးရေးဖွဲ့သည့်အလျောက် လမုပင်မှဖွား၍ ဆွေမဲ့မျိုးမဲ့ ဖြစ်ခဲ့ရသည်ဟုဆိုကာ အားငယ်ဝမ်းနည်းနေသည့် မယ်လမု၏စိတ်ထား ပေါ်လွင်စေရန်–

> "ရွှေမုပင် သန္ဓေယူလို့၊ ကံခေသူမယ့်ကို ဖွားတယ်ရှင်၊ အမယ်မင်း
> ထားကံနွဲ့သည်းတာမို့၊ မိမိမှာကွယ် များဖန်တဲ့နည်း"[၃]

ဟူ၍ မယ်လမု၏ဘဝနှင့် လိုက်ဖက်စေရန် အားငယ်သည့်စရိုက်အဖွဲ့ကို ဖန်တီး ယူခဲ့သည်။

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၃။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၅။
[၃] သင်၊ ဆရာ၊ ၁၈၈၄၊ ၄။

သိကြားမင်းက မယ်လမုအား ချစ်ခင်ကြောင်း၊ အချစ်ကိုလက်ခံပါရန် ပြောဆိုရာတွင် မယ်လမုက–

"သိမ်းချုပ်ယူတဲ့၊ ထိန်းအုပ်သူ ရှိပါတယ်၊ ပဏ္ဍိတ သမ္မာမော်တဲ့၊
ဆရာတော်အရှင့်ထံမှာ၊ ခွင့်ပန်လို့ တောင်းတော်မူပါ မောင်မောင်ငယ်"[၁]

ဟု ပြောဆိုခဲ့သည်။ ထိုပြောစကားဖြင့် မိန်းမသားတို့၏ကျေ္ဆန္ဒနှင့်အညီ ဖခင်ရသေ့ကြီး၏အုပ်ထိန်းမှုကို ရိုသေအလေးထားသော မိန်းမကောင်းတို့၏စရိုက်ကို ပုံဖော်ထားသည်။ မယ်လမု၏စိတ်၌ မိဘမဲ့အဖြစ် ထာဝရအားငယ်နေပုံကိုလည်း ထင်ရှားစေသည်။ မူရင်းသမိုင်း၌ မပါသော်လည်း ပြဇာတ်ဆရာ၏စိတ်ကူးဖြင့် မြန်မာအမျိုးသမီးပီသအောင် စရိုက်ဖော် ရေးသားခဲ့သည်။

မယ်လမုသည် သိကြားမင်း ပြန်မလာသည့်အတွက် ပူဆွေးရသည့်အပြင် သန္ဓေသားကိုလည်း မွေးဖွားခဲ့သည်။ ထိုသားငယ်သည် နူနာစွဲကပ်ကာ သောကအမျိုးမျိုး ဖြစ်ပေါ်စေသည့် မယ်လမု၏စရိုက်အဖွဲ့မှာ–

"ခက်တယ်ရှင် ခက်တယ်၊ သားနုကို ထားဖြုပိုက်ပါလို့၊
ဖုန်ဖုန်ရှိုက်မိတယ်၊ မဖွယ်လို ရွယ်ပျိုထီးမှာဖြင့်၊ တကယ်ဆို
ဘယ်လိုနည်းငယ်နှင့်၊ ကြီးပြင်းအောင် မွေးရမယ်၊ တွေးဆ
ရွယ်လို ပူပူမီး၊ ကြွတော်လေလေ့"[၂]

ဟူ၍ မယ်လမု၏ ရင်တွင်းသောကအပူမီးတို့ ရိုက်ခတ်နေသည့် ခံစားမှုကို ဖော်ပြခဲ့သည်။ မယ်လမု၏သနားစရာမြင်ကွင်းကို သရုပ်ဖော်ထားသည်။

ဆရာသင်သည် ရွှေတိဂုံသမိုင်းပြဇာတ်တွင် သိကြားမင်းကို လူသားဇာတ်ဆောင် တစ်ဦး၏ အတွေးမျိုး၊ စရိုက်မျိုးဖြစ်အောင် ဖော်ကျူးထားသည်။

"မူပိုတလှဲ့၊ မြူချိုနွဲ့၊ လူပျိုလှည့် သွားလေမှတော်တော့မကိုး၊
ဩော်–လူပျိုလှည့်သွားရအောင်၊ ပွားမေတ္တာနှောင်၊ လူယောင်ဆောင်
ပြောင်သတင်းကြူ၊ မာနကြွားကြွား၊ ကာလသားနှင့်၊ အလားမှ
တူပါရဲ့လားကရို့"[၃]

ဟူ၍ သဘာဝကျသည့် ကာလသားအသွင် ထင်ယောင်စေပြီးလျှင် သိကြားမင်း၏ စရိုက်သည် မြူးမြူးကြွကြွနှင့် လူသားဆန်လာရသည်။

---

[၁] သင်၊ ဆရာ၊ ၁၈၉၄၊ ၈။
[၂] သင်၊ ဆရာ၊ ၁၈၉၄၊ ၆၄။
[၃] သင်၊ ဆရာ၊ ၁၈၉၄၊ ၂။

သိကြားမင်းဝတ်စားဆင်ယင်ရာ၌လည်း–

> “ရန်ကုန်ကြိုက်ကယ်၊ မှန်ပုံရိုက်ပေါင်းလိုက်လို့၊ တစ်သောင်း တန်ရာ၊ ပုံကြီးဆိုတဲ့ ထိုပုဝါနှင့်၊ ကိုယ်မှာတင်ကဲ၊ ပင်ရွှေ ချည်ညှပ်၊ ပျောင်းပြော့လျှပ်တဲ့၊ ဘိလပ်ဖဲနှင့်၊ နွဲ့ဟန်တော်ချီ၊ တုံဖြာစုံရာ မှုန်ပြာပြာ၊ ပဒုမ္မာအင်္ကျီနှင့်”[၁]

ဟူ၍ ခေတ်ပေါ်အဝတ်အစားများနှင့် သိကြားမင်းကို ဆင်မြန်းပေးခြင်းဖြင့် ဇာတ်လမ်းသည် အတည်အခန့်သဘောထက် သွက်လက်ဖြူးကြွသည့်သဘောကို ဆောင်လာသည်။ သိကြားမင်းသည် မယ်လမုအား ချစ်ရေးဖွဲ့ရန်သွားသည့် အကြောင်းကိုပင်–

> “နတ်မင်းသိကြား၊ အရွယ်နုနု၊ မယ်လမုကို ညုရအောင် သွားတော့မည်”[၂]

ဟူ၍ သိကြားမင်းသည် အနုကြိုက်သူစရိုက်သို့ ပြောင်းသွားသည်။ အရပ်သုံးစကား အဖွဲ့များကြောင့် သိကြားမင်း၏စရိုက်သည် အတည်အခန့်စရိုက် မဟုတ်တော့ဘဲ ပရိသတ်အကြိုက်စရိုက်အဖြစ် ပြောင်းသွားသည်။ ထိုသို့ သိကြားမင်းကို လူသား ဆန်ဆန် ဖွဲ့ဆိုပြီးနောက် သိကြားမင်းအစစ်ဟန်သို့ပြောင်းကာ–

> “ထပ်လောင်းဖန်တဲ့၊ နတ်စောင်းသံ ပြောင်းသည့်ကာလ၊ ဘုံဖျားမြင့် ပြဒုဆွေသည်၊ လူ့ပြည်သို့ ဆင်းရဦးတော့မည်”[၃]

ဟူ၍လည်းကောင်း တွေ့ရသည်။ မယ်လမုနှင့် တွေ့သောအခါ သိကြားမင်း ပြောဆိုခန်း၌–

> “ခြောက်ထပ်ရွာက၊ ကညာခင်လေး၊ နှင်းသော်မော်၏၊ သတင်းတော် မွှေးလေတော့၊ ရပ်ဝေးကမြန်းခဲ့တယ်၊ နန်းကသစ် ကေညာမော်က၊ မေတ္တာတော် ရှိမရှိနှင့်၊ သိရအောင် သိမ်ကြငှန်းကို မိန့်စမ်းပ မိမိငယ်”[၄]

ဟူ၍လည်းကောင်း မိန့်ဆိုခဲ့သည်။ ထိုနေရာ၌လည်း သိကြားမင်း၏ပြောစကားသည် ခန့်ညားထည်ဝါသည်။ ဆရာသင်သည် သိကြားမင်းနှင့်တူသော စရိုက်ကို တစ်လှည့်စီ ဖန်တီးသည်ဟု ဆိုနိုင်သည်။ ဆရာသင်သည် သိကြားမင်း၏အပြောအဆို၊ အပြုအမူ၊

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၁။

[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၂။

[၃] သင်၊ ဆရာ၊ ၁၈၈၄၊ ၃။

[၄] သင်၊ ဆရာ၊ ၁၈၈၄၊ ၆။

အတွေးအကြံတို့ဖြင့် လူသားစရိုက်ပေါ်လွင်အောင် ဖန်တီးဖော်ဆောင်ထားသည်ကို တွေ့ရသည်။

ရွှေတိဂုံသမိုင်းပြဇာတ်တွင် ဇာတ်လမ်းအတွက် အရေးပါသော ရသေ့ကြီး၏ စရိုက်ကိုလည်း ဆရာသင်၏စိတ်ကူးဖြင့် ခပ်သွက်သွက် ခပ်မြူးမြူး ပုံဖော်ထားပါသည်။ သိကြားမင်းက မယ်လမုအား လက်ထပ်ထိမ်းမြားခွင့် တောင်းသောအခါ ရသေ့ကြီးက–

> "ငါ့မြေးတော်ကို၊ စော်စော်ကားကား၊ အတင်းဝင်၍ မင်းတင်စား၊
> ထောက်ထားမရှု၊ တစ်ကွက်မညှာ၊ ရှက်စရာ၊ ဗလက္ကာအမှုနှင့်၊
> ပြုသမျှအသက်ဆိတ်အောင်၊ လက်ထပ်ကို အကြပ်စွဲလို့၊ ဂါတ်တဲကို
> ပို့ရမလား ဟဲ့တကာ"[၁]

ဟူ၍ ရသေ့ကြီးက သိကြားမင်းအား လက်ထပ်ခတ်မည်။ ဂါတ်တဲသို့ပို့မည်ဟု ဆိုထားသဖြင့် ကိုလိုနီခေတ်သရုပ် ထင်ဟပ်လာပြီး ရယ်မောဖွယ် ဟာသရသကို မြောက်စေသည်။ မူရင်းသမိုင်း၌ မပါသော်လည်း ဆရာသင်၏စိတ်ကူးဖြင့် ပုံဖော်ထားသည်ကို တွေ့ရသည်။

ထို့ပြင် ရသေ့ကြီးသည် သိကြားမင်း၏ချစ်ရေးဆိုမှုကို မယ်လမုက သဘောတူလက်ခံခဲ့ပြီဟု ထင်မှတ်ကာ–

> "မီးတောက်တဲ့မာန်၊ ငါသည်းညည်းခံနိုင်ဘု၊ ကျောင်းစံတဲ့ရသေ့ပျိုကို၊
> စိတ်တိုရှည်စမ်းတာလားကွဲ့ တကာ"[၂]

ဟု ဒေါသထွက်ဟန် ခပ်ဆတ်ဆတ်ကလေး ရေးဖွဲ့ခြင်းဖြင့် အုပ်ထိန်းသူတို့၏ သဘာဝစရိုက်နှင့် ကိုက်ညီသည့်အဖွဲ့ ဖြစ်သည်။

သိကြားမင်း တာဝတိံသာနတ်ပြည်သို့ ပြန်သွားသောအခါ မယ်လမု အပြင်းအထန် ငိုကြွေးသည်။ ထိုသောကကိုမြင်ရသော ရသေ့ကြီးက မြေးဖြစ်သူ၏ အဖြစ်ကို စိတ်ပူကာ သိကြားမင်းကိုပင် လိမ်ညာသူအဖြစ် စွပ်စွဲပြောဆိုပုံကို–

> "ပြောင်သမ္ဘာရှု၊ ရောင်ဝါသ၊ မောင်မာဃ လိမ်သောကြောင့်၊
> မငြိမ်ဟိုက်ဖို၊ ကောက်ရိုးအထဲ၊ ဖျောက်အိုးကွဲသလို၊ စောက်ကျိုးနဲ
> ငိုပါကလား၊ ဆိုတယ်လို့လဲမရ၊ သိကြားပိန်တာ၊ ဝတိန်ရှာက၊

---

[၁] သင်၊ ဆရာ၊ ၁၈၉၄၊ ၁၀။

[၂] သင်၊ ဆရာ၊ ၁၈၉၄၊ ၉။

သူလာလို့စတာနှင့်၊ မြသီးမနော်၊ ငါ့မြေးတော်မှာ၊ မျှော်ရှာမပြီး၊
ကျွမ်းဗျာပါနှင့်၊ နွမ်းမသာညည်းလို့တဲ့၊ လွမ်းနာကြီး ရနေပါပြီ”[၁]

ဟု ဆရာသင်က တော်မှီရသေ့နှင့်မလိုက်အောင် ခပ်ကြမ်းကြမ်း ရေးဖွဲ့ခြင်းဖြင့် ရယ်မောရွှင်ပြုံးစေပါသည်။ ရသေ့ကြီး၏ အပြောအဆို၊ အပြုအမူသည် လူသား တစ်ဦး၏ လူ့လောကသဘာဝကို ပုံဖော်ထားသည့်အဖွဲ့ ဖြစ်သည်။

ထို့ကြောင့် ဆင်ဖြူကျွန်းဆရာသင်သည် ဇာတ်ဆောင်စရိုက်ဖော်ဆောင်ရာတွင် မယ်လမု၊ သိကြားမင်းနှင့် ရသေ့ကြီးတို့ကို အဓိကဇာတ်ဆောင်များအဖြစ် ထားရှိပြီး ဥက္ကလာပမင်းကြီး၊ တဖုဿနှင့် ဘလ္လိကညီနောင်တို့၏ စရိုက်ကိုမူ သမိုင်းအတိုင်းသာ ရေးဖွဲ့ထား၍ ထူးခြားမှုမရှိပါ။ အဓိကဇာတ်ဆောင်များ စရိုက်ကိုလည်း စရိုက်သေ အဖြစ်သာ ဖော်ကျူးထားပါသည်။

## ၃၊ ၄။ နောက်ခံကာလဒေသအဖွဲ့

ပြဇာတ်တစ်ပုဒ်တွင် ဇာတ်လမ်းဖြစ်ပေါ်ရာ၊ ဇာတ်ဆောင်လှုပ်ရှားရာ ကာလ၊ ဒေသ၊ ပတ်ဝန်းကျင်ကို ဖော်ပြရမြဲ ဖြစ်သည်။ ကာလဒေသသည် ဇာတ်ဆောင်နှင့် ဇာတ်လမ်းအဖြစ်အပျက်တို့အတွက် နောက်ခံကားသဖွယ် အသုံးဝင်သည်။ တစ်ခါ တစ်ရံ ကာလဒေသသည် နောက်ခံကားအဖြစ် အသုံးခံရင်း ဇာတ်ဆောင်တို့၏ အမူအရာကိုသော်လည်းကောင်း၊ အဖြစ်အပျက်ကိုသော်လည်းကောင်း ပံ့ပိုးပေး တတ်သည်။ ထို့ကြောင့် ပြဇာတ်ဆရာတို့သည် မိမိရေးဖွဲ့သောစာကို ပိုမို အသက်ဝင် ပီပြင်အောင် ကာလဒေသနောက်ခံကို အထူးဂရုပြုရေးဖွဲ့ကြသည်။

ဆင်ဖြူကျွန်းဆရာသင်တို့၏ခေတ် ပြဇာတ်များတွင် နောက်ခံအပြင်အဆင်ကို အားပြုခြင်း မရှိဘဲ နောက်ခံကာလဒေသ ဝန်းကျင်အခြေအနေကို ပရိသတ် စိတ်မျက်စိ စိတ်နားတွင် မြင်ယောင် ကြားယောင်လာအောင် ကဗျာလင်္ကာ အဖွဲ့အနွဲ့တို့ဖြင့် တန်ဆာဆင်ကာ ဖန်တီးရေးသားခဲ့ကြလေသည်။ ထိုအဖွဲ့အနွဲ့တို့ကို ပြဇာတ်တွင် သရုပ်ဆောင်သူက အသံနေအသံထားဖြင့် ရွတ်ဆိုခြင်းဖြင့်လည်းကောင်း၊ ပြဇာတ် စာဖတ်သူက ရွတ်ဖတ်ခြင်းဖြင့်လည်းကောင်း နောက်ခံကာလဒေသ ဝန်းကျင်ကို သိမြင် ခံစားလာရသည်။

ဆရာသင်တို့ခေတ် ဇာတ်ပွဲများတွင် နောက်ခံကာလဒေသ ဖော်ပြပုံနှင့်ပတ်သက်၍ ဆရာကြီးဇေယျက–

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၂၃။

> "ဇာတ်ခုံပေါ်တွင် တောကားတစ်ကား၊ သို့မဟုတ် သစ်ပင်ကလေး တစ်ပင်မှလွဲ၍ အခြားဘာမျှမရှိ။ ဟာလာဟင်းလင်းတွင် စင်ပေါ်မှ ဟန်နေဟန်ထား အသံနိုင်စွာဖြင့် တောဘွဲ့တောလား စသည် တို့ကို ရွတ်ဆို၊ စင်အောက်မှဆိုင်းက တငြိမ့်ငြိမ့် တီးလိုက်လျှင် ပွဲကြည့်ပရိသတ်မှာ မိမိတို့ရှေ့တွင် ဘာမျှမရှိဘဲပင် တောတောင် ဂနိုင်စုံမြိုင်ကြီးအတွင်းသို့ ရောက်နေကြသည် ထင်ရလေသည်။"[၁]

ဟု ရေးသားခဲ့သည်။

ဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်တွင်လည်း ဤကဲ့သို့ ဖန်တီးထားသည်ကို တွေ့ရသည်။ နောက်ခံကာလအဖြစ် ကိုလိုနီခေတ်ဦးပိုင်း အောက်မြန်မာနိုင်ငံကို အခြေပြုထားသည်။ မိမိတို့မြန်မာနိုင်ငံရှိ မြန်မာအမျိုးသမီးလေးများ အိမ်ထောင်ဖက် ရွေးချယ်ရာ၌ လူမျိုးခြားကိုမရွေးကြစေရန် ဆုံးမထားသည်။ ထိုအချက်သည်ပင် ကိုလိုနီခေတ်ဦး၏ လူမှုရေးကို ထင်ရှားစေသည်။ သိကြားမင်းသည် မယ်လမုထံမှနေ၍ နတ်ပြည်သို့ပြန်သွားသည်။ ဤတွင် မယ်လမု၏အဖြစ်ကို ဖခင်ရသေ့ကြီးက မြင်နေရ၍ ပြောဆိုပုံမှာ–

> "မျိုးကွဲကိုမယူကြနှင့်၊ ပုံပြလို့သက်သေတည်၊ အလည်လေး၊ ရှက်သေဖွယ်စတောင်း၊ ရပ်ဇမ္ဗူလေလေ့၊ သကတ်ကယ်ကြူမကြူနှင့်၊ ဇာတ်မတူထင်အရှားငယ်ပ၊ သိကြားကို အိမ်ထောင်ပြုသော်ကြောင့်၊ ခင်မုဆွေမဟာသို့ မေကညာ ပွေဗျာကြီးပါသည်၊ ထုံးစံနည်းကိုတဲ့ ကမ္ဘည်းတော် လက်ကိုင်သုံးပါလို့"[၂]

ဟူ၍ လူမျိုးခြားများကို မယူကြစေရန် မြန်မာမိန်းကလေးများကို ဆုံးမထားသည်။ မြန်မာမိန်းကလေးတစ်ယောက်သည် လူမျိုးကွဲကိုယူမိပါက သိကြားမင်းနှင့် အိမ်ထောင်ပြုမိသော မယ်လမုကဲ့သို့ သောကဗျာပါများနေရမည် ဖြစ်သည်။ ပြဇာတ်ထဲက မယ်လမုကို ပမာပြု၍ မြန်မာအမျိုးသမီးကလေးများကို အထင်အရှားပင် ဆုံးမထားခြင်း ဖြစ်သည်။

ဆရာသင်သည် ရန်ကုန်သူ မိန်းမပျိုလေးများ အိမ်ထောင်မှုတွင် မှားကြမည်ကို အစိုးရိမ်လွန်သောကြောင့်လည်း–

---

[၁] ဇေယျ၊ ၁၉၆၃၊ ၂၇။

[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၅၈–၅၉။

"ရန်ကုန်သူ မမထားတို့မှာ၊ ခနငွေ လှပွေများသောကြောင့်၊ ကုလားကို ထင်မျှော်ကိုးတဲ့ပြင်၊ ဖန်ကြမ္မာ ကံဇာမျိုးကိုဖြင့် နှစ်တစ်ရာ မေတ္တာဖြိုးပါလို့၊ သက်ကျိုးကာ ပေါင်းဖော်ကြကာဖြင့်၊ မာဃဖေ ဆွေသိကြားလိုပ၊ သူ့ပြည်ကို သူပြန်လို့သွားသောခါ၊ တစ်ပါးခင် စိန်ရင်နှတ်တို့မှာ၊ ခုလပ်မယ် အခေါ်ခံလို့၊ မတော်ညံ ပျိုရေပျက်မှာကြောင့်"[၁]

ဟူ၍ ရန်ကုန်သူများသည် စည်းစိမ်ဥစ္စာကို မက်မောကြပြီး ငွေကြေးပြည့်စုံသည့် ကုလားများကို ယုံကြည်၍ ပေါင်းဖော်မိကြလျှင် တစ်ခုလပ် ဖြစ်ကြရမည်။ ဆရာသင်သည် ကိုလိုနီခေတ်ဦး အောက်မြန်မာနိုင်ငံရှိ မြန်မာအမျိုးသမီးလေးများ လူမျိုးခြားကုလားများကို အထင်မကြီးကြစေရန် ထင်ရှားစွာ ဆုံးမလမ်းညွှန်ထားသော ကိုလိုနီခေတ်ကာလနောက်ခံ လူမှုရေးကို ပြဆိုထားသည်။ မိမိတို့အမျိုးဂုဏ်ကို စောင့်ထိန်းရန် ဆုံးမထားခြင်း ဖြစ်သည်။

အရှုတ္တမင်းကြီးနှင့် အကောက်ဝန်မင်း ချိတ်ပန်းတို့ လေ့သဘော်များအား အခွန်ကောက်ရန် ပြောဆိုကြရာတွင် ဆရာသင်သည် ခေတ်၏သရုပ်ကိုဖော်၍ သရော်လိုသည့်အတွက် မင်းကြီးသည် ထိုဆံတော်များကို အခွန်အဖြစ် ကောက်ယူသူ၊ အခွန်ဝန်ကိုလည်း ကြိုတင်ခန့်ထားသူအဖြစ် တင်ပြထားသည်။ အကောက်ဝန်မင်း ချိတ်ပန်းကို–

"နှုတ်ခမ်းမွှေးကလည်း၊ ခပ်ရေးရေးရှိတာမို့၊ ဝရိစိုက်နှောင် အရှင့်အကျိုး၊ ထည်မညှိုးသည်ပိုးလို့ ဆောင်ပမယ်၊ မရှောင်အမှု၊ အလွန်ရက်စက်၊ စီးပွားတက်အောင်၊ ရိုက်နှက်လို့ပြုနိုင်တဲ့၊ ဝန်မောင်ပု ချိတ်ပန်းကို၊ ဆိပ်ကမ်းမှာ ထားတော်မူပါဘုရား၊ အကောက်ဝန်နှင့်လည်း တူပါငဲ့"[၂]

ဟူ၍ ပြောစကားကို ရေးဖွဲ့ထားသည်။ အကောက်ဝန်တို့သည် ပြည်သူတို့အား နှိပ်စက်ညှဉ်းပန်းသူ၊ နှုတ်ခမ်းမွှေးရေးရေးရှိကာ ထိုရက်စက်သူများကို အထက်အရာရှိများက ချီးမြှင့်မြှောက်စားသည့် ခေတ်ကာလသရုပ်ကို ဖော်ထုတ်တင်ပြထားသည်။

ဆရာသင်သည် ရွှေတိဂုံသမိုင်းပြဇာတ်တွင် ကိုလိုနီခေတ်၏ ယဉ်ကျေးမှုတစ်ရပ်ကိုပါ ထည့်သွင်းဖွဲ့ဆိုထားသည်။ သိကြားမင်း လူယောင်ဆောင်၍ လူ့ပြည်သို့ ဆင်းလာရာတွင် ဝတ်စားဆင်ယင်ပုံကို–

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၅၉။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၄၄။

"ရန်ကုန်ကြိုက်ကယ်၊ မှန်ပုံရိုက်ပေါင်းလိုက်လို့၊ တစ်သောင်းတန်ရာ၊ ပုံကြီးဆိုတဲ့၊ ထိုပုဝါနှင့် ကိုယ်မှာတင်ကဲ၊ ပင်ရွှေချည်ညှပ် ပြောင်းပြော့လျှပ်တဲ့၊ ဘိလပ်ဖဲနှင့် နွဲ့ဟန်တော်ချီ၊ တုံဖြာစုံရာ မှုံပြာပြာ၊ ပဒုမ္မာအင်္ကျီနှင့် ဝေဆီမောက်မောက်၊ ဗဟိုဆောင်မှာ ကိုယ်ရောင်တောက်၍၊ မောက်သမ္ဘာလင်း၊ မှူတပုံကဲယူလို့နွဲ့၊ လူပုံလဲသင်းပြီမို့၊ နတ်မင်းသိကြား"[၁]

ဟူ၍ ကိုလိုနီခေတ်ဦး ရန်ကုန်မြို့၌ ဝတ်စားဆင်ယင်ကြပုံ၊ ထိုအဝတ်အစားများသည်လည်း ဈေးကြီးပြီး ငွေကြေးပြည့်စုံသူများသာ ဝတ်စားနိုင်ကြမည်။

နိုင်ငံခြားမှ အလုပ်ပြင်ပစ္စည်းများသည်လည်း မိန်းမပျိုများအကြိုက်ပင် ဝင်ရောက်လာကြသည်။ ပြဇာတ်တွင် မယ်လမုက–

"ရွှေပေါင်တယ် ငှက်တောင်မွှေးငယ်နှင့်၊ ဖွေးပေတဲ့မျက်နှာခြေမပြတ်လိမ်း၊ ဓာတ်ကျိန်းမဒီမှန်က အီစတန်ဗိုလ်ဆီမွှေးငယ်နှင့်"[၂]

ဟူ၍ နိုင်ငံခြားအလုပ်ပြင်ပစ္စည်း အမည်များကို ရွတ်ပြသွားခြင်းဖြင့် မိန်းကလေးတို့သည် နိုင်ငံခြားပစ္စည်းများကို မက်မောသည့် ခေတ်နောက်ခံကိုတွေ့ရသည်။

နယ်ချဲ့ဗြိတိသျှတို့ အုပ်ချုပ်နေချိန်တွင် နိုင်ငံခြားနှင့် ကူးသန်းရောင်းဝယ်ရေးများပြုလုပ်ခြင်းဖြင့် နယ်ချဲ့တို့သည် အကျိုးအမြတ်များစွာ ရရှိကြပါသည်။ မိန်းကလေးအများစုသည် မြန်မာပြည်တွင်းဖြစ်များကိုလည်း မသုံးစွဲကြတော့ပေ။ နိုင်ငံခြားဖြစ်အလုပ်ပြင်ပစ္စည်းများဖြင့် ဝတ်စားလှပနေကြသည်။ ဤသည်ကို ဆရာသင်က ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်ကို ထည့်သွင်း၍ နောက်ခံအဖြစ်ဖော်ပြသွားသည်ကို တွေ့ရသည်။

## ၃၊ ၅။ ပြဇာတ်အရေးအဖွဲ့

ထိုခေတ်ပြဇာတ်များသည် ဇာတ်ပွဲဆန်သည်။ ဇာတ်သဘင်၏အရိပ် လွှမ်းမိုးလျက်ရှိသည့်အလျောက် အချီအချပြောစကား၊ ငိုချင်းတို့ကို ထည့်သွင်းရေးဖွဲ့လေ့ ရှိသည်။ ရေးဟန်မှာလည်း လင်္ကာစကားပြေ နှစ်ထွေရောနှင့် နဘေထပ်ကာရန်များကို ရေးဖွဲ့ထားသည်။ အထူးသဖြင့် ငိုချင်းများကို အသားပေး ရေးဖွဲ့ထားသည့် ဟန်မျိုးကို

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၂။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၅၄။

တွေ့ရသည်။ တစ်နည်းအားဖြင့် ဇာတ်ဝင်တေးသီချင်းများဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်ပေသည်။ ဆရာသင်သည် ဤသဘောကို–

> "ဗုံကြီးသံ ခပ်များများနှင့် ဇာတ်သွားတော်ကျယ် မသုံးရအောင် နတ်သံစုံ အရေးထောက်လို့မို့ လေးပေါက်လောက် ပွင့်သံကြားသည်ကာလ"[၁]

ဟူ၍ ဝန်ခံချက်ပြုထားသည်။

ပြဇာတ်အစတွင် သိကြားမင်းနှင့် မယ်လမုတို့၏ အချစ်ဇာတ်ခန်း၌ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားများဖြင့် စတင်ထားပါသည်။ သိကြားမင်းကို မည်သည့်တိုင်းပြည်က လာသည့်သူဖြစ်မည်နည်းဟု မယ်လမုကမေးသော အပိုင်းကို ပြဇာတ်တွင်–

> "ဘယ်မြို့ရွာ ဘယ်တိုင်းက၊ သွယ်လိုင်းလို့ခုလာ၊ နွယ်ကသိဏ်းနည္ဍာကို၊ ညုံ့ရှာတဲ့ယောင်ထုံး၊ ကံညှိုးတဲ့ပျိုသူဇာကို၊ ချိုပျူငှာခွန်းစလို့ပြုံး"[၂]

ဟူ၍ လည်းကောင်း၊

သိကြားမင်းက မယ်လမု၏အဖြေကို ပြန်လည်တုံ့ပြန်ရာ၌–

> "လူသူလျှောက်ခတ်၊ မရောက်လတ်တဲ့၊ ခြောက်ထပ်ရွာက၊ ကညာခင်လေး နှင်းသော်မော်၏၊ သတင်းတော်မွှေးလေတော့၊ ရပ်ဝေးကပြန်ခဲ့တယ်"[၃]

ဟူ၍လည်းကောင်း၊ သိကြားမင်းနှင့် မယ်လမုတို့၏ အချီအချစကားများဖြင့် သရုပ်ဖော်ရေးဖွဲ့ထားသည်။

သားတော်ကို ဥက္ကလာပမင်းအဖြစ် တင်မြှောက်သည့်အခန်း၌ သိကြားမင်းနှင့် သားတော်တို့၏ အချီအချပြောစကားများအဖြစ်–

> "လူနှင့်မျိုးနတ် မဖက်စပ်ဘဲ၊ မုနတ်ပျိုညှာ လူ့ရပ်ကိုလာပြီးလျှင်၊ ဣန္ဒသိကြား အယူချော်၊ သူစော်ကားလို့မို့၊ မယ်ဘုရားထားသက်ဝေမှာ၊ သားသက်မေပ၊ မှုမလှအောင်၊ ပြုကြသည့်ခေတ်၊

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၁၂၂–၁၂၃။

[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၃။

[၃] သင်၊ ဆရာ၊ ၁၈၈၄၊ ၃။

> အလှတန်ခိုး မြသတိုးမှာ ဖတဆိုးဖြစ်ရလိမ့်၊ မိုးကသစ်ပဏ္ဏာစုံကို
> အမယ်လေး–ခုခံလို့ တိုက်ချင်ပေါ့ ဘဘငယ်”[၁]

ဟူ၍ သားတော်က မိမိ၏ဘဝဖြစ်တည်မှုအပေါ် ပြန်လည်တွေးတောပြောဆိုရာတွင် သိကြားမင်းက–

> “ပူမကွက်အောင် သူသက်သက်မ သာကလား၊ ဖြူရွှက်မြ တအား
> ကိုးပေတော့၊ သိကြားရိုးကလေးထင်ပါငဲ့ မောင်မောင်ငယ်”[၂]

ဟူ၍ သိကြားမင်းနှင့် မင်းသားတို့ အပြန်အလှန်ပြောစကားတွင် သိကြားမင်းက နှစ်သိမ့်သူဖြစ်ပြီး မင်းသားက ငိုကြွေးသူ ဖြစ်သည်။

ငိုချင်းကို ကိုလိုနီခေတ် ပြဇာတ်စာပေများတွင် အခန်းအများစု၌ ထည့်သွင်းဖွဲ့ဆိုထားသည်။ ဆရာသင်သည် အလွမ်းကို ဦးစားပေးရေးဖွဲ့သည့်အလျောက် လမုပင်မှ မွေးဖွား၍ ဆွေမဲ့မျိုးမဲ့ဖြစ်ခဲ့ရသည်ဟုဆိုကာ ဝမ်းနည်းအားငယ်နေသည့် မယ်လမု၏အသွင် ပေါ်လွင်စေရန် ငိုချင်းဖြင့် ဖော်ပြထားပါသည်။ မယ်လမု၏ ငိုကြွေးဟန်ကို–

> “ရွှေမုပင် သန္ဓေယူလို့၊ ကံခေသူမယ့်ကို ဖွားတယ်ရှင်၊ အမယ်မင်း
> ထားကံနဲ့ သည်းတာမို့၊ မိမိမှာကွယ်များဖန်တဲ့နည်း”[၃]

ဟူ၍ မယ်လမု၏ဘဝနှင့် လိုက်ဖက်အောင် အားငယ်သည့်စရိုက်အဖွဲ့ကို တင်ပြထားသည်။ လူ့ပြည်သို့ ရောက်နေသော သိကြားမင်းသည် (၇)ရက်ကြာသောအခါ တာဝတိံသာသို့ ပြန်တော့မည်ဖြစ်၍ မယ်လမု ငိုကြွေးသည်။ ဤသည်ကို–

> “ထက်နန်းစံမိုးဘုရင်က၊ ခင်ခင်ကို ချစ်စုံမက်တာဖြင့်၊ ဤရပ်ကွက်
> ဥက္ကလာတွင်၊ စမုတ်ကြာဖန်နရားနှင့်၊ ခံစားဖို့ကောင်းပါတယ်
> ကိုမာဃငယ်”[၄]

ဟူ၍လည်းကောင်း၊

> “မယ်မုခင် တစ်ကောင်ကြွက်ကိုရှင်၊ အမယ်မင်းလွှဲပျက် စုလျား
> ငယ်နှင့်၊ အသက်ကယ်ခွဲရက်သလား”[၅]

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၈၇။

[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၈၇။

[၃] သင်၊ ဆရာ၊ ၁၈၈၄၊ ၄။

[၄] သင်၊ ဆရာ၊ ၁၈၈၄၊ ၁၄။

[၅] သင်၊ ဆရာ၊ ၁၈၈၄၊ ၁၄။

ဟူ၍လည်းကောင်း အငိုအပြောများဖြင့် မယ်လမု၏ ချစ်ခြင်း၊ အားငယ်ခြင်း၊ လွမ်းဆွေးခြင်း၊ စွပ်စွဲပြောဆိုခြင်း စသည့် စရိုက်အမျိုးမျိုးဖြင့် ပုံဖော်ထားပါသည်။

မယ်လမု၏လွမ်းခန်းကို ဒွေးချိုး၊ တေးထပ်၊ ဗုံကြီးသံများဖြင့် အမျိုးမျိုး တင်ပြခဲ့သည်။ သိကြားမင်း ပြန်မလာသေးသောကြောင့် မယ်လမုက ကျေးသားလေးအား စေလွှတ်ရာတွင် ဗုံကြီးသံကောက်၍ ဆိုပုံမှာ–

"မြသွေးစိုကျေးညိုလှငယ်က၊ ပြောလိုက်ပကွယ် ငယ်လေလေကွယ် ငယ်လေလေပြောလိုက်ပကွယ်လေ့၊ အိုသွေမဆိုင်းပါနှင့်၊ စေတိုင်းဝယ်၊ ဝါသဝိန်အာလိန်သနေကျ၊ တာဝတိံသာဃိန္ဒကို၊ ပြောပနတ်ကယ် ငယ်လေလေကွယ်ငယ်လေလေ၊ ပြောပနတ်ကယ်လေ့"[၁]

ဟူ၍ တဖုသနှင့် ဘလ္လိက ညီနောင်တို့ လေ့ဖြင့်လာရာတွင် မြစ်သံရေသံ ရွက်လွှင့်သံများ ကြားလာရအောင် ဇာတ်ဆောင်များ၏ အမူအရာလှုပ်ရှားမှုတို့ကို ဗုံကြီးသံများဖြင့် ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ဗုံကြီးသံ၏အစ၌–

"ပြည်တွင်းနယ် တစ်ပုံကြံ စုန်ဆန်နှီးပါလို့၊ မြတ်ညီနောင် ကုန်သည်ကြီးတို့မှာ၊ ဟီးတိုက်လို့ သွယ်တယ်လေလေ သွယ်တယ် လေလေ၊ ဟီးတိုက်လို့ သွယ်လေ့"[၂]

ဟူ၍လည်းကောင်း၊

"သုံးပင်တိုင်နာဝါမှုုးငယ်နှင့်၊ ကူးခဲ့ကျတယ် ငယ်လေလေ တယ်လေလေ ကူးခဲ့ကျတယ်လေ့"[၃]

ဟူ၍လည်းကောင်း အချစကားလုံးတို့ကို 'လေ့' နှင့် အဆုံးသတ်ထားသည့် ဗုံကြီးသံ ရေးဖွဲ့ဟန်ကို တွေ့ရသည်။

ငိုချင်းအဖွဲ့များတွင် နှစ်လုံးထပ်၊ သုံးလုံးထပ် လေးလုံးထပ်၊ ငါးလုံးထပ် စသည့် ဝိစ္ဆာစကားလုံးများ သုံးစွဲထားသည်။

"ကျွမ်းဘဝင်၊ ကမ်းမမြင်၊ ပူပူအင်ကြွ၊ လူလူရင်လှ၊ ကြုုကြုုသင်မ၊ ရှိုက်ဖိုလှိုက်ငိုညီးတယ်၊ မေမေသေသေပွေပွေမီး၊ ဇင်ထီး၊ ဟင်ညီး၊ ရင်တီးလို့ ခုန်လိုက်မယ်"[၄]

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၂၈။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၉၄။
[၃] သင်၊ ဆရာ၊ ၁၈၈၄၊ ၉၄။
[၄] သင်၊ ဆရာ၊ ၁၈၈၄၊ ၂၁။

ဟူ၍ နဘေထပ်ကာရန်အင်အားများကိုသုံး၍ မယ်လမု၏အလွမ်းသရုပ်ကို ပေါ်လွင်စေသည်။

ရွှေတိဂုံသမိုင်းပြဇာတ်တွင် အာလုပ်စကားများဖြင့် မွမ်းမံထားပါသည်။ မြန်မာပြဇာတ်စာပေအရေးအသားတွင် အာလုပ်စကားများသည် ထူးခြားသော လက္ခဏာတစ်ရပ် ဖြစ်သည်။ အာလုပ်စကားများသည် ခေါ်ဝေါ်ခြင်းခံရသူ၏ ဂုဏ်ပုဒ် သို့မဟုတ် စရိုက်ကို ဖော်ညွှန်းတတ်သည်။

တဖုဿ က ဘလ္လိကအား ခေါ်သော အာလုပ်စကားအဖြစ်–

"ပိတုန်းရောင်ငွေ၊ ထုံးနှောင်ကေနှင့်၊ ဆောင်ခြွေကတိ၊ သတင်း
ပြောင်ပြောင်၊ အခင်းအောင်တဲ့၊ မောင်ဘလ္လိငယ်"[၁]

ဟူ၍ ဘလ္လိက၏ သွင်ပြင်ပုံပန်းနှင့် ဂုဏ်အရည်အသွေးကို ထည့်သွင်းတင်ပြထားသည်။

ထို့ပြင် တဖုဿကပင် ညီတော်ဘလ္လိကအား ခေါ်ဝေါ်သော အာလုပ်စကားအဖြစ်–

"ညီလုလက်နှောင်၊ ဖန်ဖွေကတိ၊ ဉာဏ်ရည်ရှိတဲ့ ဘလ္လိမောင်"[၂]

ဟူ၍ ဉာဏ်ပညာရှိသော ဂုဏ်အရည်အသွေးကို ဖော်ကျူးထားပါသည်။

တဖုဿက အကောက်ဝန်မင်း ချိတ်ပန်းအား ခေါ်သော အာလုပ်စကားအဖြစ်–

"တောက်သမ္ဘာလင်း၊ တစ်ယောက်ချွန်တဲ့ အကောက်ဝန်မင်းငယ်"[၃]

ဟူ၍ မင်းချိတ်ပန်း၏ရက်စက်မှုမှာ တစ်ယောက်သာရှိကြောင်း ဆိုးကျိုးရှိသည့် ဂုဏ်အရည်အသွေးကို ဖွဲ့ဆိုထားပါသည်။ မြှောက်ပင့်ခေါ်ဆိုသော အာလုပ်စကားဖြစ်သည်။

ထို့နောက် ဆရာသင်သည် သိကြားမင်းက မယ်လမုအား စကားဆိုရာ၌ အာလုပ်စကားအဖြစ်–

"ငိုဟန်ပပ ချိုသံမြနှင့်၊ လှယဉ့်မျိုးကြွယ် ညှိုးအထပ်ထပ် တန်ခိုး
လျှပ်တဲ့ အိုကွဲ့ မိုးနတ်နွယ်မိမိ"[၄]

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၂၂။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၁၀၆။
[၃] သင်၊ ဆရာ၊ ၁၈၈၄၊ ၉၉။
[၄] သင်၊ ဆရာ၊ ၁၈၈၄၊ ၅။

ဟူ၍ မယ်လမု၏ ချိုသာယဉ်ကျေးသည့် ဂုဏ်ရည်ကို ဖော်ကျူးထားသည်။

ဆရာသင်သည် အလင်္ကာအသုံးကိုလည်း ထူးခြားစွာ ရေးဖွဲ့မှု မရှိပေ။ အနည်းငယ်လောက်သာ ရေးသားဖွဲ့ဆိုထားပါသည်။ မယ်လမု၏ခံစားမှုများ မငြိမ်မသက်နှင့်ပေါက်ကွဲရပုံကို ရသေ့ကြီးက ပြောဆိုရာ၌–

"မောင်မာဃလိမ်သောကြောင့်၊ မငြိမ်ဟိုက်ဖို့၊ ကောက်ရိုးအထဲ၊
ဗျောက်အိုးကွဲသလို၊ စောက်ကျိုးနဲ ငိုပါကလား"[၁]

ဟူ၍ ရသေ့ကြီး၏ဒေါသထွက်ပုံတို့ကို စာဖတ်သူ၏ စိတ်နား၌ ကြားယောင်လာစေသော ဥပမာအလင်္ကာ ဖြစ်ပါသည်။

ထို့ပြင် သိကြားမင်းက ဥက္ကလာပမင်းသားလေးအား မြို့ကို ဖန်ဆင်းပေးသော်လည်း မင်းအဖြစ် အုပ်ချုပ်ရန်မှာ ငယ်ရွယ်သူအဖို့ခက်လှကြောင်း မင်းသားက ပြောဆိုသော် သိကြားမင်းက–

"ခုနစ်ပြာနှင့် လွန်သဒ္ဒါကိန်း၊ အမြဲအဖြောင့်၊ စွဲစောင့်ထိန်း၍၊
ခပ်သိမ်းလူများ ပြင်ပြင်သွယ်၊ စောင်မမယ်၊ ရင်ဝယ်သားသို့၊"[၂]

ဟူ၍ မင်းကျင့်တရားနှင့်အညီ လူအများကို ရင်ဝယ်သားသို့ ချစ်ခင်ကာ သစ္စာမေတ္တာတို့ကို စောင့်ထိန်းသင့်ပါဟု သားတော်အား ဆုံးမလမ်းညွှန်ခဲ့သော ဥပမာအလင်္ကာ ဖြစ်သည်။

ဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်အရေးအဖွဲ့သည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံအဖွဲ့တို့ကို ဖော်ပြရာ၌ အထောက်အကူပေးပြီး ပြဇာတ်ဆရာတို့၏ လက်စွမ်းနှင့် ဉာဏ်ရည်အပြင် ဗဟုသုတများကိုပါ လေ့လာသိရှိနိုင်သည်။

## ခြုံငုံသုံးသပ်ချက်

ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်(၁၈၈၄)သည် ဘုရားသမိုင်းကို အခြေခံ၍ စင်တင်ကပြရန် တင်ဆက်ထားသော ပြဇာတ် ဖြစ်သည်။ ဖျော်ဖြေမှုအပိုင်းကို အဓိကထားသော်လည်း ဗဟုသုတပေးလိုသော ရည်ရွယ်ချက်ကို တွေ့ရပါသည်။ ဗဟုသုတပေးရာ၌ ရာဇဝင်သမိုင်းကြောင်းဆိုင်ရာ ဗဟုသုတနှင့် ခေတ်ကာလဆိုင်ရာ ဗဟုသုတတို့ကို တွေ့ရသည်။

---

[၁] သင်၊ ဆရာ၊ ၁၈၈၄၊ ၂၂။
[၂] သင်၊ ဆရာ၊ ၁၈၈၄၊ ၉၂။

ရွှေတိဂုံသမိုင်းပြဇာတ်သည် ရွှေတိဂုံဘုရားတည်ပုံကို အလေးမကဲဘဲ လူ့သဘာဝကိုသာ အလေးပေးထားသည်ကို တွေ့ရသည်။ ဇာတ်လမ်းထက် ဇာတ်ဆောင်တို့ကိုသာ အဓိကထား တင်ဆက်ထားသည်။ ထို့ပြင် ဇာတ်လမ်းသည် သဘာဝလွန်အဖြစ်အပျက်များနှင့် အလေးကဲနေသည်ကို တွေ့ရပါသည်။ ထိုးဇာတ်သဘောဖြစ်ပြီး ဇာတ်လမ်းအဖွဲ့သည် ချစ်မေတ္တာကို အခြေခံသော်လည်း ဆန်းကြယ်သော အဖြစ်အပျက်များဖြင့် ဖန်တီးထားသည်။ အဖြစ်အပျက်တို့သည် ဒိဋ္ဌဓမ္မလောကနှင့် ကင်းကွာနေသည်ကို တွေ့ရသည်။ မျိုးခြားနှင့် လူသားဇာတ်ဆောင်တို့၏ အဖွဲ့များသည် အတက်အဆင်း၊ အကွေ့အကောက်များဖြင့် ရှိနေပေသည်။ သို့ရာတွင် ဆရာသင်သည် ဇာတ်လမ်းဖန်တီးရာ၌ သိမ်မွေ့ပြီး အပြေပြစ်ဆုံးနှင့် ရယ်ရွှင်ဖွယ်ရာအဖြစ် ဖန်တီးထားသည်။

ထို့ပြင် အငိုအလွမ်းကို ဦးစားပေးလွန်းသည့်အတွက် လည်းကောင်း၊ စကားအသုံးအနှုန်းကို ဦးစားပေးလွန်းသည့်အတွက် လည်းကောင်း စရိုက်အဖွဲ့များသည် ရှည်လျားသော စကားအဖွဲ့များ၊ အလွမ်းများ၊ ငိုချင်းများကြားတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသည်။ ဆရာသင်သည် ကာလဒေသ နောက်ခံအဖွဲ့များကို ဇာတ်လမ်းနှင့်လိုက်ဖက်အောင် ဇာတ်ဆောင်တို့၏ ပြောစကားများဖြင့်လည်းကောင်း၊ နောက်ခံအဖွဲ့များဖြင့်လည်းကောင်း ထည့်သွင်းရေးဖွဲ့လေ့ ရှိသည်။ နောက်ခံအဖွဲ့ကြောင့် ဇာတ်လမ်းသည် သရုပ်ပီပြင်လာသည်။ ထို့ပြင် လူမှုရေးနောက်ခံ၊ ယဉ်ကျေးမှုနောက်ခံအဖွဲ့များဖြင့် ခေတ်ကာလအခြေအနေများကို သုံးသပ်နိုင်အောင် ဆရာသင် ဖန်တီးထားသည်ကို တွေ့ရပါသည်။

ဤရွှေတိဂုံသမိုင်းပြဇာတ်သည် ဘုရားသမိုင်းကို နောက်ခံထားပြီး ဘုရားဒါယကာ ဥက္ကလာပမင်းကြီး၏ ဖြစ်တည်ရာ နောက်ခံသမိုင်းကို ပြဇာတ်ကပြရန်အတွက် အဓိကထား၍ ရေးဖွဲ့သည့် ပြဇာတ်တစ်ပုဒ်ဖြစ်သည်နှင့်အညီ လူသားမိခင်နှင့် မျိုးခြားဖခင်တို့၏ ဇာတ်လမ်းအဖွဲ့ ဖြစ်သည့်အတွက် ဇာတ်လမ်းအားပြိုင်မှုများ၊ မချင့်မရဲဖြစ်မှုများ၊ ဇာတ်လမ်းအကွေ့အကောက် အတက်အဆင်းဖြစ်မှုများနှင့် ဖွဲ့စည်းထားသည့် ပြဇာတ်အဖြစ် တွေ့ရသည်။ ဤပြဇာတ်၏နိဂုံး နောက်ဆုံးခန်းတွင် စာမျက်နှာ ၁၅၀ နှင့် ရပ်နားလိုက်ပါသည်ဟု ဆိုထားသဖြင့် ဒုတိယပိုင်း ရှိကောင်းမည်ဟု ထင်မြင်ယူဆမိသည်။ သို့ပါသော်လည်း ဆရာသင်၏ ပြဇာတ်များတွင် ရွှေတိဂုံသမိုင်းပြဇာတ်ကို ဤစာအုပ်တစ်အုပ်အဖြစ်သာ တွေ့ရှိရသည်။ အကောင်းဆုံးပြဇာတ်များထဲတွင် တစ်ပုဒ်ပါဝင်မည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ဆင်ဖြူကျွန်းဆရာသင်၏ ရွှေတိဂုံသမိုင်းပြဇာတ်သည် ဘုရားသမိုင်းကို အခြေခံသော ပြဇာတ်ဖြစ်သည့်အတွက် ရည်ရွယ်ချက် ကောင်းမွန်နေပါသည်။ ဘုရားသမိုင်း၏ နောက်ခံတွင် မပါမဖြစ်သော သိကြားမင်းနှင့် မယ်လမုတို့၏ ဇာတ်လမ်းကို အခြေတည်ကာ သားဖြစ်သူ ဥက္ကလာပမင်းကြီး၏ ဘဝဖြစ်စဉ်နှင့် ရွှေတိဂုံဘုရား၏ ဒါယကာမင်းမြတ်အပိုင်းကို အဓိကထား ရေးဖွဲ့ထားသည့်အတွက် မှတ်သားလောက်သည့် အသိပေးရည်ရွယ်ချက်ကို ပို့ဆောင်ပေးပါသည်။ ထို့ပြင် ဆရာသင်သည် ဂီတ၊ သဘင်နှင့် ကဗျာလင်္ကာပိုင်းတို့တွင် အထူးကျွမ်းကျင်နှံ့စပ် နားလည်သူဖြစ်ကြောင်း ပြဇာတ်တွင် အထင်းသား တွေ့မြင်ရပါသည်။ ဆရာသင်၏ဇာတ်စာများသည် ထိုခေတ်က သဘင်သည်တို့ အလေးထားခဲ့ကြမည်ဟု ယုံကြည်မိသည်။ ဆရာသင်သည် မြန်မာစာပေသမိုင်းတွင် အလေးထားအပ်သော စာဆိုတော်ကြီးတစ်ဦး ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ကျော်လွင်၊ **ဦး** (နှစ်ဖက်လှ)။ (၁၉၇၈)။ ***နှစ်ဖက်လှမြန်မာစာပေဒသာ***၊ ပကြိမ်။ ရန်ကုန်၊ ဂုဏ်ထူးစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၀)။ ***ကိုလိုနီခေတ်မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ စိတ်ကူးချိုချို စာအုပ်တိုက်။

ဆုရှင်၊ **မောင်**။ (၁၉၇၅)။ ***မြတ်ဘုရားရွှေတိဂုံ*** ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဇေယျ။ (၁၉၆၂)။ "ပြဇာတ်စာပေ"၊ ***ဇေယျ၏စာ*** ။ ရန်ကုန်၊ ရဲရဲတောက်ပုံနှိပ်တိုက်။

မလိခ။ (၁၉၈၆၊ ဇူလိုင်)။ "မြန်မာပြဇာတ်အညွှန်း"၊ ***ချယ်ရီမဂ္ဂဇင်း*** ၊ အမှတ် ၂၄။

***မြန်မာ့စွယ်စုံကျမ်း***၊ (အတွဲ–၇)။ (၁၉၉၁)။ ပကြိမ်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

***မြန်မာအဘိဓာန်အကျဉ်းချုပ်*** ။ (၁၉၇၉)။ အတွဲ (၃)။ ဆ–န။ မြန်မာစာအဖွဲ့၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း။

သုတ၊ **မောင်**။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သင်၊ **ဆရာ**။ (၁၈၈၄)။ ***ရွှေတိဂုံသမိုင်းပြဇာတ်***။ ရန်ကုန်၊ ဥက္ကလာပစာပုံနှိပ်တိုက်။

သော်ဇင်၊ **ဦး**။ (၁၉၆၅)။ ***မြန်မာပြဇာတ်သမိုင်း***။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

သွင်၊ **ဦး**(ရတနာ–)။ (မ–၁၂၉၃)။ ***ရွှေတိဂုံစေတီတော်ကြီးသမိုင်းချုပ်***။ ရန်ကုန်၊ ဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်း။

အောင်မြင့်ဦး၊ **မောင်**။ (၁၉၈၈)။ ***ဆင်ဖြူကျွန်းဆရာသင်၏ပြဇာတ်များ***။ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ ရန်ကုန်တက္ကသိုလ်။

အောင်သင်း။ (၁၉၇၈)။ ***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။


## အင်္ဂလိပ်ဘာသာ


Brockett, Oscar, G. (1964). ***The Theatre on Introduction*,** Printed in the United State of America.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# မင်းယုဝေ၏ အတွေးအမြင်ကဗျာများ လေ့လာချက်

စန်းမြင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် 'မင်းယုဝေ၏ အတွေးအမြင်ကဗျာများ လေ့လာချက်' စာတမ်းဖြစ်ပါသည်။ ထိုစာတမ်းတွင် မင်းယုဝေ၏ အိမ်ပြန်ချိန်ကဗျာများထဲမှ အတွေးအမြင်ပါသော ကဗျာနှင့်ထိုကဗျာကို ဖန်တီးရေးဖွဲ့ရာ၌ အသုံးပြုသည့် အတွေးစိတ်ကူးများကို လေ့လာတင်ပြထားပါသည်။ ကဗျာ့စိတ်ကူးကြောင့် ကဗျာဆရာ တင်ပြလိုသော အတွေးအမြင်သည် နှစ်သက်ဖွယ်ဖြစ်လာရသည့် သဘောကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ ဤစာတမ်းတွင် အခန်း(၁)၌ စာရေးဆရာ၏အတ္ထုပ္ပတ္တိ၊ အခန်း(၂)၌ ကဗျာ့သဘော၊ အခန်း(၃)၌ မင်းယုဝေ၏ ကဗျာများအပေါ် စာပေပညာရှင်များ၏အမြင်နှင့် သုံးသပ်ချက်၊ အခန်း(၄)၌ မင်းယုဝေ၏ အတွေးအမြင်ကဗျာများလေ့လာချက်တို့ ပါဝင်ပါသည်။ ကဗျာများကို လေ့လာသည့်အခန်း၌ 'ကျွန်ုပ်တွေ့သောကဗျာတစ်ပုဒ်'၊ 'မအိုသူများ'၊ 'အတွယ်အတာ' နှင့် 'ကစားကြပါစေ' လေ့လာတင်ပြထားပါသည်။

## နိဒါန်း

ကဗျာအပါအဝင် ရသစာပေ၏အစွမ်းကြောင့် ပရိသတ်တွင် နှစ်သက်ခြင်းရသကို ခံစားကြရသည်။ ထိုမှတစ်ဆင့် ဘဝအသိအာနိသင် နှစ်သက်ခြင်းရသကို ခံစားနိုင်သည်။ နှစ်သက်ခြင်းသက်သက်ကို သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့မှ ရနိုင်သည်။ ဘဝအသိအာနိသင်နှစ်သက်ခြင်းကိုမူ စာရေးသူ၏စေတနာအခံ ရှိပြီးလျှင် ရေးဖွဲ့သော အကြောင်းအရာမှာလည်း လေးနက်မှုရှိမှသာ ရရှိနိုင်ပါသည်။ ကဗျာများကို လေ့လာသုံးသပ်ရာတွင် စာပေအရေးအဖွဲ့ အနုပညာဂုဏ်မြောက်မှုအပြင် ဘဝအတွေးအမြင်ရရှိမှုကိုလည်း ထည့်သွင်း၍ တန်ဖိုးဖြတ်ရန် လိုအပ်ပါသည်။ ကဗျာ၏ အကြောင်းအရာ၊ စိတ်ကူးဉာဏ် (သို့မဟုတ်) အတွေးအခေါ် စေတနာကောင်းလျှင် ကောင်းသလောက်၊ စေတနာညံ့လျှင် ညံ့သလောက် ကဗျာ့ခွန်အား ကောင်းမွန်နိုင်သကဲ့သို့ လျော့ပါးနိုင်သည်။ ကဗျာစာဆိုအနေနှင့် လောကတွင် တွေ့မြင်ရသော အာရုံများအပေါ်၌ အာရုံခံစားပြီးလျှင် နက်ရှိုင်းသော အတွေးအခေါ်တို့ကို ထုတ်နုတ်၍ ကဗျာအဖြစ် ဖန်တီးနိုင်မှသာ ဘဝအသိအာနိသင်ပါသော ရသမြောက်ကဗျာကောင်းတို့ ပေါ်ထွက်လာမည် ဖြစ်ပါသည်။

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ပုသိမ်ပညာရေးကောလိပ်

စာဆိုတစ်ဦး၏ ကဗျာကောင်းတစ်ပုဒ် (သို့မဟုတ်) အားကောင်းသော ကဗျာတစ်ပုဒ်၏ ရသကို လူမျိုးမရွေး၊ ဘာသာမရွေး ခံစားနိုင်ကြပါသည်။ ထိုကဗျာမျိုးကို ဖတ်ရလျှင် ပရိသတ်၌ နှစ်သက်ခြင်း ခံစားမှုမှတစ်ဆင့် မေ့မရအောင် စွဲကျန်ရစ်ခဲ့သော ဘဝအတွေးအမြင်များကို ရရှိနိုင်ကြပါသည်။ ဆရာမင်းယုဝေသည် လောကကို ချစ်ခင်တွယ်တာတတ်သော ကရုဏာစိတ် မေတ္တာစိတ်များဖြင့် ရှုကြည့်၍ လောကလူသားတို့၏ ငြိမ်းချမ်းသာယာရေး၊ လူ့အခွင့်အရေး တိုးတက်ရရှိရေးတို့ကို ဦးတည်၍ ရေးဖွဲ့တတ်ပါသည်။ သူ၏ကဗျာများသည် ဒိဋ္ဌလောကကို အခြေခံပြီး စေတနာကောင်းကို အားပြုကာ ရိုးရိုးနှင့်မွန်မြတ်သော စိတ်အလှဆီသို့ ဦးတည်ကာ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ မင်းယုဝေ၏ကဗျာများတွင် ကဗျာ့အတွေးအမြင်များ ပါဝင်ပါသည်။ အတွေးအမြင်များသည် ဖတ်ရှုသူတို့အား အကျိုးပြုနိုင်ပါသည်။ ထိုကဗျာများထဲမှ သာမန်ဖြစ်ရပ်များအပေါ်တွင် ထူးထူးခြားခြား အတွေးပေါ်ပြီးလျှင် ထိုအတွေးနောက်သို့ ရိုးရိုးရှင်းရှင်း သိမ်သိမ်မွေ့မွေ့နှင့် စာဖတ်သူစိတ်ကို ဖြည်းဖြည်းချင်း ဆွဲဆောင်စည်းရုံးထားသော အတွေးအမြင်ကဗျာ (၄)ပုဒ်ကိုသာ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ မင်းယုဝေ၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာမင်းယုဝေ၏ အမည်ရင်းမှာ ဦးဝင်းမောင် ဖြစ်သည်။ ၁၉၂၈ ခုနှစ် စက်တင်ဘာလ (၂၆)ရက် ဗုဒ္ဓဟူးနေ့တွင် ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့၌ ဖွားမြင်သည်။ မိဘများမှာ ဦးထွန်းဆိုင်၊ ဒေါ်သင် ဖြစ်သည်။

၁၉၄၆ ခုနှစ်တွင် ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းမှ (၁၀)တန်း အောင်မြင်၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးသည်။ ၁၉၅၁ ခုနှစ်တွင် မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေတို့ဖြင့် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၅–၁၉၅၆ ခုနှစ်တွင် ဗြိတိသျှကောင်စီ ပညာသင်ဆုရ၍ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များ လေ့လာရေးကျောင်းတွင် အဘိဓာန်ပညာရပ်များကို ဆည်းပူးခဲ့သည်။

ဆရာမင်းယုဝေသည် ပြန်ကြားရေးဌာန၊ အထက်တန်းဘာသာပြန်အရာရှိ (၁၉၅၁)၊ အင်းစိန်ခရိုင်ပညာအုပ်၊ စာပေဗိမာန်စာပြု (၁၉၅၂)၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ လက်ထောက်စာတည်း၊ ငွေတာရီမဂ္ဂဇင်း တည်ထောင်သူနှင့် တာဝန်ခံအယ်ဒီတာ (၁၉၆၀–၁၉၆၈)၊ ပြန်ကြားရေးဝန်ကြီးဌာန စာနယ်ဇင်း ကော်ပိုရေးရှင်း၊ မြဝတီအယ်ဒီတာချုပ် (၁၉၆၈–၁၉၇၉) တာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ပြီး ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ မြဝတီ

အယ်ဒီတာချုပ်အဖြစ် ထမ်းဆောင်စဉ် စာပေဗိမာန်အမျိုးသားစာပေဆု ရွေးချယ်ရေး အဖွဲ့ဝင်၊ ပညာရေးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ကျောင်းသုံးစာအုပ်ကော်မတီ အဖွဲ့ဝင်၊ ရုပ်ရှင်ဆင်ဆာ အဖွဲ့ဝင်တို့အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ မြတ်မင်္ဂလာစာစောင် (၁၉၈၄ မှ စတင်ထုတ်)နှင့် မင်္ဂလာမောင်မယ် ကျောင်းသား လူငယ်စာစောင် (၁၉၈၈ မှ စတင်ထုတ်)တို့၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

ဆရာမင်းယုဝေသည် ဒေါ်ခင်ရီ (စာဆိုငွေတာရီ)နှင့် လက်ထပ်ပြီး သမီး တစ်ဦး ဒေါက်တာခင်ရီဝင်း ထွန်းကားခဲ့သည်။ စာဆိုငွေတာရီ ကွယ်လွန်ပြီးနောက် ဒေါ်ခင်ဝင်းရီနှင့် လက်ထပ်ပြီး သားတစ်ဦး ဦးသက်ဝင်း ထွန်းကားခဲ့သည်။ မြေး လေးယောက် ထွန်းကားခဲ့သည်။

ဆရာသည် အသက်(၁၅)နှစ် အရွယ်မှစ၍ စာပေများ စတင်ရေးသားနေ သည်မှာ ယနေ့တိုင် ဖြစ်သည်။ စာနယ်ဇင်းများ၌ ဆရာမင်းယုဝေ ရေးသားဖော်ပြ ခဲ့သော ကဗျာ၊ ပုံပြင်၊ ဆောင်းပါး၊ ဝတ္ထုတို၊ ခေါင်းကြီး၊ ဘာသာပြန် စသည်တို့မှာ ပုဒ်ရေပေါင်း (၁၆၀၀)ကျော် ရှိခဲ့သည်။ မင်းယုဝေ ကလောင်အမည်သာမက အခြား ကလောင်အမည် (၁၀)မျိုးဖြင့်လည်း ရေးသားလျက် ရှိသည်။

ဆရာမင်းယုဝေ ရေးသားသော လုံးချင်းစာအုပ်များအနက် ငွေတာရီနှင့် ပူးတွဲဘာသာပြန်ဆိုသော 'ကမ္ဘာကျော် အီစွပ်ပုံပြင်များ' စာအုပ်သည် ၁၉၅၄ ခုတွင် စာပေဗိမာန်ဘာသာပြန်ဆု ရရှိခဲ့ပါသည်။ ဆရာမင်းယုဝေသည် 'ရေခပ်ချိန်ကဗျာများ' စာအုပ်ဖြင့် ၁၉၇၂ခုနှစ် အမျိုးသားစာပေဆု (ကဗျာ)ဆု ရခဲ့သည်။ ဆရာမင်းယုဝေအား ဆရာတက္ကသိုလ်တင်မောင်ထွေးက ၂၀၀၅ခုနှစ်တွင် 'နတ်ရေကန်ရွှေစောင်းဆု' ချီးမြှင့် ခဲ့သည်။ ဓမ္မဗိမာန်ကလည်း ၂၀၀၆ ခုတွင် 'တစ်သက်တာ ဓမ္မစာပေဆု' ချီးမြှင့် ခဲ့သည်။ ဆရာမင်းယုဝေသည် ကဗျာဆရာ၊ စာရေးဆရာသက်တမ်း နှစ်ပေါင်း (၆၀)ကျော် ရှိ၍ စာပေအယ်ဒီတာသက်ပေါင်း (၅၆)နှစ်ကျော် ရှိပြီဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် 'တစ်သက်တာစာပေဆု' ရရှိခဲ့သည်။ ဆရာကြီးသည် ပုသိမ်အသင်း(ရန်ကုန်)တွင် နာယက အဖြစ် လည်းကောင်း၊ လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့တွင် နာယကအဖြစ် လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။

## ၂။ ကဗျာ့သဘော

ရသစာပေသည် စာရေးသူ၏ ဘဝအတွေ့အကြုံနှင့် ခံစားမှုတို့ကို အခြေခံ၍ စိတ်ကူးဖြင့် မွမ်းမံဖန်တီးရေးဖွဲ့ထားသော စာဖြစ်သည်။ စာဖတ်သူအား နှစ်သက်ခြင်း

ရသကို ပေးစွမ်းနိုင်သည့်အတွက် ကဗျာသည် ရသစာပေအမျိုးအစားတွင် ပါဝင်သည်။ ကဗျာနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် ပညာရှင်တို့က အနက်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ ကမ္ဘာကျော်ကဗျာဆရာကြီး ဝီလျံဝဒ်စ်ဝပ်သ်[၁]က–

> "ကဗျာဟူသည် ပြင်းထန်သော ခံစားမှုမှ အလိုအလျောက် ပြည့်လျှံယိုစီးကျလာသော အရာဖြစ်သည်။ ကဗျာသည် ခံစားမှု အပြင်းထန်ဆုံး စိတ်ကူးစိတ်သန်းများကို အဖော်ပြနိုင်ဆုံး၊ နရီစည်းဝါး အကျနဆုံး ဖွဲ့နွဲ့ထားသော စာပေအနုပညာပုံစံ ဖြစ်သည်"[၂]

ဟုလည်းကောင်း၊

> "ကဗျာသည် စကားပြေနှင့် ရေးပုံကွာခြားသည်။ စကားပြေတွင် စာပိုဒ်များကို သုံးပြီး ကဗျာတွင် စာကြောင်းများကို မိမိစိတ်ကြိုက် အတိုင်း အတိုအရှည် ရေးသားနိုင်သည်။ ကဗျာတွင် နိမိတ်ပုံများ၊ ဥပစာတင်စားချက်များ ကြွယ်ဝသည့်အတွက် စကားပြေကဲ့သို့ ဆိုလိုရင်းကို အလွယ်တကူ မသိနိုင်ပေ။"[၃]

ဟူ၍လည်းကောင်း ဆိုထားပါသည်။ အထက်ဖော်ပြပါ အဆိုအမိန့်များကိုကြည့်လျှင် ကဗျာတွင် ခံစားမှုနှင့် စိတ်ကူးစိတ်သန်း၏ အရေးပါမှုကို တွေ့ရှိရပါသည်။

ဒဂုန်တာရာကမူ ကဗျာတွင် စိတ်ကူးသည် လိုအပ်သော်လည်း ကဗျာသစ္စာခေါ် အမှန်တရားရှိရန် လိုအပ်သည်ဆိုသော သဘောကို–

> "ကဗျာအနုပညာသည် တစ်ကယ့်ဖြစ်ရပ်၏ ကူးယူဖော်ပြခြင်း သာလျှင် ဖြစ်ပေသည်။ သို့ဖြစ်ရာ တစ်ကယ့်ဖြစ်ရပ်၌ မရှိခြင်းသည် ကဗျာ၌ မမှန်ကန်ချေ။ တစ်နည်းဆိုရသော် တစ်ကယ့်ဖြစ်ရပ်၌ မတည်ရှိခြင်းကို ကဗျာဆန်သည်၊ ကဗျာမည်သည်ဟု မဆိုနိုင်ပေ"[၄]

ဟု သုံးသပ်ထားပါသည်။ ကဗျာတွင် ဒိဋ္ဌလောကရှိ အဖြစ်အပျက်၊ အကြောင်းအရာများကို အမှီပြုရမည်ဆိုသော အယူအဆဟုလည်း ဆိုနိုင်ပါသည်။

---

[၁] Willian Words Warth

[၂] Morner, Kathleen & Ralsh, Ralph. 1998. 169.

[၃] Morner, Kathleen & Ralsh, Ralph. 1998. 169.

[၄] တာရာ(ဒဂုန်)၊ ၁၉၇၀၊ ၄၃၂။

ဆရာဇော်ဂျီက ကဗျာတွင် ခံစားမှုသည် အရေးပါသည်။ စေတနာ၊ စိတ်ကူး စိတ်သန်း၊ ကဗျာ့အသံတို့တွင်လည်း ခံစားမှု ပါဝင်ရမည် ဟူသော အယူအဆကို–

> "ကဗျာကောင်းမည်သည် နှလုံးသားမှ ယိုစီးလာသော စေတနာ၊ နှလုံးသားမှ စီမံဖန်တီးလိုက်သော စိတ်ကူး၊ နှလုံးသားမှ မြည်လာသော အသံတို့ ကိန်းဝပ်ရာ စာမျိုးဖြစ်သည်"[၁]

ဟူ၍ ဆိုမိန့်ခဲ့ပါသည်။

ကဗျာတွင် ခံစားမှု အရေးပါသကဲ့သို့ ကဗျာစာဆို၏ အတွေ့အကြုံ၊ စိတ်ကူး နှင့် အတွေးအမြင်တို့ လိုအပ်ကြောင်းကိုလည်း ဆရာမြဇင်က–

> "နရီ နိမိတ်ပုံတို့ဖြင့် ကောင်းသောအတွေး၊ ကောင်းသောအတွေ့ တို့ကို ဖော်ကျူးသော စကားအဖွဲ့အစည်းသည် ကဗျာဖြစ်သည်။ ကဗျာတွင် ဘာသာစကား၏စွမ်းအားကို အစွမ်းကုန်သုံးထားသည်"[၂]

ဟု ဆိုခဲ့ပါသည်။ ထိုအဆိုအမိန့်အရ ကြည့်လျှင် ကဗျာကောင်းတစ်ပုဒ် ဖြစ်ရန် ပုံသဏ္ဌာန်ပိုင်းသည်လည်း အရေးပါသည်။ ကဗျာကို စကားလုံးများဖြင့် ပုံဖော် သွန်းလုပ်ရာ၌ ဘာသာစကား အသုံးချမှုသည် အရေးပါသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ကဗျာကဲ့သို့သော အနုပညာပစ္စည်းသည် အနုပညာဂုဏ်မြောက်ပါက ကဗျာ ဖတ်သူတို့၏အာရုံတွင် နှစ်ပေါင်းများစွာ စွဲ၍ကျန်ရစ်နိုင်စေသည်။ ထိုကဲ့သို့ နှစ်သက်ခြင်း ရသခံစားမှု ကြာရှည်တည်တံ့နေခြင်းမှာ ထိုကဗျာ၏ အနုပညာဂုဏ်မြောက်သောကြောင့် ဖြစ်သည်။ ထိုအကြောင်းကို ဒဂုန်တာရာက–

> "စာတစ်ပုဒ် (သို့မဟုတ်) အနုပညာတစ်ခုသည် ဖတ်ပြီးလျှင် ချက်ခြင်း ခံစားပြီးလျှင် ပျောက်သွားခြင်း မဟုတ်ဘဲ မိမိအာရုံ၌ နှစ်ပေါင်း များစွာ စွဲကျန်ရစ်သည့်သဘောကို ကျွန်တော်တွေးမိသည်။ ယင်းကို အနုပညာပေလောဟု မေးခွန်းမေးမိသည်။ အနုပညာဆိုသည်ကား ခံစားမှု၊ စိတ်ကူးပတ်ဝန်းကျင်တို့ ပေါင်းစပ်ခြင်း မဟုတ်ပါလော"[၃]

ဟု ဆိုမိန့်ခဲ့ပါသည်။

---

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၃၁။

[၂] မြဇင်နှင့်အများ၊ ၁၉၈၄၊ ၂၄၆။

[၃] တာရာ၊ (ဒဂုန်–)၊ ၂၀၀၃၊ ၁၂၃။

ကဗျာစိတ်ကူးနှင့် ပတ်သက်၍ ဆရာမြဇင်က–

> "အာရုံခံစားမှု ပါဝင်၍ စိတ်ကူးဉာဏ်ကို အသုံးပြုထားသော စိတ်ဖြစ်စဉ် ဖော်ကျူးချက်"[၁]

ဟု ဖွင့်ဆိုခဲ့ပါသည်။

ကဗျာသည် နှစ်သက်ခြင်းကို ပေးရုံသာမက စာဖတ်သူတို့အား လောက အမှန်တရားကိုလည်း ဖော်ထုတ်ပြသနိုင်ရမည်။ ကဗျာတွင် ကဗျာ၏အတွေးအမြင် ပါရမည့် သဘောပင် ဖြစ်ပါသည်။ ထိုသဘောကို ဆရာမြဇင်က–

> "ကဗျာ၏အလုပ်မှာ အမှန်တရားကိုယူ၍ ကျွန်ုပ်တို့၏ခံစားမှုတွင် ယုတ္တိရှိအောင် ဖန်တီးဖို့ရာ ဖြစ်သည်။ အမှန်တရားကို မှန်ကြောင်း စဉ်းစားဉာဏ်တွင် အထင်အလင်း သိသာအောင် ပြုလုပ်ရန် အရေးထက် ကျွန်ုပ်တို့၏ ခံစားမှုတွင် အဓိပ္ပာယ်လေးနက်အောင် ဖန်တီးဖို့ အရေးသည် ကဗျာ၏တာဝန် ဖြစ်သည်"[၂]

ဟု ဆိုထားပါသည်။ ကဗျာစာဆိုသည် ခံစားမှုကို ယုတ္တိရှိအောင်နှင့် အတွေးအမြင်ကို လက်ခံလာအောင် ဖန်တီးရာတွင် ကဗျာဖန်တီးမှု အတတ်ပညာကို အသုံးပြုရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကဗျာဆရာသည် ကဝိဖြစ်သည်။ ကဗျာသည် ကဝိပစ္စည်း ဖြစ်သည်ဟု ပညာရှင်တို့က မိန့်ဆိုခဲ့ကြခြင်း ဖြစ်ပါသည်။

ကဗျာ၏ အကျိုးတရားနှင့်ပတ်သက်၍ ဆရာဇေယျက–

> "ကဗျာသည် လူတို့၏ အထိန်းအကျောင်းကြီး တစ်ရပ်ပင် ဖြစ်ပေသည်။ ရိုင်းပျသောစိတ်ကို ယဉ်ကျေးအောင် ပြုပြင်ပေးခြင်း၊ ညစ်နွမ်းသောစိတ်ကို ယဉ်ကျေးအောင်၊ ကြည်လင်လာအောင် ဖန်တီးပေးခြင်း၊ နိမ့်ကျနေသောစိတ်ကို မြင့်တက်လာအောင် မြှင့်တင်ပေးခြင်း၊ ဖရိုဖရဲဖြစ်နေသောစိတ်ကို ကြံ့ခိုင်လာအောင် အားပေးခြင်းသည် လူတို့အတွက် အရေးကြီးဆုံး ဖြစ်သည့် လုပ်ငန်းကို ဆောင်ရွက်ရသည်"[၃]

ဟု ဆိုထားပါသည်။

---

[၁] မြဇင်၊ ၁၉၇၄။

[၂] မြဇင်၊ ၁၉၇၄၊ ၄၃။

[၃] ဝင်းလတ်၊ ၁၉၇၀၊ ၁၆၀။

ဆရာဇော်ဂျီကမူ ကဗျာ၏ အကျိုးတရားနှင့် ပတ်သက်၍–

> "ကဗျာသည် ပရိသတ်၌ နှစ်သက်ခြင်းကို ဖြစ်စေသည်။ ထိုနှစ်သက်ခြင်း၏ ဂယက်ဖြင့် ဘဝကို အသိပေး၍ အကျိုးပြုတတ်သည်ကို သတိပြုအပ်ပါသည်"[၁]

ဟု ဖော်ပြထားပါသည်။ ကဗျာမှပေးသော အမှန်တရားသည် စိတ်ခံစားမှုမှတစ်ဆင့် ရရှိသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကဗျာတစ်ပုဒ်တွင် ခံစားမှုကို ပေးနိုင်ရုံသာမက ဘဝအတွေးအမြင်ကိုလည်း ပေးနိုင်ရမည် ဖြစ်ပါသည်။ ရသခံစားမှုနှင့် ဘဝအတွေးအမြင်တို့သည် ကဗျာ၏ အကျိုးတရားများဟု ယူဆနိုင်ပါသည်။

## ၃။ မင်းယုဝေ၏ကဗျာများအပေါ် စာပေညာရှင်တို့၏သုံးသပ်ချက်အမြင်များ

စာဆိုတို့ ဖန်တီးထားသော အနုပညာလက်ရာများတွင် စာဆို၏ စိတ်နေသဘောထားသည် ထင်ဟပ်လျက် ရှိပါသည်။ စာဆိုမင်းယုဝေ၏ ကဗျာများမှတစ်ဆင့် စာဆို၏စိတ်နှလုံးကို မှန်းဆကြည့်လျှင် မိမိပတ်ဝန်းကျင်လောကကို မေတ္တာ၊ ကရုဏာထားတတ်သူဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။ စာဆိုနှင့် တွေ့ကြုံဆက်ဆံဖူးလျှင်လည်း သူ၏ စာပေများတွင် သူ၏စိတ် အရိပ်များ လွှမ်းမိုးနေကြောင်း ဆက်စပ်မိမည် ဖြစ်ပါသည်။

ဆရာမင်းယုဝေ ရေးဖွဲ့ခဲ့သော 'ရတနာကဗျာများ' စာအုပ်တွင် ဆရာဇော်ဂျီက မိတ်ဆက်နိဒါန်း၌–

> "တင့်တယ်ခြင်း၊ ပြေပြစ်ခြင်းတို့ကို မြင်လိုသိလိုသော ဆန္ဒ၊ မြင်တတ်သိတတ်သော အမြင်အသိ၊ ဤဆန္ဒ ဤအမြင်တို့သည် စိန်ကောင်း ကျောက်ကောင်းတို့ထက် အဖိုးထိုက်သည်ဟု ထင်မိလေသည်"[၂]

ဟု ဆိုထားပါသည်။ စာဆိုမင်းယုဝေသည် လောကကို အကောင်းဖက်၊ အလှဖက်မှ ချစ်သော မျက်စိနှင့် ကြည့်တတ်သူအဖြစ် သုံးသပ်ထားခြင်း ဖြစ်ပါသည်။

မင်းယုဝေ၏ 'အိမ်ပြန်ချိန်ကဗျာများ'လာ ဆရာတိုက်စိုး၏ အမှာစာတွင် ရသစာပေတွင် စေတနာ၏ အရေးပါသည့် သဘောကို ဖော်ပြပြီး–

---

[၁] ဇော်ဂျီ၊ ၁၉၆၃၊ ၁၁၆။

[၂] ဇော်ဂျီ၊ ၂၀၁၅၊ (နောက်ဆက်တွဲ)၊ ၇၉၂။

> "မင်းယုဝေ၏ စေတနာကို သူ့ကဗျာများမှတစ်ဆင့် ကျွန်တော် စူးစမ်းကြည့်၏။ မင်းယုဝေသည် လူ့ဝန်းကျင်ကို မင်သူတည်း။ လူသားမပါသော အဖွဲ့အစည်း၌ သူသည် အလှရှာမတွေ့၊ လူတည်းဟူသော မင်းယုဝေသည် လူအချင်းချင်း သဟဇာတဖြစ်မှုကို မြတ်နိုး၏။ လူအချင်းချင်း၏ စည်းလုံးညီညွတ်မှုကို ကြိုဆို၏။ လူအချင်းချင်း၏ မေတ္တာခိုင်မြဲမှုကို တောဆို၏။ လူအချင်းချင်း ပြိုကွဲစေသော စစ်ကို မုန်းတီး၏။ လူအချင်းချင်း အဆင်မပြေသည်ကို ပျောက်ကွယ်စေချင်၏။ လူနေမှု အဆင်မပြေအောင် ဖန်တီးသူများကို ရွံရှာ၏။ လူ့လောကကြီးအား ရောက်လာကာစ ဖြစ်သော လူမမယ်လေးများအတွက် ဘေးကင်းသော အဖြစ်သို့ ရောက်စေချင်၏။ ထို့ကြောင့် လူ့လောက တိုးပွားရေးအတွက် လုံ့လပြုကြရန်၊ ကာကွယ်ကြရန် နှိုးဆော်တိုက်တွန်း၏"[၁]

ဟု ဖော်ပြထားပါသည်။

'အိမ်ပြန်ချိန်ကဗျာများ' စာအုပ်တွင် ဟံသာဝတီဦးဝင်းတင်၏ အမှာစာ၌လည်း–

> "မင်းယုဝေသည် ကဗျာဆရာဖြစ်၍ ကျွန်တော်တို့လို သွေးမဆူ၊ ဘဝကို ဘဝလို တွေးသည်။ ကဗျာကို ကဗျာလို ရေးသည်။ အလှကို အလှလို ကြည့်သည်။ ခေတ်ကို ခေတ်လို မြင်သည်"[၂]

ဟု ဆိုထားပါသည်။

မင်းယုဝေ၏ကဗျာများတွင် တစ်ဆင့်ပြီးတစ်ဆင့် ကဗျာ့အတွေးအမြင်များ ရင့်ကျက်လာပုံကို အိမ်ပြန်ချိန်ကဗျာ၌ ဟံသာဝတီဦးဝင်းတင်ကပင်–

> "မင်းယုဝေသည် ဘဝကို ယေဘုယျကဲ၍ သုံးသပ်ချိန်ကသုံးသပ်၊ အလှကဲ၍ ရှုမြင်ချိန်ကရှုမြင်၊ ဝေဒနာကဲ၍ ခံစားချိန်ကခံစားခဲ့သော်လည်း 'ယခုမူ ဆွေနှင့်လူသား၊ တာဝန်များကို၊ ကြိုးစားတစ်လီ၊ ဆောင်ဦးမည်ဟု ရွာဆီမျှော်မှန်း၊ မြေညီလမ်းမှ၊ လှမ်းခဲ့တစ်လီ၊ ပြန်လာခဲ့လေပြီ"[၃]

---

[၁] တိုက်စိုး၊ ၂၀၁၅၊ (နောက်ဆက်တွဲ)၊ ၇၉၅။

[၂] ဝင်းတင်၊ ဦး(ဟံသာဝတီ)၊ ၂၀၁၅၊ (နောက်ဆက်တွဲ)၊ ၇၉၈။

[၃] ဝင်းတင်၊ ဦး (ဟံသာဝတီ–)၊ ၂၀၁၅၊ (နောက်ဆက်တွဲ)၊ ၇၉၈။

ဟူ၍ ဆိုထားပါသည်။ ထိုအဆိုများသည် လူသားတို့၏ ဘဝတာဝန်များဆီသို့ ဦးတည်လာခဲ့သည့် အတွေးများ ရင့်ကျက်လာသည့်သဘောကို ဆိုလိုဟန် ရှိပါသည်။

တက္ကသိုလ်ဝင်းမွန်ကလည်း 'ရေခပ်ချိန်ကဗျာများ'ကို သုံးသပ်တင်ပြရာ၌–

> "ကဗျာတစ်ပုဒ်ကိုဖတ်၍ အရသာခံရသည်မှာ ကြည်နူးစရာကောင်းပါသည်။ ကဗျာဆရာ၏ ရည်ရွယ်ချက်၊ ကဗျာဆရာ၏ သဘောထား၊ ကဗျာဆရာ၏ စေတနာ၊ လောကအမြင် စသည်တို့ကို ခြေရာကောက်ရသည်မှာ ပျော်စရာကောင်းပါသည်။ အဆွေ ကဗျာဖတ်သူသည်လည်း ကျွန်တော့်နည်းတူ ရေခပ်ချိန်ကဗျာများကို ဖတ်၍ ကြည်နူးနေလိမ့်မည်၊ ပျော်ရွှင်နေပါလိမ့်မည်"[၁]

ဟု တင်ပြထားပါသည်။ အထက်ဖော်ပြပါ စာပေပညာရှင်အသီးသီး၏ သုံးသပ်ချက်များအရ ကြည့်လျှင် မင်းယုဝေ၏ ကဗျာများသည် အလွန်ရိုးသားသိမ်မွေ့သော ကဗျာများ ဖြစ်သော်လည်း လူ့ဘောင်လောကကို စေတနာထားလမ်းညွှန်သည့် ကဗျာစာဆို၏ အတွေးအမြင်များ ပါဝင်နေသည်ဟု နားလည်ရပါသည်။

## ၄။ မင်းယုဝေ၏ အတွေးအမြင်ကဗျာများ လေ့လာချက်

မင်းယုဝေ၏ ကဗျာများကို လေ့လာကြည့်သောအခါ စာဆိုသည် လောကတစ်ဝှန်းလုံးရှိ လူသားအားလုံးအပေါ်တွင် မေတ္တာစိတ်ကို ဖြန့်လွှမ်း၍ ခံစားရှုမြင်ကာ ကဗျာများကို ရေးဖွဲ့ခဲ့သည်ဟု ဆိုရပါမည်။ သူ၏ကဗျာများသည် လောကကိုချစ်ခြင်း၊ လောကကို အလှဆင်လိုခြင်း၊ လူသားကမ္ဘာကို ပျော်ရွှင်ချမ်းမြေ့စေလိုခြင်း ဟူသည့် ခံစားမှုကို အခြေခံထားသည်။ စာဆို၏ကဗျာများသည် ခံစားရုံ သက်သက်သာမက ကဗျာတစ်ပုဒ်တွင် အရေးပါသည့် ဘဝအတွေးအမြင်များလည်း ပါဝင်နေပါသည်။ မင်းယုဝေ၏ ကဗျာအတွေးများသည် အဆန်းတကြယ် ရှာဖွေရေးဖွဲ့ထားခြင်း မဟုတ်ပေ။ လူ့လောကပတ်ဝန်းကျင်ကို ရှုမြင်ခံစားပြီးလျှင် ရရှိလာသော ဘဝအမြင်များကို ဖြန့်ချီထားခြင်းသာ ဖြစ်သည်။ စာဆို၏အတွေးအမြင်များသည် ရိုးသားသည်။ အတွေးအမြင်ကို တင်ပြသော ကဗျာဖန်တီးမှုမှာလည်း ရိုးသားသည်။ စကားအသုံးအနှုန်း အဆန်းတကြယ်၊ အလင်္ကာ အဆင်တန်ဆာ အဆန်းတကြယ်များကို သုံးလေ့မရှိ၊ အတွေးရိုးသည်နှင့်အမျှ ရေးဖွဲ့တင်ပြပုံမှာလည်း ရိုးရှင်းသည်။ အရိုးဆုံးသည် အလှဆုံး ဟူသော ခံယူချက်ဖြင့် ကဗျာများ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

---

[၁] ဝင်းမွန်၊ (တက္ကသိုလ်–)၊ ၂၀၁၅၊ (နောက်ဆက်တွဲ)၊ ၈၁၅။

## ၄၊ ၁။ ကျွန်ုပ်တွေ့သော ကဗျာတစ်ပုဒ်

၁၉၆၂ ခုနှစ်တွင် ရေးဖွဲ့ခဲ့သော 'ကျွန်ုပ်တွေ့သောကဗျာတစ်ပုဒ်' ကဗျာတွင် ကဗျာစာဆိုသည် လူမမယ်မောင်ငယ်လေး ငိုရှိုက်နေသည်ကို အစ်မဖြစ်သူ သမီးငယ်က ယုယစွာ ချော့မော့နေသည်ဟူသော ရှုခင်းကို တွေ့မြင်သည်။ အစ်မဖြစ်သူ၏ ကြင်နာယုယမှုကြောင့် မောင်ငယ်သည် မျက်ရည်ကင်းစင်၍ ကြည်လင်ဝင်းပလာသည်။ အစ်မဖြစ်သူကို မှီခိုလျက် ပြုံးပြုံးရွှင်ရွှင်နှင့် အခါခါ ဖက်ယမ်းနမ်းရှုံ့နေသည်။ ထိုရှုခင်းကို မြင်၍ ကဗျာစာဆို၏ရင်ထဲတွင် ခံစားမှု ဖြစ်ပေါ်လာသည် ဟူသော အတွေးအမြင်ကို ဖွဲ့သီထားပါသည်။ ကဗျာစာဆိုသည် မေတ္တာတရား အလှတရား တစ်ကွက်ကို ရှုမြင်ရာမှ ကဗျာတစ်ပုဒ် ဖြစ်ပေါ်လာပုံကို ရေးဖွဲ့ခြင်း ဖြစ်သည်။ သိမ်မွေ့နက်နဲသော အနုပညာလက်ရာတစ်ခု ရင်၌မှီခိုကိန်းအောင်းလာပုံ အဆင့်ဆင့်ကို အနုစိတ် သရုပ်ဖော်၍ စာဖတ်သူတို့၏စိတ်ကို အဆင့်ဆင့် စည်းရုံးခေါ်ဆောင်ထားပါသည်။

ချစ်သမီးငယ်သည်လည်း ကလေးငယ်တစ်ဦးပင် ဖြစ်ပါသည်။ ကလေးငယ်တစ်ဦး ဖြစ်သော်လည်း ငိုရှိုက်နေသော မောင်ငယ်ကို ယုယကြင်နာစွာ ချော့မော့သည်။ ကလေးငယ်တစ်ယောက်၏ နှလုံးသားထဲတွင် မိမိထက်ငယ်သော မောင်ငယ်ကလေးကို မေတ္တာစိတ်ထား၍ အငိုတိတ်စေသော သရုပ်ပေါ်အောင် ကဗျာစာဆိုက–

"ချစ်သမီးငယ်၊ လူမမယ်လျှင်
မောင်ငယ်ရှိုက်အီ၊ ငိုလေသည်ကို
ပွေ့ချီ၍သာ၊ ယုယစွာဖြင့်
တီတာပျောင်းပျော့၊ တေးဆိုချော့"[၁]

ဟု ရေးဖွဲ့ထားပါသည်။

အနုပညာလက်ရာတို့မည်သည်မှာ စာဆိုတို့၏ နူးညံ့သိမ်မွေ့သော စိတ်အလှမှ ပေါက်ဖွားလာမြဲဖြစ်သည့်သဘောကို တစ်ဆင့်ချင်း တင်ပြထားသည်။ နူးညံ့သော အကြောင်းအရာ ဖြစ်သည့်အတွက် ကဗျာသုံးစကားလုံးများ၊ ကဗျာအသံ အနေအထားများသည် ငြင်သာပျောင်းပျော့သည်။

အစ်မဖြစ်သူကိုပင် စာဆိုက 'ချစ်သမီးငယ် လူမမယ်' ဆိုသော အသုံးဖြင့် ရေးဖွဲ့ထားသည့်အတွက် သမီးငယ်အပေါ်တွင် ဖခင်မေတ္တာစိတ် ပေါ်သည်။ သမီးငယ်

---

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၁၈၉။

လူမမယ်ဆိုသည့် စကားများအပြင် ငိုယိုနေသည့် မောင်ကလေးကိုလည်း 'မောင်ငယ်' ဟု သုံးနှုန်းထားသည်။ ကလေးငယ်၏ ငိုသံကိုလည်း 'ရှိုက်အီ' ဟု ကလေးငယ်၏ တအီအီတစာစာပြုလိုက် ငိုလိုက်ဖြစ်နေသည့် အနေအထားကို ကဗျာစာဆိုက အံဝင်ခွင်ကျဖြစ်အောင် စကားလုံး ရွေးချယ်သုံးနှုန်းထားသည်။ အစ်မဖြစ်သူ၏ ချော့မော့သည့် အမူအရာကို တင်ပြရာ၌လည်း 'ပွေ့ချီသည်'၊ 'ယုယသည်'၊ 'တေးဆိုချော့သည်' ဟူ၍ မောင်ငယ်အပေါ် ထားရှိသည့် မေတ္တာစိတ်ကို ပြနိုင်သော အမူအရာပြစကားလုံးများဖြင့် တင်ပြထားပါသည်။ ချော့သည်ဟုဆိုရာ၌ပင် စာဆိုက မေတ္တာစိတ်ကို အခြေခံရေးသောကြောင့် 'တေးဆိုချော့၏' ဟု ဖွဲ့သည်။ စကားလုံးများဖြင့် ပြောဆိုချော့မော့ဟန်ကိုလည်း 'တီတာပျောင်းပျော့' ဟူ၍ အစ်မဖြစ်သူကလေးငယ်၏ မောင်ငယ်ကလေးအပေါ် ချစ်ခင်သော မေတ္တာစိတ်ကို ပေါ်လွင်စေသည့် စကားလုံးများဖြင့် သုံးနှုန်းဖွဲ့ဆိုထားပါသည်။

အစ်မဖြစ်သူ၏ ချော့မော့ယုယမှုကြောင့် မောင်ငယ်သည် ကြည်လင်ရွှင်လန်းလာသည်။ မောင်နှမနှစ်ဦး၏ အပြန်အလှန်မေတ္တာသရုပ်ကို ဖော်ထုတ်ပြသည့် အမူအရာအဖွဲ့များကို စာဆိုက–

"အားလျော့နွမ်းနယ်၊ သားမောင်မယ်လျှင်
ပန်းနှယ်လန်းရွှင်၊ မျက်ရည်စင်၏
ကြည်လင်ဝင်းပ၊ သူ့အစ်မ၏
သွယ်လျလည်ကို၊ မှီနွဲ့ခိုလျက်
ပြုံးချိုဖက်ယမ်း၊ ခါခါနမ်း၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ငိုရှိုက်ရသည့်အတွက် နွမ်းနယ်နေသည့် ကလေးငယ်၏ သရုပ်ကို 'အားလျော့နွမ်းနယ်' ဟု အနက်ချင်း ဆက်စပ်မှုရှိသော စကားလုံးအတွဲအဖွဲ့ဖြင့် သရုပ်ဖော်ထားသည်။ မျက်ရည်များစင်၍ လန်းရွှင်လာပုံကို 'ပန်းနှယ်လန်းရွှင်၊ မျက်ရည်စင်၏' ဟု ရိုးရိုးနှင့် မြင်သာအောင် ဖွဲ့ဆိုထားသည်။ မောင်ငယ်အား ကြည့်နေသော အစ်မဖြစ်သူ၏မျက်ဝန်းများကို 'ကြည်လင်ဝင်းပ' ဟု ဖွဲ့ထားသည်။ အစ်မအပေါ်တွင် ချစ်ခင်အားကိုးစိတ်ဖြင့် မှီတွယ်နေပုံကို 'သွယ်လျလည်ကို၊ မှီနွဲ့ခို၏' ဟူ၍ အမူအရာပြစကားလုံးများကို နေရာတကျသုံးထားသည်။ ကလေးငယ်သည် စိတ်ကြည်လာသောအခါတွင်လည်း အစ်မဖြစ်သူကို ချစ်ခင်စိတ်ဖြင့် တုံ့ပြန်သည့် အမူအရာကို 'ပြုံးချိုဖက်ယမ်း၊ ခါခါနမ်း၏' ဟု အတွဲအဖက် လိုက်ဖက်သော

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၁၈၉။

စကားလုံးများကို ပေါင်းစပ်ဖွဲ့စည်း၍ စိတ်ပျော်ရွှင်ကြည်နူးမှု အမူအရာဖြင့် သရုပ်ဖော် တင်ပြထားပါသည်။

စာဆိုသည် တုံ့လှုယ်မေတ္တာ၏ သရုပ်ကို ရိုးရိုးလေးနှင့် ပေါ်လွင်သော စကားလုံးများဖြင့် ဖွဲ့စည်းသုံးစွဲပြီးလျှင် စာဖတ်သူ၏ စိတ်အာရုံ၌ ကြည်နူး သာယာဖွယ် ရှုခင်းတစ်ရပ်ဖြစ်လာအောင် ဖွဲ့စပ်ခဲ့သည်။ ထိုသို့ ဖွဲ့စပ်ပြပြီးမှ ထိုမေတ္တာ ပုံရိပ်များဖြင့် လောကကို အလှဆင်ပေးနိုင်သည့် ကဗျာတစ်ပုဒ်အဖြစ် မွေးဖွားပေး လိုက်ခြင်းကို–

"ထိုရောအခါ၊ ကျွန်ုပ်မှာလျှင်
ကဗျာကိုတွေ့၊ ရင်ဝယ်ပွေ့သည်
ချမ်းမြေ့မဆုံးရှိသည်တကား"[၁]

ဟု ဖွဲ့ဆိုခဲ့ပါသည်။

ထိုကဗျာကို လေ့လာကြည့်လျှင် ကဗျာစာဆိုသည် ကဗျာဖတ်သူတို့အနေနှင့် မျှော်လင့်မထားသောမြင်ကွင်းကို အခြေတည်၍ အနုပညာပစ္စည်းတစ်ခု ဖြစ်ထွန်း လာပုံကို ဆက်စပ်ယူသည့်အတွေးမှာ တင်ပြပုံ ဆန်းသစ်ပါသည်။ ထိုအတွေးအမြင်သည် အနုပညာဖန်တီးမှုတွင် လိုအပ်သော အမှန်တရားဖြစ်သည်။ ကဗျာစာဆိုတို့သည် သူတွေ့မြင်လာသော အာရုံပုံရိပ်များကို စုစည်း၍ ခံစားမှုကို ပေါ်ပေါက်စေသည်။ ခံစားမှုမှတစ်ဆင့် စိတ်ကူးကို ပုံဖော်ပြီး စကားလုံးများသုံး၍ ဖွဲ့သီလေ့ ရှိသည်။ ကဗျာဖြစ်စေသဘော၊ အနုပညာဖန်တီးမှုဖြစ်စေသဘောနှင့် ကိုက်ညီပါသည်။ ကဗျာစာဆို တို့သည် မည်သည့်အာရုံကိုမဆို နက်နက်နဲနဲ ခံစားနိုင်စွမ်းရှိသည်။ ကဗျာတစ်ပုဒ် အဖြစ် ပြန်လည်ဖန်တီးယူနိုင်သည်ဟူသည့် ကဗျာ့ဖန်တီးမှုဖြစ်စဉ်၊ အနုပညာဖန်တီးမှု ဖြစ်စဉ် အတွေးအမြင် တစ်ရပ်ကို ရိုးရိုးနှင့် သိမ်သိမ်မွေ့မွေ့ တင်ပြထားသည်ကို တွေ့ရပါသည်။

## ၄၊ ၂။ မအိုသူများ

စာဆိုမင်းယုဝေ၏ ကဗျာများမှ အတွေးအမြင်များသည် ဆန်းသစ်လှသည်ဟု မဆိုနိုင်ပေ။ နေ့စဉ် မြင်တွေ့နေကျ အကြောင်းအရာများ အပေါ်၌သာ စာဆို၏ အမြင်ကိုထုတ်၍ တင်ပြထားခြင်း ဖြစ်သည်။ သို့ရာတွင် အချို့ကဗျာများတွင်မူ မြင်နေကျ

---

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၁၈၉။

တွေ့နေကျ ဖြစ်သော်လည်း သာမန်လူတို့ မတွေးမိသော အကြောင်းအရာကို ထူးထူးခြားခြား တွေးမြင်ပြထားပါသည်။

'မအိုသူများ' ကဗျာတွင် ကွယ်လွန်သွားပြီးဖြစ်သော ချစ်ကြင်သူနှင့် သူငယ်ချင်းဟောင်းများကို အိပ်မက်တွင် ပြန်၍တွေ့မြင်ခဲ့သည်။ အံ့သြစရာကောင်းသည်မှာ အိပ်မက်၌ တွေ့တိုင်း ထိုသူတို့သည် ခွဲခွာစအချိန်ကကဲ့သို့ နုပျိုနေဆဲ ဖြစ်သည်။ အိပ်မက်ထဲမှ ကွယ်လွန်သူများ မအိုကြသော်လည်း မိမိမှာမူ အရွယ်အိုမင်း၍ ရုပ်ဆင်းယိုယွင်းလာပုံဖြင့် နှိုင်းယှဉ် ရေးဖွဲ့ပြထားခြင်း ဖြစ်သည်။

ကွယ်လွန်သူကို အိပ်မက်ထဲ၌ တွေ့ရတိုင်း သေဆုံးချိန်က အရွယ်အတိုင်းပင် ရှိနေသည်မှာ အိပ်မက်၏သဘာဝ ဖြစ်သည်။ အိပ်မက်သူမှာ သက်ရှိထင်ရှား လူတစ်ယောက်ဖြစ်၍ ဇရာသဘောအတိုင်း အိုမင်းယိုယွင်းလာရသည်။ အမှုမဲ့အမှတ်မဲ့ ရှိနေသော အကြောင်းအရာတစ်ရပ်ကို ကဗျာစာဆိုက တွေးမြင်ပြပြီး ကဗျာတစ်ပုဒ် ဖွဲ့ဆိုလိုက်ခြင်း ဖြစ်ပါသည်။

မအိုသူများကဗျာသည် မမျှော်လင့်သော အတွေးဖြစ်၍ အတွေးဆန်းသည်။ သို့ရာတွင် ရေးဖွဲ့တင်ပြပုံမှာ ရိုးရိုးရှင်းရှင်းသာ ဖြစ်သည်။ မင်းယုဝေသည် ကဗျာဖွဲ့ရာ၌ အဖြစ်အပျက်များကို ဇာတ်လမ်းတစ်ပုဒ်ပမာ စီကာစဉ်ကာ တင်ပြလေ့ရှိသည်။ ထိုသဘောအတိုင်းပင် ကဗျာ ပထမပိုဒ်တွင်–

"မနေ့ညက၊ အိပ်ပျော်စဝယ်
ဘဝပြောင်းခွာ၊ ကွယ်လွန်ရှာသော
သက်လျာကြင်သူ၊ ချစ်သည်းအူနှင့်
သူငယ်ချင်းဟောင်း၊ ဆွေအပေါင်းကို
ပြန်ပြောင်းကာပင်၊ တစ်ဖန်မြင်သည်
ငါလျှင် အိပ်မက် မက်ခဲ့၏"[၁]

ဟု ဇာတ်ကြောင်းပြောဟန် ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့၌လည်း ချစ်ဇနီးနှင့် သူငယ်ချင်းဟောင်းများအပေါ်ဝယ် ကြင်နာအောက်မေ့သောစိတ်နှင့် 'ဘဝပြောင်းခွာ၊ ကွယ်လွန်ရှာသော' ဟု ရေးဖွဲ့ထားသည်။ 'ရှာ' ဆိုသော ကြိယာထောက်ကို မင်းယုဝေ၏

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၁၉၄။

ကဗျာများတွင် အများအပြား တွေ့ရတတ်ပါသည်။ စာဆို၏ ကရုဏာစိတ်လွှမ်းသော စိတ်ထားကို လေသံက ဖော်ပြနေပါသည်။

ဒုတိယပိုဒ်တွင်မူ အိပ်မက်သဘောကို ဆင်ခြင်မိ၍ အံ့သြရသော ခံစားမှု၊ ဆင်ခြင်မှုကို–

"အံ့စရာတည့်၊ မက်လာတိုင်းတွင်၊
နှစ်လျှင်များစွာ၊ တို့ကွဲကွာ၍၊
ငါ့မှာရွယ်အို၊ ရုပ်ယွင်းယိုလည်း
ဟိုယခင်က၊ ခွဲခွာစသို့
ရုပနှစ်လို့၊ ရွယ်မချို့သည်
သူတို့ မအိုကြတကား"[၁]

ဟု ရေးဖွဲ့ထားသည်။

မင်းယုဝေကဗျာများသည် အလင်္ကာ အဆင်တန်ဆာ၊ စကားလုံး အသစ်အဆန်းများကို မတွေ့ရသော်လည်း စကားလုံးဖွဲ့စည်းပုံမှာမူ အဆင်ပြေညီညွတ်ပြီးလျှင် တွဲဖက်ထားသော စကားလုံးများသည် ဆိုလိုသော အဓိပ္ပာယ်ကို ပေါင်းစု၍ ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်း ရှိပါသည်။ ပုံစံအားဖြင့် 'ငါ့မှာရွယ်အို၊ ရုပ်ယွင်းယို'၊ 'ရုပနှစ်လို့၊ ရွယ်မချို့' ဆိုသည့် စကားရှေ့နောက် အတွဲအဖက်များသည် စကားတစ်လုံးက စကားလုံးတစ်လုံးကို အထောက်အကူပြု ပံ့ပိုးထားပါသည်။ နေ့စဉ်အတွေ့အကြုံကိုပင် အဆန်းတကြယ် တွေးမြင်ပြသော အတွေးအခေါ်များသည် နှစ်သက်ဖွယ် ဖြစ်ပါသည်။

## ၄၊ ၃။ အတွယ်အတာ

'အတွယ်အတာ' ကဗျာတွင် အမြင့်တွင်ရှိသော တိမ်လွှာများသည် မုန်တိုင်းနှင့် လေဆောင်ရာသို့ လွင့်ပါသွားရမည် ဖြစ်သည်။ မြေပြင်တွင် အမြစ်တွယ်နေသော သစ်ပင်တစ်ပင်မှာမူ မုန်တိုင်းတိုက်ခတ်သော်လည်း ဘယ်ညာ ယိမ်းနွဲ့ရုံမျှသာ ဖြစ်သည်။ မိုးကောင်းကင်ထက်ရှိ တိမ်လွှာကဲ့သို့ လေနှင်ရာသို့ လွင့်ပါခြင်းမရှိဘဲ ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

---

[၁] မင်းသုဝေ၊ ၂၀၁၅၊ ၁၉၄။

ကဗျာ၏သဘောမှာ ဒိဋ္ဌလောက၏ ပကတိသဘောကိုမပြောဘဲ ကဗျာ့ပရိယာယ် သုံး၍ သွယ်ဝိုက်ဖွဲ့ဆိုရသည်။ သွယ်ဝိုက်ဖွဲ့ဆိုရာတွင် ဝင်္ကဝုတ္တိအလင်္ကာကို သုံးကြသည်။ နိမိတ်ပုံကို သုံးကြသည်။ ကဗျာစာဆိုသည် မိုးကောင်းကင်စံ မိုးတိမ်လွှာနှင့် မြေပြင် အနိမ့်တွင်ရှိသော သစ်ပင်တစ်ပင်တို့၏ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို နှိုင်းယှဉ်ဖော်ပြထားသည်။ ထိုတိမ်လွှာနှင့်သစ်ပင်တို့သည် ကဗျာစာဆို ပြောလိုသော အချက်ကို ပေါ်လွင်စေသည့် နိမိတ်ပုံများသာ ဖြစ်သည်။ ထိုနိမိတ်ပုံများမှတစ်ဆင့် ကဗျာစာဆို၏ အတွေးအမြင်ကို တွေ့ရသည်။ ထိုအတွေးအမြင်ကို လောကလူသားတို့၏ လူ့ဘဝမှ ရရှိခဲ့ခြင်း ဖြစ်သည်။

လူ့ဘောင်လောကသည် လောကဓံတရားနှင့် မကင်းနိုင်၍ အနိမ့်အမြင့်၊ အတက်အကျ အပြောင်းအလဲ ရှိသည်။ ချစ်ခြင်းကိုလည်း ကြုံရသည်။ ဆင်းရဲခြင်း ကိုလည်း ကြုံရသည်။ ထိုသို့ကြုံရသောအခါ ဆင်းရဲခြင်းကို မခံရဖူးသော အထက်တန်းလွှာ လူတန်းစားတို့သည် အတည်ငြိမ်မဲ့စွာဖြင့် ဘဝမုန်တိုင်းနှင့်ရာသို့ လိုက်ပါလွင့်မျော ပျက်စီးကြရသည်။ ဘဝကို အခြေခံကျကျ ရပ်တည်ရင်ဆိုင်ကြသူ များမှာ ဘဝမုန်တိုင်းထန်သော်လည်း မရွေ့လျားဘဲ ဆက်လက်ရပ်တည် ရှင်သန် နိုင်ကြောင်း၊ ထိုကဲ့သို့လူတန်းစားနှစ်ရပ် ဘဝအခြေအနေနှစ်ရပ် မတူညီပုံ၊ လောကဓံ တရားကို ရင်ဆိုင်ရာ၌ ခံနိုင်ရည်ရှိမှုနှင့်မရှိမှု ကွာခြားပုံ လူ့လောကဖြစ်ရပ်ကို တိမ်လွှာ၊ သစ်ပင်၊ မုန်တိုင်းတို့နှင့် တင်စား၍ ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

အတွယ်အတာကဗျာတွင် ကဗျာစာဆိုသည် လောကထဲမှ ရရှိလာသော အတွေးအမြင်တစ်ရပ်ကို နိမိတ်ပုံများဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ကဗျာ၏ ပထမပိုဒ်တွင် လောကဓံမုန်တိုင်း၏သဘောကို တစ်ကယ့်မုန်တိုင်းနှင့် တင်စား၍–

> "အနောက်ဘက်တွင်၊ မုန်တိုင်းဆင်၍
> လေရှင်သော့သွမ်း၊ သံဝါကြမ်းနှင့်
> ဝှေ့ရမ်း တိုက်ခတ်ပါလေပြီ"

ဟု ရေးဖွဲ့ထားပါသည်။ မုန်တိုင်း၏သဘောကို ဖွဲ့ရာ၌ လေ၏ကြမ်းရမ်းပုံကို 'လေရှင် သော့သွမ်း၊ သံဝါကြမ်း' ဟူသော စကားလုံးများဖြင့် ဖော်ပြထားသည်။ မုန်တိုင်း၏ သရုပ်ကို ဖော်ရာတွင် လေကိုပင် သက်ရှိလူသားနှင့် တင်စားကာ 'လေရှင်' ဟု သုံးထားသည်။ သက်မဲ့လေကိုပင် လူကဲ့သို့ တင်စား၍ ကြမ်းပုံရိုင်းပုံကို 'သော့သွမ်း' ဟု သုံးထားသည်။ မုန်တိုင်း၏အသံကို 'သံဝါကြမ်း' ဟု ကြားယောင်လာအောင်၊ မုန်တိုင်း၏ အခြေအနေပေါ်လာအောင် သရုပ်ဖော်ထားသည်။ လေ၏အသံကို လူတို့တွင် ရှိသော အသံဝါနှင့် တင်စားထားသည်။ လေမုန်တိုင်း၏ တိုက်ခတ်ပုံ၊ အသံများ

မြည်ဟိန်းလာပုံ စသည်ဖြင့် မုန်တိုင်း၏ အမူအရာ၊ အသံနှင့် ပြင်းထန်မှုတို့ကို ကဗျာဖတ်သူစိတ်၌ ထင်မြင်လာအောင် စကားလုံးများနှင့် ဖွဲ့စပ်တင်ပြနိုင်စွမ်း ရှိပါသည်။

မုန်တိုင်းကြောင့် ထက်အာကာမှ တိမ်များ လွင့်ပါးသွားရပုံကို–

"ထိုရောအခါ၊ ထက်အာကာမှ

တိမ်လွှာတိမ်လိပ်၊ မည်းချိပ်ချိပ်လျှင်

ရိပ်ရိပ်ရွေ့ကာ၊ လေဆောင်ရာသို့

လွင့်ပါသွားရရှာသည်တကား"[၁]

ဟု ရေးဖွဲ့ထားသည်။ တိမ်လွှာများကို အထက်တန်းလွှာ လူတန်းစား၏ မတည်မငြိမ် မခိုင်မြဲပုံနှင့် တင်စားရေးဖွဲ့ထားပုံ ဖြစ်သည်။ တစ်ဖန် 'တိမ်လွှာတိမ်လိပ် မည်းချိပ်ချိပ်' ဟု ရေးဖွဲ့ထားသည်မှာ အထက်တန်းလွှာ လူတန်းစားတို့၏ နှလုံးသား မဖြူစင်သည့် သဘောကိုလည်း တိမ်၏အရောင်အသွေးဖြင့် သွယ်ဝိုက်ပြဆိုထားသည်ဟု တွေးယူနိုင်ပါသည်။ စာဆိုမင်းယုဝေသည် ကရုဏာစိတ်ရှိသူ ဖြစ်သည့်အလျောက် အထက်လွှာတို့၏ ပျက်စီးခြင်းကိုလည်း ကရုဏာထားကာ 'လွင့်ပါသွားရရှာသည်တကား' ဟု ကြိယာထောက် 'ရှာ' ကို အသုံးပြုကာ ကရုဏာလေသံပါအောင် ဖွဲ့ထားပါသည်။ 'တကား' ဟူသော ဝါကျအဆုံးသတ် စကားလုံးဖြင့် အထက်လွှာ၊ အထက်စံတို့၏ မမြဲသည့်သဘောအပေါ် သံဝေဂဖြင့် ဆင်ခြင်မှုကို လေသံဖြင့် ဖော်ပြထားသည်။

စာဆိုသည် မြေပြင်၌ အမြစ်တွယ်နေသော၊ ကောင်းကင်မဆန်သော၊ ဘဝဆန်သည့် လူတန်းစားတို့၏ ကြံ့ခိုင်ပုံကို–

"မြေပြင်ထက်ဝယ်၊ အမြစ်တွယ်သည်

မြနှယ်စိမ်းရှင်၊ သည်သစ်ပင်မူ

လေတွင်နွဲ့တုံ၊ တိမ်းငဲ့ရုံတည့်

ဆန်စုန်လွင့်ပါး၊ မရွေ့လျားဘဲ

မားမားခံ့ခံ့၊ ခိုင်ကြံ့ကြံ့သည်

အံ့ဖွယ်ရပ်တည်နေသည်တကား"[၂]

---

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၁၆၉။

[၂] မင်းယုဝေ၊ ၂၀၁၅၊ ၁၆၉။

ဟု ဖွဲ့ဆိုတင်ပြထားသည်။ မြေကြီးဆန် ဘဝဆန်ပုံ လူများကို အားပေးလိုသည့် အလျောက် 'မြေပြင်ထက်ဝယ်၊ အမြစ်တွယ်' ဟု ရိုးရိုးနှင့် ခိုင်မာသည့်သဘော၊ သစ္စာရှိသည့်သဘော၊ စွဲမြဲသည့်သဘောဆောင်သည့် စကားလုံးများကို သုံးထားသည်။ ထို့အတူပင် ထိုကဲ့သို့သော လူတန်းစားများကို အားပေးလိုသည့် စေတနာဖြင့် 'မြနှယ် စိမ်းရှင်' ဟု ဖွဲ့ဆိုခဲ့သည်။ အရောင်ပြစကားလုံးများကိုသုံး၍ စိမ်းလန်းမှု၊ ရှင်သန်မှုတို့ကို ဖော်ကျူးတင်ပြခဲ့သည်။

လောကခံမုန်တိုင်း တိုက်ခတ်သော်လည်း ယိမ်းနွဲ့ရုံသာရှိသည့် အခြေအနေကို ပေါ်လွင်စေရန် 'လေတွင်နွဲ့တုံ၊ တိမ်းငဲ့ရုံတည့်' အမူအရာပြစကားလုံး အဖွဲ့အနွဲ့ဖြင့် တင်ပြထားသည်။ လောကခံကို ခံနိုင်သည့်သဘောကို 'မားမားခံ့ခံ့၊ ခိုင်ကြံ့ကြံ့' ဟု သုံးထားသည်။ အနက်ချင်း သဘောတူသည့် စကားလုံးများကို နှစ်ကြိမ်ထပ်ကာ ဆက်စပ်သုံးစွဲခြင်းဖြင့် ဘဝဆန်သော၊ အခြေခံကျသော လူတန်းစားတို့၏ ကြံ့ခိုင်နိုင်ပုံ၊ အင်အားရှိပုံတို့ကို ပေါ်လွင်လာစေပါသည်။

စာဆိုမင်းယုဝေ၏ အတွယ်အတာကဗျာသည် လူ့ဘောင်လောက ဘဝထဲမှ ပေါက်ဖွားလာသည့် အတွေးနှင့်လိုက်ဖက်စွာ အရေးမှာလည်း ဆန်းသစ်သည်ဟု မဆိုနိုင်သော်လည်း အကြောင်းအရာကို ဖော်ကျူးတင်ပြနိုင်စွမ်းရှိသည်။ ရိုးရှင်းသော ကဗျာစာဆို၏အတွေးတွင် လောက၏ အမှန်တရားများ ပါဝင်နေပါသည်။ လောက လူသားတို့ လိုက်နာကျင့်သုံးအပ်သော အနေအထားနှစ်ရပ်ကို နှိုင်းယှဉ်၍ ဖော်ကျူးတင်ပြနိုင်ပါသည်။

## ၄၊ ၄။ ကစားကြပါစေ

စာဆိုက 'ကစားကြပါစေ' ကဗျာတွင် အနုမြူဗုံးလက်နက်ကဲ့သို့ လက်နက်ကြီးများကို တီထွင်သုံးစွဲကာ လူ့ဘောင်လောကကို အပူပွားစေသည့် စစ်မီးကို ဖန်တီးကြသည်။ ထိုကဲ့သို့ လောကကို ပျက်ပြုန်းစေသည့် စစ်ပွဲကြီးများကို မာန်မာနကို အားကိုး၍ မဆင်နွှဲကြတော့ဘဲ ငြိမ်းချမ်းသော လူ့ဘောင်လောကကို တည်ဆောက်ကြပါဟု ဆန္ဒပြုတောင်းဆိုလိုက်ခြင်း ဖြစ်ပါသည်။ လူသားကမ္ဘာကို အရုပ်ဆိုးအကျည်းတန်ပြီး ပျက်စီးပြုန်းတီးစေသော အရာမှာ လူအချင်းချင်း မာန်မာနချင်းပြိုင်ကာ စစ်ပွဲများ ဆင်နွှဲကြခြင်းပင် ဖြစ်သည်။ စစ်ဖြစ်လာသောအခါ ကလေးငယ်များသည် လွတ်လပ်ပျော်ရွှင်စွာ ကစားခွင့် မရကြတော့ပေ။ ဘဝတွင် မျှော်လင့်ချက်တို့ဖြင့် ပြည့်လျှမ်းနေသော ကလေးငယ်တို့၏ အနာဂတ်သည် ပျက်စီးပြုန်းတီးကြရမည် ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကို ဦးတည်၍ စစ်မပြုကြရန် စာဆိုက ဆန္ဒပြု တောင်းဆိုလိုက်ခြင်းပင် ဖြစ်သည်။ စစ်ပွဲများအဆုံးသတ်၍ ငြိမ်းချမ်းသော ကမ္ဘာကြီးကို တည်ထောင်သင့်သည်ဟူသော အတွေးသည် မထူးဆန်းပါ။ သို့ရာတွင် ကမ္ဘာမြေပြင်ပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် ငြိမ်းချမ်းရေးသည် အစဉ်ထာဝရ လိုအပ်နေသော အချက် ဖြစ်သည်။ ငြိမ်းချမ်းရေး တည်ထောင်ကြပါဟူသော အတွေးအမြင်ကို တင်ပြပုံ စိတ်ကူးမှာ ကဗျာဆန်သည်ဟု ဆိုရမည်။ ကဗျာစာဆိုက ကလေးငယ်များ ကစားကြပါစေဟု သွယ်ဝိုက်၍ ဆန္ဒပြုထားသည်။

စာဆိုမင်းယုဝေသည် မိမိတင်ပြလိုသော ကဗျာ့အတွေးအမြင်ကို မပြောသေးဘဲ ကလေးငယ်များ ကစားနေပုံမြင်ကွင်းဖြင့် အစပျိုး တင်ပြခဲ့သည်။ ပထမပိုဒ်တွင် စိမ်းလန်းသော မြက်ခင်းများပေါ်၌ နေရောင်ခြည်ဖြန့်လျက် ခင်းကျင်းထားသော အချိန်တွင် ကလေးများသည် တေးသီချင်းများကို ညီညီညာညာ သီဆို၍ ကစားနေကြသည်။ ထိုမြင်ကွင်းကို–

> "နေခြည်ဖြန့်ကျင်း၊ မြမြက်ခင်း၌
> တေးချင်းထံတျာ၊ သီဆိုညာလျက်
> ကြည်သာပျော်ပါး၊ ကလေးများသည်
> ကစားနေကြသည်တကား"[၁]

ဟု ဖွဲ့ဆိုထားသည်။ စစ်မက်ကင်းစင်၍ ငြိမ်းချမ်းသောကာလ၏ အနေအထားကို စာဖတ်သူတို့ စိတ်မျက်စိတွင် ထင်မြင်လာစေရန် 'နေခြည်ဖြန့်ကျင်း၊ မြမြက်ခင်း' ဟု ရေးဖွဲ့ခဲ့သည်။ မြက်ခင်းစိမ်းစိမ်းကိုပင် 'မြမြက်ခင်း' ဟု သုံးလိုက်ခြင်းဖြင့် စကားလုံးသည် ပို၍နူးညံ့လှပသွားသည်။ ငြိမ်းချမ်းသော ကာလများသည် နေချင့်စဖွယ်ဖြစ်သည် ဟူသောသဘောကို ထိုအဖွဲ့ဖြင့် တင်ပြနိုင်သည်။ ကလေးများ၏ ပျော်ရွှင်မှုကို သီချင်း ဆိုနေသော အသံ၊ ကစားနေသော အမူအရာ၊ ကြည်သာပျော်ပါးနေသော စိတ် အခြေအနေတို့ဖြင့် တင်ပြဖွဲ့ဆိုထားသည်။ စစ်ငြိမ်းကာလ ငြိမ်းချမ်းသော အလှနှင့် ကလေးတို့၏ ပျော်ရွှင်ဖွယ်ရာဘဝကို ရိုးရှင်းကျစ်လျစ်စွာ တွဲစပ်ဖွဲ့ဆိုထားပါသည်။

ဒုတိယပိုဒ်တွင် စစ်ငြိမ်းသော ကာလ၌ ကစားနေကြသော ကလေးတို့ကို မြင်ရသော သူတို့မှာလည်း ပျော်ရွှင်ချမ်းမြေ့လာသည်။ ကလေးတို့ဘဝနှင့်ပတ်သက်၍ မျှော်လင့်ချက်များ ဖြစ်ထွန်းလာကြသည်။ ကလေးတို့ဘဝ တိုးတက်စေလိုသော မျှော်လင့်ချက်သည်ပင်

---

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၂၀၆။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို တိုးတက်စေလိုသော မျှော်လင့်ချက်များ ဖြစ်သည်။ စစ်ငြိမ်းကာလ၏ အကျိုးကျေးဇူးပင် ဖြစ်သည်။ ထိုသို့သော အကျိုးကျေးဇူးများကို–

"သူတို့ကိုလျှင်၊ သူငါမြင်သော်
ကြည်လင်ရွှင်ပြ၊ ချမ်းမြေ့ကြ၍
ဘဝအတွက်၊ မျှော်လင့်ချက်တို့
တိုးတက်လာကြသည်တကား"[၁]

ဟူ၍ ရေးဖွဲ့ဖော်ပြထားသည်။ စစ်ငြိမ်းကာလတွင် လူသားတို့၏ ကြည်သာချမ်းမြေ့ပုံကို ရိုးရှင်းသော အဖွဲ့ဖြင့် ရေးဖွဲ့ထားသည်။ ထိုသို့ အဆင့်ဆင့် ငြိမ်းချမ်းရေး၏ အရသာကို ဖွဲ့ဆိုပြီးမှ စစ်ဖြစ်လာသည်နှင့် နာကျင်ခံစားရမှုများကို–

"တစ်ချိန်တည်းပင်
လောင်မီးလွှမ်းဖုံး၊ လောကပြုန်းသည်၊
ဗုံးအနုမြူ၊ စွဲကိုင်သူနှင့်
စစ်ပူကြီးငယ်၊ ပြအံ့ရွယ်သော်
မာန်ထည်ရန်ရှင်၊ ရန်သခင်သို့
လူ့ခွင်သာရေး၊ တို့ဟစ်ကြွေးသည်
ကလေးတို့တွေ ကစားကြပါစေ"[၂]

ဟု ရေးဖွဲ့ထားသည်။ အနုမြူဗုံးလက်နက်နှင့် စစ်ပွဲတို့၏ ကြောက်ရွံ့ဖွယ်ကောင်းပုံကို 'လောင်မီးလွှမ်းဖုံး၊ လောကပြုန်း' ဆိုသည့် ရိုးရှင်းကျစ်လျစ်သော စကားလုံးဖြင့် တင်ပြထားသည်။ အနုမြူဗုံးလက်နက်ကို စွဲကိုင်လျက် လူတိုင်း အပူကြီးငယ် ဖြစ်ပေါ်စေရန် ကြံစည်ကြသည့် သူတို့ကို 'မာန်ထည်ရန်ရှင် ရန်သခင်' ဟု ဖွဲ့နွဲ့ခဲ့သည်။ ဘေးရန်တို့၏ အရှင်သခင်၊ ရန်ပြုလိုသည့် အရှင်သခင် ဆိုသောသဘောများကို စကားလုံး ကျစ်ကျစ်လျစ်လျစ်ဖြင့် ဖွဲ့ဆိုထားသည်။ စစ်ကြောင့် အမျိုးမျိုးသော ပူပင်သောကများကို 'စစ်ပူကြီးငယ်' ဟု ကျစ်လျစ်စွာ သုံးနှုန်းထားပါသည်။ လူ့ဘောင်လောက အရေးအတွက် ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ ဟစ်ကြွေးသံကို 'ကလေးတို့တွေ ကစားကြပါစေ' ဟု ရေးဖွဲ့ဖော်ပြထားသည်။ ထိုအရေးအဖွဲ့သည် ကဗျာဆရာ၏ အတွေး

---

[၁] မင်းယုဝေ၊ ၂၀၁၅၊ ၂၀၆။

[၂] မင်းယုဝေ၊ ၂၀၁၅၊ ၂၀၆။

အမြင်ကို ကဗျာဆန်ဆန် သွယ်ဝိုက်၍ ပုံဖော်ထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စစ်ကို ရပ်စဲပါ၊ ငြိမ်းချမ်းရေးကို ပေးပါဟု ကြွေးကြော်သံ မပြုဘဲ 'ကလေးတို့တွေ ကစားကြပါစေ' ဟူသော ကြွေးကြော်သံသည် ကဗျာဖတ်သူတို့၏ရင်သို့ ထိခိုက်ခံစားစေနိုင်သည်။

ကဗျာတွင် ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းလာရမည့် ကလေးတို့၏ ကလေးအရွယ် ဘဝလေးတွင် ကစားခွင့်ပြုပါဟု တောင်းခံသံမှာ ရင်နင့်ဖွယ် ဖြစ်သည်။ ကရုဏာရသ မြောက်ပါသည်။ ငြိမ်းချမ်းရေးကို တောင့်တသော စာဆို၏အတွေးအမြင်ကို ကဗျာဖတ်သူထံသို့ ဖြန့်ဝေသော အတွေးစိတ်ကူးမှာ ကဗျာဆန်ပြီး နှစ်သက်ဖွယ် ဖြစ်သည်။ ကလေးတို့တွေ ကစားကြပါစေ ဟူသည့် အဖွဲ့သည် ထိုကဗျာ၏ အနှစ်ချုပ်ပင် ဖြစ်ပါသည်။ ရသမြောက်သော အတွေး၊ ရသမြောက်သော စိတ်ကူး၊ ရသမြောက်သော အရေးအဖွဲ့ဖြင့် ကမ္ဘာတစ်ဝှန်းလုံးအတွက် မရှိမဖြစ် လိုအပ်သော ငြိမ်းချမ်းရေး တောင်းဆိုသံအဖြစ် တွေ့မြင်ရပါသည်။

## ခြုံသုံးသပ်ချက်

ကဗျာဆရာ မင်းယုဝေနှင့်ပတ်သက်၍ စာပေပညာရှင် အသီးသီးတို့က မင်းယုဝေသည် လောက၏ တင့်တယ်ပြေပြစ်ခြင်းတို့ကို မြင်တတ်သိတတ်ပြီး လောကကို တင့်တယ်ပြေပြစ်စေလိုသော စေတနာကဗျာဆရာ ဖြစ်သည်ဟု ဆိုကြသည်။ မင်းယုဝေသည် ကလေးငယ်များမှစ၍ သက်ကြီးရွယ်အိုများအထိ လူ့လောကတွင် ရှင်သန်နေကြသူများ၏ ဘဝများကို ပျော်ရွှင်သာယာ ငြိမ်းချမ်းစေလိုသည်။ မိမိ ပတ်ဝန်းကျင်ရှိ လူအမျိုးမျိုးတို့၏ဘဝကို ဆင်ခြင်တွေးဆသည်။ ရင်မောစရာရှိလျှင် ကရုဏာစိတ်ဖြင့် အလုတရားပေါ်အောင်ဖွဲ့သည်။ ကြည်နူးဝမ်းမြောက်စရာ ရှိလျှင်လည်း မေတ္တာစိတ်ဖြင့် ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်အောင် ရေးဖွဲ့လေ့ ရှိသည်။ လောက၏ သောကဝေဒနာများကိုတွေ့လျှင် ဝေမျှခံစားပြီး အားပေးနှစ်သိမ့်ပေးသည်။ လောက လူသားတို့၏ဘဝများ သာယာချမ်းမြေ့စေလိုသည်။ ကြီးပွားတိုးတက်စေလိုသည်။ လောကခံကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲသော သတ္တိရှိကြစေလိုသည်။ ကမ္ဘာကြီး ငြိမ်းချမ်းရေးသည် လူသားတို့ဘဝ ပျော်ရွှင်ရေးအတွက် အဓိကဟု ခံယူထားသည်။ သူ၏ကဗျာများတွင် ကရုဏာသံ၊ မေတ္တာသံ၊ အားပေးနှစ်သိမ့်သံ၊ ကျေနပ်အားရသံများ ရောနှောပါဝင် နေတတ်ပါသည်။ သူ၏ရေးဖွဲ့ဟန် ရိုးသားသော ကဗျာလေးများ၏ အဆုံးတွင် စာရေးသူ၏စေတနာမှ ပေါက်ဖွားလာသော ဘဝအတွေးအမြင် တစ်ခုခု ပေးထား တတ်ခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

'ကျွန်ုပ်တွေ့သော ကဗျာတစ်ပုဒ်' တွင် မောင်နှမတော်စပ်သော ကလေးငယ်နှစ်ဦး၏ မေတ္တာတရားကို ချစ်ခြင်းမေတ္တာ အမူအရာများနှင့် နှစ်သက်ဖွယ် ဖွဲ့ဆိုပြီးမှ ထိုမြင်ကွင်းကြောင့် ကဗျာတစ်ပုဒ် ပေါက်ဖွားလာရပုံကို တင်ပြထားသည်။ လူ့လောကကို အလှဆင်ပြုပြင်ပေးသော ကဗျာတစ်ပုဒ်သည်လည်း မေတ္တာတရားမှပင် ပေါက်ဖွားလာနိုင်စွမ်း ရှိသည်ဟု ဆိုနိုင်ပါသည်။

'မအိုသူများ' ကဗျာတွင် နေ့စဉ် တွေ့မြင်နေကျဖြစ်သော်လည်း အမှုမဲ့အမှတ်မဲ့ ရှိနေသော အကြောင်းအရာကို အတွေးဖွဲ့စရာ ကဗျာလေးတစ်ပုဒ်ဖြစ်လာအောင် တင်ပြထားသည်။ လောကတွင် ကွယ်လွန်ပြီးဖြစ်သောသူများသည် အိပ်မက်ထဲ၌မူ မပြောင်းလဲဘဲ ရှိနေသည်။ သက်ရှိထင်ရှား ရှိနေသူမှာမူ ဇရာကို မလွန်ဆန်နိုင်ဘဲ ပြောင်းလဲနေရသည်ဟူသော အတွေးသည် လေးနက်သောသဘောကို မဆောင်သော်လည်း ကဗျာတစ်ပုဒ်ဖြစ်လာသည့် အတွေးလေးဖြစ်၍ ဆန်းသစ်ပြီးလျှင် ကဗျာဆန်သော အတွေးကြောင့် ကဗျာသည် လှပသွားသည်။ အိပ်မက်တွင် ဖြစ်မြဲဓမ္မတာဖြစ်၍ အမှန်တရားလည်း ပါဝင်သည်။

'အတွယ်အတာ' ကဗျာတွင်မူ မိုးကောင်းကင်ရှိ တိမ်လွှာနှင့်တူသောသူတို့၏ ဘဝနှင့် မြေကြီး၌ စွဲမြဲအမြစ်တွယ်နေသော သစ်ပင်နှင့်တူသော လူတို့၏ လောကဓံတရားကြုံလာရာ၌ ကြံ့ခိုင်မှု ကွဲပြားပုံကို တင်ပြထားသည်။ မိမိဘဝသည် မြင့်မားလှသည်ဟုဆိုကာ ဝံ့ကြွား၍ မနေသင့်ပေ။ မြေကြီးဆန်သော ဘဝသည်လည်း အမြစ်တွယ်မှု ခိုင်မြဲပါက လောကဓံကို ကြံ့ကြံ့ခံနိုင်သည်ဟု ဆိုလိုပါသည်။ လူတို့သည် သံယောဇဉ်တွယ်စရာ တစ်ခုခု ခိုင်ခိုင်မာမာရှိလျှင် ဘဝ၌ရပ်တည်ရှင်သန်ရန် အင်အားရှိသည်။ အမြစ်တွယ်မှုမရှိလျှင် မည်သို့ပင် အထက်တန်းလွှာဘဝ ဖြစ်သော်လည်း လောကဓံကို ခံနိုင်ရည်မရှိဟူသော အတွေးကို ပေးနိုင်သည်။

'ကစားကြပါစေ' ဟူသောကဗျာတွင် ငြိမ်းချမ်းရေးကို တောင့်တသော စာဆို၏ ကဗျာဖြစ်ပေါ်လာသော အတွေးစိတ်ကူးသည် ကလေးများ ပျော်ရွှင်စွာ ကစားနေသည့် မြင်ကွင်းမှ အစပြုခဲ့သည်။ အရိုးဆုံးကဗျာဟု ဆိုနိုင်သော်လည်း လူသားတိုင်း တောင့်တရသော ငြိမ်းချမ်းရေးဆိုသည့် အမှန်တရား ပါဝင်သည်။ ထိုအမှန်တရားကို စာဆိုက ပုံဖော်တင်ပြရာတွင် အတွေးစိတ်ကူးသည် နူးညံ့သိမ်မွေ့၍ ကဗျာဆန်လှပါသည်။

မင်းယုဝေ၏ကဗျာများသည် ကဗျာပီသသည်။ ကဗျာဆုံးလျှင် ကဗျာဆရာ ထားရစ်ခဲ့သော အတွေးအခေါ်တစ်ခုကို ရလိုက်သည်။ ယခု သုံးသပ်ပြထားသော ကဗျာ (၄)ပုဒ်မှာမူ ကဗျာ့အတွေးအခေါ်သည် လေးနက်သည်ဟု မဆိုသာသော်လည်း

စာဖတ်သူတို့ မျှော်လင့်မထားသော အတွေးအမြင်များ ဖြစ်နေသည့်အတွက် ဘဝအသိ ရရုံသာမက ကဗျာဖတ်သူတို့အတွက် ကဗျာဆန်ခြင်းရသကို ရရှိနိုင်သည်ဟု ထင်မြင် မိပါသည်။

**နိဂုံး**

မင်းယုဝေ၏ ကဗျာများသည် သူတွေ့မြင်ကျင်လည်ရာ ဘဝပတ်ဝန်းကျင်ကို မှီး၍ ဖွဲ့သီထားသော အတွေးအမြင်ပါသော ကဗျာများ ဖြစ်သည်။ သူ၏အတွေးအမြင် များသည် ရိုးရှင်းသည်။ သို့သော် ကဗျာ့သစ္စာခေါ် ကဗျာ၏ အမှန်တရားများ ပါဝင်သည်။ ကဗျာ့ခံစားမှု အမှန်တရားဆီသို့ ရောက်အောင် ရေးဖွဲ့ရာတွင်လည်း စကားအသုံးအနှုန်း၊ နိမိတ်ပုံ၊ အလင်္ကာ၊ ကာရန်၊ အသံတို့ကို ရွေးချယ်ဖွဲ့စပ် ရာတွင်လည်း ကဗျာဆရာ၏ စိတ်ကူးအတိုင်း ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ စေတနာ ရည်ရွယ်ချက်သို့ ရောက်အောင် ပို့ဆောင်နိုင်သည်။ မင်းယုဝေအပါအဝင် အခြား ကဗျာစာဆိုတို့၏ ဘဝများမှ ကဗျာ့အတွေးအမြင်များကိုလည်း ဆက်လက် လေ့လာ သင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ဇော်ဂျီ။ (၁၉၆၃)။ ***ရသစာပေအဖွင့်***။ မန္တလေး၊ မိုးဦးပန်းစာပေတိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ (ဒုကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဇော်ဂျီ။ (၂၀၁၅)။ ***မင်းယုဝေကဗျာပေါင်းချုပ်***။ (နောက်ဆက်တွဲ)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တာရာ၊ (ဒဂုန်)။ (၁၉၇၀)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ စံပယ်ပုံနှိပ်တိုက်။

တာရာ၊ (ဒဂုန်)။ (၂၀၀၃)။ ***အလှဗေဒ –၂***။ ရန်ကုန်၊ ဇဝရတ်ရောင်စုံပုံနှိပ်တိုက်။

တိုက်စိုး။ (၂၀၁၅)။ ***မင်းယုဝေကဗျာပေါင်းချုပ်***။ (နောက်ဆက်တွဲ)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မင်းယုဝေ။ (၂၀၁၅)။ ***မင်းယုဝေကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြဇင်နှင့်အများ။ (၁၉၇၄)။ ***နရီနှင့်နိမိတ်ပုံ*** ။ ရန်ကုန်၊ မိုးကိုကိုစာပေ။

မြဇင်နှင့်အများ။ (၁၉၈၄)။ ***မြန်မာကဗျာစာတမ်းများ***။ (၃) ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဝင်းတင်၊ ဦး၊ (ဟံသာဝတီ–)။ (၂၀၁၅)။ ***မင်းယုဝေကဗျာပေါင်းချုပ်***။ (နောက်ဆက်တွဲ)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဝင်းမွန်၊ (တက္ကသိုလ်–)။ ***မင်းယုဝေကဗျာပေါင်းချုပ်***။ (နောက်ဆက်တွဲ)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဝင်းလတ်။ (၁၉၇၀)။ ***ခေတ်သစ်ကဗျာ၊ ခေတ်သစ်စာ*** ။ ရန်ကုန်၊ သန်းဌေးစာပေ။


## အင်္ဂလိပ်ဘာသာ


Ralph Raush, Moner Kathleen. (1998). ***NTC 's Dictionary of Literary Terms*** . U.S.A NTC Publishing Group Lincoln Wood Illinois.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# တွင်းသင်းရာဇဝင်သစ်မှ စကားအသုံးအနှုန်းများ

ဇင်မာခိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တွင်းသင်းရာဇဝင်သစ်မှ စကားအသုံးအနှုန်းများကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့တင်ပြရာ၌ အခန်း(၁)၌ ရာဇဝင်၏သဘော၊ အခန်း(၂)၌ တွင်းသင်းမင်းကြီးဦးထွန်းညို၏ တွင်းသင်းမြန်မာရာဇဝင်သစ်၊ အခန်း(၃)၌ ရာဇဝင်စကားပြေနှင့်လိုက်ဖက်သော စကားအသုံးအနှုန်းများကို လေ့လာတင်ပြထားပါသည်။ စကားအသုံးအနှုန်းများတွင် ကျစ်ကျစ်လျစ်လျစ်နှင့် ဆိုလိုချက်ကို လေးနက်စေသော အသုံးများ၊ ယခုခေတ်နှင့် မတူသော အသုံးထူးများကို လေ့လာတင်ပြထားပါသည်။ ရာဇဝင်ကျမ်း များစွာရှိသည့်အနက်မှ တွင်းသင်းမင်းကြီး၏ တွင်းသင်းမြန်မာရာဇဝင်သစ်မှ အကြောင်းအရာနှင့် လိုက်ဖက်ပြီး ထူးခြားသော အသုံးအနှုန်းများကို သုတေသနပြု၍ လေ့လာတင်ပြထားပါသည်။

**သော့ချက်စကားလုံးများ** – ***ရာဇဝင်စာပေ၊ လိုက်ဖက်သော စကားအသုံး၊ ကျစ်လျစ်သော အသုံး၊ တွဲလုံးကြိယာ၊ နာမဝိသေသန၊ အသုံးထူး။***

## နိဒါန်း

တွင်းသင်းမြန်မာရာဇဝင်သစ်သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းလာသည်။ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ် ရာဇဝင်စာပေအရေးအသားများထက် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။ တွင်းသင်းမြန်မာရာဇဝင်သစ်ကို ရေးသူ တွင်းသင်းတိုက်ဝန် မဟာစည်သူသည် စကားပြေကျမ်းများကိုသာမက ပျို့ကဗျာများကိုလည်း ရေးဖွဲ့ခဲ့သည်။ တွင်းသင်းမင်းကြီး၏ အရေးအသားသည် ရှင်းလင်းပြေပြစ်သည်။ စကားအသုံးအနှုန်းမှာလည်း ရှင်းလင်းသည်။ ခံ့ညားထည်ဝါသည့် စကားအသုံးအနှုန်းများကိုလည်း တွေ့ရသည်။ ဤစာတမ်းတွင် တွင်းသင်းမြန်မာရာဇဝင်သစ် အရေးအသားများထဲမှ စကားအသုံးအနှုန်းများကို ထုတ်နုတ်၍ တင်ပြမည် ဖြစ်ပါသည်။

ရာဇဝင်သည် ဝတ္ထုမဟုတ်သည့်အတွက် မင်းတို့၏ အဖြစ်အပျက် အကြောင်းအရာတို့သည် အချက်အလက်ပြည့်စုံပြီး ကျစ်လျစ်သိပ်သည်းရန် လိုသည်။ အနက်အဓိပ္ပာယ်ပေါ်လွင်၍ ရာဇဝင်ရေးဟန်ပေါ်အောင်လည်း စကားလုံးတို့ကို နေရာတကျ

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ်

ရွေးချယ်သုံးနှုန်းတတ်ရပါသည်။ ရာဇဝင်စကားပြေ၏သဘောမှာ သုတစာပေဘက်သို့ အလေးကဲပြီး အချို့နေရာတွင်မူ လူ့စရိုက် လူ့သဘာဝကို ဖော်ပြရာ၌ စရိုက်ဖော်အဖွဲ့ များတွင် ရသသဘောများ အနည်းငယ်ပါဝင်တတ်သည်။ သုတစကားပြေဖြစ်သောကြောင့် အကြောင်းအရာသည် အပိုအလိုမပါဘဲ တိကျပြီး ပြည့်စုံမှုလည်း ရှိရသည်။ ရာဇဝင် မှတ်တမ်းဖြစ်၍ မည်သည့်ခေတ်တွင်ဖတ်ဖတ် နားလည်အောင်လည်း ရေးသားရသည်။ ရာဇဝင်ဖြစ်သောကြောင့် ရာဇဝင်သုံးစကားများလည်း ပါဝင်မှသာ စာဖတ်သူများ၌ ရာဇဝင်ကို ဖတ်နေသည်ဟူသော ခံစားမှုကို ရရှိမည် ဖြစ်ပါသည်။ အချို့သော ရာဇဝင်သုံးစကားများသည် ရာဇဝင်တစ်စောင်နှင့်တစ်စောင် တူညီသည်ကို တွေ့ရသည်။ အချို့စကားသုံးများမှာမူ ရာဇဝင်ဆရာတို့၏ အခြေခံစိတ်နှင့် ကိုယ်ပိုင်ဟန်ကိုလိုက်၍ စကားသုံးများ ကွဲပြားခြားနားတတ်ပါသည်။

ရာဇဝင်ဟန်ပါသည်ဆိုရာ၌ ရာဇဝင်ထဲတွင် အုပ်ချုပ်မှုနှင့်ပတ်သက်သော စကားသုံးများ၊ မင်းမှုထမ်းဆိုင်ရာ ရာထူးများနှင့်ပတ်သက်သော စကားသုံးများကို နေရာတကျ ထည့်သွင်းသုံးနှုန်းနိုင်ရမည်။ မင်းခမ်းမင်းနားများ ပါဝင်လေ့ရှိသည့် အလျောက် မင်းခမ်းမင်းနားဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးစံကို ဖော်ကျူးနိုင်သော စကားလုံးများ ပါဝင်ရပါသည်။ စစ်ရေးစစ်ရာများ စစ်ပွဲများ ပါဝင်သည့်အတွက် စစ်နှင့်ပတ်သက်သည့် အသုံးအဆောင် လက်နက်ကိရိယာ၊ မင်းမှုထမ်းတို့၏ ရာထူး အမည်များ၊ စစ်တွင် လှုပ်ရှားပြုမူသည့် အမူအရာ အခြေအနေပြ စကားလုံးများ ကိုလည်း ရွေးချယ်၍ နေရာတကျ သုံးနှုန်းရေးသားရန် လိုအပ်ပါသည်။ ရာဇဝင်ထဲတွင် ပါဝင်သူများမှာ မင်းနှင့်မင်းမှုထမ်းများ၊ မိဖုရား၊ မင်းညီမင်းသားများ၊ မှူးကြီး မတ်ရာများ ဖြစ်သည့်အလျောက် ထိုသူတို့နှင့် လိုက်ဖက်သောလေသံကို ဖော်ပြ နိုင်မည့် စကားသုံးများကို ရွေးချယ်သုံးနှုန်းရမည်။ ထီးဟန်နန်းဟန် ပေါ်လွင်မည့် စကားသုံး၊ အမိန့်အာဏာသံပေါ်မည့် စကားသုံးများ၊ ခံ့ခံ့ထည်ထည် ယဉ်ယဉ် ကျေးကျေး စကားသုံးများကိုလည်း စိစစ်ရွေးချယ်ပြီး ဝါကျများတွင် ထည့်သွင်း တည်ဆောက်ယူရမည် ဖြစ်ပါသည်။

ဤစာတမ်းတွင် တွင်းသင်းမြန်မာရာဇဝင်သစ်မှ ရာဇဝင်သုံး စကားအသုံးအနှုန်း များကိုသာ လေ့လာတင်ပြထားပါသည်။ ထိုစကားသုံးများ၌ မျက်မှောက်ခေတ်နှင့် မတူညီသော ရှေးကျသည့် စကားသုံးများ၊ မျက်မှောက်ခေတ်နှင့် အနည်းငယ် တိမ်းယိမ်းသော စကားသုံးများကို လေ့လာတင်ပြထားပါသည်။ ထိုနည်းဖြင့် စကားသုံး များ၏ ရွေ့လျားမှုသဘောကို နားလည်သိမြင်နိုင်မည်ဟု ထင်မြင်မိပါသည်။ တွင်းသင်း မြန်မာရာဇဝင်သစ်မှ စကားအသုံးအနှုန်းများကို လေ့လာရာတွင် ဦးကုလား မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်ကြီးတို့မှ စကားသုံးများနှင့်လည်း နှိုင်းယှဉ်လေ့လာ

နိုင်ရန်အတွက် ဖတ်ရှုလေ့လာခဲ့ပါသည်။ ထို့ပြင် မောင်ခင်မင်(ဓနုဖြူ)၏ စကားပြေ သဘောတရား စကားပြေအတတ်ပညာ၊ ရေးဟန်ပညာနိဒါန်း၊ ဘာသာအမြင် စာပေအမြင် စသည့် စာအုပ်များမှ စကားအသုံးအနှုန်းနှင့် ပတ်သက်သည့် အကြောင်း အရာများကို ထည့်သွင်းတင်ပြထားပါသည်။

## ၁။ ရာဇဝင်ဟူသည်

ရာဇဝင်သည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုလည်း ဖြစ်သည်။ ရာဇဝင်မှတ်တမ်း မရှိသော လူမျိုးသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသည်ဟု မဆိုနိုင်ပေ။ မြန်မာတို့သည် ရာစုနှစ်ပေါင်းများစွာကပင် ရာဇဝင်မှတ်တမ်း ရှိခဲ့သူများ ဖြစ်သဖြင့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသူများ ဖြစ်သည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် သီးခြားရာဇဝင် ရှိကြပါသည်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏အကြောင်းကို လေ့လာ သုံးသပ်ရာ၌ ရာဇဝင်သမိုင်းမှတ်တမ်းများကို သေချာလေ့လာစစ်ဆေးပြီး ဖတ်မှ၊ ချိန်ထိုး ကြည့်မှသာ အမှန်ကို မြင်နိုင်သည်။

> "ရာဇဝင်သည် နိုင်ငံ၏ပြတိုက်၊ လူမျိုး၏ပြတိုက်နှင့်လည်း တူသည်။ ရာဇဝင်ပြတိုက်ထက် အထောက်အထား ခိုင်မာသော သက်သေခံ ရှာမရနိုင်"[၁]

ဟု ရာဇဝင်ချုပ်နိဒါန်းတွင် ဖော်ပြထားသည်။

ရာဇဝင်ဟူသည် မင်းစဉ်မင်းဆက် အကြောင်းအရာများကို ခေါ်ခြင်းဖြစ်သည်။ ရာဇဝင်ဟူသော စကားနှင့်ပတ်သက်၍ မှန်နန်းရာဇဝင်နိဒါန်းတွင် ဦးဆန်းထွန်းက –

> "ပင်စည်ညွန့်ညောက်၊ မင်းရိုးပေါက်လည်း၊ လုံဖောက်မထင်၊ ရာဇဝင်ဖြင့် (ဘုံခန်းပျို့) ဟူသော စကားအတိုင်းပင် အနွယ် အဆက် မျိုးရိုးမပျက် အင်အားကောင်းသော၊ အုပ်ချုပ်ရေး အာဏာဖြင့် အုပ်စိုးသော မင်းစဉ်မင်းဆက်ဟု အနက်ပေး လိုပါသည်။ အင်္ဂလိပ်ဘာသာ၌ (Dynasty) ဟူသည်နှင့် သဘောသွား အတူတူပင် ဖြစ်ပါသည်။ 'ဝံသ' ဟူသော ပါဠိ ဘာသာသည် အမျိုးအနွယ်အဆက် ဟူသော အနက်ကို ဟောသည်။ သို့သော် မင်းဆက် တစ်ခုပြီးတစ်ခု ဆက်ကာ သွားသည်။ အင်္ဂလိပ်ဘာသာ၌ (Chronicle of kings) ဟူသည်နှင့်

[၁] ကုလား၊ ဦး၊ ၁၉၆၅၊ (ချ) နိဒါန်း။

> သဘောသွား အတူတူပင် ဖြစ်သည်။ မြန်မာဘာသာ၌ ယနေ့ 'ရာဇဝင်' အခေါ်သည် ပါဠိဘာသာ 'ရာဇဝံသ'မှ ဗျုပ္ပတ္တိနည်းအရ ထွက်ပေါ်လာသော 'အနွယ်တူမင်းဆက်' ဟူသော အနက်မျှသာ မဟုတ်တော့ဘဲ ဘာသာဗေဒနည်းအရ အနက်ချဲ့သဘောဖြင့် သမိုင်း (History) ဟူသော အနက်သို့တိုင်အောင် ရောက်လာခဲ့ပြီ ဖြစ်သည်။"[၁]

ဟု ဆိုထားပါသည်။ ထို့ကြောင့် ရာဇဝင်ဟူသည် မင်းအဆက်ဆက်တို့၏ သမိုင်း နောက်ခံများပင် ဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်၌ ကျမ်းပြုသူ ဦးမောင်မောင်တင်၏ အဏ္ဏုပ္ပတ္တိကို ဖော်ပြရာတွင် ရာဇဝင်နှင့်ပတ်သက်၍လည်း ဖော်ပြထားသည်။

> "မှန်ကန်ပြည့်စုံသည့် မှတ်တမ်းမှတ်စုများပေါ် မူတည်၍ ရေးသား ပြုစုသည့် တိုင်းပြည်နှင့်လူမျိုး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာ သာသနာရေး စသည့် အကြောင်းအရာ အဏ္ဏုပ္ပတ္တိကိုသာ ရာဇဝင်သမိုင်းဟု ဆိုရသည်။ စိတ်ကူးယဉ်ရေးက ဝတ္ထုမျှသာပင်"[၂]

ဟု ဆိုထားသည်။ ထို့ကြောင့် ရာဇဝင်ဟူသည် သမိုင်းတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာ အဏ္ဏုပ္ပတ္တိကို ရေးသားရသည်။ ရာဇဝင်တွင် တိကျမှု၊ မှန်ကန်မှု၊ ခိုင်လုံမှု ဆိုသော အချက်တို့နှင့် ပြည့်စုံရမည် ဖြစ်ပေသည်။

## ၂။ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ တွင်းသင်းမြန်မာရာဇဝင်သစ်

တွင်းသင်းမင်းကြီး ဦးထွန်းညိုနှင့်ပတ်သက်၍ စာဆိုတော်များအဏ္ဏုပ္ပတ္တိ စာအုပ်တွင် ဗိုလ်မှူးဘသောင်းက သက္ကရာဇ် ၁၀၈၈ ခုနှစ်တွင် မောင်းထောင်ရွာစား ငယ်နာမည် မောင်ထွန်းညိုသည်ကား စိန္တကျော်သူ ဦးသြ၏ဦးလေး ဖြစ်သည်။ တူဖြစ်သူ စိန္တကျော်သူ၏မိခင် ဒေါ်ပုမှာ နောင်သောအခါတွင် တွင်းသင်းမင်းကြီးဟု ကျော်စောမည့် ထိုမောင်ထွန်းညို၏ အစ်မပင် ဖြစ်လေသည်ဟု ရေးသားထားပါသည်။ တွင်းသင်းတိုက်ဝန် ဟူသော ဘွဲ့နှင့်ပတ်သက်၍ မောင်ချစ်ဖေ (မဟာဝိဇ္ဇာ)က လက်ဝဲနော်ရထာ လျှောက်ထုံးကို ကိုးကား၍–

---

[၁] မှန်နန်းရာဇဝင် ၊ ၁၉၉၂၊ (ကံ) နိဒါန်း။
[၂] မောင်မောင်တင်၊ ဦး၊ ၁၉၈၉၊ (၃) ။

"တွင်းသင်းမှူး၏အဓိပ္ပာယ်မှာ ယနေ့ခေတ် 'အတွင်းရေးအတွင်းဝန်' ကဲ့သို့သော ရာထူး ဖြစ်နိုင်ပါသည်။ ဘုရင်၏ အတွင်းရေးနှင့် ဆိုင်သော၊ ဘုရင်နှင့် အထိတွေ့ဆုံးသော၊ ဘုရင်နှင့် တိုက်ရိုက် သက်ဆိုင်သည့် နေရာဌာနကိစ္စများကို လုပ်ကိုင်ရသည့် အသင်း အစုကို ကြီးမှူးရသူ ဖြစ်ပါလိမ့်မည်။ အတွင်းသင်းမှူးကိုပင် တွင်းသင်းမှူး၊ တွင်းသင်းဝန်၊ တွင်းသင်းမင်းကြီးဟု ခေါ်ဝေါ် ကြဟန် လက္ခဏာ ရှိပါသည်။ နောင်သောအခါမှ တွင်းသင်းဝန် အပိုင်စားရသော နေရာဒေသကို တွင်းသင်းတိုက်ဟု ခေါ်ဝေါ် သုံးစွဲလာကြဟန် တူပါသည်"[၁]

ဟု ဖော်ပြထားပါသည်။

တွင်းသင်း ဟူသော အနေအထားနှင့်ပတ်သက်၍ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းတွင်–

"ပြည်ကိုအစိုးရသူမှာ မင်း ဖြစ်သည်။ မင်းမှတစ်ပါး နယ်ပယ် အကျယ်ဆုံးကို အုပ်စိုးရသူမှာ တိုက်ဝန်ဖြစ်သည်။ ဦးထွန်းညိုတို့ ခေတ်က မြန်မာပြည်ကို တိုက်ဝန်(၇)ဦးထား၍ တိုက်(၇)တိုက်ကို အုပ်ချုပ်စေပါသည်။ တိုက်(၇)ဦးအနက် တွင်းသင်းတိုက်ဝန်သည် ပို၍အာဏာရှိပါသည်။ ဘုရင်စိတ်အချရဆုံး ပုဂ္ဂိုလ်ဖြစ်ရပါသည်။ ဘုရင်၏အတွင်းစိတ်ကိုလည်း သိသူ ဖြစ်ရပါသည်။ တွင်းသင်း တိုက်ဝန်သည် နိုင်ငံတစ်ဝက်လောက်ကိုပင် ပိုင်သူဟု အဆို ရှိပါသည်။ အဝေးမြို့ရွာများအပေါ်တွင်လည်း အလွန်ဩဇာ ရှိပါသည်"[၂]

ဟု ရေးသားထားသည်။

ဦးထွန်းညို၏ မိဘနှစ်ပါးအမည်ကို ရှာမတွေ့ပါ။ ဇနီးအမည်မှာ မယ်ဘုံမြတ် ဖြစ်သည်။ ဦးထွန်းညိုတွင် သားတစ်ယောက်ရှိပြီး မင်းရွာစား ဖြစ်သည်။ ဦးထွန်းညိုနှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ ၅ ၌ –

"ဦးထွန်းညိုသည် ၁၈၈၈ ခုနှစ်တွင် မောင်းထောင်ကြီးရွာ၌ ဖွားမြင်သည်။ စိန္တကျော်သူ ဦးဩ၏မိခင် ဒေါ်ပုနှင့် မောင်နှမ

---

[၁] ချစ်ဖေ၊ မောင် (မဟာဝိဇ္ဇာ)၊ ၁၉၇၅၊ ၁၂–၁၃။

[၂] မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (ဒုတိယပိုင်း)၊ ၁၉၆၅၊ ၂၅၅။

> တော်သည်။ ဟံသာဝတီပါမင်းတရားကြီးလက်ထက်တွင် သာသနာ့ဘောင်၌ ရဟန်းအဖြစ်ဖြင့် ထမ်းရွက်နေခဲ့ရာ ရတနာသိင်္ဃကုန်းဘောင်မြို့ကို အလောင်းမင်းတရား တည်ထောင်သောအခါ၌ ရဟန်းဝါ များစွာရင့်လျက်ရှိလေပြီ။ သို့သော် အလောင်းမင်းတရားထံဝင်ရောက် အမှုထမ်းရန်အတွက် ရဟန်းဘောင်မှ ထွက်ခဲ့သည်။”[၁]

ဟု ရေးသားဖော်ပြထားသည်။ ဦးထွန်းညိုသည် သက်တော် ၈၂ နှစ်တွင် ကွယ်လွန်သည်။ ဘိုးတော်ဘုရားနှင့်အတူ မင်းတုန်းတွင် စံနေတော်မူခိုက် ကွယ်လွန်ခြင်း ဖြစ်သည်။ မင်းကြီး၏အလောင်းကို အမိန့်တော်များအရ ထီးဖြူမိုးကာ၍ သံလျင်းနှင့် တင်ဆောင်သင်္ဂြိုလ်ရသည်။

တွင်းသင်းမြန်မာရာဇဝင်သစ်သည် ၁၈ ရာစု နောက်ပိုင်း ၁၉ ရာစုတွင် ပေါ်ထွန်းခဲ့သော ရာဇဝင်ကျမ်း ဖြစ်သည်။ တွင်းသင်းမင်းကြီးသည် ကျောက်စာများ၏တန်ဖိုးကို နားလည်ပြီး ကျောက်စာများနှင့် ညှိနှိုင်း၍ ရာဇဝင်ကို ပြုစုသူများတွင် မြန်မာနိုင်ငံ၌ ပထမဆုံးတီထွင်သူ ဖြစ်သည်။ ထို့နောက်ပိုင်းတွင်မူ ကျောက်စာကို တန်ဖိုးထားသည့် ရာဇဝင်ကျမ်းများ ပေါ်ထွန်းလာသည်။ မှန်နန်းရာဇဝင်တွင်လည်း ကျောက်စာကို အသိအမှတ်ပြုသည်ကို တွေ့ရသည်။ ရာဇဝင်ကြီးဋီကာနှင့် ၎င်းနိသျကို ပြုစုတော်မူခဲ့သော သစ်ဆိမ့်ဆရာတော်ဘုရားကြီးက ရာဇဝင်နှင့်ပတ်သက်၍ ကျောက်စာအတိမ်အနက်ကို –

> “ရာဇဝင်စကားနှင့် ကျောက်စာစသည်တို့ မညီမညွတ် ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာ စသည်တို့ကိုသာ ယုံကြည်အပ်၏”[၂]

ဟု မိန့်ဆိုခဲ့သည်။

တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် တွင်းသင်းမြန်မာရာဇဝင်သစ်ကို ပြုစုရာ၌ ကျောက်စာကို ပထမတန်းထားပြီး မော်ကွန်း၊ ဧချင်းနှင့် သာချင်းတို့ကို ဒုတိယတန်းတွင် ထားခဲ့ပါသည်။ တတိယတန်းနေရာတွင် ပျို့၊ ရတုတို့ကို ထားခဲ့သည်။ လူးတား၊ တျာချင်းနှင့် ကဝိလက္ခဏာကဲ့သို့သော သံပေါက်များကိုလည်း ရာဇဝင်ပြုစုရာတွင် အဆင့်ဆင့် နေရာပေး၍ ကိုးကားတော်မူသည်။ တွင်းသင်း မြန်မာရာဇဝင်သစ်၏ရှေ့တွင် ဦးကုလားရာဇဝင်သစ်၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်တို့ ရှိသည်ကို ထား၍ ရာဇဝင်သစ်ဟု အမည်ပေးခဲ့ဟန် တူသည်။ ထိုသို့ အမည်ပေးသည့်အတိုင်း

---

[၁] မြန်မာ့စွယ်စုံကျမ်း (အတွဲ ၅) ၊ ၁၉၆၁၊ ၂၄၁။

[၂] သစ်ဆိမ့်ဆရာတော်၊ ၁၃၁၈၊ ၂၆၄။

သစ်လည်းသစ်သည့် ရာဇဝင် ဖြစ်သည်။ တွင်းသင်းမြန်မာရာဇဝင်သစ်သည် အစဉ်အလာကို တော်လှန်သော ရာဇဝင် ဖြစ်သည်။ ကျောက်စာ၊ သံပိုင်း၊ ဧချင်း၊ မော်ကွန်းတို့နှင့် မညီညွတ်သော ရှေးရာဇဝင်ကြီးများနှင့် ရှေးစာဆိုကြီးများ၏ အဆိုအမိန့်တို့ကို တွင်းသင်းတိုက်ဝန် မဟာစည်သူသည် ဤရာဇဝင်သစ်၌ ပြတ်ပြတ်သားသား ဝေဖန်ထားသည်။

## ၃။ ရာဇဝင်စာပေနှင့် လိုက်ဖက်သော စကားအသုံးအနှုန်းများ

ဘာသာစကားနှင့် စာပေသည် ဆက်သွယ်လျက် ရှိပါသည်။ သုတစာပေဖြစ်စေ၊ ရသစာပေဖြစ်စေ ရေးသားရာ၌ ဘာသာစကားကို အသုံးပြုရသည်။ ဖန်တီးမှုပါသော ရသစာပေတွင် ရသပေါ်အောင် ရေးဖွဲ့ရာ၌ စကားအသုံးအနှုန်းရွေးချယ်မှုသည် အရေးပါသကဲ့သို့ သုတစာပေဖြစ်သည့် သမိုင်းခေတ်များ၏ ဖြစ်ရပ်ဖြစ်စဉ်များကို ဇာတိမာန်နိုးကြားလာအောင် မှတ်တမ်းတင် ရေးသားထားသော ရာဇဝင်များ၌လည်း အကြောင်းအရာကို ဖော်ကျူးနိုင်ပြီးလျှင် ခိုင်ခိုင်မာမာ မှတ်တမ်းတင်နိုင်မည့် အသုံးအနှုန်းများကို ရွေးချယ်၍ ရေးသားကြရပါသည်။

ဘာသာနှင့်စာပေ ဆက်သွယ်မှုနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က ရေးဟန်ပညာ နိဒါန်းတွင်–

> "ဘာသာစကားနှင့်စာပေသည် သီးသန့်ခြားနားနေသော နယ်ပယ်များ မဟုတ်။ စာပေကို ဘာသာစကားဖြင့် ရေးဖွဲ့ရသည်။ ဘာသာစကားကို စာပေ ဖန်တီးရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းအဖြစ် မှတ်ယူနိုင်သည်။ စာပေအားလုံး ဘာသာစကားပင် ဖြစ်သည် ဟူသော ဖွင့်ဆိုချက်၊ စာပေဟူသည် ဖန်တီးမှုပါသော ဘာသာစကားအသုံး ဖြစ်သည်ဟူသော ဖွင့်ဆိုချက်တို့သည် ဘာသာစကားနှင့် စာပေတို့၏ ဆက်နွယ်မှုကို ဖော်ပြလျက် ရှိပါသည်။"[၁]

ဟု မိန့်ဆိုခဲ့ပါသည်။

မည်သည့်စာပေတွင်မဆို စာရေးသူ၏ခံစားမှုများ၊ အမြင်များ၊ ဖော်ပြလိုသော အကြောင်းအရာများ ပေါ်လွင်စေရန် စကားလုံးတိုင်းသည် အရေးပါသည်။ စကားလုံးတိုင်း သဘာဝကျရန် အကြောင်းအရာနှင့်လိုက်ဖက်ရန် လိုသည်ကို ဆရာဇေယျက–

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁–၂။

> "ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ရေးသားထားသော စာဖြစ်စေ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ရေးသားထားခြင်း မဟုတ်ဘဲ ဘာသာပြန်မှုလောက်ပင်ဖြစ်စေ၊ လူပြုသောကြောင့် လူ၏ဩဇာအရသာသည် စာပေါ်၌ တင်လျက်ရှိလေသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထားသော စာ၌မူကား ရေးသူ၏စိတ်ကူး၊ ရေးသူ၏အကြံ၊ ရေးသူ၏အမြင်သည် စာလုံးတိုင်း စာလုံးတိုင်း၌ ထင်ဟပ်နေသောကြောင့် စာရေးဆရာသည်ပင် စာဖြစ်၍ နေလေသည်"[၁]

ဟု ဆိုထားပါသည်။

စာပေသည် စကားလုံးများနှင့် ဖွဲ့စည်းတည်ဆောက်ရသည့်အတွက် စကားပြေရေးဟန်ကို လေ့လာရာ၌ စကားအသုံးအနှုန်း၏ အခန်းကဏ္ဍသည် အဓိကကျသည်။ ထိုသို့ဖြစ်စေရန် စာရေးသူသည် စကားအသုံးအနှုန်းများကို ကျွမ်းကျင်ရန်နှင့် ရွေးချယ်သုံးနှုန်းတတ်ရန် လိုအပ်သည်။ စကားလုံးများကို သုံးနှုန်းရာ၌လည်း ရေးသားထားသော အကြောင်းအရာကို မူတည်၍ ခန့်ညားသော စကားပြေ၊ တည်ငြိမ်သော စကားပြေ၊ မှတ်တမ်းသဘော ဆီလျော်သော စကားပြေ၊ ရသမြောက်အောင် ရေးဖွဲ့သော စကားပြေ စသည့် အကြောင်းအရာကိုလိုက်၍ စကားလုံးများကို အလွယ်၊ အခက်၊ အလေး၊ အပေါ့ စသည်ဖြင့် ရွေးချယ်သုံးနှုန်းရပါသည်။ ထိုအကြောင်းကို မောင်ခင်မင်(ဓနုဖြူ)က ဘာသာအမြင် စာပေအမြင်စာအုပ်တွင် –

> "စကားသုံးပုံအဆင့်တွင် စကား အခက်အလွယ်၊ အလေးအပေါ့၊ အခံ့အသွက် သူ့နေရာနှင့်သူ အလိုက်ဖက်ဆုံးဖြစ်သည့် စကားမျိုးကို ရွေးသုံးတတ်လျှင် လိုက်ဖက်မှု ရှိသည်ဟု ဆိုရပါမည်။"[၂]

ဟု ဆိုထားပါသည်။ တွင်းသင်းမြန်မာရာဇဝင်သစ်တွင် တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် ရာဇဝင်ဟူသည့်စာပေနှင့် လိုက်ဖက်အောင်၊ ခေတ်ကိုထင်ဟပ်နေသော စကားလုံးများ ပါဝင်အောင်၊ တိကျပြတ်သားပြီး ထိမိပေါ်လွင်သော စကားသုံးများ ပါဝင်အောင် မည်ကဲ့သို့ နေရာတကျ ရွေးချယ်သုံးနှုန်းထားသည်ကို လေ့လာတင်ပြပါမည်။

ရာဇဝင်စကားပြေသည်လည်း ဥပဒေစကားပြေကဲ့သို့ပင် အကြောင်းအရာ၏ အငွေ့အသက်သဘောများသည် စကားလုံးများ၌ ထင်ဟပ်နေရမည် ဖြစ်ပါသည်။ ရာဇဝင်ဖြစ်သည့်အလျောက် ဘုရင်မင်းမြတ်တို့သည် စစ်နှင့်မကင်းပေ။ စစ်ရေးစစ်ရာများကိုလည်း ရာဇဝင်ဆရာသည် မှတ်တမ်းတင်ရသည်။ ထိုအခါတွင် ရာဇဝင်များတွင်

---

[၁] ဇေယျ၊ ၁၉၈၄၊ ၈။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၅၅၆–၅၅၇။

သုံးလေ့ရှိသော ဒိဋ္ဌလောက၌လည်း ထိုခေတ်က စစ်ရေးစစ်ရာတွင်သုံးလေ့ ရှိသော စကားလုံးများကို ရွေးချယ်သုံးနှုန်းရသည်။

တစ်နေရာတည်းတွင် ကြည်းတပ်၊ ရေတပ်ပါ အတူတူ တွဲဖက်၍ ဝန်းရံနေသည် ဆိုသည့်သဘောကို ရေးသားရာ၌ –

"အင်းမျောကျွန်းတွင် ကြည်း၊ ရေ ဖက်၍ နေတော်မူ၏"[၁]

ဟု သုံးနှုန်းရေးသားထားပါသည်။ ရာဇဝင်ဆရာတို့သည် သုတစာပေဖြစ်သည့် အလျောက် တတ်နိုင်သမျှ ရိုးရှင်းပေါ်လွင်ပြီး ကျစ်လျစ်အောင် သုံးလေ့ရှိသည်။ 'ဖက်'၏ အနက်နှင့် ပတ်သက်၍ မြန်မာအဘိဓာန်၌ –

"ကြိ ၊ သိမ်းကျုံး ပိုက်ယူသည်။ ယှဉ်တွဲသည်။ ညီညွတ်သည်။
လိုက်သည်။"[၂]

ဟု ဖော်ပြထားသည်။ ထိုအဘိဓာန်၏ ဖွင့်ဆိုချက်နှင့် ယှဉ်၍ကြည့်လျှင် တွင်းသင်းမင်းကြီး၏ အကြောင်းအရာနှင့် လိုက်ဖက်ပြီး အနက်အဓိပ္ပာယ်အားလုံး ပြည့်စုံပေါ်လွင်ပြီးလျှင် ကျစ်လျစ်သိပ်သည်းအောင် 'ဖက်' ဆိုသည့် စကားလုံးတစ်လုံးတည်းနှင့် သုံးနှုန်းထားသည့် စကားလုံး ကျွမ်းကျင်မှု၊ အနက်အဓိပ္ပာယ်များကို အဖက်ဖက်မှ နားလည်မှုဆိုသည့် ဂုဏ်ရည်များကို တွေ့နိုင်ပါသည်။ ကြည်းတပ်၊ ရေတပ်ဟု မသုံးဘဲ ကြည်း၊ ရေ ဟု သုံးထားသည်။ စကားတစ်လုံးကို ဖြုတ်လိုက်ခြင်းဖြင့် အနက်အဓိပ္ပာယ် မပြောင်းလဲသည့်သဘောကို ရာဇဝင်ဆရာက သတိပြုမိဟန်တူသည်။ စစ်ချီတက်သိမ်းပိုက်ရန်အတွက် ကြည်းတပ်၊ ရေတပ်များ အတူတူ ဝန်းရံနေခြင်းကိုပင် 'ဖက်' ဟူသော စကားလုံးဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ 'ဖက်' ဟူသည့် ကြိယာကို သုံးလိုက်ခြင်းဖြင့် ကြည်းတပ်၊ ရေတပ် အတူယှဉ်တွဲသည့်သဘော၊ အတူ ညီညီညွတ်ညွတ် တိုက်ခိုက်မည့်သဘော၊ ထိုတပ်နှစ်ခု၏အင်အားဖြင့် သိမ်းကျုံးပိုက်ယူမည့် သဘောများ အားလုံးပါဝင်အောင် သုံးနှုန်းထားခြင်း ဖြစ်ပါသည်။ အနက်ပြည့်စုံပြီး ရေးဟန်၊ ဝါကျဖွဲ့ဟန် ရှင်းလင်းသည်။

ရာဇဝင်စကားပြေများတွင်သုံးသော စကားသုံးများသည် အခြားစကားပြေများတွင် သုံးသော စကားသုံးထက် ထူးခြားသည့် သိမ်မွေ့သည့်သဘောပါသည့် စကားသုံးများ ပါဝင်သည်။ ပုံစံအားဖြင့် တစ်ဖက်ရန်သူ ထွက်၍တိုက်လာအောင်

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၂၉။
[၂] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၂၄၂။

စစ်ရေးပြ၍ သွေးဆောင်ဖြားယောင်းယူရသည် ဆိုသောသဘောကို စကားလုံး များများ မသုံးဘဲ –

"ညရီမိုက်ကို၊ ပြည်မြို့ရင်းသို့ စစ်ရေးငင်ရမည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။ 'ငင်' ၏အနက်ကို မြန်မာအဘိဓာန်၌–

"ကြိ ၊ ဆွဲယူသည်။"[၂]

ဟု ဖော်ပြထားသည်။ တစ်ဖက်ရန်သူကို မိမိတို့ အလိုရှိသည့်နေရာသို့ အရောက် ချီတက်လာအောင် ဖျားယောင်းသွေးဆောင်၍ ခေါ်ယူသည်ကိုပင် စစ်ရေးငင်ဟု သုံးထားသည်။ စစ်ရေးစစ်ရာကို မိမိလိုသည်ဘက်သို့ အရောက်ဆွဲယူသည်ကို ဆိုလိုခြင်း ဖြစ်သည်။ စကားအသုံးအနှုန်း ကျစ်လျစ်ပြီးလျှင် ပရိယာယ်သုံးသည့် သဘော၊ မိမိတို့နိုင်လိမ့်မည်ဟု ထင်မြင်ပြီး စစ်တိုက်လိုစိတ်များ ဖြစ်ပေါ်လာအောင် စည်းရုံးဆွဲဆောင်ယူသည့် သဘောအားလုံးကို 'စစ်ရေးငင်' ဆိုသည့် စကားလုံး အပေါင်းအဖွဲ့က ဖော်ပြနိုင်သည်။ စစ်ရေး ဟူသော စကားတွင်လည်း အနက်များစွာ ပါဝင်သည်။ 'ငင်' ဟူသည့် စကားတွင် စစ်ဓလေ့အတိုင်းသုံးသည့် စစ်ပရိယာယ် များပါသည်။ စိတ်ဖြင့် ညှို့ယူသွေးဆောင်သည့် သဘောပါသည်။ စစ်တိုက်ရာ၌လည်း ပရိယာယ်သဘော စိတ်ဖြင့် ညှို့ငင်မှု သဘောပါကြောင်းကို ထိုအသုံးက ဖော်ပြနေ ပါသည်။

တွင်းသင်းမင်းကြီးသည် သူ၏ တွင်းသင်းမြန်မာရာဇဝင်၌ တိုက်ပွဲသရုပ်များ၊ တိုက်ပွဲ၏ ပြောဟန်၊ ဆိုဟန်များကို တင်ပြရာ၌လည်း ရာဇဝင်အငွေ့အသက်ပါသော စကားလုံးများကို ဆီလျော်လိုက်ဖက်အောင်သုံးပြီး ရိုးရိုးရှင်းရှင်းဖြင့် သရုပ်ဖော်ထား ပါသည်။ ဘုရင့်နောင်က မင်းတရားရွှေထီးအား လျှောက်တင်ရာတွင် –

> "အမိန့်တော်အတိုင်း ဆင် မြင်း ခင်းကျင်းကာ ဘဝရှင်ဘုရားကို ငံ့၍နေစဉ် သူရောက်လှာလျှင် လက်ဝဲလက်ယာသားတို့ ရှေ့သို့ ယွန်းကာ တက်ကြသည်။ ကျွန်တော်မြင်လျှင် အမိန့်တော်ကို ခံ့ညား၍နေသော်မဟုတ်၊ မရဲယောင်၍ နေလေသည်။ သူဆိုလမည် စိုး၍ အကွပ်တော်ကို ခံတော့မည်။ သူအသွမ်းထွေးကို မခံပြီဟု ကျွန်တော်တိုက်နှင့်ပေသည်"[၃]

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၈၃။

[၂] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၈၃။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၆၅။

ဟု ရေးသားထားသည်။ ထိုနေရာ၌ အမိန့်တော်အတိုင်း ဆိုသည့် စကား အသုံးအနှုန်းသည် ရာဇဝင်များ၌ သုံးရိုးသုံးစဉ်ပင် ဖြစ်သည်။ ရာဇဝင်သုံးစကား များကို သုံးခြင်းဖြင့် အကြောင်းအရာနှင့် ဆီလျော်သွားသည်။ မင်းအမိန့်၏ အရေးပါမှုသဘောကို ဖော်ပြနိုင်သည်။ ဆင်တပ်၊ မြင်းတပ်များကို အသင့်ဖြစ် နေအောင် နေရာတကျ နေရာချထားသည်ကိုပင် ဆင်မြင်းခင်းကျင်း ဟု သုံးနှုန်း ထားသည်။ ခင်းကျင်းသည် ဟူသော စကားသည် ပွဲလမ်းသဘင် အခမ်းအနား၌သာ သုံးလေ့ ရှိသည်။ ထိုစကားသုံးကို သူနိုင်ငါနိုင် သူသေကိုယ်သေ တိုက်ရသည့်စစ်ပွဲ၌ စစ်သည်များ နေရာချထားပုံတွင် သုံးလိုက်ခြင်းဖြင့် စာဖတ်သူတို့၏ စိတ်တွင်း၌ စစ်ရေးပြင်နေသည့် မြင်ကွင်းသည် ကြီးကျယ်ခမ်းနားသွားစေသည်။ မင်းတို့နှင့် လိုက်ဖက်သည့် ခမ်းနားသော စကားသုံး ဖြစ်သွားသည်။ ဘဝရှင်ဘုရား ဆိုသည့် အသုံးမှာလည်း သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ကို တိုတိုနှင့် ဖော်ပြနိုင်သည့် ဝေါဟာရ အသုံးဖြစ်သည်။

ထိုအကြောင်းများကိုပင် မှန်နန်းရာဇဝင်တော်ကြီး၌ –

> "ကျွန်တော်တို့ အမိန့်တော်အတိုင်း ဆင်မြင်းဗိုလ်ပါ စီစဉ်၍ စစ်အင်ခင်းကျင်း ပြီးလျှင် ဘဝရှင်မင်းတရားကို ငံ့၍နေစဉ် ယိုးဒယားစစ်သည် ရောက်လာ၍ လက်ဝဲဘက်က ကျွန်တော် ရဲသင်ရံနှင့် ငါးတပ်လုံးယွင်း၍ တက်သည်။ လက်ယာဘက် ကလည်း ကျွန်တော် စောလကွန်းအိန်နှင့် ငါးတပ်လုံး ယွင်း၍ တက်သည်။ သို့လက်ဝဲလက်ယာ တက်သည်ကို ကျွန်တော် မြင်လျှင် (အရှင့် အမိန့်တော်ကို ကြောက်ရွံ့ကာနေသည် မဟုတ်၊ မရဲ၍နေသည်ဟူ၍ အများက ဆိုလတ္တံ့သည်ကိုစိုး၍ အကွပ်တော်ကို ခံသော်လည်း ခံတော့မည်။ သူအသွမ်းသွေးကို မခံပြီ အမှတ်ရှိ၍ ကျွန်တော်တိုက်ပေသည် ဟူ၍ နားတော်လျှောက်သည်)"[၁]

ဟူ၍ ရေးသားဖော်ပြထားပါသည်။

ထိုအရေးအသားနှစ်ခုကို ယှဉ်၍ကြည့်လျှင် မှန်နန်းရာဇဝင်တော်ကြီးက ပိုမို၍ တင်ပြပုံ ပြည့်စုံသည်။ နားလည်လွယ်သည်။ တွင်းသင်းရာဇဝင်ကမူ တိုတိုနှင့်လိုရင်း ရောက်အောင်သာ အလေးထား ရေးဖွဲ့ထားသည်။ စကားအသုံးအနှုန်းအနေနှင့် ကြည့်လျှင် 'ဆင်မြင်း၊ ခင်းကျင်း၊ ငံ့' ဟူသော အသုံးများသည် တူညီသည်။ 'အမိန့်တော်ကို ခံ့ညား' ဟူ၍ တွင်းသင်းရာဇဝင်သစ်က သုံးထားသည်။ မှန်နန်းရာဇဝင်တော်ကြီး

[၁] မှန်နန်းရာဇဝင်တော်ကြီး (၃–တွဲ) ၊ ၁၉၉၃၊ ၂၄၇။

ကမူ 'ကြောက်ရွံ့' ဟုသာ သုံးထားသည်။ ကြောက်ရွံ့၊ ခန့်ညား ဟူသော စကားသည် ကြိယာတွဲလုံးများ ဖြစ်သည်။ ကြောက်ရွံ့ ဆိုသည့် စကားထက် ခန့်ညား ဟူသည့် စကားက ဘုရင့်နောင်၏ဂုဏ်ကို ပို၍လေးနက်စေသည်။ ပို၍ခမ်းနားမှု ရှိသည့် အတွက် ရာဇဝင်စကားပြေနှင့် လိုက်ဖက်သည်။ မှန်နန်းရာဇဝင်တော်ကြီးကမူ 'မရဲ၍နေသည် ဟူ၍ အများကဆိုလတ္တံ့' ဟု ရေးသားသည်။ စကားသုံး ရိုးရှင်းသည်။ တွင်းသင်း ရာဇဝင်ကမူ 'မရဲယောင်' ဟူ၍ သုံးသည်။ မရဲသည့်အသွင် ပေါ်နေမည်။ မရဲသည့် ဟန်မျိုး ထင်ရမည်ဟူသော အနက်ရမည်။ အနက်ပိုမိုပြည့်စုံသည်။ စကားသုံး လှပသည်။ 'အကွပ်တော်' ဟူသော အသုံးမှာ ကွပ်မျက်လိမ့်မည် ဆိုသော အသုံးထက် ထီးသံနန်းသံပါ၍ ရာဇဝင်စကားပြေနှင့် လိုက်ဖက်သည်။ 'အသွမ်းသွေး' ဟူသော စကားမှာ ရာဇဝင်များ၌ တွေ့ရလေ့ရှိသည့်အလျောက် မှန်နန်းရာဇဝင်နှင့် တွင်းသင်း ရာဇဝင်သစ်တို့၌ အတူတူပင် တွေ့ရသည်။

တစ်ဖက်ရန်သူက တောင်းဆိုလာသည့် အရေးကိစ္စကို မလိုက်လျောနိုင်သည့် အခြေအနေကို 'အရေးမပေးသာသေး' ဟု ကျစ်ကျစ်လျစ်လျစ်နှင့် ခံ့ခံ့ညားညား သုံးထားသည်။ ထိုအကြောင်းကို –

> "သံတွဲစားကို ငါမှစ၍ သူကောင်းပြုမည် ဆိုမိန့်သည့် အမိန့်တော်ခွန်း ရှိချေသည်။ အရေးမပေးသာသေး"[၁]

ဟု ရေးသားထားသည်။ မှန်နန်းရာဇဝင်တော်ကြီး၌လည်း ထိုအသုံးကိုပင် တွေ့ရသည်။

ရန်သူကို ဆီး၍တိုက်သည်ကို 'ဆီးဆတိုက်ဖျက်' ဟု သုံးထားသည်။ မှန်နန်း ရာဇဝင်တော်ကြီး ဒုတိယတွဲတွင်မူ 'ဆီးဆို့' တိုက်သည်ဟု သုံးထားသည်။ တစ်ဖက် ရန်သူကို ဆီး၍တိုက်သည့်သဘောကိုပင် ရာဇဝင်ဆရာတို့သည် အမျိုးမျိုးရေးကြသည်။ တွင်းသင်းရာဇဝင်ကမူ 'ဆီးဆတိုက်ဖျက်' ဟု 'ဆ' ဟူသော စကားတစ်လုံးကို ဖြည့်စွက် သုံးခြင်းဖြင့် ကြိုတင်၍ ဆီးပြီးတိုက်မှသာဖြစ်မည်ဟု တွေးဆပြီးမှ တိုက်သည့်သဘော ပါသည်။ 'ဆီးဆို့' ဟူသော အသုံးမှာမူ ဆီး၍ တားဆီးဆို့ပိတ်ပြီး တိုက်သည့် အနက်သဘော သက်ရောက်သည်။ ရာဇဝင်သုံး စကားလုံးတိုင်းတွင် အနက်အဓိပ္ပာယ်များ ပါဝင်နေသည်ကို တွေ့ရသည်။ 'သူကောင်းပြုမည်' ဟူသော အသုံးမှာလည်း ရာဇဝင်သုံး စကားပင် ဖြစ်သည်။ အကြောင်းအရာကိုလိုက်၍ ဘုရင်မင်းမြတ်က ရာထူးဌာနများ ပေးကမ်းချီးမြှောက်ခြင်းကို ဆိုလိုသည်။ အသုံး လှပခံ့ညားသည်။

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၅၅။

စစ်ရေးအခြေအနေ မလှ၍ ဗိုလ်ပါဆင်မြင်းတို့ အနေအထား တကွဲတပြားစီ ဖြစ်ကြရသည်။ တပ်ဆုပ်ကြရသည်ကိုပင် ကျစ်လျစ်ပြီး လှပသော အသုံးဖြင့် "ဗိုလ်ပါ ဆင်မြင်း ယွင်းယိုသည်" ဟု သုံးသည်။

စစ်ပွဲများတွင် စစ်သည်တို့အနေနှင့် ပြောင်း၊ သေနတ်များကို အသံများ အဆက်မပြတ် ပေါ်ထွက်အောင် မရပ်မနား အားလုံးစုပေါင်း၍ ပစ်ရမည်ကို ဖျော်ဖျော် ပစ်လေသည်ဟု ရာဇဝင်များ၌ သုံးနှုန်းလေ့ရှိသည်။ ဦးထွန်းညိုသည်လည်း ရာဇဝင်ဟန်များ ပါအောင် သုံးနှုန်းထားသည်ကို တွေ့ရသည်။

အလောင်းစည်သူမင်းကြီးအကြောင်းကို အလောင်းစည်သူမင်းကြီး စွမ်းရည် ပြခန်းတွင် တွင်းသင်းမြန်မာရာဇဝင်သစ်၌ –

"လိုက်သော မြင်းလေးစီးသားတို့လည်း ရှေ့နောက် လက်ဝဲ လက်ယာ ပေါ်တုံ ငုပ်တုံ သုံးလေးကြိမ်ကစားလျှင်"[၁]

ဟု ရေးဖွဲ့ထားသည်။ မှန်နန်းရာဇဝင်တော်ကြီး၌မူ –

"မင်းကြီးလည်း မြင်းလေးစီးသားတို့ကို ရှေ့ကပေါက်တုံ၊ နောက်ကပေါက်တုံ၊ လက်ဝဲကပေါက်တုံ၊ လက်ယာကပေါက်တုံ သုံးကြိမ်နှင်စေပြီးမှ မြို့တော်သို့ ပြန်တော်မူလေသည်"[၂]

ဟု ရေးသားထားသည်။ ဦးကုလားမဟာရာဇဝင်တော်ကြီး၌လည်း –

"မင်းကြီးလည်း မြင်းလေးစီးသားတို့ကို ရှေ့ကပေါက်တုံ၊ နောက်ကပေါက်တုံ၊ လက်ဝဲကပေါက်တုံ၊ လက်ယာကပေါက်တုံ သုံးကြိမ်နှင်နှင်စီးပြီးမှ မြို့တော်သို့ ပြန်တော်မူလေသည်"[၃]

ဟု ရေးသားထားသည်။ မှန်နန်းရာဇဝင်နှင့် ဦးကုလားမဟာရာဇဝင်တော်တို့တွင် မင်းကြီးသည် မြင်းကို ရှေ့နောက် လက်ဝဲလက်ယာမှစီး၍ ဟန်ရေးပြနေသည်ဟု ဆိုလိုသည်။ တွင်းသင်းမင်းကြီးက ပေါ်လိုက်ပျောက်လိုက် ဟူသော သဘောဖြင့် 'ပေါ်တုံ ငုပ်တုံ' ဟု သုံးထားပါသည်။ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့၌ ရာဇဝင်စကားပြေ များတွင် 'ရွံ့ရှာ' ဟူသော အသုံးကို ခံ့ညားကြောက်ရွံ့ ဟူသော အနက်ဖြင့် သုံးလေ့ ရှိသည်။ မှန်နန်းရာဇဝင်နှင့် ဦးကုလားရာဇဝင်တို့၌ ကြောက်ရွံ့ဟုသာ သုံးထားသည်။ တွင်းသင်းမြန်မာရာဇဝင်သစ်ကမူ ရွံ့ရှာဟု သုံးထားပါသည်။ တွင်းသင်းမြန်မာ

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၃။

[၂] မှန်နန်းရာဇဝင် (ဒု–တွဲ)၊ ၁၉၉၂၊ ၃၁၁။

[၃] ကုလား၊ ဦး၊ ၂၀၀၆၊ ၂၀၁။

ရာဇဝင်သစ်တွင် စကားသုံးကို ကျစ်လျစ်ပြီး ပို၍ခံ့ညားအောင် သုံးလေ့ရှိသည်။ မှန်နန်းရာဇဝင်နှင့် ဦးကုလားရာဇဝင်တို့ကမူ ရိုးရိုးရှင်းရှင်း ရေးလေ့ရှိသည်။

စစ်တိုက်ရာတွင် စစ်သည် အစကတည်းကပင် ရှုံးနိမ့်သည်ကို 'စစ်ဦးကျိုး' သည်ဟု သုံးထားသည်။ ညြယားလဂွန်းအိန်နှင့် ဘုရင့်နောင်တို့၏တိုက်ပွဲကို–

> "ငါးတပ်သားလုံး ဆင်တစ်ရာ မြင်းတစ်ထောင် ဗိုလ်ငါးသောင်းနှင့် အပြင်းလိုက် ထပ်၍ တိုက်လေလျှင် ညြယားလဂွန်းအိန်မှာ စစ်ဦး ကျိုးလေ၏"[၁]

ဟု ရေးသားထားသည်။ ရာဇဝင်သုံးစကားကိုပင် နေရာတကျ သုံးထားသည်။ မှန်နန်းရာဇဝင်တော်ကြီး၌မူ 'စစ်ဦးပျက်၍ရွှေ့လေ၏' ဟု သုံးထားပါသည်။ တွင်းသင်း မင်းကြီး၏အသုံးများသည် ပို၍အသုံးဆန်းသည်။ ပို၍လှပပြီး စကားသုံးဆန်းသည် ဟုလည်း ဆိုနိုင်ပါသည်။

## ၃၊ ၁။ ကျစ်လျစ်သော အသုံးများ

ရာဇဝင်သည် သမိုင်းမှတ်တမ်းတင်ခြင်းဖြစ်၍ အရေးအသား ကျစ်လျစ်ရန် လိုပါသည်။ ထိုသို့ ကျစ်လျစ်စေရန်အတွက် အနက်အဓိပ္ပာယ်ပေါ်လွင်၍ ကျစ်လျစ် သိပ်သည်းသော စကားသုံးများကို ရွေးချယ်သုံးနှုန်းရပါသည်။ တွင်းသင်းမြန်မာ ရာဇဝင်တွင် အသချေ်ယျကပ်များအကြောင်း ရေးသားရာ၌ လူတို့၏သက်တမ်း ဆုတ်လိုက် တက်လိုက် ဖြစ်နေသည်။ ထိုကဲ့သို့ ဖြစ်ပုံကို 'ဆုတ်တုံတက်တုံ' ဟု ရေးသား ထားသည်။ 'တုံ' ဟူသော စကားလုံးကို နှစ်ကြိမ် သုံးစွဲခြင်းဖြင့် စကားလုံးဖွဲ့စည်းမှုကို အနက်အဓိပ္ပာယ် ပေါ်လွင်ပြီး ကျစ်လျစ်သိပ်သည်းစေသည်။ 'တုံ' အနက်ကို မြန်မာ အဘိဓာန်တွင် –

> "စည်း၊ တစ်ကြိမ်ပြီးတစ်ကြိမ် ဖြစ်ခြင်း ပြုခြင်းကို ပြသော စကားလုံး"[၂]

ဟု ဖော်ပြထားသည်။ ဆုတ်လိုက်တက်လိုက်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် ဖြစ်ပျက် နေသော သဘောကို 'တုံ' ဟူသော ကြိယာပစ္စည်းကို ကြိယာနှစ်လုံးဖြင့် တွဲသုံး၍ ကျစ်လျစ်သိပ်သည်းပြီး ဆိုလိုချက်ကို ပေါ်လွင်စေပါသည်။

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၅၈။
[၂] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၆၁။

စောလူးသခ်ယာသည် တောင်တွင်းနှင့် ဆက်ဆံရာတွင် မဟာမိတ်ပြုလိုက်၊ စစ်ဖြစ်လိုက်၊ နိုင်လျှင် သို့ပန်းသိမ်းယူလိုက် ပြုမူသည်ကို ရေးသားရာ၌–

"တောင်တွင်းကိုလည်း ချစ်တုံ မုန်းတုံမူ၍ သို့ပန်းခတ်၏"[၁]

ဟု သုံးနှုန်းထားသည်။ ထိုအသုံးအနှုန်းသည် ကျစ်ကျစ်လျစ်လျစ်နှင့် ဆိုလိုချက် ဖော်ပြနိုင်ပြီးလျှင် စကားသုံးကိုလည်း လှပစေသည်။ စစ်နိုင်၍ သို့ပန်းများ သိမ်းယူသည်ကို 'သို့ပန်းခတ်' ဟု သုံးထားသည်။ 'ခတ်' ဟူသည့် လုံးချင်းကြိယာကို နာမ်ဖြင့်တွဲ၍ ကျစ်လျစ်သောအသုံးကို ဖြစ်စေသည်။ 'ခတ်'၏အနက်တွင် တစ်ဖက် ရန်သူများကို လာ၍ထိပါးသည်၊ ထိခတ်သည်၊ နာကျင်စေသည် ဆိုသည့်အနက်များ ပါဝင်သည်။ 'ခတ်' ၏အနက်ကို မြန်မာအဘိဓာန်၌ –

"ကြိ၊ ထုနက်သည်။ တီးသည်။ ရိုက်ပုတ်သည်။ ခြေဖြင့် ကန်သည်။ မြဲမြံစွာ ချုပ်နှောင်သည်။"[၂]

စသည့် အနက်များ ပါဝင်သည်။ တွင်းသင်းမင်းကြီးသည် ဘာသာစကားအနက် အမျိုးမျိုးကို ကျွမ်းကျင်သည့်အလျောက် ကျစ်လျစ်ပြီး ဆိုလိုချက်အားလုံး ပြည့်စုံ ပါဝင်သော စကားလုံးကို ရွေးချယ်သုံးနှုန်းနိုင်ခဲ့ပါသည်။

ကျစ်လျစ်သိပ်သည်းသော စကားလုံးဖြစ်စေရန် အများအားဖြင့် လုံးချင်း စကားလုံးများကို သုံးလေ့ရှိသည်ကို တွေ့ရပါသည်။ ပုံစံအားဖြင့်–

"ငါ့ကိုယ်မအီ၊ ငါ့ကိုယ်စား မင်းကြီးကို စားတော်ဆက်ပါ"[၃]

ဟု သုံးထားသည်။ ကိုယ်ခန္ဓာ မကျန်းမမာဖြစ်၍ မအီမသာ ဖြစ်နေသော ခံစားမှုကို 'မအီ' ဟူသော စကားတစ်လုံးတည်းဖြင့် ကျစ်လျစ်စွာ တင်ပြနိုင်ခဲ့သည်။

"မွန်ပြည်တရယ်ပြင်တောကစားရာ ခဏချင်းနာ၍လွန်လေ၏"[၄]

ဟူသော အသုံးတွင် နာမကျန်းဖြစ်သည်။ ကွယ်လွန်သည်ကိုပင် 'နာ၊ လွန်' ဆိုသည့် လုံးချင်းကြိယာများဖြင့် ကျစ်လျစ်စွာ သုံးနှုန်းထားသည်။

တားမြစ်သည်ကို 'မြစ်'၊ အမျက်ထွက်သည်ကို 'မျက်' ဟူ၍ ကျစ်လျစ်စွာ သုံးထားသည်။ စုရုံးမိသည်ကို 'ရုံးမိ' ဟု သုံးထားသည်။ ပုံစံအားဖြင့်–

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၄၃၂။

[၂] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၅၄။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၅၀။

[၄] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၉၈၊ ၄၃၂။

> "မသင့်သည်ကို မမြစ်သောကြောင့် အထက်ကလည်း ငါတို့
> အရှင်သားတော် ဆုံးလေပြီ"[၁]

ဟူသော အသုံးတွင် တားမြစ်သည်ကို 'မြစ်' ဟု သုံးထားသည်။ မှန်နန်းရာဇဝင်တော်ကြီးနှင့် ဦးကုလားမဟာရာဇဝင်ကြီးတွင် 'မဆီးမတား' ဟု သုံးထားသည်။ အထက်ဖော်ပြပါ ရာဇဝင်နှစ်စောင်သည် သိလွယ်မှုကို အလေးထားပြီး တွင်းသင်းရာဇဝင်သစ်ကမူ ကျစ်လျစ်မှုနှင့် စကားသုံးလှပမှုကို အလေးထားဟန် ရှိသည်။

ကျန်စစ်သားသည် ငရမန်နှင့် စစ်ပွဲတွင် အညာမိ၍ ဆုတ်ခွာခဲ့ပုံကို–

> "ကျန်စစ်သားကား ရုံးမိသမျှ ဗိုလ်ပါနှင့် ခွာခဲ့မှ တောင်ခွင်က
> တစ်ညည့်လုံး လာခဲ့သည်"[၂]

ဟု ရေးသားထားသည်။ စုရုံးမိသမျှ ဗိုလ်ပါများကိုခေါ်၍ ဆုတ်ခွာခဲ့သည်ကို 'ရုံးမိ'၊ 'ခွာ' ဆိုသည့် ကျစ်လျစ်သော အသုံးများဖြင့် ဖော်ပြထားသည်။

ဒေါသအမျက်ထွက်သည်ကို –

> "ငါ့ခမည်းတော်လည်း မျက်ဖူးလေပြီ။ ငါလည်း မျက်ဖူးသူ
> ဖြစ်သည်"[၃]

ဟူ၍ လုံးချင်းကြိယာကို သုံး၍ တင်ပြထားသည်။ တွင်းသင်းမင်းကြီးသည် စာပေကျွမ်းကျင်နှံ့စပ်သည်နှင့်အမျှ စကားလုံးများကို ဆန်းထုတ်ခြင်း၊ ကျဉ်းချုံ့ခြင်းတို့၌လည်း ကျွမ်းကျင်သည်။

နိမ့်ကျစေသည် ဟူသော သဘောကို 'ညှံ့' ဟု သုံးထားသည်။ ပုံစံအားဖြင့်–

> "ပန်ထွာမိဖုရားလည်း နှလုံးမသာမယာဖြစ်၍ မင်းကြီးတန်ခိုးကို
> ညှံ့စေလို၍ ပညာရှိတို့နှင့် တိုင်ပင်နှီးနှောပြီးလျှင်"[၄]

ဟု ရေးသားထားသည်။ မင်းကြီး၏ ဘုန်းတန်ခိုး နိမ့်ပါးစေသည်ကို 'ညှံ့စေလို၍' ဟု သုံးခြင်းဖြင့် ကျစ်လျစ်သိပ်သည်းစေသည်။ 'ညှံ့' သည် နိမ့်ပါးသည်ဟု အနက်ရှိသော ရှေးသုံးစကားပင် ဖြစ်သည်။

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊၁၉၆၈၊ ၁၁၇။
[၂] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉၉။
[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉၉။
[၄] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉။

## ၃၊ ၂။ တွဲလုံးကြိယာအသုံးများ

ရာဇဝင်စကားပြေသည် မှတ်တမ်းစကားပြေဖြစ်၍ ရှင်းလင်းမှု၊ တိကျမှုများ လိုအပ်သကဲ့သို့ ထီးနန်းနှင့်ပတ်သက်သော စကားပြေဖြစ်သည့်အတွက်လည်း ထီးသံနန်းသံပါပြီးလျှင် ခံ့ညားသော လေသံများပါရန်လည်း လိုအပ်ပါသည်။ ထို့အပြင် တွဲလုံးကြိယာများကို သုံးခြင်းဖြင့် စကားပြေကို ပြေပြစ်စေပါသည်။ ဥပမာအားဖြင့် မင်း၏အကြောင်းကိုပြောလျှင် ငြိမ်သက်တည်ကြည်၏။ သနားကြင်နာ လေးမြတ်တော်မူ၏ဟု သုံးလေ့ရှိသည်။ လုံးတွဲစကားလုံးများသည် ဆိုလိုချက်ကို ကျစ်ကျစ်လျစ်လျစ်နှင့် ပြီးပြည့်စုံစေသည်။ မင်းတို့၏ စိတ်နေသဘောထားအားလုံးကို ဖော်ပြနိုင်သော ရှေ့နောက် အဆင်ပြေညီညွတ်သော ကြိယာများကို တွဲစပ်ဖွဲ့စည်း၍ သုံးခြင်းဖြင့် ကြည်ညိုလေးစားဖွယ် ဖြစ်လာစေသည်။ ပုံစံအားဖြင့်–

> "တစ်ယောက်နှင့်တစ်ယောက် ကြည့်ကြ၍ စကားစောင်းမြောင်း ငြူစူမမူရ"[၁]

ဟူသော အရေးအသားတွင် 'စောင်းမြောင်း၊ ငြူစူ' ဆိုသော တွဲလုံးကြိယာများက စိတ်အခြေအနေနှင့် စိတ်အမူအရာ၊ နှုတ်အမူအရာ နှစ်မျိုးလုံးကို ဖော်ပြနိုင်သည်။ စောင်းမြောင်းသည် နှုတ်အမူအရာကို ဖော်ပြသည်။ ငြူစူသည် စိတ်အမူအရာကို ဖော်ပြသည်။ အနက်အဓိပ္ပာယ်ကို ပြီးပြည့်စုံစေသည်။

နှိမ်နင်းလွှမ်းမိုး၊ ဖြည့်တင်းကျွေးမွေး၊ ငတ်မွတ်ခေါင်းပါး၊ နာဖျားယိုယွင်း၊ ထိပါးသေပျောက်၊ စေပါးရောက်ပေါက် ဆိုသော တွဲလုံးကြိယာများကလည်း အဆင်ပြေညီညွတ်သော၊ အနက်ချင်းဆက်စပ်သော စကားလုံးများ၏ စုပေါင်းအင်အားဖြင့် ဆိုလိုချက်ကို ပြီးပြည့်စုံစေပါသည်။ ဝါကျနှစ်ကြောင်း၊ သုံးကြောင်းခွဲ၍ ရေးရမည့်အစား ဝါကျတစ်ကြောင်းတည်း၌ ကြိယာများကို စုစည်းဖွဲ့စပ် သုံးနှုန်းခြင်းဖြင့် ကျစ်လျစ်သော စာဟန်ဖြစ်စေသည်။

တွဲလုံးကြိယာများထဲ၌ ကြမ်းကြုတ်ဆတ်မြား ဟူသော အသုံးမှာ အသုံးထူးသော စကားလုံးဖြစ်သည်။ ယနေ့ခေတ်၌ မတွေ့ရပေ။ အပြုအမူအားဖြင့် ရက်စက်၊ ကြမ်းကြုတ်ပြီးလျှင် စိတ်နေသဘောထားအရ စိတ်ဆတ်သည့်သဘော၊ စိတ်လိုက်မာန်ပါ ပြုမူတတ်သည့်သဘောတို့ကို ပေါင်းစည်း၍ ဖော်ပြထားသော စကားသုံးဖြစ်သည်။ ပုံစံအားဖြင့်–

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၁၇။

> "လင်စင်းမင်းသူပုန်ဖြစ်သော ဗညားသေည်နှင့် မှူးမတ်တို့ကို ရပြီ။ ချင်းတို့ကို ရပြီ။ ချင်းတို့သည် အလွန်ကြမ်းကြုတ်ဆတ်မြားကုန်သည်"[၁]

ဟု သုံးထားပါသည်။ 'သင်း' တို့ဟု မသုံးဘဲ 'ချင်း' တို့ဟု သုံးထားပုံ ထူးခြားသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက်တွင် နိုင်ငံတော်၌ အချင်းချင်း တစ်ဦးကိုတစ်ဦး ခြိမ်းခြောက်ခြင်း၊ နှိပ်နှံခြင်းမပြုရန် တင်ပြရာ၌ တွဲလုံးကြိယာများကို သုံး၍ 'ခြိမ်းခြောက် နှိပ်နှံ' ဟု သုံးထားသည်။ ပုံစံအားဖြင့်–

> "နိုင်ငံတော်အတွင်း အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ခြိမ်းခြောက်နှိပ်နှံသော စကားဖြင့် ပြောဆိုလျှင် မကောင်းသောသူတို့လည်း ကောင်းအောင် ကျင့်လေရာသည်"[၂]

ဟူသော အသုံးမျိုး ဖြစ်သည်။ မှန်နန်းရာဇဝင်တော်ကြီး၌မူ 'ခြိမ်းခြောက်' အစား 'ချိန်းချက်' ဟုသာ သုံးထားပါသည်။

## ၃၊ ၃။ နာမဝိသေသနအသုံးများ

ရာဇဝင်စကားပြေများတွင် စာဟန်ခံ့ညားစေရန် နာမဝိသေသနအသုံးများကို သုံးလေ့ ရှိပါသည်။ ထိုနာမဝိသေသနအသုံးများကြောင့် တစ်ခါတစ်ရံတွင် စာဟန်သည် ကျစ်လျစ်လာပါသည်။ ပုံစံအားဖြင့်–

> "ဓမ္မာမိဖုရားတွင် အာသောကမင်းသားနှင့် ညီတော်တိဿကို မြင်၏။ သုမန စသော ကိုးကျိပ်ကိုးယောက်တို့ကား အမိကွဲသားတည်း"[၃]

ဟု ရေးသားထားသည်။ အမိမတူသော သားများဆိုသည့် အထူးပြုပုဒ်ကို 'အမိကွဲသား' ဟု သုံးနှုန်းရာ၌ စကားလုံးကျစ်လျစ်သည်ကို တွေ့ရသည်။ တစ်ခါတစ်ရံတွင်မူ စကားလုံးများကို နာမဝိသေသနထည့်၍ သုံးတတ်သည်ကို တွေ့ရသည်။ မလိုအပ်ဘဲ နာမဝိသေသနသုံးသည်ကို မတွေ့ရပါ။

နတ်ရွာစံသည်ကို 'မထသောနာခြင်း' ဟု သုံးထားပါသည်။ ပုံစံအားဖြင့်–

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၈၅။

[၂] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၈၇။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉။

> "ဗိန္ဒုသာရမင်းကြီး နှစ်ဆယ့်ရှစ်နှစ် စေ့သောအခါ မထသော နာခြင်းသို့ ရောက်၍"[၁]

ဟူသော အသုံးမျိုး ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နာခြင်းကို မထသော ဟူသော နာမဝိသေသနပုဒ်နှင့် ပူးတွဲသုံးနှုန်းထားသည်ကို တွေ့ရသည်။

တစ်ခါတစ်ရံတွင်မူ ရာဇဝင်စကားပြေများ၌ စကားလုံးများကို ပိုမို၍ ထင်သာမြင်သာအောင် နာမဝိသေသနပုဒ်ကို သုံး၍ ချဲ့ထွင် ရေးသားထားသည်ကိုလည်း တွေ့ရသည်။ ပုံစံအားဖြင့်–

> "ဓမ္မသောကမင်းကား တမိဝမ်းခေါင်း အောင်းတော်မူဘက် ဖြစ်သော ညီတော် တိဿကို ထား၍"[၂]

ဟု ရေးသားထားသည်။ မှန်နန်းရာဇဝင်တော်၌မူ–

> "ဓမ္မသောကမင်းကား မိမိနှင့် တစ်မိတည်းဖြစ်သော ညီတော် တိဿမင်းသားကို ထား၍"[၃]

ဟု ရေးသားထားသည်။ တွင်းသင်းမင်းကြီးသည် အချို့စကားသုံးများ၌ ဆိုလိုချက်ပို၍ ပံ့ပေါ်အောင် အကျယ်သုံးနှုန်းတတ်သည်ကို တွေ့ရသည်။

ရာဇဝင်စကားပြေ၏ သဘောတွင် မင်းနှင့်ဆက်ဆံရသည်ဖြစ်၍ အချို့နေရာများ၌ စကားသုံးမှာ ယဉ်ကျေးဖွယ်ရာ ရှိရသည်။ တွင်းသင်းမင်းကြီးသည် ထိုသဘောနှင့်အညီ ရေးသားဟန်တူသည်။

> "ထိုမင်းတို့၏ ဦးခေါင်းထက်တွင် ကျအံ့သကဲ့သို့ဖြစ်၍ သာယာချောင်သော စကားဖြင့် ခယတောင်းပန်၍"

ဟု သုံးနှုန်းထားပါသည်။ နာမဝိသေသနတွင် ပါဝင်သော 'သာယာချောင်သော' ဟူသည့် စကားသုံးများက နှိမ့်ချသည့်လေသံကို ပေါ်လွင်စေပါသည်။

အနော်ရထာမင်းသည် ရှင်အရဟံနှင့်တွေ့ခန်း၌–

> "ရှင်အရဟံကို တွေ့လျှင် ဤသူကား အမူအရာ ထူးခြားသည်ဟု မင်း၏ အထံသို့ ဆောင်ယူလေ၍ ငြိမ်သက်သော ဣန္ဒြေကို မြင်လျှင် ကြည်ညိုသော စိတ်ဖြင့် အမျိုးအမည်ကို မေးတော်မူ၍

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉။

[၂] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉။

[၃] မှန်နန်းရာဇဝင်တော်ကြီး၊ ၁၉၉၂၊ ၉၈။

> သမ္မာသမ္ဗောဓိအနွယ်ဟု ကြားလျှင် တရားဟောတော်မူပါဟု တောင်းပန်၍ အပ္ပမာဒတရားကို ဟောတော်မူလျှင် ဝိနည်းသိက္ခာပုဒ်နှင့်တကွ ပိဋကတ်သုံးပုံကို ပြတော်မူလျှင် မင်းကြီးသည် သဒ္ဓါတော်မူ၍ ဆရာတော် ပြုတော်မူ၏"[၁]

ဟု ရေးသားထားပါသည်။ ငြိမ်သက်သော အိန္ဒြေ၊ ကြည်ညိုသော စိတ်ဆိုသည့် နာမဝိသေသန အသုံးများသည် ရှင်အရဟံနှင့် မင်းကြီးတို့၏ ကြည်ညိုဖွယ်အမူအရာနှင့် ကြည်ညိုသောစိတ်တို့ကို ပေါ်လွင်စေသည်။ ဝိနည်း၊ သိက္ခာပုဒ်၊ ပိဋကတ်၊ သဒ္ဓါ၊ သမ္မာသမ္ဗောဓိ စသော ပါဠိစကားသုံးများကို နေရာတကျ သုံးစွဲထားသည့်အတွက် အကြောင်းအရာနှင့် လိုက်ဖက်ပြီး စာဟန် ခံ့ညားသည်။

ရာဇဝင်စကားပြေတွင် နာမဝိသေသနအသုံးများကို သုံးခြင်းဖြင့် အကြောင်းအရာနှင့် လိုက်ဖက်သည့်စာဟန် ဖြစ်ပေါ်စေပါသည်။ ပုံစံအားဖြင့်– စားမြဲသော ကျေး၊ ဆောင်မြဲသော အဆောင်၊ စီးနင်းမြဲသော အစီးအနင်း ဆိုသော နာမဝိသေသနပုဒ်များသည် ရာဇဝင်စကားပြေနှင့် လိုက်ဖက်သည်။ စစ်နိုင်သူနှင့် စစ်ရှုံးသူတို့၏ စိတ်နေသဘောထားများ ထင်ဟပ်နေသည်။

## ၃၊ ၄။ အသုံးထူးသော စကားလုံးများ

ရာဇဝင်စကားပြေများတွင် မျက်မှောက်ခေတ်နှင့်မတူသော အသုံးထူးသော စကားသုံးများကို တွေ့ရသည်။ ခေတ်အလိုက် စကားလုံးအသုံးနှုန်းများ ရွေ့လျားပြောင်းလဲပုံကိုလည်း လေ့လာတွေ့နိုင်သည်။

> "ကျွန်ုပ်ကား မည်မည်ရွားရွား မဟုတ်၊ နတ်ဘီလူးမတည်း"[၂]

ဟူသော အရေးအသားတွင် မျက်မှောက်ခေတ်တွင် 'နှယ်နှယ်ရရ' ဟူသော အသုံးကို 'မည်မည်ရွားရွား' ဟု သုံးထားသည်။

ရသေ့သမီး ဗေဒါရီ ရေခပ်ရာ၌သုံးသော အပေါက်မပါသော ရေဗူးကို တွင်းသင်းမြန်မာရာဇဝင်သစ်တွင် 'နားမထွင်းသောဘူးလုံး' ဟု သုံးထားသည်။ ဦးကုလား မဟာရာဇဝင်တော်ကြီး၌မူ–

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၉။
[၂] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၂၀။

“သင်ရေခပ်သော ဘူးသည်ကား နားမထွင်းတကား၊ သင်သည် မိုက်လှ၏”[၁]

ဟု ဖော်ပြထားသည်။

မျက်မှောက်ခေတ်တွင် ‘ရှက်သည်’ ဟူသော အသုံးကို တွင်းသင်းမြန်မာရာဇဝင်သစ်တွင် ‘ရှက်အားမကျ’ ဟု သုံးထားသည်။ ပုံစံအားဖြင့်–

“မယ်တော်သစ္စာဓိဋ္ဌာန်အားဖြင့် ကျက်သရေတိုက်တံခါးမရှိ ဖြစ်ဘိ ရကာ ရှက်အားမကျ ပြန်ခဲ့ရလျှင်”[၂]

ဟု ရေးသားထားသည်ကို တွေ့ရသည်။

တွင်းသင်းမြန်မာရာဇဝင်သစ်တွင် ယင်း၏အမိ ဟူသော စကားကို ‘ချင်းမိ’ ဟု ထူးခြားစွာ သုံးထားသည်။ ယင်းတို့ကို ‘ချင်းတို့’ ဟု သုံးထားသည်။ မှန်နန်းရာဇဝင်တော်ကြီး၌မူ ‘ထိုမင်းအမိ’ ဟုသာ မျက်မှောက်ခေတ်အသုံးနှင့် သုံးထားသည်ကို တွေ့ရသည်။ မျက်မှောက်ခေတ်တွင် ဝတ်ကောင်းစားလှ ဟူသော အသုံးကို တွင်းသင်းမင်းကြီးက ‘ဝတ်ကောင်းစားသန့်’ ဟု သုံးထားပါသည်။

ကြိယာထောက် အသုံးများကိုလည်း ထည့်သွင်းခြင်းဖြင့် စကားသုံး ဆန်းသစ်သည်ဟု ထင်ရသည်။ တွင်းသင်းမြန်မာရာဇဝင်သစ်တွင် တောင်သူကြီးမင်း၏ အကြောင်းကို တင်ပြရာ၌ –

“နင့်သခင်သည် ငါ့သခွားသီးကို ဆွတ်၍ စားသည်။ မရိုက်ဖိ တုံကား”[၃]

ဟု တင်ပြထားသည်။ မှန်နန်းရာဇဝင်တော်ကြီးနှင့် ဦးကုလား မဟာရာဇဝင်တို့တွင် ‘မပုတ်ဘိ တုံရကား’ ဟု ရေးသားထားသည်။ ဘိ၊ တုံ တို့သည် ကြိယာထောက်များ ဖြစ်ပါသည်။

အိမ်ထောင်ကျသည်ကို ‘အိမ်သင့်သည်’ ဟု သုံးထားသည်။ အိမ်ထောင်တစ်ခု တည်ဆောက်ရန် သဘောတူကြပြီး သင့်မြတ်ကြသည်ဟု ဆိုလိုသည်။ စကားလုံး ကျစ်လျစ်ပြီး လှပသည်။ ပုံစံအားဖြင့်–

---

[၁] ဦးကုလားမဟာရာဇဝင်ကြီး၊ ၂၀၀၆၊ ၁၁၇။

[၂] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၄၃။

[၃] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၇၂။

> "ဘီလူးမသည် ထိုကုလားငယ်ကို တပ်သဖြင့် လူယောင် ဖန်ဆင်း၍ ကုလားငယ်နှင့် အိမ်သင့်လျှင် သားနှစ်ယောက်ရ၍ အရွယ်ရောက်လျှင် မင်းကြီးအား ဆက်လေ၏။ အရည်အသွား ကောင်းသောကြောင့် ရွှေဖျင်းကြီး ရွှေဖျင်းငယ် မှည့်၏"[၁]

ဟု ရေးသားထားသည်။ ထိုနေရာ၌ 'အရည်အသွေး'ကို 'အရည်အသွား' ဟု သုံးနှုန်း ထားသည်။

၁၂စသွယ်ဖြင့် သူငယ်ချင်းအချင်းချင်း ချစ်ခင်ကြသည်ကို အချစ်ဝင်သည် ဟု သုံးထားသည်။ ကစဉ့်ကလျားဖြစ်သည်ကို 'ကရဲကသီ'၊ အစားအသောက် ရှားပါး သည်ကို 'ဆွံ့ရှား'၊ ခက်ထန်ကြမ်းတမ်းသည်ကို 'ထော်ရရော်'၊ အသက်ချမ်းသာရာ ရသည်ကို 'အသက်ရမည်'၊ ဝန်တိုစိတ်ရှိသည်ကို 'နှလုံးတွန့်တို'၊ ချက်ခြင်း လက်ငင်းကို 'ချက်တပြုတ် လတ်တလောသေ' ဟူသော စကားအသုံးအနှုန်းများကို တွေ့ရသည်။ သားနှင့်သမီးကို ထိမ်းမြားပေး၍ တစ်ဖက်နှင့်တစ်ဖက် ခမည်းခမက် တော်သည်ကို 'ခမက်ဖမ်း' ဟု သုံးထားသည်။

မျက်မှောက်မျက်မြင်ကို 'စိန်းလိန်းတင်လင်' ဟုသုံးထားပုံမှာ ထူးခြားပါသည်။ မင်းကြီးက မိဖုရားအား မဟာသမ္မဝနှင့် စူဠသမ္မဝ ညီနောင်တို့အား သတ်စေအမိန့် ပေးသောအခါ မိဖုရားကြီး၏အတွေးကို –

> "ယခု စိန်းလိန်းတင်လင်သေသောထက် မျက်ကွယ်ရာမှာ ကြမ္မာ အလျောက် ဖြစ်ပစေဟု လှေဖောင်ခိုင်ခံ့ကောင်းမွန်စွာ လုပ်ပြီးလျှင် စမြိန်စာမုန့်ပဲတို့ကို တာရှည်လေးမြင့် စားလောက်အောင် စီရင်၍"[၂]

ဟု ရေးသားထားသည်။ မှန်နန်းရာဇဝင်တော်ကြီး၌မူ 'လတ်တလော သေလေ သည်ထက် မျက်ကွယ်ရာအလျောက် ရှည်ကြာမှ မိမိကံနှင့်လျော်စွာ ဖြစ်ပါစေတော့' ဟု ရေးသားထားသည်။ တွင်းသင်းမြန်မာရာဇဝင်သစ်၏ အသုံးများသည် မှန်နန်း ရာဇဝင်တော်နှင့် ဦးကုလားရာဇဝင်တို့ထက် ပို၍ကျစ်လျစ်သည်။ ဆန်းသစ်သည်။ နက်နဲသည်ကို တွေ့ရသည်။ စားရန်အစားအစာကို ရှေးသုံးစကားအတိုင်း 'စမြိန်စာ' ဟု သုံးသည်။ စားကြွင်းစားကျန်ကို 'စနုပ် စပေါက်' ဟု သုံးသည်။

တွင်းသင်းမြန်မာရာဇဝင်၌ ရုပ်အမူအရာပြစကားလုံးကို စိတ်အမူအရာ၌ သုံးပြီး၊ စိတ်အမူအရာပြ စကားလုံးများကို ရုပ်အမူအရာ၌ သုံးလေ့ ရှိပါသည်။

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၅။
[၂] ထွန်းညို၊ ဦး(တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၉။

သီရိဓမ္မာသောကမင်းကြီးကား အဘိသိက်မခံမီ ပြည်ထဲရေးကို သုတ်သင်သည်ဟု ရေးထားသည်။ မှန်နန်းရာဇဝင်နှင့် ဦးကုလားမဟာရာဇဝင်တော်ကြီး၌မူ 'အဘိသိက်မခံဦးပဲ ပြည်ထဲရေးကိုစီရင်၏' ဟု သုံးထားသည်။ 'စီရင်' ဟု သုံးခြင်းဖြင့် ပြည်ထဲရေးရာ ကိစ္စအဝဝ ရှုပ်ထွေးမှုများကို ရှင်းလင်းသွားအောင် စီရင်ဆောင်ရွက်သည်ဟု အနက်ရသည်။ 'သုတ်သင်' သည်ဟု သုံးရာတွင်မူ ပြည်ထဲရေး မငြိမ်သက်မှုများကို ရှင်းလင်းသုတ်သင်သည်ဟု အနက်ရပါသည်။ နှုတ်ဖြင့်၊ စိတ်ဖြင့် စီမံခန့်ခွဲရသည့် ကိစ္စကို အကောင်အထည်ပြစကားလုံးကို သုံး၍ ရုပ်အမူအရာဖြင့် ဖော်ပြထားသည်။

အချို့နေရာများတွင် ရုပ်အမူအရာကို စိတ်အမူအရာဖြင့် ဖော်ပြလေ့ ရှိသည်။ ပူဆာသည် ဟူသော စကားမှာ သဘောပြစကားလုံး ဖြစ်သည်။ စိတ်ပူရာကို ပြရာသည်။ သို့ရာတွင် တွင်းသင်းမြန်မာရာဇဝင်သစ်၌ တိုင်းသူပြည်သားတို့ မငြိမ်သက်မှု၊ တော်လှန်ပုန်ကန်သူများရှိသည်ဆိုသော အကောင်အထည်သဘောကို သဘောပြစကားလုံးကို သုံး၍–

> "ဘုန်းတန်ခိုးကြီး၏။ ကြောက်ရွံ့ကုန်၏။ အမျက်ကြီး၏။ ထိုမင်း
> လက်ထက် ပူဆာ၍ ပြည်ရွာ ပျက်စီးကုန်၏"[၁]

ဟု ရေးသားထားသည်။ မင်းကြောင့် တိုင်းသူပြည်သားတို့သည် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ကာ စိတ်နှလုံးပူဆာသောကြောင့် မငြိမ်မသက်ဖြစ်ရသည် ဟူသော သဘောကို တင်ပြလိုဟန် ရှိသည်။ ပြည်ရွာမငြိမ်သက်မှုတွင် ပြည်သူတို့၏စိတ်သည် အဓိကကျသည်ဟု ဆိုလိုဟန် ရှိသည်။

စကားလုံးအတွဲအဖွဲ့များတွင် မျက်မှောက်ခေတ်နှင့် မတူသည့် စကားလုံးများလည်း ရှိသည်။ ဝမ်းနည်းပမ်းနည်း လျောက်သည်ကို 'ဝမ်းနည်းဝမ်းဆည်လျောက်သည်' ဟု သုံးထားသည်။ ဦးဆွေးဆံမြေ့ကို 'ဦးဆွေးဆံကျွတ်' ဟု သုံးထားသည်။ ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တော်ကြီး၌မူ 'ဦးဆွေးဆံမြေ့' ဟုသာ သုံးထားသည်။

တိုက်ပွဲတွင် စစ်တိုက်ရာ၌ ကျဆုံးသည်ကို 'စစ်ကျ' သည်ဟု သုံးထားသည်။ တိုက်ပွဲတွင် ကျဆုံးသူ၏အမည်ရှေ့၌ နာမဝိသေသနသုံးကာ 'စစ်ကျသခ်ယာ' ဟု သုံးသည်။ မြို့ရွာများကို အပိုင်စားပေးရာမှ မအုပ်ချုပ်နိုင်သည့်အတွက် ပြန်လည်သိမ်းပိုက်ခြင်းခံရသူကို ရွာကျဟု ခေါ်သည်။ အမည်၏ရှေ့တွင် နာမဝိသေသနထည့်ကာ 'ရွာကျစောဦး' ဟု တွင်းသင်းမြန်မာရာဇဝင်သစ်တွင် သုံးနှုန်းထားပါသည်။

---

[၁] ထွန်းညို၊ ဦး (တွင်းသင်းတိုက်ဝန်မဟာစည်သူ–)၊ ၁၉၆၈၊ ၁၁၆။

## ခြုံငုံသုံးသပ်ချက်

တွင်းသင်းမင်းကြီး၏ တွင်းသင်းရာဇဝင်စကားပြေမှ စကားသုံးနှုန်းများကို လေ့လာကြည့်လျှင် ရာဇဝင်စကားပြေနှင့် လိုက်ဖက်သော ရာဇဝင်ရေးဟန်ကို ဖြစ်ပေါ်စေသည့် စကားသုံးနှုန်းများကို တွေ့ရပါသည်။ ထိုစကားအသုံးအနှုန်းများသည် တွင်းသင်းရာဇဝင်၌သာမက အခြားသော ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်များ၌လည်း သုံးနှုန်းလေ့ရှိသည့် စကားအသုံးအနှုန်းများ ဖြစ်သည်။ ရာဇဝင်ဆရာသည် ခေတ်၏သဘော၊ မင်း၏သဘော၊ ပြည်သူလူထု၏ သဘောထားများကို ကောင်းစွာနားလည်သည်နှင့်အမျှ ထိုခေတ်မင်းနှင့် ပြည်သူတို့၏သဘောကို ပေါ်လွင်စေမည့် ရေးဟန်ဖြစ်ရန် အားထုတ်ကြပါသည်။ ထိုသို့သော ရေးဟန် ပေါ်လွင်စေရန်အတွက် အဓိကကျသော အသုံးအနှုန်းတို့ကိုလည်း ရွေးချယ်သုံးနှုန်းလေ့ ရှိသည်။ ထိုသဘောကို တွင်းသင်းမင်းကြီး၏ တွင်းသင်းရာဇဝင်သစ်တွင် တွေ့ရပါသည်။

ရာဇဝင်စကားပြေသည် သုတစကားပြေ ဖြစ်သည်။ မှတ်တမ်းစကားပြေဖြစ်သောကြောင့် တိကျပြတ်သားရန်၊ ပြည့်စုံရန် လိုအပ်သည်။ ခံစား၍ ရေးဖွဲ့ရန်မဟုတ်ဘဲ မှတ်သားရန်နှင့် လေ့လာရန် ရေးသားခြင်းဖြစ်၍ ရိုးရှင်းသော၊ ကျစ်လျစ်သောစကားသုံးများကို သုံးလေ့ရှိသည်။ ကျစ်လျစ်သော စကားသုံးများအဖြစ် လုံးချင်းကြိယာများကို သုံးလေ့ ရှိပါသည်။ လုံးချင်းကြိယာများက ကျစ်လျစ်မှု၊ ရှင်းလင်းမှု၊ သိပ်သည်းမှုများကို ပေးစွမ်းနိုင်ပါသည်။ လုံးချင်းကြိယာများသည် မျက်မှောက်ခေတ်နှင့် အနည်းငယ် ကွဲလွဲမှုရှိသည့်အတွက် တစ်မျိုးဆန်းသစ်နေသည်ဟု ထင်ရပါသည်။ အချို့နေရာများတွင်မူ နာမ်နှင့်ကြိယာစကားလုံးများကို ပေါင်းဖွဲ့၍ အဓိပ္ပာယ်မျိုးစုံကို ကျစ်လျစ်သော စကားလုံးတို့ဖြင့် ပေါင်းစည်းသုံးနှုန်းတတ်သည်ကို တွေ့ရသည်။

ရာဇဝင်စာပေသည် ထီးနန်းနှင့် ပတ်သက်သည်။ တိုင်းပြည်အုပ်ချုပ်မှုနှင့် ပတ်သက်သည့်အတွက် သမိုင်းဝင်စာပေဖြစ်သည့်အလျောက် ခမ်းနားထည်ဝါရန် လိုအပ်ပါသည်။ ထိုသို့ ခမ်းနားထည်ဝါသော ရေးဟန်ပေါ်လွင်စေရန် ရာဇဝင်ဆရာတွင်းသင်းမင်းကြီး ဦးထွန်းညိုသည် တွဲလုံးကြိယာများကို အသုံးပြုထားသည်။ တွဲလုံးကြိယာများကို သုံးခြင်းဖြင့် ဆိုလိုချက် အဓိပ္ပာယ်များသည် တစ်နေရာထဲတွင် စုစည်းပြီး အကြောင်းအရာ၏ ဆိုလိုချက်ကို ပုံပေါ်အောင် ရပ်တည်ပေးနိုင်သည်။ တွဲလုံးကြိယာများကို ပေါင်းစည်းဖွဲ့စပ်ရာ၌ ရှေ့နောက် စကားလုံးများသည် အနက်ချင်း ဆက်စပ်မှုရှိအောင် ဖွဲ့စပ်ယူထားပါသည်။ ထိုသို့ဖွဲ့စပ်ခြင်းဖြင့် တွဲလုံးကြိယာများသည် ဆိုလိုချက်ကိုပြီးပြည့်စုံစွာ ဖော်ပြနိုင်သော ခွန်အားရှိသော စကားသုံးများ ဖြစ်လာသည်။ ထို့ကြောင့် ရာဇဝင်စကားပြေသည် ခမ်းနားထည်ဝါလာရပါသည်။

ရာဇဝင်သည် စစ်ပွဲများနှင့် မကင်းနိုင်ပေ။ စစ်ရေးစစ်ရာတွင် သုံးနှုန်းသော စကားလုံးများတွင် 'စစ်ရေးငင်' ကဲ့သို့ စစ်၏ကြမ်းတမ်းမှုသဘောပါအောင် သုံးနှုန်းထားသော စကားလုံးများ တွေ့ရသည်။ အချို့စကားလုံးများမှာ စစ်သရုပ်ကို ဖော်ထုတ်နိုင်သည့် ကြမ်းတမ်းသောစကားများ ဖြစ်သည်။ အချို့မှာ စစ်၏နာကျင်မှုကို ဖော်ထုတ်ပြနိုင်သည့် စကားလုံးများအဖြစ် တွေ့ရသည်။ စစ်ပွဲ၏သဘောကို ဖော်ပြရာတွင် ရာဇဝင်စကားပြေဖြစ်၍ ကျစ်လျစ်တိကျရသည်။ တွင်းသင်းမင်းကြီးသည် ကျစ်လျစ်သိပ်သည်းသော စကားလုံးများကို နေရာတကျ သုံးနှုန်းထားနိုင်သည်။ ရာဇဝင်စာပေ၏သဘောမှာ ခေတ်များစွာကို ဖြတ်သန်းရမြဲ ဖြစ်သည်။ ရာဇဝင်ဆရာ ရေးသားသည့်ခေတ်က စကားအသုံးအနှုန်းများသည် ယနေ့ခေတ်တွင် မသုံးတော့သည့် ထူးခြားသော စကားအသုံးအနှုန်းများကို ဖတ်ရသည်မှာ ရသမျိုးစုံကို ခံစားရသည့်အတွက် ထူးခြားစေပါသည်။ ကုန်းဘောင်ခေတ်၏ စကားအသုံးအနှုန်းများကိုကြည့်ပြီး မျက်မှောက်ခေတ်နှင့် နှိုင်းယှဉ်ကာ ဝေါဟာရ၏ ပြောင်းလဲရွေ့လျားလာမှုသဘောကိုလည်း လေ့လာမိစေသည်ဟု ထင်ရပါသည်။

## နိဂုံး

ရာဇဝင်ကျမ်းများသည် အကြောင်းအရာအားဖြင့် စိတ်ဝင်စားဖွယ် ဖြစ်သည်။ ခေတ်အဆက်ဆက် မင်းတို့၏ လူမှုဘဝကို တွေ့မြင်နိုင်သည်။ မင်းတို့၏ အုပ်ချုပ်မှုသဘော၊ ခေတ်၏အခြေအနေများကိုလည်း သိရှိကြရသည်။ ရာဇဝင်စကားပြေ၏ရေးဟန်မှာ တစ်မျိုးတစ်ဖုံ ထူးခြားသည်ဟု ထင်မိသည်။ တွင်းသင်းမင်းကြီးဦးထွန်းညို၏ တွင်းသင်းမြန်မာရာဇဝင်သစ် စကားအသုံးအနှုန်းများသည် စိတ်ဝင်စားဖွယ်ဖြစ်ရုံမက ဝါကျရေးဖွဲ့ပုံ၊ စာပိုဒ်ဖွဲ့ပုံ၊ သရုပ်ဖော်အရေးအသား၊ ကြောင်းကျိုးပြအရေးအသားနှင့် ဖွင့်ဆိုရှင်းပြအရေးအသား၊ ဖြစ်စဉ်ပြတင်ပြဟန်တို့မှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ဦးကုလား မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်တော်ကြီးနှင့် တောင်ငူရာဇဝင် စသောရာဇဝင်များ၏ ရေးဟန်များမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ စကားအသုံးအနှုန်းများ၏ ထူးခြားမှု၊ ဆီလျော်လိုက်ဖက်မှုများကိုလည်း တွေ့ရှိနိုင်မည့် ရာဇဝင် အရေးအသားများကို ဆက်လက်သုတေသနပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

# ကျမ်းကိုးစာရင်း


ကုလား၊ ဦး။ (၁၉၆၅)။ ***ရာဇဝင်ချုပ်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး (ပထမတွဲ)*** (ပဥ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး (ဒုတိယတွဲ)*** (ပဥ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ကုလား၊ ဦး။ (၂၀၀၆)။ ***မဟာရာဇဝင်ကြီး (တတိယတွဲ)*** (ပဥ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ကျော်ထွန်း၊ ဦး။ (၁၉၅၃)။ ***မြန်မာစာညွှန့်ပေါင်းကျမ်း (ဒုတိယတွဲ)***။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ*** (စတုတ္ထအကြိမ်)။ ရန်ကုန်၊ မြနန္ဒာပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ချစ်ဖေ၊ မောင်(မဟာဝိဇ္ဇာ)။ (၁၉၇၅)။ ***တွင်းသင်းစာဆို***။ ရန်ကုန်၊ ဝိဇ္ဇာနှင့်သိပ္ပံပုံနှိပ်တိုက်။

ဇေယျ။ (၁၉၇၄)။ ***မြန်မာ့မျက်ပွင့်စာစလေ့*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ စာပေမွေ့သုတစာအုပ်တိုက်။

တင်၊ ဦး။ (၁၉၆၅)။ ***မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (ဒုတိယတွဲ)***။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

ထွန်းညို၊ ဦး (တွင်းသင်းတိုက်ဝန်မဟာစည်သူ)။ (၁၉၆၈)။ ***တွင်းသင်းမြန်မာရာဇဝင်သစ် (ပထမတွဲ)***။ ရန်ကုန်၊ မင်္ဂလာပုံနှိပ်တိုက်။

ထွန်းညို၊ ဦး (တွင်းသင်းတိုက်ဝန်မဟာစည်သူ)။ (၁၉၉၈)။ ***မဟာရာဇဝင်သစ် (ဒုတိယတွဲ)***။ ရန်ကုန်။

ထွန်းညို၊ ဦး (တွင်းသင်းတိုက်ဝန်မဟာစည်သူ)။ (၁၉၉၇)။ ***မဟာရာဇဝင်သစ်(တတိယတွဲ)***။ ရန်ကုန်၊ ခိုင်ရည်မွန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

***မြန်မာ့စွယ်စုံကျမ်း (အတွဲ-၅)***။ (၁၉၆၁)။ ရန်ကုန်၊ စာပေဗိမာန်။

***မှန်နန်းရာဇဝင်တော်ကြီး (ပထမတွဲ)***။ (၁၉၉၃)။ ရန်ကုန်၊ ဂါးဒီးယန်းသတင်းစာတိုက်။

သစ်ဆိမ့်ဆရာတော်။ (၁၃၁၈)။ ***ရာဇဝင်ကြီးငှီကာပါဌ်နိသျ***။ ရန်ကုန်၊ သုဓမ္မာပုံနှိပ်တိုက်။

# ဦးသန့်၏လမ်းညွှန်မှုဆိုင်ရာဆောင်းပါးများလေ့လာချက်

အေးအေးစန်း*


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဦးသန့်၏ လမ်းညွှန်မှုဆိုင်ရာဆောင်းပါးများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဦးသန့်လက်ရွေးစင်စာများမှ လူကြီးနှင့်လူငယ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ဆင်ခြင်တုံတရား၊ လူငယ်နှင့်ကျွန်တော် ဆောင်းပါး (၃)ပုဒ်ကို အလေ့လာခံအဖြစ်ထားကာ တင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းဟူ၍ ပိုင်းခြားထားပါသည်။ အကြောင်းရာပိုင်းတွင် စာရေးသူ၏စေတနာကို လေ့လာတင်ပြထားပါသည်။ အရေးအသားပိုင်းတွင် စကားအသုံးအနှုန်းနှင့် ဝါကျအသုံးပြုမှု အတတ်ပညာ ကျွမ်းကျင်ကောင်းမွန်ပုံတို့ကို တင်ပြထားပါသည်။ မြန်မာလူမျိုး၊ မြန်မာလူငယ်များ အတွေးအမြင်မှန်ကန်စေလိုသော စာရေးသူ၏စေတနာနှင့် ရေးဖွဲ့တင်ပြပုံတို့ကို သိမြင်နိုင်မည် ဖြစ်ပါသည်။


**သော့ချက်ဝေါဟာရများ** – ***လူကြီးနှင့်လူငယ်၊ မျိုးချစ်စိတ်၊ ဆင်ခြင်တုံတရား၊ လမ်းညွှန်မှု၊ အကြောင်းအရာ၊ အရေးအသား၊ စေတနာ။***

## နိဒါန်း

ဦးသန့်သည် ဂန္ထလောကမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ စာရေးဆရာမဂ္ဂဇင်း၊ သူရိယရုပ်စုံမဂ္ဂဇင်း စသည်တို့၌ နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများ၊ ပညာရေးဆိုင်ရာ ဆောင်းပါးများ၊ စာပေဆိုင်ရာ ဆောင်းပါးများကို ရေးသားခဲ့ပါသည်။ ဦးသန့်၏ဆောင်းပါးများကို စုစည်း၍ ဦးသော်ကောင်းနှင့် မောင်ဖေယျာတို့က 'ဦးသန့်လက်ရွေးစင်စာများ' စာအုပ်ကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်တွင် ဦးသန့်၏ဆောင်းပါးများကို အပိုင်း(၃)ပိုင်းဖြင့် ဖော်ပြထားသည်။ ဦးသန့်၏ဆောင်းပါးများတွင် ဦးသန့်၏ နိုင်ငံရေး၊ ပညာရေး၊ စာပေ အမြင်များ သာမက တိုင်းပြည်နှင့်လူမျိုး အပေါ်ထားရှိသော စေတနာကိုလည်း တွေ့ရသည်။ စာရေးသူပြောလိုသည့် ဆိုလိုသည့်အကြောင်းအရာများကို ထိမိပေါ်လွင်စေရန်အတွက် ရှင်းလင်းပြေပြစ်သော အရေးအသားဖြင့် တင်ပြထားသည်။ ဤစာတမ်းတွင် အပိုင်း(၃)မှ လမ်းညွှန်မှုဆိုင်ရာ ဆောင်းပါးများဖြစ်သော လူကြီးနှင့်လူငယ်၊ မျိုးချစ်စိတ်ဓာတ်နှင့်ဆင်ခြင်တုံတရား၊ လူငယ်နှင့်ကျွန်တော် ဆောင်းပါး(၃)ပုဒ်ကို အလေ့လာခံ

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်

အဖြစ်ထားကာ တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းဟူ၍ ကဏ္ဍများခွဲကာ လေ့လာတင်ပြသွားပါမည်။

## ၁။ စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း

ဦးသန့်ကို ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ သောကြာနေ့တွင် မအူပင်ခရိုင်၊ ပန်းတနော်မြို့၌ ဖွားသည်။ ဖခင်မှာ ဦးဖိုးနှစ်၊ မိခင်မှာ ဒေါ်နန်းသောင် ဖြစ်သည်။ ဦးသန့်သည် မွေးချင်းလေးယောက်တွင် အကြီးဆုံးသား ဖြစ်သည်။ ဦးသန့်သည် ပန်းတနော်မြို့ ဦးဘဟန်၏ မြန်မာစာသင်ကျောင်း၊ ဝိုင်အမ်ဘီအေ အလယ်တန်းကျောင်း၊ အမျိုးသားအထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ပန်းတနော်အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်သည်။ ၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း အောင်ပြီးနောက် ဇာတိ ပန်းတနော်မြို့တွင် အမျိုးသားကျောင်းဆရာဖြစ် ဝင်ရောက်အမှုထမ်းသည်။ ၁၉၃၀ ပြည့်နှစ် မတ်လ ၂၈ ရက်တွင် အထက်တန်းဆရာဖြစ် လက်မှတ်ရစာမေးပွဲ၌ တစ်ပြည်လုံးတွင် ပထမရသည်။

၁၉၃၁–၄၂ တွင် ပန်းတနော်အမျိုးသားအထက်တန်းကျောင်းအုပ်၊ ၁၉၄၂–၄၅ ဂျပန်ခေတ်တွင် ပန်းတနော်မြို့ အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ မြန်မာ့ပညာရေး စီမံကိန်းသစ်ရေးဆွဲရေးကော်မတီ အတွင်းရေးမှူး၊ ၁၉၄၉ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် ပြန်ကြားရေးဌာန အတွင်းဝန်၊ ၁၉၅၄ ခုနှစ် ဇန်နဝါရီလတွင် ဝန်ကြီးချုပ်၏ အတွင်းဝန်၊ ၁၉၅၅ ခုနှစ်တွင် စီးပွားရေးနှင့်လူမှုဖူလုံရေးဘုတ်အဖွဲ့ အတွင်းဝန်၊ ၁၉၅၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် သံအမတ် (၁၉၅၇–၆၁)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေစဉ် မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ ၁၉၅၉ ခုနှစ် ၁၄ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဒုတိယဥက္ကဋ္ဌ၊ ၁၉၆၁ ခုနှစ် ကွန်ဂိုနိုင်ငံ ရင်ကြားစေ့ရေး ကုလသမဂ္ဂကော်မရှင် ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂငွေရင်းငွေနှီးတည်ဆောက်ရေးရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့လေသည်။

'နိုင်ငံ့ဝန်ထမ်း' တာဝန်ထမ်းဆောင်နေစဉ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ (၁၉၄၉)၊ သီရိပျံချီဘွဲ့ (၁၉၅၃)၊ မာရှယ်တီးတိုး၏ ယူဂိုဆလပ်တံခွန်ဘွဲ့တံဆိပ် (၁၉၅၅)၊ စည်သူဘွဲ့ (၁၉၅၇)၊ မဟာသရေစည်သူဘွဲ့ (၁၉၆၀) ချီးမြှင့်ခြင်း ခံရသည်။ ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် မြန်မာနိုင်ငံဝန်ထမ်းဘဝမှ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် (အစမ်း) ရွေးချယ်ခန့်အပ်ခဲ့ရသည်။ ၁၉၆၁ ခုနှစ် စက်တင်ဘာလတွင် လေယာဉ်ပျက်ကျ

ကွယ်လွန်သွားသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုး၏ရာထူးကို ဆက်ခံခြင်း ဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးကို ပထမ ငါးနှစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒုတိယ ငါးနှစ် တာဝန်အတွက် ဆက်လက်ရွေးချယ်ခံ ရသည်။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အငြိမ်းစားယူခဲ့သည်။[၁]

အင်္ဂလိပ်စာအရေးအသား ထူးချွန်၍ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသော ဂန္ထလောကမဂ္ဂဇင်း ဘာသာပြန်ပြိုင်ပွဲတွင် လေးကြိမ်တိုင်တိုင် ပထမဆု ရခဲ့သည်။ ၁၉၃၃ ခုနှစ် မတ်လထုတ် ဂန္ထလောကမဂ္ဂဇင်း တည်းဖြတ်သူ အယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်။ ကလောင်အမည်အဖြစ် သီလဝ၊ မောင်သန့်(ပန်းတနော်) အမည်များကို အသုံးပြုခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီး ကျောင်းသုံးစာအုပ် (၁၉၃၆)၊ ဗမာသစ်နှင့်ပညာသစ် (၁၉၄၅)၊ ပြည်တော်သာခရီး (၃)တွဲ၊ ဦးသန့်၏စာတို့ ရေးသား ခဲ့သည်။ ဦးသန့်သည် ၁၉၇၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၊ ကိုလံဘီယာ ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

## ၂။ ဦးသန့်၏လမ်းညွှန်မှုဆိုင်ရာဆောင်းပါးများလေ့လာချက်

ဦးသန့်၏ လမ်းညွှန်မှုဆိုင်ရာ ဆောင်းပါးများဖြစ်သော လူကြီးနှင့်လူငယ်၊ မျိုးချစ်စိတ်နှင့်ဆင်ခြင်တုံတရား၊ လူငယ်နှင့်ကျွန်တော် ဆောင်းပါး(၃)ပုဒ်ကို တင်ပြ သွားပါမည်။

## ၂၊ ၁။ လူကြီးနှင့်လူငယ်ဆောင်းပါး

လူကြီးနှင့်လူငယ်ဆောင်းပါးကို အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းဟူ၍ ပိုင်းခြားတင်ပြသွားပါမည်။

## ၂၊ ၁၊ ၁။ အကြောင်းအရာ

လူကြီးနှင့်လူငယ်ဆောင်းပါးသည် ၁၉၃၈ ကြီးပွားရေးမဂ္ဂဇင်း အတွဲ–၆ တွင် ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ် ဖြစ်သည်။ လူကြီးနှင့်လူငယ်သည် သဘောထား ခံယူချက်ကွဲပြားကြသော်လည်း မဇ္ဈိမပဋိပဒါလမ်းကို လက်ကိုင်ထားသင့်ကြောင်း လမ်းညွှန်ထားသော ဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။

---

[၁] ဖေယျာ၊ မောင်၊ ၂၀၁၂၊ ၁၀–၁၁။

ဤဆောင်းပါးတွင် မည်သည့်တိုင်းပြည် မည်သည့်ခေတ်တွင်မဆို လူကြီး လူငယ် ပဋိပက္ခဖြစ်ခဲ့ပုံ၊ ခေတ်ကာလကြောင့် ထုံးစံတို့ကို စွန့်ခြင်း၊ ဘာသာရေး၌ ပေါ့လျော့ခြင်း၊ ဂါရဝတရားပျက်ခြင်းတို့ ဝင်ရောက်လာပုံ၊ မြန်မာတို့သည် ဆရာများကို ချစ်ကြောက်ရိုသေသည့်အပြင် အသက်ဂုဏ်ကြီးသူကို ယဉ်ကျေးသိမ်မွေ့စွာ ခေါ်ပြော ဆက်ဆံလေ့ရှိပုံ၊ ခေတ်မီရမည်ဆိုသော်လည်း မူလယဉ်ကျေးခြင်းကို မပျောက်ပျက်သင့်ပုံ၊ လူကြီးနှင့်လူငယ်သည် နှစ်ဦးစလုံး၌ အကောင်းအဆိုး ဒွန်တွဲလျက်ရှိရာ မဖြို့မပဋိပဒါ လမ်းအတိုင်း ကျင့်သုံးသင့်ပုံတို့ကို လမ်းညွှန်ထားပါသည်။

လူကြီးနှင့်လူငယ် ပဋိပက္ခဖြစ်ပုံကို တင်ပြရာတွင် အနောက်နိုင်ငံများသည် အရှေ့နိုင်ငံထက်ပို၍ ထင်ရှားလျက်ရှိကြောင်း တင်ပြထားသည်။ ယင်းမှာ အရှေ့နိုင်ငံ များသည် ဂါရဝေါစ၊ နိဝါတောစ တရားတော် ရှိခဲ့၍ လူကြီးအား လူငယ်က ရိုသေသော အလေ့ ရှိခဲ့သည်။ အနောက်နိုင်ငံများသည် ထိုတရား ခေါင်းပါး၍ဖြစ်ကြောင်း တင်ပြ ထားသည်။ ရိုသေကိုင်းရှိုင်းခြင်းသည် ဘာသာတရား၏ပွဲ့ကိုင်မှုဖြစ်ကြောင်း တင်ပြ ထားသည်။ ဘာသာတရားကို အလေးအနက်ထားသင့်ကြောင်း လမ်းညွှန်ထားသော စာရေးသူ၏စေတနာကို သိနိုင်သည်။

ခေတ်ကာလကြောင့် ဓလေ့၊ ထုံးစံ ဂါရဝတရားကို ပေါ့လျော့ပျက်ပြားခြင်းနှင့် ပတ်သက်၍လည်း ထောက်ပြထားသည်။

> "မကောင်းသော ဓလေ့ထုံးစံကို ပျောက်ပျက်ခြင်းသည် ကောင်း၏။ ဘာသာရေး၌ ပေါ့လျော့ခြင်းသည် ကောင်းသည်ဟု ဆိုနိုင် ပါမည်လော"[၁]

ဟူ၍ ဖြစ်သင့်သည့်သဘောနှင့် မဖြစ်သင့်သည့်သဘောတို့ကို တင်ပြထားသည်။

ဆက်လက်၍ မြန်မာတို့ ဂါရဝတရားရှိခဲ့ပုံကို တင်ပြထားသည်။ ရှေးအခါက မြန်မာတို့သည် ဆရာများကို ချစ်ကြောက်ရိုသေကြောင်း ယခုခေတ်တွင် ဆရာကို မကြောက်ကြနှင့်ဟု ဆိုကြောင်း၊ ကြောက်ခြင်းသည် ရိုသေခြင်းနှင့် ဒွန်တွဲလျက် ရှိကြောင်း၊ မကြောက်လျှင် ရိုသေခြင်း ပေါ့လျော့နိုင်ကြောင်း တင်ပြထားသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော အာစရိယဂုဏောအနန္တော ပျက်ပြားလျက် ရှိနေကြောင်း စိုးရိမ်ဖွယ်ဖြစ်ပုံကို–

[၁] သော်ကောင်း၊ ဦးနှင့်ဖေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၅၈။

"ထိုသို့ တပည့်သည် ဆရာအား ကြောက်ခြင်း ရိုသေခြင်း ကင်းလျှင် အရှေ့နိုင်ငံ၏ယဉ်ကျေးခြင်း အချက်တစ်ချက်သည် ပျက်ပြားမည်လောဟု စိုးရိမ်ဖွယ်ရှိသည်"[၁]

ဟူ၍ တင်ပြထားသည်။ မြန်မာ့အစဉ်အလာတစ်ရပ် မပျောက်ကွယ်စေလိုသော စာရေးသူ၏စေတနာကို တွေ့ရသည်။

ဆက်လက်၍ စာရေးသူသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ကိုလည်း တင်ပြထားသည်။ အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့နှင့် ဆက်ဆံပြောဆိုသောအခါ ယဉ်ကျေးသိမ်မွေ့ကြပုံကို အင်္ဂလိပ်ယဉ်ကျေးမှုနှင့်ယှဉ်ပြီး–

"အသက်ကြီးခြင်း၊ ဂုဏ်ကြီးခြင်းကိုလိုက်၍ ဦး၊ ဦးလေး၊ အဒေါ်၊ အစ်မ၊ အစ်ကို စသည့်တို့ကို တပ်၍ ခေါ်လေ့ပြောလေ့ ရှိကြသည်"[၂]

"အင်္ဂလိပ်ဘာသာ၌ ယူနှင့်အိုင်မှလွဲ၍ သုံးစရာစကား မရှိခဲ့"[၃]

ဟူ၍ တင်ပြထားသည်။ စာဖတ်သူတို့ လက်ခံလိုက်နာစေလိုသော စာရေးသူ၏ စေတနာကို တွေ့ရသည်။

ထို့နောက် ထိုခေတ်ဝန်းကျင်၌ ကျောင်းသားများ အရိုအသေကင်းပုံကို တင်ပြထားသည်။ ကျောင်းသားများသည် အလွန်ညံ့ဖျင်းသော ကျောင်းသား ၂ယောက်၊ ၃ယောက် တိုက်တွန်းချက်ဖြင့် ဆရာကြီးထံ တောင်းဆိုချက်များ ပြုခဲ့ကြောင်း၊ ဆရာကြီးသည် မိမိကောင်းသည်ထင်၍ လုပ်သောအရာဖြစ်ရာ အလျှော့မပေးဘဲ ခပ်တင်းတင်းပယ်ချခဲ့သော ဖြစ်ရပ်တစ်ခုကို တင်ပြထားသည်။ ထိုသို့ ရိုသေခြင်း ကင်းလာသည်မှာ အနောက်တိုင်းအတုယူ၍ ဘာသာတရားတော်ကြီး ယိမ်းယိုင်လာခြင်းကြောင့် ဖြစ်ကြောင်း သုံးသပ်ပြခဲ့သည်။ နောက်ဆုံး၌ စာရေးသူက မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လူကြီးနှင့် လူငယ်တို့ အဆင်ပြေစေရန်–

"လူကြီးသည် နေးကန်၏။ ချင့်ချိန်၏။ လူငယ်သည် စိတ်မြန်၏။ ဇွတ်လုပ်ချင်၏။ စွန့်စားလို၏။ ဤကား နိယာမ

---

[၁] သော်ကောင်း၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၅၉။
[၂] သော်ကောင်း၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၅၉။
[၃] သော်ကောင်း၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၅၉။

> ပင်တည်း။ ၂ ဦးစလုံး၌ အကောင်းဆိုး ဒွန်တွဲလျက်ရှိရာ မရှိမ
> ပဋိပဒါလမ်းသည် အကောင်းဆုံး မဟုတ်တုံလော"[၁]

ဟူ၍ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လမ်းညွှန်ထားသည်။

> "စာရေးသူတို့သည် ခေတ်ကိုဖြတ်သန်းရပါသည်။ အမှောင်ခေတ်တွင်
> အလင်းပေးရပါသည်။"[၂]

ဆိုသည့်အတိုင်း ဦးသန့်သည် ခေတ်လူငယ်များ၊ ပြည်သူများအား ပြုပြင်လိုက်နာ ထိန်းသိမ်းသင့်သည်များကို တည့်မတ်လမ်းပြပေးခဲ့ပါသည်။ မြန်မာလူမျိုး၊ မြန်မာ လူငယ်များအတွက် တန်ဖိုးထိုက်တန်သော ယဉ်ကျေးမှုအစဉ်အလာ၊ ဘာသာတရား တို့ကို တန်ဖိုးထားတတ်စေလိုသော စာရေးသူ၏စေတနာကို လေးစားဖွယ် တွေ့ရသည်။

## ၂။ ၁။ ၂။ အရေးအသား

လူကြီးနှင့်လူငယ်ဆောင်းပါး၏ အရေးအသားကို စကားလုံးအသုံးအနှုန်း၊ ဝါကျ ဟူ၍ ခွဲခြားတင်ပြပါမည်။

**စကားအသုံးအနှုန်း**

> "စကားအသုံးအနှုန်းလေ့လာမှုသည် စကားလုံးများကို မည်သည့်
> နေရာတွင် မည်သို့မည်ပုံ သုံးနှုန်းကြောင်း လေ့လာမှုပင်
> ဖြစ်ပါသည်။"[၃]

ဤဆောင်းပါးမှ စကားအသုံးအနှုန်းကို စာပေသုံးနှင့်အပြောသုံး၊ လုံးတွဲအသုံး၊ ထူးခြားသောအသုံး၊ တင်စားမှုအသုံးတို့ကို လေ့လာတင်ပြပါမည်။

> "စာပေသုံးစကားလုံး ဆိုသည်မှာ ဗုဒ္ဓစာပေမှ ပါဠိ၊ သက္ကတ
> မွေးစားစကားလုံးများ ဖြစ်ပါသည်။"[၄]

ဤဆောင်းပါးတွင် စာပေသုံးစကားလုံးများကို အကြောင်းအရာနှင့် ဆီလျော်အောင် အသုံးပြုထားကြောင်း တွေ့ရပါသည်။

လူကြီးနှင့်လူငယ်တို့၏သဘောကို–

---

[၁] သော်ကောင်း၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၆၀။
[၂] မိုးမြေ၊ မ၊ ၂၀၁၀၊ (စာ–၂၅၅)။
[၃] ခင်မင်၊ မောင်(ဓနုဖြူ–)၊ ၂၀၁၁၊ ၁၁၇။
[၄] ခင်မင်၊ မောင်(ဓနုဖြူ–)၊ ၂၀၁၁၊ ၇၆။

"လူကြီးနှင့်လူငယ်တို့သည် 'ပက္ခ' ဖြစ်ကြ၏" (စာ-၁၅၈)

ဟု သုံးထားသည်။ 'ဆန့်ကျင်ခြင်း' ဟု မသုံးဘဲ 'ပက္ခ' ဟု ပါဠိအသုံးကို သုံးထားသည်။

ခေတ်၏ဆန်းကြယ်မှုသဘောအရ ဖြစ်တတ်သည့် အလေ့အထကို –

"ဂါရဝတရားပျက်ခြင်း စသည်တို့ ချင်းနင်းဝင်ရောက်လာကြကုန်၏" (စာ-၁၅၈)

ဟု ရေးသားထားသည်။ 'အရိုအသေ' ဟူသော မြန်မာစကားလုံးကိုမသုံးဘဲ 'ဂါရဝ' ဟူ၍ အသုံးပြုထားသည်။ ထို့ပြင် 'အလယ်အလတ်လမ်း' ဟု မသုံးဘဲ 'မဇ္ဈိမပဋိပဒါလမ်း' ဟူ၍လည်းကောင်း၊ 'ဖြစ်မြဲသဘော' ဟု မသုံးဘဲ 'နိယာမ' ဟူ၍လည်းကောင်း ပါဠိအသုံးများကို တွေ့ရသည်။

ယင်းအသုံးများသည် မြန်မာလူမျိုးများ ရင်းနှီးကျွမ်းဝင်ပြီးအသုံးများ ဖြစ်၍ စာဖတ်သူ နားလည်လွယ်စေသည်။ စာဟန်ခံ့ညားပြီး အကြောင်းအရာပေါ်လွင်မှုကို ပံ့ပိုးသော အသုံးများဖြစ်ပါသည်။

အပြောသုံးစကားလုံးဆိုသည်မှာ–

"စကားပြောဆိုရာမှာသာ တွင်တွင်ကျယ်ကျယ် သုံးလေ့ရှိသော စကားလုံးများကို ရည်ညွှန်းလိုခြင်း ဖြစ်ပါသည်။"[၁]

လူကြီးနှင့်လူငယ်ဆောင်းပါးလာ ပြောစကားအသုံးများကို လေ့လာတင်ပြပါမည်။

"ကြောက်စိတ်ကို အလျှင်းမမွေး။" (စာ-၁၅၉)

"ရှေးက တပည့်တပန်း တို့သည်" (စာ-၁၅၉)

"မည်ကဲ့သို့ပင် ပြောပြော" (စာ-၁၅၉)

"ခပ်တင်းတင်း ပယ်ချလိုက်ရ၏" (စာ-၁၆၀)

"ဖွတ်လုပ်ချင်၏" (စာ-၁၆၀)

ဟူသော အသုံးများ ဖြစ်ပါသည်။ ပြောစကားအသုံးများက စာဟန် ပေ့ါပါးသွက်လက်စေပါသည်။ ထို့ပြင် 'အလျှင်း'၊ 'ခပ်တင်းတင်း'၊ 'ဖွတ်' အသုံးများသည် ကြိယာ အထူးပြုသဘော သက်ရောက်နေ၍ ဆိုလိုသော အဓိပ္ပာယ်ကို ထင်ရှားလေးနက်ကာ အပြုအမူကိုပါ သက်ဝင်လှုပ်ရှားစေပါသည်။

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၇၆။

စကားအသုံးအနှုန်းတွင် လုံးတွဲအသုံးများကိုလည်း တွေ့ရပါသည်။ လုံးတွဲဆိုသည်မှာ–

"စကားလုံးတွေ အများကြီးပူးတွဲကာ ပုဒ်အရှည်ကြီး ဖြစ်လာအောင် သုံးပုံမျိုးအထိ ပူးတွဲပုံ အမျိုးမျိုးရှိပါသည်။ ဤသို့ စကားလုံးများ ပူးတွဲပြီး အသုံးပြုသည်ကို လုံးတွဲအသုံးဟု ဆိုလိုခြင်း ဖြစ်သည်။"[၁]

"ချစ်ကြောက်ရိုသေ" (စာ–၁၅၉)

"ချင်းနင်းဝင်ရောက်လာကြကုန်၏" (စာ–၁၅၈)

"ပယ်ချလိုက်ရသည်" (စာ–၁၆၀)

"ချင့်ချိန်၏" (စာ–၁၆၀)

"ယိမ်းယိုင်လျက်ရှိပြီလော" (စာ–၁၆၀)

စသည့်အသုံးများတွင် လုံးတွဲအသုံးများကို တွေ့ရသည်။ လုံးတွဲအသုံးများသည် အဓိပ္ပာယ်လေးနက်မှုကို ဖော်ဆောင်လျက်ရှိကြောင်း တွေ့ရပါသည်။

ထို့ပြင် ထူးခြားသော စကားသုံးများကိုလည်း တွေ့ရပါသည်။

"ကိုင်းရှိုင်းရိုသေလေ့" ဟုမသုံးဘဲ "ကိုင်းရှိုင်းရိုသေသော အလေ့" (စာ–၁၅၈)

"အလုပ်များလုပ်" ဟု မသုံးဘဲ "အလုပ်များကို လုပ်လျက်ရှိ" (စာ–၁၅၉)

"မရေးဝံ့" ဟု မသုံးဘဲ "ရေးရန်ဝံ့မည်နည်း" (စာ–၁၅၉)

"တဖြည်းဖြည်းအတုယူ" ဟု မသုံးဘဲ "အတုကိုတဖြည်းဖြည်းယူ" (စာ–၁၆၀)

ဟူ၍ 'သော' 'အ' 'ရန်' 'ကို' အသုံးပြစကားလုံးများ ညှပ်ကာသုံးထား၍ စာဟန်လှပသည်။ 'ဝံ့' 'ယူ' 'လုပ်' တို့သည်လည်း လုံးချင်းကြိယာအဖြစ် အဓိပ္ပာယ်လေးနက်မှုကို ဖြစ်စေပါသည်။

တင်စားမှုအသုံးများလည်း အသုံးပြုထားကြောင်း တွေ့ရသည်။ 'ယဉ်ကျေးခြင်းသည် ခေတ်၏ တိုက်ဖျက်ပြုပြင်ခြင်းကို အလိုမလိုက်သင့်ပေ' အသုံးဖြစ်ပါသည်။ သက်မဲ့ 'ယဉ်ကျေးခြင်း' 'ခေတ်' တို့ကို သက်ရှိများတွင် အသုံးပြုသော

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၀၇။

'တိုက်ဖျက်ပြုပြင်ခြင်း'၊ 'အလိုမလိုက်သင့်' အသုံးများကို သုံးထားကြောင်း တွေ့ရသည်။ စာရေးသူ၏ စကားအသုံးအနှုန်း ဖန်တီးကျွမ်းကျင်မှုဟု ဆိုနိုင်ပါသည်။

စာရေးသူ၏ စကားအသုံးအနှုန်းများသည် ခံ့ညားမှုနှင့် ပေါ့ပါးသွက်လက်မှုတို့ ဟန်ချက်မျှနေသော အသုံးအနှုန်းဟန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ဝါကျ

ဝါကျဟူသည် 'ဆိုလိုသောအဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်း ဖြစ်သည်။'[၁] စာရေးသူသည် စကားပြေတစ်ပုဒ်ကို ရေးဖွဲ့ရာ၌ အကြောင်းအရာကိုလိုက်၍ ဝါကျဖွဲ့ဟန်အမျိုးမျိုးဖြင့် ရေးဖွဲ့ကြပါသည်။ ဤဆောင်းပါးတွင် စာရေးသူသည် ဝါကျတို၊ ဝါကျရှည်၊ ဟန်ချက်ညီဝါကျ၊ ပုံစံတူအပြိုင်ဝါကျများ အသုံးပြုထားကြောင်း တွေ့ရပါသည်။

လူကြီးနှင့်လူငယ်ဆောင်းပါးတွင် ဝါကျတိုအသုံးများကို နေရာတကျ ဆီလျော်စွာ အသုံးပြုထားကြောင်း တွေ့ရပါသည်။

> "မကောင်းသော ဓလေ့ထုံးစံတို့ ပျောက်ပျက်ခြင်းသည် ကောင်း၏" (စာ–၁၅၈)
>
> "ရှေးအခါက ကျောင်းသားများသည် ဆရာများကို ချစ်ကြောက်ရိုသေကြကုန်၏" (စာ–၁၅၉)
>
> "လူကြီးသည် နေးကန်၏။ ချင့်ချိန်၏။ လူငယ်သည် စိတ်မြန်၏။ ဇွတ်လုပ်ချင်၏။ စွန့်စားလို၏။ ဤကား နိယာမ ပင်တည်း" (စာ–၁၆၀)

ဟူ၍ တွေ့ရသည်။ လူကြီး၊ လူငယ်တို့၏ သဘာဝတရားနှင့် ရှေးအစဉ်အလာအရ ကျောင်းသားနှင့်ဆရာ ဆက်ဆံရေး၊ ခေတ်အခြေအနေတို့အပေါ် ထားရှိသော စာရေးသူ၏အမြင်ကို ထင်ရှားစေသော ဝါကျတိုအသုံးများ ဖြစ်သည်။

**ဝါကျရှည်**အသုံးများကိုလည်း အကြောင်းအရာနှင့် လိုက်ဖက်စွာ အသုံးပြုထားကြောင်း တွေ့ရသည်။

> "ရှင်ဂေါတမမြတ်စွာဘုရား၊ မဟာမက်သခင်၊ ကရစ်ရှနာ၊ ကွန်ဖြူးစီရပ် စသည်တို့သည် ဗုဒ္ဓဘာသာဝင်၊ မဟာမေဒင်

---

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၃၅၄။

> ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ကွန်ဖြူးစီရပ်ဘာသာဝင်တို့အား (ဂါရဝေါစ၊ နိဝါတောစ) တရားတော်ကို ဟောကြားခဲ့ကြသဖြင့် လူငယ်သည် လူကြီးအား ကိုင်းရှိုင်းရိုသေသော အလေ့ရှိခဲ့၏" (စာ-၁၅၈)

ဘာသာတရား၏ လေးနက်မှုကြောင့် လူကြီးအား လူငယ်က ရိုသေ ကိုင်းရှိုင်းပုံကို ဝါကျရှည်ကြီးဖြင့် ရေးသားထားသည်။

ထို့ပြင်–

> "ကျွန်ုပ်တို့၏ ဘုန်းကြီးကျောင်းသားသည် ဆရာဘုန်းတော်ကြီးအား မည်မျှကြောက်ကြရသည်၊ ရှေးက တပည့်တပန်းတို့သည် မိမိတို့၏ ဆရာသမားတို့အား မည်မျှကြောက်ကြရသည်ဆိုသည်မှာ အားလုံးအသိပင် ဖြစ်သည်။" (စာ-၁၅၉)

ရှေးအစဉ်အလာကတည်းက ဆရာကိုတပည့်က ရိုသေခြင်း၏ အခြေခံ ကြောက်ရခြင်းရှိခဲ့ပုံကို ဝါကျရှည်ဖြင့် ရေးသားထားသည်။ ဝါကျရှည်ဟုဆိုသော်လည်း အဓိပ္ပာယ်ရှုပ်ထွေးခြင်းမရှိဘဲ ကတ္တားပုဒ်၊ လက်ခံပြပုဒ်၊ ကြိယာပုဒ် အချိုးညီပုဒ်စု ၂ ခုဖြင့် စာဟန်ရှင်းလင်းစွာ ဖွဲ့ထားသည်။ ဆိုလိုချက် ထင်ရှားပေါ်လွင်ပါသည်။ စာရေးသူသည် ဆရာတပည့်တွင်ရှိရမည့် အစဉ်အလာမရှိပါက စိုးရိမ်ဖွယ်ဖြစ်ကြောင်းကို–

> "ထိုသို့ တပည့်သည် ဆရာအားကြောက်ခြင်း၊ ရိုသေခြင်းကင်းလျှင် အရှေ့နိုင်ငံ၏ ယဉ်ကျေးခြင်း အချက်တစ်ချက်သည် ပျက်ပြားမည်လောဟု စိုးရိမ်ဖွယ်ရှိသည်" (စာ-၁၅၉)

ဟူ၍ ဝါကျရှည်ဖြင့် ရေးသားထားသည်။ 'လျှင်' ဝါကျဆက်သမ္ဗန္ဓကို သုံး၍လည်းကောင်း၊ 'မည်လော' အမေးပစ္စည်းကို သုံး၍လည်းကောင်း ဆက်စပ် သုံးထားသည်။ ယဉ်ကျေးမှုပျက်ပြားမည်ကို စိုးရိမ်သော စာရေးသူ၏လေသံကို အကဲခတ်နိုင်ပါသည်။ ဝါကျရှည်အဖွဲ့များသည် စာရေးသူ၏ ဘာသာယဉ်ကျေးမှု အလေးထားပုံ၊ အစဉ်အလာကို မြတ်နိုးထိန်းသိမ်းစေလိုပုံ စေတနာလေသံကို ဖော်ဆောင်နေကြောင်း တွေ့ရပါသည်။

ဝါကျအတွင်းရှိ အစိတ်အပိုင်းများကို အလေးအပေ့ါညီအောင် မဲတင်းကာ ဟန်ချက်ညီညီ ရေးဖွဲ့သော ဝါကျမျိုးကို **ဟန်ချက်ညီဝါကျ**ဟု ဆိုလိုခြင်း ဖြစ်သည်။[၁]

---

[၁] ခင်မင် ၊ မောင်(ဓနုဖြူ)၊ ၁၉၈၅၊ ၂၀၀။

ဤဆောင်းပါးတွင် စာရေးသူသည် အရေးပါမှု အတိုင်းအဆချင်းတူသော အချက်များကို ဝါကျတစ်ခုအတွင်းတွင် ပုံစံတူစကားစုများဖြင့် ဟန်ချက်ညီညီ ရေးဖွဲ့ထားကြောင်း တွေ့ရသည်။

လူကြီးနှင့်လူငယ်ဆောင်းပါးတွင် လူကြီးနှင့်လူငယ်တို့၏ သဘာဝမတူပုံ၊ ဆန့်ကျင်သည့်သဘောများ ရှိတတ်ပုံ၊ အနောက်နိုင်ငံယဉ်ကျေးမှုကို အတုယူပုံ၊ ခေတ်၏ အကောင်းအဆိုးသဘော ရှိတတ်ပုံတို့ကို–

> "လူကြီးနှင့်လူငယ်တို့သည် သဘောထားချင်းမတူ၊ စိတ်ကူးချင်း မတူ၊ ရည်ရွယ်ချက်ချင်း မတူကြချေ" (နာမ် + ချင်း + ကြိယာ)ပုံစံ (စာ–၁၅၈)

ဟူ၍လည်းကောင်း၊

> "မည်သည့်တိုင်းပြည်၊ မည်သည့်ခေတ်တွင်မဆို လူကြီးနှင့် လူငယ် တို့သည် ပက္ခဖြစ်ကြ၏" (မည်သည့် + နာမ်)ပုံစံ (စာ–၁၅၈)

ဟူ၍လည်းကောင်း၊

> "ခေတ်ကိုလိုက်သဖြင့် ကောင်းသည်လည်းရှိ၏။ ဆိုးသည်လည်း ရှိ၏" (ကြိယာ + လည်း + ကြိယာ)ပုံစံ (စာ–၁၅၉)

ဟူ၍လည်းကောင်း၊

> "မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လူကြီးနှင့်လူငယ်တို့၏ ဆက်ဆံရေးသည် အနောက်နိုင်ငံ၏အတုကို တဖြည်းဖြည်း ယူလျက် ရှိကြသည်။" (နာမ် + နှင့် + နာမ်)ပုံစံ (စာ–၁၆၀)

ဟူ၍လည်းကောင်း ရေးသားထားသည်။ စာဟန်ပြေပြစ်ပြီး စာရေးသူ သတိပြုမိသော အကြောင်းအရာတို့ကို စာဖတ်သူတို့က နှစ်သက်လက်ခံ နားလည်လွယ်စေပါသည်။ အကြောင်းအရာနှင့် လိုက်ဖက်သော ဝါကျဟန်များကို အသုံးပြု ရေးသားထား၍ ဆိုလိုချက်ပေါ်လွင်ပြီး သွက်လက်မှု၊ ပြေပြစ်မှု၊ ဆွဲဆောင်မှုရှိသော ဆောင်းပါးကောင်း တစ်ပုဒ် ဖြစ်လာစေပါသည်။

စာရေးသူသည် စာဖတ်သူတို့၏ ရင်ထဲတွင် ကိန်းအောင်းသင့်သော ခံယူချက် သဘောထားတို့ကို အရေးစွမ်းရည်ဖြင့် လမ်းပြပေးခဲ့သည်။ လူကြီးနှင့်လူငယ်၊ ဆရာ နှင့်တပည့်၊ မိဘနှင့်သားသမီး ဆက်ဆံပြောဆိုမှုတွင် ဘာသာတရားကို လက်ကိုင် ထား၍ ယဉ်ကျေးမှုကို မြတ်နိုးကာ အစဉ်အလာကို ထိန်းသိမ်းစေလိုသော၊

ပြုပြင်သင့်သည်ကို ပြုပြင်စေလိုသော၊ စာရေးသူ၏စေတနာ၊ အတွေးအခေါ်သည် ခေတ်မီသည်။ အရေးအသားမှာလည်း လိုရင်းရောက်ပြီး၊ ဖတ်ချင်စဖွယ်ဖြစ်စေသည်ဟု ဆိုနိုင်ပါသည်။

## ၂၊ ၂။ မျိုးချစ်စိတ်ဓာတ်နှင့် ဆင်ခြင်တုံတရား ဆောင်းပါး

မျိုးချစ်စိတ်ဓာတ်နှင့် ဆင်ခြင်တုံတရားဆောင်းပါးတွင် စာရေးသူ၏စေတနာကို ဖော်ညွှန်းနေသော အကြောင်းအရာနှင့် ပေါ့ပါးသွက်လက် ရှင်းလင်းပြေပြစ်သော အရေးအသားတို့ကိုတွေ့ရပါသည်။

### ၂၊ ၂၊ ၁။ အကြောင်းအရာ

မျိုးချစ်စိတ်ဓာတ်နှင့် ဆင်ခြင်တုံတရား ဆောင်းပါးသည် ၁၉၃၉ ခုနှစ် ဩဂုတ်လထုတ် ကြီးပွားရေး မဂ္ဂဇင်း အတွဲ–၇၊ အမှတ် ၈ တွင် ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။ ဤဆောင်းပါးကို ကိုလိုနီခေတ် မြန်မာပြည်သူတို့အား မျိုးချစ်စိတ်နှင့်အတူ ဆင်ခြင်တုံတရားပါ ရှိသင့်ကြောင်း သတိပြုစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဤဆောင်းပါးတွင် မျိုးချစ်စိတ်၏ အရေးပါပုံ၊ မျိုးချစ်စိတ်၏ အဓိပ္ပာယ်၊ ဆင်ခြင်တုံတရား၏ အရေးပါပုံ၊ မြန်မာလူမျိုးတို့ မျိုးချစ်စိတ်ဓာတ် ရင့်သန်ပုံ၊ မျိုးချစ်စိတ်တစ်ခုတည်းဖြင့် တင်းတိမ်မနေကြဘဲ ဆင်ခြင်တုံတရားနှင့်ပါ ယှဉ်တွဲပွားများစေလိုပုံတို့ကို တင်ပြထားပါသည်။

မျိုးချစ်စိတ်၏ အရေးပါပုံကို တင်ပြရာတွင် ‘မျိုးချစ်စိတ်မရှိသောသူသည် ကိုယ်လက်အင်္ဂါမစုံသောသူကဲ့သို့ အသက်ရှင်နေခြင်းငှာပင် မလျောက်ပတ်ပေ’[၁] ဟူ၍ ရေးသားထားသည်။ မျိုးချစ်စိတ်သည် လူတို့အတွက် ကိုယ်လက်အင်္ဂါပမာ အရေးကြီးကြောင်း၊ ကိုယ်လက်အင်္ဂါမစုံသူသည် အသက်ရှင်နေသော်လည်း ပြည့်စုံမှုမရှိသကဲ့သို့ဖြစ်ကြောင်း ခိုင်းနှိုင်းတင်ပြထားသည်။ တိုင်းပြည် တိုးတက်မှုတွင် မျိုးချစ်စိတ်သည် အဓိကကျနေကြောင်းကို–

> “ဂျပန်နိုင်ငံ၏ တိုးတက်မှုသည် ထိုမျိုးချစ်စိတ်ဓာတ် အားကြီးလွန်း၍သာ ဖြစ်ပေသည်”[၂]

[၁] သော်ကောင်း ၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၄၅။
[၂] သော်ကောင်း ၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၄၅။

ဟူ၍ မိမိ၏အမြင်ကို တင်ပြထားသည်။

ဆက်လက်၍ မျိုးချစ်စိတ်၏ အဓိပ္ပာယ်နှင့်သဘောတရားကို–

"မိမိ၏တိုင်းပြည်နှင့် မိမိလူမျိုး ကောင်းစားသည်ကို မြင်လိုသော စိတ်သည် မျိုးချစ်စိတ် ဖြစ်ပါသည်"[၁]

ဟူ၍ တင်ပြထားပါသည်။ မိမိချစ်လှစွာသောသူတစ်ဦး ဒုက္ခရောက်လျှင် စိတ်မချမ်းမြေ့ သကဲ့သို့လည်းကောင်း၊ မိမိချစ်လှစွာသောသူတစ်ဦး ချမ်းသာလျှင် လွန်မင်းစွာ ပီတိဖြစ်သကဲ့သို့လည်းကောင်း မိမိလူမျိုးများအပေါ် ထားသင့်သည့်စိတ်ကို ရှင်းလင်း တင်ပြထားသည်။

တစ်ဖန် စာရေးသူက ဆင်ခြင်တုံတရားနှင့် ပတ်သက်၍ မိမိအမြင်ကို တင်ပြထားသည်။ မျိုးချစ်စိတ်သာရှိ၍ အသိဉာဏ် ဆင်ခြင်တုံတရား ကင်းမဲ့လျှင် ထိုသူသည် တိုင်းသူပြည်သားကောင်း မဖြစ်နိုင်၊ ထိုသူ၏ဆောင်ရွက်ချက်သည်လည်း အရာမရောက် ကိစ္စမပြီးနိုင်ကြောင်း တင်ပြထားသည်။ ဆင်ခြင်တုံတရားသည် လောက၌ မြတ်သောစိတ်ဓာတ် ဖြစ်ပုံ၊ သစ္စာလေးပါးကို မြင်နိုင်ပုံ၊ နိဗ္ဗာန်ရောက်နိုင်ပုံကို မြတ်စွာဘုရားကပင် ဟောကြားထားပုံ၊ ဆင်ခြင်တုံတရားကို လက်လွှတ်၍မဖြစ်နိုင်ပုံ တို့ကို အကျိုးသင့် အကြောင်းသင့် လက်ခံဖွယ်ဖြစ်အောင် တင်ပြထားသည်။

ထို့နောက် ကိုလိုနီခေတ် ပြည်သူများကို မျိုးချစ်စိတ်နှင့် ဆင်ခြင်တုံတရားများ ပိုမိုပွားများနိုင်စေရန် သတိပေးလမ်းညွှန်ထားပြန်သည်။ မြန်မာလူမျိုးတို့သည် အင်္ဂလိပ် သိမ်းပိုက်ခဲ့သည့်အချိန်မှစ၍ မျိုးချစ်စိတ် ကိန်းအောင်းလျက်ရှိရာ ယခုခေတ်ကဲ့သို့ ရင့်သန်ခဲ့ဖူးသည်မရှိပေဟု ချီးကျူးထားသည်။ သို့သော်လည်း ဆင်ခြင်တုံတရားကို အသုံးမပြုဘဲ အရမ်းကာရောစိတ်ဓာတ်ကို အသုံးပြုပေသည်ဟူ၍လည်း သတိပေး ထောက်ပြခဲ့သည်။ ဆင်ခြင်တုံတရားသည် တက်မနှင့်တူပုံ၊ မျိုးချစ်စိတ်သည် လှော်ခတ်သည်နှင့်တူပုံ၊ မြန်မာနိုင်ငံသည် လှေကြီးနှင့်တူပုံ၊ တက်မ မပါဘဲနှင့် ပန်းတိုင်သို့ မရောက်နိုင်ဖြစ်ပုံတို့ဖြင့် သာဓကေပြကာ ဆင်ခြင်တုံတရားကို အလေးထား သင့်ကြောင်း လမ်းညွှန်ထားသည်။ ဆောင်းပါး နိဂုံးတွင်–

"အမျိုးကောင်းသားသမီးတို့သည် မျိုးချစ်စိတ် တစ်ခုတည်းဖြင့် မတင်းတိမ်ကြဘဲ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားတို့ကိုလည်း တစ်နေ့ထက်တစ်နေ့ ပွားများနိုင်ကြပါစေကုန်သတည်း"[၂]

---

[၁] သော်ကောင်း ၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၄၅။

[၂] သော်ကောင်း၊ ဦးနှင့်ဇေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၄၆။

ဟူ၍ စာရေးသူ၏ဆန္ဒဖြင့် အဆုံးသတ်ထားသည်။

စာရေးသူသည် အကြောင်းအရာပိုင်းတွင် ရည်ရွယ်ချက်သို့ ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် စည်းရုံးဆွဲဆောင်တင်ပြထားကြောင်း တွေ့ရသည်။ 'စာရေးသူ၏ စိတ်ထဲတွင် ခိုအောင်းနေသော အတွေ့အကြုံ တစ်ခုခုကို သူ့စေတနာက ရွေးချယ် ထုတ်ဖော်ပေးသည့်အတွက် စာရေးစရာ အကြောင်းအရာအဖြစ် ပေါ်ထွက်လာရခြင်း ဖြစ်သည်ဟု ဆိုရပါလိမ့်မည်'[၁] ဟု ပညာရှင်တို့ ဆိုမိန့်ထားပါသည်။ ဤသဘော အတိုင်း ဦးသန့်သည် ကိုလိုနီခေတ် မြန်မာလူမျိုးများအား အသိပေးသင့်သည်ကို အသိပေးလိုသော စေတနာဖြင့် ဤဆောင်းပါးကို ရေးသည်ဟု ဆိုနိုင်ပါသည်။ ကိုလိုနီခေတ် မြန်မာလူမျိုးများကို လမ်းညွှန်ထားသော်လည်း ယနေ့ခေတ်တိုင် သတိပြု လက်ခံလိုက်နာသင့်သော လမ်းညွှန်ချက်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့အပေါ် ထားရှိသော စာရေးသူ၏စေတနာကို တွေ့မြင်ရသော ဆောင်းပါး တစ်ပုဒ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၂။ ၂။ ၂။ **အရေးအသား**

အရေးအသားပိုင်းတွင် ဆောင်းပါးစကားပြေတစ်ပုဒ်တွင် အဓိကကျသော စကားအသုံးအနှုန်းနှင့် ဝါကျ ရေးသားအသုံးပြုပုံကို တင်ပြပါမည်။

**စကားအသုံးအနှုန်း**

ဤဆောင်းပါးမှ စကားအသုံးအနှုန်းကို လေ့လာရာတွင် စာပေသုံးနှင့် အပြောသုံး၊ စကားပရိယာယ်၊ ခေတ်အသုံးများကို တင်ပြပါမည်။

**စာပေသုံး**စကားလုံးများကို အသုံးပြုထားကြောင်း တွေ့ရပါသည်။ မျိုးချစ်စိတ် သဘောကို တင်ပြရာတွင်–

"ဒုက္ခရောက်သည်ကို မကြည့်ရက်သောစိတ်" (စာ–၁၄၅)

"ချမ်းသာလျှင် လွန်မင်းစွာ ပီတိ ဖြစ်သောစိတ်" (စာ–၁၄၅)

ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။ ဤတွင် ဒုက္ခ၊ ပီတိဟူသော ပါဠိအသုံး များကို သုံးထားကြောင်း တွေ့ရသည်။ ဆင်ခြင်တုံတရား၏ မြင့်မြတ်သော သဘောကို–

"ထိုတရားနှင့်ပင် နိဗ္ဗာန်ကို ရောက်နိုင်လေသည်" (စာ–၁၄၅)

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၈၅၊ စာ–၆၉ ။

ဟူ၍ ရေးသားထားသည်။ ယင်းတွင် နိဗ္ဗာန်ဟူသော ပါဠိအသုံးကို တွေ့ရပါသည်။ စာပေသုံးများသည် စာဟန်ခံ့ညားကာ အကြောင်းအရာပေါ်လွင်ပြီး စာဖတ်သူ နားလည်လွယ်စေသော အသုံးများ ဖြစ်ပါသည်။

အချို့နေရာများ၌ အကြောင်းအရာနှင့် လိုက်ဖက်ပြီး ပေါ့ပါးသွက်လက်သည့် အပြောသုံး စကားလုံးများကို သုံးထားကြောင်း တွေ့ရပါသည်။

> "ဂျပန်နိုင်ငံ၏ တိုးတက်မှုသည် ထိုမျိုးချစ်စိတ်ဓာတ် အားကြီး လွန်း၍သာ ဖြစ်ပေသည်" (စာ−၁၄၅)

ဝါကျတွင် 'အားကြီးလွန်း' အသုံးကို တွေ့ရသည်။

> "ဆင်ခြင်တုံတရား မရှိသောသူသည် အရာမရောက် ကိစ္စမပြီး နိုင်ပေ" (စာ−၁၄၅)

ဝါကျတွင် 'အရာမရောက်၊ ကိစ္စမပြီး' ဟူသော အပြောသုံးများကို တွေ့ရသည်။

ထို့ပြင် စာရေးသူ၏ စကားသုံး ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုမှုများ တွေ့ရသည်။ များပြားမှုသဘောကိုပင် 'လွန်မင်းစွာ၊ အရမ်းကာရော' ဟူ၍ စကား ပရိယာယ်ကြွယ်ဝစွာ အသုံးပြုထားသည်။

ယခုခေတ်နှင့် အဓိပ္ပာယ်မတူသော အသုံးကိုလည်း တွေ့ရသည်။ 'ဆေးသမား' အသုံးသည် ယခုခေတ်တွင် အဓိပ္ပာယ်အကောက် လွဲမှားနိုင်သော်လည်း 'ဆေးသမား မထောင်းတာ၊ လူနာမခံချို' [၁] စကားပုံနှင့် ရင်းနှီးသော မြန်မာလူမျိုးများအတွက် 'ဆေးကုသူ' ဖြစ်ကြောင်း သိမြင်နိုင်ပါသည်။ ကိုလိုနီခေတ် အသုံးတစ်ခုဟု ဆိုနိုင် ပါသည်။

ဤဆောင်းပါးတွင် စကားအသုံးအနှုန်းခံ့ညားမှု၊ ထိမိလုပမှု၊ သွက်လက်မှု ရှိသော အသုံးများကို နေရာတကျ သုံးထား၍ အရေးအသား သွက်လက်ပြေပြစ် ရှင်းလင်းသော ဆောင်းပါးစကားပြေကောင်း တစ်ပုဒ်ဖြစ်ကြောင်း တွေ့ရသည်။

**ဝါကျ**

ဤဆောင်းပါးတွင် ဝါကျတို၊ ဝါကျရှည်၊ ဟန်ချက်ညီဝါကျ အသုံးများကို အသုံးပြုထားကြောင်း တွေ့ရသည်။ ဝါကျတိုများကို−

---

[၁] မြန်မာစကားပုံ၊ ၁၉၉၆၊ ၆၆။

"မျိုးချစ်စိတ်သည် လူတိုင်းလူတိုင်း၌ ရှိအပ်သော ပစ္စည်းတစ်ရပ် ဖြစ်သည်" (စာ-၁၄၅)

"မျိုးချစ်စိတ်သည် လှေသမားနှင့် တူ၏" (စာ-၁၄၆)

"ဆင်ခြင်တုံတရားသည် တက်မနှင့် တူပေသည်" (စာ-၁၄၆)

ဟူ၍ တွေ့ရသည်။ မျိုးချစ်စိတ်၏ အရေးပါပုံ၊ ဆင်ခြင်တုံတရား၏ အလေးထားသင့်ပုံ တို့ကို ပေါ်လွင်သော ဝါကျများ ဖြစ်သည်။ ထို့ပြင်-

"ထို့ကြောင့်ပင် မဟုတ်လော" (စာ-၁၄၅)

"အဘယ်ကို မျိုးချစ်စိတ်ဓာတ်ဟု ခေါ်ပါသနည်း" (စာ-၁၄၅)

ဟူသော အမေးဝါကျတိုများဖြင့်လည်း စာဟန်သွက်လက်ပြီး စာဖတ်သူ စိတ်ဝင်စားမှု အရှိန်ကို ပံ့ပိုးပေးပါသည်။

ဤဆောင်းပါးတွင် **ဝါကျရှည်**အသုံးပြုမှုများကြောင်း တွေ့ရသည်။ ဝါကျရှည် များသည် အဓိပ္ပာယ် ရှုပ်ထွေးခြင်းမရှိဘဲ သမ္ဗန္ဓများကို နေရာတကျသုံးကာ အကြောင်း အရာနှင့် ဆီလျော်အောင် ရေးသားထားကြောင်း တွေ့ရသည်။

"သို့ရာတွင် ဆေးကျမ်းများကိုသာ ဖတ်၍ ကိုယ်ပိုင်ဉာဏ်ကို မသုံးသော ဆေးသမားသည် သမားကောင်း မဖြစ်နိုင်သကဲ့သို့ မျိုးချစ်စိတ်ဓာတ်သာ ရှိ၍ အသိဉာဏ် ကင်းမဲ့သော တိုင်းသူ ပြည်သားသည် တိုင်းသူပြည်သားကောင်း မဖြစ်နိုင်ပေ" (စာ-၁၄၅)

ယင်းဝါကျရှည်အသုံးတွင် ဆင်ခြင်တုံတရားရှိမှ တိုင်းနေပြည်သားကောင်းဖြစ်နိုင်ပုံကို ထင်ရှားစေရန် ကိုယ်ပိုင်ဉာဏ်သုံးမှ သမားကောင်းဖြစ်နိုင်ပုံနှင့် ခိုင်းနှိုင်းရေးသား ထားသည်။ အဓိပ္ပာယ်ပေါ်လွင်သော ဝါကျရှည်အသုံး ဖြစ်ပါသည်။

"ထို့ကြောင့် အမျိုးကောင်းသားသမီးတို့သည် မျိုးချစ်စိတ် တစ်ခုတည်းဖြင့် မတင်းတိမ်ကြဘဲ အသိဉာဏ်နှင့်ဆင်ခြင်တုံတရား တို့ကိုလည်း တစ်နေ့ထက် တစ်နေ့ ပွားများနိုင်ကြပါစေ ကုန်သတည်း" (စာ-၁၄၆)

ယင်းဝါကျသည် စာရေးသူ၏ဆန္ဒကို ဖော်ညွှန်းသော ဝါကျရှည်အဖွဲ့ ဖြစ်သည်။ မျိုးချစ်စိတ်နှင့်အတူ ဆင်ခြင်တုံတရားပါ စဉ်ဆက်မပြတ် ပိုမိုပွားများ စေလိုပုံကို ရင်းရင်းနှီးနှီး တိုက်တွန်းနှိုးဆော်သော လေသံဖြင့် နှိုးဆော်ထားသည်။

"မိမိချစ်လှစွာသောသူတစ်ဦး ဒုက္ခရောက်လျှင် စိတ်မချမ်းမြေ့သကဲ့သို့ မိမိလူမျိုးများ ဒုက္ခရောက်သည်ကို မကြည့်ရက်သောစိတ်၊ မိမိချစ်လှစွာသောသူတစ်ဦး ချမ်းသာလျှင် ဝမ်းမြောက်သကဲ့သို့ မိမိလူမျိုးများ ချမ်းသာလျှင် လွန်မင်းစွာ ပီတိဖြစ်သောစိတ်ကို မျိုးချစ်စိတ်ဟု ခေါ်ရပေမည်" (စာ-၁၄၅)

ဤဝါကျတွင် မိမိချစ်လှစွာသောသူတစ်ဦးအပေါ် ထားရှိသော စိတ်မျိုးအတိုင်း မိမိလူမျိုးများအပေါ် ထားရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ မျိုးချစ်စိတ်၏ အဓိပ္ပာယ်ကို ပုံစံတူဝါကျအဖွဲ့များဖြင့် ဟန်ချက်ညီညီသုံးကာ ဝါကျရှည်အဖြစ် ဖန်တီးထားသည်။

ထို့ပြင် စာရေးသူသည် **ဟန်ချက်ညီဝါကျ**များကိုလည်း စာဟန်ပြေပြစ်မှု အဓိပ္ပာယ် လေးနက်ထင်ရှားမှုရှိစေရန် သုံးထားကြောင်း တွေ့ရသည်။ မျိုးချစ်စိတ် မခေါင်းပါးသင့်ပုံကို-

"မျိုးချစ်စိတ်ဓာတ် ခေါင်းပါးသော လူမျိုးသည် မည်သည့်ခေတ်၊ မည်သည့် ရာဇဝင်မှာမျှ မတိုးတက် မကောင်းစားခဲ့ပေ" (မည်သည့် + နာမ်)ပုံစံ (စာ-၁၄၅)

ဟူ၍လည်းကောင်း၊

ဆင်ခြင်တုံတရား၏ မြင့်မြတ်ပုံကို-

"ထိုတရားနှင့်ပင် သစ္စာလေးပါးကို မြင်နိုင်သည်၊ ထိုတရားနှင့်ပင် နိဗ္ဗာန်ကို ရောက်နိုင်ပေသည်ဟု သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ဟောကြားတော်မူခဲ့ပေသည်။" (နာမ် + ကို + ကြိယာ)ပုံစံ (စာ-၁၄၅)

ဟူ၍လည်းကောင်း၊

အင်္ဂလိပ်တို့ သိမ်းယူသည့်နေ့မှစ၍ မြန်မာတို့ မျိုးချစ်စိတ်ရှိကြပုံကို-

"မည်သည့်မြို့၊ မည်သည့်ရွာ၊ မည်သည့်အရပ်ဒေသတို့၌မဆို အကြောင်းအမျိုးမျိုးတို့ကြောင့် အမျိုးကိုချစ်သော စိတ်ဓာတ်တို့သည် တဖွားဖွား ပေါ်ပေါက်လျက် ရှိကြပေသည်" (မည်သည့် + နာမ်)ပုံစံ (စာ-၁၄၆)

ဟူ၍လည်းကောင်း၊ အရေးပါမှု အတိုင်းအဆချင်းတူသော ပုံစံတူစကားစုများဖြင့် ဟန်ချက်ညီညီ ရေးသားထားသည်။

စာရေးသူသည် ဝါကျများကို သူ့နေရာနှင့်သူ ဆီလျော်အောင် ဂရုတစိုက် ရေးသားထား၍ ဝါကျချင်း အချိတ်အဆက်မိပြီး ပြေပြစ်သော စကားပြေရေးဖွဲ့ဟန်ဟု ဆိုနိုင်ပါသည်။

'စာရေးသူတစ်ယောက်၏စာထဲတွင် သူ့ပင်ကိုစရိုက်သဘာဝ ကိန်းဝင်နေသည်'[၁] ဟူသော သဘောအတိုင်း စာရေးသူဦးသန့်၏ ဆောင်းပါးအရေးအသားသည် လက်ခံချင်ဖွယ်၊ ဖတ်ချင်ဖွယ်ဖြစ်အောင် ပေါ့ပေါ့ပါးပါး ရေးဖွဲ့နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပါသည်။

## ၂၊ ၃။ လူငယ်နှင့်ကျွန်တော် ဆောင်းပါး

လူငယ်နှင့်ကျွန်တော် ဆောင်းပါးကို အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း ဟူ၍ ခွဲခြားတင်ပြပါမည်။

### ၂၊ ၃၊ ၁။ အကြောင်းအရာ

လူငယ်နှင့်ကျွန်တော် ဆောင်းပါးသည် ၁၉၇၆ ခုနှစ် ကြီးပွားရေးစာစောင်တွင် လူငယ်များကြီးပွားရေးအသင်း ရွှေရတုအထိမ်းအမှတ်အဖြစ် ထည့်သွင်းဖော်ပြထားသော ဆောင်းပါး ဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဒုတိယ ငါးနှစ် တာဝန်ထမ်းဆောင်စဉ် ၁၉၆၇ ခု၊ ရန်ကုန်မြို့အတွင်းဝန် ဦးသောင်း၏ နေအိမ်၌ ကြီးပွားရေးအသင်းသားလူငယ်များအား မိန့်ကြားခဲ့သော စကားဖြစ်သည်။

အသင်းသားလူငယ်များကို မိမိ၏အတွေ့အကြုံ၊ အတွေးအမြင်များမှတစ်ဆင့် လူငယ်များတိုးတက်ကြီးပွားရေးနှင့် မြန်မာ့အကျိုးသာမက ကမ္ဘာ့အကျိုးပါ ဆောင်ရွက်နိုင်စေလိုသော စေတနာဖြင့် မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးတွင် စာရေးသူက ကမ္ဘာကြီးမှာ နိုင်ငံရေး အမြဲပြောင်းလဲနေပုံ၊ ပြောင်းလဲခြင်းမှာလည်း အကောင်းဘက်သို့ ပြောင်းလဲခြင်းဟု မြင်မိပုံ၊ စစ်ဖြစ်ရခြင်း အကြောင်းရင်း (၄)ချက် ရှိပုံ၊ နိုင်ငံရေးအယူအဆအပေါ် အငြင်းပွားပြီး တင်းမာမှုများ၊ စီးပွားရေးမညီမျှ၍ တင်းမာမှု၊ လွတ်လပ်ရေးမရသည့်နိုင်ငံများ လွတ်လပ်ရန် ရုန်းကန်ကြမှု၊ အသားအရောင် ကွဲပြားမှုအပေါ် အစွဲအလမ်းကြီးမှုတို့ဖြစ်ပုံ၊ ထိုအကြောင်းရင်း

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၃၊ ၂၆၈။

အချက်များကို သတိပြုမိသင့်ပုံ၊ မြန်မာလူငယ်များ မြန်မာအကျိုးသာမက ကမ္ဘာ့အကျိုးပါ ဆောင်ရွက်နိုင်စေလိုပုံတို့ကို တင်ပြထားသည်။

ကမ္ဘာကြီးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ အမြဲပြောင်းလဲနေပုံကို တင်ပြရာတွင် ကမ္ဘာ့အခြေအနေသည် လွန်ခဲ့သော အနှစ်(၂၀)နှင့် မတူကြောင်း၊ အမြဲပြောင်းလဲနေကြောင်း၊ ပြောင်းလဲနေပုံတို့ကို ကုလသမဂ္ဂဌာနချုပ်က ကြည့်၍ ပို၍ မြင်နိုင်ကြောင်း တင်ပြထားသည်။ ပြောင်းလဲနေခြင်းသည် အကောင်းဘက်သို့ ပြောင်းလဲနေသည်ဟု ထင်မိကြောင်းကို ရာဇဝင်ထဲတွင် ဘာသာရေးအယူအဆ၊ နိုင်ငံရေးအယူအဆများ ရှိခဲ့သော်လည်း ယခုအခါ သည်းခံမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ ဖြစ်ပေါ်လာ၍ အကောင်းဘက်သို့ ပြောင်းလဲလာကြောင်း တင်ပြထားသည်။ ထို့ပြင် တစ်ယောက်နှင့်တစ်ယောက် နားလည်မှု ရှိလာကြသည်။ ယင်းမှာ အင်္ဂလိပ်လို (synthesis) သမခြင်းဖြစ်သည်ဟု ဆိုနိုင်ကြောင်းကိုလည်း တင်ပြထားသည်။ မိမိအတွေ့အကြုံ၊ အတွေးအမြင်များကို လူငယ်များအား သိစေလိုသော စာရေးသူ၏ စေတနာကို တွေ့မြင်နိုင်ပါသည်။

စီးပွားရေးမညီမျှမှုကို တင်ပြရာတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါတွင် ဆင်းရဲသည့်နိုင်ငံက ပိုဆင်းရဲပြီး၊ ချမ်းသာသည့်နိုင်ငံက ပို၍ချမ်းသာကြောင်း စီးပွားရေးပါရဂူများ၏ လေ့လာချက်အရ သိရကြောင်း စီးပွားရေးမညီမျှသည့် ချောက်ကြီးကို စေ့အောင် ကုလသမဂ္ဂမှစီမံကိန်းများ ချမှတ်ကာ ၁၉၆၁ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း တင်ပြထားသည်။

စစ်ကြီးပြီးနောက် လွတ်လပ်သည့်နိုင်ငံ များလာသော်လည်း မလွတ်လပ်ဘဲ ကျန်နေသည့် နိုင်ငံများသည် လွတ်လပ်ရန် ရုန်းကန်ကြကြောင်း၊ အချို့မှာ အဓမ္မနည်းများ သုံးကြကြောင်းဟူ၍ စစ်ဖြစ်ရသည့် အချက်(၁)ချက်ကို သုံးသပ်ပြထားသည်။

ဆက်လက်၍ တင်းမာမှုဖြစ်ရသည့် အချက်ကိုလည်း တင်ပြထားသည်။ ယင်းမှာ အသားအရောင် ကွဲပြားမှု၊ အစွဲအလမ်းကြီးမှုကြောင့် ညီတူညီမျှ အခွင့်အရေး မပေးခြင်းများရှိခဲ့ကြောင်း ထောက်ပြထားသည်။ ထိုသို့ တင်းမာမှုဖြစ်ရသည့် အကြောင်းများ သိပါက ဖြေရှင်း၍၊ ဖြည့်ဆည်း၍ လွယ်ကူကြောင်းကို ‘အနာသိတော့ ဆေးရှိလာတယ်’[၁] ဟူ၍ မိန့်ဆိုထားသည်။

စာရေးသူသည် မြန်မာလူငယ်များ၏ တိုးတက်ကြီးပွားရေးဆောင်ရွက်မှုကို ချီးကျူးဝမ်းမြောက်သည်။ မြန်မာလူငယ်များအား–

[၁] သော်ကောင်း၊ ဦးနှင့်ဖေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၇၁။

"ဒီအသင်းကြီးက နောင်နှစ်ပေါင်းများစွာ လူငယ်များ တိုးတက်ကြီးပွားရေး မြန်မာ့အကျိုးသာမက နောင်ကမ္ဘာ့အကျိုးကိုပါ ဆောင်နိုင်ပါစေလို့ ဆုတောင်းပါတယ်"[၁]

ဟူ၍ ဆန္ဒပြုထားသည်။ လူငယ်များသည် မြန်မာဖြစ်သော်လည်း မြန်မာသည် ကမ္ဘာတွင် ပါဝင်သည်။ ထို့ကြောင့် မြန်မာ့အကျိုးလည်း ထမ်းဆောင်ရမည်။ ကမ္ဘာ့အကျိုးလည်း ဆောင်ရွက်ရမည်ဟု စာရေးသူက လမ်းညွှန်ထားခြင်း ဖြစ်သည်။

'လူငယ်နှင့်ကျွန်တော်' ဆောင်းပါးသည် ချီးကျူးသင့်သည်ကို ချီးကျူးတတ်ရန်၊ သိသင့်သည်ကို သိရန်၊ ဆောင်ရွက်သင့်သည်ကို ဆောင်ရွက်ရန် လမ်းညွှန်တတ်သော စာရေးသူ၏ စေတနာကို ပေါ်လွင်စေသော ဆောင်းပါးတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

## ၂၊ ၃၊ ၂။ အရေးအသား

လူငယ်နှင့်ကျွန်တော် ဆောင်းပါး၏ အရေးအသားကို စကားအသုံးအနှုန်းနှင့် ဝါကျ အဖွဲ့ပိုင်းတို့ကို လေ့လာတင်ပြပါမည်။

**စကားအသုံးအနှုန်း**

ဤဆောင်းပါးတွင် စာရေးသူ၏ အတွေးအမြင်၊ အတွေ့အကြုံ၊ စေတနာ၊ မျှော်လင့်ချက် စသည်တို့ကို မိန့်ကြားထား၍ အပြောစကားများ သုံးထားသည်။ ထို့ပြင် စာပေသုံးစကားလုံးများ၊ တင်စားမှုအသုံး၊ ကျစ်လျစ်သော အသုံး၊ အလင်္ကာ အသုံးများကို နေရာတကျ၊ ထိထိမိမိ သုံးထားကြောင်း တွေ့ရသည်။

**စာပေသုံး**စကားလုံးများသည် အကြောင်းအရာ သဘောတရားကို ပေါ်လွင်စေပြီး လိုက်ဖက်မှုရှိကြောင်း တွေ့ရသည်။

"နိုင်ငံရေးဝါဒတွေကို သုံးသပ်ရင် ဝါဒ အမျိုးမျိုး ရှိတယ်" (စာ–၁၆၈)

"အဆိုးဘက်ကို ပြောင်းသလားဆိုတာ ဝိဝါဒ ကွဲစရာရှိတယ်" (စာ–၁၆၉)

"အင်္ဂလိပ်လို (Syn thesis) သမခြင်းဖြစ်တယ်လို့ ဆိုရမှာပေါ့" (စာ–၁၆၉)

---

[၁] သော်ကောင်း၊ ဦးနှင့်ဖေယျာ၊ မောင်(စီစဉ်သူ)၊ ၂၀၀၉၊ ၁၇၁။

"အမိကရဏ်းတွေ ဖြစ်တယ်" (စာ–၁၆၉)

"တစ်ချို့နိုင်ငံတွေမှာ အဓမ္မနည်းတွေကို သုံးတယ်။" (စာ–၁၇၀)

ကမ္ဘာ့အခြေအနေတွင် နိုင်ငံရေးအယူအဆ (ဝါဒ)၊ ငြင်းခုန်မှု (ဝိဝါဒ)၊ မျှတသော သဘော (သမ)၊ ငြင်းခုံခိုက်ရန်များ ဖြစ်လေ့ဖြစ်ထရှိပုံ (အမိကရဏ်း)တို့ကို ပါဠိ စကားလုံးများ သုံးထားသည်။ အခြေအနေဖြစ်ရပ်များနှင့် လိုက်ဖက်ပြီး နားလည် လွယ်သော အသုံးများ ဖြစ်ပါသည်။

**တင်စားမှု** (ဥပစာ)အသုံးကို သုံးထား၍ အကြောင်းအရာလေးနက်မှုကို ဖြစ်စေ ပါသည်။

"စီးပွားရေးမညီမျှတဲ့ကွဲပြားနေတဲ့ ချောက်ကြီးကို" (စာ–၁၇၀)

"လွတ်လပ်ရေးမရသေးတဲ့နိုင်ငံတွေက မီးပွားတွေ တောက်နေတယ်" (စာ–၁၇၀)

နိုင်ငံများ၏ စီးပွားရေးမညီမျှမှု အတိမ်အနက်ကို 'ချောက်ကြီး' အသုံးဖြင့် တင်စားရေးဖွဲ့ထား၍ စာဖတ်သူမျက်စိတွင် ကွင်းကွင်းကွက်ကွက် သိမြင်စေသည်။

လွတ်လပ်ရေးမရသေးသည့် နိုင်ငံများ၏ လူမှုရေးဒုက္ခများ၊ စိတ်သောက ခံစားမှုများ၊ ရုန်းကန်မှုများကြောင့် မငြိမ်မသက်ဖြစ်နေပုံကို 'မီးပွားတွေတောက်' အသုံးဖြင့် ပုံဖော်ထားသည်။ ဖြစ်ရပ်ကို ထင်ရှားလေးနက်စေသော အသုံးဖြစ်သည်။

ကျစ်လျစ်ထိမိသော **လုံးချင်းကြိယာ** အသုံးများကိုလည်း တွေ့ရသည်။

"အမိကရဏ်းတွေ ဖြစ်တယ်။ အခု ပါး သွားပြီ" (စာ–၁၆၉)

"ကွဲပြားနေတဲ့ ချောက်ကြီးကို စေ့အောင် ကုလသမဂ္ဂရဲ့ (Specialized Agencies) အဖွဲ့က လုပ်ရတယ်" (စာ–၁၇၀)

ယင်းအသုံးများတွင် လျော့ပါးဟု မသုံးဘဲ ပါး၊ အကြားအလပ်မရှိအောင် စေ့ငအောင်ဟု မသုံးဘဲ စေ့၊ ပြုလုပ်ဟုမသုံးဘဲ လုပ် ဟုသုံးထားကြောင်း တွေ့ရသည်။ အဓိပ္ပာယ်လည်း ထိမိ၊ ပြောစကားဟန်နှင့်လည်း လိုက်သော အသုံးများဟု ဆိုနိုင် ပါသည်။

စကားအသုံးအနှုန်းများသည် ကမ္ဘာ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကို သိစေလိုသော စာရေးသူ၏စေတနာကို ပေါ်လွင်စေသော အသုံးအနှုန်းများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ဝါကျ

လူငယ်နှင့်ကျွန်တော် ဆောင်းပါးသည် စာရေးသူ၏ မိန့်ကြားသော စကားကို ပြန်လည်ဖော်ပြထားခြင်းဖြစ်၍ အပြောဝါကျများဖြစ်ကြောင်း တွေ့ရသည်။ ဝါကျရှည် အနည်းငယ်မှလွဲ၍ ဝါကျများသည် ဝါကျတို အသုံးများသာဖြစ်ကြောင်း တွေ့ရသည်။

ဝါကျတိုအသုံးများအဖြစ်–

> “ကမ္ဘာ့အခြေအနေဟာ လွန်ခဲ့တဲ့ အနှစ်(၂၀)နဲ့ ယခု မတူပါဘူး။ ကမ္ဘာကြီးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများဟာ အမြဲ ပြောင်းလဲနေတာ တွေ့ရပါတယ်။ ဒီလိုပြောင်းလဲနေတာကို ကုလသမဂ္ဂဌာနချုပ်ကနေကြည့်တော့ ပိုမြင်တယ်။ ပန်းတနော်ကနေ ကြည့်တာနဲ့ ရန်ကုန်ကကြည့်တာနဲ့ မတူသလိုပေါ့။ ရန်ကုန်က ကြည့်တော့ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် မြင်ရပါတယ်” (စာ–၁၆၈)

စသည်ဖြင့် တွေ့ရပါသည်။ ယင်းဝါကျတိုများသည် စာရေးသူ၏ ကမ္ဘာ့အခြေအနေ အပေါ် ရှုမြင်ပုံကို ပေါ်လွင်စေသော အပြောဝါကျတိုများ ဖြစ်ပါသည်။

**ဝါကျရှည်**အသုံးများအဖြစ်–

> “လွန်ခဲ့တဲ့ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့အခါ စီးပွားရေးပါရဂူတွေ လေ့လာတော့ ဆင်းရဲတဲ့နိုင်ငံတွေက ပိုဆင်းရဲပြီး၊ ချမ်းသာတဲ့ နိုင်ငံတွေက ပိုချမ်းသာလာကြတယ်” (စာ–၁၇၀)
>
> “တတိယအကြောင်းက ကိုလိုနီနယ်ချဲ့စနစ်ရဲ့ အကြွင်းအကျန်တွေ ရှိနေတဲ့ လွတ်လပ်ရေးမရသေးတဲ့ နိုင်ငံတွေက မီးပွားတွေ တောက်နေတယ်”

လူငယ်များအား မိမိပေးလိုသော အသိအမြင်များကို ‘အခါ’ ‘တော့’ ‘ပြီး’ ‘တဲ့’ ပြောဟန်အသုံးပြု စကားဆက်များနှင့် ဆက်စပ်ထားသော ဝါကျရှည်များဖြင့် တင်ပြထားသည်။

ဟန်ချက်ညီဝါကျ အသုံးများကိုလည်း တွေ့ရပါသည်။

> “အသားအရောင်ကွဲ၊ အယူအဆကွဲပေမယ့် တစ်လှေထဲစီး တစ်ခရီးတည်း သွားကြသူတွေပါလားလို့ သိလာကြတယ်။” (စာ–၁၆၉)

ဤဝါကျတွင် ခေတ်ကာလပြောင်းလဲမှုကြောင့် စိတ်ထားများပါ ပြောင်းလဲလာသော ကမ္ဘာသူ ကမ္ဘာသားများ၏စိတ်ထားကို (နာမ်+ကြိယာ) ပုံစံတူအဖွဲ့ဖြင့် ဟန်ချက်ညီညီ ရေးဖွဲ့ထားသည်။ ထို့ပြင် 'ကွဲ၊ ထဲ၊ တည်း' ဟူ၍ ကာရန်တူအသုံးများပါ သုံးထား၍ ဆိုလိုချက်ကို ချောချောမွေ့မွေ့ နားလည်လက်ခံလာစေပါသည်။

ဝါကျချင်းအပြိုင်အဖွဲ့အဖြစ်

> "ထိထိရောက်ရောက် အသင်းလုပ်ငန်းများ မဆောင်ရွက်နိုင်ပေမယ့် အသင်းသားအဖြစ် ဝင်ခဲ့ပါတယ်။ ရာသက်ပန်အသင်းသားအဖြစ် ဝင်ခဲ့ပါတယ်" (စာ-၁၆၈)

ဟူ၍လည်းကောင်း၊

> "ကျွန်တော် ယခုလို မြန်မာပြည်မှာ လူငယ်တွေနဲ့ ဆွေးနွေးရတာ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အသင်းကြီးကိုလည်း ယခုထက်တိုင် တည်တံ့အောင် ကြိုးပမ်းခဲ့တာကိုလည်း ဝမ်းသာပါတယ်။ လူငယ်များတိုးတက်ကြီးပွားရေးအတွက် ဆောင်ရွက်တာလည်း ချီးကျူးပါတယ်။ ဒီအသင်းကြီးက နောက်နှစ်ပေါင်းများစွာ လူငယ်များ တိုးတက်ကြီးပွားရေး မြန်မာ့အကျိုးသာမကဘဲ နောင်ကမ္ဘာ့အကျိုးကိုပါ ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်" (စာ-၁၇၁)

ဟူ၍လည်းကောင်း တွေ့ရပါသည်။

ထိုဝါကျအဖွဲ့များသည် ဝမ်းမြောက်သင့်သည်ကို ဝမ်းမြောက်၊ ချီးကျူးအပ်သည်ကို ချီးကျူးတတ်သော စာရေးသူ၏စိတ်ထား၊ လူငယ်အသင်းအပေါ် ပါဝင်အားပေးလုပ်ဆောင်သင့်သည်ကို လမ်းပြပေးသော စေတနာဆန္ဒများ ပေါ်လွင်နေပါသည်။ ထို့ပြင် မြန်မာ့အကျိုးသာမက ကမ္ဘာ့အကျိုးပါ ရှေးရှုသော ခေါင်းဆောင်ကောင်းတစ်ဦး၏ စေတနာလေသံများပါ ပေါ်လွင်နေသည်ဟု ဆိုနိုင်ပါသည်။

စာရေးသူ၏(မိန့်ကြားချက်) အရေးအသားကောင်းမွန်မှုကြောင့် မိမိကိုယ်တိုင် နားထောင်နေရသကဲ့သို့ ရှင်းရှင်းလင်းလင်း နားလည်လက်ခံမိစေသော အပြောစကားပြေကောင်းတစ်ပုဒ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ဦးသန့်၏ လမ်းညွှန်မှုဆိုင်ရာဆောင်းပါး (၃)ပုဒ်ကို လေ့လာတင်ပြပြီး ဖြစ်ပါသည်။ 'လူကြီးနှင့်လူငယ်'၊ 'မျိုးချစ်စိတ်နှင့်ဆင်ခြင်တုံတရား'၊ 'လူငယ်နှင့်ကျွန်တော်' ဆောင်းပါး(၃)ပုဒ်ကို အကြောင်းအရာနှင့် အရေးအသား ဟူ၍ တင်ပြထားပါသည်။ အကြောင်းအရာပိုင်းတွင် လူငယ်များ၊ မြန်မာလူမျိုးများ လိုက်နာ၊ လက်ခံ၊ နားလည်သင့်သော လမ်းညွှန်ချက်များနှင့် စာရေးသူ၏စေတနာကို တွေ့မြင်ရပါသည်။

လူကြီးနှင့်လူငယ်ဆောင်းပါးတွင် လူကြီးနှင့်လူငယ်တို့၏ အမြင်၊ ခံယူချက် သဘောထား မတူညီမှုများကို တင်ပြထားသည်။ ထိုမတူညီမှုမှာ သဘာဝဖြစ်ပြီး ဘာသာတရားနှင့်ပဲ့ကိုင်ကာ မချိုးမပဋိပဒါနည်းဖြင့် လက်ခံကာ ကျင့်သုံးသင့်ကြကြောင်း လမ်းညွှန်ထားသည်။ မျိုးချစ်စိတ်နှင့်ဆင်ခြင်တုံတရားဆောင်းပါးတွင် မျိုးချစ်စိတ်၏ တန်ဖိုး ဆင်ခြင်တုံတရား၏ မြင့်မြတ်ပုံတို့ကို သိမြင်စေသည်။ ထိုတရားနှစ်မျိုး ယှဉ်တွဲပါမှ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ တိုးတက်မည်ဖြစ်ကြောင်း လှုံ့ဆော်လမ်းပြခဲ့သည်။ လူငယ်နှင့်ကျွန်တော်ဆောင်းပါးတွင် လူငယ်တိုးတက်ရေးအသင်းကြီးတွင် ပါဝင်အားပေးထားပြီး လုပ်ဆောင်ချက်များကို ချီးကျူးထားသည်။ လူငယ်များ ကမ္ဘာ့အခြေအနေကို သိမြင်ဆင်ခြင်သုံးသပ်မိစေပြီး မြန်မာနိုင်ငံအကျိုးသာမက ကမ္ဘာ့အကျိုးပါဆောင်ရွက်စေလိုသော စေတနာကို တွေ့မြင်ရပါသည်။ ကမ္ဘာ့ခေါင်းဆောင်တစ်ဦး၏ စေတနာကိုလည်း လေးစားဖွယ် တွေ့မြင်ရသည်ဟု ဆိုနိုင်ပါသည်။ ဆောင်းပါး (၃)ပုဒ်လာ လမ်းညွှန်ချက်များသည် ထိုအချိန်က စာဖတ်သူ၊ မြန်မာလူငယ်၊ မြန်မာလူမျိုးတို့အတွက်သာမက ယနေ့တိုင်လက်ခံလိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များ ဖြစ်ပါသည်။

ထိုလမ်းညွှန်ချက်များနှင့် စာရေးသူ၏စေတနာကို စာရေးသူ၏ ကျွမ်းကျင်ပိုင်နိုင်သော စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ဟန် အသုံးစွမ်းရည်တို့ဖြင့် ပုံဖော်ထားပါသည်။ စကားအသုံးအနှုန်းပိုင်းတွင် ခံ့ညားလေးနက်စေသော စာပေသုံးစကားလုံးများ၊ ပေါ့ပါးသွက်လက်သော အပြောသုံးများ၊ ကျစ်လျစ်ထိမိသော အသုံးများ၊ တင်စားမှု အသုံးများ ဟူ၍ ဆီလျော်အောင် နေရာတကျ သုံးထားပါသည်။ စာပေကျွမ်းကျင်မှု၊ စကားပြောပိုင်နိုင်မှု၊ စေတနာမှန်မှုများကို ထင်လင်းစေသော အသုံးများ ဖြစ်ပါသည်။

ဝါကျဖွဲ့ဟန်တွင် ဝါကျတိုအသုံးများသည် လွယ်ကူရှင်းလင်း သွက်လက်မှုကို ဖြစ်စေသော ဝါကျတိုများ ဖြစ်သည်။ ပေါ့ပေါ့ပါးပါးနှင့် လက်ခံလိုက်နာစေလိုသော လေသံကို ပေါ်လွင်စေပါသည်။ ဝါကျရှည် အသုံးနည်းကြောင်း တွေ့ရသည်။ အသုံးပြုသော

ဝါကျရှည်များသည် ရှုပ်ထွေးခြင်းမရှိဘဲ ဆက်စပ်ပြေပြစ်ပါသည်။ ဟန်ချက်ညီဝါကျ အသုံးများကလည်း ဆိုလိုချက်ပေါ်လွင်ပြီး စာဟန်ပြေပြစ်ပါသည်။ ဝါကျချင်းအပြိုင် အဖွဲ့များကလည်း ပြောလိုသော အကြောင်းအရာထင်ရှားစေပြီး စာဟန်လေးနက်စေ ပါသည်။ စာရေးသူသည် ဝါကျဟန်အမျိုးမျိုးဖြင့် နေရာတကျ ရွေးချယ်သုံးနှုန်းကာ လူငယ်များ ကြီးပွားတိုးတက်စေလိုသော စေတနာလေသံများ ထင်ဟပ်လျက် ရှိပါသည်။ ဝါကျအဆုံးသတ် '၏' အသုံးများကြောင်း တွေ့ရသည်။ ဦးသန့်၏ လမ်းညွှန်မှုဆိုင်ရာ ဆောင်းပါးများသည် မြန်မာလူမျိုး၊ မြန်မာလူငယ်များ အတွေး အမြင် မှန်ကန်စေလိုသော စာရေးသူ၏စေတနာနှင့် ရှင်းလင်းထိမိသွက်လက်ပြေပြစ်သော စာရေးသူ၏ ရေးဖွဲ့တင်ပြပုံတို့ကို သိမြင်လာစေပါသည်။

**နိဂုံး**

ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးအဖြစ် (၂)ကြိမ် တိုင်တိုင် ဆောင်ရွက်ခဲ့သော ကမ္ဘာ့ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။ စာပေ အရေးအသားဘက်တွင်လည်း အင်္ဂလိပ်စာအရေးအသား ထူးချွန်၍ ဂန္ထလောကမဂ္ဂဇင်း ဘာသာပြန်ပြိုင်ပွဲတွင် လေးကြိမ်တိုင်တိုင် ပထမဆု ရခဲ့သည်။ မြန်မာစာပေတွင်လည်း ကလောင် အမည် သီလဝ၊ မောင်သန့်(ပန်းတနော်) အမည်များဖြင့် စာပေ အကျိုးပြုခဲ့သည်။ ဦးသန့်၏ မြန်မာ့အကျိုး၊ ကမ္ဘာ့အကျိုး စွမ်းဆောင်မှု၊ စာပေအကျိုး စွမ်းဆောင်မှုများသည် လေးစားအတုယူ အားကျဖွယ်ဖြစ်ကြောင်း လက်ခံသူ များပြားလျက် ရှိပါသည်။ ဤစာတမ်းသည် မြန်မာလူငယ်၊ မြန်မာလူမျိုးတို့အတွက် ဦးသန့်၏ စေတနာနှင့် စာပေရေးဖွဲ့မှုကို တတ်စွမ်းသမျှ လေ့လာတင်ပြခြင်း ဖြစ်ပါသည်။ ကြီးပွားရေးမဂ္ဂဇင်း၊ ကြီးပွားရေးစာစောင်တို့၏တန်ဖိုး၊ ပါဝင်ရေးသား ခဲ့သူ ထုတ်ဝေခဲ့သူတို့၏ အရည်အချင်းကို မှန်းဆသိမြင်နိုင်ပြီး ဆောင်းပါး စကားပြေကို စာပေရှုထောင့်မှ လေ့လာသူတို့အတွက် အထောက်အကူပြုနိုင် လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၈၅)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ*** (ဒု–ကြိမ်)။ ရန်ကုန်၊ ချိုတေးသံပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၃)။ ***စာဆိုဘဝ စာဆိုစေတနာ စာဆိုလက်ရာ***။ ရန်ကုန်၊ လင်းလင်းစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဇေယျာ၊ မောင်(စီစဉ်သူ)။ (၂၀၁၂)။ ***ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်***။ ရန်ကုန်၊ ပဉ္စဂံစာပေ။

မိုးမြေ၊ မ။ (၂၀၁၀)။ ***စိတ်အလှ၊ စာအလှ***။ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ မြန်မာစကားပုံ (တ–ကြိမ်)။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

သော်ကောင်း၊ **ဦး** နှင့် ဇေယျာ ၊ **မောင်** (စီစဉ်သူ)။ (၂၀၀၉)။ ***ဦးသန့်လက်ရွေးစင်စာများ***။ ရန်ကုန်၊ ဇမ္ဗူမော်ပုံနှိပ်တိုက်။



ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်

(၁၉၀၉–၁၉၇၄)

# သုံးကြောင်းကဗျာများမှ ကဗျာဝါကျ

အေးစုငြိမ်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် သုံးကြောင်းကဗျာများမှ ကဗျာဝါကျကို လေ့လာတင်ပြထားပါသည်။ ကဗျာဝါကျသည် ရေးဟန်ပညာ၏အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ စကားပြေတွင် ဝါကျရှိသကဲ့သို့ ကဗျာတွင်လည်း ဝါကျရှိပါသည်။ ကဗျာဝါကျများတွင် ဖွဲ့ထုံးစည်းကမ်းအတိုင်း ဖွဲ့လေ့ရှိသကဲ့သို့ ဖွဲ့ထုံးစည်းကမ်းနှင့်လည်း သွေဖည်ကာ ရေးဖွဲ့လေ့ရှိပါသည်။ ကဗျာများမှ ဝါကျအဖွဲ့များသည် ကဗျာဆရာ၏ ဦးတည်ချက်နှင့် ကဗျာ့အကြောင်းအရာကို ပေါ်လွင်စေရန် မည်သို့အထောက်အပံ့ပြုနေကြောင်း လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာခြင်းဖြင့် ကဗျာလေ့လာမှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဟု ယူဆမိပါသည်။

**သော့ချက်ဝေါဟာရ** – ***ကဗျာ၊ ဝါကျ၊ ရေးဟန်၊ ဖွဲ့ထုံးစည်းကမ်း၊ ဖန်တီးမှု။***

## နိဒါန်း

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ စာပေနယ်ပယ်ကြီး နှစ်ခုရှိရာတွင် စကားပြေဖြစ်စေ၊ ကဗျာဖြစ်စေ ဘာသာစကားစနစ်ကိုအသုံးပြု၍ ဖန်တီးတည်ဆောက်ရပါသည်။ ဘာသာစကားစနစ်ဆိုသည်မှာ ဝါကျဖွဲ့ပုံစနစ်ပင် ဖြစ်ပါသည်။ မည်သူမဆို မိမိဖော်ပြလိုသော အကြောင်းအရာ ရည်ရွယ်ချက်သို့ ရောက်အောင် စာ (သို့မဟုတ်) စကားဖြင့် ဖော်ပြရာတွင် အနည်းဆုံး ဝါကျတစ်ကြောင်းပြီးအောင်ဖွဲ့၍ ဖော်ပြရမြဲ ဖြစ်ပါသည်။ ဝါကျတစ်ကြောင်းဆုံးပါမှ ဆိုလိုရင်းအဓိပ္ပာယ် ပြည့်စုံမည် ဖြစ်သည်။ ထို့ကြောင့် ဘာသာစကားကို အသုံးပြုရသော ကဗျာတွင်လည်း ဝါကျရှိပါသည်။

သို့သော် စကားပြေနှင့်ကဗျာကို ယှဉ်ကြည့်လျှင် ကဗျာက စကားပြေထက် ဖွဲ့ထုံးစည်းကမ်း ပို၍တင်းကျပ်ကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ ကဗျာစာဆိုတို့သည် တစ်ခါတစ်ရံတွင် မိမိပြောလိုသော ရည်ရွယ်ချက်ကို ပေါ်လွင်စေရန်အတွက် ကဗျာဖွဲ့ထုံးစည်းကမ်းများကို သွေဖည်ရေးဖွဲ့လေ့ ရှိကြပါသည်။ ထို့ကြောင့် ဤစာတမ်းတွင်

---

*ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်

ဖွဲ့ထုံးစည်းကမ်းနှင့်အညီဖွဲ့သော ကဗျာဝါကျနှင့် ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျ ဟူ၍ အခန်းခွဲကာ လေ့လာတင်ပြထားပါသည်။

ထိုသို့လေ့လာရာတွင် သုံးကြောင်းကဗျာများကို အလေ့လာခံအဖြစ်ထားကာ လေ့လာတင်ပြထားပါသည်။ စာကြောင်းသုံးကြောင်းထဲဖြင့် အဓိပ္ပာယ်ကို ထိထိမိမိ ပုံဖော်ပေးနိုင်သော ကဗျာများသည် တစ်ခေတ်တစ်ခါက အလွန်ထင်ရှားခဲ့ပါသည်။ သို့ဖြစ်ရာ ထိုသုံးကြောင်းကဗျာများကို ပြန်လည်ဖော်ထုတ်လိုသည့် ဆန္ဒဖြင့်လည်းကောင်း၊ ကဗျာဝါကျကို လေ့လာခြင်းဖြင့် ကဗျာလေ့လာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်လိမ့်မည်ဟူသော သဘောဖြင့်လည်းကောင်း လေ့လာတင်ပြခြင်းဖြစ်ပါသည်။

## ၁။ **ကဗျာဝါကျ**[၁]

စကားလုံးလေးများကို ပစ္စည်းအဖြစ် အသုံးပြုပြီး ဖန်တီးသည့်အနုပညာကို ကဗျာဟု ခေါ်ပါသည်။ 'ပျားနှင့်လိပ်ပြာတို့သည် မိမိတို့ အလိုရှိရာ ဝတ်ရည်မျိုးကို ရွေးချယ်တတ်ကြသည်။ ကဗျာဆရာကလည်း ကဗျာစပ်လျှင် မိမိအလိုရှိရာ ရသပေးမည့် စကားလုံး သို့မဟုတ် စကားလုံးဖွဲ့စည်းမှုကို ရှာဖွေ ရွေးချယ်သည်'[၂] ဟူ၍ တက္ကသိုလ်ဘုန်းနိုင်က ဆိုခဲ့ပါသည်။ ထို့ကြောင့် ကဗျာတစ်ပုဒ်ရေးဖွဲ့ရာတွင် ကဗျာဆရာတို့သည် ဘာသာစကားကို အသုံးပြု၍ ဖန်တီးပုံဖော်ရခြင်းဖြစ်ပေရာ ကဗျာတွင် ဝါကျဖွဲ့ထုံးရှိသည်ဟု ဆိုနိုင်ပါသည်။

ဝါကျဆိုသည်မှာ-

> "ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်း"[၃]

ဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုပြထားပါသည်။

မြန်မာဝါကျဖွဲ့ထုံးကျမ်းကို ပြုစုသူ ဦးဖေမောင်တင်က-

> "ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်ကူးစိတ်သန်းများကို ပြောဆိုရေးသားရာ၌ လိုရင်းအဓိပ္ပာယ် ပြည့်စုံအောင် လိုအပ်သော စကားလုံးများကို စီကာစဉ်ကာ ပြောဆိုရေးသားကြ၏။ ဤကဲ့သို့

---

[၁] Syntax in poetry

[၂] ဘုန်းနိုင်(တက္ကသိုလ်-)၊ ၂၀၁၂၊ ၁၄၇-၁၅၁။

[၃] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၃၅၄။

> လိုရင်းအဓိပ္ပာယ်ပြည့်စုံအောင် စီစဉ်ထားသော စကားလုံးစုကို ဝါကျဟုခေါ်သည်"[၁]

ဟု ဖွင့်ဆိုထားပါသည်။ ဆိုရလျှင် ဝါကျဆိုသည်မှာ စကားလုံးများ၊ ပုဒ်များကို ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ဖွဲ့စည်းထားကြောင်း သိနိုင်ပါသည်။

> "ကဗျာဆိုသည်မှာ စကားဖြင့် အကွက်ဆင်ဖွဲ့စည်းထားသော အရာဖြစ်သည်"[၂]

ဟု မြဇင်က ဖွင့်ဆိုထားပါသည်။ ကဗျာ၏ထုံးစံမှာ ဖွဲ့ထုံးစည်းကမ်းကို အလေးပေး ဖွဲ့ဆိုရလေ့ ရှိပါသည်။ ဖွဲ့ထုံးနှင့်ပတ်သက်၍လည်း–

> "မြွက်ကျူးချက်တစ်ခုမှ အဓိပ္ပာယ်ပေါ်ထွက်လာအောင် ဝိုင်းဝန်းထောက်ပံ့ကြသည့် ပစ္စည်းများအနက် အရေးကြီးဆုံးနှင့် အင်အားအကြီးဆုံးမှာ ဖွဲ့ထုံးဖြစ်သည်။ မည်သည့်စကားလုံးသည် ရှေ့မှလာ၍ မည်သည့်စကားလုံးသည် နောက်မှလာရမည်ကို သတ်မှတ်သော အစီအစဉ်အား ဖွဲ့ထုံးဟု ခေါ်လိုသည်။ ဖွဲ့ထုံးတွင် ပေါ်ပေါ်လွင်လွင် မဟုတ်ဘဲ မသိမသာ အလိုအလျောက် လှုပ်ရှားသည့် သတ္တိရှိသည်။ ဤသည်ကား စကား၏ဂုဏ်သတ္တိ ဖြစ်သည်။ ထိုသတ္တိကြောင့်ပင် စကားနှင့်ပတ်သက်လာလျှင် မျှော်လင့်မှုတွေ တဖွားဖွား ပေါ်တတ်သည်။ ကတ္တား၊ ကံ တွေ့ပြီးလျှင် ကြိယာကို မျှော်သည်။ ကြိယာကို တွေ့ပြီးလျှင် ကတ္တားကို မျှော်သည်။ ထိုမျှော်လင့်မှုများ ပျိုးခြင်း၊ နှစ်သိမ့်ခြင်း၊ မနှစ်သိမ့်ဘဲ ဆိုင်းငံ့ထားခြင်း စသည့် နည်းအမျိုးမျိုးဖြင့် စီမံခန့်ခွဲတတ်ခြင်းသည် ကဗျာဆရာ၏ ပညာဖြစ်သည်"[၃]

ဟု ကဗျာကောင်းတစ်ပုဒ် ဖြစ်လာရန်အတွက် ကဗျာတစ်ပုဒ်ကို ဖတ်လိုက်လျှင် ကတ္တား ကံ ကြိယာ စသဖြင့် စာဖတ်သူကို မျှော်လင့်ချက်ပေးနိုင်သော တစ်နည်းအားဖြင့် စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်သော ဖွဲ့ထုံးကောင်းတစ်ခုလိုအပ်ကြောင်း၊ ဖွဲ့ထုံးကောင်းတစ်ခု ဖြစ်ဖို့ရာမှာလည်း ကဗျာဆရာတွင် အဓိကကျကြောင်း ဆိုထားပါသည်။

---

[၁] ဖေမောင်တင်၊ ၁၉၆၁၊ ၉။

[၂] မြဇင်၊ ၁၉၈၈၊ ၆၉။

[၃] မြဇင်၊ ၁၉၈၈၊ ၇၀။

မောင်ခင်မင်(ဓနုဖြူ)က ဝါကျဖွဲ့စည်းပုံနှင့် ပတ်သက်၍–

> "မည်သူမဆို မိမိဖော်ပြလိုသော အကြောင်းအရာကို စကားဖြင့် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ ဖော်ပြရာ၌ အနည်းဆုံး ဝါကျတစ်ခု ပြီးအောင် ဖွဲ့၍ ဖော်ပြရမြဲ ဖြစ်သည်။ စကားလုံးများကို ဝါကျဖွဲ့ထုံးအတိုင်း မဖွဲ့ဘဲ တွဲချင်သလိုတွဲပြီး ပြော၍၊ ရေး၍ မရပါ။ ဝါကျဖွဲ့ထုံးအတိုင်း မရေးဖွဲ့လျှင် အဓိပ္ပာယ်မရှိသော စကားလုံးအစုအဝေးသာ ဖြစ်ပေလိမ့်မည်"[၁]

ဟု ဆိုပါသည်။ ထို့ကြောင့် ဝါကျတစ်ခုတွင် စကားလုံးတို့၏ ဖွဲ့စည်းပုံအစီအစဉ်ကို မှန်ကန်စွာ အသုံးမပြုပါက အဓိပ္ပာယ်မရှိနိုင်ဟု ဆိုနိုင်ပါသည်။

သို့သော် ကဗျာဝါကျသည် စကားပြေဝါကျကဲ့သို့ သဒ္ဒါစည်းကမ်း၊ ဖွဲ့ထုံး စည်းကမ်းနှင့်အညီဖွဲ့သော ကဗျာဝါကျများ ဖြစ်နိုင်သကဲ့သို့ ပုံမှန်ဝါကျဖွဲ့ထုံးကို သွေဖည်ကာရေးဖွဲ့သော ကဗျာဝါကျမျိုးလည်း ပါဝင်တတ်ပါသည်။ တစ်ခါတစ်ရံတွင် ကဗျာရေးသူတို့သည် ကဗျာများ ရေးဖွဲ့ရာတွင် ဆိုလိုသော အဓိပ္ပာယ်ရောက်ရန် အတွက် ဖွဲ့ထုံးစည်းကမ်းများကို လျစ်လျူရှုခွင့် ရှိပါသည်။ ဤသည်ကို စာဆို့ အခွင့်ထူး[၂] ဟု ဆိုပါသည်။ စာဆို့အခွင့်ထူးအရ ဖွဲ့ထုံးစည်းကမ်းကို မလိုက်နာဘဲ သွေဖည်ရေးလေ့ရှိသော ကဗျာဝါကျများကို မြန်မာကဗျာများတွင် တွေ့မြင်နိုင် ပါသည်။

အစဉ်အလာသဒ္ဒါအရဆိုလျှင် ဝါကျတစ်ခုတွင် အနည်းဆုံး နာမ်ပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခု ပါဝင်ရပါသည်။ ဝါကျ၏ဆိုလိုသောအဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားအောင် ကြိယာက ထောက်ပံ့ပေးနေပေရာ ဝါကျတစ်ကြောင်းတွင် ကြိယာသည် အဓိကကျ ပါသည်။ မြန်မာသဒ္ဒါစနစ်တွင် ဝါကျတစ်ခုတည်ဆောက်ရာ၌ ကတ္တား၊ ကံ၊ ကြိယာ ဟူ၍ အစဉ်လိုက် ရေးသားရပါသည်။ ဝါကျရိုး ဖြစ်စေ၊ ဝါကျရော ဖြစ်စေ အနည်းဆုံး ကြိယာတစ်ခုပါဝင်ရပြီး နာမ်ပုဒ်ကိုမူ အရေအတွက် အကန့်အသတ်မထားဘဲ တည်ဆောက်လေ့ ရှိပါသည်။ ဝါကျတစ်ကြောင်းတွင် မြန်မာသဒ္ဒါအရ နာမ်ပုဒ်ကို ရှေ့မှထားဖွဲ့ကာ နာမ်ပုဒ်နောက်မှ ကြိယာပုဒ်က လိုက်လေ့ရှိပါသည်။

သို့သော် ကဗျာများဖွဲ့ရာ၌ တစ်ခါတစ်ရံတွင် ထိုအစဉ်ကို သွေဖည်ရေးဖွဲ့လေ့ ရှိပါသည်။ နာမ်ပုဒ်နှင့် ကြိယာပုဒ် ရှေ့နောက်ပြောင်းလဲဖွဲ့ဆိုသော ကဗျာများ၊

---

[၁] ခင်မင်၊မောင်(ဓနုဖြူ)၊ ၂၀၁၀၊ ၂၈။

[၂] Poetic licence

နာမ်ပုဒ်မပါဝင်ဘဲ ဖွဲ့သော ကဗျာများ၊ ကြိယာဖြင့် အဆုံးမသတ်သော ဝါကျများ စသဖြင့် စာဆိုအခွင့်ထူးကို အသုံးပြုကာ ဖွဲ့ထုံးစည်းကမ်းနှင့်မညီဘဲ ဖွဲ့ဆိုသော ကဗျာများကို တွေ့ရတတ်ပါသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မောင်ခင်မင် (ဓနုဖြူ)က –

> "မြန်မာဘာသာစကားတွင် ကြိယာဝိသေသနနှင့် အဆုံးသတ်သော ဝါကျဖွဲ့ပုံမျိုး မရှိပါ။ သို့သော် လက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေ ရတုတွင် – 'တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေ လှည့်လည်၊ တလျက်မြည်သည်၊ နေခြည်ဖြာမှ နွေးသောကြောင့်' ဟူ၍ အကြောင်းပြကြိယာဝိသေသနနှင့် ဝါကျ အဆုံးသတ်ထား သည်ကို တွေ့ရပါသည်။ သို့သော် စာဖတ်သူက 'နေခြည်ဖြာမှ နွေးမည် ဖြစ်သောကြောင့် မြန်မြန်မွန်းတည့်ပါစေဟု တမ်းတ ဆိုမြည်ရပါသည်ဟူ၍ ထိုကြိယာဝိသေသနကို ရှေ့သို့ပို့ပြီး အဓိပ္ပာယ်ကောက်မည်ပင် ဖြစ်ပါသည်"[၁]

ဟု 'ကဗျာဝါကျပြဿနာ' ဆောင်းပါးတွင် မဲဇာတောင်ခြေရတုကဗျာသည် ဖွဲ့ထုံး စည်းကမ်းကို သွေဖည်ဖွဲ့ဆိုထားကြောင်း ထောက်ပြထားပါသည်။

ထို့ကြောင့် ကဗျာတွင် ဝါကျရှိပါသည်။ သို့သော် ကဗျာပါ ဝါကျသည် အသံကို ငဲ့၍လည်းကောင်း၊ ကာရန်ကို ငဲ့၍လည်းကောင်း၊ အနက်အဓိပ္ပာယ်ကို ငဲ့၍ လည်းကောင်း ဝါကျအတွင်းရှိ ပုဒ်တို့ကို ရှေ့နောက်နေရာပြောင်းကာ ဖွဲ့ဆိုတတ် ပါသည်။ ထိုသို့ဖွဲ့ခြင်းဖြင့် အသံချိုသာမှု၊ ကာရန်ညီမှု၊ အနက်အဓိပ္ပာယ် အားကောင်း ထိမိလာမှုတို့ ဖြစ်လာတတ်သည်ကို တွေ့မြင်ရပါသည်။

## ၂။ သုံးကြောင်းကဗျာများနှင့်ပတ်သက်၍

မြန်မာကဗျာလမ်းကြောင်းတွင် သုံးကြောင်းကဗျာများသည်လည်း ခေတ်စား ခဲ့ဖူးပါသည်။ ကဗျာအများစုသည် မြန်မာကဗျာဖွဲ့နည်းအတိုင်း လေးလုံးစပ်ကို မှုတည်၍ စပ်ဆိုလေ့ ရှိကြပါသည်။ မြန်မာကဗျာလမ်းကြောင်းတွင် သုံးကြောင်းကဗျာ လင်္ကာတိုကလေးများသည် ရှေးခေတ်များကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ 'အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်' ဟူသော သံပေါက်ကဗျာတိုကလေးသည် သုံးကြောင်းကဗျာပုံစံတို့၏ အဦးအစဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သုံးကြောင်းကဗျာ နှင့်ပတ်သက်၍ တင်မိုးက–

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၀၊ ၃၃။

> "သုံးကြောင်းကဗျာတိုလေးများသည် အင်းဝခေတ်ကပင် ရှိခဲ့ပါတယ်။ 'ရွှေဖီလက်ဖက်၊ ညွန့်မပျက်နှင့် တက်ပါတော့မည် အသက်ကယ်'၊ 'ရွှေဝတစ်ဖက်၊ ရွှေကြက်ယက်၊ တောင်ထက်ကြည်သာဖွယ်သာတကား' စသော ကဗျာများကို တွေ့ရပါတယ်။ ဒီကဗျာတိုကလေးတွေဟာ စပ်ရလည်းလွယ်ကူ၊ ခြေနိုင်လက်နိုင် တွေးနိုင်ရေးနိုင်တဲ့ပုံစံလည်းဖြစ်တော့ အထူးပျံ့နှံ့လာပါတယ်"[၁]

ဟု သုံးကြောင်းကဗျာပုံသဏ္ဍာန်သစ် တီထွင်ကြသည့်အကြောင်းကို ရှင်းပြထားပါသည်။

မြန်မာကဗျာလောကတွင် ၁၉၈၀ ခုနှစ်၌ ဆရာမင်းသုဝဏ်က ဟိုက္ကူကဗျာများကို မိတ်ဆက်ပေးခဲ့ရာမှ ကဗျာတိုများ ပြန်လည်ခေတ်စားလာခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။ ထို့နောက်မှ ကဗျာဆရာတို့သည် မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်ရသော အကြောင်းအရာ၊ အဖြစ်အပျက်များ၊ ခံစားရသော ခံစားမှုများကို တိုတိုနှင့် လိုရင်းရောက်စေရန်အတွက် သုံးကြောင်းကဗျာပုံစံကို ရေးစပ်လာကြသည်။ ထိုသုံးကြောင်းကဗျာများသည် ပို့စကတ်ရောင်စုံလေးများတွင်လည်း အမျိုးမျိုးရေးသားစပ်ဆိုခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။ ထိုခေတ်ပတ်ဝန်းကျင်တွင် ကဗျာဆရာ မောင်ပန်းမွှေးက 'လွယ်အိတ်သခင်၊ ပန်းသခင်ကို၊ တွယ်တာနေမိပြီ'၊ 'နေ့နေ့ညည၊ သတိရတယ်၊ ခဏခဏ အောက်မေ့တယ်'၊ 'ကြာတတ်တာတွေ မကြာစေဖို့၊ ကြာတွေလှူကာ ဆုတောင်းပါသည်၊ မကြာခင်ပဲ ပြည့်ပါစေ' စသဖြင့် ပို့စကတ်ကဗျာများစွာကို ရေးသားခဲ့သူဖြစ်ကြောင်း သိရပါသည်။

သုံးကြောင်းကဗျာနှင့်ပတ်သက်၍ ဒေါင်းနွယ်ဆွေက –

> "ပို့စ်ကတ်ရောင်စုံလှလှလေးပေါ်တွင် ကောင်လေးတစ်ကောင်နှင့် ကောင်မလေးတစ်ကောင် အလွမ်းသယ်နေသည်။ ထိုအလွမ်းသယ်နေပုံ၏ နံဘေးတွင် အကြင်သူသည် သွယ်ဝိုက်သောနည်းဖြင့် ချစ်ရေးဆိုသော ရည်းစားစာဆန်သည့် ကဗျာတိုကလေး သုံးကြောင်းရေးအံ့။ ... ထိုသုံးကြောင်း ကဗျာတိုလေးများ၏ ဦးတည်ချက် အနှစ်သာရကိုလည်း ကြည့်ပါဦး၊ လွမ်းဆွတ် အသည်းကွဲသူတို့၏ ပေးစာများတွင် ပလီပလာ တီတီတာတာ အဖွဲ့အနွဲ့ အသီအကုံးတို့ဖြင့်သာ တန်ဆာဆင်တတ်လေ့ ရှိသည်။ ၄က်ခါး

[၁] တင်မိုး၊ ၁၉၆၇၊ ၁၈၇–၁၈၈။

ကလေးတို့၏ အောင်သွယ်တော် ကဗျာတောင်ပံ ဟုလည်း ပြောစမှတ်ပြုကြသည်”[၁]

ဟု သုံးကြောင်းကဗျာများသည် အချစ်အလွမ်းအတွက်သာ ရေးသော ကဗျာများသာ ဖြစ်ကြောင်း သူ့အမြင်ကို တင်ပြထားပါသည်။

သုံးကြောင်းကဗျာသည် စပ်ဆိုရလွယ်ကူပြီး ခံစားချက်အတိုင်း ဖွဲ့ဆိုနိုင်ကာ ရွတ်ဆိုရလွယ်ကူသောကြောင့် လူထုကြားသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ ခေတ်စမ်းစာဆိုကြီး မင်းသုဝဏ်ပင်လျှင် ‘မစိမ်းပင်’ ဟူသော သုံးကြောင်းကဗျာလေးကို စပ်ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ သုံးကြောင်းကဗျာသည် အချစ်အလွမ်းသက်သက်သာ ဖွဲ့သည်ဆိုသော ဒေါင်းနွယ်ဆွေပင်လျှင် ‘စစ်’ဟူသော သုံးကြောင်းကဗျာလေးကို စပ်ဆိုခဲ့ကြောင်း တွေ့မြင်ရပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာကဗျာလမ်းကြောင်းတွင် သုံးကြောင်းကဗျာများသည် သူ့ခေတ်နှင့်သူ ခေတ်စားခဲ့သည်ဟုကား ဆိုနိုင်ပါသည်။

ထို့ကြောင့်ပင် သုံးကြောင်းကဗျာများကို အလေ့လာခံအဖြစ်ထားကာ ပြန်လည်ဖော်ထုတ်ပြလိုသောဆန္ဒဖြင့် လေ့လာတင်ပြထားပါသည်။

## ၃။ ကဗျာဝါကျဖန်တီးမှု

ကဗျာဝါကျဖန်တီးမှုတွင် ဖွဲ့ထုံးစည်းကမ်းနှင့်ညီသော ကဗျာဝါကျနှင့် ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျ ဟူ၍ နှစ်ပိုင်းခွဲကာ လေ့လာတင်ပြသွားပါမည်။

### ၃၊ ၁။ ဖွဲ့ထုံးစည်းကမ်းနှင့်ညီသော ကဗျာဝါကျ

ဖွဲ့ထုံးစည်းကမ်းနှင့်ညီသော ကဗျာဝါကျဆိုသည်မှာ စကားပြေဝါကျကဲ့သို့ပင် ရှေ့နောက် စကားအဆက်အစပ် ရှင်းလင်းခြင်း ဖြစ်ပါသည်။ ကဗျာတစ်ပုဒ်ကို စာဖတ်သူ၏နှလုံးသားထဲသို့ အရောက်ပို့ဆောင်ရာတွင် ကဗျာ့အကြောင်းအရာ၊ ကဗျာ့ခံစားမှုနှင့် ထိုခံစားမှုကို ကဗျာဆရာက ဖွဲ့စည်းတင်ပြထားပုံ တစ်နည်းအားဖြင့် ကဗျာ့ဖွဲ့ထုံး စသည့် ကဗျာ့အနှစ်သာရများသည် အရေးပါလှပါသည်။

---

[၁] ဒေါင်းနွယ်ဆွေ၊ ၁၉၇၈၊ ၃၂-၃၃။

တင်မိုးသည် 'ဧည့်သည်ကြီး' ကဗျာတွင် –

"ဆေးလိပ်လည်းတို

နေလည်းညိုပြီ

ငါ့ကိုပြန်ပို့ကြပါတော့"[၁]

ဟူ၍ ကဗျာစာကြောင်း သုံးကြောင်းဖြင့် ရေးဖွဲ့ခဲ့ပါသည်။ 'ဧည့်သည်ကြီး' ကဗျာသည် တင်မိုး၏ နာမည်ကြီးကဗျာတစ်ပုဒ်ဖြစ်ပြီး ဂယက်အနက် များစွာပေးစွမ်းနိုင်သော ကဗျာတစ်ပုဒ်အဖြစ် ထင်ရှားပါသည်။ ဝါကျနှစ်ကြောင်းဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆနိုင်ပါသည်။ ပထမစာကြောင်း 'ဆေးလိပ်လည်းတို' တွင် ဝါကျအဆုံးသတ်ပစ္စည်းကို မြှုပ်ထားသည်။ ဝါကျတစ်ကြောင်းတွင် ဝါကျအဆုံးသတ်ပစ္စည်း မပါပါက ပြည့်စုံသော ဝါကျဖွဲ့ထုံးတစ်ခုဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဝါကျဖွဲ့ထုံးစည်းကမ်းနှင့်မညီသောဝါကျဟု ယူဆနိုင်သော်လည်း ကဗျာသည် ပြောစကားဖြင့် ရေးဖွဲ့ထားသည့်ဟန်ဖြစ်သဖြင့် ဖွဲ့ထုံးစည်းကမ်းနှင့်မညီဟု တရားသေမပြောနိုင်ပေ။ ပထမစာကြောင်းသည် ဒုတိယစာကြောင်းနှင့် ပေါင်းမှသာလျှင် ဝါကျတစ်ကြောင်းဟု ယူဆနိုင်ပြီး ဆက်တိုက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ အကြောင်းကိစ္စနှစ်ခုကို တစ်ဆက်တည်း ဖော်ပြပြီးမှ နောက်ဆုံးဝါကျကို အလေးပေးဖော်ပြထားသည်။ ထို့ကြောင့် ပထမစာကြောင်းနှင့် ဒုတိယစာကြောင်းသည် တတိယစာကြောင်းအတွက် အကြောင်းပြဝါကျဟု ယူဆနိုင်ပါသည်။ ဖွဲ့ထုံးစည်းကမ်းနှင့်အညီ ရေးဖွဲ့ထားသော သုံးကြောင်းသာရှိသော ကဗျာလေးသည် လူ့ဘဝနှင့်ပတ်သက်၍ အဓိပ္ပာယ်များစွာ ဖွင့်ဆိုနိုင်သော ကဗျာတစ်ပုဒ် ဖြစ်လာခဲ့သည်။ ရိုးစင်းသော အတွေးတစ်ခုကို ဧည့်သည်တစ်ယောက်၏ နိမိတ်ပုံအဖြစ် ပုံပေါ်လာအောင်၊ ဂယက်အနက်ထင်လာအောင် ဖန်တီးနိုင်စွမ်းရှိသော စာဆို၏အရေးအဖွဲ့မှာ နှစ်သက်ဖွယ်ပင် ဖြစ်သည်။

ဒေါင်းနွယ်ဆွေ၏ 'စစ်' ဟူသောကဗျာတွင်–

"စစ်ဟုဆိုလျှင်

ပြည်သူ့ရင်ဝယ်

မြေပြင်ရှိုက်ကာ ငိုသတည်း"[၂]

---

[၁] တင်မိုး၊ ၂၀၁၃၊ ၁၁။

[၂] ဒေါင်းနွယ်ဆွေ၊ ၁၉၆၇၊ ၁၈၈။

ဟု စစ်ဟု ဆိုလိုက်သည်နှင့် ပြည်သူလူထုသည် ဝမ်းနည်းစွာ ငိုကြွေးကြသည် ဟူ၍ ဖွဲ့ဆိုထားပါသည်။ ကဗျာတွင် 'လျှင်- ရင်- ပြင်' ဟု ၄-၃-၂ ကာရန်ကိုယူကာ ဝါကျတစ်ကြောင်းတည်းဖြင့် ဖွဲ့စည်းထားပြီး ကဗျာဝါကျဖွဲ့ထုံးစည်းကမ်းအတိုင်း အဆက်အစပ်ရှိစွာ ရေးဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။ 'စစ်ဟုဆိုလျှင်' သည် အဓိက အလေးပေးလိုသော ပုဒ်ဖြစ်သောကြောင့် ရှေ့ဆုံးမှာထားဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။ စာကြောင်းသုံးကြောင်းကို တစ်ဆက်တည်း ရွတ်ဆိုကြည့်လျှင် စကားပြေကဲ့သို့ပင် အလွယ်တကူ သဘောပေါက်နိုင်ပါသည်။ စစ်၏ ဆိုးရွားခြင်းသဘော၊ ပြည်သူလူထုကို ဒုက္ခပေးသည့်သဘော၊ စိတ်မအေးချမ်းရသည့်သဘော၊ ငိုကြွေးပူဆွေးရခြင်း၏ သဘောများအပြင် စစ်ကိုမနှစ်မြို့သောသဘောများကိုပါ ကဗျာသုံးကြောင်းတည်းဖြင့် ခံစားနားလည်နိုင်အောင် ဖွဲ့ဆိုထားသည်ဟု ဆိုနိုင်ပါသည်။

မုံရွာနေဇာက-

"မျက်စိတမှိတ်၄
ခေါင်းတညိတ်မှာ
စိတ်က ကမ္ဘာပတ်ပြီးပြီ"[၁]

ဟု 'မြန်နှုန်းမြင့်စံချိန်' ဟူသော ခေါင်းစဉ်ဖြင့် သုံးကြောင်းကဗျာတစ်ပုဒ် ဖွဲ့စပ်ထားပါသည်။ မျက်စိတမှိတ်၊ ခေါင်းတစ်ငြိမ့်တွင် လူတို့၏စိတ်သည် ကမ္ဘာကိုပတ်ပြီးကြောင်း၊ စိတ်၏လျင်မြန်ပုံသဘောကို ဖွဲ့စပ်ထားပါသည်။ 'မှိတ်- ညိတ်- စိတ်' ဟူ၍ 'အိတ်' ကာရန်ကို ယူပြီး ၄-၃-၁ အချိုးပုံစံကို အသုံးပြုကာ ဖွဲ့ဆိုထားပါသည်။ အဓိက ပြောလိုသော 'စိတ်' ဟူသော နာမ်ပုဒ်၏ အရှေ့တွင် အချိန်ပြကြိယာဝိသေသနအဖြစ် 'မျက်စိတမှိတ် ခေါင်းတညိတ်မှာ' ဟူသောစကားလုံးဖြင့် အထူးပြုထားသည့်အတွက် စိတ်၏လျင်မြန်ပုံကို ပို၍လေးနက်လာစေပါသည်။ ကဗျာစာကြောင်းသုံးကြောင်းကို တွဲရွတ်ကြည့်လျှင် ဝါကျတစ်ကြောင်းထဲ မှတ်ယူနိုင်လောက်အောင် ရှေ့နောက်အဆက်အစပ် ရှင်းလင်းသည့်အတွက် ကဗျာဖွဲ့ထုံးစည်းကမ်းအတိုင်း ဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။

မောင်သာရ၏ 'တော်လှန်ရေး' ကဗျာတွင်-

"ဆူးစူး၍လျှင်
အပ်နှင့်ထွင်သည်
အသင်ဘာပြောချင်သနည်း"[၂]

---

[၁] နေဇာ၊ မုံရွာ၊ ၂၀၁၇၊ ၄။
[၂] သာရ၊ မောင်၊ ၂၀၁၇၊ ၁။

ဟု သုံးကြောင်းကဗျာကို ဖွဲ့ဆိုထားပါသည်။ ထိုကဗျာကို အဓိပ္ပာယ်ဖွင့်ကြည့်လျှင် ဆူးစူးနေသောကြောင့်သာ အပ်နှင့်ထွင်ခြင်းဖြစ်သောကြောင့် မည်သူကဘာပြောချင်ပါသနည်းဟု မေးခွန်းမေးထားသည်ဟု ဖွင့်ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ဆူးမစူးပါက အပ်နှင့်ထွင်မည်မဟုတ်ဟုလည်း ယူဆနိုင်ပါသည်။ ကဗျာတွင် ပထမစာကြောင်း၌ အကြောင်းပြသမ္ဗန္ဓ '၍' နှင့် ကန့်သတ်ချက်ပြ သမ္ဗန္ဓ 'လျှင်' ကို တွဲသုံးကာကို ဆူးစူးသည့်ဖြစ်ရပ်ကို လေးနက်စေပြီး ဒုတိယစာကြောင်း 'အပ်နှင့်ထွင်သည်' ဟူသော ဖြစ်ရပ်နှင့် ဆက်စပ်ပေးသည်။ ပထမစာကြောင်းနှင့် ဒုတိယစာကြောင်းကို ဝါကျတစ်ကြောင်းတည်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။ တတိယယစာကြောင်းတွင်မူ ပထမဖြစ်ရပ်နှင့် ပတ်သက်၍ အမေးနာမ်စားကိုသုံးကာ မေးခွန်းမေးထားပါသည်။ 'အသင်'သည် လူထုအားလုံး၊ တစ်နည်းအားဖြင့် စာဖတ်ပရိသတ်ကို ရည်ညွှန်းသည့် နာမ်စားဟု ယူဆနိုင်ပါသည်။ ကဗျာတစ်ပုဒ်လုံးသည် အပ်နှင့်ထွင်ခြင်းမှာ အလကားမဟုတ်၊ ဆူးစူးသောကြောင့်သာဖြစ်ကြောင်း အကြောင်းပြကာ ထိုအကြောင်းနှင့်ပတ်သက်၍ ဝေဖန်ကြရန်ပါ လမ်းဖွင့်ပေးထားသည်ဟု ဆိုနိုင်ပါသည်။ ကဗျာဝါကျအရ ရိုးရှင်းစွာ အဓိပ္ပာယ်ဖော်နိုင်သကဲ့သို့ ခေါင်းစဉ်နှင့်တွဲ၍လည်း ဂယက်အနက်များစွာ ဖော်ကျူးနိုင်သော ကဗျာတစ်ပုဒ်ဖြစ်ကြောင်း တွေ့ရပါသည်။

လှသန်း၏ 'အရွယ်' ဟူသော ကဗျာတွင်–

> "မင်းလည်း ပုဝါမခြုံချင်
>
> ငါလည်း တိုက်ပုံမဝတ်ချင်
>
> ဒါပေမယ့် အချိန်အခါက ငါတို့ကို ပညာပြတယ်"[၁]

ဟူသော ကဗျာတွင် ဝါကျသုံးကြောင်းဖြင့် ကဗျာစာကြောင်းသုံးကြောင်း ဖွဲ့ပြထားပါသည်။ ပြောစကားဟန်ဖြင့် ကဗျာဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။ ကဗျာ့အဓိပ္ပာယ်ကို ကြည့်လျှင် မင်းရော ငါရော အသက်ကြီးသည်ဟု မယူဆသော်လည်း တကယ်မှာမူ အချိန်က ညာ၍မရနိုင်ကြောင်း၊ မိမိကိုယ်ကို ငယ်သေးသည်ဟု ထင်သော်လည်း အသက်ကြီးလာပြီဖြစ်ကြောင်း၊ အရွယ်၏ ပြောင်းလဲခြင်းသဘောကို ဖွဲ့ပြထားသည်ဟု ဆိုနိုင်ပါသည်။ 'ပုဝါ'သည် အသက်ကြီးလာသော မိန်းကလေးကို ရည်ညွှန်းသော သင်္ကေတ၊ 'တိုက်ပုံ'သည် အသက်ကြီးလာသော ယောကျ်ားလေးကို ရည်ညွှန်းသော သင်္ကေတဟု မှတ်ယူနိုင်ပါသည်။ ပထမစာကြောင်းနှင့် ဒုတိယစာကြောင်းတွင် 'မ–ချင်' ဟူသော အငြင်းပြပစ္စည်းကို သုံးကာရေးဖွဲ့ထားသည်။ ကဗျာပါ ဝါကျကို ဖတ်ကြည့်

---

[၁] လှသန်း၊ ၂၀၁၄၊ ၇၁။

သောအခါ ဝါကျအဆုံးသတ်ပစ္စည်း ပျောက်နေသည်ဟု ထင်နိုင်သော်လည်း ကဗျာသည် အပြောစကားဖြင့် ရေးထားခြင်းဖြစ်သည့်အတွက် အပြောစကားတွင် တစ်ခါတစ်ရံ ဝါကျအဆုံးသတ်ပစ္စည်းကို မသုံးဘဲ စာကြောင်းနှစ်ကြောင်းကို ဆက်တိုက်ပြောလေ့ရှိသည်ကို သိနိုင်ပါသည်။ တတိယစာကြောင်းတွင် 'ဒါပေမယ့်' နှင့်ဝါကျ အဆုံးသတ်ပစ္စည်း 'တယ်' သည် အပြောစကားတွင်သာသုံးကြောင်း သိနိုင်ပါသည်။ ဇရာကို မရှောင်လွှဲနိုင်သည့်သဘောကို ပြောစကားဟန်ဖြင့် ဖွဲ့ထုံးစည်းကမ်းနှင့်အညီ ရေးဖွဲ့ထားရာ ကဗျာ့ဆိုလိုရင်းကို သဘောပေါက်နားလည်လွယ်စေကြောင်း သိနိုင်ပါသည်။

ဖွဲ့ထုံးစည်းကမ်းနှင့်ညီသော ကဗျာဝါကျနှင့်ပတ်သက်၍ သုံးကြောင်းကဗျာ (၅)ပုဒ်နှင့် သာဓကပြထားပါသည်။ သုံးကြောင်းကဗျာဖြစ်သောကြောင့် ဆိုလိုသော ကဗျာ့အဓိပ္ပာယ်ကို နားလည်သဘောပေါက်စေရန်အတွက် တိုတိုနှင့်လိုရင်းရောက်အောင် ရေးပြလေ့ရှိပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် ကဗျာ့ဆိုလိုရင်းလည်း ပေါ်လွင်အောင်၊ ထိထိမိမိလည်းရှိအောင် စကားအသုံးအနှုန်း ရွေးချယ်မှု၊ ကာရန်အသုံးချမှု၊ ခံစားချက်ကို ကူးစက်စေမှုများသာမက ဝါကျဖွဲ့ထုံးမှာလည်း အရေးကြီးလှပါသည်။ ဖွဲ့ထုံးစည်းကမ်းနှင့်အညီရေးဖွဲ့ထားသော ကဗျာဝါကျများကို အသုံးပြုထားသဖြင့် ဆိုလိုရင်းကို ပို၍ သဘောပေါက်နားလည်လွယ်စေပြီး ကဗျာသုံးကြောင်းထဲဖြင့် ကဗျာ့အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားအောင်၊ ခံစားမှုလေးနက်လာအောင် ရေးဖွဲ့နိုင်ခဲ့သော ကဗျာစာဆိုတို့၏ အဖွဲ့စွမ်းရည်ကိုလည်း တွေ့မြင်ရပါသည်။

## ၃၊ ၂။ ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျ

ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျဆိုသည်မှာ စကားပြေဝါကျကဲ့သို့ ရှေ့နောက် စကားအဆက်အစပ် မရှင်းလင်းဘဲ စာဆို့အခွင့်ထူးအရ ပုဒ်အထားအသိများကို ရှေ့နောက်ပြောင်းလဲ ရေးဖွဲ့ပြထားခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ဝါကျဖွဲ့ထုံးစည်းကမ်းကို သွေဖည်ရေးဖွဲ့ခြင်း ဖြစ်ပါသည်။

တင်မိုး၏ 'စာတိုက်ပုံးသို့' ကဗျာတွင်–

"ချစ်သူ့စာအိတ်
ရင်တွင်းသိပ်၍
တိတ်တိတ်မွေးမှာစိုးမိတယ်"[၁]

[၁] တင်မိုး၊ ၁၉၆၇၊ ၉၂။

ဟု ချစ်သူကပို့လိုက်သော စာအိတ်ကလေးကို စာတိုက်ပုံးက တိတ်တိတ်ကလေး မွေးလိုက်မည်ကို စိုးရိမ်နေသောသူတစ်ဦး၏ ခံစားချက်ကို ဖွဲ့စပ်ထားပါသည်။ တစ်နည်းအားဖြင့် ချစ်သူက သူ့ထံ ပို့လိုက်သော စာအိတ်ကလေးသည် စာတိုက်ပုံး ထဲတွင် ကြာရှည်နေမည်ကို စိုးရိမ်နေသောအဖြစ်ကို ဖွဲ့စပ်ထားပါသည်။ ကဗျာ စာကြောင်းသုံးကြောင်းကို ၄–၃–၂ ကာရန်ကိုယူကာ ဖွဲ့ထုံးစည်းကမ်းကို အနည်းငယ် သွေဖယ်၍ ဖွဲ့စပ်ထားပါသည်။ ကဗျာတစ်ပုဒ်လုံးကို 'ချစ်သူစာအိတ်ကို ရင်တွင်းသိပ်၍ တိတ်တိတ်မွေးမှာ စိုးမိတယ်' ဟု ဝါကျတစ်ကြောင်းထဲ ဖွဲ့ကြည့်နိုင်ပါသည် ပထမစာကြောင်း 'ချစ်သူစာအိတ်' နှင့် ဒုတိယစာကြောင်း 'ရင်တွင်းသိပ်၍' ကို တွဲရွတ်ကြည့်လျှင် 'ကို' ဟူသော ဝိဘတ်ပျောက်နေသည်ကို တွေ့နိုင်ပါသည်။ 'ကို' ဟူသော စကားလုံးမပါသဖြင့် ဝါကျသည် မပြည့်စုံဟု ယူဆနိုင်ပါသည်။ သို့သော် ကဗျာဆရာဆိုလိုသော အဓိပ္ပာယ်ကိုကား ချက်ချင်း သဘောပေါက် နားလည်နိုင် ပါသည်။ ကဗျာခေါင်းစဉ်နှင့် ဆက်စပ်ကြည့်ပါက ပို၍အဓိပ္ပာယ်ကို နားလည်ခံစား နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ချစ်သူ၏စာကိုပင် သဝန်တိုနေသည့်သဘော၊ ချစ်သူ၏ စာကို မျှော်လင့်နေသောသဘောတို့ကို ဂယက်အနက်အဖြစ် သိရှိနိုင်ပါသည်။

မောင်ပေါက်စည် (မန်းတက္ကသိုလ်)က 'ညှော်သည်' ဟူသောခေါင်းစဉ်ဖြင့်–

"လာရောက်ခိုနား

သူပျံသွားသော်

ကိုင်းဖျားသိမ့်သိမ့်ခါသတည်း"[၁]

ဟု သုံးကြောင်းကဗျာ စပ်ဆိုခဲ့ပါသည်။ ကဗျာ့အဓိပ္ပာယ်အရ ငှက်သည် ကိုင်းဖျားတွင် လာရောက်ခိုနားပြီး ပျံသွားသောအခါ သစ်ပင်ကိုင်းဖျားသည် သိမ့်သိမ့်ခါကာ ကျန်ရစ် ခဲ့ကြောင်း ဆိုလိုပါသည်။ ကဗျာအရ ဝါကျတစ်ကြောင်းတည်းဖြင့် ဖြစ်စဉ်သုံးခုကို ဖော်ကျူးပြထားသည်ဟု ဆိုနိုင်ပါသည်။ ကဗျာတွင် 'သူ' ဟူသော နာမ်စားမှာ ငှက် တစ်ကောင်ကို ရည်ညွှန်းသည်ဟု ယူဆနိုင်ပါသည်။ ပထမစာကြောင်းတွင် 'လာရောက် ခိုနား' ဟူ၍ လုံးတွဲကြိယာများကို အသုံးပြုထားသည်။ မြန်မာသဒ္ဒါအရ ဝါကျ တစ်ကြောင်းသည် ကြိယာပုဒ်သည် နာမ်ပုဒ်၏နောက်မှ လိုက်လေ့ရှိသော်လည်း ကဗျာတွင်မူ ပြုလုပ်သူ ကတ္တားလည်းမပါ၊ ပြုလုပ်ခံရသူ ကံပုဒ်လည်းမပါဘဲ ကြိယာ ချည်းသက်သက် ရေးဖွဲ့ရာ ဖွဲ့ထုံးစည်းကမ်းနှင့်မညီဟု ယူဆနိုင်ပါသည်။ တစ်စုံ တစ်ယောက်က တစ်နေရာရာတွင် လာရောက်ခိုနားသွားသည်ဟု ဆိုသောသဘောဖြင့်

[၁] ပေါက်စီ၊ မောင်(မန်းတက္ကသိုလ်)၊ ၂၀၁၁၊ ၁၂။

ပထမဖြစ်စဉ်ကို ဖော်ပြထားသည်။ ဒုတိယစာကြောင်းတွင် 'သူပုံ့သွားသော်' ဟု နောက်ဖြစ်စဉ်တစ်ခုကို ဖွဲ့ပြသည်။ ပထမဖြစ်စဉ်နှင့် ဒုတိယဖြစ်စဉ်ကို ဆက်စပ်ကြည့်မှသာလျှင် အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်သည်။ တတိယစာကြောင်းသည် ပထမဖြစ်စဉ်နှင့် ဒုတိယဖြစ်စဉ်တို့၏ အကျိုးဆက်ကို ဖော်ကျူးပြသော ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ခဏတာခိုနားပြီးနောက် ပြန်သွားသည့်အခါ ကိုင်းဖျားသည် လှုပ်ခတ်ကာ ကျန်ရစ်ခဲ့သည် ဟူသောအဖြစ်ကို လူ့ဘဝများနှင့်လည်း ထင်ဟပ်ကာ ဂယက်အနက် ကောက်ယူတွေးဆနိုင်သည်ဟု ယူဆမိပါသည်။

စောဝေ၏ 'အမေ' ဟူသော ကဗျာတွင်–

"ချောင်းသံတွေကြားက
'ကျောင်းမှန်မှန်သွား သား' တဲ့
တစ်သက်စာအား အမေထားလို့သွား"[၁]

ဟူ၍ ပြောစကားကိုထည့်သွင်း၍ သုံးကြောင်းကဗျာအဖြစ် စပ်ဆိုထားကြောင်း တွေ့ရပါသည်။ အမေက ချောင်းသံများကြားမှ သားဖြစ်သူကို ကျောင်းမှန်မှန်တက်ရန် ပြောနေကြောင်း၊ ထိုသို့ အမေမှာခဲ့သောစကားသည် သားဖြစ်သူအတွက် တစ်သက်စာအား ဖြစ်ကြောင်း ကဗျာအဓိပ္ပာယ်ကို ကောက်ယူနိုင်ပါသည်။ ကဗျာသည် ပြောဟန်ဖြင့် ရေးဖွဲ့ထားပြီး ကဗျာဝါကျဖွဲ့ထုံးစည်းကမ်းနှင့်မညီကြောင်း တွေ့နိုင်ပါသည်။ ပထမစာကြောင်းတွင် ချောင်းသံများကြားနေရသည့်အဖြစ်ကို ပြကာ ဒုတိယစာကြောင်းနှင့် ဆက်စပ်ပြသည်။ ဒုတိယစာကြောင်းတွင် 'ကျောင်းမှန်မှန်သွား သား' ဟု တစ်စုံတစ်ယောက်က မှာပုံကို 'တဲ့' ဟူသော ဝါကျနောက်လိုက်ပစ္စည်းကို အသုံးပြုထားသဖြင့် တစ်ဆင့်ပြန်ပြောနေသော လေသံကို ပေါ်လွင်နေပါသည်။ ပထမစာကြောင်းနှင့်ဒုတိယစာကြောင်းကို ဆက်စပ်ကြည့်မှသာလျှင် တစ်စုံတစ်ယောက်သည် ချောင်းဆိုးနေသည့်ကြားမှ သားဖြစ်သူအား ကျောင်းမှန်မှန်သွားပါ ဟူ၍ မှာနေခဲ့ကြောင်း တစ်ဆင့်ပြောပြနေသည့်သဘော ယူဆနိုင်ပါသည်။ တတိယစာကြောင်းဖြစ်သည့် 'တစ်သက်စာအား အမေထားလို့သွား' ဟူသောစာသားကို ဖတ်ကြည့်မှသာလျှင် ချောင်းသံများကြားမှ ကျောင်းမှန်မှန်သွားဟု မှာနေသူမှာ အမေဖြစ်ကြောင်း ရိပ်မိနိုင်ပါသည်။ ထို့ကြောင့် ကဗျာ့ အဓိပ္ပာယ်အရကြည့်လျှင် စာကြောင်းသုံးကြောင်းသည် ဝါကျတစ်ကြောင်းတည်းဖြင့် ဖွဲ့စည်းထားကြောင်း သိနိုင်ပါသည်။ ဝါကျတွင် ကံပုဒ်ကို သီးခြားမထည့်ဘဲ ပြောစကားထဲမှ 'သား' ဟူသော စကားအရသာ သိခွင့်ပေး

[၁] စောဝေ၊ ၁၉၉၆၊ ၉။

ထားသည်။ ကတ္တားပုဒ်ကိုမူ ပဓာနကြိယာနှင့်တွဲ၍ နောက်ဆုံးမှ ဖော်ပြထားသည်။ ဝါကျအဆုံးသတ်ပစ္စည်းကိုလည်း မြုပ်ထားသည်။ စာဆို့အခွင့်ထူးအရ အလေးပေး ရမည့် အရာများကိုသာ ရွေးချယ်အလေးပေးသွားသည့်သဘောဟု ယူဆနိုင်ပါသည်။ ကဗျာအရ သားဖြစ်သူအပေါ်ထားသော အမေ့မေတ္တာ၊ စေတနာ ကြီးမားပုံများကို ရိပ်မိ စေနိုင်ပါသည်။

မောင်လူမိုန်၏ 'သဘာဝသင်းကွဲ' ဟူသော ကဗျာတွင်–

"စာ ခို ကျီးကန်း၊ ပျံကျသမား

ရေအိုင် ဘဲဖြူ၊ လှေထိုးသား

တီကောင် လယ်ထွန်စား"[၁]

ဟူ၍ သဘာဝအရ မတူညီသော အသက်မွေးမှုများကို ကဗျာသုံးကြောင်းဖြင့် ရေးဖွဲ့ပြ ထားပါသည်။ စာကြောင်းတစ်ကြောင်းကို ဝါကျတစ်ကြောင်းဖြင့် ကဗျာစာကြောင်း သုံးကြောင်း၊ ဝါကျအနေဖြင့် သုံးကြောင်း ဖွဲ့စပ်ထားသည်ဟု ဆိုနိုင်ပါသည်။ ကဗျာ တစ်ပုဒ်လုံးတွင် ပစ္စည်းများကိုမြုပ်ကာ နာမ်စကားလုံးများချည်းသာ အသုံးပြုထားသည်။ ပထမစာကြောင်းတွင် စာကလေး၊ ခိုနှင့် ကျီးကန်းတို့သည် အစာရှာဖွေရာတွင် နေရာ အတည်တကျမရှိဘဲ ရှာဖွေစားသောက်ရသည့်သဘောကို ပျံကျသမားနှင့်ခိုင်းနှိုင်းကာ ရေးဖွဲ့ထားသည်။ ဒုတိယစာကြောင်းတွင် ရေအိုင်ထဲမှ ဘဲဖြူကို လှေထိုးသားနှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသည်။ တတိယစာကြောင်းတွင် တီကောင်သည် မြေကြီးထဲတွင် နေသူဖြစ်သည့်အတွက် လယ်ထွန်စားဟု ခိုင်းနှိုင်းကာ ရေးဖွဲ့ထားသည်။ မတူညီသော အသက်မွေးမှုသဘာဝများကို မတူညီသော နိမိတ်ပုံများဖြင့် ဖွဲ့ပြကာ ဖန်တီးထား ပါသည်။ ကဗျာဝါကျအနေဖြင့် ဝါကျသုံးကြောင်းဟု ဆိုနိုင်သော်လည်း ဝါကျ အဆုံးသတ်ပစ္စည်းများကို မြုပ်ကာရေးဖွဲ့ထားသည့်အတွက် ကဗျာ့အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူကြည့်မှသာ သိသာနိုင်ပါသည်။ ထို့ကြောင့် ကဗျာဝါကျဖွဲ့ထုံး စည်းကမ်းနှင့် သွေဖည်ကာ ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြစ်သည်ဟု ဆိုနိုင် ပါသည်။

စိုးအောင်သစ်၏ 'အင်းလျား' ဟူသော ကဗျာတွင်–

---

[၁] လူမိုန်၊ မောင်၊ ၂၀၀၅၊ ၄၆။

"အင်းလျားသည် ကြည်လင်စူးရှ ရောင်ပြန်ထ

လုံး၀ . .

တံလျပ်မဟုတ် မှန်ချပ်သရုပ် ပြဒါးသုတ်"[၁]

ဟူ၍ အင်းလျားသည် နေရောင်ခြည်အောက်တွင် တောက်ပကြည်လင်နေသည့် ဖြစ်ရပ်ကို ရေးဖွဲ့ထားပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် ကဗျာစာကြောင်းသုံးကြောင်းဖြင့် ရေးဖွဲ့ထားပြီး ဝါကျနှစ်ကြောင်းဖြင့် ရေးဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။ ပထမ စာကြောင်းတွင် အင်းလျားရေပြင်သည် ကြည်လင်နေကာ နေရောင်ခြည်ထိသဖြင့် ရောင်ပြန်ထနေသည့်ဖြစ်ရပ်ကို ဝါကျအဆုံးသတ်ပစ္စည်းမပါဘဲ ရေးဖွဲ့ထားသည်။ ဒုတိယစာကြောင်းတွင် 'လုံး၀' ဟူသော အငြင်းပြစကားလုံးကို အဆက်အစပ်မဲ့စွာ သုံးနှုန်းပြီးမှ တတိယစာကြောင်းနှင့် ဆက်စပ်ပေးထားသည်။ တတိယစာကြောင်းသည် အင်းလျားရေပြင်သည် တံလျပ်မဟုတ်ကြောင်း၊ ပြဒါးသုတ်ထားသော မှန်ချပ်ပမာ ကြည်လင်နေကြောင်း ဖွဲ့ပြထားသည်။ စာကြောင်းသုံးကြောင်းကို ဆက်စပ်ကြည့်မှ သာလျှင် အဓိပ္ပာယ်ပြည့်စုံသော ဝါကျဖြစ်နိုင်ပါသည်။ ဝါကျဖွဲ့ထုံးစည်းကမ်းကို သွေဖည်ကာ အင်းလျား၏အသွင်ကို တင်ပြထားသော ကဗျာတစ်ပုဒ်ဟု ယူဆနိုင် ပါသည်။

ဖွဲ့ထုံးစည်းကမ်းနှင့် မညီသော ကဗျာဝါကျနှင့်ပတ်သက်၍ သုံးကြောင်းကဗျာ (၅)ပုဒ်နှင့် သာဓကပြထားပါသည်။ သုံးကြောင်းကဗျာ၏သဘာ၀မှာ စာကြောင်း သုံးကြောင်းဖြင့် ဆိုလိုရင်းကိုရောက်အောင် ဖော်ထုတ်တင်ပြရသည့်သဘောရှိပါသည်။ ထိုသို့ဖွဲ့ရာတွင် ကာရန်ကို ငဲ့၍လည်းကောင်း၊ အသံကို ငဲ့၍လည်းကောင်း၊ အနက် အဓိပ္ပာယ်ကို ငဲ့၍လည်းကောင်း ဖွဲ့ထုံးစည်းကမ်းကို သွေဖည်ကာ ရေးဖွဲ့ဖန်တီးလေ့ ရှိပါသည်။ ကဗျာအတွင်းရှိ ပုဒ်တို့ကို စာဆို့အခွင့်ထူးအရ လိုအပ်သလို ရွှေ့ပြောင်း အသုံးပြုထားသော်လည်း အနက်အဓိပ္ပာယ်ကို မပျက်ယွင်းစေဘဲ ကဗျာ့အာနိသင်ကို ပို၍လေးနက်လာစေကာ စာဖတ်သူကို ခံစားမှုပေးစွမ်းနိုင်ခဲ့ကြောင်း တွေ့မြင်ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ကဗျာဝါကျဖန်တီးမှုသည် ရေးဟန်ပညာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ စကားပြေတွင် ဝါကျရှိသကဲ့သို့ ကဗျာတစ်ပုဒ်ဖန်တီးရာတွင် ဝါကျဖွဲ့ထုံး ဟူ၍ ရှိပါသည်။ ကဗျာဝါကျတွင် စကားပြေဝါကျကဲ့သို့ သဒ္ဒါစည်းကမ်း၊ ဖွဲ့ထုံးစည်းကမ်း

---

[၁] စိုးအောင်သစ်၊ ၁၉၉၅၊ ၂၈။

နှင့်အညီ ဖွဲ့လေ့ရှိသော ကဗျာဝါကျမျိုး ရှိသကဲ့သို့ ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျဖွဲ့ထုံးမျိုးလည်း ရှိတတ်ပါသည်။ အစဉ်အလာသဒ္ဒါစည်းကမ်း၊ ဖွဲ့ထုံးစည်းကမ်းနှင့်မညီဘဲ ရေးဖွဲ့ခြင်းကို ကဗျာဆရာ၏အခွင့်ထူးဟု ဆိုကြပါသည်။

ယခုအလေ့လာခံဖြစ်သော သုံးကြောင်းကဗျာများသည် တိုတိုတုတ်တုတ်နှင့် လိုရင်းရောက်အောင် ရေးဖွဲ့ရသော ကဗျာမျိုးဖြစ်ရာ စကားလုံးရွေးချယ်မှု၊ ကဗျာဝါကျဖွဲ့ထုံးကို စီစဉ်တတ်မှုတို့သည် ပို၍အရေးကြီးလှပါသည်။ ကဗျာစာဆို၏ ဖန်တီးမှုစွမ်းရည်အရ ကဗျာ့အရသာ၊ ကဗျာ့အနက်အဓိပ္ပာယ်၊ ကဗျာ့ခံစားမှုများသည် ပို၍ပေါ်လွင်ထင်ရှားစေသည့်သဘော ရှိပါသည်။

စာကြောင်းသုံးကြောင်းထဲဖြင့် အဓိပ္ပာယ်ကို ထိထိမိမိ ပုံဖော်ပေးနိုင်သော သုံးကြောင်းကဗျာများတွင် ဖွဲ့ထုံးစည်းကမ်းနှင့်ညီသော ကဗျာဝါကျများဖြင့် ဖန်တီးထားသော ကဗျာများ တွေ့ရသကဲ့သို့ ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျများဖြင့် ဖန်တီးထားသော ကဗျာများကိုလည်း တွေ့မြင်ရပါသည်။

ဖွဲ့ထုံးစည်းကမ်းနှင့်အညီ ရေးဖွဲ့သော ကဗျာဝါကျများနှင့် ပတ်သက်၍ တင်မိုး၏ 'ဧည့်သည်ကြီး'၊ ဒေါင်းနွယ်ဆွေ၏ 'စစ်'၊ မုံရွာနေဇာ၏ 'မြန်နှုန်းမြင့်စံချိန်'၊ မောင်သာရ၏ 'တော်လှန်ရေး'၊ လှသန်း၏ 'အရွယ်' ဟူသော ကဗျာများဖြင့် တင်ပြထားပါသည်။ ဖွဲ့ထုံးစည်းကမ်းနှင့်အညီ ရေးဖွဲ့ထားသော ကဗျာဝါကျများကို အသုံးပြုထားသဖြင့် ကဗျာ၏ ဆိုလိုရင်းကို ပို၍သဘောပေါက်နားလည်လွယ်စေပြီး ကဗျာသုံးကြောင်းထဲဖြင့် ကဗျာ့အနက်အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားအောင်၊ ခံစားမှုလေးနက်လာအောင် ရေးဖွဲ့ဖန်တီးနိုင်ခဲ့သော ကဗျာစာဆိုတို့၏ အဖွဲ့စွမ်းရည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ဖွဲ့ထုံးစည်းကမ်းနှင့်မညီသော ကဗျာဝါကျများနှင့် ပတ်သက်၍ တင်မိုး၏ 'စာတိုက်ပုံး'၊ မောင်ပေါက်စည်(မန်းတက္ကသိုလ်)၏ 'ဧည့်သည်'၊ စောဝေ၏ 'အမေ'၊ မောင်လူမှိန်၏ 'သဘာဝသင်းကွဲ'၊ စိုးအောင်သစ်၏ 'အင်းလျား' ကဗျာများဖြင့် သာဓကပြ တင်ပြထားပါသည်။ ကဗျာအတွင်းရှိ ပုဒ်တို့ကို စာဆို့အခွင့်ထူးအရ လိုအပ်သလို ရွှေ့ပြောင်းအသုံးပြုထားသော်လည်း ကဗျာ့ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို ပျက်ယွင်းမှုမရှိဘဲ ကဗျာ့အာနိသင်ကို ပို၍လေးနက်လာစေကာ စာဖတ်သူကို နှစ်သက်မှုရသများ ပေးစွမ်းနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကဗျာဝါကျများကို လေ့လာရာတွင် ကဗျာဝါကျဖွဲ့ထုံးစည်းကမ်းနှင့်အညီ ရေးဖွဲ့သည်ဖြစ်စေ၊ ကဗျာဝါကျဖွဲ့ထုံးစည်းကမ်းကို သွေဖည်ရေးဖွဲ့သည်ဖြစ်စေ ကဗျာဆရာ၏ ဖန်တီးမှုစွမ်းရည်အရ ကဗျာ့ဆိုလိုရင်း၊ ကဗျာ့အာနိသင်နှင့် ကဗျာခံစားမှု

ရသတွင် အမျိုးမျိုးကွာခြားသွားနိုင်ကြောင်း တွေ့မြင်ရပါသည်။ ကဗျာဖတ်သူသည် ကဗျာဝါကျမှတစ်ဆင့် စကားလုံးများဆီသို့ အာရုံပြုမိကာ ကဗျာ့အနက်ကို ပို၍ တွေးဆနိုင်သည်ဟု ထင်မြင်မိပါသည်။ ကဗျာဝါကျဖန်တီးမှုသည် ကဗျာ့ဦးတည်ချက်၊ ကဗျာ့အကြောင်းအရာနှင့် ကဗျာခံစားမှုအတွက် များစွာ အထောက်အပံ့ပြုနေကြောင်း လေ့လာသုံးသပ်မိပါသည်။

## နိဂုံး

ဤစာတမ်းတွင် သုံးကြောင်းကဗျာများကို အလေ့လာခံအဖြစ်ထားကာ ကဗျာဝါကျအဖွဲ့များသည် ကဗျာဆရာ၏ ဦးတည်ချက်နှင့် ကဗျာ့အကြောင်းအရာကို ပေါ်လွင်စေရန် အထောက်အကူပြုနေကြောင်း လေ့လာဖော်ထုတ်ထားပါသည်။ ကဗျာလေ့လာမှုအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

# ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၇)။ ***ကဗျာဝါကျပြဿနာ၊ စာပေသမုဒ္ဒရာတွင်လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ အားမာန်သစ်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တင်မိုး။ (၁၉၆၇)။ ***ကဗျာသစ်ဖန်တီးကြတဲ့အစဉ်အလာ***၊ အထက်ဗမာနိုင်ငံစာရေးဆရာအသင်း စာပေစာတမ်းများ။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်။

ဒေါင်းနွယ်ဆွေ။ (၁၉၇၈)။ ***အဆုံးမရှိတဲ့အစ***။ ရန်ကုန်၊ ရေသောက်မြစ်စာပေ။

ဖေမောင်တင်၊ ဦး။ (၁၉၆၁)။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း*** (စကြိမ်)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဘုန်းနိုင်(တက္ကသိုလ်-)။ (၂၀၁၂)။ ***လီရနာ ဂင်္ဂါရောဝတီ ကဗျာ၏သင်္ချိုင်းရှင် နိယာမ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မင်းသုဝဏ်။ (၁၉၈၀)။ ***ဟိုက္ကူကဗျာ မြည်းစရာ***။ ရန်ကုန်၊ စပယ်ဦးစာပေ။

မျိုးသန့်။ (၂၀၀၅)။ ***ခေတ်ပေါ်မြန်မာကဗျာဆောင်းပါးများ***။ ရန်ကုန်၊ ရတနာကောင်းကင်စာပေ။

မြဇင်။ (၁၉၈၈၊ ဒီဇင်ဘာ)။ ***ကဗျာနှင့်ဖွဲ့ထုံး***။ စာပေဂျာနယ်၊ အတွဲ (၁)၊ အမှတ်(၂)၊ ၆၈-၇၁။ ရန်ကုန်၊ အားမာန်သစ်စာပေ။

ရဲမြလွင်။ (၂၀၀၁)။ ***ဟိုက္ကူကဗျာ ချစ်စရာ***။ ရန်ကုန်၊ စစ်သည်တော်စာပေ။

သာချို၊ မောင်။ (၂၀၀၃)။ ***လက်ရာရလမ်း***။ ရန်ကုန်၊ မုံရွေးစာအုပ်တိုက်။

အောင်ဝေး။ (၂၀၁၃)။ ***လရောင်ထဲမှမြင်းရိုင်းများ၊*** ကဗျာလောကစုစည်းမှု(၃)။ ရန်ကုန်၊ နှစ်ကာလများစာပေ။

# မလေးလုံ၏ ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်အတ္ထုပ္ပတ္တိမှ ဝတ္ထုဟန် အတ္ထုပ္ပတ္တိအရေးအသား

တင်မိမိနိုင်[*]

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် စာရေးသူ မလေးလုံသည် ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည် အတ္ထုပ္ပတ္တိကို ဝတ္ထုဟန်ဖြင့် ရေးသားထားသည်ကို လေ့လာတင်ပြရန် ရည်ရွယ်ပါသည်။ စာရေးသူသည် ဆရာကြီး ဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိကို ဖော်ပြရာတွင် ဆရာကြီး၏ ဘဝအမှောင်ပိုင်း၊ အလင်းပိုင်း နှစ်မျိုးစလုံးကို ရသ မြောက်အောင် သရုပ်ဖော်ထားပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် ဝတ္ထုဟန် အတတ်ပညာပါဝင်မှု၊ ဝတ္ထုဟန်အရေးအသားပါဝင်မှုတို့နှင့် ချိန်ထိုးလေ့လာ တင်ပြသွားပါမည်။ ထိုသို့ လေ့လာခြင်းဖြင့် ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည် ဝတ္ထုဟန် အတ္ထုပ္ပတ္တိ စကားပြေသည် မြန်မာစာပေသမိုင်းအတွက် အကျိုးပြုရုံ သာမက ကြည်ညိုလေးစားဖွယ်ကောင်းသော စာပေပညာရှင်တစ်ဦး၏ ဘဝကို အားကျ အတုယူဖွယ်ဖြစ်အောင် ရေးသားတင်ပြထားသည်ကို တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ** – ***ဖေမောင်တင်၊ ဝတ္ထုဟန်အတ္ထုပ္ပတ္တိ၊ မလေးလုံ။***

## ၁။ မလေးလုံ၏ အတ္ထုပ္ပတ္တိအကျဉ်း

စာရေးဆရာမ မလေးလုံကို ၁၉၃၅–ခုနှစ် ဇူလိုင်လ ၁၉ ရက် သောကြာနေ့တွင် ပုသိမ်မြို့၌ အဖ ကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်း၊ အမိ ဒေါ်စောတင်တို့မှ မွေးဖွား ခဲ့ပါသည်။ မလေးလုံ၏ အမည်ရင်းမှာ မခင်သန်းဆွေ ဖြစ်ပါသည်။ မလေးလုံသည် ကျန်းမာရေးချို့တဲ့မှုကြောင့် တက္ကသိုလ်ဝင်တန်းအထိသာ ပညာသင်ကြားခဲ့ရသည်။ မလေးလုံ ငယ်စဉ်က ပုသိမ်မြို့ ခရစ်ယာန် သာသနာပြုကျောင်းများ ဖြစ်သော အေဘီအမ် အထက်တန်းကျောင်းနှင့် စကောကရင် အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ အသက် (၁၅)နှစ်အရွယ် ဆယ်တန်းစာမေးပွဲ ဖြေဆိုရန် ကြိုးစားနေစဉ် နှလုံးရောဂါဖြင့် အပြင်းအထန် မမာမကျန်း ဖြစ်လာရာ သမားတော် ဆရာဝန်ကြီးများ၏ တိုက်တွန်းညွှန်ကြားချက်အရ ပညာသင်ကြားခြင်းမှ အနားယူ လိုက်ရပြီး အသက်ရှင်နိုင်ရေးအတွက် နှလုံးရောဂါပါရဂူများ၏ ဆေးကုသမှုကို ခံယူ နေခဲ့ရသည်။ ဆေးကုသမှု ခံယူနေစဉ်မှာပင် အချိန်ယူ၍ ဝတ္ထုတိုကလေးများကို တိုင်းရင်းမေဂျာနယ်၌ မလေးလုံ ကလောင်အမည်ဖြင့် စတင်ရေးသားခဲ့လေသည်။

---

[*] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

ထိုသို့ရေးသားရာ၌ လက်ယာလက်ကို အသုံးမပြုနိုင်တော့၍ ကျန်လက်ဝဲလက်ဖြင့် စာရေးလေ့ကျင့်ပြီးမှ စတင်ရေးသားခြင်း ပြုခဲ့ရသည်။ ဝတ္ထုတိုများ ရေးသားနေရာမှ အောင်မြင်မှုရလာသောအခါ လုံးချင်းဝတ္ထုလောကသို့ လှမ်းတက်ခဲ့ပြန်သည်။ ၁၉၇၅ ခုနှစ် နိုင်ငံတကာအမျိုးသမီးများနှစ်မှစတင်၍ အမျိုးသမီးမဂ္ဂဇင်းတစ်စောင် ထုတ်ဝေခွင့် လျှောက်ထားခဲ့ရာ (၁၀)နှစ်အကြာတွင် ထုတ်ဝေခွင့်ရခဲ့ပါသည်။ ထို့ကြောင့် ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ လုံမလေး အမျိုးသမီးမဂ္ဂဇင်းကို ဦးစီးအယ်ဒီတာချုပ်အဖြစ် တာဝန်ယူ၍ အောင်မြင်စွာ ထုတ်ဝေခဲ့သည်။ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ထုတ်ဝေသည့် လုံမလေးမဂ္ဂဇင်းတွင် ပါရှိသော ပန်းကိုတော့ပန်လျက်ပါပဲ ဝတ္ထုတိုသည် မလေးလုံ ရေးသားခဲ့သည့် နောက်ဆုံးလက်ရာ ဖြစ်ပေသည်။ မလေးလုံသည် ၁၉၉၁ ခုနှစ် ဧပြီလထုတ် လုံမလေးမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြမည့် သန်လျင်ဖေသွင်၏ အခြားသော ပညာရှိတစ်ပါး ဘာသာပြန် ဝတ္ထုရှည်ကြီးကို ကွယ်လွန်မည့် ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ ကြာသပတေးနေ့ နံနက်အရုဏ်ဦးအထိ ကိုယ်တိုင် တည်းဖြတ်ပြင်ဆင်ခဲ့ပြီး နေ့လယ် (၁၁း၂၀)နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် နံ့သာမြိုင်ခြံ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။ မလေးလုံ ကွယ်လွန်သည့်အချိန်တွင် အသက်(၈၁)နှစ်အရွယ်ရှိ မိခင်ကြီးနှင့် အစ်ကို တစ်ဦး၊ ညီမ သုံးဦး ကျန်ရစ်ခဲ့သည်။ စာရေးဆရာမ မလေးလုံသည် ကွယ်လွန်သည့်အချိန် ရောက်မှသာ သူ့လက်က ကလောင်ကို ချခဲ့သူ ဖြစ်ပါသည်။ ကျန်းမာရေးချို့တဲ့သော်လည်း တိုင်းရင်းမေ၊ ယုဝတီ၊ ချိုတေးသံ၊ ငွေတာရီ၊ မြဝတီ၊ ရှုမဝ၊ မဟေသီ၊ ပေဖူးလွှာ၊ သပြေ၊ ကလျာ၊ စပယ်ဖြူ၊ မြန်မာ့တမန်၊ လုံမလေး မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့ပါသည်။ လုံးချင်းဝတ္ထုရှည် (၃၅)အုပ်၊ ဖေမောင်တင် (သို့မဟုတ်) အသက်ရှည် အတ္ထုပ္ပတ္တိကို ၁၉၇၅ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် 'ပွင့်' ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေ စတုတ္ထဆု ရရှိခဲ့ပါသည်။ စာရေးသူ၏ ဝတ္ထုအချို့ ကိုလည်း ရုပ်ရှင်ရိုက်ကူးခဲ့ပါသည်။ ကျန်းမာရေးချို့တဲ့နေသော်လည်း ၁၉၈၅ ခုနှစ်တွင် လုံမလေးအမျိုးသမီးမဂ္ဂဇင်းကို တည်ထောင်၍ အယ်ဒီတာချုပ်အဖြစ် ကွယ်လွန် သည့်တိုင် တာဝန်ယူထုတ်ဝေခဲ့ပါသည်။

## နိဒါန်း

အတ္ထုပ္ပတ္တိစာပေသည် အခြားပုဂ္ဂိုလ်တစ်ဦး၏ ဘဝဖြစ်စဉ်နှင့် စရိုက်ကို ဖော်ပြ ထားသော စာပေအမျိုးအစား ဖြစ်ပါသည်။ ထိုစာကို ရေးသားခြင်း၏ ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်တစ်ဦး၏ ဘဝဖြစ်စဉ် အတက်အဆင်း၊ အနိမ့်အမြင့်တို့ထဲမှ ထင်ရှားသော အဖြစ်အပျက်များဖြင့် ကျော်စောမှု၊ ထင်ရှားမြင့်မြတ်မှုကို သိရှိစေရန်အတွက် ရှုထောင့်

အမျိုးမျိုးမှ ကြည့်ရှုပြီး ရေးသားခြင်း ဖြစ်ပါသည်။ စာဖတ်သူအနေဖြင့် အခြား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်ရပ်နှင့် စရိုက်သဘာဝများကို ဖတ်ရှုသိရှိပြီးပါက ကြည်ညို၊ လေးစား၊ အားကျ၊ အတုယူကာ မိမိ၏ဘဝဖြစ်ရပ်၊ စရိုက်သဘာဝများ ကိုလည်း သုံးသပ်ပြုပြင်သင့်သည်ကို ပြုပြင်သွားနိုင်ပါသည်။ ဝတ္ထုဟန်သဘော ပါဝင်သည့် အတ္ထုပ္ပတ္တိများတွင် အဖြစ်အပျက်မှန်ကို မွမ်းမံထားသည့် စာရေးသူ၏ စိတ်ကူးဉာဏ် ပါဝင်နေပါသည်။ ခိုင်လုံသော အချက်အလက် အထောက်အထားနှင့် စာရေးသူ၏ စိတ်ကူးဉာဏ်ကို ချိန်ချိန်ဆဆ မွမ်းမံထားသော အတ္ထုပ္ပတ္တိသည် နှစ်သက်ခြင်းနှင့်အတူ အသက်ဝင်သော ဝတ္ထုတစ်ပုဒ်ကဲ့သို့ ဆွဲဆောင်မှု ရှိနေပါသည်။

## ၂။ ပေမောင်တင် (သိပ္ပံမဟုတ်) အသက်ရှည်အတ္ထုပ္ပတ္တိမှ ဝတ္ထုဟန် အတ္ထုပ္ပတ္တိ စကားပြေ အရေးအသား

အတ္ထုပ္ပတ္တိစာပေသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်ရပ်အမှန်ကို ပွင့်လင်း ရိုးသားစွာ ဖော်ထုတ်ရေးသားရင်း စာဖတ်သူတို့ကို သုတပေးသော စာပေပုံစံတစ်ခု ဖြစ်သည်။ ထို့အပြင် အတ္ထုပ္ပတ္တိကို ဖတ်ချင်စဖွယ်ဖြစ်အောင် သုတနှင့်အတူ ရသခံစားမှုပါ ရရှိအောင် ရေးသားထားရာတွင် ကာလဒေသ နောက်ခံဝန်းကျင်ကို အနုစိတ်ခြယ်မှုန်းခြင်း အတ္ထုပ္ပတ္တိအဖွဲ့ခံပုဂ္ဂိုလ်၏ ဘဝဖြစ်စဉ်ကို စာရေးသူစိတ်ကူးဖြင့် ပေါင်းစပ်သရုပ်ဖော် ရေးသားခြင်းတို့ ပါဝင်ပါက ဝတ္ထုဟန်အတ္ထုပ္ပတ္တိဟု ဆိုနိုင်ပါသည်။

အတ္ထုပ္ပတ္တိအဖွဲ့ခံပုဂ္ဂိုလ်၏ တကယ့်ဘဝဖြစ်စဉ်ကို ဝတ္ထုများတွင် ဖန်တီး ထားသော ဇာတ်လမ်း ဖန်တီးမှုအတတ်ပညာ၊ ဇာတ်ဆောင်စရိုက် သရုပ်ဖော်မှု အတတ်ပညာ၊ ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လူမှုဝန်းကျင်ဖန်တီးမှု အတတ်ပညာ များနှင့် ဖန်တီးသရုပ်ဖော် ရေးသားထားပါက ရသမြောက်သော အတ္ထုပ္ပတ္တိဟု ဆိုရပါမည်။ အဖွဲ့ခံအတ္ထုပ္ပတ္တိရှင်၏ တကယ်လက်တွေ့ဘဝဖြစ်စဉ်ကို စာရေးသူ၏ စိတ်ကူးဉာဏ်နှင့် ပေါင်းစပ်ထားသော အတ္ထုပ္ပတ္တိဝတ္ထုဟန်သည် စာဖတ်သူများအား အဖွဲ့ခံပုဂ္ဂိုလ်နှင့် တစ်သားတည်းဖြစ်အောင် နီးကပ်ရင်းနှီးသွားအောင် ပိုမိုဖန်တီးနိုင်စွမ်း ရှိပါသည်။

### ၂၊ ၁။ ဝတ္ထုဟန်အတတ်ပညာပါဝင်မှု

ဝတ္ထုများတွင် ပါဝင်သော နောက်ခံဝန်းကျင်သည် ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် ဆက်စပ်နေတတ်ပါသည်။ ဝတ္ထုတွင် ပါဝင်သည့် ဇာတ်လမ်းဖြစ်ရပ်များကို ချိတ်ဆက် တင်ပြရာတွင် ဇာတ်ဆောင်ဖြစ်ပေါ်တိုးတက်ရာ နေရာ၊ ဒေသ၊ လူမှုဝန်းကျင်ကို

စာဖတ်သူစိတ်တွင် မြင်ယောင် ကြားယောင်လာအောင် ဖန်တီးရေးသားထားသကဲ့သို့ ဝတ္ထုပြာန်ပါသည့် အတ္ထုပ္ပတ္တိများတွင်လည်း နောက်ခံဝန်းကျင်အဖွဲ့များ ပါဝင်နေတတ်ပါသည်။

ဆရာကြီးဦးဖေမောင်တင်ကို မိခင် ဒေါ်မြိုင်က ရန်ကုန်မြို့ အင်းစိန် ပေါက်တော အရပ်တွင် ဖွားမြင်ခဲ့ပါသည်။ ဖွားမြင်မည့်နေ့တွင် မိုးရော လေရောပါ ရွာသွန်းနေပုံကို–

> "မိုးမင်းသည် တစ်နေကုန်မလင်းအောင် သဲသဲမဲမဲ ရွာနေခဲ့သည်။ ကဆုန်မိုးပြေး မြက်သားမွေးဆိုသော အစဥ်အလာ စကား ကလေးပင် ပျောက်ပျက်သွားမလောက် ပုဆိန်ပေါက် ရွာချနေလေသည်။ သူ့ကို မိုးသက်လေပြင်းကလေးကလည်း ကူညီထောက်ခံ၍ ဝှေ့ယမ်းတိုက်ခတ် ပေးလိုက်ပြန်သေးသည်"[၁]

ဟု ကာလနောက်ခံဝန်းကျင် အခြေအနေကို စတင်သရုပ်ဖော် ရေးသားထားပါသည်။ ဖွားမြင်လာမည့် ကလေးသူငယ်အတွက် အတိတ်ထူး၊ နိမိတ်ထူးပြသပုံနှင့် စာဖတ်သူကို စတင်မိတ်ဆက်ပေးလိုက်ခြင်း ဖြစ်ပါသည်။ စာဖတ်သူ၏ သိလိုစိတ်ကို နှိုးဆွ ပေးနိုင်သော နောက်ခံအဖြစ် တွေ့ရှိပါသည်။

တစ်ဖန် ဆရာကြီး ငယ်စဉ်က တနင်္ဂနွေနေ့တိုင်း ရန်ကုန်ရှိ အဒေါ်ဖြစ်သူ အိမ်သို့ မိသားစုလိုက် အလည်အပတ်သွားကာ ညအိပ်နေလေ့ ရှိကြပါသည်။ ဆွေမျိုးများ စုဝေးကာ စားကြသောက်ကြပြီး အဒေါ်အိမ်မှာပင် ညအိပ်လေ့ ရှိကြပါသည်။ တစ်ညတွင် အသက် (၅)နှစ်အရွယ်ရှိသော ဆရာကြီး ဦးဖေမောင်တင်သည် အဒေါ်အိမ်တွင် မအိပ်လိုကြောင်း မိမိအိမ်ကိုသာ ရောက်လိုကြောင်း ငိုယိုပူဆာခဲ့လေသည်။ ဆရာကြီး၏မိဘများက ညမိုးချုပ်နေပြီဖြစ်၍ အင်းစိန်သို့ မပြန်ဝံ့တော့ သဖြင့် ချော့မော့ကာနေရသည်။ ထိုစဉ်က ရန်ကုန်နှင့်အင်းစိန် လမ်းခရီးအခြေအနေကို–

> "ညကြီးသန်းခေါင်တွင် တောတောင်လျှိုမြောင်များ ခြားနားနေသော အင်းစိန်မြို့ကလေးဆီသို့ ရန်ကုန်မြို့ကြီးမှ ဘယ်သို့ ပြန်သွားဝံ့ကြရာမည်နည်း။ လမ်းတွင် ဖြတ်သွားရမည့် ရွှေတိဂုံကုန်းတော်မှ တစ်ခါတစ်ခါ ကျားရဲများပင် ရောက်လာတတ်ခဲ့ကြသည် မဟုတ်ပါလား။ ပြီးလျှင် ထူပိတ်နေသော နာနတ်တော၊ ကံ့ကော်တောကြီးများက ရှိကြသေးသည်။"[၂]

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၁၃။
[၂] လေးလုံ၊ မ၊ ၂၀၁၄၊ ၇၅။

ဟု အတ္ထုပ္ပတ္တိရှင် မျက်မှောက်ပြုရာ ကာလဒေသ အခြေအနေ၊ ဒေသဝန်းကျင် အခြေအနေကို အနုစိတ် ခြယ်မှုန်းရေးသားထားပါသည်။ ထိုသို့ ဇာတ်လမ်းတည်ရာ ဒေသနောက်ခံကို သရုပ်ဖော်လိုက်သဖြင့် အဖွဲ့ခံပုဂ္ဂိုလ်၏ ဘဝဖြစ်စဉ်သည် ပိုမို ရုပ်လုံးကြွလာစေကာ နှစ်သက်မှုကို ဖြစ်ပေါ်စေပါသည်။

ဝတ္ထုများဖန်တီးရာတွင် စာရေးသူတို့သည် ဇာတ်လမ်းဇာတ်ကွက်များနှင့် ဆီလျော်အောင် နေရာချထားပြီးလျှင် လှုပ်ရှားစေပါသည်။ ဇာတ်လမ်းရွေ့လျားရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဇာတ်ဆောင်၏ခံစားမှုနှင့် အတွေးစဉ်ကို အနုစိတ်သရုပ်ဖော်လေ့ ရှိပါသည်။ ဇာတ်ဆောင်၏ အတွေးနှင့် ချင့်ချိန်သည့်သဘော ပါဝင်သည့်အတွက် ဇာတ်လမ်းအားကောင်းလာသလို ဇာတ်ဆောင်စရိုက်သဘာဝများလည်း ရုပ်လုံးကြွလာ စေပါသည်။

ဆရာကြီး ဦးဖေမောင်တင်နှင့် အစ်ကိုဖြစ်သူတို့သည် ထားဝယ်တွင် နေထိုင်သော အဒေါ်ဖြစ်သူထံ အလည်သွားရောက်ခဲ့ရင်း အဒေါ်မိတ်ဆွေ ထားဝယ် ဝန်ထောက်၏ သမီးချော သုံးဦးနှင့် ခင်မင်ရင်းနှီးခဲ့ကြပါသည်။ ထိုအမျိုးသမီး သုံးဦးတို့၏ ဝတ်စားဆင်ယင်ပုံကို–

> "သူတို့သုံးယောက်စလုံးသည် ဆံပင်ကို တရုတ်ကျစ်ဆံမြီး တစ်ချောင်းတည်း ကျစ်ချထားကာ ဖဲပြားပွင့်ကြီးများကို ဆင်တူ တပ်ထားကြသည်။ သူတို့ကိုယ်ပေါ်မှာလည်း ပဒုမ္မာအင်္ကျီ အဖြူကို အနားပတ်လည်တွင် ပန်းများထိုးလျက် စူရတီလုံချည် အနီရဲရဲကိုလည်း လှပသေသပ်စွာ ဆင်တူဝတ်ဆင်ထားကြ ပါသည်။ ထို့အပြင် ချက်အထိ ရှည်လျားကျရောက်နေသော ပုလဲပုတီးကုံးကြီးများကို တစ်မျိုးကြည့်ကောင်းစရာ မင်းသမီး ကလေးများပမာ ဆွဲထားကြသေးသည်။"[၁]

ဟု ထိုခေတ်အခါက မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှု လူမှုနောက်ခံဝန်းကျင် အဖြစ် သရုပ်ဖော်ထားသည်ကို တွေ့ရပါသည်။ ထိုသို့ရေးသားထားသဖြင့် အတ္ထုပ္ပတ္တိရှင် ဖြတ်သန်းတွေ့ကြုံခဲ့ရသော လူမှုအခြေအနေကို ရုပ်လုံးကြွလာစေပါသည်။ ဝတ္ထု များတွင် တွေ့ရှိရတတ်သော လူမှုနောက်ခံအဖွဲ့ဟု ဆိုနိုင်ပါသည်။

ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်အတ္ထုပ္ပတ္တိတွင် ဆရာကြီးဖေမောင်တင်၏ အတွေးစဉ်ကို အနုစိတ် ခြယ်မှုန်းထားပါသည်။ ဆရာကြီး ဦးဖေမောင်တင် ရန်ကုန်

---

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၁၀၅။

ဟိုက်စကူးကျောင်းတွင် ပညာသင်ယူနေစဉ် တစ်နေ့ ကျောင်းအားလပ်ချိန်၌ ပညာမင်းကြီးရုံးမှ အိန္ဒိယလူမျိုး ရုံးစေ စီးနင်းလာသော စက်ဘီးနှင့် မြန်မာကျောင်းသားတစ်ဦးကို ဝင်တိုက်ခဲ့ရာမှ မြန်မာကျောင်းသား ဘဦးက ရုံးစေအားလက်သီးနှင့် ထိုးခဲ့လေသည်။ ထိုမြင်ကွင်းကို ဆရာကြီး ဦးဖေမောင်တင် ကိုယ်တိုင်တွေ့မြင်ခဲ့ရသည်။ မြန်မာကျောင်းသား ဘဦးက လက်သီးနှင့်ထိုးသည်ကို မည်သူကိုမျှ မပြောရန် ခြိမ်းခြောက်ထားပါသည်။ ထိုပြဿနာကြောင့် ကျောင်းအုပ်ကြီး ရုံးခန်းတွင် ဒုတိယပညာမင်းကြီး ဝက်ဒါစမွန်းက ဆရာကြီး ဦးဖေမောင်တင်တို့တစ်ခန်းလုံးရှိ ကျောင်းသားများကို ခေါ်ယူစစ်ဆေးခဲ့သည်။ ဆရာကြီး ဦးဖေမောင်တင်ကို စစ်ဆေးရာတွင် ကျောင်းအုပ်ကြီးက ရိုးသားကြိုးစားသော ဆရာကြီးသည် အမှန်အတိုင်းပြောလိမ့်မည်ဟု ယုံကြည်ပြီး မေးမြန်းရာ ရုံးစေတစ်ယောက်ကြောင့် မြန်မာကျောင်းသား နစ်နာသွားမည့်အရေး ဆရာကြီး ဦးဖေမောင်တင်စဉ်းစားဆင်ခြင်ခဲ့ပုံကို–

> "ဘသောင်းကို မဖော်ထုတ်ခြင်းဖြင့် ပြာတာကုလား ဘယ်လိုမျှ ပိုပြီးနစ်နာသွားမည်မဟုတ်။ လက်ရှိသူ့အလုပ်က ပြုတ်မသွား၊ ဘယ်သူကမျှလည်း မထုတ်ပယ်၊ အကယ်၍သာ ဘသောင်းကို ဖော်ထုတ်လိုက်ခြင်းဖြင့်လည်း ပြာတာကုလားမှာ ရာထူးတိုးကာ အကျိုးရှိသွားမည် မဟုတ်ပေ။ ဘသောင်းမှာသာ အကျိုးရှိခြင်းနှင့် အကျိုးယုတ်ခြင်းတို့ ထူးထူးခြားခြားခံစားရမည် ဖြစ်လေသည်။"[၁]

ဟု အဖွဲ့ခံပုဂ္ဂိုလ်၏ အတွေးစဉ်ကို သရုပ်ဖော်ထားပါသည်။ ထိုအတွေးစဉ်မှတစ်ဆင့် မြန်မာကျောင်းသား ဘဦးက ရုံးစေအား လက်သီးနှင့်ထိုးသည်ကို မြင်ခဲ့သော်လည်း ကျောင်းအုပ်ကြီးက ဒုတိယပညာမင်းကြီးရှေ့မှာပင် ဘသောင်းအတွက် လိမ်ညာခြင်းအမှုကို သူငယ်ချင်းအကျိုးအတွက် ကာကွယ်ပေးခဲ့ပါသည်။ ဆရာကြီးဦးဖေမောင်တင်၏ အတွေးစဉ်မှတစ်ဆင့် တည်တည်ငြိမ်ငြိမ်နှင့် စဉ်းစားဆုံးဖြတ်တတ်သော စရိုက်သဘာဝကိုပါ တွေ့မြင်ရပါသည်။

## ၂။ ၂။ ဝတ္ထုဟန်အရေးအသားပါဝင်မှု

အတ္ထုပ္ပတ္တိစာပေသည် ဒိဋ္ဌလောကရှိ လူတို့၏ အကြောင်းကို နှစ်သက်ဖွယ်ကောင်းအောင် ပုံဖော်ရေးသားသော စာပေအမျိုးအစား ဖြစ်ပါသည်။ ထိုစာပေအမျိုးအစား၌ စာရေးသူသည် ဖြစ်ရပ်မှန်ကို အခြေခံပြီး စာဖတ်သူတို့၏ နှစ်သက်မှုခံစားလာရအောင် မွမ်းမံခြယ်မှုန်း သရုပ်ဖော်ရေးသားတတ်ကြပါသည်။ ထိုသို့ မွမ်းမံ

[၁] လေးလုံး၊ မ၊ ၂၀၁၄၊ ၄၆။

ခြယ်မှုန်းထားသော အတ္ထုပ္ပတ္တိကို ဝတ္ထုပြဟန်ပါသော အတ္ထုပ္ပတ္တိဟု ဆိုရပါမည်။ တစ်နည်းအားဖြင့် အတ္ထုပ္ပတ္တိကို ရိုးရိုးရှင်းရှင်း တင်ပြထားခြင်းမျိုး မဟုတ်ဘဲ စာရေးသူ၏ စိတ်ကူးဉာဏ်နှင့် ရသမြောက်အောင် သရုပ်ဖော် ရေးသားထားသော အတ္ထုပ္ပတ္တိကို ဝတ္ထုပြဟန်ပါသော အတ္ထုပ္ပတ္တိဟု ဆိုနိုင်ပါသည်။

## ၂၊ ၂၊ ၁။ အချီအချစကားပြောဟန်

ဝတ္ထုများတွင်ပါဝင်သော အချီအချပြောစကားများသည် ဇာတ်ဆောင်စရိုက်ကို ဖော်ပြရန်အတွက်သာမက ဇာတ်ဆောင်နှင့်အတူပါလာသော လေသံ၊ ရှေ့ဆက် ဖြစ်ပေါ်လာမည့် ဇာတ်လမ်းအခြေအနေ တိုးတက်ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေး ပါသည်။ ဝတ္ထုပြဟန်ပါသော အတ္ထုပ္ပတ္တိတွင် အချီအချစကားပြောဟန်ဖြင့် အဖွဲ့ခံ ပုဂ္ဂိုလ်၏ စရိုက်သဘာဝ ဘဝဖြစ်စဉ်များကို သရုပ်ဖော်ထားတတ်ကြပါသည်။

'ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်' အတ္ထုပ္ပတ္တိတွင် ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာနိုင်ငံမှ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်သို့ ပညာ သင်ယူရန် သင်္ဘောဖြင့်သွားရောက်ခဲ့ရာ လမ်းခရီးအခြေအနေကြောင့် ကျောင်းဖွင့်ပြီး (၁၀)ရက် နောက်ကျပြီးမှ အင်္ဂလန်သို့ ရောက်ခဲ့ရလေသည်။ ထို့ကြောင့် တက်ရောက်ရန် ရွေးချယ်ထားသော နယူးကောလိပ်သို့ တက်ခွင့်မရ ဖြစ်ခဲ့ရပါသည်။ ထိုအခါ အင်္ဂလန်တွင် ဆရာကြီးဦးဖေမောင်တင်နှင့် စာအဆက်အသွယ်ရှိခဲ့ဖူးသော ပါဠိပညာရှင် ဒေါက်တာကာဗင် အကူအညီဖြင့် အိန္ဒိယသံရုံးက ဖွင့်လှစ်ထားသော အရှေ့တိုင်း ဘာသာရပ်သင်တန်းသို့ တက်ရန် အကြံပေးသည်ကို လက်မခံခဲ့ပါ။ ဆရာကြီး ဦးဖေမောင်တင်သည် အောက်စဖို့ဒ်တက္ကသိုလ်ကြီးအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော ကောလိပ် (၂၆)ခုအနက် အပါအဝင်ဖြစ်သော ကောလိပ်တစ်ခုခုတွင်သာ ပညာ သင်ယူ လိုခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီးဦးဖေမောင်တင်သည် အောက်စဖို့ဒ်တက္ကသိုလ်အဖြစ် ဖွဲ့စည်းကာထားသော အက်စီတာကောလိပ်သို့ သွားရောက်ခဲ့ပါသည်။ ထိုကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာကြီးဦးဖေမောင်တင်တို့ အချီအချ စကားပြောဟန်ကို–

> "လူကြီးမင်းဟာ အယ်စီတာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဖာနယ်ဆိုသူ ဟုတ်ပါသလား ခင်ဗျာ"
>
> "ဟုတ်ပါတယ်"
>
> "ကျွန်တော်ကတော့ ဆရာကြီးကို ဒေါက်တာကာဗင်တာ ပြောပြ ထားတဲ့ မြန်မာပြည်က ပါမောက္ခ မောင်တင်ပါခင်ဗျာ"

"ဩော် ဟုတ်တယ်။ ဒေါက်တာကာဗင် ပြောထားတော့ ငါမှတ်မိတယ်"

"ဒါပေမယ့် မင်းရောက်လာတာ နောက်ကျလှပါကလား။ တို့ကောလိပ်ကျောင်းတွေ ဖွင့်တာ ၁၀ ရက်တောင် ကျော်သွား ခဲ့ပြီ"

"ကျွန်တော်လာတုန်းကတော့ ကျောင်းဖွင့်အမီ လာခဲ့တာပါပဲ ဒါပေမယ့် ရာသီဥတု သိပ်မကောင်းလို့ သင်္ဘောက လမ်းခရီးမှာ အတော်ကလေး ဖင့်နှေးကြန့်ကြာသွားခဲ့ရပါသည်။ အခုလို ၁၀ ရက်ကျော် လောက်ပဲ နောက်ကျတာဟာတောင် ကျွန်တော် ပြင်သစ်မှာ ဆင်းပြီး မီးရထားနဲ့ ဖြတ်ချလာခဲ့လို့ပါ။ မဟုတ်ရင်တော့"

"အင်း၊ အင်း ဟုတ်ပါတယ်။ မင်းဘာဖြစ်လို့ နောက်ကျတယ် ဆိုတာကို ငါနားလည်လက်ခံပါတယ်။ ဒါပေမယ့် တို့ကျောင်းမှာ ဘာကိစ္စမဆို ကျောင်းကော်မတီမှာ တင်ပြဆွေးနွေးပြီးမှသာ အဆုံးအဖြတ်ပေးရမယ်။ အတည်ပြုပေးရမယ်လို့၊ ဥပဒေစည်းကမ်းက သတ်မှတ်ထားတယ်ကွယ်။ ငါ ကော်မတီအစည်းအဝေး ခေါ်ပြီး တင်ပြပေးမယ်။ မင်းကို ကော်မတီအဖွဲ့ကလည်း ကျောင်းဝင်ခွင့်ပြု ကြလိမ့်မယ်လို့ ထင်ပါရဲ့။"

"ငါကတော့ မင်းကို ခုကတည်းက သဘောကျသွားပြီကွ၊ ဘာကို သဘောကျတာလဲဆိုတော့ မင်းကအသားဖြူပြီး အင်္ဂလိပ်စကား ပြောလဲ တကယ်ကောင်းလို့ပဲကွ"

ဟု သရုပ်ဖော်ရေးသားထားပါသည်။ အောက်စဖို့ဒ်တက္ကသိုလ်တွင်သာ ပညာသင်ယူ လိုသော ဆရာကြီး၏ရည်ရွယ်ချက် အောင်မြင်သွားပုံနှင့် ကိုလိုနီခေတ်ပညာတော်သင်များ တွေ့ကြုံရတတ်သည့် အခြေအနေကိုပါ သိရှိလာစေပါသည်။ မိမိရည်ရွယ်ချက်ကို မဆုတ်မနစ် ကြိုးစားဆောင်ရွက်တတ်သော ဆရာကြီးဦးဖေမောင်တင်၏ ဖွဲ့လုံ့လ ကိုလည်း တွေ့မြင်ရပါသည်။

## ၂။ ၂။ ၂။ ကာရန်ချိတ်ဝါကျ

စာရေးသူတို့သည် ကာရန်ချိတ်ဝါကျကို အကြောင်းအရာအလိုက်၊ လိုအပ်ချက် အလိုက် ရေးသားတတ်ကြပါသည်။ ဝါကျ၏ ဖွဲ့စည်းမှုအသွင်သဏ္ဌာန်ပေါ် မူတည်၍

ကာရန်ချိတ် ဝါကျဟု ခွဲခြားထားကြခြင်း ဖြစ်ပါသည်။ ကာရန်ချိတ်ဝါကျများကို အသုံးပြုရေးလိုက်သော စာ၏ စကားပြေအရေးအသားသည် ချောမောပြေပြစ်ပြီး အပြောင်းအလဲကို ဖြစ်ပေါ်စေပါသည်။

ဆရာကြီး ဦးဖေမောင်တင် ငယ်စဉ်က ကျောင်းသွားရာတွင် အင်းစိန်မှ ရန်ကုန်သို့ မီးရထားစီး၍ သွားခဲ့ရပါသည်။ ထိုသို့ အင်းစိန်မှရန်ကုန်သို့ ကျောင်းတက်သော ကျောင်းသားများအနက် အချို့ကျောင်းသားကြီးများသည် ရထားစီးခ ငွေရှိလျက် အပျော်သဘောနှင့် ရထားခိုးစီးလေ့ ရှိကြပါသည်။ ထိုကျောင်းသားများက ရထား ခိုးစီးရန် စည်းရုံးခဲ့သဖြင့် ဆရာကြီး ဦးဖေမောင်တင်သည် ရထားစီးခငွေကို စုဘူးတွင် ထည့်စုလိုသောကြောင့် သဘောတူကာ ရထားခိုးစီးခဲ့ဖူးပါသည်။ ထိုသို့ ရထားခိုးစီးပြီး ရထားပေါ်မှ ခုန်ချလိုက်ရ၍ ဖြစ်ပျက်ခံစားခဲ့ရသော အခြေအနေကို –

> “သူသည် ဒူးကနာနာ၊ ရင်ကဟာဟာဖြင့်၊ မောကာပန်းကာ ရေဆာသွားရသည်”[၁]

ဟု နှုတ်ပြော ကာရန်ချိတ်ဝါကျကို သုံးနှုန်းပြီး အဖွဲ့ခံပုဂ္ဂိုလ်၏ အခြေအနေကို သရုပ်ဖော်ထားပါသည်။ ထိုသို့ ရေးသားထားသဖြင့် ရွတ်ဆိုရာတွင် သုတိသာသော သဘောရှိပြီး စကားပြေအရေးအသားလည်း ပြေပြစ်လာကာ အဖွဲ့ခံပုဂ္ဂိုလ်၏ ငယ်စဉ်ဘဝ အဖြစ်အပျက်ကို သိမြင်လာစေပါသည်။

အတ္ထုပ္ပတ္တိ အဖွဲ့ခံပုဂ္ဂိုလ် မျက်မှောက်ပြုရာ အချိန်ကာလတွင် မြန်မာ တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် အစွမ်းကုန် ကြိုးပမ်းနေချိန် ဖြစ်ပါသည်။ ထို့အတူ ဆရာကြီးဦးဖေမောင်တင်ကလည်း မြန်မာစာပေ၊ မြန်မာ့ပညာရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် လစ်ဟင်းချက်မရှိအောင် ဆောင်ရွက်နေခဲ့ပါသည်။ မြန်မာလူမျိုး၊ မြန်မာ စာပေကို ကမ္ဘာအလယ်တွင် လွတ်လပ်စွာ ရပ်တည်နိုင်အောင် ဆရာကြီးဦးဖေမောင်တင် ဦးဆောင်ကွပ်ကဲကာ စာပေလက်နက်ဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့၍ မြန်မာစာပေ တင့်တယ်ထည်ဝါလာခဲ့ပုံကို –

> “မြန်မာလူမျိုးများအဖို့ ထီးကျိုးစည်ပေါက် ကျွန်သဘောက် ဘဝသို့ ပြားပြားမှောက် ရောက်သွားကြရပြီးကတည်းက အောက်ဆုံးအဆင့်မှ မထနိုင်၊ မကြွနိုင်ခဲ့သော မြန်မာစာပေသည် ယခုအချိန်တွင် အခြေခံပိုင်းသာမက ပညာ့ထွတ်ခေါင်၊ တက္ကသိုလ်

---

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၃၅။

> မဟာဆောင်နန်းမှာပင် အောင်တံခွန် အောင်အလံများကို တလူလူ
> တလွင့်လွင့် လွင့်ထူ ဝင့်ကြွားလာနိုင်ခဲ့ပြီ"[၁]

ဟု ဆရာကြီးဦးဖေမောင်တင်၏ ကြိုးပမ်းမှုကြောင့် ကိုလိုနီဘဝမှာပင် မြန်မာစာပေ ဂုဏ်တင့်လာခဲ့ပုံကို ကာရန်ချိတ်ဝါကျရှည်ဖြင့် သရုပ်ဖော်ထားပါသည်။ လေးနက်ခမ်းနားသော အကြောင်းအရာနှင့် လိုက်ဖက်သော ကာရန်ချိတ်ဝါကျရှည်ဟု ဆိုရပါမည်။ ထို့အပြင် မြန်မာလူမျိုး မြန်မာစာပေအတွက် ဆရာကြီးဦးဖေမောင်တင်၏ စွမ်းဆောင်ချက်ကို လေးစားကြည်ညိုစိတ်ကိုပါ ဖြစ်ပေါ်လာစေပါသည်။

## ၂၊ ၃။ ရေးနည်း

စာရေးသူတို့သည် မိမိအသိပေးလိုသော အကြောင်းအရာတို့ကို စာဖတ်သူတို့ ထံသို့ ပို့ဆောင်ရာတွင် ရေးနည်းလေးမျိုးအနက် သင့်လျော်ရာ ရေးနည်းဖြင့် ရေးသားဖော်ပြလေ့ ရှိပါသည်။ စာဖတ်သူအား သိစေလိုသော အခြေအနေကိုလိုက်၍ ဖြစ်စဉ်ပြရေးနည်း၊ သရုပ်ဖော်ရေးနည်း၊ ဖွင့်ဆိုရှင်းပြရေးနည်း၊ ကြောင်းကျိုးပြရေးနည်းဟူ၍ ခွဲခြားနိုင်ပါသည်။ 'ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်'တွင် စာရေးသူ ဖော်ပြလိုသော အကြောင်းအရာ၊ အဖြစ်အပျက်နှင့် ဆီလျော်လိုက်ဖက်အောင် ထိုရေးနည်းလေးမျိုးကို အသုံးပြုရေးသားထားပါသည်။

ဆရာကြီးဦးဖေမောင်တင် ငယ်စဉ်က ကျောင်းသွားသောအခါ အင်းစိန်မှ ရန်ကုန်သို့ ရထားဖြင့် သွားခဲ့ရလေသည်။ ထိုသို့သွားရာတွင် အချို့ကျောင်းသားများက အပျော်ရထား ခိုးစီးတတ်ကြသည်။ ရထားပေါ်ရှိ ရထားခိုးစီးသော ကျောင်းသားများ၏ အဖြစ်အပျက် အခြေအနေကို –

> "သူတို့သည် တစ်ဘူတာဆိုက်လျှင် တစ်ခါ တူတူပုန်းတမ်း၊
> စိန်ပြေးတမ်း ကစားသလို တွဲတစ်တွဲမှ တစ်တွဲသို့ လျင်မြန်စွာ
> ကူးပြောင်းစီးရခြင်းဖြင့် လက်မှတ်စစ်ကို ကျင်လည်စွာ ရှောင်ပုန်း
> ပြေးလွှား သွားနိုင်ခဲ့ကြလေသည်။"[၂]

ဟု အပျော်ရထားခိုးစီးကြသော ကျောင်းသားများ၏ ဖြစ်စဉ်ကို ဖော်ပြထားပါသည်။ ရထားပေါ်တွင် ဖြစ်ပျက်နေသော ကျောင်းသားတို့၏ အဖြစ်အပျက်များကို အချိတ်အဆက်မိမိ ဆက်စပ်တင်ပြထားသည်မှာ ပိရိသေသပ်လှသဖြင့် နှစ်သက်ဖွယ်ကောင်းနေ

---

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၃၅၃။
[၂] လေးလုံ၊ မ၊ ၂၀၁၄၊ ၃၅။

ပါသည်။ ရထားခိုးစီးသူတို့၏ ဖြစ်စဉ်တစ်ရပ်လုံးကို ကွက်ကွက်ကွင်းကွင်း နားလည်လာစေပါသည်။ ထို့ကြောင့် စာဖတ်သူ၏ သိလိုစိတ်ကို စည်းရုံးဆွဲဆောင်နိုင်သော ဖြစ်စဉ်ပြရေးနည်း ဖြစ်သည်ဟု ဆိုရပါမည်။

အတ္ထုပ္ပတ္တိရှင်သည် ကိုလိုနီခေတ်ကိုလည်း ဖြတ်သန်းတွေ့ကြုံခဲ့ရပါသည်။ ထိုအချိန်က မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာ အကြီးအကဲအုပ်ချုပ်သူများသည် မျက်နှာဖြူများသာ ဖြစ်ကြပြီး ထိုသူတို့၏ အနီးအနားတွင်ရှိသော မင်းစေ၊ ပြာတာများသည်လည်း အိန္ဒိယလူမျိုးများသာ ဖြစ်ကြသည်။ ပညာရေးမင်းကြီး၏ ရုံးမှ အိန္ဒိယလူမျိုး ပြာတာ၏သွင်ပြင်ကို–

> "သူ့ခေါင်းပေါ်မှ ခေါင်းပေါင်းနီနီကြီးကို မဟာရာဂျာကုလားစော်ဘွားများ၏ ခေါင်းပေါင်းလို အကျအန ပေါင်းထားသည်။ ထို့အပြင် သူသည် ရွှေနားကွပ် ကတ္တီပါစလွယ်ကြီးတစ်ခုကိုလည်း အခန့်သား သိုင်းလွယ်ထားသည်။ ထို့နောက် ရွှေရောင်လို ပြောင်လက်တောက်ပအောင် တိုက်ချွတ်ထားသော နှလုံးသားပုံစံ ကြေးပြားကြီးတစ်ခုကို သူ့ဘယ်ဘက်ရင်ဘတ်တွင် စလွယ်ပေါ်မှ တပ်ဆင်ထားပြန်သည်။"[၁]

ဟု ရေးသားထားပါသည်။ အိန္ဒိယလူမျိုး ပြာတာ၏သွင်ပြင်ကို ထင်ထင်ရှားရှား မြင်သာစေသော သရုပ်ဖော် အဖွဲ့တစ်ခု ဖြစ်ပါသည်။ ပြာတာ၏သဏ္ဌာန်ကို တင်ပြရာတွင် ဘဝအနေအထားနှင့် လိုက်ဖက်မှုမရှိသော ဝတ်စားဆင်ယင်မှုသွင်ပြင်ကို အသိပေး ပုံဖော်ရေးသားထားသည်ကို တွေ့ရပါသည်။ စာဖတ်သူအား အတ္ထုပ္ပတ္တိတွင် ပါဝင်သော လူပုဂ္ဂိုလ်တို့ကို မြင်ယောင်လာအောင် သရုပ်ဖော် တင်ပြထားသော သရုပ်ဖော်ရေးနည်းဟု ဆိုနိုင်ပါသည်။

ဆရာကြီးဦးဖေမောင်တင်နှင့် မစ္စတာဖာနီဗယ်လ်တို့သည် စာပေယဉ်ကျေးမှု မြတ်နိုးတတ်သူ (ဂျေ၊ ဘီ၊ အာ၊ အက်စ်) အဖွဲ့ဝင်များ ဖြစ်ကြသည်။ အင်္ဂလိပ်လို ရေးသားထုတ်ဝေသော (ဂျေ၊ ဘီ၊ အာ၊ အက်စ်) ဂျာနယ်တွင် ဆရာကြီးဦးဖေမောင်တင်က အယ်ဒီတာအဖြစ် တာဝန်ယူထားရပြီး မစ္စတာဖာနီဗယ်လ်ကလည်း သုတေသန ဂျာနယ်တွင် ပါဝင်ရေးသားလျက် ရှိသည်။ ထိုဂျာနယ်တွင် ရေးသားသူအများစုသည် မျက်နှာဖြူအင်္ဂလိပ်အရာရှိကြီးများ ဖြစ်ကြပါသည်။ ထိုသူတို့ ရေးသားထားသော သုတေသနများ၏ လိုအပ်ချက်၊ မှားယွင်းချက်များကို ဆရာကြီးဦးဖေမောင်တင်

---

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၄၃။

အပါအဝင် မြန်မာကလောင်ရှင်များက ထောက်ပြဝေဖန်တတ်ကြသည်။ ဆရာကြီးဦးဖေမောင်တင်၏ သုတေသနနှင့် ပတ်သက်သော ခံယူချက်ကို–

> "သုတေသနပြုခြင်းသဘောသည် အကြောင်းအရာ ဘာသာရပ်များကို တစ်ဦးတစ်ယောက်က သုတေသနပြုကာ ရှာဖွေတွေ့ရှိ၍ တင်ပြလာလျှင် ကျန်လူအားလုံးက ဘယ်လိုပဲဖြစ်ဖြစ် လက်ခံရမည်ဟုမဆို။ သူ့သုတေသနပြုချက်အပေါ်သို့ မိမိက ထပ်မံရှာဖွေလေ့လာပြီးနောက် သုတေသနပြုနိုင်သေးသည်။ ထို့နောက် တွေ့ရှိချက်ကို ကိုယ့်ရှုထောင့် ကိုယ်အမြင်က ကိုယ်ကြိုက်သလို တင်ပြနိုင်သည်။ တစ်ဦး၏ သုတေသနပြုလုပ်တွေ့ရှိချက်ကို တစ်ဦးက အပြစ်တင် ဝေဖန်နေခြင်းသည် သုတေသနပြုခြင်း မမည်ချေ။"[၁]

ဟု ဖော်ပြထားပါသည်။ သုတေသနဟုဆိုတိုင်း အလွယ်တကူ လက်ခံရမည် မဟုတ်ကြောင်း မိမိကိုယ်တိုင် ထပ်မံရှာဖွေပြီး အတွေးသစ်၊ အမြင်သစ်ဖြင့် သုတေသန ပြုလုပ်နိုင်ကြောင်း၊ အပြစ်တင်ဝေဖန်ခြင်းသည် သုတေသနပြုခြင်း မဟုတ်ကြောင်းတို့ကို ကြောင်းကျိုးဆက်သွယ် ဖွင့်ဆိုရှင်းပြနည်းဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြထားပါသည်။ သုတေသနနှင့်ပတ်သက်သော ဆရာကြီးဦးဖေမောင်တင်၏ ခံယူချက်သဘောထားတို့ကို သိမြင်စေနိုင်သော ဖွင့်ဆိုရှင်းပြ အရေးအသား တစ်ခု ဖြစ်ပါသည်။

မစ္စတာဖာနီဗယ်လ်၊ အင်္ဂလိပ်စာပါမောက္ခ ဂျေအိပ်စ်လုစ်နှင့် ဆရာကြီးဦးဖေမောင်တင်တို့သည် မိတ်ရင်းဆွေရင်းများဖြစ်ကြပြီး ဆရာကြီးဦးဖေမောင်တင်အိမ်တွင် ဝင်ထွက်စားသောက်ကာ တရင်းတနှီး နေထိုင်သူများ ဖြစ်ကြပါသည်။ ထိုသို့ ဝင်ထွက်သွားလာနေကြရင်း မစ္စတာလုစ်က ဆရာကြီးဦးဖေမောင်တင်၏ ညီမဖြစ်သူ တီတီကို နှစ်သက်သွားခဲ့ပါသည်။ နှစ်ဦးလက်ထပ်မည့်အရေးတွင် တီတီ၏ဖခင်က မစ္စတာလုစ်ကို ငြင်းပယ်စရာတစ်ချက်မှာ အင်္ဂလိပ်လူမျိုးဖြစ်နေ၍ လက်ထပ် မပေးနိုင်ဟု ဖခင်က ပြောဆိုခဲ့ပါသည်။ ဖခင်၏သဘောထားမှာ–

> "ဒါဟာ ဖေဖေတစ်သက်မှာ မပျက်တမ်းလက်ခံသွားမယ့် ဖေဖေ့ သဘောထားအမှန်ကို သားသမီးတွေသိအောင် ပြောပြတာ၊ ဖေဖေ့သဘောထားကြောင့် သားသမီးတွေ ကြိုက်တဲ့လူကို မယူရဘူးလို့တော့ မဆိုဘူး။ ကိုယ့်သဘောနဲ့ကို ဆုံးဖြတ်ပြီး

---

[၁] လေးလုံး၊ မ၊ ၂၀၁၄၊ ၁၈၅။

ယူချင်တဲ့လူကို ယူနိုင်တယ်။ ဒါပေမဲ့ သားသမီးတွေ ယူတဲ့လူဟာ နိုင်ငံခြားသားတွေ ဖြစ်နေမယ်ဆိုရင်တော့ ဖေဖေ့အနေနဲ့ ဘယ်သူ့ကိုမှ လက်ထပ်မပေးနိုင်ဘူး”[၁]

ဟူ၍ ဖော်ပြထားပါသည်။ တီတီဖခင်က မိမိတို့နှစ်သက်သူကို လက်ထပ်နိုင်ကြောင်းနှင့် တိုင်းတစ်ပါးသား ဖြစ်နေပါက မည်သူ့ကိုမျှ လက်ထပ်ပေးမည်မဟုတ်ကြောင်း အကျိုးသင့် အကြောင်းသင့် ရှင်းလင်းတင်ပြထားပါသည်။ တိုင်းတစ်ပါးသားဖြစ်၍ သဘောမတူကြောင်းနှင့် ငြင်းပယ်စရာဖြစ်သော်လည်း လက်မထပ်ရဟု မဆိုလိုကြောင်း မြန်မာဖခင်တစ်ဦးအနေဖြင့် တိုင်းတစ်ပါးသားနှင့် လက်ထပ်မပေးနိုင်ကြောင်း ဖခင်၏ သဘောထားအယူအဆကို အသေးစိတ် ထုတ်ဖော်ရှင်းလင်းထားပါသည်။ စာဖတ်သူ သဘောပေါက်လာအောင် အကြောင်းသင့်၊ အကျိုးသင့် တင်ပြထားသော ကြောင်းကျိုးပြရေးနည်းဖြစ်သည်ဟု ဆိုရပါမည်။ ဆရာကြီးဦးဖေမောင်တင်၏ဖခင် ဦးဖေ၏ အမျိုးသားရေးစိတ်ဓာတ်ကို ထင်ရှားပေါ်လွင်စေသော ကြောင်းကျိုးပြရေးနည်းဟု ဆိုနိုင်ပါသည်။

## ၂၊ ၄။ အလင်္ကာသုံးဟန်

အတ္ထုပ္ပတ္တိကို ဝတ္ထုဟန်ဖြင့် ရေးသားသရုပ်ဖော်ရာတွင် အလင်္ကာများ ပါဝင်နေတတ်ပါသည်။ စာရေးသူတို့သည် အသိပေးလိုသော အကြောင်းအရာ၊ အဖြစ်အပျက်တို့ ပေါ်လွင်ထင်ရှားလာအောင် အလင်္ကာကို အသုံးပြုသရုပ်ဖော်လေ့ ရှိကြပါသည်။ ထိုသို့ အလင်္ကာများကို သုံးစွဲလိုက်သဖြင့် စာဖတ်သူအတွက် နှစ်သက်မှုကို ပေးစွမ်းနိုင်ပါသည်။

ဆရာကြီးဦးဖေမောင်တင်အား မွေးဖွားမည့်နေ့တွင် မိုးကောင်းကင်တစ်ခွင်တွင် ဖြစ်ပေါ်ပြောင်းလဲသွားသည့် အခြေအနေကို–

“မှိုင်းညို့နေခဲ့သော မိုးကုပ်စက်ဝိုင်းသည် တစ်စုံတစ်ယောက်က ရုတ်တရက် ဆွဲမဖွင့်ဟပေးလိုက်သလို”[၂]

ဟု အုံ့မှိုင်းရီဝေနေသော မိုးကောင်းကင်ကြီးမှ ချက်ချင်း နေမင်းထွက်ပေါ်လာသည်ကို တစ်စုံတစ်ယောက်က ဖွင့်လှစ်လိုက်ပုံနှင့် နှိုင်းယှဉ်သရုပ်ဖော်ထားပါသည်။ ဖွားမြင်လာမည့် ကလေးငယ်သည် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအရာတွင် အမှောင်

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၁၈၈။
[၂] လေးလုံ၊ မ၊ ၂၀၁၄၊ ၁၄။

ခွင်း၍ အလင်းဆောင်နိုင်သော သားကောင်းရတနာ တစ်ပါးဖြစ်လိမ့်မည် ဟူသော နိမိတ်လက္ခဏာကို သိမြင်စေသော ဥပမာအလင်္ကာဟု ဆိုရပါမည်။

ဆရာကြီးဦးဖေမောင်တင်သည် ငယ်စဉ်က အိမ်တွင်မွေးမြူထားသည့် မြင်းပေါက်စ များနှင့် နေ့စဉ် ဆော့ကစားနေရသည်ကို နှစ်သက်သဘောကျခဲ့ပြီး စာသင်ကျောင်း ကိုပင် မသွားချင်တော့ဘဲ မြင်းများနှင့်သာ ဆော့ကစားနေချင်လေသည်။ လူကြီးမိဘ တို့က စာသင်ကျောင်းသို့ အတင်းအကြပ်ပို့၍ ထိုသို့စာသင်ခန်းထဲ ရောက်နေ သော်လည်း သင်ကြားသမျှကို မရွတ်မဖတ်ဘဲ သုံးလကြာအောင် ပြုမူနေပုံကို–

> “အိမ်ကျတော့ ပြောလိုက်တဲ့စကား ဆော့လိုက်တာလဲ မျောက်ရှုံး
> ကျောင်းရောက်တာနဲ့ တစ်ခါတည်း ဘာဖြစ်လို့ ပြောင်းလဲပြီး
> ကျောက်ရုပ်လို မလှုပ်တမ်း ငုတ်တုတ်”

ဟု မျက်မြင် ဥပမာပေး သရုပ်ဖော်ထားပါသည်။ ကျောင်းမသွားချင်ဘဲ သွားရ၍ မကျေမနပ်ဖြစ်ကာ ပြုမူနေပုံမှာ အဖွဲ့ခံပုဂ္ဂိုလ်၏ ဇွဲကြီးမားပုံ စရိုက်သဘာဝ ပေါ်လွင်နေပါသည်။ မျက်မြင်ဥပမာနှင့် တူညီသောဂုဏ် ပေါ်လွင်ထင်ရှားအောင် ခိုင်းနှိုင်းထားသဖြင့် ဆိုလိုချက်ပေါ်လွင်သော ဥပမာအဖွဲ့တစ်ခုဟု ဆိုနိုင်ပါသည်။

ဆရာကြီး ဦးဖေမောင်တင်သည် ရန်ကုန်မြို့မှ အဒေါ်ရှိရာ ထားဝယ်မြို့သို့ အလည်အပတ်သွားရင်း တွေ့ဆုံခဲ့ရသော ခင်ထွေးလှတို့ ညီအစ်မသုံးယောက်နှင့် အတူသွား အတူစား နေခဲ့ကြပြီး ရင်းနှီးခဲ့ကြသည်။ ရန်ကုန်သို့ ပြန်မည့်အချိန်တွင် ခွဲခွာရတော့မည်ဖြစ်၍ ခင်ထွေးလှမျက်နှာသည် မရွှင်မပြ ဖြစ်နေသည်။ ထိုအချိန်တွင် ဆရာကြီးဦးဖေမောင်တင်က ခင်ထွေးလှ၏ ကလေးဆန်ဗိုလ်ကျတတ်သော အပြုအမူ များကို ပြန်လည်ပြောလိုက်သဖြင့် ခင်ထွေးလှမျက်နှာ ချက်ချင်း ပြောင်းလဲသွားပုံကို–

> “မျက်နှာလှလှ ဝင်းပပလေးသည် တိမ်စင်ပမာ ဝမ်းနည်း
> ညှိုးနွမ်းရိပ်များမှ ရုတ်တရက် ကင်းလွတ်ကြည်မွတ် သွားလေသည်။”[၁]

ဟု ဥပမာပေး သရုပ်ဖော်ထားပါသည်။ ‘ပမာ’ ဟူသော ဥပမာဗောတကပစ္စည်း ပါဝင် နေသဖြင့် နှိုင်းကြောင်း ထင်ရှားနေပါသည်။ ဇာတ်ဆောင်၏ အဖြစ်အပျက် အခြေအနေ ခံစားမှုလည်း ပီပြင်လာပါသည်။

[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၁၂၁။

## ၂။ ၅။ ရသ

စာဖတ်သူတွင် နှစ်သက်မှုခံစားရခြင်းသည် စာ၏အရသာကို ခံစားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရသဟူသည် အရသာပင် ဖြစ်ပါသည်။ စာဖတ်သူတို့၏ စိတ်၌တစ်ခုခုသော ခံစားမှုဖြစ်အောင် ရေးသားတင်ပြထားလျှင် ထိုအရေးအသားကို ရသမြောက်သော အရေးအသားဟု ခေါ်ဆိုသတ်မှတ်နိုင်ပါသည်။

ဝတ္ထုပြာဟန်အရေးအသား ပါဝင်သော အတ္ထုပ္ပတ္တိများတွင် လူသားဆန်သော ဘဝအကွက်အကွင်းများကို ထည့်သွင်းခြယ်မှုန်းထားတတ်ပါသည်။ ထို့ကြောင့် အဖွဲ့ခံ ပုဂ္ဂိုလ်၏ ဘဝသရုပ် အသက်ဝင်လာပြီး ဝတ္ထုတစ်ပုဒ်ကဲ့သို့ နှစ်သက်ဖွယ် ကောင်းလာ စေပါသည်။

ဆရာကြီးဦးဖေမောင်တင် ရန်ကုန်ဟိုက်စကူးကျောင်းတွင် ပညာသင်ယူခဲ့ ပါသည်။ ထိုကျောင်းတွင် စာအသင်အပြကောင်းသူ မြန်မာစာဆရာ ဦးသာထိုက မြန်မာသဒ္ဒါကို တပည့်များ နားလည်အောင် သင်ကြားနေသကဲ့သို့ တစ်တန်းလုံး ကျောင်းသားများကလည်း ဆရာသင်မှုကို အာရုံစူးစိုက် နားထောင်နေချိန်တွင် ရုတ်တရက် ဆရာက ကျောင်းသားတစ်ဦး၏အမည်ကို ခေါ်လိုက်သဖြင့် ကျောင်းသား အားလုံး ခေါင်းထောင်လာခဲ့သည်။ တစ်ဆက်တည်း မြန်မာစာဆရာက–

> "ဟိုတစ်နေ့က ဘောလုံးပွဲမှာ အားလူးဆယ်မြူယယ်က ခေါင်းနဲ့ တိုက်ပေးလိုက်တာကို နယ်လဆင်က ဂိုးထဲကန်သွင်းလိုက်တဲ့ ဘောလုံးကို ပြေးကန်လိုက်ရရင်တော့လား အိပ်ငိုက်နေတဲ့ အောင်ထူးတစ်ယောက် အခန်းအပြင်ဘက်ကို တစ်ချက်တည်းနဲ့ လွင့်ထွက်သွားလိမ့်မယ် ထင်တယ်ဟေ့"[၁]

ဟု စာသင်ရင်း ဟန်ပါပါပြောဆိုလိုက်ပါသည်။ ထိုသို့ပြောဆိုလိုက်သော စကားကြောင့် စာကိုအာရုံစိုက်နေသော ကျောင်းသားအားလုံး ပွဲကျသွားခဲ့ရပါသည်။ ကျောင်းသား များကို အိပ်ငိုက်ပြေ ဘောလုံးပွဲအကြောင်း ပြောပြတတ်သော ဆရာထိုသည် အိပ်ငိုက် နေသော ကျောင်းသား အိပ်ငိုက်ပြေအောင် ပြောလိုက်သော စကားကို ဟာသရသ မြောက်အောင် ရေးသားထားသည်ဟု ဆိုနိုင်ပါသည်။

ဆရာကြီးဦးဖေမောင်တင်တို့ မိသားစုသည် ဖခင် ဦးဖေ၏ အစ်ကို ဦးထွန်းငြိမ်းတို့ မိသားစုနှင့် ငယ်စဉ်ကပင် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြပါသည်။ ဘာသာရေးအယူအဆတစ်ခုနှင့် ပတ်သက်ပြီး ညီအစ်ကိုချင်း အခန့်မသင့်ဖြစ်ကာ

---
[၁] လေးလုံ၊ မ၊ ၂၀၁၄၊ ၃၈။

သစ်စိမ်းချိုး ချိုးသကဲ့သို့ ပြတ်တောက်သွားခဲ့ပါသည်။ နှစ်ပေါင်းများစွာ ကြာသော်လည်း အဆက်အသွယ် ပြုလုပ်ခြင်း မရှိခဲ့ချေ။ လမ်းမှာ မတော်တဆတွေ့လျှင် နှုတ်မဆက်ရန် ဦးလေးဖြစ်သူက အမိန့်ထုတ်ထားခဲ့ပါသည်။ ဆရာကြီး ဦးဖေမောင်တင် အနေဖြင့် ဦးလေးဖြစ်သူ၏ မိသားစုကို အစဉ်အမြဲ တမ်းတသတိရ နေခဲ့ပါသည်။ တစ်ခုသော ခရစ္စမတ်ညတွင် ဆရာကြီးဦးဖေမောင်တင်သည် ဦးလေးဝယ်ပေးခဲ့သော တယောပြားလေးနှင့် ဦးလေးအိမ်ရှေ့သွားရောက်ပြီး သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုခဲ့ပါသည်။ နောက်ဆုံး သီချင်း ဆိုပြီး၍ မင်္ဂလာနှုတ်ခွန်းဆက်လိုက်သောအခါ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီး၏ ပြတင်းပေါက်မှ ဦးလေး၏လက်တစ်ဖက် ထွက်လာပြီး သီချင်းဆိုသူများထံ အလှူငွေ တစ်ဆယ်ကျပ် ကျလာသည့်အခါ ဆရာကြီးဦးဖေမောင်တင်၏စိတ်တွင် ခံစားမှုကို–

> "မောင်တင်သည် သူ့ရင်ထဲမှ ဝမ်းနည်းဝမ်းသာ ကြေကွဲကြည်နူး သွားခြင်းများဖြင့် မျက်ရည်ကလေးပင် လည်သွားမိလေသည်။ သူသည် မျက်ရည်ကလေး တလည်လည်ဖြင့်ပင် သူချစ်ခင် လေးစား အားထားကြည်ညိုခဲ့သူ ဦးလေး ဦးထွန်းငြိမ်းအား လိုက်လံသော ကျေးဇူးစကားကလေးများဖြင့် ရေရွတ်နှုတ်ဆက်ခဲ့ လေသည်။"[၁]

ဟု အဖြစ်အပျက်ကို ပြောရင်း အတ္ထုပ္ပတ္တိရှင်၏ ခံစားမှုကို သရုပ်ဖော်ထားပါသည်။ ဆရာကြီးဦးဖေမောင်တင်အပေါ် သနားကရုဏာသက်သည့် လေသံဖြင့် ဖော်ပြထားရာ စာဖတ်သူတို့လည်း အတ္ထုပ္ပတ္တိရှင်နှင့်ထပ်တူ ဆို့နင့်စွာ ခံစားရစေပါသည်။ အတ္ထုပ္ပတ္တိရှင် အပေါ် စာနာသနားနေလျက် နှစ်သက်မှုကို ဖြစ်ပေါ်စေသော အဖွဲ့ဖြစ်သဖြင့် ကရုဏာ ရသမြောက် အဖွဲ့ကောင်း ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည် အတ္ထုပ္ပတ္တိသည် စာရေးသူ၏ စိတ်ကူးဉာဏ်ပါ အားဖြည့်ပြီး ဝတ္ထုပုံစံ ရေးသားသရုပ်ဖော်ထားသော ရသမြောက်သော ဝတ္ထုဟန်အတ္ထုပ္ပတ္တိအဖြစ် တွေ့မြင်ရပါသည်။

စာရေးသူသည် ဝတ္ထုရေးဆရာဖြစ်သည့်အတွက် အတ္ထုပ္ပတ္တိကို ဝတ္ထုဟန်ဖြင့် ရေးသားထားပါသည်။ ထို့ကြောင့် အဖွဲ့ခံပုဂ္ဂိုလ်၏ ဘဝသရုပ်ဖော်ကို ပီပီပြင်ပြင် ထင်ထင်ရှားရှား ထူးထူးခြားခြား မြင်ယောင်လာစေပါသည်။ ထိုသို့ ပီပြင်လာစေရန်

---

[၁] လေးလုံး၊ မ၊ ၂၀၁၄၊ ၇၇။

အတွက် ဝတ္ထုဖန်တီးရာတွင် တွေ့ရှိရသော နောက်ခံဝန်းကျင်၊ ဇာတ်ဆောင်စရိုက်သဘာဝ၊ ခံစားချက်၊ အတွေးအမြင်များဖြင့် အတ္ထုပ္ပတ္တိကို အနုစိတ် မွမ်းမံခြယ်သသရုပ်ဖော်ထားသည်မှာ နှစ်သက်ဖွယ်ကောင်းနေပါသည်။

နောက်ခံဝန်းကျင် သရုပ်ဖော်ရာတွင် အဖွဲ့ခံပုဂ္ဂိုလ် ဖြတ်သန်းခဲ့သော နောက်ခံဝန်းကျင်တိုင်းကို အနုစိတ်သရုပ်ဖော်ထားသည့်အတွက် အဖွဲ့ပုဂ္ဂိုလ်၏ ဘဝဖြစ်စဉ်မှာ ပိုမိုအသက်ဝင်နေပါသည်။

အဖွဲ့ခံပုဂ္ဂိုလ် ရင်ဆိုင်ဖြတ်သန်းခဲ့သော ပညာရေး၊ နိုင်ငံအရေး၊ လူမျိုးရေး၊ မိသားစုရေး၊ ဆွေရေးမျိုးရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးများ၏ အလင်းပိုင်း၊ အမှောင်ပိုင်းတို့ကို အချိုးကျကျ ပွင့်ပွင့်လင်းလင်း သရုပ်ဖော်ရေးသားထားသည့်အတွက် စာဖတ်သူအတွက် နှစ်သက်မှုကို ဖြစ်ပေါ်စေပါသည်။

စာရေးသူသည် ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်အတ္ထုပ္ပတ္တိကို အခန်းပေါင်း (၂၉)ခန်း ခွဲ၍ ခေါင်းစဉ်ငယ်များဖြင့် အချိတ်အဆက်မိမိ ရေးသားထားသည့်အတွက် ဘဝဖြစ်စဉ်များသည် သူ့အကန့်နှင့်သူ ရှင်းရှင်းလင်းလင်း ပေါ်လွင်နေသည့်အပြင် နှစ်သက်မှုကို ဖြစ်ပေါ်စေပါသည်။

## နိဂုံး

စာရေးသူသည် ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည် အတ္ထုပ္ပတ္တိကို ရေးသားပြုစုရာတွင် ဆရာကြီးဦးဖေမောင်တင်ကို အကြိမ်ကြိမ် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စာရေးသူ ရေးသားထားသော အတ္ထုပ္ပတ္တိစာမူကိုလည်း ဆရာကြီးဦးဖေမောင်တင် ကိုယ်တိုင် ပြန်လည်ကြည့်ရှုခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီးဦးဖေမောင်တင်၏ ဘဝလောကခံ အနိမ့်၊ အမြင့်၊ အတက်၊ အကျများ၊ အားနည်းချက်၊ အားသာချက်များနှင့် လူသားဆန်သော စံပြဘဝတစ်ခုအဖြစ် ပီပြင်ထင်ရှားလာပါသည်။ မသန်မစွမ်း စာရေးသူကိုယ်တိုင် အသက်(၈၅)နှစ် အရွယ်ရှိသော မြန်မာစာပေ၏ ကျေးဇူးရှင်ဖြစ်သော ဆရာကြီး ဦးဖေမောင်တင်အား တွေ့ဆုံမေးမြန်းကာ စာရေးသူ၏စိတ်ကူးနှင့် ပေါင်းစပ်မှတ်တမ်းတင် ပြုစုထားသည့်အတွက် မြန်မာစာပေနှင့် မြန်မာလူမျိုးအားလုံး အလေးအမြတ်ပြုထိုက်သော အတ္ထုပ္ပတ္တိ တစ်ဆူအဖြစ် တွေ့ရှိရပါသည်။

# ကျမ်းကိုးစာရင်း


ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၁။ ***တစ်သံ နှစ်သံ သုံးလေးသံ***၊ ရန်ကုန်မြို့၊ ကံသာပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၄။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***၊ စတုတ္ထအကြိမ်။ ရန်ကုန်မြို့၊ ရွှေတြိဂံအော့ဖ်ဆက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနချုပ်။ (၂၀၀၃)။ ***နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း***။ ရန်ကုန်၊ ချိုတေးသံသာစာပေတိုက်။

မိုးမြေ၊ မ၊ (၂၀၀၉)၊ ***ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ***၊ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

မြသန်းတင့်။ (၂၀၀၂)။ ***အတ္ထုပ္ပတ္တိ၏ အတ္ထုပ္ပတ္တိ***။ ရန်ကုန်၊ နေရီရီစာအုပ်ဆိုင်။

လေးလုံး၊ မ၊ (၂၀၁၄)။ ***ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်***။ ဒုတိယအကြိမ်၊ ရန်ကုန်၊ နိုင်ထက်အောင် ပုံနှိပ်တိုက်။

လှကြိုင်၊ ဦး၊ နှင့်အများ။ (၁၉၇၁)။ ***အတ္ထုပ္ပတ္တိစာပေနှီးနှောဖလှယ်ပွဲစာတမ်း***။ ရန်ကုန်။

သိန်းဖေမြင့်၊ (၂၀၀၉)။ ***သိန်းဖေမြင့်၏ စာပေရှုခင်း***။ ရန်ကုန် Colour zone ပုံနှိပ်တိုက်။

အုန်းသော်၊ ဦး။ (၁၉၇၉)။ ***စာရေးနည်းလေးမျိုး***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# ရွှေကုံးရွာဆရာသုတ၏ ဆဒ္ဒန်ပျို့လာ ရသမြောက်အဖွဲ့များကို လေ့လာစိစစ်ခြင်း

မာလာဦး*


## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဇာတကကို အခြေခံ၍ ပျို့စာဆို၏ ဖန်တီးမှုအနုပညာကြောင့် ထိုပျို့ကို နှစ်သက်ရာမှတစ်ဆင့် ဘဝအသိအမြင်များ၊ အတွေးအခေါ် အယူအဆများ၊ အဆုံးမဩဝါဒများကို မှတ်သားနာယူလာတတ်ပုံ၊ ရသမှတစ်ဆင့် ဘဝအသိသို့ ရောက်စေရန် ပျို့စာဆို၏ ရသမြောက်အဖွဲ့များ ဖန်တီးရေးဖွဲ့ပုံတို့ကို လေ့လာတင်ပြရန် ရည်ရွယ်ပါသည်။ ထိုသို့ လေ့လာရာတွင် အလေ့လာခံအဖြစ် ရွှေကုံးရွာ ဆရာသုတ၏ ဆဒ္ဒန်ပျို့ကို ရသစာပေ ရှုထောင့်မှ လေ့လာထားပါသည်။ ဤစာတမ်းပါ တင်ပြချက်များသည် ရသစာပေကို လေ့လာသူတို့အတွက် မည်သည့်အဖွဲ့သည် ရသဖြစ်ပေါ်ရန် အကြောင်းရင်းဖြစ်၍ မည်သည့်အဖွဲ့သည် ရသဖြစ်ပေါ်ရန် အထောက်အပံ့ဖြစ်ကြောင်း လွယ်ကူစွာ ခွဲခြားစိစစ်နိုင်ရန် အထောက်အကူပြုမည် ဖြစ်ပါသည်။ ရသ၏ဖြစ်စဉ်သဘောကို နားလည်နိုင်မည် ဖြစ်ပါသည်။


**သော့ချက်စကားလုံး** – ***ဘာဝ၊ ဝိဘာဝ၊ အာလမ္ဗဏဝိဘာဝ၊ ဥဒ္ဒီပနဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝ၊ သာတ္တိကဘာဝ၊ ဌာယီဘာဝ၊ ရသ။***

## နိဒါန်း

ဤစာတမ်းတွင် စာဆိုတို့သည် ဖန်တီးမှုအတတ်ပညာစွမ်းရည်တို့ဖြင့် စာပေပုံသဏ္ဍာန်အလိုက် အခြေခံအကြောင်းအရာကို ချဲ့ထွင်၍လည်းကောင်း၊ ချုံ့၍လည်းကောင်း၊ မူလအရင်းခံဇာတ်လမ်းကို ပြောင်းလဲ၍လည်းကောင်း ရေးဖွဲ့ခဲ့ကြသည်။ မူလကရှိနှင့်ပြီးသား စာပေတစ်ရပ်ကို အခြေခံ၍ အသစ်ရေးဖွဲ့သော စာပေမျိုး၌ စာဆိုစိတ်ကူးဉာဏ်၊ စာဆိုပရိယာယ်ကြောင့် မူလစာပေတွင် ခပ်မှိန်မှိန်သာ ရှိခဲ့သော လူ့သဘာဝအဖွဲ့သည် အသစ်ဖွဲ့သောစာတွင် ရုပ်လုံးကြွကာ ပီပြင်ထင်ရှားလာတတ်သည်။ ဇာတ်လမ်းကိုလည်း အားကောင်းလာစေသည်။ ဤစာတမ်းတွင် ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကို အခြေခံ၍ ပျို့စာဆို၏ ဖန်တီးမှုအနုပညာကြောင့် ထိုစာတို့ကို ရသနှစ်သက်ရာမှတစ်ဆင့် ထိုဇာတကစာပေမှပေးသော ဘဝအသိအမြင်များ၊ အတွေးအခေါ် အယူအဆများသည် မှတ်သားနာယူဖွယ်၊ လိုက်နာကျင့်သုံးဖွယ်

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်

ဖြစ်လာရပုံကို တင်ပြထားပါသည်။ ထိုသို့ ရသမြောက်သောအဖွဲ့များကို ရှင်းလင်း တင်ပြရာ၌ မြန်မာအလင်္ကာကျမ်းများလာ ရသဝေါဟာရများဖြင့် လေ့လာတင်ပြထား ပါသည်။ ပျို့ပေမူကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှ ကူးယူလေ့လာပါသည်။

## ၁။ စာဆိုအတ္ထုပ္ပတ္တိ

ရွှေကုံးရွာ ဆရာသုတသည် ဆဒ္ဒန္တဇာတက (ဇာတ်အမှတ်–၅၁၄)ကို အခြေခံ၍ ဆဒ္ဒန်ပျို့(၁၁၄၃)ကို ရေးဖွဲ့ခဲ့သည်။ ဆဒ္ဒန်ပျို့နိဂုံးပိုဒ်တွင်–

> "ရွှေယမ်းမြို့၏ ရှေ့သို့ဇသံ၊ နဒီယံတွင်၊ ကြက်ပျံမကျ စည်ပင်လှသည်၊ နာမသညာ၊ ရွှေကုံးရွာတွင် ဆရာသုတ၊ မြို့သားစာကို၊ ဖော်ပြသိသာ၊ နိဒါန်းဖြာ၍"[၁]

ဟု ရေးဖွဲ့ထားသည့်အတွက်ဆဒ္ဒန်ပျို့ကို ဆရာသုတ ဖွဲ့ဆိုကြောင်း ထင်ရှားသည်။ ညောင်ရမ်းမြို့၏ အရှေ့အရပ်ရှိ မြစ်ကမ်းပါးတွင်ရှိသော ရွှေကုံးရွာဇာတိဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ထို့ပြင် စာပြီးနှစ်ကို ဖော်ပြရာတွင် ပျို့နိဂုံး၌–

> "ဤစာပြီးလစ်၊ သက္ကရာဇ်ကား၊ ဖြစ်သည်မြားမြောင်၊ တစ်ထောင် တစ်ရာ၊ သာသည်လေးဆယ်၊ စွန့်ကယ်သုံးခု၊ ရတုနွေဦး၊ တပေါင်းကြူးလျက်၊ တန်ခူးဆန်းပေါ်၊ လပြည့်ကျော်၍၊ ဆယ်ရက် စေ့တွင်၊ နေ့ဗုဒ္ဓဟူး၊ ရောင်မြူးထိန်ထိန်၊ အသူရိန်လျှင်၊ အချိန် နက္ခတ်၊ မွန်းတည့်လတ်တွင်၊ အောင်မြတ်ချမ်းသာ၊ မင်္ဂလာဖြင့်၊ ဤစာသီကုံး၊ နိဒါန်းဆုံး၍၊ အဆုံးလည်းသတ်၊ ပြည့်စုံလတ်သော်"[၂]

ဟူ၍ စာပြီးနှစ် အတိအကျ ဖော်ပြထားသည်။ သက္ကရာဇ် ၁၁၄၃ ခုနှစ်၊ တန်ခူး လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဆဒ္ဒန်ပျို့ကို ရေးဖွဲ့ကြောင်း တွေ့ရှိရသည်။

ထို့ပြင် ဆရာမာဏဝ ပြုစုသည့် ဇာတ်တော်ငါးရာ့ငါးဆယ်စာအုပ်တွင် ပျို့နှင့် စာဆိုအမည် ဖော်ပြရာ၌–

---

[၁] သုတဆရာ (ရွှေကုံးရွာ)၊ မ–၁၁၄၃၊ နိဂုံး။
[၂] သုတဆရာ (ရွှေကုံးရွာ)၊ မ–၁၁၄၃၊ နိဂုံး။

> "၁၁၀၀ ခုနှစ် ယုန်မင်းပျို့ ရွှေကုံးရှာဆရာ ၁၁၄၃ ခုနှစ် ဆဒ္ဒန်ပျို့ ရွှေကုံးရှာဆရာ"[၁]

ဟု ရေးသားထားသဖြင့် ဆရာသုတသည် ယုန်မင်းပျို့ကိုလည်း ရေးစပ်ခဲ့ကြောင်း သိရပါသည်။

## ၂။ ရသဟူသည်

ရသနှင့်ပတ်သက်၍ ပညာရှင်တို့က အမျိုးမျိုး အနက်ဖွင့်ဆို ကြံဆခဲ့ကြသည်။ အရှင်ကုမာရက အလင်္ကာပန်းကုံးတွင်–

> "သာမဇ္ဈိကာန မာနန္တော၊ ယော ဗန္ဓာတ္ထာ နုသာရိနံ ရသီယတီတိ တညူဟိ၊ ရသော နာမက မီရိတော"

> "ဗန္ဓတ္ထာ နုသာရိနံ – အဖွဲ့ ဗန္ဓ၏အနက်အဓိပ္ပာယ်ကို အစဉ်အောက်မေ့ ကြံစည်သိမြင်လေ့ရှိကုန်သော၊ သာမဇ္ဈိကာနံ – ပွဲလမ်းသဘင်၌ယှဉ်သော သူတော်ကောင်းတို့၏၊ ယောအာနန္ဒော – အကြင်နှစ်သက်အပ်သောသဘောသည် အတ္တိရှိ၏။ အယံ – ဤနှစ်သက်သာယာအပ်သော သဘောကို ရသီယတီတိ (ဝစနတ္ထောန) – ရသီယတိ ဟူသော ဝစနတ္ထကြောင့်၊ ရသောနာမ – ရသမည်၏ ဟူ၍၊ တညူဟိ – ထိုရသ – သဘောကိုသိသော ပညာရှိတို့သည်၊ ဤ ရိတော – မိန့်ဆိုအပ်၏။"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ပြင် ရှင်ပဏ္ဍိတမထေရ်ကလည်း ရသနှင့်ပတ်သက်၍–

> "သူတော်ကောင်းတရားကို နှစ်သက်သာယာခြင်း၊ ပွဲလမ်းသဘင်၊ အကအခုန်၊ အပြောအဟော၊ ကဗျာလင်္ကာ အစီအကုံး အရေးသားတို့၌ နှစ်သက်သာယာမက်မောခြင်းကို ရသခေါ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။"[၃]

ဟူ၍ ဖွင့်ဆိုသည်။

---

[၁] မာဏာဝ၊ ၁၉၈၇၊ ၃၁။

[၂] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၇၂။

[၃] ပဏ္ဍိတမထေရ်၊ အရှင်၊ ၁၉၉၅၊ ၅၆။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ရသသဘောကို–

> "ပျို့၊ လင်္ကာ၊ ကဗျာ၊ ဇာတ်စာအုပ်တို့၏ သဘောအနက်ကို ဆင်ခြင်အောက်မေ့သောအခါ နှစ်သက်အပ်သော သဘောမျိုးကို ရသဟူ၍ ခေါ်သည်။"[၁]

ဟု ဖွင့်ဆိုခဲ့သည်။

ဦးရွှေအောင်ကလည်း 'ရသစာပေ၏ရသ' စာအုပ်တွင်–

> "အနုပညာခံစားမှု ဟူသော အကြောင်းကြောင့် တိုးတက်ဖွံ့ဖြိုးခြင်း ဖြစ်ပါက ယင်းဌာယီဘာဝကိုပင် 'ရသ' ဟု ခေါ်ပါသည်။ အခြား အကြောင်းကြောင့် မပီမပြင် အနုသယ(သဘော)အသွင်မှ ပီပီပြင် ပရိယုဌာနအသွင်သို့ တိုးတက် ဖွံ့ဖြိုးလာသော ဌာယီဘာဝကို ရသ ဟူ၍ မခေါ်ပါချေ၊"[၂]

ဟူ၍ ဖွင့်ဆိုခဲ့သည်။

ဆရာဇော်ဂျီကလည်း–

> "အလွမ်း၊ အဆွေး၊ အသောဆိုသည်မှာ အခြားမဟုတ်ပါ။ စာပေလောက၌ ပြောဆိုနေကြသော၊ အလင်္ကာကျမ်းထွက် ရသဟု ဆိုချင်ပါသည်။ ရသဆိုသည်မှာ စာတတ်ပေတတ်တို့ သုံးစွဲကြသော မူလသက္ကတဘာသာ စာစကားဖြစ်၍ အလွမ်း၊ အဆွေး၊ အသော ဆိုသည်မှာ မြန်မာအရပ်သားတို့ နားလည်သည့်အတိုင်း သုံးစွဲလာကြသော အမျိုးဘာသာရပ်စကားဖြစ်ရာ ထိုစကားနှစ်ရပ်သည် ပညတ်အရာ၌သာကွဲလွဲ၍ သဘောမှာမကွဲ၊ အတူတူပင်ဖြစ်သည်ဟု ယူပါသည်။"[၃]

ဟူ၍ ဖွင့်ဆိုခဲ့သည်။

ဆရာဇော်ဇော်အောင်ကလည်း–

---

[၁] လွမ်း၊ ဆရာ၊ ၁၉၅၅၊ ၃၅။
[၂] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၂၅။
[၃] ဇော်ဂျီ၊ ၁၉၇၆၊ ၄၃၀။

"ရသဆိုတာ စာဖတ်သူရဲ့ တုံ့ပြန်မှုအရ စာဖတ်သူမှာ ဖြစ်ပေါ်တဲ့ ခံစားမှု၊ စိတ်လှုပ်ရှားမှု၊ သာယာနှစ်သက်မှု ဖြစ်တယ်။"[၁]

ဟူ၍ ဖွင့်ဆိုပါသည်။

ရသကို မြန်မာဘိဓာန်တွင်–

"သာယာသောခံစားမှု၊ နှစ်သက်ဖွယ်သောသဘော၊ အနုပညာလက်ရာကြောင့်၊ သာယာခံစားမှု"[၂]

ဟု ဖွင့်ဆိုပါသည်။

သို့ဖြစ်၍ ရသဟူသည်မှာ စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင် စသော အနုပညာများကို ခံစားရာမှ စိတ်ထဲတွင် ပေါ်ပေါက်လာရသော နှစ်သက်သာယာမှုပင် ဖြစ်ပါသည်။

## ၂၊ ၁။ ရသဖြစ်ပေါ်ပုံ

ဘရတမုနိက နာဋျသျှတ္တရကျမ်းတွင် ရသသဘောကို–

"ဝိဘာဝ၊ အနုဘာဝနှင့်ဗျာဘိစာရီဘာဝတို့၏ ပေါင်းစပ်မှုကြောင့် ရသသည် ဖြစ်ပေါ်လာရသည်။"[၃]

ဟူ၍ အကျဉ်းမျှ ဖွင့်ဆိုခဲ့သည်။

ထို့ကြောင့် ရသဟူသည် အနုပညာလက်ရာတစ်ခုခုဖြင့် ပရိသတ်၏စိတ်ကို နှစ်သက်သာယာမှု ဖြစ်စေ၍ သုခခေါ် ငြိမ်းအေးသာယာခြင်းသဘော ဖြစ်လာခြင်းပင် ဖြစ်သည်။

### ဘာဝ

ဘာဝဆိုသည်မှာ ခံစားမှုပင် ဖြစ်သည်။ ခံစားမှုသည် စိတ်[၄]ကို အခြေခံသည်။ စိတ်၏ သဘောသည် ကြည်လင်သည့်သဘော၊ တည်ငြိမ်သည့်သဘောဖြစ်သည်။ ဦးရွှေအောင်က ရသ စာပေ၏ ရသကျမ်းတွင်–

[၁] ဇော်ဇော်အောင်၊ ၂၀၁၄၊ ၁၀၀။
[၂] မြန်မာအဘိဓာန်၊ တွဲ ၄၊ ၂။
[၃] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၃၁။
[၄] Mind

> "ရသစာပေတွင် ရသနှင့်ဘာဝတို့သည် အချင်းချင်းခြားနားကြသည်။ ဤနေရာ၌ ဘာဝ ဆိုသည်မှာ ခံစားမှုသာမန်သာ ဖြစ်သည်။ ဌာယီဘာဝ၊ ဗျဘိစာရီဘာဝတို့၌ ပါဝင်သည့် ဘာဝကို ဆိုလိုသည် မဟုတ်ချေ"[၁]

ဟူ၍ ဖွင့်ဆိုခဲ့သည်။

## ဝိဘာဝ

ဝိဘာဝ[၂]ဟူသည် ထူးထူးခြားခြားဖြစ်စေတတ်သော တရားဖြစ်သည်။ စိတ်ဖြစ်ခြင်း အထူး ပင်ဖြစ်သည်။ ဝိဘာဝသည် လူတို့၏ စိတ်အတွင်းသဏ္ဍာန်၌ရှိသော ချစ်ခြင်း၊ မုန်းခြင်း စသော လှုပ်ရှားတတ်သည့် စိတ်သဘောများကို လှုပ်ရှားလာအောင် နှိုးဆွပေးသော အကြောင်းအာရုံများ ဖြစ်သည်။ ထိုသို့နှိုးဆွပေးသော အကြောင်းအာရုံ များသည် အနုပညာလက်ရာတစ်ရပ် ဖြစ်နေမှသာလျှင် ဝိဘာဝဟု ခေါ်နိုင်သည်။ ပြင်ပဒိဋ္ဌလောကတွင်ဖြစ်ပါမူ ထိုအကြောင်းအာရုံများကို ဝိဘာဝဟု မခေါ်နိုင်ပေ။

> "ထိုဘာဝသုံးပါးတို့၏ ဖြစ်ခြင်း၌လည်းကောင်း၊ ထိုမှတစ်ပါး ဖြစ်နေပြီးသော ဘာဝတို့ကို ထင်စွာပြခြင်း၌လည်းကောင်း၊ မုချ အကြောင်း၊ အခြံအရံအကြောင်းသည် ဝိဘာဝမည်၏"[၃]

ဟု ဖွင့်ဆိုပါသည်။

> "လောက၌ နှစ်သက်ခြင်း စသည်ကို နှိုးဆွပေးတတ်သည့် တရားများ ရှိကြ၏။ ထိုတရားများကိုပင် ကဗျာနှင့်ပြဇာတ်တို့၌ ဝိဘာဝဟူ၍ ဆိုကြကုန်၏"[၄]

ဝိဘာဝသည် ပရိသတ်တွင် ရသနှစ်သက်ခြင်းဖြစ်ရသည့် အဓိကအကြောင်းရင်း ဖြစ်သည်။ ဝိဘာဝတွင် အာလမ္ဗဏဝိဘာဝနှင့် ဥဒ္ဒီပနဝိဘာဝ ဟူ၍ နှစ်မျိုးရှိသည်။

### (က) အာလမ္ဗဏဝိဘာဝ

ရှင်ကုမာရက အလင်္ကာပန်းကုံးတွင်–

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၃၁။

[၂] Mood

[၃] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၆၈။

[၄] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၂၄၉။

> "ဌာယီဘာဝ၊ ဗျဘိစာရီဘာဝ၊သာတ္တိကာဘာဝ–ဟု ဆိုအပ်သော ဘာဝ သုံးမျိုးကို ဖြစ်စေတတ်သော မုခ(အာရုံ)အကြောင်းသည် အာရမ္မဏ ဝိဘာဝ မည်၏။"[၁]

ဟူ၍ အာရမ္မဏပစ္စည်းဖြစ်သော အကြောင်းမျိုးကို အာရမ္မဏဝိဘာဝဟု ဖွင့်ဆိုထားပါသည်။

ဌာယီဘာဝ ဖြစ်ပေါ်ခြင်း၏ အကြောင်း(၂)မျိုးတွင် ပဓာနအကြောင်းသည် အာလမ္ဗဏဝိဘာဝ ဖြစ်ပါသည်။ ဌာယီဘာဝဖြစ်ပေါ်ရန် အဓိကအကြောင်း ဖြစ်သည်။ ရသစာပေတွင်ပါရှိသော အဓိကဇာတ်ဆောင်များ ဖြစ်သည်။

## (ခ) ဥဒ္ဒီပနဝိဘာဝ

ဥဒ္ဒီပနဝိဘာဝသည် ဌာယီဘာဝဖြစ်ပေါ်ခြင်း၏ အခြံအရံအကြောင်း ဖြစ်သည်။ ဌာယီဘာဝကို တိုးပွားစေရန် အကူညီပေးသော အကြောင်းဖြစ်သည်။

ရှင်ကုမာရ၏ အလင်္ကာပန်းကုံးတွင်–

> "ထိုဘာဝသုံးမျိုးတို့၏ ထင်ရှားခြင်း၊ တိုးပွားခြင်း၏အကြောင်း (ထို ဘာဝ သုံးမျိုးကို ထင်ရှားစေတတ်၊ တိုးပွားစေတတ်သော အခြံအရံဖြစ်သော အကြောင်း)သည် ဥဒ္ဒီပနဝိဘာဝ မည်၏"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ရသစာပေတွင်ပါသော အဓိကဇာတ်ဆောင်များ၏ သရုပ်ပီပြင်မှုကို သဘာဝကျအောင် ပေါ်လွင်အောင် ထောက်ပံ့ပေးသော၊ ဇာတ်ဆောင်တို့၏အမူအရာ၊ ရုပ်ဆင်းအင်္ဂါများနှင့် နေရာဒေသ အချိန်ကာလ ဟူသော ကာလဒေသနောက်ခံများ၊ အရန်ဇာတ်ဆောင်များ ဖြစ်ပါသည်။

### အနုဘာဝ

အနုဘာဝဟူသည် ရင်တွင်းခံစားချက် (ဌာယီဘာဝ)ကို အပြင်ကသိအောင် ထင်ရှားပြတတ်သည့် သဘောများ ဖြစ်သည်။ ဇာတ်ဆောင်နှင့် ပြင်ပ(ဗဟိဒ္ဓ)၌ ပေါ်လာသော ဌာယီဘာဝ၏ အကျိုးတရားများသည် အနုဘာဝများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ဇာတ်ဆောင်တို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ပင် ဖြစ်သည်။

---

[၁] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၆၈။

[၂] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၆၈။

"အာလမ္ဗဏဝိဘာဝ၊ ဥဒ္ဒီပနဝိဘာဝတို့ကြောင့် နိုးကြွလာသော ဌာယီဘာဝကို ပြင်ပကသိအောင် ထင်ရှားပြတတ်သည့် သဘောကို ရသလောက၌ အနုဘာဝဟု ခေါ်သည်။"[1]

ဤသည်ကို ဆရာတော်ရှင်ကုမာရက အလင်္ကာပန်းကုံးတွင်–

"မီး၏အကျိုးဖြစ်သော အခိုးသည် မီးကိုသိရခြင်းအကြောင်း ဖြစ်သကဲ့သို့ ဌာယီဘာဝ၊ ဗျာဘိစာရိဘာဝ၊ သာတ္တိကဘာဝတို့ကြောင့် ဖြစ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဟု ဆိုအပ်သော အကျိုး တို့သည်လည်း ထိုဘာဝသုံးပါးကို သိရခြင်းအကြောင်းဖြစ်သော အနုဘာဝမည်၏"[2]

ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အနုဘာဝအမျိုး (၄၀) ရှိသည်။

## သာတ္တိကဘာဝ

"သာတ္တိက၏ မူရင်းအနက်မှာ ပရိယာယ်ဝေ၀စ်တို့ဖြင့် လှည့်ပတ် ဟန်ဆောင်ခြင်း မရှိဘဲ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း သစ္စာရှိစွာ ဖော်ပြသည့် ခံစားမှုများပင် ဖြစ်သည်။ ယင်းခံစားချက်များသည် အပြင်က သိနိုင်လောက်သည့် အဆင့်သို့ ရောက်သောအခါ အနုဘာဝအမည်ကို ရလေသည်။ သာတ္တိကဘာဝ အမည်ကိုလည်း ရလေသည်။"[3]

ဟူ၍ ဖွင့်ဆိုထားပါသည်။

သာတ္တိကဘာဝသည် ဟန်ဆောင်မှုမရှိသော ရိုးသားသည့်ခံစားမှုမှ ထွက်ပေါ် လာသော အမူအရာတို့ပင် ဖြစ်သည်။ သာတ္တိကဘာဝ (၈)မျိုး ရှိသည်။

## ဗျာဘိစာရီဘာဝ

ဗျာဘိစာရိဘာဝသည် စိတ်တွင်း၌ဖြစ်ပေါ်သော ယာယီခံစားမှု ဖြစ်သည်။ ထိုယာယီခံစားမှုသည် ဌာယီဘာဝကို ပွားများတိုးတက်လာအောင် ထောက်ကူခြံရံသော ခံစားမှုမျိုး ဖြစ်သည်။ ယင်းဗျာဘိစာရိဘာဝသည် ဌာယီဘာဝနှင့် အပြိုင်ဖြစ်ကာ

---

[1] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၂၅၂။

[2] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၆၈။

[3] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၂၅၆–၂၅၇။

ထင်ရှားစွာဖြင့်သော်လည်းကောင်း၊ ပျောက်ကွယ်၍သော်လည်းကောင်း၊ ငုပ်ချည်ပေါ်ချည် ဖြင့်သော်လည်းကောင်း ဖြစ်တတ်သော ခံစားမှု ဖြစ်သည်။ ဗျဘိစာရီ (၃၃)မျိုး ရှိသည်။

ရှင်ကုမာရက အလင်္ကာပန်းကုံးတွင်–

"ရံခါကွယ်ပျောက်ခြင်း၊ ရံခါထင်စွာဖြစ်ခြင်းအားဖြင့် အမြဲမတည်တတ်၊ ရွေ့လျားတတ်သော ဘာဝသည် ဗျဘိစာရီဘာဝ မည်၏"[၁]

ဟူ၍ အကျဉ်းမှတ်ရန် မှတ်ချက်ပေးထားပါသည်။

စာပေတွင် အနုဘာဝ၊ ဗျဘိစာရိဘာဝနှင့် သာတွိကဘာဝတို့သည် စာဖတ်သူ၏ စိတ်မျက်စိ၊ စိတ်နား၌ မြင်ရကြားရနိုင်သော ဇာတ်ဆောင်များ၏ အမူအရာများ ဖြစ်ကြပါသည်။ အနုဘာဝနှင့် သာတွိကဘာဝတို့သည် ဇာတ်ဆောင်တို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ဖြစ်ကြ၍ ဗျာဘိစာရိဘာဝသည် ဇာတ်ဆောင်တို့၏ စိတ်အမူအရာများ ဖြစ်ကြပါသည်။

**ဌာယီဘာဝ**

ဌာယီဘာဝဆိုသည်မှာ လူတို့၏စိတ်ထဲတွင် ဝါသနာအလျောက် ရှိနေတတ်သော စိတ်ခံစားမှု[၂]များ ဖြစ်ပါသည်။

ရှင်ကုမာရက အလင်္ကာပန်းကုံးတွင်–

"ဆန့်ကျင်ဘက်ဖြစ်သော ဘာဝတစ်ပါးသည် မပိတ်ပင် မဖုံးလွှမ်း အပ်မူ၍ မိမိသဘောအတိုင်း တည်သော ဘာဝသည် ဌာယီဘာဝ မည်၏။ ခိုင်မြဲသည်။ အဖြစ်ဓကန် ဖြစ်သောကြောင့် ဌာယီ မည်၏။ ဝိဘာဝ၊ အနုဘာဝ စသည်တို့ဖြင့် သာယာအပ်သော သဘောသို့ ရောက်စေအပ်သည်ဖြစ်၍ ရသဟု ဆိုသင့်သော ဘာဝမျိုးသည် ဌာယီဘာဝ မည်၏"[၃]

လူတို့၏စိတ်တွင် တည်ရှိနေသည့် ထင်ရှားသော တည်မြဲသော စိတ်ခံစားမှု များပင်ဖြစ်သည်။ ဌာယီဘာဝသည် အမြဲတည်ရှိသည့် ဘာဝဖြစ်၍ ဗျဘိစာရီဘာဝသည် ယာယီတည်ရှိသော ဘာဝဖြစ်ပါသည်။ ဌာယီဘာဝသည် ထင်ရှားသော အားကောင်းသော သဘောရှိ၍ ဗျဘိစာရီဘာဝသည် မထင်ရှားသော အားနည်းသော သဘောရှိပါသည်။

---

[၁] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၆၀။

[၂] Emotion

[၃] ကုမာရ၊ ရှင်၊ ၁၉၉၀၊ ၃၅၇–၃၅၈။

ဌာယီဘာဝသည် ရသဖြစ်ပေါ်မှုအတွက် အဓိကကျသော စိတ်ခံစားမှုဖြစ်သည်။ ဌာယီဘာဝတို့သည် သာမန်အားဖြင့် မပီမပြင် အနုသယအသွင်ဖြင့် ရှိကြသော်လည်း အနုပညာခံစားမှု ဟူသော အကြောင်းတရားနှင့် တွေ့ဆုံပါက ရသအသွင်သို့ တိုးတက်ဖွံ့ဖြိုးလာနိုင်သောကြောင့် ဖြစ်ပါသည်။

ဌာယီဘာဝ (၉)မျိုး ရှိသည်။ ရတိဌာယီဘာဝ (ချစ်ခြင်း)၊ ဟာသဌာနယီဘာဝ (ပြုံးရယ်ခြင်း)၊ သောကဌာယီဘာဝ (စိုးရိမ်ပူပန်ခြင်း)၊ ကောဓဌာယီဘာဝ (အမျက်ထွက်ခြင်း)၊ ဥဿဟဌာယီဘာဝ (ကြိုးစားခြင်း)၊ ဘယဌာယီဘာဝ (ကြောက်ရွံ့ခြင်း)၊ ဇိဂုစ္ဆာဌာယီဘာဝ (စက်ဆုပ်ခြင်း)၊ ဝိမှာယဌာယီဘာဝ (အံ့သြခြင်း)၊ သမဌာယီဘာဝ (ငြိမ်းချမ်းခြင်း) ဟူ၍ (၉)မျိုး ရှိပါသည်။

ထိုဌာနယီဘာဝ (၉)မျိုးတို့သည် ရသစာပေအတွင်းရှိ ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့နှင့် ပေါင်းစပ်မိသောအခါ ရသနှစ်သက်ခြင်း ဖြစ်ပေါ်လာရပါသည်။

## ၃။ ဆဒ္ဒန္တဇာတက (ဆဒ္ဒန်ဆင်မင်း) ဇာတ်တော်အကျဉ်း

မြတ်စွာဘုရားရှင်သည် သာဝတ္ထိသာပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းမိန်းမငယ်တစ်ဦးက မြတ်စွာဘုရားရှင်၏ တင့်တယ်ခြင်းကို မြင်၍ ဤယောက်ျားမြတ်သည် မိမိ၏ခင်ပွန်းဖြစ်ခဲ့ဖူးသည်ကို ဇာတိဿရဉာဏ်ရည်ဖြင့် မြင်ပြီး ပြင်းထန်စွာ ရယ်မော၏။ တစ်ဖန် ခင်ပွန်း၏အကျိုးစီးပွားကို မပြုဘဲ သေစေခဲ့သည်ကိုမြင်ပြီး ပြင်းထန်စွာ ငိုကြွေး၏။ ထိုရဟန်းမိန်းမ ငိုကြွေးသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်သည် ဆဒ္ဒန္တဇာတကကို ဟောတော်မူပါသည်။ ဟောတော်မူရသည့် ရည်ရွယ်ချက်မှာ တိရစ္ဆာန်ဘဝပင်ဖြစ်သော်လည်း ဒါနအမှု၌ ရဲရင့်ပြီး ကုသိုလ်ကောင်းမှုပြုရာ၌ ဆုတောင်းမမှားကြစေရန်နှင့် နိဗ္ဗာန်ချမ်းသာကိုသာ ဆုတောင်းကြစေရန် ဖြစ်သည်။

ဆဒ္ဒန်ဆင်မင်းသည် ဟိမဝန္တာတောင်တန်း (တောင်စဉ်ခုနစ်ထပ် ဝန်းရံထားသော ဆဒ္ဒန်အိုင်၌ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ မိဖုရားနှစ်ပါးနှင့်တကွ ဆင်ရှစ်ထောင် ခြံရံလျက် စံမြန်းနေပါသည်။ မိုးအခါ၌ ရွှေဂူတွင်နေ၍ နွေအခါ၌ ရေမှတက်ပြီး ညောင်ပင်ကြီး၏ပါးပျဉ်းကြား၌ နေ၏။ အင်ကြင်းပန်းများပွင့်သော အချိန်တွင် ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းသည် အင်ကြင်းပင်ကို ဦးကင်းဖြင့် တိုက်လေသည်။ ထိုအခါ လေညာအရပ်၌နေသော စူဠသုဘဒ္ဒါပေါ်သို့ သစ်ရွက်ခြောက်နှင့် အတူရော၍ ခါချဉ်များ ကျသည်။ အောက်အရပ်၌နေသော မဟာသုဘဒ္ဒါပေါ်သို့ ပန်းဝတ်ဆံဝတ်မှုန်နှင့်တကွ ပွင့်ချပ်တို့ကျသည့်အတွက် ဘုရားလောင်းဆဒ္ဒန်ဆင်မင်းအား

ရန်ငြိုးထားခဲ့သည်။ တစ်ဖန် ဆင်တစ်စီး လာရောက်ဆက်သသည့် ပွင့်ချပ်ခုနှစ်ဆင့် ရှိသော ပဒုမ္မာကြာပွင့်ကြီးကိုလည်း မဟာသုဘဒ္ဒါမိဖုရားကြီးကို ပေးခဲ့သည့်အတွက် ဒုတိယအကြိမ် ရန်ငြိုးဖြစ်စေပါသည်။

သို့ဖြစ်၍ စူဠသုဘဒ္ဒါမိဖုရားသည် ပစ္စေကဗုဒ္ဓတို့အား သစ်သီးများ လှူဒါန်းသည်။ နောင်ဘဝတွင် မဒ္ဒရာဇ်၏မင်းမျိုး၌ သုဘဒ္ဒါအမည်ရှိသော မင်းသမီးဖြစ်၍ ဗာရာဏသီမင်းကြီး၏ ချစ်လှစွာသော မိဖုရားဖြစ်လျက် ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို ရယူနိုင်ပါစေဟု ဆုတောင်းခဲ့သည်။ ထိုဆုတောင်းပြည့်ဝခဲ့ပြီး ဇာတိဿရဉာဏ် ရသည့်အတွက် ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကိုရရန် သောနုတ္တရမုဆိုးအား စေခိုင်းခဲ့သည်။ သောနုတ္တရမုဆိုးသည် ဆဒ္ဒန်ဆင်မင်း ရေကန်မှတက်ပြီး ရပ်သော နေရာတွင် တွင်းတူး၍ တွင်းထဲမှ အဆိပ်လူးမြားဖြင့်ပစ်ရာ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းသည် နာကျင်လွန်းလှသဖြင့် ကျယ်လောင်စွာ အော်မြည်လေသည်။ အခြံအရံ ဆင်ရှစ်ထောင်လည်း ဒေါသပြင်းစွာထွက်၍ ရန်သူရှာရန် ထွက်သွားကြသည်။ ဆဒ္ဒန်ဆင်မင်းက ချက်တော်မှ ကျောကုန်းအထိ ပေါက်ထွက်သွားသော ဒဏ်ရာအရ ရန်သူသည် မြေကြီးထဲ၌ရှိနိုင်သည်ဟု တွေးပြီးနောက် အနီးတွင်ကျန်ရှိသော မဟာသုဘဒ္ဒါကိုလည်း ရန်သူရှာရန် ပရိယာယ်သုံး၍ စေခိုင်းပြန်သည်။

ထို့နောက် ဆဒ္ဒန်ဆင်မင်းသည် မြေပြင်အပေါ်၌ ခင်းထားသော ပျဉ်တို့ကို ကွာစေသည့်အခါ သောနုတ္တရမုဆိုးကိုတွေ့သည်။ ထိုမုဆိုးကို သတ်ရန်ကြံစည်မိသော်လည်း သင်္ကန်းကိုမြင်၍ ငြိမ်းအေးခဲ့ပါသည်။ မုဆိုး၏လျှောက်တင်သော စကားတို့အရ စူဠသုဘဒ္ဒါ၏ အကြံအစည်ဖြစ်ကြောင်း သိရှိလေသည်။ စူဠသုဘဒ္ဒါသည် မိမိအသက်ကို သေစေလိုခြင်း ဖြစ်သည်။ အစွယ်ကိုလိုချင်ခြင်း မဖြစ်နိုင်သည့်အတွက် သောနုတ္တရမုဆိုးအား မိမိအစွယ်ကို ဖြတ်စေသည်။ မုဆိုးက အစွယ်ဖြတ်မရသည့်အခါ ဆဒ္ဒန်ဆင်မင်းသည် လွှကို နှာမောင်းဖြင့်ပတ်၍ မိမိကိုယ်တိုင် အစွယ်အား ဖြတ်ပေးပြီးလျှင် ဘုရားဆုကိုတောင်းသည်။ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် လာခဲ့ရသော ခရီးအား ခုနစ်ရက်အတွင်း ပြန်ရောက်မည့် ခရီးလမ်းကိုညွှန်ပြ၍ ပရိတ်အရံအတားများ ပြုလုပ်ပေးကာ ပြန်လွှတ်ပေးပြီးနောက် သေဆုံးသွားသည်။ ရန်သူရှာရာမှ ပြန်လာသော မဟာသုဘဒ္ဒါမိဖုရားနှင့် ဆင်ရှစ်ထောင်တို့သည် ဆဒ္ဒန်ဆင်မင်းကို တွေ့လျှင် သည်းထန်စွာ ငိုကြွေးပြီးနောက် ပစ္စေကာဗုဒ္ဓါတို့အား ပင့်ဖိတ်ကာ မီးသင်္ဂြိုလ်ကြသည်။ သောနုတ္တရမုဆိုးလည်း ခုနစ်ရက်အတွင်း တိုင်းပြည်သို့ပြန်ရောက်၍ အစွယ်ကို စူဠသုဘဒ္ဒါမိဖုရားအား ဆက်သသည်။

စူဠသုဘဒ္ဒါသည် အကြောင်းစုံ သိရသည့်အခါ နောင်တကြီးစွာရပြီး နှလုံးကြေကွဲကာ ထိုနေ့တွင်ပင် သေဆုံးသွားသည်။

ထိုဆဒ္ဒန်ဆင်မင်းဇာတ်တော်တွင် စူဠသုဘဒ္ဒါသည် ငိုကြွေးနေသော ရဟန်းမိန်းမငယ်၊ သောနုတ္တရမုဆိုးသည် ဒေဝဒတ်၊ ဆဒ္ဒန်ဆင်မင်းသည် မြတ်စွာဘုရားရှင်ဖြစ်သည်ဟု ဇာတ်တော်ပေါင်းထားပါသည်။

## ၃၊ ၁။ ဆဒ္ဒန်ပျို့လာ ရသအဖွဲ့များ

ရွှေကုံးရှာ ဆရာသုတသည် ဆဒ္ဒန္တဇာတကကို အခြေခံ၍ ဆဒ္ဒန်ပျို့ (၁၁၄၃)ကို ရေးဖွဲ့ခဲ့သည်။ ဆဒ္ဒန်ပျို့သည် အကြောင်းအရာအားဖြင့် မူရင်းဇာတ်တော်လာ အာနိသင်ကို မထိခိုက်စေပဲ ဇာတ်လမ်းကို ပိုမိုထင်ရှားစေရန် ဇာတ်လမ်းဆိုင်ရာ အပြောက်အမွမ်း၊ ဇာတ်ဆောင်ဆိုင်ရာ အပြောက်အမွမ်း၊ ကာလဒေသနောက်ခံဆိုင်ရာ အပြောက်အမွမ်းများဖြင့် ရေးဖွဲ့ထားသည်။ မူရင်းဇာတ်တော်အတိုင်းပင် ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုနှင့် ဇာတ်ပေါင်းခန်းတို့ ပါဝင်အောင် ရေးဖွဲ့သည်။

ဆဒ္ဒန်ပျို့တွင် ဆဒ္ဒန်ဆင်မင်းသည် ရွှေဂူ၌ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါတို့နှင့်အတူ စံမြန်းနေပုံနှင့် ပတ်သက်၍လည်း ဆဒ္ဒန်အိုင်ကြီး၏ ခမ်းနားပုံကို လှပပြောင်မြောက်စွာ ရေးဖွဲ့ထားသည်။ ဆဒ္ဒန်ဆင်မင်းသည် မိဖုရားနှစ်ပါးအား အင်ကြင်းပန်းများပေးကြောင်းကို ညောင်ကန်ဆရာတော် မြန်မာပြန်ဆိုရာ၌–

> “အင်ကြင်းတောသို့သွား၍ ကောင်းစွာပွင့်သော တစ်ခုသော အင်ကြင်းပင်ကို ဦးကင်းဖြင့်ခိုက်၏။ ထိုအခါ စူဠသုဘဒ္ဒါမည်သော မိဖုရားသည် လေညာနံပါးနေ၏။ ထိုစူဠသုဘဒ္ဒါမိဖုရား၏ကိုယ်ပေါ်၌ ခြောက်သောသဘောဖြင့် ရောကုန်သော သစ်ရွက်ဖျော်တို့သည်လည်းကောင်း၊ ခါချဉ်တို့သည်လည်းကောင်း ကျကုန်၏။”[၁]

ဟု ရေးသားထားပါသည်။

ပျို့တွင် အင်ကြင်းပင်ကို ဦးကင်းဖြင့်တိုက်ရုံသာမက နှာမောင်းဖြင့်လှမ်းဆွတ်၍ မိဖုရားနှစ်ပါးအား ပေးခဲ့ပုံကို–

> “သာကြည်ရွှင်လန်း၊ အင်ကြင်းပန်းကို၊ ဆွဲလှမ်းထိုးခါ၊ မယ်ဘဒ္ဒါကို၊ မင်းလျာဆင်ဖြူ ပေးတော်မူ၍၊ ထို့တူလည်းကောင်း၊ ထပ်လောင်းမေတ္တာ၊ မိစူဠာကို၊ စိတ်မှာမပျက်၊ ရေးနည်းဘက်လျှင်၊ နှစ်သက်အားရမ်း၊ အင်ကြင်းပန်းကို၊ ဆွဲလှမ်းယူငင်၊ စိတ်ရွှင်ရွှင်နှင့်၊ ညက်စင်စူဠာ၊ မယ်ဘဒ္ဒါ၏၊ သိသာထိပ်ထက်၊ အင်ကြင်း

---

[၁] ညောင်ကန်ဆရာတော်၊ ၁၉၅၅၊ ၆၅၅–၆၅၆။

ခက်ကုန်၊ ထွေးယှက်အပုံ၊ ခါချဉ်အုံကို၊ လောင်းငုံပွင့်လျာ၊
မမြင်ပါ၍၊ ဆွဲကာယူလျှင်၊ ဦးခေါင်းထက်သို့၊ ရောယှက်ငုံကြွ၊
အုံလုံးကြွသို့။"[၁]

ဟု ရေးဖွဲ့ထားသည်။ မူလဇာတ်တော်တွင် အင်ကြင်းပင်ကို ဦးကင်းဖြင့်ခိုက်၍ သစ်ရွက်ခြောက်များရောလျက် ခါချဉ်ကောင်များ ပါသွားသည်မှာ အမှတ်မထင်ဟု ယူဆနိုင်ပါသည်။

ဆဒ္ဒန်ပျို့တွင် အင်ကြင်းခက်ကို နှာမောင်းဖြင့်လှမ်းဆွတ်၍ သေသေချာချာ စူဠသုဘဒ္ဒါအား ပေးလိုက်သည့်အတွက် နားလည်မှုလွဲမှားစေပြီး အမုန်းရန်ငြိုး ပိုမိုကြီးထွားလာစေခဲ့ခြင်း ဖြစ်သည်။ ပျို့စာဆို၏ ပရိယာယ်ကြောင့်ပင် ဇာတ်လမ်းမှာ ပို၍သဘာဝကျလာစေပြီး ပရိသတ်ကို နှစ်သက်စေပါသည်။

တစ်ဖန် ဆဒ္ဒန်ဆင်မင်းက မဟာသုဘဒ္ဒါမိဖုရားအား ပဒုမ္မာကြာပွင့်တစ်ပွင့် ပေးသည်ကို ညောင်ကန်ဆရာတော်က–

"ဆင်တစ်စီးသည် ဆဒ္ဒန်အိုင်၌ လှည့်လည်ပြီးလျှင် ပွင့်ချပ်ခုနစ်ဆင့်ရှိသော ပဒုမ္မာကြာပွင့်ကိုရလျှင် ဆောင်ယူခဲ့၍ ဘုရားလောင်းအား ဆက်သည်။ ဆင်မင်းသည် ကြာပွင့်ကို နှာမောင်းဖြင့်ယူကာ ဝတ်မှုန်ကို ဦးကင်း၌ကြဲပြီးလျှင် မိဖုရားကြီးဖြစ်သော မဟာသုဘဒ္ဒါအား ပေး၏။"[၂]

ဟူ၍ ဖော်ပြသည်။

ဆဒ္ဒန်ပျို့တွင်–

"ရွှေကြာပဒုံ၊ နှစ်ပွင့်ဆုံကို၊ ကျွန်ယုံပေါက်ဆင်၊ ဆက်လာချင်သော်၊
ကိုယ်တွင်သုတ်ဖြူး၊ ဝတ်မှုန်လူး၍ ရွှင်မြူးကစား၊ ပြီးတုံငြားမှ၊
ပျိုထွားမဟာ၊ သုဘဒ္ဒါကို၊ ရာဇာမြတ်လေး၊ ပန်တော့ပေး၏။
ရွှေသွေးခိုင်လှော်၊ ငယ်ကတော်ကို၊ မင်းကျော်မပေး၊ စိတ်ပူဆွေးအောင်၊ သရေပျက်ပျက်၊ ပြုသည့်ချက်ကို၊ တစ်သက်ပန်လုံး၊
ပြောမဆုံးသည့်၊ စိတ်မုန်းဒေါသ၊ နှလုံးရှုလျက်။"[၃]

ဟူ၍ ရေးဖွဲ့ထားပါသည်။

---

[၁] သုတဆရာ (ရွှေကုံးရှာ)၊ မ–၁၁၃၄၊ ကဲ (ဝမ်း)။
[၂] ညောင်ကန်ဆရာတော်၊ ၁၉၅၅၊ ၆၆၅။
[၃] သုတ၊ ဆရာ၊ (ရွှေကုံးရှာ)၊ မ–၁၁၃၄၊ ကော(ဝမ်း)။

မူလဇာတ်တော်တွင် ကြာတစ်ပွင့်သာရှိ၍ မဟာသုဘဒ္ဒါမိဖုရားအား ပေးသည်ကို စူဠသုဘဒ္ဒါမိဖုရားအနေဖြင့် မနာလိုဝန်တိုစိတ်လွန်ကဲကာ အမုန်းရန်ငြိုးထားသည်မှာ သဘာဝကျပါသည်။ ဆဒ္ဒန်ပျို့တွင် ကြာပန်းနှစ်ပွင့်ရှိလျက် ခွဲဝေမပေးဘဲ မဟာသုဘဒ္ဒါမိဖုရားကိုသာ ပေးလိုက်ခြင်းက စူဠသုဘဒ္ဒါမိဖုရားကို ပို၍စိတ်ထိခိုက်နာကြည်းစေခဲ့သည်။ အမုန်းရန်ငြိုး ကြီးထွားလာစေပြီး ကလဲ့စားချေလိုစိတ် ပိုပြင်းထန်လာစေသည်။

ပျို့စာဆိုသည် မူလဇာတ်လမ်းကို မထိခိုက်စေဘဲ မသိမသာ ပြောင်းလဲသွားအောင် အပြောက်အမွမ်း တန်ဆာဆင်ခြင်းကြောင့် ဇာတ်လမ်းမှာ ပို၍ဆွဲဆောင်မှုရှိလာပါသည်။ အမှတ်မထင် အပြုအမူမဟုတ်ဘဲ တမင်ရည်ရွယ်ဟန် ရေးဖွဲ့ထားခြင်းမှာ ပျို့စာဆို၏ ရသအဖွဲ့ပါဝင်သော ဇာတ်လမ်းဖန်တီးမှုတစ်ရပ်ပင် ဖြစ်သည်။

ထို့နောက်–

“ချစ်သက်မမျှ၊ သည်ဘဝတွင်၊ ကြင်စမင်းပျို၊ ပြုလိုသမျှ
ကျွန်ကျမမူ၊ ခံရတော့မည်၊ ဝိပါတ်လည်၍၊ နောင်သည်ကာလ၊
တစ်ဘဝသို့၊ မယ်လျှရောက်ခါ၊ တစ်ဖြစ်မှာမှ၊ ခန္ဓာဆုံးအောင်၊
မြတ်ဆင်ပြောင်ကို၊ ရည်ဆောင်ပိငြို၊ အမျက်သိုလျက်၊ စွယ်ကို
ရကြောင်း၊ စိတ်မကောင်းနှင့်၊ တစောင်းငါသည်၊ ကြံတော့မည်ဟု၊
မျက်ရည်ယိုစီး၊ ဖော်မမှီးဘဲ၊ ကိုယ်တည်းလွဲသွေ့၊ မှိုင်တွေတွေနှင့်၊
အရေမလန်း၊ လွှဲ့ညှိုးသမ်းသည်၊ ပြည့်လျှမ်းမျက်ရည်၊ သွယ်သွယ်တည့်။”[၁]

ဟူ၍ ချစ်ခြင်းမညီမျှသော ဆဒ္ဒန်ဆင်မင်း၏အပြုအမူကြောင့် စူဠသုဘဒ္ဒါမိဖုရား၏ အမျက်ဒေါသကို ရုဒ္ဒရသမြောက်အောင် စာဆိုက ရေးဖွဲ့ထားသည်။ ရုဒ္ဒရသ၏ ဌာယီဘာဝမှာ (ကောဓ)ဒေါသထွက်ခြင်း ဖြစ်သည်။ ဤအဖွဲ့၌ ဆဒ္ဒန်ဆင်မင်း၊ မဟာသုဘဒ္ဒါတို့သည် အာလမ္ဗဏဝိဘာဝ ဖြစ်သည်။ ကောဓဌာယီဘာဝ ဖြစ်ပေါ်ရန် ပဓာနအကြောင်း ဖြစ်သည်။ အမှတ်တမဲ့ အင်ကြင်းပန်းထဲ၌ ခါချဉ်အုံများပါခြင်း၊ ကြာမျိုးငါးပါးဖြင့် သာယာသော ဆဒ္ဒန်အိုင်၊ ပဒုမ္မကြာပန်းနှစ်ပွင့်ရှိရာ မဟာသုဘဒ္ဒါသို့သာ ပေးခြင်း စသည်တို့သည် ဥဒ္ဒီပနဝိဘာဝများ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း၏ စွယ်တော်ကို ရယူလိုကြောင်း၊ ဆင်မင်းမောင်နှံအား လက်စားချေရန် ကြိမ်းဝါးခြင်းတို့သည် အနုဘာဝများ ဖြစ်သည်။ မနာလိုခြင်း၊ ဝန်တိုခြင်း၊ အမုန်းအာဃာတကြီးမားခြင်းတို့သည် ဗျဘိစာရီဘာဝများ ဖြစ်သည်။ စိတ်ခံစားမှုများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လျှက် ခန္ဓာကိုယ်မှာလည်း တမှိုင်မှိုင် တတွေတွေ ဖြစ်လာခြင်း၊ အသားအရေ

---

[၁] သုတ၊ ဆရာ၊ (ရွှေကုံးရှာ)၊ မ–၁၁၃၄၊ ကော(ဝမ်း)။

ညှိုးနွမ်းလာခြင်း၊ မျက်ရည်ယိုစီးကျလာခြင်းတို့သည် သာတွိကဘာဝ ဖြစ်သည်။ အမျက်ဒေါသဖြစ်ရခြင်း၏ အခြေခံအကြောင်းမှာ သူတစ်ပါးကို မနာလိုဝန်တိုမှု၊ မိမိကိုပစ်ပယ်မှု၊ အဖက်မလုပ်မှုတို့အပေါ် နာကျင်ခြင်းတို့ကြောင့် ဖြစ်သည်။ ယင်းတို့ကြောင့် ဖြစ်ပေါ်လာသော အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းသည် ကောဓဋ္ဌာယီဘာဝ ဖြစ်သည်။ ဝိဘာဝ၊ အနုဘာဝ၊ သာတွိကဘာဝ၊ ဗျဘိစာရီဘာဝဖြင့် ကောဓဋ္ဌာယီဘာဝ ပွားများစေပါသည်။

ထိုသို့ဖြစ်၍ စာဖတ်သူပရိသတ်သည် စူဠသုဘဒ္ဒါ၏ စိတ်ခံစားမှုကို ဝိဘာဝ၊ အနုဘာဝများမှ တစ်ခုပြီးတစ်ခု တွေ့ကြုံမြင်သိလာရပြီး ထိုခံစားချက်တို့ကို ကိုယ်ချင်းစာမိလာသည်။ စာဆို၏ သဘာဝကျသောအဖွဲ့၊ စကားအသုံးအနှုန်း၊ စိတ်ကူးကောင်းမှုတို့ကြောင့် စူဠသုဘဒ္ဒါ၏ခံစားချက်များသည် သိစရာအာရုံများအဖြစ်မှ သိစေတတ်သော အာရမ္မဏာဏိကအဆင့်သို့ ရောက်ရှိလာသည်။ ထိုအခါ ပရိသတ်သည် စူဠသုဘဒ္ဒါနှင့် တစ်သားတည်း ဖြစ်သွား၍ စူဠသုဘဒ္ဒါခံစားရသော ဗျဘိစာရီဘာဝများကို ခံစားလာရသည်။ ထိုတွင် ပရိသတ်၏စိတ်တွင် ဝါသနာအလျောက် တည်ရှိနေသော ကောဓဋ္ဌာယီဘာဝကို ပွားများလာစေပါသည်။ စာဆို၏ ဥဒ္ဒီပနဝိဘာဝ၊ အနုဘာဝများကို ထောင့်စုံအောင် ရေးဖွဲ့ခြင်း၊ စိတ်ကူးကောင်းကောင်းနှင့် ဗျဘိစာရီဘာဝတို့ ပေါ်လွင်အောင် သွယ်ဝိုက်ဖွဲ့ဆိုနိုင်ခြင်း၊ အလင်္ကာ အဆင်တန်ဆာတို့ဖြင့် အပြောက်အမွမ်းတင်နိုင်ခြင်းတို့ကြောင့် စူဠသုဘဒ္ဒါခံစားရသော ခံစားမှုများသည် ပရိသတ် ခံစားနိုင်သည့် ရသ ဖြစ်လာပါသည်။

ထို့ပြင် ဆဒ္ဒန်ဆင်မင်းက သောနုတ္တမုဆိုးအား အဘယ်ကြောင်းကြောင့် သတ်ရန်ကြံသနည်းဟု မေးသောအခါ–

> "မိဖုရားလှစွာ၊ မယ်ဘဒ္ဒါသည်၊ သိင်္ဂါနန်းထက်၊ သန်းခေါင်ချက်တွင်၊
> အိမ်မက်မြင်တ၊ ဆဒ္ဒန္တ၏၊ စွယ်လှနှစ်ထွေ၊ ခြောက်ရောင်ဝေကို၊
> နန်းနေသခင်၊ ငါးကြန်ဝင်က၊ ဆင်ယင်နားတောင်း၊ စည်းတောင်
> ဘယက်၊ လက်ကျပ်ပုတီး၊ ညီးညီးရောင်းဝါ၊ သန်းခေါင်ခါတွင်၊
> တန်ဆာယူငင်၊ အိမ်မက်တွင်၌၊ မရှင်မပြ၊ မဆင်ရလျှင်၊ သေရ
> တော့မည်။"[၁]

ဟူ၍ ဆင်ခြင်ပေးပုံကို ရေးဖွဲ့ထားသည်။ မူလဇာတ်တော်တွင် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကိုသာ နားတောင်းလုပ်၍ ဝတ်ဆင်တော်လိုသည်ဟုသာ ရေးသားထားသည်။ ဆဒ္ဒန်ပျို့တွင် နားတောင်းသာမက အခြားသော လက်ဝတ်ရတနာ အဆင်တန်ဆာ

---

[၁] သုတ၊ ဆရာ၊ (ရွှေကုံးရှာ–)၊ မ–၁၁၃၄၊ ဂိ (ကျော)။

များကိုလည်း ဝတ်ဆင်လိုသည်ဟု ရေးဖွဲ့ထားသည်။ ထိုသို့ရေးဖွဲ့ထားသဖြင့် စူဠသုဘဒ္ဒါ၏ ဆဒ္ဒန်ဆင်မင်းအစွယ် လိုချင်မှု၊ ရန်ငြိုးကြီးမားမှု၊ လက်စားချေလိုမှုများ ပို၍ကြီးထွားလာစေသည့် အဖြစ်ကလည်း ဇာတ်လမ်းကို အထောက်အပံ့ ဖြစ်စေပါသည်။ ပျို့စာဆိုသည် ဇာတ်လမ်းတွင် အဓိကကျသောနေရာများတွင်သာ မူလဇာတ်တော်ကို မထိခိုက်စေဘဲ ပြောင်းလဲရေးဖွဲ့ခြင်းဖြင့် ဇာတ်ဆောင်များကို ပိုမိုအသက်ဝင်လာစေပြီး ပို၍ဇာတ်နာစေပြီးလျှင် နှစ်သက်လာစေသည့်အဖွဲ့ ဖြစ်လာစေပါသည်။

ဆက်လက်၍ စူဠသုဘဒ္ဒါမိဖုရားက သောနုတ္တရမုဆိုးအား ရာဇသံပေး၍ မိမိသတ်ရကြောင်းကို ပျို့တွင်–

"ယခုလက်ငင်း၊ ဆဒ္ဒန်မင်းကို၊ ခွင်းချေသတ်ချေ၊ မိန့်တော်
ထွေကြောင့်၊ မနေသာလှ၊ မသွားကလျှင်၊ ရာဇအရေး၊ ပေါက်နှင့်
ကျေးသို့၊ မလေးမစား၊ ပြုငြားမလျော်၊ သို့ဖြစ်သော်ကြောင့်၊
ပြည်တော်လမ်းဦး၊ မြောက်စူးစူးကို၊ ကိုယ်ထူးချည်းသာ၊ ဖော်မပါဘဲ။"[၁]

ဟူ၍ ကိုယ်လွတ်ရှောင်ခွာ ပြောဆိုထားပါသည်။ ဆုလာဘ်ကိုမက်မော၍ ဆဒ္ဒန်ဆင်မင်းကို သတ်ရခြင်းဖြစ်သည်ကို ရာဇဒဏ်သင့်မည့်အရေးကြောင့် ကြောက်၍သတ်ရခြင်းဖြစ်ကြောင်း လျှောက်လဲချက်ပေးနေသည့် သောနုတ္တရမုဆိုး၏စရိုက်ကို ရွံ့မုန်းစက်ဆုပ်ဖွယ် ခံစားရစေပါသည်။ ဤတွင် ဆဒ္ဒန်ဆင်မင်းက အာလမ္ဗဏဝိဘာဝဖြစ်ပြီး စူဠသုဘဒ္ဒါက ဆင်မင်း၏အစွယ်ကို လက်ဝတ်ရတနာ အမျိုးမျိုးလုပ်၍ ဝတ်ဆင်လိုခြင်း၊ သောနုတ္တရမုဆိုးကို ရာဇသံပေး၍ စေခိုင်းခြင်း စသည်တို့က ဥဒ္ဒီပနဝိဘာဝများ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းအား ကြောက်လန့်၍ မိမိဆန္ဒကြောင့် သတ်ရခြင်း မဟုတ်ကြောင်း၊ အမိန့်ကိုမလွန်ဆန်နိုင်၍ သတ်ရကြောင်း ဆင်ခြေပေးမှုတို့သည် အနုဘာဝများ ဖြစ်ကြသည်။ ဤသို့ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့ဖြင့် သောနုတ္တရမုဆိုး၏ စက်ဆုပ်ရွံ့ရှာဖွယ်စရိုက်ကို စာဆိုက လူ့သဘာဝသရုပ်ဖော်အဖွဲ့အဖြစ် ရေးဖွဲ့ထားရာ ပရိသတ်၏ ရင်တွင်းခံစားချက်နှင့် စုပေါင်းကာ ပရိသတ်၏ရင်တွင်းရှိ ဇိဂုစ္ဆာဌာယီဘာဝကို ဝီဘစ္ဆရသအဖြစ်သို့ ရောက်ရှိစေပါသည်။

ဆဒ္ဒန်ပျို့လာ ရသအဖွဲ့များသည် ဘဝအသိအမြင်ပါသော ရသ နှစ်သက်ခြင်းပင် ဖြစ်ကြောင်း လေ့လာတွေ့ရပါသည်။

---

[၁] သုတ၊ ဆရာ၊ (ရွှေကုံးရှာ)၊ မ–၁၁၃၄၊ ဂိ(ကျော)။

မူလဇာတ်တော်တွင် ဘုရားလောင်းဆဒ္ဒန်ဆင်မင်းကိုယ်တိုင် လွှပတ်စေ၍ အစွယ်ကို တိုက်ဖြတ်ပေးသည်ဟု ရေးသားထားသည်။ ဆဒ္ဒန်ပျို့တွင်မူ ဘုရားဆုကို သစ္စာပြု၍ လွှကိုတင်ကာမျှဖြင့် အစွယ်ကိုပြတ်စေသည့်အကြောင်းကို–

> "ငါ၏စွယ်မူ၊ ဉာဏ်ဖော့အူသို့၊ လွယ်ကူခဏ၊ သောနုတ္တ၏၊
> လွှကိုတင်ကာ၊ မျှကိုသာလျှင်၊ ပြတ်ပါစေမူ၊ သစ္စာပြုက၊ ကြီးတု
> တုံးလျောင်း၊ စွယ်နှစ်ချောင်းထက်၊ နှာမောင်းတော်နှင့်၊ လွှကိုပင့်၍၊
> အသင့်တင်ငြား၊ သစ္စာအားကြောင့်၊ နှစ်ပါးစွယ်သင်၊ ရောင်ရှင်
> ရှင်ကို၊ သွင်သွင်ခိုင်းခိုင်း၊ အသာလှိုင်း၍၊ ဖြတ်ပိုင်းလှဲချ။"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဆဒ္ဒန်ဆင်မင်း၏ ဒါနပါရမီ၊ ခန္တီပါရမီ ဖြည့်ဆည်းနေမှုကို အပြောက်အမွမ်းဖြင့် ရေးဖွဲ့ထားသည့်အတွက် ဇာတ်ဆောင်အား ပိုမိုရုပ်လုံးကြွလာစေသည်။ မိမိအား သေစေလိုသည့် စူဠသုဘဒ္ဒါမိဖုရား၊ မိမိကိုသေအောင် သတ်ခဲ့သည့် သောနုတ္တရမုဆိုးတို့အား မေတ္တာတရားကြီးမားစွာ ခွင့်လွှတ်သည်းခံပြီး သူတော်ကောင်းစိတ် ပြည့်ဝခဲ့သည့် ဆဒ္ဒန်မင်း၏ စိတ်သဘောထားကို အတုယူစေလိုသည့် စာဆို၏ပရိယာယ်ကိုလည်း တွေ့မြင်နိုင်သည်။

ဆဒ္ဒန်ဆင်မင်းသည် ရဲရဲရင့်ရင့်ဖြင့် မိမိကိုယ်တိုင် လွှဖြင့်တင်ကာ သစ္စာဆိုပြီး အစွယ်ကိုစွန့်လွှတ်ခြင်းသည် ပရိသတ်ကို လွန်စွာအံ့အားသင့်စေသော အဖွဲ့ ဖြစ်သည်။ သောနုတ္တရမုဆိုးကို မြားဒဏ်ကြောင့် အသည်းခိုက်အောင် နာကျင်မှုကြောင့် ထွက်ပေါ်လာသော ဒေါသအမျက်နှင့်ဆန့်ကျင်ဘက် သက်န်းမြင်၍ ဒေါသလျော့ရခြင်းက တစ်ဖက်၊ ရန်ငြိုးကြီးမားသော စူဠသုဘဒ္ဒါအပေါ်၌ မေတ္တာကရုဏာကြီးများခြင်းက တစ်ဖက်၊ ဆန့်ကျင်ဖက်နှစ်ခုသည် ဆဒ္ဒန်ဆင်မင်း၏ရင်ထဲ၌ အကြိတ်အနယ် အကြိမ်ကြိမ် အဖန်ဖန် လွန်ဆွဲတိုက်ခိုက်နေရခြင်းသည် ဉဿဟဌာယီဘာဝ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း သစ္စာဆိုကာ လွှကိုတင်ကာမျှဖြင့် စွယ်တော်ပြတ်ကြောင်းကို ကြားသိရခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မှပိုလွန်း၍ အံ့ဩဖွယ် ဝိမှယ ဌာယီဘာဝပင် ဖြစ်သည်။

ထို့ပြင် မမြဲခြင်းသဘော၊ အလုံးစုံသောဝတ္ထုပစ္စည်းတို့၌ တပ်မက်ဖွယ်မရှိသည်ကို သိခြင်းသဘော၊ အစွယ်ကိုလိုချင်ခြင်းထက် မိမိအသက်ကို သေစေလိုသည့်အကြောင်းနှင့် ဆဒ္ဒန်ဆင်မင်း၊ စူဠသုဘဒ္ဒါတို့သည် အာလမ္ဗဏာဝိဘာဝ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းနှင့် ဆင်ရှစ်ထောင် ပျော်စံရာ ဆဒ္ဒန်အိုင်သည် ဥဒ္ဒီပနဝိဘာဝ ဖြစ်သည်။

---

[၁] သုတ၊ ဆရာ (ရွှေကုံးရှာ–)၊ မ–၁၁၃၄၊ ဂ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ သဘောတရားတို့သည် သမဠာယီဘာဝကို ဖြစ်စေသည့် ဝိဘာဝတို့ ဖြစ်သည်။ သမဠာယီဘာဝသည် သူတော်ကောင်းမြင့်မြတ်သူတို့နှင့်သာ သက်ဆိုင်သည့်အကြောင်း ဖြစ်သည်။

တဖန် စူဠသုဘဒ္ဒါ၏ အမုန်းရန်ငြိုးသည် သံသရာအဆက်ဆက် လောင်ကျွမ်းနေမည်ကို ဆဒ္ဒန်ဆင်မင်း စိုးရိမ်ပူပန်ခြင်းသည် ဗျာဘိစာရိဘာဝ ဖြစ်သည်။ မိမိကို အသက်သေစေလိုသည့် စူဠသုဘဒ္ဒါကို မေတ္တာကရုဏာဖြင့် ခွင့်လွှတ်နိုင်စွမ်းခြင်း၊ မိမိအစွယ်ကို ကိုယ်တိုင်ဖြတ်၍ပေးရန် တိကျတည်ငြိမ်စွာ ဆုံးဖြတ်ခြင်းတို့သည် အနုဘာဝ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းက စူဠသုဘဒ္ဒါမိဖုရားအပေါ် ထားရှိသော မေတ္တာသည် ဘဝ သံသရာအဆက်ဆက် မပျက်သော မေတ္တာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်မှာ ရသမြောက်သော အရေးအဖွဲ့ကြောင့် ဖြစ်သည်။ ထို့ပြင် ဆဒ္ဒန်ဆင်မင်း၏ အမှာစကားတွင်–

> "ဆဒ္ဒန်ဆင်သည်၊ မြိုင်ခွင်သာမော၊ အင်ကြင်းတောမှာ၊ သဘော
> ရွှင်လန်း၊ ပွင့်ခိုင်ပန်းကို၊ ပေးကမ်းသောခါ၊ ထဲနာစိတ်မုန်း၊
> ငါ့ကိုဆုံးအောင်၊ ကြံဆောင်အသင့်၊ ကြာနှစ်ပွင့်ကြောင့်၊ အခွင့်
> ပန်ထွာ၊ ပစ္စေကာတွင်၊ ဆုသာတောင်းလေ၊ ခန္ဓာကြွေကာ၊
> ရွှေပြည်နန်းတည်၊ ဗာရာပြည်၌၊ မရှည်ကာလ၊ တောင်ညာရသည်၊
> ခင်မမဟာ၊ သုဘဒ္ဒါကား၊ တန်ဆာဆင်မက်၊ မုသားရွက်၍၊
> အချက်ဆုတောင်း၊ ပြည့်ပါကြောင်းနှင့်၊ နှစ်ချောင်းစွယ်လှူ၊
> ခြောက်ရောင်လူကို၊ နန်းသူကလျာ၊ ဆင်ယင်ပါဟု"[၁]

ဟူ၍တွင် ရေးဖွဲ့ထားသည်။

ဆဒ္ဒန်ဆင်မင်း၏ ကြင်နာသံ၊ ကရုဏာသက်သံ၊ မိဖုရားကြီး ပူပန်သောက ရောက်ရမည်ကို စိုးရိမ်သံ၊ အေးချမ်းပျော်ရွှင်စွာ နေစေလိုသော စေတနာအသံတို့ ထင်ဟပ်နေအောင် စာဆိုက ရသမြောက်စွာ ရေးဖွဲ့ထားသည်။ ဤနေရာတွင် စာဆိုသည် ဆဒ္ဒန်ဆင်မင်းက စူဠသုဘဒ္ဒါကို ကရုဏာသက်စွာ မှာကြားသည့် စကားဖြစ်သည့် အလျောက် အသံနူးနူးညံ့ညံ့နှင့် လွယ်ကူစွာ ရွတ်ဖတ်နိုင်သော စကားအသုံးအနှုန်းတို့ဖြင့် ရေးဖွဲ့ထားပါသည်။ အတွေးနုနု၊ စိတ်ကူးလှလှဖြင့် အဓိပ္ပာယ်လည်း ရအောင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ သုခမာလတာဂုဏ် မြောက်၍ အတ္ထာလင်္ကာရလည်း မြောက်သည်။

---

[၁] သုတ၊ ဆရာ (ရွှေကုံးရွာ–)၊ မ–၁၁၃၄၊ ဂေါ် (ကျော)။

အလင်္ကာကျမ်းလာ ရသသဘောအရ ဆဒ္ဒန်ဆင်မင်း၏ အမှာစကား (အနုဘာဝ) နှင့် ခံယူချက်စိတ်ထား (ဗျာဘိစာရီဘာဝ)တို့ကို တွေ့ရသည်။ အမှာစကားတွင် ကရုဏာရသ ပေါ်ရသည့်အကြောင်း၊ သနားစဖွယ် ဖြစ်ရသည့်အကြောင်းသည် စိုးရိမ်ပူပန်နေရခြင်းကြောင့် ဖြစ်သည်။ စိုးရိမ်ပူပန်နေရသည့် ဖြစ်ရပ်တစ်ခုလုံးသည် သောကဋ္ဌာယီဘာဝပင် ဖြစ်သည်။ စိုးရိမ်အပ်သော ပုဂ္ဂိုလ်ဖြစ်သည့် ဆဒ္ဒန်ဆင်မင်းနှင့် မဟာသုဘဒ္ဒါမိဖုရားကြီးတို့သည် အာလမ္ဗဏဝိဘာဝများ ဖြစ်သည်။ ဆဒ္ဒန်အိုင်၊ အင်ကြင်းပန်း၊ ပဒုမ္မာကြာပန်းတို့သည် ဥဒ္ဒီပနဝိဘာဝများ ဖြစ်သည်။ ထို့ပြင် ဆဒ္ဒန်ဆင်မင်းသည် အင်ကြင်းပန်းကို နှာမောင်းဖြင့်လှမ်းဆွတ်ပေးရာ ခါချဉ်အုံများ အမှတ်မထင် ပါသွားခြင်း၊ ဆဒ္ဒန်အိုင်အတွင်းရှိ ပဒုမ္မာကြာပန်းနှစ်ပွင့်ကို မဟာသုဘဒ္ဒါမိဖုရားကြီးအား ပေးခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝများ ဖြစ်သည်။ နားလည်မှု လွဲမှားစေပြီး အမုန်းရန်ငြိုး ပိုမိုကြီးထွားလာစေခဲ့ခြင်း ဖြစ်သည်။ ပျို့စာဆို၏ပရိယာယ်ကြောင့် ဇာတ်လမ်းမှာ ပို၍သဘာဝကျကာ နှစ်သက်ဖွယ် ဖြစ်လာသည်။ ဆဒ္ဒန်ဆင်မင်း၏ အမှာစကားသံတို့မှာ ခွင့်လွှတ်စိတ်၊ သဘောထားကြီးမြတ်စိတ်များမှ အလိုအလျောက် တုံ့ပြန်လာသော သာတွိကဘာဝဖြစ်သဖြင့် စာဖတ်သူ၏ ဋ္ဌာယီဘာဝကို ပိုမိုတွန်းအား ပေးနိုင်သော အားကောင်းသည့်ဘာဝ၊ ဝိဘာဝ ပေါင်းစည်းမှု ဖြစ်ခဲ့သည်။

ထို့ကြောင့် စာဖတ်သူ၏ ဋ္ဌာယီဘာဝမှာ ဝိမှာယဋ္ဌာယီဘာဝ၊ သောကဋ္ဌာယီဘာဝ၊ ဥဿဟဋ္ဌာယီဘာဝများသို့ အရှိန်ကောင်းစွာ ကူးပြောင်းလျက် ထင်ရှားအားကောင်းသော အဗ္ဘုတရသ၊ ကရုဏာရသနှင့် ဝီရရသတို့ ဖြစ်ပေါ်လာနိုင်ခဲ့ပါသည်။

ဆက်လက်၍ ဆဒ္ဒန်ဆင်မင်းအား ရန်ငြိုးကလဲ့စားချေပြီးချိန်တွင် စူဠသုဘဒ္ဒါသည် မပျော်ရွှင်နိုင်ဘဲ ဆဒ္ဒန်ဆင်မင်းနှင့် အတူတကွ နေခဲ့ရပုံတို့ကို အောက်မေ့၍ နောင်တ တဖန် ပူပန်သောကရောက်ရပြန်သည်။ ကျမျက်ရည် ချောင်းဖြစ်အောင် ငိုနေဆဲပင် ရင်ကွဲနာကျ၍ သေရပုံကို ပျို့စာဆိုက–

> “ရွှေရင်ပူလှိုက်၊ ချွေးပြိုက်ပြိုက်နှင့်၊ အိပ်စက်လည်းခေါ်၊ သလွန်ပေါ်က၊ မူးမော်တိမ်းပါး၊ ပျက်မှသားကြောင့်၊ ပြစ်မှားကျူးလွန်၊ ကြံမိလွန်၍၊ လင်မွန်ဘုရား၊ မယ့်ထိပ်ထားကို၊ ဆုံးပါးရလေ၊ သက်လုံးဝေ၏၊ ရောင်ဆွေလူလူ၊ စွယ်နှစ်ဆူကို၊ မိဖြူပိုက်လျက်၊ ရင်ခွင်ထက်တွင်၊ မမျက်တည့်တည့်၊ စိတ်ဆင်းကြီးလျက်၊ ရှိန်ပြည့်မျက်ရည်၊ သည်းချာလည်လျက်၊ မဆည်လှိုက်ပွက်၊ ဇောငါးချက်နှင့်၊

ပက်လက်လည်းလန်၊ သလွန်ပျံတွင်၊ ကံကြမ္မာမှောက်၊ ဝိပါတ်ရောက်၍၊ ကံဆူဝေလျက်၊ သေလေချက်ခြင်း၊ ခန္ဓာကင်းသည်။"[၁]

ဟူ၍ ကရုဏာသက်ဖွယ် ရေးဖွဲ့ထားသည်။ ဤတွင်–

"ကရုဏာရသဆိုသည်မှာ နှစ်လိုစရာ ပျက်စီးဆုံးရှုံးခြင်း (သို့) မနှစ်လိုစရာကို ရရှိပေါင်းဖက်ခြင်းတို့ကြောင့် တွေ့ကြုံခံစားရသည့် ရင်တွင်းခံစားချက် ဖြစ်သည်။"[၂]

ကရုဏာရသ၌ စိုးရိမ်သောကသည် ဌာယီဘာဝအဖြစ် ပါဝင်သည်။ စိုးရိမ်ဖွယ်ကောင်းသည့် အာရုံဝတ္ထုတို့သည် အာလမ္ဗဏာဝိဘာဝအဖြစ် ပါဝင်သည်။ စိုးရိမ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည့် အခြေနေအရပ်ရပ်တို့သည် ဥဒ္ဒီပနဝိဘာဝအဖြစ် ပါဝင်ကြသည်။ ချစ်ခင်သူတို့နှင့် ဝေးကွာရချိန်တွင် အတူရှိစဉ်အခါက ပြောနေကျ သွားနေကျ၊ ပြုနေကျ အပြုအမူတို့ကို ပြန်လည်သတိရတတ်ကြသည်။ ထိုသဘာဝကို သိနားလည်သည့် ပျို့စာဆိုက စာဖတ်သူတို့အတွက် နှစ်သက်သာယာခြင်းနှင့်ယှဉ်သော သောကကို ခံစားစေလိုသည့်အတွက် စူဠသုဘဒ္ဒါ၏ မြည်တမ်းပုံကို ရေးဖွဲ့သည်။ တိုက်ရိုက်တမ်းတသည့်စကားများ မပေါင်းဖော်ရသည့်အတွက် ယူကျုံးမရ ထွက်ပေါ်လာသည့် စကားလုံးများသည် ရတိဌာယီဘာဝမှတဆင့် ဝိပ္ပလသ သိင်္ဂါရရသ မြောက်သည်။

ဤတွင် စူဠသုဘဒ္ဒါ တမ်းတရန် ဖြစ်လာရသည့် အကြောင်းရင်း အာလမ္ဗဏာဝိဘာသည် ဆဒ္ဒန်ဆင်မင်းဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း၏ စွယ်တော်မြတ်ကိုပိုက်ကာ ညှိုးချုံးခြင်း၊ အမှတ်ရလွမ်းဆွတ်ခြင်း၊ ပင်ပန်းခြင်း၊ မှင်တက်မိခြင်း၊ ပူပန်ခြင်း၊ ယူကျုံးမရခြင်းတို့ဖြစ်ကာ ရင်ကွဲနာကျ၍ သေဆုံးခြင်းသည် ဗျာဘိစာရီဘာဝ ဖြစ်သည်။ ငိုကြွေးခြင်း၊ ညှိုးရော်ဖျော့တော့ခြင်း၊ ကယောင်ကတမ်းပြောဆိုခြင်းတို့သည် အနုဘာဝ ဖြစ်သည်။ စူဠသုဘဒ္ဒါ၏ သောကရောက်မှုကို သိမြင်လာပြီး သနားစရာဟု တွေးတတ်လာသည်။ ရတိဌာယီဘာဝနှင့် သောကဌာယီဘာဝကို ရောက်ရသည့်အတွက် ပရိသတ်အား သိင်္ဂါရရသနှင့် ကရုဏာရသ ပေါ်ပေါက်လာစေသည်။ စူဠသုဘဒ္ဒါ၏ အချစ်ကြီး၍ အမျက်ကြီးသည့်အဖြစ်သည် သနားဖွယ်ဖြစ်စေသည့်အတွက် ကရုဏာရသနှင့်ယှဉ်သော ဝိပ္ပလသ သိင်္ဂါရရသ မြောက်ပါသည်။

ဆဒ္ဒန်ဆင်မင်း စျာပနအခမ်းအနား၌ မိဖုရားကြီး မဟာသုဘဒ္ဒါနှင့် ဆင်အခြံအရံ ရှစ်ထောင်တို့ ငိုကြွေးပုံကို–

---

[၁] သုတ၊ ဆရာ (ရွှေကုံးရွှာ–)၊ မ–၁၁၃၄၊ ၈၀ (ကျော)။

[၂] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၃၀၈။

> “ငုံပွဲကြီးစွာ၊ ကုန်းမြေချာတွင်၊ ကမ္ဘာပြိုပျက်၊ မြေကြီးအက်မျှ၊ ကျွက်ကျွက်ဆူဝေ၊ ကောင်းကင်ဖွေ၏၊ မြေမြူထောင်းထောင်း၊ ဆင်အပေါင်းတို့”[၁]

ဟူ၍ ရေးဖွဲ့သည်။

> “မယ်ဘဒ္ဒါကား၊ ပူဇာသောက၊ ငိုတမည်မဲ့၊ မျက်ရည်လျှမ်းလျက်၊ လွမ်းလည်းလွမ်းကာ၊ ဝမ်းကွဲနာ၍၊ မသာနှလုံး၊ မီးအုံးသောတူ၊ ကျွက်ကျွက်ဆူ၏၊ ပူရသည်ချက်၊ သည်တဖက်တွင်၊ ကြင်ဖက်မင်းလျာ၊ သင်္ဂြိုလ်ရာတွင်၊ ခါခါမိန့်မူး၊ ဖန်ဖန်လူး၍၊ မထူးမတည်၊ ချားလည်သောသွင်။”[၂]

ဟူ၍ ရေးဖွဲ့သည်။

ဤအဖွဲ့တွင် ဆဒ္ဒန်ဆင်မင်းသည် အာလမ္ဗဏဝိဘာဝ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းကို မီးသင်္ဂြိုလ်ခြင်း၊ ရဟန္တာငါးရာပင့်ဖိတ်၍ တရားနာခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ မဟာသုဘဒ္ဒါနှင့် ဆင်အပေါင်း ငိုကြွေးခြင်းသည် အနုဘာဝ၊ ညှိုးငယ်ခြင်း၊ ညှိုးချုံးခြင်း၊ အားကိုးရာမဲ့ခြင်း၊ တွေဝေမိန်းမောခြင်း စသည်တို့သည် ဗျဘိစာရီဘာဝ ဖြစ်သည်။ ယင်းတို့သည် စိုးရိမ်ပူပန်ခြင်း သောက၏သရုပ်ဖော်အနေဖြင့် ပရိသတ်၏ရင်တွင်း ခံစားချက်နှင့် စုပေါင်းကာ ပရိသတ်ရင်တွင်းရှိ သောကဌာယီဘာဝကို ကရုဏာရသ အဖြစ်သို့ ရောက်စေပါသည်။ ဤနေရာ၌ ပရိသတ်နှင့် တစ်သားတည်း ဖြစ်သွားနိုင်သည့် ပဓာနဇာတ်ဆောင်များသည် မဟာသုဘဒ္ဒါနှင့် ဆင်အပေါင်းတို့ ဖြစ်သည်။ ထို့ကြောင့် မဟာသုဘဒ္ဒါနှင့် ဆင်အပေါင်း၏ ခံစားမှုသည် ပရိသတ်၏ ခံစားမှုများ ဖြစ်သွားခြင်း ဖြစ်သည်။

ဆရာဇော်ဂျီက–

> “ရသစာပေနှင့် အနုပညာပိုင်း၌ ဘဝအသိဆိုသည်မှာ၊ အခြားမဟုတ် လူ့သဘာဝနှင့်စပ်၍သော်လည်းကောင်း၊ လောကသဘာဝနှင့်စပ်၍သော်လည်းကောင်း၊ ဉာဏ်ရှိသူတို့၏ ဘဝအတွေ့အကြုံမှ ဖြစ်ပေါ်လာတတ်သော ခံစားမှုကိုမှီလျက် ရလာအပ်သော အသိ တစ်မျိုးဖြစ်၏ဟု ဆိုချင်ပါသည်”[၃]

---

[၁] သုတ၊ ဆရာ၊ (ရွှေကုံးရှာ–)၊ မ–၁၁၃၄၊ ဂူ (ဝမ်း)။
[၂] သုတ၊ ဆရာ၊ (ရွှေကုံးရှာ–)၊ မ–၁၁၃၄၊ ဂေါ (ကျော)။
[၃] ဇော်ဂျီ၊ ၁၉၇၆၊ ၄၃၁။

ဟု ရသစာပေမှ ရရှိသော ဘဝအသိအမြင် အဓိပ္ပါယ်ကို ဖွင့်ဆိုထားသည်။

ပျို့တွင် သောနုတ္တရမုဆိုးကဲ့သို့ မိမိအပြစ်လွတ်ရန် သူတစ်ပါးပေါ် ပုံချတတ်သည့် စိတ်ညံ့ရှိသည့်လူတို့ကို သတိပြုမိလာစေသည်။ ဆဒ္ဒန်ပျို့လာ အင်ကြင်းပန်းနှင့် ပဒုမ္မာကြာပန်းကိစ္စရပ်တွင် မိမိ၏အမှတ်မထင် အပြုအမူများသည် သူတစ်ပါးအတွက် အမှတ်ထင်ထင် နာကျည်းဖွယ်ရာများ ဖြစ်စေတတ်သည်ကို သတိပြုဆင်ခြင်မိစေပါသည်။ ပျို့ဇာတ်ကြောင်းကို ဇာတ်ဆောင်တို့၏ အပြုအမူဖြင့် သရုပ်ဖော်ရာတွင် ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့ဖြင့် ရသမြောက်အောင် ဖော်ဆောင်ရေးဖွဲ့ထားပါသည်။ ဆဒ္ဒန်ပျို့လာ ရသအဖွဲ့များက ရသ နှစ်သက်ခြင်းသက်သက်သာမက ဘဝအသိအမြင်၊ လောကအသိအမြင်များပါသော အဖွဲ့များ ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ပျို့စာဆို၏ ဖန်တီးမှုစွမ်းရည်ဖြင့် ပရိသတ် နှစ်သက်လာစေရန် မိမိတို့ဖော်ဆောင်လိုသော အကြောင်းအရာ ပေါ်လွင်စေရန်၊ ပရိသတ်ရင်ထဲ၌ စွဲငြိကျန်ရစ်ခဲ့စေရန် ပုံဖော်ကြရာ၌ မူလအရင်းခံ အကြောင်းအရာကို ချဲ့ထွင်၍လည်းကောင်း၊ ချုံ့၍လည်းကောင်း၊ ပြောင်းလဲ၍လည်းကောင်း ဇာတ်လမ်းပါဇာတ်ဆောင်များကို ပိုမိုအသက်ဝင်လာစေရန်လည်းကောင်း ဖွဲ့ဆိုခဲ့ကြပါသည်။ ထိုသို့ ဖန်တီးနိုင်မှုစွမ်းရည်များကြောင့် ပရိသတ်များသည် ထိုစာပေများအပေါ် နှစ်သက်စွဲလမ်းလာခဲ့ကြသည်။

ဆဒ္ဒန်ပျို့တွင် မူလဇာတ်တော်ဟောတော်မူသည့် ရည်ရွယ်ချက်ကဲ့သို့ပင် တိရိစ္ဆာန်ဘဝပင် ဖြစ်သော်လည်း ဒါနအမှု၌ ရဲရင့်ပြီး ကုသိုလ်ကောင်းမှုပြုရာ၌ ဆုတောင်းမမှားကြစေရန်နှင့် နိဗ္ဗာန်ချမ်းသာကိုသာ ဆုတောင်းကြစေရန် ရည်ရွယ်ရေးဖွဲ့သည်။ ပျို့တွင် မူလဇာတ်တော်နှင့် အနည်းငယ် ကွဲလွဲမှုရှိသော်လည်း ထိုကွဲလွဲမှုများသည် မူလဇာတ်လမ်းကို အားကောင်းလာစေသည်။

ဆဒ္ဒန်ပျို့တွင် ကရုဏာရသသည် ပန်းတိုင်ရသ ဖြစ်သည်။ သိင်္ဂါရရသ၊ ဝီရရသ၊ ဝိဘစ္ဆရသ၊ ရုဒ္ဒရသတို့သည် အိုင်ကျင်းရသများ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါနှင့် ဆင်ရှစ်ထောင်တို့ ဆဒ္ဒန်အိုင်၌ ပျော်ရွှင်စွာ ရေကစားခြင်းတို့က သိင်္ဂါရရသ၊ ဆဒ္ဒန်ဆင်မင်း၏ အမှတ်မထင်ပြုမူမိသော အင်ကြင်းပန်း၌ ခါချဉ်အုံပါသွားခြင်း၊ ပဒုမ္မာကြာပန်း နှစ်ပွင့်ရှိရာ မဟာသုဘဒ္ဒါကိုသာ ပေးမိခြင်း စသည်တို့ကြောင့် အမုန်းရန်ငြိုးထားသော အခန်း၌ ရုဒ္ဒရသ၊ သောနုတ္တရမုဆိုး၏ ရွံ့ရှာဖွယ်စိတ်ထား ဖော်ပြသောအခန်း၌ ဝိဘစ္ဆရသ၊ မိမိကိုယ်တိုင် သစ္စာဓိဋ္ဌာန်ဆို၍ သဗ္ဗညုဘုရားဆုကိုပန်ပြီး အစွယ်ကိုဖြတ်ပေးသော အခန်း၌ ဝီရရသ၊ အဗ္ဘုတရသ၊ ဆဒ္ဒန်

ဆင်မင်း ဈာပနအခန်း၌ မဟာသုဘဒ္ဒါနှင့် ဆင်ရှစ်ထောင် ငိုကြွေးခန်းသည် ကရုဏာရသ၊ သောနုတ္တရမုဆိုးက အစွယ်ကို စူဠသုဘဒ္ဒါမိဖုရားအား ဆက်သရာတွင် ဘဝဟောင်းမှ ကြည်နူးစရာများကို ပြန်လည်တွေးမိပြီးနောက် ရင်ကွဲနာကျ၍ အသက်သေဆုံးရပုံ အခန်းသည် ကရုဏာရသ မြောက်ပါသည်။ ကြေကွဲစရာဇာတ်လမ်းကို ပရိသတ်ရင်ထဲ ကူးလူးရောက်ရှိသွားအောင်လည်း ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့မြင်နိုင်သည်။

ထို့ပြင် ပဋိစ္စသမုပါဒ်တရားတော်လာ–

"ဥပဒ္ဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ပါယာသာ သမ္ဘဝန္တိ"

ဆိုသကဲ့သို့ အမုန်းရန်ငြိုးဖွဲ့ကာ လက်စားချေလိုသော စွဲလမ်းမှုကြောင့် နောင်ဘဝအသစ် ဖြစ်လာရသည်။ နောက်ဘဝတွက်လည်း ဆဒ္ဒန်ဆင်မင်းအား ရန်ငြိုးကလဲ့စားချေပြီးချိန်တွင် မပျော်ရွှင်ဘဲ ဆဒ္ဒန်ဆင်မင်းနှင့် အတူတကွနေခဲ့ရပုံကို အောက်မေ့သတိရ၍ နောင်တတဖန် ပူပန်သောက ရောက်ရပြန်သည်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ပူပန်သောကဖြစ်ခြင်း၊ စိတ်ထိခိုက်ခြင်း၊ နှလုံးကြေကွဲ ရင်ကွဲနာကျကာ အသက်ဆုံးခြင်း စသည်တို့သည် သောကဌာယီဘာဝအဖြစ် ရောက်ရှိပြီး ပန်းတိုင်ရသဖြစ်သော ကရုဏာရသကို ဖြစ်ပေါ်စေသည်။ ရန်ငြိုးကြီးမားသော စူဠသုဘဒ္ဒါ၏ လူ့သဘာဝအဖွဲ့မှာ ပီပြင်ထင်ရှားလာရာ ပင်ရင်းအရိုးခံ ဇာတကဝတ္ထုသည် ပျို့ကဗျာတွင် စာဆို၏ပရိယာယ်ကြောင့် ရသနှစ်သက်ခြင်းနှင့်အတူ လောကအသိ၊ ဘဝအသိ ရင့်သန်လာစေပါသည်။ အသိခက်သော လေးနက်သော ဆဒ္ဒန္တဇာတက အကြောင်းအရာများသည် စာဆို၏အမွမ်းအမံကြောင့် နှစ်သက်လာစေပါသည်။

ထို့ပြင် ပုဂံခေတ်မှစ၍ ပါဠိကမွည်း၊ မွန်ကမွည်း၊ မြန်မာကမွည်းများနှင့် ညွှန်းပြထားသော ငါးရာ့ငါးဆယ်ဇာတ်တော်တို့သည် ပုဂံသားတို့၏နှလုံးသားတွင် စွဲငြိကာ စိတ်ကောင်းစိတ်မြတ် မွေးတတ်အောင် ရှေ့ဆောင်လမ်းပြခဲ့ကြပါသည်။ ချစ်ခင်စိတ်၊ ကြင်နာစိတ်၊ ညှာတာစိတ်၊ ရဲစိတ်၊ ဖွဲစိတ်၊ စွန့်စားစိတ်၊ စွန့်လွှတ်စိတ် စသည့် ဘုရားလောင်း၏ စံပြုဖွယ်စိတ် အမူအကျင့်များကို လေးစားအားကျ အတုယူလိုစိတ်များ ဖြစ်ပေါ်လာစေပြီး မြန်မာလူမျိုးတို့၏စိတ်ကို ပြုပြင်ထိန်းကွပ်ပေးခဲ့ပါသည်။

မူလဆဒ္ဒန္တဇာတ်တော်၌ပင် ရက်စက်ခြင်း၊ ကြမ်းတမ်းခြင်း၊ ရန်ငြိုးကြီးခြင်း၊ မနာလိုဝန်တိုမှုကြီးမားခြင်း ဟူသော ပူလောင်ပြင်းပြသည့် လောကအမှောင်တရားများ၊ ထိုအမှောင်တရားများကြောင့် ရရှိခံစားရသည့်သောကမှ အသက်သေဆုံးရသည်အထိ

ဆိုးကျိုးများကို တွေ့ရှိရပါသည်။ ထိုအကြောင်းတရားများနှင့် ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာတရားကြီးမားခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ သနားကြင်နာခြင်း ဟူသည့် အေးမြသည့် လောကအလင်းတရားများကိုလည်း တွေ့ရှိရပါသည်။ ထိုအချက်များ ပေါ်လွင်သည်ထက် ပေါ်လွင်အောင် ဆဒ္ဒန်ပျို့တွင် ရသမြောက်သောအဖွဲ့များကို ပျို့စာဆိုက ဖန်တီးရေးဖွဲ့နိုင်ခဲ့သည်။ ကြေကွဲဖွယ် အလွမ်းအဆွေးဇာတ်လမ်းကို ကရုဏာရသမြောက်အောင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

ဤဆဒ္ဒန်ပျို့သည် ရသနှစ်သက်ခြင်းသာမက မိမိ၏ အမှတ်မထင် အပြုအမူများသည် သူတစ်ပါးအတွက် အမှတ်ထင်ထင် နာကျည်းဖွယ်ရာများ ဖြစ်စေတတ်သည်ဟု သတိပြုဆင်ခြင်မိစေသည်။ ထိုဇာတ်လမ်းတွင် အသတ်ခံရသူ ဆဒ္ဒန်ဆင်မင်းလည်း သေရသည်။ သတ်သူ စူဠသုဘဒ္ဒါသည်လည်း မရှုမလှ သေရပြန်သည်။ အကုသိုလ် အမှုဆိုသည်မှာ ပြုသူကို အပြုခံရသူက ခွင့်လွှတ်သည်ပင် ဆိုစေကာမူ ကံအကြောင်း တရားက လက်စားချေကာ အပြစ်ပေးတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည် ဟူသော ဘဝအသိမြင်ကို ရရှိပါသည်။ မိမိကြမ္မာလျှင် မိမိဘဝကို ဆုံးဖြတ်သည်ဆိုသည့် လောကအမြင်၊ မုန်းထားရန်ငြိုးဆိုခြင်းထက် မေတ္တာဖြင့် ခွင့်လွှတ်ခြင်းကို တန်ဖိုး ထားသည့် မှန်ကန်သည့် လောကအမြင်တို့ကို ရသမြောက်စွာ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

## နိဂုံး

အနုပညာသည် လူတို့၏ခံစားမှုကို ဆွဲဆောင်နိုင်ခြင်းဖြင့် လူတို့၏အသိဉာဏ်ပိုင်း၊ ဆင်ခြင်မှုအပိုင်းကိုလည်း နိုးကြားစေပါသည်။ ဆဒ္ဒန်ပျို့တွင် ပရိသတ်ကို အလွမ်း၊ အဆွေး ခံစားမှုအပိုင်းဖြင့် ဆွဲဆောင်နိုင်ခဲ့သည်ကို တွေ့ရသည်။ တစ်ဖက်တွင်လည်း ပရိသတ်၏ အသိဉာဏ်ပိုင်း၊ ဆင်ခြင်မှုအပိုင်းကို တိုးပွားလာစေရန်အတွက် တရား သဘောဖြင့် ဆွဲဆောင်နိုင်ခဲ့ပါသည်။ ဤစာတမ်းတွင် အလင်္ကာကျမ်းလာ အာလမ္ဗဏ ဝိဘာဝ၊ ဥဒ္ဒီပနဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝ၊ ဌာယီဘာဝ၊ ရသ ဟူ၍ အကြောင်းအကျိုးအစဉ်အတိုင်း လေ့လာတင်ပြခဲ့ပါသည်။ ရသစာပေကို လေ့လာသူတို့ အတွက် ရသစာပေများတွင် မည်သည့်အဖွဲ့သည် ရသဖြစ်ပေါ်ရန် အကြောင်းရင်း ဖြစ်သည်။ မည်သည့်အဖွဲ့သည် ရသဖြစ်ပေါ်ရန် အကူညီ အထောက်အပံ့ဖြစ်သည် ဟူ၍ ခွဲခြားစိစစ်နိုင်စေရန် အကျိုးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

## ကျမ်းကိုးစာရင်း


ကုမာရ၊ အရှင်။ (၁၉၉၀)။ ***အလင်္ကာပန်းကုံး***။ ရန်ကုန်၊ စာပေါင်းကူးပုံနှိပ်တိုက်။

ဆဒ္ဒန်ပျို့။ (မ–၁၁၃၄)။ ရွှေကုံးရွာဆရာသုတ။ (ပေမူ)၊ တ–ဗ–စ–၁၁၇၈၃။

ဇော်ဂျီ။ (၁၉၇၆)။ ***ရသစာပေအဖွင့်နှင့် နိဒါန်း***။ ရန်ကုန်၊ ရွှေဘိုးစာပေ။

ဇော်ဇော်အောင်။ (၂၀၁၄)။ ***စာသာ (text)နှင့် အပိုင်းအစ (Fragmensts)***။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ညောင်ကန်ဆရာတော်။ (၁၉၅၅)။ ***ငါးရာ့ငါးဆယ်ဝတ္ထု (ဒုတိယတွဲ)***၊ တ–ကြိမ်။ ရန်ကုန်၊ ခင်ချိုထွန်းစာပေ။

ပဏ္ဍိတထေရ် (အရှင်)။ (၁၉၉၅)။ ***မြန်မာအလင်္ကာကျမ်း***။ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မာဃာဝ။ (၁၉၈၇)။ ***နိပါတ်တော်လာဇာတ်တော် ၅၅၀***။ ရန်ကုန်၊ လုပ်အားပုံနှိပ်တိုက်။

မြန်မာအဘိဓာန်။ (၁၉၉၁)။ မြန်မာစာအဖွဲ့၊ ရန်ကုန်။

ရွှေအောင်၊ ဦး (၁၉၈၀)။ ***ရသစာပေ၏ ရသ***။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန။

လွမ်း၊ ဆရာ။ (၁၉၉၅)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်***။ ရန်ကုန်၊ ကျော်လင်းစာနယ်ဇင်း။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင်

ကြည်ပြာဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင်များကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ အခန်း(၁)တွင် တက္ကသိုလ်ဘုန်းနိုင်၏ အတ္ထုပ္ပတ္တိ၊ အခန်း(၂)တွင် တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင် ၂၊ ၁။ ကဗျာနှင့်အမြင့်မြင့်ဂုဏ် ၂၊ ၂။ ကဗျာနှင့်အာရုံပုံရိပ် သွန်းထုခြင်း ၂၊ ၃။ ကဗျာ့သစ္စာ ၂၊ ၄။ ကဗျာသုံးဘာသာစကား ၂၊ ၅။ ကဗျာနှင့်နိမိတ်ပုံ ၂၊ ၆။ ကဗျာနှင့်အသံ ၂၊ ၇။ ကဗျာ့သင်္ခါရနှင့်နိယာမ ဟု အခန်း (၇)ခန်း ခွဲခြား လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ကဗျာသုံးဘာသာစကား၊ ကဗျာ့နိယာမ၊ ကဗျာ့သင်္ခါရ၊ ကဗျာ့သစ္စာ၊ အမြင့်မြင့်ဂုဏ်။***

## နိဒါန်း

တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင်စာတမ်းတွင် ကဗျာနှင့် ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်၏အတွေးအမြင်၊ အယူအဆများကို လေ့လာတင်ပြထားပါသည်။ ကဗျာတစ်ပုဒ် ဖန်တီးမှုအဆင့်ဆင့်နှင့် ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်၏ အမြင်ကိုလည်း လေ့လာဖော်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့ ကဗျာ့သဘောထား၊ ကဗျာ့အမြင်များကို လေ့လာတင်ပြရာတွင် အလေ့လာခံစာအုပ်အဖြစ် တက္ကသိုလ်ဘုန်းနိုင်၏ လီရနာ၊ ဂင်္ဂါ၊ ဧရာဝတီ (ကဗျာ့သင်္ခါရနှင့်နိယာမ)၊ အမြင့်သို့ အာရုံညွှန့်တက်ခြင်း၊ ခပ်သိမ်းကလျာရှုဖွယ်သာတည်း (ပထမတွဲ) (ဒုတိယတွဲ) စာအုပ်များကို အသုံးပြုထားပါသည်။ လီရနာ၊ ဂင်္ဂါ၊ ဧရာဝတီ စာအုပ်တွင် စာရေးသူက ကဗျာ့သဘောထား၊ ကဗျာ့အမြင်များအပြင် ခေတ်ပေါ်ကဗျာများ (သို့) မော်ဒန်ကဗျာများ အကြောင်းကိုလည်း ဆွေးနွေးတင်ပြထားသည်။ သို့ရာတွင် ဤစာတမ်း၌မူ ခေတ်ပေါ် ကဗျာများ (သို့) မော်ဒန်ကဗျာများကိုလည်း ထည့်သွင်းဆွေးနွေးခြင်း မပြုဘဲ ကဗျာ့သဘော၊ ကဗျာ့အမြင်များကိုသာ ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။ တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင်ကို တင်ပြရာ၌ အခြားသောစာပေပညာရှင်တို့၏ သဘောထားအမြင်များနှင့်လည်း နှိုင်းယှဉ်တင်ပြသွားမည် ဖြစ်ပါသည်။

---

* ဒေါက်တာ၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

## ၁။ တက္ကသိုလ်ဘုန်းနိုင်၏အတ္ထုပ္ပတ္တိ

တက္ကသိုလ်ဘုန်းနိုင်၏အတ္ထုပ္ပတ္တိကို တင်ပြရာတွင် ဆရာကြီးသည် စာပေလောကတွင် အောင်မြင်ထင်ရှားသည့် စာရေးဆရာတစ်ဦး ဖြစ်သည်သာမက ပညာရေးလောကတွင်လည်း ပညာရေးဝန်ထမ်းအဆင့်အမျိုးမျိုးဖြင့် တိုင်းပြည်တာဝန်များကို ထူးခြားစွာ ဆောင်ရွက်ခဲ့သူ ဖြစ်သည့်အတွက် တက္ကသိုလ်ဘုန်းနိုင်၏ လုပ်ဆောင်ချက်များနှင့် အတ္ထုပ္ပတ္တိကို ပညာရေးဝန်ထမ်းဘဝနှင့် စာပေဘဝဟု နှစ်ပိုင်းခွဲ၍ တင်ပြထားပါသည်။

### ပညာရေးဝန်ထမ်းဘဝ

တက္ကသိုလ်ဘုန်းနိုင် ကလောင်အမည်ခံ ဦးခင်မောင်တင့်ကို ၁၉၃၀ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့တွင် သန်လျင်မြို့၌ ဖခင်ဦးထွန်းဖေနှင့် မိခင်ဒေါ်ကြင်မေတို့မှ မွေးဖွားသည်။ တက္ကသိုလ်ဘုန်းနိုင်သည် ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ မွေးချင်း(၅)ဦးအနက် ဒုတိယမြောက်ဖြစ်ပြီး အကြီးဆုံး သားယောကျ်ားဖြစ်သည်။ ငယ်မည်မှာ မောင်ဖေသိန်း ဖြစ်သည်။

ပြည်ခရိုင်၊ ပေါင်းတည်မြို့ အစိုးရမူလတန်းလွန်ကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ၁၉၄၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိသည်။ ရန်ကုန်တက္ကသိုလ် ဂုဏ်ထူးတန်း နောက်ဆုံးနှစ် ဓာတ်ခွဲခန်းတွင် လက်တွေ့လုပ်နေစဉ် မန္တလေးတက္ကသိုလ် ကျောင်းအုပ်ကြီးဖြစ်သူ ဆရာကြီးဦးကိုလေးက မန္တလေးတက္ကသိုလ်ရှိ စိတ်ပညာဌာနသို့ လာရောက်၍ စိတ်ပညာ စတင်သင်ကြားပေးရန် မေတ္တာရပ်ခံခဲ့သည်။ မိမိပညာပြန့်ပွားရေးကို နှစ်သက်သည်ကတစ်ကြောင်း၊ ဆရာကြီးဦးကိုလေးအားလေးစားသည်ကတစ်ကြောင်းတို့ကြောင့် လာပါမည်ဟု ကတိပေးခဲ့သည်။

၁၉၅၅ ခုနှစ်တွင် စိတ်ပညာဖြင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ပထမအဆင့်ဖြင့် အောင်မြင်သည်။ တက္ကသိုလ်မှချီးမြှင့်သော ဆုတံဆိပ်ရခဲ့သည်။ အောင်စာရင်းရလျှင်ရခြင်း မန္တလေးတက္ကသိုလ်တွင် အလုပ်ဝင်ပြီး စိတ်ပညာကို စတင်သင်ကြားပေးသည်။ မန္တလေးတက္ကသိုလ်က စိတ်ပညာဌာနကို ဒဿနိကဗေဒနှင့်ခွဲ၍ သီးခြားဌာနအဖြစ် ခွဲပေးသည်။ မန္တလေးတက္ကသိုလ် စိတ်ပညာဌာန စတင်တည်ထောင်သူနှင့် ပထမဆုံး ဌာနမှူး ဖြစ်သည်။

မဟာဝိဇ္ဇာဘွဲ့ကို ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ ကိုလံဘီယာတက္ကသိုလ်မှ ရရှိခဲ့သည်။ ၁၉၅၅ ခုနှစ် မှ ၁၉၆၂ ခုနှစ်အထိ လက်ထောက်ကထိက၊ ကထိကတာဝန်များကို မန္တလေးတက္ကသိုလ်တွင် ထမ်းဆောင်သည်။

၁၉၆၂ ခုနှစ် မှ ၁၉၇၂ ခုနှစ်အထိ တောင်ကြီးကောလိပ် ကျောင်းအုပ်ကြီး၊ ၁၉၇၂ ခုနှစ် မှ ၁၉၇၇ ခုနှစ်အထိ ပုသိမ်ကောလိပ် ကျောင်းအုပ်ကြီး၊ ၁၉၇၇ ခုနှစ် မှ ၁၉၈၇ ခုနှစ်အထိ မော်လမြိုင်ကောလိပ် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်တွင် ဒုတိယပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ် ပညာရေးစနစ်သစ် စတင်ချိန်မှစ၍ ၁၉၈၉ ခုနှစ်ပင်စင်ယူသည့်အချိန်ထိ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ၏ အဖွဲ့ဝင်လူကြီးနှင့် တက္ကသိုလ်များ ဗဟိုကောင်စီ အဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ပညာရေးလေ့လာရေး အဖွဲ့ခေါင်းဆောင်အဖြစ် ဂျပန်ပြည်သို့ စေလွှတ်ခြင်း ခံရသည်။ ၁၉၈၀ ပြည့်နှစ် နိုင်ငံတော်က ကြီးမှူးကျင်းပသည့် ပညာရေးနှီးနှောဖလှယ်ပွဲတွင် အခြေခံပညာရေးနှီးနှော ဖလှယ်ပွဲ၏သဘာပတိအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ကျင်းပသော ပုံမှန်ရွေးချယ်တင်မြှောက်ပွဲကြီး၌ မွန်ပြည်နယ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ပညာရေးလေ့လာရေး အဖွဲ့ခေါင်းဆောင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်ခြင်း ခံရသည်။

**စာပေဘဝ**

တက္ကသိုလ်ဘုန်းနိုင်သည် ၈ နှစ်သားအရွယ်ကပင် ဝါသနာအလျောက် စာတိုပေစများ ရေးခဲ့ရာ ဒဂုန်မဂ္ဂဇင်းခေတ်ဖြစ်၍ မိမိငယ်မည် မောင်ဖေသိန်းနှင့်တွဲ၍ မိမိကိုယ်မိမိ ဒဂုန်ဖေသိန်းဟု ကလောင်အမည် ခံယူခဲ့သည်။ ၁၁ နှစ်သားအရွယ်တွင် ဝတ္ထုများ စတင်ရေးသားခဲ့သည်။ ၁၅ နှစ်တွင် ကဗျာသင်ရိုးကုန်၍ ကဗျာများ ပိုင်နိုင်စွာ ရေးသားနိုင်သည်။

ပေါင်းတည်ကျောင်းတွင်နေစဉ် 'ဆွေသုမောင် အပွေများကိုလ၊ မေယုတောင်နေရထားတွင်ပ၊ ခွေစကား မှာလိုက်မယ်' တေးထပ်မှ 'ဆွေသုမောင်' ဆိုသည့်စကားကို နှစ်သက်၍ ကလောင်အမည်အဖြစ် ယူခဲ့ပြီးနောက် 'ဆွေ' ကိုဖြုတ်၍ 'သုမောင်' အမည်ဖြင့် ကျောင်းစာစောင်များတွင် ရေးခဲ့သည်။ ဗန်းမော်တင်အောင်၏ 'ဘုန်းမောင့်တစ်ယောက်တည်းရယ်' ဝတ္ထုထွက်လာသောအခါ ဗန်းမော်တင်အောင်ရေးခဲ့သည့် ဆင်းရဲသောမိဘ၏ စာတော်သောသားအဖြစ်ကို ဂုဏ်ယူသဖြင့် မိမိ၏ ကလောင်အမည်ကို တက္ကသိုလ်ဘုန်းနိုင်ဟု ယူခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်ဘုန်းနိုင် ကလောင်အမည်ဖြင့် ၁၉၄၉ ခုနှစ်တွင် ဇန်နဝါရီလထုတ် 'ရှုမဝ' မဂ္ဂဇင်း၌ 'ဒွိဟ' ကဗျာရေးသားရာမှ စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ပထမဆုံးရေးသားခဲ့သောဝတ္ထုတိုမှာ 'လရောင်နှင့်အရိပ်' ဖြစ်ပြီး ၁၉၅၁ ခုနှစ်တွင် ရေးသားခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းပါ 'နှင်းရွက်ကြွေစော' ဝတ္ထုရှည်မှ စတင်၍ တစ်ဟုန်ထိုး နာမည်ကြီး လာခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ဝတ္ထုရှည် ၂၉အုပ် ထုတ်ဝေခဲ့သည်။

## ၂။ တက္ကသိုလ်ဘုန်းနိုင်၏ ကဗျာ့သဘော၊ ကဗျာ့အမြင်

### ၂၊ ၁။ ကဗျာနှင့်အမြင့်မြင့်ဂုဏ်

ကဗျာနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် တက္ကသိုလ်ဘုန်းနိုင်သည် နက်ရှိုင်းစွာ ဆင်ခြင်စဉ်းစားသည်။ လူသားတို့သည် ကျောက်တောင်ထွတ်ကြီးများ၊ လျှပ်ပန်းများ၊ မိုးကြိုးများနှင့်အတူ ရွေ့လျားနေသော တိမ်တိုက်ကြီးများ၊ မီးတောက်ကြီးများ၊ မုန်တိုင်းကြီးများ၊ သမုဒ္ဒရာကြီးများ စသည်တို့၏ ခြိမ်းခြောက်မှုကို ကြုံတွေ့ရလျှင် ခုခံနိုင်စွမ်းမှာ သေးသေးမှုန်မှုန် ဖြစ်သွားသည်။ သို့ရာတွင် ရင်ဆိုင်ကြုံတွေ့ရခြင်းမျိုး မဟုတ်ဘဲ ဘေးကင်းစိတ်ချစွာ ကြည့်နေရလျှင် ထိုကြောက်စရာကောင်းသော အရာများသည် ညှို့ငင်အား ဆွဲဆောင်အား ရှိနေပြန်သည်။ ထိုကြောက်စရာ အရာများက လူသား၏စိတ်ဝိညာဉ်မှ အင်အားတို့ကို အမြင့်သို့ရောက်အောင် မြှင့်တင်ပေးနိုင်စွမ်း ရှိနေပြန်သည်။ ထိုသဘောကို စာရေးသူက ဆပ်ဘလင်းမ် [၁] ဟူသော အင်္ဂလိပ် စကားဖြင့် ဖော်ပြသည်။ ဆပ်ဘလင်းမ်၏အနက်မှာ လူ့စိတ်ကို အမြင့်ရောက်အောင် မြှင့်သော အမြင့်မြင့်ဂုဏ် ဖြစ်သည်။ မြန်မာအလင်္ကာကျမ်းများ၌ပါသော ဝီရရသ၊ ဘယာနကရသ သဘောများနှင့်ဆင်သည်။ ယင်းတို့သည် သဘာဝတရား၌ရှိနေသော အမြင့်မြင့်ဂုဏ်များ ဖြစ်သည်။ ထို့အတူပင် ကဗျာ၌လည်း အမြင့်မြင့်ဂုဏ် ရှိသည်။ ကဗျာသည် လူ့စိတ်ကို အံ့သြစိတ်၊ ရဲရင့်တက်ကြွစိတ်၊ ကြောက်ရွံ့စိတ်များဖြင့် အမြင့်သို့ရောက်အောင် ဖန်တီးနိုင်စွမ်း ရှိသည်။ တစ်နည်းအားဖြင့်ဆိုသော် ကဗျာသည် လူ့စိတ်ကို ခံစားမှုမှတစ်ဆင့် တဖြည်းဖြည်း ရင့်ကျက်မြင့်တက်လာအောင် ဖန်တီး ပေးနိုင်သည်ဟု ဆိုလိုဟန် ရှိပါသည်။

ထိုသဘောနှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်၏ 'အမြင့်သို့ အာရုံညွှန့်တက်ခြင်း' (သို့မဟုတ်) ကဗျာစာအုပ်တွင်–

---

[၁] Sublime

"စာကြီးပေကြီး စာကောင်းပေမွန်တို့သည် စာဖတ်သူ၏ရင်တွင်းသို့ ခံစားမှုတစ်ရပ်ကို ပို့ပေးသည်။ ထိုသို့ ပို့ပေးခြင်းကို လွန်ဂျီးနက်(စ်)က ခေါမဘာသာဖြင့် အက်(က်)စတက်ဆစ်(စ်) [၁] ဟု ခေါ်ခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ထရန်စပို့(တ်) [၂] ဟု ဘာသာပြန်သည်။ ထရန်စပို့(တ်) သဘောက စကားတန်ဆာအလင်္ကာ[၃] အစွမ်းဖြင့် စာဖတ်သူ၏စိတ်ကို ဆွဲဆောင်ယူခြင်း [၄] သဘော မဟုတ်။ သည်သဘောထက် လွန်သည်။ စာတွင်းမှ ဂုဏ်သတ္တိသည် စာဖတ်သူ၏စိတ်တွင်းသို့ တိုက်ရိုက်ကူးပြောင်း ရောက်ရှိသွားသည်။ ထိုသို့ ကူးပြောင်းရောက်ရှိသွားသည့် ဂုဏ်သတ္တိအစွမ်းကြောင့် စာဖတ်သူ၏စိတ်သည် သာမန်အားဖြင့် မိမိဘာသာမိမိ မရောက်ရှိနိုင်သည့် အမြင့်သို့ ရောက်သွားသည်"[၅]

ဟု ဖော်ပြထားပါသည်။

လွန်ဂျီးနက်(စ်)မှာ ခရစ်တော်ပေါ်ပြီးစ တစ်ရာစုနှစ်အတွင်း၌ ပယ်ရီဟူးပဆက်(စ်) အမည်ရှိသည့်ကျမ်းကို ရေးသွားခဲ့သူ ဖြစ်သည်။ ပယ်ရီ ဟူသော ခေါမစကား၏ အနက်မှာ–

"တစ်ဝိုက်၊ ပတ်လည်ဝန်းကျင်၊ အနီးအနားဟု အဓိပ္ပာယ်ရှိသည်။ ဟူးအဆက်(စ်)ကို အမြင့်ဂုဏ် [၆] ဟု ယေဘုယျ ဘာသာပြန်ကြသည်"[၇]

ဟု ဖော်ပြထားသည်။ ဆိုလိုသည်မှာ မတိမ်ကော မပပျောက်ဘဲ သမိုင်း၌ ဂုဏ်ရည်ထင်ရှားသည့် ရေးကဗျာကြီးများနှင့် စာကြီးပေကြီးများကို လေ့လာသောအခါ အနက်အဓိပ္ပာယ် အလွယ်တကူ ဖွင့်ဆိုမရသည့် ဂုဏ်တစ်ရပ်ကို ညွှန်းဆိုလိုခြင်း ဖြစ်သည်။ သိမ်မွေ့နက်နဲသော သဘောတစ်ခုကို စဉ်းစားသုံးသပ်သောအခါ လူသားတို့၏ ဉာဏ်သည် ထိုသဘောကို မိမိရရ ဆုပ်ကိုင်မပြနိုင်။ ထိုသဘော၏ အနီးတစ်ဝိုက်ဆီသို့သာ ရောက်ပြီး ဤသို့ဖြစ်တန်ရာ၏ဟု ခန့်မှန်းကြည့်ရသည့် သဘော ဖြစ်ပါသည်။

---

[၁] ekstasis

[၂] transport

[၃] rhetoric

[၄] persuasion

[၅] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၃။

[၆] quality of elevation

[၇] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၂။

စာကောင်းပေမွန်တို့ကို ဖတ်ရာ၌လည်း စာဖတ်သူ၏စိတ်သည် မိမိရရ ပြောနိုင်သော်လည်း ထိုစာပေတို့၏ ဆွဲဆောင်မှုကို ခံရသည်။ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို ဖတ်သောအခါတွင် ရှိရင်းစွဲစိတ်အခြေအနေထက် ပိုမိုကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ ရဲဝံ့ခြင်း စသည့် ဂုဏ်သတ္တိများ ဖြစ်ပေါ်လာတတ်သည့်သဘောကို ညွှန်းဆိုသည်။

စာပေ၌ရှိသော အမြင့်ဂုဏ်သည် အောက်ဖော်ပြပါ အခြေခံတရားတို့အပေါ်၌ မြစ်ဖျားခံ၍ ဖြစ်ပေါ်လာသည်။ ကဗျာရေးဖွဲ့သူအနေနှင့် ကြီးမြတ်သော အတွေးအကြံတို့ကို တွေးကြံနိုင်ခြင်း၊ ထက်သန်ပြင်းပြသော ဇောဆန္ဒရှိခြင်း၊ စကားတန်ဆာအလင်္ကာ နိုင်နင်းခြင်း၊ တင့်တယ်သော စကားသုံးစကားနှုန်းအရာ၌ ကျွမ်းကျင်ပိုင်နိုင်ခြင်း၊ သိက္ခာပြည့်ပြည့်နှင့် ထည်ဝါခံ့ညားစွာ သီကုံးဖွဲ့စည်းနိုင်ခြင်းတို့ ဖြစ်သည်။

> "အမြင့်ဂုဏ်သည် ကြီးမြတ်သောဝိညာဉ်၏ ပဲ့တင်သံ ဖြစ်သည်။
> sublimity is the echo of a great soul ဟုလည်း လွန်ဂျီးနက်(စ်)က
> ဆိုခဲ့ပါသည်။"[၁]

sublimity သည် sublime ဟူသော စကားမှ လာသည်။ မြင့်မြတ်သော၊ အထွတ်အထိပ်ဖြစ်သော၊ ကျက်သရေရှိသော အဓိပ္ပာယ်ရသည်။ စာဖတ်သူတို့၏ စိတ်တွင် ကြည်ညိုခြင်း၊ လေးစားရိုသေခြင်း၊ ကြောက်ရွံ့ခြင်း၊ အံ့သြခြင်း၊ ချီးမွမ်းခြင်း စသည့် စိတ်အခြေအနေတို့ကို တစ်ပြိုင်နက် ရောယှက်၍ ဖြစ်ပေါ်စေခြင်းကို ဆိုလိုသည်။ စာကြီးပေကြီး၊ စာကောင်းပေမွန်ဖြစ်သည့် ဟိုးမား၏ အိလိယက်(ဒ်) ကဗျာကြီး၊ ရာမယနဇာတ်လင်္ကာကြီး၊ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့ကြီးတို့ကို ဖတ်ရှုရသောအခါ ဖတ်သူ၏စိတ်၌ ပေါ်ပေါက်လာသော ခံစားမှုအမျိုးမျိုးကို ဆပ်ဘလင်း(မ်)ဟု ဆိုနိုင်သည်။ ရသသဘောနှင့်ဆိုလျှင် ဘယာနကရသနှင့် အဗ္ဘုတရသ နှစ်မျိုးပေါင်းနေသောသဘောဟု အနီးစပ်ဆုံး ဆိုနိုင်ပါသည်။ အမြင့်ဂုဏ်၏ သဘောမှာ စာပေတွင် အထွတ်အထိပ်ဖြစ်သော ရသသဘောဖြစ်သည်ဟု ယူဆရသည်။

လူသားတိုင်းသည် သက်ရှိသက်မဲ့ အာရုံအမျိုးမျိုးနှင့် ထိတွေ့ခံစားရသော်လည်း အခြားသူများထံသို့ အရောက်ပို့ပေးနိုင်ခြင်း မရှိပေ။ ကဗျာဆရာမှာမူ အာရုံငါးပါး၏ ထင်ဟပ်မှုများကို ချစ်ခြင်း၊ မုန်းခြင်း စသည့် စိတ်အမျိုးမျိုးဖြင့် ခံစားကြည့်သည်။ ထိုခံစားချက်မှတစ်ဆင့် စိတ်ကူးများ ဖြစ်ပေါ်လာသည်။ ထိုစိတ်ကူးတို့ကို စာဖတ်သူအား ရေးဖွဲ့ပြချင်သော စေတနာ ဖြစ်ပေါ်လာသည်။ ထိုအခါတွင် ကြားခံပစ္စည်းအဖြစ် စကားလုံးများကို သုံးသည်။

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၅။

တက္ကသိုလ်ဘုန်းနိုင်က ကဗျာ့သဘောနှင့်ပတ်သက်၍ အနုပညာတြိဂံအဖြစ် ရှင်းလင်းတင်ပြထားပြန်သည်။ ကဗျာဆရာ၏ အနုပညာတြိဂံမှာ သူမြင်သောအရာ၊ သူ့ခံစားမှု၊ သူ့စကား၊ တစ်နည်း အာရုံ၊ ဝေဒနာ၊ စကားလုံးများ ဖြစ်သည်ဟု ဆိုပါသည်။

> "အင်္ဂလိပ်လိုတော့ စကားလုံးများက လွှန်းဖြစ်သည်။ သည်လွှန်းက အာရုံနှင့်ဝေဒနာကြား ခေါက်တုံ့ခေါက်ပြန် လူးလာကူးပျံသည်။ ပြီးတော့ ဝေဒနာနှင့် အာရုံတို့ကိုသုံး၍ ဝေဒနာနှင့် အာရုံ မဟုတ်သော အထည်ဖျင်တစ်ခုကို ရက်လုပ်သည်။ ထိုအထည်ဖျင်ကို ကဗျာဟု ခေါ်သည်"[၁]

ဟု ဆိုထားပါသည်။ ဆိုလိုသည်မှာ ကဗျာဆရာ၌ အာရုံရုပ်ပုံအမျိုးမျိုး ထင်ဟပ်လာသည်။ ထိုအခါတွင် ခံစားမှုဝေဒနာ ဖြစ်ပေါ်လာသည်။ ထိုခံစားမှုကို ဖော်ထုတ်ရန် အတွက် စကားလုံးများကို အသုံးပြုကြသည်။ ကဗျာဆရာ၌ ထင်မြင်လာသော အာရုံပုံရိပ်အမျိုးမျိုးနှင့် ဖြစ်ပေါ်လာသော ခံစားမှုဝေဒနာအမျိုးမျိုးကို အပြန်ပြန် အလှန်လှန် ဆက်စပ်၍ ကဗျာတစ်ပုဒ်ဖြစ်လာအောင် ဖွဲ့စပ်ယူခြင်းကို ဆိုလိုသည်။ ထိုနည်းဖြင့် ဖြစ်ပေါ်လာသော ကဗျာသည် မူလကအကြောင်းအရာနှင့် မတူဘဲ ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ပုံစံအားဖြင့် ဦးပုညသည် ကုန်းဘောင်ခေတ်တွင် ချစ်ခြင်း မေတ္တာ၌ပင် အစားထိုး၍ အသုံးချရပြီး စွန့်ပယ်ခြင်းမျိုး ခံကြရသောအဖြစ်ကို တွေ့ဖူး မြင်ဖူး ကြားဖူးခဲ့ဟန် ရှိသည်။ ထိုသို့ တွေ့ကြုံကြားမြင်သမျှသည် အာရုံပုံရိပ်များ ဖြစ်သည်။ ထိုအာရုံပုံရိပ်များကြောင့် ကဗျာစာဆို၌ နာကျင်မှု၊ ဝမ်းနည်းမှုဝေဒနာများ ဖြစ်ပေါ်ခဲ့ဟန် ရှိသည်။ ထိုဖြစ်ရပ်များနှင့် ပတ်သက်သည့် စာဆို၏ ခံစားမှုဝေဒနာကို ကဗျာအဖြစ်သို့ ပြောင်းရာတွင် စကားလုံးများကို အသုံးပြုသည်။ စကားလုံးများ ထဲတွင် နိမိတ်ပုံများ ပါလာသည်။ အစားထိုးအသုံးခံရသူများကို ခံပွင့်ဟု သုံးသည်။ ဂုဏ်မြင့်သူများကို စံပယ်ပန်းဟု တင်စားသည်။ ထိုနည်းဖြင့် ဦးပုညသည်-

> "ပန်းစံပယ်၊ နန်းလယ်မပေါ်ခိုက်တွင်မို့၊ အလိုက်တော်တန်သင့်ရုံပ၊ ခံပွင့်ကိုကုံး"

ဟု ဖွဲ့ခဲ့ပါသည်။ စာရေးသူ၏ အာရုံခံစားမှုများမှဖြစ်ပေါ်လာသော စကားလုံးများဖြင့် ပြုပြင်စီရင်လိုက်သော ကဗျာသည် မူလတွေ့ကြုံခဲ့ရသော အကြောင်းအရာနှင့် မတူ တော့ပေ။ ကဗျာတွင် လူသားများကို ပန်းများဖြင့် ပြသည်။ စာဆိုအနေနှင့် ခံပွင့် ပန်ရာမှ စံပယ်ပေါ်လျှင် စံပယ်ကို ပြောင်း၍ပန်သည်ကို တွေ့မြင်ရာမှ စိတ်ကူး

---

[၁] ဘုန်းနိုင်(တက္ကသိုလ်-)၊ ၂၀၁၂၊ ၂၁။

ခံစားမှုများ ဖြစ်ပေါ်လာပြီး ကဗျာဖွဲ့ခြင်းလည်း ဖြစ်နိုင်သည်။ သက်မဲ့ပန်းများသည် ဂုဏ်အဆင့်အတန်း ကွဲပြားသော လူသားများ၊ လူ့စရိုက်များ ဖြစ်လာသည်။ စာဖတ်သူတို့၏ ခံစားမှုကို ပို၍အမြင့်သို့ရောက်အောင် ပို၍ဝမ်းနည်းစရာ၊ အားငယ်စရာများ ဖြစ်အောင် မြှင့်တင်ပေးနိုင်ခဲ့သည်။ ထိုသဘောကို စာရေးသူက ကဗျာ၏ဘာဝပြောင်းယူ ပေးခြင်း[၁] (သို့မဟုတ်) ကူးပေးခြင်း[၂] ဟု ဆိုထားပါသည်။

## ၂။ ၂။ ကဗျာနှင့်အာရုံပုံရိပ် သွန်းထုခြင်း

အနောက်တိုင်းကဗျာဆရာတို့သည် အာရုံသဘော [၃] ကို အလွန်ရေးသားကြသည်။ ကဗျာဆရာ ကဗျာမရေးမီ စိတ်ကူးရသည်။ ယင်းသည် အင်မဂျင်း [၄] ဖြစ်သည်။ စိတ်၌ပုံဖော်ခြင်း ဟုလည်း အနက်ရသည်။ ကဗျာ၌ အတွေးကိုပင် စိတ်ကူးဟု ခေါ်သည်။ စိတ်သည် အာရုံများကြား၌ ကူးချည်သန်းချည် ပြုလုပ်နေသောကြောင့် စိတ်ကူးစိတ်သန်းဟု ခေါ်ခြင်း ဖြစ်သည်။ အင်မဂျင်းကို တက္ကသိုလ်ဘုန်းနိုင်က အာရုံပုံရိပ် သွန်းထုလုပ်ကိုင်ခြင်း ဟုလည်း သုံးနှုန်းထားပါသည်။ ကဗျာဆရာသည် မိမိ၏ စိတ်အတွင်းမှ အာရုံများကို အမိဖမ်းပြီး စာဖတ်သူတို့၏စိတ်သို့ ကူးပြောင်းပေးပို့ရန် အာရုံပုံရိပ်များကို ထုသွန်းရသည်။ အာရုံပုံရိပ်များကို စကားလုံးများနှင့် ထုသွန်းရခြင်း ဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ စာရေးသူက–

> "နတ်ရှင်နောင်က ဓာတုကလျာကို ထမ်းပိုးချီမလာပြီး ကျွန်တော်တို့
> ရှေ့တွင်ချပြလျက် ဟောဒီမှာ တင့်တယ်လှပဟန်လေဟု မလုပ်။
> အာရုံပုံရိပ် ထုသွန်းပြီး အာရုံပုံရိပ်ကို ပို့ပေးခြင်းသာ ဖြစ်သည်"[၅]

ဟု ဖော်ပြထားသည်။ နတ်ရှင်နောင်က ဓာတုကလျာကို ခေါ်ပြမည့်အစား–

> "တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊
> ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်"[၆]

---

[၁] translate

[၂] transfer

[၃] Image

[၄] Imagine

[၅] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၆၄။

[၆] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၆၅။

စသည်ဖြင့် စကားလုံးများဖြင့် အာရုံပုံရိပ်သွန်းလုပ်၍ ပြခဲ့ပါသည်။ ကဗျာဆရာ သွန်းထုလိုက်သော အာရုံပုံရိပ်များသည် မူလပကတိသဘောထက်ပို၍ အင်အားအရှိန် ကောင်းသည်ကို တွေ့ရသည်။

စာပေပညာရှင် ဂိုးတက်[၁]ကလည်း–

"အနုပညာ၌ ကျွမ်းကျင်သူအဖြစ် ကွဲပြားခြားနားစွာ ပြနိုင်သည့် အရာမှာ စာဖတ်သူအား အာရုံခံစားမှု အမြင့်မားဆုံးသို့ ရောက်အောင် စီမံဖန်တီးနိုင်မှုပင် ဖြစ်သည်။ အကောင်အထည် ဖော်နိုင်မှုစွမ်းရည်သည် ပုံသဏ္ဌာန်နှင့် ကဗျာ့စည်းမျဉ်း၊ စည်းကမ်း များကို ဖန်တီးသည်"[၂]

ဟု ဆိုထားပါသည်။

'သူ့ကို ချစ်လိုက်တာဗျာ၊ သူနဲ့သာ နီးရမယ်ဆိုရင် ကျွန်တော် ဘာမဆို လုပ်ရဲပါရဲ့' ဟူသော စကားသည် ပကတိအနေအထား ဖြစ်သည်။ ထိုပကတိ အနေအထားကို ကဗျာဆရာဖွဲ့လိုက်သောအခါတွင်–

"မမလေးကို ချစ်လိုက်ပါတဲ့အာရုံ၊ ရွှေမြင်းမိုရ်တစ်တောင်လုံး တုံးမှတ်လို့ခုန်"[၃]

ဟု ပြောင်းလဲသွားသည်။ ကဗျာဆရာသည် ခံစားမှုအချက်အလက်များကို စကား တန်ဆာဆင်၍ ပြောလိုက်သောအခါ အချစ်ဆန္ဒဇောများ ပိုမိုမြင့်မားလာပုံသည် ပေါ်လွင်လာပါသည်။

ကဗျာရေးဖွဲ့ရာတွင် ခံစားမှုသည် အရေးပါသည်။ သို့ရာတွင် ခံစားမှုကို အရှိအတိုင်း ရေးပြ၍မဖြစ်။ စကားအဆင်တန်ဆာအမျိုးမျိုးဖြင့် ရသပေါ်လာအောင် တန်ဆာဆင် ရေးဖွဲ့ရသည်။ တစ်နည်းအားဖြင့်ဆိုသော် ဝေဒနာကို ပညာက ကောင်းစွာ ထောက်ပံ့ရသည်။ ဝေဒနာသည် ခံစားမှုဖြစ်၍ ပညာမှာ စာရေးသူ၏ စိတ်ကူးဖွဲ့စည်းမှု၊ စိတ်ကူးရုပ်ပုံ ပေါ်လာအောင် စကားလုံး ရွေးချယ်သုံးနှုန်းမှု၊ ကာရန်၊ နရီ စသည် တို့က အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်မှု၊ ကဗျာကို စည်းလုံးညီညွတ်အောင် ဖွဲ့စည်းတည်ဆောက်နိုင်မှု စသည့် အချက်များ လိုအပ်သည်။

ကဗျာတွင် စကားလုံး၏အရေးပါမှုနှင့် ပတ်သက်၍ ဆရာဇော်ဂျီက–

[၁] Goethe's

[၂] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၆၇။

[၃] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၆၆။

"တစ်ခါတစ်ရံ အနက်ရိုးစကားတွင် ဖြစ်စေကာမူ ထိုစကားကို သုံးတတ်ပါက ထိုစကားမှ ဂယက်အနက် ထွက်လာနိုင်၍ ထိုဂယက် အနက်ကြောင့် စာတစ်ပုဒ်လုံးသည် စိုစိုပြည်ပြည် ဖြစ်လာ သည်ကို တွေ့ရပါသည်။ 'ရွှေဘိုမြို့အဝင် ကျွန်းဖိုနှစ်ပင် ရှင်အောင် မွေးပ၍၊ မယ်နှင့်မောင် အလှူပေး၊ ဝဲတိုင်ဖို့လေး' ဟူသော တေးတွင် 'မွေး' ဟူသော စကားကို သုံးတတ်သောကြောင့် တေးတစ်ပုဒ်လုံး ချစ်ခင်ကြင်နာစရာ ဖြစ်လာသည်ကို သတိပြုမိပါသည်"[၁]

ဟုလည်းကောင်း၊

"မောင်နှင့် အလှူပေးချိန် ရောက်သောအခါ ဝဲတိုင်အတွက်ဟု ရည်ရွယ်ထားသော ကျွန်းဖိုနှစ်ပင်ကို ရှင်အောင်စိုက်ပါဟု မဆို။ ရှင်အောင်မွေးပါဟု ဆိုခဲ့ရာ ထိုစကားကိုကြားရသူသည် သက်ရှိ သတ္တဝါတို့ ကျွေးမွေးပြုစုတတ်ကြပုံကို သတိရ၍ ချစ်ခင် သာယာသော စိတ်လှုပ်ရှားမှု ဖြစ်နိုင်ပါသည်"[၂]

ဟုလည်းကောင်း ဆိုခဲ့ပါသည်။ 'သူ့မှာတမ်း' ကဗျာ၌လည်း ဆရာကြီးမင်းသုဝဏ်သည်–

"ခရီးမတ်တတ်၊ လမ်းခုလတ်၌၊ ကိုယ်လွတ်ရုန်းကာ၊ ခွဲရပါ၍၊ အားနာခဲ့ကြောင်း ပြောပါလေ"[၃]

ဟု ရေးဖွဲ့ထားသည်။ အနက်ရိုးကိုပင် ကဗျာစာဆိုတို့သည် စာဖတ်သူ၏စိတ်၌ လှုပ်လှုပ်ရှားရှားနှင့် စွဲငြိဖွယ်ဖြစ်နေအောင် နေရာတကျ ရွေးချယ်သုံးနှုန်းနိုင်စွမ်း ရှိပါသည်။ အားနာ ဟူသော စကားက ပြောက်ကျားစစ်သည် ကလေး၏ မျိုးချစ်စိတ် ပုံရိပ်ကို ထက်မြက်စွာ သွန်းထုနိုင်ခဲ့သည်ဟု ဆိုရပါမည်။

## ၂။ ၃။ ကဗျာ့သစ္စာ

တက္ကသိုလ်ဘုန်းနိုင်သည် ကဗျာ၏ပရိယာယ် (သို့မဟုတ်) မာယာ၏သဘောကို အလေးအနက်ထား၍ ဆွေးနွေးထားသည်။ မာယာ၏အကြောင်းကို ရှင်းရာ၌ ကဗျာ လောကကို မာယာလောက[၄] ဟု ဆိုထားသည်။ အီလူးရှင်း[၅] ၏ သာမန်အဓိပ္ပာယ်မှာ

---

[၁] ဇော်ဂျီ၊ ၂၀၁၄၊ ၂၇၃။

[၂] ဇော်ဂျီ၊ ၂၀၁၄၊ ၂၇၃။

[၃] ဇော်ဂျီ၊ ၂၀၁၄၊ ၃။

[၄] the world of Illusion

[၅] Illusion

မှားယွင်းစွာ မြင်ခြင်း ဖြစ်သည်။ အနုပညာတိုင်းတွင် မာယာ ရှိသည်။ ကဗျာတွင်မူ ကဗျာဆရာသည် ပကတိဖြစ်တည်နေမှုသက်သက်ကို စိတ်မဝင်စား။ ထိုပကတိဖြစ်တည်နေမှုအပေါ်မှီ၍ ဖြစ်ပေါ်လာသော ကဗျာဆရာ၏မြင်ထင်မှုကိုသာ ဖမ်းယူပြီးလျှင် စာဖတ်သူထံသို့ အရောက်ပို့ပေးနိုင်သည်ဟု ဆိုထားပါသည်။ ကဗျာဆရာတို့သည် အာရုံခံစားမှုများကိုသာ အလေးထားပြီးလျှင် စကားလုံးများကို ပုံရိပ်သွန်းလုပ်ကာ ကဗျာအဖြစ်သို့ ပြောင်းလဲသည်။

ကဗျာ့သစ္စာ၏ သဘောကိုရှင်းရာ၌ တက္ကသိုလ်ဘုန်းနိုင်သည် အနောက်တိုင်းကဗျာဆိုကြီးများ၏ အတွေးအမြင်များကိုလည်း ထည့်သွင်းတင်ပြ ဆွေးနွေးထားသည်။

> "ကဗျာ့သစ္စာ၏သဘောကို ဝါဒ်စ်ဝတ်သ်[၁]က Heart by pusion ဟု ဆိုခဲ့သည်။ ခံစားမှုလေအဟုန်က နှလုံးသားဆီသို့ အရှင်လတ်လတ် သယ်ယူခဲ့သော အမှန်တရားဟု အနက်ရသည်။ ထိုအဆိုကို ကိုးကားပြီးမှ တက္ကသိုလ်ဘုန်းနိုင်က ကဗျာသည် ခံစားမှုကို အလွန်အသုံးပြုသည်ဟု ဆိုထားသည်။ ခံစားမှုသည် အစစ်အမှန်ကို ထင်ရှားမြင့်မားစေသည်"[၂]

ဟု မိန့်ဆိုခဲ့သည်။ အနုပညာမှန်သမျှတွင် အမှန်တရား ပါဝင်သည်။ ကဗျာ၌လည်း အမှန်တရား ပါသည်။ စာရေးသူသည် လောက၏အမှန်တရားကို စာဖတ်သူထံသို့ ပို့ဆောင်ရာတွင် ခံစားမှုသည် အရေးပါသည်။ ခံစားမှုသည် အမှန်တရားကို ပို၍ ထင်ရှားမြင့်မားလာစေသည်။ ထိုခံစားမှုအမှန်တရားကို ပိုမို၍ အရှိန်မြင့်မားလာအောင် ဖန်တီးရာ၌ ကဗျာ့ပရိယာယ် (သို့မဟုတ်) မာယာစနစ်ကို သုံးရသည်။ ထိုခံစားမှုအမှန်တရားကိုပင် ကဗျာ့သစ္စာဟု ဆိုနိုင်သည်။

ကဗျာ့သစ္စာဆိုသည်မှာ ခံစားမှုကို အသက်သွင်းထားခြင်း ဖြစ်သည်။ ထိုသို့ အသက်သွင်းရာတွင် အသုံးပြုသော မာယာစနစ်သည် အတွင်းသဘော အကြောင်းအရာနှင့် ညီညွတ်ဆီလျော်မှု ရှိရမည်။ ကဗျာအသွင်ပြောင်းရာ၌ မူလပကတိ ရှိနေသည့် သဘောကို အခြေခံ၍ ကဗျာဆရာ၏အမြင်နှင့် အသွင်ပြောင်း တင်ပြရသည်။ ထိုသဘောကို တက္ကသိုလ်ဘုန်းနိုင်က–

---

[၁] Words Worth

[၂] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၉၄။

> "မြင်ထင်မှုသည် ပကတိဖြစ်ရှိနေမှု၌ အခြေခံသည်။ သို့ရာတွင် ကဗျာ့သစ္စာ ဖြစ်သွားအောင် ပကတိဖြစ်ရှိနေမှုကို ကဗျာဆရာက ဘဝပြောင်းပေးရသည်"[၁]

ဟု ဆိုထားခဲ့ပါသည်။

ကဗျာသည် ပြင်ပလောက၌ရှိနေသော အမှန်တရားနှင့်မကင်းပေ။ ဆရာဇော်ဂျီသည် ဗေဒါကို မြင်ခဲ့သည်။ မင်းသုဝဏ်သည် ပျဉ်းမငုတ်တိုကို မြင်ခဲ့သည်။ ထိုသို့အားဖြင့် ပြင်ပလောကကို မြင်ရာမှ ကဗျာဆရာတို့၌ ခံစားမိရာမှ ကဗျာရေးဖွဲ့လိုသော စေတနာ ဖြစ်ပေါ်လာခဲ့သည်။ ပြင်ပလောကကို ကဗျာအသွင်သို့ ပြောင်းရာတွင် ပကတိအတိုင်း မဟုတ်ဘဲ ဘဝပြောင်းပေးရသည်။ ထိုသဘောကို တက္ကသိုလ်ဘုန်းနိုင်က–

> "သို့ရာတွင် ကဗျာဆရာသည် သိပ္ပံပညာရှင် မဟုတ်။ သတင်းစာဆရာ မဟုတ်။ ကဗျာဆရာ၏အလုပ်က သတင်းပို့ခြင်း မဟုတ်။ သူ့အလုပ်က ဘာသာပြန်ခြင်းသာ။ တစ်နည်း ဘဝပြောင်းပေးခြင်းသာ။ သူ့ဘာသာရှိနေ၊ ဖြစ်နေ၊ ပေါ်နေသည်ကို ကဗျာစကား၊ ကဗျာဘာသာနှင့် ဘဝပြောင်းစေ၍ ကဗျာ့သစ္စာအဖြစ် ကဗျာဖတ်သူထံ ဆောင်ပို့ခြင်းသာ"[၂]

ဟု ဆိုခဲ့ပါသည်။

မင်းသုဝဏ်သည် ပျဉ်းမငုတ်တိုကြီး၏ မလှပသော အသွင်အပြင်ကို ရှေးဦးစွာ ဖွဲ့ခဲ့သည်။ အနုစိတ်ခြယ်မှုန်းမှုကြောင့် ပျဉ်းမငုတ်တို၏ အိုမင်းမှု၊ အကျည်းတန်မှုများသည် သရုပ်ပေါ်လာသည်။ ထိုမလှသော ရှုခင်းသည်ပင် စာဖတ်သူ၏စိတ်ကို ဆွဲဆောင်နိုင်သည်။ ထိုသို့ အကျည်းတန်မှုများကို ပြပြီးမှ စာဆိုက–

"ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်
ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်
လေပြင်းခိုက်လျက်၊ မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၂၇။
[၂] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၉၉။

ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင်ယောကျ်ားကောင်းတကား"

ဟု ရေးဖွဲ့ခဲ့ပါသည်။ ထိုအဖွဲ့တွင်မူ ပျဉ်းမငုတ်တို၏ လောကဓံတရားကို ခံနိုင်သော စွမ်းရည်ကို ကဗျာစာဆိုက ရှာဖွေတင်ပြခဲ့သည်။ ကဗျာစာဆိုသည် ပျဉ်းမငုတ်တိုကြီး၏ မလှပသော ရှုခင်းကြားမှ တန်ဖိုးရှိသော စိတ်အလှတရားကို ရှာဖွေတွေ့ရှိခဲ့သည့် အလျောက် စာဖတ်သူတို့၌ ခံစားနားလည်မှု၊ နှစ်သက်မှုများဖြစ်အောင် အနုပညာ စိတ်ကူးများဖြင့် ဖွဲ့သီပြနိုင်ခဲ့ပါသည်။ ကဗျာဆရာ တင်ပြသော ဘဝအားမာန်မှာ လောက၏အမှန်တရား ဖြစ်သည်။ အမှန်တရားပါသည့်အတွက် ထိုအမှန်တရား သည်ပင် ကဗျာ့သစ္စာဟု ဆိုရပါမည်။

ဦးရွှေအောင်ကမူ ကဗျာ့သစ္စာနှင့်ပတ်သက်၍–

"ကဗျာစာဆိုသည် လောကပြောပြသည့် သူ၏လျှို့ဝှက်ချက်များကို ကြားသောအခါ နားလည်သောအခါ လောက၏အလှကို တွေ့လေသည်။ ထို့ကြောင့် ကဗျာစာဆိုသည် ငိုစရာ၌လည်း အလှကိုတွေ့၍ ငိုစရာကိုလည်း လှအောင်ဖွဲ့သည်။ နာကျည်းစရာ၌လည်း အလှကိုတွေ့၍ နာကျည်းစရာကိုလည်း လှအောင် ဖွဲ့သည်။ အရာရာတိုင်း၌ အလှကိုတွေ့၍ အရာရာတိုင်းကို လှအောင် ဖွဲ့သည်။ ထို့ကြောင့် လောကသည် တကယ်ရှိသော အရှိတရား၊ တကယ်သိသော အသိတရား၊ တကယ်လှသော အလှတရား ဖြစ်သည်ဟု ဆိုကြခြင်း ဖြစ်သည်"[၁]

ဟု ဆိုခဲ့ပါသည်။ ထိုအဆိုအရကြည့်လျှင် ကဗျာ့သစ္စာကို ရေးဖွဲ့တင်ပြသော ကဗျာစာဆို၌ သက်ရှိသက်မဲ့ လောကဝန်းကျင်၌ မြင်မြင်သမျှအပေါ် အာရုံခံစားမှု စူးရှထက်မြက်ရန် လိုအပ်သည်။ ခံစားရှုမြင်ရန် လိုအပ်သည်။ စိတ်ကောင်း၊ စေတနာကောင်း မွေး၍ ကဗျာ့သစ္စာအလှတရားကို မြင်အောင်နှင့် လှအောင် ရေးဖွဲ့ နိုင်စွမ်း ရှိသင့်သည်ဟု ယူဆရပါသည်။ စာရေးသူအပိုင်းမှ အနုပညာဂုဏ်မြောက် မှသာ စာဖတ်သူအပိုင်းမှ ရသမြောက်မည်ဟု ဆိုလိုပါသည်။

မောင်ခင်မင်(ဓနုဖြူ)၏ 'ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ' စာအုပ်တွင်မူ–

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၁။

> "ကဗျာက ကဗျာဖတ်သူ၏တွေးခေါ်မှုများကို နိုးကြားလာအောင် နှိုးဆွပေးသည်။ အလှအပရှုမြင်ခံစားမှု ပို၍ထက်မြက်လာအောင်၊ ပို၍အရသာခံစားတတ်လာအောင် ပြုလုပ်ပေးသည်။ ပို၍ စူးစူးနစ်နစ်၊ နက်နက်ရှိုင်းရှိုင်း ခံစားတတ်အောင် ပြုလုပ်ပေးသည်။ စိတ်ကူးဉာဏ် တိုးပွားအောင် ပြုလုပ်ပေးသည်"[၁]

ဟု ဆိုထားပါသည်။

## ၂။ ၄။ ကဗျာသုံးဘာသာစကား

ကဗျာအကြောင်း ဆွေးနွေးရာတွင် ကဗျာစာဖတ်သူ ပရိသတ်၏အရေးပါမှုကိုလည်း ဖော်ပြထားသည်။ တက္ကသိုလ်ဘုန်းနိုင်က ကဗျာသုံးဘာသာစကားကို ကဗျာဆရာက အစွမ်းကုန် လွတ်လပ်မှုယူ၍ သုံးသောအခါ ကဗျာဖတ်သူက အစွမ်းကုန်သည်းခံအလိုလိုက်တတ်သည်ဟု စာရေးသူက စာဖတ်သူနှင့် ကဗျာဆရာ၏ ဘာသာစကားလွတ်လပ်မှုတို့ကို ပေါင်းစည်း သုံးသပ်ပြထားပါသည်။

'မမလေးချစ်လိုက်ပါတဲ့အာရုံ၊ ရွှေမြင်းမိုရ်တစ်တောင်လုံးကို၊ တုံးမှတ်လို့ခုန်' ဟု ကဗျာစာဆိုက ဘာသာစကားကို လွတ်လွတ်လပ်လပ်သုံး၍ အချစ်ကို ကြီးကြီးကျယ်ကျယ် ဖွဲ့ဆိုလိုက်သည်။ ပကတိသဘောအရ မဖြစ်နိုင်သော်လည်း ကဗျာဖတ်သူတို့က နားလည်လက်ခံကြသည်။ ခွင့်လွှတ်ကြသည်။ နှစ်သက်ကြသည်။ 'တောဆည်းဆာရဲ့ ကျောကုန်းပေါ်က၊ အနီရောင် မျက်လုံးတစ်လုံး လျှောကျပျောက်ဆုံးသွားပါပကော' ဟူသော ကဗျာတွင် နေဝင်သွားပုံကို ဖွဲ့ဆိုရာတွင် ကဗျာစာဆို၏ ကဗျာ့သစ္စာသည် ဖတ်ရှုသူတို့၏နှလုံးသားထဲသို့ အရှင်လတ်လတ် ဝင်သွားရသည်ဟုပင် ထင်ရဟု တင်ပြထားသည်။

ကဗျာဆရာတစ်ဦး၏ အထူးလွတ်လပ်ခွင့်[၂] နှင့်ပတ်သက်၍လည်း ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က–

> "အနုပညာမြောက်မှု အကျိုးအတွက် ပကတိအချက်အလက်နှင့် တင်းကျပ်သော ဝါကျဖွဲ့ထုံး၊ သဒ္ဒါဆိုင်ရာစည်းကမ်း စသည်တို့မှ

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၃၊ ၈၉။

[၂] Poetic license

> ကဗျာဆရာတစ်ဦး (သို့မဟုတ်) အနုပညာရှင်တစ်ဦး၏ သွေးဖည်နိုင်ခွင့်”[၁]

ဟု အဓိပ္ပာယ်ပေးသည်။ ကဗျာဆိုင်ရာ အထူးလွတ်လပ်ခွင့်ဆိုသည်မှာ ကဗျာ့သစ္စာ ပေါ်ထင်ရေးအတွက် ကဗျာဖတ်သူများက ကဗျာဆရာကို အတိုင်းအတာတစ်ခုအထိ အလိုလိုက် ခွင့်ပြုထားမှု ဖြစ်သည်။

ကဗျာအနုပညာက ဖော်ပြသော အမှန်တရားသည် လောကနှင့်သဘာဝတို့၌ ဖြစ်ပေါ်နေသော အမှန်တရားထက် မြင့်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ကဗျာအနုပညာကို ဖန်တီးရာ၌ အရှိကိုအရှိအတိုင်း၊ အဖြစ်ကိုအဖြစ်အတိုင်း မှန်ရိပ်နေရိပ်ကို တစ်ဆင့်ခံ ရောင်ပြန်ဟပ်ခြင်း မဟုတ်။ ကဗျာစာဆိုတို့၏ ဉာဏ်သဘော၊ ပညာသဘောများဖြင့် ပြုပြင်စီရင်ထားသည့် အမှန်တရားတစ်မျိုး ဖြစ်သောကြောင့်ဟု စာရေးသူက ဖွင့်ဆိုပြခဲ့ပါသည်။ တက္ကသိုလ်ဘုန်းနိုင်က–

> “ကဗျာသည် သဘာဝဓမ္မကို ပကတိဖြစ်ရှိနေသည်ကို မပြော။ မြင်ထင်လာမှုကို ပြောသည်။ မာယာစနစ်နှင့်ပြောသည်။ ရုပ်လောက၏ ပကတိသစ္စာထက် ကဗျာ့သစ္စာကို ပြောသည်။ အသိဉာဏ် အမှန်တရားထက် ခံစားမှုအမှန်တရားကို အလေးပေးသည်”[၂]

ဟု သုံးသပ်တင်ပြထားသည်။

ကဗျာစာဆိုတို့သည် ခံစားမှုကို ဦးစားပေးရသည်မှန်သော်လည်း ကဗျာဖွဲ့ရာတွင် အတတ်ပညာကို သုံးရသည်။ ထိုနေရာ၌ ဉာဏ်သဘော၊ ပညာရှိခြင်း၏သဘော ပါလာသည်။ ကဗျာစာဆိုတို့သည် ဘဝနှင့်နီးစပ်အောင် ရေးဖွဲ့ရသည်။ မိမိနှလုံးသား၌ ဖြစ်ပေါ်လာသည့် ခံစားမှုများကို သူတစ်ပါးနှလုံးသားဆီသို့ အရောက်ပို့ဆောင်ရာတွင် အတတ်ပညာဖြင့် ပို့ပေးရသည်။ ကဗျာ၊ သစ္စာ၊ ကဗျာအမှန်တရားများ ကဗျာဖတ်သူ၏ အသိဉာဏ်၌ ဖြစ်ပေါ်လာစေရန် ရေးဖွဲ့သူ၌လည်း အသိဉာဏ်ရှိရမည်သာ ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဘုန်းနိုင်က–

> “ကဗျာနှင့်အနုပညာတို့က ဖန်တီးလိုက်သော ခံစားမှုများကား စဉ်းစားတွေးခေါ်လျက် စီမံထုတ်လွှတ်လိုက်သည့် ခံစားမှုများ ဖြစ်ကြပေသည်”[၃]

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၁၄။

[၂] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၃၀။

[၃] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၅၀။

ဟုလည်း ဆိုထားသည်။

ထိုသဘောကို ထင်ရှားစေရန် သင်္ချိုင်းကုန်း၌ လင်သေ၍ မယားငိုသည်ကို လူတိုင်း တွေ့ဖူးကြသည်။ စိတ်ထိခိုက်သူများရှိသော်လည်း ထိုမယား၏ငိုချင်းကို အနုပညာမြောက်သည်ဟု မည်သူမျှမပြော။

သို့ရာတွင် စန္ဒကိန္နရီပျို့၌ မင်းလုရာဇကျော်ထင်က–

> "ချစ်ရည်မပြယ်၊ ဆွေသည်မယ်နှင့်၊ ကြည်ဖွယ်မရဲ၊ လည်ဝယ်ဆွဲလျက်၊ မခွဲဖူးပါ၊ သည်တစ်ခါမူ၊ သောင်သာစဲစ၊ သဲလွလွ၌ ခွဲရတော့မည်"[၁]

ဟု ရေးဖွဲ့လိုက်သောအခါ ကရုဏာရသကို ခံစားရသည်ဟု သုံးသပ်တင်ပြထားပါသည်။

## ၂၊ ၅။ ကဗျာနှင့်နိမိတ်ပုံ

ကဗျာရေးဖွဲ့မှုတွင် အရေးပါသော နိမိတ်ပုံ၏သဘောကိုလည်း အသေးစိတ်တင်ပြထားသည်။ image, imagery, imagism ဟူသော စကား(၃)လုံးတွင် မူလကျသော စကားလုံးမှာ image ဖြစ်သည်ဟု ဖော်ပြထားသည်။ ကဗျာနှင့်ပတ်သက်သော ဝေါဟာရများကို ခြေခြေမြစ်မြစ် တင်ပြလေ့ရှိသည့်အတိုင်း–

> "ထိုစကားကလည်း လက်တင်စကား အင်မဂို[၂] မှ ဆင်းသက်လာသည်။ တူအောင်တုထားခြင်း၊ ပုံတူရုပ်တုဟု အဓိပ္ပာယ်ရသည်"[၃]

ဟု တင်ပြထားသည်။

> "အင်မစ်ဂျရီဆိုသည်မှာ အင်မစ်ဂျ်၏ စိတ္တဇနာမ် ဖြစ်သည်။ အင်မဂျစ်ဇင်းမ်ကား ယေဘုယျအားဖြင့် အင်မစ်ဂျ်၏ စိတ္တဇနာမ် ဖြစ်ပြီး အထူးအားဖြင့်မူ ၁၉၁၄ခု နောက်ပိုင်း၌ ပေါ်လာသော မော်ဒန်ကဗျာလှုပ်ရှားမှုနှင့် သဘောတရား ဖြစ်သည်"[၄]

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၁၅၀။

[၂] Imago

[၃] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၅၀။

[၄] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၅၁။

ဟု ဆိုခဲ့ပါသည်။

image ကို ပုံရိပ်၊ နိမိတ်ပုံ၊ အာရုံရိပ်၊ သင်္ကေတနိမိတ်ပုံ၊ အာရုံတံဆိပ်၊ အရိပ် စသည်ဖြင့် အမျိုးမျိုးဘာသာပြန်ကြကြောင်း ဖော်ပြထားသည်။ ထို့အပြင် နိမိတ်ပုံနှင့် ပတ်သက်၍ မြဇင်က−

"နိမိတ်ပုံသည် ကဗျာဆရာ၏အာဘော် အနက်အဓိပ္ပာယ်ကိုသာ ဖော်ပြသည် မဟုတ်ဘဲ ကဗျာဆရာ၏ခံစားချက်ကိုပါ တစ်ပြိုင်တည်း ဖော်ပြသည်။ ထို့ကြောင့် နိမိတ်ပုံကို ရှုခင်းရှုကွက် သဘော လောက်သာ အသုံးမပြုဘဲ ဝေဒနာနှင့် ပညာဆက်တွဲထားသော ကဗျာ့ပစ္စည်းအဖြစ် သုံးသည်"[၁]

ဟု ဖော်ပြခဲ့ပါသည်။ ထိုအဆိုအရကြည့်လျှင် နိမိတ်ပုံတွင် ကဗျာဆရာ၏ခံစားမှု ပါဝင်နေမြဲဖြစ်သည်ဟု နားလည်ရပါသည်။ ကဗျာဆရာသည် မိမိသုံးသောနိမိတ်ပုံကို ခံစားမှုအမျိုးမျိုးနှင့် သုံးနိုင်သည်။ နှင်းဆီဆိုသည့် ပန်းတစ်ခုတည်းကိုပင် လှပနူးညံ့၍ ချစ်စဖွယ်ဟူသော ခံစားမှုနှင့် ရေးနိုင်သကဲ့သို့ လှသော်လည်း ဆူးခက်များကြောင့် နာကျင်စေတတ်သည်ဟူသော ခံစားမှုနှင့်လည်း ရှုမြင်ရေးဖွဲ့နိုင်ပါသည်။

နိမိတ်ပုံနှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်ကမူ−

"စကားလုံးတို့၌ ရှိနေသော အများလက်ခံထားကြသည့် သာမန် အဓိပ္ပာယ်မျိုးဖြင့် နားလည်ရေးထက် နိမိတ်ပုံ၌ကိန်းနေသော စွမ်းအင်ဖြင့် လူ့စိတ်ကို လှုံ့ဆွနိုးကြားစေကာ ထိုးထွင်းသိမြင် ခံစားစေလိုသည်။ ကဗျာဆရာက ကဗျာဖတ်သူ နားလည်ပါစေဟု ကြောင့်ကြောင့်ကြကြဖြင့် စကားတွေ ဝင်ပြောမပေး။ လိုအပ်သော နိမိတ်ပုံထုလုပ်ရေး၌သာ ကြောင့်ကြအားထုတ် ဝီရိယစိုက်သည်"[၂]

ဟု ဖော်ပြခဲ့ပါသည်။

စီဒေးလူးဝစ်ကပင်−

"ကဗျာလောကသည် အတုအယောင် ဖြစ်သည်။ သို့ရာတွင် ယင်း၌ ကဗျာအမှန်တရားက ပေးသော ထက်မြက်သော နိမိတ်ပုံ ပုံစံခွက်များက ကျွန်ုပ်တို့အား ဒိဋ္ဌလောကဟုခေါ်သည့် လောက၏

[၁] မြဇင်၊ ၁၉၉၈၊ ၃၀၀။
[၂] ဘုန်းနိုင်(တက္ကသိုလ်−)၊ ၂၀၁၂၊ ၄၅၃။

> ပုံစံနှင့် ဆက်သွယ်မှုများ ရှိစေသည်။ ဥပစာများသည် ထိုဆက်သွယ်မှုများကို စာဖတ်သူ နားလည်စေရန် ကြားခံ ဖြစ်စေသည်။ ယင်းသည် ထို့ထက်ပို၍လည်း ပြုမူစွမ်းဆောင်သည်။ ယင်းမှာ ကဗျာ့နိမိတ်ပုံ ဖြစ်သည်”[၁]

ဟု ဆိုခဲ့ပါသည်။

## ၂။ ၆။ **ကဗျာနှင့်အသံ**

ကဗျာတွင် အနက်အဓိပ္ပာယ်ပေါ်လွင်စေမည့် စကားလုံးများသာ အရေးပါသည် မဟုတ်။ ထိုစကားလုံးများဖြင့် ဖွဲ့စည်းထားသော အသံသည်လည်း အရေးပါသည်။

ကဗျာတွင် သံနေသံထားဆိုသည်မှာ တိုသင့်သည့်နေရာတို၍ ရှည်သင့်သည့်နေရာရှည်ပြီးလျှင် ဖြတ်သင့်သည့်နေရာဖြတ်၊ ဆွဲသင့်သည့်နေရာဆွဲခြင်းကို ဆိုလိုပါသည်။ ရစ်သင်မ် ခေါ် သံနေသံထား၏သဘောကို စာရေးသူက–

> “စုစဉ်ထားသော စကားသံများသည် တစ်လှည့်စီ မဖောက်မပြန် မှန်မှန် ပြန်ပေါ်လာခြင်း”[၂]

ဟု အနက်ဖွင့်ထားသည်။

ကဗျာတွင်ပါဝင်သည့် သံနေသံထားနှင့်ပတ်သက်၍–

> “ဤသို့ဆိုလျှင် စကားသံလေးတွေကို စနစ်တကျ စုစဉ်လိုက်သောအခါ (ဝါ) အနေအထားချမှတ်ပေးလိုက်သောအခါ အသံပက်တန် ခေါ် တိကျရေရာသော အသံသွား[၃]၊ တိကျရေရာသော အသံဟန်[၄]၊ တိကျရေရာသော အသံလက္ခဏာ[၅]များ ဖြစ်လာသည်။ တိကျရေရာသော အသံသွား၊ အသံဟန်၊ အသံလက္ခဏာတွေ ဖြစ်လာပါမှ လိုက်တု[၆]၍ ရသည်။ လိုက်တုသည် ဆိုသည်မှာ ပုံတူထပ်လုပ်၍ ရခြင်းကို ခေါ်သည်။ ကဗျာ၌ အသံသွား၊

---

[၁] Day lewis, C, 1947, 18.

[၂] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၃၂၆။

[၃] direction

[၄] tendency

[၅] characteristics

[၆] imitate

အသံဟန်၊ အသံလက္ခဏာလေးတွေကို ထပ်တလဲလဲ ပုံတူလုပ်ပေးရသည်”[၁]

ဟု ဆိုထားပါသည်။

ကဗျာ၌ အသံဖန်တီးမှုနှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်က–

“ဤသို့လျှင် စကားသံလေးတွေကို စနစ်တကျ စုစဉ်လိုက်သောအခါ (ဝါ) အနေအထား ချမှတ်ပေးလိုက်သောအခါ အသံပက်တန် ခေါ် တိကျရေရာသော အသံသွား၊ တိကျရေရာသော အသံဟန်၊ တိကျရေရာသော အသံလက္ခဏာများ ဖြစ်လာသည်။ တိကျရေရာသော အသံသွား၊ အသံဟန်၊ အသံလက္ခဏာတွေ ဖြစ်လာပါမှ လိုက်တု၍ရသည်။ လိုက်တုသည် ဆိုသည်မှာ ပုံတူထုပ်လုပ်၍ရခြင်းကို ခေါ်သည်။ ကဗျာ၌ အသံသွား၊ အသံဟန်၊ အသံလက္ခဏာလေးတွေကို ထပ်တလဲလဲ ပုံတူလုပ်ပေးရသည်။ ဘာကြောင့် ထပ်တလဲလဲ ပုံတူလုပ်ပေးရပါသနည်း။ အခြေကား ... ကဗျာ၌ တဝဲလည်လည် တုံ့ပြန်ရစ်ကျော့သော အရည်အသွေး ရှိစေလိုသောကြောင့် ဖြစ်သည်”[၂]

ဟု ဆိုထားပါသည်။

ကဗျာတွင် စကားသံလေးတွေ မှန်မှန်တစ်လှည့်စီ ပြန်ပေါ်လာအောင် ရေးဖွဲ့ရသည်။ ထိုသဘောကို ထင်ရှားစေရန် စာရေးသူ နှစ်ခြိုက်ခဲ့သော ‘ချစ်သူ့အတွေး’ ကဗျာဖြင့် ပြောပြခဲ့သည်။

“လမင်းက အရှင်

ကြယ်စင်က ကိုယ်ဆိုပါတော့

မြေကမ္ဘာပတ်ချာဝိုက်လို့

လိုက်ပါ့မယ်နော့။

နှင်းဆီက ကလျာ

ဆူးညှာက ကိုယ်ဆိုပါတော့

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၃၂၇။

[၂] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၃၂၇။

ရွှေလိပ်ပြာ တောင်ပံကားကို

တားပါမယ်နော့။

ဗေဒါက သခင်

ရေပြင်က ကိုယ်ဆိုပါတော့။

သောင်မတင် လိုရာကြွအောင်

ဆောင်ပဲ့မယ်နော့"[၁]

ဟူ၍ ဖြစ်ပါသည်။

ထိုကဗျာတွင် သုံးထားသည့် နိမိတ်ပုံရိပ်များမှာ အသစ်အဆန်းများ မဟုတ်ပေ။ သို့ရာတွင် ထိုသို့ ထပ်တလဲလဲဖွဲ့ခြင်းများကြောင့် ကွဲပြားခြားနားခြင်းများ ဖြစ်လာသည်။ ဆန့်ကျင်ဘက်နှစ်ရပ်ကို သိမ်မွေ့စွာ ထိန်းညှိပေးနိုင်မှုကြောင့်လည်း ကဗျာလေးမှာ အလိုလိုလှပလာခြင်း ဖြစ်သည်။ စာရေးသူကမူ−

> "ကဗျာဆရာသည် ကဗျာဖတ်သူကို အံ့သြစေရုံမက အသစ်တွေ့မှု ခံစားချက် ဂယက်လှိုင်း[၂] ကိုပါ ထည့်ပေးလိုက်သည်"[၃]

ဟု ရေးဖွဲ့ထားပါသည်။ နရီနှင့်ပတ်သက်၍ မြဇင်က ဝေဖန်ရေးစာပေစာတမ်းစာအုပ်တွင်−

> "သတ္တဝါတို့သည် နရီဖြင့် အသက်ရှုသလို ကဗျာတွင် အသံသည် နရီဖြင့် လှုပ်ရှားကြောင်း၊ အသက်ရှုကောင်းမှ ကျန်းမာ၍ သတ္တဝါတို့ လုပ်ဆောင်အပ်သည်တို့ကို ကောင်းစွာ လုပ်ဆောင်နိုင်သလို နရီကောင်းမှ ကဗျာက ဆောင်ရွက်အပ်သော ကိစ္စတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ကြောင်း၊ နရီသည် စည်းဝါး မဟုတ်ကြောင်း၊ စည်းဝါးအတွင်း လှုပ်ရှားသော အသံ၏အမူအရာ ဖြစ်ကြောင်း၊ နရီသည် ကာရန် မဟုတ်ကြောင်း၊ ကာလရေစီးကြောင်းတွင် အသံစီးဆင်းမှုဖြစ်ကြောင်း၊ ကဗျာဆရာသည် နရီကိုသုံး၍ စကားပြေဖြင့် မဖော်ကျူးနိုင်သော သဘောထား အမျိုးမျိုး ခံစားမှု အမျိုးမျိုးကို ဖော်ကျူးထားကြောင်း"[၄]

---

[၁] ဘုန်းနိုင်(တက္ကသိုလ်−)၊ ၂၀၁၂၊ ၂၂၉။

[၂] thrill of discovery

[၃] ဘုန်းနိုင်(တက္ကသိုလ်−)၊ ၂၀၁၂၊ ၂၃၀။

[၄] မြဇင်၊ ၁၉၈၆၊ ၇၄။

ဆိုထားပါသည်။

## ၂၊ ၇။ ကဗျာ့သဒ္ဒါရှနှင့် နိယာမ

'လီရနာ၊ ဂင်္ဂါ၊ ဧရာဝတီ' စာအုပ်တွင် တက္ကသိုလ်ဘုန်းနိုင်က အနုပညာ၏ သဘောကိုလည်း ရှင်းပြထားပါသည်။ တက္ကသိုလ်ဘုန်းနိုင်က အနုပညာသဘောနှင့် ပတ်သက်၍–

> "အနုပညာဆိုသည့် အနှစ်အသားကား ကွပ်ကဲထိန်းချုပ်ခြင်း [၁] ဖြစ်သည်။ ပရမ်းပတာသဘော၏ ဆန့်ကျင်ဘက်တည်း။ အကြောင်းကား အနုပညာမှန်သမျှ ပန်းတိုင်ရှိသည်။ ထိုပန်းတိုင်ကား မပျက်ပြယ်သော အလှ [၂] ဖြစ်လေသည်"[၃]

ဟု ဆိုခဲ့ပါသည်။

ထိုအဆိုအရကြည့်လျှင် အနုပညာစစ်မှန်လျှင် စာရေးသူကြိုက်သလို ဖွဲ့၍ မရပေ။ အနုပညာ၌ ဦးတည်ချက်အလှတရား ရှိရမည်။ အလှတရားပေါ်အောင် အချက်အလက်နှင့် စိတ်ကူးများ၊ အနုပညာ၏ ဦးတည်ချက်အလှတရား ရှိရမည်။ အလှတရားပေါ်အောင် အချက်အလက်နှင့် စိတ်ကူးများ၊ ကဗျာ့ပုံသဏ္ဍာန်ကို ဖွဲ့စည်းမှု၊ စည်းရုံးမှု၊ ညီညွတ်မှု ရှိရမည်ဟု ဆိုလိုပါသည်။

ကဗျာဆရာသည် ပုံသဏ္ဍာန်နှင့်အလှကို ဖန်ဆင်းသည်။ ပိုမို၍ တိတိကျကျ ဆိုရလျှင် ပုံသဏ္ဍာန်ရှိသောအလှကို ဖန်ဆင်းသည်။ တက္ကသိုလ်ဘုန်းနိုင်က–

> "ပကတိလောက၌ ဖြစ်ရှိနေသော အရာတိုင်းသည် အကြောင်းအရာ ဖြစ်လာခွင့်ရှိသည်။ အနုပညာတွင်း၊ ကဗျာတွင်း၌ ဖွဲ့ဖွဲ့စည်းစည်း၊ မိမိပိုင်ပိုင်၊ ထင်ထင်လင်းလင်း၊ နှစ်နှစ်သက်သက် စွဲလမ်းထင်ကျန်အောင် ပေါ်လာသော အကြောင်းအရာကိုမှသာ ပြီးမြောက်သော အကြောင်းအရာဟု ခေါ်သည်"[၄]

ဟု ဆိုထားခဲ့ပါသည်။

---

[၁] restiant

[၂] impresishable beauty

[၃] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၉၉။

[၄] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၅၄။

ကဗျာ၌ ရေးအစဉ်အလာရေးထုံးရေးနည်းနှင့် သင်္ခါရပြောင်းလဲမှုရှိခြင်းတို့နှင့် ပတ်သက်၍ စာရေးသူက–

> "လောကဆိုသည်၌ နိယာမနှင့်သင်္ခါရတို့ ပူးတွဲယှက်လိမ် အတူရှိနေကြသည်။ နိယာမဘက် ဖောင်းပေးစဉ်းစားလိုသူတွေကို ရှေးရိုးထိန်းသမားဟု ခေါ်ကြသည်။ သင်္ခါရဘက် ဖောင်းပေးစဉ်းစားလိုသူတို့ကို ပြောင်းပစ်ရေးသမားဟု ခေါ်ကြသည်"[၁]

ဟု ဖော်ပြခဲ့ပါသည်။

စာပေရေးသားရာ၌ စု၊ တု၊ ပြု ဟူသော အဆင့် (၃)ဆင့်နှင့် ပတ်သက်၍ စာရေးသူက ကဗျာစာပေတို့၌ စု၊ တု၊ ပြု ဟူသော အဆင့် (၃)ဆင့်က မလွဲမသွေ ရှိလေသည်။ သို့ရာတွင် စုခြင်း၊ တုခြင်းသည် ပြုခြင်း ဟူသော အမြင့်ဆုံးအဆင့်သို့ ရောက်ရှိရန် ကြိုးပမ်းမှု အစိတ်အပိုင်းမျှသာ ဖြစ်လေသည်။ တုခြင်းအဆင့်၌သာ တင်းတိမ်ကျေနပ်ပြီး ရပ်နေလျှင် ကိုယ်ပိုင်ဆန်းသစ်တီထွင်နိုင်စွမ်း ပြုခြင်းအဆင့်သို့ ဘယ်သောအခါမှ ရောက်တော့မည်မဟုတ်ဟု သူ၏အယူအဆကို တင်ပြထားသည်။

ကဗျာ၏သင်္ခါရသဘောအတိုင်း ကဗျာ၏အစဉ်အလာနိယာမတို့ ပြောင်းလဲသင့်လျှင် ပြောင်းလဲနိုင်သည်။ သို့ရာတွင် လမ်းလွဲသော ကိုယ်ပိုင်ဆန်းသစ်တီထွင်မှုမျိုးကိုမူ မဖြစ်သင့်ပေ။ ကိုယ်ပိုင်ဆန်းသစ်မှု၌ ထူးခြားမှုလွန်သွားလျှင် ငါနှင့်ငါ့ကဗျာအိုကြီးသာ ကျန်တတ်သည်ဟု ဆိုခဲ့ပါသည်။ ကဗျာဆရာအနေနှင့် ကဗျာဖွဲ့ရာတွင် မိမိအတ္တသက်သက်ကို မစဉ်းစားဘဲ စာဖတ်သူ၏ အပိုင်းကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟူသော စာရေးသူ၏အမြင်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

တက္ကသိုလ်ဘုန်းနိုင်ကို စာဖတ်ပရိသတ်အများစုက ဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးသားသူတစ်ဦးအဖြစ်သာ နားလည်ထားကြပါသည်။ အမှန်မှာမူ တက္ကသိုလ်ဘုန်းနိုင်သည် စာပေအနုပညာအရာ၌ စွယ်စုံရသူတစ်ဦး ဖြစ်ပါသည်။ စာပေအရာ၌ နှံ့စပ်ကျွမ်းကျင်သည်သာမက ဂီတပညာကိုလည်း နားလည်တတ်ကျွမ်းသူပီပီ သူ၏ဝတ္ထုရှည်များ၌ သီချင်းများကိုပင် ကိုယ်တိုင်ရေးဖွဲ့စပ်ဆို၍ စာဆိုတော်များနှင့် အသံလွှင့်ခဲ့ပြီးဖြစ်သည်။ ကဗျာနှင့်ဆိုင်သော ကဗျာ့သဘောတရား၊ ကဗျာ့အတတ်ပညာများကိုလည်း အကျွမ်းတဝင်

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၁၂၊ ၂၆၄။

ရှိခဲ့သူလည်း ဖြစ်သည်။ စာပေသဘောတရားဆိုင်ရာ စာအုပ်များကိုလည်း ရေးသားခဲ့သည်။

လီရနာ၊ ဂင်္ဂါ၊ ဇရာဝတီ (ကဗျာ့သင်္ခါရနှင့်နိယာမ)စာအုပ်မှာမူ (၁၁)နှစ်ကြာမျှ အစဉ်အဆက်ဆောင်းပါးအဖြစ် ရေးသားခဲ့ခြင်းဖြစ်သည့်အလျောက် ကဗျာ့သဘောတရားများကို နက်နက်ရှိုင်းရှိုင်း လေ့လာတင်ပြထားသည်ကို တွေ့ရပါသည်။ ကဗျာသည် မည်သည့်အခါမျှ မကုန်ခန်းနိုင်သော အကျိုးတရားတို့ကို ပေးနိုင်သည် ဟူသော သဘောကို ထင်ရှားစေပါသည်။ တက္ကသိုလ်ဘုန်းနိုင်သည် ကဗျာနှင့်ပတ်သက်သော အနောက်တိုင်းစာပေများကို စူးစိုက်လေ့လာခဲ့သူပီပီ လူတို့၏ ပင်ကိုစိတ်သဏ္ဌာန်၌ ရှိနေသော ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ရွံ့ခြင်း၊ ရဲရင့်ခြင်း၊ အံ့ဩခြင်း စသည့် ခံစားမှုများသည် ကဗျာအပါအဝင် အနုပညာပစ္စည်းတစ်ခုခုကြောင့် ပို၍ခံစားမှု မြင့်တက်လာစေသည့်သဘောကို အမြင့်ဂုဏ်အဖြစ် ရှင်းလင်းတင်ပြရာ၌ အနောက်တိုင်း အယူအဆများနှင့် ဆက်စပ်တင်ပြခဲ့သည်။

ဤစာအုပ်တွင် စာရေးသူသည် ကဗျာဆိုသည်မှာ လောက၏အမှန်တရားကို ဖော်ပြသော အနုပညာပစ္စည်း ဖြစ်သည်။ ထိုအမှန်တရားသည် ခံစားမှုမှလာသော ခံစားမှုအမှန်တရား ဖြစ်သည်။ ကဗျာ့သစ္စာဟုလည်း ခေါ်သည်။ ထိုသဘောကို အနောက်တိုင်းပညာရှင်တို့၏ အယူအဆများနှင့် အနောက်တိုင်းကဗျာများကို ကိုးကား၍ ရှင်းလင်းတင်ပြထားပါသည်။

ကဗျာတွင် အသံသည်လည်း အရေးပါသည့်အလျောက် ကဗျာနှင့်အသံတို့၏ သဘောကိုလည်း တင်ပြထားသည်။ မြန်မာကဗျာတွင် ကာရန်ကို အလေးထား၍ အစဉ်အလာကဗျာအဖြစ် ရေးဖွဲ့ခဲ့ကြသည်။ ကဗျာ့သင်္ခါရနှင့် နိယာမတို့အကြောင်း တင်ပြရာ၌ ဤလောကသည်လည်း သင်္ခါရဓမ္မနှင့် မကင်းနိုင်။ သို့ဖြစ်သည့်အလျောက် ကဗျာ၌လည်း သင်္ခါရ ရှိသည်။ ပုဂံခေတ်၊ အင်းဝခေတ်မှ စတင်ပေါ်ပေါက်လာသော ကဗျာအစဉ်အလာလမ်းကြောင်း၊ ကဗျာဖွဲ့နည်းဖွဲ့ထုံးတို့သည် ခေတ်ကာလအလျောက် ပြောင်းလဲလာခဲ့သည်။ ကဗျာတွင် တေးထပ်၌ ၁၈ ပိုဒ် ရှိရမည်။ လေးလုံးစပ် ကဗျာတွင် ၄-၃-၂ ကာရန် ညီရမည်၊ ရတုတွင် အချီအချညီရမည် စသည့် ထုံးနည်းများ ရှိသည်။ ယင်းအစဉ်အလာများသည် ကဗျာ့နိယာမများ ဖြစ်ကြသည်။ ကဗျာ့နိယာမများသည် ခေတ်ကာလအလျောက် ပြောင်းလဲနိုင်သည်။ သို့ရာတွင် ပြောင်းလဲသည် ဆိုရာ၌လည်း နိယာမဆိုသည့် အစဉ်အလာနည်းကို ထင်သလို ဖောက်ဖျက်၍ မရနိုင်ပေ။ ထိမ်းသိမ်းမှုသဘောတွင် ရှိရမည်ဟု စာရေးသူက တင်ပြခဲ့ပါသည်။

တက္ကသိုလ်ဘုန်းနိုင်သည် ကဗျာ့သဘောတရားများကို အဆင့်ဆင့်ရှင်းလင်းတင်ပြရာတွင် အနောက်တိုင်းစာပေ အယူအဆများကို အခြေခံ၍ ကိုးကားတင်ပြထားသည်။ ကဗျာ့သဘောတရားများကို အနောက်တိုင်းပညာရှင်တို့၏အမြင်နှင့် တင်ပြရုံသာမက မြန်မာကဗျာတို့၏ အဆင့်အတန်းကို ထိုစံနှုန်းများဖြင့် နှိုင်းယှဉ်၍ ရှင်းလင်းတင်ပြထားပုံမှာ လေးစားဖွယ် ကောင်းလှပါသည်။

## နိဂုံး

တက္ကသိုလ်ဘုန်းနိုင်သည် အနုပညာစွယ်စုံရ စာရေးဆရာကြီး ဖြစ်ပါသည်။ ကဗျာနှင့်ပတ်သက်၍ သူပြုစုသော စာပေသဘောတရားတိုင်း၌ အသေးစိတ် ရှင်းလင်းတင်ပြထားပါသည်။ အနောက်တိုင်းစာပေပညာရှင်တို့၏ အယူအဆဘက်သို့ အလေးပေးသည်ဟု ထင်ရသော်လည်း မြန်မာစာပေပညာရှင်များ၊ စာဆိုများကို လေးစားသူဖြစ်ကြောင်း သိရပါသည်။ တက္ကသိုလ်ဘုန်းနိုင်၏ ခေတ်ပေါ်ကဗျာဆိုင်ရာ ကဗျာ့သဘော၊ ကဗျာ့အမြင်များကိုလည်း ဆက်လက်၍ သုတေသနပြုစုသင့်ပါသည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ အင်ကြင်းတိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်။

တာရာ(ဒဂုန်-)။ (၂၀၀၄)။ ***အလှဗေဒ(၂)***။ ရန်ကုန်၊ ဆုစာအုပ်တိုက်။

ဘုန်းနိုင်(တက္ကသိုလ်-)။ (၁၉၉၄)။ ***ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း(ပထမတွဲ)***။ ရန်ကုန်၊ ရေတမာစာပေ။

ဘုန်းနိုင်(တက္ကသိုလ်-)။ (၁၉၉၄)။ ***ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း(ဒုတိယတွဲ)***။ ရန်ကုန်၊ ရေတမာစာပေ။

ဘုန်းနိုင်(တက္ကသိုလ်-)။ (၂၀၁၂)။ ***အမြင့်သို့အာရုံညွှန့်တက်ခြင်း (သို့မဟုတ်) ကဗျာ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ဘုန်းနိုင်(တက္ကသိုလ်-)။ (၂၀၁၂)။ ***လီရနာ ဂင်္ဂါ ရေဝတီ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မင်းသုဝဏ်။ (၁၉၉၇)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

မြဇင်။ (၁၉၉၈)။ ***ကဗျာ့နရီနှင့် နိမိတ်ပုံ***။ ရန်ကုန်၊ မုံရွေးစာပေ။

ရွှေအောင်၊ ဦး။ (၂၀၀၃)။ ***ရသစာပေ၏ရသ***(ဒုတိယအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

***ဝေဖန်ရေးစာပေစာတမ်းများ(ပထမတွဲ)***။ (၁၉၈၆)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

## အင်္ဂလိပ်ဘာသာ

C, Day Lewis. ***The Poetic Image London***. Fakenbum and Reading.

***The Nature of the Literature***. Herbert Read.

# အစိန္တေယျဝတ္ထုလေ့လာချက်

သင်းသင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ညောင်ရမ်းခေတ်တွင် ဒုတိယတောင်ဖီလာဆရာတော် အရှင်ဂုဏရံသာလင်္ကာရ ရေးသားခဲ့သော အစိန္တေယျဝတ္ထုကို အကြောင်းအရာပိုင်း၊ အရေးအဖွဲ့ပိုင်းမှ လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၁) ညောင်ရမ်းခေတ် ဝတ္ထုစကားပြေများ၊ အခန်း(၂) အစိန္တေယျဝတ္ထု လေ့လာချက်တို့ ပါဝင်ပါသည်။ အစိန္တေယျဝတ္ထုစကားပြေကို လေ့လာတင်ပြရာ၌ ဝတ္ထုတွင်ပါဝင်သော ဗုဒ္ဓဘုရားရှင်နှင့် ဆက်စပ်နေသော ဗဟုသုတ အမျိုးမျိုးအကြောင်းနှင့် ဗုဒ္ဓဘုရားရှင်၏ ဇာတ်ဝတ္ထုတို့ကို တင်ပြထားပါသည်။ အရေးအဖွဲ့ပိုင်းတွင်မူ အစိန္တေယျဝတ္ထုတွင်ပါဝင်သော စာပိုဒ်များကို ထုတ်နုတ်ဖော်ပြပြီးလျှင် စကားလုံးအသုံးအနှုန်း၊ ဝါကျ၊ စာပိုဒ်တို့ကို လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ – *စာပိုဒ်၊ စကားအသုံးအနှုန်း၊ ဝါကျ၊ ဖြစ်စဉ်ပြ၊ သရုပ်ဖော်၊ ဖွင့်ဆိုရှင်းပြ။***

## နိဒါန်း

အစိန္တေယျဝတ္ထုသည် ညောင်ရမ်းခေတ်ပေါ် ဗုဒ္ဓစာပေဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ညောင်ရမ်းခေတ်တွင် ဗုဒ္ဓစာပေဝတ္ထုစကားပြေများ ထူးထူးခြားခြား ထွန်းကားခဲ့ပါသည်။ ထိုဗုဒ္ဓစာပေဝတ္ထုစကားပြေများမှာ ဝရာဘိသင်္ဃနာထဆရာတော်၏ မဏိကုဏ္ဍလဝတ္ထု သက္ကရာဇ် (၉၈၀)ခုနှစ်၊ တောင်ဖီလာဆရာတော် ရှင်မုနိန္ဒဃောသ၏ ယသဝဍ္ဎနဝတ္ထု သက္ကရာဇ် (၉၈၁)ခုနှစ်၊ သဒ္ဓမ္မာလင်္ကာရဆရာတော်၏ ရတနာကရဝတ္ထု (၁၀၄၂)ခုနှစ်၊ တောင်တွင်းမင်းကျောင်းဆရာတော်၏ ဟိတသိဒ္ဓိကဝတ္ထု သက္ကရာဇ် (၁၀၉၃) ခုနှစ်နှင့် အရှင်ဂုဏရံသာလင်္ကာရ၏ အစိန္တေယျဝတ္ထု သက္ကရာဇ် (၁၀၄၆) ခုနှစ်များ ပေါ်ထွန်းခဲ့ပါသည်။ ညောင်ရမ်းခေတ်ပေါ်ဝတ္ထုများသည် ဗုဒ္ဓစာပေဝတ္ထုများ ဖြစ်ပါသည်။ ၅၅၀ ဇာတ်နိပါတ်များကို ကျမ်းပြုဆရာတော်တို့သည် စိတ်ကူးအမျိုးမျိုးဖြင့် ဝတ္ထုအသွင်သို့ပြောင်းကာ ပေါင်းစည်းတင်ပြထားပါသည်။ ဗုဒ္ဓစာပေဝတ္ထုစကားပြေများ ရေးသားတင်ပြရာ၌ ဇာတကဝတ္ထုများကို အခြေခံထားသော်လည်း တင်ပြသည့် စိတ်ကူးမှာ တစ်ဦးနှင့်တစ်ဦး မတူညီပါ။ ထို့အတူပင် အစိန္တေယျဝတ္ထုတွင် သုတစာပေနှင့် ရသစာပေကို ရောနှောပေါင်းဖွဲ့၍ အားထုတ်ထားသည့် ထူးခြားသော ဝတ္ထု

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

အတင်အပြကို တွေ့ရှိရပါသည်။ ဝတ္ထုပါအကြောင်းအရာများတွင် ဗုဒ္ဓဘုရားရှင်၏ ဇာတ်ဝတ္ထုတော်နှင့်အတူ ဖော်ပြထားသည့်အကြောင်း အလွယ်တကူ သိရန်ခက်ခဲပြီး သိသင့်သိထိုက်သော အကြောင်းအရာများ ဖြစ်သောကြောင့် အချို့ကို အကျဉ်းမျှ ထုတ်နုတ် တင်ပြသွားပါမည်။ ညောင်ရမ်းခေတ်စကားပြေ၏ ရေးဟန်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည့်အတွက် ရေးဟန်ပိုင်းကိုလည်း စာပိုဒ်များ ထုတ်နုတ်ပြီး အသေးစိတ် လေ့လာတင်ပြထားပါသည်။ အလေ့လာခံအဖြစ် အစိန္တေယျဝတ္ထုကို ဗဟိုပြု၍ မဏိကုဏ္ဍလဝတ္ထု၊ ယသဝမုနဝတ္ထု၊ ရတနာကရဝတ္ထု၊ ဟိတသိဒ္ဓိက ဝတ္ထုတို့ကို အသုံးပြုတင်ပြထားပါသည်။

## ၁။ ညောင်ရမ်းခေတ်ဝတ္ထုစကားပြေ

မြန်မာစာပေသည် ဗုဒ္ဓသာသနာ စတင်ရောက်ရှိလာသည့်အချိန်မှစ၍ ထွန်းကားလာခဲ့ပါသည်။ ဗုဒ္ဓသာသနာထွန်းကားချိန်နှင့် မြန်မာစာပေ စတင်ထွန်းကားလာသည့် အချိန်တို့သည် တူညီသည့်အလျောက် မြတ်ဗုဒ္ဓ၏ ဇာတ်နိပါတ်ပုံပြင်များသည် မြန်မာစာပေ၏ အခြေပြုအားထားရာ ဖြစ်ခဲ့ကြပါသည်။ ဝတ္ထုစကားပြေသဘောနှင့်ပတ်သက်၍ ပုဂံခေတ်တွင် လောကထိပ်ပန်ဘုရားနံရံတွင် ရေးထိုးထားသော လောကထိပ်ပန်မင်စာများကို တွေ့ရသည်။ ဇာတ်နိပါတ်အကျယ်မှ အဓိကကျသော ဇာတ်ကွက်များကိုယူ၍ အနှစ်ချုပ်ရေးထိုးထားသော ပန်းချီပုံအညွှန်းစာများ ဖြစ်သည်။

သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က–

> "လောကထိပ်ပန်ဂူဘုရားတွင် ဇာတ်ကြီးဆယ်ဘွဲ့ ဇာတ်ကွက်များကို အသေးစိတ် သရုပ်ဖော်ပြီး ရှေးဟောင်းမြန်မာဘာသာဖြင့် ပြည့်ပြည့်စုံစုံ ရေးသားထားသောကြောင့် ယင်းစာများသည် မြန်မာစာပေ ပေါ်ထွက်လာမှုကို သက်သေပြနေသော တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားများ ဖြစ်ကြောင်း"[၁]

မိန့်ဆိုခဲ့ပါသည်။

လောကထိပ်ပန်မင်စာသည် မြန်မာစာဖြင့် ရေးသားထားသော အစောဆုံး ဇာတ်ကြီးဆယ်ဘွဲ့စကားပြေဟူ၍ မှတ်ယူနိုင်ပါသည်။ စကားပြေဖြင့် အစပျိုးခဲ့သော မြန်မာစာပေသည် အင်းဝခေတ်တွင် လမ်းကြောင်း ပြောင်းလဲသွားခဲ့ပါသည်။ ကဗျာ လင်္ကာသွားနှင့် ရေးဖွဲ့သော ပို့များ ထွန်းကားခဲ့သည်။ ပို့များ၏ တည်နေရာဇာတ်လမ်း

[၁] ဘရှင်၊ ဗိုလ်မှူး၊ ၁၉၆၂၊ ၂၆။

များမှာ ဗုဒ္ဓဝင်ဇာတ်နိပါတ်များသာ ဖြစ်သည်။ အင်းဝခေတ်တွင် စကားပြေ ဟူ၍ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နှင့် ပါရာယနဝတ္ထုတို့ပင် ဖြစ်ပါသည်။ ပါရာယန ဝတ္ထုသည် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် (၈)ဦး၏အကြောင်းကို ရေးဖွဲ့ထားသော ဝတ္ထုတို ပေါင်းချုပ် သဘောသက်ဝင်သည့် စကားပြေ ဖြစ်ပါသည်။ အဟောင်းဆုံးဗုဒ္ဓစာပေ ဝတ္ထုလည်း ဖြစ်ပါသည်။

တောင်ငူခေတ်တွင် မွန်ဝန်ကြီးဗညားဒလ၏ ရာဇဓိရာဇ်အရေးတော်ပုံကျမ်း မှတစ်ပါး စကားပြေ များများစားစား မထွန်းကားခဲ့ပေ။ ညောင်ရမ်းခေတ် ဝရာဘိ သင်္ဃနာထဆရာတော်၏ မဏိကုဏ္ဍလဝတ္ထု(၉၈၀)မှာ အသီတိနိပါတ်ဇာတ်တော် (၅၃၇)လာ မဟာသုတသောမဇာတ်ကို ချဲ့ထွင်ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ကမ္ဘာ့ဝတ္ထု များ၌ ထင်ရှားသော တစ်ထောင့်တစ်ညဝတ္ထုများသည် ဇာတ်လမ်းများကို ကြိုးသီထား သကဲ့သို့ ဖြစ်ပါသည်။ မဏိကုဏ္ဍလဝတ္ထုသည်လည်း မဟာသုတသောမဇာတ်ကို ပင်တိုင်ထား၍ ဆီလျော်ရာ ဝတ္ထုတိုဝတ္ထုရှည်များကို ပုတီးစေ့များကို ကြိုးနှင့်သီထား သကဲ့သို့ ချိတ်ဆက် ရေးသားထားပါသည်။

တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသသည် ဓမ္မပဒအဖွဲ့လာ ကုမ္ဘဃောသက ဝတ္ထုကိုအခြေခံ၍ သက္ကရာဇ်(၉၈၁)တွင် ယသဝဍ္ဎနဝတ္ထုကို ရေးသားခဲ့ပါသည်။ ဘုရားရှင်က ကုမ္ဘဃောသကသူဌေးသားအား ဟောကြားသော ယသဝဍ္ဎနတရား ခုနစ်ပါးကို အဓိကထား ရေးဖွဲ့ထားသည်။ ညောင်ရမ်းခေတ်တွင်ပင် ရတနာကရဝတ္ထုကို သက္ကရာဇ် (၁၀၄၂)တွင် သဒ္ဓမ္မာလင်္ကာရဆရာတော် ရေးသားပြုစုခဲ့ပါသည်။ ကျမ်းအမည် နှင့်လိုက်ဖက်အောင် ဇာတ်လမ်းဇာတ်ကွက်များကို စီစဉ်ထားပြီး ဘုရားဟော နိပါတ်တော်လာ သုတ္တာန်ဒေသနာတော်များမှ ဇာတ်ဝတ္ထုများကို အလျဉ်းသင့်သလို တန်ဆာဆင်၍ ရေးဖွဲ့ထားပါသည်။ နောက်ခံကျောရိုးဖြစ်သော အခြေခံဇာတ်လမ်း မရှိဘဲ တစ်ပုဒ်ပြီးတစ်ပုဒ် ဖော်ပြထားသည်မှာ ယနေ့ခေတ် ဝတ္ထုတိုပေါင်းချုပ် သဘောမျိုး ဖြစ်ပါသည်။ ဝတ္ထုတို၏အဆုံးတိုင်းတွင် ဝတ္ထုနှင့်ဆိုင်သော အကျိုးအပြစ် များကို ရှင်းလင်းတင်ပြထားပါသည်။

ဟိတသိဒ္ဓိကဝတ္ထုကို ညောင်ရမ်းခေတ်တွင်ပင် တောင်တွင်းမင်းကျောင်း ဆရာတော် ရေးဖွဲ့ခဲ့ပါသည်။ ထိုဝတ္ထုကို ကိုလိုနီခေတ်တွင် အမျိုးသားကျောင်းများ၌ ဖတ်စာအုပ်အဖြစ်သုံးရာ ပရော်ဖက်ဆာ ဆရာကြီးဦးလွန်းက ပြင်ဆင်တည်းဖြတ် ပြီးလျှင် မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်က ထုတ်ဝေခဲ့ပါသည်။ ထိုဝတ္ထုတွင် ပါဠိအဋ္ဌကထာ ဋီကာ၊ ရာဇဝင်၊ မဟာဝင်၊ ပုံပြင်၊ လောကဝတ်၊ ဓမ္မဝတ်များ ပါဝင်နေသည်ကို တွေ့ရပါသည်။ လောကီရေးရာအဖြာဖြာတွင် ဆောင်ရန် ရှောင်ရန်တို့ကိုလည်း လမ်းညွှန် ထားပါသည်။

ဒုတိယတောင်ဖီလာဆရာတော် အရှင်ဂုဏရံသာလင်္ကာရ၏ အစိန္တေယျဝတ္ထုမှာ အဆုံးမရှိသော သဗ္ဗညုတဉာဏ်တော်ဖြစ်သော ကျေးဇူးတော်အစိန္တေယျ မကုန်နိုင်သော ကျေးဇူးတော်တို့အကြောင်းကို ဖော်ထုတ်ရေးသားထားပါသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ မင်းဘူးဆရာတော် ဦးသြဘာသသည် ဇာတ်ကြီးဆယ်ဘွဲ့စကားပြေများကို ညောင်ရမ်းခေတ် ဗုဒ္ဓစာပေဝတ္ထုများထက် တစ်ပုဒ်ချင်းကို အကျယ်ချဲ့ထွင် ရေးသားလာခဲ့ပါသည်။ ထိုဇာတ်ကြီးဆယ်ဘွဲ့ စကားပြေများကို အသွင်တစ်မျိုးပြောင်းကာ နန်းတွင်းဇာတ်တော်ကြီးများ၊ တစ်ညတွင်း၌ ကပြပြီးစီးသော ဦးပုညနှင့် ဦးကြင်ဥတို့၏ ပြဇာတ်စကားပြေများ ဆက်လက်ထွန်းကားလာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

## ၂။ အစိန္တေယျဝတ္ထု အကြောင်းအရာပိုင်း လေ့လာချက်

ညောင်ရမ်းခေတ်သည် သက္ကရာဇ် ၉၅၉ မှ ၁၁၁၃ အထိ ကာလဖြစ်သည်။ စကားပြေထွန်းကားသော ခေတ်ဖြစ်သည်နှင့်အညီ ဗုဒ္ဓစာပေဝတ္ထုများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ညောင်ရမ်းခေတ် စာဆိုတို့သည် ရဟန်းစာဆိုများဖြစ်ပြီး ပိဋကတ်စာပေများကို ကျွမ်းကျင်နှံ့စပ်သူများလည်း ဖြစ်ပါသည်။

ညောင်ရမ်းခေတ် ဗုဒ္ဓစာပေဝတ္ထုစကားပြေများကို ရေးခဲ့ကြသော ရဟန်းစာဆိုတို့ကမူ ဇာတကနှင့်ဓမ္မပဒတို့ကို မိမိတို့ကျွမ်းကျင်နှံ့စပ်သည့်အလျောက် ညောင်ရမ်းခေတ်ပြည်သူတို့ကို တစ်ချိန်တည်းမှာပင် အများအပြား ဖြန့်ချီဝေငှလိုသော စေတနာများ ရှိကြသည်။ သို့ဖြစ်သည့်အလျောက် ဇာတ်ဝတ္ထုတစ်ပုဒ်ကို အခြေခံပြီး ဇာတကဇာတ်လမ်းပေါင်းများစွာကို ပင်မဇာတ်လမ်းနှင့် ချိတ်ဆက်မိအောင် သိုင်းဝိုင်း၍ ရေးဖွဲ့လာကြသည်ကို တွေ့ရပါသည်။

ရဟန်းစာဆိုတို့၏ စိတ်ကူးနှင့်ဖန်တီးမှုများသည် တစ်ပါးနှင့်တစ်ပါး မတူညီသည့်အတွက် ညောင်ရမ်းခေတ်ပေါ် ဗုဒ္ဓစာပေတို့သည် မသိမသာ အသွင်ကွဲပြားကြပါသည်။ အစိန္တေယျဝတ္ထုမှာမူ ပင်မဇာတ်လမ်းဖြစ်သည့် ဗုဒ္ဓဘုရားရှင်ဖွားခန်း၊ တောထွက်တော်မူခန်းများနှင့်အတူ အနန္တ(၄)ပါး၊ အစိန္တေယျ (၄)ပါး၊ လက်နက်ကြီး (၄)ပါးအကြောင်း စသည့် သိမှတ်ဖွယ်ရာများကို ထည့်သွင်း ရှင်းလင်းတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် အင်းဝခေတ်စာဆို ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့လာ အယူအဆအရေးအဖွဲ့များအပေါ် ဆရာတော်၏အမြင်များကိုလည်း ထည့်သွင်းသုံးသပ်တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၂။ ၁။ အနန္တ(၄)ပါး

အနန္တ(၄)ပါးအကြောင်းကို ရှင်းရာတွင် ရှေးဦးစွာ အာကာသ၏အကြောင်းကို ရှင်းလင်းထားပါသည်။ ထိုရှင်းလင်းချက်မှာလည်း ဘုရားရှင် ဟောကြားတော်မူသည့် အကြောင်းအရာပင် ဖြစ်ပါသည်။ ထိုသဘောကို ထင်ရှားစေရန်–

> "အနန္တော အာကာသော၊ အနန္တော သတ္တနိကာယော၊ အနန္တော စက္ကဝါဠော၊ အနန္တော ဗုဒ္ဓဉာဏော၊ ဤသို့လျှင် ကျမ်းဂန်လာ ရကား အနန္တောအာကာသောဟူ၍ ဟောတော်မူရာ၌ ကောင်းကင် သည်ကား အဆုံးမရှိ အဇ္ဈောကာသ အငြိအစွန်းမရှိ ဟင်းလင်းသာ ရှိလေသတည်း"[၁]

ဟူ၍ ဖော်ပြထားပါသည်။

ကောင်းကင်သည်ကား အဆုံးမရှိ အစမရှိ ဟင်းလင်းသာ ရှိသောကြောင့် ကောင်းကင်ဟု ဖော်ပြထားသည်။ ထိုဖော်ပြချက်ဖြင့် အစိန္တေယျဝတ္ထုတွင် တင်ပြ ထားသော အံ့ဩဖွယ်သိမှတ်ဖွယ်အကြောင်းများသည် ဘုရားရှင်ဟောတော်မူသော အကြောင်းများပင်ဖြစ်ကြောင်း ထင်ရှားစေပါသည်။

အနန္တောသတ္တနိကာယော ဟူသည် သတ္တဝါအပေါင်းတို့၏ကိုယ်ကို ရေတွက် ခြင်းမှာ အဆုံးမရှိနိုင်ပုံကို ဖော်ပြထားသည်။ သတ္တဝါတို့၏ဖြစ်စဉ်အစကို မည်သည့် ဘုရားရှင်လက်ထက်၊ မည်သည့်မင်းလက်ထက် ဟူ၍ မညွှန်ပြနိုင်ပေ။ ထို့ကြောင့် အစမထင်သံသရာဟုသာ ဘုရားရှင် ဟောတော်မူပါသည်။ ဆရာတော်သည် သတ္တဝါ ဟူသော ဝေါဟာရ၏အနက်ကိုလည်း ရှင်းလင်းတင်ပြထားပါသည်။ ဤသည်ကို–

> "ရူပါရုံ တည်းဟူသော အဆင်း၊ သဒ္ဒါရုံ တည်းဟူသော အသံ၊ ဂန္ဓာရုံ တည်းဟူသော အနံ့၊ ရသာရုံ တည်းဟူသော အရသာ၊ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အတွေ့ ဤကာမဂုဏ်ငါးပါး၌ ငြိတတ်သောကြောင့် ပိုးမွှား တိရစ္ဆာန်မှစ၍ လူ၊ နတ်၊ ဗြဟ္မာ တို့သည် သတ္တဝါချည်း ဖြစ်ကုန်သည်။ ထိုကာမဂုဏ် ငါးပါး တို့၌ အငြိအတွယ်မရှိ တပ်ခြင်းကင်းကုန်သည်ဖြစ်၍ ကိလေသာမှ ငြိမ်းကုန်ပြီးသော ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သဗ္ဗညုရှင်တော်ဘုရား

---

[၁] ဂုဏာရုံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၉၈၀၊ ၂၄။

> တို့သည် သာလျှင် သတ္တဝါဟူသော ခေါ်ဝေါ်ခြင်းမှ လွတ်တော်မူ ကုန်သည်”[၁]

ဟု ဖွင့်ဆိုရှင်းပြထားပါသည်။ ထိုအကြောင်းကို ရှင်းလင်းတင်ပြရာတွင် ဆရာတော်သည် အင်းဝခေတ် စာဆို ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့နှင့် နှိုင်းယှဉ်တင်ပြခဲ့ပါသည်။

ဆရာတော် ရှင်မဟာသီလဝံသက–

> “ကြမ္မာပြစ်တင်၊ ဝဋ္ဋဒ္ဓပင်တည့်၊ ပဲ့ပြင်သောအား၊ အောက်လျှိုး သွားသည်၊ ငါးပါးကာမဂုဏ်၊ ရေသို့စုန်လျက်၊ မျောသုန်ဆန်တက်၊ ပဲ့နိုင်ခက်သား၊ တံစွက်ဝန်သေ၊ ပြည့်သောလှေသို့၊ ရွာနေလူဗိုလ်၊ ယင်းအလိုလျှင်၊ ဦးချိုစူးစူး၊ လိုက်၍ပူး၏၊ ဆန်ကူးမသာ၊ သတ္တဝါကား”[၂]

ဟု ရေးဖွဲ့ထားပါသည်။

ဆရာတော်သည် အစိန္တေယျဝတ္ထုကို ဝတ္ထုဟု အမည်တပ်ထားသော်လည်း ဘုရားဟောအကြောင်းအရာများကိုသာ အလေးပေး၍ အကျယ်တဝင့် ရှင်းလင်းတင်ပြထားပါသည်။ ထူးခြားချက်မှာ မိမိအမြင် ကျမ်းဂန်စာပေအဆိုတို့ကိုသာမက ထိုကျမ်းဂန်အဆိုကိုပင် ကဗျာလင်္ကာဖြင့် ရေးဖွဲ့ခဲ့ကြသော အခြားစာဆိုတို့၏ တင်ပြရေးဖွဲ့ပုံများနှင့်လည်း နှိုင်းယှဉ်တင်ပြခဲ့ပါသည်။ ထို့ပြင် စာရှုသူတို့အား ဗဟုသုတပေးရန် မရောင့်ရဲသူပီပီ ရှေးစာဆိုရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ အဆိုကိုပင် အနက်ဖွင့် တင်ပြထားပါသည်။

ဆရာတော် ရှင်မဟာသီလဝံသက–

> “သတ္တဝါသ၊ ဘုံကိုးဝဌ်၊ ပစ်ချကြမ္မာ၊ စေတနာကြောင့်၊ သညာ ဇကတ်၊ နာနတ်ထူးပြား၊ အလားလားလျှင်၊ ငါးပါးဂတိ၊ မှားဖွယ် ရှိ၏”[၃]

ဟူသော အရေးအဖွဲ့ကို စာဖတ်သူတို့ ယုံမှားကင်းစေရန် ဖွင့်ဆိုရှင်းပြခဲ့ပါသည်။ ထိုသို့ရှင်းပြဟန်ကို–

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၅–၂၆။

[၂] သီလဝံလ၊ အရှင်၊ ၁၉၅၃၊ ၁၆၄။

[၃] သီလဝံလ၊ အရှင်၊ ၁၉၅၃၊ ၇၄။

> "ငရဲလားအံ့သော ဂတိလည်းတစ်ပါး၊ တိရစ္ဆာန်အဖြစ်သို့ လားအံ့သော ဂတိလည်းတစ်ပါး၊ ပြိတ္တာအဖြစ်သို့ လားအံ့သော ဂတိလည်းတစ်ပါး၊ လူ၏အဖြစ်သို့ လားအံ့သော ဂတိလည်းတစ်ပါး၊ နတ်ပြည်သို့ လားအံ့သော ဂတိလည်းတစ်ပါး၊ ဤငါးပါးတည်း။"[၁]

ဟူ၍ ရှင်းပြထားပါသည်။

စာဆိုတော် ရှင်မဟာသီလဝံသသည်လည်း နိဗ္ဗာန်၏သဘောကို ထင်ရှားအောင် ဖွဲ့ဆိုထားပါသည်။ ခေတ်ချင်းကွဲပြားပြီး ကဗျာနှင့်စကားပြေ သဘောသဘာဝချင်း မတူညီသည့်အလျောက် ဝတ္ထုစကားပြေနှင့် ပျို့ကဗျာတို့၏ စာအရသာကွဲပြားပုံကို နားလည်ခံစားလာစေနိုင်ပါသည်။ ဆရာတော်သည် အကြောင်းအရာတစ်ခုကို အမျိုးအစားချင်း မတူညီသော စာပေအဖွဲ့နှင့် ထင်ဟပ်ရှင်းလင်း ရေးသားပြီးနောက် စာဖတ်သူတို့အား လိုက်နာကျင့်သုံးစေလိုသော မိမိ၏စေတနာကို အကျိုးသင့် အကြောင်းသင့် တင်ပြထားပါသည်။ ထိုသဘောကို–

> "တရားပေစာ၌ နှလုံးမသွင်းကုန်သော ပညာမရှိကုန်သော သူတို့သည် အလှူပေးကုန်သည်ရှိသော် နိဗ္ဗာန်ကို ရှေးဦးစွာ တင်၍ကား မတောင်းပါ။ ဤအမိ အဘ သားမယားနှင့်ပင် ဤဥစ္စာရွှေငွေတို့သည်ပင်ဖြစ်၍ လူ့ပြည်၌သာ ဖြစ်ရလို၏ဟု ဆုတောင်းကြကုန်သည်။ နိဗ္ဗာန်တရားတော်ကိုမူကား တောင်းတည့် ပင်လျှင် ရလွယ်သည်မဟုတ်။ ပဌာနအဦးတည်၍ တောင်းကုန်ရာသည်။ သို့မှ လိုအပ်သော စက်လေးပါးနှင့် ပြည့်စုံသောဆုကို တောင်းရာသည်။ စက်လေးပါးနှင့်ပြည့်စုံက နိဗ္ဗာန်သို့ နီးအံ့သော အကြောင်း ဖြစ်သည်။"[၂]

ဟု လိုက်နာကျင့်သုံးလိုစိတ် ပေါက်လာအောင် အကျိုးသင့်အကြောင်းသင့် စည်းရုံးဆွဲဆောင်ပါသည်။ ထိုသဘောကို ဆရာတော် ရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့၌ ဖွဲ့ဆိုခဲ့ပြီးဖြစ်ကြောင်းကိုလည်း–

> "သူမိုက်အလှူ ပေးပါမူလည်း၊ ရွယ်ချက်ဖိုလ်မဂ်၊ မပန်နက်ခဲ့၊ မှာဘက်ဝယ်သာ၊ ကျင်လည်ရာ၌၊ ဤရွာဤမြေ၊ ဤရွှေငွေနှင့်၊

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၈။

[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၉။

ဤဆွေမိဘာ၊ ခင်ပွန်းစသည်၊ တကွမကွာ၊ ငါသို့သာလျှင်၊
ငှာစတော၊ ငကိုသေလည်း၊ ဖြစ်စေသတည်း၊ ဤသို့နည်းဖြင့်”[1]

ဟူ၍ ဖွဲ့စပ်တော်မူကြောင်း တင်ပြထားပါသည်။

အနန္တောစက္ကဝါဠေ္ဘာဆိုရာ၌ စကြဝဠာအကြောင်းကို ဘုရားရှင်၏တရားတော်ကို မှီး၍ ရှင်းပြထားပါသည်။ ဤအကြောင်းကို–

“ဤမြေကြီးအထုကား ယူဇနာ နှစ်သိန်းလေးသောင်း ရှိ၏။ ဤမြေကြီးအောက်ကိုကား ယူဇနာ လေးသိန်းရှစ်သောင်း အထု ရှိသော ရေခံ၏။ ဤရေအောက်ကိုကား ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိသော လေခံ၏။ ထိုလေအောက်ကိုကား အငြိအစွန်း မရှိ၊ ကောင်းကင်အဇဋ္ဌာကာသသာ ရှိလေ၏။ အဆုံးမရှိသတည်း”[2]

ဟု ဆိုထားပါသည်။ ဆရာတော်သည် အနန္တစကြဝဠာအကြောင်း ရှင်းပြရာတွင် မြင်းမိုရ်တောင်အကြောင်း၊ ယုဂန္ဓရတောင်အကြောင်း ကျွန်းကြီးလေးကျွန်းအကြောင်း၊ သမုဒ္ဒရာကြီးလေးစင်းအကြောင်းနှင့် အာလိန်ငါးဆင့်အကြောင်း စသည်တို့ကိုလည်း အသေးစိတ် ရှင်းလင်းတင်ပြထားပါသည်။

အနန္တော ဗုဒ္ဓဉာဏော ဆိုရာ၌ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် အဆုံးမရှိဟု ဆိုလိုပါသည်။ အဆုံးမရှိသော ကောင်းကင်၊ အဆုံးမရှိသော သတ္တဝါ၊ အဆုံးမရှိသော စကြဝဠာ ဤသုံးပါးအနန္တအကြောင်းကို ဘုရားရှင်သည် ဉာဏ်တော်ဖြင့် ပိုင်းခြား၍ သိမြင်တော်မူလေသည်။ ထို့ကြောင့် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် အဆုံးမရှိဟု ဆိုခြင်းဖြစ်ပါသည်။ ဘုရားရှင်သည် ဝေနေယျသတ္တဝါအပေါင်းကိုလည်း သိတော်မူလေသည်။ ထိုအဆုံးမရှိသော ဉာဏ်တော်သည် လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းပတ်လုံး ဒါန၊ သီလ စသည့် ပါရမီသုံးဆယ်ကို ဖြည့်ဆည်းခဲ့ပြီး ဘုရား အဖြစ်ကို ဘုရားရှင်တစ်ပါးတည်းသာ စွမ်းနိုင်သည်။ ထိုသို့သော ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု ရှင်းလင်းတင်ပြထားပါသည်။

## ၂။ ၂။ အစိန္တေယျလေးပါး

အစိန္တေယျလေးပါးအကြောင်းကို အင်္ဂုတ္တရစတုက္ကပါဠိတော်မှ ထုတ်နုတ်တင်ပြ ထားပါသည်။

---

[1] သီလဝံသ၊ (အရှင်–)၊ ၁၉၅၃၊ ၁၇၂။
[2] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၈–၃၀။

> “ဗုဒ္ဓဝိသယော အစိန္တေယျော၊ ဈာနဝိသယော အစိန္တေယျော ကမ္မဝိပါကော၊ အစိန္တေယျော၊ လောကစိန္တာ အစိန္တေယျော”[၁]

ဟု လေးပါးရှိ၏။ ထိုလေးပါးသောအကြောင်းတို့ကို ကြံစည်လျှင် ရူးခြင်းနှင့် ဆင်းရဲခြင်းတို့ ဖြစ်မည်။ ဗုဒ္ဓဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော် အစရှိသော ဘုရားကျေးဇူးတော်တို့၏ဖြစ်ခြင်း တန်ခိုးဖြစ်ခြင်းတို့ကို မည်သို့မျှ ကြံစည်၍မရနိုင်ကြောင်း–

> “တစ်ဆယ့်ရှစ်တောင်ရှိသော ကိုယ်တော်ဖြင့်ပင်လျှင် မုံညင်းသီးခွံဟူသော တိုက်ထဲသို့ ဝင်တော်မူနိုင်လေသတည်း။ ရှင်စောဘုရားကို အကြောင်းပြု၍ မုံညင်းသီးအခွံသည် ကြီးသည်လည်း မဟုတ်၊ မုံညင်းသီးခွံကို အကြောင်းပြု၍ ရှင်စောဘုရားကိုယ်တော်သည် ငယ်သည်လည်းမဟုတ် ဤသို့ဖြစ်ခြင်းသည်ကား သဗ္ဗညုရှင်တော်ဘုရားမှ ကြွင်းကုန်သော တန်ခိုးရှိကုန်သော ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ အရာမဟုတ်။ ထို့ကြောင့် ဘုရားသဗ္ဗညုအရာကို မကြံအပ်။ ကြံချေသည်ရှိသော် ရူးခြင်းသို့ ရောက်ရာ၏”[၂]

ဟု ဆိုထားပါသည်။

ဈာနဝိသယော အစိန္တေယျော ဟူသော အကြောင်းအရာသည် ဈာန်အဘိညာဏ်တန်ခိုးကို ဆိုလိုပါသည်။ ထိုအကြောင်းကို–

> “ဈာန်သမာပတ်ကိုဆိုသောအရာ၌ လောကီဈာန်ကိုရသော ရသေ့မုနိတို့သည်လည်း အထူးထူး ဖန်ဆင်းနိုင်လေကုန်၏။ ထို့ကြောင့် ငါတို့ဘုရားလောင်း သုမေဓာရှင်ရသေ့သည် သိကြားပေးသော ကျောင်းစကြံတို့ကိုစွန့်၍ သစ်ပင်အောက်၌ တစ်ယောက်တည်းသာ သည်းခံလျက် တပ်ခြင်းမရှိ ရဟန်းတရားကိုကျင့်၍ ခုနစ်ရက်မြောက်သောနေ့၌ ဈာန်သမာပတ်တရား ရှစ်ပါးကို ရ၍ ကောင်းကင်သို့ ပျံလိုသောစိတ် ရှိလျှင်လည်း ပျံလေသည်။ မြေကို လျှိုးသောစိတ်ရှိလျှင်လည်း မြေကို လျှိုးလေသည်။ ရူပါဝစရဈာန် ငါးပါးကိုလည်း ရရာ၌ မထင်ရှားလွန်းသော လမ်းရိုးဟောင်းတွင် ဆင်သည်သွားလေ၍ ဆင်ခြေရာ အစဉ် ထင်ရှားသကဲ့သို့ ဈာန်၏ အညစ်အကြေးတို့ကို သုတ်သင်သဖြင့်

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၇၉။

[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၈။

> ဝိပဿနာ လမ်းရိုးသစ်ဖြစ်သော ရူပါဝစရကုသိုလ်စျာန် ငါးပါးကို
> အလွယ်တကူ ရတော်မူသည်”[၁]

ဟု ဖော်ပြထားပါသည်။

ဤနေရာ၌ ဘုရားရှင်သည် ရသေ့တို့ပင် ရနိုင်သော လောကီစျာန်ကိုရ၍ မြေလျှိုး မိုးပျံနိုင်ခဲ့သည်။ ထိုလမ်းရိုးဟောင်းမှ လမ်းရိုးသစ်ဖြစ်သော ရူပါဝစရစျာန် ကုသိုလ်ငါးပါးကို ရတော်မူသည်ဟု ဆိုလိုပါသည်။

ဆရာတော်သည် ကျမ်းဂန်တတ်ကျွမ်းပြီးလျှင် စာပေအရေးအဖွဲ့များကို လေ့လာ လိုက်စားသူပီပီ ဆရာတော် ရှင်မဟာသီလဝံသမထေရ်၏ ပါရမီတော်ခန်းပျို့ကို အဆင့်ဆင့် တည်းဖြတ်သူတို့က သေချာစွာမသိဘဲ စကားလုံးပြောင်းလဲယူကြပုံကို သုံးသပ်ပြထားပါသည်။ ပါရမီတော်ခန်းပျို့တွင် စာဆိုက ဘုရားလောင်း သုမေဓာ ရှင်ရသေ့သည် သိကြားပေးအပ်သော ကျောင်းကိုစွန့်၍ သစ်ပင်အောက်၌ ကျင့်ကြံ အားထုတ်ရာ ရစ်ရက်ကြာသောအခါ မြေလျှိုးမိုးပျံနိုင်သော စျာန်ကို ရရှိခဲ့ပါသည်။ အဆိုပါစျာန်ကို ရပြီးနောက် ရူပါဝစရစျာန်ငါးပါးကို အလွယ်တကူရရှိပုံကို ဆရာတော် ရှင်မဟာသီလဝံသက−

> “အမည်ရှစ်ပါး၊ စျာန်တရားနှင့်၊ ပျံသွားမြေလျှိုး၊ ဘိညာဉ်မျိုးကို၊
> လမ်းရိုးဟောင်းတွင်၊ ဆင်ရာတွင်သို့၊ သုတ်သင်ကာမျှ၊ လွယ်ကာ
> ရလျက်၊ ပွင့်စငါးတန်၊ ရသည်စျာန်ကို၊ မကျန်ကျင့်ညီ၊ ဝသီ
> အစဉ်၊ ငါးပါးယှဉ်လျက်၊ ဝလဥ္စန၊ အဝါဝ၍၊ မြေမှဘဝါး၊
> မသွားနင်းသီး၊ စျာန်ယာဉ်စီးလျက်”[၂]

ဟု စပ်ဆိုခဲ့ကြောင်း ဖော်ပြထားပါသည်။ မူလက ဆရာတော် ရှင်မဟာသီလဝံသ၏ ပျို့တွင် ‘လမ်းရိုးဟောင်းတွင်၊ ဆင်ရာတွင်သို့’[၃] ဟူ၍သာ ရှိ၏။ အချို့က ‘ဆင့်ကာ ထွင်သို့’ ဟု ပြုပြင်ရေးကြသည်။ ထိုသို့ ရေးစာမူဟောင်းများ၏ ပြုပြင်မှုများနှင့် ပတ်သက်၍ ဆရာတော်က−

> “ယခုအခါ လူအများသည် ရေးစာဟောင်းပေဟောင်းများကိုလည်း
> မရှာကုန်ပြီ၊ နောက်ပြင်၍ ရေးသောစာကိုသာ အဟုတ်အမှန်ယူ၍
> အဆင့်ဆင့်ကူး၍ နှုတ်လျှာကောင်းတိုင်း မိမိတို့၏အလိုသို့

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၀−၁၈၁။
[၂] သီလဝံသ၊ (အရှင်−)၊ ၁၉၅၃၊ ၅၅။
[၃] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၀−၁၈၁။

> လိုက်၍သာ အပဟုတ်အမှန်ဟူ၍ ဆိုကြကုန်သည်။ ကျမ်းတတ်ဂန်တတ် အကျော်သည် ကျမ်းဂန်လာသည့်အတိုင်း ကဗျာလက္ခဏာနှင့်ညီအောင် ဆိုတော်မူသော အရာကို စာကိုဖတ်တတ်ကာတည်း၊ အဓိပ္ပာယ်ကို သိနိုင်မည်မဟုတ်၊ ကျမ်းဂန်သိသော ပညာရှိတို့သာ သိကုန်ရာသည်"[၁]

ဟု တင်ပြထားပါသည်။ ကျမ်းပြုဆရာတော်သည် ဆရာတော် ရှင်မဟာသီလဝံသကို အလွန်ကြည်ညိုလေးစားသော စိတ်ရှိပြီးလျှင် အရှင်၏စာများကို သေချာစွာနားမလည်ဘဲ ပြုပြင်တည်းဖြတ်သူများကြောင့် ပါရမီတော်ခန်းပျို့သည် အမျိုးမျိုး မညီမညွတ် ဖြစ်ရသည်ဟု သုံးသပ်ပြထားပါသည်။

ဆရာတော်က 'လမ်းရိုးဟောင်းတွင် ဆင်ရာတွင်သို့' သည် အမှန်ဖြစ်သည်။ ကျမ်းဂန်များ၌ ဆင်ခြေရာကိုသာ ဥပမာဆောင်သည်။

> "အပ္ပမာဒတရား၌ ခပ်သိမ်းသောတရားတို့သည် ဝင်လေကုန်သည်။ ခပ်သိမ်းသောသတ္တဝါတို့၏ ခြေရာသည် ဆင်ခြေရာ၌ ဝင်လေကုန်သည်ဟု ကျမ်းဂန်လာသည်။ ထိုမှတစ်ပါး ဆင်ခြေရာကို ပုံပြု၍ဆိုလေသော အရာတို့သည် ရှိတော့သည်။ ဤသို့သော အရာတို့ကိုထောက်၍ လမ်းရိုးဟောင်းတွင် ဆင်ရာတွင်သို့ ဟူ၍ ရှင်မဟာသီလဝံသက ဆိုတော်မူလေသည်။"[၂]

ဟု ဖော်ပြထားပါသည်။ ဆရာတော်က ဥပမာခိုင်းနှိုင်းသည့်သဘောမှာ သုမေဓာရှင်ရသေ့သည် ရှေးလေ့ကျက်ဖူးသော၊ ဝိပဿနာလမ်းရိုးဟောင်းဖြစ်သော ဈာန်နှင့်သာ မတွင်ကျယ်လွန်းသော လမ်းရိုးဟောင်းနှင့်အတူ ဆင်သည် ထိုခရီးဟောင်းကို သွားလေသောကြောင့် ဆင်ခြေရာ အစဉ်ထင်ရှားနှင့်သည်။ ဈာန်၏အညစ်အကြေးကို ဝိပဿနာပြု၍ သုတ်သင်ခြင်းဖြင့် ဝိပဿနာလမ်းရိုးသစ်ဖြစ်သော ရူပါဝစရဈာန် ငါးပါးကို ရသည်နှင့် တူသည်။ ထိုသို့သော ဈာန်တို့ကို ဝသီတော်ငါးပါးတို့ဖြင့် လေ့လာ၍ တန်ခိုးအဘိညာဉ်အထူးထူးကို ဖန်ဆင်းနိုင်သည်ဟု ရှင်းလင်းတင်ပြထားပါသည်။ အစိန္တေယျဝတ္ထုသည် ကျမ်းဂန်စာပေနှင့်ပတ်သက်၍ ဗဟုသုတအတွေးအမြင်တို့ကို နက်နက်ရှိုင်းရှိုင်း တင်ပြထားသည်ကို တွေ့ရပါသည်။

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၀–၁၈၁။

[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၀–၁၈၁။

ကမ္ဗဝိပါကော အစိန္တေယျောဟူသည် မျက်မှောက်ထင်ထင် အကျိုးပေးခြင်းရှိသော ကံ၏အကျိုးကို ဆိုလိုပါသည်။ သတ္တဝါတို့သည် ကံကိုလိုက်၍ လူ့ပြည် နတ်ပြည်တို့၌ ရှိကြသည်။

> "အဆင်းလှခြင်း မလှခြင်း၊ အရုပ်မြင့်ခြင်း နိမ့်ခြင်းတို့ ရှိကြသည်။ ဘုန်းတန်ခိုး အနည်းအများ ရှိကြသည်။ ထိုကဲ့သို့သော ကံ၏အကျိုးကို မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ မကြံစည်နိုင်ဖြစ်သနည်း"[၁]

ဟူ၍ ကြံနိုင်ရာသော သဘောမရှိသောကြောင့် မကြံနိုင်ခြင်းဖြစ်သည်ဟု ရှင်းလင်းတင်ပြထားပါသည်။

လောကစိန္တာ အစိန္တေယျော ဟူသည်-

> "ဤလောက၌ နေ၊ လ တို့သည် ဖြစ်တတ်လေသနည်း၊ အဘယ့်ကြောင့် ဤမြေကြီးတို့သည် ဖြစ်တတ်လေကုန်သနည်း။ အဘယ့်ကြောင့် မဟာသမုဒ္ဒရာသည် ဖြစ်တတ်လေသနည်း။ အဘယ့်ကြောင့် သရက်ပင်၊ ထန်းပင်၊ ဝါးပင်၊ အုန်းပင် အစရှိကုန်သော သစ်ပင်တို့သည် ဖြစ်တတ်လေကုန်သနည်း။ ထိုအကြောင်းအရာများကိုလည်း မကြံစည်နိုင်ပေ။ အဆုံးမရှိသော ဩကာသလောက၏ ဖြစ်ခြင်းအကြောင်းကို ကြံစည်ခြင်းဖြင့် ရူးခြင်းသို့သာ ရောက်နိုင်သည်"[၂]

ဟု ရှင်းလင်းပြထားပါသည်။

## ၂ ၃။ ဗုဒ္ဓလေးပါး

ဗုဒ္ဓလေးပါးမှာ 'သုတဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သဗ္ဗညုဗုဒ္ဓ'[၃] တို့ ဖြစ်ပါသည်။

> "ထိုလေးပါးတို့တွင် ဗဟုသုတ အကြားအမြင်များသော ရဟန်းသည်ကား သုတဗုဒ္ဓ မည်၏။ ရဟန္တာမည်သည်ကား စတုသစ္စဗုဒ္ဓ မည်၏။ ရှင်ပစ္စေကဗုဒ္ဓတို့သည်ကား မိမိအလိုလိုသာလျှင်

---

[၁] ဂုဏာရုံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၄။

[၂] ဂုဏာရုံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၄။

[၃] ဂုဏာရုံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၅။

> သစ္စာလေးပါးတို့ကို သိတော်မူသောကြောင့် ပစ္စေကဗုဒ္ဓ မည်၏။
> နတ်နှင့်တကွသောလူအား သစ္စာလေးပါးတို့ကို သိစေတော်မူ
> တတ်သော ဘုရားရှင်မှာ သမ္မာသမ္ဗုဒ္ဓ မည်၏။”[၁]

ဟု ရှင်းပြထားပါသည်။ ဆရာတော်သည် ထိုဗဟုသုတများကို ထုတ်နုတ်တင်ပြရာ ဖြစ်သော ကျမ်းကိုလည်း ဖော်ထုတ်ပြထားသည်။ အင်္ဂုတ္တရအဖွင့်၌ ဟောတော်မူသည်ဟု ဆိုထားပါသည်။

## ၂။ ၄။ သာဂရလေးပါး

သာဂရ ဟူသည် ကျယ်ဝန်းနက်နဲခြင်းဟု အဓိပ္ပာယ်ရပါသည်။ သာဂရ လေးပါးမှာ ‘သံသာရသာဂရ၊ ဇလသာဂရ၊ နယသာဂရ၊ ဉာဏသာဂရ’[၂] တို့ ဖြစ်ပါသည်။ ထိုလေးပါးတို့တွင် ‘သံသာရသာဂရ မည်သည်ကား ခန္ဓာငါးပါးတို့၏ အစဉ်၊ အယတနဓာတ်တို့၏ အစဉ်တို့အဆက်မပြတ် ဖြစ်ပျက်ခြင်းကို ဆိုလိုပါသည်။ ထိုသတ္တဝါတို့၏ ဖြစ်ခြင်း၌ သတ္တဝါတို့သည် လွန်ခဲ့သည့် အနှစ်တစ်ရာက ဖြစ်သည်။ အနှစ်တစ်ထောင်က ဖြစ်သည်။ အနှစ်တစ်သိန်းက ဖြစ်သည်။ ကမ္ဘာတစ်ရာ၊ ကမ္ဘာ တစ်ထောင်၊ ကမ္ဘာတစ်သိန်းတို့၌ ဖြစ်သည်ဟု ကမ္ဘာတစ်သိန်းအထက်၌ မဖြစ်ခဲ့ဘူး’[၃] ဟူ၍ အတိအကျမဆိုနိုင်၊ မည်သည့်အချိန်တွင် သတ္တဝါတို့ ဖြစ်ပျက်သည်ကို မသိနိုင် သည့်သဘောကို သံသာရ သာဂရ ဟု ဆိုပါသည်။ ‘မဟာသမုဒ္ဒရာသည် ဇလသာဂရ’[၄] ဇလသာဂရ’[၄] ဖြစ်သည်။ ‘ပိဋကတ်သုံးပုံတရားတော်တို့သည် နယသာဂရ’[၅]ဖြစ်သည်။ ‘သဗ္ဗညုတ ဉာဏ်တော်သည် ဉာဏသာဂရ ဖြစ်သည်’[၆] ဟု ရှင်းလင်း တင်ပြထားပါသည်။

## ၂။ ၅။ မကြောင့်ကြသည့် သတ္တဝါလေးပါး

မကြောင့်ကြသည့် သတ္တဝါလေးပါးမှာ ‘တီ၊ တီတီတွတ်၊ ကြိုးကြာ၊ ပုဏ္ဏား’[၇] တို့ ဖြစ်ပါသည်။ ထိုလေးပါးကို တင်ပြရာ၌–

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၈၅။
[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၄။
[၃] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၄။
[၄] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၅။
[၅] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၅။
[၆] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၅။
[၇] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၅။

> "တီသည် မြေကြီးကုန်မည်စိုးသောကြောင့် အများမစား၊ မျှ၍သာ စားသည်။ တီတီတွတ်မည်သော ငှက်မသည်ကား မိုးပြိုလတ္တံ့သည်ကို ကြောက်သောကြောင့် ဥသော အထက်ခြေကို မိုးမြှောက်၍ အိပ်သည်။ ကြိုးကြာငှက်မသည်ကား မြေဝင်အံ့သည်ကို စိုးသောကြောင့် ခြေနှစ်ဘက်ကို အစုံမနင်းမူ၍ အသာအသာနင်းသည်။ ပုဏ္ဏားသားတို့သည်ကား အနွယ်အဆက် ပျက်အံ့သည်ကို စိုးသောကြောင့် သားမယားကို မွေးကုန်၏"[၁]

ဟု ဖွင့်ဆိုရှင်းပြထားပါသည်။

## ၂၊ ၆။ **အံ့ဖွယ်လေးပါး**

အံ့ဖွယ်လေးပါး ဆိုသည်မှာ ဤကမ္ဘာ၌ တစ်ကမ္ဘာပတ်လုံးတည်ကုန်သော လေးပါးသော အံ့ဖွယ်တို့ကို ဆိုလိုပါသည်။ ထိုအံ့ဖွယ်လေးပါးကို–

> "လ၏အဝန်း၏ယုန်၏ အရုပ်သည်လည်း တစ်ကမ္ဘာပတ်လုံး တည်လတ္တံ့။ ငုံးမင်းဇာတ်၌ မီးလောင်၍ငြိမ်းသော အရုပ်သည်ကား တစ်ကမ္ဘာပတ်လုံး မီးမလောင်နိုင်ပြီ။ ဃဋီကာရ အိုးထိန်းအိမ်ရာသည်ကား တစ်ကမ္ဘာပတ်လုံး မိုးမစွတ်နိုင်ပြီ။ နလပါန မည်သောရေကန်၌ ရုံလျက် ပေါက်သောကျူသည်ကား အဆစ်မရှိသည် ဖြစ်၍ တစ်ကမ္ဘာပတ်လုံး တည်အံ့"[၂]

ဟူ၍ ဆိုထားပါသည်။ ထိုအကြောင်းများကို နလပါလဇာတ်၌ ဖော်ပြထားကြောင်း အသိပေး တင်ပြထားပါသည်။

## ၂၊ ၇။ **အသံကြီးလေးပါး**

အသံကြီးလေးပါးဆိုသည်မှာ–

> "ပုဏ္ဏကဘီလူးအသံ၊ သိကြားမင်းသည် ဝိသကြုံနတ်သားကို ခွေးနက်ကြီးဖန်ဆင်းစေ၍ ဟောင်စေသောအသံ၊ ကုသမင်းကြီး၏ အသံ၊ အာဠဝက ဘီလူးအသံ"[၃]

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၅။

[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၆။

[၃] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၇။

တို့ဖြစ်ကြောင်း ရှင်းပြထားပါသည်။

### ၂၊ ၈။ လက်နက်ကြီးလေးပါး

လက်နက်ကြီးလေးပါးမှာ–

> "သိကြားမင်း၏လက်နက်ကား ဝရဇိန်လက်နက်တည်း။ ဝေဿဝဏ္ဏာနတ်မင်း၏လက်နက်ကား လှံကန်တောင်းလက်နက်တည်း။ ယမမင်း၏လက်နက်ကား မျက်စောင်းထိုးလက်နက်တည်း။ အာဠဝကဘီလူး၏လက်နက်ကား ပုဆိုးလက်နက်တည်း"[၁]

ဟု ဆိုထားပါသည်။ အစိန္တေယျဝတ္ထု၏ အကြောင်းအရာကို လေ့လာရာတွင် ထူးခြားချက်မှာ ဆရာတော်သည် ဗဟုသုတ အကြောင်းအရာများကို တင်ပြရာ၌ မိမိအမြင် သက်သက်သာမက အင်းဝခေတ်စာဆို ရှင်မဟာသီလဝံသ၏ အဆိုအမိန့် အရေးအဖွဲ့များကို ကိုးကား၍ နှိုင်းယှဉ်တင်ပြလေ့ရှိသည်ကို တွေ့ရခြင်း ဖြစ်ပါသည်။ ရှင်မဟာသီလဝံသ ရေးဖွဲ့သော ပျို့များမှ အချက်များကိုလည်း သင့်မသင့် ဝေဖန်သုံးသပ်ပြထားပါသည်။ ထိုဝတ္ထု၏ထူးခြားချက်မှာ ဝေဖန်ရေးစာပေသဘောများ ပါဝင်နေပါသည်။ ဝတ္ထုအမည်တပ်ထားသော်လည်း ဝတ္ထုပါဝင်သော အပိုင်းအားနည်းပြီး ဗဟုသုတများကို တင်ပြသည့်အပိုင်းက ပို၍အားသာနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၃။ အစိန္တေယျဝတ္ထု အရေးအဖွဲ့လေ့လာချက်

အစိန္တေယျဝတ္ထု အရေးအဖွဲ့ကို လေ့လာကြည့်သောအခါ ဗုဒ္ဓဘုရားရှင်၏ ဗုဒ္ဓဝင်ဇာတ်ဝတ္ထုတော် ပါဝင်သည့်အတွက် ဖြစ်စဉ်ပြအရေးအသား၊ သရုပ်ဖော် အရေးအသားတို့ ပါဝင်သည်။ ဇာတ်လမ်းကို အကျယ်ချဲ့ထွင်ရေးသားခြင်း မဟုတ်သည့်အတွက် သရုပ်ဖော်အရေးအသားသည် အတန်အသင့်သာ ပါဝင်ပါသည်။ ဆရာတော်သည် ဝတ္ထု၏ ရှေ့နောက်တွင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော အကြောင်းအရာများထဲမှ သိမှတ်ဖွယ်ရာ အကြောင်းများကို အပြည့်အစုံ ဖော်ပြထားသည့်အတွက် ဖွင့်ဆိုရှင်းပြအရေးအသား အလေးကဲနေသည်ဟု ဆိုနိုင်ပါသည်။ ဤစာတမ်းတွင် အရေးအဖွဲ့ပိုင်းကို လေ့လာတင်ပြရာ၌ စာမျက်နှာကိုင့်ကွက်၍ ထူးခြားသော အရေးအသားပါသည့် စာပိုဒ်များကို ထုတ်နုတ်ပြီး စာပိုဒ်တွင်ပါသည့် အရေးအဖွဲ့များကိုသာ လေ့လာဆန်းစစ်တင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁၈။

ဒုတိယတောင်ဖီလာဆရာတော် အရှင်ဂုဏရံသာလင်္ကာရသည် သက္ကရာဇ် ၁၀၄၆ ခုနှစ် (အေဒီ–၁၈၆၅) ဝမ်းဘဲအင်းစံမင်းလက်ထက်တွင် အစိန္တေယျဝတ္ထုကို ရေးသားခဲ့ပါသည်။ ကျမ်းပြုဆရာတော်သည် ရှေးဦးစွာ ပဏာမအခန်း၌ ဘုရင်မင်းမြတ်၏ဘုန်းတော်ကို ဖွဲ့ဆိုပြီး ဆုတောင်းမေတ္တာ ပို့သထားသည်ကို တွေ့ရပါသည်။ ရှေးဦးစွာ–

> "အစိန္တေယျ၊ အနန္တဖြင့်၊ ဆုံးစမရှိ၊ ဉာဏ်တော်ရှိသည်၊ မုနိ
> ထွတ်ထား၊ မြတ်ဘုရားတို့၊ ထင်ရှားပွင့်ရာ၊ ဤကျွန်းသာလျှင်၊
> မြတ်ရာပုညာ၊ ဒါနကောင်းမှု၊ ပြုလေအရာ၊ ထင်ရှားစွာ၏"[၁]

ဟု လေးလုံးစပ်လင်္ကာဖြင့် အစပျိုးရေးဖွဲ့ထားပါသည်။ ဆရာတော်သည် ညောင်ရမ်းခေတ်ပြည်သူတို့အား ဗုဒ္ဓ၏အတွေးအမြင်များ တရားတော်များကို ဖြန့်ချိဝေငှရာတွင် အလွယ်တကူ နားလည်နိုင်သည့် စကားပြေကို ရွေးချယ်ပြီး ရေးသားသော်လည်း ဆရာတော် ရှင်မဟာသီလဝံသ၏ စာများအပေါ် စွဲလမ်းနှစ်သက်ခဲ့ဟန် တူပါသည်။ ထိုသို့ဖြစ်သည့်အလျောက် ကဗျာ၊ လင်္ကာ အဖွဲ့အနွဲ့၌လည်း လေ့လာတတ်ကျွမ်းသူဖြစ်သည်ဟု ဆိုရပါမည်။

ဇမ္ဗူဒီပါကျွန်းကို ဖွဲ့ဆိုပြီးမှ ထိုကျွန်းတွင်တည်ရှိသော ရတနာပူရ အင်းဝပြည်ကြီးကို ရေးဖွဲ့ပါသည်။ ထိုသို့ ရေးဖွဲ့ထားဟန်ကို–

> "ဤဇမ္ဗူဒီပါကျွန်း အပြင်၌ ထင်ရှားမွေ့လျော်ဖွယ် ရှိသောကောင်းမှုကို အလိုရှိသောသူတို့၏ နေရာဖြစ်သော မြန်မာပြည်အရပ်၌ ကျယ်ဝန်းစွာသော ရတနာတို့ဖြင့် ပြွမ်းရာဖြစ်သော ခပ်သိမ်းသော တိုင်းနိုင်ငံတို့မှ အခွန်အတုတ်တို့၏ ဆက်ကပ်ရာဖြစ်သော ဂင်္ဂါမြစ်ကြီး တည်းဟူသော တန်ဆာဆင်အပ်သော ထိုတမ္ပဒီပ အမည်ရှိသော တိုင်း၌ ရတနာပူရ အင်းဝပြည်ကြီးဟူ၍ ထင်ရှားစွာသော မြန်မာတို့၏ မင်းနေပြည်ဖြစ်သော အထူးထူးသော လူမျိုးတို့ဖြင့် ချောက်ချားသော ခပ်သိမ်းသော မြို့အင်္ဂါနှင့်ပြည့်စုံစွာ ရွှေနန်းပြာသာဒ်တို့ဖြင့် တင့်တယ်စွာသော အထူးထူးသော ရွှေကျောင်းတို့ဖြင့်လည်းကောင်း၊ စေတီတို့ဖြင့်လည်းကောင်း၊ တန်ဆာဆင်အပ်သော ပြည်ကြီးသည် ဖြစ်သတည်း"[၂]

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁။

[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁။

ဟု ရေးဖွဲ့ထားပါသည်။ ထိုအရေးအဖွဲ့ကိုကြည့်လျှင် ဘုရင်မင်းမြတ်ဘုန်းတော်ကို ဖွဲ့ဆိုရာ၌ တည်ရာဖြစ်သော ရတနာပူရအင်းဝပြည်ကြီးကို အခံ့အညား ရေးဖွဲ့ထားပါသည်။ နာမဝိသေသနပုဒ်များကို ထင်ရှားမွေ့လျော်ဖွယ်ရှိသော၊ ကျယ်ဝန်းစွာသော၊ ပွမ်းရာဖြစ်သော၊ ဆက်ကပ်ရာဖြစ်သော၊ တန်ဆာဆင်အပ်သော၊ ချောက်ချားသော၊ တင့်တယ်စွာသော ဟူ၍ အနက်ပြစကားလုံး အတွဲအဖွဲ့များ အမျိုးမျိုးပြောင်း၍ သုံးနှုန်းထားသည်။ ထိုစကားပရိယာယ်အမျိုးမျိုးသည် အကြောင်းအရာကို ပို၍ ခံ့ညားထည်ဝါလာစေပါသည်။ အနက်ပြစကားလုံး ပါဝင်သော နာမဝိသေသနပုဒ်များ၏ စုပေါင်းအားကြောင့် ရတနာပူရနေပြည်တော်၏ ဂုဏ်ကျက်သရေသည် ကြီးကျယ်ခမ်းနားလာပါသည်။ အနက်ပြစကားလုံး အတွဲအဖွဲ့များသည် အချင်းချင်း အဆက်အစပ် ရှိပြီး ရှေ့နောက်အနက်ချင်း အားပြုကာ မြို့ဘွဲ့ကို ထွန်းပလာစေသည်။ 'သော' နှင့်ဆက်သော နာမဝိသေသနပုဒ်များက ဝါကျရှည်အတွင်း၌ ပုံစံတူဟန်ချက်ညီ သဘောဆောင်နေသည်။ စကားပြေအဖွဲ့ကို ဟန်ချက်ညီစေသည်။ နာမဝိသေသနပုဒ် အချင်းချင်း အဆက်အစပ်မိသည်။ ရတနာပူရနေပြည်တော်၏ဂုဏ်ကို စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ဟန်များက ပို၍ပေါ်လွင်လာအောင် ပံ့ပိုးထားသည်။

ဇမ္ဗူဒိပ်ကျွန်းမှစ၍ ရတနာပူရအင်းဝပြည်ကြီးသို့ရောက်အောင် အဆက်အစပ် မိမိ ရေးဖွဲ့ထားပါသည်။ နာမဝိသေသနပုဒ်များမှာလည်း ရှေ့နောက် အဆက်အစပ်မိသည့်အတွက် ဦးတည်သော အကြောင်းအရာ၏ဂုဏ်ကို ဝိသေသနပုဒ်များ၏ အင်အားအစုအပေါင်းဖြင့် ခမ်းနားထည်ဝါလာစေပါသည်။ စကားအသုံးအနှုန်းအနေဖြင့် ကြည့်လျှင် 'ချောက်ချား' ဟူသော အသုံးကို တွေ့ရသည်။ အထူးထူးသော လူမျိုးတို့ဖြင့်နှံ့စပ်သည်၊ ပြည့်စုံသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ လူမျိုးပေါင်းစုံ နေထိုင်ပြီး လှုပ်လှုပ်ရှားရှားရှိနေသော မြို့ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ 'အားလုံး' ဟူသော စကားကို ဆရာတော်သည် ဝတ္ထုတစ်အုပ်လုံးတွင် 'ခပ်သိမ်းသော' ဟု သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ထိုမှတစ်ဆင့်−

> "ထိုရတနာပူရ အဝရှေပြည်၏ မြောက်အရပ်၌ ဟိမဝန္တာမှစီးသော မြိန်စွာသော ငြိမ်သော ရေရှိသော ဧရာဝတီအမည်ရှိသော မြစ် ဖြစ်သတည်း"[၁]

ဟု တင်စားထားပါသည်။ ဤနေရာတွင် မြစ်ရေကိုပင် 'မြိန်သည်' ဟု သုံးထားပါသည်။ မြစ်ရေသည်ပင် သောက်သုံး၍ အရသာရှိပေသည်ဟု စကားသုံးနှုန်းပုံမှာ ထူးခြားလှပါသည်။

---

[၁] ဂုဏာရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁။

ဆရာတော်သည် မြင်းမိုရ်တောင်အကြောင်း၊ နတ်မင်းလေးပါးတို့၏အကြောင်းကို ဗဟုသုတအဖြစ် ရေးသားတင်ပြရာတွင် ဖွင့်ဆိုရှင်းပြအရေးအသားကိုသုံး၍ ဝါကျတိုများဖြင့် သိလွယ်မြင်လွယ်ဖြစ်အောင် ရေးသားထားပါသည်။ ထိုအကြောင်းကို–

> "မြင်းမိုရ်တောင်၏ အရှေ့မျက်နှာ၌ကား ဓတရဋ္ဌမည်သော နတ်မင်းကြီးသည် နေ၏။ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသည်။ တောင်မျက်နှာ၌ကား ဝိရုဠှကမည်သော နတ်မင်းကြီးသည် နေ၏။ ကုမ္ဘဏ်တို့ကို အစိုးရ၏။ အနောက်မျက်နှာ၌မူကား ဝိရူပက္ခမည်သော နတ်မင်းကြီးသည် နေ၏။ နဂါးတို့ကို အစိုးရ၏။ မြောက်မျက်နှာ၌ကား ကုဝေရမည်သော နတ်မင်းကြီးသည် နေ၏။ ဘီလူးတို့ကို အစိုးရ၏။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ အချက်အလက်တိကျမှုကို အားပြုရေးသားသော်လည်း ရေးဟန်သည် ရှင်းလင်းပြေပြစ်ပြီး ဝါကျရှည်နှင့် ဝါကျတိုအတွဲတို့သည် အတွဲလိုက် အနေဖြင့် တစ်တွဲနှင့်တစ်တွဲ ပုံစံတူဟန်ချက်ညီနေကြသည်။ ထိုအတွဲလိုက် ဟန်ချက်ညီ ဝါကျများကြောင့် စာဟန်၏အရသာကိုပါ ခံစားစေနိုင်ပါသည်။ ဆရာတော်သည် ဝါကျရှည်ကို ဖွဲ့ရာ၌ နာမဝိသေသနပုဒ်အမျိုးမျိုးကို စကားပရိယာယ်အမျိုးမျိုးနှင့် စာဟန်ခံ့ညားအောင် ရေးခဲ့သော်လည်း ဖွင့်ဆိုရှင်းပြအရေးအသားကို သုံးသည့် နေရာ၌မူ ဝါကျတိုများနှင့် ရှင်းအောင်ရေးသားထားပါသည်။ ရှင်းလင်းသောရေးဟန်တွင် 'နေ၏' နှင့် 'အစိုးရ၏' ဟူသော ကြိယာနှစ်လုံးကိုသာ ထပ်ကာထပ်ကာ သုံးသည်။ ထိုစကားနှစ်လုံးတည်း သုံးခြင်းကပင် ဝါကျဟန်ကို ပုံစံတူ ဖြစ်စေသည်။ ထူးခြားပြီး စကားပြေ၏အရသာကို ပေါ်လွင်စေပါသည်။

အစိန္တေယျဝတ္ထုသည် ဘုရားဟောကျမ်းဂန်လာ အဆိုအမိန့် အချက်အလက်များနှင့် ပြည့်စုံနေပါသည်။ အကြောင်းအရာများက လွှမ်းမိုးနေပါသည်။ အကြောင်းအရာကို ဖတ်ရှုရင်း ဆရာတော်၏ အရေးအသားသရုပ် ပေါ်လွင်ပြီး ဆွဲဆောင်မှု အားကောင်းသော စာဟန်ကိုလည်း ခံစားနိုင်ပါသည်။ ဧရာဝဏ်ဆင်၏ အကြောင်းကို ရှင်းလင်းတင်ပြရာ၌–

> "သိကြားနတ်မင်းသည် ဧရာဝဏ်ဆင်ကို စီးလိုလတ်သော် ဧရာဝဏ်မည်သော နတ်သားကို ဆင် ဖန်ဆင်းစေ၏။ ထိုဆင်ကား အလျား၊ အနံ၊ အရပ်အားဖြင့် ယူဇနာ တစ်ရာ့ငါးဆယ် ရှိ၏။ ထိုဧရာဝဏ်ဆင်မင်းကား ဥကင် ၃၃လုံး၊ ဥကင်တစ်လုံးတစ်လုံး၌

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၂၁။

> အစွယ် ခုနစ်ချောင်း ခုနစ်ချောင်း၊ တစ်ချောင်း တစ်ချောင်းသော အစွယ်၌ ရေကန် ခုနစ်ကန် ခုနစ်ကန်၊ ရေကန် တစ်ကန် တစ်ကန်၌ ကြာခုနစ်ရုံ ခုနစ်ရုံ၊ တစ်ရုံ တစ်ရုံ၌ ကြာပွင့် ခုနစ်ပွင့် ခုနစ်ပွင့်၊ ကြာပွင့် တစ်ပွင့် တစ်ပွင့်၌ ပွင့်ချပ် ခုနစ်ချပ် ခုနစ်ချပ်၊ တစ်ချပ် တစ်ချပ်၌ နတ်သမီး ခုနစ်ယောက် ခုနစ်ယောက် တို့သည် နေကုန်၏”[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအရေးအဖွဲ့ကိုကြည့်လျှင် အကြောင်းအရာများသည် အရေးမကျွမ်းကျင်ပါက ရှုပ်ထွေးစရာ ရှိနိုင်ပါသည်။ ရှင်းလင်းမြင်သာအောင်ရေးရန် ခက်ခဲပါသည်။ ဆရာတော်၏ရေးဟန်မှာမူ အကြောင်းအရာ ရှေ့နောက် အဆက်အစပ်မိနေသည်။ ထိုသို့ အဆက်အစပ်မိစေရန် အဆက်အစပ်မိသော ရေးဟန်ကို သုံးထားပါသည်။ ပုံစံအားဖြင့် ထိုဧရာဝဏ်ဆင်မင်းကား ဥကင် ၃၃ လုံးဟု ဖော်ပြပြီး ဥကင်တစ်လုံး တစ်လုံး၌ အစွယ် ခုနစ်ချောင်း ခုနစ်ချောင်းဟူသော ပုဒ်စုနှင့် ဆက်ထားပါသည်။ တစ်ချောင်း တစ်ချောင်းသော အစွယ်၌ ရေကန် ခုနစ်ကန် ခုနစ်ကန်ဟု ထပ်ဆင့်ချိတ်ဆက်ယူပြီး ရေကန် တစ်ကန် တစ်ကန်၌ ကြာခုနစ်ရုံ ခုနစ်ရုံဟု ရှေ့နောက်ပုဒ်စုများကို အကြားအလပ်မရှိ အချိတ်အဆက်မိအောင် ရေးဖွဲ့ထားပါသည်။

ဆရာတော်တင်ပြသော အကြောင်းအရာပေါ်တွင် အာရုံစူးစိုက်လာပြီး ရေးဟန်၏ အရသာကို ခံစားမိစေပါသည်။ ဆရာတော်၏ရေးဟန်သည် မျက်မှောက်ခေတ်ရေးဟန်များနှင့် နှိုင်းယှဉ်လျှင်ပင် ထူးခြားကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ အကြောင်းအရာသည် တစ်ခုပြီးတစ်ခု တိုးမြင့်သွားသည့်အလျောက် ရေးဟန်ကလည်း တိုးမြင့်သွားပါသည်။ ခုနစ်ချောင်း ခုနစ်ချောင်း၊ ခုနစ်ကန် ခုနစ်ကန်၊ ခုနစ်ရုံ ခုနစ်ရုံ၊ ခုနစ်ချပ် ခုနစ်ချပ်ဟု မျိုးပြပုဒ်များကို နှစ်ကြိမ်နှစ်ကြိမ်ထပ်၍ ရေးဖွဲ့ထားသည့်အတွက် နရီသဘော ပါဝင်နေပါသည်။ အသံသည် ပုံမှန်စီးဆင်းနေသည့်သဘော၊ အသံများသည် ပြန်၍ထပ်ကျော့လာသော သဘောများကြောင့် အကြားအာရုံ၌ပင် ချိုသာပြေပြစ်နေရပါသည်။ ဧရာဝဏ်ဆင်၏ ခက်ခဲရှုပ်ထွေးလှသော အကြောင်းအရာတို့သည် စာဖတ်သူ၏စိတ်အာရုံ၌ တဖြည်းဖြည်း တိုးတက်မြင့်မားလာသည်။ စာပေအရသာလည်း တိုးပွားလာစေသည်။ စာဟန်သည်လည်း အသက်ဝင်လှုပ်ရှားလာပါသည်။ မျိုးပြစကားလုံးများကို ထပ်ကာထပ်ကာ ပြန်၍သုံးပေးခြင်းဖြင့် အသံ

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၃၈။

သာယာသည့်အပြင် မျိုးပြမျှားကိုမူတည်၍ ကြာဖူး၊ ကြာပွင့်၊ ကြာချပ်ဟု အဆင့်ဆင့် ပြောင်းလဲသွားပုံမှာ နှစ်သက်ဖွယ် ဖြစ်လာရပါသည်။

အစိန္တေယျဝတ္ထု၏ ဇာတ်ကြောင်းပါသော အခန်းများတွင် အလွန်ကျစ်လျစ်သော သရုပ်ဖော် အရေးအသားများကို တွေ့ရပါသည်။ ဘုရားလောင်း ဖွားတော်မူကြောင်းကို သုဒ္ဓေါဒနမင်းကြီး၏ ဆရာတော်ဖြစ်သော သမာပတ်ရှစ်ပါးကိုရသော ကာလဒေဝီလ မည်သော ရသေ့သည် နန်းတော်သို့ ကြွတော်မူလာသည်။ ထိုအခန်း၌ ဆရာတော်က–

"ဘုရားလောင်း၏ခြေတော်သည် ပျံလတ်၍ ရှင်ရသေ့ဆံကျစ်၌ တည်လေ၏။ ဘုရားလောင်းအား ထိုသို့သော ကိုယ်တော် အဖြစ်ဖြင့် ရှိခိုးအပ်သည်နှင့်ယှဉ်သော တစ်ပါးသူမရှိ။ အကယ်၍ တမူကား မသိကုန်သည်ဖြစ်၍ ဘုရားလောင်း၏ဦးခေါင်းသည် ရှင်ရသေ့၏ခြေရင်း၌ ထားကုန်ငြားအံ့၊ ထိုရှင်ရသေ့၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲ၏။ ရှင်ရသေ့လည်း ငါ့ကိုယ်ကို ဖျက်ခြင်းငှာမသင့် ဟူ၍ နေရာမှထ၍ ဘုရားလောင်းကို ရှိခိုး၏။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလည်း ထိုသို့သော အံ့ဖွယ်သရဲကိုမြင်၍ မိမိ သားတော်ကို ရှိခိုးလေ၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် ဝတ္ထုဇာတ်ကြောင်းဖြစ်စဉ်ကို ဖော်ပြနေသော ဖြစ်စဉ်ပြအရေးအသားလည်း ပါဝင်နေပါသည်။ ဘုရားလောင်း၏ ခြေတော်သည် ပြန်၍ ရသေ့ဆံကျစ်၌ တည်သည် ဟူသော လှုပ်ရှားမှု အမူအရာလည်း ပါ၏။ ရသေ့ကြီးနှင့် မင်းကြီးတို့ ရှိခိုးသော အမူအရာများလည်း ပါ၏။ ထိုအရေးအဖွဲ့များသည် ဇာတ်ဆောင်နှင့်ဇာတ်ကွက်ကို ယှဉ်တွဲ၍ သရုပ်ဖော်ထားသော အဖွဲ့များ ဖြစ်သည်။ သရုပ်ဖော်အဖွဲ့ဖြစ်သော်လည်း အကျယ်မချဲ့ဘဲ ကျစ်လျစ်သိပ်သည်းစွာ ရေးဖွဲ့ထားသည်။ စာဖတ်သူကိုမူ အံ့သြမှုရသ၊ ကြည်ညိုမှုရသများကို ဖြစ်ပေါ် စေနိုင်ပါသည်။

ဘုရားလောင်းအား နိမိတ်ပြောသော ပုဏ္ဏားရှစ်ယောက်အနက် ကောဏ္ဍည မည်သော ပုဏ္ဏားသည် ဘုရားအဖြစ်သို့ မချွတ်ရောက်မည်ဟု သိမြင်၍ ပြတ်သားစွာ အဆုံးအဖြတ်ပေးသည့် အကြောင်းကို တင်ပြရာ၌–

"ထိုသူတို့တွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍညမည်သော ပုဏ္ဏား သည်ကား ဘုရားလောင်း၏ မြတ်သောလက္ခဏာနှင့် ပြည့်စုံခြင်းကို

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၀၄။

> မြင်၍ ဤမင်းသားကား အိမ်ရာထောင်သော လူ့၏ဘောင်၌ တည်သော အကြောင်းမရှိ။ စင်စစ်လျှင် ဖြတ်အပ်ပြီးသော ကိလေသာရှိသော ဘုရားသာလျှင် ဖြစ်လတ္တံ့ဟူ၍ လက်ညှိုး တစ်ချောင်းတည်းကိုသာ ပြ၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအရေးအဖွဲ့၌ ကိလေသာတို့မှ ငြိမ်းပြီးသော ကိလေသာတို့ကို ပယ်ဖြတ်ပြီးသောဟု ရေးရမည့်အစား 'ဖြတ်ပြီးသော ဖြတ်အပ်ပြီးသော ကိလေသာရှိသော' ဟု ရေးသားပုံမှာ ထူးခြားနေပါသည်။ နိဿယစကားပြေ ရေးဟန် ဆန်သည်ဟု ထင်မြင်မိပါသည်။

ဘုရားလောင်းသည် ဥယျာဉ်တော်သို့ ထွက်တော်မူရာ၌ နတ်တို့သည် သူအို နိမိတ်ကို ပြသည်။ ထိုအခန်း၌ ဆရာတော်က–

> "နတ်တို့သည် သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်အံ့သော ကာလ နီးပြီ၊ နိမိတ်ကိုပြအံ့ ဟူ၍ တစ်ယောက်သော နတ်သားသည် အိုမင်းအိုမျဉ်းသော သွားကျိုးသော ဆံဖြူသော ကိုင်းသောကိုယ် ရှိသော တောင်ဝှေးစွဲလျက် တုန်လှုပ်သောသူကဲ့သို့ ပြလေ၏"[၂]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် 'သော' နှင့်ဆက်ထားသော နာမဝိသေသန ပုဒ်များကို ဆက်တိုက်သုံးစွဲ၍ ဝါကျရှည်တစ်ကြောင်းတည်းနှင့် သူအို၏သရုပ်ကို ကြောက်ရွံ့ဖွယ်ဖြစ်အောင် သရုပ်ဖော်ရေးသားထားသည်ကို တွေ့ရပါသည်။

ဘုရားလောင်း တောထွက်ခန်း၌လည်း ကချေသည်မိန်းမတို့ အိပ်ပျော်နေကြသည့် အသွင်ကို–

> "အချို့ကား အရိ ယိုထွက်ကုန်၏။ အချို့ကား ညစ်ညူးသောကိုယ် ရှိကုန်၏။ အချို့ကား သွားကျိတ်ကုန်၏။ အချို့ကား လက်ကတီး ကြားမှ ချွေးယိုကုန်၏"[၃]

ဟု ဝါကျတိုများကိုသုံးစွဲ၍ အပြိုင်ဝါကျများအဖြစ် သရုပ်ဖော် ရေးဖွဲ့ထားသည်။ သရေများ ယိုကျသည်ကို 'အရိယိုသည်' ဟု သုံးထားသည်။ 'ညစ်ညူး' ဆိုသော စကားသည် စိတ်သဘောဆန်သည်။ စိတ်ညစ်ညူးသည်ဟု ဆိုကြသည်။ ဆရာတော်က 'ညစ်ညူး' သော ကိုယ်ဟု ရုပ်ဝတ္ထုနှင့် တွဲသုံးထားသည်။ သဘောပြစကားလုံးကို

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၀၇။

[၂] ဂုဏရံသာလင်္ကာရ၊ ဆရာတော် ၊ (အရှင်–)၊ ၁၀၄၆၊ ၁၁၂။

[၃] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၂၀။

အကောင်အထည်ပြစကားလုံးအဖြစ် သုံးထားသည်။ ထိုသရုပ်ဖော်အဖွဲ့နှင့် ဆက်စပ်၍ ဘုရားလောင်း၏ စိတ်ခံစားမှုဖြစ်စဉ်ကို–

> "ဤသို့သော ဖောက်ပြန်ခြင်းတို့ကို မြင်တော်မူ၍ အတိုင်းအထက် အလွန် ကာမဂုဏ်တို့၌ တပ်ခြင်း ကင်းတော်မူသည်ဖြစ်၍ တန်ဆာဆင်ခြင်းနှင့်ယှဉ်သော သိကြားနတ်မင်း၏ ဗိမာန်နှင့်တူသော ပြသာဒ်အပြင်သည်ကား အထူးထူးအပြားပြားရှိသော မတင့်တယ်ခြင်းနှင့်ယှဉ်သော သုသန်ကဲ့သို့ ထင်တော်မူလေ၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ဝါကျတိုများမှတစ်ဆင့် အပြောင်းအလဲပြု၍ အလွန်ရှည်လျားသော ဝါကျရှည်ကို ပြောင်းလဲရေးသားခဲ့ပါသည်။ ဘုရားလောင်းသည် ကချေသည်တို့၏ ရွံရှာဖွယ် အသွင်အမျိုးမျိုးကို တစ်ခုပြီးတစ်ခု ထင်ရှားလာစေရန် ဝါကျတိုကို သုံးထားသည်။ ထိုမြင်ကွင်းကြောင့် စက်ဆုပ်ရွံရှာသော ခံစားမှုမှတစ်ဆင့် ရဟန်းပြုရန်ဘက်သို့ စိတ်ညွတ်လာသည့် ပြောင်းလဲသွားသော အတွေးစဉ်ကို တင်ပြရာတွင် ရှည်လျားသည့် ဝါကျရှည်ကို သုံးထားပါသည်။ ဝါကျရှည်ကြောင့် လေးနက်သောသဘောကို ပေါ်လွင်လာစေပါသည်။

## ခြုံငုံသုံးသပ်ချက်

အစိန္တေယျဝတ္ထုသည် ညောင်ရမ်းခေတ်ပေါ် ဝတ္ထုစကားပြေတစ်ပုဒ် ဖြစ်ပါသည်။ ထိုဝတ္ထုကို ညောင်ရမ်းခေတ် ဆရာတော် အရှင်ဂုဏရံသာလင်္ကာရက ရေးဖွဲ့ခဲ့ပါသည်။ ထိုဝတ္ထုတွင် ဝတ္ထုဇာတ်ကြောင်းအဖြစ် ဗုဒ္ဓဘုရားရှင် ဖွားတော်မူခန်းမှ တောထွက်ခန်းအထိ ပါဝင်ပါသည်။ ထိုအကြောင်းကို ဇာတ်လမ်းအဖြစ် ဖော်ပြထားပြီး ဗုဒ္ဓစာပေများတွင်လာသည့် မှတ်သားဖွယ်ရာ ဗဟုသုတ အကြောင်းအရာများမှာ အနန္တလေးပါး၊ အစိန္တေယျလေးပါး၊ သာဂရလေးပါး၊ မကြောင့်ကြသည့် သတ္တဝါလေးပါး၊ အံ့ဖွယ်လေးပါး၊ အသံကြီးလေးပါး၊ လက်နက်ကြီးလေးပါး စသည်တို့ ပါဝင်ပါသည်။ ထိုအကြောင်းအရာများသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများ ဖြစ်သော်လည်း သိသူ နည်းပါးလှပါသည်။ ထိုကဲ့သို့သော အကြောင်းအရာများကို ညောင်ရမ်းခေတ်ဆရာတော်က ညောင်ရမ်းခေတ်ပြည်သူတို့အား ဘာသာရေးအသိနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စေတနာထား၍ စုစည်းရေးဖွဲ့တင်ပြထားသည်ဟု ယူဆမိပါသည်။

---

[၁] ဂုဏရံသာလင်္ကာရ၊ ဆရာတော်အရှင်၊ ၁၀၄၆၊ ၁၂၀။

ဗုဒ္ဓ၏ဝတ္ထုဇာတ်ကြောင်းတွင် ဖွားတော်မူခန်းကို သရုပ်ဖော်သည့် အခန်း၊ တောထွက်ခန်းများကို တိုတိုနှင့် လိုရင်းထိမိပေါ်လွင်အောင် ရေးသားထားပါသည်။ အကျယ်တဝင့် ချဲ့ထွင်ခြင်း မပြုသော်လည်း ထုတ်နုတ်ရေးဖွဲ့ထားသော အကြောင်းအရာများသည် ရှင်းရှင်းလင်းလင်းနှင့် သိလွယ်မြင်လွယ်စေပါသည်။ ကြည်ညိုစိတ်၊ အံ့သြစိတ်၊ သဒ္ဓါတရားစိတ်များကို တင်ပြသည့်အပိုဒ်၌ အချက်အလက်များကို အဓိကထား၍ စာဖတ်သူတို့ သိလွယ်မြင်လွယ်အောင် ရေးသားထားပါသည်။ ဖွင့်ဆိုရှင်းပြအရေးအသားကို သုံးထားသည်ကို တွေ့ရပါသည်။ သရုပ်ဖော်အရေးအသားကို ရတနာပူရ အင်းဝနေပြည်တော်ဘွဲ့၊ ဘုရင်မင်းမြတ်၏ ဘုန်းတော်ဘွဲ့များနှင့် ဘုရားလောင်း၏ ဇာတ်ဝတ္ထု၌သာ တွေ့ရပါသည်။

အရေးအသားကို လေ့လာရာတွင် အချို့အခန်းများ၌ ဝါကျရှည်များကို သုံးထားပါသည်။ ဝါကျရှည်များကိုသုံးရာ၌ နာမဝိသေသနပုဒ်များကို ဆက်တိုက်သုံးစွဲ၍ စာဟန်ခံ့ညားပြီး မြို့ဘွဲ့၊ ဘုန်းတော်ဘွဲ့များနှင့် လိုက်ဖက်အောင် ရေးဖွဲ့ထားပါသည်။ နာမဝိသေသနပုဒ်များတွင်လည်း စကားပရိယာယ် အမျိုးမျိုးသုံး၍ ရေးဖွဲ့ထားပါသည်။ နာမဝိသေသနပုဒ်များသည် ရှေ့နောက် အဆက်အစပ်မိပြီးလျှင် စာဆို ဆိုလိုသည့် မြို့ဘွဲ့ ဘုန်းတော်ဘွဲ့များကို ထင်ရှားပေါ်လွင်အောင် အထောက်အကူပြုထားပါသည်။ ဗဟုသုတအကြောင်းအရာများကို တင်ပြသည့် အပိုင်း၌လည်း ဖွင့်ဆိုရှင်းပြအရေးအသားကိုသုံးပြီး အများအားဖြင့် ဝါကျတိုများကို သုံးလေ့ရှိပါသည်။

အချို့အခန်းများတွင် ဝါကျတိုနှင့်ဝါကျလတ်များကို တွဲဖက်၍ သုံးစွဲလေ့ရှိပါသည်။ ဝါကျရှည်များတွင် အပြိုင်ဝါကျသဘောများ၊ ပုံစံတူဟန်ချက်ညီ ဝါကျသဘောများ ပါဝင်သကဲ့သို့ ဝါကျတို၌လည်း ထိုသဘောများ ပါဝင်သည်။ အပြိုင်ဝါကျများ အသွင်ကိုဆောင်ကာ စာဟန်ကို နှစ်သက်ဖွယ် ဖြစ်စေပါသည်။ ဆရာတော်၏ ဖွင့်ဆိုရှင်းပြအရေးအသားများ၌ ခက်ခဲသော အကြောင်းအရာများကိုပင် စာဖတ်သူတို့ အလွယ်တကူ နားလည်အောင် ရေးသားထားသည်ကို တွေ့ရပါသည်။ စကားပြေဟန် အရသာကိုလည်း ခံစားစေနိုင်စွမ်း ရှိပါသည်။ ညောင်ရမ်းခေတ်၏ ထူးခြားအတုယူဖွယ်ကောင်းသော ဗုဒ္ဓဝတ္ထုစကားပြေတစ်ပုဒ် ဖြစ်ပါသည်။

## နိဂုံး

ညောင်ရမ်းခေတ်ပေါ် ဗုဒ္ဓဝတ္ထုစကားပြေများသည် ဝတ္ထုဇာတ်လမ်း၏သဘောကို စာဖတ်သူတို့အား မိတ်ဆက်ပေးထားပါသည်။ ငါးရာငါးဆယ် ဇာတ်နိပါတ်များကို ဝတ္ထုအသွင်ဖြင့် ရသပါအောင် ရေးဖွဲ့ဟန်ကိုလည်း စထွင်ခဲ့သည်ဟု ဆိုရပါမည်။

တစ်ဖက်ကလည်း ဗဟုသုတများကို စာဖတ်သူတို့အား ပေးလိုသော စေတနာများလည်း ပါဝင်နေပါသည်။ ထိုသဘောနှစ်ခုကို ညောင်ရမ်းခေတ် ဗုဒ္ဓစာပေဝတ္ထုစကားပြေများတွင် လေ့လာတွေ့ရှိရပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၇၉)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ***။ ရန်ကုန်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ မြန်မာစာဌာန။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၈၃)။ ***ရှေးခေတ်မြန်မာစကားပြေ၊ မြန်မာစကားပြေစာတမ်းများ (ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)။ ***ပတ္တမြားနားထောင်းဝတ္ထု***။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာအုပ်လောက။

ညောင်ကန်ဆရာတော်။ (၁၉၉၅)။ ***ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု(ပထမတွဲ) (တ-ကြိမ်)***။ ရန်ကုန်၊ ခင်ချိုထွန်းစာပေ။

ညောင်ကန်ဆရာတော်။ (၁၉၉၅)။ ***ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု(ဒုတိယတွဲ) (တ-ကြိမ်)။*** ရန်ကုန်၊ ခင်ချိုထွန်းစာပေ။

တောင်တွင်းမင်းကျောင်းဆရာတော်။ (မ- ၁၀၉၃)။ ***ဟိတသိဒ္ဓိကဝတ္ထု(စ-ကြိမ်)၊*** (ဆရာလွန်း၊ တည်းဖြတ်သူ) ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်။

တောင်ဖီလာဆရာတော်။ (၁၉၆၄)။ ***ယသဝဍ္ဍနဝတ္ထု(ပထမအုပ်)***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး၊ (၁၉၆၈)။ ***ပါဠိသက်ဝေါဟာရအဘိဓာန်***။ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၆၁)။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း (စ-ကြိမ်)***။ ရန်ကုန်၊ စံပယ်ဦးပုံနှိပ်တိုက်။

မိုးမြေ၊ မ။ (၂၀၀၈)။ ***ဇာတ်တော်ကြီးများနှင့် လူ့သဘာဝ***။ ရန်ကုန်။

မြန်မာစာအဖွဲ့၊ (၁၉၈၇)။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဝရာဘိသင်္ဃနာထဆရာတော်။ (၁၉၂၇)။ ***မဃဒေဝလင်္ကာလဝတ္ထု***။ မန္တလေး၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

သီလဝံသ၊ ရှင်မဟာ။(၁၉၅၃)။ ***ပါရမီတော်ခန်းပျို့***။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

သဒ္ဓမ္မာလင်္ကာရဆရာတော်။ (ခုနှစ်မပါ)။ ***ရတနာကရဝတ္ထု(ပထမတွဲ)***။ ရန်ကုန်၊ ဒီဘတ်စာပုံနှိပ်တိုက်။

ဟုတ်စိန်၊ ဦး။ (၁၉၉၉)။ ***ပါဠိ-မြန်မာအဘိဓာန်***။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6A**

# လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှလေ့လာခြင်း

မြင့်မြင့်ခိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် လှိုင်ထိပ်ခေါင်တင်၏ လူသိများထင်ရှားသော 'စိန်ခြူးကြာညောင်' နှင့် 'နာဂဆဒ္ဒန်' အစချီ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ စာဆို့ဘဝ၊ နောက်ခံဝန်းကျင်၊ စကားအသုံးအနှုန်း၊ ဂုဏ်၊ အလင်္ကာတို့က ဘောလယ်သီချင်း ရေးဖွဲ့ရာတွင် ရသမြောက်စေရန် အထောက်အကူပြုပုံကို လေ့လာတင်ပြထားပါသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များမှ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော ခံစားချက်များသည် သီချင်းဖြစ်ရုံသက်သက်မဟုတ်၊ စာပေအရည်အသွေးရှိကြောင်း ထင်ရှားစေရန် စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရ** – ***ဘောလယ်၊ ပုဒ်ဖြည့်စကားလုံး၊ စာဆို့အခွင့်ထူး၊ အသံ၊ ကာရန်၊ ဂုဏ်၊ အလင်္ကာ၊ ရသ။***

## နိဒါန်း

ဤစာတမ်းသည် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် ဘောလယ်သီချင်းကဗျာများတွင် မူကွဲ အမျိုးမျိုးကို တွေ့ရပါသည်။ ထိုမူကွဲများတွင် စကားလုံး တိမ်းယိမ်းမှု ရှိသော်လည်း အဓိပ္ပာယ် ကွဲပြားခြားနားခြင်း မရှိလှပေ။ ထို့ကြောင့် ဤစာတမ်းတွင် အလေ့လာခံဘောလယ်နှစ်ပုဒ်ကို နိုင်ငံတော်မူနှင့် မဟာဂီတပေါင်းချုပ်မှယူ၍ လေ့လာတင်ပြထားပါသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်သည် စာဆို၏ဘဝနှင့်ခံစားမှုမှ ပေါက်ပွားလာသောကြောင့် စကားလုံးများသည် ခံစားမှုသရုပ်ပေါ်ပြီး နားဆင်ဖတ်ရှုသူကို အလှရသခံစားမှု ပေးနိုင်စွမ်းရှိသည်။ ပဒေသရာဇ်ခေတ် ရွှေနန်းထက်က မိဖုရားတစ်ဦး၏ ဘဝနှင့်အချစ်အတွက် ပေးဆပ်ခံစားရပုံ၊ ထိုခံစားရပုံတို့ကို ပင်ကိုဗာတ်ခံအနုပညာစွမ်းနှင့် ရသမြောက်အောင် မှတ်တမ်းတင်ရေးဖွဲ့ထားပုံတို့ကို လေ့လာတင်ပြထားပါသည်။ အနုပညာပစ္စည်းနှင့် ထိုအနုပညာပစ္စည်း၏ ဖန်တီးရှင်တို့၏ဘဝ၊ ခံစားမှုများနှင့် ဆက်စပ်နေပုံများကို ထင်ရှားစေရန် အရေးအဖွဲ့ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## **၁။ ဘောလယ်**

'ဘောလယ်'သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းလာသော သီချင်းတစ်မျိုး ဖြစ်ပါသည်။ 'ဘောလယ်' ဟူသော ဝေါဟာရနှင့် ပတ်သက်၍ စာပေပညာရှင်များက အယူအဆ အမျိုးမျိုးဖြင့် ဖွင့်ဆိုခဲ့ကြသည်။

ပုပ္ပါးဦးကျော်ရင်၏ ကဝိဘာရတီကျမ်း ဒုတိယတွဲတွင်–

> "အနောက်နန်းမတော် မိဖုရားကြီး မမြလေး၏ သမီးတော် လှိုင်မြို့နှင့် ဘောလယ်မြို့စား ဘောလယ်မင်းသမီး စတင် တီထွင်၍ ရေးသားအပ်သောကြောင့် 'ဘောလယ်' ကဗျာဟု ခေါ်သည်။"[၁]

ဟု ဖွင့်ဆိုထားပါသည်။

မြန်မာစာပေသမိုင်းတွင်–

> "ဘောလယ် ဟူသည် လှိုင်မင်းသမီးကိုယ်တိုင် မှည့်ခေါ်လိုက်သော အမည် ဖြစ်တန်ရာ၏"[၂]

အချို့ဆရာတို့ကလည်း–

> "လှိုင်မင်းသမီးသည် လှိုင်မြို့ကို စားရသောကြောင့် ဘောလယ် ဟူသော မြို့လည်း လှိုင်မြို့နယ်ပယ်တွင် ပါဝင်ရကား ဘောလယ် ဟူသော အရပ်တွင် ဤသီချင်းကို စတင်စပ်ဖွဲ့သည်ကို အစွဲပြု၍ ဘောလယ် ခေါ်သည်ဟု ထင်မြင်တွေးဆကြ၏။"[၃]

ဟု ဖော်ပြထားသည်။ ကဗျာစွယ်စုံကျမ်းကြီးတွင်မူ–

> "အချို့ကလည်း လှိုင်ထိပ်ခေါင်တင်၏ ကြင်ဖက်တော် ကနောင် မင်းသားမှာ အခြားသော မိဖုရားများနှင့်သာ အချိန်ကုန်နေ၍ လှိုင်မင်းသမီးအနားသို့ မချဉ်းကပ် စိမ်းကားသကဲ့သို့ ရှိနေရာ ချစ်စိတ်နှင့်ခံစားနေရသော လှိုင်မင်းသမီးက 'စိန်ခြူးကြာညောင်'၊ 'နာဂဆဒ္ဒန်' စသော ကဗျာများကို ရေးသားဆက်သွင်းမှ ကနောင် မင်းသားကြီး၏ သံမဏိနှလုံးအိမ်မှာ အပြုံးရိုန် ဝင်စွက်ပြီး

---

[၁] ကျော်ရင်၊ ဦး(ပုပ္ပား–)၊ ၁၉၃၇၊ ၃၀။
[၂] ဖေမောင်တင်၊ ဦး၊ ၁၉၆၀၊ ၂၇၆။
[၃] ဖေမောင်တင်၊ ဦး၊ ၁၉၆၀၊ ၂၇၆–၂၇၇။

> လှိုင်မင်းသမီးဖက်သို့ ငဲ့ညွှာသော သဘောတော် ပြန်လည်လာသဖြင့် ထိုကဗျာကို 'သဘောလယ်' ဟု ခေါ်ဝေါ်သုံးစွဲရာမှ တဖြည်းဖြည်း ရွေ့လျောကာ 'သ' တစ်လုံး ပယ်ပြီး 'ဘောလယ်' ခေါ်သည်။"[၁]

ဟု ကြံဆပြထားသည်။

မောင်ခင်မင်(ဓနုဖြူ)က–

> "ဘောလယ်အရပ်မှ စတင်သီဆိုသော သီချင်းဖြစ်၍ ထိုသီချင်းကို ဘောလယ်သံ ခေါ်သည်ဟု ယူဆကြောင်း ဆရာကြီး ဦးမြင့်ကြည်က သုံးသပ်ဖော်ပြထားသည်။ ကျိုးကြောင်းသင့်သော မိန့်ဆိုချက်ဖြစ်သည်။"[၂]

ဟု တင်ပြထားသည်။

မြန်မာအဘိဓာန်တွင်–

> "ဘောလယ်/န– ကုန်းဘောင်ခေတ်တွင် ထွန်းကားသည့် သီချင်းတစ်မျိုး"[၃]

ဟူ၍ အသီးသီး ယူဆပြခဲ့ကြပါသည်။

ထို့ကြောင့် 'ဘောလယ်' ဟူသည် ကုန်းဘောင်ခေတ်တွင် ထွန်းကားသော သီချင်းတစ်မျိုး ဖြစ်ပြီး လှိုင်ထိပ်ခေါင်တင် အပိုင်စားရသော၊ ဘောလယ်အရပ်တွင် ရေပန်းစားခဲ့သော၊ လှိုင်ထိပ်ခေါင်တင် လက်ထက် ပို၍လူသိများ ထင်ရှားလာသော သီချင်းတစ်မျိုးဟု ဆိုနိုင်ပါသည်။

## ၁၊ ၁။ ဘောလယ်ပေါ်ပေါက်ပုံ

ဘောလယ်ဆိုလျှင် လှိုင်ထိပ်ခေါင်တင်နှင့်တွဲ၍ မြင်လောက်အောင် ထင်ရှားခဲ့သော်လည်း လှိုင်ထိပ်ခေါင်တင် စတင်တီထွင်ခဲ့ခြင်း မဟုတ်ကြောင်း ရှေးကျသော ဘောလယ်များ ရှိခဲ့ကြောင်း စာပေပညာရှင်များက ထောက်ပြခဲ့ကြသည်။

---

[၁] ကဗျာစွယ်စုံကျမ်း၊ ၁၉၇၈၊ ၃၄၇။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၁၄၃။

[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၅၈။

> "လှိုင်ထိပ်ခေါင်တင် အသက်(၈)နှစ် အရွယ် (၁၂၀၃) ခုနှစ်တွင် သာယာဝတီမင်း ဥက္ကလာပ၊ ရန်ကုန်မြို့၌ စံတော်မူစဉ် မြဝတီမင်းကြီးဦးစ ဆက်သွင်းသည့် 'အိုကြာပျော် နန်းသူမယ်' အစချီ မီးခွက်ကချင်း ပတ်ပျိုးတွင်လည်း ဘောလယ်ညှပ်များ ပါဝင်နေခဲ့ပေသည်။"[၁]

ယင်းတို့ကား ဘောလယ်၏ ရှေ့တော်ပြေးသဘောများ ဖြစ်သည်။ ထို့ကြောင့်လည်း ဘောလယ်သွားများ စခဲ့သူမှာ မြဝတီမင်းကြီးဦးစ ဟု ယူဆကြသည်။ စင်စစ် ဘောလယ် ပေါက်ဖွားရာနေရာသည် ကျေးတောရွာများဖြစ်ပြီး ရေးဖွဲ့သူများမှာလည်း အမည်မသိ စာဆိုများ ဖြစ်ကြသည်။ ယင်းကျေးတောရွာသုံး သီချင်းလေးများကို အနုပညာ မျက်စိဖြင့် ကြည့်မိသော မြဝတီမင်းကြီးဦးစက ပတ်ပျိုးများ၌ ဘောလယ်ညှပ်များ သုံးရာမှ မထင်မရှားပါလာသည်။ ယင်းကို ဂရုပြုမိသော လှိုင်ထိပ်ခေါင်တင်က နန်းတွင်းသူပင် ဖြစ်လင့်ကစား ကျေးတောရပ်မှ အရပ်သုံးတေးသံများကို ခံစားမှုနှင့် မွမ်းမံပေးရာမှ လူသိများ ထင်ရှားလာခဲ့သည်။

မဟာဂီတစာအုပ်တွင် လှိုင်ထိပ်ခေါင်တင် ရေးသားသော ဘောလယ်ကို (၇)ပုဒ် တွေ့ရသော်လည်း စာကြည့်တိုက်နှင့် သုတေသနဌာန၏ စာစုစာရင်းတွင်မူ (၁၀)ပုဒ်ဟု ပြထားပါသည်။ လှသမိန်၏ အနောက်နန်းမတော် မမြလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့၏ ဘဝနှင့်စာပေစာအုပ်တွင်လည်း လှိုင်ထိပ်ခေါင်တင်ရေး ဘောလယ်ကို (၁၀)ပုဒ်ဟု ဖော်ပြထားသည်။ ထို့ကြောင့်လည်း မြန်မာစာပေတွင် လှိုင်ထိပ်ခေါင်တင်သည် ဘောလယ် ပုဒ်ရေအများဆုံး ရေးသားခဲ့သည်ဟု ဆိုနိုင် ပါသည်။

## ၁၊ ၂။ ဖွဲ့စပ်ပုံ

ဘောလယ်စာပေသည် သီချင်းဘက်ကို နွယ်သောကြောင့် ဘောလယ်ကဗျာ ဟူသော အသုံးထက် ဘောလယ်သီချင်း ဟူသော အသုံးက ပို၍တွင်ကျယ်သည်ဟု ဆိုနိုင်ပါသည်။

ဘောလယ်ဖွဲ့စပ်ရာတွင် ပိုဒ်ရေကန့်သတ်ချက် မရှိဘဲ အကြောင်းအရာပေါ် မူတည်၍ ရေးဖွဲ့နိုင်သည်။ အနည်းဆုံး နှစ်ပိုဒ် ရှိရသည်။ ထိုနှစ်ပိုဒ်ကို ရေးဖွဲ့ရာတွင် ပထမပိုဒ်တွင် စပ်နည်း တစ်မျိုး၊ ဒုတိယပိုဒ်တွင် စပ်နည်း တစ်မျိုး ဖြစ်သော်လည်း နှစ်ပိုဒ်ထက်ပိုလျှင် ဒုတိယအပိုဒ်အတိုင်း စပ်ဆိုရသည်။

---

[၁] လှသမိန်၊ ၁၉၆၉၊ ၂၉၈။

ဘောလယ် ရေးသားရာတွင် အစပဒကို အက္ခရာ (၄)လုံး ဖွဲ့၍ ဂရုသံဖြင့် ချီပြီးလျှင် အဆုံးပဒကိုလည်း အက္ခရာ (၄)လုံး ဂရုသံဖြင့် ချရလေသည်။ ထိုဘောလယ် ကဗျာ၌ အချိုး (၅)ခု တို့တွင် တစ်ခုသောအချိုး၌ အခံပိုဒ်၊ အအုပ်ပိုဒ် ဟူ၍ အပိုဒ် နှစ်ပိုဒ်စီ ရှိမြဲဖြစ်သည်။ ယင်းတို့တွင်လည်း အခံပိုဒ်တွင်သာမက အအုပ်ပိုဒ်ပါ ဂရုသံဖြင့်ခံ၍ အုပ်ရမြဲ ဖြစ်သည်။

ဘောလယ်ကဗျာ အချိုး (၅) ခုတိုင်း၏ အအုပ်ပိုဒ်တိုင်းတွင် 'လေး' ဖြင့် ချမြဲ ဖြစ်သည်။ ဒုတိယအချိုးမှစ၍ နောက်အချိုးတို့ကို အချီပဒ၌ အက္ခရာ (၈)လုံးမှ (၁၀)လုံးထိ ဖွဲ့စပ်၍ ဂရုသံဖြင့် ချီပြီးလျှင် အဆုံးပဒ၌ အက္ခရာ (၄)လုံး ဖွဲ့၍ ဂရုသံဖြင့် ချရမြဲ ဖြစ်သည်။ အချိုး (၅)ခုလုံးပင် အစချီသော ဂရုသံကာရန်၊ အဆုံးချသော ဂရုသံ ကာရန် ညီညွတ်စေရမည်။ ဘောလယ်ကဗျာ၌ အချိုး (၅)ခုကို ဆက်စပ်ရာတွင် ပထမအချိုး၏ အချကာရန်ကို ဒုတိယအချိုး၏ အစချီ ပဒကာရန်ဖြင့် အုပ်၍ ချီရမြဲ ဖြစ်သည်။ ထိုသို့ချီပြီးလျှင် ရတုကဲ့သို့ ဥပဒေစေ့အောင် ကာရန်ဟပ်မိစေရန် ကာရန် ပြောင်းရသည်။

ဤနည်းဖြင့် ဒုတိယအချိုး၏ အဆုံးကာရန်ကို အခံပြု၍ တတိယအချိုး၏ အစကာရန်ဖြင့် အုပ်ရသည်။ တတိယအချိုး၏ အချိုးကာရန်ကို အခံပြု၍ တတိယ အချိုး၏ အစကာရန်ဖြင့် အုပ်ရသည်။ တတိယအချိုး၏ အချိုးကာရန်ကို စတုတ္ထ အချိုး၏ အစကာရန်ဖြင့်အုပ်၍ တစ်ဖန် စတုတ္ထအချိုး၏ အစကာရန်ကို ပဥ္စမအချိုး၏ အဆုံးကာရန်ဖြင့် အုပ်၍ချခြင်းဖြင့် ဘောလယ်ကဗျာ ဖြစ်လာသည်။ ယင်းကို သဖြန် ထည့်ရေးသားခြင်းဖြင့် ဘောလယ်ကဗျာတစ်ပုဒ် ဖြစ်လာသည်။[၁]

ဘောလယ်တွင် အမျိုးမျိုး ရှိပါသည်။ လေးဆစ်ဘောလယ်၊ လေးဆစ်ပုလဲ၊ လေးဆစ်ဘောလယ်ငိုချင်း၊ ဘောလယ်ကြောင် စသည်တို့ ဖြစ်သည်။ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်နှင့် 'နာဂဆဒ္ဒန်' ချီ ဘောလယ်တို့သည် လေးဆစ်ဘောလယ်များ ဖြစ်သည်။

## ၂။ လှိုင်ထိပ်ခေါင်တင်၏ အတ္ထုပ္ပတ္တိအကျဉ်း

လှိုင်ထိပ်ခေါင်တင်သည် အမျိုးသမီးစာဆိုလောကတွင် ထင်ရှားသော စာဆို တစ်ဦး ဖြစ်သည်။ စာဆိုသည် အိမ်ရှေ့စံ သာယာဝတီမင်းနှင့် ဟသ်ာတမြို့သူ မမြလေးတို့မှ ဖွားမြင်သူ ဖြစ်သည်။ သက္ကရာဇ် ၁၁၉၅ ခုနှစ်တွင် ဖွားမြင်ခဲ့သူဖြစ်ပြီး

[၁] ထွန်းရွှေ၊ ဦး၊ ဓမ္မာစရိယ၊ ၁၉၅၅၊ ၃၄၈။

စာဆို ငယ်အမည်၊ အမည်ရင်းမှာ ‘မဖွား၊ မဖွားကြီး’ ဖြစ်သည်။ ခမည်းတော်၊ မယ်တော် တို့က ချစ်စနိုးဖြင့် ‘တင်တင်’ ဟု ခေါ်ကြသည်။

သက္ကရာဇ် ၁၁၉၉ ခုနှစ် ကဆုန်လတွင် ခမည်းတော် သာယာဝတီမင်း နန်းတက်တော်မူသောအခါ မယ်တော် မမြကလေးကို ရွှေလောင်းတိုက်ကို စားရာမှ ဟင်္သာတမြို့ကိုပါ စားစေပြီး အနောက်နန်းမတော်အဖြစ် မြှောက်စားခဲ့သည်။ စာဆို ကိုလည်း လှိုင်မြို့ကို ပေးသနားရာမှ ‘လှိုင်မင်းသမီး’ ဟုလည်းကောင်း ‘လှိုင်ထိပ်ခေါင်တင်’ ဟူ၍လည်းကောင်း ခေါ်ကြသည်။

သက္ကရာဇ် ၁၂၀၇ ခုနှစ်တွင် စာဆို အသက် ၁၂ နှစ်အရွယ်တွင် မယ်တော် ဖြစ်သော အနောက်နန်းမိဖုရား မမြကလေးကို ခမည်းတော် သာယာဝတီမင်းက ပြည်မင်းနှင့် ကြံရာပါဖြစ်သည် ဟူသော စွပ်စွဲချက်ဖြင့် ကွပ်မျက်တော်မူသည်။ မရေးမနှောင်းပင် ‘ခမည်းတော် သာယာဝတီမင်းမှာလည်း ၁၂၀၈ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၁၄)ရက်နေ့တွင် နတ်ရွာစံခဲ့လေသည်’ ထိုသို့ ခိုကိုးရာမဲ့နေသော စာဆိုအား မင်းတုန်းမင်း၏မိဖုရား စကြာဒေဝီက ခေါ်ယူစောင့်ရှောက်ထားလေသည်။

> “စာဆိုသည် သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံမင်းလက်ထက်တော်မှစ၍ ကဗျာလင်္ကာစပ်ဆိုရာတွင် လည်းကောင်း ရုပ်ရည်ချောမောရာတွင် လည်းကောင်း ထင်ရှားကျော်စောစပြု လာသည်။”[၁]

၁၂၁၄ ခုနှစ်တွင် မန္တလေးရတနာပုံ မြို့တည် နန်းတည် ဘဝရှင်မင်းတုန်းမင်းကြီး နန်းတက်တော်မူပြီး တစ်နှစ်အကြာတွင် ညီတော် ကနောင်မင်းသားအား အိမ်ရှေ့မင်း အဖြစ် အပ်နှင်းခဲ့သည်။ ထို့နောက် ညီတော် ကနောင်မင်းသား အသက် (၃၄)နှစ် အရွယ်တွင် လှိုင်မင်းသမီး အသက် (၂၀) နှစ်တို့ကို ထိမ်းမြားပေးရာမှ အိမ်ရှေ့မိဖုရား ဖြစ်လာခဲ့သည်။ အိမ်ရှေ့မင်းနှင့် သားတော်တစ်ပါး ထွန်းကားခဲ့ရာ ထန်းတစ်ပင်မင်းသားဟု တွင်သည်။ နောင်တွင် သီပေါမင်းအရေးတော်ပုံ၌ ကွပ်မျက်ခြင်း ခံရရှာသည်။

လှိုင်ထိပ်ထား၏မောင်တော် အိမ်ရှေ့စံ ကနောင်မင်းသားသည် လက်ရုံးရည်၊ နှလုံးရည် ထက်မြက်သော မင်းသားတစ်ပါး ဖြစ်လင့်ကစား အိမ်ရှေ့မိဖုရားအပြင် ကိုယ်လုပ်မောင်းမ များပြားစွာ ထားရှိသည့် စနစ်တို့ကိုကား မပယ်ဖျက်နိုင်ခဲ့ပေ။ နိုင်ငံတော်အတွက် စိတ်ရောကိုယ်ပါ အစွမ်းကုန်ကြိုးစားနေရခြင်း၊ မိမိ နှစ်သက်တော်

[၁] ဒေါ်မိမိလေး(ဂုဏ်ထူးဆောင်ပါမောက္ခ)၊ ၂၀၀၃၊ ၄၁၃။

မှုသည့် ကိုယ်လုပ်တော်များနှင့်သာ စံစားနေခြင်းတို့ကြောင့် ကနောင်မင်းသားနှင့် လှိုင်ထိပ်ထားတို့၏ အိမ်ထောင်ရေးမှာ အဆင်မပြေလှပေ။

> "ကနောင်မင်းသားတွင် အိမ်ရှေ့မင်းမိဖုရား လှိုင်ထိပ်ထားအပြင် ကိုယ်လုပ်တော်ပေါင်း (၅၃)ယောက် ရှိ၍ သားတော် (၅၃)ပါး၊ သမီးတော် (၄၉)ပါး စုစုပေါင်း (၁၀၂)ပါး ထွန်းကားလေသည်။"[၁]

အချစ်ရေး အဆင်မပြေသည့် လှိုင်ထိပ်ထားမှာ မိမိမယ်တော်နှင့် ကံတူ အကျိုးပေးသူလည်း ဖြစ်သည်။ အိမ်ထောင်ရေး မပြေလည်မှု၊ စိတ်ဆင်းရဲမှုဒဏ်တို့ကို ကဗျာလင်္ကာ သီချင်းများ စပ်ဆိုရင်း ဖြေဖျောက်ခဲ့ရှာသည်။

စာဆို လှိုင်ထိပ်ခေါင်တင်သည် မြန်မာစာပေလောကအတွက် ဘောလယ်များ၊ ပတ်ပျိုးများ၊ တေးထပ်များ၊ လေးဆစ်များ၊ မယ်ဘွဲ့၊ မောင်ဘွဲ့ရတု၊ လင်္ကာများအပြင် ဝိဇယကာရီနှင့် ဣန္ဒာဝံသ ဟူသော နန်းတွင်းဇာတ်တော်ကြီး နှစ်စောင်ကိုလည်း ရေးသားခဲ့သည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ် ဝါဆိုလပြည့်ကျော် (၇)ရက်နေ့တွင် မြင်ကွန်းစား မြင်းခုံတိုင်စားတို့ ပုန်ကန်သည့်အရေး၌ အိမ်ရှေ့စံ ကနောင်မင်းသား ကံတော်ကုန်သဖြင့် လှိုင်ထိပ်ခေါင်တင်သည် အသက် (၃၃)နှစ် အရွယ်တွင် မုဆိုးမ ဖြစ်ရရှာသည်။ သက္ကရာဇ် (၁၂၃၇)ခုနှစ် သက်တော် (၄၂)နှစ်တွင် ကံကုန်တော်မူသည်။

## ၂။ ၁။ ဘောလယ်နှစ်ပုဒ် နောက်ခံဝန်းကျင်

နိုင်ငံတော်မူ မဟာဂီတတို့တွင် ဘောလယ်သီချင်းများကို ရှေးခေတ် ဘောလယ်၊ အလယ်ခေတ် ဘောလယ်၊ နောက်ဆုံးခေတ် ဘောလယ် ဟူ၍ (၃)မျိုး ခွဲ၍ ဖော်ပြထားသည်။ ယင်းတွင် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များကို နောက်ဆုံးခေတ် ဘောလယ်များတွင် ထည့်သွင်းဖော်ပြထားသည်။ လှိုင်ထိပ်ခေါင်တင်သည် ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော ဘောလယ်များ အဖွဲ့များသည်။ ဤစာတမ်းပါ 'စိန်ခြူးကြာညောင်' နှင့် 'နာဂဆဒ္ဒန်' ဘောလယ် (၂)ပုဒ်သည် လှိုင်ထိပ်ခေါင်တင်၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ လူသိများထင်ရှားသည့် ဘောလယ်နှစ်ပုဒ် ဖြစ်ပါသည်။

လှိုင်ထိပ်ခေါင်တင်သည် သာယာဝတီမင်း၏သမီးတော်များအနက် အချောဆုံး ဟု ဆိုကြသည်။ ထို့ကြောင့်လည်း ကနောင်မင်းသားက မြတ်နိုးတော်မူလှသည်။

[၁] လှသမိန်၊ ၁၉၆၉၊ ၁၆၄။

ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်တို့သည် အပျိုဖော်အရွယ်မဝင်မီ ဂေါရီအရွယ်ကပင် ရည်ငံခဲ့ဟန်တူကြောင်း လှိုင်ထိပ်ခေါင်တင်၏ တေးထပ်အရ သိနိုင်သည်။ ဘဝရှင်မင်းတရားကြီး နန်းတက်ပြီး သက္ကရာဇ် (၁၂၁၅)ခုနှစ် ဒုတိယဝါဆိုလဆန်းတွင် ညီတော် ကနောင်မင်းသားအား အိမ်ရှေ့အရာ အပ်နှင်းပြီး လှိုင်ထိပ်ခေါင်တင်နှင့် စုလျားရစ်ပတ် လက်ထပ်တော်မူသည်။ မောင်တော် ကနောင်မင်းသည် ယခင်က မြတ်နိုးတော်မူခဲ့သော်လည်း အိမ်ရှေ့မိဖုရား ဖြစ်လာချိန်တွင် မိမိအပေါ် လျစ်လျူရှုလာသည်ဟု လှိုင်ထိပ်ခေါင်တင် ခံစားလာခဲ့သည်။ အရေးကြီးသော တိုင်းရေးပြည်ရေး အခြေအနေအရလည်းကောင်း၊ ယောကျ်ားကောင်း မောင်းမတစ်ထောင်ပင် ထားနိုင်သော ရှေးမင်းများ အစဉ်အလာအရလည်းကောင်း အိမ်ရှေ့မင်းမှာ လှိုင်ထိပ်ခေါင်တင်ထံ အရောက်နည်းလာခဲ့သည်။ လှိုင်ထိပ်ခေါင်တင်အနေနှင့်လည်း မိမဲ့ဖမဲ့ ဆွေမျိုးနည်းဘဝတွင် မောင်တော်သည်သာ အားထားရာ ဖြစ်ပေသည်။ ထို့ကြောင်လည်း ရင်တွင်းခံစားချက်များကို ကဗျာလင်္ကာ စပ်ဆိုရင်း စိတ်ဖြေနေရရှာသည်။ ထိုသို့ ရေးသားခဲ့သော စာပေများအနက် ‘စိန်ခြူးကြာညောင်’ ဘောလယ်သည် စံထားရသော အကောင်းဆုံး ဘောလယ်အဖြစ် လူသိများ ထင်ရှားခဲ့သည်။

ဤဘောလယ်တွင် လှိုင်ထိပ်ခေါင်တင်သည် မောင်တော် ကြွမြန်းလာနိုးဖြင့် မျှော်နေရရှာသော အဖြစ်ကို တွတ်တီးတွတ်တာ ရေးဖွဲ့ပြထားသည်။ ဤတစ်သက်တွင် မိမိမှလွဲ၍ နတ်ဒေဝီများပင် ဖြားယောင်းစေကာမူ မသွေဖည်ပါဟု ဆိုခဲ့သည်။ ထို့ပြင် မောင်တော် အထွတ်အထိပ်ရောက်လျှင် မိဖုရားခေါင်အဖြစ် တင်မြှောက်ရန် ရည်ရွယ်ထားခဲ့ကြောင်း ဆိုခဲ့သော နှုတ်ထွက်စကားများကို မိမိမှာ ယုံကြည်ခဲ့သည်။ အထင်ကြီးခဲ့သည်။ ယခုမူ သူစိမ်းဆန်ဆန် နေသောကြောင့် အတိတ်က ဆိုခဲ့သောစကားများကို ပြန်ပြောင်းသတိရရင်း မောင်တော်ကို မှန်ရွှေပြတင်းက စောင့်မျှော်နေရသည့် အကြောင်း သီကုံး ရေးဖွဲ့ထားသည်။

‘နာဂဆဒ္ဒန်’ ချီ ဘောလယ်သည် လှိုင်ထိပ်ခေါင်တင်၏ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့်အတူ ထင်ရှားလူသိများသော ဘောလယ် တစ်ပုဒ် ဖြစ်ပါသည်။ ကနောင်မင်းသားတွင် သားတော် သမီးတော်များစွာ ရှိသည့်အနက် မြှောက်ဆောင်တော် မိဖုရား ရှင်ကျေးမှ ဖွားမြင်သော စမ္ပာယ်နဂိုရ် မင်းသမီးကို လွန်စွာမြတ်နိုးတော်မူလှသည်။ တစ်နေ့သော် လိမ်းတော်မူရန် စံပယ်ဆီ ယူခိုင်းရာမှ ဖန်ဘူးထဲတွင် အမှတ်မထင် ပါလာသော ပိုးဟပ်သေမှ စခဲ့သည်။ အချို့ကလည်း မလိုစိတ်ဖြင့် မင်းသမီးလေးကို မြှောက်ပင့်ပေးခဲ့၍ ကနောင်မင်းသား ကြွလာသောအခါ မင်းသမီးလေးက ငိုယိုလျှောက်တင်ခဲ့သည်။

ညနေချိန် ပွဲတော်တည်ရာ၌ ပွဲတော်လိုက်နေသော လှိုင်မင်းသမီးအား သုန်မှုန်လျက် မိန့်ခွန်းတော် မဟာဘဲ ရှိလေသည်။ လှိုင်မင်းသမီးလည်း ပွဲတော်အပြီး၌ နေရာမှ ရုတ်တရက် ဆောင့်အောင့်၍ ထွက်သွားသည်တွင် ရွှေဓားတော်ကိုင်စွဲပြီး ခုတ်ပိုင်းရန်ရွယ်ရာ အကြီးတော်များ ဝိုင်း၍ ဆွဲထားရသည်။ ထိုအဖြစ်အပျက်ကို တွေးမိတိုင်း လှိုင်မင်းသမီး ဝမ်းနည်းကာ ငိုပွဲဆင်ခဲ့ရသည်။ ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ချက်ခြင်းပင် 'နာဂဆဒ္ဒန်' ချီ ဘောလယ်ကို ဖွဲ့နွဲ့ရေးသားပြီး ညအချိန်တွင် မောင်တော်၏ ရှေ့တော်မှောက်တွင် ဖတ်ကြားစေသည်။

နောက်တစ်နေ့တွင် အစိမ်းရောင် ဝတ်လဲတော်၊ အစိမ်းရောင် မြတဘတ်၊ စိမ်းရောင်အင်္ကျီ၊ ထဘီများ ဝတ်ဆင်ပြီး မြနားဒွေးင်း၊ မြလက်ဝတ်တော်တို့ ဆင်ယင်ကာ ဒေါင်းဒလိပ်ပန်းကို ပန်ဆင်ပြီး ကနောင်မင်းသားအား 'ဘုရားနမတော် နန်းတော်သို့ ဝင်ပါတော့မည်ဘုရား' ဟု လျှောက်တင်ပြီး သားတော်နှင့်တကွ နန်းတော်သို့ ဝင်လေသည်။ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ချော့မော့တော်မူသော်လည်း မရသောကြောင့် ခွင့်ပြုတော်မူလိုက်ရသည်။

ထိုအချိန်မှစ၍ အိမ်ရှေ့မိဖုရားသည် ရွှေနန်းတော်သစ်တပ် အနောက်တံခါးအဝင် လက်ျာဘက်အိမ်တော်တွင် တစ်နှစ်ကျော်မျှ စံတော်မူသည်။ နောက်ဆုံး အိမ်ရှေ့မင်းက အမျက်တော်ပြေ၍ ပြန်ခေါ်သော်လည်း မရသောကြောင့် မြင်းစာရေးညီ မောင်မောင်ဘအား ဘောလယ်တစ်ပုဒ် ရေးခိုင်းသည်။ ထိုဘောလယ်တွင် ခုတ်သတ်ရန် ရည်ရွယ်၍ ဓားကိုင်ခြင်း မဟုတ်။ ရုတ်တရက် ယောင်မှားကိုင်ခဲ့ကြောင်း ဝေးနေ၍ ပူဆွေးရကြောင်း များဖြင့် အိမ်ရှေ့မိဖုရားထံ ဆက်စေသည်။ ထိုအခါမှ အိမ်ရှေ့မိဖုရား ပြန်လည် လိုက်ပါလာပြီး ရေးကထက် ကြင်နာစွာ စံတော်မူကြသည်။

ခံစားမှုမှပေါက်ဖွားလာသော ဤဘောလယ်နှစ်ပုဒ်သည် လှိုင်ထိပ်ခေါင်တင်၏ စာပေသမိုင်းတွင် ဘဝနှင့်ယှဉ်၍ မှတ်တိုင်ထူနိုင်ခဲ့သော ဘောလယ်များဟု ဆိုနိုင်ပေသည်။

## ၃။ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှလေ့လာခြင်း

ဤစာတမ်းသည် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဘောလယ်နှစ်ပုဒ်မှာ လှိုင်ထိပ်ခေါင်တင်၏ ဘဝနှင့်ယှဉ်တွဲ၍ ထင်ရှားလူသိများသော 'စိန်ခြူးကြာညောင်' ဘောလယ်နှင့် 'နာဂဆဒ္ဒန်' ဘောလယ်တို့ ဖြစ်ပါသည်။ ဤသို့ လေ့လာတင်ပြရာတွင် စကားအသုံးအနှုန်း၊

အရေးအဖွဲ့၊ အသံဖွဲ့ဂုဏ်၊ အလင်္ကာ၊ ရသ တို့ကိုသာ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၃၊ ၁။ စကားအသုံးအနှုန်း

ခံစားမှုကိုအခြေခံ၍ ရေးဖွဲ့ထားသော လှိုင်ထိပ်ခေါင်တင်၏ ဘောလယ် များသည် မြန်မာစာပေသမိုင်း၊ ဂီတသမိုင်းတွင် ထင်ရှားလှသည်။ အထူးသဖြင့် ချစ်မှုရေးရာနှင့် ပတ်သက်သော ခံစားမှု သောကများကို ဖော်ထုတ်တင်ပြရာတွင် ယဉ်ကျေးသိမ်မွေ့ခြင်း၊ စကားသုံး လှပပြေပြစ်ခြင်း စကားပရိယာယ် ကြွယ်ဝခြင်းဂုဏ် တို့နှင့် ပြည့်စုံသူ ဖြစ်ပါသည်။

စာဆို လှိုင်ထိပ်ခေါင်တင်သည် နန်းတွင်း၌ ကြီးပြင်းလာသူပီပီ စာဆို၏ ဘောလယ်များတွင် နန်းဆန်သည့် စကားသုံးများကို ထည့်သွင်းရေးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင် 'ရေသွန်းတော်'၊ 'တစ်ကိုယ်တော်'၊ 'သစ္စာတော်'၊ 'မှုဟန်တော်'၊ 'ပြုတော်' ဟူ၍လည်းကောင်း 'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင် 'ရွှေကိုယ်တော်'၊ 'ဆုထူးတော်'၊ 'လက်သုံးတော်' ဟူ၍လည်းကောင်း၊ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင် 'ရွှေကြက်'၊ 'ရွှေလက်'၊ 'ရွှေပြတင်း' ဟူ၍လည်းကောင်း၊ 'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင် 'ရွှေကိုယ်တော်'၊ 'ရွှေသဲဆိုင်' ဟူ၍လည်းကောင်း ရေးဖွဲ့ထားပါသည်။ ယင်းအဖွဲ့ များတွင် ထီးသံနန်းသံပါပါ တင်စားခေါ်ဝေါ်သော အသုံးများအဖြစ် 'တော်' ဟူသော စကားလုံး 'ရွှေ' ဟူသော စကားလုံးများကို ထပ်ခါထပ်ခါသုံးကာ ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ ဤသို့သုံးနှုန်းထားသည့်အတွက် နန်းဆန်ပြီး ယဉ်ကျေးသိမ်မွေ့မှုကို ပေါ်လွင်စေပါသည်။ ထိုအသုံးများကြောင့် ကဗျာဟန်စာဟန်သည် နူးညံ့ပျော့ပျောင်းပြီး နွဲ့နွဲ့နှောင်းနှောင်း ရှိနေပါသည်။

'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင် စာဆိုသည် မောင်တော် ကနောင်မင်းသား ကိုပင် 'ရွှေကိုယ်တော်'၊ 'မောင်ဘုန်းကြွယ်'၊ 'သခင်'၊ 'ဘုန်းရှိသူ' ဟူ၍ အမျိုးမျိုး သုံးကာ တင်စား ရေးဖွဲ့ထားသည်။ ယင်းအဖွဲ့အရ စကားပရိယာယ် ကြွယ်ဝသူ၊ ဝေါဟာရ ကျွမ်းကျင်ပိုင်နိုင်သူ ဖြစ်ကြောင်း တွေ့ရပါသည်။

ထိုမျှသာမက စာဆိုသည် စကားလုံးများ ဖွဲ့သီရာတွင် မြင်ယောင် ကြားယောင် လာအောင် ရွေးချယ်သုံးနှုန်းနိုင်သူလည်း ဖြစ်သည်။ 'စိန်ခြူးကြာညောင်' ဘောလယ်တွင် လှိုင်ထိပ်ခေါင်တင်က မောင်တော် ကနောင်မင်းအား မှန်ရွှေပြူတင်းမှ စောင့်မျှော်ရင်း

တမ်းတပူဆွေးနေပုံကို 'မယ်ခုမျှော်' ဟူသောစကားကို သုံးထားသည်။ မယ်သည် ယခု မျှော်နေရပါသည်ဆိုသော သဘောကို ကျစ်လျစ်သော နာမ်အဖြစ်ပြောင်း၍ သိမ်မွေ့ပြီး ကရုဏာသက်စရာ ဝေါဟာရအဖြစ် တီထွင်သုံးစွဲထားသည်။ မောင်တော်နှင့် ပတ်သက်ပြီး ရှေးဟောင်းနှောင်းဖြစ်ကြောင်းများကို နဖူးပေါ်လက်တင်၍ စဉ်းစားခန်းဝင်နေပုံကို 'ဖူးရွှေလက်တင်' ဟု သုံးထားသည်။ နဖူးပေါ် ရွှေလက်တင်သည်ဟု ရေးဖွဲ့ရာတွင် ရှေ့စကားအဖွဲ့ 'န' ကို ဖြုတ်၍ စကားလုံး သွေဖည်သုံးစွဲထားသည်မှာ နှစ်သက်ဖွယ် ဖြစ်သည်။ 'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင်လည်း မောင်တော် ကနောင်မင်းသား၏ ရက်စက်သော အပြုအမူကို 'ပိုင်းသတ်မည်ရွယ်' ဟူသော စကားလုံးဖြင့် ရေးဖွဲ့ထားရာ မောင်တော်၏ ရာဇဟန်နှင့် ပြုမူလိုက်သော အမူအရာ သရုပ်ပေါ်စေသည်။

ဤသို့ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များသည် ရင်တွင်းခံစားချက်များကို ဖော်ထုတ်ပြနိုင်သည့်အပြင် သိမ်မွေ့ပြီး နန်းဆန်သည့် အသုံးများဖြင့်လည်း စာဖတ်သူ ရင်ကို ရိုက်ခတ်လာအောင် ပို့ပေးနိုင်စွမ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊ ၂။ စကားလုံး သွေဖည်ခြင်း

ဘောလယ်စာပေသည် သီချင်းကဗျာ အမျိုးအစား ဖြစ်သည့်အလျောက် စာဆိုအခွင့်ထူးများကို သုံး၍ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ စာဆိုအခွင့်ထူးကို ရယူ၍ သုံးရိုးသုံးစဉ်နှင့်ကွဲပြားသော၊ ထူးခြားဆန်းသစ်သော စကားသုံး သွေဖည်ခြင်းများ ဖန်တီးတီထွင်ကြသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များတွင်လည်း စာဆို့ အခွင့်ထူးကို ရယူပြီး အစီအစဉ်ပြောင်း ရေးဖွဲ့ခြင်း၊ ကာရန်ငဲ့ခြင်း၊ စကားလုံး ကြားထိုးခြင်း၊ အစသံ၊ အလယ်သံ၊ အဆုံးသံများ ဖျောက်၍ သုံးခြင်းဖြင့် ရေးဖွဲ့ ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

'စိန်ခြူးကြာညောင်' ချီ ဘောလယ်တွင် စာဆို လှိုင်ထိပ်ခေါင်တင်သည် အိမ်ရှေ့စံ မောင်တော် ကနောင်မင်းသား ကြွမလာသောကြောင့် သံသယစိတ်များဖြင့် အတွေးပွားရသည်။ မောင်တော်နှင့် ပတ်သက်သည့် ရှေးဟောင်းနှောင်းဖြစ်များကို နဖူးပေါ်လက်တင်၍ အတွေးနယ်ချဲ့သည့်အကြောင်း ရေးဖွဲ့ရာတွင်-

> "ထွေရာစိတ်ကူးပါလို့ ဖူးရွှေလက်တင် ဖြစ်ရေးကုန်စင်
> ဘဝင်တုန်ဆွေးတယ်လေး၊ တွေးကြံလိုက်ရင်"[၁]

---

[၁] နိုင်ငံတော်မှူ၊ ၁၉၈၆၊ ၁၀၂။

ဟူ၍ ရေးဖွဲ့ထားပါသည်။ ယင်းတွင် 'ရှေးဖြစ်'ကို 'ဖြစ်ရှေး' ဟူ၍ ရှေ့နောက် နေရာပြောင်း၍ စကားလုံးသွေဖည်သုံးထားသဖြင့် တစ်မျိုးဆန်း တစ်မျိုးလှနေသည်။ ထို့ပြင် နဖူးပေါ်လက်တင်၍ တွေးတောသည်ကို 'န' ကို မြုပ်၍ 'ဖူးရွှေလက်တင်' ဟု သုံးထားသောကြောင့်လည်း ထီးဆန် နန်းဆန်သွားသယောင် တွေးထင်မိပါသည်။

'နာဂဆဒ္ဒန်'ချီ ဘောလယ်တွင်လည်း စာဆို လှိုင်ထိပ်ခေါင်သည် မောင်တော် ကနောင်မင်းသားအပေါ် မေတ္တာစိတ် ကြီးမားသူ ဖြစ်သည်။ မိမိချစ်ရသူက ဓားဖြင့် ရွယ်သည့် ဖြစ်ရပ်ကိုတွေးရင်း အသည်းကြွေလုမတတ် နာကျင်စွာ ခံစားခဲ့ရသူ ဖြစ်သည်။ သို့အတွက်ကြောင့် မောင်တော် အလိုရှိပါက မိမိအသက်ကို ဆယ်ခါပြန် နှင်းအပ်မည့်သူ ဖြစ်ကြောင်း 'ဆယ်ပြန်သက်ကိုလေး၊ နှင်းဆက်တော့နိုင်' ဟူသော အဖွဲ့တွင် 'ဆယ်သက်ပြန်' ကို 'ဆယ်ပြန်သက်' ဟု သွေဖည် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ထိုသို့ စကားသုံး သွေဖည် ရေးဖွဲ့ခြင်းကြောင့် ကျစ်လျစ်ပြီး ဆန်းသစ်စေသည်ကို တွေ့ရပါသည်။ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင် စာဆို လှိုင်ထိပ်ခေါင်တင်က မောင်တော် ကနောင်မင်းသားအပေါ် ချစ်မေတ္တာပိုခဲ့သော်လည်း မောင်တော် ကနောင်မင်းကမူ စိမ်းကားသည်မှာ တစ်ပြင်လုံး ပိတ်ပိတ်ပိန်းအောင် စိမ်းကားလှသည်။ အကြင်နာများ အချစ်ရိပ် အချစ်ယောင်များ ပျောက်ကွယ် စိမ်းကားနေသည်ဟု ထင်မိပုံကို–

> "ခုများမှာ သူတဥာဏ်နှင့် မူဟန်တော်ခြား၊ ပြုတော်မူအားသူမို့၊
> မျက်ထားသုန်သုန်၊ မသိပြင်ပြင် အလျှင်သူစိမ်းတယ်လေး
> ပိန်းပိတ်လို့မှုန်"[၁]

ဟု 'စိမ်း' နှင့် 'ပိန်း' ကို ကာရန်ငဲ့၍ 'ပိတ်ပိတ်ပိန်း' ဟူသော အသုံးကို 'ပိန်းပိတ်' ဟု ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ပိန်းပိတ်သည် အရပ်သုံး စကားဆန်သည်။ အရပ်သုံးဟန်သဘောစကားကြောင့် မောင်တော်၏ အမုန်းနှင့်စိမ်းကားခြင်းတို့ သရုပ်ပေါ်လာပါသည်။

ထို့အတူ 'နာဂဆဒ္ဒန်' ချီ ဘောလယ်တွင်လည်း မိခင်ဖြစ်သူက အချစ်ရေးနှင့် ပတ်သက်၍ အကြိမ်ကြိမ် သတိပေးခဲ့သော်လည်း စာဆို လှိုင်ထိပ်ခေါင်တင်၏ စိတ်ထဲတွင် ချစ်သူကို ရိုးမြေကျပေါင်းရန် ရည်ရွယ်ခဲ့ပါသည်။ လူကြီးသူမများ သတိပေးသကဲ့သို့ ဖြစ်လာမှ သိခဲ့ရကြောင်းကို ထိုအချိန်က ခေတ်စားနေသော စကားလိမ်အသုံးများဖြင့်–

---

[၁] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။

"ရှေးသူဟောင်းငယ်တို့၊ ထုံးသက်သေ၊ နိမှသောင်၊ နောင်မှ
သိမယ်လေး၊ ထုံးရိုလျက်ပေ"[၁]

ဟူ၍ စကားလုံး ရှေ့နောက်ပြောင်း၍ သွေဖည်ထားရာ ဆိုရိုးပမာ အသုံးတွင်ကျယ်လာသည်။

ထိုမျှသာမက တစ်ခါတစ်ရံ ရှေ့စကားသံများဖျောက်၍လည်း ရေးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင်–

"နတ်ဒေဝီ၊ ဖြားသော်လဲ၊ တစ်ပါးမသွေ"[၂]

"မတ်ခြွေရွှေ၊ ဝန်းပါလို့၊ ရေသွန်းတော်ခံ"[၃]

"ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်"[၄]

အထက်ပါအဖွဲ့များတွင် 'ဖြားယောင်း'ကို အဆုံးသံဖျောက်၍ 'ဖြား' ဟု သုံးထားသည်။ 'မတ်ခြွေရွှေ' နှင့် 'ဖူးရွှေလက်တင်' တို့တွင် 'မှူးမတ်' ကို အစသံဖျောက်၍ 'မတ်' ဟု လည်းကောင်း၊ စကားလုံး သွေဖည်ရေးဖွဲ့ထားသည့်အတွက် ကန့်ကလျဟန် ပေါ်လွင်နေသည်။ ခံစားရမှုများကို ဖွဲ့ကာနွဲ့ကာ သနားစရာ ပြောနေသည့်ဟန် ပေါ်၍ ကရုဏာသက်စရာ၊ နှစ်သက်စရာ ကောင်းသည်။ စကားသုံးများ နူးညံ့သည့်အတွက် အလိုလို နန်းဆန်နေသည်။ ဤကဲ့သို့ တောနယ်မှ တေးကဗျာများကို စာဆိုအခွင့်ထူး အပြည့်အဝသုံး၍ မွမ်းမံခြယ်သမှုကြောင့် လှိုင်ထိပ်ခေါင်တင်နှင့် ဘောလယ်စာပေကို တွဲပြီးမြင်နိုင်လောက်အောင် ထင်ရှားခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဆရာကြီး ဦးမြင့်ကြည်က–

"လှိုင်ထိပ်ခေါင်တင်ကား ဘောလယ်သီချင်း၏ မွေးစားမိခင်လည်း ဟုတ်ပါ၏။ ရွှေတုံးအရိုင်းကလေးကို နော်ဇာကုံး ဖြစ်အောင် လုပ်ပေးသည့် လက်တတ် ရွှေပန်းထိမ်ဆရာလည်း ဖြစ်ပါသည်။ တော်ဝင်ပန်းလေးကို တော်ဝင်ပန်းကုံးဖြစ်အောင် ခြယ်လှယ် သီကုံးတတ်သည့် ပန်းတော်ဆက်လည်း မှန်ပါ၏။"[၅]

---

[၁] ပြုံးချို၊ ဦး၊ ၁၉၅၄။ ၁၈၂။
[၂] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၃] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၄] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၅] မြင့်ကြည်၊ ဦး၊ ၂၀၁၁၊ ၂၁၁။

ဟု မှတ်ချက်ချခဲ့ခြင်း ဖြစ်ပါသည်။

## ၃၊ ၃။ ပုဒ်ဖြည့်စကားလုံး

ပုဒ်ဖြည့်စကားလုံး ဆိုသည်မှာ ပဒ (ပုဒ်)နှင့် ပူရဏ (ဖြည့်စေသော)ကို ပေါင်းထားခြင်းဖြစ်ပြီး ပုဒ်ကိုဖြည့်ပေးသော ပုဒ်ဖြည့်စကားလုံးဟု အနက်ရပါသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ(၃)တွင်–

"ဝါကျတွင် အဓိပ္ပာယ်အထူး တိုးပြည့်စေခြင်း၊ ပြောင်းလဲစေခြင်း
မရှိဘဲ ပုဒ်ပြည့်စေရုံမျှ ထည့်သွင်းထားသော အဖြည့်ခံပုဒ်မျိုး"[၁]

ဟု ဖွင့်ထားပါသည်။ အနက်ထူး မရှိသော်လည်း အနက်ကို လေးနက်စေသော ပဒပူရဏနှင့် အနက် မပြောင်းလဲစေသော ပဒပူရဏပုဒ် ဟူ၍ ရှိသည်။

ကဗျာ၊ လင်္ကာသီချင်းများတွင် ပုဒ်ဖြည့်စကားလုံးများ သုံးလေ့ ရှိသည်။ သီချင်းဘက်နွယ်သော ဘောလယ်စာပေများတွင်လည်း ကြိုးသီချင်း၊ ယိုးဒယားသီချင်း များနည်းတူ ပုဒ်ဖြည့်ပေးခြင်းအားဖြင့် ပြေပြစ်ပြီး ဖတ်ရ ဆိုရ လွယ်ကူစေသည်။

လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များတွင်လည်း အနက်ထူးမရှိသော်လည်း အနက်ကို လေးနက်စေသော ပုဒ်ဖြည့်စကားလုံးများ သုံးထားကြောင့် လေ့လာတွေ့ရှိရပါသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင်–

"စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့ မှန်ရွှေပြူတင်းငယ်က"
"ထွေရာစိတ်ကူးပါလို့ ဖူးရွှေလက်တင်"
"ကြော့ကြော့ဆုံးကို နောင်ကြင်ငဲ့ သည်သက်တွင်ပဲ"
"သစ္စာတော် စူးပါစေ့၊ ဆိုဦးကပင်"

'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင်–

"နာဂဆဒ္ဒန် ဆဒ္ဒန်၊ သန္ဓေမှန်နှစ်ပေပ"
"မြတ်စိန္တေ ဦးမှာလ၊ ဆုထူးတော်ပိုင်"
"ဘုန်းမတန်ဘဲငယ်နှင့်၊ ဟိုရှေးငယ် တမူနှင့်"
"မာလာရုံ တွင်းမှာလ၊ ဟိုရှေးငယ် တမူနှင့်"
"ဆိုဆိုပေ သားငယ်နှင့် မယ် နားမထောင်"

---

[၁] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၃)၊ ၁၉၇၉၊ ၄။

"ရိုးပြာမြေ တိုင်အောင်ပ၊ ကြံရွယ်အောင်"
"ရှေးရှေးသူတော်ကောင်းငယ်တို့"

အထက်ပါ ဘောလယ်နှစ်ပုဒ်တွင် 'ပါ'၊ 'ငယ်'၊ 'ပဲ'၊ 'ပင်'၊ 'ပ'၊ 'လ'၊ 'မို့' စသော ပုဒ်ဖြည့်စကားလုံးများ သုံးထားသည်။ ယင်းတို့အနက် 'ပါ'၊ 'ငယ်'၊ 'ပ'၊ 'လ' စသည့် ပုဒ်ဖြည့်စကားလုံးများကို အသုံးများကြောင်း တွေ့ရပါသည်။ 'ငယ်' နှင့် 'ပါ' ဟူသော ပုဒ်ဖြည့်စကားလုံးများ သုံးထားခြင်းဖြင့် သိမ်မွေ့ညင်သာသည့်သဘော၊ ယဉ်ကျေးသိမ်မွေ့သည့်သဘောကို ပေါ်စေသည်။ ထို့ပြင် ထိုပုဒ်ဖြည့်စကားလုံးများ အရလည်း အားငယ်သည့် လေသံကို ထင်ရှားစေသည်။ ထို့အတူ 'လ' နှင့် 'ပ' ပုဒ်ဖြည့်စကားလုံးများမှာမူ ရပ်၍၊ ဖြတ်၍ ရွတ်ဆိုသည့် သဘောကို ပေါ်စေပါသည်။ ပဲ၊ ပင်၊ ပ၊ လ စသော ပုဒ်ဖြည့်စကားလုံးများမှာ အသံခေတ္တရပ်နားရန် သုံးသည်ဟု ယူဆရပါသည်။ ထိုပုဒ်ဖြည့်စကားလုံးများကြောင့် အသံသွား၊ အသံလာ ဖြည့်ညှင်း သာယာစေသည်။ အချို့ပုဒ်ဖြည့်စကားလုံးများသည် အနက်ကိုလည်း အထောက်အကူ ပြုနိုင်သည်။ ငယ်၊ ပါ ဆိုသည့် ပုဒ်ဖြည့်စကားလုံးများမှာ အသံကိုထောက်၍ ထည့်ဖွဲ့ခြင်း ဖြစ်သော်လည်း အားငယ်နေသည့် ခံစားမှု၊ ယဉ်ကျေးဖွယ် ခံစားမှုများကို ပေါ်လွင်စေပါသည်။

ဤသို့ သူ့နေရာနှင့်သူ လိုက်ဖက်အောင် ပုဒ်ဖြည့်စကားလုံးများ ထည့်သွင်း ပေးခြင်းဖြင့် ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို ပိုမိုလေးနက်စေသည့်အပြင် အသံကို ပြေပြစ်အောင် ပံ့ပိုးရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

## ၃၊ ၄။ နရီစည်းဝါး

စကားပြောရာတွင် အသံအနိမ့်အမြင့်၊ နရီစည်းဝါးကျကျ ပြောသော စကားများမှာ နားအာရုံကို ဆွဲဆောင်နိုင်စွမ်းရှိသကဲ့သို့ စာရေးရာတွင်လည်း နရီစည်းဝါး ကျနမှုသည် အရေးပါလှသည်။ မောင်ခင်မင်(ဓနုဖြူ)က–

> "နရီစည်းဝါးသဘော ဆိုသည်မှာ ရေးသူ၏ အဆိုအမိန့်တွင် အသံကိုရော၊ အနက်ကိုရော ချီ၍၊ ချ၍၊ တက်၍၊ သက်၍ စီစဉ်တတ်သော သဘောကို ယေဘုယျအားဖြင့် ဆိုလိုပါသည်။"[၁]

ဟု ဆိုခဲ့ပါသည်။ စင်စစ် နရီစည်းဝါးသည် မြန်မာ့ဂီတသုံး ဝေါဟာရ ဖြစ်သည်။ အသံအနိမ့်အမြင့်ကို တစ်လှည့်စီ ပိုင်းခြားသည့် သဘောချင်းတူသည့်အတွက်

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၅၄။

နရီစည်းဝါး ဟူသော ဂီတသုံးဝေါဟာရကို စာပေသုံးဝေါဟာရအဖြစ် အဓိပ္ပာယ်ချဲ့ထွင် သုံးလာခြင်း ဖြစ်ပါသည်။

ဘောလယ်သည် တေးသီချင်းဘက်နွယ်သော စာပေဖြစ်သည့်အလျောက် ဂီတနှင့် တွဲဖက်ဆိုနိုင်သကဲ့သို့ စည်းလွတ်ဝါးလွတ်လည်း ဆိုနိုင်သည်။ ထို့ကြောင့် ဘောလယ်စာပေသည် စည်းကမ်းမများသော်လည်း စည်းဝါးကျနသော အဖွဲ့များ ကြောင့်ပင် ရွတ်ဖတ်သူကို ပြေပြစ်အောင် စွမ်းဆောင်နိုင်စွမ်း ရှိပေသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်နှင့် 'နာဂဆဒ္ဒန်' ချီ ဘောလယ်တို့တွင်လည်း သံလွင်သံလေးများ တစ်လှည့်စီသုံး၍ နရီစည်းဝါး ပိုင်နိုင် ကျွမ်းကျင်စွာ ရေးဖွဲ့ထားသည်။

'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင်–

"စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြတင်းငယ်က၊
မယ်ခမျှော်၊ သုံးချက်စည်တော်၊ ရိုက်ဆော်ညင်းတယ် လင်းရွှေကြက်ဆော်"[၁]

ဟူသော အဖွဲ့တွင် 'ညောင်– ရောင် (သံလွင်)' ကို 'လင်း–တင်း (သံလေး)' ဖြင့် ကာရန်ယူထားသကဲ့သို့ 'မျှော်–တော် (သံလွင်)' နှင့် 'ညင်း–လင်း (သံလေး)' တို့ကို တစ်လှည့်စီ ကာရန်ယူထားသည့်အတွက် အသံအနိမ့်အမြင့်၊ အချီအချတို့မှာ အချိုး ကျကျ ပေါ်လွင်လာကြောင်း တွေ့ရပါသည်။

ထိုသို့ အသံအနိမ့်အမြင့်သဘောနှင့်အတူ 'စိန်ခြူးကြာညောင်'၊ 'မှန်ရွှေပြတင်း' စသည့် စကားလုံးများကလည်း နေရာဒေသနောက်ခံကို ပုံပေါ်လာအောင် တွဲစပ် ရေးထားပုံမှာလည်း လိုက်ဖက်လှသည်။ ထို့မျှသာမက 'သုံးချက်စည်တော်၊ ရိုက်ဆော် ညင်းတယ် လင်းရွှေကြက်ဆော်' ဟူသော အဖွဲ့များဖြင့်လည်း အကောင်အထည်ပြ စကားလုံးများသုံး၍ အနက်ကို ပေါ်လွင်စေသည်။ အသံနှင့်အနက် တွဲစပ်၍ မြင်သာအောင် ရေးဖွဲ့ထားသည့်အတွက် လေသာပြတင်းမှ မောင်တော် ကနောင် မင်းသားအား မျှော်နေပုံကို စာဖတ်သူတို့၏ စိတ်မျက်စိတွင် မြင်ယောင်လာစေ ပါသည်။

ထို့အတူ 'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင်လည်း–

[၁] နိုင်ငံတော်မှူး၊ ၁၉၈၆၊ ၁၂၀။

"တကယ်ပင် မုန်းတော့မှာလား၊ မောင်ဖုန်းကြွယ်၊ ရှောင်လွှဲငယ် သွေဖယ်လို့၊ မတွယ်တာဘဲ မယ့်ရင်ထဲမှာလ ရွှေသဲဆိုင် ကျွမ်းလုကြွေယိုင်"[၁]

ဟူသော အဖွဲ့တွင်လည်း 'မုန်း–ဖုန်း (သံလေး)'၊ 'ငယ်–ဖယ် (သံလွင်)'၊ 'ထဲ–သဲ (သံလေး)' တို့ကို သံလွင်တစ်လှည့် သံလေးတစ်လှည့် ကာရန်ယူထားသောကြောင့် စည်းဝါးကျနပြေပြစ်လှသည်။ ထို့ပြင် 'တကယ် မုန်းတော့မှာလား' ဟူသော အမေး စကားများ 'မောင်ဖုန်းကြွယ်' ဟူသော တိုက်ရိုက်ပြောစကားများဖြင့် စာဆို လှိုင်ထိပ်ခေါင်တင်၏ မချင့်မရဲမေးဟန်လေးမှာလည်း ကြားယောင်လာစေပါသည်။

ဘောလယ်စာပေများသည် အခြားသော သီချင်းများကဲ့သို့ အလွဲအပြောင်းများ တစ်ပိုဒ်မှ စတည်၍ နောက်စာပိုဒ်များတွင်လည်း အသွာအလာ အနေအထား တစ်သံတည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊ ၅။ ကာရန်

စာဆို လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များအနက် 'စိန်ခြူးကြာညောင်' နှင့် 'နာဂဆဒ္ဒန်' ဘောလယ်နှစ်ပိုဒ်တွင်သာ အဆုံးသတ်သဖြန် တွေ့ရသည်။ ဤဘောလယ် နှစ်ပိုဒ်တွင် ကာရန်ယူပုံမှာ ပုံစံဖော်လောက်အောင် မှန်ကန်ညီညွတ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များသည် ကာရန်ညီ၍ နားဝင်ချို နှစ်သက်မှုကို ဖြစ်စေပါသည်။ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင်–

"ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်၊ ဖြစ်ရှေးကုန်စင် ဘဝင် တုန်လေးတယ် တွေးကြံလိုက်ယင်"[၂]

"နတ်ဒေဝီဖြားသော်လည်း တစ်ပါးမသွေ ရှစ်ဗြဟ္မာခြွေပါလို့ အောင်ဇေယျာညွှန်း မတ်ခြွေရွှေဝန်းပါလို့ ရေသွန်းတော်ခံ"[၃]

အထက်ပါအဖွဲ့တို့တွင် ကာရန်ယူထားပုံမှာ တစ်ပိုဒ်နှင့်တစ်ပိုဒ် ပုံစံကျနသည့် အပြင် ကာရန်တူများကို နီးနီးကပ်ကပ် ချိတ်၍ယူထားသည်။

---

[၁] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၂] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၃] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။

ပထမအဖွဲ့တွင် 'ကူး'နှင့်'ဖူး'၊ 'တင်'နှင့်'စင်'၊ 'ကုန်'နှင့်'တုန်'၊ 'ဆွေး'နှင့်'တွေး' တို့ကို သရချင်းတူ ဗျည်းချင်းကွဲသော ကာရန်ချင်း ချိတ်ယူထားသကဲ့သို့ ဒုတိယအဖွဲ့ တွင်လည်း 'ဖြား'နှင့်'ပါး'၊ 'သွေ'နှင့်'ခြွေ'၊ 'ပါ'နှင့်'ယျာ'၊ 'ညွန်း'နှင့်'ဝန်း' တို့ကိုလည်း သရချင်းတူ ဗျည်းချင်းကွဲသော ပုံစံတူကာရန်များ ယူထားသည်ကို တွေ့ရသည်။

ထိုသို့ ကာရန်ချိတ်ယူရာတွင် ကာရန်အားလုံး၏ ရှေ့နေရာမှာချည်းယူ၍ ချိတ်ဆက်ထားသည်ကို တွေ့ရသည်။ ပထမအဖွဲ့တွင် 'ကူး'နှင့်'ဖူး' ကာရန်ရှေ့တွင် 'တင်' ကာရန်ယူပြီး နောက်ကာရန် 'စင်' နှင့် ချိတ်ဆက်ယူထားသည်။ ထို့အတူ 'ကုန်' နှင့် 'တုန်' ကာရန်ရှေ့တွင် 'လေး' ကာရန်ယူ၍ နောက်ကာရန် 'တွေး' ဖြင့် ချိတ်ဆက် ယူထားသည်။

'နာဂဆဒ္ဒန်' အစချီ ဘောလယ်တွင်လည်း–

"ရွှေကိုယ်တော်ဘုန်းမှာလ၊ လက်သုံးတော်မှန်၊ မခြွင်းချုန်ပါနှင့်၊
ရာသက်ပန်ပေါင်း မြတ်ဉာဏ်ယူလောင်းပါလို့ ဆုတောင်းပါတယ်"[၁]

"မြတ်စိန္တေဦးမှာလ၊ ဆုထူးတော်ပိုင်၊ မယိမ်းယိုင်အောင်လို့၊
ကြံ့ပါကတဲ၊ ဖုန်းမတုန်ပဲငယ်နှင့် ကံလဲမကူ"[၂]

အထက်ပါ အဖွဲ့များတွင်လည်း သရချင်းတူ ဗျည်းချင်းကွဲများကို ကာရန်ချိတ်၍ ရေးဖွဲ့ထားသည်။ ပထမအဖွဲ့တွင် 'ဘုန်း'နှင့်'သုံး'၊ 'မှန်'နှင့်'ချုန်'၊ 'ပါ'နှင့်'ရာ'၊ 'ပေါင်း' နှင့်'လောင်း'၊ 'တောင်း' ဟူ၍ ကာရန်ချိတ်ယူထားသကဲ့သို့ ဒုတိယအဖွဲ့တွင်လည်း 'ဦး'နှင့်'ထူး'၊ 'ပိုင်'နှင့်'ယိုင်'၊ 'ကြံ့'နှင့်'ဖုန်'၊ 'တုန်' ဟူ၍ ကာရန်ချိတ်ယူထားသည်။ တစ်ခါတစ်ရံ ကာရန်များကို ချိတ်ပြီး ဆက်မယူဘဲ သီချင်းကြီးများ၏ ကာရန်ယူသည့် နည်းအတိုင်း ကာရန်သစ်များ နောက်ထပ်ယူ၍လည်း ရေးဖွဲ့လေ့ရှိသည်။ ဒုတိယ အဖွဲ့တွင် 'ဦး'နှင့်'ထူး'၊ 'ပိုင်'နှင့်'ယိုင်' တို့ကို ကာရန်ချိတ်ယူထားသော်လည်း နောက်ကာရန် ကိုမူ ဆက်မချိတ်ဘဲ 'ကြံ့'၊ 'တုန်' ဟူသော ကာရန်သစ်ဖြင့် ပြန်ယူထားသည်။ ယင်းအဖွဲ့များတွင်လည်း သံလွင်၊ သံလေးတို့ကို ပုံစံတူ ကာရန်ချိတ်ယူရာတွင် ကာရန် အားလုံး၏ ရှေ့မှာချည်းယူ၍ ချိတ်ဆက်ထားသည်။ မည်သို့ပင်ဖြစ်စေ ဤဘောလယ် နှစ်ပိုဒ်၏ ကာရန်ယူပုံမှာ ပုံစံကျန မှန်ကန်ညီညွတ်နေကြောင်း တွေ့ရသည်။ ထို့ကြောင့်လည်း ဆရာကြီး ဦးမြင့်ကြည်က–

[၁] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၂] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၈၂။

> 'စိန်ခြူးကြာညောင်' နှင့် 'နာဂဆဒ္ဒန်' နှစ်ပုဒ်တွင်သာ အဆုံးသတ်သဖြန်ကို တွေ့ရသည်။ ဤဘောလယ်နှစ်ပုဒ်တွင် ကာရန်ယူပုံမှာ ပုံစံဖော်နိုင်လောက်အောင် မှန်ကန်ညီညွတ်နေသည့်အပြင် သဖြန်ဖြင့် မွမ်းမံ အနားကွပ်ထားလိုက်သဖြင့် အင်္ဂါစုံလင် ထည်ဝါသွားလေတော့သည်။ ထို့ကြောင့် 'စိန်ခြူးကြာညောင်'နှင့် 'နာဂဆဒ္ဒန်' တို့မှာ လှိုင်ထိပ်ခေါင်တင်၏ နောက်ဆုံး ဘောလယ်နှစ်ပုဒ် ဖြစ်စရာ ရှိပါသည်။"[၁]

ဟူ၍ သုံးသပ်ပြထားခြင်း ဖြစ်ပေသည်။

## ၃၊ ၆။ ဂုဏ်၊ အလင်္ကာ၊ ရသ

### ၃၊ ၆၊ ၁။ ဂုဏ်

'ဂုဏ်' ဟူသော ဝေါဟာရသည် ပါဠိ 'ဂုဏ' မှ ဆင်းသက်လာပြီး ကျေးဇူးတရား ကောင်းသော အရည်အချင်းဟူ၍ အနက်ရသည်။ ဂုဏ်ကို သဒ္ဒါလင်္ကာရဟု ခေါ်သည်။ သဒ္ဒါလင်္ကာရကို 'စကားတန်ဆာ' ဟု မြန်မာမှုပြုကြသော်လည်း သဒ္ဒသည် အသံမဟုတ် စကားလုံး(သဒ္ဒါ)ကို ဆိုလိုသည်။ စာပေရေးဖွဲ့ရာတွင် စကားကို နှစ်သက်ဖွယ်ဖြစ်အောင် တန်ဆာဆင်ခြင်းပင် ဖြစ်သည်။

စကားတန်ဆာဟု ခေါ်သော (သဒ္ဒါလင်္ကာရ) ဂုဏ်(၁၀)ပါး ရှိသည်။ ယင်းတို့မှာ ပသာဒဂုဏ်၊ ဩဇဂုဏ်၊ ကန္တိဂုဏ်၊ အတ္ထဗျတ္တိဂုဏ်၊ မဓုရတာဂုဏ်၊ သမာတာဂုဏ်၊ သုခုမာလတာဂုဏ်၊ သိလေသဂုဏ်၊ ဥဒါရတာဂုဏ်နှင့် သမာဓိဂုဏ်တို့ ဖြစ်သည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်နှင့် 'နာဂဆဒ္ဒန်' အစချီ ဘောလယ်တို့တွင် ခက်ခဲနက်နဲသော စကားမပါဘဲ အနက်အဓိပ္ပာယ်ကို ရှင်းအောင် ရေးဖွဲ့ထားသော ပသာဒဂုဏ်နှင့် ကာရန်တူ၊ အသတ်တူ စကားလုံးတို့နှင့် စပ်ဆိုထားသော မဓုရတာဂုဏ်မြောက်သည့် အဖွဲ့များကို အများဆုံး တွေ့ရသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီသော ဘောလယ်တွင် စာဆိုသည် အဆောင်တော် ကြွမြန်းမလာသော မောင်တော် ကနောင်မင်းသားကို လေသာပြတင်းမှ မျှော်နေသည့်အကြောင်းကို–

---

[၁] မြင့်ကြည်၊ ဦး၊ ၂၀၁၁၊ ၂၃။

"စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြတင်းငယ်က၊
မယ်ခုမျှော်၊ သုံးချက်စည်တော်၊ ရိုက်ဆော်ညှင်းတယ်၊ လင်းရွှေကြက်ဆော်"[၁]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဤအဖွဲ့သည် ပုဒ်ချင်း အဆက်အစပ်ရှင်းလင်းမှု အနက်သိလွယ်မှုတို့နှင့် ကိုက်ညီနေသောကြောင့် ပသာဒဂုဏ်မြောက်သော အရေးအဖွဲ့ဟု ဆိုနိုင်ပါသည်။

ထို့ပြင် 'စိန်ခြူးကြာညောင်' အစချီသော ဘောလယ်တွင် ကနောင်မင်းသည် စာဆိုအပေါ် မိမိ၏ချစ်မေတ္တာကို သစ္စာထား၍ ကျိန်ဆိုခဲ့ဟန် တူပါသည်။ စာဆိုမှလွဲ၍ ချစ်ရမည့်သူ မရှိပါ။ သစ္စာဖျက်ခဲ့လျှင် ကျမ်းသစ္စာစူးပါ့စေဟု ဆိုခဲ့ကြောင်း–

"သစ္စာတော်စူးပါစေ့၊ ဆိုဦးကပင်၊ ကြော့ကြော့ဆုံးကို မောင်ကြင်ငဲ့၊
သည်သက်တွင်ဘဲ၊ နောင်မသွေလွဲပါဘု ယုံတော့မေ"[၂]

ဟူ၍ ဖွဲ့ဆိုထားသည်။ ဤအဖွဲ့သည်လည်း ကာရန်တူ၊ အသတ်တူ မတြာတူချင်း နီးနီးကပ်ကပ် ဖွဲ့ဆိုထားသောကြောင့် မဓုရတာဂုဏ်မြောက်သောအဖွဲ့ဟု ဆိုနိုင်သည်။ ထိုမျှသာမက 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင် စာဆိုမှလွဲ၍ ချစ်ရမည့်သူ မရှိပါကြောင်း နတ်ဒေဝီများ ဖြားယောင်းတောင်မှ သစ္စာမပျက်ကြောင်း ဆိုခဲ့သည်။ မောင်တော် အထွတ်အထိပ်ရောက်သောတစ်နေ့တွင် လှိုင်ထိပ်ခေါင်တင်ကို ဗြဟ္မာမျိုးနွယ်ဝင် ပုဏ္ဏားရှစ်ယောက် ဝန်းရံပြီး တောင်ညာစံမိဖုရားအဖြစ် ဘိသိက်ခံကာ မှူးမတ်ပေါင်း လက်ဆယ်ချောင်းဖြင့် ခညောင်းရှိခိုးခံရမည် ဖြစ်ကြောင်းကို–

"နတ်ဒေဝီဖြားသော်လဲ၊ တစ်ပါးမသွေ၊ ရှစ်ဗြဟ္မာခြွေပါလို့
အောင်ဇေယျာညွှန်း မတ်ခြွေရွှေဝန်းပါလို့ ရေသွန်းတော်ခံ"[၃]

ဟု ဖွဲ့ဆိုထားပါသည်။ ဤအဖွဲ့တွင်လည်း အနက်ကို လွယ်ကူရှင်းလင်းစွာ ဖွဲ့ဆိုထားသောကြောင့် အတ္ထဗျတ္တိဂုဏ်မြောက်သောအဖွဲ့ဟု ဆိုနိုင်ပါသည်။

လှိုင်ထိပ်ခေါင်တင်၏ 'နာဂဆဒ္ဒန်' အစချီ အမျက်ပြေဘောလယ်တွင် မောင်တော် ကနောင်မင်းသားသည် စာဆိုအပေါ် စိမ်းကားရက်စက်စွာ ရှောင်ဖယ်နေသောကြောင့် အသည်းကြွမ်းလုမတတ် ခံစားနေရပါသည်။ မိမိအနေဖြင့် မောင်တော်အတွက်ဆိုလျှင် ဤတစ်သက်သာမက နောင်ဆယ်သက်ပင် ပေးဆပ်နိုင်မည် ဖြစ်ကြောင်း–

[၁] နိုင်ငံတော်မှူ၊ ၁၉၈၆၊ ၁၀၂။
[၂] နိုင်ငံတော်မှူ၊ ၁၉၈၆၊ ၁၀၂။
[၃] နိုင်ငံတော်မှူ၊ ၁၉၈၆၊ ၁၀၂။

"တကယ်ပင်မုန်းတော့မှာလား၊ မောင်ဖုန်းကြွယ်၊ ရှောင်လွဲငယ်
သွေဖယ်လို့ မတွယ်တာဘဲ၊ မယ်ရင်ထဲမှာလ၊ ရွှေသဲခိုင် ကြွမ်းလု
ကြွေယိုင်အို့ ဆယ်ပြန်သက်ကိုလေး နှင်းဆက်တော့နိုင်"[၁]

ဟု ဖွဲ့ထားပါသည်။ ဤအဖွဲ့တွင် စာဆိုက မိမိ၏မေတ္တာကို သိမ်သိမ်မွေ့မွေ့ ဖွဲ့ဆိုပြထားသောကြောင့် သုခုမာလတာဂုဏ်မြောက်သည်ဟု ဆိုနိုင်ပါသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်နှင့် 'နာဂဆဒ္ဒန်' ဘောလယ်တို့တွင် ပသာဒဂုဏ် မြောက်သောအဖွဲ့၊ မဓုရတာဂုဏ် မြောက်သောအဖွဲ့၊ သုခုမာလတာဂုဏ် မြောက်သောအဖွဲ့နှင့် အတ္ထဗျတ္တိဂုဏ် မြောက်သောအဖွဲ့များကို တွေ့ရပါသည်။

## ၃၊ ၆၊ ၂။ အလင်္ကာ

လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များသည် ကိုယ်ရေးကိုယ်တာ ခံစားချက်များကို အရိုးခံအတိုင်း ဖွဲ့ဆိုပြထားသော ဘောလယ်များ ဖြစ်သည့်အလျောက် အလင်္ကာများနှင့် ခြယ်သမှု နည်းသည်ဟု ဆိုနိုင်ပါသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီသော ဘောလယ်တွင် လှိုင်ထိပ်ခေါင်တင်အား မောင်တော် ကနောင်မင်းသားက အထွတ်အထိပ် ရောက်သော တစ်နေ့တွင် ဖြူပွှာအနွယ်ဝင် ပုဏ္ဏားရှစ်ယောက်နှင့်ဝန်းရံပြီး လူအများရှေ့ ရွှေလက်တွဲကာ တောင်ညာစံမိဖုရားအဖြစ် ဘိသိတ်ခံမည်ဖြစ်ကြောင်း ပြောခဲ့ပုံကို-

"ရှစ်ဖြူပွှာ ခြွေပါလို့၊ အောင်ဇေယျာညွှန်း မတ်ခြွေရွှေ ဝန်းပါလို့
ရေသွန်းတော်ခံ"[၂]

ဟု ဖွဲ့ပြထားသည်။ ထိုအဖွဲ့တွင် နန်းမလေ့ထုံးစံအရ လက်ထပ်ထိမ်းမြားသည်ကို 'ရေသွန်းတော်ခံ' ဟု သွယ်ဝိုက်ဖွဲ့ထားသော ဝင်္ကဝုတ္တိအလင်္ကာမြောက်သည့် အဖွဲ့ကို တွေ့ရသည်။

လှိုင်ထိပ်ခေါင်တင်သည် 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင် မိမိမှာ မောင်တော် ကနောင်မင်း၏ သစ္စာစကားများကို ယုံကြည်ခဲ့သည်။ မောင်တော် ကနောင်မင်းသားက စိမ်းကားရက်စက်သည့်အသွင်ဖြင့် ရှောင်ဖယ်နေသော်လည်း မိမိကမူ ချစ်မေတ္တာကြီးမားလျက်ပင်နေကြောင်းကို-

---

[၁] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။
[၂] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။

"သည်မယ် ထင်စားပါလို့၊ တအားငယ်သန်၊ ခုများမှာ တညဏ်နဲ့
မူဟန်တော်ခြား"[၁]

ဟု ဖွဲ့ပြထားသည်။ ထိုအဖွဲ့တွင်လည်း ချစ်မေတ္တာကြီးမားလျက်ပင် ရှိကြောင်းကို 'တအားငယ်သန်' ဟု ဝက်ဝုတ္တိအလင်္ကာမြောက်သည့်အဖွဲ့ကို တွေ့ရပါသည်။

'နာဂဆဒ္ဒန်' အစချီ မျက်ပြေဘောလယ်တွင် စာဆိုက မောင်တော်ကနောင်မင်း စိမ်းကားစွာ ဥပေက္ခာပြုပြီး ရှောင်ဖယ်နေသောကြောင့် အသည်းကြွေမတတ် ခံစားနေရပါသည်။ လှိုင်ထိပ်ခေါင်တင်အနေဖြင့် မိမိအသက်ကိုပင် အလိုရှိပါက တစ်သက်ပင်မက ဆယ်သက်ပင် ပေးဆပ်နိုင်ကြောင်း–

"အို ဆယ်ပြန်သက်ကိုလေး၊ နှင်းဆက်တော့နိုင်"[၂]

ဟု ရေးဖွဲ့ထားပါသည်။ မောင်တော်အလိုရှိပါက လူတစ်ယောက်၏ တန်ဖိုးအကြီးဆုံး အသက်ကိုပင် ပေးနိုင်ကြောင်း တစ်သက်မက ဆယ်သက်ပေးနိုင်ကြောင်း အလွန်အကြူး ဖွဲ့ပြရာရောက်သောကြောင့် အတိသယဝုတ္တိအလင်္ကာမြောက်သည်ဟု ဆိုနိုင်သည်။

လှိုင်ထိပ်ခေါင်တင်၏ ကိုယ်ရေးကိုယ်တာ ဘောလယ်များတွင် အဆင်တန်ဆာ အသုံးနည်းသည်ကို တွေ့ရသော်လည်း သုံးထားသော အလင်္ကာအချို့မှာမူ ဆန်းသစ်ပေါ်လွင်ပြီး နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊ ၆၊ ၃။ ရသ

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' အစချီ ဘောလယ်နှင့် 'နာဂဆဒ္ဒန်' အစချီ ဘောလယ်တို့သည် ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သော ရင်တွင်းခံစားချက်များကို ရေးဖွဲ့ထားခြင်းကြောင့် သိင်္ဂါရရသ၊ ကရုဏာရသတို့နှင့် ပြည့်နှက်နေပါသည်။

'စိန်ခြူးကြာညောင်' အစချီ ဘောလယ်တွင် လှိုင်ထိပ်ခေါင်တင်နှင့် ကနောင်မင်းတို့၏ ချစ်ခြင်းမေတ္တာနှင့် ဆက်နွယ်ပြီး ခံစားမှုဖြစ်ပေါ်စေသောကြောင့် ဝိဘာဝမည်၏ ရတိဋ္ဌာယီဘာဝ ဟူသော ချစ်ခြင်း ဖြစ်ပေါ်စေသည့် အကြောင်းရင်းမှာ စာဆိုနှင့် ကနောင်မင်းသားတို့၏ မေတ္တာအပေါ် အခြေခံထားသည့် အာလမ္ဗဏဝိဘာဝ ဖြစ်သည်။ ထိုအကြောင်းတွင် မောင်တော် ရောက်နေကျအချိန် ရောက်မလာခြင်း၊ မောင်တော်တွင် မိဖုရားများ၊ ကိုယ်လုပ်တော်များ များစွာရှိနေခြင်း၊ စည်တော် (၃)ချက်

---

[၁] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။

[၂] နိုင်ငံတော်မူ၊ ၁၉၈၆၊ ၁၀၂။

တီးသည်အထိ ပေါ်မလာခြင်းတို့သည် သောကဌာယီဘာဝ ဖြစ်စေရန် ပံ့ပိုးပေးသော ဥဒ္ဒီပနဝိဘာဝများပင် ဖြစ်သည်။

စာဆို လှိုင်ထိပ်ခေါင်တင်သည် မောင်တော် ကနောင်မင်းနှင့် ပတ်သက်ပြီး စဉ်းစားခန်းဝင်ရာတွင် တစ်ချိန်က မောင်တော်သည် စာဆို့အပေါ် မည်မျှချစ်ကြောင်း၊ နတ်ဒေဝီများ ဖြားယောင်းတောင်မှ မဖောက်ပြန်ကြောင်း၊ မောင်တော် အထွတ်အထိပ် ရောက်သည့် တစ်နေ့တွင် တောင်ညာစံအဖြစ် ဘိသိက်ခံရန် ရည်ရွယ်ထားကြောင်း ကတိစကားများ ဆိုခဲ့သည်။ ယင်းအဖွဲ့သည် ရတိ(ချစ်ခြင်း) ခံစားချက်များ စုပေါင်းပြီး ရတိဌာယီဘာဝကို သိင်္ဂါရရသအဖြစ်သို့ ရောက်စေသည်။ သို့သော် ခုများတွင်မူ စိမ်းကားရက်စက်ကာ ရှောင်ဖယ်နေပုံကို–

> "မျက်ထားသုန်သုန် မသိပြင်ပြင် အလျှင်သူစိမ်းတယ်လေး ပိန်းပိတ်လို့မှုန်"[၁]

ဟု ဖွဲ့ပြထားသည်။ ယင်းအဖွဲ့သည် အမူအရာဖြင့်ပြဆိုသည့် အနုဘာဝ အကြောင်းတရားများပင် ဖြစ်သည်။ ယင်းအကြောင်းတရားများသည် ကရုဏာရသ ဖြစ်စေသော အကြောင်းအရာများ ဖြစ်သည်။ တစ်ဖက်က ကြည့်လျှင်လည်း ကတိမတည်သူ သစ္စာမရှိသူနှင့် ပတ်သက်ပြီး ခံစားနေရသော စာဆို၏မေတ္တာရေးရာ ရှုပ်ထွေးပုံကို လောကီလူသားများအဖို့ တွေးတောဆင်ခြင်ရင်းနှင့်အတူ စက်ဆုတ်ရွံရှာခြင်း ဖြစ်စေသဖြင့် ဝိဘစ္ဆရသ ခံစားမှုကိုလည်း ဖြစ်ပေါ်စေသည်။

'နာဂဆဒ္ဒန်' ဘောလယ်တွင်လည်း စာဆို၏စိတ်တွင် နာကျည်းခြင်း၊ အားငယ်ခြင်းတို့သည် သောကဌာယီဘာဝ ဖြစ်စေသည့် သဘောတရားများပင် ဖြစ်သည်။

မောင်တော် ကနောင်မင်းသည် ပတ်ဝန်းကျင်၏ ကုန်းချောမှု၊ သမီးတော်လေး၏ လျှောက်တင်မှုတို့နှင့် ပတ်သက်ကာ လှိုင်ထိပ်ခေါင်တင်အပေါ် အမြင်မကြည်လင်ပေ။ စာဆိုကလည်း ယင်းအချက်ကိုပင် နာကျည်းဒေါသဝင်ကာ ငယ်ရွယ်သူပီပီ ပွဲတော်ဆက်ပြီး ဆောင့်အောင့်၍ အဆောင်တော်ပြန်သည်။ ယင်းအပြုအမူကို မကျေမနပ်ဖြစ်ကာ မောင်တော်က ဓားနှင့်ရွယ်သည်ကို–

> "ရာဇမာန်ကြိမ်ကြိမ်ထပ်တယ်လေး ပိုင်းသတ်မည်ရွယ်"[၂]

ဟု ဖွဲ့ပြသည်။ သို့သော် လှိုင်ထိပ်ခေါင်တင်က မောင်တော် ကနောင်မင်းသား အလိုရှိပါက ဒီတစ်သက်သာမက ဆယ်သက်အထိ ပေးဆပ်လိုကြောင်း ဖွဲ့ပြထားသည်။

---

[၁] နိုင်ငံတော်မှူ၊ ၁၉၈၆၊ ၁၀၂။
[၂] ပြုံးချို၊ ဦး၊ ၁၉၅၄။ ၁၈၂။

ယင်းအဖွဲ့များတွင် ရတိဌာယီဘာဝ ဟူသော ချစ်ခြင်းအပေါ် တည်နေသော်လည်း ဒေါသအလျောက် နာကျည်းမှု၊ အားငယ်မှု၊ ဝမ်းနည်းမှု စသည့် ယာယီခံစားရသော ဗျဘိစာရီဘာဝ သဘောများ တွေ့ရသည်။ ယင်းဗျဘိစာရီဘာဝဟု ခေါ်သော ယာယီခံစားမှုများနှင့်အပြိုင် မောင်တော်အလိုရှိက ဆယ်သက်ပင် ပေးဆပ်နိုင်သည် ဟူသော အနုဘာဝတို့သည် ရတိဌာယီဘာဝမှ သိင်္ဂါရရသကို ရောက်အောင် ပို့ဆောင်ပေးထားသည်။

## ခြုံငုံသုံးသပ်ချက်

လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များသည် ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော ခံစားမှုများ ဖြစ်သော်လည်း ကြားနာသူတို့အား အလင်္ကာရသ ပေးစွမ်းနိုင်ကြောင်း တွေ့ရသည်။ ရေးစာပေများသည် သူ့ခေတ် သူ့အခါအရ ကျင်လည်နေသော ပဒေသရာဇ် အသိုင်းအဝိုင်းနှင့်အညီ ရေးဖွဲ့လေ့ရှိကြသည့်နည်းတူ စာဆိုသည်လည်း ထီးသံ၊ နန်းသံဆန်သော အဖွဲ့များနှင့် ဘောလယ်ကို ဖွဲ့ဆိုခဲ့သူ ဖြစ်သည်။

လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များတွင် စကားသုံးများမှတစ်ဆင့် စာဆို၏ ခံစားမှုကို ဖော်ထုတ်ပြနိုင်ခဲ့သည်။ ထိုသို့ ဖော်ထုတ်ရာတွင် တစ်ခါတစ်ရံ အမေးစကားများဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ တစ်ကိုယ်တည်း ညည်းညူစကားများဖြင့်လည်းကောင်း စာဆို၏ အလွမ်းအဆွေး ခံစားချက်ကို ဖော်ထုတ်ပြနိုင်သကဲ့သို့ သနားကရုဏာသက်မှုကိုလည်း ဖြစ်စေပါသည်။ တစ်ခါတစ်ရံတွင်လည်း ထီးသံနန်းသံဆန်သည့် စကားလုံးများ သုံး၍လည်း သိမ်သိမ်မွေ့မွေ့ ရင်ဖွင့် ရေးဖွဲ့တတ်သည်။

အသံယူရာတွင်လည်း မဓုရတာဂုဏ်၊ ပသာဒဂုဏ်များ အများဆုံး သုံးထားခြင်းကြောင့် ဖတ်ရှုရွတ်ဆိုရ လွယ်ကူပြီး သာယာနာပျော်ဖွယ် ဖြစ်စေပါသည်။ ကာရန်ယူရာတွင်လည်း သံလွင်၊ သံလေးတို့ကို ဟန်ချက်ညီညီ သုံး၍ ရေးဖွဲ့ထားသဖြင့် အသံ၏ပြေပြစ်မှု၊ အနက်၏ထင်ရှားမှုတို့ကို ထောက်ပံ့ပေးထားသည်။ ထို့ကြောင့်လည်း လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များသည် စာပေအရည်အသွေး ပြည့်ဝမှု ရင်တွင်းခံစားချက် ပီပြင်မှု၊ အနုပညာစွမ်း ထက်မြက်မှုတို့နှင့်အတူ ယနေ့တိုင် ရှင်သန်ရပ်တည်နေခြင်း ဖြစ်ပါသည်။

## နိဂုံး

ဤစာတမ်းသည် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်နှစ်ပုဒ်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ စာဆို၏ဘောလယ်များသည် ရင်တွင်းခံစားချက်များကို ရေးဖွဲ့ထားသော်လည်း စာပေအရည်အသွေး ပြည့်ဝပြီး မှတ်ကျောက်တင် ခံနိုင်သော

သီချင်းကဗျာများ ဖြစ်သည်။ စာပေအရည်အသွေး ပြည့်ဝသော သီချင်းဂီတသာလျှင် ရှေးဟောင်း ဂန္ထဝင်သီချင်းများအဖြစ် ယနေ့တိုင် ရပ်တည် နေရာယူနေဆဲ ဖြစ်သည်။ စာဆို၏ ဘောလယ်သီချင်းများသည် နေရာယူနိုင်ရုံမက လိုင်ထိပ်ခေါင်တင်နှင့် 'ဘောလယ်'၊ လိုင်ထိပ်ခေါင်တင်နှင့် 'စိန်ခြူးကြာညောင်' စသည်ဖြင့် တွဲပြီး လူသိများ ထင်ရှားဆဲမှာ ချီးကျူးလေးစားစရာပင် ဖြစ်သည်။ ထို့မျှသာမက မြန်မာ့ဂီတနယ်ပယ် တွင်လည်း စာပေအရည်အသွေး ပြည့်ဝမှု၊ အနုပညာ ပြောင်မြောက်မှုများနှင့်အတူ ရှေးအနုပညာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆက်လက်ရှင်သန်နေဦးမည်ဟု ယုံကြည် မိပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ရင်၊ ဦး၊ ပုပ္ပါး။ (၁၉၄၅)။ ***ကဝိဘာရတီကျမ်း***။ မန္တလေး၊ သုခမြိုင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၇၉)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ***။ ရန်ကုန်၊ သတင်းဂျာနယ်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၉)။ ***ဂုဏ် အလင်္ကာ ရသ သင်ကြားရေး***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၄)။ ***မြန်မာစာပေခရီး***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ထွန်းရွှေ၊ ဦး(ဓမ္မာစရိယ)။ (၁၉၅၇)။ ***ကဗျာ့စွယ်စုံကျမ်းကြီး***။ ရန်ကုန်၊ ပညာအလင်းပြပုံနှိပ်တိုက်။

ပြုံးချို၊ ဦး(တည်းဖြတ်)။ (၁၉၅၄)။ ***မဟာဂီတ ပေါင်းချုပ်ကြီး***။ ရန်ကုန်၊ ပညာအလင်းပြပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး(တည်းဖြတ်)။ (၁၉၅၄)။ ***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ သုဓမ္မာဝတီပုံနှိပ်တိုက်။

မိမိလေး၊ ဒေါ်။ (၂၀၀၃)။ ***အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြင့်ကြည်၊ ဦး။ (၂၀၀၁)။ ***မြန်မာ့ဂီတ အနုစာပေသမိုင်း***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြင့်ကြည်၊ ဦး။ (၂၀၁၃)။ ***စာပေနှင့်ဂီတ ဂီတနှင့်စာပေ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန် (ဒုကြိမ်)***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်***။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း။

ယဉ်ကျေးမှုဝန်ကြီးဌာန။ (၁၉၆၉)။ ***နိုင်ငံတော်မူ မဟာဂီတ (ပ၊ဒု၊တ−တွဲ)***။ ရန်ကုန်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။